

ကာရာမာဇော့
ညီအစ်ကိုများ
နတ်နွယ်
THE BROTHERS
KARAMAZOV
Fyodor DOSTOEVSKY
WHISPER OF WORDS
တတိယအကြိမ်

ကာရာမာဇော့ ညီအစ်ကိုများ

နတ်နွယ် (မြန်မာပြန်)

FYODOR DOSTOYEVSKY

THE BROTHERS KARAMAZOV

မာတိကာ

- ဘာသာပြန်သူ၏အမှာ

- ဒေါ့စတာယက်စကီ၏ ဘဝနှင့် စာပေမှ

- အရေးပါသော အဖြစ်အပျက်များ

- ရည်ရွယ်ချက်

- စာဖတ်သူသို့

အပိုင်း တစ်

ပထမကဏ္ဍ - မိသားစုရာဇဝင်

၁။ ဖျိုဒါ ပက်ဗလိုဗစ် ကာရာမာဇော့

၂။ သားအကြီးကို ပ ထုတ်ခြင်း

၃။ ဒုတိယအိမ်ထောင်နှင့် ဒုတိယမိသားစု

၄။ တတိယသား အလျှိုရှာ

၅။ ခင်ကြီးများ

ဒုတိယကဏ္ဍ - ကံမကောင်းအကြောင်းမလှသော တွေ့ဆုံပွဲ

၁။ ကျောင်းသင်္ခမ်းသို့ ရောက်ရှိကြခြင်း

၂။ လူပြက်ကြီး

၃။ ယုံကြည်လွန်းသော တောသူများ

၄။ ယုံကြည်မှု မရှိသော အမျိုးသမီးတယောက်

၅။ သည်လိုပဲ ဖြစ်ရမယ်၊ သည်လိုပဲ ဖြစ်ရမယ်

၆။ သည်လိုလူမျိုး ဘယ်လိုလုပ်ပြီး အသက်ရှင်နေသလဲ

၇။ လူငယ်တဦး၏ အသက်မွေးဝမ်းကျောင်း

၈။ ဗရုတ်သုတ်ခမြင်ကွင်း

တတိယကဏ္ဍ - ရမ္မက်ကြီးသူများ

၁။ အစေခံတန်းလျားဝယ်

၂။ လစ်ဇာဗီတာ

၃။ အုံကြွနေသော နှလုံးသား၏ ကဗျာလင်္ကာဖြင့် ဖွင့်ဟဝန်ခံချက်

၄။ အုံကြွနေသော နှလုံးသား၏ ပုံတိုပတ်စဖြင့် ဖွင့်ဟဝန်ခံချက်

၅။ အုံကြွနေသော နှလုံးသား၏ ဖောက်ထိုးမိုးမျှော် ဖွင့်ဟဝန်ခံချက်

၆။ ဆမာယာကော့

၇။ အငြင်းအခုံ

၈။ ဘရန်ဒီပွဲ

၉။ ရမ္မက်ကျွန်များ

၁၀။ နှစ်ယောက်အတူ တပြိုင်တည်း

၁၁။ သိက္ခာကျခြင်း နောက်တခု

အပိုင်း နှစ်

စတုတ္ထကဏ္ဍ - စိတ်ဒုက္ခ

၁။ ရသေ့ကြီး ဖီရာပွံ့ုင့်

၂။ ဖခင်၏ အိမ်ဝယ်

၃။ ကျောင်းသားကလေးများနှင့် တွေ့ဆုံခြင်း

၄။ ကိုကလာကော့တို့၏ အိမ်ဝယ်

၅။ ဧည့်ခန်းဆောင်မှာ ရင်ကွဲနာ

၆။ အိမ်ပုတ်ကလေးမှာ ရင်ကွဲနာ

၇။ လေဟာပြင်ဝယ်

၁။ သစ္စာပန္နက်ခြင်း

ပဥ္စမကဏ္ဍ - အကျိုးနှင့်အပြစ်

၁။ သစ္စာပန္နက်ခြင်း

၂။ ဂီတာတလက်နှင့် ဆမာယာကော့

၃။ ညီအစ်ကိုချင်း သိက္ခမ်းရခြင်း

၄။ တော်လှန်ပုန်ကန်ခြင်း

၅။ မဟာခုံတော်ချုပ်

၆။ ယခုအထိတော့ ရေးတေးတေးပင်

၇။ လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတယ်

ဆဋ္ဌမကဏ္ဍ - ရုရှားဘုန်းကြီး

၁။ ခင်ကြီး ဇော်ဇီမာနှင့် သူ၏ ဩဝါဒသည်များ

၂။ ဆရာတော်ကိုယ်တိုင် မြွက်ကြားတော်မူသည့်အတိုင်း အလက်ဇီ ကာရာမာဇော့ စီရင်ရေးသားသည့် ပျံလွန်တော်မူပြီးသော တရားဟော ဆရာ၊ ဘုန်းတော်ကြီး အရှင် ခင်ကြီးဇော်ဇီမာ၏ ထေရုပ္ပတ္တိ ဘဝ ဖြစ်စဉ် မှတ်တမ်းများ

က - ဖားသား ဇော်ဇီမာ၏ ငယ်ရွယ်သောအစ်ကို

ခ - ဖားသား ဇော်ဇီမာ၏ ဘဝမှ သမ္မာကျမ်းစာအုပ်

ဂ - ရဟန်းအဖြစ် မခံယူမီ ဖားသားဇော်ဇီမာ၏ အမှတ်တရ အကြောင်းအရာများ စိန်ခေါ်ပွဲ

ဃ - လျှို့ဝှက်ဆန်းကြယ်သော ဩဝါဒသည်

၃။ ခင်ကြီးဇော်ဇီမာ၏ ဆွေးနွေးချက်နှင့် ဟောကြားချက်များ

င - ရုရှားဘုန်းကြီးနှင့် ၎င်း၏ ထူးခြားချက်များ

စ - သခင်နှင့်ကျွန် ညီရင်းအစ်ကို စိတ်ဓာတ်မျိုး ထားနိုင်ကြမလား

ဆ - ဆုတောင်းပတ္ထနာပြုခြင်း၊ မေတ္တာတရားထားခြင်း၊ အခြားကမ္ဘာများနှင့် ဆက်သွယ်ခြင်း

၉ - လူတယောက်သည် အခြားလူတယောက်၏ တရားသူကြီး ဖြစ်နိုင်သလော၊ အဆုံးစွန်အထိ ယုံကြည်ခြင်း

၈၂ - ငရဲနှင့် ငရဲမီးလျှံ၊ နားလည်ရန် ခက်ခဲသော ဟောကြားချက်

အပိုင်း သုံး

သတ္တမကဏ္ဍ – အလှျိုရှာ

၁။ အပုပ်နံ့

၂။ အခွင့်ကောင်းတခု

၃။ ကြက်သွန်တဥ

၄။ ဂါလီလဲပြည်မှ ကာနမြို့

အဋ္ဌမကဏ္ဍ - မစ်တယာ

၁။ ကူဇမာဆမ်ဆိုနော့

၂။ လျာဂဗီ

၃။ ရွှေတွင်းများ

၄။ အမှောင်ထဲဝယ်

၅။ ရုတ်ခြည်းဆုံးဖြတ်ချက်

၆။ ငါလာပြီဟေ့

၇။ ပထမလူ ပြီးတော့ တရားဝင်ပိုင်ဆိုင်သူ

၈။ ကယောင်ချောက်ချား

နဝမကဏ္ဍ - ပဏာမ စစ်ဆေးခြင်း

၁။ ပါကိုတင်၏ ဝန်ထမ်းဘဝ အစ

၂။ တပ်လှန့်ခြင်း

၃။ ငရဲကိုဖြတ်သန်းခြင်း၊ ပထမစစ်ချက်

၄။ ဒုတိယစစ်ချက်

၅။ တတိယစစ်ချက်

၆။ အမှုလိုက်ရှေ့နေက မစ်တယာကို အမိဖမ်းလိုက်ခြင်း

၇။ မစ်တယာ၏ မဟာလျှို့ဝှက်ချက် ပွင့်ထွက်ခြင်း

၈။ သက်သေများ၏ ထွက်ဆိုချက်၊ အလေးလေး

၉။ မစ်တယာကို ခေါ်ဆောင်သွားခြင်း

အပိုင်း လေး

ဒသမကဏ္ဍ - လူငယ်ကလေးများ

၁။ ကိုလျာကရာဆိုကင်

၂။ ကလေး ကလေးတွေ

၃။ ကျောင်းသားကလေးများ

၄။ ဇူချကာ

၅။ အီလျူရှာ၏ ခုတင်ဘေးဝယ်

၆။ အရွယ်နှင့်မလိုက်အောင် အသိဉာဏ် ရင့်သန်ခြင်း

၇။ အီလျူရှာ

ဧကဒသမကဏ္ဍ - အိုက်ဗင် ကာရာမာဇော့

၁။ ဂရုရှင်ကာ၏ အိမ်ဝယ်

၂။ နာနေသော ခြေထောက်

၃။ မာရ်နတ်၏ သမီးပျိုကလေး

၄။ ဓမ္မတေးနှင့် လျှို့ဝှက်ချက်

၅။ အစ်ကိုမဟုတ်ဘူး၊ အစ်ကိုမဟုတ်ဘူး

၆။ ဆမာယာကော့နှင့် ပထမအကြိမ် တွေ့ဆုံမေးမြန်းခြင်း

၇။ ဆမာယာကော့နှင့် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းခြင်း

၈။ ဆမာယာကော့နှင့် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံမေးမြန်းခြင်း

၉။ မာရ်နတ်၊ အိုက်ဗင်၏ ကယောင်ချောက်ချား အိပ်မက်

၁၀။ အဲဒီစကားကိုပြောတာ သူပဲ

ဒွါဒသမကဏ္ဍ - တရားစီရင်မှု မှားယွင်းခြင်း

၁။ သေရေးရှင်ရေးနေ့

၂။ အန္တရာယ်ရှိသော သက်သေများ

၃။ ဆေးဘက်ဆိုင်ရာ ထွက်ဆိုချက်များနှင့် သစ်ကြားသီးတပေါင်

၄။ မစ်တယာဘက်မှ အရေးသာလာခြင်း

၅။ ဖြုန်းခနဲ ဝရုန်းသုန်းကားဖြစ်ပွားခြင်း

၆။ အစိုးရ ရှေ့နေ၏ လျှောက်လဲချက်၊ စရိုက်လက္ခဏာများကို ဖော်ပြခြင်း

၇။ သမိုင်းကြောင်း လေ့လာချက်

၈။ ဆမာယာကော့ကို လေ့လာဆန်းစစ်ခြင်း

၉။ စိတ်ပညာအလျှံပယ်၊ ဒုန်းပြေးနေသော သုံးကောင်က မြင်းရထား အစိုးရ ရှေ့နေ၏ လျှောက်လဲချက် နိဂုံး

၁၀။ တရားခံဘက်မှ လျှောက်လဲချက်၊ နှစ်ဖက်ချွန် စောဒက

၁၁။ ပိုက်ဆံမရှိ၊ လုယက်မှုမရှိ

၁၂။ ထို့အတူ လူသတ်မှုလည်းမရှိ

၁၃။ အတွေးအခေါ် မှားယွင်းပျက်စီးနေသူများ

၁၄။ လယ်သမားကြီးများ ပြတ်သားကြသည်

နိဂုံး

၁။ မစ်တယာကို ကယ်တင်ရန် ကြံစည်ခြင်း

၂။ တဒင်္ဂတာအတွက် အမှန်တရားဖြစ်နေသော မုသားစကား

၃။ အီလျူရှာကလေး၏ စျာပန၊ ကျောက်တုံးကြီးအနီးမှ မိန့်ခွန်းစကား

ဘာသာပြန်သူ၏ အမှာ

(က)

ဖျိုဒါ ဒေါ့စတာယက်စကီသည် တောလ်စတွိုင်းကဲ့သို့ မဟုတ်မူဘဲ အလယ်အလတ်တန်းစား လောကမှ ပေါက်ဖွားလာသူတဦး ဖြစ်သည်။ ယင်းအတွက် သူ၏ ဝတ္ထုများမှ ဇာတ်ဆောင်များသည် မှူးကြီးမတ်ရာများနှင့် တောသူတောင်သားများ မဟုတ်မူဘဲ ကျောင်းသားများ၊ ကုန်သည်ပွဲစား များနှင့် အစိုးရအမှုထမ်းများ ဖြစ်ကြသည်။ ဇာတ်လမ်းတည်ရာ ဌာနမှာလည်း လွင်တီးခေါင်၊ မြက်ခင်းပြင် လွင်ပြင်ကြီးများ မဟုတ်ဘဲ မြို့ကြီးပြကြီးများနှင့် ပွတ်သိပ်နေသော လူနေအိမ်ခြေများ ဖြစ်သည်။

ဒေါ့စတာယက်စကီကို ၁၈၂၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် မော်စကိုမြို့၌ မွေးဖွားသည်။ သူ၏ ဖခင်မှာ စစ်တပ်ဆရာဝန်တဦး ဖြစ်ပြီး စည်းကမ်းတင်းကျပ်သူ တဦးဖြစ်သည်။ မိခင်မှာ ကုန်သည်မျိုးရိုးဖြစ်ပြီး ချစ်ခင်ကြင်နာတတ်သော်လည်း လွှမ်းမိုး ထက်မြက်သူတဦး မဟုတ်ချေ။ မိဘများသည် ဘာသာရေးတွင် အထူးပင် ရိုသေ ကိုင်းရှိုင်းသူများ ဖြစ်ကြသည်။ ဒေါ့စတာယက်စကီသည် မွေးချင်း ခြောက်ယောက်အနက် ဒုတိယမြောက် ဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းကပင် စာပေကို ဝါသနာ ပါခဲ့သော်လည်း သူ၏ဖခင်သည် သူ့ကို အင်ဂျင်နီယာ တယောက် ဖြစ်စေချင်သဖြင့် သူ၏မိခင် ကွယ်လွန်ပြီး မကြာမီကာလ ၁၈၃၇ ခုနှစ်တွင် ပီတာစဘတ် မြို့သို့ ပို့ပြီး စစ်တက္ကသိုလ် စက်မှုသိပ္ပံကျောင်းတွင် အစ်ကိုဖြစ်သူ မစ်ခေးနှင့်အတူ တက်ရောက် သင်ကြားစေသည်။ ဤကျောင်းတွင် သူသည် ငါးနှစ်မျှ သင်ကြားခဲ့ရသည်။ သို့သော် ဤကာလ အတွင်းတွင် သူသည် စာရေးခြင်း၊ စာဖတ်ခြင်းတို့တွင်သာ လုံ့လပြုခဲ့သည်။

ထိုစဉ်က သူသည် ရှိတ်စပီးယား၏စာများ အားလုံးကို ဖတ်ခဲ့သည်။ ထို့ပြင် ဘောလ်ဇက်၏ လက်ရာများ အားလုံးလောက်နှင့် ဂါထေး၏ ကဗျာများကို ဖတ်ခဲ့သည်။ ထို့အပြင် ဂျာမန် အချစ်ဝတ္ထုရေးဆရာ ဟော့ဖမန်း၏ ဝတ္ထုများ အားလုံးကိုလည်း ဖတ်ခဲ့သည်။ သူသည် ချားလ်စ်ဒစ်ကင်၏ ဝတ္ထုများကိုလည်း အထူးပင် နှစ်သက်စွဲလမ်းခဲ့သည်။ သို့သော် သူ့အပေါ်တွင် လွှမ်းမိုးမှုရှိခဲ့သော စာရေးဆရာမှာ ဂိုဂိုး ဖြစ်သည်။ သူ၏ ဝါကျဖွဲ့စည်းမှုများ တွင် ဂိုဂိုး၏ လွှမ်းမိုးမှုကို တွေ့ရှိနိုင်ကြောင်း ဗယ်လင်စကီက သူ၏ ပထမဆုံးဝတ္ထု ဆင်းရဲသားနှင့် ပတ်သက်ပြီး ဝေဖန် ရေးသားခဲ့သည်။

သူသည် ၁၈၄၁ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ ဒုဗိုလ် ဖြစ်သည်။ ၁၈၄၂

ခုနှစ်တွင် ဗိုလ်ဖြစ်သည်။ ၁၈၄၃ ခုနှစ်တွင် စက်မှုသိပ္ပံသင်တန်း ပြီးဆုံးသဖြင့် ပီတာစဘတ် အင်ဂျင်နီယာတပ်ဖွဲ့တွင် ခန့်အပ်ခြင်း ခံရသည်။ သို့သော် နောက်တနှစ်မှာပင် သူသည် စစ်တပ်မှ ထွက်ခဲ့ပြီး စာပေနယ်သို့ လုံးဝ ဝင်ရောက်သည်။

၁၈၄၅ ခုနှစ်တွင် သူ၏ ပထမဆုံး လုံးချင်းဝတ္ထု ဆင်းရဲသားကို ပုံနှိပ်ထုတ်ဝေသည်။ အထူးပင် အောင်မြင်သည်။ သို့ဖြင့် သူသည် အသက်နှစ်ဆယ့်လေးနှစ်အရွယ်မှာပင် အထူး ထင်ရှားကျော်ကြား သော စာရေးဆရာတဦး ဖြစ်လာတော့သည်။ ကဗျာဆရာနှင့် အယ်ဒီတာ နီကရာဆော့နှင့် ဝေဖန်ရေးဆရာ ဗယ်လင်စကီတို့က သူ့ကို အထူးပင် ဝေဖန်ချီးကျူးခဲ့ ကြသည်။

ထိုခေတ် ထိုအချိန်က ရုရှားနိုင်ငံတွင် လူမှုရေး မညီမျှမှုများ ဖြစ်ပေါ်နေပြီး တိုးတက်သော အယူအဆ များ ထွန်းကားနေသဖြင့် ဒေါ့စတာယက်စကီလို လူငယ် အရာရှိကလေးတဦးအနေဖြင့် တိုးတက်သော အစုအဝန်းတခုသို့ ရောက်ရှိသွားရသည်မှာ သဘာဝ ကျလှပေသည်။ ပြုပြင် ပြောင်းလဲရေးကို လိုလားသော ပီထရာရှက်စကီ ဟူသည့် အရာရှိတဦး၏ လွှမ်းမိုးမှုဖြင့် သူသည် တိုးတက်သော အယူအဆသမားများနှင့် ပေါင်းမိသွားပြီး ကျေးကျွန်စနစ် ဖျက်သိမ်းရေး၊ ဆင်ဆာ ပြဿနာနှင့် ဆိုရှယ်လစ်ဝါဒ အကြောင်းတို့ကို ဆွေးနွေးသည်။ ၁၈၄၉ ခုနှစ်တွင် ၎င်းတို့လူစု အဖမ်းခံရပြီး သေဒဏ်အပေးခံရသည်။ ၎င်းတို့ကို သေနတ်ပစ်တပ်ဖွဲ့က ပစ်သတ်တော့မည့် ဆဲဆဲတွင် သေဒဏ်ကို ပယ်ဖျက်ပြီး ဆိုက်ဗေးရီးယားတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကျခံကြရမည် ဖြစ်ကြောင်း အမိန့်စာ ရောက်ရှိလာသည်။ ဒေါ့စတာယက်စကီက ဤအကြောင်းကို သူ့အစ်ကိုထံ စာရေးခဲ့သည်။

“ကနေ့ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ကျွန်တော်တို့အားလုံးကို ဆီမြို့နော့စကီ ရင်ပြင်ထဲကို ခေါ်သွားတယ်။ အဲဒီမှာ သေဒဏ်အမိန့်ကို ဖတ်ပြတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ ဘုရားကို အာရုံပြုရတယ်။ သေဒဏ်ပေးခံရတဲ့လူတွေ ဝတ်ရတဲ့ အဝတ်ဖြူကြီးတွေကို ဝတ်ရတယ်။ နောက်ပြီးတော့ ကျွန်တော်တို့အထဲက ပထမဆုံး သုံးယောက်ကို သေနတ်နဲ့ ပစ်သတ်ဖို့အတွက် တိုင်မှာ ကြိုးနဲ့ ချည်တယ်၊ ကျွန်တော်က ဆဋ္ဌမမြောက်ဖြစ်တဲ့အတွက် ဒုတိယအသုတ် အသတ်ခံရမယ့်အထဲမှာ ပါနေတယ်။ ကျွန်တော့်အနေနဲ့ အသက်ရှင်နေဖို့ တမိနစ်ပဲ ကျန်တော့တယ်။ အဲဒီအချိန်မှာ အစ်ကို့ကို ကျွန်တော် သတိရတယ်။ မိသားစုအားလုံးကို ကျွန်တော် သတိရတယ်။ နောက်ဆုံးအချိန်မှာ အစ်ကို့ကိုပဲ ကျွန်တော် သတိရနေတယ်။ ကျွန်တော့်ဘေးမှာ ရပ်နေတဲ့ ပလက်ရှိယက်နဲ့ ဒူးရော့တို့ကို ဖက်ပြီး နှုတ်ဆက်တယ်။ အဲဒီအချိန်မှာပဲ တပ်ဆုတ်ဖို့ ဗုံခေါက်သံ ထွက်လာတယ်။ တိုင်တွေမှာ ချည်ထားတဲ့ လူတွေကို ပြန်ခေါ်လာတယ်။ ဧကရာဇ် ဘုရင်မင်းမြတ်က ကျွန်တော်တို့

အသက်တွေကို ချမ်းသာပေးလိုက်ကြောင်း အမိန့်စာ ဖတ်ပြတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို ပြောင်းလဲ ချမှတ်လိုက်တဲ့ အပြစ်ဒဏ် စီရင်ချက်ကို ဖတ်ပြတယ်”

ဒေါ့စတာယက်စကီကို ချမှတ်လိုက်တဲ့ စီရင်ချက်မှာ “ရာဇဝတ်မှု ကျူးလွန်ရန် ပူးပေါင်း ပါဝင်ခြင်း၊ စာရေးဆရာ ဗယ်လင်စကီရဲ့စာကို ဖြန့်ဝေခြင်း၊ နိုင်ငံတော်အစိုးရနှင့် အယူမှန် အသင်းတော်တို့ကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ အခြားသူများနှင့် ပူးပေါင်းပြီး အစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းများ ပုံနှိပ်ထုတ်ဝေရန် ကြံစည်ခြင်းတို့အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ရှစ်နှစ် ချမှတ်လိုက်သည်” ဟူ၍ ဖြစ်သည်။

နောက်ပိုင်းတွင် ဘုရင်မင်းမြတ်က ပြစ်ဒဏ်ကို လေးနှစ်သို့ လျှော့ပေးလိုက်သည်။ ၁၈၅၄ ခုနှစ်တွင် အကျဉ်းထောင်မှ သူ လွတ်မြောက်သည်။ ထိုအခါတွင် သူ၏ နိုင်ငံရေး အယူအဆများသည် လုံးဝကြီး ပြောင်းလဲသွားပြီ ဖြစ်သည်။ အကျဉ်းကျရာမှ လွတ်မြောက်သောအခါ သူသည် သာမန်စစ်သား တဦးအဖြစ်နှင့် တပ်မတော်သို့ ပြန်လည်ဝင်ရောက်ရသည်။ ၁၈၅၆ ခုနှစ်တွင် ဗိုလ်အဖြစ် ပြန်လည် ခန့်ထားခြင်းခံရသည်။ ၁၈၅၉ ခုနှစ်တွင် ပီတာစဘတ်သို့ ပြန်ခွင့်ရရှိသည်။

၁၈၅၇ ခုနှစ်တွင် မာရီယာအိုက်ဆီဗာ အမည်ရှိသော အသက်နှစ်ဆယ့်ကိုးနှစ်အရွယ် မုဆိုးမတဦးနှင့် သူ လက်ထပ်သည်။ ၁၈၅၉ ခုနှစ်မှာပင် တပ်မတော်မှ သူ နုတ်ထွက်လိုက်သည်။

၁၈၆၁ ခုနှစ်တွင် ခေတ် [VREMYA (TIME)] ဟူသော လစဉ်ထုတ် မဂ္ဂဇင်း တစောင်ကို ထုတ်ဝေသည်။ ခေတ်သည် စီးပွားရေးအရ အောင်မြင်လှသည်။ ၁၈၆၃ ခုနှစ်တွင် အစိုးရက ခေတ်ကို ပိတ်ပင်လိုက်သည်။ ၁၈၆၄ ခုနှစ်တွင် ခေတ်သစ် [EPOKHA (EPOCH)] ဟူသော မဂ္ဂဇင်းတစောင်ကို ထုတ်ဝေပြန်သည်။ သို့သော် ထိုမဂ္ဂဇင်းသည် မအောင်မြင်ဘဲ တနှစ်မျှအကြာတွင် ရပ်ဆိုင်းလိုက် ရသည်။

၁၈၆၄ ခုနှစ် ဧပြီလတွင် သူ၏ဇနီး မော်စကိုမြို့တွင် ကွယ်လွန်သည်။ ထိုနှစ် ဇူလိုင်လမှာပင် သူ၏အစ်ကို မစ်ခေး ကွယ်လွန်ပြန်သဖြင့် ဒေါ့စတာယက်စကီမှာ များစွာမှ ထိခိုက် ဆုံးရှုံးရသည်။ သူ့အစ်ကို ကွယ်လွန်သဖြင့် ခေတ်သစ်ကို ပိတ်လိုက်ရပြီး ရူဗယ် ၁၅၀၀၀ ကြွေးတင်သည်။ သူသည် ထိုကြွေးကို တသက်လုံး ဆိုသလောက်ပင် ပေးဆပ်သွားရသည်။

သူ့ဇနီး မာရီယာ ကွယ်လွန်သောအခါ သူသည် ပိုလီနာ ဆတ်ဆလိုဗာ ဟူသော အမျိုးသမီး တယောက်ကို စွဲလမ်းရပြန်တော့သည်။ ၁၈၆၇ ခုနှစ်တွင် သူသည် ပိုလီနာနှင့် ခွဲခွာပြီး သူ၏ အတွင်းရေးမှူးဖြစ်သော အန်နာ ဆနစ်ကီနာနှင့် လက်ထပ်သည်။ အန်နာက သူ့ကို ချစ်သည်။ သူ၏ အနုပညာကို လေးစားသည်။

သူ၏လောင်းကစားမှုကို ကန့်ကွက် တားမြစ်ခြင်း မပြုချေ။ သူက လောင်းကစားမှုကို အင်မတန် မက်မောသည်။ ကစားသမျှလည်း ရှုံးသည်။ သူရသမျှပိုက်ဆံသည် လောင်းကစား၍ ကုန်ရသည်ဟု ဆိုရမည်။ ထိုမျှမက ကြွေးတွေပင် တင်ရသည်။ သူသည် ကြွေးဆပ်ဖို့အတွက် ဝတ္ထုတွေကို တရစပ် တရကြမ်း ရေးထုတ်ခဲ့ရသည်။

သူက အသုံးအစွဲ ကြမ်းသည်။ ရမ်းသည်။ သူသည် ကျောင်းနေစဉ်ကတည်းကပင် တနှစ်လျှင် ရူဗယ်ငွေ တထောင့်နှစ်ရာ ပေးရသော အဖိုးတန် အိမ်ခန်းကြီးတခုကို ငှားရမ်းပြီး နေခဲ့သည်။ သို့သော် သူသည် ထိုအိမ်ခန်းကြီး၏ အခန်းငယ်ကလေး တခုတွင်သာ နေထိုင်ပြီး ထိုအခန်းကလေး ကိုလည်း ဆောင်းအခါတွင် ပူနွေးအောင် မလုပ်နိုင်သဖြင့် အအေးဒဏ်ကို အလူးအလဲ ခံရသည်။

ကာရာမာဇော့ ညီအစ်ကိုများကို ၁၈၇၈ ခုနှစ်တွင် စတင်ရေးသားပြီး ၁၈၈၀ ပြည့်နှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည်။ သူ မကွယ်လွန်မီ သုံးလအလိုတွင် ဖြစ်သည်။ ၁၈၈၁ ခုနှစ်တွင် သူ ကွယ်လွန်သဖြင့် ကာရာမာဇော့ ညီအစ်ကိုများသည် သူ၏ အအောင်မြင် အကျော်ကြားဆုံး ဝတ္ထုကြီးတပုဒ် ဖြစ်သလို သူ၏ နောက်ဆုံးဝတ္ထုကြီးလည်း ဖြစ်ပေသည်။ အသက် ၅၇ ခုနှစ် အရွယ်တွင် စတင်ရေးသားပြီး ၅၉ နှစ်အရွယ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ကွယ်လွန်သောအချိန်တွင် သူသည် ရုရှားနိုင်ငံတွင်သာမက ဥရောပတိုက်တွင်လည်း အောင်မြင် ထင်ရှားလျက် ရှိတော့သည်။ ယခုအချိန်တွင် သူ၏ စာပေများသည် ကမ္ဘာ့စာပေတွင် အထူးပင် ထင်ရှားလျက်ရှိပြီး ပြစ်မှုနှင့် ပြစ်ဒဏ်၊ ကာရာမာဇော့ ညီအစ်ကိုများတို့သည် ကမ္ဘာကျော် ဝတ္ထုကြီးများ စာရင်းတွင် ရှေ့ဆုံးမှ ပါဝင်လျက်ရှိတော့သည်။

ကာရာမာဇော့ညီအစ်ကိုများကို ဘာသာပြန်ဆိုရာတွင် မူရင်း ရုရှားဘာသာမှ တိုက်ရိုက် ပြန်ဆိုခြင်း မဟုတ်ဘဲ အင်္ဂလိပ်ဘာသာပြန်မှတဆင့် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ သို့သော် အကောင်းမွန်ဆုံး တိကျမှန်ကန်စေရေးအတွက် ကွန်စတင့်ဂါးနက် CONSTANCE GARNETT ဘာသာပြန်သော မူနှင့် ဒေးဗစ်မက်ဂါရှက် DAVID MAGARSHACK ပြန်ဆိုသော မူတို့ကို ညှိနှိုင်း တိုက်ဆိုင်ပြီး ပြန်ဆိုထားပါသည်။

ထို့အပြင် ရုရှားနာမည်များသည် ရှည်လျားပြီး အသံထွက် ခက်ခဲသည့်အလျောက် မူရင်း အသံထွက်နှင့် တတ်နိုင်သမျှ နီးစပ်ရေးကို ဂရုပြုထားသလို မြန်မာစာဖတ်သူများ အဖတ်ရ အမှတ်ရ လွယ်ကူစေရန်လည်း ဂရုပြုထားပါသည်။

ဤနေရာတွင် တခု ပြောစရာရှိပါသည်။ နွဲ့နွဲ့မုံးကို အနွဲ့ဟု လည်းကောင်း၊ မုံးဟု လည်းကောင်း၊ ရင်းနှီးခင်မင်စွာ ခေါ်ဝေါ်သလို သူတို့တွင်လည်း ကက်ထရီးနားကို ကက်တယာဟု ခေါ်သည်များ ရှိပါသည်။ ယင်းအတွက် စာဖတ်သူများ အခက်အခဲများ မရှိစေရန် အရေးကြီးသော အမည်များကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဒီမီထရီ = မစ်တယာ

အလက်ဇီ = အလော့ရှုကာ

ကက်ထရီးနား = ကက်တယာ

မစ္စဆဗက်လော့ = ဂရူရှင်ကာ

အီလျူရှာ = အီလျာ

ထို့အပြင် မြန်မာများအဖို့ "သုခမ္မာပဲ၊ 'ရွှေကျင်ပဲ"ဟု ပြောလျှင် နားလည်သော်လည်း ခရစ်ယာန်ဘာသာနှင့် ပတ်သက်ပြီး 'ဂျက်ဇူးအစ်ပဲ' ဟု ပြောလိုက်လျှင် အခက်အခဲ ရှိပါလိမ့်မည်။ ယင်းကဲ့သို့သော စကားလုံးများအတွက်လည်း ရှင်းလင်းချက်အဖြစ်နှင့် ဝတ္ထုအဆုံးတွင် မှတ်စုများ ဖော်ပြထားပါသည်။

ခရစ်ယာန်ဘာသာနှင့် ပတ်သက်သော အမည်နာမများနှင့် အဆိုအမိန့်များကို ဘာသာပြန်ဆိုရာတွင် မြန်မာများနှင့် ရင်းနှီးနေပြီဖြစ်သော

ဆရာယုဒသန်၏ ဘာသာပြန်မှုများကို အသုံးပြုထားပါသည်။ သို့ရာတွင် တစုံတရာ အတိမ်းအစောင်း အလွဲအမှားများ ရှိနေခဲ့လျှင် ဘာသာပြန်သူ၏ တာဝန်သာ ဖြစ်ပါသည်။

ကာရာမာဇော့ ညီအစ်ကိုများကို ဘာသာပြန်ဆိုရာတွင် စာအုပ်စာတမ်းများ ကူညီ ရှာဖွေပေးသော မင်းကျော် (ကွယ်လွန်) ၊ ရုရှားအမည်များကို မြန်မာအသံလှယ်ရာတွင် ကူညီခဲ့သော ညွန့်ကြူး (ကွယ်လွန်) နှင့် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေပေးသော Unity Publishing House တို့ကို အထူး ကျေးဇူးတင်ရှိပါသည်။

နတ်နွယ်

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

နတ်နွယ် မှီငြမ်းပြုရေးသားခဲ့သော ဒေါ့စတာယက်စကီး၏ အခြားစာအုပ်များမှာ -

၁။ အပုံျသင်စ (၁၉၆၀ - The Insulted and Humiliated)

၂။ တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ (၁၉၆၂ - Crime and Punishment)

၃။ မိုးညဖြူဖြူ (၁၉၆၂ – White Nights)

၄။ ဝင်္ကပါ(၁၉၆၃ – The Idiot)

၅။ အုန်းအုန်းကျွက်ကျွက် (၁၉၆၅ - The Devils (The Possessed) တို့ဖြစ်ကြပါသည်။)

ဒေါ့စတာယက်စကီး၏ ဘဝနှင့် စာပေမှ အရေးပါသော အဖြစ်အပျက်များ

- ၁၈၂၁ အောက်တိုဘာ ၃၀၊ ဖျိုဒါ မစ်ခေးလိုဗစ် ဒေါ့စတာယက်စကီကို မော်စကိုမြို့တွင် မွေးဖွားသည်။
- ၁၈၃၃-၃၇ မော်စကိုမြို့ရှိ ကျောင်းအိပ်ကျောင်းစား ကျောင်းများတွင် ပညာ သင်ကြားခဲ့သည်။
- ၁၈၃၇ မေ၊ ဒေါ့စတာယက်စကီနှင့် သူ၏အစ်ကို မစ်ခေးတို့ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့ကြသည်။
- ၁၈၃၈ ဇန်နဝါရီ၊ ဗဟိုအင်ဂျင်နီယာကျောင်းသို့ တက်ရောက်သည်။
- ၁၈၄၃ ဩဂုတ်၊ အရာရှိသင်တန်း ပြီးဆုံး၍ အင်ဂျင်နီယာဌာနတွင် အမှုထမ်းရသည်။
- ၁၈၄၄ ဇွန်-ဇူလိုင်၊ ဒေါ့စတာယက်စကီ ဘာသာပြန်ဆိုသော ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက်၏ ယူဂျင်း ဂရင်းဒစ် Eugenie Grandet ထုတ်ဝေသည်။
- ၁၈၄၅ မေ၊ ၎င်း၏ ပထမဆုံး ဝတ္ထုရှည် ဖြစ်သော ဆင်းရဲသား Poor Folk ရေးသား ပြီးစီးသည်။
- ၁၈၄၆ ဇန်နဝါရီ၊ နီကရာဆော့ တည်းဖြတ်ထုတ်ဝေသော "ပီတာစဘတ် မဂ္ဂဇင်း"တွင် ဆင်းရဲသားဝတ္ထု၊ ဖော်ပြပါရှိသည်။
- ၁၈၄၇ နွေဦး၊ ရုရှား တော်လှန်ရေးသမား မစ်ခေး ပီထရာရှက်စကီး၏ လျှို့ဝှက် အစည်းအဝေးများသို့ ဒေါ့စတာယက်စကီ တက်ရောက်သည်။
- ၁၈၄၈ ဒီဇင်ဘာ၊ ညဖြူဖြူများ White Nights ထုတ်ဝေသည်။
- ၁၈၄၉ ဧပြီ ၂၃၊ ပီထရာရှက်စကီ အုပ်စုဝင်တဦးအဖြစ် အဖမ်းခံရသည်။
- ဧပြီ ၂၉ - နိုဝင်ဘာ ၁၆၊ ပီထရာရှက်စကီနှင့် နောက်လိုက်များကို ရုံးတင် စစ်ဆေးသည်။ (ဒေါ့စတာယက်စကီ အပါအဝင်) "အဓိက တရားခံများ" ကို သေဒဏ်ပေးသည်။

- ဒီဇင်ဘာ ၂၂၊ ဆီမျိုနော့စကီ ရင်ပြင်တွင် တရားခံများကို သေဒဏ် အမိန့်ဖတ်ပြပြီး ကွပ်မျက်ရန် စီစဉ်သည်။ နောက်ဆုံး "ပစ်" ဟူသော အမိန့်ပေးခါနီးတွင်မှ သေဒဏ်မှ လွတ်ငြိမ်းခွင့်အမိန့် ရောက်ရှိလာသည်။

- ဒီဇင်ဘာ ၂၄ ည၊ ဒေါ့စတာယက်စကီ အပါအဝင် အကျဉ်းသားများကို သံခြေချင်းခတ်ပြီး အကျဉ်းထောင်မှ ဆိုက်ဗေးရီးယားသို့ ပို့သည်။

- ၁၈၅၀ ဇန်နဝါရီ ၂၃၊ ဒေါ့စတာယက်စကီကို အွန်မာ့စ် အကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ချခံစေသည်။

- ၁၈၅၀-၅၄၊ အွန်မာ့စ် အကျဉ်းထောင်

- ၁၈၅၄ ဖေဖော်ဝါရီ၊ အလုပ်ကြမ်းနှင့် ပြစ်ဒဏ် နှစ်စေ့အောင် ကျခံပြီးသောအခါ စစ်တပ်တွင် သာမန်တပ်သားတဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုသည်။

- ၁၈၅၄-၅၉၊ စစ်မှုထမ်း

- ၁၈၅၆ အောက်တိုဘာ၊ အရာရှိအဆင့်သို့ တိုးမြှင့်သည်။

- ၁၈၅၇ ဖေဖော်ဝါရီ၊ မုဆိုးမ မာရီယာ အိုင်ဆာယီဗာနှင့် ကုဇနက်မြို့ကလေးတွင် လက်ထပ်သည်။

- ၁၈၅၉ မတ်လ၊ စစ်တပ်မှ အငြိမ်းစားယူသည်။

- မတ်လ၊ဦးလေး၏ အိပ်မက် Uncle's Dream ထုတ်ဝေသည်။

- နိုဝင်ဘာ-ဒီဇင်ဘာ၊မိသားစု၏ မိတ်ဆွေ Friend of the Family ထုတ်ဝေသည်။

- ဒီဇင်ဘာ ဒုတိယလဝက်၊ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့သည်။

- ၁၈၆၀ စက်တင်ဘာ၊ ရုရှားကမ္ဘာ Russki Mir သတင်းစာတွင် မရဏာဂေဟာ The House of the Dead ကို စတင်ဖော်ပြသည်။

- ၁၈၆၁ ဇန်နဝါရီ၊ ဒေါ့စတာယက်စကီနှင့် သူ၏အစ်ကို မစ်ခေးတို့ ထုတ်ဝေသော ခေတ်' Vremya မဂ္ဂဇင်းအမှတ် ၁ ထွက်သည်။ ယင်းလတွင် စော်ကားသူနှင့် အနိုင်ခံ The Insulted and Injured

အခန်းဆက် ဝတ္ထုရှည် စတင်ပါရှိသည်။

- ၁၈၆၁-၆၂ 'ခေတ်' မဂ္ဂဇင်းတွင် 'မရဏဂေဟာ' ကို ဖော်ပြသည်။
- ဇွန်လ၊ နိုင်ငံခြားသို့ ခရီးထွက်သည်။
- ၁၈၆၃ မေလ၊ 'ခေတ်' မဂ္ဂဇင်း အပိတ်ခံရသည်။
- ဩဂုတ်-အောက်တိုဘာ၊ နိုင်ငံခြားတွင် နေထိုင်သည်။
- ၁၈၆၄ ဇန်နဝါရီ၊ 'ခေတ်သစ်' Epokha ထုတ်ဝေခွင့်ရသည်။
- မတ်လ၊ 'ခေတ်သစ်' မဂ္ဂဇင်း အမှတ် ၁ တွင် မြေအောက်မှ မှတ်စုများ Notes from Underground ပါရှိသည်။
- ဧပြီ၊ ဇနီးသည် မာရီယာ ကွယ်လွန်သည်။
- ဇူလိုင်၊ ၎င်း၏အစ်ကို မစ်ခေး ဒေါ့စတာယက်စကီ ကွယ်လွန်သည်။
- ၁၈၆၅ ဇွန်၊ 'ခေတ်သစ်' ရပ်သွားသည်။
- ဇူလိုင်-အောက်တိုဘာ၊ ဒေါ့စတာယက်စကီ နိုင်ငံခြားသို့ သွားပြန်သည်။
- ၁၈၆၆ ပြစ်မှုနှင့် ပြစ်ဒဏ် Crime and Punishment ထွက်သည်။
- အောက်တိုဘာ၊ လောင်းကစားသမား The Gambler ဝတ္ထုကို သူ၏လက်ရေးတို ဆရာမ အန်နာဆနစ်ကီနာကို နှုတ်မှ ပြောပြသည်။
- ၁၈၆၇ ဖေဖော်ဝါရီ၊ အန်နာဆနစ်ကီနာနှင့် လက်ထပ်သည်။
- ၁၈၆၈ အန္ဓ The Idiot ဝတ္ထုရှည်ကြီး ထွက်သည်။
- ၁၈၇၀ ဝတ္ထုလတ် ထာဝရခင်ပွန်း The Eternal Husband ထွက်သည်။
- ၁၈၇၁ ဇူလိုင်၊ အမှောင့်ပယောဂ The Possessed ကို စတင်ရေးသားသည်။ (၁၈၇၂ တွင် ပြီးသည်)။
- ၁၈၇၃ "နိုင်ငံသား" Citizen အပတ်စဉ်ကို စတင် တည်းဖြတ်သည်။ ယင်းဂျာနယ်တွင် စာရေးဆရာတဦး၏မှတ်တမ်း The Diary of a

Writer ဆောင်းပါးများ ပါရှိသည်။

- ၁၈၇၄ နိုင်ငံသား အယ်ဒီတာအဖြစ်မှ နုတ်ထွက်သည်။
- ၁၈၇၅ အရိုင်း A Raw Youth ဝတ္ထု ထွက်သည်။
- ၁၈၇၉-၈၀ ကာရာမာဇော့ ညီအစ်ကိုများ The Brother's Karamazov ရေးသားပြီးစီးသည်။
- ၁၈၈၁ ဇန်နဝါရီ ၂၈၊ ဖျံဒါ မစ်ခေးလိုဗစ် ဒေါ့စတာယက်စကီ ကွယ်လွန်သည်။

•

ရည်ရွယ်ချက်

- ၁။ ၁၉ ရာစုနှစ်၊ ရုရှားနိုင်ငံ၏ လူမှုရေး အခြေအနေကို သရုပ်ဖော် တင်ပြခြင်း။
- ၂။ လူတို့၏ စရိုက် ဖြစ်ပေါ်ပြောင်းလဲမှုကို ဖော်ပြခြင်း။
- ၃။ မိသားစုတစုအတွင်း မတူကွဲပြားသော စရိုက်တို့ကို ဖော်ပြခြင်း။
- ၄။ ဒုစရိုက်နှင့် သုစရိုက်ကို ပေါ်လွင်အောင် ခွဲခြားဖော်ပြခြင်း။
- ၅။ မကောင်းမှုကို ကောင်းမှုဖြင့် တုံ့ပြန်ရန် နှိုးဆော်ခြင်း။
- ၆။မကောင်းမှုပြုသူများသည် တနည်းမဟုတ်တနည်းဖြင့် ပြစ်ဒဏ်ခံစားရကြောင်း ဖော်ပြထားခြင်း။
- ၇။ အမှန်တရားကို ရှာဖွေတင်ပြထားခြင်း။
- ၈။ ငြိမ်းချမ်း ညီညွတ်သော လူ့ဘောင်ကြီးကို တည်ဆောက်ရန် လှုံ့ဆော်ခြင်း။
- ၉။ဆင်းရဲဒုက္ခရောက်နေသူများနှင့် အစော်ကား အနှိမ်ခံနေရသူများကို ကူညီစောင့်ရှောက်ရန် လှုံ့ဆော်ခြင်း။
- ၁၀။ ရမ္မက်တဏှာနှင့် အချစ်စစ်အချစ်မှန်ကို ခွဲခြားဖော်ပြထားခြင်း။
- ၁၁။ တဖက်သား၏ အကျိုးအတွက် အနစ်နာခံ ဆောင်ရွက်ရန် လမ်းညွှန်ထားခြင်း။
- ၁၂။ ဖောက်ပြန်မှုနှင့် သစ္စာတရားကို ခွဲခြားဖော်ပြထားခြင်း။
- ၁၃။ လူ့လောကကြီး၏ အလှကို အနိဋ္ဌာရုံများကြားမှ ရှာဖွေတင်ပြထားခြင်း။

စာဖတ်သူသို့

ကျွန်ုပ်၏ဇာတ်လိုက် အလက်ဇီ ကာရာမာဇော့ အတ္ထုပ္ပတ္တိကို ရေးသားရာတွင် ကျွန်ုပ်၌ အခက်အခဲ အနည်းငယ် တွေ့ရှိနေရသည်။ အဓိပ္ပာယ်က သည်လိုပါ။ ကျွန်ုပ်က အလက်ဇီ ကာရာမာဇော့ကို ကျွန်ုပ်၏ဇာတ်လိုက်ဟု ဆိုထားသော်လည်း သူသည် မည်သည့်နည်းနှင့်မျှ ကြီးကျယ်သော လူတယောက် မဟုတ်ပါချေ။ ယင်းအတွက် မလွှဲမရှောင်သာ ထွက်ပေါ်လာသည့် မေးခွန်းများကို ကျွန်ုပ် ကြိုတင်သိမြင်နေပါသည်။ အလက်ဇီကာရာမာဇော့ကို ခင်ဗျားရဲ့ ဇာတ်လိုက်ကြီးအဖြစ်နဲ့ ရွေးချယ်ရအောင် သူက ဘယ်လောက်များ ထူးခြားလို့လဲ။ သူက ဘာတွေများ လုပ်ခဲ့လို့လဲ။ သူ့ကို ဘယ်သူတွေက ဘာအတွက် သိနေကြလို့လဲ။ ခင်ဗျားရဲ့ စာဖတ်ပရိသတ်ဖြစ်တဲ့ ကျုပ်က ဘာဖြစ်လို့ သူ့အကြောင်း လေ့လာပြီး အချိန်တွေ ဖြုန်းနေရမှာလဲ ... စသည့် မေးခွန်းများ။

နောက်ဆုံး မေးခွန်းက အရေးအကြီးဆုံးပင် ဖြစ်သည်။ ယင်းမေးခွန်းနှင့် ပတ်သက်ပြီး ကျွန်ုပ် ဖြေကြားနိုင်သည်ကတော့ အဲဒီအကြောင်း ဝတ္ထုကို ဖတ်ရှုရင်း စာဖတ်သူဘာသာ တွေ့ရှိပါလိမ့်မည် ဟူသာ ဖြစ်သည်။ သို့သော် ဝတ္ထုကို ဖတ်ရှုပြီးနောက် စာဖတ်သူ မတွေ့ရှိခဲ့လျှင် ဘယ်လိုလုပ်ရမည် နည်း။ အလက်ဇီ ကာရာမာဇော့သည် တနည်းတလမ်းအားဖြင့် ထူးခြားထင်ရှားသည်ဟု စာဖတ်သူ သဘောမတူခဲ့လျှင် ဘယ်လိုလုပ်ရမည်နည်း။ ယခုကဲ့သို့ ကျွန်ုပ် ပြောဆိုနေရသည်မှာ ယင်းကဲ့သို့ ဖြစ်ဖို့ များသောကြောင့် ဖြစ်သည်။ ကျွန်ုပ်အနေနှင့်တော့ သူသည် ထူးခြားထင်ရှားသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ယင်းအချက်ကို စာဖတ်သူများ သဘောပေါက်နားလည်အောင် ကျွန်ုပ် ရှင်းပြနိုင်ပါမည်လား ဟူသည်ကိုတော့ ကျွန်ုပ် သံသယရှိနေပါသည်။ ပြဿနာက သူသည် တနည်းတလမ်းအားဖြင့် လှုပ်ရှားနေသူတဦး ဖြစ်သော်လည်း သူ၏လှုပ်ရှားမှုသည် ကွဲပြား ကြည်လင်ခြင်း မရှိဘဲ ခပ်ရေးရေးမျှသာ ဖြစ်ချေသည်။ သို့သော် ကျွန်ုပ်တို့ ကြုံတွေ့နေရသော ခေတ်မျိုးတခေတ်တွင် လူတွေထံမှ ရှင်းလင်းကြည်လင်မှုကို တောင်းခံနေခြင်းသည် အထူးအဆန်း တခုပင် ဖြစ်ပေလိမ့်မည်။ သို့သော် အငြင်းမပွားနိုင်သော အချက်တခုတော့ ရှိသည်။ သူက ထူးဆန်းသော လူတမျိုး ဖြစ်သည်။ သို့သော် ထူးဆန်းခြင်းနှင့် လူတမျိုး ဖြစ်ခြင်းသည် လူတယောက် အဖို့ အကောင်းသဘောထက် နာမည်ဆိုးတခု ဖြစ်နေတတ်သည်။ အထူးသဖြင့် လူတယောက်၏ ပင်ကိုအရည်အသွေးကို သာမန်မျှသာဖြစ်သည်ဟု ယူဆပြီး အနှစ်သာရကို ရှုပ်ထွေးနေသော အယူဝါဒများကြားတွင် ရှာဖွေနေသော ယနေ့ခေတ်မျိုးတွင်ပင် ဖြစ်သည်။ သို့သော် တဖက်က ပြောရလျှင် ထူးဆန်းသော လူတမျိုးဟူသည်မှာပင် ကိုယ်ပိုင်

အရည်အသွေးတခုပင် ဖြစ်သည်၊ ခြွင်းချက်တခုပင် ဖြစ်သည် မဟုတ်ပါလော။

အကယ်၍ ကျွန်ုပ်၏ နောက်ဆုံးပြောဆိုချက်ကို အသင် သဘောမတူဘဲ ဤလိုမျိုး မဟုတ်ပါ၊ သို့မဟုတ် ဤလိုမျိုး အမြဲတစေ မဟုတ်ပါဟု ပြန်ပြောခဲ့လျှင် ကျွန်ုပ်သည် ကျွန်ုပ်ဇာတ်လိုက်၏ အရေးပါမှုအတွက် ဝမ်းသာရပေမည်။ ပင်ကိုအရည်အသွေးသည် 'အမြဲတစေ' မဟုတ်ဘဲ ခြွင်းချက်မျှသာ ဖြစ်ခဲ့လျှင်၊ တခါတလေမှသာ လူတမျိုးဖြစ်ခဲ့လျှင် ယင်း၏သဘောသည် အချိန်ကာလတခုတွင် လူများအားလုံးကို ပုံသွန်းလောင်းထားသကဲ့သို့ မဟုတ်မှုသောကြောင့် ဖြစ်သည်။

ဘာမျှ ပြဿနာမရှိခဲ့လျှင် ကျွန်ုပ်သည် ဘယ်လိုမျှ စိတ်ဝင်စားဖွယ်ရာ မကောင်းသော မရေးရာသည့် ရှင်းလင်းချက်များတွင် ဘာမျှ အချိန်ကုန်ခံနေစရာ မရှိပါ။ ကျွန်ုပ်၏ ဇာတ်လမ်းကို နိဒါန်းမပါဘဲ စလိုက်ရုံသာဖြစ်သည်။ စာဖတ်သူတို့ သဘောကျခဲ့လျှင် သည်ဇာတ်လမ်းကို ရှိနေသည့် အနေအထား အတိုင်း ဖတ်သွားကြရုံဖြစ်သည်။ သို့သော် ပြဿနာက ကျွန်ုပ်သည် အတ္ထုပ္ပတ္တိတခုကို ကိုင်တွယ်ရာ တွင် ဝတ္ထုဇာတ်လမ်းက နှစ်ပုဒ် ဖြစ်နေသည်။ အဓိက ဝတ္ထုဇာတ်လမ်းက ဒုတိယဝတ္ထု ဖြစ်နေသည်။ ဒုတိယဝတ္ထုက ကျွန်ုပ်၏ ဇာတ်လိုက်၏ ယနေ့ကာလ လှုပ်ရှားမှုများ ဖြစ်နေသည်၊ လက်ရှိကာလ ဖြစ်နေသည်။ ပထမဝတ္ထု၏ လှုပ်ရှားမှုများက လွန်ခဲ့သော တဆယ့်သုံးနှစ်ကာလက ဖြစ်သည်။ သို့သော် အမှန်တကယ်တွင်မူ ယင်းအဖြစ်အပျက်များသည် ဝတ္ထုတပုဒ် မဟုတ်ဘဲ ကျွန်ုပ်၏ ဇာတ်လိုက် ငယ်စဉ်ဘဝက အခန်းတခန်းမျှသာ ဖြစ်ပေသည်။ ကျွန်ုပ်အနေနှင့် ပထမဝတ္ထုကို မည်သည့်နည်းနှင့်မျှ ချန်လှပ်ထားခဲ့၍ မဖြစ်နိုင်ပါ။ အကြောင်းမှာ ပထမပိုင်း မပါခဲ့လျှင် ဒုတိယဝတ္ထုမှ အစိတ်အပိုင်း တော်တော်များများကို နားလည်နိုင်ကြမည် မဟုတ်ပါ။ သို့သော် ယင်းအချက်ကပင်လျှင် ကျွန်ုပ်၏ မူလပထမ အခက်အခဲကို ပိုမိုရှုပ်ထွေးစေတော့သည်။ ကျွန်ုပ်သည် အတ္ထုပ္ပတ္တိ ဆရာတဦးအနေဖြင့် ဇာတ်လိုက်မဆန်သော ဇာတ်လိုက်တဦးအတွက် ဝတ္ထုတပုဒ် သည်ပင် များလွန်းနေပြီဆိုလျှင် ကျွန်ုပ်သည် အဘယ်ကြောင့် သူ့အကြောင်းကို ဝတ္ထုနှစ်ပုဒ် ရေးရချေမည်နည်း။ ယင်းကဲ့သို့ ကြီးကျယ်ခြင်းမျိုးကို ကျွန်ုပ်အနေနှင့် မည်သို့ ဖြေရှင်းရချေ မည်နည်း။

ဤမေးခွန်းများအတွက် အဖြေ မရရှိနိုင်သောအခါ ကျွန်ုပ်အဖို့ အကောင်းဆုံးသော အလုပ်မှာ ယင်းမေးခွန်းများကို အဖြေမရှိဘဲ ထားခဲ့ဖို့ပင်ဖြစ်သည်။ အကင်းပါးသော စာဖတ်သူတဦးသည် ကျွန်ုပ်အနေနှင့် ဤအခြေအနေသို့ ရောက်အောင် လုပ်ဆောင်နေကြောင်း အစောကြီးကတည်းက ရိပ်စားမိပြီး တန်ဖိုးရှိသော အချိန်များနှင့် စာမျက်နှာများကို ဖြုန်းတီးနေသည့်အတွက် ကျွန်ုပ်ကို စိတ်မဆိုးဘဲ နေနိုင်လိမ့်မည် မဟုတ်ပါချေ။

သည့်အတွက် အမှန်အတိုင်း ပြောရမည်ဆိုလျှင် တန်ဖိုးရှိသော အချိန်များနှင့် စာမျက်နှာများကို ကျွန်ုပ် ဖြုန်းတီးနေခြင်းမှာ (တစ်) ယဉ်ကျေးမှု သဘော ဖြစ်ပြီး (နှစ်) ပါးနပ်မှုသဘောပင် ဖြစ်သည်။ ယင်းသို့တပြီးကား စာဖတ်သူကို ကျွန်ုပ် အချိန်မီ သတိပေးရပါမည်။ ကျွန်ုပ်၏ဝတ္ထုသည် တပေါင်းတစည်း တခုတည်းသာ ဖြစ်သော်လည်း လက်တွေ့တွင် ဇာတ်လမ်းနှစ်ခု ကွဲနေသည့်အတွက် ကျွန်ုပ် ဝမ်းသာရသည်။ အကြောင်းမှာ စာဖတ်သူသည် ပထမဝတ္ထုကို ဖတ်ပြီးသည့်နောက်တွင် ဒုတိယဝတ္ထုကို ဆက်ဖတ်သင့် မသင့်ကို သူ့ဘာသာ ဆုံးဖြတ်နိုင်သောကြောင့် ဖြစ်သည်။ မည်သူ့ကိုမျှ အတင်းအကျပ် ပြုလုပ်၍ မရနိုင်ပါ။ စာဖတ်သူသည် ပထမဝတ္ထုကို နှစ်မျက်နှာလောက် ဖတ်ပြီးလျှင် စာအုပ်ကို ပိတ်ပစ်လိုက်နိုင်ပါသည်။ ဘယ်တော့မှ ပြန်မဖွင့်ဘဲလည်း နေနိုင်ပါသည်။ သို့ရာတွင် ဖြောင့်မတ်သော စာဖတ်သူများသည် သူတို့၏ ဘက်မလိုက်သော ဆုံးဖြတ်မှုကို မထိခိုက်စေလိုသဖြင့် ဝတ္ထုကို အဆုံးအထိ ဖတ်သွားကြ မည်သာ ဖြစ်သည်။ ဥပမာပြောရလျှင် ရုရှားဝေဖန်ရေးဆရာများ အားလုံးပင် ဤအတိုင်းပင် ဖြစ်ကြသည်။ ဤကဲ့သို့သော စာဖတ်သူများကို ကျွန်ုပ် စိတ်အေးချမ်းသာစွာဖြင့်ပင် ပြောနိုင်ပါသည်။ ပထမပိုင်းကို ဖတ်ပြီးလျှင် ဝတ္ထုကို ဆက်ပြီး မဖတ်ရန် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ဝမ်းသာ ခွင့်လွှတ်နိုင်ပါသည်။ ဤကား ကျွန်ုပ်၏နိဒါန်းတွင် ကျွန်ုပ်ပြောစရာ ရှိသည်များ အားလုံးပင် ဖြစ်သည်။ ဤအမှာကို ရေးရန် မလိုကြောင်း ကျွန်ုပ် ကောင်းကောင်း သဘောတူပါသည်။ သို့သော် ရေးပြီးသွားပြီ ဖြစ်သဖြင့် ဤအတိုင်းပင် ရှိပါစေတော့။ ကဲ လုပ်ငန်းစကြစို့။

အပိုင်း တစ်

ပထမကဏ္ဍ – မိသားစုရာဇဝင်

၁။ ဖျိုဒါ ပက်ဗလိုဗစ် ကာရာမာဇော့

အလက်ဇီ ကာရာမာဇော့သည် ကျွန်ုပ်တို့ခရိုင်တွင် မြေပိုင်ရှင်တဦးဖြစ်သော ဖျိုဒါ ပက်ဗလိုဗစ် ကာရာမာဇော့၏ တတိယသား ဖြစ်သည်။ ဖိုဒါ ကာရာမာဇော့သည် သူ့ခေတ် သူ့အခါက အကျော်ဇေယျ ပုဂ္ဂိုလ်တဦးဖြစ်ပြီး ထူးခြားဆန်းကြယ်စွာနှင့် ကံကြမ္မာဆိုးရွားစွာ သေဆုံးခဲ့ရမှုကြောင့် ယခုတိုင်လည်း သူ့ကို ကျွန်ုပ်တို့ အမှတ်တရ ရှိနေကြရသည်။ ယင်းကဲ့သို့ သူ သေဆုံးခဲ့ရသည်မှာ လွန်ခဲ့သော တဆယ့်သုံးနှစ်တိတိကဖြစ်ပြီး အဆိုပါ အခြင်းအရာများကို ယင်းနှင့် စပ်လျဉ်းသည့် နေရာများတွင် ကျွန်ုပ် ထည့်သွင်းရေးသားသွားမည် ဖြစ်သည်။

လောလောဆယ်တွင်မူ ဤ ‘မြေပိုင်ရှင်’ သည် လူထူးလူဆန်းကြီး တယောက် ဖြစ်ကြောင်းကိုသာ ကျွန်ုပ် ပြောပြလိုပါသည်။ (သူ့ကို ‘မြေပိုင်ရှင်’ ဟု ကျွန်ုပ်တို့က ခေါ်ဆိုကြသော်လည်း သူသည် သူပိုင်ဆိုင်သော လယ်မြေများရှိသည့် နယ်ပယ်တွင် မနေသလောက်ပင် ဖြစ်သည်)။ လူထူးလူဆန်းကြီး တယောက်ဟု ဆိုရသော်လည်း ရှားရှားပါးပါးထဲကတော့ မဟုတ်ပါ။ ကျွန်ုပ်တို့ မကြာမကြာ တွေ့မြင်နေရသော လူထူးလူဆန်းမျိုးထဲကပင် ဖြစ်ပါသည်။ လူ့လောကကြီးအတွက် ဘာမျှ တန်ဖိုးမရှိသော ဆန်ကုန်မြေလေး လူဆိုး လူသွမ်း လူပေါ့ရမ်းကြီး တဦးဖြစ်ရုံမျှမက ဘာမျှ နားလည်မှုမရှိသော နလပိန်းတုံး ဆိုသော်လည်း အခြား မည်သည့်အကြောင်းအရာကိုမျှ မထောက်ထားဘဲ ကိုယ့်အကျိုးစီးပွားကိုသာ ကောင်းကောင်း ကြည့်တတ်သော တကိုယ်ကောင်း သမားထဲက ဖြစ်သည်။

ဥပမာပြရလျှင် ဖျိုဒါ ကာရာမာဇော့သည် သူနှင့်သူသာ နှိုင်းယှဉ်စရာရှိပေသည်။ အမှန်တော့ သူသည် မြေပိုင်ရှင်ကလေး တဦးမျှသာ ဖြစ်သည်။ သူသည် သူတပါးက ကျွေးမွေးသည်များကိုသာ အမြဲတမ်း လိုက်လံစားသောက်သည်။ သူသည် တသက်လုံး ဆိုသလိုပင် လူ့ကပ်ပါး တယောက်သာ ဖြစ်ခဲ့သည်။ သို့သော် သူသေဆုံးသောအခါ ငွေသားချည်းပင် ရူဗယ်ငွေ တသိန်းမျှ ကျန်ရစ်သည်။ တချိန်တည်း မှာပင် သူသည် သူ့ဘဝ သက်တမ်းတလျှောက်လုံးတွင် ကျွန်ုပ်တို့ခရိုင်၏ အဓိပတိ နလပိန်းတုံးနှင့် လူ့အန္ဓကြီး တယောက်အဖြစ် ရပ်တည်ခဲ့သည်။ ဤနေရာတွင် ကျွန်ုပ် ထပ်ပြောဦးမည်။ လူ့အန္ဓ ဆိုသူများသည် တကယ်တော့ တကယ်ပါး တကယ်နပ်ကြသည်။ သူတို့က ပုံစံတမျိုးဖြင့်သာ ‘တုံး’ နေကြခြင်း ဖြစ်သည်။

သူသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး သားသုံးယောက် ထွန်းကားခဲ့သည်။ ပထမ ဇနီးမှ အကြီးဆုံး ဒီမီထရီကို မွေးဖွားပြီး ဒုတိယဇနီးမှ အိုက်ဗင်နှင့် အလက်ဇီတို့ကို ဖွားမြင်ခဲ့သည်။ ပထမဇနီး အဒီလေဒါသည် အတော်ကလေးပင် ကုံလုံကြွယ်ဝသော မီယူဆော့ မိသားစုကြီးထဲမှ ဖြစ်သည်။ ၎င်းတို့ မိသားစုသည် ကျွန်ုပ်တို့ခရိုင်တွင် မြေပိုင်ရှင်ကြီးများလည်း ဖြစ်ကြသည်။ သည်မျှချမ်းသာပြီး သည်မျှလှပကာ သည်မျှ လိမ္မာရေးခြားရှိသော မိန်းကလေးတယောက်သည် ဘယ်လိုလုပ်ပြီး သည်လို အသုံးမကျသော လူစားမျိုးတယောက်နှင့် လက်ထပ်သွားသည်ကို အမှန်တော့ ကျွန်ုပ် ရှင်းပြဖို့ပင် လိုမည်မဟုတ်ပါ။

အကြောင်းမှာ ကျွန်ုပ်သိသော မိန်းကလေးတယောက် ရှိသည်။ နောက်ဆုံးဖြစ်သော စိတ်ကူးယဉ် အချစ်ကမ္ဘာကြီးထဲက မိန်းကလေးဖြစ်သည်။ ထိုမိန်းကလေးသည် လူကုံထံ အမျိုးသားတဦးနှင့် ချစ်ကြိုက်နေသည်။ မိန်းကလေးသည် တစုံတရာ အခက်အခဲ မရှိဘဲ ထိုအမျိုးသားနှင့် အချိန်မရွေး လက်ထပ်ထိမ်းမြားနိုင်သည်။ သို့သော် မိန်းကလေးသည် မဖြေရှင်း၊ မကျော်လွှားနိုင်သော အခက်အခဲ မျိုးစုံကို တီထွင်တင်ပြပြီး မုန်တိုင်းထန်သော ညတညတွင် ချောက်ကမ်းပါးကြီး တခုထက်မှနေ၍ ရေစီးသန်သော မြစ်အတွင်းသို့ ခုန်ချသေဆုံးသွားသည်။ အကြောင်းမူ မိန်းကလေး သည် ရှိတ်စပီးယား၏ ဇာတ်လိုက်မင်းသမီးကလေး အိုဖီလီယာကို အားကျသောကြောင့်ပင် ဖြစ်သည်။

အကယ်၍သာ ဤမိန်းကလေး ရှာဖွေတွေ့ရှိပြီး နှစ်ပေါင်းများစွာ စွဲလမ်းနှစ်သက်နေခဲ့သော ချောက်ကမ်းပါးသည် ဤမျှလောက် ဆန်းကြယ်ခြင်းမရှိဘဲ ရေပြင်ညီ ကမ်းပါးတခုသာ ဖြစ်ခဲ့လျှင် ဤမိန်းကလေးသည် ယခုကဲ့သို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ချေမည် မဟုတ်ပေ။ ဤဇာတ်လမ်းသည် တကယ့်အဖြစ်အပျက် တခုဖြစ်ပြီး နောက် မျိုးဆက် နှစ်ဆက် သုံးဆက်တွင် ဤလိုအဖြစ်မျိုး တကြိမ် နှစ်ကြိမ်မျှမက ထပ်မံဖြစ်ပွားသည်ဟုဆိုလျှင်လည်း ကျွန်ုပ် အံ့ဩလိမ့်မည် မဟုတ်ပါ။

အဒီလေဒါ၏လုပ်ရပ်သည်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။ အခြားသူတို့၏ အတွေးအခေါ် များက သူမအပေါ်တွင် လွှမ်းမိုးခဲ့သည်မှာ သံသယဖြစ်စရာ မလိုပါ။ ထို့ပြင် လွတ်လပ်မှုမရှိသော အနှောင်အဖွဲ့တခုမှ ရုန်းထွက်လိုခြင်းလည်း ဖြစ်ပါမည်။ သူမသည် အမျိုးသမီးတို့၏ လွတ်လပ်မှု ကိုလည်း ဖော်ထုတ်လိုပေမည်။ သူမ၏ မိသားစုနှင့် သူမတို့ လူတန်းစား၏ ဖိနှိပ်ချုပ်ချယ်မှုများကို စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်ပေမည်။ နောက်ပြီး သူမ၏အမြင်တွင် ဖျိုဒါ ကာရာမာဇော့သည် တဒင်္ဂမျှဖြစ်စေ တိုးတက်နေသော ခေတ်ကြီး၏ ရဲရင့်သော သူရဲကောင်းတယောက်လည်း ဖြစ်နေပေလိမ့်မည်။ ထို့အပြင် သူတို့၏ဇာတ်လမ်းတွင် ခိုးရာလိုက်ပြေးရမည့် အခန်းကလည်း

ပါဝင်နေပေသည်။ ဤစွန့်စားခန်းသည် အဒီလေဒါကို များစွာမှပင် သွေးဆောင်လျက်ရှိတော့သည်။

ဖိုဒါကာရာမာဇော့ အဖို့မူကား ထိုအချိန် ထိုအခါက သူ၏ အခြေအနေအရ သည်လို လုပ်ငန်းမျိုးကို လုပ်ဆောင်ရန် များစွာလိုအပ်လျက်ရှိလေသည်။ သူက လုပ်ငန်းတခုခုကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဖြစ်သည့်နည်းနှင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ဆွေကြီးမျိုးကြီး တခုအတွင်းသို့ သူရောက်ရှိပြီး သတို့သမီးဘက်က တင်သော မင်္ဂလာ ခန်းဝင်ကြေး ရရှိမည့်အရေးမှာ သူ့အဖို့ မဟာအခွင့်အရေးကြီးပင် ဖြစ်တော့သည်။

ချစ်ခြင်းမေတ္တာအကြောင်း ပြောရလျှင်ကား သည်ကိစ္စတွင် သည်ပြဿနာ လုံးဝ မပါရှိပါ။ သတို့သမီး ဘက်ကလည်း မပါရှိပါ။ သူ့ဘက်ကလည်း မပါရှိပါ။ အဒီလေဒါသည် လှပသည် မှန်သော်လည်း သူ့တွင် အချစ်ဟူသည် မရှိခဲ့ပါ။ သည်လိုဖြစ်ပုံမျိုးမှာလည်း သူ၏ဘဝတွင် သည်တကြိမ်သာ ရှိပါလိမ့်မည်။ အကြောင်းမှာ သူသည် မိန်းမဘက်တွင် အားသန်သူတဦး ဖြစ်ပြီး မိန်းမဆိုလျှင် အသေရရ အရှင်ရရ ဖြစ်သည်။ သို့တစေလည်း သည်အမျိုးသမီးက သူ၏ ရမ္မက်ဆန္ဒများကို နှိုးဆွနိုင်ခြင်း မရှိခဲ့ပါ။

အဒီလေဒါသည် ခိုးရာလိုက်ပြေးပြီးနောက် မကြာမတင်မီမှာပင် ခင်ပွန်းသည်ကို စက်ဆုပ်ရွံရှာခြင်း ဖြစ်ရတော့သည်။ သူတို့ အိမ်ထောင်ရေး၏ ဇာတိမှန်မှာလည်း လျင်မြန်စွာပင် ပေါ်လွင်လာတော့ သည်။ သတို့သမီး၏မိဘများက သူတို့၏သမီးကို လျင်မြန်စွာပင် လက်ခံသိမ်းပိုက်ပြီး မင်္ဂလာ ခန်းဝင်ကြေးကို ပေးသော်လည်း သူတို့ လင်မယား၏ ဘဝသည် တစောင်းစေးနှင့် မျက်ချေးလို တကျက်ကျက် ဖြစ်ကြရတော့သည်။

ဤသို့ ရန်ပွဲများ ဖြစ်ပွားရာတွင် သဘောထားကြီးမြင့်မှုနှင့် ရက်ရောမှုတို့ကို မိန်းမက ယောက်ျားထက် ပြသနိုင်သည်ဟုဆိုသည်။ ယောက်ျားဖြစ်သူသည် ယခုအခါ အားလုံး သိရှိကြသည့် အတိုင်းပင် အမျိုးသမီး၏ မင်္ဂလာခန်းဝင်ကြေး ရူဗယ် နှစ်သောင်းငါးထောင်ကို ရရှိသည့်နေ့မှာပင် အပိုင်စီးယူလိုက်သည်။ ယင်းသို့ဖြင့် အဒီလေဒါသည် သူမ၏ မိဘများက ပေးသော ခန်းဝင်ကြေး ငွေများကို တပြားတချပ်မျှ မမြင်ရပါတော့ချေ။

သည်မျှ မကပါ။ ဖျိုဒါကာရာမာဇော့သည် ဇနီးသည်၏ မင်္ဂလာခန်းဝင်ကြေးတွင် အပါအဝင်ဖြစ်သော တိုက်တလုံးနှင့် လယ်ယာမြေတို့ကိုလည်း သူ့နာမည်နှင့် ပြောင်းလွှဲယူရန် ကြိုးစားတော့သည်။ ဤနေရာတွင်လည်း သူကြံစည်သည့်အတိုင်း အောင်မြင်တော့မည်ရှိသည်။ ဇနီးဖြစ်သူသည် သူ၏ အရှက်ကင်းမဲ့သော တကိုယ်ကောင်းဆန်မှုများကို ကြာတော့

သည်းမခံနိုင်တော့ချေ။ အမျိုးသမီး သည် ဘာပဲလုပ်ရလုပ်ရ အေးအေးချမ်းချမ်း နေရလျှင် တော်ပြီဟု သဘောပေါက်လာသည်။ သို့သော် ကံကောင်းထောက်မသဖြင့် ဤကိစ္စတွင် သူမ၏မိဘများက ကြားဝင်သည်။ သိုက်တူးသူ၏ လုပ်ရပ်ကို ဟန့်တားခဲ့ကြသည်။

လင်မယားနှစ်ယောက် မကြာခဏ သတ်ပုတ်ကြသည့်အကြောင်း ကြားသိကြရ သည်။ သို့သော် မြို့ထဲတွင် ပြောနေကြသည့် စကားများအရဆိုလျှင် ထောင်းသူ နှက်သူ ရိုက်ပုတ်သူမှာ ကာရာမာဇော့ မဟုတ်ဘဲ အဒီလေဒါ ဖြစ်နေသည်။ သူမက စိတ်မြန်သည်၊ စိတ်တိုသည်၊ အကြောက်အလန့် မရှိ၊ ခွန်အားဗလ ကြီးမားသည်။

နောက်ဆုံးတွင် သူမသည် ဆင်းရဲနွမ်းပါးသော ကျောင်းဆရာကလေးတယောက်နှင့် ထွက်ပြေးသည်။ သုံးနှစ်သားကလေး မစ်တယာ (ဒီမီထရီ) ကို ခင်ပွန်းသည်၏ လက်တွင် ပစ်ထားခဲ့သည်။

ထိုအခါ ကာရာမာဇော့သည် တမုဟုတ်ချင်းမှာပင် သူ့အိမ်ကို မိန်းမဆောင် အနောက် နန်းအဖြစ် ပြောင်းလဲပစ်သည်။ အထိန်းအကွပ်မရှိသော အရက်ဝိုင်းများ ကျင်းပသည်။ သည်ပွဲများ မရှိသည့် ကာလတွင် သူသည် ပြည်နယ်အနှံ့ လျှောက်သွားပြီး သူ့မိန်းမ ထွက်ပြေးသည့်အကြောင်း မျက်ရည်စက်လက်ဖြင့် တိုင်တန်းပြောဆိုသည်။ သူတို့၏ အိမ်ထောင်ရေးဘဝကို အသေးစိတ် ပြောပြသည်။ လင်ယောကျ်ားတယောက်အနေဖြင့် အရှက်ကွဲ အကျိုးနည်းဖွယ်ရာများ ဖြစ်သည်။ အမှန်တော့ သူသည် လူ့လောက ဇာတ်ခုံကြီးတွင် အသည်းကွဲသော လင်ယောကျ်ားတယောက်အဖြစ် ကပြနေရသည်ကို ကျေနပ်နှစ်သိမ့်နေဟန် ရှိသည်။

"ခင်ဗျားအဖို့ ကုသိုလ်ကံ အကျိုးပေးတာပဲလို့ လူတွေ ထင်စရာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ကြေကွဲဝမ်းနည်းရမယ့်အစား အပျော်ကြီး ပျော်နေလို့ပဲ"

သရော်သူတွေက သူ့ကို သရော်ကြသည်။ သူသည် အရှုံးကြီးဇာတ် ခင်းနေရသည်ကို ပျော်မွေ့ နေသည်ဟု လူတွေက ဆိုကြသည်။ သူ့ကိုယ်သူ အပေါကြီးဖြစ်နေမှန်း မသိ ဟန်ဆောင်နေသည်က ပို၍ ပေါနေခြင်းပင် ဖြစ်သည်ဟု မှတ်ယူကြသည်။ သို့သော် သူ့အကြောင်း သိသူများအဖို့မူ သူသည် အမှန်အတိုင်း ရိုးသားစွာ ပြုလုပ်နေခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင်မူ အိမ်မှ ထွက်ပြေးသွားသော မိန်းမ ဘယ်မှာရှိသည်ကို သူ သိရှိသွားသည်။ အကြင်မိန်းမသည် ပီတာစဘတ်မြို့တွင် ရှိနေသည်။ သူမ၏ လင်ငယ်နှင့်အတူ လိုက်ပါသွားခြင်း ဖြစ်သည်။ အမျိုးသမီးသည်

ပီတာစဘတ်မြို့တွင် ဘဝလွတ်မြောက်မှုကို အပြည့်အဝ ခံစားလျက် ရှိသည်။

ကာရာမာဇော့သည် ပီတာစဘတ်သို့ လိုက်ရန် ချက်ချင်းပင် ပြင်ဆင်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသည်ကို သူကိုယ်တိုင်လည်း မသိပါ။ သူက တကယ် သွားရောက်မည်လည်း ဖြစ်သည်။ သို့ရာတွင် သူသည် ပီတာစဘတ်သို့ လိုက်ရန် ဆုံးဖြတ်သည်တွင် လမ်းခရီးအတွက် ရဲဆေးတင်သည့်အနေနှင့် အရက်သေစာကို အလွန်အကျွံ အထိန်းအကွပ်မရှိ သောက်တော့၏။ ထိုအချိန်မှာပင် ပီတာစဘတ်မြို့၌ အဒီလေဒါ ကွယ်လွန်ကြောင်း သူမ၏ မိသားစုသို့ သတင်း ရောက်ရှိသည်။

သူမသည် အထပ်ခိုးကလေးတခုတွင် ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်သည်။ သတင်းတခုကမူ တိုက်ဖွိုက်ရောဂါဟု ဆိုသည်။ အခြားသတင်းတခုကမူ ငတ်မွတ် ခေါင်းပါးခြင်းဟု ဆိုသည်။

သူ့ဇနီး ကွယ်လွန်သည့်သတင်းကို ကြားရချိန်တွင် ကာရာမာဇော့ မူးနေသည်။ သူသည် လမ်းမပေါ်သို့ ပြေးထွက်သွားကာ လက်နှစ်ဖက်ကို မိုးပေါ်သို့ မြှောက်ပြီး ဝမ်းသာအားရ ဟစ်ကြွေးသည်။

"အို ... ဘုရားသခင်၊ သင်၏ ကျေးကျွန်တဦးကို ငြိမ်းချမ်းစွာ ထွက်ခွာခွင့် ပြုလိုက်ချေပြီတကား..."

သို့သော် အချို့၏ အဆိုအရမူ ကာရာမာဇော့သည် ကလေးငယ် တယောက်ပမာ သည်းထန်စွာ ငိုကြွေးသည်ဟုဆိုသည်။ ယင်းသို့ဖြင့် လူတွေသည် သူ့ကိုကြည့်ပြီး သနားကြရသည်ဟု ဆိုသည်။ သည်သတင်းနှစ်ခုစလုံး မှန်နိုင်ပါသည်။ သူသည် လွတ်ပြီ ကျွတ်ပြီဆိုပြီး ဝမ်းသာခြင်းလည်း ဖြစ်နိုင်သည်။ သူ့ကို လွတ်မြောက်ခွင့်ပေးလိုက်သည့် ဇနီးသည်အတွက် ငိုကြွေးခြင်းလည်း ဖြစ်နိုင်ပါသည်။ သည်နှစ်ခုစလုံး တပြိုင်တည်းမှာပင် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပြောရလျှင် လူလိမ်လူကောက်များ အပါအဝင် လူတွေသည် ကျွန်ုပ်တို့ ထင်မှတ်ထားသည်ထက် ပိုပြီး အတတ်ပညာ နည်းကြပါသည်။ ရိုးသားကြပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင်လည်း သည်အတိုင်းပင် ဖြစ်ကြပါသည်။

၂။ သားအကြီးကို ပ ထုတ်ခြင်း

သည်လိုလူမျိုး တယောက်သည် ဘယ်လို အဖေမျိုးဖြစ်ပြီး သူ့ကလေးတွေကို ဘယ်လိုမျိုး မွေးမြူမည်ကို စဉ်းစားတွေးတောကြည့်ရန် မခက်ခဲပါ။ လူတွေ စိတ်ကူးမှန်းဆထားသည့် အတိုင်းပင် သူသည် ပထမဇနီးမှရသော ကလေးကို စွန့်ပစ်ထားသည်။ မလိုမုန်းထား၍လည်း မဟုတ်ပါ။ ပထမအိမ်ထောင်ကို စိတ်နာ၍လည်း မဟုတ်ပါ။ သည်ကလေး ရှိနေသည့်အဖြစ်ကို မေ့လျော့နေ၍ သာ ဖြစ်ပါသည်။

သူသည် လူတကာတွေ စိတ်ပျက်အောင် တိုင်ကာတောကာ ငိုကာရယ်ကာဖြင့် သူ့အိမ်ကြီးကို ဒုစရိုက်လောကကြီးအဖြစ် တည်ထောင်နေစဉ်တွင် သူတို့ မိသားစု၏ သစ္စာတော်ခံ အစေခံကြီး တဦးဖြစ်သော ဂရီဂိုရီကူတူဇော့က သုံးနှစ်သားကလေး မစ်တယာကို စောင့်ရှောက်ကျွေးမွေး ထားရသည်။ သည်အချိန်က သည်ကလေးကို သည်အစေခံကြီးကသာ စောင့်ရှောက်မထားခဲ့လျှင် ကလေးကို အကျႌလဲပေးမည့်သူပင် မရှိပါချေ။

သည်မျှမကပါ။ ကလေး၏ အမေဘက်က ဆွေမျိုးတွေကလည်း ပထမပိုင်းတွင် သည်ကလေးလေးကို မေ့လျော့နေကြဟန် ရှိပါသည်။ ကလေး၏ အဘိုးဖြစ်သူ မစ္စတာ မီယူဆော့မှာလည်း ကွယ်လွန်ပြီ ဖြစ်သည်။ အဘွားဖြစ်သူမှာလည်း မော်စကိုမြို့တွင် နေထိုင်ပြီး အသည်းအသန် နာမကျန်းလျက် ရှိသည်။ အဒေါ်များ အားလုံးလည်း အိမ်ထောင်ကျကုန်ကြပြီ ဖြစ်သည်။ ယင်းသို့ဖြင့် မစ်တယာသည် ဂရီဂိုရီ၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် အစေခံတန်းလျားတွင် တနှစ်နီးပါးမျှ နေထိုင်ရသည်။

အကယ်၍ ကာရာမာဇော့သည် သည်ကလေးလေးကို အမှတ်ရသည်ဆိုလျှင်လည်း (သူသည် ဤကလေးလေး ရှိနေသည်ကို လုံးဝကြီးတော့ သတိမပြုမိဘဲ မနေတန်ရာပါ) သူသည် ကလေးငယ်ကို အစေခံတန်းလျားသို့ ပြန်ပို့မည်သာ ဖြစ်ပေသည်။ အကြောင်းမှာ ကလေးငယ်သည် သူ၏ ပေါက်လွှတ်ပဲစား ဘဝကို ဝင်ရောက် နှောင့်ယှက်နိုင်သောကြောင့် ပင် ဖြစ်ပါသည်။

သည်အချိန်မှာပင် အဒီလေဒါ၏ အစ်ကိုဝမ်းကွဲ တဦးဖြစ်သော ပီတာမီယူဆော့သည် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပြန်လည်ရောက်ရှိလာသည်။ သူသည် နောက်ပိုင်းကာလတွင် နိုင်ငံခြား၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော်လည်း ထိုအချိန်ကမူ လူရွယ်တဦးသာ ဖြစ်သည်။ သို့သော် သူသည် အခြားသော မီယူဆော့များနှင့် မတူဘဲ အထူးပင် ယဉ်ကျေးဖွယ်ရာသော ပညာတတ်တဦး

ဖြစ်တော့သည်။ သူသည် ပီတာစဘတ်မြို့တော်ကြီးတွင် နေထိုင်ခဲ့သည်။ နိုင်ငံခြားတွင် နေထိုင်ခဲ့သည်။ သူ၏ ဘဝသည် ဥရောပစံချိန်မီ ဖြစ်သည်။ အသက်အရွယ် ကြီးလာသောအခါတွင် သူသည် ထောင့်ရှစ်ရာလေးဆယ် ငါးဆယ်ခေတ်က လစ်ဘရယ်တဦး၏ ပုံစံပင် ဖြစ်တော့သည်။

သူ၏သက်တမ်း ကာလတလျှောက်တွင် သူသည် ထင်ရှားသော လစ်ဘရယ် ခေါင်းဆောင်ကြီး များနှင့် တွေ့ဆုံသိကျွမ်းခဲ့သည်။ ရုရှားနိုင်ငံတွင်ရော နိုင်ငံခြားတွင်ပါ ဖြစ်သည်။ သူသည် ပြင်သစ် ဆိုရှယ်လစ် ခေါင်းဆောင်ကြီး ပရုဒေါင်နှင့်လည်း လူချင်း သိကျွမ်းသည်။ ရုရှား တော်လှန်ရေး ခေါင်းဆောင် ဘာကူနင်နှင့်လည်း လူချင်း သိကျွမ်းသည်။ နောက်ပိုင်းနှစ်များတွင် သူ၏ အတွေ့အကြုံများကို ပြန်လည်ပြောဆိုသောအခါ ၁၈၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ပါရီတော်လှန်ရေး အကြောင်းကို အထူးပင် အလေးပြု ပြောဆိုတတ်ပါသည်။ ခံကတုတ် တိုက်ပွဲများတွင် သူကိုယ်တိုင် ပါဝင်ခဲ့သည်ဟု ဆိုသည်။ ငယ်စဉ်က သူ၏ဘဝနှင့် ပတ်သက်ပြီး အထူးပင် ဂုဏ်ယူဖွယ်ရာ အဖြစ်တခုပင်တည်း။

ပီတာမီယူဆော့သည် ပစ္စည်းဥစ္စာ ကြွယ်ဝသူတဦး ဖြစ်သည်။ ရှေးခေတ်စကားနှင့် ပြောရလျှင် ကျေးကျွန်ပေါင်း တထောင် ပိုင်ဆိုင်သည်။ သူ၏ သာယာလှပသော ပိုင်နက် ခြံမြေသည် ကျွန်ုပ်တို့ မြို့ကလေး၏အစွန်တွင် တည်ရှိပြီး ကျွန်ုပ်တို့၏ နာမည်ကျော် ဘုန်းတော်ကြီးကျောင်း ဝတ္တက နယ်မြေနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ သူသည် ဤပိုင်နက်ခြံမြေကို အမွေဆက်ခံ ရရှိသည်နှင့် တပြိုင်နက် မြစ်ထဲတွင် ငါးမျှားခွင့်နှင့် ပတ်သက်၍သော်လည်းကောင်း၊ သို့မဟုတ် တောထဲတွင် ထင်းခုတ်ခွင့်နှင့် ပတ်သက်၍သော်လည်းကောင်း ရှည်လျားထွေပြားသော တရားစွဲဆိုမှုကြီးများကို ပြုလုပ်တော့သည်။ မည်သည့်အကြောင်းကိစ္စဟူ၍ကား ကျွန်ုပ် သေချာစွာ မသိပါ။ သို့သော် သူ့အနေနှင့် ဤသို့ ဘုန်းတော်ကြီးများကို တရားရုံးတွင် တရားစွဲဆိုခြင်းမှာ နိုင်ငံသားတဦးအနေနှင့်သော်လည်းကောင်း၊ ပညာတတ်တဦးအနေနှင့်သော်လည်းကောင်း တာဝန် ရှိသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

အဒီလေဒါ၏ အကြောင်းစုံကို ကြားရပြီး (အဒီလေဒါကို သူ ကောင်းစွာ အမှတ်ရနေသည်။ သူသည် တချိန်ကဆိုလျှင် သူမကို စွဲလမ်းခြင်းပင် ဖြစ်ခဲ့ရသည်) မစ်တယာကလေး ရှိနေသည့်သတင်းကို သိရသောအခါ သူသည် လူငယ်ဘာဝ ဒေါသဖြစ်ပြီး ကာရာမာဇော့ကို ရွံရှာစက်ဆုပ်ခြင်း ရှိသော်လည်း ဤကိစ္စတွင် ကြားဝင်လေတော့သည်။ သူသည် ဤကိစ္စနှင့် ပတ်သက်ပြီး ကာရာမာဇော့နှင့် ပထမဆုံးအကြိမ် သိကျွမ်းရသည်။ ကလေး၏တာဝန်ကို သူယူမည်ဖြစ်ကြောင်း ကာရာမာဇော့ကို တုံးတိကြီးပင် ပြောချလိုက်သည်။

နောင်အခါများတွင် ဤကိစ္စနှင့် ပတ်သက်ပြီး တွေ့ကြုံခဲ့ရသော ဟန်ဆောင်မှု စရိုက် တခု အကြောင်းကို သူပြန်ပြောလေ့ရှိသည်။ မစ်တယာအကြောင်း ကာရာမာဇော့ကို သူ ပြောသောအခါ ကာရာမာဇော့သည် ဘာမှနားမလည်သလို ရှိနေသည်။ မည်သည့် ကလေးတယောက်အကြောင်း ပြောနေမှန်း မသိသလိုပင် ဖြစ်သည်။ သူ၏ အိမ်တွင်းတနေရာတွင် သူ၏ သားကလေးတယောက် ရှိနေသည် ဆိုသည့်သတင်းကို သူ အံ့သြနေဟန် ရှိသည်။ မီယူဆော့၏ စကားသည် ပုံကြီးချဲ့လွန်းရာ ကျနိုင်သော်လည်း သူ့စကားတွင် အမှန်တွေ အများကြီး ပါရှိနိုင်ပါသည်။

အမှန်အတိုင်း ပြောရလျှင် ကာရာမာဇော့သည် သူ့ဘဝသက်တမ်း တလျှောက်လုံးတွင် ပရိယာယ် ဝေဝုစ်တွေ များတတ်သည်။ မမျှော်လင့်သည့် ကိစ္စများကို ပြုမူတတ်သည်။ သည့်ထက်ပို၍ ပြောရလျှင် မလိုအပ်ပါဘဲနှင့်လည်း လုပ်တတ်သည်။ သူ့အတွက် အကျိုး မရှိသည်ကိုလည်း ပြုလုပ်တတ်သည်။ ဥပမာ ယခု ကိစ္စမျိုးတွင် ဖြစ်သည်။

ဤအကျင့်အလေ့သည် လူအတော်များများ၏ ဓလေ့စရိုက်ပင် ဖြစ်သည်။ ထိုအထဲတွင် အချို့လူများသည် ကာရာမာဇော့လိုလူမျိုး မဟုတ်ဘဲ အင်မတန် ပါးနပ်လိမ္မာသူများ ဖြစ်ကြသည်။

ပီတာမီယူဆော့သည် သူ၏ လာရင်းကိစ္စအတွက် အကြိတ်အနယ် အပြင်းအထန် ဆွေးနွေးသည်။ ကာရာမာဇော့နှင့် အတူတွဲဖက်ပြီး ကလေးငယ်၏ အုပ်ထိန်းသူအဖြစ် ခံယူသည်။ ကလေးငယ်တွင် သူ့အမေထားခဲ့သော အိမ်နှင့်မြေ ရှိသည်။

မစ်တယာသည် ဦးကြီးဖြစ်သူ မီယူဆော့၏ အုပ်ထိန်းမှုအောက်တွင် နေရမည်ဖြစ်သည်။ သို့ရာတွင် မီယူဆော့တွင် မိသားစုမရှိပါ။ သူသည် သူ၏ ပိုင်နက်ခြံမြေမှ သီးစားခများ ရယူပြီးနောက် ပါရီသို့ အမြန်ဆုံး ပြန်ရမည် ဖြစ်ပါသည်။ ပါရီမှာ ကြာကြာနေမည်ဟုလည်း သူ စိတ်ကူးထားသည်။ သို့ဖြင့် ကလေးငယ်ကို မော်စကိုမြို့ရှိ သူနှင့် အဒေါ်ဝမ်းကွဲ တော်စပ်သူ အဘွားကြီးတဦးထံတွင် လွှဲအပ် ထားခဲ့သည်။

ယင်းသို့ဖြင့် သူသည်လည်း ပါရီမြို့တွင် အခြေစိုက် နေထိုင်လျက်ရှိပြီး ကလေးငယ်ကို မေ့လျော့နေမိ တော့သည်။ အထူးသဖြင့် ဖေဖော်ဝါရီ တော်လှန်ရေး ဖြစ်လာသောအခါ ကလေးငယ်ကို မည်သို့မျှ သတိမရတော့ပါ။ ယင်းတော်လှန်ရေးသည် သူ့ဘဝတွင် အထူး အရေးပါပြီး သူ့တသက်တာတွင် ဘယ်အခါမှလည်း မမေ့နိုင်တော့ပါ။

မော်စကိုမြို့မှ အဘွားကြီး ကွယ်လွန်သောအခါ မစ်တယာကို အဘွားကြီး၏

အိမ်ထောင်သည် သမီးတယောက်က စောင့်ရှောက် မွေးစားထားရသည်။ သည့်နောက်တွင် သူသည် စတုတ္ထအကြိမ် အဖြစ် အိမ်ပြောင်းရပြန်သည်ဟု ကျွန်ုပ် ထင်သည်။ သို့သော် သည်အကြောင်းကို ယခုအချိန်တွင် ကျွန်ုပ် အကျယ်ချဲ့ပြီး မပြောတော့ပါ။ နောက်ပိုင်းတွင် ကျွန်ုပ်သည် ဖျိုဒါကာရာမာဇော့၏ သားကြီး ဩရသအကြောင်း အများကြီး ပြောရဦးမည်ဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် သူနှင့် ပတ်သက်ပြီး အရေးကြီးသည့်အချက်တွေကိုသာ ပြောသွားပါသည်။ ထိုအချက်များ မပါရှိဘဲနှင့်လည်း ကျွန်ုပ်၏ ဝတ္ထုကို အစပြုနိုင်မည် မဟုတ်ပါ။

ပထမဆုံးပြောရမည့် အချက်ကတော့ ဖျိုဒါကာရာမာဇော့၏ သားသုံးယောက်တွင် မစ်တယာခေါ် ဒီမီထရီ တယောက်သာလျှင် သူ့ကိုယ်ပိုင် ပစ္စည်းဥစ္စာရှိပြီး၊ အရွယ်ရောက်သောအခါ သူ့ခြေထောက် ပေါ်တွင် သူလွတ်လပ်စွာ ရပ်တည်နိုင်မည် ဟူသော ခံယူချက်ဖြင့် ကြီးပြင်းလာသူ ဖြစ်သည်။ သူ၏ ကလေးဘဝ၊ လူရွယ်ဘဝသည် ကြမ်းတမ်း ခက်ထရော်လှသည်။ သူသည် အခြေခံ အထက်တန်း ကျောင်းတွင် သင်တန်း မပြီးဆုံးခဲ့ပေ။ စစ်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့သည်။ ကော့ကေးဆပ် တောင်တန်းဒေသတွင် တာဝန်ကျခဲ့သည်။ ရာထူး တိုးမြှင့်ခြင်း ခံရသည်။ စိန်ခေါ်ပြီး နှစ်ယောက်ချင်း တိုက်သည်။ ရာထူးကျသည်။ တဖန် ရာထူး ပြန်တက်သည်။ အပျော်ကြူးသည်။ အသုံးအဖြုန်း ကြီးသည်။

သူသည် အရွယ်မရောက်မချင်း သူ့ဖခင်ထံမှ ပိုက်ဆံမရရှိပါ။ သို့ဖြင့် အရွယ်မတိုင်မီက သူ့ဘဝသည် ကြွေးပင်လယ်ဝေခဲ့သည်။ သူ့ဖခင်ကို သူ ပထမဆုံး တွေ့မြင်ဖူး၊ သိရှိဖူးခြင်းမှာ သူအရွယ်ရောက်ပြီး အမွေကိစ္စ ရှင်းလင်းရန် ကျွန်ုပ်တို့ မြို့ကလေးသို့ သူ ရောက်ရှိလာသောအခါမှပင် ဖြစ်ပါသည်။ ထိုအချိန်ကတည်းကပင် သူ့ဖခင်ကို သူ မကြိုက်နှစ်သက်ကြောင်း သိသာထင်ရှားလှသည်။ သို့သော် သူ့ဖခင်နှင့် သူ ကြာကြာမနေပါ။ အလောတကြီးပင် ပြန်သွားသည်။ သူ့ဖခင်ထံမှ ငွေ အထိုက်အလျောက် ရရှိသွားသည်။ သူ၏ ခြံမြေမှ ရရှိသော သီးစားခငွေကို နောင်အခါတွင် မည်သို့ ရယူသွားမည် ဟူသော သဘောတူညီချက်ကို ရရှိသွားသည်။ သို့သော် ထိုဝင်ငွေပမာဏနှင့် ခြံမြေ၏ တန်ဖိုး မည်မျှရှိသည်ကို သူ့ဖခင်ထံမှ သူ သိရှိမသွားပါ။ (အင်မတန် စိတ်ဝင်စားဖွယ်ကောင်းသော အချက်တချက် ဖြစ်သည်)။

မစ်တယာသည် သူ၏ ခြံမြေတန်ဖိုးနှင့် ပတ်သက်ပြီး အသိအမြင် လွဲမှားကာ ပိုမို တွက်ချက်ထား ကြောင်းကို ကာရာမာဇော့သည် သူ၏ သားကြီးနှင့် ပထမအကြိမ် တွေ့စဉ်မှာပင် သိရှိနားလည်လိုက် သည်။ (ဤအချက်သည်လည်း မှတ်သားထားရမည် ဖြစ်သည်။) ကာရာမာဇော့သည် သူ့တွက်ကိန်းနှင့်သူ ဖြစ်သဖြင့် ဤအချက်ကို သဘောကျနေပါသည်။ သူ၏သားသည် အတွေးအခေါ် မရှိ၊ ကြမ်းတမ်းသည်၊ အလိုရမ္မက်များသည်၊ စိတ်တိုသည်၊ အသုံးအဖြုန်း ကြီးသည်ဟု

ကာရာမာဇော့ ကောက်ချက်ချသည်။ သူ့ထံသို့ ရံဖန်ရံခါ ဆိုသလို ပိုက်ဆံပို့ပေးနေလျှင် သူ ကျေနပ်နေမည် ဖြစ်သည်။

ယင်းသို့ဖြင့် ကာရာမာဇော့သည် ဤနည်းကို အသုံးချလေတော့သည်။ သားဖြစ်သူကို ငွေကြေး အနည်းငယ်ဖြင့် လှည့်စားလျက်ရှိတော့သည်။ မကြာမကြာ ငွေအနည်းငယ် ပို့ပေးသည့်နည်းဖြင့် ဖြစ်တော့သည်။ နောက်ဆုံးတွင် မစ်တယာသည် သည်းမခံနိုင်တော့သဖြင့် သူ့ဖခင်နှင့် အပြီးအပြတ် စာရင်းရှင်းရန် ကျွန်ုပ်တို့ မြို့ကလေးသို့ နောက်လေးနှစ်ခန့်အကြာတွင် ရောက်ရှိလာတော့သည်။ သည်အခါတွင် သူ အံ့သြရသည်။ သူ့တွင် ဘာမျှ ရစရာမရှိတော့ကြောင်း ရုတ်ခြည်းသိလိုက်ရသည်။ သူ့ဖခင်ထံမှ ငွေဘယ်လောက်ရရှိထားသည်ကို သူ မပြောနိုင်ပါ။ သို့သော် သူရရှိထားသော ငွေသည် သူရရန်ရှိသော ငွေထက် ပိုနေပြီး ကြွေးပင်တင်နေပြီ ဖြစ်သည်။ ဘယ်နေ့ ဘယ်ရက်များက သူ၏ သဘောဆန္ဒအလျောက် ပြုလုပ်ခဲ့သော စာချုပ်စာတမ်းများအရ သူသည် နောက်ထပ် ဘာတခုမျှ တောင်းခံခွင့်မရှိတော့ကြောင်း စသည် စသည်ဖြင့် ..။

ထိုအခါ မစ်တယာသည် တုန်လှုပ်ချောက်ချားသွားရသည်။ သူ့ဖခင်က သူ့ကို လိမ်ညာ လှည့်ဖြားသည် ဟု သံသယပွားရသည်။ သူ့စိတ်သူ ထိန်းမနိုင် သိမ်းမရ ဖြစ်ရတော့သည်။

ဤအကြောင်းခြင်းရာသည်ပင်လျှင် ဘေးဒုက္ခကြီးတခုကို ဖြစ်ပေါ်စေတော့သည်။ ကျွန်ုပ် ရေးသားမည့် ဝတ္ထု၏ နိဒါန်းပိုင်း အကြောင်းအရာပင် ဖြစ်တော့သည်။ သို့မဟုတ် ဤဝတ္ထု၏ ပြင်ပပိုင်းပင် ဖြစ်တော့သည်။ သို့သော် ယင်းဝတ္ထုကြောင်းကို ကျွန်ုပ် မရေးဖွဲ့မီတွင် ကာရာမာဇော့၏ သားအငယ် နှစ်ယောက်အကြောင်းကို အနည်းငယ် ပြောကြားလိုပါသေးသည်။ မစ်တယာ၏ ညီနှစ်ယောက်နှင့် သူတို့၏ မူလဇာစ်မြစ် အကြောင်းတည်း။

၃။ ဒုတိယအိမ်ထောင်နှင့် ဒုတိယ မိသားစု

လေးနှစ်သားအရွယ် မစ်တယာကို လက်လွှတ်သည်နှင့် တပြိုင်နက် ချက်ချင်းဆိုသလိုပင် ကာရာမာဇော့သည် ဒုတိယအကြိမ် အိမ်ထောင်ပြုလေသည်။ သူ၏ ဒုတိယအိမ်ထောင်သက်သည် ရှစ်နှစ်မျှ ရှည်ကြာသည်။ သူသည် ဒုတိယဇနီး ဆိုဖီယာကို ရဟူဒီများနှင့် စပ်တူ လုပ်ကိုင်သော လုပ်ငန်းကိစ္စတခုဖြင့် အခြားပြည်နယ်တခုသို့ သွားရောက်ရင်း ရယူခဲ့ခြင်းဖြစ်သည်။ ဆိုဖီယာ မှာလည်း ငယ်ရွယ်သော အမျိုးသမီးကလေးတယောက်ပင် ဖြစ်သည်။ ကာရာမာဇော့သည် အသောက်အစား များပြီး ပရမ်းပတာ နေထိုင်သော်လည်း သူသည် ငွေပင် ငွေရင်းများ ထည့်ဝင်ကာ သူ၏ လုပ်ငန်းများကိုကား အမြဲတစေလိုပင် အောင်မြင်အောင် လုပ်ဆောင်နိုင်ပေသည်။ သို့သော် သူ၏ လုပ်ထုံးလုပ်နည်းများကလည်း အမြဲတစေလိုပင် သိမ်ဖျင်း နိမ့်ကျပါသည်။

ဆိုဖီယာမှာ မိဘမဲ့ကလေး ဖြစ်သည်။ မထင်ရှားသော သင်းထောက်ဆရာ တဦး ၏ သမီးဖြစ်သည်။ သူမတွင် ဆွေမျိုးဉာတိ မရှိပါ။ သူမသည် ချမ်းသာကြွယ်ဝသော ဗိုလ်ချုပ်ကြီးကတော် မုဆိုးမကြီး၏ အိမ်တွင် ကြီးပြင်းခဲ့ရသည်။ ဗိုလ်ချုပ်ကြီးကတော်သည် သူမ၏ ကျေးဇူးရှင်တဦး ဖြစ်သလို သူမကို နှိပ်စက်ညှဉ်းဆဲသူ တဦးလည်း ဖြစ်သည်။ အသေးစိတ် ဖြစ်ပျက်သည်များကိုမူ ကျွန်ုပ် မသိပါ။ သို့သော် ကျွန်ုပ် ကြားသိရသည်မှာမူ သိမ်မွေ့နူးညံ့သော မိဘမဲ့ ကလေးမကလေးသည် တကြိမ်တွင်မူ မုဆိုးမ အဘွားကြီး၏ တပူပူ တဆူဆူဒဏ်ကို မခံနိုင်သဖြင့် ကြိုးဆွဲချသေရန်ပင် ကြိုးစားခဲ့သည်ဟု ဆိုသည်။ အမှန်တော့ အဘွားကြီးသည် စိတ်သဘောမကောင်း၍တော့ မဟုတ်ပါ။ သို့သော် သူမသည် အပျင်းထူသော မိန်းမကြီးတယောက်တော့ ဖြစ်သည်။

ကာရာမာဇော့သည် မိန်းမငယ်ကလေးကို လက်ထပ်ခွင့်ပြုရန် တောင်းခံသည်။ သူ့အကြောင်း စုံစမ်းမေးမြန်းမှု ပြုလုပ်ပြီး ငြင်းဆန်လိုက်သည်။ ထိုအခါ သူသည် ပထမအကြိမ်တုန်းကအတိုင်းပင် မိဘမဲ့ ကလေးမကလေးကို ခိုးရာလိုက်ရန် ပြောသည်။ မိန်းကလေးသည် သူ့အကြောင်းကိုသာ အချိန်မီ သိရှိခဲ့လျှင် မည်သည့်နည်းနှင့်မျှ သူ့ကို လက်ထပ်ချေမည် မဟုတ်ပေ။ သို့သော် ကာရာမာဇော့၏ အတိတ်ဇာတ်လမ်းသည် အခြားပြည်နယ်တခုတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးတယောက်သည် ဘာကို သိရှိနိုင်ပါမည်နည်း။ သူမသည် ဤအဘွားကြီးနှင့် နေမည့်အစား မြစ်ထဲသို့သာ ခုန်ချလိုပေလိမ့်မည်။ ယင်းသို့ဖြင့် ကံဆိုးမကလေးသည် ကျေးဇူးရှင်မကြီး လက်မှနေ၍ ကျေးဇူးရှင်ကြီးလက်သို့ ကူးပြောင်းလိုက်လေ တော့သည်။

သည်တကြိမ်တွင်ကား ကာရာမာဇော့သည် ခြူးတပြားမှ မရရှိပါ။ ဗိုလ်ချုပ်ကြီး ကတော်သည် ဒေါသူပုန်ထပြီး သူတို့ကို ဘာမှမပေးပါ။ ဘယ်လိုမှလည်း အဆက်အသွယ် မလုပ်တော့ပါ။ ကာရာမာဇော့ကလည်း ဘာတခု ရကောင်းစေဟု သဘောမထားပါ။ အကြောင်းမှာ သူသည် အပြစ်ကင်းစင်သော မိန်းမငယ်၏အလှတွင် အထူးပင် စွဲလမ်း ငြိတွယ်နေသောကြောင့် ဖြစ်သည်။ သူမ၏ အပြစ်ကင်းစင်သော အသွင်အမူက သူ့လို ကာမဂုဏ်ကြူးသူ တယောက်အပေါ်တွင် များစွာမှ လွှမ်းမိုးခြင်း ဖြစ်တော့သည်။ ကာရာမာဇော့သည် ထိုအချိန်အထိ ခပ်ကြမ်းကြမ်း အလှများကိုသာ တပ်မက်ခဲ့သူ ဖြစ်သည်။

"အဲဒီ အပြစ်ကင်းစင်တဲ့ မျက်လုံးကလေးတွေဟာ အဲဒီအချိန်တုန်းက ကျုပ်အသည်းကို ဓားနဲ့ ခွဲလိုက်သလိုပါပဲဗျာ" ဟု သူသည် နောင်အခါများတွင် သူ့ဝသီအတိုင်း မပွင့်တပွင့်ရယ်ကာ မကြာခဏ ပြန်လည်ပြောဆိုလေ့ရှိသည်။

သို့တစေလည်း သူလို ရမ္မက်တဏှာ အားကြီးသူတဦးအဖို့ အပြစ်ကင်းစင်သော အလှသည်လည်း ကာမဂုဏ်ခံစားမှုတခုသာ ဖြစ်တော့သည်။ သူမကို ခြူးတပြားမှ မပါရှိဘဲနှင့် လက်ထပ်ခဲ့သည့် အလျောက် သူသည် သူမကို လင်ကောင်းတယောက်အဖြစ်နှင့် ဆက်ဆံခြင်း မရှိပါ။ သူမကို ကယ်တင်ခဲ့ရသည့်အဖြစ်နှင့် သူမ၏ နူးညံ့သိမ်မွေ့မှု၊ ကျိုးနွံမှုတို့ကို အခွင့်ကောင်းယူလျက် သူသည် အိမ်ထောင်ရေး စိုပြည်သာယာမှုကို နင်းချေ ဖျက်ဆီးတော့သည်။ ဇနီးဖြစ်သူ၏ မျက်မှောက်မှာပင် လမ်းပေါ်က မိန်းမတွေကို အိမ်ထဲသို့ ခေါ်လာသည်။ အပျော်ကြူးသည့် ပွဲကြီးများ ကျင်းပသည်။

ဖြစ်ပျက်ခဲ့သည်များကို အရင်းအတိုင်း ဖော်ပြရမည်ဆိုလျှင် မထုံတက်သေးနိုင်ပြီး ကိုယ်ကျင့်တရား ကြီးမားသော အစေခံကြီး ဂရီဂိုရီကူတူဇော့သည် ပထမ သခင်မကို မုန်းတီးခဲ့သော်လည်း ယခုတကြိမ်တွင်မူ သခင်မ အသစ်ကလေးဘက်မှ မားမားမတ်မတ်ရပ်ကာ အကာအကွယ်ပေးလေ တော့သည်။ သူမအတွက် သူသည် ကာရာမာဇော့နှင့် စကားများရသည်။ တကယ်တော့ အစေခံတဦး အနေနှင့် မလုပ်အပ်သည့် အလုပ်ပင် ဖြစ်သည်။ တနေ့တွင်မူ သူသည် အပျော်ကြူးနေသော ပွဲကြီးတခုကို ဖျက်သိမ်းပစ်လိုက်ပြီး မရှေကဲများ အားလုံးကိုလည်း အိမ်ထဲမှ မောင်းထုတ်ပစ်လိုက် လေသည်။

နောက်ဆုံးတွင်ကား စိတ်ဒုက္ခရောက်ရသော မိန်းမငယ်ကလေးသည် ငယ်စဉ်ကတည်းကပင် တုန်လှုပ်ချောက်ချားခဲ့ရသည့်အလျောက် အမျိုးသမီးတွေ ခံစားရလေ့ရှိသော စိတ်ဝေဒနာတခုကို ခံစားရတော့သည်။ တောလက်ကျေးရွာများမှ မိန်းမများ ဖြစ်လေ့ဖြစ်ထ ရှိသော စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ငိုကာ ရယ်ကာ စိတ္တဇဝေဒနာမျိုး ဖြစ်သည်။ ဤမည်သော စိတ္တဇရောဂါ ပြင်းထန်စွာ ဖိစီးသောအခါ သူမသည် စိတ်နှလုံးမမှန်

ဖောက်ပြန်ရတော့သည်။

သို့တစေလည်း သူမသည် ကာရာမာဇော့အတွက် သားနှစ်ယောက် မွေးဖွားပေးခဲ့သည်။ အိုက်ဗင်နှင့် အလက်ဇီ ဖြစ်သည်။ ပထမသားကို အိမ်ထောင်ကျသည့် ပထမနှစ်တွင် မွေးဖွားပြီး ဒုတိယသားကို နောက်သုံးနှစ်အကြာတွင် မွေးဖွားခြင်းပင် ဖြစ်သည်။ သူမ ကွယ်လွန်သောအခါ အလက်ဇီကလေး သည် လေးနှစ်အရွယ်သာ ရှိသေးသည်။ သို့သော် အံ့သြစရာကောင်းသည်ကတော့ အလက်ဇီသည် သူ၏မိခင်ကို သေတပန် သက်ဆုံး တသက်လုံး မှတ်မိနေခြင်းပင် ဖြစ်သည်။ အိပ်မက်ထဲတွင် တွေ့မြင်ဖူးသည့်ပမာပင် ဖြစ်သည်။

သူမ ကွယ်လွန်သောအခါတွင် ကလေးငယ်နှစ်ယောက်သည် ၎င်းတို့၏အစ်ကို မစ်တယာ နည်းတူပင် ဖြစ်ကြရသည်။ သူတို့ကို လုံးဝပင် မေ့လျော့ထားကြသည်။ ဖခင်၏ စွန့်ပစ်ထားခြင်းကို ခံကြရသည်။ အစေခံကြီး ဂရီဂိုရီ၏စောင့်ရှောက်မှုကို ခံယူကြရသည်။ အစေခံတန်းလျားမှာပင် နေထိုင်ကြရသည်။ ထိုအခါတွင် သူတို့အမေကို ကျွေးမွေးစောင့်ရှောက်ခဲ့သော အာဏာစက်ပြင်းထန်သည့် ဗိုလ်ချုပ်ကြီး ကတော် မုဆိုးမကြီးက သူတို့ကို တွေ့ရှိသွားလေတော့သည်။ အဘွားကြီးသည် ယခုအချိန်အထိ အသက်ရှင်လျက်ရှိပြီး သည် ရှစ်နှစ်ကာလတလျှောက်လုံးမှာပင် သူတို့အမေ လုပ်သွားသည်ကို မမေ့နိုင်ဘဲ နာကြည်းလျက်ရှိသည်။ သို့သော် အဘွားကြီးသည် သည်ရှစ်နှစ်ကာလ တလျှောက်လုံး ပင် ဆိုဖီယာ၏ဘဝကို ယုံကြည်စိတ်ချရသော သတင်းဌာနများမှနေ၍ အသေးစိတ် ကြားသိနေရ သည်။ ဆိုဖီယာ မည်ကဲ့သို့ နာမကျန်းဖြစ်နေသည်၊ ဆိုဖီယာ၏ ပတ်ဝန်းကျင်တွင် မည်မျှ စက်ဆုပ် ဖွယ်ရာတွေ ရှိသည်တို့ကို ကြားသိနေရသည်။ 'သူ့ထိုက်နဲ့သူ့ကံ ဖြစ်ရတာပဲ၊ သင်း ကျေးဇူးကန်းတဲ့အတွက် သင်းကို ဘုရားသခင်က ဒဏ်ခတ်တာပဲ'

အဘွားကြီးက ဆွေမျိုးနီးစပ်များကို ယင်းသို့ ပြောလေ့ရှိပါသည်။ ဆိုဖီယာ ကွယ်လွန်ပြီး သုံးလတိတိ ပြည့်မြောက်သည့်နေ့တွင် အဘွားကြီးသည် ကျွန်ုပ်တို့မြို့သို့ ရောက်ရှိလာပြီး ကာရာမာဇော့၏ အိမ်သို့ တန်းတန်းမတ်မတ် သွားရောက်သည်။ အဘွားကြီးသည် ကျွန်ုပ်တို့မြို့တွင် နာရီဝက်မျှသာ နေသွားသည်။ သို့သော်လည်း နာရီဝက်အတွင်းတွင် အလုပ်တွေ အများကြီး လုပ်သွားသည်။

အချိန်မှာ ညနေခင်း ဖြစ်သည်။ ကာရာမာဇော့သည် အရက်မူးမူးနှင့် အဘွားကြီးကို ထွက်တွေ့သည်။ အဘွားကြီးသည် ရှစ်နှစ်ကာလအတွင်းတွင် သူ့ကို တကြိမ်တခါမျှ မတွေ့ခဲ့ပါ။ အဘွားကြီးသည် ကာရာမာဇော့ကို တွေ့မြင်သည်နှင့် တပြိုင်နက် ဘာတခွန်းမျှမပြောဘဲ သူ့မျက်နှာကို နှစ်ချက် ဆင့်ပြီး တအားကုန်

ရိုက်ချလိုက်တော့သည်ဟု ဆို၏။ ထို့နောက် သူ့ဆံပင်ကို လက်နှင့် ဆုပ်ကိုင်ပြီး သုံးကြိမ်တိုင်တိုင် ကိုင်ဆောင့်သော ဟူ၏။

ထို့နောက် အဘွားကြီးသည် ဘာစကားတခွန်းမျှ မပြောဘဲ ကလေးနှစ်ယောက်ရှိရာ အစေခံ တန်းလျားသို့ တန်းတန်းမတ်မတ်ကြီး လျှောက်သွားသည်။ ကလေးနှစ်ယောက် ရေမချိုး မိုးမချိုးနှင့် အဝတ်အစား ညစ်ညစ်ပေပေရှိသည်ကို တွေ့မြင်ရသောအခါ အဘွားကြီးသည် ဂရီဂိုရီ၏ ပါးကိုလည်း တအား ရိုက်ချလိုက်တော့၏။ ထို့နောက် ကလေးနှစ်ယောက်ကို သူခေါ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

တိုတို အဘွားကြီးသည် ကလေးနှစ်ယောက်ကို အစေခံတန်းလျားမှ လက်ရှိပုံစံအတိုင်းဖြင့်ပင် ခေါ်ဆောင်သွားသည်။ သူတို့ကို စောင်တထည်ဖြင့် လွှမ်းခြုံပေးပြီး သူမ၏ မြင်းရထားကြီးပေါ်သို့ တင်သည်။ ထို့နောက် သူတို့ကို သူမ၏မြို့သို့ ခေါ်ဆောင်သွားသည်။

ဂရီဂိုရီသည် အဘွားကြီး ရိုက်နှက်သည်ကို ဘာတခွန်းမျှ ပြန်မပြောဘဲ ကျိုးနွံသော အစေခံတဦးပမာ ခံယူသည်။ မြင်းရထားဆီသို့ အဘွားကြီး သွားသည်ကို တွေ့ရသောအခါ ဂရီဂိုရီသည် ခေါင်းညွတ် အလေးပြုပြီး မိဘမဲ့ကလေးများကို စောင့်ရှောက်သည့်အတွက် သူမကို ဘုရားသခင် ကောင်းချီးပေး လိမ့်မည်ဟု ဆိုသည်။

“နင်လည်း အလကား နလပိန်းတုံးကြီးပဲ”

အဘွားကြီးက မြင်းရထားပေါ်မှနေပြီး ဂရီဂိုရီကို လှမ်းအော်သွားသည်။

ကာရာမာဇော့သည် ဤအဖြစ်အပျက်များကို ပြန်လည်သုံးသပ်ပြီးနောက် ကောင်းသောလုပ်ရပ် တခုဟု ကောက်ချက်ချသည်။ ဗိုလ်ချုပ်ကြီးကတော် မုဆိုးမကြီးက ကလေးတွေကို ထိန်းသိမ်း စောင့်ရှောက်ပြီး ပညာသင်ကြားပေးသည်ကို သူက တရားဥပဒေအရ သဘောတူညီမှု ပေးသည်။ သို့သော် အဘွားကြီးက သူ့ကို ပါးရိုက်သည့်အကြောင်းကိုမူ သူကိုယ်တိုင်လိုက်ပြီး သတင်းဖြန့်လျက် ရှိတော့သည်။

ဤအကြောင်းခြင်းရာများ ဖြစ်ပွားပြီးနောက် မကြာမတင်မီမှာပင် မုဆိုးမကြီးလည်း ကွယ်လွန်သွား သည်။ သို့သော် အဘွားကြီးသည် သူမ၏ သေတမ်းစာတွင် ‘ကလေးများ၏ ပညာသင်ကြားရေး’ အတွက် ရူဗယ်ငွေ တထောင်စီ အမွေပေးထားခဲ့သည်။ သို့သော် ခြွင်းချက်တခုတော့ ရှိပေသည်။ ဤငွေများကို ကလေးများအတွက် သုံးစွဲရာတွင် ၎င်းတို့ အရွယ်ရောက်သည်အထိ ဖြစ်စေရမည်။ အကြောင်းမှာ သူမ ပေးထားခဲ့သော ငွေသည် နည်းပါးလှသော်လည်း

ကလေးတွေအတွက်ကား များလွန်းလျက် ရှိပေသည်။ သို့သော် တစုံတယောက်သည် စေတနာသဒ္ဓါတရား ရှိသည်ဟုဆိုလျှင်မူ ကလေးတွေအတွက် သူ့ပိုက်ဆံနှင့်သူ ပိုမိုကုန်ကျနိုင်ပေသည်။ သေတမ်းစာကို ကျွန်ုပ်ကိုယ်တိုင် မဖတ်ရပါ။ သို့သော် အဘွားကြီး၏သေတမ်းစာတွင် ယခုကဲ့သို့ ထူးဆန်းစွာ ရေးသားထားကြောင်း ကိုကား ကျွန်ုပ် ကြားသိရသည်။

အဘွားကြီး၏အဓိက အမွေဆက်ခံသူမှာ ပြည်နယ် မှူးကြီးမတ်ရာတို့၏ အကြီးအကဲ ယီဖင်ပိုလီနော့ ဖြစ်သည်။ သူက လူကောင်း လူဖြောင့်တဦး ဖြစ်သည်။ သူသည် ကာရာမာဇော့နှင့် စာနှစ်စောင် သုံးစောင် ဆက်သွယ်မိသောအခါ ကလေးတွေ၏ ပညာရေးအတွက် သူ့ထံမှ ပိုက်ဆံတပြားတချပ်မှ ရရှိနိုင်မည် မဟုတ်ကြောင်း နားလည်သိရှိလာတော့သည်။ (အမှန်အတိုင်းမူ ကာရာမာဇော့သည် ငွေကြေးမထောက်ပံ့နိုင်ကြောင်း တိုက်ရိုက် ငြင်းဆိုခြင်း မပြုပါချေ။ သည်ကိစ္စမျိုးတွင် သူလုပ်လေ့ ရှိသည့်အတိုင်း နေ့ရွှေ့ ညရွှေ့ လုပ်နေခြင်းသာ ဖြစ်သည်)။

သို့ဖြင့် မစ္စတာ ပိုလီနော့သည် မိဘမဲ့ ကလေးနှစ်ယောက်၏ တာဝန်ကို ခံယူတော့သည်။ သူသည် အငယ်ဖြစ်သော အလက်ဇီကို အထူးပင် ချစ်ခင်ခြင်းရှိသည်။ ကလေးငယ်သည် သူ့အိမ်တွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး သူ၏ မိသားစုတဦးပမာ ကြီးပြင်းခဲ့ရသည်။ ဤအချက်ကို စာဖတ်သူများ မှတ်သားထားစေရန် ကျွန်ုပ် တိုက်တွန်းလိုသည်။ ကလေးတွေအနေနှင့် သူတို့၏ပညာရေးနှင့် သူတို့၏ လူလားမြောက်မှုအတွက် ကျေးဇူးတင်ရမည်ဆိုလျှင် ထိုလူသည် အင်မတန် သဘောထား ပြည့်ဝ၍ ကရုဏာတရား ရှိသော မစ္စတာပိုလီနော့ပင် ဖြစ်ပါသည်။

သူသည် ကလေးများအတွက် မုဆိုးမကြီး ထားခဲ့သော ရူဗယ်ငွေ တထောင်စီကို လုံးဝ မထိမတို့ဘဲ ထားသည်။ သို့ဖြင့် ထိုငွေသည် ကလေးများ အရွယ်ရောက်သောအခါ အဆက်မပြတ် ရနေသော အတိုးဖြင့် နှစ်ဆ ဖြစ်နေပေလိမ့်မည်။ ကလေးတွေကို သူ၏ ကိုယ်ပိုင်ငွေဖြင့် ပညာသင်ကြားပေး သည်။ ကလေးတွေအတွက် ကုန်ကျသော ပညာသင်စရိတ်မှာ ရူဗယ်ငွေ တထောင် မကသည်ကို အထူးပြောဖွယ်ရာ မရှိပါ။

လောလောဆယ်အချိန်တွင် ကျွန်ုပ်သည် ကလေးများ၏ ကလေးဘဝနှင့် လူငယ်ဘဝကို အသေးစိတ် ပြောပြနိုင်မည် မဟုတ်ပါ။ အရေးကြီးသော အကြောင်းအရာအချို့ကိုသာ ဖော်ပြသွားမည် ဖြစ်ပါသည်။

အကြီးဖြစ်သော အိုက်ဗင်သည် သူတပါးတွေနှင့် မရောမနှောဘဲ တယောက်တည်း နေတတ်သူ ဖြစ်သည်။ သို့သော် ရှက်ကြောက်တတ်သော

ကလေးတယောက်ကား မဟုတ်ချေ။ သူသည် ဆယ်နှစ်သား အရွယ်ကတည်းကပင် သူတို့ဘဝကို နားလည်သည်။ သူတို့သည် လူစိမ်းတွေ ကြားထဲတွင် နေရပြီး သူများတွေ ပေးကျွေးသည်ကို စားနေကြရသည်။ သူတို့၏အဖေသည် စကားထဲတွင် ထည့်ပြောရမည်ကိုပင် ရှက်စရာကောင်းသူတယောက် ဖြစ်သည်။ ဤကလေးသည် ငယ်ငယ်ကလေးတည်းကပင် ပညာရေးတွင် ထက်မြက်ထူးချွန်ကြောင်း ပြသလျက်ရှိသည်။

အသေးစိတ် အချက်အလက်တွေကိုမူ ကျွန်ုပ် မသိပါ။ သို့သော် သူသည် တကြောင်း မဟုတ် တကြောင်းဖြင့် အသက်ဆယ့်သုံးနှစ်အရွယ်တွင် ပိုလီနော့မိသားစုမှ ထွက်ခွာပြီး မော်စကိုမြို့ရှိ အထက်တန်းကျောင်းတကျောင်းသို့ သွားရောက် ပညာသင်ကြားသည်။ ထင်ရှားကျော်ကြားသော ကျောင်းဆရာတဦး၏နေအိမ်တွင် နေထိုင်သည်။ ထိုကျောင်းဆရာမှာ ပိုလီနော့၏ ငယ်သူငယ်ချင်း တဦးပင် ဖြစ်သည်။

နောက်ပိုင်းတွင် အိုက်ဗင်ကိုယ်တိုင် ပြန်ပြောသည်မှာ ဤကိစ္စရပ်များသည် ပိုလီနော့၏ ကောင်းသောစီမံမှုများပင် ဖြစ်တော့သည်။ ဤမျှ ပညာဉာဏ် ထက်မြက်သော ကလေးတယောက် သည် ပညာဉာဏ် ထက်မြက် ထူးချွန်သော ဆရာတယောက်ထံတွင် ချဉ်းကပ်သင်ကြားရမည်ဟု ၎င်းက ယူဆသောကြောင့် ဖြစ်သည်။ သို့တစေလည်း ဤကလေးငယ် အထက်တန်းကျောင်းမှ စာမေးပွဲအောင်ပြီး တက္ကသိုလ်သို့ ရောက်ရှိသွားသောအချိန်တွင်မူ ပိုလီနော့ရော ထူးချွန်သော ဆရာရော သည်လောကတွင် မရှိကြတော့ချေ။

ပိုလီနော့သည် ကလေးနှစ်ယောက်အတွက် လိုအပ်သော စီစဉ်မှုများကို ပြုလုပ်မထားခဲ့သဖြင့် ရုရှားနိုင်ငံ၏ မလွှဲမရှောင်သာသော ကြိုးနီစနစ်နှင့် နှောင့်နှေးကြန့်ကြာမှုတို့ကြောင့် ကလေး နှစ်ယောက်သည် မုဆိုးမကြီး ထားခဲ့သော အမွေများကို ရုတ်တရက် ထုတ်ယူ၍ မရနိုင်ဘဲ ရှိနေကြသည်။ သူတို့၏ အမွေသည် ယခုအခါတွင် ရူဗယ် နှစ်ထောင်စီ ဖြစ်နေလေပြီ။ သို့ဖြင့် အိုက်ဗင်အဖို့ တက္ကသိုလ်သို့ ရောက်ရှိသော ပထမ နှစ်နှစ်သည် အထူးပင် ကျပ်တည်းခြင်း ရှိရတော့သည်။ သူသည် တဖက်က ပညာသင်ကြားရင်း တဖက်က ရပ်တည်မှုအတွက် ဝမ်းစာကို ရှာနေရတော့သည်။

သည်ကာလအတွင်းတွင် သူသည် ဖခင်ဖြစ်သူထံ စာရေးပြီး အကူအညီတောင်းရန် တကြိမ်တခါမျှ ကြိုးပမ်းခြင်း မပြုပါ။ မာနကြောင့်လည်း ဖြစ်နိုင်သည်။ ဖခင်ဖြစ်သူကို မနှစ်မြို့သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဖခင်ထံမှ တစုံတရာ အကူအညီ ရနိုင်စရာ အကြောင်းမရှိဟု ယုံကြည် ယူဆထားသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဤကဲ့သို့သော အခြေအနေများရှိသော်လည်း အိုက်ဗင်သည် စိတ်ပျက်အားလျော့ခြင်း အလျဉ်းမရှိပါ။ အလုပ်တခုမဟုတ် တခုကို ဖြစ်သည့်နည်းနှင့် လုပ်ဆောင်ပါသည်။ ပထမတွင် တနာရီလျှင် ခြောက်ပဲနိနှုန်းနှင့် ကျူရှင်ပြသည်။ ထို့နောက်တွင်ကား လမ်းပေါ်တွင် တွေ့ရကြုံရသော အဖြစ်အပျက်များကို 'မျက်မြင်သမား' ကလောင်အမည်ဖြင့် ဝတ္ထုဇာတ်လမ်းများ ရေးသားပြီး သတင်းစာတိုက် အသီးသီးသို့ ပေးပို့ရောင်းချသည်။

'သည်ဇာတ်လမ်း' များသည် စိတ်ဝင်စားဖွယ်ရာဖြစ်အောင် ထိထိမိမိ ရေးသားထားသည်ဖြစ်သဖြင့် မကြာမီမှာပင် အများက အထူးပင် တောင်းဆိုခြင်း ပြုလာကြတော့သည်။ အိုက်ဗင်သည် ဤအချက် တခုတည်းဖြင့်ပင် အခြားသော ကိုယ့်ဝမ်းစာ ကိုယ်ရှာနေရသော ကျောင်းသားလူငယ်များထက် သာလွန်ကြောင်းကို ပြဆိုနိုင်လေသည်။ မြို့တော်ကြီးများတွင် ကျောင်းသားလူငယ် အများစုသည် ဘာတခုမျှ ထူးချွန်အောင် မကြိုးစားနိုင်ဘဲ ပြင်သစ်လို ရေးထားသော ဝတ္ထုကလေးများကို ဘာသာပြန်လိုက်၊ ကူးချလိုက်နှင့် ဖြစ်သဖြင့် စာနယ်ဇင်းတိုက်များ တတိုက်ပြီး တတိုက် ပြောင်းလဲနေကြရသည်။

အိုက်ဗင်သည် အယ်ဒီတာ အဖွဲ့ဝင်များနှင့် တကြိမ် အဆက်အသွယ် ရရှိပြီးသည့်နောက်တွင် သူတို့နှင့် လုံးဝ အဆက်အသွယ် မပြတ်စေတော့ပါ။ တက္ကသိုလ် နောက်ဆုံးနှစ်များသို့ ရောက်ရှိသော အချိန်တွင်ကား သူသည် ထက်မြက်သော စာအုပ်ဝေဖန်ချက်များကို ရေးသားသဖြင့် စာပေ အသိုင်းအဝိုင်းမှာပင် ထင်ရှားကျော်ကြားလာရတော့သည်။ သို့တစေလည်း သူသည် စာဖတ်ပရိသတ် များ၏ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခြင်းကို ခံရသည်မှာ မကြာခင်လေးကမှ ဖြစ်သည်။ ဤအဖြစ်အပျက်သည် အထူးပင် စိတ်ဝင်စားဖွယ်ရာကောင်းသော အကြောင်းအချက်တခု ဖြစ်သည်။

တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် အမွေရရှိသော ရူဗယ်ငွေ နှစ်ထောင်ဖြင့် နိုင်ငံခြားသို့ သွားရောက်ရန် စီစဉ်နေခိုက်တွင် အိုက်ဗင်သည် ထိပ်တန်း သတင်းစာကြီးတစောင်တွင် ထူးဆန်းသော ဆောင်းပါး တစောင်ကို ရေးသားလိုက်သည်။ ထိုဆောင်းပါးကို ပညာတတ်များသာမက သာမန်ပရိသတ်များ ကပင် အသိအမှတ်ပြု ဖတ်ရှုကြသည်။ သည့်ထက် ပို၍ ထူးဆန်းသည်ကတော့ ထိုဆောင်းပါးသည် သူတတ်ကျွမ်းသော ဘာသာရပ်အကြောင်း ရေးသားထားသော ဆောင်းပါးတပုဒ် မဟုတ်ပါချေ။ သူသည် တက္ကသိုလ်မှ သဘာဝသိပ္ပံ ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ခြင်း ဖြစ်သည်။

သူရေးသည့်ဆောင်းပါးက ဘာသာရေးခုံရုံးများအကြောင်း ဖြစ်သည်။ ထိုအချိန်က အထူးပင် လူပြောများနေသော အကြောင်းရပ်တခု ဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အခြားသူများ၏ အယူအဆများကို

ဆွေးနွေးတင်ပြပြီးနောက် သူ၏ ကိုယ်ပိုင် အယူအဆများကို ဆက်လက်တင်ပြသည်။ ဤဆောင်းပါး၏ ထူးခြားချက်ကတော့ ယင်း၏ တင်ပြပုံနှင့် အထူးတလည် အံ့ဩဖွယ်ရှိသော အဆုံးသတ် နိဂုံးချုပ်ပင် ဖြစ်သည်။ ဤဆောင်းပါးသည် သူတို့ဘက်က ရပ်တည် ရေးသားခြင်း ဖြစ်သည်ဟု ဘာသာရေးသမား အမြောက်အမြားက လက်ခံ ယုံကြည်ကြသည်။ သို့ရာတွင် ပိုပြီးထူးဆန်းသည်ကတော့ ဘာသာရေးသမား မဟုတ်သူ အမြောက်အမြားကလည်း ဤဆောင်းပါးသည် သူတို့ဘက်က ရေးသည်ဟု ယူဆနေကြခြင်းပင် ဖြစ်သည်။ ဆောင်းပါးရေးသူ၏ အမြင်နှင့် သူတို့အမြင် တူညီသည်ဟု ဆိုကြသည်။ နောက်ဆုံးတွင်မူ လူအချို့က ဤဆောင်းပါးသည် ဘာမျှမဟုတ်ဘဲ ဟာသတခုသာ ဖြစ်ကြောင်း ပြောဆိုကြသည်။

ဤဆောင်းပါးအကြောင်း ကျွန်ုပ် အထူးတလည် ပြောပြနေရခြင်းမှာ အခြားကြောင့် မဟုတ်ပါ။ ဤဆောင်းပါးသည် ကျွန်ုပ်တို့၏နာမည်ကျော် ဘုန်းတော်ကြီးကျောင်းတိုက်သို့ ဂယက်ရိုက်ခတ်လာသောကြောင့်ပင် ဖြစ်ပါသည်။ ထိုအချိန်က ကျွန်ုပ်တို့၏ ကျောင်းတိုက်တွင်လည်း ဘာသာရေးရာ ခုံရုံးကိစ္စသည် ရေပန်းစားလျက် ရှိတော့သည်။ ဆောင်းပါးရှင်၏အမည်ကို သိရှိရသောအခါ ဘုန်းတော်ကြီးများသည် အထူးပင် စိတ်ဝင်စားကြရပြန်တော့သည်။ အကြောင်းမှာ ဆောင်းပါးရှင် သည် ကျွန်ုပ်တို့ မြို့သားတဦးဖြစ်ပြီး 'ကာရာမာဇော့' ၏ သားတယောက် ဖြစ်နေသောကြောင့် ပင်တည်း။ သည်အချိန်မှာပင် ဆောင်းပါးရှင်သည် ကျွန်ုပ်တို့မြို့သို့ ရုတ်ခြည်းဆိုသလို ရောက်ရှိလာပါ တော့သည်။

အိုက်ဗင်ကာရာမာဇော့သည် ထိုအချိန်က အဘယ်အကြောင်းကိစ္စဖြင့် ကျွန်ုပ်တို့မြို့သို့ ရောက်ရှိလာရသည်ကို ကျွန်ုပ် စဉ်းစား၍မရနိုင်ပါ။ နောက်ပိုင်းတွင် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖြစ်ပေါ်စေသော သူ၏လာရောက်မှုသည် ကျွန်ုပ်အဖို့ ထိုအချိန်ကတည်းကပင် ပဟေဠိတခု ဖြစ်ခဲ့ရသည်။ ယခုအချိန်အထိလည်း မဖြေရှင်းနိုင်သော ပဟေဠိတခုပင် ဖြစ်သည်။ သည်မျှအထိ ဉာဏ်ပညာ ကြွယ်ဝပြီး၊ သည်မျှ မာန်မာနကြီးမားသော လူရွယ်တယောက်အနေနှင့် ဤမျှ နာမည်ပျက်နေသော အိမ်ကြီးတအိမ်သို့ ရုတ်တရက် ရောက်ရှိလာခြင်းမှာ အံ့ချီးဖွယ်ရာတခုပင် ဖြစ်တော့သည်။ သည်အိမ်မှာရှိနေသော သူ၏ဖခင်ကလည်း သူ့ကို တသက်လုံး မေ့ပစ်ထားသူ တဦး ဖြစ်သည်။ သူ့ကို အမှတ်ရခြင်း၊ အသိအမှတ်ပြုခြင်း လုံးဝမရှိသူ တဦးဖြစ်သည်။ တကယ်လို့ သူက ငွေကြေး တစုံတရာ တောင်းခံခဲ့လျှင်လည်း မည်သည့်နည်းနှင့်မျှ ပေးမည့်သူမဟုတ်ပါ။ ဖခင် ဖြစ်သူသည် သူ၏သားများဖြစ်ကြသော အိုက်ဗင်နှင့် အလက်ဇီတို့က တနေ့တွင် အမွေ တောင်းလာမည်ကို အစဉ်အမြဲ စိုးရွံ့နေသူ ဖြစ်သည်။

သို့သော် ယခုအခါတွင် အိုက်ဗင်သည် ဤလို ဖခင်တဦး၏ နေအိမ်တွင်

နေထိုင်လျက်ရှိသည်။ တလပြီး နောက်တလပင် ဖြစ်တော့သည်။ နောက်ပြီးတော့ ဖအေနှင့် သားတို့သည် အံ့ဩဖွယ်ရာ ကောင်းလောက်အောင်ပင် အကြောင်းအပေါင်းသင့်လျက် ရှိကြတော့သည်။ ဤအချက်က ကျွန်ုပ်ကို သာမက လူအားလုံးကိုပင် အံ့အားသင့်စေရပါ သည်။

သည်အထဲတွင် ပီတာမီယူဆော့လည်း ပါဝင်သည်။ သူ့အကြောင်းကို စောစောပိုင်းက ကျွန်ုပ် ပြောခဲ့ပြီးပြီဖြစ်သည်။ သူသည် ဖြိုဒါကာရာမာဇော့၏ ပထမဇနီးနှင့် ဆွေနီးမျိုးစပ် ဖြစ်သည်။ သူသည် ပါရီမြို့တွင် အခြေစိုက် နေထိုင်နေရာမှ ထိုအချိန်က ကျွန်ုပ်တို့မြို့အနီးရှိ သူ၏ နေအိမ်တွင် အခိုက်အတန့်မျှ ပြန်လည်ရောက်ရှိနေခိုက် ဖြစ်သည်။ သူသည် အိုက်ဗင်နှင့် တွေ့ဆုံသိကျွမ်းရသော အခါ အိုက်ဗင်ကို အထူးပင် သဘောကျနှစ်ခြိုက်ခြင်းရှိကြောင်း ကျွန်ုပ် မှတ်သားမိသည်။ အိုက်ဗင်ကလည်း အပြန်အလှန်အနေနှင့် သူ့ကို အထူးပင် သဘောကျ နှစ်ခြိုက်ခြင်း ရှိသည်။ အိုက်ဗင်သည် ရံဖန်ရံခါဆိုသလိုပင် ပီတာမီယူဆော့နှင့် သဘောတရားရေးရာများကို အကြိတ်အနယ် ဆွေးနွေးကြသည်။

“ကောင်ကလေးမှာ မာနရှိတယ်၊ သူ့ဘဝကိုသူ ဆောက်တည်နိုင်တယ်၊ သူ့မှာ အခုလိုပဲ ဝင်ငွေတွေ ရှိနေပြီး နိုင်ငံခြားကို သူ့ဘာသာသူ သွားနိုင်တယ်၊ အဲဒါနဲ့များ ဒီကို သူ ဘာကိစ္စနဲ့ ရောက်လာရသလဲ၊ သူ့အဖေဆီကို ပိုက်ဆံတောင်းရအောင် လာတာ မဟုတ်ဘူး ဆိုတာတော့ လူတိုင်းသိတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူ့အဖေကလည်း သူ့ကို တပြားတချပ်မှ ပေးမှာ မဟုတ်လို့ဘဲ၊ နောက်ပြီးတော့ ဒီကောင်ကလေးဟာ အသောက်အစားလည်း ဝါသနာမရှိဘူး၊ အပျော်အပါးလည်း မမက်မောဘူး၊ ဒါပေမဲ့ အဖေနဲ့ သားဟာ အတည့်ကြီးကို တည့်နေကြတယ်။ ဒါ အမှန်ပဲ၊ ကောင်ကလေးက သူ့အဖေအပေါ်မှာ လွှမ်းမိုးမှုရှိတယ်ဆိုတာ အထင်အရှားပဲ၊ အဘိုးကြီးဟာ သူ့သား ပြောတာကို အတော်များများ နားထောင်တယ်။ တခါတခါမှာဆိုရင် အဘိုးကြီးဟာ အများကြီးကို သိမ်မွေ့ ယဉ်ကျေးနေတတ်တယ် ...”

ပီတာမီယူဆော့သည် ထိုအချိန်က ကျွန်ုပ်တို့ကို ဤသို့ပင် ပြောပြတတ်သည်။ နောင်သောအခါ တွင်မှသာ အိုက်ဗင် ရောက်ရှိလာရခြင်း၏ အကြောင်းရင်းတခုကို ကျွန်ုပ်တို့ သိရှိကြရတော့သည်။ သူ၏အစ်ကိုဖြစ်သော မစ်တယာက သူနှင့် သူ့ဖခင်ကြားတွင် ဝင်ရောက် စေ့စပ်ပေးပါရန် မေတ္တာရပ်ခံသောကြောင့် ဖြစ်သည်။ အမှန်တော့ အိုက်ဗင်သည် အစ်ကိုဖြစ်သူ မစ်တယာကို ယခုအကြိမ် ကျွန်ုပ်တို့မြို့သို့ ရောက်ရှိမှပင် ပထမဆုံး လူချင်း တွေ့ရှိဖူးခြင်း ဖြစ်သည်။ သို့သော် မော်စကိုမြို့မှနေ၍ ကျွန်ုပ်တို့မြို့သို့ သူရောက်ရှိမလာမီတွင် သူတို့ချင်း စာအဆက်အသွယ် ရှိကြသည်။ မစ်တယာနှင့် ပတ်သက်သော အရေးကြီးကိစ္စတခုကြောင့်ပင် ဖြစ်သည်။ စာဖတ်သူ များသည်

ထိုကိစ္စကို သင့်လျော်သော တချိန်တွင် သိရှိကြရမည် ဖြစ်သည်။

သို့သော် ကျွန်ုပ်သည် ထိုကိစ္စကို သိရှိရသည့်တိုင်အောင်ပင် အိုက်ဗင်ကို နားမလည်နိုင်ရှိရသည်။ ကျွန်ုပ်တို့မြို့သို့ သူရောက်ရှိသော အကြောင်းသည် ပဟေဠိတပုဒ်ပင် ဖြစ်နေရတော့သည်။

ဤနေရာတွင် ကျွန်ုပ်အနေနှင့် ဖြည့်စွက်ပြောဆိုရမည်ဆိုလျှင် အိုက်ဗင်သည် ထိုအချိန်က သူ၏ ဖခင်နှင့် သူ၏ အစ်ကိုကြားတွင် စေ့စပ်ဖျန်ဖြေလျက်ရှိသည်။ သူ၏ အစ်ကိုသည် ဖခင်ဖြစ်သူနှင့် အကျယ်အကျယ် မငြိမ်းဖွယ်ရှိနေပြီး ဥပဒေအရ တရားစွဲဆိုရန်ပင် ပြင်ဆင်လျက်ရှိသည်။

ထပ်၍ ပြောရမည်ဆိုလျှင် ထိုမိသားစုသည် ထိုအချိန်ထိုကာလတွင်မှ ပထမဆုံးအကြိမ် စုစည်း တွေ့ဆုံမိကြခြင်း ဖြစ်၏။ အချို့ဆိုလျှင် တယောက်ကိုတယောက် ပထမဆုံးအကြိမ် တွေ့မြင်ဖူးကြခြင်း ဖြစ်သည်။

သားအငယ်ဆုံး အလက်ဇီတယောက်သာလျှင် ပြီးခဲ့သည့်နှစ်ကတည်းက ကျွန်ုပ်တို့မြို့သို့ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် သူသည် အစ်ကိုနှစ်ယောက်ထက် အရင် သည်မြို့သို့ ရောက်ရှိနေသည်ဟု ဆိုရပေမည်။

ဤမည်သော အလက်ဇီကို ကျွန်ုပ်၏ ဝတ္ထုကြီးတွင် တင်ဆက်ဖော်ပြခြင်း မပြုမီ ဤမည်သော မိတ်ဆက် နိဒါန်းပိုင်းတွင် သူ့အကြောင်း ဖော်ပြရန် ကျွန်ုပ်မှာ အခက်ခဲဆုံး လုပ်ငန်းကြီး ဖြစ်နေရတော့သည်။ သို့သော် ကျွန်ုပ်သည် သူနှင့်ပတ်သက်ပြီး ပဏာမ ပြောစရာရှိသည်များကိုတော့ မလွှဲမသွေ ပြောရမည်ဖြစ်သည်။ အရေးအကြီးဆုံး အချက်တချက်ကိုတော့ အနည်းဆုံး ဖော်ပြရမည် ဖြစ်သည်။ ယင်းကား အခြားမဟုတ်ပါ။ ကျွန်ုပ်၏ အနာဂတ်ဇာတ်လိုက်သည် သင်တိုင်းရှည်ကြီးနှင့် ခရစ်ယာန်ဘုန်းကြီးတပါး ဖြစ်ကြောင်း ဝတ္ထု၏ ပထမဆုံးသော အခန်းမှာပင် ဖော်ပြရပေမည်။ အမှန်ပင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ ခရစ်ယာန်ကျောင်းတိုက်ကြီးတွင် ယမန်နှစ်ကတည်းကပင် ရောက်ရှိနေခဲ့သည်။ ထိုမျှမက သူ့ဘဝ တသက်တာလုံးကိုလည်း ဤကျောင်းတိုက်ကြီးမှာပင် မြှုပ်နှံ ထားတော့မည့် အခြေအနေမှာလည်း သိသာထင်ရှားလျက် ရှိတော့သည်။

၄။ တတိယသား အလျှိုရှာ

ထိုအချိန်က သူသည် အသက် ၂၀ မျှသာ ရှိပေသေးသည်။ (သူ၏အစ်ကို အိုက်ဗင်က ၂၄ နှစ်ရှိပြီး အစ်ကိုအကြီးဆုံး ဒီမီထရီက ၂၈ နှစ် ဖြစ်သည်) ဤသူငယ်ကလေး အလျှိုရှာနှင့် ပတ်သက်ပြီး ပထမဆုံး ကျွန်ုပ်ပြောချင်သည့် အချက်တခုကတော့ သူသည် တယူသန် ကလေးတယောက် မဟုတ်ပါ။ နားလည်ရန် ခက်ခဲသော လူငယ်ကလေးတယောက်လည်း မဟုတ်ပါ။ ဤကိစ္စကို အစကတည်းက ရှင်းထားဖို့လိုပါသည်။ သူသည် လူသားများကို ချစ်ခင်တတ်သူတဦးသာ ဖြစ်ပါသည်။ ဘာသာရေးဘက်သို့ သူ လိုက်ပါသွားခြင်းသည် ဤလောက အဝိဇ္ဇာမှောင်အတွင်းမှ လွတ်မြောက်၍ မေတ္တာအလင်းရောင်ကို ရရှိလို၍သာ ဖြစ်လိမ့်မည်။ နောက်ပြီး ခရစ်ယာန် သာသနာဝင် ဘဝကို သူ့အနေနှင့် ဤမျှ မက်မော နှစ်ခြိုက်သွားရခြင်းမှာလည်း ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးကျောင်းတိုက်မှ အကျော်ဇေယျဖြစ်သော ဘုန်းတော်ကြီး ဇော်ဇီမာနှင့် တွေ့ရှိ ဆည်းကပ်ရ၍ ဖြစ်ပါသည်။ ဤဘုန်းတော်ကြီးသည် အင်မတန် ထူးခြားသော ပုဂ္ဂိုလ်ကြီးတပါး ဖြစ်သည်ဟု သူ့စိတ်ထဲတွင် မှတ်ယူထားပေသည်။

ကျွန်ုပ်သည် သူ့အကြောင်းကို ဤသို့ ပြောနေသဖြင့် သူသည် အင်မတန် ထူးဆန်းသော လူရွယ်ကလေးတယောက် ဖြစ်သည်ဆိုသော အချက်ကို မငြင်းပါ။ သူသည် မွေးကင်းစအရွယ် ပုခက်တွင်းကတည်းကပင် ထူးဆန်းသော ကလေးငယ်ကလေး ဖြစ်ပါသည်။ သူ၏မိခင် ကွယ်လွန်ချိန်တွင် သူသည် လေးနှစ်သားအရွယ်မျှသာ ရှိသော်လည်း သူသည် မိခင်ဖြစ်သူကို ဘဝ တသက်တာလုံး ကောင်းစွာ မှတ်မိလျက်ရှိကြောင်း စောစောပိုင်းက အကြောင်း အားလျော်စွာ ကျွန်ုပ် ဖော်ပြခဲ့ပြီးပြီ ဖြစ်သည်။ မိခင်ဖြစ်သူ၏ မျက်နှာ၊ မိခင်၏ ပိုက်ထွေးမှုတို့ကို ကောင်းစွာ မှတ်မိနေပါသည်။

“မေမေဟာ ကျွန်တော့်ရှေ့မှာ အသက်ထင်ရှား ရပ်နေတဲ့အတိုင်းပါပဲ ခင်ဗျာ ...”

သို့သော် အားလုံးသိကြသည့်အတိုင်းပင် ဤလို ကလေးဘဝအရွယ်က မှတ်မိခြင်းများသည် အမှောင်ထုထဲတွင် လျှပ်ပြက်သည့်အခါ တွေ့မြင်လိုက်ရသည်မျိုးသာ ဖြစ်သည်။ ရောမ ပုံကားကြီး တချပ်၏ သေးငယ်သော ထောင့်စွန်းကလေး တခုမျှလောက်သာ ဖြစ်သည်။ အလျှိုရှာ၏ အဖြစ်မှာလည်း ဤအတိုင်းသာ ဖြစ်သည်။ သူ့ဘဝတွင် သူမှတ်မိနေသည်က တခုသော ညနေခင်း။ တိတ်ဆိတ်ငြိမ်သက်သော နွေရာသီ ညနေခင်းတွင် ပြတင်းပေါက်တံခါးကို ဖွင့်ထားသည်။ ပြတင်းပေါက်မှနေ၍ နေရောင်ခြည် စွေစောင်း၍ ကျနေသည်။ (သူ၏

စိတ်အာရုံတွင် အထူးတလည် မှတ်မိနေသည်ကတော့ စွေစောင်းသော နေရောင်ခြည်တန်းများပင် ဖြစ်သည်)။ အခန်းထောင့်တွင် ပုံတော်ကားတခု ရှိသည်။ ပုံတော်ကားရှေ့တွင် မှန်အိမ်လင်းနေသည်။ သူ၏မိခင်သည် ပုံတော်ကားရှေ့တွင် ဒူးထောက်လျက်ရှိသည်။ ရှိုက်ငင်လျက် ရှိသည်။ ငိုကြွေးမြည်တမ်းလျက် ရှိသည်။ သူမသည် သူ့ကို လက်နှစ်ဖက်ဖြင့် ပွေ့ယူလိုက်ပြီး သူမ၏ ရင်သားစုံတွင် တင်းကျပ်စွာ ဖိကပ်ထားလိုက်သည်။ ထို့နောက် မယ်တော် မာရီထံတွင် သူ့အတွက် ဆုတောင်းပတ္တနာ ပြုလုပ်သည်။ ပြီးလျှင် သူ့ကို လက်နှစ်ဖက်ဖြင့် မြှောက်ပြီး မယ်တော် မာရီထံတွင် အပ်နှံဟန် ပြုသည်။ ထိုအချိန်တွင် ကလေးထိန်းတယောက် ပြေးလာပြီး ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ့ကို မိခင်ထံမှ ဆွဲယူလိုက်သည်။

ဤကား ဖြစ်ပျက်သမျှ အလုံးစုံတည်း။ အလျှိုရှာသည် ထို ခေတ္တခဏအတွင်းမှာပင် မိခင်၏ မျက်နှာကို မှတ်မိလိုက်သည်။ မိခင်၏မျက်နှာသည် ပရိဒေဝမီး တောက်လောင်လျက်ရှိသည်။ လှပသည်ကား အမှန်ပင်ဟု အလျှိုရှာက အမြဲတမ်း ပြောလေ့ရှိပါသည်။

သို့သော် သူသည် ဤအကြောင်းကို လူအများကို ပြောဆိုခြင်း မပြုပါချေ။ သူသည် ငယ်ငယ်လေး ကတည်းကစပြီး အရွယ်ရောက်လာသည့် အချိန်အထိ အများတကာနှင့် စကား များများ ပြောဆိုခြင်း မရှိချေ။ ဤသို့ ဖြစ်ရသည်မှာ လူတွေကို မယုံ၍လည်း မဟုတ်ပါ။ ရှက်ကြောက်တတ်၍လည်း မဟုတ်ပါ။ လူတွေနှင့် အရောမဝင်လို၍လည်း မဟုတ်ပါ။ ဤအချက်များနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်တော့သည်။ အမှန်ကတော့ သူ၏အတွင်းစိတ်ပင် ဖြစ်သည်။ သူ၏အတွင်းစိတ်က သူ့ကိုယ်သူသာ ပဓာနပြုထားသည်။ အခြားသူများကို ဂရုမပြုဘဲ ရှိသည်။ သူ့ကိုယ်သူ အဓိကထားသဖြင့် အခြားအရာများကို မေ့လျော့နေရခြင်း ဖြစ်သည်။

သို့သော် လူတွေကို သူချစ်သည်။ သူ၏ဘဝတလျှောက်လုံးတွင် လူတွေကို လုံးဝဥဿုံ ယုံကြည်သည်။ လူတွေကလည်း သူ့ကို လူထိုင်းလူအ တယောက်အဖြစ် မမှတ်ယူကြပါ။ သူက လူတွေကို ဝေဖန်ပိုင်းခြား မပြုလိုပါ။ အထူးသဖြင့် လူတွေကို ပြစ်တင်ဝေဖန်လိုခြင်း မရှိပါ။ သူက အစစအရာရာတွင် သည်းခံတတ်သည်။ ဘယ်သူတွေ ဘာပဲလုပ်လုပ် သူ မအံ့သြတတ်ပါ။ မကြောက်လန့်တတ်ပါ။ ငယ်ငယ်လေးကတည်းကဖြစ်သည်။

သူ့အသက် နှစ်ဆယ်အရွယ်သို့ ရောက်ရှိ၍ ဒုစရိုက်မှုတွေ ပြွမ်းတီးနေသော သူ့ဖခင်အိမ်သို့ ရောက်ရှိသောအခါတွင်လည်း မျက်စိအောက်တွင် မကိုးမကား တွေ့မြင်နေရသည်များကို တစုံတရာ ပြောဆိုခြင်း မပြုချေ။ မည်သူ့ကိုမျှ မနှစ်မြို့ဟန် မပြ၊ မည်သူ့ကိုမျှ ပြစ်တင်ရှုတ်ချခြင်း မပြုချေ။

အခြားတဖက်တွင်ကား သူ၏ဖခင်သည် လူ့ကပ်ပါး တဦးဖြစ်ပြီး

အခြားသူများအပေါ် အမြဲတမ်းလိုလို မယုံသင်္ကာရှိတတ်သည့်အလျောက် အစပထမပိုင်းတွင် သူ့အပေါ်၌လည်း မယုံသင်္ကာ ရှိလေသည်။ (သင်းကလေးဟာ နှုတ်ဆိတ်လွန်းအားကြီးတယ်၊ သိပ်ပြီးတော့ တွေးလွန်းတယ်)။ သို့သော် ရက်သတ္တ နှစ်ပတ်ခန့် ကြာသောအခါတွင်ကား ဖခင်သည် သားငယ်ကို တနမ်းနမ်း တရှုပ်ရှုပ် ရှိတော့သည်။ အရက်မူးမူး မျက်ရည်စမ်းစမ်းဖြင့် ဖြစ်တော့သည်။ အမှန်တကယ်ပင်တည်း။ ကာရာမာဇော့သည် သားအငယ်ကို နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲပင် ချစ်ခင်လျက်ရှိတော့သည်။ သူ့လိုလူမျိုးတယောက်က သည်လိုမျိုး ချစ်သည်မှာ မယုံနိုင်စရာပင် ဖြစ်သည်။

အမှန်တော့မူ ဤလူရွယ်ကလေးကို သူရောက်လေရာ အရပ်တွင် လူတိုင်းကပင် ချစ်ခင်ကြပါသည်။ ကလေးဘဝအရွယ်ကတည်းကပင် ဖြစ်သည်။ သူ့ကို ကျွေးမွေးစောင့်ရှောက်သူနှင့် အုပ်ထိန်းသူ ယီဖင်ပိုလီနော့အိမ်သို့ ရောက်ရှိသောအခါ အိမ်သူအိမ်သား အားလုံးကပင် သူ့ကို အိမ်သားစုတဦးပမာ ရင်းနှီးဆက်ဆံကြသည်။ ထိုအိမ်သို့ ရောက်သည့်အချိန် အရွယ်ငယ်လှသေးသဖြင့် တပါးသူတို့ ချစ်ခင်နှစ်သက်အောင် အလိုလိုက် အကြိုက်ဆောင်နိုင်စွမ်း သူ့မှာ မရှိပါချေ။ သို့ဖြစ်သောကြောင့် သူ့ကို လူတွေက ချစ်ခင်ကြခြင်းမှာ သူ၏ ပင်ကိုသဘာဝ အရည်အချင်းတရပ်ပင် ဖြစ်တော့သည်။ လုပ်ကြံဖန်တီးခြင်း မရှိဘဲ သူ့အလိုအလျောက် ဖြစ်နေခြင်းသာတည်း။

ကျောင်းသို့ ရောက်ရှိသောအခါတွင်လည်း ဤအတိုင်းပင်တည်း။ သို့တစေလည်း သူ့လို ကျောင်းသားမျိုးသည် အခြားကျောင်းသားများ၏ မနှစ်မြို့ခြင်း၊ ရယ်မောခြင်းနှင့် မုန်းတီးခြင်းတို့ကို ခံစားရသော ကျောင်းသားမျိုးတယောက်ဖြစ်သည်။ ပုံစံအားဖြင့် သူသည် တယောက်တည်း ငေးမော တွေဝေနေတတ်သည်။ အခြားသူများနှင့် ရောနှောခြင်း မပြုဘဲ အထီးကျန် ရှိတတ်သည်။ သူသည် ကလေးဘဝကတည်းကပင် ချောင်တချောင်မှာ တယောက်တည်း သွားပြီး နေတတ်သည်။ သို့တစေလည်း ကျောင်းသားများ အားလုံးက သူ့ကို ချစ်ခင်နှစ်သက်ကြသည်။

သူသည် ကျောင်းတွင် ကစားသည်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင် နေသည်ကိုလည်း မမြင်ရသလောက်ပင် ဖြစ်သည်။ သို့သော် သူ့ကို တကြိမ်ကြည့်ရုံမျှဖြင့်ပင် သူသည် မှုန်ကုပ်ကုပ် လူငယ်ကလေးတယောက် မဟုတ်ကြောင်း သိသာ ထင်ရှားသည်။ အမှန်တော့ သူသည် မှုန်တေတေ မှုန်ကုပ်ကုပ် မဟုတ်ရုံမျှမက မျက်နှာထား ကြည်လင်ပြီး စိတ်သဘောထား ကောင်းမွန်သူတယောက် ဖြစ်သည်။

သူသည် ရွယ်တူတန်းတူများ အပေါ်တွင် မည်သည့်အခါမှ ဟိတ်ဟန်ထုတ်ခြင်း မပြုလုပ်တတ်။ အကြောင်းမှာ သူသည် မည်သူ့ကိုမျှ

မကြောက်၍လည်း ဖြစ်တန်ရာသည်။ သို့သော် သူ မကြောက်တတ်ဘူးဆိုသည့် အပေါ်တွင်လည်း အခွင့်အရေးယူခြင်း လုံးဝ မရှိချေ။ သူ မကြောက်တတ်ဘူး၊ သူ သတ္တိရှိသည်ဆိုသည့် အချက်ကို မည်သူ့မျှ မသိစေရပါ။

သူသည် မည်သူ့ကိုမျှ အမှတ်အတေး မပြုတတ်ပါ။ သူ့ကို ရန်စသော ကောင်ကလေးတယောက်ကို နောက်တနာရီလောက်အကြာတွင် စောစောက ဘာမျှ မဖြစ်ခဲ့သည့်အတိုင်းပင် သူ ပြောဆို ဆက်ဆံတတ်သည်။ ယင်းသို့ဖြစ်ရသည်မှာ စောစောက အဖြစ်အပျက်ကို သူ မေ့သွား၍လည်း မဟုတ်ပါ။ တဖက်သူ၏ စော်ကားမှုကို ခွင့်လွှတ်၍လည်း မဟုတ်ပါ။ အမှန်တကယ်တွင်မူ သူသည် စောစောက အဖြစ်အပျက်ကို စော်ကားမှုတခုဟု မယူခဲ့သောကြောင့်ပင် ဖြစ်သည်။ ယင်းကြောင့်လည်း ကလေးတွေက သူ့ကို သဘောကျ နှစ်သက်ကြခြင်း ဖြစ်သည်။

သူ၏ ပင်ကိုစရိုက်ကြောင့် ကျောင်းနေဘက် သူငယ်ချင်းများ၏ စိတ်တွင် တခုပဲ ဖြစ်ပေါ်ကြသည်။ ယင်းမှာ သူ့ကို နောက်ပြောင်ကျီစယ်လိုကြခြင်း ဖြစ်သည်။ ယင်းသို့ နောက်ပြောင်ကျီစယ်ကြခြင်း မှာလည်း သူ့ကို မလိုမုန်းထား၍ မဟုတ်ကြပါ။ ပျော်၍သာ ဖြစ်ကြပါသည်။ သူက ရိုးလွန်း ဖြောင့်လွန်းသဖြင့် သူ့ကို စရသည်မှာ ပျော်စရာ ကောင်းလှသည်။

မိန်းမတွေအကြောင်းနှင့် အချို့သော စကားလုံးများကို သူ နားမထောင်တတ်ပါ။ သည်လို 'အကြောင်းများ'၊ သည်လို 'စကားလုံးများ' ကိုလည်း ကျောင်းတွေမှာ မပြောအောင် မပိတ်ပင်နိုင်ကြ ပါ။ ကျောင်းသားများသည် ဤအကြောင်းများ၊ ဤစကားများ၊ ဤအတွေးများကို တိုးတိုးသော် လည်းကောင်း၊ ကျယ်ကျယ်သော်လည်းကောင်း ပြောဆိုတတ်ကြပါသည်။ အထက်လွှာက ပညာတတ်ကလေးများသည် ဤကိစ္စများကို စစ်သားတွေထက်ပင် ပြောတတ်ဆိုတတ်ကြပါသည်။

သည်အကြောင်းများကို သူတို့ပြောဆိုသည့်အခါတိုင်းတွင်ပင် အလျှိုရှာသည် သူ၏ နားနှစ်ဖက်ကို လက်ညှိုးများဖြင့် ပိတ်ထားတတ်သည်။ ယင်းကို တွေ့ရသောအခါ ကျောင်းသားကလေးများသည် တမင်တကာပင် သူ့ကို ဝိုင်းအုံပြီး နားကိုပိတ်ထားသော သူ့လက်နှစ်ဖက်ကို အတင်း ဆွဲဖယ်ပစ်တတ် ကြသည်။ ထို့နောက် သူ၏ နားနှစ်ဖက်အတွင်းသို့ ညစ်ညမ်းသော စကားလုံးများ ဟစ်အော်ပြီး ပြောကြသည်။ ထိုအခါ သူသည် သူတို့၏ရန်မှ လွတ်အောင် ရုန်းဖယ်သည့်အနေဖြင့် ကြမ်းပြင်ပေါ်တွင် လှဲချကာ သူ့မျက်နှာကို ဖုံးထားတော့သည်။ သူတို့၏ နောက်ပြောင်မှုကို ရန်ဖြစ်ခြင်း မရှိဘဲ၊ ဘာတခွန်းမျှ မပြောဘဲ တိတ်ဆိတ်စွာ ခံနေတတ်သည်။ နောက်ဆုံးတွင်ကား သူတို့ လက်လျှော့သွားကြသည်။ သူ့ကို နောက်ပြောင်ခြင်း မပြုကြတော့ချေ။ သူ့အတွက် သူတို့မှာ တကယ်ပင် စိတ်မကောင်း ဖြစ်ကြရတော့သည်။

အကြောင်းအားလျော်စွာပင် သူသည် အတန်းထဲတွင် လူတော်တယောက် ဖြစ်ချေသည်။ သို့သော် အတော်ဆုံး ဟူ၍လည်း မည်သည့်အခါကမျှ မဖြစ်ခဲ့ပါချေ။

ယီဖင်ပိုလီနေ့ သေဆုံးပြီးနောက်တွင် အလျှိုရှာသည် အထက်တန်းကျောင်းတွင် နောက်ထပ် နှစ်နှစ်မျှ ဆက်လက် ပညာသင်ကြားသည်။ ခင်ပွန်းသည် ကွယ်လွန်သဖြင့် ပရိဒေဝမီး တောက်လောင်လျက် ရှိသော မုဆိုးမကြီးသည် သူမ၏ မိသားစုနှင့်အတူ အီတလီနိုင်ငံသို့ သွားရောက်သည်။ ထိုသို့ သွားရောက်ရာတွင် မိန်းမသားတွေချည်း ဖြစ်သည်။

အလျှိုရှာသည် ယီဖင်ပိုလီနေ့နှင့် ဆွေနီးမျိုးစပ်တော်သော အဘွားကြီးနှစ်ယောက် အိမ်တွင် သွားရောက်နေထိုင်သည်။ ထိုအဘွားကြီး နှစ်ယောက်ကို သူ အရင်က မမြင်တွေ့ဖူးပါ။ သူတို့အိမ်တွင် မည်သည့်ပုံစံဖြင့် သွားရောက် နေထိုင်ရမည်ကိုလည်း သူမသိပါ။ သူ၏ ထူးခြားသော အခြားစရိုက် တခုမှာ သူသည် မည်သူ၏ထောက်ပံ့မှုဖြင့် နေနေရသည်ကို ဂရုမပြုခြင်းပင် ဖြစ်သည်။ ဤနေရာတွင် သူသည် အစ်ကိုဖြစ်သူ အိုက်ဗင်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။ အိုက်ဗင်သည် ငယ်ငယ်လေး ကတည်းကပင် သူတပါး၏ထောက်ပံ့မှုဖြင့် နေနေရသည်ကို မနှစ်မြို့ခဲ့ချေ။ တက္ကသိုလ်ရောက်သည့် ပထမနှစ်တွင် အထူးလိုအပ်နေသော ငွေကြေးကိုလည်း သူ့ဘာသာသူ ရှာဖွေခဲ့သည်။

အလျှိုရှာ၏ စရိုက်နှင့် ပတ်သက်၍ အထူး အပြစ်တင်ဖွယ်ရာကား မရှိချေ။ အလျှိုရှာသည် သူ့မှာ ငွေတွေ အမြောက်အမြား ရှိနေလျှင်လည်း ပထမဆုံး တွေ့သည့်သူကို ပေးမည့်လူမျိုး ဖြစ်သည်။ ယေဘုယျအားဖြင့် ပြောရလျှင် သူသည် ငွေ၏တန်ဖိုးကို သိရှိသူတဦး မဟုတ်ချေ။ သူ့ကို မုန့်ဖိုး ပိုက်ဆံပေးလိုက်လျှင် (ထိုမုန့်ဖိုးကိုလည်း သူ့ဘာသူ မည်သည့်အခါကမျှ မတောင်းခဲ့ပါချေ) သူသည် ထိုပိုက်ဆံကို ဘာလုပ်ရမှန်း မသိသဖြင့် သူ့လက်ထဲတွင် ရက်ပေါင်းများစွာ ရှိချင်လည်း ရှိနေပေလိမ့်မည်။ သို့မဟုတ်ပါကလည်း ထိုပိုက်ဆံသည် တခဏချင်းအတွင်းမှာပင် အလွယ်တကူ ကုန်ဆုံးသွားချင်လည်း သွားပေလိမ့်မည်။

“ဒီကမ္ဘာကြီးမှာ မင်းလိုလူမျိုး တယောက်ပဲ ရှိနိုင်တယ်။ အဲဒီလူမျိုးဟာ ပိုက်ဆံတပြားမှ မရှိဘဲနဲ့ လူတသန်းလောက်ရှိတဲ့ မြို့ကြီးတမြို့ကို ရောက်သွားရင်လည်း ဘယ်လိုနည်းနဲ့မှ ထမင်းငတ်ပြီး မသေနိုင်ဘူး။ သူဟာ ချက်ချင်းပဲ အလုပ်တခုရပြီး ထမင်းစားရဖို့ ဖြစ်လာမယ်၊ အဲဒီလို အလုပ်တခု ရဖို့လည်း သူ့အနေနဲ့ ဘာမှ အထူးတလည် ကြိုးစားနေစရာ မလိုဘူး၊ သိက္ခာကျစရာလည်း ဘာမှမရှိဘူး။ ဘယ်သူ့မှာမှလည်း ဝန်လေးစရာ မရှိဘူး၊ အလုပ်ရှင်က သူ့ကို ဝမ်းသာပန်းသာနဲ့ အလုပ်တခု ပေးမှာပဲ”

ငွေကြေးနှင့် ပတ်သက်ပြီး အလေးထားတတ်သော ပီတာမီယူဆော့သည်

အလျှိုရှာ၏ အကြောင်းကို သိရှိသောအခါ အထက်ပါအတိုင်း ပြောဆိုခဲ့သည်။

သူသည် အထက်တန်းကျောင်းတွင် ပညာသင်ကြားခြင်း မပြီးဆုံးခဲ့ပါချေ။ သင်တန်း ပြီးဆုံးခါနီး တနှစ်ခန့်အလိုတွင် သူသည် ခေါင်းထဲတွင် စိတ်ကူးတခု ရုတ်တရက် ရလာသဖြင့် သူ့ဖခင်ထံ သွားဦးမည်ဖြစ်ကြောင်း အတူနေသော အဘွားကြီးနှစ်ယောက်ကို ပြောကြားသည်။ အဘွားကြီး နှစ်ယောက်သည် သူ့ကို အထူးပင် ချစ်ခင်ကြသဖြင့် ခွင့်မပြုချင်ဘဲ ခွင့်ပြုကြရသည်။ ခရီးစရိတ်မှာ မြောက်မြားလှသည် မဟုတ်ချေ။ ယီဖင်ပိုလီနော့၏ မိသားစု နိုင်ငံခြားသို့ သွားခါနီးတွင် အမှတ်တရ လက်ဆောင်ပေးခဲ့သော နာရီကို လမ်းစရိတ် အလို့ငှာ သူ ပေါင်မည်ပြုသောအခါ အဘွားကြီး နှစ်ယောက်က ခွင့်မပြုပါချေ။ လမ်းစရိတ်ကို သူတို့ကပင် ပေးပါသည်။ ထိုမျှမက သူ့အတွက် ဝတ်စုံအသစ်တစုံလည်း ချုပ်ပေးကြပါသည်။

သို့ရာတွင် အလျှိုရှာသည် အဘွားကြီးများပေးသော ငွေတဝက်ကို ပြန်ပေးသည်။ သူက တတိယတန်းမှ သွားမည်ဟု ဆိုသည်။

ကျွန်ုပ်တို့ မြို့ကလေးသို့ သူရောက်ရှိသောအခါ ကျောင်းမပြီးသေးဘဲနှင့် ဘာလို့ ပြန်လာသနည်းဟု သူ့ဖခင်က မေးသော မေးခွန်းကို သူ အတိအကျ မဖြေဘဲ တွေဝေငေးမောလျက်သာ နေတတ်သည်။ နောက်မှ သိရသည်မှာ သူ့မိခင်၏သင်္ချိုင်းကို ရှာဖွေရန် သူ ပြန်လာခြင်းပင် ဖြစ်တော့သည်။ သည်ကိစ္စအတွက်ပင် သူ လာရောက်ခြင်းဖြစ်ကြောင်း သူကိုယ်တိုင် ထိုအချိန်က ဝန်ခံပြောဆိုခဲ့ သည်။ သို့သော် သူ လာရောက်ခြင်းသည် ဤအကြောင်းကိစ္စ တခုတည်းအတွက် ဆိုသည်မှာကား စဉ်းစားစရာ ဖြစ်သည်။ သူ၏ ဘဝလမ်း ခရီးသစ်ကို မလွဲမရှောင်သာ လျှောက်စေရန် မည်သည့်အချက်က သူ့စိတ်ကို စေ့ဆော်သည်ကို ကိုယ်တိုင်လည်း မသိတာ ဖြစ်နိုင်ပါသည်။

ဖခင်ဖြစ်သူသည် ဒုတိယဇနီးသည်၏ သင်္ချိုင်းနေရာကို မပြနိုင်ဘဲ ရှိသည်။ အကြောင်းမှာ သူသည် ဇနီးသည်၏ခေါင်းကို မြှုပ်နှံပြီးသည့် နောက်ပိုင်းတွင် ထိုနေရာသို့ တခေါက်တလေမျှပင် မရောက်ရှိတော့သောကြောင့် ဖြစ်သည်။ အချိန်ကာလလည်း ကြာမြင့်ပြီ ဖြစ်သဖြင့် သင်္ချိုင်းနေရာကို မေ့လျော့နေချေပြီတည်း။

ဤနေရာတွင် ကာရာမာဇော့အကြောင်း တခု ပြောရဦးမည်။ ကျွန်ုပ်တို့မြို့သို့ သူ ပြန်လည် ရောက်ရှိနေသည်မှာ မကြာသေးပါ။ သူ့သားများနှင့် ရှေ့ဆင့်နောက်ဆင့်မျှသာ ဖြစ်သည်။ ဒုတိယဇနီး ကွယ်လွန်ပြီး သုံးလေးနှစ်အကြာတွင် ရုရှားပြည်ထောင်စု တောင်ပိုင်းသို့ သူ ထွက်သွားသည်။ နောက်ဆုံးတွင် သူသည် ယူကရိန်းပြည်နယ် မြို့တော် အိုဒက်ဆာတွင်

နှစ်ပေါင်းအတန်ကြာ နေထိုင်သည်။ ထိုတွင် သူသည် ရဟူဒီများနှင့် သိကျွမ်းရသည်။ ပထမတွင် သူသည် ရဟူဒီ လူဆိုးများနှင့် တွေ့ရပြီး နောက်ပိုင်းတွင် ရဟူဒီ လူကောင်းများနှင့် ပေါင်းဆုံရသည်။ သည်နှစ်များ အတွင်းမှာပင် သူသည် ငွေရပေါက် လုပ်ငန်းများကို တွေ့ရှိခဲ့ပြီး ငွေကြေး အတော်များများ စုဆောင်းမိခဲ့ခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် သူသည် အလျှိုရှာ ရောက်ရှိမလာမီ သုံးနှစ်လောက်တွင် ကျွန်ုပ်တို့ မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာသည်။ သူသည် သိသိသာသာကြီးပင် အိုမင်းရင့်ရော်သွားသည်ကို သူ၏ အသိအကျွမ်းဟောင်းများက တွေ့ရှိကြရသည်။ သို့သော် သူသည် အဘိုးကြီးတယောက် မဟုတ်ပါချေ။ သူသည် ဣန္ဒြေသိက္ခာ ရှိမလာဘဲ ပို၍ပင် ဟီရိ ဩတ္တပ္ပတရား ကင်းမဲ့လာသည်။ လူပြက်ကြီးတယောက် ဖြစ်ခဲ့သော ကာရာမာဇော့သည် အခြားသူတွေကိုလည်း လူပြက်များပင် ဖြစ်စေတော့သည်။ မိန်းမတွေနှင့် ပတ်သက်သည့် သူ၏လုပ်ပုံကိုင်ပုံများမှာလည်း ကောင်းမလာရုံ သာမက ပို၍ပင် ဆိုးရွားလာတော့သည်။

သူပြန်ရောက်လာပြီး မကြာမတင်မီမှာပင် ကျွန်ုပ်တို့ ခရိုင်အတွင်း၌ ပျော်ပွဲစားရုံ အမြောက်အမြားကို သူ ဖွင့်လှစ် တည်ထောင်တော့သည်။ သူ့တွင် ရူဗယ်ငွေ တသိန်း သို့မဟုတ်၊ တသိန်းနီးပါးခန့် ရှိသည်မှာလည်း သေချာသည်။ ကျွန်ုပ်တို့ မြို့နှင့် ခရိုင်အတွင်းရှိ လူအတော်များများပင် သူ့ထံတွင် ငွေချေးကြရသည်။

နောက်ပိုင်းတွင် သူ့ခန္ဓာကိုယ်ကြီးသည် အရက်ဖော ဖောလာတော့သည်။ သူ၏ ဦးနှောက်မှာလည်း မကောင်းချင်တော့။ သူ၏ စိတ်အစဉ်မှာလည်း မမှန်ချင်တော့။ သူ၏ လုပ်ဆောင်ချက်များသည် အမြီးအမောက် မတည့်တော့။ သည်တခုကို အစပျိုးထားပြီး အခြားတခုကို လက်စသတ်သည်။ သူ၏ စိတ်ကူးများသည် တခုမှ တခုသို့ ခုန်ကူးလျက် ရှိတော့သည်။ အရက်ကိုလည်း အရင်ကထက် ပိုသောက်လာသည်။ သူ၏ လက်ပါးစေကြီး ဂရီဂိုရီကြောင့်သာလျှင် သူသည် ဘေးဒုက္ခများ ကျရောက်မည့်အဖြစ်မှ လွတ်ကင်းရသည်။ ဂရီဂိုရီသည် ကာရာမာဇော့ကို ကလေးတယောက်လိုပင် ကြည့်ရှုစောင့်ရှောက်လျက် ရှိသည်။ ဂရီဂိုရီကိုယ်တိုင်မှာလည်း ထိုအချိန်တွင် အဘိုးကြီးတယောက် ဖြစ်နေပေပြီ။

အလျှိုရှာ ရောက်ရှိလာခြင်းသည် ကာရာမာဇော့ကို အနည်းငယ်တော့ ပြောင်းလဲစေပါသည်။ သူ၏ စိတ်သဘောထားများကို တည်ငြိမ်စေပါသည်။ သူ၏ ရင်ထဲတွင် သေနွေတည်နေသော အရာတခု နိုးကြားရှင်သန်လာသည့်အလား ဖြစ်သည်။

"သား သိသလား၊ သားဟာ သင်းနဲ့ တကယ်တူတာပဲ၊ သင်း ဆိုတာ ဟို

'အရှုးမ' ကို ပြောတာ"

အလျှိုရှာကို ဤကဲ့သို့ သူ မကြာမကြာ ပြောတတ်သည်။ အလျှိုရှာ၏ အမေကို 'အရှုးမ' ဟု သူခေါ်လေ့ရှိသည်။

အလျှိုရှာကို 'အရှုးမ' ၏ သင်္ချိုင်းသို့ လိုက်ပြသူမှာ ဂရီဂိုရီပင် ဖြစ်သည်။ ဂရီဂိုရီသည် အလျှိုရှာကို သုသာန်သို့ ခေါ်သွားသည်။ သုသာန်ထောင့် တနေရာတွင်ရှိသော အုတ်ဂူကလေးကို ပြသည်။ အုတ်ဂူကလေးသည် အပေါစား ဖြစ်သော်လည်း ကောင်းမွန်စွာ ပြုလုပ်ထားသည်။ ကွယ်လွန်သူ၏ အမည်၊ အတန်းအစား၊ အသက်၊ ကွယ်လွန်သည့် နေ့စွဲတို့ကို ထုထွင်းထားသော ကျောက်ပြား ကလေးနှင့် ဖြစ်သည်။ အောက်ဘက်တွင် အထက်လွှာတို့၏ သင်္ချိုင်းဂူများတွင် တွေ့ရသော ရှေးဟောင်းကဗျာ လေးကြောင်းကို ရေးထိုးထားသည်။

အံ့ဩစရာကောင်းသည်ကတော့ ဤအုတ်ဂူကလေးကို ဂရီဂိုရီက တည်ဆောက်ထားခြင်းပင် ဖြစ်သည်။ 'အရှုးမ' ၏ မြေပုံပေါ်တွင် သူ၏ငွေဖြင့် ဤအုတ်ဂူကလေးကို ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။ ကာရာမာဇော့ကို အုတ်ဂူလုပ်ရန် သူ ခဏခဏ ပြောခဲ့သော်လည်း ကာရာမာဇော့သည် အုတ်ဂူကိစ္စကို လုံးဝ မေ့လျော့ကာ အိုဒက်ဆာသို့ ထွက်သွားခဲ့သည်။

အလျှံရှာသည် မိခင်၏ အုတ်ဂူကို တွေ့ရှိရသောအခါ အထူးတလည် စိတ်ထိခိုက်ဟန် မပြခဲ့ပါ။ အုတ်ဂူ ဆောက်လုပ်သည့်အကြောင်း ဂရီဂိုရီက လှိုက်လှဲစွာ ပြောပြသည်ကို သူက ဘာတခွန်းမျှ မပြောဘဲ ခေါင်းကလေးငုံ့ကာ နားထောင်နေခဲ့သည်။ သည့်နောက်ပိုင်းတွင် သူသည် မိခင်၏ အုတ်ဂူသို့ ထပ်မံသွားရောက်ခြင်း မရှိတော့ပါ။

သို့သော် ဤဇာတ်လမ်းကလေးကလည်း ကာရာမာဇော့ကို ထိခိုက်စေသည်။ သူသည် ရူဗယ်ငွေ တထောင်ယူကာ ဘုန်းကြီးကျောင်းသို့ သွားသည်။ ကွယ်လွန်သူဇနီးအတွက် ဝတ်ပြုပွဲ ကျင်းပသည်။ သို့သော် ဒုတိယဇနီး အလျှိုရှာ၏မိခင်အတွက်ကား မဟုတ်ချေ။ သူ ထုထောင်းရိုက်နှက်ခဲ့သော ပထမဇနီးသည် အဒီလေဒါအတွက် ဖြစ်သည်။ သို့သော် ထိုနေ့ညနေဘက်မှာပင် သူသည် အရက်တွေ မူးပြီး ဘုန်းကြီးတွေကိုရော၊ အလျှိုရှာကိုရော ဆဲဆိုသည်။ သူသည် ဘာသာရေး ကိုင်းရှိုင်းသူ တဦး မဟုတ်ပါချေ။ ပုံတော်ရုပ်ရှေ့တွင် ဖယောင်းတိုင်ကလေး တတိုင်ပင် ထွန်းလှူခဲ့ဖူးသူ မဟုတ်ချေ။ ဤလိုလူမျိုးတွေသည် ရုတ်တရက် စိတ်ကူးပေါက်တတ်ကြသည်။

သူ၏ ခန္ဓာကိုယ်ကြီးသည် များစွာပင် ဖောရောင်လျက်ရှိကြောင်း ကျွန်ုပ် ပြောဆိုခဲ့ပြီးပြီ။ ထိုအချိန်က သူ့မျက်နှာကြီးသည် သူကျင်လည်ခဲ့သော ဘဝကို ဖော်ပြနေသည်။ အမြဲတစေလိုပင် ခက်ထန်သော၊ မယုံသင်္ကာရှိသော၊

သရော်လှောင်ပြောင်သော မျက်လုံးကလေးများ၏ အောက်ဘက်တွင် မျက်ခွံများ ရှည်လျားစွာ တွဲကျနေသည်။ မျက်နှာတခုလုံးတွင် အသားအရေများ နက်ရှိုင်းစွာ တွန့်နေသည်။ ချွန်ထက်သော မေးအောက်တွင် ကြီးမားသော လည်စေ့က တွဲကျလျက်ရှိသည်။ သူ့ပါးစပ်က ရှည်ရှည်ပြဲပြဲကြီး ဖြစ်ပြီး နှုတ်ခမ်းများက ထူလပျစ်ကြီး ဖြစ်သည်။ သွားတွေက မည်းနက်ပြီး ကျိုးပေါက်နေကြသည်။ သူသည် စကားတခါပြောမည်လုပ်တိုင်း တံတွေးတခါ ထွေးတတ်သည်။ သူ့မျက်နှာကြီးနှင့် ပတ်သက်ပြီး သူ့ဘာသူပင် ဟာသ လုပ်တတ်သည်။ သူ့မျက်နှာကိုသူ သဘောကျနေသည်။ အထူးသဖြင့် သူ့နှာခေါင်းကို သူ အမွှမ်းတင်တတ်သည်။ သူ့နှာခေါင်းက သိပ်မကြီးပါ။ သို့သော် သေးသွယ်ပြီး လင်းယုန်နှုတ်သီးလို ကောက်နေသည်။

"ကျုပ်နှာခေါင်းက ရောမ နှာခေါင်းဗျ၊ ကျုပ်လည်ပင်းက လည်စေ့ကြီးနဲ့ဆိုရင် ကျုပ်မျက်နှာဟာ ရှေးခေတ် ရောမ မှူးမတ်ကြီးတယောက်ရဲ့မျက်နှာပဲ" သူက ယင်းသို့ ပြောလေ့ရှိသည်။ သည်အတွက် သူက ဂုဏ်တက်နေဟန် ရှိသည်။

အလျိုရှာသည် သူ့မိခင်၏ အုတ်ဂူကို တွေ့ရှိပြီးနောက် မကြာမတင်မီမှာပင် သာသနာ့ဘောင်သို့ ဝင်ရောက်လိုကြောင်း သူ့ဖခင်ကို ပြောကြားသည်။ ဘုန်းတော်ကြီးများက သူ့ကို ကိုရင်တပါးအဖြစ် လက်ခံလိုကြသည်ဟု ဆိုသည်။ ဤသည်မှာ သူ၏ ပြင်းပြသောဆန္ဒ ဖြစ်သဖြင့် ဖခင်၏ သဘောတူညီချက်ကို တောင်းခံရခြင်း ဖြစ်သည်ဟု ဆိုသည်။ ကျွန်ုပ်တို့ ကျောင်းတိုက်ကြီးရှိ ကျောင်းသင်္ခမ်းငယ်တခုတွင် လွတ်မြောက်ခြင်းတရားကို ဖွေရှာနေသော ဘုန်းတော်ကြီး ဇော်ဇီမာ သည် ဤ 'သိမ်မွေ့သော လူငယ်ကလေး' ကို အထူးပင် သဘောကျလျက်ရှိကြောင်း ကာရာမာဇော့ သိရှိထားပြီး ဖြစ်ပါသည်။

အလျိုရှာ၏ ခွင့်တောင်းခံမှုကို ကာရာမာဇော့သည် စကားတခွန်းမျှ မပြောဘဲ အလေးအနက် စဉ်းစားနေဟန်ဖြင့် နားထောင်သည်။ အံ့သြသည့် အမူအရာကား လုံးဝ မရှိချေ။ အလျိုရှာ၏ စကားဆုံးသောအခါတွင်မှ သူက...

"ဒီ ဘုန်းတော်ကြီးဟာ မွန်မြတ်စင်ကြယ်တဲ့ ဘုန်းတော်ကြီးတွေထဲမှာ တပါး အပါအဝင်ပဲ။ အဟမ်း ... ဒါကြောင့်မို့လည်း ဒီနေရာကို လူလိမ္မာကလေး သွားချင်တာ ဖြစ်ရမယ်"

သူက အရက်ကလေး နည်းနည်း ထွေနေပြီ ဖြစ်သည်။ သူက ဖြုန်းခနဲ သူ၏ မပွင့်တပွင့် အပြုံးကို ပြုံးလိုက်သည်။

"အဟမ်း ... ဒီမယ် လူကလေး၊ တနေ့ကျရင် သားဟာ ဒီလိုပုံစံမျိုးနဲ့ပဲ အဆုံးသတ်လိမ့်မယ်ဆိုတာ ဖေဖေ အစောကြီးကတည်းက ကြိုပြီးသိခဲ့တယ်။ ဖေဖေပြောတာ သားယုံတယ်မဟုတ်လား၊ သားစိတ်ထဲမှာ ဒါကိုပဲ အမြဲတမ်း

စိတ်ကူးနေတယ် မဟုတ်လား၊ ဖေဖေ သိပါတယ်၊ သားမှာ သားကိုယ်ပိုင်ငွေ နှစ်ထောင်ရှိတယ်၊ ဒါက သားလက်ထပ်ရင် ခန်းဝင်ကြေးတင်ဖို့ပဲ၊ ဖေဖေက သားကို ဘယ်တော့မှ ပစ်မထားပါဘူး။ တကယ်လို့ သူတို့က တောင်းလို့ရှိရင် သားအတွက် လိုအပ်တဲ့ ငွေကို ဖေဖေ ပေးပါ့မယ်၊ ဒါပေမဲ့ သူတို့က မတောင်းဘူးဆိုရင်တော့လည်း ဖေဖေတို့က ဘာပြုလို့ သူတို့ကို တောင်းပန်ပြီး ပေးရမှာလဲ။ ဟုတ်တယ် မဟုတ်လား၊ သားက ပိုက်ဆံသုံးတဲ့နေရာမှာ စာကလေး တကောင်လိုပဲ၊ တပတ်မှ စပါးလုံး နှစ်စေ့ပဲ ကုန်တဲ့ သဘောမျိုးပဲ။

"အဟမ်း .. သား သိပါတယ်၊ ဘုန်းကြီးကျောင်း တကျောင်းရှိတယ်၊ အဲဒီကျောင်းရဲ့ အောက်ဘက် တောင်ခြေမှာ အိမ်တွေ အများကြီးရှိတယ်၊ အဲဒီမှာ ဘယ်သူတွေနေသလဲ။ လူတွေအားလုံး သိပါတယ်၊ 'ဘုန်းကြီးကတော်' တွေ နေကြတယ်၊ သူတို့ကို ဒီလိုပဲ ခေါ်ကြတယ်။ ဘုန်းကြီးကတော် အားလုံးပေါင်း သုံးဆယ်လောက် ရှိမယ်လို့ ဖေဖေထင်တယ်။ အဲဒီကို ဖေဖေကိုယ်တိုင် ရောက်ဖူးတယ်၊ အဲဒီမှာ အများကြီး စိတ်ဝင်စားစရာ ကောင်းတယ်၊ အပြောင်းအလဲ သဘောမျိုးပေါ့။ နောက်ပြီးတော့ အင်မတန် အံ့ဩစရာကောင်းတာကတော့ အဲဒီမှာ ရုရှားတွေရဲ့ မျိုးချစ်စိတ် အပြည့်အဝ ရှိတယ်။ အဲဒီမှာ ပြင်သစ်မ တယောက်မှ မရှိဘူး၊ သူတို့အနေနဲ့ ပြင်သစ်မတွေကို ခေါ်မယ်ဆိုရင် အများကြီး ခေါ်ထားနိုင်တာပေါ့၊ သူတို့မှာ ပိုက်ဆံတွေ အများကြီး ရှိတာပဲ၊ ပြင်သစ်မတွေကလည်း ခေါ်တယ်ဆိုရင် လာကြမှာပဲ။

"အဲ... ဖေဖေတို့ရဲ့ ဘုန်းကြီးကျောင်းမှာတော့ ဒါမျိုးတွေ မရှိပါဘူး၊ ဘုန်းကြီးကတော်တွေ တယောက်မှ မရှိဘူး၊ ဘုန်းကြီး အပါး နှစ်ရာပဲ ရှိတယ်၊ သူတို့ဟာ အင်မတန် ရိုးသား ဖြူစင်ကြတယ်၊ သူတို့ဟာ ပညတ်ထားတဲ့အတိုင်း ဝါရှောင်ကြတယ်၊ အမှန်ပဲ။ အဲ .. အဲဒီတော့ အဲဒီကို သား သွားချင်တယ် မဟုတ်လား။

"သားကို ဆုံးရှုံးရမယ့်အတွက် ဖေဖေ စိတ်မကောင်းပါဘူး၊ တကယ်ပါပဲ အလျှိုရှာ၊ သားကတော့ ယုံမှာမဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဖေဖေဟာ သားကို တကယ့်ကို ချစ်ပါတယ်၊ အင်းလေ သား အခုလို ဘုန်းကြီးဝတ်မယ်ဆိုတာလည်း ကောင်းပါတယ်၊ ဖေဖေတို့အတွက် သား ဆုတောင်းပေးနိုင်တာပေါ့၊ ဖေဖေတို့ကတော့ အကုသိုလ်သမားတွေပဲ၊ ဖေဖေတို့ဟာ ဒီအိမ်ကြီးမှာ အကုသိုလ်တွေ အများကြီး ပွားများခဲ့ကြတယ်။ ဖေဖေ့အတွက် ဘယ်သူကများ ဆုတောင်းမေတ္တာ ပို့ပေးပါ့မလဲလို့ ဖေဖေ အမြဲတမ်း စဉ်းစားမိခဲ့တယ်။ ဖေဖေ့အတွက် ဆုတောင်းပေးမယ့် လူမျိုးတယောက် ဒီကမ္ဘာကြီးမှာ ရှိမှရှိပါ့မလား။

"ဖေဖေ အမြဲတမ်း စဉ်းစားနေတယ်၊ ဖေဖေ သေလို့ရှိရင် ငရဲသားတွေက ဖေဖေ့ကို ချိတ်ကြီးနဲ့ ချိတ်ပြီး သူတို့နေရာကို ဆွဲခေါ်သွားကြမှာပဲ။ ချိတ်တွေအကြောင်းလည်း ဖေဖေ စဉ်းစားမိတယ်၊ ဒီချိတ်တွေကို သူတို့

ဘယ်ကရသလဲ၊ ဒီချိတ်တွေကို ဘာနဲ့ လုပ်ထားသလဲ၊ သံချိတ်တွေပဲလား။ ဒီချိတ်တွေကို သူတို့ ဘယ်မှာ လုပ်သလဲ၊ သူတို့မှာ ပန်းပဲဖိုလိုဟာမျိုးတော့ ရှိရမှာပဲ၊ ငရဲမှာ မျက်နှာကြက် ရှိတယ်ဆိုတာကို သားတို့ကျောင်းက ခင်ကြီးတွေ ယုံကြည်ထားကြတယ်၊ ငရဲဆိုတာကို ဖေဖေ လက်ခံချင်ပါတယ်၊ ဒါပေမဲ့ မျက်နှာကြက်ရှိတဲ့ ငရဲမျိုးပေါ့၊ အဲဒီလိုဆိုရင် ဘယ်လောက်များ သန့်ပြန့်စင်ကြယ်မလဲ၊ ဘယ်လောက်များ အလင်းရောင် ပေးစွမ်းနိုင်မလဲ။

"ဒါပေမဲ့ ငရဲမှာ မျက်နှာကြက် ရှိရှိ မရှိရှိ အကြောင်းတော့ မဟုတ်ပါဘူး။ တခုတော့ ရှိတယ်ပေါ့။ မျက်နှာကြက်မရှိဘူး ဆိုရင်တော့ ချိတ်စရာ ချိတ်တွေ မရှိနိုင်ဘူး၊ ချိတ်စရာ ချိတ်တွေ မရှိဘူး ဆိုရင်လည်း ဘာမှ မဖြစ်နိုင်ပြန်ဘူးပေါ့။ ဖေဖေ့ကို ဘယ်သူက ချိတ်တွေနဲ့ ဆွဲချနိုင်တော့မှာလဲ၊ တခါ ဖေဖေ့ကို ငရဲက ဆွဲမချဘူး ဆိုပြန်ရင်လည်း ဒီလောကကြီးမှာ တရားစီရင်မှုဆိုတာ ဘယ်မှာ ရှိပြန်တော့မလဲ၊ ဒီချိတ်တွေဟာ ဖေဖေ့အတွက်တော့ ရှိနေရမယ်၊ ဖေဖေဟာ လူယုတ်မာကြီး တယောက်ပဲ အလျှိုရှာ"

"ငရဲမှာ ချိတ်တွေ မရှိပါဘူး ဖေဖေ"

အလျှိုရှာက သူ့ဖခင်ကို အလေးအနက်နှင့် ချိုသာစွာ ငေးမောကြည့်ရင်း ပြောလိုက်သည်။

"ဖေဖေ သိပါတယ်၊ ဖေဖေ သိပါတယ်။ ချိတ်တွေရဲ့ အရိပ်အယောင်တွေလောက်ပါ။ ပြင်သစ် တယောက်က ငရဲကို ဒီလိုပဲ ဖော်ကျူးခဲ့တယ်။ ဒါပေမဲ့ ငရဲမှာ ချိတ်တွေ မရှိဘူးဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ သားဟာ ခင်ကြီးတွေ ကြားထဲကို ရောက်သွားတဲ့အခါမှာ တမျိုးတဖုံ ဖြစ်သွားမှာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် သား သွားပါ။ အဲဒီမှာ အမှန်တရားကို ရှာပြီး ဖေဖေ့ကို ပြန်ပြောပါ။ ကိုယ်သွားရမယ့် တမလွန်မှာ ဘာရှိတယ်ဆိုတာ အသေအချာ သိရရင် ကောင်းတာပေါ့။ ဘာပဲဖြစ်ဖြစ် သားဟာ ဒီအိမ်ကြီးမှာ အရက်သမားကြီး တယောက်နဲ့ မိန်းမပျက်တွေနဲ့ အတူနေမယ့် အစား ဘုန်းကြီးတွေနဲ့ အတူသွားနေတာက အများကြီး ကောင်းပါတယ်။ အဲဒီမှာ သား ဘာမှ မဖြစ်နိုင်ဘူးဆိုတာ ဖေဖေယုံတယ်၊ ဒါကြောင့်လည်း သားကို ဖေဖေ လွှတ်တာပဲ၊ သားဟာ အဲဒီမှာမှ အသိဉာဏ်တွေရနိုင်ပြီး ဒီကို ပြန်လာလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်၊ သားကို ဖေဖေ စောင့်နေမယ်၊ ဒီကမ္ဘာလောကကြီးမှာ ဖေဖေ့ကို အပြစ်မပြောတဲ့လူဟာ သားတယောက်ပဲ ရှိတယ်။ ဒါကို ဖေဖေ ကောင်းကောင်းခံစားရတယ်၊ ဘယ်လိုမှ မခံစားဘဲ မနေနိုင်ဘူး"

ထို့နောက် သည်းထန်စွာ ငိုကြွေးတော့သည်။ သူက စိတ်ထိခိုက်တတ်သည်။ သူက ကောက်ကျစ် စဉ်းလဲသော်လည်း စိတ်ထိခိုက်တတ်ပါသည်။

၅။ ခင်ကြီးများ

ကျွန်ုပ်၏ ဇာတ်လိုက်ကလေးသည် နာမကျန်းသော၊ စိတ်ချောက်ချားတတ်သော၊ စရိုက် ပျော့ညံ့သော၊ အားနည်းသော စိတ်ကူးယဉ်သမားတယောက် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်၏ စာဖတ်ပရိသတ် တချို့က ထင်ကောင်း ထင်ကြပေလိမ့်မည်။ မဟုတ်ပါ၊ အထက်ဖော်ပြပါ အချက်များနှင့် လုံးဝ ဆန့်ကျင်ပါသည်။ ထိုအချိန်က အလျှိုရှာသည် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ ပါးနှစ်ဖက် နီရဲပြီး မျက်လုံးများ ရွှန်းလဲ့နေသော အသက်နှစ်ဆယ်ရွယ် လူငယ်တဦး ဖြစ်ပါသည်။ သူ့ကို ကြည့်ရသည်မှာ ကျန်းမာရေးနှင့် ပြည့်ဝလှပါသည်။

သူက လူချော လူလှကလေးတယောက်ပင် ဖြစ်သည်။ ကိုယ်ခန္ဓာ သွယ်ဖြောင့်သည်။ အရပ်အမောင်း သင့်သည်။ ညိုနက်သော ဆံပင်ရှိသည်။ မျက်နှာ သွယ်ဝန်းသည်။ မျက်လုံးများ ညိုနက်ရွှန်းလဲ့သည်။ တည်ကြည်လေးနက်သော အသွင်ရှိသည်။

တခုတော့ ပြောရဦးမည်။ သူ၏ နီရဲသောပါးများကြောင့် သူ့ကို အယူသီးသူ တယောက်၊ အကြားအမြင်သမား တယောက်ဟု မယူဆကြစေလိုပါ။ အမှန်တော့ အလျှိုရှာသည် ဒိဋ္ဌိဓမ္မ လက်တွေ့သမားစစ်စစ် တယောက်ဖြစ်သည်။ သို့သော် ဘုန်းကြီးကျောင်းသို့ ရောက်ရှိသောအခါ တွင်ကား သူသည် တန်ခိုးတော်များကို လုံးဝဥဿုံ ယုံကြည်တော့သည်။ သို့သော် ကျွန်ုပ်သဘောအရ ပြောရလျှင် တန်ခိုးတော်များသည် လက်တွေ့သမားတယောက်ကို မည်သို့မျှ ရှုပ်ထွေးခြင်း မဖြစ်စေပါ။ လက်တွေ့သမားတယောက်ကို ဘာသာရေးဘက်သို့ ရောက်ရှိစေသည်မှာ တန်ခိုးတော် များကြောင့် မဟုတ်ပါ။ လက်တွေ့သမားတယောက်အဖို့ ယုံကြည်မှုသည် တန်ခိုးတော်မှ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ ယုံကြည်မှုမှသာလျှင် တန်ခိုးတော် ဖြစ်ပေါ်ပါသည်။ လက်တွေ့သမား တယောက်သည် သူ၏ လက်တွေ့ဝါဒကြောင့် တန်ခိုးတော်ကို သူ့စိတ်ထဲက ယုံကြည်ပြီဆိုလျှင် သူ့အနေနှင့် ဝန်ခံရပါမည်။ သူ မမြင်ရလျှင် သူမယုံပါဟု တမန်တော် သောမတ်က မြွက်ကြားခဲ့ပါ သည်။ သူ မြင်ရသောအခါ ဤသို့ ပြောပါသည်။

"အို… ဘုရားသခင်၊ တပည့်တော် မမြင်ရလျှင် တပည့်တော် မယုံပါ"

အလျှိုရှာသည် ဉာဏ်ထိုင်းသည်၊ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိ၊ ကျောင်းသင်ခန်းစာ မပြီးမြောက် စသည်ဖြင့် ပြောနိုင်သည်။ သူ့အနေနှင့် ကျောင်းပညာ မပြီးမြောက်ခဲ့သည်ကား မှန်သည်။ သို့သော် သူ့ကို ဉာဏ်ထိုင်းသည်၊

ညံ့ဖျင်းသည်ဟု ပြောလျှင်ကား မတရားပါ။ အထက်တွင် ကျွန်ုပ်ပြောခဲ့ပြီး သည်ကို ထပ်မံ၍ ပြောပါဦးမည်။ ဤလမ်းကို သူရွေးချယ်ခြင်းသည် ဤနည်းဖြင့်သာ သူ၏ စိတ်ဝိညာဉ်သည် အမှောင်တိုက် အတွင်းမှနေ၍ အလင်းသို့ ရောက်မည်ဟု ယုံကြည်ယူဆသော ကြောင့်ပင် ဖြစ်ပါသည်။ ဤခေတ်လူငယ်များသည် ပင်ကိုအားဖြင့် ရိုးသားသည်။ အမှန်တရားကို လိုလားသည်။ အမှန်တရားကို ရှာဖွေကြသည်။ အမှန်တရားကို ယုံကြည်ကြသည်။ အမှန်တရားကို ယုံကြည်သည့်အလျောက် အမှန်တရားကို စိတ်စွမ်းရှိသမျှ ကိုယ်စွမ်းရှိသမျှ လိုက်နာဆောင်ရွက် လိုကြသည်။ သူရဲကောင်း ပီသစွာဖြင့် အရာရာကို စွန့်လွှတ် ဆောင်ရွက်လိုကြသည်။ လိုအပ်လျှင် သူတို့ဘဝကိုပင် အနစ်နာခံ စွန့်လွှတ်ရန် အဆင်သင့် ရှိကြသည်။

"သင်သည် ပြီးပြည့်စုံခြင်းရှိပါက သင့်မှာ ရှိသည်များအားလုံးကို ပေးဝေပြီး ... ငါ၏ နောက်သို့ လိုက်ခဲ့ပေလော့" ဤသို့ ရေးထားသည်။ သည်အခါ အလျှိုရှာက သူ့ကိုယ်သူ ပြောသည်။ "သင့်မှာ ရှိတာတွေ 'အားလုံး' ကို မဆိုထားနဲ့၊ ငါဟာ နှစ်ရူဗယ်လောက်ကိုတောင် မစွန့်လွှတ်နိုင်ဘူး၊ "ငါ၏ နောက်သို့ လိုက်ခဲ့ပေတော့" ဆိုသည့်အစား နံနက်ဝတ် ပြုပွဲလောက်သာ သွားနိုင်တယ်"

ငယ်ငယ်က အဖြစ်အပျက်များကို မှတ်မိနေရာတွင် ကျွန်ုပ်တို့မြို့အနီးက ဘုန်းတော်ကြီး ကျောင်းတိုက်ကိုလည်း သူ မှတ်မိနေပေလိမ့်မည်။ သူ၏ မိခင်သည် နံနက် ဝတ်ပြုရန် သူ့ကို ထိုကျောင်းတိုက်သို့ ခေါ်သွားပေလိမ့်မည်။ သို့မဟုတ် နေရောင်ခြည်ထိုးကျနေသော ပုံတော်ကားရှေ့ တွင် သူ၏ မိခင်က သူ့ကို မြှောက်ပြီး ဆုတောင်းခြင်း ပြုမိခဲ့သည်ကလည်း သူ့ကို လွှမ်းမိုးနေပါ လိမ့်မည်။ ကျွန်ုပ်တို့ မြို့သို့ သူရောက်ရှိလာသောအခါ သူသည် တစုံတခုကို လေးနက်စွာ တွေးတော ဆင်ခြင်နေဟန် ရှိပါသည်။ ရှိသမျှအားလုံးကို စွန့်လွှတ်ရမည်လား၊ သို့မဟုတ် နှစ်ရူဗယ်ကိုပဲ စွန့်လွှတ်ရမည်လားဟု ချိန်ဆနေဟန် ရှိပါသည်။ သည်အချိန်မှာပင် သူသည် ဤ ခင်ကြီးရဟန်းကို တွေ့ရှိခြင်း ဖြစ်တော့သည်။

ဤ ခင်ကြီးရဟန်း ဆိုသည်မှာ အထက်တွင် ကျွန်ုပ်ဖော်ပြခဲ့သော ဘုန်းတော်ကြီး ဇော်ဇီမာပင် ဖြစ်ပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့ကျောင်းတိုက်ရှိ 'ခင်ကြီး' များသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြောင်းကို အရင်ဆုံး ကျွန်ုပ် ပြောရပေဦးမည်။ သို့သော် ကျွန်ုပ်သည် ဤသို့ ရှင်းလင်း ပြောဆိုနိုင်ရန် ကျွမ်းကျင်ခြင်း၊ ပိုင်နိုင်ခြင်း ရှိလှသည်ကား မဟုတ်ပါ။ မည်သို့ဖြစ်စေ ကျွန်ုပ် အတတ်နိုင်ဆုံး ကြိုးစားပြီး ရှင်းပြပါမည်။ သူတို့အကြောင်း အပေါ်ယံ သဘောမျှလောက်တော့ ရှင်းပြပါမည်။

ဤ ခင်ကြီးများနှင့် ဤအဖွဲ့အစည်းတို့သည် ကျွန်ုပ်တို့ တိုင်းပြည်နှင့် ကျွန်ုပ်တို့ ကျောင်းတိုက်သို့ ရောက်ရှိလာကြသည်မှာ နှစ်ကာလ

မကြာသေးသောပြောင်းလှသေးပါဟု သိကျွမ်း နှံ့စပ်သူများက ဆိုပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းတရာလောက်ကဟု ဆိုပါသည်။ သို့သော် အရှေ့တိုင်း အထူးသဖြင့် ဆိုင်းနိုင်းဒေသနှင့် မောင့်အေသိုတို့တွင်ကား ယင်းသို့ တည်ရှိခဲ့သည်မှာ နှစ်ပေါင်း တထောင် ကျော်ပြီဟု ဆိုပါသည်။

အမှန်တော့ ခင်ကြီးများဂိုဏ်းသည် ရုရှားပြည်တွင် ရှေးယခင်ကတည်းက ရှိခဲ့နိုင်ပါသည်။ သို့သော် တာတာတို့ ဝင်ရောက်ခြင်း၊ တိုင်းပြည်အတွင်း စစ်များဖြစ်ပွားခြင်း၊ ကွန်စတင်တီနိုပယ် ကျဆုံးပြီးနောက် အရှေ့နှင့် အဆက်အသွယ်ပြတ်သွားခြင်း စသည့် တိုင်းပြည်ကြီး ဝရုန်းသုန်းကား ဖြစ်မှုတို့ကြောင့် ခင်ကြီးများ ပျောက်ကွယ် ဆိတ်သုဉ်းခဲ့ကြရခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ခင်ကြီး အဖွဲ့အစည်းကို လွန်ခဲ့သော ရာစုနှစ် အကုန်ပိုင်းလောက်က ပြန်လည်အစပျိုးခဲ့သူမှာ ရသေ့ကြီး ပါဆီ ဗီလီချက်ကော့စကီးနှင့် သူ၏ အန္တေဝါသိကများ ဖြစ်ကြသည်။ သို့တစေလည်း နှစ်ပေါင်း တရာကျော်အကြာ ယနေ့ကာလတွင် ခင်ကြီးများကို ကျောင်းတိုက် အနည်းငယ်တွင်သာ တွေ့ရှိရပါသည်။ ရုရှားနိုင်ငံတွင် ခင်ကြီးများ အထွန်းကားဆုံးနေရာကား နာမည်ကျော် ကိုဇယ်စကီ ကျောင်းတိုက်ကြီးပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကျောင်းတိုက်သို့ ခင်ကြီးများ မည်သည့်အချိန်က မည်သို့မည်ပုံ ရောက်ရှိလာသည်ကိုကား ကျွန်ုပ် မပြောနိုင်ပါ။ သို့သော် ခင်ကြီးဆရာတော် သုံးဆက် ရှိသွားပြီကား အမှန်ပင်။ ဘုန်းတော်ကြီး ဇော်ဇီမာသည် တတိယမြောက် ခင်ကြီးဆရာတော်ပင် ဖြစ်သည်။ သို့သော် သူသည် နာမကျန်းလျက် ရှိသည်။ ကွယ်လွန်ခါနီးနေပြီ ဖြစ်သည်။ သူ့နေရာကို ဆက်ခံမည့်သူမရှိသေး ဖြစ်နေသည်။ ကျွန်ုပ်တို့ ကျောင်းတိုက်အတွက် ဤကိစ္စမှာ အရေးကြီးလှပေသည်။ အကြောင်းမှာ ခင်ကြီးများ မထင်ရှားမီ ကာလအထိ ကျွန်ုပ်တို့ကျောင်းတိုက်သည် အကြောင်းတစုံတရာအတွက် ထင်ရှားကျော်ကြားခဲ့ ဖူးခြင်း မရှိပါ။ သူတော်စင်တို့၏ ဓာတ်တော် မွေတော်များလည်း မရှိပါ။ အံ့ချီးဖွယ်ရာ ပုံကားတော် များလည်း မရှိပါ။ သမိုင်းနှင့် ဆက်စပ်သော ထင်ရှားသည့် အစဉ်အလာများလည်း မရှိပါ။ တိုင်းပြည်အတွက် အထူးတလည် အကျိုးပြုခဲ့သည့် အချက်များလည်း မရှိပါ။ ခင်ကြီး ဆရာတော်ကြီးများကြောင့်သာ ဤကျောင်းတိုက်၏ အမည်သတင်းသည် တိုင်းပြည်တွင် အကျော်ဇောယ့ ဖြစ်ခဲ့ရသည်။ ဤ ခင်ကြီးဆရာတော်များကို ဖူးမြော်ရန်နှင့် ၎င်းတို့၏ တရား ဒေသနာကို နာကြားရန် ရုရှားပြည်အဝှမ်း မိုင်ထောင်ပေါင်းများစွာ ဝေးကွာရာ အရပ်တို့မှ ဘုရားဖူးများ ရောက်ရှိလာကြရသည်။

ယင်းသို့ တပြီးကား ဤ ခင်ကြီးရဟန်းဆိုသူများသည် အဘယ်ကဲ့သို့သော

ပုဂ္ဂိုလ်များပေနည်း။ ခင်ကြီးရဟန်း ဆိုသည်မှာ သင်၏ ဝိညာဉ်နှင့် သင်၏ စိတ်ဆန္ဒတို့ကို သူ၏ ဝိညာဉ်နှင့် သူ၏ စိတ်ဆန္ဒအဖြစ် ရယူထားသူ ဖြစ်သည်။ သင်သည် ခင်ကြီးတပါးကို ဆည်းကပ်သည်ဆိုလျှင် သင်၏ စိတ်ဆန္ဒကို စွန့်လွှတ်ပြီး ထိုခင်ကြီးထံတွင် စွန့်လွှတ် အပ်နှံရသည်။ လုံး၀ အပ်နှံရသည်။ မိမိ၏ ကိုယ်ကို လုံး၀ စွန့်လွှတ်ရသည်။ ဤသို့ ဆည်းကပ်သော ကိုရင်တပါးသည်၊ ဤသို့ ဆည်းကပ်သော အန္တေ၀ါသိက တဦးသည် ကာလအတန်ကြာသောအခါ သူ့ကိုယ်သူ အုပ်စိုးနိုင်မည် ဖြစ်သည်။ သူ့ကိုယ်သူ အောင်နိုင်လာမည် ဖြစ်သည်။ နောက်ဆုံးတွင် သူသည် လုံး၀ဥဿုံ လွတ်မြောက်မှုကို ရရှိမည်ဖြစ်သည်။ ယင်း၏သဘောမှာ သူ၏အဖြစ်မှ သူ လွတ်မြောက်ခြင်းပင် ဖြစ်သည်။ မိမိတို့၏ ကိုယ်တွင် မိမိတို့၏ ဘ၀ကို ရှာဖွေ၍ မတွေ့ရှိနိုင်သူများအဖြစ်မှ လွတ်မြောက်ခြင်းပင် ဖြစ်သည်။ ဤ ခင်ကြီးရဟန်းတို့၏ အယူ၀ါဒသည် သဘောတရား သီ၀ရီတခုမှ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ အရှေ့ဒေသတွင် နှစ်ပေါင်း တထောင်လောက် လက်တွေ့ ကျင့်ကြံခဲ့ရာမှ ရရှိလာခြင်း ဖြစ်သည်။

ခင်ကြီးတဦးထံတွင် ထားရှိအပ်သော ပဋိပတ်သည် သာသနာ့ '၀တ္တရား' တခု မဟုတ်ပါချေ။ တပည့်ဖြစ်သူသည် ဆရာရဟန်းထံတွင် အမြဲ အာပတ်ဖြေခြင်း ပြုရမည်။ ခင်ကြီးနှင့် တပည့်ကြား တွင် မည်သို့မျှ မချေဖျက်နိုင်သော အနှောင်အဖွဲ့ ရှိပေသည်။ ယင်းသို့ဖြင့် ခင်ကြီးရဟန်းတို့တွင် မယုံကြည်နိုင်လောက်အောင် အကန့်အသတ် မရှိသော အာဏာစက် ရှိနေတော့သည်။ ယင်းကြောင့်ပင် ခင်ကြီးများသည် စောစောပိုင်းက ကျွန်ုပ်တို့ ကျောင်းတိုက်များတွင် တားမြစ် နှိပ်ကွပ်ခြင်း ခံခဲ့ကြရသည်။ သို့သော် မကြာမီအတွင်းမှာပင် ခင်ကြီးများသည် လူသာမန်တို့၏ လေးစားကြည်ညိုခြင်းကို ခံကြရတော့သည်။

နောက်ပိုင်းတွင် လူသာမန်များသာမက အထက်လွှာမှလူများပင် ကျွန်ုပ်တို့ ကျောင်းတိုက်သို့ စုဝေးရောက်ရှိလာကြသည်။ ယင်းသို့ဖြင့် သူတို့သည် ခင်ကြီးများ ရှေ့မှောက်တွင် ပျပ်ဝပ် ကိုးကွယ်ကာ သူတို့၏ သံသယများ၊ သူတို့၏ ဒုစရိုက်များ၊ သူတို့၏ဒုက္ခများကို ဖြောင့်ဆို၀န်ခံကာ အာပတ်ဖြေကြသည်။ အကြံဉာဏ်ပေးခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို ခံယူကြသည်။ ဤသည်ကို အတိုက်အခံများက ပြစ်တင်ဝေဖန်ကြသည်။ သို့သော် လူအများသည် ခင်ကြီးများထံတွင် ဆည်းကပ် ကိုးကွယ်မြဲ ကိုးကွယ်နေကြသဖြင့် ခင်ကြီးဂိုဏ်းများသည် ကျွန်ုပ်တို့၏ ကျောင်းတိုက်များတွင် တစထက်တစ အမြစ်တွယ်လာတော့သည်။

ခင်ကြီး ဇော်ဇီမာသည် သက် ၆၅ နှစ်ရှိပြီး မြေပိုင်ရှင် မိသားစု တခုမှ ပေါက်ဖွားလာသူ ဖြစ်သည်။ ငယ်စဉ်က စစ်ထဲသို့ ဝင်ခဲ့သည်။ ကော့ကေးဆပ် တောင်တန်းဒေသတွင် အရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။ သူသည် အလျှိုရှာကို

အထူးပင် သဘောကျ နှစ်ခြိုက်ခြင်း ရှိသည်။ အလျှိုရှာသည် ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းကလေးထဲမှာပင် နေထိုင်သည်။ ဇော်ဇီမာက သူ့ကို ချစ်ခင်လွှန်းသဖြင့်သာ သူနှင့်အတူ နေခွင့်ပြုခြင်း ဖြစ်ပေသည်။

တခုတော့ သတိပြုထားဖို့လိုသည်။ အလျှိုရှာသည် ဘုန်းကြီးကျောင်းတိုက်တွင် နေထိုင်ရာတွင် မည်သည့် ပဋိညာဉ် ခံယူချက်မျှ မရှိပါချေ။ သူသွားချင်ရာကို သွားခွင့် ရှိသည်။ ဘယ်နှရက်ပဲ ဖြစ်ဖြစ် သူကြိုက်သလောက် သွားနိုင်သည်။ ဘုန်းကြီးများ ဝတ်ဆင်ရသော သင်တိုင်းရှည်ကြီးကို ဝတ်ဆင်ထားခြင်းမှာလည်း သူ့သဘောနှင့်သူ ဝတ်ဆင်ခြင်းသာ ဖြစ်သည်။ ကျောင်းတိုက်ထဲတွင် ရှိနေသူများနှင့် တသီးတခြား ဖြစ်မနေရန် ဝတ်ဆင်ထားခြင်းသာ ဖြစ်သည်။ သို့သော် ဤ သင်တိုင်းရှည်ကြီးကို သူကိုယ်တိုင်ကလည်း ဝတ်ဆင်လိုသည်မှာ အမှန်ပင် ဖြစ်တော့သည်။ ခင်ကြီးရဟန်း၏ ကျော်ကြားမှုနှင့် ဩဇာအာဏာက လူငယ်တဦးဖြစ်သော အလျှိုရှာကို လွှမ်းမိုးလျက် ရှိပါသည်။

လူတွေက ပြောကြပါသည်။ ခင်ကြီး ဇော်ဇီမာသည် သူ့ထံသို့ လူတွေ လာရောက်ပြီး အာပတ်ဖြေကြ၊ နှစ်သိမ့်စကား ဖွေရှာကြသည်ကို နှစ်ပေါင်းများစွာကတည်းကပင် လက်ခံ ခွင့်ပြုခဲ့သဖြင့် သူ့ရင်ထဲတွင် လျှို့ဝှက်မှုများ၊ ကြေကွဲမှုများ၊ သစ္စာဆိုမှုများ ပြည့်သိပ်လျက် ရှိပြီး ယခုအခါတွင် လူစိမ်းတယောက် ရောက်လာလျှင် ထိုလူကို တကြိမ် ကြည့်ရုံမျှ ဖြင့်ပင် ထိုလူ ဘာကိစ္စလာကြောင်း၊ ဘာလိုချင်ကြောင်း၊ ဘယ်လိုဒုက္ခမျိုး ခံစားနေရကြောင်း ပြောဆိုနိုင်ပေသည်။

သို့သော် ဤလူများနှင့် ပတ်သက်ပြီး အလျှိုရှာ ကောင်းစွာ သတိပြုမိနေသည့် အချက်တခုရှိပါသည်။ သူတို့သည် ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းအတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်သွားရာတွင် သူတို့မျက်နှာများသည် ထိတ်လန့်တုန်လှုပ်စွာနှင့် ဖြစ် ကြသည်။ သို့သော် ကျောင်းသင်္ခမ်းအတွင်းမှ ပြန်ထွက်လာသောအခါတွင်ကား သူတို့၏ မျက်နှာများသည် ပျော်ရွှင်ဝင်းပလျက် ရှိကြတော့သည်။

ထို့အပြင် အလျှိုရှာ တွေ့မြင်နေရသည့် အခြားအချက်တခုမှာ ခင်ကြီး ဇော်ဇီမာ၏ မျက်နှာသည် မည်သည့်အခါတွင်မှ ခက်ထန် တင်းမာနေခြင်းမရှိဘဲ အမြဲတမ်းလိုလိုပင် သိမ်မွေ့ နူးညံ့လျက် ရှိပါသည်။ ခင်ကြီး ဇော်ဇီမာက သူ့အကြောင်းကို ပြောပြသည်။ သူသည် အပြစ်ကြီးသူများကို ပိုပြီး ကရုဏာထားသည်ဟု ဆိုပါသည်။ လူတယောက်မှာ ဒုစရိုက်တွေများလေ သူ့မှာ ကရုဏာတရား ပို၍ ပွားများရလေ ဖြစ်သည်။

ကျောင်းတိုက်အတွင်းရှိ ရဟန်းများအနက် အချို့သည် ခင်ကြီး ဇော်ဇီမာကို

မုန်းတီးကြသည်။ မနာလို ဖြစ်ကြသည်။ ဇော်ဇီမာ ကွယ်လွန်သည်အထိပင် ဖြစ်သည်။ သို့သော် ထိုအရေးအတွက်သည် တဖြည်းဖြည်း လျော့ပါးသွားပါသည်။ သူတို့၏ အမနာပ စကားများ တိတ်ဆိတ်သွားကြပါသည်။

သို့သော် မလိုမုန်းတီးသူများထဲတွင် အရေးပါပြီး ထင်ရှားသော ဘုန်းကြီးများလည်း ပါရှိပါသည်။ ဥပမာပြောရလျှင် ထိုအထဲတွင် သက်တော်အကြီးဆုံး ဘုန်းကြီးတပါး ပါရှိသည်။ ထိုဘုန်းကြီးသည် စကားပြောခြင်းအမှုကို ရှောင်ကြဉ်သည်။ ဝါရှောင်ခြင်းအမှုကို တင်းကျပ်စွာ လိုက်နာထိန်းသိမ်း သည်။ သို့သော် လူအများက ခင်ကြီး ဇော်ဇီမာကိုသာ ကိုးကွယ်ဆည်းကပ်ကြသည်။ အချို့ဆိုလျှင် ခင်ကြီး ဇော်ဇီမာကို အလွန်အကျွံပင် ကြည်ညိုလေးစားကြသည်။ ခင်ကြီး ဇော်ဇီမာသည် သူတော်စင်တပါး ဖြစ်သည်ဟုပင် ပြောဆိုကြသည်။ ဤသူတော်စင်ကြီး ကွယ်လွန်သောအခါ အံ့ချီးဖွယ်ရာသော တန်ခိုးတော်များကို တွေ့မြင်ဖူးမြော်ရမည်ဟု ယုံကြည်နေကြသည်။ ကွယ်လွန်တော်မူသော သူတော်စင်ကြီးအတွက် ဤကျောင်းတိုက်ကြီးသည် မကြာမီကာလ အတွင်းတွင် ဂုဏ်အသရေ တိုးပွား ကျော်ကြားရမည်ဟု မျှော်လင့်နေကြသည်။

အလျှိုရှာသည် ခင်ကြီးရဟန်း၏ အံ့မခန်းဖွယ်ရာ တန်ခိုးတော်များကို ယုံကြည်လျက် ရှိသည်။ ဘုရားရှိခိုးကျောင်းအတွင်းမှ ခေါင်းကြီး ပျံထွက်သွားသည် ဆိုသည့်သတင်းကို သူ အပြည့်အဝပင် ယုံကြည်လျက် ရှိသည်။

ခင်ကြီးရဟန်း၏ လက်ဖြင့် ထိတွေ့ခြင်းနှင့် ခင်ကြီးရဟန်း၏ ဆုတောင်းပတ္ထနာ ပြုခြင်းကို ခံယူရန် လာရောက်ကြသော နာမကျန်းသူများသည် များမကြာမီအတွင်းမှာပင်၊ အချို့ဆိုလျှင် နောက်တနေ့ မှာပင် ပြန်လည် ရောက်ရှိလာကြပြီး ခင်ကြီးရဟန်း၏ တန်ခိုးကြောင့် သူတို့၏ ဒုက္ခဝေဒနာများ ပျောက်ကင်းရသည်ကို ဝမ်းသာစကား ကျေးဇူးတင်စကား ဆိုကြသည်။ ဤသို့ ပျောက်ကင်း သွားသည်မှာ သဘာဝအတိုင်း ပျောက်ချိန်တန်၍ ပျောက်ကင်းသွားခြင်းလော သို့မဟုတ် ခင်ကြီးရဟန်း၏ တန်ခိုးကြောင့် ပျောက်ကင်းသွားခြင်းလော ဆိုသည့်အချက်ကိုမူ အလျှိုရှာ လုံးဝ စဉ်းစားခြင်း မပြုပေ။ အကြောင်းမှာ သူသည် သူ၏ဆရာတော်၏ စိတ်တန်ခိုးကို လုံးဝ ယုံကြည်သောကြောင့် ဖြစ်ပါသည်။ အလျှိုရှာသည် ဆရာတော်၏ ကျော်ကြားမှုကို သူ၏ အောင်မြင်မှုဟုပင် ယူဆလျက် ရှိပါသည်။

ခင်ကြီးရဟန်း၏ ကောင်းချီးပေးမှုကို ခံယူရန် ရှရှားပြည် အရပ်ရပ်မှ လာရောက်ကြသူများ ကျောင်းသင်္ခမ်းတွင် စုဝေးနေကြရာသို့ ခင်ကြီး ဇော်ဇီမာ ထွက်ကြွလာသည်ကို တွေ့မြင်ရတိုင်း အလျှိုရှာမှာ ပီတိသောမနဿ ဖြစ်ရသည်။ သူတို့သည် ခင်ကြီး ဇော်ဇီမာ၏ ခြေရင်းတွင် ဝပ်တွားကြသည်။ ခင်ကြီး၏

ခြေထောက်ကို နမ်းကြသည်။ ခင်ကြီးရပ်သည့် နေရာကို နမ်းကြသည်။ သူတို့အား ကောင်းချီးပေးပါရန် အသနားခံကြသည်။

ခင်ကြီး ဇော်ဇီမာသည် သူတို့အား ကောင်းသောစကားကို ဆိုသည်။ ကောင်းသော မေတ္တာကို ပေးသည်။ ကောင်းသောဆုမွန်ကို တောင်းသည်။ ထို့နောက် သူတို့ကို စိတ်ချမ်းသာစွာ ပြန်ကြစေသည်။ မကြာမီရက်များအတွင်းက သူသည် နာခြင်းတရား ဖိစီးသဖြင့် အားအင် နည်းပါးကာ လဲလျောင်းရာ အခန်းငယ်အတွင်းမှ မထနိုင်ဘဲ ရှိသည်။ ထိုအခါ ဖူးမြော်ရန် လာရောက်သူများသည် ကျောင်းသင်္ခမ်းဝသို့ ခင်ကြီး ထွက်ပေါ်လာမည်ကို ရက်ပေါင်းများစွာ ကြာအောင်ပင် စောင့်ဆိုင်းနေကြသည်။

သူ့ကို သူတို့ အဘယ်ကြောင့် အခုလောက် ချစ်ခင်လေးစားကြသနည်း။ သူ၏မျက်နှာကို တွေ့မြင်ရရုံနှင့် အဘယ်ကြောင့် စိတ်ထိခိုက်စွာ ငိုကြွေးကြသနည်းဆိုသည့် အချက်ကို အလျှိုရှာ အထူးစဉ်းစားနေစရာ မလိုပါ။ အဖြေကို သူ ကောင်းစွာ သိပါသည်။

ရုရှားလူမျိုးတို့သည် ပင်ကို သဘာဝအားဖြင့်ပင် ရိုကျိုးနှိမ့်တာခြင်း ရှိကြသည်။ နှိမ့်ချသည့် စိတ်နှလုံးသား ရှိကြသည်။ သူတို့သည် ပင်ပန်းဆင်းရဲခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ပိပြားခဲ့ရသည်။ အစဉ်သဖြင့် တည်ရှိခဲ့သော မတရားမှုများ၊ အစဉ်သဖြင့် တည်ရှိခဲ့သော ဒုစရိုက်မှု များကို ခံစားခဲ့ကြရသဖြင့် သူတို့သည် ကယ်တင်ရှင်တဦး၊ ကယ်တင်ရှင်ဌာနတခုကို အထူးပင် လိုလားတောင့်တနေခဲ့ကြပါသည်။ ထိုသူကို တွေ့ရှိသောအခါ ဝပ်တွားခစားကြသည်။ ကိုးကွယ် ဆည်းကပ်ကြပါတော့သည်။

သည်လောကကြီးမှာ မတရားမှုများ၊ မသမာမှုများ၊ မကောင်းမှုများ ရှိနေခဲ့လျှင် မည်သည့်နည်းနှင့် မဆို ဤကမ္ဘာလောကကြီး၏ တနေရာရာတွင် မြင့်မြတ်သူ တဦးဦးတော့ ရှိနေရပေမည်။ သူသည် အမှန်တရားပင် ဖြစ်ရမည်။ သူသည် အမှန်တရားကို သိမြင်ခြင်း ရှိရမည်။ အကြောင်းမှာ ဤကမ္ဘာကြီးတွင် အမှန်တရားသည် ဆိတ်ကွယ်ခြင်း မရှိသေးပါ။ ထို့ကြောင့် တနေ့တွင် အမှန်တရား သည် ထွက်ပေါ်လာရမည်မှာ ဧကန်တည်း။ လက်လုပ်လက်စား လူအများသည် ဤသို့ပင် တွေးခေါ်ပြီး ဤသို့ပင် ပြောဆိုကြသည်ကို အလျှိုရှာ သိပါသည်။

ခင်ကြီး ဇော်ဇီမာသည် အထက်ပါ ပုဂ္ဂိုလ်မျိုးပင် ဖြစ်ပါသည်။ သူတော်စင်ကြီးတပါး ဖြစ်သည်။ ဘုရားသခင်၏ နာမသစ္စာကို စောင့်ရှောက်ထိန်းသိမ်းသူတဦး ဖြစ်သည်။ သူသည် လယ်သမားများ၊ နာမကျန်းသော မိန်းမများထက် သာလွန်သူတဦး ဆိုသည်ကား ယုံမှားစရာ မရှိပါပေ။ ဤပုဂ္ဂိုလ်ကြီး ကွယ်လွန်သည့်အခါ ဤကျောင်းတိုက်ကြီး၏

ထွန်းတောက်မှုသည် အထူးပင် ဖြစ်ပေါ်ရမည်ဆိုသော အယူအဆကို အလျှိုရှာသည် အခြားသူများထက် ပိုပြီး လေးလေးနက်နက် ခံယူထားပါသည်။ ဤပုဂ္ဂိုလ်ကြီးသည် သူ့အတွက် တဦးတည်းသော စံပြပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါသည်။

သူ၏ အစ်ကိုနှစ်ယောက် ရောက်ရှိလာခြင်းကလည်း သူ၏အပေါ်တွင် များစွာမှ ဩဇာသက်ရောက်မှု ဖြစ်စေပါသည်။ သူတို့နှစ်ယောက်ကို သည့်အရင်က သူ မတွေ့ခဲ့ဖူးပါ။ ယခုမှပင် တွေ့ရှိရခြင်း ဖြစ်ပါသည်။ အဖေတူ အမေကွဲ ညီအစ်ကို တော်စပ်သော ဒီမီထရီသည် နောက်မှ ရောက်ရှိလာသော် လည်း အလျှိုရှာသည် ဒီမီထရီနှင့် လျင်မြန်စွာပင် ရင်းနှီးခြင်း ဖြစ်ရသည်။ သူသည် ဒီမီထရီကို သူ၏ အစ်ကိုအရင်းဖြစ်သော အိုက်ဗင်ထက်ပင် ပိုပြီး ခင်တွယ်သည်။

အလျှိုရှာသည် သူ၏အစ်ကို အိုက်ဗင်နှင့် ရင်းနှီးခင်မင်ရန် များစွာမှပင် စိတ်အားထက်သန်ပါသည်။ အိုက်ဗင်သည် ဖခင်၏အိမ်သို့ ရောက်ရှိနေသည်မှာ နှစ်လမျှ ရှိပေပြီ။ သူတို့သည် မကြာခဏ ဆိုသလိုပင် ဆုံတွေ့နေကြရသည်။ သို့သော် သူတို့နှစ်ယောက် ကျွမ်းဝင်ရင်းနှီးခြင်း မဖြစ်ကြပါ။

အစ်ကို အိုက်ဗင်သည် သူ့ကို တွေ့ခါစက အာရုံစူးစိုက်စွာနှင့် စိတ်ဝင်စားစွာ ကြည့်ရှုခဲ့သော်လည်း နောက်ပိုင်းတွင် အိုက်ဗင်သည် သူ့အပေါ်တွင် စိတ်ဝင်စားမှု မရှိတော့ပါ။ သည့်အတွက် အလျှိုရှာ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ အစ်ကိုဖြစ်သူ၏ ဘာသိဘာသာ နေမှုသည် သူတို့နှစ်ယောက်၏ အသက်ကွာခြားမှုနှင့် ပညာအရည်အချင်း ကွာခြားမှုတို့ကြောင့် ဖြစ်မည်ဟု သူ ယူဆသည်။

သို့သော် အလျှိုရှာသည် အခြားအကြောင်း တခုကိုလည်း စဉ်းစားမိသည်။ အိုက်ဗင်အနေနှင့် သူ့အပေါ်တွင် စိတ်ဝင်စားမှုမရှိသည်မှာ သူမသိသော အကြောင်းတခုကြောင့် ဖြစ်နိုင်သည်။ အိုက်ဗင်မှာ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ ကိစ္စတခု ရှိရမည်။ သူ့မှာ ရည်မှန်းချက်တခု ရှိရမည်။ ထိုရည်မှန်းချက်သည် ဖြစ်မြောက်ရန် ခဲယဉ်းနိုင်သည်။ ယင်းအတွက် သူသည် အလျှိုရှာကို ခေါင်းထဲတွင် မထည့်အားခြင်း ဖြစ်မည်။ သူ့ကို အိုက်ဗင် ဂရုမပြုသည့် အကြောင်းမှာ သည်အကြောင်းပဲ ဖြစ်ပေမည်။

အလျှိုရှာ နောက်တကြောင်းလည်း စဉ်းစားမိသေးသည်။ အိုက်ဗင်သည် ဘုရားသခင်ကို မယုံကြည်သော ပညာရှိတဦး ဖြစ်သည့်အလျောက် ကိုရင်တဦးဖြစ်သော မိမိအပေါ်တွင် အထင်သေးမှု တစုံတရာ ရှိချေသလော။ အိုက်ဗင်သည် ဘုရားသခင်ကို မယုံကြည်သူ တဦး ဖြစ်ကြောင်း အလျှိုရှာ သိရှိသည်။ သို့သော် ဤသို့ ဖြစ်ရိုးမှန်လျှင်လည်း ဤအထင်သေးမှုအတွက် သူ စိတ်မဆိုးပါ။ အဘယ်ကြောင့်မှန်းမသိ၊ သူ၏အစ်ကို လှိုက်လှိုက်လှဲလှဲ ဆက်ဆံလာမည့်

အချိန်ကိုသာ သူသည် စိတ်စနိုးစနောင့်ဖြင့် စောင့်ဆိုင်းလျက်နေမိသည်။

ဒီမီထရီသည် အိုက်ဗင်အကြောင်းကို အထူးလေးစားစွာဖြင့် ပြောဆိုတတ်သည်။ အထူးတလည် စိတ်ဝင်စားဟန်လည်း ရှိသည်။ မကြာမီကာလအတွင်းက အစ်ကိုနှစ်ယောက်ကို အထူးပင် ပေါင်းစည်းစေခဲ့သည့် အရေးကြီးသော လုပ်ငန်းကိစ္စအကြောင်းကို အလျိုရှာသည် ဒီမီထရီထံမှပင် သိရှိခဲ့ရသည်။ ဒီမီထရီက အိုက်ဗင်အပေါ်တွင် စိတ်ဝင်စားခြင်း ရှိနေသည့်အချက်သည် အလျိုရှာကို များစွာပင် အံ့သြစေပါသည်။ အိုက်ဗင်နှင့် နှိုင်းစာလျှင် သူ၏အစ်ကိုကြီး ဒီမီထရီသည် ပညာမတတ်သူတဦး ဖြစ်သည်။ သူတို့နှစ်ယောက်ကို နှိုင်းယှဉ်ကြည့်လျှင် တယောက်နှင့်တယောက် များစွာမှပင် ခြားနားသည်။ ရုပ်လက္ခဏာလည်း ခြားနားသည်။ အကျင့်စရိုက်လည်း ခြားနားသည်။

ဤအချိန် ဤကာလမှာပင် တယောက်တမျိုးစီ ဖြစ်သော ဤမိသားစုကြီး၏ အစည်းအဝေးပွဲ သို့မဟုတ် တွေ့ဆုံပွဲကြီးကို ခင်ကြီး ဇော်ဇီမာ၏ကျောင်းသင်္ခမ်းတွင် ကျင်းပပါသည်။ ဤစည်းဝေးပွဲ သည် အလျိုရှာကို များစွာမှပင် လွှမ်းမိုးလျက်ရှိပါသည်။

အမှန်အတိုင်းပြောရလျှင် ဤအစည်းအဝေးသည် သဘောရိုးဖြင့် အမှန်အတိုင်း ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ထိုအချိန်က အမွေကိစ္စ ငွေရေးကြေးရေး ကိစ္စတို့နှင့် ပတ်သက်ပြီး ဒီမီထရီနှင့် သူ၏ ဖခင်တို့၏ အငြင်းပွားမှုများသည် အထွတ်အထိပ်သို့ ဆိုက်ရောက်လျက်ရှိသည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် သည်းမခံနိုင်တော့လောက်အောင်ပင် တင်းမာလျက်ရှိသည်။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် သူတို့ တွေ့ဆုံကြရန် ပထမဆုံး အကြံပြုသူမှာ ကာရာမာဇော့ပင် ဖြစ်သည်။ သူက နောက်သလို ပြောင်သလိုနှင့် ပြောလိုက်ခြင်းပင်ဖြစ်သည်။ သူတို့သည် ကြည်ညို လေးစားဖွယ်ရာ ပုဂ္ဂိုလ်တဦး ရှေ့တွင်ဆိုလျှင် သင့်တင့်ပြေလည်မှုကို ရရှိနိုင်မည်ဟု ဆိုသည်။

ဒီမီထရီသည် ခင်ကြီးရဟန်း၏ ကျောင်းသင်္ခမ်းသို့ ရောက်ဖူးခြင်းလည်း မရှိ၊ ခင်ကြီးရဟန်းနှင့်လည်း တကြိမ်တခါမျှ တွေ့ဆုံဖူးခြင်း မရှိသဖြင့် သူ၏ဖခင်သည် သူ့ကို ခင်ကြီးရဟန်းနှင့် ခြိမ်းခြောက်ခြင်းပင် ဖြစ်သည်ဟု ကောက်ချက်ချလိုက်သည်။ သို့သော် သူသည် လွန်ခဲ့သည့် ရက်များအတွင်းက သူ့ဖခင်နှင့် ပြောဆိုရာတွင် ဒေါသပေါက်ကွဲမှုများ ဖြစ်ခဲ့သည်ကို သူ့ဘာသူ မကျေမနပ် ရှိနေခဲ့သဖြင့် စိန်ခေါ်မှုကို လက်ခံလိုက်သည်။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် တခု မှတ်သားထားဖို့ လိုပေသည်။ ဒီမီထရီသည် အိုက်ဗင်ကဲ့သို့ ဖခင်၏ အိမ်တွင် မနေချေ။ မြို့အစွန် တနေရာတွင် သူတယောက်တည်း နေထိုင်ပါသည်။

ထိုအချိန်က ကျွန်ုပ်တို့ မြို့အနီးရှိ သူ၏ခြံမြေနယ်ပယ်တွင် နေထိုင်လျက်ရှိသော ပီတာမီယူဆော့ သည်လည်း ကာရာမာဇော့၏ အကြံပြုချက်ကို အခွင့်ကောင်း ရယူသည်။ သူသည် လစ်ဘရယ် တဦး ဖြစ်သည်။ လွတ်လပ်စွာ တွေးခေါ်သူတဦး ဖြစ်သည်။ ဘုရားသခင်ကို မယုံကြည်သူ တဦးဖြစ်သည်။ သူသည် ဤတွေ့ဆုံပွဲကို များစွာမှ စိတ်ဝင်စားသည့်အကြောင်းမှာ သူသည် နေရထိုင်ရသည်မှာ ပျင်းနေပြီး ဤဆွေးနွေးပွဲသည် သူ့အဖို့ ဖြေဖျော်မှုတခု ဖြစ်လိမ့်မည်ဟု ယူဆ၍ ဖြစ်သည်။ သူ့စိတ်ထဲတွင် ကျောင်းသင်္ခမ်းနှင့် ‘သူတော်စင်’ များကို တွေ့မြင်လိုစိတ်လည်း ရုတ်တရက် ဖြစ်ပေါ်လျက်ရှိသည်။ သစ်ခုတ်သည့်ကိစ္စ၊ ငါးဖမ်းသည့်ကိစ္စတို့နှင့် စပ်လျဉ်းပြီး ဘုန်းကြီးကျောင်းနှင့် ဖြစ်ပွားနေရသော နယ်မြေပိုင်ဆိုင်ခွင့်၊ နယ်နိမိတ်ကိစ္စမှာလည်း တရားရုံးတွင် အမှုရှည်ကြာနေပြီ ဖြစ်သည်။ သူသည် ဤဆွေးနွေးပွဲကို အကြောင်းပြုပြီး ကျောင်းထိုင် ဆရာတော်ကြီးနှင့် နားလည်မှု ရရှိကာ အမှုကိစ္စကို နှစ်ဦးအကျိုးတူ ပြေငြိမ်းလိုပေပြီ။

ဤကဲ့သို့ ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် လာရောက်သူတဦးကို ကျောင်းတိုက်ကြီးက အထူးဂရုစိုက်ကာ ယဉ်ကျေးစွာနှင့် လက်ခံရပေမည်။ ယင်းကြောင့်ပင် ကျန်းမာရေးကြောင့် ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း မရှိသော ခင်ကြီး ဇော်ဇီမာကို ကျောင်းထိုင် အာဏာပိုင်များက အစည်းအဝေးကို လက်ခံရန် တိုက်တွန်းခြင်း ပြုကြသည်။ နောက်ဆုံးတွင် ခင်ကြီး ဇော်ဇီမာသည် ၎င်းတို့ကို လက်ခံတွေ့ဆုံရန် သဘောတူညီပြီး ရက်ချိန်းပေးလိုက်သည်။

“ငါ့ကို ဘယ်သူကများ တရားသူကြီး ခန့်လိုက်သလဲ မသိပါဘူးကွယ်” ဟု ခင်ကြီး ဇော်ဇီမာက အလျှိုရှာကို ရယ်မောကာ ပြောဆိုသည်။

ဆွေးနွေးပွဲကိစ္စ သိရှိရသောအခါ အလျှိုရှာသည် များစွာမှပင် ကသိကအောက် ဖြစ်ရသည်။ ဤဆွေးနွေးပွဲကို တက်ရောက်လာမည့်သူများတွင် အလေးအနက် ထားမည့်သူ တဦးတလေမျှပင် ရှိပါမည်လော။ အလေးအနက်ထားမည့်သူဟူ၍ သူ၏ အစ်ကိုကြီး ဒီမီထရီ တယောက်သာလျှင် ရှိနိုင်ပေသည်။ ကျန်ရှိသူများသည် အပျော်အပြက် သဘောသာ ရှိကြပေလိမ့်မည်။ ယင်း၏ သဘောသည် ခင်ကြီးဆရာတော်ကို စော်ကားရာပင် ကျပေလိမ့်မည်ဟု အလျှိုရှာ ကောင်းစွာ ယုံကြည်လေသည်။

သူ၏အစ်ကို အိုက်ဗင်နှင့် မီယူဆော့တို့သည် စပ်စုသည့်သဘောဖြင့် လာရောက်ကြခြင်းသာ ဖြစ်ပေမည်။ သူ၏ဖခင်သည် ဟာသမင်းသားကြီးအဖြစ်နှင့် လာရောက်ပေလိမ့်မည်။ မကိုးမကား မဟုတ်မဟတ်များ ပြုလုပ်ပေလိမ့်မည်။ အလျှိုရှာသည် ပါးစပ်မှ တခွန်းတပါဒမျှ ထုတ်မပြောသော် လည်း သူ့ဖခင်အကြောင်းကို သူ ကောင်းစွာ သိရှိပါသည်။ ကျွန်ုပ် ထပ်၍ ပြောပါဦးမည်။

သည်လူငယ်ကလေးသည် လူတွေ ထင်ထားသလို ရိုးရိုးအအ တယောက် မဟုတ်ပါ။

အလျှိုရှာသည် ချိန်းချက်သည့်နေ့ကို စိတ်လေးလံစွာဖြင့် စောင့်ဆိုင်းနေမိသည်။ ဤမိသားစု အဆင်မပြေမှုများ မည်သို့မည်ပုံ အဆုံးသတ်သွားမည်ကို သူ ရင်တထိတ်ထိတ် ရှိနေရသည်။ သို့တစေလည်း သူ့အနေနှင့် ပို၍ ပူပန်နေရသည်က ခင်ကြီးဆရာတော်အတွက် ဖြစ်ပါသည်။ ခင်ကြီးရဟန်းအတွက် သူ စိုးရိမ်မကင်း ဖြစ်နေရသည်။ ခင်ကြီးရဟန်း၏ ဂုဏ်သိက္ခာအတွက် သူ ပူပန်ကြောင့်ကြ ဖြစ်နေရသည်။ ခင်ကြီးရဟန်း စော်ကားမော်ကား ခံရမည်ကို သူ ထိတ်လန့်တုန်လှုပ် နေရသည်။ မီယူဆော့၏ သာသာနှင့် နာနာ ထိုးနှက်ချက်များကို ကြောက်ရွံ့နေမိသည်။ ပညာတတ်ကြီး အိုက်ဗင်၏ အထက်စီးမှနေ၍ ပညာသားပါပါ ပြောမည်များကို သူ ချောက်ချားနေရသည်။ အလျှိုရှာသည် ဆွေးနွေးပွဲသို့ လာရောက်မည့်သူများအကြောင်း ခင်ကြီးဆရာတော်ကို သတိပေးစကား ပြောမည်ဟု စဉ်းစားမိသည်။ သို့သော် မပြောဖြစ်ပါ။

ဆွေးနွေးပွဲမတိုင်မီ တနေ့တွင် သူ၏ အစ်ကိုကြီး ဒီမီထရီထံသို့ လူကြုံစကား ပါးမိသည်။ သူ့အနေနှင့် အစ်ကိုကြီးကို အထူးချစ်ခင်ပါကြောင်း၊ အစ်ကိုကြီး၏ကတိတည်လိမ့်မည်ဟု သူ မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖြစ်သည်။ အလျှိုရှာ၏ အမှာစကားကို ကြားရသောအခါ ဒီမီထရီ စိတ်ရှုပ်ထွေးရသည်။ အကြောင်းမှာ သူ့အနေနှင့် ညီဖြစ်သူကို မည်သည့်ကတိ ပေးထားမိမှန်း မမှတ်မိ၍ ဖြစ်သည်။ သို့သော် သူ စာရေးသား ပြန်ကြားသည်။ ဆွေးနွေးပွဲတွင် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ချုပ်တည်းထားမည် ဖြစ်ကြောင်း၊ သို့သော် သူ့အနေနှင့် ခင်ကြီးဆရာတော်နှင့် အိုက်ဗင်တို့ကို အဘယ်မျှပင် လေးစားစေကာမူ ဤဆွေးနွေးပွဲသည် ထောင်ချောက်တခု သို့မဟုတ် အဓိပ္ပာယ် မရှိသော လုပ်ဇာတ်တခုသာ ဖြစ်သည်ဟု ယူဆပါကြောင်း၊ နိဂုံးချုပ်အဖြစ် "ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးအနေနှင့် ညီလေး အင်မတန် လေးစားကြည်ညိုတဲ့ ဆရာတော်ကြီးကို မရိုမသေ လုပ်မယ့်အစား အစ်ကိုကြီး ပါးစပ်ကို အပ်နှင့် ချုပ်ထားပါ့မယ်" ဟု ရေးထားသည်။ ဤစာကြောင့် အလျှိုရှာမှာ ဘဝင်ကျခြင်း မရှိလှပါ။

ဒုတိယကဏ္ဍ - ကံမကောင်း အကြောင်းမလှသော တွေ့ဆုံပွဲ

၁။ ကျောင်းသခ်မ်းသို့ ရောက်ရှိကြခြင်း

ဩဂုတ်လ လကုန်ပိုင်း နေသာသော၊ ပူနွေးသော၊ သာယာသော နေ့တနေ့ ဖြစ်သည်။ ခင်ကြီးရဟန်းနှင့် တွေ့ဆုံပွဲကို နံနက်ပိုင်း ဝတ်ပြုပွဲအပြီး ဆယ့်တစ်နာရီခွဲလောက်တွင် တွေ့ဆုံရန် ချိန်းဆိုထားကြသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ဧည့်သည်တော်ကြီးများသည် ဘုရားရှိခိုးကျောင်း သို့ ရောက်ရှိလာကြခြင်း မရှိဘဲ ဝတ်ပြုပွဲ ပြီးဆုံးချိန်မှသာ ရောက်ရှိလာကြသည်။ သူတို့သည် မြင်းရထားကြီး နှစ်စီးဖြင့် လာရောက်ကြသည်။ ကြော့ကြော့ယဉ်ယဉ် ရှိလှသော မြင်းနှစ်ကောင်ဆွဲ လေးဘီးတပ် ပထမရထားတွင် ပီတာမီယူဆော့၊ သူနှင့် ဆွေမျိုးနီးစပ်တော်သူ အသက်နှစ်ဆယ် အရွယ်ခန့်ရှိ ပီတာကာဂါနော့တို့ လိုက်ပါလာကြသည်။

ဤလူရွယ်ကလေးသည် တက္ကသိုလ်သို့ တက်ရောက်တော့မည့်ဆဲဆဲဖြစ်သည်။ သို့သော် မီယူဆော့က သူနှင့်အတူ နေထိုင်လျက်ရှိသော ကာဂါနော့ကို သူနှင့်အတူ နိုင်ငံခြားသို့ လိုက်ပါပြီး ဇူးရစ်တက္ကသိုလ် သို့မဟုတ် ဇီနားတက္ကသိုလ်တွင် တက်ရောက်ရန် ခေါ်ဆောင်လျက်ရှိသည်။ လူရွယ်သည် ယခုအချိန်အထိ ထိုကိစ္စကို မဆုံးဖြတ်ရသေးဘဲ ရှိသည်။ သူသည် အတွေးသမား အငေးသမား ကလေးတယောက် ဖြစ်သည်။ မျက်နှာ ချိုသာသည်။ အလုံးအဖန် တောင့်ပြီး အရုပ်အမောင်း ကောင်းသည်။ သို့သော် ရံဖန်ရံခါတွင်မူ သူသည် ထူးဆန်းစွာ ငေးမောနေတတ်သည်။ အတွေးသမား တို့၏ ထုံးစံအတိုင်း လူတယောက်ကို ကြာရှည်စွာ ငေးမောကြည့်နေတတ်သော်လည်း အမှန်တွင်မူ ထိုလူကို သူ မမြင်ပါ။ သူသည် စကားနည်းပြီး သူများတွေနှင့် ရောနှောခြင်း မပြုတတ်သူတဦး ဖြစ်သည်။ သို့သော် ရံဖန်ရံခါတွင်ကား သူသည် တယောက်ယောက်နှင့် နှစ်ယောက်တည်း ရှိနေချိန်မျိုးတွင် စကားတွေ ရေပက်မဝင်အောင် ပြောတတ်သည်။ စိတ်ပါလက်ပါ ပြောတတ်သည်။ နောက်ပြီး နည်းနည်းကလေး ရယ်စရာတွေ့လျှင် တအား ရယ်တတ်သည်။ တခါတရံတွင် ဘာကိစ္စအတွက် သူရယ်မိသည်ကို သူ့ဘာသူ မသိ ဖြစ်တတ်သည်။ နောက်ပြီးတော့ သူ၏ ထက်သန်တက်ကြွမှုများသည် ရုတ်ခြည်းပင် ပြန်လည် ပျောက်ကွယ်သွားတတ်သည်။ အဝတ်အစား များကို အမြဲတမ်းလိုလိုပင် ကောင်းကောင်းမွန်မွန်နှင့် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်တတ်သည်။ ဥစ္စာပစ္စည်း ကြွယ်ဝသူတဦးဖြစ်ပြီး နောက်ထပ်လည်း တိုးပွားချမ်းသာလာမည့် အခြေရှိသည်။ သူသည် အလျှိုရှာ၏ မိတ်ဆွေရင်းတဦးလည်း ဖြစ်သည်။

ကာရာမာဇော့နှင့် သူ့သား အိုက်ဗင်တို့သည်ကား မြင်းအိုကြီးနှစ်ကောင် ဆွဲသော ရှေးကျကျ ခပ်ဟောင်းဟောင်း၊ ခပ်ကြီးကြီး မြင်းရထားကြီးဖြင့် ရောက်ရှိလာကြသည်။ သူတို့၏ ရထားကြီး သည် မီယူဆော့၏ ရထားနောက်တွင် အတော်ကြီး ပြတ်ပြီးမှ ပါလာသသည်။ ဧည့်သည်များသည် သူတို့၏ရထားများကို ဘုန်းကြီးကျောင်းတိုက် အပြင်ဘက်ရှိ တည်းခိုရိပ်သာရှေ့တွင် ရပ်ထားခဲ့ကြပြီး ကျောင်းဝင်းအတွင်းသို့ ခြေကျင် လျှောက်ဝင်သွားကြသည်။ ကာရာမာဇော့မှတပါး ကျန်လူသုံးယောက်သည် ခရစ်ယာန်ဘုန်းကြီးကျောင်းတကျောင်းသို့ တခေါက်မျှ ရောက်ဖူးသူများ မဟုတ်ကြချေ။

မီယူဆော့ဆိုလျှင် ဘုရားရှိခိုးကျောင်းသို့ မရောက်သည်မှာ နှစ်ပေါင်း သုံးဆယ်မျှ ရှိချေပြီ။ သူသည် တွေ့မြင်ရသော ဝန်းကျင်ကို စူးစူးစမ်းစမ်း ကြည့်ရှုသည်။ ယင်းသို့ ကြည့်ရှုသော်လည်း ကျောင်းဝင်း အတွင်း၌ ဘုရားရှိခိုးကျောင်းနှင့် ဘုန်းကြီးကျောင်းများမှအပ အခြား ဘာမျှ ထူးထူးခြားခြား မရှိပါ။ ယင်း အဆောက်အအုံများမှာလည်း ရိုးရိုးသာမန် အဆောက်အအုံများသာ ဖြစ်ကြသည်။

နောက်ဆုံးကျန်ရှိနေသော ဝတ်ပြုသူများပင် ဘုရားရှိခိုးကျောင်းအတွင်းမှ ထွက်လာကြပြီ ဖြစ်သည်။ ဝတ်ပြုသူ အများစုမှာ တောသူတောင်သားများသာ ဖြစ်ကြသည်။ ထိုအထဲတွင် အထက်လွှာမှ အနည်းငယ်သာ ပါရှိသည်။ တည်းခိုရိပ်သာတွင် တည်းခိုလျက် ရှိကြသူများမှာ မြို့ကြီးသူ နှစ်ဦး သုံးဦးနှင့် အသက်အရွယ်ကြီးလှပြီဖြစ်သော မိုလ်ချုပ်ကြီး တဦးတို့ ဖြစ်သည်။

ရတ်ခြည်းဆိုသလိုပင် ကျွန်ုပ်တို့၏ ဧည့်သည်တော်များကို သူတောင်းစားများ ဝိုင်းရံလာကြသည်။ သို့သော် ၎င်းတို့ကို မည်သူကမျှ ဘာမျှ မပေးပါချေ။ ပီတာကာဂါနော့ တယောက်သာလျှင် ပိုက်ဆံအိတ်ထဲမှ ဆယ်ပြားစေ့ တစေ့ ထုတ်ယူပြီး မိန်းမကြီးတယောက်၏ လက်ထဲသို့ မလုံမလဲ စနိုးစနောင့်ဖြစ်ဟန်ဖြင့် ကမန်းကတန်း ထည့်လိုက်ပြီး ‘အားလုံး ခွဲယူကြ’ ဟု ပြောလိုက်သည်။ ဤအပြုအမူနှင့် ပတ်သက်ပြီး သူ၏အဖော်များက သူ့ကို ဘာတခွန်းမျှ ဝေဖန်ပြောဆိုခြင်း မပြုကြချေ။ ယင်းအတွက် သူသည် ဘာမျှ ကသိကအောက် ဖြစ်နေစရာ မလိုပါချေ။ သို့သော် ယင်းအတွက်ပင် သူ့မှာ ပိုပြီး ကသိကအောက် ဖြစ်နေရတော့သည်။

သို့သော် တခုတော့ ထူးခြားနေသည်။ အမှန်အတိုင်းဆိုလျှင် သူတို့ ရောက်ရှိလာသည်ကို တခမ်းတနား ကြိုဆိုကြဖို့ ကောင်းသည်။ သူတို့အထဲမှ တယောက်ဆိုလျှင် မကြာသေးမီက ရူဗယ်ငွေ တထောင် လှူဒါန်းထားသူ ဖြစ်သည်။ နောက်တယောက်ဆိုလျှင်လည်း ကျွန်ုပ်တို့ခရိုင်တွင် အချမ်းသာဆုံး မြေပိုင်ရှင်ကြီးတဦး ဖြစ်သည်။ ပညာတတ်ကြီးတဦးလည်း ဖြစ်သည်။ သူတို့၏

ဘဝသည် သူ့အပေါ်တွင် တည်ရှိနေသည်။ တရားရုံး၏ ဆုံးဖြတ်မှုကြောင့် သူတို့၏ ငါးဖမ်းနိုင်မှု အခွင့်အရေးများ ဆုံးရှုံးသွားနိုင်သည်။ သို့တစေလည်း သူတို့ကို မည်သူ တဦးတယောက်ကမျှ တရားဝင် ကြိုဆိုနေခြင်း မရှိပါ။

မီယူဆော့သည် ဘုရားရှိခိုးကျောင်းအနီးရှိ သင်္ချိုင်းအတွင်းမှ အုတ်ဂူများကို ငေးကြည့်ရင်း သည်လိုနေရာမျိုးတွင် မြှုပ်နှံနိုင်ရန်အတွက် သေဆုံးသူများ၏ မိသားစုများသည် ငွေကြေး အမြောက်အမြား ကုန်ကျမည်ဖြစ်ကြောင်း သူက ဝေဖန်လိုက်တော့မည် ရှိပြီးမှ ဘာမျှ မပြောဘဲ နေလိုက်သည်။ သို့သော် သူသည် တွေ့ရှိနေရသော အခြေအနေကို မကျေမနပ်ဟန်ဖြင့် ...

"တောက်... ဘယ်လိုနေရာမျိုးလဲ၊ မေးရစမ်းရအောင် လူတယောက်မှလည်း မရှိဘူး၊ ကျုပ်တို့ တခုခု လုပ်ကြမှဖြစ်မယ်၊ အချိန်တွေ အလဟဿ ဖြစ်ကုန်ပြီ"

ထိုစဉ်မှာပင် ရှောမ ကုတ်အင်္ကျီကြီးကို ဝတ်ဆင်ထားသော ခေါင်းတုံးပြောင်ပြောင် အသက်ကြီးကြီး လူကြီးတယောက် သူတို့အနီးသို့ ရုတ်ခြည်း ရောက်ရှိလာသည်။ အဘိုးကြီးသည် ဦးထုပ်ကို မြှောက်ကာ နှုတ်ဆက်ပြီး သူ့ကိုယ်သူ မြေပိုင်ရှင်ကြီး မက်ဇီမော့ဟု မိတ်ဆက်သည်။ ထို့နောက် သူသည် ကျွန်ုပ်တို့၏ ဧည့်သည်တော်ကြီးများကို လမ်းပြ ခေါ်ဆောင်သွားသည်။

"ခင်ကြီးဘုရား ဇော်ဇီမာဟာ တောရကျောင်းမှာ သီတင်းသုံးနေပါတယ် လူကြီးမင်းများ ခင်ဗျား၊ တောရကျောင်းကလေးမှာပါ၊ လူတွေနဲ့ ဝေးရာမှာပါ၊ ကျောင်းတိုက်ကြီးကနေ ကိုက်လေးရာလောက် ဝေးတဲ့ တောအုပ်ထဲမှာပါ"

"တောအုပ်ထဲမှာဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့ မသိတာကတော့ အဲဒီကိုသွားတဲ့ လမ်းပဲ၊ ကျုပ်တို့ ဒီကိုမရောက်တာ အတော်ကြီးကို ကြာပြီ"

ကာရာမာဇော့က တုံ့ပြန်လိုက်သည်။

"ဒီဝင်းပေါက်ကနေထွက်ပြီး သွားရပါတယ် ခင်ဗျာ၊ တောအုပ်ထဲကို တခါတည်း ဖြတ်ပြီး သွားရပါတယ်၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါ၊ ကြွကြပါ၊ ကျွန်တော်လည်း အဲဒီဘက်ကို သွားမလို့ပါပဲ၊ ဟုတ်ပါတယ် ခင်ဗျာ၊ ဒီဘက်ကိုပါ၊ ဒီဘက်ကို ကြွကြပါ"

သူတို့သည် ဝင်းပေါက်မှထွက်ပြီး တောအုပ်ဆီသို့ လျှောက်ခဲ့ကြသည်။ မက်ဇီမော့သည် အသက် ခြောက်ဆယ် အရွယ်ခန့်ရှိပြီး သူတို့နံဘေးတွင် အပြေးကလေး လျှောက်သွားနေရာမှ သူတို့ကို ထူးဆန်းစွာ စူးစမ်းကြည့်ရှုလျက် ရှိသည်။ သူတို့ကို ငေးစိုက်ကာ ကြည့်နေသော မျက်လုံးများသည် မျက်လုံးအိမ်ထဲမှ

ကျွတ်ထွက်တော့မတတ်ပင် ပြုံးထွက်နေကြသည်။

"ကျုပ်တို့ဟာ ကိုယ်ရေးကိုယ်တာ ကိစ္စတခုအတွက် ခင်ကြီးရဟန်းကို တွေ့ကြရအောင် လာကြတာ ပါပဲ လူကြီးမင်း၊ ကျုပ်တို့ကို အဲဒီပုဂ္ဂိုလ်ကြီးက ဝင်ရောက်တွေ့ဆုံခွင့် ပေးထားပါတယ်၊ အဲဒီနေရာမှာ လူကြီးမင်းက ကျုပ်တို့ကို လမ်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ လူကြီးမင်းကို ခင်ကြီးရဟန်းဆီကို ကျုပ်တို့နဲ့အတူ ခေါ်သွားလို့တော့ မဖြစ်ဘူးထင်တယ်"

မီယူဆော့က ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ကျွန်တော်လည်း အဲဒီကို ရောက်ဖူးပါတယ်၊ အခုပဲ ရောက်ခဲ့ပါတယ်၊ တကယ့်ကို ပုဂ္ဂိုလ်မွန်ကြီးပါပဲ ခင်ဗျာ"

"ပုဂ္ဂိုလ်မွန်ကြီး ဆိုတာ ဘယ်သူလဲ"

မီယူဆော့က မေးလိုက်သည်။

"ခင်ကြီးဘုရားပါ ခင်ဗျာ၊ ခင်ကြီးဘုရားပါ။ ဘုန်းကျက်သရေနဲ့ ပြည့်ဝတဲ့ ခင်ကြီးဘုရားပါ၊ ကျောင်းတိုက်ရဲ့ ဂုဏ်ထူးဆောင်နဲ့ ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ ခင်ကြီး ဇော်ဇီမာပါ ခင်ဗျာ၊ အင်မတန် ထူးခြားတဲ့ ဘုန်းကြီးပါ" ဟု မက်ဇီမော့၏ ဗလုံးဗထွေး ပြောကြားနေသော စကားများကို ပိန်ပိန်ဖြူဖြူ ဘုန်းကြီးတပါးက ကြားဖြတ် ပြောလိုက်သည်။ ထိုဘုန်းကြီးသည် သူတို့နောက်မှ လိုက်လာခြင်း ဖြစ်သည်။

"လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းတို့ကို တောရကျောင်းက အပြန်မှာ နေ့လယ်စာ စားသုံးဖို့ ကျောင်းထိုင်ဆရာတော်ကြီးက ဖိတ်ကြားလိုက်ပါတယ်။ နေ့လယ် တနာရီတိတိ ဆရာတော်ကြီးရဲ့ ကျောင်းဆောင်မှာပါ"

ပိန်ပိန်ဖြူဖြူ ဘုန်းကြီးက သူတို့ကို ယဉ်ကျေးဖွယ်ရာစွာ ဖိတ်မန္တကပြုသည်။ ထို့နောက် မက်ဇီမော့ဘက်သို့လှည့်လျက်...

"ဒါယကာကြီးကိုလည်း ဖိတ်ကြားပါတယ်"

"ကျေးဇူးတင်ပါတယ် အရှင်ဘုရား၊ တပည့်တော် ဝမ်းမြောက်လှပါတယ်။ တကယ့်ကိုပဲ ဝမ်းမြောက်လှပါတယ်၊ တပည့်တော် လာခဲ့ပါ့မယ်။ တပည့်တော်တို့ အားလုံးဟာ ဒီကျောင်းတိုက် ကြီးမှာ သင့်တင့်လျောက်ပတ်စွာ ပြုမူကြပါတယ်၊ ဘယ့်နှယ်လဲ မစ္စတာ မီယူဆော့၊ ခင်ဗျားကော ကျုပ်တို့နဲ့အတူ လိုက်မယ်မဟုတ်လား"

ကာရာမာဇော့က မေးလိုက်သည်။

“လိုက်မှာပေါ့ဗျာ၊ ကျုပ် ဒီကိုလာတာကိုက သူတို့ရဲ့ခလေ့ထုံးတမ်းတွေကို လေ့လာ ဆည်းပူးရအောင် ပဲဥစ္စာ၊ ကျုပ်စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်နေတာ တခုပဲရှိတယ်၊ အဲဒါကတော့ ခင်ဗျားနဲ့အတူ သွားရမယ့်ကိစ္စပဲ မစ္စတာ ကာရာမာဇော့”

“ဒီမီထရီ တယောက် အခုထိ မမြင်သေးပါလား”

“သူ လာမှာမဟုတ်ပါဘူး၊ မလာတာပဲ ကောင်းပါတယ်၊ ခင်ဗျားတို့ကိစ္စတွေကို ကျုပ် စိတ်မဝင်စားပါဘူး၊ ဟုတ်ပြီ၊ ကျုပ်တို့ ထမင်းစားပွဲကို သွားကြမယ်”ဘုန်းကြီးဖြူဖြူဘက်သို့ လှည့်လျက် ကျောင်းထိုင်ဆရာတော်ကြီးကို ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြန်လည် လျှောက်ထားပါ ဘုရား”

“ဆရာတော်ကြီးဆီကို ကျုပ် မပြန်သေးပါဘူး၊ ကျုပ်တာဝန်က ဒါယကာကြီးတို့ကို ခင်ကြီး ဇော်ဇီမာ ဆီကို အရောက်ပို့ပေးဖို့ရှိတယ်”

“ဒီလိုဆိုရင် ကျောင်းထိုင်ဆရာတော်ကြီးဆီကို ကျွန်တော် သွားလိုက်မယ်၊ ဆရာတော်ကြီးဆီကိုပေါ့” ဟု မက်ဇီမော့က ပြောသည်။

“ဆရာတော်ကြီး လောလောဆယ်မှာ အလုပ်တွေ များနေပါတယ်၊ ဒါပေမဲ့ ဒါယကာကြီးရဲ့ သဘောပါပဲ”

ဘုန်းကြီးဖြူဖြူက ပြန်ပြောသည်။

“အတော် စိတ်ပျက်စရာကောင်းတဲ့ အဘိုးကြီးပဲ”

မက်ဇီမော့ ထွက်သွားသောအခါ မီယူဆော့က ခပ်ကျယ်ကျယ်ကလေးပင် ပြောလိုက်သည်။

“ဗွန်ဆွန်ကို သွားပြီး အမှတ်ရမိတယ်”

ကာရာမာဇော့က ရုတ်တရက် ပြောလိုက်သည်။

“ဗွန်ဆွန်ကို အမှတ်ရတယ် ဟုတ်လား၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ဗွန်ဆွန်ကို အမှတ်ရရတာလဲ၊ ဗွန်ဆွန်ကို ခင်ဗျား မြင်ဖူးလို့လား”

“သူ့ဓာတ်ပုံကို ကျုပ် မြင်ဖူးတယ်၊ သူနဲ့ ရုပ်ချင်းတူတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ တခုခု တူနေတာတော့ အမှန်ပဲ၊ ဘာလဲဆိုတာတော့ ကျုပ် ရှင်းမပြတတ်ဘူး၊ ဗွန်ဆွန်နဲ့ တထေရာတည်းပဲ၊ လူတွေရဲ့ မျက်နှာကို မြင်ရုံနဲ့ ကျုပ်ပြောနိုင်တယ်”

“ဟုတ်လှပါပြီ၊ ခင်ဗျားဟာ ဒီဘက်မှာ ပါရဂူတယောက်ပဲ၊ ဒါပေမဲ့

ကျုပ်ပြောမယ် မစ္စတာ ကာရာမာဇော့၊ ကျုပ်တို့က ဒီကျောင်းတိုက်ကြီးမှာ သင့်တင့်လျောက်ပတ်စွာ ပြုမူကြပါမယ်လို့ ခင်ဗျား ကတိပေးခဲ့တယ် မဟုတ်လား၊ အဲဒီတော့ ခင်ဗျားကိုယ်ခင်ဗျား ထိန်းပါ၊ ခင်ဗျားအနေနဲ့ မဟုတ်တာတွေ လျှောက်လုပ်မယ် ဆိုရင်တော့ ခင်ဗျားနဲ့အတူ ကျုပ် ဘယ်နည်းနဲ့မှ မပါနိုင်ဘူး” ထို့နောက် မီယူဆော့သည် ဘုန်းကြီးဖြူဖြူဘက်သို့ လှည့်လျက်... “ဒီလူ ဘယ်လိုလူမျိုးဆိုတာ ဘုန်းကြီး တွေ့တယ် မဟုတ်လား၊ လူတောထဲကို သူနဲ့ ကျုပ် မသွားချင်ဘူး”

ဘုန်းကြီးဖြူဖြူ၏ နှုတ်ခမ်းဖြူဖြူပေါ်တွင် အပြုံးလဲ့လဲ့ကလေး ပေါ်လာသည်။ သို့သော် ဘုန်းကြီးသည် မည်သည့်စကားကိုမျှ မဆိုပါ။ ဣန္ဒြေသိက္ခာကို စောင့်ထိန်းသောအားဖြင့် စကားမဆိုခြင်းမှာ သိသာထင်ရှားလှသည်။ မီယူဆော့သည် စောစောကထက် ပိုပြီး မျက်မှောင်ကြီး ကုတ်လာသည်။

“အို ... ဒါတွေက အလကားဟာတွေပါ။ ဣန္ဒြေသိက္ခာဆိုတာ လေ့ကျင့်ထားရင် ရတာပဲ၊ ဒါတွေက အပေါ်ယံ ဟန်ဆောင်မှု အတတ်ပညာတွေပဲ” မီယူဆော့ စိတ်ထဲမှာ ပြောလိုက်သည်။

“ဟော... တောရကျောင်းကိုရောက်ပြီ၊ ကျုပ်တို့ရောက်ပြီ၊ ဝင်းတံခါးတွေအားလုံး ပိတ်ထားပါ ကလား”

ကာရာမာဇော့က ဟစ်အော်လိုက်သည်။ ထို့နောက် သူသည် မုခ်ဦး မျက်နှာကြက်နှင့် မုခ်ဦးနံရံ များတွင် ရေးဆွဲထားသော သူတော်စင် ပုံတော်များကို အထပ်ထပ် အခါခါ ဂါရဝပြုရင်း ဖြတ်လျှောက်သွားသည်။

“ရောမမြို့ကို ရောက်တဲ့အခါမှာ ရောမမြို့သားလို ကျင့်ရတယ်” ကာရာမာဇော့က ဖွင့်ဆိုသည်။ “ဒီတောရကျောင်းမှာ သူတော်စင် နှစ်ထောင့်ငါးပါး ယာဂုဆွမ်း ဘုဉ်းပေးတဲ့ ပုံတော်တွေရှိတယ်၊ နောက်ပြီး ထူးခြားတာ တခုကတော့ တောရကျောင်းဝင်းအတွင်းကို မိန်းမတွေ မဝင်ရဘူး၊ တကယ်ပဲ၊ ဒါပေမဲ့..” ဘုန်းကြီး ဖြူဖြူဘက်သို့ လှည့်လိုက်ပြီး “ခင်ကြီး ဇော်ဇီမာဟာ ဂုဏ်သရေရှိ အမျိုးသမီးတွေကို လက်ခံတွေ့ဆုံတယ်လို့ တပည့်တော် ကြားတယ်၊ ဟုတ်သလား၊ ဟုတ်တယ် မဟုတ်လား”

“လောလောဆယ်မှာ တောက မိန်းမတွေ ရောက်နေကြတယ်၊ သုဓမ္မာ ဇရပ်နားက ကွက်လပ်ပေါ်မှာ ထိုင်နေကြတယ်၊ သူတို့ဟာ ခင်ကြီးဇော်ဇီမာကို ဖူးမြော်ဖို့ စောင့်နေကြတာပါ၊ နောက်ပြီးတော့ သုဓမ္မာဇရပ်မှာ ဂုဏ်သရေရှိ အမျိုးသမီးတွေအတွက် အခန်း နှစ်ခန်း သီးခြားဖွဲ့ပေးထားတယ်၊ ဒါပေမဲ့ အမျိုးသမီးတွေရဲ့အခန်းက တောရကျောင်းဝင်း အုတ်တံတိုင်းရဲ့အပြင်ဘက်မှာပဲ၊

အမျိုးသမီးဆောင်က ပြတင်းပေါက်တွေကို ဒီကနေ မြင်ရတယ်၊ ခင်ကြီး ဇော်ဇီမာဟာ နေကောင်းတဲ့အခါမှာ အမျိုးသမီးဆောင်ကိုသွားဖို့ အတွင်း စင်္ကြံလမ်းတခု ရှိတယ်၊ ဒါပေမဲ့ ဒီအမျိုးသမီးဆောင်ဟာ တောရကျောင်းဝင်းရဲ့အပြင်ဘက်မှာပဲ၊ အဲဒီမှာ အခု အမျိုးသမီးတယောက် စောင့်နေတယ်၊ နေမကောင်းနေတဲ့ သူ့သမီးကလေးနဲ့ အတူပဲ၊ မစ္စက်ကိုကလာကော့တဲ့၊ ကာကော့ မြေပိုင်ရှင်ကြီးပဲ၊ မစ္စက် ကိုကလာကော့ကို ထွက်တွေ့မယ်လို့ ခင်ကြီး ဇော်ဇီမာက ကတိပြုထား တယ်၊ ခင်ကြီး ဘုရားဟာ နောက်ပိုင်းမှာ နေမကောင်းလို့ တောက ဒါယိကာမကြီးတွေကိုတောင် ထွက် မတွေ့နိုင်ဘူး”

“အောင်မယ် တယ်ဟုတ်ပါလား၊ တောရကျောင်းကနေ အမျိုးသမီးတွေဆီကို သွားတဲ့ လျှို့ဝှက်လမ်း တခု ရှိတယ် ဟုတ်လား၊ တပည့်တော်အနေနဲ့ တစုံတရာ ဝေဖန် ပြောဆိုတယ်လို့ မထင်လိုက်ပါနဲ့ အရှင်ဘုရား၊ တပည့်တော်က အမှန်ရှိနေတဲ့ အချက်အလက်ကို ပြောတာပါ၊ အရှင်ဘုရား သိတယ် မဟုတ်လား၊ မောင့်အေသို တောင်တော်မှာဆိုရင်.. အရှင်ဘုရားလည်း ကြားဖူးမှာပေါ့ ... မိန်းမဆိုရင် လူမိန်းမ မပြောနဲ့၊ ကြက်မ၊ ကြက်ဆင်မ၊ နွားမတွေတောင် မဝင်ရဘူး”

ဤတွင် မီယူဆော့က ကြားဖြတ်ပြီး-

“ဒီမှာ ကျုပ်ပြောမယ်၊ ခင်ဗျားတယောက်တည်း ထားခဲ့ပြီး ကျုပ် ပြန်တော့မယ်၊ ကျုပ်မရှိဘူးဆိုရင် ခင်ဗျားကို သူတို့ မောင်းထုတ်ပစ်ကြမှာ အမှန်ပဲ၊ အဲဒါ ခင်ဗျားကို ကျုပ် သတိပေးတာပဲ”

“ခင်ဗျားကို ကျုပ် ဘာများ အနှောင့်အယှက်ပေးလို့လဲ မစ္စတာ မီယူဆော့၊ ဟာ... ကြည့်ကြစမ်း” ကာရာမာဇော့သည် တောရကျောင်းဝင်းအတွင်းသို့ ဝင်ရောက်သွားပြီး ရုတ်တရက် အော်လိုက်သည်။ “ကြည့်ကြစမ်း ... တကယ့် နှင်းဆီမြိုင်ကြီးပဲ”

အမှန်ပင် ဖြစ်သည်။ ယခုအခါတွင် နှင်းဆီပန်းများ ပွင့်နေခြင်း မရှိသော်လည်း နှင်းဆီပင်များ မြေနေရာလပ် မကျန်အောင်ပင် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ အထူး ကျွမ်းကျင်သော ဥယျာဉ်မှူးတဦးက စိုက်ပျိုးထားကြောင်းလည်း သိသာသည်။ ဘုရား ရှိခိုးကျောင်းဝင်းအတွင်းနှင့် သင်္ချိုင်းဂူများ အကြားတွင် နှင်းဆီပင်များ အပြည့်ပင် ဖြစ်သည်။ ခင်ကြီး ဇော်ဇီမာ သီတင်းသုံး နေထိုင်သော တထပ် သစ်ကျောင်းပတ်ပတ်လည်တွင်လည်း နှင်းဆီပင်များနှင့် ဖြစ်သည်။

“ပုံလွန်တော်မူသွားတဲ့ ခင်ကြီး ဗာဆိုနိုဗီ လက်ထက်တုန်းကကော ဒီအတိုင်းပဲလား၊ ကျုပ် ကြားဖူးတာကတော့ အဲဒီခင်ကြီးဟာ အလှအပတွေကို

နည်းနည်းမှ မကြိုက်ဘူးလို့ ပြောတယ်၊ မာတုဂါမတွေလာရင် တုတ်နဲ့ ရိုက်လွှတ်တယ်လို့ ပြောကြတယ်”

ကာရာမာဇော့က လေ့ကားကိုတက်ရင်း ပြောလိုက်သည်။

“ခင်ကြီး ဗာဆိုနိုဗီမှာ ထူးဆန်းတဲ့ အကျင့်ကလေးတွေ ရှိပါတယ်၊ ဒါပေမဲ့ လူတွေကလည်း သူနဲ့ပတ်သက်ပြီး ပုံကြီးချဲ့ ပြောကြတာတွေ အများကြီးပါပဲ၊ သူဟာ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ တုတ်နဲ့ မရိုက်ခဲ့ပါဘူး၊ အဲဒီတော့ လူကြီးမင်းများ ခင်ဗျား.. ခဏကလေး သည်းခံပြီး စောင့်ကြပါ။ လူကြီးမင်းတို့ ရောက်ရှိကြောင်း ခင်ကြီး ဇော်ဇီမာကို ကျုပ် လျှောက်ထားပါ့မယ်”

“ဒီမှာ မစ္စတာ ကာရာမာဇော့၊ နောက်ဆုံးအကြိမ်အဖြစ်နဲ့ ကျုပ် ပြောမယ်၊ ခင်ဗျားကတိကို လေးစားပါ၊ ကြားလား၊ ကိုယ့် နှုတ် နှစ်ပါး စောင့်ထိန်းပါ၊ ဒီလိုမဟုတ်ရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ”

“နေပါဦး၊ ဘယ်လိုဖြစ်လို့ ခင်ဗျားအနေနဲ့ ဒါလောက်ကြီး အလေးအနက် ဖြစ်နေရတာလဲ၊ ခင်ဗျားရဲ့ မကောင်းမှု ဒုစရိုက်တွေအတွက် ဒါလောက်ကြီး ပူပန်နေတာလား၊ ခင်ကြီး ဇော်ဇီမာဟာ လူတယောက်ရဲ့ မျက်လုံးကို မြင်တာနဲ့ သူ့စိတ်ထဲမှာ ဘယ်လို ရှိတယ်ဆိုတာကို သိနိုင်တယ်လို့ ကျုပ် ကြားဖူးတယ်၊ ခင်ဗျားလို တိုးတက်တဲ့ အတွေးအခေါ်တွေရှိတဲ့ ပါရီမြို့သားကြီးတယောက်က ဒါတွေကို ဒါလောက်ပဲ အလေးအနက် ထားနေသလား၊ ကျုပ်တော့ ခင်ဗျားကို တကယ်ပဲ အံ့သြတယ်ဗျာ၊ တကယ်ပါပဲ”

ကာရာမာဇော့က ပြန်လည် ထေ့ငေါ့သည်။ သို့သော် မီယူဆော့အနေနှင့် ကာရာမာဇော့၏ စကားကို ပြန်လည်ချေပချိန် မရရှိတော့ပါ။ သူတို့ကို ကျောင်းသင်္ခမ်းအတွင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်သည်။ သူ ဒေါသဖြစ်ပြီး ဝင်သွားသည်။

“အင်း ... ငါ့ကိုယ်ငါ သိတယ်၊ ငါ ဒေါသဖြစ်နေပြီ၊ ပြဿနာတွေကို ငါ စနေပြီ၊ ငါ့ကိုယ်ငါ ထိန်းမှပဲ” ဟု သူ့စိတ်ထဲတွင် တွေးမိသည်။

၂။ လူပြက်ကြီး

ကျောင်းခန်းအတွင်းသို့ သူတို့ ဝင်ရောက်သွားချိန်မှာပင် ခင်ကြီးဖော်ဇီမာသည်လည်း သူ၏ အိပ်ခန်းတွင်းမှ ထွက်လာသည်။ ကျောင်းခန်းထဲတွင် ခင်ကြီးဖော်ဇီမာကို ဖူးမြော်ရန် စောင့်ဆိုင်းနေသော ဘုန်းကြီးနှစ်ပါး ရှိနေသည်။ သူတို့သည် ဤ တောရကျောင်းမှပင် ဖြစ်သည်။ တပါးမှာ ဖားသားလိုက်ဗရီယင် ဖြစ်ပြီး ကျန်တပါးမှာ ဖားသားပေဆီ ဖြစ်သည်။ ဖားသားပေဆီမှာ အသက်မကြီးလှသေး။ သို့သော် ကျန်းမာရေး မကောင်းမွန်လှချေ။ သူသည် စာတတ်ပုဂ္ဂိုလ်တဦး ဖြစ်သည်ဟု ဆိုကြသည်။ ဘုန်းကြီးနှစ်ပါးအပြင် အခန်းထောင့်၌ ရပ်နေသော လူရွယ်တဦးလည်း ရှိသေးသည်။ (သူသည် ဆွေးနွေးပွဲ တချိန်လုံးပင် ထိုနေရာ၌ ရပ်နေသည်)။ သူသည် အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်ရှိပြီး ဤကျောင်းတိုက်တွင် ကျောင်းသားတဦး ဖြစ်သည်။ အရပ် မြင့်သည်။ အသားအရေ ကောင်းသည်။ မေးရိုးကားသည်။ သေးငယ်စူးရှသော မျက်လုံးများ ရှိသည်။ သူ့မျက်နှာက တည်ကြည် လေးနက်သည်။ သို့သော် မှုန်ကုပ်ခြင်း မရှိချေ။ ကြည်လင်သည်ဟု ဆိုရမည်။ သူသည် ဝင်ရောက်လာသော ဧည့်သည်များနှင့် အဆင့်အတန်း တူညီခြင်း မရှိဘဲ နိမ့်ကျသည့် အခြေအနေတွင် ရှိသော်လည်း သူတို့ကို ဦးညွှတ်၍ အလေးပြုခြင်းကား မရှိချေ။

ခင်ကြီး ဖော်ဇီမာကို ကိုရင်တပါးနှင့် အလျှိုရှာတို့က တွဲခေါ်လာကြသည်။ ဘုန်းကြီး နှစ်ပါးက မတ်တတ်ထရပ်ပြီး ကြမ်းပြင်နှင့် လက်များ ထိသည်အထိ ဦးညွှတ်ကာ ဂါရဝပြုကြသည်။ ထို့နောက် သူတို့သည် ခင်ကြီး ဖော်ဇီမာထံသို့ သွားရောက်ကာ ကောင်းချီးမင်္ဂလာ ပေးသည်ကို ခံယူကြသည်။ ထို့နောက် ဖော်ဇီမာ၏ လက်ကို နမ်းရှုပ်ကြသည်။

ခင်ကြီး ဖော်ဇီမာသည် ဘုန်းကြီးနှစ်ပါးကို ကောင်းချီးမင်္ဂလာပေးပြီးနောက် သူက တဖန် ထိုဘုန်းကြီးများကို ဂါရဝပြုသည်။ ကြမ်းပြင်နှင့် လက်များ ထိသည်အထိ ဦးညွှတ်သည်။ ထို့နောက် သူတို့၏ ကောင်းချီးမင်္ဂလာကို တောင်းခံသည်။

အပြန်အလှန် ဂါရဝပြုပွဲကြီး တခုလုံးကို တည်ကြည်လေးနက်စွာ ပြုမူဆောင်ရွက်ကြသည်။ နေ့စဉ် ပြုလုပ်နေကျ လောကဝတ်မျိုး မဟုတ်ဘဲ တကယ်ပင် လှိုက်လှိုက်လှဲလှဲ ဆောင်ရွက်ကြသည်။

သို့သော် မီယူဆော့အဖို့မူ ဤအပြုအမူများသည် သူတို့ အထင်ကြီးအောင် တမင် ပြုလုပ်ကြခြင်းပင် ဟု ယူဆသည်။ အတူလာကြသူများအနက် သူသည် ရှေ့ဆုံးမှ ရပ်လျက်ရှိသည်။ ယဉ်ကျေးမှုအရ သော်လည်းကောင်း၊ ဤဌာန၏

ထုံးတမ်းဓလေ့ဖြစ်သည့် အားလျော်စွာ လည်းကောင်း သူသည် ခင်ကြီးရဟန်း၏လက်ကို မနမ်းသည့်တိုင် ခင်ကြီးရဟန်းထံသို့ သွားရောက်ပြီး ကောင်းချီးမင်္ဂလာ ခံယူသင့်သည်ဟု ယမန်နေ့ကတည်းကပင် သူ ကြိုတင်ပြီး စဉ်းစားလာခဲ့သည်။ သို့သော် ဘုန်းကြီး နှစ်ပါး၏ ဂါရဝပြု ဦးညွှတ်မှုနှင့် နမ်းရှုပ်မှုများကို မြင်တွေ့ရသောအခါ သူ့စိတ်ကို ပြောင်းလိုက်သည်။

သူသည် တည်ကြည်လေးနက်စွာဖြင့် အထက်လွှာ အသိုင်းအဝိုင်းတွင် ပြုလုပ်နေကျ ပုံစံအတိုင်း ဦးညွှတ်အလေးပြုပြီးနောက် ကုလားထိုင်တလုံးတွင် ဝင်ထိုင်လိုက်သည်။ ကာရာမာဇော့ကလည်း ထိုအတိုင်းပင် ပြုလုပ်သည်။ မျောက်ကြီးတကောင်က မီယူဆော့၏ လှုပ်ရှားမှုကို အတုခိုး လုပ်ဆောင်ပုံမျိုး ဖြစ်သည်။ အိုက်ဗင်လည်း အထူးပင် တည်ကြည် လေးနက်စွာနှင့် ယှဉ်ကျေးစွာ ဦးညွှတ်သည်။ သို့သော် သူ့လက်များကိုကား သူ့ကိုယ်နံဘေးမှာပင် ထားရှိသည်။ ကာဂါနော့မှုကား အထူးပင် ကသိကအောက် ဖြစ်နေဟန်ရှိပြီး ဦးညွှတ်ခြင်းပင် မပြုလုပ်ပါချေ။

ခင်ကြီး ဇော်ဇီမာသည် သူတို့ကို ကောင်းချီးပေးရန် ဆန့်တန်းထားသော လက်ကို ချလိုက်ပြီး သူတို့ကို နောက်တကြိမ် ဦးညွှတ်ကာ ထိုင်ကြရန် ပြောသည်။ အလျို့ရှာ၏ပါးပြင်များ နီရဲလျက် ရှိသည်။ သူ့အနေနှင့် ရှက်လှပါသည်။ သူ စိုးရိမ်ပူပန်ထားသည်များ တကယ် ဖြစ်လာကြချေပြီတည်း။

ခင်ကြီး ဇော်ဇီမာသည် အင်မတန် ရှေးကျသော မဟော်ဂနီ ဆိုဖာကြီးပေါ်တွင် ထိုင်လိုက်ပြီးနောက် ဧည့်သည်လေးယောက်ကိုလည်း မျက်နှာချင်းဆိုင် နံရံတွင် စီတန်းကာ ချထားသော မဟော်ဂနီ ကုလားထိုင်လေးလုံးပေါ်တွင် ထိုင်ရန်ပြောသည်။ ကုလားထိုင်များသည် သားရေဖုံးများ စုတ်ပြဲလျက် ရှိကြသည်။ ဘုန်းကြီးနှစ်ပါးက သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ကြသည်။ တပါးက တံခါးပေါက် အနီးတွင်ဖြစ်ပြီး တပါးက ပြတင်းပေါက် အနီးတွင် ဖြစ်သည်။ ဘာသာရေးကျောင်းသား ကိုရင်ကလေးနှင့် အလျို့ရှာတို့သည် မတ်တတ်ရပ်လျက်ပင် ရှိကြသည်။

ခင်ကြီး ဇော်ဇီမာ၏ ကျောင်းခန်းသည် ကြီးမားကျယ်ဝန်းခြင်းလည်း မရှိချေ။ ခံ့ညားထည်ဝါခြင်း လည်း မရှိပါချေ။ ကျောင်းခန်းအတွင်းရှိ ပရိဘောဂများနှင့် ရှိသမျှ အရာဝတ္ထုများသည်လည်း အကြမ်းထည်နှင့် အညံ့စားများသာ ဖြစ်ကြသည်။ အသုံးမဝင်သော အပိုပစ္စည်း ဟူ၍လည်း ဘာတခုမျှ မရှိပါချေ။ ပြတင်းပေါက် ပေါင်ပေါ်တွင် ပန်းအိုးနှစ်လုံး ရှိသည်။ အခန်းထောင့် တထောင့်တွင် ပုံတော်ကားများ ရှိသည်။ ပုံတော်ကားများထဲတွင် ဂိုဏ်းတော်များ မကွဲမီက ရေးဆွဲခဲ့သော မယ်တော်မာရီ၏ ရောမ ပုံကားချပ်ကြီးလည်း ပါရှိသည်။ မယ်တော်မာရီ၏ ပုံတော် ကားကြီးရှေ့တွင် မီးအိမ်တခု ထွန်းညှိထားသည်။

မီးအိမ်၏ တဖက်တချက်တွင် ထွန်းတောက်သော ပုံတော်ကားနှစ်ခု ရှိသည်။ သည်နောက်တွင်ကား လှပတင့်တယ်စွာ ထွင်းထုထားသော ခေရုဗိန် ကောင်းကင်တမန် ရုပ်တု၊ ကြွေကြက်ဥများ၊ ဆင်စွယ်လက်ဝါးကပ်တိုင်ပုံတော်နှင့် အီတလီ အနုပညာရှင်များ ထွင်းထုသော လက်ရာများကို တွေ့မြင်ရသည်။ သည်နောက်တွင်ကား ဘုရားပွဲ များတွင် ဈေးပေါပေါနှင့် ဝယ်၍ရသော ပြည်တွင်းတွင် ရိုက်နှိပ်သည့် သူတော်စင်နှင့် အာဇာနည် ပုဂ္ဂိုလ်ကြီးတို့၏ ပုံကားချပ်များကို တွေ့ရှိရသည်။ ရုရှားလူမျိုး ခရစ်ယာန် ဂိုဏ်းချုပ်ကြီးများ၏ ပုံတော်ကားများကိုလည်း အခြားနံရံများပေါ်တွင် ဆွဲချိတ်ထားသည်။

မီယူဆော့သည် တောရကျောင်းခန်းအတွင်း ဆင်ယင်ထားသော အစဉ်အလာ မွမ်းမံမှုများကို အပေါ်ယံကြော ကြည့်ရှုလိုက်ပြီးနောက် ခင်ကြီး ဇော်ဇီမာကို အာရုံစူးစိုက်ကာ ကြည့်ရှုလျက်ရှိသည်။ သူသည် လူတယောက်ကို ကြည့်မြင်ရုံနှင့် ထိုသူ၏ အတွင်းသဘောကို နားလည်သိရှိနိုင်သူဟု ကိုယ့်ကိုယ်ကိုယ် မှတ်ယူထားသူ ဖြစ်သည်။ ဤကား ခွင့်လွှတ်နိုင်သော အားနည်းချက် တခုဟုပင် ဆိုရပါမည်။ အကြောင်းမှာ သူသည် အသက် ၅၀ တွင်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ သည်အသက်အရွယ်သို့ ရောက်ရှိလာသော ပညာတတ် ပုဂ္ဂိုလ်များ အားလုံးလောက်သည်ပင် ကိုယ့်အဆုံးအဖြတ်ကိုသာလျှင် အလေးထားတတ်ကြသူများ ဖြစ်ကြသည်။ သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ အဓိကထားကြသူများ ဖြစ်ကြသည်။

သူသည် ခင်ကြီး ဇော်ဇီမာကို မြင်လျှင်မြင်ချင်းပင် မနှစ်သက်ခြင်း ဖြစ်ရတော့သည်။ အမှန်အတိုင်း ပြောရလျှင် ခင်ကြီး၏မျက်နှာကို မီယူဆော့ သာမက တခြားသော လူပေါင်း မြောက်မြားစွာကလည်း ကြိုက်နှစ်သက်ခြင်း မရှိကြပါ။ ခင်ကြီး ဇော်ဇီမာသည် ဥပဓိရုပ် ကောင်းမွန်ခြင်း မရှိပါ။

သူသည် အရပ်ပုရသည့်အထဲတွင် ခါးကလည်း ကုန်းသေးသည်။ ခြေထောက်များမှာလည်း ခွင်ခွင်ချည့်ချည့် ဖြစ်သည်။ ခင်ကြီးသည် သက်တော် ခြောက်ဆယ့်ငါးနှစ်မျှသာ ရှိသေးသော်လည်း နာမကျန်း ဖြစ်နေမှုကြောင့် သူ့ကိုကြည့်ရသည်မှာ ဆယ်နှစ်လောက် ပိုကြီးနေသည်ဟု ထင်ရသည်။ သူ့မျက်နှာမှာ သေးသွယ်လှသည်။ တမျက်နှာလုံး အတွန့်အရေးတွေ ပြည့်နေသည်။ အထူးသဖြင့် မျက်လုံးများ ပတ်ပတ်လည်တွင် ဂယက်လှိုင်းတွေ ထနေသည်။ သူ့မျက်လုံးများကလည်း သေးသေးကလေးတွေ ဖြစ်သည်။ အရောင်လွင်သည်၊ သွက်သည်၊ တောက်လက်နေသော အစက်အပြောက်ကလေးများသဖွယ် ဖြစ်သည်။ သူ့ခေါင်းတွင် ဆံပင်ဟူ၍ နားထင်တဝိုက်တွင် ဆံပင်ဖြူဖြူများ ခပ်ပါးပါးသာ ရှိသည်။ သူ၏ မုတ်ဆိတ်မွေးများမှာလည်း ခပ်နည်းနည်း ခပ်ကျဲကျဲ ခပ်ချွန်ချွန်သာ ရှိသည်။ သူ၏ နှုတ်ခမ်းများကလည်း ပါးလွှာလှသည်။ သူသည် ထို ပါးလျားသော

နှုတ်ခမ်းများဖြင့် မကြာခဏ ဆိုသလို ပြုံးတတ်သည်။ သူ၏နှာခေါင်းကလည်း ငှက်နှုတ်သီးလို တိုပြီး ချွန်နေသည်။

"ကြည့်ရတာတော့ ဝန်တိုမစ္ဆရိယများပြီး ဘယ်လိုမှ သိက္ခာမရှိမယ့် လူစားမျိုးပဲ" ဟု မီယူဆော့ တွေးထင်လိုက်သည်။ ထို့နောက် စဉ်းစားရင်း စဉ်းစားရင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေတော့သည်။

နာရီထိုးသံ ထွက်ပေါ်လာသောအခါ သူတို့ကို စကားစကြရန် စေ့ဆော်ပေးသလို ရှိသွားသည်။ နံရံပေါ်မှ ဈေးပေါပေါ နာရီကလေးက ဆယ့်နှစ်ချက်တိတိ ထိုးလေသည်။

"ချိန်းထားတဲ့ အချိန်ပဲ" ဟု ကာရာမာဇော့က ပြောလိုက်သည်။ "ကျုပ်ရဲ့သား ဒီမီထရီတော့ ရောက်မလာသေးဘူး၊ သူ့အတွက် တပည့်တော် တောင်းပန်ပါတယ် မြင့်မြတ်သော ခင်ကြီးဘုရား၊ (မြင့်မြတ်သော ခင်ကြီးဘုရားဟူသော အသုံးအနှုန်းအတွက် အလျှိုရှာ တုန်လှုပ်သွားသည်)။ တပည့်တော်အနေနဲ့ကတော့ အင်မတန် အချိန်တိကျပါတယ်၊ တမိနစ်တောင် မလွဲစေရဘူး၊ အချိန်တိကျမှုဟာ ဘုရင်မင်းမြတ်တို့ရဲ့ ယဉ်ကျေးမှုလို့ အဆိုရှိတယ် မဟုတ်လား"

"ကျားသားမိုးကြိုး၊ ခင်ဗျားက ဘုရင်မင်းတပါးမှ မဟုတ်ဘဲ"

မီယူဆော့သည် ထွက်ပေါ့ ဆိုကတည်းက သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းမရှိဘဲ လွှတ်ခနဲ ဝင်ပြောလိုက်သည်။

"မှန်ပါတယ် ခင်ဗျား၊ မှန်ပါတယ်။ ကျုပ်ဟာ ဘုရင်တပါး မဟုတ်ပါဘူး၊ ခင်ဗျားအနေနဲ့တော့ နည်းနည်း ထူးဆန်းနေမှာပေါ့ မစ္စတာ မီယူဆော့၊ ဒါကို ကျုပ် သိပါတယ်၊ မှန်ပါတယ်ခင်ဗျား၊ ခင်ဗျားလည်း သိပါတယ်၊ ကျုပ်ဟာ ဘယ်တော့မဆို တလွဲတချော်တွေချည့် ပြောတတ်ပါတယ်၊ ဘုန်းကြီးဘုရား" ကာရာမာဇော့က ရုတ်တရက် စိတ်အား တက်ကြွလာဟန်ဖြင့် အော်လိုက်ပြီး…

"ဘုန်းကြီးရှေ့မှာ လူပြက်ကြီးတယောက် ရောက်နေပါတယ်။ မှန်ပါတယ် ဘုရား၊ တကယ့် လူပြက်ကြီး တယောက်ပါပဲ၊ တပည့်တော်ကို လူပြက်ကြီးတယောက်လို သဘောထားတာပဲ တပည့်တော် ကြိုက်ပါတယ်၊ ဟဲ.. ဟဲ … တပည့်တော်ရဲ့ ပုံမှန်စရိုက်ပဲပေါ့ ။ မပြောရမယ့်နေရာမှာ မဟုတ်တာတွေကို တပည့်တော် ပြောတာဟာ တမင်တကာ ပြောတာပါပဲ၊ လူတွေကို ပျော်စေ ပြက်စေဆိုတဲ့ သဘောပါပဲ၊ အလိုက်အထိုက် ဖြစ်စေတဲ့ သဘောပါပဲ၊ လူတယောက်ဟာ အလိုက်အထိုက် ဖြစ်တတ်ဖို့ အရေးကြီးတယ် မဟုတ်လား။

“ပြောရဦးမယ်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်တုန်းကပေါ့၊ တပည့်တော်ဟာ မြို့ကလေး တမြို့မှာ ရောက်နေခဲ့တယ်၊ အဲဒီမှာ လုပ်ငန်းကိစ္စကလေးတွေ ရှိနေလို့ပဲ၊ အဲဒီမှာရှိတဲ့ ကုန်သည်တွေနဲ့ပေါင်းပြီး ကုမ္ပဏီတခု ထောင်ကြဖို့ပဲ၊ အဲဒီမှာ တပည့်တော်ဟာ ပုလိပ် အင်စပိတ်တော် အစ်ပရာနစ် ဆီကို အရင်သွားကြတယ်။ စီစဉ်စရာ ရှိတာတွေကို သူနဲ့ အရင်စီစဉ်ဖို့ပဲပေါ့။ သူ့ကို ညစာစားပွဲကို ဖိတ်ခေါ်ဖို့ပဲ။ သူက အသားလတ်လတ်၊ အရပ် မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ဝဝ၊ မျက်နှာထား ခပ်မှုန်မှုန် လူတယောက်ပဲ၊ ဒီကိစ္စမျိုးမှာ ဒီလိုလူမျိုးတယောက်ဟာ အင်မတန် ကြောက်စရာ ကောင်းတယ်၊ သူတို့ရဲ့ ပုံစံပဲ။

“တပည့်တော်ကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ သူ့ဆီကို လျှောက်သွားပြီး ပြောတယ် ‘မစ္စတာ အစ်ပရာနစ် ခင်ဗျား၊ ကျွန်တော်တို့ရဲ့ နာပရာနစ် အဖြစ် ဆောင်ရွက် ပေးပါ’ ဒီတော့ သူက ‘နာပရာနစ်ဆိုတာ ဘာလဲ၊ လူကြီးမင်း ဘာပြောတာလဲ’ လို့ ပြန်မေးတယ်။ လျှပ်တပြက်အတွင်းမှာပဲ တပည့်တော်တို့ ကိစ္စတော့ သွားပြီလို့ နားလည်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ခပ်တည်တည်ကြီး လုပ်နေလို့ပဲ။

“ဒီတော့ တပည့်တော်က ပြောရတယ် ‘ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ဟာသနှောပြီး ရယ်စရာသဘော ပြောလိုက်တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာ နာပရာနစ် ဆိုတာ အင်မတန် ထင်ရှားကျော်ကြားတဲ့ ရုရှား တီးဝိုင်းခေါင်းဆောင် တဦး မဟုတ်လား၊ ကျွန်တော်တို့ ကုမ္ပဏီမှာလည်း ညီညာစုစည်းကြဖို့ တီးဝိုင်းခေါင်းဆောင် တယောက် လိုအပ်တယ် မဟုတ်လား။

“တပည့်တော် ရှင်းပြတာ ဘယ်လောက် ကောင်းသလဲ၊ ဘယ်လောက် အကျိုးအကြောင်း ဆီလျော်သလဲ၊ နှိုင်းယှဉ်မှု ဘယ်လောက် ပြောင်မြောက်သလဲ၊ ဒါပေမဲ့ သူက ပြန်ပြောတယ် ‘ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ အစ်ပရာနစ် တယောက်ပါ။ ကျွန်တော့်ရဲ့အလုပ်မှာ ရယ်စရာလုပ်တာမျိုး ကျွန်တော် ခွင့်မပြုနိုင်ပါဘူး’ တဲ့။ အဲဒီလိုပြောပြီး သူ လှည့်ထွက်သွားတော့ တာပဲ။

“အဲဒီတော့ တပည့်တော် သူ့နောက်ကို ပြေးလိုက်သွားပြီး ‘မှန်ပါတယ် ခင်ဗျား၊ လူကြီးမင်းဟာ အစ်ပရာနစ်တယောက် ဖြစ်ပါတယ်။ နာပရာနစ် မဟုတ်ပါဘူး’ လို့ တောင်းပန်ရတယ်။ ဒါပေမဲ့ သူက ဘာပြန်ပြောသလဲ သိလား ‘မဟုတ်ဘူး လူကြီးမင်း၊ လူကြီးမင်းက ကျွန်တော့်ကို နာပရာနစ်လို့ ပြောထားပြီးရင်တော့ ကျွန်တော်ဟာ နာပရာနစ်ပဲ’ တဲ့၊ အရှင်ဘုရား တွေ့တဲ့အတိုင်းပဲ၊ တပည့်တော်တို့ရဲ့ လုပ်ငန်းကြီးဟာ တခါတည်း ပျက်သွားတော့တာပဲ။

“တပည့်တော်ဟာ အမြဲတမ်း အဲဒီအတိုင်းပဲ၊ ကိုယ် အကောင်းပြောတဲ့

စကားက ကိုယ့်ကိုပြန်ပြီး ထိခိုက်စေတာပဲ၊ တခါတုန်းကလည်း ကြာတော့ အတော်ကြာပါပြီ၊ သြဇာ အာဏာရှိတဲ့ ပုဂ္ဂိုလ်ကြီး တယောက်ကို စကားတခွန်း ပြောမိတယ်၊ 'လူကြီးမင်းရဲ့ဇနီးဟာ အင်မတန် ကလိထိုးလို့ကောင်းတဲ့ အမျိုးသမီးကြီး တယောက်ပဲ' လို့၊ တပည့်တော်ပြောတဲ့ သဘောကတော့ ဒီအမျိုးသမီးဟာ အင်မတန် ချီးမွမ်းထိုက်တယ်၊ ကိုယ်ကျင့်တရား ပြည့်ဝတယ်ဆိုတဲ့ သဘောပဲ၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ကြီးက တပည့်တော်ကို ပြန်မေးတယ် 'ခင်ဗျားက သူ့ကို ကလိထိုးဖူးလို့လား' လို့ မေးတယ်။ တပည့်တော်ကလည်း ယဉ်ကျေးတဲ့အနေနဲ့ 'ထိုးဖူးပါတယ် ခင်ဗျား' လို့ ပြောလိုက်တယ်။ အဲဒီမှာ သူက တပည့်တော်ကို ကောင်းကောင်းကြီး ကလိထိုးတော့တာပါပဲ။ နောက်ပြီးတော့... အဲဒီလို ဖြစ်ခဲ့တာ ကြာပါပြီ။ ဒါကြောင့်မို့လို့လည်း အခုလို ပြန်ပြောရတာကို မရှက်တော့ပါဘူး။ အဲဒီတော့ တပည့်တော်ဟာ အဲဒီလို ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ထိခိုက်အောင် လုပ်ခဲ့တဲ့ လူတယောက်ပါပဲ"

"အခုလည်း ခင်ဗျား ဒီလိုပဲ လုပ်နေတာ မဟုတ်လား"

မီယူဆော့က မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။ ခင်ကြီး ဇော်ဇီမာက သူတို့ နှစ်ယောက်စလုံးကို တိတ်ဆိတ်စွာဖြင့် ကြည့်သည်။

'အခုရော ဟုတ်လား၊ ဒီမယ် မစ္စတာ မီယူဆော့၊ ခင်ဗျားစဉ်းစားကြည့်ပါ။ ကျုပ် ဘာလုပ်တယ်ဆိုတာ ကျုပ် သိပါတယ်၊ နောက်ပြီးတော့ ခင်ဗျားက ဒီလိုပြောလိမ့်မယ် ဆိုတာလည်း ကျုပ် သိပါတယ်။ ဘုန်းကြီးဘုရား၊ တပည့်တော်ဟာ ရယ်စရာ ပြက်လုံးတွေ မပြောရဘူးဆိုရင် တပည့်တော်ရဲ့ ပါးစောင်တွေဟာ တင်းပြီး တခါတခါ အကြောဆွဲသလိုတောင် ဖြစ်နေတတ်ပါတယ်။ ဒီဥစ္စာဟာ တပည့်တော် ငယ်ငယ်ကတည်းကပါပဲ၊ တပည့်တော်ဟာ သမနိသက် ရှည်နေပြီဖြစ်တဲ့ ဝါရင့် လူရွှင်တော်ကြီးတယောက်ပဲ။ မွေးရာပါ လူရွှင်တော်ကြီးပဲ၊ တပည့်တော်ဟာ သူတော်စင် လူမိုက်ကြီး ပါပဲ အရှင်ဘုရား၊ တပည့်တော်ရဲ့ ကိုယ်ခန္ဓာမှာလည်း နတ်ဆိုးတကောင် ပူးကပ်နေနိုင်ပါတယ်၊ ဒါပေမဲ့ ဒီနတ်ဆိုးဟာ သေးသေးငယ်ငယ်ကလေးပဲ ဖြစ်ပါလိမ့်မယ်၊ အကောင်ကြီးကြီးတကောင် ဆိုရင်တော့ အခြား ကိုယ်ခန္ဓာ တခုကို ရွေးချယ်ပါလိမ့်မယ်။

"ဒါပေမဲ့ ခင်ဗျားရဲ့ကိုယ်ခန္ဓာလည်း မဖြစ်နိုင်ပါဘူး မစ္စတာ မီယူဆော့၊ ခင်ဗျားရဲ့ကိုယ်ခန္ဓာဟာ နတ်ဆိုးကြီးတကောင် ထိန်းနိုင်လောက်အောင် မကြီးမားပါဘူး"

"ဒါပေမဲ့ တပည့်တော်ရဲ့ကိုယ်ခန္ဓာမှာ နတ်ဆိုးကလေးတကောင် ရှိနေတဲ့တိုင် တပည့်တော်ဟာ ဘုရားသခင်ကို ယုံကြည်ပါတယ် အရှင်ဘုရား။ တပည့်တော်ဟာ စောစောပိုင်းတုန်းကတော့ ယုံမှားသံသယတွေ ရှိခဲ့ပါတယ်။

အခုတော့ တပည့်တော်ဟာ ဒီမှာထိုင်ပြီး တရားစကားတွေကို စောင့်မျှော်နာကြားလျက် ရှိပါတယ် ဘုရား ....။

တပည့်တော်ဟာ ဒဿန ပညာရှင်ကြီး ဒစ်ဒီရော့နဲ့ တူပါတယ် ဘုရား၊ သူဟာ ကေရီ ဘုရင်မကြီး ကက်သရင်း လက်ထက်တော်မှာ ဂိုဏ်းချုပ် ဆရာတော်ကြီး ရှေ့တော်မှောက်ကို သွားပါတယ်။ သူဟာ ရှေ့တော်မှောက်ကို ရောက်ရောက်ချင်း ဘုရားသခင် မရှိဘူး” လို့ ပြောလိုက်ပါတယ်၊ ဒီအခါမှာ ကြီးမြတ်တဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီးက သူ့ကို လက်ညှိုးထိုးပြီး ‘ဘုရားသခင် မရှိဘူးဟု သူရူးက သူ့ရင်ထဲမှ ဆိုချေသည်’ လို့ မြွက်ကြားလိုက်တယ်။

“အဲဒီအခါမှာ ဒဿနပညာရှင်ကြီးဟာ ဂိုဏ်းချုပ်ကြီးရဲ့ခြေတော်ရင်းမှာ ဝပ်စင်းလိုက်ပြီး ‘တပည့်တော် ယုံပါပြီ ဘုရား၊ တပည့်တော် ခရစ်ယာန်ဘာသာသို့ ဝင်ပါမည် ဘုရား’ လို့ လျှောက်ထားတယ်။ အဲဒီတော့မှ သူ့ကို ရေဖျန်းမင်္ဂလာ ဆင်ယင်ပေးကြတယ်။ မင်းသမီးကြီး ဒါရှကော့က သူ့ရဲ့ခေါင်းကိုင်အမိအဖြစ် ခံယူပြီး ပေါ့ယိုကင်က သူ့ရဲ့ခေါင်းကိုင်ဖခင်အဖြစ် ခံယူပါတယ်”

“မစ္စတာ ကာရာမာဇော့၊ ကျုပ် ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး” မီယူဆော့က မည်သို့မျှ သည်းခံနိုင်စွမ်း မရှိတော့ဟန်ဖြင့် ပြောလိုက်သည်။ “ခင်ဗျားဟာ ပေါက်တတ်ကရတွေ လျှောက်ပြောနေတာပဲ၊ ခင်ဗျားပြောတဲ့ ဇာတ်လမ်းဟာ မဟုတ်ဘူး၊ ခင်ဗျားဟာ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် အရူးကြီး တယောက် လုပ်နေရတာလဲ”

“ကျုပ်ကိုယ်ကျုပ် အရူးကြီး လုပ်နေတယ် ဆိုတာကတော့ မမှန်ဘူး” ကာရာမာဇော့ စိတ်အားထက်သန်စွာဖြင့် ပြောသည်။ “ဒါပေမဲ့ အမှန်ကို လူကြီးမင်းများကို ကျုပ် ပြောပြပါ့မယ်၊ ဆရာတော်ဘုရား တပည့်တော်ကို ခွင့်လွှတ်ပါ၊ တပည့်တော် စောစောက ပြောခဲ့တဲ့ ဒစ်ဒီရော့ ဇာတ်လမ်းဟာ တပည့်တော် ခေါင်းထဲကနေ တီထွင်ပြီး ပြောလိုက်တဲ့ ဇာတ်လမ်းပါ၊ ဒီဇာတ်လမ်းက အခုပြောခါနီးမှ စဉ်းစားပြောလိုက်တဲ့ ဇာတ်လမ်းပါ။ အရင်က လုံးဝ စဉ်းစားမထားခဲ့ပါဘူး၊ ပျော်စေပြက်စေ ဆိုတဲ့ သဘောနဲ့ တီထွင်လိုက်တာပါပဲ။

“ဒီမယ် မီယူဆော့၊ ကျုပ်ကိုယ်ကျုပ် အရူးကြီးတယောက် ဖြစ်အောင် လုပ်နေတာဟာ လူတွေက ကျုပ်ကို ချစ်အောင်လို့ပါပဲ၊ တခါတခါတော့လည်း ကျုပ်ဟာ ဘာပြုလို့ အခုလိုမျိုး လုပ်နေမိတယ် ဆိုတာကို ကျုပ် မသိဘူး။ ဒစ်ဒီရော့ ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ‘သူရူးက သူ့ရင်ထဲမှ ဆိုချေသည်’ ဆိုတဲ့ စကားကို ကျုပ်ငယ်ငယ်တုန်းက လူကြီးတွေပြောတာကို အကြိမ်နှစ်ဆယ်မက ကြားခဲ့ဖူးတယ်။ အမှန်အတိုင်း ပြောရရင် ခင်ဗျားရဲ့အဒေါ်က ပြောတာကိုလည်း ကျုပ် ကြားခဲ့ဖူးတယ်။ မစ္စတာ မီယူဆော့၊ ဘာသာတရား မရှိတဲ့ ဒစ်ဒီရော့ဟာ

ဘုရားသခင်နဲ့ ပတ်သက်ပြီး ငြင်းခုံရအောင် ဂိုဏ်းချုပ်ကြီးဆီ သွားတဲ့အကြောင်းကို ဒီနေ့အထိ လူတွေက ယုံနေကြတယ်…”

မီယူဆော့ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ သူသည် စိတ်တိုနေရုံမျှမက သူ့ဘာသူ ဘာလုပ်နေသည် ကိုပင် မသိရှိတော့ဟန် ဖြစ်သည်။ သူ ဒေါသဖြစ်နေသည်။ သူ ဒေါသဖြစ်နေသည်က သူများတွေအဖို့ ရယ်စရာကြီး ဖြစ်နေသည်ဟု ထင်မိသည်။

တောရကျောင်းခန်းအတွင်း၌ ယခု ကြုံတွေ့နေရသည့် အဖြစ်အပျက်မှာ မယုံကြည်နိုင်လောက်စရာ ပင် ဖြစ်သည်။ ယခင် ခင်ကြီး ဆရာတော်များလက်ထက် လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော် ငါးဆယ်အတွင်းက ဤကျောင်းခန်းအတွင်းသို့ လာရောက်ခဲ့ကြသော ဧည့်သည်များအားလုံးသည် အထူးပင် ရိုသေကိုင်းရှိုင်းစွာဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

ဤကျောင်းခန်းအတွင်းသို့ ဝင်ရောက်ခွင့် ရရှိခြင်းသည် သူ့အတွက် အခွင့်ထူးတခု ရရှိခြင်းပင် ဖြစ်သည်ဟု အားလုံးကပင် နားလည်ခံယူခဲ့ကြသည်။ လူတော်တော်များများသည် တချိန်လုံး လောက်ပင် ဒူးထောက်ပြီး နေကြသည်။ အထက်လွှာမှ ပုဂ္ဂိုလ်များ၊ အသိပညာရှင်ကြီးများ၊ လေ့လာစူးစမ်းလိုစိတ်ဖြင့် ရောက်ရှိလာကြသည့် လွတ်လပ်သော အတွေးအခေါ်ရှင်များပင်လျှင် ဤကျောင်းခန်းအတွင်းသို့ လူအများနှင့် အတူဖြစ်စေ၊ တဦးချင်းဖြစ်စေ ရောက်ရှိလာသည့်အခိုက် ရိုသေလေးမြတ်မှုကို ပြုကြသည်။ အကြောင်းမှာ ဤနေရာတွင် ငွေပြဿနာ မရှိပါ၊ မေတ္တာနှင့် ကရုဏာသာ ရှိပါသည်။

သို့ဖြစ်သောကြောင့် ကာရာမာဇော့၏ အရိုအသေ ကင်းမဲ့သော အပြုအမူများသည် အခန်းတွင်းရှိ လူအားလုံး သို့မဟုတ် လူအချို့ကို အထူးပင် အံ့သြချောက်ချားစေပါသည်။ ဘုန်းကြီး နှစ်ပါးသည် မျက်နှာအမူအရာပျက်ခြင်း မရှိသော်လည်း ခင်ကြီး ဇော်ဇီမာက မည်သို့ တုံ့ပြန်ပြောဆိုမည်နည်းဟု စိတ်ထက်သန်စွာဖြင့် စောင့်စားလျက်ရှိကြသည်။ သူတို့သည် မီယူဆော့လိုပင် မတ်တတ်ထရပ်ကြ တော့မလို ရှိနေကြသည်။

အလျှိုရှာကား ငိုတော့မလို ရှိနေသည်။ ခေါင်းကိုငုံ့ပြီး ရပ်နေသည်။ သူ့အနေနှင့် ထူးဆန်းနေသည်မှာ သူ့အစ်ကို အိုက်ဗင်ပင် ဖြစ်သည်။ အိုက်ဗင် တယောက်တည်းကိုသာ သူ အားကိုးထားသည်။ သူ၏ဖခင်အပေါ်တွင် တစုံတရာ ပြောဆိုနိုင်သူဟူ၍ အိုင်ဗင်တယောက်ပဲ ရှိသည်။ ဖခင်ဖြစ်သူကို သူ တားဆီးနိုင်သည်။ သို့သော် အိုက်ဗင်သည် သူ့ကုလားထိုင်၌ မလှုပ်မယှက်ကြီး ထိုင်နေသည်။ သူ့မျက်လုံးများကို အောက်သို့ စိုက်ထားသည်။ သည်ကိစ္စ မည်သို့ အဆုံးသတ်သွားမည်ကို စိတ်ဝင်စားစွာ စောင့်မျှော်နေဟန်ဖြင့် ဖြစ်သည်။

အလျှိုရှာသည် ဘာသာရေးကျောင်းသား ရာကီတင်ကိုလည်း မကြည့်ရဲရှိသည်။ ရာကီတင်သည် သူနှင့် အင်မတန် ရင်းနှီးသော မိတ်ဆွေတဦး ဖြစ်သည်။ ဤကျောင်းတိုက်တွင် ရာကီတင်၏ အတွေးအခေါ်များကို သိရှိသူဟူ၍ သူတယောက်တည်းသာရှိသည်။

"အခုလို ရှက်စရာကောင်းတဲ့ လူရှုးလူမိုက်တယောက်နဲ့ အတူပါလာတဲ့အတွက် တပည့်တော် တောင်းပန်ပါတယ် ဘုရား" နောက်ဆုံးတွင် မီယူဆော့က ခင်ကြီး ဇော်ဇီမာကို လျှောက်ထားလိုက် သည်။ "အင်မတန် ထူးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးတယောက်နဲ့ တွေ့ဆုံတဲ့အခါမျိုးမှာတော့ မစ္စတာ ကာရာမာဇော့ဟာ ယဉ်ကျေးလိမ္မာမှု ရှိလိမ့်မယ်လို့ တပည့်တော် ထင်ခဲ့မိတာ တပည့်တော်ရဲ့ အမှားပါပဲ ဘုရား၊ သူနဲ့အတူ လာမိတဲ့အတွက် သက်သက်သာ တပည့်တော် တောင်းပန်ရမှာ မဟုတ်ပါဘူး…"

မီယူဆော့က စကားကို ဆုံးအောင် ဆက်မပြောဘဲ ရပ်လိုက်သည်။ သူသည် ကသိကအောက်ဖြင့် အခန်းထဲမှ ထွက်သွားတော့မည်ရှိစဉ် …

"ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်ဖို့ လူကြီးမင်းကို ကျွန်ုပ် မေတ္တာရပ်ပါတယ်" ခင်ကြီး ဇော်ဇီမာက မတ်တတ်ထရပ်ရင်း ပြောလိုက်သည်။ ထို့နောက် မီယူဆော့ကို သူ၏ လက်နှစ်ဖက်ဖြင့် ကိုင်ပြီး ကုလားထိုင်တွင် ပြန်ထိုင်စေသည်။ "ဘယ်လိုမှ စိတ်မရှိပါနဲ့၊ ကျွန်ုပ် မေတ္တာရပ်ပါတယ်၊ လူကြီးမင်းကို ကျွန်ုပ်ရဲ့ဧည့်သည်အဖြစ် အထူးတလည် ဖိတ်မန္တက ပြုပါတယ်"

ထို့နောက် ခင်ကြီးဇော်ဇီမာသည် ဦးခေါင်းကို ညွတ်လိုက်ပြီးနောက် သူ၏ဆိုဖာတွင် ပြန်ထိုင်သည်။

"ခင်ကြီးဘုရား … အရှင်ဘုရားကို တပည့်တော် အပြုအမူတွေက စော်ကားရာများ ရောက်ပါသလား၊ အမိန့်ရှိတော်မူပါဘုရား"

ကာရာမာဇော့က ရုတ်တရက် ပြောလိုက်သည်။ သူ့လက်နှစ်ဖက်က ကုလားထိုင် လက်တန်းများကို ဆုပ်ကိုင်ထားသည်။ တဖက်မှ အဖြေက သူ့ကို ထိခိုက်ပါက ခုန်ထတော့မည့် အနေအထားမျိုး ဖြစ်သည်။

"လူကြီးမင်းကိုလည်း စိတ်အနှောင့်အယှက် မဖြစ်ဖို့ ကျွန်ုပ် မေတ္တာရပ်ပါတယ်၊ ဘယ်လိုမှ စိတ်ထဲမှာ မထားပါနဲ့၊ ဘယ်လိုမှ စနိုးစနောင့် မဖြစ်ပါနဲ့၊ ကိုယ့်အိမ်မှာလိုပဲ သဘောထားပါ၊ အရေးအကြီးဆုံး ကတော့ သင့်အတွက် သင် မရှက်ပါနဲ့၊ အဲဒါဟာ အားလုံးရဲ့ အခြေခံ ဇာစ်မြစ်ပါပဲ"

ခင်ကြီး ဇော်ဇီမာက လေးနက်တည်ကြည်စွာ မိန့်ကြားသည်။

"ကိုယ့်အိမ်မှာလိုပဲ သဘောထားပါ ဟုတ်လား၊ အရှင်ဘုရား အမိန့်ရှိတဲ့သဘောက တပည့်တော်ရဲ့ ပုံမှန်သဘာဝအတိုင်း နေဖို့ ပြောတာလား၊ အိုး... အဲဒါကတော့ များလွန်းတယ်၊ သိပ်ကို များလွန်းတယ်။ ဒါပေမဲ့ တပည့်တော် ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပါတယ်။ တခုတော့ ရှိတယ်။ တပည့်တော်ရဲ့ ပုံမှန် သဘာဝအတိုင်း ပြောရရင် တပည့်တော်ရဲ့ ပုံမှန်သဘာဝကို ရောက်အောင် တပည့်တော် မသွားပါဘူး၊ တပည့်တော် ကတိပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရှင်ဘုရား စိတ်မချမ်းမသာ မဖြစ်ရအောင်လို့ပါပဲ၊ နောက်ထပ် ပြောရမယ် ဆိုရင်တော့ လူတွေဟာ တပည့်တော် အကြောင်း မဟုတ်တာတွေပဲ ပြောချင်နေကြပါတယ်၊ ဥပမာ ခင်ဗျားလိုလူတွေပဲပေါ့ မစ္စတာ မီယူဆော့၊ အရှင်ဘုရားနဲ့ ပတ်သက်လို့ လျှောက်ထားရဦးမယ် ဆိုရင်တော့ တပည့်တော်မှာ အလွန့်အလွန်မှ ပီတိသောမနဿ ဖြစ်ရပါတယ် ဘုရား"

သူ မတ်တတ်ထရပ်သည်။ ထို့နောက် လက်နှစ်ဖက်ကို မြှောက်လိုက်ပြီးနောက်... "သားအိမ်သည် သင့်အား သန္ဓေဆောင်၍ သားမြတ်ခေါင်းသည် သင့်အား နို့ချိုကို ပေးလေသည်တဲ့၊ အဲဒီတော့ သားမြတ်ခေါင်းက အဓိကပဲ။ သင့်အတွက် သင်မရှက်ပါနဲ့၊ အဲဒါဟာ အားလုံးရဲ့ အခြေခံဓာတ်မြစ်ပဲလို့ အရှင်ဘုရား မြွက်ကြားခဲ့တယ်။ အဲဒီစကားကိုလည်း အရှင်ဘုရား ပြောလိုက်တာဟာလည်း တပည့်တော်ရဲ့ ကိုယ်တွင်းကို ဖောက်ထွင်းပြီး မြင်လိုက်တာပါပဲ၊ တပည့်တော်ဟာ လူတွေနဲ့ တွေ့တဲ့အခါတိုင်း ငါဟာ သူတို့ထက် နိမ့်ကျတယ်၊ သူတို့တွေက ငါ့ကို အရူးအပေါကြီးလို့ပဲ ထင်နေကြတယ်လို့ စိတ်ထဲမှာ ခံစားမိပါတယ်။

"အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပြောမိပါတယ်။ ကောင်းပြီ၊ ကျုပ် အရူးအပေါကြီးပဲ ဖြစ်ပါတယ်၊ ခင်ဗျားတို့ပြောတာကို ကျုပ် မမှုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ ခင်ဗျားတို့အားလုံးဟာ ကျုပ်ထက်ပိုပြီး နိမ့်ကျကြလို့ပဲ၊ အဲဒါကြောင့်လည်း တပည့်တော်ဟာ လူပြက်ကြီးတယောက် ဖြစ်နေတာပါပဲ အရှင်ဘုရား၊ တပည့်တော်ဟာ ရှက်တဲ့အတွက် လူပြက်ကြီး ဖြစ်နေရတာပါပဲ၊ တပည့်တော်ဟာ ပြင်ပ တိုက်ခိုက်မှုဒဏ်ကို မခံနိုင်လို့ အခုလို လူကြမ်း လူရမ်းကြီး ဖြစ်နေရတာပါပဲ။

"တကယ်လို့သာ လူတွေဟာ တပည့်တော်ကို အင်မတန် သနားကြင်နာတတ်တဲ့ လူတယောက် အဖြစ်၊ အင်မတန် ဉာဏ်အမြော်အမြင် ကြီးမားတဲ့ လူတယောက်အဖြစ်နဲ့ လက်ခံ ဆက်ဆံကြမယ် ဆိုရင် တပည့်တော်ဟာ လူကောင်းကြီးတယောက် ဖြစ်နေမှာ အမှန်ပါပဲ အရှင်ဘုရား..."

ထို့နောက် သူသည် ရုတ်ခြည်း ဒူးထောက်ချလိုက်ပြီး...

"ထာဝရ တည်ရှိသော ဘဝကိုရအောင် တပည့်တော် ဘယ်လိုလုပ်ရပါ့မလဲ ဘုရား" ယခုအခါတွင် သူသည် ပျော်စေပြက်စေ ပြောနေသည်လား၊ သို့မဟုတ် အတည်ပေါက် အလေးအနက် ပြောနေသည် လား ဆိုသည်ကို ခွဲခြားရန် ခက်ပါသည်။ ခင်ကြီး ဇော်ဇီမာသည် ကာရာမာဇော့ကို မျက်ခွံပင့်ကြည့်လိုက်ပြီးနောက် အပြုံးဖြင့် ပြောသည်။

"သင် ဘာလုပ်ရမည်ဆိုသည်ကို သင်သိနေသည်မှာ ကြာချေပြီ။ အရက်သေရည် မသောက်စားပါနှင့်၊ အကျိုးမရှိတဲ့ စကားတွေကို မပြောပါနှင့်၊ ကာမဂုဏ် မလိုက်စားပါနှင့်၊ ငွေကြေးဥစ္စာကို မခုံမင် မမက်မောပါနှင့်၊ သင်ပိုင်ဆိုင်ဖွင့်လှစ်ထားသော ပျော်ပွဲစားရုံများကို ပိတ်ပစ်ပါ။ အားလုံးကို မပိတ်နိုင်လျှင်လည်း အနည်းဆုံး နှစ်ရုံ သုံးရုံကို ပိတ်ပါ၊ အရေးအကြီးဆုံးကတော့ မုသားစကား မပြောပါနှင့်"

"ဒစ်ဒီရော့အကြောင်း ပြောတာကို ဆိုလိုတာလား ဘုရား"

"ဒစ်ဒီရော့အကြောင်း တခုတည်း မဟုတ်ပါဘူး၊ အရေးအကြီးဆုံးကတော့ သင့်ကိုယ်သင် မလိမ်မညာဖို့ပဲ၊ လူတယောက်ဟာ သူ့ကိုယ်သူ ညာနေပြီဆိုရင် ကိုယ်ပြောတဲ့ မုသားစကားကို ကိုယ့်ဘာကိုယ် နားထောင်နေပြီဆိုရင် အဲဒီလူဟာ သူ့ကိုယ်သူလည်း အမှားအမှန် မခွဲခြားနိုင်တော့ ဘူး၊ သူ့ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့လည်း အမှားအမှန် မခွဲခြားနိုင်တော့ဘူး၊ အဲဒီအခါမှာ သူဟာ သူ့ကိုယ်သူလည်း လေးစားရမှန်း မသိတော့ဘူး၊ သူများတွေကိုလည်း လေးစားရမှန်း မသိတော့ဘူး။

"လူတယောက်ဟာ လေးစားရမှန်း မသိတော့ဘူးဆိုရင် သူ့မှာ မေတ္တာတရား ဆိုတာလည်း ကုန်ခန်းသွားပြီ၊ သူ့မှာ မေတ္တာတရား မရှိတော့ဘူးဆိုတာနဲ့ တပြိုင်နက် သူဟာ တဏှာပေမရဲ့ ကျေးကျွန်ဖြစ်ပြီး မကောင်းမှု ဒုစရိုက်တွေမှာပဲ နစ်မွန်းရတော့မယ်။ ဒီလိုဖြစ်ရခြင်းရဲ့ အရင်းအမြစ်ဟာ လူတွေကို လိမ်ညာခြင်းနဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာခြင်းရဲ့ ရလဒ်ပဲ။

"ကိုယ့်ကိုယ်ကိုယ် လိမ်ညာတတ်တဲ့ လူတယောက်ဟာ သူများတွေထက် ပိုပြီး အစော်ကားခံရတတ် တယ်၊ တခါတခါမှာ ဒီလို အစော်ကားခံရတာကိုပဲ အများကြီး ကျေနပ်နေတတ်တယ်၊ ဘယ်သူကမှ သူ့ကို မစော်ကားဘူးဆိုရင် သူ့ကိုယ်သူ အစော်ကား ခံရအောင် လုပ်ကြံတတ်တယ်၊ မဟုတ်တာတွေ ကို သူ လိမ်ပြောမယ်၊ ပုံကြီးချဲ့ပြီးပြောမယ်၊ အဲဒီအခါမှာ သူဟာ အစော်ကားခံရမယ်၊ အဲဒါကို သူ သိပ်ပြီး သဘောကျနေမယ်၊ အဲဒီကနေပြီး တကယ့်ရန်ငြိုးရန်ဘက် ဖြစ်လာမယ်... တဆိတ် ကျေးဇူးပြုပြီး မတ်တတ်ထပါ၊ ကုလားထိုင်မှာ ထိုင်ပါ၊ ကျုပ် မေတ္တာရပ်ပါတယ်၊ အခုလို လုပ်နေတာကိုက လိမ်ညာ လှည့်ဖြားတတ်တဲ့

သဘောပဲ”

“အံ့ဖွယ်တကား၊ အရှင်ဘုရားရဲ့လက်ကို တပည့်တော် နမ်းပါရစေ”

ခင်ကြီး ဇော်ဇီမာထံသို့ ကာရာမာဇော့ ပြေးသွားပြီး သေးသွယ်သောလက်ကို လျင်မြန်စွာ နမ်းရှုပ်သည်။

“မှန်ပါပေတယ်၊ ဟုတ်ပါပေတယ်။ အစော်ကားခံရတာဟာ အင်မတန် ကျေနပ်စရာ ကောင်းတာပဲ၊ အရှင်ဘုရားပြောတာ သိပ်မှန်တယ်၊ တပည့်တော် အရင်က ဒါကို မသိခဲ့ဘူး၊ တပည့်တော်ရဲ့ ဘဝတလျှောက်လုံးမှာ တပည့်တော်ရဲ့ကျေနပ်နှစ်သက်မှုအတွက် စော်ကားမှုကို ခံခဲ့တယ်။ တခါတခါမှာ အစော်ကားခံရတာဟာ ကျေနပ်အားရစရာ ကောင်းရုံတင် မဟုတ်ဘူး၊ အင်မတန်မှ လည်း လှပတယ်၊ အဲဒါကို အရှင်ဘုရား ထည့်ပြောဖို့ မေ့သွားတယ်။ တကယ်ပဲ လှပတယ်၊ ဒါကို တပည့်တော် မှတ်ထားတယ်။

“တပည့်တော်ဟာ လိမ်ညာခဲ့တယ်။ တပည့်တော်ရဲ့ ဘဝတလျှောက်လုံးမှာ လိမ်ညာခဲ့တာ နေ့စဉ်နေ့တိုင်း ဆိုသလိုပဲ၊ နာရီတိုင်း အချိန်တိုင်း ဆိုသလိုပဲ၊ တပည့်တော်ဟာ မုသားပဲ၊ မုသားများရဲ့ဖခင်ပဲ။ မဟုတ်သေးဘူး၊ တပည့်တော်ပြောတာ မှားသွားတယ်၊ တပည့်တော်ဟာ မုသားများရဲ့သားပဲ၊ အဲဒါဆိုရင် ဟုတ်တယ်။

တခါတခါမှာ လူတယောက်ဟာ ဒစ်ဒီရော့အကြောင်း မဟုတ်တာတွေ ပြောရမယ်။ မပြောရဘူးလား၊ ဒစ်ဒီရော့အကြောင်း ပြောတာဟာ ဘယ်သူ့ကိုမှ မထိခိုက်ဘူး၊ အခြား အကြောင်းအရာဆိုရင် ထိခိုက်နိုင်ပါတယ်၊ ဪ.... ဒါနဲ့ အရှင်ဘုရား စကားမစပ် တခုပြောပါရစေ၊ တပည့်တော် စောစောက မေ့နေလို့ပါ၊ တပည့်တော်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဒီကိုလာဖို့ အကြောင်းတခု ရှိခဲ့ပါတယ်၊ တပည့်တော် မသိတာ တခုကို မေးစရာရှိလို့ပါပဲ။ ကျေးဇူးပြုပြီး တပည့်တော်ရဲ့စကားကို မစ္စတာ မီယူဆော့ ကြားဖြတ်ပြီး မပြောပါစေနဲ့။

“ဒီလိုပါ ဘုရား၊ တပည့်တော် မေးချင်တဲ့ မေးခွန်းက ဒီလိုပါ ဘုရား၊ သူတော်စင်များ ထေရုပ္ပတ္တိမှာ မြင့်မြတ်တဲ့ သူတော်စင်ကြီး တပါးဟာ သူ့ရဲ့ယုံကြည်မှုအတွက် အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းခြင်း ခံရတယ်၊ နောက်ဆုံးမှာ သူ့ရဲ့လည်ပင်းကို ဖြတ်ပစ်လိုက်ကြတယ်။ အဲဒီအခါမှာ သူတော်စင်ကြီးဟာ မတ်တတ်ထပြီး သူ့ရဲ့ခေါင်းပြတ်ကြီးကို ကောက်ယူပြီး မြတ်နိုး နမ်းရှုပ်တယ်။ နောက်ပြီးတော့ အဲဒီခေါင်းပြတ်ကြီးကို ပိုက်ပြီး လျှောက်သွားတယ်၊ အဲဒါ မှန်ပါသလား အရှင်ဘုရား”

“မမှန်ပါဘူး” ခင်ကြီး ဇော်ဇီမာက ပြောသည်။

"သူတော်စင်များရဲ့ထေရုပ္ပတ္တိထဲမှာ ဒီလိုဇာတ်လမ်းမျိုး မရှိပါဘူး၊ လူကြီးမင်းပြောတာ ဘယ်သူတော်စင်ရဲ့ ထေရုပ္ပတ္တိလဲ"

ဘုန်းကြီး လိုက်ဗရီယင်က မေးသည်။

"ဘယ် သူတော်စင် အကြောင်းမှန်းတော့ တပည့်တော် မသိပါဘူး၊ နည်းနည်းကလေးမှ မသိပါဘူး၊ တပည့်တော် အလိမ်ခံရတာပါပဲ၊ တပည့်တော်ကို သူများကပြောတာ တပည့်တော် ကြားရတာပဲ။ ဒါပေမဲ့ ဒီဇာတ်လမ်းကို ဘယ်သူပြောသလဲဆိုတာ အရှင်ဘုရား သိသလား ... ဒစ်ဒီရော့ ကိစ္စနဲ့ ပတ်သက်ပြီး ဒေါပွနေတဲ့ မစ္စတာ မီယူဆော့ပဲ၊ ဒီဇာတ်လမ်း ကို သူပြောတာပဲ"

"ခင်ဗျားကို ကျုပ်ပြောတာ မဟုတ်ဘူး၊ ခင်ဗျားကို ကျုပ် ဘာမှ မပြောဘူး"

"ကျုပ်ကို ခင်ဗျား မပြောဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ ဒီအကြောင်းကို ကျုပ်ရှိတဲ့ နေရာ တနေရာမှာ ခင်ဗျား ပြောတယ်၊ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းကပဲ၊ ဒီအကြောင်းကို ကျုပ် ဘာဖြစ်လို့ ပြောရသလဲဆိုတော့ ခင်ဗျားဟာ မဟုတ်တဲ့ ဇာတ်လမ်းကိုပြောပြီး ကျုပ်ရဲ့ယုံကြည်မှုကို ပျက်ပြားစေလို့ပဲ၊ ခင်ဗျားကတော့ ဘာမှ မသိဘူး၊ ကျုပ်မှာတော့ ယုံကြည်ချက်တွေ ယိမ်းယိုင်ပြီး အိမ်ပြန်သွားရတယ်၊ အဲဒီအချိန်ကစပြီး ကျုပ်ရဲ့ယုံကြည်ချက်ဟာ တစတစ ပိုပြီး ယိမ်းယိုင်ရတော့ တာပဲ၊ အမှန်ပါပဲဗျာ။ ခင်ဗျားဟာ ကျုပ်ကို ပျက်စီးဆုံးရှုံးအောင် လုပ်တဲ့ လူတယောက်ပဲ၊ ဒစ်ဒီရော့ မဟုတ်ပါဘူး"

ကာရာမာဇော့သည် အထူးပင် စိတ်လှုပ်ရှား တက်ကြွနေဟန်ရှိသည်။ သို့သော် သူ့အနေနှင့် အမူအရာ လုပ်နေသည် ဖြစ်ကြောင်းကို လူတိုင်းကပင် တွေ့မြင်သိရှိသည်။ သို့သော် မီယူဆော့ကမူ မခံမရပ်နိုင် ဖြစ်ကာ အဓိပ္ပာယ်မရှိဘူး၊ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ကျုပ်အနေနဲ့ အဲဒီအကြောင်းမျိုး တချိန်ချိန်မှာ တနေရာရာမှာ ပြောဖူးကောင်း ပြောဖူးလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားကို ပြောတာတော့ မဟုတ်ဘူး၊ ကျုပ်ဘာကျုပ် ပြောတာပဲ၊ ဒီအကြောင်းကို ကျုပ် ပါရီမှာကတည်းက ပြင်သစ်တယောက်ဆီက ကြားခဲ့တာပဲ၊ ဒီအကြောင်းကို ကျုပ်တို့နိုင်ငံက ဘုရားရှိခိုးကျောင်းတွေမှာ ဝတ်ပြုပွဲတွေမှာ ဆက်ပြီး ကြားရတယ်လို့ သူက ပြောတယ်။ သူက အသိပညာရှင်ကြီး တယောက်ပဲ၊ ရုရှားနိုင်ငံ လူမှုရေး စာရင်းဇယားတွေကို အထူးလေ့လာနေတဲ့ လူတယောက်ပဲ၊ ရုရှားနိုင်ငံမှာ သူ အကြာကြီး နေခဲ့တယ်၊ သူတော်စင်တွေရဲ့ထေရုပ္ပတ္တိကို ကျုပ်ကိုယ်တိုင် မဖတ်ဖူးဘူး၊ အဲ အဲ.. ဘယ်တော့မှလည်း ဖတ်မှာ မဟုတ်ဘူး၊ ဒီအကြောင်းတွေ အားလုံးကို ထမင်းစားပွဲမှာ ပြောကြတာ၊ အဲဒီအချိန်တုန်းက ကျုပ်ကို ညစာစား...."

"ခင်ဗျားတို့ကတော့ ညစာ စားကြတာပဲ၊ ကျုပ်မှာတော့ ယုံကြည်မှု

ဆုံးရှုံးရတယ်” ကာရာမာဇော့က နှုတ်တုံ့ပြန်လိုက်သည်။

“ခင်ဗျား ယုံကြည်မှုကို ကျုပ်က ဘာဂရုစိုက်ရမှာလဲ” မီယူဆော့ ဟစ်အော်လိုက်သည်။ သို့သော် သူ့ကိုယ်သူ ချက်ချင်း ပြန်ထိန်းသည်။ ထို့နောက် မနှစ်မြို့သော အမူအရာဖြင့် ကာရာမာဇော့ကို ပြောသည်။ “ခင်ဗျားဟာ ခင်ဗျားနဲ့ ထိတွေ့သမျှတွေ အားလုံးကို သန စေတဲ့ လူတယောက်ပဲ”

ခင်ကြီး ဇော်ဇီမာ ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။

“လူကြီးမင်းများ... ကျေးဇူးပြုပြီး ကျုပ်ကို ခဏကလေး ခွင့်ပြုပါ၊ ကျွန်ုပ်ကို တွေ့ချင်လို့ စောင့်နေတဲ့လူတွေ ရှိပါသေးတယ်၊ သူတို့ဟာ လူကြီးမင်းတို့အရင် ရောက်နေကြတာ ဖြစ်ပါတယ်” ထို့နောက် ခင်ကြီးသည် ကာရာမာဇော့ဘက်သို့လှည့်လျက် “လူကြီးမင်းကလည်း မုသားစကားတွေ မဆိုပါနဲ့တော့ဗျာ” ဟု ရယ်ကာမောကာ ပြောဆိုသည်။

ခင်ကြီး ဇော်ဇီမာ တံခါးဆီသို့ လျှောက်သွားသည်။ အလျှိုရှာနှင့် ကိုရင်လေးတို့သည် ခင်ကြီးကို လှေကားမှ တွဲဆင်းပေးရန် ပြေးသွားကြသည်။ အလျှိုရှာမှာ အသက်မရှူနိုင်ရှိသည်။ သို့သော် သူသည် သည်အခန်းထဲမှ ထွက်ခွာသွားရသဖြင့် ဝမ်းသာနေသည်။ ထို့အပြင် ခင်ကြီး ဇော်ဇီမာသည် စိတ်အနှောင့်အယှက် မဖြစ်ဘဲ ကြည်ကြည်လင်လင် ရှိနေသဖြင့် ပိုပြီး ဝမ်းသာနေသည်။ ခင်ကြီးသည် သူ့အား စောင့်ဆိုင်းနေသူများကိုကောင်းချီးပေးရန် စင်္ကြံဇရပ်ဆီသို့ လျှောက်သွားသည်။ သို့သော် ကာရာမာဇော့က သူ့ကို ကျောင်းခန်း တံခါးဝတွင် တားဆီးကာ...

“မြင့်မြတ်တဲ့ အရှင်ဘုရား၊ အရှင်ဘုရားရဲ့လက်ကို တပည့်တော် နောက်တကြိမ် နမ်းပါရစေဦး၊ အရှင်ဘုရားနဲ့ တပည့်တော် စကားပြောနိုင်ပါတယ်၊ အရှင်ဘုရားနဲ့ တပည့်တော် တွေ့ဆုံနိုင်ပါတယ်၊ တပည့်တော်ဟာ အမြဲတမ်းပဲ မုသားစကားတွေ ပြောနေပြီး အခုလို မကိုးမကားတွေ လုပ်နေတယ် လို့ အရှင်ဘုရား ထင်ပါသလား၊ အမှန်တော့ တပည့်တော်ဟာ အရှင်ဘုရားကို လေ့လာတဲ့အနေနဲ့ ဒါတွေကို တမင်လုပ်နေတာပါ ဘုရား၊ အရှင်ဘုရားနဲ့ တပည့်တော် သဟာဇာတ ဖြစ်နိုင် မဖြစ်နိုင်ကို စမ်းသပ်နေတာပါဘုရား၊ အဲဒါကြောင့် တပည့်တော် ပြောနိုင်ပါပြီ။ အရှင်ဘုရားဟာ မည်သူနဲ့မဆို သဟာဇာတ ဖြစ်နိုင်ပါတယ်၊ အဲဒါကြောင့် အခုအချိန်ကစပြီး တပည့်တော် ငြိမ်သက်တိတ်ဆိတ်စွာ နေပါတော့မယ်၊ ဘာစကားတခွန်းမျှ တပည့်တော် မပြောတော့ပါဘူး၊ တပည့်တော်ရဲ့ကုလားထိုင်မှာ ထိုင်ပြီး ငြိမ်းချမ်းစွာ နေပါ့မယ်၊ အခုအချိန်ကစပြီး စကားပြောရမယ့် လူကတော့ ခင်ဗျားပဲ မစ္စတာ မီယူဆော့၊ ဒီမှာကျန်ရစ်ခဲ့တဲ့ လူတွေထဲမှာတော့ ခင်ဗျားဟာ အရေးအကြီးဆုံး ပုဂ္ဂိုလ်တယောက်ပဲ ...

ဆယ်မိနစ်လောက်ပေါ့”

၃။ ယုံကြည်လွန်းသော တောသူများ

တောရကျောင်းဝင်း အပြင်ဘက်တွင် ဆောက်လုပ်ထားသော စင်္ကြံဇရပ်အနီးတွင် တောသူ နှစ်ဆယ်ခန့် စုဝေးလျက်ရှိသည်။ ခင်ကြီးဘုရား ထွက်ကြွလာမည် ဆိုသဖြင့် သူတို့သည် စိတ်အားထက်သန်စွာဖြင့် စောင့်မျှော်နေကြသည်။ ဂုဏ်သရေရှိ အမျိုးသမီးနှစ်ဦးဖြစ်သော မစ္စက်ကိုကလာကော့နှင့် သူမ၏ သမီးတို့သည်လည်း အမျိုးသမီးများအတွက် သတ်မှတ်ထားသော ဇရပ် တနေရာတွင် ခင်ကြီး ဖော်ဒီမာကို စောင့်ဆိုင်းလျက် ရှိကြသည်။

မဒမ် ကိုကလာကော့သည် အသက်အရွယ် ငယ်သေးပြီး ဥစ္စာခံ ကြွယ်ဝသော အမျိုးသမီးတဦး ဖြစ်သည်။ အထူးပင် လှပချောမောပြီး ကြော့မော့နွဲ့ယဉ်စွာ ဝတ်စား ဆင်ယင်တတ်သည်။ အသားဖြူပြီး မျက်လုံးများ နက်မှောင်သည်။ အသက် သုံးဆယ့်သုံးနှစ်ထက် မကျော်လွန်သေးဘဲ မုဆိုးမ ဖြစ်ခဲ့သည်မှာ ငါးနှစ်မျှသာ ရှိသေးသည်။

သူမ၏သမီးကလေးမှာ အသက် ဆယ့်လေးနှစ်အရွယ်ရှိပြီး လေဖြတ်ခံရသဖြင့် ခြေထောက် နှစ်ချောင်း မစွမ်းမသန်ရှိသည်။ သူငယ်မကလေး လမ်းမလျှောက်နိုင်သည်မှာ ခြောက်လမျှ ရှိချေပြီ။ သူမကို ရှည်လျားသော ဘီးတပ်ကုလားထိုင်ဖြင့် တွန်းခေါ်ရသည်။ ကလေးမကလေး၏ မျက်နှာက ချစ်စရာကလေး ဖြစ်သည်။ နေမကောင်းသဖြင့် အနည်းငယ် ပိန်နေသော်လည်း ချိုပြုံးလျက်ရှိသည်။ မျက်တောင်များ ကော့ရှည်ပြီး ညိုမည်းသော မျက်လုံးများက ရွှန်းလက်နေသည်။

သူမ၏မိခင်က သူမကို နွေဦးပေါက်ကတည်းကပင် နိုင်ငံခြားသို့ ခေါ်သွားဖို့ အစီအစဉ်ရှိသည်။ သို့သော် သူတို့ပိုင်ဆိုင်သော မြေယာကိစ္စများ မပြီးပြတ်သဖြင့် တနွေလုံး သောင်တင်လျက်ရှိသည်။ ကျွန်ုပ်တို့ မြို့ကလေးတွင် သူတို့ ရောက်ရှိနေသည်မှာ တပတ်ခန့် ရှိချေပြီ။ လုပ်ငန်းကိစ္စထက် ဘာသာရေးကိစ္စကြောင့် ဖြစ်သည်။ သူတို့သည် ခင်ကြီး ဖော်ဒီမာကို လွန်ခဲ့သော သုံးရက်ခန့်က တကြိမ် တွေ့ဆုံဖူးမြော်ပြီးကြပြီ ဖြစ်သည်။

ယခုလည်း ဒုတိယအကြိမ်အဖြစ် ရုတ်တရက် ရောက်ရှိလာကြခြင်း ဖြစ်သည်။ ခင်ကြီးသည် နာမကျန်း ဖြစ်နေသဖြင့် မည်သူ့ကိုမျှ လက်ခံတွေ့ဆုံနိုင်ခြင်း မရှိသည်ကို သူတို့ သိသည်။ သို့သော် သူတို့ကို နောက်တကြိမ် တွေ့ဆုံခွင့်ပြုပါဦးဟု တောင်းပန်ထားကြသည်။ ခင်ကြီး ဖော်ဒီမာကို စောင့်ဆိုင်းရင်း မိခင်ဖြစ်သူသည် သမီးငယ်၏ ဘီးတပ် ကုလားထိုင်အနီးတွင်

ကုလားထိုင် တလုံးဖြင့် ထိုင်လျက်ရှိသည်။

သူတို့နှင့် နှစ်လှမ်းကွာလောက်တွင် ဘုန်းကြီးအိုတပါး မတ်တတ်ရပ်လျက်ရှိသည်။ ထိုဘုန်းကြီးအို သည် ဤကျောင်းတိုက်မှ မဟုတ်ဘဲ ဝေးလံသော မြောက်အရပ်ရှိ ကျောင်းတိုက်ငယ်တခုမှ ဖြစ်သည်။ သူသည်လည်း ခင်ကြီးဇော်ဇီမာ၏ ကောင်းချီးပေးခြင်းကို ခံယူရန် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ဘုန်းကြီးတပါးနှင့် အမျိုးသမီး နှစ်ဦးက သူ့ကို စောင့်ဆိုင်းလျက်ရှိသော်လည်း ခင်ကြီး ဇော်ဇီမာသည် ဇရပ်ပေါ်သို့ ရောက်ရှိသည်နှင့် တပြိုင်နက် ဇရပ် လှေကားရင်းတွင် ဝန်းရံလျက်ရှိသော ကျေးတောသူ များထံသို့ အရင် လျှောက်သွားလေသည်။

ခင်ကြီး ဇော်ဇီမာသည် ရုံပဝါရှည်ကြီးကို ပခုံးနှစ်ဖက်တွင် တင်ရုံလျက် လှေကားထိပ်တွင်ရပ်ကာ သူ့အား ဝိုင်းအုံလျက်ရှိသော မိန်းမများကို ကောင်းချီးမင်္ဂလာပေးလျက် ရှိတော့သည်။ စိတ် ကယောက်ကယက် ဖြစ်နေသော မိန်းမတယောက်ကို ရှေ့ဘက်သို့ တွဲခေါ်လာကြသည်။ ထိုမိန်းမသည် သူ့ကိုတွေ့မြင်သည်နှင့် တပြိုင်နက် တကိုယ်လုံး နတ်ပူးသလို တုန်ယင်ကာ ကျည်ကျည်လောင်လောင် စူးစူးရှရှ ဟစ်အော်ငိုကြွေးတော့သည်။ ခင်ကြီး ဇော်ဇီမာသည် ထိုမိန်းမ၏ခေါင်းပေါ်သို့ လည်ရုံပဝါစကိုတင်လျက် ဆုတောင်းခြင်းပြုသည်။ ထိုအခါ စိတ်ချောက်ချားနေသော အမျိုးသမီးသည် ချက်ချင်းပင် ငြိမ်သက်တိတ်ဆိတ်သွားလေတော့သည်။

ယခုအချိန်တွင်မူ မည်သို့ရှိမည်ကို ကျွန်ုပ် မသိပါ။ သို့သော် ကျွန်ုပ် ငယ်စဉ်ကမူ ယခုလို စုန်းပူးသလိုလို၊ နတ်ပူးသလိုလို မိန်းမများကို ကျေးရွာ ဘုရားရှိခိုးကျောင်းများတွင် ကျွန်ုပ် တွေ့ဖူးပါသည်။ သူတို့ကို နံနက် ဝတ်ပြုရာသို့ ခေါ်လာကြသည်။ သူတို့သည် စူးစူးဝါးဝါး အော်ပြီး ခွေးလိုလည်း ဟောင်တတ်ကြသဖြင့် သူတို့အသံများကို ဘုရားရှိခိုးကျောင်း တခုလုံးက ကြားရသည်။ သို့သော် ဝတ်ပြုမင်္ဂလာပွဲ ဆင်ယင်သည်နှင့် တပြိုင်နက် သူတို့သည် တိတ်ဆိတ်ငြိမ်သက် သွားတတ်ကြပါသည်။ ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ ကျွန်ုပ်သည် ကလေးတယောက် အနေနှင့် အထူးပင် အံ့ဩမိပါသည်။ သည်အကြောင်းကို မေးမြန်း စုံစမ်းကြည့်သောအခါ လူကြီးတွေက၊ အထူးသဖြင့် ကျွန်ုပ်၏ဆရာများက ဤသို့ ပြန်ပြောတတ်ပါသည်။ ဤအခြင်းအရာ များသည် အလုပ် မလုပ်ချင်သဖြင့် ဟန်ဆောင်ကြခြင်းသာ ဖြစ်ကြောင်း၊ သည်ရောဂါမျိုးကို ကုသရန် အင်မတန် လွယ်ကြောင်း၊ ခပ်ကြမ်းကြမ်းကလေး လုပ်လိုက်လျှင် ပျောက်သွားကြောင်းဖြင့် ပြောကြ သည်။ ထို့နောက် ရယ်မောဖွယ်ရာ ကောင်းသော ပုံပြင်ပေါင်း များစွာဖြင့်လည်း သက်သေ ပြကြသည်။

သို့သော် နောက်ပိုင်းတွင် ကျွမ်းကျင်သူ ပါရဂူများထံမှ ကျွန်ုပ် အံ့ဩစွာ

သိရှိရပြန်သည်။ ဤရောဂါများသည် ဟန်ဆောင်ခြင်း အလျဉ်းမဟုတ်ကြောင်း၊ အမျိုးသမီးများတွင် တကယ် ကျရောက်ဖြစ်ပွားသော ရောဂါဆိုးကြီးတခုပင် ဖြစ်ကြောင်း၊ အထူးသဖြင့် ရုရှားနိုင်ငံရှိ ကျေးတောသူ အမျိုးသမီးများတွင် အဖြစ်များကြောင်းဖြင့် ဖြစ်သည်။ ဤ ရောဂါဆိုးကြီးသည် ကျွန်ုပ်တို့နိုင်ငံရှိ ကျေးတောသူများ၏ ဆင်းရဲကြမ်းတမ်းသောဘဝကို ဖော်ပြနေခြင်း ဖြစ်သည်။ အမျိုးသမီးများ အနေနှင့် ခက်ခဲပင်ပန်းသည့်ဒဏ်၊ ခင်ပွန်းသည်၏ မတရားရိုက်နှက်ခြင်း ခံရသည့်ဒဏ် စသည့် ဘဝ ဒဏ်ရာဒဏ်ချက်များကြောင့် ဤရောဂါ ဝေဒနာဆိုးများကို ခံစားကြရခြင်း ဖြစ်သည်။

တဖန် ဤသို့ ခံစားနေရသော အမျိုးသမီးများသည် ဘုရားကျောင်းသို့ ရောက်ရှိသောအခါ ယူပစ်လိုက်သလို ရုတ်တရက် ငြိမ်သက်ပျောက်ကင်းသွားခြင်းမှာလည်း ကျွန်ုပ် ငယ်စဉ်က သိခဲ့သလို လိမ်လည်လှည့်ဖြားခြင်းများ မဟုတ်ဘဲ နာမကျန်းသော အမျိုးသမီးတို့၏ အစစ်အမှန် ယုံကြည်မှု ကြောင့်ပင် ဖြစ်ကြောင်း သိရှိရသည်။ သူတို့သည် ကရုဏာရှင် ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိနေသောအခါ သူတို့၏ကိုယ်တွင် ပူးကပ်နေသော မကောင်းဆိုးဝါးများ အားလုံး ထွက်ပြေး ဖယ်ကြဉ်သွားကြပြီဟု ယုံကြည်ကြသောကြောင့်ပင် ဖြစ်သည်။ ယင်းကြောင့်ပင်လျှင် စိတ်ဝေဒနာကို ခံစားနေရသော အမျိုးသမီးများသည် ယုံကြည်အားထားရာကို တွေ့ရှိလိုက်ရသောအခါ အားကိုးကြီး တခုကို ရုတ်တရက် ရရှိလိုက်သည့်ပမာ သက်သာရာရရှိသွားကြခြင်း ဖြစ်တော့သည်။ ထာဝရ မဟုတ်သည့်တိုင် ခဏတာတော့ သက်သာရာ ရရှိသွားကြသည်မှာ အမှန်ပင် ဖြစ်သည်။ လောလောဆယ်တွင် ခင်ကြီး ဇော်ဇီမာက လည်ရုံပဝါဖြင့် ထိလိုက်သည်နှင့် တပြိုင်နက် တငိုငို တရယ်ရယ် ဖြစ်နေသော ကျေးတောသူ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသည့်ပမာပင် ဖြစ်သည်။

ခင်ကြီး ဇော်ဇီမာကို ဝန်းရံလျက်ရှိသော မိန်းမများအားလုံးပင် အံ့သြဖွယ်ရာ မြင်ကွင်းအတွက် ရင်သပ်ရှုမောဖြစ်ကာ မျက်ရည်များပင် လည်လာကြသည်။ အချို့က ခင်ကြီး ဇော်ဇီမာ၏ ကိုယ်ရံတော်ကြီးကို ထိတွေ့ နမ်းရှုပ်ကြသည်။ အချို့ထံမှ ပင့်ရှိုက်သံများပင် ထွက်ပေါ်လာတော့၏။

ခင်ကြီး ဇော်ဇီမာသည် သူတို့အားလုံးကိုပင် ကောင်းချီးပေးသည်။ အချို့ကို ပဋိသန္ဓာရစကား ဆိုသည်။ နာမကျန်းသော အမျိုးသမီးကို သူ ကောင်းစွာ သိသည်။ သူမသည် ကျောင်းသခ်မ်းနှင့် ငါးမိုင်လောက်ဝေးသော ရွာတရွာမှ ဖြစ်သည်။ သူ့ထံသို့ ကြိမ်ဖန်များစွာ လာရောက်ဖူးသူ ဖြစ်သည်။

"ဒီက ဒါယိကာမကြီးကကော... ခရီးအဝေးကြီးကပဲပေါ့"

ခင်ကြီး ဇော်ဇီမာက အမျိုးသမီးတယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။ ထိုအမျိုးသမီး သည် အသက်အရွယ် အများကြီး ငယ်ရွယ်သေးသော်လည်း သေးသွယ်ပိန်လှီလျက်ရှိသည်။ သူမ၏ မျက်နှာမှာလည်း နေဒဏ်ကြောင့် ညိုနေရုံမျှမက မည်းခြောက်လျက်ပင် ရှိတော့သည်။ သူမသည် မြေကြီးပေါ်တွင် ဒူးထောက်ကာ ခင်ကြီး ဇော်ဇီမာကို မမှိတ်မသုန် ကြည့်နေသည်။ သူမ၏ မျက်လုံးများတွင် ချောက်ချားသည့် အသွင်ရှိသည်။

"ခရီးအဝေးကြီးကပါ ဘုရား၊ ခရီးအဝေးကြီးကပါ၊ ဒီကနေ မိုင်ပေါင်း နှစ်ရာ ဝေးပါတယ် ဘုရား။ အဝေးကြီးပါ ဘုရား အဝေးကြီးပါ"

အမျိုးသမီးက ပါးနှစ်ဖက်ပေါ်တွင် လက်တင်ကာ ကိုယ်ကို ရှေ့တိုးနောက်ငင် ယိမ်းလှုပ်လျက် ငိုချင်းရှည်ကြီး ချနေသည့်ပမာ ပြန်လည် လျှောက်ထားသည်။

တောသူ တောင်သားတို့သည် ဒုက္ခသုက္ခ အဝဝကို ကာလရှည်ကြာစွာ အောင့်အည်းကာ ခံနေကြရသူများ ဖြစ်သည်။ သူတို့၏ဘဝကို သူတို့ ကြိတ်မှိတ်ပြီး ခံနေကြရသည်။ သို့သော် အောင့်အည်းကြိတ်မှိတ်၍ မခံနိုင်တော့သည် အဆုံးတွင်ကား မျက်ရည်များ ပေါက်ကွဲကာ ထွက်လာရတော့သည်။ သည်းထန်စွာ ငိုကြွေးတော့သည်။ အထူးသဖြင့် အမျိုးသမီးများတွင် ဖြစ်သည်။ သို့သော် ပွင့်အန်ပေါက်ကွဲရခြင်းသည် ကြိတ်မှိတ်ပြီး ခံနေရသည်ထက် ပိုဆိုးသည်။ ငိုကြွေးရခြင်းသည် ရင်ကို ပိုပြီး နာစေသည်။ ထိုသို့ ပူဆွေးရခြင်းသည် သက်သာရာကို မဖြစ်စေပါ။ မျှော်လင့်ချက်ကင်းဝေးသော သူတို့၏ဘဝကိုသာ ပိုပြီး ထင်လင်းစေပါသည်။ ငိုကြွေးရခြင်းများသည် သူတို့၏ ဘဝဒဏ်ချက်များကို ဖော်ကျူးနေခြင်းသာ ဖြစ်သည်။

"ဒါယိကာမဟာ အရောင်းအဝယ် ကုန်သည်မျိုးရိုးထဲက မဟုတ်လား"

ခင်ကြီးက ထိုအမျိုးသမီးကို သေချာစွာကြည့်ကာ မေးလိုက်သည်။

"မှန်ပါတယ် ဘုရား၊ တပည့်တော်တို့ဟာ မြို့ပေါ်က ဖြစ်ပါတယ်၊ အရင်တုန်းကတော့ တပည့်တော်တို့ဟာ တောကပါ၊ အခုတော့ မြို့မှာ ရောက်နေကြပါတယ်။ အရှင်ဘုရားကို ဖူးမြော်ရအောင် တပည့်တော် လာရောက်ခြင်း ဖြစ်ပါတယ်၊ အရှင်ဘုရားရဲ့ဂုဏ်သတင်းကို တပည့်တော်တို့ ကြားရပါတယ် ဘုရား၊ တပည့်တော်ရဲ့သားကလေး ဆုံးပါးသွားပါတယ်၊ တပည့်တော်ဟာ ဘုရားသခင်ထံမှာ ဆုမွန်တောင်းဖို့ လာပါတယ်၊ တပည့်တော်ဟာ ကျောင်းတိုက်ကြီး သုံးတိုက်ကို ရောက်ခဲ့ပြီးပါပြီ၊ သူတို့က တပည့်တော်ကို အရှင်ဘုရားဆီကို သွားဖို့ ပြောပါတယ်၊ အဲဒါကြောင့် တပည့်တော် အခုလို လာရတာပါ၊ တပည့်တော် မနေ့က ဒီကျောင်းတိုက်က ဘုရားကျောင်းမှာ

ဝတ်ပြုခဲ့ပါတယ်၊ ကနေ့ အရှင်ဘုရားကို လာရောက် ဖူးမြော်ခြင်း ဖြစ်ပါတယ်”

“ဒါယိကာမလေး ဘာအတွက် ပူဆွေးဒုက္ခရောက်နေရသလဲ”

“တပည့်တော်ရဲ့ သားကလေးအတွက်ပါ အရှင်ဘုရား၊ သူက သုံးနှစ်သားအရွယ်ပဲ ရှိပါသေးတယ်၊ နောက်သုံးလကြာမှ သူ သုံးနှစ် ပြည့်ပါ့မယ်၊ တပည့်တော်ရဲ့ သားကလေးအတွက် တပည့်တော် ပူဆွေးဒုက္ခ ရောက်နေရပါတယ် အရှင်ဘုရား။ တပည့်တော်ရဲ့ နောက်ဆုံးသော သားကလေးပါ ဘုရား၊ တပည့်တော်တို့မှာ သားသမီး လေးယောက် ရှိပါတယ်၊ တပည့်တော်နဲ့ နီကီတာတို့မှာ သားသမီး လေးယောက် ထွန်းကားပါတယ်။ ဒါပေမဲ့ တယောက်မှ အသက်နဲ့ ခန္ဓာကိုယ် မတည်မြဲပါဘူး ဘုရား၊ တယောက်မှ အရှင်မကျန်ပါဘူး ဘုရား၊ ပထမ သုံးယောက်တုန်းက တပည့်တော်မ အခုလောက် စိတ်မထိခိုက်ရပါဘူး ဘုရား၊ အခုတယောက်ကိုတော့ တပည့်တော် ဘယ်လိုမှ စိတ်မဖြေဖျောက်နိုင်ပါဘူး ဘုရား။

“အခုတောင် သားလေးဟာ တပည့်တော်ရှေ့မှာ ရပ်နေတယ်လို့ထင်ပါတယ် ဘုရား၊ သားကလေးဟာ တပည့်တော်မရဲ့ စိတ်အာရုံကနေ တဒင်္ဂမျှ ခွာမသွားပါဘူး ဘုရား၊ တပည့်တော်မရဲ့ သားကလေး မရှိတော့တဲ့ ဘဝဟာ ပန်းလို နွမ်းခြောက်နေရပါတယ် အရှင်ဘုရား၊ သားကလေးရဲ့ အသုံးအဆောင် တွေ၊ သားကလေးရဲ့ အင်္ကျီ၊ သားကလေးရဲ့ ဘွတ်ဖိနပ်ကလေးတွေကို ကြည့်ပြီး တပည့်တော်မ ငိုရပါတယ် အရှင်ဘုရား။

“တပည့်တော်မရဲ့ ခင်ပွန်းသည် နီကီတာကို တပည့်တော် ပြောရပါတယ် အရှင်ဘုရား၊ အစ်ကိုရယ် ... ညီမကို ဘုရားဖူး သွားခွင့်ပြုပါလို့ တောင်းပန်ရပါတယ်၊ နီကီတာက ရထားထိန်းတယောက်ပါ အရှင်ဘုရား၊ တပည့်တော်တို့ဟာ စားရမဲ့ သောက်ရမဲ့တွေ မဟုတ်ပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်နေကြတဲ့ လူတွေပါ၊ ကိုယ်ဟာ ကိုယ့်ရဲ့အလုပ်ရှင်ပါပဲ၊ မြင်းတွေ အားလုံးနဲ့ မြင်းရထားဟာ တပည့်တော်မတို့ အပိုင်ပါပဲ၊ ဒါပေမဲ့ ဒါတွေဟာ တပည့်တော်တို့ ဘာမှ တပ်မက်စရာ မရှိပါဘူး။

“နီကီတာဟာ တပည့်တော်မ မရှိတဲ့အချိန်မှာ အရက်ပဲ သောက်နေမှာပဲ၊ သေချာပါတယ်။ သူဟာ အရင်တုန်းကလည်း ဒီလိုပဲ သောက်နေခဲ့တာပဲ၊ တပည့်တော် မရှိတော့ဘူး ဆိုတာနဲ့ တပြိုင်နက် သူဟာ ယစ်ထုပ်ကြီး ဖြစ်တော့မှာပဲ၊ ဒါပေမဲ့ တပည့်တော်မဟာ ခုအချိန်မှာ သူ့ကို ထည့်ပြီး မစဉ်းစားနိုင်ပါဘူး၊ တပည့်တော်မ အိမ်ကထွက်ခဲ့တာ နှစ်လ ရှိပါပြီ။ တပည့်တော်မ အားလုံးကို မေ့လိုက်ပါပြီ၊ တပည့်တော် ဘာတခုကိုမှ သတိမရချင်တော့ပါဘူး။

“အခုအချိန်မှာ သူနဲ့ ပေါင်းသင်းနေလို့ကော တပည့်တော်မဘဝမှာ

ဘာအဓိပ္ပာယ် ရှိမှာလဲ၊ တပည့်တော်မ သူနဲ့ နေခဲ့ပြီးပါပြီ၊ သူတို့အားလုံးနဲ့ နေခဲ့ပြီးပါပြီ၊ အခုအချိန်မှာ တပည့်တော်မဟာ ကိုယ့်အိမ်ကိုယ့်ယာကိုလည်း မတပ်မက်တော့ပါဘူး၊ ဘာပစ္စည်းတခုကိုမှလည်း မတပ်မက်တော့ ပါဘူး”

ထိုအခါ ခင်ကြီး ဖော်ဇီမာက…

“ကျွန်ုပ်၏စကားကို နားထောင်ပါ ကလေးအမေ၊ တခါတုန်းက… ဟိုရှေးရှေးတုန်းက သူတော်စင်ကြီး တပါးဟာ သင်ကဲ့သို့သော အမျိုးသမီးတယောက်ကို ဘုရားဝတ်ကျောင်း တခုမှာ တွေ့ရှိရတယ်၊ အဲဒီ အမျိုးသမီးဟာ သူ့ရဲ့ တဦးတည်းသော သားကလေးကို ဘုရားသခင်က ခေါ်ယူတော်မူသွားတဲ့ အတွက် ငိုကြွေးနေတယ်။ အဲဒီတော့ သူတော်စင်ကြီးက ကလေးအမေကို ပြောတယ်။

“ဘုရားသခင်ရဲ့ပလ္လင်တော်ရှေ့မှာ ရောက်နေတဲ့ ကလေးငယ်တွေဟာ ဘယ်လောက် အကြောက်အလန့် ကင်းပြီး ဘယ်လောက် ရဲရင့်တယ်ဆိုတာ သင် မသိဘူးလား၊ ကောင်းကင်ဘုံမှာ ရောက်နေတဲ့သူတွေလောက် အကြောက်အလန့်ကင်းတဲ့ ရဲရင့်တဲ့သူ ဘယ်သူမှ မရှိဘူး” သူတို့က ဘုရားသခင်ကို လျှောက်ထားတယ် “အရှင်ဘုရား၊ အရှင်ဘုရားက တပည့်တော်တို့ကို အသက်ဝိညာဉ် ပေးသနားတယ်၊ ဒါပေမဲ့ ဘာမှ မကြာခင်မှာပဲ အရှင်ဘုရားက ဒီအသက်ဝိညာဉ်ကို ပြန်ယူသွားတယ်၊ အဲဒါ အဘယ်အကြောင်းကြောင့်ပါလဲ အရှင်ဘုရား” လို့ သူတို့က လျှောက်ထားကြ တယ်၊ သူတို့ဟာ ဘယ်လောက်များ အကြောက်အလန့် ကင်းပြီး ရဲရင့်ကြသလဲ၊ အဲဒီအခါမှာ ဘုရားသခင်က သူတို့ကို တမန်တော်ကလေးများ အဆင့်ကို ချက်ချင်းပဲ ပေးလိုက်တယ်။

“အဲဒီတော့ ကလေးအမေ၊ သင်ဟာ ဘာပြုလို့ ငိုကြွေးခြင်းကို အဆုံးသတ်ပြီး ဝမ်းမြောက်ခြင်းကို မဖြစ်ရသလဲ၊ သင်ရဲ့ကလေးဟာ ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာ အခြားသော တမန်တော်ကလေး များနဲ့အတူ ရှိနေပြီ မဟုတ်လား” လို့ သူတော်စင်ကြီးက ကလေးရဲ့မိခင်ကို ပြောတယ်၊ အဲဒီ သူတော်စင်ကြီးက တကယ့် သူတော်စင်ကြီး ဖြစ်တဲ့အတွက် ကလေးရဲ့မိခင်ကို မမှန်တာကို ပြောမှာ မဟုတ်ဘူး။

“အဲဒီတော့ သင့်ကိုလည်း ကျွန်ုပ် ပြောပါရစေ၊ သင့်ရဲ့ကလေးဟာ ဘုရားသခင်ရဲ့ ပလ္လင်တော်ရှေ့မှာ မတ်တတ်ရပ်ပြီး ပျော်ရွှင်ချမ်းမြေ့စွာနဲ့ သင့်အတွက် ဆုတောင်းမေတ္တာ ပို့သနေပါလိမ့်မယ်၊ အဲဒါကြောင့် ဒါယိကာမကြီး ငိုကြွေးခြင်းကိုရပ်ပြီး ပျော်ရွှင်ခြင်းကို ဖြစ်ပါလော့”

အမျိုးသမီးသည် ဦးခေါင်းကိုငုံ့ကာ ပါးနှစ်ဖက်ကို လက်ဝါးပြင်ပေါ်တွင်တင်လျက် နားထောင်နေရာမှ

"တပည့်တော်မရဲ့ခင်ပွန်းကလည်း အရှင်ဘုရား ပြောတဲ့အတိုင်း ပြောပြီး တပည့်တော်မကို နှစ်သိမ့်ပါတယ် ဘုရား၊ "အတော်မိုက်တဲ့ မိန်းမပဲ၊ မင်း ဘာဖြစ်လို့ ငိုနေရသလဲတဲ့၊ တို့ရဲ့ သားကလေးဟာ ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာ တခြားသော ကောင်းကင် တမန်ကလေးတွေနဲ့ အတူ ရှိနေပါတယ်" တဲ့၊ ဒါပေမဲ့ အဲဒီလို ပြောပြီးတော့ သူကိုယ်တိုင်လည်း ငိုတာပဲ၊ သူဟာ တပည့်တော်မလိုပဲ ငိုတာပါပဲ ဘုရား၊ ဒီတော့ တပည့်တော်မက သူ့ကို ပြန်ပြောပါတယ်။

"အစ်ကိုရယ်... အစ်ကို ပြောတာတွေကို ညီမလည်း သိပါတယ်၊ ညီမရဲ့ သားကလေးဟာ ဘုရားသခင်နဲ့ အတူ မရှိလို့ ဘယ်မှာ ရှိရမှာလဲ၊ တခုပဲ ရှိတယ်၊ သူ ဒီမှာ ညီမတို့နဲ့အတူ မရှိတာပဲ။ ဟုတ်တယ် မဟုတ်လား၊ သူဟာ ဟိုတုန်းကလို ညီမတို့ရဲ့ဘေးမှာ ထိုင်မနေတော့ဘူး" တပည့်တော်ဟာ သူ့ကို တခါတလေပဲ ကြည့်ချင်ပါတယ်၊ တခါတလေပဲ သူ့ကို မြင်ချင်ပါတယ်၊ တပည့်တော် သူ့အနားကို မသွားပါဘူး၊ တပည့်တော် သူ့ကို စကားတခွန်းမှ မပြောပါဘူး၊ အကွယ်ကလေး တနေရာကနေပြီး သူ့ကို ကြည့်နေရရင် တော်ပါပြီ၊ ခြံဝင်းထဲမှာ သူ စကားနေတာကို မြင်ကြားနေရရင် တော်ပါပြီ၊ မေမေရေ မေမေ ဘယ်မှာလဲ" ဆိုပြီး တပည့်တော်ဆီကို သူ ပြေးလာတတ်ပါတယ်။

"အခန်းထဲမှာ သူ့ခြေထောက် သေးသေးကလေးတွေနဲ့ လျှောက်သွားတာကို တခါလောက်ပဲ မြင်ရရင် တော်ပါပြီ။ သူလမ်းလျှောက်တဲ့အသံ၊ သူစကားပြောတဲ့အသံ၊ သူရယ်တဲ့အသံကို တပည့်တော် အခုထက်ထိ ကြားယောင်နေတယ်၊ သူ့အသံကို ကြားလိုက်ရရင် တပည့်တော် တခါတည်း မှတ်မိမှာပါ၊ ဒါပေမဲ့ သူ မရှိတော့ဘူး အရှင်ဘုရား။ သူ့အသံကို တပည့်တော် ဘယ်တော့မှ မကြားရတော့ဘူး။ ဟောဒီမှာ သူ့ခါးပတ်ကလေး၊ ဒါပေမဲ့ သူကတော့ မရှိတော့ဘူး၊ တပည့်တော် သူ့ကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး၊ သူ့အသံကို ဘယ်တော့မှ ကြားရတော့မှာ မဟုတ်ဘူး"

အမျိုးသမီးသည် သူ့ရင်အုံတွင်းမှ ကလေးခါးပတ်ကလေးကို ထုတ်ယူပြီး ကြည့်သည်။ ထိုခါးပတ်ကလေးကို မြင်သည်နှင့် တပြိုင်နက် သူမ၏ တကိုယ်လုံး တသိမ့်သိမ့် တုန်လာသည်။ သူမသည် သဲ့သဲ့ကလေး ရှိုက်နေရာမှ မျက်ရည်တွေ တရဟော သွန်ကျလာသည်။

"ရေချယ်ဟာ သူ့ကလေးတွေအတွက် စိတ်ကို ဖြေသိမ့်ခြင်းမပြုဘဲ ငိုကြွေးခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့စိတ်ကို မဖြေသိမ့်နိုင်လို့ပဲ၊ အဲဒီစကားဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိခင်တွေ အတွက်ပဲ။ အဲဒီတော့ စိတ်ကို ဘယ်တော့မှ ဖြေသိမ့်ခြင်း မပြုနဲ့၊ သင့်အနေနဲ့လည်း ဖြေသိမ့်ဖို့ မလိုပါဘူး၊ စိတ်ကို မဖြေသိမ့်ပါနဲ့၊ ငိုသာ ငိုပါ။ သင်ငိုတဲ့အခါမှာသာ သင့်ကလေးဟာ ဘုရားသခင်ရဲ့ ကောင်းကင် တမန်တော်ကလေးတပါး ဖြစ်နေတယ်ဆိုတဲ့ အချက်ကို သတိရပါ။ သူဟာ

ကောင်းကင်ဘုံကနေ ငုံ့ကြည့်တဲ့အခါမှာ သင် ငိုနေတာကို တွေ့ရလိမ့်မယ်၊ အဲဒီအခါမှာ သူ့စိတ်မှာ ကြည်နူးပြီး ဘုရားသခင်ကို ပြုလိမ့်မယ်၊ သင်ဟာ နှစ်ရှည်လများ ငိုမိတဲ့အခါမှာတော့ ကမ္ဘာတည်ဦးကတည်းက ဖြစ်ပေါ်ခဲ့တဲ့ မိခင်တွေရဲ့ အစဉ်အလာအတိုင်းပဲ သင့်ရဲ့ငိုကြွေးခြင်းဟာ အေးချမ်းသော ပျော်ရွှင်ခြင်း ဖြစ်လာလိမ့်မယ်၊ သင့်ရဲ့ သည်းထန်တဲ့ မျက်ရည်တွေဟာ နူးညံ့တဲ့ မျက်ရည်တွေ ဖြစ်လာလိမ့်မယ်၊ သင့်ရဲ့နှလုံးသားကို သန့်ရှင်းစင်ကြယ်စေပြီး သင့်ကို ဒုစရိုက်များမှ ကင်းလွတ်စေလိမ့်မယ်၊ ကျွန်ုပ် ဆုတောင်းပတ္ထနာပြုတဲ့အချိန်မှာ သင့်ရဲ့သားကိုလည်း ထည့်ပြီး ဆုတောင်း မေတ္တာပို့ပါတယ်၊ သူ့နာမည်က ဘယ်သူတဲ့လဲ”

“အလက်ဇီပါ အရှင်ဘုရား”

“တယ်ကောင်းတဲ့နာမည်ပါကလား၊ သူတော်စင်ကြီး အလက်ဇီရဲ့နာမည်ကိုယူပြီး မှည့်ထားတာလား”

“မှန်ပါတယ် အရှင်ဘုရား”

“အိမ်း သူဟာ မဟာသူတော်စင်ကြီးတပါးပဲ၊ သူ့နာမည်ကို ထည့်ပြီး ကျုပ် ဆုတောင်းပေးပါ့မယ် ဒါယိကာမလေး၊ သင့်ရဲ့ပရိဒေဝမီး တောက်လောင်နေမှုကိုလည်း ကျုပ် ထည့်ပြီး ဆုတောင်းပေး ပါ့မယ်၊ သင်၏ ခင်ပွန်းသည် ကျန်းမာ ချမ်းသာစေရန်လည်း ကျွန်ုပ် မေတ္တာပို့သပါ့မယ်၊ သို့သော် သူ့ကို ဒါယိကာမလေး စွန့်ပစ်လာတာကတော့ ဒုစရိုက်မှု တခုပဲ၊ သင်ဟာ သင့်ရဲ့ ခင်ပွန်းဆီကို ပြန်သွားပြီး သူ့ကို ကောင်းမွန်စွာ ကြည့်ရှု စောင့်ရှောက်ပါ။

“သင့်ရဲ့သားငယ်ဟာ ကောင်းကင်ဘုံကနေ သင့်ကို ကြည့်နေပေလိမ့်မယ်၊ သူ့ဖခင်ကို သင်က စွန့်ပစ်ထားကြောင်း သူတွေ့ရှိသွားရင် သူ ငိုပေလိမ့်မယ်၊ သူ့ရဲ့ပျော်ရွှင် ချမ်းသာမှုကို သင် အဘယ်ကြောင့် ဖျက်ဆီးပစ်ချင်ရသလဲ၊ သူဟာ အသက်ရှင်လျက် ရှိနေတယ်ဆိုတာကို သင် မမေ့ပါနဲ့၊ သူရှိနေတယ်၊ သူရှင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝိညာဉ်တွေဟာ ထာဝရ တည်ရှိနေလို့ပဲ၊ သူဟာ သင့်အိမ်ထဲမှာ မရှိတော့ပေမယ့် သူဟာ သင့်နံဘေးမှာ အမြဲတမ်း ရှိနေတယ်၊ သူ့ကို သင် မမြင်ရတာပဲရှိတယ်၊ သင့်အိမ်ကို သင် မုန်းတယ်လို့ဆိုရင် အဲဒီအိမ်ကို သူ ဘယ်လိုလုပ်ပြီး လာတော့မလဲ၊ သူ့ဖခင်နဲ့ သူ့မိခင်ကို အတူတူ မတွေ့ရဘူးဆိုရင် ဘယ်သူ့ဆီကို သူသွားရမလဲ၊ သင့်အိပ်မက်တွေထဲမှာ သူ့ကို သင် မြင်တွေ့နေရတယ်၊ ပြီးတော့ သင့်မှာ စိတ်မချမ်းမြေ့ ဖြစ်နေရတယ်၊ ဒါပေမဲ့ သင်ဟာ သင့်အိမ်ကို ပြန်သွားမယ်ဆိုရင် အိပ်မက်ကောင်းတွေ သူ ပေးပါလိမ့်မယ်၊ သင့်ခင်ပွန်းဆီကို ပြန်ပါ ဒါယိကာမလေး၊ သူ့ဆီကို ကနေ့ပဲ ပြန်ပါ”

“တပည့်တော် ပြန်ပါ့မယ် အရှင်ဘုရား... အရှင်ဘုရား မြွက်ကြားတဲ့အတိုင်း

တပည့်တော် လုပ်ပါ့မယ်၊ အရှင်ဘုရားရဲ့စကားဟာ တပည့်တော်ရဲ့ အသည်းနှလုံးကို ခိုက်သွားပါတယ်၊ အို အစ်ကိုရယ်၊ ချစ်သော နီကီတာရယ်၊ အစ်ကိုဟာ ညီမကို စောင့်နေသလားကွယ်”

အမျိုးသမီးသည် ငိုချင်းချ၍ ပြုပြန်တော့သည်။ သို့သော် ခင်ကြီး ဇော်ဇီမာသည် သူမ ငိုချင်းချသည်ကို စောင့်မနေတော့ဘဲ အဘွားကြီးတဦးဘက်သို့ မျက်နှာမူလိုက်သည်။ ထိုအဘွားကြီးသည် ဘုရားဖူး တဦးလို မဝတ်ဆင်ဘဲ မြို့သူတဦးလို ဝတ်ဆင်ထားပေသည်။ သူမ၏ မျက်လုံးများက ခင်ကြီး ဇော်ဇီမာကို တစုံတခု လျှောက်ထားလိုကြောင်း ဖော်ပြလျက် ရှိသည်။

အဘွားကြီးက သူမသည် မုဆိုးမတဦး ဖြစ်ကြောင်း၊ သူမ၏ခင်ပွန်းသည် အရာခံ ဗိုလ်တဦး ဖြစ်ကြောင်း၊ ဤမြို့မှာပင် နေထိုင်ကြောင်း လျှောက်ထားသည်။ သူမ၏သား ဗက်ဆီလီသည် ထောက်ပံ့ရေးတပ်တွင် အမှုထမ်းပြီး ယခုအခါ ဆိုက်ဗေးရီးယားဒေသရှိ အိုက်ကွတ်မြို့သို့ ရောက်ရှိနေသည်ဟု ဆိုသည်။ သူသည် အိုက်ကွတ်မြို့မှနေ၍ စာနှစ်ကြိမ် ရေးခဲ့သည်။ သို့သော် ယခုအခါ သူ့ထံမှ စာမလာ သတင်းမကြားရသည်မှာ တနှစ်ကျော်ပြီဟု ဆိုသည်။

“မနေ့ကတော့ သူဌေးကတော်ကြီး စတီပါနီဒါက တပည့်တော်မကို ပြောပါတယ်၊ ဘာဖြစ်လို့ ဘုန်းကြီးတပါးဆီကို သွားပြီး အစ်မသားရဲ့နာမည်ကို မပြောတာလဲ၊ အဲဒီလို ပြောရင် ဘုန်းကြီးက ဆုတောင်းမေတ္တာ ပို့တဲ့အချိန်မှာ အစ်မသားရဲ့နာမည်ကို ကွယ်လွန်သူ တဦးအနေနဲ့ ထည့်ပြီး မေတ္တာပို့ပေးလိမ့်မယ်တဲ့၊ အဲဒီအခါမှာ သူ့ရဲ့ဝိညာဉ်ဟာ အစ်မကို လွမ်းပြီး သူ့အနေနဲ့ အစ်မဆီကို စာရေးလိမ့်မယ်တဲ့၊ သူကတော့ အဲဒီနည်းဟာ အင်မတန် သေချာတယ်လို့ ပြောတယ်၊ တပည့်တော်မ အနေနဲ့တော့ ဇဝေဇဝါပဲ၊ သူပြောတဲ့အတိုင်း ဟုတ်သလား မဟုတ်ဘူးလား၊ အဲဒီလို လုပ်သင့်သလား ဆိုတာ အမိန့်ရှိတော်မူပါ အရှင်ဘုရား”

“အဲဒီစိတ်ကူးမျိုး ခေါင်းထဲမှာ ဘယ်တော့မှ မထည့်ပါနဲ့၊ အခုလို မေးတာကိုက အင်မတန် ရှက်စရာ ကောင်းနေပြီ၊ အသက်ရှင်နေတဲ့ လူတယောက်ရဲ့ဝိညာဉ်အတွက် ဘယ်လိုမိခင်မျိုး တယောက်ကမှ အမျှပေးပို့ မေတ္တာပို့လို့ ဖြစ်နိုင်ပါ့မလဲ၊ ဒီလိုလုပ်တာဟာ ဒုစရိုက်မှုတခုပဲ၊ အောက်လမ်းနည်းပဲ၊ ဒါယိကာမကြီးအနေနဲ့ မသိလို့ ပြောတာပဲ ဆိုပြီးသာ ခွင့်လွှတ်ရမယ်၊ ဒါယိကာမကြီးအနေနဲ့ လုပ်သင့်တာကတော့ မယ်တော်မာရီဆီမှာ ဆုတောင်းပါ၊ ဒါယိကာမကြီးရဲ့သားကို စောင့်ရှောက်ဖို့ လည်း ဆုတောင်းပါ၊ အခုလို ဒါယိကာမကြီးအနေနဲ့ မကိုးမကား ကြံစည်မိတဲ့အတွက်လည်း အပြစ်မှ ခွင့်လွှတ်ဖို့ ဆုတောင်းပါ။ ကျုပ် ပြောလိုက်မယ် ဒါယိကာမကြီး၊ ဒါယိကာမကြီးရဲ့သားဟာ မကြာခင်မှာ ဒါယိကာမကြီးဆီကို ပြန်လာရင်လည်း လာလိမ့်မယ်၊

ဒါမှမဟုတ်ရင်လည်း အကျိုးအကြောင်း စာရေးပါလိမ့်မယ်၊ ဒါယိကာမကြီး သိချင်တာ ဒါပဲ မဟုတ်လား၊ အဲဒီတော့ စိတ်ထဲမှာ ဘာမှ ပူပန်သောက မရှိဘဲ ပြန်ပေတော့၊ ဒါယိကာမကြီးရဲ့သားဟာ အသက်ရှင်လျက် ရှိနေပါတယ်လို့ ကျုပ် ပြောလိုက်ပါတယ်”

“အရှင်ဘုရားကို ဘုရားသခင်က စောင့်ရှောက်ပါစေ အရှင်ဘုရား၊ အရှင်ဘုရားသည် မင်္ဂလာ သတင်းကို ဆောင်ကြဉ်းတော်မူပြီး တပည့်တော်မတို့အတွက် ဆုမွန်ကောင်း ပေးသူ ဖြစ်ပါတယ်၊ တပည့်တော်မတို့ရဲ့ ဒုစရိုက်မှုတွေအတွက်...”

ဘုန်းကြီး ဇော်ဇီမာသည် အဘွားကြီး၏ ဆုမွန်တောင်းခြင်းအတွက် အာရုံ မရှိတော့ဘဲ ပရိသတ် အတွင်းမှ မျက်လုံးတစုံကို သတိပြုလိုက်မိသည်။ သူ့ကို စူးစိုက်ပြီး ကြည့်နေသော တောသူ လုံမငယ် တဦး၏ မျက်လုံးစုံပင် ဖြစ်တော့သည်။ သူမသည် သူ့ကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ငေးစိုက်ပြီး ကြည့်နေသည်။ သူမ၏ မျက်လုံးစုံသည် တစုံတရာကို တိုးလျှိုးတောင်းပန်နေဟန်ရှိသည်။ သို့သော် သူမသည် ခင်ကြီးအပါးသို့ ချဉ်းကပ်ရမည်ကိုလည်း ကြောက်လန့်နေဟန်ရှိသည်။

“ဒကာမလေးမှာ ဘယ်လို ဒုက္ခမျိုးနဲ့ ကြုံတွေ့ နေသလဲ”

“တပည့်တော်ကို အပြစ်မှ ချမ်းသာပေးပါ အရှင်ဘုရား” အမျိုးသမီးကလေးသည် မြေပြင်တွင် ဒူးထောက်၍ ကိုယ်ကို ကုန်းညွှတ်ကာ အသံတိုးတိုးမှန်မှန်ဖြင့် လျှောက်ထားသည်။ “တပည့်တော်မ ဟာ ပြစ်မှုတခုကို ကျူးလွန်မိပါသည် အရှင်ဘုရား၊ တပည့်တော်မဟာ ဒီပြစ်မှုအတွက် အထူးပင် ကြောက်လန့် တုန်လှုပ်နေရပါသည် အရှင်ဘုရား”

ခင်ကြီး ဇော်ဇီမာသည် အောက်ဆုံး လှေကားထစ်ပေါ်တွင် ထိုင်လိုက်သည်။ လုံမလေးသည် ခင်ကြီးအပါးသို့ ဒူးထောက်ရင်း ရွေ့လျားလာသည်။

“တပည့်တော်မ ခင်ပွန်း ဆုံးတာ နှစ်နှစ်ကျော်ပါပြီ ဘုရား၊ တပည့်တော်မတို့ အိမ်ထောင်ရေး ဘဝဟာ အင်မတန် ဆိုးဝါးကြမ်းတမ်းပါတယ် ဘုရား၊ တပည့်တော်မရဲ့ခင်ပွန်းဟာ အဘိုးကြီး တယောက် ဖြစ်ပြီး တပည့်တော်မကို မညှာမတာ ရိုက်နှက်လေ့ ရှိပါတယ်၊ သူ နေမကောင်းပြီး အိပ်ရာထဲ လဲနေတဲ့အချိန်မှာတော့ တပည့်တော်မရဲ့ ခေါင်းထဲမှာ အတွေးတခု ပေါက်မိပါတယ်၊ သူ နေမကောင်းပြီး အိပ်ရာထဲက ပြန်ထနိုင်တဲ့အချိန်မှာ တပည့်တော်မ ဘယ်လို ဒုက္ခရောက်ရဦးမယ် ဆိုတာ တပည့်တော် မစဉ်းစားဘဲ မနေနိုင်ပါဘူး ဘုရား၊ တပည့်တော်မ အဲဒီလိုလည်း တွေးမိရော”

“ခဏနေဦး ဒကာမလေး”

ခင်ကြီး ဇော်ဇီမာသည် သူ၏ နားတဖက်ကို သူမ၏ နှုတ်ခမ်းစုံအနီးသို့ ကပ်လိုက်သည်။ ထိုအခါ အမျိုးသမီးသည် လေသံ တိုးတိုးသဲ့သဲ့ကလေးဖြင့် ဆက်ပြီးပြောသည်။ နောက်ဆုံးတွင် သူမ၏ စကားများ ပြီးဆုံးသွားသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ဟုတ်လား" ဇော်ဇီမာက မေးသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကပါ အရှင်ဘုရား၊ ပထမတုန်းကတော့ တပည့်တော်မ ဒါလောက် လေးလေးနက်နက် မစဉ်းစားမိပါဘူး၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ တပည့်တော်မမှာ စိတ်ဒုက္ခ ရောက်ပြီး ပူပန်သောကတွေ ဖြစ်လာရပါတော့တယ်"

"ဒကာမကလေး လာရတာ ဝေးသလား"

"ဒီကနေ မိုင်သုံးရာကျော် ဝေးပါတယ် ဘုရား"

"ဘုန်းကြီး တပါးပါးဆီမှာ အာပတ်ဖြေတဲ့အခါမှာ ဒီအကြောင်းကို ပြောဖူးသလား"

"ပြောဖူးပါတယ် ဘုရား၊ တပည့်တော်မ နှစ်ခါတိတိ အာပတ်ဖြေပြီးပါပြီ ဘုရား"

"ဒကာမလေးကို စုဝေးပွဲကိုကော တက်ခွင့်ပြုသလား"

"ပြုပါတယ် ဘုရား၊ ဒါပေမဲ့ တပည့်တော် ကြောက်နေပါတယ်၊ တပည့်တော်မ သေရမှာ ကြောက်နေပါတယ်"

"ဘာကိုမှ မကြောက်ပါနဲ့၊ ဘယ်အခါမှ မကြောက်လန့်ပါနဲ့၊ နောက်ပြီးတော့ စိုးရိမ် ကြောင့်ကြခြင်း လည်း မဖြစ်ပါနဲ့၊ ဒကာမလေးအနေနဲ့ နောင်တတရား ရနေသမျှ ကာလပတ်လုံး ဘုရားသခင်က သင့်ကို ခွင့်လွှတ်ပါလိမ့်မယ်၊ ဒီကမ္ဘာလောကကြီးမှာ နောင်တ တရား ရလျက်သားနဲ့ ဘုရားသခင်က ခွင့်မလွှတ်တဲ့ ပြစ်မှု ဒုစရိုက်ရယ်လို့ မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ရဲ့ ကြီးမားလှတဲ့ မေတ္တာတရားကို လွှမ်းမြောက်သွားလောက်အောင် လူတွေဟာ ဒုစရိုက်မှုကို မကျူးလွန်နိုင်ပါဘူး၊ ဘုရားသခင်ရဲ့ မေတ္တာတရားကို ကျော်လွန်သွားနိုင်တဲ့ ဒုစရိုက်မျိုး မရှိပါဘူး။

"ဒါယိကာမလေးအနေနဲ့ အမြဲထာဝရ နောင်တရနေဖို့ပဲ လိုပါတယ်၊ တချိန်တည်းမှာပဲ သင်ဟာ ဘာကိုမှ ကြောက်လန့်မနေဖို့ လိုပါတယ်၊ ဘုရားသခင်ဟာ သင့်အပေါ်မှာ သင်နားမလည်နိုင်တဲ့ အတိုင်းအတာအထိ မေတ္တာတရား ရှိနေတယ်ဆိုတာ သင် ယုံကြည်ထားပါ၊ သင့်အနေနဲ့ ဒုစရိုက်မှုတွေ

ရှိနေလင့်ကစား ဘုရားသခင်ကတော့ သင့်အပေါ်မှာ မေတ္တာတရား ထားလျက်ပဲ ရှိပါတယ်၊ သည်လောကကြီးမှာ ရိုးသားမှန်ကန်တဲ့လူ ဆယ်ယောက် ရှိတာထက် နောင်တ တရားရတဲ့ ဒုစရိုက်သမားတယောက်အတွက် ကောင်းကင်ဘုံကြီးက ဝမ်းမြောက်တော်မူပါတယ်၊ ဒီအဆိုစကားဟာ ရှေးပဝေသဏီကတည်းက ရှိခဲ့တဲ့စကား ဖြစ်တယ်၊ အဲဒီတော့ ဘာကိုမှ မစိုးရိမ် မကြောက်လန့်ပါနဲ့တော့ ဒကာမလေး။

"ကွယ်လွန်သွားတဲ့ သင့်ရဲ့ ဒကာကြီးကို သင့်ရဲ့နှလုံးသားကနေ ခွင့်လွှတ်ပါ၊ သူဟာ သင့်အပေါ် အဘယ်မျှပင် ဆိုးပါစေ၊ မေတ္တာတရားထားပြီး သူ့ကို ခွင့်လွှတ်လိုက်ပါ။ သင် လုပ်ဆောင်ခဲ့တဲ့ အပြုအမူအတွက် သင်ဟာ စိတ်ထိခိုက်ရိုးမှန်ရင် မေတ္တာတရား ပွားများပါ၊ သင့်မှာ မေတ္တာတရား ရှိခဲ့လျှင် သင်ဟာ ဘုရားသခင်ရဲ့ ကြည့်ရှုစောင့်ရှောက်ခြင်းကို ခံရပါလိမ့်မယ်၊ သင့်လိုပဲ ပုထုဇဉ်တဦး ဖြစ်တဲ့ ကျွန်ုပ်တောင် သင့်ရဲ့ဖြစ်ရပ်များကို ဝမ်းနည်းခြင်း ဖြစ်ရရင် ဘုရားသခင်ဆိုလျှင် ဘယ်လောက်များ ပိုပြီး ကရုဏာသက်မလဲ၊ မေတ္တာတရားဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတပါး ဖြစ်တယ်။ သင်ဟာ ဒီလောကကြီးမှာ ဘယ်အရာကိုမဆို မေတ္တာတရားနဲ့ ပြန်လည်ရရှိနိုင်တယ်။ အဲဒီတော့ ဘာကိုမှ ကြောက်လန့်ခြင်း မဖြစ်ပါနဲ့တော့ ဒကာမလေး"

ခင်ကြီး ဇော်ဇီမာသည် အမျိုးသမီးကလေး၏ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင် သင်္ကေတ သုံးကြိမ် ပြုလုပ်လိုက်သည်။ ထို့နောက် သူ၏လည်ပင်းတွင် ဆွဲထားသော ပုံတော်ကလေးကို ဖြုတ်ယူပြီး သူမ၏လည်ပင်းတွင် ဆွဲပေးလိုက်သည်။ သူမက သူ့ကို မြေကြီးနှင့် နဖူး ထိသည့်တိုင် ကိုင်းညွတ်ပြီး တိတ်ဆိတ်စွာ ဂါရဝပြုသည်။ ထို့နောက် ခင်ကြီး ဇော်ဇီမာသည် မတ်တတ်ထရပ်ပြီး ကလေးငယ်ကို ရင်ဝယ်ပွေ့ချီထားသော ကျန်းမာဝဖြိုးသည့် တောသူတဦးကို ကြည့်သည်။

"ဗီရှိဂိုရီကပါ အရှင်ဘုရား ..."

အမျိုးသမီးက လျှောက်တင်သည်။

"ဒကာမကြီးဟာ ကလေးငယ်ကို ပွေ့ချီပြီး ငါးမိုင်ခရီးကိုတောင် လာခဲ့ရတာပါကလား။ ဒကာမကြီး ဘာအလိုရှိလို့လဲ"

"အရှင်ဘုရားကို ဖူးမြော်ရအောင် လာခဲ့တာပါပဲ ဘုရား၊ အရှင်ဘုရား မမှတ်မိလို့ နေပါလိမ့်မယ်၊ အရှင်ဘုရားကို အရင်ကလည်း တပည့်တော် ဖူးမြော်ဖူးပါတယ်။ အရှင်ဘုရား မမှတ်မိဘူး ဆိုရင်တော့ အရှင်ဘုရား မှတ်ဉာဏ် မကောင်းလို့ပဲ နေပါလိမ့်မယ်၊ အရှင်ဘုရား နာမကျန်း ဖြစ်နေတယ်လို့ တပည့်တော်တို့ရွာမှာ ပြောနေကြပါတယ်။ ဒါကြောင့်မို့လို့ အရှင်ဘုရားကို

မျက်ဝါးထင်ထင် ဖူးမြော်ရအောင် တပည့်တော်မ လာခဲ့တာပါပဲ၊ အခု အရှင်ဘုရားကို တပည့်တော် မြင်တွေ့ရတော့ အရှင်ဘုရား နေမကောင်းဘူးဆိုတာ မဟုတ်ပါဘူး။ အရှင်ဘုရားဟာ နောက်ထပ် အနှစ် နှစ်ဆယ်လောက် နေနိုင်ပါတယ်။ အမှန်ပါပဲ ဘုရား၊ နောက်ပြီးတော့ ပြောရဦးမယ်ဆိုရင် အရှင်ဘုရားအတွက် လူတွေ အများကြီး ဝိုင်းပြီး ဆုတောင်းပတ္ထနာ ပြုပေးနေကြပါတယ်၊ အရှင်ဘုရား ဘယ်လိုလုပ်ပြီး နာမကျန်း ဖြစ်နိုင်ပါ့မလဲ”

“ကျေးဇူးတင်ပါတယ် ဒကာမကြီး”

“ဒါနဲ့ စကားမစပ် ... အရှင်ဘုရားကို တပည့်တော်မ တခု လျှောက်ထားချင်ပါတယ် အရှင်ဘုရား၊ ကိစ္စကတော့ အသေးအမွှားကလေးပါပဲ၊ တပည့်တော်မမှာ ကိုပက် ပြားခြောက်ဆယ် ရှိပါတယ်၊ အဲဒီပိုက်ဆံကို အရှင်ဘုရား ယူထားပြီး တပည့်တော်မထက် ဆင်းရဲတဲ့ လူတယောက်ကို လှူဒါန်းပေးပါ၊ တပည့်တော်မ ဒီကိုအလာ လမ်းမှာ စဉ်းစားလာခဲ့ပါတယ်၊ ဒီပိုက်ဆံကို ဆရာတော်က တဆင့် ငါ လှူဒါန်းမယ်၊ ဘယ်သူ့ကို ပေးကမ်း စွန့်ကြဲရမယ် ဆိုတာကို ဆရာတော် သိလိမ့်မယ်လို့..”

“ဒကာမကြီးရဲ့ စေတနာ သဒ္ဓါတရားအတွက် ကျွန်ုပ် အများကြီး ဝမ်းမြောက်ပါတယ်၊ ဒကာမကြီး အပေါ်မှာ ကျွန်ုပ် မေတ္တာတရား ထားပါ့မယ်၊ ဒကာမကြီးလက်ထဲက ကလေးကလေးက ဒကာမကြီးရဲ့ ရင်သွေးကလေးပဲလား”

“မှန်ပါတယ် အရှင်ဘုရား၊ လီဇာဗီတာပါ”

“သင်နှင့် သင်၏ရင်သွေးငယ် လီဇာဗီတာကို ဘုရားသခင် ကောင်းချီးပေးပါစေ၊ ဒကာမကြီးဟာ ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်လန်းစေပါတယ်၊ ကျန်းမာ ချမ်းသာကြပါစေ ဒကာမကြီးတို့၊ ကျန်းမာချမ်းသာကြပါစေ”

ခင်ကြီး ဇော်ဇီမာသည် ပရိသတ်အပေါင်းအား ကောင်းချီးမင်္ဂလာပေးပြီး ဦးခေါင်းကို ညွှတ်ကာ နှုတ်ဆက်လိုက်တော့သည်။

၄။ ယုံကြည်မှု မရှိသော အမျိုးသမီးတယောက်

ခင်ကြီးဇော်ဇီမာနှင့် ကျေးတောသူများ၏ တွေ့ဆုံပွဲနှင့် ခင်ကြီးဇော်ဇီမာက ထိုမိန်းမများအား ကောင်းချီးပေးခြင်းတို့ကို တွေ့မြင်ရသောအခါ မဒမ်ကိုကလာကော့သည် ကြည်နူးမှုဖြင့် မျက်ရည်များ စီးဖြာလာတော့သည်။ မဒမ်ကိုကလာကော့သည် စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်သည်။ သူမသည် စိတ်သဘောထား နူးညံ့ပြီး ကရုဏာတရား ကြီးမားသော အထက်လွှာ အမျိုးသမီးတဦး ဖြစ်သည်။ နောက်ဆုံးတွင် ခင်ကြီး ဇော်ဇီမာသည် သူမရှိရာသို့ ရောက်ရှိလာသည်။ သူမက ခင်ကြီးဘုရားကို ပီတိသောမနဿ ဖြစ်စွာဖြင့် ကြိုဆို ဖူးမြော်သည်။

"တပည့်တော်မရဲ့ ရှေ့မှောက်မှာ မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းကို တပည့်တော် ဘယ်လောက် ဝမ်းသာ ကြည်နူးမိမှန်း မသိပါဘူး ဘုရား၊ တပည့်တော်..." သူမသည် စိတ်လှုပ်ရှားလွန်းသဖြင့် စကားကို ရုတ်ခြည်း မဆက်နိုင်ပဲ ရှိသည်။ "အို... အရှင်ဘုရား၊ လယ်သူမကြီးတွေ၊ တောသူတွေက အရှင်ဘုရားကို ဘယ်လောက် ကြည်ညိုကြတယ်ဆိုတာ တပည့်တော်မ မြင်တွေ့ရတော့ တပည့်တော်မကိုယ်တိုင် သူတို့အပေါ်မှာ မေတ္တာတရား ပေါက်ဖွားရပါတယ်၊ သူတို့အပေါ်မှာ တပည့်တော်မ မေတ္တာပွားလိုပါတယ်၊ ဒါလောက် ရိုးသားတဲ့လူတွေကို တပည့်တော်မတို့ ဘယ်မှာ မချစ်ခင် မကြင်နာဘဲ နေနိုင်ပါ့မလဲ"

"ဒကာမရဲ့ သမီးလေး ဘယ်လိုနေသေးသလဲ၊ ဒကာမဟာ ဒီကိစ္စအတွက် ကျုပ်နဲ့ တွေ့ချင်နေတယ် မဟုတ်လား"

"မှန်ပါတယ် အရှင်ဘုရား၊ ဒီအတွက် တပည့်တော်မ မျှော်လင့် စောင့်စားနေရပါတယ်၊ လိုအပ်လို့ရှိရင် တပည့်တော်မဟာ အရှင်ဘုရားရဲ့လေသာပြတင်းအောက်မှာ သုံးရက်လုံးလုံး ဒူးထောက်ပြီးနေဖို့ စိတ်ကူးမိပါတယ်၊ အရှင်ဘုရားက တွေ့ဆုံခွင့် ပေးသနားသည်အထိပါ အရှင်ဘုရား၊ တပည့်တော်တို့ အပေါ်မှာ အရှင်ဘုရားရဲ့ ကျေးဇူးတရား ကြီးမားလှကြောင်း လျှောက်ထားဖို့ တပည့်တော်တို့ အခုလို ရောက်လာရခြင်းပါ အရှင်ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်မရဲ့သမီးကလေး လီဆီကို ကုသပေးခဲ့ပါတယ်။ အရှင်ဘုရားဟာ လွန်ခဲ့တဲ့ ကြာသပတေးနေ့က သမီးကလေးရဲ့ ကိုယ်ပေါ်မှာ လက်တင်ပြီး ဆုတောင်းပတ္ထနာ ပြုခဲ့ရုံနဲ့ သူ့ရဲ့ရောဂါကို ပျောက်ကင်းစေခဲ့ပါတယ် ဘုရား၊ အဲဒီ အရှင်ဘုရားရဲ့လက်တော်များကို ရိုသေလေးမြတ်စွာ နမ်းရှုပ်ရန်အတွက် တပည့်တော်တို့ လာရောက်ခြင်း ဖြစ်ပါတယ် ဘုရား"

"ကျွန်ုပ်က သူ့ကို ပျောက်ကင်းအောင် ကုသလိုက်တယ် ဟုတ်လား၊ သူဟာ

အခုအချိန်အထိ ဘီးတပ်ကုလားထိုင်ပေါ်မှာ ရှိနေတုန်းပဲ မဟုတ်လား”

“ဒါပေမဲ့ အရှင်ဘုရား၊ သမီးကလေးဟာ ညညမှာ မဖျားတာ နှစ်ရက် ရှိသွားပါပြီ ဘုရား၊ ကြာသပတေးနေ့ နောက်ပိုင်းမှာ မဖျားတော့ပါဘူး ဘုရား” အမျိုးသမီးက ကရား ရေလွှတ် လျှောက်ထားသည်။ သူ့ခြေထောက်တွေဟာလည်း သန်လာကြပါတယ်၊ ကနေ့မနက် သူ အိပ်ရာက ထတော့ နေကောင်းနေတယ်၊ ညကလည်း တညလုံး အိပ်တယ်၊ သူ့ပါးကလေးတွေကို ကြည့်ပါ အရှင်ဘုရား၊ သူ့မျက်လုံးကလေးတွေကို ကြည့်ပါ အရှင်ဘုရား၊ အရင်တုန်းကဆိုရင် သမီးဟာ အမြဲတမ်း ငိုနေတာပဲ။ အခုဆိုရင် သူ ရယ်တယ်၊ ရွှင်တယ်၊ ပျော်နေတယ်။ ကနေ့ဆိုရင် သူ မတ်တတ်ရပ်ကြည့်မယ်လို့ ပြောတယ်၊ တမိနစ်လုံးလုံး ဘာမှ အကိုင်အတွယ် မရှိဘဲ ရပ်နိုင်သေးတယ်၊ နောက် နှစ်ပတ်လောက်ကြာရင် သူ ကနိုင်ပြီလို့ တပည့်တော်မကို အလောင်းအစား လုပ်ထားတယ်၊ ဒေါက်တာ ဟာဇင် ကျူဗီကို ခေါ်ပြတော့ ဆရာဝန် အံ့သြနေတယ်၊ ကလေးမကလေး ဘယ်လိုဖြစ်ပြီး ဒီလို နေကောင်းသွားတယ် ဆိုတာကို သူ မသိဘူးလို့ ပြောတယ်၊ အရှင်ဘုရားရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့တဲ့အနေနဲ့ တပည့်တော်တို့ ရောက်လာတာမို့ အရှင်ဘုရား အလိုမရှိဘူးလား ဘုရား။ သမီး လီဆီ ... ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပါ”

လီဆီ၏ ပြုံးရွှင်နေသော မျက်နှာကလေး ရုတ်ခြည်း တည်ကြည်သွားသည်။ ဘီးတပ် ကုလားထိုင် ပေါ်တွင် သူမ အတတ်နိုင်ဆုံး ကြိုးစားပြီး ထရပ်လိုက်သည်။ သူမ၏ လက်နှစ်ဖက်ကို ရှေ့သို့ ထုတ်ဆန့်လိုက်သည်။ သို့သော် ကလေးမကလေးသည် သူမကိုယ်သူမ မထိန်းချုပ်နိုင်သည့် အနေဖြင့် ရုတ်ခြည်းဆိုသလို ဝါးလုံးကွဲ ရယ်မောလိုက်သည်။

“သမီး ရယ်တာ ... သူ့ကို ရယ်တာ၊ သူ့ကို ရယ်တာ”

သူမက အလျှိုရှာကို လက်ညှိုးထိုးပြီး ပြောသည်။ သူမကိုယ်သူမ မထိန်းချုပ်နိုင်သည့် အတွက်လည်း အနည်းငယ် စိတ် စနောင့်စနင်း ဖြစ်နေဟန်ရှိသည်။

ခင်ကြီး ဇော်ဇီမာ၏ နောက်ဘက် တလှမ်းကွာလောက်တွင် ရပ်နေသော အလျှိုရှာကို တစုံတယောက်ကသာ ဂရုပြုပြီး ကြည့်နေမည်ဆိုလျှင် သူ၏မျက်နှာ ရုတ်တရက် နီရဲသွားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ သူ့မျက်လုံးများ အရောင်တောက်လက်သွားသည်။ သို့သော် ချက်ချင်းပင် သူ့ခေါင်းကို ငုံ့စိုက်လိုက်သည်။

“မောင်လေးကို သူ သတင်းတခု ပေးစရာရှိတယ်” ဟု မဒမ်ကိုကလာကော့က ပြောလိုက်သည်။ သူမ၏ လက်အိတ်စွပ်ထားသော

လက်တဖက်ကို သူ့ထံသို့ ဆန့်တန်းပေးရင်း… “မောင်လေး နေကောင်းတယ်နော်”

ခင်ကြီးဇော်ဇီမာ နောက်ဘက်သို့လှည့်ပြီး အလျှိုရှာကို စူးစိုက်ကာ ကြည့်သည်။ အလျှိုရှာသည် လီဆီထံသို့ လျှောက်သွားပြီး သူ့လက်ကို ဆန့်တန်းပေးသည်။ သူ့မျက်နှာတွင် ထူးဆန်းသော အပြုံးရိပ် ထင်နေသည်။ လီဆီက အလေးအနက်ဟန်ဖြင့် …

“ကက်ထရီးနားက အစ်ကို့ကို ပေးလိုက်ပါတဲ့” မိန်းကလေးက သူ့ကို စာတစောင် ပေးသည်။ “အစ်ကို သူ့ကို လာတွေ့ပါလို့ မှာလိုက်တယ်၊ အမြန်ဆုံး လာတွေ့ပါတဲ့၊ မပျက်မကွက် ဆက်ဆက်ကြီး လာပါတဲ့”

“သူ့ကို လာတွေ့ပါလို့ ကိုယ့်ကို မှာလိုက်တယ် ဟုတ်လား” အလျှိုရှာ အံ့သြစွာ ရေရွတ်လိုက်သည်။

“ကိုယ် သူ့ကို တွေ့ ရမယ် ဟုတ်လား၊ ဘာကိစ္စလဲ”

သူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကြဟန် ထင်လာသည်။

“မောင်လေးရဲ့အစ်ကို ဒီမီထရီရဲ့ကိစ္စပေါ့၊ တလောကလေးကမှ ဖြစ်တဲ့ကိစ္စပါ” မဒမ်ကိုကလာကော့ က လျင်မြန်စွာ ရှင်းသည်။ “ကက်ထရီးနားအနေနဲ့ ဆုံးဖြတ်ချက်တခု ချလိုက်တယ်၊ ဒါပေမဲ့ ဒီကိစ္စကို သူက မောင်လေးကို အရင် ပြောချင်ပုံရတယ်။ ဘာကြောင့်ဆိုတာတော့ မမ မသိဘူး၊ မောင်လေးက သူ့ကို အမြန်ဆုံး လာတွေ့ပါတဲ့၊ မောင်လေး သွားတွေ့မယ် မဟုတ်လား၊ မောင်လေး သွားမယ် ဆိုတာကို မမ သိပါတယ်၊ ခရစ်ယာန် တဦးပဲပေါ့ကွယ်”

“ကျွန်တော် သူ့ကို တခါပဲ တွေ့ဖူးတာပဲ”

အလျှိုရှာက စိတ်ရှုပ်ထွေးဟန်ဖြင့် ပြန်ပြောသည်။

“အို … သူဟာ အင်မတန် မာနကြီးတဲ့ အမျိုးသမီးတယောက်ပဲ၊ သူ့မှာ ခံစားနေရတဲ့ စိတ်ဒုက္ခတခု ကြောင့်သာ … သူ့မှာ ဘယ်လို ခံစားနေရတယ်ဆိုတာ မောင်လေး စဉ်းစားကြည့်ပါ၊ သူ့မှာ … သူ့မှာ ဘယ်လို ခံစားနေရဦးမယ် ဆိုတာကို မောင်လေး စဉ်းစားကြည့်စမ်းပါ၊ အို … မကောင်းပါဘူးကွယ်၊ မကောင်းပါဘူး”

“ကောင်းပြီလေ၊ ကျွန်တော် လာခဲ့မယ်”

နောက်ဆုံးတွင် အလျှိုရှာသည် ကက်ထရီးနား၏ စာကို ဖတ်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။ စာထဲတွင် ဆက်ဆက်လာရောက်ပါရန် အထူးတလည် တောင်းပန်ထားသော်လည်း အကျိုးအကြောင်းကိုကား ဖော်ပြထားခြင်း မရှိချေ။

“အို.. အစ်ကိုက သိပ်လိမ္မာပြီး သိပ်တော်တာပဲ” လီဆီ စိတ်အားတက်ကြွစွာဖြင့် ပြောသည်။ “မေမေ့ကို ညီမက ပြောခဲ့တယ်၊ အစ်ကို လာမှာ မဟုတ်ဘူးလို့၊ အစ်ကိုက သူ့စိတ်ဝိညာဉ်ကို စင်ကြယ်အောင် လုပ်နေတာလို့။ အခုတော့ အစ်ကိုက တကယ်ကို တော်တာပဲ၊ အစ်ကိုဟာ တော်ပါတယ်လို့ ညီမ အမြဲတမ်း ယူဆခဲ့တယ်၊ အစ်ကို တော်တယ်ဆိုတာကို ပြောရတာ ညီမလေး ဝမ်းသာလိုက်တာ”

“လီဆီနော်”

မိခင်ဖြစ်သူက ဟန့်တားလိုက်သည်။ သို့သော် ယင်းသို့ ဟန့်တားပြီးနောက် မဒမ် ကိုကလာကော့ ပြုံးလဲ့လဲ့လေး ရှိနေသည်။ ထို့နောက် သူမက အလျှိုရှာကို ဆက်ပြီး ပြောသည်။

“မောင်လေးကလည်း မမတို့ကို မေ့နေတယ်နော်၊ မမတို့ဆီကို မောင်လေး မလာဘူး၊ မောင်လေးက မမတို့နဲ့ တွေ့ချင်ဟန် မတူပါဘူး၊ လီဆီကတော့ မောင်လေးနဲ့ အတူနေရတာကို သိပ်ပျော်တယ်လို့ မမကို နှစ်ခါတောင် ပြောတယ်”

အလျှိုရှာသည် အောက်သို့ စိုက်ထားသော မျက်လုံးများကို ပင့်မော့လိုက်သည်။ သူ့မျက်နှာ နီရဲသွားပြန်သည်။ ထို့နောက် ဘာကြောင့်မှန်းမသိ၊ သူ ပြုံးလိုက်သည်။

သို့သော် ခင်ကြီး ဇော်ဇီမာသည် အလျှိုရှာကို ကြည့်မနေတော့ပါ။ ယခုအခါ လီဆီ၏ ကုလားထိုင်ဘေးတွင် ရပ်ကာ သူ့အား စောင့်ဆိုင်းနေသော ဘုန်းကြီးနှင့် စကားပြောလျက် ရှိတော့သည်။ ထိုဘုန်းကြီးသည် တောဘုန်းကြီးတပါးဖြစ်ပြီး စာတတ်ပေတတ်ကြီး မဟုတ်သော် လည်း ခရစ်ယာန် သာသနာတွင် နှစ်နှစ်ကာကာ ယုံကြည်သူတဦး ဖြစ်သည်။ သူ့ပုံစံနှင့်သူ ပြတ်သားသူတဦး ဖြစ်သည်။ သူသည် ဝေးလံသော မြောက်ပိုင်းဒေသက လာကြောင်း၊ ဘုန်းကြီး ကိုးပါးသာရှိသော တောကျောင်းကလေးမှ ဖြစ်ကြောင်းဖြင့် မိတ်ဆက်သည်။ ခင်ကြီး ဇော်ဇီမာက တောဘုန်းကြီးကို ကောင်းချီးပေးပြီးနောက် သူ၏ ကျောင်းသင်္ခမ်းသို့ အချိန်မရွေး လာရောက်နိုင် ကြောင်း ဖိတ်မန္တကပြုသည်။

“အရှင်ဘုရား.. အခုလိုမျိုးတွေ ကုသနိုင်တာဟာ အဘယ်အကြောင်းကြောင့်လို့ မှတ်ယူထားပါသလဲ”

ဘုန်းကြီးက လီဆီကို လက်ညှိုးထိုးပြီး ရုတ်တရက် မေးလိုက်သည်။ သူက ကလေးမကလေး၏ ရောဂါ ပျောက်ကင်းသွားပြီ ဟူသည့်သဘောဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

“ဒီကိစ္စကို ပြောဖို့ စောပါသေးတယ် အရှင်ဘုရား၊ သက်သာတယ်ဆိုတာ လုံးဝ ပျောက်ကင်းတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ တကယ်လို့ သက်သာပျောက်ကင်းခြင်း ရှိတယ်ဆိုရင်လည်း ဒီလိုမျိုးဖြစ်အောင် လုပ်နိုင်တာဟာ ဘုရားသခင်ရဲ့ဘုန်းတန်ခိုးကြောင့်ပဲ ဖြစ်ပါတယ် အရှင်ဘုရား၊ အရာရာတိုင်းဟာ ဘုရားသခင်ရဲ့အလိုတော်အရ ဖြစ်ကြရတာပါပဲ အရှင်ဘုရား၊ တပည့်တော်တို့နဲ့ တွေ့ရအောင် ကြွလာပါ ဘုရား၊ ဒါပေမဲ့ လောလောဆယ် အခြေအနေမှာ တပည့်တော်ဟာ အချိန်မရွေး မတွေ့နိုင်ပါဘူး၊ တပည့်တော် နာမကျန်း ဖြစ်နေပါတယ်၊ တပည့်တော် အိပ်ပျော်ရမယ့်ရက်ဟာ နီးကပ်နေပါပြီ အရှင်ဘုရား” ဟု ခင်ကြီး ဇော်ဇီမာက တုံ့ပြန်သည်။

“အို ... မဟုတ်တာပဲ အရှင်ဘုရား” မဒမ် ကိုကလာကော့က ရွတ်ဆိုလိုက်သည်။ “ဘုရားသခင်ဟာ အရှင်ဘုရားကို တပည့်တော်တို့ဆီက ဘယ်တော့မှ ခေါ်သွားမှာ မဟုတ်ဘူး၊ အရှင်ဘုရားဟာ နှစ်ပေါင်းများစွာ သက်တော်ထင်ရှား နေဦးမှာပါ၊ အရှင်ဘုရား ခု ဘာဖြစ်လို့လဲ၊ ဘာမှ မဖြစ်ပါဘူး၊ အရှင်ဘုရားဟာ လန်းလန်းဆန်းဆန်း ရှိတယ်၊ ကြည်ကြည်ရွှင်ရွှင် ရှိတယ်”

“ကျုပ် ကနေ့ အများကြီး နေကောင်းတယ်၊ ဒါပေမဲ့ ဒါဟာ ခဏပါပဲ၊ ကျုပ်ရဲ့နာမကျန်းမှုကို ကျုပ် ကောင်းကောင်းကြီး နားလည်နေပြီ၊ ကျုပ်ကို လန်းလန်းဆန်းဆန်း ရှိတယ်လို့ ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲဒီလိုပြောတဲ့အတွက် ကျုပ်မှာ ဝမ်းမြောက်ဝမ်းသာ အများကြီး ဖြစ်ရပါတယ်၊ လူတွေဟာ သုခချမ်းသာနဲ့ ဖွဲ့စည်းထားတာပဲ၊ ချမ်းသာသုခရှိတဲ့ လူတယောက်ဟာ ဘုရားသခင်ရဲ့ အလိုတော်ကို သည်လောကကြီးမှာ ဆောင်ကြဉ်းနေတဲ့လူလို့ သူ့ကိုယ်သူ ပြောနိုင်တယ်၊ သူတော်ကောင်းတွေ သူတော်စင်တွေ အားလုံးဟာ ချမ်းသာသုခမှုနဲ့ပြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ”

“အရှင်ဘုရား မြွက်ကြားတဲ့ စကားဟာ တန်ဖိုးရှိလှပါပေတယ်”

မဒမ်ကိုကလာကော့က ကျူးရင့်လိုက်သည်။ “အင်မတန် မြင့်မြတ်ပြီး အင်မတန် ရဲရင့်တဲ့ စကားပဲ၊ အရှင်ဘုရားမြွက်ကြားလိုက်တဲ့ စကားလုံးတွေဟာ လူတယောက်ရဲ့နှလုံးသည်းပွတ်ထဲကို ထိုးဖောက် ဝင်ရောက်သွားနိုင်ပါတယ်။ ဒါပေမဲ့ အရှင်ဘုရား၊ သုခ ချမ်းသာ သုခချမ်းသာ... သုခချမ်းသာဆိုတာ ဘယ်မှာလဲ အရှင်ဘုရား၊ ဘယ်လိုလူများဟာ သုခချမ်းသာနဲ့ ပြည့်စုံတယ်လို့ ပြောနိုင်မလဲ၊ အရှင်ဘုရားကို ကနေ့ ဖူးမြော်ခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ အဲဒီတော့ အရှင်ဘုရားကို တပည့်တော် အရင်တပတ်က မလျှောက်ခဲ့ရတဲ့ စကားတခု၊ မလျှောက်ရဲခဲ့တဲ့ စကားတခုကို ကနေ့ တင်လျှောက်ပါရစေ ဘုရား၊ တပည့်တော်မ ရင်ထဲမှာ ခံစားနေရပါတယ် ဘုရား၊ အမှန်ပါပဲ ဘုရား”

သူမ၏လက်နှစ်ဖက်ကို ခင်ကြီးဇော်ဇီမာ၏ရှေ့တွင် ပူးယှက်လိုက်သည်။

"ဘာကို ခံစားနေရတာလဲ ဒကာမ"

"တပည့်တော်မမှာ ယုံကြည်မှု နည်းပါးနေပါတယ် အရှင်ဘုရား"

"ဘုရားသခင်ကို ယုံကြည်မှု နည်းပါးတာလား"

"အို မဟုတ်ပါဘူး ဘုရား၊ အဲဒီလိုမျိုးကိုတော့ တပည့်တော်မ စိတ်ထဲမှာတောင် မတွေးရဲပါဘူး အရှင်ဘုရား၊ ဒါပေမဲ့ တမလွန်နဲ့ ပတ်သက်လို့တော့ တပည့်တော်မ ဘယ်လိုမှ နားမလည်နိုင်ဘူး ဖြစ်နေပါတယ်၊ သေသွားပြီးရင် ဘာဖြစ်မယ်ဆိုတာကို ဘယ်သူကမှ မပြောနိုင်ပါဘူး ဘုရား၊ နားဆင်ပါ အရှင်ဘုရား၊ အရှင်ဘုရားဟာ နတ်ဝိညာဉ်တွေနဲ့ပတ်သက်လို့ များစွာ တတ်သိ နားလည်တဲ့ ပုဂ္ဂိုလ်ကျော်ကြီး တဦးပါ။ တပည့်တော် ပြောတဲ့စကားကို အရှင်ဘုရား ယုံပါလို့ တပည့်တော် မဆိုလိုပါဘူး၊ ဒါပေမဲ့ ဒီစကားကို တပည့်တော် သေသေချာချာ စဉ်းစားပြီးမှ ပြောတာပါ။ အနာဂတ်လောကနဲ့ ပတ်သက်လို့ တပည့်တော်မှာ အများကြီး စိတ်ချောက်ချားနေရ ပါတယ်။ တပည့်တော်ကို အများကြီး တုန်လှုပ်စေပါတယ်၊ ကြောက်လန့်စေပါတယ်၊ ဒီအကြောင်းကို တပည့်တော် ဘယ်သူ့ကို ပြောရမှန်းမသိ ဖြစ်နေတယ်၊ တသက်လုံးပဲ ဒီအတိုင်းနေပြီး မသွားနိုင်ဘူး၊ ဒါကြောင့်မို့ တပည့်တော်ဟာ အခု အရှင်ဘုရားကို လျှောက်တင်ရတာပဲ။ အို ... အရှင်ဘုရား၊ တပည့်တော်မကို ဘယ်လို ထင်ပါသလဲ"

သူမက လက်နှစ်ဖက်ကို ဆုပ်ထားပြီး မေးလိုက်သည်။

"ကျုပ် ဘယ်လိုထင်သလဲ ဆိုတဲ့အတွက် ဘာမှ စိတ်မပူပါနဲ့။ ဒကာမကြီး ခံစားနေရတဲ့ စိတ်ဒုက္ခကို ကျုပ် နားလည် သဘောပေါက်ပါတယ်"

"ကျေးဇူးတင်လိုက်တာ အရှင်ဘုရား၊ ဒီလိုပါ အရှင်ဘုရား၊ တပည့်တော်မ မျက်လုံးစုံကို မှိတ်ပြီး စဉ်းစားမိတယ်၊ လူတွေမှာ ဘဝယုံကြည်မှု ဆိုတာရှိရင် အဲဒီယုံကြည်မှုကို သူတို့ ဘယ်ကရသလဲ၊ ဒီအခါမှာ လူတွေက ပြောလိမ့်မယ်၊ ဘဝယုံကြည်မှုဟာ လက်ရှိ လောကကြီးရဲ့ ဒုက္ခအပေါင်းကြောင့် ဖြစ်ပေါ်လာတာလို့ ဆိုလိမ့်မယ်။ တကယ်တော့ တကယ်မရှိတဲ့ အရာပဲ၊ အဲဒီတော့ တပည့်တော် စဉ်းစားမိတယ်၊ ငါဟာ တသက်လုံး တမလွန်ကို ယုံကြည်မှုရှိခဲ့ပြီး သေတဲ့အခါကျမှ ဘာမှ မရှိခဲ့ရင် ဘယ်နှယ့်လုပ်မလဲ၊ သေချာတာ တခုပဲရှိတယ်၊ ဟို စာရေးဆရာတယောက် ရေးခဲ့သလိုပဲ၊ ငါ့သင်္ချိုင်းပေါ်မှာ ကပ်စေးနဲ့ပင်တွေ ပေါက်လိမ့်မယ်တဲ့။ အဲဒီတော့ တပည့်တော် ဘယ်လိုလုပ်ပြီး တမလွန်ကို ယုံကြည်ရမလဲ။

"အမှန်အတိုင်း ဝန်ခံရရင် တပည့်တော် ငယ်ငယ်က ယုံကြည်ခဲ့ပါတယ်၊ အလိုလို ယုံကြည်တာပေါ့၊ ဘာမှ မစဉ်းစား မဆင်ခြင်ဘဲ ယုံကြည်တာပေါ့၊ ဒါပေမဲ့ အခုကျတော့ တပည့်တော် ဘယ်လိုလုပ်ပြီး သက်သေပြမလဲ၊ အထောက်အထား ပြနိုင်မလဲ၊ ဒါကြောင့် အရှင်ဘုရားဆီကို တပည့်တော် ရောက်လာပြီး အရှင်ဘုရားဆီမှာ မေးမြန်း လျှောက်ထားနေရတာပဲ၊ တပည့်တော်မ ဒီအခွင့်အရေးကို ဆုံးရှုံးသွားရင် နောက် ဒီလိုအခွင့်အရေးမျိုး တသက်လုံး ရတော့မှာ မဟုတ်ဘူး၊ တမလွန်ကို ဘယ်လို သက်သေပြမလဲ၊ ဘယ်လိုလုပ်ပြီး ယုံကြည်ရမလဲ၊ အဲဒါ တပည့်တော်မရဲ့ဒုက္ခပဲ၊ တပည့်တော်မ ပတ်ဝန်းကျင်မှာ ရှိတဲ့လူတွေကို ကြည့်လိုက်တော့ လူတွေအားလုံးလောက်ဟာ ဒီကိစ္စကို ဘာမှ မစဉ်းစားကြဘူး၊ တပည့်တော်တယောက်ပဲ ဒီကိစ္စကို သည်းမခံနိုင်ဘူး ဖြစ်နေတယ်၊ မကောင်းဘူး၊ မကောင်းဘူး"

"တမလွန်ဟာ ရှိတာအမှန်ပဲ၊ ဒါပေမဲ့ ဒါကို ဘယ်သူမှ သက်သေမပြနိုင်ဘူး၊ ယုံကြည်လို့ပဲ ရနိုင်မယ်"

"ဘယ်လိုလုပ်ပြီး ယုံကြည်ရမလဲ"

"မေတ္တာတရား လက်တွေ့ ပွားများခြင်းနဲ့ပဲ ယုံကြည်နိုင်တယ်၊ သင်ရဲ့အိမ်နီးနားချင်းတွေကို ချစ်ခင်ပါ၊ သေသေချာချာ ချစ်ခင်ပါ၊ အမြဲတစေ ချစ်ခင်ပါ၊ ဒီမေတ္တာတရားကို ပွားများနိုင်တာနဲ့ တပြိုင်နက် သင်ဟာ ဘုရားသခင်ရှိတယ် ဆိုတာကိုလည်း ယုံကြည်လာလိမ့်မယ်၊ သင်ရဲ့ ဝိညာဉ်ဟာ မသေဆုံးနိုင်ဘူး ဆိုတာကိုလည်း ယုံကြည်လာလိမ့်မယ်၊ သင်ဟာ သင့်ရဲ့အိမ်နီးချင်းတွေကို အတ္တကင်းမဲ့စွာနဲ့ ချစ်နိုင်ပြီဆိုရင် သင့်မှာ ဘဝယုံကြည်မှုဆိုတာ ဖြစ်ပေါ်လာလိမ့်မယ်၊ သင့်ရဲ့ ဝိညာဉ်မှာ အနာဂတ်ယုံကြည်မှု ကိန်းအောင်းလာလိမ့်မယ်၊ ဒါဟာ အမှန်ပဲ၊ အသေအချာပဲ"

"မေတ္တာတရား လက်တွေ့ ပွားများရမယ်ဟုတ်လား၊ ဒါကလည်း ပြဿနာတခုပဲ၊ ဒီမယ် အရှင်ဘုရား၊ တပည့်တော်ဟာ လူတွေနဲ့ လူ့လောကကြီးကိုလည်း တကယ်ပဲ ချစ်ပါတယ်၊ မေတ္တာထားပါတယ်၊ အရှင်ဘုရား ယုံမလား မသိဘူး၊ တပည့်တော်မှာ ရှိသမျှ ဥစ္စာပစ္စည်းအားလုံးကို စွန့်လွှတ်ပြီး၊ သမီးကလေး လီဆီကို ထားခဲ့ပြီး သူနာပြုဆရာမ လုပ်ဖို့တောင် ခဏ ခဏ စိတ်ကူးမိပါတယ်၊ တပည့်တော်မ မျက်လုံးတွေကိုမှိတ်ပြီး အဲဒီလိုလုပ်ဖို့ စဉ်းစားလိုက်တဲ့အခါမှာ မဆုတ်မနစ်တဲ့ အားတွေကို ရလာပါတယ်၊ ဘယ်လို ဒဏ်ရာမျိုးတွေ ဘယ်လို ရွံစရာကောင်းတဲ့ အနာမျိုးတွေကမှ တပည့်တော်မကို မခြောက်လှန့်နိုင်ပါဘူး၊ အဲဒီ ဒဏ်ရာတွေ အနာတွေကို စင်ကြယ်အောင် ဆေးကြောပြီး တပည့်တော်မကိုယ်တိုင် ပတ်တီးစည်းပေးမယ်၊ ဒုက္ခရောက်နေတဲ့ လူတွေကို တပည့်တော်မ ပြုစုမယ်၊ သူတို့ရဲ့အနာတွေကို နမ်းရမယ်ဆိုရင်တောင် …"

"အင်မတန် မြင့်မြတ်တဲ့ အလုပ်ပဲ၊ ဒကာမ အနေနဲ့ အခြားအမှုကိစ္စတွေကို စိတ်မကူးမိဘဲ ဒီလိုမျိုး စဉ်းစားတွေးတောတာဟာ ကောင်းလှပါပေတယ်၊ ကောင်းမွန်သော အမှုကိစ္စတခုကို ဒကာမအနေနဲ့ တကယ်လုပ်တယ် ဆိုရင်လည်း ကျုပ် အံ့ဩမှာ မဟုတ်ပါဘူး"

"မှန်ပါတယ် ဘုရား၊ ဒါပေမဲ့ အဲဒီ ဘဝမျိုးကို တပည့်တော် ဘယ်လောက်ကြာအောင် ခံနိုင်ပါ့မလဲ" ဟု အမျိုးသမီးက စိတ်ပါလက်ပါနှင့် အလေးအနက် လျှောက်ထားသည်။ "ဒီမေးခွန်းဟာ အရေးအကြီးဆုံး မေးခွန်းပဲ၊ တပည့်တော်အတွက် ပြဿနာအဖြစ်ဆုံး မေးခွန်းပဲ၊ တပည့်တော် မျက်လုံးတွေကို မှိတ်ပြီး ကိုယ့်ကိုယ်ကိုယ် မေးမိတယ်၊ ဒီလိုဘဝမျိုးကို ငါ ဘယ်လောက်ကြာအောင် ခံနိုင်မလဲ။

"လူနာတယောက် ... သူ့အနာကို ကိုယ်က ဆေးကြောပြုစုပေးနေရတဲ့ လူနာတယောက်က ကိုယ့်ကို ကျေးဇူးမတင်ဘူး၊ ကျေးဇူးမတင်ရုံတင် မကသေးဘူး၊ သူက ကိုယ့်စေတနာကို အသိအမှတ်မပြုဘဲ အော်ချင် အော်ဦးမယ်၊ သူလိုချင်တာကို ရိုင်းရိုင်း တောင်းမယ်။ အထက်လူကြီးတွေကို တိုင်မယ်၊ တောမယ် (လူနာတွေဟာ ဝေဒနာ သိပ်ခံစားနေရတဲ့အခါမှာ ဒီလိုပဲ တိုင်တတ်တယ်) ဆိုရင် ဘယ့်နှယ်လုပ်မလဲ။ နင့်အနေနဲ့ သူ့ကို မေတ္တာတရား ထားနိုင်ပါဦးမလား ...။

"ဒီမှာ တပည့်တော် တခု စဉ်းစားမိရပါတယ်၊ တပည့်တော်အနေနဲ့ လူတွေအပေါ်မှာ ထားတဲ့ မေတ္တာတရားတွေ ခေါင်းပါးသွားရတယ်ဆိုရင် သူတို့ရဲ့ကျေးဇူးမသိတတ်မှုကြောင့်ပဲ ဖြစ်ရပါမယ် အရှင်ဘုရား၊ အတိုချုပ် ပြောရမယ်ဆိုရင်တော့ တပည့်တော်ဟာ ဒီအလုပ်ကို အဖိုးအခ ရမှလည်း လုပ်နိုင်ပါမယ်၊ ဘယ်လို အဖိုးအခလဲ၊ တပည့်တော် လိုချင်တာက တပည့်တော်ရဲ့လုပ်ငန်းကို ချီးကျူး ဂုဏ်ပြုရမယ်၊ မေတ္တာကို မေတ္တာနဲ့ တုံ့ပြန်ရမယ်။ ဒီလိုမျိုး မဟုတ်ရင်တော့ တပည့်တော်ဟာ တခြားလူတွေအပေါ်မှာ ဘယ်လိုမှ မေတ္တာတရား ထားနိုင်မှာ မဟုတ်ပါဘူး"

သူမသည် မိမိကိုယ်မိမိ မညှာမတာ ဝေဖန်ပိုင်းခြားပြီးနောက် ခင်ကြီး ဇော်ဇီမာကို ပြတ်သားသော အသွင်ဖြင့် ကြည့်နေသည်။

"တခါတုန်းက ဆရာဝန် တယောက်ကလည်း ကျုပ်ကို ဒီအတိုင်းပဲ ပြောဖူးတယ်၊ သူက အသက်ကြီးကြီး၊ လူကလည်း လူတော်တယောက်ပဲ၊ သူကလည်း ဒကာမကြီးလိုပဲ ကျုပ်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်၊ ဒါပေမဲ့ လောကကြီးကို လှောင်ပြောင်တဲ့ သဘောမျိုးနဲ့ပဲ သူက ပြောတယ်။ လူနာတွေကို ကျုပ် ချစ်တယ်၊ ဒါပေမဲ့ အံ့ဩစရာကောင်းတာကတော့ လူတွေကို ကျုပ် ချစ်လေ လူတယောက်ချင်းကို ကျုပ် ချစ်လို့ မရလေပဲတဲ့၊ ကျုပ်ဟာ လူတွေအကျိုးကို

သယ်ပိုးဖို့ သန္နိဋ္ဌာန်ချခဲ့တယ်၊ လိုအပ်လို့ရှိရင် ဘဝတူ လူသားတွေအတွက် အနစ်နာခံဖို့ ကျုပ် ဆုံးဖြတ်ထား တယ်၊ ဒါပေမဲ့ ကျုပ်ဟာ လူတယောက်နဲ့ အခန်းတခုထဲမှာ နှစ်ရက်ပြည့်အောင် နေလို့မရတာတော့ အမှန်ပဲတဲ့၊ လူတယောက်ဟာ ကျုပ်ရဲ့ဘဝထဲကို ဝင်လာပြီဆိုရင် ကျုပ်ရဲ့ငြိမ်းချမ်းမှုနဲ့ ကျုပ်ရဲ့ လွတ်လပ်မှုကို ဖျက်ဆီးတော့တာပဲ၊ ကျုပ်ဟာ ဘယ်လောက်ကောင်းတဲ့ လူတယောက်ယောက်ကိုပဲ ဖြစ်ဖြစ် နှစ်ဆယ့်လေးနာရီအတွင်းမှာ စိတ်တိုင်းမကျ ဖြစ်မိတော့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ထမင်းစားပွဲမှာ အကြာကြီး ထိုင်ချင်ထိုင်နေမယ်၊ အအေးမိလို့ဆိုပြီး နှပ်တရှုပ်ရှုပ် ဖြစ်ချင် ဖြစ်နေမယ်၊ အဲဒီတော့ ကျုပ်ဟာ ကျုပ်ပတ်ဝန်းကျင်ကို ရောက်လာတဲ့ လူတွေနဲ့ ရန်သူဖြစ်ရတော့ တာပဲ၊ ဒါပေမဲ့ တဖက်ကလည်း ကျုပ်ဟာ လူတွေကို တယောက်ချင်း မုန်းလေ လူတွေအားလုံးကို ပိုပြီး ချစ်လာလေပဲ”

“အဲဒီတော့ ဘာလုပ်ရမလဲ၊ ဒီလိုမျိုး ဖြစ်လာရင် ဘယ်လိုလုပ်ရမလဲ၊ ဘာမှ မျှော်လင့်စရာ မရှိတော့ဘူးဆိုပြီး လက်လျှော့လိုက်ရတော့မလား”

“မလျှော့ရပါဘူး၊ ဒကာမကြီးအနေနဲ့ အခုလို ပူပန်သောက ဖြစ်နေတာကိုကပဲ လုံလောက်နေပါပြီ။ ဒကာမကြီး ဘာလုပ်နိုင်သလဲ လုပ်ပါ၊ အဲဒီအတွက် ဒကာမကြီးမှာ အကျိုးတရားတခု ရပါလိမ့်မယ်၊ ဒကာမကြီးအနေနဲ့ အခုကိုပဲ အများကြီး လုပ်ပြီးနေပြီ၊ ဒကာမကြီးဟာ ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန်နဲ့ နှိုက်နှိုက်ချွတ်ချွတ်ကြီး သိနေပြီ၊ ဒါပေမဲ့ ဒကာမကြီးဟာ အခုလို ရိုးရိုးသားသား ပြောတာဟာ ကျုပ်ဆီက ချီးမွမ်းတာကို လိုချင်လို့၊ အခုလို ချီးမွမ်းတာကို ခံချင်လို့ ဆိုရင်တော့ ဒကာမကြီးဟာ လက်တွေ့ မေတ္တာတရား ပွားများတဲ့နေရာမှာ ဘာတခုမှ အကျိုးရှိတော့မှာ မဟုတ်ဘူး။ ဒကာမကြီးရဲ့ အလုပ်ဟာ အိပ်မက်တခုလိုဖြစ်ပြီး ဒကာမကြီးရဲ့ဘဝဟာ အရိပ်အယောင် တခုလို ပျောက်ကွယ်သွားမှာပဲ၊ ဒီနေရာမှာ ဒကာမကြီးဟာ တကယ်လည်း အနာဂတ်ကို မေ့ပျောက်နေပြီး နောက်ဆုံးအချိန်ကျရင်တော့ တနည်းနည်းနဲ့ ဘဝ ငြိမ်းချမ်းမှုကို တွေ့ရှိမှာပဲ”

“အရှင်ဘုရားဟာ တပည့်တော်ကို စိစိညက်ညက် ကြေအောင် ချေမှုန်းပစ်လိုက်တာပဲ၊ အခု အရှင်ဘုရား ပြောလိုက်တဲ့သဘောက… တပည့်တော်ဟာ ကျေးဇူးမသိတတ်မှုကို သည်းမခံနိုင်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာဟာ… အရှင်ဘုရားရဲ့ ချီးမွမ်းမှုကို လိုချင်လို့ဆိုတာ တပည့်တော် သဘောပေါက်ပါပြီ။ တပည့်တော်ဟာ ဘယ်လို လူစားမျိုး ဖြစ်တယ်ဆိုတာကို အရှင်ဘုရားက ပြလိုက်တာပဲ၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ အတွင်းစိတ်ကို ထိုးထွင်းဖောက်ပြီး မြင်တော်မူတာပဲ၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ အတ္တ အစစ်အမှန်ကို ထုတ်ဖော်ပြလိုက်တာပါပဲ”

"ဒကာမကြီး တကယ် ပြောတာလား၊ ဒကာမကြီးဟာ အခုလို အမှန်အတိုင်း ဝန်ခံမယ်ဆိုရင် ဒကာမကြီးဟာ တကယ်ပဲ စိတ်ရင်းကောင်းပြီး ရိုးသားတယ်လို့ ကျုပ်ပြောရလိမ့်မယ်၊ ဒကာမကြီး ဟာ ပျော်ရွှင်သုခကို မရသေးဘူးဆိုရင် ဒကာမကြီးဟာ လမ်းမှန်ပေါ်မှာ ရောက်နေတယ်လို့ ယူဆပါ၊ ဒီလမ်းကြောင်းကနေ လုံးဝ လွဲချော်မသွားပါစေနဲ့၊ အရေးအကြီးဆုံးကတော့ မညာဖို့ပဲ၊ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် မညာဖို့ပဲ၊ မုသား မပြောမိအောင် စောင့်ထိန်းပါ၊ နာရီမလပ် မိနစ်မလပ် သတိချပ်ပါ၊ နောက်ပြီးတော့ တခု ရှောင်ကြဉ်ပါ။ သူတပါးကိုလည်း စက်ဆုပ်ခြင်း မဖြစ်ပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် လည်း စက်ဆုပ်ခြင်း မဖြစ်ပါနဲ့၊ သင့်ကိုယ်မှာ ရှိနေတဲ့ မကောင်းမှုတခုဟာ အဲဒါလို့ သင်ကိုယ်တိုင် သိရှိတာနဲ့ တပြိုင်နက် အလိုလို စင်ကြယ်သွားလိမ့်မယ်၊ နောက်ပြီးတော့ မကြောက်ပါနဲ့၊ ကြောက်တာဟာ လိမ်ညာမှု တမျိုးမျိုးရဲ့ အကျိုးသက်ရောက်မှုပဲ၊ မေတ္တာတရားကို မပွားများနိုင်တဲ့ အတွက် မကြောက်ပါနဲ့၊ ကိုယ့်မှာရှိတဲ့ မကောင်းမှုတွေအတွက် မကြောက်ပါနဲ့၊ ကျုပ်အနေနဲ့ ဒကာမကြီးကို ဒါထက်ပိုပြီး နှစ်သိမ့်စကား မပြောနိုင်တော့ဘူး။

"ဘာဖြစ်လို့လဲဆိုတော့ ဓမ္မဓိဋ္ဌာန်ကျတဲ့ မေတ္တာတရားဟာ စိတ်ကူးယဉ်ဆန်တဲ့ မေတ္တာနဲ့စာရင် အများကြီး ကြမ်းတမ်းတယ်၊ ခက်ထန်တယ်၊ စိတ်ကူးယဉ်ဆန်တဲ့ မေတ္တာဟာ အလွယ်တကူနဲ့ ရရှိနိုင်တယ်၊ ဒီလို မေတ္တာမျိုးက ခဏပန်းအတွင်းမှာ ရနိုင်တာမျိုးမို့ လူတွေဟာ ရယူနိုင်ကြတယ်၊ ဇာတ်ခုံပေါ်မှာတက်ပြီး ပရိသတ်ရဲ့ သြဘာသံကို ရယူတာမျိုးပဲ။

"ဒါပေမဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့ တကယ့် မေတ္တာတရား ဆိုတာကတော့ အင်မတန်မှ အားထုတ်ယူရတယ်၊ တကယ့် သိပ္ပံပညာရပ်ကြီးတခုပဲ၊ လောလောဆယ် အချိန်မှာ ဒကာမကြီးဟာ ဘယ်လောက်ပဲ ကြိုးစား အားထုတ်စေ မေတ္တာတရားဆီကို မရောက်ဘဲ ဝေးလို့တောင် သွားဦးမယ်၊ ဒါပေမဲ့ ကျုပ် ပြောလိုက်မယ်၊ ဒကာမကြီးဟာ အဲဒီလို ဝေးသွားတဲ့အချိန်မှာလည်း ဘုရားသခင်ရဲ့တန်ခိုးတော် အနန္တကို ပြက်ပြက်ထင်ထင် တွေ့မြင်လာလိမ့်မယ်၊ သင့်ရဲ့ မျှော်မှန်းချက် ပန်းတိုင်ကို ရောက်သွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ ထာဝရ မေတ္တာတရား ဖြစ်ပြီး ဒကာမကြီးကို လျှို့ဝှက်စွာ ထိန်းကျောင်းပေးနေလို့ပဲ၊ ကဲ.. ဒကာမကြီး၊ ကျုပ်မှာ အချိန်မရှိတော့တဲ့ အတွက် စိတ်မကောင်းပါဘူး၊ ကျုပ်ကို သူတို့ စောင့်နေကြတယ်၊ ကျုပ် သွားလိုက်ဦးမယ်"

အမျိုးသမီးကြီးသည် ငိုရှိုက်လျက်ရှိရာမှ ရုတ်တရက် သတိဝင်လာပြီး... "လီဆီ ... လီဆီ၊ ကျေးဇူးပြုပြီး လီဆီကို ကောင်းချီးပေးပါ၊ လီဆီကို ကောင်းချီး ပေးပါ"

"ဒီကောင်မလေးက ချစ်စရာမှ မကောင်းဘဲ၊ တချိန်လုံး မဟုတ်တာတွေ

လုပ်နေတာပဲ၊ ဒီမယ် လီဆီ၊ မင်း ဘာပြုလို့ အလျှိုရှာကိုကြည့်ပြီး ရယ်နေရတာလဲ”

ခင်ကြီး ဇော်ဇီမာ ပြောသည့်အတိုင်းပင် ဖြစ်သည်။ လီဆီသည် အလျှိုရှာကိုကြည့်ပြီး တချိန်လုံး ရယ်နေမိသည်။ အလျှိုရှာနှင့် ပတ်သက်ပြီး လီဆီ သတိပြုမိသည့် အချက်တခု ရှိသည်။ အတိအကျ ပြောရလျှင် သူတို့နှစ်ယောက် နောက်ဆုံး တွေ့ခဲ့စဉ်ကတည်းက ဖြစ်သည်။ အလျှိုရှာသည် သူမကို ရှက်နေသည်။ သူမကို မျက်လုံးချင်းဆိုင်ပြီး မကြည့်ရဲဘဲ ရှိနေသည်။ အဲဒါကိုကြည့်ပြီး လီဆီ အရမ်းရယ်ချင်နေသည်။

လီဆီက သူနှင့် မျက်လုံးချင်းဆိုင်မိရန် ကြိုးစားသည်။ သူ့ကို စိုက်ပြီး ကြည့်နေသည်။ အလျှိုရှာသည် သူမ၏ စူးရဲသော အကြည့်ကို မခံနိုင်သဖြင့် မကြာခဏဆိုသလို ဖျတ်ခနဲ ကြည့်တတ်သည်။ ကြီးမားသော အင်အားတခု၏ ဆွဲငင်ခြင်းကို ခံနေရသည့်အလား ဖြစ်သည်။ တကြိမ်တွင် သူမက သူနှင့် မျက်လုံးချင်းဆိုင်မိပြီး အောင်မြင်စွာ ပြုံးလိုက်နိုင်သည်။ အလျှိုရှာ ဇဝေဇဝါ ကသိကအောက် ဖြစ်သွားသည်။

သို့ဖြင့် သူသည် တဖက်သို့ လှည့်သွားသည်။ သူ့မျက်နှာကို ခင်ကြီး ဇော်ဇီမာ၏ ကျောဘက်တွင် ကွယ်ထားလိုက်သည်။ သို့သော် တော်တော်ကလေး ကြာသွားသောအခါ သူသည် မနေနိုင်ပြန်သဖြင့် လီဆီကို ကြည့်ပြန်သည်။ လီဆီက သူ့ကို ကြည့်နေတုန်းပဲလားဟု ဖြစ်သည်။ လီဆီက သူ့ကို မျက်တောင်မခတ် ကြည့်နေဆဲပင် ဖြစ်ကြောင်း တွေ့ရသည်။ သူမက သူ့အကြည့်ကို စောင့်စားလျက် ရှိသည်။

အလျှိုရှာ၏ အကြည့်ကို တွေ့ရသောအခါ လီဆီ ဝါးလုံးကွဲ ရယ်ချလိုက်သည်။ ထိုအခါ ခင်ကြီး ဇော်ဇီမာ မနေနိုင်သဖြင့် မေးလိုက်မိသည်။

“မင်း ဘာဖြစ်လို့ သူ့ကို ကမောက်ကမ လုပ်နေရတာလဲ ခွေးမကလေး”

လီဆီ၏မျက်နှာ ရုတ်တရက် ဆိုသလို နီရဲသွားသည်။ မျက်တောင်များ တဖျပ်ဖျပ် ခတ်သည်။ မျက်နှာထား တည်တည်ကြီး ဖြစ်သွားသည်။ ထို့နောက် သူမ၏ ရင်ထဲတွင် ရှိနေသည်များကို တရဟော သွန်ချလိုက်သည်။

“သူ ဘာဖြစ်လို့ ဒါလောက်တောင် မေ့တတ်ရတာလဲ၊ သမီး ငယ်ငယ်တုန်းက သမီးကို သူ အမြဲတမ်း ချီနေကျပဲ၊ သမီးတို့နှစ်ယောက် အတူတူ ကစားခဲ့ကြတယ်၊ သမီးတို့အိမ်ကို သူ အမြဲတမ်း လာတယ်၊ သမီးကို စာဖတ်တတ်အောင် သူက သင်ပေးတယ်၊ အဲဒါကို ဘုန်းကြီးတို့ မသိဘူးလား၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက သမီးတို့နဲ့ သူ ခွဲသွားတော့ သမီးကို သူ ဘယ်တော့မှ မမေ့ပါဘူးလို့ ပြောသွားတယ်၊ သမီးတို့ဟာ ကမ္ဘာတည်သရွေ့ ခင်မင်မြဲ

ခင်မင်သွားကြမယ်တဲ့၊ အခုတော့ သူက သမီးကို ဘယ်လိုလုပ်ပြီး ဒါလောက်တောင် ကြောက်နေရတာလဲ။ သမီးက သူ့ကို ကိုက်စားမှာ မို့တဲ့လား။ သမီး ကိုက်မစားပါဘူး သမီးအနားကို သူ ဘာဖြစ်လို့ မလာရတာလဲ၊ သမီးကို သူ ဘာဖြစ်လို့ စကားမပြောချင်ရတာလဲ။ သမီးတို့ကို သူ ဘာဖြစ်လို့ လာမတွေ့တာလဲ၊ ဘုန်းကြီးက မလွှတ်လို့လား၊ သူသွားချင်တဲ့ နေရာတွေတော့ အကုန် လျှောက်သွားနေတာပဲ၊ သမီးကတော့ သူ့ကို တကူးတကန့်ကြီး ဖိတ်မနေတော့ဘူး၊ ဒီကိစ္စက သူ့ဘာသူ နားလည်ရမယ့်ကိစ္စပဲ၊ သူ မမေ့သေးဘူး ဆိုရင်ပေါ့လေ။ ဟုတ်ပါပြီ၊ သူက အခု သူတော်ကောင်းကြီး လုပ်နေတာ မဟုတ်လား၊ သူ့ကိုယ်ပေါ်မှာ ဘုန်းကြီးသင်္ကန်းကြီးနဲ့ မဟုတ်လား၊ သူ ထွက်ပြေးလို့ရှိရင် ... သူ လိမ့်ကျမှာပေါ့ ....”

ခင်ကြီး ဇော်ဇီမာသည် လီဆီ၏ စကားများကို ပြုံးပြုံး ပြုံးပြုံးဖြင့် နားထောင်ပြီးနောက် သူမကို ကောင်းချီးပေးသည်။

လီဆီသည် တသိမ့်သိမ့် ရယ်နေရာမှ ခင်ကြီး ဇော်ဇီမာ၏လက်ကို နမ်းရှုပ်ရသောအခါ ရုတ်ခြည်းဆိုသလို မျက်ရည်များ သွန်ချလိုက်တော့သည်။

“တပည့်တော်ကို စိတ်မဆိုးပါနဲ့ ဘုန်းကြီးဘုရား၊ တပည့်တော်ဟာ ဘာမှ အဖိုးမတန်တဲ့ အမိုက်မ ကလေးပါ၊ အလျှိုလျှာ မှန်ပါတယ်၊ သူ မှန်ပါတယ်၊ သမီးလို ရယ်စရာကောင်းတဲ့ ကောင်မလေး တယောက်ကို လာမတွေ့တာ သူ မှန်ပါတယ်”

“ကလေးဆီကို သူ လာပါလိမ့်မယ်” ခင်ကြီးဇော်ဇီမာက ပြောလိုက်သည်။

၅။ သည်လိုပဲ ဖြစ်ရမယ်၊ သည်လိုပဲ ဖြစ်ရမယ်

ကျောင်းသခ်မ်းအတွင်းမှ ခင်ကြီးဇော်ဇီမာ ထွက်သွားသည်မှာ နှစ်ဆယ့်ငါးမိနစ်မျှ ရှိချေပြီ။ အချိန်မှာ ဆယ့်နှစ်နာရီခွဲပြီ ဖြစ်သည်။ ဤဆွေးနွေးပွဲသည် သူ့ကြောင့် ကျင်းပရခြင်း ဖြစ်သော်လည်း ဒီမီထရီသည် ယခုအချိန်အထိ ရောက်ရှိမလာသေးချေ။ သို့သော် သူတို့အားလုံးကလည်း သူ့ကို မေ့လျော့နေကြဟန် ရှိသည်။ ကျောင်းသခ်မ်းအတွင်းသို့ ခင်ကြီး ဇော်ဇီမာ ပြန်လည် ရောက်ရှိလာချိန် တွင် သူ၏ဧည့်သည်များသည် စိတ်ပါလက်ပါ စကားပြောလျက် ရှိကြသည်။

အိုက်ဗင်နှင့် ဘုန်းကြီးနှစ်ပါးက ခေါင်းဆောင်ပြီး ဆွေးနွေးနေကြသည်။ မီယူဆော့လည်း သူတို့အထဲတွင် ဝင်ရောက်ပြောဆိုသည်။ စိတ်အားထက်သန်စွာဖြင့် ပြောဆိုသည်။ သို့သော် သည်တကြိမ်တွင်လည်း သူ ကံမကောင်းပါချေ။ သူ့စကားများကို မည်သူကမျှ အလေးအနက် မထားကြပါချေ။ သူ၏ ထင်မြင်ချက်များ တခုမှ အရာမဝင် ရှိသည်။ ယင်းသို့ဖြင့် တအုံနွေးနွေး ဖြစ်နေသော သူ၏ဒေါသများကို ပို၍ နှိုးဆွပေးနေသကဲ့သို့ ရှိတော့သည်။ သူသည် သည့်အရင်ကလည်း အိုက်ဗင်နှင့် အကြိမ်ပေါင်းများစွာ အကြိတ်အနယ် အချေအတင် ဆွေးနွေးခဲ့ဖူး သည်။ အိုက်ဗင်၏ အမှတ်မထင် ပြောဆိုမှုများကို သူ သည်းမခံနိုင် ရှိရသည်။

"ငါဟာ ဥရောပတိုက်မှာ ဖြစ်ပွားခဲ့တဲ့ တိုးတက်တဲ့ လှုပ်ရှားမှုတိုင်းမှာ ပါဝင်ခဲ့တယ်၊ ဒါပေမဲ့ ကနေ့လူငယ်တွေက ငါတို့ကို အသိအမှတ် မပြုချင်ကြဘူး"မီယူဆော့ စိတ်ထဲတွင် တွေးနေမိသည်။

ကာရာမာဇော့ကမူကား ပေးထားသည့် ကတိအတိုင်း ငြိမ်ငြိမ်သက်သက်ကလေး ရှိနေသည်။ သို့တစေလည်း သူသည် ဒေါသအမျက် တငွေ့ငွေ့ ထွက်နေသော မီယူဆော့ကို လှောင်ပြုံးကလေး ဖြင့် ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။ သူသည် အခွင့်သင့်သည့် တနေ့တွင် မီယူဆော့ကို အပိုင်ထုထားရန် စိတ်ကူးရှိသဖြင့် ရရှိသော အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘဲ ရှိနေသည်။ နောက်ဆုံးတွင် သူသည် ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲ မီယူဆော့ဘက်သို့ ကိုယ်ကို ကိုင်းငိုက်လိုက်ပြီး လေသံတိုးတိုးဖြင့် ကလိသည်။

"ကျုပ်ရဲ့ 'မဟာနမ်းရှုပ်မှုကြီး' အပြီးမှာ ခင်ဗျား ဒီအခန်းထဲကနေ ထွက်မသွားဘူး မဟုတ်လား၊ မကိုးမကား လူတယောက်နဲ့အတူ ခင်ဗျား ဆက်ပြီး နေနေတယ် မဟုတ်လား၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ ဘာဖြစ်လို့လဲဆိုတော့

ခင်ဗျားဟာ အစော်ကားခံရတယ်၊ သိက္ခာအချခံရတယ်၊ အဲဒါကို ခင်ဗျားက ပြန်ပြီး အဖတ်ဆယ်ချင်တယ် မဟုတ်လား၊ ခင်ဗျားဟာ ဘယ်လောက် တော်တယ် ဆိုတာကို ပြချင်တယ် မဟုတ်လား၊ ခင်ဗျား ဘယ်လောက် တော်တယ် ဆိုတာကို မပြရဘဲနဲ့ ခင်ဗျား ဒီက မသွားဘူး မဟုတ်လား"

"လာပြန်ပြီလား ခင်ဗျားကြီး၊ ကျုပ် အခုချက်ချင်း ထသွားလိုက်မယ်"

"ခင်ဗျားက ဒီအခန်းထဲက နောက်ဆုံးသွားမယ့်လူပါ"

ကာရာမာဇော့က ထပ်ပြီး ကလိလိုက်သည်။ ထိုအချိန်မှာပင် ခင်ကြီး ဇော်ဇီမာ ပြန်လည် ရောက်ရှိလာသည်။ ဆွေးနွေးပွဲ ခေတ္တမျှ ရပ်သွားသည်။ သို့ရာတွင် ခင်ကြီး ဇော်ဇီမာသည် သူ၏နေရာတွင် ထိုင်လိုက်ပြီးနောက် ပြောလက်စ စကားကို ဆက်ပြောကြရန် တိုက်တွန်းသည့် အနေဖြင့် အားလုံးကို ပြုံးချိုစွာ ကြည့်လိုက်သည်။

အလျိုရှာသည် ခင်ကြီး ဇော်ဇီမာ၏ မျက်နှာအမူအရာကို ကောင်းစွာ သိရှိနေသည့်အတွက် သူ၏ဆရာတော်သည် အထူး ပင်ပန်းနွမ်းနယ်နေပြီဖြစ်ကြောင်း သိရှိသည်။ ခင်ကြီး ဆရာတော်သည် ဤလူစုနှင့်အတူ ဆက်ပြီးနေနိုင်ရန် ကြိုးပမ်း အားထုတ်ရပေမည်။ ဆရာတော်သည် နာမကျန်း ဖြစ်သည့် နောက်ပိုင်းကာလများတွင် အမောလွန်ပြီး မေ့မိုက်သွားတတ်သည်။ ယခုလည်း ခင်ကြီးဘုရား၏မျက်နှာသည် မေ့မိုက်သွားတော့မည့်အလား ဖြူရော်လျက် ရှိတော့သည်။ နှုတ်ခမ်းများ ဖွေးဖွေးဖြူနေသည်။ သို့သော် ဆရာတော်သည် ဆွေးနွေးပွဲကို ရပ်သိမ်းလိုဟန်လည်း မရှိချေ။ ဆရာတော်သည် တစုံတခုသော အကြောင်းကြောင့် ဤဆွေးနွေးပွဲကို ဆက်လက် ကျင်းပလိုဟန် ရှိသည်။ မည်သည့် အကြောင်းကြောင့်နည်း။ ခင်ကြီး ဆရာတော်ကို အလျိုရှာ ဂရုပြုပြီး ကြည့်နေသည်။

"တပည့်တော်တို့ ဒီက ဒကာလေးရဲ့ စိတ်ဝင်စားစရာ ကောင်းလှတဲ့ ဆောင်းပါးအကြောင်း ဆွေးနွေးနေကြပါတယ်"

ဖားသား လိုက်ဗရီယင်က အိုက်ဗင်ကို ညွှန်ပြပြီး ခင်ကြီးဇော်ဇီမာကို လျှောက်တင်သည်။

"သူ့ဆောင်းပါးထဲမှာ အယူအဆသစ်တွေ အများကြီး ပါပါတယ်၊ ဒါပေမဲ့ ဒီအယူအဆတွေက နှစ်ဖက်လှ သဘောမျိုး ဖြစ်နေတာ တွေ့ရတယ်၊ တပည့်တော်ပြောတဲ့ ဆောင်းပါးက လောကီရေးရာ လူမှုကိစ္စတွေကို ဘာသာရေး တရားရုံးတွေက စီရင်ပိုင်ခွင့် ရှိ မရှိကို ဂျာနယ်တခုမှာ မစ္စတာအိုက်ဗင် ကာရာမာဇော့ ရေးထားတဲ့ ဆောင်းပါးပါ။ သူ့ဆောင်းပါးက ဒီပြဿနာနဲ့

ပတ်သက်ပြီး ဘုန်းကြီးတပါးက ရေးထားတဲ့ စာအုပ်တအုပ်ကို ပြန်လည်ဆွေးနွေးထားတာပါပဲ"

"ဒကာလေးရဲ့ဆောင်းပါးကို ကျုပ်မဖတ်ဖူးဘူး၊ ဒါပေမဲ့ ဆောင်းပါးအကြောင်းတော့ ကြားဖူးပါတယ်"

ခင်ကြီး ဇော်ဇီမာက အိုက်ဗင်ကို စူးစိုက်စွာကြည့်ရင်း ပြောလိုက်သည်။

"ဒကာလေး အိုက်ဗင်ရဲ့အယူအဆက အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ် ဘုရား၊ ဘာသာရေး တရားရုံးတွေ ကိစ္စနဲ့ ပတ်သက်ပြီး ပြောတဲ့နေရာမှာ 'ခရစ်ယာန် အသင်းတော်နဲ့ တိုင်းပြည်အစိုးရ' ခွဲခြားတာကို သူ ဆန့်ကျင်တယ်"

ဖားသား လိုက်ဗရီယင်က ဆက်ပြီး လျှောက်ထားသည်။

"စိတ်ဝင်စားစရာပဲ၊ ဒါပေမဲ့ ဘယ်သဘောနဲ့လဲဆိုတာ ပြောပါဦး"

ခင်ကြီးက အိုက်ဗင်ကို မေးသည်။ ထိုအခါ အိုက်ဗင်က ဖြေကြားသည်။ ယင်းသို့ ဖြေကြားရာတွင် အလျှိုရှာ စိုးရိမ်ထားသလို မရိုမသေ မလေးမစား မဟုတ်ပါ။ ရိုရိုသေသေ လေးလေးစားစားပင် ဖြေကြားပါသည်။

"တပည့်တော်ရဲ့ဆောင်းပါးကို ခရစ်ယာန် အသင်းတော်နဲ့ နိုင်ငံတော်အစိုးရ ထပ်တူ ပေါင်းစည်းရေး ဆိုတဲ့ အချက်ကပဲ စပါတယ်၊ ဒါနဲ့ပတ်သက်လို့ ပြောရရင် အသင်းတော်နဲ့ နိုင်ငံတော်ရဲ့ အခြေခံ မူဝါဒတွေဟာ ဒီအတိုင်းပဲ ဆက်ပြီး တည်ရှိသွားကြမှာ ဖြစ်ပါတယ်၊ ဒီနှစ်ခုဟာ ပေါင်းစည်းလို့ မရနိုင်ပါဘူး၊ ပေါင်းစည်းခြင်းအားဖြင့်လည်း ဘာအကျိုးကျေးဇူးမှ မရနိုင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အခြေခံကိုက မှားယွင်းနေလို့ပါပဲ၊ အသင်းတော်နဲ့ အစိုးရကို ပေါင်းစည်းတဲ့နေရာမှာ မဖြစ်နိုင်တဲ့အချက်တွေ ရှိနေပါတယ်၊ ဥပမာ တရားစီရင်ရေးကိစ္စမှာဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ တပည့်တော်နဲ့ အငြင်းအခုံဖြစ်ရတဲ့ ဘုန်းကြီးက သူ့စာအုပ်မှာ ဘာရေးထားသလဲဆိုရင် အသင်းတော်ဟာ နိုင်ငံတော် ဘောင်အတွင်းမှာ ခိုင်မာတိကျတဲ့ နေရာတခု ရှိနေတယ်တဲ့၊ တပည့်တော်က ဒါကို လက်မခံပါဘူး။ အသင်းတော်ဟာ နိုင်ငံတော် တခုလုံးနဲ့သာ သက်ဆိုင်ရမယ်၊ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတခုကို ပိုင်ဆိုင်ဖို့ မဟုတ်ဘူး၊ ဒီအချက်ဟာ အကြောင်းကြောင်းကြောင့် လောလောဆယ်မှာ မဖြစ်နိုင်သေးပေမယ့် အနာဂတ်ကာလမှာ ခရစ်ယာန် အဖွဲ့အစည်းကြီး တိုးတက် ဖွံ့ဖြိုးရေးအတွက် အဓိက ရည်မှန်းချက်အဖြစ် သဘောထားရမယ်"

"လုံးဝဥဿုံ မှန်ပါပေတယ်"

စာပေကျမ်းဂန် နှံ့စပ်သူ ဖားသား ပေဆီက ထောက်ခံလိုက်သည်။

"ဘာသာရေး အာဏာပိုင်ဝါဒ စစ်စစ်ကြီးပဲ"

မီယူဆော့က အော်လိုက်သည်။

"ကျုပ်တို့မှာ အာဏာပိုင်ဝါဒ အယူအဆ မရှိပါဘူး"

ဖားသား လိုက်ဗရီယင်က ပြောလိုက်သည်။ ထို့နောက် ခင်ကြီး ဇော်ဇီမာဘက်သို့ လှည့်ပြီး… "သူနဲ့ အငြင်းပွားတဲ့ပုဂ္ဂိုလ်ရဲ့ 'အခြေခံနဲ့ အဓိက' ဆိုလိုချက်တွေကို သူပြန်ဖြေထားပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ လူပုဂ္ဂိုလ်တဦး မဟုတ်ဘဲ ခရစ်ယာန်ဘုန်းကြီး တပါး ဖြစ်တယ်ဆိုတာလည်း မှတ်ထားရပါမယ်။

"ပထမအချက် - လူမှုရေး အဖွဲ့အစည်းများသည် ၎င်းတို့၏အသင်းသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးများကို ရယူပိုင်ဆိုင်ခွင့် မရှိစေရ၊

ဒုတိယအချက် - ရာဇဝတ်မှုနှင့် တရားမှုဆိုင်ရာ စီရင်ဆုံးဖြတ်မှုများကို အသင်းတော်နှင့် မသက်ဆိုင်စေရ၊ အသင်းတော်အနေနှင့် ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ပေးခွင့်လည်း မရှိ၊ ဘုရားသခင်နဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်း ဖြစ်တာကြောင့်လည်း တကြောင်း၊ ဘာသာရေးကိစ္စကို ဆောင်ရွက်ဖို့ လူတွေ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်တာကြောင့်လည်း တကြောင်းကြောင့် ဖြစ်တယ်၊

တတိယနဲ့ နောက်ဆုံးအချက် - အသင်းတော်သည် ဤကမ္ဘာနှင့်မဆိုင်သော နိုင်ငံတခု ဖြစ်သည်"

"ဘုန်းကြီးတပါး ဖြစ်ပြီး အင်မတန်လွဲတဲ့ အသုံးအနှုန်းတွေပဲ"

ဖားသား ပေဆီက နှုတ်ဆိတ်မနေနိုင်သဖြင့် ပြောလိုက်သည်။ ထို့နောက် အိုက်ဗင်ဘက်သို့ လှည့်ပြီး

"ဒကာလေး ဝေဖန်တဲ့ စာအုပ်ကို ကျုပ် ဖတ်ပြီးပါပြီ။ 'အသင်းတော်သည် ဤကမ္ဘာနှင့် မဆိုင်သော နိုင်ငံတခု ဖြစ်သည်' ဆိုတဲ့ စကားကို တွေ့လိုက်ရတော့ ကျုပ် အများကြီး အံ့သြသွားတယ်၊ ဒီကမ္ဘာနဲ့ မဆိုင်ဘူးဆိုရင် ဒီအသင်းတော်ဟာ ဒီ မဟာပထဝီမြေပေါ်မှာ ဘယ်လိုလုပ်ပြီး တည်နေနိုင်မလဲ၊ ခရစ်တော်ကျမ်းဂန်မှာ ဤကမ္ဘာနှင့် မဆိုင်သောဆိုတဲ့ စကားလုံးဟာ ဒီအဓိပ္ပာယ်နဲ့ သုံးထားတာ မဟုတ်ဘူး၊ ဒီလိုစကားလုံးမျိုးတွေကို ကိုယ်လိုရာ ဆွဲမသုံးရဘူး၊ ကျုပ်တို့ရဲ့ ယေရှုသခင် ကြွလာတော်မူခြင်းဟာ ဒီကမ္ဘာကြီးမှာ ခရစ်ယာန်အသင်းတော်ကို တည်ထောင်ဖို့ပဲ၊ ကောင်းကင်ဘုံ ဟာ ဒီကမ္ဘာနဲ့ မဆိုင်ဘူး၊ ကောင်းကင်ဘုံမှာပဲ ရှိတယ်၊ ဒါပေမဲ့

ကောင်းကင်ဘုံကို ရောက်ဖို့အတွက် ကတော့ ဒီကမ္ဘာကြီးပေါ်မှာ တည်ဆောက်ထားတဲ့ ခရစ်ယာန် အသင်းတော်တွေကတဆင့် သွားရမယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး တလွဲတချော် သုံးထားတာမျိုးကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး။ အမှန်တရားအရဆိုရင် အသင်းတော်ဟာ နိုင်ငံတခုဖြစ်ပြီး သူ့မှာ အုပ်ချုပ်စီရင်ပိုင်ခွင့် ရှိတယ်၊ ပြီးတော့ နောက်ဆုံး တနေ့မှာ အသင်းတော်ဟာ ကမ္ဘာကြီးတခုလုံးကို အုပ်စိုးတဲ့ နိုင်ငံကြီးတခု ဖြစ်လာရမယ်၊ ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်ပဲ”

သူ့စကားကို ရုတ်ခြည်း ရပ်ပစ်လိုက်သည်။ သူ့ကိုယ်သူ ထိန်းသိမ်းသည့်အလား ဖြစ်သည်။

အိုက်ဗင်သည် ဘုန်းကြီးပေဆီ၏စကားကို အာရုံ စူးစိုက်စွာနှင့် လေးစားစွာ နားထောင်ပြီးနောက် သူ၏အယူအဆကို ရှင်းလင်းတင်ပြသည်။ ခင်ကြီး ဇော်ဇီမာကို ဦးခိုက်ပြီး ယဉ်ကျေးသိမ်မွေ့စွာ တင်ပြသည်။

“တပည့်တော် ရေးတဲ့ ဆောင်းပါးရဲ့ အဓိက ဆိုလိုရင်းက ဘာလဲဆိုတော့ ဟိုရှေးရှေးတုန်းက ခရစ်ယာန်ဘာသာ ထွန်းကားခဲ့တဲ့ ပထမရာစုနှစ် သုံးခုလောက်တုန်းက ခရစ်ယာန်ဘာသာဟာ တပည့်တော်တို့ရဲ့ ကမ္ဘာကြီးပေါ်မှာ အသင်းတော် တခုတည်းအဖြစ်နဲ့ပဲ တည်ရှိခဲ့ပါတယ်။ ခရစ်ယာန် အသင်းတော် တခုတည်းပါပဲ၊ ဒါပေမဲ့ ဘာသာတရား မရှိတဲ့ ရောမနိုင်ငံတော်ကြီးဟာ ခရစ်ယာန် ဘာသာကို သက်ဝင် ကိုးကွယ်လာတဲ့အခါမှာ ဘာလုပ်သလဲဆိုတော့ အသင်းတော်ကို နိုင်ငံရဲ့ အစိတ်အပိုင်းတခုအဖြစ်နဲ့ သွတ်သွင်းလိုက်တယ်၊ ဒါပေမဲ့ သူဟာ အခြားဌာန အသွင်သဏ္ဌာန်တွေ မှာတော့ မူလအတိုင်းပဲ ဆက်ပြီး တည်ရှိနေတယ်၊ ဒိဋ္ဌဓမ္မအတိုင်းဆိုရင် ဒီအတိုင်းပဲ ဖြစ်လာရမှာပဲ၊ ဒါပေမဲ့ ရောမဟာ နိုင်ငံတော်တခု ဖြစ်တဲ့အလျောက် သူ့ရဲ့ယဉ်ကျေးမှုနဲ့ သူ့အဖွဲ့အစည်း ပုံစံတွေဟာ တည်ရှိနေတယ်၊ ပုံစံပြရရင် နိုင်ငံတော်တခုရဲ့ အခြေခံ မူဝါဒတွေနဲ့ ရည်မှန်းချက်တွေပဲ။

“ခရစ်ယာန် အသင်းတော်ဟာလည်း နိုင်ငံတော်အတွင်းကို ရောက်ရှိသွားပေမယ့် သူ့ရဲ့ အခြေခံမူဝါဒ တွေကို ဘာတခုမှ မစွန့်လွှတ်နိုင်ဘူး၊ သူဟာ ကျောက်ဆောင်ကြီးတခုအပေါ်မှာ မယိမ်းမယိုင် တည်ရှိနေတာပဲ၊ အဲဒီတော့ အသင်းတော်ဟာ ဘုရားသခင်က ဗျာဒိတ်ပေးထားခဲ့တဲ့အတိုင်းသာ တသဝေမတိမ်း လိုက်နာဆောင်ရွက်သွားမှာ ဖြစ်တယ်။ တခြား ဘာကိုမှ လိုက်နာဆောင်ရွက်နိုင်မှာ မဟုတ်ဘူး၊ ဥပမာ ဘာလဲဆိုရင် အသင်းတော်ရဲ့တာဝန်ဟာ ရောမ နိုင်ငံတော်ကြီး အပါအဝင် ကမ္ဘာကြီးတခုလုံးကို အသင်းတော်ကြီး အဖြစ် တည်ထောင်သွားဖို့ပဲပေါ့။

“အဲဒီတော့ ဒီက ရှေ့မှာဆိုရင်ပေါ့၊ ‘လူမှုရေး အဖွဲ့အစည်း’ ဒါမှမဟုတ်

'ဘာသာရေး ကိစ္စများကို ဆောင်ရွက်ဖို့ လူတွေ ဖွဲ့စည်းထားတဲ့ အသင်းတခု' (အသင်းတော်ကို တပည့်တော်နဲ့ အငြင်းအခုံ ဖြစ်တဲ့ ပုဂ္ဂိုလ် ခေါ်တဲ့အမည်) လို အသင်းတော်ဟာ နိုင်ငံတော်အတွင်းမှာ နေရာတခု အခိုင်အမာ ရယူဖို့ မဟုတ်ဘူး၊ အဲဒါနဲ့ ပြောင်းပြန်ဖြစ်ရမယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းဟာ နောက်ဆုံးတနေ့ မှာ အသင်းတော်ကြီးအဖြစ် လုံးဝဥဿုံ ပြောင်းလဲလာရမယ်၊ အသင်းတော်ရဲ့ အခြေခံမူဝါဒနဲ့ မကိုက်ညီတဲ့အချက်တွေ အားလုံးကို စွန့်လွှတ်ပြီး အသင်းတော် တခုအနေပဲ ဖြစ်ရမယ်၊ တခြား ဘာမှ မဖြစ်ရဘူး၊ ဒီသဘောက နိုင်ငံတော်နဲ့ နိုင်ငံတော်ကို အုပ်စိုးတဲ့ သူတွေရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေဖို့ မဟုတ်ဘူး၊ လမ်းမှားကနေပြီး လမ်းမှန်ကို ရောက်စေတဲ့သဘောပဲ ဖြစ်တယ်။

"အဲဒီတော့ 'ဘာသာရေး တရားရုံးများ၏ အခြေခံမူဝါဒများ' စာအုပ်ကို ရေးတဲ့ ပုဂ္ဂိုလ်ဟာ မရင့်ကျက် မကောင်းမွန်သေးတဲ့ ကနေ့ကာလအတွက် ယာယီသဘောနဲ့ ဒီ အခြေခံမူဝါဒတွေကို ချမှတ်တယ် ဆိုရင်တော့ မှန်တယ်၊ ဒါမှမဟုတ်ဘဲ ထာဝရသဘောနဲ့ အခြေခံအုတ်မြစ်ချတာ ဆိုရင်တော့ သူဟာ အသင်းတော်ကို ထိပ်တိုက်ကြီး ဆန့်ကျင်တာပဲ၊ အသင်းတော်ရဲ့အဓိကနဲ့ မြင့်မြတ်တဲ့ ရည်ရွယ်ချက် ကို ဆန့်ကျင်တာပဲ၊ အခု တပည့်တော် တင်လျှောက်တာဟာ တပည့်တော်ရေးတဲ့ ဆောင်းပါးရဲ့ အကျဉ်းချုပ်ပါပဲ ဘုရား"

ထိုအခါ ဖားသား ပေဆီက...

"အဲဒီသဘောကို အတိုချုံးပြီး ပြောရရင်တော့ ကျုပ်တို့ ကနေ့ ရောက်ရှိနေတဲ့ ၁၉ ရာစုမှာ နားလည်ထားကြတာက အသင်းတော်သည် နိုင်ငံတော်အဖြစ်သို့ ပြောင်းလဲသွားရသည် ဆိုတဲ့ သဘောတရားပဲ၊ နိမ့်လျှော့တဲ့ ဘဝကနေ မြင့်မားတဲ့ ဘဝကို တဖြည်းဖြည်းချင်း တိုးတက်သွားတဲ့ သဘောမျိုးပဲ။ အသင်းတော်ဟာ ခေတ်ရယ်၊ လူမှုရေး တိုးတက်မှုတွေရယ်၊ သိပ္ပံပညာရပ်ရယ်ကို နေရာပေးတဲ့အနေနဲ့ နိုင်ငံတော်အတွင်းမှာ ပျော်ဝင်သွားရမယ်၊ တကယ်လို့ အသင်းတော်ဟာ ဒီလို ပေါင်းစည်းမသွားဘဲ တင်းခံနေခဲ့လို့ရှိရင် အသင်းတော်ဟာ နိုင်ငံတော်အတွင်းမှာ သတ်မှတ်ထားတဲ့ နေရာကလေး တခုကိုပဲ ရလိမ့်မယ်။ အဲဒါဟာ ကျုပ်တို့ခေတ် ဥရောပတိုက် တိုင်းနိုင်ငံအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေပဲ။

"ဒါပေမဲ့ ကျုပ်တို့ ရုရှားတွေရဲ့ ခံယူချက်နဲ့ လိုလားချက်ကတော့ အသင်းတော်ကနေ နိုင်ငံတော် ဖြစ်သွားဖို့ မဟုတ်ဘူး၊ အောက်ကနေ အပေါ်ကို တက်သွားဖို့ မဟုတ်ဘူး၊ ဒါနဲ့ ဆန့်ကျင်ဘက်ပဲ၊ နိုင်ငံတော်ဟာ အသင်းတော်အဖြစ် ပြောင်းလဲပြီး နိဂုံးချုပ်သွားရမယ်၊ တခြား ဘာမှ မဖြစ်ရဘူး၊ ဒါပဲ ဖြစ်ရမယ်၊ ဒီလိုပဲ ဖြစ်ရမယ်"

ထိုအခါ မီယူဆော့သည် ခြေထောက်နှစ်ဖက်ကို ပြန်ချိတ်ပြီး ခပ်ပြုံးပြုံးဖြင့် ပြောသည်။ "ဘုန်းကြီး ပြောလိုက်တော့ တပည့်တော် စိတ်ထဲမှာ ထင်နေတာတခု ပိုပြီး သေချာသွားတယ်၊ တပည့်တော် တွက်ဆလို့ ရသလောက် ပြောရရင်တော့ ဘုန်းကြီးတို့ ပြောနေတဲ့ကိစ္စတွေက အင်မတန် ဖြစ်ဖို့ ခဲယဉ်းတဲ့ မျှော်မှန်းချက်တွေပဲ၊ ဥပမာ ပြောရရင် အရှင် ယေရှုခရစ် ဒုတိယမွိ ကြွလာတော်မူမယ့် အရေးမျိုးပဲ၊ ဒီသဘောပဲ။ ဒီကမ္ဘာကြီးမှာ စစ်ပွဲတွေ နိုင်ငံရေးတွေ ဘဏ်လုပ်ငန်းတွေ ပျောက်ကွယ် သွားရမယ်ဆိုတဲ့ စိတ်ကူးယဉ် အိပ်မက်မျိုးပဲ၊ ဆိုရှယ်လစ်ပုံစံ တမျိုးပဲပေါ့၊ ဒါပေမဲ့ ဒါကို တကယ့်ကို အလေးအနက်ကြီး ထားနေကြတယ်၊ အခုဆိုရင် အသင်းတော်ဟာ ရာဇဝတ်မှု ကျူးလွန်တဲ့လူတွေကို ကြိမ်ဒဏ်ပေးဖို့၊ ထောင်ဒဏ်ပေးဖို့၊ သေဒဏ်ပေးဖို့အထိ ကြိုးစားနေကြတယ်"

"ကျွန်တော်တို့မှာ အခုအချိန်မှာ ဘာသာရေး တရားရုံးတွေ ရှိလို့ရှိရင် အဲဒီ ဘာသာရေး တရားရုံးတွေက ဘယ်တော့မှ ထောင်ဒဏ် မပေးပါဘူး၊ သေဒဏ်လည်း မပေးပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ရာဇဝတ်မှုနဲ့ ရာဇဝတ်မှုအပေါ် ထားတဲ့ သဘောထားဟာ ပြောင်းလဲသွားလို့ပဲ၊ ချက်ချင်းကြီး မပြောင်းလဲတောင် တဖြည်းဖြည်းတော့ ပြောင်းလဲသွားမှာပဲ၊ ဒါပေမဲ့ ကျွန်တော် ပြောရဲပါတယ်၊ သိပ်မကြာခင် ကာလမှာ ..."

အိုက်ဗင်က အေးဆေးစွာ ပြောနေသည်။ မီယူဆော့က ကြားဖြတ်ပြီး

"မောင်ရင် တကယ် ပြောနေတာလား"

"ကမ္ဘာကြီး တခုလုံးဟာ အသင်းတော် ဖြစ်လာလို့ရှိရင်..." အိုက်ဗင် ဆက်ပြောသည်။ "ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေကို ခေါင်းမဖြတ်ဘဲ အသင်းတော်ကနေ ဝိုင်းပယ်မယ်၊ အဲဒီအခါမှာ ဝိုင်းပယ်ခံရတဲ့လူ ဘာဖြစ်မလဲ၊ သူဟာ အခုလက်ရှိ အခြေအနေမှာလို လူတွေနဲ့သာ အဆက်အသွယ် ပြတ်သွားမှာ မဟုတ်ဘူး၊ ဘုရားသခင်နဲ့ပါ အဆက်အသွယ် ပြတ်သွားမယ်၊ သူဟာ ရာဇဝတ်မှု တခုကို ကျူးလွန်လို့ရှိရင် လူတွေကိုသာ ဆန့်ကျင်တာ မဟုတ်ဘူး၊ ဘုရားသခင်ရဲ့အသင်းတော်ကိုပါ ဆန့်ကျင်တာ ဖြစ်နေတယ်။

"တိတိကျကျ ပြောရရင်တော့ အခုလည်း ဒီအတိုင်းပဲလို့ ဆိုနိုင်တယ်။ ဒါပေမဲ့ တကယ်ကျတော့ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကနေ့ခေတ်မှာ ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေဟာ သူတို့ကိုယ် သူတို့ ဖြေသိမ့်တတ်ကြတယ်။ 'ငါ ခိုးတယ်၊ ဒါပေမဲ့ အသင်းတော်ကို ငါ မဆန့်ကျင်ဘူး၊ ငါဟာ ဘုရားသခင်ရဲ့ရန်သူ မဟုတ်ဘူး' ဒီခေတ်မှာ ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေဟာ ဒီလိုပဲ ပြောတတ်ကြတယ်။

ဒါပေမဲ့ တကယ်လို့သာ နိုင်ငံတော်ရဲ့နေရာမှာ အသင်းတော်က

နေရာယူလိုက်ရင် သူ ဒီလိုပြောလို့ မရတော့ဘူး၊ သူပြောမယ်ဆိုရင် တခုပဲ ပြောနိုင်တယ် “အားလုံးဟာ မှားနေကြတယ်၊ လမ်းလွဲကို ရောက်နေကြတယ်၊ အသင်းတော်ကြီး တခုလုံးဟာ အမှားကြီးပဲ၊ လူသတ်သမားဖြစ်တဲ့၊ သူခိုးသူဝှက် ဖြစ်တဲ့ ငါတယောက်တည်းသာ စစ်မှန်တဲ့ ခရစ်ယာန် အသင်းတော်ကြီး ဖြစ်တယ်” လို့ ပြောရမယ်၊ ဒီလိုမျိုး ဘယ်သူမှ မပြောနိုင်ဘူး၊ ပြောလို့မရနိုင်ဘူး။

“ကောင်းပြီ၊ ရာဇဝတ်မှုပေါ်မှာ အသင်းတော်ကထားတဲ့ သဘောထားကို ကြည့်ကြရအောင်၊ အသင်းတော်ရဲ့ သဘောထားက လက်ရှိ ကျင့်သုံးနေတဲ့ ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ် ပေးတာမျိုးနဲ့ အများကြီး ခြားနားတယ်၊ အသင်းတော်ရဲ့မူက လူတွေကို ပြန်လည် မွေးဖွားပေးဖို့ပဲ၊ သူ့ကို ပြုပြင် ပြောင်းလဲပေးဖို့ပဲ၊ သူ့ကို လွတ်မြောက်ကြောင်း ကယ်တင်ဖို့ပဲ”

“မောင်ရင် ဘာကို ဆိုလိုတာလဲ၊ မောင်ရင် ပြောတာကို ကိုယ် နားမလည်ဘူး”

မီယူဆော့က ကြားဖြတ်ပြီး မေးလိုက်ပြန်သည်။

“နောက်ထပ် အိပ်မက်တမျိုးလား၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကောင်အထည်မရှိတဲ့ စိတ်ကူးတခုပဲ၊ ဝိုင်းပယ်တယ်ဆိုတာ ဘာလဲ၊ ကိုယ့်အထင်တော့ မောင်ရင် သက်သက် နောက်နေတာပဲ”

“ဟုတ်တယ်၊ ကနေ့ ဖြစ်နေတာတွေ အားလုံးဟာ ဒီအတိုင်းပဲ”

ခင်ကြီး ဇော်ဇီမာက ရုတ်တရက် ဝင်ပြောလိုက်သည်။ ထို့နောက် မီယူဆော့ဘက်သို့ လှည့်လိုက်ပြီး...

“ကျုပ်တို့မှာ ဘုရားသခင်ရဲ့ အသင်းတော်သာ မရှိခဲ့ရင် ရာဇဝတ်မှုတွေကို ဘယ်လိုမှ တားဆီးနိုင်မှာ မဟုတ်ဘူး၊ သူတို့ကို ဘယ်လိုမှလည်း အစစ်အမှန် ပြစ်ဒဏ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ပြောတာက တကယ့် အစစ်အမှန် ပြစ်ဒဏ်ပေးတာကို ပြောတာ၊ စောစောက ခင်ဗျားတို့ ပြောသွားတဲ့ ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေးတာမျိုးကို ပြောတာ မဟုတ်ဘူး။ စိတ်ကို မပြုပြင်ဘဲ လူကို ပြစ်ဒဏ် ပေးတာဟာ သူ့စိတ်ကို ပိုပြီးတောင် ဆိုးရွားစေနိုင်တယ်၊ တကယ် အစစ်အမှန် ပေးတဲ့သဘောက လူတယောက်ဟာ သူ့အပြစ်ကို သူ သိရမယ်။ အဲဒီအပြစ်အတွက် သူ ကြောက်လန့်ရမယ်၊ သူ့စိတ်ကိုသူ ပြုပြင်သွားရမယ်”

“တပည့်တော် မသိလို့ မေးပါရစေ၊ အဲဒါ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မလဲ” မီယူဆော့က စိတ်ပါဝင်စားဟန်ဖြင့် မေးလိုက်သည်။ ခင်ကြီး ဇော်ဇီမာက “လူတွေကို ကြိမ်ဒဏ်ပေးတာ၊ ထောင်ချတာ၊ ဆိုက်ဗေးရီးယားကို ပို့တာဟာ

တကယ်တော့ လူတွေကို ဘယ်လိုမှ မပြုပြင်နိုင်ဘူး၊ ဘယ်လို လူဆိုးတယောက်ကိုမှ မတားဆီးနိုင်ဘူး၊ ရာဇဝတ်မှုတွေဟာ လျော့မသွားတဲ့အပြင် တိုးတောင်လာကြသေးတယ်ဆိုတာ ဒကာကြီး ဝန်ခံရမယ်။ အဲဒီတော့ ကျုပ်တို့ရဲ့ လူ့အဖွဲ့အစည်း ကြီးမှာ ဘာလုံခြုံမှုမှ မရှိဘူး၊ လူဆိုးတယောက်ကို ဖမ်းပြီး လူတွေနဲ့ဝေးတဲ့ တနေရာကို ပို့လိုက်ရင် သူ့နေရာမှာ တခြားတယောက်က ဝင်ပြီး အစားရောက်လာတာပဲ၊ တယောက် မဟုတ်ဘူး၊ နှစ်ယောက်တောင် ဖြစ်လာတတ်သေးတယ်။

"ကနေ့ လူ့အဖွဲ့အစည်းကြီးကို ကာကွယ်နိုင်တာ လူဆိုးတယောက်ကို တကယ် ပြုပြင်နိုင်တာဟာ ဘုရားသခင်ရဲ့အဆုံးအမကြောင့်သာ ဖြစ်နိုင်တယ်။ လူတယောက်ဟာ ခရစ်ယာန် အဖွဲ့အစည်းရဲ့ သားတယောက်အနေနဲ့ သူ့အပြစ်ကို သူ အသိအမှတ်ပြုတာဟာ အသင်းတော်ကို သူ ကျူးလွန်မိတဲ့ အပြစ်အတွက် အသိအမှတ်ပြုတာပဲ၊ ခရစ်ယာန် အဖွဲ့အစည်းဆိုတာက ခရစ်ယာန် အသင်းတော်ပဲ။ ဒါကြောင့်မို့လို့ ရာဇဝတ်မှု ကျူးလွန်သူတယောက်ဟာ သူ့အပြစ်ကို အသင်းတော်ထံမှောက်မှာသာ အသိအမှတ် ပြုနိုင်တယ်၊ နိုင်ငံတော်ထံမှောက်မှာ အသိအမှတ် မပြုနိုင်ဘူး။

"အဲဒါကြောင့် ကျုပ်တို့ရဲ့ လူ့အဖွဲ့အစည်းဟာ တရားစီရင်မှုကို အသင်းတော်အနေနဲ့ စီရင်ခဲ့လို့ရှိရင် ဝိုင်းပယ်ခံရတဲ့ ဒုစရိုက်သမားကို အသင်းတော်ရဲ့ရင်ခွင်ကို ဘယ်လိုပြန်ပို့ရမယ်ဆိုတာ နားလည် တယ်။ ဒါပေမဲ့ လက်ရှိ အခြေအနေမှာ အသင်းတော်ဟာ တကယ်တမ်း တရားစီရင်ပိုင်ခွင့် မရှိဘဲ သင်ခန်းစာပေးတဲ့ သဘောလောက်သာ လုပ်နိုင်တဲ့အတွက် တကယ်တမ်း ထိထိရောက်ရောက် အပြစ်မပေးနိုင်ဘဲ ဖြစ်နေကြတယ်။

"အသင်းတော်ဟာ ဒုစရိုက်သမား တယောက်ကို ဝိုင်းမပယ်နိုင်ဘူး၊ ပညာပေးတဲ့ သဘောလောက်ပဲ လုပ်နိုင်တယ်။ ဒါတင်မကသေးဘူး၊ အသင်းတော်ဟာ လူဆိုးတယောက်ကို ခရစ်ယာန် အဖွဲ့အစည်းဝင် တဦးအနေနဲ့ပဲ အသိအမှတ်ပြုထားတယ်။ သူ့ကို ဘုရားကျောင်း တက်ခွင့်ပြုတယ်၊ ဘာသာရေးပွဲတွေမှာပါ ပါဝင်ခွင့်ပြုတယ်၊ အလှူဝတ္ထုတွေ ပေးကမ်းတယ်၊ သူ့ကို အပြစ်ရှိတဲ့ လူတယောက်အနေနဲ့ ဆက်ဆံတာမျိုး မဟုတ်ဘဲ ဒုက္ခရောက်နေတဲ့ လူတယောက်ကို ဆက်ဆံတာမျိုး ဖြစ်နေတယ်။

"တရားဥပဒေက ဒဏ်ခတ်ပြီး ပစ်ပယ်ထားတဲ့ လူတွေကို အသင်းတော်ကပါ ဒဏ်ခတ် ပစ်ပယ်လိုက်မယ်ဆိုရင် ဘာဖြစ်သွားမလဲ။ နိုင်ငံတော်က သူ့ကို အပြစ်ပေးပြီးတဲ့နောက် အသင်းတော်ကပါ သူ့ကို ထပ်ပြီး အပြစ်ပေးလိုက်မယ်ဆိုရင် သူ ဘာဖြစ်သွားမလဲ၊ သူ့အနေနဲ့ အကြီးအကျယ် စိတ်ဒုက္ခရောက်သွားဖို့ပဲရှိတယ်၊ အထူးသဖြင့် ရုရှား ရာဇဝတ်သားတယောက် အဖို့ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ရုရှား

ရာဇဝတ်သားတွေမှာ ယုံကြည်ကိုးကွယ်မှု ရှိကြလို့ပဲ၊ ရာဇဝတ်သားတဦးအနေနဲ့ ယုံကြည်ကိုးကွယ်မှု မရှိတော့ဘူးဆိုရင် ဘာဖြစ်သွားနိုင်သလဲ။

"ဒါကြောင့်မို့လို့ အသင်းတော်ဟာ ကြင်နာသနားတတ်တဲ့ မိခင်တဦးလိုပဲ သူ့ကို ဘယ်လိုမှ အပြစ်ဒဏ်မခတ်တော့ဘူး၊ သူ့ကို တရားဥပဒေကလည်း ထိထိရောက်ရောက်ကြီး အပြစ်ဒဏ် ပေးထားပြီးနေပြီ မဟုတ်လား၊ အဲဒီတော့ သူ့အပေါ်မှာ သနားကြင်နာမယ့် လူတယောက် ရှိနေဖို့ လိုတယ် မဟုတ်လား။

"နောက်ပြီးတော့ အသင်းတော်အနေနဲ့ သည်ပြစ်ဒဏ်တွေနဲ့ မပတ်သက်ဘဲ ဖြစ်နေရတဲ့ အဓိက အကြောင်းကတော့ အသင်းတော်ရဲ့အဆုံးအဖြတ်က တခုပဲရှိတယ်။ အဲဒါကတော့ အမှန်တရားပဲ၊ အဲဒါကြောင့် အသင်းတော်ဟာ တခြား အဆုံးအဖြတ်များနဲ့ ဘယ်လိုမှ မပေါင်းစည်းနိုင်တာ ဖြစ်တယ်။ ယာယီသဘောအဖြစ်နဲ့ကိုပဲ မပေါင်းစည်းနိုင်ပါဘူး၊ သည်နေရာမှာ ဘယ်အကြောင်းကြောင့်မှ အလျှော့အတင်း အပေးအယူ မလုပ်နိုင်ပါဘူး။ နိုင်ငံခြားက ရာဇဝတ်သားတွေ ဆိုရင်တော့ နောင်တတရား ရခဲတယ်လို့ ဆိုကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခေတ် အယူအဆတွေက ရာဇဝတ်မှုတခုကို ရာဇဝတ်မှုလို့ မယူဆဘူး၊ မတရား ဖိနှိပ်ချုပ်ချယ်မှုကို တွန်းလှန်ပုန်ကန်မှု တခုလို့သာ ယူဆကြတယ်၊ သူ့အပေါ်မှာ အနိုင်ရတဲ့ အင်အားစုတခုက သူ့ကို လူ့အဖွဲ့အစည်းကြီးနဲ့ ဖြတ်တောက်ပစ်လိုက်တယ် (အထူးသဖြင့် ဥရောပတိုက်က နိုင်ငံတွေမှာ ဒီအတိုင်းပဲ ပြောကြတယ်)။ လူ့အဖွဲ့အစည်းက သူ့ကို မုန်းတီးတယ်၊ ပစ်ပယ်တယ်၊ သူ့ရဲ့အနာဂတ်ကို လျစ်လျူရှုလိုက်တယ်။

သည်ကိစ္စတွေမှာ အသင်းတော်တွေရဲ့ ကြင်နာသနားမှု ဆိုတာလည်း လုံးဝမရှိဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနိုင်ငံတွေမှာ အသင်းတော်ဆိုတာလည်း မရှိတော့လို့ပဲ၊ သူတို့မှာ ဘုန်းကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ ဘုရားရှိခိုးကျောင်းကြီးတွေပဲ ရှိတယ်၊ အသင်းတော် ဆိုတာတွေကတော့ အောက်ကနေ အထက်ကို တက်သွားတယ်ဆိုတဲ့မှုနဲ့ နိုင်ငံတော်အတွင်းကို ရောက်ရှိသွားကြပြီ၊ အသင်းတော်ဆိုတာ အဲဒီနည်းမျိုးနဲ့ လုံးဝ ပျောက်ကွယ်သွားကြပြီ၊ အထူးသဖြင့် မာတင်လူသာဂိုဏ်း ထွန်းကားတဲ့ နိုင်ငံတွေမှာပဲပေါ့။ ရောမအနေနဲ့ကတော့ အသင်းတော်အဖြစ် ကြေညာမယ့်အစား နိုင်ငံတော်အဖြစ် ကြေညာခဲ့တာ နှစ်ပေါင်း တထောင်လောက် ရှိသွားပြီ။

အဲဒီတော့ ရာဇဝတ်သားတယောက်ဟာ သူ့ကိုယ်သူ အသင်းတော်ထဲက လူတယောက်လို့ မယူဆတော့ဘဲ စိတ်ပျက်အားငယ်ရတော့တယ်။ လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းထဲကို သူ ပြန်ဝင်ဖို့ ကြိုးစားတဲ့အခါမှာလည်း အသိုင်းအဝိုင်းက လက်မခံတော့ဘူး။ သူ့ကို လူဆိုးတယောက်အနေနဲ့ ဖယ်ထုတ်လိုက်ကြပြီ။ အဲဒီတော့ ဘယ်လို နိဂုံးချုပ်မယ် ဆိုတာကို လူကြီးမင်းတို့ စဉ်းစားကြည့်နိုင် ပါတယ်၊

များသောအားဖြင့်တော့ ကျုပ်တို့ဆီမှာ ဖြစ်သလို ဖြစ်ကြတာပါပဲ။ ဒါပေမဲ့ ကျုပ်တို့ဆီမှာက တရားရုံးတွေ ရှိသလို အသင်းတော်လည်း ရှိတယ်၊ အသင်းတော်ဟာ ရာဇဝတ်သား တယောက်ကို ဘယ်တော့မှ အဆက်အသွယ် မဖြတ်ပစ်ဘူး၊ ချစ်ခင်မြတ်နိုးတဲ့ သားတယောက်လိုပဲ ဆက်ဆံတယ်၊ နောက်ပြီးတော့ အသင်းတော်ရဲ့ စီရင်ဆုံးဖြတ်မှုဟာ အခု မရှိတော့ပေမယ့် အနာဂတ်အတွက် စိတ်ကူးထဲမှာ ရှိနေကြတယ်၊ အဲဒါကို ရာဇဝတ်သားတယောက်ဟာ သူ့စိတ်ထဲမှာ အမြဲ ကိန်းအောင်းထားတယ်။

“အခု ဒီမှာ ပြောကြတဲ့စကားတွေဟာ မှန်ပါတယ်။ အသင်းတော်ရဲ့ တရားစီရင်ပိုင်ခွင့်ကို အပြည့်အဝ လက်ခံကျင့်သုံးကြမယ်ဆိုရင်.... အဲဒီ အဓိပ္ပာယ်က ကျုပ်တို့ရဲ့လူ့အဖွဲ့အစည်းကြီး တခုလုံးကို အသင်းတော်အဖြစ် ပြောင်းလဲလိုက်မယ်ဆိုရင် အသင်းတော်ရဲ့ စီရင်ဆုံးဖြတ်မှုဟာ ရာဇဝတ်သား တွေကို ပြုပြင် ပြောင်းလဲပေးနိုင်ရုံတင် မကဘူး၊ ရာဇဝတ်မှုတွေကိုလည်း မယုံကြည်နိုင်လောက် အောင် လျော့နည်းသွားလိမ့်မယ်။

“နောက်ပြီးတော့ အနာဂတ်ကာလမှာ အသင်းတော်ဟာ ရာဇဝတ်မှုနဲ့ ရာဇဝတ်မှု ကျူးလွန်သူတွေ အပေါ်မှာ အမြင်တမျိုးနဲ့ ကြည့်မြင်လိမ့်မယ်၊ ဝိုင်းပယ်တဲ့ စနစ်ကိုလည်း အောင်မြင်စွာ ကျင့်သုံးနိုင် လိမ့်မယ်၊ ရာဇဝတ်မှုတွေကို တားဆီးနိုင်မယ်၊ ပျက်စီးသွားတဲ့လူတွေကို လူကောင်းဖြစ်အောင် ပြန်ပြီး ပြုပြင်နိုင်လိမ့်မယ်၊ ဒါ အမှန်ပဲ”

ခင်ကြီး ဇော်ဇီမာက အပြုံးဖြင့် ဆက်ပြောသည်။

“ခရစ်ယာန် အဖွဲ့အစည်းကြီးဟာ အခုအချိန်မှာ မပြည့်ဝ မရင့်ကျက်သေးဘူး၊ ဒီအဖွဲ့အစည်း အခုလို တည်ရှိနေတာကိုက သူတော်စင် ခုနစ်ယောက်ကြောင့်ပဲ၊ ဒါပေမဲ့ ဒီအရေအတွက်ဟာ ဘယ်တော့မှ လျော့မသွားဘူး၊ အမြဲတမ်း တည်ရှိနေလိမ့်မယ်၊ တနေ့မှာ တခုတည်းသော အချုပ်အခြာ အာဏာပိုင် အသင်းတော်ကြီး ဖြစ်လာလိမ့်မယ်၊ နောက်ဆုံးအချိန်မှာ ဒီအတိုင်းပဲ ဖြစ်လာရမယ်၊ ဒီလိုပဲ ဖြစ်လာရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ဒီအတိုင်းပဲ ဗျာဒိတ်တော် ထားခဲ့လို့ပဲ။

“နောက်ပြီးတော့ ဘယ်အချိန် ဘယ်ကာလ ဆိုတာကိုလည်း ကျုပ်တို့ ဘာမှ ပူပန်နေစရာ မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အချိန် ဘယ်အခါဆိုတာဟာ ဘုရားသခင်ရဲ့ဉာဏ်တော်၊ ဘုရားသခင်ရဲ့ မေတ္တာတော်နဲ့ပဲ သက်ဆိုင်တယ်၊ လူသာမန်လူတွေရဲ့ အသိမှာ အချိန်အများကြီး လိုသေးတယ်လို့ ထင်ရပေမယ့် ဘုရားသခင်ရဲ့အလိုတော်မှာ လက်တကမ်းပဲ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဖြစ်ပေါ်တော့မယ့်ဆဲဆဲ ဖြစ်နေလိမ့်မယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဒီအတိုင်းပဲ

ဖြစ်ရမယ်”

“ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်”

ဘုန်းကြီး ပေဆီက ထောက်ခံလိုက်သည်။

“အံ့ဩစရာကောင်းတယ်၊ အတော့်ကို အံ့ဩစရာကောင်းတယ်”

မီယူဆော့က ရွတ်ဆိုလိုက်သည်။

“ဘာ အံ့ဩစရာကောင်းတာလဲ”

ဖားသား လိုက်ဗရီယင်က မေးလိုက်သည်။

“ဘာဖြစ်လို့ အံ့ဩစရာကောင်းသလဲဆိုတော့ အခြေအနေက ကမ်းကုန်နေလို့ပဲ” မီယူဆော့ တမုဟုတ်ချင်း ပေါက်ကွဲလာသည်။ “နိုင်ငံတော်ကို ဖျက်ပစ်ရမယ်၊ အသင်းတော်ကို နိုင်ငံတော် နေရာမှာ ထားရမယ်၊ ဒီဥစ္စာက ဗရင်ဂျီ ဘာသာရေး အာဏာပိုင်ဝါဒတင် မဟုတ်တော့ဘူး၊ ဘာသာရေး သက်ဦးဆံပိုင် အာဏာပိုင်ဝါဒ ဖြစ်နေပြီ၊ သတ္တမမြောက် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီတောင် ဒါလောက် စိတ်ကူးယဉ်မှာ မဟုတ်ဘူး”

“ဒကာကြီး ပြောတာ မှားနေတယ်”ဟု ဖားသား ပေဆီက ပြောလိုက်သည်။ “အသင်းတော်ကနေ နိုင်ငံတော် ဖြစ်သွားမှာ မဟုတ်ဘူး၊ အဲဒါကို သေသေချာချာ မှတ်ထားပါ။ အဲဒါက ရောမအိပ်မက်ပဲ၊ အဲဒါဟာ မာရ်နတ်မင်းရဲ့တတိယမြောက် သွေးဆောင်ခြင်းပဲ။ ခင်ကြီးဘုရား အမိန့်ရှိသွားတာက ဒီအယူအဆနဲ့ ဆန့်ကျင်ဘက်ပဲ၊ နိုင်ငံတော်ကနေ အသင်းတော် ဖြစ်ရမယ့် သဘောတရားပဲ၊ ကမ္ဘာကြီးတခုလုံးမှာ အသင်းတော် တခုတည်း ဖြစ်သွားရမယ့် သဘောတရားပါပဲ။ ဒီသဘောတရားက ရောမက ဗရင်ဂျီ အာဏာပိုင်ဝါဒနဲ့ လုံးဝ ဆန့်ကျင်တယ်၊ ဒကာကြီး ကောက်ချက်ချတာနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်၊ ဒီ သဘောတရားက အရှေ့ပိုင်း အယူမှန် အသင်းတော်ကြီးရဲ့ ရည်မှန်းချက် ပန်းတိုင်ပဲ၊ အရှေ့ဘက်ဒေသမှာ ကြယ်ရောင်ထွန်းပြောင်ရမယ်”

မီယူဆော့ ခပ်မဆိတ် ရှိနေသည်။ ခံ့ခံ့ထည်ထည်ကြီး ရှိနေသည်။ သူ့နှုတ်ခမ်းများပေါ်တွင် မထီတရီသော အပြုံးတခု ပေါ်လွင်လျက်ရှိသည်။ အလျှို့ရှာသည် ထိုအခြင်းအရာကို ရင်တထိတ်ထိတ်ဖြင့် ကြည့်နေသည်။ သူတို့၏ပြောဆိုချက်များက သူ့ကို အထူးပင် စိတ်လှုပ်ရှားစေ သည်။ ရာကီတင်ကို သူ ကပျာကယာ လှမ်းကြည့်လိုက်သည်။ ရာကီတင်သည် စောစောက နေရာမှာပင် မလှုပ်မယှက်ကြီး ရပ်လျက်ရှိသည်။ သူသည် မျက်လုံးများကို အောက်စိုက်ထားလျက် ရှိသော်လည်း စိတ်ဝင်စားစွာ နားထောင်ပြီး စိတ်ဝင်စားစွာ

စူးစိုက်လျက်ရှိသည်။ ရာကီတင်၏ မျက်နှာပေါ်တွင် ပေါ်လွင်နေသော သွေးရောင်ကိုကြည့်ပြီး ထိုပုဂ္ဂိုလ်ကလေးသည်လည်း မိမိလိုပင် စိတ်လှုပ်ရှားလျက်ရှိကြောင်း အလိုလိုရှာ ခန့်မှန်းမိသည်။ သူ ဘာကြောင့် ဤကဲ့သို့ စိတ်လှုပ်ရှား နေရသည်ကိုလည်း အလိုလိုရှာ သိသည်။

"လူကြီးမင်းတို့ကို ကျုပ် ဇာတ်လမ်းတပုဒ် ပြောပြပါရစေ"မီယူဆော့က လေးနက်သော အသွင်ဖြင့် ပြောလိုက်သည်။ "လွန်ခဲ့တဲ့ သုံးလေးနှစ်ကပေါ့၊ ဒီဇင်ဘာတော်လှန်ရေး အပြီးမှာပေါ့၊ ပါရီမြို့မှာရှိတဲ့ အထူး သြဇာအာဏာရှိတဲ့ အစိုးရ အရာရှိကြီးတဦးအိမ်ကို ကျုပ် ရောက်သွားတယ်၊ အဲဒီမှာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ လူတယောက်နဲ့ ကျုပ် တွေ့ရတယ်၊ အဲဒီပုဂ္ဂိုလ်က ရိုးရိုးသာမန် စုံထောက်တယောက် မဟုတ်ဘူး၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စုံထောက်တွေ အားလုံးကို ကိုင်ရတဲ့ တာဝန်ခံတယောက်ပဲ၊ သူ့နေရာနဲ့သူ အရေးပါတဲ့ ဌာနတခုပဲ၊ ကျုပ်လည်း အခွင့်အရေးကို အသုံးချတဲ့အနေနဲ့ အဲဒီပုဂ္ဂိုလ်နဲ့ စကားလက်ဆုံကျမိတယ်၊ သူက အဲဒီအိမ်ကို ဧည့်သည်တယောက် အနေနဲ့ အလည်လာတာ မဟုတ်ဘူး၊ လက်အောက်အရာရှိတဦးအနေနဲ့ အစီရင်ခံစာတခု တင်ရအောင် လာတာပဲ။

"သူ့ရဲ့ အထက်အရာရှိက ကျုပ်ကို လေးလေးစားစား ဆက်ဆံတာ တွေ့တော့ သူကလည်း ကျုပ်ကို ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတယ်၊ ပွင့်ပွင့်လင်းလင်း ဆိုတာထက် လေးလေးစားစား ယဉ်ယဉ်ကျေးကျေး ဆက်ဆံတာမျိုးပဲ၊ ပြင်သစ်တွေဟာ ဘယ်လို ယဉ်ကျေးရမယ်ဆိုတာ နားလည်ကြတယ်၊ အထူးသဖြင့် နိုင်ငံခြားသားတွေကို ဘယ်လို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ် ဆိုတာကို သိတယ်၊ သူ့သဘောကို ကျုပ် ကောင်းကောင်း နားလည်တယ်။

"ကျုပ်တို့နှစ်ယောက် စကားလက်ဆုံကျတဲ့ အကြောင်းကတော့ အဲဒီအချိန်က အဖမ်းဆီး အနှိပ်စက် ခံနေရတဲ့ ဆိုရှယ်လစ် တော်လှန်ရေးသမားတွေအကြောင်းပဲ၊ ကျုပ်တို့ ဘာတွေ ပြောကြတယ် ဆိုတာကို မပြောတော့ပါဘူး၊ စိတ်ဝင်စားစရာကောင်းတဲ့ အချက်တခုကိုပဲ ကျုပ် ပြန်ပြောပြမယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ပါးစပ်က အန်ထွက်လာတဲ့ စကားတခွန်းပဲ။ "ဆိုရှယ်လစ် မင်းမဲ့ဝါဒီတွေ၊ ဘုရားသခင်ကို မယုံကြည်တဲ့လူတွေ၊ တော်လှန်ရေးသမားတွေကို ကျွန်တော်တို့ မကြောက်ဘူး၊ ကျွန်တော်တို့က သူတို့ကို အမြဲတမ်း စောင့်ကြည့်နေတယ်၊ သူတို့ ဘာလုပ်နေတယ် ဆိုတာကို ကျွန်တော်တို့သိတယ်"

"ဒါပေမဲ့ သူတို့အထဲမှာ ထူးခြားတဲ့လူတွေ ပါနေတယ်၊ သိပ်အများကြီးတော့ မဟုတ်ဘူးပေါ့၊ အဲဒီလူတွေက ဘယ်သူတွေလဲဆိုတော့ သူတို့ဟာ ဘုရားသခင်ကို ယုံတယ်၊ သူတို့ဟာ ခရစ်ယာန် တွေပဲ၊ ဒါပေမဲ့ တချိန်တည်းမှာပဲ သူတို့ဟာ

ဆိုရှယ်လစ်တွေ ဖြစ်နေတယ်၊ အဲဒီလို လူမျိုးတွေကို ကျွန်တော်တို့ အကြောက်ဆုံးပဲ၊ သူတို့ဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ဘုရားသခင်ကို မယုံတဲ့ ဆိုရှယ်လစ်တယောက်ထက် ခရစ်ယာန် ဆိုရှယ်လစ်တယောက်က ပိုပြီး ကြောက်စရာ ကောင်းတယ်" တဲ့၊ အဲဒီစကားလုံးဟာ ကျုပ်ခေါင်းထဲမှာ စွဲသွားတယ်၊ အခုလည်း ဒီစကားကို ကျုပ် ပြန်ပြီး အမှတ်ရလာတယ်"

"ဒီစကားက ကျုပ်တို့ကို ပြောတာပဲ၊ ဒကာကြီးက ကျုပ်တို့ကို ဆိုရှယ်လစ်တွေလို့ ပြောလိုက်တာပဲ၊ ဟုတ်တယ် မဟုတ်လား"

ဖားသား ပေဆီက သွယ်ဝိုက်မနေတော့ဘဲ တဲ့တိုးကြီးပင် မေးလိုက်သည်။ မီယူဆော့ ပြန်မဖြေရမီမှာပင် တံခါးပွင့်သွားပြီး အချိန်အများကြီး နောက်ကျနေသော ဒီမီထရီ ကာရာမာဇော့ ဝင်ရောက်လာသည်။ အမှန်အတိုင်း ပြောရလျှင် သူ လာလိမ့်မည်ဟု သူတို့ မျှော်လင့်မထားကြတော့။ ထို့ကြောင့် ဗြုန်းစားကြီး သူ ရောက်ရှိလာသည်ကို တွေ့ရသောအခါ သူတို့အားလုံးပင် အံ့သြသွားကြသည်။

၆။ သည်လိုလူမျိုး။ ဘယ်လိုလုပ်ပြီး ရှိနေသလဲ

ဒီမီထရီ ကာရာမာဇော့သည် အသက် နှစ်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တဦး ဖြစ်သည်။ အရပ် မနိမ့်မမြင့် ဖြစ်ပြီး ရုပ်ရည်သန့်ပြန့်သည်။ သို့သော် သူ့ကို ကြည့်ရသည်မှာ သူ့ အမှန်ရှိသော အသက်ထက် ပိုကြီးနေဟန်ရှိသည်။ သူသည် ယောက်ျားပီသပြီး ခွန်အားဗလနှင့် ပြည့်စုံသည်။ သို့တစေလည်း သူ့မျက်နှာသည် ကျန်းမာရေး ပြည့်စုံသူတဦး၏ မျက်နှာမျိုး မဟုတ်ချေ။ သူ့မျက်နှာက သေးသွယ်သည်။ ပါးနှစ်ဖက် ခွက်နေသည်။ အသားအရေက နေမကောင်းသူ တဦးပမာ ဖြူဖပ်ဖြူရော် ဖြစ်သည်။ သူ၏ ကြီးမား နက်မှောင်နေသော မျက်လုံးများသည် ခိုင်ကျည် ပြတ်သားခြင်း ရှိသည်။ တချိန်တည်းမှာပင် ရီဝေသည့်အသွင်လည်း ရှိနေသည်။ သူသည် တကယ်က ထက်ထက်သန်သန် အားရပါးရ ပြောနေသော်လည်း သူ့မျက်လုံးများကမူ သူ၏အပြုအမူနှင့် မကိုက်ညီဘဲ ရှိတတ်သည်။ အခြားသော အသွင်တခုကို ဆောင်နေတတ်သည်။

“သူ ဘာစဉ်းစားနေတယ်ဆိုတာ ပြောနိုင်ဖို့ခက်တယ်” သူနဲ့ စကားပြောဖူးသူများက ဤအတိုင်း မှတ်ချက်ချတတ်သည်။ အချို့သော သူများသည် သူ့မျက်လုံးကြီးများ မှုန်ပြီး တွေနေသည်ကို တွေ့ရှိနေရာမှ ရုတ်တရက် ဆိုသလို သူ ရယ်မောလိုက်သည်ကို တွေ့ရသောအခါ အံ့သြကြရသည်။ သူ့မျက်လုံး သုန်မှုန်နေသည့်အချိန်တွင် သူ ရယ်မောပုံက လှိုက်လှိုက်လှဲလှဲ ရွှင်ရွှင်ပျပျ ဖြစ်သည်။

သို့သော် လောလောဆယ်ကာလတွင် သူ့မျက်နှာကြီး သုန်မှုန်နေသည်ကိုမူ လူတိုင်း နားလည်နိုင်ပါ သည်။ သည်မြို့သို့ သူ ရောက်လာကတည်းက သူ့မှာ ပြဿနာ ဝိုင်းဝိုင်းလည်နေသည်ကို သူတို့ သိရှိကြပါသည်။ ကြားမိကြပါသည်။ အထူးသဖြင့် ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်ပြီး သူ့ဖခင်နှင့် ပြဿနာ ဖြစ်နေသည်ကို တမြို့လုံး သိရှိကြသည်။ သည်အကြောင်းနှင့် ပတ်သက်ပြီး ဇာတ်လမ်းတွေ အမျိုးမျိုး ပြောနေကြသည်။ သူသည် ပင်ကိုသဘာဝအားဖြင့် စိတ်တိုတတ်သည့် သဘောရှိသည်။

“သူ့စိတ်က မခိုင်ဘူး၊ ယိမ်းယိုင်နေတတ်တယ်” ဟု ကျွန်ုပ်တို့ သမာဓိမြို့ဝန် ဆီမျဉ်ကာချယ်နီကော့ က ပါတီပွဲတခုတွင် ရယ်ရယ်မောမောနှင့် ပြောဖူးသည်။

သူသည် အဝတ်အစားကို ကောင်းကောင်းသန့်သန့် ဝတ်တတ်သည်။ ကုတ်အင်္ကျီကို ကြယ်သီးများ အားလုံးတပ်ပြီး ဝတ်သည်။ လက်အိတ်နက် စွပ်သည်။ ဦးထုပ်ရှည်ကြီး ဆောင်းသည်။ သူသည် စစ်တပ်က ထွက်လာသည်မှာ မကြာသေးသည့်အလျောက် နှုတ်ခမ်းမွေးများ ရှိနေသည်။ မုတ်ဆိတ်မွေး မရှိပါ။ သူ၏ဆံပင် ညိုညိုနက်နက်များကို တိုတို ဖြတ်ထားပြီး ရှေ့ဘက် နားထင်ပေါ်သို့

ဖြီးချထားသည်။ သူသည် စစ်သားတယောက်လို ခြေလှမ်းကျဲကျဲ မှန်မှန် လျှောက်သည်။

သူသည် တံခါးဝတွင် ခေတ္တမျှ ရပ်ပြီးနောက် အခန်းထဲမှ လူများကို ကြည့်သည်။ ထို့နောက် ခင်ကြီး ဇော်ဇီမာထံသို့ လျှောက်သွားသည်။ သူတို့၏ အိမ်ရှင်ဖြစ်ကြောင်း အကဲခတ်မိဟန်ဖြင့် ဖြစ်သည်။ သူသည် ခင်ကြီးကို ဦးညွှတ်အလေးပြုပြီးနောက် ကောင်းချီးပေးရန် တောင်းဆိုသည်။ ခင်ကြီး ဇော်ဇီမာသည် ကုလားထိုင်မှထပြီး သူ့ကို ကောင်းချီးပေးသည်။ ဒီမီထရီက ခင်ကြီး၏ လက်ကို ရိုသေလေးမြတ်စွာ နမ်းရှုပ်သည်။

"အရှင်ဘုရားတို့ အခုလို အကြာကြီး စောင့်နေရတဲ့အတွက် တပည့်တော် တောင်းပန်ပါတယ်၊ ဒါပေမဲ့ တပည့်တော်ရဲ့ဖခင် လွှတ်လိုက်တဲ့ အစေခံ ဆမာယာကော့က နေ့ခင်း တနာရီမှ တွေ့ကြမယ်လို့ ပြောပါတယ်၊ တပည့်တော် သေချာအောင်ဆိုပြီး သူ့ကို နှစ်ကြိမ်တိတိ ထပ်မေးပါတယ်၊ တနာရီလို့ ပြောပါတယ်၊ နောက်ကျမှ တပည့်တော် ရုတ်တရက် ကြီး သိလိုက်ရတာက..."

သူ စိတ်လှုပ်ရှားစွာ ပြောသည်။ သူ့အသံက အနည်းငယ် ဒေါသဖြစ်နေဟန်ရှိသည်။ ခင်ကြီးက သူ့စကားမဆုံးမီ ဖြတ်ပြီး...

"ကိစ္စမရှိပါဘူး၊ စိတ်ထဲမှာ ဘာမှ အနှောင့်အယှက် မဖြစ်ပါနဲ့၊ ဒကာလေး နည်းနည်းကလေးပဲ နောက်ကျပါတယ်၊ ဒီအတွက် ဘာမှ ပြဿနာ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် အရှင်ဘုရား၊ အရှင်ဘုရားရဲ့ မေတ္တာတရား ကြီးမားပါတယ်" ဒီမီထရီသည် ခင်ကြီး ဇော်ဇီမာကို တောင်းပန်စကား ဆိုပြီးနောက် နောက်တကြိမ် ဦးညွှတ် အလေးပြုလိုက်သည်။ ထို့နောက် သူသည် သူ့ဖခင်ဖြစ်သူဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီးနောက် ရိုသေလေးစားစွာပင် ဦးညွှတ်ကာ အလေးပြုလိုက်သည်။ သူသည် ဤသို့ပြုလုပ်ရန် အစောကြီးကတည်းက ကြံပြီး တွက်ဆခဲ့ကြောင်း ထင်ရှားသည်။ ဤသို့ ပြုလုပ်ရန်မှာ သူ၏ တာဝန်ဝတ္တရားဖြစ်ကြောင်း ရိုးသားစွာ တွက်ဆခဲ့ဟန်ရှိသည်။ သူ၏ ရိုသေလေးစားမှုနှင့် ရည်ရွယ်ချက် ကောင်းမွန်မှုကို ပြသခြင်းပင် ဖြစ်သည်။

ကာရာမာဇော့သည် ရုတ်တရက် အံ့သြသွားဟန် ရှိသော်လည်း ရုတ်ခြည်းပင် ထိုင်ရာမှ ထလိုက်သည်။ ဒီမီထရီ၏ဦးညွှတ်မှုကို တုံ့ပြန်သည်။ ဦးခေါင်းကို နိမ့်နိမ့်ညွှတ်လိုက်သည်။ သူ့မျက်နှာသည် တမုဟုတ်ချင်းမှာပင် တည်တည်ကြီး ဖြစ်သွားသည်။ ဝန်တိုမနာလိုစိတ်ကြီးသော မျက်နှာကြီးမျိုး ဖြစ်သည်။

ဒီမီထရီသည် အခန်းထဲရှိ လူများအားလုံးကို ဦးညွှတ်နှုတ်ဆက်ပြီးနောက် ပြတင်းပေါက်ဆီသို့ ခြေလှမ်းကျဲကျဲမှန်မှန်ဖြင့် လျှောက်သွားသည်။ ဖားသားပေဆီ

အနီးရှိ တခုတည်းသော ကုလားထိုင်လွတ်တွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် သူ ဝင်လာသဖြင့် ပြတ်သွားသော စကားဝိုင်းကို နားထောင်ရန် ကိုယ်ကို ရှေ့သို့ ကုန်းညွှတ်ထားလိုက်သည်။

ဒီမီထရီ အခန်းတွင်းသို့ ဝင်ရောက်လာသည့်အချိန် စုစုပေါင်းမှာ နှစ်မိနစ်ထက် မပိုပါ။ စကားဝိုင်းကို ပြန်စကြသည်။ သို့ရာတွင် မီယူဆော့သည် ဖားသား ပေဆီ၏ တင်းမာသော မေးခွန်းကို မဖြေရန် ဆုံးဖြတ်လိုက်သည်။

"ဒီအကြောင်းကို ကျုပ် ဆက်ပြီးမဆွေးနွေးပါရစေနဲ့တော့" ဟု သူက ဣန္ဒြေရရဖြင့် ပြောလိုက်သည်။ "ဒီပြဿနာက အင်မတန် ရှုပ်ထွေးပါတယ်၊ အိုက်ဗင်က ကျုပ်တို့ကို ပြုံးပြီး ကြည့်နေပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့မှာ ပြောစရာရှိပုံရတယ်၊ သူ့ကို ပြောခိုင်းပါ"

"ကျွန်တော့်မှာ ပြောစရာ အများကြီး မရှိပါဘူး" အိုင်ဗင် ချက်ချင်း တုံ့ပြန်သည်။ "တခုပဲ ပြောစရာ ရှိပါတယ်၊ ဥရောပက လစ်ဗရယ်တွေနဲ့ ကျွန်တော်တို့ဆီက အပျော်တမ်း လစ်ဗရယ်တွေဟာ မကြာမကြာဆိုသလို ဆိုရှယ်လစ်ဝါဒနဲ့ ခရစ်ယာန်ဘာသာကို ရောပစ်တတ်ကြတယ်။ ဒီလို ဆိုရှယ်လစ်ဝါဒနဲ့ ခရစ်ယာန်ဘာသာကို ရောထွေးပစ်တဲ့နေရာမှာ လစ်ဗရယ်တွေတင် မကဘူး၊ ပုလိပ်တွေကလည်း ရောထွေးပစ်တတ်တယ်၊ အထူးသဖြင့် နိုင်ငံခြားက ပုလိပ်တွေပဲပေါ့၊ လူကြီးမင်းရဲ့ ပါရီဇာတ်လမ်းကလေးဟာ ဒီသဘောပဲပေါ့ မစ္စတာ မီယူဆော့"

"ဒီအကြောင်းကို မပြောကြဖို့ ကျုပ် ထပ်ပြီး မေတ္တာရပ်ခံပါတယ်" မီယူဆော့ ထပ်မံ တောင်းပန်သည်။

"ဒီအကြောင်းအစား လူကြီးမင်းတို့ကို အခြား စိတ်ဝင်စားစရာ အကြောင်းတခု ကျုပ် ပြောပြပါ့မယ်။ မစ္စတာ အိုက်ဗင် ကာရာမာဇော့နဲ့ ပတ်သက်ပြီး အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့၊ အင်မတန် ထူးခြားတဲ့ ဇာတ်လမ်းကလေးတခုပါပဲ၊ လွန်ခဲ့တဲ့ ငါးရက်လောက်က စကားဝိုင်းတခုမှာပဲပေါ့၊ အဲဒီဝိုင်းမှာ အမျိုးသမီးတွေက အများစုပဲ ဆိုပါတော့။ အဲဒီမှာ အငြင်းအခုံ ဖြစ်ကြတဲ့နေရာမှာ သူက ဘာပြောသလဲဆိုတော့ ဒီကမ္ဘာကြီးတခုလုံးမှာ လူတွေဟာ ကိုယ်နဲ့ အတူတူဖြစ်တဲ့ အခြားလူတွေကို ဘာအကြောင်းကြောင့်မှ ချစ်ခင်စရာ မေတ္တာထားစရာ မလိုဘူးတဲ့။ လူတွေဟာ လူသားတွေကို ချစ်ခင်ရမယ်ဆိုတဲ့ နိယာမတရား မရှိဘူးတဲ့။ တကယ်လို့ ဒီကမ္ဘာကြီးမှာ မေတ္တာတရားဆိုတာ ရှိခဲ့ရင်လည်း အဲဒီလိုရှိတာဟာ ဘယ်နိယာမတရားကြောင့်မှ မဟုတ်ဘူးတဲ့။ တမလွန်ဘဝ ထာဝရ တည်ရှိနေခြင်းကို ယုံလို့ပဲတဲ့။ ကနေ့ လူတွေ လိုက်နာကျင့်သုံးနေတဲ့ နိယာမတရားဟာ ဒီယုံကြည် ချက်ပေါ်မှာ

အခြေပြုနေတယ်လို့ မစ္စတာအိုက်ဗင်က စကားချပ်အဖြစ် ပြောလိုက်တယ်။

"တကယ်လို့သာ ဒီလောကကြီးမှာ ထာဝရ တည်ရှိတယ်ဆိုတဲ့ ယုံကြည်မှုကို ပယ်ဖျက်လိုက်လို့ရှိရင် ဒီလောကကြီးမှာ မေတ္တာတရားဆိုတာတင် မကဘူး၊ တခြား ဘာစောင့်စည်းထိန်းသိမ်းမှုမှလည်း ရှိတော့မှာ မဟုတ်ဘူးတဲ့။ မလုပ်အပ်တဲ့ အမှုရယ်လို့လည်း ဘာတခုမှ ရှိတော့မှာ မဟုတ်ဘူးတဲ့။ ဘာမဆို လုပ်ချင်တာကို လုပ်နိုင်ကြမယ်တဲ့၊ လူသားစားတဲ့ ဓလေ့ကိုလည်း ကျင့်သုံးနိုင်ကြမယ်တဲ့။

"ဒါတင်မကသေးဘူး၊ သူက သူ့စကားကို ဘယ်လို နိဂုံးချုပ်သလဲဆိုတော့ လူတိုင်း လူတိုင်းဟာ ဘုရားသခင်ကိုလည်း မယုံကြည်ဘူး၊ ဘုရားသခင်ရဲ့ထာဝရတည်မြဲခြင်း ဆိုတဲ့ အဖြစ်ကိုလည်း မယုံကြည်ဘူးလို့ဆိုရင် လူ့လောကကြီးရဲ့နီတိတရားဟာ စောစောက ရှိနေတဲ့ ဘာသာရေး နီတိတရားတွေနဲ့ တခါတည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားမယ်တဲ့၊ လူတွေဟာ ကိုယ့်အကျိုး စီးပွား ရှိမယ်ဆိုရင် ဘာမဆို လုပ်နိုင်တယ်တဲ့၊ ရာဇဝတ်မှုတခုကိုလည်း မလွှဲမရှောင်သာတဲ့ လုပ်ငန်းတခုအနေနဲ့ တရားဝင် ကျူးလွန်နိုင်တယ်တဲ့၊ ဂုဏ်ရှိတဲ့ လုပ်ငန်းတခုအနေနဲ့ လုပ်ဆောင်နိုင်တယ်တဲ့။

"အဲဒီတော့ လူကြီးမင်းများ ခင်ဗျား၊ အခုကြားခဲ့ရတဲ့ ဓမ္မတာနဲ့ ဆန့်ကျင်ဖီလာဖြစ်တဲ့ သဘောတရားတွေကို စဉ်းစားချင့်ချိန်ပြီး ကျွန်ုပ်တို့ရဲ့ သူများနဲ့မတူတဲ့ လူထူးလူဆန်းကြီး မစ္စတာ အိုက်ဗင်ရဲ့ အတွေးအခေါ် အယူအဆတွေကို ခန့်မှန်းချင့်ချိန်နိုင်ကြပြီလို့ ကျွန်ုပ် မျှော်လင့်မိပါတယ်"

'တဆိတ် ခင်ဗျာ' ဒီမီထရီက ရုတ်တရက် အော်လိုက်သည်။ "ရာဇဝတ်မှုတွေကို ခွင့်ပြုရုံတင် မကဘူး၊ ရာဇဝတ်မှုတွေဟာ ထာဝရ ဘုရားသခင်ကို မယုံကြည်တဲ့ လူတွေရဲ့တကယ့်လိုအပ်ချက်နဲ့ လုပ်ရပ်မှန်တွေ ဖြစ်တယ်လို့ ပြောသံကြားလိုက်ပါတယ်၊ အဲဒါ ကျွန်တော် ကြားလိုက်တာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်" ဖားသား ပေဆီက ပြောလိုက်သည်။

"ကောင်းပါပြီ၊ အဲဒါကို ကျွန်တော် မှတ်ထားပါ့မယ်"

ယင်းသို့ပြောပြီးနောက် ဒီမီထရီက ရုတ်တရက်ကြီး ထပြီး စကားပြောလိုက်သလို ရုတ်ခြည်း ပြန်လည် ငြိမ်သက်သွားသည်။ အားလုံးကပင် သူ့ကို အထူးအဆန်းပမာ ကြည့်နေကြသည်။

"အခု ပြောသွားတာတွေဟာ မိမိတို့ရဲ့ ဝိညာဉ် ထာဝရ တည်ရှိနေတာကို

လူတွေ မယုံကြည်တဲ့ တနေ့မှာ ဘယ်လိုဖြစ်ကြမယ် ဆိုတဲ့အပေါ်မှာ ဒကာလေးရဲ့ ယုံကြည်ချက်ပဲလား”

ခင်ကြီး ဇော်ဇီမာက အိုက်ဗင်ကို လွှတ်ခနဲ မေးလိုက်သည်။

“မှန်ပါတယ် ဘုရား၊ တပည့်တော်ရဲ့ဆိုလိုရင်းအချက်ပါပဲ၊ ထာဝရ မရှိရင် သီလ သမာဓိ မရှိနိုင်ပါဘူး”

“ကောင်းပါပြီ၊ ဒကာလေးဟာ အဲဒီလို ယုံကြည်ထားတဲ့အတွက် စိတ်လက်ချမ်းသာ ရှိသလား၊ ဒါမှမဟုတ် စိတ်မချမ်းမသာ ဖြစ်နေသလား”

“ဘာဖြစ်လို့ စိတ်မချမ်းမသာ ဖြစ်နေရမှာလဲ”

အိုက်ဗင်က အပြုံးဖြင့် မေးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ ဒကာလေးဟာ မိမိရဲ့ဝိညာဉ် ထာဝရ တည်ရှိနေမှုကိုလည်း မယုံကြည်ဘူး၊ နောက်ပြီးတော့ ကိုယ်ရေးတဲ့ အသင်းတော်အကြောင်း ဆောင်းပါးကိုလည်း မယုံကြည်ဘူး”

“အရှင်ဘုရားပြောတာ မှန်နိုင်ပါတယ်၊ ဒါပေမဲ့ တပည့်တော်အနေနဲ့ ဒါတွေဟာ နောက်နေတာ မဟုတ်ပါဘူး၊ တကယ် အတည်ပြောနေတာပါ”

ဒကာလေးအနေနဲ့ နောက်နေတာ မဟုတ်ပါဘူး၊ တကယ် အတည်ပြောနေတာပါပဲ၊ အဲဒါ မှန်ပါတယ်၊ ဒီပြဿနာနဲ့ ပတ်သက်လို့ ဒကာလေးမှာ အခုအချိန်အထိ အဖြေမှန် မရသေးဘူး၊ အဲဒီအတွက်လည်း ဒကာလေးဟာ ပူပန်ကြောင့်ကြနေရတယ်၊ ဒါပေမဲ့ ကိုယ့်ယုံကြည်ချက်အတွက် ကိုယ့်အသက် အသေခံမယ်ဆိုတဲ့ လူတွေဟာ တခါတခါမှာ မျှော်လင့်ချက်ကင်းမဲ့တဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာမှု ရှာတတ်ကြတယ်၊ ဒကာလေးဆိုရင်လည်း ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့ အချိန်မှာ စိတ်သက်သာရာ ရှာတဲ့အနေနဲ့ ကိုယ့်ဘာသာကိုယ် မယုံဘဲနဲ့ မဂ္ဂဇင်းမှာ ဆောင်းပါးရေးတယ်၊ စကားဝိုင်းတွေမှာ အငြင်းအခုံလုပ်တယ်၊ နာကြည်းနေတဲ့ နှလုံးသားနဲ့ သူတို့ကို စိတ်ထဲကနေ သရော်တယ်... ဒီပြဿနာကို ဒကာလေး မဖြေနိုင်ဘူး၊ ဒီလို မဖြေနိုင်တဲ့အတွက် ဒကာလေးမှာ စိတ်ဒုက္ခရောက်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာက အဖြေတခုကို တောင်းဆိုနေတယ်”

“ဒါပေမဲ့ ဒီပြဿနာ မေးခွန်းကို တပည့်တော် ဖြေနိုင်ပါ့မလား၊ ဟုတ်တယ်လို့ ဖြေနိုင်ပါ့မလား....”

အိုက်ဗင်က မေးခွန်းထုတ်လိုက်သည်။ ခင်ကြီး ဇော်ဇီမာကို

စောစောကအတိုင်း ပြုံးပြီး ကြည့်နေသည်။

"ဒီကိစ္စကို ဟုတ်တယ်လို့ မဆုံးဖြတ်နိုင်ရင် မဟုတ်ဘူးလို့လည်း ဘယ်တော့မှ ဆုံးဖြတ်နိုင်မှာ မဟုတ်ဘူး။ ဒကာလေးဟာ ကိုယ့်နှလုံးသားရဲ့ ထူးခြားမှုကို ကိုယ့်ဘာသာကိုယ် သိပါတယ်၊ ဒါကြောင့်လည်း ဒကာလေးဟာ အခုလို ခံစားနေရတာပဲ၊ ဒါပေမဲ့ ဒကာလေးကို ဒီလိုခံစားနိုင်တဲ့ နှလုံးသားမျိုးကို ပေးတဲ့အတွက် 'ဖန်ဆင်းရှင်' ဘုရားသခင်ကို ဒကာလေး ကျေးဇူးတော်သိပါ။ မြင့်မားတဲ့အကြောင်းတွေကို တွေးတယ်၊ မြင့်မားတဲ့အကြောင်းတွေကို ရှာဖွေတယ်၊ အဲဒီအတွက် ကျွန်ုပ်တို့ရဲ့အရပ်ဟာ မြင့်မားတဲ့ ကောင်းကင်ဘုံပဲ ဖြစ်တယ်၊ သင့်ရဲ့နှလုံးသားဟာ ဒီကမ္ဘာမြေပေါ် မှာပဲ အဖြေရှာတွေ့ဖို့အတွက် ဘုရားသခင်က ပေးသနားထားတယ်၊ ဘုရားသခင်က ဒကာလေးကို ကောင်းချီးပေးပါစေ"

ခင်ကြီး ဇော်ဇီမာသည် သူရပ်နေသော နေရာမှပင် အိုက်ဗင်၏ ကိုယ်ပေါ်တွင် လက်ဝါးကပ်သင်္ကေတ ပြုလုပ်ရန် လက်ကိုမြှောက်လိုက်သည်။ သို့ရာတွင် အိုက်ဗင်သည် ထိုင်ရာမှထကာ ခင်ကြီး ဇော်ဇီမာ၏လက်ကို နမ်းရှုပ်ပြီးနောက် သူ့နေရာတွင် ပြန်ထိုင်သည်။ သူ့မျက်နှာက တည်ကြည် လေးနက်နေသည်။

ဤအပြုအမူနှင့် စောစောက သူတို့နှစ်ယောက် အပြန်အလှန် ပြောဆိုခဲ့ကြပုံများသည် နားထောင်နေသူများအားလုံးကို စိတ်ဝင်စားစေသည်။ အထူးသဖြင့် ဤသို့သော အပြောအဆို အပြုအမူများကို အိုက်ဗင်ထံမှ မျှော်လင့်မထားကြသောကြောင့် ဖြစ်သည်။ ယင်းကြောင့် အခန်းထဲရှိသူ အားလုံးသည် တမိနစ်ခန့်ပင် ငြိမ်သက်တိတ်ဆိတ်နေမိကြသည်။ အလျှိုရှာ၏ မျက်နှာတွင် တစုံတရာကို ထိတ်လန့်ပူပန်နေဟန်ရှိသည်။

ရုတ်တရက်ဆိုသလို မီယူဆော့ ပခုံးတွန့်လိုက်သည်။ ယင်းနှင့် တချိန်တည်းမှာပင် ကာရာမာဇော့ ထိုင်ရာမှ ခုန်ထလိုက်သည်။

"အလွန်တရာ ကြည်ညိုလေးစားအပ်သော ခင်ကြီးဘုရား" အသံကျယ်ကျယ်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ထို့နောက် သူသည် အိုက်ဗင်ကို လက်ညှိုးထိုးပြီး "အဲဒါ ကျုပ်သားပဲ၊ ကျုပ်ရဲ့ အသွေးအသားပဲ၊ ကျုပ်ရဲ့အချစ်ဆုံးသော သွေးသားပဲ၊ ပုံစံအားဖြင့် ပြောရမယ်ဆိုရင် သူဟာ ဂျာမန်ပြဇာတ်ရေးဆရာကြီး ရှီလာရဲ့ ဓားပြများဆိုတဲ့ ပြဇာတ်ထဲက ကျုပ် အင်မတန်လေးစားတဲ့ ဇာတ်ဆောင် 'ကားလမိုး' ပဲ။ ဟောဒီသား... ဒီအခန်းထဲကို နောက်ဆုံး ရောက်လာတဲ့ ဒီမီထရီကတော့ ကျုပ် နည်းနည်းမှ သဘောမကျတဲ့ ဇာတ်ဆောင် 'ဖရန့်မိုး' ပဲ၊ တပည့်တော်ဟာ သူနဲ့ပတ်သက်ပြီး အရှင်ဘုရားဆီက အဆုံးအဖြတ်ကို တောင်းခံနေတာပဲ၊ အဲ ကျုပ်ကတော့ မြို့စားကြီး 'ဗွန်မိုး' ပဲပေါ့။

အဲဒီတော့ အရှင်ဘုရား ဆုံးဖြတ်တော်မူပါ၊ တပည့်တော်တို့ကို ကယ်မတော်မူပါ၊ တပည့်တော်တို့ဟာ အရှင်ဘုရားထံက ကောင်းချီးပေးခြင်းကိုသာ မကပါဘူး၊ အဆိုအမိန့် အဆုံးအမကိုလည်း လိုပါတယ်"

"စကားကို ကပြက်ကချော် မပြောပါနဲ့၊ ကိုယ့်မိသားစုတွေကိုလည်း မစော်ကားပါနဲ့"

ခင်ကြီး ဇော်ဇီမာက မောပန်းနွမ်းနယ်သော လေသံဖြင့် ပြောလိုက်သည်။ ခင်ကြီးသည် တချိန်ထက် တချိန် ပိုပြီး ပင်ပန်းနွမ်းနယ်လာဟန်ရှိသည်။ သူ့ကိုယ်တွင် အားအင်များ လျော့နည်း ကုန်ခန်းနေပြီ ဖြစ်သည်။

"မဟုတ်တရုတ်တွေ ဖြစ်မှာပဲဆိုတာ ကျုပ် ဒီကိုလာကတည်းက ကြိုပြီး သိခဲ့ပါတယ်" ဒီမီထရီ စိတ်မရှည်ဟန်ဖြင့် အော်လိုက်သည်။ ထိုင်ရာမှလည်း သူ ခုန်ထလိုက်သည်။ "သည်းခံတော်မူပါ ဆရာတော် အရှင်ဘုရား" ခင်ကြီး ဇော်ဇီမာကို သူ လျှောက်ထားသည်။ "တပည့်တော်ဟာ ပညာမရှိတဲ့ လူတယောက်ပါ၊ ဆရာတော်ဘုရားကိုတောင် ဘယ်လိုခေါ်ဝေါ် လျှောက်ထားရမယ် ဆိုတာ တပည့်တော် မသိပါဘူး၊ ဒါပေမဲ့ အရှင်ဘုရားဟာ အလိမ်အညာ ခံနေရတာပဲ၊ အရှင်ဘုရားဟာ တပည့်တော်တို့ကို ဒီမှာ တွေ့ခွင့်ပေးတာ သဘောကောင်းလွန်းတယ်၊ ဒီကိစ္စ အားလုံးမှာ တပည့်တော်ရဲ့အဖေ လိုချင်တာ တခုပဲ ရှိတယ်။

"အဲဒါကတော့ အားလုံး အရှက်တကွဲ အကျိုးနည်း ဖြစ်ဖို့ပဲ၊ သူဟာ ဘာဖြစ်လို့ ဒီလိုဖြစ်ချင်တယ် ဆိုတာကတော့ သူ့ဘာသာသူ သိပါတယ်၊ သူ့မှာ အမြဲတမ်း အကြောင်းတခုတော့ ရှိတယ်၊ ဒါပေမဲ့ ဘာကြောင့်ဆိုတာ တပည့်တော်လည်း သိပါတယ်..."

"သူတို့အားလုံး တပည့်တော်ကို မဟုတ်တာတွေ စွပ်စွဲနေကြတာပဲ၊ သူတို့အားလုံး တယောက်မကျန်ဘဲ" ကာရာမာဇော့ ထပြီးအော်သည်။ "မစ္စတာ မီယူဆော့လည်း ကျုပ်ကို မဟုတ်တာတွေ စွပ်စွဲတာပဲ။ ဟုတ်တယ်၊ မီယူဆော့၊ ခင်ဗျားဟာ ကျုပ်ကို သက်သက် စွပ်စွဲတာပဲ၊ မဟုတ်တာတွေ စွပ်စွဲတာပဲ" ကာရာမာဇော့သည် မီယူဆော့ဘက်သို့ ရုတ်တရက် လှည့်ပြီး ပြောလိုက်သည်။ သို့သော် မီယူဆော့သည် တစုံတရာ ပြန်ပြောမည့်ဟန် မရှိချေ။ "ကလေးတွေရဲ့ ပိုက်ဆံကို ကျုပ်သုံးထားတယ်လို့ စွပ်စွဲတယ်၊ ကလေးတွေကို ကျုပ်က လိမ်နေတယ်လို့ စွပ်စွဲတယ်၊ ကောင်းပြီ... ကျုပ်ကို ပြောကြစမ်းပါ၊ ဒီလောကကြီးမှာ တရားရုံးတွေ မရှိတော့ဘူလား။

"ဒီမယ် ဒီမီထရီ ... မင်းရဲ့ မှတ်စုတွေ၊ မင်းရဲ့ စာတွေ၊ မင်းရဲ့ စာချုပ်တွေကို ကြည့်ပြီး မင်းမှာ ပိုက်ဆံ ဘယ်လောက်ရှိတယ်၊ မင်းဟာ ပိုက်ဆံတွေကို

ဘယ်လောက် သုံးပြီးပြီ၊ မင်းမှာ ပိုက်ဆံ ဘယ်လောက် ကျန်သေးတယ် ဆိုတာကို ရုံးတော်က ရှင်းပေးလိမ့်မယ်၊ မစ္စတာ မီယူဆော့ဟာ ဘာဖြစ်လို့ ဒါကို ရင်ဆိုင်ပြီး မရှင်းရဲသလဲ၊ ဒီမီထရီဟာ သူနဲ့ သူစိမ်းတယောက် မဟုတ်ဘူး။

"သူတို့အားလုံး ကျုပ်ကို ဝိုင်းပြီးတိုက်နေကြတယ်၊ ဒီမီထရီဟာ ကျုပ်ဆီမှာ အကြွေးတွေ တင်နေတယ်၊ နည်းနည်းပါးပါး မဟုတ်ဘူး၊ ထောင်နဲ့ချီပြီး ရှိနေတာ၊ ကျုပ်မှာ သက်သေပြစရာ စာချုပ်စာတမ်းတွေရှိတယ်၊ သူ့ရဲ့ ဖောက်ပြန်မှုတွေကို တမြို့လုံးက သိနေကြတယ်၊ အရင်က သူ တာဝန်ထမ်းဆောင်ခဲ့တဲ့မြို့မှာ ရိုးသားတဲ့ မိန်းကလေးတွေကို ဖျက်ဆီးခဲ့တဲ့အတွက် ရူဗယ်ငွေ တထောင် နှစ်ထောင် သူ ပေးခဲ့ရတယ်။ အဲဒါကို ကျုပ်တို့အားလုံး သိတယ်" ကာရာမာဇော့သည် သူ့သားကြီးဘက်သို့ လှည့်လျက်ပြောသည်။ "အဲဒါကို ကျုပ် ကောင်းကောင်း သက်သေပြနိုင်တယ်၊ အသေးစိတ် အတိအကျ ပြနိုင်တယ်။

"ခင်ကြီးဘုရား၊ တပည့်တော်ပြောရင် အရှင်ဘုရား ယုံမှာတောင် မဟုတ်ဘူး၊ သူဟာ ဆွေကြီးမျိုးကြီး ထဲက ပိုက်ဆံရှိတဲ့ မိသားစုက အင်မတန် ကောင်းမွန်တဲ့ မိန်းကလေးတယောက်ကို အမိဖမ်းခဲ့တယ်။ မိန်းကလေး အဖေက သူ့ရဲ့အထက်အရာရှိပဲ၊ အင်မတန် ရဲရင့်တဲ့ သူရဲကောင်းဘွဲ့ရတဲ့ ဗိုလ်မှူးကြီး တယောက်ပဲ။ သူဟာ ကောင်မလေးကို လက်ထပ်ယူပါ့မယ်ဆိုပြီး ချွေးသိပ်ခဲ့တယ်၊ အခုတော့ ကောင်မလေးဟာ မိဘမဲ့ တကောင်ကြွက်ကလေးအဖြစ်နဲ့ ဒီမြို့မှာ ရောက်နေတယ်။

"သူဟာ အဲဒီမိန်းကလေးရဲ့ မျက်စိအောက်မှာပဲ ကျုပ်တို့မြို့မှာရှိတဲ့ မိန်းမလှတဦးရဲ့နောက်ကို လိုက်နေပြန်တယ်၊ အဲဒီ မိန်းမလှဟာ ပြောရမယ်ဆိုရင်တော့ လူကြီးလူကောင်းတယောက်နဲ့ လက်မထပ်ဘဲ ပေါင်းသင်းနေတဲ့ အမျိုးသမီးတယောက်ပဲ။ ဒါပေမဲ့ သူဟာ အမှီအခိုကင်းတဲ့ အမျိုးသမီးတယောက်ပဲ၊ ဘယ်သူမှ မဖောက်ထွင်းနိုင်တဲ့ တံတိုင်းကြီးတခုပဲ၊ သူဟာ တရားဝင် လင်ယောက်ျားရှိနေတဲ့ အမျိုးသမီးတယောက်လိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဣန္ဒြေရှိတယ်၊ အမှန်ပဲ၊ သူဟာ ဣန္ဒြေရှိတယ်။

"ဒါပေမဲ့ ဒီမီထရီဟာ ဒီတံတိုင်းကြီးကို ရွှေသော့နဲ့ဖွင့်ဖို့ ကြိုးစားနေတယ်၊ အဲဒါကြောင့် သူဟာ ကျုပ်ကို အနိုင်ကျင့်နေတာပဲ၊ ကျုပ်ဆီက ပိုက်ဆံတွေကို ညှစ်နေတာပဲ၊ လောလောဆယ်မှာလည်း သူဟာ ဒီမိန်းမလှနဲ့ ပတ်သက်ပြီး ပိုက်ဆံတွေ အများကြီး ကုန်ထားပြီးနေပြီ၊ အဲဒီအတွက် သူဟာ လူတယောက်ဆီက ပိုက်ဆံတွေ ချေးပြီးရင်း ထပ်ချေးနေရတယ်၊ ဘယ်သူ့ဆီကလို့ကော အရှင်ဘုရား ထင်သလဲ၊ ကျုပ် ပြောလိုက်ရမလား မစ်တယာ (ဒီမီထရီ)"

"တော်" ဒီမီထရီ အော်လိုက်သည်။ "ပြောချင်ရင်

ကျွန်တော့်ကွယ်ရာမှာပြော၊ မိန်းမကောင်း တယောက်ရဲ့ဂုဏ်သိက္ခာ ထိခိုက်အောင် ကျွန်တော့်ရှေ့မှာ ဘယ်တော့မှ အမနာပ မပြောပါနဲ့၊ သူ့အကြောင်း စကားတခွန်းဟရင် သူ့ကို တခါ စော်ကားတာပဲ၊ အဲဒါကို ကျွန်တော် သည်းမခံနိုင်ဘူး”

သူ အသက်မရှူနိုင်ဘဲ ရှိနေသည်။

“မစ်တယာ၊ မစ်တယာ” ကာရာမာဇော့ မျက်ရည်တပေါက် ညှစ်ထုတ်ရင်း ဖွတ်ဆိုလိုက်သည်။ “အဖေတယောက်ရဲ့မေတ္တာကို မင်း ဘာမှ နားမလည်ပါလား၊ တကယ်လို့များ မင်းကို ငါ အပြစ်တခုခုများ ပြောမိရင် ဘယ့်နှယ်နေပါ့မလဲ”

“အရှက်မရှိတဲ့လူကြီး....” ဒီမီထရီ ဒေါသဖြင့် အော်လိုက်သည်။

“သူ့အဖေကို သူ ဒီလိုပဲ ခေါ်သတဲ့လား၊ သူ့အဖေ အရင်းခေါက်ခေါက်ကြီးကို သူ့အဖေကိုတောင် သူ ဒီလိုပြောရင် တခြားလူတွေဆိုရင် ဘယ့်နှယ်နေပါ့မလဲ၊ လူကြီးမင်းတို့ ကျုပ် တခုပြောမှာကို နားထောင်ကြည့်ကြစမ်းပါ၊ ကျုပ်တို့မြို့မှာ လူတယောက်ရှိတယ်၊ သူဟာ ပိုက်ဆံမရှိပေမယ့် လူတော်လူကောင်း တယောက်ပါ၊ သူဟာ မိသားစုကြီးတခုရဲ့တာဝန်ကို ထမ်းဆောင်နေရတယ်။ သူဟာ ပြဿနာတခုကြောင့် တပ်က အထုတ်ခံရတဲ့ ဗိုလ်ကြီးတယောက်ပဲ၊ ဒါပေမဲ့ သူ့မှာ ဘာအမည်းစက်မှ မရှိဘူး၊ စစ်ခုံရုံးကို အတင်မခံရဘူး၊ လွန်ခဲ့တဲ့ သုံးပတ်လောက်ကပေါ့။ သူ့ကို ကျုပ်သား ဒီမီထရီက မုတ်ဆိတ်မွေးဆွဲပြီး စားသောက်ဆိုင်ထဲကနေ ဆွဲထုတ်သွားတယ်၊ လမ်းမပေါ်ကျတော့ လူတွေရှေ့မှာ ထိုးလား ကြိတ်လား လုပ်တယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ အဲဒီဗိုလ်ကြီးကို လုပ်ငန်းကလေးတခုအတွက် ကျုပ်ရဲ့ ကိုယ်စားလှယ်အဖြစ် လုပ်ခိုင်းထားမိလို့ပဲ”

“အဲဒါ သက်သက်မဲ့ ညာတာပဲ” ဒီမီထရီ အော်လိုက်သည်။ သူ့တကိုယ်လုံး ဒေါသဖြင့် တုန်ယင်နေသည်။ “ဖြန်းခနဲ ကြည့်ရင်တော့ ဒီစကားဟာ မှန်သလိုပဲ၊ ဒါပေမဲ့ သေသေချာချာ စစ်ကြည့်လိုက်မယ်ဆိုရင်တော့ ညာတာပဲ။ ဒီမယ် အဖေ၊ ကျွန်တော် မှန်တယ်လို့ မပြောပါဘူး၊ ဗိုလ်ကြီးကို ကျွန်တော်လုပ်တာ ရိုင်းရာကျပါတယ်၊ အဲဒီအတွက် ကျွန်တော် အခု စိတ်မကောင်း ပါဘူး၊ အဲဒီလို ရိုင်းစိုင်းမိတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အများကြီး ရှုံ့မုန်းမိပါတယ်။

“ဒါပေမဲ့ အဖေ့ရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ အဲဒီဗိုလ်ကြီးက အဖေက မိန်းမလှလို့ ခေါ်တဲ့ အဲဒီအမျိုးသမီး ဆီကို သွားပြီး ဘာလုပ်သလဲ သိလား၊ အဖေ့ဆီမှာ ကျွန်တော် ပိုက်ဆံချေးတဲ့ စာချုပ်တွေကိုယူပြီး ကျွန်တော့်ကို တရားစွဲခိုင်းတယ်၊ အဖေ့ရဲ့အကြံအစည်က ဘာလဲဆိုတော့ အဖေ့ဆီမှာ ရစရာ ရှိတာတွေကို ကျွန်တော်က တောင်းနေမယ်ဆိုရင် ကျွန်တော့်ကို ထောင်ထဲမှာ ထည့်ထားတယ်ဆိုတဲ့ သဘောပဲ။

"နောက်ပြီးတော့ အဲဒီ အမျိုးသမီးနဲ့ ကျွန်တော် ချစ်ကြိုက်နေတဲ့အတွက် အဖေက အခု ကျွန်တော့်ကို အပြစ်တင်စကား ပြောနေတယ်၊ တကယ်ကတော့ ကျွန်တော့်ကို အမိဖမ်းဖို့ အဲဒီအမျိုးသမီးကို အဖေကပဲ တိုက်တွန်းခဲ့တာ မဟုတ်လား၊ ကျွန်တော့်ကို အမျိုးသမီးက ဒီအတိုင်းပဲ ပြန်ပြောခဲ့တယ်၊ ကျွန်တော့်ကို သူက ဒီအတိုင်းပြောပြီး အဖေ့ကို ရယ်စရာလုပ်တယ်၊ အဖေ ကျွန်တော့်ကို ထောင်ထဲ ပို့ချင်တာဟာ ကျွန်တော်နဲ့ သူနဲ့ ဖြစ်နေတာကို အဖေ မနာလိုလို့ပဲ မဟုတ်လား၊ အဖေ အခု သူ့ကို တမ်းတမ်းစွဲလမ်းနေပြီ မဟုတ်လား၊ ကြိုက်နေပြီ မဟုတ်လား၊ ဒါတွေအားလုံး ကျွန်တော် သိပါတယ်၊ အဲဒီအတွက်လည်း အမျိုးသမီးက အဖေ့ကို ရယ်လို့ မဆုံးဘဲ။ သူက ဒါတွေကို ပြောပြောပြီး တအား ရယ်တော့တာပဲ။

"သူဟာ အဲဒီလိုလူမျိုးတယောက်ပဲ၊ အပျော်ကြူးတဲ့သားကို အပြစ်ဆိုတဲ့ အဖေကြီးပဲ၊ လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော် ဒေါသတကြီး ဖြစ်သွားတဲ့အတွက် သည်းခံ ခွင့်လွှတ်ကြပါ ခင်ဗျာ၊ ဒါပေမဲ့ လူကြီးမင်းတို့ကို ဒီအဘိုးကြီးက ဒီမှာ စုစည်းတာဟာ အားလုံး အရှက်တကွဲဖြစ်အောင် လုပ်ဖို့ဆိုတာ ကျွန်တော် အစောကြီးကတည်းက ကြိုပြီး သိခဲ့ပါတယ်၊ ကျွန်တော် ဒီကိုလာတာဟာ တကယ်လို့ သူကသာ လက်ကမ်းခဲ့လို့ရှိရင် အားလုံး ကျေအေးရအောင်ပါပဲ၊ ကျွန်တော့်ဘက်ကလည်း အားလုံး မေ့လိုက်မယ်၊ သူ့ဘက်ကလည်း အားလုံး မေ့လိုက်ဖို့ပါပဲ၊ ဒါပေမဲ့ အခု သူက ကျွန်တော့်ကို စော်ကားရုံတင် မကသေးဘူး၊ ကျွန်တော် အင်မတန် လေးစားတန်ဖိုးထားတဲ့ အမျိုးသမီးတယောက် ကိုပါ စော်ကားနေတယ်၊ အဲဒီအမျိုးသမီးရဲ့သိက္ခာကို ထိခိုက်မှာစိုးတဲ့အတွက် သူ့နာမည်ကို ကျွန်တော် ထုတ်မပြောပါဘူး၊ သူဟာ ကျွန်တော့်အဖေဖြစ်ပေမယ့် သူ့ရဲ့လုပ်ရပ်တွေကို လူပုံအလယ် မှာ ဖွင့်ပြရလိမ့်မယ်"

သူ ဆက်မပြောနိုင်တော့ပါ။ သူသည် မျက်တောင်များ တဖျပ်ဖျပ်ခတ်ပြီး အသက် မှန်မှန် မရှူနိုင်ဘဲ ရှိနေသည်။ အခန်းတွင်း ရှိသူများအားလုံး ကသိကအောက် ဖြစ်နေကြသည်။ ခင်ကြီး ဇော်ဇီမာမှ တပါး အားလုံးပင် ထိုင်ရာမှ မတ်တတ်ထရပ်လျက် ရှိကြသည်။ ဘုန်းကြီးနှစ်ပါး၏ မျက်နှာမှာ တင်းမာလျက်ရှိသည်။ သို့သော် ၎င်းတို့သည် ခင်ကြီး ဇော်ဇီမာ၏ အရိပ်အကဲကို စောင့်ကြည့်နေကြ သည်။ ခင်ကြီး ဇော်ဇီမာသည် နေရာမှာပင် ထိုင်လျက်ရှိသည်။ သူ့မျက်နှာမှာ ဖြူဖွေးနေသည်။ စိတ်လှုပ်ရှား၍တော့ မဟုတ်ပါ။ နေမကောင်းသောကြောင့် အားနည်းသောကြောင့် ဖြစ်သည်။ သူ့နှုတ်ခမ်းများပေါ်တွင် မေတ္တာရပ်ခံသော အပြုံးများ ရှိနေသည်။ မကြာခဏ ဆိုသလိုပင် သူ့လက်တဖက်ကို မြှောက်ပြီး ဒေါသတကြီး ဖြစ်နေသော လူနှစ်ယောက်ကို တားဆီးမည့်အသွင် ရှိသည်။ သူ့အနေနှင့် တချက်ကလေးသာ အရိပ်အမြွက် ပြလိုက်လျှင် ပွဲပြီးဆုံးသွားမည် ဖြစ်သည်။ သို့သော် သူသည် တစုံတခုကို စောင့်ဆိုင်းနေသည့်အလား မတားဆီးဘဲရှိသည်။ သူတို့နှစ်ယောက်

ကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့အနေနှင့် မရှင်းလင်းသည့် အချက်တခုကို ကြိုးစားပြီး အဓိပ္ပာယ်ဖော်နေသည့်အလား ဖြစ်သည်။ နောက်ဆုံးတွင်ကား ပီတာမီယူဆော့သည် အစော်ကား အနှိမ့်ချခံနေရသည်ကို လုံးဝ သည်းမခံနိုင်တော့ပြီ ဖြစ်သည်။

"အခုလို ရှက်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးအတွက် ကျုပ်တို့အားလုံးမှာ တာဝန် ရှိတယ်၊ ဒါပေမဲ့ ကျုပ် ဒီကိုလာတုန်းက ဘယ်သူတွေနဲ့ တွေ့ရမယ်ဆိုတာ သိပေမယ့် ဒီလို ဖြစ်လိမ့်မယ် ဆိုတာတော့ ကြိုပြီးမသိခဲ့ဘူး၊ ဒီလိုမျိုး ဖြစ်နေတာကို ကျုပ်တို့ ချက်ချင်း ရပ်ပစ်ရမယ်။ ဆရာတော် အရှင်ဘုရား အခုလိုမျိုး ဖြစ်လိမ့်မယ်ဆိုတာကို တပည့်တော် မသိခဲ့ရိုး အမှန်ပါ။ တပည့်တော်ကို ယုံပါ၊ တပည့်တော် စိတ်ထဲမှာ မယုံနိုင်ပါဘူး၊ ဒါပေမဲ့ တပည့်တော်အနေနဲ့ အခု ပထမဆုံးအကြိမ်အဖြစ် သိရပါပြီ... မိန်းမပျက်တယောက်နဲ့ ပတ်သက်ပြီး အဖေက သူ့သားကို မနာလိုဝန်တို ဖြစ်နေတယ်၊ အဲဒီ သတ္တဝါမနဲ့ ပေါင်းပြီး သားကို ထောင်ထဲသွင်းဖို့ ကြိုးစားတယ်၊ အဲဒီလိုလူတွေနဲ့ ဒီမှာလာပြီး ဆုံနေရတယ်၊ ကျုပ် အလိမ်ခံရတာပဲ၊ ကျုပ်ဟာ ဒီမှာရှိတဲ့ လူတွေအားလုံးလိုပဲ အလိမ်ခံရတာပဲ"

မီယူဆော့ ဒေါကြီးမောကြီး ပြောသည်။

"ဒီမီထရီ..."

ကာရာမာဇော့ ရုတ်တရက် ဟစ်အော်လိုက်သည်။ အသံဆိုး အသံပျက်ကြီးနှင့် ဖြစ်သည်။ "မင်းဟာ ငါ့သားတယောက်သာ မဟုတ်ဘူးဆိုရင် သေနတ်ချင်း ယှဉ်ပစ်ဖို့ အခုချက်ချင်း ငါ စိန်ခေါ်တယ်၊ သုံးလှမ်းကွာကနေ ပစ်မယ်၊ လက်ကိုင်ပဝါတထည်ရဲ့ ဟိုဘက် သည်ဘက်ကနေ ပစ်ကြမယ်၊ လက်ကိုင်ပဝါတထည် ခြားပြီး ပစ်ကြမယ်" ကြမ်းပြင်ကို ခြေထောက်နှင့်ဆောင့်ရင်း သူ့စကားကို အဆုံးသတ်လိုက်သည်။

လူညာကြီးများအနေနှင့် သူတို့၏ ဘဝသက်တမ်းတွင် သူတို့၏ညာဉ်အတိုင်း အမူအရာ လုပ်ကြရာတွင် တခါတရံတွင် တကယ်ပင် စိတ်ပါလက်ပါ စိတ်ထိခိုက်ပြီး မျက်ရည်ကျသည့်အခါမျိုး၊ စိတ်လှုပ်ရှားသည့်အခါမျိုး ရှိတတ်ပါသည်။ သို့သော် သူတို့သည် ထိုခဏမှာပင် (သို့မဟုတ် ခဏအကြာတွင်) သူတို့ကိုယ်သူတို့ ပြန်ပြောတတ်သည်။ "မင်း ညာနေတာပဲ၊ အလကား အရှက်မရှိတဲ့ လူညာကြီး၊ အခုပဲ မင်းဟာ ဒေါနဲ့မောနဲ့ ပြောလိုက်ပေမဲ့ တကယ်တော့ ညာနေတာပဲ"

ဒီမီထရီ မျက်မှောင်ကုတ်လိုက်ပြီး သူ၏ဖခင်ကိုမလိုမုန်းတီးစွာဖြင့် ကြည့်လိုက်သည်။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ထိန်းချုပ်လျက် တည်ငြိမ်သော အသံဖြင့်.... "ကျွန်တော် ထင်ခဲ့တာက ကျွန်တော်ဟာ ကျွန်တော့်အိမ်ကို ကျွန်တော့်ချစ်သူနဲ့အတူ ပြန်ခဲ့တယ်၊ အသက်ကြီးပြီဖြစ်တဲ့

ဖခင်ကြီးကို စောင့်ရှောက်မယ်လို့ စိတ်ကူးခဲ့တယ်၊ ဒါပေမဲ့ ဒီမှာ ကျွန်တော် တွေ့နေရတာက အင်မတန် စိတ်ပျက်စရာကောင်းတဲ့ လူပြက်ကြီးတယောက် ဖြစ်နေတယ်"

"စိန်ခေါ်တယ်ပေါ့..."

အဘိုးကြီး ထပြီး အော်ပြန်သည်။ ပါးစပ်မှ တံတွေးတွေ စဉ်ထွက်သည်။ မီယူဆော့ဘက်သို့ လှည့်ပြီး..

"ဒီမှာ ကိုယ့်လူ မီယူဆော့၊ ကျုပ်ပြောမယ်၊ ခင်ဗျား မိသားစုထဲမှာ ခင်ဗျား စောစောက ပြောလိုက်တဲ့ 'သတ္တဝါမ' လောက် မြင့်မြတ်တဲ့ ရိုးသားတဲ့ မိန်းမတယောက်မှ မရှိဘူး။ ဒီမှာ ဒီမီထရီ၊ မင်းဟာ အဲဒီ 'သတ္တဝါမ' အတွက် မင်းနဲ့ စေ့စပ်ထားတဲ့ ရည်းစားကို စွန့်ပစ်လိုက်ပြီ မဟုတ်လား၊ အဲဒီလို လုပ်လိုက်တာက မင်းရည်းစားဟာ အဲဒီ 'သတ္တဝါမ' လောက် မမြင့်မြတ်လို့ပဲ မဟုတ်လား၊ ခင်ဗျားတို့ပြောတဲ့ 'သတ္တဝါမ' ဆိုတာ အဲဒီလို မိန်းမမျိုးပဲ"

"ရှက်စရာကောင်းတယ်"

ဖားသား လိုက်ဗရီယင် ရွတ်ဆိုလိုက်သည်။

"ရှက်စရာကောင်းတယ်၊ သိက္ခာကျတယ်"

ကာဂါနော့ မျက်နှာနီရဲလျက် တုန်တုန်ယင်ယင်ဖြင့် အော်လိုက်သည်။ သူသည် တချိန်လုံး နှုတ်ဆိတ်နေခဲ့သူ ဖြစ်သည်။

"ဒီလို လူမျိုးတယောက် ဘယ်လိုလုပ်ပြီး ရှိနေသလဲ၊ ဒီကမ္ဘာကြီးမှာ ဆန်ကုန် မြေလေး ဖြစ်နေတာပဲ"

ဒီမီထရီ ဒေါသဖြင့် ပြောလိုက်သည်။

"ဘုန်းကြီးတို့၊ ဘုန်းကြီးတို့၊ အဖေကို စော်ကားတဲ့အကောင် ပြောတာကို နားထောင်ကြစမ်းပါ" ဘုန်းကြီး လိုက်ဗရီယင်ထံ ပြေးသွားရင်း ကာရာမာဇော့က ပြောလိုက်သည်။ "အဲဒါဟာ ဘုန်းကြီးပြောတဲ့ ရှက်စရာကောင်းတယ် ဆိုတာကို အဖြေပေးလိုက်တာပဲ၊ ရှက်စရာကောင်းတယ် ဆိုတာ ဘာကိုပြောတာလဲ၊ အဲဒီ 'သတ္တဝါမ' အဲဒီ 'မိန်းမပျက်' ဆိုတာ ဘုန်းကြီးတို့အားလုံးထက် မြင့်မြတ်တယ်၊ လွတ်မြောက်ခြင်းကို ရှာဖွေနေတဲ့ ဘုန်းကြီးတို့ထက် မြင့်မြတ်တယ်၊ သူ ငယ်ငယ်တုန်းက ပျက်စီးခဲ့တာဟာ ပတ်ဝန်းကျင်က ဖျက်ဆီးလို့ပဲ၊ ဒါပေမဲ့ သူဟာ 'ချစ်ခြင်းမေတ္တာ' အင်မတန် ကြီးမားတယ်၊ 'ချစ်ခြင်းမေတ္တာ' ကြီးမားတဲ့ အမျိုးသမီးကို ဘုရားသခင်က အမြဲတမ်း ခွင့်လွှတ်တယ်"

"အဲဒီလို အချစ်မျိုးအတွက် ဘုရားသခင်က ခွင့်မလွှတ်ဘူး"

နူးညံ့သိမ်မွေ့သော ဖားသား လိုက်ဗရီယင်၏ ပါးစပ်မှ လွှတ်ခနဲ ထွက်လာသည်။ ဘုရားသခင် ခွင့်လွှတ်တာ ဒီလို ချစ်ခြင်းမေတ္တာမျိုးအတွက်ပဲ ဘုန်းကြီးတို့၊ ဒီလို ချစ်ခြင်းမေတ္တာမျိုးပဲ၊ ဘုန်းကြီးတို့ဟာ ဒီမှာ ဟင်းရွက် ရေလုံပြုတ်ကို သောက်ပြီး လွတ်မြောက်ခြင်းကို ရှာဖွေနေကြတယ်၊ ဘုန်းကြီးတို့က ဒါကို မှန်လှပြီလို့ ထင်နေကြတယ်။ ဘုန်းကြီးတို့ဟာ တနေ့မှာ ငါးပေါက်စကလေး တကောင်ပဲ စားတယ်၊ ဘုရားသခင်ကို ငါးကလေးတကောင်နဲ့ လာဘ်ထိုးနိုင်မယ်လို့ ဘုန်းကြီးတို့ ထင်နေသလား"

"သည်းမခံနိုင်တော့ဘူး၊ သည်းမခံနိုင်တော့ဘူး"

ထောင့်ပေါင်းစုံမှ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

သို့ရာတွင် မထင်မှတ်သော နည်းတနည်းဖြင့် ရှက်ဖွယ်ကောင်းသော ဤအဖြစ်အပျက်ကြီး နိဂုံးချုပ်သွားသည်။ ခင်ကြီး ဇော်ဇီမာက ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။ ခင်ကြီး ဇော်ဇီမာနှင့် အခြားသူများ အားလုံးအတွက် စိုးရိမ်မကင်းဖြစ်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်နေသော အလျှိုရှာသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်သော ခင်ကြီး ဇော်ဇီမာ၏ လက်မောင်းကိုမူ အချိန်မီ ထိန်းကိုင်ထားလိုက်နိုင်သည်။

ခင်ကြီး ဇော်ဇီမာသည် ဒီမီထရီထံသို့ လျှောက်သွားပြီး သူ့ရှေ့သို့ ရောက်သောအခါ ဒူးထောက်ပြီး ထိုင်ချလိုက်သည်။ ခင်ကြီး ဇော်ဇီမာသည် အားနည်းသဖြင့် လဲကျသွားခြင်း ဖြစ်သည်ဟု အလျှိုရှာ ထင်လိုက်သည်။ သို့သော် မဟုတ်ပါ။ ခင်ကြီး ဇော်ဇီမာသည် ဒီမီထရီ၏ခြေရင်းတွင် ခေါင်းကို ညွှတ်ချလိုက်သည်။ နဖူးနှင့်ကြမ်းပြင် ထိသည်အထိ ဖြစ်သည်။ အလျှိုရှာသည် အလွန်အမင်းပင် အံ့အားသင့်သွားမိသဖြင့် ဒူးထောက်ရာမှ ပြန်ထလာသော ခင်ကြီးကို ဖေးမခြင်း မပြုမိတော့ပါ။ ခင်ကြီး၏ နှုတ်ခမ်းစုံပေါ်တွင် အပြုံးလဲ့လဲ့ကလေး ရှိနေသည်။

"နှုတ်ဆက်ပါတယ်... အားလုံးပဲ ကျုပ်ကို ခွင့်လွှတ်ကြပါ"

ခင်ကြီးသည် အခန်းတွင်းရှိ လူအားလုံးကို ဦးညွှတ်နှုတ်ဆက်ရင်း ပြောသည်။ ဒီမီထရီသည် ခေတ္တမျှ ကြောင်ပြီး ရပ်နေသည်။ ခင်ကြီး ဇော်ဇီမာက သူ့ကို ဦးညွှတ်ခြင်းသည် ဘာအဓိပ္ပာယ်နည်း။

"အို... ဘုရားသခင်"

ရုတ်တရက် သူ ဟစ်အော်လိုက်သည်။ သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့်

ကွယ်ထားလိုက်သည်။ ထို့နောက် အခန်းထဲမှ ပြေးထွက်သွားသည်။ တခြားသူများ အားလုံးလည်း သူ့နောက်သို့ စုပြုံပြီး လိုက်သွားကြသည်။ သူတို့အားလုံးပင် ကယောင်ချောက်ချား ဖြစ်နေကြသဖြင့် ခင်ကြီး ဇော်ဇီမာကို နှုတ်ဆက်ရန်သော်လည်းကောင်း၊ ဦးညွတ် ဂါရဝပြုရန်သော် လည်းကောင်း အမှတ်မရကြတော့ချေ။ ဘုန်းကြီးနှစ်ပါးသာလျှင် ခင်ကြီး ဆရာတော်ထံ သွားရောက်ပြီး ကောင်းချီးပေးခြင်းကို ခံယူကြ သည်။

"သူ့ခြေရင်းမှာ သူ ဒူးထောက်ချလိုက်တာ ဘာအဓိပ္ပာယ်လဲ၊ အတိတ်နိမိတ် ပြတာလား၊ ဒါမှမဟုတ် ဘာလုပ်တာလဲ"

ရုတ်တရက် နှုတ်ဆိတ်သွားခဲ့သော ကာရာမာဇော့က စကားဝိုင်းကို ပြန်ဖွင့်သည့်အနေဖြင့် မည်သူ့ကိုမှ တိတိကျကျ မရည်ရွယ်ဘဲ ပြောလိုက်သည်။ ထိုအချိန်တွင် လူအားလုံးသည် ကျောင်းသင်္ခမ်းအတွင်းမှ ထွက်ခွာသွားနေကြပြီ ဖြစ်သည်။

"အရူးတွေနဲ့ ကျုပ် စကားမပြောတော့ဘူး၊ ခင်ဗျားနဲ့လည်း ကျုပ် ဘယ်တော့မှ အပေါင်းအသင်း မလုပ်တော့ဘူး ကာရာမာဇော့။ ဟိုဘုန်းကြီး ဘယ်မှာလဲ" မီယူဆော့က ပြောလိုက်ခြင်း ဖြစ်သည်။

"ဟိုဘုန်းကြီး" ဆိုသည်မှာ သူတို့ကို ကျောင်းထိုင်ဆရာတော်ကြီးနှင့် တွေ့ဆုံရန် ဖိတ်ကြားသော ဘုန်းကြီးကို ဆိုလိုခြင်း ဖြစ်သည်။ ထိုဘုန်းကြီးကို သူတို့က စောင့်မနေရပါ။ ဘုန်းကြီးသည် ကျောင်းသင်္ခမ်းမှ ဆင်းလာကြသူများကို ကျောင်းသင်္ခမ်း လှေကားရင်းမှာပင် ကြိုဆိုတွေ့ဆုံသည်။ သူသည် သူတို့ကို တချိန်လုံး စောင့်နေသည့်အလား ဖြစ်သည်။

"တပည့်တော်ကို တခု ဆောင်ကြဉ်းပေးပါ အရှင်ဘုရား၊ မမျှော်လင့်တဲ့ အကြောင်းတခုကြောင့် တပည့်တော် မလာနိုင်တဲ့အကြောင်း ဆရာတော်ကြီးကို လျှောက်ထားပေးပါ။ တပည့်တော် အင်မတန်မှ လာချင်ပါတယ်လို့... မလာနိုင်တဲ့အတွက် စိတ်မကောင်းပါဘူးလို့ လျှောက်ထားပေးပါ"

မီယူဆော့က စောင့်ကြိုနေသော ဘုန်းကြီးကို ပြောလိုက်သည်။

"မမျှော်လင့်သော အကြောင်းတခု ဆိုတာကတော့ ကျုပ်ကို ပြောတာပဲ" ကာရာမာဇော့က ချက်ချင်းပင် ကြားဝင်ပြီး ပြောသည်။ "မစ္စတာ မီယူဆော့ဟာ တပည့်တော် ပါတဲ့အတွက် မလိုက်တာပါ အရှင်ဘုရား၊ တပည့်တော် မပါဘူးဆိုရင် သူ လိုက်မှာပါ၊ အဲဒီတော့ မစ္စတာ မီယူဆော့၊ ဆရာတော်ကြီးဆီကို ခင်ဗျားပဲ သွားပါ၊ ဆရာတော်ကြီး တည်ခင်းတဲ့ ထမင်းပွဲကို ခင်ဗျားပဲ သုံးဆောင်ပါ၊ မသွားဘဲ နေရမှာက ခင်ဗျား မဟုတ်ဘူး ကျုပ်ပါ။ အိမ်း... အိမ်း... ကျုပ်ဘာကျုပ် အိမ်ပြန်ပြီးပဲ

စားပါ့မယ်၊ ကျုပ် ဒီမှာ မစားချင်ပါဘူး၊ ကျုပ်ရဲ့ အမျိုးတော်ကြီး မစ္စတာ မီယူဆော့ ခင်ဗျား”

“ကျုပ် ခင်ဗျားအမျိုး မဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျုပ် ဘယ်တုန်းကမှ အမျိုးမတော်ခဲ့ဘူး”

“ကျုပ်ကလည်း ခင်ဗျား စိတ်ရှုပ်သွားအောင် တမင်ပြောလိုက်တာပဲ၊ ခင်ဗျားဟာ ကျုပ်နဲ့ အမျိုးတော်တယ်ဆိုတာကို လက်မခံဘူးဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ခင်ဗျား ဘယ်လောက်ပဲ ငြင်းငြင်း ခင်ဗျားဟာ ကျုပ်ဆွေမျိုးဆိုတာ ဘုရားကျောင်းမှတ်တမ်းနဲ့ ကျုပ် သက်သေပြနိုင်တယ်၊ ဒီမယ် အိုက်ဗင်၊ မင်း နေချင်ရင် နေရစ်ခဲ့ပါ၊ မင်းအတွက် ငါ ရထားလွှတ်လိုက်မယ်။ ဒီမယ် မစ္စတာ မီယူဆော့၊ ဆရာတော်ဘုရားဆီကို သွားမယ်ဆိုရင်တော့ ကိုယ်နှုတ်အမူအရာ စောင့်ထိန်းဖို့လိုတယ်၊ နောက်ပြီးတော့ ကျုပ်တို့တတွေ ဝရုန်းသုန်းကား ဖြစ်ခဲ့တဲ့အတွက် သူ့ကို ခင်ဗျား တောင်းပန်ဖို့ လိုမယ်”

“ခင်ဗျား အိမ်ပြန်မယ်ဆိုတာ တကယ်လား၊ ခင်ဗျား ညာနေတာတော့ မဟုတ်ပါဘူးနော်”

“ဩော် ကိုယ့်လူရယ်၊ ဒီလိုမျိုးတွေ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကျုပ် ညာရဲပါဦးမလား၊ ကျုပ်ကို ခွင့်လွှတ်ပါ လူကြီးမင်း၊ ကျုပ်ကိုယ်ကျုပ် မထိန်းနိုင်တော့ဘူး၊ နောက်ပြီးတော့ ကျုပ်စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေတယ်၊ နောက်ပြီးတော့ ကျုပ် ရှက်လည်း အများကြီး ရှက်တယ် လူကြီးမင်း။ တချို့သူတွေရဲ့ အသည်းနှလုံးဟာ အလက်ဇင်းဒါးရဲ့အသည်းနှလုံးလို မာကျောတယ်၊ တချို့လူတွေကျတော့လည်း ခွေးကလေး တကောင်ရဲ့ အသည်းနှလုံးလို ပျော့ညံ့တယ်၊ ကျုပ်ရဲ့ အသည်းနှလုံးဟာလည်း ခွေးကလေးတကောင်ရဲ့အသည်းနှလုံးမျိုးပဲ၊ ကျုပ် ရှက်တယ်၊ ဒီလိုမျိုး ဗရုတ်သုတ်ခတွေ ဖြစ်ပြီးတဲ့နောက်မှာ ကျုပ် ဘယ်လိုလုပ်ပြီး ထမင်းစားပွဲကို သွားနိုင်မလဲ၊ ဘုန်းကြီးကျောင်းက ထမင်းကို ကျုပ် ဘယ်လိုလုပ်ပြီး မျိုနိုင်မလဲ၊ ကျုပ် ရှက်တယ်၊ ကျုပ် မသွားနိုင်ဘူး၊ ကျုပ်ကို ခွင့်လွှတ်ပါ”

“သင်း... တို့ကို လိမ်ရင်တော့ မတတ်နိုင်တော့ဘူး”

မီယူဆော့သည် ထွက်သွားသော လူပြက်ကြီးကို ဇဝေဇဝါဖြင့် ငေးကြည့်နေရင်း စိတ်ထဲမှ တွေးနေမိသည်။ ကာရာမာဇော့သည် အတန်ငယ် သွားမိသောအခါ လှည့်ကြည့်သည်။ သူ့ကို ငေးစိုက်ကာ ကြည့်နေသော မီယူဆော့ကို တွေ့မြင်သောအခါ နှုတ်ခမ်းပေါ်တွင် လက်နှစ်ချောင်း မှုတ်ထုတ်ကာ အနမ်းပုံကို ပေးလိုက်သည်။

“ဆရာတော်ဆီကို မောင်ရင် လိုက်မလား”

အိုက်ဗင်ကို မီယူဆော့ မေးလိုက်သည်။

“လိုက်မှာပေါ့၊ ဆရာတော်က ကျွန်တော့်ကို မနေ့ကတည်းက အထူးတလည် ဖိတ်ထားတာပဲ”

“ကံဆိုးချင်လို့ပဲလား မသိဘူး၊ ဒီထမင်းစားပွဲကို သွားမှ ကောင်းမှာပဲလို့ ကျုပ်စိတ်ထဲမှာ အောက်မေ့နေမိတယ်” မီယူဆော့ စိတ်ပေါက်သော လေသံဖြင့် ပြောသည်။ သူ့နံဘေးမှ ဘုန်းကြီး ကြားသွားမည်ကို နည်းနည်းမျှ ဂရုမပြုပါ။ ဝရုန်းသုန်းကား ဖြစ်တဲ့ ကိစ္စတွေကိုတော့ ကျုပ်တို့ တောင်းပန်ရမယ်၊ နောက်ပြီးတော့ ကျုပ်တို့အပြစ် မဟုတ်ဘူးဆိုတာလည်း ရှင်းပြရမယ်၊ မောင်ရင် ဘယ်လို သဘောရသလဲ”

“အင်းပေါ့၊ ကျွန်တော်တို့ကြောင့် မဟုတ်ဘူးဆိုတာတော့ ပြောရမှာပေါ့၊ နောက်ပြီးတော့ အဖေလည်း အဲဒီကို လာမှာ မဟုတ်ဘူး”

“မောင်ရင့်အဖေလား၊ သူ လာလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ ဒီထမင်းစားပွဲ ပျက်သွားစမ်းပါစေ”

သို့တစေလည်း သူတို့အားလုံးပင် ဆက်ပြီး လျှောက်သွားကြသည်။ အကြိုတော် ဘုန်းကြီးသည် တိတ်ဆိတ်စွာ နားထောင်ရင်း သူတို့ကို ခေါ်ဆောင်သွားသည်။ တောအုပ်အတွင်းသို့ ရောက်ရှိသော အခါမှသာလျှင် သူက စကားတခွန်း ပြောသည်။ ကျောင်းထိုင် ဆရာတော်ကြီးသည် သူတို့ကို စောင့်နေရသည်မှာ ကြာပြီဖြစ်ကြောင်း၊ သူတို့သည် နာရီဝက်ကျော်ကျော် နောက်ကျနေပြီ ဖြစ်ကြောင်းဖြင့် ဖြစ်သည်။ သူ့ကို မည်သူကမျှ ဘာမျှ ပြန်မပြောပါ။ မီယူဆော့က အိုက်ဗင်ကို မုန်းတီးစက်ဆုပ်သော မျက်နှာဖြင့် လှမ်းကြည့်သည်။ ထို့နောက် သူ့စိတ်ထဲတွင် ပြောလိုက်သည်။

“ကိုယ့်လူက ထမင်းစားပွဲကို သွားနေလိုက်တာ ဘာမှမဖြစ်တဲ့အတိုင်းပဲ၊ မျက်နှာ တော်တော် ပြောင်တယ်၊ ကာရာမာဇော့တွေရဲ့ ပုံစံပဲ”

၇။ လူငယ်တဦး၏ အသက်မွေးဝမ်းကျောင်း

အလ္လိုရှာသည် ခင်ကြီး ဇော်ဇီမာကို သူ၏ အိပ်ခန်းငယ်အတွင်းသို့ ဆွဲခေါ်သွားပြီး ခုတင်ပေါ်တွင် ထိုင်စေသည်။ အခန်းမှာ သေးငယ်ပြီး ပရိဘောဂ ဟူ၍လည်း မရှိမဖြစ်သည့် ပစ္စည်းများလောက်သာ ရှိပေသည်။ ခုတင်မှာ သံခုတင် သေးသေးကလေးဖြစ်ပြီး ခုတင်ပေါ်တွင် မွေ့ရာအစား သက္ကလတ်စ တခုကို ခင်းထားသည်။ အခန်းထောင့် ပုံကားတော်အောက်တွင် လက်ဝါးကပ်တိုင်နှင့် စာဖတ်ခုံ တလုံး ရှိသည်။ စာဖတ်ခုံပေါ်တွင် ခရစ်ဝင် စာအုပ်တအုပ် ရှိသည်။ ခင်ကြီးသည် ခုတင်ပေါ်တွင် မောနေသည်။ အသက်ရှူ မြန်နေသည်။ သူ့မျက်လုံးများက တလက်လက် တောက်နေသည်။ အလ္လိုရှာကို သူ စူးစိုက်ကြည့်နေသည်။ တစုံတခုကို စဉ်းစားနေဟန် ဖြစ်သည်။

"သွား... သွား... လူလေး သွား၊ ဆရာတော်ကြီးဆီကို သွား။ ဘုန်းကြီးကို ပေါ်ဖာရီ စောင့်ကြည့်နေ လိမ့်မယ်၊ မြန်မြန်သွား၊ လူလေးကို ဟိုမှာ လိုလိမ့်မယ်၊ ဆရာတော်ကြီးရဲ့ ထမင်းစားပွဲမှာ လူကလေး စောင့်နေပါ"

ခင်ကြီး ဇော်ဇီမာက မိန့်ကြားသည်။

"တပည့်တော် ဒီမှာပဲ နေပါရစေ ဘုရား"

အလ္လိုရှာ တောင်းပန် လျှောက်ထားသည်။

"လူကလေးကို ဟိုမှာ ပိုပြီး လိုအပ်တယ်၊ ဟိုမှာ ငြိမ်းချမ်းခြင်း မရှိဘူး၊ လူကလေး စောင့်ပြီး လိုအပ်တာကို လုပ်ပေးပါ၊ မကောင်းဆိုးဝါးတွေ ဝင်လာလို့ ရှိရင်လည်း ဆုတောင်း မေတ္တာ ပို့သပါ၊ နောက်ပြီးတော့... သား (ခင်ကြီးက သူ့ကို သားဟု ခေါ်လေ့ရှိသည်) မှတ်ထားပါ၊ အနာဂတ်ကာလမှာ ဒီနေရာဟာ သားအတွက် မဟုတ်ဘူး၊ ဘုရားသခင်က ဘုန်းကြီးကို ခေါ်တော်မူတဲ့အချိန်မှာ သားဟာ ဘုန်းကြီးကျောင်းကနေ ထွက်ခွာသွားပါ၊ အပြီးအပိုင် သွားပါ"

အလ္လိုရှာ ထိတ်လန့်ခြင်း ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ... အခုအချိန်မှာ ဒီနေရာဟာ သားအတွက် မဟုတ်ဘူး၊ လောကကြီးထဲမှာ သား တာဝန်တွေ ထမ်းဆောင်ဖို့ ဘုန်းကြီးက ကောင်းချီးပေးလိုက်ပါတယ်၊ သားဟာ ဒီက ရှေ့မှာ ခရီးဝေးကြီးတခုကို လျှောက်ရမယ်၊ သားဟာ အိမ်ထောင်သားမွေးတဲ့ အလုပ်ကိုလည်း လုပ်ရမယ်၊ သားဟာ ဘုရားသခင်ထံကို ပြန်မလာခင်မှာ ဒါတွေအားလုံးကို ကျော်လွှားဖြတ်သန်းရမယ်၊ သား လုပ်ရမယ့် အလုပ်တွေဟာ အများကြီးပဲ၊ ဒါပေမဲ့

သားအပေါ် ဘုန်းကြီး နည်းနည်းကလေးမှ စိုးရိမ်ခြင်း သံသယမရှိဘူး၊ ဒါကြောင့်လည်း သားကို လူ့ဘုံခန်းဝါကြီးထဲကို ဘုန်းကြီး လွှတ်လိုက်တာပဲ၊ ဘုရားသခင်ဟာ သားနဲ့အတူရှိတယ်၊ ဘုရားသခင်ကို သား ဘယ်တော့မှ မပစ်ပယ်ပါနဲ့၊ ဘုရားသခင်ကလည်း သားကို ဘယ်တော့မှ ပစ်ပယ်မှာ မဟုတ်ဘူး။ သားဟာ ဆင်းရဲဒုက္ခတွေ အများကြီး တွေ့ရမယ်၊ အဲဒီ ဆင်းရဲဒုက္ခတွေထဲကနေ ပျော်ရွှင်ခြင်း သုခကို ရလိမ့်မယ်၊ ဒါဟာ သားကို ဘုန်းကြီး နောက်ဆုံးပေးလိုက်တဲ့ ဩဝါဒစကားပဲ။ ဆင်းရဲဒုက္ခထဲမှာ ပျော်ရွှင်ခြင်း သုခကို ရှာပါ၊ အလုပ်လုပ်ပါ၊ မနားမနေလုပ်ပါ၊ ဘုန်းကြီးရဲ့ စကားတွေကို မှတ်ထားပါ၊ သားကို နောက်တကြိမ် ဘုန်းကြီး ဆုံးမစကားတွေ ပြောဦးမှာ ဖြစ်ပေမယ့် အခု ပြောသွားတာတွေကို မှတ်ထားပါ၊ ဘုရားသခင်ထံမှာ ဘုန်းကြီး အိပ်ပျော်ရမယ့်အချိန်ဟာ နေ့ပိုင်း ရက်ပိုင်း မဟုတ်တော့ ဘူး၊ နာရီပိုင်း မိနစ်ပိုင်း ဖြစ်နေပြီ”

အလျှိုရှာ၏ မျက်နှာတွင် ကြေကွဲ ထိခိုက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ သူ၏ နှုတ်ခမ်းစုံသည် တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။

“သား ဘာဖြစ်လို့ ငိုနေရတာလဲ”

ခင်ကြီး ဇော်ဇီမာက သိမ်မွေ့သော အပြုံးဖြင့် မိန့်ဆိုသည်။

“သာမန်လူတွေကသာ ကွယ်လွန်သူတွေကို မျက်ရည်နဲ့ နှုတ်ဆက်ကြတယ်၊ ဒါပေမဲ့ ဘုန်းကြီးတို့ ကတော့ ဝမ်းမြောက်ခြင်းနဲ့ နှုတ်ဆက်ကြရမယ်၊ ကွယ်လွန်တော့မယ့် ဘုန်းကြီးအတွက် ဝမ်းမြောက်ပါ၊ ဆုမွန်ကောင်းတောင်းပါ။ ကဲ ဘုန်းကြီးကို ထားခဲ့တော့၊ ဘုန်းကြီး ဆုတောင်းမေတ္တာ ပို့ရမယ်၊ သား သွားတော့၊ မြန်မြန်သွား။ သားအစ်ကိုတွေနားမှာ နေပါ။ အစ်ကိုတယောက်အနားမှာပဲ ကပ်မနေပါနဲ့၊ နှစ်ယောက်စလုံးနားမှာ နေပါ”

ခင်ကြီး ဇော်ဇီမာသည် လက်ကိုမြှောက်ပြီး သူ့ကို ကောင်းချီးမင်္ဂလာ ပေးအပ်သည်။ အလျှိုရှာသည် ဆရာတော်အပါးတွင် နေလိုသေးသော်လည်း ဆရာတော်၏အလိုဆန္ဒကို မဆန့်ကျင်ရဲပါ။ ထို့အပြင် သူသည် ခင်ကြီး ဆရာတော်က သူ့အစ်ကိုကို ဦးညွှတ်သည့်ကိစ္စကိုလည်း မေးလိုသေးသည်။ ထိုမေးခွန်းသည် ပါးစပ်ဖျားတွင် ရောက်နေပြီ ဖြစ်သည်။ သို့သော် သူ မမေးရဲပါ။ ဆရာတော်သည် ထိုအကြောင်းကို ပြောဖို့သင့်သည်ဟု ယူဆလျှင် မည်သူမျှ မမေးဘဲနှင့် ပြောမည်ကို သူသိပါသည်။ သူ့အနေနှင့် မပြောလိုသေးသဖြင့်သာ မပြောခြင်း ဖြစ်ပေမည်။ ခင်ကြီး ဇော်ဇီမာ၏ ဦးညွှတ်ခြင်း သည် အလျှိုရှာ၏ စိတ်အာရုံတွင် စွဲထင်လျက်ရှိသည်။ ထိုအမှုကိစ္စတွင် လျှို့ဝှက်နက်နဲသော အဓိပ္ပာယ်တခု ရှိရမည်ဟု သူ ယုံကြည်ထားသည်။

ကျောင်းထိုင်ဆရာတော်ကြီး၏ ထမင်းစားပွဲတွင် ကူညီ

ဆောင်ရွက်ရန်အတွက် ကျောင်းတိုက်ကြီးသို့ အချိန်မီ ရောက်ရှိရန် ခင်ကြီး ဇော်ဇီမာ၏ တောရကျောင်းဝင်းအတွင်းမှ သူ ထွက်သွားစဉ်တွင် သူ့ရင်ထဲ၌ စူးရှနာကျင်သော ဝေဒနာတခုကို ခံစားရသဖြင့် ခေတ္တမျှ ရပ်တန့်လိုက်မိသည်။ သူ၏ နောက်ဆုံးအချိန် နီးကပ်နေပြီဖြစ်ကြောင်း ခင်ကြီး ဇော်ဇီမာ၏ ကြိုတင် ပြောကြားချက်များကို သူ ပြန်လည်ကြားယောင်လာသည်။ ခင်ကြီး ဇော်ဇီမာ၏ ကြိုတင် ပြောကြားချက်များသည် သူပြောသည့်အတိုင်း တကယ်ဖြစ်လာမည်ကို အလျှိုရှာ ယုံကြည်သည်။

သို့ရာတွင် ခင်ကြီး ဆရာတော်ကို သူ အဘယ်သို့ ခွဲခွာသွားနိုင်မည်နည်း။ ဆရာတော်ကို မဖူးမြင်ရဘဲ၊ ဆရာတော်၏ ဆုံးမသြဝါဒကို မကြားနာရဘဲနှင့် သူ ဘယ်သို့ နေထိုင်သွားရမည်နည်း။ သူ ဘယ်လို သွားရမည်နည်း။ ဆရာတော်က သူ့ကို မငိုပါနှင့်ဟု ဆိုသည်။ ဘုန်းကြီးကျောင်းက ထွက်သွားပါဟု ဆိုသည်။ ဘုရားသခင် ကယ်မပါ၊ သည်လိုဝေဒနာမျိုး သူ မခံစားရသည်မှာ ကြာချေပြီ။ သူသည် တောရကျောင်းနှင့် ကျောင်းတိုက်ကြီးကို ခြားထားသည့် တောအုပ်အတွင်း သုတ်ခြေတင်သွားရင်း သူ့စိတ်ကို ဖိစီးနေသော အတွေးတို့ကို မခံနိုင်သည့်အလျောက် ဘေးနှစ်ဖက်ရှိ ထင်းရှူးပင်ကြီးများကို ငေးမောကြည့်ရှုမိသည်။

ကျောင်းတိုက်ကြီးသို့ ရောက်ရှိရန် မဝေးတော့ပါ။ ကိုက်ငါးရာလောက်ပဲ သွားရတော့မည်။ သည်လို အချိန်မျိုးတွင် သည်လမ်းခရီးတွင် တစုံတယောက်ကို တွေ့ရှိရန် သူ မျှော်လင့်မထားပါ။ သို့သော် ပထမ လမ်းကွေ့မှာပင် ရာကီတင်ကို သူ ရုတ်ခြည်း တွေ့မြင်လိုက်ရသည်။ ရာကီတင်သည် တစုံတယောက်ကို စောင့်ဆိုင်းနေဟန်ရှိသည်။

"မောင်ရင် ကိုယ့်ကို စောင့်နေတာလား"

အလျှိုရှာ သူနှင့် ဆုံမိသောအခါ မေးလိုက်သည်။

"အင်း... ဟုတ်တယ်" ရာကီတင် ပြုံးသည်။ "ကျောင်းထိုင်ဆရာတော်ကြီးဆီကို မောင်ရင် သွားမလို့ မဟုတ်လား။ ကိုယ် သိပါတယ်၊ ထမင်းစားပွဲ ရှိတယ်လေ၊ ဂိုဏ်းချုပ်ကြီးနဲ့ ဗိုလ်ချုပ်ကြီး ပါခါတော့တို့ကို ဧည့်ခံခဲ့တဲ့ပွဲ ပြီးကတည်းက ဒီလိုပွဲမျိုး တခါမှ မရှိသေးဘူး၊ အဲဒီကို ကိုယ် မရောက်တော့ဘူး၊ မောင်ရင်ပဲ သွားပြီး ထမင်းပွဲ ဟင်းပွဲ လိုက်ပေတော့၊ ကိုယ့်ကို တခုပြောစမ်းပါ အလျှိုရှာ၊ စောစောကဟာ ဘာအဓိပ္ပာယ်လဲ၊ ကိုယ် မင်းကို အဲဒါ မေးချင်လို့"

"ဘာကို မေးတာလဲ"

“မောင်ရင့်အစ်ကို ဒီမီထရီကို ဦးညွှတ်တဲ့ကိစ္စလေ၊ သူ့နဖူးနဲ့ ကြမ်းပြင်ထိသွားတာပဲ မဟုတ်လား”

“ဖားသား ဇော်ဇီမာကို ပြောတာလား”

“ဟုတ်တယ်၊ ဖားသား ဇော်ဇီမာကို ပြောတာပဲ”

“သူ့နဖူးနဲ့ ဟုတ်လား”

“ဟုတ်တယ်၊ ကိုယ်ပြောတာ မရှိသေတဲ့သဘော ဖြစ်နေတာပဲ၊ ဒါပေမဲ့ အဲဒါတွေဟာ ဘာသဘောလဲ”

“ဘာအဓိပ္ပာယ်လဲ ... ကိုယ်မသိဘူး သူငယ်ချင်း”

“မောင်ရင့်ကို သူ ရှင်းမပြဘူးနဲ့ တူတယ်၊ ဒါပေမဲ့ ဘာမှတော့ အထူးအဆန်းမဟုတ်ပါဘူး၊ လုပ်ရိုးလုပ်စဉ် ပညာပြတာမျိုး တခုပါပဲ၊ ပညာပြတဲ့နေရာမှာ ရည်ရွယ်ချက်တခုတော့ ရှိတာပေါ့၊ ဒီအကြောင်းကို မြို့ထဲကလူတွေ ပြောကြမယ်၊ တနယ်လုံး ပြန့်သွားမယ်၊ ဘယ်လိုအဓိပ္ပာယ်များလဲ လို့ တွေးကြလိမ့်မယ်၊ ကိုယ့်အမြင်ပြောရရင်တော့ ဒီပုဂ္ဂိုလ်ကြီးဟာ အနံ့ခံကောင်းတယ်၊ သူ့နှာခေါင်းမှာ ရာဇဝတ်နံ့ ရတယ်၊ မောင်ရင်တို့အိမ်ကနေ ဟောင်စော်နံလာတာပဲ”

“ဘယ်လို ရာဇဝတ်မှုမျိုးလဲ'

အလျှိုရှာ မေးလိုက်သည်။ ရာကီတင်ကလည်း တစုံတခုကို အင်မတန်ပြောချင်နေဟန်ရှိသည်။

“ဒီရာဇဝတ်မှုဟာ မောင်ရင်တို့ မိသားစုမှာ ဖြစ်လာမှာပဲ၊ မောင်ရင့်ရဲ့ အဖေဦးဘောဂနဲ့ မောင်ရင့်ရဲ့ အစ်ကိုတွေကြားမှာ ဖြစ်မှာပဲ၊ အဲဒါကြောင့် ဖားသားဇော်ဇီမာက ကြိုပြီး နိမိတ်ဖတ်ထားလိုက်တာပဲ၊ နောက်ပိုင်းမှာ တခုခုဖြစ်လာလို့ရှိရင် လူတွေက ပြောကြမယ်၊ “ဟာ... ဆရာတော်ကြီးက ကြိုပြီးမြင်ခဲ့တာပဲ၊ တကယ် နိမိတ်ဖတ်လိုက်တာပဲ” လို့။ ဒါပေမဲ့ ဒါမျိုးက အင်မတန်ညံ့တဲ့ နိမိတ်ဖတ်ခြင်းမျိုးပဲ၊ ဒါပေမဲ့ လူတွေကတော့ ဒီဥစ္စာဟာ အတိတ်နိမိတ်ပြတာပဲ၊ ဟောကိန်း ထုတ်လိုက်တာပဲလို့ ပြောကြမယ်၊ သူ့ဂုဏ်သတင်း ကြီးသွားမယ်။ “ရာဇဝတ်မှုတခုကို ကြိုပြီး ဟောခဲ့တယ်၊ ရာဇဝတ်ကောင်ကို သူ ကြိုပြီး ပြခဲ့တယ်....” ဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ ဒီလိုပဲ လုပ်တတ်ကြတယ်၊ အရက်ဆိုင်တဆိုင်ကို သွားချင် သွားမယ်၊ ဘုရားကျောင်းကို ခဲနဲ့ ပေါက်ချင်ပေါက်မယ်၊ မောင်ရင့်ရဲ့ ခင်ကြီးဘုရားလိုပဲပေါ့၊ သူက လူကောင်းတယောက်ကို တုတ်နဲ့ ရိုက်ပုတ်မယ်၊ လူသတ်သမားတယောက်ရဲ့ ခြေရင်းမှာ ဝပ်စင်းမယ်”

"ဘာ ရာဇဝတ်မှုလဲ၊ ဘာ လူသတ်သမားလဲ ... မောင်ရင် ဘာတွေ ပြောနေတာလဲ" အလျှိုရှာ တံ့ခနဲ ရပ်လိုက်သည်။ ရာကီတင်လည်း ရပ်လိုက်သည်။

"ဘာ လူသတ်သမားလဲ ဟုတ်လား၊ မောင်ရင် ဒီကိစ္စကို ဘာမှမသိတဲ့အတိုင်းပဲ၊ ဒီကိစ္စ မောင်ရင့် ခေါင်းထဲမှာ ရှိတယ်ဆိုတာ ကိုယ် လောင်းရဲပါတယ်၊ ဒီကိစ္စက အင်မတန်လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒီမှာ အလျှိုရှာ၊ မောင်ရင်ဟာ အမြဲတမ်း အမှန်ကို ပြောတတ်ပါတယ်၊ ဒါပေမဲ့ ဘာမှမပြောဘဲ နေတာတော့ ရှိချင်ရှိမယ်ပေါ့၊ ကိုယ်မေးတာကို ပြောစမ်းပါ၊ ဒီကိစ္စကို မောင်ရင့် ခေါင်းထဲမှာ စဉ်းစားဖူးတယ် မဟုတ်လား၊ ဖြေစမ်းပါ"

"ဟုတ်တယ်၊ စဉ်းစားဖူးတယ်"

အလျှိုရှာ တိုးညင်းစွာ ဖြေလိုက်သည်။

"ဘာ၊ မောင်ရင် တကယ် စဉ်းစားဖူးတယ် ဟုတ်လား"

အလျှိုရှာ၏ အဖြေကို ရာကီတင်ပင် အံ့သြသွားဟန်ရှိသည်။

"ကိုယ်... ကိုယ် တကယ်တော့ ဒီလိုမျိုး မတွေးခဲ့ဖူးပါဘူး။ ဒါပေမဲ့ မောင်ရင်က အခုလို ထူးထူးဆန်းဆန်း ပြောလာတော့ ကိုယ့်စိတ်ထဲမှာ ဒါတွေကို တွေးခဲ့မိဖူးသလိုပဲ"

"ဟုတ်ပြီ ... အဲဒါပဲပေါ့၊ မောင်ရင့်အဖေနဲ့ မောင်ရင့်အစ်ကို မစ်တယာတို့ကို မောင်ရင် ကနေ့ ကြည့်နေရင်း ရာဇဝတ်မှုတခုကို မောင်ရင် တွေးနေမိတယ် မဟုတ်လား၊ ကိုယ်ပြောတာ မမှားဘူး မဟုတ်လား"

"နေဦး၊ ခဏနေဦး၊ မောင်ရင် ဒါတွေကို ဘယ်လိုလုပ်ပြီး သိသလဲ၊ နောက်ပြီးတော့ ဒါတွေကို ဘာဖြစ်လို့ မောင်ရင် ဒါလောက် စိတ်ဝင်စားနေရတာလဲ၊ အဲဒါ ကိုယ်သိချင်တယ်"

အလျှိုရှာ စကားဖြတ်ပြီး မေးလိုက်သည်။

"တခုနဲ့တခု မဆက်စပ်တဲ့ မေးခွန်းနှစ်ခုပဲ၊ ဒါပေမဲ့ သဘာဝကျတဲ့ မေးခွန်းတွေပဲ၊ မောင်ရင်မေးတဲ့ မေးခွန်းတခုစီကို ကိုယ်ဖြေမယ်၊ ကိုယ် ဘာကြောင့်သိသလဲ၊ မောင်ရင့် အစ်ကို ဒီမီထရီကိုသာ ကိုယ် ကနေ့ မတွေ့ရရင် ကိုယ် ဒါတွေကို ဘာမှ သိမှာမဟုတ်ဘူး၊ ကိုယ် သူ့ကို တွေ့တွေ့ချင်းပဲ သူ့တကိုယ်လုံးကို ထိုးဖောက်ပြီး သိလိုက်တယ်၊ အရေးကြီးတဲ့ အချက်ကလေး တခုကို သိလိုက်ရတာနဲ့ တပြိုင်နက် သူ ဘာဆိုတာ အကုန်လုံး သိရတော့တယ်၊ ဒီလို ရိုးသားပြီး ဒီလို ရမ္မက်ကြီးတဲ့ လူတွေအတွက် မကျော်ဖြတ်ရမယ့်

စည်းကလေးတခုရှိတယ်၊ အဲဒီစည်းသာ မရှိဘူး ဆိုရင် သူဟာ အဖေအရင်းခေါက်ခေါက်ကိုတောင် ဓားနဲ့ထိုးဖို့ ဝန်လေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မောင်ရင့်အဖေက အရက်သမားကြီးတယောက် ဖြစ်တယ်၊ ဒုစရိုက်သမားကြီးတယောက် ဖြစ်တယ်၊ သူက သူ့စည်းကို ဘယ်နေရာမှာ ထားရမယ်ဆိုတာ သိတဲ့လူကြီး မဟုတ်ဘူး၊ သူတို့နှစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ကြဘူးဆိုရင် နှစ်ယောက်စလုံး ချောက်ထဲကို ကျကြမှာပဲ”

“မဟုတ်ဘူး မီရှာ၊ မဟုတ်ဘူး၊ သူငယ်ချင်းပြောတာ ဒါပဲဆိုရင်တော့ ဒီဥစ္စာ လုံးလုံးမဖြစ်နိုင်ဘူး”

“မဟုတ်ဘူးဆိုရင် မောင်ရင် ဘာဖြစ်လို့ တုန်နေသလဲ၊ ဒီမယ် ကိုယ်ပြောမယ်။ မောင်ရင့်ရဲ့အစ်ကို မစ်တယာဟာ လူရိုးလူကောင်းတယောက် ဖြစ်ချင်ဖြစ်မယ်၊ သူဟာ လူရိုးလူအပဲ။ ဒါပေမဲ့ သူဟာ တဏှာကျွန်တယောက်ပဲ၊ အဲဒါဟာ သူ့ရဲ့ ရုပ်လုံးမှန်ပဲ၊ အတွင်းသဘော အမှန်ပဲ၊ ဒီရမ္မက်ဆန္ဒတွေကို မောင်ရင့်အဖေက သူ့ကို လက်ဆင့်ကမ်းပေးလိုက်တာပဲ၊ သူ့အဖေဆီက သူ အမွေရတာပဲ၊ ကိုယ်အံ့ဩနေတာ တခုပဲရှိတယ်။ မောင်ရင်ဟာ ဘာပြုလို့ အခုအချိန်အထိ လူပျိုစစ်စစ်တယောက် ဖြစ်နေရတာလဲ၊ သန့်ရှင်းစင်ကြယ်နေရတာလဲ၊ မောင်ရင်ဟာ ကာရာမာဇော့တယောက်ပဲ မဟုတ်လား၊ မောင်ရင်တို့ မိသားစုထဲမှာ တဏှာ ရမ္မက်ဆိုတာ ကူးစက်တတ်တဲ့ ဝေဒနာဆိုးကြီးတခု ဖြစ်နေပြီ၊ အခုဆိုရင် တဏှာကျွန် သုံးယောက်ဟာ ခါးကြားမှာ ဓားတွေဝှက်ထားပြီး တယောက်ကို တယောက် ချောင်းနေကြပြီ၊ သူတို့သုံးယောက်ဟာ ခေါင်းချင်းတိုက်နေကြပြီ၊ ဒီအထဲမှာ မောင်ရင်ဟာ စတုတ္ထမြောက် ဖြစ်မှာပဲ”

“အဲဒီ အမျိုးသမီးနဲ့ ပတ်သက်လို့ မောင်ရင် အတွက်မှားနေပြီ၊ ဒီမီထရီက သူ့ကို အလေးမထားဘူး”

အလျှိုရှာ သိမ့်သိမ့်ခါသွားရင်း ပြောလိုက်သည်။

“ဂရုရှင်ကာကို ပြောတာလား ... မဟုတ်ဘူး အစ်ကို၊ သူဟာ ဒီမိန်းမကို အလေးမထားဘူး ဆိုတာ မဟုတ်ဘူး၊ ဒီမိန်းမအတွက် သူ့ရည်းစားကို သူ စွန့်ပစ်လိုက်တယ်ဆိုရင် ဒီမိန်းမကို သူ အလေးထားလို့ပဲပေါ့၊ ဒီကိစ္စမျိုးမှာ သူငယ်ချင်း မသိသေးတာတွေ အများကြီး ရှိတယ်၊ ယောကျ်ား တယောက်... မိန်းမတယောက်ရဲ့အလှကို ချစ်နေပြီဆိုရင်၊ မိန်းမတယောက်ရဲ့ကိုယ်ခန္ဓာကို စွဲမက်ပြီ ဆိုရင်၊ ဒါမှမဟုတ် အဲဒီမိန်းမရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတခုကို စွဲနေပြီဆိုရင် (ဒီကိစ္စမျိုးကို တဏှာအိုးတွေမှ သိတယ်) အဲဒီယောကျ်ားဟာ အဲဒီမိန်းမအတွက် သူ့ရင်သွေး အရင်းတွေကိုလည်း စွန့်ပစ်လိမ့်မယ်၊

သူ့အဖေနဲ့အမေကိုလည်း ရောင်းစားပစ်လိမ့်မယ်၊ ဒါတင် မကသေးဘူး၊ တိုင်းပြည်ကိုလည်း ရုရှားပြည်ကြီးကိုလည်း ရောင်းစားပစ်လိမ့်မယ်။ သူဟာ လူရိုးတယောက်ဆိုရင် ခိုးလိမ့်မယ်၊ သူဟာ လူကောင်းတယောက်ဆိုရင် လူသတ်လိမ့်မယ်၊ သူဟာ လူဖြောင့်တယောက် ဆိုရင် ကောက်လိမ့်မယ်၊ ကဗျာဆရာ ပွတ်ရှကင်ဟာ မိန်းမတွေရဲ့ခြေထောက်ကို ကဗျာဖွဲ့ခဲ့တယ်၊ တခြားလူတွေက သူ့လို တခမ်းတနား ကဗျာဖွဲ့ပြီး မချီးကျူးပေမဲ့ မိန်းမတွေရဲ့ ခြေထောက်ကို ရင်မခုန်ဘဲနဲ့ မကြည့်နိုင်ဘူး၊ အခုကိစ္စက ခြေထောက်တင်မကတော့ဘူး။ ဒီနေရာမှာ အလေးအနက် မထားဘူးဆိုရုံနဲ့ မရဘူး၊ မောင်ရင့်အစ်ကိုဟာ ဂရုရှင်ကာကို တန်ဖိုးထားချင်မှ ထားမယ်၊ ဒါပေမဲ့ ဒီမိန်းမရဲ့ စက်ကွင်းထဲက သူ ရုန်းမထွက်နိုင်တာတော့ အမှန်ပဲ”

“ကိုယ် သဘောပေါက်ပြီ” အလျိုရှာ လွတ်ခနဲ ပြောလိုက်သည်။

“တကယ်လား၊ ဟုတ်တယ်၊ မောင်ရင် သဘောပေါက်ပြီဆိုတာ ကိုယ် သိတယ်၊ မောင်ရင့်ပါးစပ်ထဲက လွတ်ခနဲ ထွက်လာတာဟာ မောင်ရင့်စိတ်ထဲမှာ ရှိတာကို အန်ထုတ်လိုက်တာပဲ၊ မောင်ရင့်ရဲ့ ဝန်ခံချက်ဟာ အင်မတန် တန်ဖိုးရှိတယ်၊ ကိုယ်ပြောတဲ့အကြောင်းတွေဟာ မောင်ရင့်စိတ်ထဲမှာ ရှိနေတဲ့ အကြောင်းတွေပဲ၊ ကိုယ်ပြောတဲ့သဘောက မောင်ရင်ဟာ ဒီအကြောင်းတွေကို ... တဏှာပေမ အကြောင်းတွေကို အရင်ကတည်းက တွေးနေရမယ်၊ ဩော် ... အလျိုရှာ၊ မောင်ရင်ဟာ ခြောက်ပြစ်ကင်း သဲလဲစင်ပဲ၊ မခုတ်တတ်တဲ့ ကြောင်ကလေးပဲ၊ တကယ့် သူတော်ကောင်းကလေးပဲ၊ ဒါပေမဲ့ မောင်ရင့်စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ၊ မောင်ရင်ဟာ အင်မတန် သန့်စင်ပါတယ်၊ ဒါပေမဲ့ မောင်ရင်ဟာ အခုကိုပဲ အတော်ကြီး နစ်နေပြီ၊ မောင်ရင့်ကို ကိုယ် စောင့်ကြည့်နေခဲ့တာ ကြာပြီ၊ မောင်ရင်ဟာ ကာရာမာဇော့တယောက်ပဲ၊ ကာရာမာဇော့ စစ်စစ်ကြီးပဲ၊ မောင်ရင်ဟာ မောင်ရင့်အဖေနဲ့ တူတဲ့အတွက် တဏှာကျွန်တယောက် ဖြစ်ပြီး မောင်ရင့်အမေနဲ့ တူတဲ့အတွက် သူတော်ကောင်းလေးတယောက် ဖြစ်နေတာပဲ၊ မောင်ရင် ဘာဖြစ်လို့ တုန်နေတာလဲ၊ ကိုယ်ပြောတဲ့စကားတွေ မှန်တယ် မဟုတ်လား၊ ကိုယ်ပြောတဲ့စကားတွေ မှန်လို့ပဲ မဟုတ်လား၊ ဂရုရှင်ကာက မောင်ရင့်ကို သူ့ဆီကို ခေါ်ခဲ့ဖို့ ကိုယ့်ကို မှာထားတယ်။ သူ့ကို ခေါ်ခဲ့စမ်းပါ၊ သူ့ကိုယ်က သင်္ကန်းကြီးကို ကျွန်မ ဆွဲချွတ်ပစ်လိုက်မယ်တဲ့၊ ခေါ်ခဲ့စမ်းပါ၊ ခေါ်ခဲ့စမ်းပါတဲ့၊ သူ ဘာဖြစ်လို့ မောင်ရင့်ကို ဒါလောက် စိတ်ဝင်စားနေတယ်ဆိုတာ ကိုယ် စဉ်းစားလို့မရဘူး၊ သူဟာ သာမန် မိန်းမတယောက် မဟုတ်တာတော့ အမှန်ပဲ”

“ကျေးဇူးတင်ပါတယ်လို့ ... ဒါပေမဲ့ ကိုယ်မလာနိုင်ပါဘူးလို့ ပြောလိုက်ပါ” အလျိုရှာ ထိန်းချုပ်သော အပြုံးဖြင့် ပြောလိုက်သည်။ ထို့နောက် “မောင်ရင်

ပြောစရာရှိတာ ဒါပဲလား၊ ကိုယ့်သဘောထား ဘယ်လိုရှိတယ်ဆိုတာ မောင်ရင့်ကို ကိုယ် နောက်မှပြောမယ်”

“ဘာမှ မပြီးစရာ မရှိပါဘူး၊ အားလုံးဟာ ရှင်းနေတာပဲ၊ ခေတ်ပြားဟောင်းကြီးပဲ သူငယ်ချင်း၊ မောင်ရင်တောင်မှ အတွင်းမနေခဲ့က ကာရာမာဇော့ ဖြစ်နေသေးလို့ရှိရင် မောင်ရင့်အစ်ကို အိုက်ဗင်ဟာ ဘယ်လိုနေမလဲ၊ သူလည်း ကာရာမာဇော့တယောက်ပဲပေါ့၊ မောင်ရင်တို့ ကာရာမာဇော့ တွေဟာ ဘယ်တွေလဲ။ တဏှာရူးတွေ၊ သိုက်တူးတဲ့လူတွေ၊ ပေါတောတော လူတွေပဲ။

“မောင်ရင့်အစ်ကို အိုက်ဗင်ဟာ ဘာသာရေး ဆောင်းပါးတပုဒ်ကို အပျော်သဘောနဲ့ ရေးတယ်၊ ဘာသဘောနဲ့မှန်းမသိ ရေးတယ်၊ တကယ်တော့ သူဟာ ဘုရားသခင်ကို မယုံတဲ့ ဘာသာမဲ့ တယောက်ပဲ။ သူလုပ်နေတဲ့ အလုပ်ဟာ အရေခြုံလုပ်ငန်းတခုပဲဆိုတာ မောင်ရင့်အစ်ကို အိုက်ဗင် ဝန်ခံတယ်၊ နောက်ပြီးတော့ သူဟာ မစ်တယာရဲ့ရည်းစားကို အပိုင်သိမ်းဖို့ ကြိုးစားနေတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကိုယ့်အမြင်ပြောရရင် သူကြိုးစားတဲ့အတိုင်း ရမှာပဲ၊ ဒါထက်ပိုပြီး ပြောရဦးမယ် ဆိုရင်တော့ မစ်တယာရဲ့သဘောတူညီချက်နဲ့ကို ရမှာပဲ။

“ဘာဖြစ်လို့လဲဆိုတော့ မစ်တယာဟာ ဂရုရှင်ကာကို ယူဖို့အတွက် သူ့ရည်းစားကို စွန့်ပစ်ဖို့ ကြိုးစားနေလို့ပဲ၊ သူဟာ ဒီလိုမျိုးလုပ်ဖို့ အဆင်သင့်ပဲ၊ သူတို့ဟာ ဒီလိုလူမျိုးတွေပဲ၊ မောင်ရင်ရော ဘယ်လိုလူမျိုးတယောက် ဖြစ်ဦးမလဲ၊ လူဟာ ကိုယ့်ဖောက်ပြန်မှုကို ဝန်ခံတယ်၊ ပြီးတော့လည်း အဲဒီလမ်းကိုပဲ ဆက်လျှောက်သွားနေတယ်။

“ဒီမယ် ကိုယ်ပြောမယ် နားထောင်၊ မောင်ရင့်အဖေကြီးကလည်း မစ်တယာရဲ့ လမ်းမှာ ကန့်လန့်ကြီး ဖြစ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဘိုးကြီးဟာ ဂရုရှင်ကာကို ဖြုန်းစားကြီးဆိုသလို အရူးအမူး ဖြစ်လာတယ်၊ အဲဒီမိန်းမကိုကြည့်ပြီး သူ့ပါးစပ်က သွားရည်တမျှားမျှား ကျနေတယ်၊ ခင်ကြီး ဇော်ဇီမာရဲ့ကျောင်းသင်္ခမ်းမှာ သူ ဗရုတ်သုတ်ခ လုပ်ခဲ့တာ အဲဒီမိန်းမကြောင့်ပဲ၊ မီယူဆော့က အဲဒီမိန်းမကို ‘အပျက်မ’ လို့ ခေါ်ခဲ့တဲ့အတွက်ပဲ၊ အဲဒီမိန်းမကို သူကြိုက်နေတာ နွားသိုးကြိုးပြတ်ပဲ၊ အမှန်ကတော့ သူဟာ အဲဒီမိန်းမကို သူ့အလုပ်တွေမှာ၊ သူ့အရက်ဆိုင်တွေမှာ ခိုင်းရုံသဘောလောက် ပဲ။ အခုမှ သူဟာ ဒီမိန်းမကို အသဲအမဲ ဖြစ်သွားတာပဲ၊ ဒီမိန်းမကို ရဖို့အတွက် အမျိုးစုံ ကြိုးပမ်းတော့တာပဲ၊ အဲဒီတော့ အဖေနဲ့ သားဟာ ဒီတဏှာလမ်းကြောင်းပေါ်မှာ ခေါင်းချင်းဆိုင် တိုက်မိကြတော့မှာပဲ။

“ဒါပေမဲ့ ဂရုရှင်ကာကတော့ ဘယ်သူ့ကိုမှ စိတ်ဝင်စားပုံမရဘူး။ လောလောဆယ်မှာတော့ သူဟာ ခြံစည်းရိုးပေါ်မှာ ထိုင်ပြီး နှစ်ယောက်စလုံးကို

ကစားနေတာပဲ၊ ဒီနှစ်ယောက်မှာ ဘယ်သူက သူ့အတွက် ပိုပြီး အသုံးကျမလဲဆိုတာ တွက်နေတာပဲ၊ အဘိုးကြီးဆီက ပိုက်ဆံတွေ အများကြီး ရနေပေမယ့် အဘိုးကြီးက လက်ထပ်ပြီး အတည်တကျယူမှာ မဟုတ်ဘူး ဆိုတာကို သူသိတယ်၊ တချိန်ကျရင် အဘိုးကြီးဆီက ငွေထွက်လာတော့မှာတောင် မဟုတ်ဘူးဆိုတာ သူသိတယ်။

"ဒီနေရာမှာ မစ်တယာက တပန်းသာနေတယ်။ သူ့မှာ ငွေမရှိဘူး၊ ဒါပေမဲ့ သူက အတည်တကျ လက်ထပ်ယူနိုင်တယ်၊ ဟုတ်တယ် သူငယ်ချင်း၊ သူက ဂရုရှင်ကာကို လက်ထပ်နိုင်တယ်။ မိုလ်မှူးကြီးတယောက်ရဲ့ သမီး၊ ပိုက်ဆံရှိတဲ့ အမျိုးသမီး၊ အင်မတန်လှတဲ့ အမျိုးသမီးတယောက်ကို ပစ်ပြီး ပညာမတတ်တဲ့ တောသူကြီး၊ ကုန်သည်ကြီး ဆမ်ဆိုနော့ရဲ့ မယားငယ်ဟောင်း ဂရုရှင်ကာကို သူ လက်ထပ်နိုင်တယ်။

"အဲဒီတော့ ဒီပြဿနာကနေပြီး ရန်ပွဲကြီးတခု ဖြစ်လာနိုင်တယ်၊ မောင်ရင့်အစ်ကို အိုက်ဗင်ဟာ ဒီအကွက်ကို ချောင်းနေတာပဲ၊ ဒါ သူ့အတွက် အခွင့်အရေးပဲ၊ အဲဒီအချိန်မှာ အိုက်ဗင်ဟာ သူချောင်းနေတဲ့ ကက်ထရီးနားကို ရမယ်၊ ကက်ထရီးနားရဲ့ မင်္ဂလာကြေးငွေ ခြောက်သောင်းကို သူရမယ်၊ ကိုယ့်လက်ထဲမှာ ခြူးတပြားမှမရှိတဲ့ လူတယောက်အတွက် ဒီပိုက်ဆံဟာ မနည်းဘူး၊ နောက်ပြီး မောင်ရင် တခု မှတ်ထားဦး၊ သူ အခုလို လုပ်တာဟာ မစ်တယာကို ထိခိုက်အောင်လုပ်တာ မဟုတ်ဘူး၊ အမှန်တော့ မစ်တယာကို ကူညီ ကယ်တင်လိုက်တာပဲ။

"ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စကို ကိုယ် ကောင်းကောင်းသိထားတယ်၊ ပြီးခဲ့တဲ့ အပတ်တုန်းကပဲ အရက်ဆိုင်တခုထဲမှာ မစ်တယာဟာ ကောင်မလေးတွေနဲ့ အရက်မူးပြီး အော်နေတယ်၊ ကက်ထရီးနားလို မိန်းကလေးတယောက်ဟာ သူနဲ့ လက်ထပ်ဖို့ မထိုက်တန်ဘူးတဲ့၊ သူ့ညီ အိုက်ဗင်နဲ့သာ ထိုက်တန်တယ်တဲ့။

"အဲ... ကက်ထရီးနားကလည်း နောက်ဆုံးအချိန်မှာ အိုက်ဗင်လိုလူတယောက်ကို လက်ထပ်ဖို့ ငြင်းနေမှာ မဟုတ်ဘူး၊ အခုကိုပဲ အမျိုးသမီးဟာ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဇဝေဇဝါ ဖြစ်နေပြီ၊ အိုက်ဗင်ဟာ ဘယ်လိုလုပ်ပြီး မောင်ရင်တို့အားလုံးအပေါ်မှာ လွှမ်းမိုးနေသလဲ၊ မောင်ရင်တို့အားလုံး ဟာ သူ့ကို ဝိုင်းပြီး ကိုးကွယ်နေကြတယ်၊ သူက မောင်ရင်တို့ကိုအသုံးချပြီး အမြိန့်သား ဖြစ်နေတယ်"

"မောင်ရင် ဒါတွေကို ဘယ်လိုလုပ်ပြီး သိသလဲ၊ မောင်ရင်က ဘယ်လိုလုပ်ပြီး အသေအချာကြီး ပြောနိုင်ရတာလဲ" အလျှိုရှာ မျက်မှောင်ကုတ်ပြီး ဆတ်ခနဲ မေးလိုက်သည်။

"မောင်ရင် ကိုယ့်ကို ဘာဖြစ်လို့ မေးတာလဲ၊ ကိုယ့်အဖြေကို မောင်ရင်

ကြောက်နေတယ် မဟုတ်လား၊ အဲဒီသဘောက ကိုယ်ပြောတာတွေဟာ အမှန်တွေပဲဆိုတာ မောင်ရင် သိနေတယ် မဟုတ်လား”

“အိုက်ဗင့်ကို မောင်ရင်မကြိုက်လို့ပြောနေတာပဲ၊ အိုက်ဗင်ဟာ ငွေနဲ့ချော့လို့ ပျော့မယ့်လူ မဟုတ်ဘူး”

“တကယ်ပဲလား၊ ကက်ထရီးနားရဲ့ အလှကလည်း ရှိသေးတယ်လေ၊ အခုဟာက ငွေချည့်သက်သက် မဟုတ်ဘူး၊ ပြီးတော့ ခြောက်သောင်းဆိုတဲ့ ငွေကလည်း နည်းတဲ့ငွေတော့ မဟုတ်ဘူး”

“အိုက်ဗင်မှာ ဒါ့ထက် မြင့်တဲ့ ရည်မှန်းချက်တွေ ရှိပါတယ်၊ သူ့ကို ငွေနဲ့ မြူဆွယ်လို့ မရနိုင်ပါဘူး၊ အိုက်ဗင် ရှာနေတာက ငွေလည်း မဟုတ်ဘူး၊ သုခချမ်းသာလည်း မဟုတ်ဘူး၊ သူရှာနေတာက ခံစားခြင်း ဝေဒနာပဲ”

“အဓိပ္ပာယ်မရှိတာတွေပဲ၊ မောင်ရင်တို့ အထက်လွှာတွေ ...”

“အိုး... မီရှာ၊ သူ့စိတ်ဓာတ်က အင်မတန် ပြင်းထန်တယ်၊ သူ့စိတ်အစဉ်က အချုပ်အနှောင် မိနေတယ်၊ သူဟာ မဖြေရှင်းနိုင်တဲ့ ပြဿနာကြီးတခုမှာ အာရုံကပ်ငြိနေတယ်၊ သူဟာ ငွေတွေကို တောင်လို ပုံပေးလည်း မလိုချင်ဘူး၊ သူလိုချင်တာက ပြဿနာရဲ့ အဖြေတခုပဲ”

“ဒါ သံယောင်လိုက်တာပဲ အလျှိုရှာ၊ ခင်ကြီး ဇော်ဇီမာရဲ့စကားတွေကို မောင်ရင် ပြန်ပြောနေတာပဲ၊ ဟား... အိုက်ဗင်က မောင်ရင့်ကို ပြဿနာ လုပ်ပေးလိုက်တာပဲ” ရာကီတင်က မလိုတမာရှိသော အသွင်ဖြင့် ပြောလိုက်သည်။

“အဲဒီပြဿနာက ဘာမှ အဓိပ္ပာယ်မရှိတာ တခုပဲ၊ ဘာမှ အပင်ပန်းခံပြီး တွေးနေစရာ မလိုဘူး၊ မောင်ရင့်ခေါင်းကို နည်းနည်းကလေး အသုံးချလိုက်ရင် မောင်ရင် နားလည်နိုင်တာပဲ၊ သူ့ဆောင်းပါးက ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ရယ်စရာချည်းပဲ၊ သူ့ရဲ့ အဘိဓမ္မာ အတုံးကြီးကို မောင်ရင် ကြားလိုက်ရတယ် မဟုတ်လား၊ ‘ထာဝရအစဉ် ဝိညာဉ်တည်မြဲခြင်း မရှိလျှင် ဤလောကကြီးတွင် အကျင့်သီလဆိုတာ မရှိ၊ ဘာမဆို လုပ်ပိုင်ခွင့်ရှိသည်’ တဲ့။ အဲဒီတော့ မစ်တယာက ‘ကျုပ် မှတ်ထားမယ်’ ဆိုပြီး ထအော်တယ်၊ လူယုတ်မာတွေအတွက် ရှေ့ဆောင်ဒဿနကြီးပဲ၊ (ကိုယ် တောင်းပန်ပါတယ်... ကိုယ်ပြောတာ လွန်သွားတယ်၊ အဲဒါ မကောင်းဘူး) လူယုတ်မာတွေအတွက် မဟုတ်ဘူး၊ ဘယ်လိုမှ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေနဲ့ လုံးချာလိုက်နေတဲ့ ဝမရှိဘဲ ဝိလုပ်နေတဲ့ လူတွေအတွက် ရှေ့ဆောင်ဒဿနကြီးပဲ။ သူ့အနေနဲ့ လေလုံးမိုးလုံးတွေ ထွားထားတာပဲ၊ ဒါပေမဲ့ အဓိပ္ပာယ် ဘယ်လိုရောက်နေသလဲဆိုရင် တဖက်က ကျုပ်တို့ ဘာမှ မတတ်နိုင်ဘူး၊ လက်ခံရမယ်၊ တခြားတဖက်ကျတော့ ကျုပ်တို့ ဘာမှ

မတတ်နိုင်ဘူး၊ ဝန်ခံရမယ်လို့ ဖြစ်နေတယ်။ သူ့ရဲ့ သဘောတရားက တကယ်ကျတော့ ဘာမှမဟုတ်ဘူး၊ အတုအလိမ်ကြီးပဲ။ လူတွေဟာ ထာဝရ အစဉ် ဝိညာဉ် တည်မြဲမှုကို မယုံလည်း ကောင်းမြတ်တဲ့ အကျင့်သီလကိုတော့ စောင့်ထိန်းကြရမယ်၊ အဲဒီ အခါမှာ မေတ္တာတရားရဲ့အရိပ်အာဝါသအောက်မှာ လွတ်လပ်ရေး၊ တန်းတူရေးနဲ့ စည်းလုံး ညီညွတ်ရေးကို ရရှိကြမယ်”

ရာကီတင်သည် ပြောရင်းဆိုရင်း စိတ်ခေတ်တက်ကြွလာပြီး သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ရှိသည်။ သို့သော် တစုံတခုကို သတိရသွားသဖြင့် သူ့စကားကို ရုတ်ခြည်း ရပ်ပစ်လိုက်သည်။

“အဲဒါပါပဲ... မောင်ရင် ဘာရယ်နေတာလဲ၊ ကိုယ့်ကို အသုံးမကျတဲ့ အရူးတယောက်လို့များ အောက်မေ့နေလို့လား...”

ရာကီတင် စဉ်းလဲသော အပြုံးဖြင့် မေးသည်။

“အို မဟုတ်ပါဘူး၊ မောင်ရင့်ကို အသုံးမကျတဲ့ အရူးတယောက်လို့ ဘယ်တုန်းကမှ မထင်ပါဘူး၊ မောင်ရင်ဟာ တော်ပါတယ်၊ ဒါပေမဲ့... အဲဒီကိစ္စ ထားလိုက်ကြပါစို့၊ ကိုယ် ရယ်မိတာ မှားပါတယ်၊ ဒီကိစ္စမှာ မောင်ရင် စိတ်ဝင်စားမယ်ဆိုတာကို ကိုယ်သိပါတယ်၊ မောင်ရင့်စိတ်တွေ ဒါလောက် လှုပ်ရှားနေပုံထောက်တော့ မောင်ရင်ဟာ ကက်ထရီးနားအပေါ်မှာ မရိုးသားဘူး မဟုတ်လား၊ အဲဒီလို ကိုယ် ရိပ်မိနေတာ အတော်ကြာပါပြီ သူငယ်ချင်း၊ အဲဒါကြောင့် မောင်ရင်ဟာ ကိုယ့်အစ်ကို အိုက်ဗင်ကို မုန်းနေတာ မဟုတ်လား၊ မနာလိုဝန်တို ဖြစ်နေတာ မဟုတ်လား”

“ကက်ထရီးနားရဲ့ပိုက်ဆံတွေအတွက်ပါ မနာလို ဖြစ်နေတယ်ပေါ့ ဟုတ်လား၊ အဲဒါကိုကော ထည့်မပြောဘူးလား”

“ပိုက်ဆံအကြောင်း ကိုယ် ဘာမှ မပြောပါဘူး၊ မောင်ရင့်ကို ကိုယ် မစော်ကားပါဘူး”

“မောင်ရင်ပြောတာ ကိုယ် ယုံပါတယ်၊ ဒါပေမဲ့ မောင်ရင့်အစ်ကို အိုက်ဗင်နဲ့ မောင်ရင်တို့ အားလုံးဟာ အလကားဟာတွေပဲ၊ ကက်ထရီးနားကိစ္စကို ဘေးချိတ်ထားလိုက်ဦး၊ မောင်ရင့်အစ်ကို အိုက်ဗင်ကို ဘယ်သူမှ သဘောမကျဘူး၊ အဲဒီတော့ ကိုယ်ကကော ဘယ်လို လုပ်ပြီး သဘောကျနိုင်မလဲ၊ သူက ကိုယ့်အကြောင်း တွေ့ကရာရှုစ်သောင်းတွေ ပြောမှတော့ ကိုယ်ကကော သူ့အကြောင်း ဘာလို့ မပြောရမှာလဲ”

“မောင်ရင့်အကြောင်း သူ မကောင်းပြောတာ ကိုယ် မကြားဖူးဘူး၊

မောင်ရင့်အကြောင်း သူ ဘာမှ မပြောဘူး”

“မောင်ရင်က တလုံးမှ မပြောဘူး ဆိုပေမယ့် တနေ့ကပဲ ကက်ထရီးနားအိမ်မှာ ကိုယ့်အကြောင်းတွေ တွေ့ကရာရှစ်သောင်း ပြောသွားတာကို ကိုယ်ကြားရတယ်၊ ကိုယ့်လို ဘာမဟုတ်တဲ့ လူတယောက်ကို သူ ဘယ်လောက်များ စိတ်ဝင်စားနေသလဲဆိုတာ အဲဒါပဲ၊ အဲဒီတော့ ပြောစမ်းပါဦး သူငယ်ချင်း၊ ဘယ်သူက ဘယ်သူ့ကို မနာလိုနေတာလဲလို့။

“သူက ဘာပြောသလဲဆိုတော့ ကိုယ်ဟာ ဘုန်းကြီးဝတ်ပြီး ကျောင်းထိုင်ဆရာတော်ကြီး မလုပ်ဘူး ဆိုရင် ကိုယ်ဟာ စိန့်ပီတာစဘတ်မြို့တော်ကြီးမှာ ရောက်နေပြီး မဂ္ဂဇင်းကြီး တစောင်မှာ ဝေဖန်ရေး ဆရာကြီး ဖြစ်နေနိုင်တယ်တဲ့၊ ကိုယ်ဟာ ဝေဖန်ရေးဆရာ ဆယ်နှစ်လောက် လုပ်ပြီးတဲ့နောက်မှာ မဂ္ဂဇင်းကြီးတစောင်ကို ပိုင်နိုင်တယ်တဲ့၊ ကိုယ့်မဂ္ဂဇင်းဟာ လစ်ဗရယ်ဝါဒနဲ့ ဘာသာမဲ့တွေဘက်မှာ ရှိနေမယ်တဲ့၊ ဆိုရှယ်လစ်ဝါဒ အရောင်ကလေး သန်းနေမယ်တဲ့၊ ဒါပေမဲ့ ကိုယ်ဟာ လေ့နံ့နှစ်ဖက် နင်းပြီး ဘာမှနားမလည်တဲ့ လူတွေကို အရူးလုပ်နေမှာပဲတဲ့။ နောက်ပြီးတော့ ကိုယ့်ရဲ့ဘဝကြီး တခုလုံးဟာ... မောင်ရင့်အစ်ကိုရဲ့စကားအရ ပြောရရင် ဆိုရှယ်လစ်အရောင်ကလေး သန်းနေပေမယ့် ဘာမှ မထိခိုက်နိုင်ဘူးတဲ့၊ မဂ္ဂဇင်းက ရတဲ့ပိုက်ဆံတွေကို ဂျူးတချို့ရဲ့ဦးဆောင်မှုနဲ့ ဘဏ်မှာ သွင်းထားမယ်တဲ့၊ နောက်ဆုံးတနေ့မှာ ကိုယ်ဟာ အရင်းအနှီးတွေ စုပုံလာပြီး စိန့်ပီတာစဘတ်မြို့မှာ ရောမတိုက်ကြီးတလုံး ဆောက်မယ်တဲ့၊ အဲဒီမှာ ကိုယ့်မဂ္ဂဇင်းတိုက်ကို ရွှေ့ထားပြီး ပိုနေတဲ့ တိုက်ခန်းတွေကို ငှားစားမယ်တဲ့၊ မောင်ရင့်အစ်ကိုက ကိုယ် တိုက်ဆောက်မယ့်နေရာကိုတောင် ရွေးပေးလိုက်သေးတယ်၊ နီဗားမြစ်ကိုဖြတ်ပြီး အသစ်ဆောက်မယ့် ကျောက်တုံး တံတားကြီးနား မှာတဲ့”

“အဲဒါ မှန်တာပေါ့၊ ဒီအတိုင်းပဲ တသဝေမတိမ်း ဖြစ်လာမှာပေါ့”

အလျှိုရှာ အားပါးတရ ရယ်မောပြီး ပြောလိုက်သည်။

“ဘာလဲ ... မောင်ရင်ကပါ ကိုယ့်ကို ဝိုင်းပြီး သရော်နေတာပေါ့ ဟုတ်လား”

“အို ... အို .. မဟုတ်ပါဘူး၊ နောက်တာပါ၊ ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ့်စိတ်ထဲမှာ ဒီလိုမဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ့်ကို တခုပြောစမ်းပါ၊ မောင်ရင့်ကို ဒီစကားတွေ ဘယ်သူ ပြန်ပြောသလဲ၊ ဒီစကားတွေကို သူပြောတဲ့အချိန်မှာ ကက်ထရီးနားအိမ်မှာ မောင်ရင်ကိုယ်တိုင် ရှိနေတာတော့ မဖြစ်နိုင်ဘူး”

“အဲဒီမှာ ကိုယ် မရှိပါဘူး၊ ဒါပေမဲ့ မောင်ရင့်အစ်ကို ဒီမီထရီ ရှိနေတယ်၊ ဒီအကြောင်းတွေ သူပြန်ပြောတာကို ကိုယ့်နားနဲ့ဆတ်ဆတ် ကြားရတယ်၊ အဲ

မောင်ရင်သိအောင် အမှန်အတိုင်း ပြောရရင်တော့ သူက ကိုယ့်ကို ပြန်ပြောတာတော့ မဟုတ်ဘူး၊ အခြားတယောက်ကို သူပြောနေတာ ကို ကိုယ် ကြားရတာပဲ၊ တိုက်ဆိုင်မှု တခုပဲ ဆိုပါတော့၊ အဲဒီအချိန်မှာ ကိုယ်က ဂရုရှင်ကာရဲ့ အိပ်ခန်းထဲမှာ ရှိနေတယ်၊ တဖက်ခန်းထဲကို သူ ရောက်လာတဲ့အချိန်မှာ ကိုယ် တခြားကို ထွက်သွားလို့ မရတော့ဘူး”

“ဪ ... ဟုတ်ပြီ၊ ကိုယ် မေ့နေတယ်၊ ဂရုရှင်ကာက မောင်ရင်နဲ့ အမျိုးပဲ”

“အမျိုး ဟုတ်လား ... ဂရုရှင်ကာက ကိုယ်နဲ့ အမျိုး ဟုတ်လား။ မောင်ရင် ရူးနေသလား၊ မောင်ရင် ခေါင်းမကောင်းတော့ဘူးလား”

ရာကီတင် မျက်နှာကြီး နီရဲပြီး ရုတ်ခြည်း ဟစ်အော်သည်။

“ဘာဖြစ်လို့လဲ၊ မောင်ရင့်ရဲ့ဆွေမျိုး မဟုတ်ဘူးလား၊ ကိုယ်ကြားတာတော့ သူဟာ မောင်ရင့်ရဲ့ ဆွေမျိုးပဲ”

“မောင်ရင် ဘယ်ကများ ကြားလာသလဲ၊ ဟူး ... မောင်ရင်တို့ ကာရာမာဇော့တွေက ဘာလဲ၊ ကိုယ့်ကိုယ်ကိုယ်တော့ တကယ့်ဆွေကြီးမျိုးကြီးတွေဆိုပြီး... မောင်ရင့်အဖေဟာ အိမ်တကာလည်ပြီး သူများကျွေးတာစားပြီး မဟုတ်တာတွေ လျှောက်ပြောနေတယ်၊ ကိုယ့်အိမ်ကျတော့ မီးဖိုထဲမှာ တောက်တိုမည်ရလောက်ပဲ လုပ်ခိုင်းတယ်၊ ဒီမယ်... ကိုယ့်ကို ဘုန်းကြီးတပါးရဲ့သားဆိုပြီး၊ မောင်ရင်တို့လို ဆွေကြီးမျိုးကြီးထဲက မဟုတ်ဘူးဆိုပြီး ဒီလိုမျိုးတော့ ပေါ့ပေါ့တန်တန် မစော်ကား ပါနဲ့၊ ကိုယ့်သိက္ခာနဲ့ ကိုယ်နေတဲ့ လူတယောက်ပါ၊ ဂရုရှင်ကာလို ပြည့်တန်ဆာမ တယောက်နဲ့ ဆွေမျိုးမဟုတ်ဘူးဆိုတာ မောင်ရင် နားလည်ထားပါ”

ရာကီတင် ဒေါသတကြီး ပြန်ပြောသည်။

“ကိုယ် တောင်းပန်ပါတယ်၊ မောင်ရင့်ကို ဘယ်လိုမှ စော်ကားလိုစိတ် မရှိပါဘူး၊ ဒါပေမဲ့... မောင်ရင် သူ့ကို ဘယ်လိုလုပ်ပြီး ပြည့်တန်ဆာတယောက်လို့ ပြောရတာလဲ၊ ထပ်ပြီး ပြောရရင်တော့ သူဟာ မောင်ရင့်ဆွေမျိုးလို့ ကိုယ်ကြားရတာပဲ၊ သူ့ဆီကို မောင်ရင် ခဏခဏ သွားတယ် မဟုတ်လား၊ နောက်ပြီးတော့ မောင်ရင်ဟာ သူနဲ့ ချစ်ကြိုက်နေတဲ့ လူတယောက် မဟုတ်ဘူးဆိုတာလည်း မောင်ရင်ကိုယ်တိုင် ကိုယ့်ကို ပြောခဲ့တယ် မဟုတ် လား၊ မောင်ရင်တို့တတွေ အားလုံးဟာ ဘာဖြစ်လို့ သူ့ကို ဒါလောက် အထင်သေး အမြင်သေး ဖြစ်နေကြရတာလဲ၊ တကယ်ပဲ ဒီလိုမျိုးလား”

အလျှိုရှာ မျက်နှာနီရဲစွာဖြင့် ပြောသည်။

"ကိုယ် သူ့ဆီကို သွားတာ ကိုယ့်မှာ သွားစရာကိစ္စ ရှိလို့ပဲပေါ့၊ ဒါ မောင်ရင်တို့အလုပ် မဟုတ်ဘူး၊ ဒါပေမဲ့ ဆွေမျိုးကိစ္စ ပြောရမယ်ဆိုရင်တော့ မောင်ရင်က ကိုယ့်ထက်ပိုပြီး သူနဲ့ ဆွေမျိုးတော်နိုင်သေး တယ်၊ မောင်ရင့်အစ်ကိုနဲ့ ပတ်သက်လို့ ဖြစ်စေ၊ မောင်ရင့်အဖေနဲ့ ပတ်သက်လို့ ဖြစ်စေပေါ့၊ ကဲ... ဒါပဲပေါ့၊ မောင်ရင် သွားစရာရှိတဲ့ မီးဖိုချောင်ကို သွားပါတော့၊ ဘုရားသခင်... ဟိုမှာ ဘာတွေ ဖြစ်နေတာလဲ၊ ကိုယ်တို့ နောက်ကျသွားပြီထင်တယ်။

"ထမင်းစားပွဲ ဒါလောက် စောစောကြီး ပြီးသွားတာတော့ မဖြစ်နိုင်ဘူး။ ကာရာမာဇော့တွေ ပြဿနာ ဖော်ကြပြန်ပြီနဲ့တူတယ်၊ သေချာတယ်၊ ဟိုမှာ ဟိုမှာ... မောင်ရင့်အဖေ၊ အိုက်ဗင်က သူ့နောက်ကို ပြေးလိုက်သွားနေတယ်၊ ဆရာတော်ကြီး အခန်းကနေ သူတို့ ပြေးထွက်သွားကြတာပဲ၊ ဟိုမှာ ကြည့်စမ်း၊ ဖားသား အိုင်ဆီဒိုးက လှေကားပေါ်ကနေ သူတို့ကို လှမ်းအော်ပြောနေတယ်၊ မောင်ရင့်အဖေကလည်း လက်နှစ်ဖက်ကိုယမ်းပြီး ဘာလဲ မသိဘူး ပြန်အော်နေတယ်၊ ကိုယ်ထင်တာတော့ ဆဲလား ဆိုလား လုပ်နေပြီနဲ့တူတယ်၊ အား... ဟိုမှာ မီယူဆော့ သူ့ရထားနဲ့ ထွက်သွားပြီ။ မြေပိုင်ရှင် မက်ဇီမော့ နောက်က ပြေးလိုက်သွားတယ်... ပွဲကြီးပွဲကောင်းတခု ဖြစ်တာတော့ သေချာတယ်။ ထမင်းစားပွဲ ဘယ်လိုမှမဖြစ်တာ သေချာတယ်၊ ဆရာတော်ကြီးကို တော့ သူတို့ ထောင်းထု မသွားတန်ကြကောင်းပါဘူး၊ ဒါမှမဟုတ် သူတို့ချင်းချင်း ဆော်ပလော် တီးကြပြီလားပဲ၊ ဒီအတိုင်းဖြစ်ဖို့ ကောင်းတာပဲ"

ရာကီတင်က ယင်းသို့ ပြောနေသည်မှာ ပြောသင့် ပြောထိုက်၍ပင် ဖြစ်တော့သည်။ ဗရုတ်သုတ်ခ ဝရုန်းသုန်းကား ဖြစ်နေကြသည်မှာ အမှန်ပင်၊ တကြိမ်တခါမျှ မကြားဖူးသည်များ၊ အနည်းငယ်မျှ မျှော်လင့်မထားသည်များ တမုဟုတ်ချင်း အတွင်းမှာ ဖြစ်ပေါ်လာကြခြင်းပင်။

၈။ ဗရုတ်သုတ်ခ မြင်ကွင်း

မီယူဆော့သည် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်းရှိသော လူကြီးလူကောင်း တယောက် ဖြစ်သည်နှင့်အညီ အိုက်ဗင်နှင့်အတူ ကျောင်းထိုင် ဆရာတော်ကြီး၏ အဆောင်တော်သို့ ရောက်ရှိသောအခါ စိတ်ထဲတွင် စဉ်းစားချင့်ချိန်ခြင်း ဖြစ်မိတော့သည်။ သူ့ကိုယ်သူ မထိန်းချုပ်နိုင်ဘဲ ဒေါသအိုး ပေါက်ကွဲခဲ့မိသည့်အတွက်လည်း စိတ်ထဲတွင် ရှက်နေသည်။ ဘာမျှ တန်ဖိုးမရှိသော၊ အသုံးမကျသော လူပေါကြီး ကာရာမာဇော့အတွက် ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် ဖြစ်ခဲ့ရသည်များကို ခေါင်းထဲတွင် အလေးထားမနေသင့်ဟု သူ တွေးမိသည်။ ယင်းကြောင့် အားလုံးကိုပင် သူ မေ့ပစ်လိုက်သည်။

"ဒီကိစ္စမှာ ဘုန်းကြီးတွေအပြစ် ဘာမှမရှိဘူး" ဆရာတော်ကြီး၏ ကျောင်းဆောင်ပေါ်အတက် လှေကားထစ်များပေါ်တွင် သူ တမုဟုတ်ချင်း ဆုံးဖြတ်လိုက်သည်။ "ဒီမှာရှိတဲ့ လူတွေဟာ လူကောင်းသူကောင်းတွေ ဖြစ်ခဲ့ရင် (ဆရာတော်ကြီးဟာ သူတော်ကောင်း သူတော်မြတ်ကြီးတပါးပဲ ဖြစ်မယ်) ဒါဆိုရင်... ငါတို့ဟာ သူတို့နဲ့ ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ် မဟုတ်လား၊ သူတို့နဲ့ ငါ မငြင်းဘူး၊ မခုံဘူး။ သူတို့နဲ့ ပြေလည်မှုရအောင် ငါ အတတ်နိုင်ဆုံး ကြိုးစားမယ်၊ သူတို့ကို ငါ ယဉ်ကျေးသိမ်မွေ့ခြင်းနဲ့ အောင်နိုင်အောင် ကြိုးစားမယ်၊ ငါနဲ့ အဲဒီလူပေါကြီးနဲ့ ဘာမှ မဆိုင်ဘူးဆိုတာ ပြရမယ်။

"ထင်းခုတ်တဲ့ကိစ္စနဲ့ ငါးဖမ်းတဲ့ ကိစ္စတွေအတွက် ရုံးတင် တရားစွဲထားတာတွေကိုလည်း အပြီးအပိုင် ရုပ်သိမ်းလိုက်မယ်"(အမှန်တော့ ထိုထင်းတောများနှင့် ထိုချောင်းများသည် မည်သည့်နေရာတွင် ရှိသည်ကို သူ အတိအကျ မသိပါ)။

ကောင်းမြတ်သော သဘောထားများကို စိတ်ထဲတွင် ပွားများလျက် ကျောင်းထိုင် ဆရာတော်၏ ဆွမ်းစားဆောင်အတွင်းသို့ သူတို့ ဝင်ရောက်သွားကြသည်။ တိတိကျကျ ပြောရလျှင်တော့ ကျောင်းထိုင်ဆရာတော်တွင် ဆွမ်းစားဆောင်ကြီး မရှိပါ။ အခန်းနှစ်ခန်းသာ ရှိပါသည်။ တခုတော့ ရှိသည်။ ခင်ကြီး ဇော်ဇီမာ၏ အခန်းများထက်တော့ ပိုကောင်းမွန်ပါသည်။ သို့သော် အခန်းတွင်းတွင် မွမ်းမံပြင်ဆင် ဆင်ယင်ထားသည်များမှာကား အဖိုးအနဂ္ဃ ထိုက်တန်လှသည် မဟုတ်ပါ။ ပရိဘောဂ များကို မဟောဂနီသားဖြင့် ပြုလုပ်ထားပြီး သားရေဖြင့် ဖုံးအုပ်ထားသည်။ ၁၈၂၀ ခုနှစ် ပုံစံဟောင်း များ ဖြစ်ကြသည်။

အခန်းကြမ်းပြင်မှူကား အစွန်းအကွက် အပြောက်အစက် မရှိ ဖိတ်ဖိတ်တောက် ပြောင်လက်လျက် ရှိသည်။ ပြတင်းပေါက်များတွင် ပန်းပွင့်တွေ ဝေနေသည်။

သူတို့ ရောက်ရှိသွားချိန်တွင် အခမ်းနားဆုံးနှင့် အသားနားဆုံး အရာတခုကား သေသေချာချာ ကျကျနန ခင်းကျင်းပြင်ဆင်ထားသော ထမင်းစားပွဲကြီးဟုသာ ဆိုရပေမည်။ စားပွဲခင်းက သန့်ပြီး လှနေသည်။ ငွေဇွန်း၊ ငွေခက်ရင်းနှင့် ငွေလင်ပန်းများမှာ ဖိတ်ဖိတ် တောက်နေသည်။ အထူးကောင်းမွန်စွာ ဖုတ်ထားသော ပေါင်မုန့် သုံးမျိုး ရှိသည်။ ဝိုင် နှစ်ပုလင်း ရှိသည်။ ပျားရည်ဖြင့် ဖောက်ထားသော အရက်ချို နှစ်ပုလင်း ရှိသည်။ ကဗားအရက် တဖန်ချိုင့် ရှိသည်။ ပျားရည်အရက် နှင့် ကဗားဝီစကီတို့သည် ဤကျောင်းဆောင်ကြီးတွင် ချက်ဖောက်ပြီး ဤအနီးဝန်းကျင်တွင် ထင်ရှားကျော်ကြားလှပေသည်။ သို့သော် ဗော့ဒကာ အရက်ပြင်းမူကား မပါရှိပါချေ။

ဤထမင်းစားပွဲတွင် ဟင်းမည် ငါးမျိုး ပါရှိကြောင်း ရာကီတင်က နောက်ပိုင်းတွင် ပြန်လည် ပြောဆိုသည်။ စတားလက် ငါးကလေးစွပ်ပြုတ်နှင့် ငါးဥပနာမုန့်၊ ထို့နောက် အထူးတလည် စီမံထားသော ငါးပေါင်း၊ ဆော်လမွန် ကက်တလိပ်၊ ပူတင်းနှင့် သစ်သီးယို၊ နောက်ဆုံးပိတ်အနေဖြင့် အသီးစုံ ဂျယ်လီ ဖြစ်သည်။ ဤကား ရာကီတင်အနေနှင့် အနံ့ခံ သိရှိထားခြင်းပင် ဖြစ်သည်။ သူသည် ဆရာတော်၏ မီးဖိုချောင်အတွင်းသို့ ဝင်ရောက်ကာ မစပ်စုဘဲ မနေနိုင်၍ပင် ဖြစ်သည်။ သူသည် ဆရာတော်၏ မီးဖိုဆောင်နှင့် အမြဲတမ်းလိုပင် ဆက်စပ်လျက် ရှိခဲ့သည်။ သည်မျှမကပါ၊ သူသည် နေရာတိုင်းနှင့်ပင် ဆက်စပ်မှုရှိပြီး နေရာတိုင်းမှာပင် စပ်စုခြင်း ရှိတတ်ပါသည်။ သူသည် ဂနာမငြိမ် ရှိပြီး သူများတွေကိုလည်း အမြဲတမ်းလိုပင် မနာလိုတိုရှည် ဖြစ်နေတတ်သည်။ သူ့မှာရှိသည့် အရည်အချင်းတွေကိုလည်း သူ ကောင်းကောင်းသိသည်။ သို့သော် သူသည် ရှိတာထက် ပိုပြီး မိမိကိုယ်မိမိ အထင်ကြီးနေသူတဦးလည်း ဖြစ်သည်။ တနေ့တွင် သူသည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တဦး ဖြစ်လာမည်ကို သူ့ဘာသာသူ သိနေသည်။

သို့သော် သူ့အကြောင်းကို အများကြီးသိနေသော အလျှိုရှာကမူ သူ့အတွက် စိုးရိမ်နေမိသည်။ အရေးအကြီးဆုံး အချက်မှာ မရိုးသားခြင်းပင် ဖြစ်သည်။ သည်အကြောင်းကိုလည်း သူ့ဘာသူ မသိဘဲ ရှိနေသည်။ မသိရုံမျှမက သူ့ကိုယ်သူ အင်မတန် ရိုးသားသူတယောက်ဟု ထင်နေသည်။ အကြောင်းမှာ သူ မခိုးတတ်ပါ။ စားပွဲတခုပေါ်တွင် ငွေတွေကို အလွယ်တကူ တွေ့နေလျှင်လည်း သူ ယူသွားမည် မဟုတ်၊ ဤကိစ္စနှင့် ပတ်သက်၍ကား သူ့ကို မည်သူကမျှ ဖြားယောင်း သွေးဆောင်နိုင်မည် မဟုတ်ပါ။

ရာကီတင်သည် ဤကျောင်းတိုက်ကြီးတွင် အရေးပါလှသူတဦး မဟုတ်သဖြင့် ထမင်းစားပွဲသို့ ဖိတ်ကြားခြင်း မခံရပါ။ ဖားသား ပေဆီ၊ ဖားသား လိုက်ဗရီယင်နှင့် အခြား ဘုန်းကြီးတပါးတို့သာ ဖိတ်ကြားခြင်း ခံရသည်။

မီယူဆော့၊ ကာဂါနော့နှင့် အိုက်ဗင်တို့ ရောက်ရှိသွားချိန်တွင် ဘုန်းကြီးသုံးပါးသည် ထမင်းစားခန်း အတွင်းတွင် ရောက်နှင့်နေကြပြီ ဖြစ်သည်။ ဆရာတော်ကြီး ထွက်လာမည်ကို စောင့်မျှော်နေကြ သည်။ မြေပိုင်ရှင်ကြီး မက်ဇီမော့လည်း ရောက်နှင့်နေပြီး အခန်းထောင့် တနေရာတွင် မတ်တတ်ရပ် လျက်ရှိသည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် ဧည့်သည်များကို လက်ခံတွေ့ဆုံရန် အခန်းတွင်းသို့ ဝင်ရောက်လာ သည်။ ဆရာတော်ကြီးသည် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးပင် ဖြစ်သည်။ သို့သော် အတော်ကြီးပင် မာချာသေးပုံရသည်။ ဆံပင်အနက်များတွင် အဖြူအနည်းငယ်သာ ဖောက်သေးသည်။ မျက်နှာ သွယ်သွယ်တည်တည်ရှိပြီး ဥပဓိရုပ် ကောင်းမွန်သည်။ ဆရာတော်သည် ဧည့်သည်များကို ခပ်မဆိတ်ပင် ဦးညွတ်နှုတ်ဆက်သည်။ သို့သော် သည်တကြိမ်တွင်ကား သူတို့အားလုံးပင် ကောင်းချီး ပေးခြင်းကို ခံယူရန် ဆရာတော်အနီးသို့ ချဉ်းကပ်သွားကြသည်။ မီယူဆော့ဆိုလျှင် ဆရာတော်၏ လက်ကို နမ်းရှုပ်ရန်ပင် ကြိုးစားသည်။ သို့သော် ဆရာတော်က လက်ကို ရုပ်လိုက်သဖြင့် သူ၏ရည်ရွယ်ချက် မအောင်မြင်ပါ။ အိုက်ဗင်နှင့် ကာဂါနော့တို့မူကား ဂါရဝပြုခြင်း အမှုကို အပြည့်အစုံ လုပ်ဆောင်ကြသည်။ သူတို့သည် ရိုးသားသော တောသူတောသားကြီးများနည်းတူ ဆရာတော်၏လက်ကို အသံထွက်အောင်ပင် နမ်းရှုပ်ကြသည်။

“ဆရာတော်ဘုရားကို တပည့်တော်တို့ အနူးအညွတ် တောင်းပန်ကြရပါမည် ဘုရား” မီယူဆော့က ပွင့်လင်းဝေဆာသော အပြုံး၊ တည်ငြိမ် လေးနက်သော လေသံဖြင့် လျှောက်ထားလိုက်သည်။ “မစ္စတာ ကာရာမာဇော့ မပါရှိဘဲ တပည့်တော်တို့ချည်း ရောက်ရှိလာတဲ့အတွက်ပါပဲ ဘုရား၊ အရှင်ဘုရားဟာ သူ့ကိုလည်း ဖိတ်ကြားထားတယ်လို့ တပည့်တော် နားလည်ပါတယ် ဘုရား၊ အရှင်ဘုရား ဖိတ်ကြားတာကို သူမလာနိုင်တာလည်း သူ့မှာ ခိုင်လုံတဲ့အကြောင်း ရှိပါတယ် ဘုရား၊ သူဟာ ကံမကောင်း အကြောင်းမသင့်ချင်တော့ သူ့သားနဲ့ ဖြစ်တဲ့ကိစ္စကို အကြောင်းပြုပြီး ခင်ကြီး ဇော်ဇီမာရဲ့ကျောင်းသင်္ခမ်းမှာ စကား အနည်းငယ် ကျွံသွားပါတယ်၊ အဲဒီစကားတွေဟာ... အဲ... မဆိုင်တာတွေ... အဲ အဲ မပြောသင့်တာတွေ... အဲ... အဲဒီစကားတွေကို (ဘုန်းကြီးများကို မီယူဆော့ တချက်ကြည့်လိုက်ပြီး) အရှင်ဘုရား ကြားပြီးပြီလို့ တပည့်တော် ထင်ပါတယ်။

“အဲဒီတော့ ဘုရား... သူဟာ သူ့အမှားကို သူသိမြင်ပြီး အဲဒီအတွက်

တကယ်ပဲ စိတ်မကောင်းဖြစ်ပြီး... နောက်ပြီးတော့ သူ့စိတ်ထဲမှာ အင်မတန် ရှက်သွားပြီး သူမလာနိုင်တဲ့အတွက် အထူးပဲ စိတ်မကောင်းပါဘူးလို့ တောင်းပန်ပေးပါလို့ တပည့်တော်နဲ့ သူ့သား အိုက်ဗင်ကို မှာလိုက်ပါတယ် ဘုရား၊ အတိုချုပ် လျှောက်ထားရမယ် ဆိုရင်တော့ ဘုရား သူဟာ သူ့အမှားတွေကို နောက်ပိုင်းမှာ ပြင်ပါမယ်တဲ့ ဘုရား၊ အဲဒီအတွက် အရှင်ဘုရားက သူ့ကို ခွင့်လွှတ်ပြီး ကောင်းချီးပေးဖို့ လျှောက်ထားလိုက်ပါတယ်တဲ့ ဘုရား"

မီယူဆော့၏စကား ပြီးဆုံးသွားသည်။ သူသည် ဤလျှောက်ထားချက်ကြီး၏ နောက်ဆုံးအပိုဒ်ကို ပြောကြားပြီးသောအခါ သူ့ကိုယ်သူ များစွာမှ ကျေနပ်နှစ်သက်သွားတော့သည်။ သူ့ကိုယ်တွင် အမျက်ဒေါသဟူ၍ မြူမှုန်တမှုန်မျှပင် မကျန်ရှိတော့ပါ။ သူသည် လူသားများအပေါ်တွင် မေတ္တာတရား အပြည့်အဝ ထားရှိချေတော့သည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် သူ၏လျှောက်ထားချက်များကို ဣန္ဒြေကြီးစွာဖြင့် နားထောင် သည်။ ထို့နောက် ဦးခေါင်းကို အနည်းငယ် ငဲ့စောင်းကာ ပြန်ကြားသည်။

"သူ မလာနိုင်တဲ့အတွက် ကျုပ် အများကြီး စိတ်မကောင်းပါဘူး၊ သူ ဒီကို နောက်လာခဲ့လို့ရှိရင် ကျုပ်တို့က သူ့အပေါ်မှာ မေတ္တာတရား ရှိသလို သူကလည်း ကျုပ်တို့အပေါ်မှာ မေတ္တာတုံ့ပြန်နိုင် ပါလိမ့်မယ်၊ လူကြီးမင်းများ ထိုင်ကြပါ"

ထို့နောက် ဆရာတော်ကြီးသည် ပုံကားတော်ဘက်သို့ လှည့်လျက် အသံထွက်ကာ ဆုတောင်းခြင်း ပြုသည်။ အားလုံးပင် ရိုသေလေးမြတ်စွာ ခေါင်းငုံ့ထားကြသည်။ မက်ဇီမော့သည် အထူးပင် စိတ်အားထက်သန်စွာဖြင့် ကိုယ်ကို ကိုင်းညွှတ်ကာ လက်နှစ်ဖက်ကို ရှေ့တွင် ယှက်ထားသည်။

ယင်းအခိုက်မှာပင် ကာရာမာဇော့သည် သူ၏ နိဂုံးချုပ် ဇာတ်မြူးကြီးကို ကပြလေတော့သည်။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ရပြီးသည့်နောက်ပိုင်း ဘာတခုမျှ မဖြစ်ပျက်သည့်ဟန်ဖြင့် ကျောင်းထိုင်ဆရာတော်ထံသို့ သွားရောက်ရန် မဖြစ်နိုင်သည့် အတွက် သူသည် အိမ်ပြန်ရန် အမှန်တကယ်ပင် စိတ်ကူးခဲ့လေသည်။ သူ့ကိုယ်သူ ရှက်နေမိ၍တော့ မဟုတ်ပါ။ သူ့စိတ်ထဲတွင် ယင်းသို့ ထင်မြင်ဟန် မရှိပါ။ သို့သော် ထမင်းစားပွဲသို့ သွားရန် မသင့်လျော်ဟုကား သူ ယူဆသည်။

သူ၏ တကျိုးကျိုး တကျွိကျွိ မြင်းရထား ဟိုတယ်ရှေ့သို့ ရောက်ရှိလာပြီး မြင်းရထားပေါ်သို့ တက်တော့မည်အပြုမှာပင် သူ့ခြေလှမ်းများ တုံ့ခနဲ တန့်ရပ်သွားသည်။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းတွင် သူပြောခဲ့သော စကားများကို ပြန်လည် အမှတ်ရလာသည်။ "ကျုပ်ဟာ လူတွေနဲ့ တွေ့တိုင်း

သူတို့ထက် အောက်တန်းကျတယ်လို့ ခံစားရတယ်၊ သူတို့က ကျုပ်ကို လူပေါကြီးလို့ပဲ သဘောထားကြတယ်၊ အဲဒီတော့ ကျုပ်ကလည်း လူပေါကြီးပဲ လုပ်မယ်လို့ ဆုံးဖြတ်ထားလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ ကျုပ်ထက်ပိုပြီး အောက်တန်းကျတဲ့လူတွေ ဖြစ်လို့ပဲ" သူသည် လူတွေအားလုံးကို လက်စားချေလိုလျက်ရှိသည်။

ထိုစဉ်မှာပင် သူ့ကို တချိန်တုန်းက လူတယောက်က မေးခဲ့ဖူးသည်ကို အမှတ်ရမိပြန်သည်။ "အဲဒီလူကို ခင်ဗျား ဘာဖြစ်လို့ ဒီလောက် မုန်းနေရတာလဲ" ထိုအခါ သူသည် လုံးဝ အရှက်မရှိဘဲနှင့် ပြန်လည် ပြောကြားလိုက်သည်။ "ဘာဖြစ်လို့လဲဆိုတာ ကျုပ် ပြောမယ်၊ ကျုပ်ကို သူ ဘာမှ မလုပ်တာ အမှန်ပဲ၊ ဒါပေမဲ့ ကျုပ်က သူ့အပေါ်မှာ မဟုတ်တာ လုပ်ခဲ့တယ်၊ အဲဒီလို မဟုတ်တာ လုပ်တဲ့အချိန်မှာပဲ ကျုပ်ဟာ သူ့ကို မုန်းတီးခဲ့တယ်"

ယင်းအချက်ကို ပြန်လည်စဉ်းစားမိသောအခါ သူ ပြုံးမိသည်။ ခေတ္တမျှ သူ တုံ့ဆိုင်းနေမိသည်။ သူ၏မျက်တောင်များ တဖျပ်ဖျပ်ခတ်ပြီး နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။ "အလုပ်တခုကို စမိပြီဆိုရင် ဆုံးအောင်လုပ်ရမယ်" သူ ဆုံးဖြတ်ချက် ချလိုက်သည်။ သူ၏ အတွင်းစိတ်တွင် အောက်ပါအတိုင်း ဖြစ်လာသည်။ ခုအချိန်ကျမှ ငါ့ဘဝကို ပြန်လည် တည်ထောင်နေလို့ မရနိုင်တော့ဘူး၊ အဲဒီတော့ ငါ့အနေနဲ့ ကမ်းကုန်အောင် ဆက်လုပ်ဖို့ပဲ ရှိတော့တယ်။ သူတို့ ငါ့ကို ဘယ်လိုထင်တာကို ငါ ဘာမှ ဂရုမစိုက်ဘူးဆိုတာ ပြရမယ်၊ ဟုတ်ပြီ... ဒါပဲ"

သို့ဖြင့် သူသည် ရထားမောင်းသူကို စောင့်ရန် မှာကြားပြီး ကျောင်းတိုက်ကြီးသို့ ပြန်လာသည်။ ကျောင်းထိုင်ဆရာတော်၏ အဆောင်သို့ တန်းတန်းမတ်မတ် သွားသည်။ သို့သော် ဆရာတော်၏ အဆောင်သို့ ရောက်ရှိသောအခါ သူ ဘာလုပ်ရမည် မသိပါ။ တခုတော့ သေချာသည်။ သူ့ကိုယ်သူ ထိန်းချုပ်နိုင်ခြင်း မရှိပါ။ အစကလေး နည်းနည်း ထောင်လာသည်နှင့် တပြိုင်နက် သူသည် မဟုတ်မဟတ်တာတွေ လုပ်မိမှာ သေချာသည်။ သို့သော် ရာဇဝတ်မှုနှင့် ဆိုင်သော အပြုအမူမျိုး၊ ရုံးပြင်ကနား ရောက်မည့် အပြုအမူမျိုးကိုတော့လည်း လုပ်မည်မဟုတ်ပါ။ သည်လိုအပြုအမူမျိုး မကျူးလွန်မိအောင်တော့ သူ့ကိုယ်သူ ကောင်းစွာ ထိန်းနိုင်သည်။ သည်လို ထိန်းနိုင်သည့်အတွက် လည်း သူ့ကိုယ်သူ မကြာခဏ အံ့သြမိရသည်။

ဆရာတော်ကြီးနှင့် ဧည့်သည်များ ဆုမွန်ကောင်းတောင်းပြီး စားပွဲတွင် ထိုင်ကြတော့မည် အပြုတွင် သူ ရောက်ရှိသွားသည်။ တံခါးပေါက်ဝတွင် ရပ်လိုက်ပြီး အခန်းတွင်းမှ လူများကို ကြည့်လိုက်သည်။ ထို့နောက် သူသည် သူတို့မျက်နှာများကို စေ့စေ့ကြည့်လျက် မခိုးမခန့် ရယ်မောလိုက်သည်။

“ဟား ဟား ဟား.. သူတို့က ငါပြန်သွားပြီလို့ ထင်နေကြတယ်၊ ငါ မပြန်သေးဘူး၊ ဒီမှာဟေ့...”

အတန်ကြာအောင်ပင် အခန်းတွင်းရှိလူအားလုံးသည် စကားတခွန်းမှ မပြောနိုင်ဘဲ သူ့ကို ငေးစိုက်ပြီး ကြည့်နေမိကြသည်။ မကိုးမကား မဟုတ်မဟတ် ကမောက်ကမ အဖြစ်ကြီးတခုတော့ ဖြစ်တော့မှာပဲ ဟု သူတို့အားလုံး စိတ်ထဲတွင် ရုတ်တရက် ထင်လိုက်မိကြသည်။ မီယူဆော့သည် အင်မတန် နူးညံ့သိမ်မွေ့သော အနေအထားမှသည် အင်မတန် ရိုင်းစိုင်း ခက်ထန်သောအဖြစ်သို့ တမုဟုတ်ချင်း ကူးပြောင်းသွားသည်။ သူ့ရင်ထဲတွင် ငြိမ်းအေး ပျောက်ဆုံးသွားသော အရာများအားလုံး ပြန်လည် ရှင်သန် ပေါ်ထွက်လာသည်။ “ကျုပ် သည်းမခံနိုင်ဘူး၊ သည်းမခံနိုင်ဘူး၊ ဘယ်လိုမှ သည်းမခံနိုင်ဘူး” သူ အော်လိုက်သည်။

သူ့မျက်နှာကြီး ရဲရဲနီနေသည်။ သူပြောလိုက်သည့် စကားသည်ပင် ဒေါသဖြင့် ဗလုံးဗထွေး ဖြစ်နေသည်။ သို့သော် သူသည် ဤအချက်များကို သတိမပြုနိုင်တော့ပါ။ သူ့ဦးထုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

“သူက ဘာကို သည်းမခံနိုင်တာလဲ” ကာရာမာဇော့က ပြန်အော်သည်။ “သူ တကယ်ပဲ သည်းမခံနိုင်တော့ဘူး ဟုတ်လား။ ဒီမှာ ဆရာတော်ဘုရား၊ တပည့်တော် ဝင်လာရမလား၊ ဝင်မလာရဘူးလား၊ တပည့်တော်ကို အရှင်ဘုရားရဲ့ ဧည့်သည်တယောက်အဖြစ် လက်ခံမလား...”

“ဒကာကြီးကို ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုဆိုပါတယ်” ကျောင်းထိုင်ဆရာတော်က ပြန်ကြားသည်။ “လူကြီးမင်းများကို ကျွန်ုပ် အနူးအညွတ် မေတ္တာရပ်ခံပါတယ်၊ လူကြီးမင်းတို့မှာ ရှိနေတဲ့ အာဃာတတွေကို ဖယ်ရှားကြပါ၊ တယောက်နဲ့ တယောက် ဆွေမျိုးရင်းချာတွေလို ချစ်ခင် ညီညွတ်ကြပါ၊ ဤစားပွဲမှာထိုင်ပြီး ဘုရားသခင်ထံမှာ ဆုမွန်ကောင်း တောင်းကြပါ”

“မဖြစ်ဘူး ... မဖြစ်ဘူး၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

မီယူဆော့ သူ့စိတ်သူ မထိန်းနိုင်ဘဲ ဟစ်အော်လိုက်သည်။

“ဟုတ်ပြီ၊ မီယူဆော့က မဖြစ်နိုင်ဘူးဆိုရင် ကျုပ်ကလည်း မဖြစ်နိုင်ဘူးပေါ့၊ ကျုပ် မနေတော့ဘူး၊ အဲဒီအတွက် ကျုပ် လာတာပဲ၊ ဒီက ရှေ့မှာ ကျုပ်ဟာ မီယူဆော့နဲ့ အမြဲတမ်း အတူတူပဲရှိနေမယ်၊ သူသွားမယ်ဆိုရင် ကျုပ်လည်း သွားမယ်၊ သူနေမယ်ဆိုရင် ကျုပ်လည်း နေမယ်။ အရှင်ဘုရား ပြောလိုက်တဲ့စကားဟာ သူ့ကို အများကြီး ထိခိုက်သွားတယ်။ အရှင်ဘုရားက မိသားစု ညီညွတ်ရေး ကို ပြောလိုက်တယ်၊ သူက တပည့်တော်ကို ဆွေမျိုးတယောက်အဖြစ် လက်မခံဘူး၊ အဲဒါ ဟုတ်တယ် မဟုတ်လား၊ ဗွန်ဆွန်။ ဟိုမှာ ရပ်နေတဲ့ ဗွန်ဆွန်ကြီး၊ ဘယ်နှယ့်လဲ

နေကောင်းပါစ ဗွန်ဆွန်ကြီး…”

“ခင်ဗျား ပြောနေတာ ကျုပ်ကိုလား”

မက်ဇီမော့ အံ့အားသင့်စွာဖြင့် မေးသည်။

“အမှန်ပဲပေါ့၊ ခင်ဗျားကို ပြောနေတာပဲ၊ ဘယ်သူ့ကို ပြောနေတယ်များ ခင်ဗျားက ထင်လို့လဲ၊ ဆရာတော်ဘုရားဟာ ဗွန်ဆွန် မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်လို့လား” ကာရာမာဇော့က ပြန်ကြားသည်။

“အို ကျုပ်က ဗွန်ဆွန်မှ မဟုတ်ဘဲ၊ ကျုပ်က မက်ဇီမော့ပဲ”

“မဟုတ်ပါဘူး၊ ခင်ဗျားဟာ ဗွန်ဆွန်ပဲ၊ ဗွန်ဆွန်ဆိုတာ ဘယ်သူလဲဆိုတာ ဆရာတော် သိသလား၊ သူ့အမှုဟာ တကယ့် နာမည်ကျော် လူသတ်မှုကြီးပေါ့။ သူဟာ မကောင်းတဲ့ အိမ်တအိမ်မှာ အသတ်ခံခဲ့ရတာပဲ၊ အရှင်ဘုရားတို့အနေနဲ့ အဲဒီအိမ်တွေကို မကောင်းတဲ့အိမ်တွေလို့ပဲ ခေါ်တယ် မဟုတ်လား၊ သူဟာ အဲဒီမှာ အလုခံရပြီး အသတ်ခံရတာပဲ၊ သူဟာ လေးစားကြည်ညိုထိုက်တဲ့ အံ့ဖွယ်လူကြီးတယောက် ဖြစ်ပေမဲ့ သူ့အလောင်းကို သေတ္တာတလုံးထဲ ထည့်၊ အပေါ်က သံရိုက်ပြီး ကုန်ရထားတစီးနဲ့ ပီတာစဘတ်ကနေ မော်စကိုကို ပို့လိုက်ကြတယ်၊ ခေါင်းကို သံရိုက်တဲ့အချိန်မှာ ပြည့်တန်ဆာတွေဟာ ဗျပ်စောင်းကိုတီးပြီး သီချင်းတွေ ဆိုကြတယ်တဲ့၊ ဗျပ်စောင်းဆိုတာ စန္ဒရားကို ပြောတာပါ၊ အခု ဒီနေရာမှာ ရပ်နေတဲ့ လူကြီးဟာလည်း ဗွန်ဆွန်ပါပဲ၊ သူဟာ သေရာကနေ ပြန်ထလာတာပဲ။ ဟုတ်တယ် မဟုတ်လား… ဗွန်ဆွန်”

“ဘယ်လိုဟာတွေလဲ၊ ဘာတွေ ဖြစ်နေတာလဲ”

ဘုန်းကြီးများထံမှ အသံတွေ လွင့်ပျံလာသည်။

“သွားကြမယ်” မီယူဆော့က ကာဂါနော့ကို ပြောလိုက်သည်။

“နေပါဦး … ခဏလောက် နေကြပါဦး” ကာရာမာဇော့ အခန်းတွင်းသို့ တလှမ်း တိုးဝင်လာရင်း အသံစူးစူးဖြင့် ပြောသည်။ “ကျုပ်စကားကို အဆုံးသတ်ပါရစေဦး၊ ဟို ကျောင်းမှာတုန်းက ငါးကလေးတွေအကြောင်း ကျုပ်ပြောမိလို့ မရိုမသေ ပြောတယ်ဆိုပြီး ခင်ဗျားက ကျုပ်ကို အပြစ်တင်ခဲ့တယ်၊ ကျုပ်ရဲ့ဆွေတော်မျိုးတော်ကြီး မစ္စတာ မီယူဆော့က ရိုးသားခြင်းထက် မြင့်မြတ်ခြင်းက အရေးကြီးတယ်လို့ ခံယူထားပုံရတယ်၊ ကျုပ်ကတော့ သူနဲ့ ပြောင်းပြန်ပဲ၊ မြင့်မြတ်ခြင်းထက် ရိုးသားခြင်းက အရေးကြီးတယ်၊ မြင့်မြတ်ခြင်းဆိုတာ အလကားပဲ။ ဟုတ်တယ် မဟုတ်လား … ဗွန်ဆွန်။

"တပည့်တော်ကို ခွင့်လွှတ်ပါ အရှင်ဘုရား၊ တပည့်တော်ဟာ လူပေါကြီးတယောက် ဖြစ်ပြီး ပေါတောတော လုပ်နေပေမယ့် တပည့်တော်ဟာ တုံးတိုက်တိုက် ကျားကိုက်ကိုက်မို့ ကိုယ့်စိတ်ထဲမှာ ရှိတာတွေကို ထုတ်ပြောပါရစေ။ ဟုတ်တယ်၊ တပည့်တော်က တုံးတိုက်တိုက် ကျားကိုက်ကိုက်ပဲ၊ မစ္စတာ မီယူဆော့က ဘဝင်မြင့်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ လူတယောက်ပဲ။

"တပည့်တော် ကနေ့ ဒီကိုလာတာဟာ ကြည့်စရာတွေကို ကြည့်ပြီး ပြောစရာတွေကို ပြောဖို့ပဲ၊ ကျုပ်သား အလျှိုရှာဟာ ဒီမှာလာပြီး ခိုလှုံနေတယ်၊ ကျုပ်ဟာ သူ့အဖေပဲ၊ ကျုပ်ဟာ အလျှိုရှာကို ကြည့်နေတယ်၊ သူ့အကျိုးကိုကြည့်တာဟာ ကျုပ်တာဝန်ပဲ၊ ကျုပ်ဟာ တဖက်က ပေါတောတောတွေ လုပ်နေပေမယ့် တဖက်ကလည်း အခြေအနေတွေကို သေသေချာချာ လေ့လာနေတယ်၊ တပည့်တော် ဟာ အခု နောက်ဆုံးအကွက်ကို ကရတော့မယ်။

"တပည့်တော်တို့ အခု ဘာဖြစ်နေကြသလဲ၊ ဒီမယ် အရှင်ဘုရား... တပည့်တော်တို့ အခု ဘာဖြစ်နေသလဲ ဆိုတော့ တခုခုဟာ လဲကျသွားပြီဆိုရင် အဲဒီနေရာမှာပဲ တသက်လုံး ဒီအတိုင်းပဲ လဲနေရမယ်၊ ဒါပေမဲ့ အဲဒီလို မဟုတ်ဘူး အရှင်ဘုရား။ တပည့်တော်က လဲနေရာကနေ ပြန်ပြီး ထချင်တယ်။

"ဒီမယ် အရှင်ဘုရား... တပည့်တော်ဟာ အရှင်ဘုရားတို့ လုပ်နေတာတွေကို နည်းနည်းမှ သဘောမကျဘူး၊ စိတ်ထဲမှာ ဒေါသဖြစ်နေတယ်၊ အာပတ်ဖြေခြင်းဟာ မင်္ဂလာတပါးပဲ၊ တပည့်တော် ကိုယ်တိုင်လည်း ရှိသေလေးမြတ်စွာနဲ့ အာပတ်ဖြေဖို့ အဆင်သင့် ရှိပါတယ်။ ဒါပေမဲ့ ခင်ကြီးရဟန်းရဲ့ ကျောင်းသင်္ခမ်းထဲမှာ လူတွေဟာ ဒူးထောက်ပြီး၊ ပါးစပ်က အသံထွက်ပြီး ဖြောင့်ချက်ပေး အာပတ် ဖြေနေကြတယ်၊ အသံထွက်ပြီး အာပတ် ဖြေတာကို ခွင့်ပြုသလား၊ အာပတ်ဖြေတဲ့လူဟာ ဘုန်းကြီးရဲ့နား ကြားရုံမျှသာ နှစ်ကိုယ်ကြား ပြောဆိုရမယ်လို့ ရဟန်းမင်းကြီးက မိန့်ကြားထားတယ် မဟုတ်လား၊ အဲဒါမှသာ လူတယောက်ရဲ့ အာပတ်ဖြေခြင်းဟာ မင်္ဂလာတပါး ဖြစ်လာလိမ့်မယ်၊ ရှေးပဝေသဏီက လုပ်ဆောင်လာတဲ့ အစဉ်အလာနဲ့ ညီညွတ်ပေလိမ့်မယ်။

"တပည့်တော်ဟာ ဘယ်လိုလုပ်ပြီး လူတွေရှေ့မှာ ကျွန်တော် ဒါတွေ ဒါတွေ လုပ်ခဲ့ပါတယ်လို့ ပြောနိုင်ပါ့မလဲ၊ တပည့်တော် ပြောတာကို အရှင်ဘုရား သဘောပေါက်တယ် မဟုတ်လား။ တချို့တွေ ဆိုရင် အရှင်ဘုရားရဲ့ကျောင်းမှာ ကြိမ်ဒဏ်ပေးတာတွေ ဘာတွေတောင် လုပ်နေပြီလို့ ပြောတယ်။ တပည့်တော် အခွင့်အလမ်းရတာနဲ့ တပြိုင်နက် ဒီအကြောင်းတွေကို သာသနာရေးကောင်စီကို စာရေးပြီး တိုင်ကြားရလိမ့်မယ်၊ လောလောဆယ်မှာတော့ တပည့်တော်ရဲ့ သား အလျှိုရှာကို အိမ်ကို ပြန်ခေါ်သွားရမယ်"

သည်နေရာမှာ ကျွန်ုပ်တို့ တခု မှတ်သားထားရမည်။ ကာရာမာဇော့သည် ဤကျောင်းတိုက်နှင့် ပတ်သက်ပြီး အမျိုးမျိုး ထွက်ပေါ်နေသော ကောလာဟလများကို ကြားထားသည်။ ကျောင်းတိုက်ကြီးနှင့် ပတ်သက်သော မကောင်းသတင်းတို့သည် ဂိုဏ်းချုပ်ကြီး၏နားသို့တိုင် ပေါက်ရောက်သွားသည်။ ကျွန်ုပ်တို့မြို့ရှိ ကျောင်းတိုက်ကြီးအကြောင်း သာမက ခင်ကြီးရဟန်းများ ရှိသော အခြားကျောင်းတိုက်များ အကြောင်းပါ ဖြစ်သည်။ လူတွေက ခင်ကြီးရဟန်းများကို ကြည်ညိုသဒ္ဓါ လွန်လွန်းလျက် ရှိကြသဖြင့် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးတို့၏ ဩဇာအာဏာသည် ပင်လျှင် လျော့ပါးလျက် ရှိတော့သည်။ ခင်ကြီးရဟန်းတို့သည် အာပတ်ဖြေခြင်း စည်းကမ်းတို့ကို ချိုးဖောက်လျက် ရှိကြသည်။ သို့သော် ဤစွပ်စွဲချက်များသည် ကျွန်ုပ်တို့မြို့တွင်ရော အခြားမြို့ရွာ များတွင်ပါ ယခုအခါ ပပျောက်ကုန်ကြပြီ ဖြစ်သည်။

သို့သော် မကောင်းဆိုးဝါး ပူးကပ်လျက်ရှိသော ကာရာမာဇော့သည် မိုက်တွင်းထဲသို့ နစ်ဝင်သည် ထက် နစ်ဝင်လျက်ရှိပြီး တချိန်တုန်းက ဖြစ်ပေါ်ခဲ့သော စွဲချက်ဟောင်းများကို ပြန်လည် ထုတ်ဖော်လျက် ရှိတော့သည်။ သို့သော် သူသည် ဤအချက်များကို ရေရေလည်လည် တင်ပြနိုင်ခြင်း မရှိပါ။ အကြောင်းမှာ လက်ရှိကာလတွင် မည်သူမျှ ခင်ကြီးရဟန်း၏ ကျောင်းသင်္ခမ်းတွင် လူသိရှင်ကြား အာပတ်ဖြေခြင်း မပြုကြတော့ပါ။ ယင်းကြောင့် ယင်းအဖြစ်မျိုးကို သူကိုယ်တိုင် မြင်တွေ့ရခြင်း မရှိပါ။ ထို့ကြောင့် သူသည် ယခင်က မသဲမကွဲ ကြားခဲ့ဖူးသော ကောလာဟလ ဟောင်းများကိုသာ ပြန်လည်ပြောဆိုလျက်ရှိသည်။

သူသည် ယင်းသို့သော မဟုတ်မဟတ်တာတွေကို ပြောနေရင်းနှင့် ရုတ်ခြည်းဆိုသလို သူ့အပြစ်ကိုသူ သိရှိသွားသည်။ ထိုအခါ သူသည် မဟုတ်မဟတ်တာတွေ ပြောနေခြင်း မဟုတ်ကြောင်းကို သက်သေ ပြလိုလာသည်။ သို့တစေလည်း သူသည် တလုံး ထပ်ပြောတိုင်း အဓိပ္ပာယ်မရှိသည့်အဖြစ်သို့ တခါထပ်ပြီး နက်ရှိုင်းသွားနေတော့သည်။ သူသည် သူ့ကိုယ်သူ မည်သို့မျှတားဆီးခြင်း၊ ထိန်းချုပ်ခြင်း မပြုနိုင်တော့ဘဲ ဆင်ကန်းတောတိုး အဖြစ်သို့ ရောက်ရှိနေတော့သည်။

"သိပ်ရှက်ဖို့ကောင်းတယ်" မီယူဆော့က ဟစ်အော်သည်။

"ကျုပ် တခုပြောပါရစေ" ကျောင်းထိုင်ဆရာတော်က ရုတ်တရက် ပြောဆိုလိုက်သည်။ "ရှေးတုန်းက ဆိုရိုးစကားတခု ရှိပါတယ်၊ "လူအများက ကျွန်ုပ်ကိုဆန့်ကျင်ပြီး ပြောဆိုကြသည်။ ကျွန်ုပ်အကြောင်း မကောင်းပြောဆိုကြသည်။ ထိုစကားများကို ကြားရသောအခါ ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြန်ပြောရသည်။ ဤအရာများသည် ဘုရားသခင်၏ ဆိုဆုံးမမှုများဖြစ်သည်။ ငါ၏ အချည်းနှီးသော စိတ်မနောကို ကုစားပေးခြင်းပင် ဖြစ်သည်... အဲဒီသဘောအရ

ကျွန်ုပ်တို့ဟာ သင့်ကို များစွာမှ ကျေးဇူးတင်ရှိ ပါသည် ကျွန်ုပ်တို့၏ ဩဇ္ဈသည်တော်ကြီး...”

ဆရာတော် ဘုန်းကြီးသည် ကာရာမာဇော့ကို ဦးညွှတ်ခြင်း ပြုလိုက်သည်။

“ထပ်... ထပ်... ထပ်... စကားလုံး အဟောင်းအမြင်းတွေပဲ၊ စကားလုံး အဟောင်း အမြင်း၊ အမူအရာ အဆွေးအမြည့်တွေပဲ၊ ရိုးနေတဲ့ မုသားစကားတွေနဲ့ လုပ်ရိုးလုပ်စဉ် လောကဝတ်တွေပဲ၊ ဒီလိုမျိုး ခေါင်းညွှတ်ပြီး ဂါရဝပြုတာမျိုးတွေကို ကျုပ်တို့ ရိုးနေပြီ၊ လက်ထဲမှာ ဓားကို ဝှက်ထားပြီး ပါးစပ်က ပြုံးပြတာမျိုးပဲ၊ ဒီလို ဟန်ဆောင်တာမျိုးတွေကို ကျုပ် မကြိုက်ဘူး ဘုန်းကြီးတို့... ကျုပ်က မှန်တာပဲ ကြိုက်တယ်။

“ငါး ပေါက်စနကလေးတွေကို ခြိုးခြံပြီး စားနေရုံနဲ့ အမှန်တရားကို မရနိုင်ဘူးဆိုတာ ကျုပ် ရဲရဲကြီး ပြောလိုက်မယ်၊ ဘုန်းကြီးတို့ ဘာဖြစ်လို့ ဝါရှောင်ကြသလဲ၊ အဲဒီအတွက် ဘာဖြစ်လို့ ကောင်းကင်ဘုံ မှာ ဆုလာဘ် လိုချင်ကြသလဲ၊ အဲဒီလို အကျိုးပေးအတွက်ဆိုရင်တော့ ကျုပ်လည်း ဝါရှောင်နိုင်ပါ တယ်။ မဟုတ်သေးဘူး ဘုန်းကြီးတို့... ဘုန်းကြီတို့ဟာ အကျင့်သီလရှိဖို့ အရေးကြီးတယ်၊ လူ့လောကကြီးကို အကျိုးပြုဖို့ အရေးကြီးတယ်၊ သူများတွေ လှူတာတန်းတာကို စားပြီး ကျောင်းတိုက်ထဲမှာ ပိတ်မနေရဘူး၊ ကောင်းကင်ဘုံမှာ ခံစားဖို့ မျှော်လင့်မနေရဘူး၊ အဲဒါဆိုရင် ဘုန်းကြီးတို့ မလွယ်ဘူးပေါ့၊ ယထာဘူတ ကျအောင် ကျုပ် ပြောနိုင်ပါတယ် အရှင်ဘုရား၊ ကဲ... ကြည့်ရအောင်၊ ဒီမှာ ဘာတွေ ရှိသလဲဆိုတာ...”

စားပွဲဆီသို့ သူ လျှောက်သွားသည်။

“ဝိုင်က တပုလင်း၊ ပျားရည်အရက်က တပုလင်း၊ ကောင်းပါပေ့၊ ကောင်းပါပေ။ ငါးပေါက်စနကလေး တွေနဲ့တော့ တခြားစီ ဖြစ်သွားပြီ၊ စားပွဲပေါ်မှာ ဘုန်းကြီးတွေ ချထားတဲ့ ပုလင်း လှလှကလေးတွေကို ကြည့်ကြစမ်းပါ၊ ဟီး... ဟီး.. ဟီး... ဒါတွေကို ဘယ်သူတွေက လှူဒါန်းထားကြသလဲ၊ တောသူ တောင်သား မရှိဆင်းရဲသားတွေက ချွေးနဲ့စာနဲ့ လှူဒါန်းထားကြတာ၊ ဘုန်းကြီးတို့ဟာ ပြည်သူလူထုကြီးကို သွေးစုပ်နေကြတာပဲ”

“တကယ် ရက်စရာကောင်းတာပဲ”

ဖားသား လိုက်ဇရီယင်က ပြောလိုက်သည်။ ဖားသား ပေဆီမှာမူ ရေငုံနှုတ်ပိတ်လျက်ပင် ရှိသည်။ မီယူဆော့ အခန်းထဲမှ ပြေးထွက်သွားသည်။ ကာဂါနော့ သူ့နောက်မှ ပြေးလိုက်သွားသည်။

“အဲ ... ဘုန်းကြီးတို့ ကျုပ်လည်း မီယူဆော့နောက်ကို လိုက်သွားမှပဲ၊ ဘုန်းကြီးတို့နဲ့ တွေ့ရအောင် ကျုပ်လည်း ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး၊ ဘုန်းကြီးတို့က ဒူးထောက်ပြီး တောင်းပန်လည်း ကျုပ် မလာတော့ဘူး၊ ကျုပ်အနေနဲ့ ငွေတထောင် လှူထားဖူးလို့ ကျုပ်ကို မျှော်လင့်တကြီး ဖြစ်နေကြတယ် မဟုတ်လား၊ ဟီး... ဟီး.. ဟီး.. ဝေးသေးတယ်။ နောက်ဆိုရင် ခြူးတပြားမှ မရတော့ဘူးမှတ်၊ ကျုပ်ရဲ့ အတိတ်ကာလအတွက် ကျုပ် လက်စားချေရမယ်။ ကျုပ် အစော်ကား အနှိမ့်ချခံခဲ့ရတာတွေအတွက် လက်စားချေရမယ်”

သူက အင်မတန် စိတ်လှုပ်ရှား ခံစားလာရသည့်အနေဖြင့် စားပွဲကို လက်မနှင့် ထိုးဆောင့်လိုက်သည်။

“ဒီဘုန်းကြီးကျောင်းဟာ ကျုပ်ဘဝကို အများကြီး ခြယ်လှယ်ခဲ့တယ်၊ ဒီဘုန်းကြီးကျောင်းအတွက် ကျုပ် မျက်ရည်ကျခဲ့ရတယ်၊ ဘုန်းကြီးတို့ကြောင့် ကျုပ်မိန်းမ အရှုံးမက ကျုပ်ကို ကလန်ကဆန် လုပ်ခဲ့တယ်။ ဘုန်းကြီးတို့က ခေါင်းလောင်းတွေထိုး၊ ကျမ်းစာတွေဖတ်၊ ဖယောင်းတိုင်တွေထွန်းပြီး ကျုပ်ကို ကျိန်ဆဲခဲ့ကြတယ်၊ ကျုပ်အကြောင်းတွေကို တမြို့လုံး တနယ်လုံးမှာ လျှောက်ပြီး ပြောကြတယ်။ တော်ပြီ ဘုန်းကြီးတို့... ဒီခေတ်ကြီးဟာ လစ်ဗရယ်ခေတ်ပဲ၊ မီးသင်္ဘောနဲ့ မီးရထားတွေခေတ်ပဲ၊ ကျုပ်ဆီကနေပြီး ငွေတထောင် မပြောနဲ့၊ ငွေတရာ မပြောနဲ့... ငွေတကျပ် တောင် မရနိုင်တော့ဘူး”

ဤနေရာတွင်လည်း တခု မှတ်သားထားရပြန်ဦးမည်။ ကျွန်ုပ်တို့၏ ဘုန်းကြီးကျောင်းတိုက်သည် သူ့ဘဝနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိခဲ့ပါ။ ဘုန်းကြီးကျောင်းနှင့် ပတ်သက်ပြီး သူ မျက်ရည် ကျခဲ့ရသည် ဆိုသည်မှာ မဟုတ်ပါ။ သို့သော် သူသည် စိတ်ထဲတွင် ပေါ်လာသည့်အတိုင်း လျှောက်ပြောရင်းနှင့် သူ့ဘာသူပင် ထိုအတိုင်း ဖြစ်နေတော့သည်။ သူသည် စိတ်လှုပ်ရှားလွန်းသဖြင့် ငိုတော့မလိုပင် ဖြစ်နေသည်။ သို့သော် ထိုအချိန်မှာပင် တပ်ခေါက်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း သူ သတိပြုလိုက်မိသည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် ဦးခေါင်းညွှတ်လိုက်ပြီးနောက် သူ၏ မဟုတ်တမ်းတရမ်း စွပ်စွဲချက်များနှင့် ပတ်သက်ပြီး ပြန်ကြားသည်မှာ ...

“ကျမ်းစာထဲမှာ ရေးထားတယ်၊ ‘သင့်အပေါ်တွင် ကျရောက်လာသော ဂုဏ်သိက္ခာ ညှိုးနွမ်းမှုကို သင်သည် အမြော်အမြင်ကြီးစွာ၊ ဝမ်းမြောက်ဝမ်းသာစွာနှင့် ခံယူပါ။ သင့်အား ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်သူအား နာကြည်းခြင်း၊ မုန်းတီးခြင်း အလျဉ်းမဖြစ်ပါနှင့်’ ကျွန်ုပ်တို့သည် ဤအတိုင်းပင် လိုက်နာကျင့်သုံးကြရပါမည်”

“ထပ်... ထပ်... ထပ်.... ဘာမှ အဓိပ္ပာယ်မရှိတဲ့ စကားတွေပဲ၊

ကိုယ့်ဘာကိုယ်လည်း ပြန်စဉ်းစားကြပါ ဘုန်းကြီးတို့၊ ကျုပ်တော့ သွားပြီ၊ ကျုပ်သား အလျှိုရှာကို ဒီက ခေါ်သွားမယ်၊ အဖေတယောက်ရဲ့ အခွင့်အာဏာနဲ့ ကျုပ်ခေါ်သွားမယ်။ အိုက်ဗင်၊ ကျုပ်ရဲ့ဝတ္တရားကျေပွန်တဲ့ သားကြီး၊ ကျုပ်နောက်ကို လိုက်ခဲ့ပါလို့ ကျုပ်ပြောပါရစေ။ ဗွန်ဆွန်… ခင်ဗျားကကော ဒီမှာ ဘာလုပ်နေဦးမှာလဲ၊ ကျုပ်နဲ့ မြို့ထဲကို လိုက်ခဲ့ပါ၊ ဟိုမှာ ပျော်စရာတွေ အများကြီးရှိတယ်၊ ဒီနေရာကနေ တမိုင်လောက်ပဲ ဝေးတယ်၊ ဒီမှာ အဆီ အပျား မပါတာတွေပဲ ရှိတယ်၊ ဟိုမှာ ဝက်ကောင်လုံးကင် စားရမယ်၊ ကျုပ်တို့ စားပွဲသောက်ပွဲကြီး ကျင်းပကြမယ်၊ ဘရန်ဒီ တိုက်မယ်၊ အရက်တိုက်မယ်၊ ဝိုင်တိုက်မယ်။ ဘယ်လိုလဲ ဗွန်ဆွန်… အခွင့်အရေးရတုန်း လက်မလွှတ်စေနဲ့”

ကာရာမာဇော့က လက်ဟန်ခြေဟန်ဖြင့် ဟစ်အော်ရင်း အခန်းထဲမှ ထွက်သွားသည်။ ရာကီတင်သည် ထိုအချိန်မှာပင် သူ့ကို တွေ့မြင်သဖြင့် အလျှိုရှာကို လက်ညှိုးထိုး ပြခြင်း ဖြစ်သည်။

“အလက်ဇီ” အလျှိုရှာကို တွေ့မြင်သောအခါ ကာရာမာဇော့က ဟစ်ခေါ်သည်။ “ကနေ့ အိမ်ကိုပြန်ခဲ့၊ သားမွေ့ရာနဲ့ ခေါင်းအုံးတွေ တခါတည်း ယူခဲ့၊ ဘာတခုမှ မကျန်ရစ်စေနဲ့”

အလျှိုရှာမှာ တုံ့ခနဲ ရပ်သွားသည်။ မျက်စိထဲတွင် မြင်တွေ့နေရသည်များကို စိတ်ဝင်စားစွာနှင့် တိတ်ဆိတ်စွာ ကြည့်နေမိသည်။ ထိုအချိန်မှာပင် ကာရာမာဇော့သည် မြင်းရထားပေါ်သို့ တက်သွားသည်။ အိုက်ဗင်မှာလည်း အလျှိုရှာကို လှည့်၍ပင် နှုတ်မဆက်တော့ဘဲ ရထားပေါ်သို့ တက်တော့မည့်ဆဲဆဲ ရှိနေသည်။ သည်စဉ်မှာပင် ယုံကြည်နိုင်ဖွယ်ရာ မရှိသော ကိုးရိုးကားရား နိုင်သော အဖြစ်အပျက်တခု ဖြစ်ပွားသည်။ ဗရုတ်သုတ်ခ ဇာတ်လမ်း၏ အပြီးသတ်ကလေး ဖြစ်သည်။ မြင်းရထား တံခါးပေါက်အနီးသို့ မြေပိုင်ရှင် မက်ဇီမော့ ရုတ်ခြည်းဆိုသလို ရောက်ရှိလာ သည်။ သူက မြင်းရထားကို မမီလိုက်မှာ စိုးသဖြင့် ပြေးလာခြင်း ဖြစ်သည်။ ဟောဟဲလိုက်နေသည်။ သူပြေးသွားသည်ကို ရာကီတင်နှင့် အလျှိုရှာတို့ မြင်ရသည်။ သူသည် အလောသုံးဆယ် ဖြစ်နေသဖြင့် အိုက်ဗင်၏ ဘယ်ဘက်ခြေထောက် ကျန်ရှိနေဆဲဖြစ်သော ရထားခြေနင်းခုံပေါ်သို့ သူ့ခြေထောက် တဖက်ကို တင်လိုက်သည်။ သူသည် ရထားအတွင်းသို့ ခုန်တက်တော့မည့်အသွင် ဖြစ်သည်။

“တို့လည်း လိုက်မယ်၊ တို့လည်း လိုက်မယ်၊ တို့များကိုလည်း ခေါ်ကြပါ” မက်ဇီမော့ မြူးမြူးကြွကြွ ဟစ်ဆိုသည်။ မှိုရသည့် မျက်နှာမျိုးနှင့် ဖြစ်သည်။ “တွေ့တယ် မဟုတ်လား၊ သူဟာ ဗွန်ဆွန်ပါလို့ ကျုပ်ပြောတယ် မဟုတ်လား” ကာရာမာဇော့ ရွှင်ရွှင်မြူးမြူး ပြောသည်။ “သေရာက ထလာတဲ့ ဗွန်ဆွန် အစစ်ပဲ၊ ဒါပေမဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး အဲဒီက ထွက်လာသလဲ၊ အဲဒီမှာ ခင်ဗျား

ဘာလုပ်နေသလဲ၊ ထမင်းစားပွဲကနေ ဘယ်လိုလုပ်ပြီး ထွက်လာသလဲ၊ ခင်ဗျားဟာ မျက်နှာ တော်တော်ပြောင်တဲ့လူပဲ၊ ကျုပ်လည်း မျက်နှာပြောင်တာပဲ၊ ဒါပေမဲ့ ခင်ဗျားကိုတော့ ကျုပ် အံ့သြတယ်၊ တက် တက်၊ အိုက်ဗင်ရေ၊ သူ တက်ပါစေ၊ အင်မတန် ပျော်စရာကောင်းမယ်၊ မင်းခြေထောက်နားမှာ သူ လှဲနေလို့ ရပါတယ်၊ ကျုပ်တို့ခြေရင်းမှာ ခင်ဗျား လှဲနေမယ် မဟုတ်လား ဗွန်ဆွန်၊ ဒါမှမဟုတ် ရထားမောင်းတဲ့လူနဲ့ အတူတူသွားထိုင်၊ မောင်းတဲ့ခုံပေါ်ကို ခုန်တက်လိုက် ဗွန်ဆွန်"

သို့ရာတွင် ဤစဉ်မှာပင် ရထားပေါ်သို့ ရောက်ရှိနေပြီဖြစ်သော အိုက်ဗင်က ဘာတခွန်းမျှ မပြောဘဲနှင့် မက်ဇီမော့၏ ရင်ဘတ်ကို လက်နှင့် တအားတွန်းပစ်လိုက်သည်။ အဘိုးကြီး နောက်ဘက်သို့ လွင့်ထွက်သွားသည်။ ကံကောင်းသဖြင့်သာ မြေကြီးပေါ်တွင် လဲကျမသွားခြင်း ဖြစ်သည်။

"မောင်း..."

အိုက်ဗင် ဒေါသတကြီးဖြင့် ရထားမောင်းသူကို လှမ်းအော်လိုက်သည်။

"သား ... ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်တာလဲ၊ သား ဘာဖြစ်လို့ သူ့ကို တွန်းပစ်လိုက်တာလဲ"

ကာရာမာဇော့က မေးသည်။ သို့သော် ဤအချိန်တွင် ရထားကြီးသည် မောင်းထွက်သွားပြီ ဖြစ်သည်။ အိုက်ဗင် ဘာမျှ ပြန်မဖြေပါ။

"ဘုရားသခင်၊ ဘယ်လိုလဲ..." ကာရာမာဇော့ ဟစ်အော်လိုက်ပြန်သည်။ နောက် နှစ်မိနစ်ခန့် ကြာသောအခါ သားဖြစ်သူကို ဘေးစောင်းကြည့်လျက်...

"ဘုန်းကြီးကျောင်းကို သွားကြတဲ့ကိစ္စက သား စီစဉ်တာပဲ မဟုတ်လား၊ သားပဲ အဆိုတင်သွင်းတယ်၊ သားပဲ ဆုံးဖြတ်တယ်၊ အဲဒါ အခု ဘာဖြစ်လို့ သား စိတ်ဆိုးနေရတာလဲ"

"အဖေ စကားတွေပြောတာ များနေပြီ၊ ခဏတဖြုတ်လောက် နားပါဦး" အိုက်ဗင် ခပ်မာမာပြတ်ပြတ် ပြန်ပြောသည်။ ကာရာမာဇော့ နှစ်မိနစ်လောက် ငြိမ်နေပြီးနောက်...

"အခုနေ ဘရန်ဒီတခွက်လောက် သောက်လိုက်ရရင် သိပ်ကောင်းမှာပဲ" အိုက်ဗင် စကားမပြန်ပါ။

"တို့ အိမ်ပြန်ရောက်ရင် သားလည်း နည်းနည်းသောက်လိုက်"

အိုက်ဗင် နှုတ်ဆိတ်လျက်ပင်။ ကာရာမာဇော့ နှစ်မိနစ်ခန့် စောင့်ဆိုင်းနေပြီးနောက်...

“အလှူရှာကို ဖေဖေ အိမ်ပြန်ခေါ်ထားတယ်၊ သားကတော့ သိပ်သဘောကျမှာ မဟုတ်ဘူး”

အိုက်ဗင် ပခုံးတွန့်လိုက်သည်။ တဖက်သို့လှည့်ပြီး လမ်းမကို ငေးနေသည်။ ထို့နောက် သူတို့နှစ်ယောက်စလုံး အိမ်ရောက်သည်အထိ စကားမပြောကြတော့။

၁။ အစေခံတန်းလျားဝယ်

ဖျိုဒါကာရာမာဇော့၏ အိမ်သည် မြို့လယ်မှ အတန်ငယ်လှမ်းသည်။ သို့သော် မြို့စွန်မြို့ဖျားတွင် လည်း မဟုတ်ပါချေ။ အိမ်ကြီးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီ ဖြစ်သော်လည်း လှပခမ်းနားသော အသွင်အပြင်ရှိသည်။ ဆေးအပြာ သုတ်ထားသည်။ မီးခိုးရောင် ပြာလဲ့လဲ့ကလေး ဖြစ်သည်။ သွပ်မိုးက နီရဲရဲ နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ ကျယ်ပြောခြင်း ရှိသည်။ ထို့အတူ သပ်ရပ် သိပ်သည်းခြင်းလည်း ရှိသည်။ နောက်ထပ် နှစ်ပေါင်းများစွာ တည်ရှိနေနိုင်ဦးမည်လည်း ဖြစ်သည်။

သည်အိမ်ကြီးတွင် လျှို့ဝှက်ခန်းများ၊ လျှို့ဝှက်လမ်းများ၊ လျှို့ဝှက်လှေကားများ အမြောက်အမြား ရှိသည်။ ထို့အပြင် ကြွက်တွေကလည်း အနမတဂ္ဂပင်။ သို့သော် ကာရာမာဇော့သည် ကြွက်တွေ ရှိနေခြင်းကို နည်းနည်းကလေးမှ မနှစ်သက်ခြင်း မဖြစ်ပါ။

“သူတို့တတွေ ရှိနေတော့ ညဘက်တွေမှာ တယောက်တည်း နေရတာ မပျင်းဘူးပေါ့”ဟု သူပြောလေ့ရှိသည်။ သူ၏အကျင့်ကလည်း ညဘက်တွင် အစေခံတွေအားလုံးကို သူတို့တန်းလျားသို့ ပို့ထားပြီး ဤအိမ်ကြီးထဲတွင် သူတယောက်တည်း နေတတ်ပါသည်။

အစေခံတန်းလျားသည် ခြံဝင်းထဲတွင် ရှိသည်။ အရွယ်ပမာဏ ကြီးမားပြီး အထုအထည် ကောင်းသော အဆောက်အအုံတခု ဖြစ်သည်။ အိမ်မကြီးတွင် မီးဖိုဆောင် ပါရှိသော်လည်း ကာရာမာဇော့သည် သူ၏ မီးဖိုဆောင်ကို အစေခံတန်းလျားမှာပင် ထားရှိသည်။ ညှော်နံ့ သင်းနံ့ အိုးနံ့များကို သူ မကြိုက်၍ ဖြစ်သည်။ ယင်းကြောင့် ချက်ပြုတ်ပြီး ဟင်းလျာများကို နွေရော ဆောင်းမှာပင် ခြံဝင်းကိုဖြတ်ပြီး သယ်လာကြရသည်။

သည်အိမ်ကြီးသည် ဧရာမ မိသားစုကြီးတခုအတွက် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ လက်ရှိ အိမ်သားများနှင့် အစေခံများ အားလုံး၏ ငါးဆလောက် နေနိုင်သည်။

သို့ရာတွင် လောလောဆယ်ကာလတွင် ဤအိမ်ကြီး၌ ကာရာမာဇော့နှင့် အိုက်ဗင်တို့ နှစ်ယောက်သာ နေထိုင်လျက်ရှိသည်။ အစေခံတန်းလျားတွင်လည်း အစေခံ သုံးဦးသာ ရှိသည်။ အစေခံ အဘိုးကြီး ဂရီဂိုရီ၊ သူ့ဇနီး အဘွားကြီး မာဖာနှင့်

ဆမာယာကော့ဟု ခေါ်သော အစေခံ လူရွယ်ကလေးတဦးတို့ ဖြစ်ကြသည်။

အဘိုးကြီး ဂရီဂိုရီနှင့် ပတ်သက်၍မူ ကျွန်ုပ်တို့ အတော်ကလေး ပြောခဲ့ပြီး ဖြစ်သည်။ သူသည် ခိုင်မာပြတ်သားသူတဦး ဖြစ်သည်။ သူသည် ရည်မှန်းချက်ပန်းတိုင်ကို မသွေမဖည် မတိမ်းမစောင်း သွားရောက်မည့်သူတဦး ဖြစ်သည်။ ထိုရည်မှန်းချက် ပန်းတိုင်သည် (ရံဖန်ရံခါတွင် ကျိုးကြောင်း မညီညွတ်သော အရာတခု ဖြစ်နေသည်) သူ့အဖို့ မပြောင်းလဲနိုင်သော အမှန်တရားပင် ဖြစ်သည်။ ယေဘုယျသဘော ပြောရလျှင် သူသည် ရိုးသားသည်။ ယိမ်းယိုင်ဖောက်ပြန်တတ်ခြင်း မရှိချေ

သူ့မိန်းမ မာဖာသည် ယောကျ်ားဖြစ်သူ၏အလိုဆန္ဒကို တသက်လုံး လိုက်နာခဲ့သော်လည်း နားပူနားဆာ ကသောက်ကရောက် အင်မတန် လုပ်တတ်သူ ဖြစ်သည်။

ဥပမာပြရလျှင် ရုရှားနိုင်ငံတွင် ကျေးကျွန်များ လွတ်မြောက်ခွင့် ရရှိပြီး နောက်ပိုင်းတွင် သူတို့လင်မယား ကာရာမာဇော့ထံမှ အလုပ်ထွက်ပြီး မော်စကိုတွင် အလုပ်အကိုင်တခု သွားရောက် လုပ်ကိုင် နေထိုင်ကြရန် တကျိကျိ လုပ်နေသည်။ (သူတို့တွင် စုဆောင်းထားသည့် ငွေကြေးကလေး ကလည်း အနည်းအပါး ရှိနေသည်) သို့ရာတွင် ဂရီဂိုရီသည် သူ့မိန်းမ ကပေါက်ကရောက် မဟုတ်တာတွေ ပြောနေတာပဲဟု ယူဆသည်။ "မိန်းမတွေဟာ အလကားပဲ" ဟု သူ နားလည်ထားသည်။ သူတို့၏သခင်သည် ဘာပဲဖြစ်နေနေ သူ့ကို စွန့်ခွာပြီး မသွားသင့်ဟု သူ ဆုံးဖြတ်သည်။ ဤသည်မှာ သူတို့၏ 'တာဝန်ဝတ္တရား' ပင် ဖြစ်သည်။

"တာဝန်ဝတ္တရား ဆိုတာရဲ့ အဓိပ္ပာယ်ကို မင်း နားလည်သလား..."

မာဖာကို သူ မေးသည်။

"တာဝန်ဝတ္တရားရဲ့ အဓိပ္ပာယ်ကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မ နားမလည်တာက ဒီမှာဆက်ပြီး နေနေဖို့အတွက် ကျွန်မတို့ရဲ့တာဝန် ဘာဖြစ်လို့ ဖြစ်နေရသလဲဆိုတာပဲ"

မာဖာက ပြတ်သားစွာ ပြန်ပြောသည်။

"ဒါ မင်းနားလည်ဖို့ မလိုဘူး၊ ဒါပေမဲ့ ဒါကတော့ ဒီအတိုင်းပဲ၊ မင်း နောက်ထပ် ဘာမှ လျှာမရှည်နဲ့တော့"

ယင်းသို့ဖြင့် ကိစ္စပြတ်သွားသည်။ သူတို့လင်မယား တခြားသို့ မသွားကြတော့ပါ။ ကာရာမာဇော့က သူတို့ကို လခအနည်းငယ် ပေးသည်။ မှန်မှန် ပေးသည်။ သူ့အနေနှင့် သူ့သခင်အပေါ်တွင် လွှမ်းမိုးနိုင်မှုရှိကြောင်း ဂရီဂိုရီ

သိရှိသည်။ အမှန်ပင် ဖြစ်သည်။ ထိုအချက်ကို သူ သိရှိသည်။

ကာရာမာဇော့သည် လိမ္မာပါးနပ်ပြီး ခေါင်းမာသော လူပေါကြီးတယောက် ဖြစ်သည်နှင့်အညီ အချို့နေရာများတွင် ပြတ်သားခြင်းရှိသလောက် အချို့နေရာများတွင် ပျော့ညံ့ခြင်း ရှိပေသည်။ မည်သည့်နေရာများတွင် ပျော့ညံ့တတ်ကြောင်းကိုလည်း သူသိသည်။ ယင်းသို့ သိရှိသည့်အလျောက် လည်း သူသည် ကြောက်လန့်ခြင်း ဖြစ်ရသည်။ ယင်းအတွက် သူသည် သတိမပြတ် ရှိနေရပေမည်။ သူ့တွင် ယုံကြည်အားထားရသော အစေခံတဦး မရှိလျှင် မလွယ်ပါ။ ဂရီဂိုရီသည် အင်မတန် ယုံကြည်အားထားရသော အစေခံကြီးတဦး ဖြစ်ချေသည်။

ကာရာမာဇော့၏ဘဝတွင် အကြိမ်ပေါင်းများစွာပင် အရိုက်အနှက်ခံရမည့် အန္တရာယ်နှင့် ကြုံကြိုက်ခဲ့ရသည်။ အကြိမ်တိုင်းမှာပင် ဂရီဂိုရီက ဝင်ရောက်ကယ်ဆယ်ခဲ့သည်။ ယင်းသို့ ကယ်ဆယ်ပြီးသည့် အချိန်တိုင်းမှာပင် အစေခံကြီးက သူ့သခင်ကို ဆုံးမစကား ဆိုခဲ့သည်။

သို့ရာတွင် ကာရာမာဇော့ ကြောက်လန့်သည်မှာ အထိုးအကြိတ်ခံရမည့် တခုတည်းကိုသာ မဟုတ်ပါ။ သူ့မှာ သည့်ထက် အရေးကြီးတာတွေ ရှိပါသည်။ ဘာကြောင့်ရယ်ဟုတော့ သူ့ဘာသူ ရှင်းမပြနိုင်ပါ။ သို့သော် ရုတ်ခြည်းဆိုသလိုပင် အင်မတန် ယုံကြည် စိတ်ချရသော၊ အားကိုးရသော အစေခံတဦးကို စိတ်ထဲတွင် တမ်းတတတ်မိသည်။ အင်မတန် ဆိုးသွမ်း ဖောက်ပြန်ပြီး အဆိပ်ရှိသော ပိုးမွှားတကောင်လို ရက်စက်ကြမ်းကြုတ်တတ်သော ကာရာမာဇော့သည် အရက်မူးနေသော အခါများတွင် ရုတ်ခြည်းဆိုသလို ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ်တတ်သည်။ စိတ်ဓာတ် အကြီးအကျယ် ချောက်ချားကာ ရုပ်ပိုင်းမှာလည်း လှုပ်ရှားပျက်ပြားရတော့သည်။

"အဲဒီအချိန်မျိုးမှာ ကျုပ်ရဲ့လိပ်ပြာဟာ ကျုပ်ပါးစပ်ထဲမှာ ရောက်နေပြီလို့ ထင်ရတယ်" ယင်းသို့ ပြန်လည် ပြောပြတတ်သည်။

သည်အချိန်မျိုးတွင် သူသည် သူ့အနီးတွင် လူတယောက် ရှိနေစေချင်သည်။ ထိုသူသည် သူ့အခန်းထဲတွင် ရှိမနေသည့်တိုင် အစေခံတန်းလျားတွင် ရှိနေရမည်။ ထိုသူသည် သစ္စာရှိပြီး သန်မာတောင့်တင်းရမည်။ ထိုသူသည် သူ့လိုမဟုတ်ဘဲ အကျင့်သီလ ကောင်းသူ ဖြစ်ရမည်။ ထိုသူသည် သူ၏ ဖောက်ပြန်မှုများ၊ လျှို့ဝှက်မှုများ အားလုံးကို သိရှိသော်လည်း ဘာမျှ မပြောသူ၊ ဘာမှ မကန့်ကွက်သူ ဖြစ်ရမည်။ ဘယ်လိုမျှ မရှုတ်ချသူ၊ ဘယ်လိုမှ မခြိမ်းခြောက်သူ ဖြစ်ရမည်။ သည်ဘဝတွင်လည်း မခြိမ်းခြောက်ရပါ။ နောက်ဘဝတွင်လည်း မခြိမ်းခြောက်ရပါ။ ထိုမျှမက အရေးကြုံ၍ လိုအပ်ခဲ့လျှင် သူ့ကို ကာကွယ်သူ ဖြစ်ရပါမည်။ မည်သူ့ရန်မှ ကာကွယ်ရမည်နည်း....။

မည်သူမှန်း မသိသော လူတယောက်၏ရန်မှ ဖြစ်သည်။ သို့သော် ထိုလူသည် အင်မတန် ကြောက်စရာ ကောင်းပြီး အင်မတန် အန္တရာယ် များလှပေသည်။

သူ လိုချင်သည်မှာ သူ့အပြင် အခြားလူတယောက် ရှိနေဖို့ပင် ဖြစ်သည်။ မိတ်ဆွေကောင်း မိတ်ဆွေစစ် ဖြစ်ရမည်။ အရေးရှိလျှင် ထိုလူကို သူ လှမ်းခေါ်လိုက်၍ ရရမည်။ သူ့မျက်နှာကိုမြင်လျှင် တော်ပြီ။ သူနှင့် စကား တလုံး နှစ်လုံး ပြောရလျှင် တော်ပြီ။ ဘာမျှ ထူးထူးထွေထွေ အဓိပ္ပာယ် မရှိသော တောင်စကား မြောက်စကားတွေ ပြောရလျှင် တော်ပေပြီ။ ထိုလူက သူ့ကို ငြင်းခုံခြင်း၊ စိတ်ဆိုးခြင်း မရှိခဲ့လျှင် သူ စိတ်သက်သာရာ ရမည်။ အကယ်၍ ထိုသူက ငြင်းခုံခြင်း၊ စိတ်ဆိုးခြင်း ရှိခဲ့လျှင်ကား သူ့အနေနှင့် ပို၍ စိတ်ချောက်ချားရချေမည်တည်း။

ကာရာမာဇော့သည် ညအချိန်တွင် အစေခံတန်းလျားသို့ သွားရောက်ပြီး ဂရီဂိုရီကို အိပ်ရာမှ နှိုးကာ အိမ်မကြီးသို့ လာရောက်ရန် ပြောဆိုတတ်သည်။ (သို့သော် ရံဖန်ရံခါ မဟုတ်၊ တခါတရံသာ ဖြစ်သည်) ဂရီဂိုရီ ရောက်ရှိလာသောအခါ ကာရာမာဇော့သည် ဘာမျှ အရေးမကြီးသော အသေးအဖွဲ စကားတွေကို ပြောတတ်သည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် ပြန်လွှတ်လိုက်သည်။ တခါတရံတွင် နောက်ပြောင်ကျီစယ်ပြီး လွှတ်လိုက်သည်။ ဂရီဂိုရီ ပြန်သွားသောအခါ ကာရာမာဇော့သည် ဆဲရေးတိုင်းထွာပြီးနောက် အိပ်ကောင်းခြင်းဖြင့် အိပ်ပျော်သွားတော့သည်။

သူ့ထံသို့ သားဖြစ်သူ အလျိုရှာ ရောက်ရှိလာသည့်အတွက်လည်း ကာရာမာဇော့ တမျိုးတမည် ဖြစ်ရသေးသည်။ အလျိုရှာသည် "သူနှင့် အတူနေပြီး သူလုပ်တာတွေ အားလုံးကို သိရှိကာ သူ့ကို တစုံတရာ ပြစ်တင်ပြောဆိုခြင်း မပြုဘဲနှင့် သူ့နှလုံးသားကို ထိုးဖောက်ခြင်း ပြုလေသည်"။ သည့်ထက်ပို၍ ဆိုးသည်ကား ကာရာမာဇော့အနေဖြင့် ယခင်က တွေ့ကြုံဖူးခြင်း၊ ရရှိဖူးခြင်း မရှိသော အရာတခုကို အလျိုရှာက ယူဆောင်လာခြင်းပင် ဖြစ်သည်။ ယင်းမှာ သူ့ကို ရွံ့ရှာ မုန်းတီးခြင်း အလျဉ်းမရှိခြင်းပင် ဖြစ်သည်။ ထိုမျှမကပါ။ သူ့ကို ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် လေးလေးစားစား ဆက်ဆံသည်။ သူ့အနေနှင့် မည်သို့မျှ မထိုက်တန်သော အခြင်းအရာတခုပင် ဖြစ်သည်။

ဤအပြုအမူ အခြင်းအရာများသည် မိမိ၏မိသားစုကို စွန့်လွှတ်ပစ်ပယ်ထားသော သူ့လို အတ္တသမားကြီးတယောက်ကို များစွာမှပင် အံ့သြစရာ ဖြစ်စေတော့သည်။ မကောင်းမှုကိုသာ တွယ်တာခြင်းရှိသော လူတယောက်အတွက် မည်သို့မျှ မမျှော်လင့်နိုင်သော အရာတခု ဖြစ်သည်။ အလျိုရှာ သူ့ထံမှ ပြန်သွားသောအခါ သူ တခု ဝန်ခံမိသည်။ သူ့ဘဝတွင် နားလည်သိရှိဖူးခြင်း

မရှိသေးသော အရာတခုကို သိရှိလိုက်ရခြင်းပင် ဖြစ်သည်။

ဂရီဂိုရီသည် ကာရာမာဇော့၏ ပထမဇနီး အဒီလေဒါ (သားအကြီးဆုံး ဒီမီထရီ၏ မိခင်) ကို အဘယ်မျှ မုန်းတီးကြောင်းနှင့် အခြားတဖက်တွင် သူသည် ဒုတိယဇနီး ဆိုဖီယာကို သူ့သခင်၏ ညှဉ်းပန်းမှုမှ လည်းကောင်း၊ အခြားသူများ၏ မလိုတမာမှုများမှလည်းကောင်း ကာကွယ်ပေးခဲ့ကြောင်းတို့ကို ဝတ္ထုအစပိုင်းတွင် ကျွန်ုပ် ဖော်ပြခဲ့ပြီး ဖြစ်သည်။ စိတ်ဒုက္ခရောက်နေသော အမျိုးသမီးအတွက် သူ၏ ကြင်နာသနားမှုသည် ကြီးမားလှသည် ဖြစ်ရာ နောက် နှစ်ပေါင်း နှစ်ဆယ်မျှ ကြာသည်အထိလည်း ထိုအမျိုးသမီးအကြောင်းကို မည်သူက မကောင်းပြောသည်ကိုမှ သူ သည်းမခံပါ။

အပြင်ပန်းအားဖြင့် ဂရီဂိုရီသည် အေးဆေးတည်ငြိမ်သည်။ နှုတ်နည်းသည်။ စကားပြောလျှင် လေးလေးနက်နက် ချိန်ဆပြီးမှ ပြောသည်။ ပေါက်လွှတ်ပဲစား မပြောတတ်။ သူ့ကို ရုတ်ခြည်းကြည့်ရုံဖြင့် စိတ်နှလုံးထား နူးညံ့သိမ်မွေ့ပြီး သည်းခံတတ်သော ဇနီးသည်ကို သူ အမှန်တကယ် ချစ် မချစ် မပြောနိုင်။ သို့သော် သူသည် သူ့ဇနီးကို အမှန်တကယ် ချစ်ပါသည်။ ဤအကြောင်းကို အမျိုးသမီးကလည်း သိပါသည်။

အမှန်ပြောရလျှင် မာဖာသည် မိန်းမညံ့ မိန်းမတုံးတယောက် မဟုတ်ပါ။ ခင်ပွန်းသည်ထက်ပင် ပိုပြီး ထက်မြက်နိုင်ပါသေးသည်။ အထူးသဖြင့် လောကီရေးရာ လူမှုကိစ္စများတွင် ပိုပြီး နှံ့စပ်လိမ္မာပါသည်။ သို့သော် သူမသည် လက်ထပ်သည့်နေ့မှစ၍ ခင်ပွန်းသည်ကို ဦးထိပ်ပန်သည်။ ခင်ပွန်းသည်၏ ရှေ့ဆောင်မှုကိုသာ အပြည့်အဝ လိုက်နာသည်။

ထူးခြားသည့် အချက်ကတော့ သူတို့နှစ်ယောက်စလုံး စကားမပြောကြခြင်းပင် ဖြစ်သည်။ အရေးကြီးသော နိစ္စဓူဝ စကားများလောက်ကိုသာ မပြောမဖြစ် ပြောကြသည်။

လေးနက်တည်ငြိမ်ပြီး ဣန္ဒြေသိက္ခာ ကြီးမားသော ဂရီဂိုရီသည် သူ၏ လုပ်ငန်းကိစ္စနှင့် ပြဿနာ အဝဝကို တယောက်တည်းသာ တွေးတောဆုံးဖြတ်လေ့ရှိသည်။ ယင်းအတွက် မာဖာသည် မိမိအနေနှင့် ခင်ပွန်းသည်ကို ဘာတခုမျှ အကြံဉာဏ် ပေးစရာမလိုဟု လက်ခံ ယူဆထားသည်။ မိမိအနေနှင့် ခပ်မဆိတ်နေခြင်းကို ခင်ပွန်းသည်က အလိုရှိသည်ဟု မှတ်ယူသည်။ ယင်းသို့ဖြင့် ရေငုံနှုတ်ပိတ်ခြင်းသည် သူမ၏ အသိဉာဏ်ထက်မြက်မှုပင် ဖြစ်တော့သည်။

ဂရီဂိုရီသည် သူမကို ရိုက်နှက်ခြင်းမပြုပါ။ သူတို့၏ အိမ်ထောင်ရေးသက်တမ်းတွင် တကြိမ်တည်းသာ ရိုက်နှက်ဖူးသည်။

ထိုအကြိမ်ကလည်း မဖြစ်စလောက်မျှသာ ဖြစ်သည်။

သူတို့သခင် ကာရာမာဇော့နှင့် ပထမ ဇနီးသည် အဒီလေဒါတို့ လက်ထပ်ပြီးစ ပထမနှစ်တွင် ဖြစ်သည်။ ရွာထဲက မိန်းကလေးများနှင့် အမျိုးသမီးများ အိမ်ရှေ့တွင် စုဝေးကာ ဆိုကြ ကကြသည်။ ထိုစဉ်က သူတို့သည် ကျေးကျွန်ဘဝမှ မလွတ်မြောက်ကြသေးချေ။

'စိမ်းလဲ့လဲ့မြက်ခင်းပြင်ထဲမှာ' သီချင်းကို စလိုက်သည်နှင့် တပြိုင်နက် မာဖာသည် တီးဝိုင်းရှေ့သို့ ခုန်ထွက်သွားပြီး 'ရုရှားအက' ကို ကလေသည်။ ထိုစဉ်က သူမသည် အရွယ် အများကြီး ငယ်သေးသည်။ ထို့အပြင် သူမကပုံက သာမန်အရပ်သူတယောက် ကပုံမျိုး မဟုတ်ချေ။ မြေပိုင်ရှင်ကြီး မီယူဆော့ထံတွင် ကျေးကျွန်အဖြစ် နေခဲ့ရစဉ်က မြေပိုင်ရှင်ကြီး၏ ကိုယ်ပိုင် သီးသန့် ဇာတ်ရုံတွင် ကပြရန်အတွက် သူမသည် မော်စကိုမှ အကဆရာတယောက်ထံတွင် သင်ကြားခဲ့ရ သည်။ ထို့ကြောင့် သူမက တကယ့် အနုပညာသည်တဦးလို ကနိုင်သည်။

သူ့ဇနီးသည် အဘယ်သို့ ကသွားသည်ကို ဂရီဂိုရီ တွေ့မြင်ရသည်။ သို့ဖြင့် နောက် တနာရီခန့် အကြာတွင် သူတို့၏ အခန်းကလေးထဲ၌ သူ့ဇနီးသည်ကို သူ ပညာပေးသည်။ ယင်းမှာ သူမ၏ ဆံပင်ကို ခပ်ဖွဖွလေး ဆွဲဆောင့်လိုက်ခြင်းပင် ဖြစ်သည်။ ဤကား သူ့အနေနှင့် ဇနီးသည်ကို ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ် ကိုယ်ထိလက်ရောက် ပြုမူမိခြင်းပင် ဖြစ်သည်။ သူကလည်း ဇနီးသည်ကို လက်ဖျားနှင့်မှ မတို့ထိတော့ပါ။ ဇနီးသည်ကလည်း တကြိမ်တခါမျှ ထပ် မကတော့ပါ။

ဘုရားသခင်က သူတို့ကို သားသမီး ပေးသနားခြင်း မပြုပါ။ သူတို့မှာ ကလေးတယောက်တော့ ရသည်။ သို့သော် သေဆုံးသွားသည်။ ဂရီဂိုရီသည် ကလေး အင်မတန် ချစ်သူ ဖြစ်သည်။ သူ့အချစ်ကို သူ ဖုံးကွယ်ခြင်း မပြုပါ။ ကလေးချစ်ကြောင်း ပြသရသည်ကို သူ မရှက်ပါ။

ကာရာမာဇော့၏ ပထမဇနီး အဒီလေဒါ အိမ်မှ ထွက်ပြေးသောအခါ ဒီမီထရီကို သူ တာဝန်ယူ ပြုစုသည်။ ဒီမီထရီသည် ထိုစဉ်က သုံးနှစ်သားပဲ ရှိသေးသည်။ ဒီမီထရီကို သူ တနှစ်လောက် ပြုစုစောင့်ရှောက်ရသည်။ ကလေးကို စည်ပိုင်းတွင် သူကိုယ်တိုင် ရေချိုးပေးသည်။ ခေါင်းဖြီးပေး သည်။

ထို့နောက် သူသည် အိုက်ဗင်နှင့် အလျိုရှာတို့ ညီအစ်ကိုကို ပြုစု စောင့်ရှောက်ပြန်သည်။ ထိုအတွက် သူ ပါးတချက် အရိုက်ခံရသည်။ ဤအကြောင်းများကို အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သူ၏ရင်သွေးနှင့် ပတ်သက်ပြီး သူသည် ထိုကလေး မမွေးမီ သူ့ဇနီး

ကိုယ်ဝန်ဆောင်စဉ် အချိန်ကသာ ဝမ်းသာကြည်နူးမှု ရှိခဲ့ရသည်။ ထိုကလေး မွေးဖွားသောအခါတွင်ကား သူသည် ရင်ထဲမှာ ထိခိုက်ရတော့သည်။ ထိတ်လန့် တုန်လှုပ်ရတော့သည်။ အကြောင်းမှာ ထိုကလေးတွင် လက်ခြောက်ချောင်း ပါရှိသောကြောင့် ဖြစ်သည်။ လက်ခြောက်ချောင်း ပါရှိသည်ကို တွေ့မြင်လိုက်ရ သောအခါ သူသည် အထူးပင် တုန်လှုပ်ချောက်ချားသွားပြီး ရေဖျန်းမင်္ဂလာပေး ကင်ပွန်းတပ်သည့် နေ့အထိ ဥယျာဉ်ထဲတွင် တယောက်တည်း တိတ်ဆိတ်စွာ သွားရောက်နေထိုင်သည်။ ထိုအချိန်က နွေဦးကာလ ဖြစ်သည်။ ဥယျာဉ်ထဲမှာ သုံးရက်လုံးလုံး မြေကြီးများကို သူ တူးဆွနေခဲ့သည်။

တတိယမြောက်နေ့တွင် ခရစ်ယာန်ဘာသာသွင်း ရေဖျန်းမင်္ဂလာပေး ကင်ပွန်းတပ်သည်။ ထိုအခါတွင် သူသည် ဆုံးဖြတ်ချက်တခုကို ပိုင်ပိုင်ချမှတ်လိုက်သည်။ သို့ဖြင့် သူတို့ တန်းလျားသို့ သူသွားသည်။ ထိုတွင် ရေဖျန်းမင်္ဂလာပေးမည့် ဘုန်းကြီး၊ ခေါင်းကိုင်ဖခင်အဖြစ် ခံယူမည့် ကာရာမာဇော့နှင့် ဧည့်သည်များ စုဝေးရောက်ရှိနေကြပြီ ဖြစ်သည်။

သည်တွင် သူက ထိုကလေးကို ရေဖျန်းမင်္ဂလာ မပြုလုပ်သင့်ကြောင်း ရုတ်ခြည်း ကြေညာလိုက် သည်။ ထိုသို့ ကြေညာရာတွင် သူသည် မည်သည့် ရှင်းလင်းချက်မျှ မပါဘဲ မင်္ဂလာအခမ်းအနား ချီးမြှင့်မည့် ဘုန်းကြီးကို စေ့စေ့ကြည့်ကာ သူ့ပါးစပ်ထဲမှ စကားလုံးများကိုး အေးဆေးစွာနှင့် ဖြည်းလေးစွာ ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲ..." ဘုန်းတော်ကြီး အံ့အားသင့်စွာဖြင့် မေးသည်။

"ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ နဂါးကလေးတကောင် ဖြစ်လို့ပါ အရှင်ဘုရား"

"နဂါး ဟုတ်လား... ဘယ်လို နဂါးလဲ"

"သဘာဝတရားရဲ့ အမှားအယွင်း တခုပါပဲ"

သူ ဝိုးတိုးဝါးတား ရွတ်မိသည်။ သို့သော် ပြတ်သားစွာပင် ဖြစ်သည်။ သည်ကိစ္စကို နောက်ထပ် ဘာမျှ မပြောလိုတော့ဟန်ဖြင့် ပြောသည်။ သူ့စကားကို ကြားသောအခါ အားလုံး ရယ်ကြသည်။ ထို့နောက် ကံဆိုးသူကလေးကို ရေဖျန်းမင်္ဂလာ ပြုကြသည်။ ဂရီဂိုရီ စိတ်ပါလက်ပါ ဆုတောင်းပတ္ထနာပြုသည်။ သို့သော် ထိုကလေးနှင့် ပတ်သက်သော သူ၏ အယူအဆကိုကား မပြောင်းလဲပါချေ။

သူသည် ကလေးကိစ္စတွင် ဘာမျှ ဝင်မပါသလို ကလေး အသက်ရှင်နေသော ဆယ့်လေးရက် ကာလအတွင်းတွင်လည်း ကလေးကို လုံးဝ ကြည့်ရှုခြင်း မပြုပါ။

ဤအချက်ကို သတိမပြုမိလိုသဖြင့် သူသည် အိမ်ထဲတွင် နေသည်ဟု မရှိပါ။ အပြင်သို့ချည်းသာ ထွက်နေတတ်ပါသည်။

သို့သော် ဆယ့်လေးရက် ပြည့်မြောက်သည့်နေ့တွင် မက်ခရုနာ ပေါက်ပြီး ကလေးငယ် ကွယ်လွန်သောအခါ အလောင်းကို ခေါင်းထဲသို့ သူကိုယ်တိုင် ထည့်သည်။ အလောင်းကလေးကို အထူးပင် ကြေကွဲဝမ်းနည်းစွာဖြင့် ကြည့်သည်။ သင်္ချိုင်းကလေးကို မြေဖို့ပြီးသောအခါ သူသည် မြေပုံရှေ့တွင် ဒူးထောက်ပြီး နဖူးနှင့် မြေကြီးထိသည်အထိ ဦးညွှတ်ခြင်း ပြုလေသည်။

သည့်နောက်တွင်ကား ဂရီဂိုရီသည် သူ့ကလေးအကြောင်း တခွန်းတပါဒမျှ မဟတော့ချေ။ သူ့ဇနီး မာဖာကလည်း ထိုကလေးအကြောင်းကို သူ့ရှေ့မှာ လုံးဝ မပြောပါချေ။ ဂရီဂိုရီ ကွယ်ရာတွင် သူမ၏ 'ချစ်ရင်သွေး' အကြောင်း တစုံတယောက်ကို ပြောသည်ဆိုလျှင်လည်း တိုးတိုးဖွဖွကလေးသာ ပြောပါသည်။

မာဖာ၏ အဆိုအရ ပြောရလျှင် ဂရီဂိုရီသည် ကလေးငယ်၏ အသုဘကိစ္စ ပြီးကတည်းက ဘာသာရေးကိစ္စများတွင် အာရုံကပ်ငြိသွားသည်။ အထူးသဖြင့် သူသည် တယောက်တည်း ထိုင်ပြီး ငွေကိုင်းမျက်မှန် အဝိုင်းကြီးကို တပ်ကာ 'သူတော်စင်များ၏ ထေရုပ္ပတ္တိ' ကို ဖတ်ရှုနေတတ်သည်။ သူသည် ဝါတွင်းကာလမှလွဲလျှင် အသံထွက်ပြီး ဖတ်ခဲ့သည်။ သစ္စာတရားနှင့် ခန္တီပါရမီကို ဖွဲ့ဆိုအပ်သော 'ယောဘဝတ္ထု' ကို သူ နှစ်သက်သည်။ အရှင် ဣဇက်၏ တရားတော်များ ကျမ်းစာအုပ်တအုပ်ကို သူ အမြတ်တနိုး သိမ်းဆည်းထားသည်။ ထိုကျမ်းစာအုပ်ကို သူ ကြည်ညို မြတ်နိုးစွာ ဖတ်ရှုသည်။ သို့သော် အနက်အဓိပ္ပာယ်ကို နားလည်၍ကား မဟုတ်။ ယုံကြည်ကိုးစား တန်ဖိုးထား၍ ဖတ်ရှုခြင်းသာ ဖြစ်သည်။

များမကြာမီ သူသည် ရွာနီးချုပ်စပ်တွင် ပေါ်လာသော ဘာသာရေး ဂိုဏ်းတခု၏ အယူအဆများကို နာကြားသည်။ ထိုဂိုဏ်း၏ အယူဝါဒများကို စိတ်ဝင်စားခြင်း များစွာ ရှိသော်လည်း သူသည် အယူဝါဒသစ်တခုကို ပြောင်းလဲခြင်းကား မပြုချေ။ ဘာသာရေးစာပေများကို အဖတ်အလေ့ များလာသောအခါ သူ၏ အမူအသွင်တို့သည် ပိုမို လေးနက် တည်ငြိမ်ခြင်း ရှိလာတော့သည်။

သူက လျှို့ဝှက်နက်နဲသော အဘိညာဉ်ဝါဒကိုလည်း ယုံကြည်ဟန်ရှိသည်။ ကံကြမ္မာတရားက အထူးတလည် ဖန်တီးလိုက်သည့်အလားပင်။ လက်ခြောက်ချောင်းရှိသော ကလေး မွေးဖွားလာ သည်။ ထို့နောက် သေဆုံးသွားသည်။ ယင်းအဖြစ်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် မည်သို့မျှ မမျှော်လင့်သော ဖြစ်တောင့်ဖြစ်ခဲသော အခြင်းအရာတခု အံ့ဩဖွယ်ရာ

ဖြစ်ပေါ်လာသည်။ ယင်းတိုက်ဆိုင်မှု နှစ်ရပ်သည် သူ့အသည်းတွင် ကမ္ပည်းခတ်နှိပ်ထားသည့်အလားပင် ဖြစ်တော့သည်။ နောက်ပိုင်းတွင် ဂရီဂိုရီ ပြန်ပြောလေ့ရှိသည်။

ဖြစ်ပုံက သည်လို ....။

ကလေးငယ်ကလေးကို မြေမြှုပ်သင်္ဂြိုဟ်လိုက်သည့် ညမှာပင် မာဖာ အိပ်ရာမှ လန့်နိုးလာသည်။ မွေးခါစ ကလေးငယ်တယောက်၏ ငိုသံကြောင့် ဖြစ်သည်။ မာဖာ အထူးပင် ထိတ်လန့်တုန်လှုပ် သွားပြီး အိပ်ပျော်နေသော ခင်ပွန်းသည်ကို နှိုးသည်။

ဂရီဂိုရီ နားစွင့်သည်။ သူ့နားထဲတွင် လူတယောက်၏ ညည်းတွားသံဟု ထင်သည်။ အထူးသဖြင့် အမျိုးသမီးတယောက်၏ ညည်းသံဟု ထင်မိသည်။ သူ အိပ်ရာမှထပြီး အဝတ်အစား ဝတ်သည်။ အနည်းငယ် ပူနွေးသော မေလ၏ ညတည ဖြစ်သည်။

အိမ်အပြင်သို့ ဂရီဂိုရီ ထွက်မိသောအခါ ညည်းညူသံသည် ဥယျာဉ်ဘက်ဆီမှ ဖြစ်ကြောင်း သိရှိရသည်။ သို့သော် ဥယျာဉ်ကို ညအခါတွင် သော့ခတ်ပြီး ပိတ်ထားသည်။ တစုံတယောက်သည် ဥယျာဉ်တွင်းသို့ ဝင်ရောက်လိုလျှင် ခြံဝင်းထဲမှတဆင့်သာ ဝင်ရောက်နိုင်သည်။ အကြောင်းမှာ ဥယျာဉ် ပတ်ပတ်လည်ကို ခြံစည်းရိုး မြင့်မြင့်ခိုင်ခိုင် ခတ်ထားသောကြောင့် ဖြစ်သည်။

ဂရီဂိုရီ အိမ်ထဲသို့ ပြန်ဝင်သွားပြီး မှန်အိမ်ကို ထွန်းသည်။ ဥယျာဉ် တံခါးသော့ကို ယူသည်။ ထို့နောက် မိန်းမဖြစ်သူ၏ အထိတ်တလန့် ပြောဆိုနေသည်များကို အမှုမထားဘဲ၊ ဘာစကားတခွန်းမျှ ပြန်မပြောဘဲ ဥယျာဉ်ဆီသို့ သူ ရောက်သွားသည်။

ဥယျာဉ်အနီးသို့ ရောက်ရှိသောအခါ ညည်းညူသံသည် ဥယျာဉ်တံခါးအနီးရှိ သူတို့၏ ရေချိုးခန်း အတွင်းမှ ထွက်ပေါ်လာနေခြင်း ဖြစ်ကြောင်း သိရှိရသည်။ ညည်းညူသံမှာလည်း သူထင်ထားသလို ပင် အမျိုးသမီး တယောက်၏ ညည်းညူသံပင် ဖြစ်နေသည်။

ရေချိုးခန်းတံခါး ဆွဲဖွင့်လိုက်သောအခါ မြင်တွေ့လိုက်ရသော အခြင်းအရာကြောင့် သူသည် စက်ကွင်းမိသူတဦးပမာ ဖြစ်သွားရသည်။ အကြောင်းမှာ လမ်းပေါ်မှာ လှည့်လည် သွားလာနေသော အရူးမကလေး လစ်ဇာဗီတာသည် ရေချိုးခန်းအတွင်းသို့ ဝင်ရောက်ပြီး ကလေးမွေးနေသောကြောင့် ဖြစ်သည်။ ကလေးငယ်ကလေးသည် သူမ၏ဘေးတွင် ရှိနေပြီး

သူမ၏အခြေအနေသည် သေလုမြောပါး ဖြစ်သည်။ အရှုးမကလေးက ဘာတခွန်းမျှ မပြောပါ။ သူမအနေနှင့် မည်သည့်အခါကမျှလည်း စကားပြောနိုင်သည့် အခြေအနေ မရှိပါ။ သူမ၏အကြောင်းကို တခန်းသတ်သတ် ဖော်ပြမှ ပြည့်စုံပေလိမ့်မည်။

၂။ လစ်ဇာဗီတာ

ဂရိဂိုရီ၏ ခေါင်းထဲတွင် ကာလအတန်ကြာကပင် စိတ်မချမ်းမမြေ့နှင့် သံသယ ဖြစ်နေရသော အကြောင်းအချက် တခု ရှိနေသည်။ ဤလစ်ဇာဗီတာမည်သော မိန်းကလေးသည် ပေမဓိ ဒေါက်မမီသော ဂျပုမကလေး ဖြစ်သည်။ 'ကောင်မလေးက အရပ် ငါးပေတောင် မပြည့်ဘူး' ဟု သူမ ကွယ်လွန်သောအခါ မိန်းမကြီး တော်တော်များများက ကရုဏာ သက်စွာ ပြောဆိုသည်။

သူမ၏ ဝသော ပြဲသော နီရဲသော မျက်နှာကြီးက အရူးမ မျက်နှာကြီးလို ဖြစ်နေသည်။ သူမ၏ အကြည့်က မာကျောခြင်း မရှိသော်လည်း စူးဝါးသည်။ သူမသည် နွေနွေ၊ ဆောင်းဆောင်းပင် ဖိနပ်မပါဘဲ လမ်းလျှောက်သည်။ ထို့အပြင် သူမသည် အတွင်းခံ ရှင်မီးအင်္ကျီရှည်ကိုသာ ဝတ်ဆင်လေ့ ရှိသည်။ သူမ၏ဆံပင် ထူထူနက်နက်များသည် သိုးမွေးကဲ့သို့ တွန့်လိမ်နေကြသည်။ ခေါင်းပေါ်တွင် ဧရာမ ဦးထုပ်ကြီးတလုံး ဆောင်းထားသည့်အလား ဖြစ်သည်။ ပြီးတော့ ဆံပင်ထဲတွင် ရွှံ့တွေ ဖုန်တွေ အမှိုက်တွေနှင့် ဖြစ်သည်။ အကြောင်းမှာ သူသည် ဖုန်တောထဲ မြေကြီးပေါ်မှာပင် အမြဲတမ်း အိပ်သောကြောင့် ဖြစ်သည်။

သူမ၏ဖခင် အီလျာသည် အိမ်မဲ့ရာမဲ့တဦး ဖြစ်သည်။ ကျန်းမာရေးလည်း ချို့တဲ့သော လက်မှုပညာရှင်တဦး ဖြစ်သည်။ ရှိသမျှပစ္စည်းများ အားလုံး ကုန်ဆုံးပြီး အရက်သမားကြီးတဦး ဖြစ်နေသည်။ သူသည် လုပ်ငန်းကိုင်ငန်း ကောင်းမွန်သော ကုန်သည်များနှင့် အတူတွဲပြီး နှစ်ပေါင်းများစွာ အလုပ်လုပ်ကိုင်ခဲ့သည်။

လစ်ဇာဗီတာ၏မိခင် ကွယ်လွန်သည်မှာ ကြာချေပြီ။ သူမ၏ဖခင် အီလျာမှာ အမြဲတမ်းလိုပင် နေမကောင်းဖြစ်နေပြီး အမြဲတမ်းလိုပင် စိတ်တိုနေတတ်သည့်အလျောက် သူ့ထံသို့ လစ်ဇာဗီတာ ပြန်လာတိုင်း ကြွဲရိုက် နှားရိုက် ရိုက်တတ်သည်။ သို့သော် အရူးမကလေးကလည်း သူ့ထံ ပြန်ခဲသည်။ အကြောင်းမှာ သူမကို တမြို့လုံးက ဝိုင်းဝန်း ကျွေးမွေးထားသောကြောင့် ဖြစ်သည်။

အီလျာ၏ အလုပ်ရှင်များနှင့် မြို့ပေါ်ရှိ သနားကြင်နာတတ်သူများက လစ်ဇာဗီတာကို အဝတ်အစား တင့်တင့်တယ်တယ်ရှိအောင် ဆင်ယင်ပေးကြသည်။ ဆောင်းတွင်းဆိုလျှင် သိုးရေ အနွေးထည်နှင့် ခြေနင်းရှည်ကြီးများ စီးပေးကြသည်။ ထိုအခါများတွင် သူမသည် မငြင်းမဆန်ဘဲ ငြိမ်ခံနေတတ် သည်။ သို့ရာတွင် ဝတ်ဆင်ပြီးသည်နှင့် တပြိုင်နက် အခြားတနေရာသို့သွားပြီး ထိုပစ္စည်းများ အားလုံးကို ချွတ်ပစ်လိုက်သည်။ ထို့နောက် ထုံးစံအတိုင်း အတွင်းခံ အင်္ကျီရှည်ကလေးနှင့်ပင် လျှောက်သွားတော့သည်။

တကြိမ်တွင်တော့ ပြဿနာတခု ဖြစ်ပွားသည်။ ပြည်နယ်ဘုရင်ခံ အသစ်သည် တိုင်းခန်း လှည့်လည်ရင်းနှင့် ကျွန်ုပ်တို့ မြို့ကလေးသို့ ရောက်ရှိလာသည်။ အကြောင်း အားလျော်စွာ လစ်ဇာဗီတာကို သူ တွေ့မြင်သွားသောအခါ သူ့စိတ်ထဲတွင် များစွာမှပင် ထိခိုက်သွားဟန်ရှိသည်။ ထိုမိန်းကလေးသည် အရူးမကလေးတယောက် ဖြစ်ကြောင်း သူ့ကို တင်ပြ အစီရင်ခံကြသော်လည်း ဘုရင်ခံသည် ဘဝင်ကျခြင်းမရှိဘဲ ယခုလို မိန်းကလေးတယောက် လမ်းပေါ်တွင် အောက်ခံအင်္ကျီဖြင့် လမ်းလျှောက်နေခြင်းသည် လူမှုရေး ခလေ့ထုံးတမ်း ပျက်ကွက်မှု ဖြစ်ကြောင်း၊ နောင်တွင် ဤသို့ မဖြစ်သင့်ကြောင်း မိန့်ကြားသွားသည်။ သို့ရာတွင် ဘုရင်ခံ ပြန်သွားသောအခါ လစ်ဇာဗီတာသည် ယခင်အတိုင်းပင် ရှိနေတော့သည်။

သည်လိုနှင့် နောက်ဆုံးတွင် သူမ၏ဖခင် ကွယ်လွန်သွားတော့သည်။ ထိုအခါ ကျွန်ုပ်တို့မြို့၏ စိတ်ကောင်း စေတနာကောင်းရှိသော လူအပေါင်းတို့သည် သူမကို မိဘမဲ့ကလေးအဖြစ် ပိုမိုချစ်ခင်ကြတော့သည်။ အမှန်အတိုင်းဆိုရလျှင် သူမကို လူတိုင်းကပင် ချစ်ခင်ကြသည်။ လမ်းမပေါ်တွင် ကျက်စားနေကြသော လူငယ်လေးများကပင် သူမကို နောက်ပြောင်စော်ကားခြင်း မပြုကြချေ။ အမှန်အတိုင်း ပြောရလျှင် ကျွန်ုပ်တို့မြို့မှ လူငယ်ကလေးများ၊ အထူးသဖြင့် ကျောင်းသားကလေးများသည် အင်မတန် ဆိုးသွမ်းကြသည်။

တကြိမ်တခါမျှ မရောက်ဖူးသော၊ လုံးဝ မသိကျွမ်းဖူးသော အိမ်များအတွင်းသို့ သူမ ဝင်ရောက် သွားငြားလည်း မည်သူကမျှ သူမကို မောင်းမထုတ်ပါ။ လူတိုင်းကပင် သူမကို သနားကြင်နာခြင်း ရှိသည်။ သူမကို တစုံတရာ ပေးကမ်းကြသည်။ အကယ်၍ သူမသည် ပိုက်ဆံအကြွေတစေ့ ရှိခဲ့လျှင် ယင်းပိုက်ဆံကို ယူသွားပြီး ဘုရားကျောင်း သို့မဟုတ် အကျဉ်းထောင်တခုရှေ့ရှိ အလှူခံပုံးထဲသို့ ထည့်လိုက်သည်။ အကယ်၍ သူမသည် ပေါင်မုန့်တလုံး၊ ဘန်းကိတ်တခု ရရှိခဲ့လျှင်လည်း ယင်းပေါင်မုန့်ကို ယူသွားပြီး ပထမဆုံး တွေ့ရှိသော ကလေးတယောက်ကို ပေးလိုက်သည်။ သို့မဟုတ် မြို့ပေါ်ရှိ အချမ်းသာဆုံး အမျိုးသမီးတယောက်ကို အရပ်ခိုင်းပြီး ပေးကမ်း စွန့်ကြဲလိုက် သည်။ ထိုအမျိုးသမီးကလည်း ဝမ်းပန်းတသာ လက်ခံခြင်း ပြုလေသည်။ သူမကိုယ်တိုင်မှာမူ ပေါင်မုန့်အကြမ်း အနက်ကြီးနှင့် ရေကိုသာ စားသောက်လေသည်။

အဖိုးတန်ပစ္စည်း ရောင်းချသော ဆိုင်တဆိုင်အတွင်းသို့ သူမ ဝင်ရောက်သွားပြီး ထိုင်နေခဲ့လျှင်လည်း ဆိုင်ရှင်က သူမကို မည်သို့မျှ ဂရုပြုလိမ့်မည် မဟုတ်ပါချေ။ သူမ၏အနီးတွင် ငွေ လေးငါးထောင် ချထားပြီး သတိမေ့လျော့နေခဲ့လျှင်လည်း သူမက ထိုငွေထဲမှ တပြားတချပ်မျှ ယူမည်

မဟုတ်ပါချေ။

သူမသည် ဘုရားဝတ်ပြုရန် ဘုရားကျောင်းသို့ သွားရောက်ခဲ့သည်။ သို့သော် သူမသည် ဘုရားကျောင်း ဆင်ဝင်အောက်တွင်ကား အိပ်စက်လေ့ ရှိတတ်သည်။ သို့မဟုတ် ခြံစည်းရိုးကို ကျော်ဝင်ပြီး ခြံဝင်းတခုထဲတွင် အိပ်စက်လေ့ ရှိပါသည်။ သူမသည် နွေအခါတွင်ဆိုလျှင် တပတ် တကြိမ်လောက်၊ ဆောင်းတွင်းဆိုလျှင် နေ့စဉ်လောက်ပင် 'အိမ်' ပြန်တတ်သည်။ အိမ်ဆိုသည်မှာ သူမ၏ဖခင် အလုပ်လုပ်သော အလုပ်ရှင်၏အိမ်ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုသည်မှာလည်း ညအခါတွင်သာ အိပ်စက်ရန် ပြန်ခြင်းဖြစ်သည်။ ထိုအခါများတွင် သူမသည် စင်္ကြံလမ်းတွင်သော် လည်းကောင်း၊ နွားတင်းကုပ်ထဲတွင်သော်လည်းကောင်း အိပ်တတ်ပါသည်။

သည်လိုပုံစံမျိုး နေထိုင်ပြီး သူမ ဘယ်လိုလုပ် အသက်ရှင် နေနိုင်သည်ကို အားလုံးကပင် အံ့သြနေကြ သည်။ သို့သော် သူမက သည်ပုံစံအတိုင်း နေသားကျနေပြီ ဖြစ်သည်။ သူမ၏ ကိုယ်ခန္ဓာသည် သေးသေးကွေးကွေးကလေးသာ ဖြစ်သော်လည်း သူမ၏ ကျန်းမာရေး အခြေအနေသည် မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပင် ကောင်းမွန်လှသည်။ အချို့ကမူ သူမ ဤသို့ နေနိုင်ခြင်းမှာ မာနကြောင့်ဟု ဆိုသည်။ သို့သော် ထိုစကားသည် အဓိပ္ပာယ်မရှိလှပါ။ သူမ စကားမပြောတတ်ပါ။ တခါတခါမှသာ ဝူးဝူးဝါးဝါး ဆိုတတ်သည်။ ဘယ်လိုလုပ်ပြီး သူမမှာ မာန ရှိနိုင်မည်နည်း။

ဤသို့ဖြင့် အကြောင်းတခု ဖြစ်ပေါ်သည်။ ကြာတော့ ကြာချေပြီ။ စက်တင်ဘာလ၏ လသာသော ညတညတွင် ဖြစ်သည်။ အရက်မူးသမား လေးငါးယောက် ညအချိန် မတော်ကြီးတွင် ကလပ်မှ အရှိန်ကောင်းကောင်းဖြင့် ပြန်လာကြသည်။ နောက်ဖေးလမ်းကြားတခုမှာ ဖြစ်သည်။ လမ်းနှစ်ဖက်တွင် ခြံစည်းရိုးများ ကာရံလျက်ရှိသည်။ ထိုလမ်းသွယ်ကလေးသည် ချောင်းကူးတံတား တခုသို့ ပေါက်သည်။ အမှန်တော့ ချောင်းတခု မဟုတ်ပါချေ။ ရှည်လျားသော ရေအိုင်ကြီး တခုသာ ဖြစ်သည်။ ကျွန်ုပ်တို့မြို့က ထိုရေအိုင်ကို ချောင်းဟု ခေါ်ကြသည်။

ခြံစည်းရိုးတန်းတခု အောက်ဘက်ရှိ ပေါင်းပင် မြက်ပင်များ အကြားတွင် လစ်ဇာဗီတာ အိပ်ပျော်နေသည်ကို အမူးသမားများ တွေ့ရှိသွားကြသည်။ အမူးသမားများသည် သူမအနီးတွင် ရပ်ကာ ရယ်ရယ်မောမောဖြင့် ညစ်တီးညစ်ပတ် စကားများ ပြောကြသည်။ သည်မှာပင် လူကြီးလူကောင်း အရက်သမားတယောက်သည် ရွှေဉာဏ်တော် စူးရောက်ကာ မေးခွန်းတခု ထုတ်သည်။

“ဒီလို သတ္တဝါမျိုး တယောက်ကို ဘယ်သူက တကယ့် မိန်းမတယောက်လို ဆက်ဆံနိုင်မလဲ”

ထိုအခါ အမူးသမား အားလုံးလောက်ကပင် ခေါင်းခါကြသည်။ မဖြစ်နိုင်ဟု ဆိုကြသည်။ သို့သော် အမူးသမားထဲတွင် တယောက် အပါအဝင်ဖြစ်သော ကာရာမာဇော့က သူရဲကောင်း လုပ်သည်။ သည်အရူးမကို မိန်းမတယောက်အဖြစ် သဘောထားနိုင်သည်ဟု ဆိုသည်။ လှုံ့ဆော်မှုတခုရှိသည်ဟု ဆိုသည်။ ထို့နောက်...

အမှန်တော့ သူသည် ထိုအချိန်က ပျော်စေ ပြက်စေ ကလက်စေ လူပေါ်ကြီး လုပ်ရန် အင်မတန် စိတ်အားထက်သန်လျက် ရှိချေသည်။ သူက သူ့ကိုယ်သူ သူတို့နှင့်တန်းတူ လူတယောက်အဖြစ်နှင့် ဩ့ခံဖျော်ဖြေလျက်ရှိသည်။ သို့သော် သူ၏အမူအရာများသည် လူကြီးလူကောင်းတယောက်နှင့် မတူဘဲ ကျေးတောသား ကျေးကျွန် တယောက်နှင့် တူနေသည်။

ကာရာမာဇော့သည် ထိုအချိန်က သူ၏ ပထမဇနီး စိန့်ပီတာစဘတ်မြို့တော်တွင် ကွယ်လွန်ကြောင်း သတင်းကို ကြားသိပြီးစအချိန် ဖြစ်သည်။ သူသည် ဦးထုပ်ပေါ်တွင် ဝမ်းနည်းကြောင်း အထိမ်းအမှတ် နှင့် ပိုးတွန့် အမည်းစကြီး စည်းပြီး ယခုလို အရက်သေစာ သောက်စားကာ အရှက်မရှိ ပြုမူနေသည် ကို အင်မတန် ပရမ်းပတာနိုင်သူများကပင် သြချနေရသည်။

သူ၏ ထိတ်လန့်ဖွယ်ရာ အယူအဆကို ကြားသိရသောအခါ အမူးသမားများက ရယ်မောကြသည်။ အမူးသမားတယောက်ဆိုလျှင် ရယ်မောလျက် ရှိစေကာမူ ရွံ့ရှာ စက်ဆုပ်ဟန်ဖြင့် သူတို့လမ်း သူတို့ ဆက်သွားကြတော့သည်။ ကာရာမာဇော့ကလည်း တခြားသူများနှင့်အတူ သူ လိုက်ပါသွားသည်ဟု နောက်ပိုင်းတွင် ကျိန်တွယ်ပြောဆိုသည်။ သို့သော် ထိုအချက်ကို မည်သူမျှ သေသေချာချာ မသိပါ။ မည်သည့်အခါမျှလည်း မည်သူမျှ မသိနိုင်တော့ပါ။

သို့ရာတွင် နောက် လေးငါးခြောက်လအကြာတွင်ကား မြို့ပေါ်မှလူများသည် လစ်ဇာဗီတာ တယောက် ကိုယ်လေးလက်ဝန် ရှိနေသည့်အတွက် သူမကို မတော်မတရား စော်ကားသွားသူသည် မည်သူ ဖြစ်သနည်းဟု စိတ်မကောင်းစွာ၊ အမျက်ဒေါသကြီးစွာနှင့် ပြောဆိုနေကြတော့သည်။

သည်အခါတွင် ကောလာဟလ သတင်းတခု တမုဟုတ်ချင်းမှာပင် ပျံ့နှံ့လာသည်။ လူယုတ်မာကောင် သည် အခြားသူ မဟုတ်ဘဲ ကာရာမာဇော့ပင် ဖြစ်သည်ဟု ဆိုကြသည်။

ဤ ကောလာဟလ စကား အဘယ်မှ ပေါ်ထွက်လာသနည်း။

ထိုညက လူကြီးလူကောင်း အရက်မူးသမားများအနက် ထိုအချိန်က ကျွန်ုပ်တို့မြို့တွင် တဦးတည်းသာ ကျန်ရစ်သည်။ ထိုတဦးမှာလည်း မြို့မိမြို့ဖတဦးဖြစ်၍ နိုင်ငံတော် ကောင်စီဝင် တဦးလည်း ဖြစ်သည်။ သူ့မှာ အရွယ်ရောက်နေပြီဖြစ်သော သမီးပျိုများ ရှိသည်။ သို့ဖြင့် သူ့အနေနှင့် ကောလာဟလသတင်းကို မည်သည့်နည်းနှင့်မျှ လွှင့်မည်မဟုတ်ပါချေ။ အခြား အမူးသမားများ အားလုံး ဤမြို့တွင် မရှိကြတော့ပြီ။ သို့သော် ထွက်ပေါ်လာသော ကောလာဟလများကား ကာရာမာဇော့ကိုသာ လက်ညှိုးထိုးလျက် ရှိတော့သည်။

သို့ရာတွင် ကာရာမာဇော့အနေနှင့်မူကား ဤစွပ်စွဲချက်နှင့် ပတ်သက်ပြီး ကသိကအောက် မဖြစ်လှပါ။ ကုန်သည်များ၊ လက်မှုပညာရှင်များက သူ့ကို စွပ်စွဲ မေးမြန်းလာသည်များကို ပြန်လည် ဖြေကြားပေးဖို့ အပန်းမကြီးပါ။ သည်အချိန်က သူသည် မာနတံခွန် လွှင့်နေချိန် ဖြစ်သည်။ သူ့အိမ်တွင် ဝင်ရောက် စားသောက်နေကြသော လူကြီးလူကောင်းများနှင့် အစိုးရဝန်ထမ်းများမှတပါး အခြားသူများကို ရှိသည်ဟု သူ မထင်ပါ။

ဤပြဿနာတွင် ဂရီဂိုရီသည် သူ့သခင်ဘက်မှ ပြတ်သားစွာ ရပ်တည် ကာကွယ်သည်။ သူတို့၏ စွပ်စွဲချက်များကို ရိုးရိုးသားသား ကာကွယ်ရုံမျှသာမက စွပ်စွဲသူများနှင့် ခိုက်ရန်သတ္တရလည်း ပြုသည်။ သူတို့၏ စွပ်စွဲချက်များကို ပြောင်းလဲသွားအောင် ချေပခြင်းလည်း ပြုသည်။

“ဒီကိစ္စမှာ တရားခံက အရူးမပဲ” ဟု သူ ဆိုလေ့ရှိသည်။ သူမကို စော်ကားသူမှာ ‘ကပ်’ ဟူသော ဝရမ်းပြေး ဖြစ်သည်ဟု ဆိုသည်။ ထိုဝရမ်းပြေးသည် ထောင်မှ ထွက်ပြေးလာပြီး ကျွန်ုပ်တို့မြို့တွင် ခိုအောင်းနေသူ ဖြစ်သည်။

ဤချေပချက်မှာ ယုတ္တိတန်နေသည်။ အကြောင်းမှာ ထိုဝရမ်းပြေးသည် ဆောင်းဦးပေါက် ညများက ကျွန်ုပ်တို့မြို့တွင် လှည့်လည်ကျက်စားနေပြီး လူသုံးဦးကို လုယက်ခဲ့သည့်သတင်းကို လူတိုင်း သိရှိမှတ်မိနေသောကြောင့် ဖြစ်သည်။

မည်သို့ရှိစေ ဤအဖြစ်အပျက်နှင့် ဤကောလာဟလ သတင်းများကြောင့် အရူးမကလေးအပေါ် မြို့သူမြို့သားများက ထားရှိသော သနားကြင်နာမှုကား လျော့ပါးမသွားပါချေ။ မြို့သူမြို့သားများက သူမပေါ်တွင် ယခင်ကထက်ပင် ပို၍ ဂရုစိုက်ကြသည်။ ကြည့်ရှု စောင့်ရှောက်ကြသည်။

ဧပြီလကုန်ပိုင်းလောက်တွင်ကား မစ္စက် ကွန်ဒရာယက် ဟူသော အမျိုးသမီးကြီးက လစ်ဇာဗီတာကို သူမ၏အိမ်တွင် ကောင်းမွန်စွာ ထိန်းသိမ်းထားရှိသည်။ မီးဖွားရေးအတွက်လည်း လိုအပ်သည်များ အားလုံးကို ပြင်ဆင်ပေးထားသည်။ မီးဖွား၍ မပြီးမချင်း အပြင်သို့ မသွားစေရန်

ကြပ်မတ်ထားသည်။ သူမကို အမြဲတစေလိုပင် စောင့်ကြည့်နေကြသည်။ သို့ရာတွင် ၎င်းတို့ ဤမျှ နိုးနိုးကြားကြား ဂရုစိုက်နေသည့်ကြားကပင် လစ်ဇာဗီတာသည် မီးဖွားမည့်ညတွင် မစ္စက်ကွန်ဒရာယက်၏အိမ်မှ ထွက်ပြေးသွားပြီး ကာရာမာဇော့၏ ဥယျာဉ်တွင်းသို့ ရောက်ရှိသွားသည်။

မီးဖွားလုဆဲဆဲ အခြေအနေမျိုးတွင် ဤမျှ မြင့်မားခိုင်ခံ့သော ခြံစည်းရိုးကို သူမ ဘယ်လိုလုပ်ပြီး ကျော်လွှားနိုင်သည်မှာ မဖြေရှင်းနိုင်သော ပဟေဠိတခုပင် ဖြစ်တော့သည်။ အချို့ကမူ သူမကို တယောက်ယောက်က မ တင်ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အချို့ကတော့ သူမကို တန်ခိုးကြွဒ္ဓိပါဒ်တခုက မ တင်ပေးလိုက်ခြင်း ဖြစ်သည်ဟု ပြောကြသည်။

သို့ရာတွင် ဖြစ်ဖို့များသည်ကတော့ သူမဘာသာ ဝင်ရောက်ခြင်းပင် ဖြစ်ပါလိမ့်မည်။ သူမသည် ခြံစည်းရိုးများကို ကျော်ပြီး သူများတကာ၏ ခြံဝင်းများထဲတွင် အိပ်စက်လေ့ ရှိသည့်အတိုင်း ယခုအကြိမ်တွင်လည်း ကာရာမာဇော့၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်ပေလိမ့်မည်။ သူမ၏ ကိုယ်ခန္ဓာကြီးသည် မပေါ့မပါး ဖြစ်သော်ငြားလည်း ဥယျာဉ်တွင်းသို့ တစုံတရာ ထိခိုက်ခြင်း မရှိဘဲနှင့် ခုန်ချလိုက်နိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

ဂရီဂိုရီသည် မာဖာထံ ပြေးသွားပြီး သူမကို လစ်ဇာဗီတာအား ကြည့်ရှုစေသည်။ သူကိုယ်တိုင်ကမူ မလှမ်းမကမ်းတွင် နေထိုင်သော လက်သည် အဘွားကြီးတယောက်ကို ပြေးခေါ်သည်။

ကလေးငယ်ကို ကောင်းမွန်စွာ မွေးဖွားသည်။ သို့ရာတွင် မိခင်မူကား နံနက်အရုဏ်တက်တွင် ကွယ်လွန်သွားလေသည်။ ဂရီဂိုရီသည် ကလေးငယ်ကို အိမ်သို့ ခေါ်ယူလာသည်။ ဇနီးသည်ကို ထိုင်ခိုင်းပြီး ကလေးငယ်ကို ဇနီးသည်၏ ရင်ခွင်ထဲသို့ ထည့်လိုက်သည်။ "ဘုရားသခင်ရဲ့ ကလေးပဲ... မိဘမဲ့ကလေးဆိုတာ လူတိုင်းရဲ့ကလေးပဲ၊ မင်းနဲ့ ငါရဲ့ ဆွေမျိုးပဲ၊ ငါတို့ရဲ့ရင်သွေးကလေးက သူ့ကို ငါတို့ဆီကို လွှတ်လိုက်တာပဲ။ ဘာမှ ငိုမနေနဲ့တော့၊ သူကလေးကို ကျွေးမွေးစောင့်ရှောက်ပါ" ဟု ဂရီဂိုရီက ပြောသည်။

ကလေးငယ်ကို ရေဖျန်းမင်္ဂလာပြုပြီး ပေဗယ်ဟု အမည်ပေးသည်။ ဖခင်ဘက်မှ ဆက်ခံရရှိသည့် အမည်အဖြစ်နှင့်မူ လူတိုင်းကပင် သူ့ကို ဖျို့ဒါရိုဗစ်ဟု ခေါ်သည်။ လူတွေက ဤသို့ ခေါ်ဝေါ်ကြသည် ကို ဖျို့ဒါကာရာမာဇော့က ကန့်ကွက်ခြင်း မပြုသည့်အပြင် သဘောပါ ကျနေသေးတော့သည်။ သို့သော် ကောလာဟလများနှင့် ပတ်သက်၍မူကား သူသည် အကျောက်အကန် ဆက်လက် ငြင်းဆန်လျက်ပင် ရှိသည်။

ကလေးငယ်ကလေးကို သူ ကြည့်ရှုစောင့်ရှောက်ထားသည့်အတွက်မူ

လူတွေက သဘောကျ ကျေနပ်လျက် ရှိကြသည်။ ကာရာမာဇော့သည် နောက်ပိုင်းတွင် ကလေးငယ်၏ မျိုးရိုးအမည်ကို လည်း ရှာဖွေတွေ့ရှိသည်။ သူ့မိခင်၏ နာမည်ကိုယူပြီး ဆမာယာကော့ဟု ခေါ်ဆိုသည်။

ဤမည်သော ဆမာယာကော့သည် နောင်အခါတွင် ကာရာမာဇော့၏ ဒုတိယအစေခံ ဖြစ်လာပြီး ကျွန်ုပ်တို့၏ ဝတ္ထုဇာတ်လမ်းစချိန်တွင် သူသည် အစေခံတန်းလျားတွင် ဂရီဂိုရီနှင့်အတူ နေထိုင်လျက် ရှိလေသည်။ သူ၏အလုပ်မှာ ထမင်းချက် ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် သူ့အကြောင်းတွေကို ဆက်ပြီး အများကြီး ပြောစရာ ရှိသေးသော်လည်း ဘာမဟုတ်သည့် အစေခံတွေအကြောင်း ဇာချဲ့နေရာကျမည်စိုးသဖြင့် ကျွန်ုပ်၏ မူရင်းဇာတ်လမ်းသို့ပဲ ပြန်သွားပါတော့မည်။ ဆမာယာကော့နှင့် ပတ်သက်သော အကြောင်းများသည် မူရင်းဇာတ်လမ်းကို ဖော်ပြသွားရာမှာပင် အလျဉ်းသင့်သလို ပါရှိလာပါလိမ့်မည်။

၃။ အုံကြွနေသော နှလုံးသား၏ ကဗျာလင်္ကာဖြင့် ဖွင့်ဟဝန်ခံချက်

သူ၏ဖခင် ဘုန်းကြီးကျောင်းမှ ထွက်ခွာစဉ် မြင်းရထားပေါ်မှ အော်ဟစ် အမိန့်ပေးသွားသည်ကို ကြားရသောအခါ အလျှိုရှာသည် ထိုနေရာတွင် စိတ်ဇဝေဇဝါဖြင့် အတန်ကြာ ရပ်နေမိသည်။ သို့သော် တနေရာတွင် အကြာကြီး ရပ်နေသည်မှာ သူ၏ဓလေ့ မဟုတ်ပါ။ ယင်းသို့ဖြင့် စိတ်ဇဝေဇဝါ ဖြစ်လျက်နှင့်ပင် ကျောင်းထိုင်ဆရာတော်ကြီး၏ စားဖိုဆောင်သို့ သွားရောက်ပြီး သူ၏ဖခင် ဘာတွေ လုပ်သွားသည်ကို စုံစမ်းသည်။

ထို့နောက် သူသည် မြို့ထဲဘက်သို့ ထွက်သွားသည်။ သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည်များ အတွက် အဖြေကို လမ်းခရီးမှာပင် ရရှိလိမ့်မည်ဟု မျှော်လင့်သည်။

ဤနေရာတွင် တခုတော့ ပြောထားရမည်။ သူ့ဖခင်က အိပ်ရာလိပ်ယူပြီး အိမ်ပြန်ခဲ့ရန် အမိန့် ပေးသွားသည့်အတွက် သူ အနည်းငယ်မျှပင် စိုးနှောင့်ဗျာပွေ မဖြစ်ပါ။ သူ့ဖခင် ယင်းကဲ့သို့ အော်ဟစ်သွားခြင်းမှာ သူ၏လုပ်ရပ်ကို ပိုမိုလေးနက်အောင် လုပ်ဆောင်ခြင်းသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့မြို့က ကုန်သည်တယောက်လိုပင်ဖြစ်သည်။ အဆိုပါ ကုန်သည်သည် တလောကလေး ကပင် မိတ်ဆွေအပေါင်းအသင်းများကို ဖိတ်ခေါ်ပြီး "အမည်ယူ သူတော်စင်နေ့" ပွဲသဘင်တခု ကျင်းပသည်။ ဤတွင် ဗေဒ္ဒကာအရက် ထပ်မရသည့်အတွက် စိတ်ဆိုးပြီး ပန်းကန်ခွက်ယောက်တွေ ခွဲပစ်သည်။ သူ့အဝတ်အစားနှင့် သူ့မိန်းမ၏ အဝတ်အစားများကို ဆုတ်ဖြဲပစ်သည်။ နောက်ဆုံးတွင် ပြတင်းပေါက်မှန်များကို ခွဲပစ်သည်။ စောစောက သူ့ဖခင် စိတ်လိုက်မာန်ပါ လုပ်သွားသကဲ့သို့ပင် ဖြစ်သည်။ နောက်တနေ့နံနက် အမူးပြေသောအခါတွင်ကား အဆိုပါ ကုန်သည်သည် ပန်းကန် ခွက်ယောက်များကို ခွဲမိသည့်အတွက် ယူကျုံးမရ ဖြစ်ရတော့သည်။

သူ့ဖခင်ကလည်း သူ့ကို နောက်တနေ့တွင် သို့မဟုတ် ကနေ့မှာပင် ဘုန်းကြီးကျောင်းသို့ ပြန်ခွင့်ပြုလိမ့်မည်ဟု အလျှိုရှာ ယုံကြည်စိတ်ချနေသည်။ ထို့အပြင် သူ၏ဖခင်သည် အခြားသူများကို စိတ်ထိခိုက်အောင် ပြုလုပ်မည် ဖြစ်သော်လည်း သူ့ကို စိတ်ထိခိုက်အောင်ကား ဘယ်တော့မျှ လုပ်မည်မဟုတ်ပါ။ သူ့ကို မည်သူကမျှ ထိခိုက်အောင် မပြုလုပ်ကြပါ။ ဤကား သူ၏ သံသယ မပွားသော ယူဆချက်ပင် ဖြစ်သည်။ ထိုယူဆချက်ကို ဆုပ်ကိုင်လျက် အလျှိုရှာသည် သူ့ခရီးကို အနှောင့်အနှေး မရှိဘဲ ဆက်နေတော့သည်။

သို့သော် ထိုအချိန်မှာပင် သူ့စိတ်ထဲတွင် အနှောင့်အယှက်တခု ဖြစ်ပေါ်လာပြန်သည်။ ထိုကိစ္စ အတွက်မူ သူ့မှာ အထူးပင် ပူပန်နေမိသည်။ အကြောင်းမှာ ထိုကိစ္စအတွက် အဖြေကို သူ ရှာမတွေ့ သောကြောင့် ဖြစ်သည်။ ယင်းကား အခြားမဟုတ်။ ကက်ထရီးနား ဟူသော အမျိုးသမီး တယောက်ကို စိုးရွံ့ကြောက်လန့်နေမိခြင်းပင် ဖြစ်သည်။ ထိုအမျိုးသမီးက သူမနှင့် အမြန်ဆုံး လာတွေ့ရန် သူ့ကို မဒမ်ကိုကလာကော့နှင့် စာ ပါးလိုက်သည်။

ဤဖိတ်မန္တကပြုမှုနှင့် မငြင်းမဆန်သာဘဲ အလျင်အမြန် သွားရောက်ရမည့်အရေးသည် သူ့ရင်ထဲတွင် မအေးနိုင်ဘဲ ရှိနေသည်။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသခ်မ်းနှင့် ကျောင်းထိုင်ဘုန်းတော်ကြီး၏ အဆောင်တွင် ဗရုတ်သုတ်ခ ဖြစ်ပွား၍ စိတ်ရှုပ်ရသည့်ကြားမှပင် ကက်ထရီးနားနှင့် ပတ်သက်သည့် ခံစားမှုသည် ရင်ထဲတွင် ပို၍ ပို၍ နာကျင်လာရသည်။

အမှန်တော့ သူသည် ထိုအမျိုးသမီးကို မိန်းမတယောက်အနေဖြင့် ကြောက်လန့်နေမိခြင်း မဟုတ်ပါ။ သူသည် မိန်းမတွေ အကြောင်းကို မသိလှသော်လည်း ဘုန်းကြီးကျောင်းသို့ မရောက်မီ သူ၏ ငယ်စဉ်ဘဝတလျှောက်လုံးတွင် မိန်းမတွေနှင့်သာ နေခဲ့ရသည်။

သူ့အနေနှင့် ကြောက်လန့်နေမိသည်မှာ ဤအမျိုးသမီးတယောက်သာ ရှိသည်။ ကက်ထရီးနား ဟူသော အမျိုးသမီးကို ကြောက်လန့်ခြင်းသာ ဖြစ်သည်။ ထိုအမျိုးသမီးကို ပထမဆုံးအကြိမ် တွေ့မြင်ရကတည်းကပင် ကြောက်လန့်နေမိခဲ့သည်။

ထိုအမျိုးသမီးကို သူ တကြိမ် နှစ်ကြိမ်သာ တွေ့ဖူးသည်။ အလွန်ဆုံး သုံးကြိမ်သာ ဖြစ်နိုင်သည်။ တကြိမ်တွင်သာ သူမနှင့် စကား အနည်းငယ် ပြောခဲ့ဖူးသည်။

ထိုအမျိုးသမီးကို လှပသော၊ မာနရှိသော၊ လွှမ်းမိုးသော၊ အမျိုးသမီးတဦးအဖြစ် သူ အမှတ်ရနေသည်။ သို့သော် ထိုအမျိုးသမီးကို သူ ကြောက်လန့်နေသည်မှာ သူမ၏ အလှကြောင့် မဟုတ်ပါ။ အခြားအကြောင်း တခုကြောင့်သာ ဖြစ်ပါသည်။ သို့သော် ထိုအကြောင်းကို သူ့အနေနှင့် ရေရေရာရာ မသိရှိသဖြင့် သူ့မှာ ပိုပြီး ကသိကအောက် ဖြစ်နေရသည်။

အမျိုးသမီး၏ စိတ်ထားမြင့်မြတ်မှုကို သူ သိသည်။ အမျိုးသမီးသည် သူမ၏အပေါ်တွင် မကောင်းသော သူ့အစ်ကို ဒီမီထရီကို ကယ်တင်ရန် ကြိုးစားလျက်ရှိသည်။ အလျှိုရှာသည် သူမ၏ စိတ်ထားမြင့်မြတ်မှုနှင့် လုပ်ရပ်မှန်ကန်မှုကို သိရှိသော်လည်း သူမ၏ အိမ်အနီးသို့ ရောက်ရှိလာသော အခါ သူ၏ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားရပါသည်။

သူမနှင့် အထူးပင် ရင်းနှီးလှသော သူ့အစ်ကို အိုက်ဗင်ကို သူမ၏အိမ်တွင် တွေ့ရှိရမည် မဟုတ်ကြောင်း အလျှိုရှာ သိရှိသည်။ ယခုအချိန်တွင် အိုက်ဗင်သည် သူ၏ဖခင်နှင့် အတူ ရှိနေပေလိမ့်မည်။ သူ၏အစ်ကို ဒီမီထရီလည်း သူမ၏အိမ်တွင် ရှိနေမည်မဟုတ်ကြောင်း အလျှိုရှာ သေချာစွာသိသည်။ ဒီမီထရီ အဘယ်ကြောင့် ရှိမနေမည်ကိုလည်း သူသိသည်။ ယင်းသို့ဖြင့် သူသည် အမျိုးသမီးနှင့် နှစ်ယောက်တည်း တွေ့ဆုံရပေလိမ့်မည်။

သူသည် အမျိုးသမီးနှင့် မတွေ့ ခင် သူ့အစ်ကို ဒီမီထရီနှင့် အရင် သွားတွေ့ချင်သည်။ အမျိုးသမီးထံမှ စာကို မပြဘဲ သူနှင့် စကားအနည်းငယ် ပြောချင်သည်။ သို့ရာတွင် ဒီမီထရီနေသည့်အိမ်က ဝေးသည်။ ထို့အပြင် အိမ်မှာလည်း သူရှိမည် မဟုတ်ချေ။ အပြင်သို့ သွားနေပေလိမ့်မည်။

အလျှိုရှာသည် တမိနစ်ခန့် မတ်တတ်ရပ်နေပြီးနောက် အပြီးသတ် ဆုံးဖြတ်ချက်တခုကို ချမှတ်လိုက်သည်။ အကျင့်ဖြစ်နေသည့်အတိုင်း ကိုယ်ပေါ်တွင် လက်ဝါးကပ်သဏ္ဍာန် လျင်မြန်စွာ ပြုလုပ်လိုက်ပြီးနောက် တယောက်တည်း ပြုံးလိုက်ကာ အင်မတန်ကြောက်သော အမျိုးသမီးရှိရာ အိမ်ဘက်သို့ ခိုင်ကျည်စွာ လျှောက်သွားလေတော့သည်။ သူမ၏အိမ်ကို သူသိသည်။ လမ်းမကြီး အတိုင်း သွားပြီး ဈေးကို ဖြတ်သွားမည်ဆို ခရီးဝေးလှသည်။ တကွေ့တပတ်ကြီး ဖြစ်သည်။ ကျွန်ုပ်တို့ မြို့ကလေးသည် သေးပင်သေးငြားလည်း ပြန့်ကျဲလျက်ရှိသည်။ တလမ်းနှင့် တလမ်း၊ တအိမ်နှင့် တအိမ်သည် အဝေးကြီး ဖြစ်သည်။ ယခုအချိန်တွင်မူ သူ၏ဖခင်သည် သူ့စကားကို မမေ့သေးဘဲ သူ့ကို စောင့်မျှော်နေပေလိမ့်မည်။ သို့ဖြင့် သူသည် တနေရာသို့ မြန်မြန်သွားပြီး အခြားတနေရာသို့ မြန်မြန် ပြန်ရောက်မှ ဖြစ်ပေမည်။ ယင်းကြောင့် သူသည် ဖြတ်လမ်းမှသွားရန် ဆုံးဖြတ်လိုက်သည်။ သူသည် ကျွန်ုပ်တို့ မြို့ကလေးရှိ ဖြတ်လမ်းများအားလုံးကို တခုမကျန် သိရှိပေသည်။

ဖြတ်လမ်းမှ သွားရောက်ခြင်းသည် လမ်းမကြီးတွေကို ရှောင်ကွင်းရာရောက်သည်။ လူသူလေးပါး ကင်းရှင်းသော ခြံစည်းရိုးများအကြား လမ်းသွယ်ကလေးများမှ သွားရသည်။ ရံဖန်ရံခါတွင် ခြံဝင်းထရံများကို ကျော်တက်ပြီး သူများခြံဝင်းထဲကိုဖြတ်သွားရသည်။ သို့သော် သူ့ကို လူတိုင်းကပင် သိရှိကြသဖြင့် ကန့်ကွက်ခြင်းမပြုဘဲ ခေါ်ပြောနှုတ်ဆက်ကြသည်။ ဤနည်းဖြင့် သူသည် အချိန်တဝက် သက်သာပြီး လမ်းမကြီးသို့ ပြန်လည် ရောက်ရှိနိုင်သည်။

တနေရာတွင် သူသည် သူ့ဖခင်၏ ခြံဝင်းနှင့် အတော်နီးနီးကလေး ဖြတ်သွားရသည်။ ဖခင် ခြံဝင်းနှင့် ကျောခိုင်းနံစပ်ဖြစ်သော ခြံဝင်းတခုကို ဖြတ်သွားရခြင်း ဖြစ်သည်။ ထိုခြံဝင်းထဲတွင် ပြတင်းပေါက် လေးပေါက်နှင့် ပျက်စီးယိုယွင်းနေသော အိမ်ငယ်တခု ရှိသည်။ အိမ်ပိုင်ရှင်မှာ လူမမာ ကုန်သည်

အဘွားကြီးတဦး ဖြစ်ကြောင်း အလျှိုရှာ သိထားသည်။

အဘွားကြီးသည် ထိုအိမ်တွင် သမီးတယောက်နှင့်အတူ နေထိုင်သည်။ သူမ၏သမီးသည် 'ယဉ်ကျေးသော' အိမ်ဖော် မိန်းကလေးတဦး ဖြစ်သည်။ သူမသည် မကြာသေးမီကပင် ပီတာစဘတ် မြို့ရှိ ဗိုလ်ချုပ်ကြီးများအိမ်တွင် အလုပ်လုပ်ခဲ့သည်။ လွန်ခဲ့သည့် တနှစ်လောက်ကမှ မိခင် နေမကောင်းသဖြင့် အိမ်သို့ပြန်လာခြင်း ဖြစ်သည်။ သူမသည် အမြဲတမ်းလိုပင် ဝတ်ကောင်းစားလှ ကလေးများ ဝတ်ဆင်ပြီး ဟန်ရေးပြတတ်သည်။

အဘွားကြီးနှင့် သမီးကလေးတို့သည် နေထိုင် စားသောက်မှု အဆင်မပြေသဖြင့် နေ့တိုင်းလိုပင် ကာရာမာဇော့ စားဖိုဆောင်သို့ သွားရောက်ကြရသည်။ မာဖာက သူတို့ကို စွပ်ပြုတ်နှင့် ပေါင်မုန့် တိုက်ကျွေးသည်။ အဘွားကြီး၏သမီးသည် ဤသို့ စားဝတ်နေရေး ကျပ်တည်းသော်လည်း သူမ၏ အဝတ်အစားများကို တထည်တလေမျှပင် ရောင်းချခြင်း မရှိပါ။ သူမ၏ ဂါဝန်တထည်ဆိုလျှင် ရှည်လျားသော အနား တရွတ်သီကြီးနှင့်ဖြစ်သည်။

အလျှိုရှာသည် ဤအကြောင်းများကို ရာကီတင်ထံမှ သိရှိရခြင်းဖြစ်သည်။ ရာကီတင်သည် ကျွန်ုပ်တို့မြို့တွင် ဖြစ်ပျက်နေသည့် အကြောင်းများကို အပ်ကျသည်ကအစ သိရှိသူ ဖြစ်သည်။

အချို့ရှာသည် မမာသည် အဘွားကြီး၏ခြံအနီးသို့ ရောက်ရှိသောအခါ ရုတ်ခြည်းဆိုသလို အနားတရွတ်သီ ဂါဝန်ရှည်ကြီးကို သတိရသဖြင့် ငုံ့ထားသော ခေါင်းကို မော့ကြည့်လိုက်သည်။ ထိုအခါ သည်နေရာတွင် တွေ့ရလိမ့်မည်ဟု မည်သို့မျှ မျှော်လင့်မထားသော လူတယောက်ကို ရုတ်တရက်ကြီး တွေ့လိုက်ရသည်။

ခြံစည်းရိုးတန်း၏ တဖက်ခြံဝင်းထဲတွင် သူ့အစ်ကို ဒီမီထရီ ရှိနေသည်။ ဒီမီထရီသည် တစုံတခု ပေါ်တွင် မတ်တတ်ရပ်လျက် ရှိနေပြီး ခြံစည်းရိုးတန်းပေါ်မှ ကုန်းငုံ့ကာ သူ့ကို လက်ရိပ် မျက်ရိပ် ပြကာ ခေါ်နေသည်။ သူသည် တစုံတယောက် ကြားသွားမည်ကို စိုးရိမ်သည့်အလား ပါးစပ်မှ အသံ လုံးဝမထွက်ပါချေ။ အလျှိုရှာသည် ချက်ချင်းဆိုသလိုပင် ဒီမီထရီရှိရာ ခြံဝင်းဆီသို့ ပြေးကပ်သွား သည်။

"မင်း မော့ကြည့်တာ အတော်ပဲ၊ နို့မဟုတ်ရင် မင်းကို ငါ အော်ခေါ်နေရမှာ" ဒီမီထရီ လေသံဖြင့်၊ ဝမ်းသာဟန်ဖြင့် မြန်မြန်ပြောသည်။ "ဒီဘက်ကို ကျော်ဝင်ခဲ့၊ မြန်မြန်၊ မင်းကို တွေ့ရတာ ငါ ဝမ်းသာလိုက်တာ၊ အခုပဲ မင်းအကြောင်း ငါတွေးနေတာ..."

အလျှိုရှာလည်း စိတ်ထဲတွင် ပျော်သွားသည်။ သို့သော် ခြံစည်းရိုးကို

ဘယ်လို ကျော်တက်ရမှန်းမသိ ဖြစ်နေသည်။ ထိုအခါ မစ်တယာ (ဒီမီထရီ) က သူ၏ သန်မာသောလက်များဖြင့် အလျှိုရှာ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဆွဲတင်မ ယူသည်။ အလျှိုရှာသည် ဝတ်ရုံစကို သိမ်းလိုက်ပြီး နောက် လမ်းပေါ်က ကလေးတယောက်လို ခြံစည်းရိုးကို ခုန်လိုက်သည်။

"တယ်ဟုတ်ပါကလား၊ လာ... လာ ဒီကိုလာ"

မစ်တယာ စိတ်အားထက်သန်စွာဖြင့် တီးတိုး ဆိုသည်။

"ဘယ်ကိုလာရမှာလဲ"

အလျှိုရှာ လေသံဖြင့် ပြန်မေးရင်း ဘေးပတ်လည်ကို ကြည့်လိုက်သည်။ ခြံဝင်းထဲတွင် သူတို့နှစ်ယောက်မှတပါး အခြား မည်သူမျှ မရှိပါ။ ခြံဝင်းမှာ အကျယ်ကြီး မဟုတ်သော်လည်း အိမ်ကလေးသည် သူတို့နေရာနှင့် ဆိုလျှင် အလှမ်းငါးဆယ်လောက် ဝေးကွာသည်။

"ခြံထဲမှာ ဘယ်သူမှလည်း မရှိဘဲနဲ့ အစ်ကိုကြီး ဘာဖြစ်လို့ တိုးတိုး တိုးတိုး ပြောနေရတာလဲ..."

"ဘာဖြစ်လို့ တိုးတိုး ပြောနေသလဲ ဟုတ်လား... တောက်" ဒီမီထရီ ရုတ်ခြည်းဆိုသလို အသံ ကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ "ဘာဖြစ်လို့ တိုးတိုးပြောရသလဲဆိုတော့ အခြေအနေအရပဲပေါ့၊ ကိုယ်က ဒီမှာ တိတ်တိတ်ကလေး နေနေတယ်၊ သတိထားပြီး နေနေတယ်။ ဘာဖြစ်လို့လဲဆိုတာ ပြီးတော့ ကိုယ် ရှင်းပြမယ်။ ဒါပေမဲ့ ကိုယ်ဟာ တိတ်တိတ်ကလေး နေနေတဲ့အတွက် တိုးတိုးကလေး ပြောရတာပဲ။ လာ... လာ၊ ဟိုဘက်ကို သွားကြမယ်။ စကားမပြောနဲ့ဦး၊ ညီလေးကို ကိုကို အနမ်းနဲ့ နှုတ်ဆက်ချင်တယ်။

ကမ္ဘာတခွင် ဘုရားသခင်ရဲ့တန်ခိုး ဖြိုးဝေပါစေသား....

ကျွန်ုပ်၏ကိုယ်တွင် ဘုရားသခင်ရဲ့ တန်ခိုး ဖြိုးဝေပါစေသား ...

"ညီလေး မလာခင်တုန်းက ကိုယ် အခုလိုပဲ အထပ်ထပ် ဆုတောင်းနေခဲ့တယ်"

ခြံဝင်းသည် သုံးကေခန့် ကျယ်ဝန်းသည်။ သို့သော် ခြံဝင်း ပတ်ပတ်လည်လောက်တွင်သာ သစ်ပင်ကြီးများ စိုက်ပျိုးထားသည်။ ပန်းသီးပင်များ၊ မေပယ်ပင်များ၊ သံပရာပင်များ၊ သစ်ခေါက်ဖြူ ပင်များ။ ခြံဝင်း၏အလယ်တွင် မြက်ခင်းပြင်ကြီး ရှိသည်။ နွေရာသီတိုင်းမှာပင် ယင်းမြက်ခင်းပြင်မှ မြက်ခြောက် ပေါင်ချိန်ပေါင်း မြောက်မြားစွာ ရရှိသည်။ ခြံဝင်းကို နွေရာသီတွင် ကြေးငွေဖြင့်

ငှားရမ်းခြင်းပြုသည်။

ထို့အပြင် ခြံစည်းရိုးတလျှောက်တွင် စိုက်ခင်းများလည်း ရှိသည်။ ရပ်စဗာရီ၊ ဆီးဖြူနှင့် စပျစ်ခင်းများ ဖြစ်သည်။ အိမ်အနီးတွင် ဟင်းသီးဟင်းရွက်ခင်းများလည်း ရှိ သည်။ သို့သော် ယင်းတို့ကို မကြာသေးမီကလေးကမှ စိုက်ပျိုးထားခြင်း ဖြစ်သည်။

ဒီမီထရီသည် အလျှိုရှာကို ချောင်အကျဆုံးဖြစ်သော ခြံဝင်းထောင့် တထောင့် ဆီသို့ ခေါ်ဆောင်သွားသည်။ ထိုခြံဝင်းထောင့်သို့ ရောက်ရှိသောအခါ သံပရာပင်များ၊ စပျစ်ချုံများ၊ တမာခါးပင်များ၊ အဲလဒါပင်များ သိပ်သည်းထူထပ်စွာ ဖုံးလွှမ်းပေါက်ရောက် နေသည့် အကြားတွင် ဟောင်းနွမ်းပျက်စီးနေပြီ ဖြစ်သော နွေရာသီ အနားယူ အိမ်စိမ်း ကလေး တခုကို တွေ့ ရှိရသည်။ အိမ်စိမ်းကလေး၏ ရာဇမတ်ကွက် နံရံများသည် နှစ် ပရိစ္ဆေဒ ကြာမြင့်ပြီ ဖြစ်သည့်အလျောက် မည်းနက်ပျက်ယွင်းနေပြီ ဖြစ်သော်လည်း အမိုး မှာမူ အကောင်းကြီး ရှိသေးသည်။ မိုးလုံသေးသည်။

ဤ နွေရာသီ အိမ်ကလေးကို မည်သည့်အချိန်က ဆောက်လုပ်ခဲ့သည်ကို မည်သူမျှ အတိအကျ မသိရှိသော်လည်း လွန်ခဲ့သော အနှစ်ငါးဆယ်လောက်က ဤခြံဝင်းကို ပိုင်ဆိုင် သော ဗွန်ရှမစ် အမည်ရှိ အငြိမ်းစား ဗိုလ်မှူးကြီးတဦး ဆောက်လုပ်ခဲ့သည်ဟု လူအများ ပြောဆိုလျက်ရှိသည်။

သို့သော် တအိမ်လုံးလိုပင် ပျက်ယွင်းကာ ဆွေးနေပြီ ဖြစ်သည်။ ကြမ်းခင်းတခု လုံးလည်း ဆွေးနေပြီ ဖြစ်သည်။ ပျဉ်ချပ်များ ပြုတ်ထွက်နေကြသည်။ သစ်သားများမှာ လည်း မှိုစော် အောက်စော် နံနေသည်။

အိမ်ထဲတွင် မြေကြီးပေါ်၌ အသေစိုက်ထားသော စားပွဲစိမ်းတခု ရှိသည်။ စားပွဲ ပတ်ပတ်လည်တွင် ခုံတန်းလျားစိမ်းများရှိပြီး ထိုင်၍ရနိုင်သော အခြေအနေတွင် ရှိနေကြသေးသည်။

အလျှိုရှာသည် အစ်ကိုကြီးဖြစ်သူ၏ တက်ကြွနေမှုကို ချက်ချင်းပင် သဘောပေါက်မိသည်။ စားပွဲပေါ်တွင် ဘရန်ဒီ ပုလင်းတဝက်လောက်နှင့် ဖန်ခွက်တလုံးတို့ကို တွေ့ရှိရသည်။

“ဘရန်ဒီ...” မစ်တယာ ရယ်မောကာ ပြောလိုက်သည်။

“ညီလေး စိတ်ထဲမှာ ဘာပြောနေမယ်ဆိုတာကို အစ်ကိုကြီး သိပါတယ်၊ ‘သူ အရက်တွေ သောက်နေပြန်ပြီ’ လို့ ပြောနေတယ် မဟုတ်လား။ ညီလေးမျက်စိထဲမှာ မြင်ရတာကို ဘာမှ မယုံပါနဲ့။

မဟုတ်တမ်းတရား မုသားများ ယုံမှားမရှိရာ ..

သင့်စိတ်ဝေဝါး ဒွိဟများ လုံးဝမပွားရာ ...

"ကိုယ့်အနေနဲ့ သောက်စားမူးယစ်နေတာ မဟုတ်ပါဘူး၊ မောင်ရင့်သူငယ်ချင်း ရာကီတင် ပြောသလို 'ဘဝကို ခံစား' နေတာပါ။ ရာကီတင်ဟာ တနေ့နေ့မှာ မင်းတိုင်ပင် လူကြီးတယောက် ဖြစ်လာလိမ့်မယ်၊ အဲဒီအခါမှာ သူဟာ 'ကျုပ်ဘဝကို ကျုပ် ခံစားတာပါ' လို့ပဲ ပြောလိမ့်မယ်၊ ထိုင်ပါဦး ညီလေး၊ ညီလေးကို အစ်ကိုကြီးရင်ခွင်ထဲမှာ ထည့်ပြီး တအား ညှစ်ပစ်လိုက်ချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလောကကြီးမှာ ကိုယ် တကယ်တမ်း.. တကယ်တမ်း ချစ်တာ ညီလေးတယောက်ပဲ ရှိတယ်"

သူက နောက်ဆုံး စကားလုံးများကို အထူးပင် စိတ်လှုပ်ရှား တက်ကြွစွာဖြင့် ပြောဆိုသည်။

"ညီလေးတယောက်ပဲ ရှိတယ်၊ အဲ နောက်တယောက်ကတော့ ကိုယ်နဲ့ ချစ်ကြိုက်နေတဲ့ မိန်းမတယောက်ပဲ၊ ဒါပေမဲ့ ချစ်ကြိုက်နေတာဟာ ချစ်တာ မဟုတ်ဘူး၊ လူတယောက်ဟာ မိန်းမတယောက်ကို ချစ်ကြိုက်နိုင်တယ်၊ တချိန်တည်းမှာပဲ အဲဒီမိန်းမကို သူ မုန်းနိုင်တယ်၊ အဲဒါ ညီလေ' မှတ်ထားပါ။ အဲဒီအကြောင်းကိုလည်း ကိုယ် အခု ပျော်ပျော် ကြီး ပြောနိုင်တယ်။

"ထိုင်ပါဦး၊ ဒီစားပွဲမှာ ထိုင်ပါဦး၊ ညီလေးဘေးမှာ ကိုယ်ထိုင်ပြီး ညီလေးကို ကြည့်ပြီး ကိုယ် ဆက်ပြောသွားမယ်၊ ညီလေး ငြိမ်ငြိမ်လေး နားထောင်နေပါ။ ကိုယ် ဆက်ပြီး ပြောသွားမယ်၊ ပြောရမယ့်အချိန် ရောက်လာပြီ။ နောက်ပြီးတော့ ကိုယ်တို့ရဲ့အသံတွေကို တိုးတိုးကလေးတွေပဲ ပြောတာ ကောင်းတယ်၊ ဘယ်သူတွေက ချောင်းပြီး နားထောင်နေမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ကိုယ် အားလုံး ရှင်းပြမယ်၊ သူတို့ပြောသလို ဆက်ရန် ရှိသေးသည်ဆိုတဲ့ အခန်းဆက် ဝတ္ထုရှည်ကြီးပဲပေါ့ ။

"ဒီရက်ပိုင်းအတွင်းမှာ ညီလေးကို အစ်ကိုကြီး ဘာဖြစ်လို့ ဒါလောက် တွေ့ချင်နေသလဲ သိသလား၊ ညီလေးကို အစ်ကိုကြီး အခု ဘာဖြစ်လို့ ဒါလောက် တွေ့ချင်နေရသလဲ သိလား၊ ကိုယ် ဒီမှာ ကျောက်ချနေတာ ငါးရက် ရှိသွားပြီ။ ဒီငါးရက်စလုံးမှာ ညီလေးကို အစ်ကိုကြီး တွေ့ချင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အနေနဲ့ ဖြစ်ကြောင်းကုန်စင် အကုန်လုံး ပြောပြနိုင်တဲ့လူဟာ ညီလေး တယောက်ပဲ ရှိတယ်။ ဒီအကြောင်းတွေကို ကိုယ်ပြောမှ ဖြစ်မယ်။ ညီလေးကိုပဲ အစ်ကိုကြီး ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ဆိုရင် တိမ်တိုက်တွေထဲမှာ ကိုယ် လွင့်သွားပြီ။ မနက်ဖြန်ဟာ ကိုယ့်ဘဝရဲ့ အဆုံးနဲ့ အစပဲ...။

"ညီလေး ထမင်းလုံးတစ္ဆေ အခြောက်ခံရဖူးတယ် မဟုတ်လား၊

အမြင့်ကြီးကနေပြီး အသူတရာ နက်တဲ့ ချောက်ထဲကို ကျသွားတာမျိုးလေ၊ အဲ... ကိုယ်ဟာ အခု အဲဒီလိုမျိုးပဲ ကျသွားတယ်၊ အိပ်မက်ထဲမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ် မကြောက်ပါဘူး၊ ညီလေးလည်း ဘာမှ မကြောက်ပါနဲ့၊ ကိုယ် ဆိုလိုတာက... ကိုယ် ကြောက်ပါတယ်၊ ဒါပေမဲ့ အဲဒါကို ကိုယ် သဘောကျတယ်၊ ကိုယ် ဆိုလိုတာက ကိုယ် သဘောကျတာ မဟုတ်ဘူး၊ ကိုယ် ရင်ခုန်ရတာ... အို .... ဒါတွေ ထားပါတော့၊ ကိုယ့်အဖို့ ဒါတွေအားလုံးဟာ အတူတူတွေချည့်ပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့။

"ခိုင်မာတဲ့ စိတ်ဓာတ်၊ ပျော့ညံ့တဲ့ စိတ်ဓာတ်၊ မိန်းမဆန်တဲ့ စိတ်ဓာတ်... ဘာပဲဖြစ်ဖြစ်ပေါ့၊ သဘာဝကို ကိုယ်တို့ ချီးကျူးရမယ်၊ နေမင်းကြီးဟာ ဘယ်လောက် တောက်ပသလဲ၊ ကောင်းကင်ကြီး ဟာ ဘယ်လောက် ကြည်လင်သလဲ၊ သစ်ရွက်တွေဟာ ဘယ်လောက် စိမ်းလန်းသလဲ၊ နွေရာသီနဲ့ ဘယ်လောက် တူသလဲ၊ ညနေ လေးနာရီပဲ ရှိသေးတယ်.... ဘယ်လောက် ဆိတ်ငြိမ်သလဲ၊ ဒါနဲ့ ညီလေး ဘယ်သွားမလို့လဲ"

"ဖေဖေ့ဆီကို သွားမလို့ပဲ၊ ဒါပေမဲ့ ကက်ထရီးနားနဲ့ အရင် သွားတွေ့ဦးမယ်"

"သူ့ကို သွားတွေ့မယ်.... ပြီးတော့ ဖေဖေ့ကို သွားတွေ့မယ် ဟုတ်လား၊ ဘုရား သခင် ... ဘယ်လိုများ တိုက်ဆိုင်ရတာလဲ။ ကိုယ် အခု ဘယ်သူ့ကို စောင့်နေတယ် မှတ်သလဲ၊ ဘာကိစ္စအတွက်၊ ဘာလုပ်ဖို့ စောင့်နေတယ် မှတ်သလဲ၊ ညီလေးကို အစ်ကိုကြီး စောင့်နေတာပဲ။ ညီလေးကို ဖေဖေ့ဆီကို လွှတ်မလို့ပဲ၊ ပြီးတော့ ကက်ထရီးနားဆီကို စာတစောင် ပို့ခိုင်းမလို့ပဲ၊ သူတို့နဲ့ စာရင်းဖြတ်ဖို့ပဲ၊ အဲဒီအတွက် ကောင်းကင်တမန်တဦးကို စေလွှတ်မလို့ပဲ၊ ကိုယ့်အနေနဲ့ ဘယ်သူ့ကိုပဲ လွှတ်လွှတ် ရပါတယ်၊ ဒါပေမဲ့ ကောင်းကင်တမန် တဦးကိုပဲ ကိုယ် လွှတ်ချင်တယ်၊ အဲဒီအချိန်မှာ ညီလေးက သူနဲ့ ဖေဖေ့ဆီကို သွားနေတယ်"

"အစ်ကိုကြီး ကျွန်တော့်ကို တကယ်ပဲ လွှတ်မလို့လား..." အလျှိုရှာ စိတ်မကောင်းသော မျက်နှာဖြင့် မေးသည်။

"ခဏနေဦး၊ ဒါကို ညီလေး သိတယ် ဟုတ်လား၊ ညီလေးအနေနဲ့ ချက်ချင်းပဲ သဘောပေါက်သွား တယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ ညီလေး ဘာမှ မပြောပါနဲ့ဦး၊ အခု ဘာမှ မပြောပါနဲ့ဦး၊ အခု ဘာမှ မပြောပါနဲ့ဦး၊ ကိုယ့်အတွက် ညီလေး ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ ညီလေး မငိုပါနဲ့"

ဒီမီထရီ မတ်တတ်ထရပ်သည်။ ခေတ္တမျှ စဉ်းစားချိန်ဆနေသည်။ သူ၏ လက်ညှိုးတချောင်းဖြင့် ခေါင်းကို ထောက်ထားသည်။ ပြီးမှ ..

"သူ့ကို လာတွေ့ဖို့ ညီလေးကို ကက်ထရီးနားကိုယ်တိုင် ခေါ်တာ မဟုတ်လား၊ ညီလေးကို သူ စာရေးလိုက်တာ မဟုတ်လား၊ အဲဒါကြောင့် သူ့ကို

ညီလေး သွားတွေ့တာ မဟုတ်လား၊ သူ မခေါ်ဘဲနဲ့တော့ ညီလေး သွားမှာ မဟုတ်ဘူး”

“ဒီမှာ သူ့ဆီက စာ”

အလျှိုရှာက အကျီအိတ်ထဲမှ စာကို ထုတ်ပြလိုက်သည်။ မစ်တယာက စာကို လျင်မြန်စွာ ဖတ်လိုက်သည်။ ထို့နောက်…

“ညီလေး သူ့ဆီကို ဖြတ်လမ်းကနေ သွားတာပဲပေါ့ ဟုတ်လား၊ အင်း… သမာဒေဝ နတ်ကောင်း နတ်မြတ်များက ကိုယ်နဲ့တွေ့ရအောင် ညီလေးကို ဒီလမ်းကနေပို့လိုက်တာပဲ။ ပုံပြင်ထဲက တံငါသည် အဘိုးကြီးက ရွှေငါးကြီးတကောင်ကို ဖမ်းမိတာမျိုးပဲ။ ညီလေး အလျှိုရှာ၊ ကိုယ်ပြောတာကို နားထောင်ပါ၊ ညီလေးကို ကိုယ် အားလုံးပြောပြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ တယောက်ယောက်ကို တော့ ကိုယ် ပြောရမှဖြစ်မယ်၊ ပြောလိုက်ရမှ ဖြစ်မယ်။

“ကောင်းကင်ဘုံမှာရှိတဲ့ တမန်တော်ကလေးကိုတော့ ပြောပြီးပြီ၊ မြေကြီးပေါ်က တမန်တော်ကလေး ကို အခု ပြောရမယ်၊ ကိုယ်ပြောတာကို ညီလေး ကြားရမယ်၊ ညီလေး ဆုံးဖြတ်ရမယ်၊ ပြီးတော့ ညီလေး ခွင့်လွှတ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ထက် မြင့်မြတ်တဲ့ လူတယောက်က ကိုယ့်ကို ခွင့်လွှတ်ဖို့လိုတယ်။

“ဒီမယ် ညီလေး၊ လူနှစ်ယောက်ဟာ လမ်းခွဲကြတော့မယ်၊ ကိုယ့်လမ်းကိုယ် စွန့်စွန့်စားစား သွားတော့မယ်၊ နှစ်ယောက်စလုံး မဟုတ်တောင် တယောက်ကတော့ သွားတော့မယ်၊ အဲဒီလို သွားခါနီးအချိန်မှာ ဒါမှမဟုတ် သူ့ဘဝ ပျက်စီးတော့မယ့်အချိန်မှာ သူက လူတယောက်ဆီမှာ အကူအညီ တောင်းမယ်၊ ‘ကျုပ်အတွက် ဒါလေး လုပ်ပေးစမ်းပါ’… သူဟာ အရင်က ဒါမျိုး အကူအညီ မတောင်းခဲ့ဘူး၊ အခု သေခါနီး အဲဒီအချိန်မှာမှ တောင်းတာ၊ အဲဒါကို အကူအညီ တောင်းခံရတဲ့လူက ငြင်းမလား၊ ငြင်းလို့ရှိရင် အဲဒီလူဟာ သူ့ရဲ့မိတ်ဆွေတယောက် ဟုတ်ပါဦးမလား၊ ညီအစ်ကို တယောက် ဟုတ်ပါဦးမလား…”

“ကျွန်တော် လုပ်ပေးပါ့မယ်၊ ဘာလဲဆိုတာသာ ပြောပါ၊ ကျွန်တော့်ကို မြန်မြန် ပြောပါ” အလျှိုရှာက ပြောလိုက်သည်။

“မြန်မြန် … ဟွန်း … ဒါလောက်လည်း လောမကြီးပါနဲ့ အလျှိုရှာ၊ ညီလေးကို ကြည့်ရတာ သိပ်ပြီး စိတ်စောနေပုံရတယ်၊ သိပ်ပြီး ပူပန်ကြောင့်ကြနေပုံရတယ်၊ အခုအချိန်မှာ ဘာမှ အလောတကြီး လုပ်စရာ မလိုပါဘူး၊ အခုအချိန်မှာ ကမ္ဘာကြီးဟာ လမ်းကြောင်းသစ်တခုကို သွားနေတယ်၊ သြော် … ညီလေး အလျှိုရှာရယ်၊ ပီတိသောမနဿရဲ့သဘောကို ညီလေး နားမလည်ဘူးဆိုတာ

သနားစရာပဲ၊ အို... ကိုယ်တို့ ဘာတွေပြောနေမိသလဲ၊ ညီလေးကို ဘာမှ နားမလည်တဲ့အတိုင်းပဲ၊ ကိုယ်ဟာ အတော်မိုက်တာပဲ၊ ကိုယ် ဘာပြောသလဲ....

"မြင့်မြတ်စေသော အိုလူသား၊ အဲဒါ ဘယ်သူ့ကဗျာလဲ"

အလျှိုရှာ သည်မှာနေပြီး ဒီမိထရီ ပြောသည့်စကားတွေကို စောင့်ပြီး နားထောင်ရန် ဆုံးဖြတ်လိုက် သည်။ သူ၏ လုပ်ငန်းကိစ္စအားလုံး သည်နေရာမှာပင် ရှိနိုင်သည်ဟု သဘောပေါက်မိသည်။ ဒီမိထရီ ခေတ္တမျှ စဉ်းစားနေသည်။ စားပွဲပေါ်တွင် တံတောင်ဆစ်နှစ်ခု ထောက်ပြီး သူ၏ခေါင်းကို လက်နှစ်ဖက်ကြားတွင် မြှုပ်ထားသည်။ နှစ်ယောက်စလုံး တိတ်ဆိတ်လျက်ရှိသည်။ ဒီမိထရီက ...

"အလျှိုရှာ၊ ကိုယ်ပြောတဲ့စကားကို မရယ်မှာ ညီလေးတယောက်ပဲရှိတယ်။ ကိုယ့်ရဲ့ ဖွင့်ဟဝန်ခံချက် ကို ဂျာမန် ကဗျာဆရာကြီး ရှီးလားရဲ့ စိတ္တသုခ ဓမ္မဂီတဗ ကဗျာကြီးနဲ့ ဝန်ခံချင်တယ်၊ An die Freude ဂျာမန်စကား ကိုယ် နားမလည်ပါဘူး၊ An die Freude ဆိုတာပဲ ကိုယ်သိပါတယ်၊ ကိုယ် မူးနေလို့ တွေ့ကရာရှစ်သောင်းတွေ လျှောက်ပြောနေတယ်လို့ မထင်လိုက်ပါနဲ့၊ ကိုယ် မမူးပါဘူး၊ ဘရန်ဒီဟာ အရက်တော့ အရက်ပဲပေါ့၊ ဒါပေမဲ့ ကိုယ် မူးအောင်ဆိုရင် နှစ်လုံးလောက်သောက်မှ မူးမယ်။

ဆိုင်လီနပ် ကိုယ်တော်ကြီး မျက်နှာရဲညီးညီး...

စီးတော်မြည်းက အသားကျ...

"ဒီမယ် ညီလေး၊ ကိုယ်သောက်ထားတာ ပုလင်းရဲ့ လေးပုံတပုံတောင် မကုန်သေးဘူး၊ အဲဒီတော့ ကိုယ်ဟာ ဆိုင်လီနပ် မင်းကြီး (ကိုကြီးကျော်) မဖြစ်သေးပါဘူး၊ ဒါပေမဲ့ ကိုယ်ဟာ ဆိုင်လီနပ် မဟုတ်ပေမယ့် မာကျောတယ်၊ ပြတ်သားတယ်၊ ကိုယ်ရဲ့ဆုံးဖြတ်ချက်ကို တခါတည်း အပြီးအပိုင် ချပြီးပြီ" (ရုရှားဘာသာတွင် ဆိုင်လီနပ်နှင့် မာကျောခြင်းသည် သံတူကြောင်းကွဲ ဖြစ်သဖြင့် သူသည် ဆိုင်လီနပ် မဟုတ်သော်လည်း မာကျောပြတ်သားသည်ဟု ဒီမိထရီက အဓိပ္ပာယ်ဖွဲ့ ဆွဲယူ ပြောဆိုလိုက်ခြင်း ဖြစ်သည်)။

"သံတူကြောင်းကွဲ အဓိပ္ပာယ်တွေ လျှောက်ပြောနေမိတဲ့အတွက် သည်းခံပါ ညီလေး၊ ကနေ့တော့ ညီလေးဟာ သံတူကြောင်းကွဲ ကိစ္စတင် မဟုတ်ဘူး၊ တခြားကိစ္စတွေမှာလည်း သည်းခံပါ။ ဒါပေမဲ့ ကိုယ်ပြောချင်ရာတွေ လျှောက်ပြောနေမှာကို မစိုးရိမ်ပါနဲ့၊ အဓိပ္ပာယ် ရှိတာကိုသာ ကိုယ်ပြောမှာပါ၊ ဆိုလိုရင်းကို အခုပဲ ရောက်ပါလိမ့်မယ်၊ ညီလေးကို ရင်တထိတ်ထိတ်ဖြစ်အောင် ကိုယ် လုပ်မထားပါ ဘူး၊ နေဦး ဘယ်လိုလဲဆိုတော့..."

သူ ခေါင်းကို မော့လိုက်သည်။ ခေတ္တမျှ စဉ်းစားသည်။ ထို့နောက် စိတ်ပါလက်ပါ ရွတ်ဆိုသည်။

"အဝတ်မရှိတဲ့ ဂူအောင်းလူသား

ကြောက်လန့်တကြား ပုန်းနေတယ်

ခြေသလုံးအိမ်တိုင် လူသားများ

လွင်ပြင်ထဲမှာ လမ်းသလားနေကြတယ်

လေးမြား ကိုင်ဆွဲ

တောအုပ်ထဲမှာ မုဆိုး

ဘေးဆိုးပေးမည့်

တွေ့သမျှ သားကောင်များ

အိုလံပီယာ တောင်ထိပ်ကနေ

ပျောက်ဆုံးနေတဲ့ သမီးတော်ကလေး ပရိုဆီပီးယားကို ရှာဖွေဖို့

မယ်တော် ဒီယာရီ နတ်သမီး ခရီးဖြန့်လာတယ်

ဒါပေမဲ့ နတ်ဘုရား မဟာ

လောကတခွင်မှာ ချမ်းမြေ့စရာ ဘာမျှမတွေ့

ဘုရားသခင် ကိန်းဝပ်ရာ

ကျောင်းသင်္ခမ်းများလည်း ရှာမတွေ့

လယ်ကွင်းပြင်များလည်း စိမ်းလန်းခြင်းမရှိ

စပျစ်ပင်များလည်း သီးနှံ နတ္ထိ။

သားကောင်တို့၏ သွေးများသာလျှင်

ယစ်ပလ္လင်များပေါ်တွင် ဖုံးလွှမ်း၏

ဒီယာရီ နတ်သမီး ကြည့်လေရာရာတွင်

အလောင်းကောင်များသာ ရှိဘိ၏

လူသားတို့သည် အဝိဇ္ဇာ မှောင်အတိဖုံးပြီး

အယုတ်ညံ့ဆုံးဇာတ်ကို ခင်းလျက်ရှိကြ၏"

ဒီမီထရီ ရုတ်ခြည်းဆိုသလို ငိုရှိုက်သည်။ အလျှိုရှာ၏လက်ကို သူ ဆုပ်ကိုင်လိုက်ပြီး... ညီလေးရယ်၊ ညီလေး... အင်မတန် ယုတ်ညံ့တာပဲ၊ အခုအထိလည်း ယုတ်ညံ့နေကြတုန်းပဲ၊ လူတွေဟာ မဟာပထဝီ မြေကြီးပေါ်မှာ ဒုက္ခဝေဒနာ ခံစားနေကြရတာပဲ၊ ကပ်ကြီးသုံးပါး ဆိုက်နေကြတာပဲ၊ ဒါကြောင့်မို့လို့ ဒီလောကကြီးမှာ ကိုယ်တယောက်တည်းသာ မဟုတ်တာတွေ လုပ်နေတဲ့ သောက်သောက်စားစားနဲ့ ကာမဂုဏ် ခံစားနေတဲ့ အဟိတ်တိရစ္ဆာန်တယောက်လို့ မထင်လိုက်ပါနဲ့၊ ကိုယ့်အနေနဲ့ အခြား ဘာကိုမှ မစဉ်းစားနိုင်ဘူး၊ ဒီ ယုတ်ညံ့တဲ့ လူတွေအကြောင်းပဲ စဉ်းစားနေမိ တယ်။ ခက်တာက ကိုယ်ဟာ လိမ်လည်း မလိမ်တတ်ဘူး၊ ဘုရားသခင်ထံမှောက်မှာ ကိုယ်ဟာ ဘယ်တော့မှ မလိမ်မကောက်ဘူး၊ အရှိကို အရှိအတိုင်းပဲ ဖော်ပြတယ်၊ ကိုယ်ဟာ ဒီလူသားတွေ အကြောင်းပဲ စဉ်းစားနေမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကိုယ်တိုင်ကလည်း ဒီလို လူသားတယောက် ဖြစ်နေလို့ပါ။

အမှောင်ကိုခွင်း၍

အလင်းကိုချဉ်းရန်

လူအပေါင်းတို့သည်

မိခင်မြေကို ထာဝစဉ် ထိတွေ့ကြရာ၏။

"ဒါပေမဲ့ ခက်တာက ပထဝီမြေကြီးနဲ့ ကိုယ် ဘယ်လိုလုပ်ပြီး ထိတွေ့ရမလဲ၊ မြေကြီးကို ကိုယ် မပွေ့ဖက်ဘူး၊ မြေကြီးရဲ့ရင်ခွင်မှာ ကိုယ် မခိုဝင်ဘူး၊ ကိုယ် ဘာလုပ်ရမလဲ၊ လယ်သမား လုပ်ရမလား၊ သိုးကျောင်းသား လုပ်ရမလား၊ အဲဒီလို ကိုယ်နေလာခဲ့တာ ကိုယ့်ကိုယ်ကိုယ် ရှက်ရမလား၊ ဒါမှမဟုတ် ဝမ်းသာကျေနပ်ရမလား ဆိုတာ မသိတော့ဘူး။

"အဲဒါ ပြဿနာပဲ ညီလေး၊ ဒီကမ္ဘာကြီးမှာ အရာရာဟာ သိနားလည်ဖို့ ခက်ခဲတဲ့ လျှို့ဝှက်မှုတွေပဲ၊ အဲဒီတော့ ကိုယ်ဟာ ယုတ်ညံ့တဲ့ အမှုကိစ္စတွေကို လုပ်မိတိုင်း (ကိုယ့်ဘဝမှာလည်း ဒီတခုပဲ လုပ်စရာ ရှိတယ်) စီယာရီ နတ်သမီးရဲ့လူသားတွေအကြောင်း ရေးထားတဲ့ ကဗျာကို ကိုယ် ဖတ်မိတယ်၊ ဒီကဗျာက ကိုယ့်ဘဝကို ပြုပြင်နိုင်မလား... ဝေးသေးတယ်၊ ဘယ်လိုမှ မပြုပြင်နိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်ဟာ ကာရာမာဇော့တယောက် ဖြစ်နေလို့ပဲ။

"ကိုယ်ဟာ ချောက်ထဲကို ဆင်းရမယ့်အချိန်မှာ ဖောက်ထိုးဆင်းသွားမယ်။ ကျေကျေနပ်နပ်ကြီး ဆင်းသွားမယ်၊ ပျော်ပျော်ကြီး ဆင်းသွားမယ်။ ကိုယ့်လို လူတယောက်အတွက် ထိုက်တန်တယ်လို့ ယူဆမယ်၊ အဲဒီလို အချိန်မျိုးမှာ ကိုယ်ဟာ ဒီကဗျာကို ရွတ်ဆိုတာပဲ၊ ကိုယ်ဟာ အပြစ်ဒဏ်တွေကို ခံရပါစေ၊ ကိုယ်ဟာ နိမ့်ကျပါစေ၊ ယုတ်ညံ့ပါစေ၊ ကိုယ်ဟာ မာရ်နတ်ရဲ့နောက်လိုက် ဖြစ်ပါစေ.... ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကိုယ်ဟာ ဘုရားသခင်ရဲ့ သားတယောက်အဖြစ်နဲ့ ရှိနေပါ့မယ်၊ ဘုရားသခင်ကို ကိုယ် ရိုသေမြတ်နိုးတယ်၊ ဘုရားသခင် မရှိဘဲနဲ့ ဒီလောကကြီးဟာ မတည်ရှိနိုင်ဘူး။

အရာအားလုံးတို့၏ ဖန်ဆင်းရှင်

ထာဝစဉ် ချမ်းမြေ့ခြင်းကို ပေးဝေတယ်

လျှို့ဝှက်နက်နဲခြင်းဖြင့် အသက်ကို ပေးသွင်းတယ်

မြက်ခင်းပြင်တို့ကို အလင်းရောင် ဆောင်ကြဉ်းတယ်

အတိုင်းအတာမရှိသော လေဟာပြင်မှ

လူသားတို့ မကြံဆနိုင်သော

နေအရောင်ကိုလည်း ဖြစ်ပေါ်စေတယ်

သဘာဝတရားရဲ့ ပေါ်ကြွယ်မှုဟာ

အရာရာကို ချမ်းမြေ့စေတယ်

နိုင်ငံအားလုံး သတ္တဝါအားလုံး

သဘာဝတရားကို ခံစားကြတယ်

လူသားတွေ လိုသမျှကို သူ ဖြည့်ဆည်းတယ်

ချိုမြသော စပျစ်ရည်နဲ့ ပန်းနွယ်ပန်းကုံးတို့ကို သူပေးတယ်

သူတော်ကောင်းကို ကောင်းကင်ဘုံ ညွှန်ပြတယ်

ပိုးဖလံမျိုး မီးကို တိုးစေတယ်

"ကဗျာရွတ်တာ တော်ကြစို့၊ ကိုယ် မျက်ရည်ကျလာပြီ၊ ကျေးဇူးပြုပြီး ကိုယ် ငိုပါရစေ။ ကိုယ့်အကြောင်းကိုကြည့်ပြီး လူတိုင်းက ရယ်ကြလိမ့်မယ်၊ ဒါပေမဲ့ ညီလေးကတော့ ရယ်မှာ မဟုတ်ဘူး၊ ညီလေးရဲ့မျက်လုံးတွေလည်း မျက်ရည်တွေနဲ့

စိုရွဲနေတယ်၊ ကဗျာရွတ်တာ တော်ကြစို့၊ ကိုယ် အခု ညီလေးကို ‘ပိုးဖလံ’ အကြောင်း ပြောချင်တယ်၊ ဘုရားသခင်က ကာမတဏှာ ပေးထားတဲ့ ပိုးဖလံအကြောင်း ကိုယ် ပြောချင်တယ်....

ပိုးဖလံမျိုး မီးကို တိုးစေတယ်

“ကိုယ်ဟာ အဲဒီ ပိုးဖလံမျိုးပဲ ညီလေး၊ ကိုယ်တို့ ကာရာမာဇော့တွေ အားလုံးဟာ ပိုးဖလံတွေပဲ ညီလေး၊ ညီလေးရဲ့ကိုယ်ထဲမှာလည်း ပိုးဖလံမျိုးတွေ ရှိနေတာပဲ၊ အဲဒီ ပိုးဖလံတွေဟာ ညီလေးရဲ့ သွေးထဲမှာ မုန်တိုင်းဆင်နေကြတယ်။ မုန်တိုင်းလို့ ကိုယ်ပြောတာကတော့ ကာမတဏှာဆိုတာ မုန်တိုင်းပဲ၊ အမှန်အတိုင်း ပြောရရင် မုန်တိုင်းထက်တောင် ဆိုးသေးတယ်။

“အလှဆိုတာဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ အင်မတန် အံ့ဩစရာ ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလှကို သရုပ်မခွဲနိုင်လို့ပဲ၊ သူ့ကို သရုပ်ခွဲလို့ မရနိုင်ဘူး၊ တိုင်းဆလို့ မရနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ပဟေဠိအဖြစ် ထားခဲ့လို့ပဲ။

“ဒီနေရာမှာ နယ်နိမိတ်တွေအားလုံး လာပြီး ဆုံကြတယ်။ ဒီနေရာမှာ ပဋိပက္ခမှုတွေ အားလုံး ပြိုင်ပြီး တည်ရှိနေကြတယ်။ ကိုယ်ဟာ ပညာမတတ်တဲ့ လူတယောက်ပါ ညီလေး၊ ဒါပေမဲ့ ကိုယ်ဟာ ဒီအကြောင်းကို အများကြီး စဉ်းစားခဲ့တယ်၊ လျှို့ဝှက်နက်နဲတဲ့ အချက်တွေ အများကြီး ရှိနေတာကို တွေ့ရတယ်၊ ကမ္ဘာပေါ်က လူသားတွေကို ပဟေဠိပေါင်း မြောက်မြားစွာက ဖိစီးထားကြတယ်၊ ဒီပြဿနာတွေကို ကိုယ်တို့ အတတ်နိုင်ဆုံး ဖြေရှင်းကြတယ်၊ ဒါပေမဲ့ သမုဒ္ဒရာထဲမှာ ခြေ ထောက်ရသလိုပဲ။

“အံ့ဩစရာ ကောင်းတာကတော့ အဲဒီအလှဆိုတာဟာ ကြောက်စရာကောင်းရုံတင် မကဘူး၊ အင်မတန်လည်း နက်နဲရှုပ်ထွေးတဲ့အရာ ဖြစ်တယ်။ ဒီနေရာမှာ ဘုရားသခင်နဲ့ မာရ်နတ် စစ်ခင်းကြတယ်၊ စစ်ခင်းတဲ့ စစ်တလင်းကတော့ လူတွေရဲ့အသည်းနှလုံးမှာပဲ၊ လူတယောက်ဟာ ကိုယ့်ရဲ့ခံစားမှုကိုသာ ကိုယ်ပြောနိုင်တယ်၊ နားထောင် ညီလေး၊ လိုရင်းကို ကိုယ် ပြောပြမယ်”

၄။ အုံကြွနေသော နှလုံးသား၏ ပုံတိုပတ်စဖြင့် ဖွင့်ဟဝန်ခံချက်

"အဲဒီတုန်းက ကိုယ့်ဘဝက ကြမ်းကြမ်းရမ်းရမ်းပဲ၊ ကိုယ်ဟာ မိန်းကလေးတွေကို ဖျက်ဆီးဖို့ ငွေတွေကို ထောင်နဲ့ချီပြီး သုံးခဲ့တယ်လို့ မနက်ကပဲ ဖေဖေက ပြောခဲ့တယ်။ အဲဒါမျိုး ကိုယ် လုံးလုံး မလုပ်ခဲ့ဘူး၊ အဲဒါမျိုး ဘယ်တုန်းကမှလည်း မဖြစ်ခဲ့ဘူး၊ အဲဒီကိစ္စမျိုးအတွက် ကိုယ့်အဖို့ ငွေမလိုဘူး၊ ငွေဟာ ကိုယ့်အတွက် အရန်ပစ္စည်းပဲ၊ နောက်ခံပစ္စည်းပဲ။

"ကိုယ်ဟာ ကနေ့မှာ အထက်လွှာက အမျိုးသမီးတယောက်နဲ့ တွေ့မယ်၊ မနက်ဖြန်ကျရင် လမ်းပေါ်က မိန်းကလေးတယောက်နဲ့ တွေ့မယ်၊ သူတို့ နှစ်ယောက်စလုံး စိတ် ကျေနပ်အောင် ကိုယ် လုပ်ပေးတယ်။ ကိုယ်ဟာ ပိုက်ဆံတွေကို လက်ထဲမှာ အပြည့်ကိုင်ပြီး ဂီအတွက်၊ ဇရုတ်သုတ်ခအတွက်၊ ဂျစ်ပဆီမတွေအတွက် သုံးတယ်၊ ဖြုန်းတယ်။ လိုအပ်လို့ ရှိရင် အဲဒီမိန်းမကို ပိုက်ဆံပေးတယ်။ သူတို့ကလည်း ယူတာပဲ၊ အငမ်းမရ ယူကြတာပဲ။ အဲဒါကိုတော့ ကိုယ် ဝန်ခံရမယ်။ အဲဒီအတွက် သူတို့က သဘောကျပြီး ကျေးဇူးတင်ကြတယ်။

"အထက်လွှာက မိန်းကလေးတွေ ကိုယ့်ကို ချစ်ကြိုက်ကြတယ်။ အကုန်လုံးတော့ မဟုတ်ဘူးပေါ့၊ တချို့တွေပေါ့… တချို့တွေပေါ့။ ဒါပေမဲ့ ကိုယ်ကတော့ လမ်းကြိုလမ်းကြားက ဟာတွေပဲ သဘောကျတယ်။ လူသွားလူလာရှင်းပြီး မှောင်နေတဲ့ လမ်းကြိုလမ်းကြား ပန်းခြံတွေကြားမှာ တကယ့်ဘဝကို ညီလေး တွေ့နိုင်တယ်၊ တကယ့် စွန့်စားခန်းတွေကို ညီလေး တွေ့နိုင်တယ်၊ တကယ် အံ့သြစရာ ကောင်းတာတွေကို ညီလေး တွေ့နိုင်တယ်၊ အဲဒီမှာ နွံထဲက ကြာပဲ၊ ရွှံ့ဗွက်ထဲက ပတ္တမြားပဲ။

"ဒါတွေဟာ ဥပမာသဘောနဲ့ ကိုယ်ပြောတာပါ၊ တကယ်တော့ ကိုယ်နေခဲ့တဲ့ မြို့ကလေးမှာ အဲဒီလို လမ်းကြိုလမ်းကြားတွေ မရှိပါဘူး၊ အဲဒီမှာက အားလုံး ကောင်းကောင်းမွန်မွန်တွေချည်းပါ၊ ညီလေးဟာ ကိုယ့်လိုပဲဆိုရင် ကိုယ်ပြောတဲ့စကားကို ညီလေး သဘောပေါက်မှာပါ၊ ကိုယ်က ဒုစရိုက်မှုတွေကို ကြိုက်တယ်၊ ဒုစရိုက်မှုတွေကြောင့် ရှက်ရတဲ့အရှက်ကို ကိုယ် နှစ်သက်တယ်၊ ရက်စက်ကြမ်းကြုတ်မှုကို ကိုယ် မြတ်နိုးတယ်၊ ကိုယ်ဟာ ကြမ်းပိုးတေလေတယောက်၊ စက်ဆုပ်ဖွယ်ရာ ကောင်းတဲ့ လူတယောက် မဟုတ်လား၊ ညီလေးကို ကိုယ်ပြောခဲ့တယ် မဟုတ်လား၊ ကိုယ်ဟာ ကာရာမာဇော့ တယောက်ပဲ။

"တခါတော့ ကိုယ်တို့ ပျော်ပွဲစားထွက်ကြတယ်။ တမြို့လုံးပဲ ဆိုပါတော့၊ မြင်း သုံးကောင်တပ် ရထားကြီး ခုနစ်စီး အပြည့်ပဲပေါ့၊ ဆောင်းတွင်းကြီး၊ ပြီးတော့

ရထားထဲမှာ မှောင်နေတယ်၊ အဲဒီအမှောင်ထဲမှာ ကိုယ်ဟာ ကောင်မလေးတယောက်ရဲ့လက်ကို အတင်း ဆုပ်ကိုင်ပြီး နမ်းခိုင်းတယ်၊ ကောင်မလေးက ဝန်ထမ်းတယောက်ရဲ့သမီးပဲ။ ဆင်းရဲတယ်၊ သိမ်မွေ့တယ်၊ ချိုသာတယ်၊ ပျော့ပျောင်းတယ်၊ သူက အမှောင်ထဲမှာ ကိုယ့်ကို အများကြီး လိုက်လျောတယ်၊ သူ့စိတ်ထဲမှာ ထင်နေတာကတော့ နောက်တနေ့မှာ ကိုယ်ဟာ သူ့ကို လာတောင်းလိမ့်မယ်လို့ အောက်မေ့နေတယ်။ (သူတို့က ကိုယ်တို့ကို လူကောင်းတယောက်လို့ အောက်မေ့နေကြတာကိုး)။

"ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ ကိုယ်ဟာ သူနဲ့ စကားတခွန်းမှ မပြောတော့ဘူး၊ ဘာအဆက်အသွယ်မှ မလုပ်တော့ဘူး၊ ငါးလလုံးလုံး ကြာသွားတဲ့အထိပေါ့။ ကပွဲတွေမှာ ဆုံမိကြတဲ့အခါမှာ သူဟာ မျက်ရည်တွေ ရွှဲရွှဲစိုပြီး ကိုယ့်ကို ကြည့်နေတတ်တယ်။ သူ့မျက်လုံးတွေ ရဲရဲတောက်နေတာကို ကိုယ် တွေ့ရတယ်၊ သူ့ရင်ထဲမှာ ကြိတ်မှိတ်ပြီး ခံစားနေရတဲ့ နာကြည်းမှုကြောင့် တောက်လောင်နေတာပဲ၊ ဒီဇာတ်လမ်းကလေးက ကိုယ့်ကိုယ်ထဲမှာ မွေးထားတဲ့ တဏှာကို ကလေးလို မြူးပျစေရုံပဲရှိတယ်၊ ငါးလကြာတဲ့အခါမှာ မိန်းကလေးက ဝန်ထမ်းတယောက်နဲ့ လက်ထပ်ပြီး မြို့က ထွက်သွားတယ်၊ ကိုယ့်ကို ဒေါသဖြစ်ပြီးမှပေါ့၊ ကိုယ့်ကို ချစ်နေတုန်းနဲ့ပဲပေါ့။ အခုတော့ သူတို့လင်မယား ပျော်ပျော်ရွှင်ရွှင် ရှိနေကြတယ်၊ ဒီအကြောင်းကို ကိုယ် ဘယ်သူ့ကိုမှ ပြောမပြဘူး၊ သူကလေးရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုမှ မထိခိုက်စေခဲ့ဘူး။

"ကိုယ့်ရဲ့အလိုဆန္ဒတွေဟာ နိမ့်ကျချင် နိမ့်ကျမယ်၊ ကိုယ်ဟာ အောက်တန်းကျတဲ့ဟာတွေကို ချစ်ချင် ချစ်မယ်၊ ဒါပေမဲ့ ကိုယ်ဟာ ဘယ်တော့မှ မရိုးမသားတော့ မလုပ်ဘူး။ ညီလေးရဲ့ မျက်နှာကြီး ရဲနေတယ်၊ ညီလေးရဲ့မျက်တောင်တွေ တဖျပ်ဖျပ် ခတ်နေတယ်၊ ညီလေးရဲ့ ကိုယ်ထဲမှာလည်း ဒီအညစ်အကြေးတွေဟာ ရှိနေတယ်၊ ဒါဟာ အစပဲ ရှိသေးတယ်၊ ဘာမှ မဟုတ်သေးဘူး၊ လမ်းဘေးမှာ ပေါ်ဒီကော့ ပန်းကလေးတွေ ပွင့်သလောက်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ထဲမှာ တော့ အန္တရာယ်ရှိတဲ့ ရောဂါပိုးတွေ အများကြီး တိုးပွားနေပြီ၊ တိုးပွားသည်ထက် တိုးပွားနေပြီ။

"ဒီမယ် ညီလေး ... ကိုယ့်ရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာတွေကို ညီလေးကို ဒါပေမဲ့ ဒီလိုမျိုး တခါပဲဖြစ်ပြီး ဒီလိုဖြစ်တာကိုလည်း ဘယ်သူမှ မသိဘူး၊ အဘိုးကြီးလည်း မသိဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအကြောင်းကို ကိုယ် ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး၊ အခု ညီလေးကို ကိုယ် ပထမဆုံး ပြောပြမှာပဲ၊ အဲ.. အိုက်ဗင်ကတော့ ခြွင်းချက်ပေါ့၊ သူကတော့ ဒီဇာတ်လမ်းကို အကုန်လုံး သိနေတယ်၊ ညီလေးထက်အရင် ပဝေသဏီကတည်းက ဒီဇာတ်လမ်းကို သူ သိနေခဲ့တာပဲ၊ ဒါပေမဲ့ အိုက်ဗင်ဟာ လူသေတယောက်လိုပဲ နှုတ်ပိတ်နေခဲ့တယ်"

“လူသေတယောက်လိုပဲ ဟုတ်လား”

“ဟုတ်တယ်”

အလျှိုရှာ စိတ်ဝင်စားစွာနှင့် နားစိုက်ထောင်သည်။

“ကိုယ်ဟာ တပ်ရင်းမှာ ဗိုလ်တယောက် ဖြစ်တယ်။ ဒါပေမဲ့ ကိုယ့်ကို ရာဇဝတ်သားတယောက်လို စောင့်ကြည့်နေကြတယ်၊ ဒါပေမဲ့ ကိုယ်တို့ တပ်စွဲထားတဲ့ မြို့ကလေးကတော့ ကိုယ့်ကို ကောင်းကောင်းကြီး လက်ခံကြတယ်၊ ကိုယ်က ငွေကို ရေလိုသုံးတယ်။ လူတိုင်းကပဲ ကိုယ့်ကို သူဌေးတယောက်လို့ ထင်ကြတယ်၊ ကိုယ်ကလည်း ကိုယ့်ကိုယ်ကိုယ် ဒီအတိုင်းပဲ အောက်မေ့နေခဲ့ တယ်၊ ကိုယ်ဟာ သူတို့ကို တဖက်က ကျေနပ်စေခဲ့တယ်၊ သူတို့ဟာ ကိုယ်နဲ့ပတ်သက်ပြီး ခေါင်းခါကြပေမယ့် တကယ်တော့ ကိုယ့်ကို သဘောကျကြတယ်။

“ဒါပေမဲ့ ကိုယ်တို့ တပ်ရင်းမှူးကတော့ ကိုယ့်ကိုသဘောမကျဘူး၊ တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီး အဘိုးကြီးပဲ၊ သူက ကိုယ်နဲ့ပတ်သက်ပြီး အပြစ်ပဲရှာနေတယ်၊ ဒါပေမဲ့ ကိုယ့်မှာ ဩဇာအာဏာရှိတဲ့ မိတ်ဆွေတွေ ရှိတယ်၊ နောက်ပြီးတော့ တမြို့လုံးကလည်း ကိုယ့်ဘက်ကပဲ၊ အဲဒီတော့ ကိုယ့်ကို သူလုပ်ချင်တိုင်း လုပ်လို့မရဘူး၊ ကိုယ့်ဘက်ကလည်း အပြစ်ရှိတယ်၊ အဲဒါကတော့ သူ့ကို ထိုက်ထိုက်တန်တန် လေးလေးစားစား မဆက်ဆံမိတာပဲ၊ ကိုယ်က မာနကြီးတယ်။

“ဒီအဘိုးကြီးဟာ တကယ်တော့ မဆိုးပါဘူး၊ အင်မတန် သနားကြင်နာတတ်ပြီး အင်မတန် ဖော်ရွေတဲ့ လူကြီးတယောက်ပါပဲ၊ သူ့မှာ အိမ်ထောင် နှစ်ဆက်ရှိတယ်၊ မယား နှစ်ယောက်စလုံး ကွယ်လွန်ခဲ့ကြတယ်၊ ပထမ ဇနီးက သမီးတယောက် ကျန်ခဲ့တယ်၊ တပ်ရင်းကို ကိုယ်ရောက်တဲ့ အချိန်မှာ အဲဒီသမီးဟာ အသက် ၂၄ နှစ် ရှိပြီး သူ့အဖေနဲ့ အတူနေတယ်၊ သူတို့နဲ့အတူ သူ့အဒေါ်လည်း ရှိတယ်၊ သူ့အမေရဲ့ ညီမပဲ။

“အဒေါ်က ရိုးတယ်၊ စာမတတ်ဘူး။ တူမကလည်း ရိုးတယ်၊ ဒါပေမဲ့ သွက်တယ်၊ အဲဒီမိန်းကလေးနဲ့ ကောင်းတာပြောရမယ်ဆိုရင် အဲဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုး ကိုယ် မတွေ့ဖူးဘူး၊ သူ့နာမည်က အဂါဖယာတဲ့၊ ရုပ်ကလည်း သိပ်မဆိုးဘူး၊ ရုရှား အမျိုးသမီးပုံစံ အပြည့်ပဲ။ အရပ် မြင့်တယ်၊ တောင့်တယ်၊ ပြည့်ဖြိုးတယ်၊ သူ့မျက်လုံးတွေက လှတယ်၊ ဒါပေမဲ့ သူ့မျက်နှာကတော့ နည်းနည်းကလေး ကြမ်းတယ်၊ သူ့ကို ယောကျာ်းနှစ်ယောက်က လက်ထပ်ဖို့ ပြောခဲ့ပေမယ့် သူ အိမ်ထောင်မပြုသေးဘူး၊ သူတို့ကို သူ ငြင်းခဲ့တယ်၊ ဒါပေမဲ့ သူဟာ ပျော်ပျော်ပါးပါးပဲ။

"သူနဲ့ ကိုယ် ရင်းနှီးရတယ်.... ဒါပေမဲ့ 'ဟို' လိုမျိုး မဟုတ်ဘူး... ရိုးရိုးသားသား ခင်မင်တာမျိုးပဲ၊ ကိုယ်ဟာ အဲဒီလိုပဲ အကြိမ်ပေါင်းများစွာ အမျိုးသမီးတွေနဲ့ ရိုးရိုးသားသား ခင်မင်ဖူးတယ်၊ ကိုယ်က သူ့ကို ဟိုကိစ္စတွေကို ပွင့်ပွင့်လင်းလင်း ပြောတယ်။ သူက စိတ်မဆိုးဘဲ ရယ်နေတတ်တယ်၊ မိန်းမတွေ တော်တော်များများဟာ ဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ပြောတာကို သဘောကျတတ်ကြ တယ်၊ အဲဒီအထဲမှာ သူလည်း တယောက် အပါအဝင်ပဲ။

"သူနဲ့ပတ်သက်ပြီး နောက်တခု ပြောစရာ ရှိတာကတော့ သူ့ကို အထက်လွှာက ဂုဏ်သရေရှိ အမျိုးသမီးကလေးတယောက်လို့ ပြောဖို့ ခက်တယ်၊ သူနဲ့ သူ့အဒေါ်ဟာ သူ့အဖေအိမ်မှာ နေကြပေမယ့် သူတို့ကိုယ်သူတို့ နှိမ့်ချထားကြတယ်၊ တခြားလူတွေနဲ့ တတန်းတစားတည်းလို့ မနေကြဘူး၊ သူ့ကို လူတိုင်းက သဘောကျကြတယ်၊ လူတိုင်းကပဲ သူ့အကူအညီကို ရယူကြရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက အဝတ်အစား အချုပ်အလုပ် တော်လို့ပဲ၊ သူ့မှာ အဲဒီဘက်က ပါရမီ ရှိတယ်၊ ဒါပေမဲ့ သူဟာ အခကြေးငွေကို ပြောလေ့ မရှိဘူး၊ ပေးလို့ရှိရင်လည်း မငြင်းဘူး။

"သူ့အဖေ ဒုတိယဗိုလ်မှူးကြီးကတော့ အချိုးတမျိုးပဲ၊ သူက အဲဒီမြို့မှာ ထင်ရှားတဲ့ လူတယောက်ပဲ၊ သူက ခမ်းခမ်းနားနား နေတတ်တယ်၊ တမြို့လုံးကို ဖိတ်ပြီး ပွဲပေးတတ်တယ်၊ တပ်ရင်းကို ကိုယ်ရောက်သွားတဲ့အချိန်မှာ သူ့ရဲ့ ဒုတိယသမီးနဲ့ ပတ်သက်ပြီး မြို့ထဲမှာ ပြောနေကြတယ်။ မိန်းကလေးဟာ သိပ်လှတယ်တဲ့၊ ပီတာစဘတ်မြို့တော်က ထိပ်တန်းကျောင်းကြီး တကျောင်းမှာ ကျောင်းတက်နေရာက ပြန်လာတော့မယ်တဲ့။

"ဒုတိယသမီးရဲ့နာမည်က ကက်ထရီးနားတဲ့၊ ဗိုလ်မှူးကြီးရဲ့ ဒုတိယဇနီးကမွေးတဲ့ သမီးပဲ။ ဒုတိယ ဇနီးက ဆွေကြီးမျိုးကြီးထဲကပဲ၊ ချမ်းသာကြွယ်ဝတဲ့ ဗိုလ်ချုပ်ကြီးတယောက်ရဲ့သမီးပဲ၊ ဒါပေမဲ့ ကိုယ်သိတယ်၊ ပြောရရင်တော့... သူဟာ ဗိုလ်မှူးကြီးအတွက် ငွေကြေး တပြားတချပ်မှတော့ သယ်မလာဘူး၊ ဆွေကြီးမျိုးကြီးက လာတယ်ဆိုတဲ့ အမျိုးဂုဏ်ပဲ သယ်လာတယ်။

"အဲဒီ မိန်းကလေး မြို့ကို ရောက်လာတဲ့အချိန်မှာ (သူက ခဏ လာလည်တာပဲ၊ အမြဲတမ်းနေဖို့ လာတာမဟုတ်ဘူး) တမြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ရတယ်၊ ထိပ်ဆုံးတန်းက ရှိနေတဲ့ အမျိုးသမီးတွေ (ဗိုလ်ချုပ်ကြီးကတော် နှစ်ဦးနဲ့ ဗိုလ်မှူးကြီးကတော် တဦး) နဲ့ သူတို့နောက်မှာ ရှိနေတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးတွေက သူ့အတွက် ဂုဏ်ပြုညစာစားပွဲတွေ ကျင်းပကြတယ်၊ သူဟာ ကပွဲတွေ ပျော်ပွဲတွေရဲ့ အလှကေရီကလေး ဖြစ်လာတယ်။

"ဒါပေမဲ့ ကိုယ် သူ့ကို စိတ်မဝင်စားခဲ့ဘူး၊ ကိုယ့်ဘဝမှာပဲ ကိုယ်

ကျင်လည်နေခဲ့တယ်၊ အဲဒီအချိန်က ကိုယ်ဟာ မဟုတ်တာတခု လုပ်ထားတဲ့အတွက် တမြို့လုံးက ကိုယ့်အကြောင်း ပြောနေကြတယ်၊ တညမှာတော့ အမြောက်တပ်ခွဲမှူးရဲ့ပွဲမှာ အဲဒီ မိန်းကလေးက သူ့မျက်လုံးတွေနဲ့ ကိုယ့်ကို ဖမ်းစားတယ်၊ ဒါပေမဲ့ သူ့ဆီကို ကိုယ် မသွားခဲ့ဘူး၊ သူ့ကို စိတ်မဝင်စားဘူးဆိုတဲ့ သဘောပဲ၊ နောက် လေးငါးရက်လောက် ရှိတော့မှ သူ့ဆီကို သွားတယ်၊ ညှော်ခံပွဲတခုမှာပဲ၊ ကိုယ် သူ့ကို စကားပြောတယ်၊ သူက ကိုယ့်ကို ကြည့်တယ်ဆိုရုံပဲ ကြည့်တယ်၊ ကိုယ့်ကို မရောတဲ့အနေနဲ့ သူ့နှုတ်ခမ်းစုံကို ပိတ်ထားတယ်။

"နေနှင့်ဦးပေါ့၊ တနေ့ကျရင် ကောင်းကောင်းကြီး လက်စားချေပြမယ်" လို့ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်၊ ကိုယ်ဟာ အဲဒီအချိန်တုန်းက မဟုတ်တာတွေ အများကြီး လုပ်မိတယ်၊ ကိုယ့်ဘာကိုယ်လည်း သိတယ်၊ အဆိုးဆုံးကတော့ သူနဲ့ပတ်သက်ပြီး တွေးမိတာ တခုပဲ၊ သူက သာမန် ကျောင်းသူလေးတယောက် မဟုတ်ဘူး၊ မာန်မာနရှိတဲ့ အမျိုးသမီးတယောက်၊ စည်းစနစ် ရှိတဲ့ အမျိုးသမီးတယောက်၊ ပညာတတ် အမျိုးသမီးတယောက်လို့ ထင်မိတာပဲ၊ ကိုယ့်မှာက အဲဒီ အရည်အချင်းတွေ တခုမှ မရှိဘူးပေါ့။

"ကိုယ့်အနေနဲ့ သူ့ကို လက်ထပ်ခွင့် တောင်းခံချင်တယ်လို့ ညီလေး ထင်သလား နည်းနည်းမှ မဟုတ်ဘူး၊ ကိုယ့်ကို သူရဲကောင်းတယောက်အဖြစ် အသိအမှတ် မပြုတဲ့အတွက် သူ့ကို လက်စားချေချင်တယ်။

"ဒီအတောအတွင်းမှာ ကိုယ်ဟာ သောက်သောက်စားစား ရမ်းရမ်းကားကားပဲ ဆက်လုပ်နေတယ်။ နောက်ဆုံးမှာ ဒုတိယဗိုလ်မှူးကြီးက ကိုယ့်ကို သုံးရက်တိတိ ဖမ်းချုပ်ထားတယ်၊ ဒီအချိန်မှာပဲ ဖေဖေ့ဆီက ငွေခြောက်ထောင် ရောက်လာတယ်၊ ကိုယ်က ဒီတခါ တောင်းပြီးရင် နောက်ထပ် ထပ်ပြီး မတောင်းတော့ပါဘူးလို့ ကတိခံဝန်ချက် ပေးလိုက်တဲ့အတွက် ဖေဖေက ပို့လိုက်တာပဲ၊ အဲဒီအချိန်တုန်းက ငွေကြေးကိစ္စနဲ့ ပတ်သက်လို့ ကိုယ် ဘာမှ နားမလည်ခဲ့ဘူး။ ကိုယ် ဒီကို ရောက်လာမယ့်အထိ၊ မနေ့တနေ့ကအထိ၊ ကုန်ကုန်ပြောရရင် ကနေ့အထိ ဖေဖေနဲ့ ငွေကြေးကိစ္စ အငြင်းပွားရတဲ့အကြောင်းကို ကိုယ် ဘာမှ နားမလည်ခဲ့ဘူး ညီလေး… ဒါပေမဲ့ ဒါတွေကို ထားလိုက်ကြဦးစို့၊ ဒီကိစ္စကို နောက်မှ ပြောကြမယ်။

"အဲဒီပိုက်ဆံကို ရတဲ့အချိန်မှာ ကိုယ်ဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတခုကို ရတယ်၊ အင်မတန် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေတယောက်ဆီကပဲ၊ အဲဒါကတော့ အထက် အာဏာပိုင်တွေက ဒုတိယ ဗိုလ်မှူးကြီးကို မကျေမနပ် ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲ၊ သူရဲ့လုပ်ရပ် တွေဟာ စည်းကမ်းနည်းလမ်းနဲ့ မညီညွတ်ဘူးလို့ သံသယ ရှိနေကြတယ်၊ သူ့ရဲ့ရန်သူတွေကလည်း သူ့ကို ချောက်တွန်းဖို့ စီစဉ်နေကြတယ်၊ အဲဒီအချိန်မှာပဲ

တပ်မမှူး ရောက်လာပြီး သူ့ကို မီးပုံပေါ်ကို ကန်ပို့တယ်၊ နောက် ဘာမှ မကြာခင်မှာပဲ သူ့ကို တပ်က အငြိမ်းစားယူဖို့ အမိန့် ရောက်လာတယ်။

"ဒီကိစ္စတွေ ဘယ်လိုဖြစ်ပျက်တယ်ဆိုတာကို ကိုယ် အသေးစိတ် မပြောတော့ပါဘူး၊ သူ့မှာ ရန်သူတွေ ရှိတာတော့ အမှန်ပဲ၊ နေ့ချင်းညချင်း ဆိုသလိုပဲ တမြို့လုံးက သူနဲ့ သူ့မိသားစုအပေါ်မှာ ဆက်ဆံရေး တန်းလာကြတယ်၊ လူတိုင်းကပဲ သူ့ကို ရှောင်ရှားကြတယ်။

"အဲဒီအချိန်မှာပဲ ကိုယ့်ရဲ့ ပထမခြေလှမ်းကို လှမ်းလိုက်တယ်၊ အဂါဖယာနဲ့ ကိုယ် တွေ့တယ်၊ သူနဲ့ ကိုယ်နဲ့က အခင်အမင် မပျက်ဘူး၊ ကိုယ် သူ့ကို ပြောတယ်... 'မင်းတို့ အဖေ အစိုးရငွေ လေးထောင့်ငါးရာ အလွဲသုံးစားလုပ်ထားတာ မင်း သိသလား' လို့။

"ဘာပြောတယ် ဗိုလ်ကြီး၊ ဘာပြောတယ်... တလောကပဲ ဗိုလ်ချုပ်ကြီး ဒီကို လာသွားတယ်၊ တပ်ကငွေတွေ အားလုံး ရှိနေတယ်"

"အဲဒီတုန်းက ရှိတာ အမှန်ပဲ၊ ဒါပေမဲ့ အခု မရှိတော့ဘူး"

သူ ကယောင်ချောက်ချား ဖြစ်သွားပြီး...

"ကျွန်မကို မခြောက်ပါနဲ့ရှင်၊ ဗိုလ်ကြီးကို အဲဒီအကြောင်းကို ဘယ်သူပြောသလဲ" အဲဒီတော့ ကိုယ်က...

"ညီမ ဘာမှ မစိုးရိမ်ပါနဲ့၊ ဒီအကြောင်းကို ကိုယ် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်ရင် ကိုယ်ဟာ သင်္ချိုင်းဂူထဲက လူတယောက်လို နှုတ်ဆိတ်နေပါ့မယ်၊ အဲ ကိုယ်ပြောချင်တာ တခုတော့ရှိတယ်၊ တကယ်လို့ ငွေလေးထောင့်ငါးရာကို ညီမ ဖေဖေဆီက သူတို့ ပြန်တောင်းလာလို့ ရှိရင် သူ့မှာလည်း အဲဒီပိုက်ဆံ ပေးစရာမရှိဘူးဆိုရင် ညီမတို့ဖေဖေ စစ်ခုံရုံး အတင်မခံရအောင် အိုကြီးအိုမ အရွယ်ကျမှ ရာထူးအချမခံရအောင် ညီမရဲ့ ပညာတတ် ညီမလေးကို ကိုယ့်ဆီကို တိတ်တိတ်ကလေး လွှတ်လိုက်ပါ၊ ကိုယ့်လက်ထဲမှာ ပိုက်ဆံတွေ ရှိနေတယ်၊ ကိုယ် သူ့ကို ငွေလေးထောင် ပေးလိုက်မယ်၊ ဒီကိစ္စကို ကိုယ် လျှို့ဝှက်ထားမယ်လို့ ကျိန်ပြီး ပြောပါတယ်"

"သြ.. လက်စသတ်တော့ ရှင်ဟာ လူယုတ်မာတယောက်ပဲ၊ ရှင်ဟာ တကယ် ကြောက်စရာ ကောင်းတဲ့ လူယုတ်မာ တယောက်ပဲ၊ ရှင်မို့လို့ ပြောရဲတယ်"

"သူ တကယ်ပဲ ဒီအတိုင်းပြောပြီး ဒေါသဖြစ်ပြီး ထွက်သွားတယ်၊ ကိုယ်က 'ဒီကိစ္စကို လျှို့ဝှက် ထားပါ့မယ်' လို့ သူ့ ကို အော်ပြီး ပြောလိုက်တယ်။

"အဲဒီ မိန်းမနှစ်ယောက်ဟာ၊ အဂါဖယာနဲ့ သူ့အဒေါ်ဟာ… ဒီကိစ္စ တလျှောက်လုံးမှာ တကယ့် သူတော်ကောင်း သူတော်မြတ်တွေလို လုပ်ဆောင်သွားကြတယ်၊ သူတို့နှစ်ယောက်ဟာ ကက်တယာ' ကို တကယ်ပဲ ချစ်မြတ်နိုးကြတယ်၊ သူ့ရှေ့မှောက်မှာ သူတို့ကိုယ်ကို နှိမ့်ချကြတယ်၊ သူတို့ဟာ ကက်တယာရဲ့အစေခံနှစ်ယောက်လိုပဲ ကက်တယာကို စောင့်ရှောက်ကြတယ်။

"အဂါဖယာက သူနဲ့ ကိုယ်နဲ့ ပြောတဲ့အကြောင်းကို သူ့ညီမကို ပြန်ပြောပြတယ်၊ ဒီအကြောင်းကို နောက်ပိုင်းမှာ ကိုယ် သိရတယ်၊ သူ့အနေနဲ့ ဘာတခုမှ ဖုံးကွယ်မထားတတ်ဘူး၊ အဲဒါကို ကိုယ် သဘောကျတယ်။

"ဖြုန်းခနဲဆို တပ်ရင်းကို တာဝန်ယူဖို့ ဗိုလ်မှူးအသစ်တယောက် ရောက်လာတယ်၊ အဲဒီဗိုလ်မှူးက တာဝန်လွှဲယူလိုက်တယ်။ ဒုတိယဗိုလ်မှူးကြီး နေရင်းထိုင်ရင်းကနေ နေမကောင်း ဖြစ်သွားတယ်၊ အိပ်ရာပေါ်မှာ လဲနေတော့တယ်၊ အိမ်ထဲကနေ နှစ်ရက်လုံးလုံး အပြင်မထွက်ဘူး၊ အစိုးရပိုက်ဆံတွေ ကို လွှဲမပေးဘူး။

"ကိုယ်တို့ရဲ့ ဆရာဝန်ကြီး ဒေါက်တာ ကရာချင်ကိုက ဗိုလ်မှူးကြီး တကယ် နေမကောင်းဘူးလို့ ထောက်ခံချက်ပေးတယ်။

"ဒါပေမဲ့ ကိုယ့်အနေနဲ့ကတော့ အဖြစ်မှန်ကို သိထားတယ်၊ အဲဒီလို သိနေတာလည်း ကြာလှပြီ၊ လေးနှစ်ကာလအတွင်းမှာ တပ်က ငွေတွေဟာ အာဏာပိုင်တွေက စစ်ဆေးပြီးတဲ့ နောက်ပိုင်းမှာ ပျောက်သွားတတ်တယ်၊ ဒုတိယဗိုလ်မှူးကြီးက အဲဒီပိုက်ဆံတွေကို မြို့ထဲက ကုန်သည်ကြီး တယောက်ကို ချေးလိုက်တာပဲ၊ ထရီဖိုနော့ဆိုတဲ့ မုဆိုးဖို အဘိုးကြီးတယောက်ပဲ၊ အဲဒီအဘိုးကြီးက မုတ်ဆိတ်မွေးအထူကြီးနဲ့ ရွှေကိုင်းမျက်မှန်ကြီးနဲ့။ ဗိုလ်မှူးကြီးက အဲဒီအဘိုးကြီးကို အရမ်းယုံတာပဲ။

"ထရီဖိုနော့ဟာ ဈေးပွဲကိုသွားလေ့ရှိတယ်၊ အဲဒီမှာ သူ အရောင်းအဝယ်လုပ်တယ်၊ ဈေးပွဲကအပြန်မှာ ဒုတိယဗိုလ်မှူးကြီးကို သူယူသွားတဲ့ ပိုက်ဆံရယ်၊ အတိုးရယ်၊ နောက်ပြီးတော့ လက်ဆောင် တခုခုရယ် ပေးလေ့ရှိတယ်။

"ဒါပေမဲ့ နောက်ဆုံးတကြိမ်မှာတော့ ထရီဖိုနော့ဟာ ပွဲဈေးကအပြန်မှာ ဒုတိယ ဗိုလ်မှူးကြီးကို ဘာမှ ပြန်မပေးတော့ဘူး (ဒီအကြောင်းကို သူ့သားဆီက ကိုယ် သိရတာပဲ၊ သူ့သားက ဒီလောကကြီးမှာ အဆိုးဆုံး၊ အ အ ဆုံး သတ္တဝါတယောက်ပဲ)။ ဒုတိယ ဗိုလ်မှူးကြီးက ထရီဖိုနော့အိမ်ကို ချက်ချင်းပဲ လိုက်သွားတယ်၊ အဲဒီမှာ ကုန်သည်ကြီးက ဘာပြောသလဲဆိုတော့ 'ဗိုလ်မှူးကြီးဆီက ကျွန်တော် ဘယ်တုန်းကမှ ပိုက်ဆံ မယူပါဘူး' တဲ့၊ အဲဒီတော့ ဗိုလ်မှူးကြီးဟာ သူ့အိမ်မှာ ခေါင်းကို မျက်နှာသုတ် ပဝါတခု စည်းပြီး ခယ်မနဲ့ သမီးနှစ်ယောက်က ရေခဲ တင်ပေးနေကြရတယ်၊ အဲဒီအချိန်မှာပဲ ရဲဘော် တယောက် အမိန့်စာနဲ့အတူ

ရောက်လာတယ်။ တပ်က ငွေတွေကို နှစ်နာရီအတွင်း လွှဲပြောင်း ပေးရမယ်တဲ့။

"ဒုတိယဗိုလ်မှူးကြီးက စာပေးစာယူ စာအုပ်မှာ လက်မှတ်ထိုးပေးလိုက်တယ် (အဲဒီ စာအုပ်ထဲက လက်မှတ်ကို နောက်ပိုင်းမှာ ကိုယ်ကိုယ်တိုင် တွေ့ရတယ်)၊ အဘိုးကြီးဟာ လက်မှတ် ထိုးပေးလိုက်ပြီးတဲ့နောက်မှာ ထိုင်ရာကထပြီး ယူနီဖောင်း လဲမယ်ဆိုပြီး သူ့အခန်းထဲကို ကမန်းကတန်း ဝင်သွားတယ်၊ အခန်းထဲကျတော့ နှစ်လုံးပြူးသေနတ်ကြီးကိုယူပြီး ယမ်းတောင့် ထိုးတယ်၊ ပြီးတော့ သေနတ်ပြောင်းကို သူ့ရင်ဘတ်မှာထောက်ပြီး သေနတ် မောင်းခလုတ်ကို သူ့ခြေထောက်နဲ့ကန်ပြီး ဖြုတ်ဖို့ လုပ်တယ်။

"ဒါပေမဲ့ အဲဒီအချိန်မှာ အဂါဖယာဟာ ကိုယ်ပြောထားတဲ့ စကားတွေကို အမှတ်ရပြီး၊ သူ့အဖေ မဟုတ်တာတွေကိုလုပ်မှာ စိုးရိမ်ပြီး သူ့အဖေရဲ့အိပ်ခန်းကို ချောင်းကြည့်တယ်၊ အဲဒီမှာ သူ့အဖေ သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားနေတာကို အချိန်မီ တွေ့ရတယ်၊ အဂါဖယာ အခန်းထဲကို ပြေးဝင်သွားပြီး သူ့အဖေကို နောက်ကနေ လက်နှစ်ဖက်နှင့် သိုင်းဖက်ထားလိုက်တယ်၊ သေနတ်ပြောင်း ပြုတ်သွားပြီး မျက်နှာကြက်ကို ကျည်ထိမှန်တယ်၊ ဘယ်သူမှ ဒဏ်ရာမရကြဘူး၊ တခြားလူတွေ အခန်းထဲကို ပြေးဝင်လာကြတယ်၊ သေနတ်ကို ယူလိုက်ကြတယ်၊ အဘိုးကြီးကို ဆွဲထူလိုက်ကြတယ်...။

"ဒါတွေအားလုံးဟာ နောက်ပိုင်းမှာ ကိုယ် သိရတာတွေပဲ၊ အဲဒီအချိန်က ကိုယ် အိမ်မှာရှိနေတယ်၊ အချိန်က မှောင်စပျိုးနေပြီ၊ ကိုယ် အပြင်ကို ထွက်တော့မယ့်ဆဲဆဲပဲ၊ အဝတ်အစားတွေ လဲပြီး ခေါင်းဖြီးပြီးပြီ၊ လက်ကိုင်ပဝါမှာ ရေမွှေးဆွတ်ပြီး ဦးထုပ်ကိုတောင် ယူလိုက်ပြီ။ အဲဒီအချိန်မှာ ဖြုန်းခနဲဆို တံခါးဖွင့်လာပြီး ကိုယ့်ရှေ့မှာ... ကိုယ့်အိမ်ထဲမှာ ကက်ထရီးနား ရပ်နေတာကို တွေ့လိုက်ရတယ်။

"တခါ တခါမှာ အင်မတန် အံ့ဩစရာကောင်းတာတွေ ဖြစ်တတ်တယ်၊ သူ့ကို လမ်းပေါ်မှာလည်း ဘယ်သူမှ မမြင်လိုက်ဘူး၊ ကိုယ့်အိမ်ထဲကို ဝင်လာတာကိုလည်း ဘယ်သူမှ မတွေ့လိုက်ဘူး၊ အဲဒါကြောင့် အဲဒီအကြောင်းကို မြို့ထဲမှာ ဘယ်သူမှ မသိလိုက်ကြဘူး။

"ကိုယ့်အခန်းက မုဆိုးမ အဘွားကြီးနှစ်ယောက်ဆီက ငှားထားတာပဲ၊ အဲဒီ ရှေးရိုးဆန်တဲ့ အဘွားကြီး နှစ်ယောက်က ကိုယ့်ကို စောင့်ရှောက်ကြည့်ရှုနေကြတယ်။ အဲဒီ မိန်းမကြီး နှစ်ယောက်က ကိုယ့်ကို အင်မတန် လေးစားကြတယ်၊ ကိုယ်ပြောသမျှကို လုပ်ပေးကြတယ်၊ သူတို့နှစ်ယောက်ဟာ ကိုယ် မေတ္တာရပ်ခံထားတဲ့အတွက် ကက်ထရီးနား

လာတဲ့ကိစ္စကို လေသံတောင် မဟကြဘူး။

"အခြေအနေကို ကိုယ် ချက်ချင်း ရိပ်မိလိုက်တယ်။ အခန်းထဲကို အမျိုးသမီး ဝင်လာပြီး ကိုယ့်ကို စူးစိုက်ပြီး ကြည့်နေတယ်၊ သူ့အကြည့်က ပြတ်သားတယ်၊ ရဲရင့်တယ်၊ ဒါပေမဲ့ သူ့ရဲ့နှုတ်ခမ်းစုံ ကတော့ မရေမရာတဲ့ သဘောကို ဖော်ပြနေတယ်။

"ရှင့်ဆီကို ကျွန်မတယောက်တည်း လာလို့ရှိရင် ရှင်က ကျွန်မတို့ကို ရူဗယ်ငွေ လေးထောင့်ငါးရာ ပေးမယ်လို့ ကျွန်မအစ်မက ကျွန်မကိုပြောတယ်၊ ကျွန်မ အခု လာတာပဲ ကျွန်မကို အဲဒီပိုက်ဆံပေးပါ"

"သူက ပြောတယ်။ ဒါပေမဲ့ သူ့ရဲ့စကား ပြတ်သွားတယ်။ သူ အသက်ရှူမမှန်ဘူး ဖြစ်နေတယ်၊ သူဟာ ကြောက်လန့်နေတယ်၊ သူ့ရဲ့အသံ ပျောက်သွားတယ်၊ သူ့ရဲ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေတယ်၊ အလျှိုရှာ... ကိုယ်ပြောတာတွေကို မောင်ရင် နားထောင်နေသလား၊ ဒါမှမဟုတ် အိပ်ပျော်နေသလား"

"အစ်ကိုကြီး... ကျွန်တော့်ကို တခုမကျန် အမှန်တွေချည်း ပြောပြမယ် မဟုတ်လား" အလျှိုရှာ စိတ်လှုပ်ရှားစွာဖြင့် ဆိုသည်။

"ဟုတ်တယ်၊ ကိုယ်ပြောပြမယ်၊ တခုမကျန် အမှန်တွေချည်း ပြောပြတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် လည်း ဘယ်လိုမှ ညှာမှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့ ပထမအတွေးကတော့ ကာရာမာဇော့ အတွေးပဲ။ ကိုယ်ဟာ တခါတုန်းက ကင်းခြေများ အကိုက်ခံရပြီး အပြင်းဖျားပြီး အိပ်ရာပေါ်မှာ ဆယ့်လေးရက် လောက် လဲနေခဲ့ဖူးတယ်၊ အခုလည်း ကိုယ့်အသည်းကို ကင်းခြေများ အကိုက်ခံရတယ်လို့ ကိုယ့်စိတ်ထဲမှာ ရုတ်တရက် ထင်လိုက်မိတယ်။ အင်မတန် အဆိပ်အတောက်ပြင်းတဲ့ ပိုးကောင် တကောင် အကိုက်ခံရတယ်လို့ ထင်မိတယ်။ သိလား ...။

"သူဟာ အင်မတန် လှတယ်၊ သူလှတာက တမျိုးပဲ။ အဲဒီအချိန်မှာ သူလှတာက မြင့်မြတ်တယ်၊ ကိုယ်က ယုတ်မာတယ်။ အဲဒီအချိန်မှာ သူရပ်နေပုံက သူ့အဖေအတွက် အနစ်နာခံမယ်လို့ဆိုပြီး အင်မတန် ကျက်သရေရှိနေတယ်။ ကိုယ်က အလကား ကြမ်းပိုး တေလေတယောက် ဖြစ်နေတယ်။ သူက ကြမ်းပိုးတေလေ လူယုတ်မာတယောက်ဖြစ်တဲ့ ကိုယ့်အပေါ်မှာ လုံးဝ မှီခိုအားထားနေရတယ်။ သူ့တကိုယ်လုံး ကိုယ့်အပေါ် မှီခိုနေရတယ်။ အဲဒါ သူ့ရဲ့ အနေအထားပဲ။

"ညီလေးကို ကိုယ် ပွင့်ပွင့်လင်းလင်း ပြောမယ်။ အဲဒီအတွေး၊ အဲဒီ

ရန်ငြိုးကြီးတဲ့အတွေးဟာ ကိုယ့်အသည်းနှလုံးကို ဘယ်လောက်ဖမ်းစားသလဲဆိုတာ အဲဒီအချိန်မှာ ကိုယ်ဟာ စိတ်လှုပ်ရှားလွန်း လို့ နှလုံးခုန် ရပ်သွားတယ်လို့တောင် ထင်ရတယ်။ ကိုယ့်အနေနဲ့ ဒီအတွေးကို ဘယ်လိုမှ မတွန်းလှန်နိုင်တော့ဘူး။ ကိုယ့်အနေနဲ့ ကြမ်းပိုးတေလေ တယောက်လို လူယုတ်မာတယောက်လို သနားကြင်နာမှု လုံးလုံး မရှိဘဲနဲ့ လုပ်လိုက်ဖို့ပဲ ရှိတော့တယ်။ ကိုယ်ဟာ ခဏလောက်တော့ အသက်မရှူမိဘဲတောင် ဖြစ်နေတယ် ...။

"ညီလေး နားထောင်၊ နောက်တနေ့မနက်မှာ ကိုယ့်ကို လက်ထပ်ဖို့ သူ့ကို သွားပြောလိုက်ရုံပဲ၊ ဇာတ်လမ်းက ဒီလို အဆုံးသတ်လိုက်ရုံပဲ ရှိတော့တယ်။ ဒီကိစ္စကို ဘယ်သူကမှ ဘာမှလည်း သိလိုက်မှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့အလိုဆန္ဒတွေဟာ နိမ့်ကျပေမဲ့ ကိုယ်ဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ် တယောက်ပဲ။ ဒါပေမဲ့ ဒီအချိန်မှာပဲ ကိုယ့်နားထဲမှာ အသံတခု ကြားလာရတယ်။

"မဟုတ်ဘူး၊ မနက်ဖြန် မနက်မှာ လက်ထပ်ခွင့်တောင်းဖို့ မင်းသွားတဲ့အခါမှာ မင်းကို သူ ထွက်တောင်တွေ့မှာ မဟုတ်ဘူး၊ ရထားမောင်းတဲ့သူလို မင်းကို မောင်းထုတ်ခိုင်းလိုက်မှာပဲ"၊ 'ကျွန်မကို အရှက်ခွဲချင်သလောက် ခွဲလိုက်စမ်းပါလား၊ ရှင့်ကို ကျွန်မ မကြောက်ဘူး' လို့ သူက ပြောလိုက်လိမ့်မယ်။

"မိန်းကလေးကို ကိုယ် ကြည့်လိုက်တယ်၊ ကိုယ့်နားထဲမှာ ကြားလိုက်ရတဲ့စကားဟာ မှန်နိုင်တယ်၊ ကိုယ်သာ ကန်ထုတ်ခံရမှာပဲ၊ သူ့မျက်နှာ ကြည့်ရုံနဲ့ သိနိုင်တယ်၊ ကိုယ် ဒေါသဖြစ်လာတယ်။ ကိုယ် သူ့ကို ရက်ရက်စက်စက် ယုတ်ယုတ်မာမာကြီး လုပ်လိုက်ချင်စိတ် ပေါက်လာတယ်။ သူ့မျက်နှာကို လည်း လှောင်ကြည့် ကြည့်ပြီး မခံချင်အောင် ပြောပစ်လိုက်ဖို့ စိတ်ကူးတယ်။

"ငွေလေးထောင် ဟုတ်လား မဒမ်၊ ဖြစ်မှဖြစ်ရလေ မဒမ်ရယ်၊ ကျုပ်က သက်သက် နောက်လိုက်တာပါ၊ ငွေနှစ်ရာ ပေးပါဆိုရင်တော့ ကျုပ် ဝမ်းသာပမ်းသာ ပေးလိုက်ပါ့မယ်၊ ငွေလေးထောင်ဆိုတာတော့ ဒီလို ဘာမဟုတ်တဲ့ အလုပ်မျိုးအတွက် မများလွန်းဘူးလား အမျိုးသမီး ကလေးရယ်၊ လက်စသတ်တော့ မဒမ်ဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ"

"အဲဒီလို ပြောလိုက်တာနဲ့ တပြိုင်နက် သူ တခါတည်း ထွက်ပြေးမှာပဲ။ ဒါပေမဲ့ ကိုယ်ဟာ သူ့ကို လှလှကြီး လက်စားချေလိုက်ရတာပဲ မဟုတ်လား။ ဒီလိုမျိုး ကိုယ် ပြောထိုက်တယ် မဟုတ်လား။ အဲဒီလို ပြောလိုက်တဲ့အတွက် ကိုယ်ဟာ တသက်လုံး နောင်တ ရချင်ရနေမယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ တော့ အဲဒီလို ပြောပစ်လိုက်ဖို့ ကောင်းတာ အမှန်ပဲ၊ ညီလေး ယုံမလား မသိဘူး၊ ကိုယ့်တသက်မှာ မိန်းမတယောက်ကို အဲဒီအချိန်ကလို မုန်းတီးမှုမျိုးနဲ့ နာကြည်းမနေခဲ့ဖူးဘူး။ ဒါပေမဲ့

ညီလေးကို ကိုယ် ကျိန်ပြီး ပြောနိုင်တယ်၊ ကိုယ် သူ့ကို အဲဒီလို အမုန်းမျိုးနဲ့ သုံးလေးစက္ကန့် ကြည့်နေမိတာဟာ သူ့ကို အရှုံးအမူး ချစ်ရာက ပေါ်လာတဲ့ အမုန်းပဲ၊ အချစ်နဲ့ ဆံခြည်တမျှင်သာခြားတဲ့ အမုန်းပဲ။

"ပြတင်းပေါက်ဆီကို ကိုယ် လျှောက်သွားတယ်၊ အေးစက်နေတဲ့ ပြတင်းပေါက်ပေါင်ကို ကိုယ့်နဖူးနဲ့ ထိထားမိတယ်၊ ကိုယ် အခုအထိ မှတ်မိနေတယ်၊ အဲဒီပြတင်းပေါက် အအေးဟာ ကိုယ့်နဖူးကို မီးလို လောင်မြိုက်နေတယ်။

"ကိုယ် သူ့ကို အကြာကြီး ဆွဲမထားမိပါဘူး၊ ကိုယ် တဖက်ကို ပြန်လှည့်ပြီး စားပွဲဆီကို လျှောက်သွားတယ်၊ အံဆွဲကို ဆွဲဖွင့်ပြီး ရူဗယ် ငါးထောင်တန် ချက်လက်မှတ်ကို ဆွဲထုတ်လိုက်တယ် (အဲဒီ ချက်လက်မှတ်ကို ပြင်သစ် အဘိဓာန်ထဲမှာ ကိုယ် ညှပ်ထားခဲ့တယ်)။ ကိုယ်ဟာ ဘာမှမပြောဘဲ ချက်လက်မှတ်ကို သူ့ကို ပြတယ်၊ ခေါက်ပြီး သူ့ကို ပေးလိုက်တယ်။ ပြီးတော့ သူပြန်ဖို့ အခန်းတံခါးကို ကိုယ် ဖွင့်ပေးလိုက်တယ်၊ ကိုယ် နောက်ကို ခြေတလှမ်းဆုတ်ပြီး ခေါင်းကို ညွှတ်လိုက်တယ်၊ အင်မတန် လေးလေးစားစားနဲ့ ဦးညွှတ်လိုက်ခြင်းပါပဲ။

"သူ တုန်လှုပ် ချောက်ချားသွားတယ်၊ ကိုယ့်ကို တစက္ကန့်လောက် ငေးစိုက်ပြီး ကြည့်နေတယ်၊ သူ့မျက်နှာကလေး ဖွေးနေတယ်၊ စက္ကူလို ဖွေးနေတယ်၊ ပြီးတော့ ရုတ်တရက် ဆိုသလို ပါးစပ်က ဘာစကားတခွန်းမှ မပြောဘဲနဲ့ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ငြိမ်ငြိမ်သက်သက်ကလေး ဦးညွှတ်တယ်၊ ပြီးတော့ ကိုယ့်ခြေရင်းမှာ ဒူးထောက်ချလိုက်တယ်၊ သူ့ခေါင်းကို ကြမ်းပြင်နဲ့ ထိတဲ့အထိ ညွှတ်ချလိုက်တယ်။ အင်မတန် ခေတ်ဆန်တဲ့ ကျောင်းသူတယောက်က အခုလို ရုရှား ပီပီသသမျိုး ဖြစ်လိမ့်မယ်လို့ ညီလေး ဘယ်လိုမှ မထင်နိုင်ဘူး၊ အဲဒီအချိန်မှာပဲ သူ ဒူးထောက် နေရာက ထပြီး ထွက်ပြေးသွားတယ်။

"သူလည်း ထွက်ပြေးသွားရော ကိုယ်ဟာ ခါးမှာ ချိတ်ထားတဲ့ ဓားကို ဆွဲထုတ်လိုက်တယ်။ အဲဒီဓားနဲ့ ကိုယ့်ကိုယ်ကိုယ် ထိုးသတ်ဖို့ စိတ်ကူးလိုက်တယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး၊ တော်တော်မိုက်မဲတဲ့ အမိုက်ပဲ၊ ကြည့်ရတာကတော့ ကိုယ်ဟာ အဲဒီအချိန်မှာ စိတ် ကယောင်ချောက်ချား ဖြစ်သွားလို့ နေမှာပဲ။ အဲဒီလို စိတ်ချောက်ချားသွားတဲ့ အချိန်မျိုးမှာ လူတယောက်ဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေတတ်တယ်ဆိုတာ ညီလေးလည်း သိပါလိမ့်မယ်။

"ဒါပေမဲ့ ကိုယ်ဟာ ကိုယ့်ကိုယ်ကိုယ် သတ်မသေခဲ့ဘူး၊ ဓားကို နမ်းရှုံပဲနမ်းပြီး ဓားအိမ်ထဲ ပြန်သွင်းလိုက်တယ်၊ ဒီအကြောင်းက ညီလေးကို ပြောဖို့တောင် မလိုပါဘူး။ "ကိုယ့်ရဲ့ အတွင်းစိတ် တွေ လှုပ်ရှားတဲ့အကြောင်း ညီလေးကို ပြောပြတဲ့နေရာမှာ ကိုယ်ဟာ လူကောင်းတယောက်ဆိုတာ

ပြချင်တဲ့အနေနဲ့ နည်းနည်းပါးပါး ချဲ့ထားတာကတော့ ပါပါတယ်၊ ဒါပေမဲ့ ဒါတွေကို ထားလိုက်ပါ တော့၊ လူသားတယောက်ရဲ့ နှလုံးသားအကြောင်း နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းတဲ့သဘောကို ထားလိုက်ပါတော့၊ ကက်ထရီးနားရဲ့ 'စွန့်စားခန်း' အကြောင်း အတော်ကလေး များသွားပြီ။

"အဲဒီတော့ ဒီအကြောင်းကို အိုက်ဗင် သိတယ်၊ အခု ညီလေး သိတယ်၊ ဒါပဲ။ တခြား ဘယ်သူမှ မသိဘူး"

ဒီမီထရီ ထိုင်ရာမှ ထသည်။ သူသည် စိတ်လှုပ်ရှားစွာဖြင့် တလှမ်း နှစ်လှမ်း လျှောက်သွားသည်။ လက်ကိုင်ပဝါကို ထုတ်ပြီး မျက်ခုံးကို သုတ်သည်။ ထို့နောက် ပြန်ထိုင်သည်။ သို့သော် စောစောက နေရာတွင် မဟုတ်ပါ။ မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်တွင် ဖြစ်သည်။ တဖက်နံရံတွင် ဖြစ်သည်။ သို့ဖြင့် အလျှိုရှာသည် သူနှင့် မျက်နှာချင်းဆိုင် ထိုင်မိစေရန် ကိုယ်ကို တပတ်လှည့်လိုက်ရသည်။

၅။ အုံကြွနေသော နှလုံးသား၏ ခေါက်ထိုးမိုးမျှော် ဖွင့်ဟဝန်ခံချက်

"ဒီပြဿနာရဲ့ ပထမ တဝက်ကိုတော့ ကျွန်တော် သိရပြီ" ဟု အလျှိုရှာက ပြောလိုက်သည်။

"ဟုတ်တယ်၊ ပထမတဝက်ကို ညီလေး သိရပြီ။ အဲဒီတဝက်ကတော့ အဲဒီမြို့ကလေးမှာ ဖြစ်ခဲ့တဲ့ ပြဇာတ်ကလေးပဲ၊ ဒုတိယ တဝက်ကတော့ အလွမ်းဇာတ်ပဲ၊ ဒီမှာ ကပြလိမ့်မယ်"

"ဒုတိယပိုင်းနဲ့ ပတ်သက်လို့တော့ ကျွန်တော် ဘာမှ မသိသေးဘူး"

"ကိုယ် သိတယ်လို့ကော ညီလေး ထင်သလား"

"ခဏနေဦး ဒီမီထရီ၊ အရေးကြီးတဲ့ မေးခွန်းတခု မေးစရာရှိတယ်၊ ညီလေးကို ပြောစမ်းပါ၊ အစ်ကိုကြီးဟာ သူနဲ့ စေ့စပ်ကြောင်းလမ်းထားတယ် မဟုတ်လား၊ အခုထက်ထိ စေ့စပ်ကြောင်းလမ်း ထားတုန်းပဲ မဟုတ်လား"

"ကိုယ်တို့နှစ်ယောက် ချက်ချင်းလက်ငင်း စေ့စပ်ကြောင်းလမ်း ဖြစ်ကြတာတော့ မဟုတ်ဘူး၊ ကိုယ့်အိမ်မှာ ဖြစ်တဲ့ကိစ္စ နောက်ပိုင်း သုံးလလောက်ကြာမှ စေ့စပ်ကြောင်းလမ်း ဖြစ်ကြတယ်၊ အဲဒီကိစ္စဖြစ်ပြီး နောက်တနေ့မှာ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ ဒီကိစ္စ ဖြစ်ပြီးပြီ၊ စာရင်းပိတ်သွားပြီ၊ နောက်ထပ် ဆက်ရန်မရှိတော့ အဲဒီကိစ္စ ပြီးတဲ့နောက်ပိုင်းမှာ သူ့ဆီမှာ လက်ထပ်ခွင့် တောင်းဖို့ ကိစ္စဟာ အင်မတန် နိမ့်ကျတယ်။

"သူ့ဘက်ကလည်း ကိုယ့်ကို ဘာအဆက်အသွယ်မှ မလုပ်ဘူး၊ ကိုယ်တို့မြို့မှာ သူ နေသွားတဲ့ တလခွဲလုံးလုံးမှာ ဘာတခွန်းမှ မပြောဘူး၊ တခုပဲရှိတယ်၊ ကိုယ့်အိမ်ကို သူလာသွားပြီး နောက်နေ့မှာ သူတို့အိမ်က အိမ်ဖော်တယောက် ကိုယ့်ဆီကို ရောက်လာတယ်၊ ဘာတခွန်းမှ မပြောဘဲနဲ့ စာအိတ် တအိတ် ပေးသွားတယ်၊ စာအိတ်ပေါ်မှာ ကိုယ့်လိပ်စာ ရေးထားတယ်၊ စာအိတ်ကို ဖွင့်ကြည့်လိုက်တဲ့ အခါကျတော့ ချက်လက်မှတ်ကို လဲလိုက်လို့ ပိုထွက်လာတဲ့ ငွေအချို့ကို တွေ့ရတယ်၊ သူတို့ လိုတာက လေးထောင့်ငါးရာပဲ မဟုတ်လား၊ ဒါပေမဲ့ ချက် လဲဖို့အတွက် သူတို့ ငွေနှစ်ရာကျော် ကုန်ရတယ်၊ ဒါကြောင့် ကိုယ့်ဆီကို ငွေနှစ်ရာ့ခြောက်ဆယ်ပဲ သူ ပြန်ပို့လိုက်တယ်၊ ကိုယ် အတိအကျတော့ မမှတ်မိပါဘူး၊ ဒါပေမဲ့ အထဲမှာ စာတစောင်မှ မပါဘူး၊ ဘာတခုမှ ရှင်းပြမထားဘူး၊ အဲဒါနဲ့ ကိုယ် ခဲတံတချောင်းရှာပြီး စာအိတ်ပေါ်မှာ 'နတ္ထိ' လို့ ရေးထားလိုက်တယ်။

"ကိုယ်လည်း အဲဒီ ပြန်ပို့လိုက်တဲ့ ငွေနဲ့ လျှောက်ပြီး တေလိုက် ပေလိုက်တာ

နောက်ဆုံးကျတော့ နောက်ရောက်လာတဲ့ ဗိုလ်မှူးအသစ်က ကိုယ့်ကို အပြစ်ပေးတော့တာပဲ။

"အဲ.... ဒုတိယဗိုလ်မှူးကြီးကတော့ တပ်က ပိုက်ဆံတွေကို လွှဲပေးလိုက်တယ်၊ ဘာမှ ပြဿနာ မဖြစ်တော့ဘူး၊ အားလုံးကလည်း အံ့သြသွားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ဒီပိုက်ဆံ ရှိနေလိမ့်မယ်လို့ ဘယ်သူကမှ မထင်ခဲ့ကြဘူး၊ ဒီပိုက်ဆံတွေကိုလည်း လွှဲပေးပြီးရော သူလည်း နေမကောင်းဖြစ်ပြီး အိပ်ရာပေါ်မှာ လဲနေတော့တာပဲ၊

"သုံးပတ်လောက် အကြာမှာ ဦးနှောက်ရောဂါ ရုတ်တရက် ဝင်လာတယ်၊ နောက် ငါးရက်အကြာမှာ သူ ကွယ်လွန်တယ်၊ သူ့ကို စစ်အခမ်းအနားနဲ့ သင်္ဂြိုဟ်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့နုတ်ထွက်လွှာက တရားဝင် မဖြစ်သေးလို့ပဲ။

"အသုဘ အပြီးမှာ ကက်ထရီးနားဟာ သူ့အစ်မရယ်၊ သူ့အဒေါ်ရယ်နဲ့အတူ မော်စကို ကို ပြောင်းသွားတယ်၊ အဲဒီလို မပြောင်းခင်မှာ ပြောင်းမယ့်နေ့မှာပဲ (ကိုယ် သူတို့နဲ့ မတွေ့ဘူး၊ သူတို့ ထွက်သွားတာကိုလည်း မတွေ့ပါဘူး) ကိုယ် စာတစောင် ရတယ်၊ စာရွက် ပြာပြာကလေးပေါ်မှာ ခဲတံနဲ့တကြောင်းတည်း ရေးထားတယ်။ 'ရှင့်ဆီကို ကျွန်မ စာရေးလိုက်မယ် စောင့်ပါ၊ ကေ' တဲ့၊ ဒါပဲ။

"ညီလေးကို ကိုယ် တိုတိုပဲ ရှင်းပြမယ်၊ မော်စကိုမှာ သူတို့အခြေအနေက လျှပ်စီးလက်သလို ပုံပြင်ထဲကလို မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားတယ်။ သူတို့နဲ့ ဆွေမျိုးတော်တဲ့ ဗိုလ်ချုပ်ကြီး ကတော် မုဆိုးမကြီးရဲ့ အမွေစား အမွေခံ တူမနှစ်ယောက်ဟာ ကျောက်ပေါက်ပြီး တပတ်အတွင်းမှာ သေဆုံးသွားကြတယ်၊ ပူဆွေးဒုက္ခရောက်နေတဲ့ အဘွားကြီးဟာ ကက်ထရီးနားကို သူ့သမီးအရင်းလို ဆီးကြိုတယ်၊ သူ့ရဲ့သေတမ်းစာကို ကက်ထရီးနားအတွက် ပြောင်းရေးတယ်၊ ဒါပေမဲ့ အဲဒါက နောက်ကျမှ ရမှာ၊ လောလောဆယ်မှာ အဘွားကြီးက သူ့ကို သူကြိုက်တာသုံးဖို့ ရူဗယ်ငွေ ရှစ်ထောင် ပေးတယ်၊ အဘွားကြီးက အရူးကြီးပဲ၊ သူ့ကို ကိုယ် နောက်ပိုင်းမှာ မော်စကိုမှာ လူကိုယ်တိုင် တွေ့ရတယ်။

"အဲ... ကိုယ့်ဆီကို စာတိုက်က ငွေ လေးထောင့်ငါးရာ ရောက်လာတယ်၊ ကိုယ်လည်း အရမ်း အံ့သြသွားတယ်၊ ညီလေး စဉ်းစားကြည့်ရင် သိနိုင်ပါတယ်၊ နောက်သုံးရက်အကြာမှာ သူ့ဆီက ကတိပေးတဲ့စာ ရောက်လာတယ်၊ အဲဒီစာ ကိုယ့်ဆီမှာ အခုထက်ထိ ရှိတယ်၊ အဲဒီစာကို ကိုယ့်ကိုယ်ပေါ်မှာ အမြဲတမ်း ဆောင်ထားတယ်၊ ကိုယ် သေတဲ့အထိ ကိုယ့်ကိုယ်ပေါ်မှာ ဆောင်ထားတယ်၊ အဲဒီစာကို ညီလေး ဖတ်ချင်သလား၊ အင်း... ညီလေး ဖတ်ကြည့်ရမယ်၊ သူက

ကိုယ့်ကို လက်ထပ်ကြဖို့ ပြောတယ်၊ သူကိုယ်တိုင်က စပြီး ကိုယ့်ကို ပြောတယ်။ 'အစ်ကို့ကို ညီမ ရူးမတတ် ချစ်နေမိပါတယ်' တဲ့။ 'ညီမကို အစ်ကို ပြန်မချစ်ချင်နေပါ၊ ကိစ္စမရှိပါဘူး၊ ညီမလေးရဲ့ ခင်ပွန်းအဖြစ်နဲ့သာ နေပါ၊ အစ်ကို ဘာမှ မစိုးရိမ်ပါနဲ့၊ အစ်ကို့ကို ညီမ ဘာမှ အနှောင့်အယှက် မပေးပါဘူး၊ ညီမဟာ အစ်ကို့ရဲ့အသုံးအဆောင် ပရိဘောဂတခု အဖြစ်နဲ့ပဲ နေပါ့မယ်၊ အစ်ကို ခြေထောက်အောက်က ကော်ဇောတချပ်အဖြစ်နဲ့ ညီမ နေပါ့မယ်၊ အစ်ကို့ကို ညီမ ထာဝရ ချစ်နေချင်တယ်၊ အစ်ကို့ဘဝကို ညီမ ကယ်တင်ချင်တယ်...' တဲ့။

"အလျှိုရှာ ... ကိုယ်ဟာ ဒီစကားလုံးတွေကို ကိုယ့်ပါးစပ်ကနေ ပြန်ရွတ်ပြနေဖို့ မထိုက်တန်တော့ဘူး။ ဒီစကားလုံးတွေဟာ ကိုယ့်အသံနဲ့ မထိုက်တန်ဘူး။

"အဲဒီစာဟာ ကိုယ့်ရဲ့ရင်ကို ခိုက်သွားတယ်၊ အခုထက်ထိလည်း ကိုယ့်ရင်ထဲမှာ ခိုက်နေတုန်းပဲ၊ ကိုယ်ဟာ အခု ပျော်နေတယ်လို့ ညီလေး မထင်ဘူးလား၊ ကိုယ် ကနေ့ ပျော်နေတယ်လို့ ညီလေး မထင်ဘူးလား၊ ကိုယ် သူ့ဆီကို ချက်ချင်းပဲ စာပြန်လိုက်တယ်၊ (အဲဒီတုန်းက ကိုယ် မော်စကိုကို လိုက်မသွားနိုင်ဘူး) ကိုယ့်စာကို မျက်ရည်နဲ့ ရေးလိုက်တယ်၊ ကိုယ့်အနေနဲ့ တခုပဲ အခုအချိန်အထိ ရှက်နေတယ်၊ သူ့ကို ချမ်းသာတဲ့ အမျိုးသမီး တယောက်၊ မင်္ဂလာရှိတဲ့ မိန်းကလေးတယောက်အဖြစ် ရေးပြီး ကိုယ့်ကိုယ်ကိုယ်ကျတော့ အင်မတန် နိမ့်ကျတဲ့ မရှိဆင်းရဲသား တယောက်အဖြစ်နဲ့ ရေးလိုက်တယ်၊ ငွေအကြောင်းကို ထည့်ပြောလိုက်မိတယ်၊ အမှန်တော့ ကိုယ် မပြောဘဲ ထားရမယ်။ ဒါပေမဲ့ ကိုယ့်ရင်ထဲက ပွင့်ထွက်သွားတယ်။

"သူ့ဆီကို စာပြန်ပြီးတဲ့နောက်မှာ အိုက်ဗင့်ဆီကို ကိုယ် စာရေးလိုက်တယ်။ အခြေအနေ အားလုံးကို စာထဲမှာ တတ်နိုင်သမျှ ရှင်းပြလိုက်တယ်၊ အဲဒီစာဟာ ခြောက်မျက်နှာတိတိ ရှိတယ်၊ အိုက်ဗင်ကို သူ့ဆီကို အသွားခိုင်းလိုက်တယ်။

"ညီလေး ဘာဖြစ်လို့ ကိုယ့်ကို ဒီလိုမျိုး ကြည့်နေတာလဲ၊ ဟုတ်တယ်၊ အိုက်ဗင်ဟာ သူ့ကို ကြိုက်သွားတယ်၊ အခုအထိ အိုက်ဗင်ဟာ သူ့ကို ကြိုက်နေတုန်းပဲ၊ အဲဒါကို ကိုယ် သိတယ်၊ ညီလေးရဲ့အမြင်... လောကကြီးရဲ့ အမြင်အရတော့ ကိုယ်လုပ်လိုက်တာဟာ အင်မတန် မိုက်တာပဲ၊ ဒါပေမဲ့ ဒီမိုက်မဲမှုဟာ အခုအချိန်မှာ ကိုယ်တို့အားလုံးကို ကယ်တင်မှာ ဖြစ်တယ်။ အိုက်ဗင်ကို သူ ဘယ်လို သဘောထားတယ်ဆိုတာ ညီလေး သိတယ်။ အိုက်ဗင်ကို သူ ဘယ်လောက် လေးစားသလဲ၊ ကိုယ်နဲ့ အိုက်ဗင်ကို ယှဉ်လိုက်တဲ့အခါ သူဟာ ကိုယ့်ကို ဘယ်လိုလုပ်ပြီး ချစ်နိုင်တော့မလဲ။ သူနဲ့ ကိုယ်နဲ့ကြားမှာ အဲဒီကိစ္စတွေ ဖြစ်ခဲ့ပြီးတဲ့နောက်မှာ ကိုယ့်ကို သူ ဘယ်လိုလုပ်ပြီး ချစ်နိုင်တော့မလဲ"

“အစ်ကိုကြီးလို လူတယောက်ကို သူ ချစ်ပြီးရင် အိုက်ဗင်လိုလူကို သူ မချစ်ဘူးဆိုတာ ကျွန်တော် သေသေချာချာ ပြောနိုင်တယ်”

“သူ့အကျင့်သိက္ခာကို သူချစ်တာပဲ၊ ကိုယ့်ကို သူချစ်တာ မဟုတ်ဘူး”

ထိုစကားလုံးများ သူ့ပါးစပ်မှ အလိုအလျောက် ထွက်ပေါ်လာသည်။ သူ ရယ်လိုက်သည်။ သို့သော် ခဏအကြာတွင် သူ့မျက်လုံးများ အရောင်တောက်လာသည်။ သူ့မျက်နှာကြီး နီရဲလာသည်။ စားပွဲကို သူ့လက်သီးဖြင့် တအားထုလိုက်ပြီး ...

“ကိုယ် ကျိန်ပြောမယ် အလျှိုရှာ၊ ညီလေး ကိုယ့်ကို ယုံချင်ယုံ မယုံချင်နေ၊ ဒါပေမဲ့ ကိုယ် ကျိန်ပြောမယ်၊ ကိုယ်က အခု သူ့ရဲ့မြင့်မြတ်တဲ့ စိတ်ထားတွေကို သရော်နေတယ်။ အဲဒီအချိန်မှာ ကိုယ်က စိတ်ဓာတ်အရ သူ့ထက် အများကြီး နိမ့်ကျနေတယ်၊ သူ့ရဲ့ မြင့်မြတ်တဲ့ စိတ်ထားတွေဟာ ကောင်းကင်ဘုံက တမန်တော်တဦးရဲ့ စိတ်ထားလိုပဲ ရိုးသားဖြူစင်တယ်၊ အဲဒါဟာ ပြဿနာပဲ။ အဲဒါကို ကိုယ် ကောင်းကောင်းသိတယ်။

“လူတယောက်ဟာ အခွင့်အရေးယူရင် ဘာဖြစ်မလဲ။ ကိုယ့်အနေနဲ့ အခွင့်အရေး ယူသလား။ ဒါပေမဲ့ ကိုယ်ဟာ ရိုးသားတယ်၊ ကိုယ် ရိုးသားတယ်။ အိုက်ဗင်ကတော့ ခုအချိန်မှာ လောကကြီးကို ကျိန်ဆဲနေတယ်။ သူ့ရဲ့ ပညာတွေကိုလည်း ကျိန်ဆဲနေလိမ့်မယ်။

“သူက ဘယ်သူ့ကို ဦးစားပေးလဲ၊ ဘာကို ဦးစားပေးမလဲ။ ဒုစရိုက်ကောင်ကြီးကို ဦးစားပေးမယ်။ အဲဒီ ဒုစရိုက်ကောင်ကြီးဟာ သူနဲ့ စေ့စပ်ထားတယ်။ လူတိုင်းက သူ့ကို စောင့်ကြည့်နေကြတယ်၊ သူဟာ လော်လည်ဖောက်ပြားတဲ့ အမှုတွေကို မရှောင်ရှားနိုင်ဘူး၊ သူနဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးရှေ့မှာ... အဲဒီ အမျိုးသမီးရဲ့ မျက်စိအောက်မှာတောင် မရှောင်ရှားနိုင်ဘူး။

“ကိုယ့်လိုလူတယောက်ကို ဦးစားပေးပြီး ရွေးတယ်၊ အိုက်ဗင်လို လူတယောက်ကို ငြင်းပယ်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ။

“ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးဟာ ကျေးဇူးဆပ်တဲ့အနေနဲ့ သူ့ဘဝနဲ့ သူ့အနာဂတ်ကို စွန့်လွှတ်လိုက်တာပဲ၊ ဒီအကြောင်းကို အိုက်ဗင်ကို ကိုယ် မပြောဘူး၊ အိုက်ဗင်ကလည်း ကိုယ့်ကို ဘာတခွန်းမှ မပြောဘူး၊ အရိပ်အမြွက်တောင် မပြောဘူး။

“ဒါပေမဲ့ ကံကြမ္မာအတိုင်း ဖြစ်ကြရမှာပဲ၊ ထိုက်တန်တဲ့သူက နေရာမှန်ကိုရပြီး မထိုက်တန်တဲ့လူက နောက်ဖေးလမ်းကြားမှာ

ပျောက်ဆုံးသွားရမှာပဲ။ စက်ဆုပ် ရွံရှာဖွယ်ကောင်းတဲ့ နောက်ဖေး လမ်းကြား၊ သူ အင်မတန်ချစ်တဲ့ နောက်ဖေးလမ်းကြား၊ သူနဲ့ ထိုက်တန်တဲ့ နောက်ဖေးလမ်းကြားမှာ သူ့သဘော သူ့ဆန္ဒ သူ့စိတ်ကြိုက်အတိုင်း ပျက်စီးဆုံးရှုံးသွားရမှာပဲ။

"ကိုယ် ပြောနေတာတွေဟာ မိုက်မိုက်မဲမဲ ပြောနေတာတွေ ဖြစ်ချင်ဖြစ်မယ်၊ ကိုယ်ပြောတဲ့ စကားတွေဟာ ကမ်းကုန်ချင် ကုန်မယ်၊ ပေါက်ကရတွေ ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမဲ့ ကိုယ်ပြောတဲ့ အတိုင်း အားလုံး ဖြစ်လာမှာပဲ၊ ကိုယ်က နောက်ဖေးလမ်းကြားမှာ နစ်မွန်းသွားပြီး သူက အိုက်ဗင်ကို လက်ထပ်မှာပဲ"

"နေဦး ဒီမီထရီ..."

အလျှိုရှာက အထူးပင် စိတ်မကောင်းဟန်ဖြင့် စကားကို ကြားဖြတ်လိုက်ပြန်သည်။

"အစ်ကို ကျွန်တော့်ကို ခုချိန်အထိ ရှင်းမပြသေးတာ တခုရှိတယ်၊ အစ်ကိုဟာ သူနဲ့ စေ့စပ်ထားတဲ့ သူ့ရည်းစားတယောက် မဟုတ်လား၊ အစ်ကိုဟာ အခုထက်ထိ သူနဲ့ စေ့စပ်ထားတုန်းပဲ မဟုတ်လား။ အဲဒီတော့ အစ်ကို့ရည်းစားက သဘောမတူဘဲနဲ့ ဒီစေ့စပ်ကြောင်းလမ်းမှုကို အစ်ကို ဘယ်လိုလုပ်ပြီး ဖျက်ပစ်လို့ရမလဲ"

"ဟုတ်တယ်၊ ကိုယ်ဟာ သူနဲ့ တရားဝင် စေ့စပ်ကြောင်းလမ်းထားတဲ့ လူပဲ၊ ကိုယ်တို့ဟာ ထုံးတမ်းစဉ်လာနဲ့အညီ စေ့စပ်ထားတယ်၊ အကျဉ်းမချုံးဘဲ အားလုံး အပြည့်အစုံ လုပ်ခဲ့ကြတယ်၊ ပုံတော်ကားတွေနဲ့ တကယ့် ခမ်းခမ်းနားနားကြီး ကျင်းပခဲ့ကြတယ်၊ ဗိုလ်ချုပ်ကြီးကတော်က ကိုယ်တို့ကို ကောင်းချီးပေးပြီး ကက်တယာကို ချီးကျူးစကား ပြောခဲ့တယ်၊ "သမီးဟာ တကယ် လူရွေးတော်တာပဲ၊ ဒီသူငယ်လေးကို မေမေ မြင်လိုက်တာနဲ့ အပွေးမြင် အပင်သိတယ်" တဲ့။ နောက်ပြီးတော့ ညီလေး ယုံမလား၊ အဘွားကြီးက အိုင်ဗင့်ကို သဘောမကျဘူး၊ အိုက်ဗင်ကို ကောင်းကောင်း လက်မခံချင်ဘူး။

"သူနဲ့ ကိုယ်နဲ့ မော်စကိုမှာ အများကြီး စကားပြောကြရတယ်၊ ကိုယ်က သူ့ကို ကိုယ့်အကြောင်း အကုန်ပြောပြတယ်၊ ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ပြောပြတယ်၊ ကိုယ်ပြောတာ အားလုံးကို သူ နားထောင်တယ်၊ နောက်ပြီးတော့ ကိုယ့်ကို ပြုပြင်ပြောင်းလဲဖို့ ကတိတောင်းတယ်၊ ကိုယ်ကလည်း ကတိပေးလိုက်တယ်၊ ဒါပေမဲ့ အခုကျတော့...."

"အခုကျတော့ ဘာဖြစ်သလဲ...."

"အခုကျတော့ ညီလေးကို ကိုယ်ခေါ်ပြီး ... ဒီနေရာကို ကနေ့ ခေါ်လာပြီး ...

ကနေ့နေ၁် ... အဲဒါကို မှတ်ထား ... ဒီကနေ့မှာပဲ ... ညီလေးကို ကက်တယာဆီကို လွှတ်ပြီး..”

“ဘာကိစ္စ လွှတ်မှာလဲ”

“သူ့ကို ပြောပါ။ သူ့ကို ကိုယ် ဘယ်တော့မှ လာမတွေ့တော့ဘူးလို့ ညီလေးက သူ့ကို ပြောပြပါ၊ သူ့ကို ကိုယ် နှုတ်ဆက်လိုက်ပါတယ်လို့ ...”

“မဖြစ်နိုင်တာပဲ”

“မဖြစ်နိုင်တဲ့ ကိစ္စမို့ ညီလေးကို လွှတ်ရတာပဲပေါ့... ကိုယ်ကိုယ်တိုင် သူ့ကို ဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲ”

“အစ်ကိုက ဘယ်သွားမလို့လဲ”

“လမ်းကြိုလမ်းကြားကိုပဲပေါ့”

“ဂရုရှင်ကာဆီကို သွားမယ်လို့ ပြောတာလား”

အလျှိုရှာ သူ့လက်များကို ဆုပ်နယ်လိုက်ရင်း ရေရွတ်လိုက်သည်။

“ရာကီတင် ပြောတာတွေ တကယ်မှန်နေပြီလား၊ ကျွန်တော်ကတော့ အစ်ကိုဟာ ဂရုရှင်ကာကို တခါ နှစ်ခါ သုံးလေးခါ တွေ့ပြီး ကိစ္စပြီးသွားပြီလို့ အောက်မေ့နေတာ”

“စေ့စပ်ကြောင်းလမ်းထားပြီးတဲ့ လူတယောက်ဟာ ဒီလို မိန်းမမျိုးတယောက်ဆီကို သွားတာ ဖြစ်နိုင်သလားပေါ့ ဟုတ်လား၊ ကက်ထရီးနားလို မိန်းကလေးတယောက်ကို စေ့စပ်ကြောင်းလမ်း ထားပြီး လူတွေအများကြီးရှေ့မှာ သွားတာ ဖြစ်နိုင်သလားပေါ့ ဟုတ်လား ...။

“ဒီမှာ ညီလေး၊ ကိုယ့်မှာ စည်း ရှိပါတယ်၊ ကိုယ်ဟာ ဂရုရှင်ကာဆီကို သွားတာနဲ့ တပြိုင်နက် ကက်ထရီးနားနဲ့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်လိုက်မယ်၊ ကိုယ်ဟာ လူကောင်းတယောက် အဖြစ်ကနေ ရပ်စဲလိုက်မယ်။ အဲဒီသဘောကို ကိုယ် နားလည်ပါတယ်၊ ညီလေး ဘာဖြစ်လို့ ကိုယ့်ကို စိုက်ပြီး ကြည့်နေတာလဲ။

“ဟုတ်တယ်၊ ကိုယ်ဟာ ပထမတော့ သူ့ကို ရိုက်ရအောင် သွားတာပဲ၊ အဲဒီတုန်းက ကိုယ် သတင်း ကြားရတယ်၊ အခုတော့ သေသေချာချာ သိတယ်၊ ဖေဖေ့ရဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးက ကိုယ့်ရဲ့ အကြွေးလက်မှတ်ကို သူ့ကို ပေးတယ်၊ ကိုယ့်ကို တရားစွဲဖို့ပဲ၊ ကိုယ့်ကို အပြတ်ရှင်းဖို့ပဲ၊ ကိုယ့်အနေနဲ့ ဖေဖေ့ကို နောက်ထပ်

အနှောင့်အယှက် မပေးနိုင်အောင်ပဲ၊ သူတို့ ကိုယ့်ကို ချောက်ချတာပဲ။

"အဲဒါကြောင့် ကိုယ်ဟာ ဂရုရှင်ကာကို ရိုက်ရအောင် သွားတာပဲ၊ ကိုယ် သူ့ကို အရင်က မြင်ဖူးတယ်၊ သာမန်ကာလျှံကာပဲ၊ သူ့မှာ ဘာမှ ထူးထူးခြားခြား မရှိဘူး၊ သူ့အဘိုးကြီး ကုန်သည်ကြီး အကြောင်းလည်း ကိုယ်သိတယ်၊ အဲဒီ အဘိုးကြီးက နေမကောင်းပြီး အိပ်ရာထဲ လဲနေတာပဲ၊ ဒါပေမဲ့ အဘိုးကြီးက သူ့အတွက် ပိုက်ဆံ ထိုက်သလောက် ထားခဲ့မှာတော့ အမှန်ပဲ။

"နောက်ပြီးတော့ သူဟာ အတိုးကြီးကြီးနဲ့ ငွေချေးစားနေတဲ့၊ အသနား အကြင်နာ မရှိတဲ့ မိန်းမရိုင်း တယောက် ဆိုတာလည်း ကိုယ်သိတယ်၊ ကိုယ် သူ့ကို ရိုက်ရအောင် သွားတယ်၊ ဒါပေမဲ့ ကိုယ် သူနဲ့ နေလိုက်တယ်။

"မိုးကြိုးပစ်လိုက်တယ်၊ ကိုယ် စက်ကွင်းမိသွားတယ်၊ အခုထက်ထိ ကိုယ်ဟာ စက်ကွင်း မိနေတုန်းပဲ၊ အားလုံးတော့ ကိစ္စပြီးပြီဆိုတာ ကိုယ် နားလည်တယ်၊ ကိုယ့်အတွက် နောက်ထပ် ဘာမှ ဖြစ်နိုင်စရာ မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စက်ဝိုင်းကြီးဟာ တပတ်ပြည့်အောင် လည်သွားပြီ၊ အဲဒါ ကိုယ့်ရဲ့ အခြေအနေပဲ။

"ကိုယ်ဟာ မရှိဆင်းရဲသား တယောက်ပေမယ့် အဲဒီအချိန်တုန်းက ကံအားလျော်စွာ ကိုယ့်အိတ်ထဲမှာ ငွေသုံးထောင် ရှိနေတယ်၊ ကိုယ်ဟာ ဂရုရှင်ကာကို ခေါ်ပြီး ဒီကနေ မိုင်နှစ်ဆယ်လောက်ဝေးတဲ့ မိုကရိုယီ ဆိုတဲ့ အရပ်ကို သွားတယ်၊ အဲဒီမှာ ကိုယ်ဟာ ဂျစ်ပဆီ ကချေသည်တွေကို ခေါ်တယ်၊ ရှန်ပိန်အရက်တွေ ဝယ်တယ်၊ တရွာလုံးကို မူးအောင် တိုက်တယ်၊ ငွေတွေကို ရေလို သုံးပစ်လိုက်တယ်၊ သုံးရက်လောက် ကြာတော့ ကိုယ့်မှာ တပြားမှ မရှိတော့ဘူး၊ ဒါပေမဲ့ ကိုယ်ဟာ သူရဲကောင်း တယောက်ပဲ။

"သူရဲကောင်းကြီးဟာ သူလိုချင်တာကို ရတယ်လို့ ညီလေး ထင်သလား၊ ဝေးသေးတယ်၊ ညီလေးကို ကိုယ် ပြောမယ်၊ အဲဒီ ဂရုရှင်ကာဆိုတဲ့မိန်းမဟာ သူ့တကိုယ်လုံးမှာ တပ်မက်စရာတွေ ပြည့်နေတယ်၊ သူ့ရဲ့ခြေချောင်းကလေးမှာတောင် ရှိတယ်၊ အဲဒီကို ကိုယ်တွေ့ပြီး ကိုယ် နမ်းခဲ့တယ်၊ ဒါပေမဲ့ ဒါအကုန်ပဲ၊ ကိုယ် ကျိန်ပြောပါတယ်။

"ရှင် လက်ထပ်စေချင်ရင် ကျွန်မ လက်ထပ်ပါ့မယ်၊ ရှင့်မှာ ပိုက်ဆံ တပြားမှ မရှိဘူး ဆိုတာကို ကျွန်မ သိပါတယ်၊ ကျွန်မကိုသာ ရှင် မရိုက်ဘူးလို့ ပြောပါ၊ ကျွန်မ လုပ်ချင်တာကို လုပ်ခွင့်ပေးမယ်လို့သာ ပြောပါ၊ ကျွန်မ ရှင့်ကို လက်ထပ်ကောင်း လက်ထပ်ပါလိမ့်မယ်" တဲ့။ အဲဒီလိုပြောပြီး သူ ရယ်နေတယ်၊ အခုလည်း သူ ရယ်နေတုန်းပဲ"

ဒီမီထရီ ဒေါသဖြစ်ဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ ရုတ်ခြည်းဆိုသလို သူသည် အရက်မူးသွားသည် ဟု ထင်ရသည်။ သူ့မျက်လုံးများ ရုတ်ခြည်း နီရဲလာသည်။

"အစ်ကို သူ့ကို တကယ် လက်ထပ်မှာလား"

"သူက လက်ထပ်စေချင်တယ်ဆိုရင် ကိုယ် သူ့ကို အခုချက်ချင်းပဲ လက်ထပ်မယ်၊ သူက လက်မထပ်ချင်ဘူးဆိုရင် ကိုယ် သူနဲ့အတူ အခုအတိုင်းပဲ နေသွားမယ်၊ ကိုယ် သူ့အိမ်မှာ ခြံစောင့် တယောက်အဖြစ်နဲ့ နေသွားမယ်၊ ဒီမယ် ... ဒီမယ် ... အလျှိုရှာ"

ရုတ်ခြည်းဆိုသလို သူသည် ညီဖြစ်သူ၏ရှေ့တွင် ညီဖြစ်သူ၏လက်မောင်းများကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းကာ ပြောနေသည်။

"ညီလေး နားလည်လား၊ ညီလေးဟာ ဘာမှ မသိဘူး၊ ကိုယ် အခုပြောနေတာတွေ အရူးအိပ်မက်ပဲ၊ မဖြစ်နိုင်တဲ့ အိပ်မက်တခုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အလွမ်းဇာတ်လမ်းတခု ရှိနေလို့ပဲ၊ ညီလေးကို ကိုယ်ပြောမယ်၊ ကိုယ်ဟာ အင်မတန် နိမ့်ကျတဲ့ လူတယောက် ဖြစ်ချင်ဖြစ်မယ်၊ ကိုယ်ဟာ ပျက်စီးခြင်း ငါးပါး ဆိုက်ရောက်မယ့် တဏှာအိုးတယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ဒီမီထရီ ကာရာမာဇော့ ဆိုတဲ့လူဟာ ဘယ်တော့မှ သူခိုးတယောက်၊ ခါးပိုက်နှိုက်တယောက်၊ အလစ်သမား တယောက်တော့ မဖြစ်စေရဘူး။

"ဒါပေမဲ့ ညီလေး သိအောင် ပြောရမယ်ဆိုရင် ကိုယ် အခု သူခိုးတယောက် ခါးပိုက်နှိုက် တယောက် ဖြစ်နေပြီ၊ ဂရုရှင်ကာကို ကိုယ် ရိုက်ရအောင် သွားတဲ့နေ့ မနက်ပိုင်းမှာပဲ ကက်ထရီးနားက ကိုယ့်ကို ခေါ်ပြီး အကူအညီတခု တိုးတိုးတိတ်တိတ် တောင်းတယ်၊ အဲဒါကတော့ ပြည်နယ်မြို့တော်ကို ကိုယ်သွားပြီး အဲဒီကနေ မော်စကိုမှာရှိတဲ့ အဂါဖယာဆီကို ရူဗယ်ငွေ သုံးထောင် ပို့ပေးဖို့ပဲ၊ ဒီကိစ္စကို ဘာဖြစ်လို့ လူတွေ မသိစေချင်သလဲဆိုတာတော့ ကိုယ် မသိဘူး၊ သူ့မှာတော့ ခိုင်လုံတဲ့ အကြောင်းတခု ရှိမှာပေါ့။

"ကိုယ်ဟာ အဲဒီ ငွေသုံးထောင်ကို အိတ်ထဲမှာထည့်ပြီး ဂရုရှင်ကာကို သွားတွေ့တာပဲ၊ မိုကရိုယီကို ကိုယ်ယူသွားတဲ့ ပိုက်ဆံတွေဟာလည်း အဲဒီပိုက်ဆံတွေပဲ၊ နောက်ပိုင်းမှာ ကိုယ်ဟာ ပြည်နယ် မြို့တော်ကို သွားဟန်ဆောင်ခဲ့တယ်၊ ဒါပေမဲ့ ကက်ထရီးနားကို စာပို့တိုက်ဖြတ်ပိုင်း မပေးခဲ့ဘူး၊ ကိုယ်က သူ့ကို ပိုက်ဆံတွေကို ပို့လိုက်ပြီး ဖြတ်ပိုင်းပေးမယ်လို့ ပြောထားတယ်၊ ဒါပေမဲ့ ကိုယ်ဟာ အခုထက်ထိ ငွေမပို့ရသေးဘူး၊ ဖြတ်ပိုင်း မပေးရသေးဘူး၊ အဲဒီကိစ္စတွေကို ကိုယ် လုံးလုံးကြီး မေ့နေခဲ့တယ်၊ အဲဒီတော့ ပြောစမ်းပါဦး ညီလေး၊ ကိုယ် ဘာလုပ်ရမလဲ။

"ညီလေး သူ့ဆီကို ကနေ့ သွားပြီး 'မစ်တယာက နှုတ်ဆက်ပါတယ်လို့ ကျွန်တော့်ကို မှာလိုက်တယ်" လို့ ပြောမယ်၊ ဒီတော့ သူက ပိုက်ဆံတွေရောလို့ မေးမယ်၊ ညီလေးက တခါ ပြန်ပြောမယ်၊ "သူက တဏှာရူးပဲ။ အင်မတန် အောက်တန်းကျတဲ့ လူတယောက်ပဲ၊ တဏှာပေမနဲ့ ပတ်သက်လာရင် သူ့ကိုယ်သူ ဘယ်လိုမှ မထိန်းသိမ်းနိုင်တဲ့ လူတယောက်ပဲ၊ အစ်မ ပိုက်ဆံတွေကို သူ မပို့ဘူး၊ သူ သုံးပစ်လိုက်တယ်၊ အင်မတန် အသုံးမကျတဲ့ သတ္တဝါပဲ၊ သူ့ကိုယ်သူ ထိန်းနိုင်တဲ့ လူတယောက် မဟုတ်ဘူး" လို့။

"နောက်ပြီးတော့ ညီလေးက အခုလို ထပ်ပြောချင် ပြောလိမ့်မယ်၊ "ဒါပေမဲ့ သူဟာ သူခိုးတယောက် မဟုတ်ဘူး၊ ဟောဒီမှာ အစ်မပိုက်ဆံ သုံးထောင်၊ အစ်မပိုက်ဆံကို ပြန်ပေးလိုက်တယ်၊ အဂါဖယာ ဆီကို အစ်မဘာသာ ပို့ပါ၊ သူ ကျွန်တော့်ကို မှာလိုက်တာကတော့ အစ်မကို သူ နှုတ်ဆက်လိုက်တယ် ဆိုတာပဲ"၊ အဲဒီအခါကျရင် သူက တခုပဲ ပြန်မေးလိမ့်မယ် "ဘယ်မှာလဲ ပိုက်ဆံတွေ" လို့"

"မစ်တယာ၊ အစ်ကို့မှာ ဒုက္ခတွေ ရှိနေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဒီဒုက္ခတွေဟာ အစ်ကို ထင်သလောက် မဆိုးသေးပါဘူး၊ စိတ်မပျက်ပါနဲ့၊ စိတ်မလျှော့ပါနဲ့"

"ညီလေး ဘာဖြစ်လို့ အခုလို ပြောတာလဲ၊ ဒီ ငွေသုံးထောင်ကို မရှာနိုင်လို့ရှိရင် အစ်ကိုဟာ ကိုယ့်ကိုယ်ကိုယ် သေနတ်နဲ့ ပစ်သတ်လိမ့်မယ်လို့ ညီလေး ထင်နေလို့လား၊ ပြဿနာက အဲဒါပဲပေါ့၊ ကိုယ်ဟာ ကိုယ့်ကိုယ်ကိုယ် သတ်မသေပါဘူး၊ သတ်သေရဲတဲ့သတ္တိ ကိုယ့်မှာ အခုအထိတော့ မရှိသေးဘူး၊ နောက်ဆိုရင်တော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ကိုယ်ဟာ ဂရုရှင်ကာဆီကို သွားမှာတော့ အမှန်ပဲ၊ ဘာကြီးပဲဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး"

"သူ့ဆီကိုသွားပြီး အစ်ကို ဘာလုပ်မလဲ"

"သူ သဘောတူလို့ရှိရင် ကိုယ်ဟာ သူ့ယောက်ျားပဲပေါ့၊ သူ့ဆီကို သူ့အဆက် သူ့ဧည့်သည်တွေ လာကြတဲ့အခါမှာ ကိုယ်ဟာ တခြားအခန်းတခုမှာ သွားနေမယ်၊ သူ့အဆက်တွေရဲ့ ဖိနပ်တွေကို ကိုယ် တိုက်ပေးမယ်၊ သူ့အတွက် ကိုယ် ထမင်းချက်ပေးမယ်၊ သူခိုင်းတဲ့အလုပ်တွေ အားလုံးကို ကိုယ် လုပ်ပေးမယ်..."

"ပြဿနာတွေ အားလုံးကို ကက်ထရီးနား နားလည်ပါလိမ့်မယ်" အလျိုရှာ ရုတ်တရက် ပြောလိုက်သည်။ "အစ်ကို ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်နေတယ်ဆိုတာကို သူ နားလည်ပါ လိမ့်မယ်၊ အစ်ကို့ကို သူ ခွင့်လွှတ်ပါလိမ့်မယ်၊ သူဟာ စိတ်သဘောထား မြင့်မြတ်တဲ့ အမျိုးသမီး တယောက်ပဲ၊ အစ်ကို့လောက် စိတ်ဆင်းရဲဒုက္ခ ရောက်နေတဲ့လူ ဘယ်သူမှ မရှိဘူးဆိုတာ သူ သိပါလိမ့်မယ်"

“ပြဿနာအားလုံးကို သူ ခွင့်မလွှတ်နိုင်ဘူး၊ အခုကိစ္စက မိန်းမတွေ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စမျိုးပဲ၊ အဲဒီတော့ ဘာလုပ်ရရင် အကောင်းဆုံးဖြစ်မလဲ ညီလေး”

“ဘာလုပ်ရမလဲ၊ ဟုတ်လား”

“ငွေသုံးထောင် ပြန်ပေးရမလား”

“အဲဒီပိုက်ဆံ ကျွန်တော်တို့ ဘယ်ကရမလဲ၊ တခုတော့ရှိတယ်၊ ကျွန်တော့်မှာ နှစ်ထောင် ရှိတယ်၊ အိုက်ဗင်က တထောင် ပေးလိမ့်မယ်၊ ဒါဆိုရင် သုံးထောင်ပဲ၊ အဲဒီ သုံးထောင်ကိုယူပြီး သူ့ကို ပြန်ပေးလိုက်”

“ညီလေးရဲ့ ပိုက်ဆံ သုံးထောင်ကို ညီလေး ဘယ်တော့ ပြန်ရမလဲ၊ နောက်ပြီးတော့ ညီလေးက ကလေးပဲ ရှိသေးတယ်၊ အဲဒီတော့ ညီလေး မလွှဲမသွေ လုပ်ရမယ့် အလုပ်က သူ့ဆီကို ညီလေး သွားပါ၊ ကနေ့ သွားပါ၊ ပိုက်ဆံ ပါပါ မပါပါပေါ့၊ ကိုယ်က နှုတ်ဆက်လိုက်တဲ့အကြောင်း ပြောပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စကို ကိုယ် အချိန်ဆွဲ မနေနိုင်တော့ဘူး၊ ဒါဟာ ဖြစ်ရပ်အမှန်ပဲ၊ မနက်ဖြန် ဆိုရင် နောက်ကျသွားပြီ၊ အများကြီး နောက်ကျသွားပြီ၊ နောက်ပြီးတော့... အဖေ့ဆီကို ညီလေး သွားပါ”

“အဖေ့ဆီကို ဟုတ်လား....”

“ဟုတ်တယ်၊ အဖေ့ဆီကို အရင်သွားပါ၊ သူ့ဆီမှာ ငွေသုံးထောင် တောင်းပါ”

“မဟုတ်တာပဲ မစ်တယာ၊ သူ ပေးမှာမဟုတ်ဘူး”

“အမှန်ပဲပေါ့၊ သူပေးမှာ မဟုတ်ဘူး ဆိုတာကို ကိုယ် သိပါတယ်၊ မျှော်လင့်ဖွယ် မရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ကို ညီလေး နားလည်သလား အလက်ဇီ”

“ဟုတ်ကဲ့၊ နားလည်ပါတယ်”

“ဒီမယ် နားထောင်၊ တရားဥပဒေအရ ကိုယ့်ကို သူ ဘာမှ ပေးစရာ မရှိဘူး၊ သူ့ဆီက ရစရာရှိတာတွေ အကုန်လုံး ကိုယ် ရပြီးပြီ၊ ဒါပေမဲ့ လောကနီတိတရားအရ ဆိုရင်တော့ ကိုယ့်ကို သူပေးစရာရှိတာပဲ၊ မဟုတ်ဘူးလား၊ ညီလေးလည်း သိသားပဲ၊ သူဟာ ကိုယ့်အမေရဲ့ ငွေ နှစ်သောင်းရှစ်ထောင်နဲ့ လုပ်ငန်းစခဲ့တာ ငွေတသိန်းအထိ ဖြစ်သွားတာပဲ၊ အဲဒီတော့ ငွေ နှစ်သောင်းရှစ်ထောင်ထဲကနေ ကိုယ့်ကို သုံးထောင် ပြန်ပေးပါစေ၊ သုံးထောင်တည်းပါ။ အဲဒါဆိုရင် သူ ကိုယ့်ကို ငရဲကနေ ဆွဲတင်လိုက်တာပဲ၊ အဲဒီလို လုပ်တဲ့အတွက် သူ့ရဲ့မကောင်းမှုဒုစရိုက်တွေလည်း အများကြီး ပပျောက်သွားပါလိမ့်မယ်၊ အဲဒီငွေ သုံးထောင်ရရင် ကိုယ် အားလုံးကို

နိဂုံးချုပ်ခဲ့ပါ့မယ်၊ ကိုယ် ကတိပေးတယ်၊ ကိုယ့်အကြောင်းကို သူ နောက်တခါ မကြားစေရတော့ဘူး၊ ဒါဟာ သူ့ကို အဖေ တယောက်အဖြစ် ကိုယ် နောက်ဆုံးအခွင့်အရေး ပေးတာပဲ၊ သူ့ကို ပြောပြပါ၊ ဒီအခွင့်အရေးဟာ သူ့ကို ဘုရားသခင်က ပေးသနားလိုက်တာပဲ”

“မစ်တယာ၊ အဲဒီပိုက်ဆံကို သူ ဘယ်နည်းနဲ့မှ ပေးမှာမဟုတ်ဘူး”

“သူမပေးဘူးဆိုတာ ကိုယ် သိပါတယ်၊ ကိုယ် ကောင်းကောင်း သိပါတယ်၊ အခုဆိုရင် ပိုပြီးမှတောင် သိသေးတယ်၊ ဒါတင် ဘယ်ကဦးမလဲ၊ ဒီထက်မက ကိုယ် သိသေးတယ်၊ လွန်ခဲ့တဲ့ တရက် နှစ်ရက်ကပဲ၊ ဒါမှမဟုတ် တနေ့ကပဲ သူ သေသေချာချာ သိသွားတယ် (သေသေချာချာ ဆိုတဲ့ စကားလုံးကို ဂရုစိုက်ထားပါ)၊ ဂရုရှင်ကာက နောက်ပြီးတော့ ပြောနေတာ မဟုတ်ဘူး၊ ကိုယ့်ကို တကယ် လက်ထပ်မယ် ဆိုတာကို သူ သေသေချာချာကြီး သိသွားတယ်၊ ဂရုရှင်ကာ အကြောင်းကို သူသိတယ်၊ ဒီမိန်းမအကြောင်း သူ သိတယ်၊ အဲဒီတော့ သူ အရူးအမူး ချစ်နေတဲ့ မိန်းမနဲ့ ကိုယ် ရသွားဖို့အတွက် ပိုက်ဆံကို သူ ဘယ်လိုလုပ်ပြီး ပေးပါ့မလဲ၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ ကိုယ့်မှာ နောက်ထပ် ပြောစရာရှိသေးတယ်၊ လွန်ခဲ့တဲ့ ငါးရက်လောက်က ဘဏ်ကနေပြီး သူ ငွေသုံးထောင် ထုတ်သွားတယ်၊ အဲဒီ ငွေသုံးထောင်ကို တရာတန် ငွေစက္ကူတွေနဲ့ လဲတယ်၊ အဲဒီ ပိုက်ဆံတွေကို စာအိတ်ကြီး တအိတ်ထဲမှာ ထည့်ပြီး ချိပ်နဲ့ ငါးချက် ပိတ်ထားတယ်၊ ပြီးတော့လည်း ကြိုးနီနဲ့ စည်းထားတယ်၊ ကိုယ် အားလုံး အသေးစိတ် သိထားတယ်၊ စာအိတ်ပေါ်မှာ သူ ရေးထားတာက ‘ကျွန်ုပ်၏ အချစ်တော်ကလေး ဂရုရှင်ကာသို့၊ အကယ်၍ ကျွန်ုပ်ထံသို့ သူ လာခဲ့လျှင် ပေးရန်’ အဲဒီစာကို သူကိုယ်တိုင်ရေးတယ်၊ သူ့အိမ်မှာ အဲဒီပိုက်ဆံ ရှိတယ်ဆိုတာကို သူ့ရဲ့လက်ပါးစေ ဆမာယာကော့က လွဲလို့ ဘယ်သူမှ မသိဘူး၊ ဆမာယာကော့ကိုတော့ သူ ကောင်းကောင်းယုံတယ်၊ သူ့ကိုယ်သူ ယုံသလောက် ယုံတယ်၊ အဲဒီတော့ သူဟာ ဂရုရှင်ကာကို စောင့်နေတာ သုံးလေးရက် ရှိသွားပြီ၊ ဂရုရှင်ကာဆီကို သူ အကြောင်း ကြားထားတယ်၊ အမျိုးသမီးကလည်း လာမယ်လို့ အကြောင်းပြန်ထားတယ်၊ အဲဒီတော့ အဘိုးကြီးဆီကို သူ သွားတယ်ဆိုရင်တော့ သူ့ကို ကိုယ် လက်ထပ်လို့ မဖြစ်တော့ဘူး၊ အဲဒီလို ဖြစ်ပြီးမှတော့ လက်ထပ်လို့ ဖြစ်ပါဦးမလား၊ အဲဒီတော့ ကိုယ် ဘာဖြစ်လို့ ဒီမှာ ပုန်းနေတယ်ဆိုတာကို ညီလေး သဘောပေါက်ပြီလား၊ ကိုယ် ဘာကို စောင့်ကြည့်နေတယ် ဆိုတာ ညီလေး သိပြီလား”

“သူ့ကို စောင့်ကြည့်နေတာလား ...”

“ဟုတ်တယ်၊ သူ့ကို စောင့်ကြည့်နေတာပဲ၊ ဒီခြံထဲမှာ ဖိုမာဆိုတဲ့ လူတယောက် ရှိတယ်၊ သူ့ကို ကိုယ်သိတယ်၊ သူက အရင်တုန်းက ကိုယ်တို့တပ်ရင်းမှာ ရဲဘော်တယောက်ပဲ၊ သူက အိမ်ရှင် မိန်းမတွေကို

တောက်တိုမည်ရတွေ လုပ်ပေးတယ်၊ ညဘက်မှာ ကင်းစောင့်ပေးတယ်၊ နေ့ဘက်မှာတော့ သူ တောပစ်သွားတယ်၊ ခါ သွားပစ်တယ်၊ သူ့ဝမ်းစာ ရှာတဲ့အလုပ်ပဲ၊ အဲဒီတော့ နေ့ခင်းဘက်မှာ သူ့အခန်းမှာ ကိုယ် နေရတယ်၊ ကိုယ် ဒီမှာ ဘာလုပ်နေတယ် ဆိုတာကို သူလည်း မသိဘူး၊ သူ့သခင်မတွေလည်း မသိဘူး"

"ဆမာယာကော့ တယောက်ပဲ သိတာပေါ့၊ ဟုတ်လား...."

"ဟုတ်တယ်၊ ဆမာယာကော့ တယောက်ပဲ သိတယ်၊ အဘိုးကြီးဆီကို အမျိုးသမီး လာလို့ရှိရင် သူ ကိုယ့်ကို လာပြောလိမ့်မယ်"

"ငွေစက္ကူအိတ်အကြောင်း ပြောတာလည်း သူပဲပေါ့"

"ဟုတ်တယ်၊ ဒီဥစ္စာက ထိပ်တန်းလျှို့ဝှက်ပဲ၊ ဒီငွေတွေအကြောင်းကို အိုက်ဗင်တောင် မသိဘူး၊ အဘိုးကြီးက အိုက်ဗင်ကို 'ချာမာရှာညာ' ကို နှစ်ရက် သုံးရက်လောက် သွားဖို့ လွှတ်နေတယ်၊ အဲဒီမှာ လူတယောက်က အဲဒီက သစ်တောအတွက် ငွေရှစ်ထောင် ပေးနေတယ်၊ အဲဒါကြောင့် အဘိုးကြီးက အိုက်ဗင်ကို သွားခိုင်းနေတယ်၊ သွားလို့ရှိရင် နှစ်ရက် သုံးရက် ကြာမယ်၊ အဲဒါကို အဘိုးကြီး လိုချင်တယ်၊ အဲဒါမှ အိုက်ဗင် မရှိတဲ့အချိန် မှာ ဂရုရှင်ကာ လာနိုင်မှာကိုး"

"ဒါဖြင့်ရင် ဂရုရှင်ကာ လာမှာကို ကနေ့ သူ စောင့်နေတာပေါ့"

"ဟင့်အင်း၊ ဂရုရှင်ကာ ကနေ့ မလာဘူး၊ ကိုယ်တို့မှာ အမှတ်အသားတွေ ရှိတယ်၊ သူ မလာဘူးဆိုတာ သေချာပါတယ်၊ ဆမာယာကော့ကလည်း ဒီအတိုင်းပဲ တွက်ထားတယ်၊ အဖေ အခု အိုက်ဗင်နဲ့အတူ အရက်သောက်နေတယ်၊ သွား အလက်ဇီ၊ အဖေ့ဆီကို သွားပြီး ငွေသုံးထောင် တောင်းပါ"

"မစ်တယာ၊ အစ်ကို ဘယ်လို ဖြစ်နေတာလဲ..."

အလျှိုရှာ ထိုင်ရာမှ ခုန်ထလိုက်ပြီး ဒီမီထရီ၏ မျက်နှာကို ငေးစိုက်ကြည့်ရင်း မေးလိုက်သည်။ ဒီမီထရီ ရူးသွားပြီလားဟု သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။

"ညီလေး ဘာပြောတာလဲ၊ ကိုယ် မရူးပါဘူး၊ မကြောက်ပါနဲ့၊ ညီလေးကို သွားခိုင်းနေတာပဲ။ ကိုယ် ဘာပြောတယ် ဆိုတာကို ကိုယ်သိပါတယ်၊ အံ့သြဖွယ်တွေကို ကိုယ် ယုံတယ်"

"အံ့သြဖွယ် ဟုတ်လား..."

"ဟုတ်တယ်၊ ဘုရားသခင်ရဲ့အံ့သြဖွယ်ပဲ၊ ကိုယ့်ရင်ထဲမှာ ဘယ်လို ခံစားနေရတယ် ဆိုတာကို ဘုရားသခင် သိတယ်၊ ကိုယ် ဒုက္ခရောက်နေတာကို ဘုရားသခင် သိတယ်၊ ဘုရားသခင်က ဖြစ်ပျက်နေတာတွေ အားလုံးကို သိတယ်၊

မဟုတ်မဟုတ်တာ တခုခု ဖြစ်သွားမှာကို သူ ဘယ်နည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူး၊ အံ့ဩဖွယ်ဆိုတာကို ကိုယ် ယုံတယ်၊ အလျှိုရှာ သွားပါ”

“ကျွန်တော် သွားမယ်၊ ကျွန်တော့်ကို အစ်ကို ဒီက စောင့်နေမလား”

“အင်း ... ဟုတ်တယ်၊ ညီလေး သွားတာ ကြာမယ်ဆိုတာ ကိုယ် သိတယ်၊ ညီလေး ဖေဖေ့ဆီ ရောက်ရောက်ချင်း မြုန်းစားကြီး ပြောချလိုက်လို့ မဖြစ်နိုင်ဘူး၊ သူ အခု မူးနေပြီ၊ ကိုယ် စောင့်နေမယ်၊ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီ၊ ခြောက်နာရီ၊ ခုနစ်နာရီ၊ ဒါပေမဲ့ ညီလေး တခုတော့ မှတ်ထားပါ၊ ကက်ထရီးနားဆီကို ကနေ့ သွားပါ၊ ညသန်းခေါင်မှာ သွားပါ၊ ပိုက်ဆံပါပါ မပါပါပေါ့၊ ကိုယ်က သူ့ကို နှုတ်ဆက်ရအောင် ညီလေးကို လွှတ်လိုက်တယ်လို့ ကိုယ်ပြောတဲ့စကားကို ညီလေး တလုံးချင်း အတိအကျ ပြောကြည့်စမ်း”

“အစ်ကိုက မမကို နှုတ်ဆက်တယ်လို့ ပြောလိုက်ပါတဲ့”

“မစ်တယာ ... ဂရုရှင်ကာ ကနေ့လာခဲ့ရင် ဘယ့်နှယ်လုပ်မလဲ၊ ကနေ့မဟုတ်တောင် မနက်ဖြန်ခါ၊ ဒါမှမဟုတ် သန်ဘက်ခါပေါ့'

“ဂရုရှင်ကာ ဟုတ်လား၊ သူလာတာတွေ့ ရင် ကိုယ် အိမ်ထဲကို အတင်းပြေးဝင်ပြီး တားရမယ်”

“တားလို့မရရင် ...”

“တားလို့မရရင် .... လူသတ်မှုပဲ၊ ကိုယ့်အနေနဲ့တော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး”

“ဘယ်သူ့ကို သတ်မှာလဲ”

“အဘိုးကြီးကိုပေါ့၊ သူ့ကိုတော့ ကိုယ် မသတ်နိုင်ဘူး”

“အစ်ကို ဘာတွေပြောနေတာလဲ မစ်တယာ”

“အို ... ကိုယ် မသိဘူး၊ ကိုယ် မသိဘူး ... အဘိုးကြီးကို ကိုယ် သတ်ချင်မှလည်း သတ်လိမ့်မယ်၊ သတ်ချင်လည်း သတ်မိလိမ့်မယ်၊ အဲဒီအချိန်မှာ သူဟာ ကိုယ့်ကို အမုန်းကြီး မုန်းနေလိမ့်မယ်၊ သူ့မျက်နှာမှာ အမုန်းတွေ ဖြစ်နေလိမ့်မယ်၊ သူ့လည်ပင်းက လည်စေ့ကို ကိုယ်မုန်းတယ်၊ သူ့နှာခေါင်း နဲ့ သူ့မျက်လုံးတွေကို ကိုယ် မုန်းတယ်၊ သူလျောင်တာကို ကိုယ် မုန်းတယ်၊ ကိုယ့်မျက်စိထဲမှာ မြင်ရတာကို ကိုယ် မုန်းတယ်၊ အဲဒါကြောင့် ကိုယ့် ကိုယ်ကိုယ် ထိန်းနိုင်မှာ မဟုတ်ဘူး”

"ကျွန်တော် သွားမယ် မစ်တယာ၊ ဒီကိစ္စကို ဘုရားသခင်က အကောင်းဆုံးဖြစ်အောင် ဖန်တီးလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ဒါမှ မဟုတ်မဟုတ်တာတွေ ဘာမှ မဖြစ်မှာ"

"ဟုတ်ပြီ၊ အဲဒီလိုဆိုရင် ကိုယ် ဒီမှာထိုင်ပြီး အံ့ဩဖွယ် ဖြစ်လာမှာကို စောင့်နေတယ်၊ ဒါပေမဲ့ အံ့ဩဖွယ် ဖြစ်မလာဘူး ဆိုရင်တော့..."

အလျှိုရှာ အတွေးနက်ရှိုင်းစွာဖြင့် ဖခင်ထံသို့ သွားရောက်သည်။

၆။ ဆမာယာကော့

အလ္လိုရှာသည် သူ၏ဖခင်ကို အမှန်တကယ်ပင် ထမင်းစားပွဲတွင် တွေ့ရသည်။ သူတို့အိမ်တွင် ထမင်းစားခန်း ရှိသော်လည်း ထမင်းစားပွဲကို ထုံးစံအတိုင်းပင် ဧည့်ခန်း၌ ပြင်ဆင်ထားသည်။ ဧည့်ခန်းသည် သူတို့အိမ်တွင် အကြီးဆုံးသောအခန်း ဖြစ်သည်။ ရေးဆန်စွာ ပြင်ဆင်မွမ်းမံထား သည်။ ပရိဘောဂများသည် အဖြူရောင် ဖြစ်ပြီး အလွန်တရာ ဟောင်းမြင်းနေကြလေပြီ။ အရောင် ပျက်လွင့်နေပြီဖြစ်သော ပိုးသားအနီတို့ဖြင့် ဖုံးအုပ်ထားသည့် ပြတင်းပေါက်များ အကြားရှိ နံရံများပေါ်တွင်ကား ရေးခေတ် ပန်းပေါင်များဖြင့် တပ်ဆင်ထားသော ကြည့်မှန်များ ရှိသည်။ အဖြူရောင်နှင့် ရွှေရောင် ဖြစ်သည်။ နံရံများကို စက္ကူဖြူများ ကပ်ထားပြီး နေရာများစွာတွင် အက်ရာများ ထင်နေကြသည်။ နံရံပေါ်တွင် ဓာတ်ပုံကြီး နှစ်ပုံလည်း ချိတ်ဆွဲထားသည်။ တပုံမှာ လွန်ခဲ့သော အနှစ် သုံးဆယ်လောက်က ဤပြည်နယ်တွင် ဘုရင်ခံ လုပ်သွားသော မင်းသားတပါး၏ ပုံဖြစ်သည်။ နောက်တပုံမှာ ဂိုဏ်းချုပ် ဘုန်းကြီးတပါး၏ ပုံဖြစ်သည်။ ထိုဂိုဏ်းချုပ်ဘုန်းကြီး ကွယ်လွန်သည်မှာလည်း နှစ်ပေါင်းများစွာ ကြာလေပြီ။ တံခါးပေါက်နှင့် မျက်နှာချင်းဆိုင်ရှိ အခန်းထောင့် တထောင့်တွင်ကား ပုံတော်ကားများ ရှိသည်။ ပုံတော်များရှေ့တွင် ညအခါဆိုလျှင် မီးအိမ်တခု ထွန်းညှိထားသည်။ ပုံတော်များကို ပူဇော်ခြင်းထက် အခန်းကို အလင်းရောင်ရအောင် ထွန်းညှိထားခြင်း ဖြစ်သည်။

ကာရာမာဇော့သည် အင်မတန် ညဥ့်နက်မှ အိပ်ရာဝင်လေ့ရှိသည်။ နံနက် သုံးနာရီ လေးနာရီ လောက်တွင်မှ ဖြစ်သည်။ သူသည် ထိုအချိန်အထိ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေတတ်သည်။ လက်တင်ကုလားထိုင်တလုံးပေါ်တွင် ထိုင်ပြီး စဉ်းစားနေတတ်သည်။ သူ့မှာ ထိုအကျင့် စွဲကပ်နေပြီ ဖြစ်သည်။ အိမ်ကြီးထဲတွင် သူ တယောက်တည်း အိပ်လေ့ရှိသည်။ အစေခံများအားလုံး အစေခံတန်းလျားတွင် နေစေသည်။ သို့ရာတွင် ဆမာယာကော့သည် များသောအားဖြင့် သူနှင့်အတူ နေရသည်။ အိမ်ရှေ့ခန်းက ခုံတန်းတခုပေါ်မှာ အိပ်ရသည်။

အလ္လိုရှာ ရောက်ရှိသွားချိန်တွင် ညစာစား၍ ပြီးသွားကြပြီ ဖြစ်သည်။ သို့သော် ကော်ဖီနှင့် ယိုတို့ စားသောက်နေကြဆဲ ဖြစ်သည်။ ကာရာမာဇော့သည် ညစာစားပြီးလျှင် အချိုကလေး မြည်းရင်း ကော့ညက်ကို သောက်တတ်သည်။ အိုက်ဗင်လည်း စားပွဲတွင် ရှိနေသည်။ ကော်ဖီသောက်နေသည်။ အစေခံများ ဖြစ်ကြသော ဂရီဂိုရီနှင့် ဆမာယာကော့တို့သည် စားပွဲအနီးတွင် မတ်တတ်ရပ်လျက် ရှိကြသည်။ သခင်များရော အစေခံများပါ စိတ်လက်ကြည်သာ ရှိနေကြသည်။

ကာရာမာဇော့ အားရပါးရ ရယ်မောလျက်ရှိသည်။ အလျှိုရှာသည် အခန်းအပြင်ဘက်ကတည်းကပင် သူ့ဖခင်၏ ရယ်မောသံကို ကြားရသည်။ ထိုရယ်သံကို ထောက်ချင့်ရခြင်းဖြင့် သူ့ဖခင်သည် အနေတော်သာ ရှိသေးပြီး သိပ်မမူးသေး ကြောင့် သိရှိရသည်။

“သူလာပြီ ... သူလာပြီ”

အလျှိုရှာကို မြင်တွေ့ သွားသော ကာရာမာဇော့က ဝမ်းသာအားရ ဟစ်အော်သည်။

“လာ... လာ... သား၊ လာ၊ ဒီမှာထိုင်၊ ကော်ဖီကလေး သောက်လိုက်ပါဦး၊ ကော်ဖီက ဝါတွင်းစာကလေးပါ၊ ဒါပေမဲ့ ပူပူကလေး၊ ကောင်းပါတယ်၊ သားကို ဖေဖေ ဘရန်ဒီ မတိုက်ပါဘူး၊ သားက ဝါရှောင်ထားတယ် မဟုတ်လား၊ ဒါပေမဲ့ သား သောက်မလား၊ နေဦး၊ သားကို တို့ရဲ့ နာမည်ကျော် ယမကာ တိုက်ရမယ်။ ဆမာယာကော့ အဲဒီပုလင်း ဗီရိုထဲက ယူခဲ့စမ်း၊ ဒုတိယထပ် ညာဘက်မှာ၊ ဒီမှာ သော့၊ မြန်မြန်လုပ်”

အလျှိုရှာက ယမကာသောက်ရန် ငြင်းဆန်သည်။

“ဘာပဲဖြစ်ဖြစ် ယူခဲ့ဟေ့၊ သား မသောက်လည်း တို့ သောက်မယ်၊ ဒါနဲ့ နေဦး.. သား ထမင်းစားပြီးပြီလား”

“ဟုတ်ကဲ့”

အလျှိုရှာ ပြောလိုက်သည်။ သို့သော် အမှန်တကယ်တွင်မူ သူသည် ဆရာတော်ကြီး၏ မီးဖိုဆောင် တွင် ပေါင်မုန့်တချပ်နှင့် ကဗားတခွက်သာ သောက်ခဲ့ရသေးသည်။

“ဒါပေမဲ့ ရမယ်ဆိုရင် ကော်ဖီပူပူတခွက်တော့ သောက်မယ်”

“ကောင်းပါပေ့၊ ကောင်းပါပေ့။ သူ့ကို ကော်ဖီတခွက် ပေးပါ၊ ကော်ဖီက နွေးရဦးမလားဟေ့၊ ကြည့်စမ်း၊ အား .. နွေးစရာ မလိုဘူး၊ ပွက်ပွက်ဆူနေတုန်းပဲ၊ ကော်ဖီ ကောင်းတယ် ဆမာယာကော့၊ စပယ်ရှယ်ပဲ၊ ဆမာယာကော့က ကော်ဖီဖျော်တဲ့နေရာနဲ့ ငါးအသားသွတ်မုန့် လုပ်တဲ့နေရာမှာတော့ ပါရဂူပဲ၊ ငါးစွပ်ပြုတ်လည်း ကောင်းတယ်၊ တကယ် ကောင်းတယ်၊ တနေ့ကျရင် သူလုပ်တဲ့ ငါးစွပ်ပြုတ်ကို သား လာသောက်ကြည့်စမ်း၊ လာမယ်ဆိုရင်တော့ ကြိုပြောထား... ဒါပေမဲ့ နေဦး နေဦး၊ မနက်က သားကို ဖေဖေ ပြောခဲ့တယ် မဟုတ်လား၊ ခေါင်းအုံးတွေ စောင်တွေ ယူပြီး အိမ်ကို တခါတည်း ပြန်လာခဲ့တော့လို့၊ ဘယ်မလဲ ခေါင်းအုံးတွေ စောင်တွေ ပါလာသလား၊ ဟီ ဟီ ဟီ”

"ဟင့်အင်း၊ မပါလာဘူး" အလျှိုရှာ ရယ်ကျဲကျဲနှင့် ပြန်ပြောသည်။

"အိုး ... နေပါဦး၊ မနက်က သား ကြောက်နေတယ် မဟုတ်လား၊ သားကို ဖေဖေ ဘာမှ မလုပ်ပါဘူး၊ ဒီမယ်ဟော့ အိုက်ဗင်၊ သူ အခုလို ငါ့ကိုကြည့်ပြီး ပြုံးနေတာကို ငါ မခံနိုင်ဘူး၊ တင်းမထားနိုင်ဘူး၊ ငါ သိပ်ပြီးမှ ရယ်ချင်တာပဲ၊ သူ့ကို ငါသိပ်ချစ်တယ်၊ အလျှိုရှာ... သားကို ဖေဖေ ဖခင်တယောက်ရဲ့ ကောင်းချီးပေးမယ်"

အလျှိုရှာ မတ်တတ်ရပ်လိုက်သည်။ သို့သော် ကာရာမာဇော့သည် သားအဖ ဖက်ယမ်း နမ်းရှုပ်ရန် ဆန္ဒရှိပြီးမှ စိတ်ပြောင်းသွားပြီး...

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သားကို ဖေဖေ ဒီကနေပဲ ကောင်းချီးလက္ခဏာပေးမယ်။ သား ထိုင်နေ၊ အဲ ... ဟုတ်ပြီ၊ အခုအချိန်ကစပြီး သားကို တစုံတခုနဲ့ ဧည့်ခံရမယ်၊ သားအကြိုက်ပဲ၊ သား အများကြီး သဘောကျရမယ့် ဗာလန်ကလေးက အမှာစကား ပြောကြားပါလိမ့်မယ်၊ သူ ဘာတွေများ ပြောမလဲ ခင်ဗျာ၊ သူ ဘာတွေများ ပြောမလဲ"

ဗာလန်ကလေး ဆိုသည်မှာ အခြားမဟုတ်ပါ။ အစေခံ ဆမာယာကော့ကို ပြောခြင်းဖြစ်သည်။ သူသည် အသက် နှစ်ဆယ့်လေးနှစ်အရွယ် လူငယ်တဦးဖြစ်ပြီး အများနှင့် ရောနှောခြင်းမရှိသော တုဏှိဘောတဦး ဖြစ်သည်။ သို့သော် သူသည် ရှက်တတ် ကြောက်တတ်သဖြင့် အများနှင့် ရှောင်ကွင်းခြင်းမျိုး မဟုတ်ပါ။ သူ့ကိုယ်သူ အထင်ကြီးပြီး လူအများကို ရွံရှာမုန်းတီးတတ်သဖြင့် လူတွေနှင့် ကင်းကွာနေသူ ဖြစ်ပါသည်။

ဤနေရာတွင် သူ့အကြောင်း အနည်းငယ် ကြားဖြတ်ပြီး ပြောရပေမည်။ သူ့ကို ဂရီဂိုရီနှင့် မာဖာတို့က လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူသည် ဂရီဂိုရီ၏ စကားအရ ပြောရလျှင် ကျေးဇူးတရား သိတတ်သူတဦး မဟုတ်ချေ။ သူသည် ပေါင်း၍ သင်း၍ ရသူတဦး မဟုတ်။ လူ့လောကကြီးကို မယုံမကြည် ဖြစ်နေသူတဦးသာ ဖြစ်သည်။

သူသည် ကလေးဘဝအရွယ်က ကြောင်ကလေးတွေကို ကြိုးဆွဲချပြီး သတ်ရသည်ကို အင်မတန် ပျော်ပိုက်သည်။ ထို့နောက် ကြောင်သေကို အခမ်းအနားဖြင့် သင်္ဂြိုဟ်လေ့ရှိသည်။ ကြောင် အသေကောင်ကို အဝတ်ဖြူဖြင့် လွှမ်းခြုံသည်။ ထို့နောက် ဈာပနတေးကို သီကြွေးသည်။ ထို့နောက် ပန်းပေါင်းနံ့သာဖြင့် ပူဇော်သည့်အလား တစုံတခုဖြင့် လွှဲယပ်သည်။ သူသည် ဤဈာပန အခမ်းအနားကို လူမသိအောင် တယောက်တည်း ပုန်းအောင်းကာ လုပ်လေ့ရှိသည်။ သို့သော် တနေ့တွင် ကြောင်မသာ ချနေသည်ကို ဂရီဂိုရီ တွေ့ရှိသွားပြီး သူ့ကို ခပ်နာနာကလေး ရိုက်နှက် ဆုံးမသည်။

ထိုအခါ သူသည် တပတ်ခန့်ကြာအောင် ချောင်တချောင်တွင် သွားပြီး ထိုင်နေသည်။

"ဒီအကောင်ဟာ မင်းကိုရော ငါ့ကိုရော နည်းနည်းကလေးမှ ဂရုစိုက်ဖော်မရဘူး၊ တိရစ္ဆာန်ကောင်"

ဂရီဂိုရီက မာဖာကို ယင်းသို့ပြောလေ့ရှိသည်။

"ဒီအကောင်ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ ဘယ်လိုဖြစ်လို့လဲ" ထို့နောက် ဂရီဂိုရီသည် ဆမာယာကော့ကို ကြည့်လျက်

"ဟော့ကောင်၊ မင်းဟာ လူမှ ဟုတ်ရဲ့လား၊ မဟုတ်ဘူး၊ မင်းဟာ လူ မဟုတ်ဘူး၊ မင်းဟာ မစင်ထဲက လာတဲ့ လောက်ပဲ၊ မင်းဟာ လောက်ကောင်ပဲ ..."

ဆမာယာကော့သည် သည်စကားလုံးများကို တသက်လုံး မမေ့ဘဲ ရှိတော့သည်။ သည်အတွက် အဘိုးကြီးကို တသက်လုံး စိတ်နာလျက် ရှိတော့သည်။ ဂရီဂိုရီက သူ့ကို စာရေး စာဖတ် သင်ပေးသည်။ သူ့အသက် ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်သောအခါ ခရစ်ယာန် ကျမ်းစာများကို စတင် သင်ကြားပေးသည်။ သို့သော် ဤသင်ကြားမှုသည် မည်သို့မျှ အကျိုးမသက်ရောက်ပါ။ ဒုတိယ သင်ခန်းစာ သို့မဟုတ် တတိယ သင်ခန်းစာသို့ အရောက်တွင် ဆမာယာကော့ ကောက်ကာငင်ကာ ပြုံးသည်။

"ဘာပြုံးတာလဲ..."

ဂရီဂိုရီက ခပ်တင်းတင်းကြည့်ရင်း မေးလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး၊ ဘုရားသခင်က ပထမနေ့မှာ ကမ္ဘာကြီးကို ဖန်ဆင်းတယ်၊ ပြီးတော့ နေမင်းကြီးကို ဖန်ဆင်းတယ်၊ လမင်းကြီးကို ဖန်ဆင်းတယ်၊ စတုတ္ထနေ့မှာ ကြယ်တာရာတွေကို ဖန်ဆင်းတယ်၊ အဲဒီတော့ ... ပထမနေ့မှာ အလင်းရောင်ကို ဘယ်ကရသလဲ"

ဂရီဂိုရီ ကြောင်သွားသည်။ ချာတိတ်ကလေးက သူ့ဆရာကို လှောင်ပြောင်သရော်သည့်အနေဖြင့် ကြည့်နေသည်။ သူ့အကြည့်တွင် မထီလေးစားအသွင် ဝင်ရောက်နေသည်။ ထိုအခါ ဂရီဂိုရီသည် သူ့စိတ်ကို သူ မထိန်းနိုင်တော့ဘဲ...

"အေး... အလင်းရောင် ဘယ်ကရတယ်ဆိုတာ ငါပြမယ်" ဆိုပြီး ဆမာယာကော့၏ ပါးပြင်ကို လက်ဝါးဖြင့် တအားရိုက်ချလိုက်သည်။ ကောင်ကလေးသည် ဂရီဂိုရီ ရိုက်သည်ကို တချက်ကလေး မညည်းဘဲ ခံနေသည်။

သို့သော် ထုံးစံအတိုင်းပင် ချောင်ထဲတွင် တပတ်ခန့်သွားပြီး ကုပ်နေသည်။

တပတ်ခန့် ကြာသောအခါ ကောင်ကလေးတွင် ဝက်ရူးပြန်ရောဂါ ပထမဆုံးအကြိမ် စွဲကပ်သည်။ ထိုရောဂါသည် သူ့ကို တသက်လုံး စွဲကပ်ချေတော့သည်။

ထိုအကြောင်းကို ကာရာမာဇော့ ကြားသိသောအခါ ကောင်ကလေးအပေါ် ထားရှိသော သူ့သဘောထား ချက်ချင်း ပြောင်းလဲသွားသည်။ သည့်အရင်တုန်းက သူသည် သည်ကောင်လေးကို သိပ်ပြီး ဂရုမထားလှ။ သူသည် ကလေးငယ်ကို ရိုက်နှက်ခြင်း မရှိသော်လည်း၊ ကလေးငယ်နှင့် တွေ့တိုင်း မုန့်ဖိုးကို ပစ်ပေးလေ့ ရှိသော်လည်း၊ စိတ်ကောင်းဝင်သည့်အခါများတွင် သူသည် ကလေးငယ်ကို စားစရာ မုန့်ပဲသရေစာများပင် ပေးလေ့ရှိသော်လည်း အမှန်တကယ်တွင်မူ ခပ်တန်းတန်း ခပ်မှန်မှန် ဆက်ဆံလေသည်။

သို့သော် ကလေးငယ်၏ ကျန်းမာရေးကို ကြားသိသောအခါ သူသည် ကောင်ကလေးကို အထူးပင် စိတ်ဝင်စားသွားသည်။ ဆရာဝန်ခေါ်ပြီး ကောင်ကလေး၏ရောဂါကို ကုခိုင်းသည်။ သို့သော် သူ့ရောဂါမှာ ဆေးကု၍ မရနိုင်ပါ။ ပျမ်းမျှခြင်းအားဖြင့် ကောင်ကလေးသည် တလ တကြိမ် ရောဂါ ထသည်။ သို့သော် နေ့တနေ့တည်း မှန်မှန် ဖြစ်ပွားသည်တော့ မဟုတ်။ တလမှာ တနေ့ပြောင်းပြီး ဖြစ်သည်။ ထိုအပြင် ရောဂါ၏ အခြေအနေမှာလည်း တလနှင့် တလ မတူပါ။ တချို့ လများတွင် ရောဂါပျော့ပြီး၊ တချို့ လများတွင် ပြင်းထန်တတ်သည်။

ကာရာမာဇော့သည် ကလေးကို မရိုက်နှက်ရန် ဂရီဂိုရီကို ပြင်းထန်စွာ တားမြစ်သည်။ ထို့နောက် ကလေးငယ်ကို အိမ်မကြီးသို့ လာရောက်ပြီး သူနှင့် တွေ့ဆုံခွင့်ပြုသည်။ ထို့အပြင် သူသည် ကလေးငယ်ကို စာမသင်ရန်လည်း တားမြစ်သည်။ သို့သော် တနေ့တွင်မူ ကောင်ကလေးသည် သူ၏ စာအုပ်ဗီရိုအတွင်းမှ စာအုပ်အမည်များကို မှန်အပြင်ဘက်မှနေ၍ ဖတ်နေသည်ကို ကာရာမာဇော့ သတိပြုမိသည်။ သည်တုန်းက ကောင်ကလေးမှာ အသက် တဆယ့်ငါးနှစ် ရှိပြီဖြစ်သည်။

ကာရာမာဇော့မှာ စာအုပ်တွေ အများကြီးရှိသည်။ အုပ်တွဲပေါင်း တရာကျော် ရှိသည်။ သို့သော် သူ စာဖတ်သည်ကို မည်သူတစုံတယောက်မျှ မတွေ့ ဖူးပါ ။ စာအုပ် ဗီရိုကို ငေးနေသော ကလေးငယ်ကို တွေ့မြင်သောအခါ ကာရာမာဇော့သည် ချက်ချင်းပင် ဗီရိုသော့ကို ကောင်လေးအား ပေးသည်။

"မင်း ဖတ်ချင်တာ ယူဖတ်၊ မင်းဟာ ငါ့ပိဋကတ်တိုက်မှူးပဲ၊ ခြံထဲမှာ အလကား လျှောက်သွားနေမယ့် အစား ဒီမှာထိုင်ပြီး စာဖတ်နေတာက ကောင်းတယ်၊ ဟောဒီစာအုပ်ကို ဖတ်ကြည့်စမ်း..."

ကာရာမာဇော့ ပေးသော စာအုပ်မှာ 'ယာတောတခု၏ ညနေ'ဖြစ်သည်။ ထိုစာအုပ်ကို ကောင်လေး ဖတ်သည်။ မကြိုက်ပါ။ သူ တချက်ကလေး မပြုံးပါ။ စာအုပ် ဆုံးသွားသောအခါ မျက်မှောင်ကြီးပင် ကုတ်ထားလိုက်သေးသည်။

"ဘယ့်နှယ့်လဲ ... ရယ်စရာ မကောင်းဘူးလား"

ကာရာမာဇော့ မေးသည်။ ဆမာယာကော့ ဘာမျှ ပြန်မပြောပါ။

"မေးနေတာ ဖြေလေ၊ လူမိုက်ကလေး"

"စာထဲမှာ ရေးထားတာ တခုမှ မမှန်ဘူး"

ကောင်ကလေး ပြုံးဖြဲဖြဲ ဖြေသည်။

"မင်းဟာ အလကားကောင် တကောင်ပဲ၊ ဒါဆိုရင် ရော့ ... ဆမာရာဒေါ့ရဲ့ ကမ္ဘာ့သမိုင်းကို ဖတ်ကြည့်၊ အားလုံး အမှန်တွေချည်းပဲ၊ ဖတ်ကြည့်စမ်း..."

သို့သော် ဆမာယာကော့သည် ထိုစာအုပ်ကို ဆယ်မျက်နှာ ပြည့်အောင်ပင် မဖတ်ချေ။ ထိုစာအုပ်ကို ပျင်းစရာကောင်းသည်ဟု သူ ယူဆထားသည်။ ယင်းသို့ဖြင့် စာအုပ်ဗီရိုသည် တကြိမ် ပိတ်သွားပြန်တော့သည်။

ထို့နောက် မျှားမကြာမီမှာပင် ဆမာယာကော့သည် ထူးထူးခြားခြားပင် ဇီဇာကြောင်လာသည်။ ထိုအကြောင်းကို ကာရာမာဇော့အား ဂရီဂိုရီနှင့် မာဖာတို့က တိုင်ကြားကြလေသည်။ သူသည် စွပ်ပြုတ်ကို သောက်တော့မည်ဆိုလျှင် တော်တော်နှင့် မသောက်သေးဘဲ စွပ်ပြုတ်ကို ဇွန်းနှင့်မွှေပြီး တစုံတခုကို ရှာဖွေနေတတ်သည်။ စွပ်ပြုတ်ပန်းကန်ကို ငုံ့ပြီး ကြည့်သည်။ သေသေချာချာ ကြည့်သည်။ စွပ်ပြုတ်တဇွန်း ခပ်ယူပြီး အလင်းရောင်တွင် ကြည့်သည်။

"ဘာလဲ ... ပိုးဟပ်လား.." ဂရီဂိုရီက မေးသည်။

"ယင်ကောင်နဲ့တူတယ်" မာဖာက ထင်မြင်ချက်ပေးသည်။

ဇီဇာကြောင်သော ကောင်ကလေးက ဘာမျှ ပြန်မပြောပါ။ သို့ရာတွင် သူသည် သူစားသည့် အစားသောက်တိုင်းကိုပင် ဤကဲ့သို့ စစ်ဆေးသည်။ သူသည် အစားအစာတခုကို ခက်ရင်းနှင့်ထိုးပြီး အလင်းရောင်တွင် ကြည့်သည်။ အနုကြည့်မှန်ဘီလူးတွင် စစ်ဆေးကြည့်ရှုသည့်အလား ဖြစ်သည်။ ယင်းကဲ့သို့ အတော်ကလေးကြာအောင် စစ်ဆေး ကြည့်ရှုပြီးသောအခါတွင်မှ ထိုအရာကို ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

"အား ... တကယ့် လူကြီးလူကောင်းကလေးပဲ"

ဂရိဂိုရီ သူ့ကိုကြည့်ပြီး ရေရွတ်သည်။

ကာရာမာဇော့သည် ကောင်ကလေး၏ အလေ့အထကို ကြားသိရသောအခါ ကောင်ကလေးကို စားဖိုမှူးလုပ်ခိုင်းရန် ဆုံးဖြတ်ပြီး မော်စကိုသို့ သင်တန်းတက်ရန် ပို့လိုက်သည်။ ဆမာယာကော့သည် မော်စကိုတွင် နှစ်အတန်ကြာ သင်တန်းတက်ပြီးနောက် ပုံပန်းသဏ္ဍာန် အပြောင်းလဲကြီး ပြောင်းလဲကာ ပြန်လည်ရောက်ရှိလာသည်။ နေ့ချင်းညချင်းပင် အိုမင်း ရင့်ရော်သွားဟန်ရှိသည်။ အရွယ်မတိုင်ဘဲနှင့် ပါးရေများ တွန့်ကုန်သည်။ မျက်နှာ ဝါဖန့်ဖန့်နှင့် သင်းကွပ်ခံထားရသည့်ပမာ ဖြစ်သည်။

သို့သော် သူ၏ စိတ်နေသဘောထားမှာမူ မော်စကိုသို့ မသွားခင်တုန်းကအတိုင်းပင် ဖြစ်သည်။ သူသည် တသီးတခြား နေထိုင်ပြီး မည်သူနှင့်မျှ အပေါင်းအသင်း မလုပ်ပါ။ နောက်ပိုင်းတွင် ကျွန်ုပ်တို့ သိရှိရသည်မှာ သူသည် မော်စကိုမှာလည်း တေမိမင်းသား ဖြစ်သည်။ ထို့အပြင် မော်စကိုမြို့ကြီး ကိုလည်း အနည်းငယ်မျှပင် စိတ်ဝင်စားဟန် မရှိပါ။ မော်စကိုနှင့် ပတ်သက်၍ သူ ဘာမျှ မသိရှိခဲ့ပါ။ ဇာတ်ပွဲ တခါ သွားကြည့်သည်။ မကျေမနပ်ဖြစ်ပြီး ပြန်လာသည်။

သို့သော် သူသည် ကျွန်ုပ်တို့မြို့ကလေးသို့ ဝတ်ကောင်းစားလှဖြင့် ပြန်ရောက်ရှိလာသည်။ အင်္ကျီ ဘောင်းဘီ သန့်သန့်ပြန့်ပြန့်၊ ကုတ်အင်္ကျီ သန့်သန့်ပြန့်ပြန့်။ သူ၏ အဝတ်အစားများကို တနေ့လျှင် နှစ်ကြိမ် ဝက်မှင်ဘီးဖြင့် စနစ်တကျ ဖြီးသည်။ သူ၏ဖိနပ်ကိုလည်း အင်္ဂလိပ် ဖိနပ်တိုက်ဆေးဖြင့် ကြေးမုံပြင်လို ပြောင်လက်နေအောင် တိုက်ထားသည်။

သူသည် စားဖိုမှူးကောင်းတဦး ဖြစ်လာသည်။ ကာရာမာဇော့က သူ့ကို လခ မှန်မှန်ပေးသည်။ သူသည် ရသမျှ လခကို အဝတ်အစား၊ ပေါင်ဒါ၊ ရေမွှေး စသည်တို့အတွက် သုံးသည်။

သို့သော် သူသည် မိန်းမများကို အထူးပင် စက်ဆုပ်မုန်းတီးသည်။ ယောကျ်ားတွေကို မုန်းသလိုပင် မုန်းသည်။ မိန်းမများနှင့် လုံးဝ အပေါင်းအသင်း မလုပ်ပါ။

သူ့အပေါ်တွင် ထားရှိသော ကာရာမာဇော့၏ သဘောထားလည်း တမျိုးတဖုံ ပြောင်းလာသည်။ သူ၏ ဝက်ရူးပြန် ရောဂါမှာလည်း မကြာမကြာ ဆိုသလို ဖြစ်လာသည်။ ထိုအခါများတွင် ကာရာမာဇော့ အတွက် စားဖွယ် သောက်ဖွယ်များကို မာဖာက ချက်ပြုတ်ပေးရသည်။ မာဖာ၏ လက်ရာကို ကာရာမာဇော့ ခံတွင်းမတွေ့ပါ။

“မင်းရောဂါ ဘာဖြစ်လို့ ဆိုးလာရသလဲ။ မင်း မိန်းမလိုချင်လို့လား၊ မင်းကို ငါ

မိန်းမ ပေးစားရမလား”

ကာရာမာဇော့က သူ၏ ထမင်းချက်ကို စွေစောင်းစောင်းကြည့်ရင်း ပြောသည်။ ဆမာယာကော့သည် ထိုစကားများကို ကြားရသောအခါ ကသိကအောက်ဖြစ်ပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သို့သော် ဘာတခွန်းမျှ ပြန်မပြောပါ။ ကာရာမာဇော့ စိတ်မရှည်ဟန်ဖြင့် ထွက်သွားသည်။ သို့သော် အရေးကြီးသည့် အချက်တခုမှာ ကာရာမာဇော့သည် ဆမာယာကော့၏ ရိုးသားမှုနှင့် ပတ်သက်ပြီး တစုံတရာ သံသယမရှိခြင်းပင် ဖြစ်သည်။ ဆမာယာကော့ မခိုးတတ် မဝှက်တတ်ကြောင်း သူ ကောင်းကောင်းသိသည်။

တခါတုန်းက ကာရာမာဇော့ အရက်မူးမူးနှင့် ခြံဝင်းထဲတွင် လမ်းလျှောက်ရင်း မကြာခင်ကမှ ရရှိခဲ့သော ရာတန် သုံးရွက် ကျကျန်ရစ်ခဲ့သည်။ နောက်တနေ့တွင် ထိုပိုက်ဆံများကို သူ ပြန်လည် တွေ့ရှိရသည်။ သူက အင်္ကျီအိတ်များထဲတွင် ထိုပိုက်ဆံကို လိုက်လံရှာဖွေနေစဉ် ရာတန် သုံးရွက်ကို စားပွဲပေါ်တွင် မြင်ရသည်။ သည်ပိုက်ဆံတွေ စားပွဲပေါ်သို့ ဘယ်လိုလုပ်ပြီး ရောက်ရှိလာသနည်း။ ဆမာယာကော့ ကောက်ရပြီး ယမန်နေ့ ညနေကတည်းကပင် တင်ထားခဲ့ခြင်း ဖြစ်သည်။

“အင်း … ပြောရရင်တော့ မင်းလိုလူစားမျိုး ငါ တခါမှ မတွေ့ဖူးဘူး”

ကာရာမာဇော့ ယင်းသို့ပြောပြီး ဆမာယာကော့ကို ဆယ်ရူဗယ် ပေးလိုက်သည်။ ထပ်ဖြည့်ပြီး ပြောရမည်ဆိုလျှင် ကာရာမာဇော့သည် ဆမာယာကော့၏ ရိုးသားမှုကိုသာ ယုံကြည်စိတ်ချသည် မဟုတ်၊ အကြောင်းတခုခုကြောင့် သူ့ကို ချစ်ခင်နှစ်သက်ခြင်းလည်း ရှိသည်။ သို့သော် ဆမာယာကော့ကမူ ကာရာမာဇော့ကိုလည်း အခြားလူများကဲ့သို့ပင် သဘောထားသည်။ မျက်လုံးကြီးဖြင့် စွေကြည့်ပြီး တုဏှိဘော နေတတ်သည်။ စကားပြောခဲသည်။

ဆမာယာကော့ကိုကြည့်ပြီး သူ့ခေါင်းထဲမှာ ဘာတွေ စဉ်းစားနေသည်ကို ပြောနိုင်ဖို့ အင်မတန် ခဲယဉ်းသည်။ သူသည် ရံဖန်ရံခါ ဆိုသလိုပင် အိမ်ထဲမှာ၊ ခြံဝင်းထဲမှာ၊ လမ်းပေါ်မှာ ရပ်ပြီး စဉ်းစားနေတတ်သည်။ ဆယ်မိနစ်ခန့် ကြာသည်အထိ ထိုကဲ့သို့ ငြိမ်သက်စွာ ရပ်နေတတ်သည်။ အကဲခတ်တတ်သူတဦးက သူ့ကိုကြည့်ပြီး သူသည် တစုံတရာ လေးလေးနက်နက် စဉ်းစားနေခြင်း မျိုး မဟုတ်ဘဲ တွေးမိတွေးရာ တွေးနေခြင်းသာ ဖြစ်သည်ဟု ဆိုပါသည်။

ပန်းချီဆရာကြီး ကရမ်မာစကွိုင်၏ ‘အတွေးသမား’ ဟူသော နာမည်ကျော် ပန်းချီကားတခု ရှိသည်။ ဆောင်းရာသီ သစ်တောတခုကို ရေးဆွဲထားသည်။ သစ်တောထဲက လမ်းပေါ်တွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့်

တောသားကလေး ရပ်ပြီး စဉ်းစားနေသည်။ သို့သော် တကယ်တော့ သူသည် စဉ်းစားနေခြင်း မဟုတ်ဘဲ တွေးမိတွေးရာ တွေးနေခြင်းသာ ဖြစ်သည်။ အကယ်၍ သင်သည် သူ့ကို သွားပြီး လက်တို့လိုက်လျှင် သူသည် အိပ်ရာမှ နိုးလာသည့်အလား ထိတ်လန့်တကြား သင့်ကို ကြည့်ပေလိမ့်မည်။ မည်သို့မျှ အဓိပ္ပာယ် နားမလည်သည့်အနေဖြင့် ကြည့်ပေလိမ့်မည်။ သူသည် ပတ်ဝန်းကျင် လောကကြီးကို ချက်ချင်းပင် အမှတ်ရလာလိမ့်မည်။ သူရပ်ပြီး ဘာတွေ စဉ်းစားနေ သနည်းဟု မေးလျှင်ကား သူ ဘာမျှမှတ်မိလိမ့်မည် မဟုတ်ချေ။ သို့သော် သူ တွေးမိတွေးရာ တွေးခဲ့သည်များသည် သူ့ကိုယ်ထဲမှာ ရှိနေပေလိမ့်မည်။ ယင်းတို့ကို သူဘာသာ မသိဘဲနှင့် သူ့ခန္ဓာကိုယ်ထဲမှာ သိမ်းဆည်းထားပေလိမ့်မည်။ သို့သော် ဘာကြောင့် ယင်းသို့ဖြစ်ရသည်ကို သူ မသိပါ။ သူသည် နှစ်ပေါင်းများစွာ ဤသို့ရှိလာသောအခါ သူ့ပစ္စည်းများကို ရုတ်တရက် စွန့်လွှတ်ပြီး ဂျေရုဆလင်သို့ ဘုရားဖူး သွားချင် သွားပေလိမ့်မည်။ သို့မဟုတ် သူနေထိုင်သော ရွာကို မီးတင်ရှို့ချင် ရှို့လိမ့်မည်။ သည်နှစ်ခုစလုံးကိုပင် သူ လုပ်နိုင်သည်။ ကျွန်ုပ်တို့၏ တောနယ်များတွင် ဤသို့ တွေးမိတွေးရာ တွေးသူများ မြောက်မြားစွာ ရှိပါသည်။ ဆမာယာကော့သည်လည်း ထိုလူစုထဲက တယောက်အပါအဝင် ဖြစ်တော့သည်။ သူသည် သူ့ဘာသာ ဘာကြောင့်မှန်း မသိဘဲနှင့် သူ၏ အတွေးများကို သိုလှောင် သိမ်းဆည်းနေတော့သည်။

၇။ အငြင်းအခုံ

သို့သော်လည်း ယခုတကြိမ်တွင်မူ ဗာလနံကလေးသည် ကောက်ကာငင်ကာ ဆိုသလို စကားပြောဆိုသည်။ ပြောဆိုသည့် အကြောင်းအရာက ထူးဆန်းသည်။ ဂရီဂိုရီသည် ယနေ့ နံနက်ပိုင်းက ကုန်သည်ကြီး လူကြာနော့ဆိုင်သို့ ဈေးသွားဝယ်သည်။ သည်တွင် ဆိုင်ရှင်က ပြောသော ဇာတ်လမ်းတပုဒ်ကို ကြားခဲ့ရသည်။ ဝေးလံသော နယ်ခြားဒေသရှိ ရုရှား စစ်သားကလေး တယောက်သည် ရန်သူများ၏ ဖမ်းဆီးခြင်းကို ခံရသည်။ ရန်သူများက သူ့ကို ခရစ်ယာန် အယူဝါဒ စွန့်လွှတ်ပြီး သူတို့ဝါဒသို့ ကူးပြောင်းရန် ခြိမ်းခြောက်သည်။ ယင်းသို့ ကူးပြောင်းခြင်း မပြုလျှင် ချက်ချင်း သတ်ပစ်မည်ဟု ဆိုသည်။ သို့သော် စစ်သားကလေးသည် မိမိဘာသာကို မစွန့်လွှတ်ဘဲ ခရစ်တော်၏ နာမတော်ကို ချီးမွမ်းကာ သူရဲကောင်း ပီသစွာ အရှင်လတ်လတ် အရေခွံ အခွာခံကာ သေပွဲဝင်သွားသည်။ စစ်သားကလေး၏ သူရဲကောင်းပီသသော အပြုအမူကို ထိုနေ့ထုတ် သတင်းစာ များတွင် ရေးသားဖော်ပြထားသည်။ ဂရီဂိုရီက သူ့ကို သည်အကြောင်း ညစာစားပွဲတွင် ပြောပြသည်။

ကာရာမာဇော့သည် ညစာစားအပြီး အချိုပွဲ အချဉ်ပွဲတည်ရင်း ဂရီဂိုရီနှင့် နှစ်ယောက်တည်း ဟိုအကြောင်း သည်အကြောင်း ပြောကာ ရယ်မောနေတတ်သည်။ သည်ကနေ့ညတွင်မူ သူသည် အထူးပင် စိတ်ကြည်လင်ပေါ့ပါးလျက်ရှိသည်။ သူသည် ဘရန်ဒီတခွက်ကို တစိမ့်စိမ့်သောက်ရင်း ဂရီဂိုရီပြောသော ဇာတ်လမ်းကို နားထောင်သည်။ ထို့နောက် ထိုစစ်သားကလေးကို သူတော်စင် အဖြစ် အသိအမှတ်ပြုပြီး သူ၏အရေခွံကို ဘုန်းကြီးကျောင်းတိုက်တတိုက်သို့ ပို့သင့်ကြောင်း မှတ်ချက်ချသည်။

"အဲဒါဆိုရင် အဲဒီမှာ လူတွေအများကြီး လိုမ့်လာပြီး ဘုန်းကြီးကျောင်းအတွက် ပိုက်ဆံတွေ အများကြီး ရမယ်" ဟု နောက်ဆက်တွဲ သူပြောလိုက်သည်။

ဂရီဂိုရီ မျက်မှောင်ကုတ်လိုက်သည်။ သူပြောသည့် ဇာတ်လမ်းကို ကာရာမာဇော့ အလေးမထားသည့် အတွက် မဟုတ်ပါ။ ထုံးစံအတိုင်း ဘာသာတရားကို သရော်မော်ကား ပြောလာသောကြောင့် ဖြစ်သည်။ ထိုအချိန်မှာပင် တံခါးအနီး ရပ်နေသော ဆမာယာကော့ ရုတ်ခြည်း ပြုံးလိုက်သည်။ ဆမာယာကော့ကို အရင်တုန်းက ညစာစားပွဲ ပြီးခါနီးလောက်တွင်မှ စားပွဲအနီးတွင် နေခွင့် ပြုသော်လည်း ကျွန်ုပ်တို့မြို့ကလေးသို့ အိုက်ဗင် ရောက်လာပြီး နောက်ပိုင်းတွင်ကား သူသည် နေ့စဉ်လိုလိုပင် စားပွဲအနီးတွင် ရှိချေတော့သည်။

“မင်း ဘာပြုံးတာလဲ ...”

ဆမာယာကော့ ပြုံးလိုက်သည်ကို မြင်သဖြင့် ကာရာမာဇော့က မေးလိုက်သည်။ ဤအပြုံးသည် ဂရီဂိုရီကို ရည်ရွယ်ကြောင်း သိရှိ၍ဖြစ်သည်။

“ဒီလိုပါခင်ဗျာ” ဆမာယာကော့ မထင်မှတ်ဘဲနှင့် ရုတ်ခြည်းဆိုသလို ကျယ်လောင်စွာ ပြောလိုက်သည်။ “ကျွန်တော့်သဘောကတော့ အဲဒီစစ်သားရဲ့ ချီးကျူးဖွယ်လုပ်ရပ်ဟာ အလွန်မတန် ကြီးမြတ်လှပေမဲ့ တကယ်လို့သာ အဲဒီလို သေရေးရှင်ရေး ဖြစ်နေတဲ့အချိန်မှာ သူ့အသက်ကို သူကယ်တင်တဲ့အနေနဲ့ ဘုရားသခင်နဲ့ သူ့ရဲ့အယူဝါဒကို စွန့်လွှတ်လိုက်တယ် ဆိုရင်လည်း သူဟာ အပြစ်ကျူးလွန်ရာ မရောက်ဘူးလို့ ကျွန်တော် ထင်ပါတယ်”

“သူ့အနေနဲ့ အပြစ်ကျူးလွန်ရာ မရောက်ဘူးဆိုတာ ဘာပြောတာလဲ၊ လူကလေး အဓိပ္ပာယ် မရှိတာတွေ ပြောနေတာပဲ၊ အဲဒီလို ပြောတဲ့အတွက် မင်းဟာ ငရဲကို ဖောက်ထိုးဆင်းပြီး ဆိတ်သား ကင်သလို အကင်ခံရလိမ့်မယ်”

ကာရာမာဇော့က ပြောလိုက်သည်။

ထိုအချိန်တွင် အလျိုရှာ ရောက်လာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ရှိရသည့်အတိုင်းပင် ကာရာမာဇော့သည် သူ၏သားငယ် ရောက်ရှိလာသည့်အတွက် အထူးပင် ပျော်ရွှင်သွားသည်။

“သားနဲ့ဆိုင်တဲ့ အကြောင်းပဲ၊ သားနဲ့ဆိုင်တဲ့အကြောင်းပဲ” ဟု ကာရာမာဇော့ ခပ်မြူးမြူး ပြောဆိုကာ အလျိုရှာကို ထိုင်ပြီး နားထောင်စေသည်။

“ဆိတ်သားကင်အကြောင်း ပြောရရင် အဲဒီလိုမျိုး မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ ဒီကိစ္စအတွက်တော့ ငရဲမှာ ခံရစရာ အကြောင်းလည်း မရှိပါဘူး၊ မခံရစရာ အကြောင်းလည်း မရှိပါဘူး၊ အားလုံးဟာ မျှတမယ် ဆိုရင်ပေါ့ခင်ဗျာ”

ဆမာယာကော့က အလေးအနက် ပြန်ပြောသည်။

“အားလုံးဟာ မျှတမယ်ဆိုရင် ဆိုတာ မင်း ဘာပြောတာလဲ”

ကာရာမာဇော့ ပို၍ အူမြူးလာဟန်ဖြင့် အလျိုရှာကို ဒူးဖြင့်တိုက်ရင်း မေးလိုက်သည်။

“ဒီကောင်ဟာ လူလွန်မသားပဲ”

ဆမာယာကော့၏ မျက်နှာကို ဒေါသတကြီးကြည့်ရင်း ဂရီဂိုရီ လွှတ်ခနဲ ဆိုလိုက်သည်။

"ကျွန်တော့်ကို လူလွန်မသားလို့ ရှေ့လောတကြီး မပြောလိုက်ပါနဲ့ဦး ဂရီဂိုရီ ဗက်ဆီ ယာဗစ် ခင်ဗျား" ဆမာယာကော့က တည်ငြိမ်အေးဆေးစွာနှင့် ပြန်ပြောသည်။ "ဒီကိစ္စကို သေသေချာချာ စဉ်းစားကြည့်ပါ။ ကျွန်တော့်ကို ခရစ်ယာန်တွေရဲ့ ရန်သူတွေက ဖမ်းမိသွားပြီး ဘုရားသခင်နဲ့ ခရစ်ယာန် ဘာသာကို စွန့်လွှတ်ဖို့ ပြောခဲ့လို့ရှိရင် ကျွန်တော့်မှာ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် အဲဒီလိုလုပ်ဖို့ အခွင့်အာဏာ အပြည့်အဝ ရှိပါတယ်။ ဒီအတွက် ဘာအပြစ်မှ မရှိနိုင်ပါဘူး"

"မင်း ဒါကို စောစောက ပြောပြီးပြီ၊ ဒါကို ထပ်ပြောမနေနဲ့တော့၊ သက်သေသာ ပြစမ်းပါ" ကာရာမာဇော့က ပြောလိုက်သည်။

"အချောင်သမား" ဂရီဂိုရီက မနှစ်မြို့စွာ ရွတ်ဆိုသည်။

"ကျွန်တော့်ကို အချောင်သမားလို့ ခေါ်ဖို့ ဒါလောက် ဆန္ဒမစောပါနဲ့ ဂရီဂိုရီ ဗက်ဆီ ယာဗစ် ခင်ဗျား၊ ဖြစ်ရမှာက ကျွန်တော့်ကို မဆဲမဆိုခင် ဒီကိစ္စကို လူကြီးမင်း သေသေချာချာ စဉ်းစားကြည့်စေချင် ပါတယ်။ ကျွန်တော်ဟာ ခရစ်ယာန်တယောက် မဟုတ်ပါဘူး၊ ဘုရားသခင်ကို ကျွန်တော် ပစ်ပယ်ပါတယ်လို့ ကျွန်တော့်ကို နှိပ်စက်ညှဉ်းပန်းတဲ့ လူတွေကို ကျွန်တော် ပြောလိုက်တာနဲ့ တပြိုင်နက်၊ အဲဒီလိုပြောဖို့ စိတ်ကူးလိုက်တာနဲ့ တပြိုင်နက် စက္ကန့်ရဲ့ လေးပုံတပုံ အတွင်းမှာပဲ ဘုရားသခင်ရဲ့စီရင်ချက်အရ ကျွန်တော်ဟာ ခရစ်ယာန် အသင်းတော်နဲ့ အဆက်အသွယ် ပြတ်သွားပြီ၊ ကျွန်တော်ဟာ ခရစ်ယာန်ဘောင်က ထုတ်ပယ်ခံရပြီ၊ ကျိန်ဆဲခံရပြီ၊ ဟုတ်တယ် မဟုတ်လား... ဂရီဂိုရီ ဗက်ဆီယာဗစ်"

သူသည် ကာရာမာဇော့၏ မေးခွန်းများကို ဖြေရှင်းနေခြင်း ဖြစ်သော်လည်း စကား ပြောနေသည့် နေရာတွင် ဂရီဂိုရီကို ဦးတည်ပြီး ပြောနေသည်။ ဤမေးခွန်းများကို ဂရီဂိုရီက မေးသည့်ဟန်ဖြင့် သူ တမင်ဟန်ဆောင်ပြီး ပြောနေခြင်း ဖြစ်သည်။

"အိုက်ဗင်" ကာရာမာဇော့က ရုတ်တရက် ခေါ်လိုက်သည်။ "ခေါင်းငုံ့စမ်း၊ သားကို ဖေဖေ တိုးတိုး ပြောစရာတခုရှိတယ်။ သူဟာ ဒီစကားတွေကို သားအတွက် ပြောနေတာပဲ၊ သူ့ကို သားက ချီးကျူးစေချင်တယ်၊ သူ့ကို ချီးကျူးလိုက်စမ်းပါ"

အိုက်ဗင်သည် သူ့အဖေ ပြောသည်ကို လေးနက်စွာ နားထောင်သည်။

"ဆမာယာကော့ ခဏနေဦး... မပြောနဲ့ဦး" ကာရာမာဇော့ အော်လိုက်ပြန်သည်။ "အိုက်ဗင် ခေါင်းငုံ့ပါဦး"

အိုက်ဗင် အလေးအနက်ပင် ခေါင်းငုံ့ပေးလိုက်သည်။

"အလျှိုရှာကို ချစ်သလိုပဲ သားကို ဖေဖေ ချစ်ပါတယ်၊ သားကို ဖေဖေ မချစ်ဘူးလို့ မထင်ပါနဲ့၊ ဘရန်ဒီ ယူဦးမလား"

"ဟုတ်ကဲ့"

အိုက်ဗင်ဖြေလိုက်သည်။ ထို့နောက် သူ့ဖခင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း 'သူ မူးနေပြီ' ဟု စိတ်ထဲတွင် တွေးလိုက်မိသည်။

"ဘာသာပျက် ... မင်းဟာ အခုကတည်းက ကျိန်ဆဲခံနေရပြီ၊ မင်း ဒီစကားတွေကို ဘယ်လိုလုပ်ပြီး ပြောရဲရတာလဲ၊ လူလွန်မသား၊ မင်းဟာ..."

ဂရီဂိုရီ ပေါက်ကွဲသည်။

"သူ့ကို မဆဲပါနဲ့ ဂရီဂိုရီ၊ သူ့ကို မကျိန်ဆဲပါနဲ့" ကာရာမာဇော့က ကြားဖြတ်ပြီး ပြောသည်။

"ခဏကလေး သည်းခံပြီး စောင့်ပါ ဂရီဂိုရီ ဗက်ဆီယာဗစ်၊ ကျွန်တော်ပြောမယ့် စကားကို နားထောင်ပါဦး၊ ကျွန်တော့်စကား မဆုံးသေးပါဘူး၊ ကျွန်တော့်ကို ဘုရားသခင်က ပစ်ပယ်လိုက်တဲ့ အချိန်မှာ ကျွန်တော်ဟာ အဲဒီအချိန်မှာ ဘာသာပျက်တယောက် ဖြစ်သွားပြီ၊ ကျွန်တော့်ကို ခရစ်ယာန်တဦးအဖြစ်နဲ့ ရေဖျန်းမင်္ဂလာ လုပ်ထားတာ ပျက်ပြယ်သွားပြီ မဟုတ်လား ခင်ဗျာ"

"ဆုံးအောင်ပြောပါ၊ မြန်မြန်ကလေး ဆုံးအောင်ပြောပါ"

ကာရာမာဇော့က ဘရန်ဒီတကျိုက် သောက်လိုက်ပြီး လောဆော်သည်။

"ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော်ဟာ ခရစ်ယာန်တယောက် မဟုတ်တော့တဲ့အချိန်မှာ ကျွန်တော့်ကို ညှဉ်းပန်းနှိပ်စက်တဲ့လူတွေက မင်းဟာ ခရစ်ယာန်တယောက် ဟုတ်သလား မဟုတ်ဘူးလားလို့ မေးလာတဲ့အချိန်မှာ ကျွန်တော်ဟာ ဘာမှ မုသားပြောနေစရာ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ပါးစပ်က ဘာစကားတခွန်းမှ မပြောရခင် အချိန်မှာ ကျွန်တော့်စိတ်ထဲကပြောဖို့ စိတ်ကူးလိုက်ရုံလေးနဲ့ ဘုရားသခင်က ကျွန်တော့်ကို ခရစ်ယာန်တဦးအဖြစ်က ပယ်ဖျက်လိုက်လို့ ပါပဲ။

"အဲဒီတော့ ခင်ဗျာ၊ ကျွန်တော်ဟာ ခရစ်ယာန်တဦး မဟုတ်တော့တဲ့နောက်ပိုင်းမှာ အရှင်ယေရှုခရစ် ကို ငြင်းပယ်မိတဲ့အတွက် ခရစ်ယာန်တဦးအနေနဲ့ နောက်ဘဝမှာ ဘယ်ပုံ ဘယ်နည်း၊ ဘယ်အကြောင်းနဲ့ ပတ်သက်စရာ ရှိပါသေးသလဲ ခင်ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ စိတ်ကူးလိုက်ရုံနဲ့

ကျွန်တော်ဟာ ခရစ်ယာန် မဟုတ်တော့ဘူး၊ ဘုရားသခင်ကို ပါးစပ်က မငြင်းပယ်ရခင်မှာပဲ ကျွန်တော်ဟာ ခရစ်ယာန် မဟုတ်တော့ဘူး၊ အဲဒီတော့ ကျွန်တော်ဟာ ခရစ်ယာန်တဦး မဟုတ်တော့တဲ့အတွက် အရှင်ယေရှုကိုလည်း ဘာမှ ငြင်းပယ်နေစရာ မလိုတော့ဘူး။

"ဂရီဂိုရီ ဗက်ဆီယာဗစ် ခင်ဗျား၊ တာတာလူမျိုးတယောက်ဟာ ခရစ်ယာန်တဦးအဖြစ် မမွေးဖွားခဲ့တဲ့ အတွက် သူ့မှာ ဘာတာဝန် ရှိသလဲ။ သူ့ကို ဘယ်သူက အပြစ်ပေးမလဲ၊ နွားတကောင်ကို အရေခွံ နှစ်ခါခွာလို့ မရနိုင်ပါဘူး ခင်ဗျာ၊ တကယ်လို့ ဘုရားသခင်ဟာ အဲဒီတာတာကို အပြစ်ပေးမယ် ဆိုရင်လည်း မဖြစ်စလောက်တဲ့ အပြစ်ဒဏ်ကိုသာ ပေးနိုင်ပါလိမ့်မယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ သူဟာ လူ့လောကကြီးထဲကို ခရစ်ယာန် မဟုတ်တဲ့ မိဘနှစ်ပါးကတဆင့် ရောက်လာလို့ပဲ၊ ဘုရားသခင်ဟာ သူ့ရှေ့တော်မှောက်ကို ရောက်လာတဲ့ တာတာကို ခရစ်ယာန်တယောက်လို့ မပြောနိုင်ဘူး၊ ပြောခဲ့လို့ရှိရင် မုသားစကားပဲ ဖြစ်လိမ့်မယ်။ ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကို စိုးပိုင်တဲ့ ဘုရားသခင်ဟာ မုသားစကား ပြောလို့ ဖြစ်နိုင်ပါ့မလား ခင်ဗျာ"

ဂရီဂိုရီ ကြောင်နေသည်။ မိန့်ခွန်းရှင်ကို မျက်လုံးများ ကျွတ်ထွက်တော့မည့်ပမာ ကြည့်နေသည်။ ပြောသွားသည့် စကားများကို သူ အကုန်နားမလည်သော်လည်း တစုံတခုကိုတော့ ဆုပ်ကိုင်လိုက်မိ သလို ခံစားရသည်။ သူသည် အုတ်နံရံကြီးကို ခေါင်းနှင့် တိုက်မိသူတဦးလို ရှိနေသည်။ ကာရာမာဇော့သည် သူ့ဖန်ခွက်ကို အပြတ်ရှင်းလိုက်ပြီး နောက် အသံစူးစူးဖြင့် ရယ်မောလိုက်သည်။

"အလျှိုရှာ ... အလျှိုရှာ၊ သား ဘယ်လို သဘောရသလဲ၊ အင်း... မင်းဟာ ဆင်ခြေ ဆင်လက်တွေ များတဲ့လူပဲ၊ အိုက်ဗင်ရေ... ဒီကောင်ဟာ တနေရာရာမှာ ဂျက်ဆူးအစ် ဂိုဏ်းသားတယောက်နဲ့ တွေ့လာပြီထင်တယ်။ အင်း... ဟုတ်တယ်၊ မင်းဟာ ဂျက်ဆူးအစ် တယောက်ပဲ၊ မင်းကို ဘယ်သူက သင်လိုက်သလဲ၊ ဒါပေမဲ့ မင်းဟာ ဘာမှ အဓိပ္ပာယ် မရှိတဲ့ စကားတွေ ပြောနေတာပဲ၊ အဓိပ္ပာယ် မရှိတာပဲ၊ ဆင်ခြေဆင်လက်များတဲ့ အကောင်ပဲ။ မငိုနဲ့ ဂရီဂိုရီ၊ တို့ သူ့ကို မကြာခင်မှာပဲ မှုန့်မှုန့်ညက်ညက် ကြေအောင် ချေပစ်လိုက်ကြမယ်။ ကဲ... လူမိုက်ကလေး ငါ့ကို ပြောပြစမ်းပါ၊ မင်းဟာ မင်းရန်သူတွေရှေ့မှာတော့ မှန်ချင်မှန်မယ်။ ဒါပေမဲ့ မင်းဟာ မင်းစိတ်ထဲမှာ မင်းရဲ့ အယူဝါဒကို စွန့်လွှတ်လိုက်ပြီ၊ မင်းကိုယ်တိုင်လည်း ပြောခဲ့တယ်၊ မင်းဟာ ခရစ်ယာန်တယောက် မဟုတ်တော့ဘူး၊ အဲဒီတော့ မင်းဟာ ခရစ်ယာန်တယောက် မဟုတ်တော့တဲ့အတွက် ငရဲမှာ မင်းမျက်နှာကို ဘယ်သူတွေကမှ တံတွေးမထွေးတော့ဘူးပေါ့၊ အဲဒီကိစ္စကို ပြောစမ်းပါဦး ဂျက်ဆူးအစ်ကြီးရဲ့

"ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ဘာသာကို ပယ်လိုက်တဲ့အတွက် ဘာအပြစ်တခုမှ မရှိပါဘူး၊ တကယ်လို့ အပြစ်ရှိခဲ့တယ် ဆိုရင်လည်း ရိုးရိုး သာမန်အပြစ်လောက်ပါပဲ"

"ရိုးရိုး သာမန်အပြစ်ဆိုတာ ဘာလဲ..."

"အလိမ်အညာကောင်၊ ဘာသာပျက်"

ဂရီဂိုရီက ရွတ်ဆိုလိုက်သည်။

"ဂရီဂိုရီ ဗက်ဆီယာဗစ်... စဉ်းစားပါခင်ဗျား"

ဆမာယာကော့ တည်ငြိမ်လေးနက်စွာ ဆက်ပြောသည်။ သူသည် အောင်ပွဲရနေသူတဦး ဖြစ်သော်လည်း ရှုံးနေသော ရန်သူကို သက်ညှာသော သဘောမျိုးဖြင့် ဖြစ်သည်။

"ဂရီဂိုရီ ဗက်ဆီယာဗစ် စဉ်းစားပါခင်ဗျား၊ သင့်မှာ ယုံကြည်မှု နှမ်းစေ့လောက်ရှိရင် သင် တခွန်းလောက် ပြောလိုက်ရုံနဲ့ တောင်ကြီးတတောင်ဟာ ပင်လယ်ထဲကို ချက်ချင်း ရွေ့သွားတယ်လို့ သမ္မာကျမ်းစာမှာ ဆိုထားပါတယ်၊ အဲဒီတော့ ခင်ဗျာ ကျွန်တော့်မှာ ယုံကြည်မှု တစက်မှမရှိဘဲ လူကြီးမင်းမှာ ယုံကြည်မှုတွေ အများအပြား ရှိနေတဲ့အတွက် ကျွန်တော့်ကို ယုံကြည်မှု မရှိရ ကောင်းလား ဆိုပြီး ထပ်တလဲလဲ ဆဲနေမယ့်အစား အဲဒီတောင်ကြီးကို ပင်လယ်ထဲရောက်အောင် မရွေ့ပါနဲ့၊ ဒီကနေပြီး ပင်လယ်ကို အများကြီး ဝေးပါတယ်၊ ကျွန်တော်တို့ခြံ ခြေရင်းက ချောင်းကလေးထဲ ရောက်အောင်ပဲ အမိန့်ပေးစမ်းပါဦး၊ အဲဒီအခါမှာ အဲဒီတောင်ဟာ တလက်မ ကလေးတောင် မရွေ့တာကို လူကြီးမင်း တွေ့ရပါလိမ့်မယ်၊ လူကြီးမင်း ဘယ်လောက်ပဲအော်အော် အဲဒီတောင်ဟာ နေရာမှာ မရွေ့မလျားဘဲ ရှိနေပါလိမ့်မယ် ခင်ဗျား...။

"အဲဒီတော့ ခင်ဗျား၊ အဲဒီသဘောက ဘာပြောသလဲဆိုတော့ လူကြီးမင်းမှာ မှန်မှန်ကန်ကန် ယုံကြည်မှု မရှိဘူး ဆိုတာပါပဲ၊ လူကြီးမင်းဟာ ကိုယ့်မှာ ယုံကြည်ချက်မရှိဘဲနဲ့ တခြားလူတွေကို လိုက်ပြီး အပြစ်တင်နေတယ် ဆိုတာပါပဲ၊ ဒါပေမဲ့ ခင်ဗျာ၊ သေသေချာချာ စဉ်းစားကြည့်လိုက်ရင် တော့ ကျွန်တော်တို့ခေတ်မှာ လူကြီးမင်း တယောက်သာ မဟုတ်ပါဘူး၊ ဘယ်သူတယောက်မှ တောင်ကြီးကို ပင်လယ်ထဲရောက်အောင် မရွေ့နိုင်ပါဘူး၊ ဟိုထိပ်ဆုံး ပုဂ္ဂိုလ်ကနေ အောက်ဆုံးလူ အထိပေါ့။ အဲ... ခြွင်းချက်ပြောရရင် တယောက် အလွန်ဆုံး နှစ်ယောက်ပေါ့။ အီဂျစ် သဲကန္တာရထဲမှာ တရားရှာနေတဲ့ ပုဂ္ဂိုလ် နှစ်ယောက်လောက်ပဲ ယုံကြည်မှု ရှိပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ် နှစ်ဦးကို လည်း ကျွန်တော် ရှာမတွေ့နိုင်ပါဘူး။

"အဲဒီတော့ ခင်ဗျာ၊ အဲဒီနှစ်ယောက်ကလွဲရင် ကျန်တဲ့လူအားလုံးမှာ ယုံကြည်မှု မရှိကြပါဘူး၊ ဘုရားသခင်က အားလုံးကိုပဲ ဒဏ်ခတ်ပါလိမ့်မယ်၊ ကမ္ဘာကြီးတခုလုံးကိုပဲ ဒဏ်ခတ်ပါလိမ့်မယ်၊ အဲဒီတော့ ခင်ဗျာ၊ သူဟာ သူ့ရဲ့ မဟာကရုဏာ တရားတော်နဲ့ အဲဒီအထဲက လူတယောက်ကို ခွင့်လွှတ်ခြင်း မပြုနိုင်တော့ဘူးလား၊ အဲဒီတော့ ခင်ဗျား၊ ကျွန်တော်ဟာ တကြိမ်လောက် စိတ်ထဲမှာ ယုံမှားမိတဲ့အတွက် နောင်တတရား ရပြီဆိုရင် ခွင့်လွှတ်ခြင်းကို ရရှိလိမ့်မယ်လို့ မျှော်လင့်ထားပါ တယ် ခင်ဗျား..."

"ခဏနေဦး

ကာရာမာဇော့ အပျော်ကြီး ပျော်ဟန်ဖြင့် အော်လိုက်သည်။

"တောင်ကြီးတွေကို ရွှေ့နိုင်တဲ့ လူနှစ်ယောက် ရှိတယ်လို့ မောင်ရင်ပြောတယ် ဟုတ်လား၊ အိုက်ဗင်... အဲဒီအချက်ကို မှတ်ထားစမ်း၊ စာရွက်ပေါ်မှာ ရေးပြီး မှတ်ထားစမ်းပါ၊ အင်မတန် ရုရှားပီသတယ်"

"လူတွေရဲ့ ယုံကြည်မှုနဲ့ ပတ်သက်လို့ မောင်ရင် ပြောတာ မှန်ပါတယ်"

အိုက်ဗင်က အပြုံးဖြင့် သဘောတူလိုက်သည်။

"ဘာ... သဘောတူတယ် ဟုတ်လား၊ သား သဘောတူတယ်ဆိုရင်တော့ ဒီကိစ္စဟာ ဟုတ်မှာပဲ၊ ဘယ့်နှယ့်လဲ အလျှိုရှာ၊ အခုပြောတာတွေ မှန်သလား၊ ရုရှား ယုံကြည်မှုဟာ ဒီအတိုင်းပဲလား..."

"မဟုတ်ပါဘူး၊ ဆမာယာကော့မှာ ရုရှားယုံကြည်မှု မရှိပါဘူး"

အလျှိုရှာက ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ငါက သူ့ယုံကြည်မှုအကြောင်း ပြောနေတာ မဟုတ်ပါဘူး၊ ငါပြောနေတာက သဲကန္တာရထဲက လူနှစ်ယောက် အကြောင်းပဲ၊ အဲဒီ စိတ်ကူးပဲ၊ အဲဒါ ရုရှားစရိုက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒါ ရုရှားစရိုက် အစစ်အမှန်ပါပဲ"

အလျှိုရှာက ပြုံးပြီး ပြောလိုက်သည်။

"မင်းစကားတွေဟာ ရွှေဒင်္ဂါးတပြား တန်တယ် လူမိုက်ကလေး၊ မင်းကို ကနေ့ပဲ ရွှေဒင်္ဂါးတပြား ငါပေးမယ်၊ ဒါပေမဲ့ ကျန်တဲ့စကားတွေကတော့ အလကားဟာတွေပဲ၊ မင်းကို ငါပြောမယ်၊ ငါတို့မှာ ယုံကြည်မှု မရှိဘူးဆိုတာဟာ ငါတို့ရဲ့ပေါ့ဆမှုကြောင့်ပဲ၊ ငါတို့မှာ အချိန်မရှိလို့ပဲ၊ ပထမဆုံး အချက်ကတော့ ငါတို့မှာ

အလုပ်တွေ ဗာဟီရတွေ သိပ်များတယ်၊ ဒုတိယအချက်ကတော့ ဘုရားသခင်က အချိန်နည်းနည်းကလေးပဲ ပေးထားတယ်၊ တနေ့မှာ ၂၄ နာရီပဲ ပေးထားတယ်။ အဲဒါကြောင့် ငါတို့မှာ ကောင်းကောင်း အိပ်ဖို့တောင် အချိန်မရှိဘူး၊ ကိုယ့်အပြစ်တွေအတွက် နောင်တရဖို့ ဆိုတာတော့ အချိန်မရှိသလောက်ပဲ၊ ဒါပေမဲ့ မင်းဟာ တခြား ဘာမှ တွေးတောစရာ မရှိတဲ့အချိန်မှာ၊ ကိုယ့်ရဲ့ ယုံကြည်မှုကို ပြရမယ့်အချိန်မှာ ရန်သူတွေဆီမှာ မင်းရဲ့ယုံကြည်မှုကို စွန့်လွှတ်ခဲ့တယ်၊ အဲဒီအတွက် အဲဒါဟာ အပြစ်ရှိတယ် ကိုယ့်လူ၊ ကျုပ်ပြောတာ မှန်တယ် မဟုတ်လား....”

“အပြစ်ရှိကောင်း ရှိလိမ့်မယ်၊ ဒါပေမဲ့ စဉ်းစားပါ ဂရီဂိုရီ ဗက်ဆီယာဗစ်။ ဒါပေမဲ့ ဒီအပြစ်ဟာ အများကြီး ပေါ့ပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်ဟာ တခြားလူတွေ ယုံကြည်သလို ယုံကြည်ခဲ့ ရင်တော့ ကိုယ့်ယုံကြည်မှုအတွက်၊ ရန်သူတွေရဲ့ အညှဉ်းပန်းကို မခံတဲ့အတွက် အပြစ်ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ယုံကြည်မှုသာ ရှိနေလို့ရှိရင် အညှဉ်းပန်း ခံရတဲ့ကိစ္စ ပေါ်လာတော့မှာ မဟုတ်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ တောင်ကြီးကို ကျွန်တော် အရွှေ့ ခိုင်းလိုက်ရုံပါပဲ။

“တောင်ကြီးရေ ... ရန်သူတွေကို ကြိတ်ခြေလိုက်စမ်း” အဲဒီအချိန်မှာ တောင်ကြီးဟာ ရွေ့သွားပြီး ရန်သူကို ပိုးဟပ်တကောင်လို ကြိတ်ခြေပစ်လိုက်လိမ့်မယ်၊ အဲဒီအခါမှာ ကျွန်တော်ဟာ ဘုရားသခင် ရဲ့ နာမတော်ကို ချီးမွမ်းပြီး ဘာမှမဖြစ်သလို ထွက်သွားဖို့ပဲ၊ ဒါပေမဲ့ အဲဒီအချိန်မှာတုန်းက ကျွန်တော် ကြိုးစားကြည့်တယ်၊ တောင်ကြီးကို အော်ဟစ်ပြီး အမိန့်ပေးတယ်၊ ရန်သူတွေကို ကြိတ်ခြေလိုက် စမ်း၊ ဒါပေမဲ့ တောင်ကြီးက ရန်သူကို ကြိတ်ခြေမပစ်ဘူး၊ အဲဒီတော့ အဲဒီအချိန်မှာ အဲဒီလို သေရေးရှင်ရေးကာလမှာ ကျွန်တော်ဟာ ယုံမှားသံသယ မဖြစ်ရဘူးလား။

“နောက်ပြီးတော့ ကျွန်တော်ဟာ ဘုရားသခင်ရဲ့ ကောင်းကင်ဘုံကိုလည်း ရောက်မယ့်လူ မဟုတ်ဘူး၊ (ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမိန့်အတိုင်း တောင်ကြီးကမှ ရွေ့မသွားဘဲကိုး၊ အဲဒီသဘောက တော့ ကျွန်တော့်ရဲ့ယုံကြည်မှုကို ကောင်းကင်ဘုံက စာရင်းထဲ ထည့်မတွက်လို့ပဲပေါ့၊ အဲဒီတော့ ကျွန်တော်ဟာ နောက်ဘဝမှာ ဘာဆုလာဘ်မှ မရရှိနိုင်ဘူး) အဲဒီတော့ ကျွန်တော်ဟာ ကောင်းကျိုး တခု မရရှိနိုင်ဘဲနဲ့ ဘာဖြစ်လို့ အရေခွံ အခွာခံရမှာလဲ၊ ကျွန်တော့် အရေခွံကို တဝက်လောက် အခွာခံရပြီး သေသည်အထိပဲ တောင်ကြီးဟာ ကျွန်တော့်စကားကြောင့် ရွေ့မှာ မဟုတ်ဘူး၊ ကျွန်တော် ဘယ်လောက်ပဲ အော်အော် ရွေ့မှာမဟုတ်ဘူး။

“အဲဒီတော့ အဲဒီအချိန်မှာ လူတယောက်ဟာ သူ့ရဲ့ယုံကြည်မှုအပေါ်

ယုံမှားသံသယ ဖြစ်ရုံတင် မကဘူး၊ ထိတ်လန့်ကြောက်ရွံ့မှုကြောင့် သူ့ရဲ့ဆင်ခြင်တုံတရားတွေလည်း ပျောက်ကုန်ကြပြီ၊ အဲဒါကြောင့် အဲဒီအချိန်မှာ သူ ဘာမှ မစဉ်းစားနိုင်တော့ဘူး။ အဲဒီတော့ ကျွန်တော်ဟာ ဒီဘဝမှာရော နောက်ဘဝမှာရော ဘာအကျိုးခံစားခွင့်မှ မရနိုင်တော့တဲ့အတွက်၊ ကျွန်တော့်အသက် ချမ်းသာရာကို လုပ်ဆောင်တဲ့အတွက် ကျွန်တော်ဟာ အပြစ်တင်ခံရတော့မှာလား၊ အဲဒီတော့ ကျွန်တော်ဟာ ဘုရားသခင်ရဲ့ကရုဏာတော်ကို ယုံကြည် အားထားဖို့ပဲ ရှိတော့တယ်၊ ကျွန်တော် မျှော်လင့်နိုင်တာ တခုပဲ ရှိတော့တယ်၊ တနေ့မှာ ကျွန်တော်ဟာလည်း ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်းကို ရရှိလိမ့်မယ်လို့ ...”

၈။ ဘရန်ဒီပွဲ

အငြင်းအခုံပွဲ ပြီးဆုံးသွားသည်။ သို့သော် ထူးဆန်းသည့်တခုကတော့ အထူးပင် ပျော်ရွှင်လျက် ရှိသော ကာရာမာဇော့သည် ရုတ်ခြည်းဆိုသလို မျက်မှောင်ကုတ်သွားသည်။ သူ မျက်မှောင်ကြုတ်ပြီး ဘရန်ဒီခွက်ကို တချက်တည်း မော့ချလိုက်သည်။ ဖန်ခွက်ထဲမှာ အရက်တွေ အများကြီး ရှိနေဆဲ ဖြစ်သည်။

"ဂျက်ဇူးအစ်တွေ… ဒီက ထွက်သွားကြစမ်း" အစေခံ နှစ်ယောက်ကို သူ ဟစ်အော်လိုက်သည်။ "ဆမာယာကော့ သွားတော့၊ မင်းကို ငါပြောထားတဲ့ ရွှေဒင်္ဂါး ကနေ့ပေးမယ်၊ ဒါပေမဲ့ အခုသွားတော့၊ ဂရိဂိုရီ ငိုမနေနဲ့၊ မာဖာဆီကို သွား၊ ခင်ဗျားကို သူ ချော့ပြီး သိပ်လိမ့်မယ်၊ အမိုက်သားတွေ … ကျုပ်တို့ ထမင်းစားပြီး အေးအေးဆေးဆေး မနေရဘူး"

သူ့စကားကြောင့် အစေခံနှစ်ယောက် ထွက်သွားသွားချင်း သူ စိတ်ဆိုးမာန်ဆိုး ပြောလိုက်သည်။

"ဆမာယာကော့ဟာ ညနေတိုင်း ဒီမှာ လာလာပြီး ချောင်းနေတတ်တယ်၊ သူ့စိတ်ထဲမှာ သိပ်ပြီး စိတ်ဝင်စားနေတာကတော့ မင်းပဲ၊ မင်းကို ဒါလောက်ချစ်အောင် သူ့ကို မင်း ဘယ်လိုလုပ်ထားသလဲ"

အိုက်ဗင်ကို သူ မေးလိုက်သည်။

"ဘာမှမလုပ်ပါဘူး၊ သူ့စိတ်ထဲမှာ ကျွန်တော့်ကို သိပ်ပြီးကြီးကျယ်တဲ့ လူတယောက်လို့ ထင်နေတယ်၊ သူဟာ အောက်တန်းစား တောသားတယောက် အစေခံတယောက်ပဲ၊ ဒါပေမဲ့ အချိန်အခါ ကျလာတဲ့ အခါမှာ သူတို့ဟာ တော်လှန်ရေးအတွက် ပထမတန်းစား အခြေခံတွေပဲ"

"ပထမတန်းစား ဟုတ်လား"

"တခြားလူတွေ၊ သူတို့ထက် သာတဲ့လူတွေ ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ သူတို့လို လူမျိုးတွေလည်း ရှိပါတယ်၊ သူတို့လို လူမျိုးတွေက ပထမဆုံး ရောက်လာကြမယ်၊ သူတို့ထက် တော်တဲ့လူတွေက နောက်မှ ရောက်လာကြလိမ့်မယ်"

"အချိန်အခါက ဘယ်တော့ ကျရောက်မှာလဲ"

"အချိန်အခါကတော့ ကျရောက်မှာပဲ၊ ဒါပေမဲ့ အဖျားရှူးချင် ရှူးသွားလိမ့်မယ်၊ တောင်သူလယ်သမား တွေဟာ အချောင်သမားတွေရဲ့ စကားကို

သိပ်ပြီး ဘဝင်မကျကြတော့ဘူး”

“အား ... ဒါပေမဲ့ သူ့လို ဗာလနံမျိုးဟာ တွေးပြီးရင်း တွေးနေတာပဲ၊ နောက်ဆုံးမှာ သူ ဘယ်လိုဟာမျိုးကို တွေးမိမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး”

“သူက အတွေးအမျိုးမျိုးကို စုဆောင်းနေတာပဲ” အိုက်ဗင် ရယ်မောပြီး ပြောသည်။

“ဒါပေမဲ့ ငါ ကောင်းကောင်းသိတယ်၊ ဒီကောင်ဟာ တခြားလူတွေနဲ့ ပေါင်းလို့ မရနိုင်သလို ငါနဲ့လည်း ပေါင်းလို့မရနိုင်ဘူး၊ မင်းနဲ့လည်း ပေါင်းလို့ရမှာ မဟုတ်ဘူး၊ သူ့စိတ်ထဲမှာ မင်းဟာ ဧရာမ ပုဂ္ဂိုလ်ကြီး တယောက်လို့ ထင်နေလည်း ပေါင်းလို့ မရနိုင်ဘူး၊ အထူးသဖြင့် အလျှိုရှာနဲ့ ပေါင်းလို့မရနိုင်ဘူး၊ အလျှိုရှာကို သူ မုန်းတယ်၊ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ၊ သူ မခိုးတတ်ဘူး၊ အတင်းအဖျင်း မပြောတတ်ဘူး၊ သူ့နှုတ်ခမ်းကို သူ ထိန်းနိုင်တယ်၊ ငါ့မကောင်းကြောင်းတွေကို ဘယ်တော့မှ လူပုံအလယ်မှာ မပြောဘူး၊ သူဟာ အချက်အပြုတ် ကောင်းတယ်၊ ဒါပေမဲ့ သူ့အကြောင်းကို ဒါလောက် အလေးထားပြီး ပြောသင့်သလား...”

“မပြောသင့်ပါဘူး”

“ရုရှား လယ်သမားတယောက်အနေနဲ့ သူရတဲ့ အတွေးတွေအတွက် ယေဘုယျသဘော ပြောရရင် သူ့ကို ရိုက်ပေးသင့်တယ်၊ ငါ့မှာ အဲဒီသဘောထား အမြဲတမ်းရှိတယ်၊ ငါတို့ရဲ့ တောင်သူလယ်သမား တွေဟာ ရိုင်းတယ်၊ သူတို့ကို နည်းနည်းလေးမှ သနားဖို့ မကောင်းဘူး၊ သူတို့ကို အခုအချိန်အထိ ရိုက်ပေးနေတာဟာ မှန်တယ်၊ ရုရှားနိုင်ငံဟာ ဘတ်(ချ်)ပင်တွေ ပေါများကြွယ်ဝတယ်၊ သစ်တောတွေ ပျက်စီးကုန်ရင် ရုရှားနိုင်ငံဟာလည်း ပျက်စီးမှာပဲ၊ ငါဟာ လူလိမ်တွေဘက်က အမြဲတမ်းရှိတယ်၊ တောင်သူလယ်သမားတွေကို မရိုက်ကြတော့တာဟာ ငါတို့ နည်းနည်း ပိုပြီး လိမ္မာလာကြလို့ပဲ၊ ဒါပေမဲ့ သူတို့ဟာ သူတို့ အချင်းချင်း ဆက်ပြီး ရိုက်နေကြတယ်၊ အဲဒါဟာ ကောင်းတဲ့ အလုပ်တခုပဲ၊ ‘ဘယ် အတိုင်းအတာနဲ့ သင် တိုင်းတာသလဲ၊ သင့်ကိုလည်း သည်အတိုင်းပဲ ပြန်တိုင်းတာရလိမ့်မယ်’ တဲ့။ အခြေအနေတွေ ဘယ်လိုဖြစ်နေသလဲ၊ တိုတိုနဲ့ လိုရင်းကိုပြောရရင် တူသော အကျိုး ပေးကိုပေးမှာပဲ၊ ရုရှားနိုင်ငံကြီးဟာ မကောင်းတော့ဘူး၊ လူကလေးတို့ ရုရှားနိုင်ငံကြီးကို ငါမုန်းတယ်၊ ရုရှားကို ပြောတာ မဟုတ်ဘူး၊ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်တွေကို ပြောတာ၊ ဒါပေမဲ့ ရုရှားပဲ ဆိုပါတော့၊ ငါ ဘာကို သဘောကျတယ် ထင်သလဲ၊ ဇဝနဉာဏ် ကောင်းတာကို သဘောကျတယ်”

“အဖေ တခွက် သောက်လိုက်ပါဦး၊ စကားပြောတာ တော်ပါတော့”

"ငါ့အတွက် ဘာမှ မပူပါနဲ့၊ နောက်တခွက် သောက်မှာပါ၊ နောက်ထပ်လည်း သောက်ဦးမှာပါ၊ အဲဒါပြီးတော့မှ ငါ့စကား ပြီးမယ်၊ နေဦး၊ ဘယ်ရောက်သွားပြီလဲ၊ မိုကရိုယီကို သွားတုန်းက လယ်သမား အဘိုးကြီးတယောက်နဲ့ တွေ့လို့ ငါ မေးကြည့်တယ်၊ သူက ဘာပြောသလဲဆိုတော့ 'ကျုပ်တို့ကတော့ ကောင်မလေးတွေကို ကြိမ်ဒဏ်ပေးတာ သဘောကျတယ်၊ ကောင်လေးတွေကို ရိုက်ခိုင်းရမယ်၊ နောက်ပြီးတော့ ကနေ့ သူရိုက်တဲ့ ကောင်မလေးကို မနက်ဖြန်ကျ သူ လက်ထပ်ရမယ်၊ ဒါမှ ကောင်မလေးတွေနဲ့ ကောင်းကောင်း အံကိုက်မယ်' တဲ့၊ သူပြောတဲ့စကား ဘယ်လို သဘောရသလဲ၊ ဇဝနညာဏ်နဲ့ မပြည့်စုံဘူးလား၊ ဒီကိစ္စကို ငါတို့ စမ်းကြည့်သင့်တယ်။

"သား ရှက်နေသလား အလျှိုရှာ၊ မရှက်ပါနဲ့ လူကလေး၊ ကျောင်းထိုင်ဆရာတော်ကြီးဆီမှာ ဘုန်းကြီးတွေနဲ့ ထမင်းစားရင်း မိုကရိုယီက ကောင်မလေးတွေအကြောင်း ပြောမပြရတာ နာတာပဲ၊ ဆရာတော်ကြီးကို ကဏ္ဍကောစ လုပ်မိတဲ့အတွက် အဖေ့ကို စိတ်မဆိုးပါနဲ့ အလျှိုရှာ၊ ငါ စိတ်ကို မထိန်းနိုင်ဘဲ ဖြစ်သွားတယ်၊ တကယ်လို့ ဘုရားသခင် ရှိတယ်ဆိုရင်… သူ တကယ်ရှိတယ်ဆိုရင် ငါဟာ အပြစ်တင်ခံရုံပဲ၊ ဒီကိစ္စကို ငါ တာဝန်ယူရမှာပဲ၊ ဒါပေမဲ့ ဘုရားသခင် မရှိဘူး ဆိုရင်တော့ သူတို့ကို၊ သားရဲ့… ဘုန်းကြီးတွေကို အဆတရာ ပိုပြီး ဒဏ်ခတ်ရမယ်၊ သူတို့ကို ပြင်းပြင်းထန်ထန် ဒဏ်မခတ်သင့်ဘူးလား၊ သူတို့ရဲ့ ခေါင်းတွေကို ဖြတ်ပစ်ရုံနဲ့တော့ မလုံလောက်ဘူး၊ သူတို့ဟာ ပြန်ပြီး တိုးပွားလာကြဦးမှာ၊ ငါပြောရင် မင်း ယုံမလား အိုက်ဗင်၊ အဲဒီကိစ္စဟာ ငါ့စိတ်ကို အများကြီး ထိခိုက်စေတယ်၊ ငါပြောတာကို မင်း မယုံပါဘူး၊ မင်းရဲ့မျက်လုံးတွေကို ကြည့်တာနဲ့ ငါသိတယ်၊ ငါဟာ အလကားကောင်ကြီး၊ လူပေါ်ကြီးလို့ လူတွေ ပြောတာကို မင်း ယုံနေတယ် မဟုတ်လား၊ အလျှိုရှာ … အဖေဟာ အလကားကောင် လူပေါ်ကြီးလို့ မင်း ထင်သလား"

"မထင်ပါဘူး"

"သား မထင်ဘူးဆိုတာကို အဖေ ယုံတယ်၊ သားက ရိုးသားတယ်၊ သားကို ကြည့်ရတာ ရိုးသားတယ်၊ သားဟာ ရိုးရိုးသားသား ပြောတတ်တယ်။ ဒါပေမဲ့ အိုက်ဗင်ကတော့ ဒီလို မဟုတ်တော့ဘူး၊ အိုက်ဗင်ဟာ မြင့်မြတ်တယ်၊ ကြီးကျယ်တယ်၊ သားရဲ့ ဘုန်းကြီးတွေကိုတော့ အဖေ ဖြတ်လိုက်ပြီ၊ သူတို့ရဲ့ တမလွန် အယူဝါဒတွေကို ရှင်းပစ်ရမယ်၊ ဒါတွေအားလုံးကို တနိုင်ငံလုံးမှာ အပြတ်နှိမ်နင်း ပစ်ရမယ်၊ ဒါမှ လူမိုက်တွေဟာ ဆင်ခြင်တုံတရား ရလာမယ်၊ ဒီတော့မှ ရွှေငွေတွေဟာ ဒင်္ဂါးစက်ကို ရောက်မယ်"

"ဘာဖြစ်လို့ ရှင်းပစ်ရမှာလဲ…" အိုက်ဗင်က မေးသည်။

“အမှန်တရားကို မြန်မြန်ရအောင်ပေါ့၊ အဲဒါကြောင့်ပဲပေါ့”

“ဒါပေမဲ့ အမှန်တရားကို ရရင် ပထမဆုံး အလုပ်ခံရပြီး အနှိမ်နင်းခံရမယ့်လူဟာ အဖေပဲ”

“ဘုရားရေ .... မင်းပြောတာ မှန်တယ်၊ ငါဟာ အတော်တုံးတဲ့ကောင်ပဲ” ကာရာမာဇော့ နဖူးကို လက်ဝါးဖြင့် အသာရိုက်ပြီး ရေရွတ်လိုက်သည်။ “အလျှိုရှာရေ၊ အဲဒီလိုဆိုရင်တော့ မင်းတို့ ဘုန်းကြီးကျောင်း ဒီအတိုင်းပဲ နေပေစေတော့၊ ငါတို့ လူလိမ္မာတွေလည်း ငါတို့ဘာသာ ဘရန်ဒီပဲ ထိုင်သောက်နေတော့မယ်၊ ဘုရားသခင်က ဒီအတိုင်းပဲ ဖန်ဆင်းပေးလိုက်တာ ဖြစ်ရမယ်။ အိုက်ဗင်၊ ဒီမယ် အိုက်ဗင်၊ ငါ့ကို ပြောစမ်းပါ၊ ဘုရားသခင်ဆိုတာ ရှိသလား မရှိဘူးလား၊ နေဦး ငါ့ကို အမှန်ပြောစမ်းပါ၊ အလေးအနက် ပြောစမ်းပါ၊ မင်း ဘာဖြစ်လို့ ရယ်နေရပြန်တာလဲ”

“တောင်ကြီးတွေကို ရွှေ့နိုင်တဲ့ ဘုန်းကြီးနှစ်ပါး ရှိတယ်လို့ ဆမာယာကော့ ယုံကြည်နေတာကို အဖေ ပြောခဲ့တာကို အမှတ်ရနေလို့ပါ”

“ဘာလဲ ငါက အခု သူနဲ့ တူနေလို့လား...”

“သိပ်တူတာပေါ့”

“အေး.. အဲဒါဆိုရင် ငါလည်း ရုရှားလူမျိုးတယောက်ပဲ၊ ငါ့မှာလည်း ရုရှားစရိုက် ရှိနေတာပဲ၊ မင်းလို ဒဿနိက ပညာရှင်ကြီးမှာလည်း ဒီလိုမျိုးစရိုက် ရှိနိုင်တာပဲ၊ မနက်ဖြန်ကျရင် မင်းကို ငါ အမိဖမ်းပြရမလား၊ ကဲ ငါ့ကို ပြောစမ်းပါဦး၊ ဘုရားသခင် ရှိသလား မရှိဘူးလား၊ လေးလေးနက်နက် ပြောစမ်းပါ ၊ လေးလေးနက်နက် ပြောတာကို ငါလိုချင်တယ်”

“မရှိပါဘူး၊ ဘုရားသခင် မရှိပါဘူး”

“အလျှိုရှာ ဘုရားသခင် ရှိသလား...”

“ဟုတ်ကဲ့၊ ရှိပါတယ်”

“အိုက်ဗင် ... သေခြင်းကင်းတဲ့ အစဉ်ထာဝရ ဆိုတာကော ရှိသလား၊ သဘောလောက်ပဲ ဖြစ်ဖြစ်ပေါ့”

“မရှိပါဘူး၊ ထာဝရ ဆိုတာလည်း မရှိပါဘူး”

“ဘာမှ မရှိဘူးလား...”

"ဘာမှ မရှိဘူး"

"လုံးလုံး မရှိဘူးလို့ ပြောတာလား၊ သဘောလောက်တော့ ရှိသလား။ နည်းနည်းပါးပါးလောက်တော့ ရှိမှာပေါ့၊ ဘာမှ မရှိတာထက် စာရင်တော့ နည်းနည်းပါးပါး ရှိတာက တော်သေးတယ်"

"လုံးလုံး မရှိပါဘူး"

"အလျှိုရှာ၊ ထာဝရ ဆိုတာ ရှိသလား"

"ရှိပါတယ်"

"ဘုရားသခင်နဲ့ ထာဝရ"

"ဟုတ်ကဲ့၊ ဘုရားသခင်နဲ့ ထာဝရပါ၊ ဘုရားသခင်ဟာ သေခြင်းကင်းတဲ့ အစဉ် ထာဝရပဲ ဖြစ်ပါတယ်"

"ငါသိပြီ၊ အိုက်ဗင် ပြောတာ မှန်နိုင်တယ်၊ လူတွေဟာ ဘာမှမဟုတ်တဲ့ အိပ်မက်တခုအတွက် သူတို့ရဲ့ ယုံကြည်ချက်နဲ့ ခွန်အားတွေကို အနစ်နာခံလာရတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ။ လူတွေကို ဘယ်သူက အရူးလုပ်ထားသလဲ၊ ဒီမယ် အိုက်ဗင်၊ ငါ့ကို နောက်ဆုံးအနေနဲ့ အမှန်ကို ပြောစမ်းပါ၊ ဘုရားသခင် ရှိသလား မရှိဘူးလား၊ ဒါ မင်းကို ငါ နောက်ဆုံးမေးခြင်းပဲ"

"နောက်ဆုံးအနေနဲ့ ပြောပါတယ်၊ မရှိပါဘူး"

"ဒါဖြင့်ရင် လူ့လောကကြီးကို လှောင်ပြောင်နေတာ ဘယ်သူလဲ"

"မာရ်နတ်ပဲ ဖြစ်ပါလိမ့်မယ်" အိုက်ဗင် ပြုံးစေ့စေ့ဖြင့် ပြောသည်။

"မာရ်နတ် ဆိုတာတော့ ရှိသလား"

"မာရ်နတ် ဆိုတာလည်း မရှိနိုင်ဘူး"

"သနားစရာကောင်းလိုက်တာ၊ အားလုံး သောက်အလကားတွေပဲ၊ ဘုရားသခင်ကို ပထမဆုံး တီထွင်တဲ့လူကို ဘာလုပ်ရင် ကောင်းမလဲ၊ သူ့ကို ကြိုးပေးသတ်တာပဲ ကောင်းမယ်"

"ဘုရားသခင်ကို မတီထွင်ခဲ့ရင် ယဉ်ကျေးမှုဆိုတာ မရှိနိုင်ပါဘူး"

"မရှိနိုင်ဘူး ဟုတ်လား၊ ဘုရားသခင် မရှိခဲ့ရင် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘရန်ဒီ ဆိုတာလည်း မရှိနိုင်တော့ပါဘူး၊

အဖေ့ဘာရန်ဒီတွေကို ကျွန်တော် ယူသွားမှာ အမှန်ပဲ”

“နေဦး၊ နေဦး.. နေဦး၊ လူကလေး တခွက်လောက် သောက်လိုက်ကြဦးစို့၊ အလျှိုရှာကို ငါ စိတ်အနှောင့်အယှက်ပေးရာ ကျနေပြီ၊ ငါ့ကို စိတ်မဆိုးပါနဲ့ အလျှိုရှာ၊ စိတ်ဆိုးနေသလား၊ ငါ့ရဲ့ ချစ်လှစွာသော အလျှိုရှာကလေးရယ်၊ လူကလေး အလက်ဇီကလေးရယ်”

“ကျွန်တော် စိတ်မဆိုးပါဘူး၊ အဖေ့ရဲ့အယူအဆတွေကို ကျွန်တော် သိပါတယ်၊ အဖေ့ရဲ့ အသည်းနှလုံးဟာ အဖေ့ရဲ့ ဦးခေါင်းထက် ပိုကောင်းပါတယ်”

“ငါ့ရဲ့အသည်းနှလုံးက ငါ့ခေါင်းထက် ပိုကောင်းတယ် ဟုတ်လား၊ အို ဘုရားသခင်၊ ငါ့သားက ဒီလိုမျိုးပြောတယ် ဟုတ်လား၊ အိုက်ဗင်ရေ၊ အလျှိုရှာကို မင်း ချစ်သလား”

“ချစ်ပါတယ်”

“ဟုတ်တယ်၊ သူ့ကို ချစ်ပါ” (ကာရာမာဇော့သည် မူးနေပြီဖြစ်သည်) “ဒီမယ် အလျှိုရှာ၊ မနက်တုန်းက သားရဲ့ ခင်ကြီးအပေါ်မှာ အဖေ နည်းနည်း ရိုင်းသွားမိတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ငါ့စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ဒါပေမဲ့ အဲဒီခင်ကြီးမှာ ဇဝနဉာဏ် ရှိတယ်၊ အိုက်ဗင်... မင်း ဘယ်လို သဘောရသလဲ”

“သူ့မှာ ရှိပါတယ်”

“ဟုတ်တယ်၊ သူ့မှာရှိတယ်၊ သူ့မှာရှိတယ်... သူဟာ ဂျက်ဇူးအစ် ဂိုဏ်းဝင်တယောက်ပဲ၊ ရုရှား ဂျက်ဇူးအစ်ပဲ။ သူဟာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးတဦး ဖြစ်လေတော့ သူ့ရဲ့ မြင့်မြတ်မှုကို ပြသဖို့အတွက် တောက်လောင်နေတဲ့ အမျက်ဒေါသတွေကို သူ့ကိုယ်ထဲမှာ သိမ်းထားရတယ်”

“ဘုရားသခင်ကိုတော့ သူ ယုံကြည်တယ်’

“နည်းနည်းလေးမှ မယုံဘူး၊ အဲဒါ မင်း မသိဘူးလား၊ သူကိုယ်တိုင်က လူတိုင်းကို ပြောနေတာပဲ၊ လူတိုင်းကိုတော့ မဟုတ်ဘူးပေါ့... သူ့ဆီကိုလာတဲ့ ပညာတတ်တွေကိုပေါ့၊ ဘုရင်ခံ ရှူလ်ဇ်ကို သူ ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်၊ ‘တမန်တော်ဝါဒကို ကျုပ် ဘာမှ နားမလည်ဘူး’ တဲ့”

“တကယ်ပဲ ပြောသလား”

“တကယ်ပဲ ပြောတာပေါ့၊ ဒါပေမဲ့ သူ့ကို ငါ လေးစားပါတယ်၊ သူ့မှာ မာရ်နတ်သွေးကလေး နည်းနည်းရှိတယ်၊ ဒါမှမဟုတ် ကျွန်ုပ်တို့ခေတ် သူရဲကောင်းပုံစံပေါ့၊ သူ့နာမည်က အာဗီနင်ဆိုလား ဘာလားပဲ၊ သူ့နာမည်က

ဘာပဲဖြစ်ဖြစ်ပေါ့၊ သူက တဏှာအိုးကြီးတယောက်ပဲ၊ ဘယ်လို တဏှာအိုးကြီးလဲ ဆိုတော့.... ငါ့မိန်းမ သို့မဟုတ် ငါ့သမီးသာ သူ့ဆီမှာ သွားပြီး အာပတ်ဖြေမယ် ဆိုရင် ငါ စိုးရိမ်မိမှာပဲ။ သူ့အကြောင်း သူ့ဇာတ်လမ်းတွေကို သူပြောတဲ့အခါမှာ... မနှစ်တုန်းက ငါတို့ကို လက်ဖက်ရည်သောက် ဖိတ်တယ်၊ လက်ဖက်ရည် ဆိုပေမယ့် အရက်လည်း ပါတယ်၊ (ဂုဏ်သရေရှိ အမျိုးသမီးကြီးတွေက သူ့ဆီကို အရက် ပို့ပေးကြတယ်) ရှေးဟောင်းနှောင်းဖြစ်တွေ သူပြောပြတာကို မင်း ကြားစေချင်တယ်၊ သွက်ချာပါဒ လိုက်နေတဲ့ မိန်းမတယောက်ကို သူ ကုတုန်းကပေါ့၊ 'ကိုယ့်ခြေထောက်တွေ ဘာမှမဖြစ်ရင် မင်းအတွက် ငါ ကပါတယ်တဲ့' ကဲ ... ဘယ်လို လူစားမျိုးလဲ၊ 'ကျုပ် ငယ်ငယ်တုန်းကတော့ အကြံအဖန်တွေ မျိုးစုံ လုပ်ခဲ့တာပဲ' တဲ့၊ ကုန်သည်ကြီး ဒီမီဒေါဆီကလည်း သူ ငွေခြောက်သောင်း ရလိုက်တယ်"

"ဘယ်လိုရတာလဲ၊ လိမ်ယူတာလား"

"အင်း... ဒီမီဒေါ့က ပိုက်ဆံတွေကို သူ့ဆီကို ယူလာတယ်၊ သူ့ကို ရိုးသားတဲ့ လူတယောက် အဖြစ်နဲ့ပေါ့၊ နောက်တနေ့မှာ သူ့အိမ်ကို ပုလိပ်တွေ လာရှာမှာမို့ ဒီပိုက်ဆံတွေကို သိမ်းထားဖို့ ပြောတယ်၊ အဲဒီမှာ အဲဒီပိုက်ဆံတွေကို သူ ယူထားလိုက်တယ်၊ ပြီးတော့ 'ဒီပိုက်ဆံတွေကို အသင်းတော်ကို ခင်ဗျား လှူလိုက်ပြီ' လို့ သူ ကြေညာတယ်၊ အဲဒီတော့ ငါက သူ့ကို ပြောတယ်၊ 'ခင်ဗျားဟာ လူယုတ်မာပဲ' ဒီတော့ သူက ပြန်ပြောတယ်၊ 'ကျုပ် လူယုတ်မာ မဟုတ်ဘူး၊ သဘောထားကြီးတဲ့ လူတယောက်ပဲ' တဲ့၊ နေဦး၊ အဲဒါ မဟုတ်ဘူး၊ တခြားလူတယောက်ပဲ၊ တခြားလူတယောက်နဲ့ ရောသွားတယ်။ ကဲ နောက်တခွက် သောက်ပြီးရင် တော်ပြီ၊ ပုလင်းကို ယူသွားတော့ အိုက်ဗင်၊ အလကား စကားတွေ ငါပြောနေတာပဲ၊ ဘာဖြစ်လို့ ငါ့ကို မတားရလာတဲ့ အိုက်ဗင်၊ အဖေ အလကား စကားတွေ ပြောနေတာပဲလို့ မင်း ငါ့ကို ဘာဖြစ်လို့ မပြောရတာလဲ..."

"အဖေ့ဘာသာ ရပ်သွားမယ်ဆိုတာ သိလို့ပေါ့"

"အဲဒါ ညာတာပဲ၊ မင်း ငါ့ကို မုန်းလို့ပြောတာပဲ၊ မုန်းတာသက်သက်ကြောင့်ပဲ၊ မင်း ငါ့ကို မုန်းတယ်၊ မင်းဟာ ငါနဲ့အတူလာနေပြီး ငါ့အိမ်မှာနေပြီး ငါ့ကို မုန်းနေတယ်"

"အဲဒါဆိုရင် ကျွန်တော် တခြားကို သွားတော့မယ်၊ အဖေ ဘရန်ဒီသောက်တာ သိပ်များနေပြီ"

"ချာမာရှာညာကို တရက် နှစ်ရက်လောက် သွားပါလို့ မင်းကို ငါ ပြောတယ်၊ မင်း မသွားဘူး"

"အဖေ တကယ်သွားစေချင်ရင် ကျွန်တော် မနက်ဖြန် သွားမယ်"

"မင်း မသွားပါဘူး၊ မင်း ဒီမှာနေပြီး ငါ့ကို စောင့်ကြည့်နေချင်တာပဲ၊ အဲဒါ မင်း လုပ်ချင်တာပဲ၊ မင်းဟာ အင်မတန် မုန်းစရာကောင်းတဲ့အကောင်ပဲ၊ ဒါကြောင့် မင်း မသွားတာပဲ"

အဘိုးကြီး ထပ်ဆင့်ပြီး ပြောသည်။ သူ မူးနေပြီဖြစ်သည်။ ဤအချိန်တွင် ပြဿနာ မပေါ်သေးလျှင် လည်း သူကိုယ်တိုင်က စပြီး ပြဿနာပေါ်အောင် ဖော်မည်ဖြစ်သည်။

"မင်း ငါ့ကို ကြည့်နေတာပဲ၊ ဘာဖြစ်လို့ ဒီလိုမျိုး ကြည့်နေတာလဲ၊ မင်းမျက်လုံးတွေက ငါ့ကိုကြည့်ပြီး ပြောနေတယ်၊ 'ခင်ဗျားဟာ အမူးသမား ယစ်ထုပ်ကြီးပဲ' မင်း မျက်လုံးမှာ မယုံသင်္ကာမှုတွေ ပြည့်နေတယ်၊ မင်းမျက်လုံးမှာ စက်ဆုပ်ရွံရှာမှုတွေ ပြည့်နေတယ်... မင်း ဒီကိုလာတာဟာ ကောက်ကျစ်တဲ့ အကြံအစည်တခု ရှိလို့ပဲ၊ အလျှိုရှာကို ကြည့်စမ်း၊ သူလည်း ငါ့ကို ကြည့်နေတယ်၊ ဒါပေမဲ့ သူ့မျက်လုံးတွေက တောက်လက်နေတယ်၊ အလျှိုရှာက ငါ့ကို မမုန်းဘူး၊ အလက်ဇီ၊ အိုက်ဗင်ကို မင်း မချစ်နဲ့"

"အစ်ကို့ကို စိတ်မဆိုးပါနဲ့၊ သူ့ကို မစော်ကားပါနဲ့"

အလျှိုရှာက လေးနက်စွာ ပြောလိုက်သည်။

"အေး ... ကောင်းပြီ၊ အား .. ငါ့ခေါင်း ကိုက်လိုက်တာနော်၊ ဘရန်ဒီပုလင်းကို သွားယူစမ်း၊ အိုက်ဗင်၊ ဒါ မင်းကို တတိယအကြိမ် ခိုင်းတာပဲ"

ထို့နောက် သူ ငြိမ်သွားသည်။ တစုံတခုကို တွေးနေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို သူ့မျက်နှာတွင် စဉ်းလဲသော အပြုံးများ တဖြည်းဖြည်းနှင့် ဖုံးလွှမ်းလာသည်။

"ဇရာဖိစီးနေပြီဖြစ်တဲ့ အဘိုးကြီး တယောက်ကို စိတ်မဆိုးပါနဲ့ အိုက်ဗင်၊ ငါ့ကို မင်း မချစ်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ့ကို မစိမ်းကားလိုက်ပါနဲ့၊ မင်းအနေနဲ့ ငါ့ကို ချစ်စရာ ဘာအကြောင်းတခုမှ မရှိပါဘူး၊ ချာမာရှာညာကို မင်း သွားစမ်းပါ၊ မင်းအတွက် လက်ဆောင်တခုယူပြီး ငါ လိုက်ခဲ့ပါ့မယ်၊ အဲဒီမှာရှိတဲ့ အင်မတန် ချစ်စရာကောင်းတဲ့ ကောင်မလေးတယောက်ကို မင်းကို ငါပြမယ်၊ သူ့ကို ငါ မျက်စိကျနေတာ ကြာလှပြီ။ အခုအချိန်အထိ သူဟာ ဖိနပ်မစီးဘဲ လျှောက်ပြေးနေတုန်းပဲ၊ ဒါပေမဲ့ ဖိနပ် မစီးတဲ့ မိန်းကလေးတွေကို မကြောက်ပါနဲ့၊ မမုန်းပါနဲ့၊ သူတို့ဟာ ပုလဲကလေးတွေပဲ"

သူ့လက်ကို သူ အသံမြည်အောင် နမ်းလိုက်သည်။

"ငါသိသမျှ ပြောရရင်တော့..." သူ့စကားကို ချက်ချင်းပင် ဆက်ပြောသည်။

သူ၏ သည်းခြေကြိုက် အကြောင်းအရာကို ပြောရသဖြင့် အထူးပင် စိတ်အားထက်သန်သွားဟန် ရှိသည်။

"ငါသိသမျှ ပြောရရင်တော့... အို သားတို့ရေ၊ ငါ့သားကလေးတွေရေ.. အဖေ့သား ပူတူးတူးကလေး တွေရေ... အဖေသိသမျှ ပြောရရင် အဖေ့တသက်မှာ အရုပ်ဆိုးတဲ့ မိန်းမရယ်လို့ တယောက်မှ မရှိခဲ့ဘူး၊ ဒါဟာ ငါ့ဥပဒေပဲ၊ အဲဒီကို မင်းတို့ သဘောပေါက်သလား၊ အင်းလေ... မင်းတို့ ဘယ်လိုလုပ်ပြီး သဘောပေါက်နိုင်မလဲ၊ မင်းတို့ကိုယ်ထဲမှာ အခုထက်ထိ အမိန္ဒိရည် စင်သေးတာမှ မဟုတ်ဘဲ၊ မင်းတို့ဟာ အခုထက်ထိ လူ့လောကကြီးထဲကို ရောက်ကြသေးတာမှ မဟုတ်ဘဲ။

"ငါ့နည်း ငါ့ဥပဒေအရ ပြောရရင်တော့ ဘယ်မိန်းမမှာမဆို တခုခုလေးတော့ ရှိတာပဲ၊ တောက်... တခုခု ထူးခြားတာကလေးတော့ ရှိတာပဲ၊ တခြားမိန်းမတွေမှာ မတွေ့နိုင်တာမျိုးကလေးပေါ့၊ အရေးကြီးတာက အဲဒါကို တွေ့အောင်ရှာဖို့ပဲ... အဲဒါက အဓိကပဲ၊ အဲဒီနေရာမှာ ပညာလိုတယ်၊ ငါ့အဖို့တော့ အရုပ်ဆိုးတဲ့ မိန်းမဆိုတာ မရှိဘူး၊ သူဟာ မိန်းမတယောက် ဖြစ်နေတာနဲ့ပဲ ငါ့ကို တဝက်လောက် ဆွဲဆောင်နိုင်ပြီ၊ ဒါပေမဲ့ ဒါကို မင်းတို့ ဘယ်လိုလုပ်ပြီး နားလည်နိုင်ကြမလဲ။

"အပျိုဟိုင်းကြီးတွေမှာလည်း ဆွဲဆောင်တာ တခုတော့ ရှိနိုင်တာပဲ၊ အဲဒီအခါမှာ အဲဒါကို ယောကျ်ား တွေက ဘာ့ကြောင့် ရှာမတွေ့ခဲ့ကြသလဲလို့ အံ့သြရတယ်၊ ဖိနပ်မစီးတဲ့ ကောင်မလေးတွေနဲ့ အရုပ်ဆိုးတဲ့ မိန်းမတွေကို ပထမဆုံး လုပ်ရမယ့် အလုပ်က သူတို့ အံ့အားသင့်သွားစေဖို့ပဲ၊ ဒါဟာ သူတို့နဲ့ ဆက်ဆံရမယ့် နည်းလမ်းပဲ၊ သူတို့လို အပယ်ခံ မိန်းမတယောက်ကို လူကြီးလူကောင်း တယောက်က ကြိုက်နေပါကလား ဆိုတာကို သူတို့ အံ့သြသွားရမယ်၊ ရင်တုန်သွားရမယ်၊ ရင်ခုန်သွားရမယ်၊ ရင်မောသွားရမယ်။

"အံ့သြစရာကောင်းတာကတော့ ဒီလောကကြီးမှာ တောသူကလေးတွေနဲ့ လူကြီးလူကောင်းတွေ ရှိနေသမျှ ... ရှိလည်း ရှိနေမှာပဲ.. ဒီလောကကြီးမှာ ပျော်စရာကောင်းတဲ့ အစေခံမလေးတွေနဲ့ သူတို့ရဲ့ သခင်တွေ ဇာတ်လမ်းလည်း အမြဲတမ်း ရှိနေမှာပဲ၊ ဒါဟာ လူတယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအတွက် လိုအပ်မှုပဲ။

"ဒီမယ် အလျှိုရှာ ... နားထောင်စမ်း၊ အဖေဟာ သားရဲ့အမေကို အမြဲတမ်း အံ့အားသင့်အောင် လုပ်ခဲ့တယ်၊ လုပ်ပုံလုပ်နည်းကတော့ အမျိုးမျိုးပေါ့၊ ပထမမှာ ငါဟာ သူ့ကို ဂရုမစိုက်သလို နေတယ်၊ ဒါပေမဲ့ အချိန်ရောက်လာတဲ့အခါမှာ ဖြုန်းခနဲ သူ့ကို အထူး အလေးထားလိုက်တယ်၊ သူ့အနားကို လေးဖက်ထောက်ပြီး သွားတယ်၊ သူ့ခြေထောက်ကို နမ်းတယ်၊ အဲသလိုပဲ၊ အဲသလိုပဲ... အမြဲတမ်း အဲသလိုပဲ၊ ငါ့စိတ်ထဲမှာ ကနေ့ ဖြစ်နေသလိုတောင် ထင်မိတယ်၊ သူ့ကို သဲ့သဲ့ကလေး ချိုချိုသာသာ ကလေး ညင်ညင်သာသာကလေး ထူးထူးဆန်းဆန်းကလေး

ရယ်မောအောင် လုပ်တယ်၊ အဲဒါမျိုး ကလေးကို သူ ရယ်တတ်တယ်၊ သူ့ရဲ့ရောဂါကလည်း အဲဒီလိုမျိုးပဲ၊ စတတ်တယ်၊ နောက်တနေ့မှာ သူဟာ ငိုတော့ ရယ်တော့တာပဲ၊ အဲဒီအခါမှာ သူရယ်တာဟာ ပျော်စရာ မဟုတ်တော့ဘူး၊ ဒါပေမဲ့ ပျော်စရာလို့ ထင်ရတယ်။

"အဲဒါကြောင့် အရာရာတိုင်းရဲ့ အနေအထားကို ရှာတတ်ဖို့လိုတယ်လို့ ပြောတာပေါ့၊ ဗယ်လျာစကီ ဆိုတဲ့ လူတယောက်ရှိတယ်၊ လူချောလူလှကလေးတယောက်ပဲ၊ ပိုက်ဆံလည်း ရှိတယ်၊ အဲဒီ ဗယ်လျာစကီက သူ့ကို မျက်စိကျနေတယ်၊ ဒီအိမ်ကို နေ့တိုင်း လာတတ်တယ်၊ တနေ့ကျတော့ ဗယ်လျာစကီဟာ သူ့ရှေ့မှာပဲ ငါ့ကို ပါးရိုက်တယ်၊ အဲဒီအခါမှာ သူက... အဲဒီ နူးညံ့တဲ့ သိုးမကလေးက ... ငါ့ကို သတ်တော့မလား အောက်မေ့ရတယ်၊ သူက ငါ့ကို ဘာပြောတယ် မှတ်သလဲ။

"ရှင် အရိုက်ခံရတယ်၊ ရှင် အခု အရိုက်ခံရတယ်၊ သူရိုက်တာကို ရှင် ခံတယ်၊ ရှင်ဟာ ကျွန်မကို သူ့ဆီ ရောင်းစားမလို့ ကြံနေတာပဲ၊ သူဟာ ရှင့်ကို ကျွန်မရှေ့မှာ ရိုက်ခဲ့တယ်၊ ကျွန်မအနားကို သူ မလာပါစေနဲ့၊ ရှင် သူ့ကို စိန်ခေါ်ပါ၊ သေနတ်ချင်း ယှဉ်ပစ်လိုက်ပါ" တဲ့ ...။

"ငါ သူ့ကို ဘုန်းကြီးကျောင်းကို ခေါ်သွားတယ်၊ သူ့ရောဂါကိုကုဖို့ ခေါ်သွားတယ်၊ ဘုန်းကြီးတွေက သူ စိတ်ပြန်ကောင်းလာအောင် ဆုတောင်းကြတယ်။

"ဒီမယ် အလျှိုရှာ၊ ငါဟာ ဘယ်တုန်းကမှ ဒီအရူးမကိုမစော်ကားခဲ့ဘူး၊ အဲ တခါပဲ စော်ကားခဲ့ဖူးတယ်၊ လက်ထပ်ခါစ ပထမနှစ်မှာပေါ့၊ အဲဒီတုန်းက သူဟာ ဘုရားသခင်ဆီမှာ ဆုတောင်းတာကို အင်မတန် မြတ်နိုးတယ်၊ အထူးသဖြင့် သူဟာ မယ်တော်မာရီကို ပူဇော် ပသ တတ်တယ်၊ အဲဒါ တခါမှာတော့ ... ငါ့ကို စာကြည့်ခန်းထဲမှာ သွားနေစေတယ်၊ ဒီတော့ ငါ စိတ်ကူးမိတယ်၊ သူ့ကိုတော့ ဒီအစွဲ ချွတ်မှပဲလို့၊ အဲဒါကြောင့် သူ့ကို ငါပြောတယ်။

"မိန်းမ၊ ဒီမှာ ကြည့်စမ်း၊ ဒီမှာ နင် ကိုးကွယ်တဲ့ ပုံတော်ကား၊ ဒီကားကို ငါ ဖြုတ်ချမယ်၊ ဒီမယ် ကြည့်စမ်း၊ ဒီပုံတော်ကားဟာ တန်ခိုးတော်အနန္တ ရှိတယ်လို့ နင် ယုံကြည်ထားတယ် မဟုတ်လား၊ နင့်ရှေ့မှာပဲ ဒီကားကို ငါ တံတွေးနဲ့ ထွေးပြမယ်၊ ငါ ဘာမှမဖြစ်ဘူးဆိုတာ တွေ့ ရမယ်" လို့ ။

"အဲဒီလို ငါပြောလိုက်တဲ့ စကားကို ကြားရရင် သူ ငါ့ကို တခါတည်း အသေသတ်မှာပဲလို့ ငါ အောက်မေ့ခဲ့တယ်၊ ဒါပေမဲ့ သူဘာလုပ်သလဲဆိုတော့ နေရာကနေ ခုန်ထလိုက်တယ်၊ သူ့လက်နှစ်ဖက်ကို တွန့်လိမ်ပြီး သူ့မျက်နှာကို အုပ်ကာထားလိုက်တယ်၊ ပြီးတော့ သူ့တကိုယ်လုံး တုန်ပြီး ကြမ်းပြင်ပေါ်ကို

လဲကျသွားတယ်၊ ပုံလျက်သားကလေး ကျသွားတယ်၊ အလျှိုရှာ... အလျှိုရှာ ဘာဖြစ်တာလဲ”

အဘိုးကြီး ထိုင်နေရာမှ အလန့်တကြား ခုန်ထလိုက်သည်။ သူ့မိခင်အကြောင်း သူ့ဖခင် စ ပြောသည့် အချိန်မှစပြီး အလျှိုရှာ၏မျက်နှာတွင် လှုပ်ရှားပြောင်းလဲမှုများ တစ တစ ဖြစ်ပေါ်လာသည်။ သူ့မျက်နှာ နီလာသည်။ သူ့မျက်လုံးများ ရှိန်းရှိန်းတောက်လာသည်။ သူ့နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။ သို့သော် အဘိုးကြီးသည် အလျှိုရှာ၏ ပြောင်းလဲမှုများကို သတိမပြုမိဘဲ သူ့စကားကိုသာ ဆက်ပြောနေသည်။ နောက်ဆုံးတွင် တစုံတရာ ထူးထူးခြားခြား ဖြစ်နေသည်ကို မြင်တွေ့ရတော့မှပင် သတိထားမိတော့သည်။

ပုံတော်ကားကို ကာရာမာဇော့ တံတွေးနှင့် ထွေးသည်ဟု ပြောလိုက်စဉ်က သူ၏မိခင် ဖြစ်ခဲ့သည့် အတိုင်းပင် အလျှိုရှာမှာလည်း ထိုင်ရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး သူ့မိခင် လုပ်သည့်အတိုင်းပင် လက်နှစ်ဖက်ကို တွန့်လိမ်ပြီး သူ့မျက်နှာကို ဖုံးကွယ်ထားသည်။ ထို့နောက် သူ့တကိုယ်လုံး နတ်ပူးသလို တုန်ယင်လာပြီး တသိမ့်သိမ့် ငိုရှိုက်လာတော့သည်။ သူ၏ ဖြစ်ပျက်ပုံသည် သူ့မိခင်နှင့် တထေရာတည်း ဖြစ်နေသည်ကို အဘိုးကြီး သတိပြုမိသည်။

“အိုက်ဗင်ရေ၊ အိုက်ဗင်... ရေတခွက် ယူခဲ့ပါ၊ မြန်မြန်၊ သူ့အမေအတိုင်းပဲ၊ သူ့အမေနဲ့ တထေရာတည်းပဲ၊ ဟိုတုန်းက သူ့အမေ ဖြစ်ခဲ့တဲ့အတိုင်းပဲ၊ မင်းပါးစပ်နဲ့ ရေငုံပြီး သူ့ကိုယ်ကို မှုတ်ပေးပါ၊ သူ့အမေတုန်းက ငါ ဒီအတိုင်းပဲ လုပ်ပေးခဲ့တယ်၊ သူ့အမေအတွက် သူ စိတ်ချောက်ချား သွားတာပဲ၊ သူ့အမေအတွက်...”

ကာရာမာဇော့သည် အိုက်ဗင်ကို တတွတ်တွတ် ပြောဆိုလျက်ရှိသည်။

“ခင်ဗျာ ... သူ့အမေဟာ ကျွန်တော့်အမေပဲ မဟုတ်လား”

အိုက်ဗင် ရုတ်ခြည်းဆိုသလို ဒေါသစိတ်ကို မထိန်းချုပ်နိုင်ဘဲ ပြန်ပြောလိုက်သည်။ အရောင် ပြိုးပြိုးပြက်နေသော အိုက်ဗင်၏မျက်လုံးများကြောင့် အဘိုးကြီး ထိတ်လန့်သွားသည်။ သည်တခါတွင် အင်မတန် ထူးခြားသော အခြင်းအရာတခု ဖြစ်သွားသည်။ အလျှိုရှာ၏မိခင်သည် အိုက်ဗင်၏မိခင်ပင် ဖြစ်ကြောင်းကို ကာရာမာဇော့ လုံးဝ မစဉ်းစားမိခြင်းပင် ဖြစ်သည်။ သို့သော် ဤအဖြစ်သည် စက္ကန့်ပိုင်းမျှသာ ဖြစ်သည်။

“မင်း အမေ၊ ဟုတ်လား” ကာရာမာဇော့ နားမလည်ဟန်ဖြင့် ရွတ်ဆိုလိုက်သည်။

“မင်း ဘာတွေ ပြောနေတာလဲ၊ ဘယ်အမေကို မင်း ပြောနေတာလဲ၊ သူက

မင်းအမေတဲ့လား၊ မဟုတ်တာပဲ၊ အင်း၊ ဟုတ်တယ်၊ သူဟာ မင်းနဲ့လည်း အမေ တော်တာပဲ၊ တောက်... မဟုတ်တာပဲ၊ အဖေ စိတ်မကောင်းလိုက်တာ လူကလေးရယ်၊ ငါ ဘာတွေ ပြောနေမိမှန်း မသိတော့ပါဘူး... အရင်တုန်းက ငါ တခါမှ ဒါမျိုး မဖြစ်ခဲ့ဖူးပါဘူး၊ စိတ်မကောင်းလိုက်တာ၊ ငါ စဉ်းစားနေတယ် အိုက်ဗင် ... ဟီ ဟီ ဟီ"

ဖြုန်းခနဲ သူ ရပ်သွားသည်။ သူ့မျက်နှာပေါ်တွင် အမူးသမားတယောက်၏အပြုံး ပေါ်လွင်လာသည်။ ထိုအချိန်မှာပင် အိမ်ရှေ့ခန်းဆီမှ ကြောက်မက်ဖွယ်ရာ အသံကြီးတခု ဟိန်းထွက်လာသည်။ အကြမ်းပတမ်း ဟာစ်အော်သံများ ကြားရသည်။ ထို့နောက် ဝုန်းခနဲ တံခါးပွင့်သွားပြီး အခန်းတွင်းသို့ ဒီမီထရီ ဝင်ရောက်လာသည်။ အဘိုးကြီး ထိတ်လန့်တကြားဖြင့် အိုက်ဗင်ထံ ပြေးသွားသည်။

"ငါ့ကို သူ သတ်လိမ့်မယ်၊ ငါ့ကို သူ သတ်လိမ့်မယ်၊ ငါ့အနားကို သူ မလာစေနဲ့၊ သူ မလာစေနဲ့...."

အိုက်ဗင်၏ ကုတ်အင်္ကျီစကို ဆွဲကိုင်ရင်း အဘိုးကြီး ဟာစ်အော်သည်။

၉။ ရမ္မက်ကျွန်များ

ဒီမီထရီ၏နောက်မှ ဂရိဂိုရီနှင့် ဆမာယာကော့တို့ ပြေးလိုက်လာကြသည်။ သူတို့သည် အိမ်ရှေ့ခန်းမှာတုန်းက ဒီမီထရီကို အိမ်ထဲသို့ မဝင်နိုင်အောင် အတင်းဆွဲထားခဲ့ကြသည်။ (လွန်ခဲ့သော သုံးလေးရက်လောက်ကတည်းက ကာရာမာဇော့က အမိန့်ပေးထားသောကြောင့် ဖြစ်သည်)။ အခန်းတွင်းသို့ ရောက်ရှိလာသောအခါ ဒီမီထရီသည် ခေတ္တမျှရပ်တန့်ပြီး ပတ်ဝန်းကျင်ကို လေ့လာနေသည်။ ယင်းကို အခွင့်ကောင်းယူပြီး ဂရိဂိုရီသည် စားပွဲကို ကွေ့ဝိုက်၍ပြေးကာ အိမ်အတွင်းပိုင်းသို့ဝင်သော တံခါးပေါက်၏ တံခါးနှစ်ရွက်ကို ပိတ်ထားလိုက်သည်။ ထို့နောက် ဂရိဂိုရီသည် ပိတ်ထားသော တံခါးရှေ့တွင် မတ်တတ်ရပ်ပြီး သူ့လက်နှစ်ဖက်ကို ဖြန့်ကာထားလိုက် သည်။ အိမ်ခန်းတွင်းသို့ ဒီမီထရီ မဝင်ရောက်စေရန် အသက်ကိုပင် စွန့်လွှတ်ပြီး ကာကွယ်တော့မည့် သဘောမျိုး ဖြစ်သည်။

ယင်းအဖြစ်ကို တွေ့မြင်သောအခါ ဒီမီထရီသည် အသံကုန် ဟစ်အော်ပြီး ဂရိဂိုရီထံသို့ အတင်း ပြေးသွားလေတော့သည်။

"လက်စသတ်တော့ ဂရုရှင်ကာ ဒီမှာကိုး၊ သူ ဒီမှာ ပုန်းနေတာကိုး၊ လမ်းဖယ်ပေးစမ်း၊ လူမိုက်ကြီး"

ဂရိဂိုရီကို သူ ဆွဲဖယ်သည်။ သို့သော် ဂရိဂိုရီက သူ့ကို ပြန်တွန်းပစ်သည်။ ထိုအခါ ဒီမီထရီသည် ဒေါသလွန်ကဲလျက်ရှိသဖြင့် လက်ကို မြှောက်လွှဲပြီး ဂရိဂိုရီကို တအား ရိုက်ချလိုက်သည်။ အဘိုးကြီး ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ ဒီမီထရီသည် အဘိုးကြီးကို ကျော်ခွကာ တံခါးကို ဆောင့်ဖွင့်လိုက်သည်။ ဆမာယာကော့သည် ညှော်ခန်း၏ တဖက်ထိပ်တွင် ရှိနေသည်။ ဖြူဖပ်ဖြူရော် ကတုန်ကယင်ဖြင့် ကာရာမာဇော့ကို တွယ်ဖက်ထားသည်။

"သူ ဒီမှာရှိတယ်၊ သူ ဒီဘက်ကိုသွားတာ ကျုပ် မြင်လိုက်တယ်၊ ဒါပေမဲ့ ကျုပ် လိုက်တာ မမီလိုက်ဘူး၊ သူ အခုဘယ်မှာလဲ၊ သူ ဘယ်မှာလဲ…"

"သူ ဒီမှာရှိတယ်" ဟူသော ဒီမီထရီ၏ဟစ်အော်သံသည် ကာရာမာဇော့ကို အံ့ဩဖွယ် ကောင်းလောက်အောင် လွှမ်းမိုးသွားလေသည်။ ထိတ်လန့်ကြောက်ရွံ့မှုများအားလုံး သူ့ကိုယ်မှ လွင့်စဉ်သွားသည်။

"သူ့ကို ဖမ်းထားကြပါ၊ သူ့ကို ဖမ်းထားကြပါ"

ဒီမီထရီနောက်သို့ ပြေးလိုက်ရင်း သူ ဟစ်အော်သည်။

ထိုအချိန်တွင် ဂရိဂိုရီ ကြမ်းပြင်ပေါ်တွင် လဲကျနေရာမှ ထလာသည်။ သို့သော် သူ မူးဝေနေသေးဟန် ရှိသည်။ အိုက်ဗင်နှင့် အလျှိုရှာတို့သည် ဖခင်နောက်သို့ ပြေးလိုက်ကြသည်။ တတိယအခန်းထဲမှ တစုံတခု ကျကွဲသံ ကြားရသည်။ ဒီမီထရီနှင့် တိုက်မိသဖြင့် အဖိုးတန် ရှောမ ဖန်အိုးကြီးတလုံး ကျကွဲခြင်း ဖြစ်သည်။ "သူ့ကို ဖမ်းကြပါ… ဝိုင်းကြပါ" အဘိုးကြီး ဟစ်အော်သည်။

အိုက်ဗင်နှင့် အလျှိုရှာတို့သည် အဘိုးကြီးကို လိုက်မီသွားပြီး သူ့ကို ဧည့်ခန်းသို့ အတင်း ပြန်ခေါ်လာကြသည်။

"အဖေ… သူ့နောက်ကို ဘာဖြစ်လို့ ပြေးလိုက်နေတာလဲ၊ အဖေ့ကို သူ တကယ် သတ်လိမ့်မယ်" အိုက်ဗင် ဒေါသဖြင့် အော်ဟစ်သည်။

"အိုက်ဗင်၊ အလျှိုရှာ၊ လူကလေးတို့ … သူ ဒီမှာ ရှိလိမ့်မယ်၊ ဂရုရှင်ကာ ဒီမှာ ရှိလိမ့်မယ်၊ ဒီအိမ်ထဲကို သူ ဝင်သွားတာ မြင်လိုက်တယ်လို့ ဟိုကောင် ပြောတယ်"

အဘိုးကြီး မောနေသည်။ ဂရုရှင်ကာ ကနေ့လာလိမ့်မည်ဟု သူ မျှော်လင့်မထားပါ။ ဂရုရှင်ကာ ရောက်နေသည်ဆိုသောသတင်းကို ရုတ်တရက် ကြားလိုက်ရသဖြင့် အဘိုးကြီး ကယောင်ချောက်ချား ဖြစ်သွားသည်။ သူ့တကိုယ်လုံး တုန်ယင်နေသည်။ သူ့ကို ကြည့်ရသည်မှာ ရူးသွားပြီလားဟု ထင်ရသည်။

"သူမလာဘူးဆိုတာ အဖေကိုယ်တိုင် အမြင်ပဲ"

အိုက်ဗင် အော်လိုက်သည်။

"နောက်ဖေးပေါက်က ဝင်လာတာ ဖြစ်နိုင်တယ်"

"သော့ခတ်ထားတာပဲ၊ နောက်ဖေးတံခါးကို သော့ခတ်ထားတယ်၊ သော့က အဖေ့ဆီမှာပဲ"

ရုတ်ခြည်းဆိုသလို ဧည့်ခန်းအတွင်းသို့ ဒီမီထရီ ပြန်လည်ရောက်ရှိလာသည်။ နောက်ဖေးတံခါး သော့ခတ်ထားသည်ကို သူ တွေ့ခဲ့ရသည်။ သော့က ကာရာမာဇော့၏ အင်္ကျီအိတ်ထဲမှာ ရှိနေသည်။ အခန်းပြတင်းပေါက်များ အားလုံးလည်း ပိတ်ထားသည်။ ဂရုရှင်ကာ အိမ်ထဲသို့ မည်သည့်နည်းနှင့်မျှ မဝင်ရောက်နိုင်ပါ။ သို့မဟုတ် အိမ်ထဲမှ မည် သည့်နည်းနှင့်မျှ ထွက်ပြေးမသွားနိုင်ပါ။

"သူ့ကို ဖမ်းထားကြပါ"

ဒီမီထရီကို တွေ့မြင်သောအခါ ကာရာမာဇော့ အော်ဟစ်သည်။

"ငါ့အခန်းထဲက ပိုက်ဆံတွေကို သူ ယူသွားပြီ"

အဘိုးကြီးသည် အိုက်ဗင့်လက်ထဲမှ ရုန်းထွက်ပြီး ဒီမီထရီ ရှိရာသို့ အတင်းပြေးသွားသည်။ ဒီမီထရီက အဘိုးကြီးကို တအားဆောင့်ဆွဲလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်လှဲချလိုက်သည်။ ထို့နောက် ခြေထောက်ဖြင့် နှစ်ချက် သုံးချက် ဆင့်ကန်သည်။ အဘိုးကြီး နာကျင်စွာဟစ်အော်သည်။ အိုက်ဗင်က ဒီမီထရီကို လက်နှစ်ဖက်ဖြင့် အတင်း သိုင်းချုပ်ထားသည်။ သူသည် အစ်ကိုဖြစ်သူလောက် မသန်သော်လည်း အစ်ကိုဖြစ်သူကို အတင်းချုပ်ပြီး ဆွဲခေါ်သွားသည်။ အလျှိုရှာကလည်း ဒီမီထရီ၏ ခါးကို သိုင်းဖက်ပြီး အိုက်ဗင်ကို အကူအညီ ပေးသည်။

"အရူး... အဘိုးကြီးကို အစ်ကို သတ်တာပဲ"

အိုက်ဗင် ဟစ်အော်သည်။

"သူ့ထိုက်နဲ့သူ့ကံပဲ" ဒီမီထရီ အသက်ရှူမမှန်ဘဲ ပြန်လှန်ဟစ်အော်သည်။ "သူ့ကို အခု ငါ မသတ်ရဘူး ဆိုရင်လည်း နောက်တကြိမ် ပြန်လာပြီး သတ်ဦးမှာပဲ၊ အဲဒီအခါကျရင် မင်းတို့ ဘယ်လိုမှ မကာကွယ်နိုင်တော့ဘူး"

"ဒီမီထရီ၊ ဒီက အမြန်ဆုံး ထွက်သွားပါ"

အလျှိုရှာက အမိန့်ပေးသလို ပြောလိုက်သည်။

"အလျှိုရှာ... ငါ့ကို ပြောစမ်းပါ၊ ငါ ယုံကြည်တာ မင်းတယောက်ပဲရှိတယ်၊ ဂရူရှင်ကာ ဒီကို လာသလား မလာဘူးလား၊ လွန်ခဲ့တဲ့ တမိနစ်လောက်ကပဲ လမ်းကြားထဲက နေပြီး ဒီကို သူ ကုပ်ကုပ် ကုပ်ကုပ်နဲ့ သွားတာ ငါ မြင်လိုက်တယ်၊ ငါ လှမ်းခေါ်တော့ သူ ထွက်ပြေးသွားတယ်"

"သူ ဒီကို မလာပါဘူး၊ သူ့ကို ဘယ်သူကမှလည်း စောင့်မနေပါဘူး၊ ကျွန်တော် ကျိန်ပြောပါတယ်"

"ဒါပေမဲ့ ငါ သူ့ကို မြင်လိုက်တယ်... ဒီလိုဆိုရင် သူ ဘယ်မှာရှိတယ်ဆိုတာ အခုချက်ချင်း ငါ စုံစမ်းကြည့်မယ်၊ ငါသွားမယ် အလျှိုရှာ၊ ပိုက်ဆံကိစ္စ အဘိုးကြီးကို အခု ဘာမှမပြောနဲ့တော့၊ ကက်ထရီးနားဆီကို အခုချက်ချင်း သွားလိုက်ပါ၊ မင်းကိုလွှတ်ပြီး ငါက နှုတ်ဆက်ခိုင်းလိုက်တယ် ဆိုတာ ပြောပါ၊ ငါက နှုတ်ဆက်လိုက်တယ်လို့ ပြောပါ၊ ဟုတ်တယ်... သူ့ကို နှုတ်ဆက်ပါ၊ သူ့ကို နှုတ်ဆက်ကြောင်း ပြောပါ၊ သူက အစ်မကို နှုတ်ဆက်သွားတယ်လို့ ပြောပါ၊ အခုဖြစ်တာကို ပြောပြလိုက်ပါ"

ထိုအချိန်မှာပင် အိုက်ဗင်နှင့် ဂရီဂိုရီတို့သည် အဘိုးကြီးကို တွဲယူပြီး

လက်တင်ကုလားထိုင်ပေါ်တွင် ထိုင်စေသည်။ အဘိုးကြီး၏မျက်နှာတွင် သွေးတွေနှင့် ဖြစ်သည်။ သို့သော် သူ သတိရနေသည်။ ဒီမီထရီ အော်ဟစ် ပြောဆိုနေသည်များကို သူ အာရုံစူးစိုက်စွာ နားထောင်နေသည်။ ဂရုရှင်ကာသည် ဤအိမ်ကြီးအတွင်း တနေရာရာတွင် ရှိနေရမည်ဟု သူ ယုံကြည်နေသည်။

ဒီမီထရီသည် အခန်းထဲမှ ထွက်ခွာစဉ်တွင် ကာရာမာဇော့ကို မုန်းတီးစွာကြည့်လျက်..

“ခင်ဗျားကြီးကို အခု လုပ်လိုက်တဲ့အတွက် ကျုပ် နည်းနည်းကလေးမှ နောင်တ မရဘူး၊ ဒီမှာ အဘိုးကြီး၊ ကြပ်ကြပ် သတိထားပါ၊ ခင်ဗျားကြီးရဲ့အိပ်မက်တွေအတွက် သတိထားပါ၊ ကျုပ်မှာလည်း အိပ်မက်တွေ ရှိပါတယ်၊ ကျုပ် ခင်ဗျားကြီးနဲ့ ဘယ်တော့မှ မပတ်သက်တော့ဘူး....”

အခန်းထဲမှ သူ ပြေးထွက်သွားသည်။

“ဂရုရှင်ကာ ဒီမှာရှိတယ်၊ သူ ဒီမှာရှိတယ် ဆိုတာ သေချာတယ်၊ ဆမာယာကော့... ဆမာယာကော့”

အဘိုးကြီး မောပန်းစွာဖြင့်ပြောသည်။ သူ့အသံမှာ မကြားရသလောက်ပင် ဖြစ်သည်။ ဆမာယာကော့ ကို လက်ညှိုးတချောင်းဖြင့် ယပ်ခေါ်နေသည်။

“ဂရုရှင်ကာ ဒီမှာ မရှိဘူး၊ သူ ဒီမှာ မရှိဘူး၊ အလကား အရူးကြီးပဲ” အိုက်ဗင် မနှစ်မြို့ဟန်ဖြင့် ဟစ်အော် ပြောဆိုလိုက်သည်။ “ဘုရား ... ဘုရား လုပ်ကြပါဦး၊ သူ သတိလစ်သွားပြီ၊ ရေ .. ရေ.. မျက်နှာသုတ်ပဝါ၊ မြန်မြန် ဆမာယာကော့”

ဆမာယာကော့ ရေယူရန် ပြေးထွက်သွားသည်။ နောက်ဆုံးတွင် သူတို့သည် အဘိုးကြီးကို အဝတ်အစားများ ချွတ်ပေးကြပြီး အိပ်ခန်းထဲသို့သယ်ဆောင်သွားကာ ခုတင်ပေါ်တွင် တင်ထားလိုက် ကြသည်။ အဘိုးကြီး၏ခေါင်းကို ရေစိုပဝါ တထည်ဖြင့် ပတ်ထားလိုက်ကြသည်။ ကာရာမာဇော့သည် အမူးလွန်သည်က တကြောင်း၊ ပြင်းထန်သော စိတ်ဝေဒနာ ခံစားလိုက်ရသည်က တကြောင်း၊ အကန်အကျောက် ခံလိုက်ရသည်က တ ကြောင်းတို့ကြောင့် ဦးခေါင်းနှင့် ခေါင်းအုံး ထိလိုက်သည်နှင့် တပြိုင်နက်တည်းမှာပင် အိပ်ပျော်သွားပေတော့သည်။

အိုက်ဗင်နှင့် အလျိုရှာတို့သည် ညှော်ခန်းသို့ ပြန်သွားကြသည်။ ဆမာယာကော့သည် ဖန်အိုးအကွဲစများကို သိမ်းဆည်းလျက်ရှိသည်။ ဂရီဂိုရီမှာ သူ့စားပွဲအနီးတွင် ငူငူကြီး ကြမ်းပြင်ကို ငေးစိုက်ကာ ကြည့်နေသည်။

“အဘရော ... မျက်နှာသုတ်ပဝါတထည် ရေဆွတ်ပြီး ခေါင်းမှာပတ်ပြီး ခုတင်ပေါ်မှာ သွားလှဲနေရင် မကောင်းဘူးလား” အလျိုရှာက ဂရီဂိုရီကို

ပြောလိုက်သည်။ "ဖေဖေ့ကို ကျွန်တော်တို့ ကြည့်ထားလိုက်ပါ့မယ်၊ အဘခေါင်းကို အစ်ကို ရိုက်သွားတာ တော်တော်ကလေး ပြင်းတယ်"

"သူ ကျုပ်ကို ဒီလိုလုပ်ရဲတာ အံ့တယ်"

"ဘာဘကို မပြောနဲ့၊ သူ့အဖေကိုတောင် သူ လုပ်ရဲသေးတယ်" အိုက်ဗင်က ပြောလိုက်သည်။

"သူ့ကို ငယ်ငယ်ကတည်းက စည်ပိုင်းထဲမှာ ကျုပ် ရေချိုးပေးလာတာ... သူ ကျုပ်ကို လုပ်ရက်တယ်" ဂရီဂိုရီ ထပ်ပြောသည်။

"မကောင်းဘူး၊ ငါသာ ဆွဲမထားလို့ရှိရင် အဘိုးကြီးကို သူ သတ်မိပြီ၊ အဘိုးကြီးကလည်း ယဲ့ယဲ့ကလေးရယ် မဟုတ်ဘူးလား"

အိုက်ဗင်က အလျှိုရှာကို လေသံဖြင့် ပြောလိုက်သည်။

"ဘုရားသခင် ခွင့်မပြုဘူး" အလျှိုရှာ ပြန်ပြောသည်။

"ဘာဖြစ်လို့ ခွင့်မပြုရမှာလဲ၊ မြွေတကောင်ဟာ တခြား မြွေတကောင်ကို မျိုရမှာပဲ၊ သူတို့နှစ်ယောက် စလုံးဟာ သူ့ထိုက်နဲ့ သူ့ကံပဲ"

အလျှိုရှာ ကြက်သီးမွေးညင်း ထသွားသည်။

"ဒါပေမဲ့ ငါ သူ့ကို အသေမခံဘူး၊ အခု အသေမခံသလိုပဲပေါ့၊ အလျှိုရှာ ... ဒီမှာ ခဏနေဦး၊ ငါ အပြင်ထွက်ပြီး လေကောင်းလေသန့်ကလေး ရှူလိုက်ဦးမယ်၊ ငါ့ခေါင်းတခုလုံး အုံပြီး ကိုက်နေတယ်"

အလျှိုရှာ သူ့ဖခင်အနားသို့ သွားသည်။ ခုတင်အနီးတွင် ထိုင်နေသည်။ တနာရီခန့် ကြာသောအခါ အဘိုးကြီး မျက်လုံးများ ရုတ်တရက် ပွင့်လာပြီး အလျှိုရှာကို အတန်ကြာအောင် ငေးစိုက်ပြီး ကြည့်နေသည်။ တစုံတခုကို စဉ်းစားနေဟန် ရှိသည်။ ပြီးမှ ရုတ်ခြည်းဆိုသလို သူ့မျက်နှာတွင် လှုပ်ရှားတက်ကြွသော သွင်ဟန်များ ပေါ်လာပြီး...

"အလျှိုရှာ၊ အိုက်ဗင်ကော" တိုးညင်းစွာ မေးသည်။

"ခေါင်းကိုက်လို့ဆိုပြီး ခြံထဲ ထွက်သွားတယ်၊ သူ ကျွန်တော်တို့ကို ကင်းစောင့်ပေးနေတယ်"

"ငါ့ကို မှန်ပေးစမ်း၊ ဟိုမှာ ... ပေး ပေး"

အလျှိုရှာက စားပွဲပေါ်ရှိ မှန်အဝိုင်းကလေးကို ယူပြီး ပေးလိုက်သည်။

အဘိုးကြီးသည် သူ့မျက်နှာကို မှန်ထဲတွင် ကြည့်နေသည်။ သူ့နှာခေါင်း ရောင်ကိုင်းနေပြီး ဘယ်ဘက်မျက်ခုံးပေါ်တွင် အညိုအမည်း တခု ရှိနေသည်။

"အိုက်ဗင် ဘာပြောသလဲ၊ အလျှိုရှာ... လူကလေး၊ ဖေဖွေ့သားကလေး၊ အိုက်ဗင်ကို ငါ ကြောက်တယ်၊ အိုက်ဗင်ကို ဒီမီထရီထက်ပိုပြီး ငါကြောက်တယ်၊ ငါ မကြောက်တာ သားတယောက်ပဲ ရှိတယ်"

"အိုက်ဗင်ကို မကြောက်ပါနဲ့၊ သူ ဒေါသဖြစ်နေတယ်၊ ဒါပေမဲ့ ဖေဖွေ့ကို သူ ကာကွယ်ပါလိမ့်မယ်"

"အလျှိုရှာ၊ ဟိုကောင် ဘယ်သွားသလဲ၊ ဂရုရှင်ကာဆီကို သူ သွားပြီ မဟုတ်လား၊ အလျှိုရှာ ငါ့ကို အမှန်ပြောစမ်းပါ၊ ဂရုရှင်ကာ ဒီကို လာသလား မလာဘူးလား"

"သူလာတာ ဘယ်သူမှ မတွေ့ပါဘူး၊ သူ မလာပါဘူး"

"သား သိသလား၊ ဒီမီထရီက သူ့ကို ယူချင်တယ်၊ လက်ထပ်ချင်တယ်"

"ဒီမီထရီကို သူ လက်မထပ်ပါဘူး"

"ဒီမီထရီကို သူ ဘာအတွက်မှ လက်မထပ်ဘူး၊ လက်မထပ်ဘူး၊ လက်မထပ်ဘူး ... လက်မထပ်ဘူး"

အဘိုးကြီး ပီတိသောမနဿ ဖြစ်စွာဖြင့် ရေရွတ်လျက်ရှိသည်။ သူသည် ဝမ်းသာအားရဖြင့် အလျှိုရှာ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့ရင်ဘတ်တွင် တင်းကျပ်စွာ ဖိထားလိုက်သည်။ သူ့မျက်လုံးအိမ်ထဲမှ မျက်ရည်များ အရည်ရွှန်းလဲ့နေကြသည်။

"သား မေမေရဲ့မယ်တော်မာရီ ပုံတော်ကားကို သား ယူသွားပါ၊ စောစောက သားကို ဖေဖေ ပြောတဲ့ ပုံတော်ကားပေါ့၊ သားနေတဲ့ဆီကို ယူသွားပါ၊ နောက်ပြီးတော့ သား ကျောင်းကို ပြန်သွား၊ ဖေဖေ ခွင့်ပြုတယ်၊ ဖေဖေ မနက်က အလကား နောက်တာပါ၊ ဖေဖွေ့ကို စိတ်မဆိုးပါနဲ့၊ ခေါင်းကိုက်လိုက် တာ၊ အလျှိုရှာ ... အလျှိုရှာ၊ ငါ့ကို စိတ်ချမ်းသာအောင် လုပ်စမ်းပါ၊ ငါ့ကို အမှန်ပြောစမ်းပါ"

"ဂရုရှင်ကာ ဒီကို လာ မလာကို ဖေဖေ ထပ်ပြီး မေးနေပြန်တာလား"

အလျှိုရှာက စိတ်မချမ်းမြေ့ဟန်ဖြင့် ပြောလိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ပါဘူး... သားကို ဖေဖေ ယုံပါတယ်၊ ဖေဖေ ပြောနေတာက ဂရုရှင်ကာဆီကို သား သွားစမ်းပါ၊ ဒါမှမဟုတ် သူနဲ့ တွေ့စမ်းပါ၊

သူ့ဆီက အဖြေကို သားကိုယ်တိုင် အမြန်ဆုံး စုံစမ်းကြည့်စမ်းပါ။ သူ ဘယ်သူ့ကို လက်ထပ်မလဲ၊ ငါ့ကိုလား... သူ့ကိုလား၊ အင်း.. အဲ ဘယ်လိုလဲ၊ အဲဒါ သား လုပ်ပေးနိုင်မလား"

"ကျွန်တော် သူနဲ့တွေ့ရင် မေးကြည့်ပါ့မယ်"

အလျှိုရှာ ကသိကအောက် ဖြစ်ဟန်ဖြင့် ပြန်ဖြေသည်။

"ဟင့်အင်း ... သားကို သူပြောမှာ မဟုတ်ပါဘူး၊ သင်းဟာ လျှပ်ပေါ်လော်လည်မပဲ၊ သူ ဘာလုပ်မလဲ၊ သူ သားကိုနမ်းပြီး သူလိုချင်တာ သားပဲလို့ ပြောလိမ့်မယ်၊ သင်းဟာ အလိမ်အညာမပဲ၊ သင်းဟာ အရှက်မရှိတဲ့ ကောင်မပဲ၊ မဟုတ်ဘူး၊ သူ့ဆီကို သား မသွားရဘူး၊ သား မသွားရဘူး"

"အဲဒါတော့ မသင့်လျော်ပါဘူး အဖေ၊ ဒါတော့ မမှန်ပါဘူး"

"ဒီမီထရီက သားကို ဘယ်ကို လွှတ်နေတာလဲ၊ သူ အိမ်ထဲက ပြေးထွက်သွားတုန်းက သားကို ဘယ်ကို သွားခိုင်းတာလဲ"

"ကက်ထရီးနားဆီကိုပါ"

"ပိုက်ဆံကိစ္စလား၊ ကက်ထရီးနားဆီမှာ ပိုက်ဆံတောင်းခိုင်းတာလား"

"ပိုက်ဆံကိစ္စ မဟုတ်ပါဘူး"

"သူ့မှာ ပိုက်ဆံမရှိဘူး၊ ခြူးတပြားမှ မရှိဘူး၊ ဒီမယ် နားထောင် အလျှိုရှာ၊ အဖေ ကနေ့ည အိပ်ရာထဲမှာပဲနေပြီး ပြဿနာတွေကို စဉ်းစားလိုက်ဦးမယ်၊ အဲဒီတော့ သား သွားတော့၊ ဂရုရှင်ကာနဲ့ သား တွေ့ချင်တွေ့မယ်၊ မနက်ဖြန်ကျရင် သားကို အရေးကြီးတာတခု အဖေ ပြောမယ်၊ သား လာမယ် မဟုတ်လား"

"လာပါ့မယ်"

"သားလာလို့ရှိရင်... အဖေ ဘယ်လိုနေသေးသလဲလို့ လာကြည့်တဲ့အနေနဲ့ သားဘာသာ လာတဲ့အနေနဲ့လာ၊ ကြားလား၊ အဖေက ခေါ်လို့လို့ ဘယ်သူ့ကိုမှ မပြောနဲ့၊ အိုက်ဗင်ကို လေသံတောင် မဟနဲ့"

"ဟုတ်ကဲ့ပါ"

"ကောင်းပြီ၊ လူကလေး သွားတော့၊ သားဟာ အခု အဖေ့ဘက်က ရပ်ခဲ့တယ်၊ အဲဒါကို အဖေက ဘယ်တော့မှ မမေ့ဘူး၊ မနက်ဖြန်ကျရင် အဖေ သားကို တခုပြောမယ် ဒါပေမဲ့ အဲဒီကို အဖေ သေသေချာချာ ပြန်ပြီး စဉ်းစားရဦးမယ်"

“အဖေ အခု ဘယ့်နှယ့်နေသေးသလဲ…”

“မနက်ဖြန်၊ မနက်ဖြန်ကျရင် အဖေ ထနိုင်ပါပြီ၊ အပြင်ကို သွားနိုင်ပါပြီ၊ အဖေ နေကောင်းတယ်… နေကောင်းတယ်၊ နေကောင်းတယ်”

အလှျို့ရှာ ခြံဝင်းထဲသို့ ရောက်ရှိသောအခါ ဝင်းတံခါးအနီးရှိ ခုံတန်းကလေးတခုပေါ်တွင် သူ့အစ်ကို အိုက်ဗင် ထိုင်နေသည်ကို တွေ့ရသည်။ အိုက်ဗင်သည် မှတ်စုစာအုပ်ထဲတွင် ခဲတံဖြင့် တစုံတရာ ရေးမှတ်လျက်ရှိသည်။ အလှျို့ရှာက အဘိုးကြီး နိုးနေပြီဖြစ်ကြောင်း၊ သတိရနေကြောင်း၊ မိမိကို ဘုန်းကြီးကျောင်းသို့ ပြန်ခွင့်ပြုကြောင်းတို့ကို အိုက်ဗင်အား ပြောပြလိုက်သည်။

“အလှျို့ရှာ… မနက်ဖြန် မနက်ကျရင် ညီလေးကို အစ်ကို တွေ့ချင်တယ်”

အိုက်ဗင် မတ်တတ်ထရပ်ပြီး ယဉ်ကျေးဖွယ်ရာ ပြောသည်။ သူ၏ ယဉ်ကျေးဖွယ်ရာမှုကို အလှျို့ရှာ များစွာမှပင် အံ့အားသင့်သွားရသည်။

“မနက်ဖြန်ကျရင် ကျွန်တော် ကိုကလာကော့တို့အိမ်ကို သွားစရာရှိတယ်၊ နောက်ပြီးတော့ ကနေ့ည သူနဲ့မတွေ့ဘူးဆိုရင် မနက်ဖြန်ကျရင် ကက်ထရီးနားဆီကိုလည်း သွားရမယ်”

အလှျို့ရှာ ပြန်ပြောသည်။

“ဒါဖြင့် ညီလေး… အခု ကက်ထရီးနားဆီ သွားမလို့ပေါ့ ဟုတ်လား၊ နောက်ဆုံးအနေနဲ့ နှုတ်ဆက်ဖို့ ပဲပေါ့ ဟုတ်လား”

အိုက်ဗင် ခပ်ပြုံးပြုံး ပြောသည်။

အလှျို့ရှာ ကသိကအောက် ဖြစ်သွားဟန်ရှိသည်။

“သူပြောသွားတဲ့ စကားတွေရဲ့အဓိပ္ပာယ်ကို ကိုယ် ကောင်းကောင်း နားလည်ပါတယ်၊ ဒီမီထရီက ညီလေးကို ကက်ထရီးနားဆီ သွားပြီး နောက်ဆုံး နှုတ်ဆက်ခိုင်းတာ မဟုတ်လား…”

“ဒီမယ် အစ်ကို၊ အဖေနဲ့ ဒီမီထရီကိစ္စ ဘယ်လိုဖြစ်မယ် ထင်သလဲ”

အလှျို့ရှာက မေးလိုက်သည်။

“ဒီကိစ္စ ဘယ်လိုမှ အသေအချာ မပြောနိုင်ဘူး၊ ဘာတခုမှ မဖြစ်ဘဲနဲ့လည်း ပြီးသွားနိုင်တယ်၊ အဲဒီမိန်းမက မုဆိုးတပိုင်း မိန်းမရိုင်းပဲ၊ ဘာပဲဖြစ်ဖြစ်… ဖေဖေ့ကို အိမ်ထဲမှာပဲ နေစေပြီး ဒီမီထရီကို မလာစေဘဲ ထားရမယ်”

"ကျွန်တော် နောက်တခု ထပ်ပြီးမေးချင်သေးတယ် အိုက်ဗင်၊ လူတယောက်မှာ တခြားလူတယောက် ကို ဒီလောကကြီးမှာ ရှိသင့် မရှိသင့်ဆိုတာကို ဆုံးဖြတ်ပိုင်ခွင့် ရှိသလား"

"ဘယ်သူရှိသင့်တယ် မရှိသင့်ဘူး ဆိုတာကို ဘာဖြစ်လို့ ဆုံးဖြတ်ချင်ရတာလဲ၊ ပြဿနာက များသောအားဖြင့် လူတွေရဲ့ရင်ထဲမှာ ဆုံးဖြတ်ရတဲ့ ပြဿနာပဲ၊ ဆုံးဖြတ်ပိုင်ခွင့်နဲ့ ပတ်သက်လို့ ပြောရရင်တော့ လူတယောက်မှာ ဘာဖြစ်လို့ ဒီဆန္ဒမျိုး မရှိရမှာလဲ..."

"လူတယောက်ရဲ့ သေဆုံးခြင်းနဲ့ ပတ်သက်လို့ ဖြစ်စေပေါ့"

"လူတယောက်ရဲ့သေဆုံးခြင်းနဲ့ ပတ်သက်လို့ကော ဘာဖြစ်လို့ မရှိရမှာလဲ၊ လူတွေ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ညာချင်ကြတာလဲ၊ လူတွေအားလုံးဟာ ဒီအတိုင်းချည်းပဲ မဟုတ်လား၊ ညီလေးက စောစောက ကိုယ်ပြောသွားတဲ့စကားကို ရည်ညွှန်းပြီး ပြောနေတာ မဟုတ်လား၊ မြွေနှစ်ကောင်ဟာ တကောင်ကိုတကောင် မျိုမှာပဲ၊ အဲဒါနဲ့ပတ်သက်ပြီး ညီလေးကို အစ်ကို တခုမေးမယ်၊ ကိုယ်ဟာ ဒီမီထရီလိုပဲ အဘိုးကြီးကို သွေးထွက်သံယို ဖြစ်စေလိမ့်မယ်.... ဒါမှမဟုတ် သတ်လိမ့်မယ်လို့ ညီလေး ထင်နေသလား..."

"အစ်ကို ဘာပြောတာလဲ၊ ကျွန်တော့်ခေါင်းထဲမှာ ဒီအတွေးမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ဒီမီထရီကလည်း ဒါမျိုး လုပ်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး"

"အဲဒီလို ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် ညီလေး" အိုက်ဗင် ပြုံးပြီးပြောသည်။ "အဘိုးကြီးကို ကိုယ် အမြဲတမ်း ကာကွယ်မယ်ဆိုတာကို ညီလေး သိထားစေချင်ပါတယ်၊ ဒါပေမဲ့ ကိုယ်ရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒနဲ့ ပတ်သက်လို့တော့ ကိုယ့်မှာရှိတဲ့ အခွင့်အရေး တခုလို့ ကိုယ် ယူဆတယ်၊ ကဲ... မနက်ဖြန်မှ တွေ့ကြဦးစို့၊ ကိုယ့်ကို အပြစ်မတင်ပါနဲ့၊ ကိုယ့်ကို လူဆိုးကြီးတယောက်အဖြစ် မမြင်ပါနဲ့"

သူတို့နှစ်ယောက် လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်ကြသည်။ ယခင်က သည်လိုမျိုး တကြိမ်မျှ နှုတ်မဆက်ခဲ့ဖူးပါ။ သူ၏အစ်ကိုသည် သူ့ဘက်သို့ ခြေတလှမ်းတိုးလာခြင်းပင် ဖြစ်သည်။ ဤသို့ ခြေတလှမ်း တိုးလာခြင်းမှာလည်း ရည်ရွယ်ချက်တခုရှိ၍ ဖြစ်ကြောင်း အလျှိုရှာ သိမြင်ခံစားမိပါ သည်။

၁၀။ နှစ်ယောက်အတူ တပြိုင်တည်း

အလျှိုရှာသည် သူလာစဉ်တုန်းကထက်ပင် ပို၍ စိတ်ဓာတ်ကျဆင်းကာ သူ့ဖခင်အိမ်မှ ပြန်ထွက်ခဲ့ သည်။ သူ၏ အတွေးစများသည် တခုနှင့်တခု မဆက်စပ်ဘဲ ပြန့်ကျဲလျက် ရှိသည်။ သည်ကနေ့ တနေ့တာ သူ ကြုံတွေ့ခဲ့ရသော ပဋိပက္ခမှုများမှ ပေါ်ထွက်လာသော အတွေးစများကို တခုတည်း တပေါင်းတည်းဖြစ်အောင် သူ မဆက်စပ်ရဲဘဲ ရှိနေသည်။ သူသည် တကြိမ်တခါမျှ မကြုံဖူးလောက် အောင်ပင် စိတ်ဓာတ်ကျဆင်းလျက် ရှိသည်။ အရာအားလုံးပေါ်တွင် အဓိက ပြဿနာကြီးက လွှမ်းမိုးလျက် ရှိလေသည်။ သူ့ဖခင်၊ သူ့အစ်ကို ဒီမီထရီနှင့် ကြောက်စရာကောင်းသော မိန်းမတို့၏ ပြဿနာသည် မည်သို့ အဆုံးသတ်ချေမည်နည်း ....။

သူသည် ဤကိစ္စတွင် မျက်မြင်သက်သေတဦး ဖြစ်နေတော့သည်။ အချင်းကိစ္စ ဖြစ်ပွားရာတွင် သူကိုယ်တိုင် ရှိနေခဲ့ရပြီး သူတို့သုံးယောက် တယောက်နှင့် တယောက် မျက်နှာချင်းဆိုင်လျက် ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ ဤအထဲတွင် စိတ်ဒုက္ခရောက်ရမည့် သူက သူ့အစ်ကို ဒီမီထရီ တယောက်တည်း ဖြစ်ပေသည်။ သူသည် ဘေးဒုက္ခတခုခု ကြုံတွေ့ဖို့လည်း သေချာနေသည်။

ဤကိစ္စတွင် အလျှိုရှာ ပထမ ထင်ထားသည်ထက် ပိုပြီး အခြားသူများ ပါဝင်ပတ်သက်နေကြသည်။ ထို့အပြင် အသိရခက်သည့် အမှုတခုကလည်း ရှိနေသေးသည်။ အိုက်ဗင်က သူ့ကို အလေးမူလာခြင်း ဖြစ်သည်။ ဤအချက်ကို ကာလကြာမြင့်စွာကတည်းကပင် သူ မျှော်လင့်ခဲ့သည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ သူတို့နှစ်ယောက် ယခုလို နီးစပ်မှု ရှိလာသည့်အတွက် သူ ကြောက်လန့်နေမိ သည်။ နောက်ပြီးတော့ ထိုမိန်းမ နှစ်ယောက်။

ယခုတော့ ထူးဆန်းသည်။ မနက်တုန်းက ကက်ထရီးနားကို သူ တွေ့ရမှာ ဝန်လေးနေခဲ့သည်။ ယခုတော့ သူ့ခြေလှမ်းများ သွက်နေသည်။ ထိုအမျိုးသမီးနှင့် တွေ့လိုက်ရလျှင် ပြဿနာတခု ပြေလည်သွားမည့်အလားပင် ဖြစ်သည်။ သို့ရာတွင် သူ့အစ်ကို ပါးလိုက်သည့်သတင်းကို ပြောကြားရန် ယခုအချိန်တွင် ပို၍ပင် အခက်အခဲရှိနေသည်။ ငွေသုံးထောင် ကိစ္စကလည်း အလိုလို ဆုံးဖြတ်ပြီး ဖြစ်သွားတော့သည်။ သူ့အစ်ကို ဒီမီထရီ ဂုဏ်သိက္ခာ ကျဆုံးဖို့ပဲ ရှိတော့သည်။ သူ့မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ပါ။ သူသည် နက်ရှိုင်းစွာ နစ်မွန်းရန်သာ ရှိတော့သည်။ နောက်ပြီးတော့ အိုက်ဗင်က သူနှင့် သူ့အဖေဖြစ်သောကိစ္စကို ကက်ထရီးနားကို ပြောပြရန်လည်း မှာလိုက်သေးသည်။

မင်းလမ်းမကြီးရှိ ကက်ထရီးနား၏ ကြီးမားကောင်းမွန်သော အိမ်ကြီးသို့

အလျှိုရှာ ရောက်ရှိသွား သောအခါ ညခုနစ်နာရီ ရှိချေပြီ။ မှောင်စပျိုးနေပြီ။ ကက်ထရီးနားသည် ဤအိမ်ကြီးတွင် သူမ၏ အဒေါ်နှစ်ယောက်နှင့် နေထိုင်လျက်ရှိကြောင်း အလျှိုရှာ သိရှိသည်။ သို့သော် အဒေါ်နှစ်ယောက် အနက် တယောက်သည် သူ၏မ အစ်မဝမ်းကွဲ အဂါဖယာ၏ အဒေါ် ဖြစ်ချေသည်။ ကက်ထရီးနား ကျောင်းပြီး၍ ဖခင်အိမ်သို့ ပြန်ရောက်လာသောအချိန်တွင် သူတို့ညီအစ်မကို ထိန်းသိမ်းစောင့်ရှောက် လာခဲ့ရသော အထိန်းတော် အဘွားကြီး ဖြစ်သည်။

နောက်တယောက်ကတော့ မော်စကို အထက်လွှာမှ အမျိုးသမီးကြီးတဦး ဖြစ်သည်။ သို့သော် ယခုအခါတွင် အခြေအနေ လျော့ပါးသွားပြီဖြစ်သည်။ သူတို့နှစ်ယောက်သည် ကက်ထရီးနား ခိုင်းသမျှကို လုပ်ပေးနေကြရသည်ဟု ဆိုသည်။ ကက်ထရီးနားက သူတို့ကို အထိန်းတော်ကြီးများ လောက်သာ သဘောထားပေသည်။ ကက်ထရီးနားသည် နေမကောင်းသဖြင့် မော်စကိုတွင် နေထိုင်လျက်ရှိသော သူမ၏ကျေးဇူးရှင် ဗိုလ်ချုပ်ကြီးကတော် မုဆိုးမကြီး၏ အုပ်ထိန်းမှုကိုသာ ခံယူသည်ဟု ဆိုသည်။ ကက်ထရီးနားသည် တပတ်လျှင် နှစ်ကြိမ် ဆိုသလို ဗိုလ်ချုပ်ကြီးကတော်ထံ စာရေးပြီး သူမ၏ အခြေအနေ အရပ်ရပ်ကို အစီရင်ခံရသည်။

အလျှိုရှာ အိမ်ရှေ့ခန်းသို့ ရောက်ရှိပြီး တံခါးလာဖွင့်ပေးသော အစေခံ မိန်းမအား သူလာရောက် ကြောင်း အိမ်ရှင်များအား ပြောကြားခိုင်းချိန်တွင် သူတို့သည် သူ ရောက်ရှိကြောင်းကို သိရှိနေကြပြီ ဖြစ်သည်။ (သူ လာရောက်သည်ကို သူတို့က ပြတင်းပေါက်မှ မြင်တွေ့ကြရခြင်း ဖြစ်နိုင်သည်)။ ရုတ်ခြည်းဆိုသလိုပင် လှုပ်ရှားသံများ သူ ကြားရသည်။ ပြေးသွားသော ခြေသံများနှင့် ဂါဝန်စ ပွတ်တိုက်သံများ ဖြစ်သည်။ အမျိုးသမီးနှစ်ယောက် သို့မဟုတ် သုံးယောက် ဧည့်ခန်းတွင်းမှ ထွက်ပြေးသွားကြဟန် ရှိသည်။

သူရောက်ရှိလာသည့်အတွက် ဤသို့ ဝရုန်းသုန်းကား ဖြစ်ရသည့်အတွက် အလျှိုရှာ၏ စိတ်ထဲမှာ ဆန်းနေသည်။ သို့သော် အစေခံ မိန်းမသည် သူ့ကို ချက်ချင်းဆိုသလိုပင် ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။

ဧည့်ခန်းမှာ ရောမ အခန်းကျယ်ကြီး ဖြစ်သည်။ ခမ်းခမ်းနားနား ပြည့်ပြည့်ဝဝ မွမ်းမံထားသည်။ တောဆန်ဆန် မဟုတ်ပါ။ ဆိုဖာတွေ၊ ဆက်တီတွေ၊ ညောင်စောင်းတွေ၊ စားပွဲကြီးတွေ၊ စားပွဲလေး တွေ သူ့နေရာနှင့်သူ ဖြစ်သည်။ နံရံပေါ်တွင် ပန်းချီကားတွေ ရှိသည်။ စားပွဲပေါ်တွင် ပန်းအိုးတွေနှင့် ဖန်မီးအိမ်တွေ ရှိသည်။ ပန်းအမျိုးမျိုး ဝေနေသည်။ ပြတင်းပေါက်အနီးတွင် ငါးလှောင်အိမ်တခု လည်း ရှိသည်။

ညနေဆည်းဆာချိန် ဖြစ်သဖြင့် အခန်းထဲတွင် အနည်းငယ် မှောင်နေသည်။ ဆိုဖာတခုပေါ်တွင် ပိုးပဝါတထည် ရှိနေသည်ကို အလျှိုရှာ တွေ့မြင်ရသည်။ ယင်းဆိုဖာပေါ်တွင် မကြာမီကလေးကမှ လူတွေ ထိုင်သွားဟန်ရှိသည်။ ဆိုဖာရှေ့ရှိ စားပွဲပေါ်တွင် သောက်လက်စ ချောကလက် နှစ်ပန်းကန်၊ ကိတ်မုန့်ပန်းကန်၊ စပျစ်သီးခြောက်နှင့် မုန့်အချိုပန်းကန်များ ရှိနေသည်။ တစုံတယောက်ကို ဧည့်ခံထားခြင်း ဖြစ်သည်။ သူသည် ဧည့်ခံပွဲတခုကို အနှောင့်အယှက် ပြုမိကြောင်း အလျှိုရှာ စဉ်းစားမိပြီး မျက်မှောင်ကြုတ်လိုက်သည်။

ထိုအချိန်မှာပင် ခန်းဆီးတခု ပွင့်သွားပြီး ဧည့်ခန်းတွင်းသို့ ကက်ထရီးနား ခြေလှမ်းသွက်သွက်ဖြင့် လျင်မြန်စွာ ဝင်ရောက်လာသည်။ သူမ၏လက်များကို အလျှိုရှာထံသို့ ဝမ်းသာအယ်လဲ ဆန့်တန်းထားသည်။ သူမ၏မျက်နှာတွင်လည်း အပြုံးပန်း ရွှန်းလဲ့ဝေဆာနေသည်။ တချိန်တည်း မှာပင် အစေခံမတဦးသည် ထွန်းညှိထားသော ဖယောင်းတိုင် နှစ်တိုင်ကို ယူလာပြီး စားပွဲတလုံး ပေါ်တွင် ချထားသည်။

"ဘုရားသခင် ... ကျေးဇူးတင်လိုက်တာ၊ မောင်လေး တကယ်ရောက်လာတယ်နော်၊ မောင်လေး လာပါစေဆိုပြီး ဘုရားသခင်ဆီမှာ တို့များ တနေ့လုံး ဆုတောင်းနေခဲ့တယ်၊ ထိုင်ကွယ်"

အလျှိုရှာသည် ကက်ထရီးနား၏အလှကို ပထမအကြိမ်ကတည်းက စွဲငြိခဲ့ရသည်။ လွန်ခဲ့သော သုံးပတ်လောက်က ဒီမီထရီ ခေါ်လာစဉ်ကတည်းက ဖြစ်သည်။ အဲသည်တုန်းကလည်း ကက်ထရီးနားက ခေါ်လာခဲ့ပါဆို၍ ဒီမီထရီက သူ့ကို ခေါ်လာခဲ့ရခြင်း ဖြစ်သည်။ သို့သော် ထိုအခေါက်က သူနှင့် ကက်ထရီးနား စကားသိပ်မပြောကြရပါ။ အလျှိုရှာ ရှက်တတ်မှန်းသိသဖြင့် ကက်ထရီးနားသည် သူ့ကို အေးအေးဆေးဆေး နေစေပြီး ဒီမီထရီနှင့်သာ တချိန်လုံး စကားပြောနေခဲ့ သည်။ အလျှိုရှာ နှုတ်ဆိတ်ပြီး နေခဲ့သည်။ သို့သော် သူ့အနေနှင့် အများကြီး မြင်တွေ့ခဲ့ရသည်။

မာန်မာန ကြီးမားသော မိန်းကလေး၏ နန်းဆန်မှု၊ တည်ကြည်မှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချမှုတို့ကို သူ တွေ့မြင်ရသည်။ ထို့အပြင် သူ့စိတ်ထဲတွင် ထင်မှတ်ထားသည်များ အားလုံး မှန်ကန်ကြောင်းလည်း သိမြင်ရသည်။ သူမ၏ ညိုဝန်းရွှန်းလဲ့သော မျက်လုံးကြီးများသည် သူမ၏ ဖြူလွလွသွယ်လျသော မျက်နှာနှင့် လိုက်ဖက်လှသည်ဟု ထင်ခဲ့၏။ သူ၏အစ်ကို ဒီမီထရီသည် ဤမျက်လုံးများနှင့် သူမ၏ နုအိသော နှုတ်ခမ်းစုံ တို့ကို စွဲမက်တပ်ငြိခဲ့ခြင်းပင် ဖြစ်ပေမည်။ သို့သော် သည်အလှတို့သည် တာရှည်စွာ အချစ်ခံနိုင်သော အရာများကား မဟုတ်ပါချေ။

ယင်းကြောင့်ပင်လျှင် သူတို့နှစ်ယောက် အပြန်ခရီးတွင် ဒီမီထရီက သူ့ချစ်သူအကြောင်း မေးလာ သဖြင့် အလျှိုရှာသည် သူ့စိတ်ထဲတွင် ထင်မြင်ခံစားမိသည်ကို ထုတ်ဖော်မိခဲ့သည်။

"အစ်ကိုဟာ သူနဲ့ ပျော်စရာကလေး ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ငြိမ်းချမ်းတဲ့ ပျော်ရွှင်ခြင်းမျိုးတော့ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်"

"ဟုတ်ပါ့မလား ငါ့ညီ၊ ဒီလိုမိန်းမမျိုးဟာ အမြဲတမ်း တသမတ်တည်း ရှိတတ်ပါတယ်၊ ဘယ်တော့မှ မပြောင်းလဲတတ်ပါဘူး၊ အဲဒီတော့ ကိုယ့်အနေနဲ့ သူ့ကို အမြဲတမ်း ချစ်နေပါ့မလား ဆိုတာကို ညီလေး မတွေးပါနဲ့"

"ကျွန်တော် မပြောတတ်ဘူး၊ အစ်ကိုဟာ သူနဲ့ တသက်လုံးပဲ ပျော်ရွှင်ချမ်းမြေ့သွားနိုင်ပါတယ်၊ ဒါမှမဟုတ် အစ်ကိုဟာ သူနဲ့ အမြဲတမ်း ပျော်ရွှင်သွားချင်မှလည်း သွားနိုင်မယ်"

အလျှိုရှာသည် ထိုအချိန်က သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောမိသည့်အတွက် ရှက်လည်း ရှက်နေသည်။ မဟုတ်သည့်အတွေးများကို ပါးစပ်မှ ထုတ်ပြောမိသည့်အတွက်လည်း သူ့ကိုယ်သူ ဒေါသဖြစ်နေမိသည်။ အကြောင်းမှာ သူသည် ထိုသို့ ပြောလိုက်မိပြီးသည်နှင့် တပြိုင်နက် သူ၏ ထင်မြင်ချက်သည် မဟုတ်မဟတ် နိုင်လှသည်ဟု စိတ်ထဲတွင် ထင်မြင်လိုက်မိသည်။ ထို့အပြင် မိန်းမတယောက်နှင့် ပတ်သက်ပြီး ဤကဲ့သို့ ခိုင်ခိုင်မာမာကြီး ပြောလိုက်မိသည့်အတွက်လည်း ရှက်နေသည်။

အခုအခါ သူ့မှာ များစွာမှ အံ့ဩမိရပြန်သည်။ အခန်းထဲသို့ ပြေးဝင်လာသော ကက်ထရီနားကို ဖျတ်ခနဲ မြင်လိုက်ရရုံဖြင့် သူ၏ထင်မြင်ချက်များ မှားယွင်းသည်ဟု သိလိုက်ရတော့သည်။ ယခုတကြိမ်တွင် မြင်တွေ့လိုက်ရသော သူမ၏မျက်နှာသည် ပကတိ ရိုးသား စင်ကြယ်စွာ ပြုံးလဲ့နေခြင်းပင် ဖြစ်တော့သည်။ ပထမတကြိမ် တွေ့စဉ်က သူ့စိတ်ထဲတွင် ထင်မှတ်ခဲ့သော သူမ၏ 'မာန်မာန' များသည် ယခုအခါတွင် ပွင့်လင်း ရဲရင့်ခြင်းများသာ ဖြစ်နေတော့သည်။

အလျှိုရှာသည် သူမကို တချက်ကြည့်လိုက်ရုံ၊ သူမ၏စကားကို တခွန်း ကြားလိုက်ရုံဖြင့် သူမသည် သူမ၏ချစ်သူနှင့် ပတ်သက်ပြီး တစုံတရာ လျှို့ဝှက်ခြင်း မရှိကြောင်း၊ အရာရာကို သူမ သိရှိပြီး ဖြစ်ကြောင်း ထင်လင်းလျက် ရှိတော့သည်။ ယင်းအတွက်ကြောင့်လည်း သူမ၏မျက်နှာတွင် ယခုကဲ့သို့ တောက်ပကြည်လင်နေခြင်း ဖြစ်သည်။ အနာဂတ်ကို ယုံကြည်မှု ပေါ်လွင်နေခြင်း ဖြစ်သည်။ သူ့အနေနှင့် သူမအပေါ်တွင် မှားယွင်းစွာ ထင်မြင်ခဲ့မိသည်များကို အလျှိုရှာ ရုတ်ခြည်းပင် သိရှိလိုက်ရတော့သည်။

သူသည် ရုတ်ခြည်းဆိုသလိုပင် တဖက်သူ၏ အောင်မြင်ခြင်း အနိုင်ယူခြင်းကို ခံလိုက်ရပေပြီ။ သည့်မျှမကပါ။ သူမ၏ ပထမ စကားတခွန်း နှစ်ခွန်းကို ကြားလိုက်ရရုံဖြင့်ပင် သူမသည် အထူးပင် စိတ်အားတက်ကြွလျက် ရှိကြောင်းကိုလည်း တွေ့ရှိရသည်။ အင်မတန် ပီတိသောမနဿ ဖြစ်နေသည့် သဘောမျိုးပင် ဖြစ်သည်။

"မောင်လေးကို တို့များ သိပ်တွေ့ချင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမှန်တကယ် ဖြစ်နေတာတွေ ကို မောင်လေးဆီကပဲ သိနိုင်တယ်၊ တခြား ဘယ်သူ့ဆီကမှ မသိနိုင်ဘူး"

"ကျွန်တော် လာတာ... ကျွန်တော်... သူ လွှတ်လိုက်လို့..."

အလျှိုရှာ ဗလုံးဗထွေး ပြန်ပြောလိုက်သည်။

"အို မောင်လေးကို သူ လွှတ်လိုက်တာ ဟုတ်လား... မောင်လေးကို သူ လွှတ်လိုက်လိမ့်မယ်လို့ တို့စိတ်ထဲမှာလည်း ထင်နေတယ်၊ အခု တို့ သိပြီ၊ တို့ အားလုံးသိပြီ"

မျက်တောင်များကို တဖျပ်ဖျပ်ခတ်ရင်း ကက်ထရီးနား ရွတ်ဆိုလိုက်သည်။ ထို့နောက်...

"ခဏနေဦး ... မောင်လေးကို တို့ ဘာဖြစ်လို့ ဒါလောက် တွေ့ချင်နေတယ် ဆိုတာကို အရင်ဆုံး ပြောပြဦးမယ်၊ ဒီမယ် မောင်လေး သိလား၊ တို့များဟာ မောင်လေး သိထားတာထက် အများကြီး ပိုသိတယ်၊ မောင်လေးအနေနဲ့ တို့များကို ဘာမှ ပြောစရာမလိုဘူး၊ မောင်လေးဆီက တို့များ ဘာသိချင်တယ်ဆိုတာကို တို့များ ပြောမယ်၊ တို့များ သိချင်တာက သူ့အပေါ်မှာထားတဲ့ မောင်လေးရဲ့ နောက်ဆုံးထင်မြင်ချက်ပဲ၊ တို့များကို မောင်လေး ရှင်းရှင်းပြတ်ပြတ် ပြောစေချင်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောစေချင်တယ်၊ (တို့ကို မောင်လေး ကြိုက်သလောက် ရိုင်းရိုင်းစိုင်းစိုင်း ပြောနိုင်တယ်) မောင်လေး ကနေ့ သူနဲ့ တွေ့ပြီးတဲ့နောက်မှာ သူ့ကို မောင်လေး ဘယ်လိုထင်မြင်တယ်ဆိုတာကို ပြောစေချင်တယ်၊ မောင်လေး ပြောတာဟာ သူ့ကို မတွေ့ခင်တော့ တို့များကို သူကိုယ်တိုင်ပြောတာထက် အများကြီး ကောင်းလိမ့်မယ်၊ မောင်လေးဆီက တို့များ ဘာလိုချင်တယ်ဆိုတာ မောင်လေး သဘောပေါက်ပြီလား၊ သူပါးလိုက်တဲ့ သတင်းဟာ ဘာလဲဆိုတာ တို့များကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ (မောင်လေးကို တို့များဆီကို သူ လွှတ်လိုက်တယ်ဆိုတာ တို့များ သိပါတယ်) သူပြောလိုက်တဲ့ စကားကို တလုံးမကျန် ပြောစမ်းပါ မောင်လေး"

"သူ ကျွန်တော့်ကို မှာလိုက်တာကတော့... မမကို

နှုတ်ဆက်လိုက်ပါတယ်တဲ့၊ သူ မမဆီကို ဘယ်တော့မှ မလာတော့ဘူးတဲ့ ... မမကို နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ်တဲ့”

“နောက်ဆုံး နှုတ်ဆက်လိုက်တယ် ဟုတ်လား၊ သူ ဒီလိုပဲ ပြောလိုက်သလား...”

“ဟုတ်ပါတယ်”

“သူ မှားပြောတာ မဖြစ်နိုင်ဘူးလား၊ စကားလုံး အသုံးမှားတာ မဖြစ်နိုင်ဘူးလား”

“မမှားပါဘူး၊ သူ ကျွန်တော့်ကို သေသေချာချာ မှာလိုက်တာပဲ။ ‘နောက်ဆုံး နှုတ်ဆက်လိုက်တယ်လို့ ပြောပါတဲ့’ ဒီစကားကိုပြောဖို့ မမေ့ဖို့ သူ ကျွန်တော့်ကို သုံးကြိမ် သုံးခါတိတိ မှာပါတယ်”

ကက်ထရီးနား မျက်နှာ နီရဲလာသည်။

“တို့များကို ကူညီပါ အလက်ဇီ၊ အခုအတိုင်းဆိုရင် တို့များဟာ မောင်လေးရဲ့အကူအညီကို အများဆုံး လိုလာပြီ၊ တို့များ ထင်တာကို ပြောမယ်၊ အဲဒါ မှန် မမှန်ကို မောင်လေး ပြောပါ၊ ဒီမယ် မောင်လေး၊ တကယ်လို့သာ သူ့ရဲ့နှုတ်ဆက်စကားကို ဒီအတိုင်းပဲ ပြောလိုက်ရင်၊ အလေးအနက်ကြီး လုပ်ပြီး မပြောခဲ့ရင်၊ မမေ့ဖို့ ထပ်တလဲလဲ မမှာခဲ့ရင်တော့ အားလုံးဟာ ဆုံးခန်းတိုင်ပြီပဲ။ ဒါပေမဲ့ သူက ဒီစကားကို အထူးပြုပြီး ပြောလိုက်လို့ရှိရင် ဒီစကားကို မောင်လေး မမေ့ဖို့ သူက အထူးမှာလိုက်တယ် ဆိုရင်... သူ့စိတ်တွေ ကယောက်ကယက် ဖြစ်နေလို့ ပြောလိုက်တာပဲ ဖြစ်ရမယ်၊ သူ ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်ကို သူ ကြောက်နေလို့ပဲ ဖြစ်ရမယ်၊ သူဟာ တို့များကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး ခွာသွားတာ မဟုတ်ဘူး၊ လွှားခနဲ ခုန်လိုက်တာမျိုးပဲ ဖြစ်မယ်၊ ဒီစကားကို ထပ်တလဲလဲ ပြောနေတာ ကိုက သူ့ကိုယ်သူ သိဒ္ဓိတင်ပြီး ပြောနေတာပဲ”

“ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ ထင်တယ်”

အလျှိုရှာက လှိုက်လှိုက်လှဲလှဲ သဘောတူလိုက်သည်။

“ဟုတ်ပြီ၊ အဲဒီလိုဆိုရင် သူဟာ လုံးဝ ဆုံးရှုံးမသွားသေးဘူး၊ သူ့ကို တို့များ ကယ်တင်နိုင်သေးတယ်၊ ဒါပေမဲ့ ခဏနေဦး၊ မောင်လေးကို သူ ပိုက်ဆံအကြောင်း စကားစပ်လို့ ပြောသေးသလား၊ ငွေသုံးထောင် အကြောင်း...”

“ပြောတယ်၊ အဲဒါကြောင့် သူ စိတ်ညစ်နေတာပဲ၊ သူ့မှာ ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူးတဲ့၊ အခုအချိန်မှာ သူ ဘာဖြစ်ဖြစ် ဂရုမစိုက်တော့ဘူးတဲ့”

အလျှိုရှာ စိတ်အားထက်သန်စွာ ပြန်ပြောသည်။ မျှော်လင့်ချက် ရောင်ခြည်သစ်တခုကို တွေ့ရှိရသည့် အလား ဖြစ်သည်။ သူ့အစ်ကိုအတွက် တကယ်ပင် ထွက်ရပ်လမ်းတခုကို တွေ့ရှိလိုက်ရသည့်အလား ဖြစ်သည်။

“ဒါနဲ့ အဲဒီပိုက်ဆံအကြောင်း မမ သိသလား”

သူ မေးလိုက်ပြီး စကားစကို ဖြတ်လိုက်သည်။

“အဲဒီအကြောင်း တို့များသိတာ ကြာလှပြီ၊ ဘာဖြစ်တယ်ဆိုတာ အကုန်လုံး ခရေစေ့တွင်းကျ တို့များ သိတယ်၊ မော်စကိုကို တို့များ ကြေးနန်းရိုက်ပြီး မေးကြည့်တော့ မရောက်ဘူးဆိုတာ သိရတယ်၊ အဲဒီပိုက်ဆံကို သူ ပို့ကို မပို့ခဲ့ဘူး၊ ဒါပေမဲ့ တို့များ ဘာမှမပြောခဲ့ဘူး၊ ပြီးခဲ့တဲ့အပတ်ကတော့ သူ ပိုက်ဆံ ဘယ်လောက်လိုနေတယ်ဆိုတာ တို့များ သိရတယ်၊ အခုထက်ထိလည်း သူ လိုနေတုန်းပဲ၊ ဒီနေရာမှာ တို့များလိုချင်တာ တခုပဲရှိတယ်၊ ဘယ်သူ့ကို မိတ်ဖက်ပြုရမယ်ဆိုတာကို သူ သိစေချင်တယ်၊ တို့များဟာ သူ့ရဲ့ မိတ်စစ်ဆွေစစ်တယောက်ပဲ၊ ဒါပေမဲ့ တို့များဟာ သူ့ရဲ့ မိတ်စစ် ဆွေစစ် တယောက်ဆိုတာ သူ မယုံချင်ဘူး၊ တို့များအကြောင်းကို သူ မသိဘူး၊ သူဟာ တို့များကို မိန်းမတယောက်အနေနဲ့ပဲ မြင်နေတယ်၊ တို့များဟာ ဒီတပတ်လုံးလုံး အရမ်းစိတ်ပူနေတယ်၊ အဲဒီ ငွေသုံးထောင်ကို သူ သုံးပစ်လိုက်တဲ့အတွက် တို့များရဲ့ရှေ့မှာ သူ အရှက်မကွဲရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို တို့များ စဉ်းစားခဲ့တယ်။

“တို့များဆိုလိုတဲ့ အဓိပ္ပာယ်က သူ့ဘာသူ အရှက်ကွဲချင် ကွဲပါစေ၊ သူများတွေရှေ့မှာ အရှက်ကွဲချင် ကွဲပါစေ၊ ဒါပေမဲ့ တို့များရဲ့ရှေ့မှာတော့ အရှက်မကွဲစေချင်ဘူး၊ သူဟာ မရှက်မကြောက်ဘဲနဲ့ ဘုရားသခင်ဆီမှာ အားလုံး ဝန်ခံနိုင်တယ်၊ တို့များဟာ သူ့အတွက် ဘာမဆို အဆင်သင့် ရှိနေတယ် ဆိုတာကို သူ ဘာဖြစ်လို့ မသိရတာလဲ၊ သူ ဘာဖြစ်လို့ တို့များကို နားမလည်ရတာလဲ၊ ဒီကိစ္စတွေ အားလုံး ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူ ဘာဖြစ်လို့ တို့များကို မသိနားမလည်ရတာလဲ၊ တို့များဟာ သူ့ကို အမြဲတမ်း ကယ်တင်ဖို့ အဆင်သင့် ရှိနေတယ်၊ တို့များဟာ သူနဲ့ စေ့စပ်ထားတဲ့ မိန်းကလေး တယောက်ဆိုတာ သူ မေ့ထားစေချင်တယ်၊ သူဟာ တို့များရဲ့ရှေ့မှာ အရှက်ကွဲမှာ.. သိက္ခာကျမှာ သိပ်စိုးရိမ်နေတယ်။ သူဟာ မောင်လေးနဲ့ကျတော့ ဘာဖြစ်လို့ မစိုးရိမ် မကြောက်လန့်ရတာလဲ၊ တို့များဟာလည်း ဒီအတိုင်းပဲ အခွင့်အရေး ရှိသင့်တယ် မဟုတ်လား...”

နောက်ဆုံး စကားလုံးများကို သူမက မျက်ရည်စက်လက်ဖြင့် ပြောသည်။ သူမ၏ မျက်လုံးအိမ်များမှ မျက်ရည်များ သွန်ကျလျက်ရှိသည်။

“မမကို ကျွန်တော် ပြောမယ်၊ စောစောကလေးက ဖေဖေနဲ့ သူနဲ့

ဘာဖြစ်ကြတယ်ဆိုတာ ကျွန်တော် ပြောပြမယ်”

အလျှိုရှာက သူမကဲ့သို့ပင် တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။ ဖြစ်ပျက်သမျှ အလုံးစုံ သူ ပြောပြသည်။ သူ့ကို ပိုက်ဆံတောင်းရန် လွှတ်လိုက်သည့်အကြောင်း၊ ဧည့်ခန်းအတွင်းသို့ ဒီမီထရီ ရောက်လာသည့်အကြောင်း၊ ဖခင်ကို ရန်ပြုသည့်အကြောင်း၊ ထို့နောက် သူမကို နှုတ်ဆက်စကား ပြောရန် လွှတ်လိုက်သည့်အကြောင်းတို့ ဖြစ်သည်။

“အဲဒီ အမျိုးသမီးဆီကို သူ သွားပြီ”

အလျှိုရှာ တိုးညင်းစွာ ပြောလိုက်သည်။

“အဲဒီအမျိုးသမီးကို တို့များ မရှင်းနိုင်ဘူးလို့ မောင်လေး ထင်သလား၊ သူ ထင်နေသလား၊ အဲဒီအမျိုးသမီးကို သူ လက်မထပ်ပါဘူး” သူမ ရုတ်တရက် ရယ်လိုက်သည်။ ထို့နောက် “ကာရာမာဇော့တယောက်ဟာ ဒီလို တဏှာရမ္မက်မှာ အမြဲတမ်း တောက်လောင်နေနိုင်သလား၊ အခုဥစ္စာက တဏှာရမ္မက်ပဲ၊ အချစ် မဟုတ်ဘူး၊ ဒီအမျိုးသမီးကို သူ လက်မထပ်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အမျိုးသမီးက သူ့ကို လက်မထပ်လို့ပဲ”

ဤတကြိမ်တွင်လည်း ရုတ်ခြည်းဆိုသလို ကက်ထရီးနား ထူးဆန်းစွာ ပြုံးလိုက်ပြန်သည်။

“အမျိုးသမီးကို သူ လက်ထပ်လိမ့်မယ်”

အလျှိုရှာ မျက်လွှာချပြီး ဆွေးဆွေးမြည့်မြည့် ပြောလိုက်သည်။

“အမျိုးသမီးကို သူ လက်မထပ်ပါဘူး၊ မောင်လေးကို တို့များပြောမယ်၊ ဒီအမျိုးသမီးက သူတော်ကောင်းမကလေးပဲ၊ အဲဒါ မောင်လေး သိသလား ...၊ အဲဒါ မောင်လေး သိသလား”

ကက်ထရီးနား ရွှတ်ဆိုသည်။ ရုတ်ခြည်းဆိုသလိုပင် သူမ တက်တက်ကြွကြွ ရှိလာသည်။

“သူဟာ ထူးဆန်းတဲ့ သတ္တဝါတွေထဲမှာ အထူးဆန်းဆုံး သတ္တဝါတဦးပဲ၊ သူဟာ ဘယ်လောက် ဖမ်းစားနိုင်တယ်ဆိုတာ တို့များ သိပါတယ်၊ ဒါပေမဲ့ သူဟာ လူကောင်းတယောက်ဆိုတာ တို့များ သိတယ်၊ သူဟာ ခိုင်ကျည်တယ်၊ မြင့်မြတ်တယ်၊ မောင်လေး ဘာဖြစ်လို့ တို့များကို အဲဒီလို စိုက်ကြည့်နေတာလဲ၊ တို့များပြောတဲ့ စကားတွေကို မောင်လေး အံ့သြနေသလား၊ တို့များပြောတာကို မောင်လေး မယုံဘူးလား၊ ဂရုရှင်ကာရေ .. သူတော်ကောင်းမလေးရေ”

ကက်ထရီးနားက တဖက်ခန်းဘက်သို့လှည့်ပြီး တစုံတယောက်ကို ရုတ်တရက် ခေါ်လိုက်သည်။

"ထွက်ခဲ့ပါကွယ်၊ သူက လူကောင်းတယောက်ပါ၊ အလျှိုရှာပါ၊ တို့များအကြောင်းတွေ အားလုံးကို သူသိပါတယ်၊ ဒီမှာလာပြီး သူ့ကို တွေ့လှည့်စမ်းပါ"

"အစ်မခေါ်မှာကို ကျွန်မ ကန့်လန့်ကာနောက်ကနေ အသင့် စောင့်နေပါတယ်" ချိုမြသော မိန်းမသံ တခု အတွင်းဘက်မှ ထွက်ပေါ်လာသည်။ ကန့်လန့်ကာ ပွင့်သွားသည်။ ဂရုရှင်ကာ ရယ်ရယ်မောမော မြူးမြူးကြွကြွဖြင့် စားပွဲဆီသို့ လျှောက်လာသည်။ အလျှိုရှာကို တစုံတခုက ထိန်းချုပ်လိုက်သည့် အလား ဖြစ်သွားသည်။ သူ့မျက်လုံးများသည် ဂရုရှင်ကာ၏ကိုယ်တွင် သံမှိုစွဲနှက်သကဲ့သို့ ရှိသည်။ သူမထံမှ လုံးဝ မလွှဲဖယ်နိုင်အောင် ဖြစ်သွားသည်။

လက်စသတ်တော့ သူပါပဲကလား၊ 'မုဆိုးတပိုင်း မိန်းမရိုင်း' ဟု လွန်ခဲ့သော နာရီဝက်လောက်က အိုက်ဗင် စိတ်ဆိုးဆိုးနှင့် ခေါ်ခဲ့သော ကြောက်မက်ဖွယ်ရာသော မိန်းမပင်တကား...။

သို့သော် သူမကို ကြည့်လိုက်သောအခါ သူ့ရှေ့တွင် ရပ်နေသော အမျိုးသမီးမှာ ရိုးရိုးသာမန် လူသားတယောက်သာ ဖြစ်ပါသည်။ သဘောသကာယ ကောင်းမွန်သော၊ သနားကြင်နာတတ်သော၊ လှပသော အမျိုးသမီးတယောက်သာ ဖြစ်ပါသည်။ သည့်ထက်ပိုပြီး သေချာအောင် ပြောရလျှင် သူမသည် တခြား လှပသော 'သာမန်' အမျိုးသမီး တယောက်ပင် ဖြစ်ပါသည်။ သူမသည် အင်မတိ အင်မတန် ကြည့်၍ လှပသော အမျိုးသမီးတယောက် ဖြစ်သည်တော့ မှန်သည်။ ယောကျ်ားများ အထူးပင် မက်မောတပ်မက်သော ထုံးတမ်းစဉ်လာ ရုရှားအလှပင် ဖြစ်သည်။

သူမသည် အရပ်အမောင်းကောင်းသော အမျိုးသမီးတယောက်ဖြစ်သည်။ သို့သော် ကက်ထရီးနားနှင့် စာလျှင်တော့ အနည်းငယ် ပုနေသည်။ ကက်ထရီးနားက အထူးတလည်ပင် အရပ်အမောင်း ထောင်မောင်းသူတဦး ဖြစ်သည်။

သူမ၏ ကိုယ်ခန္ဓာ လှုပ်ရှားမှုများက အိစက်ညက်ညောလှသည်။ ညင်သာသိမ်မွေ့လှသည်။ သူမ၏ အသံသည်ပင် ချိုလွင်လျက်ရှိသည်။

သူရှိရာသို့ သူမ လျှောက်လာသည်။ သို့သော် ကက်ထရီးနားလို သိုးသိုးသွက်သွက်ကြီး မဟုတ်ပါချေ။ ညင်ညင်သာသာကလေးသာ ဖြစ်သည်။ ကြမ်းပြင်ပေါ်တွင် လျှောက်လာသော သူမ၏ခြေသံက မကြားရသလောက်ပင် ဖြစ်သည်။ သူက လက်တင် ကုလားထိုင်တလုံးပေါ်တွင် ညင်သာစွာ

ထိုင်ချလိုက်သည်။ သူမ၏ မဟူရာ ပိုးဝတ်စုံမှ တိုးညင်စွာ ထိခတ်သံများ ထွက်ပေါ်လာသည်။ သူမ၏ ဖြူလွင်သော လည်တိုင်နှင့် လက်မောင်းများပေါ်တွင် အဖိုးထိုက်တန်သော သိုးမွေးတဘက် အနက် တထည်ကို လွှမ်းခြုံထားသည်။

သူမသည် အသက် နှစ်ဆယ့်နှစ်နှစ် ရှိပြီဖြစ်ပြီး သူမကို ကြည့်ရသည်မှာ ထိုအရွယ်ဟုပင် ထင်ရသည်။ သူမ၏မျက်နှာက ဖြူလွင်နေသည်။ ပါးပြင်နှစ်ဖက်တွင် ပန်းနုရောင် ဖျော့ဖျော့ကလေး သန်းယှက်နေ သည်။ သူမ၏မျက်နှာမှာ အနည်းငယ် ဝန်းဝိုင်းသည်ဟု ထင်ရသည်။ အောက်မေး မသိမသာ ကားထွက်နေသည်။ သူမ၏ အထက်နှုတ်ခမ်းက ပါးလျပြီး အောက်နှုတ်ခမ်းက ပြည့်ဖြိုးလျက် ရှိသည်။ မသိမသာကလေး ငုံဖူးနေသလားဟုပင် ထင်ရသည်။

သို့ရာတွင် သူမ၏ ညိုမှောင်ချောမွတ်သော ဆံကေသာ၊ နက်မှောင်မှိုင်းညို့သော မျက်လုံး၊ ကော့ရွန်းသော မျက်တောင်၊ ရွှန်းစိုပြာလဲ့သော မျက်လုံးများက သူမကို လူအုပ်ထဲတွင် တကြိမ် တွေ့မြင်လိုက်ရလျှင် တသက်လုံး မှတ်မိနေစေနိုင်သော မျက်နှာမျိုး ဖြစ်သည်။

သို့သော် သည်မျက်နှာတွင် အလျှိုရှာ အစွဲငြိဆုံးကတော့ ကလေးဆန်သော အသွင်အလျာပင် ဖြစ်သည်။ သူမကို ကြည့်ရသည်က ကလေးတယောက်နှင့် တူသည်။ သူမမှာ ကလေးငယ်တယောက် ၏ ကြည်နူးမှုမျိုးရှိသည်။ စားပွဲအနီးသို့ သူမ ချဉ်းကပ်လာပုံက အထူးအဆန်းတခုကို တွေ့ရန် မျှော်လင့်ထားသည့် ကလေးတယောက်၏ ပုံဟန်မျိုးနှင့် ဖြစ်သည်။

သူမ၏ အမူအရာက လူတယောက်၏ စိတ်နှလုံးကို ရွှင်ပြုံးနိုင်စေသည်ဟု အလျှိုရှာ မှတ်ယူမိသည်။ သူမနှင့်ပတ်သက်ပြီး သူ့မှာ ခံစားမိတာတခု ရှိသေးသည်။ သို့သော် ယင်းအချက်သည် ဘာဖြစ်ကြောင်းကို သူ မဖော်ပြတတ်ပါ။ သို့သော် သူ့စိတ်ထဲမှာ အလိုလိုတော့ သိနေသည်။ ယင်းမှာ သူမ၏ နူးညံ့မှု၊ သိမ်မွေ့စွာ လှုပ်ရှားမှု၊ ဆင်မယဉ်သာကဲ့သို့ ညင်သာသော လှုပ်ရှားမှုများပင် ဖြစ်ပါသည်။

သူမ၏ရွေ့လျားမှုများ ပေါ့ပါးညင်သာလှသော်လည်း သူမ၏ကိုယ်ခန္ဓာ ဖွံ့စည်း တည်ဆောက်ထား သည်မှာကား ပြည့်ဖြိုး တောင့်တင်းလှပေသည်။ သူမ၏ခြုံပဝါအောက်တွင် ရှိနေသည့် ပြည့်ဖြိုးသော ရင်အုံကို ကောင်းစွာ မြင်တွေ့နိုင်ပါသည်။ သူမ၏ ကိုယ်ခန္ဓာ အနေအထားက မိလိုကျွန်းက အလှနတ်ဘုရားမ ရုပ်တုအတိုင်းပင် ပြေပြစ်တင့်တယ်လှပေသည်။

ဂရုရှင်ကာကိုကြည့်ပြီး ရုရှား မိန်းမကျမ်းကျေသူများက တခုတော့ ပြောနိုင်သည်။ သည်လို ပျိုမျစ်လှပမှုမျိုးသည် အသက်သုံးဆယ်အရွယ်လောက် ရောက်လျှင်တော့ ပျက်ပြားသွားနိုင်သည်။ သူမ၏မျက်နှာ ပွယောင်းယောင်း ဖြစ်လာမည်၊ အတွန့်အရေးတွေ ထင်လာမည်၊ အသားအရေတွေ ကြမ်းပြီး နီလာမည်၊

သူမ၏အလှက တဒင်္ဂအလှမျိုးသာ ဖြစ်သည်။ ထာဝရ မတည်မြဲသော အလှသာ ဖြစ်သည်။ ရုရှား အမျိုးသမီးများ၌ တွေ့ ရမြဲဖြစ်သော အလှ ဖြစ်သည်။

သို့သော် အလျှိုရှာသည် သည်အချက်ကို မစဉ်းစားပါချေ။ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်မိတာ တခုပဲ ရှိသည်။ သည်အမျိုးသမီးသည် စကားပြောသည့်နေရာတွင် အဘယ်ကြောင့် ရိုးရိုးသာမန် မပြောဘဲ ချွဲချွဲညူညူကလေး ပြောရချေသနည်း။ ချွဲချွဲညူညူ ပြောဆိုခြင်းက လူတဖက်သားကို ဖမ်းစားနိုင် သည်ဟု သူမ ယူဆသောကြောင့် ဖြစ်ပေသည်။ ဤအချက်ကတော့ အဆင့်အတန်းနိမ့်ရာ၊ အောက်တန်းကျရာကို ပြနေသည်။ သူမ၏ပြောပုံဆိုပုံနှင့် သူမ၏လှုပ်ရှားပုံတို့က ဘယ်သို့မှ မအပ်စပ်ဘဲ ရှိနေသည်။

ကက်ထရီးနားက သူမကို အလျှိုရှာနှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ကုလားထိုင်တလုံးတွင် ထိုင်စေသည်။ ထို့နောက် ဂရုရှင်ကာ၏ ပြုံးလဲ့သော နှုတ်ခမ်းများကို အကြိမ်ပေါင်းများစွာ အားပါးတရ နမ်းနေသည်။ သူမသည် ဂရုရှင်ကာကို ကြိုက်နေသည့်အလားပင် ဖြစ်သည်။

"တို့များနှစ်ယောက် ပထမဆုံးအကြိမ် တွေ့ဖူးကြတာပဲ" ဟု ကက်ထရီးနားက အလျှိုရှာကို စိတ်အားတက်ကြွစွာဖြင့် ပြောသည်။ "တို့များက သူ့ကို သိချင်နေတယ်၊ တွေ့ချင်နေတယ်၊ တို့များ သူ့ဆီကို သွားချင်နေတယ်၊ ဒါပေမဲ့ တို့များ သွားချင်တယ်လို့ စိတ်ကူးလိုက်တုန်းမှာပဲ တို့များဆီကို သူ ရောက်လာတာပဲ၊ ပြဿနာအားလုံးကို သူ ပြေလည်အောင် ဖြေရှင်းမှာပဲဆိုတာ တို့ သိထားတယ်၊ တို့များရဲ့စိတ်ထဲမှာ ဒီလိုပဲ စွဲနေတယ်။ ဒါပေမဲ့ ဒေါ်ဒေါ်တို့က ဒီခြေလှမ်းကို မလှမ်းဖို့ တားနေကြ တယ်၊ ဒါပေမဲ့ တို့များကတော့ အကောင်းတခု ဖြစ်လာမှာပဲလို့ တွက်ထားတယ်၊ အခု တို့များ တွက်ထားတာ မမှားဘူးပေါ့၊ ဂရုရှင်ကာက တို့များကို အားလုံးရှင်းပြတယ်၊ သူ ဘာလုပ်မယ် ဆိုတာတွေကို ပြောပြတယ်။ သူဟာ ဒီကို သူတော်ကောင်းမလေးတယောက်အဖြစ်နဲ့ ရောက်လာပြီး သူနဲ့အတူ သုခ ချမ်းသာနဲ့ ငြိမ်းချမ်းမင်္ဂလာတွေကို သယ်ဆောင်လာတယ်..."

"အစ်မလေး ကျွန်မကို အထင်မသေးပါဘူးနော်"

ဂရုရှင်ကာ ပြုံးလဲ့လဲ့ မျက်နှာထားဖြင့် ဆွဲဆွဲငင်ငင်ကလေး ပြောလိုက်သည်။ "ကဝေမကလေး၊ မင်း ဘယ်လိုပြောလိုက်တာလဲ၊ တို့များ မင်းကို နည်းနည်းကလေးမှ အထင်မသေးပါဘူး၊ မင်းနှုတ်ခမ်းကို တို့များက တခါ နမ်းဦးမယ်၊ မင်းရဲ့အောက်နှုတ်ခမ်းက ဖူးနေတယ်လို့ ထင်ရတယ်၊ အင်း... ပိုပြီးတော့ ဖူးဖူးသွားအောင် နမ်းရမယ်၊ ပိုပြီးတော့ ဖူးဖူးသွားရမယ်... ကြည့်စမ်း အလက်ဇီ၊ သူ ဘယ်လိုမျိုး ကလေး ရယ်နေသလဲဆိုတာ၊ ဒီလို သူတော်ကောင်းမလေးကို မြင်ရတာ လူတယောက်ရဲ့ စိတ်နှလုံးကို ဘယ်လောက် ရွှင်ပြုံးစေသလဲ..."

အလျှိုရှာမျက်နှာ ရဲသွားသည်။ သူ့တကိုယ်လုံး သိမ့်ခနဲဖြစ်သွားသည်။ "အစ်မလေးဟာ ကျွန်မအပေါ် မှာ ကောင်းလွန်းလှတယ်၊ ဒါပေမဲ့ ကျွန်မဟာ အစ်မလေးရဲ့ အနမ်းတွေနဲ့ မထိုက်တန်ပါဘူး"

"မထိုက်တန်ဘူး ဟုတ်လား... သူနဲ့ မထိုက်တန်ဘူး ဟုတ်လား..." ကက်ထရီးနား စိတ်လှုပ်ရှားစွာ ဖြင့် ဟစ်အော်လိုက်သည်။ "ဒီမယ် အလက်ဇီ၊ တို့များဟာ ဇွတ်တရွတ်နိုင်တယ်၊ ခေါင်းမာတယ်၊ မာနကြီးတယ်၊ တို့များဟာ သဘောထားကြီးတယ်၊ စေတနာ ကောင်းတယ်၊ အဲဒါကို မောင်လေး မသိဘူး၊ တခုပဲရှိတယ်၊ တို့များဟာ ကံဆိုးတယ်၊ တို့များဟာ သစ္စာမရှိတဲ့ ယောကျ်ားတယောက် အတွက် အနစ်နာခံ လွယ်လွန်းတယ်။

"အဲဒီလို ယောကျ်ားမျိုးတယောက် ရှိတယ်၊ သူက စစ်ဗိုလ်တယောက်ပဲ၊ တို့များ သူ့ကို ချစ်မိတယ်၊ သူ့အတွက် အနစ်နာခံမိတယ်... ကြာတော့ကြာပြီ၊ ငါးနှစ်လောက် ရှိပြီ၊ တို့များကို သူ မေ့သွားတယ်၊ သူ လက်ထပ်သွားတယ်၊ အခုတော့ သူ မုဆိုးဖို ဖြစ်နေတယ်၊ တို့ဆီကို စာရေးတယ်၊ သူ ဒီကို လာနေပြီ။ တခုတော့ သိထားစေချင်တယ်၊ တို့ ချစ်တာ သူတယောက်ပဲရှိတယ်၊ တခြား ဘယ်သူ့ကိုမှ မချစ်ဘူး၊ သူ့ကိုပဲချစ်တယ်၊ သူ့ကို တို့များ တသက်လုံး ချစ်မိတယ်၊ အခုထက်ထိလည်း ချစ်နေတုန်းပဲ၊ သူ ရောက်လာလိမ့်မယ်၊ အဲဒီအခါမှာ ဂရုရှင်ကာကလေးဟာ ပျော်ရွှင်ချမ်းမြေ့ရလိမ့်မယ်။

"ဘာဖြစ်လို့လဲဆိုတော့ ဂရုရှင်ကာဟာ လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရတယ်၊ ဆင်းရဲဒုက္ခ ရောက်ခဲ့ရတယ်၊ ဒါပေမဲ့ သူ့ကို ဘယ်သူ မကောင်းပြောသလဲ၊ သူနဲ့ပတ်သက်ပြီး ဘယ်သူ အသားယူမလဲ၊ တယောက်ပဲ ရှိတယ်၊ အိပ်ရာထဲမှာ လဲနေတဲ့ အဘိုးကြီးတယောက်ပဲ ရှိတယ်၊ ကုန်သည်ကြီး။ ဒါပေမဲ့ သူက တို့များအတွက် အဖေတယောက်လည်း ဖြစ်တယ်၊ သူက တို့မိတ်ဆွေ လည်း ဖြစ်တယ်၊ တို့ကို အကာအကွယ် ပေးနေတဲ့လူလည်း ဖြစ်တယ်၊ တို့ ဒုက္ခဆင်းရဲ ရောက်နေတဲ့ အချိန်မှာ တို့ကို သူ တွေ့သွားတယ်၊ တို့ အသက်မက ချစ်ရတဲ့ ချစ်သူက စွန့်လွှတ်သွားတဲ့ အချိန်မှာပေါ့... အဲဒီအချိန်က သူ ရေထဲကို ခုန်ချမယ်လုပ်တဲ့အချိန်မှာ သူ့ကို အဘိုးကြီးက ကယ်ခဲ့တယ်၊ အဘိုးကြီးက သူ့ကို ကယ်တင်ခဲ့တယ်"

"အစ်မလေးက ကျွန်မဘက်ကနေပြီး တကယ် ကာကွယ်တာကိုး၊ ဒါပေမဲ့ အစ်မလေးဟာ နေရာတိုင်းမှာ နည်းနည်းလေးတော့ ဆန္ဒစောနေပုံရတယ်" ဂရုရှင်ကာက ဆွဲဆွဲငင်ငင် ပြောလိုက်ပြန်သည်။

"မင်းကို ကာကွယ်တယ် ဟုတ်လား၊ မင်းကို ဘယ်သူတွေက ကာကွယ်သလဲ၊ တို့များက ကာကွယ်တယ် ဟုတ်လား၊ ဂရုရှင်ကာ မိန်းကလေး၊

မင်းလက်ကို ပေးစမ်းပါ၊ ဒီလက်ကလေးကို ကြည့်စမ်းပါ၊ အလက်ဇီ... တွေ့လား၊ ဒီလက်ကလေးက တို့များအတွက် ချမ်းသာသုခကို သယ်ဆောင်လာတယ်၊ တို့များရဲ့ဘဝကို အသစ်မွေးဖွားပေးတယ်၊ ဒီလက်နုကလေးကို တို့များ နမ်းရမယ်၊ လက်တခုလုံးကို နမ်းရမယ်၊ ဟောဒီမှာ၊ ဟောဒီမှာ ... ဟောဒီမှ...”

ကက်ထရီးနားသည် ဂရုရှင်ကာ၏ ချစ်စရာကောင်းသော လက်ကလေးကို တကယ်ပင် တပ်တပ်မက်မက်ဖြင့် သုံးကြိမ်တိတိ နမ်းရှုပ်လေသည်။ ဂရုရှင်ကာသည် သူမ၏ လက်ကလေးကို ဆန့်တန်းထားကာ ‘အစ်မလေး’ က မြတ်နိုးယုယစွာ နမ်းရှုပ်နေသည်ကို တသိမ့်သိမ့် တလွင်လွင် ရယ်မောရင်း ကြည့်ရှုနေလေသည်။ သူမ၏လက်လေးကို အနမ်းခံရသည့်အတွက် ကျေနပ်နေဟန် ရှိသည်။

“နည်းနည်းတော့ စိတ်လှုပ်ရှား တက်ကြွလွန်းတယ်နဲ့တူတယ်” ဟု အလျိုရှာ တွေးလိုက်မိသည်။ သူ ရှက်သွေးဖြန်းနေသည်။ သူ့ရင်ထဲမှာ တချိန်လုံးလိုလို စနိုးစနောင့် ဖြစ်နေသည်။

“အစ်မလေးက ကျွန်မလက်ကို အခုလို မစွတာ ကာရာမာဇော့ရှေ့မှာ နမ်းတဲ့အတွက်တော့ ကျွန်မ ရှက်မှာ မဟုတ်ဘူး”

“တို့များက သင်း ရှက်သွားအောင် လုပ်တယ်လို့ မင်းထင်နေသလား” ကက်ထရီးနားက အနည်းငယ် အံ့သြဟန်ဖြင့် ပြန်ပြောသည်။ “တို့များကို မင်းကလေး နားမလည်ပါကလား”

“အင်း... အစ်မလေးကလည်း ကျွန်မကို နားမလည်ဘူးနဲ့ တူတယ်၊ ကျွန်မဟာ အစ်မလေး ထင်ထားတာထက် ပိုပြီး ဆိုးနိုင်တယ်၊ ကျွန်မမှာ မကောင်းတဲ့ စိတ်နှလုံးရှိတယ်၊ ကျွန်မဟာ ခေါင်းမာတယ်၊ ကျွန်မဟာ ဒီမီထရီကို အပျော်ကစားနေတာပဲ”

“ဒါပေမဲ့ သူ့ဘဝကို မင်း အခု ကယ်တင်တော့မယ် မဟုတ်လား၊ တို့များကို မင်း ကတိပေးထားပြီ မဟုတ်လား၊ မင်း သူ့ကို အသိတရားရအောင် လုပ်ပေးမယ် မဟုတ်လား၊ တခြားလူတယောက်ကို မင်းချစ်နေတဲ့အကြောင်း သူ့ကို မင်း ပြောပြမယ် မဟုတ်လား၊ အဲဒီလူဟာ မင်း တလျှောက်လုံး ချစ်ရတဲ့လူ ဖြစ်တယ်၊ အဲဒီလူက အခု မင်းကို လက်ထပ်မယ်လို့ ပြောနေတယ်”

“အို... ကျွန်မ ဒီလိုပြောမယ်လို့ အစ်မလေးကို ကျွန်မ ကတိမပေးခဲ့ပါကလား၊ အမှန်ကတော့ အဲဒီလိုလုပ်ဖို့ အစ်မလေးကသာ ကျွန်မကို ပြောနေခဲ့တာပါ၊ ကျွန်မ ကတိ မပေးခဲ့ပါဘူး”

“ဒါဆိုရင်တော့ မင်းကို တို့များ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး” ကက်ထရီးနား မျက်နှာ ဖြူရော်သွားသည်။ “မင်း ကတိ…”

“မဟုတ်ဘူး… မဟုတ်ဘူး အစ်မလေး၊ အစ်မလေးကို ကျွန်မ ဘာကတိမှ မပေးဘူး” ဂရုရှင်ကာက ကြားဖြတ်ပြီး ပြောလိုက်သည်။ သို့သော် အပြစ်ကင်းမဲ့သော အသွင်ကလေးနှင့်ပင် ဖြစ်သည်။

“အခုဆိုရင် အစ်မလေး သိလောက်ရောပေါ့၊ အစ်မလေးနဲ့စာရင် ကျွန်မဟာ ကိုယ် လုပ်ချင်ရာ ကိုယ်လုပ်တတ်တဲ့ မိန်းမဆိုးတယောက်ပဲ၊ ကျွန်မ စိတ်ထဲမှာ ဒါလုပ်ချင်တယ်ဆိုရင် လုပ်တာပဲ၊ စောစောကလေးက အစ်မလေးကို ကျွန်မ တခုခု ကတိပေးချင်ပေးခဲ့မယ်၊ ဒါပေမဲ့ အခုအချိန်မှာ ကျွန်မ တမျိုး စဉ်းစားချင် စဉ်းစားမယ်၊ ကျွန်မစိတ်ထဲမှာ မစ်တယာ ပြန်ဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ တချိန်တုန်းက ကျွန်မဟာ မစ်တယာကို အစွဲကြီး စွဲခဲ့ဖူးတယ်၊ အချိန်တိုင်းနီးပါးပဲ၊ အဲဒီတော့ ကနေ့ကစပြီး ကျွန်မနဲ့အတူ နေပါတော့လို့ သူ့ကို ကျွန်မ ပြောချင် ပြောမိလိမ့်မယ်… ကျွန်မဟာ အဲဒီလို ပြောင်းလဲတတ်တယ်”

“မင်း အခုပြောတော့… တမျိုးပါလား” ကက်ထရီးနား တိုးညင်းစွာ ရွတ်ဆိုသည်။

“ဟုတ်တယ်၊ ကျွန်မက စိတ်ပျော့တယ်၊ ကျွန်မက မိုက်မဲတယ်၊ ကျွန်မကြောင့် သူ ဘာများဖြစ်သွားမလဲလို့ စဉ်းစားနေမိတယ်၊ ကျွန်မ အိမ်ပြန်ရောက်တဲ့အခါမှာ သူ့အတွက် ကျွန်မ စိတ်မကောင်းဖြစ်နေရင် ဘာလုပ်ရမလဲ၊ အဲဒီအခါမှာ ဘာလုပ်ရမလဲ…”

“တို့များ နည်းနည်းကလေးမှ မမျှော်လင့်ဘူး”

“ဩော် … အစ်မလေးရယ်၊ အစ်မလေးဟာ ကျွန်မနဲ့စာရင် အင်မတန် စိတ်ထား စေတနာကောင်းတဲ့ အမျိုးသမီးတယောက်ပဲ၊ အခုဆိုရင် အစ်မလေးဟာ ကျွန်မအကြောင်းကို အမှန်သိသွားတဲ့အတွက် ကျွန်မကို မုန်းလောက်ရောပေါ့၊ အို…. အစ်မလေးရယ် အစ်မလေးရဲ့လက်ကလေးကို ကျွန်မကို ပေးစမ်းပါ”

ဂရုရှင်ကာက သိမ်မွေ့စွာ ပြောလိုက်သည်။ ထို့နောက် ကက်ထရီးနား၏ လက်ကလေးကို တရိုတသေကလေးဖြင့် ဆွဲယူသည်။

“ဒီမယ် အစ်မလေး၊ ကျွန်မရဲ့လက်ကို အစ်မလေး နမ်းခဲ့သလို အခု ကျွန်မ အစ်မလေးရဲ့ လက်ကို နမ်းမယ်၊ ကျွန်မရဲ့လက်ကို အစ်မလေး သုံးခါ နမ်းခဲ့တယ်။ ဒါနဲ့ ညီမျှအောင် အစ်မလေးရဲ့လက်ကို ကျွန်မက အကြိမ်သုံးရာ နမ်းသင့်တယ်။ ကောင်းလှပါပြီ၊ ကျွန်မ နမ်းပါ့မယ်၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပေါ့၊

ကျွန်မဟာ အစ်မလေးရဲ့ကျေးကျွန်တယောက်အနေနဲ့ အစ်မလေး စိတ်ကျေနပ်နှစ်သိမ့်တဲ့အထိ လုပ်ပေးပါ့မယ်၊ အို... အစ်မလေးရဲ့လက်ဟာ ဘယ်လောက်များ လှလိုက်ပါသလဲ၊ အို လှလိုက်တဲ့ အစ်မလေးရယ်”

ဂရုရှင်ကာသည် ကက်ထရီးနား၏ လက်ကလေးကို သူမ၏ နှုတ်ခမ်းဆီသို့ တဖြည်းဖြည်းချင်း မ ယူ သွားနေသည်။ သူမ၏ အနမ်းများနှင့် ‘ညီမျှစေရန်’ ဖြစ်ပေသည်။

ကက်ထရီးနားက သူမ၏လက်ကို မရုပ်သိမ်းပါ။ ဂရုရှင်ကာ၏ နောက်ဆုံး စကားလုံးများကို သူမက ရှက်စနိုး မျှော်လင့်ချက်မျိုးဖြင့် နားထောင်နေခဲ့သည်။ ဂရုရှင်ကာက “ကျေးကျွန်မ” တဦးပမာ လုပ်ဆောင်လာမည့်တဲ့။ သူမက ဂရုရှင်ကာ၏မျက်လုံးများကို စူးစိုက်ကာ ကြည့်လိုက်သည်။ ဂရုရှင်ကာ၏မျက်လုံးများတွင် သဘောကောင်းမှုနှင့် ကြည်နူးမှုများကို မြင်တွေ့နေရဆဲပင် ဖြစ်သည်။

“အင်း သင်းကလေးဟာ ရိုးအလွန်းရှာတာပဲ” ဟု ကက်ထရီးနား စိတ်နှလုံး ကြည်နူးစွာဖြင့် တွေးလိုက်မိသည်။

ယင်းအချိန်တွင် ဂရုရှင်ကာသည် ‘လှပသော လက်ကလေး’ ကို မြတ်နိုးယုယစွာဖြင့် သူမ၏ နှုတ်ခမ်းစုံဆီသို့ မ ယူ သွားနေသည်။ သို့ရာတွင် ကက်ထရီးနား၏လက်ကလေး သူမ၏ နှုတ်ခမ်းစုံနှင့် အညီ ရောက်ရှိသွားသောအခါတွင် ဂရုရှင်ကာသည် တစုံတရာကို စဉ်းစားတွေးတောနေသည့် အနေဖြင့် လက်ကလေးကို သည်အတိုင်း ကိုင် မ ထားနေသည်။

“အစ်မတော်ကလေး သိသလား...” သူမက ရုတ်ခြည်းဆိုသလို သူမ၏ ချိုလွင်သောအသံဖြင့် ပြောလိုက်သည်။ “အစ်မတော်ကလေး သိသလား၊ အစ်မတော်ရဲ့ လက်ကို ကျွန်မ မနမ်းပါဘူး”

သူမ မြူးပျစွာ ရယ်လိုက်သည်။ “မင်းသဘောပဲ.. ဘာဖြစ်လို့လဲ”

ကက်ထရီးနား ရုတ်တရက် ထိတ်လန့်သွားဟန်ဖြင့် မေးလိုက်သည်။

“ကျွန်မလက်ကို အစ်မတော်လေးက နမ်းတယ်၊ အစ်မလေးလက်ကို ကျွန်မ မနမ်းဘူး၊ အဲဒါကို အစ်မလေး တသက်လုံး မှတ်မိနေစေချင်တယ်”

သူမ၏ မျက်လုံးအစုံသည် ရုတ်ခြည်းဆိုသလိုပင် အရောင်လက်လာသည်။ သူမက ကက်ထရီးနားကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

“နင် စော်ကားတဲ့ ကောင်မပဲ”

ကက်ထရီးနား ရုတ်တရက် အော်လိုက်သည်။ တစုံတခုကို နားလည်သွားသည့်အလား သူမ၏ မျက်နှာ နီမြန်းလာပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။

“အစ်မလေးက ကျွန်မလက်ကို နမ်းတယ်၊ ကျွန်မက အစ်မလေးကို မနမ်းဘူးလို့ မစ်တယာကို ပြန်ပြောရင် သူ ဘယ်လောက်များ ရယ်လိုက်မလဲလို့”

“သောက်ကောင်မ၊ ထွက်သွား…”

“ဘယ်လိုစကားလဲ အစ်မလေး၊ ဘယ်လို စကားမျိုးတွေလဲ၊ ဒီလိုပြောတာ အစ်မလေး မရှက်ဘူးလား၊ အစ်မလေးလို ဂုဏ်သရေရှိ အမျိုးသမီးတယောက်က ဒီလို စကားလုံးမျိုးတွေ မသုံးသင့်ပါဘူး”

“ထွက်သွားစမ်း၊ ပြည့်တန်ဆာမ”

ကက်ထရီးနား တအားကုန် အော်လိုက်သည်။ သူမ၏ မျက်နှာတခုလုံး အသားတွေ တဆတ်ဆတ် တုန်နေသည်။

“ကျွန်မက ပြည့်တန်ဆာမ ဟုတ်လား … ရှင်ကော လူကြီးလူကောင်းတယောက်ဆီကို ညတညမှာ ပိုက်ဆံအတွက် မသွားခဲ့ဖူးဘူးလား၊ ရှင့်ကိုယ်ရှင် ရောင်းမစားခဲ့ဖူးဘူးလား၊ ဒါတွေအကုန်လုံး ကျွန်မ သိပါတယ်”

ကက်ထရီးနား အသံကုန် ဟစ်အော်လိုက်ပြီး ဂရုရှင်ကာဆီသို့ ပြေးသွားသည်။ သို့သော် အလျှိုရှာက သူမကို ဆွဲထားလိုက်သည်။

“ဘာမှ မလုပ်ပါနဲ့၊ ဘာမှ မပြောပါနဲ့… သူ့ကို ဘာမှ ပြန်မပြောပါနဲ့၊ သူ သွားပါလိမ့်မယ်၊ သူ အခုပဲ သွားပါလိမ့်မယ်”

ယင်းအခိုက်တွင် ကက်ထရီးနား၏ အဖော်နှစ်ယောက် အခန်းတွင်းသို့ ပြေးဝင်လာကြသည်။ အစေခံ မိန်းမလည်း နောက်မှ လိုက်ပါလာသည်။ သူတို့အားလုံးပင် ကက်ထရီးနားထံသို့ ပြေးသွားကြသည် ။

“ကိုယ်တို့သွားမယ် အလျှိုရှာ၊ ကိုယ့်ကို အိမ်လိုက်ပို့ပါလား”

ဆိုဖာပေါ်မှ တဘက်ကို ကောက်ယူရင်း ဂရုရှင်ကာက ပြောလိုက်သည်။ “အစ်မ သွားပါ၊ တဆိတ် မြန်မြန်ကလေးသွားပါ”

အလျှိုရှာက လက်နှစ်ဖက်ကို ဆုပ်ထားရင်း တောင်းပန်လိုက်သည်။

"အို... အလျှိုရှာ၊ ကိုယ့်ကို အိမ်လိုက်ပို့စမ်းပါ။ ငါ့မောင်လေးကို လမ်းမှာ အစ်မ တခု ပြောစရာရှိတယ်၊ ကိုယ် အခုလိုလုပ်လိုက်တာ ငါ့မောင်အတွက်ပဲ၊ အစ်မကို အိမ်လိုက်ပို့စမ်းပါ။ ငါ့မောင် ပျော်ရစေမယ်"

အလျှိုရှာ သူ့လက်များကို လိမ်ညှစ်ရင်း တဖက်သို့ လှည့်လိုက်သည်။ ဂရုရှင်ကာ ကျယ်လောင်စွာ ရယ်မောရင်း အိမ်ထဲမှ ပြေးထွက်သွားသည်။

ကက်ထရီးနား နတ်ပူးသလို ဖြစ်နေသည်။ တကိုယ်လုံး တုန်ပြီး တရှိုက်ရှိုက် ငိုနေသည်။ သူတို့အားလုံးပင် သူမအနီးတွင် ပျာယာခတ်နေကြသည်။

"ညည်းကို ငါ သတိပေးတယ် မဟုတ်လား" အဒေါ်ကြီးက ပြောသည်။ "ဒီလိုပုံစံမျိုး မလုပ်ပါနဲ့လို့၊ ညည်းဟာ စိတ်ကူးပေါက်ရာ အင်မတန် လုပ်တတ်တယ်၊ ညည်း ဘယ်လို စိတ်ကူးနဲ့များ ဒီလိုလုပ်သလဲ မသိဘူး၊ ဒီလို ကောင်မမျိုးတွေအကြောင်း ညည်း ဘာမှ မသိဘူး၊ ဒီကောင်မဟာ သူတို့လို အတန်းအစားတွေထဲမှာ အဆိုးဆုံးပဲလို့ လူတွေက ပြောနေကြတယ် မဟုတ်လား၊ ညည်းဟာ အင်မတန် ခေါင်းမာတယ်"

"သင်းဟာ ကျားရိုင်းမပဲ" ကက်ထရီးနား အော်လိုက်သည်။ "မောင်လေး... ဘာဖြစ်လို့ မမကို ဆွဲထားရတာလဲ၊ အလက်ဇီ... သင်းကို ပါးကွဲအောင် ရိုက်ပစ်လိုက်ရမယ်" သူမသည် အလျှိုရှာ၏ ရှေ့မှာ သူမကိုယ်သူမ မထိန်းနိုင်ဘဲ ရှိနေသည်။ သူမ၏ စိတ်ကို ထိန်းထားလိုဟန်လည်း မရှိပါချေ။

"သင်းကို လူပုံအလယ် ကြိုးစင်ပေါ်မှာ ကြာပွတ်နဲ့ ရိုက်ရမယ်"

အလျှိုရှာ တံခါးဆီသို့ ဆုတ်သွားသည်။

"အို... ဘုရားသခင်" ကက်ထရီးနား လက်နှစ်ဖက်ကို ဖွဲ့ယမ်းလိုက်ပြီး ရုတ်တရက် ဟစ်အော်လိုက် ပြန်သည်။ "သူ့ကိုရောဘာပြောရမလဲ၊ သူဟာ ဘာဖြစ်လို့ ဒါလောက်တောင် အောက်တန်းကျရသလဲ၊ လူမဆန်ရသလဲ၊ အဲဒီနေ့က ဖြစ်တဲ့အကြောင်းကို ဒီကောင်မကို သူပြောလိုက်လို့ပဲပေါ့၊ ဒါကြောင့်မို့ ဒီကောင်မက ငါ့ကို ပြောသွားတာပေါ့"

"ရှင့်ကိုယ်ရှင် ရောင်းစားရအောင် သွားခဲ့တယ် မဟုတ်လား၊ ဂုဏ်သရေရှိ အမျိုးသမီးရဲ့" လို့ ပြောသွားတာပေါ့၊ အလက်ဇီ... မင်းအစ်ကိုဟာ လူယုတ်မာပဲ"

အလျှိုရှာ တစုံတရာ ပြန်ပြောချင်သည်။ သို့သော် ပြောစရာ စကားလုံး ရှာမတွေ့၊ သူ့ရင်ထဲမှာ နာနေသည်။

"သွားတော့ အလက်ဇီ၊ ကိုယ် သိပ်ရှက်တယ်... သိပ်ဆိုးတယ်၊

မနက်ဖြန်ကျမှ လာခဲ့ပါ၊ ကိုယ် တောင်းပန်ပါတယ်၊ မနက်ဖြန် လာခဲ့ပါ၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ့်ဘာကိုယ် ဘာလုပ်ရမှန်း ကိုယ် မသိတော့ဘူး”

အလျှိုရှာ ဒယီးဒယိုင်ဖြင့် လမ်းမပေါ်သို့ ထွက်ခဲ့သည်။ သူကိုယ်တိုင်လည်း သူမလိုပဲ ငိုပစ်လိုက်ချင် သည်။ ထိုစဉ်မှာပင် သူ့နောက်သို့ အစေခံမ ပြေးလိုက်လာသည်။

“မစ္စက် ကိုကလာကော့ဆီကစာကို မစ္စ ကက်ထရီးနား ပေးဖို့ မေ့သွားတယ်၊ ဒီစာက ညနေကတည်း က သူ့လက်ထဲမှာ ရောက်နေတာပါ”

အလျှိုရှာသည် ပန်းရောင်စာအိတ်ကလေးကို အမှတ်မထင်ဆိုသလိုဆွဲယူလိုက်ပြီး အင်္ကျီအိတ်ထဲတွင် ထည့်ထားလိုက်သည်။

၁၁။ သိက္ခာကျခြင်း နောက်တခု

မြို့နှင့် ဘုန်းကြီးကျောင်းတိုက်သည် တမိုင်နီးပါးမျှသာ ဖြစ်ချေသည်။ အလျှိုရှာသည် လူသွားလူလာ ရှင်းနေသော လမ်းအတိုင်း ခပ်သုတ်သုတ်ကလေး လျှောက်သွားလျက် ရှိသည်။ ညအမှောင် ကြီးစိုးနေပြီ ဖြစ်သဖြင့် ရှေ့ ကိုက်သုံးဆယ်လောက်ဆိုလျှင် ဘာမျှ ကွဲကွဲပြားပြား မမြင်ရတော့ပါ။ လမ်းခရီး တဝက်လောက်တွင် လမ်းဆုံတခု ရှိသည်။

လမ်းဆုံအနီးရှိ မိုးမခပင် တပင်အောက်တွင် လူတယောက် ရှိနေသည်။ လမ်းဆုံလမ်းခွသို့ အလျှိုရှာ ရောက်ရှိသွားသည်နှင့် တပြိုင်နက် အဆိုပါလူသည် အမှောင်ထဲမှ ထွက်လာပြီး အလျှိုရှာ အနီးသို့ ရောက်လာသည်။

"အသက်မသေချင်ရင် ရှိတာ အကုန်ပေး"

ထိုလူ ဟစ်အော်လိုက်သည်။

"ဟာ... မစ်တယာပါလား" အလျှိုရှာ အံ့ဩစွာ ရွတ်ဆိုလိုက်သည်။ သူ တကယ်ပင် ထိတ်လန့်သွားခဲ့ သည်။

"ဟား... ဟား ... ဟား၊ ကိုယ် ဒီမှာ ရှိနေလိမ့်မယ်လို့ ညီလေး မထင်ဘူး မဟုတ်လား၊ ညီလေးကို ဘယ်နားကနေ စောင့်နေရမလဲလို့ ကိုယ် မနည်းစဉ်းစားရတယ်၊ ကက်ထရီးနား အိမ်နားကပဲ စောင့်ရမလားပေါ့။ ဒါပေမဲ့ အဲဒီကနေပြီး ဘုန်းကြီးကျောင်းကို သွားတဲ့လမ်းက သုံးလမ်းတောင် ရှိတော့ ညီလေးနဲ့ ကိုယ် လွဲသွားနိုင်တယ်၊ နောက်ဆုံးကျမှ ဒီကနေ စောင့်မယ်ဆိုပြီး စောင့်နေခဲ့တာ၊ ဒီနေရာကို ညီလေး ဖြတ်သွားရမှာ သေချာတယ်၊ တခြားလမ်း မရှိဘူး၊ ကဲ... ပြောစမ်းပါဦး၊ ညီလေး ဘယ်လိုဖြစ်နေတာလဲ"

"အို ဘာမှ မဖြစ်ပါဘူး၊ အစ်ကိုလုပ်တာ ကျွန်တော် တကယ် လန့်သွားတာပဲ၊ အို ဒီမီထရီရယ်၊ အဖေ့ကိုယ်မှာ သွေးတွေ" အလျှိုရှာ ငိုတော့သည်။ သူသည် တချိန်လုံးလိုပင် မျက်ရည်ကျလုဆဲဆဲ ဖြစ်ခဲ့ရသည်။ ယခုအခါတွင် သူသည် ဘယ်လိုမျှ ထိန်းနိုင်စွမ်း မရှိတော့၊ "အစ်ကိုလုပ်တာ သူ ကံကောင်းလို့ မသေတယ်၊ ပြီးတော့ အစ်ကို သူ့ကို ခြိမ်းခြောက်တယ်၊ ပြီးတော့ အစ်ကို အခု ဒီမှာလာပြီး နောက်ပြောင်နေတယ်... အသက်မသေ ချင်ရင် ရှိတာအကုန်ပေးတဲ့"

"အဲဒါ ဘာဖြစ်သလဲ၊ အခြေအနေနဲ့ မကိုက်ညီဘူးလား"

"မဟုတ်ပါဘူး... ကျွန်တော် ဆိုလိုတာက..."

“ခဏာနေဦး၊ ညကို ကြည့်စမ်း၊ ဘယ်လောက်မှောင်တဲ့ ညလဲ၊ တိမ်တွေကို ကြည့်စမ်း၊ နောက်ပြီးတော့ လေ ဘယ်လောက်တိုက်နေသလဲ၊ မိုးမခပင်ကြီးအောက်မှာ ကိုယ် ပုန်းနေတယ်၊ ညီလေးကို စောင့်နေတယ်၊ အဲဒီအချိန်မှာ ဖြုန်းခနဲ ကိုယ် စိတ်ကူးတခု ရမိတယ်၊ ဘုရားသခင် သက်သေ ရှိပါတယ်၊ ကိုယ် ဘာဆက်ပြီး လုပ်နေတာလဲ၊ ကိုယ် ဘာကို စောင့်နေတာလဲ၊ ဟောဒီမှာ မိုးမခပင်ကြီး ရှိတယ်၊ ကိုယ့်မှာ လက်ကိုင်ပဝါ တထည်ရှိတယ်၊ ရုပ်အင်္ကျီ ရှိတယ်၊ အဲဒါတွေကို ကိုယ် ကြိုးကျစ်လိုက်ရင် ရတယ်၊ နောက်ပြီးတော့ ဘောင်းဘီ ဆိုင်းကြိုးတခုလည်း ရှိတယ်၊ ဘာဖြစ်လို့ မြေကြီး အလေးခံနေတော့မလဲ၊ ဘာဖြစ်လို့ ကိုယ့်ကြောင့် ဒီကမ္ဘာကြီး ဂုဏ်သိက္ခာညှိုးနွမ်းစေရမလဲ။

“အဲဒီအချိန်မှာပဲ ညီလေး လာတဲ့အသံကို ကိုယ်ကြားရတယ်၊ ဘုရားသခင် ကိုယ့်အပေါ် အလင်းရောင် တခု ရုတ်တရက် ထိုးလိုက်သလိုပါပဲ၊ ကိုယ်ချစ်တဲ့ လူတယောက် လာနေပြီ၊ သူ လာနေပြီ၊ ဒီကမ္ဘာကြီးမှာ သူများတကာတွေထက် ပိုပြီး ကိုယ်ချစ်ရတဲ့ ကိုယ့်ညီလေး၊ ဒီကမ္ဘာကြီးမှာ တဦးတည်းသော ကိုယ်ချစ်တဲ့လူ၊ ညီလေးကို ကိုယ် သိပ်ချစ်တယ်၊ ညီလေးကို အဲဒီအချိန်က ကိုယ် သိပ်ပြီးမှ ချစ်တယ်၊ အဲဒီတော့ ကိုယ် စဉ်းစားမိတယ်၊ သူ့အပေါ်ကို ကိုယ် တခါတည်း ခုန်ချလိုက်မလို့

“နောက်တခါ ကိုယ့်မှာ အတွေးတခု ဝင်လာပြန်တယ်၊ သူ့ကို နောက်လိုက်ရရင် ကောင်းမယ်၊ သူ့ကို ခြောက်လိုက်မယ်၊ အဲဒါကြောင့် “အသက် မသေချင်ရင် ရှိတာ အကုန်ပေး” လို့ ကိုယ် အော်လိုက်တယ်၊ ကိုယ် အခုလို နောက်မိတဲ့အတွက် စိတ်မကောင်းပါဘူး၊ ကိုယ် မိုက်တယ်၊ ဒီလိုလုပ်ဖို့ လုံးလုံးမသင့်ဘူး… ကဲလေ ဒါတွေ ထားပါတော့၊ ဟိုမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကိုယ့်ကို ပြောစမ်းပါ၊ ကက်ထရီးနား ဘာပြောသလဲ၊ ကိုယ့်ကို ချသာချပါ၊ နှက်သာနှက်ပါ၊ နည်းနည်းမှ မညှာပါနဲ့၊ သူ စိတ်ဆိုးနေသလား”

“မဟုတ်ဘူး၊ အဲဒီလိုမျိုး မဟုတ်ဘူး၊ အဲဒီမှာ သူတို့ နှစ်ယောက်စလုံးကို ကျွန်တော် တွေ့ရတယ်”

“ဘယ် နှစ်ယောက်လဲ…”

“ကက်ထရီးနားအိမ်မှာ ဂရုရှင်ကာ ရောက်နေတယ်”

ဒီမီထရီ စက်ကွင်းမိသွားသည်။

“မဖြစ်နိုင်ဘူး၊ မင်း ရူးနေတာပဲ၊ ဂရုရှင်ကာ သူ့အိမ်မှာ ရောက်နေတယ်…” သူ ဟစ်အော်သည်။

ကက်ထရီးနားအိမ်သို့ သူ ရောက်ရှိသွားသည့်အချိန်မှစ၍ ဖြစ်ပျက်သမျှ

အလုံးစုံကို အလျှို့ရှာ ပြန်လည်ပြောပြသည်။ ဆယ်မိနစ်ခန့်ကြာအောင် ပြောရသည်။ ဖြစ်ပျက်ခဲ့သည်များကို အစီအစဉ် ကျကျ အာဝဇ္ဇန်းရွှင်ရွှင် ပြောနိုင်သည်တော့ မဟုတ်။ သို့သော် ရှင်းနိုင်သမျှ ရှင်းအောင် ပြောပြသည်။ အမျိုးသမီးနှစ်ယောက်ပြောသော စကားများအနက် အရေးကြီးသောစကားကို မကြွင်းကျန်ရစ် စေရန်၊ ထိုမျှမက အမျိုးသမီးနှစ်ဦး၏ ခံစားမှုနှင့် သူ့စိတ်ထဲတွင် ခံစားခဲ့ရမှုများကိုလည်း ပေါ်လွင်အောင် ဖော်ပြသည်။ အချို့နေရာများတွင် ခရေစေ့တွင်းကျ ဖြစ်သည်။

ဒီမီထရီ တိတ်ဆိတ်စွာ နားထောင်နေသည်။ အလျှို့ရှာကို မျက်တောင်မခတ် စူးစိုက်လျက် ဖြစ်သည်။ သို့သော် မိမိပြောသမျှ အားလုံးကို သူ နားလည်ကြောင်း သဘောပေါက်ကြောင်း အလျှို့ရှာ ဆင်ခြင်မိသည်။ သို့သော် ဇာတ်လမ်းကို နားထောင်နေရင်း သူ့မျက်နှာသည် သုန်မှုန်လာရုံမျှမက ကြောက်မက်ဖွယ်ရာလည်း ရှိလာသည်။ သူ မျက်မှောင်ကြုတ်သည်။ သွားတွေကို ကြိတ်သည်။ သူ၏ ငေးစိုက်နေမှုက ပိုပြီး ကြောက်စရာကောင်းလာသည်။ ပိုပြီး စူးစိုက်လာသည်။ ထို့နောက် မယုံကြည်နိုင်လောက်အောင်ပင် သူ့မျက်နှာ အမူအရာ ပြောင်းသွားသည်။ တင်းနေအောင် စေ့ထားသော နှုတ်ခမ်းနှစ်ခု ပွင့်ထွက်သွားပြီး သူ တအားရယ်လိုက်သည်။ တကိုယ်လုံး တသိမ့်သိမ့် ခါပြီး အဆက်မပြတ်ကြီး ရယ်မောနေသည်။ အတော်ကြီး ကြာသည်အထိ သူ စကားမပြောနိုင်ပါ။

"သူ့လက်ကို သူ မနမ်းဘူး... သူ့လက်ကို သူ မနမ်းဘူး၊ သူ ထွက်ပြေးသွားတယ် မဟုတ်လား"

သူသည် ဝမ်းသာအားရပင် အာမေဍိတ် စကားများကို ရွတ်ဆိုနေသည်။ လူတဖက်သားကို စော်ကားသော ဝမ်းသာအားရမှုမျိုးပင် ဖြစ်သည်။

"အဲဒီတော့ တယောက်က သူ့ကို ကျားရိုင်းမလို့ ခေါ်တယ် ဟုတ်လား၊ ဟုတ်တယ် သူဟာ ကျားရိုင်းမ တကောင်ပဲ၊ သူ့ကို လူပုံအလယ်မှာ ကြာပွတ်နဲ့ ရိုက်ရမယ်တဲ့လား ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့ကို လူပုံအလယ်မှာ ကြာပွတ်နဲ့ ရိုက်ရမယ်၊ ကိုယ်လည်း ဒီလိုပဲ သဘောရတယ်၊ သူ့ကို အဲဒီလို လုပ်သင့်တာ ကြာလှပြီ၊ ဒီမယ် ညီလေး... သူ့ကို အပြစ် ပေးရမယ်ဆိုတာကို ကိုယ် လက်ခံတယ်၊ ဒါပေမဲ့ ကိုယ့်အလျှင်တော့ မဖြစ်စေရဘူး၊ အရိုင်းဘုရင်မကို ကိုယ် ကောင်းကောင်းသိတယ်၊ သူဟာ အရိုင်းမပဲ၊ လက်နမ်းတဲ့ ဇာတ်လမ်းမှာ သူ့ဇာတိရုပ်ကို ဖွင့်ပြသွားပြီ မဟုတ်လား၊ မာရ်နတ်မပဲ၊ ကမ္ဘာပေါ်မှာ ရှိသမျှ မာရ်နတ်မတွေထဲမှာ သူက သရဖူဆောင်းတဲ့ ဧကရီဘုရင်မပဲ၊ သူ့ဘာဝကို သူ ပျော်နေတယ်၊ အဲဒီတော့ သူ အိမ်ကို ပြန်ပြေးသွားတယ် ဟုတ်လား၊ သူ့နောက်ကို ကိုယ် လိုက်သွားမယ်၊ အခုချက်ချင်းပဲ ပြေးလိုက်သွားမယ်၊ အလျှို့ရှာ... ကိုယ့်ကို အပြစ်မတင်ပါနဲ့၊ သူ့ကို သတ်ပစ်ရမယ် ဆိုတာကို ကိုယ် သဘောတူပါတယ်"

"ကက်ထရီးနား ကိစ္စကကော..."

"သူ့ကိုလည်း ကိုယ် သိသွားပြီ၊ ကောင်းကောင်း သိသွားပြီ၊ အရင်တုန်းက မသိခဲ့တာကို သိသွားပြီ၊ တိုက်ကြီးလေးတိုက်ကို တွေ့လိုက်ရတဲ့အတိုင်းပဲ၊ အဲ ... အဲ တိုက်ကြီး ငါးတိုက်ပေါ့၊ ဒါဟာ ဖြစ်ရမယ့် သဘောပဲ၊ ကျောင်းသူကလေး ကက်တယာဟာ သူ့ဖခင်ကို ကယ်တင်ဖို့အတွက် ကြမ်းတမ်းတဲ့ စစ်ဗိုလ်တယောက်ရဲ့သားရဲတွင်းကိုဆင်းဖို့ မကြောက်ခဲ့ဘူး၊ သူ စွန့်စားခဲ့တယ်၊ အဲဒီလို စွန့်စားရဲတာ ... ကြမ္မာဆိုးကို ရင်ဆိုင်ရဲတာဟာ သူ့ရဲ့မာနပဲ၊ သူ့အဒေါ်က သူ့ကို တားခဲ့တယ်လို့ ညီလေး ပြောတယ် မဟုတ်လား။ အဲဒီအဒေါ်ကလည်း အာဏာရှင်တယောက်ပဲ၊ သူက မော်စကိုက ဗိုလ်ချုပ်ကြီး ကတော်ရဲ့ညီမပဲ၊ သူက သူ့အစ်မတော်ထက်တောင် အထက်စီးကျသေးတယ်၊ ဒါပေမဲ့ သူ့ယောက်ျား ဟာ အစိုးရငွေတွေ အလွဲသုံးစားမှုနဲ့ အဖမ်းခံရတယ်၊ သူတို့ ရှိသမျှတွေ အကုန်လုံး ကုန်သွားတယ်၊ မြေရော ခြံရော အကုန်လုံးပေါ့၊ အဲဒါကြောင့် မာနကြီးတဲ့ သူ့ယောက်ျားလည်း အသာကလေး ခေါင်းလျှိုနေရတော့တယ်၊ ခေါင်းပြန်ပြီး မထောင်နိုင်တော့ဘူး။ ဒါကြောင့် အဘွားကြီးက ကက်တယာကို တားခဲ့တာပေါ့။

"ဒါပေမဲ့ ကက်တယာက နားမထောင်ဘူး၊ သူ့စိတ်ထဲမှာ ဘာမဆို သူလုပ်နိုင်တယ်လို့ ထင်နေတယ်၊ အရာအားလုံးက သူ့ကို အရှုံးပေးရမယ်လို့ သူ ယူဆထားတယ်၊ ဂရုရှင်ကာကိုလည်း သူ ကြိုက်သလို ခြယ်လှယ်နိုင်တယ်လို့ သူက ထင်ခဲ့တယ်၊ သူ့ဟာသူ ကောင်းကောင်းကြီး ယုံကြည်နေခဲ့တယ်၊ ဂရုရှင်ကာရဲ့လက်ကို သူ ရည်ရွယ်ချက်တခုနဲ့ နမ်းခဲ့တယ်လို့ ညီလေး ထင်သလား၊ မဟုတ်ဘူး၊ ဂရုရှင်ကာကို သူ သဘောကျလို့ပဲ၊ အဲ... ဂရုရှင်ကာအတွက်တော့ မဟုတ်ဘူးပေါ့၊ သူ့ရဲ့ စိတ်ကူးယဉ် အိပ်မက်အတွက်ပဲပေါ့၊ သူ့ရဲ့ စိတ်ကူးယဉ် စီမံကိန်းကြီးအတွက်ပဲပေါ့၊ ဩော်... အလျှိုရှာ အလျှိုရှာ၊ ဒီမိန်းမနှစ်ယောက်လက်က ညီလေး ဘယ်လိုလုပ်ပြီး လွတ်မြောက်ခဲ့သလဲ၊ တခါတည်း သက်နှင်းကို ခါးတောင်းကျိုက်ပြီး ထွက်ပြေးခဲ့ရောလား၊ ဟား ဟား ဟား"

"ဒါပေမဲ့ မစ်တယာ၊ အစ်ကိုဟာ အဲဒီနေ့က အစ်ကို့ဆီကို ကက်ထရီးနား လာတဲ့အကြောင်း ဂရုရှင်ကာကို ပြောတာကတော့ ကက်ထရီးနားကို စော်ကားတာပဲ၊ ဂရုရှင်ကာက အဲဒီအချက်နဲ့ ကက်ထရီးနား မျက်နှာကို ကိုင်ပေါက်ခဲ့တာပဲ၊ "ကိုယ့်အလှကို ရောင်းစားဖို့ လူတယောက်ဆီကို သွားခဲ့တယ်" တဲ့၊ ဒီထက် စော်ကားတာမျိုးတော့ မရှိနိုင်တော့ဘူး မစ်တယာ"

ကက်ထရီးနား စော်ကားခံလိုက်ရသည့်အတွက် သူ့အစ်ကို သဘောကျနေခြင်းကို အလျှိုရှာ ဘဝင်မကျနိုင်ဆုံး ဖြစ်နေတော့သည်။

"အို... ဘုရားသခင်" ဒီမီထရီ မျက်မှောင်ကြုတ်လိုက်ပြီး သူ့နဖူးကို

လက်ဖဝါးဖြင့် ပုတ်လိုက်သည်။

သူ အခုမှ သဘောပေါက်သွားသည်။ "မင်းအစ်ကိုဟာ လူယုတ်မာပဲ" ဟု ကက်ထရီးနားက အော်လိုက်သည့်အကြောင်း၊ ကက်ထရီးနား အစော်ကားခံရသည့် အကြောင်းတို့ကို အလျှိုရှာက သူ့ကို ပြောခဲ့ပြီးဖြစ်သော်လည်း ယခုမှပင် သူ နားလည် သဘောပေါက်သွားသည်။

"အင်း၊ ဟုတ်တယ်၊ အဲဒီနေ့ကအကြောင်း ဂရုရှင်ကာကို ကိုယ် ပြောမိတယ်၊ ကိုယ် ပြောမိတယ်၊ ကိုယ် သူ့ကို ပြောမိတယ်၊ ကိုယ် အခု မှတ်မိပြီ၊ မိုကရိုယီမှာ ပြောတာ... ကိုယ် မူးနေတယ်၊ ဂျစ်ပစီမလေးတွေ သီချင်းဆိုနေကြတယ်... ဒါပေမဲ့ ကိုယ် ငိုနေတယ်၊ အဲဒီတုန်းက ကိုယ် ငိုနေတယ်၊ ကိုယ် ဒူးထောက်ပြီး ကက်တယာအတွက် ဆုတောင်းနေတယ်၊ အဲဒါကို ဂရုရှင်ကာ နားလည်တယ်၊ အဲဒီတုန်းက အားလုံးကို သူ နားလည်ခဲ့တယ်၊ ကိုယ် မှတ်မိနေတယ်၊ ဂရုရှင်ကာလည်း ငိုနေတယ်... တောက်.... အခုလည်း အဲဒီလိုပဲ ဖြစ်နေဖို့ကောင်းတယ်... အဲဒီတုန်းက သူငိုနေတယ်၊ အခုတော့ "သူ့အသည်းမှာ ဓားရှိနေတယ်"၊ မိန်းမတွေဟာ အဲဒီလိုချည်းပဲ"

သူ့မျက်လုံးများကို အောက်စိုက်ပြီး စဉ်းစားနေသည်။ ထို့နောက် ရုတ်တရက်ဆိုသလို သူပြောလိုက်သည်။

"ဟုတ်တယ်၊ ငါဟာလူယုတ်မာပဲ၊ ငါ့ဟာငါ ငိုငို မငိုငို ငါဟာ လူယုတ်မာတယောက်ပဲ၊ သူကျေနပ်မယ် ဆိုရင် သူခေါ်တဲ့နာမည်ကို လက်ခံပါတယ်လို့ သူ့ကို ပြောလိုက်ပါ၊ ကဲ တော်လောက်ပြီ၊ သွားကြမယ်၊ ဒါတွေပြောနေလို့ ဘာမှ မကျိုးမရှိဘူး၊ ကောင်းတဲ့ အကြောင်းအရာတွေလည်း မဟုတ်ဘူး၊ ညီလေးလည်း ညီလေးလမ်းကို ညီလေး သွားတော့၊ ကိုယ်လည်း ကိုယ့်လမ်းကို ကိုယ် သွားမယ်၊ ညီလေးကိုလည်း ကိုယ် နောက်တကြိမ် မတွေ့ချင်တော့ဘူး၊ နောက်ဆုံးအချိန်က လွဲလို့ပေါ့၊ သွားပြီ အလက်ဇီ"

အလျှိုရှာ၏လက်ကို သူ အားရပါးရ ဆုပ်ညှစ်သည်။ ထို့နောက် သူ့ခေါင်းကို မမော့ဘဲ အောက်ဘက်ကို စိုက်ကြည့်လျက်နှင့်ပင် မြို့ဘက်သို့ လျှောက်သွားသည်။ သူ့ကိုယ်သူ အဝေးသို့ ဆွဲခေါ်နေသည့်အလား ဖြစ်သည်။ အလျှိုရှာ သူ့ကို ငေးကြည့်နေသည်။ ရုတ်တရက်ကြီး သူ ခွဲသွားသည်ကို မယုံကြည်နိုင်သည့်အလား ဖြစ်သည်။

"အလက်ဇီ ... ခဏနေဦး"

ဒီမီထရီ နောက်ဘက်သို့ ရုတ်တရက်လှည့်ကာ ဟစ်အော်လိုက်သည်။

"ညီလေး တယောက်တည်းကို အစ်ကို နောက်ထပ် ဝန်ခံစရာတခု ရှိသေးတယ် အစ်ကို့ကို ကြည့်စမ်း၊ အစ်ကို့ကို သေသေချာချာ ကြည့်စမ်း၊ ကြည့်၊ ဒီမှာ ဒီမှာ အရှက်ကွဲစရာတခု ရှိနေသေးတယ်။ (ဒီမှာဟု ပြောဆိုစဉ်တွင် ဒီမီထရီသည် သူ့ရင်ဘတ်ကို လက်သီးနှင့် ထုပြသည်။ အရှက်ကွဲစရာ တခုသည် သူ့ရင်ထဲတွင် တကယ်ရှိနေသည့်အလားပင် ဖြစ်သည်။ တနေရာရာတွင် ရှိနေသည့်အလား ဖြစ်သည်။ သူ့အင်္ကျီအိတ်ထဲတွင် ရှိနေသည့်အလား ဖြစ်သည်။ သို့မဟုတ် လည်ပင်းတွင် ကြိုးနှင့်လွယ်ထား သော အိတ်ကလေးတခုထဲတွင် ရှိနေသည့်အလား ဖြစ်သည်)။ ကိုယ် ဘာဆိုတာ ညီလေး အခုသိပြီ မဟုတ်လား၊ ကိုယ်ဟာ လူယုတ်မာတယောက်ပဲ၊ ကိုယ် ဝန်ခံပါတယ်၊ ကိုယ်ဟာ လူယုတ်မာ တယောက်ပဲ။

"ဒါပေမဲ့ ညီလေးကို ကိုယ် ပြောမယ်၊ ကိုယ့်ရင်ထဲမှာ အခုရှိနေတဲ့ မကောင်းမှုဟာ ကိုယ် အရင်က ကျူးလွန်ခဲ့တဲ့ မကောင်းမှုနဲ့ရော နောက်တခါမှာ ကျူးလွန်မယ့် မကောင်းမှုနဲ့ရော ဘယ်လိုမှ မနှိုင်းယှဉ်နိုင်ဘူး၊ ကိုယ့်ရင်ထဲမှာ ရှိနေတဲ့ မကောင်းမှုဟာ အကောင်အထည် ပေါ်လာလိမ့်မယ်၊ ဒါပေမဲ့ ကိုယ့်မှာ ဒါကို တားနိုင်တဲ့ အင်အားလည်း ရှိပါတယ်... ကိုယ် ဒါကို တားချင် တားမယ်၊ အကောင်အထည် ဖော်ချင်ဖော်မယ်၊ အဲဒါကို မှတ်ထားပါ၊ အဲဒီလိုဆိုရင် ညီလေးကို ကိုယ်ပြောမယ့် ဒီကိစ္စကို ကိုယ် ဖြစ်မြောက်အောင် လုပ်မယ်၊ ညီလေးကို အကုန်လုံး ကိုယ်ပြောတာပဲ၊ ဒါပေမဲ့ မပြောရသေးတာ တခုရှိသေးတယ်၊ အဲဒါကတော့ အဲဒါကို ကိုယ့်မှာ လုပ်ရဲတဲ့သတ္တိ မရှိဘူး။

"အခုအထိတော့ ကိုယ် ထိန်းထားနိုင်တယ်၊ ကိုယ် ထိန်းနိုင်လို့ရှိရင် ကိုယ် ဆုံးရှုံးထားတဲ့ ဂုဏ်သိက္ခာတွေအနက်က တဝက်ကို မနက်ဖြန်မှာ ပြန်ဆပ်နိုင်မယ်။ ဒါပေမဲ့ ကိုယ် မထိန်းနိုင်ဘူး၊ ကိုယ့်ရဲ့စီမံကိန်းကို ကိုယ် လုပ်ရမှာပဲ၊ ညီလေးကို ကိုယ် ကြိုပြီး ပြောထားတဲ့အတွက် ညီလေးဟာ သက်သေတယောက် ဖြစ်နိုင်တယ်၊ ကိုယ် ဘာလုပ်မယ်ဆိုတာကို ကိုယ် ကောင်းကောင်းသိတယ်၊ အမှောင်နဲ့ ပျက်စီးခြင်းပဲ၊ ဘာမှ ရှင်းပြနေစရာ မလိုဘူး၊ အချိန်ကျရင် ညီလေး တွေ့မှာပဲ၊ နောက်ဖေး လမ်းကြိုလမ်းကြားနဲ့ မာရ်နတ်မဆီ သွားပြီ၊ ညီလေး... ကိုယ့်အတွက် ဘုရားသခင်ဆီမှာ ဆုမတောင်းပါနဲ့၊ ကိုယ်နဲ့ မထိုက်တန်ပါဘူး၊ နောက်ပြီးတော့ လိုလည်း မလိုအပ်ပါဘူး၊ လုံးဝ မလိုအပ်ပါဘူး၊ ကိုယ့်အတွက် မလိုဘူး၊ သွားပြီ..."

သူ ရုတ်ခြည်း ထွက်ခွာသွားသည်။ ယခုတကြိမ်သည် အပြီးအပိုင် ထွက်ခွာသွားခြင်းပင် ဖြစ်သည်။ အလျှိုရှာလည်း ဘုန်းကြီးကျောင်းတိုက်ဆီသို့ ထွက်လာခဲ့လေသည်။

"သူ့ကို နောက် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးဆိုတာ သူ ဘာပြောသွားတာလဲ၊ သူ ဘာတွေပြောသွားတာလဲ..." အလျှိုရှာ စဉ်းစား၍မရပါ။

"မနက်ဖြန်ကျရင် သူ့ကို ငါ သွားတွေ့ရမယ်၊ သူ့ကို ငါ လိုက်ရှာရမယ်၊ သူ ဘာတွေ ပြောသွားတာလဲ...

သူသည် ကျောင်းတိုက်ကြီးသို့ ကွေ့ပတ်ပြီး ထင်းရှူးတောကို ဖြတ်ကာ ကျောင်းသင်္ချမ်းသို့ တောက်လျှောက်သွားသည်။ သည်အချိန်မျိုးတွင် မည်သူ့ကိုမျှ ဝင်ခွင့်မပြုသော်လည်း သူ့အတွက်မူ ဝင်းတံခါးကို ဖွင့်ပေးသည်။ ခင်ကြီး၏ ကျောင်းသင်္ချမ်းအတွင်းသို့ ဝင်ရောက်သွားချိန်တွင် သူ့ရင်မှာ တုန်နေသည်။

အဘယ်ကြောင့် အပြင်ကို သူ ထွက်သွားခဲ့ရသနည်း၊ အဘယ်ကြောင့် ခင်ကြီး ဘုရားက သူ့ကို လောကကြီးထဲ စေလွှတ်လိုက်သနည်း။ သည်အရပ် သည်နေရာမှာ ငြိမ်းချမ်းမှု ရှိသည်၊ မြင့်မြတ်မှု ရှိသည်။ သို့ရာတွင် ပြင်ပကမ္ဘာကြီးတွင်ကာ ရှုပ်ထွေးမှုများ ရှိသည်။ အမှောင်တိုက်ကြီး ရှိသည်။ လူတယောက် လမ်းပျောက်ပြီး လမ်းမှားသွားနိုင်သည်။

ကျောင်းသင်္ချမ်းထဲတွင် ကိုရင် ပေါ်ဖာရီနှင့် ဘုန်းကြီး ပေဆီတို့ကို တွေ့ရသည်။ သူတို့သည် ခင်ကြီး ဇော်ဇီမာ၏ အခြေအနေကို တနာရီ တခေါက် လာရောက်ကြည့်ရှုနေကြခြင်း ဖြစ်သည်။ ခင်ကြီး၏ အခြေအနေသည် တဖြည်းထက်တဖြည်း ဆိုးရွားလျက်ရှိကြောင်းကို အလျှိုရှာ ထိတ်လန့် တုန်လှုပ်စွာ သိရသည်။ ခင်ကြီးသည် ရဟန်းများနှင့် နိစ္စဓူဝ ပြုလုပ်မြဲဖြစ်သော ညတရားပွဲကိုပင် သည်ကနေ့ မပြုနိုင်ဘဲရှိသည်။

စည်းကမ်းနည်းလမ်းအရ ရဟန်းများသည် ညအိပ်ရာမဝင်မီတွင် ခင်ကြီး၏ ကျောင်းသင်္ချမ်းတွင် စုဝေးကြရသည်။ သည်မှာ အားလုံး လူသိရှင်ကြား အာပတ်ဖြေကြရသည်။ တနေ့တာအတွင်း မိမိပြုခဲ့သော မကောင်းမှု၊ မကောင်းသော အတွေး၊ မကောင်းသော စိတ်ကူးနှင့် မိမိတို့အချင်းချင်း ဖြစ်ပွားသည်များကို ဖြောင့်ဆို ဝန်ခံကြရသည်။ အချို့သည် ဒူးထောက်ပြီး အာပတ်ဖြေကြရသည်။

ခင်ကြီးက သူတို့၏ အခက်အခဲများကို ဖြေရှင်းပေးသည်၊ စေ့စပ်ပေးသည်။ ဆုံးမ ပဲ့ပြင်ပေးသည်။ ပြစ်ဒဏ် ချမှတ်သည်။ ကောင်းချီးမင်္ဂလာပေးသည်။ ထို့နောက် အာပတ်ဖြေပွဲ ပြီးဆုံးသည်။

ဤ 'အာပတ်ဖြေပွဲ' များကို ခင်ကြီးများဂိုဏ်းကို ဆန့်ကျင်သူများက ဆန့်ကျင်ကြသည်။ ခရစ်ယာန် သာသနာတော်နှင့်အညီ ပြုမူခြင်း မဟုတ်ဘဲ သာသနာကို ဖျက်ဆီးနေခြင်းသာဟု ဆိုကြသည်။

"ဆရာတော် သိပ်အားနည်းနေပြီ၊ သူ အိပ်မောကျနေပြီ" ဖားသား ပေဆီက အလျှိုရှာကို လေသံသဲ့သဲ့ဖြင့် ပြောသည်။ "သူ့ကိုနှိုးဖို့ မလွယ်ဘူး၊ နှိုးဖို့လည်း မလိုတော့ဘူး၊ စောစောက သူ ငါးမိနစ်လောက် နိုးသွားပြီး ရဟန်းတွေကို

ကောင်းချီးပေးသွားပြီ၊ ညဘက်မှာ သူ့အတွက် ဆုတောင်းကြဖို့ မှာသွားပြီ၊ မနက် တရားပွဲလုပ်ဖို့ သူပြောတယ်၊ သူ မင်းကို သတိရတယ် အလက်ဇီ၊ မင်း ဘယ်သွားသလဲလို့ သူမေးတယ်၊ မြို့ထဲသွားတယ်လို့ ပြန်ပြောရတယ်၊ အဲဒီတော့ "အဲဒါ သူ့အတွက် မှန်တယ်၊ သူ့အတွက်နေရာ ဟိုမှာပဲရှိတယ်၊ ဒီမှာမရှိဘူး" လို့ ပြန်ပြောတယ်၊ သူ မင်းကို တမ်းတမ်းတတ သတိရတယ်၊ မင်းအတွက် သူ စိုးရိမ်ပူပန်နေတယ်၊ အဲဒါ မင်းကို သူ ဘယ်လောက် အရေးပေးသလဲဆိုတာ မင်း သိသလား၊ သူ ဘာဖြစ်လို့ မင်းကို လောကကြီးထဲမှာ နေစေဖို့ ဆုံးဖြတ်သလဲ၊ မင်းရဲ့ကံကြမ္မာကို သူ ကြိုပြီး မြင်နေလို့ပဲပေါ့၊ အဲဒီတော့ မင်း နားလည်ရမှာက လောကကြီးထဲကို မင်း ပြန်သွားတာဟာ... မင်းရဲ့ဆရာတော်က နှုတ်ကမ္ဘတ်တော် မြွက်ဟလိုက် လို့ပဲ၊ ဘာမဟုတ်တဲ့ လောကီအာရုံ ကာမဂုဏ်တွေကို ခံစားဖို့ မဟုတ်ဘူး"

ဖားသား ပေဆီ အခန်းထဲမှ ထွက်သွားသည်။ ခင်ကြီးသည် သေငယ်ဇောနှင့် မြောနေပြီကို အလျှိုရှာ သံသယမရှိတော့။ သို့သော် နောက်တရက် နှစ်ရက်တော့ ခံလိမ့်ဦးမည်ဟု ထင်သည်။ မနက်ဖြန်တွင် ဤကျောင်းတိုက်မှ မိမိ ထွက်ခွာခြင်း မပြုရန် အလျှိုရှာ ခိုင်မြဲစွာ သန္နိဋ္ဌာန်ချလိုက်သည်။ မနက်ဖြန် တွင် လာခဲ့မည်ဟု သူ့ဖခင်၊ ကိုကလာကော့၊ သူ့အစ်ကိုနှင့် ကက်ထရီးနားတို့အား ကတိပေးထား သော်လည်း သူသည် ခင်ကြီး၏ အပါးမှာပင် နေရပေမည်။

သူ့ရင်ထဲတွင် မေတ္တာစာတ် များစွာ ပွားများလျက်ရှိသည်။ သူ အင်မတန် မြတ်နိုး ကြည်ညိုသော ပုဂ္ဂိုလ်ကြီးကို သေလုမြောမြောတွင် ပစ်ထားခဲ့ပြီး မြို့ထဲတွင် ဗျာများကာ သတိမေ့လျော့နေမိခဲ့သည့် အတွက် အလျှိုရှာ သူ့ကိုယ်သူ ပြစ်တင်မဆုံး ရှိနေသည်။

ခင်ကြီး ဇော်ဇီမာ၏ အိပ်ခန်းတွင်းသို့ သူ ဝင်ရောက်သွားသည်။ အိပ်ပျော်နေသော ပုဂ္ဂိုလ်ကြီး၏ ရှေ့တွင် ဒူးထောက်ကာ ကိုယ်ကို ဦးညွှတ်ပြီး အလေးပြုလိုက်သည်။ ခင်ကြီး ဇော်ဇီမာ ငြိမ်သက်စွာ အိပ်နေသည်။ အနည်းငယ်မျှ လှုပ်ရှားခြင်း မရှိပါ။ အသက်ရှူသံ တိုးတိုးမှန်မှန်နှင့် ဖြစ်သည်။ သူ့မျက်နှာသည် အေးချမ်းဘိလေစွ။

ခင်ကြီးရဟန်း နံနက်ပိုင်းတွင် ဧည့်သည်များကို လက်ခံတွေ့ဆုံလေ့ရှိသော တဖက်ခန်းကို အလျှိုရှာ ရောက်ရှိသောအခါ ဖိနပ်တခုကိုသာ ချွတ်ပြီး အဝတ်အစားများကို မချွတ်တော့ဘဲ သူ အမြဲတမ်း အိပ်လေ့ရှိသော ဆိုဖာမာမာ ငယ်ငယ်ကလေးပေါ်တွင် ခေါင်းအုံးတလုံးချပြီး လဲလျောင်းလိုက်တော့ သည်။ သူ့ဖခင် နံနက်ပိုင်းက အော်ဟစ် ပြောဆိုခဲ့သော မွေ့ရာကို သူ မေ့လျော့နေခဲ့သည်မှာ ကြာချေပြီ။ သူ့ကိုယ်တွင် ဝတ်ဆင်ထားသည့် သက်တိုင်းရှည်ကြီးကိုသာ ညအိပ်ချိန်တွင် ချွတ်ပြီး စောင်အဖြစ် အသုံးပြုခဲ့သည်။

သို့သော် သူသည် ဆိုဖာပေါ်တွင် မလဲလျောင်းမီ ကြမ်းပြင်ပေါ်၌ ဒူးထောက်ကာ အတော်ကလေး ကြာအောင် ဆုတောင်းမေတ္တာပို့နေသည်။ ယင်းသို့ ဆုတောင်းမေတ္တာပို့ရာတွင် သူသည် ဘုရားသခင် ထံတွင် မည်သည့်အခါတွင်မျှ အရှုပ်အထွေးများ ရှင်းပေးပါရန် မတောင်းခံခဲ့ချေ။ ဘုရားသခင်၏ နာမတော်နှင့် ဂုဏ်ထူးတော်များကို ချီးမွမ်း အောက်မေ့ခြင်းဖြင့်သာ သူ၏ စိတ်အစဉ်ကို ကြည်နူး လန်းဆန်းစေသည်။ ယင်းကဲ့သို့ ကောင်းသော မနသိကာယကို နှလုံးပြုမိသောအခါ သူသည် ထိုညအဖို့ ကောင်းမွန်ငြိမ်းချမ်းစွာ အိပ်ပျော်လေတော့သည်။

သူသည် ဆုတောင်းမေတ္တာ ပို့နေရင်းနှင့် အင်္ကျီအိတ်ထဲမှ ပန်းနုရောင် စာအိတ်ကလေးကို အမှတ်မထင် စမ်းလိုက်မိသည်။ ကက်ထရီးနား၏ အစေခံမလေးက လမ်းမပေါ်တွင် လိုက်ပေးလိုက် သော စာအိတ်ကလေးပင် ဖြစ်သည်။ သူ့စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားသည်။ သို့သော် ဆုတောင်းခြင်းအမှုကို ပြီးအောင်လုပ်သည်။ ထို့နောက် အတန်ကြာ တုံ့ဆိုင်းနေပြီးနောက် စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။ သူ့ထံသို့ ရေးထားသောစာ ဖြစ်သည်။ အောက်တွင် လီဆီ လက်မှတ်ရေးထိုးထားသည်။ လီဆီသည် မဒမ်ကိုကလာကောဘ့ကို သမီးကလေး ဖြစ်သည်။ မနက်က ခင်ကြီးရပဟန်းရှေ့တွင် သူ့ကိုကြည့်ကာ ရယ်မောခဲ့သောသူကလေး ဖြစ်သည်။ သူမ၏စာတွင် ရေးထားသည်မှာ...

ချစ်သော အလက်ဇီ

အစ်ကို့ဆီကို ညီမ စာရေးတဲ့အကြောင်း ဘယ်သူမှ မသိဘူး၊ မေမေတောင် မသိဘူး၊ အဲဒါ မှားတယ်ဆိုတာ ညီမ သိပါတယ်၊ ဒါပေမဲ့ ညီမရဲ့ ရင်ထဲမှာ ရှိနေတာတွေကို မပြောဘဲ မနေနိုင်လို့ ရေးလိုက်ရတာပဲ၊ ဒီအကြောင်းကို လောလောဆယ်အချိန်မှာတော့ အစ်ကိုနဲ့ ညီမ နှစ်ယောက်တည်း ပဲ သိပါစေ။

ဒါပေမဲ့ အစ်ကိုရယ်၊ အစ်ကို့ကို ညီမ ပြောချင်နေတဲ့ အကြောင်းတွေကို ဘယ်လိုလုပ်ပြီး ပြောရပါ့မလဲ၊ လူတွေက ပြောကြတယ်၊ စာရွက်ကလေးဟာ မရှက်တတ်ပါဘူးတဲ့၊ ဒါ ဟုတ်ပါရဲ့လား အစ်ကိုရယ်၊ အခုကြည့်လေ .... စာရွက်ကလေး ဟာ ညီမ ရှက်သလိုပဲ ရှက်နေပါကလားကွယ်။

ချစ်သော အလက်ဇီ ... အစ်ကို့ကို ညီမ ချစ်တယ်ကွယ်၊ ညီမ ငယ်ငယ်ကလေးကတည်းက အစ်ကို့ကို ချစ်ခဲ့ရပါတယ်ကွယ်၊ ဟို မော်စကိုမှာတုန်းကတည်းကပေါ့၊ အဲဒီတုန်းက အစ်ကိုဟာ အခုလိုမျိုး မဟုတ်သေးဘူးပေါ့၊ အစ်ကိုကို့ ညီမ တသက်လုံး ချစ်သွားမှာပါကွယ်၊ အစ်ကို့ကို ညီမ အသည်းနှလုံး ထဲကနေ ချစ်တာပါ။ အစ်ကို့ရဲ့ဘဝနဲ့ ညီမရဲ့ဘဝကို ပေါင်းဆုံသွားကြမယ်၊ ရာသက်ပန် ရိုးမြေကျ အထိပေါ့ကွယ်၊ တခုတော့ရှိတယ် အစ်ကိုရယ်၊ အဲဒီ ဘုန်းကြီးကျောင်းတိုက်ကြီးထဲကတော့ အစ်ကို ထွက်ခဲ့ရလိမ့်မယ်၊ ညီမတို့ လက်ထပ်ကြဖို့ကတော့ တရားဥပဒေက သတ်မှတ်ထားတဲ့ အရွယ်အထိ ရောက်အောင် စောင့်ကြရမှာပေါ့ကွယ်၊ အဲဒီ အရွယ်ကျလို့ရှိရင် ညီမဟာ ကောင်းကောင်းကြီး လမ်းလျှောက်နေနိုင်ပါပြီ၊ ကနိုင်နေပါပြီ၊

အဲဒါအတွက်တော့ ဘာမှ သံသယဖြစ်စရာ မလိုပါဘူးကွယ်။

ကဲ၊ အစ်ကို... ညီမ ဘယ်လောက်အထိ စဉ်းစားထားသလဲဆိုတာ တွေ့ပလား၊ ဒါပေမဲ့ ညီမ စဉ်းစားလို့ မရတာ တခု ရှိနေတယ်၊ အဲဒါကတော့ ဒီစာကို ဖတ်ပြီးရင် အစ်ကို ဘယ်လိုထင်မလဲ ဆိုတာပဲ၊ ညီမက အမြဲတမ်း ရယ်နေတတ်တဲ့ ကောင်မလေး မဟုတ်လား၊ မိန်းမဆိုးကလေး မဟုတ်လား၊ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်လို့ ညီမ ပြောပါ့မယ်၊ ဒီစာကို မရေးခင်မှာပဲ မယ်တော်မာရီရဲ့ ပုံတော်ကားရှေ့မှာ ညီမ ဆုတောင်းခဲ့ပါတယ်၊ အခုလည်း ညီမ ဆုတောင်းနေပါတယ်၊ ညီမမှာ ငိုနေရပါတယ်။

ညီမရဲ့လျှို့ဝှက်ချက်ဟာ အစ်ကို့လက်ထဲမှာ ရှိနေပါပြီ၊ မနက်ဖြန်ခါ အစ်ကို အိမ်ကိုလာလို့ရှိရင် အစ်ကို့မျက်နှာကို ညီမ ဘယ်လိုကြည့်ရမလဲ မသိဘူး၊ အို... ချစ်သော အလက်ဇီရယ်၊ မတော်လို့များ ညီမဟာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ မနက်က အစ်ကို့ကို တွေ့ရတုန်းကလိုပဲ မိုက်မဲတဲ့ ကောင်မလေးတယောက်လို ရယ်မောခဲ့မိရင် ဘယ်လိုနေပါ့မလဲ၊ ညီမဟာ အစ်ကို့ကို နောက်နေတဲ့ ကောင်မလေးတယောက်လို့ ထင်တော့မှာပဲ၊ ညီမရဲ့စာကို အစ်ကို ယူတော့မှာ မဟုတ်ဘူး။

အဲဒီတော့ အစ်ကိုရယ်... ညီမလေး တောင်းပန်ပါရစေ၊ ညီမလေးကို အစ်ကို သနားရင် မနက်ဖြန် အစ်ကိုလာတဲ့အခါမှာ ညီမလေးရဲ့မျက်နှာကို အစ်ကို မကြည့်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုရင် ညီမလေးရဲ့ မျက်လုံးတွေနဲ့ အစ်ကို့မျက်လုံးတွေနဲ့ ဆုံမိရင် ညီမလေး ရယ်မိပါလိမ့်မယ်၊ အထူးသဖြင့် အဲဒီ ဘုန်းကြီး သင်တိုင်းရှည်ကြီးကို အစ်ကို ဝတ်ထားခဲ့ရင်ပေါ့.... အခုကိုပဲ အဲဒါကို စဉ်းစားမိလိုက်တာနဲ့ ညီမ တကိုယ်လုံး အေးသွားတယ်၊ အဲဒီတော့ အစ်ကို လာလို့ရှိရင် တော်တော်ကလေး ကြာတဲ့အထိ ညီမကို မကြည့်ပါနဲ့၊ မေမေ့ကို ကြည့်ရင်ကြည့်ပါ၊ ဒါမှမဟုတ် ပြတင်းပေါက်ကို ကြည့်နေပါ....

ကဲ... ဒီမှာ အစ်ကို့ဆီကို ညီမ ရည်းစားစာ ရေးလိုက်မိပြီ၊ ဘုရားသခင်... ညီမ ဘယ်လိုများ လုပ်လိုက်မိပါလိမ့်၊ အလျှိုရှာ ... ညီမကို မမုန်းလိုက်ပါနဲ့၊ ညီမ မဟုတ်တာလုပ်ခဲ့မိရင် အစ်ကို့ကို အနှောင့်အယှက် ပေးခဲ့မိရင် ညီမကို ခွင့်လွှတ်ပါ၊ အခုဆိုရင် ညီမရဲ့ဂုဏ်သိက္ခာဟာ၊ ဒီဂုဏ်သိက္ခာနဲ့ ပတ်သက်တဲ့ လျှို့ဝှက်မှုဟာ... ညီမရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားမှုဟာ အစ်ကို့လက်ထဲမှာ ရှိနေပါပြီ။ သေချာတာကတော့ ဒီကနေ့ တနေ့လုံး ညီမ ငိုနေမှာပဲ၊ ကဲ... ဝေးကြဦးစို့၊ ညီမတို့ရဲ့ အံ့ဖွယ်သရဲ တွေ့ဆုံပွဲ မတိုင်ခင်အထိပေါ့...။

စာကြွင်း ... အလျှိုရှာ၊ အစ်ကို ဆက်ဆက် ဆက်ဆက်ကြီးလာနော်။

လီဆီ

အလျှိုရှာသည် စာကို တအံ့တဩ ဖတ်ရှုသည်။ နှစ်ခေါက် ဖတ်သည်။ စဉ်းစား သည်။ ထို့နောက် တိုးညင်းစွာ ရယ်မောလိုက်သည်။ သူ လန့်သွားသည်။ ဤသို့ ရယ်မော လိုက်ခြင်းကို ဒုစရိုက်မှု တခုဟု သူ ထင်လိုက်မိသည်။ သို့သော်

အတန်ငယ်ကြာသော အခါ သူ ထပ်မံ၍ ရယ်မောလိုက်ပြန်သည်။ တိုးတိုးညင်းညင်းနှင့် ပျော်ပျော်ရွှင်ရွှင်ကလေး ရယ်မောလိုက်ခြင်းပင် ဖြစ်သည်။ စာကို စာအိတ်ထဲသို့ ဖြည်းလေးစွာ ပြန်ထည့်လိုက်သည်။ ထို့နောက် သူ့ကိုယ်ကို လက်ဝါးကပ်သဏ္ဌာန် ပြုလုပ်ပြီး လဲလျောင်းလိုက်သည်။ သူ့ရင်ထဲမှ လှုပ်ခတ်မှုများ ရုတ်ခြည်းပင် ပျောက်လွင့်သွားသည်။

“ဘုရားသခင်သည် သူတို့အားလုံးကို သနားတော်မူသည်။ စိတ်နှလုံး မချမ်းမြေ့သူများနှင့် စိတ်နှလုံး ကသိကအောက် ဖြစ်နေသူများ အားလုံးကို ထိန်းသိမ်းတော်မူသည်။ ကယ်တင်တော်မူသည်။ လမ်းမှန်ကို ရောက်အောင် ပို့ဆောင်တော်မူသည်။ လမ်းမှန်ကို ရောက်အောင် ပို့ဆောင်တော်မူသည်။ အလုံးစုံသော လမ်းတို့သည် ဘုရားသခင် ပိုင်သ၏။ သူတို့အားလုံးကို ဘုရားသခင်၏လမ်းဖြင့် ကယ်တင်တော်မူပါ။ မေတ္တာတရားကို ပေးသနားတော်မူပါ သခင်၊ သူတို့အားလုံးကို ပျော်ရွှင် ချမ်းမြေ့ခြင်း ပို့သတော်မူပါ”

အလျှိုရှာ တိုးညင်းစွာ ရွတ်ဆိုသည်။ လက်ဝါးကပ်သဏ္ဌာန် ပြုသည်။ ထို့နောက် ညင်သာနှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့သတည်း ။။

အပိုင်း နှစ်

စတုတ္ထကဏ္ဍ – စိတ်ဒုက္ခ

၁။ ရသေ့ကြီး ဗီရာပွိုင့်

အလျှိုရှာသည် နံနက်မိုးမလင်းမီ အိပ်ရာမှနိုးသည်။ ခင်ကြီး ဇော်ဇီမာလည်း နှမ်းမဲ့စွာဖြင့် နိုးလာသည်။ သို့သော် သူသည် အိပ်ရာမှထပြီး ကုလားထိုင်တွင် ထိုင်သည်။ စိတ်အစဉ် ကြည်လင်နေ သည်။ သူ့မျက်နှာ နွမ်းပဲ့နေဟန် ရှိသော်လည်း ကြည်လင်ရွှင်ပျလျက်ရှိသည်။ သူ့မျက်နှာတွင် ကြည်လင်ခြင်း၊ ကြင်နာခြင်း၊ ဖော်ရွေခြင်း အသွင်များ ရှိနေသည်။

"ငါ ... ဒီကနေ့ တနေကုန်အောင် နေချင်မှ နေရတော့မယ်"

အလျှိုရှာကို သူ ပြောသည်။ ထို့နောက် သူသည် အာပတ်ဖြေခြင်းနှင့် ဝတ်ပြုခြင်း အမှုများကို ချက်ချင်း လုပ်ဆောင်သည်။ သူသည် အမြဲတစေလိုပင် ဖားသား ပေဆီထံတွင် အာပတ်ဖြေသည်။ အာပတ်ဖြေပြီးနောက် ပရိတ်ဆီလိမ်း ဘိသိက်ပြုလုပ်သည်။

ရဟန်းများ စုဝေးရောက်ရှိလာကြသဖြင့် ကျောင်းသခ်မ်းတခုလုံး တောရကျောင်း ရဟန်းများဖြင့် ပြည့်သွားသည်။ သည်အချိန်မှာပင် မိုးလင်းလာသည်။ ကျောင်းတိုက်ကြီးမှ လူများလည်း ရောက်ရှိလာကြသည်။ အခမ်းအနား ပြီးဆုံးသောအခါ ခင်ကြီးသည် အားလုံးကို နမ်းရှုပ် နှုတ်ဆက်ခြင်း ပြုသည်။

ကျောင်းသခ်မ်းကလေးသည် သေးငယ်လှသဖြင့် ပထမရောက်နှင့်နေသူများသည် နောက်ရောက်လာ သူများကို နေရာဖယ်ပေးကြရသည်။ အလျှိုရှာသည် ခင်ကြီး၏နံဘေးတွင် ရပ်နေသည်။ ခင်ကြီးသည် ကုလားထိုင်တွင် ပြန်ထိုင်လျက်ရှိသည်။ တတ်နိုင်သမျှ ကြိုးစားပြီး ဩဝါဒစကား ပြောကြားလျက် ရှိသည်။ သူ့အသံမှာ အားနည်းနေပြီ ဖြစ်သော်လည်း ပြတ်သား ခိုင်ကျည်သည်။

"ဘုန်းကြီးတို့ကို ကျုပ် သင်ကြားပို့ချခဲ့တာ နှစ်ပရိစ္ဆေဒကြာပြီ၊ ကျုပ်ဟာ နှစ်ပေါင်းများစွာ စကားတွေ ပြောခဲ့ပြီ၊ ကျုပ်မှာ စကားပြောတဲ့အကျင့် စွဲကပ်နေပြီ။ ကျုပ်ဟာ စကားပြောရင်းနဲ့ သင်တို့အား ဆုံးမသင်ကြားခဲ့တယ်။ အဲဒီအတွက် ကျုပ်ဟာ စကားမပြောဘဲ ခပ်မဆိတ် မနေတတ်တော့ဘူး။ ကျုပ်မှာ ဘယ်လောက်ပဲ

အားနည်းနည်း စကားမပြောဘဲ မနေနိုင်တော့ဘူး”

သူက ပရိသတ်ကို စိတ်ပါဝင်စားစွာ ငေးမောရင်း အရွှန်းဖောက်လိုက်သည်။

သူတို့အား ထိုအချိန်က ခင်ကြီးရဟန်း မိန့်ကြားခဲ့သည့် စကားအချို့ကို အလျှိုရှာ နောင်အခါတွင် အမှတ်ရလျက်ရှိသည်။ ခင်ကြီးရဟန်းသည် စကားကို ပီပီပြင်ပြင် ပြောဆိုလျက်ရှိပြီး သူ့အသံက လည်း အတော်ကြီးပင် မာလျက်ရှိသော်လည်း သူ့စကားများသည် အဆက်အစပ် မရှိဘဲ ဖြစ်နေကြ သည်။ သူပြောသည့် အကြောင်းအရာတွေက အများကြီး ဖြစ်သည်။ သူ့ဘဝမှာ သူပြောစရာ ရှိသည်များကို သူ မသေမီ အကုန်မပြောလိုက်ရမှာ စိုးရိမ်နေသည့်ဟန် ဖြစ်သည်။ သူက သည်စကားတွေကို ဆိုဆုံးမသည့်သဘော သက်သက်ဖြင့် ပြောနေခြင်း မဟုတ်၊ သူ၏ ဝမ်းသာ ကြည်နူးမှုနှင့် ခံစားရမှုများကို လူအများနှင့် မျှဝေခံစားနေခြင်း ဖြစ်သည်။ သူ့ရင်ထဲမှာ ရှိသည်များ အားလုံးကို သွန်ချနေခြင်း ဖြစ်သည်။

“တဦးကိုတဦး မေတ္တာထားကြပါ ရဟန်းတို့ ...”

ခင်ကြီးက ဆိုသည်။ နောက်ပိုင်းတွင် အလျှိုရှာ အမှတ်ရနေသမျှ ဖြစ်သည်။ “ဘုရားသခင်ရဲ့ လူသားတွေကို မေတ္တာထားကြပါ။ ကျုပ်တို့ ဒီမှာလာပြီး ရိပ်ကြီး ခိုနေကြတာဟာ ကျုပ်တို့ဟာ အပြင်လောကမှာ ရှိနေကြတဲ့ လူတွေထက် ပိုပြီး မမြင့်မြတ်ကြလို့ပဲ၊ မမြင့်မြတ်ကြရုံတင်မကဘူး... ကျုပ်တို့ဟာ တခြားလူတွေထက်တောင် ပိုပြီး မိုက်မှားဆိုးရွားကြတယ်ဆိုတာ ကျုပ်တို့အားလုံး ဝန်ခံကြရမယ်၊ ရဟန်းတပါးဟာ လောကကြီးနဲ့ ကင်းကွာနေတာ ကြာလေလေ ဒီအတွက်ကို ပိုပြီး သတိပြုမိရလေ ဖြစ်ရမယ်။ ဒီလိုမဟုတ်ဘဲနဲ့ သူ ဒီကိုလာစရာ ဘာအကြောင်းမှ မရှိဘူး။

“သူဟာ သူများတွေထက် ပိုမိုဆိုးရွားရုံတင် မကဘူး၊ လူသားအားလုံးနဲ့ အရာအားလုံးအတွက် တာဝန်ရှိတယ်လို့ သဘောပေါက် နားလည်ရမယ်။ လူ့လောကကြီးရဲ့မကောင်းမှု ဒုစရိုက်တွေ အားလုံးအတွက် တာဝန်ရှိရမယ်၊ တဦးချင်းအတွက်လည်း တာဝန်ရှိရမယ်၊ တနိုင်ငံလုံးအတွက် လည်း တာဝန်ရှိရမယ်၊ အဲဒီတော့မှလည်း ကျုပ်တို့ရဲ့လူ့ဘုံခန်းဝါကို စွန့်လွှတ်ပြီး ရိပ်ကြီး မြိုင်ကြီး ခိုတဲ့ အဓိပ္ပာယ်ဟာ ပြည့်စုံလာရမယ်။

“ရဟန်းတို့... ကျုပ်တို့အားလုံးဟာ ကမ္ဘာမြေပေါ်မှာ ရှိသမျှ လူသားအားလုံးနဲ့ အရာအားလုံးအတွက် တာဝန်ရှိရမယ်။ ဒါဟာ ဒုစရိုက်ကမ္ဘာကြီးပါပဲဆိုတဲ့ ယေဘုယျ သဘောမျိုးကြောင့် မဟုတ်ဘဲ တဦးချင်း တယောက်ချင်းအနေနဲ့ လူ့လောကကြီး တခုလုံးအတွက်လည်း တာဝန်ရှိရမယ်၊ လူတဦးစီ အတွက်လည်း တာဝန်ရှိရမယ်။ အခုလို သိနားလည်ခြင်းဟာ

ရဟန်းတပါးအတွက် ဘဝအနှစ်ချုပ် ဖြစ်သလို လူတိုင်းအတွက်ပဲ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ရဟန်းတွေဟာ အထူးပြုလုပ် ထားတဲ့ လူတွေ မဟုတ်ဘဲ တခြားလူတွေအားလုံးလိုပဲ ဖြစ်လို့ပဲ။ ကျုပ်တို့ဟာ အဲဒီလို ခံယူသိမြင်မှသာ ကျုပ်တို့ရဲ့နှလုံးသားတွေဟာ အတိုင်းအဆမရှိဘဲ အဆုံးအစမရှိ ပျော့ပျောင်းနူးညံ့နေလိမ့်မယ်။

"အဲဒီအခါကျမှသာ ရဟန်းတို့ဟာ လောကကြီးကို မေတ္တာတရားနဲ့ အောင်မြင်နိုင်ကြလိမ့်မယ်။ ကမ္ဘာပေါ်မှာ ရှိနေတဲ့ မကောင်းမှု ဒုစရိုက်တွေကို ရဟန်းတို့ရဲ့မျက်ရည်တွေနဲ့ ဆေးကြောပစ်နိုင်ကြ လိမ့်မယ်။ ရဟန်းတို့ဟာ ကိုယ့်ကိုယ်ကိုယ် မပြတ်ဆင်ခြင်နေပြီး ကိုယ့်အပြစ်ကိုယ် မပြတ်ဝန်ခံနေကြ ဖို့လိုတယ်၊ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံဖို့ မကြောက်ပါနဲ့၊ ကိုယ့်အပြစ်ကို ကိုယ်သိလို့ နောင်တ ရစေကာဦးတော့ ဒီနေရာမှာ ဘုရားသခင်နဲ့ ဈေးမဆစ်ပါနဲ့။

"ရဟန်းတို့ကို နောက်တခု ကျွန်ုပ် အထူးပြောလိုတာတော့ မာန်မာန မထောင်လွှားကြပါနဲ့၊ နည်းနည်းကလေးမှ မထောင်လွှားပါနဲ့၊ များများကြီးလည်း မထောင်လွှားပါနဲ့။ ကိုယ့်ကို ပစ်ပယ်တဲ့လူ၊ ကိုယ့်ကို စော်ကားတဲ့လူ၊ ကိုယ့်ကို မကောင်းပြောတဲ့လူ၊ ကိုယ့်ကို အပုပ်ချတဲ့လူ အဲဒီလူတွေကိုလည်း မမုန်းကြပါနဲ့။ သူတို့အထဲမှာရှိတဲ့ လူကောင်းတွေကိုတင် မမုန်းဖို့ ပြောတာ မဟုတ်ဘူး၊ သူတို့အထဲမှာ လူကောင်းတွေ အများကြီး ရှိပါတယ်၊ ကျုပ်ပြောတာက သူတို့အထဲက အဆိုးဆုံး အယုတ်မာဆုံး ဆိုတဲ့ လူတွေကိုလည်း မမုန်းကြပါနဲ့။

"ဘုရားသခင်ထံ ဆုတောင်းတဲ့အခါမှာ သူတို့ကို အမြဲတမ်း သတိရကြပါ၊ သူတို့အတွက် ဆုတောင်း ပေးကြပါ၊ အို... ဘုရားသခင် ရှင်တော်မြတ်ဘုရားထံမှာ ဆုမတောင်းကြတဲ့လူတွေ၊ ဆုမတောင်းလို ကြတဲ့ လူတွေကိုလည်း ရှင်တော်မြတ်ဘုရား သနား ကယ်တင်တော်မူပါ၊ နောက်ပြီးတော့ အို ... ဘုရားသခင်၊ ရှင်တော်မြတ်ဘုရားထံမှာ တပည့်တော် ဆုမွန်ကောင်းတောင်းသည်မှာ မာန်မာန တရားဖြင့် မဟုတ်ပါ။ တပည့်တော်သည် လူအားလုံးထက် နိမ့်ကျပါသည် ဘုရား...။

"ဘုရားသခင်ရဲ့ လူတွေကို မေတ္တာထားကြပါ၊ သင်၏ အသင်းတော်သားများကို သူစိမ်းတရံဆံများက ဆွဲခေါ်မသွားကြပါစေနဲ့၊ သင်တို့ဟာ ပျင်းရိခြင်းနဲ့ မာန်မာန ကြီးမားခြင်းများ အိပ်ပျော်နေကြမယ် ဆိုရင်... ဒါထက် ပိုပြီးဆိုးတာကတော့ လောဘန္တံထဲမှာ နစ်နေကြမယ်ဆိုရင် အရပ်ရှစ်မျက်နှာက လူတွေ လာပြီး အသင်းတော်သားတွေကို ဆွဲခေါ်သွားကြလိမ့်မယ်။

"လူအများကို ခရစ်ဝင် ကျမ်းတော်ကို အစဉ် ဟောကြားကြပါ... ဒါပေမဲ့ အတင်းအကျပ် လုပ်တာမျိုး လည်း မဖြစ်ကြပါစေနဲ့ ... ရွှေငွေဥစ္စာတွေကို မမြတ်နိုးကြပါနဲ့ ၊ မသိုလှောင် မသိမ်းဆည်းကြပါနဲ့... ဘုရားသခင်ကို ယုံကြည်ကြပါ၊

ယုံကြည်မှုအောင်လံကို လွှင့်ထူကြပါ”

ထိုအချိန်က ခင်ကြီးရဟန်း မိန့်ကြားခဲ့သည့် စကားများမှာ နောင်အခါတွင် အလျိုရှာ ပြန်လည် ပြောဆိုသည်ထက်ပင် ပြတ်တိပြတ်တောင်း ဖြစ်နေခဲ့သည်။ ရံဖန်ရံခါတွင် သူ ပြောနေသည့်စကား လုံးဝ ပြတ်သွားသည်။ အသက်ဝဝရှူပြီး ပြန်လည်အားယူသည့် သဘောမျိုးပင် ဖြစ်သည်။ သို့သော် သူသည် အင်မတန် ဇော်သန်လျက်ရှိသည်။ သူ စိတ်ပါလက်ပါ ပြောသည်။ သို့သော် သူ၏စကားများ ကို သူတို့ အကုန်နားမလည်နိုင်ဘဲ ဝေဝေဝါးဝါး ရှိကြရသည်။ သို့သော် နောက်ပိုင်းကျတော့လည်း သူ့စကားများ အားလုံးကို သူတို့ မှတ်မိနေကြသည်။

အလျိုရှာသည် အကြောင်းကိစ္စတခုဖြင့် အပြင်ဘက်သို့ ခေတ္တထွက်သွားသောအခါ ကျောင်းသခ်မ်း အတွင်းရှိ ရဟန်းများနှင့် အနီးဝန်းကျင်ရှိ ရဟန်းများ အထူးပင် စိတ်ဝင်စားစွာနှင့် တစုံတခုကို မျှော်လင့်စောင့်စားလျက် ရှိကြကြောင်းကို အံ့သြစွာ တွေ့ရှိရသည်။ တချို့က စိုးရိမ်ကြောင့်ကြစိတ် နှင့် မျှော်လင့်စောင့်စားနေကြခြင်း ဖြစ်ပြီး တချို့က ခင်ကြီးရဟန်းကို သဒ္ဓါကြည်ညိုလွန်းကြသော ကြောင့် ဖြစ်သည်။ ခင်ကြီးရဟန်း ကွယ်လွန်သည်နှင့် တပြိုင်နက် တစုံတခု အဆန်းတကြယ် ဖြစ်လိမ့်မည်ဟု သူတို့ ထင်မှတ်နေကြသည်။ ဤမျှော်လင့်မှုသည် တဖက်ကကြည့်လျှင် ဘာမျှ ခြေခြေမြစ်မြစ် မရှိသော်လည်း အင်မတန် သိက္ခာကြီးသော ရဟန်းကြီးများပင် ရောင်ပြန်ဟပ်ခြင်း ခံနေရသည်။ ဖားသား ပေဆီ၏ မျက်နှာသည် အတည်ဆုံး ဖြစ်နေသည်။

အလျိုရှာ အပြင်သို့ ထွက်လာရသည့်အကြောင်းမှာ ရာကီတင် အခေါ်ခိုင်း၍ဟုဆိုပြီး ဘုန်းကြီးတပါး က ထူးထူးခြားခြား လာခေါ်သောကြောင့် ဖြစ်သည်။ ရာကီတင်သည် ယခုပင် မြို့ထဲမှ ပြန်လည် ရောက်ရှိလာပြီး သူနှင့်အတူ မဒမ်ကိုကလာကော့ထံမှ ထူးဆန်းသော စာတစောင် ပါရှိလာသည်။

စာထဲတွင် အင်မတန် ထူးခြားဆန်းပြားသော သတင်းတခု ပါရှိသည်။ ယမန်နေ့က ခင်ကြီးရဟန်းကို လာရောက် ပူဇော်သူများထဲတွင် ပရိုဟိုရိုနာ ဟူသော တပ်ကြပ်ကြီး ဇနီး မုဆိုးမ အဘွားကြီး တယောက် ပါရှိသည်။ ဆိုက်ဗေးရီးယားတွင် သွားရောက် အမှုထမ်းနေသော သူမ၏သား ဗက်စယာ ထံမှ စာမလာ သတင်းမကြားရသည်မှာ တနှစ်ကျော်ပြီ ဖြစ်သဖြင့် သူ့သား၏ ဝိညာဉ် ကောင်းမွန်စွာ အိပ်ပျော်ရေးအတွက် ဆုမွန်ကောင်း တောင်းရမည်လားဟု ခင်ကြီးရဟန်းအား အဘွားကြီးက မေးမြန်းခဲ့သည်။

ဤအချက်နှင့် ပတ်သက်၍ ခင်ကြီး ဇော်ဇီမာက ပြတ်သားစွာ ဖြေကြားခဲ့သည်။ အသက်ရှင်နေသူ တဦးအတွက် သေဆုံးပြီးသူတဦးပမာ မေတ္တာပို့ ဆုမွန်တောင်းခြင်းသည် အောက်လမ်းပညာပင် ဖြစ်သည်ဟု ဆိုခဲ့သည်။ သို့သော်

အဘွားကြီး၏ မသိနားမလည်မှုကို ခင်ကြီး ခွင့်လွှတ်သည်။ ထို့နောက် အနာဂတ်ကို သိမြင်သူတဦးပမာ ဆက်လက် ပြောကြားသည်မှာ (ဤသည်မှာ မဒမ် ကိုကလာကော့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်သည်)။

"အဘွားကြီး၏သား ဗက်စယာဟာ အသက်ရှင်လျက်ရှိနေပြီး သူဟာ မကြာမီကာလအတွင်းမှာ လူကိုယ်တိုင်သော်လည်းကောင်း ပြန်လာမည်၊ ဒါမှမဟုတ် စာသော်လည်းကောင်း ပေးပို့လိမ့်မည်လို့ ခင်ကြီးက မိန့်ကြားတယ်၊ အဲဒါကြောင့် အဘွားကြီးဟာ အိမ်ပြန်သွားပြီး သားကို စောင့်မျှော်နေခဲ့ တယ်။

"ပြောရင် အလျှိုရှာ ယုံပါ့မလား" မဒမ်ကိုကလာကော့က သူမ၏ စာထဲတွင် တအံ့တသြ ရေးထားသည်။ ခင်ကြီးရဟန်း နိမိတ်ဖတ်လိုက်တာဟာ တခါတည်းကို မှန်နေတယ်၊ မှန်တာ ထက်တောင် အများကြီး ပိုနေသေးတယ်"

အဘွားကြီး အိမ်ပြန်ရောက်သွားသောအခါ သားထံမှ စာက အိမ်မှာ ရောက်နှင့်နေသည်။ သည့်မျှ မကသေးပါ။ ဗက်စယာက ထိုစာကို အပြန်လမ်းခရီးတွင် ရေးလိုက်ခြင်း ဖြစ်သည်။ သူသည် အရာရှိတဦးနှင့်အတူ ရုရှားသို့ ပြန်လာနေပြီဟု ဆိုသည်။ နောက် သုံးလေးပတ်ခန့်အကြာတွင် မိခင်ထံသို့ သူကိုယ်တိုင် ရောက်ရှိလာမည်ဟု ဆို ထားသည်။

ဤ 'အံ့မခန်း ဟောကြားချက်' ကို ကျောင်းအုပ်ဘုန်းကြီးနှင့် ကျောင်းတိုက်ရှိ ရဟန်းများအား အသိပေး ပြောကြားရန် မစ္စက်ကိုကလာကော့က အလျှိုရှာကို မှာကြားသည်။ "ဒီအကြောင်းကို အားလုံး အားလုံး သိသင့်တယ်" ဟု နိဂုံးချုပ်ထားသည်။

စာကို ကမန်းကတန်း ရေးလိုက်ဟန်ရှိသည်။ စာရေးသူ၏ စိတ်လှုပ်ရှားနေမှုကို စာကြောင်းတိုင်းတွင် တွေ့ရှိနိုင်သည်။ သို့ရာတွင် အလျှိုရှာသည် စာပါ အကြောင်းအရာကို ဘုန်းကြီး ရဟန်းများအား အထူး လျှောက်ထားနေစရာ မလိုတော့ပါ။ အားလုံးပင် သိရှိနေကြပြီ ဖြစ်သည်။

ရာကီတင်သည် အလျှိုရှာထံသို့ စာပေးပို့ခိုင်းလိုက်သော ရဟန်းကိုပင် ဘုန်းကြီး ပေဆီထံ အရေးကြီးသည့် အကြောင်းအရာတခုကို မဆိုင်းမတွ လျှောက်တင်ရန်ရှိကြောင်း လျှောက်ထားလိုက် သည်။ သို့ဖြင့် အလျှိုရှာသည် စာကို ဖတ်ပြီးသောအခါ အထူးအထွေ လုပ်စရာမရှိတော့ဘဲ ထိုစာကို အထောက်အထားအဖြစ်နှင့်သာ ဘုန်းကြီးပေဆီထံ တင်ပြလိုက်ရတော့သည်။

ဣန္ဒြေသိက္ခာ ကြီးမားလှသော ပုဂ္ဂိုလ်ကြီးတဦးပင် ဖြစ်လင့်ကစား 'အံ့သြဖွယ်' သတင်းကို ဖတ်ကြားရသောအခါ ဘုန်းတော်ကြီး ပေဆီသည် အတွင်းစိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ဝမ်းမြောက်ဝမ်းသာစွာ

ပြုံးတော်မူသည်။

"ထူးခြားတဲ့ အရာတွေကို ကျုပ်တို့ မြင်ကြရတော့မယ်"

သူ ထုတ်ဖော် မြွက်ကြားလိုက်သည်။

"ထူးခြားတဲ့ အရာတွေကို ကျုပ်တို့ မြင်ရတော့မယ်.. ထူးခြားတဲ့ အရာတွေကို မြင်ကြရတော့မယ်" ရဟန်းများက ပဲ့တင်ထပ်ကြသည်။

သို့ရာတွင် ဖားသားပေဆီ မျက်မှောင်ကြုတ်လိုက်ပြီး ရဟန်းများကို မေတ္တာရပ်ခံသည်။ ဤသတင်း ခိုင်ခိုင်မာမာ အတည်ပြုချက် မရသေးသမျှ မည်သူ့ကိုမျှ မပြောကြရန် ဖြစ်သည်။ သည်လောကကြီး မှာ လူတွေသည် အခြေအမြစ် မရှိဘဲနှင့် ယုံကြည်တတ်ကြသည်။ မည်သည့်ကိစ္စမဆို သဘာဝတရား အရသာ ဖြစ်တတ်သည်ဟု ဆိုသည်။ ဘုရားသခင်၏ အလိုတော်နှင့် ဆန့်ကျင်ရာ ကျမည် စိုးသဖြင့် သူ့အသိစိတ်ကို သူထိန်းသောအားဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် သူ၏စကားသည် ဘုရားသခင်အပေါ် အနည်းငယ်မျှ ယုံမှားခြင်း မရှိကြောင်း အားလုံးကပင် သိကြပါသည်။

သို့ရာတွင် 'အံ့သြဖွယ်' သတင်းသည် တနာရီအတွင်းမှာပင် ကျောင်းတိုက်တခုလုံးနှင့် ဝတ်ပြုရန် လာရောက်သူများသို့ ပြန့်သွားသည်။ ဤသတင်းအတွက် စိတ်အလှုပ်ရှားဆုံး ဖြစ်ရသူမှာ စိန့်ဆီဗာစတာမြို့ ၊ အော့ဗဒေါက် ကျောင်းတိုက်မှ ယမန်နေ့က ရောက်ရှိလာသော ရဟန်းပင် ဖြစ်သည်။ အဆိုပါ ရဟန်းသည် ယမန်နေ့က မဒမ်ကိုကလာကော့အနီးတွင် ရှိနေခဲ့ပြီး... အရှင်ဘုရား၊ ဤအရာများကို အဘယ်နည်းဖြင့် ဆောင်ကြဉ်းနိုင်ပါသနည်း" ဟု စူးစမ်းခဲ့သူပင် ဖြစ်သည်။

ယခုအခါတွင် သူသည် ဇဝေဇဝါ ဖြစ်နေပြီး မည်သူ့ကို ယုံကြည်ရမှန်းမသိ ဖြစ်နေသည်။ ယမန်နေ့ ညနေက သူသည် ပျားဂေဟာ၏ နောက်ဘက်ရှိ ရသေ့ကြီး ဖီရာပွိုင့်၏ ကျောင်းသခ်မ်းသို့ သွားရောက်ခဲ့သည်။ သူသည် ရသေ့ကြီးနှင့် တွေ့ရသည်ကို များစွာမှပင် ကျေနပ်အားရလျက်ရှိပြီး စိတ်ထဲတွင်လည်း အံ့သြ၍မဆုံးနိုင် ရှိခဲ့သည်။

ရသေ့ကြီး ဖီရာပွိုင့်သည် အစာရေစာ ခြိုးခြံခြင်းနှင့် နှုတ်ဆိတ်ခြင်း အကျင့်တို့ကို လိုက်နာကျင့်ကြံ နေသော ရဟန်းကြီးတပါး ဖြစ်သည်။ သူသည် ခင်ကြီးဇော်ဇီမာကိုသာ မက ခင်ကြီးဂိုဏ်းတခုလုံးကို ဆန့်ကျင်နေသူ ဖြစ်သည်။ ဇော်ဇီမာတို့၏ ခင်ကြီးဂိုဏ်းသည် ဘာသာရေး အန္တရာယ်တခုဖြစ်ပြီး ကရော်ကမည် ဂိုဏ်းသစ်တခုဟု သူ ယူဆသည်။ သူသည် သူ၏ အကျင့်သီလအရ စကားပြောဆိုခြင်း နည်းပါးလှသော်လည်း ကြောက်မက်ဖွယ်ရာကောင်းသော

ဆန့်ကျင်ဘက်တဦး ဖြစ်သည်ကား အမှန်ပင်တည်း။ အဘယ်ကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းရသနည်းဆိုလျှင် သူ၏အယူအဆကို ရဟန်းတော်တော်များများက သဘောတူနေကြသောကြောင့် ဖြစ်သည်။ ထို့အပြင် ကျောင်းတိုက်သို့ လာရောက်သူ တော်တော်များများကလည်း သူ့ကို အရူးကြီးတယောက်ဟု သိနေကြသော်လည်း သူတော်စင်ကြီးတပါးဟုလည်း ယူဆနေကြသည်။ အမှန်အားဖြင့်တော့ သူတို့ကို ဆွဲဆောင်နေသည် မှာလည်း သူ၏ ရူးသွပ်မှုပင် ဖြစ်တော့သည်။

ရသေ့ကြီး ဖီရာပွိုင့်သည် ခင်ကြီး ဇော်ဇီမာကို တကြိမ်တခါမျှ သွားရောက်တွေ့ဆုံခြင်း မပြုချေ။ သူသည် ကျောင်းသခ်မ်းများ ပရိဝုဏ်အတွင်း၌ နေထိုင်လျက်ရှိသော်လည်း သူ့ကို ထုံးတမ်းစည်းကမ်းနှင့်အညီ နေထိုင်ရန် သူတို့က မပြောဆိုကြချေ။ အကြောင်းမှာ သူသည် အရူးတယောက်ကဲ့သို့ ပြုမူနေထိုင်လျက်ရှိသောကြောင့်ပင်။

သူသည် အသက် ခုနစ်ဆယ့်ငါးနှစ်အရွယ် ရှိချေပြီ။ သည့်ထက်လည်း ကြီးနိုင်ပေသေးသည်။ ပျားမွေးမြူရာ ပျားဂေဟာအလွန် ကျောင်းပရိဝုဏ်အစွန်တနေရာရှိ ပျက်စီး ယိုယွင်းနေပြီဖြစ်သော ကျောင်းသခ်မ်းကလေး တခုတွင် သူ နေထိုင်သည်။ ထို သစ်ကျောင်းကလေးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ထင်ရှားခဲ့သော မြိုးမြဲရေးဝါဒီ ယောဂီကြီး အိုက်အိုနာအတွက် ဆောက်လုပ်ခဲ့ ခြင်းဖြစ်သည်။ ဖားသား အိုက်အိုနာသည် သက်တော် တရာ့ငါးနှစ်အထိ နေထိုင်ခဲ့ပြီး ထူးခြား ဆန်းပြားသော အံ့မခန်း ဇာတ်လမ်းများဖြင့် အနီးဝန်းကျင်တွင် ထင်ရှားကျော်ကြားခဲ့သူတဦး ဖြစ်သည်။

ဖားသား ဖီရာပွိုင့်သည် ဤကျောင်းသခ်မ်းကလေးကို လွန်ခဲ့သော ခုနစ်နှစ်ခန့်က အမွေဆက်ခံပြီး သီတင်းသုံး နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဤကျောင်းသခ်မ်းကလေးသည် ပုံတော်ကားများ အထူးများပြားပြီး ထာဝစဉ်လိုပင် မီးထွန်းညှိ ပူဇော်ထားသဖြင့် ဘုရားရှိခိုးကျောင်း တခုနှင့် အသွင်တူသော်လည်း အမှန်တွင်မူ တောင်သူလယ်သမားတဦး၏ တဲအိမ်ကလေးတလုံးမျှသာ ဖြစ်ပေသည်။ ပုံတော်ကားများနှင့် မီးတိုင်များ ဤမျှ ပေါများနေရခြင်းမှာလည်း ဤကျောင်းသခ်မ်းသို့ လာရောက်သူများက ယူဆောင်လာကြပြီး ဘုရားသခင်ကို ပူဇော်ထားကြသောကြောင့် ဖြစ်သည်။ ဖားသား ဖီရာပွိုင့်သည် ဤပုံတော်ကားများကို စောင့်ရှောက်ထိန်းသိမ်းရပြီး မီးတိုင်များကို မပြတ်အောင် ထွန်းညှိပူဇော်ရပေသည်။

ရသေ့ကြီးသည် သုံးရက်လျှင် ပေါင်မုန့် နှစ်ပေါင်မျှသာ စားသုံးသည်ဟု ဆိုသည်။ (အမှန်လည်း အမှန်ပင် ဖြစ်သည်)။ ပျားဂေဟာအနီးတွင် နေထိုင်သော ပျားဂေဟာမှူးသည် ရသေ့ကြီးအတွက် သုံးရက်လျှင် တကြိမ် ပေါင်မုန့်များ

ယူလာပေးရသည်။ ရသေ့ကြီးသည် သူ့အား ကြည့်ရှု စောင့်ရှောက်လျက်ရှိသော ပျားဂေဟာမှူးကိုပင် စကား တခွန်းတပါဒမျှ ပြောခဲ့ပေသည်။

ကျောင်းထိုင်ဘုန်းတော်ကြီးက သူ့အတွက် တပတ်လျှင် တကြိမ် တနင်္ဂနွေနေ့တိုင်း ပေါင်မုန့် လေးပေါင် ပေးစေသည်မှာ သူ့အတွက် တပတ်စာ ဖူလုံနေတော့သည်။ သူ၏ ရေချိုင့်ထဲမှ ရေကိုမူ နေ့စဉ် လဲပေးရသည်။ သူသည် စုပေါင်းဝတ်ပြုပွဲများသို့လည်း တက်ရောက်ခဲလှပေသည်။

သူ့ထံသို့ လာရောက် ဖူးမြော်သူများသည် တနေ့လုံးလိုလိုပင် ဟိုဟိုသည်သည်ကို မကြည့်ဘဲ တယောက်တည်း ဝတ်ပြုနေသော သူ့ကို တွေ့ရှိကြရသည်။ သူတို့ကို သူ စကားပြောသည် ဆိုလျှင်လည်း တိုတိုတောင်းတောင်းပင် ဖြစ်သည်။ တိတိပြတ်ပြတ်ပင် ဖြစ်သည်။ ထူးထူးဆန်းဆန်း ပင် ဖြစ်သည်။ ပြီးတော့ အမြဲတမ်းလိုပင် မာကျောရိုင်းစိုင်းတတ်သည်။

သို့သော် သူသည် တခါတလေတွင်မူ လာရောက်သူများကို ရှားရှားပါးပါး စကားပြောတတ်သည်။ လူတွေ နားမလည်နိုင်သော ဆန်းဆန်းပြားပြား စကားတွေ ဖြစ်တတ်သည်။ သို့သော် နားမလည် သဖြင့် ရှင်းပြရန် တောင်းပန်ခဲ့လျှင်လည်း မည်သည့်အခါတွင်မှ ရှင်းမပြတတ်ပါချေ။

သူသည် အမှန်တော့ ရဟန်းအဆင့်ရှိသော ဘုန်းကြီးတပါး မဟုတ်ပါ။ သာမန် ကိုရင်ကြီး တပါးမျှသာ ဖြစ်သည်။ သို့သော် သူနှင့် ပတ်သက်ပြီး ယုံကြည်မှုတခု ရှိနေကြသည်။ အထူးသဖြင့် မသိနားမလည်သူများ ကြားတွင် ဖြစ်သည်။ ရသေ့ကြီး ဖီရာပွိုင့်သည် ကောင်းကင်ဘုံက နတ်များနှင့် အဆက်အသွယ်ရှိသည်ဟု ဆိုသည်။ သူသည် နတ်များနှင့် စကားပြောလေ့ရှိသည်။ ယင်းကြောင့်ပင် သူသည် လူသားများနှင့် စကား မပြောခြင်း ဖြစ်သည်ဟု ဆိုကြသည်။

အော့ဗဒေါက်မှ ရဟန်းသည် ပျားဂေဟာမှူး၏ ညွှန်ပြချက်အရ ဖီရာပွိုင့်၏ ကျောင်းသင်္ခမ်းသို့ ရောက်ရှိသွားသည်။ ပျားဂေဟာမှူးမှာလည်း စကားနည်းသော ရဟန်းတပါးပင် ဖြစ်သည်။

“ဘုန်းကြီးဟာ လူစိမ်းတဦး ဖြစ်တဲ့အတွက် သူ စကားပြောချင် ပြောလိမ့်မယ်၊ ဒါမှမဟုတ် တခွန်းမှလည်း ပြောချင်မှ ပြောလိမ့်မယ်”

ပျားဂေဟာမှူးက သတိပေးလိုက်သည်။

နောက်ပိုင်းတွင် သူကိုယ်တိုင် ပြန်ပြောသည့်အတိုင်း ပြောရလျှင်

အော့ဗဒေါက် ရဟန်းသည် ရသေ့ကြီး ဖီရာပွိုင့်၏ ကျောင်းသင်္ခမ်းအနီးသို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ချဉ်းကပ်သွားသည်။ အချိန်မှာ ညနေမိုးချုပ်နေပြီ ဖြစ်သည်။ ရသေ့ကြီးသည် ကျောင်းသင်္ခမ်း တံခါးဝရှိ ခုံတန်းနိမ့်ကလေး ပေါ်တွင် ထိုင်လျက်ရှိသည်။ အော့ဗဒေါက် ရဟန်းသည် သူတော်စင်ကြီး ရှေ့မှောက်၌ ပျပ်ဝပ် ဦးညွတ်ပြီးနောက် ကောင်းချီးမင်္ဂလာပေးပါရန် တောင်းခံသည်။

“ကျွန်ုပ်က သင့်ကို ပြန်ပြီး ဦးညွတ်ရမှာလား၊ ဘုန်းကြီး၊ မတ်တတ်ရပ်ပါ” ဖားသား ဖီရာပွိုင့်က ပြောလိုက်သည်။

အာဂန္တုဘုန်းကြီး မတ်တတ်ရပ်သည်။

“သင့်ကို ကောင်းချီးမင်္ဂလာပြုသည်၊ ကျွန်ုပ်၏ဘေးတွင် ထိုင်ပါလေ၊ မည်သည့်အရပ်က သင် လာချေသနည်း”

အာဂန္တုဘုန်းကြီး အံ့သြရသည်မှာ ဖားသား ဖီရာပွိုင့်သည် အစာရေစာကို အထူး ခြိုးခြံပြီး အသက်အရွယ်လည်း ကြီးလှပြီ ဖြစ်သော်လည်း ကျန်းမာသန်စွမ်းလျက် ရှိသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်သည်။ ရသေ့ကြီးသည် အရပ်မြင့်သည်၊ ခါးကုန်းခြင်း မရှိ၊ မတ်မတ်ခန့်ခန့် ထောင်ထောင် မောင်းမောင်းကြီး ဖြစ်သည်။ သူ့မျက်နှာက သေးသွယ်သော်လည်း အသားအရေ စိုပြည် ကောင်းမွန်သည်။

အသက်အရွယ် ကြီးပြီဖြစ်သော်လည်း ဆံပင် အကုန်မဖြူသေး၊ ဆံပင်အနက်တွေ အများကြီး ရှိသေးသည်။ မုတ်ဆိတ်ကျင်စွယ်လည်း အပြည့်ဖြစ်သည်။ ယင်းတို့သည် တကြိမ်က နက်မှောင်ပြီး နေခဲ့ကြပေမည်။ သူ့မျက်လုံးများက ညိုသည်၊ ကြီးသည်၊ တောက်လဲ့သည်။ ဆွဲဆောင်လွှမ်းမိုးနိုင်စွမ်း ရှိသည်။ သူ စကားပြောသည့်အသံမှာ မြောက်ပိုင်းသံ လေးလေးနှင့် ဖြစ်သည်။

သူသည် တောသူတောင်သားများ ဝတ်ဆင်သော ဖျင်ကြမ်း ကုတ်အင်္ကျီအနီ ရှည်ရှည်ကြီးကို ဝတ်ဆင်ထားသည်။ ခါးတွင် ကြိုးကြီးကြီးတချောင်း စည်းထားသည်။ သူ၏လည်ပင်းနှင့် ရင်ဘတ်မှာ ဗလာ ဖြစ်သည်။ သူ၏ အင်္ကျီအောက်တွင်ကား လပေါင်းများစွာ မလဲဘဲ ထားသဖြင့် ချေးအထပ်ထပ် တက်နေသော ဖျင်ကြမ်းအင်္ကျီ ရှိသည်။ ကုတ်အင်္ကျီ၏ အောက်ဘက်တွင် ပေါင်သုံးဆယ်ခန့် လေးသော သံကြိုးများကို သူ ဝတ်ဆင်ထားသည်ဟု လူတွေက ပြောကြသည်။ သူ့ခြေထောက် နှစ်ဖက်တွင် ခြေအိတ်များ မရှိပါ။ စုတ်ပြဲနေသော ဖိနပ်တရန်ကိုသာ စီးထားသည်။

“စိန့်ဆီဗာစတာမြို့၊ အော့ဗဒေါက် ကျောင်းတိုက်ကလေးကပါ အရှင်ဘုရား..” အာဂန္တုဘုန်းကြီးသည် ထိတ်လန့်ကြောက်ရွံ့သော မျက်လုံးစုံဖြင့်

ရသေ့ကြီးကို ဖူးမြော်အကဲခတ်ရင်း နှံ့ကျိုးရိုသေစွာ ပြန်လည်လျှောက်ထားလိုက်သည်။

“ဆီဗာစတာကို ကျုပ် ရောက်ဖူးတယ်၊ အဲဒီမှာ ကျုပ်နေဖူးတယ်၊ ဆီဗာစတာ ကောင်းမွန် စည်ကားပါစ”

ညွှေ့ရဟန်း တုံ့ဆိုင်းနေသည်။

“ဘုန်းကြီးက တယ် ဉာဏ်တုံးတာပဲ... ဘုန်းကြီးတို့ ဘယ်လို ဝါရှောင်ကြသလဲ”

“တပည့်တော်တို့ရဲ့ ဆွမ်း ကွမ်းကိစ္စက ရှေးဟောင်း ထုံးတမ်းစဉ်လာအတိုင်းပါပဲ ဘုရား၊ ဝါတွင်းကာလမှာ တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တွေမှာ ဆွမ်းမစားကြရပါဘူး ဘုရား၊ အင်္ဂါနေ့နဲ့ သောကြာနေ့တွေမှာတော့ ပေါင်မုန့်ဖြူ ပျားရည် သစ်သီးပေါင်း၊ စတော်ဗယ်ရီ၊ ဒါမှမဟုတ် ဂေါ်ဖီထုပ် ဆားစိမ်နဲ့ဂျုံယာဂု၊ စနေနေ့တွေမှာ ဆိုရင်တော့ ဂေါ်ဖီထုပ် ဟင်းချို၊ ပဲသီး ခေါက်ဆွဲပြုတ် ယာဂု။ အားလုံး ဟင်းသီးဟင်းရွက်ဆီနဲ့ပဲပေါ့။ ရိုးရိုးနေ့တွေမှာ တပည့်တော်တို့ ဂေါ်ဖီပြုတ်၊ ငါးခြောက်နဲ့ ယာဂု သုံးဆောင်ရပါတယ်။ အီစတာ တနင်္ဂနွေမတိုင်မီ မင်္ဂလာ သီတင်းပတ်မှာတော့ တပည့်တော်တို့ ဘာမှ ချက်ပြုတ်ပြီး မစားကြရပါဘူး၊ ရေနဲ့ ပေါင်မုန့်ပဲ စားကြရပါတယ်။ အဲဒါကိုလည်း နည်းနည်းပဲ အာရုံပြေ စားကြရပါတယ်။ တတ်နိုင်လို့ရှိရင် ဝါအဝင် ပထမ သီတင်းပတ် အတိုင်းပဲ နေ့တိုင်း အစား မစားကြရပါဘူး။

“အရှင်ယေရှုခရစ် အသေခံခြင်း အထိမ်းအမှတ်နေ့ဖြစ်တဲ့ ဟိုးလီးဖရိုက်ဒေးမှာဆိုရင် ဘာမှ မစားကြ ရပါဘူး၊ နောက်ပြီးတော့ စနေနေ့ဆိုရင်လည်း ညနေ သုံးနာရီအထိ ဘာမှ မစားကြရပါဘူး၊ သုံးနာရီ ကျော်မှ ပေါင်မုန့်ကလေး နည်းနည်းနဲ့ ရေပဲ သောက်ရပါတယ်။ ပြီးမှ ဝိုင်တခွက်လောက် မော့ရပါတယ်၊ မင်္ဂလာသီတင်းပတ်အတွင်းက မင်္ဂလာ ကြာသပတေးနေ့မှာ ဆိုရင်လည်း တပည့်တော်တို့ဟာ ဆီမပါဘဲ ချက်တဲ့အစာနဲ့ ဝိုင်ပဲ စားသောက်ရပါတယ်၊ ဒါမှမဟုတ် ဘာမှကို ချက်မစားကြရပါဘူး၊ “ဝါတွင်းကာလ နောက်ဆုံးပတ် မင်္ဂလာ ကြာသပတေးနေ့မှာ ဝါရှောင်ခြင်း အမှုကို ပျက်ကွက်ခြင်းဟာ ဝါတွင်းကာလတခုလုံးကို မလေးမြတ်ရာ ကျရောက်တဲ့အတွက် မသင့်မြတ်ချေ” ဟူတဲ့ လောဒီသ ကောင်စီရဲ့ ဝိနည်းတော်နဲ့အညီ ဖြစ်ပါတယ် ဘုရား။

“ဒါဟာ တပည့်တော်တို့ ဝါရှောင်ကြပုံပဲ ဖြစ်ပါတယ် ဘုရား၊ ဒါပေမဲ့ ဘုရား၊ အရှင်ဘုရားနဲ့ နှိုင်းစာမယ် ဆိုရင်တော့ အရှင်ဘုရားက အီစတာပွဲတော်နေ့

အပါအဝင် တနှစ်လုံးမှာ ပေါင်မုန့်နဲ့ ရေပဲ သုံးဆောင်ပါတယ်၊ တပည့်တော်တို့ နှစ်ရက်စားတဲ့အစာကို အရှင်ဘုရားက တပတ်လုံးလုံး စားတယ်၊ အင်မတန် အံ့သြဖွယ်ရာ ကောင်းပါတယ် ဘုရား၊ အရှင်ဘုရားဟာ တကယ်ပဲ ခြိုးခြံချွေတာတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ် ဘုရား”

ညော့်ရဟန်းက လှိုက်လှိုက်လှဲလှဲ လျှောက်ထားသည်။

“မှိုကော...”

ဖားသား ဖီရာပွန့်က ကောက်ကာငင်ကာ မေးလိုက်သည်။

“မှို ဟုတ်လား...” ညော့်ရဟန်း အံ့အားသင့်သွားသည်။

“ဟုတ်တယ်၊ ပေါင်မုန့်ကို ကျုပ် မစားဘဲနေနိုင်တယ်၊ ကျုပ် တောထဲမှာ သွားနေပြီး မှို ဒါမှမဟုတ် စထရော်ဗယ်ရီသီးတွေကိုပဲ စားပြီး နေနိုင်တယ်၊ ဒါပေမဲ့ ဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ပေါင်မုန့်ကို မစွန့်လွှတ်နိုင်ကြဘူး၊ ဒါကြောင့်မို့လို့ သူတို့ဟာ အခုအချိန်အထိ မာရ်နတ်ဆီမှာ နှောင်ဖွဲ့နေကြတယ်၊ ခုခေတ်မှာ ဒိဋ္ဌိတွေက ဝါရှောင်ဖို့ မလိုဘူးလို့ ပြောနေကြတယ်၊ မာန်မာနနဲ့ ဘုရားတရား ကင်းမဲ့တာဟာ သူတို့ရဲ့ ဝါဒပဲ”

“အို .. မှန်လိုက်လေခြင်း”

“သူတို့အထဲမှာ မကောင်းဆိုးဝါးတွေ ရှိနေတာ သင် တွေ့သလား”

“သူတို့အထဲမှာ ဟုတ်လား၊ ဘယ် သူတို့ အထဲမှာလဲ...”

“ပြီးခဲ့တဲ့နှစ် တြိနီတီ တနင်္ဂနွေ ပွဲတော်နေ့မှာ ကျောင်းထိုင်ဆရာတော်ကြီးကို ကျုပ် သွားဖူးမြော် တယ်၊ အဲဒီနောက်မှာ ကျုပ် တခါမှ မသွားတော့ဘူး၊ အဲဒီမှာ ဘုန်းကြီးတပါးရဲ့ ရင်ခွင်ထဲမှာ မကောင်းဆိုးဝါးတကောင် ရှိနေတာကို ကျုပ် မြင်ရတယ်၊ သင်္ကန်းရဲ့အောက်မှာ ပုန်းနေတယ်၊ ချိုနှစ်ချောင်းလည်း အပြင်ကို ထွက်နေတယ်၊ နောက်တကောင်ကတော့ ဘုန်းကြီးရဲ့ အင်္ကျီအိတ်ထဲ ကနေ ချောင်းကြည့်နေတယ်၊ သူ့မျက်လုံးတွေက သိပ်စူးရှတယ်၊ ကျုပ်တို့ကို သူ ကြောက်နေတယ်၊ နောက်တကောင်ကတော့ အဲဒီ ဘုန်းကြီးရဲ့ ဝမ်းဗိုက်ထဲမှာ ရှိနေတယ်၊ နောက်တကောင်ကတော့ လည်ပင်းမှာ တွဲလောင်းခိုနေတယ်၊ ဘုန်းကြီးဟာ မကောင်းဆိုးဝါးကို မမြင်မတွေ့ဘဲနဲ့ သူ့ကိုယ်မှာ သယ်ဆောင်ထားတယ်”

“နတ်တွေကို ဘုန်းကြီး မြင်နိုင်သလား” ညော့်ရဟန်း စူးစမ်းသည်။

“သူတို့ကို ကျုပ် မြင်နိုင်တယ်၊ ထွင်းဖောက်ပြီးတော့ မြင်နိုင်တယ်၊

ဆရာတော်အခန်းက ကျုပ် ပြန်ထွက်လာတဲ့အချိန်မှာ နတ်ဆိုးတကောင်ဟာ ကျုပ် မတွေ့အောင် ဆိုပြီး တံခါးနောက်ဘက်မှာ ပုန်းနေတယ်။ ရောမ အကောင်ကြီးပဲ၊ တကိုက် … တကိုက်ခွဲလောက် မြင့်တယ်။ အမြီးတုတ်တုတ် ရှည်ရှည်ကြီးနဲ့၊ သူ့အမြီးဖျားက တံခါးကြားမှာ ရောက်နေတယ်၊ ကျုပ်က သိပ်မြန်တယ်၊ တံခါးကို ဆောင့်ပိတ်လိုက်တယ်၊ သူ့အမြီးကို ညပ်သွားအောင် လုပ်လိုက်တယ်။ သူ တအားအော်လိုက်တယ်။ ပြီးတော့ သူ ရုန်းတယ်၊ ကျုပ်က သူ့ကိုယ်ပေါ်မှာ လက်ဝါးကပ်ပုံ သုံးခါ လုပ်လိုက်တယ်၊ အဲဒီမှာ သူ နိဂုံးချုပ်တာပဲ၊ တခါတည်း ပွဲချင်းပြီး သူသေတာပဲ၊ နင်းခြေခံရတဲ့ ပင့်ကူတကောင်လိုပဲပေါ့၊ သင်းဟာ တံခါးထောင့်မှာ ပုပ်ပြီး နံနေပြီ၊ ဒါပေမဲ့ သင်းကို သူတို့ မမြင်ဘူး၊ သင်းအနံ့ကို သူတို့ မနံဘူး၊ အဲဒါ အခု တနှစ်လောက် ရှိသွားပြီ၊ ဘုန်းကြီးဟာ သူစိမ်းတရံဆံတဦး ဖြစ်တဲ့အတွက် ကျုပ် ပြောပြတာပဲ”

“အရှင်ဘုရား ပြောတာ ကြောက်စရာကြီးပဲ၊ အရှင်ဘုရားအကြောင်း လူတွေ ပြောနေကြတာ အမှန်ပဲလား၊ အရှင်ဘုရားဟာ သန့်ရှင်းသော ဝိညာဉ်တော် ဟိုးလီးဂို့စ်နဲ့ အမြဲတမ်း အဆက်အသွယ် ရှိနေတယ်ဆို”

“ဟုတ်တယ်… သူ ပျံ့ဆင်းလာတယ်၊ တခါတခါမှာပေါ့”

“သူ ဘယ်လိုလုပ်ပြီး ပျံဆင်းလာသလဲ၊ ဘယ်ပုံသဏ္ဍာန်နဲ့လဲ”

“ငှက်တကောင် အဖြစ်နဲ့ပေါ့”

“သန့်ရှင်းသော ဝိညာဉ်တော်ဟာ ချိုးငှက်တကောင် အသွင်နဲ့ပေါ့ ဟုတ်လား”

“အိမ်း၊ မှန်ပါ့။ သန့်ရှင်းသော ဝိညာဉ်တော် ဟိုးလီးဂို့စ် ရှိတယ်၊ သန့်ရှင်းသော ဝိညာဉ်တော် ဟိုးလီးစပရစ် ရှိတယ်၊ ဟိုးလီးစပရစ်ဟာ ငှက်တွေ အယောင်ဆောင်တယ်၊ တခါတလေမှာ ငှက်ပတီးယောင်ဆောင်တယ်၊ တခါတလေမှာ နှံပြည်စုတ်ယောင် ဆောင်တယ်”

“သူ့ကို ရိုးရိုး နှံပြည်စုတ်တကောင်နဲ့ ဘယ်လိုခွဲပြီး သိသလဲ”

“သူက စကားပြောတယ်”

“သူ ဘယ်လိုပြောသလဲ၊ ဘာစကားနဲ့ ပြောသလဲ”

“လူစကားနဲ့ ပြောတယ်”

“အရှင်ဘုရားကို သူ ဘာတွေပြောသလဲ”

“သူ ကနေ့ပဲ ကျုပ်ကို ပြောတယ်၊ ကျုပ်ဆီကို အရှေးတယောက်လာပြီး ပေါက်ကရတွေ မေးလိမ့်မယ် တဲ့၊ ဘုန်းကြီးက တယ်သိချင်တာကိုး...”

“အရှင်ဘုရားရဲ့ စကားတွေက ကြောက်စရာတွေပဲ”

ညေ့ရှဟန်း ခေါင်းကို ယမ်းခါပြီး ပြောသည်။ ချောက်ချားနေသော သူ့မျက်လုံးများတွင် မယုံကြည်သော အသွင်သဏ္ဍာန်လည်း ပေါ်လွင်နေသည်။

“ဤသစ်ပင်ကို သင် မြင်သလား”

ဖားသား ဖီရာပွိုင့် ခေတ္တမျှ ခပ်မဆိတ် ရှိနေပြီးနောက် မေးလိုက်သည်။

“မြင်ပါတယ် အရှင်ဘုရား”

“သင့်အဖို့တော့ ဒါဟာ အဲလင်းပင်ကြီးပဲ ဖြစ်တယ်၊ ဒါပေမဲ့ ကျုပ်မျက်စိထဲမှာကတော့ ပုံစံတမျိုး ဖြစ်နေတယ်”

“ဘယ်လိုပုံစံမျိုးပါလဲ ဘုရား” ညေ့ရှဟန်းက မေးမြန်းလိုက်သည်။

“အဲဒါက ညကျမှ ဖြစ်မယ်၊ ဟောဟို ကိုင်းနှစ်ကိုင်းကို သင်တွေ့လား၊ အဲဒီ ကိုင်းနှစ်ကိုင်းဟာ ညကျလို့ရှိရင် လက်နှစ်ဖက်ကို ဆန့်ကားထားတဲ့ ဘုရားသခင် ဖြစ်နေတယ်၊ အရှင်ယေရှုဟာ အဲဒီလက်နှစ်ဖက်နဲ့ ကျုပ်ကို ရှာဖွေနေတယ်၊ အဲဒါကို ကျုပ် ထင်ထင်ရှားရှားကြီး မြင်ရတယ်၊ ကျုပ်တကိုယ်လုံး တုန်နေတယ်။ ကြောက်စရာကောင်းတယ်၊ သိပ်ကြောက်စရာကောင်းတယ်”

“အရှင်ယေရှုဆိုရင် ဘာဖြစ်လို့ ကြောက်စရာကောင်းရမှာလဲ”

“သူက ကျုပ်ကို ဆွဲယူပြီး ကောင်းကင်ဘုံကို ခေါ်သွားလိမ့်မယ်”

“အရှင်လတ်လတ်လား...”

“ထာဝရဘုရားသခင်က ဧလိကကို လေပွေအားဖြင့် ကောင်းကင်ဘုံကို ခေါ်သွားတဲ့အကြောင်း သင် မကြားဖူးဘူးလား၊ သူဟာ ကျုပ်ကို လက်တော်နှစ်ဖက်နဲ့ ပွေ့ဖက်ပြီး ကောင်းကင်ဘုံကို ခေါ်သွားလိမ့်မယ်”

အော့ဗဒေါက် ရဟန်းသည် သူတည်းခိုရာ ကျောင်းသင်္ခမ်းသို့ ပြန်ရောက်သောအခါ ဖီရာပွိုင့်နှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းကို ရဟန်းတပါးနှင့် ပြန်လည် ပြောဆိုနေမိသည်။ သူ့စိတ်ထဲမှာ ဇဝေဇဝါ ရှိနေသည်။ သို့သော် သူသည် ရသေ့ကြီး ဖီရာပွိုင့်ကို ခင်ကြီး ဇော်ဇီမာထက် ပိုပြီး ကြည်ညိုနေသည်။ အော့ဗဒေါက် ရဟန်းသည် သူကိုယ်တိုင် ဝါရှောင်သူတဦး ဖြစ်သဖြင့် အထူးတလည်

ဝါရှောင်နေသော ရသေ့ကြီး ဗီရာပွိုင့်ကို အထင်ကြီး အံ့သြသည်မှာ အဆန်းမဟုတ်ပါချေ။ ရသေ့ကြီး၏ စကားတွေက ထူးဆန်းလှသည်။ သို့သော် ဤစကားများ၏ အနက်အဓိပ္ပာယ်ကို ဘုရားသခင်မှသာ သိမြင်ပေ လိမ့်မည်။ နောက်ပြီးတော့ အလှူခံပြီး စားသောက်နေသော သူတော်စင် အရှူး၏ စကားနှင့် အပြုအမူများသည် တကယ်ပင် ထူးဆန်းလှပေသည်။ မကောင်းဆိုးဝါး အမြီးပြတ်သည့် ဇာတ်လမ်း ကို သူ တကယ်ပင် ယုံသည်။ ဥပမာသဘော တင်စားပြောဆိုသည်ဟု မထင်၊ အမှန်တကယ် ဖြစ်ပျက်သည်ဟုပင် ထင်နေသည်။

နောက်ပြီးတော့ သူသည် ဤကျောင်းတိုက်သို့ မရောက်မီကတည်းကပင် 'ခင်ကြီးများ' အဖွဲ့အစည်း ပေါ်တွင် အာဃာတရှိခဲ့သည်။ သူများတွေ ပြောသည့်စကားအရ ခင်ကြီးများသည် အန္တရာယ်များ ဖြစ်သည်ဟု ယူဆခဲ့သည်။ ဤကျောင်းတိုက်သို့ သူကိုယ်တိုင် ရောက်ရှိသောအခါ အချို့သော ရဟန်းများက ခင်ကြီးတွေအကြောင်း မကောင်းပြောသည်များကို သူ ကြားရသည်။

နောက်ပြီး သူသည် စပ်စုသူတဦးဖြစ်သည်။ နေရာတကာမှာ စပ်စုချင်သူ ဖြစ်သည်။ ယင်းကြောင့်လည်း သူသည် ခင်ကြီးဇော်ဇီမာ၏ 'အံ့သြဖွယ်' ကို ကြားသိရပြန်သောအခါ မဝေခွဲတတ်အောင် စိတ်ရှုပ်ထွေးသွားရခြင်း ဖြစ်သည်။

ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသင်္ခမ်းအတွင်းနှင့် အပြင်တွင် စုဝေးလျက်ရှိသော ရဟန်းများ အကြားတွင် ခေါက်တုံ့ခေါက်ပြန် သွားလာကာ သတင်းပလင်းများကို နားထောင်ပြီး မေးခွန်းပေါင်း များစွာကို မေးမြန်းလျက်ရှိသော အော့ဗဒေါက်မြို့မှ အာဂန္တုရဟန်းကို နောင်အခါတွင် အလျှိုရှာ ကောင်းစွာ မှတ်မိနေတော့သည်။ သို့သော် ထိုအချိန်ကမူ ထိုရဟန်းကို သူ သတိမထားမိခဲ့၊ နောက်ကျမှ ပြန်ပြီးစဉ်းစားမိခြင်း ဖြစ်သည်။

သူ့မှာ သတိထားဖို့ အချိန်လည်း မရှိခဲ့ပါ။ ခင်ကြီး ဇော်ဇီမာသည် ပင်ပန်းနွမ်းနယ် လာပြန်သဖြင့် အတွင်းသို့ ဝင်ပြီး အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိသည်။ ခင်ကြီးသည် မျက်လုံးများကို မှိတ်ထားပြီး စဉ်းစားနေရာမှ အလျှိုရှာကို သတိရသဖြင့် အခေါ်ခိုင်းလိုက်သည်။ အလျှိုရှာ ချက်ချင်းပင် ခင်ကြီးရဟန်းထံ ပြေးသွားသည်။ အခန်းထဲတွင် ဘုန်းကြီး ပေဆီ၊ ဘုန်းကြီး ဂျိုးဇက်နှင့် ကိုရင်ပေါ်ဖာရီတို့မှတပါး အခြား မည်သူမျှ မရှိပါ။

ခင်ကြီး ဇော်ဇီမာသည် နွမ်းနယ်နေသော မျက်လုံးများကိုဖွင့်ကာ အလျှိုရှာကို စူးစိုက်ကာ ကြည့်နေရင်းမှ ရုတ်တရက် မေးလိုက်သည်။

"သားကို သားရဲ့အိမ်က လူတွေက မျှော်နေကြတယ် မဟုတ်လား"

အလျှိုရှာ ဘာမျှပြန်မပြောဘဲ တုံ့ဆိုင်းနေသည်။

"သားကို သူတို့ တွေ့ချင်မနေကြဘူးလား၊ သား ကနေ့လာခဲ့မယ်လို့ သား မနေ့က တယောက်ယောက်ကို ကတိမပေးခဲ့ဘူးလား"

"ဟုတ်ကဲ့၊ တပည့်တော် ဖေဖေ့ကို ကတိပေးခဲ့ပါတယ်၊ အစ်ကိုနှစ်ယောက်နဲ့ အခြားလူတွေကိုလည်း ကတိပေးခဲ့မိပါတယ်"

"အဲဒါဆိုရင် သား သွားရမှာပေါ့၊ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့။ သားကို နောက်ဆုံးစကား မပြောရဘဲနဲ့ ဘုန်းကြီး မသေဘူးဆိုတာ စိတ်ချ၊ သားကို ဘုန်းကြီး နောက်ဆုံး ပြောစရာရှိတာ တွေကို ပြောခဲ့မယ်၊ ဘုန်းကြီးရဲ့ နောက်ဆုံးလက်ဆောင်ပဲပေါ့၊ သားကို ပြောရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သားကို ဘုန်းကြီး ချစ်လို့ပဲ၊ ဒါပေမဲ့ လောလောဆယ်မှာတော့ သား ကတိပေးထားတဲ့ အတိုင်း သွားလိုက်ဦး"

အလျှိုရှာသည် ခင်ကြီးအပါးမှ ခွာပြီး မသွားချင်သော်လည်း ခင်ကြီး၏စကားကို ချက်ချင်းပင် လိုက်နာသည်။ ခင်ကြီး၏ နောက်ဆုံးစကားကို ကြားရမည် ဟူသော ကတိသည် သူ့ကို များစွာမှပင် ပီတိသောမနသ ဖြစ်စေပါသည်။ ထို့ကြောင့် သူသည် မြန်မြန် သွားပြီး မြန်မြန် ပြန်လာနိုင်ရန် အဆောတလျင် ပြုမူသည်။ သည်အချိန်မှာပင် ဘုန်းကြီး ပေဆီကလည်း သူ့ကို နှုတ်ဆက်စကား အနည်းငယ် ပြောပြန်သဖြင့် သူ့မှာ စိတ်လှုပ်ရှားပြီး အံ့သြရပြန်သည်။ ခင်ကြီး ဇော်ဇီမာ၏ ကျောင်းသခ်မ်းမှ သူတို့နှစ်ယောက်အထွက်တွင် ဖားသား ပေဆီက ပြောပြခြင်း ဖြစ်သည်။

"လူကလေး စိတ်ထဲမှာ အမြဲတမ်း မှတ်ထားပါ" ဖားသာပေဆီ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သည်။ "အခုအခါမှာ၊ အထူးသဖြင့် အခု နောက်ဆုံး ရာစုနှစ်မှာ အထူးတလည် သြဇာအာဏာ ကြီးမားလာတဲ့ လောကီသိပ္ပံပညာဟာ သမ္မာကျမ်းစာထဲမှာ ဖော်ပြထားတဲ့ ဘုရားသခင်ရဲ့ တရားတော်တွေ အားလုံးကို စူးစမ်းစိစစ်လာတယ်၊ အဲဒီလို ရက်ရက်စက်စက်ကြီး လေ့လာစူးစမ်းပြီးတဲ့ နောက်ပိုင်းမှာ ပညာရှိကြီးတွေရဲ့လက်ထဲမှာ ရှေးတုန်းက တရားတော်တွေဟာ တခုမှ မကျန်တော့ဘူး။

"ဒါပေမဲ့ သူတို့ဟာ အပိုင်းအစတွေကိုသာ လေ့လာပြီး တခုလုံးကိုတော့ မကြည့်ကြဘူး၊ သူတို့ရဲ့ မမြင်မကန်းမှုဟာ ဘယ်လောက်များ အံ့သြစရာ ကောင်းလိုက်သလဲ၊ ဒါပေမဲ့ တခုလုံးကြီးဟာ သူတို့ရဲ့မျက်စိရှေ့မှာပဲ ခိုင်ခိုင်မာမာကြီး ရပ်ပြီး ရှိနေတယ်၊ ဒါကို ဘယ်အဝိဇ္ဇာတရားတွေကမှ မချေမှုန်း မအောင်မြင်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သည်အရာဝတ္ထုကြီးဟာ ရာစုနှစ်ပေါင်း တဆယ့်ကိုးခုလုံးလုံး တည်ရှိခဲ့ပြီ မဟုတ်လား၊ အခုထက်ထိလည်း ရှင်သန်တည်တံ့နေတယ် မဟုတ်လား၊ လူတယောက်ချင်းရဲ့ နှလုံးသားထဲမှာရော၊ လူထုကြီးရဲ့ နှလုံးသားထဲမှာရော

တည်ရှိခဲ့တယ် မဟုတ်လား။

"ဘုရားသခင်ကို မယုံကြည်တဲ့လူတွေရဲ့ နှလုံးသားထဲမှာလည်း ရှင်သန်အားကောင်းနေတယ် မဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ လူတယောက်ဟာ ခရစ်ယာန်ဘာသာကို စွန့်လွှတ်ပြီး ဆန့်ကျင် တိုက်ခိုက်နေပေမဲ့ သူ့ရဲ့အတွင်းစိတ်ကတော့ ခရစ်ယာန် အယူဝါဒကို လိုက်နာနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့နှလုံးသားဟာ ဘုရားသခင်က ပေးခဲ့တဲ့ အယူထက် ပိုပြီးကောင်းမွန်တဲ့ အယူကို ဖန်တီးမပေးနိုင်လို့ပဲ၊ တကယ်လို့ သူတို့ဟာ ဖန်တီးနိုင်အောင် ကြိုးစားကြည့်ခဲ့လို့ ရှိရင်လည်း ရယ်စရာကြီးပဲ ဖြစ်နေလိမ့်မယ်။

"ဒီစကားကို သေသေချာချာ မှတ်ထားပါ လူကလေး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ပျံလွန်တော်မူခါနီး ခင်ကြီးဘုရားက လူ့လောကကြီးထဲကို လွှတ်လိုက်လို့ပဲ၊ မင်းဟာ ဒီနေ့ ဒီရက်ကို အမှတ်ရနေမယ်ဆိုရင် ဘုန်းကြီးပြောတဲ့ စကားတွေကို မင်း မေ့မှာမဟုတ်ဘူး၊ ဒီစကားတွေဟာ မင်းကို ရှေ့ဆောင် လမ်းညွှန်နေသူရဲ့ နှလုံးသားထဲက ပြောလိုက်တဲ့ စကားတွေပဲ၊ မင်းဟာ အသက်အရွယ် ငယ်သေးတယ်၊ ဒီလောကကြီးရဲ့ဖြားယောင်းမှုကို မခံနိုင်သေးဘူး ဆိုတာကို သူသိလို့ ပြောလိုက်တဲ့ စကားတွေပဲ၊ ကဲ ... သွားပေတော့ လူကလေး"

ဖားသား ပေဆီသည် ယင်းသို့ ပြောကြားပြီးနောက် သူ့ကို ကောင်းချီးမင်္ဂလာပြုသည်။ အလျိုရှာသည် ကျောင်းတိုက်မှ ထွက်လာပြီးနောက် ဖားသားပေဆီ၏ အမှာစကားများကို ပြန်လည်စဉ်းစားမိသော အခါ သူသည် မမျှော်လင့်သော မိတ်ဆွေသစ်တယောက်နှင့် ရှေ့ဆောင်သစ်တဦးကို ရရှိကြောင်း ရုတ်ခြည်း သဘောပေါက်မိသည်။ ဖားသားပေဆီသည် ယခင်က သူ့အပေါ်တွင် ခပ်တည်တည်နှင့် ခပ်စိမ်းစိမ်းသာ ဆက်ဆံခဲ့လေသည်။ ဖားသား ဇော်ဇီမာသည် ၎င်းမကွယ်လွန်မီတွင် သူ့အား ဖားသားပေဆီလက်သို့ အမွေပေးအပ်ခဲ့ဟန် ရှိပေသည်။ သို့မဟုတ် သူတို့နှစ်ဦး ဤအတိုင်း ကတိရှိထားကြဟန် ဖြစ်သည်ဟု အလျိုရှာ ရုတ်တရက် တွေးလိုက်မိသည်။

သူ စောစောက ကြားခဲ့ရသော ဆင်ခြင်မှတရားများသည် ဘုန်းကြီး ပေဆီ၏ အတွင်းစိတ် နှလုံးသားကို လှစ်ပြလိုက်ခြင်း ဖြစ်သည်။ လောကကြီး၏ ဖြားယောင်း သွေးဆောင်မှုကို ခုခံ တိုက်ခိုက်နိုင်ရန် အလျိုရှာ၏ နှလုံးသားကို မောင်းတင်ပေးလိုက်ခြင်းပင် ဖြစ်သည်။ သူ၏တာဝန် ဖြစ်လာသော လူငယ်ကလေးကို အခိုင်အမာဆုံး၊ အတောင့်တင်းဆုံး ကာကွယ်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

၂။ ဖခင်၏အိမ်ဝယ်

အလျှိုရှာ ပထမဆုံး သူ့ဖခင်ထံသို့ သွားသည်။ သူ့အစ်ကို အိုက်ဗင် မသိအောင် လာဖို့ သူ့ဖခင် မနေ့က မှာလိုက်သည်ကို အလျှိုရှာ လမ်းတွင် သတိရမိသည်။ 'ဘာဖြစ်လို့များပါလိမ့်' အလျှိုရှာ စဉ်းစားသည်။ 'အဖေက ငါ့ကို တယောက်တည်း စကားပြောချင်ဦးတော့ ဘာဖြစ်လို့ လူတွေ မမြင်အောင် ငါသွားရမှာလဲ၊ မနေ့က သူ့စိတ်တွေ ကယောက်ကယက် ဖြစ်နေလို့ စကားမှားပြီး ပြောလိုက်တာ ဖြစ်မှာပဲ' ဟု သူ အောက်မေ့လိုက်သည်။ သို့တိုင်အောင်လည်း သူ့ကို တံခါး ဖွင့်ပေးသော မာဖာက (ဂရီဂိုရီသည် အစေခံတန်းလျားတွင် နေမကောင်း ဖြစ်နေသည်) အိုက်ဗင် အိမ်မှာ မရှိကြောင်း၊ လွန်ခဲ့သည့် နှစ်နာရီလောက်က အပြင်ထွက်သွားကြောင်း ဖြေကြားသောအခါ သူ ဝမ်းသာမိသည်။

"ဖေဖေရော..."

"သူ နိုးပြီ၊ ကော်ဖီသောက်နေတယ်"

မာဖာ ခြောက်ကပ်ကပ် ပြန်ဖြေသည်။

အလျှိုရှာ အိမ်ထဲဝင်သွားသည်။ အဘိုးကြီး စားပွဲတွင် တယောက်တည်း ထိုင်နေသည်။ ကုတ်အင်္ကျီ အဟောင်းတထည်ကို ဝတ်ပြီး ညှပ်ဖိနပ် စီးထားသည်။ သူသည် အချိန်ဖြုန်းသည့်အနေဖြင့် စာရင်းများကို ကြည့်နေသည်။ သို့ရာတွင် များစွာ စိတ်ဝင်စားပုံကား မရှိချေ။ တအိမ်လုံးတွင် သူတယောက်တည်းသာ ရှိနေသည်။ အကြောင်းမှာ ဆမာယာကော့မှာလည်း ဈေးဝယ်သွားနေသောကြောင့် ဖြစ်သည်။ သူသည် အိပ်ရာမှ အစောကြီးထပြီး သူ့စိတ်ကို အများကြီး ဆောင်ထားသော်လည်း သူ့ကိုကြည့်ရသည်မှာ နွမ်းယူလျက်ရှိသည်။

ယမန်နေ့ညက အညိုအမည်း ဖြစ်ခဲ့သော သူ့နဖူးကို လက်ကိုင်ပဝါ အနီကြီးဖြင့် စည်းထားသည်။ သူ့နှာခေါင်းမှာလည်း ညကအဖြစ်ကြောင့် အရုပ်ဆိုးလောက်အောင် ရောင်ကိုင်းလျက် ရှိသည်။ နှာခေါင်းပေါ်တွင်လည်း အညိုအမည်းကလေးများ ရှိနေသဖြင့် သူ့မျက်နှာကြီး တခုလုံးသည် အရုပ်ဆိုး အကျည်းတန်လျက် ရှိတော့သည်။ အဘိုးကြီးသည် သူ့အဖြစ် သူသိသဖြင့် အလျှိုရှာ ဝင်လာသည်ကို မြင်သောအခါ မလိုလားသောအကြည့်ဖြင့် ကြည့်သည်။

"ကော်ဖီတွေ အေးနေပြီ၊ မင်းကို ငါ မတိုက်တော့ဘူး၊ ကနေ့မနက် ဘာမှ လုပ်ခိုင်းမထားဘူး၊ အဆီအပြား မပါတဲ့ ငါးဆန်ပြုတ်ပဲ ပြုတ်ခိုင်းထားတယ်၊ ဘယ်သူ့ကိုမှလည်း လာစားဖို့ ငါခေါ်မထားဘူး၊ မင်း ဘာလုပ်ရအောင် လာတာလဲ" အဘိုးကြီး ခပ်ပြတ်ပြတ် ခပ်ဆတ်ဆတ် မေးသည်။

"ဖေဖေ ဘယ့်နှယ်နေသေးသလဲလို့ လာကြည့်တာပဲ"

"ငါသိပါတယ်၊ ဒါပေမဲ့ မင်းကို လာခဲ့ပါလို့ မနေ့က ငါကိုယ်တိုင် မှာလိုက်တယ် မဟုတ်လား၊ အလကားသက်သက် ပြောလိုက်တာပဲ၊ မင်း ဘာမှ ဒုက္ခရှာနေစရာ မလိုဘူး၊ ဒါပေမဲ့ မင်းဟာ ဒီကို ချက်ချင်းရောက်လာတာပဲ"

သူက ဤစကားများကို မလိုတမာသည့်ဟန်ဖြင့် ပြောနေခြင်း ဖြစ်သည်။ သူသည် စကား ပြောနေရင်းနှင့် ထိုင်ရာမှ ထလိုက်ပြီး သူ့နှာခေါင်းကို မှန်ထဲတွင် ကြည့်လိုက်သည်။ (သည်မနက်အဖို့ တဆယ့်လေးကြိမ်မြောက် ကြည့်ခြင်း ဖြစ်တန်ရာသည်) တဆက်တည်းမှာပင် သူသည် နဖူးတွင် စည်းထားသော လက်ကိုင်ပဝါ အနီကို နေသားတကျ ဖြစ်အောင် ပြင်စည်းသည်။

"အနီက ကောင်းတယ်၊ အဖြူနဲ့ဆိုရင် ဆေးရုံနဲ့တူတယ်၊ ဘုန်းကြီးကျောင်းမှာ အခြေအနေတွေ ဘယ့်နှယ့်လဲ၊ သားရဲ့ ခင်ကြီး ဘယ့်နှယ့်နေသေးသလဲ"

"သူ့အခြေအနေ သိပ်ဆိုးတယ်၊ ကနေ့ပဲ ပျံလွန်တော်မူနိုင်တယ်"

အလျှိုရှာ ဖြေသည်။ သို့သော် သူ့ဖခင်သည် သူ့အဖြေကို နားထောင်ခြင်း မရှိပါ။ သူ့မေးခွန်းကိုပင် သူ့ဘာသာ မေ့လျော့သွားဟန်ရှိသည်။

"အိုက်ဗင် အပြင်သွားတယ်၊ မစ်တယာရဲ့ရည်းစားကို ရအောင် သူ အပြင်းအထန် ကြိုးစားနေတာပဲ၊ ဒါကြောင့် သူ ဒီမှာ နေနေတာပဲ"

အဘိုးကြီး ရုတ်တရက် ပြောလိုက်သည်။ သူ့မျက်နှာကြီးကို ရှုံ့တွလိုက်ပြီး အလျှိုရှာကို စူးစူးရဲရဲ ကြည့်သည်။

"ဖေဖေ့ကို သူ ဒီလို မပြောပါဘူး၊ ပြောလို့လား..."

"ပြောတယ်၊ ကြာတော့ကြာပြီ၊ အမှန်အတိုင်း ပြောရရင်တော့ လွန်ခဲ့တဲ့ သုံးပတ်လောက်တုန်းကပဲ၊ သူ ဒီကိုလာတာ ငါ့ကို တိတ်တိတ်ကလေး သတ်ရအောင် မဟုတ်ဘူး၊ တခြား ကိစ္စရှိလို့ သူလာတာပဲ"

"ဘုရားသခင်၊ ဖေဖေ ဘာပြောတာလဲ၊ ဘာဖြစ်လို့ ဒါမျိုးတွေ ပြောရတာလဲ" အလျှိုရှာ ထိတ်လန့် တုန်လှုပ်ဟန်ဖြင့် ပြောလိုက်သည်။

"ငါ့ဆီမှာ သူ ပိုက်ဆံမတောင်းတာ အမှန်ပဲ၊ တောင်းခဲ့ရင်လည်း တပြားမှ မရမှာ သေချာတယ်၊ ဒီမယ် အလက်ဇီ၊ ငါဟာ အသက်ရှည်နိုင်သမျှ ရှည်ရှည်နေသွားဖို့ ရည်ရွယ်ထားတယ်၊ အဲဒီအတွက်တော့ နည်းနည်းကလေးမှ သံသယမရှိနဲ့၊ အဲဒီအတွက် ငါ့မှာ ရှိသမျှ ပိုက်ဆံအားလုံးကို ငါ လိုအပ်နေတယ်၊

အသက်ရှည်ရှည် နေရလေ များများလိုလေပဲ”

သူသည် ကုတ်အင်္ကျီအိတ်များထဲတွင် လက်နှစ်ဖက်ကို နှိုက်ထားရင်း အခန်းတဖက်ထောင့်မှ တဖက်ထောင့်သို့ လျှောက်ရင်း ပြောနေသည်။

လောလောဆယ် အချိန်မှာ ငါဟာ အရွယ်ကောင်းတုန်းပဲ ရှိသေးတယ်၊ ငါဟာ အခုမှ ငါးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ ငါဟာ သွားနိုင်လာနိုင် စားနိုင်သောက်နိုင်တဲ့ လူတယောက်အဖြစ်နဲ့ နောက်ထပ် အနှစ်နှစ်ဆယ်လောက် နေချင်သေးတယ်၊ အသက် ကြီးလာတဲ့အခါမှာ ငါဟာ ဘာမှ မက်စရာ ရှိတော့မှာ မဟုတ်ဘူး၊ ဘယ်မိန်းမတယောက်မှ သူ့သဘောနဲ့သူ ငါ့ဆီ မလာတော့ဘူး၊ အဲဒီအခါမှာ ငါ့မှာ ပိုက်ဆံရှိနေဖို့ လိုတယ်၊ ဒါကြောင့်မို့လို့ ငါဟာ အခုအချိန်မှာ ငါတယောက်တည်းအတွက် ပိုက်ဆံကို စုသည်ထက် ပိုစုနေတာပဲ။

“ငါ့သား၊ အဲဒီအတွက်တော့ နည်းနည်းကလေးမှ ယုံမှားသံသယ မရှိနဲ့၊ ငါဟာ ငါ့ဘဝကို သေတဲ့အထိပဲ အခုအတိုင်း နေသွားဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒါကို မင်း ခေါင်းထဲမှာ တခါတည်း အသေသာ မှတ်ထားလိုက်ပေတော့၊ အခုလိုမျိုးနေရတဲ့ ဘဝက ကောင်းတယ်၊ ဒီဘဝမျိုးကို လူတိုင်းကပဲ မကောင်းပြောတယ်၊ ဒါပေမဲ့ လူတိုင်းပဲ ဒီဘဝမျိုးမှာ နေကြတယ်၊ ဒါပေမဲ့ သူတို့က ခိုးကြောင်ခိုးဝှက်နေပြီး ငါက ပြောင်ပြောင်တင်းတင်း နေတာပဲ၊ အဲဒီအတွက် တခြား ဒုစရိုက်သမား တွေ အားလုံးက ငါ့ကို အပြစ်ပြောနေကြတာပဲ။

“ဒီမယ် သား၊ သားတို့ပြောတဲ့ ကောင်းကင်ဘုံမျိုးကို ငါ နည်းနည်းမှ မလိုချင်ဘူး၊ အဲဒီအတွက်တော့ နည်းနည်းကလေးမှ သံသယမရှိနဲ့၊ အဲဒီ ကောင်းကင်ဘုံမျိုးဟာ တကယ် ရှိတယ်ဆိုရင်လည်း ယောကျ်ားကောင်းတယောက်အတွက် ဘယ်လိုမှ သင့်လျော်တဲ့နေရာမျိုး မဟုတ်ဘူး၊ ငါ့သဘော ပြောရရင်တော့ လူတယောက် အိပ်ပျော်သွားတယ်၊ ပြန်မနိုးတော့ဘူး၊ အဲဒီမှာက အဲဒါမျိုးပဲ၊ ငါ့အတွက် ဘုရားရှိခိုးကျောင်းမှာ သား ဆုတောင်းချင် တောင်းပါ၊ မတောင်းချင်ရင်လည်း မတောင်းပါနဲ့၊ ဘာမှ အရေးမကြီးပါဘူး၊ ဒါဟာ ငါ့ရဲ့ဒဿနပဲ။

“မနေ့က ငါတို့အားလုံး ဒီမှာ မူးနေကြတုန်းက အိုက်ဗင် အများကြီး ပြောသွားတယ်၊ အိုက်ဗင်ဟာ ကြွားပါ၊ ဘာမှ ဟုတ်တတ်ပတ်တိ တတ်တာ မဟုတ်ဘူး… ဘာပညာတခုကိုမှ ရေရေရာရာ မတတ်ဘူး၊ သူ တိတ်တိတ်ကလေး ထိုင်နေတာပဲ၊ လူတယောက်ကို ဘာစကားတခွန်းမှမပြောဘဲ ပြုံးကြည့်နေမယ်၊ အဲဒါဟာ လူတွေက သူ့ကို ပညာရှိလို့ ထင်အောင် လုပ်တဲ့နည်းပဲ”

အဘိုးကြီး ပြောသည့် စကားများကို အလျှိုရှာ တိတ်ဆိတ်စွာပင် နားထောင်နေသည်။ “သူ ငါ့ကို ဘာဖြစ်လို့ စကားမပြောသလဲ၊ သူ

စကားပြောလို့ရှိရင်လည်း လေထွားတော့တာပဲ၊ မင်းရဲ့ အိုက်ဗင်ဟာ လူယုတ်မာတယောက်ပဲ၊ ဂရုရှင်ကာကို ငါကြိုက်တဲ့အချိန်မှာ ငါလက်ထပ်မယ်၊ ဒီမယ် သား၊ ပိုက်ဆံရှိတဲ့ လူတယောက်ဟာ သူ ဘာလိုချင်သလဲ။ လိုချင်တာကို သူရတယ်။ ဒါကို အိုက်ဗင် ကြောက်တာပဲပေါ့၊ ဂရုရှင်ကာကို ငါ လက်မထပ်အောင် သူ စောင့်ကြည့်နေတယ်၊ ဂရုရှင်ကာကို လက်ထပ်ဖို့ မစ်တယာကို သူ မြှောက်ပေးနေတယ်၊ ဒီနည်းနဲ့ ဂရုရှင်ကာကို ငါ လက်မထပ်အောင် သူ တားနိုင်မယ်လို့ ထင်နေတယ်။ (အဲဒီကောင်မကို ငါ မယူမှ သူ့အတွက် ပိုက်ဆံတွေ ငါ ထားခဲ့မယ့် အတိုင်းပဲ) နောက်ပြီးတော့တခါ မစ်တယာက ဂရုရှင်ကာကို ယူလို့ရှိရင် ပိုက်ဆံချမ်းသာတဲ့ သူ့ရည်းစားကလေးကို သူရမယ်၊ အဲဒါကို သူချောင်းနေတာပဲ၊ သင်းဟာ လူယုတ်မာပဲ၊ မင်းရဲ့ အိုက်ဗင်ဟာ လူယုတ်မာပဲ"

"ဖေဖေ ဘာဖြစ်လို့ ဒါလောက် ဒေါသကြီးနေရတာလဲ၊ မနေ့ညက ပြဿနာကြောင့်ပဲ ဖြစ်ရမယ်၊ ဖေဖေ ခဏသွားလှဲနေလိုက်ရင် ကောင်းမယ်"

အလျှိုရှာက ပြောလိုက်သည်။ ဤတွင် ကာရာမာဇော့သည် တစုံတခုကို ယခုမှ ပထမဆုံးအကြိမ် သိမြင်လိုက်သည့်အလား…

"ဟုတ်ပြီ၊ ဒီစကားကို သားက ပြောတယ်၊ အဖေ စိတ်မဆိုးဘူး၊ ဒါပေမဲ့ အိုက်ဗင်ကသာ ပြောလို့ရှိရင် အဖေ စိတ်ဆိုးမှာပဲ၊ အဖေဟာ သားတယောက်နဲ့ပဲ ဆက်ဆံရေး ကောင်းတယ်၊ တကယ်တော့ အဖေဟာ ဗီဇမကောင်းတဲ့ လူတယောက်ပဲ"

"ဗီဇ မကောင်းတာ မဟုတ်ပါဘူး၊ ကိုယ်က လမ်းကြောင်းပြောင်းတာပါ" အလျှိုရှာ ပြုံးပြီး ပြောသည်။

"ဒီမယ် နားထောင်၊ လူမိုက် မစ်တယာကို ဖမ်းချုပ်ထားဖို့ ငါ မနက်က စိတ်ကူးမိတယ်၊ ဒါပေမဲ့ အခုတော့ ဘာလုပ်ရမယ်လို့ မဆုံးဖြတ်နိုင်ဘူး၊ ကနေ့ ငါတို့ရဲ့ မျက်မှောက်ခေတ်ကြီးမှာ လူတွေဟာ မိဘနှစ်ပါးကို အာဃာတ ထားကြတယ်၊ ဒါပေမဲ့ ကနေ့အချိန်အထိ အဖေတယောက်ကို လူတွေရှေ့မှာ ဆံပင်ဆွဲပြီး ခြေထောက်နဲ့ကန်တာမျိုး၊ သတ်ပစ်မယ်လို့ ပြောတာမျိုးကိုတော့ ဘယ်ဥပဒေကမှ ခွင့်မပြုသေးဘူးလို့ ငါ ယုံတယ်၊ ငါလုပ်ချင်လို့ရှိရင် ဒီကောင် ခံရအောင် ငါ လုပ်နိုင်တယ်၊ မနေ့က သူလုပ်ခဲ့တာအတွက် သူ့ကို ချုပ်ထားနိုင်တယ်"

"အဲဒီတော့ ပုလိပ်ကို ဖေဖေ မတိုင်ဘူး မဟုတ်လား"

"အိုက်ဗင်က ငါ့ကို မလုပ်ဖို့ပြောတယ်၊ ဒီကောင်ပြောတာကို ငါ ဘာမှ ဂရုစိုက်စရာ မလိုပါဘူး၊ ဒါပေမဲ့ စဉ်းစားစရာ တခြားအကြောင်းတခု ရှိနေတယ်" ထို့နောက် ကာရာမာဇော့သည် အလျှိုရှာဘက်သို့ ကိုယ်ကို တိမ်းညွှတ်လိုက်ပြီး

လေသံတိုးတိုးဖြင့် "ဒီကောင့်ကို ငါ အချုပ်ထဲ ထည့်ထားလိုက်ရင် ဒီသတင်းကို ဂရုရှင်ကာ ကြားပြီး သူ့ဆီကို တခါတည်း ပြေးသွားလိမ့်မယ်။

"ဒါပေမဲ့ ဂရုရှင်ကာဟာ ဒီကောင်က ငါ့ကို ကိုယ်ထိလက်ရောက် စော်ကားတဲ့အကြောင်း၊ အဘိုးကြီး တယောက်ကို သတ်တော့ဖြတ်တော့မလို လုပ်တဲ့အကြောင်းကို ကနေ့ ကြားလို့ရှိရင် သင်းကို တခါတည်း စွန့်လွှတ်လိုက်ပြီး ငါ့ဆီကို ရောက်လာလိမ့်မယ်၊ အဲဒါဟာ ဂရုရှင်ကာရဲ့ပုံစံပဲ၊ သူက သူများတွေ မထင်တာကို လုပ်တတ်တယ်၊ သူ့အကြောင်းကို ငါ အကုန်သိနေပြီ၊ အဲ.. သား၊ ဘရန်ဒီကလေး တစက်လောက် သောက်မလား၊ သား ကော်ဖီတခွက် ငှဲ့လိုက်၊ အဲဒီအထဲကို အဖေ ဘရန်ဒီ လေးပုံတပုံ လောက် ရောပေးမယ်၊ သိပ်သောက်လို့ကောင်းတယ် လူကလေး"

"ကျွန်တော် မသောက်ပါဘူး၊ မုန့်တခုပဲ စားမယ်" အလျှိုရှာ ပြင်သစ်မုန့်တခုကို ယူပြီး အင်္ကျီအိတ် ထဲသို့ ထည့်ထားလိုက်သည်။ "ဖေဖေလည်း ဘရန်ဒီ ထပ်မသောက်ပါနဲ့တော့" ဖခင်၏ မျက်နှာကို ကြည့်ရင်း သူ တားလိုက်သည်။

"သားပြောတာ မှန်တယ်၊ ဘရန်ဒီက ငါ့စိတ်ကို ချမ်းသာမှုမပေးဘူး၊ ဒေါသပဲ ဖြစ်စေတယ်၊ ဒါပေမဲ့ နည်းနည်းကလေးတော့ သောက်လိုက်ဦးမယ် ... ဗီရိုထဲက ငါ ထုတ်လိုက်ဦးမယ်..."

ဗီရိုကလေးကို သူ သော့ဖွင့်ပြီး ဘရန်ဒီတခွက် ထဲ့သည်၊ သောက်သည်။ ထို့နောက် ဗီရိုကို သော့ပြန်ခတ်ပြီး သော့ကို သူ့အင်္ကျီအိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"တော်ပြီ၊ တခွက်နဲ့တော့ ငါ မသေနိုင်ပါဘူး"

"ကြည့် ... ဖေဖေ ပျော့ပျော့ပျောင်းပျောင်း ဖြစ်သွားတယ်" အလျှိုရှာ ခပ်ပြုံးပြုံး ပြောလိုက်သည်။

"အင်း ... အဖေက ဘရန်ဒီ မသောက်လည်း သားကို ချစ်ပါတယ်။ အဲ.. ဒါပေမဲ့ ဟိုကောင် လူယုတ်မာတွေနဲ့ ဆိုရင်တော့ ငါလည်း လူယုတ်မာတယောက်ပဲ၊ အိုက်ဗင်ဟာ ချာမာရှညာကို မသွားဘူး၊ ဘာဖြစ်လို့ မသွားသလဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ကို ချောင်းကြည့်နေရမှာမို့ပဲ၊ ဂရုရှင်ကာ လာလို့ရှိရင် ဂရုရှင်ကာကို ငါ ဘယ်လောက် ပေးလိုက်သလဲဆိုတာကို သူသိချင်တယ်၊ ဒီကောင်တွေအားလုံး လူယုတ်မာတွေပဲ၊ အိုက်ဗင့်ကို ငါ နည်းနည်းကလေးမှ သောက်ဂရုမစိုက်ဘူး။

"ဒီမယ် သား၊ အိုက်ဗင် ဘာဆိုတာ ငါမသိဘူး၊ ဘယ်လိုကောင်စားမျိုးဆိုတာ ငါ မသိဘူး၊ သူ ဘယ်ကနေ ပေါက်ဖွားလာသလဲ၊ သူဟာ ငါတို့ အမျိုးအစားထဲကတော့ မဟုတ်ဘူး၊ သူ့ကို ငါ အမွေပေးခဲ့မယ်လို့ သူ ထင်နေသလား၊ ငါ့အနေနဲ့တော့ သေတမ်းစာ ရေးမထားဘူး၊ အဲဒါတော့ ဘယ်လိုမှ သံသယမရှိနဲ့ ။

"မစ်တယာကိုတော့ ပိုးဟပ်တကောင်လို ငါ ချေပစ်နိုင်တယ်၊ ညကျလို့ရှိရင် ပိုးဟပ်တွေကို ငါ့ဖိနပ်နဲ့ နင်းချေပစ်တယ်၊ ဒီကောင်တွေဟာ ခြေထောက်နဲ့ တက်နင်းလိုက်တယ်ဆိုရင် တခါတည်း ကြေမွသွားတာပဲ၊ သားရဲ့ မစ်တယာလည်း တခါတည်း ကြေမွသွားမှာပဲ၊ သားရဲ့ မစ်တယာလို့ ပြောရတာကတော့ သားက သူ့ကို ချစ်နေလို့ပဲ၊ ဟုတ်တယ်၊ သား သူ့ကို ချစ်နေတယ်၊ သားက သူ့ကို အဲဒီလို ချစ်နေတဲ့အတွက် ငါ နည်းနည်းမှ မစိုးရိမ်ပါဘူး။

"ဒါပေမဲ့ အိုက်ဗင်က သူ့ကိုချစ်နေတယ်ဆိုရင်တော့ ငါ စိုးရိမ်တယ်၊ ဒါပေမဲ့ အိုက်ဗင်က ဘယ်သူ့ကိုမှ မချစ်ပါဘူး၊ အိုက်ဗင်ဟာ ငါတို့အထဲက မဟုတ်ဘူး၊ ဒီမယ် သား၊ အိုက်ဗင်လို လူမျိုးတွေဟာ ငါတို့နဲ့ မတူပါဘူး ... သူတို့ဟာ လေတိုက်လို့ လွင့်လာတဲ့ ဖုန်မှုန့်တွေနဲ့ပဲ တူတယ်၊ လေတိုက်လို့ရှိရင် ဖုန်မှုန့်တွေဟာ လွင့်သွားကြတာပဲ။

"သားကို ကနေ့ လာခဲ့ဖို့ မနေ့က ငါပြောလိုက်တုန်းက ငါ့ခေါင်းထဲမှာ အကြံတခု ရတယ်၊ မစ်တယာရဲ့အကြောင်းကို သားဆီကများ သိရမလားလို့ စဉ်းစားမိတယ်၊ ငါ ဆိုလိုတာက ငါ သူ့ကို ငွေတထောင် ဒါမှမဟုတ် နှစ်ထောင် ပေးလိုက်လို့ရှိရင် ခွေးမသား ငမွဲ ... ဒီကနေ ငါးနှစ်လောက် ဒါမှမဟုတ် ... သုံးဆယ့်ငါးနှစ်လောက် တခြားကို ထွက်သွားမလား၊ ဂရုရှင်ကာ မပါဘဲနဲ့ပေါ့၊ ဂရုရှင်ကာကို သူ စွန့်လွှတ်ခဲ့ရမယ်၊ သား ဘယ်လို သဘောရသလဲ"

"ကျွန်တော် ... ကျွန်တော် သူ့ကို မေးကြည့်မယ်၊ ဖေဖေ သူ့ကို ငွေသုံးထောင်လောက် ပေးလို့ရှိရင် သူ..."

"အဓိပ္ပာယ်မရှိတာပဲ၊ သူ့ကို ဘာမှ မေးစရာမလိုဘူး ... သူ့ကို ဘာမှ မပြောနဲ့တော့၊ ငါ စိတ်ပြောင်းသွားပြီ၊ မနေ့က အသုံးမကျတဲ့စိတ်ကူး၊ အသုံးမကျတဲ့အချိန်မှာ ငါ့ခေါင်းထဲကို ရောက်လာခဲ့တာပဲ၊ ငါ သူ့ကို ဘာမှ မပေးတော့ဘူး၊ ခြူးတပြားမှ မပေးဘူး၊ ငါ့ပိုက်ဆံတွေ ငါ့အတွက်ပဲ ထားရမယ်"

အဘိုးကြီး လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ဟစ်အော်လိုက်သည်။

"ငါ သူ့ကို ခြူးတပြားမှ မပေးဘဲနဲ့ ပိုးဟပ်တကောင်လို ချေပစ်မယ်၊ သား သူ့ကို ဘာတခွန်းမှ သွားမပြောနဲ့၊ ပြောလို့ရှိရင် သူ့ကို မျှော်လင့်ချက်ပေးရာ ရောက်သွားမယ်၊ သား အခု ဒီမှာ ဘာမှလုပ်စရာ မရှိတော့ဘူး၊ သား သွားနိုင်ပြီ၊

သူနဲ့စေ့စပ်ထားတဲ့ သူ့ရည်းစား ကက်ထရီးနားက သူ့ကို လက်ထပ်မလား လက်မထပ်ဘူးလား၊ သင်းက ငါ့ကို ကက်ထရီးနားနဲ့ အခုအချိန်အထိ တွေ့မပေးဘဲ ဝှက်ထားတယ်၊ ကက်ထရီးနားကို သား မနေ့က သွားတွေ့တယ် မဟုတ်လား”

“ကက်ထရီးနားက သူ့ကို ဘယ်နည်းနဲ့မှ စွန့်လွှတ်မှာ မဟုတ်ဘူး”

“အေး ... ဂုဏ်သရေရှိ အမျိုးသမီးကလေးတွေဟာ ဒီလို အကောင်မျိုးတွေကိုပဲ ချစ်တတ်ကြတာပဲ၊ လူပေါ်ကြော့ လူယုတ်မာတွေကို၊ သူတို့ဟာ အင်မတန် သနားစရာ ကောင်းတယ်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ကောင်မကလေးတွေကို ငါပြောတာ သူတို့ဟာ .. အင်း .. ငါလည်း ဒီအကောင့် အရွယ်မျိုးနဲ့ ဒီကောင့်ရုပ်မျိုးရှိရင် (ငါ သူ့အရွယ်တုန်းက သူ့ထက် အများကြီးလှတယ်) ဒီလို ကောင်မမျိုးကလေးတွေကို အပိုင်စီးထားနိုင်မှာပဲ၊ အလကား အကောင်ပဲ၊ အေး .... ဒါပေမဲ့ ဒီကောင် ဂရုရှင်ကာကိုတော့ ဘယ်တော့မှ မရဘူး၊ ဝေးသေးတယ်... သင်းကို ငါ မှုန့်မှုန့်ညက်ညက် ချေပစ်လိုက်မယ်”

သူသည် ပြောရင်း ပြောရင်းနှင့် ဒေါသကြီးလာပြန်တော့သည်။

“မင်း သွားတော့၊ ဒီမှာ မင်းအလုပ် ဘာမှမရှိဘူး”

အလျှိုရှာကို သူ ခပ်ဆတ်ဆတ် ပြောလိုက်သည်။ အလျှိုရှာ နှုတ်ဆက်စကားပြောရန် သူ့ထံသို့ ထသွားပြီး သူ့ပခုံးကို ညှစ်လိုက်သည်။

“ဒါ ဘာလုပ်တာလဲ”

အဘိုးကြီး အံ့အားသင့်သွားဟန်ရှိသည်။

“တို့နှစ်ယောက် နောက် တွေ့ကြဦးမှာပဲ၊ မတွေ့ကြတော့ဘူးလို့ မင်း ထင်လို့လား”

“မဟုတ်ပါဘူး၊ ကျွန်တော် ဘာမှ မရည်ရွယ်ပါဘူး”

“အေး ... ငါလည်း ဘာမှ မရည်ရွယ်ပါဘူး၊ ငါလည်း ဘာမှ မစဉ်းစားဘဲနဲ့ ပြောလိုက်တာပဲ၊ ငါပြောမယ်၊ ငါပြောမယ်” ထွက်သွားသော အလျှိုရှာကို သူ အော်ပြောသည်။ “မကြာခင် လာခဲ့ပါဦး၊ သားအတွက် ငါးစွပ်ပြုတ် လုပ်ထားမယ်၊ ကနေ့ဟာမျိုး မဟုတ်ဘူး၊ စပယ်ရှယ် လုပ်ထားမယ်၊ လာဖြစ်အောင် လာခဲ့ ... မနက်ဖြန် ကြားလား ... မနက်ဖြန် လာခဲ့”

အလျှိုရှာ အခန်းထဲမှ ထွက်သွားသည်နှင့် တပြိုင်နက် သူသည် ဗီရိုကလေးဆီသို့ သွားပြီး နောက်ထပ် ဘရန်ဒီ ဖန်ခွက်တဝက်လောက်

မော့ချလိုက်သည်။

“တော်ပြီ ..”

သူ လည်ချောင်းရှင်းရင်း ရွတ်ဆိုလိုက်သည်။ ဗီရိုကလေးကို သော့ပြန်ခတ်လိုက်သည်။ သော့ကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ထို့နောက် အိပ်ခန်းထဲသို့သွားပြီး ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ တမုဟုတ်ချင်းမှာပင် သူ အိပ်ပျော်သွားလေတော့သည်။

၃။ ကျောင်းသားကလေးများနှင့် တွေ့ဆုံခြင်း

"ငါ့ကို ဂရုရှင်ကာအကြောင်း မမေးတာပဲ တော်လှပြီ" ဖခင်အိမ်မှ ထွက်လာပြီး မဒမ် ကိုကလာ ကော့ အိမ်သို့ အသွားလမ်းတွင် အလျိုရှာ စဉ်းစားမိသည်။ "တကယ်လို့များ မေးနေလို့ ရှိရင် မနေ့က တွေ့ခဲ့တဲ့အကြောင်း ပြောနေရဦးမှာ"

ယမန်နေ့မှ အစပြုပြီး ဆန့်ကျင်ဘက်သမားများ အားသစ်မွေးကာ သူတို့၏ နှလုံးသားများ တင်းမာလာကြသည်ကို တွေ့ ရှိရသဖြင့် အလျိုရှာ စိတ်ထိခိုက်နေရတော့သည်။

"ဖေဖေဟာ အာဃာတတွေ များပြီး ဒေါသတွေ ပွားလာတယ်၊ ဖေဖေ့မှာ အကြံတခု ရှိနေပြီ၊ အဲဒါကို သူ လုပ်လိမ့်မယ်၊ နောက်ပြီးတော့ ဒီမီထရီကရော၊ သူလည်း မနေ့ကထက် ပိုပြီး တင်းမာလာ လိမ့်မယ်၊ သူလည်း အာဃာတနဲ့ ဒေါသတွေ များနေလိမ့်မယ်၊ နောက်ပြီးတော့ သူ့မှာလည်း အကြံအစည်တခု ရှိမယ်ဆိုတာ သေချာတယ်၊ အို... ဘာပဲဖြစ်ဖြစ် ငါ ကနေ့ သူ့ကို တွေ့အောင်ရှာမှပဲ"

သို့သော် အလျိုရှာ ကြာကြာစဉ်းစားချိန် မရပါ။ လမ်းမှာ ပြဿနာတခုပေါ်၍ ဖြစ်သည်။ ထိုပြဿနာသည် မျက်မြင်အားဖြင့် ထင်ရှားကြီးကျယ်ခြင်း မရှိလှသော်လည်း အလျိုရှာ၏ စိတ်အာရုံတွင်ကား အထူးပင် ငြိတွယ်ခြင်း ဖြစ်နေတော့သည်။ ပန်းခြံကို ကျော်ဖြတ်ပြီး လမ်းမကြီး နှင့် မြောင်းငယ်တခုသာ ခြားနေသော မစ်ခေလိုစကီ လမ်းထိပ်သို့ အရောက်တွင် (ကျွန်ုပ်တို့မြို့တွင် မြောင်းငယ်များ ရှုပ်ယှက်ခတ်နေသည်) တံတား၏ တဖက်ထိပ်၌ ကိုးနှစ်မှ ဆယ့်နှစ်နှစ်အရွယ် ကျောင်းသားငယ်တစု ရှိနေသည်ကို သူ တွေ့မြင်ရသည်။

သူတို့သည် ကျောင်းဆင်း၍ အိမ်ပြန်ကြခြင်း ဖြစ်သည်။ အချို့သည် အိတ်ငယ်ကလေးများကို ကျောတွင်ပိုးလျက်၊ တချို့သည် သားရေအိတ်များကို ပခုံးတွင် လွယ်ထားကြသည်။ တချို့သည် ဂျက်ကက်အင်္ကျီများနှင့်ဖြစ်၍ အချို့သည် ကုတ်အင်္ကျီများကို ဝတ်ထားကြသည်။ အချို့သည် ဘွတ်ဖိနပ်ရှည်ကြီးများနှင့် ဖြစ်သည်။ ပိုက်ဆံရှိမိဘများက သူတို့သားသမီးများကို ဖျက်ဆီးထားကြ ခြင်း ဖြစ်သည်။

သူတို့အသိုက် တသိုက်လုံးသည် တစုံတခုကို စိတ်အားထက်သန်စွာ ပြောဆိုနေကြသည်။ အစည်းအဝေးကြီးတခု ပြုလုပ်ကြခြင်း ဖြစ်သည်။ အလျိုရှာသည် ကလေးတွေကို တွေ့လျှင် မည်သည့်အခါတွင်မှ အမှုမဲ့ အမှတ်မဲ့ ကျော်သွားတတ်ခြင်း မရှိပါ။ မော်စကိုမှာနေကတည်းကပင် သည်အတိုင်းပင်

ဖြစ်သည်။ သူသည် သုံးလေးနှစ်သားအရွယ် ကလေးငယ်များကို အထူးပင် ချစ်ခင်တတ်သော်လည်း ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ် ကလေးငယ်များကိုလည်း ချစ်တတ်ပါသည်။

ယင်းကြောင့်ပင်လျှင် သူသည် ယနေ့လို ပူပန်သောကရှိနေသော နေ့မျိုးမှာပင် ကလေးငယ်များထံသို့ သွားရောက်ပြီး စကားစမြည်ပြောလိုစိတ် ရုတ်ခြည်းပင် ဖြစ်ပေါ်ရသည်။ သူတို့အနီးသို့ သူရောက်ရှိသွားသောအခါ သူတို့ကလေးတွေ၏ ရဲရဲနီပြီး စိတ်အားတက်ကြွလျက်ရှိသော မျက်နှာ ကလေးများကို သတိပြုမိရသည်။ ထို့အပြင် ကလေးငယ်များအားလုံးပင် သူတို့၏လက်ထဲ၌ ခဲတလုံးစီ နှစ်လုံးစီ ကိုင်ထားကြသည်ကို ရုတ်ခြည်း မြင်တွေ့ရသည်။

မြောင်း၏တဖက် ခြေလှမ်း သုံးဆယ်ခန့်အကွာတွင်ကား ခြံစည်းရိုးတခုအနီး၌ ရပ်နေသော နောက်ထပ် လူငယ်လေးတယောက်ကို တွေ့ရသည်။ သူသည်လည်း ကျောင်းသားလေးတယောက် ဖြစ်ပြီး ပခုံးတွင် လွယ်အိတ်တလုံး လွယ်ထားသည်။ သူသည် အသက် ဆယ်နှစ်အရွယ်ခန့်ရှိပြီး အသားဖြူဖြူ၊ လူပုံချောချော မျက်လုံးတောက်တောက် နက်နက်ကလေးနှင့် ဖြစ်သည်။ သူသည် ကျောင်းသား ခြောက်ယောက်အုပ်ကို သတိနှင့် ကြည့်ရှုလျက်ရှိသည်။ သူတို့သည် သူနှင့်အတူတူ ကျောင်းမှဆင်းလာသော ကျောင်းနေဖက်များပင် ဖြစ်ဟန်ရှိသည်။ သို့သော် သူတို့နှင့် ရန်ဖြစ်ထားဟန်လည်း ရှိသည်။

အလျှိုရှာသည် အသားဖြူဖြူ၊ ဆံပင်ကောက်ကောက်၊ မျက်နှာရဲရဲ ဂျက်ကက်အင်္ကျီ အနက်နှင့် ကောင်ကလေးတယောက်ထံသို့ သွားပြီး ...

"အစ်ကို ငယ်ငယ်တုန်းက၊ ညီလေးတို့လို လွယ်အိတ်မျိုးကို လွယ်ရတုန်းက အမြဲတမ်း ဘယ်ဘက်မှာ လွယ်တယ်။ ဒါမှ ညာဘက်လက်နဲ့ နှိုက်လို့လည်း လွယ်တယ်၊ အခုတော့ ညီလေးက လွယ်အိတ်ကို ညာဘက်မှာ လွယ်ထားတယ်၊ အဲဒီတော့ လွယ်အိတ်ကို ညီလေး နှိုက်ရတာ မခက်ဘူးလား"

အလျှိုရှာသည် စကားပရိယာယ် မရှိဘဲ သူပြောချင်သည့်အချက်ကို တိုက်ရိုက်ကြီးပင် စတင် ပြောကြားလိုက်သည်။ သို့သော် လူကြီးတယောက်အနေနှင့် ကလေးတယောက် သို့မဟုတ် ကလေး တသိုက်၏ ယုံကြည်စိတ်ချမှုကို ဤနည်းဖြင့်သာ ချက်ချင်း ရရှိနိုင်ပေသည်။ သူတို့နှင့် တတန်းတစား တည်း ပုံစံမျိုးဖြင့် လိုရင်းကို အလေးအနက် ပြောရပေမည်။ ဤအကွက်ကို အလျှိုရှာ အလိုအလျောက် ထိုးထွင်းသိမြင်မိခြင်း ဖြစ်သည်။

"သူက ဘယ်သန်ပဲ ခင်ဗျ"

ဆယ့်တစ်နှစ်အရွယ် အခြား လူငယ်ကလေးတဦးက ကြားဝင်ပြောသည်။ ကျန်ကလေးများက အလျှိုရှာကို ငေးကြည့်နေကြသည်။

"သူက ခဲပစ်လို့ရှိရင်လည်း ဘယ်လက်နဲ့ပဲ ပစ်တယ်"

နောက်တယောက်က ပြောသည်။

ထိုအချိန်မှာပင် သူတို့လူအုပ်ထဲသို့ ခဲတလုံး ရောက်ရှိလာသည်။ တဖက်ကမ်းမှ ကောင်ကလေးက အားကောင်းကောင်းနှင့် သေသေချာချာ ပစ်ပေါက်လိုက်ခြင်း ဖြစ်သော်လည်း မည်သူ့ကိုမျှ မထိမမှန်ဘဲ ဘယ်သန်ကလေးကို ပွတ်ရုံသာ ပွတ်သွားသည်။

"ပြန်ပစ်၊ ဒီကောင့်ကို ပြန်ပစ်၊ ဆမ်မူရော့"

သူတို့အားလုံး ဝိုင်းအော်ကြသည်။ သို့သော် ဘယ်သန်ကလေး ဆမ်မူရော့ကို သူတို့ ပြောနေစရာ ဘာမျှမရှိပါ။ သူက ချက်ချင်းပင် လက်တုံ့ပြန်ပြီးဖြစ်သည်။ သူက ခဲတလုံးဖြင့် ပစ်ပေါက်လိုက်သည်။ သို့သော် တဖက်ကမ်းမှ ကောင်ကလေးကို မထိမှန်ဘဲ မြေကြီးကိုသာ ထိမှန်သည်။

တဖက်ကမ်းမှ ကောင်ကလေးက သူတို့လူအုပ်ကို ခဲတလုံးဖြင့် ထပ်ပေါက်သည်။ သူ၏ကုတ်အင်္ကျီ သည် ခဲများဖြင့် ပြည့်ဖောင်းလျက်ရှိသည်ကို ကောင်းစွာ မြင်တွေ့ရသည်။ ဤတကြိမ်တွင်မူ ခဲသည် အလျှိုရှာထံသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားပြီး သူ၏လက်မောင်းကို ပြင်းထန်စွာ ထိမှန်လေသည်။

"အစ်ကို့ကို သူ ချိန်ပစ်တာပဲ၊ အစ်ကို့ကို သူပစ်တာပဲ၊ အစ်ကိုဟာ ကာရာမာဇော့ပဲ၊ ကာရာမာဇော့ ဟုတ်တယ် မဟုတ်လား ကလေးတွေ အော်ကြသည်။ "လာဟေ့ သူငယ်ချင်းတို့၊ တပြိုင်တည်း .. ပစ်"

သူတို့လူအုပ်ထဲမှ ခဲခြောက်လုံး တပြိုင်တည်း ပျံထွက်သွားသည်။ ခဲတလုံးက ကောင်ကလေး၏ ခေါင်းကို ထိမှန်သည်။ သူ လဲကျသွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ ခုန်ထပြီး ခဲတွေ တလုံးပြီးတလုံး ပြန်ပစ်နေသည်။ နှစ်ဖက်စလုံးပင် ခဲတွေကို မရပ်မနား ပစ်ခတ်လျက်ရှိသည်။ သည်ဘက်က ကောင်ကလေးတွေမှာလည်း အိတ်ထဲတွင် ခဲတွေအပြည့်နှင့် ဖြစ်သည်။

"မင်းတို့ ဘာလုပ်ကြတာလဲ၊ မင်းတို့ မရှက်ဘူးလား၊ ခြောက်ယောက်နဲ့ တယောက် သူ သေသွားမှာပေါ့" အလျှိုရှာ ဟစ်အော်သည်။

သူသည် ရှေ့သို့ ပြေးတက်သွားပြီး ခဲတွေကို ဖမ်းနေသည်။ တဖက်ကမ်းက

ကောင်ကလေးကို သူ့ကိုယ်နှင့် ကွယ်ထားပေးလိုက်သည်။ ကောင်ကလေးသုံးလေးယောက် ခေတ္တမျှ အပစ်ရပ်သွားကြ သည်။

"သူ စ ပစ်တာ"

အင်္ကျီနီနှင့် ကောင်ကလေးတယောက်က ဒေါသတကြီးပြောသည်။

"ဒီကောင် ခွေးတိရစ္ဆာန်ပဲ၊ သူ တနေ့က ကာရာဆိုကင်ကို အတန်းထဲမှာ မောင်းချစေးနဲ့ ထိုးတယ်၊ သွေးတွေ ထွက်သွားတယ်၊ ကာရာဆိုကင်ကတော့ ဘာမှ မပြောဘူး၊ ဒါပေမဲ့ သူ့ကို ကောင်းကောင်း ဆုံးမရမယ်"

"ဘာအတွက်ဆုံးမရမှာလဲ၊ ကိုယ်ထင်တာတော့ မင်းက သူ့ကိုသွားစတယ် မဟုတ်လား၊ မစဘူးလား"

"ဟော… အစ်ကို၊ အစ်ကို့ကျောကို သူ ပစ်ပြန်ပြီ၊ အစ်ကို့ကို သူ သိတယ်" ကလေးတွေ အော်ကြသည်။ "သူ အခုပစ်နေတာ အစ်ကို့ကို ပစ်နေတာ၊ ကျွန်တော်တို့ကို ပစ်နေတာ မဟုတ်ဘူး၊ လာဟေ့ သူငယ်ချင်းတို့ .. အကုန်လုံး ပစ်လိုက်ကြဦးစို့၊ ဆမ်မူရေ့၊ သူ့ကို မလွဲစေနဲ့

နောက်တကြိမ် ခဲများဖြင့် အပြန်အလှန် ပစ်ကြပြန်တော့သည်။ သည်တကြိမ်တွင် တိုက်ပွဲ ပိုပြီး ပြင်းထန်သည်။ တဖက်ကမ်းမှ ကောင်ကလေး ရင်ဘတ်ကို ထိမှန်သွားသည်။ သူ အော်လိုက်သည်။ သူ ငိုပြီး မစ်လေလိုစကီ လမ်းဆီသို့ ပြေးတက်သွားသည်။ ထိုအခါ ကလေးတွေ ဝိုင်းအော်ကြသည်။

"ငကြောက်ကြီးဟေ့၊ ပြေးပြီဟေ့ … မြက်ဖုတ်ကြီးဟေ့"

"ဒီကောင်ဟာ ဘယ်လိုကောင်မျိုးဆိုတာ အစ်ကို မသိလို့ … သူ့အတွက်တော့ သတ်ပစ်တာဟာ အကောင်းဆုံးပဲ"

သူတို့အုပ်စုတွင် အကြီးဆုံး ဖြစ်ဟန်ရှိသော လူငယ်ကလေးက မျက်တောင်တခတ်ခတ်ဖြင့် ပြောသည်။

"ဘာဖြစ်လို့လဲ၊ သူက ဘာလုပ်လို့လဲ၊ သူက သူများတွေရဲ့ အတွင်းရေးကို ပြောတတ်လို့လား …"

ကလေးများ တယောက်ကိုတယောက် ပြောင်ချော်ချော် မျက်နှာထားဖြင့် ကြည့်ကြသည်။

"အစ်ကိုလည်း ဒီဘက်ကို သွားမှာပဲ မဟုတ်လား၊ မစ်ခေလိုစကီလမ်းဘက်ကို" စောစောက ကောင်ကလေးကပင် ဆက်ပြောသည်။

"အစ်ကို သူ့ကို မီမှာပဲ ... တွေ့လား၊ သူ ရပ်နေပြန်ပြီ၊ သူ စောင့်နေတယ်၊ အစ်ကို့ကို ကြည့်နေတယ်"

"အစ်ကို့ကို သူ ကြည့်နေတယ်၊ အစ်ကို့ကို သူ ကြည့်နေတယ်"

ကလေးတွေ ပွဲတင်ထပ်ကြသည်။

"အစ်ကို သူ့ကို မေးကြည့်ပါ၊ မြက်ဖုတ်ကြီးကို ကြိုက်သလားလို့၊ သူ့ကို မေးကြည့်စမ်းပါ"

ကလေးတွေ ဝိုင်းရယ်ကြသည်။ အလျှိုရှာက သူတို့ကို ကြည့်သည်။ သူတို့က သူ့ကို ပြန်ကြည့်သည်။

"အစ်ကို သူ့အနားကို မကပ်နဲ့၊ အစ်ကို့ကို သူ တခုခု လုပ်လိမ့်မယ်" ဆမ်မူရော့က သတိပေးသည်။

"အစ်ကို သူ့ကို မြက်ဖုတ်ကြီးအကြောင်း မမေးသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစကားဟာ ညီလေးတို့က သူ့ကို စတဲ့ စကားလုံးပဲ၊ ဒါပေမဲ့ ညီလေးတို့ ဘာဖြစ်လို့ သူ့ကို ဒါလောက် မုန်းနေကြတယ်ဆိုတာ သိရအောင်တော့ သူ့ကို မေးကြည့်ရမယ်"

"မေးကြည့်ပါ၊ မေးကြည့်ပါ"

ကလေးတွေ ရယ်မောကြသည်။ အလျှိုရှာသည် တံတားကို ကျော်ဖြတ်ပြီးနောက် ခြံစည်းရိုးအတိုင်း တောင်ကုန်းပေါ်သို့ တက်သွားသည်။ ကောင်ကလေးရှိရာသို့ တန်းတန်းမတ်မတ်ကြီးပင် ဖြစ်သည်။

"အစ်ကို သတိထား" ကလေးတွေ သူ့ကို လှမ်းအော်ပြီးသတိပေးသည်။ "အစ်ကို့ကို သူ မကြောက်ဘူး၊ ကာရာဆိုကင်ကို သူ ထိုးခဲ့သလို အစ်ကို့ကိုလည်း အလစ်မှာ သူ ဓားနဲ့ ထိုးလိမ့်မယ်"

ကောင်ကလေးသည် အနည်းငယ်မျှ ရွေ့လျားခြင်းမရှိဘဲ အလျှိုရှာကို စောင့်ဆိုင်းလျက်ရှိသည်။ အနီးသို့ ရောက်ရှိသောအခါ သူသည် အသက် ကိုးနှစ်အရွယ်မျှသာ ရှိသေးသော ကောင်ကလေး တယောက် ဖြစ်ကြောင်း အလျှိုရှာ တွေ့ရှိရသည်။ ကောင်ကလေးသည် ကိုယ်လုံးကိုယ်ထည် သေးငယ်ပြီး ပိန်လှီချည့်နဲ့သည်။ မျက်နှာမှာ ဖြူရော်သေးသွယ်ပြီး နက်မှောင်သော မျက်လုံးကြီးများ ဖြင့် သူ့ကို ကြည့်နေသည်။

ဟောင်းမြင်း နွမ်းနယ်နေပြီဖြစ်သော ကုတ်အင်္ကျီတထည်ကို သူ ဝတ်ထားသည်။ အင်္ကျီမှာ သူ့ကိုယ်နှင့် မတော်တော့ဘဲ သေးငယ်နေပြီ ဖြစ်သည်။

သူ့လက်များက အကျႌလက်များ အပြင်သို့ ရှည်ထွက်နေကြသည်။ ဘောင်းဘီ၏ လက်ယာဘက်ဒူးတွင် အဖာကြီးတခု ရှိသည်။ ညာဘက် ဘွတ်ဖိနပ်မှာလည်း ထိပ်ပေါက်လျက် ရှိသည်။ အပေါက်မှန်း မသိအောင် မင်ဖြင့် သေချာစွာ ဆိုးထားသည်။

သူ၏အကျႌအိတ် နှစ်ဖက်စလုံးတွင် ခဲလုံးတွေ ပြည့်ဖောင်းနေသည်။ အလျှိုရှာသည် သူနှင့် နှစ်လှမ်းကွာလောက်တွင် ရပ်လိုက်ပြီး သူ့ကို လေ့လာစူးစမ်းလျက်ရှိသည်။ ကောင်ကလေးသည် အလျှိုရှာ၏ ပခုံးများကိုကြည့်ပြီး ဤသူသည် မိမိကို ရန်မူမည် မဟုတ်ကြောင်း သိမြင်သဖြင့် သူ့ကိုယ်မှ ရန်လိုသည့် အမူအရာများလည်း လျော့ပါးသွားသည်။ သူကပင် စတင်ပြောဆိုသည်။

"ကျွန်တော်က တယောက်တည်း... သူတို့က ခြောက်ယောက်၊ သူတို့အားလုံးကို ကျွန်တော် တယောက်တည်းနဲ့ ချထည့်လိုက်တယ်"

"ညီလေးကို ခဲတလုံး မှန်တာ တော်တော်နာသွားပုံရတယ်"

အလျှိုရှာက ပြောလိုက်သည်။

"ဆမ်မူရော့ရဲ့ ခေါင်းကိုလည်း ကျွန်တော် ဆော်ထည့်လိုက်တာပဲ"

"အစ်ကို့ကို ညီလေး သိတယ်လို့ သူတို့က ပြောကြတယ်၊ ညီလေး ပစ်တဲ့ ခဲတလုံးဟာ အစ်ကို့ကို တမင်ရွေးပစ်တာပဲ မဟုတ်လား"

ကောင်ကလေးက သူ့ကို မှုန်ပြီး ကြည့်နေသည်။

"ညီလေးကို အစ်ကို မသိဘူး၊ အစ်ကို့ကို ညီလေး သိသလား"

အလျှိုရှာ ဆက်မေးသည်။

"ကျွန်တော့်ဘာသာ အေးအေးဆေးဆေး နေပါရစေ"

ကောင်ကလေး အော်လိုက်သည်။ သို့သော် သူ နေရာမှ မရွေ့ပါ။ တစုံတခုကို စောင့်မျှော်ဟန်ရှိသည်။ သူ့ကို ရန်လိုသော မျက်လုံးများဖြင့် ကြည့်နေပြန်တော့သည်။

"ကောင်းပြီ၊ အစ်ကို သွားပြီ၊ ညီလေးကို အစ်ကို မသိဘူး၊ ညီလေးကို အစ်ကို မစဘူး၊ ညီလေးကို ဘယ်လို စရမယ်လို့ သူတို့ပြောလိုက်တယ်၊ ဒါပေမဲ့ အစ်ကို မစချင်ပါဘူး"

"ပိုးဘောင်းဘီနဲ့ ဘုန်းကြီးကြီး"

ကောင်ကလေးက ဟစ်အော်လိုက်သည်။ ထို့နောက် ရန်လိုသော မျက်လုံးများဖြင့် အလျှိုရှာကို ဆက်ပြီး ကြည့်နေသည်။ သူ့ကိုယ်ကိုလည်း ခုခံကာကွယ်ရန် အနေအထားတွင် အဆင်သင့် ပြုလုပ်သည်။ ယခုအချိန်တွင် အလျှိုရှာက သူ့ကို တိုက်ခိုက်လာတော့မည်ဟု သူ ယူဆ၍ပင် ဖြစ်သည်။ သို့ရာတွင် အလျှိုရှာသည် တဖက်သို့လှည့်ပြီး သူ့ကို တချက်ကြည့်ကာ လျှောက်ထွက်သွား သည်။ သို့သော် သူ သုံးလှမ်းမျှ မလှမ်းရသေးမီမှာပင် ကောင်ကလေး၏ အိတ်ထဲရှိ အကြီးဆုံးသော ခဲလုံးကြီး တလုံးက သူ့ကျောကို ပြင်းထန်စွာ ထိမှန်သည်။

"ညီလေးဟာ တကယ်ပဲ လူတယောက်ကို နောက်ကျောဘက်ကနေ ကိုက်တတ်တာပဲ၊ သူတို့ပြောတာ အမှန်ပဲ၊ ညီလေးဟာ လူတွေကို အလစ်မှာ လုပ်တတ်တယ်တဲ့"

အလျှိုရှာက ယင်းသို့ပြောပြီး တဖက်သို့ ပြန်လှည့်သွားသည်။ ယခုအကြိမ်တွင်မူ ကောင်ကလေး သည် ရက်စက်ကြမ်းကြုတ်စွာပင် အလျှိုရှာ၏ မျက်နှာကို ခဲဖြင့် ပစ်ပေါက်လေသည်။ သို့သော် အလျှိုရှာ အချိန်မီ လက်ဖြင့် ကာလိုက်နိုင်သဖြင့် တံတောင်ဆစ်ကိုသာ ထိမှန်သည်။

"မင်းကိုယ်မင်း မရှက်ဘူးလား၊ ညီလေးကို အစ်ကို ဘာလုပ်လို့လဲ" အလျှိုရှာ ဟစ်အော်လိုက်သည်။

ကောင်ကလေး ဘာမျှပြန်မပြောဘဲ သတ်ပုတ်ရန် အသင့်ရှိနေသည်။ ယခုအခါတွင် အလျှိုရှာသည် သူ့ကို အသေအချာ တိုက်ခိုက်လာတော့မည်ဟု ယူဆထားသည်။ သို့သော် ယခုအချိန်အထိလည်း အလျှိုရှာက မည်သို့မျှ ပြုလုပ်မည့်ပုံစံ မရှိသဖြင့် ကောင်ကလေးသည် သားရိုင်းငယ်တကောင်လို မာန်ဖီကာ အလျှိုရှာထံသို့ ပြေးဝင်သွားသည်။ အလျှိုရှာ မည်သို့မျှ မပြုနိုင်ခင်မှာပင် အလျှိုရှာ၏ ဘယ်လက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဆွဲယူပြီး လက်ခလယ်ကို တအားကိုက်လိုက်တော့သည်။ အသားထဲသို့ သားတွေ မြုပ်ဝင် သွားသည့်အထိ ဖြစ်သည်။

အလျှိုရှာ နာကျင်စွာ အော်လိုက်ပြီး သူ့လက်ကို တအား ဆောင့်ရုန်းလိုက်သည်။ ကောင်ကလေး သည် နောက်ဆုံးတွင် အလျှိုရှာ၏ လက်ကို လွှတ်လိုက်ရပြီး စောစောက ရပ်နေသော နေရာသို့ ပြန်ဆုတ်သွားသည်။

အလျှိုရှာ၏လက်သည် အရိုးကို ထိသည်အထိ အကိုက်ခံရသည်။ လက်သည်းနားတွင် ကပ်ပြီး အကိုက်ခံရသည်။ သွေးတွေ ထွက်နေသည်။ အလျှိုရှာသည် လက်ကိုင်ပဝါကို ထုတ်ယူပြီး အကိုက်ခံရသည့် နေရာကို တင်းကျပ်စွာ စည်းနှောင်လိုက်သည်။ သူ့လက်ကို စည်းနှောင်ရသည်မှာ အချိန် တစ်မိနစ်တိတိ ကြာသွားသည်။ ကောင်ကလေးသည် တချိန်လုံးပင်

စောင့်ကြည့်လျက် ရှိသည်။ နောက်ဆုံးတွင် အလျှိုရှာသည် ခေါင်းကို မော့လိုက်ပြီး သိမ်မွေ့သော မျက်လုံးများဖြင့် ကောင်ကလေးကို ကြည့်လိုက်သည်။

"ကဲ၊ ညီလေး ကိုက်လိုက်တာ အစွမ်းကုန်ပဲ မဟုတ်လား၊ ဘယ့်နှယ်လဲ ကျေနပ်ပြီလား၊ ကဲ ... ညီလေးကို အစ်ကို ဘာလုပ်သလဲဆိုတာ ပြောစမ်းပါဦး"

ကောင်ကလေးသည် သူ့ကို အံ့သြခြင်းကြီးစွာဖြင့် ငေးကြည့်နေသည်။

"ညီလေးကို အစ်ကို မသိဘူး၊ အခု ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ၊ ဒါပေမဲ့ အစ်ကိုဟာ ညီလေးကို တခုခု လုပ်ခဲ့ဖူးလိမ့်မယ်၊ ဘာအကြောင်းမှ မရှိဘဲနဲ့တော့ ညီလေး အခုလိုလုပ်မှာ မဟုတ်ဘူး၊ ကဲ၊ အဲဒီတော့ အစ်ကို ဘာလုပ်သလဲဆိုတာ ပြောစမ်းပါဦး၊ ညီလေးကို အစ်ကို မဟုတ်တာ ဘာတွေများ လုပ်ခဲ့သလဲ"

အလျှိုရှာက ငြိမ်သက်အေးဆေးသော လေသံဖြင့် ဆက်ပြီး မေးမြန်းလိုက်သည်။

ကောင်ကလေးသည် အလျှိုရှာ၏အမေးကို မဖြေဘဲ ရုတ်တရက် ကျယ်လောင်စွာ ငိုကြွေးလိုက်ပြီး နောက် ထိုနေရာမှ ထွက်ပြေးလေတော့သည်။ အလျှိုရှာ သူ့နောက်သို့ မစ်ခေလိုစကီလမ်းအတိုင်း ဖြည်းလေးစွာ လမ်းလျှောက်ပြီး လိုက်သည်။ ကောင်ကလေး ခြေကုန်သုတ်ပြီး ပြေးနေသည်ကို အတော်ကြီးကြာသည်အထိ သူ တွေ့မြင်နေရသည်။ နောက်ဘက်သို့ တချက်မျှ လှည့်မကြည့်ပါ။ တလျှောက်လုံး ငိုသွားမည်မှာ သေချာသည်။ အချိန်ရသည်နှင့် တပြိုင်နက် ကောင်ကလေးကို ရှာဖွေပြီး ပဟေဠိကို အဖြေထုတ်ရန် သူ ဆုံးဖြတ်လိုက်သည်။ လောလောဆယ်တွင်မူ သူ့မှာ အချိန်မရှိသေးပါ။

၄။ ကိုကလာကောဒ္ဒတို့၏ အိမ်ဝယ်

သူသည် များမကြာမီမှာပင် မစ္စက်ကိုကလာကောဒ္ဒ၏အိမ်သို့ ရောက်ရှိသွားသည်။ ကျောက်တုံးအိမ် နှစ်ထပ် လှလှကလေး ဖြစ်သည်။ ကျွန်ုပ်တို့ မြို့ကလေးတွင် အကောင်းဆုံး အိမ်တအိမ်ပင် ဖြစ်သည်။ မစ္စက်ကိုကလာကောဒ္ဒသည် သူမပိုင် ခြံတခုရှိသော အခြားပြည်နယ်တခုတွင် လည်းကောင်း၊ သူမပိုင် အိမ်တလုံးရှိသော မော်စကိုမြို့တွင်လည်းကောင်း အနေများသော်လည်း ကျွန်ုပ်တို့ မြို့ကလေးတွင် လည်း အဖေဘက်မှ အမွေရရှိထားသော သူမပိုင် အိမ်တလုံး ရှိပါသည်။ ကျွန်ုပ်တို့ခရိုင်ရှိ သူမ ပိုင်ဆိုင်သော ခြံသည် သူမ၏ ခြံသုံးခြံတွင် အကြီးဆုံး ဖြစ်သော်လည်း မစ္စက်ကိုကလာကောဒ္ဒသည် ကျွန်ုပ်တို့ ပြည်နယ်သို့ လာရောက်ခဲလှသည်။

သူမသည် အလျှိုရှာနှင့်တွေ့ရန် အိမ်ဦးခန်းသို့ ပြေးထွက်လာသည်။

"အံ့ဩဖွယ်အကြောင်း ရေးထားတဲ့ တို့စာကို မောင်လေး ရတယ် မဟုတ်လားဟင် ရတယ် မဟုတ်လား..."

သူမက သွက်သွက်ကြီး မေးသည်။

"ရတယ်"

"တခြားလူတွေကိုကော ပြရဲ့လား .... ခင်ကြီးဘုရားဟာ သူ့သားကို သူ့အမေဆီ ပြန်ပို့လိုက်တယ်"

"သူ ကနေ့ ပျံလွန်တော်မူလိမ့်မယ်" အလျှိုရှာက ပြောလိုက်သည်။

"တို့ ကြားတယ်၊ တို့ သိတယ်၊ တို့များ မောင်လေးနဲ့ စကားသိပ်ပြောချင်နေတာ၊ မောင်လေးကိုပဲ ဖြစ်ဖြစ် တခြားဘယ်သူပဲဖြစ်ဖြစ် ဒီအကြောင်း ပြောချင်နေတာ မဟုတ်ဘူး၊ မောင်လေးနဲ့ပဲ ပြောချင်တယ်၊ မောင်လေးနဲ့ပဲ ပြောချင်တယ်။ ခင်ကြီးဘုရားကို တို့များ နောက်တကြိမ် မဖူးမြော်ရတော့မှာကတော့ တကယ် စိတ်မကောင်းစရာပဲ၊ တမြို့လုံး ဥက္ကောဒ္ဒေယျ ဖြစ်နေတယ်၊ တခုခုတော့ ဖြစ်တော့မှာပဲဆိုပြီး လူတိုင်းကပဲ ထင်ထားနေကြတယ်၊ ဒါနဲ့ နေဦး ကက်ထရီးနား ဒီမှာရောက်နေတာ မောင်လေး သိသလား ..."

"အို ... ဟုတ်လား၊ ဟန်ကျတာပဲ" အလျှိုရှာ ရွတ်ဆိုလိုက်သည်။ "ကျွန်တော် သူ့ကို ဒီမှာပဲ တွေ့ရမှာပေါ့၊ ကနေ့ သူ့ကို ဆက်ဆက်လာတွေ့ပါလို့ မနေ့က ကျွန်တော့်ကို သူ မှာလိုက်တယ်"

“တို့ အားလုံးသိတယ်၊ အကုန်လုံးသိတယ်၊ မနေ့က သူ့အိမ်မှာ ဘာတွေဖြစ်တယ်ဆိုတာ ခရေစေ့တွင်းကျ တို့သိတယ်၊ အဲဒီဟာမ လုပ်လိုက်ပုံတွေကိုပေါ့၊ အင်မတန် စိတ်မကောင်းစရာပဲ၊ တို့သာ သူ့နေရာမှာဆိုရင်... တို့ ဘာလုပ်မိမယ် မသိဘူး။ မောင်လေးရဲ့အစ်ကို ဒီမီထရီ လုပ်လိုက်ပုံကလည်း တကယ်မကောင်းတာပဲ၊ အို မောင်လေးရယ်... သူများကိစ္စမှာ တို့ ဝင်စွက်နေတာပဲ။

“ဒီမှာ ဘယ်သူရောက်နေသလဲ မောင်လေး သိသလား၊ မောင်လေးရဲ့အစ်ကို ရောက်နေတယ်၊ ဟိုအစ်ကို လူဆိုး မဟုတ်ဘူး၊ နောက်တယောက် အစ်ကို... အိုက်ဗင်၊ သူ အခု ကက်ထရီးနားနဲ့ စကားပြောနေတယ်၊ သူတို့ အခု အင်မတန်အရေးကြီးတဲ့ကိစ္စတခုကို ဆွေးနွေးနေကြတယ်၊ အခုဆိုရင် သူတို့နှစ်ယောက် ဘာဖြစ်နေကြသလဲ မသိဘူး၊ အင်မတန် အံ့သြစရာကောင်းတယ်၊ တို့ပြောမယ်၊ ရင်ကွဲနာတခုပဲ။

“ဘယ်လိုမှ ယုံကြည်စရာမကောင်းတဲ့ ပုံပြင်လေးတခုပဲ၊ သူတို့နှစ်ယောက်စလုံး ကိုယ့်ဘဝကိုယ် ဖျက်ဆီးနေကြတယ်။ ဘာကြောင့်ဆိုတာတော့ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒါကို သူတို့ကိုယ်တိုင်လည်း သိတယ်။ ဒါပေမဲ့ သူတို့ ခံစားနေကြတယ်။ မောင်လေးကို တို့များ စောင့်နေတယ်၊ မောင်လေးကို တို့များ သိပ်တွေ့ ချင်နေတယ်၊ ကိုယ် ဘယ်လိုမှ သည်းမခံနိုင်ဘူး ဖြစ်နေတယ်၊ အဲဒါ အဆိုးဆုံးပဲ။

“ဒီအကြောင်းကို မောင်လေးကို အခုပဲ ပြောပြမယ်၊ ဒါပေမဲ့ လောလောဆယ်မှာ မောင်လေးကို နောက်တခု ပြောစရာရှိသေးတယ်၊ အဲဒါက ပိုပြီး အရေးကြီးတယ် ... အဲဒီကိစ္စ သိပ်အရေးကြီးတယ် ဆိုတာကို တို့များ မေ့နေမိတယ်၊ တို့များကို ပြောစမ်းပါ၊ လီဆီ ဘာဖြစ်လို့ ကယောင်ချောက်ချားတွေ ဖြစ်နေရတာလဲ၊ မောင်လေး လာပြီလည်းကြားရော သူ ကယောင်ကတမ်းတွေ ဖြစ်ကုန်တော့တာပဲ”

“ကယောင်ကတမ်းတွေ ဖြစ်နေတာက မေမေပါ၊ သမီး မဟုတ်ပါဘူး”

တံခါးကြားတခုမှနေ၍ လီဆီ၏ ချိုလွင်သော အသံကလေး လျှင်မြန်စွာ ထွက်ပေါ်လာသည်။ သူမ၏အသံတွင် ရယ်ချင်ပုံကလေး ပါနေသည်။ သို့သော် မရယ်မိအောင် အတင်း ထိန်းချုပ်ထားဟန် ရှိသည်။ အလျှိုရှာသည် လီဆီ၏ အသံထွက်ပေါ်လာရာ တံခါးပေါက်ကြားကလေးကို ချက်ချင်းပင် သတိပြုလိုက်မိသည်။ လီဆီသည် သူမ၏ ဘီးလှည်းကလေးပေါ်မှနေ၍ သူ့ကို ချောင်းကြည့်နေ လိမ့်မည်။ သို့သော် ချောင်းကြည့်နေသော သူမကို သူ မတွေ့မြင်ရပါ။

“ဘာမှတော့ အံ့သြစရာမရှိဘူး လီဆီ၊ ဘာမှတော့ အံ့သြစရာ မရှိဘူး.. ညည်း စိတ်ရှုးပေါက်တာ ကြောင့် ငါလည်း ရူးတော့မှာပဲ၊ ဒါပေမဲ့ အလက်ဇီ... သူ

နေမကောင်းဘူး၊ တညလုံး သူ နေမကောင်းဘူး၊ ဖျားတယ်၊ ညည်းတယ်၊ မနက်မိုးလင်းအောင်၊ ဒေါက်တာ ဟာဇင်ကျူဗီ လာအောင် မနည်းကြီး စောင့်နေရတယ်၊ ဟာဇင်ကျူဗီက ဘယ်တော့ပဲလာလာ ဒီရောဂါကို သူ ဘာမှ မတတ်နိုင်ဘူးလို့ချည်း ပြောတယ်၊ စောင့်ကြည့်ဖို့ပဲ ပြောတယ်၊ မောင်လေးလည်း တို့အိမ်နား ရောက်လာရော လီဆီဟာ တခါတည်း... အော်လိုက်ပြီး ကယောင်ကယင် ဖြစ်သွားတော့တာပဲ၊ သူ့ကုလားထိုင်ကို သူ့အခန်းထဲ ပြန်တွန်းပို့ဖို့ တို့များကို ပြောတာပဲ ...”

“သူလာတယ်ဆိုတာကို သမီး မသိပါဘူး မေမေ။ ဒီအခန်းထဲကို သမီးကို ပို့ခိုင်းတာ သူ့ကြောင့် မဟုတ်ပါဘူး”

“အဲဒါ မဟုတ်ဘူး လီဆီ၊ အလက်ဇီလာတဲ့အကြောင်း ဂျူလီယာက ညည်းဆီကို လာပြီး ပြောတာပါ၊ သူက ညည်းအတွက် စောင့်ကြည့်နေရတာပဲ”

“သမီးမေမေက အတော်မကောင်းတာပဲကိုး၊ တကယ်လို့ ဒီလိုမျိုး မေမေ ပြောချင်လို့ ရှိရင်လည်း ဟုတ်တာကလေးတွေ ပြောမှပေါ့၊ အခု ကွဲရောက်လာတဲ့ မေမေရဲ့ ညှော်သည်ကြီးကို ပြောမှပေါ့။ သူဟာ မနေ့ကကိစ္စတွေ ဖြစ်ခဲ့ပြီး လူတကာ ရယ်မောတာကို ခံခဲ့ရတဲ့ နောက်ပိုင်းမှာ အခုလို လာတာဟာ အင်မတန် လိမ္မာတာပဲ”

“လီဆီ၊ ညည်းပြောတာတွေ အများကြီး လွန်ကုန်ပြီ၊ ညည်းကို ငါ ပြောရတော့မယ်၊ သူ့ကို ဘယ်သူက ရယ်လို့လဲ၊ သူလာတာကို မေမေ သိပ်ဝမ်းသာတယ်၊ မေမေ့မှာ သူ့အကူအညီ သိပ်လိုနေတယ်၊ သူမပါဘဲနဲ့ မေမေ ဘာမှလုပ်လို့ မဖြစ်နိုင်ဘူး၊ အို မောင်လေးရယ် တို့များ တကယ်စိတ်ညစ်တာပဲ ကွယ်”

“မေမေ့မှာ ဘာပြဿနာတွေ ရှိနေလို့လဲ”

“အို ... ညည်း ကယောင်ကယင် ဖြစ်တာ၊ ညည်း ဂနာမငြိမ်ဖြစ်တာ၊ ညည်း နေမကောင်းတာ၊ ညည်း တညလုံး ဖျားတာ၊ နောက်ပြီးတော့ တခါလာလည်း ဘာမှ မတတ်နိုင်ဘူးဆိုတဲ့ ဆရာဝန်ရယ် ... တခါလာလည်း ဒီအတိုင်းပဲ၊ တခါလာလည်း ဒီအတိုင်းပဲ၊ အဲဒါ အဆိုးဆုံးပဲ၊ အားလုံးပဲ အားလုံးပဲ၊ အဲဒီ အံ့ဩဖွယ်သတင်းလည်း အတူတူပဲ၊ အဲဒီသတင်းဟာ တို့များကို ဘယ်လောက် ချောက်ချားစေ သလဲ၊ အဲဒီသတင်းဟာ တို့များကို ဘယ်လောက် ခလောက်ဆန်ပစ်တယ် မှတ်သလဲ အလက်ဇီ၊ နောက်ပြီးတော့ ညှော်ခန်းထဲက လွမ်းခန်းရယ်ပေါ့၊ အဲဒါကိုလည်း တို့များ ဘယ်လိုမှ သည်းမခံနိုင်ဘူး၊ တို့ သည်းမခံနိုင်ဘူး၊ အမှန်ကတော့ လွမ်းခန်း မဟုတ်ဘူး၊ ဟာသပဲ။ တို့များကို ပြောစမ်းပါ၊ ခင်ကြီး ဇော်ဇီမာ မနက်ဖြန်အထိ ခံဦးမလား၊ အို ဘုရားသခင် .. တို့များမှာ ဘာတွေ ဖြစ်ကုန်သလဲ၊ တို့မျက်လုံးတွေကို မှိတ်ပြီး စဉ်းစားလိုက်တိုင်း ဘာမှ အဓိပ္ပာယ် မရှိတာတွေကိုပဲ တွေ့ရတယ်”

“ကျွန်တော့် လက်ခလယ်ကို စည်းဖို့ အဝတ်သန့်သန့်ကလေးတခု ပေးမယ်ဆိုရင် အများကြီး ကောင်းမှာပဲ၊ ကျွန်တော့်လက်မှာ ဒဏ်ရာရလာတယ်၊ တော်တော်နာနေတယ်”

အလျှိုရှာ ရုတ်တရက် ပြောလိုက်သည်။ ထို့နောက် သူ့လက်မှ လက်ကိုင်ပဝါကို ဖြေလိုက်သည်။ လက်ကိုင်ပဝါတွင် သွေးတွေ ရွှဲနေသည့်အတွက် မစ္စက် ကိုကလာကော့ တချက်အော်လိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။

“ဘုရားသခင် ... ဒဏ်ရာကြီးပါလား၊ ကြောက်စရာကြီးပဲ”

လီဆီသည် အလျှိုရှာ၏လက်မှ ဒဏ်ရာကို တံခါးအအက်ကြားမှ တွေ့မြင်ရသည်နှင့် တပြိုင်နက် တံခါးကို တွန်းဖွင့်လိုက်သည်။

“လာ လာ ဒီကိုလာ” သူမ ဟစ်အော်လိုက်သည်။

“မဟုတ်တာတွေ တော်ကြပါတော့ ... ဘုရားသခင် ... အစ်ကို ဘာဖြစ်လို့ ဘာမှ မပြောဘဲ ရပ်နေရတာလဲ၊ မေမေရေ ... သူ သွေးတွေထွက်တာ လွန်ကုန်တော့မယ်၊ ဘယ်မှာ ဖြစ်ခဲ့တာလဲ၊ ဘာဖြစ်တာလဲ၊ ရေ .. ရေ ... အရင်ဆုံး ရေယူခဲ့ကြပါ၊ အစ်ကို့လက်ကို သေသေချာချာ ဆေးပစ်ရမယ်၊ အနာသက်သာသွားအောင် ရေအေးထဲမှာ စိမ်ထားရမယ်၊ ရေထဲမှာ အကြာကြီး စိမ်ထားရမယ်၊ မြန်မြန် မြန်မြန်၊ ဇလုံထဲမှာ ရေထည့်ပြီး ယူခဲ့ပါ မေမေ၊ မြန်မြန်လုပ်ပါ မေမေ”

လီဆီသည် အထူးပင် ထိတ်လန့်တုန်လှုပ်နေဟန် ရှိသည်။ အလျှိုရှာ၏ဒဏ်ရာက သူမကို စိတ်ချောက်ချားသွားစေသည်။

“သမီးရေ၊ ဒေါက်တာ ဟာဇင်ကျူဗီကို ခေါ်လိုက်ရမလား ...”

မစ္စက်ကိုကလာကော့ မေးသည်။

“မေမေ လုပ်တာနဲ့ သမီး သေတော့မှာပဲ၊ မေမေရဲ့ ဆရာဝန်က လာပြီး သူဘာမှ မတတ်နိုင်ဘူးလို့ ပြောမှာပဲ၊ ရေ .. ရေ ... မေမေ၊ မေမေကိုယ်တိုင်သွားပြီး ဂျူလီယာကို မြန်မြန်ပို့ခိုင်းပါ၊ သူက တကယ် လေးတယ်၊ ဘယ်နည်းနဲ့မှ မြန်မြန်ရောက်လာမှာ မဟုတ်ဘူး၊ မြန်မြန်လုပ်ပါ မေမေ၊ သမီး သေရတော့မယ် ...”

“အို ... ဘာမှ မဖြစ်ပါဘူး”

အလျှိုရှာက သူတို့နှစ်ယောက် ထိတ်လန့်တုန်လှုပ်နေကြသည်ကို ကြည့်ပြီး ထိတ်လန့် တုန်လှုပ်စွာ ရွတ်ဆိုလိုက်သည်။

ဂျူလီယာ ရေဇလုံနှင့် ပြေးဝင်လာသည်။ အလျှိုရှာက သူ့လက်ချောင်းကို ရေထဲမှာ စိမ်လိုက်သည်။

“မေမေရေ ... ဂွမ်းပတ်တီး ယူခဲ့ပါ၊ နောက်ပြီးတော့ အနာထည့်တဲ့ဆေး ယူခဲ့ပါ၊ အဲဒါ ဘာခေါ်သလဲ၊ သမီးတို့မှာ ရှိပါတယ်၊ ရှိတယ် ... ရှိတယ်၊ အဲဒီပုလင်း ဘယ်မှာထားတယ်ဆိုတာ မေမေ သိပါတယ်၊ မေမေ့အခန်းထဲမှာ ရှိတယ်၊ ညာဘက်က ဆေးသေတ္တာထဲမှာ၊ ဆေးပုလင်းကြီး တလုံးနဲ့ ဂွမ်းပတ်တီး ရှိတယ်”

“မေမေ အခုပဲ ယူခဲ့မယ်၊ တခုပဲ ရှိတယ်၊ မအော်ပါနဲ့ သမီး၊ ပျာယာမခတ်ပါနဲ့၊ အလက်ဇီဟာ သူ့လက်က ဒဏ်ရာကို သတ္တိရှိရှိနဲ့ ခံနေတယ်၊ ဒီဒဏ်ရာကို ဘယ်ကရခဲ့တာလဲ အလက်ဇီ”

ထို့နောက် မစ္စက်ကိုကလာကော့ အခန်းထဲမှာ ပျာယီးပျာယာ ထွက်သွားသည်။ လီဆီက ဤအခွင့်အရေးကို စောင့်နေခဲ့ခြင်းပင် ဖြစ်သည်။

“ပထမဆုံး ... ညီမ မေးတာကို ဖြေစမ်းပါ အစ်ကို၊ ဒီဒဏ်ရာကို အစ်ကို ဘယ်ကရခဲ့သလဲ၊ အဲဒါပြီးတဲ့အခါကျတော့ အစ်ကို့ကို ညီမ တခြားကိစ္စ တခုပြောမယ်၊ ဟုတ်လား”

သူမအဖို့ သူမ၏မိခင် ပြန်ရောက်မလာမီ အချိန်သည် အဖိုးတန်လှကြောင်း သတိပြုမိသဖြင့် အလျှိုရှာက သူနှင့် ကျောင်းသားကလေးတွေ ဆုံစည်းခဲ့ရသည့်အကြောင်းကို မလိုအပ်သည်များကို ချန်ထားပြီး တိုတိုနှင့် လိုရင်းကို ခပ်မြန်မြန် ခပ်ရှင်းရှင်း ပြောပြလိုက်သည်။ သူပြောသည်ကို ကြားသိရသောအခါ လီဆီသည် အံ့သြဟန်နှင့် လက်နှစ်ဖက်ကို လှုပ်ခါလိုက်ပြီး...

“အစ်ကို ဘယ်လိုဖြစ်တာလဲ၊ အစ်ကို ဘယ်လိုလုပ်ပြီး ဒီအဝတ်စားကြီးနဲ့ ကျောင်းသား ပေါက်စန ကလေးတွေနဲ့ သွားပြီး ရောရောထွေးထွေး လုပ်ရတာလဲ”

သူမက ဒေါသကလေးနှင့် ပြောလိုက်သည်။ သူမအနေနှင့် သူ့အပေါ်တွင် ပြောပိုင်ခွင့်ရှိသူ တဦးပမာ ဖြစ်သည်။

“အဲဒီတော့ အစ်ကိုရော ကလေးလေးတယောက် ဖြစ်မသွားဘူးလား၊ ကလေး ပေါက်စနကလေး တယောက် ဖြစ်မသွားဘူးလား၊ ဒါပေမဲ့ အဲဒီ ကောင်ကလေးအကြောင်း ညီမကို ပြောပြစမ်းပါ၊ သူ့ကိစ္စက နည်းနည်း ဆန်းနေတယ်၊ အခုပြောစမ်းပါ၊ ဒါပေမဲ့ အလျင်ဆုံး တခု မေးရဦးမယ် အလက်ဇီ၊ အစ်ကို့အနေနဲ့ လက်က အနာကြီးနာနေလျက် တန်းလန်းနဲ့ ဘာမဟုတ်တဲ့ အကြောင်းကို ပြောနိုင်ပါ့မလား”

“ပြောနိုင်ပါတယ်။ လက်က သိပ်မနာတော့ပါဘူး”

"မနာတာက ရေထဲမှာ စိမ်ထားလိုက်တဲ့အတွက်ပဲ၊ ချက်ချင်း သက်သာသွားလိမ့်မယ်၊ ပူလာလိမ့်မယ်၊ ဂျူလီယာ ... မြေအောက်ခန်းထဲမှာ ရေခဲ သွားယူခဲ့စမ်းပါ၊ ရေလည်း တဇလုံ ထပ်ယူခဲ့ပါဦး၊ ကဲ ... သူသွားနေတုန်း အရေးကြီးတဲ့ကိစ္စကို ပြောကြရအောင်၊ ညီမ မနေ့က ပေးလိုက်တဲ့ စာကို ပြန်ပေးပါ၊ အခုချက်ချင်း ပြန်ပေးပါ... အခု ပေးပါ၊ တော်ကြာနေရင် မေမေ ပြန်လာလိမ့်မယ်၊ မေမေ မသိစေချင်ဘူး"

"အများကြီး စိတ်မကောင်းစရာပဲ၊ အဲဒီစာ ကိုယ့်မှာ ပါမလာဘူး"

"အဲဒီလို အဓိပ္ပာယ်မရှိ နောက်လိုက်မိတဲ့အတွက် ညီမ တညလုံး အိပ်လို့ မပျော်ဘူး၊ ညီမစာကို အခုပြန်ပေးပါ၊ ညီမကို ပြန်ပေးပါ"

"အဲဒီစာကို ကိုယ် ကျောင်းမှာ ထားခဲ့တယ်"

"အဲဒီလို အဓိပ္ပာယ်မရှိတဲ့ စာတစောင်ကို ရေးလိုက်တဲ့အတွက် ညီမကို အရူးမကလေးတယောက်လို့ အစ်ကို မထင်ပါဘူးနော်၊ အဲဒီလို မဟုတ်တရုတ် နောက်လိုက်မိတဲ့အတွက် ညီမ စိတ်မကောင်းဘူး၊ အဲဒီစာ အစ်ကို့ဆီမှာ အခုပါမလာဘူး ဆိုရင်လည်း ယူလာပြီးပေးပါ၊ ဆက်ဆက်ပေးပါ၊ ညီမ ပြောတာ အစ်ကို ကြားသလား..."

"ကနေ့တော့ ယူလာပေးနိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို ကျောင်းကို ပြန်သွားပြီး နောက် နှစ်ရက် သုံးရက် ဒါမှမဟုတ် လေးရက်လောက်အထိ ညီမဆီကို လာနိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော် ဇော်ဇီမာရဲ့ အခြေအနေက..."

"လေးရက် ဟုတ်လား ... အဓိပ္ပာယ် မရှိတာပဲ၊ ဒီမယ် အစ်ကိုက ညီမကို ရယ်စရာကြီးလို့ အောက်မေ့နေတယ် မဟုတ်လား"

"နည်းနည်းကလေးမှ မရယ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ညီမစာထဲမှာ ရေးလိုက်တာတွေကို တလုံးမကျန် အစ်ကို ယုံလို့ပဲ"

"ညီမကို အစ်ကို စော်ကားနေတာပဲ"

"မစော်ကားပါဘူး၊ ညီမစာကို ဖတ်ပြီးတဲ့အခါမှာ အစ်ကို့ဘဝဟာ ဒီလိုပဲဖြစ်ရမယ်လို့ သဘောပေါက် တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော် ဇော်ဇီမာ ပျံလွန်တော်မူတာနဲ့ တပြိုင်နက် အစ်ကို ဘုန်းကြီးကျောင်းက ထွက်ရမယ်၊ ပညာ ဆက်သင်ရမယ်၊ စာမေးပွဲတွေ အောင်ရမယ်၊ ညီမ အသက်ပြည့်တဲ့အချိန်မှာ

အစ်ကိုတို့ လက်ထပ်ကြမယ်၊ အဲဒီအချိန်မှာ ညီမကို အစ်ကို ချစ်မှာပဲ၊ အခုအချိန်မှာ အစ်ကို့မှာ ဒါတွေကို စဉ်းစားဖို့ အချိန်မရှိပေမယ့် ညီမထက်တော်တဲ့ ဇနီးတယောက်ကို အစ်ကို မျှော်လင့်စရာ မရှိဘူး၊ ခင်ကြီးဘုရားက အမိန့်ရှိတယ်၊ အစ်ကို လက်ထပ်ရမယ်တဲ့ ...”

“ဒါပေမဲ့ ညီမက ခြေကျိုးကြီး တယောက်ပဲ၊ ဘီးတပ်ကုလားထိုင်နဲ့ သွားနေရတဲ့ လူတယောက်ပဲ”

“အဲဒီအခါကျရင် ညီမရဲ့ကုလားထိုင်ကို အစ်ကိုကိုယ်တိုင် တွန်းပေးမှာပေါ့၊ ဒါပေမဲ့ အဲဒီအချိန်မှာ ညီမဟာ ရောဂါပျောက်နေပြီလို့ အစ်ကို ယုံကြည်တယ်”

“အစ်ကို ရူးတာပဲ၊ အဓိပ္ပာယ်မရှိ နောက်လိုက်တာကို တကယ် ယူဆနေတာပဲ၊ ဟော... မေမေ ပြန်လာပြီ၊ မေမေ ပြန်ရောက်လာတာ တကယ့်အချိန်ပဲ၊ မေမေက သိပ် နောက်ကျတာပဲ၊ မေမေ ဘာဖြစ်လို့ ဒါလောက် ကြာနေရတာလဲ၊ ဟော ... ဂျူလီယာလည်း ရေခဲယူလာပြီ”

“အို ... လီဆီရယ်၊ မအော်ပါနဲ့၊ တဆိတ် မအော်ပါနဲ့... သမီး အော်လိုက်ရင် ဘာလုပ်ရမှန်း မသိတော့ဘူး၊ သမီးပြောလိုက်တဲ့ ဂွမ်းလိပ်က သမီး ပြောတဲ့နေရာမှာမှ မရှိဘဲ၊ မေမေ ရှာလိုက်ရတာ ... သမီး တမင်တကာ နေရာလွဲပြီး ပြောလိုက်တာ မဟုတ်လား...”

“အို ... မေမေရယ်၊ အစ်ကို့လက်မှာ ဒဏ်ရာကြီးနဲ့ဆိုတော့ ဘယ် အမှန်ပြောထွက်တော့မလဲ၊ အင်းလေ ... သမီး တမင်တကာ ပြောလိုက်တာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့ ၊ မေမေ စကားပြောတာ သိပ်လှတာပဲ”

“လှတာ မလှတာ အကြောင်းမဟုတ်ပါဘူး လီဆီ၊ ဒါပေမဲ့ သမီးဟာ အလက်ဇီရဲ့ လက် ကိစ္စမှာရော တခြားကိစ္စတွေ အားလုံးမှာရော ပျာလောင်ခတ်နေတာပဲ၊ ဒီမယ် အလက်ဇီ... တို့များမှာ စိတ်ရှုပ်နေရတာက ဒေါက်တာ ဟာဇင်ကျူဗီ တခုတည်း မဟုတ်ဘူး၊ အားလုံးပဲ။ ဒါကြောင့် တို့များ ဘယ်လိုမှ သည်းမခံနိုင်တာပဲ”

“တော်လောက်ပြီ မေမေ၊ ဟာဇင်ကျူဗီအကြောင်း တော်လောက်ပြီ”

လီဆီ ရယ်မောကာ ပြောသည်။ “ဂွမ်းလိပ်ကိုသာ မြန်မြန်ပေးစမ်းပါ မေမေ၊ ရေလည်း ပေးပါ၊ ဒီတင်ချာက ရိုးရိုးတင်ချာပဲ၊ ဒါပေမဲ့ သိပ်ကောင်းတယ် အလက်ဇီ၊ မေမေရေ... အစ်ကိုက ဒီကိုလာတာ လမ်းမှာ ကျောင်းသားကလေးတွေနဲ့ ရန်ဖြစ်လာတယ်၊ ကောင်လေးတယောက်က သူ့လက်ကို ကိုက်လိုက်တယ်၊ အဲဒီတော့ သူ ဘယ်လိုလုပ်ပြီး လက်ထပ်လို့ ဖြစ်နိုင်မှာလဲ၊ မေမေ

စဉ်းစားကြည့်စမ်းပါ၊ အစ်ကိုက လက်ထပ်ချင်လို့တဲ့ သူ့ကို အိမ်ထောင်ရှင်တယောက်အနေနဲ့ စဉ်းစားကြည့်စမ်းပါ၊ ဘယ်လောက်များ ရယ်စရာကောင်းသလဲ၊ ဘယ်လောက်များ အံ့ဩစရာ ကောင်းသလဲ…”

လီဆီသည် အလှျိုရှာကို ပြောင်ချော်ချော်ကြည့်ရင်း စူးစူးဝါးဝါးလေး ရယ်မောလျက် ရှိသည်။

“သူ ဘာဖြစ်လို့ လက်ထပ်ရမှာလဲ လီဆီ၊ ဘာဖြစ်လို့ ဒီအကြောင်းတွေကို အခု ပြောနေတာလဲ၊ ဒီစကားမျိုး ပြောရမယ့် အချိန်မှ မဟုတ်တဲ၊ အဲ… အင်း၊ မေမေဆိုလိုတာက အဲဒီကလေးမှာ ခွေးရူးပြန် ရှိနေရင် ဘယ့်နှယ့်လုပ်မလဲ”

“အလိုလေးပါလား မေမေ၊ ကလေးတွေမှာ ခွေးရူးပြန် ရှိသလား…”

“ဘာဖြစ်လို့ မရှိရမှာလဲ လီဆီ၊ မေမေ့ကို အဲဒီလိုမျိုး ကြည့်မနေနဲ့၊ မေမေက မဟုတ်တာတွေ ပြောနေတာ မဟုတ်ဘူး၊ အဲဒီ ကောင်ကလေးဟာ ခွေးရူးတကောင်ရဲ့ အကိုက် ခံရဖူးရင် သူဟာ ခွေးရူးပြန်ရောဂါရပြီး တခြားလူတွေကို လိုက်ပြီး ကိုက်တတ်တယ်၊ အို အလက်ဇီရယ်၊ မင်းညီမ ပတ်တီးစည်းတာ တယ်လှပါကလား၊ မောင်လေးလက် နာသေးသလား”

“သိပ်မနာတော့ပါဘူး”

“အစ်ကိုရေ … မကြောက်ဘူးနော်” လီဆီက မေးလိုက်သည်။

“ဘာမှမဖြစ်ပါဘူး လီဆီ၊ ခွေးရူးပြန်ရှိတဲ့ ကောင်ကလေးတွေအကြောင်းကို မေမေပြောတာ နည်းနည်း ရှေ့လောကြီးသွားတယ်၊ သမီးကလည်း တခါတည်း အဆုံးထိအောင် တွေးလိုက်တာကိုး၊ မောင်လေး ဒီကို ရောက်နေတဲ့အကြောင်း ကက်ထရီးနား သိသွားတာနဲ့ တပြိုင်နက် ကိုယ့်ကို အတင်းမေးနေတော့တာပဲ၊ သူက မောင်လေးကို သိပ်တွေ့ချင်နေတယ်၊ သေတော့မလောက်ကို ဖြစ်နေတယ်”

“အို … မေမေကလည်း … မေမေ တယောက်တည်း အဲဒီကိုသွား၊ အစ်ကို ဘယ်လိုလုပ်ပြီး လိုက်နိုင်မှာလဲ၊ သူ ဒါလောက်ကြီး နာနေတဲ့ဥစ္စာ”

“ကိုယ် မနာတော့ဘူး၊ ကိုယ် သွားနိုင်ပါတယ်”

အလှျိုရှာက ပြောလိုက်သည်။

“ဘာပြောတယ်၊ အစ်ကို သွားမယ် ဟုတ်လား၊ လက်စသတ်တော့ အစ်ကိုက ဒီလို လူမျိုးလား”

“အို ဘာဖြစ်လို့လဲ၊ ကိုယ် အဲဒီမှာ စကားပြောပြီးရင် ဒီကို ပြန်လာမှာပေါ့၊

ဒီမှာ ကိုယ်တို့နှစ်ယောက် စကားပြောကြမှာပေါ့၊ ညီမလေး ပြောချင်သလောက်အထိ ပြောမှာပေါ့၊ ဒါပေမဲ့ အစ်ကို လောလောဆယ်မှာ ကက်ထရီးနားကို တွေ့လိုက်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို ကျောင်းကို စောနိုင်သမျှ စောစောပြန်ရမှာ မဟုတ်လား”

“မေမေ သူ့ကို မြန်မြန်ခေါ်သွားစမ်းပါ၊ နောက်ပြီးတော့ ဒုက္ခရှာပြီး ကျွန်မကိုလည်း လာမတွေ့ပါနဲ့ တော့ရှင်၊ အစ်ကို့ရဲ့ ဘုန်းကြီးကျောင်းကိုသာ တန်းတန်းမတ်မတ် ပြန်ကြွတော်မူပါ၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုပဲ ကြွမြန်းပါ၊ ကျွန်မ အိပ်ချင်ပြီ၊ ကျွန်မ ညက တညလုံး မအိပ်ရဘူး”

“အိုကွယ်၊ သမီးကလေးကလည်း တယ်နောက်တာကိုး၊ ဒါပေမဲ့ သမီးကလေး အိပ်မယ် ဆိုတာတော့ မေမေ သဘောကျတယ်”

မစ္စက်ကိုကလာကော့က ပြောလိုက်သည်။

“အစ်ကို ဘာလုပ်မိလို့လဲ... ညီမ နေချင်တယ်ဆိုရင် အစ်ကို နောက်ထပ် သုံးမိနစ်လောက် နေပါ့မယ်၊ ငါးမိနစ် နေမယ်”

အလျှိုရှာ ရွတ်ဆိုသည်။

“ငါးမိနစ် ဟုတ်လား၊ မေမေ .. သူ့ကို မြန်မြန်ခေါ်သွားစမ်းပါ၊ သူဟာ လူဆိုးကြီးပဲ”

“လီဆီ ... သမီး ရူးနေပြီ၊ လာ သွားကြစို့ အလက်ဇီ၊ သူ ကနေ့ သိပ်ပြီး စိတ်ရူးပေါက်နေတယ်၊ တို့များ သူ့ကို စိတ်မကောက်စေချင်ဘူး၊ အို ... မောင်လေးရယ်၊ စိတ်ဂနာမငြိမ်တဲ့ ကောင်မလေးတွေဟာ ဒုက္ခတမျိုးပဲ၊ ဒါပေမဲ့ သူ တကယ် အိပ်ချင်တာပဲ ဖြစ်မှာပါ၊ မောင်လေးက သူ အိပ်ချင်သွားအောင် မြန်မြန်ကြီး လုပ်ပေးလိုက်တာပဲ၊ တကယ် ကံကောင်းတာပဲ”

“အို ... မေမေရယ်၊ မေမေက စကားပြော သိပ်ကောင်းတာပဲ၊ အဲဒီအတွက် မေမေ့ကို သမီး နမ်းရမယ်”

“သမီးကိုလည်း မေမေ နမ်းပါတယ် သမီး၊ ဒီမယ် အလက်ဇီ ...” မဒမ်ကိုကလာကော့က အခန်းထဲမှ ထွက်သွားကြစဉ်တွင် အရေးကြီးဟန် ထူးခြားဟန်ဖြင့် တိုးတိုးမြန်မြန် ပြောသည်။ “မောင်လေးကို တို့များ ဘာမှ အကြံဉာဏ် မပေးချင်ဘူး၊ ကန့်လန့်ကာကို ဖွင့်မပြချင်ဘူး၊ ဘာတွေဖြစ်နေတယ် ဆိုတာ မောင်လေးဘာသာ ကြည့်ပြီး ဆုံးဖြတ်ပါ၊ ဒါပေမဲ့ သိပ်ဆိုးတယ်၊ အင်မတန် အံ့သြစရာ၊ ရယ်စရာ ကောင်းတယ်၊ ကက်ထရီးနားဟာ မောင်လေးရဲ့အစ်ကို အိုက်ဗင်နဲ့ ချစ်နေတယ်၊ ဒါပေမဲ့ သူဟာ မောင်လေးရဲ့အစ်ကို ဒီမီထရီကို ချစ်ဖို့

သူ့ကိုယ်သူ အတတ်နိုင်ဆုံး သွေးဆောင်ဖြားယောင်း နေတယ်၊ တကယ် ကြောက်စရာကောင်းတယ်၊ မောင်လေးနဲ့အတူ တို့များ လိုက်ခဲ့မယ်၊ တို့များကို သူတို့က သွားပါလို့ မပြောရင် တို့များ အဆုံးထိ နေပါ့မယ်”

၅။ ညှော်ခန်းဆောင်မှာ ရင်ကွဲနာ

သို့သော် ညှော်ခန်းဆောင် ဆွေးနွေးပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။ ကက်ထရီးနား ငြိမ်သက်စွာ ရှိသော်လည်း စိတ်လှုပ်ရှားနေပုံရသည်။ အလ္လျိုရှာနှင့် မဒမ် ကိုကလာကော့တို့ ညှော်ခန်းသို့ ဝင်ရောက်သွားချိန်တွင် အိုက်ဗင်သည် ပြန်ရန် ထိုင်ရာမှ ထသည်။ သူ့မျက်နှာ ဖြူရော်နေသည်။ အလ္လျိုရှာ စိတ်လေးလံစွာဖြင့် သူ့ကိုကြည့်လိုက်သည်။ အကြောင်းမှာ ယခုအချိန်သည် သူ့ကို ကာလအတန်ကြာကတည်းက ပူးကပ်နေခဲ့သော သံသယတခုကို ဖြေရှင်းရမည့်အချိန် ဖြစ်သည်။

သူ၏အစ်ကို အိုက်ဗင်သည် ကက်ထရီးနားကို ချစ်နေရုံမျှမက သူမကို ဒီမီထရီ၏လက်မှ ‘ဆွဲယူသွားလိမ့်မည်’ ဟု လွန်ခဲ့သည့်လအတွင်းက သူ့စိတ်ထဲတွင် အကြိမ်ပေါင်းများစွာ တွေးထင်ခဲ့မိသည်။ ဤစိတ်ကူးသည် မတွေးအပ်သော အရာတခုဟု နောက်ဆုံးအချိန်အထိ သူ ယူဆခဲ့သော်လည်း သူ့စိတ်ကို များစွာ အနှောင့်အယှက် ပေးနေခဲ့သည်ကား အမှန်ပင် ဖြစ်သည်။

သူ၏အစ်ကို နှစ်ယောက်စလုံးကို သူချစ်သည်။ ယင်းကြောင့် သူတို့နှစ်ယောက် အပြိုင်အဆိုင် ဖြစ်နေသည်ကို သူ စိုးရိမ်ကြောက်လန့်နေသည်။ သည်အချိန်မှာပင် ဒီမီထရီက အိုက်ဗင်သည် သူနှင့် ပြိုင်ဘက် ဖြစ်နေကြောင်း၊ ယင်းအချက်က သူ့ကို အထောက်အကူ ပြုကြောင်းကို ယမန်နေ့က ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောဆိုခဲ့သည်။

သူ့ကို မည်သို့ အထောက်အကူ ပြုချေသနည်း။ ဂရုရှင်ကာကို လက်ထပ်ရေးတွင် အထောက်အကူ ပြုချေသည်လား ... သည်အချက်ကို အလ္လျိုရှာ အစိုးရိမ်ဆုံးပင် ဖြစ်ပါသည်။

ဤသည်တို့မှတပါး ယမန်နေ့ ညနေကအထိ အလ္လျိုရှာ ယုံကြည်နေခဲ့သည်မှာ ကက်ထရီးနားသည် ဒီမီထရီကို နင့်နင့်နဲနဲနှင့် စွဲစွဲမြဲမြဲ ချစ်နေသည် ဟူ၍ ဖြစ်သည်။ သို့သော် သူသည် ဤအချက်ကို ယမန်နေ့ညနေကအထိသာ ယုံကြည်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် သူ ထင်ခဲ့သေးသည်။ သူမသည် အိုက်ဗင်လို လူတယောက်ကို ဘယ်နည်းနှင့်မှ မချစ်နိုင်။ ဒီမီထရီလိုလူမျိုးကိုသာ ယခုလို ပုံစံမျိုးမို့ သူမအနေနှင့် ချစ်ကြိုက်ချေမည်ဟု ယူဆခဲ့သည်။

သို့သော် ယမန်နေ့က သူမနှင့် ဂရုရှင်ကာတို့ ဖြစ်ပျက်ခဲ့ကြသည်ကို မြင်တွေ့ရသောအခါ သူ့မှာ နောက်ထပ် အတွေးတမျိုး ပေါ်လာရတော့သည်။

စောစောက မစ္စက်ကိုကလာကော့ ပြောဆိုခဲ့သော "ရင်ကွဲနာ" ဟူသော စကားလုံးသည် သူ့ကို များစွာမှပင် ထိတ်လန့်စေပါသည်။ အကြောင်းမှာ သူသည် ယမန်နေ့ညက အိပ်မက်မက်ပြီး မနိုးတဝက် နိုးတဝက်နှင့် "ရင်ကွဲနာ၊ ရင်ကွဲနာ" ဟု ဟာစ်အော်ခဲ့မိပါသည်။

ကက်ထရီးနားအိမ်တွင် မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို သူ တညလုံး အိပ်မက် မက်ခဲ့သည်။ ယခုတဖန် ကက်ထရီးနားသည် သူ့အစ်ကို အိုက်ဗင်ကိုသာ ချစ်နေခြင်း ဖြစ်ကြောင်း... ဒီမီထရီကိုမူ ကျေးဇူးတရားရှိ၍သာ သူမသည် ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်း နှိပ်စက်ကာ ရင်ကွဲနာကျခံပြီး ချစ်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း မစ္စက်ကိုကလာကော့က အခိုင်အမာနှင့် အသေအချာကြီး ပြောလာသောအခါ အလျှိုရှာမှာ များစွာမှပင် တုန်လှုပ် ချောက်ချားရတော့သည်။

"ဟုတ်တယ်၊ မစ္စက်ကိုကလာကော့ ပြောတာ အမှန်ဖြစ်မှာပဲ" ဟု သူ တွေးမိသည်။ သို့သော် ဤကိစ္စတွင် အိုက်ဗင်၏ အနေအထားက မည်သို့ ရှိချေသနည်း။

ကက်ထရီးနားလို အမျိုးသမီးတယောက်သည် ဒီမီထရီလို လူစားမျိုးကိုသာ လွှမ်းမိုးနိုင်ပေမည်။ အိုက်ဗင်လို လူမျိုးကို မည်သည့်နည်းနှင့်မျှ မလွှမ်းမိုးနိုင်ဟု သူ့စိတ်ထဲတွင် အလိုလို သိမြင်မိသည်။ ဒီမီထရီသာလျှင် နောက်ဆုံးအချိန်တွင် သူမထံ၌ အညံ့ခံပေလိမ့်မည်။ ယင်းသို့ အညံ့ခံ လိုက်လျောခြင်းကြောင့်လည်း သူ့တွင် ပျော်ရွှင်မှု ရရှိပေလိမ့်မည်။ (ယင်းသို့ ဖြစ်စေရန်လည်း အလျှိုရှာ များစွာလိုလားလျက်ရှိသည်)။ သို့သော် အိုက်ဗင်အနေနှင့်ကား သူမထံတွင် မည်သည့်အခါ တွင်မျှ အညံ့ခံလိမ့်မည် မဟုတ်ချေ။ ယင်းသို့ အညံ့ခံခြင်းအားဖြင့်လည်း သူ့အတွက် ပျော်ရွှင်မှု မရရှိနိုင်ပေ။ အလျှိုရှာသည် အိုက်ဗင်နှင့် ပတ်သက်ပြီး ဤအတိုင်းပဲ ခံယူသိမြင်ထားသည်။

သို့သော် ယခုမူကား သူသည် ဧည့်ခန်းတွင်းသို့ ဝင်လိုက်သည်နှင့် တပြိုင်နက်ပင် ဤအတွေး ဤသံသယများအားလုံး ပျောက်လွင့်ရတော့သည်။ သူ့ခေါင်းထဲသို့ အခြား အတွေးတခုက အတင်းပင် ဝင်ရောက်လာတော့သည်။

"သူတို့ နှစ်ယောက်စလုံးကို သူ မချစ်ဘူးဆိုရင် ဘာဖြစ်မလဲ... အိုက်ဗင်ကိုလည်း မချစ်ဘူး၊ ဒီမီထရီကိုလည်း မချစ်ဘူး"

တခုတော့ ပြောရမည်။ အလျှိုရှာသည် လွန်ခဲ့သည့်လအတွင်းက ဤအတွေးများ သူ့ခေါင်းထဲသို့ ဝင်ခဲ့သည့်အတွက် များစွာမှပင် ရှက်မိသည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။

"အချစ်အကြောင်းနဲ့ မိန်းမတွေအကြောင်း ငါ ဘာသိလို့လဲ၊ ဒီကိစ္စတွေကို ငါက ဘယ်လိုလုပ်ပြီး အဆုံးအဖြတ် ပေးနိုင်မှာလဲ"

သို့သော် သည်အကြောင်းများကို သူ မတွေးဘဲ မနေနိုင်ပါ။ သူ့အစ်ကိုနှစ်ဦး၏ ပြိုင်ဆိုင်မှုသည် သူတို့၏ဘဝတွင် အထူးပင် အရေးကြီးပြီး ပြဿနာပေါင်း များစွာမှာလည်း သည်အပေါ်တွင် တည်မှီနေကြပေသည်။

"မြွေတကောင်ဟာ တခြား မြွေတကောင်ကို မျိုရမှာပဲ"

သူ့ဖခင်နှင့် ဒီမီထရီတို့အကြောင်းကို ယမန်နေ့က အိုက်ဗင်က ဒေါသဖြင့်ပြောခဲ့သည်။ ယင်းသို့ဆိုလျှင် သူသည် ဒီမီထရီကို မြွေတကောင်ဟု သဘောပေါက်ထားပေသည်။ ကာလအတန်ကြာကတည်းကပင် သည်အတိုင်း သဘောထားခဲ့ဟန် ရှိပေသည်။

ယင်းသို့ သဘောထားရှိပြီးသည့် နောက်ပိုင်းတွင်မှ ကက်ထရီးနားကို သူ တွေ့ရှိခဲ့ခြင်းလော။ အထက်ပါ စကားလုံးများသည် အိုက်ဗင်၏နှုတ်မှ လွှတ်ခနဲ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် ထိုစကားရပ်သည် အရေးကြီးလှပေသည်။ သည်အတိုင်းဆိုလျှင် သူတို့ နှစ်ယောက် ကြားတွင် ငြိမ်းချမ်းမှု မည်သို့ ရရှိနိုင်ပါမည်နည်း။

ငြိမ်းချမ်းမှု မရနိုင်ရုံတင် မကသေးပါ။ ဤအခြင်းအရာသည် သူတို့ မိသားစုအတွင်း မုန်းတီးမှုနှင့် ရန်ငြိုးဖြစ်စေရန် အကြောင်းသစ်များပင် ဖြစ်နေတော့သည်။

နောက်ပြီးတော့ အရေးအကြီးဆုံးမှာ သူ့အနေနှင့် မည်သူ့ကို သနားရမည်နည်း။ သူတို့နှစ်ယောက် စလုံးကို သူချစ်သည်။ သို့သော် ပဋိပက္ခမှုတွေ ဤမျှများနေချိန်တွင် သူတို့အတွက် သူ ဘယ်လို ဆုတောင်းရပါမည်နည်း။ လူတယောက်သည် ဤရှုပ်ထွေးမှုအတွင်းဝယ် လမ်းလွဲ၍ သွားနိုင်ပါသည်။ သူသည် မရေမရာ ဖြစ်နေခြင်းကို သည်းမခံနိုင်ပါ။ အကြောင်းမှာ သူ၏မေတ္တာသည် အမြဲတစေပင် တက်ကြွနေသောကြောင့် ဖြစ်သည်။ သူ၏မေတ္တာသည် မလှုပ်ရှားဘဲ ငြိမ်သက်၍ မနေနိုင်ပါ။

တစုံတယောက်ကို သူ ချစ်နေလျှင် ထိုလူကို သူ ကူညီရပေမည်။ သို့သော် ထိုသို့ လုပ်ဆောင်နိုင်ရန် အတွက် သူ၏ ရည်ရွယ်ချက်ကို သူ သေသေချာချာ သိရပေမည်။ သူတို့နှစ်ယောက်အတွက် ဘာလိုအပ်သည်ကို သူသိဖို့လိုသည်။ သူ၏ ရည်ရွယ်ချက်ကို သူ သေသေချာချာ သိမှသာလျှင် သူတို့နှစ်ယောက်ကို သူ မှန်မှန်ကန်ကန် ကူညီနိုင်ပေလိမ့်မည်။ သို့သော် သူ ဘာအတွက် ဘာလုပ်ရမည်မှာ သေသေချာချာ သတ်သတ်မှတ်မှတ် မရှိဘဲ အရာရာသည် မှုန်ဝါးရှုပ်ထွေးလျက်

ရှိတော့သည်။

'ရင်ကွဲနာ' ဤစကားလုံးသည် ယခုပင် သုံးစွဲသွားသော စကားလုံးဖြစ်သည်။ သို့သော် ဤ 'ရင်ကွဲနာ' ကိစ္စကို သူ မည်သို့ နားလည်သိရှိနိုင်ပါမည်နည်း။ ဤအရှုပ်အထွေးထဲတွင် သူ ဘာတခုမျှ နားမလည်ပါ။

အလျှိုရှာကို တွေ့မြင်သောအခါ ကက်ထရီးနားသည် ပြန်ရန် ထိုင်ရာမှ ထနေပြီဖြစ်သော အိုက်ဗင်ကို ရွှင်ရွှင်သွက်သွက်ကလေး ပြောလိုက်သည်။

"ခဏကလေး ... ခဏကလေး နေဦး၊ ကျွန်မ အင်မတန် ယုံကြည်လေးစားတဲ့လူရဲ့ သဘောထားကို ကျွန်မ သိပ်သိချင်ပါတယ်၊ မမလည်း နေပါဦး"

သူမက မစ္စက်ကိုကလာကောဗ့်ကိုလည်း မသွားရန် ပြောလိုက်သည်။ ထို့နောက် အလျှိုရှာကို သူမ၏ဘေးတွင် ထိုင်စေသည်။ မစ္စက်ကိုကလာကောဗ့်ကိုမူ သူမနှင့် မျက်နှာချင်းဆိုင် အိုက်ဗင်၏ နံဘေးတွင် ထိုင်စေသည်။

"အခု ဒီမှာရှိနေတဲ့ လူအားလုံးဟာ ကျွန်မရဲ့မိတ်ဆွေတွေပဲ၊ ဒီလောကကြီးမှာ ကျွန်မ အချစ်ဆုံး လူတွေပဲ"

သူမက အသံတုန်တုန် မျက်ရည်စမ်းစမ်းကလေးနှင့် ပြောလိုက်သောအခါ အလျှိုရှာသည် သူမဘက်သို့ ရောက်ရှိသွားရတော့သည်။

"မနေ့က အဖြစ်ဆိုးကြီးမှာ မောင်လေး အလက်ဇီ ကိုယ်တိုင် ရှိနေပြီး မမ ဘာလုပ်တယ် ဆိုတာကို တွေ့တယ် မဟုတ်လား၊ အိုက်ဗင်ကတော့ မတွေ့လိုက်ရဘူး၊ မနေ့က ကျွန်မ လုပ်ခဲ့တာတွေကို သူ ဘယ်လိုတားမယ် မသိဘူး၊ ဒါပေမဲ့ အဲဒီအဖြစ်ဆိုးမျိုး ကနေ့ ဖြစ်လာမယ်ဆိုရင်လည်း ကျွန်မဟာ မနေ့ကအတိုင်း စိတ်ထဲမှာ ခံစားမိမှာပဲ... ဒီအတိုင်းပဲ ခံစားမယ်၊ ဒီအတိုင်းပဲပြောမယ်၊ ဒီအတိုင်းပဲ လုပ်မှာပဲ၊ တို့ ဘာလုပ်တယ်ဆိုတာကို မောင်လေး မှတ်မိတယ် မဟုတ်လား၊ မောင်လေးကတောင် တို့ကို တနေရာမှာ ထိန်းထား ရသေးတယ်"

ဤစကားလုံးများကို ပြောသောအခါ သူမ၏မျက်နှာမှာ နီရဲလာပြီး မျက်တောင်များ တဖျပ်ဖျပ် ခတ်လာသည်။

"မောင်လေးကို မမ ပြောမယ် အလက်ဇီ၊ တို့အနေနဲ့ ဘယ်လိုမှ မဖြေနိုင်ဘူး၊ တို့ အခု သူ့ကို ချစ်နေသေးသလား ဆိုတာတောင် တို့ မသိတော့ဘူး၊ သူ့အတွက် တို့မျာ း စိတ်မကောင်းပါဘူး၊ ဒါဟာ အချစ်နဲ့ပတ်သက်တဲ့ မကောင်းတဲ့ သင်္ကေတတခုပဲ၊ တို့များဟာ သူ့ကို ချစ်တယ်ဆိုရင် ... သူ့ကို ချစ်နေဦးမယ်ဆိုရင်

အခုအချိန်မှာ သူ့အတွက် တို့များ ဘာမှ စိတ်မကောင်းဖြစ်နေစရာ မလိုဘူး၊ တို့များ သူ့ကို မုန်းဖို့ကောင်းတယ်”

သူမ၏အသံ တုန်ယင်ပြီး သူမ၏မျက်လုံးတွင် မျက်ရည်များ လဲ့နေသည်။ အလျှိုရှာ စိတ်ထဲမှာ တုန်လှုပ်ရသည်။ “ဒီအမျိုးသမီးဟာ ရိုးသားမှန်ကန်တယ်။ ဒီမီထရီကို သူ မချစ်တော့တာ အမှန်ပဲ” အလျှိုရှာ စိတ်ထဲမှာ တွေးမိသည်။

“ဒါ အမှန်ပဲ၊ ဒါ အမှန်ပဲ” မစ္စက်ကိုကလာကော့က ပြောလိုက်သည်။

“နေဦး မမ၊ မမကို အရေးအကြီးဆုံးတခု ကျွန်မ မပြောရသေးဘူး၊ မနေ့ညက ကျွန်မ ဘာဆုံးဖြတ်တယ်ဆိုတာကို မပြောရသေးဘူး၊ ကျွန်မရဲ့ဆုံးဖြတ်ချက်ဟာ ကျွန်မအတွက် တော်တော် ဆိုးတဲ့ ဆုံးဖြတ်ချက် ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဒီဆုံးဖြတ်ချက်ကို ဘာအကြောင်းကိစ္စကြောင့်မှ ကျွန်မ ပြောင်းလဲမှာ မဟုတ်ဘူး၊ ဘာကြောင့်မှ မပြောင်းဘူး၊ ဒီဆုံးဖြတ်ချက်ကို ကျွန်မ တသက်လုံး ထိန်းသွားမယ်၊ အင်မတန် သဘောကောင်းပြီး အင်မတန် သနားကြင်နာတတ်တဲ့.. လူတဖက်သားကို အကြံဉာဏ်ပေးတတ်တဲ့ ကမ္ဘာပေါ်မှာ ကျွန်မရဲ့တဦးတည်းသော မိတ်ဆွေဖြစ်တဲ့... အိုက်ဗင် ကာရာမာဇော့က ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အတည်ပြုပေးပါ .. ဒီဆုံးဖြတ်ချက်ကို သူသိပါတယ်”

“ကိုယ် အတည်ပြုပါတယ်”

အိုက်ဗင် အသံတိုးတိုးနှင့် ပြတ်ပြတ်ပြောလိုက်သည်။

“နောက်ပြီးတော့ အလျှိုရှာကလည်း (မောင်လေးကို အလျှိုရှာလို့ ခေါ်တဲ့အတွက် ခွင့်လွှတ်ပါ အလက်ဇီ) အဲ... အလက်ဇီကလည်း ကိုယ့်ရဲ့ဆုံးဖြတ်ချက် မှန် မမှန်ကို ဟောဒီက မိတ်ဆွေ နှစ်ယောက် ရှေ့မှာ ပြောစေချင်တယ်၊ အလျှိုရှာ မောင်လေး (ဟုတ်တယ်၊ မောင်လေးဟာ ကိုယ့်ရဲ့ မောင်လေးအရင်းပဲ)...”

သူ၏ အေးစက်သော လက်ကို သူမ၏ ပူနွေးသောလက်ဖြင့် ဆုပ်ကိုင်ရင်း အသည်းလိုက် အူလိုက် ပြောသည်။

“မောင်လေးရဲ့ဆုံးဖြတ်ချက်၊ မောင်လေးရဲ့ အတည်ပြုချက်ဟာ မမရဲ့စိတ်ကို ချမ်းသာစေမှာ အမှန်ပဲ၊ မမမှာ ဘယ်လောက်ပဲ စိတ်ဒုက္ခတွေ ခံစားနေရပါစေ၊ မောင်လေးရဲ့စကားလုံးတွေက မမကို တည်ငြိမ်ချမ်းမြေ့စေမှာ အမှန်ပဲ။ အဲဒါကို မမ သိတယ်”

“မမက ကျွန်တော့်ကို ဘာမေးမယ်ဆိုတာ ကျွန်တော် မသိဘူး” အလျှိုရှာ မျက်နှာ နီရဲစွာဖြင့် ပြောသည်။ “ကျွန်တော် သိတာကတော့ မမကို ကျွန်တော်

ချစ်တယ်ဆိုတာပဲ၊ စိတ်ချမ်းသာစေချင် တယ် ဆိုတာပဲ၊ မမရဲ့စိတ်ချမ်းသာမှုကို ကျွန်တော့်ရဲ့စိတ်ချမ်းသာမှုထက်တောင် ပိုပြီး လိုလားပါ တယ်၊ ဒါပေမဲ့ ဒီကိစ္စတွေအကြောင်း ကျွန်တော် ဘာမှ နားမလည်ပါဘူး”

သူက နောက်ဆုံး စကားပိုဒ်ကို ခပ်မြန်မြန်ကလေး ဆက်ပြီး ပြောလိုက်သည်။ “ဒီလိုကိစ္စမျိုးမှာ အရေးအကြီးဆုံးကတော့ ဂုဏ်သိက္ခာရယ်၊ နောက်ပြီးတော့ ဒါထက် ပိုပြီး မြင့်မားတာ တခုရယ်.. ဘာရယ်လို့ မမ မပြောတတ်ဘူး... ဒါပေမဲ့ တာဝန်ထက် ပိုပြီး မြင့်မားတာ တခုပဲ၊ ဒါဟာ မမရင်ထဲမှာ ရှိနေတဲ့ ဘယ်လိုမှ မတားနိုင်တဲ့ ခံစားမှုပဲ၊ ဒီခံစားမှုကို မမ ဘယ်လိုမှ မတွန်းလှန်နိုင်ဘူး၊ ဒါပေမဲ့ ဒီခံစားမှုတခုလုံးကို စကားလုံး တလုံး နှစ်လုံးနဲ့ ဖော်ပြပြီး ပြောနိုင်ပါတယ်။

“မမ ဆုံးဖြတ်ထားတယ်၊ အဲဒီကောင်မကို ... မမ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တဲ့ ကောင်မကို သူ လက်ထပ်ခဲ့လို့ရှိရင် အဲဒီလို သူလုပ်သွားတဲ့အချိန်မှာကိုပဲ တို့များ သူ့ကို မစွန့်လွှတ်ဘူး။ ဒီကနေ့က စပြီး နောက်ပိုင်းမှာ တို့များဟာ သူ့ကို ဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ဘယ်တော့မှ တို့ မစွန့်လွှတ်ဘူး”

သူက အင်မတန် နာကြည်းထိခိုက်ဟန်ဖြင့် ကြေညာလိုက်သည်။

“သူ့နောက်ကို တို့များ တကောက်ကောက် လိုက်နေမှာမျိုးတော့ မဟုတ်ဘူး၊ သူ့ဘဝမှာ လိုက်ရှုပ်ပြီး သူ့ကို ဒုက္ခပေးနေမှာမျိုးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ တို့များဟာ သူ့ဘဝတလျှောက်လုံးကို စောင့်ကြည့်နေမယ်၊ တို့များတသက်လုံး သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေမယ်၊ အဲဒီမိန်းမနဲ့ သူ မပျော်တဲ့အခါမှာ... မပျော်မှာလည်း သေချာတယ်၊ မကြာခင်မှာပဲ တွေ့ရမှာပဲ၊ အဲဒီအခါမှာ တို့များဆီကို သူလာနိုင်တယ်၊ တို့များကို သူ့မိတ်ဆွေတယောက် နှမတယောက်အဖြစ် သူ တွေ့ရမယ် ... ညီမလေးတယောက်ပဲ အမြဲတမ်းပဲ၊ အဲဒီညီမလေးဟာ သူ့ရဲ့ တကယ့် ညီမလေးတယောက် ဆိုတာ သူတွေ့ရမယ်၊ အဲဒီညီမလေးက သူ့ကိုချစ်ပြီး သူ့အတွက် တသက်လုံး အနစ်နာခံသွားလိမ့်မယ်၊ အဲဒီအတိုင်း တို့များ ဖြစ်စေရမယ်၊ တို့များကို သူ နားလည်လာစေရမယ်၊ တို့များအပေါ်မှာ သူ လုံးဝ ယုံကြည်လာစေရမယ်”

ဆောက်တည်ရာ မရဟန်ဖြင့် သူမ ပြောဆိုသည်။

“မမဟာ သူ့ရဲ့ဘုရားသခင်မ ဖြစ်စေရမယ်၊ အဲဒီနေရာမှာ သူဟာ သူ့ရဲ့ သစ္စာမဲ့မှုနဲ့ မနေ့က သူ့ကြောင့် တို့များ စိတ်ဒုက္ခရောက်ခဲ့ရတာတွေအတွက် သူ ပေးဆပ်ရတာပဲ ဖြစ်မယ်၊ သူဟာ တို့အပေါ်မှာ မမှန်မကန်လုပ်ပြီး သစ္စာဖောက်ခဲ့ပေမဲ့ တို့ဟာ တချိန်က သူ့ကိုကတိပေးခဲ့တဲ့အတိုင်း မှန်မှန်ကန်ကန် နဲ့

သစ္စာရှိတယ်ဆိုတာကို သူတွေ့စေရမယ်။ တို့များဟာ သူ့ရဲ့ ပျော်ရွှင်မှု သုခပဲ ဖြစ်စေရမယ်။ ဒါ့အပြင် တခြား ကိုယ့်မှာ ဘာပြောစရာရှိမလဲ၊ သူ့ရဲ့ပျော်ရွှင်မှုအတွက် စက်ကိရိယာတခု စက်ယန္တရားတခု ဖြစ်စေရမယ်၊ တို့များရဲ့ တသက်လုံး ဒီအတိုင်းပဲ ဖြစ်စေရမယ်၊ တသက်လုံး ဖြစ်စေရမယ်၊ သူ့ဘဝ တသက်လုံး ဒီအတိုင်းပဲ သူ တွေ့သွားစေရမယ်၊ ဒါ တို့ဆုံးဖြတ်ချက်ပဲ၊ တို့ရဲ့ ဆုံးဖြတ်ချက်ကို အိုက်ဗင်က လုံးဝ သဘောတူတယ်”

သူမ အသက်ရှူမမှန်ဘဲ ရှိနေသည်။ သူမက သူမ၏ဆန္ဒကို ဣန္ဒြေရရ လှလှပပနှင့် သဘာဝကျကျ ကလေး ပြောလိုက်ဟန် ရှိသော်လည်း သူမ ပြောသွားပုံက အလောတကြီးနိုင်ပြီး အတုံးလိုက် အတစ်လိုက် ဖြစ်နေသည်။ လူငယ်တို့၏ သဘာဝအတိုင်း ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ ဖြစ်ရသည်မှာ ယမန်နေ့က အရှိန်ကြောင့်ပင် ဖြစ်သည်။ သူမ၏ မာန်ကလေးကို ပြလိုက်ခြင်းပင် ဖြစ်သည်။ သူမကိုယ်တိုင်လည်း သည်အဖြစ်ကို သိပါသည်။ သူမ၏မျက်နှာ ချက်ချင်းပင် သုန်မှုန်သွားသည်။ သူမ၏ မျက်လုံးများတွင် ဒေါသငွေ့ သန်းလာသည်။ ဤအချက်ကို အလျှိုရှာ ချက်ချင်းပင် သတိပြုလိုက်မိပြီး သူမအတွက် ရင်ထဲတွင် စိတ်မကောင်း ဖြစ်သွားမိသည်။ ဤအချိန်မှာပင် အိုက်ဗင်က သူ၏သဘောထားကို ဖော်ထုတ်လိုက်သည်။

“ကိုယ့်သဘောထားကို ကိုယ် ပြောပြမယ်။ တခြား မိန်းမတယောက်ဆိုရင် ဒီဥစ္စာဟာ ကယောင်ကတမ်းနဲ့ သွေးလေချောက်ချားတာပဲ၊ ဒါပေမဲ့ ညီမအတွက်တော့ မဟုတ်ဘူး။ နောက်ပြီးတော့ တခြားမိန်းမတယောက်ဆိုရင် မှားတယ်လို့ ပြောရမယ်၊ ဒါပေမဲ့ ညီမအနေနဲ့ မှန်တယ်၊ ဘာကြောင့် ဒီလိုဆိုတာတော့ ကိုယ် မပြောတတ်ဘူး၊ ဒါပေမဲ့ ညီမဟာ လုံးဝ ရိုးသားတယ် ဆိုတာကိုတော့ ကိုယ်ပြောနိုင်တယ်၊ အဲဒါကြောင့် ညီမ မှန်တာပဲ”

“ဒါပေမဲ့ ဒါဟာ တခဏသဘောပဲ” မစ္စက်ကိုကလာကော့ တစုံတရာ ဝင်ရောက်ပြောဆိုရန် ရည်ရွယ်ချက် မရှိသော်လည်း သူ့ကိုယ်သူ မထိန်းနိုင်ဟန်ဖြင့် ပြောလိုက်သည်။ “လက်ရှိ တခဏက ဘာလဲ၊ ရှင်းရှင်းကလေးပဲ၊ မနေ့က စော်ကားလိုက်တာပဲ... ဒါပဲ”

“ဟုတ်တယ်၊ ဟုတ်တယ်” အိုက်ဗင် စိတ်ပါလက်ပါ ပြောလိုက်သည်။ သူ့စကားကို ကြားဖြတ်သည့် အတွက် စိတ်ဆိုးဟန်လည်း ပေါ်လွင်နေသည်။ “ဟုတ်တယ်၊ တခြားမိန်းမတယောက်ဆိုရင် လက်ရှိ တခဏဟာ မနေ့ကရဲ့ကွင်းဆက်ပဲ၊ ဒါပေမဲ့ ကက်ထရီးနားရဲ့စရိုက်သဘောမှာတော့ ဒီတခဏဟာ သူ့တသက်လုံး တည်သွားလိမ့်မယ်၊ တခြားမိန်းမတယောက်အတွက် သာမန် ကတိတခုဟာ... သူ့အတွက်ဆိုရင် ထာဝရ တည်မြဲတဲ့၊ လေးနက်တဲ့၊ ဘယ်တော့မှ မပျက်ပြယ်တဲ့ တာဝန်ကြီးတခုပဲ၊ သူဟာ တာဝန်တခုကို

ကျေပွန်အောင် ထမ်းဆောင်တယ်ဆိုတဲ့ သဘောနဲ့ အမြဲတမ်း ထိန်းသိမ်း သွားလိမ့်မယ်။

"ကက်ထရီးနား... ညီမရဲ့ဘဝကို အာဇာနည်တယောက်ရဲ့ အတွေးအခေါ်မျိုးနဲ့ ညီမရဲ့ သူရဲကောင်း ဝါဒနဲ့ ညီမရဲ့ နာကြည်းခံစားရခြင်းတွေနဲ့ ဖြတ်ကျော်သွားရလိမ့်မယ်။ ဒါပေမဲ့ နောက်ပိုင်းကျရင် နာကြည်း ခံစားရခြင်းတွေ လျော့ပါးသွားပြီး ညီမရဲ့ဘဝဟာ ညီမ ပုံလောင်းထားတဲ့အတိုင်း ဖြစ်လာလိမ့်မယ်၊ အင်မတန် ဂုဏ်ယူစရာကောင်းတဲ့ပုံစံမျိုး ဖြစ်လာလိမ့်မယ်၊ ပုံစံက ဆိုးချင် ဆိုးလိမ့်မယ်၊ ဒါပေမဲ့ ညီမ အောင်မြင်တာပဲ၊ အဲဒီအခါကျရင် ညီမဟာ ကျေနပ်နှစ်သက်မှု အပြည့်ရပြီး အရာရာတိုင်းနဲ့ လိုက်လျောညီထွေ ဖြစ်သွားလိမ့်မယ် ...."

သူက ဤစကားကို ရည်ရွယ်ချက်တခုဖြင့် ပြောလိုက်ခြင်းပင် ဖြစ်သည်။ ဤစကားကို သူ တမင်သက်သက် ပြောဆိုကြောင်း ဖုံးကွယ်ခြင်း မရှိပါ။

"အို ... ဘယ်မှာ အမှားမျိုးတွေလဲ"

မစ္စက်ကိုကလာတော့ ရေရွတ်လိုက်ပြန်သည်။

"မောင်လေး ဘယ်လို သဘောရသလဲ ပြောစမ်းပါ အလက်ဇီ၊ မောင်လေး ပြောမယ့်စကားကို မမ သိပ်သိချင်နေတယ်"

ကက်ထရီးနားက မျက်ရည်များ ရတ်တရက် သွန်ချလိုက်ရင်း မေးသည်။ အလျှို့ရှာ ဆိုဖာပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။

"အို ... ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး" ငိုကြွေးရင်း သူမ ဆက်ပြောသည်။ "အဲဒါ ကိုယ့်စိတ်တွေ ချောက်ချားနေလို့ပဲ၊ မနေ့ညက ဖြစ်ခဲ့တဲ့ ကိစ္စကြောင့်ပဲ၊ ဒါပေမဲ့ ကိုယ့်မိတ်ဆွေနှစ်ယောက်ဖြစ်တဲ့ မောင်လေးနဲ့ မောင်လေးရဲ့အစ်ကိုတို့ အနားမှာရှိနေတဲ့အတွက် ကိုယ် အများကြီး အားရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်လေးတို့နှစ်ယောက်ဟာ ကိုယ့်ကို ဘယ်တော့မှ ပစ်မသွားဘူးဆိုတာ ကိုယ်သိတယ်"

"မဟုတ်ဘူး၊ မနက်ဖြန်ကျရင် ကိုယ် မော်စကို သွားရမယ်၊ ညီမကို တော်တော်ကြာကြာ ခွဲထားခဲ့ရမယ်၊ အင်း ... အဲဒီကိစ္စကို ကိုယ် ဘာမှ မတတ်နိုင်တော့ဘူး"

အိုက်ဗင် ရုတ်တရက် ပြောလိုက်သည်။

"မော်စကိုကို ... မနက်ဖြန် ဟုတ်လား ..."

ကက်ထရီးနား ရေရွတ်လိုက်သည်။ သူမ၏မျက်နှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ ထို့နောက် မျက်ရည်များကိုသုတ်ရင်း ရုတ်တရက် ပြောင်းလဲသွားသော အသံဖြင့် ...

"အဲဒါ ဟန်ကျတာပေါ့"

လျှပ်ပြက်သလို သူမ၏ အမူအရာ သိသိသာသာကြီး ပြောင်းလဲသွားသည့်အတွက် အလျှိုရှာ အံ့သြရသည်။ စောစောကဆိုလျှင် သူမသည် အစော်ကားခံရသဖြင့် အသည်းကွဲတော့မည့်အလား ငိုကြွေးနေသော မိန်းကလေးတယောက်သည် ယခု တမုဟုတ်ချင်းမှာပင် ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ထိန်းချုပ်နိုင်သော အမျိုးသမီးတဦးပမာ ဖြစ်နေသည်။ တစုံတခုအတွက် ရုတ်တရက် ဝမ်းသာပျော်ရွှင်သွားသည့်အလား ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ကျေနပ်အားရသွားသည့် အလား ဖြစ်သည်။

"အို... အစ်ကိုနဲ့ ခွဲရမှာမို့ ဟန်ကျတယ်လို့ ပြောတာ မဟုတ်ဘူးနော်" အမျိုးသမီးက ကြည်လင် ချမ်းမြေ့သော အပြုံးဖြင့် သူမ၏စကားကို ပြင်လိုက်သည်။ "အစ်ကို့လို မိတ်ဆွေတယောက်ကလည်း ဒီလိုမျိုး ဘယ်လိုမှ မထင်နိုင်ပါဘူး၊ တကယ်တော့ အစ်ကိုနဲ့ ခွဲရမှာကို ကျွန်မ တကယ် စိတ်မကောင်းနိုင်ပါဘူး"

ရုတ်ခြည်းဆိုသလို သူမသည် အိုက်ဗင်ထံသို့ ပြေးသွားပြီး သူ့လက်နှစ်ဖက်ကို အားရပါးရ ဆုပ်ကိုင်လိုက်ပြီး ...

"ဟန်ကျတယ်လို့ ပြောရတဲ့အကြောင်းက ကျွန်မ အခုဖြစ်နေတဲ့ အခြေအနေ၊ အံ့သြစရာကောင်းတဲ့ အခုဘဝကို ကျွန်မအဒေါ်နဲ့ ကျွန်မအစ်မ အဂါဖယာတို့ကို အစ်ကိုကိုယ်တိုင် လူကိုယ်တိုင် ပြောပြနိုင်မယ့်အတွက်ပဲ၊ ဒါပေမဲ့ အဂါဖယာကိုသာ မခြွင်းမချန် ပြောပါ၊ ဒေါ်ဒေါ့ကိုတော့ ထိန်းပြောပါ၊ အို ... အစ်ကို ဘာလုပ်ရမယ်ဆိုတာကို အစ်ကို သိပါတယ်၊ ကျွန်မ မနေ့က ဘယ်လို စိတ်ညစ်ခဲ့ရတယ်ဆိုတာ အစ်ကို မသိဘူး၊ ကနေ့မနက် ဒီကိစ္စကို စာရေးဖို့ ကျွန်မ စဉ်းစားတယ် ... ဖြစ်ပျက်တာတွေ အားလုံးကို စာထဲမှာ ထည့်ရေးလို့ မဖြစ်နိုင်ဘူး... ဒါပေမဲ့ အခုတော့ ကျွန်မ စာရေးလို့ရသွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို ဟိုမှာရှိနေပြီး သူတို့ကို ရှင်းပြနိုင်မှာကိုး၊ အို ... ကျွန်မ ဝမ်းသာလိုက်တာ၊ ဒါပေမဲ့ ကျွန်မကို ယုံပါ၊ အဲဒီကိစ္စအတွက် ဝမ်းသာတာပါ၊ အစ်ကို့နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးလို့ မရနိုင်ပါဘူး၊ ကျွန်မ အခု ချက်ချင်းသွားပြီး စာရေးလိုက်မယ်"

သူမက စကားကို ရုတ်ခြည်း နိဂုံးချုပ်လိုက်သည်။ အခန်းထဲမှ ထွက်သွားတော့မည့်ဟန် ရှိသည်။

"အလျှိုရှာရဲ့ကိစ္စ ရှိသေးတယ်လေ၊ သူ့သဘောထားကို ညီမ

သိပ်သိချင်တယ်ဆို” မစ္စက် ကိုကလာကော့က ပြောလိုက်သည်။ သူမ၏အသံတွင် ဒေါသသံ သရော်သံ ပါနေသည်။

“အဲဒီကိစ္စကို ကျွန်မ မမေ့ပါဘူး” ကက်ထရီးနား ရုတ်တရက် ရပ်လိုက်ပြီး ပြောသည်။ “ဒီလိုအချိန်မျိုးမှာ မမက ဘာဖြစ်လို့ ကျွန်မကို မညှာမတာ ဖြစ်နေရတာလဲ” သူမက မကျေနပ်ဟန်ဖြင့် တုံ့ပြန်လိုက်သည်။ “ကျွန်မက ပြောတဲ့အတိုင်း လုပ်မှာပါ၊ သူ့သဘောထားကို ကျွန်မ တောင်းရမယ်၊ နောက်ပြီးတော့ သူ့ဆုံးဖြတ်ချက်ကို ကျွန်မ ရယူရမယ်၊ သူပြောတဲ့အတိုင်း ကျွန်မ လုပ်မယ်၊ အဲဒါကြောင့် ကျွန်မဟာ မောင်လေးပြောမယ့်စကားကို သိပ်ကြားချင်နေတာပေါ့၊ နေပါဦး မောင်လေး ဘာဖြစ်နေတာလဲ…”

“ကျွန်တော် လုံးလုံးမထင်ခဲ့ဘူး၊ ကျွန်တော် ဘယ်လိုမှ စိတ်မကူးမိခဲ့ဘူး”

အလျှိုရှာ စိတ်မကောင်းဟန်ဖြင့် ပြောသည်။

“ဘာကိုလဲ၊ ဘာကိုလဲ …”

“သူက မော်စကို သွားတော့မယ်၊ မမက ဝမ်းသာတယ်လို့ ပြောနေတယ်၊ အဲဒါ မမ တမင်ပြောနေတာ ပဲ၊ နောက်ပြီးတော့တခါ မမက သူသွားမှာကို စိတ်မကောင်းဘူးလို့ ရှင်းပြပြန်တယ်၊ မိတ်ဆွေ တယောက် ဆုံးရှုံးရမယ့်အတွက် စိတ်မကောင်းဘူးလို့ ပြောတာပဲ၊ မမ တမင်သက်သက် ပြောနေတာ ပဲ၊ မမက အမူအရာ လုပ်နေတာပဲ၊ ဇာတ်ခုံပေါ်မှာ ကနေတဲ့ ဇာတ်ဆောင်တယောက်လိုပဲ”

“ဇာတ်ခုံပေါ်မှာ ဟုတ်လား၊ မောင်လေး ဘာကို ဆိုလိုတာလဲ”

ကက်ထရီးနားမျက်နှာ နီရဲလျက်၊ မျက်မှောင်ကုတ်လျက် အင်မတန် အံ့သြဟန်ဖြင့် အာမေဋိတ် စကားကို ဆိုလိုက်သည်။

“ဘာကို ဆိုလိုရမလဲ၊ မမဟာ မိတ်ဆွေကောင်းတယောက် ဆုံးရှုံးရတဲ့အတွက် ဝမ်းနည်းတယ်လို့ လည်း သူ့ကို ပြောတယ်၊ သူ တခြားကို ထွက်သွားတဲ့အတွက် ဟန်ကျတယ်လို့လည်း သူ့ရှေ့မှာပဲ ပြောနေတယ်”

အလျှိုရှာ စိတ်လှုပ်ရှားဟန်ဖြင့် ပြန်ပြောသည်။ သူသည် ယခုအခါ မထိုင်ဘဲ စားပွဲအနီး၌ ရပ်နေသည်။

“မောင်လေး ဘာတွေပြောနေတာလဲ၊ မမ နားမလည်ဘူး”

“ကျွန်တော်ကိုယ်တိုင်လည်း နားမလည်ဘူး၊ ခေါင်းထဲမှာ ရုတ်တရက် လင်းခနဲ ဖြစ်သွားတဲ့ သဘောမျိုးပဲ… ကျွန်တော်ပြောပုံ မဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ်၊ ဒါပေမဲ့ ဒီအတိုင်းပဲ ကျွန်တော် ပြောရမှာပဲ” အလျှိုရှာ

အသံတုန်တုန်ယင်ယင်ဖြင့်ပင် ဆက်ပြောသည်။

"ကျွန်တော့်ခေါင်းထဲမှာ လက်ခနဲ သိလိုက်တာကတော့ မမဟာ ကျွန်တော့်အစ်ကို ဒီမီထရီကို လုံးလုံးမချစ်ဘူး ဆိုတာပဲ ... မမဟာ သူ့ကို အစကတည်းက မချစ်ခဲ့တာပဲ၊ နောက်ပြီးတော့ ဒီမီထရီကလည်း မမကို မချစ်ဘူး၊ ဘယ်တုန်းကမှ မမကို သူ မချစ်ခဲ့ဘူး၊ ဟိုအစကတည်းကပဲ၊ သူဟာ မမကို လေးစားတာပဲရှိတယ်၊ ကျွန်တော် ကျွန်တော် ဘာဖြစ်လို့ မမကို ဒါတွေ ပြောနေမိသလဲ တော့ မသိဘူး၊ ဒါပေမဲ့ ကျွန်တော်ဟာ တယောက်ယောက်လောက်ကိုတော့ အမှန်တွေကို ပြောပြရမယ် .. ဘာဖြစ်လို့လဲဆိုတော့ ဒီမှာရှိနေတဲ့ ဘယ်သူကမှ အမှန်ကို မပြောချင်ကြလို့ပဲ..."

"ဘယ်လိုအမှန်လဲ"

ကက်ထရီးနား အော်လိုက်သည်။ သူမ၏အသံမှာ တုန်လှုပ် ချောက်ချားနေသည်။ "ကျွန်တော် ပြောမယ်" အလျိုရှာသည် နောက်မှ ကျားလိုက်လာသည့်ပမာ ကရောသောပါး ပြောနေသည်။

"ဒီမီထရီကို ခေါ်ပါ ... ကျွန်တော် သူ့ကို ခေါ်ခဲ့မယ် ... သူ ဒီကိုလာပြီး မမရဲ့လက်နဲ့ အိုက်ဗင်ရဲ့ လက်ကို သူ ဆွဲယူပြီး သူကိုယ်တိုင် လက်ထပ်ပေးပါစေ၊ ဘာဖြစ်လို့လဲဆိုတော့ မမဟာ အိုက်ဗင်ကို ညှဉ်းဆဲနေတယ်၊ ဘာဖြစ်လို့လဲ၊ သူ့ကို မမ ချစ်နေလို့ပဲ၊ မမ သူ့ကို ညှဉ်းဆဲနေတယ်၊ မမဟာ အသည်းကွဲဇာတ်လမ်းခင်းပြီး ဒီမီထရီကို ချစ်နေတယ်လို့ မမစိတ်ထဲမှာ ထင်နေတယ် ... ဒါပေမဲ့ သူ့ကို မမ မချစ်ဘူး ... သူ့ကို ချစ်ဖို့ မမကိုယ်မမ သွေးဆောင်ဖြားယောင်းနေတာပဲ..."

အလျိုရှာ ပြောနေရင်း ရပ်သွားသည်။

"မင်း... မင်း... မင်းဟာ ဘုန်းကြီးရူးကလေးပဲ... ဘုန်းကြီးရူးပဲ" ကက်ထရီးနား ခွန်းတုံ့ပြန်လိုက် သည်။ သူမ၏မျက်နှာ ဖြူရော်နေသည်။ သူမ၏နှုတ်ခမ်းများ ဒေါသဖြင့် တဆတ်ဆတ် တုန်နေသည်။

အိုက်ဗင် ရုတ်တရက် ဝါးလုံးကွဲ ရယ်ချလိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ သူ့ဦးထုပ်ကို လက်ထဲမှာ ကိုင်ထားသည်။

"အလျိုရှာ မင်းမှားနေပြီ" သူက တကယ်ပင် ရိုးရိုးသားသား ပြောလိုက်သည့်အသွင်မျိုးဖြင့် ပြောလိုက်သည်။ သည်လို အသွင်အပြင်မျိုး အလျိုရှာ ယခင်က မမြင်တွေ့ဖူးပါ။ "ကက်ထရီးနားဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ အလေးမထားခဲ့ပါဘူး၊ ဒါပေမဲ့ သူ့ကို ကိုယ် ဘယ်လောက်ချစ်တယ် ဆိုတာကိုတော့ သူ တလျှောက်လုံး သိခဲ့ပါတယ်... ဒါပေမဲ့ ကိုယ်ချစ်တဲ့အကြောင်း သူ့ကို

စကားတခွန်းမှ မဟခဲ့ပါဘူး... ဒါပေမဲ့ သူ သိတယ်၊ ဒါပေမဲ့ သူ ကိုယ့်ကို ဘယ်လိုမှ သဘော မထားခဲ့ပါဘူး၊ နောက်ပြီးတော့ ကိုယ်ဟာ သူ့မိတ်ဆွေတယောက်လည်း ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး၊ ခဏကလေးတောင် မဖြစ်ခဲ့ဖူးဘူး၊ သူက အင်မတန် မာနကြီးတဲ့ အမျိုးသမီး တယောက်ပဲ၊ ကိုယ့်ရဲ့အဆွေခင်ပွန်းအဖြစ်ကို သူ မလိုဘူး၊ သူဟာ ကိုယ့်ကို လက်စားချေဖို့ရာ အတွက် သူ့အနီးအနားမှာ ထားနေတာပဲ။

"သူဟာ ဒီမီထရီနဲ့ ပထမဆုံးအကြိမ် တွေ့ရှိပြီးတဲ့နောက်ပိုင်းမှာ ဒီမီထရီရဲ့ အဆက်မပြတ် စော်ကားမှုတွေအတွက် ကိုယ့်ကို လက်စားချေနေတာပဲ၊ သူတို့နှစ်ယောက် ပထမဆုံး တွေ့ကြရတဲ့ အဖြစ်ကို စော်ကားမှုတခုအနေနဲ့ သူ့အသည်းနှလုံးမှာ သူ မှတ်ထားတယ်၊ သူ့ရဲ့အသည်းနှလုံးဟာ အဲဒီလို အမျိုးအစားပဲ၊ သူ့ဆီက ကိုယ်ကြားရသမျှဟာ ဒီမီထရီကို ချစ်တယ်ဆိုတဲ့အကြောင်းပဲ၊ ကိုယ် အခု သွားတော့မယ်၊ ဒါပေမဲ့ ကိုယ်ပြောတာကို ယုံပါ ကက်ထရီးနား၊ မင်းဟာ သူ့ကို တကယ် ချစ်နေတာပဲ၊ သူက မင်းကို စော်ကားလေ မင်းက သူ့ကို ချစ်လေပဲ၊ အဲဒါဟာ မင်းရဲ့ အသည်းကွဲ ဝေဒနာပဲ။

"မင်း သူ့ကိုချစ်တာ သူဟာ ဒီလိုပုံစံမျိုးကြောင့်ပဲ၊ မင်းကို စော်ကားတဲ့အတွက် သူ့ကို မင်း ချစ်နေတာ ပဲ၊ တကယ်လို့ သူဟာ ပြုပြင်ပြောင်းလဲသွားမယ်ဆိုရင် မင်း သူ့ကို ချက်ချင်း စွန့်ပစ်လိုက်မှာပဲ၊ သူ့ကို ချစ်ခြင်း လုံးဝကင်းသွားမှာပဲ၊ ဒါပေမဲ့ သူ့ရဲ့သစ္စာမဲ့မှုကို ပြသဖို့နဲ့ မင်းရဲ့သစ္စာရှိမှုကို ပြသနိုင်ဖို့အတွက် သူ့ကို မင်း အမြဲတမ်း လိုအပ်နေတာပဲ၊ အဲဒါဟာ မင်းရဲ့မာနပဲ၊ ဒီနေရာမှာ အစော်ကားခံရတာတွေ အနှိမ့်ချခံရတာတွေ ရှိပေမယ့် ဒါတွေအားလုံးဟာ မင်းရဲ့မာနကြောင့် ဖြစ်ရတာတွေပဲ။

"ကိုယ်ဟာ အများကြီး ငယ်သေးတယ်၊ ပြီးတော့ မင်းကို အများကြီး ချစ်တယ်၊ ဒီအကြောင်းကို မင်းကို မပြောသင့်ဘူးဆိုတာ ကိုယ် သိပါတယ်၊ မင်းကို စွန့်ခွာသွားတာဟာ ကိုယ့်အဖို့ အများကြီး ဂုဏ်သိက္ခာရှိပါတယ်၊ အဲဒီလို လုပ်ခြင်းအားဖြင့် မင်းအတွက်လည်း ဘာမှ အနှောင့်အယှက် မဖြစ်ဘူး၊ ဝေးရာကို ကိုယ် သွားတော့မယ်၊ ဘယ်တော့မှလည်း ပြန်လာတော့မှာ မဟုတ်ဘူး၊ တခါတည်း အပြီးအပိုင် သွားတာပဲ... ရင်ကွဲနာကျနေတဲ့ မိန်းကလေးတယောက်ရဲ့အနားမှာ ကိုယ် မနေချင်ဘူး ... ကိုယ် အခု ဘာပြောရမလဲ မသိဘူး၊ ကိုယ် ပြောစရာရှိတာတွေ အကုန်လုံး ပြောပြီးပြီ .... သွားမယ် ကက်ထရီးနား၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ မင်းထက် အဆတရာလောက် ပိုပြီး ပြစ်ဒဏ်ခံခဲ့ရပါပြီ၊ မင်းကို ဘယ်တော့မှ မမေ့တော့ပါဘူးဆိုတဲ့ အချက်နဲ့ ပြစ်ဒဏ်ပေးခြင်း ခံခဲ့ရပါပြီ၊ ကိုယ် မင်းကို လက်ဆွဲ နှုတ်မဆက်ချင်ဘူး၊ မင်းဟာ ကိုယ့်ကို အများကြီး ညှဉ်းပန်းနှိပ်စက်ခဲ့တယ်၊ အဲဒီအတွက် မင်းကို ကိုယ် အခု ခွင့်လွှတ်ရမယ်၊ နောက်ကျရင်လည်း မင်းကို ကိုယ် ခွင့်လွှတ်ပါ့မယ်၊ ဒါပေမဲ့

အခုတော့ မင်းရဲ့လက်ကို ကိုယ် မလိုချင်သေးဘူး”

ထို့နောက် သူက အားယူ၍ပြုံးရသော အပြုံးဖြင့် ကဗျာတပိုဒ်ကို ဂျာမန်လို ရွတ်ဆိုကာ သူ့စကားကို နိဂုံးချုပ်လိုက်သည်။ ကဗျာဆရာကြီး ရီလာ၏ကဗျာကို ဖတ်ရှုပြီး ကိုးကားနိုင်ကြောင်း မမျှော်လင့်ဘဲ ပြခဲ့ခြင်း ဖြစ်သည်။ သူ ဤသို့ ဖတ်ရှုကိုးကားနိုင်လိမ့်မည်ဟု အလျှိုရှာ ယခင်က မထင်ခဲ့ပါ။

သူသည် အိမ်ရှင်ဖြစ်သော မစ္စက်ကိုကလာကော့ကိုပင် နှုတ်မဆက်ဘဲ အခန်းထဲမှ ထွက်သွားသည်။ အလျှိုရှာ စိတ်ပျက်စွာဖြင့် သူ့လက်နှစ်ဖက်ကို ဆုပ်ထားလိုက်မိသည်။

“အိုက်ဗင် ပြန်လာခဲ့ .. အိုက်ဗင်”

ODO

အလျှိုရှာ စိတ်ထိခိုက်စွာဖြင့် ဟစ်ခေါ်သည်။

“သူ ပြန်မလာတော့ဘူး၊ ဒါ... ငါ့အပြစ်ပဲ၊ ဒီဇာတ်လမ်းကို ငါစတာပါ၊ အိုက်ဗင်ပြောတာ မတရားဘူး၊ မှားတယ်၊ သူ ဒီကို ပြန်လာရမယ်၊ ပြန်လာရမယ်” အလျှိုရှာ အရူးတယောက်လို ရွတ်ဆိုနေသည်။

ကက်ထရီးနား ရုတ်ခြည်းဆိုသလို တဖက်ခန်းသို့ ထသွားသည်။ “မောင်လေးလုပ်တာ ဘာမှ မမှားပါဘူး၊ မောင်လေး လုပ်တာ အင်မတန် လှပါတယ်၊ ကောင်းကင်တမန်လေးအတိုင်းပဲ၊ အိုက်ဗင် မသွားအောင် မမ တတ်နိုင်သမျှ လုပ်ပါ့မယ်”

စိတ်ထိခိုက်နေသော အလျှိုရှာကို မစ္စက်ကိုကလာကော့က ပြောလိုက်သည်။ သူမ၏မျက်နှာသည် လန်းဆန်း ရွှင်ပျလျက်ရှိသည်။ ထိုစဉ်မှာပင် ကက်ထရီးနား ရုတ်ခြည်း ပြန်ရောက်လာသည်။ သူမ၏ လက်ထဲတွင် တရာတန် ငွေစက္ကူနှစ်ရွက် ပါလာသည်။

“မောင်လေးကို မမ အကူအညီတောင်းစရာ တခုရှိတယ်” အမျိုးသမီးသည် စောစောက ဘာမျှ မဖြစ်ခဲ့သည့်အတိုင်း တည်တည်ငြိမ်ငြိမ် အသံမှန်မှန်ဖြင့် အလျှိုရှာကို ပြောလိုက်သည်။ “လွန်ခဲ့တဲ့ တပတ်လောက်တုန်းက၊ ဟုတ်တယ်... လွန်ခဲ့တဲ့ တပတ်လောက်ကပဲ၊ ဒီမီထရီဟာ အလွန် အရုပ်ဆိုး အကျည်းတန်တဲ့ အလုပ်တခုကို လုပ်ခဲ့တယ်၊ တို့မြို့မှာ အင်မတန် အောက်တန်းကျတဲ့ အရက်ဆိုင် တဆိုင် ရှိတယ်၊ အဲဒီမှာ အငြိမ်းစား တပ်မတော် အရာရှိတယောက်နဲ့ သူ တွေ့တယ်၊ မောင်လေးတို့ ဖေဖေက သူ့လုပ်ငန်းတခုအတွက် ခိုင်းထားတယ်ဆိုတဲ့ ဗိုလ်ကြီးပေါ့။

"အဲဒီမှာ ဒီမီထရီဟာ အဲဒီဗိုလ်ကြီးကို ဒေါသဖြစ် စိတ်ဆိုးပြီး အဲဒီဗိုလ်ကြီးရဲ့ မုတ်ဆိတ်မွေးကို ဆွဲပြီး လမ်းပေါ်ကို ခေါ်သွားတယ်၊ အဲဒီအတိုင်း တော်တော်ကလေး ဝေးတဲ့အထိ ဆွဲခေါ်သွားတယ်၊ အဲဒီမှာ ကိုယ် ကြားရတယ်၊ ကောင်ကလေးတယောက်၊ အဲဒီ ဗိုလ်ကြီးရဲ့သားပဲပေါ့။ ကျောင်းသားကလေး၊ တကယ့်ကလေးကလေး၊ သူဟာ အဲဒီအဖြစ်ကို မြင်တော့ သူတို့နှစ်ယောက်နောက်ကို ပြေးလိုက်သွား ပြီး သူ့အဖေအတွက် တောင်းပန်တယ်၊ လမ်းမှာတွေ့တဲ့လူတိုင်းကို သူ့အဖေကို ကူညီဖို့ တောင်းပန်ရှာတယ်၊ ဒါပေမဲ့ ဘယ်သူကမှ အကူအညီမပေးဘဲ သူ့ကို ဝိုင်းရယ်ကြတယ်။

"တို့များ သိပ်ပြီး စိတ်မကောင်းဖြစ်ရတာပဲ အလက်ဇီ၊ သူ မဟုတ်တရုတ် လုပ်တာကို စဉ်းစားမိတိုင်း ဒေါသဖြစ်ရတယ်၊ ဒီလိုအလုပ်မျိုးကို သူတယောက်ပဲ လုပ်နိုင်တယ်၊ လုပ်တတ်တယ်၊ တို့ဆိုရင် ဒီအကြောင်းကို ပြောတောင် မပြောနိုင်ဘူး၊ ပြောတောင် မပြောချင်ဘူး၊ ဘယ်လိုပြန်ပြောရမှန်း မသိဘူး၊ စကားလုံး ရှာလို့မရနိုင်ဘူး။

"သူလုပ်တာကို ခံလိုက်ရတဲ့ လူအကြောင်း တို့များ စုံစမ်းကြည့်တော့ သူဟာ အင်မတန် ဆင်းရဲတယ် လို့ သိရတယ်၊ သူ့ရဲ့မျိုးရိုးအမည်က ဆနီဂါယေဗ်လို့ ပြောတယ်၊ သူ တပ်ထဲမှာ ပြစ်မှုတခုကျူးလွန်လို့ တပ်က အထုတ်ခံရတယ်၊ အဲဒီ အထုတ်ခံရတဲ့အကြောင်းတော့ တို့များ ဘာမှ မသိဘူး၊ အခုအချိန်မှာ သူနဲ့ သူ့မိသားစုဟာ အင်မတန် ဒုက္ခရောက်နေကြရှာတယ်၊ သူ့မိသားစုကတော့ နေမကောင်းနေတဲ့ ကလေးတွေနဲ့ မကောင်းနေတဲ့ ဇနီးပဲ၊ သူ့ဇနီးက ရူးနေတယ်လို့ တို့ထင်တယ်၊ ဒီမြို့မှာ သူ နေလာတာ ကြာပြီ၊ ရုံးတချို့မှာ မိတ္တူစာရေးအဖြစ် သူလုပ်ခဲ့တယ်၊ ဒါပေမဲ့ လောလောဆယ်မှာတော့ သူ့မှာ ဘာဝင်ငွေမှ မရှိဘူး။

"မောင်လေးကို မမတွေ့ရတော့ ... ကိုယ် ထင်တယ်၊ ကိုယ် စိတ်ကူးမိတယ်၊ ဘာကြောင့်မှန်းတော့ မသိဘူး... တို့စိတ်ထဲမှာ မကွဲပြားဘူး... သူ့ကို သွားတွေ့ဖို့... မောင်လေးကိုပြောဖို့ မမ စိတ်ကူးမိတယ် အလက်ဇီ၊ အဲဒီကို အကြောင်းတခုရှာပြီး သွားပါ... ကိုယ် ဆိုလိုတာက အဲဒီ ဗိုလ်ကြီးဆီကို ပြောတာ။ အို မောင်လေးရယ်... တကယ်တော့ မမဟာ စွက်ဖက်တာပဲ ... ဒါပေမဲ့ သူ့ဆီကို ပြေပြေလည်လည်နဲ့ ကောင်းကောင်းမွန်မွန် သွားပါ၊ အဲဒီလိုမျိုးကို မောင်လေးတယောက်ပဲ လုပ်နိုင်ပါတယ်။ (အလျှိုရှာ မျက်နှာရဲသွားသည်)။

"မမ ဆိုလိုတာက သူ့ကို ဒီငွေနှစ်ရာ ဘယ်လိုပေးရမယ်ဆိုတာ မောင်လေးတယောက်ပဲ သိနိုင်မယ်၊ သူ လက်ခံမှာပါ... မမ ဆိုလိုတာက သူ လက်ခံအောင် မောင်လေးက ပြောပါ၊ နေပါဦး ... မမ ဘယ်လိုပြောရမလဲ၊ ဒီမယ် မောင်လေးနားလည်ဖို့က သူ့ကို မမ ဒီပိုက်ဆံပေးတာဟာ အမှုကျေအေးဖို့ မဟုတ်ဘူး၊ ပုလိပ်ကို မတိုင်အောင် မဟုတ်ဘူး၊ (သူ တိုင်မှာ သေချာတယ်)

ကိုယ့်စေတနာအရ ပေးတာပါ၊ ကိုယ့်ဆန္ဒအရ သူ့ကို ကူညီတာပါ၊ ကိုယ်က ပေးတာနော်၊ ကိုယ်က ပေးတာ၊ ဒီမီထရီရဲ့ ချစ်သူက ပေးတာ၊ ဒီမီထရီက ပေးတာ မဟုတ်ဘူး… အတိုချုပ် ပြောရရင်တော့ ဘယ်လိုလုပ်ရမယ် ဆိုတာ မောင်လေး သိပါတယ်၊ ကန်လမ်းမှာ သူနေတယ်၊ မစ္စက်ကာမီကော့အိမ်မှာ နေတယ်။ အလက်ဇီ အဲဒါ တို့များကို ကူညီပါ၊ အဲ … အဲ .. ကိုယ်လည်း အတော်ကြီးကို ပန်းနေပြီ သွားတော့မယ်…”

အမျိုးသမီး လှည့်ထွက်သွားသည်။ ချက်ချင်းဆိုသလိုပင် တံခါးနောက်ဘက်တွင် ပျောက်ကွယ်သွား သည်။ အလျှိုရှာ ဘာမှ ပြန်ပြောချိန် မရလိုက်ပါ။ သူမကို သူ စကားပြောချင်နေသည်။ သူမကို သူ တောင်းပန်စရာရှိသည်၊ ပြောစရာရှိသည်၊ ရင်ထဲမှာ ပြည့်နေသည်။ သူမကို ပြောစရာရှိသည်ကို မပြောရဘဲနှင့် သည်အခန်းထဲမှ ထွက်မသွားချင်ပါ။ သို့သော် မစ္စက်ကိုကလာကော့က သူ၏လက်ကို ဆုပ်ကိုင်ပြီး အခန်းထဲမှ ခေါ်ဆောင်သွားသည်။ အိမ်ရှေ့ခန်းသို့ ရောက်သောအခါတွင်မှ သူမက ရပ်လိုက်ပြီး…

“ကက်ထရီးနားက မာနကြီးတယ်၊ သူ့ဘဝကိုသူ မုန်းတယ်၊ ဒါပေမဲ့ သူဟာ အင်မတန် သနားကြင်နာ တတ်တယ်၊ အင်မတန် ချစ်စရာကောင်းတယ်၊ အင်မတန် စေတနာ ကောင်းတယ်”

သူမက လေသံတိုးတိုးဖြင့် ပြောဆိုသည်။

“အို … ကိုယ် သူ့ကို သိပ်ချစ်တယ်၊ ဒီမယ် အလက်ဇီ၊ မောင်လေးကတော့ သိမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မောင်လေးကို မမ တခုပြောပြမယ်၊ မမတို့အားလုံး… မမတို့အားလုံး ဆိုတာက မမရယ်၊ သူ့အဒေါ် နှစ်ယောက်ရယ် အားလုံး တယောက်မကျန်ပေါ့၊ လီဆီပါ အပါအဝင်ပေါ့… ဘာဆုတောင်းနေကြ သလဲ ဆိုတော့ ကက်ထရီးနားဟာ သူ့ကို နည်းနည်းကလေးမှ နားမလည်တဲ့၊ မချစ်တဲ့ မောင်လေးရဲ့ အသည်းစွဲ ဒီမီထရီကို စွန့်လွှတ်ပြီး သူ့ကို အင်မတန် ချစ်တဲ့ အင်မတန် လိမ္မာရေးခြားရှိတဲ့ အိုက်ဗင်နဲ့ လက်ထပ်ဖို့ပဲ၊ ဒီအတွက် ကိုယ်တို့ဟာ ဒီမှာ ပုံမှန်အစီအစဉ်တွေ ရေးဆွဲနေကြတယ်၊ အဲဒီအတွက် ကိုယ် ဒီမှာ နေနေတာပဲ…”

“ဒါပေမဲ့ သူ ငိုနေတယ်၊ သူ့ရင်ထဲမှာ နာကြည်းနေတယ်”

“မိန်းမတယောက်ရဲ့ မျက်ရည်ကို ဘယ်တော့မှ မယုံပါနဲ့ အလက်ဇီ၊ ဒီကိစ္စမျိုးတွေမှာ မိန်းမဘက်က ကိုယ် ဘယ်တော့မှ မပါဘူး … အမြဲတမ်း ယောကျ်ားတွေဘက်က ရှိတယ်”

“မေမေ၊ မေမေ သူ့ကို ဖျက်ဆီးနေတာပဲ”

တံခါး၏နောက်ဘက်မှ လီဆီ၏အသံ ထွက်လာသည်။

"မဟုတ်ဘူး၊ ဒီကိစ္စမှာ ကိုယ် တရားခံပါ၊ ပြဿနာအားလုံးဟာ ကိုယ့်အပြစ်တွေပဲ" အလျှိုရှာက သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့်ကွယ်ရင်း ဟစ်အော်လိုက်သည်။

"မဟုတ်ဘူး၊ မောင်လေး လုပ်တာ တမန်တော်ကလေး အတိုင်းပဲ၊ တမန်တော်ကလေးအတိုင်းပဲ၊ ဒီစကားကို မမ အကြိမ်တသိန်း ထပ်ပြောနိုင်တယ်"

"မေမေ၊ သူက ဘာဖြစ်လို့ တမန်တော်ကလေးလို လုပ်ရတာလဲ" လီဆီ၏အသံကလေး ထွက်ပေါ်လာပြန်သည်။

"သူဟာ အိုက်ဗင်ကို ချစ်နေတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ဘာကြောင့်မှန်းမသိဘူး ထင်လိုက်မိတယ်၊ အဲဒါကြောင့် အဲဒီစကားကို ကျွန်တော် ပြောလိုက်တာပေါ့ ... အဲဒီတော့ အခု ဘာတွေဖြစ်ကုန်ပြီလဲ"

အလျှိုရှာက လီဆီ၏ စကားကို မကြားဟန်ဖြင့် ဆက်ပြောသည်။

"ဘယ်သူ ဘာဖြစ်လို့လဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ၊ မေမေလုပ်တာ သမီး သေတော့မယ်၊ သမီး မေးနေတာကို မေမေ မဖြေဘူး"

လီဆီ ဟစ်အော်သည်။ သည်အချိန်တွင် အိမ်ဖော် အမျိုးသမီး ပြေးဝင်လာသည်။

"မစ္စကက်ထရီးနား ဘာဖြစ်နေမှန်း မသိဘူး၊ ကယောင်ကတမ်းတွေ အော်နေတယ်၊ ဝရုန်းသုန်းကား တွေ ဖြစ်နေတယ်"

"ဘာဖြစ်တယ်၊ မေမေရေ သမီးစိတ်တွေ နောက်လာပြီ၊ သူ မဟုတ်ဘူး"

လီဆီ ထိတ်လန့်စွာ ရွတ်ဆိုသည်။

"လီဆီရေ၊ ဘုရားသခင်မလို့ မအော်လိုက်ပါနဲ့၊ ကယောင်ကတမ်းတွေ မလုပ်လိုက်ပါနဲ့၊ သမီး ငယ်ပါသေးတယ်၊ လူကြီးတွေ ကိစ္စကို သမီး ဘာမှ မသိပါဘူး၊ သမီးဆီကို မေမေ အခုလာပြီး သမီးကို ပြောသင့်တာတွေ မေမေ အကုန်လုံး ပြောပြမယ်။

"အို ဘုရားသခင်၊ ငါလာပြီ၊ ငါလာပြီ။ သူ ကယောင်ချောက်ချား ဖြစ်နေပြီ၊ အဲဒါဟာ ကောင်းတဲ့ လက္ခဏာပဲ အလက်ဇီ၊ သူ ကယောင်ချောက်ချား ဖြစ်တာ ကောင်းတယ်၊ သူ ဒီလိုပဲ ဖြစ်ရမယ်၊ ဒီလိုကိစ္စမျိုးတွေမှာ မိန်းမတွေကို ကိုယ် အမြဲတမ်း ဆန့်ကျင်တယ်၊ ကယောင်ချောက်ချားတွေဖြစ်ပြီး ငိုတာ ယိုတာတွေကို

ကိုယ် ဆန့်ကျင်တယ်၊ ဂျူလီယာ သွား... ကက်ထရီးနားကို ပြောလိုက်၊ ငါလာပြီလို့၊ အိုက်ဗင် အခုလို ထွက်သွားတာ သူ့အပြစ်ပဲ၊ ဒါပေမဲ့ သူ အဝေးကို မသွားပါဘူး။

"လီဆီရေ တဆိတ် အဲဒီလို အော်မနေပါနဲ့၊ အို ... သမီး မအော်ပါဘူး၊ အော်နေတာက မေမေပဲ၊ မေမေ့ကို စိတ်မဆိုးပါနဲ့ သမီး၊ မေမေ သိပ်ပျော်တာပဲ၊ သိပ်ပျော်တာပဲ၊ သိပ်ပျော်တာပဲ။

"အလက်ဇီ၊ မောင်လေး တခု သတိထားလိုက်မိသလား၊ အိုက်ဗင် အခန်းထဲက ထွက်သွားတဲ့ အချိန်တုန်းက သူဟာ တကယ့် လူငယ်ကလေးတယောက်လိုပဲ၊ အဲဒီစကားတွေကို ပြောပြီး ထွက်သွားတုန်းကလေ၊ သူ ဘယ်လောက် ငယ်ထားသလဲ၊ သူဟာ စာပေပညာတွေကို အများကြီး လေ့လာထားတယ်၊ ပညာရှိကြီးတယောက် ဖြစ်တယ်၊ ဒါပေမဲ့ သူဟာ အဲဒီအချိန်မှာတော့ ဘာမှ နားမလည်သေးတဲ့ လူငယ်ကလေးတယောက်လို စိတ်ထဲမှာ ရှိတာတွေကို အကုန်ဖွင့်ပြောသွားတယ်၊ အသည်းလှိုက် အူလှိုက် ပြောသွားတယ်၊ အဲဒါ ဘယ်လောက် အံ့ဩစရာကောင်းသလဲ၊ ဘယ်လောက် ဘယ်လောက် အံ့ဩစရာ ကောင်းသလဲ၊ သူဟာ မောင်လေးအတိုင်းပဲ ... သူဟာ အဲဒီ ဂျာမန်ကဗျာကို ရွတ်သွားတာ မောင်လေးအတိုင်းပဲ။

"နေဦး ကိုယ် ပြေးမှဖြစ်မယ်၊ ပြေးမှဖြစ်မယ်၊ ဒီမယ် အလက်ဇီ ... သူပြောတဲ့အလုပ်ကို အမြန်ဆုံး လုပ်ပေးလိုက်ပါ၊ ပြီးတော့ ဒီကို အမြန်ဆုံး ပြန်လာခဲ့ပါ။ လီဆီရေ သမီး ဘာလိုချင်သလဲ၊ အလက်ဇီကိုတော့ အချိန်ကြာနေအောင် ဆွဲမထားပါနဲ့ သမီးရယ်၊ သူ သမီးဆီကို ချက်ချင်းပဲ ပြန်လာပါလိမ့်မယ်..."

ထို့နောက် မစ္စက်ကိုကလာကော့ ပြေးထွက်သွားသည်။ အလျှိုရှာသည် ထိုမှ မထွက်ခွာမီ လီဆီနှင့် တွေ့ရန် တံခါးကို ဖွင့်လိုက်သည်။

"ဘာကိစ္စကြောင့်မှ မလာခဲ့ပါနဲ့၊ ဘာကြောင့်မှ မလာပါနဲ့၊ တံခါးကြားကနေပဲ စကားပြောပါ၊ အစ်ကိုဟာ ဘာဖြစ်လို့ ကောင်းကင်တမန်ကလေး ဖြစ်ရတာလဲ၊ အဲဒါပဲ ညီမ သိချင်တယ်"

"ဘာဖြစ်လို့လဲဆိုတော့ အင်မတန် မိုက်မဲတဲ့ အလုပ်တခုကို ကိုယ် လုပ်မိလို့ပဲပေါ့ လီဆီ၊ သွားမယ်"

"အစ်ကို ဒီလိုပဲ ထွက်သွားတော့မှာလား ..."

"လီဆီ ... ကိုယ် သိပ်စိတ်ညစ်တယ်၊ ကိုယ် ချက်ချင်းပြန်ခဲ့မယ်၊ ကိုယ် တကယ် စိတ်မကောင်းဘူး"

ထို့နောက် အခန်းထဲမှ သူ ပြေးထွက်သွားသည်။

၆။ အိမ်ပုတ်ကလေးမှာ ရင်ကွဲနာ

သူ တကယ်ပင် စိတ်မကောင်းပါ။ အရင်က သူ ဒီလိုမျိုး မဖြစ်ဖူးသလောက်ပင် ဖြစ်သည်။ သူသည် ရှေ့လောတကြီးနှင့် ဆင်ကန်းတောတိုး ဝင်ရောက်ခဲ့ချေပြီ။ ဘယ်လို ပြဿနာထဲကိုနည်း၊ အချစ်ရေး ကိစ္စတခုတွင် ဖြစ်ချေသည်။

"ဒီလိုကိစ္စမျိုးမှာ ငါ ဘာနားလည်လို့လဲ"

သူ့ကိုယ်သူ အကြိမ်တရာမြောက်အဖြစ် မေးမိသည်။

"ဒီလိုကိစ္စမျိုးမှာ ငါ ဘာလုပ်တတ်မှာလဲ၊ ရက်စရာကောင်းတယ်၊ ရက်ဖို့ သိပ်ကောင်းတယ်၊ ငါနဲ့ ထိုက်တန်တဲ့ အပြစ်ပဲ၊ ပြဿနာကတော့ ငါဟာ နောက်ထပ် ဖြစ်ပေါ်လာမယ့် ဒုက္ခအပေါင်းရဲ့ တရားခံ ဖြစ်နေပြီ... ခင်ကြီးဘုရားက ငါ့ကို ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် လွှတ်လိုက်တယ်၊ ငါလုပ်တာက သူတို့ကို သင့်မြတ်စေတဲ့ နည်းလား"

ထိုအခါတွင် သူသည် သူတို့တတွေ သင့်မြတ်အောင် သူလုပ်ခဲ့ပုံကို ပြန်လည် အမှတ်ရပြီး အရှက်ကြီး ရှက်မိတော့သည်။

"ငါဟာ ဘယ်လောက်ပဲ စေတနာနဲ့ လုပ်တာဖြစ်စေ ဒီကရှေ့မှာတော့ ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစား လုပ်မှဖြစ်မယ်"

သူ ရုတ်ခြည်း နိဂုံးချုပ်လိုက်သည်။ သူ၏ နိဂုံးချုပ်အတွက် သူ မပြုံးမိပါ။

ကက်ထရီးနား၏ တာဝန်ပေးချက်အရ သူသည် ကန်လမ်းသို့ ရောက်ရှိသွားရသည်။ သူ့အစ်ကို ဒီမီထရီသည် ထိုနေရာမှ သိပ်မဝေးပါ။ ကန်လမ်းအနီးရှိ လမ်းသွယ်ကလေးတခုတွင် နေထိုင်သည်။ ဤအချိန်တွင် ဒီမီထရီသည် သူ့အိမ်တွင် ရှိမည်ဟု မထင်သော်လည်း ဘာပဲဖြစ်စေ အနီ ဗိုလ်ကြီးနှင့် မတွေ့မီ ဒီမီထရီကို အလျင်သွားတွေ့ရန် အလျှိုရှာ ဆုံးဖြတ်လိုက်သည်။ ယခုအချိန်မျိုးတွင် ဒီမီထရီသည် သူ့ကို တမင်ရှောင်နေလိမ့်မည်ဟုလည်း သူ သံသယဖြစ်မိသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဒီမီထရီကို သူ ရှာရမည်။ အချိန်တွေ ကုန်ဆုံးလျက်ရှိသော်လည်း ကျောင်းတိုက်တွင် ကျန်ရစ်ခဲ့သော သေငယ်ဇောနှင့် မြောနေသည့် ခင်ကြီးဘုရားကို သူ တချိန်မျှ မမေ့ပါ။

ကက်ထရီးနား တာဝန်ပေးလိုက်သော ကိစ္စတွင် သူ အထူးတလည် စိတ်ဝင်စားသော အချက်တချက် ရှိသည်။ သူ့ဖခင်နောက်သို့ ကျယ်လောင်စွာ

ငိုကြွေးပြီး လိုက်သွားသော ကျောင်းသားကလေး အကြောင်း သူမက ပြောကြားသောအခါ ထိုကလေးသည် သူ့လက်ကို ကိုက်လိုက်သော ကလေး ဖြစ်မည်ဟု အလျှိုရှာ ရုတ်တရက် တွေးထင်လိုက်မိသည်။ ယခုအခါတွင် ဘာကြောင့်မှန်းတော့ မသိ။ သူထင်သည့်အတိုင်း သေချာသည်ဟု အလျှိုရှာ မှတ်ယူလိုက်သည်။

ယခုကဲ့သို့ အခြားသော အတွေးရေယဉ်ကြောတခုတွင် မျောပါမိသောအခါ သူ၏ အခြေအနေသည် လည်း ကောင်းမွန်လာတော့သည်။ သူ့ကြောင့် ဖြစ်ပေါ်ခဲ့သော “ဒုက္ခ” များ အကြောင်းကို မစဉ်းစားတော့ဘဲ ဤကိစ္စတွင် နောင်တတရားရပြီး စိတ်ဆင်းရဲမနေတော့ဘဲ သူ့အနေနှင့် ဆက်လုပ်စရာ ရှိသည်များကိုသာ ဆက်လုပ်သွားရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ တွေးမိသောအခါ သူ၏စိတ်ဓာတ်မှာလည်း ကောင်းမွန် မြင့်တက်လာတော့သည်။ သူ့အစ်ကို နေထိုင်သော လမ်းသွယ်ကလေးအတွင်းသို့ ဝင်မိသောအခါ သူသည် အနည်းငယ် ဆာလောင်သလို ရှိလာသဖြင့် သူ့ဖခင်အိမ်မှ ယူလာသော မုန့်ကို ထုတ်ယူပြီး လမ်းလျှောက်ရင်း စားသွားသည်။ ထိုအခါ သူ့မှာ အားအင်များ ပိုပြီး ပြည့်ဖြိုးလာရတော့သည်။

ဒီမီထရီ မရှိပါ။ သူနေသော အိမ်ကလေး၏ ပိုင်ရှင်များ ဖြစ်ကြသော လယ်သမား အဘိုးကြီး၊ သူ့ဇနီး အဘွားကြီးနှင့် သူ၏သားတို့သည် အလျှိုရှာကို သင်္ကာမကင်း ကြည့်ရှုကြသည်။

“သူ ဒီမှာ မအိပ်တာ သုံးည ရှိပြီ၊ သူ တခြားသွားနေတယ်နဲ့ တူတယ်”

အလျှိုရှာ ထပ်တလဲလဲ မေးမြန်းသည်ကို အဘိုးကြီးက အထက်ပါအတိုင်း ဖြေဆိုသည်။ အဘိုးကြီး သည် ဒီမီထရီ၏ ညွှန်ကြားချက်အတိုင်း ဖြေဆိုနေကြောင်း အလျှိုရှာ ရိပ်စားမိသည်။

ဒီမီထရီသည် ဂရုရှင်ကာ၏ အိမ်တွင်သော်လည်းကောင်း၊ သို့မဟုတ် ဖိုမာ၏ အိမ်ကလေးတွင်သော် လည်းကောင်း ရှိနေမည်လားဟု (အလျှိုရှာသည် ဤလျှို့ဝှက်ချက်များကို တမင်တကာ ထုတ်ဖော် ပြောခြင်း ဖြစ်သည်) မေးမြန်းသောအခါ သူတို့ သုံးယောက်စလုံးက အလျှိုရှာကို ထိတ်လန့်တကြား ကြည့်ရှုကြသည်။

“သူတို့ သူ့ကို ချစ်ကြတယ်။ သူတို့ဟာ သူ့ဘက်ကပဲ၊ အဲဒါ ကောင်းတယ်” အလျှိုရှာ စိတ်ထဲမှာ တွေးလိုက်သည်။

နောက်ဆုံးတွင် အလျှိုရှာသည် ကန်လမ်းရှိ မစ္စက်ကာမီကော့၏အိမ်ကို

ရှာဖွေတွေ့ရှိသည်။ တဖက်သို့ စောင်းနိမ့်နေသော အိမ်ငယ်ကလေးတလုံး ဖြစ်သည်။ လမ်းမဘက်သို့ ဖွင့်ထားသော ပြတင်းပေါက် သုံးပေါက်သာ ရှိသည်။ ညစ်ပေနေသောခြံဝင်း ရှိသည်။ ခြံဝင်း၏ အလယ်ကောင် တည့်တည့်လောက်တွင် နွားမတကောင်တည်း အထီးတည်း ရှိနေသည်။ အိမ်ဆီသို့ သွားသော ခြံဝင်းပေါက်နှင့် လမ်းကလေးကို တွေ့ရှိရသည်။ လမ်းကလေး၏ လက်ဝဲဘက်တွင် အိမ်ရှင် အဘွားကြီးနှင့် အသက်ကြီးကြီး သူ့သမီးတို့ ရှိကြသည်။ နှစ်ယောက်စလုံး နားလေးကြဟန် ရှိသည်။ ဗိုလ်ကြီးအကြောင်းကို အကြိမ်ကြိမ် သူ မေးမြန်းသောအခါကျမှ သူတို့၏အိမ်ငှားကို မေးမြန်း ကြောင်း ရိပ်စားမိပြီး တံခါးပေါက်တခုကို လက်ညှိုးထိုးပြကြသည်။

ဗိုလ်ကြီးနေထိုင်သော အခန်းသည် ထိုအိမ်ကလေး၏ ညှော့ခန်းတခုမျှသာ ဖြစ်ပေသည်။ အလျှိုရှာ သည် တံခါးကိုဖွင့်ရန် သံမင်းတုပ်ကို ကိုင်လိုက်စဉ်မှာပင် အိမ်အတွင်းဘက်၌ ထူးဆန်းစွာ တိတ်ဆိတ်နေသည်ကို သတိပြုမိသည်။ ကက်ထရီးနား ပြောလိုက်သည့်အထဲတွင် ထိုဗိုလ်ကြီး၌ မိသားစုရှိကြောင်း ပါရှိသည်။

"သူတို့အားလုံး အိပ်နေကြတယ်နဲ့ တူတယ်၊ ဒါမှမဟုတ် ငါလာတာသိလို့ သူတို့ စောင့်နေကြတယ်နဲ့ တူတယ်။ တံခါးကို အရင်ခေါက်ရင် ကောင်းမယ်"

တံခါးကို သူ ခေါက်လိုက်သည်။ ရုတ်တရက် တုံ့ပြန်ခြင်း မရှိ။ ဆယ်စက္ကန့်လောက်ကြာသော အခါတွင်မှ အဖြေတခု ထွက်ပေါ်လာသည်။

"ဘယ်သူလဲ ..." တစုံတယောက်က ဒေါသဖြင့် ခပ်ကျယ်ကျယ် မေးလိုက်သည့်အသံ ဖြစ်သည်။

အလျှိုရှာ တံခါးကိုဖွင့်လိုက်ပြီး တံခါးခုံကို ဖြတ်ကျော်လိုက်သည်။ အခန်းကလေးမှာ အတန်ငယ် ကျယ်ဝန်းသော်လည်း အခန်းထဲတွင် အိမ်ထောင်ပရိဘောဂတွေ ပြွတ်သိပ်နေသည်။ အခန်းထဲတွင် လူတွေအများကြီး ရှိနေသည်ကိုလည်း တွေ့ရသည်။ လက်ဝဲဘက်တွင် ရောမ ရုရှားမီးဖိုကြီးတခု ရှိသည်။ မီးဖို၏ အထက်ဆီမှနေ၍ လက်ဝဲဘက် ပြတင်းပေါက်တခုဆီသို့ တန်းထားသော ကြိုးတန်းတခုပေါ်တွင် အဝတ်မျိုးစုံ လှန်းထားသည်ကို တွေ့ရသည်။

လက်ဝဲဘက်နှင့် လက်ယာဘက် နံရံတို့တွင် ဇာထိုးစောင်များ ဖုံးအုပ်ထားသော ခုတင်တလုံးစီ ရှိသည်။ လက်ဝဲဘက် ခုတင်ပေါ်တွင် ပွင့်ရိုက် ခေါင်းအုံးစွပ် စွပ်ထားသော ခေါင်းအုံးလေးလုံး ဆင့်ထပ်ထားသည်။ အပေါ်ဘက်သို့ တလုံးထက်တလုံး သေးငယ်သွားသည်။ တဖက်ခုတင်တွင်ကား ခေါင်းအုံးသေးသေးကလေး တလုံးတည်းသာရှိသည်။ မျက်နှာချင်းဆိုင်

အခန်းထောင့်တွင်ကား ခန်းဆီးတခု ကာထားသည်။ သို့မဟုတ် ကြိုးတန်းတခုတွင် အဝတ်တထည် ကာထားသည်။ ထိုခန်းဆီး၏ နောက်ဘက်တွင် ကုလားထိုင် တလုံး၊ ခုံတည်းရှည် တလုံးဖြင့် ပြုလုပ်ထားသော ခုတင်တလုံးကို တွေ့မြင်နိုင်သည်။ အလယ် ပြတင်းပေါက်အနီးတွင် လေးထောင့်စားပွဲကြမ်းတခု ရှိသည်။ ပန်းမှန် အစိမ်းကွက် လေးကွက်စီပါသော ပြတင်းပေါက် သုံးခုမှ အလင်းရောင် အနည်းငယ်မျှသာ ဝင်ရောက်လျက်ရှိပြီး ပြတင်းပေါက် အားလုံးကို ကွက်တိ ပိတ်ထားသဖြင့် အခန်းသည် မှောင်ပြီး လှောင်နေသည်။ စားပွဲပေါ်တွင် ကြွက်ဥကြော် တပိုင်းတစ ကျန်ရှိသော ဒယ်အိုး တလုံး၊ တဝက်တပျက် စားထားသော ပေါင်မုန့် တစိတ်နှင့် ဗော့ဒကာအရက် လေးငါးစက် ကျန်ရှိသော ပုလင်းငယ် တလုံးတို့ ရှိသည်။

လက်ဝဲဘက် ခုတင်အနီးရှိ ကုလားထိုင်တလုံးပေါ်တွင်ကား ရည်မွန်ဖော်ရွေသော အသွင်ရှိသည့် အမျိုးသမီးတယောက် ထိုင်နေသည်။ ချည်ဂါဝန်တထည် ဝတ်ဆင်ထားသည်။ သူမ၏မျက်နှာက သွယ်ပြီး ဝါနေသည်။ သူမ၏ ပါးနှစ်ဖက်စလုံး ချိုင့်ဝင်နေသည်က သူမ၏ နာမကျန်းမှုကို ပထမအကြိမ် မြင်ရုံမျှနှင့်ပင် သိစေသည်။ သို့သော် အလျှိုရှာကို အထူး သတိပြုမိစေသည့်အချက်က သူမ၏ မျက်လုံးများပင် ဖြစ်သည်။ စူးစမ်းသော အနေအထားနှင့် စိတ်ကြီးဝင်သော အသွင်တို့ကို တပြိုင်တည်း ဖော်ပြလျက် ရှိသည်။ သူမ၏ခင်ပွန်းသည်နှင့် အလျှိုရှာ စကားပြောနေသည့် အချိန်တွင်လည်း သူမ၏ ကြီးမားညိုဝန်းသော မျက်လုံးများသည် စူးစမ်းသော အနေအထား၊ စိတ်နေမြင့်သော အသွင်နှင့်ပင် အလျှိုရှာကို တလှည့်၊ သူမ၏ခင်ပွန်းကို တလှည့် ကြည့်ရှုလျက် ရှိသည်။

သူမ၏နံဘေးရှိ ပြတင်းပေါက်အနီးတွင် မိန်းကလေးတယောက် မတ်တတ်ရပ်လျက်ရှိသည်။ အသွင်အပြင် ရိုးသည်။ ဆံပင်မှာ နီနီကျဲကျဲ ဖြစ်သည်။ သူမ၏ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာ အဖိုးတန် အကောင်းစားများ မဟုတ်သော်လည်း သေသေသပ်သပ် ဝတ်ဆင်ထားသည်။ အလျှိုရှာ အခန်းတွင်းသို့ ဝင်သွားသောအခါ သူမက သူ့ကို မနှစ်မြို့သော အမူအရာဖြင့် ကြည့်ရှုသည်။

လက်ယာဘက် ခုတင်အနီးတွင်လည်း ထိုင်နေသော မိန်းကလေးတဦး ရှိသည်။ သူမကို ကြည့်ရသည်မှာ သနားစရာကလေး ဖြစ်သည်။ သူမသည် အသက် နှစ်ဆယ်လောက် ရှိပြီး ခါးကုန်းသည်။ ခြေထောက်နှစ်ဖက်မှာလည်း သိမ်နေကြောင်း နောက်ပိုင်းတွင် အလျှိုရှာသိရှိရသည်။ သူမ၏ ချိုင်းထောက်နှစ်ခုသည် သူမ၏အနီးရှိ အခန်းထောင့်တွင် ထောင်ထားသည်။ ကံဆိုးမလေး၏ သိမ်မွေ့လှပသော မျက်လုံးများသည် အလျှိုရှာကို တည်ငြိမ် အေးဆေးစွာဖြင့် ကြည့်ရှုနေသည်။

စားပွဲတွင် ထိုင်ပြီး ကြက်ဥကြော်ကို လက်စသတ်နေသူမှာ အသက် လေးဆယ်ကျော် ငါးဆယ်ရွယ် လူကြီးတယောက် ဖြစ်သည်။ သူသည် အရပ် မနိမ့်မမြင့်၊ ပိန်ပိန်ပါးပါး၊ ချည့်ချည့်နဲ့နဲ့ ဖြစ်သည်။ ဆံပင်နီသည်။ မုတ်ဆိတ်မွေး နီနီမှာလည်း မြက်ဖုတ်တခုနှင့် တူသည်။ မြက်ဖုတ်ဟူသော စကားလုံး သည် အလျှိုရှာ၏ခေါင်းထဲသို့ တမုဟုတ်ချင်းအတွင်း အလိုအလျောက် ဝင်ရောက်လာခြင်း ဖြစ်ကြောင်း နောက်မှ သူသတိပြုမိသည်။ ဤလူသည် သူ တံခါးခေါက်စဉ်က ‘ဘယ်သူလဲ’ ဟု မေးလိုက်သောလူပင် ဖြစ်သည်။ အကြောင်းမှာ အခန်းထဲတွင် ယောက်ျားကြီးဟူ၍ နောက်ထပ် မည်သူ တဦးတယောက်မျှ မရှိသောကြောင့် ဖြစ်သည်။

သို့ရာတွင် အလျှိုရှာ အခန်းတွင်းသို့ဝင်သွားသော အခါတွင်မူကား သူသည် ထိုင်နေသော ခုံရှည်ပေါ်မှ ခုန်ထလိုက်ပြီး ပါးစပ်ကို လက်သုတ်ပဝါတထည်ဖြင့် ကမန်းကတန်း သုတ်ကာ အလျှိုရှာထံသို့ ကသောကမျော ပြေးလာသည်။

“ဘုန်းကြီးတပါး အလှူခံရအောင် ကြွလာတယ်၊ သူ ရောက်လာတာ တကယ့် နေရာမှန်ပဲ”

လက်ဝဲဘက် အခန်းထောင့်တွင် ရပ်နေသော မိန်းကလေးက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

အလျှိုရှာထံသို့ ပြေးလာသော လူကြီးသည် ထိုမိန်းကလေးဘက်သို့ ချာခနဲ လှည့်လိုက်ပြီး တုန်ယင်လှုပ်ရှားသော လေသံဖြင့် ...

“မဟုတ်ဘူး ဗာဗရာ၊ မင်းပြောတာ မှားတယ်”

ထို့နောက် သူသည် အလျှိုရှာဘက်သို့ ပြန်လှည့်လိုက်ပြီး...

“ကျွန်တော်တို့ရဲ့ တင်းကုပ်ကလေးကို ဘာအကြောင်းကိစ္စနဲ့ ကြွရောက်လာပါသလဲ ခင်ဗျာ”

အလျှိုရှာ သူ့ကို သေချာစွာ ကြည့်လိုက်သည်။ ဤသူကို သူ ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပင် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ အချိုးမကျ ဂနာမငြိမ် စိတ်မြန်သည့်အသွင်ရှိသည်။ သူ အရက်သောက်ထားသည်မှာ သိသာထင်ရှားလှသော်လည်း သူ မမူးပါ။ သူ၏ အမူအရာသည် ဆင်ကန်းတောတိုးလုပ်မည့် ပုံစံမျိုး ဖြစ်သော်လည်း ထူးဆန်းသည်မှာ တချိန်တည်းမှာပင် သူရဲဘော ကြောင်တတ်သည့် အသွင်မျိုးလည်း ပေါ်လွင်နေသည်။ ဘာနှင့် တူသနည်း။ ယခုတော့ သူသည် တသက်လုံး သူများတကာ ထားရာနေ စေရာသွား ခိုင်းတာလုပ် ဘဝတွင်

အောင့်အည်းနေထိုင်ခဲ့ပြီးမှ ယခုအခါတွင် ရုတ်ခြည်းဆိုသလို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် ကြိုးစားသူ တဦးပမာ ဖြစ်သည်။ ဒါမှမဟုတ် တနည်းပြောရလျှင် သူသည် သူတပါးကို သဲကြီးမဲကြီး ရန်ပြုလိုပြီး မိမိကို ပြန်လည် ရန်ပြုခံရမည်ကိုတော့ အသေအလဲ ကြောက်တတ်သည့် လူစားမျိုး ဖြစ်သည်။

သူပြောသည့် အသံနှင့် သူပြောသည့် စကားလုံးတို့သည် ရယ်စရာကောင်းလှသည်။

ရံခါတွင် တောင်းပန်တိုးလျှိုးဟန်ရှိပြီး ရံခါတွင် ရန်လိုတိုက်ခိုက်ဟန်ရှိသည်။ သူ့လေသံက တသမတ်တည်း မရှိဘဲ အမြဲတမ်း ပြောင်းလဲလျက်ရှိသည်။

"ကျွန်တော်တို့ရဲ့ တင်းကုပ်ကလေးကို ဘာကိစ္စ လာသနည်း" ဟု မေးလိုက်သည့် အချိန်ကဆိုလျှင် သူ၏ မျက်လုံးကြီးများ ပြူးထွက်နေပြီး သူ့တကိုယ်လုံး တုန်ယင်နေပြီး အလျှိုရှာနှင့် လူချင်းတိုက်မိတော့မတတ် ရှေ့သို့တိုးလာသဖြင့် အလျှိုရှာသည် အလိုအလျောက်ပင် နောက်သို့ ခြေတလှမ်း ဆုတ်လိုက်မိသည်။

သူသည် ဖာရာ ဗရပွ အစွန်းအထင်း ဗရပွနှင့်ဖြစ်သော ချည်ကုတ်အင်္ကျီအနက် အစုတ် အဟောင်းကြီး တထည်ကို ဝတ်ထားသည်။ ထို့အပြင် သူသည် အင်မတန် ပါးသော အစနှင့် ချုပ်ပြီး ခေတ်မမီတော့သော အရောင်နုကွက်ကြား ဘောင်းဘီရှည်ကို ဝတ်ထား သည်။ အနှီ ဘောင်းဘီသည် နွမ်းနယ် ကြေမွနေပြီး မြင်မကောင်းအောင် တိုတောင်းလှသဖြင့် သူသည် ဤဘောင်းဘီကို ကလေးဘဝကတည်းက ဝတ်ဆင်ထားရင်း တဖြည်းဖြည်း လူလုံးကြီးလာသည့် ပုံစံမျိုး ဖြစ်သည်။

"ကျွန်တော်က အလက်ဇီ ကာရာမာဇော့ပါ"

အလျှိုရှာ ပြန်ကြားလိုက်သည်။

"အဲဒါကို ကျွန်တော် သိပါတယ် ခင်ဗျာ"

ထိုလူကြီးက အလျှိုရှာကို သူသိကြောင်း ချက်ချင်းပင် တုံ့ပြန်လိုက်သည်။ ထို့နောက်…

"ကျွန်တော်က ဗိုလ်ကြီး ဆနီဂါယော့ပါ ခင်ဗျား၊ ဒါပေမဲ့ ခင်ဗျာ.. လူကြီးမင်း ဘာကိစ္စနဲ့ လာတယ် ဆိုတာကို ကျွန်တော် အခုအထိ သိချင်နေပါသေးတယ် ခင်ဗျာ"

"အို ကျွန်တော် ဘာကိစ္စမှ အကြောင်းထူး မရှိပါဘူး၊ ဗိုလ်ကြီးနဲ့ စကားပြောချင်လို့ လာတာပါ၊ ဗိုလ်ကြီးက ခွင့်ပြုမယ် ဆိုရင်ပေါ့"

"အဲဒီအတွက် ဆိုရင်တော့ ဟောဒီ ကုလားထိုင်မှာ တဆိတ်ကလေး ထိုင်ပါခင်ဗျား၊ "တဆိတ်ကလေး ထိုင်ပါခင်ဗျာ" ဆိုတဲ့ စကားလုံးကတော့ ရှေးတုန်းက ဇာတ်တွေမှာ သုံးတဲ့ အသုံးအနှုန်းပါပဲ"

သူသည် ယင်းသို့ ပြောဆိုပြီးနောက် ကုလားထိုင်လွတ်တလုံး (အဝတ်ဖုံးအုပ်ထားခြင်း မရှိသော အကြမ်းထည် သစ်သားကုလားထိုင်) ကို အလျင်အမြန် ကမန်းကတန်း ယူပြီး အလှျိုရှာအတွက် အခန်း၏ အလယ်ကောင်တည့်တည့်လောက်တွင် ချထားပေးလိုက်သည်။ ထို့နောက် သူ့အတွက်လည်း အလားတူ ကုလားထိုင်မျိုးတလုံးကို သယ်ယူလာပြီး အလှျိုရှာနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ ကုလားထိုင်ချင်း နီးစပ်လှသဖြင့် ဒူးခေါင်းချင်း တိုက်မိမတတ် ဖြစ်နေတော့သည်။

"နီကိုလေ အီလိယက် ဆနီဂါယော့ပါ ခင်ဗျာ၊ ရှုရှား ခြေလျင်တပ်က ဗိုလ်ကြီးဟောင်း တယောက်ပါ ခင်ဗျာ၊ သူကျူးလွန်ခဲ့တဲ့ ဒုစရိုက်တွေအတွက် အရက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပေမယ့် အခုအထိ ဗိုလ်ကြီးတယောက်ပါပဲ ခင်ဗျာ၊ အမှန်တော့ ကျွန်တော်ဟာ ဗိုလ်ကြီး ဆနီဂါယော့လို့ မိတ်ဆက် ပေးမယ့်အစား "ဗိုလ်ကြီး ခင်ဗျာ" လို့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးဖို့ ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ဘဝ နောက်ပိုင်းတဝက်မှာမှ "ခင်ဗျာ" ဆိုတဲ့ စကားလုံးကို ပြောတတ်လာလို့ပါပဲ၊ "ခင်ဗျာ၊ ခင်ဗျာ" ဆိုတဲ့ စကားလုံးဟာ လောကကြီးမှာ လူတယောက် ကျရှုံးသွားရတဲ့အခါမှ သုံးရတဲ့ စကားလုံးပါပဲ"

"မှန်ပါတယ်၊ ဒါပေမဲ့ ဒီစကားလုံးကို သုံးချင်လို့ သုံးရတာလည်း ရှိပါတယ်၊ မသုံးချင်ဘဲနဲ့ သုံးရတာလည်း ရှိပါတယ်"

"မသုံးချင်ဘဲနဲ့ သုံးရတယ်ဆိုတာ ဘုရားသခင် သိပါတယ်၊ ဒီစကားကို ကျွန်တော် ဘယ်တော့မှ မသုံးခဲ့ပါဘူး၊ ကျွန်တော့်ရဲ့ဘဝတလျှောက်လုံးမှာ "ခင်ဗျာ" ဆိုတဲ့ စကားလုံးကို ကျွန်တော် ဘယ်တုန်းကမှ မသုံးခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော်ဟာ ဖြုန်းခနဲ ကျဆုံးသွားပါတယ်၊ ကျရာကနေ ပြန်ထတဲ့အခါမှာ ကျွန်တော့်ပါးစပ်မှာ "ခင်ဗျာ" ဆိုတဲ့ စကားလုံးဟာ တခါတည်း ကပ်ပါလာပါတော့ တယ်၊ ဒါဟာ အထက်က စီမံဖန်တီးလိုက်တဲ့ အလုပ်ပဲ၊ လူကြီးမင်းဟာ လတ်တလော ပြဿနာတွေမှာ စိတ်ဝင်စားတယ်လို့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်လို ညှော်ဝတ်ပျူငှာ မကျေပွန်နိုင်တဲ့ ဝန်းကျင်မှာနေတဲ့ လူတယောက်ဟာ လူကြီးမင်းကို ဘယ်လိုများ ဆွဲဆောင် စိတ်ဝင်စားစေနိုင်ပါသလဲ"

"ကျွန်တော် လာတာ ... ဟိုကိစ္စ အတွက်ပဲ"

"ဘယ်ကိစ္စ အတွက်လဲ ..."

ဗိုလ်ကြီးက စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်ကာ မေးသည်။

“လူကြီးမင်းနဲ့ ကျွန်တော့်အစ်ကို ဒီမီထရီ တွေ့ဆုံတဲ့ကိစ္စပါပဲ”

အလျှိုရှာက စိတ်ထဲမှာ ကသိကအောက်နှင့်ပင် ပြောချလိုက်သည်။

“ဘယ်တွေ့ဆုံတာလဲ ခင်ဗျာ၊ အဲဒီ တွေ့ဆုံခြင်းကို လူကြီးမင်း ပြောနေတာလား၊ “မြက်ဖုတ်ကြီး” ကိစ္စကို လူကြီးမင်း ပြောနေတာလား”

သူက ရှေ့သို့ ပိုပြီးတိုးလာသဖြင့် သူ၏ဒူးနှင့် အလျှိုရှာ၏ ဒူးတဖက်ပင် ထိတိုက်မိသည်။ သူ၏ နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသဖြင့်လည်း မမြင်ရတော့လောက်အောင်ပင် ပျောက်ကွယ်နေ တော့သည်။

“ဘာ မြက်ဖုတ်ကြီးလဲ” အလျှိုရှာ ရေရွတ်လိုက်သည်။

“သားအကြောင်း သူ လာတိုင်တာပဲ ဖေဖေ”

အလျှိုရှာ ကြားဖူးသော အသံတခု ထွက်ပေါ်လာသည်။ ကျောင်းသားကလေး၏အသံ ဖြစ်သည်။ ကန့်လန့်ကာ၏ နောက်ဘက်မှ ဖြစ်သည်။

“ညနေက သူ့လက်ကို ကိုက်လိုက်တာ သားပဲ”

ကန့်လန့်ကာကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ သူ၏ ရန်သူဟောင်းကို အလျှိုရှာ တွေ့မြင်ရသည်။ ပုံတော်ကားများ အောက်ဘက်တွင် ခုံရှည်တလုံး၊ ကုလားထိုင် တလုံးဖြင့် ပြုလုပ်ထားသော ခုတင်ပေါ်တွင် ဖြစ်သည်။ ကောင်ကလေးကို သူ၏ ကုတ်အင်္ကျီနှင့် အတူ စောင်ဟောင်းတထည်ဖြင့် ခြုံထားသည်။ ကောင်ကလေး နေမကောင်းဖြစ်နေသည်မှာ သိသာသည်။ သူ၏မျက်လုံးများ နီရဲနေသည်ကို ထောက်ချင့်ခြင်းအားဖြင့် ဖျားနေကြောင်း သိရှိရသည်။ ကောင်ကလေးသည် အလျှိုရှာကို အကြောက်အလန့်မရှိ ကြည့်နေသည်။

“ကျုပ်အိမ်မှာ ကျုပ်ကို ခင်ဗျား ဘာမှမလုပ်ရဲပါဘူး” ဟူသောအကြည့်မျိုးနှင့် ဖြစ်သည်။ “သူ့လက်ကို ကိုက်တယ်၊ ဟုတ်လား” ဆနီဂါယော့ ထိုင်ရာမှ ကုန်းကွကာ ထလိုက်ပြီး “လူကြီးမင်းလက်ကို သူ ကိုက်တယ်၊ ဟုတ်လား ခင်ဗျာ”

“ဟုတ်တယ်၊ လမ်းပေါ်မှာ သူနဲ့ ကောင်ကလေးတွေ ခဲနဲ့ အပြန်အလှန် ပစ်နေကြတယ်၊ သူတယောက်တည်းနဲ့ တဖက်က ခြောက်ယောက်ပဲ၊ သူ့ဆီကို ကျွန်တော်သွားတော့ သူ ကျွန်တော့်ကို ခဲတလုံးနဲ့ ဆီးပေါက်တယ်၊ နောက်ပြီးတော့ ကျွန်တော့်ခေါင်းကို နောက်တလုံး ထပ်ပေါက်တယ်၊ သူ့ကို ကျွန်တော်က

ဘာလုပ်လို့လဲလို့ မေးတော့ ကျွန်တော့်ဆီကို သူ ဖြုန်းခနဲ ပြေးလာပြီး ကျွန်တော့်လက်ကို တအား ကိုက်တော့တာပဲ၊ ဘာကြောင့် ကိုက်တယ်ဆိုတာ ကျွန်တော် နားမလည်ဘူး”

“ကျွန်တော် သူ့ကို အခုချက်ချင်းပဲ ရိုက်ပြီး ဆုံးမပါ့မယ် ခင်ဗျာ၊ အခုချက်ချင်းပဲ ရိုက်ပါ့မယ်” ဆနီဂါယေ့ာ ကုလားထိုင်မှ ခုန်ထလိုက်သည်။

“မဟုတ်ပါဘူး ခင်ဗျာ့၊ ဒီကိစ္စကို ကျွန်တော် တိုင်နေတာ မဟုတ်ပါဘူး၊ အဖြစ်ကို ဖြစ်တဲ့အတိုင်း ကျွန်တော် ပြန်ပြောပြနေတာပါ၊ သူ့ကို ဘာမှ ရိုက်စရာ မလိုပါဘူး၊ နောက်ပြီး အခု သူ့ကိုကြည့်ရတာ နေမကောင်း ဖြစ်နေတယ်နဲ့ ...”

“ကျွန်တော် သူ့ကို ရိုက်လိမ့်မယ်လို့ လူကြီးမင်း တကယ်ပဲ ထင်သလား ခင်ဗျာ။ လူကြီးမင်း ကျေနပ်အောင် လူကြီးမင်းရှေ့မှာ သူ့ကို ရိုက်လိမ့်မယ်လို့ ထင်သလား”

ဆနီဂါယေ့ာက ယင်းသို့ပြောပြီး အလျှိုရှာဘက်သို့ ချာခနဲ လှည့်လိုက်သည်။ ရုတ်တရက် ခုန်အုပ်လိုက်တော့မည့် အလားပင် ဖြစ်သည်။

“လူကြီးမင်းရဲ့လက်အတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ လူကြီးမင်း ကျေနပ်အောင် ကျွန်တော့် သားကို ကျွန်တော်ရိုက်မယ့်အစား ကျွန်တော့်လက်လေးချောင်းကို ဒီ ဓားနဲ့ ဖြတ်ပစ်လိုက်မယ်၊ လူကြီးမင်း ကျေနပ်အောင် လက်လေးချောင်း ဖြတ်ပစ်လိုက်မယ်၊ နောက် ကျန်နေတဲ့ တချောင်းကို ကော ဖြတ်ရဦးမလား”

သူ မောသွားသည့်အလား စကားကို ရုတ်တရက် ရပ်လိုက်သည်။ သူ့မျက်နှာမှ အသားများအားလုံး တဆတ်ဆတ် တုန်နေသည်။ သူသည် အလျှိုရှာကို စားတော့မလို ဝါးတော့မလို ကြည့်နေသည်။ သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့သည့်အလား ဖြစ်သည်။

“ကျွန်တော် အခု အားလုံးကို နားလည်သွားပါပြီ”

အလျှိုရှာ ထိုင်ရာမှ မထဘဲ စိတ်မကောင်းဟန်ဖြင့် တိုးတိုးကလေး ပြောလိုက်သည်။ “အမှန်တော့ ဗိုလ်ကြီးရဲ့သားဟာ လူလိမ္မာ လူကောင်းကလေးပဲ၊ သူဟာ သူ့အဖေကို သိပ်ချစ်တယ်၊ သူ ကျွန်တော့်ကို ရန်လုပ်တာ ကျွန်တော်ဟာ ဗိုလ်ကြီးကို စော်ကားတဲ့လူရဲ့ညီ ဖြစ်လို့ပဲ၊ ဒါကို ကျွန်တော် အခု နားလည်ပါပြီ” ထိုစကားကို အလျှိုရှာ ထပ်ပြောလိုက်သည်။ “ဒါပေမဲ့ ပြောရမယ်ဆိုရင် ကျွန်တော့်အစ်ကို ဒီမီထရီဟာလည်း သူလုပ်ခဲ့တဲ့ကိစ္စအတွက် အများကြီး စိတ်မကောင်း ဖြစ်နေပါတယ်၊ ကျွန်တော် ကောင်းကောင်း သိပါတယ်၊ သူဟာ

ဗိုလ်ကြီးနဲ့တွေ့ရင် ဒါမှမဟုတ် ဗိုလ်ကြီးတို့ အချင်းဖြစ်တဲ့နေရာမှာ ပြန်တွေ့ကြရင် သူဟာ ဗိုလ်ကြီးကို လူတွေအားလုံးရှေ့မှာ တောင်းပန် ဝန်ချမှာ အမှန်ပါပဲ၊ ဗိုလ်ကြီးက တောင်းပန်စေချင်ရင် သူ တောင်းပန်မှာ အမှန်ပါပဲ"

"လူကြီးမင်း ပြောတာက သူဟာ ကျွန်တော့်မုတ်ဆိတ်မွေးကို ဆွဲခဲ့ပြီး အခု အဲဒီကိစ္စအတွက် တောင်းပန်မယ် ဟုတ်လား၊ ဒါဆိုရင် အားလုံး အဆင်ပြေပြေ မျှမျှတတ ဖြစ်သွားမယ်၊ သူ ဒီလိုပဲ ယူဆထားသလား ..."

"အို ... မဟုတ်ပါဘူး၊ ဗိုလ်ကြီး ကျေနပ်တဲ့အတိုင်း သဘောကျတဲ့အတိုင်း သူ လုပ်မှာပါ"

"အဲဒီလိုဆိုရင် ကျွန်တော်က သူ့ကို အဲဒီ အရက်ဆိုင်မှာ ... အဲဒီဆိုင်က မက်ထရိုပိုလီလို့ ခေါ်ပါတယ်... ဒါမှမဟုတ်လည်း ခြံထဲမှာ ဒူးထောက်ပြီး တောင်းပန်ဖို့ ပြောရင် သူ တောင်းပန်မလား ..."

"သူ တောင်းပန်မှာပဲ"

"လူကြီးမင်းပြောတာ ကျွန်တော့်ရင်ထဲမှာ အများကြီး ထိခိုက်သွားပြီ၊ မျက်ရည်တွေတောင် ကျွန်တော် ကျလာပြီ၊ ကျွန်တော့်ရင်ထဲကို အများကြီး စူးဝင်သွားပြီ၊ လူကြီးမင်းကို ကျွန်တော့်မိသားစု နဲ့ မိတ်ဆက်ပေးပါရစေ ခင်ဗျာ၊ ကျွန်တော့် သမီးနှစ်ယောက်နဲ့ သားတယောက်... ကျွန်တော့်ရဲ့ အသိုက်မြုံပေါ့ ခင်ဗျာ၊ ကျွန်တော် သေသွားလို့ရှိရင် သူတို့ကို ဘယ်သူက ကြည့်ရှု စောင့်ရှောက်ပါ့ မလဲ၊ ကျွန်တော် အသက်ရှင်နေတုန်းမှာရော၊ ကျွန်တော့်လို အနုပ်စုတ် ကုပ်စုတ်ကောင်ကို ဘယ်သူက ဂရုစိုက်မလဲ၊ ကျွန်တော့်လို လူစားမျိုးတွေအတွက် ဘုရားသခင်က ဗျာဒိတ်တော် ထားခဲ့တာ ရှိပါတယ်၊ ကျွန်တော့်လို လူစားမျိုးကို ဂရုထားမယ့် လူတယောက်တော့ ဒီလောကကြီးမှာ ရှိရပါမယ်"

"အဲဒါ အမှန်ပါပဲ" အလျှိုရှာ ပြောလိုက်သည်။

"အို အရူးအလုပ်တွေ မလုပ်ပါနဲ့၊ အရူးတယောက် ရောက်လာတာနဲ့ ကျွန်မတို့ အားလုံးကို ဖေဖေ အရှက်မခွဲပါနဲ့"

ပြတင်းပေါက်မှ မိန်းကလေးက သူ့ဖခင်ကို မကျေမနပ် မနှစ်မြို့ဟန်ဖြင့် ရုတ်တရက် ပြောလိုက်သည်။

"အသာနေစမ်းပါ ဗာဗရာ" ဖခင်က သမီးကို သဘောမကျဟန်ဖြင့် ဆိုလိုက်သည်။ ထို့နောက် အလျှိုရှာဘက်သို့ လှည့်ပြီး "ဒီကောင်မလေးက ဒီအတိုင်းပဲ ခင်ဗျာ့၊ အဲ လူကြီးမင်းကို ကျွန်တော့်မိန်းမနဲ့ မိတ်ဆက်ပေးပါရစေ၊ အရီနာ ပီထရိုဗနာ၊ ခြေထောက်နှစ်ဖက် မသန်ပါဘူး ခင်ဗျာ၊ အသက်

လေးဆယ့်သုံးနှစ် ရှိပါပြီ၊ သူ့ခြေထောက်တွေကို နည်းနည်းပဲ ရွှေ့လို့ရပါတယ်၊ အညတရတွေပါ လူကြီးမင်း၊ မေမေ့မျက်နှာကို ချီချီထားပါ။ အရီနာ၊ သူက အလက်ဇီ ကာရာမာဇော့ပါ၊ မတ်တတ်ထပါ ခင်ဗျာ”

သူက အလျှိုရှာကို ပြောလိုက်သည်။ ထို့နောက် အလျှိုရှာ၏လက်ကို ဆွဲပြီး ထစေသည်။

“လူကြီးမင်းကို အမျိုးသမီးတယောက်နဲ့ မိတ်ဆက်ပေးနေပါတယ် ခင်ဗျာ၊ အဲဒါကြောင့် မတ်တတ် ထပါ ခင်ဗျာ၊ ဟို ဟို .. အဲ ... ဟိုဥစ္စာလုပ်တာ ဒီ ကာရာမာဇော့ မဟုတ်ပါဘူး၊ သူ့အစ်ကိုပါ မေမေ၊ သူတို့ကို ခွင့်ပြုပါ၊ တို့ကို ခွင့်ပြုပါ၊ မေမေ့ရဲ့ လက်ကို အရင်ဆုံး နမ်းပြီး ဂုဏ်ပြုပါရစေ”

ထို့နောက် သူသည် ဇနီးသည်၏လက်ကို သိမ်သိမ်မွေ့မွေ့ လေးလေးစားစား နမ်းသည်။ ပြတင်းပေါက်ရှိ မိန်းကလေးသည် မြင်ကွင်းကို သည်းမခံနိုင်ဟန်ဖြင့် တဖက်သို့ လှည့်သွားသည်။ မာန်မာနကြီးမားဟန်ရှိသော အမျိုးသမီးကြီး၏ မျက်နှာပေါ်တွင် အထူးတလည် ယဉ်ကျေးဖော်ရွေ ေသော အမူအရာ ပေါ်လွင်လာသည်။

“ကောင်းသော ညနေခင်းပါ၊ ထိုင်ပါ မစ္စတာ ချာနိုမာဇော့”

“ကာရာမာဇော့ပါ မေမေ၊ ကာရာမာဇော့ပါ၊ ကျွန်တော်တို့ဟာ အညတရတွေပါ ခင်ဗျာ”

အလျှိုရှာကို သူ တီးတိုးဆိုပြန်သည်။

“အင်း ကာရာမာဇော့ပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ချာနိုမာဇော့ပဲ ခေါ်မှာပဲ၊ ထိုင်ပါရှင်၊ သူက ရှင့်ကို ဘာဖြစ်လို့ ထခိုင်းရတာလဲ၊ သူက ကျွန်မ ခြေမသန်ဘူးလို့ ပြောတယ်၊ မဟုတ်ပါဘူးရှင်၊ ကျွန်မမှာ ခြေထောက်တွေ ရှိပါတယ်၊ စည်ပိုင်းကြီးတွေလို ရောင်နေတာပဲ ရှိပါတယ်၊ ကျွန်မ တချိန်တုန်းက အလွန်မတန် ဝခဲ့ပါတယ်။ အခုတော့ အပ်ကလေးတချောင်းလိုပဲ ပိန်နေပါတော့ တယ်”

“ကျွန်တော်တို့ဟာ မရှိဆင်းရဲသား အညတရတွေပါ၊ အညတရတွေပါ”

ဆနီဂါယော့က ရှင်းလင်းချက် ထုတ်သည့်အလား တိုးညင်းစွာ ရွတ်ဆိုပါသည်။

“အို ဖေဖေ၊ ဖေဖေကလည်း ...”

တချိန်လုံး နှုတ်ဆိတ်နေခဲ့သော ခါးကုန်းကုန်း မိန်းကလေးက ရုတ်တရက် ပြောလိုက်သည်။ သူမ၏ မျက်နှာကိုလည်း လက်ကိုင်ပဝါနှင့် အုပ်ထားလိုက်သည်။

"လူပြက်ကြီးပဲ" ပြတင်းပေါက်မှ မိန်းကလေးက ပြောလိုက်သည်။

"မေမေတို့ သတင်းကို သမီးတို့ ကြားကြသလား"

မိခင်က လက်နှစ်ဖက်ကို သမီးတွေထံသို့ ဖော့ယမ်းကာ ပြောသည်။

"တိမ်တိုက်တွေ ကင်းစင်သွားတဲ့ အတိုင်းပဲ၊ တိမ်တွေ မရှိတော့ဘူး၊ လောကကြီး သာယာသွားပြီ၊ အရင်တုန်းက မေမေတို့ တပ်ထဲမှာ ရှိတုန်းက မေမေတို့မှာ ညှော်သည်တွေ အများကြီးပဲ၊ မေမေက ပုံနှိုင်းတာတော့ မဟုတ်ပါဘူး၊ လူတိုင်းဟာ ကိုယ့်အကြိုက်နဲ့ကိုယ်ပါ။

"အဲဒီတုန်းက သင်းထောက်ကတော်ဟာ တို့ဆီကို လာလည်လေ့ရှိတယ်၊ နောက်ပြီးတော့ သူက ပြောတယ် .... "အလက်ဇင်ဒါ အလက်ဇင်ဒရိဗစ်ဟာ အင်မတန် သဘောကောင်းတဲ့ လူတယောက်ပဲ၊ ဒါပေမဲ့ နာတာစယာ ပီထရိုနိုဗာကတော့ အင်မတန်ဆိုးတဲ့ မိန်းမတယောက်ပဲ" တဲ့။ အဲဒီတော့ မေမေက သူ့ကို ပြန်ပြောတယ်၊ "လူတိုင်းဟာ ကိုယ့်အကြိုက်နဲ့ကိုယ်ပဲ၊ ရှင်က မလိုတမာ ထင်နေလို့ပါ" လို့။ ဒီတော့ သူက ပြောတယ်၊ "ရှင်က ကိုယ့်အခန်းထဲ အောင်းနေတဲ့လူပဲ" တဲ့။ ဒီတော့ မေမေက ပြောတယ်၊ "ရှင် နည်းနည်းမှ အသုံးမကျတဲ့လူပဲ၊ ရှင့်ကို ဘယ်သူက တရားဟောခိုင်း နေလို့လဲ" လို့၊ ဒီတော့ သူက ပြောတယ်။ "ကျွန်မ အသက်ရှူတဲ့လေက သန့်ရှင်းတယ်၊ ရှင်က မသန့်ရှင်းဘူး" တဲ့။ မေမေက ပြန်ပြောတယ်၊ "ကျွန်မ အသက်ရှူတဲ့လေက သန့်ရှင်းသလား၊ မသန့်ရှင်းဘူးလား ဆိုတာ အရာရှိ လူကြီးမင်းတွေကို မေးကြည့်စမ်းပါ" လို့ ...။

"အဲဒီနောက်ပိုင်းမှာ မေမေဟာ အဲဒီအကြောင်းကို ခေါင်းထဲက မေ့ပစ်လို့ မရဘူး၊ အဲဒီနောက် လေးငါးရက် အကြာမှာ မေမေဟာ အခုထိုင်သလို ထိုင်နေတယ်၊ အီစတာ ပွဲတော်နေ့တုန်းက လာတဲ့ ဗိုလ်ချုပ်ကြီးဟာ အဲဒီနေ့က ရောက်လာတယ်၊ မေမေက သူ့ကို ပြောတယ် .... "ဗိုလ်ချုပ်ကြီးရှင့် ... အမျိုးသမီး တယောက်ဟာ လေကောင်းလေသန့် မရှူသင့်ဘူးလား" လို့။ ဒီတော့ သူက ပြောတယ်၊ "ရှူသင့်တာပေါ့၊ ဒီအထဲမှာ လေက မသန့်ဘူး၊ ပြတင်းပေါက်ဖြစ်ဖြစ် တံခါးပေါက်ကိုဖြစ်ဖြစ် ဖွင့်ထားပါ" တဲ့ ...။

"သူတို့အားလုံးဟာ ဒီအတိုင်းပဲ၊ မေမေ အသက်ရှူတဲ့လေက ဘာဖြစ်သလဲ၊ လူသေတွေက ပိုပြီး အနံ့ဆိုးတယ်၊ မေမေက ပြောတယ်။ "လေကို ကျွန်မ မဖျက်ဆီးပါဘူး၊ ကျွန်မ ဖိနပ်မှာပြီး အပြင်ကို သွားမယ်"၊ သမီးတို့ .. သမီးတို့ မေမေ့ကို အပြစ်မပြောကြပါနဲ့၊ ဒီမယ် နီကိုလေ၊ ကျွန်မ လုပ်သမျှဟာ သဘောမကျစရာတွေချည်းပဲလား၊ ကျွန်မကို ချစ်တာ ကျောင်းကပြန်လာတဲ့ အီလျူရှာကလေး တယောက်ပဲ ရှိတယ်၊ သူ မနေ့က ကျွန်မအတွက် ပန်းသီးတလုံး ယူလာတယ်၊ မေမေ့ကို ခွင့်လွှတ်ပါ သမီးတို့၊ သမီးတို့ရဲ့မေမေကို ခွင့်လွှတ်ကြပါ၊

အထိးကျန် ဖြစ်နေတဲ့ မိန်းမကြီးတယောက်ကို ခွင့်လွှတ်ကြပါ၊ မေမေ့ရဲ့ အသက်ရှူတဲ့ လေကို သမီးတို့ ဘာဖြစ်လို့ ဒါလောက်တောင် မကြိုက်ဘဲ ဖြစ်နေကြရသလဲ”

စိတ်မနှံ့သော အမျိုးသမီးကြီး ငိုတော့သည်။ သူမ၏ မျက်လုံးအိမ်မှ မျက်ရည်များ သွန်ကျလာသည်။ သူမထံသို့ ဆနီဂါယော့ ပြေးသွားသည်။

သူသည် အမျိုးသမီး၏လက်များကို နမ်းရှုပ်ပြန်တော့သည်။ အမျိုးသမီး၏ မျက်နှာကိုလည်း လက်နှစ်ဖက်ဖြင့် ယုယကြင်နာစွာ ပွတ်သပ်ပေးလျက်ရှိသည်။ စားပွဲပေါ်မှ လက်သုတ်ပဝါကို ကောက်ယူပြီး အမျိုးသမီး၏ မျက်ရည်များကို သုတ်ပေးသည်။

မိမိ၏ မျက်လုံးများတွင်လည်း မျက်ရည်များ စို့နေပြီဖြစ်ကြောင်း အလျှိုရှာ ခံစားမိသည်။

“ဒီမယ် လူကြီးမင်း၊ သူဖြစ်တာ တွေ့သလား... သူပြောတာ ကြားသလား ...” ဆနီဂါယော့သည် ရုတ်ခြည်းဆိုသလို အလျှိုရှာဘက်သို့ လှည့်ပြီး ခပ်မာမာ ပြောလိုက်သည်။

“ကျွန်တော် မြင်ပါတယ်၊ ကျွန်တော် ကြားပါတယ်”

အလျှိုရှာ ရွတ်ဆိုလိုက်သည်။

“ဖေဖေ၊ ဖေဖေ၊ ဖေဖေ သူ့ကို တောင်းပန်နေတာလား”

“သူ့ကို ဘေးချိတ်ထားလိုက်စမ်းပါ ဖေဖေ”

ကောင်ကလေးက ခုတင်ပေါ်တွင် ထထိုင်ကာ ဖခင်ကို နီရဲနေသော မျက်လုံးများဖြင့် ကြည့်ရင်း ပြောလိုက်သည်။

“လူပေါကြီးလို လုပ်မနေပါနဲ့တော့ ဖေဖေ၊ အဓိပ္ပာယ်မရှိ ဖေဖေ လျှောက်လုပ်နေတာတွေ ဘာမှ အကျိုးမရှိပါဘူး”

ဗာဗရာသည် အထူးပင် စိတ်တိုလာဟန်ဖြင့် ခြေထောက်ကို ဆောင့်ကာ အခန်းထောင့်ဆီမှ လှမ်းအော်သည်။

“သမီး ဒီတခါ စိတ်ဆိုးတာ မှန်ပါတယ် ဗာဗရာ၊ သမီး ကျေနပ်အောင် ဖေဖေ လုပ်ပါ့မယ်”

ထို့နောက် သူသည် အလျှိုရှာဘက်သို့ လှည့်ပြီး...

‘လူကြီးမင်း၊ ဦးထုပ်ဆောင်းပါ ခင်ဗျာ၊ ကျွန်တော်လည်း ဆောင်းမယ်၊ ကျွန်တော်တို့ အပြင်ဘက်ကို သွားကြရအောင်၊ လူကြီးမင်းကို အရေးကြီးတာတခု ကျွန်တော် ပြောစရာ ရှိတယ်၊ အပြင်ဘက်ကျမှ ပြောမယ်၊ ဟိုမှာ ထိုင်နေတဲ့ မိန်းကလေးက ကျုပ်သမီး နီနာပါ ခင်ဗျာ၊ ကျွန်တော် လူကြီးမင်းကို သူနဲ့ မိတ်ဆက်ပေးဖို့ မေ့သွားပါတယ်၊ သူက ကောင်းကင်တမန်မလေး ဝင်စားတာပါ၊ သူက ကောင်းကင်ဘုံကနေပြီး ကျွန်တော်တို့ဆီကို ပျံဆင်းလာတာပါ... အဲ .. အဲ... ကျွန်တော် ဆိုလိုတာကို လူကြီးမင်း နားလည်ကောင်းပါတယ်”

“သူ့ကို ကြည့်စမ်း၊ တကိုယ်လုံး တုန်နေတာပဲ၊ အကြောဆွဲပြီး တက်နေသလိုပဲ” ဗာဗရာ ဒေါသဖြင့် ပြောသည်။

“ကျွန်တော့်ကို ခြေထောက်ဆောင့်ပြီး လူပေါကြီးလို့ ခေါ်တဲ့ မိန်းကလေးဟာလည်း ကောင်းကင်ဘုံ က တမန်တော်ကလေး ဝင်စားတာပါပဲ၊ သူ ကျွန်တော့်ကို အဲဒီလိုခေါ်တာ မှန်ပါတယ် ခင်ဗျာ၊ သွားကြစို့ လူကြီးမင်း၊ ကျွန်တော်တို့ စာရင်းရှင်းကြရအောင်”

ဆနီဂါယော့သည် အလျှိုရှာ၏လက်ကိုဆွဲပြီး အိမ်အပြင်ဘက် လမ်းမဆီသို့ ခေါ်ဆောင်သွားတော့ သည်။

၇။ လေဟာပြင်ဝယ်

"ဒီမှာ လေကောင်းလေသန့် ရပါတယ်ခင်ဗျာ၊ ကျွန်တော့်အခန်းထဲမှာတော့ လေကောင်း လေသန့် အကြောင်း ဘယ်လိုမှ ထည့်ပြောစရာ မရှိပါဘူး၊ ကျွန်တော်တို့ ဖြည်းဖြည်း လျှောက်ကြတာပေါ့ ခင်ဗျာ၊ လူကြီးမင်းရဲ့ စိတ်ဝင်စားမှုကို ကျွန်တော် အများကြီး ဝမ်းသာပါတယ်ခင်ဗျာ"

"ကျွန်တော်လည်း ဗိုလ်ကြီးကို အင်မတန် အရေးကြီးတဲ့ ကိစ္စတခု ဆွေးနွေးစရာ ရှိပါတယ်၊ အဲဒီကို ကျွန်တော် ဘယ်လိုစပြီး ပြောရမလဲ မသိဘူး"

အလှူ့ရှင်က ပြောလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ လူကြီးမင်းမှာ လုပ်ငန်းကိစ္စတခု ရှိရမယ်လို့ ကျွန်တော် သဘောပေါက် ပါတယ်၊ လူကြီးမင်းဟာ လုပ်ငန်းကိစ္စ မရှိဘဲနဲ့ ကျွန်တော့်ဆီကို ဘယ်တော့မှ လာမှာမဟုတ်ပါဘူး၊ လူကြီးမင်းဟာ ကျွန်တော့် သားအကြောင်း တိုင်ရအောင် လာတာတော့ မဟုတ်ဘူး မဟုတ်လား၊ အဲဒီကိစ္စတော့ အတော်ကြီးကို မဖြစ်နိုင်ပါဘူး။

"ဒါနဲ့ စကားမစပ် ကျွန်တော့်သားအကြောင်း ပြောရဦးမယ်၊ အဲဒီအကြောင်း အိမ်မှာတုန်းကတော့ ပြောလို့မဖြစ်ဘူး၊ အခု ကျွန်တော် လူကြီးမင်းကို ဖြစ်ပျက်ပုံ အလုံးစုံ ပြောပြပါ့မယ်၊ လွန်ခဲ့တဲ့ တပတ်လောက်တုန်းက ကျွန်တော့်ရဲ့ မြက်ဖုတ်ကြီးဟာ ဒါထက် ထူပါတယ်ခင်ဗျာ၊ မြက်ဖုတ်ကြီး ဆိုတာက ကျွန်တော့် မုတ်ဆိတ်မွေးကို ပြောတာပါခင်ဗျာ၊ ကျွန်တော့်ရဲ့ နှုတ်ခမ်းမွေးကို သူတို့က မြက်ဖုတ်ကြီးဆိုပြီး နာမည်ပေးထားကြတာပါ ခင်ဗျာ၊ အထူးသဖြင့်တော့ ကျောင်းသားကလေးတွေ ကပေါ့ ခင်ဗျာ။

"အဲ၊ အင်း... အဲဒီတုန်းကပေါ့ ခင်ဗျာ၊ လူကြီးမင်းရဲ့ အစ်ကို ဒီမီထရီက ကျွန်တော့် မုတ်ဆိတ်မွေး တွေကို ဆွဲပြီး ကျွန်တော့်ကို ဆွဲခေါ်သွားပါတယ်၊ ပန်းခြံထဲကို ဆွဲခေါ်သွားပါတယ် ခင်ဗျာ၊ ကျောင်းသားကလေးတွေ ကျောင်းဆင်းလာချိန်ပေါ့ ခင်ဗျာ၊ ကျောင်းသားကလေးတွေထဲမှာ အီလျူရှာလည်းပါပါတယ် ခင်ဗျာ၊ အီလျူရှာဟာ ကျွန်တော့်အဖြစ်ကိုလည်း မြင်ရော ကျွန်တော့်ဆီကို အတင်း ပြေးလာတော့တာပဲ၊ "ဖေဖေ၊ ဖေဖေ" ဆိုပြီး ကျွန်တော့်ကို လိုက်ဆွဲတယ်၊ ကျွန်တော့်ကို သူ့လက်ကလေးတွေနဲ့ သိုင်းဖက်ထားတယ်၊ ကျွန်တော့်ကို လွတ်အောင် ဆွဲရှာတယ်။

"ပြီးတော့ ကျွန်တော့်ကို စော်ကားမော်ကားလုပ်တဲ့လူကို သူ တောင်းပန်ရှာတယ်။ "သူ့ကိုလွှတ်ပါ၊ သူ့ကိုလွှတ်ပါ၊ ကျွန်တော့်ဖေဖေကြီးပါ၊ သူ့ကို

ခွင့်လွှတ်ပါခင်ဗျာ” တဲ့၊ အမှန်ပါပဲ ခင်ဗျာ “သူ့ကို ခွင့်လွှတ်ပါတဲ့” သူ တောင်းပန်ရှာတယ်၊ အီလျူရှာဟာ သူ့လက်ကလေးတွေနဲ့ ဆုပ်ကိုင်ထားတယ်၊ ပြီးတော့ သူ့လက်ကို နမ်းတယ်၊ အဲဒီလက်ကြီးကိုပဲပေါ့ ခင်ဗျာ၊ သူ နမ်းရှာတယ်၊ အဲဒီအချိန်က သူ့မျက်နှာကြီးကို ကျွန်တော် အခုအထိ မှတ်မိနေတယ်... ကျွန်တော် ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး”

“ဗိုလ်ကြီးကို သူ တောင်းပန်လိမ့်မယ်၊ အဲဒီပန်းခြံထဲမှာ ဒူးထောက်ပြီး တောင်းပန်လိမ့်မယ်၊ သူ့ကို ကျွန်တော် တောင်းပန်ခိုင်းမယ်၊ သူ မတောင်းပန်ဘူးဆိုရင် သူဟာ ကျွန်တော့်အစ်ကို မဟုတ်တော့ ဘူး”

အလျှိုရှာက ပြောလိုက်သည်။

“ဩော် ဒီလိုကိုး၊ ဒါက အဆိုပြုချက်ပဲ ရှိသေးတာကိုး၊ သူ့ဆီက လာတဲ့စကား မဟုတ်ဘူး၊ လူကြီးမင်းရဲ့ရင်ထဲက ဖြစ်ပေါ်လာတဲ့ စေတနာပဲပေါ့ ခင်ဗျာ၊ လူကြီးမင်း စောစောက ဘာဖြစ်လို့ ဒီလိုမပြောသလဲ၊ အဲဒီလိုဆိုရင် အဲဒီကိစ္စကို ကျွန်တော်လည်း ပြောပါရစေ၊ လူကြီးမင်း အစ်ကိုရဲ့ မြင့်မြတ်တဲ့ စိတ်ထားနဲ့ စစ်သားစေတနာပေါ့ ခင်ဗျာ၊ အဲဒီအချိန်က သူ့ရဲ့လုပ်ဆောင်ချက်ပေါ့။

“ကျွန်တော့် မုတ်ဆိတ်မွေးတွေကို ဆွဲခေါ်လာရာက သူလွှတ်လိုက်ပြီး သူပြောတယ်၊ “ဗိုလ်ကြီးလည်း စစ်ဗိုလ်ပဲ၊ ကျုပ်လည်း စစ်ဗိုလ်ပဲ၊ ဗိုလ်ကြီးမှာ အကူအညီ ဒိုင်လူကြီး ကောင်းတယောက် ရှာတွေ့တဲ့ အချိန်မှာ ကျွန်တော့်ဆီကို စိန်ခေါ်ဖို့ လွှတ်လိုက်ပါ၊ ဗိုလ်ကြီးဟာ လူယုတ်မာတယောက် ဖြစ်ပေမယ့် ဗိုလ်ကြီး ကျေနပ်အောင် ဗိုလ်ကြီးရဲ့ဆန္ဒကို ကျွန်တော် ဖြည့်စွမ်းပါ့မယ်” တဲ့။ အဲဒါ သူပြောတဲ့ စကားပဲ၊ ဘယ်လောက် သဘောထားပြည့်ဝ မြင့်မြတ်တဲ့ စိတ်ထားလဲ။

“အီလျူရှာနဲ့အတူ အဲဒီက ကျွန်တော် ပြန်ခဲ့တယ်၊ အဲဒီမြင်ကွင်းဟာ အီလျူရှာကလေးရဲ့ အသည်းမှာ မိသားစုမှတ်တမ်း တခုအနေနဲ့ စွဲထင်နေတော့တယ်၊ ကျွန်တော်တို့ဟာ ဂုဏ်သိက္ခာရှိတဲ့ မိသားစု အဖြစ်နဲ့ ဘယ်လိုမှ မရပ်တည်နိုင်တော့ဘူး၊

လူကြီးမင်းကိုယ်တိုင် ပဲ စဉ်းစားကြည့်ပါတော့၊ ကျွန်တော်တို့ရဲ့ တင်းကုပ်ကလေးကို လူကြီးမင်း ရောက်လာခဲ့ပြီ မဟုတ်လား၊ လူကြီးမင်း ဘာတွေ တွေ့ခဲ့သလဲ။ အမျိုးသမီး သုံးယောက်၊ တယောက်က ခြေမသန်ဘူး၊ စိတ်မနှံ့ဘူး၊ နောက်တယောက်က ခြေမသန်ဘူး၊ ခါးကုန်းတယ်၊ နောက် တယောက်ကတော့ ခြေထောက် ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ အင်မတန် လိမ္မာလွန်းနေတယ် သူဟာ ကျောင်းသူတယောက်ပဲ၊ ပီတာစဘတ်မြို့ကြီးကို သိပ်ပြန်ချင်နေတယ်၊ ရုရှား အမျိုးသမီး တွေရဲ့ လွတ်မြောက်ရေးအတွက် နီဗားမြစ်ကမ်းပါးပေါ်မှာ အလုပ် လုပ်ချင်နေတယ်။

"အီလျူရှာ အကြောင်းကတော့ ကျွန်တော် ဘာမှ မပြောချင်ဘူး၊ သူက ကိုးနှစ်သား ကလေးပဲ ရှိသေးတယ်၊ ဒီလောကကြီးမှာ ကျွန်တော် တယောက်တည်းပဲ ရှိတယ်၊ ကျွန်တော် သေသွားလို့ရှိရင် သူတို့ ဘာဖြစ်ကုန်ကြမလဲ၊ လူကြီးမင်းကို ကျွန်တော် အဲဒါကလေးပဲ မေးပါရစေ။ ကျွန်တော် သူ့ကို စိန်ခေါ်ပြီး စိန်ခေါ်ပွဲမှာ ကျွန်တော် သေသွားရင် နောက်ဆက်တွဲ ဘာဖြစ်မလဲ၊ ကျွန်တော့်မိသားစု ဘာဖြစ်မလဲ၊ ဒါ့ထက်ပိုပြီး ဆိုးနိုင်တာ ရှိသေးတယ်၊ စိန်ခေါ်ပွဲမှာ ကျွန်တော် မသေဘဲ ကျိုးပဲ့သွားရင် ကျွန်တော် အလုပ်မလုပ်နိုင်တော့ဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာ စားစရာ ပါးစပ်က ကျန်နေမယ်၊ အဲဒီပါးစပ်ကို ဘယ်သူက ကျွေးမလဲ၊ သူတို့အားလုံးကို ဘယ်သူက ကျွေးထားမလဲ။

"အီလျူရှာကို ကျောင်းက နုတ်ပြီး လမ်းပေါ်မှာ အတောင်းခိုင်းရမလား၊ ဒါတွေဟာ ကျွန်တော် သူ့ကို စိန်ခေါ်ခဲ့ရင် ဖြစ်ပေါ်လာမယ့် အခြေအနေတွေပဲ၊ ဒါတွေဟာ အဓိပ္ပာယ် မရှိ အလကား စကားတွေပဲ"

"သူ မိုလ်ကြီးကို တောင်းပန်လိမ့်မယ်၊ ပန်းခြံထဲမှာ ဒူးထောက်ပြီး တောင်းပန်လိမ့်မယ်"

အလျှိုရှာ ထပ်ပြီး ပြောလိုက်သည်။

"ကျွန်တော် သူ့ကို တရားစွဲဖို့ စိတ်ကူးတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ တရားဥပဒေကို ပြန်ကြည့်တော့ ပုဂ္ဂလိက ထိခိုက်မှုအတွက် လျော်ကြေးငွေ များများစားစား မရနိုင်ဘူး၊ နောက်ပြီးတော့ မစ္စ ဆဗက်လေ့ (ဂရုရှင်ကာ) ကလည်း ကျွန်တော့်ကို ခေါ်ပြီး ကြိမ်းတယ်"

"တရားစွဲဖို့တော့ အိပ်မက်တောင် မမက်နဲ့၊ တကယ်လို့ ရှင် တရားစွဲမယ်ဆိုရင် ရှင်ဟာ သစ္စာမရှိတဲ့ နှစ်ဖက်ချွန် တယောက်မို့ ရှင့်ကို သူက ဆုံးမရတဲ့အကြောင်း ကမ္ဘာသိအောင် ကျွန်မ ကြေညာလိုက် မယ်၊ ပြီးတော့ ရှင့်ကို ရုံးမှာ တရားစွဲမယ်" တဲ့။

"ကျွန်တော် မရိုးသားတဲ့ သဘောနဲ့ နှစ်ဖက်လူ ဖြစ်ရတာ ဘယ်သူ့ကြောင့်လဲဆိုတာ ဘုရားသခင် သိပါတယ်၊ ကျွန်တော့်လို အနုညာတ တယောက်ဟာ ဘယ်သူ့အမိန့်ကြောင့် ကပြ အသုံးတော်ခံ နေရတယ်ဆိုတာ ဘုရားသခင် သိပါတယ်၊ သူ ခိုင်းလို့ပဲ ကျွန်တော် လုပ်ရတာ မဟုတ်လား၊ မစ္စတာ ကာရာမာဇော့ ခိုင်းလို့ပဲ ကျွန်တော် လုပ်ရတာ မဟုတ်လား..။

"နောက်ပြီးတော့ မစ္စဆဗက်လေ့ (ဂရုရှင်ကာ) က ပြောသေးတယ်၊ "ကျွန်မမှာ ရှင်နဲ့ ပတ်သက်စရာ ဘာမှ မရှိတော့ဘူး၊ ကျွန်မဆီက ခြူးတပြားသားမှ ရှင် မရတော့ဘူး၊ ကျွန်မရဲ့ ကုန်သည်ကြီးကို လည်း ကျွန်မ ပြောလိုက်မယ်။

(သူ့အဘိုးကြီးကို သူက ကျွန်မရဲ့ကုန်သည်ကြီးလို့ ခေါ်တယ်) သူ့အနေနဲ့လည်း ရှင်နဲ့ ဘာမှ မပတ်သက်တော့ဘူး” တဲ့။

အဲဒီတော့ ကျွန်တော်တို့ရဲ့စားဝတ်နေရေးအတွက် ဘယ်သူက လာပြီး ထောက်ပံ့တော့မလဲ၊ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ သူတို့နှစ်ယောက်ပဲ ရှိတော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးမင်းရဲ့အဖေကလည်း တခြား အကြောင်းကိစ္စနဲ့ ကျွန်တော့်ကို မယုံတော့ဘူး၊ သူက ကျွန်တော့်ကို အလုပ်မပေးတော့ရုံတင် မကဘူး၊ ကျွန်တော် လက်မှတ်ထိုးထားတဲ့ စာရွက်တွေကို အသုံးပြုပြီး ကျွန်တော့်ကို တရားစွဲဖို့တောင် စီစဉ်နေတယ်၊ အဲဒီလို အကြောင်းတွေကြောင့် ကျွန်တော်ဟာ အသာကလေး ကုပ်နေရတယ်၊ ကျွန်တော်တို့ရဲ့ တင်းကုပ်ကလေးကိုလည်း လူကြီးမင်း တွေ့ခဲ့ပြီ မဟုတ်လား... ဒါနဲ့ နေဦး၊ လူကြီးမင်းကို ကျွန်တော် မေးပါရစေဦး၊ လူကြီးမင်းရဲ့ လက်ကို သူ ကိုက်လိုက်တာ တော်တော် ဆိုးသလား၊ ကျွန်တော်တို့ရဲ့ တိုက်ထဲမှာ တုန်းကတော့ ဒီကိစ္စကို ကျွန်တော် သူ့ရှေ့မှာ ဘာမှ မပြောချင်ဘူး

“အင်း ... တော်တော်ကလေး ဆိုးတယ်၊ သူ တော်တော်ဒေါသဖြစ်နေတယ်၊ သူဟာ ဗိုလ်ကြီးရဲ့ ကိုယ်စား ကျွန်တော့်ကို ကာရာမာဇော့ဗ်တယောက်အနေနဲ့ လက်စားချေတာပဲ၊ အဲဒါကို ကျွန်တော် အခု ကောင်းကောင်းကြီး သဘောပေါက်သွားပြီ၊ ဒါပေမဲ့ သူနဲ့ ကောင်ကလေးတွေနဲ့ ခဲချင်း အပြန်အလှန် ပစ်နေကြတာကို ဗိုလ်ကြီး မြင်စေချင်တယ်၊ အင်မတန် အန္တရာယ်ကြီးတယ်၊ သူ သေတောင် သေသွားနိုင်တယ်၊ သူတို့ဟာ ကလေးတွေ မဟုတ်လား၊ မိုက်ကြတယ် မဟုတ်လား၊ ခဲတလုံး မှန်လိုက်ရင် ခေါင်းတခေါင်းဟာ ကောင်းကောင်းကြီး ကွဲသွားနိုင်တယ်”

“သူ့ကို တနေ့မှာ ခဲတလုံး မှန်လာပါတယ် ခင်ဗျာ၊ ခေါင်းကိုတော့ မဟုတ်ဘူး၊ ရင်ဘတ်ကိုပဲ၊ နှလုံးရဲ့ အထက်နားမှာပဲ၊ ရောမ ဒဏ်ရာကြီးပဲ၊ သူ အိမ်ကို ငိုပြီး ပြန်လာတယ်၊ အခု သူ ဖျားနေပြီ”

“ဒါပေမဲ့ ဗိုလ်ကြီး၊ သူတို့ကို သူက စပြီးချတာပဲ၊ ဗိုလ်ကြီးအတွက် သူဟာ သူတို့ကို ဒေါသဖြစ်နေ တယ်၊ ကာရာဆိုကင်ဆိုတဲ့ ကောင်ကလေးကို တနေ့က သူ မောင်းချရေးနဲ့ ထိုးတယ်လို့ သူတို့က ပြောကြတယ်”

“အဲဒီအကြောင်း ကျွန်တော် ကြားတယ်၊ အဲဒါ အန္တရာယ်ရှိတယ်၊ မစ္စတာ ကာရာဆိုကင်ဟာ အစိုးရဝန်ထမ်း တယောက်ပဲ၊ ပြဿနာတက်လာမှာ သေချာတယ်”

“ကျွန်တော် ဗိုလ်ကြီးကို အကြံတခု ပေးပါရစေ၊ လောလောဆယ်မှာ သူ့ကို ကျောင်းမလွှတ်ပါနဲ့၊ သူ စိတ်မအေးမချင်းပေါ့၊ သူ့ဒေါသတွေ မကြာခင်

ပြေသွားပါလိမ့်မယ်…” အလျှိုရှာ စိတ်ပါလက်ပါ ပြောလိုက်သည်။

“သူ့ဒေါသ ဟုတ်လား ခင်ဗျာ၊ အဲဒါ အမှန်ပဲ ခင်ဗျာ။ ဒေါသ၊ သူ့လို သတ္တဝါလေး တယောက်အတွက် မဟာဒေါသကြီးပဲ၊ ပြဿနာအားလုံးကို လူကြီးမင်း မသိဘူး၊ ပြဿနာကို ကျွန်တော် အသေးစိတ် ရှင်းပြမယ်၊ အဲဒီပြဿနာ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကျောင်းသားတွေက သူ့ကို “မြက်ဖုတ်ကြီး” ဆိုပြီး ကျောင်းမှာ စ ကြတယ်၊ ကျောင်းသားဆိုတဲ့ ကလေးတွေဟာ အင်မတန် ဆိုးတယ်၊ သူတို့ဟာ တယောက်ချင်းဆိုရင်တော့ အင်မတန် ကောင်းတယ်၊ ဒါပေမဲ့ အားလုံး ပေါင်းမိရင်တော့ သိပ်ဆိုးတယ်၊ အထူးသဖြင့် ကျောင်းမှာဆိုရင်ပေါ့၊ သူ့ကို စ ကြတယ်၊ သူ့စိတ်ကို ဆွပေးကြတယ်။

“သာမန်ကောင်ကလေးတယောက်ဆိုရင်၊ အားနည်းတဲ့ ကလေးတယောက်ဆိုရင် ဘယ်ခံနိုင်ပါ့မလဲ၊ သူ့အဖေအတွက် သူ အရှက်ကြီး ရှက်နေပြီပေါ့။ ဒါပေမဲ့ အီလျူရှာကတော့ သူ့အဖေအတွက် ကြံ့ကြံ့ခံတယ်၊ အများနဲ့ တယောက် ရင်ဆိုင်တယ်၊ သူ့အဖေအတွက်ပါ လူကြီးမင်း၊ အမှန်တရားနဲ့ တရားမျှတမှုအတွက်ပါ လူကြီးမင်း။

“လူကြီးမင်းရဲ့ အစ်ကိုရဲ့လက်ကို သူနမ်းပြီး “ဖေဖေ့ကို ခွင့်လွှတ်ပါ၊ ဖေဖေ့ကို ခွင့်လွှတ်ပါ” လို့ အော်ခဲ့တုန်းက သူ ဘယ်လောက် ခံစားရသလဲ၊ အဲဒါကို ဘုရားသခင် သိတယ် … သူ့ရဲ့ အဖေဖြစ်တဲ့ ကျွန်တော်လည်း သိတယ်၊ ကျွန်တော်တို့ရဲ့ကလေးတွေ လူကြီးမင်းတို့ရဲ့ ကလေးတွေကို ကျွန်တော် မပြောဘူးနော် … ကျွန်တော်တို့ မရှိ ဆင်းရဲသား ရိုးသားတဲ့လူတွေရဲ့ သားသမီးတွေဟာ ကိုးနှစ်သား အရွယ်မှာပဲ တရားမျှတမှုဆိုတာ ဘာလဲဆိုတာကို နားလည်ကြတယ်၊ လူချမ်းသာတွေဟာ ဒီအကြောင်းကို ဘယ်လိုမှ မသိနိုင်ကြပါဘူး၊ သူတို့တသက်မှာ သူတို့ဟာ ဒါလောက် လေးလေးနက်နက်ကို ဘယ် တော့မှ မတွေးကြပါဘူး။

“ဒါပေမဲ့ ကျွန်တော်ရဲ့ သားကလေး အီလျူရှာကတော့ အဲဒီအချိန်မှာ… သူ့လက်ကို နမ်းခဲ့တဲ့ အချိန်မှာ အမှန်တရားရဲ့အဓိပ္ပာယ်ကို ကောင်းကောင်းကြီး သဘောပေါက် နားလည်ခဲ့ပါတယ် ခင်ဗျာ၊ အမှန်တရားဟာ သူ့ကိုယ်ထဲကို ဝင်ရောက်ခဲ့ပြီး သူ့ကို တသက်လုံး ဖုံးလွှမ်းသွားတော့မှာပဲ”

ဆနီဂါယော့သည် ဒေါနှင့်မာန်နှင့် စိတ်လိုက်မာန်ပါ လက်ဝါးတဖက်ကို လက်သီးနှင့်ထုရင်း အမှန်တရားအကြောင်းကို ပြောဆိုလျက်ရှိသည်။

“အဲဒီနေ့မှာပဲ သူ အပြင်းဖျားပြီး အိပ်ရာထဲမှာ လဲပါတော့တယ်၊ တညလုံး ငန်းဖမ်းပြီး ကယောင်ကတမ်းတွေ လျှောက်ပြောတယ်၊ အဲဒီနေ့ခင်းဘက်က တနေ့လုံး သူ ကျွန်တော့်ကို စကားတလုံးမှ မပြောဘူး၊ တနေ့လုံး သူ ငြိမ်ပြီး

နှုတ်ဆိတ်နေတယ်၊ သူ့နေရာကနေပြီး ကျွန်တော့်ကို လှမ်းကြည့်ရုံ လှမ်းကြည့်နေတယ်၊ ဒါပေမဲ့ သူဟာ ပြတင်းပေါက်ဘက်ကို ကြည့်နေတဲ့အချိန်က များတယ်၊ ကျောင်းကပေးလိုက်တဲ့ အိမ်စာတွေကို လုပ်နေဟန် ဆောင်နေတယ်၊ ဒါပေမဲ့ သူ့စိတ်ဟာ စာထဲမှာ မရှိဘူးဆိုတာ ကျွန်တော် သိပါတယ်။

“နောက်တနေ့ကျတော့ ကျွန်တော်ဟာ စိတ်ညစ်ညစ်နဲ့ အရက်တွေ မူးလာတယ်၊ ကျွန်တော်ဟာ တကယ့် အကုသိုလ်ကောင်ကြီးပါပဲ၊ ကျွန်တော်ဟာ လူမှန်းသူမှန်း မသိသလောက်ပါပဲ။

“အဲဒီအခါမှာ ကျွန်တော့်မိန်းမ ငိုတော့တာပါပဲ၊ ကျွန်တော်ဟာ ကျွန်တော့်မိန်းမကို အလွန်အင်မတန် ချစ်ပေမယ့် ရှိသမျှ ပိုက်ဆံတွေ အကုန်လုံးကို အရက်သောက်ပစ်ခဲ့တယ်၊ ကျွန်တော့်ကို မရှုံ့မုန်းလိုက် ပါနဲ့ ၊ ရုရှားမှာ အရက်သမားတွေဟာ အကြင်နာတတ်ဆုံး လူတွေပါပဲ၊ ကျွန်တော်တို့နိုင်ငံမှာ အသနားတတ်ဆုံး အကြင်နာတတ်ဆုံး ပုဂ္ဂိုလ်တွေဟာ တကယ့် အရက်သမားကြီးတွေပါပဲ၊ အမှန်ပါပဲ ခင်ဗျာ၊ အဲဒီလိုနဲ့ ကျွန်တော်ဟာ မူးပြီးလဲနေပြီး ကျွန်တော့်သားကလေးကို ဂရုမထားခဲ့မိ ဘူး၊ အဲဒီနေ့မှာပဲပေါ့၊ ကျောင်းမှာ ကောင်လေးတွေက သူ့ကို စခဲ့တာ ...။

“မြက်ဖုတ်ကြီး၊ မင်းအဖေ့ကို အရက်ဆိုင်ထဲကနေ မြက်ဖုတ်ကြီး ဆွဲပြီး ခေါ်သွားတယ်၊ မင်းက ဘေးက ပြေးလိုက်ပြီး “ခွင့်လွှတ်ပါခင်ဗျာ၊ ခွင့်လွှတ်ပါခင်ဗျာ” လို့ အသနား ခံနေတယ်”

“သူတို့က သူ့ကို အဲဒီလို စကြတယ်၊ အဲဒီနေ့က သူ ကျောင်းကပြန်လာတော့ သူ့မျက်နှာတခုလုံး ဖွေးဖွေးဖြူနေတယ် “သား ဘာဖြစ်လို့လဲ” လို့ ကျွန်တော် မေးတယ်၊ သူက ဘာမှ ပြန်မပြောဘူး။

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ရဲ့တိုက်ထဲမှာ ဘာစကားမှ ပြောလို့ မဖြစ်နိုင်ဘူး၊ ပြောလို့ရှိရင် ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သမီးတွေက ဝင်ပြောကြလိမ့်မယ်၊ နောက်ပြီးတော့ သမီးတွေ အားလုံးကလည်း ဒီအကြောင်းကို အားလုံး သိပြီးနေကြပြီ၊ ပထမ ဖြစ်တဲ့နေ့မှာပဲ သိသွားကြတယ်။

““လူပေါကြီး၊ လူပြက်ကြီး၊ အဓိပ္ပာယ်ရှိတာ ဘာမှ မလုပ်နိုင်ဘူးလား” လို့ ဗာဗရာက အပြစ်တင်တယ်၊ “အေး၊ အဓိပ္ပာယ်ရှိတာ ငါတို့ ဘယ်တုန်းက လုပ်နိုင်ကြလို့လဲ” လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်၊ အဲဒီအချိန်တုန်းက ကျွန်တော်က အဲဒီလိုပဲ ဖြတ်ထားလိုက်တယ်။

“ညနေဘက်ကျတော့ သားကို ကျွန်တော် လမ်းလျှောက်ခေါ်သွားတယ်၊ ညနေတိုင်း ကျွန်တော် သူ့ကို လမ်းလျှောက်ခေါ်သွားလေ့ရှိတယ်၊ အခု ကျွန်တော်တို့

လျှောက်သွားနေတဲ့ လမ်းအတိုင်းပဲပေါ့၊ ကျွန်တော်တို့ ခြံဝကနေ မြို့အစွန် မြို့စားကျက်အစ ခြံစည်းရိုးနားက ကျောက်တုံးကြီး အထိပေါ့၊ အဲဒီနေရာက အင်မတန် လှူရှင်းပြီး အင်မတန် သာယာပါတယ် ခင်ဗျာ။

"အဲဒီတော့ ကျွန်တော်နဲ့ အီလျူရှာ ဘေးချင်းယှဉ်ပြီး လျှောက်သွားကြတယ်၊ သူက ထုံးစံအတိုင်း ကျွန်တော့်လက်ကိုဆွဲပြီး လိုက်လာတယ်၊ သူ့လက်ကလေးက သေးသေးကလေးရယ်၊ လက်ချောင်း ကလေးတွေက သေးပြီး အေးနေတယ်၊ သူ့ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကြောင့်ပဲ၊ သူက "ဖေဖေ၊ ဖေဖေ" တဲ့၊ ကျွန်တော်က "ဘာလဲ" လို့ ပြန်မေးလိုက်တယ်၊ သူ့မျက်လုံးကလေးတွေ အရောင်လဲ့နေ တာကို ကျွန်တော် တွေ့ရတယ်၊ "ဖေဖေ၊ ဖေဖေ့ကို သူ မတရားလုပ်တာပဲ"၊ "ဘယ်တတ်နိုင်မလဲ သားရယ်"၊ "ဖေဖေ သူ့ကို ခွင့်မလွှတ်နဲ့၊ ဘယ်တော့မှ မကျေအေးနဲ့၊ ကျောင်းမှာ ကောင်ကလေး တွေက ပြောနေတယ်၊ သူက အဲဒီအတွက် ဖေဖေ့ကို ငွေတဆယ် ပေးတယ်တဲ့"

"မဟုတ်ပါဘူး သားရယ် ... ဖေဖေ သူ့ဆီက ဘာအတွက်နဲ့မှ ဘာပိုက်ဆံမှ မယူပါဘူး" လို့ ကျွန်တော် ပြောလိုက်တယ်၊ သားကလေး တကိုယ်လုံး တုန်နေတယ်၊ သူ့လက်ကလေးနှစ်ဖက်နဲ့ ကျွန်တော့်လက်ကို ဆွဲပြီး နမ်းရှာတယ်၊ ပြီးတော့ "ဖေဖေ သူ့ကို တယောက်ချင်း ချမယ်လို့ စိန်ခေါ်ပါ၊ ကျောင်းမှာ သူတို့က ပြောနေတယ်၊ ဖေဖေက လူကြောက်ကြီးတဲ့၊ သူ့ကို စိန်ခေါ်မှာ မဟုတ်ဘူးတဲ့၊ သူ့ဆီက ငွေတဆယ်ကိုပဲ ယူမှာတဲ့"

"အဲဒီတော့ ကျွန်တော်က "သားရယ် ... ဖေဖေ သူ့ကို စိန်ခေါ်လို့ မဖြစ်ဘူး" လို့ ပြောပြီး စောစောက လူကြီးမင်းကိုပြောတဲ့ အကြောင်းတွေကို သူ့ကို ကျွန်တော် ရှင်းပြလိုက်တယ်၊ ကျွန်တော် ပြောတာကို သူ နားထောင်ပြီးတော့ "ဘာပဲဖြစ်ဖြစ် ဖေဖေ သူနဲ့တော့ မကျေအေးပါနဲ့၊ သား ကြီးလာတဲ့အခါကျရင် သား သူ့ကို စိန်ခေါ်ပြီး အသေသတ်ပစ်လိုက်မယ်" တဲ့။ သူ့မျက်လုံးတွေဟာ အရောင်တောက်နေတယ်။

"အဲဒီတော့ ကျွန်တော်ဟာ သူ့အဖေ ဖြစ်တဲ့အတွက် သူ့ကို အမှားနဲ့အမှန် ပြောပြဖို့ တာဝန်ရှိနေတယ်၊ ဒါကြောင့် သားကို ကျွန်တော် ပြောပြရတယ်။ စိန်ခေါ်ပွဲမှာပဲဖြစ်ဖြစ် လူတယောက်ကို သတ်တာဟာ ဒုစရိုက်မှု ဖြစ်တယ်လို့ ရှင်းပြရတယ်၊ ဒီတော့ သူက "ဖေဖေ၊ ကျွန်တော် ကြီးလာရင် သူ့ကို လဲကျသွားအောင် တိုက်မယ်၊ သူ့ဓားကို သူ့လက်ထဲက လွတ်ထွက်သွားအောင် ကျွန်တော့်ဓားနဲ့ ခတ်ပစ်လိုက်မယ်၊ ပြီးတော့မှ ကျွန်တော် သူ့အပေါ် ခုန်အုပ်လိုက်ပြီး ကျွန်တော့်ဓားနဲ့ သူ့ကို မိုးထားလိုက်ပြီး "ဒီမယ်၊ ခင်ဗျားကြီးကို ကျုပ် အသေသတ်နိုင်တယ်၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ် ခွင့်လွှတ်လိုက်မယ်" လို့ ပြောမယ်" တဲ့။

"ကဲ ... တွေ့တယ် မဟုတ်လား၊ ပြီးခဲ့တဲ့ နှစ်ရက်အတွင်းမှာ သူ့ခေါင်းထဲမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ၊ သူဟာ ခါးရှည်တလက်နဲ့ လက်စားချေရေးကို တနေ့လုံးလုံး တညလုံးလုံး တွေးနေတယ်၊ ညမှာလည်း အဖျားတက်ပြီး ဒီအကြောင်းတွေကို ကယောင်ကတမ်း ပြောနေတယ်၊ ဒါပေမဲ့ ခင်ဗျာ၊ နောက်နေ့တွေမှာ သူဟာ ကျောင်းကနေ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြန်လာပါတော့တယ်၊ အဲဒီအကြောင်းကို ကျွန်တော် မနေ့ကမှ သိရတယ်၊ လူကြီးမင်းပြောတာ မှန်ပါတယ်၊ နောက်ကို ကျွန်တော် သူ့ကို ကျောင်းမလွှတ်တော့ဘူး၊ သူတယောက်တည်းနဲ့ တတန်းလုံးကို ဆန့်ကျင်ပြီး စိန်ခေါ်နေတဲ့အကြောင်း ကျွန်တော် သိရတော့ သူ့မှာ ဘယ်လောက် အမျက်ဒေါသတွေ ကြီးနေတယ်၊ သူ့အသည်းမှာ ဘယ်လောက် မုန်းတီး နာကြည်းနေတယ်ဆိုတာကို ကျွန်တော် နားလည်ရတော့ တယ်၊ သူ့အတွက် ကျွန်တော် စိုးရိမ်ရတော့တယ်။

"နောက်တကြိမ် ကျွန်တော်တို့ လမ်းလျှောက်ထွက်ကြတဲ့အခါမှာ သူက "ဖေဖေ ပိုက်ဆံချမ်းသာတဲ့ လူတွေဟာ တခြားလူတွေထက် ပိုပြီး အင်အားကြီးမားသလား" "ဟုတ်တယ် သား၊ ဒီလောကကြီးမှာ ချမ်းသာတဲ့လူတွေလောက် ဘယ်သူမှ အင်အားမကြီးကြဘူး "ဖေဖေ၊ ကျွန်တော် ချမ်းသာအောင် လုပ်မယ်၊ ကျွန်တော် စစ်ဗိုလ်ကြီးလုပ်ပြီး လူတိုင်းကို အနိုင်ယူမယ်၊ ဇာဘုရင်က ကျွန်တော့်ကို ဆုတွေ လာဘ်တွေ ပေးမယ်၊ အဲဒီအခါမှာ ကျွန်တော် ဒီကို ပြန်လာမယ်၊ ကျွန်တော်တို့ကို ဘယ်သူမှ စော်ကားရဲတော့မှာ မဟုတ်ဘူး"

"တော်တော်ကလေးကြာတော့ သူ ဆက်ပြောပြန်တယ်၊ သူ့နှုတ်ခမ်းကလေးတွေဟာ စောစောက အတိုင်း တဆတ်ဆတ် တုန်နေတယ်၊ "ဖေဖေ ဒီမြို့ဟာ တော်တော် မကောင်းဆိုးရွားတဲ့ မြို့ပဲ"၊ "ဟုတ်တယ် သား၊ ဒီမြို့ဟာ ကောင်းတဲ့မြို့ မဟုတ်ဘူး"၊ "ဖေဖေ ကျွန်တော်တို့ တခြားမြို့တမြို့ကို ပြောင်းရအောင်၊ ကောင်းတဲ့ မြို့တမြို့ကို ပြောင်းရအောင်၊ ကျွန်တော်တို့အကြောင်း ဘာမှ မသိတဲ့ မြို့ပေါ့"၊ "ကောင်းတယ် အီလျူရှာ၊ ဖေဖေ ပိုက်ဆံတွေ လုံလုံလောက်လောက် စုလို့ရတဲ့အခါမှာ ပြောင်းကြမယ်"

"ကျွန်တော်ဟာ သူ့ကို စိတ်ညစ်နေတဲ့အဖြစ်ကနေ ကယ်တင်ခွင့်ရတဲ့အတွက် ဝမ်းသာသွားတယ်၊ တခြားမြို့ကလေး တမြို့ကို ဘယ်လို ပြောင်းကြမယ်ဆိုတာကို ကျွန်တော်တို့ စိတ်ကူးယဉ်ကြတယ်၊ မြင်းလှည်းတစီး ဝယ်ကြမယ်၊ မေမေနဲ့ သားမမတွေကို လှည်းပေါ်မှာတင်မယ်၊ သူတို့ကို လုံအောင် ကာပေးမယ်၊ သားနဲ့ ဖေဖေက လှည်းဘေးကနေ လမ်းလျှောက်ပြီး လိုက်ကြမယ်၊ သားကိုလည်း ဖေဖေ မကြာခဏဆိုသလို လှည်းပေါ်တင်ပေးမယ်၊ ဖေဖေကတော့ ဘေးကပဲ လျှောက်လိုက်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဖေဖေတို့ဟာ မြင်းကို

ညှာရမယ်၊ ဖေဖေတို့အားလုံး လှည်းပေါ်ကို တက်စီးလို့ မဖြစ်ဘူး၊ ဖေဖေတို့ အဲဒီလိုပဲ သွားကြမယ်။

"အဲဒီအခါမှာ သူ သိပ်ပျော်နေတယ်၊ အထူးသဖြင့် ကျွန်တော်တို့အပိုင် မြင်းလှည်းကလေးတစီးရပြီး မြင်းလှည်းပေါ်မှာ သူ စီးရမယ်ဆိုတဲ့အတွက်ပဲ၊ ဒီအချက်ကတော့ ရှင်းနေတာပါပဲ၊ ရှုရှားကလေးတွေ ဟာ မြင်းတွေကြားမှာ မွေးလာကြတာ မဟုတ်လား၊ ကျွန်တော်တို့ အကြာကြီး စကားပြောကြတယ်၊ ငါဟာ သူ့ကို လမ်းကြောင်းပြောင်းပြီး နှစ်သိမ့်မှု ပေးနေပြီလို့ ကျွန်တော် တွေးမိတယ်။

"အဲဒါဟာ မနေ့က အရင် တနေ့ကပဲပေါ့၊ ညနေဘက်မှာပဲပေါ့၊ ဒါပေမဲ့ မနေ့က ညနေကျတော့ အခြေအနေတွေအားလုံး ပြောင်းလဲသွားပြန်တယ်၊ အဲဒီနေ့မနက်က သူ ကျောင်းသွားတယ်၊ ညနေကျတော့ သူ စိတ်ခေတ်ကျပြီး ပြန်လာတယ်၊ အတော်ကြီးကို စိတ်ခေတ်ကျလာပုံရတယ်၊ ညနေကျတော့ ကျွန်တော် သူ့လက်ကိုဆွဲပြီး လမ်းလျှောက်ရအောင် ခေါ်သွားတယ်၊ သူ နှုတ်ဆိတ်နေတယ်၊ ဘာစကားမှ မပြောဘူး၊ လေပြည်ကလေး တိုက်နေတယ်၊ နေလုံးက တိမ်တွေ နောက်မှာ ကွယ်နေတယ်၊ ဆောင်းဦးပေါက်ရနံ့ကလေးကို ခံစားနေရတယ်၊ ညနေဆည်းဆာကလေး ပေါ့။

"ကဲ... သားရေ၊ ဖေဖေတို့ ခရီးအတွက် ဘယ်လောက် အဆင်သင့်ရှိပြီလဲဆိုတာ ကြည့်ကြရအောင်" လို့ ကျွန်တော်က မနေ့ညက စကားကို ပြန်ဆက်လိုက်တယ်၊ ဒါပေမဲ့ သူက ဘာမှပြန်မပြောဘူး၊ ကျွန်တော့်လက်ထဲမှာ ရှိနေတဲ့ သူ့လက်ချောင်းကလေးတွေ တုန်နေတာကို ကျွန်တော် သတိပြုမိ တယ်၊ အခြေအနေ မကောင်းဘူး၊ ပြဿနာအသစ်တခုတော့ ဖြစ်နေပြီလို့ ကျွန်တော် တွေးလိုက်တယ်၊ ဒီလိုနဲ့ အခု ကျွန်တော်တို့ ရောက်နေတဲ့ ကျောက်တုံးကြီးကို ရောက်လာတယ်၊ ကျောက်တုံးပေါ်မှာ ကျွန်တော် ထိုင်တယ်။

"မိုးပေါ်မှာ စွန်တွေ လွှတ်နေတာ အများကြီး တွေ့ရတယ်၊ တဖျပ်ဖျပ်နဲ့ လေဟုန် စီးနေကြတယ်၊ စွန်ပေါင်း သုံးဆယ်လောက်ရှိမယ်၊ လူကြီးမင်း သိတဲ့တိုင်းပဲ အခုရာသီက စွန်လွှတ်တဲ့ ရာသီကိုး။ "အီလျူရှာရေ... မနှစ်က သားရဲ့ စွန်ကြီးကို လွှတ်ကြရအောင် ဖေဖေ ပြင်ပေးမယ်၊ အဲဒီစွန်ကြီးကို သား ဘယ်မှာထားသလဲ" လို့ ကျွန်တော် စကားစလိုက်တယ်၊ ကျွန်တော့်သား ဘာတခွန်းမှ မပြောဘူး၊ ကျွန်တော့်ဘေးမှာ သူရပ်ပြီး အဝေးကို ငေးကြည့်နေတယ်။

"အဲဒီအချိန်မှာပဲ ဖြူန်းခနဲဆို လေပြင်းတချက်တိုက်ပြီး သဲတွေနဲ့ ရိုက်ပက်လိုက်တယ်၊ သူ ကျွန်တော့်ဆီကို ဖြုန်းခနဲ ပြေးလာပြီး ကျွန်တော့်လည်ပင်းကို သူလက်ကလေး နှစ်ဖက်နဲ့ သိုင်းဖက်လိုက်တယ်၊ ကျွန်တော့်ကို တအား သိုင်းဖက်ထားတယ်။ လူကြီးမင်း သိတဲ့အတိုင်းပဲ၊ ဘာစကားမှ

မပြောဘဲ၊ မျက်ရည်တစက်မှ မကျဘဲ ကိုယ့်ကိုယ်ကိုယ် တင်းထားတဲ့ ကလေးတွေဟာ နောက်ဆုံးအချိန်မှာ ပေါက်ကွဲပြီး ငိုချလိုက်ပြီဆိုရင်လည်း မျက်ရည်တွေ တရဟောပဲ၊ သူ့မျက်လုံး ထဲက သွန်ကျလာတဲ့ မျက်ရည်တွေဟာ ကျွန်တော်ရြမျက်နှာကို ရွှဲရွှဲစိုသွားတယ်၊ သူ တသိမ့်သိမ့် တုန်ပြီး ရှိုက်နေတယ်၊ သူ့တကိုယ်လုံး တုန်နေပြီး ကျောက်တုံးပေါ်မှာ ထိုင်နေတဲ့ ကျွန်တော့်ကို ဖက်ထားတယ်။

"ဖေဖေ၊ ဖေဖေ၊ သူ ဖေဖေ့ကို ဘယ်လောက် စော်ကားသလဲ ကြည့်စမ်းပါ" သူ ငိုနေရင်းက ပြောလိုက်တယ်၊ ကျွန်တော်လည်း မျက်ရည်တွေ ကျလာတယ်၊ ကျွန်တော်တို့နှစ်ယောက် တယောက်ကို တယောက် ဖက်ပြီး ငိုနေကြတယ်၊ "ဖေဖေ ဖေဖေ" "သားသား၊ သားကလေး အီလျာ" ကျွန်တော်တို့ကို ဘယ်သူမှ မမြင်ဘူး၊ တယောက်မှ မမြင်ဘူး ဘုရားသခင်ပဲ မြင်တယ်၊ ဘုရားသခင်ဟာ ကျွန်တော့်အတွက် မော်ကွန်းတင်ထားလိမ့်မယ်၊ လူကြီးမင်းရဲ့အစ်ကိုကိုသာ လူကြီးမင်း အပြစ်တင်ပေတော့၊ ကျွန်တော်ကတော့ လူကြီးမင်း စိတ်ကျေနပ်အောင် ကျွန်တော့် သားကလေးကို မရိုက်နိုင်ဘူး"

သူက မကျေနပ် မနှစ်မြို့သော လေသံဖြင့် သူ့စကားကို နိဂုံးချုပ်လိုက်သည်။ သို့သော် ဤလူသည် မိမိကို ယုံကြည်မှုရှိကြောင်း အလျှိုရှာ နားလည်သည်။ အလျှိုရှာ၏နေရာတွင် အခြားသူ တယောက်သာဆိုလျှင် ယခုပြောခဲ့သော စကားများကို သူ ပြောချေမည် မဟုတ်ပေ။ ဤအတွေးက အလျှိုရှာကို အားပေးလိုက်သည်။ သူ့မျက်လုံးများတွင်လည်း မျက်ရည်များ စို့နေသည်။

"အို ... ကျွန်တော် ဗိုလ်ကြီးရဲ့သားကလေးနဲ့ ဘယ်လိုလုပ်ပြီး အဆွေခင်ပွန်း ဖွဲ့ရမလဲ၊ ဒီကိစ္စကို ဗိုလ်ကြီး စီစဉ်ပေးမှပဲ..."

ဆနီဂါယော့ တိုးဖွစွာ ပြောသည်။

"နေဦး ... ဗိုလ်ကြီးကို ကျွန်တော် ပြောစရာတခုရှိတာကို ဘယ်လိုပြောရမလဲ၊ ဒီမယ် ဗိုလ်ကြီး၊ တဆိတ်ကလေး ကျေးဇူးပြုပြီး နားထောင်ပါ၊ ဗိုလ်ကြီးကို ကျွန်တော် ပြောစရာ သတင်းတခုရှိတယ်၊ ကျွန်တော့်ရဲ့အစ်ကို ဒီမီထရီဟာ သူနဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးကိုလည်း စော်ကားခဲ့တယ်၊ အင်မတန် စိတ်ထားမြင့်မြတ်တဲ့ အမျိုးသမီးတယောက်ပဲ၊ သူ့အကြောင်းကို ဗိုလ်ကြီးလည်း ကြားဖူးပါလိမ့်မယ်၊ သူ အစော်ကားခံရတဲ့အကြောင်း ဗိုလ်ကြီးကို ကျွန်တော် ပြောပြပိုင်ခွင့် ရှိပါတယ်၊ တကယ်ပဲ ဒီအကြောင်းကို ပြောကို ပြောရမယ်။

"ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ကြီးဟာ အင်မတန် မဟုတ်တရုတ်ကြီး အလုပ်ခံရပြီး အင်မတန် ကံမကောင်း အကြောင်းမလှ ဖြစ်နေရတဲ့ အကြောင်းကို

သူကြားတော့ သူ ချက်ချင်းပဲ ကျွန်တော့်ကို ဗိုလ်ကြီးဆီကို လွှတ်တယ်၊ ကနေ့ညနေမှာပဲပေါ့၊ ဗိုလ်ကြီးကို အကူအညီတခု ပေးဖို့ပဲပေါ့၊ ဒါပေမဲ့ ဒီအကူအညီဟာ သူတယောက်တည်းအနေနဲ့ ပေးတာနော်၊ သူ့ကိုစော်ကားခဲ့တဲ့ ဒီမိထရီဆီက မဟုတ်ဘူး။ ဟုတ်တယ်၊ သူ့ဆီက မဟုတ်ဘူး၊ နောက်ပြီးတော့ သူ့ညီဖြစ်တဲ့ ကျွန်တော့်ဆီကလည်း မဟုတ်ဘူး၊ သူတယောက်တည်းဆီကပဲ၊ သူပေးတဲ့ အကူအညီကို လက်ခံဖို့ သူက ဗိုလ်ကြီးကို အထူးပဲ မေတ္တာရပ်ခံလိုက်ပါတယ်။

"ဗိုလ်ကြီးတို့ နှစ်ယောက်စလုံးဟာ လူတယောက်တည်းရဲ့အစော်ကားကို အတူတူ ခံစားနေရတဲ့ လူတွေပဲ၊ အမျိုးသမီးဟာ ဒီမိထရီရဲ့အစော်ကားကို ခံရတဲ့အခါမှာ အလားတူ ခံစားနေရတဲ့ ဗိုလ်ကြီးကို ချက်ချင်း အမှတ်ရတယ်... စော်ကားပုံ နှစ်ခုစလုံးဟာ ပမာဏ အင်အားချင်း အတူတူ ပါပဲ၊ အမှန်တော့ အခုပေးတဲ့ အကူအညီဟာ ညီမလေးတယောက်ကနေ အစ်ကိုတယောက်ကိုပေးတဲ့ အကူအညီမျိုးပါပဲ... သူပေးလိုက်တဲ့ ငွေနှစ်ရာကို ညီမအရင်းတယောက်ဆီကပေးတဲ့ အကူအညီမျိုး အဖြစ်နဲ့ လက်ခံဖို့ ဗိုလ်ကြီးကို ပြောပေးဖို့ သူက ကျွန်တော့်ကို အထပ်ထပ် မှာလိုက်ပါတယ်။

"ဒီအကြောင်းကို တခြား ဘယ်သူမှ မသိပါဘူး၊ ဒီကိစ္စအကြောင်း ဘယ်သူတွေကမှ အတင်းအဖျင်း တွေ ပြောစရာ မရှိပါဘူး။ ဒီအကူအညီကို ဗိုလ်ကြီး လက်ခံပါ၊ တကယ်လို့ ဗိုလ်ကြီး လက်မခံဘူး ဆိုရင် ဒီကမ္ဘာကြီးပေါ်မှာ ယောကျ်ားတွေအားလုံး ရန်သူတွေ ဖြစ်ကုန်ကြပါလိမ့်မယ်၊ ဒါပေမဲ့ ဒီကမ္ဘာကြီးမှာ ညီအစ်ကိုတွေလည်း အများကြီးပါ၊ ဗိုလ်ကြီးမှာ ခွင့်လွှတ်တတ်တဲ့ နှလုံးသား ရှိပါတယ်၊ အဲဒါကို ဗိုလ်ကြီး သဘောပေါက်ပါ"

ထို့နောက် အလျှိုရှာသည် သက်တံရောင် တရာတန် ငွေစက္ကူသစ် နှစ်ရွက်ကို သူ့ထံသို့ လက်ကမ်းပြီး ပေးသည်။ သူတို့သည် ခြံစည်းရိုးနံဘေးရှိ ရောမ ကျောက်တုံးကြီးအနီးတွင် နှစ်ယောက်စလုံး မတ်တတ်ရပ်လျက် ရှိကြသည်။ သူတို့အနီးတွင် မည်သူမျှ မရှိပါ။ ငွေစက္ကူနှစ်ရွက်က ဗိုလ်ကြီးကို များစွာပင် သိမ်းယူ ဆွဲဆောင်နေဟန် ရှိပါသည်။ သည်လိုမျိုး ဖြစ်လာလိမ့်မည်ဟု သူ တခါမှ အိပ်မက် မက်ဖူးဟန်မရှိချေ။ သူတို့နှစ်ယောက် ယခုလို တွေ့ဆုံစကားပြောရာမှာ ဤလိုမျိုး အကျိုးဆက်တခု ဖြစ်လာလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့ပေ။ တစုံတယောက်ထံမှ ဤလို အကူအညီ မျိုး ... ဤမျှ များပြားသော ငွေမျိုးကို သူ၏အတွေးများတွင် မည်သို့မျှ ပါဝင်ခဲ့ခြင်း မရှိပါ။

ငွေစက္ကူများကို သူ ယူလိုက်သည်။ ထို့နောက် တမိနစ်လောက် သူ စကားမပြောနိုင်ဘဲ ရှိနေသည်။ သူ၏ မျက်နှာပြင်ပေါ်တွင် အသွင်အပြင်သစ်တခု ပေါ်လွင်လာသည်။

"ဒါ ကျွန်တော့်ဖို့... ကျွန်တော့်ဖို့ ဟုတ်လား၊ ဒါလောက် များတဲ့ငွေတွေ... နှစ်ရာကြီးများတောင်၊ ဘုရားသခင်... ဒါလောက်များတဲ့ ငွေတွေကို ကျွန်တော် မမြင်ဖူးတာ လေးနှစ်ရှိပါပြီ၊ ညီမတယောက် ဆီကလို့ သူ ပြောတယ် ဟုတ်လား ... တကယ်ပဲလား၊ တကယ်ပဲလား ..."

"ကျွန်တော် ပြောတာတွေအားလုံး အမှန်တွေချည်းပါပဲ၊ ကျွန်တော် ကျိန်ပြောနိုင်ပါတယ်"

အလျှိုရှာ ပြောလိုက်သည်။ ဆနီဂါယော့၏မျက်နှာ နီရဲလာသည်။

"ဒီမယ် ဒီမယ်၊ ကျွန်တော် ပြောတာ နားထောင်စမ်းပါ၊ ဒီငွေတွေကို ကျွန်တော် ယူလိုက်ရင် ကျွန်တော်ဟာ အလကားလူတယောက်ဖြစ်မသွားပေဘူးလား၊ လူကြီးမင်းရဲ့အမြင်မှာ ကျွန်တော်ဟာ အလကား လူတယောက် ဖြစ်မနေပေဘူးလား၊ မဟုတ်သေးဘူး ကျွန်တော်ပြောမယ် နားထောင်၊ နားထောင်" အလျှိုရှာကို သူ၏လက်နှစ်ဖက်ဖြင့် ထိကိုင်ရင်း ခပ်မြန်မြန် ပြောနေသည်။ "ဒီပိုက်ဆံကို ကျွန်တော် လက်ခံအောင် ညီမတယောက်က ပေးလိုက်တယ်ဆိုပြီး လူကြီးမင်းက ကျွန်တော့်ကို သွေးဆောင် ဖြားယောင်းနေတယ်၊ ဒါပေမဲ့ လူကြီးမင်းရဲ့စိတ်ထဲမှာတော့.. ဟို အတွင်းမနေ့ထဲမှာ တော့... ဒီပိုက်ဆံကို ကျွန်တော် လက်ခံလိုက်ရင် ကျွန်တော့်ကို လူကြီးမင်း မရွံရှာ မစက်ဆုပ်ပေဘူး လား ..."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် ဘယ်လိုမှ မထင်ဘူး၊ ကျွန်တော် ဘယ်လိုမှ မထင်ဘူး ဆိုတာကို ကျွန်တော် ဒီဝဋ်ကြီးက မကျွတ်ရပါစေနဲ့လို့ ကျိန်ပြီး ပြောနိုင်ပါတယ်၊ ဒီကိစ္စကို ဘယ်သူတယောက်မှ မသိနိုင်ပါဘူး။ ဗိုလ်ကြီးရယ်၊ သူရယ်၊ ကျွန်တော်ရယ် ပြီးတော့ နောက်ထပ် အမျိုးသမီးတယောက် ရယ်၊ အဲဒီ အမျိုးသမီးက သူ့ရဲ့ တကယ့် မိတ်ဆွေရင်းပါ ...."

"ထားလိုက်ပါတော့ အဲဒီအမျိုးသမီးအကြောင်း။ ကျွန်တော်ပြောတာ နားထောင်စမ်းပါ၊ သေသေချာချာ နားထောင်စမ်းပါ၊ ကျွန်တော်ပြောတဲ့ စကားတွေကို လူကြီးမင်းအနေနဲ့ သေသေချာချာ နားထောင်ရမယ့်အချိန် ရောက်လာပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီငွေနှစ်ရာဟာ ကျွန်တော့်အတွက် ဘယ်လို အဓိပ္ပာယ်ရှိတယ်ဆိုတာကို လူကြီးမင်း ဘယ်လိုမှ မသိနိုင်ဘူး"

ကံဆိုးမသား သူ့စကားကို ဆက်ပြောနေသည်။ သူ့စကားများ တစထက်တစ အမြီးအမောက်မတည့် ရှိလာသည်။ သူ့စိတ်တွေ အင်မတန် လှုပ်ရှားနေဟန်ရှိသည်။

သူ့စိတ်တွေ ကတိမ်းကပါး ဖြစ်လာဟန်ရှိသည်။ သူသည် စကားကို

မြန်မြန်နှင့် သွက်သွက်ကြီး ပြောနေသည်။ သူပြောချင်သည့်စကားများကို ဆုံးအောင် မပြောလိုက်ရမည်ကို စိုးရိမ်သည့် သဘောမျိုး ဖြစ်သည်။

"ကျွန်တော်ဟာ ဒီပိုက်ဆံကို အင်မတန် လေးစားထိုက်တဲ့ 'ညီမငယ်' တယောက်ဆီက ရိုးရိုးသားသား ရတယ်ဆိုတဲ့ အချက်ကို ထားလိုက်ဦး၊ ကျွန်တော်ဟာ ဒီပိုက်ဆံနဲ့ ကျွန်တော့်ဇနီး၊ ပြီးတော့ ခါးကုန်းနေတဲ့ သမီးကလေး နီနာတို့ကို ဆေးကုပေးနိုင်တယ်။ ဒေါက်တာ ဟာဇင်ကျူဗီဟာ တခါတော့ သူ့ရဲ့စိတ်ရင်းစေတနာနဲ့ ကျွန်တော့်အိမ်ကို ကူညီပြီး ကျွန်တော့်မိသားစုကို တနာရီလုံးလုံး စမ်းသပ်ကြည့်ရှုသွားတယ်။ "ဒီကိစ္စကို ကျွန်တော် ဘာမှမတတ်နိုင်ပါဘူး၊ ဒါပေမဲ့ ခတ်ဆေးရည် လေး တိုက်ပေးရင်တော့ အကျိုးထူးနိုင်တယ်" လို့ သူပြောတယ်၊ ပြီးတော့ ဆေးဆိုင်မှာ ခတ်ဆေးရည် ဝယ်ဖို့ ရေးပေးတယ်၊ နောက်ပြီးတော့ ဆေးတမျိုးထည့်ပြီး ရေချိုးပေးဖို့လည်း မှာသွားတယ်၊ ခတ်ဆေးရည် တပုလင်းကို ကိုပက် ၃၀ ကျတယ်၊ ပုလင်း ၄၀ လောက် သောက်ရမယ်၊ အဲဒါကြောင့် ကျွန်တော်က ဆေးစာကို ဘုရားစင်ပေါ်မှာ တင်ထားလိုက်တယ်၊ အခုအထိ အဲဒီမှာပဲ ရှိနေတယ်။

နောက်ပြီးတော့ ဆရာဝန်က နီနာကို နေ့စဉ် မနက် တကြိမ်၊ ညနေ တကြိမ် ရေထဲမှာ ဆေးတမျိုး ထည့်ပြီး ဆေးရည်ချိုးပေးဖို့ မှာသွားတယ်၊ ဒါပေမဲ့ခင်ဗျာ... အဲဒီလို ဆေးကုသမှုမျိုးကို ကျွန်တော်တို့ရဲ့ဂေဟာထဲမှာ ဘယ်လိုလုပ်ပြီး စီစဉ်နိုင်ပါ့မလဲ၊ ကျွန်တော်တို့မှာ အိမ်ဖော်လည်း မရှိဘူး၊ ကူဖော်လောင်ဖက်လည်း မရှိဘူး၊ ရေချိုးခန်းလည်း မရှိဘူး၊ ရေလည်း မရှိဘူး။ နီနာကလေးမှာ အဆစ်အမြစ်တွေ နာကျင်ကိုက်ခဲတဲ့ ရောဂါရှိတယ်၊ အဲဒီအကြောင်းကို ကျွန်တော် လူကြီးမင်းကို မပြောမိဘူးနဲ့တူတယ်၊ ညကျလို့ရှိရင် သူ့ရဲ့ညာဘက် ကိုယ်တခြမ်းလုံးဟာ ကိုက်နေတယ်၊ မခံနိုင်အောင် ကိုက်ခဲနေတယ်၊ ဒါပေမဲ့ လူကြီးမင်း ယုံမလား မသိဘူး၊ သူတော်ကောင်းမလေးဟာ ကျွန်တော်တို့ နိုးမှာစိုးလို့ တချက်ကလေးမှ မညည်းရှာဘူး၊ ကျွန်တော်တို့ စားလို့သောက်လို့ ကျန်တာမှ သူ စားတယ်၊ ခွေးကျွေးသလောက်တောင် မရှိဘူး။

"ကျွန်မအနေနဲ့ စားဖို့ သောက်ဖို့ မထိုက်တော့ဘူး၊ ဖေဖေတို့ မေမေတို့ စားတဲ့အထဲက နှိုက်မယူလိုက်တော့ဘူး၊ ကျွန်မဟာ ဖေဖေတို့ မေမေတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပြီ" လို့ သူ့မျက်လုံးတွေက ပြောနေတယ်၊ ကျွန်တော်တို့က သူ့ကို စောင့်ပြီး ကြည့်နေကြတယ်၊ အဲဒါကို သူ မကြိုက်ဘူး၊ "ကျွန်မဟာ ဘာမှ သုံးမရတဲ့ အကျိုးမတယောက်ပဲ၊ ဘယ်သူ့ကိုမှ ကောင်းကျိုး မပေးဘူး" တဲ့ ..။

"သူနဲ့ မထိုက်တန်ဘူး" တဲ့၊ သူကလေးဟာ ကောင်းမြတ်သော မနသိကာရတွေနဲ့ ကျွန်တော်တို့ အားလုံးကို ကယ်တင်နေရှာတယ်၊ သူကလေးဟာ ဗာဗရာရဲ့စိတ်ကို ပျော့ပျောင်း နူးညံ့စေတယ်၊ ဗာဗရာကလေးကိုလည်း လူကြီးမင်း

မကောင်းမထင်လိုက်ပါနဲ့၊ သူကလေးလည်း သူတော်ကောင်း မလေးပါပဲ၊ သူကလေးလည်း မနိုင်တဲ့ဒဏ်တွေကို ခံနေရရှာတာပါပဲ၊ သူဟာ နွေရာသီမှာ ကျွန်တော်တို့ဆီကို ခဏပြန်လာတာပဲ၊ သူ့မှာ စာသင်ပေးလို့ ရထားတဲ့ စုထားတဲ့ ငွေကလေး တဆယ့်ခြောက်ရူဗယ် ပါလာတယ်၊ စက်တင်ဘာလမှာ ... အခုလပေါ့ .... ပီတာစဘတ်မြို့ကိုပြန်ဖို့ လမ်းစရိတ်ပေါ့။

"ဒါပေမဲ့ သူ့ပိုက်ဆံကို ကျွန်တော်တို့ သုံးစားပစ်လိုက်ကြတာ သူ့မှာ အခု အပြန်စရိတ် မရှိတော့ဘူး၊ သူဟာ မပြန်နိုင်ရုံတင် မကသေးဘူး၊ ကျွန်တော်တို့ မိသားစုတာဝန်ကို ကျွန်တယောက်လို လုပ်ပေးနေရတယ်၊ သူဟာ မနိုင်ဝန်ကို ထမ်းနေရတဲ့ မြင်းမကလေးတကောင်လိုပဲ၊ ကျွန်တော်တို့ အားလုံးကို သူ ကြည့်ရှု စောင့်ရှောက်ရတယ်၊ အဝတ်တွေ အားလုံး ချုပ်ရတယ်၊ အဝတ်တွေအားလုံး လျှော်ရတယ်၊ ကြမ်းတိုက်ရတယ်၊ သူ့အမေကို သိပ်ရတယ်၊ သူ့အမေက စိတ်မမှန်ဘူး၊ သူ့အမေက ငိုတယ် ... သူ့အမေက စိတ်နှောက်နေတယ် မဟုတ်လား။

"အခုဆိုရင် ကျွန်တော်ဟာ ဒီပိုက်ဆံနဲ့ အိမ်ဖော်တယောက် ငှားနိုင်မယ်၊ သူတို့အတွက် လိုအပ်တဲ့ ဆေးတွေကိုလည်း ဝယ်နိုင်ပြီ၊ ကျွန်တော်တို့ရဲ့ကျောင်းသူကြီးကိုလည်း ပီစတာစဘတ်ကို ပြန်ပို့နိုင်ပြီ၊ စားဖို့ အမဲသား ဝယ်နိုင်ပြီ၊ သူတို့ကို ကျွန်တော် ကောင်းကောင်းမွန်မွန် ကျွေးနိုင်ပြီ၊ ဘုရားသခင် ... တကယ့် အိပ်မက်ကြီးပါကလား"

သူ့အား ပျော်ရွှင်မှု ပေးနိုင်သဖြင့် အလျှိုရှာ ဝမ်းသာနေသည်။ ကံဆိုးမသားသည် ပျော်ရွှင်မှုကို ရယူရန် သဘောတူချေပြီ။

"နေဦးခင်ဗျာ... နေဦး"

ဗိုလ်ကြီးသည် နေ့လယ်ခင်း အိပ်မက်တွင် မျောနေသည့်အနေဖြင့် စိတ်အား တက်ကြွစွာဖြင့် သိုးသိုးသွက်သွက်ကြီး ပြောနေသည်။

"အီလျူရှာနဲ့ ကျွန်တော်ဟာ ကျွန်တော်တို့ရဲ့ အိပ်မက်ကြီးကို တကယ် လက်တွေ့ အကောင်အထည် ဖော်နိုင်ကြပြီ၊ ကျွန်တော်တို့ မြင်းတကောင်နဲ့ လှည်းတစီး ဝယ်မယ် မြင်းနက်တကောင် ဝယ်မယ်၊ သားက မြင်းအနက်ကို သဘောကျတယ်၊ မနေ့က ကျွန်တော်တို့ စီစဉ်ထားတဲ့အတိုင်း မြို့က ထွက်ကြမယ်၊ ကာဆက်ပြည်နယ်မှာ ကျွန်တော့်မိတ်ဆွေ ရှေ့နေတယောက် ရှိတယ်၊ သူက ကျွန်တော့်ကို လူရင်းတယောက်နဲ့ မှာလိုက်တယ်၊ ကျွန်တော် သူ့ဆီကို လာလို့ရှိရင် သူ့ရုံးမှာ စာရေးအဖြစ် အလုပ်ပေးမယ်တဲ့၊ အဲဒီတော့ သူပြောတဲ့အတိုင်း တကယ်ခန့်မှာပဲ ...။

"အဲဒီတော့ မေမေကြီးနဲ့ နီနာကို လှည်းပေါ်တင်မယ်၊ အီလျူရှာက လှည်းကို

မောင်းမယ်၊ ကျွန်တော်က ဘေးက လျှောက်မယ်၊ လျှောက်မယ်... ကျွန်တော်တို့အားလုံး အဲဒီကို ရောက်သွားမယ်၊ ကျွန်တော့်မှာ ပေးဆပ်ရမယ့် ကြွေးတခု ရှိနေလို့ရှိရင် အဲဒီကြွေးကို ကျွန်တော် ပေးဆပ်နိုင်ရမယ် မဟုတ်လား”

“ဟုတ်တယ်၊ ဟုတ်တယ်၊ ကက်ထရီးနား အိုက်ဗင်နိုဗာကလည်း ဗိုလ်ကြီးအတွက် လိုသလောက်ကို ပို့ပေးနေမှာပဲ၊ ကျွန်တော့်မှာလည်း ပိုက်ဆံတွေ ရှိပါတယ်၊ ဗိုလ်ကြီး လိုချင်သလောက် ယူပါ၊ ညီတယောက်ဆီက ယူတဲ့အနေနဲ့ ယူပါ၊ မိတ်ဆွေတယောက်ဆီက ယူတဲ့အနေနဲ့ ယူပါ၊ အဲဒီပိုက်ဆံတွေကို ဗိုလ်ကြီး နောက်ပိုင်းမှာ ပြန်ပေးနိုင်ပါတယ် ဗိုလ်ကြီးဟာ တချိန်မှာ ချမ်းသာ လာမှာပဲ၊ ချမ်းသာသွားမှာပဲ၊ ဗိုလ်ကြီးအတွက် တခြားပြည်နယ်တခုကို ပြောင်းသွားတာထက် ကောင်းတဲ့ အကြံဉာဏ် မရှိနိုင်တော့ပါဘူး။

“ဒါဟာ ဗိုလ်ကြီးကို ကယ်တင်တာပဲ၊ အထူးသဖြင့် ဗိုလ်ကြီးရဲ့သားကလေးကို ကယ်တင်တာပဲ ... ဗိုလ်ကြီး မြန်မြန်သွားသင့်တယ်၊ ဆောင်းမဝင်ခင် သွားသင့်တယ်၊ မအေးခင် သွားသင့်တယ်၊ အဲဒီကိုရောက်ရင် ကျွန်တော်တို့ဆီကို ဗိုလ်ကြီး စာရေးလိုက်ပါ၊ ကျွန်တော်တို့ဟာ အမြဲတမ်းပဲ ညီအစ်ကိုတွေ ဖြစ်နေပါ့မယ် ... ဟုတ်တယ်၊ ဒီဥစ္စာဟာ အိပ်မက် မဟုတ်ဘူး”

အလျှိုရှာသည် အလွန်အမင်း ဝမ်းသာနေသဖြင့် သူ့ကို သိုင်းဖက်တော့မတတ် ရှိနေသည်။ သို့သော် သူ့ကို တချက် လှမ်းကြည့်လိုက်သောအခါ တုံ့ဆိုင်းသွားရသည်။ ဆနီဂါယော့သည် ဇက်ကြီးကို ဆန့်ပြီး နှုတ်ခမ်းစုံကို စူထားသည်။ သူ့မျက်နှာ ဖြူရော်နေပြီး သူ့နှုတ်ခမ်းများက တစုံတခုကို ပြောတော့မည့်အလား တဆတ်ဆတ် တုန်လှုပ်နေသည်။ သို့သော် မည်သည့်စကားလုံးမျှ ထွက်မလာပါ။ နှုတ်ခမ်းတွေသာ လှုပ်မြဲ လှုပ်နေသည်။ ကြောက်မက်ဖွယ်ပင် ဖြစ်သည်။

“ဘာဖြစ်လို့လဲ” အလျှိုရှာ ထိတ်လန့်စွာ မေးလိုက်သည်။

“ဟုတ်ကဲ့ ... အင်း ... အဲ ... ကျွန်တော် ..”

သူ ရေရွတ်သည်။ စကားလုံးတွေ ထစ်နေသည်။ ထူးဆန်းစွာ ငေးစိုက်ပြီး ကြည့်နေသည်။ စိတ်ပျက်လက်ပျက်ဖြင့် ချောက်ထဲသို့ ခုန်ချတော့မည့် အသွင်မျိုး ဖြစ်သည်။

“ကျွန်တော် ... ကျွန်တော် .... အဲ .. ဟို ခင်ဗျာ ... လူကြီးမင်းကို ကျွန်တော် မျက်လှည့်ကလေးတခု ပြပါရစေ”

သူက ရုတ်တရက်ဆိုသလို မြန်မြန်ကြီး ပြောလိုက်သည်။ သူ့စကားများ

မထစ်တော့။

“ဘာ မျက်လှည့်လဲ”

“အင်မတန်လှတဲ့ မျက်လှည့်ကလေးပေါ့”

သူ တီးတိုးရွတ်ဆိုသည်။ သူ့ပါးစပ်သည် ဘယ်ဘက်သို့ တွန့်လိမ်နေသည်။ သူ၏ လက်ဝဲဘက် မျက်လုံးကို ရှုံ့ထားသည်။ အလျှိုရှာကို သူ စိုက်ပြီးကြည့်နေသည်။

“ဗိုလ်ကြီး ဘာဖြစ်လို့လဲ၊ ဘယ်လို မျက်လှည့်မျိုးလဲ”

အလျှိုရှာ တကယ်ပင် ထိတ်လန့်စွာဖြင့် မေးသည်။

“ဒီမှာကြည့်၊ ဟောဒါမျိုး ...”

သူ ရုတ်တရက် အော်လိုက်သည်။ ထို့နောက် စကားပြောနေကြစဉ် ကာလအတွင်း သူ၏ လက်မနှင့် လက်ညှိုးကြားတွင် ကိုင်ထားသော ငွေစက္ကူ နှစ်ရွက်ကို ပြလိုက်သည်။ ထို့နောက် ငွေစက္ကူများကို ခပ်ကြမ်းကြမ်း လုံးချေလိုက်သည်။ သူ၏ ညာဘက်လက်ထဲတွင် တအား ဆုပ်ထားလိုက်သည်။

“ဟောဒီမှာ တွေ့ လား၊ ဟောဒီမှာ တွေ့လား ...”

သူ တအားအော်လိုက်သည်။ သူ့တကိုယ်လုံး ဖြူရော်ပြီး အရူးတယောက်လို ဖြစ်နေသည်။ ထို့နောက် သူ့လက်ကို ရုတ်တရက်ဆိုသလို အပေါ်သို့ မြှောက်လိုက်ပြီး လုံးချေထားသော ငွေစက္ကူများကို သဲပြင်ပေါ်သို့ တအား ပေါက်ချလိုက်သည်။

“ဟောဒီမှာကြည့်၊ တွေ့လား၊ တွေ့လား ...”

ညာဘက်ခြေထောက်ကို မြှောက်ပြီး တွန့်ကြေနေသော ငွေစက္ကူများကို ဖနောင့်နှင့် ဒေါသတကြီး ပေါက်နေသည်။

“ဟောဒီမှာ ခင်ဗျားတို့ပိုက်ဆံ .... ဟောဒီမှာ ခင်ဗျားတို့ပိုက်ဆံ၊ ဟောဒီမှာ ခင်ဗျားတို့ပိုက်ဆံ”

သူ အသက်ရှုမမှန်ဘဲ ဟစ်အော်နေသည်။

သူသည် ရုတ်တရက်ဆိုသလို နောက်ဘက်သို့ ခုန်ပြီး ဆုတ်လိုက်သည်။ အလျှိုရှာ၏ရှေ့တွင် သူ့ကိုယ်ကို မားမားကြီး ရပ်လိုက်သည်။

“လူကြီးမင်းကို လွှတ်လိုက်တဲ့လူကို ပြောပါ၊ မြက်ဖုတ်ကြီးဟာ သူ့သိက္ခာကို

ဘယ်တော့မှ ရောင်းမစားဘူးလို့”

သူ့လက်တဖက်ကို အပေါ်သို့မြှောက်ပြီး ဟစ်အော်သည်။

ထို့နောက် သူသည် နောက်ဘက်သို့ ကပျာကယာလှည့်ပြီး ပြေးတော့သည်။ သို့သော် ငါးကိုက်ခန့် ပြေးမိသောအခါ နောက်ဘက်သို့လှည့်ပြီး အလျှိုရှာကို နှုတ်ခမ်းပေါ် လက်တင်ပြီး အနမ်းပုံ ပေးသည်။ တဖန် သူ ငါးကိုက်ခန့် ပြေးပြန်သည်။ အလျှိုရှာကို နောက်ဆုံးအနေဖြင့် လှည့်ကြည့် သည်။ သို့သော် ယခုတကြိမ်တွင်ကား သူ့မျက်နှာသည် ရယ်မနေတော့ပါ။ မျက်ရည်တွေနှင့် တုန်ယင်နေတော့သည်။

“ကျုပ် အရုက်ကွဲခံပြီး လူကြီးမင်းဆီက ပိုက်ဆံကို ယူခဲ့မိရင် ကျုပ်သားကို ကျုပ် ဘယ်လိုလုပ်ပြီး ပြန်ပြောရမလဲ...”

သူ မျက်ရည်စက်လက်ဖြင့် အထစ်ထစ် အငေါ့ငေါ့ ပြောဆိုသည်။ ယင်းသို့ပြောပြီးနောက် သူ ပြေးပြန်သည်။ ယခုတကြိမ်တွင်ကား ပြန်စောင်းမကြည့်တော့ပါ။

အလျှိုရှာ အထူးပင် စိတ်ထိခိုက်စွာဖြင့် သူ့နောက်သို့ ကြည့်နေသည်။ သူသည် ငွေစက္ကူများကို လုံးချေပြီး လွှင့်ပစ်သည့်အချိန်အထိ ထိုသို့ ပြုလုပ်လိမ့်မည်ဟု သူ့ဘာသူ မသိပါ။ သူ ပြန်လှည့်မလာ တော့ပါ။ သူ မလာတော့ဘူးဆိုသည်ကိုလည်း အလျှိုရှာ သိပါသည်။

ထို့အပြင် အလျှိုရှာသည် သူ့နောက်သို့ ပြေးလိုက်ပြီး သူ့ကို မခေါ်ချင်ပါ။ ခိုင်လုံသည့်အကြောင်း ရှိပါသည်။ ဆနီဂါယော့ မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ အလျှိုရှာ ငွေစက္ကူများကို ကောက်ယူလိုက်ပါသည်။ ငွေစက္ကူများသည် တွန့်ကြေပြီး သဲထဲတွင် မြုပ်ဝင်လျက် ရှိသော်လည်း ပျက်စီးခြင်း မရှိပါ။ ငွေစက္ကူများကို အလျှိုရှာ ပြန်ဖြန့်ပြီး လက်နှင့် သပ်လိုက်သောအခါ အသစ်ပုံစံအတိုင်း စက္ကူမြည်သံ ထွက်ပေါ်လာပါသည်။ အလျှိုရှာသည် ငွေစက္ကူများကို ပြန့်အောင် ဖြန့်ပြီးနောက် ပြန်ခေါက်လိုက်သည်။ သူ့အိတ်ထဲသို့ ထည့်လိုက်သည်။ သူမ ခိုင်းစေလိုက်သော အလုပ်မှ ထွက်ပေါ်လာသောအဖြေကို သတင်းပို့ရန်အတွက် ကက်ထရီးနားထံသို့ သူ သွားရောက်သည်။

ပဥ္စမကဏ္ဍ - အကျိုးနှင့်အပြစ်

၁။ သစ္စာပန္နက်ခြင်း

ယခုတကြိမ်တွင်လည်း အလျှိုရှာကို ပထမဆုံး တွေ့ဆုံသူမှာ မစ္စက်ကိုကလာကော့ ဖြစ်သည်။ သူမက ပျာယီးပျာယာ ဖြစ်သည်။ အရေးကြီးသော အခြင်းအရာတခု ဖြစ်ပွားသည်။ ကက်ထရီးနား၏ ကယောင်ချောက်ချား ဖြစ်မှုသည် မေ့မြောခြင်းဖြင့် အဆုံးသတ်သွားသည်။

"သူ အခု သိပ်အားနည်းနေတယ်၊ ခုတင်ပေါ်မှာမျက်ဖြူလန်ပြီး ကယောင်ကတမ်းတွေ ပြောနေတယ်၊ အဖျားလည်း ဝင်နေတယ်၊ ဒါနဲ့ သူ့အဒေါ်တွေနဲ့ ဒေါက်တာ ဟာဇင်ကျူဗီကို အခေါ်ခိုင်းရတယ်၊ သူ့အဒေါ်တွေ အခု ဒီမှာရောက်နေကြပြီ၊ ဒါပေမဲ့ ဟာဇင်ကျူဗီတော့ ရောက်မလာသေးဘူး၊ သူတို့အားလုံး သူ့အခန်းထဲမှာထိုင်ပြီး စောင့်နေကြတယ်၊ သူ အခု သတိလစ်နေတယ်၊ ဦးနှောက်ထဲ အဖျားရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

မစ္စက်ကိုကလာကော့သည် တကယ်ပင် ထိတ်လန့်တုန်လှုပ်နေဟန်ရှိသည်။ "သိပ် အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်"

သူမက စကားတခွန်းပြောတိုင်း အထက်ပါအတိုင်း ထည့်ပြောသည်။ သည့်အရင်က ဖြစ်ခဲ့သမျှ အရာအားလုံးသည် အရေးမကြီးသည့်အလား ဖြစ်သည်။ အလျှိုရှာ စိတ်မကောင်းစွာဖြင့် နားထောင်နေသည်။ ထို့နောက် သူ၏ စွန့်စားခန်းများကို စတင် ပြောဆိုသည်။ သို့သော် သူမက သူ့စကား စလျှင်စချင်းပင် ကြားဖြတ်ပစ်သည်။ သူမတွင် နားထောင်ရန် အချိန်မရှိပါ။ သူမက သူ့ကို လီဆီနှင့်အတူ သွားနေရန် ပြောသည်။ သူမကို ထိုမှ စောင့်နေရန် ပြောသည်။

"လီဆီ လုပ်တာကို တို့များ သိပ်အံ့သြရတာပဲ အလက်ဇီ" သူမက သူ့ကြားသာရုံ တိုးတိုးကလေး ပြောသည်။ "နောက်ပြီးတော့ တို့အသည်းကို ခိုက်သွားတာပဲ၊ ဒါကြောင့်လည်း တို့များ သူ့ကို အားလုံး ခွင့်လွှတ်ရတော့တယ်၊ မောင်လေး စဉ်းစားကြည့်စမ်းပါ မောင်လေးလည်း ထွက်သွားရော မောင်လေးကို မနေ့ကနဲ့ ကနေ့ သူရယ်ခဲ့မိတဲ့အတွက် သိပ်စိတ်မကောင်းဖြစ်နေတယ်၊ အမှန်တော့ မောင်လေးကို သူရယ်နေတာ မဟုတ်ပါဘူး၊ သက်သက် နောက်နေတာပါ၊ ဒါပေမဲ့ အဲဒီအတွက် သူ တကယ်ပဲ စိတ်မကောင်းဖြစ်နေရှာတယ်၊ သူ့ခမျာ ငိုတော့မလိုပဲ၊ အဲဒီတော့ တို့များ သိပ်ကို အံ့သြရတာပေါ့ ။

"သူဟာ အရင်တုန်းက တို့များကို ရယ်ခဲ့တဲ့အတွက် တခါမှ စိတ်မကောင်း

မဖြစ်ခဲ့ဘူး။ အဲဒါကို သူက နောက်တောင် နေခဲ့သေးတယ်၊ မောင်လေး သိတဲ့အတိုင်းပဲ သူဟာ တို့များကို အမြဲတမ်းလိုပဲ ရယ်နေခဲ့တယ်၊ အခုတော့ သူဟာ တကယ့်ကို လေးလေးနက်နက်ကြီး ဖြစ်နေတယ်၊ အခုအချိန်မှာ သူဟာ ဘာမဆိုကို အလေးအနက် ဖြစ်နေတယ်။ သူဟာ မောင်လေးကို သိပ်ပြီး အရေးထားနေတယ်၊ အဲဒီတော့ မောင်လေး သူ့ကို စိတ်မဆိုးပါနဲ့၊ သူ့အပေါ်မှာ အာဃာတ မထားပါနဲ့။

"တို့များဟာ သူ့ကို တတ်နိုင်သမျှ ခွင့်လွှတ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လိမ္မာတဲ့ မိန်းကလေးတယောက် ဖြစ်လို့ပဲ၊ မောင်လေးရော အဲဒီလို မယူဆဘူးလား၊ မောင်လေးဟာ သူ့ရဲ့ ကလေးဘဝကတည်းက မိတ်ဆွေဖြစ်တယ်လို့ သူ အခုပဲ တို့များကို ပြောခဲ့တယ်၊ "ကလေးဘဝက သူ့ရဲ့အစစ်အမှန်ဆုံး မိတ်ဆွေ" တဲ့၊ စဉ်းစားကြည့်စမ်းပါ၊ "အစစ်မှန်ဆုံး" တဲ့၊ အဲဒီတော့ တို့များကို ဘယ်သွားထားမလဲ။

"သူဟာ အင်မတန် ခံစားမှုပြင်းထန်တယ်၊ အမှတ်အသားလည်း ကြီးတယ်၊ နောက်ပြီးတော့ ရှိသေးတယ်၊ နောက်ပြီးတော့ သူပြောတဲ့စကားတွေဟာ နည်းနည်းမှ မမျှော်လင့်တဲ့ စကားလုံးတွေပဲ၊ မောင်လေးအနေနဲ့ နည်းနည်းမှ မထင်မှတ်တာတွေ သူ့ပါးစပ်ထဲက ရုတ်ခြည်း ထွက်လာတာပဲ။ ဥပမာပြောရရင် သိပ်မကြာခင်ကလေးကပဲ ထင်းရှူးပင်တပင်အကြောင်း သူပြောတယ်၊ တို့များရဲ့ ခြံထဲမှာ သူငယ်ငယ်တုန်းက ထင်းရှူးပင် တပင် ရှိခဲ့တယ်၊ အခုလည်း အဲဒီအပင်ကြီးဟာ အဲဒီနေရာမှာ ရှိနေတုန်းပဲ၊ အဲဒီတော့ အဲဒီအပင်ကြီးအကြောင်းကို အတိတ်ကာလအဖြစ် မပြောသင့်ဘူး၊ ထင်းရှူးပင်တွေဟာ လူတွေလို မဟုတ်ဘူး အလက်ဇီ။ သူတို့ဟာ မြန်မြန်ဆန်ဆန် ကြီး မပြောင်းလဲတတ်ကြဘူး၊ ဒါပေမဲ့ သူက "မေမေရေ၊ သမီးလေ အဲဒီ ထင်းရှူးပင်ကြီးကို လွမ်းနေတယ်တဲ့" ကြည့်စမ်းပါဦး၊ သူပြောလိုက်ပုံက၊ လွမ်းနေတယ်တဲ့၊ သူပြောတာ တမျိုး ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ တို့များရဲ့ခေါင်းထဲမှာ အားလုံး ရောနေပြီ၊ ဒါပေမဲ့ သူ့အနေနဲ့ တမျိုးလေး ပြောလိုက်တာတော့ အမှန်ပဲ၊ တို့များ ပြန်မပြောတတ်ဘူး၊ မှတ်လည်း မမှတ်မိတော့ဘူး။

"ကဲ... သွားမယ်၊ တို့စိတ်ထဲမှာ အတော်ကြီးကို ကယောက်ကယက် ဖြစ်နေတယ်၊ ရူးများသွားမလား တောင် မသိဘူး၊ အဲ တို့ဘဝမှာ ရူးမလိုမျိုး နှစ်ခါတောင် ဖြစ်ခဲ့ရဖူးတယ် အလက်ဇီ၊ ဆေးကုယူခဲ့ရတယ်။

"လီဆီ ဆီကို သွားပါ၊ သူ့ကို အားပေးပါ၊ မောင်လေး သူ့ကို အမြဲတမ်း အားပေးတတ်ပါတယ်၊ လီဆီရေ" လီဆီ၏ အခန်းတံခါးပေါက်ဆီသို့ သူမ သွားပြီး အော်လိုက်သည်။

"ဟောဒီမှာ၊ သမီး စောစောက သူ့စိတ်တွေကို ကသိကအောက်ဖြစ်အောင်

လုပ်လိုက်တဲ့ အလက်ဇီကို မေမေ ခေါ်လာတယ်၊ ဒါပေမဲ့ သူ သမီးကို စိတ်မဆိုးပါဘူး၊ သမီးက သူ စိတ်ဆိုးတယ်လို့ ထင်နေတာကိုတောင် သူက အံ့သြနေသေးတယ်”

“ဟုတ်ကဲ့ မေမေ၊ အလက်ဇီ လာလေ”

အလျှိုရှာ အခန်းတွင်းသို့ ဝင်သွားသည်။ လီဆီ စနိုးစနောင့် ဖြစ်နေပုံရသည်။ ရုတ်ခြည်းဆိုသလိုပင် ရှက်သွေးဖြာသွားသည်။ သူမသည် တစုံတခုကို ရှက်နေပုံရသည်။ သည်လိုကိစ္စမျိုးတွင် ဖြစ်တတ်သည့်အတိုင်းပင် သူမသည် အခြားအကြောင်းကိစ္စတခုကို ကသောကမျော ပြောနေသည်။ ဤပြဿနာသည် ဤအချိန်တွင် သူမ စိတ်ဝင်စားသော ပြဿနာ ဖြစ်သည့်အလားပင် ဖြစ်သည်။

“မေမေက အခုပဲ ညီမကို ငွေနှစ်ရာအကြောင်း ပြောပြတယ် အလက်ဇီ၊ အဲဒီငွေကို အစ်ကိုက အဲဒီစစ်ဗိုလ်ဆီကို သွားပေးတဲ့အကြောင်း ... အဲဒီ စစ်ဗိုလ် အစော်ကားခံရတဲ့အကြောင်း ... အစ်ကို သိတဲ့အတိုင်းပဲ၊ မေမေက တခုခုကိုပြောရင် အားလုံး ရောထွေးပြီး ပြောတတ်တယ်၊ တနေရာက တနေရာကို ခုန်ပြီး ပြောတတ်တယ်၊ ဒါပေမဲ့ အဲဒါတွေကို ကြားရတော့ ညီမ ငိုရတယ်၊ အစ်ကို အဲဒီပိုက်ဆံ ပေးခဲ့သလား၊ အဲဒီ ဗိုလ်ကြီး အခု ဘယ့်နှယ့်နေသေးသလဲ”

“ပြဿနာကတော့ အဲဒီပိုက်ဆံကို ကိုယ် မပေးခဲ့ရသေးဘူး၊ ပြောရရင်တော့ အရှည်ကြီးပဲ” အလျှိုရှာကလည်း ပိုက်ဆံမပေးခဲ့ရသည့်အဖြစ်ကို အင်မတန် အရေးကြီးသည့် ပြဿနာကြီးတခု အဖြစ်နှင့် ပြောလိုက်သည်။ ဤအခါတွင် အလျှိုရှာသည်လည်း တခြားသော အကြောင်းအရာတခုကို ကြိုးစားပြီး ပြောဆိုနေကြောင်း လီဆီ ရိပ်စားမိရသည်။ အလျှိုရှာ စားပွဲတွင် ထိုင်လိုက်ပြီး သူ့ဇာတ်လမ်းကို စတင်သည်။ သို့သော် သူသည် တခွန်း နှစ်ခွန်း ပြောမိသည်ဆိုလျှင်ပင် စိတ်စနိုးစနောင့် ဖြစ်နေသည်များ ပျောက်ကွယ်သွားပြီး လီဆီ၏ စိတ်ဝင်စားမှုကို ရရှိလေတော့ သည်။

သူသည် တွေ့ကြုံခံစားခဲ့ရသည့်အတိုင်း လှိုက်လှဲစွာ ပြောဆိုနေတော့သည်။ သူ၏ ဇာတ်လမ်းသည် ချောပြီး ညက်နေတော့သည်။ မော်စကိုမှာ နေခဲ့ကြစဉ်ကလည်း သူသည် လီဆီထံသို့ သွားရောက်ပြီး သူ ကြုံတွေ့ရသည်များ၊ သူ ဖတ်ရှုရသည်များနှင့် သူ ငယ်စဉ်က အကြောင်းများကို ပြောပြတတ် သည်။ ရံဖန်ရံခါတွင် သူတို့သည် စိတ်ကူးယဉ်ပြီး ဇာတ်လမ်းအမျိုးမျိုးကို တီထွင်ပြောဆိုတတ်ကြ သည်။ ပျော်စရာ ဇာတ်လမ်းကလေးများ ဖြစ်တတ်သည်။ ယခုအခါ သူတို့သည် လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာရီက မော်စကိုဘဝများသို့ ပြန်လည် ရောက်ရှိသွားကြသည့်အလား ဖြစ်သည်။ လီဆီသည် သူ၏ဇာတ်လမ်းတွင် အထူးပင် ငြိတွယ်လျက် ရှိတော့သည်။ အလျှိုရှာသည် သူမကို ‘အီလျာကလေး’

အကြောင်း အထူးစိတ်ဝင်စားစွာနှင့် ပြောသည်။

သို့ရာတွင် ကံဆိုးမသားကြီးက ငွေစက္ကူများကို နင်းချေပစ်သည့်အကြောင်း ပြောသောခါ လီဆီသည် လက်နှစ်ဖက်ကို ပိုက်လိုက်ပြီး စိတ်မချုပ်တည်းနိုင်ဟန်ဖြင့်…

“အဲဒီတော့ အစ်ကို သူ့ကို ပိုက်ဆံမပေးခဲ့ဘူးပေါ့ ဟုတ်လား၊ သူ ထွက်ပြေးသွားတာကို အစ်ကို ဒီအတိုင်းကြည့်နေတယ် ဟုတ်လား၊ အစ်ကို သူ့နောက်ကို ပြေးလိုက်သွားရမှာပေါ့၊ သူ့နောက်ကို မီအောင်လိုက်ရမှာပေါ့”

“မဟုတ်ဘူး လီဆီ၊ သူ့နောက်ကို မလိုက်တာက ပိုကောင်းတယ်”

အလျှိုရှာ ထိုင်ရာမှထရင်း ပြောလိုက်သည်။ ထို့နောက် တစုံတခုကို နက်နက်နဲနဲ တွေးတောနေ ဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

“ဘာကြောင့် ပိုကောင်းသလဲ၊ ဘာဖြစ်လို့ ပိုကောင်းတာလဲ၊ အခုနေဆိုရင် သူတို့ ဘာမှ စားစရာ မရှိတော့ဘူး၊ သူတို့အဖြစ်ဟာ မကောင်းတော့ဘူး၊ သူတို့အားလုံး ငတ်ကုန်ကြတော့မယ်”

“သူတို့ မငတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငွေနှစ်ရာကို ဘာပဲဖြစ်ဖြစ် သူတို့ ရမှာပဲ၊ မနက်ဖြန်ဆိုရင် ဒီငွေကို သူလက်ခံမှာ အမှန်ပဲ၊ ကိုယ် သေသေချာချာ သိတယ်၊ ဒီမယ် လီဆီ၊ ကိုယ် တခု မှားသွားတယ်၊ အဲဒါလည်း အမှားကောင်းပါပဲ”

အလျှိုရှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ သူမ၏ရှေ့တွင် ရုတ်တရက် ရပ်လိုက်ပြီး ပြောလိုက်သည်။

“ဘာမှားတာလဲ၊ ဘာဖြစ်လို့ အမှားကောင်းလဲ”

“ကိုယ် ပြောပြမယ်၊ ဒီလူက စိတ်ပျော့တဲ့ လူတယောက်ပဲ၊ သူဟာ ဒုက္ခသုက္ခတွေ အများကြီး ခံစားခဲ့ရတယ်။ ဒါပေမဲ့ စိတ်ရင်းကောင်းတဲ့ လူတယောက်ပဲ၊ သူ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတယ် ဆိုတာကို ကိုယ် စဉ်းစားနေတယ်၊ သူဟာ နောက်ဆုံးအချိန်အထိ အဲဒီပိုက်ဆံတွေကို နင်းချေပစ်မယ် ဆိုတာ သူ့ဘာသူ မသိဘူး၊ ကိုယ် အခု စဉ်းစားမိတယ်၊ အဲဒီလိုဖြစ်သွားဖို့ သူ့မှာ အကြောင်းတွေ အများကြီး ရှိနေတယ် … သူ့အနေနဲ့လည်း အဲဒီလိုပဲ ဖြစ်စရာရှိတယ် …။

“ပထမဆုံးအချက်ကတော့ ပိုက်ဆံရတဲ့အတွက် ကိုယ့်ရှေ့မှာ ဝမ်းသာသွားတာပဲ၊ သူ့စိတ်ကို မဖုံးကွယ်နိုင်တာပဲ၊ သူ့အနေနဲ့ ဝမ်းသာတဲ့တိုင်အောင်

ဒါလောက်ကြီး ဝမ်းမသာရဘူး၊ သူ့အနေနဲ့ ဒါကို မဖော်ပြရဘူး၊ တခြားလူတွေ ပိုက်ဆံရတဲ့အခါမှာလိုပဲ ဟိတ်ကလေး ဟန်ကလေးနဲ့ ဖြစ်ရမယ်၊ ဒါပေမဲ့ သူက တကယ့်ကို လှိုက်လှိုက်လှဲလှဲကြီး ဝမ်းသာသွားတယ်၊ အဲဒါကြောင့် သူ့စိတ်ထဲမှာ အများကြီး ခံစားရတာပဲ။

"ဒီမယ် လီဆီ၊ သူဟာ လူကောင်း လူဖြောင့်တယောက်ပဲ... အဲဒါဟာ အဆိုးဆုံးပဲ၊ ကိုယ့်ကို သူ စကားပြောနေတဲ့ တချိန်လုံးမှာ သူ့အသံဟာ တုန်ပြီး တိုးနေတယ်၊ ပြီးတော့ သူစကားပြောတာ သိပ်မြန်တယ်၊ သူရယ်ပုံကလည်း သိပ်ရယ်စရာကောင်းတယ်၊ ဒါမှမဟုတ် သူငိုနေသလိုပဲ ... ဟုတ်တယ်၊ သူ ငိုတယ်၊ သူ သိပ်ပျော်နေတယ်... သူ့သမီးတွေအကြောင်း သူပြောတယ်၊ တခြား မြို့တမြို့မှာ သူရမယ့် အလုပ်အကြောင်း ပြောတယ်။

"ဒါပေမဲ့ သူဟာ သူ့ရင်ထဲမှာ ရှိတာတွေကို အကုန်လုံး ထုတ်ပြလိုက်မိတဲ့အတွက် ကိုယ့်ကို သူရှက်သွားတယ်၊ အဲဒါကြောင့် သူ ကိုယ့်ကို ချက်ချင်း ပြန်မုန်းသွားတယ်၊ သူဟာ အင်မတန် စိတ်နုတဲ့လူစားမျိုးတယောက်ပဲ၊ သူ့အနေနဲ့ အရှက်ဆုံးကတော့ ကိုယ့်ကို မိတ်ဆွေတယောက် အနေနဲ့ လက်ခံတာ သိပ်စောလွန်းသွားတာပဲ။

"ပထမပိုင်းမှာ သူဟာ ကိုယ့်ကို စားတော့မလို ဝါးတော့မလို ကြိမ်းလား မောင်းလား လုပ်ခဲ့တယ်၊ ဒါပေမဲ့ ပိုက်ဆံကိုလည်း မြင်သွားကရော သူဟာ ကိုယ့်ကို တခါတည်း ဖက်လဲတကင်း ဖြစ်လာတော့ တယ်၊ သူဟာ တကယ်ပဲ ကိုယ့်ကို ဖက်ခဲ့တယ်၊ ကိုယ့်ကိုယ်ကိုယ် သူ့လက်နှစ်ဖက်နဲ့ ထိကိုင်ခဲ့တယ်၊ အဲဒီအတွက် သူဟာ သိက္ခာကျတယ်လို့ ခံစားမိသွားတယ်၊ အဲဒီအချိန်မှာပဲ ကိုယ်ဟာ အမှားတခု ကျူးလွန်လိုက်တယ်၊ အမှားကြီး တခုပဲ။

"ဒီမယ် လီဆီ၊ ကိုယ် သူ့ကို ဖြုန်းစားကြီး ပြောလိုက်မိတယ်၊ သူ တမြို့တရွာကို ပြောင်းဖို့ ငွေမလုံလောက်ဘူးဆိုရင် သူ့ကို ငွေထပ်ပေးမယ်၊ အစ်ကို့အနေနဲ့လည်း သူ လိုချင်သလောက် ငွေကို ပေးမယ်လို့ ပြောလိုက်တယ်။ ဒီမှာ သူဟာ ဖြုန်းခနဲဆို တုန်လှုပ် ချောက်ချားသွားရတော့တာပဲ၊ သူ့စိတ်ထဲမှာ ထူးဆန်းသွားတယ်၊ ဒီလူက ဘာဖြစ်လို့ ငါ့ကို အလောတကြီး ကူညီရတာလဲလို့ သူ တွေးလိမ့်မယ်။

"ဒီမယ် လီဆီ၊ သူ့လို လောကဓံရဲ့အထုအထောင်းကို ထောင်းလမောင်းကြေအောင် ခံခဲ့ရတဲ့ လူတယောက်ဟာ လူတိုင်းကပဲ သူ့ကို သူ့ရဲ့ကျေးဇူးရှင်အဖြစ် ပြောဆိုဆက်ဆံကြတယ်.... အဲဒီသဘောကို ကိုယ် ကြားဖူးတယ်၊ ခင်ကြီးဘုရားက ကိုယ့်ကို ပြောခဲ့တယ်၊ ကိုယ် ဘယ်လိုပြောရမှန်း မသိဘူး၊ ဒါပေမဲ့ ဒီသဘောကို ကိုယ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတယ်၊ ပြီးတော့

ကိုယ့်စိတ်ထဲမှာလည်း ဒီအတိုင်းပဲ ခံစားခဲ့ရတယ်။

"စိတ်ဝင်စားစရာ ကောင်းတာကတော့ သူဟာ ငွေစက္ကူတွေကို နင်းခြေပစ်တဲ့အချိန်အထိ သူ ဒီလိုလုပ်လိမ့်မယ်ဆိုတာကို သူ့ဘာသူ မသိခဲ့ပေမဲ့ သူ့စိတ်ထဲမှာ ကြိုပြီး ဖြစ်နေခဲ့တာတော့ အမှန်ပဲ၊ အဲဒါ သေချာတယ်၊ သူ့မှာ အဲဒီလို ကြိုပြီး ဖြစ်နေတဲ့အတွက် ဒီလို သူ ဒါလောက် ဝမ်းသာနေတာပဲ၊ နောက်ဆုံးမှာ အခြေအနေဟာ ဆိုးဆိုးရွားရွားဖြစ်သွားပေမဲ့ အဲဒါဟာ ကောင်းပါတယ်၊ အမှန်အတိုင်း ပြောရရင် ဒီထက်ကောင်းတဲ့ အခြေအနေမျိုး ဖြစ်နိုင်စရာ မရှိတော့ဘူး ..."

"ဘာဖြစ်လို့... ဘာဖြစ်လို့ ဒါထက်ကောင်းတဲ့ အခြေအနေ မဖြစ်နိုင်ရတာလဲ" လီဆီက အလျှိုရှာကို တအံ့တသြ ကြည့်ရင်း မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဒီပိုက်ဆံကို ယူပြီး အခုလို နင်းချေမပစ်ခဲ့ဘူးဆိုရင် သူ အိမ်ပြန်ရောက်ပြီး တနာရီအတွင်းမှာပဲ သူ့ရဲ့သိက္ခာ ကျဆုံးရမှုအတွက် သူ ငိုတော့မှာပဲ။ အမှန်ပဲ၊ အဲဒီအတိုင်းပဲ ဖြစ်မှာပဲ၊ သူ ငိုမယ်... ပြီးရင် မနက်ဖြန် မနက်အစောကြီး ကိုယ့်ဆီကို လာမယ်၊ ကိုယ့်ကို ငွေစက္ကူတွေနဲ့ ပေါက်ပြီး အဲဒီ ငွေစက္ကူနှစ်ရွက်ကို ကနေ့ သူ နင်းချေသလိုပဲ နင်းချေပစ်မှာပဲ။

"ဒါပေမဲ့ အခုဆိုရင် သူဟာ 'သူ့ကိုယ်သူ ဖျက်ဆီးလိုက်မှန်း' သိပေမယ့် သူ့ကိုယ်သူ အင်မတန် ကျေနပ်ပြီး၊ အင်မတန် ဂုဏ်ယူနေလိမ့်မယ်၊ အဲဒီအတွက် မနက်ဖြန်ကျရင် သူ့ကို ငွေနှစ်ရာ လက်ခံအောင် လုပ်ဖို့ဟာ အလွယ်ကူဆုံး အခြေအနေ ဖြစ်သွားပြီ၊ ဒါထက် လွယ်ကူတဲ့ အခြေအနေ မျိုး မရှိတော့ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ ငွေစက္ကူတွေကို ခြေထောက်နဲ့ နင်းခြေပြီး သူ့သိက္ခာကို သူ ဆယ်ခဲ့ပြီးပြီ။ သူ အဲဒီလို နင်းချေတဲ့အချိန်မှာ ဒီပိုက်ဆံတွေကို မနက်ဖြန်ကျရင် နောက်တခါ ကိုယ် လာပေးလိမ့်ဦးမယ်ဆိုတာ သူ လုံးဝ မသိခဲ့ဘူး။

"သူ့မှာ ပိုက်ဆံလိုနေတာတော့ အသေအလဲပဲ၊ သူဟာ ကနေ့ သူ့ကိုယ်သူ ကျေနပ်ပြီး အားရနေတဲ့ အချိန်မှာ သူ့ရဲ့ဆုံးရှုံးမှုကို သူ စဉ်းစားမိလိမ့်မယ်။ ညဆိုရင် ဒီကိစ္စကို ပိုပြီး တွေးလာလိမ့်မယ် လို့တောင် ကိုယ် ထင်တယ်၊ အဲဒီအခါမှာ ကိုယ်က ဒီလိုပြောမယ် "ဗိုလ်ကြီးဟာ အင်မတန် မာနကြီးတဲ့လူတယောက်ပဲ၊ အဲဒါကို လက်တွေ့ပြသွားတာပဲ၊ ကဲ အခု ဒီပိုက်ဆံတွေကို လက်ခံပြီး ကျွန်တော်တို့ကို ခွင့်လွှတ်ပါ" လို့။ ဒီလိုဆိုရင် ပိုက်ဆံကို သူ လက်ခံမယ်ဆိုတာ သိပ်သေချာတယ်"

"ပိုက်ဆံကို သူလက်ခံမယ်ဆိုတာ သိပ်သေချာတယ်" ဟူသော နောက်ဆုံးစကားကို အလျှိုရှာက ဝမ်းသာအယ်လဲစွာဖြင့် ပြောသည်။ လီဆီ လက်ခုပ်တီးလိုက်ပြီး ....

"အို ဟုတ်တယ်၊ ဟုတ်တယ်၊ ညီမ အခု ကောင်းကောင်းကြီး သဘောပေါက်သွားပြီ အလျှိုရှာ၊ အစ်ကို ဒါတွေကို ဘယ်လိုလုပ်ပြီး သိသလဲ၊ အစ်ကိုဟာ ငယ်ငယ်ကလေး ရှိသေးပေမဲ့ လူတွေရဲ့ အတွင်းမနောကို ဖောက်ထွင်းပြီး မြင်နိုင်တယ်၊ ညီမ တခါမှ ဒီလိုမျိုး မစဉ်းစားမိခဲ့ဘူး"

"ကိုယ်တို့ အခုလုပ်ရမယ့် အလုပ်ကတော့ သူဟာ ကိုယ်တို့ဆီက ပိုက်ဆံကို ယူလိုက်ပေမဲ့ သူဟာ ကိုယ်တို့နဲ့ တဆင့်တည်းပဲဆိုတာ ပြောရမယ်၊ နေဦး၊ တဆင့်တည်း မဟုတ်ဘူး၊ တဆင့်မြင့်တယ် လို့ကို ပြောရမယ်"

"တဆင့်မြင့်တယ် ... ကောင်းတယ် အလက်ဇီ၊ ကောင်းတယ်၊ ဆက်ပြောပါ ဆက်ပြောပါ"

"ကိုယ်ပြောတာ မဟုတ်သေးဘူး၊ တဆင့်မြင့်တယ်လို့ ပြောတာ မဟုတ်သေးဘူး၊ ဒါပေမဲ့ ဒါက အရေးမကြီးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ..."

"အို ဟုတ်တယ်၊ ဒီကိစ္စ နည်းနည်းကလေးမှ အရေးမကြီးပါဘူး၊ ညီမ တောင်းပန်ပါတယ် အလျှိုရှာ... ညီမဟာ အစ်ကို့ကို မလေးစားခဲ့ဘူး၊ ညီမပြောတာက အစ်ကို့ကို ညီမ လေးစားတယ်၊ တဆင့်တတန်းတည်း ထားပြီး လေးစားခဲ့တယ်၊ ဒါပေမဲ့ အခုဆိုရင် ညီမဟာ အစ်ကို့ကို တဆင့်မြင့်တဲ့ အနေအထားမှာ ထားပြီး လေးစားတော့မယ်၊ ဒီမယ် အစ်ကို... ညီမ နောက်တာ ပြောင်တာတွေကို စိတ်မဆိုးပါနဲ့"

ထို့နောက် သူမက ခံစားမှုအပြည့်ဖြင့် ဆက်ပြောသည်။

"ညီမဟာ မလိမ်မိုး မလိမ္မာ တယောက်ပဲ၊ ဒါပေမဲ့ အစ်ကိုဟာ ... အစ်ကို... ဒီမယ် အစ်ကို၊ ညီမတို့ရဲ့ သုံးသပ်ချက်ဟာ... ညီမ ဆိုလိုတာက အစ်ကို့ရဲ့သုံးသပ်ချက် ... မဟုတ်သေးဘူး ... ညီမတို့ရဲ့ လို့ပဲ ပြောရမယ်၊ ဒီသုံးသပ်ချက်ဟာ ညီမတို့က သူ့ကို ... အဲဒီ အင်မတန် ကံဆိုးရှာတဲ့ လူကြီးကို အထင်သေးရာ မရောက်ဘူးလား၊ ညီမတို့ သူ့ကို ကြည့်မြင်တာက အပေါ်စီးကနေ ကြည့်မြင်နေရာ မကျဘူးလား၊ ညီမဆိုလိုတာက သူ ပိုက်ဆံလက်ခံမယ်ဆိုတာကို ညီမတို့က ကျိန်းသေပေါက် တွက်ထားတယ်၊ ဟုတ်တယ် မဟုတ်လား ...."

"မဟုတ်ဘူး လီဆီ၊ အထင်သေးတဲ့သဘော နည်းနည်းမှ မပါဘူး"

အလျှိုရှာက အခိုင်အမာ ပြန်ပြောလိုက်သည်။ သူက သည်မေးခွန်းအတွက် အဆင်သင့် ပြင်ဆင်ထားသည့်အလားပင် ဖြစ်သည်။

"ဒီကို အလာလမ်းမှာ ဒီကိစ္စကို အစ်ကိုကိုယ်တိုင် စဉ်းစားခဲ့ပြီးပြီ၊ ညီမ စဉ်းစားကြည့်ပါ၊ အစ်ကိုတို့ အားလုံးဟာ သူနဲ့ အတူတူပဲဆိုရင်၊ လူတိုင်း လူတိုင်းဟာ

သူ့လိုပဲလို့ဆိုရင် ကိုယ်တို့ဟာ သူ့ကို ဘာအထင်သေးရာ ရောက်တော့မလဲ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုတို့အားလုံးဟာ သူ့လိုလူတွေ ချည်းပဲ၊ နည်းနည်းကလေးမှ ပိုပြီး မကောင်းကြပါဘူး၊ ကိုယ်တို့ဟာ ပိုပြီး ကောင်းတယ်လို့ ဆိုရင်လည်း သူ့နေရာမှာဆိုရင် သူလို့ပဲ နေမှာပဲ။

"ညီမတော့ မသိဘူး၊ ဒါပေမဲ့ အစ်ကို့မှာတော့ နေရာပေါင်း တော်တော်များများမှာ စိတ်သဘောထား နိမ့်ကျတယ်၊ သူက မနိမ့်ကျဘူး၊ မနိမ့်ကျရုံတင် မကပါဘူး၊ သူ့မှာ ခံစားမှု ပြည့်ဝတယ်၊ အဲဒီတော့ သူနဲ့ပတ်သက်ပြီး အထင်သေးတယ်ဆိုတဲ့ ပြဿနာ မရှိတော့ဘူး၊ ဒီမယ် လီဆီ၊ ကိုယ့်ကို ခင်ကြီးဘုရားက ဆုံးမဖူးတယ်၊ ကိုယ်တို့ဟာ ကလေးတွေကို ကြည့်ရှုစောင့်ရှောက်သလို လူတွေကို လည်း ကြည့်ရှုစောင့်ရှောက်ပါတဲ့၊ နောက်ပြီးတော့ လူတွေကို ကြည့်ရှုစောင့်ရှောက်တဲ့ နေရာမှာ လည်း ဆေးရုံမှာ ရောက်နေတဲ့ လူနာတွေကို ကြည့်ရှုစောင့်ရှောက်ပါတဲ့"

"အို၊ အစ်ကိုရယ် ... လူနာတွေကို ကြည့်ရှုစောင့်ရှောက်သလို လူတွေကို ညီမတို့ ကြည့်ရှု စောင့်ရှောက်ကြရအောင်"

"ဟုတ်တယ် လီဆီ၊ ကိုယ်တို့တွေ ကြည့်ရှုစောင့်ရှောက်ကြရမယ်၊ ဒီကိစ္စကို ကိုယ့်အနေနဲ့ အများကြီး စိတ်ဆန္ဒရှိပါတယ်၊ ဒါပေမဲ့ ကိုယ့်မှာ အဆင်သင့် မဖြစ်သေးဘူး၊ ကိုယ်ဟာ အခြေအနေကို မသိမြင်ဘူး၊ ညီမနဲ့ မတူတာ အဲဒါပဲ"

"အို အဲဒါကို ညီမ မယုံပါဘူး၊ အို အစ်ကိုရယ် .. ညီမ သိပ်ဝမ်းသာတာပဲ" ညီမ အဲဒီလို ပြောတဲ့အတွက် အစ်ကိုလည်း ဝမ်းသာတယ် လီဆီ"

"အစ်ကိုဟာ အင်မတန်ကောင်းတဲ့ လူတယောက်ပဲ၊ ဒါပေမဲ့ တခါတခါမှာ အစ်ကိုဟာ ဟန်များတယ်၊ တကယ်တော့ အစ်ကိုဟာ ဟန်များတတ်တဲ့ လူတယောက် မဟုတ်ပါဘူး၊ ဒီမယ် အစ်ကို၊ တံခါးဆီကို သွားစမ်းပါ၊ တံခါးကို အသာကလေး ဖွင့်ပြီး မေမေများ ချောင်းနားထောင်နေသလားလို့ ကြည့်စမ်းပါ"

လီဆီက ရုတ်ခြည်းဆိုသလို လေသံတိုးတိုးနှင့် ကသောကမျော ပြောလိုက်သည်။ အလျှိုရှာ ထသွားပြီး တံခါးကို ခပ်ဟဟကလေး ဖွင့်ကြည့်သည်။ ထို့နောက် မည်သူမျှ နားထောင်နေခြင်း မရှိကြောင်း ပြောသည်။

"ဒီကိုလာ အစ်ကို"

လီဆီ၏မျက်နှာ ရဲသည်ထက် ရဲလာသည်။

"အစ်ကို့လက်ကို ပေးစမ်းပါ၊ အစ်ကို နားထောင်နော်၊ အစ်ကို့ကို ညီမ ဖြောင့်ချက် ပေးစရာတခု ရှိတယ်၊ မနေ့က အစ်ကို့ဆီကို ရေးလိုက်တဲ့စာဟာ ညီမ

နောက်ပြီး ရေးလိုက်တာ မဟုတ်ဘူး၊ တကယ်ရေးလိုက်တာ ...”

မိန်းကလေးသည် သူမ၏ မျက်လုံးများကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ထားလိုက်သည်။ မိန်းကလေးသည် ဤကဲ့သို့ ဝန်ခံပြောဆိုလိုက်ရသဖြင့် အရှက်ကြီး ရှက်သွားကြောင်း သိသာလှသည်။ ရုတ်ခြည်းဆိုသလိုပင် သူမသည် သူ၏လက်ကို ဆုပ်ကိုင်ကာ သုံးကြိမ်တိတိ အားရပါးရ နမ်းလိုက်သည်။

“အို လီဆီရယ်၊ ဘယ်လောက်များ ကောင်းလိုက်သလဲ၊ ဒီစာကို လီဆီ တကယ် ရေးတယ်ဆိုတာ အစ်ကို သိပါတယ်”

“ဟုတ်တယ်၊ တကယ်ပဲ”

မိန်းကလေးက ပြောလိုက်သည်။ ထို့နောက် သူ့လက်ကို မလွှတ်ဘဲ ဘေးသို့ တွန်းဖယ်လိုက်သည်။ သူမ၏မျက်နှာမှာ ရှက်သွေးဖြာနေသည်။ မိန်းကလေးက ကြည်နူးနှစ်သိမ့် စွာ ရယ်မောလိုက်ပြီး...

“သူ့လက်ကို ငါ နမ်းတယ်၊ ဘယ်လောက်များ ကောင်းလိုက်သလဲလို့ သူက ပြောတယ်”

သို့ရာတွင် သူမအနေနှင့် သူ့ကို အပြစ်တင်သည်မှာ မတရားပါ။ အလျိုရှာကိုယ်တိုင်လည်း အထူးပင် မနေတတ်မထိုင်တတ် ဖြစ်နေပါသည်။

“လီဆီ... ညီမအနေနဲ့ အစ်ကို့ကို အမြဲတမ်း သဘောကျနေစေချင်တယ်၊ ဒါပေမဲ့ ညီမ သဘောကျအောင် အစ်ကို ဘယ်လိုလုပ်ရမှန်း မသိဘူး”

အလျိုရှာ မျက်နှာနီရဲစွာဖြင့် ပြောလိုက်သည်။

“အို .... အစ်ကိုရယ်၊ အစ်ကိုပြောပုံက အေးစက်စက်နဲ့ ပိုင်လိုက်တာ၊ မဟုတ်ဘူးလား အစ်ကို၊ သူက ညီမကို သူ့ဇနီးအဖြစ်နဲ့ တွေးလိုက်တယ်၊ အဲဒါဆိုရင် သူ့တာဝန်ကျေပြီ၊ ညီမက သူ့ကို တကယ် ချစ်နေတယ်ဆိုတာ ကျိန်းသေပေါက် တွက်ထားတယ်၊ အဲဒါ မပိုင်လွန်းဘူးလား”

“အဲဒီလို ကျိန်းသေပေါက် တွက်ထားတာ အစ်ကို မှားသလား”

အလျိုရှာ ရုတ်တရက် ရယ်မောက ပြောသည်။

“မမှားပါဘူး၊ မှန်ပါတယ်တဲ့ရှင် ...”

လီဆီက သူ့ကို ကြည်နူးနှစ်သိမ့်စွာ ငေးမောကာ ကြည့်နေသည်။ အလျိုရှာသည် သူမ၏ဘေးတွင် ရပ်လျက်ပင် ရှိနေသည်။ သူမ၏လက်ကို

ကိုင်ထားသည်။ ရုတ်ခြည်းဆိုသလို သူ ကုန်းငုံ့လိုက်ပြီး သူမ၏နှုတ်ခမ်းကို နမ်းလိုက်သည်။

"အို ... အစ်ကို ဘယ်လိုလုပ်လိုက်တာလဲ"

မိန်းကလေးက အထူးပင် ရှက်သွားဟန်ဖြင့် ပြောလိုက်သည်။

"အို အစ်ကို တောင်းပန်ပါတယ်... အစ်ကို တကယ်မိုက်ပါတယ်.... အစ်ကိုက အေးစက်စက်နိုင်တယ် ဆိုလို့ နမ်းလိုက်တာပဲ ... အို ... ကလေးလို မိုက်တာပဲ"

လီဆီ ရယ်မောလိုက်သည်။ သူမ၏ မျက်နှာကလေးကို လက်နှစ်ဖက်အောက်တွင် ဝှက်ထားသည်။

"အဲဒီ ဘုန်းကြီးဝတ်ကြီးနဲ့..."

သူမ ရယ်မောရင်း ပြောသည်။ ထို့နောက် ရုတ်တရက် ဆိုသလို အရယ်ရပ်လိုက်ပြီး မျက်နှာထား ခပ်တည်တည်ဖြင့် ...

"ဒီမယ် အစ်ကို ... နမ်းတဲ့အလုပ်တွေ ခဏဆိုင်းထားကြဦးစို့၊ ညီမတို့ဟာ အဲဒီအတွက် အဆင်သင့် မဖြစ်ကြသေးဘူး၊ အချိန်အတော်ကြီးကြာအောင် စောင့်ကြရဦးမယ်၊ ဒါနဲ့ ညီမကို ပြောစမ်းပါ အစ်ကို၊ အစ်ကို့လို လိမ္မာရေးခြားရှိတဲ့၊ ပညာတတ်တဲ့၊ ဆင်ခြင် တိုင်းတာတတ်တဲ့ လူတယောက်က ညီမလို အမိုက်မလေး ဒုက္ခိတကလေးကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ၊ အို .... အလျှိုရှာရယ်၊ ညီမ ဘယ်လိုဝမ်းသာမှန်း မသိဘူး၊ တကယ်တော့ ညီမဟာ နည်းနည်းကလေးမှ မထိုက်တန်ပါဘူး"

"ညီမဟာ တကယ် ထိုက်တန်ပါတယ် လီဆီ၊ အစ်ကိုဟာ ရက်ပိုင်းအတွင်းမှာ ဘုန်းကြီးကျောင်းက ထွက်တော့မယ်၊ လူ့လောကထဲကို အစ်ကို ဝင်မယ်၊ အစ်ကို အိမ်ထောင်ပြုမယ်၊ ဒါတွေကို အစ်ကို သိတယ်၊ ခင်ကြီးဘုရားက အစ်ကို အိမ်ထောင်ပြုရမယ်လို့ မိန့်ကြားတယ်။

"အဲဒီလို လက်ထပ်တဲ့အခါမှာ ညီမထက်သာတဲ့ မိန်းကလေး ဘယ်သူရှိဦးမလဲ၊ နောက်ပြီးတော့ ညီမက လွှဲလို့ကော အစ်ကို့ကို ဘယ်သူက ယူမလဲ၊ ဒါတွေကို အစ်ကို စဉ်းစားပြီးပြီ၊ ပထမဆုံး အချက်ကတော့ ညီမဟာ အစ်ကို့ကို ကလေးဘဝကတည်းက သိခဲ့တယ်၊ ဒုတိယအချက်ကတော့ အစ်ကို့မှာ မရှိတဲ့ အရည်အချင်းတွေ ညီမမှာ ရှိတယ်၊ နောက်ပြီးတော့ ညီမဟာ အစ်ကို့ထက် ပိုပြီးတော့ ကြည်လင်ချမ်းမြေ့တယ်၊ ဒါထက် ပိုပြီး အရေးကြီးတာကတော့ ညီမဟာ အစ်ကို့ထက် ပိုပြီးတော့ အပြစ်ကင်းစင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဟာ

ပြဿနာ အများကြီးနဲ့ ပါဝင်ပတ်သက်နေတယ်။

“အို .. ညီမ မသိဘူး၊ အစ်ကိုဟာ ကာရာမာဇော့တယောက်ပဲ ဖြစ်တယ်၊ ညီမ ရယ်ချင်သလောက်ရယ်၊ နောက်ချင်သလောက်နောက်၊ အစ်ကို ဂရုမစိုက်ဘူး၊ ညီမ ကြိုက်သလောက် ရယ်စမ်းပါ၊ အစ်ကို ဝမ်းသာတယ်၊ ဒါပေမဲ့ ညီမဟာ ကလေးတယောက်လို ရယ်ပြီး အာဇာနည်တယောက်လို တွေးခေါ်တတ်တယ်”

“အာဇာနည်တယောက်လို ဟုတ်လား .. ဘာကြောင့်လဲ”

“ဟုတ်တယ် လီဆီ၊ အစ်ကိုတို့ဟာ ဒုက္ခရောက်နေရှာတဲ့ ဗိုလ်ကြီးရဲ့စိတ်သဘောကို အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာနေတာဟာ သူ့ကို အထင်အမြင်သေးရာ မရောက်ဘူးလားလို့ ညီမ မေးတဲ့ မေးခွန်းကိုပဲ ကြည့်ပါ၊ ဒီမေးခွန်းဟာ သူကိုယ်တိုင် စိတ်ဒုက္ခ ခံစားနေရတဲ့ လူတယောက်ရဲ့မေးခွန်းပဲ၊ အဓိပ္ပာယ် ရှင်းအောင် ကိုယ် ဘယ်လိုပြောရမလဲ မသိဘူး၊ ဒါပေမဲ့ ဒီလိုမေးခွန်းမျိုး ခေါင်းထဲမှာ ပေါ်လာတဲ့ လူဟာ သူကိုယ်တိုင် စိတ်ဒုက္ခဝေနာကို ခံစားနိုင်လို့ပဲ၊ ညီမဟာ ဒီ ဘီးတပ်ကုလားထိုင်ကလေး ပေါ်မှာ ထိုင်ပြီး ပြဿနာတွေ အများကြီးကို စဉ်းစားခဲ့မယ် ...”

“အလျှိုရှာ၊ အစ်ကို့လက်ကို ပေးစမ်းပါ၊ ပြန်ပြီး ရုပ်မသွားပါနဲ့၊ ဒီမယ် အလျှိုရှာ၊ အစ်ကို ဘုန်းကြီးကျောင်းကထွက်ရင် ဘယ်လို အဝတ်မျိုးတွေ ဝတ်မလဲ၊ အစ်ကို မရယ်နဲ့၊ အစ်ကို စိတ်မဆိုးနဲ့နော်၊ ဒီကိစ္စက ညီမအတွက် သိပ်ပြီး အရေးကြီးတယ်”

“အဲဒါကို ကိုယ် မစဉ်းစားရသေးဘူး လီဆီ၊ ဒါပေမဲ့ ညီမ ဝတ်စေချင်တာကို အစ်ကို ဝတ်မယ်”

“ညီမကတော့ အစ်ကို့ကို ကတ္တီပါ ကုတ်အင်္ကျီ နက်ပြာရောင်နဲ့ ဝေ့စ်ကုတ်အဖြူ တောင့်တောင့်ကလေး ဝတ်စေချင်တယ်၊ ပြီးတော့ ဦးထုပ်က မီးခိုးရောင် သက္ကလတ်ဦးထုပ်၊ ဒါနဲ့ ပြောစမ်းပါဦး အစ်ကို .... မနေ့က ရေးလိုက်တဲ့စာကို ညီမ တကယ်ရေးလိုက်တာ မဟုတ်ဘူးလို့ ပြောတဲ့အချိန်မှာ ညီမဟာ အစ်ကို့ကို မချစ်ဘူးလို့ အစ်ကို တကယ်ပဲ ထင်သွားသလား”

“ဟင့်အင်း မထင်ပါဘူး”

“အဲဒါတော့ ... အစ်ကို မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး”

“ဒီမယ် ညီမ၊ ညီမဟာ အစ်ကို့ကို ချစ်တယ်ဆိုတာ အစ်ကို သိတယ်၊ ဒါပေမဲ့ ညီမ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ညီမ ပြောတာကို အစ်ကို ယုံဟန်ဆောင်ခဲ့တယ်”

"အဲဒါ ပိုဆိုးတာပေါ့၊ ပိုဆိုးပြီး ပိုကောင်းတာပေါ့၊ အို အစ်ကို့ကို ညီမ ဘယ်လို ချစ်မှန်း မသိဘူး၊ အစ်ကို မလာခင်က ညီမကိုယ်ညီမ ပြောနေမိတယ်၊ သူ့ဆီကစာကို ငါ ပြန်တောင်းရမယ်၊ သူက အေးအေးဆေးဆေးနဲ့ စာကို ထုတ်ပြီး ငါ့ကို ပြန်ပေးခဲ့ရင် ဘယ့်နှယ့် လုပ်မလဲ၊ (အစ်ကို့အနေနဲ့ အဲဒီလိုမျိုး လုပ်နိုင်တယ်) အဲဒါဆိုရင် သူ ငါ့ကို မချစ်လို့ပဲ၊ ငါ့အတွက် သူ့မှာ ဘာမှ ခံစားမှု မရှိလို့ပဲ၊ အစ်ကိုဟာ အလကားလူပဲ၊ ဘာမှ သုံးမရတော့ဘူး၊ ညီမရဲ့ဘဝလည်း သွားပြီ၊ ပျက်စီးပြီ။ ဒါပေမဲ့ အစ်ကိုက စာကို ကျောင်းတိုက်မှာ ထားခဲ့တယ်ဆိုတော့ ညီမစိတ်ထဲမှာ အများကြီး သက်သာရာ ရသွားတယ်၊ အစ်ကိုက အဲဒီစာကို ညီမ ပြန်တောင်းမယ်ဆိုတာကိုသိလို့ … ညီမကို ပြန်မပေးချင်လို့ ကျောင်းမှာ တမင်ထားခဲ့တာပဲ မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား အစ်ကို"

"မဟုတ်ဘူး လီဆီ၊ အဲဒါတော့ ညီမ မှားပြီ၊ ညီမရဲ့စာက အစ်ကို့ဆီမှာ အခုရှိနေတယ်၊ စောစောတုန်းကလည်း ရှိနေခဲ့တယ်၊ ဟောဒီအိတ်ထဲမှာ ရှိတယ်၊ ဟောဒီမှာ"

အလျှိုရှာ ရယ်မောကာဖြင့် စာကို အိတ်ထဲမှထုတ်ကာ လီဆီကို ခပ်လှမ်းလှမ်းမှ ပြသည်။

"တခုပဲရှိတယ်၊ ညီမကို အစ်ကို ပြန်မပေးဘူး၊ အဲဒီနေရာကပဲ ကြည့်ပေတော့"

"ဟင် အစ်ကို လိမ်တာပေါ့ … ဘုန်းကြီး ဖြစ်ပြီးတော့ .."

"လိမ်တာပဲ ဆိုပါတော့" အလျှိုရှာ ရယ်လိုက်ပြန်သည်။

"အစ်ကို ဘာဖြစ်လို့ လိမ်သလဲဆိုတော့ ဒီစာကို ညီမကို ပြန်မပေးချင်လို့ပဲ၊ ဒီစာဟာ ကိုယ့်အတွက် အမြတ်တနိုးပဲ၊ ကိုယ့်အတွက် တသက်လုံး အမြတ်တနိုး ဖြစ်သွားမှာပဲ၊ ကိုယ် ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

လီဆီက သူ့ကို ကြည်နူးနှစ်သိမ့်စွာ ကြည့်သည်။ ထို့နောက် …

"အလျှိုရှာ တံခါးကနေ ကြည့်ပါဦး၊ မေမေများ နားထောင်နေသလား"

"အင်း၊ ကြည့်မယ် လီဆီ၊ ဒါပေမဲ့ အဲဒီလိုကြည့်ဖို့တော့ မကောင်းဘူး၊ ဘာဖြစ်လို့ ကိုယ့်ညီမကို အောက်တန်းကျတဲ့ အလုပ်မျိုး လုပ်လိမ့်မယ်လို့ သံသယဖြစ်နေရတာလဲ"

"အောက်တန်းကျတယ် ဟုတ်လား။ ဘာ အောက်တန်းကျတာလဲ၊ အမေတယောက်ဟာ သူ့သမီးကို ချောင်းကြည့်ခွင့်ရှိတယ်၊ အဓိပ္ပာယ်မရှိ မဟုတ်ဘူး၊

ဒီမယ် အစ်ကို၊ ညီမလည်း အမေတယောက် ဖြစ်ပြီး သမီးတယောက် ရှိတဲ့အချိန်မှာ အဲဒီသမီးကို ချောင်းမြောင်းရမှာပဲ”

“လီဆီ တကယ်ပြောနေတာလား၊ အဲဒါ မဟုတ်ဘူး၊ မှားတယ်”

“ဘုရားသခင်၊ ဒီအလုပ်က ဘယ်လိုမျိုး အောက်တန်းကျလို့လဲ၊ သူများတွေ အာလာပ သလ္လာပ ပြောနေကြတာကို ချောင်းနားထောင်ရင် အဲဒါ အောက်တန်းကျတယ်၊ ဒါပေမဲ့ ကိုယ့်သမီးကလေးနဲ့ ယောကျ်ားတယောက် အခန်းထဲမှာ နှစ်ယောက်တည်း အခန်းတံခါး ပိတ်ပြီး ပြောနေကြတာဆိုရင် ... ဒီမယ် အလျှိုရှာ၊ ညီမတို့နှစ်ယောက် လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာ ညီမဟာ အစ်ကို့ကို အမြဲတမ်း ချောင်းကြည့်နေမှာပဲ၊ နောက်ပြီးတော့ အစ်ကို သိထားဖို့က အစ်ကို့ဆီကိုလာတဲ့ စာတွေကို ညီမတော့ ဖောက်ဖတ်မှာပဲ၊ အဲဒါ အစ်ကို့ကို အခုကတည်းက သတိပေးထားတာပဲ”

“အဲဒီလိုပဲ ဟုတ်လား၊ အင်း ... အဲဒါ မှန်တော့ မမှန်ဘူး”

“အို ဘယ်လောက် မုန်းစရာ ကောင်းလိုက်သလဲ၊ အို အစ်ကိုရယ် ... ညီမတို့ ပထမဆုံးနေ့မှာ ရန်မဖြစ်ကြပါနဲ့၊ အစ်ကို့ကို ညီမ အမှန်အတိုင်း ပြောပါ့မယ်၊ ချောင်းမြောင်းတဲ့အလုပ်ဟာ မှားပါတယ်၊ ညီမ မှားပါတယ်၊ အစ်ကို မှန်ပါတယ်၊ ဒါပေမဲ့ ညီမကတော့ အစ်ကို့ကို တသက်လုံး ချောင်းကြည့်နေမှာပဲ”

“ကြည့်ပါခင်ဗျာ၊ ဒါပေမဲ့ ကိုယ် မဟုတ်တာလုပ်တာတော့ ညီမ ဘာတခုမှ တွေ့ရမှာ မဟုတ်ပါဘူး”

အလျှိုရှာ ရယ်မောကာပြောသည်။

“ဒါဖြင့်ရင် ညီမ ပြောတဲ့အတိုင်း အစ်ကို လုပ်မယ်ပေါ့၊ အဲဒါဆိုရင် ညီမတို့ဟာ ပြဿနာကို ကြိုပြီး ဖြေရှင်းလိုက်ကြတာပဲ”

“ညီမပြောတဲ့အတိုင်း ဝမ်းမြောက်ဝမ်းသာ လုပ်ပါ့မယ်၊ သိပ်အရေးကြီးတဲ့ ကိစ္စတွေက လွဲရင်ပေါ့၊ သိပ်အရေးကြီးတဲ့ကိစ္စတွေမှာ ညီမနဲ့ သဘောတူညီချက် မရဘူးဆိုရင်တော့ အစ်ကိုဟာ တာဝန် ရှိတဲ့အတိုင်း လုပ်ဆောင်သွားရမှာပဲ”

“အဲဒါ မှန်တယ်၊ ဒါပေမဲ့ ညီမဟာ အစ်ကို့ကို သိပ်အရေးကြီးတဲ့ နေရာတွေမှာတင် မဟုတ်ဘူး၊ အရာရာမှာ အလျှော့ပေးပါတယ်၊ အဲဒါကို အခု ညီမ ကျိန်ဆိုရင် ကျိန်ပါ့မယ်၊ အရာရာတိုင်းမှာပဲ၊ ညီမ တသက်လုံးပဲ၊ အဲဒါကို ညီမ ပျော်ပျော်ရွှင်ရွှင်ကြီး လိုက်နာသွားပါ့မယ်၊ နောက် ဘာထပ်ပြောရဦး မလဲ၊ ညီမဟာ အစ်ကို့ကို ဘယ်တော့မှ ချောင်းမြောင်းခြင်း မလုပ်ပါဘူး၊ ဘယ်တော့မှ မလုပ်ပါဘူး... အစ်ကို့စာ တစောင်ကိုမှ မဖတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုပြောတာ

မှန်လို့ပဲ၊ ညီမ မှားလို့ပဲ၊ ညီမဟာ ချောင်းမြောင်းတဲ့အလုပ်ကို အင်မတန် ဝါသနာပါပေမဲ့ အစ်ကိုက အောက်တန်းကျတယ်လို့ ပြောတဲ့အတွက် ညီမ မလုပ်ပါဘူး။

"အစ်ကိုဟာ ညီမရဲ့ဉာဏ်တိုက်ကြီးပဲ။ အို အစ်ကိုရယ်၊ အစ်ကို အခုတလော ဘာဖြစ်လို့ စိတ်မကြည်မသာ ဖြစ်နေရတာလဲ၊ မနေ့ကလည်း အစ်ကို မျက်နှာ မသာဘူး၊ ကနေ့လည်း မသာဘူး၊ အစ်ကို့မှာ စိတ်ရှုပ်စရာ အကြောင်းတခုခု ရှိနေပြီဆိုတာ ညီမ သိပါတယ်၊ လျှို့ဝှက်တဲ့ ကိစ္စတခု ကြောင့်ပဲ မဟုတ်လား"

"ဟုတ်တယ် လီဆီ၊ ဟုတ်တယ်။ ညီမဟာ အစ်ကို့ကို ချစ်နေတယ်ဆိုတာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချက်ကို ညီမ တွေးမိလို့ပဲ"

"ဘယ်လို စိတ်မကောင်းစရာမျိုးလဲ၊ ဘယ်လိုကိစ္စမျိုးလဲ၊ ညီမကို ပြောမပြနိုင်ဘူးလား" လီဆီ စိုးရိမ်စွာဖြင့် မေးသည်။

"အစ်ကို နောက်ကျတော့ ပြောပြပါ့မယ် လီဆီ ... နောက်ကျတော့ ပြောပြပါ့မယ်" အလျှိုရှာ ကသိကအောက်ဖြင့် ပြောသည်။ "ညီမကို အစ်ကို အခုပြောပြရင် ညီမ သဘောပေါက်မှာ မဟုတ်ဘူး၊ နောက်ပြီးတော့ ညီမကို အစ်ကို ဘယ်လိုပြောပြရမှန်းလည်း မသိဘူး"

"ညီမ သိပါတယ်၊ အစ်ကိုဟာ အစ်ကို့အစ်ကိုတွေနဲ့ အစ်ကို့အဖေအတွက် စိတ်သောက ရောက်နေရတာ မဟုတ်လား"

"ဟုတ်တယ်၊ အစ်ကိုတွေအတွက်ပဲ"

အလျှိုရှာ အတွေးနယ်တွင် နစ်မြုပ်သွားဟန်ဖြင့် ပြောသည်။

"အစ်ကို့ အစ်ကို အိုက်ဗင်ကိုတော့ ညီမ မကြိုက်ဘူး အလျှိုရှာ"

လီဆီက ရုတ်တရက် မှတ်ချက်ချလိုက်သည်။ ယင်းမှတ်ချက်ကို ကြားရသောအခါ အလျှိုရှာ အံ့အားသင့်သွားဟန် ရှိသည်။ သို့သော် ယင်းမှတ်ချက်နှင့် ပတ်သက်ပြီး တစုံတရာ ဝေဖန်ခြင်းကား မပြုချေ။

"အစ်ကို အစ်ကိုတွေဟာ တယောက်ကိုတယောက် ဖျက်ဆီးနေကြတာပဲ၊ အဖေလည်း အတူတူပဲ၊ နောက်ပြီးတော့ သူတို့ဟာ သူတို့နဲ့အတူ တခြားသူတွေကို ဖျက်ဆီးနေကြတယ်၊ အစ်ကိုတို့ဟာ တနေ့က ဖားသားပေဆီ ပြောတဲ့အတိုင်းပဲ 'ကာရာမာဇော့ လောကီအင်အားစုကြီး' ပဲ။ လောကီကိစ္စ တခုပဲ ကြည့်တယ်၊ နည်းနည်းမှ အထိန်းအချုပ် မရှိဘူး။ အင်မတန် ရိုင်းစိုင်း ကြမ်းတမ်းတယ်၊ ဒီအင်အားစုကြီးအပေါ်မှာ ဘုရားသခင်ရဲ့အရိပ် လွှမ်း မလွှမ်းတောင် အစ်ကို မသိဘူး၊

အစ်ကို သိတာကတော့ အစ်ကိုလည်း ကာရာမာဇော့ တယောက်ပဲ၊ ကိုယ်ဟာ ဘုန်းကြီးတပါးလား လီဆီ၊ ပြောစမ်းပါ။ အစ်ကိုဟာ ဘုန်းကြီးတပါးလားလို့ စောစောကလေးက အစ်ကို့ကို ဘုန်းကြီးလို့ ညီမ ပြောလိုက်ပါတယ်"

"ဟုတ်တယ်၊ ညီမ ပြောလိုက်တယ်"

"ဒါပေမဲ့ ဘုရားသခင်ကို ကိုယ် ယုံကြည်တယ်လို့ ကိုယ် မထင်ဘူး"

"အစ်ကို မယုံဘူး ဟုတ်လား၊ အစ်ကို ဘယ်လိုဖြစ်တာလဲ"

လီဆီ ထိန်းပြီး မေးလိုက်သည်။ သို့ရာတွင် အလျှိုရှာ အဖြေမပေးချေ။ သူ ရုတ်တရက် ပြောလိုက်သော စကားသည် အင်မတန် လျှို့ဝှက်နက်နဲခြင်းရှိပြီး သူ၏အတွင်းစိတ်၌သာ ဖြစ်ပေါ်လျက် ရှိသည်။ အမှန်အားဖြင့်တော့ သူကိုယ်တိုင် မသိသေးသော အချက်တခုပင် ဖြစ်သည်။ ယင်းအတွက်လည်း သူသည် ပူပန်သောက ဖြစ်နေရတော့သည်။

"အဲဒါတွေထက် အရေးကြီးတာကတော့ အစ်ကို့ရဲ့ အဆွေခင်ပွန်းကြီးဟာ ကွယ်လွန်တော့မယ်၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးသော လူသားတယောက်ဟာ ကမ္ဘာမြေကြီးကို စွန့်ခွာတော့မယ်။ အို လီဆီရယ် .... အစ်ကိုနဲ့ သူနဲ့ဟာ စိတ်ချင်း ဘယ်လောက် ပူးကပ် ပေါင်းစည်းနေတယ်ဆိုတာ ညီမလေး မသိဘူး၊ အခုဆိုရင် အစ်ကိုတယောက်တည်း ကျန်ရစ်တော့မယ် ... ညီမဆီကို အစ်ကို လာခဲ့မယ် ... အနာဂတ်မှာ ကိုယ်တို့နှစ်ယောက် အတူတူ ..."

"ဟုတ်တယ်၊ အတူတူ ... အတူတူ၊ ဒီက ရှေ့မှာ ညီမတို့ အတူတူ နေသွားကြမယ်၊ တသက်လုံး နေသွားကြမယ်၊ အစ်ကိုရယ် ... ညီမကို နမ်းလိုက်စမ်းပါ၊ ညီမ ခွင့်ပြုပါတယ်"

အလျှိုရှာ သူမကို နမ်းလိုက်သည်။

"အစ်ကို သွားတော့၊ အစ်ကိုနဲ့အတူ ဘုရားသခင် ရှိပါစေ"

သူမက သူ့ကိုယ်ပေါ်တွင် လက်ဝါးကပ်သင်္ကေတ ပြုလိုက်သည်။

"သူ အသက်ရှိနေတုန်း သူ့ဆီကို မြန်မြန်သွားပါ၊ အစ်ကို့ကို ဒီမှာ ခေါ်ထားတာ ညီမ မတရားဘူး၊ ဒီကနေ့ ညီမ အစ်ကို့အတွက်နဲ့ သူ့အတွက် ဆုတောင်းနေမယ်၊ အလျှိုရှာရယ် ညီမတို့ဘဝ ပျော်ရွှင်ချမ်းမြေ့ရမှာပေါ့၊ ညီမတို့ ပျော်ရွှင်ချမ်းမြေ့ရမယ် မဟုတ်လား ဟင်၊ မဟုတ်ဘူးလားဟင်"

"ပျော်ရွှင်ချမ်းမြေ့ကြရမှာပဲပေါ့ ညီမရယ်"

လီဆီ၏ အခန်းမှ ထွက်လာသောအခါ အလျှို့ရှာသည် မစ္စက်ကိုကလာကော့ကို သွားရောက် တွေ့ဆုံရန် မလိုအပ်တော့ဟု ယူဆထားသဖြင့် သူမကို နှုတ်မဆက်တော့ဘဲ လှေကားမှ ဆင်းလာခဲ့သည်။ သို့ရာတွင် တံခါးကိုဖွင့်ပြီး လှေကားမှ ဆင်းမည်အပြုတွင် မစ္စက်ကိုကလာကော့ သူ့ရှေ့သို့ ရုတ်ခြည်း ရောက်ရှိလာသည်။ အမျိုးသမီးကြီး ပထမဆုံး ပြောလိုက်သော စကားကို ထောက်ချင့်ခြင်းအားဖြင့် သူမသည် သူ့ကို တမင်ပင် စောင့်ဆိုင်းနေကြောင်း အလျှို့ရှာ သိရှိရတော့သည်။

"အလက်ဇီ ... တကယ်ဆိုးတာပဲ၊ အင်မတန် ကလေးဆန်ပြီး အင်မတန် ရယ်စရာ ကောင်းတဲ့ အလုပ်ပဲ၊ မောင်လေးအနေနဲ့ ဒီကိစ္စကို အိပ်မက်တောင် မက်မှာ မဟုတ်ဘူးလို့ တို့များ ထင်ခဲ့တယ်၊ မိုက်တာပဲ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ မိုက်တာ သက်သက်ပဲ"

သူမက သူ့ကို တိုက်ပွဲဆင်တော့သည်။

"အို ဒါတွေ လီဆီကို သွားမပြောပါနဲ့၊ ပြောလို့ရှိရင် သူ့ခမျာ စိတ်အနှောင့်အယှက် ဖြစ်ပြီး အများကြီး အများကြီး စိတ်ဒုက္ခရောက်ရပါလိမ့်မယ်"

"အသိဉာဏ်ရှိတဲ့ လူငယ်တယောက်ဆီက အသိဉာဏ်ရှိတဲ့စကားကို ကြားရတာ တို့များ ဝမ်းသာပါတယ်၊ မောင်လေး အခုလို သူနဲ့ သဘောတူညီမှု ယူခဲ့တာဟာ သူ့အလိုကို ဆန့်ကျင်လို့ရှိရင် သူ စိတ်ဆိုးသွားမှာကို မောင်လေး မလိုလားခဲ့လို့ပဲ မဟုတ်လား"

"မဟုတ်ဘူး၊ အဲဒီလိုမျိုးလည်း မဟုတ်ဘူး၊ ကျွန်တော် သူနဲ့ တကယ် အလေးအနက် ပြောခဲ့တာပဲ"

အလျှို့ရှာ ပြတ်သားစွာ ကြေညာလိုက်သည်။

"အလေးအနက် ဆိုတာ ဒီနေရာမှာ မရှိဘူး၊ ထည့်ပြီးစဉ်းစားစရာ မလိုဘူး။ ကောင်းပြီ၊ မောင်လေးကို တို့များ ပြောမယ်၊ တစ် ... မောင်လေးကို နောက် အိမ်ကိုလာခွင့် မပေးတော့ဘူး၊ နှစ် .. တို့များ သူ့ကို တခြားခေါ်သွားမယ်၊ အဲဒါကို မောင်လေး နည်းနည်းမှ သံသယမရှိပါနဲ့"

"အို ဘာဖြစ်လို့လဲ၊ အခြေအနေက အဝေးကြီး လိုသေးတာပဲ၊ ကျွန်တော်တို့ နောက်ထပ် တဆယ့်ခြောက်လလုံးလုံး စောင့်ကြရဦးမယ်"

"ဟုတ်တယ် အလက်ဇီ၊ အဲဒါ မှန်တယ်။ အဲဒီ တဆယ့်ခြောက်လအတွင်းမှာ မောင်လေးဟာ သူနဲ့ အကြိမ်တထောင်လောက် ရန်ဖြစ်ပြီး ကွဲကွာသွားမှာပဲ၊ အို ... တို့များ စိတ်မကောင်းဘူး၊ စိတ်မကောင်းဘူး။ ဒါတွေအားလုံးဟာ ဘာမှ

အမိပ္ပာယ်မရှိတာတွေပဲ၊ ဒါပေမဲ့ တို့မှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး၊ အခုတော့ တို့များဟာ 'လိမ္မာ၍ ကြေကွဲရခြင်း' ပြဇာတ်ထဲက ဖမ်မူဆော့ ဖြစ်နေပြီ၊ သူကလေးက အော်လက်ပေါ့ ... အခု ကြည့် တို့များဟာ မောင်လေးကို လှေကားထိပ်မှာ စောင့်တွေ့တယ်၊ ပြဇာတ်ထဲက အလွမ်းခန်းလည်း လှေကားပေါ်မှာပဲ ဖြစ်တယ်၊ တို့များ အကုန်လုံး ကြားတယ်၊ တို့များကိုယ်တိုင် ဘယ်လိုမှ မထိန်းနိုင်ဘူး၊ လက်စသတ်တော့ ဒါတွေဟာ မနေ့ညက သူ ကယောင်ချောက်ချား ဖြစ်ခဲ့တာတွေရဲ့ အဖြေပဲပေါ့။

"သမီးအတွက် အချစ်၊ အမေအတွက် သေခြင်း။ ဟုတ်တယ်၊ တို့များ သေရတော့မယ်၊ နေဦး ... အရေးအကြီးဆုံးတခု ရှိသေးတယ်၊ မောင်လေးဆီကို သူ ရေးလိုက်တဲ့စာက ဘာတဲ့လဲ၊ အဲဒီစာ တို့များကို ပြစမ်းပါ၊ အခုပြစမ်းပါ"

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် မပြနိုင်ဘူး .. ကက်ထရီးနား ဘယ်နှယ့် နေသေးသလဲ၊ ကျွန်တော့်ကို ပြောစမ်းပါ"

"သူ အခုအထိ ကယောင်ကတမ်းတွေ ဖြစ်နေပြီး သတိပြန်မရသေးဘူး၊ သူ့အဒေါ်တွေ ရောက်နေကြ ပြီ၊ ဒါပေမဲ့ သူတို့ ဘာမှ မလုပ်တတ်ဘူး၊ သက်ပြင်းတွေချပြီး တို့များကိုသာ အားလုံး စုပုံထားတာပဲ၊ ဒေါက်တာ ဟာဇင်ကျူဗီ ရောက်လာတယ်၊ သူ အရမ်းကာရော တုန်လှုပ်သွားတယ်၊ စိတ်တွေ တည်ငြိမ်သွားအောင် တို့များ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ဆရာဝန်တယောက် ခေါ်ပြရမလားတောင် အောက်မေ့မိတယ်၊ တို့များ သူ့ကို မြင်းရထားနဲ့ အိမ်ပြန်ပို့လိုက်ရတယ်။

"ဒါတွေအားလုံးထက် အရေးကြီးတာကတော့ မောင်လေးနဲ့ မောင်လေးရဲ့စာပဲ၊ တနှစ်ခွဲ အတွင်းမှာ ဘာမှ မဖြစ်ဘူးဆိုတာ သေချာသလား။ ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးနဲ့ ပျံလွန်တော်မူခါနီး ခင်ကြီးဘုရားရဲ့ ဂုဏ်ကျေးဇူးနဲ့ အဲဒီစာကို တို့များကို ပြစမ်းပါ။ သူ့အမေကို ပြစမ်းပါ၊ တို့များကို မပေးချင်ရင် မောင်လေး လက်ထဲမှာပဲ ကိုင်ထားပါ၊ တို့များ ဒီကနေ လှမ်းဖတ်ပါ့မယ်"

"ဟင့်အင်း .... အစ်မကြီးကို ကျွန်တော် ဒီစာ မပြနိုင်ဘူး၊ သူက ပြပါဆိုလည်း ကျွန်တော် မပြနိုင်ဘူး၊ မနက်ဖြန်ကျရင် ကျွန်တော် လာခဲ့ပါ့မယ်၊ အစ်မကြီး ပြောချင်တယ်ဆိုရင် ကျွန်တော်တို့ ပြောစရာ ရှိတာတွေအားလုံး ပြောကြမယ်၊ အခုတော့ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

အလျှိုရှာ လှေကားမှ ပြေးဆင်းကာ အပြင်သို့ ပြေးထွက်သွားသည်။

၂။ ဂီတာတလက်နှင့် ဆမာယာကော့

သူ့မှာ အချိန်မရှိပါ။ လီဆီကို နှုတ်ဆက်နေစဉ်မှာပင် သူ၏ခေါင်းထဲ၌ သူ့ကို တိမ်းရှောင်နေသော ဒီမီထရီကို တနည်းနည်းဖြင့် တွေ့အောင်လုပ်ရမည်ဟု စဉ်းစားမိသည်။ အချိန် နည်းနေပြီ ဖြစ်သည်။ ညနေ သုံးနာရီ ထိုးနေပြီ။

အလျှိုရှာသည် သူ့အား ခွဲခွာတော့မည့် အဆွေခင်ပွန်းကြီးရှိရာ ဘုန်းကြီးကျောင်းတိုက်သို့ ပြန်လည် သွားရောက်လိုလှသည်။ သို့သော် ဒီမီထရီကိုတွေ့ဖို့ အရေးက တခြားသော လုပ်ငန်းအားလုံးထက် ပိုပြီး အရေးကြီးနေသည်။ ဆိုးရွားသော ဘေးအန္တရာယ်ကြီးတခု ကျရောက်တော့မည် ဟူသော အတွေးက အလျှိုရှာ၏စိတ်ကို တစ်နာရီထက် တစ်နာရီ ပိုပြီး ဖိစီးလျက်ရှိသည်။ ဘယ်လို ဘေးအန္တရာယ်မျိုး ကျရောက်မည် ဆိုသည်နှင့် သူ့အစ်ကိုကို သူ ဘာပြောရမည် ဆိုသည်ကိုတော့ သူ မသိပါ။

“ငါ့ရဲ့မျက်ကွယ်ရာမှာပဲ ငါ့ရဲ့ကျေးဇူးရှင်ကြီး သေချင် သေပေစေတော့၊ ငါဟာ ဘေးအန္တရာယ်တခုကို မကျရောက်အောင် တားဆီးနိုင်လို့ရှိရင် ငါ့ကိုယ်ငါ တသက်လုံး အပြစ်တင်နေစရာ မရှိတော့ဘူး၊ ငါ အခုလို အန္တရာယ်တခုကို ကာကွယ်တာဟာ ကျေးဇူးရှင် ခင်ကြီးဘုရားရဲ့ ဩဝါဒအတိုင်း လိုက်နာ ဆောင်ရွက်တာပဲ”

သူ၏စိတ်ကူးမှာ ယမန်နေ့ကအတိုင်း ခြံစည်းရိုးကိုကျော်ကာ ခြံထဲသို့ ဝင်ရောက်ပြီး နွေရိပ်သာ ကလေးအတွင်း တိတ်တဆိတ် ဝင်ရောက်ကာ သူ့အစ်ကို ဒီမီထရီကို တွေ့ဆုံဖို့ပင် ဖြစ်သည်။ “သူ အဲဒီမှာ မရှိဘူးဆိုရင်လည်း ညနေစောင်းတဲ့အထိ အဲဒီမှာ ငါ ထိုင်စောင့်နေမယ်၊ လိုအပ်လို့ရှိရင် ငါ အဲဒီမှာ စောင့်နေတာကို ဖိုမာနဲ့ အိမ်ရှင် အမျိုးသမီးတွေကို အသိမပေးဘူး၊ ဒီမီထရီဟာ မနေ့ကလိုပဲ ပုန်းပြီး ဂရုရှင်ကာကို စောင့်နေတယ်ဆိုရင် သူဟာ နွေရိပ်သာကိုလည်း လာရမယ်” သို့သော် အလျှိုရှာသည် သူ၏လုပ်ငန်းစဉ် အသေးစိတ်ကိုကား စဉ်းစားမထားချေ။ တခုပဲရှိသည်၊ လိုအပ်လျှင် သူသည် ကျောင်းတိုက်သို့ မပြန်တော့ဘဲ သည်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်မည်။

တစုံတရာ အနှောင့်အယှက် မရှိဘဲ တွက်ထားသည့်အတိုင်း အားလုံး ဖြစ်လာသည်။ ခြံစည်းရိုးကို ယမန်နေ့က ကျော်သည့်နေရာမှပင် ကျော်ဝင်ခဲ့သည်။ နွေရိပ်သာကလေး အတွင်းသို့ မည်သူမျှ မမြင်မတွေ့ရဘဲ ရောက်ရှိသွားသည်။ မည်သူမျှလည်း မမြင်တွေ့စေချင်ပါ။ အိမ်ရှင်အမျိုးသမီး များလည်း မမြင်စေချင်ပါ။ ဖိုမာလည်း မမြင်စေချင်ပါ။ အကယ်၍ သူတို့ ရှိနေခဲ့လျှင်လည်း သူတို့သည် သူ့အစ်ကိုဘက်က ဖြစ်ကြပေမည်။ သူ့အစ်ကို ပြောထားသည့်အတိုင်း

လုပ်ကြပေမည်။ ယင်း၏သဘောမှာ သူ့ကို ခြံထဲ အဝင်မခံဘဲထားမည်။ သို့မဟုတ် မိမိ လိုက်ရှာနေကြောင်း ဒီမီထရီကို အချိန်မီ သတိပေးကြပေလိမ့်မည်။

နွေရိပ်သာထဲတွင် မည်သူမျှ မရှိပါ။ အလျှိုရှာသည် ယမန်နေ့က ထိုင်ခဲ့သည့် နေရာမှာပင် ထိုင်ပြီး စောင့်နေသည်။ နွေရိပ်သာကလေးကို သူ လှေ့လာကြည့်ရှုသည်။ ယမန်နေ့က တွေ့မြင်ခဲ့ရသည် ထက်ပင် ပိုမို ပျက်ယွင်းနေသည်ဟု ထင်ရသည်။ ရာသီဥတုသည် ယမန်နေ့ကလိုပင် သာယာလျက် ရှိသော်လည်း ယခုတကြိမ်တွင် အရာရာသည် ပျက်သုဉ်းလျက်ရှိသည်ဟု ထင်ရသည်။ စားပွဲပေါ်တွင် စက်ဝိုင်းရာတခု ရှိသည်။ ယမန်နေ့က သူ့အစ်ကို၏ ဘရန်ဒီဖန်ခွက်ရာ ဖြစ်သည်။

သူသည် ပျင်းရိငြီးငွေ့ဖွယ်ရာ စောင့်စားနေရစဉ်အတွင်းတွင် သူ့စိတ်အစဉ်များ သည် အဓိပ္ပာယ်မရှိ လွင့်ပါးလျက် ရှိကြသည်။ အဓိပ္ပာယ်မရှိသည်များကို စဉ်းစားနေမိသည်။ ဥပမာ သူ ဘာဖြစ်လို့ ဒီကိုလာရသနည်း၊ အဘယ်ကြောင့် ယမန်နေ့က နေရာမှာပင် ထိုင်နေရသနည်း၊ အခြားနေရာ တခုတွင် အဘယ်ကြောင့် မထိုင်သနည်း။ နောက်ဆုံးတွင် သူ စိတ်အပျက်ကြီး ပျက်လာတော့သည်။ ဘာမျှ ရေရာခြင်းမရှိ၊ ဘာမျှ အဓိပ္ပာယ်မရှိ၊ သူ စိတ်ပျက်မိတော့သည်။

သို့ရာတွင် ထိုနေရာတွင်ထိုင်၍ ဆယ့်ငါးမိနစ်လောက် မရှိမီမှာပင် အနီးဝန်းကျင် တနေရာဆီမှ ထွက်ပေါ်လာသော ဂီတာသံကို ရုတ်တရက် သူ ကြားလိုက်ရသည်။ သူနှင့် ကိုက်နှစ်ဆယ်ခန့် ဝေးသော ချုံပုတ်များအတွင်းတွင် လူတချို့ ထိုင်နေသည်။ သို့မဟုတ် ယခုပင် ရောက်ရှိလာပြီး ထိုင်နေကြသည်။ အလျှိုရှာ ရုတ်ခြည်းပင် အမှတ်ရလိုက်သည်။ ယမန်နေ့က သူ၏အစ်ကိုနှင့်တွေ့ပြီး နွေရိပ်သာ အတွင်းမှ ထွက်လာစဉ်တွင် လက်ဝဲဘက် ခြံစည်းရိုးအနီးရှိ ချုံနွယ်များအတွင်းတွင် ထိုင်ခုံ နိမ့်နိမ့်ကလေးတခုကို တွေ့မြင်ခဲ့သည်။ ထိုထိုင်ခုံကလေးပေါ်တွင် ယခုအခါ လူတချို့ ထိုင်နေကြခြင်း ဖြစ်ပေလိမ့်မည်၊ မည်သူတွေနည်း။

ထိုစဉ်မှာပင် ဂီတာတီးခတ်သံနှင့်အတူ ရေပန်းစားနေသော သီချင်းတပုဒ်မှ အပိုဒ်တပိုဒ်ကို သာယာနာပျော်ဖွယ်ရာ သီဆိုလိုက်သော ယောက်ျားသံတခု ထွက်ပေါ်လာသည်။

"မောင့်ချစ်သူကလေးရယ်

တသက်လုံး ချစ်နေမယ်

အို အရှင် ကရုဏာထားတော်မူပါ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ ...”

အသံရပ်သွားသည်။ ဤသည်မှာ ယောက်ျား အစေခံတဦး၏ သီဆိုသံ ဖြစ်သည်။ သီဆိုဟန်ကလည်း ယောက်ျား အစေခံတဦး၏ သီဆိုဟန်ပင် ဖြစ်သည်။ နောက်အသံတခု ထွက်ပေါ်လာသည်။ မိန်းမသံ တခု ဖြစ်သည်။ ချွဲချွဲပျစ်ပျစ်ကလေး မေးလိုက်ခြင်းဖြစ်သည်။

“အစ်ကို ညီမတို့ဆီကို မလာတာကြာလှပြီ။ ဘာဖြစ်လို့လဲ၊ ညီမတို့ကို ဘာဖြစ်လို့ ဥပေက္ခာ ပြုထားရတာလဲ”

“အို ... မဟုတ်ပါဘူးကွယ်”

ယောက်ျား၏ ပြန်ဖြေသံ ဖြစ်သည်။ ယဉ်ကျေးဖွယ်ရာသော်လည်း တိကျပြတ်သားဟန် ရှိသည်။ အခြေအနေကို ကြည့်ရသည်မှာ ယောက်ျားက အထက်စီးမှရှိပြီး အမျိုးသမီးက အမိဖမ်းနေခြင်း ဖြစ်သည်။

“အမျိုးသားက ဆမာယာကော့ ဖြစ်ရမယ်၊ အသံကတော့ သူ့အသံပဲ၊ အမျိုးသမီးကတော့ အိမ်ရှင် အဘွားကြီးရဲ့သမီး ဖြစ်ရမယ်၊ မော်စကိုက ပြန်လာပြီး ဂါဝန် အမြီးရှည်ကြီး ဝတ်ပြီး မာဖာဆီမှာ စွပ်ပြုတ်တောင်းသောက်တဲ့ ကောင်မလေးပဲ ဖြစ်ရမယ်” ဟု အလျှိုရှာ တွက်ဆလိုက်သည်။

“ညီမက ကဗျာဆိုရင် သိပ်ကြိုက်တာပဲ၊ အထူးသဖြင့် ကာရန်ပါတဲ့ လင်္ကာတွေကိုလေ၊ အစ်ကို ဆက်ဆိုပါ”

အမျိုးသမီးက တောင်းဆိုသည်။ သီချင်းသံ ထွက်ပေါ်လာပြန်သည်။

“နန်းစဉ်ရတနာတွေကို တို့မလိုပေ

ချစ်သူကလေးသာ ကျန်းမာပါစေ

အို အရှင် ကရုဏာထားတော်မူပါ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ

သူကလေးနဲ့ ကျွန်တော့်အပေါ်မှာ ...”

“အစ်ကို အရင်တခါဆိုတုန်းက ဒါထက် ကောင်းပါတယ် ‘နန်းစဉ်ရတနာတွေ တို့မလိုပေ’ ပြီးတဲ့နောက်မှာ ‘မောင့်အချစ်ဆုံး သူကလေးသာ ကျန်းမာပါစေ’ လို့ ဆိုခဲ့တယ်၊ အဲဒါက ပိုပြီးတော့ နွဲ့တယ်၊ အစ်ကို ကနေ့ အဲဒါကို မေ့သွားတယ်နဲ့တူတယ်” မိန်းကလေးက ဝေဖန်သည်။

“ကဗျာ ဆိုတာ အလကားပဲ”

“ဟင့်အင်း မဟုတ်ဘူး၊ ညီမကတော့ ကဗျာကို သိပ်ချစ်တယ်”

“ကဗျာဆိုတာ တကယ့်ကို အလကားပဲ၊ ကဲ .. ကဗျာနဲ့ စကားပြောတဲ့လူ ညီမ တွေ့ဖူးသလား၊ တကယ်လို့ အစ်ကိုတို့တတွေဟာ ကဗျာနဲ့ စကားပြောကြမယ်ဆိုရင်၊ အာဏာပိုင်တွေက အမိန့်ထုတ်လို့ ပြောကြရမယ်ဆိုရင် ... အစ်ကိုတို့ ဘယ်လောက် ပြောနိုင်ကြမလဲ၊ ဒီမယ် ညီမ၊ ကဗျာဟာ ဘာမှ မသုံးမဝင်ပါဘူး”

“အို ... အစ်ကိုက တကယ်တော်တာပဲ၊ အစ်ကို ဒါတွေကို ဘယ်လိုလုပ် နားလည် ထားသလဲ”

မိန်းကလေးက သူ့အကြိုက်ကိုလိုက်ပြီး ပြောနေသည်။

“ကိုယ့်ရဲ့ကံကြမ္မာဟာ အခုလို မဆိုးရွားခဲ့ရင် ကိုယ်ဟာ ဒါထက်ပိုပြီး သိနိုင်တယ်၊ ဒါထက်ပိုပြီး တတ်နိုင်တယ်။ အစ်ကိုဟာ အဖေမပေါ်ဘဲ အရှူးမတယောက်က မွေးခဲ့တဲ့ အကြောင်းကို ပြောလာရင် အဲဒီလူကို အစ်ကို စိန်ခေါ်ပြီး သတ်ပစ်နိုင်တယ်၊ မော်စကိုမှာလည်း ကိုယ့်ကို သူတို့ စော်ကားကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကအကြောင်းတွေကို သူတို့ သိသွားကြလို့ပဲ၊ ဂရီဂိုရီကြောင့် သိကြတာပဲ။

“ဒီအကြောင်းတွေကို သူတို့ ဈေးထဲမှာ ပြောကြတယ်၊ မင်းအမေကလည်း ပြောတာပဲ၊ နည်းနည်းမှ ယဉ်ကျေးမှုမရှိတဲ့ မိန်းမကြီး၊ ကိုယ့်အမေရဲ့ဆံပင်တွေဟာ ခေါင်းပေါ်မှာ ဖုတ်သိုက်ကြီးတဲ့၊ နောက်ပြီးတော့ ... အမေ့အရပ်က လေးပေကနေ လက်တဆစ်လောက် ကျော်တယ်တဲ့။ လေးပေ နည်းနည်းကလေးပဲ ကျော်တယ်လို့ ပြောရင် ရလျက်သားနဲ့ ဘာဖြစ်လို့ သူများတွေ ပြောသလို လက်တဆစ်လို့ လိုက်ပြောရသလဲ။ သူဟာ ကိုယ့်ကို မျက်ရည်ကျအောင် လုပ်တာပဲ မဟုတ်လား၊ တောသားတယောက်ကို စိတ်ထိခိုက်အောင် လုပ်တာပဲ မဟုတ်လား။ တောသားတယောက်ဟာ ပညာရှိတယောက်လို ခံစားမှု ရှိနိုင်သလား... မရှိနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဘာမှ နားမလည်လို့ပဲ၊ ကိုယ် ငယ်ငယ်ကတည်းက ‘လက်တဆစ်လောက်’ ဆိုတဲ့စကားကို လူတွေပြောတာ ကြားရရင် ကိုယ် သိပ်ဒေါသဖြစ်တာပဲ၊ ရုရှားပြည်ကြီး တခုလုံးကို ကိုယ်မုန်းတယ် ညီမ”

"အစ်ကိုဟာ တပ်ထဲမှာ စစ်ဗိုလ်တယောက် ဖြစ်ခဲ့ရင်၊ မြင်းစီးသူရဲတယောက် ဖြစ်ခဲ့ရင် ဒီစကားမျိုး ပြောမှာ မဟုတ်ပါဘူး၊ အစ်ကို့ဓားကို ထုတ်ပြီး ရုရှားပြည်ကြီးကို ကာကွယ်မှာပါ"

"ကိုယ် မြင်းစီးသူရဲတယောက် နည်းနည်းမှ မဖြစ်ချင်ဘူး၊ ဒါထက်ပိုပြီး ပြောရဦးမယ်ဆိုရင် စစ်တပ်ကြီး တခုလုံးကို ကိုယ် ဖျက်ပစ်ချင်တယ်"

"စစ်သားတွေ မရှိရင် ရန်သူတွေ လာတဲ့အခါ ညီမတို့ကို ဘယ်သူက ကာကွယ်မလဲ"

"ဘာမှ ကာကွယ်စရာ မလိုဘူး၊ ၁၈၁၂ ခုနှစ်တုန်းက ရုရှားပြည်ကြီးကို ပြင်သစ်နိုင်ငံရဲ့ ပထမဆုံး ဧကရာဇ်ဘုရင်ကြီး နပိုလီယံက ကျူးကျော်ခဲ့တယ်၊ အခု လက်ရှိ ပြင်သစ်ဘုရင်ရဲ့ ခမည်းတော်ပဲပေါ့။ အဲဒီတုန်းက သူတို့နိုင်ခဲ့ရင် သိပ်ကောင်းမယ်။ တော်တဲ့ နိုင်ငံတခုဟာ တုံးတဲ့ နိုင်ငံတခုကို နိုင်ရမယ်၊ သိမ်းပိုက်ရမယ်။ အဲဒါဆိုရင် ကိုယ်တို့ရဲ့ အခြေအနေဟာလည်း အများကြီး ပြောင်းလဲသွားမယ်"

"သူတို့ဟာ သူတို့နိုင်ငံမှာ ညီမတို့ထက် အများကြီး ပိုပြီး တော်ကြသလား၊ ညီမကတော့ ရုရှား ယောကျ်ားကလေး တယောက်နဲ့ အင်္ဂလိပ် သုံးယောက် မလဲနိုင်ဘူး"

မာရီယာက နွဲ့နွဲ့ကလေး ပြောလိုက်သည်။ သူမ၏ ကြာမျက်လုံးကလေးများကလည်း ဝေ့ကြည့်ကြ ချေမည်မှာ မလွဲ။

"ဒါက ညီမ ဘယ်သူ့ကို ချစ်တယ် ဆိုတဲ့အပေါ်မှာ တည်တာပဲ"

"အစ်ကိုဟာ နိုင်ငံခြားသားတယောက် ကျနေတာပဲ၊ တကယ့်ကို နိုင်ငံခြားက လူကြီး လူကောင်း တယောက်ပဲ၊ အစ်ကို့ကို ညီမ အခုလိုပြောရတာ ရှက်လိုက်တာနော်"

"ညီမ သိချင်တယ်ဆိုရင် ပြောပြမယ်၊ ဟိုမှာရှိတဲ့ ငနဲတွေနဲ့ ဒီမှာရှိတဲ့ ငနဲတွေဟာ ဒုစရိုက်မှု ကျူးလွန်တဲ့ နေရာကျတော့ အားလုံးအတူတူပဲ၊ တခုပဲရှိတယ်၊ ဟိုက ငနဲတွေရဲ့ ဖိနပ်တွေက ပြောင်လက်နေပြီး ဒီကငနဲတွေရဲ့ ဖိနပ်တွေက ညစ်ပတ်နေကြတယ်၊ ရုရှား တောသူတောင်သား တွေကို ရိုက်ပေးရမယ်လို့ မနေ့က မစ္စတာ ကာရာမာဇော့ ပြောတာ မှန်တယ်၊ သူနဲ့ သူ့သားတွေဟာ ရူးနေကြပေမယ့် အဲဒီစကားဟာ မှန်တယ်"

"မဟုတ်သေးပါဘူး၊ အိုက်ဗင် ကာရာမာဇော့ကို အစ်ကို လေးစားတယ်လို့ ညီမကို အစ်ကို တခါ ပြောခဲ့ဖူးပါတယ်"

"သူက ကိုယ့်ကို အလကားအကောင်လို့ ခေါ်တယ်၊ ဘယ်လိုမှ သုံးမရတဲ့ လက်ပါးစေလို့ ပြောတယ်၊ ကိုယ်က သူ့ကို အာခံလိမ့်မယ်လို့ သူထင်နေတယ်၊ တကယ်တော့ သူ မှားနေတာပဲ၊ ကိုယ့်အိတ်ထဲမှာ ထိုက်သင့်တဲ့ ပိုက်ဆံသာရှိရင် ကိုယ် ဒီကထွက်သွားတာ ကြာလှပြီ၊ ဒီမီထရီဟာ လက်ပါးစေ တယောက်ထက်တောင် အတွေးအခေါ် အပြုအမူတွေ နိမ့်ကျသေးတယ်၊ ဆင်းရဲမွဲတေသေးတယ်။ သူဟာ ဘယ်နေရာမှာမှ ဘာတခုမှ မကောင်းဘူး၊ ဒါပေမဲ့ လူတွေက သူ့ကို လေးစားကြတယ်။

"ကိုယ်ဟာ ထမင်းချက်တယောက်သာ ဖြစ်ပေမယ့် မော်စကို မြို့တော်ကြီးက ပီထရိကာမှာ စားသောက်ဆိုင်တခု ဖွင့်နိုင်တယ်၊ ဘာပြုလို့လဲဆိုတော့ ကိုယ်ဟာ အချက်အပြုတ် ကောင်းလို့ပဲ၊ မော်စကိုမြို့မှာ နိုင်ငံခြားသားတွေကလွဲလို့ အချက်အပြုတ်ကောင်းတဲ့လူ ဘယ်သူမှ မရှိဘူး။ ဒီမီထရီဟာ ဘုရားရှိခိုးကျောင်းထဲက ကြွက်တကောင်ထက်တောင် ဆင်းရဲပေမဲ့ သူဟာ ရုရှားပြည်ရဲ့ အမြင့်ဆုံး မှူးမတ်ကြီးရဲ့သားတယောက်ကို စိန်ခေါ်နိုင်တယ်၊ သူ တိုက်နိုင်တယ်၊ ဒါပေမဲ့ သူဟာ ကိုယ့်ထက် ဘယ်နေရာတွေမှာ ပိုပြီး သာသလဲ၊ တကယ်တော့ သူဟာ ကိုယ့်ထက်တောင် အများကြီး ပိုပြီး မိုက်မဲသေးတယ်၊ ပိုက်ဆံတွေကို ဘာမှ အကျိုးမရှိဘဲနဲ့ သဲထဲရေသွန် လုပ်ပစ်နေတာကို ကြည့်ပါလား"

"စိန်ခေါ်ပွဲတခုဟာ တော်တော် ချစ်စရာကောင်းမှာပဲနော်"

မာရီယာက ရုတ်တရက် အကဲဖြတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"အို အသည်းထိတ်စရာ ကောင်းလို့ပေါ့၊ သတ္တိကောင်းကြလို့ပေါ့၊ အထူးသဖြင့် စစ်ဗိုလ်ကလေး နှစ်ယောက် အမျိုးသမီးတယောက်အတွက် မျက်နှာချင်းဆိုင်ပြီး သေနတ်နဲ့ တယောက်ကို တယောက် ပစ်ကြတဲ့အခါမှာပေါ့၊ အို တကယ့်ကို ကြည့်လို့ကောင်းမှာပဲ၊ စိန်ခေါ်ပွဲမှာ မိန်းကလေး တွေကို ကြည့်ခွင့်ပေးဖို့ ကောင်းတယ်၊ ညီမဆိုရင် ကြည့်မှာပဲ"

"ကိုယ်က သူများကို ပစ်ရတဲ့အခါ ဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ သူများက ကိုယ့်မျက်နှာ တည့်တည့်ကို ချိန်ထားတဲ့အခါကျတော့ ပြဿနာပဲပေါ့။ အဲဒီအခါမှာ ညီမဟာ တခါတည်း ထွက်ပြေးမှာပဲ"

"အစ်ကိုကကော ထွက်မပြေးဘူးလား"

ဆမာယာကော့ ပြန်မဖြေပါ။ ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် ဂီတာသံ ထွက်ပေါ်လာသည်။ ပြီးတော့ သူ၏သီချင်းသံ ထွက်ပေါ်လာသည်။

"မင်းကလေးက ဘာတွေပဲ ပြောပေစေ

ဝေးရာကိုသာ တို့များ သွားပြီလေ

တို့ဘဝဟာ ပျော်ပျော်ရွှင်ရွှင်

ဟိုအဝေးက မြို့ကြီးတွင်

တို့များ မပူပင်

တို့များ လုံးဝ မပူပင် တို့များ ထာဝစဉ် မပူပင် ..."

ဤအချိန်တွင် မမျှော်လင့်သော အခြင်းအရာတခု ဖြစ်သွားသည်။ အလျှိုရှာ ရုတ်တရက် နှာချေလိုက် သည်။ သူတို့ တိတ်သွားသည်။ အလျှိုရှာ ထိုင်ရာမှထပြီး သူတို့ထံ လျှောက်သွားသည်။ ဆမာယာကော့ကို သူ တွေ့ရသည်။ အကျအန ဝတ်ထားသည်။ ဖိနပ်က ဖိတ်ဖိတ်တောက်နေသည်။ သူ့ခေါင်းမှာ ခေါင်းလိမ်းဆီ လိမ်းထားသည်။ ဆံပင် ခွေလိပ်နေသည်။ သူ၏ ဂီတာက ထိုင်ခုံပေါ်တွင် ရှိနေသည်။

မိန်းကလေးမှာ အိမ်ရှင်မိန်းမကြီး၏သမီး မာရီယာ ကွန်ဒရာယက်ဖနာ ဖြစ်သည်။ သူမက အပြာနုရောင် ဂါဝန်ကို ဝတ်ဆင်ထားသည်။ မြေကြီးပေါ်တွင် တရွတ်တိုက်နေသော ဂါဝန်အမြီးကြီး က နှစ်ကိုက်ခန့် ရှည်လျားသည်။ မိန်းကလေးသည် အသက်အရွယ် အများကြီး ငယ်သေးသည်။ သူမ၏ မျက်နှာသည် ဝလုံးကြီးလို ဝိုင်းပြီး မျက်နှာပေါ်တွင် အစက်အပြောက်တွေ သည်မျှလောက် ထူပြော၍မနေခဲ့လျှင် အတော်ကလေး ကြည့်ပျော်ရှုပျော် ရှိမည့် မိန်းကလေးတဦး ဖြစ်သည်။

"အစ်ကိုကြီး ဒီမီထရီ ပြန်လာခါနီးပြီလား"

အလျှိုရှာ တည်ငြိမ်စွာ မေးလိုက်သည်။ ဆမာယာကော့ ဖြည်းလေးစွာ ထလိုက် သည်။ မာရီယာလည်း ထရပ်သည်။

"မစ္စတာ ဒီမီထရီ ကာရာမာဇော့ ဘယ်သွားတယ် ဘယ်လာတယ် ဆိုတာကို ကျွန်တော် ဘယ်လိုလုပ်ပြီး သိမလဲ။ ကျွန်တော်က သူ့အထိန်းတော်မှ မဟုတ်ဘဲ"

ဆမာယာကော့ အေးဆေးစွာ ပြန်ပြောသည်။ အနည်းငယ် သရော်သံပါသည်။

"ကျွန်တော် မေးနေတာက ရှင်းရှင်းကလေးပဲ၊ ခင်ဗျား သိသလား"

"သူ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် မသိပါဘူး ခင်ဗျား၊ သိလည်း

မသိချင်ပါဘူး”

“ဒါပေမဲ့ အစ်ကိုကြီးက ပြောတာကတော့ အိမ်ထဲမှာ ဖြစ်နေတဲ့အကြောင်းတွေကို သူ့ကို ပြန်ပြောနေတဲ့ လူဟာ ခင်ဗျားပဲတဲ့။ နောက်ပြီးတော့ မစ္စဆဗက်လော့ (ဂရုရှင်ကာ) လာလို့ရှိရင် ခင်ဗျားက သူ့ကို အသိပေးမယ်လို့လည်း ပြောထားတယ်တဲ့”

ဆမာယာကော့ မျက်လုံးများကို ပင့်လိုက်ပြီး အလျှိုရှာကို စူးစိုက်ကာ ကြည့်နေသည်။ ထို့နောက် ..

“နေပါဦး မစ္စတာ အလက်ဇီ၊ ဘယ်လိုလုပ်ပြီး ဒီခြံထဲကို ဝင်လာသလဲ၊ လွန်ခဲ့တဲ့ တနာရီလောက်ကပဲ ခြံတံခါးတွေအားလုံး ပိတ်ထားခဲ့တယ်”

“ကျွန်တော် လမ်းကြားကလေးအတိုင်းလာပြီး ခြံစည်းရိုးကိုကျော်ပြီး နွေရိပ်သာကို တောက်လျှောက် သွားခဲ့တယ်” ထို့နောက် အလျှိုရှာသည် မာရီယာဘက်သို့ လှည့်လျက် “ကိုယ် အခုလို ဝင်မိတာ ညီမ စိတ်မဆိုးကောင်းပါဘူး၊ ကိုယ်က ကိုယ့်အစ်ကိုနဲ့တွေ့ဖို့ သိပ်အလျင်လိုနေလို့ပါ”

“အို စိတ်မဆိုးပါဘူးရှင်”

မိန်းကလေးသည် အလျှိုရှာ၏ တောင်းပန်မှုကို အထူးပင် ကျေနပ်နှစ်သက်သွားဟန်ဖြင့် ဆွဲဆွဲငင်ငင် ကလေး ပြန်ပြောသည်။

“ဘာဖြစ်လို့လဲဆိုတော့ အစ်ကို သိတဲ့အတိုင်းပဲ၊ မစ္စတာ ဒီမီထရီ ကာရာမာဇော့လည်း နွေရိပ်သာကို အဲဒီလမ်းအတိုင်း သွားတာပဲ၊ သူ ဒီခြံထဲမှာ ရောက်နေတယ်ဆိုတာရယ်၊ နွေရိပ်သာကလေးထဲမှာ သူ ထိုင်နေတယ်ဆိုတာရယ်ကို ညီမတို့ သိတောင် မသိကြပါဘူး”

“ကိုယ် အခု သူ့ကို လိုက်ရှာနေတာပဲ၊ သူ့ကို သိပ်တွေ့ချင်နေတယ်၊ သူ အခု ဘယ်မှာရှိနေတယ်ဆိုတာ မင်းဆီမှာ မေးဖို့ပဲ၊ မင်း သိအောင် ပြောရရင် အခုကိစ္စက သူ့ အတွက် သိပ်အရေးကြီးတယ်”

“ကျွန်မတို့ မသိပါဘူးရှင်၊ ကျွန်မတို့ကို သူ ဘယ်တော့မှ ပြောသွားလေ့မရှိပါဘူး” မာရီယာ တိုးညင်းစွာ ဖြေသည်။

ဤတွင် ဆမာယာကော့က ...

“ကျွန်တော် ဒီကိုလာတာ မိတ်ဆွေတွေနဲ့ တွေ့ရအောင် လာတာပဲ၊ ဒါပေမဲ့ မစ္စတာ ဒီမီထရီ ကာရာမာဇော့က ကျွန်တော့်ကို ဒီမှာလည်း ချမ်းသာမပေးဘူး၊ သခင်ကြီးအကြောင်း မေးခွန်းတွေကို တရစပ် မေးနေတော့တာပဲ။ သူ

ဘယ်လိုနေသလဲ၊ အိမ်မှာ ဘာတွေဖြစ်နေသလဲ၊ ဘယ်သူလာသလဲ၊ ဘယ်သူသွားသလဲ... သူမေးတဲ့ မေးခွန်းတွေကို ကျွန်တော် ဘာဖြေနိုင်မလဲ၊ သူ ကျွန်တော့်ကို သတ်ပစ်မယ်ဆိုပြီး ကြိမ်းတာ နှစ်ခါရှိပြီ”

“သတ်ပစ်မယ် ဟုတ်လား” အလျှိုရှာ အံ့သြစွာ မေးလိုက်သည်။

“သူလိုလူစားမျိုး တယောက်ဟာ ဒီစကားမျိုးကို အလကားပြောတာ မဟုတ်ပါဘူး ခင်ဗျာ၊ မစ္စတာ အလက်ဇီလည်း မနေ့က ကိုယ်တိုင် မြင်တွေ့ခဲ့ရပြီ မဟုတ်လား၊ “မစ္စ ဆဗက်လေ့ အိမ်ကိုလာပြီး အိမ်မှာ အိပ်သွားတယ်လို့ ကြားရရင် မင်း အရင်ဆုံး သေပြီသာမှတ်လို့” သူ ကျွန်တော့်ကို ပြောခဲ့တယ်၊ ကျွန်တော် သူ့ကို တကယ်ပဲ ကြောက်ပါတယ် ခင်ဗျာ၊ တကယ်လို့သာ ကျွန်တော် သူ့ကို မကြောက်ခဲ့ရင် ဒီကိစ္စကို ကျွန်တော် ပုလိပ်ကို တိုင်ပြီးနေပြီ၊ သူ့အနေနဲ့ ဘာမှ မလုပ်ဘူးဆိုတာကို ဘုရားသခင်မှပဲ သိနိုင်ပါလိမ့်မယ် ခင်ဗျာ”

“သူ တနေ့က အစ်ကို့ကို ပြောတယ်၊ မင်းကို ငါ ဆုံထဲထည့် ထောင်းပစ်လိုက်မယ်တဲ့” မာရီယာက ဖြည့်စွက်သည်။

“သူ့ပါးစပ်က ပြောတာလည်း ဖြစ်ပါလိမ့်မယ်” အလျှိုရှာ ပြောလိုက်သည်။ “ကိုယ် ကနေ့ သူ့ကိုတွေ့ရင် ဒီအကြောင်း ပြောပြလိုက်ပါ့မယ်”

“မစ္စတာ အလက်ဇီ ကာရာမာဇော့ကို ကျွန်တော် ပြောနိုင်တာကတော့ ကျွန်တော် ဒီကိုလာတာဟာ ကျွန်တော့် မိတ်ဆွေတွေဆီကို လာတာပါ၊ အိမ်နီးနားချင်းတွေဆီကို လာလည်တာပါ၊ အဲဒီအတွက် ကျွန်တော့်မှာ ဘာအပြစ်မှ မရှိပါဘူး၊ နောက်တခုကတော့ မစ္စတာ အိုက်ဗင် ကာရာမာဇော့က ကျွန်တော့်ကို ကနေ့မနက် စောစောက ကန်လမ်းက မစ္စတာ ဒီမီထရီ ကာရာမာဇော့ အိမ်ကို လွှတ်လိုက်ပါတယ်။ စာမပေးလိုက်ပါဘူး၊ ပါးစပ်နဲ့ပဲ ပြောခိုင်းပါတယ်၊ ကနေ့ညစာကို ဈေးထဲက စားသောက်ဆိုင်မှာ သူနဲ့အတူစားဖို့ ပြောခိုင်းတာပါပဲ။

“သူခိုင်းတဲ့အတိုင်း ကျွန်တော် သွားပါတယ်၊ ဒါပေမဲ့ မနက်ရှစ်နာရီပဲ ရှိသေးတယ်၊ မစ္စတာ ဒီမီထရီ အိမ်မှာ မရှိတော့ပါဘူး၊ “သူ စောစောကရှိတယ်၊ ဒါပေမဲ့ အခု အပြင်ထွက်သွားပြီ” လို့ အိမ်ရှင် မိန်းမကြီးက ပြောတယ်၊ သူတို့အချင်းချင်း အပေးအယူ တခုခု လုပ်ထားကြတဲ့ သဘောမျိုးပဲ။

“အခုဆိုရင် သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ စားသောက်ဆိုင်မှာ ထမင်းစားနေကြပြီနဲ့တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာ အိုက်ဗင်ကာရာမာဇော့ ကနေ့ ညနေစာ အိမ်မှာ မစားဘူး၊ လွန်ခဲ့တဲ့ တနာရီလောက်က သခင်ကြီး တယောက်တည်းပဲ ထမင်းစားတယ်၊ သခင်ကြီး အခု ထမင်းစားပြီးလို့ တရေးတမောတောင် အိပ်နေပြီ၊ ကျွန်တော် တခုတော့ တောင်းပန်ပါရစေ၊ ဒီကိစ္စမှာ

ကျွန်တော့်နာမည်တော့ တခွန်းတပါဒမှ ထည့်မပြောပါနဲ့ ခင်ဗျာ၊ နို့မို့လို့ရှိရင် သူ ကျွန်တော့်ကို သတ်ပါလိမ့်မယ်”

“ကျွန်တော့်အစ်ကို အိုက်ဗင်က အစ်ကိုကြီး ဒီမီထရီကို သူနဲ့အတူ ကနေ့ည စားသောက်ဆိုင်မှာ ထမင်းစားဖို့ပြောတယ် မဟုတ်လား”

အလျှိုရှာ စူးစမ်းလိုက်သည်။

“ဟုတ်ပါတယ်ခင်ဗျာ”

“ဈေးထဲက ရွှေမြို့တော် စားသောက်ဆိုင်မှာလား”

“မှန်ပါတယ်ခင်ဗျာ”

“အဲဒါ ဖြစ်နိုင်တယ်” အလျှိုရှာ စိတ်အားတက်ကြွစွာဖြင့် ပြောလိုက်သည်။ “ကျေးဇူးတင်ပါတယ် ဆမာယာကော့၊ အဲဒါ အရေးကြီးတယ်။ ကျွန်တော် အခုပဲ သွားလိုက်မယ်”

“ကျွန်တော့်အကြောင်းတော့ မပြောလိုက်ပါနဲ့ ခင်ဗျာ”

ဆမာယာကော့ ဟစ်အော်ပြီး ပြောသည်။

“မစိုးရိမ်ပါနဲ့၊ ကျွန်တော် မပြောပါဘူး။ စားသောက်ဆိုင်ကို ကျွန်တော် အမှတ်တမဲ့ ရောက်သွားတဲ့ အနေမျိုးနဲ့ သွားမှာပါ”

“အစ်ကို ဘယ်ကနေ သွားမှာလဲ၊ ကျွန်မ တံခါးဖွင့်ပေးမယ်လေ” မာရီယာက ပြောသည်။

“နေပေ့စေ၊ ခြံစည်းရိုးပေါ်ကနေ ကျော်သွားတာက ကောင်းတယ်”

သူ့အစ်ကိုများအကြောင်း ကြားရသည့်သတင်းက အလျှိုရှာကို များစွာမှပင် တုန်လှုပ် ချောက်ချားစေ ပါသည်။ စားသောက်ဆိုင်သို့ သူ သုတ်ခြေတင်သွားသည်။ သူသည် ဘုန်းကြီးဝတ်ရုံကြီးဖြင့် စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်ရန် မသင့်လျော်ပါ။ သို့သော် သူသည် လှေကားထိပ်မှနေ၍ သူတို့ ရှိ မရှိ မေးမြန်းပြီး သူတို့ကို အောက်သို့ ခေါ်ယူနိုင်မည်။ သို့ရာတွင် စားသောက်ဆိုင်ရှေ့သို့ သူ ရောက်သည်နှင့် တပြိုင်နက် ပြတင်းပေါက်တခု ပွင့်လာပြီး သူ့အစ်ကို အိုက်ဗင်က သူ့ကို လှမ်းခေါ်လေတော့သည်။

“အလျှိုရှာ၊ ဒီအပေါ်ကို ခဏလောက် တက်လာနိုင်မလား”

“လာမယ်လေ၊ ဒါပေမဲ့ ကျွန်တော့်အဝတ်အစားကြီးနဲ့ ဖြစ်ပါ့မလား”

“ကိစ္စမရှိဘူး၊ ကိုယ့်နေရာက သီးသန့်ခန်းပဲ၊ ညီလေး လှေကားကနေတက်သာလာ၊ ကိုယ် ညီလေးကို ဆင်းကြိုမယ်”

နောက် တစ်မိနစ်ခန့် ကြာသောအခါ အလျှိုရှာသည် သူ့အစ်ကို၏ဘေးတွင် ထိုင်လျက် ရှိတော့သည်။ အိုက်ဗင် တယောက်တည်း ဖြစ်သည်။ သူသည် ညစာစားလျက် ရှိချေသည်။

၃။ ညီအစ်ကိုချင်း သိကျွမ်းရခြင်း

သို့ရာတွင် အိုက်ဗင်၏နေရာသည် သီးသန့်ခန်းတခု မဟုတ်ပါ။ ကန့်လန့်ကာ တခုဖြင့် ကာထားပေးသော နေရာတခုသာ ဖြစ်ပါသည်။ ယင်းသို့ ကာထားသဖြင့် အခန်းတွင်းမှ လူများက သူတို့ကို မမြင်တွေ့နိုင်ပါ။ သူတို့နေရာသည် လှေကားမှ တက်လာလျှင် ပထမဆုံး တွေ့ရသော အခန်းပင် ဖြစ်သည်။ သူတို့နှင့် မျက်နှာချင်းဆိုင် နံရံတွင် ဘားကောင်တာ ရှိသည်။ စားပွဲထိုး များသည် အခန်းထဲတွင် ဝင်လိုက်ထွက်လိုက် ရှိနေကြသည်။ သူတို့အခန်းထဲတွင် သူတို့အပြင် တခြား စားသောက်သူတဦးသာ ရှိသည်။ အခန်းထောင့် တနေရာတွင် လက်ဖက်ရည်သောက်နေ သော အငြိမ်းစား စစ်ဗိုလ်တဦး ဖြစ်သည်။

သို့သော် အခြားအခန်းများတွင်ကား ထုံးစံအတိုင်း ဆူညံလျက်ရှိသည်။ စားပွဲထိုးကို လှမ်းခေါ်သံများ ကြားရသည်။ ဘီယာပုလင်း ဖွင့်သံများ ကြားရသည်။ ဘိလိယက်ခုံမှ ဘိလိယက်ထိုးသံများ ကြားရသည်။ စန္ဒရားသံ ထွက်ပေါ်နေသည်။

အိုက်ဗင်သည် စားသောက်ဆိုင်များသို့ လာရောက်လေ့မရှိကြောင်း အလျှိုရှာ သိထားသည်။ သူ ယခု ဤဆိုင်သို့ လာရောက်ခြင်းသည် ဒီမီထရီနှင့် ချိန်းထား၍သာ ဖြစ်ပေသည်။ သို့သော် ဒီမီထရီကို မတွေ့ရှိရချေ။

"ညီလေးအတွက် ငါးစွပ်ပြုတ် ဒါမှမဟုတ် တခုခု မှာပေးရမလား၊ ညီလေးဟာ လက်ဖက်ရည် တခုတည်း သောက်တဲ့လူတော့ မဟုတ်တန်ကောင်းပါဘူး"

အလျှိုရှာကို ခေါ်ယူရရှိသဖြင့် အထူးပင် ကျေနပ်နှစ်သက်နေဟန်ရှိသော အိုက်ဗင်က မေးလိုက်သည်။ သူသည် ညစာ စားပြီးသွားပြီဖြစ်၍ လက်ဖက်ရည်သောက်နေသည်။

"အင်း … ငါးစွပ်ပြုတ် သောက်မယ်၊ ပြီးမှ လက်ဖက်ရည်သောက်မယ်၊ ကျွန်တော် ဗိုက်ဆာနေတယ်"

အလျှိုရှာကလည်း ခပ်မြူးမြူးကလေး ပြန်ပြောလိုက်သည်။

"ချယ်ရီယိုကော စားဦးမလား၊ ဒီမှာ ရှိတယ်၊ ညီလေး ငယ်ငယ်တုန်းက ပိုလီနော့တို့ အိမ်မှာ နေတုန်းက ညီလေး ချယ်ရီယိုကြိုက်တာ မှတ်မိသေးသလား"

"အစ်ကို အဲဒါကို မှတ်မိတယ် ဟုတ်လား၊ အင်း … ယိုလည်း စားမယ်၊ ညီလေး အခုထက်ထိ ယိုကြိုက်တုန်းပဲ"

“ကိုယ် အားလုံး မှတ်မိပါတယ် အလျှိုရှာ၊ ညီလေးကို အစ်ကို တဆယ့်တစ်နှစ်သား အရွယ်အထိ မှတ်မိပါတယ်၊ အဲဒီတုန်းက အစ်ကိုက ဆယ့်ငါးနှစ်ပေါ့။ ဒါပေမဲ့ တဆယ့်တစ်နှစ် ဆိုတာနဲ့ တဆယ့်ငါးနှစ် ဆိုတာ အင်မတန် ခြားနားတယ်၊ အဲဒီအရွယ် ညီအစ်ကိုတွေဟာ အဆွေခင်ပွန်းဖြစ်ဖို့ မလွယ်ဘူး။ အဲဒီတုန်းက အစ်ကိုဟာ ညီလေးကို ချစ်သလား မချစ်သလား ဆိုတာ မပြောတတ်ဘူး၊ ကိုယ် မော်စကို ရောက်သွားတဲ့အချိန်မှာ ညီလေးအကြောင်း မတွေးမိတော့သလောက်ပဲ၊ ညီလေး မော်စကို ရောက်လာတော့လည်း ကိုယ်တို့နှစ်ယောက် တခါပဲ တွေ့ကြတယ်နဲ့ တူတယ်၊ အခုလည်း ဒီမှာ ရောက်နေတာ သုံးလ ရှိသွားပြီ။ ကိုယ်တို့ချင်း စကားမပြောမိကြသလောက်ပဲ၊ မနက်ဖြန်ဆိုရင် ကိုယ် အဝေးကို သွားတော့မယ်၊ ကိုယ် ဒီမှာ ထိုင်နေရင်း စဉ်းစားနေမိတယ်၊ ကိုယ် ညီလေးကို ဘယ်လိုလုပ် တွေ့ပြီး နှုတ်ဆက်ရပါ့မလဲလို့၊ အဲဒီအချိန်မှာပဲ ညီလေး ဆိုင်ရှေ့က ဖြတ်သွားတာပဲ”

“ဒါဖြင့် အစ်ကို ကျွန်တော့်ကို သိပ်တွေ့ချင်နေတာပေါ့”

“ဟုတ်တယ်၊ သိပ်တွေ့ချင်နေတယ်၊ အစ်ကိုဟာ ညီလေးကို သိပြီး နားလည်ချင်သလို ညီလေးက လည်း အစ်ကို့ကို သိပြီး နားလည်စေချင်တယ်၊ အဲဒီနောက်မှာ ကိုယ်တို့ ခွဲခွာကြမယ်၊ လူတွေဟာ တယောက်အကြောင်း တယောက် သိရှိနားလည်နိုင်တာဟာ သူတို့နှစ်ယောက် ခွဲခွာကြရမယ့် အချိန်မှာပဲ၊ ဒီသုံးလအတွင်းမှာ ညီလေးက အစ်ကို့ကို ဘယ်လိုကြည့်ခဲ့တယ်ဆိုတာကို ကိုယ် မြင်နေတယ်၊ ညီလေးရဲ့အကြည့်မှာ တခုခု မျှော်လင့်နေတယ်၊ အဲဒါကို အစ်ကို ဘယ်လိုမှ သည်းမခံနိုင်ဘူး၊ အဲဒါကြောင့် အစ်ကို ညီလေးနဲ့ ခပ်ဝေးဝေး ခွာနေတာပဲ။

“ဒါပေမဲ့ နောက်ဆုံးကျတော့ အစ်ကိုဟာ ညီလေးကို လေးစားလာရတယ်၊ ဒီကောင်ကလေးဟာ သူ့ဘဝမှာ သူ ပြတ်သားတယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ ကိုယ် အခု ရယ်နေပေမယ့် တကယ်အလေးအနက် ပြောနေတာပါ၊ ညီလေးဟာ ညီလေးဘဝမှာ ခိုင်မာပြတ်သားတယ် မဟုတ်လား၊ အဲဒီလို ခိုင်မာပြတ်သားတဲ့ လူတွေကို အစ်ကို သဘောကျတယ်။ သူတို့ဟာ ဘယ်အပေါ်မှာပဲ ရပ်တည်ပြီး ပြတ်သားပေစေပေါ့။ ညီလေးလို လူငယ်ကလေးတွေ ဖြစ်ပေစေ အစ်ကို သဘောကျတယ်။ နောက်ဆုံးကျတော့ အစ်ကိုဟာ ညီလေးရဲ့ မျှော်လင့်တဲ့အကြည့်ကို သဘောမကျတာ မဖြစ်နိုင်တော့ဘူး၊ သဘောမကျတာ မဖြစ်နိုင်ရုံတင်မကဘူး၊ သဘောတောင် ကျလာတယ်။ ညီလေးဟာ အစ်ကို့ကို အကြောင်းတခုခုနဲ့ သဘောကျနေတယ်လို့ အစ်ကိုထင်တယ်၊ ဟုတ်သလား”

“ဟုတ်တယ် အစ်ကို၊ အစ်ကို့ကို ကျွန်တော် သဘောကျတယ်။ အစ်ကိုကြီး ဒီမိထရီက အစ်ကို့ အကြောင်း ပြောဖူးတယ်၊ “အိုက်ဗင်ဟာ သင်္ချိုင်းထဲက လူတယောက်လိုပဲ နှုတ်ဆိတ်တယ်” တဲ့၊ ဒါပေမဲ့ ကျွန်တော်က အစ်ကို့အကြောင်း

ပြန်ပြောတယ် "အစ်ကို အိုက်ဗင်ဟာ ပဟေဠိတပုဒ်ပဲ" လို့၊ ဟုတ်တယ်၊ အစ်ကိုဟာ အခုအထိ ကျွန်တော့်အတွက်တော့ ပဟေဠိတပုဒ်ပါပဲ၊ ဒါပေမဲ့ အစ်ကိုနဲ့ ပတ်သက်လို့ ကျွန်တော် နားလည်တာ တခုတော့ရှိတယ်၊ အဲဒါကလည်း ကနေ့မနက်ကျမှ နားလည်တာပဲ"

"ဘာများလဲ" အိုက်ဗင် ရယ်ကာမောကာ ပြောသည်။

"အစ်ကို စိတ်မဆိုးနဲ့နော်"

အလျှိုရှာ ရယ်ကာမောကာဖြင့် ပြန်ပြောသည်။

"ပြောပါ ..."

"အစ်ကိုဟာ တခြား အသက်နှစ်ဆယ့်သုံးနှစ်အရွယ် လူငယ်တွေလိုပဲ၊ တကယ့် လူငယ်တယောက်ပဲ၊ တကယ် ငယ်ရွယ်တာပဲ။ အစ်ကိုဟာ ငယ်ရွယ်တဲ့၊ နုသစ်တဲ့၊ ကောင်းမွန်တဲ့ လူငယ်ကလေး တယောက်ပဲ၊ နောက်ပြီး ငယ်ရွယ်ပြီး အတွေ့အကြုံ မရှိသေးတဲ့ လူငယ်ကလေး တယောက်ပဲ၊ ကျွန်တော် ပြောတာတွေကို အစ်ကို စိတ်ဆိုးသလား"

"မဆိုးပါဘူး၊ မဆိုးတဲ့အပြင် ကိုယ်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ကိုယ် အံ့သြရတယ်၊ ကက်ထရီးနားကို သူ့အိမ်မှာ နောက်ဆုံး တွေ့ပြီးတဲ့နောက်ပိုင်းမှာ ကိုယ် စဉ်းစားမိတယ်၊ ကိုယ်ဟာ အတွေ့အကြုံ မကြွယ်ဝသေးတဲ့ လူငယ်ကလေးတယောက်ပဲ ဖြစ်တယ်၊ အခု ညီလေးကလည်း ဒီအတိုင်းတွေးပြီး ဒီအကြောင်းကို စ လာတယ်။

"ကိုယ် အခု ဒီမှာထိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ဘာပြောနေသလဲ သိလား၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်ပြောတယ်။ ငါဟာ ဘဝကို မယုံဘူး ဆိုပေမယ့်.... ငါချစ်နေတဲ့ အမျိုးသမီးကို ငါ မတွယ်တာတော့ဘူး ဆိုပေမယ့်... ငါဟာ နေရာတကျ ဖွဲ့စည်းခြင်းကို မယုံဘူး ဆိုပေမယ့် ကမ္ဘာပေါ်မှာ အရာအားလုံးဟာ သူဖြစ်ချင်ရာ ဖြစ်နေမယ်၊ ဘာကိုမှ ဂရုစိုက်စရာ မရှိဘူး၊ အားလုံးဟာ ဝရုန်းသုန်းကား ဖြစ်နေတယ်လို့ ငါ ယုံကြည်ထားပေမဲ့ ငါဟာ အခုအထိ ဒီလောကကြီး မှာ နေချင်နေသေးတယ်၊ ငါဟာ ဘဝဆိုတဲ့ ဖလားကို ပါးစပ်မှာ မော့မိတဲ့ နောက်ပိုင်းမှာ ဖယ်မပစ်နိုင်တော့ဘူး၊ တစက်မကျန် ကုန်တဲ့အထိ ဆက်ပြီး မော့သွားတော့မယ့်ပုံမျိုးပဲ။

"ဒါပေမဲ့ ငါဟာ အသက်သုံးဆယ် ကျရင်တော့ ဒီဖလားကို လွှင့်ပစ်လိုက်မယ်၊ မကုန်သေးရင်လည်း ရှိပေစေတော့၊ ငါသွားတော့မယ်... ဘယ်ကို သွားမယ်တော့ ငါ မသိဘူး၊ ဒါပေမဲ့ ငါဟာ အသက်သုံးဆယ်အထိတော့ ငါ့ရဲ့

ပျို့ရွယ်မှုဘဝဟာ အရာရာကို အောင်နိုင်ရမယ်... ဘဝရဲ့ စိတ်ပျက်ဖွယ်ရာ အားလုံးနဲ့ မနှစ်သက်ဖွယ်ရာ အားလုံးကိုပေါ့။

"ကိုယ့်ကိုယ်ကိုယ် မကြာခဏ မေးဖူးတယ်၊ ငါ့ရင်ထဲမှာ ရှိနေတဲ့ ဘဝခံစားမှုကို ချေမှုန်းနိုင်တဲ့ စိတ်ပျက်ဖွယ်ရာမျိုး ဒီကမ္ဘာမှာ ရှိသလားလို့၊ အဲဒီအခါမှာ မရှိဘူးဆိုတဲ့ အဖြေကို ငါတွေ့ရတယ်၊ ဒါပေမဲ့ ဒါဟာ အသက်သုံးဆယ်အထိပဲ ဖြစ်မယ်၊ အဲဒီနောက်ပိုင်းမှာတော့ ငါ့ဟာငါ စွန့်လွှတ်ပစ် လိုက်တော့မယ်၊ ဒါဟာ အစ်ကို အခု တွေးနေမိတာပဲ။

"မိုက်မဲတဲ့ လောကနီတိဆရာ တချို့ ... အထူးသဖြင့် ကဗျာဆရာတချို့ကတော့ ဒီလိုမျိုး ဘဝရမ္မက်ကို အင်မတန် နိမ့်ညံ့တယ်လို့ ပြောကြတယ်၊ အမှန်ကတော့ တခြား ဘာတွေပဲဖြစ်နေနေ ဒီလိုမျိုး ဘဝရမ္မက် ရှိနေတာကတော့ ကာရာမာဇော့ စရိုက်ပဲ။ ဒါပေမဲ့ ဒါဟာ ဘာဖြစ်လို့ နိမ့်ညံ့ရမှာလဲ၊ ကိုယ်တို့ကမ္ဘာကြီးမှာ ဗဟိုချက်ကို ဆွဲယူနိုင်တဲ့အား ရှိတယ် အလျှိုရှာ၊ ဓမ္မတာတရား နဲ့ ဘယ်လောက်ပဲ ဆန့်ကျင်ပါစေ ကိုယ်ဟာ အသက် ရှင်နေချင်တယ်၊ အသက်ရှင်ပြီး နေသွားချင် တယ်။ ကိုယ်ဟာ ဒီလောကကြီးရဲ့နေရာတကျ ဖွဲ့စည်းထားမှုကို ဘယ်လောက်ပဲ မယုံ မယုံ နွေဦးပေါက်မှာ ပွင့်လာတဲ့ ပန်းကလေးကိုတော့ ကိုယ်ချစ်တယ်၊ ကောင်းကင်ပြာကြီးကို ကိုယ်ချစ်တယ်၊ လူတချို့ကို ကိုယ်ချစ်တယ်။ ညီလေး သိသလား၊ တခါ တခါ ဘာကြောင့်မှန်း မသိဘူး ချစ်နေတာပဲ။ ကိုယ်ဟာ လူသားတွေရဲ့ အောင်မြင်မှုတချို့ကို ချစ်တယ်၊ ကိုယ်ဟာ အဲဒါတွေအပေါ်မှာ မယုံကြည်တာ ကြာပေမဲ့ ကိုယ့်ရဲ့ အကျင့် ဓလေ့ဟောင်းအရ တန်ဖိုးထားမိတယ်။

"ဟောဒီမှာ ညီလေး ငါးစွပ်ပြုတ်၊ သောက်ကြည့်စမ်းပါ၊ ကောင်းတယ်၊ ဒီဆိုင်က ငါးစွပ်ပြုတ် ကောင်းကောင်း လုပ်တတ်တယ်။

"ကိုယ် ဥရောပကို သွားချင်တယ် အလျှိုရှာ၊ ကိုယ် နိုင်ငံခြားကို သွားမယ်၊ ဒါပေမဲ့ ကိုယ်ဟာ သင်္ချိုင်းတခုကို သွားတာပဲဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ ဒီသင်္ချိုင်းဟာ အင်မတန် တန်ဖိုးရှိတယ်။ တန်ဖိုးကတော့ အဲဒီမှာ သေဆုံးနေတဲ့လူတွေပဲ။ သူတို့အပေါ်မှာ ဖုံးနေတဲ့ ကျောက်တုံးတိုင်းက သူတို့ရဲ့အတိတ်ဘဝကို ပြောပြနေတယ်။ သူတို့ရဲ့ အောင်မြင်မှုတွေ၊ သူတို့ရဲ့သစ္စာတရားတွေ၊ သူတို့ရဲ့ရုန်းကန်တိုက်ခိုက်မှုတွေ၊ သူတို့ရဲ့အတတ်ပညာတွေ... ကိုယ်ဟာ အဲဒီကျောက်တုံးတွေ ပေါ်မှာ လဲလျောင်းပြီး နမ်းရှုပ်မယ်၊ ငိုကြွေးမယ်။ အဲဒီတချိန်တည်းမှာပဲ ဒါတွေဟာ သင်္ချိုင်းပဲ၊ တခြား ဘာမှမဟုတ်ဘူး ဆိုတာ ဆင်ခြင်မယ်။

"ကိုယ်ဟာ ဝမ်းနည်းစိတ်ပျက်လို့ ငိုတာ မဟုတ်ဘူး၊ ကိုယ်ပျော်လို့

ဝမ်းသာလို့ ငိုတာပဲ။ ကိုယ့်ရဲ့ခံစားမှုအတွက် ကိုယ် အရက်သောက်မယ်၊ နွေဦးပေါက်မှာပွင့်တဲ့ ပန်းကလေးနဲ့ ကောင်းကင်ပြာကြီးကို ကိုယ် ချစ်မယ်.. ဟုတ်တယ်၊ ကိုယ် ချစ်တယ်။ သဘာဝ ကျတာ သိမြင်နားလည်တာနဲ့ မဆိုင်ဘူး၊ ကိုယ်ချစ်တာက အတွင်းစိတ်ကနေ ချစ်တာပဲ၊ ရင်ထဲကနေ ချစ်တာပဲ၊ လူတယောက်ဟာ သူ့ရဲ့ ပျိုမျစ်မှု အားမာန်ကို ခံစားရမယ်၊ ကိုယ်ပြောတဲ့ စကားတွေကို ညီလေး သဘောပေါက်သလား”

အိုက်ဗင် ရုတ်တရက် ရယ်မောလိုက်သည်။

“ကျွန်တော် သဘောပေါက်ပါတယ် အစ်ကို၊ လူတယောက်ဟာ စိတ်ထဲကနေ ချစ်ဖို့ပဲ၊ ရင်ထဲကနေ ချစ်ဖို့ပဲ၊ အစ်ကို ပြောသွားတာတွေ သိပ်လှပါတယ်၊ အစ်ကို့အနေနဲ့ ဘဝအပေါ်မှာ အခုလို တွယ်တာမှု ရှိတဲ့အတွက် ကျွန်တော် အရမ်းကာရော ဝမ်းသာပါတယ်၊ ဒီလောကကြီးမှာ လူတွေဟာ တခြားအရာ တွေ အားလုံးထက် ဘဝကို ခင်တွယ်မြတ်နိုး ရမယ်လို့ ကျွန်တော် ယူဆပါတယ်”

“ဘဝကို ပိုချစ်ရမယ် ဟုတ်လား”

“ဟုတ်ပါတယ်၊ အစ်ကို ပြောတဲ့အတိုင်း သဘာဝတရားနဲ့ ကိုက်ညီတာ ဖြစ်စေ မကိုက်ညီတာ ဖြစ်စေ ဘဝကို ပိုချစ်ရမယ်၊ သဘာဝတရားကို ဘေးဖယ်ထားလိုက်ပါ၊ အဲဒီအခါမှာ ဘဝဆိုတာကို နားလည်လိမ့်မယ်။ ကျွန်တော့်အနေနဲ့ ဒီအချက်ကို ရေးတေးတေး သဘောပေါက်နေခဲ့တာ ကြာပြီ။ အစ်ကိုဟာ တဝက်တော့ ဟုတ်နေပြီ၊ အစ်ကိုဟာ မမကို ချစ်တယ်၊ အစ်ကိုဟာ ဘဝကို ချစ်တယ်၊ အစ်ကိုဟာ နောက်တဝက်ကို ဆက်ဖို့ပဲ ရှိတော့တယ်၊ ဒါဆိုရင် အစ်ကို ကယ်တင်လွတ်မြောက်ပြီ”

“ညီလေးက ကိုယ့်ကို ကယ်တင်နေတာလား၊ ဒါပေမဲ့ ကိုယ်ဟာ ဘယ်လိုမှ မနစ်မွန်းပါကလား၊ ညီလေးရဲ့ နောက်တဝက်မှာ ဘယ်လိုဟာတွေ ပါလာမလဲ”

“လူတယောက်ဟာ သေနေရာကနေ ပြန်ထဖို့ပဲပေါ့၊ အမှန်ကတော့ သူဟာ သေနေတာမှ မဟုတ်ဘဲ၊ ကဲ၊ လာ … လက်ဖက်ရည် သောက်ကြစို့ အစ်ကို၊ အစ်ကို အခုလို ပြောတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာတယ်”

“ဟုတ်တယ် ညီလေး၊ သိပ်စိတ်လှုပ်ရှားနေတယ်၊ ညီလေးလို ဘုန်းကြီးတယောက်ဆီက ဖြောင့်ဆိုချက် ရထားတာကို အစ်ကို အများကြီး ဝမ်းသာသွားတယ်၊ ညီလေးဟာ တသမတ်တည်း ရှိတဲ့ လူတယောက်ပဲ၊ ဒါနဲ့ ညီလေး ဘုန်းကြီးကျောင်းက ထွက်တော့မယ်ဆိုတာ ဟုတ်သလား”

"ဟုတ်တယ်၊ ခင်ကြီးဘုရားက ကျွန်တော့်ကို လောကကြီးထဲကို လွှတ်နေတယ်"

"ဒါဆိုရင် အစ်ကိုတို့ဟာ လောကကြီးထဲမှာ တယောက်ကိုတယောက် တွေ့ကြမယ်၊ ကိုယ့်အသက် သုံးဆယ်မပြည့်ခင်မှာ တွေ့ကြမယ်၊ ဘဝခံစားမှုက ကိုယ် မရှောင်တိမ်းခင်မှာ တွေ့ကြမယ်၊ အဖေကတော့ အသက် ခုနစ်ဆယ်ရောက်တဲ့အထိ ဘဝခံစားမှုက မရှောင်တိမ်း မစွန့်ပယ်ချင်သေး ဘူး၊ အသက်ရှစ်ဆယ်အထိလည်း သူ ဆက်သွားနေဦးမယ့်ပုံပဲ၊ သူ ကိုယ့်ကို ဒီအတိုင်းပဲ ပြောဖူးတယ်၊ သူဟာ လူပြက် လူပေါ်ကြီး တယောက် ဖြစ်ပေမယ့် ဒီစကားကိုတော့ တကယ် အလေးအနက် ပြောတာပဲ၊ သူဟာ သူ့ရဲ့ တဏှာပေမ ခံစားမှုအပေါ်မှာ ကျောက်တုံးကြီးတခုပေါ်မှာ ရပ်သလို ရပ်တည်နေတယ်... ကိုယ်တို့ဟာ အသက်သုံးဆယ် ကျော်သွားရင် ဒီအပေါ်မှာပဲ ရပ်တည်စရာ ရှိတယ်၊ ဒါပေမဲ့ အသက် ခုနစ်ဆယ်အထိ ရပ်တည်နေတာကတော့ မသတီစရာပဲ၊ အသက်သုံးဆယ် အထိပဲ ကောင်းတယ်၊ အဲဒီအခါမှာ လူတယောက်ဟာ သူ့ကိုယ်သူ လိမ်လည်လှည့်ဖြားပြီး ကြောင်သူတော်ယောင် ဆောင်နိုင်မယ်၊ ဒါနဲ့ ညီလေး၊ အစ်ကိုကြီး ဒီမီထရီကို ကနေ့ တွေ့ပြီလား"

"မတွေ့သေးဘူး၊ ဆမာယာကော့နဲ့ပဲ တွေ့တယ်"

ထို့နောက် အလျှိုရှာသည် ဆမာယာကော့နှင့် တွေ့သည့်အကြောင်းကို ခပ်မြန်မြန် အသေးစိတ် ပြောပြလိုက်သည်။ အိုက်ဗင်သည် အထူးပင် စိတ်ဝင်စားဟန်ဖြင့် နားထောင်နေသည်။ သူ မရှင်းသည့် နှစ်နေရာ သုံးနေရာကို ထပ်ပြောစေသည်။

"သူ ပြောလိုက်တဲ့အကြောင်း ဒီမီထရီကို ပြန်မပြောဖို့လည်း သူ တောင်းပန်လိုက်တယ်"

အိုက်ဗင် မျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။

"အစ်ကို မျက်မှောင်ကုတ်နေတာ ဆမာယာကော့ကြောင့်လား"

အလျှိုရှာ စူးစမ်းလိုက်သည်။

"ဟုတ်တယ် သူ့ကြောင့်ပဲ၊ ဒါပေမဲ့ သူ့ကိစ္စ ဘေးချိတ်ထားလိုက်စမ်းပါ၊ ဒီမီထရီကို ကိုယ် တွေ့ချင်နေတာ အမှန်ပဲ၊ ဒါပေမဲ့ အခု မလိုတော့ပါဘူး"

"အစ်ကို တကယ်ပဲ တခြားကို လတ်တလောကြီး သွားတော့မှာလား"

"အင်း ..."

"ဒီမီထရီနဲ့ အဖေ့ကိစ္စ ဘယ်လိုလုပ်မလဲ၊ သူတို့ ဘယ်လို နိဂုံးချုပ်ကြမလဲ"

အလျှိုရှာ စိုးရိမ်မကင်း မေးလိုက်သည်။

"ညီလေးက အခုထက်ထိ ဒါကိုပဲ ပြောနေတုန်းကိုး၊ ဒီကိစ္စကို ကိုယ်က ဘာလုပ်ရမှာလဲ၊ ကိုယ်ဟာ ဒီမီထရီရဲ့ အထိန်းတော်မှ မဟုတ်ဘဲ"

အိုက်ဗင် ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ ပြီးမှ မဲ့ပြုံးပြုံးကာ ..

"ပထမဆုံး လူသတ်သမားကြီး ကိန်းက ဘုရားသခင်ကို လျှောက်ထားတဲ့စကားကို ညီလေး စဉ်းစားနေသလား၊ ဒါတွေကို ဘေးချိတ်ထားလိုက်စမ်းပါ၊ ကိုယ်ဟာ ဒီမှာ သူ့ရဲ့ အထိန်းတော် တယောက် အဖြစ်နဲ့ မနေနိုင်ဘူး၊ ကိုယ် လုပ်စရာရှိတာ လုပ်ပြီးသွားပြီ ကိုယ် သွားဖို့ပဲ ရှိတော့တယ်။ ကိုယ်ဟာ ဒီမီထရီကို မနာလိုဝန်တို ဖြစ်နေတယ်လို့ ညီလေး ထင်သလား၊ ကိုယ်ဟာ ဒီသုံးလ အတွင်းမှာ သူ့ရဲ့ ရည်းစားချောကလေး ကက်ထရီးနားကို လုယူဖို့ ကြိုးစားနေတယ်လို့ ညီလေး ထင်သလား၊ ဒါတွေအားလုံး အလကားတွေပါ၊ ကိုယ့်မှာက ကိုယ့်ကိစ္စနဲ့ ကိုယ်ပါ၊ အခု ကိုယ့်ကိစ္စ ပြီးပြီ၊ ကိုယ် သွားတော့မယ်၊ ကိုယ့်ကိစ္စဟာ အခုပဲ ပြီးသွားတယ်၊ ညီလေးက မျက်မြင်သက်သေ ဖြစ်ခဲ့တယ်"

"ကက်ထရီးနား အိမ်မှာလား"

"ဟုတ်တယ်၊ အခုတော့ တခါတည်း ရှင်းသွားတာပေါ့၊ တကယ်ပဲ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ ဘာလို့ လုပ်နေတော့မှာလဲ၊ ဒီမီထရီကိစ္စ ကိုယ်က ဘာလုပ်ရမှာလဲ၊ တကယ်တော့ ဒီကိစ္စ ဒီမီထရီနဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ်က ကက်ထရီးနားနဲ့ ကိုယ့်ကိစ္စ ကိုယ် ရှင်းတာပဲ၊ ဒီမီထရီကတော့ ကိုယ်နဲ့ တကျိတ်တည်း တဉာဏ်တည်းလိုမျိုး လုပ်နေ တယ်၊ ဒီမီထရီကို ကိုယ် ဘာမှမပြောခဲ့ဘူး၊ ကက်ထရီးနားကို ကိုယ့်လက်ထဲကို အတင်း ထိုးအပ်နေတာက သူပဲ၊ ကိုယ်တို့နှစ်ယောက်ကို သူက ကောင်းချီးပေးနေတာပဲ၊ တကယ်တော့ ပြဿနာတခုလုံးဟာ ပြောရမယ်ဆိုရင် အင်မတန် ရယ်စရာ ကောင်းတယ်။

"အို အလျှိုရှာရယ်၊ ကိုယ် အခု ဘယ်လောက် စိတ်ချမ်းသာနေသလဲဆိုတာ မောင်ရင် သိစေချင်တယ်၊ ကိုယ် ဒီမှာ ထိုင်ပြီး ညစာစားနေရင်းနဲ့ ကိုယ့်ရဲ့လွတ်လပ်မှုကာလဦး အထိမ်းအမှတ် ကျင်းပတဲ့ အနေနဲ့ ရှန်ပိန်မှာဖို့တောင် စိတ်ကူးနေမိတယ်။ ညီလေးရယ်.. အို ညီလေးရယ်၊ ခြောက်လ လုံးလုံးကြီး ရှိနေရာကနေ ဖြုန်းခနဲ ကင်းရှင်းလွတ်လပ်သွားတယ်၊ မနေ့ကအထိ ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ ကိုယ် အိပ်မက်တောင် မမက်မိဘူး၊ ကိုယ့်စိတ်ထဲမှာ လွတ်မြောက်ချင်တဲ့ စိတ်သာ ရှိခဲ့တယ်၊ ဟော အခု တခါတည်း လွတ်လပ်သွားတယ်"

"အစ်ကို ပြောနေတာ အစ်ကို့ရဲ့ ချစ်ရေးကိစ္စပဲ မဟုတ်လား၊ အိုက်ဇင်"

"ဟုတ်တယ်၊ အစ်ကို့ရဲ့ချစ်ရေးကိစ္စပဲ၊ ဟုတ်တယ်၊ အမျိုးသမီးကလေးတယောက်နဲ့ ကိုယ် ချစ်နေတယ်၊ ကိုယ်ဟာ သူ့အတွက် အချိန်တွေ ပေးခဲ့တယ်၊ ကိုယ့်အတွက် သူကလည်း အချိန်တွေ ပေးခဲ့တယ်၊ ကိုယ် သူ့ကို အရိပ်တကြည့်ကြည့်နဲ့ ရှိခဲ့တယ် ... အဲဒီလိုကနေ အခု ဖြုန်းခနဲ ကိစ္စတွေ ပြီးပြတ်သွားတယ်၊ ကနေ့မနက်ပဲ ကိုယ်ဟာ ခံစားမှုအပြည့်နဲ့ စကားပြောခဲ့သေးတယ်၊ ဒါပေမဲ့ ဒီကလည်း ထွက်လာရော ကိုယ် ဝါးလုံးကွဲ ရယ်ချလိုက်တော့တာပဲ၊ ကိုယ်ပြောတာ မောင်ရင် မယုံဘူးလား၊ ကိုယ် တကယ်ပြောနေတာပါ"

"အစ်ကိုဟာ အဲဒီအတွက် အခုထက်ထိကို ပျော်နေပုံရတယ်"

အလျှိုရှာ ဝေဖန်လိုက်သည်။ သူ့အစ်ကို၏ မျက်နှာကို အသေအချာ စူးစိုက်ပြီး ကြည့်နေသည်။ ဟုတ်သည်၊ သူ၏မျက်နှာ ရွှင်ပျနေသည်။

"ကိုယ် သူ့ကို မချစ်ဘူးဆိုတာ ကိုယ် ဘယ်လိုလုပ်ပြီး သိသွားသလဲ မပြောတတ်ဘူး ဟား ဟား ဟား ... ဟုတ်တယ်၊ ကိုယ် ဘယ်လိုမှ မပြောတတ်ဘူး၊ ဒါပေမဲ့ ကိုယ် သူ့ကို စွဲလမ်းခဲ့တာတော့ အမှန်ပဲ၊ ကနေ့မနက် ကိုယ် သူနဲ့ စကားပြောနေတုန်းမှာကို ကိုယ် သူ့ကို စွဲလမ်းနေမိတယ်၊ အခုအချိန်အထိ ကိုယ် သူ့ကို အများကြီး သဘောကျနေတယ်၊ ဒါပေမဲ့ ကိုယ် သူ့ကို စွန့်ပစ်ခဲ့ရတဲ့အတွက်လည်း ဘာမှမဖြစ်ဘူး၊ ကိုယ် ကြွားနေတယ်လို့ မောင်ရင် ထင်သလား"

"မထင်ပါဘူး၊ ဒါပေမဲ့ ဒါဟာ အချစ်တော့ မဟုတ်ဘူး"

'အောင်မယ်လေး အလျှိုရှာရယ်' အိုက်ဇင် ရယ်မောလိုက်သည်။ "အချစ်အကြောင်း ပြောတဲ့နေရာမှာ မောင်ရင် ဝင်မပါပါနဲ့၊ မောင်ရင်နဲ့ မပတ်သက်ပါဘူး၊ မနက်ကလည်း မောင်ရင် ဟောဟောဒိုင်းဒိုင်း ပြောခဲ့ပြီ၊ အဲဒီအတွက်တော့ မောင်ရင့်ကို ကိုယ် ပြုစုရမယ်၊ ကိုယ် မေ့နေတယ် ... ဟုတ်တယ်၊ ကက်ထရီးနားဟာ ကိုယ့်ကို ဘယ်အချိုးမျိုး ချိုးနေတာလဲ၊ ဘယ်လိုမှ ကုလို့မရနိုင်တဲ့ အသည်းကွဲ ဝေဒနာပဲ၊ အို .. ကိုယ် သူ့ကို ချစ်တယ်ဆိုတာ သူ ကောင်းကောင်းသိတယ်၊ သူချစ်တာလည်း ကိုယ့်ကိုပဲ၊ ဒီမီထရီ မဟုတ်ဘူး"

အိုက်ဇင် လှိုက်လှိုက်လှဲလှဲ ပြောချလိုက်သည်။ ထို့နောက် ....

"ဒီမီထရီနဲ့ ပတ်သက်လို့က သူ့ကိုယ်သူ အသည်းခွဲနေတာပဲ၊ ကိုယ် ကနေ့ သူ့ကို ပြောခဲ့တာတွေ အားလုံးဟာ အမှန်တွေချည်းပဲ၊ ဒါပေမဲ့ ပြဿနာက

ဒီမီထရီကို သူ တကယ် မချစ်ဘူး၊ သူချစ်တာက ကိုယ်ပဲဆိုတာကို နောက် ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်လောက်နေမှ သူ သဘောပေါက်လိမ့်မယ်။ သူချစ်တာဟာ ကိုယ်ပဲ၊ ကိုယ့်ကို သူ အသည်းခွဲ နှိပ်စက်နေတာပဲ၊ အဲဒါမှ မဟုတ်ရင်တော့ ကိုယ် ကနေ့ သူ့ကို ဘယ်လိုပဲ သင်ခန်းစာပေးလိုက်ပေမဲ့ သူ ဘယ်တော့မှ အမှန်ကို သိတော့မှာ မဟုတ်ဘူး၊ ဒါနဲ့ စကားမစပ် သူ အခု ဘယ့်နှယ်နေသေးသလဲ၊ ကိုယ်ထွက်လာပြီးတဲ့နောက်ပိုင်းမှာ ဘာဖြစ်ကြ သလဲ”

သူမ ကယောင်ချောက်ချား ဖြစ်သည့်အကြောင်း၊ ယခုအထိ သတိကောင်းကောင်း မရသေးဘဲ ကယောင်ကတမ်းတွေ ဖြစ်နေသည့်အကြောင်း အလျှိုရှာ ပြောပြလိုက်သည်။

“မစ္စက်ကိုကလာကော့ ပုံကြီးချဲ့တာတော့ မဟုတ်ပါဘူးနော်”

“ဟုတ်မယ် မထင်ပါဘူး”

“ကိုယ် စုံစမ်းကြည့်မယ်၊ ကနေ့အထိတော့ ကယောင်ကတမ်းဖြစ်လို့ သေတဲ့လူ မရှိသေးပါဘူး၊ ဟုတ်ပြီ အခု ကယောက်ကယက်တွေ ဖြစ်နေတယ်၊ အဲဒါ ဘာဖြစ်သလဲ၊ မိန်းမတွေ ကယောင်ချောက်ချား ဖြစ်အောင် ဘုရားသခင်က ဖန်ဆင်းပေးထားတာပဲ၊ ကိုယ် အဲဒီကို ပြန်မသွားဘူး၊ ကိုယ် ဘာဖြစ်လို့ သူနဲ့ပြန်ပြီး ပတ်သက်ရမလဲ”

“ဒါပေမဲ့ မနက်က အစ်ကို သူ့ကို ပြောခဲ့တယ် မဟုတ်လား၊ သူဟာ အစ်ကို့ကို လုံးဝ မချစ်ဘူးလို့၊ ဟုတ်တယ် မဟုတ်လား”

“အဲဒါကို တမင်ပြောတာပဲ၊ ဒီမယ် အလျှိုရှာ၊ ကိုယ် ရှန်ပိန် မှာလိုက်မယ်၊ ကိုယ့်ရဲ့ လွတ်မြောက်မှု အတွက် သောက်ကြရအောင်၊ ကိုယ် ဘယ်လောက် ပျော်နေတယ်ဆိုတာ မောင်ရင် သိစေချင်တယ်”

“ကျွန်တော်တို့ ရှန်ပိန် သောက်သင့်တယ်လို့ ကျွန်တော်တော့ မထင်ဘူး၊ နောက်ပြီးတော့ ကျွန်တော် စိတ်မကောင်းဖြစ်နေတယ်”

“ဟုတ်တယ်၊ မောင်ရင် စိတ်မကောင်းဖြစ်နေတာ ကြာပြီ၊ ကိုယ် သတိထားမိတာကို ကြာလှပြီ”

“အစ်ကို မနက်ဖြန် မနက်သွားဖို့ တကယ်ဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား”

“မနက်ဖြန်မနက် ဟုတ်လား၊ မနက်သွားမယ်လို့ ကိုယ် မပြောပါကလား၊ ဒါပေမဲ့ ကိုယ် မနက်ကို သွားရမှာပဲ၊ မောင်ရင် သိသလား၊ ကိုယ် ကနေ့ည ဒီမှာ ထမင်းလာစားတာ အဘိုးကြီးနဲ့ အတူ မစားချင်လို့ ရှောင်တာပဲ၊ ကိုယ် သူ့ကို

သိပ်မုန်းတယ်၊ ကိုယ့်မှာ သူနဲ့ ပတ်သက်တာ တခုတည်း ဆိုရင်တော့ ကိုယ် ဒီကထွက်သွားတာ ကြာလှပြီ။ နေပါဦး၊ ကိုယ် တခြားသွားမှာကို မောင်ရင်က ဘာဖြစ်လို့ ပူနေရတာလဲ၊ ကိုယ် မသွားခင် ကိုယ်တို့မှာ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ မကုန်မဆုံးနိုင်တဲ့ ထာဝရကာလ ရှိပါတယ်”

“အစ်ကို မနက်ဖြန် သွားမယ်လို့ဆိုရင် ဘယ်လို ထာဝရကာလမျိုး ရှိမှာလဲ”

“အဲဒါ ကိုယ်တို့အတွက် ဘာအရေးကြီးလို့လဲ” အိုက်ဗင် ရယ်လိုက်သည်။ “ကိုယ်တို့ စိတ်ဝင်စားတဲ့ အကြောင်းတွေကိုပြောဖို့ ကိုယ်တို့မှာ အချိန်တွေ အများကြီး ရှိပါတယ်၊ ကိုယ်တို့ ဒီကိုလာပြီး ပြောရမယ့် စကားတွေပေါ့ ၊ ညီလေး ဘာအံ့သြနေတာလဲ၊ ပြောစမ်းပါဦး၊ ကိုယ်တို့ ဒီကို ဘာလုပ်ဖို့ လာကြသလဲ၊ ကက်ထရီးနားရဲ့အချစ်အကြောင်း ပြောရအောင်လား၊ အဘိုးကြီးနဲ့ ဒီမီထရီအကြောင်း ပြောရအောင်လား၊ နိုင်ငံခြားသွားဖို့အကြောင်း ပြောရအောင်လား၊ ရုရှားနိုင်ငံကြီး ဆင်းရဲဒုက္ခ ရောက်နေတဲ့အကြောင်း ပြောရအောင်လား၊ နပိုလီယံ ဧကရာဇ်ကြီးအကြောင်း ပြောရအောင်လား၊ ကိုယ်တို့လာတာ အဲဒီအကြောင်းတွေ ပြောရအောင်လား”

“မဟုတ်ပါဘူး”

“ဒါဆိုရင် ပြီးပြီပေါ့၊ ဘာအတွက်လာတယ်ဆိုတာ ညီလေး သိပြီပေါ့၊ တခြားလူတွေမှာလည်း သူတို့အကြောင်းနဲ့သူတို့ ပြောစရာရှိတယ်၊ ကိုယ်တို့လို လူငယ် လူသစ်ကလေးတွေမှာလည်း ကိုယ်တို့အတွက် အရေးကြီးတာတွေ ပြောစရာရှိနေတယ်၊ ကိုယ်တို့ဟာ ပထမဆုံး ထာဝရပြဿနာ ကို ဖြေရှင်းရမယ်၊ ဒါဟာ ကိုယ်တို့ပြဿနာပဲ။ ငယ်ရွယ်တဲ့ ရုရှားဟာ လောလောဆယ်မှာ ဘာအကြောင်းမှ မပြောနိုင်ဘဲ ထာဝရပြဿနာကို ပြောနေကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေက လက်တွေ့ပြဿနာတွေနဲ့ နပန်းလုံးနေကြလို့ပဲ၊ ပြီးခဲ့တဲ့ သုံးလအတွင်းမှာ ညီလေးဟာ ကိုယ့်ကို ဘာဖြစ်လို့ မျှော်လင့်တကြီးနဲ့ ကြည့်နေခဲ့သလဲ၊ “အစ်ကို ဘာကို ယုံမလဲ၊ ဒါမှမဟုတ် အစ်ကို ဘာမှ မယုံဘူးလား” လို့ မေးနေတဲ့သဘောပဲ၊ ဒါဟာ ပြီးခဲ့တဲ့ သုံးလအတွင်းမှာ မောင်ရင် ကိုယ့်ကို ကြည့်ခဲ့တဲ့ သဘောပဲ မဟုတ်လား”

“ဟုတ်ပါတယ်” အလျှိုရှာ ပြုံးပြီး ဝန်ခံလိုက်သည်။ “အဲဒီအတွက် အစ်ကို ကျွန်တော့်ကို မရယ်ပါဘူးနော်”

“ညီလေးကို ကိုယ်က ရယ်ရမယ် ဟုတ်လား။ ဘာဖြစ်လို့ ရယ်ရမှာလဲ၊ ကိုယ့်ကို သုံးလလုံးလုံး မျှော်လင့်တကြီးနဲ့ ကြည့်နေခဲ့တဲ့ ကိုယ့်ညီလေးကို ကိုယ် ဘာဖြစ်လို့ စိတ်ပျက်စေရမှာလဲ၊ အလျှိုရှာ၊ ကိုယ့်ကို သေသေချာချာ ကြည့်စမ်းပါ။ ကိုယ်ဟာ ညီလေးလိုပဲ လူငယ်ကလေးတယောက်ပဲ မဟုတ်လား။ တခုပဲ ရှိတယ်၊

ညီလေးက ကိုရင်တပါး ဖြစ်နေတယ်။

"ကနေ့ ရုရှားလူငယ်တွေ ဘာလုပ်နေကြသလဲ၊ ကိုယ် ဆိုလိုတာက လူငယ်တချို့ပေါ့၊ ကိုယ်တို့ အခုရောက်နေတဲ့ အရက်ဆိုင်ကိုပဲ နမူနာကြည့်၊ သူတို့ ဒီမှာလာပြီး ဆုံကြတယ်၊ ချောင်တချောင်မှာ နာရီပေါင်းများစွာ ထိုင်ကြတယ်၊ သူတို့ဟာ တယောက်နဲ့ တယောက် အရင်ကလည်း မသိခဲ့ကြဘူး၊ ဒီကထွက်သွားပြီးတဲ့ နောက်မှာလည်း နောက် အနှစ်လေးဆယ်လောက်မှာ ပြန်မတွေ့ကြတော့ဘူး၊ ဒါပေမဲ့ အရက်ဆိုင်မှာ လွတ်လွတ်လပ်လပ် တွေ့ကြတဲ့ တခဏမှာ သူတို့ ဘာတွေပြောကြမလဲ ... ကိုယ့်ကို ပြောစမ်းပါ။

"ထာဝရပြဿနာကိုပဲ သူတို့ ပြောကြမယ်။ ထာဝရဘုရားသခင် ဆိုတာ ရှိသလား၊ သေဆုံးခြင်းမရှိတဲ့ ထာဝရသဘောဆိုတာ ရှိသလား၊ ထာဝရ ဘုရားသခင်ကို မယုံကြည်တဲ့ လူငယ်တွေဟာ ဆိုရှယ်လစ် ဝါဒနဲ့ မင်းမဲ့ဝါဒအကြောင်း ပြောကြမယ်၊ လူ့ဘောင်ကြီးတခုလုံးကို ပုံစံသစ်နဲ့ ပြောင်းလဲဖို့ ပြောကြမယ်။ တကယ်တော့ ဒီပြဿနာတွေဟာ နဂိုကတည်းက ရှိခဲ့တဲ့ ပြဿနာဟောင်းတွေပဲ၊ ဒါပေမဲ့ ကိုင်တွယ်တဲ့နေရာမှာ ပြောင်းပြန်လှန်ပြီး ကိုင်တွယ်ကြတယ်၊ ကနေ့ ထောင်ပေါင်းများစွာ သော ရုရှားလူငယ်တွေဟာ တခြား ဘာမှမလုပ်ဘဲ ထာဝရပြဿနာကိုသာ ပြောနေကြတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်" အလျှိုရှာက သူ့ကို စောစောကလိုပင် ပြုံးပြုံးကလေးကြည့်ရင်း ဖြေလိုက်သည်။ "ကနေ့ ရုရှားစစ်စစ်တွေဟာ ဘုရားသခင် ရှိ မရှိနဲ့ ထာဝရဆိုတာ ရှိ မရှိကို ပြောနေကြတယ်။ ဟုတ်တယ်၊ အစ်ကို ပြောသလို ပြဿနာကို တခြားတဖက်ကနေ ပြန်ပြီး စနေကြတယ်၊ သူတို့ဟာ ဒီအတိုင်းပဲ ဖြစ်ကြရမှာပဲ"

"ဒီမယ် အလျှိုရှာ၊ တခါတခါမှာ ရုရှားလူမျိုးလို့ အပြောခံရတာ မကောင်းဘူး၊ ကနေ့ ရုရှားလူငယ် တွေဟာ သူတို့ရဲ့အချိန်တွေကို အလဟဿ ဖြုန်းပစ်နေကြတာပဲ၊ ဒါပေမဲ့ အလျှိုရှာလို့ခေါ်တဲ့ ရုရှားကလေးတယောက်ကိုတော့ ကိုယ် အင်မတန် မြတ်နိုးတယ်"

"အစ်ကိုပြောပုံက တကယ်လှတာပဲ"

အလျှိုရှာ ရုတ်တရက် ရယ်ရယ်မောမော ပြောလိုက်သည်။

"ကဲ၊ ပြော... ဘာက စပြောရမလဲ ... ညီလေး အမိန့်ပေး... ဘုရားသခင်က စရမလား၊ ဘုရားသခင် ဆိုတာ ရှိသလား၊ ဟုတ်သလား"

"အစ်ကို ပြောချင်တာ စ ပြောပါ၊ တဖက်ထိပ်ကနေ ပြောင်းပြန် ပြန်ပြီး

ဖြေပါ၊ မနေ့က ကျွန်တော်တို့အိမ်မှာ ဘုရားသခင် မရှိဘူးလို့ အစ်ကို ပြောခဲ့ပြီ မဟုတ်လား”

အလျှိုရှာက သူ့အစ်ကိုကို စူးစမ်းသော အကြည့်ဖြင့် ကြည့်ရင်း ပြောလိုက်သည်။ “အဲဒါက ညီလေးကို တမင်သက်သက် စတဲ့အနေနဲ့ အစ်ကို ပြောခဲ့တာပါ၊ ညီလေး မျက်လုံးကြီးတွေ ပြူးသွားတာ အစ်ကို မြင်လိုက်တာပဲ၊ ဒါပေမဲ့ အခုလည်း ဒီကိစ္စကို ညီလေးနဲ့ ဆွေးနွေးဖို့ရာ ကိုယ် မရှောင်လွှဲပါဘူး၊ အစ်ကို တကယ် အလေးအနက် ပြောတာပါ၊ ဒီမယ် အလျှိုရှာ၊ အစ်ကို ညီလေးနဲ့ မိတ်ဆွေဖြစ်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့မှာ မိတ်ဆွေမရှိလို့ပဲ၊ မိတ်ဆွေဖြစ်အောင် အစ်ကို ကြိုးစားကြည့်ချင် တယ်၊ အစ်ကို ပြောရင် ညီလေး အံ့သြသွားမလား မသိဘူး၊ ဘုရားသခင်ကို အစ်ကို လက်ခံတယ်”

အိုက်ဗင် ရယ်မောလိုက်ပြီး ....

“ဒါကို ညီလေး ဘယ်လိုမှ မမျှော်လင့်ဘူး မဟုတ်လား”

“ဟုတ်တယ်၊ နည်းနည်းကလေးမှ မမျှော်လင့်ဘူး၊ အစ်ကို နောက်နေတာ မဟုတ်ဘူး ဆိုရင်ပေါ့”

“နောက်တာ ဟုတ်လား... မနေ့က ခင်ကြီးဘုရားရဲ့ ကျောင်းသင်္ခမ်းမှာ ကိုယ် နောက်နေတယ်လို့ သူတို့က ပြောကြတယ်၊ ဒီမယ် ညီလေး..ဆယ့်ရှစ်ရာစုနှစ်တုန်းက ပုထုဇဉ် လူသားကြီးတယောက်က ပြောခဲ့ဖူးတယ်၊ ဒီကမ္ဘာလောကကြီးမှာ ဘုရားသခင် မရှိသေးဘူးဆိုရင် ဘုရားသခင်ကို တီထွင်ပေးရမယ်တဲ့။ ကဲ.. လူတွေဟာ တကယ်လည်းပဲ ဘုရားသခင်ကို တီထွင်ခဲ့ကြတယ်၊ တကယ် ထူးဆန်းပြီး တကယ် အံ့သြစရာကောင်းတာကတော့ ဘုရားသခင်ဆိုတာ တကယ်မရှိဘဲနဲ့ အင်မတန် ရိုင်းစိုင်းပြီး အင်မတန် ဆိုးရွားတဲ့ သတ္တဝါတဦးဖြစ်တဲ့ လူတွေရဲ့ ခေါင်းထဲမှာ ဘုရားသခင် လိုအပ်တယ်ဆိုတဲ့အသိ သူ့ခေါင်းထဲကို ဝင်ရောက်လာတာပဲ၊ ဒါဟာ လူတွေအတွက် အင်မတန် မြင့်မြတ်တဲ့၊ အင်မတန် မှန်ကန်တဲ့၊ အင်မတန် အကျိုးကြီးတဲ့ အချက်တခုပဲ။

“ကိုယ့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ လူတွေက ဘုရားသခင်ကို ဖန်ဆင်းသလား၊ ဘုရားသခင်က လူတွေကို ဖန်ဆင်းသလားဆိုတဲ့ အချက်ကို မစဉ်းစားဖို့ ဆုံးဖြတ်ခဲ့တာ ကြာလှပြီ။ ဒါတင် မကသေးဘူး၊ အစ်ကိုဟာ ကနေ့ ရုရှားလူငယ်တွေ လက်ခံထားတဲ့ မျက်မှောက်ခေတ် ပကတိ အမှန်တရားအကြောင်းကိုလည်း စဉ်းစားဖို့ စိတ်ကူးမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ရဲ့ ပကတိ အမှန်တရား ဆိုတာတွေ အားလုံးဟာ ဥရောပတိုက်က ထင်မြင်တွေးဆချက်တွေ အပေါ်မှာ အခြေပြုထားလို့ပဲ၊ ဟိုမှာ သူတို့က ထင်မြင်

တွေးဆရုံပဲ ရှိသေးတယ်၊ ဒီမှာ ရုရှားလူငယ်တွေက သက်သေသာဓကေ လုံးဝမရှိဘဲနဲ့ ပကတိ အမှန်တရားအဖြစ်နဲ့ လက်ခံလိုက်ကြပြီ။ အမှန်တော့ ကိုယ်တို့ လူငယ်တွေတင် မကဘူး၊ သူတို့ရဲ့ပါမောက္ခတွေလည်း အတူတူပဲ၊ ရုရှား ပါမောက္ခတွေဟာ ရုရှား ကျောင်းသားလေးတွေနဲ့ အတူတူပါပဲ၊ အဲဒီအတွက် အစ်ကိုဟာ ထင်မြင်တွေးဆချက် အားလုံးကို ဘေးချိတ်ထားလိုက်တယ်။

"အစ်ကိုတို့ဟာ အခု ဘာကို ရယ်ရွယ်ဦးတည်နေကြသလဲ၊ ကိုယ် ဘာကို ဦးတည်နေသလဲ ဆိုတာကို ကိုယ် အမြန်ဆုံး ရှင်းပြမယ်။ ကိုယ်ဟာ ဘယ်လို လူစားမျိုးလဲ၊ ကိုယ် ဘာကို ယုံကြည်သလဲ၊ ကိုယ် ဘာကိုမျှော်လင့်သလဲ ဆိုတာတွေပဲပေါ့၊ ဟုတ်တယ် မဟုတ်လား။ အဲဒါကြောင့် အစ်ကိုဟာ ဘုရားသခင်ကို လက်ခံတယ်လို့ ရိုးရိုးရှင်းရှင်းကလေး ပြောခဲ့တာပဲပေါ့၊ ဒါပေမဲ့ ညီလေး မှတ်ထားရမှာ တခုတော့ရှိတယ်၊ ဘုရားသခင် တကယ်ရှိပြီး ဘုရားသခင်က ဒီကမ္ဘာကြီးကို တကယ် ဖန်ဆင်းခဲ့တယ် ဆိုရင်လည်း သူဟာ ဒီကမ္ဘာကြီးကို ယူကလစ်ရဲ့ ဂျဩမေတြီ စနစ်အရ ဖန်ဆင်းခဲ့ တာပဲ ဖြစ်မယ်၊ သူဟာ လူသားတွေရဲ့စိတ်ကို အလျား အနံ ထု ဆိုတဲ့ သရီးဒိုင်မင်းရှင်း သဘောအရသာ ဖန်ဆင်းခဲ့တယ်။

"ဟိုတုန်းကနဲ့ ကနေ့အထိ ရှိနေကြတဲ့ သင်္ချာပညာရှင်ကြီးတွေနဲ့ ဒဿန ပညာရှင်ကြီးများဟာ... သူတို့အထဲက တချို့ဆိုရင် အလွန့်အလွန်ကို ဉာဏ်ပညာ ကြီးမားတဲ့ ပညာရှင်ကြီးတွေ ဖြစ်ကြတယ် ... ဒီကမ္ဘာကြီးဟာ .... ဒါထက်ပိုပြောရရင် အနန္တစကြဝဠာကြီးဟာ ယူကလစ်ရဲ့ ဂျဩမေတြီ စနစ်အရ ဖန်ဆင်းခဲ့တယ်လို့ပဲ မှတ်ယူကြတယ်။ သူတို့ဟာ ဘယ်လောက်အထိ လက်ခံကြသလဲဆိုရင် ယူကလစ်ရဲ့ သဘောအရ မျဉ်းပြိုင်နှစ်ကြောင်းဟာ ဒီကမ္ဘာကြီးမှာ ဘယ်လိုမှ မဆုံတွေ့နိုင်ပေမယ့် အနန္တ အကွာအဝေး တနေရာရာမှာ တွေ့ဆုံမယ်လို့ ယုံကြည်ထားကြတယ်။

"အဲဒီတော့ ညီလေး ... အစ်ကိုဟာ အဲဒီသဘောတရားလောက်ကိုမှ နားမလည်နိုင်ရင် ဘုရားသခင် ကိစ္စကို ဘယ်လိုလုပ်ပြီး နားလည်နိုင်ပါ့မလဲ၊ ကိုယ့်မှာ ဒီလိုပြဿနာမျိုးတွေကို ဖြေရှင်းနိုင်တဲ့ အရည်အချင်း မရှိဘူးဆိုတာ ကိုယ် ရိုးသားစွာ ဝန်ခံရမယ်၊ အစ်ကိုဟာ ဒီကမ္ဘာလောကကြီးနဲ့ သက်ဆိုင်တဲ့ ယူကလစ် သဘောတရား လက်ဝယ်ရှိတဲ့ လူတယောက် ဖြစ်တဲ့အတွက် ဒီကမ္ဘာ လောကကြီးနဲ့ မပတ်သက်တဲ့ ပြဿနာတွေကို ဘယ်လိုလုပ်ပြီး ဖြေရှင်းနိုင်ပါ့မလဲ၊ အဲဒီတော့ ညီလေးကို အစ်ကို အကြံပေးချင်တာက ညီလေးလည်း ဒီကိစ္စတွေကို မစဉ်းစားပါနဲ့၊ ဘုရားသခင် ရှိ မရှိ ဆိုတာကိုလည်း မတွေးပါနဲ့၊ ဒီပြဿနာဟာ ဒီကမ္ဘာကြီးမှာ အလျားရယ် အနံရယ် ထုရယ်သာ ရှိတယ်လို့ နားလည်ထားတဲ့ လူတွေအတွက် ဘယ်လိုမှ မသင့်တော် မကိုက်ညီတဲ့ ပြဿနာတွပဲ။

"အဲဒီတော့ ဘုရားသခင်ကို ကိုယ် လက်ခံတယ်၊ ဝမ်းမြောက်ဝမ်းသာ လက်ခံတယ်။ ကိုယ်ဟာ ဘုရားသခင်ကို လက်ခံရုံသာ မကသေးဘူး၊ ကိုယ်တို့နဲ့ ဘယ်လိုမှ ဉာဏ်မမီနိုင်တဲ့ ဘုရားသခင်ရဲ့ ဉာဏ်တော်နဲ့ ဘုရားသခင်ရဲ့အဆိုအမိန့်တွေကိုလည်း လက်ခံတယ်၊ ဘဝရဲ့အဓိပ္ပာယ်နဲ့ စည်းစနစ်ကို လည်း ကိုယ် ယုံကြည်တယ်၊ တနေ့ကျရင် ကိုယ်တို့ အားလုံး ပေါင်းဝင် ရောက်ရှိကြရမယ့် ထာဝရ ညီညွတ်မှုကိုလည်း ကိုယ် ယုံကြည်တယ်။

"အဲဒီတော့ ကိုယ်ဟာ လမ်းမှန်ပေါ်ကို ရောက်နေပြီလို့ မထင်ရဘူးလား၊ ဒါပေမဲ့ ညီလေး အံ့ဩသွားမလား မသိဘူး၊ နောက်ဆုံးပိတ်အနေနဲ့ ပြောရမယ်ဆိုရင် ဘုရားသခင်ရဲ့ကမ္ဘာကြီးကို ကိုယ် လက်မခံဘူး၊ ဘုရားသခင်ရဲ့ကမ္ဘာကြီး တည်ရှိနေတယ် ဆိုတာကို ကိုယ် သိပါတယ်၊ ဒါပေမဲ့ အဲဒီ တည်ရှိနေမှုကို ကိုယ် လုံးဝ လက်မခံဘူး၊ ဒီနေရာမှာ ညီလေး တခုတော့ သဘောပေါက်ထားပါ။ ကိုယ် လက်မခံတာက ဘုရားသခင် မဟုတ်ဘူး၊ သူဖန်ဆင်းထားတဲ့ ကမ္ဘာကြီးပဲ၊ ဘုရားသခင်ရဲ့ ကမ္ဘာကြီးကို ကိုယ် လက်မခံဘူး၊ လက်ခံဖို့ ကိုယ် ငြင်းဆန်တယ်။

"အဲဒါကို ကိုယ် ရှင်းပြမယ်၊ ဒီကမ္ဘာကြီးရဲ့ နောက်ဆုံးတချိန်မှာ ထာဝစဉ် ငြိမ်းချမ်း ညီညွတ်ရေးကို ရရှိတဲ့အခါမှာ ဒီကမ္ဘာပေါ်မှာ ရှိသမျှ ပဋိပက္ခတွေ၊ ဒုက္ခဆင်းရဲတွေအားလုံး ချုပ်ငြိမ်း ကွယ်ပျောက် သွားမယ် ဆိုတာကို ကိုယ်ဟာ ကလေးလေးတယောက် ယုံကြည်သလို ယုံကြည်ပါတယ်၊ အဲဒီအခါမှာ လူတွေအားလုံးရဲ့နှလုံးသားဟာ ကောင်းမွန်မြင့်မြတ်သွားပြီး အာဃာတတရားတွေ အားလုံး ပျောက်ကွယ်သွားလိမ့်မယ်၊ ဒုစရိုက်မှုတွေအားလုံး ဆိတ်သုဉ်းသွားလိမ့်မယ်၊ ဒီအခါမှာ လူတွေဟာ အရာရာကို ခွင့်လွှတ်ပြီး တရားမျှတမှု အဝဝကို ရရှိကြလိမ့်မယ်။

"ဟုတ်ပြီ ... အဲဒါတွေအားလုံး ဖြစ်ပါစေ၊ အဲဒီအတိုင်း ဖြစ်ပါစေ၊ ဒါပေမဲ့ ကိုယ်ကတော့ လက်မခံဘူး၊ လက်ခံမှာ မဟုတ်ဘူး။ မျဉ်းပြိုင်နှစ်ကြောင်း တွေ့ဆုံပါစေ၊ အဲဒီ တွေ့ဆုံတာကို ကိုယ် မြင်ရပါစေ၊ အဲဒီလို တွေ့ဆုံကြောင်းကို ကိုယ့်ပါးစပ်က ပြောပါ့မယ်။ ဒါပေမဲ့ အဲဒါကို ကိုယ် လက်မခံဘူး။

"အဲဒါဟာ အဓိက အချက်ပဲ၊ ကိုယ့်ရဲ့ ယုံကြည်ချက်ပဲ အလျှိုရှာ။ အဲဒါဟာ ကိုယ့်ရဲ့ရပ်တည်မှုပဲ၊ ကိုယ် ညီလေးကို တကယ် အလေးအနက် ပြောနေတာပဲ၊ ကိုယ်ဟာ ကိုယ့်ရဲ့စကားကို မိုက်မိုက်မဲမဲနဲ့ တမင် စခဲ့တာပဲ၊ အခု ကိုယ့်ရဲ့စကားကို ကိုယ့်ဝန်ခံချက်နဲ့ကိုယ် နိဂုံးချုပ်ခဲ့ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ .. အဲဒီ နိဂုံးချုပ်ကို ညီလေး လိုချင်နေလို့ပဲ၊ ညီလေးဟာ ဘုရားသခင်အကြောင်း ပြောတာကို ကြားချင်တာ မဟုတ်ဘူး၊ ညီလေးရဲ့အစ်ကိုဟာ ဘယ်လိုဘဝမျိုးမှာ ရှိနေတယ် ဆိုတာကို သိချင်နေတာပဲ၊ အဲဒါကို ကိုယ် အခု ပြောပြီး သွားပြီ"

အိုက်ဗင်သည် သူ၏ ရှည်လျားထွေပြားသော မိန့်ခွန်းကြီးကို ရုတ်ခြည်းဆိုသလိုပင် မထင်မှတ်သော ခံစားမှုဖြင့် နိဂုံးချုပ်လိုက်သည်။

“အစ်ကိုက ဘာဖြစ်လို့ အစ်ကို့စကားကို မိုက်မိုက်မဲမဲ စခဲ့ရသလဲ” အလျှိုရှာက အိုက်ဗင်ကို ငေးမောကြည့်ရင်း မေးလိုက်သည်။

“ဘာဖြစ်လို့လဲ ဟုတ်လား ... ပထမအချက်ကတော့ ကိုယ်ဟာ ရုရှားတယောက် ဖြစ်ကြောင်း ညီလေးကို သက်သေပြခဲ့တဲ့ သဘောပဲ။ ရုရှားတွေဟာ ဒီအကြောင်းတွေကို ပြောကြတဲ့နေရာမှာ တော့ အင်မတန် မိုက်မဲကြတာပဲ။ ဒုတိယ အချက်ကတော့ မိုက်မဲမှုဟာ အမှန်တရားနဲ့ အနီးစပ်ဆုံးပဲ၊ မိုက်မဲလေလေ ရှင်းလင်းလေပဲ။ မိုက်မဲမှုမှာ ဟန်ဆောင်မှု မရှိဘူး၊ သွယ်ဝိုက်မှု မရှိဘူး။ လိမ္မာပါးနပ်မှု ကသာ အလှည့်အပတ် အဖုံးအကွယ်တွေ ရှိနေတယ်၊ လိမ္မာပါးနပ်မှုမှာ လှည့်ဖြားမှုရှိပြီး မိုက်မဲမှုမှာ ရိုးဖြောင့်မှုရှိတယ်။ ကိုယ့်ရဲ့ဆွေးနွေးမှုကို သုညအထိ ကိုယ် လျှော့ချခဲ့တယ်၊ ကိုယ့်အနေနဲ့ မိုက်မိုက်မဲမဲ တင်ပြနိုင်လေ ကောင်းလေပဲ”

“ဒီကမ္ဘာကြီးကို အစ်ကို ဘာဖြစ်လို့ လက်မခံတာလဲ၊ ကျွန်တော့်ကို ရှင်းပြစမ်းပါ” အလျှိုရှာက မေးလိုက်သည်။

“လက်မခံတာကတော့ ခွင်းချက်မရှိဘဲ။ ဘာမှ လျှို့ဝှက်စရာအကြောင်း မရှိဘူး၊ အဲဒါဟာ ကိုယ် ဦးတည်နေတဲ့ ဘဝပဲ၊ ဒီမယ် ညီလေး၊ အဓိကက ကိုယ့်ယုံကြည်ချက်ပေါ်မှာ ကိုယ် ယုံယုံကြည်ကြည် ရပ်နေတဲ့ ညီလေးကို ကိုယ် ဖျက်ဆီးဖို့ မဟုတ်ဘူး၊ ဖြစ်ရမှာက အစ်ကို့ကို ညီလေးက ကုသပေးဖို့ပဲ”

အိုက်ဗင်က ကလေးတယောက်လို ရုတ်တရက် ပြုံးပြလိုက်ရင်း ပြောသည်။ သည် အပြုံးမျိုးကို အလျှိုရှာ အလျင်က မတွေ့ဖူးပါ။

၄။ တော်လှန်ပုန်ကန်ခြင်း

"ညီလေးကို အစ်ကို ဖြောင့်ချက်ပေးရမယ်"

သူ့စကားကို အိုက်ဗင် ဤသို့ စသည်။

"လူတယောက်ဟာ သူ့ရဲ့ အိမ်နီးနားချင်းတွေကို ဘယ်လိုလုပ်ပြီး ချစ်နိုင်မလဲဆိုတာကို ကိုယ် လုံးဝစဉ်းစားလို့ မရဘူး၊ ကိုယ့်အမြင်မှာတော့ လူတယောက်ဟာ အိမ်နီးနားချင်းတွေကို ဘယ်လိုမှ မချစ်နိုင်ဘူး၊ ချစ်ခြင်းချစ်ရင် အဝေးမှာနေတဲ့လူကိုသာ ချစ်နိုင်မယ်၊ "သနားကြင်နာတတ်သော ဂျွန်" အကြောင်း ကိုယ် တနေရာမှာ ဖတ်ဖူးတယ် (သူတော်စင်တယောက်ပဲ)၊ အင်မတန် ဆာလောင် ငတ်မွတ်ပြီး အအေးဒဏ်ကို ခံစားနေရတဲ့ သူစိမ်းတယောက် သူ့ဆီရောက်လာပြီး အကူအညီ တောင်းခံတဲ့အခါမှာ ဂျွန်ဟာ အဲဒီလူကို အိပ်ရာပေါ်မှာတင်ပြီး သူနဲ့အတူ ဖက်အိပ်တယ်၊ ရွံရှာ စက်ဆုပ်ဖွယ်ရာကောင်းတဲ့ သူ့ရဲ့ပါးစပ်ကို ပါးစပ်ချင်းတေ့ပြီး အသက်ဆက်ပေးတယ်၊ သူ ဒီလိုလုပ်တာဟာ ကုသိုလ်ကောင်း ရှာချင်တဲ့အတွက် သူ့ကိုယ်သူ အနစ်နာခံတာပဲ၊ သူ့ကိုယ်သူ ဒုက္ခခံစားစေတာပဲ၊ လူတယောက်ကို ချစ်ဖို့အတွက်ဆိုရင် အဲဒီလူကို မမြင်ရရင် ကောင်းမယ်၊ သူ့မျက်နှာကို မြင်ရလို့ရှိရင် ချစ်ခြင်းမေတ္တာတွေဟာ အားလုံး ဆိတ်သုဉ်းသွားတော့တာပဲ"

"ခင်ကြီး ဇော်ဇီမာကလည်း အဲဒီအကြောင်းကို နှစ်ခါ သုံးခါ ပြောဖူးတယ်၊ လူတယောက်ရဲ့ မျက်နှာဟာ မေတ္တာခေတ် မကြွယ်ဝသေးတဲ့ လူတွေရဲ့မေတ္တာကို တားဆီးနိုင်တယ်တဲ့၊ ဒါပေမဲ့ လူ့လောကကြီးမှာ မေတ္တာတရားတွေ အများကြီးရှိတယ်၊ ယေရှုလို မေတ္တာမျိုးပေါ့၊ အဲဒါကိုတော့ ကျွန်တော်ကိုယ်တိုင် သိတယ် အိုက်ဗင် ..." အလျိုရှာက ပြောလိုက်သည်။

"အင်း .. အဲဒီအကြောင်းကိုတော့ ကိုယ် အခုအထိတော့ မသိသေးဘူး၊ နောက်ပြီးတော့ ကိုယ် သဘောလည်း မပေါက်သေးဘူး၊ ကိုယ့်လို လူစားမျိုးတွေလည်း ဒုနဲ့ဒေး ဖြစ်လိမ့်မယ်၊ အဲဒါက လူတွေရဲ့အရည်အချင်း ညံ့လို့ပဲလား၊ ဒါမှမဟုတ် သူတို့ရဲ့သဘာဝပဲလား ဆိုတာတော့ မပြောတတ်ဘူး၊ ကိုယ့်သဘော ပြောရရင်တော့ ယေရှုလို မေတ္တာမျိုးဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ မပေါ်ပေါက်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက ဘုရားသခင်ကိုး၊ ဒါပေမဲ့ ကိုယ်တို့က ဘုရားသခင် တွေ မဟုတ်ကြဘူး။

"ဆိုကြပါစို့၊ ကိုယ်ဟာ ဒုက္ခဝေဒနာ ကြီးမားစွာ ခံစားနေရမယ်၊ ဒါပေမဲ့ ကိုယ် ဘယ်လောက် ခံစားနေရတယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ သူက ကိုယ်မဟုတ်ဘူး၊ တခြားလူတယောက် ဖြစ်နေတယ်၊

ထပ်ပြီး ပြောရလို့ရှိရင် လူတယောက်ဟာ တခြားလူတယောက် ဒုက္ခဝေဒနာ ခံစားနေရတာကို ဘယ်တော့မှ အသိအမှတ် မပြုဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ဒါဟာ ဂုဏ်ပြုရာ ရောက်နေလို့ပဲ။ သူ ဘာဖြစ်လို့ အသိအမှတ် မပြုသလဲဆိုတာ ညီလေး သိသလား၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်က မကောင်းတဲ့ အနံ့အသက်တွေ ထွက်နေလို့၊ ဒါမှမဟုတ် ကိုယ့်မျက်နှာကြီးက ဆိုးနေလို့ ဒါမှမဟုတ် တချိန်က သူ့ခြေထောက်ကို ကိုယ် နင်းခဲ့မိလို့ပဲပေါ့၊ ကဲ ... ဒါတွေ ထားလိုက်ပါတော့။

"ကိုယ်ပြောချင်တာက ကိုယ့်ရဲ့အမြင်ကို ညီလေး သိဖို့ပဲ၊ ကိုယ် ဆွေးနွေးချင်တာကတော့ လူ့လောကကြီးတခုလုံး ဘယ်လို ဒုက္ခဝေဒနာ ခံစားနေရတယ်ဆိုတဲ့အကြောင်း ယေဘုယျသဘောပဲ၊ ဒါပေမဲ့ ကောင်းတာကတော့ ကိုယ်တို့ဟာ ကလေးတွေရဲ့ဒုက္ခဝေဒနာအကြောင်းပဲ ပြောကြရင် ကောင်းမယ်၊ အဲဒါဆိုရင် ကိုယ့်ရဲ့တင်ပြချက်ကို ဆယ်ပုံတပုံလောက် ကျုံ့သွားစေမယ်၊ ဒီလို ကျုံ့လိုက်တဲ့အတွက် ကိုယ့်ရဲ့တင်ပြမှု အားနည်းသွားပေမဲ့ ကိုယ်တို့ဟာ ကလေးတွေအကြောင်းပဲ ပြောတာ ကောင်းပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံး အချက်ကတော့ လူတယောက်ဟာ ကလေးတွေကို အနီးကပ် အနေအထားမှာပဲ ချစ်နိုင်တယ်၊ သူတို့ဟာ ဘယ်လောက်ပဲ ညစ်ပတ်ပြီး သူတို့ရဲ့မျက်နှာကလေးတွေ ဘယ်လောက်ပဲ အရုပ်ဆိုးနေပေစေပေါ့ (ဒါပေမဲ့ ကိုယ်ကတော့ ကလေးကလေးတွေရဲ့ မျက်နှာဟာ အရုပ်ဆိုးတယ်လို့ ဘယ်တော့မှ မထင်ဘူး)။

"ဒုတိယ အချက်ကတော့ လူကြီးတွေအကြောင်းကိုပဲ ကိုယ် မပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေကို ကိုယ် မုန်းလို့ပဲ၊ သူတို့ဟာ မေတ္တာတရားနဲ့ မထိုက်တန်လို့ပဲ၊ နောက်ပြီးတော့ သူတို့ဟာ မေတ္တာတရားကို အစားထိုးစရာလည်း ရှိနေကြတယ်၊ သူတို့ဟာ ပန်းသီးကို စားခဲ့ကြပြီ၊ ကောင်းတာ ဆိုးတာကို သူတို့ သိခဲ့ကြပြီ၊ သူတို့ဟာ အခုထက်ထိလည်း ဆက်ပြီး စားနေကြတုန်းပဲ။

"ဒါပေမဲ့ ကလေးကလေးတွေကတော့ ဘာသီးကိုမှလည်း မစားကြသေးဘူး၊ အဲဒီတော့ သူတို့မှာ ဘာအပြစ်မှ ကျူးလွန်တာလည်း မရှိကြသေးဘူး အလျှိုရှာ။ ကလေးတွေကို ညီလေး ချစ်တယ် မဟုတ်လား၊ ကလေးတွေကို ညီလေး ချစ်တယ်ဆိုတာ အစ်ကို သိပါတယ်၊ လောလောဆယ် အချိန်မှာ သူတို့ကလေးတွေအကြောင်းပဲ ကိုယ် ဘာကြောင့် ပြောချင်တယ်ဆိုတာကို ညီလေး နားလည်ပါလိမ့်မယ်၊ သူတို့ကလေးတွေဟာ ဒီကမ္ဘာလောကကြီးမှာ ဒုက္ခဝေဒနာကို ဆိုးဆိုးရွားရွား ခံစားနေကြရတယ်ဆိုရင် ... သူတို့အဖေတွေကြောင့်ပဲ၊ သူတို့ဟာ ပန်းသီးစားမိတဲ့ အဖေအတွက် ပြစ်ဒဏ်ခံစားနေကြရတာပဲ၊ ဒါပေမဲ့ ဒီကောက်ချက်ဟာ တခြားကမ္ဘာက ကောက်ချက်ပဲ၊ မြေကြီးပေါ်က လူတွေ နားမလည်နိုင်တဲ့ ကောက်ချက်ပဲ။

“အပြစ်မဲ့တဲ့ လူတယောက်ဟာ တခြားလူတယောက်အတွက် ဒုက္ခမခံစားသင့်ဘူး၊ ဒီအပြစ်မဲ့တဲ့ ကလေးတွေလည်း ဒီလိုပဲ ဖြစ်ရမယ်၊ အလျှိုရှာ ကိုယ့်ကို အံ့ဩလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လည်း ကလေးတွေကို အရမ်းချစ်တာပဲ၊ ဒီနေရာမှာ တခုတော့ မှတ်ထားပါ၊ အင်မတန် ရက်စက်တယ်ဆိုတဲ့၊ အလိုရမ္မက်ကြီးတယ်ဆိုတဲ့... ကာရာမာဇော့တွေဟာလည်း တခါ တခါမှာတော့ ကလေးတွေကို သိပ်ချစ်ကြတာပဲ ...”

“ကလေးတွေဟာ ကလေးအရွယ်မှာ .... ဆိုကြပါစို့၊ ခုနစ်နှစ်သား အရွယ်လောက်အထိမှာ သူတို့ဟာ လူကြီးတွေနဲ့ အင်မတန် ခြားနားကြတယ်၊ သူတို့ဟာ အင်မတန် ခြားနားတဲ့ သဘာဝရှိတဲ့ အင်မတန် ခြားနားတဲ့ သတ္တဝါကလေးတွေပဲ။

“ကိုယ် ထောင်ထဲမှာ လူသတ်သမားတယောက်ကို တွေ့ခဲ့ရတယ်၊ သူဟာ ညအချိန်တွေမှာ အကြမ်းစီးဖို့အတွက် အိမ်တွေကို ဖောက်ဝင်တဲ့အခါတွေမှာ မိသားစုတွေ အကုန်လုံးကို သတ်ခဲ့ရတယ်၊ အဲဒီလို သတ်တဲ့အထဲမှာ ကလေးတွေ အများအပြား ပါခဲ့တယ်။ ဒါပေမဲ့ သူဟာ ထောင်ထဲကို ရောက်နေတဲ့အချိန်မှာ ကလေးတွေအပေါ်မှာ ချစ်ခင်မှုတွေ ပြခဲ့တယ်၊ သူဟာ သူ့အခန်း ပြတင်းပေါက်မှာရပ်ပြီး အကျဉ်းထောင်ဝင်းထဲမှာ ကစားနေကြတဲ့ ကလေးတွေကို နာရီပေါင်းများစွာ ကြည့်နေတတ်တယ်၊ ကလေးတယောက်ကို သူ ပြတင်းပေါက်ကို လာအောင် လုပ်ခဲ့တယ်၊ အဲဒီကလေးနဲ့ သူ အဆွေခင်ပွန်းဖွဲ့တယ်၊ ကိုယ် ဒီအကြောင်းကို ဘာဖြစ်လို့ ပြောနေတယ် ဆိုတာကို ညီလေး သိမှာမဟုတ်ဘူး အလျှိုရှာ၊ ကိုယ် ခေါင်းကိုက်လာပြီ၊ ကိုယ့်ရင်ထဲမှာ အများကြီးကို စိတ်မကောင်းဖြစ်နေတယ်”

“အစ်ကိုပြောနေတဲ့ စကားတွေဟာ အစ်ကို ပြောနေတယ်လို့တောင် မထင်ရဘူး” အလျှိုရှာ ဝေဖန်လိုက်သည်။

“စကားမစပ် သိပ်မကြာခင် တလောကလေးက မော်စကိုမြို့မှာ ဘူလ်ဂေးရီးယန်း တယောက်က ကိုယ့်ကို ပြောတယ်”

ညီဖြစ်သူ၏ စကားကို နားမထောင်ဟန်ဖြင့် ဆက်ပြီးပြောသည်။

“ဘူလ်ဂေးရီးယားနိုင်ငံမှာ ဆလပ်လူမျိုးတွေရဲ့ အထွေထွေ သူပုန်ကြီးထမှာကို ကြောက်နေကြတဲ့ တူရကီလူမျိုးတွေရဲ့ နှလုံးပျက်ဖွယ်ရာ ရက်စက်မှုတွေအကြောင်းကို သူက ပြောပြတယ်၊ သူတို့တွေက ရွာတွေကို မီးရှို့ကြတယ်၊ လူတွေကို သတ်ကြတယ်၊ မိန်းမတွေနဲ့ ကလေးတွေကို ညှဉ်းပန်း သတ်ဖြတ်ကြတယ်၊ သူတို့ ဖမ်းမိတဲ့ အကျဉ်းသားတွေကို ဝင်းထရံတွေမှာ နားရွက် ကနေပြီး သံမှိုစွဲထားကြတယ်၊ နောက်တနေ့မနက် ကြိုးပေးပြီးသတ်တဲ့ အချိန်အထိ

အဲ့ဒီအတိုင်းပဲ ထားကြတယ် ... ဘယ်လိုမှကို စဉ်းစားပြီး ကြည့်လို့မရနိုင်လောက်အောင်ပဲ။

"လူတွေ တခါတခါမှာ ပြောတတ်ကြတယ်။ လူတွေဟာ 'တိရစ္ဆာန်တွေလိုပဲ ရက်စက်တယ်' တဲ့ ... အမှန်တော့ ဒီစကားဟာ တိရစ္ဆာန်တွေကို စော်ကားတာပဲ၊ တိရစ္ဆာန်တကောင်ဟာ လူတယောက်လို ဘယ်တော့မှ မရက်စက်နိုင်ဘူး၊ အခုလို တီထွင်ကြံဆပြီး ပညာသားပါပါ မရက်စက်တတ်ဘူး။ ကျားတကောင်ဟာ ပါးစပ်နဲ့ ကိုက်ဖဲ့ပြီး တစစီ ဖြစ်အောင် လုပ်ပစ်မယ်၊ သူလုပ်တတ်တာက ဒါပဲ၊ လူတွေရဲ့နားရွက်ကို ဝင်းထရံမှာ သံမှိုစွဲထားဖို့ သူလုပ်တတ်တဲ့တိုင်အောင် ဘယ်လိုမှ စိတ်ကူးမိမှာ မဟုတ်ဘူး။

"အဲဒီ တူရကီတွေကတော့ ကလေးတွေကို ညှဉ်းပန်းနှိပ်စက်တဲ့ နေရာမှာလည်း အင်မတန် အရသာ ခံတတ်ကြတယ်၊ မမွေးသေးတဲ့ ကလေးတွေကို အမေ့ဗိုက်ထဲကနေ ခွဲထုတ်ကြတယ်၊ ကလေး ကလေးတွေကို သူတို့အမေတွေရဲ့ ရှေ့မှာပဲ မိုးပေါ်ကို မြှောက်ပစ်လိုက်ပြီး အောက်ကနေ လှံစွပ်နဲ့ ခံထားကြတယ်၊ အမေတွေရဲ့မျက်စိအောက်မှာ အဲဒီလို လုပ်ကြရတာကို သူတို့ သိပ်ပျော်ကြတယ်။

"ကိုယ့်အနေနဲ့ အထူးတလည် စိတ်ဝင်စားမိတဲ့ အဖြစ်အပျက်တခု ရှိသေးတယ်၊ တူရကီတွေဟာ အိမ်တအိမ်ထဲကို ဝင်သွားကြတယ်၊ တဆတ်ဆတ် တုန်နေတဲ့ မိခင်ရဲ့လက်ထဲမှာ ကလေးတယောက် ရှိနေတယ်၊ သူတို့ သိပ်ပျော်သွားတယ်၊ ကလေးကလေးကို သူတို့ ချော့ကြ မြူကြတယ်၊ ကလေးကလေးကို ရယ်အောင် လုပ်ကြတယ်၊ နောက်ဆုံးမှာ သူတို့လုပ်တဲ့အတိုင်း ကလေးကလေး ဟာ ရယ်ရှာတော့တယ်၊ အဲဒီတော့ တယောက်က ကလေးရဲ့မျက်နှာနဲ့ လေးလက်မလောက် အကွာကနေ ပစ္စတိုသေနတ်နဲ့ ချိန်လိုက်တယ် ကလေးကလေးက ပျော်ပျော်ကြီးရယ်ပြီး သေနတ်ကို ဆွဲရအောင် သူ့လက်ကလေးတွေကို ဆန့်တန်းလိုက်တယ်၊ အဲဒီတော့မှ အနုပညာသည်ကြီးက သေနတ်မောင်းကို ဖြုတ်လိုက်တယ်၊ ကလေးရဲ့ဦးနှောက်တခုလုံး ပေါက်ကွဲထွက်သွားတယ်၊ ဘယ်လောက် အနုပညာ ဆန်သလဲ"

"အစ်ကို ... ကျွန်တော့်ကို ဒါတွေ ဘာဖြစ်လို့ ပြောနေတာလဲ"

အလျှိုရှာက မေးလိုက်သည်။

"ကိုယ် စဉ်းစားနေတယ်၊ မာရ်နတ် ဆိုတာ မရှိဘူး၊ ဒါပေမဲ့ လူတွေက သူ့ကို ဖန်ဆင်းခဲ့တယ်၊ သူ့ကို ဖန်ဆင်းတဲ့နေရာမှာ သူ့ပုံရိပ်နဲ့ သူ့ပုံစံအတိုင်းပဲ"

"အစ်ကို ဆိုလိုတာက လူတွေက ဘုရားသခင်ကို ဖန်ဆင်းတဲ့အတိုင်းပဲပေါ့ ဟုတ်လား"

"အို ... အသင်ဟာ စကားလုံးတွေကို လှည့်တဲ့နေရာမှာ တယ်တော်ပါကလား" ဟင်းမလက် ပြဇာတ်မှာ ပိုလိုနိယပ်က ပြောတဲ့အတိုင်းပဲ အိုက်ဗင် ရယ်မောက ပြောသည်။ ညီလေးက ကိုယ့်စကားလုံးတွေကို ကိုယ့်ဘက် ပြန်လှည့်ပေးလိုက်တာပဲ။ ဟုတ်တယ်၊ ကိုယ် ဝမ်းသာတယ်၊ ညီလေးရဲ့ဘုရားသခင်ဟာ ကောင်းမွန်တယ်၊ လူတွေက သူ့ကို ဖန်ဆင်းတဲ့နေရာမှာ သူ့ပုံရိပ်နှင့် သူ့ပုံစံအတိုင်း ဖန်ဆင်းထားခဲ့တယ်။

ညီလေးက အစ်ကို့ကို မေးတယ်၊ အစ်ကိုက ဒီအကြောင်းတွေကို ဘာဖြစ်လို့ ပြောနေတာလဲတဲ့ ... အစ်ကိုဟာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်အလက်တွေကို စုဆောင်းနေတဲ့ လူတယောက်ပဲ၊ အစ်ကိုဟာ စာအုပ်တွေ သတင်းစာတွေမှာ ပါတာတွေကို စုမှတ်ထားတယ်။ တွေ့သမျှ နေရာက ဟာတွေကို မှတ်ထားတယ်၊ ကိုယ့်မှာ ဇာတ်လမ်း အတိုအစကလေးတွေ အများကြီး စုမိနေပြီ။ တူရကီတွေအကြောင်းလည်း ကိုယ့်မှတ်စုထဲမှာ ထည့်ထားလိုက်ပြီ၊ ဒါပေမဲ့ သူတို့က နိုင်ငံခြားသား တွေ ဖြစ်နေတယ်။

"ကိုယ်တို့ဟာ ကိုယ်ထိလက်ရောက် အပြစ်ပေးမှုကို သဘောကျကြတယ်၊ သစ်ကိုင်းနဲ့ရိုက်တာ ကြာပွတ်နဲ့ ရိုက်တာကို သဘောကျကြတယ်၊ ဒါဟာ ကိုယ်တို့ရဲ့ အမျိုးသားဓလေ့ပဲ။ နားရွက် ဖောက်တာကိုတော့ ကိုယ်တို့ စဉ်းစားလို့မရဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်တို့က ဥရောပ တိုက်သားတွေ ဖြစ်နေလို့ပဲ၊ ဒါပေမဲ့ သစ်ကိုင်းစည်းနဲ့ရိုက်တာ ကြာပွတ်နဲ့ရိုက်တာတို့ကျတော့ ကိုယ်တို့ မူပိုင်ဖြစ်ပြီး ဒီဓလေ့ကို ကိုယ်တို့ မစွန့်ပစ်နိုင်ဘူး။ နိုင်ငံခြားမှာ အခုခေတ်မှာ ကိုယ်ခန္ဓာကို ရိုက်နှက် အပြစ်ပေးတာမျိုး မရှိတော့ဘူး။ သူတို့ရဲ့ဓလေ့ထုံးတမ်းကို ပြုပြင်လိုက်တာလည်း ဖြစ်မယ်၊ ဒါမှမဟုတ် ဥပဒေတွေ ပြဋ္ဌာန်းပြီး တားမြစ်လိုက်တာလည်း ဖြစ်မယ်၊ ဘယ်နည်းနဲ့ဆိုတာတော့ ကိုယ် မသိဘူး၊ ဒါပေမဲ့ သူတို့ဟာ တခြားနည်းနဲ့တော့ အစားထိုးလိုက်ကြတယ်၊ ကိုယ်တို့လိုပဲ အမျိုးသားဓလေ့ တခုနဲ့ပေါ့။

"ဒါပေမဲ့ သူတိုရဲ့နည်းက အမျိုးသားဆန်လွန်းတော့ ကိုယ်တို့နိုင်ငံမှာ အသုံးပြုလို့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကိုယ်တို့ဆီမှာလည်း အမြစ်တွယ်စ ပြုနေပြီ။ အထူးသဖြင့် ကိုယ်တို့ရဲ့ အထက်တန်းစား လောကမှာ ဘာသာရေး လှုပ်ရှားမှုတွေ ပြန့်ပွားလာကတည်းကပေါ့။ အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ စာတမ်းတခုကို ကိုယ် ဖတ်ရတယ်၊ ပြင်သစ်ကနေ ဘာသာပြန်ထားတာပဲ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က လူသတ်သမား တယောက်ကို ဂျီနီဗာမှာ ကွပ်မျက်တဲ့ အကြောင်းပဲ။

"လူသတ်သမားရဲ့နာမည်က ရစ်ချတ်တဲ့၊ အသက် နှစ်ဆယ်နဲ့ သုံးနှစ်သာ ရှိသေးတဲ့ လူငယ် တယောက်ပဲ၊ သူဟာ နောင်တတရားရပြီး

သေဒဏ်အပေးမခံရမီမှာ ခရစ်ယာန် ဘာသာကို ဝင်လိုက်တယ်။

“ဒီ ရစ်ချတ်ဟာ တလင်းသားဖြစ်ပြီး သူ ခြောက်နှစ်သားအရွယ်မှာ သူ့မိဘတွေက သူ့ကို ဆွစ်တောင်တန်းက သိုးထိန်းတွေကို လက်ဆောင်ဖြစ် ပေးလိုက်တယ်၊ သိုးထိန်းတွေက သူ့ကို ခိုင်းစားဖို့ ခေါ်သွားကြတယ်၊ သူဟာ သိုးထိန်းတွေကြားမှာ တောရိုင်းတိရစ္ဆာန် တကောင်လို ကြီးပြင်းခဲ့ရတယ်၊ သိုးထိန်းတွေက သူ့ကို ဘာပညာမှ သင်ကြား မပေးဘူး၊ ပညာ သင်မပေးရုံတင် မကဘူး၊ သူ ခုနစ်နှစ်သားအရွယ်မှာ သူ့ကို နှင်းတောထဲမှာ အဝတ်အစား အစုတ်စုတ် အပြတ်ပြတ် အစာရေစာ အငတ်ငတ် အပြတ်ပြတ်နဲ့ သိုးကျောင်းခိုင်းကြတယ်၊ အဲဒီလိုခိုင်းတဲ့အတွက်လည်း သူတို့ဟာ ဘယ်လိုမှ စိတ်မကောင်း မဖြစ်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဒီကလေးကို ကိုယ်ပိုင်ပစ္စည်းတခုအနေနဲ့ ရရှိထားတဲ့အတွက် သူတို့မှာ ကြိုက်သလို ခိုင်းပိုင်ခွင့်ရှိတယ်လို့ ယူဆထားကြတယ်။

“အဲဒီတုန်းက သူ့ဘဝကို ရစ်ချတ်ကိုယ်တိုင် ပြန်ပြောပြတယ်၊ သူဟာ ဆာလွန်းလို့ ဝက်တွေကို ကျွေးတဲ့ ဖွဲနုတွေကိုတောင် ခိုးစားချင်တယ်တဲ့၊ ဒါပေမဲ့ သူတို့က သူ့ကို အဲဒီဖွဲနုကိုတောင် စားခွင့် မပြုဘူးတဲ့။ ဝက်တွေဆီက သူ ခိုးစားတာကို မိသွားရင် သူတို့က သူ့ကို ရိုက်တော့တာပဲတဲ့၊ အဲဒါကတော့ သူ့ငယ်စဉ် ကလေးဘဝပဲ။

“အဲဒီလိုနဲ့ သူ ကြီးလာတဲ့အခါကျတော့ သူဟာ သူခိုးတယောက် ဖြစ်လာတော့တာပဲ၊ ပထမတော့ သူဟာ ဂျီနီဗာမြို့မှာ နေ့စား အလုပ်သမားအဖြစ်နဲ့ အသက်မွေးဝမ်း ကျောင်းခဲ့တယ်၊ ဒါပေမဲ့ သူရတဲ့ပိုက်ဆံတွေကို အရက်သောက်ပစ်တယ်၊ သူဟာ တိရစ္ဆာန်တကောင်လို ရိုင်းရိုင်းစိုင်းစိုင်း နေခဲ့တယ်၊ နောက်ဆုံးမှာ သူဟာ အဘိုးကြီးတယောက်ကို လုယက်ပြီး သတ်ပစ်ခဲ့တယ်၊ သူ့ကို ဖမ်းမိသွားတယ်၊ ရုံးတင် တရားစွဲတယ်၊ သေဒဏ် အပြစ်ပေးလိုက်တယ်။

“သူ ထောင်ထဲကို ရောက်သွားတဲ့အခါမှာ ခရစ်ယာန် ဓမ္မဆရာတွေ၊ ခရစ်ယာန် ဂိုဏ်းပေါင်းစုံက ပုဂ္ဂိုလ်တွေ၊ လူမှုဝန်ထမ်းစိတ်ရှိတဲ့ အမျိုးသမီးကြီးတွေက သူ့ကို ဝိုင်းဝန်း ချဉ်းကပ်ကြတော့တာပဲ။ သူတို့က သူ့ကို စာရေးတတ် ဖတ်တတ်အောင် ထောင်ထဲမှာပဲ စာသင်ပေးကြတယ်၊ သူ့ကို ခရစ်ယာန် ကျမ်းစာတွေ သင်ပေးကြတယ်၊ သူတို့ သူ့ကို နားသွင်းကြတယ်၊ သွေးဆောင်ကြတယ်၊ ဖြားယောင်း ကြတယ်၊ ရိုက်သွင်းကြတယ်၊ အတင်း တွန်းကြတယ်။ နောက်ဆုံးကျတော့ သူဟာ သူ့ရဲ့ ဒုစရိုက်မှုကို ဖြောင့်ချက်ပေးပြီး အာပတ်ဖြေရတော့တာပဲ။

“သူဟာ ခရစ်ယာန်ဘာသာကို ဝင်ရောက်ပြီး ရုံးတော်ကို သူကိုယ်တိုင် စာတင်တယ် သူဟာ အဟိတ်တိရစ္ဆာန်တကောင် ဖြစ်ခဲ့ပြီး အခုအခါမှာ

ဘုရားသခင်က သူ့ကို အလင်းရောင် ပြသပြီး ကျေးဇူးတော်ကို ပေးသနားတော်မူကြောင်း ရေးသားတယ်၊ ဒီအခါမှာ ဂျီနီဗာတမြို့လုံးက သူ့အတွက် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတယ်၊ ဂျီနီဗာမြို့ပေါ်မှာရှိတဲ့ အထက်တန်းစားလောကက လူတွေ အားလုံးဟာ သူ့ကိုတွေ့ဖို့ အကျဉ်းထောင်ဆီ အပြေးအလွှား သွားရောက်ကြတယ်။ သူ့ကို ဖက်ယမ်း နမ်းရှုပ်ကြတယ်။ “သင်ဟာ ငါတို့နှင့် ညီအစ်ကိုတော် ဖြစ်တယ်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို သင် ရချေပြီ” လို့ ထောမနာကြတယ်။

“ဒီအခါမှာ ရစ်ချတ်ဟာ ဝမ်းသာလွန်းလို့ ငိုရှာတယ်၊ “ဟုတ်တယ်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ကျွန်တော် ရပြီ၊ ငယ်ငယ်တုန်းက ကျွန်တော်ဟာ ဝက်စာတွေကိုလောက်ပဲ မျှော်မှန်းခဲ့တယ်၊ အခု ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ကျွန်တော်ရပြီ၊ ဘုရားသခင်ထံမှောက်မှာ ကျွန်တော် သေတော့မယ်” လို့ ပြန်ပြောတယ်။

“ဟုတ်တယ် ရစ်ချတ်၊ ဘုရားသခင်ထံတော်မှောက်မှာ သင် သေပေတော့။ သင်ဟာ သွေးစွန်းခဲ့တဲ့ အတွက် ဘုရားသခင် ထံတော်မှောက်မှာ သေရမယ်” လို့ သူတို့က အားပေးကြတယ်။

“အဲဒီလိုနဲ့ သေဒဏ်ပေးမယ့်နေ့ကို ရောက်ရှိသွားတယ်၊ “ကနေ့ဟာ ကျွန်တော့်ဘဝမှာ အပျော်ရွှင်ဆုံး နေ့ ဖြစ်တယ်၊ ဘုရားသခင်ဆီကို ကျွန်တော် သွားရတော့မယ်” လို့ ပြောပြီး ရစ်ချတ် ငိုတယ်၊ အဲဒီအခါ ဓမ္မဆရာတွေ၊ တရားသူကြီးတွေ၊ လူမှုဝန်ထမ်း အမျိုးသမီးကြီးတွေဟာလည်း “ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီနေ့ဟာ သင့်အတွက် အပျော်ဆုံးနေ့ပဲ၊ ဘုရားသခင်ဆီကို သင်သွားရမယ်” လို့ ဆိုပြီး ဝိုင်းငိုကြတယ်။

“သူတို့ဟာ ရစ်ချတ်ကို စက်တိုင်ဆီကို ခေါ်သွားတဲ့ လှည်းနောက်ကနေ မြင်းရထားတွေနဲ့ လိုက်သွားကြတယ်၊ ခြေကျင်လျှောက်ပြီး လိုက်ကြတယ်၊ နောက်ဆုံးမှာ စက်တိုင်ကို ရောက်သွားကြ တယ်၊ “ညီနောင် သေပေတော့၊ ဘုရားသခင်ထံမှောက်မှာ သေပေတော့၊ ဘုရားသခင်၏ ကျေးဇူးတော်ကို သင် ရရှိချေပြီ” လို့ သူတို့ ဟစ်အော်ကြတယ်။

“ပြီးတော့ သူတို့ဟာ သူ့ကို နမ်းရှုပ်ပြီး စက်တိုင်ပေါ်ကို ဆွဲခေါ်သွားကြတယ်၊ သူ့ကို ခေါင်းဖြတ်စက်ပေါ်မှာ တင်လိုက်တယ်၊ ပြီးတော့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ရရှိတဲ့ ညီနောင်တဦးအနေနဲ့ သူ့ခေါင်းကို ဖြတ်ပစ်လိုက်ကြတယ်။

“ဟုတ်တယ်၊ အဲဒါဟာ သူတို့ရဲ့ဓလေ့စရိုက်ပဲ၊ အဲဒီဆောင်းပါးကို ပြင်သစ်ကနေပြီး ရုရှား လူမှုရေး ဆိုင်ရာ ပုဂ္ဂိုလ်တချို့ က ဘာသာပြန်ဆိုပြီး ရုရှားလူမျိုးတွေ အလင်းရောင် ရရှိရေးအတွက် စာနယ်ဇင်းတိုက်တွေကို

ဖြန့်ဝေကြတယ်။

"ရစ်ချတ်ရဲ့အကြောင်းဟာ သူတို့နိုင်ငံရဲ့ အမျိုးသားဟန်ပါတဲ့အတွက် စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါပေမဲ့ ကိုယ်တို့အနေနဲ့ ကြည့်ရင်တော့ ဘဝင်မကျဘူး၊ ဘာဖြစ်လို့လဲ။ သူဟာ ကိုယ်တို့နဲ့ ညီအစ်ကို ဖြစ်လာပြီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရရှိတဲ့အတွက် သူ့ခေါင်းကို ဖြတ်ပစ်လိုက်ရလို့ပဲ၊ ဒါပေမဲ့ ကိုယ် ထပ်ပြီးပြောရရင်တော့ ကိုယ်တို့ရဲ့အမျိုးသားဟန်ကလည်း ဒီထက်တော့ ပိုမကောင်းလှပါဘူး။

ကိုယ်တို့ရဲ့သမိုင်းတလျှောက်မှာ ကိုယ်တို့ရဲ့ စိတ်ပြေလက်ပျောက် လုပ်ငန်းဟာ လူတွေရဲ့အသားကို နာကျင်အောင် ရိုက်နှက်ပြီး ကျေနပ်နှစ်သိမ့်မှုကို ရှာဖွေခံစားတာပဲ၊ လယ်သမားတယောက်က သူ့မြင်းရဲ့မျက်လုံးကို ရိုက်တဲ့အကြောင်း ကဗျာဆရာကြီး နေကရာဆော့က ရေးဖွဲ့ စပ်ဆိုထားတဲ့ ကဗျာတပုဒ် ရှိတယ်၊ "သနားစရာကောင်းတဲ့ မျက်လုံး" ကို ရိုက်တဲ့အကြောင်းပဲပေါ့၊ အဲဒါကို လူတိုင်းက သတိထားမိနိုင်တယ်၊ အင်မတန် ရုရှား ဆန်တယ်။

"နီကရာဆော့က ဘယ်လိုရေးထားသလဲဆိုတော့ ပိန်ညှောင်ညှောင် မြင်းငယ်ကလေးတကောင်ဟာ အင်မတန်လေးတဲ့ ဝန်တွေကို ဆွဲသွားရသတဲ့။ တနေရာကျတော့ လှည်းဟာ ဗွက်ထဲမှာ နစ်သွားပြီး နည်းနည်းကလေးမှ မရွေ့နိုင်တော့ဘူးတဲ့၊ အဲဒီအခါမှာ လယ်သမားက မြင်းကို ရိုက်တယ်တဲ့၊ ရက်ရက်စက်စက် ရိုက်တယ်တဲ့၊ သူဟာ ရိုက်ရင်း ရိုက်ရင်းနဲ့ ဒေါသဝင်လာပြီး အသေအလဲကို ရိုက်တော့တာပဲတဲ့၊ မြင်းကလေးက ကြိုးစားပြီးတော့ ရုန်းရှာတယ်တဲ့၊ ဒါပေမဲ့ မရွေ့ဘူးတဲ့၊ နောက်ဆုံးမှာ လယ်သမားဟာ မျက်ရည်စက်စက် ကျနေတဲ့ မြင်းကလေးရဲ့သနားစရာ မျက်လုံးတွေ ကိုပါ ရိုက်တော့တာပဲတဲ့၊ မြင်းကလေးဟာ နာရှာလွန်းတော့ တအားဆောင့်ရုန်းလိုက်တာ လှည်းဟာ ဗွက်ထဲက လွတ်သွားတယ်တဲ့၊ မြင်းကလေးဟာ တကိုယ်လုံး တုန်တုန်ယင်ယင်နဲ့ ဘေးဘက်ကို ဒယီးဒယိုင် ဆွဲသွားရှာတယ်တဲ့ ... နီကရာဆော့ရဲ့ကဗျာဟာ ဖတ်ရတာ သွေးပျက်စရာပဲ၊ ဒါပေမဲ့ ဒါဟာ မြင်းတကောင် အကြောင်းပဲ ဖြစ်တယ်တဲ့ ... မြင်းတကောင်ပဲ ဖြစ်တယ်တဲ့။ ဘုရားသခင်က ကိုယ်တို့ကို မြင်းတွေကို ရိုက်နှက်ဖို့ အခွင့်ပေးထားတယ်တဲ့။

"အဲဒီတော့ တာတာတွေဟာ ကိုယ်တို့ကို ရိုက်နည်းပညာကို သင်ပေးပြီး လက်ဆောင်အဖြစ် ပေးသွားကြတယ်၊ နောက်ပြီးတော့ လူတွေကိုလည်း ရိုက်နိုင်တယ်တဲ့။ ဒီမှာ ပညာတတ် လူကြီး လူကောင်း တယောက်နဲ့ သူ့မိန်းမက သူတို့ရဲ့ အသက် ခုနစ်နှစ်အရွယ် သမီးကလေးကို ရိုက်တဲ့အကြောင်း ကိုယ်ပြောပြမယ်။ ကိုယ် အပြည့်အစုံ သိထားတယ်။ ဖေဖေကြီးဟာ သစ်ကိုင်းတွေကို ကျစ်လိုက်သေးတယ်၊ "ဒါမှ ပိုပြီးစူးမယ်တဲ့" သူက ပြောတယ်၊

အဲဒီလိုနဲ့ သူ့သမီးလေးကို “စူး” သွားအောင် သူ လုပ်တော့တာပဲ။

“တချို့လူတွေကို တချက် ရိုက်လိုက်ရတိုင်း တခါ သူ့မှာ ကျေနပ်အားရမှု ဖြစ်သွားတဲ့ လူတွေ ရှိကြောင်း ကိုယ်သိတယ်၊ အဲဒီအတွက် သူတို့ဟာ တချက်ပြီးတချက် ထပ်ပြီး ရိုက်နေကြတော့တာပဲ။ တမိနစ်၊ ငါးမိနစ်၊ ဆယ်မိနစ်အထိ ကြာအောင် သူတို့ ရိုက်ကြတယ်။

“ပထမတော့ ကလေးက အော်ရှာတယ်၊ နောက်ကျတော့ မအော်နိုင်ရှာတော့ဘူး၊ “ဖေဖေရယ်၊ ဖေဖေရယ်၊ ဖေဖေကြီးရယ်” လို့ပဲ ယဲ့ယဲ့ကလေးသာ ညည်းနိုင်ရှာတော့တယ်။ “နောက်ဆုံးမှာ အဲဒီ ကလေးကို ရိုက်တဲ့အမှုဟာ ရုံးကိုရောက်သွားတယ်၊ ရှေ့နေ ငှားတယ်၊ တရားခံရဲ့ရှေ့နေက ဘယ်လို လျှောက်လဲသလဲ သိသလား၊ “ဒီအမှုဟာ သာမန် အိမ်တွင်းရေး ကိစ္စတခုပဲ၊ ဖခင်တယောက်ဟာ သူ့သမီးကို ရိုက်နှက်ဆုံးမခွင့် ရှိပါတယ်၊ ဒီကိစ္စမျိုး ရုံးကိုရောက်လာတာ ကျွန်တော်တို့အတွက် အင်မတန် ရှက်စရာကောင်းပါတယ်။ သူ့ရဲ့လျှောက်ထားချက်ကို တရားသူကြီးတွေ သဘောပေါက် နားဝင်ပြီး အပြစ်မရှိကြောင်း ဆုံးဖြတ်လိုက်ကြတယ်တဲ့၊ ပရိသတ်ကြီးက အော်ဟစ်ပြီး ကောင်းချီး ပေးကြတယ်တဲ့၊ ရိုက်နှက် ညှဉ်းပန်းတဲ့လူကို လွှတ်ပစ်လိုက်တယ်တဲ့… အဲဒီတုန်းက အဲဒီမှာ ကိုယ်မရှိတာ သိပ်နာတာပဲ၊ ကိုယ်သာရှိခဲ့လို့ရှိရင် အဲဒီ ရိုက်တဲ့လူကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်ပုံငွေ ထောက်ခံဖို့ အဆိုတင်သွင်းပါတယ် … အင်မတန် လှပတဲ့ ဓာတ်လမ်းကလေးပဲ။

“နေဦး၊ ကိုယ့်မှာ ကလေးတွေအကြောင်း ဒါထက်ကောင်းတဲ့ ဓာတ်လမ်းတွေ ရှိသေးတယ်၊ ရုရှား ကလေးသူငယ်တွေအကြောင်းကို ကိုယ် အများကြီးစုဆောင်းထားတယ်။ အထက်လွှာက ပညာတတ် ဖခင်နဲ့ မိခင်တို့ဟာ သူတို့ရဲ့ ငါးနှစ်အရွယ် သမီးကလေးကို မုန်းနေကြတယ်။

“ဒီနေရာမှာ ကိုယ် ထပ်ပြောဦးမယ်၊ ကလေးတွေကို နှိပ်စက်ချင်တဲ့ ဝါသနာဟာ လူ အတော်များများ မှာ စွဲကပ်နေကြတယ်၊ အထူးသဖြင့် ပညာတတ်တွေနဲ့ လူယဉ်ကျေးတွေဟာ ကလေးတွေကို နှိပ်စက်ရတာ အင်မတန် ပျော်ပိုက်ကြတယ်၊ အဲဒါကိုက ကလေးတွေကို ချစ်တာလို့ သူတို့ ယူဆနေကြတယ်၊ ကလေးတွေက ဘာမှ ပြန်မလုပ်နိုင်တဲ့အတွက် လူကြီးတွေက ရိုက်နှက်ချင်နေကြ တယ်၊ လူတိုင်း လူတိုင်းမှာ မာရ်နတ် ရှိနေတယ်၊ ကလေးတွေရဲ့အော်ဟစ်သံကို နှစ်သက်တဲ့ မာရ်နတ်အရသာ သူတို့မှာ ရှိနေတယ်၊ မာရ်နတ်ရဲ့ ရောဂါဟာ သူတို့မှာ အရိုးစွဲနေတယ်။

“အဲဒီ ယဉ်ကျေးလိမ္မာတဲ့ မိဘတွေဟာ သူတို့ရဲ့ ငါးနှစ်သမီးကလေးကို ကြိုက်သလို ရိုက်နှက် ညှဉ်းပန်းကြတယ်။ သူ့ကို သူတို့လက်နဲ့ ရိုက်ကြမယ်၊ တုတ်နဲ့

ရိုက်မယ်၊ ခြေထောက်နဲ့ ကန်မယ်၊ ကောင်မလေးရဲ့ကိုယ်မှာ အညိုအမည်းတွေ စွဲသွားတဲ့အထိ ရိုက်ကြမယ်။ နောက်ဆုံးမှာ သူတို့ဟာ အထွတ်အထိပ်ကို ရောက်သွားပြီး ကလေးမကလေးကို အခန်းတခုထဲမှာ တညလုံး ပိတ်လှောင်ထားမယ်၊ အအေးထဲမှာ ပစ်ထားမယ်၊ သွေးခဲအောင် ပစ်ထားမယ်။

"ဘာဖြစ်လို့ အဲဒီလို လုပ်သလဲဆိုတော့ ကလေးမလေးက ညအိပ်တဲ့အခါ ရှူရှူ ထတည်ဖို့ မပြောတဲ့ အတွက်တဲ့၊ (ငါးနှစ်သမီးအရွယ် ကလေးတယောက်ဟာ အားရပါးရ နှစ်နှစ်ခြိုက်ခြိုက် အိပ်တတ်တဲ့ အရွယ်မှာ တရေးနိုးထပြီး ရှူရှူ တည်ခိုင်းဖို့ ဖြစ်နိုင်ပါ့မလား ...) အဲဒီ ကလေးမလေးရဲ့မျက်နှာကို သူ့အမေက ရှူရှူတွေနဲ့ လိမ်းပြီး ပါးစပ်နဲ့ လျက်ခိုင်းတယ်တဲ့၊ အဲဒါ သူ့အမေကိုယ်တိုင်က လုပ်တာပဲ၊ နောက်ပြီးတော့ အဲဒီအမေဟာ အခန်းကျဉ်းကလေးထဲမှာ ငိုနေတဲ့ သမီးအသံကို နားထောင်ပြီး တညလုံး အိပ်နိုင်တယ်တဲ့လား။

"အရိုးကွဲမတတ် အေးပြီး ပိန်းပိန်းပိတ် မှောင်နေတဲ့ အခန်းကျဉ်းကလေးထဲမှာ ပိတ်လှောင်ခံနေရတဲ့ ကလေးမကလေးဟာ ... ဘာကြောင့် အခုလို ပိတ်လှောင်ခံနေရမှန်း မသိတဲ့ ကလေးမလေးဟာ နာကျင်နေတဲ့ သူ့ရင်အုံကလေးကို သူ့လက်သီးဆုပ်ကလေးတွေနဲ့ ထုထုပြီး "အို ဘုရားသခင် ကယ်တော်မူပါ" လို့ ဘုရားသခင်ထံမှာ ဆုတောင်းနေတာကို ဘယ်လို အဓိပ္ပာယ်လို့ ညီလေး ပြောမလဲ၊ ဒီအဖြစ်ဆိုးကို ကိုယ့်ရဲ့မိတ်ဆွေလည်းဖြစ်တဲ့ ကိုယ့်ရဲ့ညီကလေးလည်းဖြစ်တဲ့ ဦးပဉ္စင်း ကလေး ဘယ်လို သဘောရပါသလဲ၊ ဒီလိုအဖြစ်မျိုးဟာ ဘာဖြစ်လို့ ဒီကမ္ဘာကြီးထဲမှာ တည်ရှိနေ တယ် ဆိုတာရော ညီလေး သိသလား။

"သူတို့က ပြောကြတယ်၊ ဒီလိုအဖြစ်မျိုးတွေ မရှိရင် ဒီကမ္ဘာလောကကြီးမှာ လူတွေ မတည်ရှိနိုင် ဘူးတဲ့၊ ဒီအဖြစ်သနစ်ကြောင့်သာ လူတွေဟာ အကောင်းနဲ့ အဆိုးကို ခွဲခြားပြီး သိနိုင်ကြတယ်တဲ့၊ ဒါပေမဲ့ ကိုယ်တို့ဟာ ဒီအကောင်းနဲ့အဆိုး သဘောတရားကို ဘာဖြစ်လို့ ဒါလောက် တန်ဖိုးကြီးကြီး ပေးပြီးမှ သိကြရမလဲ။ ကမ္ဘာကြီးမှာ ရှိသမျှ အသိပညာတွေ အားလုံးဟာ ဘုရားသခင်ထံမှာ ဆုမွန်တောင်းနေတဲ့ မိန်းကလေးရဲ့ မျက်ရည်လောက် တန်ဖိုးမရှိပါဘူး။

"ကိုယ်ဟာ လူကြီးတွေရဲ့ ဒုက္ခအကြောင်း မပြောပါဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ဟာ ပန်းသီးကို စားခဲ့ကြပြီ။ သူတို့တွေကို ဘေးချိတ်ထားလိုက်ပါ၊ ဒါပေမဲ့ ဒီကလေးတွေအကြောင်း၊ ဒီကလေးလေး တွေ အကြောင်းတော့ ပြောရမယ်၊ အလျှိုရှှာ၊ ညီလေး စိတ်မကောင်းဖြစ်အောင် ပြောနေမိတဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး၊ ညီလေးက တော်ပါတော့ ဆိုရင်တော့ ကိုယ် မပြောတော့ပါဘူး"

"အို ကိစ္စမရှိပါဘူး ပြောပါ၊ ကျွန်တော် စိတ်မကောင်း ဖြစ်ချင်ပါတယ်"

"နောက်တခုပဲ နောက်ထပ်တခုတည်းပဲ ထပ်ပြောပါတော့မယ်၊ အဲဒီတခုကတော့ တော်တော်ကလေး လည်း ဆန်းတယ်၊ တော်တော်ကလေးလည်း ထူးခြားတယ်၊ ကိုယ် တလောကလေးမှ ဖတ်ရတဲ့ ရုရှား ရှေးဟောင်းစာပေတခုပဲ၊ နာမည်တော့ ကိုယ် မေ့နေပြီ၊ ကိုယ် ပြန်ကြည့်ရဦးမယ်။

"ဖြစ်ပျက်တာကတော့ ကျေးပိုင်ကျွန်ပိုင်ခေတ်ရဲ့အမှောင်မိုက်ဆုံးကာလတခုမှာပဲပေါ့၊ ဒီရာစုနှစ် အစပိုင်းမှာပဲပေါ့၊ လူထုကြီး လွတ်မြောက်အောင် လုပ်သူများ အသက် ရာကျော် ရှည်ကြပါစေ...။

"ဒီရာစုခေတ် အစလောက်မှာ ဗိုလ်ချုပ်ကြီးတယောက် ရှိတယ်တဲ့၊ အင်မတန် ချမ်းသာတဲ့ မြေပိုင်ရှင်ကြီးတယောက်လည်း ဖြစ်တယ်၊ မင်းဆွေစိုးမျိုးများနဲ့ ဆက်နွယ်တဲ့ ပုဂ္ဂိုလ်ကြီး တယောက်လည်း ဖြစ်တယ်၊ နောက်ပြီးတော့ ငါတို့ဟာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခဲ့ပြီ။ အဲဒီအတွက် ငါတို့ရဲ့ ကျေးကျွန်တွေအပေါ် သက်ဦးဆံပိုင်ခွင့် တိုင်းပြည်က ငါတို့ကို ပေးထားတယ်လို့ ယူဆနေတဲ့ လူတွေထဲမှာ သူဟာ တယောက် အပါအဝင် ဖြစ်တယ်၊ အဲဒီခေတ်က အဲဒီလိုမျိုးတွေ အများကြီးရှိတယ်။

"အဲဒီသဘောနဲ့ ကိုယ်တို့ရဲ့ ဗိုလ်ချုပ်ကြီးဟာ ကျေးကျွန်ပေါင်း နှစ်ထောင်ရှိတဲ့ သူ့ရဲ့ ပိုင်နက်နယ်မြေ မှာ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတယောက်အဖြစ်နဲ့ တခမ်းတနား နေထိုင်တယ်။ ဆင်းရဲနွမ်းပါးလှတဲ့ သူ့ရဲ့အိမ်နီးချင်းတွေကို သူ့ရဲ့လက်အောက်ခံတွေ၊ သူ့ရဲ့အဖျော်ဖြေခံတွေအဖြစ် သဘောထားတယ်၊ သူ့ရဲ့ ခွေးဂေဟာမှာ အမဲလိုက်ခွေးကြီးပေါင်း တရာကျော်ရှိတယ်၊ နောက်ပြီးတော့ သူ့မှာ ခွေးထိန်း တရာလောက်လည်း ရှိတယ်။ ခွေးထိန်းအားလုံးက တူညီဝတ်စုံနဲ့ မြင်းစီးသူရဲတွေ ဖြစ်ကြတယ်။

"တနေ့တော့ ကျေးကျွန်လူငယ်ကလေး တယောက်ဟာ... ရှစ်နှစ်သားအရွယ်သာ ရှိသေးတဲ့ ကောင်ကလေးတယောက်ဟာ ဆော့ရင်း ကစားရင်း ခဲနဲ့ပစ်လိုက်ရာမှာ အဲဒီ ခဲဟာ ဗိုလ်ချုပ်ကြီးရဲ့ အချစ်တော် အမဲလိုက်ခွေးကြီးတကောင်ရဲ့လက်ကို သွားမှန်တယ်။ "ငါ့ကောင်ကြီး ဘာဖြစ်လို့ လက်နာနေတာလဲ" လို့ မေးတော့ သူ့တပည့်တွေက ကောင်ကလေး ခဲနဲ့ပေါက်လို့ လက်ကို မှန်ပြီး နာသွားတာလို့ ပြန်ဖြေကြတယ်၊ "သြော် လက်စသတ်တော့ မင်းကလေးကိုး" ဗိုလ်ချုပ်ကြီးက ကောင်ကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြောတယ်။ ပြီးတော့ "သူ့ကို ခေါ်သွား" လို့ အမိန့်ပေးလိုက်တယ်၊ တပည့်တွေက ကောင်ကလေးကို ခေါ်သွားကြတယ်။ ကောင်ကလေးကို သူ့အမေလက်ထဲကနေ ခေါ်သွားကြတယ်။

"အဲဒီညမှာ ကောင်ကလေးဟာ အချုပ်ခန်းထဲမှာအိပ်ရတယ်၊ နောက်တနေ့မနက်မှာ ဗိုလ်ချုပ်ကြီးက ယူနီဖောင်း အပြည့်အစုံနဲ့ တောလိုက်ထွက်တယ်၊ ဗိုလ်ချုပ်ကြီးဟာ သူ့မြင်းကြီးပေါ်မှာပေါ့။ သူ့ရဲ့ လက်စွဲတော်တွေ၊ ခွေးထိန်းတွေ၊ မုဆိုးတွေ အားလုံးဟာလည်း မြင်းကိုယ်စီနဲ့ပေါ့။ နောက်ပြီးတော့ သူ့ရဲ့ကျေးကျွန်တွေ အားလုံးကိုလည်း ပညာ ပေးဖို့ဆိုပြီး အစုခိုင်းထားတယ်၊ ရှေ့ဆုံးမှာ ရပ်နေရတာ ကတော့ ကောင်ကလေးရဲ့အမေပေါ့၊ ကောင်ကလေးကို အချုပ်ခန်းထဲက ခေါ်ထုတ်လာတယ်။

"အဲဒီနေ့က နှင်းတွေမှုန်ပြီး ရာသီဥတုကလည်း အေးမြနေပြီး အမဲလိုက်ဖို့ သိပ်ကောင်းတဲ့ နေ့တနေ့ ပဲပေါ့၊ ဗိုလ်ချုပ်ကြီးက ကလေးလေးရဲ့ကိုယ်က အဝတ်အစားတွေကို ချွတ်ပစ်လိုက်ဖို့ အမိန့်ပေး တယ်၊ ကောင်ကလေးဟာ ချမ်းကလည်းချမ်း၊ ကြောက်ကလည်းကြောက်နဲ့ တကိုယ်လုံး တုန်နေရှာ တယ်၊ ကြောက်လွန်းလို့ ပါးစပ်ကလည်း စကားတခွန်း မှ မပြောရဲရှာဘူး။

"သူ့ကို ပြေးခိုင်းစမ်း"

ဗိုလ်ချုပ်ကြီးက အမိန့်ပေးလိုက်တယ်။

"ပြေး ပြေး" ခွေးထိန်းတွေက ဟစ်အော်ကြတယ်၊ အဲဒီတော့ ကောင်ကလေး ပြေးရရှာတယ်။

"လိုက်" လို့ ဗိုလ်ချုပ်ကြီးက အမိန့်ပေးလိုက်ပြီး သူ့ခွေးအုပ်ကြီးကို လွှတ်လိုက်တယ်၊ အမဲလိုက် ခွေးကြီးတွေဟာ တခါတည်း ကောင်ကလေး နောက်ကို လိုက်ကြတော့တာပဲ၊ သူ့အမေရဲ့ရှေ့မှာပဲ ကောင်ကလေးကို တစစီ ဝိုင်းပြီး ကိုက်ဖွဲ့ပစ်လိုက်ကြတယ်။

"နောက်ပိုင်းမှာတော့ ဗိုလ်ချုပ်ကြီးရဲ့ လုပ်ပိုင်ခွင့်တွေ အားလုံးကို ပြန်လည် ရုပ်သိမ်းလိုက်တယ်လို့ ကိုယ်ထင်တယ်၊ အဲဒီတော့ သူ့ကို ကိုယ်တို့ ဘာလုပ်ကြရမလဲ၊ ပစ်သတ်ရမလား၊ ကိုယ်တို့ရဲ့ စိတ်တွေ ကျေနပ်အောင် သူ့ကို ပစ်သတ်ကြရမလား၊ ကိုယ့်ကို ပြောစမ်းပါ အလျိုရှာ"

"သူ့ကို ပစ်သတ်ရမယ်"

အလျိုရှာက သူ့အစ်ကိုကို ပြုံးပြုံးကလေးကြည့်ရင်း ညင်သာစွာ ပြောလိုက်သည်။

'ယောက်ျားဘသား' အိုက်ဗင် အားရပါးရ ဟစ်ကြွေးလိုက်သည်။

"ညီလေးက ဒီလိုမျိုးပြောရင်တော့ ညီလေးဟာ

ဘုန်းကြီးကောင်းတယောက်ပဲ၊ လက်စသတ်တော့ ညီလေးရဲ့ရင်ထဲမှာလည်း မာရ်နတ်ကလေးဟာ ကိန်းအောင်းနေတာပဲ၊ ဒါမှ အလျှိုရှာ ကာရာမာဇော့ ပဲ”

“ကျွန်တော်ပြောတာ မဟုတ်ဘူး၊ ဒါပေမဲ့ ...”

“ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီ ဒါပေမဲ့က ပြဿနာပဲ၊ ကိုယ်ပြောမယ် ဦးပဥ္စင်း၊ ဒီကမ္ဘာကြီးမှာ မဟုတ်တာတွေဟာ အများကြီး လိုအပ်တယ်၊ ကမ္ဘာကြီးဟာ မဟုတ်တာတွေပေါ်မှာ တည်ဆောက် ထားတာပဲ၊ အဲဒီမဟုတ်တာတွေ မရှိရင် ဘာတခုမှ ဖြစ်မလာနိုင်ဘူး၊ ကိုယ်တို့ ဘာတွေသိသလဲ ဆိုတာ ကိုယ်တို့သိတယ်”

“အစ်ကို ဘာသိသလဲ”

“ကိုယ် ဘာတခုမှ နားမလည်ဘူး” အိုက်ဗင်က ကယောင်ကတမ်းတွေ ပြောနေသည့်ပမာ ဆက်ပြောသည်။ “အခုအချိန်မှာ ကိုယ်ဟာ ဘာကိုမှလည်း နားမလည်ချင်ဘူး၊ ကိုယ်ဟာ အချက်အလက်တွေကိုပဲ အဓိကထားတယ်၊ ဘာတခုကိုမှ နားလည်အောင် မကြိုးစားဖို့ ကိုယ်ဆုံးဖြတ်ထားတာ ကြာပြီ၊ ကိုယ်ဟာ တခုခုကို နားလည်ဖို့ ကြိုးစားခဲ့ရင် အချက်အလက်တွေ ကို လိမ်ညာရမယ်၊ ကိုယ်က အချက်အလက်တွေကိုပဲ အဓိကထားတယ်”

“အစ်ကို ကျွန်တော့်ကို ဘာတွေပြောနေတာလဲ၊ ဘာပြောမလို့လဲ”

“ညီလေးကို ကိုယ်ပြောရမယ်၊ အဲဒီလို ပြောဖို့အတွက်လည်း ကိုယ် လမ်းခင်းနေတာပဲ၊ ညီလေးကို ကိုယ်ချစ်တယ်၊ ညီလေးကို ကိုယ်ဘယ်လိုမှ လက်မလွှတ်နိုင်ဘူး၊ ညီလေးကို ခင်ကြီး ဇော်ဇီမာရဲ့ လက်ကို မအပ်နိုင်ဘူး”

အိုက်ဗင် ခေတ္တမျှ နှုတ်ဆိတ်နေသည်။ ရုတ်ခြည်းဆိုသလို မျက်နှာကြီး နီရဲလာပြီး ...

“ကိုယ်ပြောမယ်၊ နားထောင် .... ကိုယ့်ရဲ့ ဆိုလိုချက်ကို ရှင်းလင်းအောင် ကိုယ်ဟာ ကလေးတွေကိုပဲ နမူနာပြတယ်၊ ကိုယ်တို့ရဲ့ မဟာပထဝီ ကမ္ဘာမြေကြီးတခုလုံး ရွှဲရွှဲစိုနေတဲ့ တခြား လူသားတွေရဲ့ မျက်ရည်တွေအကြောင်းကို ကိုယ် ဘာမှ မပြောတော့ဘူး၊ ဒါဟာ အကြောင်းအရာကို ကိုယ် ချုံ့ပစ်လိုက်တာပဲ၊ ကိုယ်ဟာ မှင်စာကလေး တကောင်ပဲ၊ ဒီကမ္ဘာကြီးကို ဘာဖြစ်လို့ အခုလို စီစဉ် ခင်းကျင်းထားတယ်ဆိုတာကို ကိုယ် နားမလည်ဘူး၊ အခုဖြစ်နေတာတွေ အားလုံးအတွက် လူတွေမှာပဲ တာဝန်ရှိတယ်၊ လူတွေကိုပဲ အပြစ်တင်စရာရှိတယ်၊ သူတို့ကို သုခဘုံ ပေးထားတယ်၊ သူတို့ဟာ လွတ်လပ်မှုကို လိုချင်တယ်၊ သူတို့ဟာ ကောင်းကင်ဘုံက မီးကို ခိုးယူကြတယ်၊ အဲဒီလိုလုပ်တဲ့အတွက် သူတို့ ဒုက္ခရောက်မယ်ဆိုတာ သိတယ်၊ အဲဒီတော့ သူတို့ကို ဘာသနားစရာ လိုသေးသလဲ။

"ကိုယ့်အနေနဲ့ မြေကြီးပေါ်က အသိ၊ ယူကလစ် သဘောတရားအရ သိတာကတော့ ဒုက္ခဆိုတာ ရှိတယ်၊ အဲဒီအတွက် ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ၊ ရိုးရိုးကလေးနဲ့ ရှင်းရှင်းကလေးပဲ၊ အရာရာဟာ သူ့ဟာသူ သွားနေပြီး သူရောက်ရမယ့်နေရာကို ရောက်တာပဲ... ဒါပေမဲ့ ဒါတွေအားလုံးဟာ ဘာမှ အဓိပ္ပာယ် မရှိတဲ့ ယူကလစ် သဘောတရားတွေပဲ၊ အဲဒီသဘောကို ကိုယ်သိတယ်၊ ဒါပေမဲ့ အဲဒီသဘောအတိုင်း နေသွားဖို့ကို ကိုယ်ငြင်းဆန်တယ်။

"ဘယ်သူ့ကိုမှ အပြစ်တင်စရာမရှိဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ၊ အဲဒါကို ကိုယ်သိတယ် ... အဲဒီတော့ ကိုယ့်မှာ အကျိုးအပြစ် သက်ရောက်မှု ရှိရမယ်၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီး ချေမှုန်းပစ်မှာပဲ၊ နောက်ပြီးတော့ အကျိုးအပြစ် သက်ရောက်မှုက အနန္တကာလကြာမှ ဖြစ်မှာ မဟုတ်ဘူး၊ အခု ဒီကမ္ဘာမြေကြီးပေါ်မှာ ဖြစ်မှာ။ အဲဒီဖြစ်တာကို ကိုယ်တိုင်တွေ့မြင်ရမယ်၊ အဲဒါကို ကိုယ်ယုံကြည်တယ်၊ ကိုယ်ကိုယ်တိုင် တွေ့မြင်ချင်တယ် ကိုယ်သေသွားမှ ဖြစ်လို့ရှိရင်လည်း ကိုယ်သေရာက ထပြီး ကြည့်ချင်တယ်၊ ကိုယ်မရှိဘဲနဲ့ ဒါတွေအားလုံး ဖြစ်တယ်ဆိုရင် မတရားဘူး။

"ကိုယ့်ရဲ့ ဒုက္ခတွေဟာ ကိုယ်ပဲ ခံစားရမှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့ ဒုစရိုက်မှုတွေနဲ့ ကိုယ့်ရဲ့ ဒုက္ခတွေဟာ အနာဂတ်ကာလမှာ တစုံတယောက်အတွက် မြေသြဇာ ဖြစ်စေလိမ့်မယ်၊ ခြင်္သေ့နဲ့ သိုးငယ် အတူတူ လဲလျောင်းနေတာကို ကိုယ် မြင်ချင်တယ်၊ အသတ်ခံရတဲ့လူ သေရာက ထပြီး သူ့ကိုသတ်တဲ့ လူသတ်သမားကို ပွေ့ဖက်ထားတာကို ကိုယ် မြင်ချင်တယ်၊ လူတွေအားလုံး အမြင်မှန်ရသွားတာကို ကိုယ်တွေ့ချင်တယ်။

"ကမ္ဘာပေါ်မှာ ရှိရှိသမျှဘာသာတွေဟာ ဒီအခြေအနေကိုပဲ မျှော်လင့်တောင့်တကြတယ်၊ ကိုယ်လည်း ဒီအတိုင်းပဲ ယုံကြည်တယ်၊ ဒါပေမဲ့ ကလေးတွေရဲ့ ပြဿနာက ရှိနေတယ်၊ သူတို့အတွက် ကိုယ် ဘာလုပ်ရမလဲ၊ အဲဒါဟာ ကိုယ်မဖြေနိုင်တဲ့ မေးခွန်းပဲ။

"အကြိမ်တရာမြောက်အဖြစ်နဲ့ ကိုယ်ထပ်ပြောမယ်၊ ပြဿနာတွေ ဒုနဲ့ဒေး ရှိတယ်၊ ဒါပေမဲ့ ကလေးတွေရဲ့ပြဿနာကိုပဲ ကိုယ်ဖော်ထုတ်တယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူတို့လေးတွေရဲ့ ပြဿနာက ကိုယ့်ရဲ့ ဆိုလိုချက်အတွက် ဘာမှ သံသယဖြစ်စရာမရှိတဲ့အတွက်ပဲ။

"ဒီမယ် နားထောင်၊ ထာဝရငြိမ်းချမ်းရေးအတွက် လူတွေဟာ သူတို့ရဲ့ ဒုက္ခဝေဒနာနဲ့ ပေးဆပ်ပြီး ဝယ်ယူရမယ်လို့ဆိုရင် ဒီကလေးတွေက ဒီကိစ္စအတွက် ဘာလုပ်ကြရမလဲ၊ အဲဒါ ကိုယ့်ကို တဆိတ် ကျေးဇူးပြုပြီး ပြောစမ်းပါ၊

ကလေးတွေလည်း အားလုံးနဲ့အတူတူ ဒုက္ခခံစားရမယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရနိုင်တဲ့အတွက်ပဲ၊ သူတို့ဟာ အနာဂတ် ညီမျှရေးအတွက် ဘာဖြစ်လို့ သူတို့ရဲ့ ဒုက္ခတွေ နဲ့ ပေးဆပ်ရမလဲ၊ တခြားလူတယောက်ရဲ့ အနာဂတ် ညီမျှမှုအတွက် သူတို့ကို ဘာဖြစ်လို့ မြေသြဇာ အဖြစ် အသုံးပြုရမလဲ။

"ဒီမှာ တချို့လူနောက်တွေက ပြောကြတယ်၊ ကလေးတယောက်ဟာ တနေ့ကျရင် လူကြီး ဖြစ်လာပြီး ဒုစရိုက်မှုတွေ ကျူးလွန်လာမှာပဲတဲ့။ ဒါပေမဲ့ ကလေးဟာ ကြီးမလာဘူး၊ အသက်ရှစ်နှစ် အရွယ်မှာပဲ ခွေးတွေက သူ့ကို တစစီ တထစ်စီ ဆွဲဖြဲပစ်လိုက်ကြလို့ပဲ။

"အလျှိုရှာ၊ ကိုယ်ဟာ ဘုရား တရားကို ပြစ်မှားနေတာ မဟုတ်ဘူး၊ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီး ပေါ်က အခြင်းအရာတွေ တသားတည်း ပေါင်းစပ်သွားတဲ့အချိန်မှာ ကိုယ်တို့ရဲ့ စကြဝဠာ ဘယ်လို ပြောင်းလဲသွားမယ် ဆိုတာကို ကိုယ်သိပါတယ်။ အဲဒီအခါ မှာ သက်ရှိသတ္တဝါတွေ အားလုံးက "အို ဘုရားသခင်၊ တရားမျှတတော်မူပေသည် အရှင်ဘုရားရဲ့လမ်းစဉ် အောင်မြင်တော်မူပြီ" လို့ ကြွေးကြော်ကြလိမ့်မယ်။

"အဲဒီအခါမှာ မိခင်ဟာ သူ့သားကို ခွေးတွေနှင့် ဆွဲဖြဲပစ်လိုက်တဲ့ လူသတ်သမားကို ပွေ့ဖက်လိမ့်မယ်၊ ပြီးတော့ "အို ဘုရားသခင်၊ တရားမျှတတော်မူပေသည်" လို့ သုံးယောက်သား ကြွေးကြော်ကြ လိမ့်မယ်၊ အဲဒီအခါမှာ အားလုံးဟာ အသိဉာဏ်တွေ ရရှိပြီး အရာရာဟာ ရှင်းလင်းသွားလိမ့်မယ်။

"ဒါပေမဲ့ ဒီညီညွတ်မှုမျိုးကို ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ်ဟာ ဒီကမ္ဘာကြီးပေါ်မှာ ရှိတုန်း ကိုယ့်နည်းနဲ့ကိုယ် တွက်ကြည့်ရမယ်၊ ဒီမယ် အလျှိုရှာ၊ ကိုယ်ဟာ အဲဒီကာလအထိ ရှိခဲ့ရင် ဒါမှမဟုတ် သေရာကနေ ထကြည့်ခွင့်ရရင် ကိုယ်လည်း သူများတွေနဲ့ အတူရောပြီး ကလေးမိခင်က လူသတ်သမားကို ဖက်ပွေ့ထားတာကို ကြည့်ပြီး "ဘုရားသခင်၊ တရားမျှတတော် မူပေသည်" လို့ ကြွေးကြော်ရလိမ့်မယ်။

"ဒါပေမဲ့ ကိုယ် အဲဒီလို မအော်ချင်ဘူး၊ ကိုယ့်မှာ အချိန်ရှိတုန်းမှာ ကိုယ်ဟာ အဲဒီအဖြစ်ကို ဆန့်ကျင်ရလိမ့်မယ်၊ မဟာညီညွတ်မှုကြီးကို ကိုယ် ပစ်ပယ်ရလိမ့်မယ်၊ ဒီညီညွတ်မှုကြီးဟာ အမှောင်ခန်းထဲမှာ သူ့ရင်ဘတ်ကို ထုပြီး "အို ဘုရားသခင်" လို့ တိုင်တန်း ငိုကြွေးနေတဲ့ ကောင်မကလေးရဲ့မျက်ရည်နဲ့ မထိုက်တန်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီ မျက်ရည်တွေဟာ ကျေအေးလို့ မရနိုင်လို့ပဲ၊ ဒါပေမဲ့ အဲဒီမျက်ရည်တွေကို ကျေအေးပစ်ရမယ်၊ နို့မဟုတ်ရင် ညီညွတ်မှုဟာ ဘယ်လိုမှ မရနိုင်ဘူး။

"ဒါပေမဲ့ ညီလေး၊ ဘယ်လိုလုပ်ပြီး ကျေအေးနိုင်မလဲ။ ကျေအေးလို့ ရနိုင်သလား၊ လက်စားမချေရဘူး လား။ ဒါပေမဲ့ ကိုယ်က ဘာဖြစ်လို့ သူတို့ကို လက်စားချေချင်ရသလဲ၊ ဖိနှိပ်သူတွေကို ကိုယ်က ဘာဖြစ်လို့ ငရဲရောက်စေချင်ရတာလဲ၊ ဒီကလေးတွေ အညှဉ်းပန်း အနှိပ်စက်ခံရပြီးတဲ့ နောက်မှာ ငရဲကရော ဘာအဓိပ္ပာယ် ရှိသေးသလဲ၊ ငရဲဆိုတာ ရှိခဲ့လို့ရှိရင် ဒီညီညွတ်မှုဟာ ဘယ်လို ညီညွတ်ခြင်းမျိုး ဖြစ်မလဲ ... ကိုယ်ဟာ ခွင့်လွှတ်ချင်တယ်၊ ကိုယ်ဟာ ဖက်ပွေ့ချင်တယ်၊ ကိုယ်ဟာ နောက်ထပ် ဒုက္ခ သုခတွေ မခံစားချင်တော့ဘူး၊ ကလေးတွေရဲ့ဒုက္ခဝေဒနာ ခံစားမှုတွေနဲ့ အမှန်တရားကို ဝယ်ယူရမှာလား၊ အဲဒီလိုဆိုရင်တော့ အဲဒီအမှန်တရားဟာ အဲဒီလောက်ဈေးနှုန်းကို မတန်ဘူး။

"အဲဒီတော့ နောက်ဆုံးပိတ်အနေနဲ့ ကိုယ်ပြောရရင် သူ့သားကလေးကို ခွေးတွေနဲ့ ကိုက်ပြီး တစစီ ဖွဲ့ပစ်လိုက်တဲ့ နှိပ်စက်တဲ့လူကို ကလေးအမေက ပွေ့ဖက်တာကို ကိုယ် မလိုလားဘူး။ ကလေးအမေ ဟာ သူ့ကို ခွင့်လွှတ်ပိုင်ခွင့် မရှိဘူး၊ တကယ်လို့ ကလေးအမေဟာ ခွင့်လွှတ်ချင်လို့ရှိရင် သူကိုယ်တိုင် အတွက်သာ အဲဒီလူကို ခွင့်လွှတ်နိုင်တယ်၊ ကလေးအမေတယောက်အနေနဲ့ စိတ်ဆင်းရဲအောင် အဲဒီလူ လုပ်ခဲ့တာတွေအတွက်သာ ခွင့်လွှတ်နိုင်တယ်။

"ဒါပေမဲ့ သူ့ကလေး ခံစားရတဲ့ ဒုက္ခအတွက် သူ့မှာ ခွင့်လွှတ်ပိုင်ခွင့် မရှိဘူး။ သူ့ကလေး ကိုယ်တိုင်က လူသတ်သမားကို ခွင့်လွှတ်စေဦးတော့ ... သူ့အနေနဲ့ ကြားချောင် ဝင်ပြီး ခွင့်လွှတ်ပိုင်ခွင့် မရှိဘူး။ အဲဒီတော့ သူတို့ဟာ သူတို့တောင် ခွင့်လွှတ်ပိုင်ခွင့် မရှိဘူးဆိုရင် ညီညွတ်မှုကြီးဟာ ဘာဖြစ်သွားမလဲ၊ ကိုယ်တို့ရဲ့ကမ္ဘာမြေကြီးမှာ ခွင့်လွှတ်ပိုင်ခွင့် ရှိတဲ့ ပုဂ္ဂိုလ် တစုံတယောက်များ ရှိသလား။

"ညီညွတ်ခြင်းကို ကိုယ် မလိုလားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူ့လောကကြီးကို ကိုယ်ချစ်လို့ပဲ၊ ကိုယ့်ရဲ့ဒုက္ခဝေဒနာတွေကို တုံ့ပြန်လက်စားချေခြင်း မပြုဘဲ ဒီအတိုင်းပဲ ရှိစေချင်တယ်။ ညီညွတ်မှု အတွက် ပေးရတဲ့တန်ဖိုးက ကြီးမားလွန်းတယ်၊ အဲဒီညီညွတ်မှုကို ရဖို့အတွက် ဝင်ခွင့်လက်မှတ်က ဈေးကြီးလွန်းတယ်၊ အဲဒါကြောင့် ကိုယ်ဟာ အဲဒီဝင်ခွင့်လက်မှတ်ကို ပြန်အပ်ရမယ်၊ ကိုယ်ဟာ ရိုးသားတဲ့ လူတယောက်ဆိုရင် အဲဒီလက်မှတ်ကို အမြန်ဆုံး ပြန်ပေးရမယ်၊ ကိုယ်လုပ်နေတာဟာ အဲဒီသဘောပဲ၊ အလျှိုရှာ... ကိုယ်ဟာ ဘုရားသခင်ကို လက်မခံတာ မဟုတ်ဘူး၊ ကိုယ်ဟာ ရိုသေလေးစားစွာနဲ့ လက်မှတ်ကို ပြန်အပ်နေတာပဲ"

"ဒါ တော်လှန်တာပဲ" အလျှိုရှာ မျက်လွှာချပြီး ရေရွတ်လိုက်သည်။

"တော်လှန်တာပဲ ဟုတ်လား၊ ညီလေးက အဲဒီလိုပြောတဲ့အတွက် ကိုယ်

အများကြီး စိတ်မကောင်း ဘူး” အိုက်ဗင် စိတ်ထိခိုက်စွာဖြင့် ပြောသည်။ “လူတယောက်ဟာ တော်လှန်တဲ့ အခြေအနေမှာ အသက်ရှင်မနေနိုင်ဘူး၊ ကိုယ်ဟာ အသက်ရှင်ပြီး နေချင်တယ်။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ညီလေးကို ကိုယ် မေတ္တာရပ်ခံပါတယ် ... ကိုယ်မေးတာကို ပြောစမ်းပါ။ ညီလေး ကိုယ်တိုင်ဟာ လူတွေရဲ့ဘဝကံကြမ္မာကို ဖန်တီးတဲ့လူ ဆိုပါတော့။ လူတွေဟာ နောက်ဆုံးတနေ့မှာ ပျော်ရွှင်ကြရမယ်၊ ငြိမ်းချမ်းကြရမယ်၊ ကျေနပ်နှစ်သိမ့်ကြရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးတယ် ဆိုပါတော့၊ ဒါပေမဲ့ အဲဒီလို ဖန်တီးတဲ့နေရာမှာ မလွှဲသာ မရှောင်သာ လိုအပ်ချက်အနေနဲ့ ကောင်ကလေးတယောက်ကို သေဆုံးတဲ့အထိ ညှဉ်းပန်းနှိပ်စက်ရမယ်၊ ကောင်မကလေး တယောက်ကို ရင်ဘတ်စည်တီး လုပ်ခိုင်းရမယ်တဲ့ ... ညီလေးဟာ အဲဒီလို အနေအထားမျိုးနဲ့ ဗိသုကာကြီး တယောက် ဖြစ်ချင်ပါ့မလား၊ ကိုယ့်ကို မလိမ်မညာဘဲနဲ့ ပြောစမ်းပါ”

“ဟင့်အင်း မဖြစ်ချင်ဘူး” အလျှိုရှာ တိုးညင်းစွာ ပြောသည်။

“နောက်ပြီးတော့ ညီလေး တည်ဆောက်ထားတဲ့ ငြိမ်းချမ်းသာယာမှုကို ရရှိမယ့် လူတွေကကော ကလေးတယောက်ရဲ့ မတရားသဖြင့် ကျရတဲ့ သွေးတွေနဲ့ ပေးဝယ်ရတဲ့ ငြိမ်းချမ်းသာယာမှုကို လက်ခံကြပါ့မလား၊ အဲဒီလို လက်ခံပြီး သူတို့ဟာ ထာဝရပျော်ရွှင်မယ်လို့ ညီလေး ဝန်ခံနိုင်ပါ့မလား”

“ဟင့်အင်း ... ကျွန်တော် ဝန်မခံနိုင်ပါဘူး” အလျှိုရှာ မျက်တောင် တဖျပ်ဖျပ်နှင့် ရုတ်ခြည်းပင် ပြန်ဖြေသည်။ “ဒါပေမဲ့ ဒီကမ္ဘာကြီးမှာ ခွင့်လွှတ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တယောက်၊ ခွင့်လွှတ်နိုင်တဲ့ ပုဂ္ဂိုလ်တယောက် ရှိသလားလို့ အစ်ကို စောစောက မေးသွားတယ်။ အဲဒီလိုလူမျိုး ရှိပါတယ်။ သူဟာ အရာရာကို ခွင့်လွှတ်နိုင်တယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ အားလုံးနဲ့ အကုန်လုံးအတွက် သူ့ရဲ့ အပြစ်မဲ့တဲ့သွေးတွေကို ပေးထားလို့ပဲ။ အစ်ကိုဟာ သူ့ကို မေ့နေတယ်။ သူဟာ ဒီအဆောက်အအုံကြီး ကို တည်ဆောက်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ လူတွေဟာ သူ့ကို ရည်စူးပြီး ကြွေးကြော်ကြတယ် “အို ဘုရားသခင်၊ တရားမျှတတော်မူပေသည်။ အရှင်ဘုရားရဲ့လမ်းစဉ် အောင်မြင်တော်မူပြီ”

“သြော် ... ဒုစရိုက်မှု မရှိတဲ့ တဦးတည်းသောပုဂ္ဂိုလ်ကြီးနဲ့ သူ့ရဲ့သွေး၊ ကိုယ် သူ့ကို မမေ့ပါဘူး။ ဒါပေမဲ့ အခု ကိုယ်တို့ ပြောနေကြတဲ့စကား တလျှောက်လုံးမှာ သူ့ကို ညီလေးက တင်မလာတဲ့အတွက်တော့ အစ်ကို အများကြီး အံ့သြနေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညီလေးဟာ ဘာစကားကိုပဲ ပြောပြော သူ့ကို အလျင်ဆုံး တင်လာနေကျ မဟုတ်လား။ ဒီမယ်... ညီလေး အလျှိုရှာ မရယ်နဲ့နော်၊ ကိုယ်ပြောမယ်။ လွန်ခဲ့တဲ့ တနှစ်လောက်တုန်းက ကိုယ် ကဗျာတပုဒ် လုပ်ထားတယ်။ ညီလေး ကိုယ့်ကို နောက်ထပ် အချိန်ဆယ်မိနစ်လောက်

ပေးနိုင်မယ်ဆိုရင် အဲဒီကဗျာအကြောင်း ကိုယ် ပြောပြမယ်”

“အစ်ကို ကဗျာစပ်ထားတယ်၊ ဟုတ်လား”

“အို ... မဟုတ်ဘူး၊ ကိုယ်စပ်တာ မဟုတ်ပါဘူး” အိုက်ဗင် ရယ်လိုက်သည်။ “ကိုယ့်တသက်မှာ ကဗျာနှစ်ကြောင်းတောင် မစပ်ဖူးပါဘူး၊ အစ်ကို အဲဒီကဗျာကို စကားပြေနဲ့ လုပ်ထားတာပါ။ အဲဒါကို အစ်ကို မှတ်မိနေတယ်။ ကိုယ့်စိတ်ကူးထဲမှာ အာရုံဝင်စားတုန်းမှာ ကိုယ် လုပ်ထားလိုက်တာပဲ။ ညီလေးဟာ အစ်ကို့ကဗျာကို ပထမဆုံး ဖတ်ရတဲ့လူပဲ ဖြစ်မယ်။ အစ်ကို ဆိုလိုတာက ... ပထမဆုံး နားထောင်တဲ့သူပေါ့” အိုက်ဗင် ပြုံးလိုက်သည်။ အဲဒီကဗျာကို အစ်ကို ပြောပြရမလား၊ မပြောရဘူး လား”

“ကျွန်တော် သိပ်နားထောင်ချင်ပါတယ်”

အလျှိုရှာက ဖြေလိုက်သည်။

“ကိုယ့်ကဗျာရဲ့နာမည်က ‘မဟာခုံတော်ချုပ်’ တဲ့။ ဒီကဗျာက အလကားတော့ အလကားပဲ၊ ဒါပေမဲ့ ညီလေးကို ကိုယ် ပြောပြချင်တယ်”

၅။ မဟာခုံတော်ချုပ်

"ဒီနေရာမှာ နိဒါန်းတခု မပါဘဲနဲ့တော့ ပြောလို့ရမှာ မဟုတ်ဘူး။ စာပေနိဒါန်း တခုပဲပေါ့ ညီလေး၊ အင်း၊ ကိုယ်က ဘယ်လို စာရေးဆရာမျိုးများလဲ.. ဟဲ ဟဲ" အိုက်ဇင် ရယ်မောလိုက်သည်။

"ဒီမယ် ညီလေး၊ ကိုယ့်ကဗျာရဲ့ နောက်ခံကာလက ဆယ့်ခြောက်ရာစု ဖြစ်တယ်၊ ညီလေးလည်း ကျောင်းမှာ သင်ခဲ့ဖူးတာပဲ၊ သိမှာပေါ့။ အဲဒီတုန်းက ကဗျာတွေက ဘုရားသခင်နဲ့ ကောင်းကင်ဘုံက နတ်တွေ၊ သူတော်စင်တွေအကြောင်းကို လူ့လောကကြီးနဲ့ ဆက်စပ်ပြီး ရေးဖွဲ့ကြတာ များတယ်။ ဒန်တီရဲ့ကဗျာတွေကို ထားလိုက်ဦး၊ အဲဒီတုန်းက ပြင်သစ်မှာဆိုရင် နန်းတွင်းစာဆိုတွေ၊ ဘုန်းတော်ကြီးကျောင်းက ရဟန်းတွေ အပါအဝင်ပေါ့။ ပြဇာတ်တွေ ကကြပြီဆိုရင် ဘုရားသခင်နဲ့ မယ်တော် မက်ဒေါ်နားရယ်၊ ကောင်းကင်ဘုံ တမန်တော်တွေရယ်၊ သူတော်စင်တွေရယ်၊ ယေရှုခရစ်နဲ့ ... နောက်ဆုံးမှာ ထာဝရဘုရားသခင် ကိုယ်တော်တိုင်အထိ ဇာတ်ခုံပေါ်မှာ တင်ကြတယ်။

"အဲဒီတုန်းက ပြဇာတ်တွေဟာ အနုပညာဖန်တီးမှု မရှိကြသလောက်ပဲ၊ ကေဒသမမြောက် လူဝီဘုရင် လက်ထက်က ပါရီမြို့တော်ခန်းမမှာ ကပြခဲ့တဲ့ ဗစ်တာဟူးဂိုးရဲ့ နော်တာဒိမ်းဒီပါရီ ပြဇာတ်မှာဆိုရင် ဗာဂျင်မေရီ ကိုယ်တော်တိုင် ဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့တယ်။ အဲဒီပွဲဟာ ဝင်ကြေးမရှိတဲ့ ဗလာပွဲပဲ။ ဗီတာဘုရင်ကြီးခေတ် မတိုင်မီတုန်းက ကိုယ်တို့နိုင်ငံ မော်စကိုမြို့မှာလည်း သမ္မာကျမ်းစာဟောင်းက ဇာတ်လမ်းတွေကို အခြေခံတဲ့ အဲဒီလိုမျိုး ပြဇာတ်တွေ ကခဲ့ကြတယ်။

"အဲ... ပြဇာတ်တင်လား ဆိုတော့ မဟုတ်သေးဘူး။ အဲဒီခေတ်တုန်းက ဝတ္ထုတွေ ကဗျာတွေမှာလည်း လိုအပ်ရင် လိုအပ်သလို ကောင်းကင်ဘုံက တမန်တော်တွေ နတ်တွေ ပါဝင်ကြတယ်။ ကိုယ်တို့ဆီက ဘုန်းကြီးတွေဟာ အဲဒီဝတ္ထုတွေ ကဗျာတွေကို ဘာသာပြန်ကြတယ်၊ မိုငြမ်းပြုကြတယ်။ ကိုယ်တိုင်လည်း ရေးဖွဲ့ကြတယ်။ တာတာတွေ အုပ်စိုးတဲ့ခေတ်မှာတောင် အဲဒါမျိုးတွေ ရေးခဲ့ကြ တယ်။

"ဥပမာတခု ပြရမယ်ဆိုရင် ဘုန်းကြီးကျောင်း ကဗျာတပုဒ် ရှိခဲ့တယ်။ ခေါမကနေ ဘာသာပြန်တာပဲ၊ မယ်တော်မာရီနဲ့ ငရဲပြည်ခရီး တဲ့။ ဒန်တီရဲ့ကဗျာအတိုင်းပဲ ကွက်ကွက်ကွင်းကွင်း ရေးထားတယ်။ ကိုယ်တို့ရဲ့မယ်တော်သခင်မဟာ ငရဲပြည်ကို အလည် ကြွရောက်တော်မူတယ်။

တမန်တော် မိကျွေလက မယ်တော်ကို လှည့်လည်ပြသတယ်။ ငရဲခံနေကြရတဲ့လူတွေကို လိုက်ပြတယ်။ မယ်တော်ဟာ ငရဲကျနေတဲ့လူတွေနဲ့ သူတို့ ဝေဒနာ ခံစားနေကြရပုံတွေကို ရှုမြင်ရတယ်။ အဲဒီမှာ မီးပင်လယ်ကြီးတခု ရှိတယ်။ အဲဒီ မီးပင်လယ်ကြီးထဲကို ပစ်ချခံရတဲ့ လူတွေဟာ ဘယ်တော့မှ မလွတ်မြောက်နိုင်တော့ဘူး။ သူတို့တတွေဟာ "ဘုရားသခင်ရဲ့မေ့လျော့ခြင်း ခံနေရသူများ" ပဲ ဖြစ်တော့တယ်။

"အဲဒီအခါမှာ ဘုရားသခင်ရဲ့မယ်တော်ဟာ ဘုရားသခင်ရဲ့ သလွန်တော် ရှေ့မှောက်မှာ ဒူးထောက်ပြီး တုန်လှုပ်ချောက်ချားစွာ ငိုကြွေးရင်း ငရဲမှာ ကျခံနေရတဲ့ လူတွေအားလုံး၊ ငရဲမှာ သူတွေ့ခဲ့ရတဲ့ လူတွေအားလုံးကို အတန်းအစား မခွဲခြားဘဲ အားလုံးကို တပြေးတည်း တညီတည်း လွတ်ငြိမ်း ချမ်းသာခွင့်ပေးဖို့ လျှောက်ထားတောင်းပန်တယ်။ ဘုရားသခင်နဲ့ မယ်တော်မာရီ စကားပြောခန်းဟာ အင်မတန် စိတ်ဝင်စားဖို့ကောင်းတယ်။ မယ်တော်ဟာ အပူတပြင်း တောင်းပန်တယ်။ သူ့ရဲ့ တောင်းဆိုချက် မရမချင်း ဒီနေရာက မခွာဘူးလို့ ပြောတယ်။

"အဲဒီအခါမှာ ဘုရားသခင်က သူ့သားတော်ရဲ့လက်နဲ့ ခြေထောက်က သံမှိုစွဲခံရတဲ့ အမာရွတ်တွေကို ပြပြီး "သူ့ကို ညှဉ်းပန်းနှိပ်စက်တဲ့လူတွေကို ကျွန်ုပ် ဘယ်လိုလုပ်ပြီး ခွင့်လွှတ်နိုင်မလဲလို့" မယ်တော်ကို မေးတယ် ... ။ အဲဒီအခါမှာ မယ်တော်ဟာ သူနဲ့အတူ ဒူးထောက်ပြီး ငရဲခံနေသူတွေ အားလုံး အတန်းအစား မခွဲခြားဘဲ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရေးအတွက် ဆုမွန်ကောင်းတောင်းကြဖို့ သူတော်စင်တွေ၊ အာဇာနည်တွေ၊ တမန်တော်တွေ အားလုံးကို ဖိတ်မန္တကပြုတယ်၊ နောက်ဆုံးကျတော့ ...။

"အရှင် ယေရှုခရစ် အသေခံတော်မူတဲ့ မဟာသောကြာနေ့ကနေ... ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် သုံးပါးပေါင်းတို့ဟာ မဟာတနင်္ဂနွေနေ့အတွင်းမှာ ဒုက္ခခံစားခြင်းမှ နှစ်စဉ် လွတ်ကင်းကြစေဆိုတဲ့ ဆိုင်းငံ့တော်မူခြင်းနဲ့ ပြီးဆုံးသွားတယ်။ ဒီကာလအတွင်းမှာ ဒုက္ခခံစားခြင်းကို ခေတ္တဆိုင်းငံ့ပေးလိုက်တာပဲ။

"အဲဒီအခါမှာ ငရဲမှာ ကျခံနေကြရတဲ့ အပြစ်ရှိသူအားလုံးကပဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ဂုဏ်ပြု ကြွေးကြော်ကြတယ်။ "အရှင်ဘုရားရဲ့အဆုံးအဖြတ်တော်ဟာ မှန်ကန်ခြင်း ရှိလှပါတယ်" ဆိုပြီးတော့ပေါ့... အဲ... ကိုယ့်ရဲ့ ကဗျာကလေးဟာလည်း အဲဒီအချိန်ကသာ ရေးခဲ့လို့ရှိရင် အဲဒီအတိုင်းပဲ နေမှာပဲ။ ဒါပေမဲ့ ကိုယ့်ရဲ့ကဗျာမှာ ဘုရားသခင် ကိုယ်တော်တိုင် ပါဝင်ပေမယ့် သူ ဘာမှ မပြောဘူး။ သူဟာ ဇာတ်ဆောင်တယောက်အနေနဲ့ ပါဝင်သွားတာပဲ ဖြစ်တယ်။

"သူ့ရဲ့နိုင်ငံတော်အတွင်းကို သူပြန်လာမယ်လို့ ကတိပြုထားတာ တဆယ့်ငါးရာစု ရှိသွားပြီ။ သူ့ရဲ့ ပရော်ဖက်က ရေးထားခဲ့တာပဲ၊ တဆယ့်ငါးရာစု ရှိသွားပြီ။

"အလျင်အမြန် ငါပြန်လာခဲ့မယ်၊ ငါပြန်လာမယ့်နေ့ကို ငါ၏ဖခမည်းတော်မှတပါး ဘယ်လူသား တယောက်မှ မသိရှိပါ။ ကောင်းကင်ဘုံက ဘယ်တမန်တော် တယောက်မျှ မသိရှိပါ"

"သူဟာ ဒီကမ္ဘာကြီးမှာ ရှိစဉ်တုန်းက အဲဒီလိုပဲ မြွက်ကြားသွားခဲ့တယ်၊ လူသားတွေက သူ့ကို ယုံကြည် ကိုးစားစွာနဲ့ စောင့်မျှော်ခဲ့ကြတယ်။ သူ့ကို ချစ်ခင်မြတ်နိုးစွာနဲ့ စောင့်မျှော်ခဲ့ကြတယ်။ ကောင်းကင်ဘုံရဲ့အမှတ်သင်္ကေတကို တဆယ့်ငါးရာစုလုံးလုံး မတွေ့မြင်ကြရတဲ့အခါ ယုံကြည် ကိုးစားမှု ပိုပြီး ကြီးမားကြရတယ် ...

နှလုံးသားယုံကြည်မှု ဖြည့်ဆည်းစရာ

ကောင်းကင်ဘုံမှ အမှတ်လက္ခဏာ မပြပါ ....

"ဟုတ်တယ်၊ နှလုံးသားက ပြောနေတဲ့ ယုံကြည်မှုကလွဲလို့ ဘာမှ မရှိတော့ဘူး။ အဲဒါအမှန်ပဲ၊ အဲဒီတုန်းက အံ့ချီးဖွယ်ရာ တန်ခိုးနိမိတ်တွေအကြောင်း ပြောကြတာတွေအများကြီးပဲ။ အံ့ချီးဖွယ်ရာ တန်ခိုးနိမိတ်တွေအကြောင်း ဖွင့်ဆိုတဲ့ သူတော်စင်ကြီးတွေလည်း အများကြီးပဲ။ သူတို့ရဲ့ ထေရုပ္ပတ္တိတွေအရ ပြောရရင် ဘုရားသခင်ရဲ့မယ်တော်ဟာ အဲဒီ သူတော်စင်ကြီးတွေဆီကို ကိုယ်တော်တိုင် ကြွလာတယ်တဲ့။

ဒါပေမဲ့ ဒီနေရာမှာ မာရ်နတ်ကလည်း ငြိမ်မနေဘူး၊ လူ တော်တော်များများဟာ ဘုရားသခင်နဲ့ ကောင်းကင်ဘုံရဲ့တန်ခိုးတော်တွေအပေါ်မှာ သံသယဖြစ်စ ပြုလာကြတယ်။ အဲဒီအချိန်မှာပဲ ဂျာမနီနိုင်ငံ မြောက်ပိုင်းမှာ အင်မတန်ဆိုးရွားတဲ့ မိစ္ဆာဒိဋ္ဌိ စကားတခု ဖြစ်လာတယ်။

ရောမ ကြယ်ကြီးတလုံး "မှန်အိမ်တခုလို ထွန်းလင်းနေတဲ့ ကြယ်ကြီးတလုံး" (မှန်အိမ်တခုလိုဆိုတာ အသင်းတော်ကို ပြောတာပဲ) "အဲဒီ ကြယ်ကြီးဟာ ရေထဲကိုကျပြီး အဲဒီရေတွေ အားလုံးဟာ ဗျစ်ခါးရည် ဖြစ်သွားတယ်" တဲ့။

"အဲဒီ မိစ္ဆာဒိဋ္ဌိ စကားတွေဟာ ဘုရားသခင်ရဲ့တန်ခိုးနိမိတ်တွေ ရှိတယ်ဆိုတာကို မရိုမသေ မလေးမစား ပစ်ပယ်ငြင်းဆန်တဲ့ စကားတွေပဲ။ ဒါပေမဲ့ ဘုရားသခင်အပေါ်မှာ ယုံကြည်ကိုးစားတဲ့ လူတွေကတော့ ယုံကြည်ကိုးစားမြဲ

ယုံကြည်ကိုးစားနေကြတယ်။ ပိုပြီးတော့တောင် ထက်ထက်သန်သန် ယုံကြည်ကိုးစားကြတယ်၊ လူသားတွေရဲ့ ဒုက္ခဝေဒနာတွေဟာ ဘုရားသခင်ထံ မှောက်ကို တက်ရောက်မြဲ တက်ရောက်သွားနေကြတယ်။

“လူသားတွေက သူ့ကို ချစ်ခင်မြတ်နိုးတယ်၊ မျှော်လင့်အားထားကြတယ်။ အလျှင်ကအတိုင်းပဲ သူ့ထံမှောက်မှာ ခံစားသေဆုံးချင်ကြတယ် … လူသားတွေဟာ နှစ်ပရိစ္ဆေဒ မရေမတွက်နိုင်အောင်ပဲ ယုံကြည်ကိုးစားစွာနဲ့ ဆုတောင်းပတ္ထနာ ပြုကြတယ်။ “အို ဘုရားသခင် ကျွန်ုပ်တို့၏ ဘုရားသခင်၊ ကျွန်ုပ်တို့ထံသို့ ကြွမြန်းလာပါတော့” အဲဒီလိုလူသားတွေက နှစ်ပရိစ္ဆေဒပေါင်းများစွာ သူ့ကို ပင့်ခေါ်ကြတဲ့အခါမှာ ကရုဏာတရား ကြီးမားတော်မူလှတဲ့ ဘုရားသခင်ဟာ ဆုတောင်းပတ္ထနာ ပြုကြတဲ့ လူတွေဆီကို ကြွမြန်းလိုစိတ် ဖြစ်ပေါ်ခဲ့တယ်။

“သူဟာ ကောင်းကင်ဘုံက ဆင်းသက်လာပြီး သူတော်စင်ပေါင်း၊ အာဇာနည်ပေါင်း ရသေ့ကြီးပေါင်း မြောက်မြားစွာထံကို ကြွရောက်တော်မူခဲ့တယ်။ အဲဒီ သူတော်စင်ကြီးတွေရဲ့ “ထေရုပ္ပတ္တိ” တွေမှာ အဲဒီလိုပဲ ရေးထားခဲ့တယ်။ ကိုယ်တို့ တိုင်းပြည်မှာဆိုရင်လည်း ကဗျာဆရာကြီး တီယူချက်က ဟောဒီအတိုင်း မော်ကွန်းထိုးခဲ့တယ်။

လက်ဝါးကပ်တိုင်ကို ဆောင်ကြဉ်းသောအသွင်

မာန်မာနကင်းသော ကောင်းကင်ဘုံအရှင်

ကျွန်ုပ်တို့ နိုင်ငံတခွင် လှည့်လည်စဉ်

ကောင်းချီးတရား ပေးသနားတော်မူသည်ပင်။

“အဲဒါဟာ အမှန်တကယ်ပဲဆိုတာ ကိုယ်ပြောနိုင်တယ် ညီလေး။ သူဟာ အညှဉ်းပန်း အနှိပ်စက် ခံနေရတဲ့ … ဒုက္ခဝေဒနာ ခံစားနေကြရတဲ့ … ဒုစရိုက်နွံထဲမှာ နစ်မြုပ်နေကြတဲ့ … ဒါပေမဲ့ အပြစ်ကင်းစင်တဲ့ ကလေးကလေးတွေလို.. သူ့ကို ချစ်မြတ်နိုးနေကြတဲ့ လူသားတွေဆီကို ခဏတာကလေးပဲဖြစ်ဖြစ် ကြွမြန်းလာလိုစိတ် ရှိတယ်။

“ကိုယ့်ကဗျာ ဇာတ်လမ်းတည်ရာ အရပ်ကတော့ စပိန်နိုင်ငံ ဆီဗီမြို့မှာပဲပေါ့။ အင်မတန် ကြောက်မက်ဖွယ်ရာကောင်းတဲ့ မိစ္ဆာဒိဋ္ဌိ နှိမ်နင်းရေးခေတ်ကပဲပေါ့။ ဘုရားသခင်ရဲ့ ဘုန်းတန်ခိုး တော်အတွက် နေ့စဉ် မီးပူဇော်ကြတဲ့ ခေတ်ပဲပေါ့။

မိစ္ဆာဒိဋ္ဌိ နှိမ်နင်းပွဲ

မီးတင်ရှို့ကြ တရဲရဲ။

“မှန်တယ်၊ သူ အခုတကြိမ် လာတာဟာ သူ ကတိပြုထားတဲ့အတိုင်း ဘုန်းတန်ခိုးတော် ထွန်းပြောင်စွာနဲ့ လာရောက်ခြင်း မဟုတ်ဘူး၊ “အရှေ့မှသည် အနောက်သို့ လျှပ်ရောင်ဝင်း ပြက်လိုက်သကဲ့သို့” ကြွချီတော်မူလာခြင်း မဟုတ်ဘူး၊ သူတို့ရဲ့ကလေးငယ်များဆီကို ခေတ္တခဏမျှ ကြွမြန်းလာတော်မူခြင်းသာ ဖြစ်တယ်။ မီးတောက်တွေရဲ့အလယ်မှာ မိစ္ဆာဒိဋ္ဌိတွေ မီးလောင်မြိုက် နေရာ အရပ်ကို လာရောက်ခြင်း ဖြစ်တယ်။

“သူဟာ မဟာကရုဏာတရား ကြီးမားလှတဲ့အလျောက် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ရာစုတုန်းက လူသားတွေရဲ့ အလယ်မှာ လူတယောက် ပုံသဏ္ဍာန်နဲ့ လမ်းလျှောက်ခဲ့သလို အခုလည်း လူတယောက် ပုံသဏ္ဍာန်နဲ့ လမ်းလျှောက်လာခြင်းပဲ ဖြစ်တယ်။ သူဟာ ဆီဗီမြို့ တောင်ပိုင်းက “ပူလောင်နေတဲ့ လမ်းတွေထဲ” ကို ဆင်းလာတော်မူတယ်။ အဲဒီလမ်းတွေ ပူလောင်နေရတာကတော့ အဲဒီအရင်တနေ့က ခမ်းနားကြီးကျယ်လှတဲ့ မိစ္ဆာဒိဋ္ဌိ နှိမ်နင်းပွဲကြီးမှာ မဟာခုံတော်ချုပ် ဖြစ်တဲ့ သာသနာပိုင်ဆရာတော်ကြီးက မိစ္ဆာဒိဋ္ဌိတရာနီးပါးကို အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ဘုရင်မင်းမြတ်နဲ့ တကွ မှူးကြီးမတ်ကြီးများ၊ သူရဲကောင်းများ၊ ဂိုဏ်းချုပ်ကြီးများ၊ နန်းတွင်းသူ အချောအလှများနဲ့ ဆီဗီမြို့သူမြို့သားများ အားလုံးရဲ့ ရှေ့မှာ အားလုံးကို ချက်ချင်းပဲ မီးလောင်တိုက်သွင်း သတ်ခဲ့လို့ပဲ။

“သူဟာ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး လာခဲ့တယ်… ဒါပေမဲ့ အံ့ဩစရာ ကောင်းတာကတော့ အားလုံးကပဲ သူ့ကို မှတ်မိကြတယ်၊ အဲဒီအခန်းဟာ ကိုယ့်ကဗျာမှာ အကောင်းဆုံး အခန်းတခန်းပဲ၊ လူတွေက သူ့ကို ဘာဖြစ်လို့ မှတ်မိကြသလဲဆိုတဲ့ အခန်းပဲ။ လူတွေဟာ ဘယ်လိုမှ မရုန်းဖယ်နိုင်ဘဲ သူ့ဆီကို ရောက်သွားကြတယ်၊ သူ့ကို ဝိုင်းအုံကြတယ်၊ သူ့အနားမှာ စုဝေးကြတယ်၊ သူ့နောက်ကို လိုက်ပါကြတယ်။ သူဟာ သိမ်မွေ့နူးညံ့တဲ့ ကရုဏာ အပြုံးနဲ့ လူတွေကြားထဲမှာ ခပ်မဆိတ် လျှောက်သွားတယ်။ သူ့ရဲ့အသည်းနှလုံးမှာ မေတ္တာတရား တွေ ပူနွေးနေတယ်၊ သူ့မျက်လုံးများက အသိပညာနဲ့ အလင်းရောင် ထွန်းပြောင်နေတယ်၊ လူသားတွေရဲ့ အသည်းနှလုံးကို မေတ္တာတရားတွေ ရောင်ပြန်ဟပ်စေတယ်။

“သူက လူသားတွေဆီကို လက်နှစ်ဖက် ဆန့်တန်းတယ်၊ ကောင်းချီးမင်္ဂလာ ပေးသနားတယ်၊ သူ့ကိုယ်နဲ့ ထိတွေ့တဲ့အခါမှာ သူ့ရဲ့အဝတ်များက ကြားခံနေပေမဲ့ ဒုက္ခဝေဒနာများ ပျောက်ကင်း စေနိုင်တဲ့ သိဒ္ဓိထူးတွေကို ခံစားရရှိကြတယ်။

“ကလေးဘဝကတည်းက မျက်စိနှစ်ကွင်း အလင်းမရတဲ့

အဘိုးကြီးတယောက်က လူအုပ်ကြီးရဲ့ အလယ်ကနေပြီး ဟစ်အော်လျှောက်ထားလိုက်တယ်။ "အို ဘုရားသခင်၊ အရှင်ဘုရားကို ကျွန်တော်မျိုးတွေ့မြင်ဖူးမြော်နိုင်အောင် ကုသပေးပါ" တဲ့။ အဲဒီအခါမှာ အဘိုးကြီး မျက်လုံးက ပိတ်ဖုံးနေတဲ့ အကြေးခွံတွေ ကွာကျသွားတဲ့အတိုင်းပဲ၊ မျက်မမြင် အဘိုးကြီးဟာ သူ့ကို တခါတည်း တွေ့မြင်ရတယ်။

"လူအပေါင်းဟာ သူ လမ်းလျှောက်သွားတဲ့ မြေပြင်ကို ငိုယိုပြီး နမ်းရှုပ်ကြတယ်၊ ကလေးတွေက လည်း သူ့ရှေ့မှာ ပန်းတွေကြဲပြီး ဟစ်အော်သီကြွေးကြတယ်။

"အို ဘုရားသခင်၊ အဲဒါ သူပဲ၊ သူကိုယ်တိုင်အစစ်ပဲ"

သူတို့ ထပ်ခါတလဲလဲ ဟစ်အော်ကြတယ်၊ "သူပဲဖြစ်ရမယ်၊ သူကလွဲလို့ တခြား ဘယ်သူမှ မဖြစ်နိုင်ဘူး" ...

ဆီဗီ ဘုရားရှိခိုးကျောင်းတော်ကြီးရဲ့ လှေကားထစ်ရင်းမှာ သူ ရပ်လိုက်တယ်။ အဲဒီအချိန်မှာ ငိုကြွေးရှိုက်ငင်နေကြတဲ့ လူတစုဟာ အဖုံးဖွင့်ထားတဲ့ ခေါင်းဖြူဖြူကလေးကို သယ်ဆောင်လာကြ တယ်။ ခေါင်းထဲမှာတော့ အသက် ခုနစ်နှစ်အရွယ် မိန်းကလေးတယောက် ရှိနေတယ်။ မြို့မျက်နှာဖုံး လူကြီးတယောက်ရဲ့တဦးတည်းသော သမီးကလေးပဲ၊ သေဆုံးနေတဲ့ ကလေးကလေးကို ပန်းတွေနဲ့ ဖုံးလွှမ်းထားတယ်။

"သင့်ကလေးကို သူ ပြန်ပြီး ရှင်စေလိမ့်မယ်" လို့ ... လူထုကြီးထဲက လူတချို့က ငိုကြွေးနေတဲ့ ကလေးမိခင်ကို လှမ်းအော်ပြီး ပြောကြတယ်။ အသုဘကို လာရောက်ကြိုဆိုတဲ့ ဘုန်းတော်ကြီးဟာ ကြောင်အမ်းသွားပြီး မျက်မှောင်ကုတ်သွားတယ်။ အဲဒီအချိန်မှာ သေဆုံးသူ ကလေးမကလေးရဲ့ အမေ ဟစ်အော်လိုက်တဲ့အသံကို ကြားကြရတယ်။ ကလေးအမေဟာ သူ့ခြေရင်းမှာ ပစ်လှဲပြီး .... "အရှင်ဘုရားကိုယ်တော်တိုင် ဖြစ်တော်မူခဲ့လျှင် တပည့်တော်မရဲ့သမီးကလေးကို အသက်ပြန်ရှင် အောင် လုပ်ပေးပါ ဘုရား" လို့ လျှောက်တယ်။

"အသုဘအခမ်းအနား ရပ်တန့်သွားတယ်။ ပြီးတော့ ခေါင်းကို သူ့ခြေတော်ရင်းက လှေကားထစ်များ ပေါ်မှာ ချလိုက်ကြတယ်၊ သူဟာ ကရုဏာတရားတော်နဲ့ ကြည့်နေပြီး နောက် သူ့ပါးစပ်က စကားလုံးများ တိုးညင်းစွာ ထွက်ပေါ်လာကြတယ်... "ထတော့ မိန်းကလေး" အဲဒီအခါမှာ မိန်းကလေး ထလာတယ်၊ မိန်းကလေးဟာ ခေါင်းထဲမှာ ထထိုင်ပြီး ပြုံးရယ်နေတဲ့ မျက်လုံးများနဲ့ ဘေးပတ်ဝန်းကျင်ကို ကြည့်တယ်၊ သူ့လက်ထဲမှာ သူတို့ ထည့်ပေးထားတဲ့ နှင်းဆီပန်းတွေကို ကိုင်ထားတယ်။

အဲဒီအခါမှာ လူအုပ်ကြီးဟာ စီစီညံညံ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတယ်။ အဲဒီအချိန်မှာပဲ မဟာခုံတော်ချုပ် ဖြစ်တဲ့ သာသနာပိုင်ဆရာတော်ကြီးဟာ ဘုရားရှိခိုးကျောင်းတိုက်ကြီးအနီးက ဖြတ်သန်းသွားတယ်။ ဘုန်းတော်ကြီးဟာ အသက်အရွယ် ကြီးလှပြီ ဖြစ်တယ်။ သက်တော် ကိုးဆယ် နီးပါး ဖြစ်တယ်၊ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းကြီး ဖြစ်တယ်၊ မျက်နှာကတော့ အရေတွေ တွန့်ပြီး မျက်လုံးတွေ ချိုင့်ဝင်နေကြပြီ ဖြစ်တယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေဟာ အခုထက်ထိ အရောင်တောက်လက်နေကြဆဲပဲ ဖြစ်တယ်။

ဒါပေမဲ့ သူဟာ အဲဒီအချိန်မှာ ဗရင်ဂျီအယူဝါဒရဲ့ရန်ဆူးရန်ငြောင့်တွေကို မီးလောင်တိုက်သွင်းတုန်းက ဝတ်တဲ့ ခမ်းနားကြီးကျယ်လှတဲ့ သာသနာပိုင် ဝတ်ရုံတော်ကြီးကို ဝတ်ဆင်မထားဘဲ သာမန် ဘုန်းကြီးတပါး ဝတ်ဆင်တဲ့ သင်္ကန်းကြမ်းကြမ်း ဟောင်းဟောင်းကြီး တထည်ကိုသာ ဝတ်ဆင်ထား တယ်။ သူ့ရဲ့နောက်ဘက် ခပ်လှမ်းလှမ်းမှာ တည်ငြိမ်လေးနက်တဲ့ လက်ထောက်ဆရာတော်များ၊ သူ့ရဲ့ နောက်တော်ပါ အခြွေအရံများနဲ့ သူ့ရဲ့ ကိုယ်ရံတော် အစောင့်အရှောက်များ ပါရှိတယ်။

"လူထုကြီးရဲ့ရှေ့မှာ ရပ်လိုက်ပြီး ခပ်လှမ်းလှမ်းကနေ သူကြည့်နေတယ်၊ ဖြစ်ပျက်တာတွေ အားလုံးကို သူမြင်ရတယ်။ သူ့ခြေရင်းမှာ ခေါင်းချလိုက်တာကို သူမြင်ရတယ်၊ သူငယ်မကလေး သေရာမှ ရှင်လာတာကို သူ မြင်ရတယ်၊ အဲဒီအခါမှာ သူ့မျက်နှာ ညိုမည်းသွားတယ်၊ သူ့ရဲ့ မျက်ခုံးမွေး ဖြူဖြူတွေကို တွန့်ရှုံ့လိုက်တယ်၊ သူ့မျက်လုံးတွေ မီးရောင် တောက်လာတယ်။

သူ လက်ညှိုးညွှန်လိုက်ပြီး သူ့ကို ဖမ်းဆီးဖို့ ကိုယ်ရံတော်တပ်သားတွေကို အမိန့်ပေးလိုက်တယ်။

"သူဟာ တန်ခိုးအာဏာ ကြီးထွားလှပြီး သူ့ရဲ့ အမိန့်ကို နာခံတဲ့အကျင့် လူထုကြီးမှာ အရိုးစွဲနေတာမို့ လူအုပ်ကြီးဟာ ကိုယ်ရံတော်တပ်သားတွေအတွက် လမ်းဖယ်ပေးလိုက်ကြတယ်၊ ဘုရားရှိခိုး ကျောင်းတိုက်ကြီးရှေ့က ကွက်လပ်ကြီးတခုလုံးဟာ သုသာန်တစပြင်ကြီးလို ပြကတေ့ တိတ်ဆိတ် သွားတယ်။

"အဲဒီအချိန်မှာ သူတို့က သူ့ကို ချုပ်ကိုင်ပြီး ဆွဲခေါ်သွားကြတယ်။ လူအုပ်ကြီးဟာ လူတယောက် တည်းပမာ မဟာခုံတော်ချုပ်ကြီးရဲ့ရှေ့မှောက်မှာ ပြားပြားဝပ်လိုက်ကြတယ်၊ ခုံတော်ချုပ်ကြီးက သူတို့ကို ကောင်းချီးမင်္ဂလာပေးပြီး ထွက်ခွာသွားတော်မူတယ်။

"ကိုယ်ရံတော်တပ်သားတွေက သူတို့ရဲ့ အကျဉ်းသားကို

မဟာခုံရုံးတော်ဖြစ်တဲ့ ရေးဟောင်းနန်းတော် ကြီးအတွင်းက ကျဉ်းမြောင်း မည်းမှောင်တဲ့ အကျဉ်းထောင်ကို ခေါ်ဆောင်သွားကြပြီး အဲဒီမှာ သူ့ကို ပိတ်လှောင်ထားလိုက်ကြတယ်။ နေ့အချိန် ကုန်ဆုံးသွားပြီး ညအချိန်တိုင် ရောက်လာတယ်၊ ဆီဗီမြို့ရဲ့ ညဟာ မည်းမှောင်ပူလောင်ပြီး အသက် မရှူနိုင်အောင်ဘဲ မွန်းကျပ်နေတယ်။

ညအမှောင်ပိန်းပိန်းထဲမှာ အကျဉ်းထောင် သံတံခါးကြီး ဖြုန်းခနဲ ပွင့်သွားပြီး မဟာ ခုံတော်ချုပ်ကြီး ဟာ လက်ထဲမှာ မှန်အိမ်ကိုကိုင်ပြီး အကျဉ်းထောင်ထဲကို တဖြည်းဖြည်းချင်း လျှောက်ဝင်သွားတယ်။ သူတယောက်တည်း ဖြစ်တယ်။ သူ အထဲကို ဝင်မိတာနဲ့ တပြိုင်နက် အကျဉ်းထောင်တံခါးဟာ သူ့နောက်ဘက်မှာ ပြန်ပိတ်သွားတယ်။

“ခုံတော်ချုပ်ကြီးဟာ တံခါးဝမှာ ရပ်လိုက်ပြီး သူ့မျက်နှာကို အတော်ကြီးကြာအောင် ငေးကြည့်နေ တယ်။ တမိနစ်ကျော်ကျော် ကြာတဲ့အထိပဲ ဖြစ်တယ်။ နောက်ဆုံးကျမှ ခုံတော်ချုပ်ကြီးဟာ သူ့အနားကို တဖြည်းဖြည်းချင်း ချဉ်းကပ်သွားတယ်။ မှန်အိမ်ကို စားပွဲ ပေါ်မှာ ချထားလိုက်ပြီး သူ့ကို မေးလိုက်တယ်။

“အသင် ဟုတ်သလား၊ အသင် လား” တဖက်က အဖြေမရတဲ့အခါ ခုံတော်ချုပ်ကြီး ကမန်းကတန်း ဆက်ပြောတယ်။

“မဖြေပါနဲ့၊ တိတ်တိတ်နေပါ။ အမှန်အတိုင်းပြောရရင် အသင် ဘာပြောနိုင်မှာလဲ၊ အသင် ဘာပြောမယ်ဆိုတာကို အကျွန်ုပ် ကောင်းကောင်းသိပါတယ်။ နောက်ပြီးတော့ ထပ်ပြောရမယ်ဆိုရင် အသင်ဟာ အသင် ရေးရေးတုန်းက ပြောခဲ့တဲ့ စကားတွေကို ဘာမှ ထပ်ပြီး ဖြည့်စွက်ပိုင်ခွင့်မရှိဘူး။ အဲဒါဆိုရင် အသင်ဟာ ဘာဖြစ်လို့ ကျွန်ုပ်တို့ ကိစ္စမှာ စွက်ဖက်ရအောင် လာသလဲ။ အသင်ဟာ အကျွန်ုပ်တို့ရဲ့အလုပ်မှာ ပါဝင်စွက်ဖက်ရအောင် လာခဲ့တာပဲ၊ အဲဒါကို အသင်လည်း သိပါတယ်။ ဒါပေမဲ့ မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာကို အသင် သိသလား။ အသင် ဘယ်သူလဲဆိုတာ အကျွန်ုပ် မသိဘူး၊ အကျွန်ုပ် သိလည်း မသိချင်ဘူး၊ အသင်ကိုယ်တိုင်ပဲ ဖြစ်သလော၊ ဒါမှမဟုတ် အသင်နှင့် တူသော လူတယောက်ပဲ ဖြစ်သလော ဆိုတာကို အကျွန်ုပ် မသိဘူး။ ဒါပေမဲ့ မနက်ဖြန်ဆိုရင် အကျွန်ုပ်က အသင့်ကို မိစ္ဆာဒိဋ္ဌိတယောက်အနေနဲ့ ပြစ်ဒဏ်စီရင်ပြီး ကားစင်မှာ မီးတင်ရှို့လိမ့်မယ်၊ ကနေ့ အသင်၏ ခြေထောက်ကို နမ်းရှုပ်ခဲ့ကြတဲ့ လူအုပ်ကြီးဟာ မနက်ဖြန်ဆိုရင် အကျွန်ုပ်က လက်ရိပ်ပြလိုက်တာနဲ့ တပြိုင်နက် အသင့်ရဲ့ကားစင်ရင်းက မီးသွေးတွေကို ထိုးဆွကြလိမ့်မယ်၊ အဲဒါကို အသင် သိသလား၊ အိမ်း … အသင် သိပါလိမ့်မယ်” … ခုံတော်ချုပ်ကြီးက အကျဉ်းသားကို ကြည့်နေတဲ့ မျက်လုံးတွေကို ခဏကလေးမှ မလွှဲဖယ်ဘဲနဲ့ ပြောလိုက်တယ်”

“ကျွန်တော်တော့ ဘယ်လိုမှ နားမလည်ဘူး အိုက်ဗင်၊ သာသနာပိုင်ကြီးက စိတ်ထဲမှာ ထင်လာတာ ကို ပြောလိုက်တာလား၊ ဒါမှမဟုတ် သူ အထင်အမှတ် မှားတာလား”

တချိန်လုံး ငြိမ်ပြီး နားထောင်နေခဲ့သော အလျှိုရှာက ကြားဖြတ်ပြီး မေးလိုက်သည်။

“နောက်ဆုံးစကားကို ညီလေး ယူနိုင်ပါတယ်” အိုက်ဗင် ရယ်လိုက်သည်။ “ခေတ်ပေါ် ဒိဋ္ဌိဓမ္မဝါဒတွေ က ဖျက်ဆီးထားတော့ စိတ်ထဲမှာ ထင်မြင်လာတယ်ဆိုတဲ့သဘောကို ညီလေး ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ အထင်အမှတ် မှားတာပဲလို့ ညီလေး ယူဆရင်လည်း အဲဒီအတိုင်းပဲ ထားလိုက်ပါ။ အဲဒါ အမှန်ပဲ” သူ ရယ်လိုက်ပြန်သည်။ ထို့နောက်...

“အဘိုးကြီးဟာ အသက်ကိုးဆယ် ရှိနေပြီ၊ အဲဒီတော့ သူ့မှာရှိနေတဲ့ အယူအဆတွေက အရိုးစွဲနေပြီ၊ အကျဉ်းသား ပေါ်ထွက်လာတဲ့အတွက်လည်း သူ ချောက်ချားသွားတာ ဖြစ်နိုင်တယ်၊ နောက်ဆုံးမှာ သူ ကယောင်ကတမ်း ဖြစ်သွားတယ်။ သေခါနီးအရွယ် အသက်ကိုးဆယ် အဘိုးကြီးတယောက်ရဲ့ အမြင်ကို မနေ့က မီးတင်ရှို့လိုက်တဲ့ မိစ္ဆာဒိဋ္ဌိ တရာရဲ့ မြင်ကွင်းကလည်း အများကြီး ချောက်ချားသွား စေနိုင်တယ်။ ဒါပေမဲ့ သူ့အနေနဲ့ ထင်ရာမြင်ရာကို ပြောလိုက်တာပဲဖြစ်ဖြစ်၊ မှားပြီး ပြောလိုက်တာပဲ ဖြစ်ဖြစ် ကိုယ်တို့အတွက် ဘာထူးခြားမှာလဲ၊ အရေးကြီးတာက အဘိုးကြီး ပြောလိုက်တဲ့စကားပဲ၊ သူ့ခေါင်းထဲမှာ အနှစ် ကိုးဆယ်လုံးလုံး ရှိနေတဲ့ အတွေးတွေကို အပြင်ကိုထုတ်ပြီး ပြောလိုက်တာပဲ”

“အကျဉ်းသားက နှုတ်ဆိတ်နေတာပဲလား၊ ဘာတခွန်းမှမပြောဘဲ အဘိုးကြီးကို ကြည့်နေတာပဲလား” အလျှိုရှာ မေးသည်။

“ဟုတ်တယ်” အိုက်ဗင် ရယ်မောလိုက်ပြန်ပြီး... “ဒီလိုဇာတ်လမ်းမျိုးတွေမှာ ဒီပုံစံအတိုင်းပဲ ဖြစ်ရမယ်။ သူဟာ အလျင် သူ ပြောခဲ့တဲ့စကားတွေမှာ ဘာမှ ထပ်ပြီး ဖြည့်စွက် ပိုင်ခွင့်မရှိဘူးလို့ အဘိုးကြီးက သူ့ကို ပြောတယ်။ ကိုယ့်အမြင်နဲ့ ပြောရရင်တော့ ဒါဟာ ဗရင်ဂျီဝါဒရဲ့ အခြေခံအကျဆုံး အချက်ပဲ၊ အဘိုးကြီးက သူ့ကို ပြောတယ်။

“အသင်ဟာ ပုပ်ရဟန်းမင်းကြီးကို အားလုံး လွှဲအပ်ပေးခဲ့ပြီးပြီ။ အဲဒါကြောင့်မို့လို့ အခုအချိန်မှာ ကိစ္စအားလုံးဟာ ပုပ်ရဟန်းမင်းကြီးရဲ့လက်ထဲမှာ ရှိနေတယ်၊ အသင့်အနေနဲ့ အခုအချိန်မှာ ဘာမှ လာစရာအကြောင်း မရှိဘူး ... ဘယ်လိုမှ ဝင်ပြီး စွက်ဖက်စရာ အကြောင်း မရှိဘူး”... အဲဒီသဘောကို ပါးစပ်နဲ့ပြောရုံသာ မဟုတ်ဘူး၊ စာနဲ့လည်း ရေးထားကြတယ်၊ ဂျက်ဇူးအစ်တွေက

ရေးထားတာတော့ သေချာတယ်၊ သူတို့ရဲ့ဘာသာရေးစာအုပ်တွေမှာ ကိုယ်ကိုယ်တိုင် ဖတ်ရဖူးတယ်။

““အသင် လာရောက်ခဲ့တဲ့ ကမ္ဘာလောကကြီးရဲ့ လျှို့ဝှက်နက်နဲမှုတခုကို အကျွန်ုပ်တို့အား အသင် ထုတ်ဖော်ပြောဆိုနိုင်ပါမည်လော”... အဘိုးကြီးက မေးခွန်းထုတ်လိုက်တယ်၊ ပြီးတော့ သူ့အမေးကို သူ့ဘာသူ ဖြေတယ် “မပြောနိုင်ဘူး၊ အသင် မပြောနိုင်ဘူး အဲဒါကြောင့်မို့လို့ အသင် ပြောခဲ့ပြီးသား စကားတွေမှာ အသင် ဘာမှ ထပ်ပြီး မဖြည့်စွက်ပါနဲ့တော့၊ အဲဒါမှသာ ဒီကမ္ဘာလောကကြီးမှာ အသင် ရှိခဲ့စဉ်တုန်းက အထူးတန်ဖိုးထားခဲ့တဲ့ လူတွေရဲ့ လွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးရာ မရောက်မှာ ဖြစ်တယ်။ ယခုအချိန်မှာ အသင် အသစ် ထုတ်ဖော်ပြောကြားချက်တွေ အားလုံးဟာ လူသားတွေရဲ့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုကို ထိပါးဖျက်ဆီးရာ ရောက်လိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ရဲ့ယုံကြည်ကိုးကွယ်မှုဟာ လူသားတွေ ဉာဏ်မမီတဲ့ တန်ခိုးလက္ခဏာတော်တခု ဖြစ်လို့ပဲ၊ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်း တဆယ့်ငါးရာစုက လူသားတွေရဲ့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုဟာ အသင့်အဖို့ အခြားအရာများအားလုံးထက် အရေးအကြီးဆုံး ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက အသင် မကြာခဏ ပြောခဲ့တယ် မဟုတ်လား “အသင်တို့ကို ကျွန်ုပ် လွတ်လပ်စေမည်” လို့... အခု ‘လွတ်လပ်’ နေတဲ့ လူသားတွေကို အသင် တွေ့မြင်နေရပြီ မဟုတ်လား” အဲဒီလို ပြောလိုက်ပြီးတဲ့နောက်မှာ အဘိုးကြီးက မချိပြုံးကလေးနဲ့ ချက်ချင်း ဆက်ပြီးပြောတယ်။

“ဟုတ်တယ်၊ အဲဒီလို လွတ်လပ်ဖို့အတွက် အကျွန်ုပ်တို့ဟာ အင်မတန် တန်ဖိုးကြီးမားစွာ ပေးခဲ့ရတယ်” သူ့ကို ခပ်တည်တည် ခပ်တင်းတင်း ကြည့်ရင်း အဘိုးကြီးက ဆက်ပြောပြန်တယ် “ဒါပေမဲ့ အကျွန်ုပ်တို့ဟာ အဲဒီလုပ်ငန်းကို အသင့်အတွက် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြ တယ်၊ အကျွန်ုပ်တို့ဟာ ဒီလွတ်လပ်မှုအတွက် တဆယ့်ငါးရာစုလုံးလုံး ဒုက္ခရောက်ခဲ့ကြရတယ်၊ ဒါပေမဲ့ အခုတော့ ပြီးသွားပြီ၊ လုံးဝ ပြီးသွားပြီ၊ အားလုံး ပြီးသွားပြီဆိုတာ အသင် မယုံဘူးလား၊ အသင်ဟာ အကျွန်ုပ်ကို အင်မတန် ပျော့ပျောင်းနူးညွတ်စွာနဲ့ ကြည့်နေတယ်၊ အသင့်မှာ အနည်းငယ်မှ အမျက်ဒေါသဖြစ်တဲ့ပုံစံမျိုး မရှိဘူး။ ကနေ့အချိန်မှာ လူတွေဟာ သူတို့ လုံးဝ လွတ်လပ်ပြီဆိုတဲ့အကြောင်း ကောင်းကောင်း သိနေကြပြီ၊ သူတို့ရဲ့လွတ်လပ်မှုကို သူတို့ဘာသာ ဖန်တီး သယ်ဆောင်လာကြတာပဲ၊ ဒါပေမဲ့ ဒီလိုမျိုး ဖြစ်လာအောင် အကျွန်ုပ်တို့က လုပ်ဆောင်ပေး တာပဲ၊ အသင် လိုချင်တာ ဒီလိုမျိုး မဟုတ်လား၊ အသင် လိုချင်တာဟာ ဒီလိုလွတ်လပ်မှုမျိုးပဲ မဟုတ်လား”

“ကျွန်တော်တော့ ဘယ်လိုမှ နားမလည်နိုင်သေးဘူး အိုက်ဗင်၊ သူ ခနဲ့နေတာလား၊ သူ နောက်နေတာ လား”

အလျှိုရှာ ကြားဖြတ်ပြီး ပြောလိုက်ပြန်သည်။

“လုံးဝ မဟုတ်ဘူး၊ သူနဲ့ သူ့နောက်လိုက်တွေက လွတ်လပ်မှုကို အောင်မြင်ရရှိတဲ့အကြောင်း ဂုဏ်ယူ ပြောဆိုနေကြတာပဲ၊ လွတ်လပ်မှုနဲ့ လူတွေကို ပျော်ရွှင်ချမ်းမြေ့အောင် လုပ်နိုင်တဲ့အတွက် ဂုဏ်ယူနေ တာပဲ၊ “အခုဆိုရင် (သူက သာသနာ့ခုံရုံးကို ရည်ညွှန်းပြီး ပြောတာပဲ) လူတွေရဲ့ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ပတ်သက်ပြီး ပထမဆုံးအကြိမ် ထည့်သွင်းစဉ်းစားနိုင်ကြပြီ။ သူဟာ သူပုန်တယောက်အဖြစ်နဲ့ မွေးဖွားခဲ့တယ်၊ သူပုန်တယောက်ဟာ ဘယ်လိုလုပ်ပြီး ပျော်ရွှင်နိုင်မှာလဲ၊ အသင့်ကို သတိပေးခဲ့ တယ်၊ သတိပေးတာနဲ့ အရိပ်လက္ခဏာပြတာတွေဟာ မလစ်ဟင်းခဲ့ဘူး၊ ဒါပေမဲ့ အသင်ဟာ သတိပေးတာကို အလေး မမူခဲ့ဘူး၊ လူသားတွေအနေနဲ့ ပျော်ရွှင်ချမ်းမြေ့မှု ရနိုင်တဲ့ နည်းလမ်း တခုတည်း ရှိတာကို အသင် ငြင်းပယ်ခဲ့တယ်။ ဒါပေမဲ့ ကံကောင်းချင်တော့ အသင် ကွယ်လွန်သွားတဲ့အခါမှာ ဒီလုပ်ငန်းတွေကို အကျွန်ုပ်တို့ကို လွှဲအပ်ပေးခဲ့တယ်။ အခုကျမှ ဒီလုပ်ပိုင်ခွင့်တွေကို အကျွန်ုပ်တို့ထံမှ အသင် ပြန်ယူ၍ မရနိုင်တော့ဘူး။ အဲဒီတော့ အသင် အဘယ်ကြောင့် အကျွန်ုပ်တို့ကို ဝင်ရောက်စွက်ဖက်ရန် လာရောက်ရသလဲ”

“သတိပေးတာနဲ့ အရိပ်လက္ခဏာပြတာတွေ မလစ်ဟင်းခဲ့ဘူး” ဆိုတာက ဘာကိုပြောတာလဲ” အလျှိုရှာ မေးသည်။

“အဲဒါ အဘိုးကြီးပြောတဲ့အထဲမှာ အဓိကအကြောင်းပဲပေါ့၊ အဘိုးကြီးက ဘယ်လိုပြောသလဲ ဆိုတော့...

“အင်မတန် ကြောက်စရာကောင်းပြီး အင်မတန် ပညာရှိတဲ့ မဟာနတ်မင်းကြီး (မာရ်နတ်) က အသင့်ကို သဲကန္တာရကြီးထဲမှာ တွေ့ဆုံဖြားယောင်းခဲ့တယ်လို့ စာအုပ်တွေထဲမှာ အကျွန်ုပ်တို့ ဖတ်ရတယ်။ ဟုတ်တယ် မဟုတ်လား၊ သူက အသင့်ကို မေးခွန်းသုံးခု မေးခဲ့ပြီး အသင်က အဲဒီ သုံးခုစလုံးကို ငြင်းပယ်ခဲ့တယ်လို့ ပြောတယ်၊ စာအုပ်တွေထဲမှာတော့ အဲဒါကို “ဖြားယောင်းခြင်း” လို့ ဆိုကြတယ်၊ ဒီကမ္ဘာလောကကြီးမှာ မယုံနိုင်လောက်အောင် အလွန်တရာ ဆန်းကြယ်တဲ့အဖြစ် ရှိခဲ့တယ်ဆိုရင် အဲဒီ အံ့မခန်းအဖြစ်ဟာ အဲဒီနေ့က ဖြစ်ခဲ့တာပဲ၊ ဖြားယောင်းခြင်း သုံးခုနေ့က ဖြစ်ပွားခဲ့တာပဲ၊ အမှန်တော့ အဲဒီမေးခွန်းသုံးခု ကိုယ်တိုင်ကလည်း အံ့မခန်းခြင်းပဲ။

“တကယ်လို့ စဉ်းစားကြည့်လို့ရအောင် သဘောကို ပြောရမယ်ဆိုရင် မတော်လို့များ အဲဒီ မဟာနတ်မင်းကြီး ထုတ်ခဲ့တဲ့ မေးခွန်းသုံးခုဟာ စာအုပ်တွေထဲမှာ မရှိတော့ဘဲ ပျောက်သွားခဲ့လို့ရှိရင် အဲဒီမေးခွန်းသုံးခုကို အစားထိုးဖို့အတွက်၊ အဲဒီမေးခွန်းသုံးခုကို အသစ်တဖန် ပြန်လည်ဖန်တီးဖို့ အတွက်

ကမ္ဘာပေါ်မှာ ရှိသမျှ ပညာရှိကြီးတွေ... ရှင်ဘုရင်ကြီးတွေ၊ သာသနာပိုင်ဆရာတော်ကြီးတွေ၊ လူပညာရှိကြီးတွေ၊ ဒဿနပညာရှင်ကြီးတွေ၊ ကဗျာစာဆိုရှင်ကြီးတွေ အားလုံးကို စုပေါင်းစုဝေးပြီး အနာဂတ်ကမ္ဘာကြီးနဲ့ လူ့ဘောင်ကြီးရဲ့သမိုင်းကို စကားလုံးသုံးခုတည်းနဲ့.. လူတွေပြောတဲ့ စကား သုံးခွန်းတည်းနဲ့၊ အဲဒီနတ်မင်းကြီးက အဲဒီတုန်းက အသင့်ကို တကယ်မေးတဲ့ မေးခွန်းသုံးခုနဲ့ အနက်အဓိပ္ပာယ် သဘောသဘာဝ တပုံစံတည်း တူညီအောင် ကြံဆောင်အားထုတ်ကြရမယ်။

"အဲဒီမေးခွန်းကို ကြည့်ရုံနဲ့ပဲ၊ အဲဒီမေးခွန်းတွေရဲ့ အံ့ချီးဖွယ်ရာ အနက်အဓိပ္ပာယ်တွေကို စဉ်းစားရုံနဲ့ပဲ အကျွန်ုပ်တို့ဟာ လူတွေရဲ့သာမန် တဒင်္ဂဉာဉ်နဲ့ ရင်ဆိုင်နေရတာ မဟုတ်ဘဲ ပြီးပြည့်စုံတဲ့ ထာဝရ ဉာဏ်နဲ့ ရင်ဆိုင်နေရကြောင်း သိသာနိုင်တယ်။ အဲဒီအချိန်တုန်းကတော့ အဲဒီအချက်ဟာ သိပ်ပြီး မပေါ်လွင်လှသေးဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အနာဂတ်ကို မသိနိုင်ကြဘူးကိုး။ ဒါပေမဲ့ အခု ဆယ့်ငါးရာစု ကုန်လွန်လာတဲ့အခါမှာ အဲဒီမေးခွန်းသုံးခုဟာ အင်မတန် ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ချင့်ချိန်မှန်းဆထားတယ်ဆိုတာ သိရတယ်၊ အဲဒီမေးခွန်းတွေဟာ ဘယ်လောက်ပြည့်စုံပြီး တိကျသလဲ ဆိုရင် ဘာတခုမှ ထပ်ဖြည့်စရာလည်း မလိုဘူး၊ ဘာတခုမှ နုတ်ပယ်ပစ်စရာလည်း မရှိဘူး။

"ဘယ်သူမှန်တယ်ဆိုတာ အသင်ကိုယ်တိုင် ဆုံးဖြတ်ပါ... အသင်လား၊ ဒါမှမဟုတ် အဲဒီတုန်းက အသင့်ကို မေးခွန်းထုတ်ခဲ့တဲ့သူလား၊ ပထမမေးခွန်းကို ပြန်စဉ်းစားကြည့်စမ်းပါ။ အဲဒီမေးခွန်းက စကားလုံးတွေ အတိအကျ မဟုတ်ပေမယ့် ဒီသဘောပဲ။

'အသင်ဟာ လူ့လောကကြီးထဲကို သွားတယ်၊ လက်ချည်းသက်သက်နဲ့ သွားတယ်၊ လွတ်လပ်မှုဆိုတဲ့ ကတိစကားလုံးပဲပါတယ်၊ အဲဒါကို သဘာဝတရားအားဖြင့် ရိုင်းစိုင်းပြီး ပညာဉာဏ် နုနယ်တဲ့ လူသားတွေက နားမလည်နိုင်ကြဘူး။ အဲဒီ လွတ်လပ်မှုဆိုတာကို သူတို့က ကြောက်တောင် ကြောက်ကြသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူတယောက်နဲ့လူ့ဘောင်ကြီးတခုလုံးကို လွတ်လပ်မှု ဆိုတာလောက် အထောက်အကူမပြုနိုင်တဲ့အရာ ဘာမှ မရှိလို့ပဲ။

"ဒါပေမဲ့ ခြောက်ကပ်ပြီး လွင်တီးခေါင်ကြီးဖြစ်နေတဲ့ ဒီသဲကန္တာရကြီးထဲက ကျောက်တုံး ကျောက်ခဲ တွေကို အသင် မြင်သလော၊ အဲဒီ ကျောက်ခဲတွေကို ပေါင်မုန့်တွေဖြစ်အောင် လုပ်လိုက်စမ်းပါ၊ လူတွေဟာ အသင်ရဲ့နောက်ကို သိုးအုပ်ကြီးတအုပ်လို ကျေးဇူးတရား သိတတ်စွာနဲ့ ရိုသေကျိုးနွံစွာနဲ့ လိုက်လာကြလိမ့်မယ်၊ အသင့်ရဲ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး

အသင့်ရဲ့ပေါင်မုန့်တွေ မရတော့မှာကို ရင်တထိတ်ထိတ် စိုးရိမ်ကြောင့်ကြရင်း လိုက်လာကြလိမ့်မယ်။ ဒါပေမဲ့ အသင်က လူတွေရဲ့ လွတ်လပ်မှုကို မထိပါးစေလိုတဲ့အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့တယ်၊ ပေါင်မုန့်တွေနဲ့ ဝယ်ယူခဲ့ရတဲ့ လွတ်လပ်မှုဟာ ဘယ်လို လွတ်လပ်မှုမျိုး ဖြစ်မလဲဆိုတာကို အသင် တွေးခဲ့လို့ပဲ၊ လူတွေဟာ ပေါင်မုန့်တခုတည်းနဲ့ အသက်ရှင်နေတာ မဟုတ်ဘူးလို့ အသင် ပြန်ကြားခဲ့တယ်။

"ဒါပေမဲ့ အဲဒီ ပေါင်မုန့်အတွက်ပဲ ကမ္ဘာမြေစောင့်နတ်ဟာ အသင့်ကို ဆန့်ကျင်တိုက်ခိုက်ပြီး အသင့်ကို အနိုင်ရရှိကာ လူသားတွေအားလုံး သူ့နောက်ကို လိုက်ပါသွားကြမှာကို အသင် သိသလား "သူ့လိုလူ ဘယ်သူရှိသလဲ၊ သူက ငါတို့ကို ကောင်းကင်က မီးကို ပေးတယ်" လို့ လူတွေ ဟစ်ကြွေးကြ လိမ့်မယ်။ နှစ်ပရိစ္ဆေဒ ကြာမြင့်လာတဲ့အခါမှာ လူတွေဟာ သူတို့ရဲ့အသိဉာဏ်အရ ဒီလောကကြီးမှာ ဒုစရိုက်မှုတွေ မရှိဘူး၊ ဒါကြောင့် အပြစ်တွေလည်း မရှိဘူး၊ ဒါပေမဲ့ ငတ်မွတ်ခေါင်းပါးတာတော့ ရှိတယ်လို့ ပြောကြမှာကို အသင် သိသလား။

"သူတို့ကို ဝမ်းဝအောင် အလျှင်လုပ်ပါ၊ ပြီးမှ အကျင့်သီလကို တောင်းခံပါ၊ အဲဒါဟာ လူသားတွေ လွှင့်ထူမယ့် အလံပဲ၊ အဲဒီအလံကို လွှင့်ထူပြီး အသင့်ကို တိုက်ခိုက်ကြလိမ့်မယ်၊ အသင့်ရဲ့ဗိမာန်ကို ဖျက်ဆီးချေမှုန်းပစ်ကြလိမ့်မယ်။ အသင့်ရဲ့ ဘုံဗိမာန်နေရာမှာ အခြားအဆောက်အအုံ အသစ်တခုကို သူတို့ တည်ဆောက်ကြလိမ့်မယ်၊ ကောင်းကင်ဘုံကို ရောက်ရမယ်ဆိုပြီး ဗေဗယ် မျှော်စင်ကြီးကို နောက်တကြိမ် ထပ်ပြီး ဆောက်ကြလိမ့်မယ်၊ ဒါပေမဲ့ ဒီတကြိမ်မှာလည်း သူတို့ဟာ အလျှင်တခါလိုပဲ အပြီးသတ်နိုင်ကြမှာ မဟုတ်ဘူး၊ အသင်ဟာ သူတို့ရဲ့ မျှော်စင်သစ်ကို တားမြစ်ပြီး သူတို့ရဲ့ခံစားမှုကို နှစ်တထောင် တိုတောင်းစေလိမ့်မယ်၊ ဒါပေမဲ့ သူတို့ဟာ နောက် အနှစ်တထောင် ကြာတဲ့အခါမှာ သူတို့ခံစားနေရတဲ့ ဒုက္ခဝေဒနာတွေကြောင့် အကျွန်ုပ်တို့ထံကို လာကြပြန်လိမ့်ဦးမယ်၊ အဲဒီအခါ ကျရင် သူတို့ဟာ အကျွန်ုပ်တို့ကို မြေအောက်သင်္ချိုင်းဂူတွေမှာ လိုက်ပြီး ရှာကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အကျွန်ုပ်တို့ဟာ နောက်တကြိမ် အညှဉ်းပန်း အနှိပ်စက် ခံနေကြရဦးမှာမို့ပဲ၊ အကျွန်ုပ်တို့ကို တွေ့တဲ့အခါမှာ သူတို့ ဟစ်အော်ကြလိမ့်မယ်။

"ကျွန်ုပ်တို့ကို ကျွေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်တို့ကို ကောင်းကင်ဘုံက မီးကို ပေးမယ်ဆိုတဲ့ လူက ကျွန်ုပ်တို့ကို မပေးလို့ပဲ" အဲဒီအချိန်မှာ ကျွန်ုပ်တို့က သူတို့ရဲ့မျှော်စင်ကြီးကို ပြီးအောင် ဆောက်ပေးလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ကျွေးမွေးတဲ့လူဟာ အဲဒီမျှော်စင်ကို ပြီးအောင် ဆောက်နိုင်လို့ပဲ၊ အသင်ရဲ့နာမတော်နဲ့ သူတို့ကို ကျွေးမွေးနိုင်တာလည်း အကျွန်ုပ်တို့ပဲရှိတယ်၊ အသင်ရဲ့ နာမတော်နဲ့ ဖြစ်တယ်ဆိုပြီး သူတို့ကို အကျွန်ုပ်တို့က

မုသားစကား ဆိုရမယ်။

"အကျွန်ုပ်တို့သာ မရှိဘူးဆိုရင် သူတို့ဟာ သူတို့ကိုယ်သူတို့ ဘယ်လိုမှ ကျွေးမွေး စောင့်ရှောက်နိုင် ကြမှာမဟုတ်ဘူး၊ သူတို့ဟာ လွတ်လပ်ခြင်း ရှိနေသမျှ သူတို့ကို ဘယ် သိပ္ပံပညာရှင်ကမှလည်း ကျွေးမွေးစောင့်ရှောက်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ဟာ နောက်ဆုံးမှာ သူတို့ရဲ့လွတ်လပ်မှုကို အကျွန်ုပ်တို့ရဲ့ခြေရင်းမှာ အပ်နှံပြီး အကျွန်ုပ်တို့ကို ပြောလိမ့်မယ်။ "အသင်ဟာ ကျွန်ုပ်တို့ကို ကျွေးမွေးစောင့်ရှောက်နေသမျှ ကျွန်ုပ်တို့ဟာ အသင်ရဲ့ ကျေးကျွန်ဖြစ်ရမှာ ဝန်မလေးဘူး" လို့။

"နောက်ဆုံးကျရင် သူတို့ဟာ သူတို့အားလုံးအတွက် လွတ်လပ်မှုနဲ့ ပေါင်မုန့် အလုံအလောက် မရှိဘူး ဆိုတာကို သဘောပေါက်သွားကြလိမ့်မယ်၊ သူတို့ဟာ ဘယ်တော့မှ ဘယ်အခါမှ လူစေ့တက်စေ့ ဝေပုံကျ ရနိုင်ကြမှာ မဟုတ်ဘူး။ သူတို့ဟာ ပျော့ညံ့တယ်၊ ချွတ်ယွင်းတယ်၊ တန်ဖိုးမဲ့တယ်၊ ကလန်ကဆန် လုပ်တတ်တယ်၊ အဲဒါတွေအတွက် လွတ်လပ်မှုကို ဘယ်တော့မှ မရနိုင်ဘူးဆိုတာကို လည်း သူတို့ သဘောပေါက် နားလည်လာကြတယ်။

"အသင်ဟာ သူတို့ကို ကောင်းကင်ဘုံက ပေါင်မုန့် ပေးမယ်ဆိုပြီး ကတိပြုခဲ့တယ်၊ ဒါပေမဲ့ အကျွန်ုပ် ထပ်ပြောမယ်၊ အမြဲတမ်း ပျော့ညံ့နေတဲ့၊ အမြဲတမ်း မှောက်မှားနေတတ်တဲ့၊ အမြဲတမ်း ယုတ်ညံ့နေတဲ့ လူသားတွေအတွက် ကောင်းကင်ဘုံက ပေါင်မုန့်ဟာ မြေကြီးပေါ်က ပေါင်မုန့်နဲ့ ယှဉ်ပြိုင်နိုင်ပါ့ မလား။ ကောင်းကင်ဘုံက ပေါင်မုန့်အတွက် လူ အထောင်အသောင်းဟာ အသင့်နောက်ကို လိုက်ကြလိမ့်မယ်၊ ဒါပေမဲ့ ကောင်းကင်ဘုံက ပေါင်မုန့်အတွက် မြေကြီးပေါ်က ပေါင်မုန့်ကို မစွန့်ပစ်နိုင်ကြတဲ့ အသိန်း အသန်း အကုဋေသော သတ္တဝါတွေအဖို့ ဘယ်လိုလုပ်မလဲ။

"ဒါမှမဟုတ် အသင်ဟာ အားကြီးတဲ့ လူအထောင်အသောင်းအတွက်ပဲ အရေးထားသလား၊ ကျန်ရှိနေတဲ့ ပင်လယ်ထဲက သဲပွင့်တွေလောက် များပြားတဲ့ အသျှာအသျှေသော လူတွေဟာ အသင့်ကို ချစ်ခင်ကြပေမဲ့ အားနည်းကြတဲ့အတွက် အားကြီးတဲ့လူတွေရဲ့အသုံးတော်ခံတွေပဲ ဖြစ်ကြရမှာလား။ မဟုတ်ဘူး၊ အကျွန်ုပ်တို့အဖို့တော့ အားနည်းတဲ့ လူတွေကိုလည်း ချစ်ခင်တယ်၊ သူတို့တွေဟာ မကောင်းမှုတွေ ပြုလုပ်တတ်ပြီး ကလန်ကဆန် လုပ်တတ်ကြပေမဲ့ နောက်ဆုံးမှာ သူတို့ဟာ ရိုသေကျိုးနွံစွာ လိုက်နာတတ်တဲ့လူတွေ ဖြစ်လာလိမ့်မယ်၊ သူတို့ဟာ အကျွန်ုပ်တို့ကို အံ့သြခြင်းရှိပြီး ဘုရားသခင်တွေအဖြစ် မှတ်ယူကြလိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူတို့အဖို့ အင်မတန် ခက်ခဲတဲ့ လွတ်လပ်မှုကို အကျွန်ုပ်တို့က ရယူနိုင်ပြီး သူတို့ကို အုပ်ချုပ်နိုင်လို့ပဲ။

"ဒါပေမဲ့ အကျွန်ုပ်တို့ဟာ အသင်၏ ကျေးကျွန်များဖြစ်ပြီး အသင်၏ နာမတော်အတွက် သူတို့ကို အုပ်ချုပ်နေခြင်း ဖြစ်ကြောင်း သူတို့ကို ပြောရမယ်၊ အဲဒီအခါမှာ အကျွန်ုပ်တို့ဟာ သူတို့ကို တကြိမ် လှည့်ဖြားကြရပြန်ဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အကျွန်ုပ်တို့အနီးကို အသင့်ကို နောက်တကြိမ် လာခွင့်မပြုနိုင်လို့ပဲ၊ အဲဒီလှည့်ဖြားခြင်းဟာ အကျွန်ုပ်တို့အတွက် ဒုက္ခဝေဒနာ ခံစားရခြင်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အကျွန်ုပ်တို့ဟာ မလွဲသာ မရှောင်သာ လိမ်လည်ကြရလို့ပဲ။ ဒါဟာ သဲကန္တာရ ထဲမှာ မေးခဲ့တဲ့ ပထမ မေးခွန်းရဲ့အဓိကအချက်ပဲ၊ အသင်ဟာ လွတ်လပ်မှုအတွက် ငြင်းပယ်ခဲ့တယ်၊ အသင်ဟာ လွတ်လပ်မှုကို တခြားသော အခြင်းအရာများ အားလုံးရဲ့ အထက်မှာ ထားခဲ့တဲ့အတွက်ပဲ၊ နောက်ပြီးတော့ အဲဒီမေးခွန်းထဲမှာ ဒီလောကကြီးနဲ့ ပတ်သက်ပြီး အင်မတန် အရေးကြီးတဲ့ လျှို့ဝှက်ချက်တခု ဖုံးကွယ်ပြီး ရှိနေတယ်၊ "ပေါင်မုန့်" ကို လက်ခံရွေးချယ်လိုက်တာနဲ့ တပြိုင်နက် အသင်ဟာ လူသားတွေအနေနဲ့ တဦးချင်းအနေနဲ့ရော လူသားများအားလုံးအနေနဲ့ရော လိုချင်တောင့်တနေတဲ့ တလောကလုံးဆိုင်ရာနဲ့ ထာဝရ မျှော်မှန်းရာ အချက်တချက်ကို ကျေနပ်အောင် လုပ်ပေးရမယ်၊ အဲဒါကတော့ ဘယ်သူ့ကို ကိုးကွယ်မလဲ ဆိုတာပဲ။ လူဟာ လွတ်လပ်နေတာနဲ့အမျှ သူ့မှာ တသမတ်တည်းနဲ့ ပြင်းပြင်းထန်ထန် လိုလားနေတာကတော့ ကိုးကွယ်ရမယ့် ပုဂ္ဂိုလ်တဦးကို အမြန်ဆုံး ရှာဖွေဖို့ပဲ၊ အဲဒီလို ရှာဖွေတဲ့နေရာမှာ အငြင်းမပွားနိုင်တဲ့ ပုဂ္ဂိုလ်တဦး ဖြစ်ရမယ်၊ လူအားလုံးက တခါတည်း သဘောတူ ကိုးကွယ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရမယ်၊ အဲဒီအချက်ကတော့ အားလုံးဟာ အတူတူဖြစ်နေဖို့ပဲ။ အခုလို တကမ္ဘာလုံး ကိုးကွယ်နိုင်ရေး ကိစ္စဟာလည်း လူသားတွေ ကို တဦးချင်းအနေနဲ့ရော လူ့အဖွဲ့အစည်းကြီး တခုလုံးအနေနဲ့ရော ကမ္ဘာတည်ဦးကတည်းက အဓိက ဒုက္ခပေးတဲ့ အချက်တချက်ပဲ။

"သည်လို တကမ္ဘာလုံး ကိုးကွယ်ရေးကိစ္စအတွက်ပဲ လူသားတွေဟာ ဓားကို ကိုင်စွဲကြရတယ်၊ သူတို့ဟာ ဘုရားတွေ အမျိုးမျိုး ဖန်တီးကြပြီး တဖက်နဲ့တဖက် စိန်ခေါ်နေကြတယ်။ "မင်းတို့ ဘုရားတွေကို စွန့်ပစ်ပြီး ငါတို့ ဘုရားကို ကိုးကွယ်ကြ၊ အဲဒီလို မကိုးကွယ်ဘူးဆိုရင် မင်းတို့ရော မင်းတို့ ဘုရားတွေရော အားလုံးသေပြီ မှတ်"... လို့ ပြောကြမယ်။ အဲဒါဟာ ကမ္ဘာကြီး ပျက်သုဉ်းပြီး ဘုရားတွေအားလုံး ဒီကမ္ဘာမြေကြီးက ပျောက်ကွယ်သွားကြတဲ့အထိလည်း သူတို့ဟာ ဒီအတိုင်းပဲ ဖြစ်နေကြမှာပဲ၊ ရုပ်ပွားတော်တွေ ရှေ့မှာ သူတို့ကိုယ်သူတို့ ဖျက်ဆီးတိုက်ခိုက်နေကြမှာပဲ။

"အသင်ဟာ လူသားတွေရဲ့သဘာဝအခြေခံ သဘောတရားကို နားလည်ပါလျက်နဲ့ အသင်တဦးတည်း ကိုသာ လူသားတွေအားလုံးက ကိုးကွယ်စေမဲ့ မြေကြီးပေါ်က ပေါင်မုန့်အလံတော်ကို သင် ငြင်းပယ်ခဲ့ တယ်၊ လွတ်လပ်မှုနဲ့ ကောင်းကင်ဘုံက ပေါင်မုန့်အတွက် သင် ငြင်းပယ်ခဲ့တယ်။

"အသင် နောက်ထပ် ဘာတွေလုပ်ထားသလဲ ဆိုတာကိုလည်း ကြည့်ပါဦး၊ လွတ်လပ်ခြင်းဆိုတာ အတွက် လုပ်ထားတာတွေပဲပေါ့။ အသင့်ကို အကျွန်ုပ်ပြောမယ်၊ လူတယောက်အနေနဲ့ မွေးကတည်းက သူ ရရှိလာတဲ့ လွတ်လပ်ခြင်းကို အမြန်ဆုံး လွှဲပေးနိုင်မယ့် ပုဂ္ဂိုလ်တဦးကို ရှာဖွေရေးဟာ သူ့အဖို့ အစိုးရိမ်ဆုံး အပင်ပန်းဆုံးအလုပ်ပဲ၊ ဒါပေမဲ့ လူတွေရဲ့စိတ်နှလုံးကို ငြိမ်းချမ်းအောင် လုပ်နိုင်တဲ့သူသာလျှင် လူတွေရဲ့ လွတ်လပ်ခြင်းကို ရရှိနိုင်တယ်။

"ပေါင်မုန့်ဟာ အသင့်အတွက် သူတပါး မချေမှုန်းနိုင်တဲ့ အောင်လံပဲ၊ လူသားတွေကို ပေါင်မုန့် ပေးလို့ ရှိရင် လူသားတွေက အသင့်ကို ကိုးကွယ်လိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ပေါင်မုန့်ဟာ ဘယ်လိုမှ မငြင်းဆန်နိုင်တဲ့အရာ ဖြစ်လို့ပဲ၊ ပေါင်မုန့်ထက် သေချာတာ ဘာမှ မရှိလို့ဘဲ။ ဒါပေမဲ့ တကယ်လို့ တခြားပုဂ္ဂိုလ်တဦးက သူ့ရဲ့စိတ်မနောကို ပိုင်ဆိုင်ထားလို့ရှိရင် သူဟာ အသင်ရဲ့ပေါင်မုန့်ကို လွှင့်ပစ်ပြီး သူ့ရဲ့ စိတ်မနောကို ချုပ်ကိုင်ထားတဲ့ လူနောက်ကို လိုက်သွားလိမ့်မယ်၊ ဒီနေရာမှာ အသင် ပြောတာ မှန်တယ်။ လူ့ဘဝရဲ့ဆန်းကြယ်မှုတခုကတော့ သူဟာ အသက်ရှင်နေဖို့တင် မဟုတ်ဘူး၊ ဘာအတွက် အသက်ရှင်နေတယ်ဆိုတာကိုပါ သိဖို့ပဲ။

"လူတယောက်ဟာ သူ ဘာကြောင့် အသက်ရှင်နေရတယ် ဆိုတာကို မသိရင် သူ့မှာ ပေါင်မုန့်တွေ ဘယ်လောက်ပဲ ပေါများနေပါစေ သူဟာ အသက်ရှင် နေထိုင်မှာ မဟုတ်ဘူး၊ ဒီလောကကြီးနေ သူ့ကိုယ်သူ ဖျက်ဆီးချေမှုန်းပစ်လိမ့်မယ်။ အဲဒါ အမှန်ပဲ၊ ဒါပေမဲ့ အဲဒါ ဘာဖြစ်သလဲ။

"အသင်ဟာ လူသားတွေရဲ့လွတ်လပ်မှုကို သိမ်းပိုက်ထားရမယ့်အစား သူတို့ရဲ့လွတ်လပ်မှုကို တိုးမြှင့်ပြီး လွှတ်ပေးခဲ့တယ်၊ လူတွေဟာ အကောင်းနဲ့ အဆိုးကို ကိုယ့်ဘာကိုယ် လွတ်လွတ်လပ်လပ် ရွေးချယ်ရတဲ့အလုပ်ထက် စိတ်၏ ငြိမ်းချမ်းမှု၊ ဒါမှမဟုတ် သေခြင်းကို ပိုပြီးလိုလားတယ်ဆိုတာ အသင် မေ့နေပြီလား။ စိတ်လွတ်လပ်မှုဟာ လူသားတွေ အတောင့်တဆုံး ဖြစ်သလို စိတ်လွတ်လပ်မှု ဟာ လူသားတွေကို အညှဉ်းပန်းဆုံး အရာတခုလည်း ဖြစ်တယ်။

"အသင်ဟာ လူသားတွေရဲ့စိတ်နှလုံးကို ထာဝရငြိမ်းအေးအောင် ဆောင်ရွက်ပေးရမယ့်အစား ထုံးတမ်းစဉ်လာမဟုတ်တဲ့၊ အဓိပ္ပာယ် နားလည်လို့မရတဲ့၊ မရေရာတဲ့ အဖြစ်တွေကို ရွေးချယ်ခဲ့တယ်၊ လူသားတွေအနေနဲ့ မစွမ်းဆောင် မလုပ်ကိုင်နိုင်တဲ့ အရာတွေကို အသင် ရွေးချယ်ခဲ့တယ်၊ အဲဒီ သဘောကတော့ အသင်ဟာ သူတို့ကို မချစ်ခင်တဲ့အတိုင်းပဲ သူတို့ကို အသင်ရဲ့ဘဝ ပေးအပ်ရန် လာရောက်တဲ့ အသင်ဟာ သူတို့ကို မချစ်မနှစ်သက်တဲ့အတိုင်းပဲ။ အသင်ဟာ လူသားတွေရဲ့ လွတ်လပ်မှုကို သိမ်းပိုက်ရမယ့်အစား သူတို့ရဲ့လွတ်လပ်မှုကို ဆထက်ထမ်းပိုး တိုးမြှင့်ပြီး လွှတ်ပေးခဲ့ တယ်၊

လူသားတွေရဲ့စိတ်လောကကို ပိုပြီးမှ တာဝန်ကြီးလေးစေခဲ့တယ်၊ ပိုပြီးမှ ဒုက္ခဆင်းရဲ ခံစားစေခဲ့တယ်။

အသင်ဟာ လူသားတွေရဲ့လွတ်လပ်တဲ့ ချစ်ခြင်းမေတ္တာကို အလိုရှိခဲ့တယ်၊ အသင့်ကို နှစ်ခြိုက် သဘောကျပြီး အသင်ရဲ့နောက်ကို အလိုအလျောက် လွတ်လွတ်လပ်လပ် လိုက်ပါတာကို အလိုရှိခဲ့တယ်၊ ဒီကရှေ့မှာ တင်းကျပ်တဲ့ ရှေးဟောင်း ဥပဒေတွေအစား အသင့် ပုံတော်ရိပ်ကို သာလျှင် လမ်းညွှန်အဖြစ် ထားရှိပြီး ဘယ်ဟာက အကောင်း၊ ဘယ်ဟာက အဆိုး ဆိုတာကို လူသားတွေကိုယ်တိုင် လွတ်လွတ်လပ်လပ် ရွေးချယ်စေချင်တဲ့သဘော အသင့်မှာ ရှိတယ်။

"ဒါပေမဲ့ လူဟာ လွတ်လပ်စွာ ရွေးချယ်ရတဲ့အတွက် တာဝန်ကြီးလေးလာတဲ့အခါ အသင်ရဲ့ ပုံတော်ရိပ်ကိုရော၊ အသင်ရဲ့သစ္စာတရားကိုရော ငြင်းပယ်လာလိမ့်မယ်ဆိုတာ အသင် မတွေးတောမိဘူးလား၊ နောက်ဆုံးကျရင် အသင့်ဆီမှာ အမှန်တရား မရှိဘူးလို့ သူတို့ ဟစ်အော်လာကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသင်ဟာ သူတို့ကို လုပ်စရာတွေ အများကြီးနဲ့၊ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေ အများကြီးနဲ့ ပစ်ထားတဲ့အတွက်ပဲ၊ သူတို့ကို အရှုပ်အထွေးတွေထဲမှာ ပိုပြီး နစ်မြုပ်စေပြီး ဒုက္ခဝေဒနာတွေ ပိုပြီး ခံစားစေလို့ပဲ။

အဲဒီတော့ အသင်ရဲ့နိုင်ငံတော်ကို ပျက်စီးစေဖို့အတွက် အုတ်မြစ်ချတဲ့လူဟာ အသင်ကိုယ်တိုင်ပဲ ဖြစ်တယ်၊ အဲဒီအတွက် အခြားဘယ်သူ့ကိုမှ အသင် အပြစ်တင်စရာမရှိဘူး။ နောက်ပြီးတော့ အသင့်ကို ဘာကမ်းလှမ်းသေးသလဲ။ ဒီလောကကြီးမှာ စွမ်းအားသုံးခု ရှိတယ်၊ အားနည်းပျော့ညံ့တဲ့ လူသားတွေရဲ့စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့အောင် လုပ်နိုင်တဲ့ စွမ်းအားကြီး သုံးခုပဲရှိတယ်။ အဲဒီ စွမ်းအားကြီး သုံးခုကတော့ တန်ခိုးဣဒ္ဓိပါဒ်၊ ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲခြင်းနဲ့ သြဇာအာဏာ စက်တို့ပဲ ဖြစ်တယ်။ အသင်ဟာ အဲဒီ သုံးခုစလုံး ကို ငြင်းပယ်ခဲ့တယ်၊ အဲဒီလိုငြင်းပယ်ပြီး နမူနာပြခဲ့တယ်။ အင်မတန် ကြောက်စရာကောင်းပြီး အင်မတန်ပညာရှိတဲ့ နတ်မင်းကြီး (မာရ်နတ်) က အသင့်ကို ဘုံဗိမာန် ပြာသာဒ်ထိပ်ဖျားမှာ တင်ပြီး အခုလို ပြောပြခဲ့တယ်။

"အသင်ဟာ ဘုရားသခင်ရဲ့သားတော် ဖြစ်ရိုးမှန်ရင် ဒီပေါ်ကနေ အောက်ကို ခုန်ချလိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းစာထဲမှာ ရေးထားတယ်၊ ဘုရားသခင်ဟာ သူ့ရဲ့သားတော်ကို စောင့်ရှောက်ဖို့ တမန်တော်များကို အပ်ထားတယ်လို့ စာဆိုရှိတယ်၊ တမန်တော်များက အသင့်ကို အောက်မကျအောင် သူတို့ရဲ့လက်များနဲ့ ပွေ့ထားကြလိမ့်မယ်လို့ ဆိုတယ်၊ အဲဒီနည်းနဲ့ အသင်ဟာ အသင်ရဲ့ဖခမည်းတော်အပေါ်မှာ ဘယ်လောက် ယုံကြည် ကိုးစားမှုရှိတယ် ဆိုတာကို

ပြနိုင်တယ်။ ဒါပေမဲ့ အသင်ဟာ သူ့ရဲ့အဆိုပြုချက်ကို ငြင်းပယ်ပြီး အောက်ကို ခုန်မချခဲ့ဘူး၊ အမှန်လည်း အသင်ဟာ ဘုရားသခင်တပါးလို ခမ်းနားထည်ဝါစွာ လုပ်ဆောင်ခဲ့ပါပေတယ်၊ ဒါပေမဲ့ အားနည်း ပျော့ညံ့ပြီး ဆန့်ကျင်ဖီလာတတ်တဲ့ လူသားတွေဟာ ဘုရားသခင်တွေလား ....။

"အဲဒီတုန်းက အသင်ဟာ ကောင်းကောင်းသိခဲ့တယ်၊ အသင်ဟာ ခြေတဖက်ကို လွှတ်ပြီး ခုန်ချဖို့ ကြံလိုက်တာနဲ့ တပြိုင်နက် အသင်ဟာ ဘုရားသခင်ကို မျှော်မှန်းအားကိုးမိပြီး တချိန်တည်းမှာပဲ သူ့အပေါ်မှာ ထားရှိတဲ့ ယုံကြည်မှုတွေအားလုံး ပျက်သုဉ်းသွားရမယ်၊ နောက်ပြီးတော့ အသင်ဟာ အသင် ကယ်တင်ဖို့ လာရောက်တဲ့ မဟာပထဝီမြေကြီးနဲ့ ရိုက်မိပြီး အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားလိမ့်မယ်။ အဲဒီအခါမှာ အသင့်ကို ဖြားယောင်းခဲ့တဲ့ မဟာပညာရှိ နတ်မင်းကြီးဟာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပေလိမ့်မယ်။

"ဒါပေမဲ့ အကျွန်ုပ် ထပ်ပြောမယ်၊ အသင့်လို ပုဂ္ဂိုလ်တွေ အများကြီးရှိသလား၊ လူသားတွေဟာ ဒီလို ဖြားယောင်းသွေးဆောင်မှုမျိုးကို ရင်ဆိုင်နိုင်လိမ့်မယ်လို့ အသင်ဟာ တဒင်္ဂမျှပင် ယုံကြည်မိသလား၊ လူသားတွေရဲ့သဘာဝ အနေအထားဟာ သူ့ဘဝတာအတွက် အင်မတန် အရေးကြီးတဲ့ကာလမှာ၊ အင်မတန် ကြောက်မက်ဖွယ်ရာကောင်းတဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ကြုံတွေ့ရတဲ့ အချိန်မှာ တန်ခိုးဣဒ္ဓိပါဒ် ဆိုတာကို ငြင်းပယ်ပြီး စိတ်ရင်းအတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်ပါ့မလား။

"အသင်ရဲ့ အပြုအမူဟာ ကျမ်းစာဟောင်းများမှာ ကမ္ပည်းမော်ကွန်း ထိုးထားပြီး ကမ္ဘာကြီး တည်နေသမျှ အဆင့်ဆင့် လက်ကမ်းသယ်ဆောင်သွားမယ် ဆိုတာကို အသင် သိတယ်၊ နောက်ပြီးတော့ လူသားတွေဟာ အသင်ရဲ့နမူနာကိုယူပြီး တန်ခိုးဣဒ္ဓိပါဒ် သဘောတွေကို ပစ်ပယ်ပြီး ဘုရားသခင်ကိုသာ တွယ်ဖက် ကိုးကွယ်ကြမယ်ဆိုတာကို အသင် မျှော်လင့်တယ်။

"ဒါပေမဲ့ လူသားတွေဟာ တန်ခိုးဣဒ္ဓိပါဒ်ကို ငြင်းပယ်တာနဲ့ တပြိုင်နက် ဘုရားသခင်ကိုလည်း ငြင်းပယ်ကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေဟာ ဘုရားသခင်ကို တန်ခိုးဣဒ္ဓိပါဒ်တော် တွေအနေနဲ့သာ ရှာဖွေခဲ့ကြတာ ဖြစ်လို့ပဲ။ လူတယောက်ဟာ တန်ခိုးဣဒ္ဓိပါဒ် မပါရှိဘဲနဲ့ မနေနိုင်ဘူး ဆိုရင် သူဟာ သူ့အတွက် နောက်ထပ် တန်ခိုးဣဒ္ဓိပါဒ် အသစ်တွေကို ဖန်တီးလိမ့်မယ်၊ သူဟာ မိစ္ဆာဒိဋ္ဌိတယောက် အဖြစ်ထက် အဆတရာ သာလွန်ပြီး မှော်ဆရာရဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ကဝေမကြီးရဲ့ စုန်းအတတ်ပညာတွေကို ယုံကြည်ကိုးကွယ်လိမ့်မယ်။

"အသင်ဟာ ဘုရားသခင်ရဲ့ သားတော်ဆိုရင် သံမှိုစွဲထားတဲ့

လက်ဝါးကပ်တိုင်ပေါ်က ဆင်းလာခဲ့ပါ” လို့ လူတွေက အော်ကြဟစ်ကြ လှောင်ပြောင်ကြတဲ့အခါမှာ အသင်ဟာ ဆင်းမလာခဲ့ဘူး၊ ဘာဖြစ်လို့ အသင် ဆင်းမလာတာလဲဆိုတော့ အသင်ဟာ လူသားတွေကို တန်ခိုးဏ္ဍဒ္ဓိပါဒ်တခုနဲ့ မဖမ်းစား မအောင်မြင်ချင်လို့ပဲ၊ တန်ခိုးဏ္ဍဒ္ဓိပါဒ်တွေကြောင့် မဟုတ်ဘဲ လွတ်လွတ်လပ်လပ် ရိုးရိုးသားသား ယုံကြည်တဲ့ ယုံကြည်မှုမျိုးကို အသင် လိုလား တောင့်တလို့ပဲ၊ အသင်ဟာ လွတ်လွတ်လပ်လပ် သက်ဝင်ယုံကြည်မှုမျိုးကို လိုလားတယ်၊ ကိုယ့်ကို တသက်လုံး ဖမ်းစားခြောက်လှန့်သွားမယ့် အင်အားကြီးများရဲ့ ရှေ့မှောက်မှာ ကျေးကျွန်ဖြစ်ရတာမျိုးကို အသင် မလိုလားဘူး။

“ဒါပေမဲ့ ဒီနေရာမှာ အသင်ဟာ လူသားတွေအပေါ်မှာ အကဲဖြတ်တာ သိပ်ပြီး မြင့်မားနေလွန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဆန့်ကျင်ဖီလာတတ်တဲ့သဘော ရှိပေမဲ့ တကယ်တော့ ကျေးကျွန် တွေပဲ၊ အခြေအနေကို လေ့လာပြီး ဆုံးဖြတ်ကြည့်စမ်းပါ၊ တဆယ့်ငါးရာစု ကုန်ဆုံးလာပြီ၊ သူတို့ကို ပြန်ကြည့်စမ်းပါ၊ အသင်ဟာ ဘယ်သူ့ကို အသင်နဲ့တူအောင် မြှင့်တင်နိုင်ခဲ့သလဲ။

“အကျွန်ုပ် ပြောရဲတယ်၊ လူသားတွေဟာ အသင် ထင်တာထက် အများကြီး ပျော့ညံ့တယ်၊ နိမ့်ကျတယ်၊ အသင်လုပ်တဲ့အလုပ်ကို သူတို့ လုပ်နိုင်သလား၊ အသင်ဟာ သူတို့ကို တန်ဖိုး ထားလွန်းတဲ့အတွက် သူတို့အပေါ်မှာ သနားကြင်နာမှု လျော့နည်းသွားရတယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ အသင်ဟာ သူတို့ကို မျှော်လင့်လွန်းလို့ပဲ၊ အသင်ဟာ သူတို့ကို အသင့်ကိုယ်ထက် ပိုပြီး ချစ်ခင်ခဲ့တယ်။

“အသင်ဟာ သူတို့အပေါ်မှာ တန်ဖိုးထားလေးစားမှု လျော့နည်းသွားလို့ရှိရင် သူတို့ ထံက အသင်တောင်းခံတာလည်း လျော့နည်းသွားလိမ့်မယ်၊ အဲဒါဟာ သူတို့အပေါ်မှာ ပိုပြီး မေတ္တာထားရာ ကျရောက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ တာဝန် ပေါ့သွားလို့ပဲ၊ သူတို့ဟာ ပျော့ညံ့တယ်၊ နိမ့်ကျတယ်။

“တကယ်လို့ သူတို့ဟာ အကျွန်ုပ်တို့ရဲ့ အာဏာစက်ကို အခုလို နေရာတကာမှာ ဆန့်ကျင်ဖီလာ နေတော့ကော ဘာဖြစ်သလဲ၊ သူတို့ ပုန်ကန်ခြားနားမှုကို ဂုဏ်ယူဝင့်ကြွားနေတော့ကော ဘာဖြစ်သလဲ၊ ဒါဟာ ကလေးတယောက်၊ ကျောင်းသားလေးတယောက်ရဲ့ ဂုဏ်ယူဝင့်ကြွားမှုမျိုးပဲ၊ သူတို့ဟာ အတန်းထဲမှာ ဆူပူနေတဲ့ ကျောင်းသားကလေးတွေပဲ၊ သူတို့ရဲ့ဆရာကို မောင်းထုတ်နေကြ တာပဲ။ “ဒါပေမဲ့ ဒီကလေးတွေရဲ့ နိဂုံးဟာလည်း ဆိုက်ရောက်လာရမှာပဲ၊ အဲဒီအခါမှာ သူတို့ဟာ အများကြီး ပေးလျော်ကြရလိမ့်မယ်၊ သူတို့ဟာ ဘုရားကျောင်းတွေကို ဖြိုဖျက်ပြီး မြေပြင်ကို သွေးတွေနဲ့ လိမ်းကျံကြလိမ့်မယ်၊ ဒါပေမဲ့ နောက်ဆုံးကျရင် သူတို့ဟာ သဘောပေါက်လာကြရမယ်၊ ဒီ အမိုက်အမဲကလေးတွေဟာ သူပုန်ကလေးတွေ

ဖြစ်ပေမဲ့ သူတို့ရဲ့ပုန်ကန်မှုကို မထိန်းသိမ်းနိုင်တဲ့၊ စွမ်းအားမရှိတဲ့ သူပုန်တွေပဲ။

"သူပုန်တို့ကို သူပုန်အဖြစ်နဲ့ ဖန်တီးလိုက်တဲ့သူဟာ သူတို့ကို လှောင်ပြောင်နေတာပဲလို့ သူတို့ဟာ မျက်ရည်စမ်းစမ်းနဲ့ သဘောပေါက်ကြလိမ့်မယ်၊ သူတို့ဟာ ဒီအကြောင်းကို စိတ်ပျက်လက်ပျက်နဲ့ ပြောကြလိမ့်မယ်၊ သူတို့ရဲ့ပြောဆိုချက်ဟာ ဘုရားသခင်ကို မကြည်ညို မလေးစားရာ ဖြစ်လိမ့်မယ်၊ ဒီအခါမှာ သူတို့ဟာ ပိုပြီးတော့ စိတ်မချမ်းမသာ ဖြစ်ကြရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေရဲ့ သဘာဝဟာ ဘုရားသခင်ကို မဆန့်ကျင်နိုင်ကြလို့ပဲ၊ အဲဒီတော့ နောက်ဆုံးမှာ သူ့ဘာသာသူ ဒဏ်ခတ်ခြင်း ပြုလိမ့်မယ်။

"အဲဒီတော့ မငြိမ်သက်ခြင်း၊ ရှုပ်ထွေးခြင်း၊ စိတ်မချမ်းသာခြင်း၊ အဲဒါတွေဟာ သူတို့ရဲ့ လွတ်လပ်မှုကို အသင် အလေးပေးခဲ့လွန်းလို့ ကနေ့လူသားတွေ ဖြစ်နေရတဲ့ အခြေအနေပဲ။

"အသင်ရဲ့ပုရောဟိတ်ကြီးက သူမြင်ယောင်ရတဲ့အနေနဲ့ ပုံဆောင်ပြီး ပြောပြတယ်၊ ပထမအကြိမ် ပြန်လည်ရှင်သန်ထမြောက်ခြင်းမှာ ပါဝင်တဲ့ လူတွေအားလုံးကို သူမြင်ရတယ်တဲ့။ မျိုးနွယ်စု တခုစီက လူ တသောင်းနှစ်ထောင်စီ ပါတယ်တဲ့။ သူတို့တွေဟာ အဲဒီလောက်များတယ်ဆိုရင် သူတို့တွေဟာ လူသားတွေ မဖြစ်နိုင်ဘူး၊ ဘုရားသခင်တွေပဲ ဖြစ်ရမယ်၊ သူတို့ဟာ အသင်ရဲ့ တရားတော်အရ မွေးဖွားလာသူတွေ ဖြစ်ရမယ်၊ သူတို့ဟာ ဘာမှမရှိတဲ့ သဲကန္တာရကြီးထဲမှာ ကျိုင်းကောင်တွေနဲ့ သစ်မြစ်တွေကို စားပြီး နှစ်ပေါင်းများစွာ ခံနိုင်စွမ်းရှိကြတဲ့ လူတွေဖြစ်ရမယ် .. အသင်ဟာ အဲဒီလွတ်လပ်မှုရဲ့သားသမီးတွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ လက်ညှိုးထိုးပြနိုင်တယ်၊ သူတို့ဟာ အသင်ရဲ့နာမတော်ဖြင့် လွတ်လပ်မှုကို ကောင်းမွန်ခမ်းနားစွာ ကျင့်ဆောင်ကြသူများ ဖြစ်တယ်။

"ဒါပေမဲ့ အဲဒီလူတွေဟာ ထောင်ပေါင်းအနည်းငယ်မျှသာ ဖြစ်တယ်ဆိုတာကို သတိပြုပါ။ နောက်ပြီးတော့ သူတို့ဟာ လူသားတွေ မဟုတ်ဘဲ ဘုရားသခင်တွေ ဖြစ်ကြတယ်။ ဒါပေမဲ့ ကျန်တဲ့လူတွေကို ဘာပြောမလဲ၊ ကျန်တဲ့ လူညံ့တွေဟာ ခွန်အားကြီးမားသူတွေ ခံနိုင်တဲ့အလုပ်ကို မခံနိုင်တဲ့အတွက် သူတို့ကို ဘယ်လိုအပြစ်တင်မလဲ၊ ဒီလိုဒဏ်ပြင်းလှတဲ့ ဆုလာဘ်ကို လက်မခံနိုင်တဲ့ အတွက် အားနည်းတဲ့လူတွေကို ဘယ်လိုအပြစ်တင်မလဲ။

"အမှန်ပဲ၊ အသင်ဟာ လက်ရွေးစင်တွေနဲ့ လက်ရွေးစင်တွေအတွက် လာရောက်ခြင်း မဟုတ်ဘူး၊ တကယ်လို့ အဲဒီလို လာရောက်တယ်ဆိုရင်လည်း ဒီကိစ္စဟာ ကောင်းကင်ဘုံက လူတွေသာ နားလည်နိုင်တဲ့ ကောင်းကင်ဘုံ နက်နဲလျှို့ဝှက်မှုပဲ၊ အကျွန်ုပ်တို့ အနေနဲ့တော့ ဒီ ကောင်းကင်ဘုံ နက်နဲလျှို့ဝှက်မှုကို ဘယ်လိုမှ နားမလည်နိုင်ဘူး။

"အကယ်၍ ဒီကိစ္စဟာ ဘုရားသခင်မှ သိနိုင်တဲ့ ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲမှု ဖြစ်တယ်ဆိုရင် အကျွန်ုပ်တို့ကလည်း ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲမှုတခုကို ဟောကြားခွင့် ရှိကြရမယ်၊ ဘယ်လို ဟောကြားရမလဲဆိုတော့ ဒီကိစ္စဟာ သူတို့ရဲ့နှလုံးသားက လွတ်လပ်မှုနဲ့ ဆုံးဖြတ်ရတဲ့ ကိစ္စ မဟုတ်ဘူး၊ မေတ္တာတရားနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ဒါဖြင့်ရင် ဘာလဲဆိုတော့ သူတို့ မျက်စိမှိတ်ပြီး လိုက်နာရမယ့် ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲမှုတခုပဲ၊ သူတို့စိတ်ထဲက မယုံကြည် လည်း ဇွတ်မှိတ်ပြီး လိုက်နာရမယ်။

"အဲဒီလို ကျွန်ုပ်တို့ ပြုလုပ်ခဲ့ကြတယ်၊ အကျွန်ုပ်တို့ဟာ အသင်ရဲ့လုပ်ငန်းစဉ်ကို ပြင်ခဲ့ကြတယ်၊ တနင်္ခိုးဣဒ္ဓိပါဒ်၊ ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲမှုနဲ့ ဩဇာအာဏာစက်ပေါ်မှာ အခြေတည်ခဲ့ကြ တယ်။ အဲဒီအခါမှာ လူသားတွေဟာ သူတို့အနေနဲ့ ပင်ပန်းကြီးစွာ ထမ်းဆောင်နေရတဲ့ ကြောက်လန့်ဖွယ်ရာ ဆုလာဘ်ကြီးကို သူတို့ရဲ့ စိတ်အစဉ်က ဖယ်လိုက်ပြီး သူတို့ကို သိုးတွေလို မောင်းနှင်ခေါ်ဆောင်သွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။

"အကျွန်ုပ်တို့ အဲဒီလို သင်ကြားပြီး အဲဒီလို လုပ်ဆောင်တာဟာ မှန်ကန်ပါသလား၊ အကျွန်ုပ်ကို ပြောစမ်းပါ။ လူသားတွေရဲ့မစွမ်းဆောင်နိုင်မှုကို ပြောကြားပြီး သူတို့ရဲ့တာဝန်ကို လျှော့ပေါ့စေတဲ့ အတွက် ကျွန်ုပ်တို့ဟာ သူတို့ကို ချစ်ခင်ရာ မရောက်ဘူးလား၊ ကျွန်ုပ်တို့ဟာ သူတို့ကို ချစ်ခင်ရာ မရောက်ဘူးလား၊ ကျွန်ုပ်တို့ရဲ့ခွင့်ပြုချက်အရ ပျော့ညံ့တဲ့လူသားတွေကို အပြစ်တွေ ကျူးလွန် ခွင့်ပြုတဲ့အတွက် သူတို့ကို ချစ်ခင်ရာ မရောက်ဘူးလား။ ကျွန်ုပ်တို့ဟာ သူတို့ကို ချစ်ခင်၍ ပြုလုပ်ခြင်း ဖြစ်တယ်ဆိုရင် အသင်ဟာ အဘယ်ကြောင့် ကျွန်ုပ်တို့ရဲ့လုပ်ငန်းမှာ စွက်ဖက်ရန် အခုလို လာရောက်ရသလဲ။

"အသင်ဟာ အဘယ်ကြောင့် အကျွန်ုပ်ကို တိတ်ဆိတ်စွာ ကြည့်နေရသလဲ။ သိမ်မွေ့နူးညံ့သော မျက်လုံးများနဲ့ ထိုးဖောက်ကာ ကြည့်ရှုနေရသလဲ။ အသင် ဒေါသဖြစ်လိုက်စမ်းပါ။ အသင်ရဲ့ ချစ်ခင်မှု ကို အကျွန်ုပ် မလိုလားပါ။ အကြောင်းကတော့ အကျွန်ုပ်ကိုယ်တိုင်က အသင့်ကို မချစ်ခင်လို့ ဖြစ်တယ်။

"အကျွန်ုပ်ဟာ အသင် မသိအောင် ဘာကို ဖုံးကွယ်ထားရမှာလဲ။ ဘယ်သူ့ကို စကား ပြောနေတယ် ဆိုတာ အကျွန်ုပ် မသိလို့လား။ အသင့်ကို အကျွန်ုပ် ပြောခဲ့တဲ့အချက်တွေ အားလုံးဟာ အသင် သိပြီးသားတွေသာ ဖြစ်ပေတယ်။ အဲဒါကို အသင်ရဲ့မျက်လုံးတွေထဲမှာ တွေ့ရှိနေရတယ်။ အကျွန်ုပ်တို့ရဲ့ လျှို့ဝှက်ချက်ကို အသင် မသိအောင် အကျွန်ုပ် ဖုံးကွယ်ထားရမှာလား။ ဒီအကြောင်း တွေဟာ အကျွန်ုပ်ရဲ့ ပါးစပ်က ထုတ်ပြောတာကို အသင် ကြားချင်တဲ့ အကြောင်းတွေပဲ ဖြစ်နိုင်တယ်။ ကောင်းပြီ .. ဒါဆိုရင် နားထောင်ပါ။

"အကျွန်ုပ်တို့ဟာ အသင်နှင့် အတူမရှိဘူး။ သူနဲ့ အတူရှိတယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့လျှို့ဝှက်ချက်ပဲ။ အကျွန်ုပ်တို့ဟာ အသင်နဲ့ လမ်းခွဲပြီး သူနဲ့အတူ ပူးပေါင်းခဲ့တာ နှစ်ပရိစ္ဆေဒ ကြာလှပြီ၊ ရှစ်ရာစု ရှိသွားပြီ။

"လွန်ခဲ့တဲ့ ရှစ်ရာစုကပဲ၊ အကျွန်ုပ်တို့ဟာ အသင် သရော်လှောင်ပြောင်ပြီး ငြင်းပယ်ခဲ့တဲ့အရာကို သူ့ဆီက ယူခဲ့ကြတယ်။ အဲဒါကတော့ အသင့်ကို သူ နောက်ဆုံးပေးခဲ့တဲ့ လက်ဆောင်ပဲ။ အသင့်ကို သူ ပေးခဲ့တဲ့ ကမ္ဘာမြေကြီးပေါ်က နိုင်ငံတော်တွေပဲ။ ကျွန်ုပ်တို့ဟာ ရောမနိုင်ငံတော်နဲ့ ဆီဇာရဲ့ ဓားကို သူ့လက်ကယူပြီး ကျွန်ုပ်တို့ဟာ ဤကမ္ဘာကြီးကို စိုးမိုးသူများဖြစ်ကြောင်း ကြေညာခဲ့တယ်။ ကနေ့အချိန်အထိ ကျွန်ုပ်တို့ရဲ့လုပ်ငန်းကို ပြီးပြည့်စုံအောင် မဆောင်ရွက်နိုင်သေးပေမယ့် တဦးတည်းသော စိုးမိုးအုပ်ချုပ်သူအဖြစ် ကြေညာခဲ့တယ်။

"ဒါပေမဲ့ ဒီလို မပြီးစီးနိုင်သေးတာဟာ ဘယ်သူ့အပြစ်လဲ။ အင်း ... ဒီလုပ်ငန်းဟာ အခုမှ အစပဲ ရှိသေးတယ်။ ဒါပေမဲ့ စနေပြီ။ ဒီလုပ်ငန်းကြီး ပြီးစီးသွားအောင် ကျွန်ုပ်တို့ဟာ နောက်ထပ် နှစ်ကာလ အများကြီး စောင့်ဆိုင်းရဦးမယ်၊ ဒီအတွင်းမှာ ကမ္ဘာကြီးဟာ ဒုက္ခဆင်းရဲတွေ အများကြီး ခံစားကြ ရဦးမယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ ပန်းတိုင်ကိုရောက်ပြီး ကေရာဇ်ဘုရင် ဖြစ်ကြရမယ်၊ အဲဒီအချိန်မှာ ကျွန်ုပ်တို့ဟာ တလောကလုံးမှာရှိတဲ့ လူသားတွေရဲ့ ချမ်းသာပျော်ရွှင်မှုကို စဉ်းစားနိုင်ကြမယ်။ ဒါပေမဲ့ အသင်ဟာ အဲဒီအချိန်မှာကိုပဲ ဆီဇာဘုရင်ရဲ့ဓားကို ယူနိုင်တယ်။ အသင်ဟာ အဘယ်ကြောင့် နောက်ဆုံးကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ရသလဲ။

"အသင်ဟာ မဟာနတ်မင်းကြီးရဲ့ တတိယကမ်းလှမ်းချက်ကို လက်ခံခဲ့လို့ရှိရင် ဒီကမ္ဘာ လောကကြီး ပေါ်မှာ လူသားတွေ တောင့်တရှာဖွေနေတဲ့ အရာဝတ္ထုတွေကို အသင် ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်တယ်။ အဲဒါတွေကတော့ ဘယ်သူ့ကို ကိုးကွယ်ရမယ်ဆိုတာရယ်၊ သူတို့ရဲ့စိတ်နှလုံးကို ဘယ်သူ့ကို ယုံကြည်စွာ အပ်နှံရမယ် ဆိုတာရယ်၊ နောက်ပြီးတော့ ... နောက်ဆုံးမှာ မဖြိုဖျက်နိုင်တဲ့ ခြတောင်ပို့ကြီးအဖြစ် ဘယ်လို ညီညီညွတ်ညွတ် စုစည်းနိုင်မယ်ဆိုတာတွေပဲ ဖြစ်တယ်၊ တလောကလုံး ညီညွတ်ရေးဟာ လူသားတွေအတွက် တတိယနဲ့ နောက်ဆုံးအဖြစ် ခံစားနေရတဲ့ ဝေဒနာကြီးတရပ်ပဲ။

"လူ့ဘောင်ကြီးထဲမှာရှိတဲ့ လူသားတွေ အားလုံးဟာ အမြဲတမ်းဆိုသလိုပဲ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံကြီး တခု တည်ထောင်ဖို့ ကြိုးစားခဲ့ကြတယ်၊ နိုင်ငံကြီးပေါင်း မြောက်မြားစွာဟာ သမိုင်းခေတ်ပေါင်း မြောက်မြားစွာကို တည်ထောင်ခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့ဟာ များများ တည်ဆောက်နိုင်လေ များများ စိတ်မချမ်းမသာ ဖြစ်ကြရလေပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ကမ္ဘာလုံးဆိုင်ရာ သမဂ္ဂ

အဖွဲ့အစည်းကြီးကို ပိုပြီး တောင့်တလာလေ ဖြစ်လို့ပဲ။

"မဟာအောင်နိုင်သူကြီးတွေဖြစ်တဲ့ တိမူးနဲ့ ဂျင်ဂစ်ခန်တို့ဟာ ကမ္ဘာကြီးကို စိုးမိုးအောင်နိုင်ဖို့အတွက် ကမ္ဘာကြီးကို မုန်တိုင်းတိုက်သလို လှည့်လည်တိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့ဟာလည်း တလောကလုံးနဲ့ ဆိုင်တဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး လိုအပ်တဲ့အကြောင်း ပြောဆိုခဲ့ကြတယ်။

"အသင်ဟာ ကမ္ဘာကြီးနဲ့ ဆီဇာရဲ့အာဏာစက်ကို လက်ခံခဲ့လို့ရှိရင် အသင်ဟာ ကမ္ဘာ့နိုင်ငံကြီးကို တည်ထောင်နိုင်ပြီး တလောကလုံးနဲ့ဆိုင်တဲ့ ငြိမ်းချမ်းရေးကို ပေးဆောင်နိုင်မှာ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေရဲ့ စိတ်နှလုံးကို စိုးပိုင်ပြီး သူတို့တွေရဲ့ လက်ထဲမှာ ပေါင်မုန့်တွေ ထည့်ပေးမထားဘဲနဲ့ ဘယ်သူဟာ လူသားတွေကို စိုးမိုးအုပ်ချုပ်နိုင်ပါ့မလဲ။ အဲဒါကြောင့်ပဲ အကျွန်ုပ်တို့ဟာ ဆီဇာရဲ့ ဓားကို ရယူပြီး ဆီဇာရဲ့ ဓားကို ကိုင်စွဲကာ အသင့်ကို ငြင်းပယ်ခဲ့ကြတယ်၊ သူ့နောက်ကို လိုက်ပါခဲ့ကြတယ်။

"အင်း ... ရာစုနှစ်ပေါင်း အတော်ကြာအောင်တော့ သူတို့ရဲ့ လွတ်လပ်တဲ့ အတွေးအခေါ်မှာ သူတို့ရဲ့ သိပ္ပံပညာနဲ့ ဇာတ်တူသားစားတဲ့ ဓလေ့တွေ ဝင်ရောက်ရှုပ်ထွေးနေဦးမှာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ဟာ အကျွန်ုပ်တို့ရဲ့ အကူအညီမပါဘဲ ကောင်းကင်ဘုံကို မျှော်မှန်းတဲ့ ဗေဗယ် မျှော်စင်ကြီးကို တည်ဆောက်ကြလို့ရှိရင် သူတို့ဟာ ဇာတ်တူသား စားတဲ့ ဝါဒနဲ့ စခန်းသိမ်းကြရမှာပဲ။ အဲဒီအခါမှာ မကောင်းဆိုးဝါး သတ္တဝါကြီးဟာ ကျွန်ုပ်တို့ထံကို လေးဖက်ထောက်ပြီး လာလိမ့်မယ်။ ကျွန်ုပ်တို့ရဲ့ ခြေထောက်တွေကို လျှာနဲ့လျက်ပြီး သူ့မျက်လုံးကကျတဲ့ သွေးမျက်ရည်တွေနဲ့ ပေကျံစေလိမ့်မယ်။ အဲဒီအခါမှာ ကျွန်ုပ်တို့ဟာ သတ္တဝါကြီးအပေါ်မှာ ထိုင်ပြီး ခွက်ကို မြှောက်လိုက်မယ်၊ ခွက်ပေါ်မှာ "ကောင်းကင်ဘုံ လျှို့ဝှက်နက်နဲခြင်း" လို့ ရေးထားမယ်၊ အဲဒီအခါကျရင် ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်မှုဟာ ပေါ်ထွန်းလာလိမ့်မယ်။

"အသင်ဟာ အသင်ရဲ့လက်ရွေးစင်အတွက် ဂုဏ်ယူဝင့်ကြွားနေလိမ့်မယ်။ ဒါပေမဲ့ အသင့်မှာ လက်ရွေးစင်တွေပဲ ရှိတယ်၊ အဲဒီအချိန်မှာ ကျွန်ုပ်တို့က အားလုံးအတွက် ငြိမ်းချမ်းရေးကို ဆောင်ရွက် ပေးနေတယ်။ ဒါတွင်လားဆိုတော့ မဟုတ်သေးဘူး၊ အဲဒီလက်ရွေးစင်တွေထဲက လူဘယ်လောက် များများဟာ၊ လက်ရွေးစင်တွေအဖြစ် ရွေးချယ်ခံနိုင်တဲ့ အင်အား ကြီးမားသူ ဘယ်နှစ်ယောက်ဟာ.. နောက်ဆုံးမှာ အသင့်ကို စောင့်ဆိုင်းရတာ ငြီးငွေ့လာကြတဲ့အတွက် သူတို့ရဲ့ စိတ်ဓာတ်အင်အားနဲ့ သူတို့ရဲ့နှလုံးသား ထက်သန်မှုတွေကို အခြားနယ်ပယ်တခုကို ပြောင်းသွားကြမလဲ၊ သူတို့ရဲ့ လွတ်လပ်မှု အောင်လံကို အသင့်အား ဆန့်ကျင်ရန်အတွက် လွှင့်တင်ကြမလဲ။ အမှန်တော့ အဲဒီအလံကို အသင်ကိုယ်တိုင် လွှင့်ထူခဲ့တာပဲ ဖြစ်တယ်။

"ဒါပေမဲ့ အကျွန်ုပ်တို့နဲ့ဆိုရင်တော့ အားလုံးဟာ ပျော်ရွှင်နေကြလိမ့်မယ်၊ အကျွန်ုပ်တို့ကို ဘယ်တော့မှ တော်လှန်ပုန်ကန်ကြမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ အသင့်ရဲ့လွတ်လပ်မှု အောင်လံအောက်က နေရာတွေအားလုံးမှာ ဖြစ်ပျက်နေတဲ့ တယောက်ကိုတယောက် အပြုတ်တိုက်နေတာမျိုးတွေလည်း ရှိမှာမဟုတ်ဘူး။

"သူတို့ရဲ့ လွတ်လပ်မှုကို အကျွန်ုပ်တို့ လက်ထဲကို အပ်ထားကြတဲ့အခါမှာသာ သူတို့ဟာ တကယ် လွတ်လပ်ကြမှာ ဖြစ်ကြောင်းကို အကျွန်ုပ်တို့က သူတို့ကို အဲဒီအချိန်မှာ သဘောပေါက်စေမယ်။ အဲဒီတော့ အသင် ဘယ်လိုသဘောရသလဲ။ အကျွန်ုပ်တို့ဟာ မှန်သလား၊ သို့မဟုတ် လိမ်ညာနေကြသလား၊ အကျွန်ုပ်တို့ မှန်တယ်ဆိုတဲ့အကြောင်းကို သူတို့ကိုယ်တိုင် သူတို့ဘာသာ သိကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသင်ရဲ့လွတ်လပ်မှုကြောင့် ဗရုတ်သုတ်ခ ဖြစ်ခဲ့ရတာတွေနဲ့ ကျွန်ဖြစ်ခဲ့ရတာ တွေကို သူတို့ အမှတ်ရနေကြလို့ပဲ။

"လွတ်လပ်ခြင်း၊ လွတ်လပ်တဲ့စိတ်နဲ့ သိပ္ပံပညာဟာ သူတို့ကို အဲဒီတောနက်ထဲကို ခေါ်ဆောင်သွား တယ်၊ နောက်ပြီးတော့ သူတို့ကို မဖြေရှင်းနိုင်တဲ့ လျှို့ဝှက်နက်နဲမှုတွေနဲ့ နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ စေတယ်၊ အဲဒီအမှုမှာ မာကျောပြီး ပုန်ကန်ခြားနားတတ်တဲ့ လူတွေဟာ သူတို့ကိုယ်သူတို့ ဖျက်ဆီးပစ်ကြလိမ့်မယ်၊ အဲ... ကျန်တဲ့လူတွေ.... ပျော့ညံ့ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ လူတွေက တော့ အကျွန်ုပ်တို့ရဲ့ခြေရင်းမှာ ပြားပြားဝပ်ပြီး အခုလို ဟစ်အော်ကြလိမ့်မယ်။

"မှန်လှပါပေတယ်၊ အသင်ဟာ မှန်ကန်ပါတယ်၊ သူ့ရဲ့လျှို့ဝှက်နက်နဲမှုကို အသင် တဦးတည်းသာ ပိုင်ဆိုင်ပေတယ်၊ အဲဒါကြောင့်မို့လို့ အသင့်ထံကို ကျွန်တော်မျိုးတို့ ပြန်လာကြပါတယ်... ကျွန်တော်မျိုးတို့ကို ကယ်တင်တော်မူပါ"

"အကျွန်ုပ်တို့ထံက ပေါင်မုန့်ကို သူတို့ရရှိတဲ့အခါမှာ အဲဒီပေါင်မုန့်တွေဟာ သူတို့ကို ပေးဝေ ကျွေးမွေးဖို့အတွက် ဘယ် တန်ခိုးဣဒ္ဓိပါဒ် အကူအညီမှ မပါဘဲ သူတို့ကိုယ်တိုင် သူတို့လက်တွေနဲ့ လုပ်ထားတယ်ဆိုတာကို သူတို့ ကောင်းကောင်းကြီး သဘောပေါက်ကြလိမ့်မယ်။

"အဲဒီအခါမှာ အကျွန်ုပ်တို့ဟာ ကျောက်ခဲတွေကနေ ပေါင်မုန့်လုပ်ထားတာ မဟုတ်ဘူး ဆိုတာကို သူတို့ သိလိမ့်မယ်၊ သူတို့ဟာ ပေါင်မုန့်ကို ရတာထက်... အဲဒီပေါင်မုန့်ကို အကျွန်ုပ်တို့ထံက ရတဲ့အတွက် ပိုပြီး ကျေနပ်အားရကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုအရင်တုန်းက ကျွန်ုပ်တို့နဲ့ မတွေ့ခင်တုန်းကဆိုရင် သူတို့လက်ထဲက ပေါင်မုန့်တွေဟာ ကျောက်ခဲတွေ ဖြစ်သွားကြလို့ပဲ၊ ဒါပေမဲ့ အကျွန်ုပ်တို့ထံကို သူတို့ ပြန်လာတဲ့အခါမှာ အဲဒီကျောက်ခဲတွေဟာ သူတို့ လက်ထဲမှာပဲ ပေါင်မုန့်တွေ ပြန်ဖြစ်သွားကြတယ်။

"အဲဒါရဲ့အဓိပ္ပာယ်ကတော့ သူတို့ဟာ အကျွန်ုပ်တို့လက်မှာ ထာဝရ အပ်နှံရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ လူတွေဟာ အဲဒါကို သဘောမပေါက် နားမလည်ခင်အထိတော့ ဒုက္ခ ဆင်းရဲ ရောက်နေကြလိမ့်မယ်။ အဲဒီလို နားမလည်တဲ့အတွက် ဘယ်သူ့မှာ ပိုပြီး တာဝန်ရှိသလဲ၊ ပြောစမ်းပါ။ သိုးအုပ်ကြီးကို ဘယ်သူ ခွဲပစ်သလဲ၊ သူတို့ကို လမ်းမှားတွေမှာ ဘယ်သူက ပြန့်ကျဲသွားစေသလဲ။ ဒါပေမဲ့ သိုးအုပ်ကြီးဟာ တကြိမ်ပြန်ပြီး စုရုံးကြလိမ့်မယ်၊ တကြိမ်ပြန်ပြီး တိုးလျှိုး ဝင်ရောက်လာကြလိမ့်မယ်၊ ဒီအကြိမ်ဟာ နောက်ဆုံးအနေနဲ့ အစဉ်ထာဝရ စုရုံးကြခြင်းပဲ ဖြစ်လိမ့်မယ်၊ ဒီအခါမှာ ကျွန်ုပ်တို့ဟာ သူတို့ကို ငြိမ်သက် အေးချမ်းတဲ့ ငြိမ်းချမ်းမှုကို ပေးမယ်၊ သူတို့အတွက် ဖန်တီးထားတဲ့ ငြိမ်းအေးမှုပဲ။

"အဲဒီအခါမှာ ကျွန်ုပ်တို့က သူတို့ကို ကိုယ့်ကိုယ်ကိုယ် အထင်မကြီးကြဖို့ ပြောရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အသင်က သူတို့ကို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးကြဖို့ မြှောက်ပေးထားခဲ့တယ် မဟုတ်လား။ သူတို့ဟာ ပျော့ညံ့ပြီး သနားစရာကောင်းတဲ့ ကလေးတွေသာ ဖြစ်ကြောင်း ကျွန်ုပ်တို့က ပြောရမယ်၊ ဒါပေမဲ့ ကလေးတွေရဲ့ပျော်ရွှင်မှုဟာ ဒီ လောကကြီးမှာ အကောင်းမွန်ဆုံးပဲ။ အဲဒီအခါမှာ သူတို့ဟာ ထိတ်လန့်ကြောက်ရွံ့လာကြပြီး ကျွန်ုပ်တို့ကို တွယ်ကပ်လာကြလိမ့်မယ်၊ ကြက်ကလေး တွေက ကြက်မကြီး အောက်ကို ခိုဝင်ကြသလိုမျိုးပဲပေါ့။

"သူတို့ဟာ ကျွန်ုပ်တို့ကို ရင်သပ်ရှုမောရှိကြမယ်၊ သူတို့ဟာ ကျွန်ုပ်တို့ကို ကြောက်ရွံ့ကြမယ်၊ ကျွန်ုပ်တို့ဟာ ပရမ်းပတာ ဖြစ်နေတဲ့ အသချေ အသချ်ာသော လူအုပ်ကြီးကို သိမ်းသွင်းစုရုံးနိုင် လောက်အောင် ဉာဏ်ပညာ ကြွယ်ဝပြီး အင်အားကြီးမားတဲ့အတွက် သူတို့ဟာ ဂုဏ်ယူဝင့်ကြွားလို့ မဆုံး ဖြစ်ကြလိမ့်မယ်။

"သူတို့ဟာ ကျွန်ုပ်တို့ရဲ့ အမျက်ဒေါသအောက်မှာ အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့နေကြလိမ့်မယ်၊ သူတို့ရဲ့စိတ်နှလုံးတွေဟာ တုန်လှုပ်ချောက်ချားနေကြလိမ့်မယ်။ သူတို့ရဲ့မျက်လုံးတွေကလည်း ကလေးတွေလို မိန်းမတွေလို အမြဲတမ်းပဲ မျက်ရည်တွေ ကျနေကြလိမ့်မယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ဆီက အရိပ်နိမိတ် နည်းနည်းကလေး ပြလိုက်တယ်ဆိုရင်ပဲ သူတို့ဟာ ချက်ချင်းပဲ ပျော်ရွှင်ချမ်းမြေ့ သွားကြလိမ့်မယ်။ သူတို့ရဲ့မျက်လုံးတွေဟာ ဝမ်းသာ ကြည်နူးမှုတွေနဲ့ အရောင် တဖိတ်ဖိတ် လက်လာကြလိမ့်မယ်။ သူတို့တွေဟာ ကလေးတွေလို ပျော်ရွှင်လာကြလိမ့်မယ်။

"အမှန်ပဲ၊ ကျွန်ုပ်တို့ဟာ သူတို့ကို အတင်းအဓမ္မပဲ အလုပ်လုပ်ခိုင်းရမယ်။ ဒါပေမဲ့ သူတို့ရဲ့ အားလပ်ချိန်တွေမှာတော့ သူတို့ကို ကလေးလေးတွေလို ကစားစေရမယ်။ သံပြိုင် သီချင်းတွေ သီဆိုစေရမယ်။ အပြစ်ကင်းစင်တဲ့ ကလေးတွေလို က စေရမယ်။ အို .... ကျွန်ုပ်တို့ဟာ သူတို့ကို လောကီမှု ဒုစရိုက်တွေ

ကျူးလွန်ခွင့်ပြုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ အားနည်း ပျော့ညံ့လို့ပဲ။ ခိုကိုးရာမဲ့ကြလို့ပဲ။ သူတို့ကို အပြစ်တွေ ကျူးလွန်ခွင့် ပြုတဲ့အတွက် သူတို့က ကျွန်ုပ်တို့ကို ကလေးလေးတွေလိုပဲ ချစ်ကြလိမ့်မယ်။

“သူတို့ဟာ တကယ်လို့ အပြစ်တွေကို ကျွန်ုပ်တို့ရဲ့ခွင့်ပြုချက်နဲ့သာ ကျူးလွန်ခဲ့ကြလို့ရှိရင် အပြစ်အားလုံးကို ပြေငြိမ်းစေနိုင်တယ်လို့ ကျွန်ုပ်တို့က သူတို့ကို ပြောရမယ်။ သူတို့ကို ကျွန်ုပ်တို့က ဘာဖြစ်လို့ အပြစ်တွေ ကျူးလွန်ခွင့် ပြုရသလဲဆိုတော့ သူတို့ကို ကျွန်ုပ်တို့က ချစ်လို့ပဲ၊ အဲဒီအတွက် သူတို့ ကျူးလွန်တဲ့ အပြစ်တွေကို ကျွန်ုပ်တို့က လွှဲပြောင်း တာဝန်ခံကြရမယ်။ အဲဒီလို ကျွန်ုပ်တို့က လွှဲပြောင်းတာဝန်ခံတဲ့အခါမှာ သူတို့က ကျွန်ုပ်တို့ကို ဘုရားသခင် ရှေ့တော်မှောက်မှာ အပြစ်တွေကို လွှဲပြောင်းတာဝန်ယူတဲ့ ကျေးဇူးရှင်တွေအဖြစ် ချစ်ခင်မြတ်နိုးကြလိမ့်မယ်။

“အဲဒီအခါမှာ သူတို့ဟာ ကျွန်ုပ်တို့ကို ဘာတခုမှ လျှို့ဝှက်ကြတော့မှာ မဟုတ်ဘူး။ ကျွန်ုပ်တို့က သူတို့တတွေ ဇနီး မိန်းမနဲ့ နေတာ မနေတာ၊ အပျော်မယား ထားတာ မထားတာကို ခွင့်ပြုချင် ပြုမယ်၊ တားမြစ်ချင် တားမြစ်မယ်။ သူတို့မှာ ကလေးရှိတာ မရှိတာကိုလည်း ဒီအတိုင်းပဲ ... သူတို့ရဲ့ လိုက်နာဆောင်ရွက်မှုအပေါ်မှာ တည်လို့ပဲ... အဲဒီအခါမှာ သူတို့ဟာ သူတို့ကိုယ်ကို ကျွန်ုပ်တို့အား ဝမ်းမြောက်ဝမ်းသာနဲ့ အပ်နှံကြလိမ့်မယ်။

“သူတို့ရဲ့ စိတ်နှလုံးကို ကြိမ်မီးအုံးသလို နှိပ်စက်နေတဲ့ လျှို့ဝှက်ချက်တွေ အားလုံးကို သူတို့ဟာ ဘာတခုမှ ချန်မထားဘဲ ကျွန်ုပ်တို့ထံမှောက်ကို တင်ပြကြလိမ့်မယ်။ အဲဒီအခါ ကျွန်ုပ်တို့ရဲ့ ဆုံးဖြတ်ချက်ကို ပေးရမယ်။ ကျွန်ုပ်တို့ရဲ့ဆုံးဖြတ်ချက်အတွက် သူတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဟာ သူတို့ကိုယ်ပိုင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ဖို့ အတွက် အင်မတန် စိုးရိမ်ကြောင့်ကြ ဒုက္ခဖြစ်နေကြရတဲ့ ဘဝက ကင်းလွတ်သွားကြရတဲ့အတွက်ပဲ။

“အဲဒီအခါမှာ သူတို့ကို အုပ်ချုပ်နေတဲ့လူ အနည်းငယ်ကလွဲရင် သန်းပေါင်းများစွာသော လူသားတွေ ဟာ ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိကြလိမ့်မယ်။ လျှို့ဝှက်မှုတွေကို စောင့်ထိန်းနေရတဲ့ ကျွန်ုပ်တို့တတွေ သာ ဆင်းရဲဒုက္ခ ရောက်နေကြရမယ်။ အသင်္ချေ အသင်္ချာသော လူသားတွေဟာ ကလေးသူငယ် တွေလို ပျော်ရွှင်နေကြလိမ့်မယ်။ အကောင်းအဆိုးကို တာဝန်ယူကြရတဲ့ လူအထောင်အသောင်းသော ဒုက္ခဝေဒနာကို ခံစားနေကြရမယ်။

“လူသားတွေဟာ ငြိမ်းချမ်းစွာ သေဆုံးကြရမယ်။ အသင်၏ နာမတော်၌ ငြိမ်းချမ်းစွာ ကွယ်လွန်ကြ ရမယ်။ ဒါပေမဲ့ သူတို့ဟာ သင်္ချိုင်းကို

ရောက်ပြီးတဲ့အခါမှာတော့ သေခြင်းကလွဲလို့ ဘာတခုကိုမှ တွေ့ကြရမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ လျှို့ဝှက်ချက်တခုကို ပြုလုပ်ရမယ်။ သူတို့ကို ကောင်းကင်ဘုံနဲ့ ချော့မြှူထားရမယ်။ ထာဝရဆိုတာနဲ့ ဆွဲဆောင်ထားရမယ်။ ဒါပေမဲ့ တမလွန်လောကမှာ ကောင်းကင်ဘုံဆိုတာ တကယ်ရှိခဲ့ရင်လည်း အဲဒီကောင်းကင်ဘုံဟာ သူတို့လို လူသားတွေအတွက်တော့ မဟုတ်ဘူး။

"တနေ့မှာ အသင်ဟာ အောင်မြင်ခြင်းနဲ့အတူ ပြန်လာမယ်လို့ တင်ကူးဟောကြားထားတာရှိတယ်။ အသင်ဟာ အသင်ရဲ့လက်ရွေးစင်များနဲ့အတူ ကြွမြန်းလာမှာဖြစ်တယ်။ အသင်ရဲ့ဂုဏ်ဝင့်သူများ၊ အင်အားကြီးမားသူများနဲ့ ဖြစ်တယ်။ ဒါပေမဲ့ အဲဒီအချိန်ကျရင် ကျွန်ုပ်တို့က ပြောလိမ့်မယ်။ သူတို့ဟာ သူတို့ကိုယ်ကိုသာ ကယ်တင်သူများဖြစ်ပြီး ကျွန်ုပ်တို့က အားလုံးကို ကယ်တင်သူများ ဖြစ်တယ်။

"ကျွန်ုပ်တို့ကို ပြောထားတာ ရှိတယ်။ လျှို့ဝှက်နက်နဲမှုဆိုတာကို ကိုင်ပြီး မာရ်နတ်မင်းအပေါ်မှာ ထိုင်နေတဲ့ ပြည့်တန်ဆာမကို အရှက်ကောင်းစွာ ရစေမည်တဲ့... အဲဒီအခါမှာ ပျော့ညံ့သူများဟာ တကြိမ် ပြန်ထလာကြပြီး ပြည့်တန်ဆာမရဲ့ဒုစရိုက် ကိုယ်ခန္ဓာပေါ်က အဝတ်တွေ အားလုံးကို ချွတ်ခွာပစ်ကြလိမ့်မယ်တဲ့။ ဒါပေမဲ့ အဲဒီအခါကျရင် ကျွန်ုပ်ဟာ မားမားကြီးရပ်ပြီး အပြစ် ဒုစရိုက် ဆိုတာကို လုံးဝမသိဘဲ ပျော်ရွှင်ချမ်းမြေ့နေကြတဲ့ အသင်္ချေအသင်္ချာသော ကလေးတွေကို လက်ညှိုးထိုးပြလိမ့်မယ်၊ ကျွန်ုပ်တို့ဟာ သူတို့ရဲ့ ပျော်ရွှင် ချမ်းမြေ့မှုအတွက် သူတို့ရဲ့ အပြစ်တွေကို ခံယူထားကြတဲ့ လူတွေဖြစ်တယ်၊ အဲဒီအတွက် ကျွန်ုပ်တို့ဟာ အသင်၏ရှေ့မှောက်မှာ ရပ်ပြီး ပြောလိမ့်မယ် ...."

"အို .. ဒါ မဖြစ်နိုင်ဘူး" မျက်နှာကြီး နီရဲစွာဖြင့် အလျှိုရှာ ဟစ်အော်လိုက်သည်။ "အစ်ကိုရဲ့ကဗျာက အရှင်ယေရှုကို ချီးကျူးဂုဏ်ပြုထားတာပဲ၊ အစ်ကိုဖြစ်ချင်သလို သူ့ကို ရှုတ်ချပြစ်တင်ထားတာမှ မဟုတ်ဘဲ၊ လွတ်လပ်မှုနဲ့ ပတ်သက်ပြီး အစ်ကို ပြောတာကို ဘယ်သူယုံမလဲ၊ လွတ်လပ်မှုနဲ့ ပတ်သက်ပြီး ဒီလိုမျိုး နားလည်ကြသလား၊ အရှေ့ပိုင်း အယူမှန် အသင်းတော်ရဲ့အယူအဆတော့ မဟုတ်ဘူး၊ ဒါဟာ ရောမအသင်းတော်ရဲ့အယူအဆပဲ၊ ရောမအသင်းတော် တခုလုံးတောင် မဟုတ်ဘူး၊ သူတို့ဟာ ဗရင်ဂျီတွေထဲမှာ အဆိုးဆုံးပဲ... မိစ္ဆာဒိဋ္ဌိ သုတ်သင်ရေးသမားတွေပဲ၊ ဂျက်ဇူးအစ် ဗရင်ဂျီတွေပဲ၊ နောက်ပြီးတော့ အစ်ကိုပြောတဲ့ ခံတော်ချုပ်မျိုးလည်း မရှိဘူး၊ သူတို့ လွှဲပြောင်းခံယူတဲ့ လူသားတွေရဲ့အပြစ်တွေက ဘာတွေလဲ၊ လူတွေရဲ့ပျော်ရွှင်ချမ်းမြေ့မှုအတွက် လျှို့ဝှက်နက်နဲမှုကို ထိန်းသိမ်းထားတဲ့ လူတွေက ဘယ်သူတွေလဲ၊ သူတို့ကို ဘယ်တော့ တွေ့ရမှာလဲ၊ ဂျက်ဇူးအစ်တွေကို ကျွန်တော်တို့ သိတယ်၊ သူတို့အကြောင်း လူတွေက မကောင်းပြောကြတယ်၊ အစ်ကို့ရဲ့ကဗျာထဲမှာ

ပါတဲ့လူတွေဟာ အဲဒီလူတွေပဲလား၊ သူတို့ဟာ ဒီလိုမျိုးတော့ မဟုတ်ဘူး ... သူတို့က ပုပ်ရဟန်းမင်းကြီးကို ဧကရာဇ်ဘုရင်အဖြစ် ထားပြီး ကမ္ဘာလုံးဆိုင်ရာ အစိုးရကြီးကို ဖွဲ့စည်းဖို့ ကြိုးစားနေကြတဲ့ ဗရင်ဂျီ တပ်မတော်ပဲ၊ သူတို့ရဲ့ဦးတည်ချက်က အဲဒီ အစိုးရကြီး ဖွဲ့စည်းရေးပဲ၊ ဒါပေမဲ့ သူတို့မှာ ဘာ လျှို့ဝှက်နက်နဲမှု၊ ဘာ ဒုက္ခဝေဒနာ ခံစားရမှုမှ မပါဘူး... အာဏာရရှိရေး သက်သက်ပဲ၊ လောကီစည်းစိမ် သက်သက်ပဲ၊ ကျွန်ပြု စိုးမိုးရေးပဲ.. သူတို့က မြေပိုင်ရှင်တွေအဖြစ် ပါဝင်မယ့် အနာဂတ် ကျေးပိုင်ကျွန်ပိုင် အုပ်ချုပ်ရေးပဲ... အဲဒါ သူတို့ရဲ့ လိုအင်ဆန္ဒ အကုန်ပဲ၊ သူတို့ဟာ ဘုရားသခင်ကိုတောင် ယုံကြည်ပုံမရဘူး ဖြစ်နိုင်တယ်၊ အစ်ကို့ရဲ့ ဒုက္ခဝေဒနာ ခံစားနေတဲ့ ခုံတော်ချုပ်ကြီးဟာ စိတ်ကူးယဉ် ...”

“နေပါဦး၊ နေပါဦး” အိုက်ဗင် ရယ်မောလိုက်သည်။ “ဒါလောက်လည်း လောမကြီးပါနဲ့၊ ဒီဥစ္စာဟာ စိတ်ကူးယဉ်လို့ ညီလေး ပြောတယ်... ဟုတ်တယ်၊ ထားလိုက်ပါ၊ ကိုယ် မငြင်းပါဘူး၊ ဒါဟာ စိတ်ကူးယဉ်တခုပဲ၊ ဒါပေမဲ့ ကိုယ်ပြောမယ်၊ လွန်ခဲ့တဲ့ ရာစုနှစ်တွေအတွင်းက ဗရင်ဂျီဂိုဏ်းရဲ့ လှုပ်ရှားမှုဟာ လောကီချမ်းသာအတွက် အာဏာရရေး ကြိုးပမ်းနေကြတာလို့ ညီလေး တကယ် မယူဆပါဘူး ... ဖားသားပေဆီရဲ့သင်ကြားချက်ဟာ ဘယ်နည်းနဲ့မှ ဒီအတိုင်း မဟုတ်နိုင်ပါဘူး”

“မဟုတ်ဘူး.. မဟုတ်ဘူး ... မဟုတ်ရုံတင် မကဘူး၊ ဖားသားပေဆီဟာ တခါတုန်းက အစ်ကိုပြောတဲ့ အကြောင်းအရာမျိုး တခု ပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ အတူတူကြီးတော့ မဟုတ်ဘူး၊ အတူတူကြီးတော့ မဟုတ်ဘူး”

အလျှိုရှာ သူ့စကားကို ကမန်းကတန်းပင် ပြင်ပြောလိုက်သည်။

“အတူတူကြီးတော့ မဟုတ်ဘူး ဆိုတာကလွဲလို့ အင်မတန် တန်ဖိုးရှိတဲ့ သတင်းတခုပဲ၊ ညီလေးကို ကိုယ်မေးချင်တာတခုကတော့ ဂျက်ဇူးအစ်တွေ၊ မိစ္ဆာဒိဋ္ဌိ နှိမ်နင်းရေးသမားတွေဟာ ဘာဖြစ်လို့ အလဇ္ဇီဖြစ်တဲ့ လောကီစည်းစိမ်အတွက်ပဲ ပေါင်းစည်းနေကြသလဲ၊ သူတို့အထဲမှာ ဘာဖြစ်လို့ လူ့ဘောင်ကြီးကို ချစ်မြတ်နိုးပြီး စိတ်ဒုက္ခခံစားနေရတဲ့ ပုဂ္ဂိုလ်တဦးတယောက် မရှိရမှာလဲ၊ ဒီမယ် ... အလဇ္ဇီဖြစ်တဲ့ လောကီစည်းစိမ်အတွက် လုပ်နေကြသူတွေထဲမှာ ပုဂ္ဂိုလ်တဦး ... ကိုယ်ပြောတဲ့ ခုံတော်ချုပ်လို သဲကန္တာရထဲမှာ ကျိုင်းကောင်နဲ့ သစ်ဥသစ်ဖုတွေကို စားနေတဲ့ လူတယောက်၊ သူ့ကိုယ်ကို လွတ်မြောက်ခြင်းနဲ့ ပြည့်စုံခြင်းဖြစ်အောင် ကြိုးစားနေတဲ့ လူတယောက် ရှိတယ်လို့ ... တယောက်ပဲ ရှိတယ်လို့ ကိုယ်တို့ ယူဆကြည့်ကြရအောင်။

“ဒါပေမဲ့ သူဟာ သူ့ရဲ့ဘဝတသက်လုံး လူသားတွေကို ချစ်မြတ်နိုးခဲ့ရာကနေပြီး ဖြုန်းခနဲဆို မျက်စိပွင့်သွားပြီး မပြည့်စုံခြင်းနဲ့

လွတ်လပ်မှုဟာ တကယ်ကြီးမြတ်တဲ့ စိတ္တသုခ မဟုတ်ဘဲ ဘုရားသခင်ရဲ့သတ္တဝါတွေဟာ... အသချေ အသင်္ချာ အနန္တဟာ သရော်လှောင်ပြောင်စရာ သတ္တဝါ အဖြစ်နဲ့ ဖန်ဆင်းထားတဲ့အကြောင်း၊ အဲဒီလူသားတွေဟာ သူတို့လွတ်လပ်မှုကို ဘယ်လိုမှ အသုံးမပြု တတ်တဲ့ အကြောင်း၊ အဲဒီ သနားစရာ သူပုန်တွေထဲကနေပြီး မျှော်စင်ကြီးကို ပြီးအောင် ဆောက်နိုင်မယ့် မဟာလူသားတွေ မပေါ်ထွက်နိုင်တဲ့အကြောင်း၊ မဟာစိတ်ကူးရှင်ကြီးက သူ့ရဲ့ ညီညွတ်မှုကို စိတ်ကူးတဲ့အခါမှာ အဲဒီ လူ့ငနွားတွေ မပါတဲ့အကြောင်းတွေကို တချိန်တည်းမှာပဲ သူ ပြက်ပြက်ထင်ထင် သိမြင်သွားတယ်၊ အဲဒီလို သဘောပေါက် သိမြင်သွားတာနဲ့ တပြိုင်နက် သူဟာ နောက်ကြောင်းကိုပြန်လာပြီး လူလိမ္မာတွေနဲ့ ပေါင်းသင်းတယ်၊ အဲဒါ ဖြစ်နိုင်တယ် မဟုတ်လား”

“ဘယ်သူတွေနဲ့ သူပေါင်းတယ်၊ လူလိမ္မာတွေနဲ့... ဟုတ်လား” အလျှိုရှာ စိတ်ပါလက်ပါ ပြောလိုက်သည်။ “သူတို့တွေဟာ ဘာမှ မလိမ္မာပါဘူး။ သူတို့မှာ ဘာနက်နဲမှုနဲ့ ဘာလျှို့ဝှက်မှုမှ မရှိပါဘူး၊ သူတို့မှာ ဘုရားသခင် မရှိဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ အယူပဲရှိတယ်၊ အဲဒါဟာ သူတို့ရဲ့လျှို့ဝှက်မှုပဲ၊ အစ်ကို့ရဲ့ ခုံတော်ချုပ်ဟာ ဘုရားသခင်ကို မယုံကြည်ဘူး၊ အဲဒါဟာ သူ့ရဲ့ လျှို့ဝှက်မှုပဲ...”

“အင်း ... အဲဒါ ဖြစ်နိုင်ပါတယ်၊ ညီလေး သိသားပဲ၊ အင်း၊ ဟုတ်တယ်၊ အဲဒါ အမှန်ပဲ၊ အဲဒါဟာ သူ့ရဲ့ လျှို့ဝှက်မှုကြီးတခုလုံးပဲ၊ ဒါပေမဲ့ အဲဒါဟာ ဒုက္ခခံစားမှုတခုပဲ မဟုတ်လား၊ ကြီးမြတ်တဲ့ လမ်းစဉ်တခု အတွက် သူ့ရဲ့ဘဝတခုလုံးကို သဲကန္တာရထဲမှာ အနစ်နာခံခဲ့ရတဲ့ သူလိုလူမျိုးတယောက်ဟာ လူသားတွေအပေါ်မှာ ရှိနေတဲ့ သူ့ရဲ့မေတ္တာတရားကို သူ့ဘာသူ မကုသနိုင်ဘူးဆိုတာ ဝေဒနာ ခံစားရခြင်း တခုပဲ မဟုတ်လား။

“သူ အသက်ကြီးလာတဲ့အခါမှာ ပြက်ပြက်ထင်ထင် သိမြင်လာတာကတော့ “အပြက် ရယ်ခံများ အဖြစ် ဖန်ဆင်းလိုက်ပြီး အပြီးမသတ်သေးတဲ့ အစမ်းသပ်ခံသတ္တဝါများ” ဖြစ်တဲ့ အားနည်းပျော့ညံ့တဲ့ သူပုန်များအတွက် သင့်လျော်တဲ့ ဘဝအခြေအနေတခုကို ရရှိအောင် မဟာနတ်ဆိုးကြီးရဲ့ အကြံဉာဏ် တခုတည်းကသာလျှင် ဖြစ်နိုင်တယ်ဆိုတာပဲ။ အဲဒီလို သိမြင်တဲ့အခါမှာ လူတယောက် ဟာ “သေခြင်းနဲ့ ပျက်စီးခြင်းကိုပေးတဲ့ မဟာနတ်ဆိုး” ပညာရှိနတ်မင်းကြီးရဲ့ ညွှန်ကြားချက်တွေကို လိုက်နာရမယ်ဆိုတာ သူ နားလည်သွားတယ်။

“အဲဒါကြောင့် သူဟာ မုသာဝါဒနဲ့ လိမ်လည်လှည့်ဖြားမှုတွေကို လက်ခံပြီး လူသားတွေကို တမင်တကာပဲ သေဆုံးခြင်းနဲ့ ပျက်စီးခြင်းဆီကို ခေါ်ဆောင်သွားနေတယ်၊ သူတို့ကို တလျှောက်လုံး လိမ်လည်လှည့်ဖြားထားတဲ့အတွက် လူသားတွေက သူတို့ကို ဘယ်ကို

ခေါ်ဆောင်သွားနေတယ် ဆိုတာကို မသိမြင်ကြဘူး၊ အဲဒီလို မသိတဲ့အတွက်လည်း ဆင်းရဲဒုက္ခရောက်ပြီး အသိဉာဏ်မရှိတဲ့ သတ္တဝါတွေဟာ သူတို့ကိုယ်သူတို့ ပျော်ရွှင်ချမ်းမြေ့နေတယ်လို့ ထင်နေကြတယ်။

"နောက်တခု ညီလေး သိထားရမှာကတော့ လိမ်လည်လှည့်ဖြားမှုကို သူ တသက်လုံး စံထား ယုံကြည်ခဲ့တဲ့ သူရဲ့နာမတော်နဲ့ ပြုလုပ်တယ်။ အဲဒါဟာ ကြေကွဲဝမ်းနည်းစရာတခုပဲ မဟုတ်လား၊ "လောကီစည်းစိမ်အတွက် အာဏာကို ရှာဖွေနေသူများ" ရဲ့တပ်ဦးမှာ ဒီလိုပုဂ္ဂိုလ်မျိုး တယောက်ပဲ ရှိတယ်ဆိုရင်ပဲ... အဲဒီတယောက်ဟာ ကြေကွဲဝမ်းနည်းစရာတခုကို ဖန်တီးဖို့ မလုံလောက်ပေ ဘူးလား၊ နောက်ပြီးတော့ ထပ်ပြောရရင် လှုပ်ရှားမှုကြီးရဲ့ထိပ်မှာ ဒီလိုလူမျိုးတယောက် မားမားကြီး ရှိနေခဲ့လို့ရှိရင် ဂျက်ဖူးအစ်တွေနဲ့ သူရဲ့တပ်မတော်ကြီး တခုလုံး အပါအဝင်ဖြစ်တဲ့ ဗရင်ဂျီ အသင်းတော်အတွက် လမ်းညွှန် အယူအဆ ဖြစ်ပေါ်စေနိုင်တယ် မဟုတ်လား၊ ဒီအသင်းတော်ရဲ့ အမြင့်မားဆုံး အယူအဆ ဖြစ်နိုင်တယ် မဟုတ်လား။

"ညီလေးကို ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ လှုပ်ရှားမှုကြီးရဲ့တပ်ဦးမှာ ရပ်ကြတဲ့ လူတွေထဲမှာ ဒီလိုလူမျိုးတယောက်ဟာ အမြဲတမ်း ရှိနေလိမ့်မယ်လို့ ကိုယ် ပြတ်ပြတ်သားသား ယုံကြည်တယ်၊ ဗရင်ဂျီ ပုပ်ရဟန်းမင်းကြီးတွေထဲမှာကော ဒီလို ပုဂ္ဂိုလ်မျိုးတွေ မရှိဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ သူ့နည်းနဲ့သူ လူ့ဘောင်ကြီးကို မေတ္တာတရား ထားရှိတဲ့ ဒီအဘိုးကြီးလို လူမျိုးတယောက်... ကနေ့ကာလမှာလည်း သူနဲ့ တပုံစံ တထေရာတည်းအဖြစ်နဲ့ အားနည်းသူတွေရဲ့ ပျော်ရွှင်မှုကို ဆောင်ကြဉ်းမယ့် လျှို့ဝှက်နက်နဲမှုကို ကာကွယ်ဖို့ရာအတွက် လွန်ခဲ့တဲ့ ပဝေသဏီကတည်းက ဖွဲ့ခဲ့တဲ့ လျှို့ဝှက်အဖွဲ့အစည်းတခုမှာ မတော်တဆ မဟုတ်ဘဲ တမင်တကာ ရှိမနေဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

"အဲသည်လိုမျိုး ရှိနေမယ်ဆိုတာ ဘာမှ သံသယရှိစရာ မလိုဘူး၊ တကယ်တော့ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဖရီးမေဆင် အဖွဲ့ထဲမှာလည်း သူတို့ရဲ့အနှစ်သာရပိုင်းထဲမှာ ဒီလို လျှို့ဝှက်နက်နဲမှုမျိုး ရှိနေလိမ့်မယ်လို့ ကိုယ်ထင်တယ်၊ အဲဒါကြောင့် ဗရင်ဂျီတွေက ဖရီးမေဆင်တွေကို သိပ်မုန်းတာပေါ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဖရီးမေဆင်တွေဟာ သူတို့ရဲ့ပြိုင်ဘက်ဖြစ်ပြီး သိုးတအုပ်နဲ့ သိုးထိန်း တယောက်ပဲ ရှိရမယ့်အချိန်မှာ သူတို့ လမ်းစဉ်ရဲ့ ညီညွတ်မှုကို ဖြိုခွဲပစ်နိုင်လို့ပဲ။

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ဟာ ကိုယ့်ရဲ့ သီဝရီကို ကာကွယ်နေရတဲ့အတွက် ညီလေးရဲ့ ဝေဖန်ချက်ကို စာရေးဆရာတယောက်အနေနဲ့ သည်းမခံနိုင်ဘူး၊ အဲဒီတော့ ... တော် ကြစို့"

“အစ်ကိုဟာ ကိုယ်ကိုယ်တိုင်ကိုက ဖရီးမေဆင်တယောက်ပဲ”

အလှျိုရှာသည် သူ့ကိုယ်သူ မထိန်းချုပ်နိုင်သည့် အနေဖြင့် ဟစ်အော်လိုက်သည်။

“ဘုရားသခင်ကို အစ်ကို မယုံကြည်ဘူး”

သူ ဆက်ပြီး ပြောလိုက်သည်။ သည်အကြိမ်တွင် အင်မတန် ကြေကွဲဝမ်းနည်းစွာဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ထို့နောက် တဖန်…

“အစ်ကို့ကဗျာ ဘယ်လို အဆုံးသတ်သွားသလဲ၊ ဒါမှမဟုတ် အဲဒါ အဆုံးပဲလား” သူ ရုတ်တရက် မေးလိုက်သည်။ သူ့မျက်လုံးများက မြေပြင်ကို ငေးစိုက်လျက်ရှိသည်။

“ကိုယ်က အဆုံးကို ဒီလို ရည်ရွယ်ထားတယ်၊ ခံတော်ချုပ်ကြီးဟာ သူ့စကားဆုံးတဲ့အခါမှာ အကျဉ်းသားက စကားပြန်ပြောမှာကို အတော်ကလေး ကြာအောင်စောင့်နေတယ်၊ အကျဉ်းသားရဲ့ တိတ်ဆိတ်မှုက သူ့အဖို့ ပင်ပန်းလှတယ်၊ အကျဉ်းသားဟာ သူပြောသွားတဲ့ စကားတွေ အားလုံးကို တချိန်လုံးပဲ စိတ်ဝင်စားစွာ နားထောင်ခဲ့တယ်ဆိုတာကို သူ တွေ့ရတယ်၊ အကျဉ်းသားဟာ သူ့မျက်နှာကို ပျော့ပျောင်းနူးညံ့စွာနဲ့ ကြည့်နေခဲ့တယ်၊ ဒါပေမဲ့ ဘာတခုမှ ပြန်ပြောမယ့်သဘော မရှိတာတော့ ရှင်းနေတယ်။

“အဘိုးကြီးအနေနဲ့က တခုခု ပြန်ပြောတာကို လိုချင်တယ်။ ဘယ်လောက်ပဲ ကြမ်းကြမ်း၊ ဘယ်လောက်ဆိုးဆိုး … ဒါပေမဲ့ အကျဉ်းသားဟာ ရုတ်တရက်ကြီး ဆိုသလို အဘိုးကြီး အနားကို တိုးကပ်သွားပြီး အဘိုးကြီးရဲ့ ဇရာထောင်းနေတဲ့ နှုတ်ခမ်းဖြူဖြူများကို ညင်သာနူးညံ့စွာ နမ်းလိုက်တယ်။ အဲဒါဟာ သူ့ရဲ့အဖြေပဲ၊ အဘိုးကြီး တုန်လှုပ်သွားတယ်၊

“သူ့နှုတ်ခမ်းတွေ တဆတ်ဆတ် ခုန်နေတယ်၊ အဘိုးကြီးဟာ တံခါးဆီကို လျှောက်သွားတယ်၊ တံခါးကို ဖွင့်လိုက်ပြီး သူ့ကို ပြောလိုက်တယ် “သွားတော့၊ ဘယ်တော့မှ ပြန်မလာနဲ့၊ လုံးဝ ပြန်မလာနဲ့၊ ဘယ်တော့မှဆို ဘယ်တော့မှ မလာနဲ့” အဲဒီနောက်မှာ အကျဉ်းသားကို မြို့တော်ရဲ့ လမ်းအမှောင်ထဲကို ထွက်သွားစေတယ်၊ အကျဉ်းသားလည်း ဝေးရာကို ထွက်ခွာသွားတော့တယ်”

“အဘိုးကြီးကော ဘာဖြစ်သွားသလဲ”

“အကျဉ်းသားရဲ့အနမ်းဟာ သူ့ရင်ထဲမှာ ပူနွေးနေတယ်၊ ဒါပေမဲ့ သူဟာ သူ့ရဲ့အယူအဆကိုပဲ တွယ်ဖက်ထားတယ်”

“အစ်ကိုလည်း အဘိုးကြီးနဲ့ အတူတူပဲ မဟုတ်လား၊ အစ်ကိုလည်း အတူတူပဲ”

အလျှိုရှာ ဝမ်းနည်းပက်လက်ဖြင့် ပြောလိုက်သည်။ အိုက်ဗင် ရယ်မောလိုက်ပြီး…

“ဘယ်လိုလဲ အလျှိုရှာ၊ အလကား ဘာမှ အဓိပ္ပာယ်မရှိတဲ့ဟာတွေပဲ၊ ဒီဥစ္စာက သူ့ဘဝမှာ ကဗျာ နှစ်ကြောင်းလောက်တောင် မရေးခဲ့ဖူးတဲ့ မိုက်မဲတဲ့ ကျောင်းသားတယောက်ရဲ့ မိုက်မဲတဲ့ ကဗျာ တပုဒ်ပဲ၊ ဒါကို ဘာဖြစ်လို့ ညီလေးက ဒါလောက်တောင် အလေးအနက် ထားနေရတာလဲ၊ ဂျက်ဇူးအစ်တွေဆီကို ကိုယ် တန်းပြီးသွားလိမ့်မယ်လို့ ညီလေး ထင်လို့လား၊ သူ့ရဲ့ လုပ်ငန်းစဉ်ကို ပြင်ဆင်မယ့် လူအုပ်ကြီးဆီကို သွားလိမ့်မယ်လို့ ထင်လို့လား၊ အို ဘုရားသခင် … ဒါ ကိုယ့်အလုပ် မဟုတ်ပါဘူး၊ ညီလေးကို ကိုယ် ပြောပြီးပြီပဲ၊ ကိုယ်ဟာ အသက်သုံးဆယ်အထိ နေချင်တယ်၊ ပြီးရင်တော့ … သွားလေရော့ပဲ”

“စေးထန်းထန်း သစ်ရွက်ကလေးတွေ၊ မြတ်နိုးဖွယ်ရာ အုတ်ဂူတွေ၊ မိုးကောင်းကင်ပြာပြာ၊ အစ်ကို ချစ်နေတဲ့ အမျိုးသမီး … အစ်ကို ဘယ်လိုလုပ်ပြီး အသက်ရှင်နေမလဲ၊ အစ်ကို ဘယ်လိုလုပ်ပြီး အဲဒါတွေကို ချစ်နေမလဲ၊ အစ်ကို့ရင်ထဲမှာနဲ့ အစ်ကို့ခေါင်းထဲမှာ အဲဒီအတွေးအခေါ်တွေ ရှိနေရင် အစ်ကို ဘယ်လိုလုပ်ပြီး ချစ်နေလို့ရမလဲ၊ အို .. မဟုတ်ဘူး၊ အစ်ကိုဟာ သူတို့နဲ့ ပေါင်းရအောင် သွားတာပဲ၊ သူတို့နဲ့ ပေါင်းရအောင် သွားတာ မဟုတ်ဘူးဆိုရင်လည်း အစ်ကိုဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာပဲ၊ အစ်ကို့မှာ ဘယ်လိုမှ ခံနိုင်ရည်မရှိဘူး၊ အရာရာကို ခံနိုင်ရည်ရှိတဲ့ စွမ်းအားတခု ရှိတယ်”

“ဘာစွမ်းအားလဲ”

“ကာရာမာဇော့ စွမ်းအားပဲ၊ ကာရာမာဇော့ အခြေခံစွမ်းအားပဲ”

“ဒုစရိုက်နွံထဲမှာ နစ်မြုပ်နေမယ်လို့ ပြောတာလား၊ အစ်ကို့ရဲ့ဝိညာဉ်ကို ပျက်စီးခြင်း ငါးပါးမှာ နစ်မြုပ်ထားမှာလား”

“ဖြစ်နိုင်ပါတယ် .. ဒါပေမဲ့ အသက်သုံးဆယ် အထိပဲ၊ ဒီနောက်မှာတော့ ကိုယ် လွတ်မြောက်မှာပဲ”

“လွတ်မြောက်မယ် ဟုတ်လား … ဘယ်လိုလုပ်ပြီး လွတ်မြောက်မှာလဲ၊ အစ်ကို့ရဲ့အယူအဆတွေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

“ဒီနေရာမှာလည်း ကာရာမာဇော့ နည်းလမ်းနဲ့ပဲပေါ့”

“အရာရာကို ခွင့်ပြုတယ်လို့ အစ်ကို ပြောတာလား၊ အားလုံးကို ခွင့်ပြုတယ်ပေါ့ ဟုတ်လား”

အိုက်ဗင် မျက်မှောင်ကုတ်လိုက်သည်။ ထို့နောက် တမုဟုတ်ချင်း ဆိုသလို သူ့မျက်နှာ ဖြူရော်သွား သည်။

“အို၊ ညီလေးက ကိုယ် မနေ့က ပြောတဲ့စကားကို ပြန်ပြောတာပဲ၊ အဲဒီစကားကြောင့် မီယူဆော့ အများကြီး ကသိကအောက် ဖြစ်သွားတယ်၊ အဲဒီစကားကို ဒီမီထရီက အဓိပ္ပာယ် ပြန်ပြီး ဖွင့်ခဲ့တယ်”

သူ ထူးဆန်းစွာ ပြုံးလိုက်သည်။ ထို့နောက် ...

“ဟုတ်တယ်၊ ကိုယ်ပြောရဲတယ်.... “အရာရာကို ခွင့်ပြုတယ်” ကိုယ်ပြောခဲ့တဲ့အတိုင်းပဲ အဲဒီစကားကို ကိုယ် မငြင်းဘူး၊ နောက်ပြီးတော့ ဒီမီထရီရဲ့ ဖွင့်ဆိုချက်ကလည်း မဆိုးပါဘူး”

အလျှိုရှာက သူ့ကို တိတ်ဆိတ်စွာ ကြည့်နေသည်။

“ကိုယ် ဒီကနေ တခြားကို ထွက်သွားတဲ့အခါ ညီလေးဟာ ကိုယ့်ရဲ့ ရင်ထဲမှာ အမြဲတမ်း ရှိနေမှာပဲ၊ ဒါပေမဲ့ ညီလေးရဲ့ ရင်ထဲမှာတော့ ကိုယ့်အတွက် နေရာမရှိနိုင်ဘူး “အရာရာကို ခွင့်ပြုတယ်” ဆိုတဲ့ အယူအဆကို ကိုယ် ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ညီလေးကတော့ အဲဒီ အယူအဆအတွက် ကိုယ့်ကို စွန့်ပစ်လိမ့်မယ်”

အိုက်ဗင် ရုတ်ခြည်းဆိုသလို စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။ အလျှိုရှာ ထိုင်ရာမှထကာ စကားတခွန်းမျှ မပြောဘဲ အိုက်ဗင်၏ နှုတ်ခမ်းများကို ညင်သာစွာ နမ်းလိုက်သည်။

“ပုံတူကူးချတာပဲ ...”

အိုက်ဗင် ဟစ်အော်လိုက်သည်။

သူသည် တမုဟုတ်ချင်းမှာပင် ဝမ်းမြောက်ပျော်ရွှင်သွားဟန်ရှိသည်။

“ဒီဥစ္စာ ကိုယ့်ကဗျာထဲက ညီလေး ခိုးချတာပဲ၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် ညီလေး၊ ထ ... ညီလေး၊ ကိုယ်တို့ နှစ်ယောက်စလုံး သွားကြဖို့ အချိန်တန်ပြီ”

သူတို့ ထွက်သွားကြသည်။ သို့သော် စားသောက်ဆိုင်တံခါးဝသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။

"ဒီမယ် အလျှိုရှာ" အိုက်ဗင် လေသံပြတ်ပြတ်ဖြင့် ပြောသည်။

"တကယ်လို့ ကိုယ့်မှာ စေးထန်းထန်း သစ်ရွက်ကလေးတွေကို ချစ်ဖို့ အချိန်ရမယ်ဆိုရင် ကိုယ်ဟာ ညီလေးကို အမှတ်ရတဲ့အနေနဲ့ သူတို့လေးတွေကို ချစ်ပါ့မယ်၊ ဒီအရပ် ဒီတနေရာရာမှာ ညီလေး ရှိနေတယ်ဆိုရင်ပဲ ကိုယ့်အဖို့ လုံလောက်ပါပြီ၊ ကိုယ့်အနေနဲ့ လူ့လောကကြီးမှာ နေဖို့ စိတ်မကုန်ဆုံးနိုင်သေးပါဘူး၊ ဒါဆိုရင် ညီလေး ကျေနပ်ပြီလား၊ ညီလေး သဘောကျရင် အဲဒါကို မေတ္တာကြေညာစာတမ်းလို့ မှတ်ယူပါ။

"ကဲ ... အဲဒီတော့ ညီလေးက ညာဘက်ကိုသွား၊ အစ်ကိုက ဘယ်ဘက်ကို သွားမယ်။ ကိုယ်တို့ တော်လောက်ပါပြီ၊ ကိုယ်ပြောတာ ညီလေး ကြားသလား၊ တော်လောက်ကြပါပြီ၊ ကိုယ်ဆိုလိုတာက မနက်ဖြန် ကိုယ် ဘယ်မှ မသွားသေးဘဲ ညီလေးနဲ့ တွေ့ဦးမယ်ဆိုရင်လည်း အဲဒီအကြောင်း ဘာမှ မပြောပါနဲ့တော့၊ ဒါပေမဲ့ ကိုယ်သွားမှာ သေချာပါတယ်။ အဲဒါကို ကိုယ် အထူးပဲ တောင်းပန်ပါတယ်၊ နောက်တခါထပ်ပြီး ကိုယ် အထူးတောင်းပန်ချင်တာကတော့ ဒီမီထရီအကြောင်းလည်း ကိုယ့်ကို ဘယ်တော့မှ မပြောပါနဲ့တော့ ...."

ထို့နောက် သူသည် ရုတ်တရက် ဒေါသဖြစ်လာဟန်ဖြင့် ...

"ကိုယ်တို့ပြောရတာ မောလှပြီ၊ ပြောပြီးရင်းပြောရတာ အထပ်ထပ် အခါခါ ရှိနေပြီ၊ ဟုတ်တယ် မဟုတ်လား၊ အဲဒီအတွက် ကိုယ်က ညီလေးကို ကတိတခု ပြန်ပေးပါ့မယ်။ ကိုယ် အသက်သုံးဆယ် ရောက်လို့ "သွားပေရော့" ဆိုတဲ့အချိန်မှာ ကိုယ် ဘယ်အရပ်မှာပဲ ရောက်နေနေ ဒီအကြောင်းကို ပြောဖို့ ညီလေးကို ကိုယ်လာတွေ့ပါ့မယ်၊ ကိုယ်ဟာ အမေရိကမှာပဲ ရောက်နေပေစေဦးပေါ့၊ အဲဒါကိုတော့ ညီလေး စိတ်ချထားပါ၊ ကိုယ် တမင်တကာကို လာပါ့မယ်၊ အဲဒီအချိန်ကျရင် ညီလေး ဘယ်လိုအခြေအနေမှာ ရှိနေမယ်ဆိုတာလည်း ကိုယ် တွေ့ချင်တယ်၊ အဲဒီအချိန်မှာ ညီလေးဟာ ဘယ်လို လူတယောက် ဖြစ်နေမလဲ.. ကိုယ် အလေးအနက် ကတိပေးပါတယ်၊ အမှန်အတိုင်း ပြောရရင် ကိုယ်တို့ဟာ ခုနစ်နှစ် ဒါမှမဟုတ် ဆယ်နှစ်လောက် ခွဲခွာနေကြရမယ်။ ကဲ လောလောဆယ်တော့ ညီလေးရဲ့ အဖ တမန်တော်ဆီကို သွားပေဦးတော့၊ သူဟာ ကွယ်လွန်တော် မူတော့မယ်လို့ ကိုယ်ကြားရတယ်၊ ညီလေး မရှိတဲ့အချိန်မှာ သူ ကွယ်လွန်သွားလို့ရှိရင် ညီလေးကို ကိုယ်ဆွဲထားလို့ဆိုပြီး ကိုယ့်ကို ညီလေး စိတ်ဆိုးဖြစ်နေလိမ့်မယ်၊ ကဲ သွားပြီ၊ ကိုယ့်ကို တခါ နမ်းပါဦး ... ဟုတ်ပြီ။ ကဲ၊ သွားပေတော့ ..."

အိုက်ဗင်သည် ရုတ်ခြည်းပင် တဖက်သို့လှည့်ပြီး နောက်ဘက်သို့ လုံးဝပြန်မကြည့်ဘဲ ထွက်ခွာသွား တော့သည်။ ယမန်နေ့က အလျှိုရှာကို ခွဲခွာပြီး

ဒီမီထရီ ထွက်ခွာသွားသော လမ်းအတိုင်းပင် ဖြစ်သည်။ သို့သော် ယမန်နေ့က ခွဲခွာကြပုံက တမျိုးဖြစ်သည်။ ထူးဆန်းသော တိုက်ဆိုင်မှုကို အလျှိုရှာက စိတ်ပျက်ညှိုးငယ်စွာနှင့် စဉ်းစားနေမိသည်။

ထွက်ခွာသွားသော သူ၏အစ်ကိုကို ကြည့်ရင်း အလျှိုရှာသည် ထိုနေရာတွင် အတန်ကြာမျှ ရပ်နေမိ သည်။ အိုက်ဗင်သည် လမ်းလျှောက်ရင်း ဟိုဘက်သည်ဘက် ယိမ်းထိုးလျက် ရှိသည်ကို သူ အမှတ်မထင် သတိပြုမိသည်။ အိုက်ဗင်၏ လက်ယာဘက်ပခုံးက လက်ဝဲဘက်ပခုံးထက် နိမ့်လျှောနေဟန် ရှိသည်။ အလျှိုရှာသည် ယခင်က ဤအချက်ကို သတိ မပြုမိခဲ့ပါ။

ထို့နောက် သူသည်လည်း ရုတ်တရက်ဆိုသလိုပင် တဖက်သို့လှည့်ပြီး ကျောင်းတိုက်သို့ အပြေးကလေး သွားနေမိတော့သည်။ ညသည် အတော်ကလေး မှောင်နေပြီဖြစ်ပြီး သူသည် ရုတ်တရက်ဆိုသလိုပင် ကြောက်လန့်သွားမိသည်။ သူ၏ရင်ထဲသို့ တစုံတခုသည် ဝင်ရောက်လျက် ရှိနေသည်။ သို့သော် ဘာမှန်းတော့ သူ မပြောနိုင်ပါ။ လေသည် ယမန်နေ့ညကကဲ့သို့ပင် တိုက်ခတ်လာပြန်တော့သည်။ ကျောင်းသင်္ခ်မ်းရှိရာ တောအုပ်အတွင်းသို့ သူ ဝင်ရောက်သွားသော အခါ အသက်ကြီးလှပြီဖြစ်သော ထင်းရှူးပင်ကြီးများက သူ့ပတ်ပတ်လည်တွင် ညည်းတွားလျက် ရှိကြသည်။ သူသည် ပြေးသွားနေသလောက်ပင် ဖြစ်သည်။

အဖ တမန်တော် ... သည် နာမည်ကို အိုက်ဗင် တနေရာရာမှ ရရှိဟန်ရှိသည်။

ဘယ်နေရာမှ ရရှိသနည်း။ အို .. အိုက်ဗင်ရယ်၊ အစ်ကို့ကို ညီလေး ဘယ်တော့များမှ ထပ် တွေ့ရပါဦးမလဲ၊ သူ့စိတ်ထဲတွင် ရေရွတ်လိုက်သည်။

"ဟော ... ကျောင်းသင်္ခ်မ်းကို ရောက်လာပြီ။ အို ဘုရားသခင်၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူ ... သူ ... အဖ တမန်တော် ... ငါ့ကို သူ ကယ်တင်လိမ့်မယ် ..."

အိုက်ဗင်နှင့် ခွဲခွာခဲ့ပြီးသည့်နောက်ပိုင်းတွင် အဘယ်ကြောင့် ဒီမီထရီကို သူ လုံးလုံးကြီး မေ့လျော့သွားရသနည်းဟု သူ့ဘဝနောက်ပိုင်းတွင် မကြာခဏဆိုသလိုပင် သူ့ကိုယ်သူ နားမလည် နိုင်စွာဖြင့် အလျှိုရှာ မေးမိသည်။ သူသည် နာရီပိုင်းအတွင်းဖြစ်သော ထိုနေ့မနက်ကပင် ဒီမီထရီကို မတွေ့တွေ့အောင် လိုက်ရှာမည်ဟု ဆုံးဖြတ်ခဲ့သည်။ သူ့ကို မတွေ့လျှင် မပြန်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုညအဖို့ ကျောင်းတိုက်ကို ပြန်မရောက်လျှင်ပင် ရှိစေဟု ဆုံးဖြတ်ခဲ့သည်။

၆။ ယခုအထိတော့ ရေးတေးတေးပင်

အိုက်ဗင်သည် အလျှိုရှာနှင့် ခွဲခွာပြီးနောက် ဖခင်၏အိမ်သို့ ပြန်ခဲ့သည်။ သို့ရာတွင် ထူးဆန်းသည် ကတော့ သူသည် စိတ်ဓာတ်အကြီးအကျယ် ကျနေခြင်းပင်။ အိမ်နှင့် နီးလာလေလေ ပိုပြီး စိတ်ဓာတ်ကျလာလေလေ ဖြစ်သည်။ သူ့အနေနှင့် စိတ်ဓာတ်ကျသည်က ဘာမှ မဆန်းပါ။ ဆန်းသည်ကတော့ ဘာကြောင့် စိတ်ဓာတ်ကျမှန်း မသိခြင်းပင်။ သူသည် ယခင်ကလည်း မကြာခဏ ဆိုသလို စိတ်ဓာတ်ကျဖူးသည်။ သူ့အား သည်အရပ်ကို ရောက်ရှိလာစေသောအချက်များ အားလုံးနှင့် ကင်းကင်းရှင်းရှင်း ခွဲခွာပြီး မရေရာသော အနာဂတ်ကာလကို ဝင်ရောက်ရတော့မည့် ယခုလို အချိန်မျိုးတွင် စိတ်ဓာတ်ကျဆင်းရသည်မှာလည်း ဘာမျှ အံ့သြစရာမရှိပါ။ သူသည် အထီးကျန် တယောက် ဖြစ်ရပြန်ချေဦးတော့မည်။ သူသည် ဘာရယ်ဟု သေသေချာချာ မျှော်လင့်မထားသော အခြင်းအရာ တော်တော်များများကို မျှော်လင့်ရပေဦးမည်။ သူသည် သူ့ဘဝထဲမှာ အခြင်းအရာပေါင်း မြောက်မြားစွာကို မျှော်လင့်ရပေမည်။ သို့သော် သူ ဘာကို မျှော်လင့်နေသည်ကိုလည်း ပြောမပြနိုင်ပါ။ သူ့မှာ မည်သည့်စိတ်ဆန္ဒ ရှိနေသည်ကိုလည်း မသိရှိပါ။

သို့သော် သည်အချိန် သည်ကာလတွင် မရေရာသောအချက်များက သူ၏ရင်ကို ဖိစီးလျက်ရှိသော် လည်း သူ သောကရောက်နေရသည်မှာ ဤအချက်များကြောင့် မဟုတ်ပါ။

"ငါ့အဖေရဲ့ အိမ်ကိုပဲ ငါ သဘောမကျဘဲ ဖြစ်နေလို့လား"

သူ စဉ်းစားသည်။

"ဖြစ်နိုင်တယ်၊ ဒီအိမ်ကြီးကို ငါ သိပ်ပြီးမှ ရွံမုန်းနေတယ်၊ ဒါပေမဲ့ ငါဟာ ဒီအိမ်ကြီးရဲ့ အိမ်ရိပ်ကို နောက်ဆုံးအကြိမ်အဖြစ်နဲ့ နင်းရဦးမယ်၊ ငါ့အနေနဲ့ ရွံမုန်းနေပေမယ့် ..."

သို့သော် မဟုတ်ပါ၊ ထိုအကြောင်းကြောင့်ကား မဟုတ်ပါ။ အလျှိုရှာနှင့် ခွဲခွာရသည့်အတွက်လော၊ သူနှင့် ပြောခဲ့ရသည့် စကားတွေကြောင့်လော။

"ငါဟာ ကမ္ဘာကြီးတခုလုံးနဲ့ စကားမပြောဘဲနေခဲ့တာ နှစ်ကာလတွေ ကြာလှပြီ၊ ငါ့မှာ ပြောချင်စိတ် လည်း မရှိခဲ့ဘူး၊ ဒါပေမဲ့ ငါဟာ ကောက်ကာငင်ကာ ဆိုသလို အဓိပ္ပာယ် မရှိတာတွေကို ပြောမိတယ် ..."

အမှန်အတိုင်း ပြောရလျှင် ဤကိစ္စသည် လူငယ်တဦး၏ အတွေ့အကြုံ

မရင့်ကျက်မှုနှင့် လူငယ်တဦး ၏ ဝင့်ဝါမှုအတွက် လူငယ်တဦးအနေနှင့် စိတ်အနှောင့်အယှက် တွေ့ရခြင်းပင် ဖြစ်သည်။ သူ၏ အယူအဆများကို ပွင့်လင်းစွာ မပြောနိုင်သည့်အတွက် သူ့မှာ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ အထူးသဖြင့် သူ့အနေနှင့် များစွာ တန်ဖိုးထားသော အလျှိုရှာလို လူတယောက်ကို ရှင်းရှင်းလင်းလင်း မပြောနိုင်သည့်အတွက် စနိုးစနောင့် ဖြစ်ရသည်။ ဤကဲ့သို့ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းကပင် သူ့ကို စိတ်ခတ်ကျစေခြင်း ဖြစ်နိုင်သည်။ အမှန်ပင် ဤအတိုင်း ဖြစ်သင့်သည်။ သို့သော် သည်အကြောင်းကြောင့်လည်း မဟုတ်ပါသေးချေ။ မှန်သည်၊ ဤအချက်ကြောင့် မဟုတ်ပါ။

"ငါ့မှာ စိတ်ခတ်ကျနေတယ်၊ ဒါပေမဲ့ ဘာကြောင့်ဆိုတာလည်း ငါ မပြောနိုင်ဘူး၊ ဒီကိစ္စကို မစဉ်းစားတာပဲကောင်းတယ်"

အိုက်ဗင် မစဉ်းစားဘဲနေသည်။ သို့သော် သည်တွင်လည်း အချည်းနှီးပင်။ သူ့ကို စိတ်ခတ်ကျစေ သောအကြောင်းနှင့် သူ့ကို ဒေါသဖြစ်စေသော အချက်သည် သူနှင့် ဘာမျှ မဆိုင်ဘဲ အမှတ်မထင် ဖြစ်ပေါ်လာသော ပြင်ပအကြောင်းအရာတခု ဖြစ်ဟန်ရှိသည်။ ရံဖန်ရံခါတွင် သင်၏ မျက်စိထဲ၌ တစုံတခုက ဝင်ရောက်နှောင့်ယှက်နေသလို ... တစုံတယောက် သို့မဟုတ် တစုံတရာသည် တနေရာရာတွင် ရှိနေကာ သင့်ကို အနှောင့်အယှက် ပေးနေသည့် သဘောမျိုးပင်ဖြစ်သည်။ သင်သည် အလုပ်များနေ၍ တကြောင်း၊ အကြိတ်အနယ် စကားပြောနေ၍ တကြောင်း သင်သည် ထိုအရာကို အတော်ကြီးကြာအောင် သတိမပြုမိဘဲ ရှိနေလိမ့်မည်။ သို့သော် ထိုအရာက သင်၏ စိတ်အာရုံထဲကို တဖြည်းဖြည်း တိုးဝင်လာပြီး အနှောင့်အယှက် ပေးလာလိမ့်မည်။ ထိုအခါကျမှ သင်သည် အနှောင့်အယှက် ပြုနေသော အရာကို ဖယ်ရှားပစ်ရတော့သည်။

သို့သော် ထိုအရာသည် မကြာခဏဆိုသလို သေးသေးဖွဲဖွဲကလေးသာ ဖြစ်တတ်သည်။ ရယ်စရာ ကောင်းသော အခြင်းအရာတခုသာ ဖြစ်တတ်သည်။ ဥပမာ တနေရာရာတွင် ပစ္စည်းတခုခု အထားမှားနေခြင်း၊ ကြမ်းပြင်ပေါ်တွင် ကျနေသော လက်ကိုင်ပဝါတထည်၊ စာအုပ်စင်တွင် ပြန်မတင်မိသော စာအုပ်တအုပ် စသည်ဖြင့် ...

နောက်ဆုံးတွင် အိုက်ဗင်သည် အင်မတန် မကျေမနပ် မလန်းမဆန်းဖြင့် သူ့ဖခင်အိမ်သို့ ရောက်ရှိသွားသည်။ သို့သော် ဝင်းဝသို့ ရောက်ရှိရန် ဆယ့်ငါးလှမ်းခန့် အလိုလောက်တွင် သူသည် ရုတ်တရက်ဆိုသလိုပင် သူ့ကို အနှောင့်အယှက်ပေးနေသော အရာကို သဘောပေါက် နားလည်သွားရ တော့သည်။

ဝင်းတံခါးဝရှိ ခုံတန်းရှည်ပေါ်တွင် အစေခံ ဆမာယာကော့သည် ထိုင်နေပြီး ညချမ်းကာလ၏ အေးမြမှုကို ခံစားလျက်ရှိသည်။ ဆမာယာကော့ကို

မြင်တွေ့လိုက်သည်နှင့် တပြိုင်နက် သူ့စိတ်ကို ပူးကပ်နှောင့်ယှက်နေသူမှာ ဤလူပင်ဖြစ်ကြောင်း အိုက်ဗင် တခါတည်း သိရှိလိုက်သည်။ သူ့စိတ်ထဲ တွင် အလင်းရောင်တခု လင်းလက်သွားပြီး အားလုံးပင် ရှင်းလင်းသွားတော့သည်။ ဆမာယာကော့ နှင့် တွေ့သည့်အကြောင်း အလျှိုရှာက စားသောက်ဆိုင်တွင် ပြောလိုက်ကတည်းက သူ့ရင်ထဲတွင် မုန်းတီးရွံရှာမှုတွေ လျှံတက်လာပြီ ဒေါမနဿစိတ်တွေ ပွားများလာခဲ့ခြင်း ဖြစ်သည်။ သည့်နောက်ပိုင်း သူတို့စကားပြောနေကြစဉ်တွင် သူသည် ဆမာယာကော့ကို အတန်ကြာ မေ့လျော့နေခဲ့သော်လည်း ၎င်းသည် သူ၏ စိတ်အစဉ်မှာပင် ကိန်းအောင်းနေခဲ့သည်။ အလျှိုရှာနှင့် ခွဲခွာပြီး အိမ်သို့ တယောက်တည်း ပြန်လာသည်နှင့် တပြိုင်နက်တည်းမှာပင် မေ့လျော့နေသော အချက်သည် ချက်ချင်းပင် ပြန်လည်ပေါ်ထွက်လာခြင်း ဖြစ်တော့သည်။

"တောက် ... ဒီလို အစုတ်ပလုတ်ကောင်ကများ ငါ့ကို ဒါလောက် ဒုက္ခပေးနိုင်ရသလား"

သူ ဒေါသဖြစ်ဖြစ်ဖြင့် တွေးလိုက်မိသည်။ အမှန်အတိုင်းပြောရလျှင် အိုက်ဗင်သည် ယခင်ကတည်း ကပင် ၎င်းကို မကြိုက်မနှစ်သက် ဖြစ်ခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သော ရက်အနည်းငယ်က ဖြစ်သည်။ ဤသို့ မကြိုက်မနှစ်သက်ခြင်းသည် တိုးပွားလာသည်ထက် တိုးပွားလာသောအခါ ၎င်းအပေါ်တွင် မုန်းတီးမှုဖြစ်လာကြောင်း သူ သတိပြုရတော့သည်။

တစုံတရာ မတူခြားနားမှုတွေ ဖြစ်ပေါ်နေသော ကျွန်ုပ်တို့မြို့သို့ သူ ရောက်ရှိလာကတည်းကပင် ဤမုန်းတီးမှုသည် အထူးပင် တိုးပွားလာပုံရသည်။ ထိုစဉ်က သူသည် ဆမာယာကော့ကို အထူးပင် စိတ်ဝင်စားခဲ့သည်။ လူထူးလူဆန်း လူတမျိုးဟု ထင်ခဲ့သည်။

ဆမာယာကော့၏ စိတ်မတည်ငြိမ်မှုနှင့် ရှေ့နောက် မညီညွတ်မှုများကို သူ အံ့သြခြင်းရှိပြီး "အလေးအနက် တွေးနေသော သတ္တဝါ" ကို ဘာတွေကများ အမြဲတမ်းနှင့် အစဉ်သဖြင့် ဖိစီးလျက် ရှိသည်ကို နားမလည်နိုင်သော်လည်း အိုက်ဗင်သည် ၎င်းကို သူနှင့် စကားပြောရန် အားပေး အားမြှောက် ပြုခဲ့ပါသည်။

သူတို့သည် နက်နဲသော ဒဿနပြဿနာများကို ဆွေးနွေးကြပါသည်။ ဘုရားသခင်သည် စတုတ္ထမြောက်နေ့တွင်မှ နေရယ် လရယ်နှင့် ကြယ်တာရာများကို ဖန်ဆင်းသည်ဖြစ်သောကြောင့် ကမ္ဘာတည်ဦး ပထမဆုံးနေ့တွင် အလင်းရောင်ကို အဘယ်ကဲ့သို့ ရရှိသနည်း။ ဤအချက်ကို ဘယ်လိုလုပ်ပြီး သဘောပေါက် နားလည်ရမည်နည်း စသည်ဖြင့် ...။

သို့သော် များမကြာမီမှာပင် အိုက်ဗင် တွေ့ရှိရသည်မှာ နေရယ် လရယ်နှင့်

ကြယ်တာရာများသည် ၎င်း၏လက်အောက်ခံ စိတ်ဝင်စားမှုသာဖြစ်ပြီး ၎င်းတကယ်စိတ်ဝင်စားသည်က အခြားပြဿနာ တခု ဖြစ်နေသည်။ သူသည် တနည်းမဟုတ် တနည်းဖြင့် အတိုင်းအဆမရှိသော ဘဝင်နှင့် နာကြည်းသော ဘဝင်တို့ကို ပြသလေ့ရှိသည်။ ထိုအချက်ကို အိုက်ဗင် နည်းနည်းမှ သဘောမကျပါ။ ထိုအချက်သည် ၎င်းအား မုန်းတီးခြင်း အစပင် ဖြစ်သည်။

နောက်ပိုင်းတွင် သူတို့အိမ်၌ ပြဿနာမျိုးစုံ ဖြစ်ပေါ်လာသည်။ ဂရုရှင်က ဝင်လာသည်။ ဒီမီထရီနှင့် ပြဿနာတွေပေါ်လာသည်။ ထိုအကြောင်းကိုလည်း သူတို့ဆွေးနွေးကြသည်။ ဆမာယာကော့သည် ဤအကြောင်းကိုပြောလျှင် စိတ်ပါဝင်စားစွာ ပြောတတ်သည်။ သို့သော် သူ ဘာကို လိုချင်၍ လုပ်သည်ကိုကား မသိရှိနိုင်ပါ။ အကျိုးအကြောင်း ဆက်စပ်ခြင်း မရှိဘဲ ကမောက်ကမနိုင်သော သူ၏စိတ်ဆန္ဒများကို အမှန်ပင် အံ့သြရသည်။ ထို့အပြင် သူ၏စိတ်ဆန္ဒများကို ဖော်ထုတ်ရာတွင်လည်း အမှတ်မထင်နှင့် မထင်မရှားသာ ဖြစ်တတ်သည်။

ဆမာယာကော့သည် အမြဲတမ်းလိုပင် မေးမြန်းစုံစမ်းနေတတ်သည်။ သူသည် သွယ်ဝိုက်သော မေးခွန်းများကို မေးတတ်သည်။ သို့သော် ထိုမေးခွန်းများသည် ကြိုတင်ကြံဆထားသော မေးခွန်း များသာ ဖြစ်ပေသည်။ သူ၏အဓိက ရည်ရွယ်ချက်သည် ဘာဖြစ်သည်ကိုကား ဘယ်တော့မှ ရှင်းပြလေ့ မရှိပါ။ သူ မေးမြန်းသည်နှင့် ပတ်သက်ပြီး အရေးအကြီးဆုံး အဆင့်သို့ ရောက်လာပြီ ဆိုလျှင် သူသည် အမြဲတမ်းလိုပင် ရုတ်တရက်ဆိုသလို ခပ်မဆိတ် ဖြစ်သွားတတ်သည်။ သို့မဟုတ် အခြားသော အကြောင်းအရာတခုသို့ ပြောင်းလဲသွားတတ်သည်။

သို့ရာတွင် အိုက်ဗင်အနေနှင့် ဒေါသအဖြစ်ဆုံးနှင့် အမုန်းဆုံးအချက်ကတော့ ၎င်းအနေနှင့် သူ့အပေါ်တွင် ထူးဆန်းသော၊ စက်ဆုပ်ဖွယ်ရာသော ရင်းနှီးခင်မင်မှုကို တစထက်တစ တိုးပြီး ပြသလာခြင်းပင်ဖြစ်သည်။ သို့သော် သူသည် ထိုအချိန်တွင် ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း မတုံ့ပြန်မိပါ။ ထိုမျှမကပါ၊ ၎င်းကို လေးလေးစားစား ကောင်းကောင်းမွန်မွန်သာ ပြောဆိုဆက်ဆံ ပါသည်။ ထိုအခါတွင် အိုက်ဗင်သည် ဘာကြောင့်မှန်းတော့ မသိ၊ သူနှင့် ဆမာယာကော့အကြားတွင် တစုံတရာသော နားလည်မှုမျိုးများ ရှိနေသလားဟု စဉ်းစားမိသည်။

၎င်းက အမြဲတမ်းဆိုသလိုပင် သူတို့နှစ်ယောက်သည် သူတို့နှစ်ယောက်သာ သိရှိပြီး အခြားလူများ မသိရှိသော တစုံတခုသော လျှို့ဝှက်နားလည်မှုမျိုးရှိသည့် လေသံမျိုးဖြင့် ပြောဆိုတတ်ပါသည်။ သို့သော် အိုက်ဗင်သည် ဆမာယာကော့အပေါ်တွင် မုန်းတီးရသည့် အကြောင်းရင်းကို အတော်ကြီး ကြာသည်အထိ မသိရှိဘဲ များမကြာမီကမှ ဘာဆိုသည်ကို သိရှိမိပါသည်။

အိုက်ဗင်သည် ယခုအခါ စိတ်ထဲတွင် စက်ဆုပ်မုန်းတီးခြင်း၊

ဒေါသဖြစ်ခြင်းတို့ဖြင့် ဆမာယာကော့ကို စကားလည်း မပြော၊ ကြည့်လည်း မကြည့်ဘဲနှင့် တံခါးပေါက်မှ ဝင်သွားရန် ကြိုးစားသည်။

သို့ရာတွင် ဆမာယာကော့သည် ခုံရှည်ပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။ ယင်းသို့ ပြုလုပ်လိုက် ခြင်းသည် သူ့ကို တစုံတရာ ထူးထူးခြားခြား ပြောကြားလို၍ ဖြစ်ကြောင်း အိုက်ဗင် သိရှိသည်။

အိုက်ဗင် ၎င်းကို ကြည့်လိုက်ပြီး ရပ်လိုက်သည်။ သူသည် စောစောက စိတ်ကူးထားသည့်အတိုင်း ဖြတ်လျှောက်သွားခြင်း မပြုဘဲ ရုတ်တရက် ရပ်လိုက်မိသည့်အတွက် အိုက်ဗင် သူ့ကိုယ်သူ ဒေါသ ဖြစ်မိသည်။ နဖူးပေါ်တွင် ဆံပင်များ ဝဲကျနေသော ဆမာယာကော့၏ ယောက်ျားမပီသသော ဟောက်ပက်ပက် မျက်နှာကြီးကို မုန်းတီးစက်ဆုပ်စွာနှင့် ဒေါသဖြစ်စွာ သူ ကြည့်လိုက်သည်။

ဆမာယာကော့၏ လက်ဝဲဘက် မျက်လုံးသည် မျက်တောင်တဖျတ်ဖျတ် ခတ်ပြီး ငေါ့တော့တော့ ထေ့တေ့တေ့ ပြုံးကာ .... "ခင်ဗျား ဘယ်သွားမလို့လဲ၊ ခင်ဗျား ကျုပ်ကို ကျော်မသွားနိုင်ပါဘူး၊ ကျုပ်တို့လို လူတော်နှစ်ယောက်မှာ ဆွေးနွေးစရာတွေ ရှိနေတယ်ဆိုတာ ခင်ဗျားမသိဘူးလား" ဟု ပြောဆိုနေသည့်ဟန်။

အိုက်ဗင် ဒေါသဖြင့် တုန်နေသည်။

"သွားစမ်းပါ လူမိုက်၊ ငါက မင်းနဲ့ ဘာလုပ်ရမှာလဲ"

သူက ယင်းကဲ့သို့ ပြောမည်ရှိသည်။ သို့သော် အံ့သြစရာကောင်းသည်ကတော့ သူတကယ်ပြောလိုက် သည်က တခြားဖြစ်နေသည်။

"အဖေ အိပ်နေသလား၊ နိုးနေသလား"

သူ့အသံက တိုးတိုးညင်းညင်း ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေသဖြင့် သူ့ဘာသူ အံ့သြရသည်။ ထို့အပြင် သူ့အနေနှင့် ဘယ်လိုမှ မမျှော်လင့်ဘဲနှင့် ခုံပေါ်တွင် ထိုင်လိုက်မိပြန်သည်။

သူသည် အတော်ကလေးကြာအောင် ကြောက်လန့်နေမိသည်။ ယင်းအဖြစ်ကို နောက်ပိုင်းတွင် သူသတိပြုမိသည်။ ဆမာယာကော့က သူနှင့် မျက်နှာချင်းဆိုင်တွင် မတ်တတ်ရပ်လျက် ရှိသည်။ ၎င်း၏ လက်နှစ်ဖက်ကို နောက်ဘက်တွင် ယှက်ထားသည်။ သူ့ကို ခပ်တည်တည် ခပ်တင်းတင်းပင် ကြည့်နေသည်။

"သူ အိပ်နေတုန်းပါခင်ဗျာ" သူ လေးလေးမှန်မှန်ပင် ပြန်ပြောသည်။

(ခင်ဗျား အရင် စပြောတာ၊ ကျုပ်က အရင် စတာ မဟုတ်ဘူးဟု ပြောနေဟန်)

"အစ်ကို့ကို ကျွန်တော် တော်တော် အံ့သြသွားတယ်ခင်ဗျာ"

ခဏအကြာတွင် သူဆက်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ကြောက်ရွံ့ဟန်ဆောင်သည့်အနေဖြင့် သူ၏ မျက်လုံးများကို အောက်သို့ စိုက်ထားသည်။ သူ၏ ညာဘက်ခြေထောက်ကို ရှေ့သို့ ထုတ်ထားပြီး ပြောင်လက်နေသော သူ၏ ဖိနပ်ဦးဖြင့် ထိုးဆွ ကစားလျက် ရှိသည်။

"မင်းက ဘာဖြစ်လို့ ငါ့ကို အံ့သြရသလဲ"

အိုက်ဗင် ခပ်ပြတ်ပြတ် ခပ်မာမာ မေးလိုက်သည်။ သူ့ကိုယ်သူ အတတ်နိုင်ဆုံး ထိန်းချုပ်ထားသည်။ သူ့မှာ သိရှိလိုစိတ်တွေ ပြင်းပြနေကြောင်းနှင့် အဖြေကို မသိရဘဲနှင့် ထွက်ခွာသွားမည် မဟုတ်ကြောင်း သူ့ဘာသူ စက်ဆုပ်စွာ သိရှိမိသည်။

"အစ်ကို ဘာဖြစ်လို့ ချာမာရှာညာကို မသွားတာလဲခင်ဗျာ"

ဆမာယာကော့က မျက်လုံးများကို ရုတ်တရက် မော့လိုက်ပြီး ကျွမ်းဝင်ရင်းနှီးသော အပြုံးဖြင့် မေးလိုက်သည်။

"ချာမာရှာညာကို ငါက ဘာကိစ္စ သွားရမှာလဲ"

အိုက်ဗင် အံ့သြဟန်ဖြင့် မေးလိုက်သည်။ ဆမာယာကော့ ခေတ္တမျှ နှုတ်ဆိတ်နေပြီးနောက် ...

"အစ်ကို့ရဲ့ အဖေက အစ်ကို့ကို သွားဖို့ပြောထားတယ် မဟုတ်လား"

ခပ်ဖြည်းဖြည်း ခပ်လေးလေးပင် သူပြောသည်။ တဖက်လူ၏အဖြေကို ဘယ်လိုမျှ အရေးမထား ဟန်ဖြင့် ဖြစ်သည်။ သူ့ပုံစံက "ခင်ဗျားကို ကျုပ် တခြားဟာတခု ပြောစရာရှိလို့ ဒါကို လမ်းခင်းတာပဲ" ဟု ပြောနေဟန်။

"ဒီမယ် ကိုယ့်လူ၊ မင်း ဘာပြောတာလဲ၊ ရှင်းရှင်းပြောစမ်းပါ"

နောက်ဆုံးတွင် အိုက်ဗင် ဒေါသဖြင့် ဟစ်အော်လိုက်သည်။ သိမ်မွေ့ရာမှ ကြမ်းတမ်းသွားသည်။ ဆမာယာကော့သည် ညာဘက်ခြေထောက်ကို ဘယ်ဘက်ခြေထောက်နှင့်အညီ ဆုတ်လိုက်ပြီး သူ့ကိုယ်ကို မတ်လိုက်သည်။

သို့သော် စောစောကအတိုင်းပင် ခပ်တည်တည် ခပ်ပြုံးပြုံးဖြင့် ကြည့်နေသည်။

"အစ်ကို့ကို ဘာမှ အရေးတကြီးပြောစရာ မရှိပါဘူး၊ ကျွန်တော့်အနေနဲ့ ဒီမှာ အေးအေးဆေးဆေး ထိုင်နေတာပါပဲ ခင်ဗျာ"

ထို့နောက် တဖန် တိတ်ဆိတ်သွားပြန်သည်။ သူတို့သည် တမိနစ်လုံးလုံးလောက်ပင် စကား မပြောကြပါ။ ဒေါသတကြီးဖြင့် သူ မတ်တတ်ထရပ်လိုက်ရမည် ဖြစ်ကြောင်း အိုက်ဗင် သိရှိသည်။ ဆမာယာကော့သည် သူ့ရှေ့တွင် မတ်တတ်ရပ်ပြီး သူ ဒေါသဖြစ် မဖြစ်ကို စောင့်ဆိုင်း ကြည့်ရှုနေဟန် ဖြစ်သည်။ အိုက်ဗင်အနေနှင့် ဤအတိုင်းပင် ထင်နေမိသည်။ နောက်ဆုံးတွင် သူ မတ်တတ်ထရပ် လိုက်သည်။ ဆမာယာကော့သည် အခွင့်ကောင်းကို ရယူလိုက်ဟန်ရှိသည်။

"ကျွန်တော့်အခြေအနေ သိပ်ဆိုးနေပါတယ်ခင်ဗျာ၊ ကျွန်တော် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

သူ ရုတ်ခနဲ ပြောလိုက်သည်။ ပြတ်ပြတ်သားသား ကွဲကွဲပြားပြားပင် ဖြစ်သည်။ နောက်ဆုံးစကားလုံး များကို ပြောပြီးသောအခါ သူ သက်ပြင်းချလိုက်သည်။ အိုက်ဗင် ချက်ချင်းပင် ပြန်ထိုင်လိုက်သည်။

"သူတို့နှစ်ယောက်စလုံးဟာ တကယ့်ကို ရူးနေကြတာပဲခင်ဗျာ" ဆမာယာကော့ ဆက်ပြီး ပြောသည်။ "သူတို့နှစ်ယောက်ဟာ ကလေးကလေးတွေလို လုပ်နေကြတာပဲ။ ကျွန်တော်ပြောနေတာ အစ်ကို့ရဲ့ အဖေနဲ့ အစ်ကို့ရဲ့ အစ်ကို ဒီမီထရီပါခင်ဗျာ။ အစ်ကို့ရဲ့ အဖေဟာ မနက်မိုးလင်းလို့ အိပ်ရာကထတာနဲ့ တပြိုင်နက် .... တကယ်ပါပဲခင်ဗျား ကျွန်တော့်ကို မေးခွန်းတွေ တရစပ် မေးနေတော့တာပါပဲခင်ဗျာ။ "သူ မလာသေးဘူးလား၊ သူ ဘာဖြစ်လို့ မလာသေးတာလဲ" အဲဒီမေးခွန်းတွေကို သူဟာ ညသန်းခေါင် ကျော်ကျော်အထိ မေးနေတော့တာပါပဲခင်ဗျာ၊ မစ္စဆဗက်လော (ဂရုရှင်ကာ) သည်ကနေ့ မလာဘူး ဆိုရင် (သူ ဘယ်တော့မှ လာမှာမဟုတ်ပါဘူး ခင်ဗျာ) မနက်ဖြန်ကျရင် သူဟာ ကျွန်တော့်ကို မေးခွန်းတွေ မေးပြန်ဦးတော့မှာပဲ၊ "သူ ဘာဖြစ်လို့ မလာသလဲ၊ သူ ဘာလို့ မလာရတာလဲ၊ သူ ဘယ်တော့လာမလဲ" ... အစ်ကိုရယ် သူမေးနေပုံက ကျွန်တော့်မှာ အပြစ်ရှိနေတဲ့အတိုင်းပဲ၊ ကျွန်တော့်တာဝန် ကျနေတာပဲ။

"နောက်ပြီးတော့ ခင်ဗျာ၊ နောက်တဖက်ကလည်း ရှိသေးတယ်၊ ကျွန်တော့်မှာ ဖြစ်နေရတာကတော့ ဒီအတိုင်းပဲ၊ ညမိုးချုပ်တာနဲ့ တပြိုင်နက် တခါတလေ မိုးမချုပ်ခင်မှာ အစ်ကို့ရဲ့အစ်ကိုဟာ လက်ထဲမှာ သေနတ်တလက် ကိုင်ပြီး ရောက်လာတော့တာပဲ သူက ကျွန်တော့်ကို... "ဒီမယ် ဟော့ကောင်၊ လူဆိုးလူမိုက် ထမင်းချက်၊ သူလာတဲ့အကြောင်း ငါ့ကို မပြောဘူးဆိုရင် မင်း

သေပြီသာမှတ်၊ မင်းကို အရင်ဆုံးသတ်ပစ်မယ်” ဆိုပြီး ကြိမ်းတော့ မောင်းတော့တာပဲ။ တခါ တညကုန်သွားလို့ မနက်မိုးလင်းတဲ့အခါမှာ သူလည်း အစ်ကို့အဖေလိုပဲ ကျွန်တော့်ကို မေးခွန်းတွေ မေးပြန်တော့တာပဲ၊ “သူဘာလို့ မလာတာလဲ သူဘယ်တော့လာမှာလဲ” နဲ့ ဒီနေရာမှာလည်း သူ့ရဲ့ အမျိုးသမီးမိတ်ဆွေ မလာတာဟာ ကျွန်တော့်ရဲ့ အပြစ် ကျနေတာပဲ။

“နောက်ပြီးတော့ ခင်ဗျာ၊ သူတို့ဟာ သူတို့နှစ်ယောက်စလုံးဟာ တနေ့ထက်တနေ့ တနာရီထက် တနာရီ ဒေါသကြီးသည်ထက် ကြီးလာကြတော့တာပါပဲ ခင်ဗျာ။ အဲဒီတော့ ခင်ဗျာ၊ ကျွန်တော် မကြာမကြာဆိုသလို တွေးမိတယ်၊ ကျွန်တော်ဟာ အခုလို အနိုင်ကျင့် ခံနေရတာထက်စာရင်တော့ သေရတာက အများကြီးကောင်းသေးတယ်လို့။ ကျွန်တော်ဟာ သူတို့ကို ဘယ်လိုမှ စိတ်မချရဲတော့ ပါဘူး ခင်ဗျာ”

“ဟာနေပါဦး .... မင်းက ဒီကိစ္စတွေထဲမှာ ဘာဖြစ်လို့ ဝင်ပါနေရတာလဲ၊ ဒီမိထရီအတွက် မင်းက ဘာဖြစ်လို့ သူလျှိုလုပ်ပေးနေရတာလဲ”

အိုက်ဗင် ဒေါသဖြစ်စွာနှင့် မေးလိုက်သည်။

“ကျွန်တော်က ဘယ်လိုလုပ်ပြီး ဝင်မပါလို့ ရနိုင်မှာလဲခင်ဗျာ၊ အစ်ကို အမှန်အတိုင်း သိချင်တယ် ဆိုရင်တော့ ဒီကိစ္စထဲမှာ ကျွန်တော် ဝင်ပါတာ မဟုတ်ပါဘူး။ စကတည်းက တခွန်းမှ ကျွန်တော် ဝင်မပြောခဲ့ပါဘူး၊ ကျွန်တော့်အနေနဲ့ ဘာမှ မပြောရဲပါဘူး၊ ဒါပေမဲ့ သူက ကျွန်တော့်ကို သူ့တပည့် တယောက်အနေနဲ့ ခိုင်းတာပါ။ အဲဒီတုန်းက သူ ကျွန်တော့်ကို စကားတခွန်းပဲ ပြောခဲ့ပါတယ်၊ “ဟေ့ကောင် လူမိုက် ... သူလာတာကို မပြောရင် မင်းကို ငါ သတ်ပစ်မယ်” တဲ့ ... ကျွန်တော် သေသေချာချာ သိနေတယ်၊ မနက်ဖြန်ကျရင် ကျွန်တော် ဝက်ရူးပြန်ရောဂါရှည်ကြီး ဖြစ်လိမ့်ဦးမယ်”

“ဝက်ရူးပြန်ရောဂါရှည်ကြီးဆိုတာ ဘာလဲ”

“ရောဂါရှည်ကြီးပါခင်ဗျာ၊ အရှည်ကြီး အကြာကြီး ဖြစ်နေတာပါပဲ ခင်ဗျာ။ တခါတလေ နှစ်နာရီလောက် ကြာတယ်၊ တခါတလေ နှစ်ရက်လောက် ကြာတတ်တယ်၊ တခါတုန်းကဆိုရင် သုံးရက်တောင်ကြာတယ်။ အဲဒီတုန်းက ကျွန်တော် အပေါ်ထပ်က လိမ့်ကျတယ်၊ အောက်ရောက် တော့ ရောဂါတက်တာ ခဏရပ်သွားတယ်၊ ဒါပေမဲ့ နောက် ပြန်ပြီး တက်တာပဲ၊ သုံးရက်လုံးလုံး ကျွန်တော် သတိပြန်မရဘူး။ မစ္စတာ ကာရာမာဇော့က ဒီမှာရှိတဲ့ ဆရာဝန် ဒေါက်တာ ဟာဇင်ကျူဗီကို အခေါ်ခိုင်းတယ်၊ ဆရာဝန်က ကျွန်တော့်ခေါင်းပေါ်မှာ ရေခဲတင်ပေးတယ်။ နောက်ပြီးတော့ တခြားဆေးနည်းတွေနဲ့လည်း ကုတယ် အဲဒီတုန်းက ကျွန်တော် သေနိုင်တယ်”

"ဒါပေမဲ့ ကိုယ်သိသလောက်တော့ ဝက်ရူးပြန်ရောဂါဟာ ဘယ်အချိန်မှာ တက်မလဲ ဆိုတာ ဘယ်သူမှ ကြိုပြီး မပြောနိုင်ဘူး၊ အဲဒီတော့ မင်းက ဘယ်လိုလုပ်ပြီး မနက်ဖြန်မှာ ရောဂါတက်မယ်လို့ ပြောနိုင်ရတာလဲ"

အိုက်ဗင်က နားမလည်နိုင်သည့်အနေဖြင့် မေးလိုက်သည်။

"မှန်ပါတယ်ခင်ဗျာ၊ ကြိုပြီး မပြောနိုင်ပါဘူး"

"နောက်ပြီးတော့ .... အဲဒီတုန်းက အပေါ်ထပ်က မင်း လိမ့်ကျခဲ့တယ် ..."

"ကျွန်တော် အပေါ်ထပ်ကို နေ့တိုင်းတက်ပါတယ်၊ မနက်ဖြန်ကျရင် ကျွန်တော် အပေါ်ထပ်ကနေ နောက်တကြိမ် လိမ့်ကျပါဦးမယ်၊ အပေါ်ထပ်ကနေ မဟုတ်ရင်လည်း မြေအောက်ခန်းထဲကို ကျွန်တော် ကျပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြေအောက်ခန်းကိုလည်း ကျွန်တော် နေ့တိုင်း ဆင်းလို့ပါပဲ"

အိုက်ဗင် သူ့ကို အတန်ကြာ ကြည့်နေပြီးနောက် ...

"မင်းဟာ မဟုတ်တာတွေ အတော်ပြောတာပဲ၊ မင်းကို ငါ နားမလည်တော့ဘူး" သူ လေအေးအေးဖြင့် ပြောလိုက်သည်။ ပြီးမှ ခြိမ်းခြောက်သည့်လေသံမျိုးဖြင့် "မနက်ဖြန်ကစပြီး သုံးရက်လုံးလုံး ဝက်ရူးပြန်ရောဂါ တက်နေဟန်ဆောင်မယ်လို့ မင်းပြောတာလား" ဆမာယာကော့သည် မျက်လုံးများ ကို အောက်စိုက်ထားပြီး ညာဘက်ခြေထောက်ထိပ်ဖြင့် ကစားနေရာမှ ခြေထောက်ကို ပြန်ရုပ်လိုက်ပြီး ဘယ်ဘက်ခြေထောက်ကို ရှေ့သို့ထုတ်လိုက်သည်။ ထို့နောက် ဦးခေါင်းကို မော့လိုက်ပြီး အပြုံးဖြင့် ...

"ကျွန်တော်ဟာ ဝက်ရူးပြန်ရောဂါတက်ဟန်ဆောင်မယ်ဆိုရင် အဲဒီလိုမျိုးဖြစ်ဖူးတဲ့ အတွေ့အကြုံ ရှိတဲ့အတွက် ဘာမှ အခက်အခဲမရှိနိုင်ပါဘူး၊ ကျွန်တော့်အသက်ကို ကယ်တင်ဖို့အတွက် ကျွန်တော့်မှာ အဲဒီလိုမျိုးလုပ်ပိုင်ခွင့် ကောင်းကောင်းရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော် နေမကောင်းပြီး အိပ်ရာထဲမှာ လဲနေတဲ့အချိန်မှာ သူ့အဖေဆီကို မစ္စဆဗက်လော့ လာခဲ့လို့ရှိရင်လည်း သူ့ကို မပြောရ ကောင်းလားဆိုပြီး နေမကောင်းနေတဲ့ လူတယောက်ကို သူ အပြစ်မပြောနိုင်ပါဘူး၊ ပြောရင် သူ အရှက်ကွဲမှာပေါ့"

"တော်စမ်းပါ" အိုက်ဗင် ဒေါသဖြင့် အော်လိုက်သည်။ "မင်းဟာ ဘာဖြစ်လို့ မင်းဘဝမှာ ဒီလိုမျိုး သူရဲဘောကြောင်တဲ့ လူတယောက် ဖြစ်နေရတာလဲ၊ ငါ့အစ်ကို ခြိမ်းခြောက်တဲ့ စကားတွေဟာ သူစိတ်ရူးပေါက်ပြီး ပြောမိပြောရာတွေ ပြောတာပဲ၊ ဘာမှ တကယ် မဟုတ်ဘူး၊ မင်းကို သူ မသတ်ပါဘူး၊ တခြားတယောက်ကို သူ

သတ်ချင်သတ်မယ်၊ ဒါပေမဲ့ မင်းကိုတော့ မဟုတ်ဘူး”

“သူ ကျွန်တော့်ကို ယင်ကလေးတကောင် သတ်သလို သတ်ပစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒါထက်ပိုပြီး ကြောက်နေရတာ ရှိပါတယ်၊ သူ့အဖေကို သူ မဟုတ်တာ တခုခုလုပ်ခဲ့ရင် ကျွန်တော်ဟာ သူ့ရဲ့ ကြံရာပါတယောက် ဖြစ်နေပါလိမ့်မယ်”

“မင်းက ဘာဖြစ်လို့ သူ့ရဲ့ကြံရာပါ ဖြစ်ရမှာလဲ”

“သူတို့က ကျွန်တော့်ကို သူ့ရဲ့ကြံရာပါအဖြစ်နဲ့ ယူဆကြပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ သူ့ကို အထူးလျှို့ဝှက်ချက်ဖြစ်တဲ့ အချက်ပြနည်းတွေကို ပြောပြခဲ့လို့ပါပဲ”

“ဘယ်လို အချက်ပြနည်းတွေလဲ၊ ဘယ်သူ့ကို မင်းပြောခဲ့တာလဲ၊ ရှင်းရှင်းပြောစမ်းပါ”

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဖြောင့်ချက်ပေးပါ့မယ်” သူက တမင်တကာ ပြုလုပ်သည့်အနေဖြင့် ခပ်လေးလေးကြီးဆွဲပြီး ပြောလိုက်သည်။ “ကျွန်တော်ဟာ ဒီကိစ္စမှာ မစ္စတာ ကာရာမာဇော့နဲ့ လျှို့ဝှက်ချက်တခုကို နားလည်မှု ယူထားပါတယ်။ အစ်ကိုသိတဲ့အတိုင်း (အစ်ကို သိခဲ့တယ်ဆိုရင်ပေါ့) သူဟာ ညနေမိုးချုပ်တာနဲ့ တပြိုင်နက် သူ့အခန်းထဲမှာ တံခါးကို သော့ခတ်ပြီး နေခဲ့တယ်။ နောက်ပိုင်းမှာ အစ်ကိုဟာ အပေါ်ထပ်က အစ်ကို့အခန်းကို စောစော တက်ခဲ့တာများပြီး မနေ့က ဆိုရင် အစ်ကိုဟာ အောက်ကို ပြန်ဆင်းမလာတော့တဲ့အတွက် ညဘက်မှာ သူဟာ အခန်းထဲမှာ ဘယ်လို သော့ပိတ်ပြီးနေတယ်ဆိုတာကို အစ်ကို သိချင်မှသိလိမ့်မယ်။

“သူဟာ အခန်းတံခါးကို သော့ခတ်ထားတာ ဂရီဂိုရီ လာရင်တောင်မှ သူ့အသံကို မကြားရမချင်း တံခါးဖွင့်ပေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဂရီဂိုရီကလည်း ဘယ်တော့မှ လာမှာမဟုတ်ဘူး၊ ဒါကြောင့်မို့လို့ လည်း ကျွန်တော်ဟာ သူ့အခန်းကို တယောက်တည်း စောင့်နေရတာပဲ။ အဲဒီအတွက် သူဟာ မစ္စဆဗက်လော့နဲ့ကိစ္စ ပေါ်ကတည်းက ကျွန်တော်နဲ့ အစီအစဉ်တခု လုပ်ထားတာပဲ။

“ကျွန်တော်ဟာ သူ့အမိန့်အရ ညညမှာ တန်းလျားမှာ ပြန်နေရတယ်၊ ဒါပေမဲ့ ဆယ့်နှစ်နာရီ မထိုးမချင်း မအိပ်ရဘူး၊ ခြံထဲမှာ လှည့်ပတ်ပြီး စောင့်နေရတယ်။ မစ္စဆဗက်လော့ လာမှာကို စောင့်နေရတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ ဒီ သုံးလေးရက်အတွင်းမှာ အမျိုးသမီးလာမှာကို မျှော်နေလို့ပဲ၊ သူ့ကို ကြည့်ရတာ အရူးကြီးတယောက် ဖြစ်သွားတဲ့အတိုင်းပဲ၊ သူ ပြောတာကတော့ ဒီလိုပါခင်ဗျာ… အမျိုးသမီးဟာ အစ်ကို့ရဲ့အစ်ကိုကို ကြောက်နေတယ်တဲ့၊ သူပြောတဲ့အတိုင်း ပြောရရင်တော့ ခွေးကောင် မစ်တယာကို

ကြောက်နေတယ်တဲ့၊ အဲဒါကြောင့် အမျိုးသမီးဟာ ညကြီးမိုးချုပ်မှ နောက်ဖေးလမ်းကနေ လာလိမ့်မယ်တဲ့၊ အဲဒါကို ညသန်းခေါင်ကျော်တဲ့အထိ ကျွန်တော် စောင့်နေရမယ်တဲ့။

"တကယ်လို့ အမျိုးသမီးလာခဲ့လို့ရှိရင် ကျွန်တော် ပြေးသွားပြီး သူ့အခန်းတံခါးကို ဒါမှမဟုတ် ပန်းခြံဘက်က ပြတင်းပေါက်ကို ခေါက်ရမယ်တဲ့။ ပထမ ခပ်ဖြည်းဖြည်း နှစ်ချက် ခေါက်ရမယ်။ ဆိုပါတော့ တစ် ... နှစ်၊ ပြီးရင် သုံးချက် မြန်မြန်ကလေးခေါက်ရမယ်၊ ဒေါက် .. ဒေါက် .. ဒေါက်၊ အဲဒီအခါကျရင် အမျိုးသမီး လာပြီဆိုတာကို သူသိပြီး တံခါးကို ချက်ချင်း ဖွင့်ပေးမယ်တဲ့။

"နောက်ပြီးတော့ သူက ကျွန်တော့်ကို နောက်ထပ် အချက်ပေးပုံပေးနည်းတခုကို ပြောသေးတယ်၊ ပထမဆုံး နှစ်ချက်ကို မြန်မြန်ခေါက်ရမယ်၊ ဒေါက်... ဒေါက်၊ ပြီးရင် ခဏကလေးနေပြီး တချက်ထပ်ခေါက်ရမယ်၊ ဒီတခါမှာ ပိုပြီး ကျယ်ကျယ်ကလေးခေါက်ရမယ်၊ အဲဒါဆိုရင် မမျှော်လင့်တဲ့ ကိစ္စတခု ဖြစ်ပေါ်မှန်း သူသိပြီး ကျွန်တော့်ကို ချက်ချင်း တံခါးဖွင့်ပေးမယ်တဲ့၊ ကျွန်တော်က အထဲကိုဝင်ပြီး သူ့ဆီကို အကျိုးအကြောင်း ပြောရမယ်တဲ့။ အဲဒီအရေးပေါ်အကြောင်းဆိုတာ ကတော့ မစ္စဆဗက်လော့ သူကိုယ်တိုင် မလာနိုင်တဲ့အတွက် တယောက်ယောက်နဲ့ တခုခု အကြောင်းကြားလိုက်ရင်တဲ့... နောက်ပြီးတော့ အစ်ကို့ရဲ့အစ်ကို ဒီမီထရီလည်း ရောက်လာနိုင်တယ် တဲ့၊ အဲဒါကြောင့်မို့လို့ အနီးအနား တဝိုက်မှာ ဒီမီထရီ ရှိနေရင် သူ့ကို ပြောရမယ်တဲ့။

"သူက အစ်ကို့ရဲ့အစ်ကို ဒီမီထရီကို သိပ်ပြီးတော့ ကြောက်နေတယ်၊ အဲဒါကြောင့်မို့ မစ္စဆဗက်လော့ လာပြီး သူတို့နှစ်ယောက် အခန်းထဲမှာ ရှိနေကြတုန်းမှာလည်း အစ်ကို့ရဲ့အစ်ကို ဒီမီထရီဟာ အနီးအနားတဝိုက်ကို ရောက်လာနိုင်တယ်တဲ့။ အဲဒီလိုရောက်လာတာကို တွေ့ရင် ကျွန်တော်က ချက်ချင်း အကြောင်းကြားရမယ်တဲ့၊ တံခါးကို သုံးချက် ခေါက်ရမယ်တဲ့။

"အဲဒါကြောင့်မို့လို့ ပထမအချက်ပေးစနစ်ဖြစ်တဲ့ တံခါးကို ငါးချက်ခေါက်တာက မစ္စဆဗက်လော့ လာပြီလို့ အဓိပ္ပာယ်ရပြီး .... ဒုတိယအချက်ပေးစနစ်ဖြစ်တဲ့ တံခါးကို သုံးချက်ခေါက်တာက သခင်ကြီးကို အရေးတကြီး တွေ့စရာရှိတယ်လို့ အဓိပ္ပာယ်ရှိပါတယ်၊ သူဟာ အဲဒီအချက်ပေးစနစ် တွေကို ကျွန်တော့်ကို အကြိမ်ကြိမ် သင်ပေးခဲ့တယ်၊ အကြိမ်ကြိမ် ရှင်းပြခဲ့ပါတယ်။

"ဒီအချက်ပေးစနစ်တွေကို ဒီလောကကြီးမှာ သူနဲ့ ကျွန်တော် နှစ်ယောက်တည်း သိတာမို့ သူဟာ ဘာမှ သံသယ မရှိဘဲ၊ ဘာမှ အော်ဟစ်မေးမြန်းမနေဘဲ တံခါးကို ဖွင့်ပေးမယ်တဲ့၊ သူက အသံ ကျယ်ကျယ်

အောဲမေးရမှာကိုလည်း ကြောက်နေတယ်၊ အစ်ကို့ရဲ့အစ်ကို ဒီမီထရီဟာ အဲဒီ အချက်ပေးစနစ်တွေအကြောင်း အကုန်လုံး သိနေပါတယ်”

“အဲဒါတွေကို သူ ဘယ်လိုလုပ်ပြီး သိသလဲ၊ မင်းပြောပြတာပဲ မဟုတ်လား၊ မင်းက ဘာဖြစ်လို့ ပြောရတာလဲ”

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် သိပ်ကြောက်နေလို့ပါပဲ ခင်ဗျာ၊ သူ့ကိုမပြောဘဲ မထားရဲလို့ပါပဲ ခင်ဗျာ။ အစ်ကို့ရဲ့အစ်ကို ဒီမီထရီဟာ ကျွန်တော့်ကို နေ့တိုင်းပဲ ခြိမ်းခြောက် ကြိမ်းဝါးနေပါတယ်၊ “မင်း ငါ့ကို ညာနေတာပဲ၊ မင်း ငါ့ကို တခုခု မပြောဘဲ ဖုံးထားနေတာပဲ။ ဟုတ်တယ် မဟုတ်လား၊ မင်း ခြေထောက်နှစ်ချောင်းကို ငါ ဆွဲဖြဲပစ်လိုက်ရမလား” … အဲဒီတော့ ခင်ဗျာ၊ သူ့ကို အင်မတန် လျှို့ဝှက်တဲ့ အချက်ပေးစနစ်တွေ ပြောပြလိုက်ရင် ကျွန်တော်ဟာ သူ့ကို ကျေးကျွန်တယောက် အနေနဲ့ လုပ်ဆောင်ပေးနေတယ်ဆိုပြီး သူကျေနပ်သွားမယ်၊ ကျွန်တော်ဟာ သူ့ကို ဘာမှ လိမ်ညာမနေဘဲ ကျွန်တော်သိသမျှ တွေ သူ့ကို အကုန်လုံး ပြောပြတယ်လို့ သူ ယူဆမယ်”

“သူဟာ အဲဒီအချက်ပေးစနစ်တွေကို အသုံးပြုပြီး အဘိုးကြီးအခန်းကို ဝင်လိမ့်မယ်လို့ ထင်ရင် မင်းအနေနဲ့ သူ့ကို မဝင်နိုင်အောင် လုပ်ရမယ်”

“ဒါပေမဲ့ အစ်ကို ကျွန်တော်ဟာ သူ့ကို တားရဲတယ်ပဲ ထားဦးတော့၊ ဝက်ရူးပြန်ရောဂါ တက်ပြီး အိပ်ရာထဲမှာ လဲနေလို့ရှိရင် သူ့ကို ကျွန်တော် ဘယ်လိုလုပ်ပြီး မဝင်အောင်လုပ် နိုင်မလဲ”

“အို … တော်စမ်းပါ၊ မင်းအနေနဲ့ ဝက်ရူးပြန်ရောဂါတက်မယ်ဆိုတာကို မင်း ဘယ်လိုလုပ်ပြီး သေချာမလဲ၊ မင်း ငါ့ကို နောက်နေတာလား”

“မဟုတ်တာပဲ ခင်ဗျာ၊ ကျွန်တော် အစ်ကို့ကို ဘယ်လိုလုပ်ပြီး နောက်ရဲပါ့မလဲ၊ နောက်ပြီးတော့ ခင်ဗျာ … ကျွန်တော့်မှာ ဒါလောက်တောင် ထိတ်လန့်ကြောက်ရွံ့နေရတာ နောက်နိုင်တဲ့အခြေအနေ ဘယ်လိုလုပ်ရှိပါ့မလဲ၊ ကျွန်တော်ဟာ ဝက်ရူးပြန်တော့မှာပဲဆိုတာ ကျွန်တော့်စိတ်ထဲမှာ သိနေတယ်၊ ကျွန်တော့်စိတ်ထဲမှာ ကြိုပြီး သိနေတယ်၊ အဲဒါဟာ ကြောက်တာ တခုတည်းကြောင့်ကို ဖြစ်နိုင်ပါတယ်”

“အို တော်စမ်းပါ၊ မင်း လဲနေလို့ရှိရင်လည်း ဂရီဂိုရီ စောင့်ကြည့်လိမ့်မယ်ပေါ့။ ဂရီဂိုရီကို ကြိုပြီး သတိပေးထားပေါ့။ အဘိုးကြီးက သူ့ကို ဘယ်နည်းနဲ့မှ ဝင်ခွင့်ပေးမှာ မဟုတ်ဘူး”

“အဲဒါလည်း မဖြစ်နိုင်ပါဘူးခင်ဗျာ၊ သခင်ကြီးရဲ့ အမိန့်မရဘဲနဲ့ ဂရီဂိုရီကို

အချက်ပေးစနစ်အကြောင်း ကျွန်တော် မပြောရဲဘူး၊ နောက်ပြီးတော့ ဂရီဂိုရီအနေနဲ့ သခင်ကြီးကို တွေ့ပြီး ဒီမီထရီကို တားနိုင်ဖို့ ကလည်း သူဟာ မနေ့ကတည်းက နေမကောင်းဖြစ်နေပြီ မာဖာက သူ့ကို မနက်ဖြန်ခါမှာ ဆေးတိုက်ဖို့ လုပ်ထားတယ်။ အဲဒီကိစ္စကို သူတို့ ကနေ့အစီအစဉ် လုပ်နေကြပါတယ်၊ မာဖာရဲ့ ဆေးကလည်း အတော်ထူးဆန်းတဲ့ဆေး ဖြစ်ပါတယ်၊ အဲဒီဆေးနည်းကို မာဖာတယောက်ပဲသိပြီး ဘယ်သူ့ကိုမှ မပြောဘဲ ထားပါတယ်။ အဲဒီဆေးက သိပ်ပြီး ပြင်းပါတယ်၊ ဆေးဖက်ဝင်တဲ့ အပင်တွေ နဲ့ ဖော်စပ်ရတာပါပဲ၊ အထူးလျှို့ဝှက်တဲ့ ဆေးနည်းဖြစ်ပါတယ်။ မာဖာဟာ တနှစ်မှာ သုံးကြိမ်ဆိုသလို အဲဒီဆေးကို ဂရီဂိုရီကို တိုက်ပါတယ်။ သူ့ရဲ့ ဒူလာရောဂါ သိပ်ဆိုးဝါးလာပြီး လေဖြတ်ချင်သလို ဖြစ်လာတဲ့အခါမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ မာဖာဟာ အဲဒီဆေးရည်ဆွတ်ထားတဲ့ တဘက် တထည်နဲ့ ဂရီဂိုရီရဲ့ကျောကို နာရီဝက်လောက် နှိရဲပြီး ရောင်ရမ်းလာတဲ့အထိ ပွတ်တိုက်ပါတယ်၊ ပြီးတော့ ကျန်နေတဲ့ ဆေးရည်တွေကို အထူးမန်းမှုတ်ပြီး တိုက်ပါတယ်။ ဂရီဂိုရီကို ဆေးအကုန်လုံး တိုက်တာ မဟုတ်ပါဘူး၊ အင်မတန် ကြုံကြိုက်တဲ့ အခွင့်အရေးဖြစ်တာမို့ ဆေးတစက်နှစ်စက် ချန်ထားပြီး မာဖာကိုယ်တိုင်လည်း သောက်ပါတယ်၊ သူတို့နှစ်ယောက်စလုံးဟာ အရက်သေစာ သောက်တတ်တဲ့လူတွေလည်း မဟုတ်တော့ အဲဒီဆေးပြင်းကြီးကို သောက်ပြီးတဲ့အခါမှာ သူတို့ နှစ်ယောက်စလုံးဟာ အတော်ကြီးကို ကြာအောင် တုံးနင်းသရော အိပ်ပျော်သွားတတ်ကြပါတယ်၊ အိပ်ရာက နိုးတဲ့အခါမှာ ဂရီဂိုရီဟာ အကောင်းပကတိ ဖြစ်နေတတ်ပေမယ့် မာဖာကတော့ အမြဲတမ်းဆိုသလို ခေါင်းကိုက်ပြီး ကျန်ရစ်ပါတယ်။ အဲဒီတော့ မာဖာဟာ မနက်ဖြန်မှာ အဲဒီဆေး တိုက်မယ်ဆိုရင် ဂရီဂိုရီဟာ ဘာမှလည်း သိတော့မှာ မဟုတ်ဘူး။ ဒီမီထရီကို မဝင်အောင်လည်း ဘယ်လိုမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး၊ သူ အိပ်ပျော်နေပါလိမ့်မယ်”

“အဓိပ္ပာယ်မရှိတာပဲ၊ ဒါတွေအားလုံးဟာ တခါတည်း ဇာတ်တိုက်ထားတဲ့အတိုင်း အားလုံး တပြိုင်တည်း ဖြစ်ကြမှာပဲ။ မင်းက ဝက်ရူးပြန်နေမယ်၊ သူတို့နှစ်ယောက်က သတိလစ်နေကြမယ်၊ ဒါတွေဟာ မင်း အကွက်ဆင်ထားတာပဲ မဟုတ်လား”

အိုက်ဗင် လွှတ်ခနဲ ပြောဆိုလိုက်သည်။ သူ၏ နဖူးကြောကြီးများကို တွန့်ကုပ်ထားသည်။

“ကျွန်တော် ဘယ်လိုလုပ်ပြီး အကွက်ဆင်နိုင်မှာလဲခင်ဗျာ၊ ကျွန်တော်က ဘာဖြစ်လို့ အကွက်ဆင် ရမှာလဲ ခင်ဗျာ၊ ဒီကိစ္စက အစ်ကို့ရဲ့အစ်ကို ဒီမီထရီအပေါ်မှာ တည်နေပြီး သူ တခုခုလုပ်ချင်ရင် သူ လုပ်နိုင်တာပဲ၊ ဒါပေမဲ့ သူ မလုပ်ချင်ဘူးဆိုရင် ကျွန်တော်က သူ့ကို အတင်းဆွဲခေါ်လာပြီး သူ့အဖေဆီကို အတင်းတွန်းပို့နိုင်တာမှ

မဟုတ်ဘဲ”

“သူက သူ့အဖေဆီကို ဘာဖြစ်လို့ သွားရမှာလဲ၊ မစ္စဆဗက်လေ့ ဘယ်တော့မှ လာမှာ မဟုတ်ဘူးလို့ မင်းပြောထားပြီးတဲ့ နောက်ပိုင်းမှာ သူက ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် သွားရမှာလဲ” အိုက်ဗင် ဒေါသဖြင့် ပြောသည်။ “ကိုယ် ဒီမှာရှိနေတဲ့ တလျှောက်လုံးမှာ မင်း ဒီအတိုင်းပဲ ပြောခဲ့တယ် မဟုတ်လား၊ အမှန်တော့ ဒီကိစ္စဟာ အဘိုးကြီးစိတ်ထဲမှာ သူ့ဟာသူ ထင်နေတာပဲ၊ ဒီကောင်မ ဘယ်တော့မှ လာမှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီကောင်မ မလာဘူးဆိုရင် ဒီမီထရီက ဘာဖြစ်လို့ အဘိုးကြီးအခန်းကို ဝင်ရမှာလဲ၊ ပြောစမ်းပါ။ မင်းခေါင်းထဲမှာ ဘာရှိနေတယ်ဆိုတာ ငါသိချင်တယ်”

“သူ ဘာဖြစ်လို့လာမယ်ဆိုတာ အစ်ကို သိပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ဘာထင်နေတာက ဘာမှ အရေးမကြီးပါဘူး၊ သူ စိတ်ဆိုးလို့ လာချင်လည်း လာမယ်၊ ဒါမှမဟုတ် ကျွန်တော် နေမကောင်း နေတာကို သံသယရှိလို့လည်း ဖြစ်နိုင်တယ်၊ သူ့စိတ်ထဲမှာ ကျွန်တော် နေမကောင်းတာကို တမင်လုပ်တာလို့ သူ ထင်နိုင်တယ်၊ အဲဒီတော့ အမျိုးသမီးဟာ တနည်းနည်းနဲ့ သူ မသိအောင် ဝင်သွားသလားဆိုပြီး မနေ့ကလိုပဲ အခန်းတွေအားလုံးကို တဖွတ်ထိုး လျှောက်ရှာနိုင်တယ်။ နောက်ပြီးတော့ ခင်ဗျာ၊ သခင်ကြီးလက်ထဲမှာ ချိပ်သုံးခု ပိတ်ပြီး ငွေသုံးထောင်ထည့်ထားတဲ့ စာအိတ်ကြီးတအိတ် ရှိနေတယ်ဆိုတာကို သူသိတယ်၊ အဲဒီစာအိတ်ကို ဖဲကြိုးနဲ့ စည်းထားပြီး စာအိတ်ပေါ်မှာ သခင်ကြီးကိုယ်တိုင် လက်ရေးနဲ့ ရေးထားတယ်၊ “ချစ်သော ဂရုရှင်ကာသို့ ပေးရန်၊ အကယ်၍ သူလာခဲ့လျှင်” .. နောက် သုံးရက်အကြာမှာ သူ တခါထပ်ပြီး ရေးထားပြန်တယ်။ “ချစ်ချစ်ကလေးအတွက်” တဲ့၊ အဲဒီတော့ ဘာဖြစ်လာမလဲဆိုတာ ဘာမှ မပြောနိုင်ဘူး”

“အဓိပ္ပာယ်မရှိတာပဲ၊ ဒီမီထရီဟာ ဒီပိုက်ဆံကို လာမခိုးဘူး၊ ဒီပိုက်ဆံအတွက် အဖေ့ကို သူ မသတ်ဘူး၊ မနေ့ကလို အချိန်မျိုးမှာတော့ ဂရုရှင်ကာအတွက် မွှန်ထူပြီး အဖေ့ကို သူ သတ်ချင်သတ်နိုင်တယ်၊ သူ အရူးအမိုက်ကြီး ဖြစ်သွားနိုင်တယ်၊ ဒါပေမဲ့ ပိုက်ဆံကိုတော့ သူ ဘယ်တော့မှ ခိုးမှာမဟုတ်ဘူး”

“ဒါပေမဲ့ ခင်ဗျာ၊ သူ့မှာ အခု ပိုက်ဆံ သိပ်ပြီး လိုနေပါတယ်၊ အဲဒီပိုက်ဆံကို သူ ရမှဖြစ်မယ်၊ သူ့မှာ ဘယ်လောက်လိုနေတယ်ဆိုတာ အစ်ကို မသိဘူး” ဆမာယာကော့က အရေးတကြီး အလေးအနက် ပင် ဆက်ပြီးပြောဆိုသည်။ “နောက်ပြီးတော့ ခင်ဗျာ၊ အဲဒီ ငွေ သုံးထောင်ကို သူက သူ့ပိုက်ဆံလို့ ယူဆထားတယ်၊ သူ ကျွန်တော့်ကိုပြောတယ်... “အဖေက ငါ့ကို ငွေသုံးထောင်တိတိကို ပေးရဦးမယ်” တဲ့။

နောက်ပြီးတော့ခင်ဗျာ၊ သေသေချာချာ စဉ်းစားကြည့်ပါ၊ အဲဒီအကြောင်းအပြင် တခြားအရေးကြီးတဲ့ အကြောင်းတခု ရှိပါသေးတယ်၊ တကယ့်ကို အရေးကြီးတဲ့အချက်ပါပဲ၊ တကယ်ကို ဖြစ်ဖို့ သေချာ တယ်။ အစ်ကို စိတ်မဆိုးဘူးဆိုရင် ကျွန်တော်ပြောမယ်။ မစ္စဆဗက်လေ့ဟာ သူ့စိတ်ထဲမှာ ဆန္ဒရှိရင် အစ်ကို့ရဲ့အဖေ သခင်ကြီးကို သူနဲ့လက်ထပ်အောင် လုပ်နိုင်တယ်၊ နောက်ပြီးတော့ အစ်ကိုလည်း သိပါတယ်၊ သူ့မှာ အဲဒီလိုလုပ်ချင်တဲ့ စိတ်ဆန္ဒလည်း ရှိနိုင်တယ်၊ သူ ဒီကိုလာမှာ မဟုတ်ဘူးလို့ အစ်ကို့ကို ကျွန်တော် ပြောခဲ့ တယ်။ ဒါပေမဲ့ အဲဒါထက် အရေးကြီးတဲ့ကိစ္စ ရှိနေတယ်။ အဲဒါကတော့ ဒီအိမ်ကြီးရဲ့ အိမ်ရှင်မ ဖြစ်ဖို့ပဲ။

"သူ့အဘိုးကြီး ဆမ်ဆိုနော့ကိုယ်တိုင်ကလည်း ဒီစိတ်ကူး မဆိုးဘူးလို့ ရယ်ပြီး ပြောတယ်ဆိုတာ ကျွန်တော်သိတယ်။ နောက်ပြီးတော့ အမျိုးသမီးကလည်း အတုံး အ အကြီး တယောက် မဟုတ်ဘူး အစ်ကို။ ပိုက်ဆံတပြားမှ မရှိတဲ့ အစ်ကို့ရဲ့အစ်ကို ဒီမီထရီကို လက်ထပ်လို့ သူ့မှာ ဘာမှ အကျိုးမရှိနိုင်ဘူး။ ဒီကိစ္စကို အစ်ကို ထည့်ပြီး စဉ်းစားကြည့် စမ်းပါ။ ဒီအတိုင်းသာ ဖြစ်လာလို့ရှိရင် အစ်ကို့ရဲ့အစ်ကို ဒီမီထရီရော၊ အစ်ကိုရော၊ အစ်ကိုရဲ့ညီ အလက်ဇီရော အစ်ကိုတို့ရဲ့ အဖေ ကွယ်လွန်သွားလို့ရှိရင် ဘာမှ ရတော့မှာ မဟုတ်ဘူး။ တပြားမှ ရကြတော့မှာ မဟုတ်ဘူး။ မစ္စဆဗက်လေ့ဟာ အဘိုးကြီးကို လက်ထပ်လိုက်တာနဲ့ တပြိုင်နက် ပိုက်ဆံတွေ အကုန်လုံးကို သူတယောက်တည်းရမှာ အမှန်ပဲ။

"ဒါပေမဲ့ အခုအချိန်မှာ အစ်ကို့ရဲ့အဖေကွယ်လွန်သွားလို့ရှိရင်၊ မစ္စဆဗက်လေ့နဲ့ လက်ထပ်မထားဘူး ဆိုရင် အစ်ကိုတို့သုံးယောက်ဟာ တယောက်ကို အနည်းဆုံး ရူဗယ် လေးသောင်းစီ ချက်ချင်း လက်ငင်း ရကြလိမ့်မယ်။ အစ်ကို့ရဲ့အဖေ သိပ်မုန်းတဲ့ အစ်ကို့ရဲ့ဒီမီထရီလည်း ရမှာပဲ။ ဘာဖြစ်လို့တုံး ဆိုတော့ သခင်ကြီးက သေတမ်းစာ ရေးမထားလို့ပဲ။ အဲဒါတွေအားလုံးကို အစ်ကို့ရဲ့အစ်ကို ဒီမီထရီ သိတယ်။ ကောင်းကောင်းကြီး သိတယ်"

အိုက်ဗင်၏ မျက်နှာ တမျိုးဖြစ်သွားသည်။ ချက်ချင်းပင် နီရဲသွားသည်။

"အဲဒါကြောင့် မင်းက ငါ့ကို ချာမာရှာညာကို သွားဖို့ပြောနေတာလား၊ အဲဒါ မင်းက ဘာကို ရည်ရွယ်လို့လဲ၊ အဲဒီကို ငါသွားနေတဲ့အချိန်မှာ ဒီမှာ ဒါတွေအားလုံး ဖြစ်ကုန်မယ်ပေါ့ ဟုတ်လား"

အိုက်ဗင် အသက်ရှူ မွန်းကျပ်နေသည်။

"မှန်ပါတယ်ခင်ဗျာ"

ဆမာယာကော့ လေသံမှန်မှန် တိုးတိုးညင်းညင်းဖြင့် ပြန်ပြောသည်။

သူ၏မျက်လုံးများကမူ အိုက်ဇင်ကို စူးစိုက်ကာ ကြည့်ရှုလျက် ရှိကြသည်။

“ ‘မှန်ပါတယ်ခင်ဗျာ’ ဆိုတာက ဘာကိုဆိုလိုတာလဲ”

အိုက်ဇင် သူ့ကိုယ်သူ ထိန်းထားရင်း ထပ်ပြီး မေးလိုက်သည်။ သို့သော် သူ၏ မျက်လုံးများကမူ အရောင်တောက်နေသည်။

“ကျွန်တော် အဲဒီလို ပြောလိုက်တာကတော့ အစ်ကို့အတွက် စိတ်မကောင်းလို့ပါပဲ၊ ကျွန်တော်သာ အစ်ကို့နေရာမှာဆိုရင် ... ဒီလိုအခြေအနေမျိုးမှာ နေနေမယ့်အစား အားလုံးကို ပစ်ထားခဲ့မှာပဲ”

ဆမာယာကော့က အရောင်တောက်နေသော အိုက်ဇင်၏ မျက်လုံးကို မကွယ်မဝှက်ပင် ကြည့်ရင်း ပြန်ပြောသည်။ သူတို့နှစ်ယောက် တိတ်ဆိတ်နေကြသည်။ အိုက်ဇင် ထိုင်ရာမှ ရုတ်တရက် ထလိုက်ရင်း ...

“မင်းဟာ တကယ့်ကို လူမိုက်ပဲ ... တကယ့် လူဆိုးတယောက်ပဲ”

သူသည် ဝင်းတံခါးပေါက်ကို ဖြတ်လျှောက်သွားတော့မည်ရှိပြီးမှ ရုတ်တရက် ရပ်လိုက်ပြန်ကာ ဆမာယာကော့ကို လှည့်ကြည့်သည်။

သည့်နောက်ပိုင်းတွင် ဖြစ်ပျက်သည်ကား ဆန်းသည်။ အိုက်ဇင်သည် ဖြုန်းစားကြီး စိတ်လှုပ်ရှား လာဟန်ဖြင့် အံသွားများကို ကြိတ်လိုက်သည်။ လက်သီးများကို ဆုပ်လိုက်သည်။ အခုချက်ချင်းပင် ဆမာယာကော့ကို ခုန်အုပ်တော့မည်ရှိသည်။

ဆမာယာကော့သည် ထိုအချက်ကို ချက်ချင်းပင် သိမြင်ပြီး ထိတ်လန့်သွားသည်။ နောက်သို့ တွန့်သွားသည်။ သို့သော် ဆမာယာကော့ ဘာမျှမဖြစ်ဘဲ အချိန်တွေ ကုန်လွန်သွားသည်။ အိုက်ဇင် ခပ်မဆိတ်ပင် တဖက်သို့လှည့်ကာ ဇဝေဇဝါဖြင့် ဝင်းတံခါးပေါက်ဆီသို့ ထွက်သွားသည်။

“အေး ... မင်း သိချင်တယ်ဆိုရင် မနက်ဖြန်မှာ ငါ မော်စကို သွားမလို့ပဲ၊ မနက် အစောကြီး သွားမယ်၊ အဲဒါပဲ”

သူက အကျယ်ကြီး ဆိုသလိုပင် ဒေါနှင့်မောနှင့် အော်ပြောလိုက်သည်။ ထိုအချိန်တွင် ဆမာယာကော့ ကို ထိုကဲ့သို့ ပြောမိသည့်အတွက် နောက်ပိုင်းတွင် သူ့ကိုယ်သူ အများကြီး အံ့သြနေမိသည်။

“အဲဒါ အစ်ကို့အနေနဲ့ အကောင်းဆုံးပါပဲခင်ဗျာ” ဆမာယာကော့က ချက်ချင်းပင် တုံ့ပြန်လိုက်သည်။ သူ့အနေနှင့် ထိုစကားကို ကြားရမည်ဟု မျှော်လင့်ထားဟန်ဖြင့် ဖြစ်သည်။ “တခုပဲရှိတယ်၊ ဒီမှာ တခုခုဖြစ်တယ်ဆိုရင်တော့

အစ်ကို့ကို ကြေးနန်းရိုက်ပြီး အချိန်မရွေး ပြန်ခေါ်နိုင်တာပဲ” အိုက်ဗင် ရပ်လိုက်ပြန်သည်။ ဆမာယာကော့ကို လျင်မြန်စွာပင် ပြန်လှည့်ကြည့်လိုက်သည်။ သို့သော် ဆမာယာကော့၏ ပုံစံက ပြောင်းလဲလျက်ရှိသည်။ ရင်းနှီးကျွမ်းဝင်ဟန်နှင့် အမူမဲ့ အမှတ်မဲ့ဟန်များ မရှိတော့။ သူ၏မျက်နှာတွင် အလေးအနက်ထားကာ မျှော်လင့်စောင့်စားနေဟန်များ ပေါ်လွင်နေသည်။ ယခုတကြိမ်တွင်တော့ ထိတ်လန့်ကြောက်ရွံ့ဟန် နှင့် ကျိုးနွံ ရိုသေဟန်ရှိနေသည်။

“ခင်ဗျား တခုခု ဆက်မပြောတော့ဘူးလား၊ တခုခု ထပ်မပြောတော့ဘူးလား” အိုက်ဗင်အား မျက်တောင်မခတ် စူးစိုက်ကာ ကြည့်နေသော သူ၏မျက်လုံးများက ထိုအတိုင်း ပြောနေဘိသကဲ့သို့ ဖြစ်သည်။

“တခုခုဖြစ်ခဲ့လို့ရှိရင် ငါ့ကို ချာမာရှာညာကရော ပြန်မခေါ်နိုင်ဘူးလား” အိုက်ဗင် ရုတ်တရက် အော်ပြီး ပြောလိုက်သည်။ ဘာကြောင့်မှန်း မသိ၊ သူသည် အသံကိုမြှင့်ပြီး အော်ဟစ်လိုက်သကဲ့သို့ ရှိသည်။

“ဟုတ်ပါတယ်ခင်ဗျာ၊ အစ်ကိုဟာ ချာမာရှာညာမှာဆိုရင်လည်း ပြန်ခေါ်နိုင်တာပဲ” ဆမာယာကော့ လေသံတိုးတိုးဖြင့် ရွတ်ဆိုလိုက်သည်။ စိတ်ရှုပ်ထွေးသွားဟန် ရှိသည်။ သို့သော် အိုက်ဗင်၏ မျက်လုံးများကိုသာ ဆက်ပြီး ကြည့်နေလျက်ပင်ရှိသည်။ “တခုပဲရှိတယ်၊ မော်စကိုက ဝေးပြီး ချာမာရှာညာက နီးတယ်၊ အင်း … မင်းဟာ ငါ ငွေကုန်ကြေးကျများမှာစိုးတဲ့အတွက် ချာမာရှာညာကို သွားဖို့ပြောနေတာလား၊ ဒါမှမဟုတ် ငါ့အနေနဲ့ ခရီးရှည်ကြီး သွားရတာကို စိတ်မကောင်းတဲ့အတွက် ပြောတာလား”

“မှန်ပါတယ်ခင်ဗျာ”

ဆမာယာကော့ တုန်ယင်ထစ်ငေါ့စွာဖြင့် ရွတ်ဆိုလိုက်ကာ မထီတရီ ပြုံးနေသည်။ အရေးအကြောင်း ဆိုလျှင် နောက်သို့ ဆုတ်နိုင်ရန်လည်း အသင့်ပြင်ထားသည်။ သို့သော် အိုက်ဗင် ရုတ်တရက် ရယ်မောကာ ခြံဝင်းထဲသို့ ဝင်သွားသောအခါ ဆမာယာကော့ အံ့သြရတော့သည်။

သို့သော် အိုက်ဗင်၏မျက်နှာကို တစုံတယောက်ကသာ ကြည့်ရှုခဲ့လျှင် သူသည် ပျော်ရွှင်သဖြင့် ရယ်မောခြင်း မဟုတ်ကြောင်း တွေ့ရှိပေလိမ့်မည်။ ထို့အပြင် ထိုအချိန်က သူ့စိတ်ထဲတွင် မည်သို့ ခံစားနေရသည်ကိုလည်း အိုက်ဗင် ရှင်းမပြတတ်ပါ။ သူသည် ကယောင်ကတမ်းဖြင့် လျှောက်သွားနေ တော့သည်။

၇။ လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတယ်

ထို့အတူပင် ကယောင်ကတမ်းဖြင့်လည်း သူ ပြောလိုက်သည်။ ညှော်ခန်းထဲသို့ သူ ဝင်ရောက် သွားသောအခါ သူ၏ ဖခင်နှင့် တွေ့ရသည်။ သူက လက်များကို ဝှေ့ယမ်းပြရင်း ...

"ကျွန်တော် အပေါ်တက်တော့မယ်၊ မထိုင်တော့ဘူး၊ သွားပြီ"

ထို့နောက် သူ၏ဖခင်ကို တချက်ကလေးမျှပင် လှည့်မကြည့်ဘဲ ဖြတ်ကျော်သွားသည်။ သူသည် ထိုအချိန်က အဘိုးကြီးကို အတော်ကြီးပင် စိတ်မတွေ့ဘဲ ဖြစ်နေနိုင်သော်လည်း ယခုကဲ့သို့ မကိုးမကား အပြုအမူမျိုးကိုကား မစ္စတာ ကာရာမာဇော့လိုလူမျိုးပင် အံ့အားသင့်စရာ ဖြစ်နေတော့ သည်။

အဘိုးကြီးသည် သူနှင့် စကားပြောစရာတခုရှိသဖြင့် ညှော်ခန်းသို့ တမင်လာရောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ယခုကဲ့သို့ ဆက်ဆံခြင်း ခံရသောအခါတွင်ကား သူသည် တိတ်ဆိတ်စွာပင် ရပ်နေမိတော့ သည်။ ထို့နောက် အပေါ်ထပ်သို့ သူတက်သွားသည်ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေါ့တော့တော့အကြည့်ဖြင့် ကြည့်နေတော့သည်။

"သူ ဘာဖြစ်သွားတာလဲ"

အိုက်ဗင်၏နောက်မှ လိုက်ပါလာသော ဆမာယာကော့ကို သူ တမုဟုတ်ချင်းပင် မေးလိုက်သည်။

"သူ တခုခုကို စိတ်ဆိုးနေတာပဲ၊ ဘာဆိုတာ ဘယ်သူပြောနိုင်မလဲ"

ဆမာယာကော့က ဝေ့လည်ကြောင်ပတ် ပြန်ဖြေလိုက်သည်။

"အို ... အလကားအကောင်၊ သူ့ဟာသူ စိတ်ဆိုးစမ်းပါစေ၊ လက်ဖက်ရည်အိုး ယူခဲ့၊ ပြီးရင် မင်းသွားတော့၊ မြန်မြန်လုပ်၊ ဘာသတင်းထူးသလဲ"

ထို့နောက်တွင်ကား မေးခွန်းတွေ တရစပ် ဖြစ်လာတော့သည်။ အိုက်ဗင်ကို ဆမာယာကော့ ပြောခဲ့သည့်မေးခွန်းများ ဖြစ်သည်။ သူ မျှော်လင့်တောင့်တနေသော ညှော်သည်အကြောင်း ဖြစ်သည်။ သို့ဖြစ်၍ ဤမေးခွန်းများကို ကျွန်ုပ်တို့ ဤနေရာတွင် ချန်လှပ်ထားခဲ့တော့မည်။

နာရီဝက်ခန့် ကြာသောအခါ အိမ်ကြီးကို သော့ခတ်ပြီးသွားပြီ ဖြစ်သည်။ မည်သည့်အချိန်တွင် ကြိုတင်စီစဉ်ထားသော တံခါးခေါက်သံ ငါးချက်ကို

ကြားရချေမည်နည်း ဟူသော မျှော်လင့်ချက်ဖြင့် အရှူးတပိုင်း ဖြစ်နေသော အဘိုးကြီးသည် တခန်းဝင် တခန်းထွက်ဖြင့် စကြို့လျှောက်လျက် ရှိတော့သည်။

သူသည် မှောင်မည်းနေသော ပြတင်းပေါက်များကို မကြာခဏဆိုသလို စူးစိုက်ပြီး ကြည့်သော်လည်း အမှောင်ထုမှတပါး အခြား ဘာမျှ မတွေ့ရှိပါချေ။ ညဉ့်နက်လှပြီ ဖြစ်သည်။ သို့သော် အိုက်ဗင် မအိပ်သေးပါ။ စဉ်းစားခန်းဝင်နေသည်။ ထိုညက နှစ်နာရီထိုးမှ သူ အိပ်ရာဝင်သည်။ သို့သော် သူဘာတွေ စဉ်းစားသည်ကို ကျွန်ုပ်တို့ မပြောပါ။ နောက် ပြီးတော့ ယခုအချိန်သည် သူ၏ စိတ်မနောကို ခွဲခြမ်းစိတ်ဖြာရမည့် အချိန် မဟုတ်ပါ။ ထိုအကြောင်း နောက်မှ လာပါလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့သည် သူစဉ်းစားသည့် အချက်အချို့ကို ဖော်ပြမည်ဆိုလျှင်ပင် များစွာမှပင် အခက်အခဲရှိပါလိမ့်မည်။ အကြောင်းမှာ ၎င်းတို့သည် အတွေးစစ်စစ်များမဟုတ်ကြဘဲ ရေးတေးတေး များသာ ဖြစ်ကြသည်။ ထို့ထက် ပိုပြီးပြောရလျှင် ယောက်ယက်ခတ်နေမှုများသာ ဖြစ်ကြသည်။ သူသည် အကြံရခက်နေသည်ဟု သူ့စိတ်ထဲတွင် ထင်နေမိသည်။ သူ့ရင်ထဲတွင် ထူးဆန်းသော စိတ်ဆန္ဒများနှင့် မမျှော်လင့်သော စိတ်ဆန္ဒများ ဝင်ရောက် နှောင့်ယှက်နေကြသည်။

ဥပမာဆိုရလျှင် ညသန်းခေါင်ကျော်လောက်တွင် သူသည် အောက်ထပ်သို့ ဆင်းလိုသည်။ တားမရနိုင် ဆီးမရနိုင်လောက်အောင် ဖြစ်ပေါ်နေမိသည်။ အိမ်ရှေ့တံခါးကိုဖွင့်ပြီး အစေခံတန်းလျားကို သွားကာ ဆမာယာကော့ကို ကောင်းကောင်းကြီး ရိုက်ပစ်လိုက်ချင်သည်။ ဘာဖြစ်၍ ယင်းသို့ ပြုလုပ်ချင်သနည်းဟု မေးခဲ့လျှင် တိကျသောအဖြေကို သူ မပေးနိုင်ပါ။ တခုပဲရှိသည်။ ဤအစေခံသည် ကမ္ဘာပေါ်တွင်ရှိသော လူများအားလုံးထက် ပိုပြီး သူ့ကို စော်ကားသောကြောင့် သူ့အနေနှင့် အမုန်းဆုံး လူတယောက် ဖြစ်နေသောကြောင့် ဖြစ်နိုင်သည်။

အခြားတဖက်တွင်လည်း ထိုညအဖို့ သူသည် မရှင်းလင်း မဖော်ပြနိုင်သော ကြောက်လန့်မှု တခုကြောင့် သူ၏ကိုယ်ပိုင်းဆိုင်ရာ စွမ်းအားများသည် တကြိမ်မက လျော့နည်း ပျက်သုဉ်းခဲ့ရသည် ဟု ထင်မိသည်။ သူ၏ ခေါင်းသည် နာကျင်ကိုက်ခဲပြီး မူးဝေ နောက်ကျိလျက်ရှိသည်။

သူ၏ နှလုံးသားအတွင်းသို့ အမုန်းစိတ်ကလည်း ထိုးဖောက်ဝင်ရောက်လျက် ရှိနေသည်။ သူသည် တစုံတယောက်ကို လက်စားချေတော့မည့်အလားပင် ဖြစ်သည်။ သူသည် သူတို့နှစ်ယောက် စကားပြောခဲ့ကြသောအဖြစ်ကို အမှတ်ရသောအခါ အလျှိုရှာကိုပင် မုန်းတီးမိလေသည်။ မကြာခဏ ဆိုသလိုပင် သူ့ကိုယ်သူပင် ပြင်းပြင်းထန်ထန် မုန်းတီးမိသည်။

ကက်ထရီးနား အကြောင်းကို စဉ်းစားဖို့ကား သူ မေ့နေခဲ့သည်။

ထိုအကြောင်းကို နောက်ပိုင်းတွင် သူ စဉ်းစားမိသောအခါ များစွာမှပင် အံ့သြရသည်။ အထူးသဖြင့် ထိုနေ့က ကက်ထရီးနား၏အိမ်တွင် သူ မနက်ဖြန် မော်စကို သွားတော့မည့်အကြောင်း ရဲရဲကြီး ပြောဆိုခဲ့သည်ကို ပြက်ပြက်ထင်ထင်ကြီး သတိရမိသောအခါတွင် ဖြစ်သည်။ ထိုစဉ်က သူ၏စိတ်ထဲတွင် ဤသို့ပင် ပြောနေမိသေးသည်။ "အဓိပ္ပာယ်မရှိတာပဲ၊ မင်း မသွားပါဘူး၊ မင်းပါးစပ်က ပြောသလို မင်း ခွဲထွက်သွားနိုင်ဖို့ဆိုတာ ဒါလောက် မလွယ်ပါဘူး..."

အိုက်ဗင်သည် ထိုညက အဖြစ်အပျက်ကို ကာလအတန်ကြာသောအခါတွင် ပြန်လည်အမှတ်ရမိသော အခါ အထူးပင် မနှစ်မြို့သော အချက်တခုရှိသည်။ ယင်းမှာ အိပ်ရာပေါ်မှ သူ ရုတ်တရက်ထပြီး သူတပါး မြင်တွေ့သွားမည်ကို အထူးစိုးရိမ်သည့်အလား ခိုးကြောင်ခိုးဝှက်ဖြင့် တိတ်တိတ်ကလေး အသံမကြားအောင် တံခါးကိုဖွင့်ပြီး လှေကားထိပ်သို့သွားကာ အောက်ထပ်တွင် သူ၏ဖခင် တခန်းဝင် တခန်းထွက်နှင့် လမ်းလျှောက်နေသည့်အသံကို သူ နားထောင်သည်။ သူသည် အသက်ရှူမှန်ဘဲ ရင်တထိတ်ထိတ်ခုန်လျက် အထူးပင် စိတ်ဝင်စားစွာဖြင့် အတော်ကလေးကြာအောင် နားထောင်နေမိ သည်။ ငါးမိနစ်လောက်ပင် ကြာသည်။ သို့သော် သူ ဘာကြောင့် ဤသို့ပြုလုပ်သည် ... သူ ဘာကြောင့် ဤသို့နားထောင်သည်ကို သူ့ဘာသူ မသိရှိပါချေ။ ထို 'အပြုအမူ' ကို သူ၏ တသက်တာ ကာလတလျှောက်လုံးပင် 'မနှစ်မြို့ဖွယ်ရာ' ဟု သူ သတ်မှတ်သည်။ သူ၏ တသက်တာတွင် အယုတ်ညံ့ဆုံး အပြုအမူတခု ဖြစ်သည်ဟု သူ၏ အတွင်းစိတ်ထဲတွင် ယူဆမိသည်။

ထိုအချိန်က သူသည် သူ၏ဖခင်အပေါ်တွင် မလိုတမာသည့်စိတ် အနည်းငယ်မျှ မရှိသော်လည်း ဘာကြောင့်မှန်းမသိ သူသည် ဖခင်ဖြစ်သူ အဘယ်ကြောင့် ထိုကဲ့သို့ လမ်းလျှောက်နေသည်ကို လည်းကောင်း၊ ဖခင်ဖြစ်သူ ၎င်း၏အခန်းထဲတွင် ဘာလုပ်နေသည်ကိုလည်းကောင်း အထူးပင် သိလိုစိတ် ပြင်းပြခဲ့ပါသည်။ ဖခင်ဖြစ်သူသည် ပြတင်းပေါက်များမှနေ၍ အပြင်သို့ ချောင်းကြည့်မည် ကို လည်းကောင်း၊ အခန်းတခု၏ အလယ်တွင် မတ်တတ်ရပ်ပြီး တစုံတယောက်က တံခါးခေါက်မည့် အသံကို နားစွင့်နေမည်ကို လည်းကောင်း သူ မြင်ယောင် တွေးတောနေမိသည်။

သူ၏ဖခင် အိပ်ရာဝင်သွားပြီး အိမ်ကြီးတအိမ်လုံး တိတ်ဆိတ်ငြိမ်သက်သွားသောအခါမှပင် အိုက်ဗင်လည်း အိပ်ရာဝင်တော့သည်။ ထိုအချိန်သည် ညနှစ်နာရီ ထိုးနေပြီဖြစ်သည်။ သူသည် အတော်ကြီး ပင်ပန်းနွမ်းနယ်လျက် ရှိသဖြင့် တချိုးတည်းပင် အိပ်စက်ရန် ဆုံးဖြတ်လိုက်သည်။

တကယ့်တကယ်တွင်လည်း သူသည် ခေါင်းချလိုက်သည်နှင့် တပြိုင်နက် အိပ်ပျော်သွားလေတော့ သည်။ အိပ်မက်မက်ခြင်းပင် မရှိဘဲ တုံးနင်းသရော

အိပ်ပျော်သွားသည်။ သို့သော် နံနက်စောစော မှာပင် အိပ်ရာမှ နိုးသည်။ နံနက် ခုနစ်နာရီလောက်တွင် ဖြစ်သည်။ အလင်းရောင် ကောင်းကောင်း ထွက်ပေါ်နေပြီ ဖြစ်သည်။

မျက်လုံးများကို ဖွင့်လိုက်သောအခါ သူသည် အထူးပင် အားပြည့်ကာ လန်းဆန်းလျက်ရှိသည်ကို အံ့သြဖွယ်ရာ ခံစားသိရှိရသည်။ ယင်းကြောင့်ပင် သူသည် ခုတင်ပေါ်မှ လျင်မြန်စွာ ခုန်ပြီး ထလိုက်သည်။ လျင်မြန်စွာပင် အဝတ်အစား လဲလှယ်သည်။ ထို့နောက် အဝတ်သေတ္တာကိုဆွဲယူပြီး နည်းနည်းကလေးမျှ အချိန်ဖြုန်းမနေတော့ဘဲ လျင်မြန်စွာပင် အဝတ်အစားများ သိမ်းဆည်း ထည့်သွင်းခြင်း ပြုတော့သည်။ ကံကောင်းချင်တော့ ခဝါပေးထားသော အဝတ်များ ယမန်နေ့ မနက်ကတည်းကပင် ပြန်လည်ရရှိထားသည်။ အစစအရာရာ အားလုံးပင် ပြည့်ပြည့်စုံစုံ အဆင်သင့် ရှိနေပြီ၊ သူ၏ ရုတ်ခြည်း ထွက်ခွာသွားရေးကိစ္စတွင် ဘာမျှ အဟန့်အတားမရှိသည့်အတွက် အိုက်ဗင် ပြုံးပင်ပြုံးမိသည်။

သူ၏ ထွက်ခွာသွားခြင်းသည် အမှန်တကယ်ပင် ဖြုန်းစားကြီး ဖြစ်ပါသည်။ သူသည် ယမန်နေ့က ကက်ထရီးနား၊ အလျှိုရှာနှင့် နောက်ပိုင်းတွင် ဆမာယာကော့တို့အား မနက်ဖြန်တွင် သူ တခြားကို သွားတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း သူ အိပ်ရာဝင်သောအခါတွင် နောက်နေ့တွင် ထွက်ခွာသွားရန် စိတ်ကူးမရှိခဲ့ပါ။ နောက်တနေ့နံနက် အိပ်ရာမှ ထသောအခါတွင် အဝတ်အစားများ ထုပ်ပိုးခြင်းကို ပထမဆုံး အလုပ်အဖြစ်ဖြင့် ပြုလုပ်လိမ့်မည်ဟု လုံးဝ မတွေးမိပါ။ ယင်းအချက်ကို သူ ကောင်းကောင်းကြီးပင် မှတ်မိနေပါသည်။ နောက်ဆုံးတွင် အဝတ်သေတ္တာ အဆင်သင့် ဖြစ်သွား သည်။ ကိုးနာရီလောက်တွင် မာဖာ ရောက်ရှိလာပြီး ထုံးစံအတိုင်း မေးသည်။

"နံနက်စာကို သခင်ကလေး အခန်းထဲမှာပဲ စားမလား၊ ဒါမှမဟုတ် အောက်ဆင်းပြီး စားမလား"

အိုက်ဗင် အောက်ထပ်သို့ ဆင်းသွားသည်။ သူ၏ ပြောပုံဆိုပုံနှင့် သွားပုံလာပုံများသည် အနည်းငယ် အလျင်စလိုရှိနေပြီး ပရမ်းပတာ နိုင်သော်လည်း သူ၏ အခြေအနေသည် ကောင်းမွန်ကြည်သာလှပေ သည်။ သူ၏ ဖခင်ကို ချစ်ခင်လေးစားစွာဖြင့် နှုတ်ဆက်သည်။ ဖခင်၏ ကျန်းမာရေးအခြေအနေကို အထူးတလည်ပင် မေးမြန်းသည်။ ထို့နောက်တွင်ကား ဖခင်၏အဖြေကို ဆုံးအောင် စောင့်မနေတော့ ဘဲ သူ မော်စကိုသို့ အပြီးအပိုင် သွားတော့မည် ဖြစ်ကြောင်းနှင့် မြင်းရထား စီစဉ်ပေးရန်တို့ကို ဖြုန်းစားကြီးပင် ပြောချလိုက်သည်။

သားဖြစ်သူ၏ ကြေညာချက်ကို ကြားရသောအခါ အဘိုးကြီးသည် အနည်းငယ်မျှ အံ့သြခြင်း မရှိပါချေ။ ထိုမျှမက သားထွက်သွားသည့်အတွက်

စိတ်မကောင်းသည့် အကြောင်းကိုပင် တလုံးတပါဒမျှ မပြောဆိုပါချေ။ ယင်းအစားသူသည် အရေးကြီးသော ကိစ္စတခုကို အချိန်မီ သတိရ သဖြင့် ရေးကြီးသုတ်ပျာဖြစ်သွားသည်။

"အို ... မင်းက ဘယ်လိုလူလဲကွ၊ မနေ့ကတော့ ငါ့ကို မပြောဘူး၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ အခုလည်း ငါတို့ အလုပ်ဖြစ်ပါတယ်၊ ဒီမယ် ကလေး၊ ငါ့ကို တခုလုပ်ပေးစမ်းပါ၊ မော်စကိုအသွားမှာ ချာမာရှာညာ ကို ခဏဝင်ပေးစမ်းပါ၊ ဗိုလ်ပီယာ ဘူတာရုံကနေ ဆယ်မိုင်ပဲ ဝေးပါတယ်၊ ဘယ်ဘက်ကို သွားလိုက်ရင် ချာမာရှာညာပဲ"

"ကျွန်တော် ဝင်နိုင်မှာ မဟုတ်ဘူး၊ ဒီကနေ ဘူတာရုံကို မိုင်ငါးဆယ် ဝေးတယ်၊ မော်စကိုရထားက ည ခုနစ်နာရီမှာ ထွက်တယ်၊ ကျွန်တော့်အနေနဲ့ ရထားကို အချိန်မီရောက်ရမယ်"

"မင်းရထားကို မနက်ဖြန်မှ စီးရင်လည်း ဖြစ်ပါတယ်၊ ဒါမှမဟုတ် သန်ဘက်ခါပေါ့၊ ကနေ့တော့ ချာမာရှာညာကို သွားလိုက်ပါ။ မင်းအဖေ စိတ်ချမ်းသာရဖို့အတွက် လုပ်ပေးရတာ မင်းမှာ ဘာမှ အပန်းမကြီးပါဘူး၊ ငါ့အနေနဲ့ ဒီမှာ ကိစ္စတွေရှိမနေဘူးဆိုရင် အဲဒီကို ငါသွားတာကြာလှပြီ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ လုပ်ရမယ့်အလုပ်က သိပ်အရေးကြီးပြီး အမြန်ဆုံး လုပ်ရမယ့် အလုပ်မို့ပဲ၊ ဒါပေမဲ့ ငါ ဒီကနေ လောလောဆယ် သွားလို့ မရသေးဘူး၊ အဲဒီမှာ ငါပိုင်တဲ့ သစ်တောနှစ်ခုရှိတယ်။ ဗီဂီချော့နဲ့ ဒါယာချက်ကီနာမှာ ... မာဆလေ့ာတို့ ကုန်သည်သားအဖက အဲဒီက သစ်တွေအတွက် ရှစ်ထောင်ပေးတယ်။

"မနှစ်တုန်းကဆိုရင် သောင်းနှစ်ထောင် ပေးမယ်ဆိုတဲ့ လူတယောက်တောင် တွေ့တယ်။ သူက ဒေသခံ မဟုတ်ဘူး၊ အဲဒါက အဓိကပြဿနာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ ဒေသခံတွေကို သွားရောင်းလို့ မရနိုင်ဘူး၊ မာဆလေ့ာတို့သားအဖက ဒီမှာ အားလုံးကို လက်ဝါးကြီးအုပ်ထားတာပဲ၊ ဒေသခံတွေထဲက ဘယ်သူကမှ သူတို့ကို မပြိုင်ရဲဘူး။

"အခုတော့ ဘုန်းကြီး အီလျင်စကိုဆီက စာလာတယ်။ ကြာသပတေးနေ့ကပဲ သူ့ဆီကို ဂေါ်စကင် ဆိုတဲ့ ကုန်သည်တယောက် ရောက်လာတယ်တဲ့၊ အဲဒီလူကို ငါသိတယ်၊ အရေးကြီးတာက သူက ဒေသခံမဟုတ်ဘူး၊ ပိုဂရီဗော့ကပဲ၊ အဲဒါကြောင့် သူက မာဆလေ့ာတို့ သားအဖကို မကြောက်ဘူး၊ သူက ငါ့ကို သောင်းတထောင်ပေးတယ်၊ သောင်းတထောင်တောင်ပဲ ... မင်း သိလား၊ သူက အဲဒီမှာ တပတ်ပဲ နေမယ်လို့ ဘုန်းကြီးရဲ့စာထဲမှာ ပါတယ်၊ အဲဒါကြောင့် အဲဒီကို မင်းသွားပြီး သူနဲ့ ဈေးစကားပြောရမယ်"

"ဘုန်းကြီးဆီကို အဖေ စာရေးလိုက်လို့ မပြီးဘူးလား၊ ဈေးစကားကို

သူပြောမှာပေါ့”

“သူ မလုပ်နိုင်ဘူး၊ အဲဒါပြဿနာပဲပေါ့၊ သူ့မှာ စီးပွားရေးအမြင်မရှိဘူး၊ သူက လူကောင်းတယောက်ပဲ၊ ငါ သူ့ကို ငွေနှစ်သောင်းလောက်ကို ဘာ စာရွက်စာတမ်းမှမရှိဘဲ ယုံယုံကြည်ကြည် လွှဲထားနိုင်တယ်၊ ဒါပေမဲ့ သူ့မှာ စီးပွားရေး အမြင်မရှိဘူး၊ ဒီနေရာမှာကတော့ သူဟာ အရွယ်ရောက်ပြီး လူကြီးတယောက် မဟုတ်တဲ့အတိုင်းပဲ၊ သူ့ကို ကျီးတကောင်ကတောင် လိမ်သွားနိုင်တယ်၊ ဒါပေမဲ့ သူဟာ ပညာရှိတယောက်ပဲ၊ မင်း ယုံရဲ့လား။

“အဲဒီ ဂေါ်စကင်ဆိုတဲ့လူက တောသားတယောက်လိုပဲ၊ တောသားတယောက်လိုပဲ အင်္ကျီပြာကြီးနဲ့၊ ဒါပေမဲ့ သူဟာ လူဆိုးလူကြမ်းတယောက်ပဲ၊ အဲဒါက အဓိကပြဿနာပဲ၊ သူက တကယ့် လူလိမ်လူညာတယောက်ပဲ၊ အဲဒါက သူ့ရဲ့စရိုက်ပဲ၊ တခါတခါမှာ သူပြောတဲ့ အလိမ်အညာတွေဟာ ဘာကြောင့်များ ဒီလို ပြောပါလိမ့်လို့ အံ့ဩရမယ်၊ မနှစ်တုန်းက သူ ငါ့ကို ပြောတယ်၊ သူ့မိန်းမ ဆုံးသွားပြီတဲ့၊ သူ အခု နောက်မိန်းမယူထားတယ်တဲ့။ ဒါပေမဲ့ မင်း ယုံပါ့မလားမသိဘူး၊ သူပြောတဲ့ စကား တခုမှမမှန်ဘူး၊ သူ့မိန်းမ ဘယ်တုန်းကမှ မသေခဲ့ဘူး၊ အခုအထိရှိနေတယ်။ အဲဒီမိန်းမကို သူ တနေ့ နှစ်ကြိမ်လောက် ရိုက်နေတယ်၊ အဲဒီတော့ သားအနေနဲ့ လုပ်ရမှာက တို့ သစ်တွေကို သူ တသောင်းတထောင်ပေးပြီး ဝယ်မယ်ဆိုတာ သူ လိမ်ပြောနေတာလား၊ ဒါမှမဟုတ် တကယ် ပြောနေတာလား ဆိုတာကို သိဖို့ပဲ”

“ကျွန်တော်လည်း ဒီနေရာမှာ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ကျွန်တော့်မှာလည်း စီးပွားရေး မျက်စိ မရှိဘူး”

“နေဦး၊ ခဏနေဦး ... မင်းလုပ်နိုင်တာရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဘယ်လိုဆက်ဆံရမယ် ဆိုတာ ငါပြောလိုက်မယ်၊ ဂေါ်စကင်နဲ့ပေါ့။ ငါက သူနဲ့ အလုပ်တွေ လုပ်လာတာ ကြာလှပြီ။ မင်းလုပ်ရမယ့်အလုပ်က သူ့ မုတ်ဆိတ်မွေးတွေကို ကြည့်နေရမယ်။ သူ့မှာ မုတ်ဆိတ်မွေး နီနီပါးပါး ရှိတယ်၊ သူ စကားပြောတဲ့အခါမှာ ဒေါနဲ့မောနဲ့ သူ့မုတ်ဆိတ်မွေးတွေ လှုပ်နေတယ်ဆိုရင် ဟုတ်ပြီ။ ဒါဆိုရင် သူဟာ အမှန်တွေကို ပြောနေတာပဲ၊ အလုပ်သဘောပဲ။ ဒါပေမဲ့ မုတ်ဆိတ်မွေးတွေကို ဘယ်ဘက်လက်နဲ့သပ်ပြီး ပြုံးနေလို့ရှိရင် သူဟာ မင်းကို လိမ်ဖို့ ကောက်ဖို့ စဉ်းစားနေတာပဲ၊ လူလိမ် လူညာပဲ၊ ဘယ်တော့မှ သူ့မျက်လုံးတွေကို မကြည့်နဲ့၊ သူ့မျက်လုံးတွေကို ကြည့်လို့ မင်း ဘာမှ မတွေ့နိုင်ဘူး၊ သူ့မျက်လုံးကို ကြည့်ရတာ ရွှံ့ရည်တွေကို ကြည့်ရသလိုပဲ ... မအေပေးအကောင် ... သူ့မုတ်ဆိတ်တွေကိုသာ ကြည့်။

“မင်းကို ငါ စာတစောင် ရေးပေးလိုက်မယ်၊ သူ့ကို အဲဒီစာပြ၊ သူ့နာမည်က

ဂေါ်စကင်ပဲ၊ ဒါပေမဲ့ သူ့နာမည်အရင်းက လျာဂဇီ … တောလိုက်ခွေး။ ဒါပေမဲ့ သူ့ကို လျာဂဇီလို့ ခေါ်တဲ့ အကြောင်းတော့ သွားမပြောနဲ့၊ သူ ဒေါသူပုန်ထသွားမယ်၊ မင်း သူနဲ့စကားပြောလို့ အဆင်ပြေသွားလို့ရှိရင် ငါ့ဆီကို စာတကြောင်းလောက်ရေးလိုက်၊ သူ ညာနေတာ မဟုတ်ဘူးဆိုတာပဲ ရေးလိုက်၊ သောင်းတထောင် ရလို့ရှိရင် မင်း တထောင်သုံးနိုင်တယ်၊ ဒါထက်တော့ ပိုမရဘူး၊ စဉ်းစားကြည့်စမ်းပါ လူကလေး၊ သောင်းတထောင်နဲ့ ရှစ်ထောင်ဆိုတာ သုံးထောင်ကွာတယ်၊ ငွေသုံးထောင် အလကားရတဲ့ သဘောပဲ၊ ဝယ်မယ့်လူတယောက် တွေ့ဖို့ဆိုတာ မလွယ်ဘူး၊ နောက်ပြီးတော့ ငါ့မှာ ငွေ သိပ်ပြီး လိုနေတယ်၊ အလုပ် တကယ်ဖြစ်တယ်လို့သာ စာရေးလိုက်၊ ငါ ချက်ချင်း ပြေးလာပြီး အပြတ် စီစဉ်လိုက်မယ်။ ငါ အချိန်ကို ဖြစ်တဲ့နည်းနဲ့ လုပ်ပြီး လာခဲ့မယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ဘုန်းကြီးရဲ့ စိတ်ထဲမှာ ထင်တာလောက်ပဲဆိုရင်တော့ အဲဒီကို ငါ ဒုန်းစိုင်းသွားလို့ ဘာအကျိုးရှိမလဲ၊ အဲဒီတော့ … မင်း သွားမယ် မဟုတ်လား”

“ကျွန်တော့်မှာ အချိန်မရှိဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ”

“အို ကိုယ့်အဖေအတွက် လုပ်ပေးလိုက်စမ်းပါ၊ ငါဘယ်တော့မှ မမေ့ပါဘူး။ မင်းမှာ အသည်းနှလုံး မရှိဘူးလား၊ အသည်းနှလုံး မရှိတာပဲ ဖြစ်ရမယ်။ မင်းအတွက် တရက် နှစ်ရက်ဟာ ဘာဖြစ်သွားမှာလဲ၊ မင်း အခု ဘယ်သွားမှာလဲ၊ ဗင်းနစ်ကို သွားမှာလား၊ ဗင်းနစ်ကို နှစ်ရက်လောက် အသာထားလိုက်စမ်းပါ၊ အလျိုရှာကို ငါလွှတ်လို့ရတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ အလျိုရှာ ဘာလုပ်တတ်မှာလဲ၊ မင်းကို ငါခိုင်းနေတာက မင်းက လူတော်တယောက်မို့ပဲ၊ အဲဒါကို ငါ မသိဘူး မှတ်နေသလား၊ သစ်ကိစ္စကို မင်း ဘာမှနားမလည်ဘူး၊ ဒါပေမဲ့ မင်းမှာ မျက်လုံးရှိတယ်၊ မင်းလုပ်ရမယ့် အလုပ်က ဒီလူဟာ တကယ်လား၊ ညာနေတာလားဆိုတာ ကြည့်ရမယ်၊ သူ့ရဲ့ မုတ်ဆိတ်မွေးတွေကို ကြည့်ရမယ်၊ မုတ်ဆိတ်မွေး လှုပ်နေလို့ရှိရင် ဒါဟာ တကယ်ပဲ”

“အဖေကိုယ်တိုင်က ကျွန်တော့်ကို ချာမာရှာညာကို အတင်းတွန်းလွှတ်နေတာပဲ” အိုက်ဗင်က အဓိပ္ပာယ်မကောင်းသော အပြုံးဖြင့် ပြောလိုက်သည်။ ကာရာမာဇော့သည် အဓိပ္ပာယ်မကောင်းသည် ကို သတိမပြုမိပါ။ သို့သော် အပြုံးကိုမူ သတိပြုမိသဖြင့်…

“ဒါဆိုရင် မင်း သွားမယ်ပေါ့ ဟုတ်လား၊ ငါ အခုပဲ စာရေးလိုက်မယ်”

“ကျွန်တော် သွားမလား မသွားဘူးလား မပြောနိုင်သေးဘူး၊ လမ်းကျမှ ဆုံးဖြတ်မယ်”

“လမ်းကျမှ ဆုံးဖြတ်မယ်၊ ဟုတ်လား၊ အခု ဆုံးဖြတ်ပါ။ လုပ်ပါ ငါ့သား၊ ဆုံးဖြတ်လိုက်စမ်းပါ။ အခြေအနေ ပြေလည်တာနဲ့ တပြိုင်နက် ငါ့ဆီကို

ချက်ချင်းစာရေးလိုက် အဲဒီကိစ္စပြီးသွားရင် မင်းကို ငါ ဘယ်လိုမှ ဆွဲမထားတော့ဘူး၊ ဗင်းနစ်ကို မင်း သွားမယ်ဆိုရင် သွားပေတော့၊ ဘုန်းကြီးက မင်းကို သူ့ရထားနဲ့ ဘူတာရုံကို ပြန်ပို့ပေးလိမ့်မယ်

အဘိုးကြီး ပျော်နေသည်။ စာကို သူရေးသည်။ မြင်းရထားကို ကခိုင်းသည်။ လမ်းတွင် စားစရာနှင့် ဘရန်ဒီတို့ကို သူ စီစဉ်သည်။ အဘိုးကြီးသည် ပျော်ရွှင်ကျေနပ်နေလျှင် စကားကို မထိန်းမသိမ်း ပြောတတ်သည်။ သို့သော် ယနေ့မူ သူ့ကိုယ်သူ ထိန်းချုပ်ထားသည်။ ဥပမာပြရလျှင် ဒီမီထရီ အကြောင်း ဘာတခွန်းမျှ မပြောပါ။ ထို့အပြင် သူတို့နှစ်ယောက် ခွဲခွာကြရသည့်အတွက်လည်း သူ ဘာမှ ဖြစ်ဟန်မရှိပါ၊ ဘာမျှ မပြောပါ။ အထူးသဖြင့် ဤအချက်ကို အိုက်ဗင် သတိပြုမိသည်။ “သူ ငါ့ကို တော်တော်ကြီး မလိုလားဘူးနဲ့ တူတယ်” ဟု ... အိုက်ဗင် တွေးလိုက်မိသည်။

သူ့ကို အိမ်ရှေ့သို့ လိုက်ပို့သောအခါတွင်မှ အဘိုးကြီးသည် အနည်းငယ် စိတ်လှုပ်ရှားလာဟန် ရှိသည်။ သူ့ကို နမ်းရန် ကြိုးစားသည်။ သို့သော် အိုက်ဗင်က သူ၏အနမ်းကို ရှောင်လွှဲလိုသည့် အနေဖြင့် သူ့လက်ကို ဆန့်တန်းပေးလိုက်သည်။ အဘိုးကြီးလည်း ချက်ချင်းပင် သဘောပေါက်သွား ပြီး သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။

“ကဲ ... ဘေးကင်းပါစေ၊ ရန်ကင်းပါစေ” အဘိုးကြီးသည် လှေကားထစ်ပေါ်တွင် ရပ်နေရာမှ... “ငါမသေခင် တခေါက်လောက် မင်း ပြန်မလာပါဦးမလား၊ မင်းပြန်လာမယ်ဆိုရင်တော့ ငါ တကယ် ဝမ်းသာမှာပဲ၊ ကဲ သွားပါတော့၊ မင်းကို ဘုရားသခင် စောင့်ရှောက်ပါစေ”

အိုက်ဗင် မြင်းရထားပေါ်သို့ တက်သည်။

“သွားပေတော့ အိုက်ဗင်၊ ငါ့ကို သိပ်မစိမ်းပါနဲ့”

သူ၏ဖခင်က နောက်ဆုံး နှုတ်ဆက်လိုက်သည်။ အစေခံများအားလုံး သူ့ကို ပို့ဆောင် နှုတ်ဆက်ကြ သည်။ ဆမာယာကော့၊ မာဖာနှင့် ဂရီဂိုရီတို့ ဖြစ်သည်။ အိုက်ဗင်က သူတို့ကို တယောက်လျှင် တဆယ် ရူဗယ်စီ ပေးသည်။ မြင်းရထားပေါ်တွင် သူထိုင်မိသောအခါ ဆမာယာကော့သည် ရထားပေါ်သို့ တက်လာပြီး ကော်ဇောကို နေသားကျအောင် လုပ်ပေးသည်။

“တွေ့လား .... ငါ ချာမာရှာညာကို သွားမလို့”

ယမန်နေ့က အတိုင်းပင် သူ၏ စိတ်အလိုကို ဆန့်ကျင်လျက် စကားလုံးများသည် အိုက်ဗင်၏ ပါးစပ်မှ ခုန်ထွက်သွားကြသည်။

ကသိကအောက်ကလေး ရယ်မောလျက်နှင့် ဖြစ်သည်။ သည်အဖြစ်ကို ကာလအတန်ကြာသည်အထိ သူ မှတ်မိနေသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ 'လူတော်တယောက်နဲ့ စကားပြောနေရတာ တန်ဖိုးရှိတယ်' ဆိုတဲ့ စကား တကယ်မှန်တာပဲ" ဟု ဆမာယာကောဲက ပြန်ပြောသည်။

မြင်းရထားကြီး ဘီးလိမ့်ကာ ထွက်သွားသည်။

အိုက်ဗင်၏စိတ်ထဲတွင် ဘာတခုမျှ ကြည်ကြည်လင်လင် မရှိပါ။ သို့သော် သူသည် လယ်ကွင်းပြင် များ၊ တောင်ကုန်းများ၊ သစ်ပင်များနှင့် ကောင်းကင်တွင် ပျံသန်းနေသော ငှန်းအုပ်များကို စိတ်အားထက်သန်စွာဖြင့် ကြည့်ရှုနေသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့စိတ်ထဲတွင် ရွှင်ပျလာသည်။ ရထားထိန်းနှင့် စကားပြောသည်။ ၎င်း၏အဖြေများကို သူ နှစ်သက် စိတ်ဝင်စားရသည်။ သို့သော် အတန်ကြာသောအခါ သူသည် ရထားထိန်းကြီး၏ စကားများကို မကြားမိတော့ပါ။ သူ ဘာတွေ မေးခဲ့မိသည်ကိုပင် အမှတ်မရတော့ပါ။

သူ ခပ်မဆိတ်ပင် ရှိနေသည်။ တိတ်တိတ်ဆိတ်ဆိတ် နေရသည်မှာ ကောင်းမွန်လှသည်။ လေကောင်း လေသန့်သည် အေးမြလတ်ဆတ်သည်။ မိုးကောင်းကင်က ကြည်လင် လျက်ရှိသည်။ သူ၏ စိတ်အာရုံတွင် အလျှိုရှာနှင့် ကက်ထရီးနားတို့၏ မျက်နှာများ ပေါ် လာသည်။ သို့သော် သူက လဲ့လဲ့ကလေး ပြုံးလိုက်ပြီး သူတို့၏ ပုံရိပ်များကို မှုတ်ထုတ်ပစ်လိုက်သည်။ သူတို့ ပျောက်ကွယ်သွား ကြသည်။

"သူတို့အတွက် အချိန်တွေ အများကြီး ရှိသေးတယ်"

အိုက်ဗင် စိတ်ထဲမှာ ပြောလိုက်သည်။ သူတို့သည် စာပို့စခန်းသို့ လျင်မြန်စွာ ရောက်ရှိသွားကြသည်။ မြင်းများကို လဲလှယ်ပြီး ဗိုလိုဗီယာသို့ ခရီးဆက်ကြသည်။

"ဘာဖြစ်လို့ လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတာလဲ၊ ဘာအဓိပ္ပာယ်နဲ့ ဒီစကားကို သူ ပြောရတာလဲ"

ထိုအတွေးကြောင့် သူ အသက်ရှူမှားသွားရသည်။

"ပြီးတော့ ဘာဖြစ်လို့ ငါ ချာမာရှာညာကို သွားမှာကို သူ့ကို ပြောခဲ့ရတာလဲ ..." သို့ဖြင့် ဗိုလိုဗီယာသို့ သူတို့ ရောက်ရှိသွားကြသည်။ အိုက်ဗင် မြင်းရထားပေါ်မှ ဆင်းလိုက်သောအခါ မြင်းရထားသမား တွေ သူ့ကို ဝိုင်းလာကြသည်။ ချာမာရှာညာသို့ သွားသော ဆယ်မိုင်ခရီးအတွက် ဈေးစကား ဆိုကြသည်။ သူက ၎င်းတို့ကို မြင်းတွေတပ်ထားရန် ပြောဆိုသည်။ ဘူတာရုံထဲသို့ သူဝင်သွားသည်။

ရုံပိုင်၏မိန်းမကို တချက်ကြည့်ပြီးနောက် သူ ပြန်ထွက်လာသည်။

"ချာမာရှာညာကို ကျုပ် မသွားတော့ဘူး၊ ခုနစ်နာရီ ရထားကို မီဖို့ ကျုပ် သိပ်နောက်ကျနေပြီ မဟုတ်လား"

"အမှန်ပါပဲခင်ဗျာ၊ ကျွန်တော်တို့ မြင်းတွေကို ပြန်ဖြုတ်ထားလိုက်ရတော့မလား"

"အခုချက်ချင်း ဖြုတ်တော့၊ မနက်ဖြန် မြို့ကိုသွားမယ့်လူ ဘယ်သူရှိသလဲ"

"မီထရီ သွားလိမ့်မယ်'

"မီထရီ၊ ကျုပ်ကို တခုလုပ်ပေးနိုင်မလား၊ ကျုပ်အဖေ မစ္စတာ ဖျိုဒါကာရာမာဇော့ဆီကိုသွားပြီး ကျုပ် ချာမာရှာညာကို မသွားဘူးဆိုတဲ့အကြောင်း ပြောပြပေးစမ်းပါ၊ ဘယ့်နှယ့်လဲ ပြောပေးမလား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် သွားပြောပေးပါ့မယ်။ မစ္စတာ ကာရာမာဇော့ကို ကျွန်တော် သိတာ ကြာပါပြီ"

"ရော့ .... ဟောဒီမှာ ခင်ဗျားအတွက် လက်ဖက်ရည်ဖိုး၊ ခင်ဗျားကို သူ ဘာမှ ပေးမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်"

"သူ မပေးတာ သေချာပါတယ်" မီထရီ ရယ်လိုက်သည်။ "ကျေးဇူးတင်ပါတယ်ခင်ဗျာ ကျွန်တော် ဆက်ဆက်သွားပြောပါ့မယ်"

ည ခုနစ်နာရီအချိန်တွင် အိုက်ဗင်သည် ရထားပေါ်သို့ တက်ရောက်ပြီး မော်စကိုသို့ လိုက်ပါသွားတော့ သည်။

"အတိတ်နဲ့ ဝေးရာကို သွားပြီ။ ငါ့ရဲ့ ဘဝဟောင်းကို ကန့်လန့်ကာ ချခဲ့ပြီ။ ဒီအကြောင်းတွေကို ငါ ဘာမှ မကြားချင်တော့ဘူး။ ကမ္ဘာသစ်ကြီးတခုကို သွားမယ်။ နေရာသစ်တွေကို သွားမယ်။ နောက်ကို လှည့်မကြည့်တော့ဘူး"

သို့သော် သူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည့်အစား သူ၏စိတ်သည် ရုတ်ခြည်းပင် လေးလံ ထိုင်းမှိုင်းလာတော့သည်။ သူ၏ ရင်သည် သူ၏ ဘဝတွင် ယခင်က တခါမျှ ခံစားရဖူးခြင်း မရှိသော နာကျင်မှုမျိုးကို ခံစားရလေတော့သည်။ သူသည် တညလုံးပင် အိပ်မပျော်ဘဲ စဉ်းစားတွေးတော လျက် ရှိသည်။ နံနက်မိုးလင်း၍ မော်စကိုသို့ ရောက်ရှိသောအခါမှပင် သူသည် ရုတ်ခြည်းဆိုသလိုပင် အတွေးကမ္ဘာမှ လန့်နိုးရတော့သည်။

"ငါ လူဆိုးပဲ" သူ့ဘာသူ တိုးညင်းစွာ ပြောလိုက်သည်။

ထိုအချိန်တွင် ကာရာမာဇော့သည် သူ့သား ထွက်ခွာသွားသည်ကို တွေ့ရှိရပြီးနောက် များစွာမှပင် ကျေနပ်အားရလျက်ရှိတော့သည်။ သူသည် နှစ်နာရီလုံးလုံးပင် ဘရန်ဒီကလေး တစိမ့်စိမ့်သောက်ရင်း ပျော်နေသည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် အင်မတန် စိတ်အနှောင့်အယှက် ဖြစ်စရာနှင့် စိတ်မချမ်းမြေ့ဖွယ်ရာတခု ဖြစ်ပေါ်လာသဖြင့် သူ၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားရတော့သည်။ ယင်းမှာ မြေအောက်ခန်းအတွင်းသို့ တခုခုယူငင်ရန် ဆင်းသက်သွားသော ဆမာယာကော့သည် လှေကားထိပ်မှနေပြီး အောက်ဆုံး ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားခြင်းပင် ဖြစ်သည်။

တခု ကံကောင်းသည်မှာ ထိုအချိန်က မာဖာသည် ခြံဝင်းထဲတွင် ရှိနေပြီး သူ၏ အော်ဟစ်သံကို အချိန်မီ ကြားလိုက်ရခြင်းပင် ဖြစ်သည်။ သူ လိမ့်ကျသွားသည်ကို အဘွားကြီး မမြင်လိုက်ပါ။ သူအော်လိုက်သည့်အသံကိုသာ အဘွားကြီး ကြားလိုက်ရခြင်း ဖြစ် သည်။ ယခင့်ယခင်များက သူမ ကြားခဲ့ဖူးသော ထူးဆန်းသည့် ဟစ်အော်သံပင် ဖြစ်သည်။ ဝက်ရူးပြန်သည့်အခါများတွင် ဟစ်အော်သည့် အသံဖြစ်သည်။

ဆမာယာကော့သည် လှေကားမှ အဆင်းတွင် ဝက်ရူးပြန်သဖြင့် အောက်သို့ လိမ့်ကျသွားခြင်းလော၊ သို့မဟုတ် လှေကားမှ လိမ့်ကျသွားသဖြင့် တုန်လှုပ်ချောက်ချားသွားကာ ဝက်ရူးပြန်သွားခြင်းလော ဆိုသည်ကိုကား မပြောနိုင်ပါချေ။ ၎င်းကို မြေအောက်ခန်း လှေကားရင်းတွင် သူတို့ တွေ့ရှိကြရသည်။ ပါးစပ်တွင် အမြှုပ်တွေတစီစီနှင့် တွန့်လိမ်ကာ ဝက်ရူးပြန်လျက်ရှိသည်။ ပထမတွင် ၎င်းသည် ခြေသော် လည်းကောင်း၊ လက်သော် လည်း ကောင်း တခုခု ကျိုးသွားပြီဟု သူတို့ ထင်မိကြသည်။ သို့သော် တစုံတရာ ထိခိုက်ခြင်း မရှိသောအခါ “ဘုရားသခင် ကယ်မတာပဲ” ဟု မာဖာက ပြောပါသည်။

၎င်းကို မြေအောက်ခန်းအတွင်းမှ အပေါ်သို့ သယ်ယူရန် အခက်အခဲ ဖြစ်ကြရသည်။ နောက်ဆုံးတွင် အိမ်နီးနားချင်းများကို အကူအညီ တောင်းပြီး ၎င်းကို တနည်းမဟုတ်တနည်းဖြင့် အပေါ်သို့ သယ်ယူနိုင်ခဲ့ကြသည်။ ကာရာမာဇော့သည် တချိန်လုံးပင် အနီးတွင်ရှိပြီး ထိတ်လန့်ချောက်ချားသော အမူအရာဖြင့် ကူညီသယ်ဆောင်ပေးသည်။

သို့ရာတွင် လူမမာသည် အပေါ်သို့ ရောက်ရှိသည့်တိုင် သတိပြန်လည်ခြင်း မရှိပါ။ ဝက်ရူးပြန်ခြင်း ခေတ္တမျှ ရပ်တန့်သွားသော်လည်း ချက်ချင်းပင် ပြန်တက်လာပါသည်။ ထိုအခါတွင် ယခင်တခါ အပေါ်ထပ်မှ သူလိမ့်ကျခဲ့စဉ်ကအတိုင်း အကြာကြီးပင် ရောဂါတက်နေတော့မည်ဟု သူတို့ တွက်ဆကြရသည်။ ထိုစဉ်က သူ့ကို ရေခဲတင်ပေးခဲ့သည်ကို သူတို့ အမှတ်ရကြသည်။ သို့သော် မြေအောက်သိုလှောင်ခန်းထဲတွင် ရေခဲ မရှိပါ။ သို့ဖြင့်

မာဖာသည် ရေခဲကို တနေရာမှ သွားရောက် ရှာဖွေခဲ့ရသည်။ ညနေဘက်တွင် ကာရာမာဇော့က ဒေါက်တာ ဟာဇင်ကျူဗီကို အခေါ်လွှတ်သည်။ ဆရာဝန် ချက်ချင်းပင် ရောက်ရှိလာသည်။ ဒေါက်တာ ဟာဇင်ကျူဗီသည် ဤပြည်နယ်တခုလုံးတွင် အစေ့စပ်ဆုံး၊ အသေချာဆုံး၊ အလေးစားထိုက်ဆုံးသော ဆရာဝန်ကြီး တယောက်ဖြစ်သည်။ သူသည် လူမမာကို သေသေချာချာ စမ်းသပ်စစ်ဆေးပြီးနောက် ရောဂါသည် ပြင်းထန်လှပြီး အထူးပင် စိုးရိမ် ရကြောင်း ပြောဆိုသည်။ လောလောဆယ်တွင်မူ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ဦးမည် မဟုတ်ဟု ဆိုသည်။ သို့ရာတွင် လက်ရှိပေးထားသော ဆေးများသည် မနက်ဖြန်တွင်မှ မတိုးခဲ့လျှင် တခြားဆေးတမျိုး ပြောင်းပြီးပေးဦးမည်ဟု ဆိုသည်။

လူမမာကို အစေခံတန်းလျားသို့ သယ်ဆောင်သွားကြပြီး ဂရီဂိုရီနှင့် မာရီဖာတို့၏ အခန်းနှင့် ကပ်နေသောအခန်းတွင် ထားရှိကြရသည်။ သည့်နောက်တွင်ကား မစ္စတာ ကာရာမာဇော့သည် ထိုနေ့တနေ့လုံး ဆိုသလိုပင် အဆင်မပြေမှုများ တခုပြီးတခု ကြုံတွေ့ရတော့သည်။

ညစာကို မာဖာချက်သည်။ သို့သော် ဆမာယာကော့ ချက်သည်နှင့် နှိုင်းယှဉ်လိုက်သောအခါ သူမ၏ စွပ်ပြုတ်က ဆန်ပြုတ်ဖြစ်နေသည်။ ကြက်သားက ဝါးမရလောက်အောင် မာနေသည်။ မာဖာကမူ ကြက်ရင့်၍ဟု ဆင်ခြေကန်ပါသည်။ သို့သော် အမှန်အတိုင်းပြောရလျှင် သူမသည် ဘယ်တုန်းကမှ လေ့ကျင့်သင်ကြားကားသော ထမင်းချက်တဦး မဟုတ်ခဲ့ပါ။

ညနေဘက်တွင် ကာရာမာဇော့သည် ပို၍ ကြီးမားသော ပြဿနာနှင့် ရင်ဆိုင်ရသည်။ လွန်ခဲ့သည့် နှစ်ရက်လောက်ကတည်းက နေမကောင်းဖြစ်နေခဲ့သော ဂရီဂိုရီသည် ယခုအခါ ခါးနာရောဂါဖြင့် လုံးဝ မထနိုင်တော့ဟု ဆိုသည်။ သို့ဖြင့် သူသည် လက်ဖက်ရည်ကို စောနိုင်သမျှ စောစော သောက်ပြီးနောက် အိမ်ထဲတွင် တယောက်တည်း တံခါးပိတ်ပြီး နေတော့သည်။ သူသည် အထူးပင် ထိတ်လန့်တုန်လှုပ်ပြီး ရင်တထိတ်ထိတ် ရှိနေရသည်။ အကြောင်းမှာ ဂရုရှင်ကာ ယနေ့လာရောက် လိမ့်မည်ဟု သူ့အနေနှင့် သေချာလျက်ရှိသည်။ အမျိုးသမီးက ‘ကနေ့ ဆက်ဆက်လာမည်’ ဟု ကတိပေးထားကြောင်း ဆမာယာကော့က မနက်စောစောပိုင်းက ပြောကြားခဲ့သည်။

ဆေးကု၍ မရနိုင်တော့သော အဘိုးကြီး၏ရင်သည် တဒိတ်ဒိတ်ခုန်လျက် ရှိသည်။ သူသည် အခန်းများအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း နားစွင့်လျက် ရှိသည်။ သူ့အနေနှင့် သတိရှိနေရမည်။ ဒီမီထရီသည် သူမကို တနေရာမှ စောင့်ကြည့်နေပေလိမ့်မည်။ ပြတင်းပေါက် တံခါးကို သူမ ခေါက်သည်နှင့် တပြိုင်နက် (အမျိုးသမီးအား မည်သည့်နေရာတွင် မည်သို့

ခေါက်ရမည်ကို ပြောဆိုထားပြီး ဖြစ်ကြောင်း ဆမာယာကော့က သူ့ကို ပြောကြားထားပြီး ဖြစ်သည်) တံခါးကို မြန်နိုင်သမျှ မြန်မြန်ဖွင့်ပေးရမည်။ သူမကို အပြင်ဘက်တွင် နည်းနည်းကလေးမျှ မကြာစေရပါ။ ယင်းသို့မဟုတ်လျှင် သူမသည် ကြောက်လန့်ပြီး ထွက်ပြေးပေလိမ့်မည်။

ဤကာလသည် ကာရာမာဇော့အဖို့ အပင်ပန်းဆုံးကာလဖြစ်သည်။ သို့သော် သူ၏ နှလုံးသားသည် တခါဖူးမျှ ဤမျှလောက် ကောင်းမွန်သော မျှော်လင့်ချက်များဖြင့် ပြည့်လျှံခြင်း မရှိခဲ့။ အကြောင်းမှာ ယခုတကြိမ်တွင် သူမ လာရောက်မည်ဆိုခြင်းမှာ မြေကြီးကို လက်ခတ်၍ မလွဲနိုင်အောင်ပင် ကျိန်းသေလျက် ရှိသောကြောင့်ပင်တည်း။

၁။ ခင်ကြီးဇော်ဇီမာနှင့် သူ၏ ဧည့်သည်များ

ရင်ထဲမှာ နာကျင်လှုပ်ခတ်စွာဖြင့် ခင်ကြီးဇော်ဇီမာ၏ အခန်းတွင်းသို့ ဝင်ရောက်သွားသော အလျှိုရှာသည် အံ့ဩစွာဖြင့် တုံ့ခနဲ ရပ်သွားသည်။ သတိမေ့မြောကာ သေလုမြောပါး ဖြစ်နေသော လူမမာတယောက်ကို တွေ့မြင်ရမည်ဟု သူ စိုးရိမ်ထိတ်လန့်နေမိသည်။ သို့သော် လူမမာသည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်သား ရှိနေသည်။ သူသည် ခွန်အား နည်းပါးပြီး နွမ်းနယ် မောဟိုက်နေဟန် ရှိသော်လည်း သူ့မျက်နှာက ကြည်လင်ရွှင်ပျလျက် ရှိသည်။ သူ၏ ပတ်ပတ်လည် တွင် ဧည့်သည်များ ဝန်းရံလျက်ရှိပြီး သူသည် ၎င်းတို့နှင့် အေးအေးဆေးဆေး သဲသဲကွဲကွဲပင် စကားပြောနေသည်။

သို့သော် အမှန်တကယ်တွင်မူ သူသည် အလျှိုရှာ မရောက်ခင် တဆယ့်ငါးမိနစ်လောက်ကမှ အိပ်ရာမှ ထထိုင်ခြင်း ဖြစ်သည်။ ဧည့်သည်များသည် အစောကြီးကတည်းကပင် သူ၏ အခန်းတွင်းသို့ ရောက်ရှိနေကြပြီး သူ အိပ်ရာမှ နိုးမည်ကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။ "ဩဝါဒဆရာတော် သည် ယမန်နေ့မနက်က ကတိထားသည့်အတိုင်း ရင်းနှီးသော ရဟန်းမိတ်ဆွေများနှင့် တရားဓမ္မ ဆွေးနွေးရန် မလွဲမသွေ ထပေဦးမည်" ဟု ဖားသား ပေဆီက ဧည့်သည်များကို သေသေချာချာ အာမခံထားခဲ့သည်။

ဖားသား ပေဆီသည် ဤကတိကို လုံးလုံးလျားလျားကြီးပင် ယုံကြည်စိတ်ချခြင်း ရှိသည်။ အမှန်တွင်မူ သူသည် ကွယ်လွန်ခါနီးဖြစ်သော ခင်ကြီးဘုရား၏စကားများကို တလုံးမကျန်ပင် ယုံကြည်စိတ်ချခြင်း ရှိပေသည်။ ဆရာတော်သည် မေ့မြောနေသည်ပင် ဖြစ်စေ၊ နောက်ဆုံးအကြိမ် အဖြစ် အသက်ရှူနေသည်ပင် ဖြစ်စေ... ကုန်ကုန်ပြောရလျှင် သူသည် သေခြင်းကိုပင် ထည့်မတွက် ပါ။ ဆရာတော်သည် ကွယ်လွန်သွားသည့် နောက်ပိုင်းမှာပင် လဲလျောင်းနေရာမှ ထပြီး သူ၏ ကတိအတိုင်း ဆောင်ရွက်လိမ့်မည်ဟု ပေဆီယုံကြည်ထားသည်။ ခင်ကြီးဇော်ဇီမာသည် ယနေ့မနက် အိပ်ရာပေါ်တွင် လဲလျောင်းစဉ် ကာလက သူ့ကို ဤသို့ အသေအချာ ပြောဆိုခဲ့သည်။

"ကျွန်ုပ်ဟာ ကျွန်ုပ် ချစ်ခင်မြတ်နိုးလှတဲ့ အသင်တို့ရဲ့ မျက်နှာများကို ကြည့်ပြီ အသင်တို့နဲ့ တရားဓမ္မ မဆွေးနွေးရဘဲနဲ့ မသေသေးဘူး"

ခင်ကြီးဇော်ဇီမာနှင့် နောက်ဆုံးအကြိမ် တရားဆွေးနွေးရန်

စောင့်ဆိုင်းနေသော ဘုန်းကြီးများသည် ခင်ကြီးဘုရား၏ အထူးပင် ချစ်မြတ်နိုးသော ရဟန်းမိတ်ဆွေရင်း မိတ်ဆွေဟောင်းများ ဖြစ်ကြသည်။

ငင်းတို့အားလုံး လေးပါး ဖြစ်သည်။ ဝါတော်ကြီးမားသော ဖားသား ဂျိုးဆက်နှင့် ဖားသား ပေဆီ၊ တရားကျောင်းတာဝန်ခံ ဖားသား မစ်ခေးနှင့် ဖားသား အန်ဖမ်တို့ ဖြစ်ကြသည်။ ဖားသား မစ်ခေးသည် သက်တော်လည်း ကြီးလှသည် မဟုတ်သေး၊ ပရိယတ္တိစာပေလည်း တော်လှသည် မဟုတ်ပါ။ သူသည် မိမိကိုယ်မိမိ နှိမ့်ချခြင်းရှိသည်။ သို့သော် စိတ်ဓာတ်ကြံ့ခိုင်သည်။ ယုံကြည်မှု ပြင်းပြသည်။ အပြင်ပန်း ခက်ထန်မာကျောသည်။ သို့သော် စိတ်နှလုံးနူးညံ့သည်။ ထိုအချက်ကိုလည်း ရက်ကြောက်ဟန်ဖြင့် သူ ဖုံးကွယ်ထားတတ်သည်။ ဖားသား အန်ဖမ်သည် အသက်အရွယ် ကြီးလှပြီ ဖြစ်သည်။ ရဟန်းအိုကြီးတပါး ဖြစ်သည်။ ဆင်းရဲသား ကျေးတောသားဘဝမှ လာသူဖြစ်သည်။ စာမတတ် ပေမတတ်ပင် ဖြစ်သည်။ ငင်းသည် အင်မတန် နှုတ်နည်းပြီး မည်သူနှင့်မျှ စကားမပြော သလောက်ပင် ဖြစ်သည်။ နှိမ့်ချတတ်သော ရဟန်းများထဲတွင် အနှိမ့်ချဆုံးသော ရဟန်းတပါးပင် ဖြစ်သည်။ သူ မသိသော၊ ဉာဏ်မမီသော အရာတခုကို ထိတ်လန့်ကြောက်ရွံ့နေသည့် အလားပင် ဖြစ်သည်။

ခင်ကြီး ဇော်ဇီမာသည် ဤရဟန်းကြီးကို အထူးပင် ချစ်ခင်မြတ်နိုးသည်။ အထူးပင် လေးလေးစားစား ဆက်ဆံသည်။ သို့သော် သူက အခြားမည်သူ့ကိုမျှလည်း လျှော့ပြီး ဆက်ဆံခြင်း မရှိပါ။ ခင်ကြီး ဇော်ဇီမာသည် ဤရဟန်းနှင့်အတူ ရုရှားတနိုင်ငံလုံးကို လှည့်လည်သွားလာခဲ့သည်။

ထိုအဖြစ်မှာ ကြာတော့ကြာလှပြီ ဖြစ်သည်။ လွန်ခဲ့သော အနှစ်လေးဆယ်လောက်က ဖြစ်သည်။ ကော်စထရိုမာဟူသော ဆင်းဆင်းရဲရဲ ကျောင်းတိုက်ကလေးတခုတွင် ဘုန်းကြီးဘဝကို စတင် ခံယူခဲ့စဉ်က ဖြစ်သည်။ သူသည် ထိုစဉ်ကပင် ဖားသား အန်ဖမ်နှင့်အတူ ဤကျောင်းတိုက်ကလေး အတွက် အလှူငွေကောက်ခံရန် တနိုင်ငံလုံးသို့ လှည့်လည်ခဲ့သည်။

အိမ်ရှင်နှင့် ဧည့်သည်များအားလုံးပင် ခင်ကြီးဇော်ဇီမာ၏ အိပ်ခန်းထဲတွင် ထိုင်လျက် ရှိကြသည်။ ယခင်က ဖော်ပြပြီးခဲ့သည့်အတိုင်းပင် ထိုအခန်းသည် သေးငယ်လှသည်။ ရဟန်း လေးပါးအတွက် ခင်ကြီး၏ဘေးတွင် ကုလားထိုင်များနှင့် ဝိုင်းထိုင်စရာနေရာ မရှိသလောက်ပင်ဖြစ်သည်။ ကုလားထိုင်များကို ဧည့်ခန်းမှ ယူခဲ့ကြခြင်းဖြစ်သည်။ ထိုအထဲတွင် ကိုရင် ပေါ်ဖာရီက မတ်တတ်ရပ်လျက် ရှိနေသေးသည်။

ညအမှောင်ပျိုးနေပြီ ဖြစ်သဖြင့် ပုံတော်ကားများ ရှေ့တွင် မီးအိမ်နှင့် ဖယောင်းတိုင်များကို ထွန်းညှိထားကြသည်။ တံခါးပေါက်ဝတွင် ကာသိကအောက်ဖြင့်

ရပ်နေသော အလျှိုရှာကို မြင်သောအခါ ခင်ကြီးသည် ဝမ်းမြောက်စွာ ပြုံးလိုက်ပြီးနောက် လက်ကို ဆန့်တန်းကာ ...

"အို လာလေ့ ချစ်သားကလေး၊ နောက်ဆုံးကျတော့ မင်းရောက်လာတာပဲ၊ မင်း ရောက်လာမယ် ဆိုတာ ဘုန်းကြီးသိတယ်"

အလျှိုရှာသည် ခင်ကြီးထံသို့ သွားရောက်ပြီး ဝပ်တွား ပူဇော်ကာ ငိုကြွေးလေတော့သည်။ သူ့ရင်ထဲတွင် တစုံတရာ ကြွတက်လာသဖြင့် သူသည် ရှိုက်ငင်နေမိသည်။

"အို အို ... ဘုန်းကြီးအတွက် ငိုဖို့ အများကြီး စောပါသေးတယ်" ခင်ကြီးဇော်ဇီမာ သူ့ခေါင်းပေါ်သို့ လက်တဖက်တင်ကာ ပြုံးရယ်ရင်း ပြောလိုက်သည်။ "ဘုန်းကြီး ဒီမှာ ထိုင်ပြီး စကားပြောနေတာကို မင်းတွေ့တယ် မဟုတ်လား၊ ဗီရှီဂိုက ဒါယိကာမ သူ့သမီးကလေးကို ရင်ခွင်ထဲမှာထားရင်း မနေ့က သစ္စာပြုသွားသလို ဘုန်းကြီးဟာ နောက် အနှစ်နှစ်ဆယ်လောက် နေချင်နေရဦးမှာပါ။ အို ... ဘုရားသခင် ကလေးမကလေး လစ်ဇာဗီတာနဲ့ သူ့အမေကို ကောင်းချီးပေးတော်မူပါ။ (သူ့ကိုယ်ကို လက်ဝါးကပ်တိုင် ခတ်လိုက်သည်)။ ပေါ်ဖာရီ.. အဲဒီ ဒါယိကာမကြီး လှူသွားတဲ့ အလှူငွေကို ဘုန်းကြီးပြောတဲ့ နေရာကို သွားလှူပြီးပြီလား"

"တပည့်တော်မထက် ဆင်းရဲသူများကို ပေးလှူရန်" ဆိုပြီး ထိုအမျိုးသမီး လှူဒါန်းသွားသော ကိုပက်ပြား ခြောက်ဆယ်ကို ရည်စူးပြီး ပြောခြင်းဖြစ်သည်။ အဆိုပါ အလှူငွေများသည် မိမိကိုယ်တိုင် ပင်ပန်းတကြီး လုပ်ကိုင်ပြီး ရရှိသည့် ချွေးနဲ့စာထဲမှ လှူဒါန်းငွေများ ဖြစ်ကြသည်။ ခင်ကြီးဇော်ဇီမာသည် အဆိုပါ အလှူငွေကို မကြာမီကမှ အိမ်မီးလောင်ပြီး ကလေးနှစ်ယောက်နှင့် တောင်းစားနေရသော မုဆိုးမတယောက်ထံသို့ သွားရောက် လှူဒါန်းရန် ပေါ်ဖာရီကို စေခိုင်းခဲ့သည်။

ခင်ကြီးဇော်ဇီမာ စေခိုင်းသည့်အတိုင်းပင် "အမည်မဖော်လိုသူ စေတနာရှင်တဦး" ထံမှ ဆိုပြီး ထိုငွေကို သွားရောက်လှူဒါန်းပြီး ဖြစ်ကြောင်း ပေါ်ဖာရီ ကမန်းကတန်းပင် ဖြေကြားပြောဆိုသည်။

"ထလေ့၊ ချစ်သားကလေး" အလျှိုရှာကို ခင်ကြီးဇော်ဇီမာ မိန့်ကြားသည်။ "မင်းကို ဘုန်းကြီး ကြည့်စမ်းပါရစေ၊ မင်းအိမ်ရောက်ခဲ့ပြီး မင်းအစ်ကိုနဲ့ တွေ့ခဲ့သလား"

ခင်ကြီးက အစ်ကိုနှစ်ယောက်အနက် တယောက်ကိုသာ တိတိကျကျ သေသေချာချာ မေးမြန်းခြင်း ဖြစ်သည့်အတွက် အလျှိုရှာ၏စိတ်ထဲတွင်

ဆန်းသွားသည်။ နောက်ပြီးတော့ မည်သူ့ကို မေးခြင်း ဖြစ်သနည်း။ ယင်းသို့ဆိုလျှင် ခင်ကြီးသည် ယမန်နေ့ကရော၊ ကနေ့ရော သူ့ကို အပြင်သို့ စေလွှတ်ခြင်းသည် ထိုအစ်ကိုနှင့် တွေ့ဆုံရန်အတွက်ပင် ဖြစ်ပေလိမ့်မည်။

"တင်ပါ့ဘုရား၊ အစ်ကိုတယောက်နဲ့ တွေ့ခဲ့ပါတယ်"

အလျှို့ရှာ လျှောက်ထားသည်။

"ဘုန်းကြီးပြောတဲ့ အစ်ကိုက ဘုန်းကြီးမနေ့က ဦးတိုက်ခဲ့တဲ့လူပဲ"

"တပည့်တော် သူနဲ့ မနေ့ကပဲ တွေ့ပါတယ်၊ သူ့ကို ကနေ့ ရှာလို့ မတွေ့ပါဘူး"

"သူ့ကို မြန်မြန်တွေ့ အောင် လိုက်ရှာပါ၊ မနက်ဖြန်မှာ တခေါက် သွားရှာပါ၊ မြန်မြန် လိုက်ရှာပါ။ တခြားဟာတွေအားလုံး ခဏထားပြီး သူ့ကို တွေ့အောင် အမြန်ဆုံး လိုက်ရှာပါ။ အင်မတန်ဆိုးရွားတဲ့ အခြင်းအရာကြီးတခု ဖြစ်ပွားမှာကို မင်းအနေနဲ့ အချိန်မီ တားဆီးနိုင်ကောင်းပါသေးတယ်၊ သူ့အတွက် ကျရောက်တော့မယ့်ဆဲဆဲ ဒုက္ခဝေဒနာအတွက် ဘုန်းကြီး ဦးတိုက်ခဲ့တာပဲ"

ခင်ကြီးသည် ရုတ်ခြည်းပင် နှုတ်ဆိတ်သွားပြီး စဉ်းစားဆင်ခြင်နေဟန် ရှိသည်။ သူ၏ စကားများက ဆန်းကြယ်လှသည်။ ခင်ကြီးဇော်ဇီမာ၏ ဦးတိုက်မှုကို ယမန်နေ့က တွေ့မြင်ခဲ့ရသော ဖားသား ဂျိုးဆက်သည် ဖားသား ပေဆီနှင့် အကြည့်ချင်း ဖလှယ်လိုက်သည်။

အလျှို့ရှာသည် သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ...

"ဩဝါဒအရှင် ဘုန်းကြီးဘုရား" စိတ်လှုပ်ရှားစွာဖြင့် သူလျှောက်ထားလိုက်သည်။ "အရှင်ဘုရားရဲ့ စကားက အဓိပ္ပာယ် ဝေဝါးလွန်းလှပါတယ် ... သူ့အတွက် ကျရောက်တော့မယ့်ဆဲဆဲ ဒုက္ခဝေဒနာ ဆိုတာ ... ဘာကို ဘာကိုဆိုလိုတာပါလဲ"

"သိပ်ပြီးမလည်း မသိချင်ပါနဲ့၊ ဘုန်းကြီးစိတ်ထဲမှာ မနေ့က အင်မတန်ဆိုးရွားတဲ့ အခြင်းအရာတခုကို မြင်ယောင်မိတယ် ... သူ့ရဲ့ဘဝ အနာဂတ်တခုလုံးဟာ သူ့ရဲ့မျက်လုံးတွေထဲမှာ ပေါ်နေသလိုပဲ၊ သူ့မျက်လုံးတွေထဲမှာ အဲဒါမျိုး မြင်လိုက်ရတဲ့အခါမှာ သူဟာ ဘာတွေများ လုပ်ဖို့ ကြံစည်နေသလဲလို့ ဘုန်းကြီး စိတ်ထဲမှာ ထိတ်လန့်သွားမိတယ်၊ ဘုန်းကြီးရဲ့ဘဝမှာ တခါနှစ်ခါဆိုသလို လူတယောက်ရဲ့ မျက်လုံးတွေထဲမှာ အဲဒီလိုမျိုး အရိပ်အယောင်တွေ တွေ့မြင်ဖူးတယ် .. သူ့ရဲ့ အနာဂတ်ကံကြမ္မာကို ရောင်ပြန်ဟပ်ပြနေသလိုပဲ၊ နောက်ပြီးတော့ အဲဒီကံကြမ္မာကလည်း တကယ်ပဲ ဖြစ်ပေါ်လာတတ်တာ ပဲ"

"အလက်ဇီ … ဘုန်းကြီးဟာ မင်းကို သူ့ဆီကို လွှတ်လိုက်တာက မင်းရဲ့ ညီအစ်ကိုလို ချစ်ခင်ဖွယ် မျက်နှာက သူ့ကို ကယ်တင်နိုင်လိမ့်မယ်လို့ ယူဆလို့ပဲ၊ ဒါပေမဲ့ တို့တတွေရဲ့ ကံကြမ္မာတွေအားလုံးနဲ့ ဖြစ်ပျက်မှုတွေ အားလုံးဟာ ဘုရားသခင်ရဲ့အလိုတော်အရ ဖြစ်ကြရတာချည့်ပဲ၊ "မြေ၌ကျသော စပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော အသီးကို သီးတတ်၏" (ဆရာယုဒသန် ဘာသာပြန်၊ ဓမ္မသစ် စာ ၁၄၇) အဲဒီစကားကို မှတ်ထားပါ။ ဘုန်းကြီးဟာ မင်းရဲ့မျက်နှာအတွက် အကြိမ်ပေါင်းများစွာ ကောင်းချီး မင်္ဂလာ ပြုမိခဲ့တယ်"

ခင်ကြီးဇော်ဇီမာက သိမ်မွေ့ နူးညံ့သော အပြုံးဖြင့် ပြောလိုက်သည်။ ထို့နောက် ဆက်ပြီး …

"အဲဒါ မင်းအပေါ်မှာ ဘုန်းကြီးမြင်တဲ့အမြင်ပဲ၊ မင်းဟာ ဒီကျောင်းတိုက်ကြီးရဲ့အပြင်ကို ထွက်သွားပါ၊ ဒါပေမဲ့ မင်းဟာ လောကကြီးရဲ့အလယ်မှာ ဘုန်းကြီးတပါးလို ရှိနေမှာပဲ၊ မင်းမှာ ရန်သူတွေ အများကြီး ရှိချင်ရှိမယ်၊ ဒါပေမဲ့ မင်းရဲ့ရန်သူတွေကလည်း မင်းကို ချစ်ခင်ကြလိမ့်မယ်၊ မင်းရဲ့ ဘဝမှာ ဆင်းရဲဒုက္ခတွေ အများကြီး တွေ့လိမ့်မယ်၊ ဒါပေမဲ့ မင်းဟာ အဲဒီအထဲကနေ ပျော်ရွှင်ချမ်းမြေ့မှုကို ရလိမ့်မယ်၊ မင်းဟာ ဘဝကို ကောင်းချီး ပြုလိမ့်မယ်၊ နောက်ပြီးတော့ အခြားလူတွေကိုလည်း ပြုစေလိမ့်မယ် … အဲဒါဟာ အရေးအကြီးဆုံးပဲ၊ အဲဒါဟာ မင်းရဲ့စရိုက်ပဲ။ ဩဝါဒအရှင်ဘုရားကြီးတို့…

ခင်ကြီးဇော်ဇီမာက သိမ်မွေ့သောအပြုံးဖြင့် ညော့ရဟန်းတို့ကို လှော့က်ထားသည်။

သူ့ရဲ့နုပျိုလန်းဆန်းနေတဲ့ မျက်နှာကလေးကို ဘာဖြစ်လို့ ကျွန်ုပ် ဒါလောက် ချစ်ခင် နေရတယ်ဆိုတာ ကနေ့အထိ သူ့ကိုတောင် ပြောမပြမိသေးဘူး၊ အခု ဘုန်းကြီးတို့ကို ကျွန်ုပ် ပြောဆိုပါ့မယ်။ သူ့မျက်နှာကလေးဟာ ကျွန်ုပ်အဖို့ အောက်မေ့စရာတခုနဲ့ အနာဂတ်စကား တခုပဲ။ ကျွန်ုပ်ရဲ့ ဘဝအစ ကျွန်ုပ် ငယ်ရွယ်စဉ်အခါက ကျွန်ုပ်မှာ အစ်ကိုတယောက် ရှိခဲ့တယ်။ အဲဒီ အစ်ကိုဟာ တဆယ့်ခုနစ်နှစ်သားအရွယ်မှာပဲ ကျွန်ုပ်တို့ရဲ့ မျက်စိအောက်မှာပဲ ကွယ်လွန်သွားတယ်၊ အဲဒီနောက်ပိုင်းမှာ… ကျွန်ုပ်ရဲ့ဘဝတလျှောက်မှာ ကျွန်ုပ် တဖြည်းဖြည်းချင်း သတိပြုမိလာတာ ကတော့ အဲဒီအစ်ကိုဟာ ကျွန်ုပ်ရဲ့လမ်းပြပုဂ္ဂိုလ်တဦးပဲ ဖြစ်တယ်၊ ကောင်းကင်ဘုံက အမှတ်လက္ခဏာတခုပဲ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျွန်ုပ်ရဲ့ဘဝထဲကို ဝင်ရောက် မလာခဲ့ဘူးဆိုရင် … သူဟာ ဒီလောကကြီးမှာ မရှိခဲ့ဘူးဆိုရင် ကျွန်ုပ်ဟာ ဘယ်နည်းနဲ့မှ ဘုန်းကြီး ဖြစ်လာမှာ မဟုတ်ဘူး၊ မြင့်မြတ်တဲ့ ဒီလမ်းကြောင်းပေါ်ကို ရောက်လာမှာ မဟုတ်ဘူး။

“သူဟာ ကျွန်ုပ်ရဲ့ကလေးဘဝမှာ ပထမအကြိမ် ပေါ်ပေါက်လာခဲ့သလို အခု ကျွန်ုပ်ရဲ့ နောက်ဆုံး ဘဝခရီးမှာလည်း ထပ်ပြီး ပေါ်ပေါက်လာပြန်တယ်၊ ဒီအဖြစ်ဟာ အင်မတန် အံ့ဩစရာကောင်းတယ်။ ဩဝါဒရှင် ဘုန်းကြီးတို့၊ အလက်ဇီဟာ သူနဲ့ မျက်နှာချင်း အများကြီး မတူပေမဲ့ တူတာကလေးတွေ တော်တော်ရှိတယ်၊ အဲဒီအတွက် အလက်ဇီဟာ သူနဲ့ စိတ်နှလုံးချင်း တူညီမှုရှိတယ်လို့ ကျွန်ုပ်စိတ်ထဲ မှာ ခဏခဏဆိုသလို ထင်မှတ်မိတယ်၊ ကျွန်ုပ်ဟာ သူ့ကို ကျွန်ုပ်ရဲ့အစ်ကိုအဖြစ်နဲ့ မှတ်ယူမိတယ်၊ အစ်ကိုဟာ ကျွန်ုပ်ရဲ့ ခရီးလမ်းဆုံးမှာ ပြန်ရောက်လာတာပဲ ဖြစ်တယ်။ ကျွန်ုပ်ကို သတိပေးဖို့ ပြန်လာတာပဲဖြစ်မယ်၊ ကျွန်ုပ်ရဲ့စိတ်ကို ဆွဲဆောင်ဖို့အတွက် ပြန်လာတာပဲ၊ အဲဒါကြောင့် ကျွန်ုပ်ဟာ ထူးဆန်းတဲ့ အိပ်မက်တခုလိုပဲ အံ့ဩနေရတယ်။ ဘုန်းကြီး ပြောနေတာတွေကို ကြားသလား ပေါ်ဖာရီ”

ကိုရင်လေးဘက်သို့ သူ လှည့်ပြီး မေးလိုက်သည်။

“ဆရာတော်ဟာ ငါ့ကိုထက် အလက်ဇီကို ပိုပြီး ချစ်တယ်ဆိုပြီး မင်းမျက်နှာကလေး ညှိုးသွားတာကို ဘုန်းကြီး ခဏခဏ သတိပြုမိတယ်။ ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတယ်ဆိုတာ မင်း အခု သိပြီ မဟုတ်လား၊ ဒါပေမဲ့ ဘုန်းကြီးဟာ မင်းကိုလည်း ချစ်တယ်ဆိုတာ မင်းစိတ်ထဲမှာ သိထားပါ။ မင်း စိတ်မကောင်းဖြစ်ရတဲ့အတွက် ဘုန်းကြီးလည်း စိတ်မကောင်းဖြစ်ရတာပဲ။ ဘုန်းကြီးတို့... ဘုန်းကြီးတို့ကို ကျွန်ုပ်ရဲ့အစ်ကိုအကြောင်း ပြောပြချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်ရဲ့ ဘဝမှာ သူ့ထက်ပိုပြီး မြတ်နိုးစရာကောင်းတာ... ပိုပြီးတော့ အရေးကြီးတာ.. ပိုပြီးတော့ ထိခိုက်စရာ အကြောင်း မရှိတော့လို့ပဲ၊ ကျွန်ုပ်ဟာ ဘယ်လောက် ထိခိုက်ခံစားရသလဲဆိုရင် ကျွန်ုပ်ရဲ့ ဘဝကြီး တခုလုံးကို အခုအချိန်မှာ ပြန်ပြီး ဖြတ်သန်းရသလိုပါပဲ”

ဤတွင် ကျွန်ုပ် ပြောကြားစရာ တခုရှိသည်ကတော့ ခင်ကြီးဇော်ဇီမာ၏ နောက်ဆုံးနေ့မှာ သူ့ဆီကို လာကြတဲ့ ဧည့်သည်တွေကို သူပြောကြားခဲ့တဲ့စကားတွေကို စာဖြင့် မှတ်တမ်းတင် ရေးသားထား သည့် အကြောင်းပင် ဖြစ်ပါသည်။ ခင်ကြီးဇော်ဇီမာက ပျံလွန်တော်မူပြီ မကြာမီကာလမှာပင် အလက်ဇီကာရာမာဇော့က သူ မှတ်မိသည်များကို ရေးမှတ်ထားခြင်း ဖြစ်ပါသည်။ သို့သော် ယခု ရေးထားသည်များသည် ခင်ကြီး ဇော်ဇီမာ ထိုနေ့က ပြောကြားသည်များသာ ဖြစ်သလော၊ သို့မဟုတ် ခင်ကြီး ဇော်ဇီမာနှင့် ယခင်အခါများက ပြောဆိုမှတ်သားခဲ့ရသည်များကို ဖြည့်စွက်ထားခြင်း ရှိသလော ဆိုသည့် အချက်ကိုကား ကျွန်ုပ် မပြောနိုင်ပါချေ။

၎င်းအပြင် အလက်ဇီ၏ရေးသားချက်တွင် ခင်ကြီး ရဟန်း၏ ပြောကြားချက်များသည် အပြတ်အတောက် မရှိဘဲ ဖြစ်နေပါသည်။ ခင်ကြီးက သူ၏

အတ္ထုပ္ပတ္တိကို သူ၏ မိတ်ဆွေများအား ဝတ္ထုဇာတ်လမ်းတခု ပြောပြနေသည့်အလားပင် ဖြစ်သည်။ အမှန်အတိုင်း ဆိုရလျှင် ထိုနေ့ညက ပြောဆိုကြခြင်းသည် ယေဘုယျသဘော ဝိုင်းပြီး စကားပြောနေကြခြင်းသာ ဖြစ်ပါသည်။ ဧည့်သည် များသည် ခင်ကြီးဇော်ဇီမာ၏ စကားကို မကြာခဏ ဆိုသလို ကြားဖြတ်ပြောဆိုခြင်း မရှိသော်လည်း ရံဖန်ရံခါ ဆိုသလို သူတို့အချင်းချင်း တခုမဟုတ် တခုတော့ ပြောဆိုကြပေလိမ့်မည်။

ထို့အပြင် ခင်ကြီးဇော်ဇီမာသည် သူ၏ဇာတ်လမ်းကို အပြတ်အတောက်မရှိ တဆက်တည်း ပြောနိုင်မည် မဟုတ်ပါချေ။ အကြောင်းမှာ သူသည် မကြာခဏပင် မောပြီး အသက်ရှူရန် ရပ်နားနေရသောကြောင့် ဖြစ်သည်။ သူ၏အသံကလည်း မကြာမကြာ တိုးပြီး ပျောက်ဝင်သွားသော ကြောင့်လည်း ဖြစ်သည်။ နောက်ပြီးတော့ သူသည် စကားပြောခြင်းကို ခေတ္တခဏမျှဆိုသလို ရပ်ထားကာ ခုတင်ပေါ်တွင် လဲလျောင်းကာ နားနေရပါသည်။ သို့သော် သူသည် အိပ်ပျော်သွားခြင်း ကား မရှိပါ။ သူ၏ ဧည့်သည်များကလည်း နေရာမှ ထမသွားကြပါ။ တကြိမ် နှစ်ကြိမ် ဆိုသလို ဖားသားပေဆီက ခရစ်ဝင်ကျမ်းစာ ဖတ်ကြားသဖြင့် စကားပြောဆိုခြင်း ပြတ်တောက်သွားရသည် တော့ ရှိသည်။

မှတ်သားစရာကောင်းသည့် အချက်တခုကတော့ ထိုညတွင် သူ ကွယ်လွန်လိမ့်မည်ဟု မည်သူတယောက်ကမျှ မထင်မှတ်ကြခြင်းပင် ဖြစ်သည်။ သူသည် နေ့ခင်းက နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သဖြင့် သူ့ဘဝ၏ နောက်ဆုံးညနေတွင် သူသည် ခွန်အားသစ်တွေ ရုတ်တရက် ရရှိလာသည့်အလား ဖြစ်သည်။ ယင်းအတွက်လည်း သူသည် ဤမျှ ရှည်လျားသော စကားတွေကို ပြောဆိုနိုင်ခြင်းဖြစ်သည်။

သူသည် နောက်ဆုံးအကြိမ်အဖြစ် သူ၏မေတ္တာတရားများကို ဖွင့်လှစ်ခြင်းဖြစ်သဖြင့် မယုံကြည်နိုင် သော စွမ်းအားများကို ရရှိခြင်းဖြစ်နိုင်သည်။ သို့သော် အချိန်တိုကလေးမျှသာ ဖြစ်သည်။ အကြောင်းမှာ သူ၏ ဘဝသည် ရုတ်ခြည်းဆိုသလို ပြတ်တောက်သွားသောကြောင့် … နေဦး .. သည်အကြောင်းကို နောက်မှ ..။

ယခုအချိန်တွင် ကျွန်ုပ်ပြောလိုသည်ကတော့ စကားဝိုင်းအကြောင်း အသေးမစိတ်တော့ဘဲ အလက်ဇီ ကာရာမာဇော့ ရေးထားသော မှတ်တမ်းစာမူကို သူ့အတိုင်း တင်ပြလိုခြင်းသာ ဖြစ်ပါသည်။ သို့မှသာလျှင် တိုတိုနှင့် လိုရင်းသို့ ရောက်မည်ဖြစ်သည်။ ရှည်လျား ငြီးငွေ့ခြင်း ကင်းမည်ဖြစ်သည်။ သို့တစေလည်း ကျွန်ုပ် ထပ်ပြီးပြောရလျှင် အလျှိုရှာသည် ခင်ကြီး ရဟန်းနှင့် ယခင်ပြောဆိုခဲ့သည် များမှ အများအပြားကို ဤမှတ်တမ်း၌ ဖြည့်စွက် ရေးသားထားကြောင်းပင် ဖြစ်ပါသည်။

၂။ ဆရာတော်ကိုယ်တိုင် မြွက်ကြားတော်မူခဲ့သည့်အတိုင်း အလက်ဇီကာရာမာဇော့ စီရင်ရေးသားသည့် ပျံလွန်တော်မူပြီးသော တရားဟောဆရာ ဘုန်းတော်ကြီး အရှင် ခင်ကြီးဇော်ဖီမာ၏ ထေရုပ္ပတ္တိ ဘဝဖြစ်စဉ်မှတ်တမ်းများ

(က) ဖားသား ဇော်ဇီမာ၏ ငယ်ရွယ်သောအစ်ကို

လေးစားချစ်ခင်အပ်သော ဩဝါဒအရှင် ဘုန်းကြီးတို့ … ကျွန်ုပ်ကို ဝေးခေါင်တဲ့ မြောက်ပိုင်း ပြည်တခုက ဗီ ဆိုတဲ့ မြို့တမြို့မှာ မွေးဖွားပါတယ်။ ကျွန်ုပ်ရဲ့ဖခင်ဟာ လူကြီးလူကောင်း တယောက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လူကုံထံ ပုဂ္ဂိုလ်ကြီးတယောက် မဟုတ်သလို အထက်တန်း အရာရှိကြီး တဦးလည်း မဟုတ်ပါဘူး၊ ကျွန်ုပ် နှစ်နှစ်သားအရွယ်မှာ သူကွယ်လွန်သွားတဲ့အတွက် ကျွန်ုပ် သူ့ကို မမှတ်မိသလောက်ပါပဲ၊ သူကွယ်လွန်သွားတဲ့အခါမှာ အမေ့လက်ထဲမှာ အိမ်ကလေး တလုံးနဲ့ ငွေကြေးဥစ္စာအချို့ ကျန်ရစ်ပါတယ်၊ ငွေကြေးဥစ္စာက မများပြားလှပေမယ့် အမေဟာ ကလေးတွေနဲ့အတူ မပူမပင် မကြောင့်မကြ စားသောက်နိုင်ပါတယ်။

ကျွန်ုပ်တို့မှာ မွေးချင်း နှစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်ုပ်အစ်ကို မာကယ်နဲ့ ကျွန်ုပ်ပဲ ဖြစ်ပါတယ်၊ သူက ကျွန်ုပ်ထက် အသက်ရှစ်နှစ်ကြီးပြီး စိတ်တိုတယ်၊ ဒေါသကြီးတယ်။ ဒါပေမဲ့ သဘောကောင်းတယ်၊ မလှောင်မပြောင်တတ်ဘူး၊ သူက သိသိသာသာ စကားနည်းတယ်၊ အထူးသဖြင့် အိမ်မှာ ကျွန်ုပ်နဲ့ စကား သိပ်မပြောဘူး၊ အမေနဲ့လည်း စကားမပြောဘူး၊ အစေခံတွေနဲ့လည်း မပြောဘူး။

သူက ကျောင်းမှာ စာတော်တယ်၊ ဒါပေမဲ့ ကျောင်းနေဖက် ကျောင်းသားတွေနဲ့ အဆင်မပြေဘူး၊ သူတို့နဲ့ ရန်ဖြစ်တာတော့ မဟုတ်ဘူး… အမေက အဲဒီလိုပဲ ပြောတာပဲ။ သူမသေခင် ခြောက်လ လောက်မှာ သူ တဆယ့်ခုနစ်နှစ် အရွယ်မှာပေါ့…။ သူဟာ ကျွန်ုပ်တို့မြို့မှာ ဘယ်သူနဲ့မှ အပေါင်းအသင်း မလုပ်ဘဲ တယောက်တည်း နေနေတဲ့ လူတယောက်နဲ့ မိတ်ဆွေဖြစ်သွားတယ်။ အဲဒီလူက ဘာသာတရား ချုပ်နှောင်မှုမရှိဘဲ လွတ်လပ်စွာ တွေးခေါ်တဲ့အတွက် မော်စကိုကနေ နယ်နှင်ခံရတဲ့ နိုင်ငံရေးသမား တယောက်ပဲ။ အဲဒီလူဟာ တကယ့် စာပေပညာရှင်ကြီး တယောက်ပဲ၊ ထင်ရှားကျော်ကြားတဲ့ တက္ကသိုလ်က ဒဿနပညာရှင်ကြီး တဦးပဲ။

အဲဒီပုဂ္ဂိုလ်ကြီးက မာကယ်ကို အကြောင်းတခုကြောင့် အထူးတလည်ပဲ ချစ်ခင်ပြီး သူ့ဆီကို အချိန်မရွေး လာလည်ဖို့ ဖိတ်ခေါ်တယ်။ မာကယ်ဟာ

တည နေလုံး တဆောင်းတွင်းလုံးပဲ အဲဒီပုဂ္ဂိုလ်ကြီးဆီကို သွားလည်နေတယ်။ အဲဒီပုဂ္ဂိုလ်ကြီး စိန့်ပီတာစဘတ်ကို ပြန်သွားတဲ့အထိပဲ။ အဲဒီပုဂ္ဂိုလ်ကြီးမှာ ဩဇာတိက္ကမရှိတဲ့ မိတ်ဆွေတွေ အများကြီးရှိတဲ့အတွက် သူ့ရဲ့တောင်းဆိုချက်အရ သူ့ကို အစိုးရအလုပ်မှာ ပြန်ခန့်တယ်။

ဝါတွင်းကာလ အစမှာပဲ မာကယ်ဟာ အစားမစားဘဲ ဝါရှောင်တဲ့ အလုပ်ကို ဆန့်ကျင်တယ်၊ သူက တော်တော်ကလေးကို မရိုမသေ မလေးမစား သရော်စော်ကား ပြောဆိုတယ်၊ ‘ဝါရှောင်တာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ဘုရားသခင်ဆိုတာလည်း မရှိဘူး’ အဲဒီအချိန်မှာ အမေနဲ့ အစေခံတွေဟာ အတော်ကြီးကို ထိတ်လန့်တုန်လှုပ်သွားကြတယ်၊ အဲဒီတုန်းက ကျွန်ုပ်ဟာ အသက် ကိုးနှစ်သာ ရှိသေးပေမဲ့ သူ့စကားကို ကြားလိုက်ရတဲ့အခါမှာ အတော့်ကို ကြောက်လန့်သွားရတယ်။

ကျွန်ုပ်တို့ရဲ့အစေခံတွေအားလုံးဟာ ငွေဝယ်ကျွန်တွေပဲ ဖြစ်တယ်၊ အားလုံးပေါင်း လေးယောက် ရှိတယ်၊ အဲဒီလေးယောက်အနက် တယောက်ကို အမေ ရောင်းပစ်လိုက်တာကို ကျွန်ုပ် မှတ်မိနေ တယ်၊ အေဖီဗျာဆိုတဲ့ ခြေတဖက်မသန်တဲ့ ထမင်းချက် အဘွားကြီးကို ရှုဗယ်ခြောက်ဆယ်နဲ့ ရောင်းပစ်လိုက်ပြီး သူ့နေရာမှာ ငွေဝယ်ကျွန် မဟုတ်တဲ့ အစေခံ ရိုးရိုးတယောက် အစား ငှားလိုက်တယ်။

အစားအစာ ရှောင်ကြဉ်တဲ့ ဝါတွင်းကာလ သတ္တမမြောက် ရက်သတ္တပတ်မှာ ကျွန်ုပ်ရဲ့အစ်ကို အသည်းအသန် နေမကောင်းဖြစ်တယ်။ သူဟာ ငယ်ငယ်လေးကတည်းက ကျန်းမာရေး မကောင်းခဲ့ ဘူး။ အဆုတ်ရောဂါ ရှိချင်တယ်၊ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ပျော့ပျော့ပျောင်းပျောင်းနဲ့ မျက်နှာ ချောချောလှလှ ဖြစ်တယ်။ သူ အအေးမိတာပဲလို့ ကျွန်ုပ် ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆရာဝန်က သူ့ကို စမ်းသပ်စစ်ဆေးပြီးတဲ့အခါမှာ အမေ့ကို တိုးတိုးပြောတယ်၊ သူ့ရောဂါက ကျွမ်းနေပြီတဲ့၊ နွေဦးပေါက်အောင်တောင် နေရတော့မှာ မဟုတ်ဘူးလို့ ပြောတယ်။

အဲဒီအခါမှာ အမေ ငိုတော့တာပဲ၊ နောက်ပြီးတော့ အမေက သူ့ကို အလန့်တကြား ဖြစ်မသွားအောင် ဖြည်းဖြည်းချင်း ပြောတယ်၊ ဘုရားရှိခိုးကျောင်းကို သွားပြီး အာပတ်ဖြေဖို့ ပြောတယ်၊ ဝတ်ပြုဖို့ ပြောတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီအချိန်က သူ လမ်းလျှောက်နိုင်တဲ့ အခြေအနေ ရှိသေးတယ်၊ အဲဒီစကားကို ကြားရတဲ့အခါမှာ သူ ဒေါသူပုန်ထတော့တာပဲ၊ ဘုရားရှိခိုးကျောင်းကို ကျိန်ဆဲတော့ တာပဲ၊ ဒါပေမဲ့ ... ဒါပေမဲ့ သူဆင်ခြင်တွေးတောလာတယ်၊ သူဟာ အသည်းအသန် နေမကောင်း ဖြစ်နေတယ်၊ ဒါကြောင့် အမေက သူ လမ်းလျှောက်နိုင်တုန်းမှာ ဘုရားရှိခိုးကျောင်းကို သွားပြီး အာပတ်ဖြေဖို့ ဝတ်ပြုဖို့ ပြောတယ်ဆိုတာ သူ သဘောပေါက်သွားတယ်။ အမှန်တော့ သူ့ကျန်းမာရေး အခြေအနေ မကောင်းဘူးဆိုတာကို သူသတိပြုမိနေတာကြာပြီ။ လွန်ခဲ့တဲ့ တနှစ်လောက်ကပဲ

သူဟာ ဝိုင်းမှာ အမေနဲ့ ကျွန်ုပ်ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပြောခဲ့တယ်။

"အမေတို့နဲ့ ကျွန်တော် ကြာကြာနေရတော့မှာ မဟုတ်ဘူး၊ နောက်ထပ် တနှစ်တောင် နေရတော့မှာ မဟုတ်ဘူး" တဲ့ ..

အဲဒီစကားဟာ သူ့ကိုယ်သူ နိမိတ်ဖတ်ခဲ့တာပဲဖြစ်တယ်၊ နောက် သုံးရက်ကြာတဲ့အခါမှာ အီစတာပွဲကြို မြင့်မြတ်တဲ့ သီတင်းပတ် ရောက်လာတယ်၊ ကျွန်ုပ်ရဲ့အစ်ကိုဟာ အင်္ဂါနေ့ကစပြီး ဝါရှောင်တယ်၊ ဘုရားရှိခိုးကျောင်းကို သွားတယ်။

"ကျွန်တော် အမေ့အတွက် လုပ်တာပဲ၊ အမေ စိတ်ချမ်းသာအောင် လုပ်တာပဲ" လို့ အမေ့ကို သူပြောတယ်၊ အမေ ဝမ်းသာလွန်းလို့ ငိုရှာတယ်၊ နောက်ပြီးတော့ အမေဟာ စိတ်ဆင်းဆင်းရဲရဲနဲ့ တွေးမိပြန်တယ်။ "သူ့မှာ ဒီလိုအပြောင်းအလဲတွေ ဖြစ်လာရင် သူ သိပ်ကြာကြာ နေရတော့မှာ မဟုတ်ဘူး" ဆိုပြီး ...

ဒါပေမဲ့ သူဟာ ဘုရားရှိခိုးကျောင်းကို သိပ်ကြာကြာမသွားနိုင်ဘူး၊ အိပ်ရာထဲမှာ လဲတော့တာပဲ။ အဲဒီအခါမှာ သူဟာ အာပတ်ဖြေတဲ့အလုပ်နဲ့ ပရိတ်ဆီလိမ်း ဘိသိက်ခံတဲ့ အလုပ်တွေကို အိမ်မှာပဲ လုပ်ရတော့တယ်။

အီစတာပွဲတော်ကာလက နောက်ကျတဲ့အတွက် ပွဲတော်ရက်ဟာ ရာသီဥတု ကြည်လင်ပြီး နေရောင်ခြည် တောက်ပနေတယ်၊ နွေဦးရနံ့တွေ သင်းပျံ့ထုံမွှေးနေတယ်။

ကျွန်ုပ် ကောင်းကောင်းမှတ်မိနေတယ်၊ ညဘက်မှာ သူ ချောင်းတဟွပ်ဟွပ်ဆိုးပြီး အိပ်မပျော်နိုင်ဘူး၊ ဒါပေမဲ့ မနက်မိုးလင်းတာနဲ့ တပြိုင်နက် အဝတ်အစားလဲပြီး ပက်လက် ကုလားထိုင်မှာ တည်တည်ငြိမ်ငြိမ်နဲ့ သိမ်သိမ်မွေ့မွေ့ကလေး ထိုင်နေတယ်။ သူဟာ နေမကောင်း ဖြစ်နေပေမဲ့ ပြုံးနေတယ်၊ ကြည်နူးရွှင်ပျနေတယ်၊ သူဟာ အံ့သြစရာကောင်းလောက်အောင်ကို ပြောင်းလဲသွား တယ်၊ သူ့စိတ်တွေလည်း ပြောင်းသွားတယ်။

သူနာပြုဆရာမကြီး သူ့အခန်းထဲကိုဝင်လာပြီး ပုံတော်ကားရှေ့မှာ "မီးပူဖော်လိုက်မယ်နော် ကလေး" လို့ ပြောတယ်၊ အရင်တုန်းကဆိုရင် သူ နည်းနည်းကလေးမှ ခွင့်မပြုဘူး၊ မီးအိမ်ကို မှုတ်ပြီး ငြိမ်းပစ်လိုက်တာပဲ။ အခုတော့ သူက... "ထွန်းပါ ဆရာမ ထွန်းပါ၊ ဟိုတုန်းက ဆရာမကို မထွန်းရဘူးလို့ ပြောခဲ့တာ ကျွန်တော် ဆိုးတာပဲ၊ ဆရာမက မီးပူဖော်ရင်း ဘုရားဝတ်ပြုပါ။ ကျွန်တော်က ဆရာမ မီးပူဖော်တာကိုကြည့်ရင်း ဝတ်ပြုမယ်၊ အဲဒီတော့ ကျွန်တော်တို့နှစ်ယောက်

ဟာ ဘုရားသခင် တဆူတည်းကို ဝတ်ပြုကြတာပဲပေါ့”

အဲဒီစကားတွေဟာ ကျွန်ုပ်တို့အဖို့ အများကြီးဆန်းနေတယ်၊ အမေဟာ သူ့အခန်းထဲမှာ ပြန်ပြီး ငိုရှာတယ်၊ ဒါပေမဲ့ အမေဟာ အစ်ကို့ဆီကို ပြန်လာတဲ့အခါမှာတော့ မျက်ရည်တွေကို သုတ်လာတယ်၊ အမေ့ရဲ့ မျက်နှာကလည်း ကြည်လင်ရွှင်ပျနေတယ်။

“မငိုပါနဲ့ အမေရယ်၊ ကျွန်တော် အကြာကြီး နေရဦးမှာပါ၊ ကျွန်တော် အများကြီး ပျော်ရဦးမှာပါ၊ ဘဝဆိုတာ အင်မတန်သာယာပြီး အင်မတန် ပျော်စရာကောင်းပါတယ်” အဲဒီလို သူ ပြောလေ့ ရှိတယ်။

“အို သားကလေးရယ်၊ သားဟာ တညလုံး ချစ်ချစ်တောက်နေအောင် ဖျားပြီး ရင်ဘတ်ကြီး ကွဲထွက်သွားမတတ် ချောင်းဆိုးနေတဲ့ကြားကနေ ပျော်စရာအကြောင်းကို ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ”

အဲဒီအခါမှာ သူက ပြန်ပြောတယ် ...

“မငိုပါနဲ့ အမေ၊ ဘဝဆိုတာ သုခဘုံပါ၊ ကျွန်တော်တို့ အားလုံးဟာ သုခဘုံမှာ ရှိနေကြပါတယ်၊ ကျွန်တော်တို့ မသိလို့သာဖြစ်ရမယ်၊ ကျွန်တော်တို့ သိခဲ့လို့ရှိရင် ကောင်းကင်ဘုံဟာ မနက်ဖြန်မှာ ဒီကမ္ဘာမြေပြင်ပေါ်မှာ ရှိနေလိမ့်မယ်”

ကျွန်ုပ်တို့အားလုံးဟာ သူ့စကားတွေအတွက် အံ့သြခြင်းမက အံ့သြနေကြရတယ် သူက အလွန့် အလွန် ထူးဆန်းစွာ ပြောတယ်၊ သူက အလွန့်အလွန် သေချာစွာပြောတယ်။ ကျွန်ုပ်တို့အားလုံး စိတ်ထိခိုက်ပြီး ငိုကြရတယ်၊ ကျွန်ုပ်တို့ဆီကို ဧည့်သည်တွေ လာတဲ့အခါမှာ သူတို့ကို သူက ပြောတယ်...

“ချစ်မိတ်ဆွေတို့၊ ကျွန်ုပ်ဟာ ခင်ဗျားတို့ရဲ့မေတ္တာကို ခံယူနိုင်စရာ ဘာလုပ်ခဲ့သလဲ၊ ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး ကျွန်တော့်လို လူတယောက်အပေါ်မှာ မေတ္တာထားနိုင်ကြသလဲ၊ ဘယ်လိုကြောင့် ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူး၊ အရင်က ကျွန်တော်က သဘော မပေါက်ခဲ့ဘူး”

သူ့ဆီကို အစေခံတွေ လာကြတဲ့အခါမှာလည်း သူက ...

“အို ... ခင်ဗျားတို့ ကျွန်တော့်ကို ဘာဖြစ်လို့ ပြုစုစောင့်ရှောက်နေကြသလဲ၊ ခင်ဗျားတို့ရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ ကျွန်တော် မထိုက်တန်ပါဘူး၊ တကယ်လို့ ဘုရားသခင်က အလိုရှိတော်မူလို့ ကျွန်တော် အသက်ရှင်နေရဦးမယ်ဆိုရင် ခင်ဗျားတို့ကို ကျွန်တော် ပြုစုစောင့်ရှောက်ပါ့မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ လူတွေဟာ တယောက်ကိုတယောက် ပြုစုစောင့်ရှောက်ကြရမယ် မဟုတ်လား”

အဲဒီအခါမှာ အမေဟာ သူ့စကားကို ကြားရတဲ့အခါ ခေါင်းကို ယမ်းခါပြီး ပြောတယ် ...

"သားကလေးရယ်၊ သားဟာ ဒီစကားတွေကို သား နေမကောင်းလို့သာ ပြောနေတာပဲ" ဒီတော့ သူပြန်ပြောတယ် ...

"ဒီမယ် မေမေ၊ အစေခံနဲ့ အရှင်သခင်ဆိုတာ ရှိရမှာပဲ၊ ဒါပေမဲ့ အဲဒီလိုရှိခဲ့တယ်ဆိုရင် ကျွန်တော်ဟာ ကျွန်တော့်ရဲ့အစေခံတွေရဲ့ အစေခံပဲ ဖြစ်ရမယ်၊ ကျွန်တော်ဟာ သူတို့နဲ့ အတူတူပဲ ဖြစ်ရမယ်၊ နောက်တခုကတော့ အမေရယ်... ကျွန်တော် ပြောပါရစေ၊ ကျွန်တော်တို့ဟာ တယောက်အပေါ် တယောက် နည်းအမျိုးမျိုးနဲ့ တာဝန်ရှိနေကြတာပဲ၊ ကျွန်တော်က သူတို့ထက်တောင် ပိုသေးတယ်"

ဒီအခါမှာ အမေဟာ မျက်ရည်စမ်းစမ်းနဲ့ ပြုံးရရှာတယ်၊ ပြီးတော့ သားကိုပြောတယ်.. "အို သားရယ်... သားက ဘယ်လိုလုပ်ပြီး သူတို့အားလုံးအတွက် တာဝန်ရှိရမှာလဲ၊ ဒီလောကကြီးမှာ လူသတ်သမား တွေရှိတယ်၊ သူခိုးဓားပြတွေ ရှိတယ်၊ ဒါပေမဲ့ သားက ဘာပြစ်မှုတခုမျှား ကျူးလွန်ခဲ့သေးလို့ သူတို့အားလုံးထက် ပိုပြီး အပြစ်ရှိနေရမှာလဲ"

"ကျွန်တော့်အသည်းထဲက မေမေရယ်... (ထိုအချိန်က သူဟာ အဲဒီလို စကားလုံး ဆန်းဆန်းကလေး တွေကို သုံးစွဲနေတယ်) ကျွန်တော့်ရဲ့ ပျော်ရွှင်မှုထဲက မေမေရယ်... လူတိုင်းဟာ လူတိုင်း လူတိုင်းအတွက် အားလုံး အားလုံးအတွက် တာဝန်ရှိနေတယ် ဆိုတာကို မေမေ သိစမ်းပါ။ ဒါကို မေမေ နားလည်အောင် ဘယ်လိုရှင်းပြရမလဲ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ စူးနေအောင် သိနေတာတော့ အမှန်ပဲ။ ကျွန်တော်တို့ဟာ အဲဒီအကြောင်းကို မသိဘဲနဲ့ ဘယ်လိုလုပ်ပြီး ဒီလောကကြီးမှာ နေနေကြသလဲ၊ ဒေါသဖြစ်နေကြသလဲ"

အဲဒီလိုပဲ သူဟာ နေ့တိုင်း မနက်အစောကြီးထပြီး သူ့စိတ်ထဲမှာ ပျော်သထက် ပျော်နေတော့တယ်၊ လူတိုင်းကိုပဲ နူးညံ့တဲ့စကားကလေးတွေကို ပြောတယ်၊ မေတ္တာရောင်ပြန်ဟပ်နေတယ်။ အိုက်ဆင်ရှမစ်ဆိုတဲ့ ဂျာမန်ဆရာဝန် အဘိုးကြီး လာတဲ့အခါမှာ သူက နောက်ပြောင်ပြီး မေးတတ်တယ်။

"ဘယ်လိုလဲ ဒေါက်တာ၊ ဒီကမ္ဘာကြီးမှာ ကျွန်တော် နောက်တနေ့ နေရဦးမှာလား"

"တနေ့မဟုတ်ဘူး၊ နောက်ထပ် နေ့တွေ အများကြီး ... လတွေ အများကြီး ... နှစ်တွေ အများကြီး နေရဦးမယ်" ဆရာဝန်က ပြန်ပြောတယ်။

ဒီအခါမှာ သူက ...

"ကျွန်တော်တို့မှာ နှစ်တွေ လတွေ အများကြီး မလိုပါဘူး၊ နေ့လောက်ဆိုရင် တော်ပြီပေါ့။ လူတယောက်အဖို့ တနေ့ဆိုရင် ပျော်ရွှင်မှုသုခတွေ အားလုံးကိုသိဖို့ လုံလောက်တာပဲ၊ မိတ်ဆွေတို့ ... ကျွန်တော်တို့ ဘာဖြစ်လို့ ရန်ဖြစ်နေကြတာလဲ၊ တယောက်ကိုတယောက် ဘာဖြစ်လို့ ကြွားနေကြ ရတာလဲ၊ ဘာဖြစ်လို့ တယောက်ကိုတယောက် အကျိတ်အခဲတွေ ထားနေကြတာလဲ၊ ဘာဖြစ်လို့ ဥယျာဉ်ထဲကိုသွားပြီး ပျော်ပျော်ရွှင်ရွှင် မနေကြသလဲ၊ တယောက်ကိုတယောက် မေတ္တာတရား မထားကြသလဲ၊ မချီးမွမ်းကြသလဲ၊ မနမ်းရှုပ်ကြသလဲ၊ ကောင်းချီးမပြုကြသလဲ ..."

"ခင်ဗျားသား သိပ်ကြာကြာ နေရတော့မှာ မဟုတ်ဘူး၊ သူ့ရဲ့ရောဂါဟာ သူ့ဦးနှောက်ကို ရောက်သွားပြီ" သူ့ကို အိမ်ရှေ့တံခါးဝအထိ လိုက်ပို့တဲ့ အမေ့ကို ဒေါက်တာက ပြောပါတယ်။

သူ့အခန်း ပြတင်းပေါက်တွေဟာ ခြံဝင်းဥယျာဉ်ဘက်ကို မျက်နှာပြုနေကြတယ်၊ ကျွန်ုပ်တို့ရဲ့ ခြံဝင်း ဥယျာဉ်ထဲမှာ အရိပ်အာဝါသကောင်းမွန်တဲ့ သစ်ပင်ကြီးတွေရှိတယ်၊ သစ်ပင်ကြီးတွေပေါ်မှာ နွေဦးကာလရဲ့ ပန်းဖူးကလေးတွေ ဖူးပွင့်နေကြတယ်၊ နွေဦးရာသီမှာ အစောဆုံး ရောက်လာတဲ့ ငှက်ကလေးတွေဟာ ပြတင်းပေါက်မှာ တေးဆိုနေကြတယ်၊ သူဟာ ငှက်ကလေးတွေကို ကြည့်နေတယ်၊ ငှက်ကလေးရဲ့ အလှကို ချီးမွမ်းနေတယ်၊ အဲဒီနောက်မှာ သူဟာ ငှက်ကလေးတွေကို တောင်းပန်စကား ဆိုနေတယ်။

"မိုးကောင်းကင်ထဲက ငှက်ကလေးတွေရယ် .... ပျော်ရွှင်မြူးထူးနေကြတဲ့ ငှက်ကလေးတွေရယ် ... ငါ့ကို ခွင့်လွှတ်ကြပါကွယ်၊ ငါဟာ မင်းတို့ကလေးတွေအပေါ်မှာ ပြစ်မှားခဲ့ပါတယ်ကွယ်"

အဲဒီအချိန်တုန်းကတော့ ကျွန်ုပ်တို့ဟာ အဲဒီစကားတွေကို ဘယ်သူကမှ သဘောမပေါက် နားမလည် နိုင်ခဲ့ကြဘူး၊ ဒါပေမဲ့ သူက ဝမ်းသာကြည်နူးလွန်းလို့ ငိုနေတယ်၊ ပြီးတော့ သူပြောပြန်တယ်။

"ဟုတ်တယ်၊ ကျွန်တော်ရဲ့ ပတ်ပတ်လည်မှာ ဘုရားသခင်ရဲ့ ဂုဏ်ကျက်သရေတွေဖြစ်တဲ့... ငှက်ကလေးတွေ၊ သစ်ပင်ကြီးတွေ၊ မြက်ခင်းပြင်တွေ၊ မိုးကောင်းကင်ကြီး တခုလည်း ရှိတယ်။ ကျွန်တော်က ဒီအရာတွေအားလုံးကို မှေးမှိန် ညှိုးနွမ်းစေခဲ့တယ်၊ ဒါတွေရဲ့အလှနဲ့ ကျက်သရေတွေ ကို နားမလည်ဘဲ ဖြစ်ခဲ့ရတယ်"

"သားက ... သားအပေါ်မှာ အပြစ်တွေ အများကြီး ခံနေတာပဲ"

အမေက ငိုပြီး ပြောတယ်။

“အို ... မေမေရယ်၊ ကျွန်တော်ငိုနေတာက ဝမ်းနည်းပူဆွေးဖို့ မဟုတ်ပါဘူး၊ ပျော်ရွှင် ချမ်းမြေ့ကြဖို့ အတွက်ပါ။ မေမေ့ကို ကျွန်တော် ဘယ်လိုရှင်းပြရမှန်း မသိပေမယ့် ကျွန်တော်ဟာ သူတို့ကို ချစ်လွန်းလှတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အများကြီး ကျိုးနွံနှိမ့်ချနေတာပဲ၊ ကျွန်တော်ဟာ အားလုံးကိုပဲ ပြစ်မှားမိနိုင်တယ်၊ ဒါပေမဲ့ အဲဒီအတွက်ပဲ သူတို့အားလုံးက ကျွန်တော့်ကို ခွင့်လွှတ်ကြ လိမ့်မယ်၊ အဲဒါဟာ ကောင်းကင်ဘုံပဲ၊ ကျွန်တော်ဟာ အခု ကောင်းကင်ဘုံမှာ ရောက်နေတာပဲ မဟုတ်လား”

ကျွန်ုပ် မမှတ်မိသောအချက်တွေ၊ ကျွန်ုပ် မဖော်ပြနိုင်သောအချက်တွေ အများကြီး ကျန်ရှိပါသေး တယ်။ တနေ့မှာတော့ သူ့အခန်းထဲမှာ ဘယ်သူမှ မရှိတဲ့အချိန်မှာ ကျွန်ုပ် ရောက်သွားတယ်။ အင်မတန် ကြည်လင်တောက်ပတဲ့ ညနေချမ်းအချိန် ဖြစ်တယ်၊ နေဝင်နေပြီ ဖြစ်တယ်။ သူ့အခန်း ထဲမှာ ရွှေ့စောင်းပြီးကျနေတဲ့ နေရောင်ခြည်တွေနဲ့ လင်းနေတယ်၊ သူက ကျွန်ုပ်ကို မြင်တာနဲ့ တပြိုင်နက် ခေါင်းညိတ်ပြီး ခေါ်တယ်၊ သူ့ဆီကို ကျွန်ုပ်သွားတယ်၊ သူက ကျွန်ုပ်ရဲ့ ပခုံးနှစ်ဖက်ကို သူ့လက်တွေနဲ့ ဆုပ်ကိုင်ပြီး ကျွန်ုပ်ရဲ့မျက်နှာကို ချစ်ခင်ကြင်နာစွာနဲ့ ညင်ညင်သာသာကလေး ကြည့်တယ်၊ သူဟာ ကျွန်ုပ်ကို ဘာတခွန်းမှ မပြောဘဲ အဲဒီလိုပဲ တမိနစ်လောက်ကြာအောင် ကြည့်နေတယ်၊ ပြီးတော့မှ ...

“ကဲ ... ညီလေးရေ၊ အပြင်ကို ပြေးသွားပြီး ကစားလိုက်စမ်းပါ၊ လူ့လောက ဘဝကို အစ်ကို့အတွက်ပါ ခံစားလိုက်စမ်းပါ”

“လူ့လောကဘဝကို သူ့အတွက် ခံစားလိုက်စမ်းပါ” ဆိုတဲ့ စကားကို ကျွန်ုပ်ရဲ့ဘဝ နောက်ပိုင်းမှာ အကြိမ်ပေါင်းများစွာ ဆိုသလိုပဲ အမှတ်ရနေမိပါတယ်။ သူဟာ အဲဒီလို အံ့သြစရာကောင်းပြီး လှပတဲ့စကားတွေကို နောက်ထပ် အများကြီး ပြောသေးတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကတော့ အဲဒီစကားတွေရဲ့ အဓိပ္ပာယ်တွေကို ကျွန်ုပ်တို့ နားမလည်ခဲ့ကြဘူး။

သူဟာ အီစတာပွဲတော်အပြီး သုံးပတ်အကြာမှာ ကွယ်လွန်သွားတယ်။ သူဟာ ဘာမှ ထပ်မပြောတော့ပေမဲ့ မသေခင်အချိန်အထိ ကောင်းကောင်းကြီး သတိရနေတယ်၊ သူဟာ နောက်ဆုံးအချိန်အထိ မပြောင်းလဲဘဲ ရှိခဲ့တယ်၊ သူ့ကို ကြည့်ရတာ ပျော်နေတယ်။ ကျွန်ုပ်တို့ကို သူကြည့်နေတဲ့ မျက်လုံးတွေမှာ၊ ကျွန်ုပ်တို့ကို သူပြုံးပြနေတဲ့ မျက်လုံးတွေမှာ၊ ကျွန်ုပ်တို့ကို လှမ်းခေါ်နေတဲ့ မျက်လုံးတွေမှာ ဝမ်းသာပျော်ရွှင်မှုတွေ ရှိနေတယ်။

သူကွယ်လွန်တဲ့အကြောင်းကို ကျွန်ုပ်တို့ရဲ့ မြို့ကလေးထဲမှာ အများကြီးကို

ပြောဆို နေကြတယ်။ အဲဒီအချိန်တုန်းက ကျွန်ုပ်ဟာ သူသေဆုံးတဲ့အတွက် တုန်လှုပ်ချောက်ချားခဲ့ရတယ်၊ ဒါပေမဲ့ သူ့ရဲ့အသုဘမှာ ကျွန်ုပ် သည်းသည်းထန်ထန် ငိုကြွေးခဲ့ရပေမယ့် အတုန်လှုပ်ကြီးတော့လည်း မဟုတ်ဘူး၊ ကျွန်ုပ်ဟာ အဲဒီအချိန်တုန်းက သိပ်ပြီးမှ ငယ်သေးတယ်၊ ကလေးပဲ ရှိသေးတယ်။ ဒါပေမဲ့ ကျွန်ုပ်ရဲ့နှလုံးသားမှာ ကောင်းစွာ စွဲထင်နေတယ်၊ နှစ်ပေါင်းများစွာ လွှမ်းမိုးနေတယ်၊ အချိန်ကျရင် ပြန်လည်နိုးထလာဖို့ အသင့်ရှိနေတယ်၊ အခု ပြန်လည်နိုး ကြွလာတာပဲ ဖြစ်တယ်။

(ခ) ဖားသား ဇော်ဇီမာ၏ ဘဝမှ သမ္မာကျမ်းစာအုပ်

ကျွန်ုပ်ဟာ အမေနဲ့အတူ တယောက်တည်း ကျန်ရစ်ခဲ့တယ်၊ သိပ်မကြာခင်မှာပဲ အခြား မိဘတွေနည်းတူ ကျွန်ုပ်ကို ဗီတာစဘတ်ကို ပို့ဖို့ အမေ့ကို မိတ်ဆွေတွေက အကြံပေးကြတယ်။

"ညည်းမှာ အခု သားတယောက်ပဲ ရှိတော့တယ်၊ ညည်းမှာ ပိုက်ဆံလည်းရှိတယ်၊ ညည်း သူ့ကို ဒီမှာပဲ ထားနေလို့ရှိရင် သူ့ရဲ့ တောက်ပတဲ့ အနာဂတ်ကို ဖျက်ဆီးရာကျလိမ့်မယ်"

သူတို့က ကျွန်ုပ်ကို ဗီတာစဘတ် ဗိုလ်သင်တန်းကျောင်းကို ပို့ဖို့ အမေ့ကို ပြောကြတယ်၊ ဒါမှ ကျွန်ုပ်ဟာ ဘုရင့်တပ်မတော်ကို ဝင်ရောက်နိုင်မှာဖြစ်တယ်၊ အမေဟာ အချိန်အတော်ကြီး ကြာအောင်ကိုပဲ မဝေခွဲ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ကျွန်ုပ်ကို ဗီတာစဘတ်ကို ပို့ဖို့ သူ ဆုံးဖြတ်ခဲ့တယ်၊ ကျွန်ုပ်ရဲ့ ကောင်းစားရေးအတွက် လုပ်ဆောင်တယ်လို့ ယူဆတဲ့အတွက် သူဟာ သိပ်တော့ မငိုခဲ့ဘူး။

အမေဟာ ကျွန်ုပ်ကို ဗီတာစဘတ်မြို့တော်ကို ခေါ်သွားပြီး ဗိုလ်သင်တန်းကျောင်းကို ပို့ပေးတယ်၊ အဲဒီနောက်မှာ အမေ့ကို ကျွန်ုပ် မတွေ့ရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်သုံးနှစ်အကြာမှာ အမေ ဆုံးသွားလို့ပဲ၊ ဒီသုံးနှစ်အတွင်းမှာ သူဟာ သားနှစ်ယောက်အတွက် ငိုကြွေးပူဆွေးရင်းနဲ့ ဆုံးသွားရရှာတာပဲ။

ကျွန်ုပ်ဟာ မိဘနှစ်ပါးအိမ်မှ မြတ်နိုးဖွယ် အောက်မေ့စရာကလေးတွေကလွဲလို့ တခြား ဘာတခုမှ သယ်ဆောင်မလာဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ငယ်စဉ်ကာလ ကိုယ့်အိမ်က အောက်မေ့စရာကလေး တွေထက် ပိုပြီး မြတ်နိုးဖွယ်ကောင်းတာ ဒီလောကကြီးမှာ ဘာမှ မရှိလို့ဘဲ၊ ကိုယ့်မိသားစုထဲမှာ ချစ်ခင်ညီညွတ်တာကလေးတွေရှိရင် အဲဒီစကားဟာ အမှန်ဆုံးပဲ။

မှန်ပါတယ်၊ မိသားစု အခြေအနေ မကောင်းမွန်တဲ့ အိမ်ကနေပြီးတော့လည်း မြတ်နိုးဖွယ် အောက်မေ့စရာကလေးတွေကို ရနိုင်ပါတယ်။ မြတ်နိုးဖွယ်ကောင်းတဲ့ အောက်မေ့တသစရာကလေး တွေကို သင်ရဲ့နှလုံးသားက ရှာဖွေတတ်ဖို့ပဲ လိုပါတယ်။

ကျွန်ုပ်ရဲ့ နေအိမ်က အောက်မေ့စရာကလေးတွေအကြောင်း ပြောရရင် သမ္မာကျမ်းစာထဲက ကျွန်ုပ် ဖတ်ခဲ့ရတဲ့ ဇာတ်လမ်းတွေအကြောင်းလည်း

ထည့်ပြောရပါမယ်၊ ကျွန်ုပ်ဟာ အဲဒီတုန်းက ကလေးကလေးတယောက်သာ ဖြစ်ပေမဲ့ သမ္မာကျမ်းစာထဲက ဇာတ်လမ်းတွေကို စိတ်ပါဝင်စားစွာ ဖတ်ရှုခဲ့ပါတယ်၊ ကျွန်ုပ်မှာ 'ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့မှ ဝတ္ထုဇာတ်လမ်း တရာ့လေးပုဒ်' ဆိုတဲ့ စာအုပ်တအုပ် ရှိပါတယ်။ သမ္မာကျမ်းစာထဲက ဝတ္ထုဇာတ်လမ်းတွေကို ရုပ်ပုံတွေနဲ့ ဖော်ပြထားတတ် ပါတယ်။ အဲဒီစာအုပ်ကို ကျွန်ုပ် ဖတ်ရှုလေ့လာပါတယ်၊ အဲဒီစာအုပ်ဟာ ဒီအခန်းထဲက စာအုပ်စင် ပေါ်မှာ အခုရှိနေပါတယ် ကလေးဘဝက ပစ္စည်းလေးအဖြစ်နဲ့ အမှတ်တရ သိမ်းထားတာပါပဲ။

ဒါပေမဲ့ ကျွန်ုပ်ဟာ စာမဖတ်တတ်ခင် ရှစ်နှစ်သားအရွယ်ကတည်းက ဘုရားတရားမှာ ကြည်ညို သဒ္ဓါစိတ် ပွားများခဲ့ရပါတယ်။ အမေက ကျွန်ုပ်ကို ဘုရားရှိခိုးကျောင်းကို တယောက်တည်း ခေါ်သွားပါတယ် ... (အဲဒီအချိန်တုန်းက ကျွန်ုပ်ရဲ့ အစ်ကို ဘယ်ရောက်နေသလဲ ဆိုတာတော့ ကျွန်ုပ် မမှတ်မိတော့ဘူး) အီစတာပွဲတော်ရက် မတိုင်ခင် တနင်္လာနေ့ နံနက်ပိုင်း ဝတ်ပြုပွဲကို ခေါ်သွားတာ ဖြစ်ပါတယ်။

ကျွန်ုပ် ကောင်းကောင်း မှတ်မိနေတယ်၊ အဲဒီနေ့ဟာ နေသာတဲ့ နေ့တနေ့ ဖြစ်တယ်၊ မျက်စိထဲမှာ အခုပဲ ဖြစ်နေသလိုပဲ၊ နံ့သာပေါင်းအိုးထဲက အမွှေးနံ့သာခိုးတွေဟာ အပေါ်ကို တဖြည်းဖြည်းချင်း လွင့်ပြီး တက်သွားနေကြတယ်၊ ခေါင်မိုး ပြတင်းပေါက်ကလေး တခုကနေပြီး နေရောင်ခြည် ထိုးကျနေတယ်၊ နံ့သာခိုးတွေဟာ အဲဒီနေရောင်ခြည်ထဲကို လွင့်တက် ရောဝင်သွားနေတယ်၊ အဲဒါကိုကြည့်ပြီး ကျွန်ုပ် စိတ်တွေ လှုပ်ရှားလာတယ်၊ ကျွန်ုပ်ရင်ထဲမှာ ဘုရားသခင်ရဲ့ နှုတ်ကမွတ်တော်တွေ ပထမဆုံး မျိုးစေ့ချခဲ့တာပဲဆိုတာ ကျွန်ုပ် သဘောပေါက်ရတယ်။

အဲဒီအချိန်မှာပဲ လူရွယ်တယောက်ဟာ စာအုပ်ကြီးတအုပ်ကို သယ်ပြီး ဘုရားရှိခိုးကျောင်းရဲ့ အလယ်ကို ထွက်လာတယ်။ စာအုပ်ကြီးက ဘယ်လောက်ကြီးသလဲဆိုတော့ အဲဒီလူရွယ် သယ်နိုင်မှာ မဟုတ်ဘူးလို့တောင် အဲဒီအချိန်က ကျွန်ုပ်စိတ်ထဲမှာ ထင်မိတယ်၊ လူရွယ်ဟာ စာအုပ်ကြီးကို စာဖတ်စားပွဲပေါ်မှာ တင်ပြီး စဖတ်တယ်၊ အဲဒီတော့မှပဲ ကျွန်ုပ်ဟာ ဘုရားရှိခိုးကျောင်းမှာ သူတို့ဖတ်တဲ့အကြောင်းကို ပထမဆုံး ကြားဖူးရတော့တယ်။

ဥဇပြည်မှာ လူတယောက်ရှိတယ်။ သူဟာ ဖြောင့်မတ်တယ်၊ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေတယ်၊ သူ့မှာ ဥစ္စာပစ္စည်းတွေ အများကြီးရှိတယ်၊ ကုလားအုတ်တွေ အများကြီးရှိတယ်။ သိုးတွေ မြည်းတွေ အများကြီးရှိတယ်၊ သူ့ရဲ့ သားသမီးတွေဟာ စားသောက်ပွဲကြီးတွေ ကျင်းပလေ့ရှိတယ်၊ သူဟာ သူတို့ကို အလွန်အမင်း ချစ်မြတ်နိုးတဲ့အတွက် သူတို့အတွက် ဝတ်ပြုပူဇော်ခြင်း ပြုလုပ်တယ်၊ သူတို့ဟာ သူတို့ရဲ့ စားသောက်ပွဲတွေမှာ မကောင်းသော ဒုစရိုက်မှုတွေကို

ကျူးလွန်ကြချေပြီလို့ ယူဆ၍ဖြစ်တယ်။

စာတန်ဟာ ဘုရားသခင်ရဲ့ သားတော်နဲ့အတူ ဘုရားသခင်ထံတော်၌ ခံစားခြင်းငှာ ရောက်လာတယ်၊ ပြီးတော့ သူဟာ မြေပေါ်မှာရော မြေအောက်မှာရော လှည့်လည်သွားလာလျက် ရှိတယ်လို့ ဘုရားသခင်ကို တင်လျှောက်တယ်။ အဲဒီအခါမှာ ဘုရားသခင်က သူ့ကို မေးတယ် ...

"ငါ့ကျွန် ယောဘကို အသင် ဆင်ခြင်မိပြီလော"

ထို့နောက် ဘုရားသခင်ဟာ သူ့ရဲ့ ကျွန်ကောင်းကျွန်မြတ်ကြီးကို လက်ညှိုးထိုးပြ ပြီး ချီးမွမ်းကြွားဝါတော်မူတယ်၊ အဲဒီအခါမှာ စာတန်က ဘုရားသခင်ရဲ့စကားတွေကို ရယ်မောပြက်ရယ်ခြင်း ပြုတယ်။

"သူ့ကို ကျွန်ုပ်၏လက်သို့ အပ်တော်မူပါ၊ ထိုအခါ သူသည် အသင့်ကို ဆန့်ကျင်ကာ အသင့်ကို စွန့်ပယ်ပါလိမ့်မယ်"

အဲဒီအခါမှာ ဘုရားသခင်ဟာ ဖြောင့်မတ်မှန်ကန်တဲ့ ယောဘကို စာတန်ရဲ့လက်ကို ပေးအပ်တော်မူ တယ်၊ အဲဒီအခါမှာ စာတန်က ယောဘရဲ့ သားသမီးတွေကို ဖျက်ဆီးတယ်၊ သူ့ရဲ့ ကျွဲနွားတွေကို ဖျက်ဆီးတယ်၊ သူ့ရဲ့ ဥစ္စာနေတွေကို ဖျက်ဆီးတယ်၊ အားလုံးပဲ တပြိုင်တည်း ပျက်စီးကုန်ကြတယ်၊ မိုးပေါ်က မိုးကြိုးပစ်ချလိုက်သလိုပဲ ဖြစ်တယ်။

အဲဒီအခါမှာ ယောဘဟာ ဝတ်လုံကို ဆုတ်ဖြဲပြီး မြေပေါ်မှာ ဝပ်တွားကိုးကွယ်ကာ အကျယ်ကြီး ဟစ်အော်တယ် ...

"ငါသည် အဝတ်မပါဘဲ အမိဝမ်းက ထွက်လာ၏။ အဝတ်မပါဘဲ အမိဝမ်းထဲသို့ ပြန်သွားတော့မည်၊ ထာဝရဘုရား ပေးတော်မူ၏။ ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏ နာမတော် သည် မင်္ဂလာရှိပါစေသတည်း" (ယုဒသန် ဘာသာပြန်၊ ယောဘဝတ္ထု၊ ဓမ္မဟောင်း စာ ၅၂၈)

ဩဝါဒရှင် ဘုန်းကြီးတို့၊ ကျွန်ုပ် အခု မျက်ရည်များကျတဲ့အတွက် ခွင့်လွှတ်ကြပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်ုပ်ရဲ့ စိတ်ထဲမှာ ငယ်စဉ်က ဘဝကို ပြန်ပြီး မြင်လာလို့ပါပဲ၊ ကျွန်ုပ်ဟာ ငယ်စဉ်ကဘဝကို ပြန်ရောက်သွားလို့ပါပဲ၊ ကျွန်ုပ်ရဲ့ရင်ဟာ ရှစ်နှစ်သားအရွယ်ရဲ့ ရင် ဖြစ်သွားလို့ပါပဲ။ ကျွန်ုပ်ဟာ ဟိုတုန်းကအတိုင်းပဲ အံ့ဩခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းသာခြင်းတို့ကို ခံစားနေရပါတယ်။

ကျွန်ုပ်ရဲ့စိတ်အာရုံမှာ ကုလားအုတ်တွေလို ခံစားနေရပါတယ်။ ဘုရားသခင်ကို အဲဒီလိုမျိုး ပြောကြားတဲ့ စာတန်လို စိတ်ထဲမှာ ခံစားနေရပါတယ်

ဘုရား၊ ဘုရားသခင်က သူ့ရဲ့ကျွန် ယောဘကို ပျက်စီးခြင်းသို့ ပေးအပ်တယ်၊ ဒါပေမဲ့ ယောဘက ဟစ်ကြွေးတယ်၊ “ကိုယ်တော်သည် အကျွန်ုပ်အား ပြစ်ဒဏ်ခတ်သော်လည်း ကိုယ်တော်၏နာမတော်သည် ကောင်းချီးမင်္ဂလာ ရှိပါစေသတည်း” အဲဒီနောက်မှာ အင်မတန် သာယာညင်းပျောင်းတဲ့ ဓမ္မသီချင်းသံ ဘုရားရှိခိုးကျောင်းအတွင်းမှာ လွင့်ပျံ့လာတယ်၊ ‘ဆုတောင်းခြင်းကို နားဆင်တော်မူပါလော့ အရှင်’ တချိန်တည်းမှာပဲ နံ့သာမီးခိုးတို့ လွင့်ပျံ့ လာကြပြန်တယ်၊ ဒူးနှစ်ဖက်ကို ထောက်ပြီး ဆုတောင်းခြင်းကို ပြုကြပြန်တယ်။

အဲဒီနောက်ပိုင်းမှာ ကျွန်ုပ်ဟာ အဲဒီဝတ္ထုဇာတ်လမ်းကို ဘယ်အခါမှာမှ မျက်ရည်မကျဘဲနဲ့ မဖတ်နိုင်ခဲ့ ဘူး၊ မနေ့ကလည်း ကျွန်ုပ်ဖတ်ခဲ့သေးတယ်၊ ဒီအဖြစ်သနစ်ဟာ ဘယ်လောက်ကြီးသလဲ၊ ဘယ်လောက် ခက်ခဲနက်နဲသလဲ၊ ကျွန်ုပ်တို့ ဘယ်လိုမှ မစဉ်းစား မကြံဆနိုင်တဲ့ အရာဖြစ်တယ်။

နောက်ပိုင်းမှာ ကျွန်ုပ်ဟာ အပြစ်တင်တဲ့စကားတွေ၊ လှောင်ပြောင်တဲ့ စကားတွေကို ကြားရပါတယ်.. ဘုရားသခင်ဟာ ဘာဖြစ်လို့ သူ့ရဲ့အချစ်ဆုံး သူတော်စင်တယောက်ကို စာတန်ရဲ့လက်ထဲကို အပ်လိုက်ရသလဲတဲ့၊ သူ့ရဲ့သားတွေကို သူ့ဆီက ယူသွားဖို့ ပေးလိုက်ရသလဲတဲ့၊ သူ့ရဲ့ ခြေဖဝါးမှာ အနာစိမ်းတွေ ပေါက်စေပြီး အိုးခြမ်းပဲ့နဲ့ ခြစ်သလဲတဲ့၊ “ကြည့်စမ်း၊ ငါ့ရဲ့သူတော်စင်ဟာ ငါ့အတွက် ပြစ်ဒဏ်တွေကို ဘယ်လောက်ခံနိုင်သလဲ” လို့ စာတန်ကို ကြွားဝါနိုင်ဖို့အတွက်ပဲလားတဲ့။

ဒါပေမဲ့ ဒီဥစ္စာဟာ တကယ်လည်း ကြီးမြတ်ပါပေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဥစ္စာဟာ ခက်ခဲ နက်နဲခြင်း တခုဖြစ်လို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လောကသစ္စာနဲ့ ထာဝရသစ္စာတို့ကို ဒီမှာ ပေါင်းစပ်ထားလို့ပဲ။

ဘုရားသခင်ဟာ ဒီလောကကြီးကို ပထမဆုံးဖန်တီးတဲ့ နေ့ရက်များမှာ တရက် ဖန်တီးပြီးတိုင်း တခါကြွေးကြော်တော်မူတယ်၊ “ငါ ဖန်တီးသည့် အမှုအရာ ကောင်းတော်မူ၏”

ယောဘ အမှုကိစ္စမှာလည်း ဘုရားသခင်ဟာ သူ့ရဲ့ဖန်တီးမှုအတွက် ဒီအတိုင်းပဲ ကြွေးကြော်တော် မူပြန်တယ်၊ ဒီနေရာမှာ ယောဘဟာ ဘုရားသခင်ကို ချီးမွမ်းတော်မူပြီး ဘုရားသခင်ကိုသာ အမှုတော် ထမ်းရွက်တာ မဟုတ်ဘဲ သူ့ကို တာဝန်ပေးထားတဲ့အတိုင်း ဘုရားသခင် ဖန်တီးတော်မူတဲ့ မျိုးဆက်တွေ အားလုံးကိုလည်း အစဉ်ထာဝရ ထမ်းရွက်တာ ဖြစ်တယ်။

အို... ထာဝရဘုရားသခင်၊ ဒီကျမ်းဟာ ဘယ်လိုကျမ်းမျိုးဖြစ်ပြီး ဒီကျမ်းထဲမှာ ဘယ်လိုအခြင်းအရာ တွေများ ပါရှိပါသလဲ၊ သမ္မာကျမ်းစာတော်ဟာ ဘယ်လိုကျမ်းကြီးများ ဖြစ်ပါသလဲ၊ ဒီကျမ်းကြီးဟာ လူသားတွေကို ဘယ်လို

တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ဘယ်လိုခွန်အားတွေကိုများ ပေးစွမ်းနိုင်ပါသလဲ၊ ဒီကျမ်းကြီးဟာ ဒီကမ္ဘာလောကကြီးနဲ့တကွ လူသားတွေ အားလုံး၊ အရာဝတ္ထုအားလုံးကို ပုံသွန်းလောင်းရာပဲ။ ဒီကျမ်းထဲမှာ အားလုံးကို ဖော်ပြထားပြီး အားလုံးကို အစဉ်ထာဝရ လမ်းညွှန်ထားတယ်။

ခက်ခဲနက်နဲမှုတွေကို ဘယ်လို ရှင်းလင်းထားပြီး ဘယ်လို ဖော်ထုတ်ထားသလဲ၊ ဘုရားသခင်ဟာ ယောဘကို ပြန်လည်ချီးမြှောက်ထားတယ်၊ သူ့ရဲ့ဥစ္စာဓနတွေကို ပြန်လည် ပေးအပ်ထားတယ်၊ နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ သူ့မှာ သားသမီးတွေ ထပ်ရတယ်၊ သူတို့ကို ချစ်မြတ်နိုးတယ်။ ဒါပေမဲ့ သူ့ရဲ့သားသမီးအဟောင်းတွေ မရှိတော့တဲ့နောက်ပိုင်းမှာ သားသမီးအသစ်တွေကို သူဘယ်လိုလုပ်ပြီး ချစ်နိုင်သလဲ၊ သူဟာ သူတို့ကို ဘယ်လောက် ချစ်စေဦးတော့ပေါ့။ ဒါပေမဲ့ သူ ချစ်နိုင်တယ်၊ သူ ချစ်နိုင်တယ်၊ ဟိုတုန်းက ကြေကွဲဝမ်းနည်းမှုတွေဟာ တဖြည်းဖြည်းနဲ့ ငြိမ်သက် နူးညံ့တဲ့ ပျော်ရွှင်မှုအဖြစ်ကို ပြောင်းလဲသွားတာဟာ သူတော်စင်ကြီးရဲ့ လျှို့ဝှက်နက်နဲမှုကြီးပဲ။ ငယ်ရွယ်ပျိုမျစ်စဉ်က ဆူပွက်နေတဲ့ သွေးတွေနေရာမှာ အသက်အရွယ်အရ ဖြစ်ပေါ်လာတဲ့ တည်ငြိမ် အေးဆေးမှုက အစားယူလာမှာပဲ။

ကျွန်ုပ်ဟာ အရင်တုန်းကအတိုင်းပဲ ပေါ်ထွက်လာတဲ့ နေမင်းကြီးကို နေ့တိုင်းပဲ ကောင်းချီးပေးတယ်။ နေမင်းကြီး ထွက်ပေါ်လာတာကို တွေ့ရရင် ကျွန်ုပ်ရဲ့ရင်ဟာ မြူးပျော်နေတယ်၊ ဒါပေမဲ့ အခုဆိုရင် ကျွန်ုပ်ဟာ ဝင်သွားတဲ့ နေမင်းကြီးကို ပိုပြီးတော့မှချစ်တယ်၊ ရှည်လျားတဲ့ နေရောင်ခြည် စွေစောင်းစောင်းတွေကို သဘောကျတယ်။ သူတို့နဲ့အတူ ဖြစ်ပေါ်လာတဲ့ အောက်မေ့သတိရမှု ကလေးတွေကို မြတ်နိုးတယ်၊ ကျွန်ုပ်ရဲ့ ဘဝတလျှောက်လုံးမှာ ဖြစ်ပေါ်လာတဲ့ ပုံရိပ်တွေကို ချစ်မြတ်နိုးမိတယ်၊ ဒါတွေထက်ပိုပြီး ပြောရရင်တော့ ကောင်းကင်ဘုံ၊ သစ္စာတရား၊ နူးညံ့ ပျော့ပျောင်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနဲ့ အားလုံးကို ခွင့်လွှတ်ခြင်းတို့ကိုပဲ ဖြစ်တယ်။

ကျွန်ုပ်ရဲ့ဘဝဟာ နိဂုံးချုပ်နေပြီဖြစ်တယ်၊ ဒါကို ကျွန်ုပ်သိတယ်၊ ဒါပေမဲ့ ကျွန်ုပ်အတွက် ကျန်ရှိနေတဲ့ နေ့တိုင်း နေ့တိုင်းဟာလည်း ကျွန်ုပ်ရဲ့ အနာဂတ်ကာလ ဘဝသစ်ကြီးနဲ့ နီးကပ်ပြီး ဆက်စပ်ပြီး သွားနေတယ်ဆိုတာကို ကျွန်ုပ် သိရှိမိတယ်၊ ဒီအတွက် ကျွန်ုပ်ရဲ့ဝိညာဉ်ဟာ ဘဝင်ခိုက်အောင် တုန်လှုပ်ချောက်ချားရတယ်၊ ကျွန်ုပ်ရဲ့စိတ်တွေ တက်ကြွပြီး ဝမ်းသာမှုနဲ့ ငိုကြွေးမိရတယ် ...

သြဝါဒရှင် ဘုန်းကြီးတို့၊ ကျွန်ုပ်အနေနဲ့ တကြိမ်က ကြားဖူးတယ်၊ အခုနောက်ပိုင်းမှာဆိုရင် မကြာခဏ ဆိုသလို ကြားရတယ်။ ကျွန်ုပ်တို့ ဘုန်းကြီးတွေဟာ ... အထူးသဖြင့် ကျေးရွာတွေက ဘုန်းကြီးတွေဟာ သူတို့အတွက်ရတဲ့ ထောက်ပံ့ငွေ နည်းပါးကြောင်း နေရာတိုင်းလောက်မှာကိုပဲ

တော်တော်လေး ပြောဆိုနေကြတယ်၊ သူတို့ရဲ့ အခြေအနေ နိမ့်ကျတဲ့အကြောင်းကို ပြောဆိုကြတယ်၊ ဘယ်လောက်ထိအောင် ပြောသလဲဆိုရင် ဆောင်းပါးတောင် ရေးကြတယ်၊ အဲဒီဆောင်းပါးကို ကျွန်ုပ် ဖတ်ရတယ်၊ သူတို့ရဲ့ ထောက်ပံ့ငွေ နည်းပါးတဲ့အတွက် လူတွေကို စာပေကျမ်းစာ မသင်နိုင်တဲ့ အကြောင်း ရေးထားတယ်၊ တကယ်လို့ ဒီအချိန်မှာ မာတင်လူသာ ဂိုဏ်းသားတွေနဲ့ မိစ္ဆာဒိဋ္ဌိတွေက သိုးအုပ်ကြီးကို လာပြီး မောင်းသွားလို့ရှိရင်လည်း သူတို့ ကြည့်နေကြရမှာပဲတဲ့၊ ဘာဖြစ်လို့တုံး ဆိုတော့ သူတို့ရဲ့ ထောက်ပံ့ငွေက နည်းလွန်းလို့တဲ့။

သူတို့အတွက် အင်မတန် လိုအပ်နေတဲ့ ထောက်ပံ့ငွေကို နည်းအမျိုးမျိုးနဲ့ မြှင့်တင်ပေးကြရမှာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ရဲ့ပြောဆို တိုင်တန်းချက်ဟာ တကယ့်ကို မှန်ကန်လို့ပဲ၊ ဒါပေမဲ့ အမှန်အတိုင်း ကျွန်ုပ်ပြောရလို့ရှိရင် ဒီကိစ္စမှာ အပြစ်တင်စရာလူ ရှိတယ်ဆိုရင် တဝက်က ကျွန်ုပ်တို့ အပေါ်မှာ ရှိနေတယ်။

သူ့မှာ အချိန်မရှိဘူးဆိုတာ ဖြစ်နိုင်တယ်၊ သူ့မှာ အလုပ်တွေနဲ့ ဘုရားရှိခိုးကျောင်း တာဝန်တွေ ပိနေတယ်ဆိုတာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူ မအားဘူးဆိုတာ အချိန်ပြည့်တော့ မဖြစ်နိုင်ဘူး၊ သူ့မှာ အနည်းဆုံး တပတ်မှာ တနာရီလောက်ဆိုသလို ဘုရားသခင်အတွက် အချိန်ရှိနိုင်ရမယ်၊ သူ့အလုပ်ကိစ္စတွေဟာ တနေ့စ်ပတ်လုံး လုပ်ရတာတော့ မဖြစ်နိုင်ဘူး။

တကယ်လို့ သူဟာ ပထမပိုင်းမှာ ကလေးတွေကို တပတ်မှာ တခါဆိုသလို စုဝေးနိုင်တယ်ဆိုရင် ... ညနေဘက်မှာ စုဝေးနိုင်တယ်ဆိုရင် နောက်ပိုင်းမှာ ဒီအကြောင်းကို သူတို့ရဲ့အဖေတွေလည်း ကြားပြီး သူတို့လည်း လာကြလိမ့်မယ်။

ဒီအတွက် ခန်းမဆောင်ကြီးတခု ဆောက်နေစရာမလိုဘူး၊ သူတို့ကို သူ့အိမ်မှာပဲ စုဝေးစေနိုင်တယ်၊ သူတို့က သူ့အိမ်ကို ဘယ်လိုမှ အနှောင့်အယှက် ပေးကြမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တနာရီလောက်ကလေးပဲ စုဝေးကြတာကိုး။

အဲဒီအခါမှာ စာအုပ်ကိုဖွင့်ပြီး သူတို့ကို ဖတ်ပြပါ။ အဲဒီလို ဖတ်တဲ့နေရာမှာလည်း ဘာမှ စကားလုံး ကြီးကြီးကျယ်ကျယ်တွေ သုံးနေစရာမလိုဘူး၊ သူတို့ထက် သာလွန်ကြီး ကျယ်တယ်ဆိုတာလည်း ပြနေစရာ မလိုဘူး၊ ဘာမှလည်း ဘဝင်ကိုင်စရာမလိုဘူး၊ သူတို့ကို ရိုးရိုးကလေးနဲ့ အေးအေးကလေး ဖတ်ပြဖို့ပဲ၊ သူတို့ကို ဖတ်ပြနေရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ရှိနေဖို့ပဲ၊ အဲဒီအခါကျရင် သူတို့ စိတ်ပါဝင်စားစွာနဲ့ နားထောင်ကြလိမ့်မယ်၊ စကားလုံးတွေကို နှစ်သက်မြတ်နိုးကြလိမ့်မယ်၊ မကြာခဏ ဆိုသလို စာဖတ်တာကို ရပ်ပြီး သာမန် တောသူတောင်သားတွေ နားမလည်နိုင်တဲ့ စကားလုံးတွေကို

ရှင်းပြရမယ်၊ ဘာမှ မစိုးရိမ်နဲ့၊ သူတို့ နားလည်ကြမှာ အမှန်ပဲ၊ အယူမှန်တဲ့ စိတ်နှလုံးတွေက နားလည်ကြမှာပဲ။

သူတို့ကို 'အာဗြဟံနဲ့ စာရာ' အကြောင်း ဖတ်ပြပါ။ 'ဧသောတ်နဲ့ ယာကုပ်' အကြောင်း ဖတ်ပြပါ။ လာဗန်ဆီကို ယာကုပ် သွားတဲ့အကြောင်းနဲ့ လမ်းမှာ ယာကုပ် အိပ်မက်မက်ပြီး ဘုရားသခင်နဲ့ တွေ့တဲ့အကြောင်းတွေကို ဖတ်ပြပါ။ "ဤအရပ်ကား အဘယ်မျှလောက် ကြောက်မက်ဖွယ်ဖြစ်သည် တကား၊ ဤအရပ်ကား အခြားမဟုတ်၊ ဘုရားသခင်၏ ဘုံဗိမာန် ကောင်းကင်တံခါးဝ ဖြစ်သည် တကား" (ယုဒသန် ဘာသာပြန်၊ ကမ္ဘာဦးကျမ်း၊ ၁၈း၂၇၊ ဓမ္မဟောင်း) လို့ ရွတ်ဆိုတဲ့အကြောင်း ဖတ်ပြပါ။ အဲဒီအခါမှာ အသင်ဟာ သဒ္ဓါကြည်ညိုတတ်တဲ့ တောသူတောင်သားတွေရဲ့စိတ်နှလုံးကို ချုပ်ကိုင်လွှမ်းမိုးနိုင်လိမ့်မယ်။

နောက်ပြီးတော့ အိပ်မက်အပေါင်းကို မြင်မက်သူနဲ့ မဟာပရောဖက် တဦးဖြစ်တဲ့ ယောသပ်ကို သူ့အစ်ကိုတွေက ရောင်းစားပြီး အိမ်ပြန်ရောက်တဲ့အခါကျတော့ သူတို့ရဲ့အဖေကို သွေးစွန်းတဲ့အင်္ကျီ ကို ပြပြီး ညီကလေးကို ဆိုးသောသားရဲ ကိုက်စားပြီလို့ ပြန်ပြောကြတဲ့အကြောင်း ဖတ်ပြပါ။ အထူးသဖြင့် ကလေးတွေကို ဖတ်ပြပါ။

နောက်ပြီးတော့ တခါ သူတို့ရဲ့အစ်ကိုတွေ အဲဂုတ္တုပြည်ကို စပါးသီးနှံ ဝယ်ရအောင် အသွားမှာ ယောသပ်ဟာ အဲဒီတိုင်းပြည်မှာ နိုင်ငံအုပ်ဖြစ်နေပြီး အစ်ကိုတွေကို မှတ်မိတဲ့အကြောင်း၊ အစ်ကိုတွေ ကို ညှဉ်းပန်းတဲ့အကြောင်း၊ အစ်ကိုတွေကို စွဲချက်တင်တဲ့အကြောင်း၊ ညီငယ် ဗယာမိန်ကို ခေါ်ယူတဲ့ အကြောင်းတွေကို ဆက်ပြီး ဖတ်ပြပါ။ အစ်ကိုတို့ကို ကျွန်ုပ် ချစ်တယ်၊ ကျွန်ုပ်ချစ်တဲ့အတွက် အစ်ကိုတို့ကို ညှဉ်းပန်းရပါတယ်" အဲဒီလိုပြောပြီး သူ့ကို အစ်ကိုတွေက သဲကန္တာရအလယ် ရေမရှိတဲ့ ရေတွင်းနားမှာ ကုန်သည်တွေကို ရောင်းတဲ့အဖြစ်၊ သူ့ကို ကျွန်တယောက်အဖြစ် မရောင်းချဖို့ အစ်ကိုတွေကို တောင်းပန်တဲ့အဖြစ်၊ နောက်တခါ နှစ်ပေါင်းများစွာကြာလို့ အစ်ကိုတွေကို ပြန်တွေ့ရတဲ့အခါမှာ ပြောမပြနိုင်လောက်အောင် ချစ်ရတဲ့အဖြစ်၊ သူတို့ကို ထောင်သွင်းအကျဉ်းချတဲ့ အဖြစ်၊ သူတို့ကို ချစ်ခင်လျက်နဲ့ ညှဉ်းပန်းတဲ့အဖြစ်၊ နောက်ပြီးတော့ သူ့ရင်ထဲမှာ ခံစားနေရတာ တွေကို မအောင့်အည်းနိုင်တော့တဲ့အတွက် အိပ်ရာပေါ်မှာ လှဲချပြီး ငိုယိုတဲ့အဖြစ်၊ နောက်ဆုံးမှာ သူဟာ မျက်ရည်တွေကို သုတ်ပြီး ပြုံးရွှင်ကြည်လင်တဲ့ မျက်နှာနဲ့ "အစ်ကိုတို့ ... ကျွန်ုပ်ဟာ အစ်ကို တို့ရဲ့ ညီ ယောသပ်ပဲ ဖြစ်တယ်" လို့ ပြောလိုက်တဲ့အဖြစ်တွေ အားလုံးကို သူ့မျက်စိထဲမှာ မြင်လာပုံတွေကို ဖတ်ပြပါ။

နောက်ပြီးတော့ သူတို့ရဲ့အဘ ယာကုပ်ဟာ သူ အင်မတန်ချစ်တဲ့ သားကလေး မသေသေးဘဲ ရှိနေတဲ့အဖြစ်ကို သိရတဲ့အတွက် အဘယ်မျှ

ဝမ်းသာသွားပုံ၊ နောက်ပြီး သူ၏ တိုင်းပြည်ကို ထားခဲ့ပြီး အဲဂုတ္တာပြည်သို့ လိုက်သွားပုံ၊ တိုင်းတပါးမှာ သူကွယ်လွန်ပုံတို့ကို ဖတ်ပြပါ။

ဩဝါဒရှင် ဘုန်းကြီးတို့၊ ဘုန်းကြီးတို့အနေနဲ့ နှစ်ပေါင်းများစွာကတည်းက သိပြီးသား အချက်တွေ၊ ဘုန်းကြီးတို့ကသာ ပြောမယ်ဆိုရင် ကျွန်ုပ်ထက် အဆတရာလောက် သာလွန်ကောင်းမွန်အောင် ပြောနိုင်မယ့်အချက်တွေကို ကျွန်ုပ်က ကလေးတယောက်လို ပြောနေမိတဲ့အတွက် စိတ်မဆိုးကြပါနဲ့၊ ခွင့်လွှတ်တော်မူကြပါ။ ကျွန်ုပ်ရဲ့စိတ်ထဲမှာ ရုတ်တရက် ထိခိုက်ခံစားရလို့ ပြောမိတာပါ။ ကျွန်ုပ်မှာ မျက်ရည်ကျရတဲ့အတွက်လည်း ခွင့်လွှတ်ကြပါ။ ကျွန်ုပ်ဟာ အဲဒီစာအုပ်ကို ချစ်မြတ်နိုးလွန်းလို့ပါ။ အဲဒီအကြောင်းတွေကို ဖတ်ပြတဲ့ ဘုန်းကြီးတွေလည်း ငိုပါစေ၊ ဒါမှ နားထောင်နေရတဲ့ လူတွေဟာ လည်း ရင်ထဲမှာ အသည်းနင့်အောင် ထိခိုက်သွားကြမှာဖြစ်တယ်။

မျိုးစေ့ကလေးတခုလည်း လိုပါတယ်၊ မျိုးစေ့ သေးသေးကလေးဆိုရင်ပဲ လုံလောက်ပါပြီ။ အဲဒီမျိုးစေ့ ကို တောသူတောင်သားတယောက်ဆီမှာ ပျိုးကြဲလိုက်ပါ။ အဲဒီမျိုးစေ့ဟာ သေမသွားပါဘူး။ အဲဒီမျိုးစေ့ဟာ သူ့ရဲ့နှလုံးသားထဲမှာ တသက်လုံး ရှင်သန်နေမှာ ဖြစ်တယ်။ အဲဒီမျိုးစေ့ကလေးဟာ သူ့ရဲ့ရင်ထဲက အမှောင်တိုက်ထဲမှာ၊ သူ့ရဲ့ ဒုစရိုက်မှုတွေထဲမှာ အလင်းရောင်ကလေးတခုအဖြစ် သတိပေးတဲ့ အခြင်းအရာတခုအဖြစ်နဲ့ တည်ရှိနေပါလိမ့်မယ်။

သူတို့ကို အများကြီး ဖတ်ပြဖို့ မလိုပါဘူး၊ အများကြီး ရှင်းပြနေဖို့ မလိုပါဘူး၊ သူတို့ဟာ ရိုးရိုးရှင်းရှင်း ကလေးနဲ့ နားလည်ကြပါလိမ့်မယ်၊ တောသူတောင်သားတွေ နားမလည်ဘူးလို့ ဘုန်းကြီးတို့ ထင်သလား။ သူတို့ကို သနားစရာကောင်းပြီး စိတ်ထိခိုက်စရာကောင်းတဲ့ 'ဧသတာနဲ့ ဝါရှတိ' အကြောင်း ဖတ်ပြပါ။ ငါးကြီးအာနန္ဒာရဲ့ဝမ်းဗိုက်ထဲကို ရောက်သွားတဲ့ ပရောဖက် ယောနရဲ့ အံ့ဩဖွယ်ဇာတ်လမ်းကို ဖတ်ပြပါ။ ဘုရားသခင်ရဲ့ ဇာတ်တော်တွေကို ပြောပြဖို့ သတိမမေ့ပါနဲ့။ အထူးသဖြင့် ရှင်လုကာရဲ့ ခရစ်ဝင်ထဲက ဇာတ်လမ်းတွေကို ပြောပြပါ။ အဲဒါ ကျွန်ုပ်လုပ်တဲ့ အလုပ်ပဲ၊ နောက်ပြီးတော့ တမန်တော်ဝတ္ထုထဲက စိန့်ပေါ်ရဲ့ စိတ်နှလုံးအမူအရာ ပြောင်းလဲခြင်း အကြောင်းကို ပြောပြပါ။ အဲဒီအကြောင်းကို ဘယ်လိုနည်းနဲ့မှ ချန်မထားပါနဲ့။ သူတော်စင် ထေရုပ္ပတ္တိတွေထဲက အလက်ဇီရဲ့ထေရုပ္ပတ္တိကို ပြောပြပါ။ အဲဂုတ္တာမာရီအကြောင်း ပြောပြပါ။ ဒီပုံပြင်ကလေးတွေနဲ့ သူတို့ရဲ့ နှလုံးသားကို သင် ထိုးဖောက်နိုင်တဲ့အကြောင်း တွေ့မြင်ရပါလိမ့်မယ်။

ကျေးရွာ တရားဟောဆရာတယောက်အနေနဲ့ သူ့ရဲ့ ထောက်ပံ့ငွေဟာ ဘယ်လောက်နည်းပါစေ၊ တပတ်ကို တနာရီလောက်ပဲ ပြောဟောပေးပါ။

အဲဒီအခါမှာ ကျွန်ုပ်တို့ လူမျိုးတွေဟာ သနားကြင်နာ တတ်ကြတယ်၊ ကျေးဇူးတင်တတ်ကြတယ်၊ အဆတရာလောက် တုံ့ပြန်ပေးတတ်ကြတယ်ဆိုတာ သူတွေ့ရမယ်၊ တရားဟောဆရာရဲ့ စိတ်အားထက်သန်မှုကို ဂရုပြုတဲ့အနေနဲ့... သူ့ရဲ့ ဟောကြားချက် တွေကို အလေးထားတဲ့အနေနဲ့ သူတို့ဟာ တရားဟောဆရာရဲ့ လယ်အလုပ်၊ အိမ်အလုပ်တွေကို ဝိုင်းပြီး လုပ်ပေးကြလိမ့်မယ်၊ သူ့ကိုလည်း အရင်ကထက် ပိုပြီးတော့ လေးလေးစားစား ဆက်ဆံကြ လိမ့်မယ်၊ အဲဒီနည်းနဲ့ သူ့ရဲ့ ထောက်ပံ့ကြေးကို တိုးပွားစေနိုင်တယ်။

တချို့ စကားကလေးတွေက လွယ်လွန်းလို့ ကျွန်ုပ်တို့ ပါးစပ်ထဲက ထုတ်မပြောရဲကြဘူး၊ သူများတွေ ရယ်မှာစိုးလို့ပဲ၊ ဒါပေမဲ့ အဲဒီစကားက မှန်တာတော့ သွေးထွက်အောင် မှန်တာပဲ၊ ဘုရားသခင်ကို မယုံကြည်တဲ့လူဟာ ဘုရားသခင်ရဲ့ လူတွေကိုလည်း မယုံကြည် ကြဘူးတဲ့။ ဒါပေမဲ့ ဘုရားသခင်ရဲ့ လူတွေကို ယုံတဲ့လူဟာ အရင်တုန်းက ဘုရားသခင်ကို မသိမြင်ခဲ့ရင်တောင်မှ အခုအခါမှ သိမြင်လာတယ်တဲ့၊ သူတို့ရဲ့မွေးရပ်မြေက ခွဲထွက်သွားကြတဲ့ ဘုရားမဲ့သမားတွေကို သာမန်ပြည်သူ တွေနဲ့ သူတို့ရဲ့ အနာဂတ် စိတ်စွမ်းအင်ကသာ အမှန်ကို ပြောင်းလဲပေးနိုင်မယ်။

ကျွန်ုပ်တို့ဟာ နမူနာမပြနိုင်ဘူးဆိုရင် အရှင်ယေရှုရဲ့စကားတွေဟာ ဘာအသုံးဝင်တော့မှာလဲ၊ ဘုရားသခင်ရဲ့ စကားမရှိရင် လူတွေဟာ အားလုံး ပျက်စီးကုန်ကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေဟာ ဓမ္မာကျမ်းစာတော်ကို မျှော်လင့် တောင့်တနေကြလို့ပဲ။

ကျွနု်ပ် ငယ်ငယ်တုန်းက ... ဟို ... ဟိုတုန်းက လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်တုန်းက ကျွန်ုပ်ဟာ ဖားသားအန်ဖမ်နဲ့အတူ ဘုန်းကြီးကျောင်း အလှူငွေ ကောက်ခံဖို့အတွက် ရုရှားတနိုင်ငံလုံးကို လှည့်လည်ခဲ့ကြတယ်။ တညတော့ ကျွန်ုပ်တို့ဟာ ရေကြောင်းသွားလာနိုင်တဲ့ မြစ်ကြီးတခုရဲ့ ကမ်းနားမှာ တံငါသည်တချို့နဲ့အတူ စတည်းချခဲ့ကြတယ်။ အသက်တဆယ့်ရှစ်နှစ် အရွယ်လောက် ရှိတဲ့ ရုပ်ရည်သနားကမား တောသားလူငယ်ကလေးတယောက်ဟာလည်း ကျွန်ုပ်တို့အဖွဲ့နဲ့ လာပေါင်းတယ်။ သူက နောက်တနေ့မနက်မှာ ကုန်သည်တယောက်ရဲ့လှေကြီးကို မြစ်ကြောင်း အတိုင်း ဆွဲသွားရမှာဖြစ်တယ်။ လူငယ်ကလေးဟာ ကြည်လင်အေးမြတဲ့ မျက်လုံးတွေနဲ့ သူ့ရှေ့တည့်တည့်ကို ကြည့်နေတာကို ကျွန်ုပ် သတိပြုမိတယ်။

ရာသီဥတု ကြည်လင်ငြိမ်သက်ပြီး နွေးနွေးထွေးထွေးရှိတဲ့ ဇူလိုင်လရဲ့ ညတညလည်း ဖြစ်တယ်၊ မြစ်ပြင်ကြီးက ကျယ်ပြောတယ်။ မြစ်ထဲမှာ မြူခိုးတွေ ထနေတယ်၊ ငါးကလေးတွေ ခုန်ပွက်တဲ့ အသံကို မကြာမကြာဆိုသလို ကျွန်ုပ်တို့ ကြားနေရတယ်။ ငှက်သံတွေ တိတ်နေတယ်၊ အားလုံးဟာ ငြိမ်ပြီး လှနေတယ်၊

အားလုံးဟာ ဘုရားသခင်ကို ဝတ်ပြုနေကြတယ်။

ကျွန်ုပ်တို့နှစ်ယောက်ပဲ မအိပ်သေးဘဲ ကျန်နေတယ်။ ကျွန်ုပ်နဲ့ လူရွယ်ကလေးပဲ၊ ကျွန်ုပ်တို့ နှစ်ယောက် ဒီကမ္ဘာကြီးနဲ့ အလှအကြောင်းကို ပြောနေကြတယ်။ ဒီကမ္ဘာကြီးရဲ့လျှို့ဝှက်နက်နဲမှုတွေ အကြောင်းကို ပြောနေကြတယ်။ ဘုရားသခင်ရဲ့ကမ္ဘာကြီးပဲပေါ့။ မြက်ပင်ကလေးတွေအားလုံး၊ ပိုးကောင်မွှားကောင်ကလေးတွေအားလုံး၊ ပျားပိတုန်းကလေးတွေ အားလုံးဟာ သူတို့မှာ ဝေဖန် ပိုင်းခြားတတ်တဲ့ အသိဉာဏ် မရှိပေမဲ့ သူတို့ သွားရမယ့်လမ်းကို သူတို့ နားလည်ပြီး ဘုရားသခင်ရဲ့ လျှို့ဝှက်နက်နဲမှုကို အသိသက်သေ ပြုနေကြတယ်။ ပါဝင်ဆောင်ရွက်နေကြတယ်။

လူငယ်ကလေးရဲ့နှလုံးသား လှုပ်ရှားတက်ကြွလာတာကို ကျွန်ုပ်တွေ့ရတယ်။ သစ်တောတွေနဲ့ သစ်တောထဲက ငှက်တွေကို သူချစ်တဲ့အကြောင်း လူရွယ်ကလေးက ကျွန်ုပ်ကို ပြောပြတယ်။ သူက ငှက်တွေကို ထောင်ပြီးဖမ်းတဲ့ ငှက်ခတ်သမားလေးတယောက်ဖြစ်တယ်။ သူက ငှက်မြည်သံတွေ အားလုံးကိုသိတယ်။ သူတို့နဲ့ တထေရာတည်း တူအောင် လိုက်တုပြီး အော်နိုင်တယ်။

"ကျွန်တော်တော့ တောထဲမှာ နေရတာ အကြိုက်ဆုံးပဲ။ တခြားဟာတွေ အားလုံးလည်း ကောင်းပါတယ်"

အဲဒီလို သူပြောတယ်၊ ကျွန်ုပ်က ...

"အမှန်ပဲပေါ့၊ တခြားဟာတွေအားလုံး ကောင်းပြီး နေတာဟာ အားလုံးဟာ မှန်နေလို့ပဲ၊ လူတွေနဲ့ အင်မတန် နီးစပ်တဲ့ မြင်းသတ္တဝါကို ကြည့်၊ နောက်ပြီးတော့ လူတွေအတွက် အလုပ်လုပ်ပေးပြီး လူတွေကို ကျွေးမွေးနေတဲ့ နွားတွေကိုကြည့်၊ သူတို့ရဲ့မျက်နှာတွေကို ကြည့်၊ လူတွေအပေါ်မှာ ဘယ်လောက် နူးညံ့ကျိုးနွံသလဲ၊ လူတွေကို ဘယ်လောက်စွဲလမ်း ကိုးကွယ်သလဲ၊ လူတွေက သူတို့ကို မညှာမတာ ရက်ရက်စက်စက် ရိုက်ပေမယ့် သူတို့ဟာ ဘယ်လောက်နူးညံ့သလဲ၊ ဘယ်လောက် သစ္စာရှိသလဲ၊ အဲဒါ ဘယ်လောက်လှပသလဲ၊ သူတို့မှာ ဘာအပြစ်မှ မရှိဘူး၊ လူတွေကလွဲရင် အားလုံးဟာ အပြစ်ကင်းမဲ့ကြတယ်၊ ဘာဖြစ်လို့ တုံးဆိုတော့ အရှင်ယေရှုဟာ လူတွေထက်အရင် သူတို့နဲ့အတူ ရှိခဲ့လို့ပဲ"

"အရှင်ယေရှုဟာ တကယ်ပဲ သူတို့နဲ့အတူ ရှိနိုင်ပါ့မလား" လူရွယ်ကလေးက မေးတယ်။

"ဘာဖြစ်လို့ မရှိနိုင်ရမှာလဲ၊ သမ္မာကျမ်းဟာ အားလုံးအတွက်ပဲ၊ ဖန်ဆင်းထားတဲ့ အရာတွေအားလုံး၊ ဖန်ဆင်းထားတဲ့ သတ္တဝါတွေအားလုံးဟာ ဘုရားသခင်အတွက် လှို့လ ဥဿုဟ စိုက်ထုတ်နေကြတယ်၊ ဘုရားသခင်ကို

ချီးမွမ်းထောမနာ ပြုနေကြတယ်၊ ဘုရားသခင်ကို တိုင်တည်ပြီး ငိုကြွေးနေကြတယ်၊ သူတို့ဟာ သူတို့ဘာသူတို့ မသိရှိပေမဲ့ သူတို့ရဲ့အပြစ်ကင်းစင်တဲ့ ဘဝနဲ့ တာဝန်ထမ်းဆောင် နေကြတယ်၊ တောထဲမှာ အင်မတန် ကြောက်စရာကောင်းတဲ့ ဝက်ဝံကြီးတကောင်ဟာ ဒေါမာန် တကဲကဲနဲ့ လှည့်လည်နေတယ်”

အဲဒီနောက်မှာ တောအုပ်ကြီးအလယ်မှာ ကမ္ဘဋ္ဌာန်းကျောင်းလေးတကျောင်း ဆောက်၊ တရားထိုင်နေ တဲ့ သူတော်စင်ကြီး တပါးဆီကို ဝက်ဝံကြီးတကောင် ရောက်သွားတဲ့အကြောင်းကို သူ့ကို ကျွန်ုပ်ပြောပြတယ်၊ သူတော်စင်ကြီးဟာ ကရုဏာတရားတွေ ပြည့်လျှံနေပြီး ဝက်ဝံကြီးဆီကို အကြောက်အလန့် မရှိဘဲ လျှောက်သွားပြီး ပေါင်မုန့်တဖွဲ့ကို ပေးကျွေးတယ်။ “ကဲ … မင်း သွားပါတော့၊ မင်းကို ဘုရားသခင် စောင်မပါစေ” လို့ ဝက်ဝံကြီးကို သူတော်စင်ကြီးက ပြောတယ်၊ အဲဒီအခါမှာ အင်မတန်ရိုင်းစိုင်းတဲ့ တိရစ္ဆာန်ကြီးဟာ သူတော်စင်ကြီးကို ဘာမှ အန္တရာယ်မပေးဘဲ ရိုသေကျိုးနွံစွာနဲ့ ထွက်ခွာသွားတယ်။

ဝက်ဝံကြီးဟာ သူတော်စင်ကြီးကို ဘာမှ ရန်သတ္တရုမပြုဘဲ ထွက်သွားတာကို သိရတဲ့အတွက် လူရွယ်ကလေးဟာ အတော့်ကို ပျော်ရွှင်သွားတယ်၊ ဘုရားသခင်ဟာ ဝက်ဝံကြီးနဲ့အတူ ရှိနေတယ် ဆိုတာကို သိရတဲ့အတွက် ဝမ်းသာကြည်နူးသွားတယ်။

“အို … တကယ် ကောင်းတာပါပဲလား၊ ဘုရားသခင်ရဲ့ အလိုတော်ဟာ တကယ် ကောင်းပြီး တကယ်လှတာပဲ” သူ ရွတ်ဆိုလိုက်တယ်။

သူ ငြိမ်ပြီး စဉ်းစားနေတယ်၊ သူ သဘောပေါက်သွားတယ်ဆိုတာကို ကျွန်ုပ်တွေ့ရတယ်၊ နောက်ပြီးတော့ သူဟာ ကျွန်ုပ်ရဲ့ဘေးမှာ အပြစ်ကင်းမဲ့စွာနဲ့ သိမ်မွေ့ နူးညံ့စွာ အိပ်ပျော်သွားတယ်၊ လူရွယ်ကလေးကို ဘုရားသခင်က ကောင်းချီးမင်္ဂလာပေးလိုက်တာပဲ မဟုတ်လား၊ ကျွန်ုပ်လည်း အိပ်ရာဝင်ရင်း သူ့အတွက် ဆုတောင်းပတ္ထနာပြုတယ်၊ အို ဘုရားသခင်၊ အရှင် ဖန်ဆင်းလိုက်သော လူသားတွေအတွက် ငြိမ်းချမ်းရေးနဲ့ အလင်းရောင်ကို ပေးတော်မူပါ။

(ဂ) ရဟန်းအဖြစ် မခံယူမီက ဖားသားဖော်ဇီမာ၏ အမှတ်တရ အကြောင်းအရာများ။
စိန်ခေါ်ပွဲ

ကျွန်ုပ်သည် ပီတာစဘတ်မြို့၊ ဗိုလ်သင်တန်းကျောင်းတွင် ကာလအတော်ကြာကြာပင် နေထိုင်ခဲ့ သည်။ ရှစ်နှစ်နီးပါးမျှ ဖြစ်သည်။ ကျွန်ုပ်သည် ထိုတွင် အသစ်အဆန်းဖြစ်သော ပတ်ဝန်းကျင် အတွေ့အကြုံများအရ ကလေးဘဝက အယူအဆ အတွေးအမြင်များကို အတော်ကြီးပင် မေးမှိန်သွားစေသော်လည်း ဘာတခုမှ မေ့ပျောက်သွားခြင်းကား မရှိပါ။ ကျွန်ုပ်သည် စစ်တက္ကသိုလ် တွင် ဓလေ့စရိုက်အသစ်များနှင့် အယူအဆသစ်များကို ရရှိပြီး ရက်စက်သော၊ ရိုင်းစိုင်းသော သတ္တဝါတယောက်အဖြစ်သို့ ပြောင်းလဲသွားပါတယ်။

ကျွန်ုပ်တို့ဟာ အပေါ်ယံကြော ချိုသာမှုနဲ့ အထက်တန်းစား အမူအရာတွေကို ရရှိပြီး ပြင်သစ်ဘာသာ ကိုလည်း ကောင်းမွန်စွာ တတ်ပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်အပါအဝင် ကျွန်ုပ်တို့အားလုံးဟာ ကျွန်ုပ်တို့ကို အလုပ်အကျွေးပြုနေတဲ့ ရဲဘော်တွေကို ကျွဲနွားတိရစ္ဆာန်တွေ လို ဆက်ဆံကြတယ်၊ အဲဒီအထဲမှာ ကျွန်ုပ်က တခြားလူတွေထက် ပိုပြီးဆိုးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်က တခြားဗိုလ်လောင်း တွေထက်ပိုပြီး ဘယ်နေရာမှာမဆို ထိခိုက် ခံစားလွယ်လို့ပဲ။

ကျွန်ုပ်တို့ဟာ ကျောင်းကဆင်းလို့ အရာရှိတွေ ဖြစ်ကြတဲ့အခါမှာ ကိုယ့်တပ်ရင်းရဲ့ ဂုဏ်သိက္ခာ အတွက် အသက်ကို စွန့်လွှတ်ဖို့ အဆင်သင့် ရှိကြတယ်။ ဒါပေမဲ့ ဂုဏ်သိက္ခာရဲ့အဓိပ္ပာယ် အစစ်အမှန်ကို ဘယ်သူမှ မသိကြဘူး၊ တကယ်လို့ တယောက်ယောက်ဟာ သိတယ်လို့ဆိုရင်လည်း သူဟာ အဲဒီဂုဏ်သိက္ခာကို ပထမဆုံး ပြက်ရယ်ပြုမယ့်လူပဲ။ ကျွန်ုပ်တို့ ဂုဏ်ယူပြီး လုပ်နေတဲ့ အလုပ်တွေကတော့ အရက်သောက်တာ၊ မိန်းမပွေတာနဲ့ ရက်စက် ရမ်းကားကြတာပဲ ဖြစ်တယ်။

ကျွန်ုပ်တို့ဟာ ပင်ကိုအားဖြင့် ဆိုးသွမ်းကြတယ်လို့ ကျွန်ုပ် မဆိုလိုပါဘူး၊ ဒီလူငယ်တွေ အားလုံးဟာ လူကောင်းတွေပဲ၊ ဒါပေမဲ့ သူတို့လုပ်ပုံကိုင်ပုံတွေက မကောင်းဘူး၊ အဲဒီအထဲမှာ ကျွန်ုပ် အဆိုးဆုံးပဲ။ ဘာဖြစ်လို့ ကျွန်ုပ် ဆိုးရသလဲဆိုတော့ ကိုယ့်ပိုက်ဆံ ကိုယ် ရှာလို့ရတဲ့အတွက်ပဲ၊ အဲဒီတော့ အပျော်အပါးတွေကို အကုန်လုပ်တော့တာပဲ၊ ကိုယ့်ကိုယ်ကိုယ် မထိန်းတော့ဘဲ လူငယ်တယောက် အနေနဲ့ လုပ်ချင်တာကို အကုန် လျှောက်လုပ်တော့တာပဲ။

ဒါပေမဲ့ ထူးဆန်းတာကတော့ အဲဒီအချိန်က ကျွန်ုပ်ဟာ စာအုပ်တွေ အများကြီး ဖတ်ပြီး အဲဒီလို ဖတ်ရတာလည်း ပျော်ရွှင်နှစ်သက်တာပဲ၊ ဒါပေမဲ့

သမ္မာကျမ်းစာကတော့ အဲဒီအချိန်က ယောင်လို့မှ ဖွင့်မကြည့်မိတဲ့ စာအုပ်တအုပ်ပဲ။ ဒါပေမဲ့ ကိုယ်နဲ့တော့ ဘယ်တော့မှ ခွာမထားဘူး၊ အမြဲတမ်း ကိုယ်နဲ့အတူ ယူသွားတယ်၊ အမှန်အတိုင်း ပြောရရင်တော့ ဘာဖြစ်လို့လဲတော့ မသိဘူး၊ အဲဒီစာအုပ်ကို ဂျွန်နုပ် တနာရီ တရက် တလ တနှစ် သိမ်းထားတယ်။

အဲဒီလိုမျိုး စစ်တပ်ဘဝကို လေးနှစ်လောက် ကျင်လည်ပြီးတဲ့အခါမှာ ဂျွန်နုပ်ဟာ ကေ ဆိုတဲ့ မြို့ကလေးကို ရောက်သွားတယ်၊ အဲဒီအချိန်က ဂျွန်နုပ်တို့တပ်ရင်းဟာ အဲဒီမြို့မှာ အခြေစိုက်ထား တယ်၊ အဲဒီမြို့မှာ နေရတဲ့ဘဝဟာ အပြောင်းအလဲလေးတွေ ရှိပြီး ပျော်စရာကောင်းတယ်။ ပိုက်ဆံချမ်းသာတဲ့ လူတွေများပြီး ပွဲကြီးပွဲလမ်းကြီးတွေ ခမ်းခမ်းနားနား ကျင်းပကြတယ်၊ ဂျွန်နုပ်ကို နေရာတိုင်းကပဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံကြတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဂျွန်နုပ်က ပျော်ပျော်ပါးပါး ရွှင်ရွှင်ပျပျ နေတတ်လို့ပဲ၊ နောက်ပြီးတော့ ဂျွန်နုပ်ဟာ ဥစ္စာပစ္စည်း ကြွယ်ဝတယ်လို့ သတင်းကြီးနေလို့ပဲ။ အဲဒီအဓိပ္ပာယ်က အထက်တန်းစား အသိုင်းအဝိုင်းထဲမှာ အသေးကလေး မဟုတ်ဘူးလို့ ပြောတာပဲ။

အဲဒီအချိန်မှာ ပြဿနာတခု ပေါ်လာတယ်၊ အဲဒါကတော့ ပြဿနာတွေအားလုံးရဲ့အစပဲ။ အသက်အရွယ် ပျိုမျစ်နုနယ်ပြီး ချောမောလှပတဲ့ မိန်းကလေးတယောက်နဲ့ ဂျွန်နုပ် အဆက်အသွယ် ဖြစ်ရတယ်၊ သူက စိတ်ထားမြင့်မြတ်ပြီး အသိဉာဏ် ထက်မြက်တယ်၊ ဣန္ဒြေရှိပြီး တည်ငြိမ်လေးနက်တယ်၊ ဂုဏ်သရေရှိ မိသားစုက ပေါက်ဖွားတဲ့ မိန်းကလေး တယောက်ဖြစ်တယ်၊ သူတို့မိသားစုဟာ ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝပြီး အထက်တန်းစား လောကမှာ ဩဇာတိက္ကမ ရှိတယ်၊ သူတို့က ဂျွန်နုပ်ကို လှိုက်လှိုက်လှဲလှဲနဲ့ လေးလေးစားစား ဆက်ဆံကြတယ်။

မိန်းကလေးဟာ ဂျွန်နုပ်ကို အလေးထား စိတ်ဝင်စားတယ်လို့ ဂျွန်နုပ်ထင်တယ်၊ အဲဒီလို ထင်မိတဲ့အခါမှာ ဂျွန်နုပ်ရဲ့စိတ်တွေဟာ အင်မတိ အင်မတန် လောင်မြိုက်တက်ကြွလာတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ဂျွန်နုပ် သဘောပေါက် နားလည်လာတာက ဂျွန်နုပ်ဟာ သူ့ကို ဒါလောက် လှိုက်လှိုက်လှဲလှဲ ချစ်တာမဟုတ်ဘူး၊ သူ့ရဲ့စိတ်နေစိတ်ထား မြင့်မြတ်မှုနဲ့ အသိဉာဏ်ပညာ ထက်မြက်မှုကို လေးစားမိတာပဲ။

ဒါပေမဲ့ ဂျွန်နုပ်ဟာ တကိုယ်ကောင်းဆန်တဲ့သဘောနဲ့ သူ့ကို လက်ထပ်ခွင့် မတောင်းခံခဲ့ဘူး။ ဂျွန်နုပ်မှာ ပိုက်ဆံလည်း ရှိပြီး ငယ်လည်း ငယ်ရွယ်သေးတဲ့အချိန်မှာ ဂျွန်နုပ်ရဲ့လွတ်လပ်တဲ့ လူပျိုဘဝ ကို မစွန့်လွှတ်သင့်သေးဘူးလို့ ဂျွန်နုပ် ယူဆတယ်၊ ဒါပေမဲ့ ဂျွန်နုပ်ဟာ အရေးကြီးတဲ့ အဆုံးအဖြတ် ခြေလှမ်းကို မလှမ်းသေးပေမယ့် ဂျွန်နုပ်ရဲ့သဘောကိုတော့ အရိပ်အမြွက်ဆိုသလို ဖွင့်လှစ်ထားခဲ့ တယ်။

အဲဒီအချိန်မှာပဲ အထက်ကအမိန့် ရုတ်တရက် ရောက်လာတာနဲ့ ကျွန်ုပ်တို့ဟာ တခြားခရိုင်တခုကို နှစ်လလောက်သွားနေကြရတယ်။ နှစ်လကြာလို့ ကျွန်ုပ်တို့ ပြန်လာတဲ့အခါမှာတော့ မိန်းကလေးဟာ ချမ်းသာကြွယ်ဝတဲ့ မြေပိုင်ရှင်တယောက်နဲ့ လက်ထပ်ပြီးနေပြီဆိုတာကို သိရှိအံ့သြရတယ်၊ အဲဒီလူက မြို့နဲ့ မလှမ်းမကမ်းမှာ သူ့မြေတွေရှိတယ်။ သူက ကျွန်ုပ်ထက် အသက်ကြီးပေမဲ့ လူငယ်လူရွယ်တယောက်ပဲ ဖြစ်တယ်၊ သူက ကျွန်ုပ်ထက် သာတာကတော့ ပီတာစဘတ်မြို့က အထက်လွှာနဲ့ အဆက်အသွယ် ကောင်းကောင်းရှိတယ်၊ သူဟာ လူတော်လူကောင်းတယောက် ဖြစ်ပြီး ပညာတတ်တယ်၊ ပညာရေးဟာ ကျွန်ုပ်မှာ မရှိတဲ့ အရည်အချင်းတခုပဲ။

ကျွန်ုပ်ဟာ ဘယ်လိုမှ မျှော်လင့်မထားတဲ့အဖြစ်ကို တွေ့လိုက်ရတဲ့အခါမှာ အတော်ကြီးကို တုန်လှုပ် ချောက်ချားသွားတယ်။ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်အောင် ဖြစ်သွားတယ်၊ ပိုပြီးဆိုးတဲ့အချက် ကတော့ အဲဒီမြေပိုင်ရှင်ဟာ မိန်းကလေးနဲ့ ဟိုတုန်းကတည်းက စေ့စပ်ထားခဲ့ပြီးသား ဖြစ်တယ်။ သူ့ကိုလည်း မိန်းကလေးရဲ့အိမ်မှာ ကျွန်ုပ် ခဏ ခဏ တွေ့ခဲ့ရတယ်၊ ဒါပေမဲ့ ကျွန်ုပ်ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေခဲ့တဲ့အတွက် အဲဒီအချက်ကို သတိမပြုမိခဲ့ဘူး။

အဲဒီအချက်ဟာ ကျွန်ုပ်ကို အနာစေဆုံးပဲ၊ ငါဟာ တော်တော် အ တဲ့ အကောင်ပဲ၊ ဒီကိစ္စကို လူတွေအားလုံးသိတယ်၊ ငါတယောက်ပဲ ဘာမှ မသိဘူး၊ အဲဒီအခါမှာ ကျွန်ုပ်ဟာ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ရုတ်တရက် ဆိုသလို ဒေါသအိုးကြီး ပေါက်ကွဲလာတယ်။

ကျွန်ုပ်ဟာ မျက်နှာကြီး နီနီရဲရဲနဲ့ သူ့ကို ချစ်နေတဲ့အကြောင်း မိန်းကလေးကို ပြောမလို့ လုပ်ခဲ့မိတဲ့ အကြိမ်တွေကို ပြန်ပြီး စဉ်းစားမိလာတယ်။ အဲဒီအခါတွေမှာ မိန်းကလေးက ကျွန်ုပ်ကို တခါမှ မတားခဲ့ဘူး၊ သတိမပေးခဲ့ဘူး၊ မိန်းကလေးက ကျွန်ုပ်ကို ကစားနေတာပဲ၊ လှောင်နေတာပဲလို့ ကျွန်ုပ် ကောက်ချက်ချမိတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ ပြန်စဉ်းစားတဲ့အခါ အဖြစ်မှန်ကို ကျွန်ုပ်သဘောပေါက်ရတယ်၊ မိန်းကလေးက ကျွန်ုပ်ကို ကစားနေတာ မဟုတ်ဘူး၊ လှောင်နေတာ မဟုတ်ဘူး၊ အမှန်တော့ သူက ကျွန်ုပ်ရဲ့ ရင်ထဲမှာ ခံစားနေရတာတွေကို ဖွင့်ဟလာတာနဲ့ တပြိုင်နက် ရယ်ရယ်မောမောနဲ့ စကား လမ်းကြောင်းကို အမြဲတမ်း လွှဲပစ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကတော့ အဲဒီအချက်ကို လုံးဝ မတွေးမိဘဲ လက်စားချေဖို့သာ ကျွန်ုပ်ရဲ့စိတ်ထဲမှာ ပြင်းထန်နေတော့တယ်။ အဲဒီအခါမှာ ကျွန်ုပ် အံ့သြရပြန်တာက ဒေါသဖြစ်တဲ့စိတ်နဲ့ လက်စားချေချင်တဲ့စိတ်တွေက ကျွန်ုပ်ကို အများကြီး ဒုက္ခပေးတာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ ကျွန်ုပ်ဟာ ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားတယောက်

ဖြစ်လေတော့ ဘယ်သူ့ကိုမှ အကြာကြီး ဒေါသ မဖြစ်ခဲ့ဖူးဘူး၊ အဲဒီအချက်ကြောင့်ပဲ ကျွန်ုပ်ဟာ တမင်တကာ အားထုတ်ပြီး လုပ်ရတာတွေ ဖြစ်လာတယ်။ အဲဒီအတွက်ပဲ နောက်ဆုံးမှာ မမျှော်လင့် တာတွေနဲ့ မဖြစ်နိုင်တာတွေ ဖြစ်ကုန်တော့တာပဲ။

ကျွန်ုပ်က အခွင့်ကောင်းကို စောင့်နေတယ်။ တနေ့တော့ ကျုပ်ရဲ့ "ပြိုင်ဘက်" ကို လူတွေအများကြီး ကြားထဲမှာ စော်ကားနိုင်ခွင့်ရပါတယ်။ အဲဒီတုန်းက တိုင်းပြည်ရဲ့ အဖြစ်အပျက်တခုနဲ့ ပတ်သက်တဲ့ သူ့ရဲ့အယူအဆကို ကျွန်ုပ်က လှောင်ပြောင်သရော်ခဲ့တယ်။ (အဲဒီအချိန်က ၁၈၂၆ ခုနှစ်ပဲ) ကျွန်ုပ်ရဲ့ လှောင်ပြောင်မှုက အင်မတန် အကွက်ကျပြီး အင်မတန် ပိုင်တယ်လို့ လူတွေက ပြောကြတယ်၊ ကျွန်ုပ်က သူ့ဆီက ရှင်းလင်းချက်ကို အတင်းတောင်းခံတယ်၊ ကျွန်ုပ်ရဲ့အပြုအမူတွေက အင်မတန် ရိုင်းစိုင်းမောက်မာတဲ့အတွက် သူဟာ ကျွန်ုပ်နဲ့ အဆင့်အတန်းချင်း မတူပေမဲ့ ကျွန်ုပ်ရဲ့ စိန်ခေါ်မှုကို လက်ခံခဲ့တယ်၊ အဆင့်အတန်းချင်း မတူဘူး ဆိုတာကတော့ ကျွန်ုပ်ဟာ အသက်လည်း ငယ်တယ်၊ ရာထူးလည်း ငယ်တယ်၊ ဘာမှလည်း အရေးပါအရာရောက်တဲ့လူ မဟုတ်ဘူး။

နောက်ပိုင်းကျမှ ကျွန်ုပ် သိရှိရတာကတော့ ကျွန်ုပ်ရဲ့ စိန်ခေါ်မှုကို သူလက်ခံခဲ့တာ သူ့အနေနဲ့လည်း ကျွန်ုပ်အပေါ်မှာ မနာလိုဝန်တိုမှု ရှိနေလို့ပဲ၊ သူ့ကို လက်မထပ်ခင်က သူ့မိန်းမနဲ့ ကျွန်ုပ်ရဲ့ ဆက်ဆံမှု ကို သူ မနာလိုခဲ့လို့ပဲ၊ ကျွန်ုပ်ရဲ့စော်ကားမှုကို သူ သည်းခံပြီး ကျွန်ုပ်ရဲ့စိန်ခေါ်မှုကို သူ လက်မခံတဲ့ အကြောင်း သူ့မိန်းမ သိသွားရင် သူ့အပေါ်မှာ အထင်သေးပြီး အချစ်ပေါ့သွားမှာ စိုးတဲ့အတွက်ပဲ။

ကျွန်ုပ်ရဲ့အကူအညီအဖြစ် ဆောင်ရွက်ပေးမယ့် လူတယောက်ကို သိပ်ကြာကြာ မရှာရပါဘူး။ ကျွန်ုပ်တို့ တပ်ရင်းက ဗိုလ်တယောက်ကပဲ ဆောင်ရွက်ပေးမှာဖြစ်တယ်၊ အဲဒီအချိန်က တယောက်ချင်း စိန်ခေါ်တိုက်ခိုက်မှုတွေကို ပြင်းပြင်းထန်ထန် တားမြစ်ထား ပိတ်ပင်ထားပေမဲ့ တပ်ထဲမှာတော့ အတော်ကြီးကို ခေတ်စားနေတယ်၊ အတော်ကြီးကို အမြစ်တွယ်နေတယ်။

အဲဒီအချိန်က ဖွန်လကုန်ပိုင်း ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့စိန်ခေါ်ပွဲကို နောက်တနေ့ နံနက် ခုနစ်နာရီမှာ ချိန်းထားတယ်၊ မြို့အပြင်ဘက် တနေရာမှာဖြစ်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကျွန်ုပ်အတွက် အင်မတန် အရေးကြီးတဲ့ အကြောင်းကိစ္စတခု ဖြစ်လာတယ်၊ အဲဒီအကြောင်းကိစ္စဟာ ကျွန်ုပ်ရဲ့ အနာဂတ်ဘဝ တခုလုံးအပေါ်မှာ လွှမ်းမိုးသွားတော့တာပဲ။

ညနေဘက်မှာ ကျွန်ုပ်ဟာ အိမ်ကို စိတ်ပေါက်ပေါက် စိတ်နောက်နောက်နဲ့ ပြန်သွားတယ်။ ကျွန်ုပ်ရဲ့ လက်ပါးစေ ရဲဘော် အက်ဖာနဆီကို ကျွန်ုပ် စိတ်ဆိုးဆိုးနဲ့

ပါးကို နှစ်ချက်ဆင့် ရိုက်လိုက်တယ်။ တအားကုန်ပစ်ပြီး ရိုက်လိုက်တာမို့ မျက်နှာတခုလုံး သွေးတွေ ရဲသွားတယ်။ ကျွန်ုပ်ဟာ အရင်ကလည်း သူ့ကို ရိုက်ခဲ့ဖူးပေမယ့် တခါမှ ဒါလောက် ကြမ်းကြမ်းတမ်းတမ်း ရက်ရက်စက်စက် မရိုက်ခဲ့ဖူးဘူး။

ဘုန်းကြီးတို့၊ ဒီအဖြစ်အပျက်ဟာ နှစ်လေးဆယ်ကျော်သွားပြီ ဖြစ်ပေမယ့် ကျွန်ုပ်ရဲ့စိတ်ထဲမှာ အခုထက်ထိ ရှက်မိနေတုန်းပဲ၊ အခုထက်ထိ ရင်ထဲမှာ နာကျင်နေတုန်းပဲ။

ကျွန်ုပ် အိပ်ရာဝင်တယ်၊ သုံးနာရီလောက်အိပ်တယ်၊ မိုးလင်းတာနဲ့ တပြိုင်နက် ကျွန်ုပ် နိုးလာတယ်၊ ကျွန်ုပ်လည်း မအိပ်ချင်တော့တာနဲ့ အိပ်ရာကထပြီး ပြတင်းပေါက်ကို သွားတယ်၊ တံခါးကို ဖွင့်လိုက်တယ်၊ ဥယျာဉ်ဘက်ကို မြင်ရတယ်၊ နေထွက်လာတာကို ကျွန်ုပ် ကြည့်နေမိတယ်၊ နေရောင်ခြည်က ပူနွေးပြီး နံနက်ခင်းဟာ လှပနေတယ်၊ ငှက်ကလေးတွေ တေးဆိုနေကြတယ်။

ငါ့ရင်ထဲမှာ လေးပြီး စိတ်မကောင်းဖြစ်နေတာ ဘာကြောင့်လဲလို့ ကျွန်ုပ် တွေးနေမိတယ်၊ ငါ့အနေနဲ့ သေရမယ့်အတွက်လား၊ မဟုတ်ဘူး။ ဒါကြောင့်တော့ မဟုတ်ဘူး၊ သေရမှာကို ကြောက်လို့လား၊ အသတ်ခံရမှာကို ကြောက်လို့လား၊ ဒါလည်း မဟုတ်ဘူး၊ ဒါလည်း မဟုတ်သေးဘူး။

အဲဒီအချိန်မှာပဲ ဘာကြောင့်ဆိုတာကို ကျွန်ုပ် ချက်ချင်းပဲ သဘောပေါက်သွားတယ်။ အဲဒါကတော့ မနေ့က အက်ဖာနဆီကို ကျွန်ုပ် ရိုက်ခဲ့မိတဲ့အတွက်ပဲ။ ကျွန်ုပ်ရဲ့မျက်စိထဲမှာ အဲဒီအဖြစ်အပျက်ကို ပြန်ပြီးမြင်လာတာပဲ။ ဒုတိယအကြိမ် ထပ်ပြီး ဖြစ်သလိုပဲ။ ကျွန်ုပ်ရဲ့ရှေ့မှာ သူရပ်နေတယ်၊ ကျွန်ုပ်က သူ့ရဲ့ပါးကို တအားကုန်လွှဲပြီး ရိုက်တယ်။ သူက သတိ အနေအထားနဲ့ တောင့်တောင့်ကြီး ရပ်နေတယ်၊ သူ့ခေါင်းကို မတ်မတ်ကြီး ထောင်ထားတယ်။ သူ့မျက်လုံးတွေက စစ်ရေးပြ အခမ်းအနားမှာ ကြည့်သလို ကျွန်ုပ်ကို စိုက်ပြီး ကြည့်နေတယ်။ သူ့ကို တချက်ရိုက်လိုက်တိုင်း ဘေးကို တကြိမ် ယိုင်သွားတယ်။ ဒါပေမဲ့ သူ့ကိုယ်ကို ကာဖို့ လက်ကို နည်းနည်းကလေးမှ မမြှောက်ရဲဘူး။ အဲဒါဟာ အဲဒီလိုမျိုး ဖြစ်လာရတဲ့ လူတယောက်ပဲ၊ အဲဒါဟာ လူတယောက်က သူ့လိုလူမျိုးတယောက်ကို ရိုက်တာပဲ။

ဘယ်လောက်အရုပ်ဆိုးတဲ့ ရာဇဝတ်မှုကြီးလဲ။ ကျွန်ုပ်ရဲ့နှလုံးသားကို အင်မတန် ချွန်မြတဲ့ အပ်တချောင်းနဲ့ ထိုးဆွသလို ကျွန်ုပ် ခံစားရတယ်၊ ကျွန်ုပ်ဟာ ပြတင်းပေါက်အနီးမှာ စက်ကွင်းမိ သလို ရပ်နေမိတယ်။ နေရောင်က တောက်ပနေတယ်၊ နေရောင်ခြည်မှာ သစ်ရွက်တွေ ရွှန်းမြနေကြ တယ်၊ ငှက်တွေက ... ငှက်တွေက ဘုရားသခင်ကို ဆုတောင်း ပတ္ထနာ ပြုနေကြတယ် ...

ကျွန်ုပ်ရဲ့မျက်နှာကို လက်နှစ်ဖက်နဲ့ ကျွန်ုပ် ကာထားမိလိုက်တယ်။ ခုတင်ပေါ်မှာ ကိုယ်ကို ပစ်လှဲချလိုက်ပြီး ကျွန်ုပ် ငိုရှိုက်နေမိတယ်။ အဲဒီအချိန်မှာပဲ ကျွန်ုပ်ရဲ့အစ်ကိုက အစေခံတွေကို ပြောခဲ့တဲ့စကားကို ကျွန်ုပ် ပြန်ပြီး အမှတ်ရမိတယ်။

"ခင်ဗျားတို့ ဘာဖြစ်လို့ ကျွန်တော့်ကို ချစ်ကြသလဲ၊ ခင်ဗျားတို့ရဲ့ခစား ပြုစုမှုနဲ့ ကျွန်တော်က ထိုက်တန်လို့လား"

"ဟုတ်တယ်၊ ငါကော ထိုက်တန်လို့လား"

အဲဒီအတွေးဟာ ကျွန်ုပ်ရဲ့စိတ်ထဲမှာ ဖြန်းခနဲ လက်သွားကြတယ်။ ဟုတ်တယ်၊ ကျွန်ုပ်ကို ကျွန်ုပ်နဲ့ အလားတူ ဘုရားသခင်က ဖန်ဆင်းထားတဲ့ အခြားလူတယောက်က ခစား ပြုစုတာကို ကျွန်ုပ် ထိုက်တန်သလား။ အဲဒီလိုနဲ့ အဲဒီမေးခွန်းဟာ ကျွန်ုပ်ရဲ့အတွင်းစိတ်ထဲကို ပထမဆုံးအကြိမ် ထိုးဖောက် ဝင်ရောက်လာတယ်။

"ဒီမယ် အမေ၊ လူတိုင်းလူတိုင်းဟာ လူအားလုံးအတွက် တာဝန်ရှိကြတယ်။ လူတွေက ဒါတွေကို မသိကြတာပဲ ဖြစ်တယ်၊ အဲဒါကို သိလို့ရှိရင် ဒီလောကကြီးဟာ အခုချက်ချင်းပဲ သုခဘုံကြီး ဖြစ်သွားမှာပဲ"

"အို ဘုရားသခင်၊ ဤစကား မမှန်ချေသလော"

ကျွန်ုပ် ငိုကြွေးရင်း တွေးလိုက်မိသည်။

မှန်တယ်၊ မှန်ပါတယ်၊ ကျွန်ုပ်ဟာ အားလုံးအတွက် တခြားလူတွေထက် ပိုပြီး တာဝန် ရှိပါတယ်။ ကျွန်ုပ်ဟာ လူများတွေအားလုံးထက်ပိုပြီး ဆိုးရွားတဲ့ ဒုစရိုက်သမားတယောက်ပဲ။ အဲဒီအခါမှာ ကျွန်ုပ် ရုတ်ခြည်းဆိုသလို အမှန်တရားကို ပြက်ပြက်ထင်ထင် တွေ့မြင်မိတယ်။ ကျွန်ုပ် ဘာလုပ်ဖို့ ရှိနေသလဲ၊ ကျွန်ုပ်ဟာ လူတော်လူကောင်း လူ့အဖိုးတန်တယောက်ကို သတ်ဖို့ လုပ်နေတယ်၊ အဲဒီလူက ကျွန်ုပ်ကို ဘာတခုမှ မဟုတ်တာ မလုပ်ခဲ့ဘူး၊ ကျွန်ုပ်ဟာ သူ့ကို သတ်လိုက်ခြင်းဖြင့် သူ့မိန်းမရဲ့တသက်တာ ပျော်ရွှင်မှုကို ဖျက်ဆီးပစ်လိုက်မှာလည်း အမှန်ပဲ။ သူ့မိန်းမကို တတိတိနဲ့ ညှဉ်းဆဲ သတ်ဖြတ်လိုက်တဲ့သဘောပဲ။

ကျွန်ုပ်ဟာ အဲဒီလို တွေးတောစဉ်းစားရင်းနဲ့ ခုတင်ပေါ်မှာ အားလျားမှောက်ပြီးနေခဲ့တယ်၊ အချိန် ဘယ်လောက်ရှိသွားပြီဆိုတာကို သတိမပြုမိဘူး၊ အဲဒီအချိန်မှာပဲ ကျွန်ုပ်ရဲ့အကူအညီ လုပ်မယ့် ဗိုလ်ဟာ ပစ္စတိုသေနတ်ကို လက်ထဲမှာ ကိုင်ပြီး ကျွန်ုပ်ကို လာခေါ်တယ်။

"အား ... ခင်ဗျား နိုးနေပြီပဲ၊ အဲဒါကောင်းတယ်၊ ကျွန်တော်တို့ သွားဖို့

အချိန်ရောက်နေပြီ၊ လာ၊ သွားကြစို့”

ကျွန်ုပ်လည်း ဘာလုပ်ရမှန်းမသိဖြစ်ပြီး အခန်းထဲမှာ ဟိုသွားလိုက် သည်သွားလိုက် ဖြစ်နေတယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ကျွန်ုပ်တို့နှစ်ယောက် အခန်းထဲက ထွက်ခဲ့ပြီး မြင်းရထားဆီကို လျှောက်သွားကြတယ်။

“ဒီမှာ ခဏစောင့်ပါဦး၊ ကျွန်တော် အခုပဲပြန်လာခဲ့မယ်၊ ကျွန်တော့် ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့”

ကျွန်ုပ်အခန်းကို တယောက်တည်း ပြန်လာခဲ့တယ်။ အက်ဖာနဆီရဲ့အိပ်ခန်းကို ကျွန်ုပ် တန်းပြီး သွားတယ်။

“အက်ဖာနဆီ … ခင်ဗျားကို ကျွန်တော် မနေ့က နှစ်ချက် ရိုက်ခဲ့မိတယ်။ အဲဒါ ကျွန်တော့်ကို ခွင့်လွှတ်ပါ”

ကျွန်ုပ် ပြောလိုက်တယ်။ သူ တုန်လှုပ်သွားတယ်၊ ကြောက်လန့်သွားပုံရတယ်၊ ကျွန်ုပ်ကို ငေးကြည့်နေတယ်။ ဒီလိုတောင်းပန်ရုံလောက်နဲ့ မလုံလောက်ဘူးဆိုတာ ကျွန်ုပ် စဉ်းစားမိတယ်၊ ဒါနဲ့ ကျွန်ုပ်ဟာ အရာရှိဝတ်စုံ အပြည့်အစုံနဲ့ သူ့ခြေရင်းမှာ ဦးညွှတ်ပြီး ချလိုက်တယ်။ ဒူးနဲ့ကြမ်းပြင် ထိတဲ့အထိပဲ။

“ကျွန်တော့်ကို ခွင့်လွှတ်ပါ”

အဲဒီအခါမှာ သူဟာ ဘာလုပ်ရမှန်းမသိလောက်အောင်ကို ငေးကြောင်သွားပြီး …

“ဗိုလ်ကြီးခင်ဗျား … ဗိုလ်ကြီး .. မလုပ် .. မလုပ်ပါနဲ့ … ကျွန်တော် ဒီလို မတန်..”

နောက်ပြီးတော့ သူ တခါတည်း ငိုချလိုက်တော့တာပဲ။ စောစောက ကျွန်ုပ် ငိုချလိုက်တဲ့အတိုင်းပဲ။ သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ ကာပြီး ပြတင်းပေါက်ဘက်ကို လှည့်ပြီး ငိုတော့တာပဲ။ ကျွန်ုပ်လည်း မိတ်ဆွေစစ်ဗိုလ်ဆီကို ပြန်ပြေးသွားပြီး မြင်းရထားပေါ်ကို ခုန်တက်လိုက်တယ်။

“သွားကြမယ်” ကျွန်ုပ် ပြောလိုက်တယ်။ ပြီးတော့ …

“အောင်နိုင်သူတယောက်ကို ခင်ဗျား မြင်ဖူးလား” မိတ်ဆွေစစ်ဗိုလ်ကို ကျွန်ုပ် မေးလိုက်ပြီးတော့ … “ဒီမယ် ကြည့်ထား၊ အဲဒီလူဟာ ခင်ဗျားရှေ့က လူပဲ”

ကျွန်ုပ်ဟာ အလွန့်အလွန်ကို ပီတိသောမနဿ ဖြစ်နေပြီး

ရယ်မောနေမိတယ်၊ စကားတွေ ဖောင်လောက်အောင် ပြောနေမိတယ်၊ လမ်းတလျှောက်လည်း ပြောသွားတယ်။ ဒါပေမဲ့ ဘာတွေ ပြောသွားမိတယ် ဆိုတာတော့ ကျွန်ုပ် မမှတ်မိတော့ဘူး။

"သူငယ်ချင်းဟာ ရဲစွမ်းသတ္တိရှိတဲ့ လူတယောက်ပဲ၊ ကိုယ်တို့ တပ်ရင်းရဲ့ဂုဏ်သိက္ခာကို သူငယ်ချင်း ဟာ ဘယ်နည်းနဲ့မှ ဖျက်ဆီးမယ့်လူ မဟုတ်ဘူးဆိုတာ ကျွန်ုပ် သိတယ်" သူက ကျွန်ုပ်ကို ကြည့်ပြီး ပြောတယ်။ အဲဒီလိုနဲ့ ကျွန်ုပ်တို့ဟာ ချိန်းဆိုထားတဲ့နေရာကို ရောက်သွားကြတယ်။ သူတို့က အရင်ရောက်နှင့်နေကြပြီး ကျွန်ုပ်တို့ကို စောင့်ဆိုင်းနေကြတယ်။

ကျွန်ုပ်တို့ နေရာယူကြတယ်။ တယောက်နဲ့ တယောက် တဆယ့်နှစ်လှမ်းအကွာမှာ ဖြစ်တယ်။ သူ စပြီး ပစ်ရမှာဖြစ်တယ်။ ကျွန်ုပ်က သူ့ကို မျက်တောင်တချက် မခတ်ဘဲနဲ့ ပျော်ပျော်ရွှင်ရွှင်ကြီး ကြည့်နေမိတယ်၊ ကျွန်ုပ် သူ့ကို ချစ်ခင်မြတ်နိုးစွာနဲ့ ကြည့်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ် ဘာလုပ်မယ်ဆိုတာကို ကျွန်ုပ်သိနေလို့ပဲ။

သူ ပစ်လိုက်တယ်။ ကျည်ဆန်ဟာ ကျွန်ုပ်ရဲ့ပါးနဲ့ နားရွက်ကို ပွတ်သွားတယ်။

"အို ... ဘုရားသခင်၊ ဘယ်သူတယောက်မှ မသေပါကလား"

ကျွန်ုပ် ဟစ်အော်လိုက်ပါတယ်။ ထို့နောက် ကျွန်ုပ်ဟာ တဖက်ကို လှည့်ပြီး လက်ထဲက သေနတ်ကို လေထဲကို မြှောက်တင်လိုက်ပြီး တောထဲသို့ ရောက်ရှိသွားစေတယ်။

"အဲဒါ မင်းနေရာပဲ" ကျွန်ုပ် ရွတ်ဆိုလိုက်တယ်။

ထို့နောက် ကျွန်ုပ်ရဲ့ ပြိုင်ဘက်ဘက်ကို လှည့်လိုက်ပြီး ...

"လူမိုက်ကလေးတယောက်ကို ခွင့်လွှတ်ပါခင်ဗျား။ ခင်ဗျားဘက်က ဘာမှမလုပ်ဘဲနဲ့ ကျွန်တော့် အနေနဲ့ စော်ကားမိခဲ့တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်ဟာ ခင်ဗျားထက် ဆယ်ဆလောက် ပိုပြီး မကောင်းပါဘူး၊ ဒါထက်တောင် သာချင်သာပါလိမ့်ဦးမယ်။ ဒီအကြောင်းကို ကမ္ဘာပေါ်မှာ ခင်ဗျားအချစ်ဆုံးလို့ မှတ်ယူထားတဲ့လူကို ပြောပြပါ"

ဒီစကားကို ပြောလိုက်တာနဲ့ တပြိုင်နက် အားလုံးက ကျွန်ုပ်ကို ဝိုင်းပြီး အော်ကြတော့တာပဲ။

"ခင်ဗျားဟာ တကယ်ပဲ တိုက်ချင်ခိုက်ချင်စိတ် မရှိဘူးဆိုရင် ဘာဖြစ်လို့

ကျုပ်ကို ဒီကိုလာအောင် လုပ်ရတာလဲ”

သူ ဒေါသဖြင့် ဟစ်အော်လိုက်တယ်။

“မနေ့ကအထိကတော့ ကျွန်တော်ဟာ လူမိုက်တယောက်ပဲ၊ ဒါပေမဲ့ ကနေ့တော့ ကျွန်တော်က လူလိမ္မာ ဖြစ်သွားပြီ”

ကျွန်ုပ် ခပ်ပြုံးပြုံးကလေး ပြန်ပြောလိုက်တယ်။

“ဒီစကားကို မနေ့က ခင်ဗျားပြောရင် ကျုပ်ယုံတယ်၊ ဒါပေမဲ့ ကနေ့အဖို့တော့ ကျုပ် ဘယ်လိုမှ မယုံနိုင်ဘူး”

“အဲသလို ပဲ မှန်လိုက်လေဗျာ” ကျွန်ုပ် လက်ခုပ်တီးပြီး ပြောလိုက်တယ်။

“ခင်ဗျား ပြောတာကို ကျွန်တော် လက်ခံတယ်၊ ကျွန်တော့်အနေနဲ့ ဒီလိုပဲ အပြောခံထိုက်တယ်”

“ခင်ဗျား ပစ်မလား၊ မပစ်ဘူးလား”

“ကျွန်တော် မပစ်ဘူး၊ ဒါပေမဲ့ ခင်ဗျား ပစ်ချင်တယ်ဆိုရင်တော့ ကျွန်တော့်ကို ထပ်ပြီး ပစ်နိုင်တယ်၊ ဒါပေမဲ့ မပစ်တာကတော့ ကောင်းတယ်”

ကျွန်ုပ် ပြောလိုက်တယ်။ အကူအညီ နှစ်ယောက်က ဟစ်အော်လျက် ရှိကြတယ်။ အထူးသဖြင့် ကျွန်ုပ်ရဲ့ အကူအညီကပေါ့။

“ခင်ဗျား ဘာလုပ်နေတာလဲ။ ခင်ဗျားရဲ့ ပြိုင်ဘက်ကို တောင်းပန်ပြီး ကျုပ်တို့တပ်ရဲ့ ဂုဏ်သိက္ခာကို ခင်ဗျား ချနေတာလား”

အဲဒီအခါ ကျွန်ုပ်က သူတို့အားလုံးရဲ့ရှေ့မှာ ရပ်ပြီး မျက်နှာထား တည်တည်နဲ့ ပြောလိုက်တယ်။

“လူကြီးမင်းတို့ .... သူ လုပ်ခဲ့တဲ့ အမှားတွေအတွက် အများရဲ့ရှေ့မှာ တောင်းပန် ဝန်ချတဲ့လူမျိုး ဒီခေတ်မှာ တကယ်ပဲ ရှားပါးနေလို့လား”

“စိန်ခေါ်ပွဲမှာ တောင်းပန်တာမျိုးတော့ မရှိဘူး”

ကျွန်ုပ်ရဲ့ အကူအညီက ပြန်ပြောပါတယ်။

“အဲဒါမှန်ပါတယ်၊ တကယ်တော့ အံ့သြစရာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီကို ရောက်ရောက်ချင်း တောင်းပန်သင့်ပါတယ်။ သူ့အနေနဲ့ မပစ်ခင်... ဒုစရိုက်မှုတခုကို မကျူးလွန်ခင် မှာ တောင်းပန်ဖို့ ကောင်းပါတယ်။ ဒါပေမဲ့

ကျွန်တော်တို့ နှစ်ယောက်ရဲ့ အခြေအနေဟာ အင်မတန် အံ့ဩစရာအဆင့်ကို ရောက်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ အဲဒီလို တောင်းပန်လို့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်တော်ဟာ ဆယ့်နှစ်လှမ်းကွာကနေ သူ့ရဲ့ပစ်ခတ်မှုကို မခံရခင် ပြောခဲ့လို့ ရှိရင် ကျွန်တော်ရဲ့စကားတွေဟာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို သူရဲဘောကြောင်တဲ့ လူတယောက်လို့ပဲ သူ ယူဆပါလိမ့်မယ်။ ကျွန်တော်ဟာ သေနတ်တွေကို ကြောက်လို့ ပြောတာပဲဆိုပြီး ကျွန်တော့်စကားကို သူ ဘယ်လိုမှ လက်ခံ နားထောင်မှာ မဟုတ်ပါဘူး လူကြီးမင်းတို့ ...”

ရုတ်တရက်ဆိုသလို ကျွန်ုပ် အားရပါးရ ပြောလိုက်မိတယ်။

“ခင်ဗျားတို့ ပတ်ပတ်လည်က ဘုရားသခင်ရဲ့ လက်ဆောင်ပစ္စည်းတွေကို ကြည့်လိုက်ကြစမ်းပါ။ ကြည်လင်တဲ့ မိုးကောင်းကင်၊ သန့်ရှင်းလတ်ဆတ်တဲ့လေ၊ နူးညံ့ပျော့ပျောင်းတဲ့ မြက်၊ နောက်ပြီးတော့ ငှက်ကလေးတွေ သဘာဝလောကဟာ လှပပြီး ဘာအပြစ်မှ မရှိပါဘူး၊ ကျွန်တော်တို့ တတွေသာ ဘုရားသခင် ကင်းမဲ့နေကြတယ်။ မိုက်မဲနေကြတယ်။ ဘဝရဲ့ သုခကို နားမလည်ကြဘူး၊ တကယ်လို့ ကျွန်တော်တို့ကသာ နားလည်အောင် ကြိုးစားမယ်ဆိုရင် လောကကြီးရဲ့ အလှတရား တွေကို ချက်ချင်းပဲ တွေ့ကြရပါလိမ့်မယ်၊ ဖက်ပွေ့ ငိုကြွေးကြရပါလိမ့်မယ်”

ကျွန်ုပ် ဆက်ပြီး ပြောချင်သေးတယ်၊ ဒါပေမဲ့ မပြောနိုင်တော့ဘူး၊ ကျွန်ုပ်ရဲ့စကား ရပ်သွားတယ်၊ အားလုံးဟာ လှပသာယာလာတယ်၊ ကျွန်ုပ်ရဲ့ ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ ပြည့်လျှံလာတယ်၊ ကျွန်ုပ်အနေနဲ့ အရင်တုန်းက မခံစားဖူးတဲ့ ပျော်ရွှင်မှုတွေပဲ။

“ခင်ဗျားပြောတာတွေဟာ ကောင်းမွန် မှန်ကန်လှပါပေတယ်၊ ခင်ဗျားဟာ တကယ့်ကို အံ့ဩဖို့ ကောင်းတဲ့ လူတယောက်ပါပဲ”

ကျွန်ုပ်ရဲ့ ဆန့်ကျင်ဘက်က ပြောလိုက်တယ်။

“ခင်ဗျားကတော့ ရယ်ချင် ရယ်လိမ့်မယ်” ကျွန်ုပ် သူ့ကို ရယ်မောပြီး ပြောလိုက်တယ်၊ “ဒါပေမဲ့ နောက်ပိုင်းကျရင်တော့ ကျွန်တော်ပြောတာတွေကို ခင်ဗျား လက်ခံပါလိမ့်မယ်”

“အို ... ကျုပ်က ခင်ဗျားစကားတွေကို အခုကိုပဲ လက်ခံပါတယ်၊ ကျုပ်တို့ လက်ဆွဲပြီး နှုတ်ဆက်ကြ ရအောင်၊ ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားကို တကယ်ရိုးသားတဲ့ လူတယောက်လို့ ကျွန်တော် ယုံကြည်လို့ပဲ”

“အခု နှုတ်မဆက်ပါနဲ့ဦး၊ ကျွန်တော် လူကောင်းတယောက် ဖြစ်လာပြီး ခင်ဗျားရဲ့ချစ်ခင်မှုကို ကျွန်တော် ထိုက်တန်တဲ့အချိန်ကျမှသာ လက်ဆွဲနှုတ်ဆက်ပါ။ ဒါမှ ခင်ဗျားအတွက် ကောင်းပါလိမ့် မယ်”

ကျွန်ုပ်တို့ အိမ်ပြန်ခဲ့ကြတယ်။ ကျွန်ုပ်ရဲ့ မိတ်ဆွေစစ်ဗိုလ်က ကျွန်ုပ်ကို တလမ်းလုံး အပြစ်တင်လာ တယ်။ ကျွန်ုပ်ကတော့ တလမ်းလုံး သူ့ကို နမ်းခဲ့တယ်။ ဒီသတင်းကို ကြားတဲ့အခါ ကျွန်ုပ်ရဲ့ ရဲဘော်တွေအားလုံး ချက်ချင်းပဲ ရောက်လာကြပြီး ကျွန်ုပ်ကို ဝေဖန် ပြောဆိုကြပါတယ်။

“သူဟာ တပ်မတော်ကို သိက္ခာကျစေတာပဲ၊ သူ့ကို ရာထူးက ထွက်ခိုင်းရမယ်” သူတို့က ပြောကြတယ်။

တချို့ ကတော့ ကျွန်ုပ်ဘက်က ကာကွယ်ကြတယ်။

“တဖက်က ပစ်တာကို သူ ရင်ဆိုင်ခဲ့တယ်”

“ဟုတ်တယ်၊ ဒါပေမဲ့ ထပ်ပြီး ပစ်မှာကို သူကြောက်သွားပြီး စိန်ခေါ်ပွဲအတွင်းမှာ တောင်းပန် ဝန်ချတာပဲ”

“နောက်ထပ်ပစ်မှာကို သူကြောက်တယ်ဆိုရင် သူဟာ မတောင်းပန်ခင်မှာ သူက အရင်ပြန်ပြီး ပစ်ရဦးမယ်၊ ဒါပေမဲ့ ကျည်ထည့်ထားတဲ့ သေနတ်ကို တောထဲကို သူလွှင့်ပစ်လိုက်တယ်၊ ဒါဟာ ထူးခြားတဲ့သဘောပဲ၊ တခုခုပဲ”

သူတို့ပြောတာတွေကို ကျွန်ုပ် နားထောင်နေတယ်။ ပြီးတော့မှ သူတို့ကို ကြည့်ပြီး..

“သူငယ်ချင်းတို့ ... ရဲဘော်တို့၊ ကျွန်တော် ရာထူးက မထွက်မှာကို ဘာမှ မပူကြပါနဲ့၊ ဘာဖြစ်လို့တုံး ဆိုတော့ ကျွန်တော့်ရဲ့ နုတ်ထွက်စာကို တင်ထားပြီးနေပါပြီ။ ကျွန်တော်ဟာ တပ်မတော်က နုတ်ထွက်ခွင့်ရတာနဲ့ တပြိုင်နက် ဘုန်းကြီးဝတ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ရာထူးက နုတ်ထွက်တာပါပဲ”

ကျွန်ုပ်စကားကို ကြားရတဲ့အခါမှာ သူတို့အားလုံး ဝိုင်းပြီး ရယ်မောကြတယ်။

“အဲဒီစကားကို ဘာဖြစ်လို့ ခင်ဗျား စောစောက မပြောခဲ့တာလဲ။ ဒါဆိုရင်တော့ အားလုံးရှင်းသွားပြီပဲ၊ ဘုန်းကြီးတပါးကို ကျွန်တော်တို့ ဘာမှ ပြောပိုင်ခွင့်မရှိဘူး”

သူတို့ရယ်ကြတယ်။ တော်တော်နဲ့ အရယ်မရပ်နိုင်ကြဘူး၊ ဒါပေမဲ့ လှောင်ပြောင်တဲ့အနေနဲ့ ရယ်ကြတာ မဟုတ်ဘူး၊ ပျော်လို့ရွှင်လို့ ရယ်ကြတာပဲ။

သူတို့အားလုံးဟာ ကျွန်ုပ်ကို ချက်ချင်း ချစ်ခင်သွားကြတယ်။ စောစောပိုင်းက ကျွန်ုပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုတဲ့ လူတွေရော ပေါ့၊ နုတ်ထွက်ခွင့် ရတဲ့အချိန်အထိ တလလုံးလုံးပဲ သူတို့ဟာ ကျွန်ုပ်အကြောင်း ပြောမဆုံးကြဘူး။

“ဗြော် ဘုန်းကြီးပါလား”

သူတို့က အဲဒီလိုပဲ ပြောကြတယ်။ လူတိုင်းကပဲ ကျွန်ုပ်ကို ကြင်နာထောက်ထားတဲ့ စကားကို ပြောကြတယ်။ ကျွန်ုပ်ကို ဘုန်းကြီးမဝတ်ဖို့ သွေးဆောင်ကြတယ်၊ ကျွန်ုပ်ကို သနားကြတယ်။

“ခင်ဗျားကိုယ်ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ”

“မဟုတ်ဘူး၊ သူဟာ သတ္တိရှိတဲ့လူတယောက်ပဲ၊ တဖက်က ပစ်တာကို သူခံခဲ့တယ်၊ သူ ပြန်ပြီး ပစ်နိုင်တယ်။ ဒါပေမဲ့ အဲဒီနေ့မတိုင်ခင် ညကပဲ သူဟာ ဘုန်းကြီးဝတ်ရတယ်လို့ အိပ်မက်မက်တယ်။ ဒါကြောင့် သူ အခုလို လုပ်ခဲ့တာပဲ” သူတို့ ပြောကြတယ်။ မြို့ပေါ်ကလူတွေကလည်း အဲဒီအတိုင်းပဲ၊ အဲဒီအချိန်မတိုင်ခင် အထိကဆိုရင် သူတို့ဟာ ကျွန်ုပ်ကို လိုလိုလားလား လက်ခံဆက်ဆံကြပေမဲ့ ကျွန်ုပ်ဟာ အဓိကနေရာမှာတော့ မရှိခဲ့ဘူး၊ အခုဆိုရင် လူအားလုံးကပဲ ကျွန်ုပ်ကို သိသွားကြပြီ။ သူတို့အိမ်တွေကို ဖိတ်ခေါ်ကြတယ်၊ သူတို့ဟာ ကျွန်ုပ်နဲ့ ပတ်သက်ပြီး ရယ်မောကြပေမဲ့ ကျွန်ုပ်ကို သူတို့ မချစ်ခင်ဘဲ မနေနိုင်ကြဘူး။

ဒီနေရာမှာ ကျွန်ုပ် တခုပြောရဦးမယ်၊ စိန်ခေါ်ပွဲ အကြောင်းကို တမြို့လုံး အုန်းအုန်းကျွက်ကျွက် ပြောနေကြပေမဲ့ ဒီကိစ္စကို တပ်မတော်အာဏာပိုင်တွေက ဘာမှ အရေးမယူခဲ့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်ုပ်နဲ့ တိုက်ခိုက်တဲ့လူက ကျွန်ုပ်တို့ ဗိုလ်ချုပ်ကြီးရဲ့ ရင်းနီးတဲ့ ဆွေမျိုးတယောက် ဖြစ်တာက တကြောင်း၊ နောက်ပြီးတော့ ဒီစိန်ခေါ်ပွဲက ဘာတခုမှ မဖြစ်ခဲ့တာကြောင့်လည်း တကြောင်း ဘယ်သူမှလည်း ဒဏ်ရာအနာတရ မဖြစ်ခဲ့ဘူး။ ကျွန်ုပ်ကလည်း ရာထူးက ထွက်ခဲ့တယ်၊ ဒါကြောင့်မို့ ဒီကိစ္စကို သူတို့က ရယ်စရာ မောစရာ တခုအဖြစ်ပဲ သဘောထားခဲ့ကြတယ်။

ဒါကြောင့်မို့လည်း သူတို့တွေ ဘယ်လောက်ပဲ ရယ်မောပါစေ ကျွန်ုပ်က ဒီအကြောင်းတွေကို ဘာမှ အကြောက်အလန့်မရှိဘဲ ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုခဲ့တယ်၊ နောက်ပြီးတော့ သူတို့ရယ်ကြတာက လည်း မလိုလားတဲ့သဘော မဟုတ်ဘူး၊ နားလည်တဲ့အနေနဲ့ ရယ်ကြတာပဲ၊ အဲဒါကြောင့်မို့လို့ ဒီအကြောင်းကို ညှော့ခံပွဲတွေမှာ ပြောကြတယ်၊ အမျိုးသမီးတွေကြားမှာ ပြောကြတယ်။ အမျိုးသမီး တွေက ကျွန်ုပ်ပြောတာကို သိပ်ပြီး နားထောင်ချင်ကြတယ်၊ အဲဒီတော့ သူတို့ ယောကျ်ားတွေက လည်း နားထောင်ကြရတော့တာပေါ့။

“နေပါဦး၊ ကျွန်တော်က ဘယ်လိုလုပ်ပြီး အားလုံးအတွက် တာဝန်ရှိနိုင်မလဲ၊ ဆိုကြပါစို့ ... ကျွန်တော်ဟာ ခင်ဗျားအတွက် တာဝန်ရှိနိုင်ပါ့မလား”

သူတို့အားလုံးကပဲ ကျွန်ုပ်ကို ရယ်မောပြီး မေးကြတယ်။

ဒီတော့ ကျွန်ုပ် ပြန်ဖြေရတယ်။

“ဒီကိစ္စကို ခင်ဗျားတို့ မသိလို့ပါ။ ဘာဖြစ်လို့တုံးဆိုတော့ ကမ္ဘာကြီးတခုလုံးဟာ မတူခြားနားတဲ့ လမ်းကြောင်းတခုကို သွားနေတယ်၊ ကျွန်တော်တို့ဟာ အမှားတွေကို အမှန်တွေဆိုပြီး လက်ခံခဲ့ကြ တယ်။ တခြားလူတွေကိုလည်း အမှားတွေကို လက်ခံခိုင်းကြတယ်။ အခု ကျွန်တော်က ကျွန်တော့်ရဲ့ ဘဝမှာ ပထမဆုံးအကြိမ် ရိုးရိုးသားသား မှန်မှန်ကန်ကန်လုပ်ဆောင်ခဲ့တယ်။ ဒီအခါမှာ ခင်ဗျားတို့က ကျွန်တော့်ကို အရူးတယောက်လို့ ယူဆကြတယ်။ ခင်ဗျားတို့ဟာ ကျွန်တော့်ကို ခင်မင်ရင်းနှီးကြပေမဲ့ တချိန်တည်းမှာပဲ ကျွန်တော့်ကို လှောင်ပြောင် ရယ်မောနေကြတယ်”

“ကျွန်မတို့က ရှင့်ကို မခင်ဘဲ မနေနိုင်တာတော့ အမှန်ပဲ”

အိမ်ရှင်အမျိုးသမီးက ရယ်မောပြီး ပြောပါတယ်။ အဲဒီအချိန်မှာ အခန်းထဲမှာ ဧည့်သည်တွေ အများကြီး ရှိနေပါတယ်။ အဲဒီမှာပဲ ကျွန်ုပ်ဟာ ဗြုန်းစားကြီးဆိုသလို အမျိုးသမီးကလေးကို တွေ့မြင်လိုက်ရတယ်။ သူ့အတွက် စိန်ခေါ်ပွဲကြီး ဖြစ်ခဲ့ရပြီး တချိန်မှာ ကျွန်ုပ် လက်ထပ်ဖို့ စိတ်ကူးထားတဲ့ အမျိုးသမီးကလေးပါပဲ၊ အခန်းထဲကို သူရောက်လာတာကို ကျွန်ုပ် သတိမပြုမိခဲ့ဘူး။

သူ ထိုင်ရာက ထပြီး ကျွန်ုပ်ဆီကို လျှောက်လာပါတယ်။ ကျွန်ုပ်ကို သူ လက်ကမ်းပေးပြီး ပြောပါတယ်။

“ရှင်ပြောတဲ့စကားတွေကို ပထမဆုံး မရယ်တဲ့လူကတော့ ကျွန်မပါပဲ၊ ရှင့်ကို ကျွန်မ အထူးပဲ ကျေးဇူးတင်ပါတယ်၊ ရှင်လုပ်တဲ့ အလုပ်အတွက် ရှင့်ကို ကျွန်မ အထူးပဲ ကျေးဇူးတင်ပါတယ်”

အဲဒီအခါမှာ အခန်းထဲမှာ ရှိနေတဲ့ သူမရဲ့ယောကျ်ားလည်း ကျွန်ုပ်ဆီကို ရောက်လာပါတယ်။ သူတို့အားလုံးပဲ ကျွန်ုပ်ကို ဝိုင်းလာကြပါတယ်၊ ကျွန်ုပ်ကို နမ်းကြပါတယ်၊ အဲဒီအခါမှာ ကျွန်ုပ်ဟာ အထူးပဲ ပျော်ရွှင်ကြည်နူးရပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်ုပ် အထူးအာရုံစိုက်နေမိတဲ့ လူတယောက်ကတော့ လူလတ်ပိုင်းအရွယ် လူတယောက်ပါပဲ၊ သူလည်း ကျွန်ုပ်အနားကို ရောက်လာပါတယ်။ သူ့နာမည်ကို ကျွန်ုပ်သိပါတယ်၊ ဒါပေမဲ့

အဲဒီအချိန်အထိ ကျွန်ုပ်တို့နှစ်ယောက်ဟာ မသိကျွမ်းသေးပါဘူး၊ စကားတခွန်းမှ မပြောဖူးကြ သေးပါဘူး။

(ဃ) လျှို့ဝှက်ဆန်းကြယ်သော ဧည့်သည်

သူသည် ကျွန်ုပ်တို့မြို့မှ အစိုးရဝန်ထမ်းတဦး ဖြစ်သည်။ အရေးပါအရာရောက်သော အရာရှိကြီးတဦး ဖြစ်သည်။ သူ့ကို လူတိုင်းကပင် လေးစားကြသည်။ သူက ချမ်းသာသည်။ လူမှုဝန်ထမ်းလုပ်ငန်းများ အတွက် ရက်ရက်ရောရော လှူဒါန်းမှုအတွက် နာမည်ကြီးသည်။ လူအိုရုံနှင့် မိဘမဲ့ဂေဟာများသို့ ငွေအမြောက်အမြား လှူဒါန်းသည်။ ငွေတော်တော်များများကို အမည်မဖော်ဘဲ လျှို့ဝှက်စွာ လှူဒါန်းခဲ့သည်။ သူကွယ်လွန်သောအခါတွင်မှ ထိုအကြောင်းများ ပေါ်လာကြသည်။ သူသည် အသက်ငါးဆယ် အရွယ်လောက် ရှိပြီး မျက်နှာထား တည်သည်။ စကားများများ ပြောတတ်သည့် လူစားမျိုး မဟုတ်ပါ။ သူ အိမ်ထောင်ကျခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိချေပြီ။ သူ၏ဇနီးမှာ ငယ်ငယ်ရွယ်ရွယ်ပင် ဖြစ်သည်။ သူ့မှာ ကလေးသုံးယောက် ရှိသည်။

နောက်တနေ့ ညနေဘက်တွင် ကျွန်ုပ်၏ အခန်းထဲ၌ ကျွန်ုပ်တယောက်တည်း ထိုင်နေစဉ် အခန်းတံခါး ရုတ်တရက်ပွင့်သွားပြီး အဆိုပါပုဂ္ဂိုလ် ဝင်ရောက်လာသည်။

ဤနေရာတွင် ကျွန်ုပ် တခု ပြောပြရပေဦးမည်။ ကျွန်ုပ်သည် ယခင်က နေထိုင်ခဲ့သောအခန်းတွင် မနေတော့ပါ။ အလုပ်မှ ထွက်စာတင်ပြီးသည်နှင့် တပြိုင်နက် အခြားတနေရာသို့ ပြောင်းရွှေ့ခဲ့ပါ သည်။ ကျွန်ုပ်၏ အိမ်ရှင်မှာ အစိုးရအမှုထမ်းတဦး၏ဇနီး မုဆိုးမ အဘွားကြီးတဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်ကို အခန်းတခုငှားပြီး ကျွန်ုပ်၏ဝေယျာဝစ္စများကိုပါ ဆောင်ရွက်ပေးပါသည်။ ယင်းကဲ့သို့ ပြောင်းခဲ့ရသည့်အကြောင်းမှာ ကျွန်ုပ်သည် စိန်ခေါ်ပွဲမှ ပြန်လာပြီးသည့်နောက်တွင် အက်ဖာနဆီကို တပ်ခွဲသို့ ပြန်ပို့လိုက်ပါသည်။ ကျွန်ုပ်သည် သူ့ကို တောင်းပန်ပြီးခဲ့သည့် နောက်ပိုင်းတွင် သူ့မျက်နှာကို ကြည့်ရမှာ ရှက်သောကြောင့်ပင် ဖြစ်သည်။ မဟုတ်တာတွေကို လုပ်လာသည့် လူတယောက်အဖို့ ဟုတ်တာတခုကို လုပ်မိခြင်းသည် အင်မတန် ရှက်စရာ ကောင်းပါသည်။

“ဒီရက်ပိုင်းအတွင်း အိမ် တော်တော်များများမှာ ခင်ဗျားပြောတဲ့စကားတွေကို ကျုပ် စိတ်ဝင်စားစွာ နားထောင်ခဲ့တယ်။ နောက်ဆုံးမှာ ခင်ဗျားနဲ့ လူချင်းသိပြီး ပိုပြီး ရင်းရင်းနှီးနှီး ဆွေးနွေးရရင် ကောင်းမယ်လို့ ကျုပ် ဆုံးဖြတ်မိတယ်၊ အဲဒီတော့ ကျုပ်ကို အဲဒီအခွင့်အရေး ပေးနိုင်မလား”

“ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ပေးနိုင်ပါတယ်ခင်ဗျာ၊ ဒါဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာ တခုပါပဲ”

ကျွန်ုပ် အဲဒီလို ပြောလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ် အခန်းထဲကို သူဝင်လာတာကို တွေ့ရကတည်းက ကျွန်ုပ်စိတ်ထဲမှာ အများကြီး တုန်လှုပ် ချောက်ချားနေမိပါတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ တခြားလူတွေက ကျွန်ုပ်ပြောတဲ့စကားကို စိတ်ပါဝင်စားစွာ နားထောင်ကြပေမဲ့ ဘယ်သူမှ အခုလို ကျွန်ုပ်ဆီကို အလေးအနက် အရေးတယူ ရောက်မလာခဲ့ပါဘူး၊ ဒီပုဂ္ဂိုလ်ကတော့ သူ့သဘောနဲ့သူ ရောက်လာခဲ့ပါတယ်။ သူထိုင်တယ်။ ပြီးတော့ ...

“ခင်ဗျားဟာ စိတ်ဓာတ်အင်အား အင်မတန်ခိုင်မာတဲ့ လူတယောက်ပဲ၊ ခင်ဗျားဟာ သူများတွေ အထင်သေးမှာ အပြစ်ပြောမှာကို ဘယ်လိုမှ အရေးမထားဘဲနဲ့ အမှန်တရားကို လုပ်ရဲတယ်”

“ကျွန်တော်လုပ်တဲ့ အလုပ်ကို ခင်ဗျားက သိပ်ပြီး မြှောက်နေတာပဲ”

ကျွန်ုပ် ပြန်ပြောလိုက်တယ်။

“မဟုတ်ပါဘူး၊ ကျုပ် မြှောက်နေတာ မဟုတ်ပါဘူး။ ဒီလိုအလုပ်မျိုးတခုကို လက်တွေ့လုပ်နိုင်ဖို့ ဆိုတာ ပြောသလောက် စိတ်ကူးသလောက် မလွယ်ပါဘူး၊ ဒါကြောင့်လည်း အဲဒီကိစ္စကို ကျုပ် အင်မတန် စိတ်ဝင်စားမိရတာပဲ၊ ဒါကြောင့်ပဲ ခင်ဗျားဆီကို ကျုပ် ရောက်လာရတာပဲ။ ကျုပ်ကို တခုပြောပြစမ်းပါ။ ကျုပ်မေးခွန်းကို သိပ်ပြီး စပ်စုတယ်လို့ထင်ပြီး ခိုးလိုးခုလု မဖြစ်ဘူးဆိုရင်ပေါ့။ စိန်ခေါ်ပွဲတုန်းက သူ့ကို တောင်းပန်ဖို့ ခင်ဗျားဆုံးဖြတ်တဲ့အချိန်မှာ ခင်ဗျားရဲ့ စိတ်ထဲမှာ အတိအကျ ဘယ်လိုခံစားနေရသလဲ ... ခင်ဗျား မှတ်မိသလား၊

“ကျုပ် မေးခွန်းကို အဓိပ္ပာယ်မရှိ အလကားသက်သက် မေးနေတယ်လို့ မယူဆပါနဲ့။ ကျုပ်မှာ ဒီလိုမေးရတဲ့ အကြောင်းရင်းတခု ရှိပါတယ်။ အဲဒီအကြောင်းကို နောက်ပိုင်းမှာ ကျုပ် ရှင်းပြပါ့မယ်၊ ဘုရားသခင်က အလိုတော်ရှိလို့ ကျုပ်တို့နှစ်ယောက် အခုထက်ပိုပြီး ရင်းနှီးသွားကြတဲ့အခါမှာပေါ့”

ဒီစကားတွေကို သူပြောနေတဲ့ တချိန်လုံးမှာပဲ သူ့မျက်နှာကို ကျွန်ုပ် ကြည့်နေမိပါတယ်၊ အဲဒီအခါမှာ ကျွန်ုပ် ချက်ချင်းဆိုသလိုပဲ သူ့ကို ယုံကြည်သွားမိပါတယ်။ နောက်ပြီးတော့ ကျွန်ုပ်အနေနဲ့လည်း သူ့ကို အများကြီး စိတ်ဝင်စားသွားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရင်ထဲမှာ လျှို့ဝှက်မှုတခု ရှိနေတယ်ဆိုတာကို ကျွန်ုပ် သဘောပေါက် နားလည်မိလို့ပါပဲ။

“ကျွန်တော့်ရဲ့ဆန့်ကျင်ဘက်ကို တောင်းပန်တဲ့အချိန်က ကျွန်တော့်စိတ်ထဲမှာ အမှန်တကယ် ဘယ်လိုရှိနေသလဲဆိုတာကို ခင်ဗျားက မေးတယ်၊ ဒါပေမဲ့ ဒီမေးခွန်းကို မဖြေခင် ကျွန်တော် ခင်ဗျားကို အစကနေပြီး ပြောရမယ်၊ အရင်တုန်းက ဘယ်သူ့ကိုမှ ပြောမပြဖူးသေးတဲ့ စကားပဲ”

အဲဒီနောက်မှာ ကျွန်ုပ်နဲ့ အက်ဖာနဆီ ဖြစ်တဲ့အကြောင်း၊ ကျွန်ုပ် ရှိခိုးတောင်းပန်တဲ့ အကြောင်းတွေ ကို ပြောပြလိုက်တယ်။

"အဲဒါဆိုရင် ခင်ဗျား သဘောပေါက်ကောင်းပါပြီ။ ကျွန်တော့်ဇာတ်လမ်းက အိမ်မှာ စခဲ့တာမို့ စိန်ခေါ်ပွဲကျတော့ အများကြီး လွယ်ကူနေပါတယ်။ ကျွန်တော်ဟာ ဒီလမ်းပေါ်မှာ လျှောက်မိတာနဲ့ တပြိုင်နက် နောက်ပိုင်းကိစ္စတွေဟာ လွယ်ရုံတင်မကဘူး၊ ကျွန်တော့်အဖို့ ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်တွေချည်း ဖြစ်တော့တယ်"

ကျွန်ုပ်ရဲ့စကားကို နိဂုံးချုပ်လိုက်တယ်။ ကျွန်ုပ်ရဲ့ စကားတွေကို နားထောင်ပြီးတဲ့အခါမှာ သူဟာ ကျွန်ုပ်ကို အထူးပဲ ခင်မင်နှစ်သက်စွာနဲ့ ကြည့်နေပါတယ်၊ နောက်ပြီးတော့… "ခင်ဗျားပြောတာတွေ က တကယ် စိတ်ဝင်စားစရာကောင်းတာပဲ၊ ခင်ဗျားဆီကို ကျုပ် မကြာမကြာ လာပါဦးမယ်"

အဲဒီနောက်မှာ သူဟာ ကျွန်ုပ်ဆီကို ညနေတိုင်း လာလည်ပါတယ်။ ကျွန်ုပ်တို့နှစ်ယောက် အထူးပဲ ခင်မင်ရင်းနှီးသွားကြပါတယ်။ တယောက်အကြောင်းကို တယောက် ပြောနိုင်ကြ သလောက်ပါပဲ။ ဒါပေမဲ့ သူက သူ့အကြောင်းကို ဘာမှ မပြောသလောက်ပဲ။ ကျွန်ုပ်အကြောင်း တွေကိုသာ အဆက်မပြတ်ဆိုသလို မေးနေတယ်၊ ဒါပေမဲ့လည်း ကျွန်ုပ်ဟာ သူ့ကို အများကြီး ချစ်ခင်နှစ်သက် နေမိပါတယ်။ ကျွန်ုပ်ရဲ့ရင်ထဲမှာ ခံစားနေရတဲ့အချက်တွေ အားလုံးကို သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြမိပါတယ်။ နောက်ပြီးတော့ ကျွန်ုပ်ဟာ သူ့ရဲ့လျှို့ဝှက်မှုတွေကို ဘာကိစ္စ သိစရာလိုသလဲ။ အဲဒီအချက်တွေကို မသိရဘဲနဲ့ သူဟာ လူကောင်းတယောက် ဖြစ်တယ်ဆိုတာ ကျွန်ုပ် သိနေရပြီ မဟုတ်လား။ နောက်ပြီးတော့ သူဟာ ကျွန်ုပ်ထက် အသက်လည်းကြီး၊ ရာထူးလည်းကြီးပြီး သူ့ထက်ငယ်တဲ့ ကျွန်ုပ်ကို ရည်တူတန်းတူ ဆက်ဆံနေတယ် မဟုတ်လား။ နောက်ပြီးတော့ ကျွန်ုပ်ဟာ သူ့ဆီက အကျိုးရှိတဲ့ စကားတွေကို အများကြီး ကြားနေရတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ အသိဉာဏ်ပညာ ကြွယ်ဝတဲ့ လူတယောက် မဟုတ်လား။

"ဘဝဆိုတာ ကောင်းကင်ဘုံပဲ" ရုတ်တရက် သူ ပြောလိုက်တယ်။ "အဲဒါကို ကျုပ် သဘောပေါက်နေတာကြာပြီ" သူ့စကားကို မြန်မြန်ကြီး ဆက်ပြောတယ်၊ "အမှန်အတိုင်း ပြောရရင် ကျုပ်အနေနဲ့ သဘောပေါက်နားလည်ထားတဲ့အချက်ဟာ အဲဒီတခုပဲရှိတယ်" သူ ကျွန်ုပ်ကိုကြည့်ကာ ပြုံးလိုက်ပြီး "အဲဒီအချက်ကိုတော့ ကျုပ်က ခင်ဗျားထက်ပိုပြီး သဘောပေါက်ထားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ နောက်ကျရင် ခင်ဗျားသိရမှာပဲ"

"သူ ငါ့ကို လျှို့ဝှက်ချက်တခုခု ပြောချင်နေပြီနဲ့ တူတယ်"

ကျွန်ုပ် တွေးလိုက်မိတယ်။

"သုခချမ်းသာဆိုတာ ကျုပ်တို့အားလုံးရဲ့ရင်ထဲမှာ ပုန်းအောင်းနေတယ်၊ ကျုပ်ကသာ လိုလား တောင့်တလိုက်ရင် သုခချမ်းသာဟာ ချက်ချင်းပဲ ပေါ်ထွက်လာပြီး ကျုပ်နဲ့အတူ တသက်လုံး တည်ရှိသွားမှာဖြစ်တယ်"

သူက ရင်ထဲမှာ ခံစားမှုအပြည့်နဲ့ ပြောနေတာဖြစ်တယ်၊ ကျွန်ုပ်ကို သူက လျှို့ဝှက်နက်နဲစွာနဲ့ ကြည့်နေတယ်၊ ကျွန်ုပ်ကို မေးခွန်းထုတ်နေတဲ့ သဘောမျိုးပဲ။

"ကျုပ်တို့မှာ မကောင်းမှုဒုစရိုက်တွေ ကိုယ်စီရှိနေကြပေမယ့် ကျုပ်တို့အားလုံးဟာ တခြားလူတွေ အားလုံးအတွက် တာဝန်ရှိနေတယ်ဆိုတဲ့ ခင်ဗျားရဲ့အတွေးဟာ တကယ်မှန် ပါတယ်၊ ဒီအချက်ကို ခင်ဗျားအနေနဲ့ သိမြင်တွေးခေါ်နိုင်တဲ့အတွက်လည်း အများကြီး အံ့သြစရာ ကောင်းပါတယ်။ ဒီအချက်ကို လူတွေအားလုံး သဘောပေါက် နားလည်လာတဲ့အချိန်မှာ ကောင်းကင်ဘုံဆိုတာ လူသားတွေအတွက် အိပ်မက်တခု မဟုတ်တော့ဘဲ တကယ် တည်ရှိနေတဲ့အရာတခု ဖြစ်လာပါ လိမ့်မယ်"

"ဒါပေမဲ့ အဲဒါဟာ ဘယ်အချိန်မှာ ဖြစ်လာမှာလဲ၊ တကယ်ရော ဖြစ်လာမှာလား၊ ကောင်းကင်ဘုံ ဆိုတာ စိတ်ကူးယဉ်အိပ်မက်တခုပဲ မဟုတ်လား"

ကျွန်ုပ် သူ့ကို မေးလိုက်တယ်။ အဲဒီအခါမှာ သူက...

"အင်း၊ ခင်ဗျား မယုံဘူးဆိုတာ ကျုပ်သိပါတယ်၊ ခင်ဗျားက ပါးစပ်ကတော့ တရားဟောနေတယ်၊ ဒါပေမဲ့ ခင်ဗျားကိုယ်တိုင်ကတော့ မယုံဘူး၊ ကျုပ်ပြောတာကို ယုံပါ။ ဒီ အိပ်မက်ဟာ အမှန်တကယ် ဖြစ်ပေါ်လာမယ်ဆိုတာ ဘာမှ ယုံမှားသံသယ ဖြစ်စရာ မရှိပါဘူး။ ဖြစ်လာမှာ အမှန်ပဲ။ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး ဘာဖြစ်လို့တုံးဆိုတော့ ဘယ်အရာမဆို သူ့နည်းစနစ်နဲ့သူ ရှိလို့ပဲ။ ဒီဥစ္စာဟာ နာမ်နဲ့ဆိုင်တယ်၊ စိတ်ပညာနည်းနဲ့ ဆိုင်တယ်၊ ကမ္ဘာကြီးကို ပြောင်းလဲဖို့ကိစ္စမှာ လူတွေဟာ သူတို့ရဲ့ နှလုံးသားတွေကို ပြောင်းလဲရမယ်။ ခင်ဗျားဟာ လူအားလုံးနဲ့ ညီရင်းအစ်ကို မဖြစ်သမျှ ညီအစ်ကို လောကကြီး ဖြစ်လာမှာ မဟုတ်ဘူး။ လူတွေဟာ သိပ္ပံပညာနည်းစနစ်နဲ့တော့ သူတို့ရဲ့ ဥစ္စာဓနတွေနဲ့ ခံစားပိုင်ခွင့်တွေကို ဘယ်နည်းနဲ့မှ ကောင်းကောင်းမွန်မွန် မျှမျှတတ ခံစားနိုင်ကြမှာ မဟုတ်ဘူး၊ သူတို့အဖို့ ဘာမဆို ရလေလိုလေ အိုတဏှာ ဖြစ်နေပြီး အမြဲတမ်း ညည်းတွားနေမယ်၊ အမြဲတမ်း မနာလို ဝန်တိုဖြစ်နေမယ်၊ တယောက်ကိုတယောက် ဖျက်ဆီးတိုက်ခိုက်နေကြမယ်၊ သုခဘုံကြီး ဘယ်အချိန်မှာ ဖြစ်လာမလဲလို့ ခင်ဗျားမေးတယ်၊ ဒီကိစ္စဟာ ဖြစ်လာမယ်၊ ဒါပေမဲ့ အထီးကျန် သဘောကို အရင်ဆုံး လွန်မြောက်နိုင်ရမယ်"

“ဘယ်လို အထီးကျန်သဘောလဲ” ကျွန်ုပ် မေးလိုက်သည်။

“နေရာတကာမှာ အခုရှိနေတဲ့ အထီးကျန်သဘောပဲပေါ့ ။ အထူးသဖြင့် ကျုပ်တို့ခေတ်မှာ ရှိနေတဲ့ အဖြစ်ပဲပေါ့၊ ဒါပေမဲ့ ဒီအထီးကျန်သဘောက အမြင့်ဆုံးအဆင့်ကို မရောက်သေးဘူး၊ သူ့ရဲ့ နိဂုံးပိုင်းကို အလှမ်းမမြင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ လူအားလုံးဟာ သူ့ရဲ့ ပုဂ္ဂလိကအဖြစ်ကို တတ်နိုင်သမျှ ခွာထားတယ်။ လူ့ဘဝကြီးရဲ့ ပြည့်ဝမှုကို သူ့ဘာသာသူပဲ ခံစားဖို့ ကြိုးပမ်းနေကြတယ်၊ ဒါပေမဲ့ ဘဝရဲ့ ပြည့်ဝမှုကို မရဘဲ သူ့ရဲ့ ကြိုးပမ်းမှုတွေ အားလုံးဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးရေးပဲ ဖြစ်နေတယ်၊ သူတို့ဟာ ကိုယ်ဟာကိုယ် သဘောပေါက်နားလည်ရေးထက် အထီးကျန်အဖြစ်ကို ရှေးရှုပြီး သွားနေကြတယ်၊ ကျုပ်တို့ခေတ်မှာ လူတွေအားလုံးဟာ ကိုယ်ဆိုတဲ့ အစုလေးတွေအဖြစ် ကွဲကုန်ကြတယ်။ သူ့ကျင်းထဲကိုပဲ သူ တိုးဝင်နေတယ်၊ လူတိုင်း လူတိုင်းဟာ သူ့ပတ်ဝန်းကျင်ကနေ ခွဲထွက်နေတယ်၊ သူ့ကိုယ်သူလည်း ပုန်းအောင်းစေတယ်။ လူတွေအားလုံးကို သူနဲ့ ခပ်ဝေးဝေးမှာ နေစေတယ်၊ သူပိုင်ဆိုင်တဲ့ပစ္စည်းတွေကို စုပုံကြွယ်ဝစေတယ်။ သူဟာ ဘယ်လောက်တောင့် တင်းပြီး သူဟာ ဘယ်လောက်လုံခြုံတယ်ဆိုတာကို သူတွက်ဆတယ်။ ဒါပေမဲ့ သူဟာ များများ ပိုင်ဆိုင် ကြွယ်ဝလေ များများ ပျက်သုဥ်းလေ ဆိုတာကို သူ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့ကိုယ်သူသာ အားထားပြီး သူ့ကိုယ်သူ အများကနေ ခွဲထွက်နေလို့ပဲ၊ သူဟာ သူများတွေကို ကူညီစောင့်ရှောက်ရမယ်ဆိုတာကို မယုံကြည်ဘူး၊ သူ့အတွက် သူရှာထားတဲ့ သူ့ပစ္စည်းကလေးတွေ ကုန်ခန်းသွားမှာကိုပဲ သူ စိုးရိမ်နေတယ်။ ဒီခေတ်ကြီးမှာ လူတွေဟာ ဘယ်နေရာမှာမဆို သူ့ရဲ့ လုံခြုံမှုကို လူ့အဖွဲ့အစည်းကြီးရဲ့ စည်းလုံးညီညွတ်မှုနဲ့ ရရှိနိုင်တယ်ဆိုတာကို မယုံဘဲ သူ့ဟာသူ သီးခြားတဦးတည်း ရရှိနိုင်တယ်လို့ ယုံကြည်နေတယ်၊ ဒါပေမဲ့ ဒီ ကြောက်စရာကောင်းတဲ့ အထီးကျန် ပုဂ္ဂလိကဝါဒဟာ တနေ့မှာ မလွဲသာမရှောင်သာ ချုပ်ငြိမ်းရမယ်ဆိုတာ အမှန်ပဲ၊ အဲဒီအခါမှာ လူတွေဟာ တယောက်နဲ့တယောက် ခွဲခွာပြီး နေကြတာ မမှန်ဘူးဆိုတာ ဖြုန်းခနဲ သိရှိသွားကြမယ်၊ အဲဒီအခါမှာ လူအားလုံးဟာ အလင်းရောင်ကို မမြင်ဘဲ အမှောင်ထဲမှာ အကြာကြီး နေခဲ့ရတဲ့အတွက် အံ့သြသွားကြမယ်။ အဲဒီအခါမှာ ကောင်းကင်ဘုံမှာ ဘုရားသခင်ရဲ့သားတော်ကို တွေ့မြင်ကြရတယ်၊ ဒါပေမဲ့ အဲဒီအချိန်မတိုင်ခင် အထိတော့ ကျုပ်တို့ဟာ အလံကို လွှင့်ထားကြရမှာပဲ၊ ဒီလုပ်ငန်းကို သူဟာ တယောက်တည်းလုပ်ပေမဲ့ သူဟာ အနည်းဆုံး တကြိမ်တော့ နမူနာတော့ တင်ထားရမှာပဲ။ သူ့ရဲ့အထီးကျန်အဖြစ်က ထွက်လာပြီး ညီအစ်ကိုတို့ရဲ့ ချစ်ခင်ကြင်နာမှုကို ပြရမှာပဲ၊ သူ အဲဒီလိုလုပ်မှ မဟာစိတ်ကူးကြီးဟာ မပျက်သုဥ်းမှာပဲ”

ကျွန်ုပ်တို့ဟာ အဲဒီလို ထက်ထက်သန်သန် တက်တက်ကြွကြွ

ဆွေးနွေးကြရင်းနဲ့ပဲ တညနေပြီး တညနေ ကုန်ဆုံးခဲ့ကြတယ်။ ကျွန်ုပ်လည်း ညော့်ခံပွဲတွေနဲ့ သူများတွေရဲ့အိမ်တွေကို သိပ်မသွားတော့ ဘူး၊ နောက်ပြီးတော့ ကျွန်ုပ်ရဲ့ခေတ်ကလည်း ကုန်သွားပြီ ဆိုပါတော့။ ကျွန်ုပ် ဒီလိုပြောတာက သူတို့ကို အပြစ်တင်တာ မဟုတ်ပါဘူး၊ သူတို့တွေက ကျွန်ုပ်ကို ချစ်ခင်ကြပါတယ်၊ ကျွန်ုပ်ကို ကောင်းကောင်းမွန်မွန် လက်ခံကြပါတယ်၊ ဒါပေမဲ့ အထက်လွှာလောကမှာ ရေပန်းစားမှု ဆိုတာက အင်မတန် အရေးကြီးပါတယ်။

ထူးခြားဆန်းကြယ်တဲ့ ညော့်သည်ကို ကျွန်ုပ် အများကြီး သဘောကျ နှစ်သက်လာပါတယ်။ သူ့ရဲ့ ထက်မြက်တဲ့ အသိဉာဏ်တွေကို ဆည်းပူးလေ့လာရုံတင်မကဘူး၊ သူဟာ သူ့ခေါင်းထဲမှာ လျှို့ဝှက်တဲ့ စီမံချက်တခုကို မွေးမြူနေတယ်ဆိုတာကိုလည်း ကျွန်ုပ်သိရတယ်။ နောက်ပြီးတော့ သူ ကျွန်ုပ်ကို သဘောကျနေတဲ့ အချက်တခုကလည်း သူ့ရဲ့လျှို့ဝှက်ချက်ကို ကျွန်ုပ်က မမေးတဲ့အတွက်ပဲ ဖြစ်မယ်။ ကျွန်ုပ်က တဲ့တိုးကြီးလည်း မမေးဘူး၊ သွယ်ဝိုက်ပြီးတော့လည်း မမေးဘူး၊ ဒါပေမဲ့ နောက်ဆုံးကျတော့ သူဟာ ကျွန်ုပ်ကို တခုခု ပြောချင်နေတယ်ဆိုတာကို ကျွန်ုပ် သိလာရတယ်၊ သူ ကျွန်ုပ်ဆီကိုလာပြီး တလလောက်အကြာမှာ ဒီအချက်က ပိုပြီး သိသာထင်ရှားလာတယ်။

“ကျုပ်တို့ နှစ်ယောက်အကြောင်းကို မြို့ထဲကလူတွေ စပ်စုနေကြတာ ခင်ဗျားသိသလား” တခါတော့ သူက ကျွန်ုပ်ကို မေးပါတယ်။

“ခင်ဗျားဆီကို ကျုပ် ဘာဖြစ်လို့ ခဏခဏ သွားနေသလဲပေါ့၊ ဒါပေမဲ့ သူတို့ထင်ချင်ရာ ထင်ကြပါစေ၊ ဘာဖြစ်လို့တုံးဆိုတော့ မကြာခင်မှာ အားလုံး ရှင်းသွားမှာပဲ”

တခါတခါမှာ သူဟာ အတော်ကြီးကို စိတ်လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ အဲဒီအခါမှာ သူဟာ ချက်ချင်းထပြီး ပြန်သွားတော့တာပဲ။ တခါတခါကျတော့လည်း သူဟာ ကျွန်ုပ်ကို အကြာကြီး စူးစိုက်ကြည့်နေတတ်တယ်။ အဲဒီအခါမှာ “အင်း၊ သူ တခုခု ပြောတော့မှာပဲလို့” ကျွန်ုပ် တွေးမိတယ်။ ဒါပေမဲ့ သူဟာ ချက်ချင်းဆိုသလိုပဲ ပြောရိုးပြောစဉ် ရိုးရိုးတန်းတန်း စကားတခုခုကိုပဲ ပြောတတ်တယ်၊ နောက်ပြီးတော့ တခါတခါကျတော့လည်း သူ ခေါင်းကိုက်တယ်လို့ အကြောင်းပြ တတ်တယ်။

အဲဒီလိုနဲ့ တနေ့ကျတော့ သူဟာ စကားတွေကို အားရပါးရ စိတ်ပါလက်ပါ ပြောနေရာကနေ ရုတ်တရက်ဆိုသလို မျက်နှာကြီး ဖြူဖွေးသွားတာကို ကျွန်ုပ် တွေ့ရတယ်။ သူ့မျက်နှာ တွန့်ရှုံ့သွားပြီး ကျွန်ုပ်ကို မလှုပ်မယှက်ကြီး စူးစိုက်ပြီး ကြည့်နေတယ်။

“ဘာဖြစ်လို့လဲ၊ ခင်ဗျား နေမကောင်းဘူးလား”

ကျွန်ုပ် မေးလိုက်တယ်။ သူက အခုပဲ ခေါင်းကိုက်နေတယ်လို့ ပြောခဲ့တာကိုး။ “ခင်ဗျားသိသလား … ကျုပ် .. ကျုပ်ဟာ လူသတ်သမားတယောက်ပဲ၊ သူက အဲဒီလိုပြောလိုက်ပြီးတော့ ပြုံးလိုက်တယ်၊ ဒါပေမဲ့ သူ့မျက်နှာကြီးကတော့ ဖြူဖွေးနေတယ်။

“သူ ဘာဖြစ်လို့ ပြုံးနေတာလဲ”

ကျွန်ုပ်အနေနဲ့ တခြား ဘာကိုမှ မစဉ်းစားမိခင် ဒီအတွေးက ခေါင်းထဲကို ဝင်လာတယ်။ ကျွန်ုပ်ရဲ့ မျက်နှာလည်း ဖြူဖွေးသွားတော့တယ်။

“ခင်ဗျား ဘာပြောတာလဲ” ကျွန်ုပ် ဟစ်အော်လိုက်မိတယ်။

ဒီတော့ သူက ဖြူရော်ရော်အပြုံးနဲ့ပဲ …

“ဒီစကားကို ကျုပ် စပြီး ပြောနိုင်အောင် ဘယ်လောက်ကြိုးစားရတယ်လို့ ခင်ဗျား ထင်သလဲ။ အခုတော့ ကျုပ်ပါးစပ်က ထုတ်ပြောလိုက်ပြီ၊ ရှေ့ကို ဆက်ပြီး ပြောသွားဖို့ပဲ ရှိတော့တယ်”

ကျွန်ုပ်ဟာ သူ့ကို တော်တော်နဲ့ကို မယုံကြည်နိုင်ဘူး၊ ဒီအကြောင်းကို သူ စပြီး ပြောတဲ့အချိန်က ကျွန်ုပ် မယုံခဲ့ဘူး၊ ဒါပေမဲ့ နောက်သုံးရက်လုံးလုံး သူ ဆက်တိုက်လာပြီး အကုန်လုံး အသေးစိတ် ပြောပြတော့မှပဲ ကျွန်ုပ် ယုံရတော့တယ်။ ကျွန်ုပ် ပထမပိုင်းမှာ ထင်မိတာကတော့ သူ ရူးနေတယ် လို့ပဲ။ ဒါပေမဲ့ နောက်ဆုံးကျတော့ သူပြောတာတွေအားလုံးဟာ အမှန်တွေဖြစ်ကြောင်းကို ကျွန်ုပ် စိတ်မကောင်းစွာ အံ့ဩစွာနဲ့ပဲ ယုံကြည် လက်ခံရတော့တယ်။

လွန်ခဲ့တဲ့ တဆယ့်လေးနှစ်တုန်းက သူဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ရာဇဝတ်မှုကြီး တခုကို ကျူးလွန်ခဲ့တယ်။ ချမ်းသာကြွယ်ဝတဲ့ မြေပိုင်ရှင်ကတော် မုဆိုးမတယောက်ကို သူ သတ်ခဲ့တယ်။ အဲဒီ မုဆိုးမက ငယ်တယ်၊ လှတယ်၊ ကျွန်ုပ်တို့မြို့မှာ အိမ်တလုံး ရှိတယ်။

အဲဒီမုဆိုးမကို သူ သိပ်ချစ်နေတယ်၊ သူချစ်နေတဲ့အကြောင်းကို ဖွင့်ပြောတယ်၊ လက်ထပ်ဖို့ တောင်းခံတယ်။ ဒါပေမဲ့ အမျိုးသမီးက တခြားလူတယောက်ကို လက်ထပ်ဖို့ ကတိပေးပြီးသား ဖြစ်နေတယ်၊ အထက်တန်းလောကမှာ ဝင်ဆံ့တဲ့ အထက်တန်း စစ်ဘက် အရာရှိကြီး တယောက်ပဲ။ သူက လောလောဆယ်မှာ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေရတယ်၊ ဒါပေမဲ့ မကြာခင်မှာ ပြန်လာလိမ့်မယ်လို့ အမျိုးသမီးက မျှော်လင့်ထားတယ်။

အမျိုးသမီးက သူ့ရဲ့တောင်းဆိုမှုကို ငြင်းပယ်ပြီး သူမဆီကို

နောက်မလာတော့ဖို့ ပြောတယ်။ အဲဒီအတွက် အမျိုးသမီးဆီကို သူ မသွားတော့ဘူး၊ ဒါပေမဲ့ သူဟာ အမျိုးသမီးရဲ့အိမ်အကြောင်းကို သိနေတဲ့အတွက် တညမှာ ဥယျာဉ်ထဲကနေ အိမ်ခေါင်မိုးကို ကျော်တက်ပြီး အိမ်ထဲကို အရဲစွန့်ပြီး ဝင်ရောက်ခဲ့တယ်။ လောကကြီးမှာ မကြာမကြာ ဖြစ်ပျက်လေ့ရှိတဲ့အတိုင်းပဲ ရဲရဲတင်းတင်း ကျူးလွန်တဲ့ ရာဇဝတ်မှုကြီးတွေဟာ အကောင်အထည် ပေါ်လေ့ရှိကြတယ်။

ခေါင်မိုး ပြတင်းပေါက်ကနေပြီး ခေါင်မိုးခန်းထဲကို သူရောက်သွားတယ်။ ခေါင်မိုးခန်းကနေ အောက်ထပ်ကို ဆင်းတဲ့ လှေကားအောက်ဘက် တံခါးပေါက်ကို အစေခံတွေက ပေါ့ပေါ့ဆဆနဲ့ သော့ခတ်ထားလေ့ မရှိဘူးဆိုတာကို သူသိတယ်။ သူ့အနေနဲ့ ဒီအတိုင်းပဲ မျှော်လင့်ခဲ့တယ်။ သူ မျှော်လင့်ထားတဲ့အတိုင်းပဲ သော့ခတ်မထားဘူး ဆိုတာကို တွေ့ရတယ်။

သူဟာ အိမ်ကြီးရဲ့လူနေတဲ့အပိုင်းကို ရောက်သွားတဲ့အခါမှာ အမှောင်ထဲမှာစမ်းပြီး အမျိုးသမီးရဲ့ အခန်းကို လျှောက်သွားတယ်။ အမျိုးသမီးရဲ့အခန်းထဲမှာ မီးထွန်းထားတယ်။ ပုံတော်ကား ရှေ့မှာ မီးပူဇော်ထားတာ ဖြစ်တယ်။

အမျိုးသမီးရဲ့လက်ပါးစေ အစေခံမ နှစ်ယောက်ဟာ သူတို့သခင်မဆီမှာ ခွင့်မတောင်းဘဲနဲ့ အဲဒီလမ်းထဲက အိမ်တအိမ်မှာ ကျင်းပတဲ့ မွေးနေ့ပွဲကို သွားနေကြတယ်။ တခြား အစေခံတွေက လည်း တချို့က အစေခံတန်းလျားမှာ အိပ်နေကြတယ်၊ တချို့က မြေညီထပ် မီးဖိုခန်းထဲမှာ အိပ်နေကြတယ်။

အိပ်ပျော်နေတဲ့ အမျိုးသမီးကို တွေ့မြင်ရတဲ့အခါမှာ သူ့ရဲ့အတွင်းစိတ်တွေ အုံကြွ လှုပ်ရှားလာတယ်။ ပြီးတော့ လက်စားချေလိုတဲ့စိတ်၊ မနာလိုစိတ်၊ ဒေါသစိတ်တွေ ပွားများလာပြီး သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ သူဟာ အမူးသမားတယောက်လို အမျိုးသမီးရဲ့အိပ်ရာဆီကို လျှောက်သွားတယ်။ ပြီးတော့ အမျိုးသမီးရဲ့ရင်အုံကို ဓားနဲ့ တအားစိုက်ချလိုက်တယ်။ အမျိုးသမီးဟာ တချက်ကလေး တောင် မအော်နိုင်ရှာတော့ဘူး။

အဲဒီနောက်မှာတော့ သူဟာ အင်မတန်ဆိုးရွားတဲ့ စိတ်ကူး၊ အင်မတန်ပါးနပ်တဲ့ ရာဇဝတ်မှုအတွေးနဲ့ အစေခံတွေအပေါ်မှာ အထင်အမြင်မှားအောင် လုပ်တော့တာပဲ။ သူက အောက်တန်းကျကျပုံစံနဲ့ အမျိုးသမီးရဲ့ပိုက်ဆံအိတ်ကို ယူတယ်၊ ခေါင်းအုံးအောက်က သော့တွဲကို ယူပြီး အံဆွဲတွေကို ဖွင့်တယ်၊ ပြီးတော့ အထဲက ပစ္စည်းတချို့ကို ယူတယ်၊ ဘာမှ နားမလည်တဲ့ အစေခံတယောက် သဘောမျိုးနဲ့ တန်ဖိုးကြီးမားတဲ့ စာချုပ်စာတမ်းတွေကို သူ ယူမသွားဘူး၊ ငွေသားပိုက်ဆံတွေကိုပဲ ယူတယ်။ ပြီးတော့

ရွှေထည်ပစ္စည်း ကြီးကြီးမားမားတွေကို ယူတယ်၊ ဆယ်ဆလောက် ပိုပြီးတန်တဲ့ ရွှေထည်ပစ္စည်း သေးသေးကလေးတွေကို ထားခဲ့တယ်။ နောက်ပြီးတော့ သူ့အနေနဲ့ အမှတ်တရ ဖြစ်မယ့် ပစ္စည်းတချို့ကို ယူတယ်။ အဲဒါကို နောက်ပိုင်းမှ ယူတာဖြစ်တယ်၊ ဒီကိစ္စတွေ အားလုံးပြီးတဲ့ အခါမှာ သူဟာ လာလမ်းအတိုင်း အိမ်ပြန်ခဲ့တယ်။

အလောင်းကို တွေ့သွားတဲ့ နောက်တနေ့မှာရော၊ သူ့ဘဝရဲ့နောက်ပိုင်းရက်တွေမှာရော ဘယ်အချိန်မှာမှ ဘယ်သူကမှ သူ့ကို သံသယ မဖြစ်ခဲ့ကြဘူး၊ နောက်ပြီးတော့ ဒီ အမျိုးသမီးကို သူချစ်နေတဲ့အကြောင်းကိုလည်း ဘယ်သူကမှ မသိခဲ့ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက နှုတ်နည်းပြီး သူ့ရင်ထဲမှာ ခံစားနေရတာတွေကို ဖွင့်ချရမယ့် မိတ်ဆွေ အပေါင်းအသင်း သူ့မှာ တယောက်မှ မရှိလို့ပဲ၊ လူတွေက သူ့ကို သေဆုံးသွားတဲ့ အမျိုးသမီးရဲ့ သာမန်အသိတယောက်လို့ပဲ တွက်ကြတယ်။ ရင်းနှီးတဲ့ မိတ်ဆွေတယောက်လို့တောင် မယူဆကြဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ သူက အမျိုးသမီး မသေခင် နှစ်ပတ်လောက်အတွင်းမှာ တခေါက်မှ အလည်မရောက်ခဲ့ပဲကိုး။

ပီတာလို့ခေါ်တဲ့ ငွေဝယ်ကျွန် အစေခံတယောက်ကို သူတို့ မသင်္ကာဖြစ်ကြတယ်။ အခြေအနေ အချက်အလက်တွေ အားလုံးကလည်း မသင်္ကာမှုကို အထောက်အထား ပြုနေကြတယ်။ သူဌေးမ မုဆိုးမကြီးဟာ သူ့ရဲ့အစေခံတွေထဲက တယောက်ကို စစ်ထဲကို ထည့်ရဖို့ရှိတဲ့အချိန်မှာ သူ့ကို ထည့်ဖို့ ဆုံးဖြတ်တာကို အဲဒီ ပီတာဆိုတဲ့သူက သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ဆွေမျိုးသားချင်းလည်း မရှိဘူး၊ ပြီးတော့ သူ့ရဲ့လုပ်ပုံကိုင်ပုံတွေကိုလည်း အမျိုးသမီးက မကျေနပ်ဘူး၊ အဲဒီအကြောင်းကို သူနဲ့ ညားနေတဲ့ မိန်းမကလည်း ဝန်ခံတယ်၊ နောက်ပြီးတော့ သူ အရက်ဆိုင်မှာ အရက်မူးပြီး သူ့ရဲ့ သခင်မကို သတ်မယ်လို့ ကြုံးဝါးတဲ့အကြောင်းကိုလည်း လူတွေအများကြီးက ကြားကြတယ်။

အမျိုးသမီး မသေခင် နှစ်ရက်လောက်မှာပဲ သူ အိမ်က ထွက်ပြေးသွားပြီး မြို့ထဲ တနေရာမှာ ဘယ်သူမှမသိအောင် ပုန်းအောင်းနေခဲ့တယ်။ လူသတ်မှုဖြစ်ပွားပြီး နောက်တနေ့မှာ သူ့ကို မြို့အပြင်ဘက် လမ်းမကြီးပေါ်မှာ အရက်မူးပြီး လူမှန်းသူမှန်းမသိ လဲနေတာကို တွေ့ကြရတယ်။ သူ့အိတ်ထဲမှာ ဓားမြှောင်တချောင်း တွေ့ရတယ်။ သူ့ရဲ့ ညာဘက်လက်မှာလည်း သွေးစွန်းနေတယ်။

သူကတော့ သူ့နှာခေါင်းက နှာခေါင်းသွေးလျှံတာပါလို့ ပြောတယ်။ ဒါပေမဲ့ သူ့စကားကို ဘယ်သူကမှ မယုံကြဘူး၊ နောက်ပြီးတော့ အစေခံမ နှစ်ယောက်ကလည်း သူတို့ မွေးနေ့ပွဲကို သွားကြတဲ့ အကြောင်း၊ အိမ်ရှေ့တံခါးကို သူတို့ပြန်လာတဲ့အထိ သော့မခတ်ဘဲ ထားခဲ့ကြတဲ့အကြောင်းကို အစစ်ခံကြတယ်။

နောက်ပြီးတော့ အပြစ်မရှိတဲ့ အစေခံကို လက်ညှိုးထိုးနေတဲ့ အခြားသဲလွန်စတွေကလည်း အများကြီးရှိနေတယ်။ ဒါနဲ့ နောက်ဆုံးကျတော့ သူ့ကို ဖမ်းကြတော့တာပဲ။

သူ့ကို လူသတ်မှုနဲ့ ရုံးတင်တယ်၊ ဒါပေမဲ့ တပတ်လောက်အကြာမှာ သူဟာ အပြင်းဖျားပြီး ဆေးရုံမှာ သတိပြန်မရတော့ဘဲ သေဆုံးသွားတယ်။ ဒီမှာတင် ပြဿနာဟာ ပြီးဆုံးသွားတော့တာပဲ။ အာဏာပိုင်တွေ၊ တရားသူကြီးတွေ၊ မြို့သူမြို့သားတွေ… လူတွေအားလုံးကပဲ လူသတ်မှုတရားခံဟာ အမှုစစ်နေစဉ်အတွင်းမှာ သေဆုံးသွားတဲ့ အစေခံပဲလို့ ယူဆကြတယ်။ အဲဒီနောက်မှပဲ ပြစ်ဒဏ်ဟာ စတင်တော့တာပါပဲ …။

အဲဒီအချိန်မှာ ကျွန်ုပ်ရဲ့မိတ်ဆွေ ဖြစ်နေပြီဖြစ်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ဧည့်သည်က ကျွန်ုပ်ကို ပြောတယ်။ ပထမပိုင်းမှာတော့ သူ့ရဲ့အသိစိတ်မှာ ဘယ်လိုမှ အနှောင့်အယှက် မရှိခဲ့ဘူးတဲ့။ သူဟာ တော်တော်ကလေးကြာတဲ့အထိ စိတ်မကောင်း ဖြစ်နေခဲ့ရတယ်တဲ့။ ဒါပေမဲ့ အမှုကိစ္စအတွက် မဟုတ်ဘူးတဲ့၊ သူချစ်တဲ့ မိန်းမကို သတ်ခဲ့မိတဲ့အတွက် စိတ်မကောင်းလို့ပဲတဲ့။ ဒီအမျိုးသမီးကို သတ်လိုက်တာဟာ သူ့ကိုယ်ထဲမှာ ရှိနေတဲ့ အချစ်ကို သတ်လိုက်မိသလို ဖြစ်လို့ပဲတဲ့။

ဒါပေမဲ့ အဲဒီအချိန်က သူဟာ အပြစ်မရှိတဲ့ လူတယောက်ကို သတ်ခဲ့မိတဲ့အပြစ်၊ လူတယောက်ကို သတ်ခဲ့မိတဲ့အပြစ်တို့ကို လုံးဝထည့်ပြီး မစဉ်းစားမိခဲ့ဘူးတဲ့။ သူ့ရဲ့သားကောင်ဟာ တခြားလူ တယောက်ရဲ့မိန်းမဖြစ်သွားမှာကို သူဟာ ဘယ်လိုမှ သည်းမခံနိုင်တဲ့အတွက် သူ့အနေနဲ့ အချိန်အတော်ကြီး ကြာတဲ့အထိ ဒီလိုမှမလုပ်ရင် တခြားဘယ်လိုမှ လုပ်စရာမရှိဘူးလို့ ယုံကြည်နေခဲ့ တယ်တဲ့။

အစေခံကို ဖမ်းဆီးတဲ့အတွက် ပထမတော့ သူ စိတ်သောက ရောက်ရတယ်တဲ့၊ ဒါပေမဲ့ အစေခံ နေမကောင်းဖြစ်ပြီး သေဆုံးသွားတဲ့အခါမှာတော့ သူ စိတ်ချမ်းသာသွားရတယ်တဲ့။ နောက်ပြီးတော့ အဲဒီလူ သေဆုံးရတာဟာ အဖမ်းခံရပြီး ထိတ်လန့်ကြောက်ရွံ့တဲ့အတွက် မဟုတ်ဘဲ အိမ်က ထွက်ပြေးတုန်းက အရက်မူးပြီး ညတိုင်း မြေကြီးပေါ်မှာ အိပ်ပျော်ခဲ့တဲ့အတွက် အအေးမိပြီး သေရတာပဲလို့ အဲဒီအချိန်က သူ ယူဆခဲ့တယ်တဲ့။

ခိုးယူလာတဲ့ ပိုက်ဆံတွေနဲ့ ပစ္စည်းတွေအတွက်လည်း သူ စိတ်အနှောင့်အယှက် ဖြစ်ရပြန်တယ်တဲ့။ ဒီနေရာမှာလည်း သူ့ဘာသူ ဖြေပြန်တယ်။ ပစ္စည်းတွေကို သူ ယူခဲ့တာဟာ လိုချင်လို့ မဟုတ်ဘူး၊ မသင်္ကာမှုကို လမ်းလွှဲပေးဖို့ပဲ ဖြစ်တယ်။ ခိုးလာတဲ့ ပိုက်ဆံကလည်း နည်းနည်းကလေးပဲ ဖြစ်တယ်။ နောက်ပြီးတော့ အဲဒီပိုက်ဆံအားလုံးကို သူ လှူပစ်လိုက်တယ်တဲ့။ အဲဒီအချိန်က

ကျွန်ုပ်တို့မြို့မှာ တည်ထောင်စ ဖြစ်တဲ့ ဘိုးဘွားရိပ်သာကို လှူပစ်လိုက်တာပဲ ဖြစ်တယ်။

သူ အဲဒီလို လှူဒါန်းတာဟာ သူ့စိတ်ကို ချမ်းသာစေဖို့အတွက်ပဲ။ သူဟာ တကယ်လည်းပဲ အချိန်အတော်ကြီးကြာအောင် စိတ်အေးချမ်းသာစွာ ရှိနေခဲ့တယ်တဲ့။ သူ ကျွန်ုပ်ကို အဲဒီလိုပဲ ပြောခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ သူဟာ အစိုးရအလုပ်တွေမှာလည်း ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့တယ်။ အခက်ခဲဆုံး အပင်ပန်းဆုံးအလုပ်တွေကို ရွေးပြီး တာဝန်ယူခဲ့တယ်။ အဲဒီလိုနဲ့ နှစ်နှစ်လောက် ကြာခဲ့တယ်တဲ့။ သူဟာ စိတ်ခဝတ်ကြံ့ခိုင်တဲ့ လူတယောက်ဖြစ်တာမို့ သူ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှု အကြောင်းကို သူ့စိတ်ထဲက ပြန်ဖျောက်ပစ်လိုက်တယ်တဲ့။

သူဟာ လူမှုဝန်ထမ်းအလုပ်တွေကို အများကြီးလုပ်ခဲ့တယ်တဲ့။ သူဟာ ကျွန်ုပ်တို့မြို့မှာ လူမှုဝန်ထမ်း လုပ်ငန်း အမျိုးမျိုးတွေကို တည်ထောင်ခဲ့တယ်၊ အားပေးလုပ်ဆောင်ခဲ့တယ်။ သူ့ရဲ့ ဂုဏ်သတင်းဟာ မော်စကိုမြို့နဲ့ ပီတာစဘတ်မြို့တွေအထိ ကျော်ကြားခဲ့တယ်တဲ့။ အဲဒီမှာရှိတဲ့ လူမှုဝန်ထမ်းအဖွဲ့တွေ မှာ သူဟာ အမှုဆောင် ဖြစ်ခဲ့တယ်တဲ့။ ဒါပေမဲ့ နောက်ဆုံးကျတော့ သူဟာ သူ့ရဲ့အတိတ်ဘဝကို ပြန်လည် စဉ်းစားမိတယ်တဲ့။ အဲဒီအခါမှာ သူဟာ မခံမရပ်နိုင်အောင် ခံစားရတယ်တဲ့။

အဲဒီနောက်ပိုင်းမှာ သူဟာ အင်မတန်လှပပြီး အသိဉာဏ်ရှိတဲ့ အမျိုးသမီးကလေးတယောက်ကို တွယ်တာမိတယ်တဲ့။ မကြာခင်မှာပဲ အဲဒီအမျိုးသမီးကို လက်ထပ်ပြီး ယူလိုက်တယ်တဲ့။ အဲဒီလို လက်ထပ်လိုက်တဲ့အတွက် သူဟာ တယောက်တည်း အထီးကျန် ခံစားရတာတွေ ပျောက်ဆုံးသွား လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်တဲ့။ သူဟာ ဘဝသစ်တခုကို ဝင်ရောက်သွားပြီး မိန်းမနဲ့ ကလေးတွေရဲ့ တာဝန်ကို အားကြိုးမာန်တက် ထမ်းဆောင်တဲ့အတွက် အတိတ်က အဖြစ်အပျက်တွေကို မေ့သွားလိမ့်မယ်လို့ သူ ယူဆခဲ့တယ်တဲ့။

ဒါပေမဲ့ သူမျှော်လင့်ထားတာတွေနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်လာတယ်တဲ့။ လက်ထပ် ပြီးလို့ တလလောက်အကြာမှာ သူ့ခေါင်းထဲကို အတွေးတခုဟာ တောက်လျှောက်ကြီးဆိုသလို ဝင်နေတယ် တဲ့။ “ငါ့မိန်းမဟာ ငါ့ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ သူသိသွားရင် ဘာဖြစ်သွားမလဲ …”

သူ့မိန်းမက သူ့ကို ကိုယ်ဝန်ရှိနေပြီဆိုတဲ့အကြောင်း ပြောတဲ့အခါမှာ … သူတို့ရဲ့ ပထမဆုံးကလေးကို ရတော့မယ်ဆိုတဲ့ အကြောင်း ပြောတဲ့အခါမှာ သူဟာ ပိုပြီး စိတ်ဒုက္ခရောက်ရတယ်တဲ့။ “ငါဟာ လူ့ဘဝကို ပေးတယ်၊ ဒါပေမဲ့ ငါဟာ

လူ့ဘဝကို ထုတ်ပယ်ခဲ့တယ်”

ကလေးတွေ မွေးလာတယ်။ သူတို့ကို ငါ ဘယ်လိုလုပ်ပြီး ချစ်နိုင်မလဲ။ သူတို့ကို ဘယ်လို သင်ကြား ဆုံးမနိုင်မလဲ၊ သူတို့ကို ဘယ်လို ကျွေးမွေးစောင့်ရှောက်နိုင်မလဲ၊ သူမျှားအသက်ကို သတ်လာတဲ့ ငါက သူတို့ကို ဘယ်လိုလုပ်ပြီး အကျင့်သီလအကြောင်း ပြောနိုင်မလဲ”

သူ့ကလေးတွေဟာ ချစ်စရာကောင်းကြပြီး သူတို့ကလေးတွေကို သူက ထွေးပိုက်ချင်တယ်တဲ့။ “အပြစ်ကင်းစင်တဲ့ သူတို့မျက်နှာကလေးတွေကို ငါ မကြည့်နိုင်ဘူး၊ ငါဟာ အဲဒီလိုကြည့်နိုင်ဖို့ ဘယ်လိုမှ မထိုက်တန်ဘူး”

နောက်ဆုံးမှာတော့ သူသတ်ခဲ့တဲ့ သားကောင်ရဲ့သွေးတွေက သူ့ကို သဲကြီးမဲကြီး ခြောက်လှန့်လာကြ တော့တယ်။ သူ ချေမှုန်းဖျက်ဆီးပစ်လိုက်တဲ့ ပျိုမျစ်တဲ့ဘဝ၊ သူ့ကြောင့် ဖြစ်ပေါ်လာတဲ့ သွေးတွေက သူ့ကို လက်စားချေဖို့ ကြိမ်းမောင်း ကြုံးဝါးလာတော့တယ်။ အိပ်မက်ဆိုးတွေကို သူ မြင်မက်လာ တယ်၊ ဒါပေမဲ့ သူဟာ စိတ်ဓာတ်ကြံ့ခိုင်တဲ့ လူတယောက်ဖြစ်တာမို့ ဒီဒဏ်တွေကို အကြာကြီး ကြံ့ကြံ့ခံနိုင်ခဲ့တယ်တဲ့။ ‘ငါဟာ ဒီဒဏ်တွေကိုတိတ်တိတ်ခံစားပြီး အားလုံးကို ကျေပျောက်စေမယ်လို့’ သူ တွက်ဆခဲ့တယ်။

ဒါပေမဲ့ အဲဒီမျှော်လင့်ချက်ဟာလည်း အလကားပဲ ဖြစ်ခဲ့ရတယ်။ အချိန်ကာလ ကြာလာလေလေ သူ့အနေနဲ့ သူ့ရဲ့ ခံစားမှုက ပိုပြီး ပြင်းထန် နာကျင်လာလေ ဖြစ်တော့တယ်။

လူတွေဟာ သူ့ရဲ့ မျက်နှာထား တင်းမာမှုနဲ့ မှုန်ကုပ်ကုပ်နေတတ်မှုတို့အတွက် အံ့ဩကြပေမဲ့ သူ့ရဲ့ လူမှုဝန်ထမ်း အလုပ်တွေအတွက် သူ့ကို ရိုသေလေးစားကြတယ်တဲ့။ ဒါပေမဲ့ သူဟာ လူတွေရဲ့ လေးစားမှုကို ခံရလေလေ သူ့အနေနဲ့ အခြေအနေကို သည်းမခံနိုင်လေပဲတဲ့။

သူ့ကိုယ်သူ သတ်သေဖို့တောင် စိတ်ကူးမိတယ်လို့ ကျွန်ုပ်ကို သူ ပြောပါတယ်။ ဒါပေမဲ့ သူဟာ သူ့ကိုယ်သူ သတ်မသေဖြစ်ဘဲ တခြားစိတ်ကူးတခုကို တွေးမိလာတယ်တဲ့။ အဲဒီစိတ်ကူးဟာ ပထမပိုင်းမှာတော့ ဘယ်လိုမှမဖြစ်နိုင်တဲ့ စိတ်ကူးမျိုးပဲ၊ အရူးထတဲ့ စိတ်ကူးမျိုးပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာ အဲဒီစိတ်ကူးဟာ သူ့ကို ဘယ်လောက်တောင် ဖမ်းစား ချုပ်နှောင်လာသလဲဆိုတော့ သူဟာ ဘယ်လိုမှ မရုန်းဖယ်နိုင်တော့ဘူးတဲ့၊ ခါထုတ်မပစ်နိုင်တော့ဘူးတဲ့။ အဲဒီစိတ်ကူးကတော့ လူတွေထဲကို သူသွားပြီး သူဟာ လူသတ်သမားဆိုတာကို လူသိရှင်ကြား ကြေညာလိုက်ဖို့ပဲတဲ့။

ဒီအတွေးကို သူ့ရင်ထဲမှာ သုံးနှစ်လုံးလုံး မွေးမြူခဲ့တယ်။ ဒီအတွေးကို

ဘယ်လို အကောင်အထည် ဖော်ရမလဲ ဆိုတာကို သူဟာ အမျိုးမျိုး ကြံဆခဲ့တယ်။ နောက်ဆုံးမှာ သူယုံကြည်မိတာကတော့ သူ့ရဲ့ ပြစ်မှုကို ဝန်ခံလိုက်လို့ရှိရင် သူ့ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာတွေကို သူကုစားနိုင်ပြီး သူဟာ တသက်လုံး ငြိမ်းချမ်းစွာ နေသွားနိုင်မယ်ဆိုတာပဲ။ ဒါပေမဲ့ အဲဒီလို ယူဆမိလိုက်တယ်ဆိုရင်ပဲ သူဟာ တခါတည်း ထိတ်လန့်ချောက်ချား သွားရတော့တယ်။ သူ့ရဲ့ဆုံးဖြတ်ချက်ကို သူ ဘယ်လိုလုပ်ပြီး အကောင်အထည် ဖော်နိုင်ပါ့မလဲ။ အဲဒီအချိန်မှာပဲ ကျွန်ုပ်ရဲ့စိန်ခေါ်ပွဲ အဖြစ်အပျက်က ဖြစ်ပေါ်လာခဲ့ တယ်။

"ခင်ဗျားကိုကြည့်ပြီး ကျုပ် ဆုံးဖြတ်ချက်ချလိုက်တယ်"

ကျွန်ုပ်ကို သူပြောလိုက်တယ်။ ကျွန်ုပ်က သူ့ကို ကြည့်လိုက်ပြီး...

"ဘာမှ အရေးမကြီးလှတဲ့ အဖြစ်ကလေးတခုက ခင်ဗျားကို အဲဒီလို ဆုံးဖြတ်ချက် ချစေနိုင်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား"

လက်နှစ်ဖက်ကို မြှောက်ရင်း ကျွန်ုပ် မေးလိုက်ပါတယ်။

"ကျုပ်ရဲ့ဆုံးဖြတ်ချက်က သုံးနှစ်လုံးလုံး အခြေပျိုးထားတာပဲ၊ ခင်ဗျားရဲ့အဖြစ်အပျက်က လိုအပ်နေ တဲ့ တွန်းအားကို ပေးလိုက်တာပဲ ဖြစ်တယ်။ ခင်ဗျားကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသ ဖြစ်မိတယ်၊ ခင်ဗျားကို မနာလိုဝန်တို ဖြစ်မိတယ်"

သူက အသံ မာမာပြတ်ပြတ်ဖြင့် ကျွန်ုပ်ကို ပြန်ပြောတယ်။

"ဒါပေမဲ့ ခင်ဗျားပြောတဲ့စကားကို သူတို့ ယုံမယ်လို့ ကျွန်တော် မထင်ဘူး၊ အမှုက တဆယ့်လေးနှစ် တောင် ကြာသွားပြီ မဟုတ်လား"

ကျွန်ုပ်က ထင်မြင်ချက် ပေးလိုက်ပါတယ်။

"ကျုပ်မှာ မငြင်းနိုင်တဲ့ သက်သေခံ အထောက်အထားတွေရှိတယ်၊ အဲဒါတွေကို ကျုပ် တင်ပြမယ်"

ထိုအခါ ကျွန်ုပ် ငိုပြီး သူ့ကို နမ်းမိပါတယ်။

"ကျုပ်ကို တခုပြောစမ်းပါ"

ယခုအခါတွင် အခြေအနေအရပ်ရပ်သည် ကျွန်ုပ်အပေါ်တွင် တည်ရှိနေသည့်အလား သူက ကျွန်ုပ်ကို မေးမြန်းပါတယ်။

"ကျုပ်မိန်းမနဲ့ ကျုပ်ကလေးတွေ ဘာဖြစ်သွားကြမလဲ။ ကျုပ်မိန်းမကတော့

ရင်ကွဲနာကျပြီး သေမှာပဲ။ ကျုပ်ကလေးတွေကတော့ သူတို့ရဲ့မြေယာတွေနဲ့ လူကုံထံဘဝအဖြစ်က လျှောမကျကြ ပေမယ့် ဆိုက်ဖေးရီးယား အကျဉ်းထောင်တခုမှာ တသက်တကျွန်းကျနေတဲ့ ထောင်ကျကြီး တယောက်ရဲ့ကလေးတွေ ဖြစ်ကြရမှာပဲ၊ ဒီအဖြစ်အပျက်ဟာ သူတို့ရင်ထဲမှာ သံမှိုစွဲသလို ဖြစ်ကျန်ရစ်မှာပဲ”

ကျွန်ုပ် ဘာမျှ ပြန်မပြောပါ။

“သူတို့နဲ့ ခွဲခွာသွားရတာ ဘယ်လိုနေမလဲ၊ တသက်လုံး ခွဲခွာသွားရမှာပဲ။ တသက်လုံးပဲ... တသက်လုံးပဲ”

ကျွန်ုပ် ငြိမ်သက်စွာထိုင်ပြီး တိတ်ဆိတ်စွာ ဆုတောင်းပတ္ထနာ ပြုနေမိသည်။ သို့သော် နောက်ဆုံးတွင်မူ ကျွန်ုပ် မတ်တတ်ထရပ်လိုက်သည်။ ကျွန်ုပ် တုန်လှုပ်ချောက်ချား လျက်ရှိသည်။

“ဘယ်လိုလဲ”

သူ ကျွန်ုပ်ကို ကြည့်ပြီး မေးလိုက်ပါတယ်။

“လူအများရှေ့မှာ ဖြောင့်ချက်ပေးလိုက်ပါ။ အားလုံးပြေပျောက်သွားပါလိမ့်မယ်။ အမှန်တရားတခုပဲ ကျန်ရစ်ပါလိမ့်မယ်။ ခင်ဗျားရဲ့ကလေးတွေ ကြီးပြင်းလာတဲ့အခါမှာ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ဟာ အင်မတန် မြင့်မြတ် မှန်ကန်တယ်ဆိုတာ သူတို့ သဘောပေါက် နားလည် ကြပါလိမ့်မယ်”

ထိုအချိန်က ကျွန်ုပ်၏အခန်းမှ သူပြန်သွားသည်မှာ အပြီးအပိုင် ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ဖြစ်သည်။ သို့သော် နောက် နှစ်ပတ် သုံးပတ်လုံးလုံးပင် သူသည် ကျွန်ုပ်ထံသို့ ညနေတိုင်း မှန်မှန်လာပြီး ဆုံးဖြတ်ချက်ချရန် ပြင်ဆင်လျက်ပင် ရှိပါသည်။ တကယ့်တကယ်တွင်မူကား ဆုံးဖြတ်ချက် မချနိုင်ဘဲ ရှိနေသည်။ သူ့ကြောင့် ကျွန်ုပ်မှာ စိတ်နှလုံးပင်ပန် နွမ်းနယ်လျက် ရှိရသည်။

တနေ့မှာတော့ သူဟာ ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ရောက်ရှိလာပြီး စိတ်အားထက်သန်စွာ ပြောပါတယ်။

“ကျုပ်အနေနဲ့ ဖြောင့်ချက်ပေးလိုက်တာနဲ့ တပြိုင်နက် ကောင်းကင်ဘုံကို ရောက်သွားမှာပဲ။ ကောင်းကင်ဘုံကို ရောက်သွားမှာပဲဆိုတာ ကျုပ်သိတယ်။ ကျုပ်ဟာ တဆယ့်လေးနှစ်လုံးလုံး ငရဲမှာ ရောက်နေခဲ့ရတာပဲ၊ အပြစ်ဒဏ်ကို ကျုပ် ခံစားချင်တယ်။ ကျုပ်ဟာ အပြစ်ဒဏ်ကို ခံစားပြီးတော့ပဲ နေသွားတော့မယ်။ လူတယောက်ဟာ လောကကြီးမှာ အမှားတွေကို ကျူးလွန်ပြီး နေသွားလို့ ရပါတယ်။

ဒါပေမဲ့ သူ့မှာ ပြန်လမ်း မရှိဘူးပေါ့။ အခုဆိုရင် ကျုပ်ဟာ အိမ်နီးချင်းတွေကိုလည်း မချစ်ရဲဘူး၊ ကျုပ်ရဲ့ကလေးတွေကိုတောင် မချစ်ရဲဘူး၊ အို ... ဘုရားသခင်၊ ကျုပ်ရဲ့ကလေးတွေဟာ ကျုပ်ရဲ့လုပ်ဆောင်ချက်ကို နားလည်တန်ကောင်းကြပါတယ်။ ကျုပ်ကို အပြစ်မတင်တန် ကောင်းကြပါဘူး၊ ဘုရားသခင်ဆိုတာ ခွန်အားဗလ မဟုတ်ဘူး၊ အမှန်တရားပဲ ဖြစ်တယ်"

"ခင်ဗျားရဲ့အနစ်နာခံမှုကို အားလုံးကပဲ နားလည်ကြပါလိမ့်မယ်၊ အခုချက်ချင်း နားမလည်ကြတောင် နောင်တချိန်မှာ နားလည်ကြပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ အမှန်တရားကို စွမ်းဆောင်တဲ့အတွက်ပဲ၊ ကောင်းကင်ဘုံက အမှန်တရားဖြစ်တယ်။ မြေကြီးပေါ်က အမှန်တရား မဟုတ်ဘူး ..."

သူဟာ စိတ်နှလုံးချမ်းမြေ့သွားတဲ့အလား ကျွန်ုပ်အခန်းက ပြန်သွားပါတယ်။ ဒါပေမဲ့ နောက်တနေ့ ကျတော့ သူဟာ ကျွန်ုပ်ရဲ့အခန်းကို မျက်နှာဖြူဖပ်ဖြူရော်နဲ့ ဒေါသဖြစ်နေပုံနဲ့ ရောက်လာပြီး လှောင်တောင်တောင် ထေ့တေ့တေ့ ပြောပါတယ်။

"ခင်ဗျားအခန်းကို ကျုပ်လာတိုင်း ကျုပ်ကို ခင်ဗျားကြည့်နေတဲ့ မျက်လုံးတွေက "အခုထက်ထိ ဖြောင့်ချက်မပေးသေးဘူးလား" လို့ မေးနေတဲ့အတိုင်းပဲ။ ခဏကလေး သည်းခံပါဦး။ ကျုပ်ကို သိပ်ပြီးတော့မှလည်း မရွံရှာ မမုန်းတီးပါနဲ့ဦး၊ ဒီအလုပ်က စိတ်ထဲမှာ ထင်သလောက် မလွယ်ဘူး၊ ကျုပ်အနေနဲ့ နောက်ဆုံးမှာ မလုပ်တော့ဘဲ နေတော့မှာလည်း ဖြစ်နိုင်တယ်။ အဲဒီအခါကျရင် ခင်ဗျား ကျုပ်ကို ရှုတ်ချမှာလား"

သို့သော် အမှန်အတိုင်းပြောရလျှင် ကျွန်ုပ်သည် သူ့ကို ထိုသဘောမျိုးနဲ့ ကြည့်ဖို့ မပြောနဲ့၊ သူ့ကို ဖျတ်ခနဲ တချက်ကြည့်ရမှာကိုပဲ ကြောက်နေမိပါတယ်။ ကျွန်ုပ်ဟာ စိုးရိမ် ကြောင့်ကြစိတ်တွေနဲ့ နေမကောင်းဖြစ်နေပါတယ်။ ကျွန်ုပ်ရဲ့ရင်ထဲမှာ မျက်ရည်တွေ ပြည့်လျှံနေပါတယ်။ ကျွန်ုပ်ဟာ ညဘက်မှာ အိပ်လို့မရနိုင်ဘဲ ဖြစ်နေပါတယ်။

"ကျုပ် အခု ကျုပ်မိန်းမဆီက လာခဲ့တာပဲ" သူ ဆက်ပြောပါတယ်။ "မိန်းမဆိုတဲ့ အဓိပ္ပာယ်ကို ခင်ဗျား နားလည်သလား၊ ကျုပ် အိမ်ကထွက်လာတော့ ကလေးတွေက ဘာမှာလိုက်သလဲ သိသလား၊ "ဖေဖေရေ စောစောပြန်ခဲ့ပါ။ ကျွန်တော်တို့ ကလေးပုံပြင်တွေ ဖတ်ကြရအောင်"... အဲဒီအကြောင်း တွေကို ခင်ဗျား နားမလည်နိုင်ဘူး၊ လူတယောက်ရဲ့ဒုက္ခကို တခြားလူတယောက်က သဘောမပေါက်နိုင်ဘူး"

သူ့မျက်လုံးတွေ အရောင်တောက်နေပြီး သူ့နှုတ်ခမ်းတွေ လှုပ်နေကြတယ်၊ ဖြုန်းခနဲဆို စားပွဲကို သူ လက်သီးနဲ့ ထုလိုက်တယ်၊ စားပွဲပေါ်က ပစ္စည်းတွေ

ခုန်ပေါက်ကုန်ကြတယ်၊ သူဟာ အင်မတန် သိမ်မွေ့နူးညံ့တဲ့ လူတယောက်ပဲ၊ သူ့အနေနဲ့ ဒီလိုမျိုးလုပ်တာ ဒါဟာ ပထမဆုံးအကြိမ်ပဲ။ အဲဒီနောက်မှာ သူ ဟစ်အော်လိုက်တယ်။

"နောက်ပြီးတော့ ကျုပ် ဖြောင့်ချက်ပေးဖို့ လိုအပ်သလား၊ ကျုပ်အနေနဲ့ ပေးကော ပေးသင့်သလား၊ ကျုပ်ကိုယ်စား ဘယ်သူမှ ပြစ်ဒဏ်မခံရဘူး၊ ဘယ်သူမှ ဆိုက်ဗေးရီးယားကို အပို့မခံရဘူး၊ အစေခံ သေသွားတာဟာ သူ့ဟာသူ ဖျားလို့ပဲ၊ နောက်ပြီးတော့ ကျုပ်ဟာကျုပ် ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ကျုပ် ခံစားခဲ့ရတဲ့ စိတ်ဒုက္ခတွေနဲ့ ပြစ်ဒဏ်ခံခဲ့ရပြီးပြီ၊ နောက်ပြီးတော့ ကျုပ်ပြောတဲ့စကားတွေကို သူတို့ ယုံကြမှာ မဟုတ်ဘူး၊ ကျုပ်ပြတဲ့ သက်သေ အထောက်အထားတွေကိုလည်း သူတို့ ယုံကြမှာ မဟုတ်ဘူး၊ အဲဒီတော့ ကျုပ် ဖြောင့်ချက်ပေးဖို့ လိုသလား... လိုအပ်သလား၊ ကျုပ်မိန်းမနဲ့ ကျုပ်ကလေးတွေ ဘာမှမဖြစ်ဘူးဆိုရင် ကျုပ်စွန်းခဲ့တဲ့ သွေးအတွက် ကျုပ် ပြစ်ဒဏ်ခံစားဖို့ အသင့်ရှိပါတယ်၊ ဒါပေမဲ့ ကျုပ်ကြောင့် သူတို့တတွေ ပျက်စီး ထိခိုက်စေသင့်သလား၊ ကျုပ်တို့ လုပ်နေတာ အမှားတခု မဟုတ်ဘူးလို့ ခင်ဗျား ပြောနိုင်သလား၊ ဘယ်ဟာ အမှန်ဆိုတာကို ဘယ်သူပြောနိုင်သလဲ၊ အမှန်ဆိုတာကို လူတွေက လက်ခံပါ့မလား၊ လူတွေ နားလည်ပါ့မလား၊ လူတွေက တန်ဖိုးထား လေးစားပါ့မလား"

"အို ဘုရားသခင်၊ ဒီလူဟာ ဒီအချိန်ကြီးမှာ တခြားလူတွေရဲ့ လေးစားမှုကို ထည့်တွက်နေတာပဲ"

ကျွန်ုပ်ခေါင်းထဲမှာ တွေးလိုက်မိတယ်။ သူ့အတွက် ကျွန်ုပ် စိတ်မကောင်း ဖြစ်သွားမိပါတယ်။ သူ့အဖို့ သက်သာရာရမယ်ဆိုရင် သူ့ရဲ့ကံကြမ္မာကို ကျွန်ုပ်ဝေမျှပြီး ခံစားလိုက်ချင်ပါတယ်။ သူဟာ သူ့ကိုယ်သူ အစိုးမရ ဖြစ်နေပါတယ်၊ ဒီလိုဆုံးဖြတ်ချက်မျိုး တခုဟာ ဘယ်လောက် ခက်ခဲပင်ပန်းတယ် ဆိုတာကို ကျွန်ုပ် တွေ့မြင်သိရှိရတဲ့အခါ အလွန့်အလွန်ကို ထိတ်လန့်သွား ရပါတယ်။

"ကျုပ်ဘဝကို ဆုံးဖြတ်စမ်းပါ" သူ ပြောဆိုလိုက်ပြန်ပါတယ်။

"ဖြောင့်ချက်ပေးလိုက်ပါ"

ကျွန်ုပ် တိုးညင်းစွာ ပြောလိုက်တယ်။ ကျွန်ုပ်ရဲ့အသံက တိမ်ဝင်လျက် ရှိသော်လည်း ကျွန်ုပ်က ထိုအတိုင်းပင် ပြတ်သားတိကျစွာ ပြောလိုက်တယ်။ အဲဒီနောက်မှာ ကျွန်ုပ် ထိုင်ရာက ထပြီး စားပွဲပေါ်က သမ္မာကျမ်း စာအုပ်ကို ယူလိုက်တယ်။ ပြီးတော့ ရှင်ယောဟန်ခရစ်ဝင် ကျမ်း အခန်း ၁၂ အပိုဒ် ၂၄ ကို ပြလိုက်တယ်။

"ငါ အမှန်အကန် ဆိုသည်ကား မြေ၌ကျသော စပါးစေ့သည် မပျက်လျှင်

တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော အသီးကို သီးတတ်၏"

(ဆရာ ယုဒသန် ဘာသာပြန်)

အဲဒီအပိုဒ်ကို ကျွန်ုပ် ဖတ်နေစဉ်မှာပဲ သူ သတိဝင်လာတယ်၊ သူ ယူပြီး ဖတ်တယ်။

"မှန်တယ်"

သူ ထောက်ခံလိုက်တယ်၊ ဒါပေမဲ့ သူဟာ မချိပြုံး ပြုံးနေတယ်။

"ဟုတ်တယ်" တော်တော်ကလေးကြာတော့ သူ ဆက်ပြောတယ်။

"အဲဒီစာအုပ်ထဲမှာ ရေးထားတာတွေဟာ အံ့သြစရာပဲ၊ ခင်ဗျားအနေနဲ့တော့ နားလည်လို့ လွယ်တာပဲ၊ ဒါနဲ့ ဒါတွေကို ဘယ်သူရေးတာလဲ၊ လူတွေ ရေးတာတော့ မဖြစ်နိုင်ပါဘူး"

"သန့်ရှင်းသော ဝိညာဉ်တော် ရေးတာပဲ" ကျွန်ုပ် ပြောလိုက်တယ်။ "ခင်ဗျားအနေနဲ့တော့ အင်မတန် ပြောလို့ လွယ်ကူတာပဲ"

သူ ပြုံးလိုက်ပြန်တယ်၊ ဒီတခါတော့ နာကြည်းမုန်းတီးတဲ့ အပြုံးပဲ။ ကျွန်ုပ်က စာအုပ်ကို သူ့ဆီက ပြန်ယူလိုက်တယ်၊ တခြားတနေရာကို ဖွင့်လှန်လိုက်ပြန်တယ်၊ ဟေဗြဲ သြဝါဒစာ အခန်း ၁၀ အပိုဒ် ၃၁ ကို ပြလိုက်တယ်။ သူ ဖတ်တယ်။

အသက်ရှင်တော်မူသော ဘုရားသခင်၏လက်တော်သို့ ကျရောက်ခြင်းအမှုသည် ကြောက်မက်ဖွယ် သော အမှု ဖြစ်သတည်း"

(ဆရာ ယုဒသန် ဘာသာပြန်)

သူက အဲဒီစာပိုဒ်ကိုဖတ်ပြီး စာအုပ်ကို မှောက်ပြီး ချလိုက်တယ်၊ သူ့တကိုယ်လုံး တုန်နေတယ်။

"အံ့သြစရာကောင်းတဲ့ စာပိုဒ်ပဲ၊ အင်မတန် လိုက်လျောကိုက်ညီတဲ့ စာပိုဒ်တွေကို ခင်ဗျားက ကျုပ်ကို ဆွဲထုတ်ပြတာပဲ"

အဲဒီလို သူ ပြောလိုက်ပြီး ထိုင်ရာက ထလိုက်တယ်၊ နောက်ပြီးတော့မှ သူက …

"ဟုတ်ပြီ၊ ကျုပ် နှုတ်ဆက်ခဲ့ပါတယ်။ နောက်တခါ ကျုပ် လာတော့မယ်မထင်ဘူး။ ကောင်းကင်ဘုံ ကျမှ တွေ့ကြသေးတာပေါ့၊ အင်း ကျုပ်ဟာ အသက်ရှင်နေတဲ့ ဘုရားသခင်ရဲ့ လက်တော်သို့ ကျရောက်နေတာ တဆယ့်လေးနှစ်

ရှိသွားပြီပဲ၊ ဒီ တဆယ့်လေးနှစ်ကို ဒီလိုပဲ သဘောထားရမှာပဲ၊ မနက်ဖြန်ကျရင်တော့ ကျုပ်ကို သွားခွင့်ပြုဖို့ အဲဒီလက်တွေကို ကျုပ် တောင်းပန်ရမှာပဲ”

ကျွန်ုပ် သူ့ကို ဖက်ပြီး နမ်းလိုက်ချင်တယ်၊ ဒါပေမဲ့ ကျွန်ုပ် မရဲဘူး၊ သူ့မျက်နှာကြီးက ရှုံ့မဲ့ပြီး မှုန်ကုပ်နေလို့ပဲ။ သူ ထွက်သွားတယ်။

“အို ဘုရားသခင်၊ သူဟာ ပြဿနာတွေကို ရင်ဆိုင်ရတော့မယ်”

ကျွန်ုပ် တွေးလိုက်မိတယ်။ ကျွန်ုပ်ဟာ ကယ်တင်ရှင် မယ်တော်မာရီ ပုံတော်ကား ရှေ့မှာ ဒူးထောက်ပြီး ငိုကြွေးမိပါတယ်။ ကျွန်ုပ်ဟာ အဲဒီအတိုင်းပဲ နာရီဝက်လောက် မျက်ရည်စက်လက်နဲ့ ဒူးထောက်နေမိတယ်၊ အချိန်က ညဥ့်နက်လှပြီဖြစ်တယ်၊ သန်းခေါင်ကျော်နေပြီ။ ဖြုန်းခနဲဆို တံခါးပွင့်သွားပြီး သူဝင်လာတာကို ကျွန်ုပ် မြင်တွေ့လိုက်ရတယ်။

“ခင်ဗျား ဘယ်သွားတာလဲ” ကျွန်ုပ် မေးလိုက်တယ်။

“ကျုပ် ... ကျုပ် တခုခု မေ့ခဲ့သလားလို့ ... လက်ကိုင်ပဝါ မေ့ခဲ့သလားလို့”

“အို ကျုပ် ဘာမှ မမေ့ဘူးဆိုရင်လည်း ... ကျုပ် ထိုင်နေတာကို ခင်ဗျား ဘယ်လိုမှ မအောက်မေ့ဘူး မဟုတ်လား”

ကုလားထိုင်တလုံးပေါ်မှာ သူထိုင်လိုက်တယ်၊ ကျွန်ုပ် သူ့အနားမှာ မတ်တတ်ရပ်လိုက်တယ်။

“ခင်ဗျားကော မထိုင်ဘူးလား”

သူက ကျွန်ုပ်ကိုမေးလိုက်တယ်။ ကျွန်ုပ် ထိုင်လိုက်တယ်။ ကျွန်ုပ်တို့ နှစ်ယောက်ဟာ နှစ်မိနစ်လောက် အဲဒီလိုပဲ ထိုင်နေကြတယ်၊ သူက ကျွန်ုပ်ကို စိုက်ပြီး ကြည့်နေတယ်၊ ပြီးတော့ ရုတ်တရက် ပြုံးလိုက်တယ်... အဲဒါကို ကျွန်ုပ် ကောင်းကောင်းမှတ်မိနေတယ်၊ နောက်ပြီးတော့ သူ မတ်တတ်ရပ် လိုက်တယ်၊ ကျွန်ုပ်ကို အားရပါးရ ဖက်လိုက်ပြီး နမ်းတယ်။

“မှတ်ထားပါ သူငယ်ချင်း၊ ခင်ဗျားကို နောက်တခေါက် ပြန်လာပြီး တွေ့တာကို မှတ်ထားပါ၊ ကျုပ်ပြောတာ ကြားသလား၊ သေသေချာချာ မှတ်ထားပါ”

ကျွန်ုပ်ကို သူ့အနေနဲ့ အခုလို ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆိုတာဟာ ပထမဆုံးအကြိမ်ပဲ။ ပြီးတော့ သူထွက်သွားတယ်။ “မနက်ဖြန်ပဲ” လို့ ကျွန်ုပ် တွေးလိုက်တယ်။ အမှန်လည်း အမှန်ပဲ။

နောက်တနေ့ဟာ သူ့မွေးနေ့ဖြစ်တယ်ဆိုတာကို အဲဒီညက ကျွန်ုပ်မသိခဲ့ဘူး၊

ကျွန်ုပ် အပြင်ကို မထွက်တာလည်း ရက်တော်တော်ကြာနေပြီမို့ အဲဒီအကြောင်းကို ဘယ်သူ့ဆီကမှ မသိခဲ့ရဘူး၊ အဲဒီနေ့ကျရင် သူဟာ ရောမ ညှော်ခံပွဲကြီးတခု အမြဲတမ်း ကျင်းပလေ့ရှိတယ်တဲ့။ သူ့မွေးနေ့ပွဲကို တမြို့လုံး သွားကြတယ်တဲ့။ အဲဒီနေ့ကလည်း သူ့မွေးနေ့ပွဲကို တမြို့လုံးပဲ သွားကြတယ်။

ညစာစားပွဲ ပြီးတဲ့အခါမှာ သူဟာ လက်ထဲမှာ စာရွက်တရွက်ကို ကိုင်ပြီး ခန်းမကြီးရဲ့ အလယ်ကို လျှောက်သွားတယ်တဲ့။ သူ့ရဲ့ဌာနတာဝန်ခံဆီကို တရားဝင် ရေးသားထားတဲ့ အစီရင်ခံစာပဲ။ ဌာနတာဝန်ခံကလည်း အဲဒီညက သူ့ညှော်ခံပွဲမှာ ရှိနေတယ်တဲ့၊ အဲဒီတော့ သူဟာ အစီရင်ခံစာကို ပရိသတ် အားလုံးကြားအောင် အကျယ်ကြီး ဖတ်ပြတော့တာပဲတဲ့။

သူဖတ်ပြတဲ့ အစီရင်ခံစာထဲမှာ သူကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုအကြောင်း အသေးစိတ် ပါဝင်တယ်၊ "ကျုပ်ဟာ လူတယောက်အဖြစ်ကနေ အဟိတ်တိရစ္ဆာန်တကောင် ဖြစ်သွား တာပဲ၊ ဘုရားသခင်ဟာ ကျုပ်ဆီကို လာရောက်တော်မူသွားပြီ၊ ကျုပ်ရဲ့ အပြစ်အတွက် ပြစ်ဒဏ်ကို ကျုပ် ခံစားချင်တယ်" လို့ သူ နိဂုံးချုပ်ထားတယ်။

နောက်ပြီးတော့ အမှုကို အထောက်အထားဖြစ်စေမယ့် သက်သေခံပစ္စည်းတွေကို သူယူလာပြီး စားပွဲပေါ်ကို တင်လိုက်တယ်။ အသတ်ခံရတဲ့ အမျိုးသမီးရဲ့ ရွှေထည်ပစ္စည်းတွေပဲ ... လူသတ်မှု တရားခံကို လမ်းကြောင်းလွှဲတဲ့အနေနဲ့ သူယူလာတဲ့ပစ္စည်းတွေပဲ။

အမျိုးသမီးရဲ့လည်ပင်းက ဖြုတ်ယူလာတဲ့ ရွှေလော့ကတ်သီးနဲ့ ရွှေလက်ဝါးကပ်တိုင်၊ လော့ကတ်သီးထဲမှာ အမျိုးသမီးရဲ့ ရည်းစား ဓာတ်ပုံပါတယ်၊ နောက်ပြီးတော့ အမျိုးသမီးရဲ့ နေ့စဉ်မှတ်တမ်းစာအုပ်၊ နောက်ပြီးတော့ စာနှစ်စောင် ... တစောင်က သူအမြန်ဆုံး ပြန်လာတော့မယ်ဆိုပြီး အမျိုးသမီးရဲ့ရည်းစားဆီက ရေးလိုက်တဲ့စာ၊ နောက်တစောင်က အဲဒီစာကို အမျိုးသမီးကပြန်ရေးတဲ့စာ။ စာက စပြီး ရေးထားရုံပဲ ရှိသေးတယ်၊ အပြီးမသတ်သေးဘူး၊ နောက်တနေ့မှ အပြီးသတ်ရေးပြီး စာတိုက်က ထည့်လိုက်မယ် ဆိုတဲ့သဘောနဲ့ စားပွဲပေါ်မှာ ရေးလက်စတန်းလန်း ပစ်ထားတဲ့စာပဲ။ ဒီစာတွေကို ဘာဖြစ်လို့ သူယူခဲ့သလဲ... သူ့ကို လူသတ်မှုတရားခံအဖြစ် အထောက်အထားဖြစ်စေမယ့် ပစ္စည်းတွေကို သူ ဘာဖြစ်လို့ တဆယ့်လေးနှစ်လုံးလုံး သိမ်းထားခဲ့ရသလဲ၊ အဲဒါတွေကို ဘာဖြစ်လို့ဖျက်ဆီးမပစ်သလဲ..။

အဲဒီအခါမှာ ဖြစ်ပျက်ပုံအလုံးစုံကို လူတွေအားလုံးဟာ အံ့သြသွားကြတယ်။ တုန်လှုပ်ချောက်ချား သွားကြတယ်။ ဒါပေမဲ့ ဘယ်သူကမှ မယုံကြဘူး၊ သူပြောသွားတာတွေကို အားလုံးကပဲ စိတ်ဝင်စားစွာ နားထောင်ခဲ့ကြပေမဲ့ ယုံတော့

မယုံကြဘူး၊ သူ နေမကောင်းလို့ ပြောတာပဲလို့ သူတို့ ယူဆကြတယ်၊ အဲဒီလိုနဲ့ နောက် သုံးလေးရက် ကြာတဲ့အခါကျတော့ သူ ရူးနေတာပဲလို့ အားလုံးကပဲ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြတယ်။

သက်ဆိုင်ရာအာဏာပိုင်တွေဟာ သူ့ကို ရာဇဝတ်မှုနဲ့ အရေးယူဖို့ မငြင်းနိုင်ကြပါဘူး၊ ဒါပေမဲ့ သူတို့ဟာ မကြာခင်မှာပဲ အမှုကို ပိတ်ပစ်လိုက်ကြတယ်၊ သူပြတဲ့ပစ္စည်းတွေနဲ့ စာတွေဟာ ထည့်သွင်းစဉ်းစားစရာ ဖြစ်ပေမဲ့ အဲဒီပစ္စည်းတွေဟာ သေဆုံးသူရဲ့ ပစ္စည်းတွေ အမှန်ဖြစ်စေဦးတော့ ဒီအထောက်အထားတွေလောက်နဲ့ လူသတ်မှုတရားခံအဖြစ် တရားမစွဲနိုင်တဲ့အတွက် ဖြစ်တယ်၊ သူဟာ ဒီပစ္စည်းတွေကို အသတ်ခံရတဲ့ အမျိုးသမီးဆီက မိတ်ဆွေတယောက်အနေနဲ့ ရထားတာ လည်း ဖြစ်နိုင်တယ်၊ အဲဒီအမျိုးသမီးရဲ့ ဥပဒေအတိုင်းပင်ခံ တယောက်အနေနဲ့ ရထားတာလည်း ဖြစ်နိုင်တယ်။ နောက်ပိုင်းမှာ ကျွန်ုပ် ကြားသိရတာကတော့ အဲဒီပစ္စည်းတွေဟာ သေဆုံးသူရဲ့ ပစ္စည်းတွေ အစစ်အမှန်ဖြစ်ကြောင်း သေဆုံးသူရဲ့မိတ်ဆွေတွေ အပေါင်းအသင်းတွေက သက်သေခံ ကြတယ်။ ဒီပစ္စည်းတွေဟာ သေဆုံးသူရဲ့ပစ္စည်းတွေ အမှန်ဖြစ်တယ်ဆိုတာကတော့ ဘာမှ သံသယ ဖြစ်စရာမရှိဘူး၊ ဒါပေမဲ့ နောက်ဆုံးကျတော့ အဲဒီအတွက်လည်း ပြဿနာက ဘာမှ ဖြစ်မလာနိုင်ဘူး။

နောက်ငါးရက်အကြာမှာ သူဟာ နေမကောင်းဖြစ်ပြီး စိုးရိမ်ရတဲ့ အခြေအနေရှိတယ် ဆိုတာကို ကြားကြရတယ်၊ သူ ဘာကြောင့် နေမကောင်းဖြစ်ရတယ်ဆိုတာတော့ ကျွန်ုပ် မသိဘူး၊ သူ့မှာ နှလုံးရောဂါရှိတယ်ဆိုပြီး ကောလာဟလတော့ ဖြစ်နေတာပဲ။ နောက်ပြီးတော့ သူ့မိန်းမရဲ့ တိုက်တွန်းချက်အရ ဆရာဝန်တွေက သူ့ရဲ့စိတ်အခြေအနေကို စစ်ဆေးကြည့်တဲ့အခါ သူ့မှာ စိတ်မနှံ့တဲ့ လက္ခဏာတွေ ရှိတယ်လို့ အဖြေတွေ့ရှိကြရတယ်။

လူတွေက ကျွန်ုပ်ဆီကိုလာပြီး မေးကြစမ်းကြတယ်၊ ကျွန်ုပ်က ဘာမှ ထုတ်မပြောဘူး၊ ဒါပေမဲ့ သူတို့က သူ့ဆီကို ကျွန်ုပ် သွားရောက်တွေ့ဆုံခွင့်ကို တော်တော်နဲ့ မပေးကြဘူး။ အထူးသဖြင့် သူ့မိန်းမက ကျွန်ုပ်ကို ပြောတယ်၊

“ရှင့်ကြောင့်ပဲ... သူ့ကို ကမောက်ကမ ဖြစ်အောင်လုပ်တာ ရှင်ပဲ။ စောစောပိုင်းက သူ မှိုင်မှိုင်နေတာ တော့ အမှန်ပဲ။ မနှစ်လောက်က စပြီး သူဟာ တခါတခါမှာ ထူးထူးဆန်းဆန်းတွေ လုပ်တတ်တာကို ကျွန်မတို့ သတိပြုမိခဲ့တယ်။ အဲဒီအချိန်မှာပဲ ရှင်ရောက်လာပြီး သူ့ကို ဖျက်ဆီးတာပဲ။ လွန်ခဲ့တဲ့ တလလုံးလုံးမှာ သူဟာ ရှင့်အခန်းမှာချည်းနေခဲ့တယ် “

သူ့မိန်းမကသာ မဟုတ်ပါဘူး၊ မြို့ထဲမှာ လူတွေအားလုံးကလည်း ကျွန်ုပ်ကိုပဲ အပြစ်တင်ကြတယ်၊ "အဲဒါ ခင်ဗျားလုပ်တာပဲ" လို့ သူတို့က ပြောကြတယ်၊ ကျွန်ုပ်ကတော့ ဘာမှ ပြန်မပြောဘူး၊ စိတ်ထဲမှာတော့ ဝမ်းသာနေတယ်၊ ဘုရားသခင် မကြိုက်တာကို လုပ်ခဲ့တဲ့ လူတယောက်ဟာ သူ့ဟာသူ အပြစ်ဒဏ် ခံသွားတဲ့အတွက်ပဲ၊ သူ စိတ်မနှံ့ဘူးဆိုတာကိုတော့ ကျွန်ုပ် လုံးဝ မယုံဘူး။

နောက်ဆုံးမှာ သူတို့ဟာ ကျွန်ုပ်ကို သူနဲ့ တွေ့ခွင့်ပေးကြရတယ်၊ သူက ကျွန်ုပ်နဲ့ နောက်ဆုံး တွေ့ချင်တယ်လို့ တဖွဖွ ပြောနေတဲ့အတွက်ပဲ။

သူ့ဆီကို ကျွန်ုပ် ရောက်သွားတဲ့အခါမှာ သူဟာ နေ့လားညလား ဆိုတာတောင် မဟုတ်ဘူး။ အခုလား တော်ကြာနေလား ဆိုတာကို ချက်ချင်းပဲ တွေ့မြင်ရတယ်။ သူဟာ အတော်ကြီးကို အားပြတ်နေပြီး သူ့မျက်နှာမှာ သွေးမရှိတော့သလောက်ပဲ။ သူ့လက်တွေဟာ တုန်နေတယ်၊ သူ အမောဆိုက်နေတယ်၊ ဒါပေမဲ့ သူဟာ ကျွန်ုပ်ကို မြင်တဲ့အခါမှာ ဝမ်းသာသွားပုံရတယ်။ သူ့မျက်လုံးတွေ လှုပ်ရှားလာတယ်။

"လုပ်ပြီးသွားပြီ" လို့ သူ ဝမ်းသာအားရပြောတယ်။

"ခင်ဗျားကို ကျုပ် တွေ့ချင်နေတာကြာပြီ၊ ခင်ဗျား ဘာဖြစ်လို့ မလာတာလဲ"

သူတို့က ကျွန်ုပ်ကို တွေ့ခွင့်မပြုတဲ့အကြောင်း သူ့ကို ကျွန်ုပ် ပြောမပြပါဘူး။

"ဘုရားသခင်ဟာ ကျုပ်ကို သနားတော်မူတဲ့အတွက် ကျုပ်ကို ခေါ်တော်မူနေပြီ။ ကျုပ် သေရတော့ မယ်ဆိုတာကို ကျုပ်သိတယ်။ ဒါပေမဲ့ ကျုပ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်းမှာ ပထမဆုံး အကြိမ်အဖြစ်နဲ့ ပျော်နေတယ်၊ စိတ်ချမ်းသာနေတယ်။ ကျုပ်ဟာ လုပ်ရမယ့်အလုပ်ကို လုပ်ပြီးတာနဲ့ တပြိုင်နက် ကျုပ်ရင်ထဲမှာ ကောင်းကင်ဘုံကြီး ရောက်လာတာပဲ၊ အခုဆိုရင် ကျုပ်ဟာ ကလေးတွေ ကို ချစ်ရဲသွားပြီ၊ နမ်းရဲသွားပြီ။ ကျုပ်ကို ဘယ်သူကမှ မယုံကြဘူး၊ ကျုပ်မိန်းမကလည်း မယုံဘူး၊ တရားသူကြီးတွေကလည်း မယုံကြဘူး၊ ကျုပ်ကလေးတွေကလည်း ဘယ်တော့မှ ယုံကြမှာ မဟုတ်ဘူး၊ ဘုရားသခင်က ကျုပ်ကလေးတွေအပေါ်မှာ ကရုဏာထားတော်မူတာပဲ။ ကျုပ်ရဲ့နာမည် မှာ ဘာအစွန်းအထင်းမှ မရှိဘဲနဲ့ ကျုပ်သေဆုံးသွားရမယ်၊ အခုဆိုရင် ကျုပ်ဟာ ဘုရားသခင်ရဲ့ အနားမှာ ရောက်နေပြီ၊ ကျုပ်ရဲ့နှလုံးသားဟာ ကောင်းကင်ဘုံမှာ ပျော်နေပြီ ... ကျုပ်တာဝန်ကို ကျုပ် လုပ်ပြီးသွားပြီ"

သူ စကားမပြောနိုင်ပါ။ အသက်ရှူတာ မောနေတယ်၊ ကျွန်ုပ်ရဲ့လက်ကို သူဆုပ်ကိုင်ထားတယ်၊ ကျွန်ုပ်ကို သူ စိုက်ပြီးကြည့်နေတယ်၊ ကျွန်ုပ်တို့

အကြာကြီးလည်း စကား မပြောကြရပါ။ သူ့မိန်းမက ကျွန်ုပ်တို့ကို စောင့်ကြည့်နေတယ်။ ဒါပေမဲ့ သူပြောချင်တာတခုကိုတော့ ကျွန်ုပ်ကို တိုးတိုးကလေး ပြောလိုက်နိုင်တယ်။

"အဲဒီည သန်းခေါင်ကျော်လောက်က ခင်ဗျားဆီကို ကျုပ် နောက်တခေါက်ပြန်လာတာ ခင်ဗျား မှတ်မိသလား၊ ခင်ဗျားကို မှတ်ထားပါလို့ ကျုပ်ပြောခဲ့တယ်။ ကျုပ် ဘာကိစ္စ ပြန်လာတယ်ဆိုတာ ခင်ဗျားသိသလား၊ ခင်ဗျားကို သတ်ရအောင် ကျုပ်ပြန်လာတာပဲ"

ကျွန်ုပ် တုန်လှုပ်သွားတယ်။

"အဲဒီညက ခင်ဗျားအခန်းကနေ ညအမှောင်ထဲကို ကျုပ်ထွက်သွားတယ်။ ကျုပ်ဟာကျုပ် ပဋ္ဌိပက္ခ ဖြစ်ရင်း လမ်းပေါ်မှာ လျှောက်သွားနေမိတယ်၊ ဖြုန်းခနဲဆို ကျုပ်ဟာ ခင်ဗျားကို သိပ်မုန်းသွားတယ်။ သည်းမခံနိုင်အောင်ကို ဖြစ်သွားတယ်။ ငါ့ဘဝမှာ အနှောင့်အယှက် ပေးနေတာ သူတယောက်ပဲ ရှိတယ်လို့ ကျုပ် တွေးမိတယ်။ သူဟာ ငါ့ကို တရားစီရင်လိုက်တဲ့ ငါ့ရဲ့တရားသူကြီးပဲ။ မနက်ဖြန် ဆိုရင် ငါဟာ အပြစ်ဒဏ်ကို ရှောင်လွှဲငြင်းဆန်နေလို့ မရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက အကုန်လုံး သိနေလို့ပဲ။ ခင်ဗျားအနေနဲ့ ပုလိပ်ကို တိုင်မှာကို ကျုပ် စိုးရိမ်လို့ မဟုတ်ဘူး၊ (အဲဒါကို ကျုပ်ထည့်တောင် မတွေးမိဘူး) ဒါပေမဲ့ ကျုပ်စဉ်းစားမိတာက မနက်ဖြန်မှာ ငါ ဖြောင့်ချက်မပေး ဖြစ်လို့ရှိရင် သူ့ကို ဘယ်လိုလုပ်ပြီး ငါ ရင်ဆိုင်ရမလဲ ဆိုတာပဲ။

"တကယ်လို့ ခင်ဗျားဟာ ကမ္ဘာကြီးရဲ့တဖက်ကို ရောက်နေစေဦး၊ ခင်ဗျားဟာ အသက်ရှင်နေတယ် ဆိုရင် ကျုပ်အဖို့တော့ အတူတူပဲ။ ခင်ဗျားဟာ ကျုပ်အကြောင်းတွေကို သိနေပြီး ကျုပ်ကို အပြစ်တင်နေတယ်ဆိုတဲ့အသိက သည်းမခံနိုင်အောင်ပဲ။ ခင်ဗျားဟာ ဒီပြဿနာကြီး တခုလုံးရဲ့ အရင်းခံ ဖြစ်နေတဲ့အတိုင်းပဲ ခင်ဗျားကို ကျုပ် မုန်းနေမိတယ်။ ခင်ဗျားဟာ ပြဿနာအားလုံးအတွက် အပြစ်တင်စရာလို ဖြစ်နေတယ်။

"ခင်ဗျားစားပွဲပေါ်မှာ ဓားမြှောင်တချောင်း ရှိနေတာကို အမှတ်ရတာနဲ့ အဲဒီအချိန်က ကျုပ် ပြန်လာခဲ့တာပဲ။ ကျုပ်ထိုင်တယ်၊ ခင်ဗျားကို ထိုင်ခိုင်းတယ်၊ ပြီးတော့ ကျုပ် စဉ်းစားတယ်။ ကျုပ်ဟာ ခင်ဗျားကို သတ်ခဲ့လို့ရှိရင် ပထမလူသတ်မှုကို ကျုပ်ဝန်မခံတဲ့တိုင်အောင် ကျုပ်ရဲ့ဘဝဟာ ပျက်သုဉ်းသွားတော့မှာပဲ။ ဒါပေမဲ့ အဲဒီအချိန်မတော့ အဲဒါကို ကျုပ် လုံးလုံးမစဉ်းစားခဲ့ဘူး။ ကျုပ်စိတ်ထဲမှာ ခင်ဗျားကို မုန်းနေတာပဲ။ ပြဿနာတွေအားလုံးအတွက် ခင်ဗျားကို လက်စားချေချင် နေတာပဲ။ ဒါပေမဲ့ ဘုရားသခင်က ကျုပ်ရင်ထဲက မာရ်နတ်ကို နှိမ်နင်းပစ်လိုက်တယ်၊ ဒါပေမဲ့ ခင်ဗျားကို

ကျူပ်ပြောမယ်၊ ခင်ဗျားဟာ ဘယ်တုန်းကမှ သေခြင်းနဲ့ အဲဒီလောက် မနီးကပ်ခဲ့ဘူး”

နောက်တပတ်အကြာမှာ သူကွယ်လွန်သွားတယ်။ တမြို့လုံးကပဲ သူ့ရဲ့ အသုဘကို လိုက်ပို့ကြတယ်။ ဘုန်းကြီးရဲ့ဟောကြားချက်က အင်မတန်မှကို စိတ်ထိခိုက် လှုပ်ရှားဖွယ်ရာ ကောင်းတယ်၊ အားလုံးကပဲ သူ့ဘဝကို သက်တမ်းတိုစေတဲ့ ရောဂါဝေဒနာကို မြည်တမ်းကြွေကွဲ ကြတယ်။ ဒါပေမဲ့ အသုဘအခမ်းအနား ပြီးတဲ့နောက်မှာတော့ တမြို့လုံးဟာ ကျွန်ုပ်ကို ဆန့်ကျင်လာကြတယ်၊ လူတွေဟာ ကျွန်ုပ်ကို အရင်ကလို လက်ခံပြီး မတွေ့ကြတော့ဘူး။

ဒါပေမဲ့ တချို့ကတော့ (ပထမပိုင်းမှာတော့ နည်းနည်းပဲ၊ နောက်ပိုင်းမှာတော့ များလာတယ်) သူ့ရဲ့ ဇာတ်လမ်းကို အမှန်ပဲဆိုပြီး ယုံကြည်ကြတယ်၊ ကျွန်ုပ်ဆီကိုလာပြီး စိတ်ပါလက်ပါ စိတ်အား ထက်ထက်သန်သန်နဲ့ မေးကြစမ်းကြတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ လူတွေဟာ လူရိုးလူဖြောင့်တွေရဲ့ ကျဆုံးမှု သိက္ခာကျမှုကို သဘောကျကြလို့ပဲ။

ဒါပေမဲ့ ကျွန်ုပ်ဟာ ရေငုံနှုတ်ပိတ်ပြီး နေခဲ့တယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ အဲဒီမြို့ကနေ ကျွန်ုပ် ထွက်ခဲ့တယ်၊ နောက်ငါးလလောက် အကြာမှာတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်အရ မမြင်ရတဲ့ လက်ညှိုးတချောင်းက ကျွန်ုပ်ကို ရှင်းရှင်းလင်းလင်းကြီး လက်ညှိုးထိုးပြနေတဲ့ ကောင်းမြတ်သော လမ်းကြောင်းကို ဝင်ရောက်ခဲ့တယ်။ ဒါပေမဲ့ မဟာ ဒုက္ခဆင်းရဲကြီးကို အကြီးအကျယ် ခံစားခဲ့ရတဲ့ ဘုရားသခင်ရဲ့ ကျွန်တော်မျိုး မီခေးကိုတော့ ဒီကနေ့အထိ ဘုရားဝတ်ပြုတိုင်း ကျွန်ုပ် မြင်ယောင်နေ မိတယ်။

ခင်ကြီးဖော်ဇီမာ၏ ဆွေးနွေးချက်နှင့် ဟောကြားချက်များ

(င) ရုရှားဘုန်းကြီးနှင့် ၄င်း၏ ထူးခြားချက်များ

ဩဝါဒရှင် ဘုန်းကြီးတို့ ... ဘုန်းကြီးဆိုတာ ဘာလဲ။ ပညာတတ်တွေထဲမှာတော့ အဲဒီစကားလုံးကို သရော်လှောင်ပြောင်တဲ့အနေနဲ့ လူတချို့က ပြောကြတယ်။ တချို့ကျတော့ ဖရုဿဝါစာစကား နင်ပဲငဆ သဘောမျိုးတောင် ပြောကြတယ်၊ ဒီဘုန်းကြီးတွေကို ဒီလိုစော်ကား နှိမ့်ချတဲ့သဘောက တဖြည်းထက် တဖြည်း ပိုပြီး ဆိုးရွားလာနေတယ်။

မှန်ပါတယ်၊ တကယ့်ကို မှန်ပါတယ်။ ဘုန်းကြီးတွေထဲမှာ ကပ်ပါးကပ်မြှောင်တွေ၊ မတော် လောဘသမားတွေ၊ အလဇ္ဇီတွေ၊ မောက်မာတဲ့ သူတောင်းစားတွေ ရှိနေတယ်ဆိုတာ မှန်ပါတယ်။

ဒါပေမဲ့ စိတ်နှလုံး နူးညံ့သိမ်မွေ့ ပြီး မာန်မာနနှိမ့်ချတဲ့ ဘုန်းကြီးတွေ ဘယ်လောက် များတယ် ဆိုတာလည်း ထည့်တွက်ကြပါ။ ငြိမ်းအေးတဲ့အရပ်မှာ တကိုယ်တည်း တရားအားထုတ်နေတဲ့ ရဟန်းတွေ အများကြီး ရှိပါတယ်။ ဒါကျတော့ သူတို့ ထည့်မပြောကြဘူး၊ ရေငုံနှုတ်ပိတ်နေကြတယ်။ အခုလို ငြိမ်းချမ်းစွာ တရားအားထုတ်နေတဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေကြောင့် ရုရှား နိုင်ငံကြီးကို တကြိမ် ပြန်လည် ကယ်တင်နိုင်လိမ့်မယ်လို့ ကျွန်ုပ်ပြောရင် လူတွေ ဘယ်လောက်များ အံ့ဩကြမလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ အမှန်တကယ်ပဲ "တနာရီ၊ တနေ့၊ တလ၊ တနှစ်" ဆိုသလို ငြိမ်းချမ်းစွာ တရားအားထုတ်နေကြလို့ပဲ။ လောလောဆယ်အချိန်မှာ သူတို့ဟာ သူတော်စင် တွေ၊ အာဇာနည်တွေ၊ တမန်တော်တွေဆီက ထိန်းသိမ်းရရှိထားတဲ့ စစ်မှန်ပြီး စင်ကြယ်တဲ့ ဘုရားသခင်ရဲ့ နိမိတ်ပုံကို ထိန်းသိမ်းထားကြလိမ့်မယ်။ ဘုရားသခင်ရဲ့ အမှန်တရားကို အစစ်အမှန် အတိုင်း စောင့်ရှောက်ထားကြလိမ့်မယ်။ အချိန်အခါ ကျရောက်လာတဲ့အခါကျလို့ရှိရင် အဲဒီစစ်မှန်တဲ့ အမှန်တရားကို တွေဝေတိမ်းယိမ်းနေတဲ့ ကမ္ဘာကြီးကို ဖော်ထုတ်ဖွင့်လှစ်ပြီး ပြသကြလိမ့်မယ်။ အဲဒါဟာ မဟာရည်မှန်းချက်ကြီးပဲ၊ အဲဒီ မီးရှူးတန်ဆောင်ကြီးဟာ အရှေ့တခွင်ကနေ ထွန်းပြောင် လာလိမ့်မယ်။

ဒါဟာ ဘုန်းကြီးတွေနဲ့ ပတ်သက်တဲ့ ကျွန်ုပ်ရဲ့ အယူအဆပဲ။ ကျွန်ုပ်ရဲ့ အယူအဆဟာ မှားသလား၊ သိပ်ပြီးများ ကြီးကျယ်နေသလား။

မြေကြီးပေါ်မှာရှိတဲ့ ဘုရားသခင်ရဲ့ လူသားတွေရဲ့အထက်မှာ သူတို့ကိုယ်သူတို့ ထားနေတဲ့ လောကီသား ပုဂ္ဂိုလ်တွေအားလုံးကို ကြည့်စမ်းပါ။

သူတို့ဟာ ဘုရားသခင်ရဲ့နိမိတ်ပုံနဲ့ ဘုရားသခင်ရဲ့ အမှန်တရားကနေ လွဲဖယ်မနေကြဘူးလား၊ သူတို့မှာ လောကဓာတ်ပညာ ရှိတယ်၊ ဒါပေမဲ့ လောကဓာတ်ပညာဆိုတာက အသိဉာဏ်ရဲ့ လက်အောက်ခံပွဲ လူသားတွေရဲ့ အထက်လွှာတခြမ်း ဖြစ်တဲ့ နာမ်လောကကို သူတို့ ပစ်ပယ်ကြတယ်။ မုန်းတီးစွာ ပစ်ပယ်ကြတယ်၊ ကမ္ဘာကြီးအနေနဲ့ လွတ်လပ်မှုဆိုတာကို ကြေညာကြတယ် အထူးသဖြင့် ပြီးခဲ့တဲ့ကာလအတွင်းမှာပေါ့။ ဒါပေမဲ့ သူတို့ရဲ့ လွတ်လပ်မှုဆိုတာက ဘာလဲ၊ ကျွန်စနစ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခြင်းပဲ။

လူတွေက ပြောကြတယ် .... "သင့်မှာ လိုအပ်တာတွေရှိနေတယ်။ အဲဒါတွေကို လို့ဘ ပြည့်ပါစေ။ ဘာဖြစ်လို့လဲဆိုတော့ သင်ဟာ အချမ်းသာဆုံးနဲ့ သြဇာအာဏာအရှိဆုံး လူတွေလိုပဲ အခွင့်အရေး ရှိနေလို့ပဲ။ သင်ဟာ လိုဘ ပြည့်ရေးအတွက် ဘာမှ မကြောက်ပါနဲ့။ သင့်ရဲ့လိုအပ်ချက်တွေ ထပ်ပြီး တိုးပွားလိုက်ပါဦး" တဲ့။

ဒါဟာ ကမ္ဘာလောကကြီးရဲ့ခေတ်ပေါ်အတွေးအခေါ်ပဲ။ သူတို့ရဲ့လွတ်လပ်မှုဆိုတာ ဒါပဲ။ လိုအပ်ချက် တွေ တိုးပွားကြဆိုတဲ့ အခွင့်အရေးက ဘာအကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေသလဲ၊ ချမ်းသာတဲ့လူတွေ အဖို့တော့ တသီးတခြားဘဝနဲ့ နာမ်လောကက ကွယ်ပျောက် ခြင်းပဲ၊ ဆင်းရဲတဲ့လူတွေအဖို့တော့ မနာလိုဝန်တိုမှုနဲ့ လူသတ်မှုတွေပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ လိုအပ်ချက်တွေ လိုဘပြည့်ရေးအတွက် သူတို့ကို ခံစားပိုင်ခွင့်တော့ ပေးထားတယ်၊ ဒါပေမဲ့ နည်းလမ်းကိုတော့ ပြမထားဘူး။

သူတို့က ပြောတယ်။ ဒီအယူအဆတွေကို ကောင်းကင်မှာ လွှင့်တင်လိုက်ပြီး လူတွေရဲ့ ကွာဟချက် တွေကို လျှော့လိုက်လို့ရှိရင် ဒီကမ္ဘာကြီးဟာ စည်းလုံးသည်ထက် ပိုပြီး စည်းလုံးလာလိမ့်မယ်တဲ့။

အလိုလေးလေး... အဲဒီလိုမျိုး လူတွေ ပေါင်းစည်းကြတာမျိုးကို နည်းနည်းလေးမှ မယုံလိုက်ပါနဲ့။ လိုအပ်ချက်တွေများများ မြန်မြန် လိုဘပြည့်ရေးဆိုတဲ့ လွတ်လပ်မှုကို ရှာကြံရင် လူတွေဟာ သူ့ဘဝကိုသူ ဖျက်ဆီးပစ်တာပဲဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ အထိန်းအကွပ် မရှိတဲ့ လိုအပ်ချက်တွေ ဖြစ်လာမယ်။ မိုက်မဲတဲ့ အလိုဆန္ဒတွေ၊ အလေ့အကျင့်တွေ၊ အဓိပ္ပာယ်မရှိတဲ့ တီထွင်မှုတွေ ဖြစ်လာမယ်။ စားပွဲသောက်ပွဲကြီးတွေ၊ မြင်းတွေ၊ မြင်းရထားတွေ၊ ရာထူးတွေ၊ အခြွေအရံတွေ၊ အစေအပါးတွေကို မရှိမဖြစ်တဲ့ လိုအပ်ချက်တွေအဖြစ် သတ်မှတ်လာကြမယ်။ အဲဒီလိုအင်ဆန္ဒတွေကို လိုဘပြည့်ရေးအတွက် လူတွေဟာ သူတို့ရဲ့ဘဝ၊ သူတို့ရဲ့ဂုဏ်သိက္ခာ၊ သူတို့ရဲ့ မေတ္တာတရားတွေကို စွန့်လွှတ်ကြလိမ့်မယ်။

မချမ်းသာ မကြွယ်ဝတဲ့ လူတွေထဲမှာလည်း ဒီအတိုင်းပဲဖြစ်လာတာကို ကျွန်ုပ်တို့ တွေ့ကြရမယ်၊ ဆင်းရဲတဲ့လူတွေဟာ သူတို့ရဲ့လိုအပ်ချက်တွေ လိုဘမပြည့်တဲ့အခါ အရက် သေရည်တွေမှာ နစ်မွန်းပြီး ဝန်တိုမစ္ဆေရိယ စိတ်တွေ ပွားများလာကြလိမ့်မယ်။ ဒီနောက် မကြာခင်မှာ သူတို့ဟာ အရက်သေရည်မှာ နစ်မွန်းရာကနေပြီး သွေးအိုင်ထဲမှာ နစ်မွန်းကြလိမ့်မယ်။

ကျွန်ုပ် မေးမယ်၊ လူတယောက်ရဲ့လွတ်လပ်မှုဟာ အဲဒါမျိုးလား၊ လွတ်လပ်မှုအတွက် တိုက်ပွဲဝင် နေတဲ့ လူတယောက်ကို ကျွန်ုပ်သိတယ်။ ကျွနု်ပ်ကို သူကိုယ်တိုင်ပြောပြတယ်၊ သူဟာ ထောင်ထဲမှာ ဆေးလိပ်မသောက်ရတဲ့အခါမှာ ဒီလိုမျိုး ဆင်းရဲမှုကို ဘယ်လိုမှ သည်းမခံနိုင်တာနဲ့ ဆေးလိပ် သောက်ရရေးအတွက် သူ့ရဲ့ ‘ယုံကြည်ချက်’ ကို စွန့်လွှတ်ဖို့ ကြိုးစားမိတယ်တဲ့။ သူကတော့ “ကျုပ်ဟာ လူသားတွေအတွက် တိုက်ပွဲဝင်နေတယ်” လို့ ကြွေးကြော်နေတဲ့ လူတယောက်ပဲ။

အဲဒီလိုလူတယောက်ဟာ ဘာအတွက် တိုက်ပွဲဝင်နိုင်မှာလဲ၊ သူ ဘာလုပ်နိုင်မှာလဲ။ သူဟာ မြန်မြန်ဆန်ဆန်ကြီး ပြီးစီးသွားမဲ့ ကိစ္စမျိုးတွေဆိုရင်တော့ လုပ်နိုင်မယ်။ ဒါပေမဲ့ ရေရှည်ကျရင်တော့ ခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ သူတို့ဟာ လွတ်လပ်မှုမရဘဲ ကျေးကျွန် ဖြစ်သွားရတာပဲ။ လူသားတွေရဲ့စည်းလုံးညီညွတ်ရေး၊ လူသားအချင်းချင်း ချစ်ခင်ရေးတွေကို မဆောင်ရွက်နိုင်ဘဲ ကျွန်ုပ် ငယ်ငယ်တုန်းက ကျွန်ုပ်ရဲ့ဆရာနဲ့ ထူးဆန်းတဲ့ ဧည့်သည်တို့က ပြောခဲ့တဲ့အတိုင်း လူတွေနဲ့ ကင်းလွတ်ပြီး တသီးတခြား ဖြစ်ရတာဟာ ဘာအံ့သြစရာ ရှိသလဲ။

အဲဒါကြောင့်လည်း လူ့လောကကြီးအတွက် ဆောင်ရွက်ရေးနဲ့ လူသားအချင်းချင်း စည်းလုံး ညီညွတ်ရေးဆိုတဲ့ ရည်မှန်းချက်ဟာ ဒီကမ္ဘာလောကကြီးမှာ တစထက်တစ ပိုပြီး ပျက်ပြားနေရ တာပဲ။ အမှန်တော့ ဒီရည်မှန်းချက်ဟာ သရော်စော်ကား လုပ်ကြတာကိုတောင် ခံနေရပြီ။ ဘာဖြစ်လို့လဲဆိုတော့ လူတယောက်ဟာ ဘယ်လိုလုပ်ပြီး သူ့ရဲ့အကျင့်တွေကို ဖျောက်ပစ်နိုင်မလဲ။ သူ့အတွက် သူကိုယ်တိုင် ဖန်တီးထားတဲ့ လိုအင်ဆန္ဒတွေမှာ သူ လိုဘပြည့်နေတဲ့အခါမှာ တခြား ဘာဖြစ်လာနိုင်ဦးမလဲ။ သူက တသီးတခြားကြီး ကင်းလွတ်နေပြီ။ အဲဒီတော့ သူက ကျန်နေတဲ့ လူ့အဖွဲ့ အစည်းကြီးနဲ့ ဘာပတ်သက်စရာ လိုတော့သလဲ။ အခုအခါမှာ သူတို့လက်ထဲမှာ ပစ္စည်းတွေ များသည်ထက်များလာပြီး ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကျတော့ နည်းသည်ထက် နည်းလာကြတယ်။

ရဟန်းဘောင်က အများကြီးခြားနားတယ်။ စောင့်ထိန်းခြင်း၊ အစားအစာ ရှောင်ကြဉ်ခြင်းနဲ့ ဝတ်ပြုခြင်း အလုပ်တွေကို လူတွေက ပြောင်လှောင်ရယ်မောကြတယ်။ ဒါပေမဲ့ တကယ်စစ်မှန်တဲ့ လွတ်မြောက်မှုကို ဒီနည်းနဲ့ပဲ ရနိုင်တယ်၊ ကျွန်ုပ်ဟာ မလိုလားအပ်တဲ့ အပိုဖြစ်တဲ့ လိုအင်ဆန္ဒတွေ

အားလုံးကို ဖြတ်တောက်ပစ်တယ်။ ကျွန်ုပ်ဟာ မာန်မာနတရားနဲ့ လောဘသက္ကာယတွေကို နည်းပါးစေတယ်။ စောင့်ထိန်းလိုက်နာခြင်းတွေနဲ့ နှိမ်နင်းတယ်၊ ဘုရားသခင်ရဲ့ ကူညီမှိုင်းမမှုနဲ့ စိတ်ရဲ့ လွတ်လပ်မှုကို ရစေတယ်၊ စိတ်ရဲ့ ချမ်းသာမှုကို ရစေတယ်။

တသီးတခြားဖြစ်နေတဲ့ သူဌေးတယောက်နဲ့ လောကီစည်းစိမ် လောကီဓလေ့က လွတ်မြောက်သွား တဲ့ လူတယောက်၊ အဲဒီနှစ်ယောက်မှာ ဘယ်သူကပိုပြီး ရည်မှန်းချက်ကြီးကို အကောင်အထည် ပေါ်အောင် ဆောင်ရွက်နိုင်မလဲ။

ဘုန်းကြီးတွေရဲ့တသီးတခြား ဖြစ်နေမှုကို သူတို့က အပြစ်ပြောကြတယ်။ “အသင်တို့ဟာ လွတ်မြောက်ရာလမ်းကြောင်းကို ရှာဖွေဖို့အတွက် ကျောင်းတိုက်ကြီးရဲ့အုတ်တံတိုင်း လေးခု အတွင်းမှာ အထီးတည်း နေနေကြတယ်။ အသင်တို့ဟာ လူသားတွေရဲ့အကျိုးကို ညီရင်းအစ်ကိုလို သယ်ပိုးဆောင်ရွက်ပေးဖို့ မေ့နေကြတယ်” တဲ့။ ဒါပေမဲ့ လူသားအချင်းချင်း ချစ်ခင်စောင့်ရှောက် ရေးမှာ ဘယ်သူကပိုပြီး စိတ်အားထက်သန်တယ်ဆိုတာ ကျွန်ုပ်တို့ ကြည့်ရမယ်၊ အမှန်တော့ လူတွေနဲ့ တသီးတခြားဖြစ်နေတာ ကျွန်ုပ်တို့ မဟုတ်ဘူး၊ သူတို့ပဲ။ အဲဒါကို သူတို့အနေနဲ့ မသိကြတာပဲ ဖြစ်တယ်။

ဟို ရှေးယခင်ကာလတွေက လူသားတွေရဲ့ခေါင်းဆောင်အဖြစ် ကျွန်ုပ်တို့ ဘုန်းကြီးတွေထဲကပဲ ထွက်ပေါ်လာတာဖြစ်တယ်။ အခုရော ဘာဖြစ်လို့ အဲဒီလို ပေါ်ထွက်မလာရမှာလဲ။

ရုရှားနိုင်ငံရဲ့လွတ်မြောက်ခြင်းကို လူထုကြီးကသာ လုပ်ဆောင်မှာဖြစ်တယ်၊ ရုရှားဘုန်းကြီးတွေက ဟို ရှေးပဝေသဏီကတည်းက လူထုကြီးဘက်က ရှိခဲ့တယ်။ လူထုကြီး တသီးတခြား ဖြစ်နေလို့ရှိရင် ကျွန်ုပ်တို့လည်း တသီးတခြား ဖြစ်နေမှာပဲ။ လူထုကြီးဟာ ကျွန်ုပ်တို့ ယုံကြည်သလိုပဲ ယုံကြည်တယ်၊ ဘုရားသခင်ကို မယုံကြည်တဲ့ ခေါင်းဆောင်တယောက်ဟာ သူ့အနေနဲ့ ဘယ်လိုပဲ ရိုးသားရိုးသား၊ ဘယ်လောက်ပဲ ပညာဉာဏ်ရှိရှိ ရုရှားနိုင်ငံမှာ သူဟာ ဘာတခုမှ အောင်မြင်မှု ရနိုင်မှာ မဟုတ်ဘူး။ အဲဒါကို မှတ်ထားပါ။ လူထုကြီးဟာ ဒိဋ္ဌိကို ရင်ဆိုင်လိမ့်မယ်၊ ယှဉ်ပြိုင် အနိုင်ရလိမ့်မယ်။ ရုရှားနိုင်ငံဟာ အယူမှန် နိုင်ငံတော်ကြီးတခု ဖြစ်လာလိမ့်မယ်။ အဲဒါကြောင့်မို့လို့ တောသူတောင်သား လယ်သမားတွေကို စောင့်ရှောက်ပါ။ သူတို့ရဲ့နှလုံးသားတွေကို ကာကွယ်ပါ။ သူတို့ကို အေးအေးဆေးဆေး ပညာပေးပါ။ အဲဒါဟာ ဘုန်းကြီးတို့ရဲ့တာဝန်ပဲ၊ ဘုန်းကြီးတွေအနေနဲ့ အရှင်ဘုရားတို့ရဲ့ တာဝန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တောသူတောင်သား ဆင်းရဲသားတွေရဲ့ ရင်ထဲမှာ ဘုရားသခင် ကိန်းအောင်းနေလို့ပဲ။

(ခ) သခင်နှင့် ကျွန်၊ ညီရင်းအစ်ကို စိတ်ဓာတ်မျိုး ထားနိုင်ကြမလား

အမှန်ပဲဖြစ်တယ်၊ သာမန်လူတွေထဲမှာလည်း အပြစ်တွေ၊ ဒုစရိုက်မှုတွေ ရှိတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး၊ ပျက်စီးမှုမီးတောက်ကြီးဟာ ခေါင်ကနေ စပြီး နာရီနဲ့အမျှ သိသိသာသာကြီး ပြန့်ပွားနေပါတယ်။ သာမန်လူတွေထဲမှာလည်း တသီးတခြားမှုဟာ စနေပြီ။ ချမ်းသာတဲ့ လယ်သမား တွေနဲ့ ငွေတိုးချေးစားတဲ့ လူတွေဟာ အရေအတွက် များသည်ထက် များလာနေကြတယ်။ ကုန်သည်တွေလည်း ဂုဏ်အဆင့်အတန်းတွေကို မျှော်မှန်းလာကြတယ်။ သူ့မှာ ဘာပညာမှ မရှိပေမဲ့ သူဟာ ပညာတတ်တယောက် ဟန်ဆောင်လာတယ်၊ သူဟာ ရှေးထုံးရှေးနည်းတွေကို သရော် လှောင်ပြောင်လာတယ်၊ ဘိုးဘေးဘီဘင်တွေရဲ့ယုံကြည်မှုအတွက် သူက ရှက်နေတယ်။ သူဟာ မင်းညီမင်းသားတွေဆီကို သွားရောက်လည်ပတ်တယ်၊ ဒါပေမဲ့ သူဟာ အမှန်တော့ တောင်သူ လယ်သမား လူတန်းစားပျက်တယောက်ပဲ။

သာမန်လူထုကြီးထဲမှာ အရက်သေစာသောက်စားမှုဟာ ချိုးကပ်နေကြတယ်။ သူတို့ဟာ ဒီအကျင့်စရိုက်ကို မဖျောက်နိုင်ကြဘူး ဖြစ်နေတယ်၊ သူတို့ရဲ့ မိန်းမတွေကို သူတို့ ဘယ်လောက် နှိပ်စက်ညှဉ်းပန်းကြသလဲ၊ သူတို့ရဲ့ကလေးတွေကိုလည်း ဘယ်လောက် ရက်ရက်စက်စက် နှိပ်စက် ညှဉ်းပန်းကြသလဲ။ အဲဒါတွေအားလုံးဟာ အရက်မူးလို့ ဖြစ်တာတွေချည့်ပဲ။

စက်ရုံတွေမှာ အလုပ်လုပ်နေတဲ့ ကိုးနှစ်သား ကလေးကလေးတွေကို ကျုပ် တွေ့ရတယ်။ ပိန်ချည့်နေတဲ့ လူမမာကလေးတွေပဲ၊ ရှုံ့နာရှိုက်ကုန်းကလေးတွေပဲ။ ဒီအရွယ်ကတည်းက အကျင့်စာရိတ္တ ပျက်ပြားနေကြပြီ။ အဆောက်အအုံကြီးက လှောင်ပြီး မွန်းကျပ်နေတယ်။ စက်သံတွေက ဆူညံနေတယ်၊ အဲဒီမှာ နေကုန်နေခန်း အလုပ်လုပ်ကြရတယ်။ ဖရုဿဝါစာ စကားတွေ ပြောကြတယ်၊ အရက်တွေ သောက်ကြတယ်၊ ဒါဟာ ကလေးတယောက်အတွက် လိုအပ်ချက်တွေလား။

သူ့အနေနဲ့ တကယ်လိုအပ်တာက နေရောင်ခြည်နွေးနွေးကလေးထဲမှာ ကစားနေဖို့ပဲ။ သူ့ပတ်ဝန်းကျင်ဟာ ကောင်းမွန်နေရမယ်၊ မေတ္တာအကြည်ဓာတ်ကလေး ရှိနေရမယ်။ ဘုန်းကြီးတို့ .... ဒါမျိုးတွေ မဖြစ်ရဘူး၊ ကလေးတွေကို နှိပ်စက်ညှဉ်းပန်းတာမျိုးတွေ မဖြစ်ရဘူး၊ ဒီကိစ္စကို အမြန်ဆုံး ဟောကြားကြပါ။ အမြန်ဆုံး လုပ်ကြပါ။

ဒါပေမဲ့ ရုရှားနိုင်ငံကို ဘုရားသခင် ကယ်မပါလိမ့်မယ်။ ဘာဖြစ်လို့တုံးဆိုတော့ တောသူတောင်သား လယ်သမားတွေဟာ အကျင့်စာရိတ္တ ပျက်ပြားပြီး ဆိုးသွမ်းတဲ့ ဒုစရိုက်မှုတွေကို ကျူးလွန်နေကြပေမဲ့ ဒီဥစ္စာဟာ

ဘုရားသခင်ရဲ့ဒဏ်ခတ်မှုဆိုတာကို သူတို့ သိကြတယ်။ အမှားတွေကို ပြုလုပ်ရင်း ပြစ်မှုတွေ ကျူးလွန်နေတယ်ဆိုတာကို သူတို့ သိကြတယ်။ အဲဒီတော့ ကျွန်ုပ်တို့ရဲ့ လူထုကြီးဟာ အမှန်တရားကို ယုံကြည်နေကြတုန်းပဲ ဖြစ်တယ်။ ဘုရားသခင်ကို ကိုးကွယ်နေကြတုန်းပဲ ဖြစ်တယ်။ သူတို့ဟာ ယုံကြည်ကိုးကွယ်ရင်း မျက်ရည်တွေ ကျနေကြတယ်။

အထက်လွှာ လူတန်းစားတွေကတော့ ဒီလိုမဟုတ်ဘူး၊ သူတို့က လောကဓာတ်ပညာကို လိုက်စားပြီး သူတို့ဘဝကို သူတို့နည်းနဲ့သူတို့ တည်ထောင်ကြတယ်။ သူတို့ဟာသူတို့ ဝေဖန်ပိုင်းခြားထားတဲ့ တရားမျှတမှု ဖြစ်တယ်။ ဘုရားသခင်ဆိုတာ မရှိဘူး။ သူတို့မှာ ရာဇဝတ်မှုဆိုတာ မရှိဘူး။ ဒုစရိုက်မှု ဆိုတာ မရှိဘူး။ သူတို့ဟာ သူတို့နည်းနဲ့သူတို့တော့ မှန်နေတယ်။ ဘုရားသခင် မရှိဘူးဆိုတဲ့နောက်မှာ ရာဇဝတ်မှုတွေအတွက် ဘာစိုးရိမ်နေစရာ လိုတော့မလဲ။

ဥရောပတိုက်မှာဆိုရင် ရိုးရိုးသာမန်လူတွေဟာ ပိုက်ဆံချမ်းသာတဲ့ လူတွေကို အကြမ်းဖက်ပြီး ဆန့်ကျင်ကြတယ်၊ လူထုကြီးရဲ့ ခေါင်းဆောင်တွေက လူထုကြီးကို နေရာတကာမှာ သွေးချောင်းစီး အောင် လမ်းညွှန်ဦးဆောင်နေကြတယ်။ သူတို့ရဲ့ ဒေါသတွေဟာ မှန်ကန်တယ်လို့ ပညာပေးကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ဒေါသက စက်ဆုပ်ဖွယ်ရာ ကောင်းလှတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ရက်စက် ကြမ်းကြုတ်လွန်းလို့ပဲ။

ဒါပေမဲ့ ဘုရားသခင်ဟာ ရုရှားနိုင်ငံကြီးကို ဟိုအရင်က အကြိမ်ပေါင်းများစွာ ကယ်ဆယ်ခဲ့တဲ့အတိုင်း အခုလည်း ကယ်ဆယ်လိမ့်ဦးမယ်။ ကယ်တင်ခြင်းအလုပ်ကို လူထုကြီးက လုပ်ဆောင်လိမ့်မယ်၊ သူတို့ရဲ့ယုံကြည်မှုနဲ့ သူတို့ရဲ့ နူးညံ့သိမ်မွေ့မှုက လုပ်ဆောင်လိမ့်မယ်။

ဩဝါဒရှင် ဘုန်းကြီးတို့၊ လူထုကြီးရဲ့ ယုံကြည်မှုကို စောင့်ရှောက်ထိန်းသိမ်းကြပါ။ ဒီဥစ္စာဟာ စိတ်ကူးယဉ်အိပ်မက်တခု မဟုတ်ပါဘူး။ ကျွန်ုပ်တို့ လူထုကြီးရဲ့ ဂုဏ်သိက္ခာကို ကျွန်ုပ် ဘဝ တလျှောက်လုံးမှာပဲ သတိပြုမိခဲ့ပါတယ်။ ကျွန်ုပ်ကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ်။ ကျွန်ုပ် ကောင်းကောင်း သက်သေခံနိုင်ပါတယ်။ ကျွန်ုပ် မြင်တွေ့ပြီး ကျွန်ုပ် အံ့သြခဲ့ရပါတယ်။ သူတို့မှာ ဒုစရိုက်မှုတွေရှိနေပြီး သူတို့ဟာ ဆင်းရဲနွမ်းပါးနေကြပေမဲ့ သူတို့ရဲ့ဂုဏ်သိက္ခာကို ကျွန်ုပ် မြင်တွေ့ခဲ့ ရတယ်။

သူတို့ဟာ ရာစုနှစ် နှစ်ခုလောက် သူများကျေးကျွန် ဖြစ်ခဲ့ကြရပေမယ့် ကျွန်သပေါက်မျိုးတွေ မဟုတ်ကြပါဘူး၊ သူတို့ဟာ အမူအရာနဲ့ လုပ်ပုံကိုင်ပုံတွေမှာ လွတ်လပ်ကြပါတယ်။ ဒါပေမဲ့ မောက်မာခြင်း မရှိကြဘူး၊ မနာလိုဝန်တိုခြင်း

မရှိကြဘူး၊ ရန်ကို ရန်ချင်း တုံ့နှင်းလိုစိတ် မရှိကြဘူး။

"ခင်ဗျားတို့က မြင့်မြတ်တယ်၊ ခင်ဗျားတို့က ချမ်းသာတယ်၊ ခင်ဗျားတို့က ပညာတတ်တယ်၊ အရည်အချင်း ရှိတယ်၊ ကောင်းပါပြီ။ ခင်ဗျားတို့ကို ဘုရားသခင် ကောင်းချီးပေးပါစေ၊ ခင်ဗျားတို့ကို ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်လည်း လူတယောက်ပါပဲ။ ကျွန်တော်ဟာ ခင်ဗျားတို့အပေါ်မှာ မနာလို ဝန်တိုမှု မရှိဘဲနဲ့ လေးစားမှုကို ပြတာဟာ လူတယောက်အနေနဲ့ ကျွန်တော့်မှာရှိနေတဲ့ ဂုဏ်သိက္ခာကို ပြတာပဲ"

မှန်ပါတယ်။ သူတို့ဟာ ဒီအတိုင်း မပြောပေမယ့် (ဒီလိုမျိုး ပြောရမယ်ဆိုတာကို သူတို့ နားမလည်ကြ သေးပါဘူး) ဒီအတိုင်းပဲ လုပ်ဆောင်ကြပါတယ်။ ဒါကို ကျွန်ုပ်ကိုယ်တိုင် မြင်ရပါတယ်။ ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ရပါတယ်။ နောက်ပြီးတော့ ဘုန်းကြီးတို့ကို ပြောရင် ယုံမှာတောင် မဟုတ်ဘူး။ ရုရှားလယ်သမားတွေဟာ ပိုပြီး ဆင်းရဲလေ သူတို့ရဲ့မှန်ကန်မှုကို ပိုပြီး မြင်တွေ့ရလေပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အထဲမှာရှိတဲ့ နည်းနည်း ချမ်းသာတဲ့လူတွေနဲ့ အတိုးချေးစားတဲ့ လူတွေဟာ ဖောက်ပြန်ပျက်ပြားစ ပြုနေပြီဖြစ်လို့ပဲ။ အဲဒါကလည်း ကျွန်ုပ်တို့ရဲ့ ဂရုမစိုက်မှုနဲ့ အလေးမထားမှုကြောင့် ဖြစ်ရတာပဲ။

ဒါပေမဲ့ ဘုရားသခင်က သူ့ရဲ့လူထုကြီးကို ကယ်တင်ပါလိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ရုရှားနိုင်ငံကြီးဟာ နှုးညံ့သိမ်မွေ့တဲ့ သဘောရှိလို့ပဲ။ ကျွန်ုပ်တို့ရဲ့ အနာဂတ်ကာလကို ကျွန်ုပ် မြင်ယောင်နေပါတယ်။ ကောင်းကောင်းကြီး မြင်ယောင်နေပါတယ်။ ဒီဥစ္စာက ဖြစ်ပျက်လာမှာ အမှန်ပဲ။ ဖောက်ပြန်ပျက်စီးနေတဲ့ ချမ်းသာတဲ့လူတွေကလည်း ဆင်းရဲသားတွေ ရှေ့မှောက်မှာ သူတို့ရဲ့ချမ်းသာမှုအတွက် အရှက်ရလာကြလိမ့်မယ်။ တခါ ဆင်းရဲသားတွေကလည်း သူတို့ရဲ့ နိမ့်ကျတဲ့သဘောကို သိမြင်ပြီး ချမ်းသာတဲ့လူတွေကို အလျှော့ပေးလိမ့်မယ်၊ အရှက်ရလာတဲ့ ချမ်းသာသူကို ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်လည်တုံ့ပြန် ဆက်ဆံလိမ့်မယ်။

နောက်ဆုံးမှာတော့ ဒီလိုပဲ နိဂုံးချုပ်သွားလိမ့်မယ်ဆိုတာ ယုံပါ။ အခြေအနေတွေဟာ အဲဒီကိုပဲ ဦးတည်နေကြတယ်၊ တူညီမှုဆိုတာ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာပေါ်မှာပဲ တည်တယ်၊

အဲဒါကို ကျွန်ုပ်တို့ အချင်းချင်းပဲ နားလည်နိုင်တယ်၊ ကျွန်ုပ်တို့ဟာ ညီအစ်ကိုတွေဖြစ်တယ်ဆိုရင် ညီညွတ်တဲ့ လူစုကြီးဖြစ်လာမှာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ အဆင့်မတိုင်ခင်မှာတော့ မျှမျှတတ ခွဲဝေခံစားတဲ့သဘောကို ရနိုင်မှာမဟုတ်ဘူး၊ ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ပုံရိပ်ကို ထိန်းသိမ်း

စောင့်ရှောက်တယ်ဆိုရင် အဲဒီပုံရိပ်ဟာ ကမ္ဘာ လောကကြီးတခုလုံးအပေါ်မှာ အင်မတန် အဖိုးအနဂ္ဃ ထိုက်တန်တဲ့ စိန်ပွင့်ကြီးတခုပမာ ထွန်းတောက်လာလိမ့်မယ်။ ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်၊ ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်။

ဩဝါဒရှင် ဘုန်းကြီးတို့... တကြိမ်မှာတော့ အင်မတန် စိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ အဖြစ်အပျက် တခုနဲ့ ကျွန်ုပ် ကြုံတွေ့ရပါတယ်။ ကျွန်ုပ်ဟာ လှည့်လည် သွားလာနေရင်းနဲ့ တနေ့ကျတော့ ကေဆိုတဲ့ ပြည်နယ်မြို့တော်ကြီးတခုမှာ ကျွန်ုပ်ရဲ့ အကူရဲဘော်ဖြစ်ခဲ့တဲ့ အက်ဖာနဆီနဲ့ သွားတွေ့တယ်၊ သူနဲ့ လူချင်းကွဲသွားပြီး ရှစ်နှစ်လောက်အကြာမှာ ဖြစ်တယ်၊ သူက ကျွန်ုပ်ကို ဈေးထဲမှာ အမှတ်မထင် တွေ့သွားတာပဲ။ သူ ကျွန်ုပ်ကို မှတ်မိတယ်၊ ကျွန်ုပ်ဆီကို ပြေးလာတယ်၊ သူဟာ ဝမ်းသာလွန်းလို့ ကျွန်ုပ်အပေါ် လဲကျတော့ မလိုလိုတောင် ဖြစ်သွားတယ်။

“အို သခင်ပါလား၊ ကျွန်တော်မြင်နေတာ တကယ်မှ ဟုတ်ရဲ့လား”

ကျွန်ုပ်ကို သူ့အိမ် ခေါ်သွားပါတယ်။ သူ တပ်ကထွက်ပြီး အိမ်ထောင်ကျနေတာ ကလေးနှစ်ယောက် တောင် ရနေပြီ။ သူတို့ လင်မယား နှစ်ယောက်ဟာ ဝမ်းရေးအတွက် ဈေးထဲမှာ ဟင်းသီးဟင်းရွက် ရောင်းနေကြပါတယ်။ သူ့အခန်းက ဆင်းဆင်းရဲရဲပေမဲ့ သန့်သန့်ရှင်းရှင်း တောက်တောက် ပြောင်ပြောင် ရှိတယ်။ သူက ကျွန်ုပ်ကို ထိုင်ခိုင်းပြီး လက်ဖက်ရည်အိုး တည်တယ်၊ သူ့မိန်းမကို အခေါ်လွှတ်တယ်၊ သူတို့အိမ်ကို ကျွန်ုပ် လည်ပတ်တာဟာ သူတို့အဖို့ ပွဲတော်ကြီး တခုကျနေတာပဲ၊ ကျွန်ုပ်ဆီကို သူတို့ရဲ့ ကလေးတွေ ကို ခေါ်လာပြီး ...

“သူတို့ကို ကောင်းချီးပေးပါ ဖားသား”

“ကျွန်ုပ်က ကောင်းချီးပေးရမှာလား၊ ကျွန်ုပ်က သာမန်ရဟန်းပဲ ဖြစ်ပါတယ်။ သူတို့အတွက် ကျွန်ုပ် ဆုတောင်းပေးပါ့မယ်၊ အက်ဖာနဆီ ခင်ဗျားအတွက်တော့ ကျွန်ုပ် နေ့တိုင်းပဲ ဆုတောင်းပါတယ်။ အဲဒီနေ့ နောက်ပိုင်းကစပြီးပေါ့၊ ကျွန်ုပ် အခုလိုဖြစ်လာရတာ ခင်ဗျားကြောင့်ပါပဲ”

ကျွန်ုပ် အဲဒီလို ပြောလိုက်ပြီးနောက် ဖြစ်ပျက်တဲ့ အခြေအနေတွေကို သူနားလည်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ရှင်းပြလိုက်ပါတယ်။ အဲဒီတော့ သူ ဘယ်လိုဖြစ်တယ်ထင်သလဲ။

သူ့ရဲ့အရှင်သခင်ဟောင်းဖြစ်တဲ့ တပ်မတော်အရာရှိတဦးဟာ အခုလို သူ့ရှေ့မှာ အဝတ်အစား ဟောင်းဟောင်းညံ့ညံ့၊ အမူအရာ ကျိုးကျိုးနွံနွံနဲ့ ရှိနေတာကို သူ ဘယ်လိုမှ မယုံကြည်နိုင်တဲ့ အနေမျိုးနဲ့ ကြည့်နေပါတယ်၊ နောက်ဆုံးမှာ

မျက်ရည်တွေကျလာပြီး သူ ငိုပါတော့တယ်။ အဲဒီတော့ ကျွန်ုပ်က ပြောတယ်။

“ခင်ဗျား ဘာဖြစ်လို့ ငိုရတာလဲ၊ ခင်ဗျားဟာ အမြဲတမ်းဆိုသလိုပဲ ကျွန်ုပ်ခေါင်းထဲမှာ ရှေ့ဆုံးက ရှိနေတယ်၊ ကျုပ်အတွက် ခင်ဗျား ဝမ်းသာစမ်းပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်သွားနေတဲ့လမ်းဟာ ဖြောင့်ဖြူးသာယာပြီး ဝမ်းမြောက်ဖွယ်ကောင်းလို့ပဲ”

သူ စကားသိပ်မပြောဘူး၊ ဒါပေမဲ့ ကျွန်ုပ်ကိုကြည့်ပြီး သူ သက်ပြင်းအခါခါ ချတယ်၊ ခေါင်းကို တွင်တွင်ယမ်းနေတယ်။

“သခင်ရဲ့ ပိုက်ဆံတွေကို သခင် ဘာလုပ်ပစ်လိုက်သလဲ” သူ မေးပါတယ်။

“ဘုန်းကြီးကျောင်းကို လှူလိုက်တယ်၊ ကျွန်ုပ်တို့အားလုံး ဘုံအဖွဲ့ဖွဲ့ပြီး အတူတူ နေကြတယ်”

လက်ဖက်ရည်သောက်ပြီး ကျွန်ုပ်ပြန်မည်ပြုသောအခါ သူက ဘုန်းကြီးကျောင်းအတွက် အလှူငွေ ဆိုပြီး ကျွန်ုပ်လက်ထဲကို ကိုပက် ပြားငါးဆယ်ထည့်တယ်။ ပြီးတော့ တခါ ကျွန်ုပ်ရဲ့လက်ထဲကို နောက်ထပ် ပြားငါးဆယ် ကမန်းကတန်း ထည့်လိုက်ပြီး....

“ဒါကတော့ သခင့်ဖို့ပါ၊ သခင် အလှူလိုက်ခံရင်း သုံးဖို့ပါ”

ကျွန်ုပ်က သူ့ရဲ့ ပြားငါးဆယ်ကို လက်ခံပြီး သူနဲ့ သူ့မိန်းမကို ဦးညွှတ်လိုက်တယ်၊ နောက်ပြီးတော့ ကျွန်ုပ်ဟာ စိတ်ချမ်းမြေ့စွာနဲ့ ခရီးဆက်ခဲ့တယ်၊ လမ်းမှာ ကျွန်ုပ် တွေးမိတယ်..။

“အင်း အခုဆိုရင် ငါတို့ နှစ်ယောက်စလုံးဟာ သက်ပြင်းတချချ ခေါင်းတယမ်းယမ်းနဲ့ ဖြစ်နေကြမယ်၊ သူက သူ့အိမ်မှာ ... ငါက လမ်းပေါ်မှာ လမ်းသွားနေရင်းပေါ့၊ ဒါပေမဲ့ ငါတို့ နှစ်ယောက်စလုံးဟာ ရင်ထဲမှာ ပျော်လွန်းလို့ ပြုံးနေကြမယ်၊ ဘုရားသခင်က ငါတို့နှစ်ယောက် တွေ့အောင် ဆုံစည်းပေး လိုက်တာကို မမေ့နိုင်ဘူး ဖြစ်နေကြမယ်”

အဲဒီနောက်မှာ သူ့ကို တခါမှ မတွေ့တော့ဘူး၊ ကျွန်ုပ်က သူ့ရဲ့သခင် ဖြစ်တယ်၊ သူက ကျွန်ုပ်ရဲ့ ကျွန်ဖြစ်တယ်၊ ဒါပေမဲ့ အခုဆိုရင် ကျွန်ုပ်တို့ဟာ တယောက်ကိုတယောက် ချစ်ချစ်ခင်ခင် နမ်းကြတယ်၊ နှစ်ယောက်စလုံးရဲ့ စိတ်နှလုံးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ နမ်းကြတယ်၊ ကျွန်ုပ်တို့ နှစ်ယောက်ကြားမှာ ဖြစ်ပေါ်လာတဲ့ ရောမ လူ့အနှောင်အဖွဲ့တခုပဲ၊ ဒီအကြောင်းကို ကျွန်ုပ် အများကြီး တွေးတောစဉ်းစားခဲ့တယ်၊ ကျွန်ုပ်တခု တွေးမိတာကတော့ ဒီလိုပါ၊ ရုရှားလူမျိုးတွေ အားလုံးအနေနဲ့ ဒီလိုမျိုး ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း

ချစ်ခင်ပေါင်းသင်းနိုင်ကြမယ်ဆိုတာ ဖြစ်နိုင်ကြမလား ဆိုတာပါပဲ။ ကျွန်ုပ်အနေနဲ့ကတော့ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်တယ်၊ ဖြစ်လာမယ့် အချိန်ကလည်း လက်တကမ်းပဲ လိုတော့တယ်။

ကျေးကျွန်အစေခံတွေနဲ့ ပတ်သက်ပြီး ကျွန်ုပ်အနေနဲ့ ဖြည့်စွက်ပြီး ပြောချင်ပါသေးတယ်၊ ကျွန်ုပ် လူငယ်ဘဝက အစေခံတွေကို ကျွန်ုပ်က မကြာခဏဆိုသလို စိတ်ဆိုးတယ်။

"ထမင်းချက်က ထမင်းပူပူကြီး ကျွေးတယ်။ အကူရဲဘော်က အကျီကို ဖြီးမထားဘူး စသည်ဖြင့် ...

ဒါပေမဲ့ ကျွန်ုပ် ကလေးဘဝတုန်းက ကျွန်ုပ်ရဲ့အစ်ကို ပြောခဲ့တဲ့ စကားတခုကို ချက်ချင်းဆိုသလို အမှတ်ရမိတယ်။

"တခြားလူတယောက်ဟာ ဆင်းရဲတာ၊ အသိပညာ မရှိတာကြောင့် ကျွန်ုပ်ရဲ့ အခိုင်းအစေကို ခံသင့်သလား၊ ကျွန်ုပ်ဟာ အဲဒီလူရဲ့ ခယပြုစုတာကို ထိုက်တန်သလား"

ဒါလောက်ရှင်းပြီး ဒါလောက်ထင်ရှားတဲ့ အယူအဆကို ကျွန်ုပ်တို့ အသိနောက်ကျတာကို ကျွန်ုပ် အံ့သြရတယ်။ ဒီကမ္ဘာကြီးမှာ အစေခံကျေးကျွန်တွေ မရှိလို့တော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကျွန်တယောက်ဟာ ကျွန်မဟုတ်ဘူးဆိုရင် သူ့ရဲ့စိတ်နှလုံးသားဟာ အများကြီး ပိုပြီး လွတ်လပ်လိမ့်မယ်၊ နောက်ပြီးတော့ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့အစေခံရဲ့ အစေခံတယောက် ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ အဲဒီသဘောကို သူ သိမြင်စေရမယ်၊ ကျွန်ုပ်ဘက်က ဂုဏ်ယူ ဝင့်ကြွားမှု မရှိစေရဘူး၊ သူ့ဘက်က မယုံသင်္ကာမှု မဖြစ်စေရဘူး။

ကျွန်ုပ်ရဲ့အစေခံတယောက်ဟာ ဘာဖြစ်လို့ ကျွန်ုပ်ရဲ့ဆွေမျိုးတယောက်လို မဖြစ်နိုင်ရမှာလဲ။ ကျွန်ုပ်ဟာ သူ့ကို ကျွန်ုပ်ရဲ့မိသားစုထဲကို ထည့်သွင်းပြီး ဘာဖြစ်လို့ မပျော်ရွှင်နိုင်ရမှာလဲ။ အခုလည်းပဲ ဒီကိစ္စဟာ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ ဒီကိစ္စဟာ အနာဂတ်ကာလ လူသားတွေရဲ့ စည်းလုံး ညီညွတ်ရေးမှာ အခြေခံအချက် ဖြစ်နိုင်တယ်၊ အဲဒီအခါကျရင် လူတွေဟာ သူ့အတွက် အစေခံ မရှာတော့ဘူး။ အခုလုပ်နေကြသလို တခြားလူတွေကို အစေခံ လုပ်ခိုင်းဖို့ ဆန္ဒမရှိတော့ဘူး။ အဲဒီအခါမှာ သူဟာ ခရစ်ဝင်ကျမ်းတော်က သင်ကြားတဲ့အတိုင်း သူ့ကိုယ်သူ လူအားလုံးရဲ့ အစေခံ ဖြစ်တယ်လို့ ယူဆလာလိမ့်မယ်။

နောက်ဆုံးတချိန်မှာ လူသားတွေဟာ ကနေ့အချိန်မှာလို အလိုရမ္မက်ကြီးခြင်း၊ ကာမဂုဏ် လွန်ကြူးခြင်း၊ ကြွားဝါပလွှားခြင်း၊ မနာလိုဝန်တို ပြိုင်ဆိုင်ခြင်း စတဲ့ လောကီစည်းစိမ်တွေကို ခံစားမနေတော့ဘဲ ကရုဏာတရားနဲ့

ပညာဉာဏ်အလင်းကို အခြေခံပြီး လုပ်ဆောင်ကြတဲ့အခါမှသာ ပျော်ရွှင်မှုကို အမှန်တကယ် ရရှိနိုင်မယ်ဆိုတာ စိတ်ကူးယဉ် အိပ်မက်တခုလား။ ကျွန်ုပ်အနေနဲ့ကတော့ ဒါဟာ အိပ်မက်တခုမဟုတ်ဘဲ တကယ်ဖြစ်လာမယ့် အချိန်ကလည်း နီးကပ်နေပြီလို့ ခိုင်ခိုင်မာမာ ပြောနိုင်တယ်၊ ဒီတော့ လူတွေက ရယ်မောပြီး မေးကြလိမ့်မယ်။

"အဲဒီအချိန်က ဘယ်တော့လာမှာလဲ၊ လာကော လာနိုင်မှာလား"

ကျွန်ုပ်ကတော့ အရှင်ယေရှုရဲ့ အကူအညီနဲ့ ကျွန်ုပ်တို့ဟာ ဒီလုပ်ငန်းကြီးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ယူဆထားတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ယူဆတဲ့ အယူအဆတွေဟာ သူ့အချိန်ကျရင် ဖြစ်ပေါ်ပြီး ကမ္ဘာတခုလုံးကို ပျံ့နှံ့သွားတာ လူ့သမိုင်းတလျှောက်မှာ အကြိမ်ပေါင်း ဘယ်လောက် ရှိသွားပြီလဲ။ အခုလည်းပဲ ဒီအတိုင်းပဲ ကျွန်ုပ်တို့ရဲ့လူထုကြီးဟာ ကမ္ဘာပေါ်မှာ ထွန်းပြောင်လာမှာ အမှန်ပဲ။ ဒီအခါကျရင် လူတွေက ပြောလိမ့်မယ်။ "ဗိသုကာ စွန့်ပစ်ထားတဲ့ ကျောက်တုံးကြီးဟာ အခု အခြေခံ အုတ်မြစ်ကြီး ဖြစ်လာပြီဟေ့" လို့။

ကျွန်ုပ်တို့ကို သရော်လှောင်ပြောင်တဲ့ လူတွေကို ကျွန်ုပ်တို့က မေးရမယ်၊ ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက် ဟာ စိတ်ကူးယဉ်အိပ်မက်တခု ဖြစ်တယ်လို့ဆိုရင် အရှင်ယေရှု မပါဘဲ ခင်ဗျားတို့ရဲ့ အသိဉာဏ် သက်သက်နဲ့ တည်ဆောက်မယ့် အဆောက်အအုံကြီးကို ဘယ်တော့ တည်ဆောက်မှာလဲလို့။ တကယ်လို့ သူတို့ဟာ စည်းလုံးညီညွတ်မှုဆီကို ဦးတည်နေပါပြီလို့ ပြောရင် ဒီစကားကို သူတို့အထဲက အင်မတန် ရိုးအတဲ့လူတွေကသာ ယုံကြည်လိမ့်မယ်၊ အဲဒီလို ရိုးအမှုကိုလည်း ဘယ်သူကမှ မအံ့သြဘဲ နေနိုင်မှာမဟုတ်ဘူး။

အမှန်အတိုင်းပြောရရင် သူတို့ရဲ့စိတ်ကူးက ကျွန်ုပ်တို့ရဲ့ စိတ်ကူးထက် အများကြီး ပိုပြီး စိတ်ကူးယဉ် ဆန်သေးတယ်။ သူတို့ဟာ အမှန်တရားကို ရည်စူးတယ်၊ ဒါပေမဲ့ အရှင် ယေရှုကို ငြင်းပယ်တယ်၊ သူတို့ဟာ ကမ္ဘာကြီးကို သွေးပင်လယ်ထဲမှာ နစ်မြုပ်ရင်း နိုင်ဂုံးချုပ် ကြလိမ့်မယ်။ ဘာဖြစ်လို့တုံး ဆိုတော့ သွေးဟာ သွေးကိုပဲ ဖြစ်စေတယ်။ ဓားကိုင်တဲ့ လူတယောက်ဟာ ဓားနဲ့ပဲ ပျက်စီး ဆုံးရှုံးရလိမ့်မယ်။ တကယ်လို့သာ ဘုရားသခင်က ကတိတော် ပြုထားတာ မရှိခဲ့လို့ရှိရင် သူတို့ဟာ ကမ္ဘာပေါ်မှာ လူနှစ်ယောက်တည်း ကျန်တဲ့အထိ သတ်ဖြတ်ကြစေလိမ့်မယ်။ အဲဒီလူနှစ်ယောက်ဟာ လည်း သူတို့ရဲ့မာနတရားတွေကို မထိန်းချုပ်နိုင်တဲ့အတွက် နောက်ဆုံးကျန်နေမယ့်လူဟာ တခြားလူကို သတ်ဖြတ်လိမ့်မယ်။ ပြီးရင် သူ့ကိုယ်သူ ဖျက်ဆီးချေမှုန်းပစ်လိမ့်မယ်။ နူးညံ့သိမ်မွေ့တဲ့ လူသားတွေအတွက် ဘုရားသခင် ကတိပြုထားတာ မရှိခဲ့ရင် ဒီအတိုင်း ဖြစ်လာမှာအမှန်ပဲ။ ဒါပေမဲ့ ဘုရားသခင် ကတိပြုထားတဲ့အတွက်

ဘယ်တော့မှ အဲဒီလို ဖြစ်လာမှာမဟုတ်ဘူး”

စိန်ခေါ်ပွဲပြီးတဲ့နောက်ပိုင်း စစ်တပ်ထဲမှာ ကျွန်ုပ်ရှိနေတုန်းမှာပဲ လူ့အဖွဲ့အစည်းကြီးထဲက အစေခံတွေ အကြောင်း ကျွန်ုပ် ပြောဆိုမိတယ်၊ ဒီအခါမှာ အားလုံးကပဲ ကျွန်ုပ်ရဲ့စကားကို အံ့သြပြီး မေးမြန်းကြ တယ်။ “ဒါဆိုရင် ကျုပ်တို့က ဘာလုပ်ကြရမှာလဲ၊ အစေခံတွေကို ဆိုဖာပေါ်မှာ ထိုင်ခိုင်းပြီး သူတို့ကို လက်ဖက်ရည် တည်ခင်းကြရမှာလား” တဲ့။ အဲဒီတော့ ကျွန်ုပ်က ပြန်ပြောတယ်။ “တခါတလေ အဲဒီလိုမျိုးလုပ်ရင် ဘာဖြစ်မလဲ” .. သူတို့အားလုံး ရယ်ကြတယ်၊ သူတို့မေးခွန်းက ပေါ့ပေါ့တန်တန် ဖြစ်သလို ကျွန်ုပ်ရဲ့အဖြေကလည်း မရေမရာသာ ဖြစ်တယ်။ ဒါပေမဲ့ ဒီစကားဟာ အတိုင်းအတာတခု အထိတော့ မှန်နေတယ်ဆိုတာ ကျွန်ုပ် တွေးမိတယ်။

(ဆ) ဆုတောင်းပတ္ထနာပြုခြင်း၊ မေတ္တာတရားထားခြင်း၊အခြားကမ္ဘာများနှင့် ဆက်သွယ်ခြင်း

လူငယ်တို့၊ ဆုတောင်းပတ္ထနာပြုဖို့ မမေ့ကြပါနဲ့၊ ဆုတောင်းပတ္ထနာပြုတဲ့ အခါတိုင်းမှာ အသင်ရဲ့ ဆုတောင်းခြင်းဟာ ရိုးသားဖြောင့်မတ်တယ်ဆိုရင် အစိပ္ပာယ်အသစ်တွေ ပါဝင်ပြီး ခံစားမှုအသစ် တွေကို ခံစားရမယ်၊ ရဲစွမ်းသတ္တိအသစ်တွေကို ရရှိလိမ့်မယ်။ အဲဒီအခါကျရင် ဆုတောင်းခြင်းဟာ ပညာရေးပဲဆိုတာ အသင် နားလည်လာလိမ့်မယ်။

နောက်ပြီးတော့ နေ့တိုင်း နေ့တိုင်းနဲ့ သင့်အဖို့ အချိန်ရရှိတိုင်း "အို ... ဘုရားသခင်၊ ကိုယ်တော်ထံ မှောက်သို့ ယနေ့ရောက်လာသူများကို ကရုဏာထားတော်မူပါ" လို့ ရွတ်ဆိုဖို့ကိုလည်း မမေ့မလျော့ ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီကမ္ဘာပေါ်မှာရှိတဲ့ ထောင်ပေါင်းများစွာသော လူတွေဟာ နာရီတိုင်း မိနစ်တိုင်းမှာ ကွယ်လွန်နေကြပြီး သူတို့ရဲ့ဝိညာဉ်တွေဟာ ဘုရားသခင်ရဲ့ထံမှောက်မှာ ရောက်ရှိနေ ကြတယ်။ အဲဒီအထဲမှာ ဘယ်နှစ်ယောက်ဟာ သူတို့သေတာ ရှင်တာကို ဘယ်သူကမှ ဂရုမစိုက်ဘဲနဲ့၊ သူတို့အတွက် ဘယ်သူကမှ မငိုကြွေးဘဲနဲ့ လူမသိ သူမသိ ဝမ်းနည်းကြေကွဲ အပစ်ပယ်ခံရပြီး အထီးကျန် သေဆုံးသွားကြရသလဲ။ အဲဒီတော့ အသင်က ကမ္ဘာတဖက်ကနေပြီးမှ ဆုတောင်းပတ္ထနာ ပြုလိုက်တယ်ပဲ ထားဦး၊ အဲဒီလူကို သင်က သိသည်ဖြစ်စေ မသိသည်ဖြစ်စေ၊ သူကလည်း သင့်ကို သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ့ရဲ့ဝိညာဉ်ဟာ ဘုရားသခင်ရဲ့ထံမှောက်မှာ ငြိမ်းချမ်းစွာ အနား ယူနေပါလိမ့်မယ်။ အဲဒီအခါမှာ သူဟာ ဘုရားသခင်ရဲ့ရှေ့မှောက်မှာ ကြောက်လန့်စွာ ရပ်နေရင်းနဲ့ ဒီကမ္ဘာကြီးမှာ သူ့ကိုချစ်တဲ့ လူတယောက် ရှိနေပါသေးကလား၊ တစုံတယောက်က သူ့အတွက် ဆုတောင်းပတ္ထနာပြုနေပါကလား ဆိုတဲ့အသိကြောင့် သူဟာ ဘယ်လောက်များ စိတ်ထိခိုက်ပြီး ပီတိဖြစ်ရမလဲ။ သည့်အခါမှာ ဘုရားသခင်ကလည်း သင်တို့ နှစ်ယောက်စလုံးကို ကျေးဇူးပြုတော်မူ လိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ အသင်က သူ့အပေါ်မှာ ကရုဏာထားလေ ဘုရားသခင်က သင့်အပေါ် ကရုဏာပိုပြီး ထားတော်မူလေ ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က အသင့်ထက်ပိုပြီး ကရုဏာတရား ကြီးမားတော်မူလို့ပဲ။ နောက်ပြီးတော့ ဘုရားသခင်ဟာ အသင်ရဲ့ ကိုယ်စား သူ့ကို ခွင့်လွှတ်တော်မူလိမ့် မယ်။

ညီနောင်တို့ ... လူတွေရဲ့ဒုစရိုက်မှုတွေကို မကြောက်ကြပါနဲ့။ လူတယောက်မှာ ဒုစရိုက်မှုတွေ ရှိနေတဲ့တိုင်အောင်လည်း သူ့ကို ချစ်ခင်ပါ။ အဲဒါဟာ ဘုရားသခင်ရဲ့ မေတ္တာတော် အတိုင်းပါပဲ။ ကမ္ဘာပေါ်မှာ အကြီးမားဆုံး

မေတ္တာတရားပါပဲ။ ဘုရားသခင် ဖန်ဆင်းတဲ့ အရာတွေအားလုံးကို ချစ်ပါ။ တခုမကျန် အကုန်လုံးကို ချစ်ပါ။

အသင်ဟာ အရာအားလုံးကို ချစ်ခင်တာနဲ့ တပြိုင်နက် အရာရာမှာ ရှိနေတဲ့ ကောင်းကင်ဘုံဆိုင်ရာ လျှို့ဝှက်နက်နဲမှုတွေကို သိလာလိမ့်မယ်။ အသင်ဟာ အဲဒါတွေကို တကြိမ် သိမြင်ပြီးတဲ့နောက်မှာ နေ့စဉ်နေ့တိုင်း ဆိုသလိုပဲ ပိုပြီး သိသည်ထက် သိလာလိမ့်မယ်။ နောက်ဆုံးမှာ အသင်ဟာ ကမ္ဘာကြီးတခုလုံးကို မပျက်ပြယ်တဲ့ မေတ္တာနဲ့ ချစ်ခင်လာလိမ့်မယ်။

တိရစ္ဆာန်တွေကို ချစ်ခင်ပါ။ ဘုရားသခင်က သူတို့ကို အခြေခံ အသိစိတ်နဲ့ အပူအပင် ကင်းမဲ့တဲ့ ပျော်ရွှင်မှုကို ပေးသနားထားတယ်။ ဒါကြောင့်မို့လို့ သူတို့ကို ပူပန်ကြောင့်ကြခြင်း မဖြစ်ပါစေနဲ့၊ သူတို့ကို မနှိပ်စက်မညှဉ်းပန်းပါနဲ့၊ သူတို့ရဲ့ပျော်ရွှင်မှုကို မပျက်စီးပါစေနဲ့၊ ဘုရားသခင်ရဲ့ အလိုတော်ကို မဆန့်ကျင်ကြပါနဲ့။ လူသားတို့.... သင်တို့ကိုယ်ကို တိရစ္ဆာန်တွေထက် မြင့်မြတ်တယ်လို့ အထင်မကြီးကြပါနဲ့။ သူတို့မှာ ဒုစရိုက်မှုဆိုတာ မရှိပါဘူး။ အသင်ကသာ အသင်ရဲ့ ကြီးမြတ်မှုနဲ့ ကမ္ဘာကြီးကို ညစ်ညူးစေတယ်။ အသင်ရဲ့ ညစ်ညူးမှုတွေကို အသင်ရဲ့နောက်မှာ ချန်ထားခဲ့တယ် ... အို တကယ်ပါပဲ။ ကျွန်ုပ်တို့အားလုံးဟာ ဒီအတိုင်းပါပဲ။

ကလေးတွေကို အထူးသဖြင့် ချစ်ခင်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကလေးဟာလည်း ကောင်းကင်က တမန်တော်ကလေးတွေလိုပဲ အပြစ်ဒုစရိုက်တွေ ကင်းစင်ကြတယ်၊ ကျွန်ုပ်တို့ရဲ့ ရင်တွင်းမှာ နူးညံ့သိမ်မွေ့တဲ့ ခံစားမှုတွေကို ဖြစ်စေတယ်၊ ကျွန်ုပ်တို့ရဲ့နှလုံးသားတွေကို သန့်ရှင်း စင်ကြယ်စေတယ်။ သူတို့ဟာ ကျွန်ုပ်တို့ရဲ့ ရှေ့ဆောင်လမ်းပြသဖွယ်ပဲ ဖြစ်တယ်၊ ကလေးတွေကို ဒုက္ခပေးသူများ ကျိန်ဆဲခြင်း ကျရောက်ပါစေ။

ကလေးတွေကို ချစ်တတ်အောင် ဖားသားအန်ဖန်က ကျွန်ုပ်ကို သင်ကြားပေးခဲ့တယ်။ ကျွန်ုပ်တို့ နယ်တကာလှည့်ပြီး အလှူခံ သွားရောက်ကြတဲ့အခါမှာ အင်မတန် နူတ်နည်းပြီး သနားကြင်နာ တတ်တဲ့ ဖားသား အန်ဖန်ဟာ ကျွန်ုပ်တို့ကို လှူဒါန်းလိုက်တဲ့ ကြေးပြားတွေ အားလုံးကို ကလေးတွေ အတွက် သကြားလုံးနဲ့ ကိတ်မုန့်တွေ ဝယ်တယ်၊ သူဟာ ကလေ;တယောက်ကို တွေ့ရင် စိတ်ထဲမှာ ချစ်ခင်မှုမဖြစ်ဘဲနဲ့ ဖြတ်ကျော်မသွားနိုင်ဘူး၊ သူဟာ အဲဒီလို လူစားမျိုးတယောက်ပဲ။

တချို့အယူအဆတွေမှာ လူတယောက်ဟာ ဇဝေဇဝါ ဖြစ်နေတတ်တယ်။ အထူးသဖြင့် လူတွေရဲ့ ဒုစရိုက်မှုတွေကို တွေ့တဲ့အခါမှာ အင်အားကို သုံးပြီး နှိမ်နင်းရမလား၊ ဒါမှမဟုတ် အနုနည်းဖြစ်တဲ့ မေတ္တာတရားနဲ့ အောင်နိုင်ရမလား

ဆိုတာပဲ။ နှိမ့်ချတဲ့ မေတ္တာတရားကို အမြဲတမ်း ရွေးချယ်ပါ။ သင့်အနေနဲ့ အဲဒီလိုမျိုး အပြီးအပိုင် ဆုံးဖြတ်ထားနိုင်လို့ရှိရင် သင်ဟာ ကမ္ဘာကြီးတခုလုံးကို အောင်နိုင်တော့တာပဲ။ နှိမ့်ချမှုကို မြတ်နိုးခြင်းဟာ အံ့ဩစရာ ကောင်းလောက်အောင် အင်အား ကြီးမားခြင်းပဲ။ အရာအားလုံးမှာ အင်အားအကြီးမားဆုံးပဲ။ ဒီလို အင်အားကြီးမားတာမျိုး တခြား ဘာမှမရှိဘူး။

သင်ရဲ့အမူအရာဟာ ကြည့်ချင်စဖွယ်ရှိရဲ့လားဆိုတာကို နေ့တိုင်း နာရီတိုင်း မိနစ်တိုင်း သင့်ကိုယ်သင် စစ်ဆေးနေပါ။ စောင့်ကြည့်နေပါ။

ကလေးလေးတယောက်ရဲ့ အနားကနေ သင်ဖြတ်သွားမယ်။ သင်ဟာ ဒေါသအမျက် ပြင်းထန်နေပြီး ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကို ပြောဆိုပြီး ကလေးအနားကနေ မလိုမုန်းတီးဖွယ်ရာ ဖြတ်ကျော်သွားမယ်။ သင်ကတော့ ကလေးကို အမှတ်မထားမိဘူး၊ ဒါပေမဲ့ ကလေးကတော့ သင့်ကို မြင်တွေ့သွားတယ်။ အရုပ်ဆိုး အကျည်းတန်တဲ့ သင့်ရဲ့မျက်နှာဟာ နုနယ်တဲ့ကလေးရဲ့ နှလုံးသားမှာ စွဲကျန်နေရစ်ခဲ့မယ်။ ဒါကို သင်ကတော့ မသိဘူး၊ ဒါပေမဲ့ သင်ဟာ ကလေးရဲ့ရင်ထဲမှာ မကောင်းတဲ့ မျိုးစေ့တခုကို ကြဲချခဲ့တယ်၊ အဲဒီ မျိုးစေ့ဟာ ရှင်သန်လာလိမ့်မယ်။ အဲဒါဟာ ကလေးတယောက်ရဲ့ ရှေ့မှောက်မှာ ကောင်းကောင်းမွန်မွန် ဂရုစိုက်ပြီး မနေခဲ့တဲ့အတွက်ပဲ။ အဲဒါဟာ အသင်ရဲ့ရင်ထဲမှာ ကောင်းမွန် ထက်သန်တဲ့ မေတ္တာတရားကို မမွေးမြူတဲ့အတွက်ပဲ။

ညီနောင်တို့ ... မေတ္တာတရားဟာ ဆရာသမားပဲ။ ဒါပေမဲ့ မေတ္တာတရားကို ဘယ်လို ရရှိအောင် ကြိုးပမ်းရမယ်ဆိုတာတော့ လူတယောက်ဟာ သိဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာတရား ဟာ ရနိုင်ဖို့မလွယ်တဲ့ အတွက်ပဲ။ သူ့ကို တန်ဖိုးကြီးမားစွာ ပေးပြီး ဝယ်ရတယ်၊ မေတ္တာတရားကို ရရှိဖို့အတွက် လူတယောက်ဟာ အချိန်တွေ လုပ်အားတွေ အများကြီး အကုန်ခံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်တို့ဟာ တခါတလေမှ ချစ်တာ မဟုတ်ဘူး၊ ခဏတဖြုတ်သာ ချစ်တာ မဟုတ်ဘူး၊ အမြဲထာဝရ ချစ်ကြရမှာ ဖြစ်တယ်။ ခဏတဖြုတ် ချစ်တာမျိုးကိုတော့ လူတိုင်း ချစ်နိုင်ကြတာပဲ။ ကောက်ကျစ်စဉ်းလဲတဲ့ လူတွေတောင် ချစ်နိုင်တယ်။

ကျွန်ုပ်ရဲ့အစ်ကိုဟာ ငှက်ကလေးတွေကို ခွင့်လွှတ်ကြဖို့ တောင်းပန်ခဲ့တယ်၊ အဲဒီလို တောင်းပန်တာ ဟာ အဓိပ္ပာယ်မရှိဘူးလို့ ထင်ရတယ်၊ ဒါပေမဲ့ ဒါဟာ အများကြီး မှန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရာအားလုံးဟာ သမုဒ္ဒရာကြီးလိုပဲ စီးဝင်ပြီး ပေါင်းစပ်နေရတယ်၊ တနေရာမှာ ထိတွေ့လို့ရှိရင် ကမ္ဘာကြီးရဲ့ အခြားတဖက်မှာ သွားပြီး တုန်ခါရတယ်။

ငှက်ကလေးတွေကို တောင်းပန်တာဟာ ရူးတယ်လို့ ထင်နိုင်တယ်၊ ဒါပေမဲ့

အဲဒီအတွက် ငှက်ကလေး တွေဟာ ပျော်ရွှင်ချမ်းမြေ့ကြလိမ့်မယ်။ အသင်ဟာ အခုထက်ပိုပြီး ဖြူစင် မြင့်မြတ်ခဲ့လို့ရှိရင် ကလေးတွေရော၊ တိရစ္ဆာန်တွေရော ပိုပြီး ပျော်ရွှင်ချမ်းမြေ့ကြလိမ့်မယ်။ အားလုံးဟာ သမုဒ္ဒရာကြီးနဲ့ တူတယ်လို့ ကျွန်ုပ်ပြောခဲ့တယ်၊ အဲဒီလိုဆိုရင် အသင်ဟာ ငှက်ကလေးတွေအတွက်လည်း ဆုတောင်း ပတ္ထနာပြုပါ။ တကမ္ဘာလုံးနဲ့ဆိုင်တဲ့ မေတ္တာတရားကို ပွားများပါ။ သူတို့တွေကလည်း သင့်ရဲ့ အပြစ်တွေကို ခွင့်လွှတ်ကြပါလိမ့်မယ်။ လူတွေအနေနဲ့ အဓိပ္ပာယ်မရှိဘူးလို့ ထင်ပေမဲ့ အခုလို ပီတိသောမနဿ ဖြစ်စရာမျိုးကလေးတွေကို ပွားများ စုဆောင်းပါ။

မိတ်ဆွေတို့၊ ပျော်ရွှင်ချမ်းမြေ့မှုအတွက် ဘုရားသခင်ထံမှာ ဆုတောင်းပတ္ထနာ ပြုကြပါ။ ကလေး သူငယ်တွေလို ပျော်ရွှင်ကြပါ။ မိုးကောင်းကင်ထဲက ငှက်ကလေးတွေလို ပျော်ရွှင်ကြပါ။ သင်ရဲ့ လုပ်ဆောင်ချက်တွေမှာ လူသားတွေရဲ့အပြစ်ဒုစရိုက်တွေက အနှောင့်အယှက် မဖြစ်ကြပါစေနဲ့။ ဒုစရိုက်မှုတွေက သင်ရဲ့လုပ်ငန်းကို ချေဖျောက်ပစ်မှာ မစိုးရိမ်ပါနဲ့။ သင်ရဲ့လုပ်ငန်း အောင်မြင်ရေးကို အဟန့်အတားပြုကြမှာ မစိုးရိမ်ပါနဲ့။

မကောင်းမှုဒုစရိုက်က အင်အားကြီးမားတယ်။ ယုတ်မာဆိုးသွမ်းမှုတွေက အင်အား ကြီးမားတယ်။ မကောင်းတဲ့ ပတ်ဝန်းကျင်က အင်အားကြီးမားတယ်။ ငါတို့ဟာ ကိုးကွယ်ရာမဲ့တဲ့ အထီးကျန်တွေ ဖြစ်တဲ့အတွက် ငါတို့ကို မကောင်းတဲ့ ပတ်ဝန်းကျင်က ဖျက်ဆီးချေမှုန်းပစ်လိမ့်မယ်... ငါတို့ရဲ့ မှန်ကန်ကောင်းမွန်တဲ့ လုပ်ငန်းကြီး မလုပ်နိုင်အောင် တားဆီးလိမ့်မယ်လို့ မပြောကြပါနဲ့၊ အဲဒီ စိတ်ပျက် အားလျှော့မှုကနေ ရှောင်တိမ်းကြပါ ကလေးတို့။ သင့်မှာ လွတ်မြောက်နိုင်တဲ့ နည်းလမ်း တခုပဲ ရှိတယ်။ အဲဒါကတော့ သင့်ကိုယ်သင် ထိန်းသိမ်းပြီး လူသားတွေအားလုံးရဲ့ ဒုစရိုက်မှုတွေ အားလုံးကို တာဝန်ယူပါ။ အဲဒါဟာ အမှန်ပါပဲ။ မိတ်ဆွေတို့... သင်ဟာ လူအားလုံးနဲ့ အရာဝတ္ထု အားလုံးအတွက် အပြစ်တင်စရာ ဖြစ်တယ်ဆိုတာကို ချက်ချင်းပဲ သဘောပေါက် သိမြင်လာပါ လိမ့်မယ်။ ဒါပေမဲ့ သင်ဟာ ကိုယ့်ရဲ့ပျင်းရိမှုတွေနဲ့ မလုပ်ဆောင်နိုင်မှုတွေကို သူများတွေအပေါ် ပုံချမယ်ဆိုရင် သင်ဟာ မာရ်နတ်ရဲ့ဘက်တော်သားဖြစ်ပြီး ဘုရားသခင်ကို ဆန့်ကျင် ညည်းတွား လာပါလိမ့်မယ်။

မာရ်နတ်ရဲ့ မာန်မာနနဲ့ ပတ်သက်လို့ ကျွန်ုပ် အဲဒီလိုပဲ ပြောရလိမ့်မယ်။ မြေကြီးပေါ်မှာရှိတဲ့ ကျွန်ုပ်တို့အနေနဲ့ ဒီမာနကို သိမြင်နိုင်ဖို့ မလွယ်ဘူး။ အဲဒါကြောင့်မို့လည်း ကျွန်ုပ်တို့ဟာ အမှားနွံထဲ ကို အလွယ်တကူ ကျဆင်းပြီး ပါဝင်လုပ်ဆောင်နေကြတာပဲ။ အဲဒီလို အမှားတွေ လုပ်နေတာကို အမှန်တွေ လုပ်နေတယ်လို့တောင် စိတ်ထဲမှာ ထင်နေမိကြတယ်။ နောက်ပြီးတော့ ကျွန်ုပ်တို့ သဘာဝတရားရဲ့ ပြင်းထန်တဲ့ ခံစားမှုတွေနဲ့ အင်အားစုတွေအရ ကျွန်ုပ်တို့ဟာ

ဒီကမ္ဘာကြီးပေါ်မှာ ဒါလောက်ကြီးထိအောင် သိမြင်နိုင်ခြင်း မရှိကြဘူး၊ ဒါပေမဲ့ ဒီအချက်ကို ကျွန်ုပ်တို့ဟာ အဆီးအတား ကြီး တခုအဖြစ် မယူဆစေချင်ဘူး၊ ဒီအချက်ဟာ သင့်အတွက် ဆင်ခြေလဲစရာတခုလို့ မယူဆစေချင် ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ထာဝရဘုရားသခင်က သင်ဟာ ဘယ်အချက်ကို သိမြင်နိုင်တယ်၊ ဘယ်အချက်ကို မသိမြင်နိုင်ဘူး ဆိုတာကို မေးမြန်းလိမ့်မယ်။ အဲဒီနောက်မှာတော့ သင်ဟာ ကိုယ်ကိုယ်တိုင် သိမြင်လာလိမ့်မယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီအခါကျရင် သင်ဟာ အရာအားလုံး ကို အမှန်အတိုင်း သိမြင်လိမ့်မယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး သင်ဟာ ဘာမှ အငြင်းပွားနေတော့မှာ မဟုတ်ဘူး။

အမှန်ပါပဲ။ ကျွန်ုပ်တို့ဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ အကန်းတွေလို မမြင်မစမ်း လမ်းလျှောက်နေကြ ရတာပဲ။ တကယ်လို့သာ အရှင်ယေရှုရဲ့ပုံတော်ရိပ်သာ မရှိခဲ့လို့ရှိရင် နောလေက်ထက်က ကမ္ဘာကြီး ကို ရေလွှမ်းမိုးလို့ လူတွေ ပျက်စီးခဲ့ရသလို ကျွန်ုပ်တို့လည်းအားလုံး လမ်းပျောက်ပြီး ပျက်စီး ဆုံးရှုံးကုန်ကြရမှာပဲ။

ဒီကမ္ဘာကြီးမှာ ကျွန်ုပ်တို့ မသိအောင် ဖုံးကွယ်ထားတဲ့အရာတွေဟာ အများကြီးပဲ၊ ဒါပေမဲ့ အဲဒါအတွက် ကျွန်ုပ်တို့ကို ဘာပေးထားသလဲဆိုတော့ အခြားကမ္ဘာတခု၊ ပိုမိုမြင့်မားတဲ့ ကောင်းကင်ဘုံ ကမ္ဘာတခုနဲ့ နှောင်ဖွဲ့ပြီး လျှို့ဝှက်နက်နဲမှု ဆိုတာတွေကို ပေးထားတယ်။ ဒါကြောင့်မို့လို့ ကျွန်ုပ်တို့ရဲ့ ခံစားမှု၊ ကျွန်ုပ်တို့ရဲ့ တွေးခေါ်မှု အရင်းအမြစ်တွေဟာ ဒီကမ္ဘာမှာ မဟုတ်ဘဲ အခြားကမ္ဘာများမှာ ဖြစ်နေကြတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်ုပ်တို့ဟာ ဒီကမ္ဘာကြီး ပေါ်မှာ အရာဝတ္ထုတွေရဲ့အခြေခံအမှန်တရားကို မသိနိုင်ဘူးလို့ ဒဿန ပညာရှင်ကြီးတွေက ပြောခဲ့တာပဲ။

ဘုရားသခင်ဟာ တခြားကမ္ဘာက မျိုးစေ့တွေကိုယူပြီး ဒီကမ္ဘာမြေကြီးပေါ်မှာ စိုက်ပျိုးခဲ့တယ်။ ဥယျာဉ်ကြီးကို ကြီးထွားစေခဲ့တယ်၊ ရှင်သန်ကြီးထွားနိုင်တဲ့ အရာတွေအားလုံးကို ရှင်သန်ကြီးထွား စေခဲ့တယ်၊ ဒါပေမဲ့ လူတွေကို စိုက်ပျိုးတဲ့နေရာမှာတော့ အခြားကမ္ဘာတွေက လျှို့ဝှက်ဆန်းကြယ်တဲ့ အရာဝတ္ထုတွေနဲ့ ခံစားဆက်စပ်ပြီးတော့မှသာ ရှင်သန်နိုင်တယ်။ အဲဒီ ခံစားဆက်စပ်မှုဟာ သင့်ကိုယ်ထဲမှာ အားနည်းလာမယ်၊ ဒါမှမဟုတ် သေဆုံးသွားမယ်ဆိုရင် သင့်ကိုယ်ထဲမှာ ရှိနေတဲ့ ကောင်းကင်ဘုံဆိုင်ရာ ကြီးထွားရှင်သန်မှုဟာလည်း သေဆုံးသွားမှာပဲ။ အဲဒီအခါကျရင် သင်ဟာ လူ့ဘဝကို ဘယ်လိုမှ အလေးမထားတော့ဘူး၊ အလေးမထားရုံတင် မကဘူး၊ မုန်းတောင် မုန်းတီးလာလိမ့်မယ်၊ ဒါဟာ ကျွန်ုပ်ရဲ့ တွေးတောချက်ပဲ။

(၉) လူတယောက်သည် အခြားလူတယောက်၏ တရားသူကြီး ဖြစ်နိုင်သလော။ အဆုံးစွန်အထိ ယုံကြည်ခြင်း

အသင်ဟာ တခြားလူတယောက်ရဲ့အခြေအနေကို စီရင်ဆုံးဖြတ်တဲ့ တရားသူကြီး တယောက် မဖြစ်နိုင်ဘူး ဆိုတာကို အထူး ဂရုပြုပြီး မှတ်သားထားပါ။ တရားသူကြီးလုပ်တဲ့ လူတယောက်ဟာ သူလည်းပဲ သူ့ရှေ့မှာ ရပ်နေတဲ့ ရာဇဝတ်သားလို အလားတူ ရာဇဝတ်သားတယောက် ဖြစ်တယ် ဆိုတာကို ကိုယ့်ဘာကိုယ် မသိမြင်ဘဲနဲ့ ... နောက်ပြီးတော့ သူဟာ ဒီရာဇဝတ်မှုနဲ့ ပတ်သက်ပြီး ဝက်ခြံထဲက တရားခံထက် ပိုပြီး တာဝန်ရှိတယ်လို့ အသိအမှတ်မပြုဘဲနဲ့ ဒီကမ္ဘာလောကကြီးမှာ ဘယ်သူမှ ရာဇဝတ်သား တယောက်ကို စီရင်ဆုံးဖြတ်မယ့် တရားသူကြီးတယောက် မဖြစ်နိုင်ဘူး။ သူဟာ အထက်က ပြောတဲ့ သဘောထားကို နားလည်တယ်ဆိုရင်တော့ တရားသူကြီး တယောက် ဖြစ်နိုင်ပေတယ်။ ဒီသဘောဟာ မဖြစ်နိုင်ဘူးလို့ ယူဆရပေမဲ့ အမှန်တကယ်ပဲ ဖြစ်တယ်။

တကယ်လို့ ကျွန်ုပ်ဟာ ဖြောင့်မတ်သူတဦး ဖြစ်တယ်ဆိုရင် ကျွန်ုပ်ရဲ့ရှေ့မှာ ရာဇဝတ်သားတဦး ရပ်နေစရာ အကြောင်းမရှိဘူး။ သင် စီရင်ဆုံးဖြတ်ရမယ့် ရာဇဝတ်သားရဲ့ ရာဇဝတ်မှုကို အသင်ရဲ့ တာဝန်အဖြစ်နဲ့ လွှဲပြောင်းယူနိုင်မယ်ဆိုရင် ချက်ချင်း လွှဲပြောင်းယူလိုက်ပါ။ သူ့အတွက် အပြစ်ကို အသင် ခံစားပါ။ သူ့ကို ပြစ်တင်ပြောဆိုခြင်း မပြုဘဲနဲ့ သွားပါစေ။ တကယ်လို့ တရားဥပဒေက အသင့်ကို သူ့ရဲ့တရားသူကြီးအဖြစ် ခန့်ထားခဲ့လို့ရှိရင်လည်း အခုပြောခဲ့တဲ့ စိတ်ဓာတ်မျိုးနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်ပါ။ အဲဒါဆိုရင် သူဟာ ထွက်သွားပြီး သူ့ကိုယ်သူ အပြစ်တင်ပါလိမ့်မယ်။ သင် အပြစ်တင်နိုင်တာထက်ပိုပြီး သူ့ဘာသူ အပြစ်တင်ပါလိမ့်မယ်။

တကယ်လို့ သူဟာ သင့်ရဲ့နမ်းရှုပ်မှုကို အလေးမထားဘဲ သရော်လှောင်ပြောင်သွားတယ်ဆိုရင်လည်း အဲဒီအတွက် သင် ဘာမှ အနှောင့်အယှက် မဖြစ်ပါနဲ့၊ သူဟာ ကျွတ်ချိန် မတန်သေးလို့ပဲလို့ ယူဆပါ။ ဒါပေမဲ့ သူဟာ အချိန်ကျရင် ကျွတ်တမ်းဝင်ပါလိမ့်မယ်။ တကယ်လို့ သူ့အနေနဲ့ ကျွတ်တမ်းမရဘူး ဆိုရင်လည်း အရေးမကြီးပါဘူး။ တကယ်လို့ သူမဟုတ်ဘူးဆိုရင်လည်း သူ့နေရာမှာ တခြားတယောက်က သဘောပေါက်နားလည်ပြီး အပြစ်ကို ခံစားပါလိမ့်မယ်။ သူ့ကိုယ်သူ တရားစီရင်ပြီး သူ့ကိုယ်သူ ပြစ်ဒဏ်စီရင်ပါလိမ့်မယ်၊ အမှန်တရားဟာ ပြီးပြည့်စုံသွားပါလိမ့်မယ်။ အဲဒါကို ယုံပါ၊ နည်းနည်းကလေးမှ သံသယမရှိဘဲနဲ့ ယုံကြည်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ သူတော်စင်တွေရဲ့ ယုံကြည်ချက်နဲ့ မျှော်လင့်ချက်တွေ ဖြစ်လို့ပါပဲ။

သင်ရဲ့မွန်မြတ်တဲ့လုပ်ငန်းကို မရပ်မနားဘဲ ဆက်လုပ်ပါ။ တကယ်လို့ အသင်ဟာ ညအိပ်ရာဝင်တဲ့ အချိန်မှာ ကိုယ်လုပ်ရမယ့်အလုပ်ကို မလုပ်ရသေးဘူးဆိုတာ သတိရရင် ချက်ချင်းထပြီး လုပ်ပါ။ တကယ်လို့ သင့်ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေဟာ မလိုမလား ပမာဏမထားတဲ့ သဘောတွေနဲ့ သင့်စကားကို နားမထောင်ကြဘူးဆိုရင် သင်ဟာ သူတို့ရဲ့ရှေ့မှောက်မှာ ဦးတိုက်ပြီး တောင်းပန် စကားပြောပါ။ ဘာဖြစ်လို့တုံးဆိုတော့ သင့်စကားကို သူတို့ နားမထောင်တာကိုက သင့်မှာ တာဝန် ရှိနေလို့ပါပဲ။ သင်ဟာ သူတို့ရဲ့ခါးသီးတဲ့ အပြုအမူတွေကြောင့် သူတို့ကို စကားမပြောနိုင်ဘူးဆိုရင် တိတ်ဆိတ် နှိမ့်ချစွာနဲ့ သူတို့အတွက် လုပ်ဆောင်ပါ။ ဘယ်တော့မှ အားမလျှော့ပါနဲ့။

သင်တကယ်လို့ လူတွေအားလုံးက အသင့်ကို ဝိုင်းပယ်ကြပြီး အတင်းအဓမ္မ မောင်းထုတ် ပစ်ကြတယ်ဆိုရင်လည်း သင်ဟာ တယောက်တည်း ကျန်ရှိတဲ့ကာလမှာ မြေကြီးပေါ်မှာ မှောက်လှဲပြီး မြေကြီးကို နမ်းရှုပ်ပါ။ မြေကြီးပေါ်မှာ သင့်မျက်ရည်တွေ သွန်းလောင်းပါ။ အသင် တယောက်တည်း လုပ်ဆောင်နေတာကို ဘယ်သူတယောက်ကမှ မမြင်မကြားပေမဲ့ အသင်ရဲ့ မျက်ရည်တွေက မြေကြီးပေါ်မှာ အကျိုးဖြစ်ထွန်းလာပါလိမ့်မယ်။

လူတွေအားလုံး လမ်းမှားကို သွေဖည်သွားကြပြီး ယုံကြည်တဲ့လူဆိုလို့ သင်တယောက်တည်း ကျန်နေတဲ့တိုင်အောင်လည်း သင်ဟာ အဆုံးစွန်အထိ ယုံကြည်မှုရှိပါ။ အဲဒီအချိန်အထိ အနစ်နာခံပါ။ ဘုရားသခင်ကို ချီးကျူးပါ။ အဲဒီလိုလုပ်ဖို့ သင်တယောက်တည်းပဲ ကျန်ရှိနေတယ်။ တကယ်လို့ အသင်လိုလူနှစ်ဦး အတူပေါင်းစည်းမိကြတယ်ဆိုရင်.. အဲဒါဟာ ကမ္ဘာကြီးတခုပါပဲ။ မေတ္တာကမ္ဘာကြီး တခုပါပဲ။ အသင်တို့ဟာ တယောက်ကို တယောက် ချစ်ခင်ကြင်နာစွာ ပွေ့ဖက်ကြပါ။ ဘုရားသခင်ကို ချီးမွမ်းကြပါ။ အသင်တို့ နှစ်ယောက်မှာပဲ သူ့ရဲ့ အမှန်တရားက ကိန်းအောင်းတည်ရှိလို့ပါပဲ။

အသင်ဟာ ဒုစရိုက်မှုကျူးလွန်ပြီး ရတ်တရက်ဖြစ်သော ဒုစရိုက်မှု ဒါမှမဟုတ် အသင်ရဲ့ ဒုစရိုက်မှု တွေ အားလုံးအတွက် အသင်ဟာ သေချင်လောက်အောင် ကြေကွဲဝမ်းနည်းနေပေမဲ့ ဖြောင့်မတ်သူ တဦးအတွက် ဝမ်းမြောက်ပါ။ သင်ဟာ အပြစ်ရှိနေပေမဲ့ သူဟာ အပြစ်မရှိဘဲ မှန်ကန်တဲ့အတွက် ဝမ်းမြောက်ပါ။

မကောင်းမှုပြုတဲ့သူတွေက သင့်ရဲ့ဒေါသနဲ့ သင့်ရဲ့ ဝမ်းနည်းကြေကွဲမှုကို နှိုးဆွတဲ့အတွက် အသင်ဟာ မကောင်းမှုပြုတဲ့သူတွေကို လက်စားချေချင်တယ်ဆိုရင် အဲဒီစိတ်ကို တခြားအရာတွေအားလုံးထက် ပိုပြီး ကြောက်လန့်ပါ။ သင်ဟာ အဲဒီဒုစရိုက်မှုကို တကယ် ကျူးလွန်မိတဲ့အလား ချက်ချင်းပဲ အပြစ်ခံစားပါ။ အဲဒီလို အပြစ်ခံစားလိုက်တဲ့အခါမှာ သင်ရဲ့နှလုံးသားဟာ ငြိမ်းအေးသွားလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ အသင်ဟာ မကောင်းမှုပြုတဲ့လူတွေအတွက် အလင်းရောင်ဖြစ်လို့ပါပဲ။

အသင်ဟာ အလင်းရောင် ဖြစ်တယ်ဆိုရင် တခြားလူတွေအတွက်လည်း အလင်းရောင် ပေးနိုင်လိမ့်မယ်။ အသင်ရဲ့အလင်းရောင်ကြောင့် မကောင်းမှုပြုတဲ့လူကို သူ့ရဲ့ ဒုစရိုက်မှုကနေ ကယ်တင်နိုင်လိမ့်မယ်။

တကယ်လို့ အသင်ရဲ့အလင်းရောင်ဟာ တောက်ပြောင်နေပါလျက်နဲ့ တခြားလူတွေကို မကယ်တင် နိုင်ဘူး ဆိုရင်လည်း ကောင်းကင်ဘုံ အလင်းရောင်အပေါ်မှာ သံသယစိတ် မဝင်ပါနဲ့။ ခိုင်မြဲစွာ ဆက်ပြီး ဆုပ်ကိုင်ထားပါ။ သူ့ကို အခု မကယ်နိုင်ဘူးဆိုရင် နောင် အနာဂတ်ကာလမှာ ကယ်တင်နိုင် လိမ့်မယ်ဆိုတာ စွဲမြဲယုံကြည်ထားပါ။ သူတို့ကို နောင် အနာဂတ်ကာလမှာ မကယ်တင်နိုင်ဘူး ဆိုရင်လည်း သူတို့ရဲ့သားတွေကို ကယ်တင်နိုင်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်သေသွားတဲ့ တိုင်အောင် သင်ရဲ့ အလင်းရောင်ဟာ သေသွားမှာ မဟုတ်တဲ့အတွက်ပါပဲ။

ဖြောင့်မတ်သူတွေ သေဆုံးကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့အလင်းရောင်တွေ ကျန်ရစ်ခဲ့တယ်။ လူတွေဟာ သူတို့ကို ကယ်တင်ရအောင်လာတဲ့လူ သေဆုံးသွားတဲ့နောက်မှာ အကယ်တင်ခံကြရတယ်။ လူတွေဟာ ပရော်ဖက်တွေကို လက်မခံဘဲ သတ်ပစ်ကြတယ်။ ဒါပေမဲ့ အဲဒီ ပရော်ဖက်တွေ သေသွားလို့ အာဇာနည်တွေ ဖြစ်တဲ့အခါကျမှ လူတွေက အာဇာနည်တွေကို ချစ်ကြတယ်။ သူတို့ သတ်ပစ်လိုက်တဲ့လူတွေကို ဂုဏ်ပြုကြတယ်။ ခွန်အားကြီးမားတာတွေနဲ့ တန်ခိုးအာဏာကြီးမားတာ တွေကို ဘယ်တော့မှ မကြောက်ပါနဲ့။ ပညာဉာဏ်ကြွယ်ဝပြီး အမြဲတမ်း မြင့်မြတ်အောင်သာနေပါ။ အခြေအနေကို နားလည်ပါ။ အချိန်အခါကို နားလည်ပါ။ အမြဲတမ်း လေ့လာတွက်ဆနေပါ။

သင်တယောက်တည်း ကျန်ရှိနေရင် ဆုတောင်းပတ္ထနာပြုပါ။ မြေကြီးပေါ်မှာ လှဲချပါ။ မြေကြီးကို နမ်းရှုပ်ပါ။ မြေကြီးကို မရပ်မနား နမ်းရှုပ်ရင်း အတောမသတ်အောင် ချစ်မြတ်နိုးပါ။

လူအားလုံးကို ချစ်ပါ။ အရာအားလုံးကို ချစ်ပါ။ ပီတိသောမနဿ ဖြစ်ပြီး အကြည်ဆိုက်ပါစေ။ ကမ္ဘာမြေကြီးကို အသင်ရဲ့ဝမ်းမြောက်မှု မျက်ရည်များနဲ့ သွန်းလောင်းပါ။ အဲဒီမျက်ရည်တွေကို ချစ်ခင်ပါ။ ပီတိသောမနဿ ဖြစ်ရခြင်းအတွက် မရှက်ပါနဲ့။ တန်ဖိုးထားပါ။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒါဟာ ဘုရားသခင်ရဲ့လက်ဆောင်ဖြစ်လို့ပဲ။ တကယ့်လက်ဆောင်ကြီးပဲ။ ဒီလက်ဆောင်ကို လူတိုင်းကို ပေးတာမဟုတ်ဘူး။ သူရွေးချယ်ထားတဲ့ လူတွေကိုသာ ပေးတာဖြစ်တယ်။

(၅၂) ငရဲနှင့်ငရဲမီးလျှံ၊ နားလည်ရန် ခက်ခဲသော ဟောကြားချက်

ဩဝါဒရှင် ဘုန်းကြီးတို့ ... ကျွန်ုပ် စဉ်းစားမိတယ်၊ ‘ငရဲဆိုတာ ဘာလဲ’ အဲဒီအခါမှာ ကျွန်ုပ် နားလည်တာကတော့ မေတ္တာတရားမရှိတဲ့လူတွေ ဝေဒနာခံစားရခြင်းပါပဲ။

အချိန်ကာလ ဘယ်လိုမှ မတွက်ချက် မသတ်မှတ်နိုင်တဲ့ အနန္တကာလ တချိန်တုန်းက ဤကမ္ဘာမြေ ပေါ်ကို ရောက်လာတဲ့ နာမ်လောကသားတွေကို စကားတခွန်း ပြောနိုင်ခွင့်ပေးတယ်။ “ငါဖြစ်တယ် ငါချစ်တယ်”... သူ့ကို အဲဒီလို တက်ကြွစွာ ချစ်ခင်ခွင့် တကြိမ်ပဲ ပေးထားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ လူ့ပြည်မှာ အချိန်ကာလတွေအရ လူဖြစ်ရလို့ပဲ။

အဲဒီတော့ ဘာဖြစ်သလဲ။ ပျော်ရွှင်နေတဲ့ အဲဒီလူသားဟာ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ကို ငြင်းပယ်တယ်။ အဲဒီလက်ဆောင်ကို မမြတ်နိုးဘူး၊ မချစ်ခင်ဘူး၊ သရော်စော်ကားတယ်၊ ဂရုမစိုက်ဘဲ ပစ်ထားတယ်။

အဲဒီလို လူတယောက် ဒီကမ္ဘာမြေကြီးပေါ်က ထွက်ခွာရတဲ့အခါကျတော့ သူဌေးကြီးနဲ့ လာဇရု (ရှင်လုကာခရစ်ဝင်၊ အခန်း ၁၆ အပိုဒ် ၁၉-၂၅) ပုံဝတ္ထုထဲမှာ ရေးထားသလို သူဟာ မရဏ တိုင်းပြည်ကနေ အာဗြဟံရဲ့ရင်ခွင် (ကောင်းကင်ဘုံ) ကို မြင်ပြီး အာဗြဟံနဲ့ စကားပြောရတယ်။ နောက်ပြီးတော့ သူဟာ ကောင်းကင်ဘုံကို တွေ့မြင်ပြီး ဘုရားသခင်ထံမှောက် ကို သွားရောက်နိုင်တယ်။ ဒါပေမဲ့ သူ့ကို အများဆုံး နှိပ်စက်ညှဉ်းပန်းနေတဲ့ အချက်ကတော့ သူဟာ မေတ္တာတရား အလျှင်းမရှိဘဲနဲ့ မေတ္တာတရား ရှိသူတွေနဲ့ တွေ့ဆုံရမယ့် ကိစ္စပဲဖြစ်တယ်။ သူတို့ရဲ့ မေတ္တာတရားတွေကို သူက လှောင်ပြောင်ထားခဲ့လို့ပဲ။

သူဟာ ကောင်းမွန်စွာ သိမြင်တဲ့အတွက် သူ့ကိုယ်သူ ပြောတယ်။

“အခုအချိန်မှာ ငါဟာ မေတ္တာတရားကို နားလည်ပြီး ချစ်ခင်လိုစိတ် အင်မတန် ပြင်းထန်နေပေမဲ့ ငါဟာ ဒီမွန်မြတ်တဲ့ အလုပ်ကြီးကို မလုပ်နိုင်တော့ဘူး၊ ငါဟာ မေတ္တာတရားနဲ့ အနှစ်နာမခံနိုင်တော့ ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့လူသားဘဝဟာ ကုန်ဆုံးခဲ့ပြီ ဖြစ်လို့ပဲ။ ငါ့ရင်ထဲမှာ အခု တောက်လောင်နေတဲ့ မေတ္တာမွတ်သိပ်မှုမီးကို ငြိမ်းသတ်ဖို့အတွက် အာဗြဟံဟာလည်း ရေကြည် တပေါက်နဲ့ (ရေကြည်တပေါက်ဆိုတာက ကုန်ဆုံးခဲ့တဲ့ လူ့ဘဝပဲ) ဆင်းလာတော့မှာ မဟုတ်ဘူး။ ငါဟာ မေတ္တာတရားကို လှောင်ပြောင်ခဲ့တယ် အခုတော့ ငါ့မှာ ဘဝဆိုတာလည်း မရှိတော့ဘူး၊ အချိန်ကာလဆိုတာလည်း မရှိတော့ဘူး၊ ငါဟာ ငါ့ရဲ့ဘဝကို သူများတွေအတွက် ဝမ်းမြောက်ဝမ်းသာ ပေးချင်ပေမဲ့ ငါ့အနေနဲ့

ဘယ်လိုမှ မပေးနိုင်တော့ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ မေတ္တာတရားအတွက် အနစ်နာခံနိုင်တဲ့ လူ့ဘဝဟာ ကုန်ဆုံးခဲ့ပြီ ဖြစ်လို့ပဲ။ အခုဆိုရင် အဲဒီဘဝနဲ့ လက်ရှိအခြေအနေ စပ်ကြားမှာ အလွန်တရာနက်တဲ့ ချောက်ကြီး တည်လျက်ရှိချေပြီ”

ငရဲမီးလျှံဆိုတာ အကောင်အထည် တကယ်ရှိတယ်လို့ လူတွေက ပြောကြတယ်။ ကျွန်ုပ်အနေနဲ့တော့ လူသားတွေ ဉာဏ်မမီနိုင်တဲ့ အဲဒီလျှို့ဝှက်နက်နဲမှု အကြောင်းကို မပြောချင်ဘူး၊ ရှောင်ချင်တယ်။ ဒါပေမဲ့ ကျွန်ုပ် စဉ်းစားမိတာ တခုကတော့ လူတွေဟာ ကိုယ်၏ဆင်းရဲခြင်းကို ပြင်းထန်စွာ ခံစားရတဲ့ အချိန်မှာပဲ ဒါထက်ပိုပြီး ပြင်းထန်တဲ့ စိတ်၏ ဆင်းရဲခြင်းဝေဒနာဟာ တခဏလောက်ဖြစ်ဖြစ်တော့ ပျောက်သွားလိမ့်မယ်လို့ ထင်တယ်။

မှန်တယ်၊ စိတ်ဒုက္ခဝေဒနာကို လူတွေရဲ့လက်က ဖယ်မထုတ်နိုင်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီဝေဒနာက ကိုယ်ရဲ့အပြင်ဘက်မှာ ရှိနေတာမဟုတ်ဘဲ ကိုယ်ရဲ့အထဲထဲမှာ ရှိနေလို့ပဲ။ သူတို့ရဲ့ စိတ်ဆင်းရဲရမှု ပိုပြီး ဆိုးရွားရတာကလည်း အဲဒါကြောင့်ပဲ ဖြစ်မယ်လို့ ကျွန်ုပ်ထင်တယ်။

ငရဲမီးလျှံထဲမှာ ဒုက္ခဝေဒနာ ပြင်းပြစွာ ခံစားနေရတာကို ကောင်းကင်ဘုံက ဖြောင့်မတ်သူတွေက တွေ့မြင်တဲ့အခါမှာ သူတို့ကို ခွင့်လွှတ်ပြီး ကောင်းကင်ဘုံကို လာရောက်ကြဖို့ အနန္တမေတ္တာနဲ့ ခေါ်ဆိုကြတယ်၊ အဲဒီအခါမှာ သူတို့ရဲ့ ဒုက္ခဝေဒနာထက် ဆတက် ထမ်းပိုး ပိုးပြီး ဆိုးရွားကြရတယ်။ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ ဘယ်လိုမှ မဆောင်ကြဉ်းနိုင်တော့တဲ့၊ ထက်မြက်တဲ့၊ ကြီးမားတဲ့ မေတ္တာတရားကို မွတ်သိပ်တောင့်တတဲ့ မီးလျှံဟာ ပိုပြီး ပြင်းထန်လာလို့ပဲ။

ဒါပေမဲ့ စိုးရိမ်ထိတ်လန့်နေတဲ့ ကျွန်ုပ်ရဲ့ရင်ထဲမှာပဲ ကျွနု်ပ်စဉ်းစားမိတယ်။ မဖြစ်နိုင်တော့ဘူး ဆိုတာကို အခုလို အသိအမှတ်ပြုတာက သူတို့ ဒုက္ခခံစားနေရခြင်းကို သက်သာစေလိမ့်မယ်။ ဖြောင့်မတ်သူတွေရဲ့မေတ္တာတရားကို မတုံ့ပြန်နိုင်တော့တဲ့ အနေအထားနဲ့ ပြန်လည်မပေးဆပ်နိုင်တဲ့ အနေအထားနဲ့ လက်ခံတာဟာ လူ့ဘဝတုန်းက သူတို့ လျောင်ပြောင်ခဲ့တဲ့ မေတ္တာတရားနဲ့ ဆင်တူမှုတခု ဖြစ်နိုင်တယ် ... ကျွန်ုပ် တောင်းပန်ပါတယ် မိတ်ဆွေများနဲ့ ညီနောင်များခင်ဗျား ... ဒီပြဿနာကို ကျွနု်ပ် ဒီထက် ရှင်းအောင် ရှင်းမပြတတ်တော့ပါဘူး။

ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့လူတွေကိုတော့ ရှုတ်ချ ကျိန်ဆဲကြပါ။ သူတို့ထက်ပိုပြီး ဆင်းရဲဒုက္ခရောက်ရတဲ့သူ ရှိတော့မှာ မဟုတ်ဘူးလို့ ကျွန်ုပ်ထင်ပါတယ်။ သူတို့အတွက် ဆုတောင်း ပတ္ထနာ ပြုခြင်းဟာ ဒုစရိုက်မှု တခုဖြစ်တယ်လို့ ပြောကြပါတယ်။ အသင်းတော်က သူတို့ကို

ဆန့်ကျင်ရှုတ်ချကြပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်ရဲ့ လျှို့ဝှက်တဲ့ နှလုံးသားထဲမှာ ယုံကြည်နေတာကတော့ သူတို့အတွက်လည်း ကျွန်ုပ်တို့ ဆုတောင်းပတ္ထနာပြုရမယ်လို့ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အရှင်ယေရှုဟာ မေတ္တာတရားကို စိတ်မဆိုးနိုင်ပါဘူး၊ ကျွန်ုပ်ဟာ သူတို့အတွက် စိတ်ထဲမှာ အမြဲတမ်းပဲ ဆုတောင်းခဲ့ပါတယ်။ အဲဒီအကြောင်းကို ဩဝါဒရှင် ဘုန်းကြီးတို့ထံမှာ ကျွန်ုပ် ဝန်ခံပါတယ်။ ကျွန်ုပ်ဟာ သူတို့အတွက် အခုထက်ထိပဲ နေ့စဉ်နေ့တိုင်း ဆုတောင်းနေပါတယ်။

ငရဲကို ရောက်နေတဲ့တိုင်အောင်ပဲ မာန်မာနတွေ ထောင်လွှားပြီး ကြမ်းတမ်းဆိုးရွားနေတဲ့ လူတွေလည်း ရှိသေးတယ်။ သူတို့ဟာ မငြင်းဆန်နိုင်တဲ့ အမှန်တရားကို အထိုက်အလျောက် သိလျက်နဲ့ပဲပေါ့။ နောက်ပြီးတော့ စာတန်ရဲ့ လက်ကို ထာဝရ အပ်ထားတဲ့ ကြောက်စရာကောင်းတဲ့ လူတချို့လည်း ရှိသေးတယ်။ သူတို့အတွက်တော့ ငရဲဟာ သာလာယံ ဇရပ်ကြီးပဲ။ သူတို့သဘောနဲ့ သူတို့ ခံနေကြရတာပဲ။ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ဟာ သူတို့ကိုယ်ကိုလည်း ကျိန်ဆဲတယ်၊ ဘုရားသခင်နဲ့ ဘဝကိုလည်း ကျိန်ဆဲတယ်၊ သူတို့ဟာ သဲကန္တာရထဲမှာ ငတ်ပြတ်နေတဲ့ လူတယောက် ကိုယ့်သွေးကိုယ်ဖောက်ပြီး သောက်သလို ကိုယ့်မာနနဲ့ကိုယ် နေကြသူတွေပဲ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ဟာ ဘယ်တော့မှ ရောင့်ရဲတင်းတိမ်ခြင်း မရှိဘူး၊ သူတို့ဟာ ခွင့်လွှတ်ခြင်းကို လက်မခံကြဘူး၊ သူတို့ကို ခေါ်တော်မူနေတဲ့ ဘုရားသခင်ကို သူတို့ ကျိန်ဆဲကြတယ်။ သူတို့ဟာ သက်တော်ထင်ရှားတဲ့ ဘုရားသခင်ကို မုန်းတီးစိတ်နဲ့ ကြည့်ကြတယ်၊ လူ့ဘဝမှာ ဘုရားသခင် မရှိရဘူးလို့ သူတို့ တောင်းဆိုကြတယ်။ ဘုရားသခင်ဟာ သူ့ကိုယ်သူလည်း ဖျက်ဆီးရမယ်၊ သူ ဖန်ဆင်းထားတာတွေကိုလည်း ဖျက်ဆီးပစ်ရမယ်တဲ့။ အဲဒီတော့ သူတို့ဟာ သူတို့ရဲ့ဒေါသနဲ့ သူတို့ ငရဲမီးလျှံထဲမှာ အစဉ်ထာဝရ လောင်ကျွမ်းခံနေကြရပြီး သူတို့ရဲ့သေဆုံးခြင်းနဲ့ သူတို့ရဲ့ပျက်သုဉ်းခြင်းကို မျှော်လင့်တမ်းတနေကြတာ ဖြစ်တယ်၊ ဒါပေမဲ့ သူတို့ဟာ သေခြင်းကို ရရှိကြမှာ မဟုတ်ဘူး ...

သည်မှာပင် အလက်ဇီ ကာရာမာဇော့၏ လက်ရေးစာမူ ပြီးဆုံးသွားသည်။ ကျွန်ုပ် ထပ်ပြောပါမည်။ သူ၏ စာမူသည် မပြည့်စုံပါ။ တပိုင်းတစမျှသာ ဖြစ်သည်။ ဥပမာပြုရလျှင် ဘဝဖြစ်စဉ် မှတ်တမ်း များသည် ခင်ကြီး၏ ငယ်စဉ်ဘဝက အကြောင်းများသာ ဖြစ်သည်။ သူ၏ ဟောကြားချက်များနှင့် အယူအဆများကိုလည်း တနေရာတည်းစုပြီး ဖော်ပြထားသည်။ အမှန်တကယ်တွင်မူ ယင်းတို့သည် အကြောင်းကိစ္စ အသီးသီး အချိန်ကာလ အသီးသီးတို့တွင် ပြောကြားခဲ့ခြင်းများ ဖြစ်ကြောင်း သိသာထင်ရှားသည်။ ခင်ကြီး မကွယ်လွန်မီ နောက်ဆုံးအချိန်၌ ပြောကြားခဲ့သည်များကို တသီးတခြား အတိအကျ ဖော်ပြထားခြင်း မရှိပါ။ သို့သော် နောက်ဆုံးဟောကြားသော တရား၏

အနှစ်သာရနှင့် ဆိုလိုရင်းသဘောတို့ကို အလက်ဇီ၏ လက်ရေးစာမူတွင် ပါရှိသော ခင်ကြီးဘုရား၏ ယခင်ဟောကြားချက် များတွင် တွေ့ရှိနိုင်ပါသည်။

ခင်ကြီးဘုရား ကွယ်လွန်ခြင်းသည် မည်သို့မျှ မမျှော်လင့်ဘဲနှင့် ဖြစ်ပေါ်ခဲ့ပါသည်။ နောက်ဆုံးညက သူ၏အနီးတွင် စုဝေးနေကြသူများသည် သူ၏ သေဆုံးခြင်းကာလ နီးစပ်နေပြီ ဖြစ်ကြောင်း သိရှိကြသည်။ သို့သော် ဤမျှမြန်မြန်ကြီး ကွယ်လွန်လိမ့်မည်ဟုကား မထင်မှတ်ကြပါ။ မထင်ရုံမျှ မကပါ၊ စောစောက ကျွန်ုပ် ဖော်ပြခဲ့သည့်အတိုင်း သူ၏ မိတ်ဆွေများသည် ထိုညက သူ ရွှင်ရွှင်လန်းလန်းနှင့် စကားများများ ပြောနေသည်ကို တွေ့ကြရသောအခါ သူ၏ ကျန်းမာရေး အခြေအနေ ကောင်းမွန် တိုးတက်လာသည်ဟုပင် ယူဆကြသည်။ အနည်းဆုံး အချိန်ကာလ အနည်းငယ်တော့ ကောင်းမွန်နေလိမ့်မည်ဟု ယူဆကြသည်။

ကွယ်လွန်ခါနီး ငါးမိနစ်လောက် အလိုအထိ သူ ကွယ်လွန်လိမ့်မည်ဟု မထင်မှတ်ခဲ့ကြကြောင်းကို နောက်ပိုင်းတွင် သူတို့ အံ့သြစွာဖြင့် ပြန်လည်ပြောဆိုကြသည်။ ခင်ကြီး ဘုရားသည် ရင်ဘတ်ထဲတွင် ရုတ်တရက်ကြီး နာကျင်လာဟန်ရှိသည်။ သူ့ကိုယ်တွင် သွေးဆုတ်သွားပြီး သူ့ရင်ဘတ်ကို လက်ဖြင့် ဖိလိုက်သည်။

သူတို့အားလုံးပင် ထိုင်ရာမှ ချက်ချင်းထပြီး သူ့ထံသို့ ပြေးသွားကြသည်။ သူသည် အင်မတန် နာကျင်နေဟန် ရှိသော်လည်း သူတို့ကို ပြုံးပြီးကြည့်သည်။ ထို့နောက် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်းချင်း ဒူးထောက်ပြီး ကျသွားသည်။ ထို့နောက် တဖန် ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား ကျသွားသည်။ ထို့နောက် ဝမ်းမြောက်ဝမ်းသာသည့်အနေဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ (သူတို့ကို သူပြောထားသည့်အတိုင်းပင်) သူသည် ကြမ်းပြင်ကို နမ်းရှုပ်ကာ ဆုတောင်းပတ္ထနာပြုသည်။ ပျော်ရွှင်ငြိမ်သက်စွာဖြင့် သူ၏ ဝိညာဉ်ကို ဘုရားသခင် ထံတော်မှောက်သို့ ပေးအပ်တော်မူသည်။

သူ ကွယ်လွန်သည့်သတင်းသည် တဦးချင်း တရားအားထုတ် ကျင့်ကြံလျက် ရှိကြသော တရား ကျောင်းများ တည်ရှိရာ တောရနယ်မြေမှသည် ကျောင်းတိုက်ပရိဝုဏ်ကြီးတခုလုံးသို့ ချက်ချင်းပင် ပျံ့နှံ့သွားလေသည်။ ကွယ်လွန်သူ၏ အရင်းနှီးဆုံး မိတ်ဆွေများနှင့် ရာထူးတာဝန်အရ လုပ်ဆောင်ရန် ရှိသူများသည် သူ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရှေးဟောင်းစဉ်လာ ဈာပန ထုံးစံအတိုင်း စီစဉ်ပြင်ဆင်ထားကြသည်။ ဘုရားရှိခိုးကျောင်းတွင် ရဟန်းများအားလုံး စုဝေးကြသည်။

နံနက် အရုဏ်မတက်မီမှာပင် ခင်ကြီးဘုရား ကွယ်လွန်သည့်သတင်းသည်

မြို့တွင်းသို့ ရောက်ရှိသွား သည်။ နံနက်မိုးလင်းသည်နှင့် တပြိုင်နက် ဤသတင်းကို တမြို့လုံး ပြောဆိုလျက် ရှိတော့သည်။ မြို့သူမြို့သားများသည် ကျောင်းတိုက်ကြီးအတွင်းသို့ စုရုံးရောက်ရှိလာကြသည်။

သို့သော် ဤအကြောင်းကို နောက်အခန်းကဏ္ဍကျမှ ကျွန်ုပ်တို့ ပြောဆိုကြပါမည်။ သည်မှာ ကျွန်ုပ် ဖြည့်စွက်ပြောဆိုမည့် တခုတည်းသော အကြောင်းကတော့ ပထမတနေ့ မကုန်ဆုံးမီမှာပင် မည်သို့မျှ မျှော်လင့်မထားသော အခြင်းအရာတခု ဖြစ်ပွားခြင်းပင် ဖြစ်ပါသည်။

အထိုအခြင်းအရာသည် ထူးဆန်းအံ့သြဖွယ်ရာကောင်းလွန်ခြင်း၊ ကသိကအောက် စနိုးစနောင့် ဖြစ်လွန်းလှခြင်း၊ နားဝေတိမ်တောင် ဖြစ်လောက်အောင် ရှုပ်ထွေးလွန်းလှခြင်းတို့ကြောင့် ရဟန်းများ နှင့် မြို့သူမြို့သားများသည် အထူးပင် ကသိကအောက် စနိုးစနောင့် ဖြစ်ခဲ့ကြရသည်။ နောင် နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် ထိုနေ့က ဖြစ်ပွားသော သည်းထိတ်ရင်ဖိုမှုသည် ကျွန်ုပ်တို့မြို့တွင် ပြက်ပြက်ထင်ထင်ကြီးပင် အမှတ်ရလျက် ရှိ ကြပေတော့သည်။

အပိုင်း သုံး

သတ္တမကဏ္ဍ – အလျှိုရှာ

၁။ အပုပ်နံ့

ခင်ကြီးဆရာတော် ဇော်ဇီမာ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို တည်ရှိသော ထုံးတမ်း နည်းနာများအရ ဖုတ်ကြည်းသင်္ဂြိုဟ်ရန် စီမံပြင်ဆင်ကြသည်။ အများသိရှိသည့်အတိုင်းပင် ကွယ်လွန်တော်မူသော ဘုန်းကြီးများနှင့် ရသေ့ရဟန်းတို့၏ ရုပ်အလောင်းကို ရေမချိုးရပါ။ အသင်းတော်၏ နည်းဥပဒေတို့တွင် ဆိုထားသည်မှာ

"ဘုန်းကြီး တပါးပါးသည် ဘုရားသခင်ထံမှောက်သို့ ပျံလွန်တော်မူခဲ့လျှင် ခန့်ထားခြင်းခံရသော ရဟန်းက (ယင်း၏အဓိပ္ပာယ်မှာ ထိုရဟန်းသည် အဆိုပါတာဝန်ကို ဆောင်ရွက်ရသူဖြစ်ခြင်း) ကွယ်လွန်သူ၏ ရုပ်ကလာပ်ကို ရေနွေးဖြင့် ရေပတ်တိုက်ပေးရမည်။ ပထမဆုံး ရေမြှုပ်ဖြင့် ကွယ်လွန်သူ၏ နဖူးကို လက်ဝါးကပ်သဏ္ဍာန် ပြုရမည်။ ထို့နောက် ရင်ဘတ်၊ ထို့နောက် လက်များ၊ ခြေထောက်များနှင့် ဒူးများပေါ်တွင် ပြုလုပ်ရမည်။ အခြား ဘာမှ မပြုလုပ်ရ"

ဤဆောင်ရွက်ဖွယ်ရာများ အားလုံးကို ဖားသားပေဆီက ပြုလုပ်ပါသည်။ ရေပတ် တိုက်ပြီးသောအခါ ဖားသားပေဆီကပင် ရဟန်းအဝတ်တို့ကို ဝတ်ဆင်ပေးသည်။ ထို့နောက် အပေါ်ရုံ ဝတ်လုံကြီးဖြင့် ရစ်ပတ်သည်။ ယင်းသို့ ရစ်ပတ်ရာတွင် ထုံးစံအတိုင်း အနည်းငယ် ခွဲဖြတ်ရသည်။ သို့မှသာလျှင် အလောင်းကို ရစ်ပတ်ရာတွင် လက်ဝါးကပ်တိုင်သဏ္ဍာန်နှင့် တူပေမည်။ ခေါင်းပေါ်တွင် အဋ္ဌဂံပုံ လက်ဝါးကပ်တိုင်ပါရှိသော ခေါင်းစွပ်ကို စွပ်ထားသည်။ ယင်းခေါင်းစွပ်ကို ရှေ့ဘက်တွင် ဖွင့်ထားသည်။ သို့သော် မျက်နှာကို ဇာပဝါ အနက်ဖြင့် ဖုံးလွှမ်းထားသည်။ လက်နှစ်ဖက်တွင် ကယ်တင်ရှင်၏ လက်ဝါးကပ်တိုင်ကို ထည့်ထားသည်။ ယင်းသို့ စီစဉ်ပြင်ဆင်ပြီးနောက် ရုပ်ကလာပ်ကို ခေါင်းထဲသို့ ထည့်သည်။ အဆိုပါ ခေါင်းမှာ ကာလအတန်ကြာကတည်းက အဆင်သင့် ရှိနေခဲ့သည်။

ခေါင်းကို ကျောင်းသင်္ခမ်းထဲတွင် တနေကုန် ထားရှိရန် ဆုံးဖြတ်ထားသည်။ ဧည့်သည်များနှင့် အခြားရဟန်းတို့ကို ခင်ကြီး လက်ခံတွေ့ဆုံသည့် ပိုမိုကျယ်ဝန်းသော အရှေ့ဘက်အခန်းထဲတွင် ဖြစ်သည်။

ကွယ်လွန်သူသည် ခြိုးခြံသောအကျင့်ကို ကျင့်ကြံနေသော ဆရာတော်ကြီးတပါး ဖြစ်သဖြင့် ၎င်း၏ ရုပ်ကလာပ်ပေါ်တွင် ထေရ်ကြီးဝါကြီးဖြစ်သော ဆရာတော်ကြီးများက ခရစ်ဝင်ကျမ်းကို ရွတ်ဖတ်ကြရသည်။ ဆာလံကျမ်းကို မရွတ်ဖတ်ရပါ။ ကွယ်လွန်သူအတွက် ဝတ်ပြုခြင်းအခမ်းအနားပြီးသည်နှင့် တပြိုင်နက် ဖားသားဂျိုးဆက်က ခရစ်ဝင်ကျမ်းရွတ်ဖတ်ခြင်းအမှုကို စတင်သည်။ ဖားသားပေဆီက နောက်ပိုင်းတွင်မှ တနေ့လုံးတညလုံး ရွတ်ဖတ်ရန် ရည်ရွယ်ထားသည်။ လောလောဆယ်တွင်မူ မြို့ထဲမှ ရောက်ရှိလာသူများ၊ ကျောင်းတိုက် တည်းခိုခန်းများတွင် တည်းခိုနေသော ဧည့်သည်များနှင့် ရဟန်းများသည် ဘယ်တုန်းကမှ မကြားဖူးသော၊ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ရန် မသင့်တော် မလျောက်ပတ်သော၊ အင်မတန်ထူးခြားသော အခြင်းအရာကြီးတခုကို စိတ်မရှည်စွာနှင့် စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသဖြင့် သူသည်လည်း တရားကျောင်းတာဝန်ခံဆရာတော် နည်းတူပင် အလုပ်များလျက် ရှိရတော့သည်။ အချိန်ကြာညောင်းလာသည်နှင့်အမျှ ဤစိတ်အားထက်သန်မှု၊ ဤလှုပ်ရှားမှုကြီးသည် အရှိန် ကြီးထွားသည်ထက် ကြီးထွားလာတော့သည်။ တာဝန်ခံဆရာတော်နှင့် ဖားသား ပေဆီတို့သည် လှုပ်ရှားတက်ကြွပြီး ဆူညံနေသော ပရိသတ်ကြီးကို ငြိမ်ဆိမ်အောင် တတ်နိုင်သမျှ ကြိုးပမ်း လုပ်ဆောင်နေကြသည်။

နေ့လယ်ခင်းအချိန်သို့ ရောက်ရှိလာသောအခါတွင်ကား မြို့တွင်းမှ လူများသည် ၎င်းတို့၏ မိသားစု ထဲမှ နာမကျန်းသူများကို ခေါ်ဆောင်လာကြတော့သည်။ အထူးသဖြင့် နာမကျန်းသူများသည် ကလေးသူငယ်များ ဖြစ်ကြသည်။ သူတို့သည် ဤအချိန်သမယကို စောင့်စားမျှော်လင့်နေကြသူများ ဖြစ်သည်။ ကွယ်လွန်သူ ခင်ကြီးဆရာတော်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်သည် ရောဂါ ဝေဒနာရှင်များကို ပျောက်ကင်းအောင် ကုသနိုင်သော အစွမ်းသတ္တိရှိသည်ဟု ယူဆကြ၍ ဖြစ်သည်။ ယင်း အစွမ်းသတ္တိသည် ချက်ချင်းပင် တန်ခိုးပြလိမ့်မည်ဟု ယုံကြည်ထားကြသည်။ သည်တော့မှပင် ခင်ကြီးဇော်ဇီမာကို ကြီးမြတ်သော သူတော်စင်ကြီးတဦးအဖြစ် ၎င်းအသက်ထင်ရှားရှိစဉ် ကတည်းကပင် မြို့ပေါ်မှလူများက လက်ခံယူဆထားကြကြောင်း ပေါ်လွင်ထင်ရှားလာတော့သည်။ လာရောက်ကြသော ပရိသတ်ကြီးသည် အောက်တန်းလွှာများချည်း မဟုတ်ပါ။

ယုံကြည်ကိုးစားသူများက ဤမျှ မြန်မြန်ဆန်ဆန်ကြီးနှင့် ဤမျှ ပြောင်ပြောင်တင်းတင်းကြီး မျှော်လင့်အားထားလာကြသည်ကို တွေ့ရသောအခါ ဖားသားပေဆီအနေနှင့် ဤကိစ္စသည် မသင့်လျော် မလျောက်ပတ်သော အရာတခုဖြစ်သည်ဟု ထင်မြင်ယူဆမိတော့သည်။ သူ့အနေနှင့် ဤလိုမျိုး ဖြစ်လာလိမ့်မည်ဟု အစောကြီးကတည်းက ကြိုတင် တွက်ဆထားခဲ့သော်လည်း

လက်တွေ့ဖြစ်လာသောအခါတွင်ကား သူ ထင်ထားသည်ထက် ပိုမိုလွန်ကဲလျက် ရှိတော့သည်။ ယင်းကြောင့်ပင်လျှင် ဤကဲ့သို့သော စိတ်အားထက်သန်မှုမျိုး ဖြစ်နေကြသည့် ဘုန်းကြီး ရဟန်း များကို သူ ပြစ်တင်ပြောဆိုသည်။

"အခုလို အလွန်တရာ ဆန်းကြယ်တဲ့ အမှုမျိုးကို မျှော်လင့်တောင့်တတယ်ဆိုတာ သိမ်ငယ် ပေါ့ပျက်တဲ့ အလုပ်တခုဖြစ်ပြီး သာမန်၊ သာမန်လူတွေမှာသာ ဖြစ်သင့်တယ်၊ ကျွန်ုပ်တို့လို ဘုန်းကြီးရဟန်းတွေမှာ ဖြစ်တယ်ဆိုတာ မသင့်လျော်ဘူး"

သို့ရာတွင် သူ့စကားကို သူတို့ အလေးမထားကြကြောင်း ဖားသားပေဆီ စိတ်မသက်မသာဖြင့် သတိပြုမိသည်။ အမှန်အတိုင်းပြောရလျှင် သူသည် သူ့ပတ်ဝန်းကျင်၌ ဖြစ်ပွားနေသော ယုံကြည် မျှော်လင့်ချက်များကို အဓိပ္ပာယ်မရှိဟု ယူဆနေမိသော်လည်း သူ၏ ရင်တွင်း၌မူ စိတ်လှုပ်ရှား တက်ကြွနေသော လူထုကြီးနည်းတူပင် လျှို့ဝှက်စွာ မျှော်လင့်စောင့်စားနေမိပါသည်။ ယင်းအချက် ကို သူ့ဘာသူ ဝန်မခံနိုင်ခြင်းသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ သူသည် လူအုပ်ကြီးအတွင်း၌ တွေ့မြင်ရသော လူတချို့ကြောင့် စိတ်ထဲမှာ အထူးပင် အနှောင့်အယှက် ဖြစ်နေရသည်။ ကံဆိုးမိုးမှောင်ကျသော အခြင်းအရာတခု ဖြစ်ပေါ်လာ လိမ့်မည်ဟု သူ့စိတ်ထဲတွင် ထင်နေမိတော့သည်။

ကျောင်းသင်္ခမ်းအတွင်းရှိ လူအုပ်ကြီးထဲတွင် ရာကီတင်ကိုလည်းကောင်း၊ ယခုတိုင် ကျောင်းတိုက် ကြီးတွင် နေထိုင်လျက်ရှိသော အော့ဗဒေါက်မှ ဘုန်းကြီးကိုလည်းကောင်း စိတ်ထဲတွင် မနှစ်မြို့စွာ ဖြင့် သူ တွေ့မြင်နေရသည်။ သို့သော် ယင်းကဲ့သို့ စိတ်ထဲတွင် မနှစ်မြို့မိသည်ကို သူသည် ချက်ချင်းဆိုသလိုပင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသည်။ ဖားသားပေဆီသည် သူတို့ နှစ်ယောက်ကို အကြောင်းတခုဖြင့် ရုတ်ခြည်းဆိုသလိုပင် သံသယဖြစ်မိသည်။ သို့သော် အမှန်တကယ်တွင်ကား လူအုပ်ကြီးထဲတွင် သူတို့ နှစ်ယောက်သာလျှင် သံသယဖြစ်စရာ မဟုတ်ပါချေ။

အော့ဗဒေါက်ဘုန်းကြီးသည် လှုပ်ရှားနေသော လူအုပ်ကြီးထဲတွင် ဂနာမငြိမ်ဆုံး ဖြစ်သည်။ သူ့ကို နေရာတိုင်းမှာ တွေ့မြင်နေရသည်။ နေရာတိုင်းမှာပင် သူသည် မေးခွန်းများ မေးလျက်ရှိသည်။ နေရာတိုင်းမှာပင် သူသည် နားထောင်လျက်ရှိသည်။ နေရာတိုင်းမှာပင် သူသည် ခိုးကြောင်ခိုးဝှက် အမူအရာဖြင့် တီးတိုးစကား ပြောဆိုလျက်ရှိသည်။ သူ့ကို ကြည့်ရသည်မှာ စိတ်မရှည်ရုံတင်မက ဒေါသဖြစ်နေပုံပင်ရသည်။

ရာကီတင်နှင့် ပတ်သက်၍ ပြောရလျှင်ကား တရားကျောင်းသို့ ဤမျှ

အချိန်စောစောကြီး ရောက်ရှိ လာရသည်မှာ မစ္စက် ကိုကလာကော့၏ အထူးမေတ္တာရပ်ခံမှုကြောင့် ဖြစ်ကြောင်း နောက်မှ သိရှိရသည်။ စိတ်သဘောထား ကောင်းမွန်လှပြီး စိတ်ထားနုနယ်သော ထိုအမျိုးသမီးသည် အိပ်ရာမှ နိုးပြီး ခင်ကြီး ဇော်ဇီမာ ကွယ်လွန်သည့်သတင်းကို ကြားသိသောအခါ အထူးပင် စိတ်ဝင်စားခြင်း ဖြစ်မိပြီး သူမအနေနှင့် ကျောင်းသင်္ခမ်းအတွင်းထဲသို့ ဝင်ရောက်ပိုင်ခွင့် မရှိသဖြင့် ရာကီတင်ကို စေလွှတ်ရခြင်း ဖြစ်သည်။ 'ဖြစ်ပျက်သမျှ အခြင်းအရာအားလုံးကို' သေသေချာချာ လေ့လာ ကြည့်ရှုပြီးနောက် သူမထံသို့ နာရီဝက်တကြိမ် စာရေးသား သတင်းပို့စေရန် ဖြစ်သည်။ သူမက ရာကီတင်ကို အထူးပင် ဘာသာတရား ကိုင်းရှိုင်းသော လူရွယ်တဦးဟု မှတ်ယူထားသည်။ သူသည် လူတွေထဲသို့ ဝင်ရောက်ပြီး သူ့အတွက် အနည်းငယ်မျှ အသုံးဝင်သော အချက်တခုဖြစ်လျှင်ပင် မရ ရအောင် နှိုက်ယူနိုင်သော လူတယောက် ဖြစ်ပေသည်။

ထိုနေ့သည် ရာသီဥတု ကောင်းမွန်ပြီး ကြည်လင်တောက်ပသော နေ့တနေ့ဖြစ်သည်။ ပရိသတ် အများအပြားသည် သင်္ချိုင်းဂူများတဝိုက်တွင် ကြိတ်ကြိတ်တိုးလျက်ရှိသည်။ အုတ်ဂူများသည် ဘုရားရှိခိုးကျောင်း ပတ်ပတ်လည်တွင် အထူးများပြားလှပြီး တရားကျောင်း ပရိဝုဏ်အတွင်း တွင်ကား ဟိုနေရာတစု သည်နေရာတစု ပြန့်ကျဲလျက်ရှိသည်။ ဖားသားပေဆီသည် တရားကျောင်း ပတ်ပတ်လည်ကို လှည့်လည် လမ်းလျှောက်နေရင်းနှင့် ရုတ်တရက်ဆိုသလို အလျှိုရှာကို သတိရမိသည်။ အလျှိုရှာကို သူ မတွေ့သည်မှာ တော်တော် ကြာသွားပြီ။ ညကတည်းက ဖြစ်သည်။ ယင်းကဲ့သို့ သတိရရှိပြီး မကြာမတင်မီမှာပင် အလျှိုရှာကို ဖားသားပေဆီ တွေ့မြင်ရသည်။ တရားကျောင်း ပရိဝုဏ် အစွန်ဆုံး တနေရာရှိ အုတ်ဂူတိုင်တခုပေါ်တွင် ထိုင်လျက်ရှိသည်။ ဝင်းတံတိုင်းအနီးတွင် ဖြစ်သည်။ ယင်း အုတ်ဂူသည် နှစ်ပေါင်းများစွာက ကွယ်လွန်သွားခဲ့သော ဘုန်းကြီးတပါး၏ အုတ်ဂူဖြစ်သည်။ ထိုဘုန်းကြီးသည် သူတော်စင်အဖြစ် ထင်ရှားကျော်ကြားခြင်း ရှိခဲ့သည်။

အလျှိုရှာသည် ကျောင်းသင်္ခမ်းကို ကျောပေးပြီး အုတ်တံတိုင်းကို မျက်နှာမူလျက် ရှိသည်။ ကမ္ဘည်းအုတ်ဂူတိုင်၏ နောက်ဘက်တွင် ပုန်းကွယ်နေသည့်အလား ဖြစ်သည်။ ဖားသားပေဆီ ၎င်းထံသို့ လျှောက်သွားသောအခါ ၎င်းသည် တိုးတိုးတိတ်တိတ်ကလေးနှင့် သည်းသည်းထန်ထန် ငိုကြွေးလျက်ရှိကြောင်းကို တွေ့ရသည်။ အလျှိုရှာသည် မျက်နှာကို သူ၏လက်များထဲတွင် မြှုပ်နှံထားပြီး သူ၏ကိုယ်ခန္ဓာသည် ငိုရှိုက်မှုကြောင့် တုန်ယင်လျက် ရှိသည်။ ဖားသားပေဆီသည် သူ့အနီးတွင် အုပ်မိုးလျက် မိနစ်အတန်ကြာအောင် ရပ်နေပြီးနောက် စိတ်ထိခိုက်စွာဖြင့် ပြောလိုက်သည်။

"အို သားရယ် ... တိတ်ပါကွယ်၊ တိတ်ပါ။ ဘာဖြစ်လို့ ငိုနေရတာလဲ။ ဝမ်းသာစမ်းပါ၊ မငိုပါနဲ့။ ဒီနေ့ဟာ သူ့အဖို့ အကြီးကျယ်ဆုံး နေ့တနေ့ဆိုတာ သား မသိဘူးလား၊ သူ အခု ဘယ်ကို ရောက်နေတယ်ဆိုတာ သတိရစမ်းပါ။ အခုအချိန်မှာ ဘယ်ရောက်နေတယ်ဆိုတာ သတိရစမ်းပါ"

အလျှိုရှာ သူ့ကိုမော့ကြည့်သည်။ သူ့မျက်နှာ ပေါ်လွင်လာသည်။ ကလေးတယောက်လို ငိုထားသဖြင့် မျက်နှာကြီး အစ်ရောင်လျက်ရှိသည်။ သို့သော် သူသည် ဘာစကားတခွန်းမျှ မပြောဘဲ ချက်ချင်းပင် တဖက်သို့ ပြန်လှည့်သွားသည်။ သူ့မျက်နှာကို လက်နှစ်ဖက်အတွင်းသို့ ပြန်လည်မြှုပ်နှံလိုက်သည်။

"အင်း ... ငိုလိုက်တာပဲ ကောင်းပါတယ်"

ဖားသားပေဆီ စာနာထောက်ထားစွာဖြင့် ပြောလိုက်သည်။

"ငိုချင်တယ်ဆိုရင် ငိုသာငိုလိုက်ပါ။ အဲဒီမျက်ရည်တွေကို ဘုရားသခင်က သားအတွက် ပေးလိုက်တာ ပဲ၊ သားရဲ့ရင်ထဲက ထွက်လာတဲ့ မျက်ရည်တွေဟာ သားရဲ့ စိတ်နှလုံးကို သက်သာစေလိမ့်မယ်၊ သားရဲ့စိတ်နှလုံးကို ပျော်ရွှင်စေလိမ့်မယ်"

အလျှိုရှာ၏ အနီးမှ ထွက်ခွာလာရင်း သူ့ဘာသူ ပြောမိသည်။ ထိုနေရာမှ သူ လျင်မြန်စွာ ထွက်ခဲ့သည်။ သို့မဟုတ်လျှင် သူကိုယ်တိုင်လည်း ငိုမိပေလိမ့်မည်။

သည်တွင်းတွင် အချိန်ကုန်လွန်ပြီး ဘုန်းကြီးကျောင်းတိုက်၏ ထုံးတမ်းစဉ်လာ ဝတ်ပြုမှုများနှင့် ကွယ်လွန်သူအတွက် ဝတ်ပြုမှုများကို အစီအစဉ်အတိုင်း ပြုလုပ် ပြီးစီးသွားသည်။ ဖားသားပေဆီ သည် ခေါင်းအနီးတွင် ရှိနေသော ဖားသားဂျိုးဆက်ကို တွေ့မြင်သောခါ ၎င်း၏လက်မှ ခရစ်ဝင်ကျမ်းကို လွှဲယူပြီး ဆက်လက်ရွတ်ဖတ်သည်။ ယင်းသို့ဖြင့် ညနေ သုံးနာရီ မထိုးမီတွင် တစုံတရာ ဖြစ်ပွားသည်။ ပြီးခဲ့သော အခန်းကဏ္ဍတွင် ကျွန်ုပ်ပြောဆိုခဲ့သော အကြောင်းအရာပင် ဖြစ်သည်။ မည်သူမျှ မည်သို့မျှ မမျှော်လင့်သော အကြောင်းအရာတခုပင် ဖြစ်လေသည်။ ပရိသတ်အများ မျှော်လင့်ထားသည်နှင့် လုံးဝ ဆန့်ကျင်လျက် ရှိသည်။ ကျွန်ုပ် ထပ်၍ ပြောရလျှင် ဤ သေးဖွဲသော အဖြစ်အပျက်ကို တမြို့လုံး တနယ်လုံးတွင် ရေတွင်းကျ ပြက်ပြက်ထင်ထင် မှတ်မိနေကြပါသည်။

ဤနေရာတွင် ကျွန်ုပ်တဦးတည်း၏ သဘောထားကို ပြောဆိုရပါမည်။ အဓိပ္ပာယ် မရှိ ပြဿနာ ဖြစ်စေပြီး လူ တော်တော်များများကို ကသိကအောက်ဖြစ်စေသည့် ဤအဖြစ်အပျက်ကို ကျွန်ုပ်အနေ နှင့် ပြန်လည် အမှတ်ရလိုစိတ် မရှိပါ။ အမှန်တော့ ဤကိစ္စသည် ဖြစ်ရိုးဖြစ်စဉ်တခုဖြစ်ပြီး ဘာမျှ

အရေးမကြီးသော အကြောင်းတခုသာ ဖြစ်ပါသည်။ အကယ်၍သာ ဤအကြောင်းအရာသည် နောင်အခါတွင် ကျွန်ုပ်၏ ဝတ္ထု၌ အဓိကဇာတ်ဆောင် ဖြစ်လာမည့် အလျှိုရှာအပေါ်တွင် ဤမျှ ပြင်းပြင်းထန်ထန် လွှမ်းမိုးခြင်း မရှိခဲ့လျှင် ကျွန်ုပ်အနေနှင့် ဤအကြောင်းအရာကို တစုံတရာ မပြောကြားဘဲ ချန်လှပ်ထားခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဤအကြောင်းအရာသည် အလျှိုရှာ၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ထွန်းမှုတွင် ပြဿနာကြီးတခုဖြစ်ပြီး အဆုံးအဖြတ် ပေးမည့် အကြောင်းအချက်ကြီးတခု ဖြစ်နေပါတော့သည်။ ဤအဖြစ်အပျက်သည် သူ၏ အသိစိတ်ကို တုန်လှုပ်ချောက်ချားစေခဲ့ပါသည်။ သို့သော် နောက်ဆုံးတွင်မူ ဤအဖြစ်အပျက်သည် သူ၏ ဘဝ သက်တမ်းတလျှောက်လုံးတွင် စိတ်ဓာတ်ခိုင်မာ တိုးတက်စေပြီး ပြတ်သားတိကျသော ရည်မှန်းချက် တခုကို ရရှိစေပါသည်။

ယင်းသို့ဖြင့်၊ ကျွန်ုပ်တို့၏ဇာတ်လမ်းကို ပြန်ဆက်ကြရအောင်။ ထိုနေ့နံနက် မိုးမသောက်မီ အချိန်မှာပင် သူတို့သည် ခင်ကြီး ဇော်ဇီမာ၏ ရုပ်ကလာပ်ကို ခေါင်းတွင် ထည့်သွင်းပြီး ရှေ့ခန်းသို့ ယူဆောင်လာကြသည်။ ခေါင်းအနီး၌ ရှိနေသူများအကြားတွင် ပြတင်းပေါက်များကို ဖွင့်ထားရ မလား၊ မဖွင့်ရဘူးလား ဟူသော ပြဿနာ ပေါ်လာသည်။ သို့သော် တစုံတယောက်က အမှတ်မထင် မေးမြန်းလိုက်သော ဤမေးနွန်းကို မည်သူကမျှ မဖြေကြပါ။ မည်သူကမျှ အလေးမထား ဂရုမပြုကြပါ။ ထိုအချိန်တွင် ရှိနေသူ အချို့ကသာလျှင် စိတ်ထဲတွင် တွက်ဆမိကြပါသည်။ ဤလို သူတော်စင်ပုဂ္ဂိုလ်ကြီးတဦးထံမှ အပုပ်နံ့ ထွက်လာလိမ့်မည်ဟု ထင်မြင်ခြင်းသည် ပြုံးရယ်စရာတခု မဟုတ်ခဲ့လျှင် သနားစရာတခုပင် ဖြစ်ပါသည်။ မေးခွန်းထုတ်သူသည် ယုံကြည်မှု နည်းပါး၍ပင် ဖြစ်တော့သည်။ အကြောင်းမှာ အများအနေနှင့် တစုံတခု၊ ခြားခြားနားနားကြီးတခု ဖြစ်ပေါ်လာ လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ယင်းသို့ဖြင့် နေမွန်းတည့်ပြီး များမကြာမီမှာပင် တစုံတခု ဖြစ်ပွားလာသည်။ အခန်းထဲသို့ ဝင်လိုက် ထွက်လိုက် လုပ်နေသူများ စိတ်ထဲတွင် သတိပြုမိလာကြပါသည် သို့သော် ထုတ်မပြောကြပါ။ မိမိ၏ စိတ်ထဲတွင် ရှိနေသော သံသယကို ဖွင့်ပြောရမှာ ကြောက်လန့်နေကြသည်။ သို့သော် ညနေစောင်း သုံးနာရီလောက်တွင်ကား ယင်းအချက်သည် မမှားမယွင်းနိုင်လောက်အောင်ပင် သိသာ ထင်ရှားလာပြီး တရားကျောင်း ပရိဝုဏ်အတွင်းသို့ ထွင်းဖောက်ရောက်ရှိသွားသည်။ ထို့နောက် အတိုတောင်းဆုံး ကာလအတွင်းမှာပင် မြို့တွင်းသို့လည်း ရောက်ရှိသွားကာ ယုံကြည်သူများနှင့် မယုံကြည်သူများအကြားတွင် အထူးပင် စိတ်ဝင်စား ချောက်ချားကြရတော့သည်။

မယုံကြည်သူများက ပျော်ရွှင်ဝမ်းမြောက်ကြသည်။ ယုံကြည်သူများအနက်

အချို့သည် မယုံကြည်သူ များထက်ပင် ပိုပြီး ပျော်ရွှင်ဝမ်းမြောက်ကြသည်။ အကြောင်းမှာ.. "လူကောင်းတွေ ဂုဏ်သိက္ခာ ကျဆင်းပြီး ပျက်စီးသွားတာကို လူတွေက သဘောကျကြတယ်" ဟု ကွယ်လွန်သူ ခင်ကြီးဘုရားက သူ၏ တရားဒေသနာတခုတွင် ဟောကြားခဲ့သောကြောင့် ဖြစ်သည်။

ဖြစ်ပျက်သည့်အကြောင်းကတော့ ခေါင်းထဲမှ အပုပ်နံ့ ထွက်လာခြင်းပင် ဖြစ်သည်။ တဖြည်းထက် တဖြည်း ပိုပြီး သိသာထင်ရှားလာသည်။ ညနေ သုံးနာရီ ထိုးသောအခါတွင်ကား မည်သို့မျှ မှားယွင်းစရာ မရှိတော့ပါ။ အနံ့က ပြင်းသည်ထက် ပြင်းလာတော့သည်။ ကျွန်ုပ်တို့ ကျောင်းတိုက်၏ သမိုင်းတလျှောက်လုံးတွင် ဤလို အရှက်တကွဲ အကျိုးနည်းဖြစ်ခြင်းမျိုး တကြိမ်တခါမျှ မဖြစ်ပွားခဲ့ဖူးပါ။ မည်သည့် အခြေအနေမျိုးတွင်မှ ဤလို အရှက်တကွဲ အကျိုးနည်းခြင်းမျိုး မဖြစ်ပွားနိုင်ကြောင်း ရဟန်းများအတွင်းမှာပင် ချက်ချင်း သိရှိကြသည်။ နောင် နှစ်ပေါင်းများစွာ ကြာသောအခါမှာပင် အစဉ်းစား အဆင်ခြင်ရှိသော ရဟန်းများအနေနှင့် ထိုနေ့ကအဖြစ်ကို ပြန်လည် စဉ်းစား ဆင်ခြင်မိသောအခါ ထိုအခြေအနေမျိုးအထိ ရောက်ရှိသွားသည်ကို အံ့ဩထိတ်လန့်၍ မဆုံးနိုင် ရှိကြရသည်။ အကြောင်းမှာ ရှေးယခင်တုန်းကလည်း သူတော်စင်အဖြစ် လူတွေက အသိအမှတ်ပြုထားသော ဘုရားသခင်ကို ကြည်ညိုကိုင်းရှိုင်းလှသည့် ဆရာတော်ကြီးများ ကွယ်လွန်ခဲ့ကြရာတွင် အခြားသူများနည်းတူပင် သူတို့၏ခေါင်းများမှလည်း မကောင်းသည့် အနံ့အသက်များ ထွက်ပေါ်လာခဲ့ပါသည်။ သို့သော် တစုံတရာ အရှက်ကွဲ အကျိုးနည်းခြင်း မဖြစ်ခဲ့ပါ။ လူတွေက အနည်းငယ်မျှပင် စိတ်ဝင်စားစွာ ပြောဆိုခဲ့ခြင်း မရှိပါ။

ထို့အတူပင် ရှေးယခင်တုန်းက ဤကျောင်းတိုက်ကြီးတွင် ကျော်စောကိတ္တိရှိသော သူတော်စင်ကြီး များ ရှိခဲ့သည်။ သူတို့၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်သည် မဖောက်မပြန် မပုပ်မသိုးဘဲ ရှိသည်။ ဤအချက်သည် ရဟန်းအပေါင်းတို့ကို အဆန်းတကြယ် တအံ့တဩ ဖြစ်စေသည်။ ထို့မျှမက ဘုရားသခင် ကျေးဇူးပြုတော်မူသော အနာဂတ်ကာလတွင် ၎င်းတို့၏ သင်္ချိုင်းတော်မှလည်း ပိုမိုကြီးကျယ်သော ဂုဏ်ရောင်များ တောက်ပြောင်လာလိမ့်မည်ဟု အဆိုရှိကြသည်။

အဆိုပါ သူတော်စင်များအနက်မှ တပါးသော ပုဂ္ဂိုလ်မှာ ဤရာစုနှစ်အစဦး သက်တော် တရာ့ငါးနှစ် တွင် ပျံလွန်တော်မူသွားသော ဘုန်းတော်ကြီး ယောဘဖြစ်သည်။ သူ၏ ကျော်စောမှုသည် ထင်ရှား ကြီးမားလှသည်။ ဘုန်းတော်ကြီးသည် အထူးပင် ခြိုးခြံကျင့်ကြံသူ ဖြစ်သည်။ အစားအစာ စားသောက်ခြင်းနှင့် စကားပြောကြားခြင်းကို အထူးတင်းကျပ်စွာ ရှောင်ကြဉ် စောင့်ထိန်းသည်။ ကျောင်းတိုက်တော်ကြီးသို့ ပထမဆုံးအကြိမ် လာရောက်

လည်ပတ်သူများအား ၎င်း၏အုတ်ဂူကို အထူးလေးမြတ်စွာနှင့် ပြသကြသည်။ အနာဂတ်ကာလတွင် တန်ခိုးတော် ပြလာမည်ကို ရည်ညွှန်း ပြောဆိုကြသည်။ (နံနက်ပိုင်းက အလျှိုရှာထိုင်နေသော အုတ်ဂူမှာ ထိုအုတ်ဂူပင် ဖြစ်သည်)။

ကျောင်းတိုက်တော်ကြီးတွင် အခြား ကျော်စောကိတ္တိရှိသူ ပုဂ္ဂိုလ်တဦးမှာ များမကြာမီကမှ ကွယ်လွန်ခဲ့သော ဖားသား ဗာဆိုနိုဖီပင် ဖြစ်သည်။ ဖားသား ဇော်ဇီမာသည် ယင်း ဘုန်းတော်ကြီး ကွယ်လွန်သည့်အတွက် ခင်ကြီးဆရာတော် အရိုက်အရာကို ဆက်ခံခဲ့ရခြင်းဖြစ်သည်။ ကျောင်းတိုက် ကြီးသို့ ဘုရားဖူး လာရောက်သူများက ယင်းဘုန်းတော်ကြီးကို သူတော်စင်အရှူးကြီးဟု မှတ်ယူကြသည်။

သက်ကြီးစကား သက်ငယ်ကြား ပြောဆိုသည့် စကားများအရဆိုလျှင် အထက်ဖော်ပြပါ ဘုန်းတော်ကြီး နှစ်ပါးသည် ခေါင်းသွင်းရာတွင် တကယ် အသက်ရှင်နေသည့်အလားဟု ဆိုကြသည်။ ၎င်းတို့ကို မြှုပ်နှံသည့်ကာလတွင် တစုံတရာ ပုပ်သိုးခြင်း မရှိဟု ဆိုသည်။ ၎င်းတို့၏ မျက်နှာတော် များသည် ကြည်လင်အေးချမ်းလျက် တင့်တယ်စွာ ရှိနေသည်ဟု ဆိုကြသည်။ တချို့ကဆိုလျှင် ၎င်းတို့၏ ကိုယ်ခန္ဓာမှ မွှေးပျံ့သော ရနံ့ပင် သင်းနေဟု ပြောကြသည်။

သို့ရာတွင် ဤကဲ့သို့ မှတ်သားဆင်ခြင်ဖွယ်ရာသော အစဉ်အလာများ ရှိသည့်ကြားကပင် ခင်ကြီး ဇော်ဇီမာ၏ ခေါင်းအနီးတွင် ဤကဲ့သို့ အဓိပ္ပာယ် မရှိ အစဉ်းအစား အမြော်အမြင် မရှိ အငြိုးကြီး ဖြစ်နေရသည့် အကြောင်းကို ရှင်းပြနိုင်ရန် ခက်ခဲလှပေသည်။ ကျွန်ုပ်အနေနှင့် ကျွန်ုပ်၏ သဘောထားကို ပြောရလျှင် ဤသို့ဖြစ်ပေါ်လာစေရန် အကြောင်း အမျိုးမျိုးတွေ တပြိုင်တည်း ရှိနေသည်ဟု ထင်ပါသည်။ ဥပမာအဖြစ် အကြောင်းတခုကို ပြရလျှင် ခင်ကြီးရဟန်းတို့၏ အဖွဲ့အစည်းကို မလိုလား မနှစ်သက်သော အကြောင်းအရာသစ် တခုအဖြစ်ဖြင့် ကျောင်းတိုက်ကြီး အတွင်းရှိ ရဟန်းများ၏ စိတ်သဏ္ဍာန်တွင် နက်ရှိုင်းစွာ အမြစ်တွယ် ဆန့်ကျင်နေကြခြင်းပင် ဖြစ်သည်။

အထူးသဖြင့် ခင်ကြီးဇော်ဇီမာကို ၎င်း အသက်ထင်ရှားရှိနေစဉ် အတွင်းမှာပင် လူတွေက သူတော်စင် အဖြစ် ထင်မှတ်ကိုးကွယ်နေကြခြင်းကို သူတို့အနေနှင့် ဝန်တို မစ္ဆရိယစိတ် အားကြီးခဲ့ကြသည်။ အမှန်တော့ ကွယ်လွန်သူ ခင်ကြီး ဇော်ဇီမာသည် တန်ခိုးက္ကဒ္ဓိပါဒ်များအရ မဟုတ်ဘဲ မေတ္တာတရား အရ လူအများ၏ လေးစားကြည်ညိုမှုကို ရရှိခဲ့ခြင်းဖြစ်သည်။ သူ့ပတ်ဝန်းကျင်တွင် ချစ်ခင်လေးစား သော တပည့်တပန်းတွေ ပေါများခဲ့ခြင်း ဖြစ်သည်။ ယင်းအတွက်ပင် မနာလိုဝန်တိုမှုတွေ များပြားပြီး သူ့ကို တိတ်တဆိတ်ရော ပြောင်ပြောင်တင်းတင်းရော ဆန့်ကျင်မုန်းတီးသည့် ရန်သူတွေ ပေါများခဲ့ရခြင်း ဖြစ်သည်။ ထိုအဖြစ်သည် ကျောင်းတိုက်ကြီးအတွင်းမှာသာမက အပြင်လောကတွင်

လည်း ရှိချေသည်။

သူက မည်သူ့ကိုမျှ ထိခိုက်အောင် မလုပ်ခဲ့ပါ။ သို့သော် "သူ့ကို လူတွေက ဘာဖြစ်လို့ သူတော်စင်လို့ ထင်ကြရတာလဲ" ဟု မေးကြသည်။ သို့သော် ဤမေးခွန်းတခုတည်းကပင် အဆက်မပြတ် မေးဖန်များလာသောအခါ သူ့ကို မုန်းတီးစေခြင်း အကြောင်းတရပ် ဖြစ်လာရတော့သည်။ ယင်းကြောင့်ပင်လျှင် သူ ကွယ်လွန်၍ တရက်မျှ မရှိသေးမီမှာပင် ဤမျှ မြန်မြန်ကြီး အပုပ်နံ့ ထွက်လာသည်ကို တွေ့ကြရသောအခါ လူတော်တော်များများက အလွန့်အလွန် ဝမ်းသာကြခြင်း ဖြစ်မည်ဟု ကျွန်ုပ် ယုံကြည်မိသည်။ တချိန်တည်းမှာပင် ခင်ကြီး ဇော်ဇီမာကို ယခုအချိန်အထိ ကြည်ညိုလေးစား နေကြသူများထဲတွင် အချို့သည် ဤအဖြစ်ကြောင့် ဒေါသဖြစ်ကြ စိတ်ထိခိုက်ကြ ရတော့သည်။

အခြေအနေ အရပ်ရပ်သည် အောက်ပါအတိုင်း တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာပါသည်။

ပုပ်သိုးသည့် အရိပ်လက္ခဏာများ စတင်ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ကျောင်းသင်္ခမ်းအတွင်း သို့ ဝင်ရောက်လာကြသော ရဟန်းတို့၏ လျှို့ဝှက်သော ရည်ရွယ်ချက်သည် ပေါ်လွင်ထင်ရှားလျက် ရှိတော့သည်။ ၎င်းတို့သည် အခန်းထဲတွင် ခေတ္တမျှသာနေကြသည်။ ထို့နောက် ကမန်းကတန်းပင် ပြန်ထွက်သွားကြပြီး အပြင်တွင် စောင့်ဆိုင်းနေသော ပရိသတ်ကြီးကို အတည်ပြုချက်ပေးကြသည်။ အချို့က စိတ်မကောင်းစွာဖြင့် ခေါင်းကို ယမ်းခါကြသည်။ သို့ရာတွင် အချို့မှာမူ သူတို့၏ ပျော်ရွှင်မှုကို မဖုံးကွယ်ကြပါ။ သူတို့၏ မျက်လုံးများတွင် မလိုမုန်းတီးသည့် အရောင်များ တောက်ပြောင်နေကြသည်။ သည်အတွက် သူတို့ကို မည်သူကမျှ အပြစ်မတင်ကြပါ။ မည်သူကမျှ ကန့်ကွက်စကား မဆိုကြပါ။ ဤအချက်မှာ ဆန်းသည်ဟု ဆိုရပါမည်။ အကြောင်းမှာ ရဟန်းအများစု သည် ကွယ်လွန်သူကို ရိုသေလေးစားသူများ ဖြစ်ကြသောကြောင့်ပင်။ တခုပဲရှိသည်၊ ဘုရားသခင် ကိုယ်တိုင်က ဤအချိန်တွင် အများစုကို အထက်စီးပေးထားလိုက်ဟန်ရှိသည်။

များမကြာမီမှာပင် အပြင်ဘက်ရှိ လူအုပ်ကြီးမှ လူတချို့သည်လည်း အလားတူ စပ်စုရန် ရည်ရွယ်ချက်ဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။ အထူးသဖြင့် ပညာတတ်အလွှာမှ ဖြစ်ကြသည်။ ကျောင်းသင်္ခမ်း ဝင်းတံခါးဝတွင် တောသူတောင်သား လယ်သမားတွေ အများကြီး ဖြစ်သော်လည်း အချို့သာလျှင် ကျောင်းခန်းအတွင်းသို့ ဝင်ရောက်ကြသည်။ ညနေ သုံးနာရီ ကျော်သောအခါ လူအုပ်ကြီး ပိုပြီးများလာသည်။ တုန်လှုပ်ချောက်ချားဖွယ်ရာ သတင်းကြောင့်ပင် ဖြစ်သည်။ ထိုနေ့က အခြားကိစ္စဖြင့် လာရန် အကြောင်းမရှိသူများနှင့် လာရောက်ရန် ရည်ရွယ်ချက် မရှိသူများသည်လည်း ရောက်ရှိလာကြသည်။ ထိုအထဲတွင် အထက်လွှာမှ ပုဂ္ဂိုလ်အချို့ ပါရှိသည်။ သို့သော် အားလုံးပင် အမူအရာ

ယဉ်ကျေးသိမ်မွေ့စွာ ရှိကြသည်။

ဖားသားပေဆီသည် သူ့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို သတိမပြုမိဟန်ဖြင့် ခရစ်ဝင်ကျမ်းကို မျက်နှာထားတင်းတင်းဖြင့် သဲသဲကွဲကွဲ ပြတ်ပြတ်သားသား ကျယ်ကျယ် လောင်လောင်ပင် ဆက်လက်ဖတ်ရှုနေသည်။ သို့သော် အမှန်တကယ်တွင်မူ သူသည် ပုံမှန်မဟုတ် သည့် အနေအထားကို သတိပြုမိနေသည်မှာ အတော်ကလေး ကြာသွားပြီ ဖြစ်သည်။

သို့သော် ပရိသတ်၏အသံသည် ပထမပိုင်းတွင် တီးတိုးမျှသာ ဖြစ်သော်လည်း နောက်ပိုင်းတွင်ကား တဖြည်းဖြည်းချင်း ကျယ်လောင်ပြတ်သားလာပြီး သူ့ထံသို့ ရောက်ရှိလာတော့သည်။

"ဘုရားသခင်ရဲ့ အဆုံးအဖြတ်က လူတွေနဲ့မတူဘူး" ဟူသော စကားကို ဖားသား ပေဆီ ရုတ်တရက် ကြားလိုက်ရသည်။

ထိုစကားကို ပထမဆုံး ပြောလိုက်သူမှာ ကျွန်ုပ်တို့မြို့မှ လူကြီးတယောက် ဖြစ်သည်။ အစိုးရဝန်ထမ်း တဦးဖြစ်ပြီး ဘုရားတရားကို လွန်စွာ ကိုင်းရှိုင်းကြည်ညိုသူတဦးလည်း ဖြစ်သည်။ သို့သော် သူ့အနေနှင့် ခပ်ကျယ်ကျယ်ပြောလိုက်သည့် ဤစကားစုမှာ စောစောပိုင်းက ဘုန်းကြီးတွေ အချင်းချင်း တိုးတိုးတိတ်တိတ် ပြောနေကြသောစကားပင် ဖြစ်သည်။ သူက ထိုစကားကို ထပ်ဆင့်၍ ပြောလိုက်ခြင်းသာ ဖြစ်သည်။

သူတို့သည် ဤကောက်ချက်ကို အစောကြီးကတည်းကပင် ချမှတ်ခဲ့ကြခြင်း ဖြစ်သည်။ ပို၍ဆိုးသည် ကတော့ ဤဆုံးဖြတ်ချက်အတွက် ကျေနပ်အားရမှုသည် တချိန်ထက် တချိန် ပိုပြီး သိသာထင်ရှား လာခြင်းပင် ဖြစ်သည်။ များမကြာမီမှာပင် လူမှုရေးသဘောအရ ထားရှိသော အပေါ်ယံ ယဉ်ကျေးဖွယ်ရာမှုကို စွန့်လွှတ်ပစ်လိုက်ကြသည်။ ယင်းသို့ စွန့်လွှတ်ပစ်ရန်လည်း သူတို့မှာ အခွင့်အရေး ရှိသည်ဟု လူတိုင်းကပင် ယူဆလာကြသည်။

"ဘာဖြစ်လို့ ဒီလိုမျိုးဖြစ်ရတာလဲ၊ တကယ်တော့ သူဟာ ကိုယ်လုံးကိုယ်ထည် သေးသေးကလေးပဲ၊ နောက်ပြီးတော့ အရိုးပေါ် အရေတင် နေတာပဲ၊ သူ့မှာ ပုပ်စရာအသား ဘာမှ မရှိဘူး"

ရဟန်းအချို့က ပြောကြသည်။ ပထမတွင် ဝမ်းနည်းဟန်ဖြင့် ဖြစ်ကြသည်။

"ဒါဆိုရင် ကောင်းကင်ဘုံရဲ့ အထူးနိမိတ်ပဲ ဖြစ်ရမယ်"

တခြားလူများက လျင်မြန်စွာပင် ဖြည့်စွက်ပြောဆိုကြသည်။

ထိုအယူအဆကို တစုံတရာ ဆန့်ကျင်ခြင်းမရှိဘဲ ချက်ချင်းပင် လက်ခံကြသည်။ အကြောင်းမှာ ယခုထွက်ပေါ်လာသောအနံ့သည် အခြား ကွယ်လွန်သူများနည်းတူ သဘာဝအတိုင်း ဖြစ်ပေါ်သည် ဆိုလျှင် နှစ်ဆယ့်လေးနာရီကျော်ပြီးမှ မထွက်ပေါ်ဘဲ အဘယ်ကြောင့် သည်မျှမြန်မြန်ကြီး ထွက်ပေါ်ရသနည်း။ ဤသဘောသည် နိယာမ သဘောတရားကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤကိစ္စသည် ဘုရားသခင်၏ လုပ်ဆောင်မှုပင် ဖြစ်သည်၊ ဘုရားသခင်၏ လက်ညှိုး ထိုးခံရခြင်းပင် ဖြစ်သည်။ ဘုရားသခင်က နိမိတ်တော် ပြလိုက်ခြင်းပင် ဖြစ်သည်။ ဤအယူအဆ သည် လူတိုင်းအဖို့ မငြင်းဆန်နိုင်စရာပင် ဖြစ်သည်။

ကွယ်လွန်သူ ခင်ကြီးရဟန်း၏ အချစ်တော်နှင့် ပိဋကတ်တိုက်မှူး ဖြစ်သော ဖားသား ဂျိုးဆက်သည် မကောင်းပြောဆိုသူ အချို့ကို ပြန်လည် ဖြေရှင်းရန် ကြိုးစားသည်။

"နေရာတိုင်းမှာ တသဘောတည်း မဖြစ်နိုင်ပါ။ "တော်တည့် ဖြောင့်မှန်သူ" တို့၏ ရုပ်ကလာပ်သည် မပုပ်မသိုးဟု ဆိုခြင်းသည် အယူမှန် အသင်းတော်၏အခြေခံ အယူဝါဒမဟုတ်ပါ။ အယူအဆတခုသာ ဖြစ်ပါသည်။ အယူမှန် အသင်းတော် လွှမ်းမိုးတည်ရှိရာ နိုင်ငံများတွင်.... အထူးသဖြင့် မောင့်အက်သို တွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်များ ပုပ်သိုးသည့်အတွက် ဘာမှ ပြဿနာ မဖြစ်ပါ။ ထိုအရပ်များတွင် ဂုဏ်ပြုခြင်းခံရသော ပုဂ္ဂိုလ်များ၏ နိမိတ်လက္ခဏာသည် မပုပ်မသိုးခြင်း မဟုတ်ပါ။ ရုပ်ကလာပ်ကို မြေကြီးထဲတွင် နှစ်ပေါင်းများစွာ ထားရှိပြီးနောက် အရိုး၏ အရောင် ပြောင်းလဲခြင်းအပေါ်တွင်သာ သတ်မှတ်လက်ခံကြသည်။ အရိုးတွေရဲ့အရောင်ဟာ ပျားဖယောင်း တွေလို ဝါနေလို့ရှိရင် ကွယ်လွန်သူ သူတော်စင်ကို ဘုရားသခင်က ဂုဏ်ပြုတော်မူတဲ့ နိမိတ်လက္ခဏာ ပဲ ဖြစ်တယ်။ တကယ်လို့ အရိုးတွေဟာ မဝါဘဲ မည်းနက်နေလို့ရှိရင် ဘုရားသခင်က အဲဒီပုဂ္ဂိုလ်ကို ဂုဏ်ပြုခြင်းငှာ မထိုက်တန်လို့ပဲ ဖြစ်တယ်။ အဲဒါဟာ အယူမှန်ဝါဒကို နှစ်ပေါင်းများစွာ မတိမ်းမစောင်းဘဲ အစစ်အမှန် ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ မောင့်အက်သိုလို တကယ့် နေရာဒေသကြီး တခုမှာ လက်ခံထားတဲ့ အယူအဆပဲ" ဟု ဖားသားဂျိုးဆက်က နိဂုံးချုပ်အဖြစ် ရှင်းလင်း ပြောကြားပါသည်။

သို့ရာတွင် နူးညံ့သိမ်မွေ့သော ဖားသားဂျိုးဆက်၏ စကားများသည် အကျိုးသက်ရောက်မှု မရှိသည့် အပြင် သရော်လှောင်ပြောင်ခြင်းပင် ခံရသေးသည်။

"သူပြောတာတွေက သမားဂုဏ်ပြထားတဲ့ ထွင်လုံးတွေပဲ၊ နားထောင်နေလို့ ဘာမှ အကျိုးမရှိဘူး၊ ကျုပ်တို့အနေနဲ့ကတော့ လှေကြီးထိုး ရိုးရိုးပဲ၊ ခုခေတ်မှာက အားလုံးဟာ အသစ်အဆန်း ထွင်ထားတာတွေချည်းပဲ။ ကျုပ်တို့အနေနဲ့ အဲဒါတွေကို

လိုက်နာနေကြရမှာလား”

ရဟန်းတွေက တုံ့ပြန် ပြောကြဆိုကြသည်။

“ကျုပ်တို့မှာလည်း သူတို့လိုပဲ မြင့်မြတ်တဲ့ ဆရာတော်ကြီးတွေရှိတာပဲ။ သူတို့တတွေက တူရကီတွေ အောက်မှာ နေကြရပြီး အားလုံးမေ့ကုန်ကြပြီ၊ သူတို့ရဲ့ အယူမှန်ဝါဒဆိုတာက မသန့်ရှင်း မစင်ကြယ် တော့ဘူး။ သူတို့မှာက ဘုရားရှိခိုးကျောင်း ခေါင်းလောင်းတောင် မရှိတော့ဘူး”

လှောင်ပြောင်စကား ဆိုကြသည်။

ဖားသားဂျိုးဆက် စိတ်မချမ်းမြေ့စွာဖြင့် ထွက်ခွာသွားသည်။ သူ၏အယူအဆကို သူ့ဘာသူ ယုံကြည်မှု မရှိဘဲနှင့် ပြောမိ၍ပဲ ဖြစ်သည်။ မဖြစ်သင့်သောအရာတခု ဖြစ်လာတော့မည်ကို သူ့အနေနှင့် ကြိုပြီး မြင်ခဲ့သည်။ မလိုက်နာမှု မနာခံမှုတွေ ဖြစ်ပေါ်လာမည်ကို သိမြင်ခဲ့သည်။ တစတစနှင့် စဉ်းစားဉာဏ် ရှိသော ရဟန်းများအားလုံးပင် ဖားသား ဂျိုးဆက်ကဲ့သို့ နှုတ်ဆိတ်ကုန်ကြတော့၏။

ယင်းသို့ဖြင့် ကွယ်လွန်သူ ခင်ကြီးရဟန်းကို လေးစားချစ်ခင်ပြီး ခင်ကြီးတို့၏ အဖွဲ့အစည်းကို ရိုသေ လေးစားစွာနှင့် လက်ခံထားကြသော ရဟန်းများသည် တစုံတရာ ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်ပြီး ခေါင်းစိုက်ကုန်ကြတော့သည်။ သို့သော် ခင်ကြီးတို့၏ အဖွဲ့အစည်းကို အသစ်တီထွင်မှု တရပ်အဖြစ် နှင့် ဆန့်ကျင်နေသူများကား ဝင့်ကြွားစွာဖြင့် ခေါင်းကို မော့ထားကြတော့သည်။

“ဖားသား ဗာဆိုနိုဖီတုန်းက ပုပ်စော်မနံတဲ့အပြင် မွှေးတောင်မွှေးသေးတယ်၊ ဆရာတော် အဲဒီလိုမွှေးတာ ခင်ကြီးဆရာတော်အဖြစ် တင်မြှောက်ခံထားရလို့ မဟုတ်ဘူး၊ သူကိုယ်တိုင်ကိုက သူတော်စင်ကြီးတပါး ဖြစ်လို့ပဲ”

သူတို့က မစ္ဆရိယစိတ်တို့ဖြင့် ပြောဆိုကြသည်။ သည့်နောက်တွင်ကား ဝေဖန်ပြောဆိုမှုတွေ တခုပြီး တခု ရွှာသွန်းလာတော့သည်။ နောက်ဆုံးတွင် ကွယ်လွန်သူ ခင်ကြီးကို ပြစ်တင်ကဲ့ရဲ့မှုများပင် ပြုလုပ်လာကြတော့သည်။

“သူဟောတဲ့ တရားတွေက အမှားတွေပဲ။ သူက လောကကြီးဟာ သုခတဲ့၊ ဒုက္ခ မဟုတ်ဘူးတဲ့”

တချို့က သည့်ထက်ပင် ဆိုးသေးသည်။

“သူ့အယူအဆက သိပ်ပြီး ခေတ်ဆန်တယ်၊ သူက ငရဲ တကယ်ရှိတယ်ဆိုတာကို လက်မခံဘူး”

ထိုမျှမကသေးပါ။ အစဉ်းစားဉာဏ် ပိုပြီး မရှိသူများက ...

"သူက အစားအစာ ခြိုးခြံ ရှောင်ကြဉ်တဲ့နေရာမှာလည်း စည်းကမ်းသိပ်မကြီးဘူး၊ အချိုအဆိမ့်တွေ ကို သူ စားတယ်၊ လက်ဖက်ရည်သောက်တဲ့အခါမှာ ချယ်ရီယို ပါတယ်၊ မာတုဂါမတွေ လှူထားတာပဲ၊ အကျင့်သီလ အထူးအားထုတ် ကျင့်ကြံနေတဲ့ ရဟန်းတပါးအနေနဲ့ လက်ဖက်ရည်အချိုတွေ ဘာတွေ သောက်သင့်သလား"

ထို့နောက် တဖန် မညှာမတာ ပြောကြပြန်သည်မှာ ...

"သူက မာနကြီးတခွဲသားနဲ့ ထိုင်နေတယ်၊ သူ့ကိုယ်သူ သူတော်စင်လို့ အောက်မေ့နေတယ်။ လူတွေ သူ့ရှေ့မှာ ဒူးထောက်ကြတာကို သူ့အနေနဲ့ အဖူးမြော်ခံထိုက်လို့ပဲလို့ ယူဆတယ်"

"အာပတ်ဖြေတဲ့ အလုပ်ကိုလည်း သူ အလွဲသုံးစားလုပ်တယ်"

ခင်ကြီးဂိုဏ်း ဆန့်ကျင်ရေးသမားများက အမနာပ ဆိုကြသည်။ အထူးသဖြင့် အသက်ကြီးသော ရဟန်းများ၊ အကျင့်သီလကို အထူးခြိုးခြံ တည်ဆောက်နေသူများ၊ စားခြင်းနှင့် စကားပြောခြင်းတို့ကို အထူးခြိုးခြံ ရှောင်ကြဉ်သူများက ပြောဆိုကြသည်။ ၎င်းတို့သည် ကွယ်လွန်သူ ခင်ကြီးရဟန်း အသက်ထင်ရှားရှိစဉ်ကမူ ရေငုံနှုတ်ပိတ် နေခဲ့ကြသည်။ သို့သော် ယခုအခါတွင်မူ ၎င်းတို့သည် ရုတ်ခြည်း ပါးစပ်ကို ဖွင့်ဟလိုက်ကြတော့သည်။ ၎င်းတို့အနေနှင့် ယခုလို ပြောကြားခြင်းသည် ကြောက်စရာပင် ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် အနည်မထိုင်သေးသော ရဟန်းငယ်များ ပေါ်တွင် ဩဇာသက်ရောက်သောကြောင့် ဖြစ်သည်။

အော့ဇဒေါက်မှ ရဟန်းသည် ဉာဝေဖန်ချက်များကို သေသေချာချာ အာရုံစိုက်ပြီး နားထောင်သည်၊ သက်ပြင်းကြီးများ ချသည်၊ ခေါင်းကို တွင်တွင်ယမ်းခါသည်။ "ဒီအတိုင်းဆိုရင် ဖားသားဖီရာပွ်ုင့် ပြောတဲ့စကားတွေ မှန်တာပဲ" ဟု သူ့ကိုယ်သူ ပြောသည်။

ထိုအချိန်မှာပင် ထိုနေရာသို့ ဖားသားဖီရာပွ်ုင့်ကိုယ်တိုင် ရောက်ရှိလာတော့သည်။ အခြေအနေများကို ပိုမိုရှုပ်ထွေးအောင် တမင်လာရောက်သည့်အလားပင် ဖြစ်တော့သည်။

၎င်းသည် ပျားဂေဟာအနီးရှိ ကမ္ဗဋ္ဌာန်းကျောင်းကလေးမှ အပြင်သို့ ထွက်ခဲလှကြောင်း ကျွန်ုပ် ဖော်ပြခဲ့ပြီးပြီဖြစ်သည်။ ဘုရားရှိခိုးကျောင်းသို့ပင် လာရောက်ခဲလှသည်။ သူ့ကို ဘုန်းကြီးရူးကြီးဆိုပြီး လွှတ်ထားကြသည်။

ကျောင်းတိုက်ကြီး၏ စည်းကမ်းဥပဒေများကို လိုက်နာစောင့်ထိန်းခြင်းမှ ကင်းလွတ်ခွင့် ပြုထားကြသည်။ အမှန်အတိုင်း ပြောရလျှင်မူ သူ့ကို ကင်းလွတ်ခွင့်ပြုထားသည်ဟုပင် ပြောနေစရာမလိုပါ။ အစာရှောင်ခြင်း၊ နှုတ်ဆိတ်ခြင်းအမှုတို့ကို တင်းကျပ်စွာ ကျင့်ကြံအားထုတ် နေသော ပုဂ္ဂိုလ်ကြီးတဦးအား ရဟန်းတို့၏ စည်းကမ်းဥပဒေများကို ပြောနေ၍ မဖြစ်ပါ။ သူက နေ့ရောညရော ဆုတောင်းပတ္တနာ ပြုနေသူဖြစ်သည်။ သူသည် ဒူးထောက်နေရင်းနှင့် အိပ်ပျော်သွား တတ်သည်။ အကယ်၍ သူ့ကို သာမန် ဝိနည်းဥပဒေများကို လိုက်နာရမည်ဟု ပြောခဲ့လျှင်လည်း ရဟန်းတွေက ပြောကြပေလိမ့်မည်။

"အို သူက ကျုပ်တို့အားလုံးထက် မြင့်မြတ်တာပဲ။ သူက သတ်မှတ်ထားတဲ့ စည်းကမ်း ဥပဒေတွေ ထက် ပိုပြီး ကျင့်ကြံအားထုတ်နေတာပဲ။ ဘုရားရှိခိုးကျောင်းကို သူ မသွားဘူးဆိုရင်လည်း ဘယ်အချိန်ကျမှ သွားရမယ်ဆိုတာကို သူ နားလည်လို့နေမှာပဲ။ သူ့မှာ သူ့စည်းကမ်းနဲ့သူ ရှိနေတယ်" ယင်းကဲ့သို့ အများက ပြောဆိုနိုင်ကြသည့်အတွက်လည်း ဖားသား ဖီရာပွိုင့်သည် သူ့ဘာသူ အေးအေးချမ်းချမ်း နေနေရခြင်းပင် ဖြစ်တော့သည်။

ဖားသားဖီရာပွိုင့်အနေနှင့် ခင်ကြီး ဇော်ဇီမာကို အထူးပင် သဘောမကျကြောင်းကို လူတိုင်း သိရှိကြသည်။ ထို့နောက် "ဘုရားသခင်ရဲ့အဆုံးအဖြတ်ဟာ လူတွေနဲ့မတူဘူး" ဆိုသောစကားနှင့် "သဘာဝတရားထက် လွန်ကဲပြီးဖြစ်သည့်" ဆိုသည့် သတင်းတို့သည် ယခုအခါတွင် သူ့ထံသို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။ သည်သတင်းကို သူ့ထံသို့ အလျင်ဆုံး ပြေးပြီး သံတော်ဦးတင်သည့် ပုဂ္ဂိုလ်မှာလည်း အော့ဗဒေါက်ရဟန်းပင် ဖြစ်နိုင်သည်။ ၎င်းသည် ယမန်နေ့က သူ့ထံသို့ ရောက်ရှိခဲ့ပြီး သူ၏ ကမ္ဘာန်းတဲမှ ထိတ်လန့်ချောက်ချားစွာ ပြန်လာခဲ့ရသူ ဖြစ်သည်။

ခေါင်းအနီးတွင် မလှုပ်မယှက်ကြီး မတ်တတ်ရပ်ပြီး ခရစ်ဝင်ကျမ်းကို ရွတ်ဖတ်နေသော ဖားသား ပေဆီသည် အပြင်တွင် ဘာတွေဖြစ်နေသည်ကို မမြင်ရ မကြားရသော်လည်း ဖြစ်ပျက်နေမည့် အခြင်းအရာများကို သူ့စိတ်ထဲမှ မှန်းဆသိရှိနေကြောင်း ကျွန်ုပ် ပြောဆိုခဲ့ပြီးပြီ ဖြစ်သည်။ အကြောင်းမှာ သူသည် ဤကျောင်းတိုက်ကြီး၏ အခြေအနေကို ကောင်းကောင်းသိရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် သူသည် စိတ်အနှောင့်အယှက်ဖြစ်ခြင်း မရှိဘဲ ဖြစ်ပေါ်လာမည့်အခြေအနေကို ကြောက်လန့်ခြင်း ကင်းမဲ့စွာဖြင့် စောင့်ဆိုင်းလျက် ရှိသည်။ ဘာတွေ ဖြစ်လာနိုင်သည်ကိုလည်း သူ၏ စိတ်က ထွင်းဖောက်ပြီး သိရှိနေပါသည်။

ရုတ်တရက်ဆိုသလို အပြင်ဘက်မှ ဆူဆူညံညံ အသံကြီးတခု ထွက်ပေါ်လာပြီး သူ့နားထဲသို့ ရောက်ရှိလာသည်။ စောစောက စောင့်စည်းခဲ့ကြသော

ယဉ်ကျေးမှုကို အတိအလင်း ချိုးဖောက်လိုက် ခြင်းပင် ဖြစ်သည်။ အခန်းတံခါးပွင့်သွားပြီး အခန်းဝတွင် ဖီရာပွိုင့် ပေါ်လာသည်။ သူ့နောက်ဘက် တွင် ဘုန်းကြီးတွေနှင့် မြို့ထဲမှလူတွေ တအုပ်ကြီး ရှိနေသည်။ သို့သော် ၎င်းတို့သည် အပေါ်သို့ တက်ရောက်မလာကြဘဲ လှေကားရင်းမှာပင် ရပ်နေကြသည်။ ဖားသားဖီရာပွိုင့် ဘာလုပ်မလဲ ဘာပြောမလဲဆိုသည်ကို စောင့်ကြည့်နေကြသည်။ ဤဘုန်းကြီး အကြောင်းမဲ့ လာရောက်ခြင်း မဟုတ်ကြောင်း သူတို့ သိရှိသည်။ ဖားသား ဖီရာပွိုင့်သည် တံခါးဝတွင်ရပ်ကာ လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ ၎င်း၏ လက်ယာဘက်လက် အောက်တွင် အော့ဗဒေါက် ဘုန်းကြီး၏ စပ်စုသော မျက်လုံးများက ချောင်းကြည့်လျက်ရှိသည်။ သူတယောက်သာလျှင် စပ်စုသည့်စိတ်ကို မတားဆီးနိုင်သဖြင့် လှေကားပေါ်သို့ ပြေးတက်လာခဲ့ခြင်း ဖြစ်သည်။ အခြားသူများက သူနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ တံခါးပွင့်သံ ဝုန်းခနဲ ပေါ်ထွက်လာသောအခါ ၎င်းတို့သည် နောက်ဘက်သို့ ဆုတ်သွားကြသည်။

ဖားသား ဖီရာပွိုင့်သည် လက်နှစ်ဖက်သို့ မြှောက်ထားရင်း ရုတ်တရက်ဆိုသလို ကျယ်လောင်စွာ ရွတ်ဆိုလိုက်သည်။

"နှင်ထုတ်ခြင်းကို ပြု၏၊ ငါ ပြု၏"

ထို့နောက် နံရံလေးဖက်နှင့် အခန်းထောင့်လေးထောင့်တို့ကို တခုပြီးတခု ရည်ညွှန်းပြီး လက်ဝါးကပ်တိုင်သင်္ကေတ ပြုလိုက်သည်။

ထိုအခါ သူ ဘာလုပ်သည်ကို သူ့နောက်မှ ပါလာသူများအားလုံးက သဘောပေါက် နားလည်ကြ သည်။ သူသည် ဘယ်အရပ် ဘယ်နေရာသို့ ရောက်ရောက် ဤအတိုင်း ပြုမူတတ်သည်။ သူသည် မကောင်းဆိုးဝါးများကို နှင်ထုတ်ခြင်း မပြုဘဲနှင့် ဘယ်တော့မှ မထိုင်ပါ။ စကားတခွန်း မပြောပါ။

"အသင်စာတန် ... ဤမှ သွားလော့၊ အသင်စာတန် ဤမှ သွားလော့"

သူက လက်ဝါးကပ်တိုင်သင်္ကေတ တခါပြုတိုင်း တခါရွတ်ဆို၏။ ထို့နောက် ... "နှင်ထုတ်ခြင်းကို ပြု၏၊ ငါ ပြု၏"

ကျယ်လောင်စွာ မြည်ဟိန်းလိုက်ပြန်သည်။ သူသည် ခါးစည်းကြိုးပါသည့် ကြမ်းတမ်းသော သင်တိုင်းရှည်ကြီးကို ဝတ်ထားသည်။ သူ၏ရင်ဘတ်ပေါ်တွင် အမွေးဖြူဖြူများ ဖုံးလွှမ်းလျက် ရှိသည်ကို လျှော်ကြမ်းအင်္ကျီအောက်တွင် တွေ့မြင်နေရသည်။ သူ၏ ခြေထောက်များတွင် ဖိနပ် စီးမထားပါ၊ သူ့လက်များကို လှုပ်ရှားလိုက်သောအခါ သင်တိုင်းရှည်ကြီးအောက်တွင် ဝတ်ဆင်ထား သော သံကြိုးကြီးများက ချိုးချိုးချွင်ချွင် မြည်ကြသည်။

ဖားသားပေဆီသည် ကျမ်းစာဖတ်နေခြင်းကို ရပ်လိုက်ပြီး တံခါးပေါက်ဆီသို့ လျှောက်သွားကာ ဖီရာပွိုင့်၏ရှေ့တွင် ရပ်လိုက်သည်။

"အရှင်ဘုရား၊ ဘာကိစ္စလာပါသလဲ၊ အားလုံး အေးအေးချမ်းချမ်း ရှိနေတဲ့အဖြစ်ကို နှောင့်ယှက်ရတာ လဲ၊ သိုးအုပ်ကြီးကို ဘာဖြစ်လို့ ဖရိုဖရဲ ဖြစ်စေရတာလဲ"

ဖီရာပွိုင့်ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်ရင်း ဖားသားပေဆီက မေးလိုက်သည်။

"ကျွန်ုပ် ဘာဖြစ်လို့လာတာလဲ ဟုတ်လား။ အသင် ဤသို့မေးသည်လား၊ အသင် ဘာယုံကြည်သလဲ" ဖားသားဖီရာပွိုင့် အရှူးလို ဟစ်အော်လိုက်သည်။ "ကျွန်ုပ် ဒီကိုလာတာ အသင်ရဲ့ ဩ့သည်တွေကို မောင်းထုတ်ဖို့ပဲ။ ညစ်ညူးတဲ့ နတ်ဆိုးတွေကို မောင်းထုတ်ဖို့ပဲ။ ကျွန်ုပ်မရှိတဲ့အချိန်မှာ အသင်ဟာ မကောင်းဆိုးဝါးတွေ ဘယ်လောက်များများ မွေးထားသလဲ၊ အဲဒါတွေကို ကျွန်ုပ် သစ်ခက် တံမြက်စည်းနဲ့ လှည်းထုတ်ရမယ်"

ထိုအခါ ဖားသားပေဆီက ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ပြန်ပြောသည်။

"အသင်က မကောင်းဆိုးဝါးများကို နှင်ထုတ်တယ်၊ ဒါပေမဲ့ အသင်ကိုယ်တိုင်က သူ့ကို အလုပ်အကျွေး ပြုနေတယ်၊ "ကျွန်ုပ်သန့်ရှင်းတယ်" လို့ ကိုယ့်ကိုယ်ကိုယ် ဘယ်သူပြောနိုင်သလဲ၊ အသင် ပြောနိုင်သလား"

"ကျွန်ုပ် မသန့်ရှင်းပါဘူး၊ ညစ်ညူးပါတယ်" ဖားသားဖီရာပွိုင့်က မိုးချုန်းသည်သို့ ပြောပြန်သည်။ "ကျွန်ုပ်ဟာ ပက်လက်ကုလားထိုင်မှာ မထိုင်ဘူး၊ ကျွန်ုပ်ကို ရုပ်ပွားတော်တဆူလို ပျပ်ဝပ် ညွတ်တွားပြီး အပူဇော်မခံဘူး၊ ဒီခေတ်ကြီးမှာ လူတွေဟာ ယုံကြည်မှု အစစ်အမှန်ကို ချိုးဖောက် ဖျက်ဆီးနေကြတယ်၊ အသင်တို့ရဲ့သူတော်စင်ကြီးကလည်း.." ပရိသတ်ဘက်သို့ သူလှည့်ကာ ခေါင်းကို လက်ညှိုးထိုးပြလျက်... "နတ်ဆိုးတွေရှိတယ်ဆိုတာကို လက်မခံဘူး၊ မကောင်းဆိုးဝါးတွေ မကပ်နိုင်အောင်ဆိုပြီး သူက ဆေးပေးတယ်။ အဲဒီတော့ မကောင်းဆိုးဝါးတွေဟာ အခန်းထောင့် တွေက ပင့်ကူတွေလောက် များပြားလာကြတယ်၊ အခုတော့ သူကိုယ်တိုင်လည်း ပုပ်သိုးပြီ မဟုတ်လား၊ အဲဒါဟာ ဘုရားသခင်ရဲ့ နိမိတ်လက္ခဏာပဲ"

သူပြောသည့်ဇာတ်လမ်းက သည်လို ... ရဟန်းတပါးသည် အစပထမပိုင်းတွင် မကောင်းဆိုးဝါးတွေ မြင်ရသည်ဆိုပြီး အိပ်မက်ထဲမှာ အခြောက်ခံရသည်။ နောက်တော့ သူဟာ နိုးနေတဲ့အချိန်တွေမှာ လည်း မကောင်းဆိုးဝါးတွေကို မြင်ရတယ်လို့ ဆိုသည်။ ထိုတွင် သူသည်

တုန်လှုပ်ချောက်ချားပြီး ခင်ကြီးဇော်ဇီမာထံ ဆည်းကပ် တိုင်ပင်သည်။ ထိုအခါ ခင်ကြီးက အဆက်မပြတ် ဘုရားဝတ်ပြုဖို့နှင့် ပြင်းပြင်းထန်ထန် အစားအစာ ရှောင်ကြဉ်ဖို့ အကြံပေးသည်။ သို့သော် ရောဂါမသက်သာသည့် အခါတွင် ဆေးတမျိုးကို မှီဝဲသုံးစွဲဖို့ ပေးသည်။ ထိုအခါ ဆေးပေးသည့်အတွက် ရဟန်းတော်တော်များများက ဆွေးနွေးကြသည်။ အပြစ်ပြောကြသည်၊ ခေါင်းခါကြသည်။ အထူးသဖြင့် ဖားသားဖီရာပွိုင့်က အပြစ်ဆိုသည်။ ခင်ကြီးဇော်ဇီမာ၏ 'အဆန်းတကြယ်' ဆေးကုမှုကြီးကို ရဟန်းအချို့က သူ့ဆီကို သတင်းပို့၍ပဲ ဖြစ်သည်။

"ဒီမှ သွားလေ့ အသင်ရဟန်း" ဖားသားပေဆီက အမိန့်ပေးသလို ပြောလိုက်သည်။ "တရားစီရင်ရမယ့်အလုပ်ဟာ လူတွေရဲ့အလုပ်မဟုတ်ဘူး၊ ဘုရားသခင်ရဲ့အလုပ်ဖြစ်တယ်၊ တကယ်လို့ ကျွန်ုပ်တို့ဟာ 'အရိပ်လက္ခဏာ' တခုကို မြင်ကြတယ်ဆိုရင်လည်း အသင်ရော ကျွန်ုပ်ရော ဒီလူအုပ်ထဲက ဘယ်သူမှရော နားမလည်နိုင်ဘူး၊ ဒီမှ သွားလေ့ အသင် ရဟန်း၊ သိုးအုပ်ကြီးကို လမ်းမှားအောင် မလုပ်ပါနဲ့"

"သူဟာ ခြိုးခြံကျင့်ကြံခြင်းအမှုကို ဝိနည်းတော်နဲ့အညီ မကျင့်ကြံဘူး၊ ဒါကြောင့်မို့လို့ ကောင်းကင်ဘုံ က အရိပ်လက္ခဏာပြတာပဲ၊ ဒါဟာ ရှင်းနေတာပဲ၊ ဒါကို ဖုံးကွယ်ထားမယ်ဆိုရင် ဒုစရိုက်မှုတခုပဲ"

ဘုန်းကြီးရှုးသည် အင်မတန် စိတ်ဇောကြွနေသဖြင့် ငြိမ်သက်ခြင်းငှာ မတတ်နိုင်ဘဲ ဆက်ပြီး ပြောနေသည်။

"သူက အချိုအဆိမ့်တွေကို တပ်မက်တယ်၊ မာတုဂါမတွေက အချိုအဆိမ့်တွေကို သူတို့ အိတ်တွေထဲမှာ ထည့်ပြီး သူ့ဆီကို ယူလာတယ်၊ သူက လက်ဖက်ရည်လည်း သောက်တယ်၊ သူက သူ့ဝမ်းဗိုက်ကိုကိုးကွယ်တယ်။ အချိုအဆိမ့်တွေနဲ့ ဖြည့်တင်းတယ်၊ သူ့ခေါင်းထဲမှာ မာန်မာနစိတ်တွေ လွှမ်းနေတယ်။ ဒါကြောင့် သူဟာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာပဲ ..."

"အသင်ဟာ သိမ်ဖျင်းတဲ့ စကားတွေကို ပြောနေတာပဲ" ဖားသားပေဆီကလည်း လေသံကို မြှင့်ပြီး ပြောလိုက်သည်။ "အသင်ရဲ့အစားအစာ ရှောင်ကြဉ်မှုနဲ့ ခြိုးခြံကျင့်ကြံမှုကို ကျွန်ုပ် ချီးကျူး လေးစားပါတယ်။ ဒါပေမဲ့ အသင်ဟာ အကျိုးမရှိတဲ့ စကားတွေကို ပြောတယ်၊ ဘာမျှ နားမလည်တဲ့ လူငယ်တယောက် ကလေးကလားစကားတွေ ပြောနေတဲ့အတိုင်းပဲ ဖြစ်တယ်၊ ဒီမှ သွားလေ့ အသင်ရဟန်း၊ ကျွန်ုပ် အမိန့်ပေးတယ်"

ဖားသားပေဆီက မိုးချုန်းသည်သို့ နိဂုံးချုပ်လိုက်သည်။

“ကျွန်ုပ် သွားမှာပါ၊ ဘာမှ မပူပါနဲ့” အနည်းငယ် နောက်တွန့်သွားဟန်ဖြင့် ဖားသား ဖီရာပွိုင့် ပြန်ပြောသည်။ သို့သော် ရန်လိုမုန်းထားသည့် သဘောမှာကား မလျော့ချေ။ “အသင်တို့က ရဟန်းပညာရှိကြီးတွေ ... အသင်တို့က ပညာတတ်တယ်၊ စာတတ်တယ်ဆိုပြီး ကျွန်ုပ်တို့လို အညတရ ရဟန်းတွေကို အပေါ်ကစီးပြီး ကြည့်ကြတယ်၊ ကျုပ် ဒီကိုလာတော့ ဘာစာမှ မတတ်သလောက်ပဲ၊ ဒီကိုရောက်တော့ တတ်ထားတာကလေးတွေတောင် အကုန်မေ့သွားတယ်၊ ဒါပေမဲ့ ကျွန်ုပ်ကို ဘုရားသခင်က အကာအကွယ် ပေးထားတယ်”

ဖားသားပေဆီသည် သူ့အပေါ်တွင် မိုးပြီး ရပ်နေသည်။ သူ ဆက်ပြီးပြောမည်ကို နားထောင်နေသည်။ ဖားသားဖီရာပွိုင့်သည် ခေတ္တမျှ တိတ်ဆိတ်နေသည်။ ထို့နောက် ရုတ်တရက်ဆိုသလို သူ၏ ပါးပြင်ကို သူ၏ ယာဘက်လက်ပေါ်တွင် ကပ်မှီလိုက်ပြီးနောက် ကွယ်လွန်သူ ခင်ကြီး၏ ခေါင်းကိုကြည့်ကာ နိမ့်တုံမြင့်တုံ သီချင်းဆိုသံမျိုးဖြင့် ...

“မနက်ဖြန်ကျရင် သူ့အတွက် ‘ကျွန်ုပ်တို့၏ ကူညီသူနှင့် ကာကွယ်သူ’ ဆိုတဲ့ ဓမ္မသီချင်းကို သီဆိုကြလိမ့်မယ် ... အဲ ကျုပ်သေတဲ့အခါကျရင်တော့ ‘ဝမ်းမြောက်ဖွယ်ရာ’ ဆိုတဲ့ **သာချင်းအတို** (ရဟန်းတပါး ကွယ်လွန်၍ ရုပ်အလောင်းကို သူ၏ ကျောင်းတော်မှ ဘုရားရှိခိုးကျောင်းသို့ ပို့ဆောင်သည့်အခါတွင် ‘ဝမ်းမြောက်ဖွယ်ရာ’ သာချင်းကို သီဆိုရသည်။ သို့သော် ကွယ်လွန်သူသည် ဆရာတော်တပါး ဖြစ်ခဲ့လျှင် ‘ကျွန်ုပ်တို့၏ ကူညီသူနှင့် ကာကွယ်သူ’ ကို သီဆိုကြရသည်။) ကလေးကိုသာ သီဆိုကြလိမ့်မယ်” သူက မျက်ရည်စက်လက်ဖြင့် သနားဖွယ်ရာ ပြောဆိုသည်။ ထို့နောက် ဆက်ပြီး ... “အသင်တို့က မာနကြီးတယ်၊ ဘဝင် မြင့်တယ်၊ ဒီနေရာဟာ အချည်းနှီးသော နေရာပဲ”

သူက အရူးတယောက်လို ရုတ်တရက် လက်ကို ဝှေ့ယမ်းကာ ဟစ်အော်လိုက်သည်။ ထို့နောက် တမုဟုတ်ချင်းမှာပင် ကိုယ်ကို လှည့်လိုက်ပြီး လှေကားထစ်များမှ လျင်မြန်စွာ ဆင်းသွားသည်။

အောက်ဘက်တွင် စောင့်ဆိုင်းနေသော ပရိသတ်ကြီး နားဝေတိမ်တောင် ဖြစ်သွားကြသည်။ အချို့မှာ သူ့နောက်သို့ လိုက်သွားကြသည်။ အချို့မှာ တုံ့ဆိုင်းဖင့်နွှေးနေကြသည်။ အကြောင်းမှာ ကျောင်းသင်္ခမ်း တံခါးသည် ပွင့်လျက်ပင် ရှိနေသေးသောကြောင့် ဖြစ်သည်။

ဖားသားပေဆီသည် ဖားသားဖီရာပွိုင့် နောက်သို့ လျှောက်လိုက်လာပြီး တံခါးပေါက်တွင် ရပ်ကာ လှေကားပေါ်မှ ဆင်းသွားသည်ကို ကြည့်နေသည်။

စိတ်မာန်ကြွနေသော ဘုန်းကြီးရူးကြီးသည် အတောမသတ်သေးပါချေ။ အလှမ်း နှစ်ဆယ်ခန့်မျှ လျှောက်မိသောအခါ သူသည် ဝင်နေပြီဖြစ်သော

နေလုံးကြီးဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး လက်နှစ်ဖက်ကို ခေါင်းပေါ်မြှောက်ကာ မြေပြင်ပေါ်သို့ ရုတ်တရက်ကြီး မှောက်ချလိုက်သည်။

"ငါ၏ ဘုရားသခင်က အောင်မြင်ခြင်း ဖြစ်တယ်၊ အစ္စရင်ယေရှုက နေလုံးကြီးကို အောင်မြင်ခြင်း ဖြစ်တယ်"

သူက လက်နှစ်ဖက်ကို အနောက်ဘက်သို့ မြှောက်ကာ အရူးတယောက်လို ဟစ်အော်လျက်ရှိသည်။ ထို့နောက် မြေပြင်ကို မျက်နှာဖြင့်အပ်ကာ ကလေးတယောက်လို ငိုကြွေးတော့သည်။ လက်နှစ်ဖက် ကို မြေကြီးပေါ်တွင် မှောက်ထားပြီး ငိုရှိုက်မှုကြောင့် သူ့တကိုယ်လုံး တုန်ယင်လျက်ရှိသည်။

ပရိသတ်ကြီး အားလုံးပင် သူ့ထံသို့ ပြေးသွားကြသည်။ အံ့ဩသည့် အာမေဋိတ်သံများနှင့် သနားသဖြင့် ငိုကြွေးသည့်အသံများ ထွက်ပေါ်လာသည်။ အကုန်လုံးပင် စိတ်ရှုပ်ပေါက်ကုန်ကြသည့် အလား ဖြစ်သည်။

"သည်ရဟန်းကြီးသာလျှင် သူတော်စင် ဖြစ်တယ်၊ သည်ရဟန်းကြီးသာလျှင် သန့်ရှင်း မြင့်မြတ်သူ ဖြစ်တယ်"

လူအချို့သည် ကြောက်လန့်ခြင်း မရှိတော့ဘဲ ဟစ်ကြွေးတော့သည်။

"သည်ရဟန်းကြီးသာလျှင် ခင်ကြီးဆရာတော် ဖြစ်သင့်တယ်"

အချို့က မလိုမုန်းထားစွာဖြင့် ပြောဆိုကြသည်။

"သူ ဘယ်တော့မှ ခင်ကြီးဆရာတော် မဖြစ်ဘူး၊ သူ ငြင်းမှာ အမှန်ပဲ၊ ကျိန်စာသင့်နေတဲ့ အယူအဆသစ်တွေကို သူ ဘယ်တော့မှ လက်မခံဘူး၊ သူတို့တွေရဲ့ မိုက်မဲတဲ့အမှုတွေကို သူ ဘယ်တော့မှ အတုယူမှာ မဟုတ်ဘူး"

အကယ်၍သာ ထိုအချိန်တွင် ဘုရားဝတ်ပြုရန် ခေါင်းလောင်းထိုးခတ်ခြင်း မပြုခဲ့လျှင် ဘယ်အထိ ဖြစ်ကုန်ကြမည်ကို မည်သူမျှ မပြောနိုင်ပါ။ ပရိသတ်အားလုံးပင် သူတို့ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင် သင်္ကေတ ပြုလုပ်ကြသည်။

ဖားသားဖီရာပွ်ုင့်သည်လည်း မြေကြီးပေါ်တွင် မှောက်ခုံကြီးရှိနေရာမှ မတ်တတ်ထရပ်ပြီး သူ့ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင်သင်္ကေတ ပြုလုပ်ကာ သူ၏ကျောင်းသင်္ခမ်းသို့ ပြန်သွားလေတော့ သည်။ သူသည် နောက်ဘက်သို့ တချက်မျှ ပြန်စောင်းမကြည့်ပါ။ သို့သော် ပါးစပ်မှ ဗလုံးဗထွေး ရွတ်ဆိုသွားလျက်ရှိသည်။ သူ့နောက်သို့ လူတချို့ လိုက်သွားသည်။ သို့သော် အများစုသည် လူစုကွဲသွားကြပြီး ဘုရားရှိခိုးကျောင်းဆီသို့ ဝတ်ပြုရန် ခပ်သုတ်သုတ်

သွားရောက်ကြသည်။

ဖားသားပေဆီသည် ခရစ်ဝင်ကျမ်း ရွတ်ဖတ်သည့်အမှုကို ဖားသားဂျိုးဆက်သို့ လွှဲအပ်ခဲ့ပြီးနောက် အပြင်သို့ ထွက်သွားသည်။ သူသည် အရူးတွေ၏ ကပေါက်ကရောက် ပြောဆိုမှုများကို ခေါင်းထဲမှ ခါချ၍ မရနိုင်ဘဲ ရှိနေသည်။ သို့သော် သူသည် ရုတ်ခြည်းဆိုသလိုပင် သူ့ရင်ထဲတွင် နာကျင်မှုတခုကို ခံစားရသည်။ သူ တုံ့ခနဲ ရပ်လိုက်ပြီး သူ့ကိုယ်သူ မေးမိသည်။

"ငါ ဘာဖြစ်လို့ ဝမ်းနည်းပူဆွေးရတာလဲ"

သို့သော် တခဏချင်းမှာပင် သူ ဝမ်းနည်းပူဆွေးရသည့် အကြောင်းရင်းကို သိရှိရသည်။ ယင်းအကြောင်းသည် ဘာမျှမဟုတ်သော သေးငယ်သည့် အကြောင်းကလေး တခုမျှသာဖြစ်ကြောင်း တွေ့ရှိရသောအခါ သူ အံ့ဩမိသည်။

ကျောင်းသင်္ခမ်း အဝင်ဝတွင် စုပြုံနေသော လူအုပ်ကြီးအကြားတွင် အလျှိုရှာကို တွေ့မြင်လိုက် ရသည်။ ၎င်းကို မြင်တွေ့လိုက်ရသောအခါ သူ့ရင်ထဲတွင် စူးခနဲ နာကျင်သွားသည်ကို သူ သိရှိရသည်။

"ဒီကောင်ကလေးဟာ ငါ့စိတ်နှလုံးကို ဒီလောက်ပဲ ထိခိုက်စေနိုင်သလား"

သူ့ကိုယ်သူ မေးရင်း စဉ်းစားနေမိသည်။ ထိုအချိန်မှာပင် အလျှိုရှာသည် သူ့အနီးမှ ခပ်သုတ်သုတ် ဖြတ်သွားသည်။ သို့သော် ဘုရားရှိခိုးကျောင်းဆီသို့ကား မဟုတ်ပါ။ သူတို့၏ မျက်လုံးများ ဆုံမိကြသည်။ အလျှိုရှာသည် ချက်ချင်းပင် မျက်လုံးကို လွှဲဖယ်လိုက်ပြီး မြေကြီးပေါ်သို့ စိုက်ကြည့်လိုက်သည်။ ၎င်း၏အကြည့်ကို တွေ့မြင်လိုက်ရသည်ဆိုလျှင်ပင် ထိုအချိန်၌ ၎င်းသူငယ် သည် အကြီးအကျယ် ပြောင်းလဲလျက်ရှိပြီ ဖြစ်ကြောင်းကို ဖားသား ပေဆီ သိမြင်ရသည်။

"မင်းကော အယူတိမ်းသွားပြီလား၊ မင်းလည်းပဲ ယုံကြည်မှု နည်းသွားပြီလား"

ဖားသားပေဆီ စိတ်မကောင်းစွာဖြင့် လွှတ်ခနဲ ပြောဆိုလိုက်သည်။ အလျှိုရှာ ရပ်လိုက်သည်။ ဖားသားပေဆီကို ခပ်ဝါးဝါးကြည့်သည်။ သို့သော် စောစောကအတိုင်းပင် သူ့မျက်လုံးများကို ချက်ချင်း လွှဲဖယ်လိုက်ပြန်သည်။ မြေကြီးဆီသို့ စိုက်ကြည့်နေသည်။ သူသည် ဖားသားပေဆီနှင့် ဘေးတိုက် အနေအထားတွင် ရှိနေပြီး ဖားသားပေဆီဘက်သို့ မလှည့်ပါ။ ဖားသားပေဆီသည် သူ့ကို သေသေချာချာ ကြည့်ရှုလိုက်ပြီးနောက် ...

"ရေးကြီးသုတ်ပျာနဲ့ ဘယ်ကိုသွားမလို့လဲ၊ ဘုရားဝတ်ပြုဖို့ ခေါင်းလောင်း ထိုးနေပြီ"

အလျှိုရှာ မဖြေပါ။

"ကျောင်းသင်္ခမ်းကနေ မင်း ထွက်သွားတော့မလို့လား၊ ဘယ်ကိုလဲ.. အခွင့်မတောင်းဘဲ၊ ကောင်းချီး ပြုခြင်းကို မတောင်းဘဲနဲ့လား"

ရုတ်ခြည်းဆိုသလို အလျှိုရှာ ရှုံ့မဲ့ကာ ပြုံးလိုက်သည်။ ထို့နောက် သူ၏ ချစ်မြတ်နိုးလှစွာသော၊ သူ၏ နှလုံးသားကို စိုးပိုင်ခဲ့သော ခင်ကြီးဆရာတော်က ၎င်းမကွယ်လွန်မီတွင် သူ့အား ရှေ့ဆောင် လမ်းညွှန်ရန် ယုံကြည်စိတ်ချစွာ အပ်နှံခဲ့သော ဘုန်းတော်ကြီးကို ထူးဆန်းစွာဖြင့် ... အလွန့်အလွန် ထူးဆန်းစွာဖြင့် တချက် ကြည့်လိုက်သည်။

ထို့နောက် စောစောကအတိုင်းပင် တစုံတရာ ဖြေကြားခြင်းမပြုဘဲ မည်သို့မျှ အရိုအသေ အလေးအမြတ် ထားရန် မလိုအပ်သော ဟန်မျိုးဖြင့် လက်တဖက်ကို ဝှေ့ယမ်းကာ လျင်မြန် သွက်လက်သော ခြေလှမ်းများဖြင့် ကျောင်းသင်္ခမ်းနှင့် ဝေးရာအရပ်သို့ ထွက်ခွာသွားလေတော့သည်။

"မင်း ဒီကို ပြန်လာမှာပါပဲ"

ဖားသားပေဆီက သူထွက်ခွာသွားသည်ကို စိတ်မကောင်းစွာ အံ့အားသင့်စွာဖြင့် ငေးကြည့်ရင်း တီးတိုးရွတ်ဆိုလိုက်သည်။

၂။ အခွင့်ကောင်းတခု

သူ၏ 'ချစ်လှစွာသော သူငယ်ကလေး' ပြန်လာလိမ့်မည်ဟု ဖားသားပေဆီ ဆုံးဖြတ်ခြင်းသည် မမှားပါချေ။ သူသည် အလျှိုရှာ၏ အတွင်းစိတ် အခြေအနေကို လုံးဝကြီး မဟုတ်တောင် အတော်ကြီး မှန်ကန်သည်အထိ ထွင်းဖောက်ပြီး မြင်နိုင်ခဲ့ပါသည်။

သို့ရာတွင် အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်အနေနှင့် အင်မတန်ချစ်ပြီး ကျွန်ုပ်၏ဝတ္ထုတွင် ငယ်ရွယ်နုပျိုသော ဇာတ်လိုက်ဖြစ်သည့် အလျှိုရှာ၏ ထိုအချိန်က ထူးခြားဆန်းကြယ်ပြီး မထင်မရှား ဝိုးတဝါးဖြစ်သော ဘဝကို ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ပီပီပြင်ပြင် တိတိပပ ဖော်ပြနိုင်ရန် မလွယ်ကူဘဲ ခက်ခဲလျက် ရှိခဲ့ပါသည်။

"မင်းလည်းပဲ ယုံကြည်မှု နည်းသွားပြီလား" ဟု ဖားသားပေဆီက ကြေကွဲဝမ်းနည်းစွာဖြင့် မေးခဲ့သည်။ ထိုမေးခွန်းကိုမူကား အလျှိုရှာကိုယ်စား ကျွန်ုပ် ပြတ်သားစွာ ဖြေနိုင်ပါသည်။

မဟုတ်ပါ။ ယုံကြည်မှု နည်းသူများတွင် သူ မပါပါ။ ၎င်းနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်ပါသေးသည်။ သူ့တွင် ပြဿနာဖြစ်ရသည်က ယုံကြည်မှု ကြီးမားလွန်းသောကြောင့် ဖြစ်သည်။ သို့သော် ရှုပ်ထွေးမှုတွေ အများကြီးရှိနေသည်။ ရင်ထဲမှာ နာကျင်ထိခိုက်ရသည်မှာလည်း အဆမတန်ပင် ဖြစ်သည်။ ထိုနေ့သည် သူ၏ဘဝတွင် အဆိုးရွားဆုံးနှင့် အရေးအကြီးဆုံး နေ့တနေ့ဖြစ်ကြောင်း နောက်ပိုင်းတွင် အလျှိုရှာ တွေးမိရတော့သည်။

"သူ့အနေနှင့် စိတ်ထိခိုက်ပြီး ကသိကအောက် ဖြစ်ရခြင်းသည် သူ၏ဆရာတော် တန်ခိုးနိမိတ်များ မပြဘဲ စောစီး လျင်မြန်စွာ ပုပ်သိုးသွားခြင်းကြောင့်လော" ဟု မေးမြန်းခဲ့လျှင် ကျွန်ုပ် အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိဘဲ ဖြေပါမည်။

"ဟုတ်ကဲ့ .. မှန်ပါသည်၊ ထိုအတိုင်းပဲ ဖြစ်ပါသည်"

စာဖတ်သူများကို ကျွန်ုပ် တခုပဲ တောင်းပန်လိုသည်။ ကျွန်ုပ်၏ ဇာတ်လိုက်ကလေး စိတ်နှလုံးဖြူစင် ရိုးစင်းလွန်းသည်ကို အရယ်မလောကြဖို့ပင် ဖြစ်ပါသည်။ သို့သော် ယင်းကဲ့သို့ သူ၏ ယုံကြည်စိတ် ရိုးသားဖြောင့်စင်းလွန်းရခြင်းသည် သူ့အနေနှင့် ငယ်သေး၍ သို့မဟုတ် ပညာလေ့လာဆည်းပူးမှု မပြည့်သေး၍ဟု ကျွန်ုပ် တောင်းပန်ရန် စောဒကတက်ရန် မရည်ရွယ်ပါ။

ထိုသို့ မရည်ရွယ်ရုံမျှမက သူ၏ နှလုံးသားအရည်အသွေးကို ကျွန်ုပ် အမှန်တကယ် လေးစားကြောင်း ပြောဆိုကြေညာလိုပါသည်။

စိတ်ထိခိုက်စရာ အချက်များကို သတိထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်တတ်သူများ၊ ချစ်ခြင်း မေတ္တာတွင် သိပ်ပြီး အလေးအနက် မထားဘဲ အထိုက်အလျောက်မျှသာ သဘောထားသူများ၊ အရွယ်နှင့် မမျှအောင် ကျိုးကြောင်းဆင်ခြင်တတ်သူများ... ယင်းကဲ့သို့သော လူငယ်တယောက် ဖြစ်ခဲ့လျှင်ကား ကျွန်ုပ်၏ ဇာတ်လိုက်ဖြစ်သော အဖြစ်မျိုးမှ ရှောင်ရှားနိုင်ပေလိမ့်မည်။

သို့သော် အမှန်အတိုင်း ပြောရလျှင် အချို့သောကိစ္စများတွင် အကျိုးအကြောင်း ဆီလျော်မှု မရှိသော်လည်း ကြီးမားသော မေတ္တာတရားမှ ပေါ်ထွက်လာသည့် စိတ်လှုပ်ရှားဖွယ်ရာတခုကို မထိခိုက်ဘဲ တင်းခံနေခြင်းထက် ထိခိုက်ခံစားခြင်းက လိုလားနှစ်သက်ဖွယ် ဖြစ်ပါသည်။ ဤအဖြစ်သည် ငယ်ရွယ်သူများအတွက် ပို၍ပင် မှန်ကန်သင့်မြတ်ပါသည်။ အကြောင်းမှာ လူငယ် တယောက်အနေနှင့် အမြဲတမ်းလိုပင် အကျိုးအကြောင်း မှန်ကန်စွာ ရှိနေခဲ့လျှင် သိပ်ပြီး ယုံကြည်စရာ မရှိပါ။ သိပ်ပြီး တန်ဖိုးမရှိပါ ... ဤသည်မှာ ကျွန်ုပ်၏ အယူအဆ ဖြစ်ပါသည်။

“ဒါပေမဲ့ လူငယ်လူရွယ်တိုင်းဟာ ဒီလို အယူသီးမှုတွေမှာ မယုံကြည် မစွဲလမ်းနိုင်ဘူး၊ ခင်ဗျားရဲ့ ဇာတ်လိုက်ဟာ တခြားလူတွေအတွက် စံပြ မဖြစ်နိုင်ဘူး”

ဆင်ခြင်နှိုင်းဆတတ်သူတွေက ယင်းကဲ့သို့ ပြောဆိုနိုင်ပါသည်။ ယင်းအချက်ကို ကျွန်ုပ်က ဤကဲ့သို့ ပြန်ကြားပါသည်။

“ဟုတ်ကဲ့၊ ကျွန်ုပ်ရဲ့ဇာတ်လိုက်မှာ ယုံကြည်သက်ဝင်မှု ရှိတယ်။ သူ့ရဲ့ ယုံကြည်မှုဟာ ခိုင်မာတယ်၊ ပြတ်သားတယ်၊ ဒါပေမဲ့ အဲဒီအတွက် သူ့ကိုယ်စား ကျွန်ုပ် မတောင်းပန်နိုင်ဘူး”

ကျွန်ုပ်၏ ဇာတ်လိုက်နှင့် ပတ်သက်ပြီး တစုံတရာ ရှင်းလင်းဖော်ပြခြင်း၊ မှန်ကန် သင့်မြတ်ကြောင်း တင်ပြပြောဆိုခြင်း သို့မဟုတ် တောင်းပန်ခြင်း ပြုလုပ်မည် မဟုတ်ကြောင်း ကျွန်ုပ် ကြေညာခဲ့သော် လည်း (ယင်းသို့ ကြေညာခြင်းသည် အနည်းငယ် ရှေ့လောကြီးသွားပါသည်) ကျွန်ုပ်၏ ဝတ္ထု ဇာတ်လမ်း နောက်ပိုင်းကို သဘောပေါက် နားလည်စေရန်အတွက် အချို့သော အချက်များကို ရှင်းလင်း ဖော်ပြရန် လိုအပ်သည်ဟု ကျွန်ုပ် ယူဆမိပါသည်။

ကျွန်ုပ် ပြောမည့်အချက်ကတော့ ယခုကိစ္စတွင် တန်ခိုးဣဒ္ဓိပါဒ် ပြဿနာ မပါပါ။ သူ၏ ရင်ထဲတွင် တန်ခိုးနိမိတ်တို့ကို အဓိပ္ပာယ်မရှိ

မျှော်လင့်စောင့်စားနေခြင်းမျိုး မရှိပါ။ အလျှိုရှာအဖို့ သူ့တွင် နဂိုရှိထားသော အယူအဆတခုကို အောင်နိုင်ရေးအတွက် တန်ခိုး နိမိတ်များ မလိုပါ၊ လုံးဝ မလိုပါ။ သည်နေရာတွင် သူ့အနေနှင့် အလျင်ဆုံးနှင့် အနီးဆုံး ကြည့်မြင်နေသည်က ပုဂ္ဂိုလ်တဦးသာလျှင် ဖြစ်သည်။ သူ အင်မတန် လေးစားချစ်ခင်သော ခင်ကြီးဆရာတော်သာလျှင် ဖြစ်သည်။ သူ့အနေနှင့် ကိုးကွယ်ရာသဖွယ်ဖြစ်သည့် မြင့်မြတ်စင်ကြယ်သော ပုဂ္ဂိုလ်ကြီးသာလျှင် ဖြစ်သည်။

အမှန်ပင်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကြီးကို သူ၏ စံနမူနာအဖြစ် နှစ်ပေါင်းများစွာ လက်ခံထားခဲ့သဖြင့် သူ၏ ငယ်ရွယ်ပျိုမျစ်သော စွမ်းအင်နှင့် ခွန်အားများ အားလုံးသည် ထိုစံနမူနာသို့သာ ဦးတည် ရည်မှန်းလျက် ရှိသည်။ ယင်းအတွက် သူသည် 'လူတိုင်းနှင့် အားလုံးအတွက်' ဆိုသည်ကိုပင် မေ့လျော့နေခဲ့သည်။

တုန်လှုပ်ချောက်ချားခဲ့ရသော ထိုနေ့က သူသည် သူ၏အစ်ကို ဒီမီထရီကို လုံးဝကြီးပင် မေ့လျော့နေမိ သည်ကို နောက်ပိုင်းတွင် သူပြန်လည်အမှတ်ရသည်။ သူသည် သည့်အရင် တနေ့ကဆိုလျှင် ဒီမီထရီအတွက် အထူးပင် စိတ်ပူပန်ပြီး အထူးပင် တွေ့ချင်နေခဲ့သည်။ ထိုမျှမကပါ၊ ချာတိတ်ကလေး အီလျော၏ ဖခင်ထံသို့ ရူဗယ်ငွေ နှစ်ရာ သွားပို့ရန်ကိုလည်း အလားတူပင် မေ့လျော့နေခဲ့သည်။ သူသည် ထိုကိစ္စကို သယ်ပိုးလုပ်ဆောင်ရန်လည်း သည့်အရင်တနေ့က အင်မတန် စိတ်အား ထက်သန်ခဲ့ပေသည်။

သို့သော်လည်း သူ၏နှလုံးသားကို ရုတ်တရက်ကြီးဆိုသလို ရက်ရက်စက်စက်ကြီး နာကျင် ထိခိုက်အောင် အလုပ်ခံခဲ့ရသည့်အတွက် သူ့အဖို့ လိုအပ်နေသည်မှာ တန်ခိုးနိမိတ်များ မဟုတ်ပါ။ 'ကောင်းကင်ဘုံ၏ တရားစီရင်မှု' သာ ဖြစ်ပါသည်။ သူ၏ ယုံကြည်ချက်အရဆိုလျှင် အဆိုပါ ကောင်းကင်ဘုံ တရားမျှတမှုသည် တိမ်းပါးပျက်စီးခဲ့ပြီ ဖြစ်သည်။

အလျှိုရှာ၏ မျှော်လင့်ထားမှုတွင် ဤ 'တရားစီရင်မှုသည်' တန်ခိုးနိမိတ်များသဖွယ် မလွဲမရှောင်သာ တည်ရှိနေပေသည်။ သူ၏ ကိုးကွယ်ရာဖြစ်သော ဆရာတော် ကွယ်လွန်သည်နှင့် တပြိုင်နက် ကောင်းကင်ဘုံ၏ တရားစီရင်မှုသည် ရုတ်ခြည်းပင် ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။ ဖားသားပေဆီ အပါအဝင် ကျောင်းတိုက်ကြီးအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးကလည်း ဤအတိုင်းပင် ယူဆမျှော်လင့်ထားကြသည် မဟုတ်ပါလား။

ယင်းကြောင့်လည်း အလျှိုရှာသည် သူ၏ မျှော်မှန်းချက်ကို တစုံတရာ သံသယ မရှိဘဲ အများနည်းတူပင် မျှော်မှန်းထားရှိခဲ့ပေသည်။ ဤမျှော်မှန်းချက်သည် ဤကျောင်းတိုက်ကြီးတွင် သူနေထိုင်ခဲ့သည့် တနှစ်တာ ကာလတလျှောက်လုံးပင်

တည်ရှိနေခဲ့သည်။ သူ၏နှလုံးသားတွင် မျှော်လင့်စောင့်စားသည့် အလေ့အကျင့် ဖြစ်ပေါ်နေခဲ့သည်။ သို့သော် သူမျှော်လင့်တမ်းတနေသည်မှာ တန်ခိုးနိမိတ်သဘောကို မဟုတ်ပါ။ တရားမျှတသော တရားစီရင်မှုကိုသာ ဖြစ်သည်။ ကောင်းကင်ဘုံ ၏ တရားစီရင်မှုကိုသာ ဖြစ်သည်။

သို့သော် ယခုအခါတွင်ကား သူ၏ မျှော်လင့်ထားချက်အရ ကမ္ဘာပေါ်တွင် ရှိရှိသမျှ လူတွေအားလုံး၏ အထက်တွင် ရောက်ရှိနေရမည့် ပုဂ္ဂိုလ်သည် ၎င်းရရှိသင့်သည့် ဂုဏ်ထူးကို မရရှိဘဲ ရုတ်တရက် အဆင့်လျှော့ကျပြီး ဂုဏ်သိက္ခာ ပျက်ပြားရတော့သည်။ အဘယ်ကြောင့်နည်း။

သူ့ကို အဘယ်သူက တရားစီရင်ချေသနည်း။

မည်သူက ဤသို့ အမိန့်ချမှတ်နိုင်သနည်း။

ဤကား သူ၏ အတွေ့အကြုံ နည်းပါးသေးသော နှလုံးသားကို ညှဥ်းပန်းနှိပ်စက်နေကြသည့် မေးခွန်း များပင် ဖြစ်တော့သည်။

သူတော်စင်တကာတို့၏ သူတော်စင်ပင်လျှင် သူ့ထက် နိမ့်ကျသော လူအုပ်ကြီး၏ စော်ကား လှောင်ပြောင်ခြင်းကို ယခုကဲ့သို့ ခံရမည်ဆိုပါက သူသည် ဤအဖြစ်ကို မနာကြည်းဘဲ ဒေါသမဖြစ်ဘဲ မနေနိုင်ပါ။

ကောင်းပြီ ... တန်ခိုးနိမိတ်ပြသခြင်း၊ အံ့သြဖွယ်ရာဖြစ်ပွားခြင်း၊ သူ၏ မျှော်လင့်ထားမှုများ အကောင်အထည် ပေါ်လာခြင်း မရှိသည်တို့ကို ထားတော့ ... သို့သော် အဘယ်ကြောင့် ဤကဲ့သို့ အရှက်ကွဲဖွယ်ရာ၊ သိက္ခာကျဖွယ်ရာတို့ ဖြစ်ပွားရသနည်း။ ဝန်တို မစ္ဆရိယ ရှိသော ရဟန်းများ ပြောသည့်အတိုင်း 'သဘာဝထက် လွန်ကဲပြီး' အချိန်မကျမီ ပုပ်သိုးခြင်း ဖြစ်ရသနည်း၊ ဖားသား ဗီရာပွိုင့်နှင့်အတူ အခြားသူများ ပြောဆိုကြသည့် 'ကောင်းကင်ဘုံမှ နိမိတ်လက္ခဏာ' ဖြစ်ပွားလာရ သနည်း။ သူတို့အနေနှင့် အဘယ်ကြောင့် ဤသို့ပြောဆိုနိုင်သနည်း။ ထာဝရဘုရားသခင်၏ လက်ညှိုး အဘယ်မှာနည်း။ ယခုလို အင်မတန် အရေးကြီးသောအချိန်တွင် ထာဝရဘုရားသခင်သည် အဘယ်ကြောင့် ၎င်း၏ မျက်နှာတော်ကို ဝှက်ထားရသနည်း။

ယင်းအတွက်ပင် အလျှိုရှာ၏ နှလုံးသား နာကျင်နေရခြင်းဖြစ်သည်။ အမှန်ပင်ဖြစ်သည်။ စောစောက ကျွန်ုပ်ပြောခဲ့သည့် အတိုင်းပင် ယခုကဲ့သို့ နာကျင်နေရခြင်းမှာ ကမ္ဘာပေါ်တွင် ရှိရှိသမျှ အရာအားလုံးထက် သူ ပိုမိုမြတ်နိုးသော ပုဂ္ဂိုလ်ကြီး အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး သိက္ခာ ကျဆင်းရသောကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်၏ ဇာတ်လိုက်ကလေး မကျေမနပ်ဖြစ်နေခြင်းသည် အစဉ်းစားဉာဏ်နည်းပြီး ကျိုးကြောင်း ဆက်စပ်မှု ကင်းမဲ့နေနိုင်ပါသည်။ သို့သော် ကျွန်ုပ်အနေနှင့် တတိယမ္ပိ ထပ်ပြီး ပြောပါဦးမည်။ (ဤနေရာတွင် ကျွန်ုပ်၏ ပြောဆိုချက်သည်လည်း ခိုင်မာမှုနှင့် ကင်းဝေးနေနိုင်ကြောင်း ဝန်ခံရန် ကျွန်ုပ် ပြင်ဆင်ထားပါသည်) သည်လိုအခြေအနေမျိုးတွင် ကျွန်ုပ်၏ ဇာတ်လိုက်ကလေး ကျိုးကြောင်းဆက်စပ်နိုင်မှု မရှိသည့်အတွက် ကျွန်ုပ် ဝမ်းသာပါသည်။ အကြောင်းမှာ စဉ်းစားဉာဏ် ရှိသည့် လူတိုင်းသည် အချိန်တန်လျှင် ကျိုးကြောင်း ဆက်စပ်နိုင်သည့် အဆင့်သို့ ပြန်လည် ရောက်ရှိနိုင်သည်။ သို့သော် လူငယ်လူရွယ်တယောက်တွင် သည်လိုအချိန်မျိုးတွင်မှ မေတ္တာတရား မဖြစ်ထွန်းခဲ့လျှင် ဘယ်အချိန်တွင် ဖြစ်ထွန်းမည်နည်း။

သို့သော် ရှုပ်ထွေးနေသော ထိုအချိန်က အလျှိုရှာ၏စိတ်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် အချက်တချက်ကိုလည်း ဖော်ပြရန် ကျွန်ုပ် မမေ့လျော့ပါ။ ယင်းအချက်ကား သူ၏ နှလုံးသားတွင် စွဲထင်လျက်ရှိသော အိုက်ဗင်နှင့် စကားပြောဆိုခဲ့ရခြင်းပင် ဖြစ်သည်။ ယင်းအချက်က အလျှိုရှာ၏ စိတ်နှလုံးကို အစဉ်သဖြင့်လိုပင် ခြောက်လှန့်လျက်ရှိပါသည်။ ထိုအချိန်ကလည်း ထိုအချက်က သူ့ကို ခြောက်လှန့်ခဲ့ပါသည်။

အမှန်တကယ်တွင်မူ သူ၏ရင်ထဲ၌ ရှိနေသော အခြေခံ ယုံကြည်မှုများသည် မည်သို့မျှ ယိမ်းယိုင် လှုပ်ရှားခဲ့ခြင်း မရှိပါ။ သူသည် ရုတ်ရက်ဆိုသလို ဘုရားသခင်ကို ဆန့်ကျင် ညည်းညူမိခဲ့သော်လည်း ဘုရားသခင်ကို သူချစ်သည်၊ ဘုရားသခင်တွင် သူ အစဉ် ယုံကြည်သည်။ သို့သော် ယမန်နေ့က အိုက်ဗင်နှင့် စကားပြောဆိုခဲ့ရာတွင် စွဲကျန်ရစ်ခဲ့သော အမှတ်လက္ခဏာများသည် ထိုအချိန်တွင် ရုတ်တရက်ဆိုသလို အပေါ်သို့ ပေါ်ထွက်လာကြခြင်း ဖြစ်တော့သည်။

တရားကျောင်း ပရိဝုဏ်မှသည် ကျောင်းတိုက်ကြီးသို့ သွားရာလမ်းတွင် ရှိသော ထင်းရှူးတောကြီးကို ရာကီတင် ဖြတ်သန်းသောအခါ အချိန်မှာ မှောင်စပျိုးနေပြီ ဖြစ်သည်။ သစ်ပင် တပင်အောက်ရှိ မြေပြင်ပေါ်တွင် အားလျားမှောက်လျက်ရှိသော အလျှိုရှာကို ရာကီတင် ရုတ်တရက် မြင်တွေ့လိုက်ရသည်။ အလျှိုရှာသည် မလှုပ်မယှက်ကြီးရှိနေပြီး အိပ်ပျော်နေဟန် ဖြစ်သည်။ ထိုနေရာသို့ သူ လျှောက်သွားပြီး အလျှိုရှာ၏ နာမည်ကို ခေါ်လိုက်သည်။

"အဲဒါ အလက်ဇီလား ဟေ့ ဘုရားသခင်၊ မင်း ဘယ်လို ..."

သူ အံ့သြစွာ ပြောလိုက်သည်။ သို့သော် စကားကို ဆုံးအောင် မပြောဘဲ ရပ်ထားလိုက်သည်။ "မင်း ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်သွားရတာလဲ" ဟု သူ မေးလိုက်ချင်သည်။

အလျှိုရှာ မော့မကြည့်ပါ။ သို့သော် အနည်းငယ် လှုပ်ရှားမှုရှိသဖြင့် သူ့စကားကို ကြားကြောင်း ရာကီတင် သိရှိရသည်။

"မင်း ဘာဖြစ်နေတာလဲ"

သူ အံ့ဩစွာ မေးလိုက်သည်။ သို့သော် သူ့မျက်နှာပေါ်မှ အံ့ဩမှုသည် အပြုံးတခုသို့ ကူးပြောင်းသွား သည်။ ထိုအပြုံးသည် တဖြည်းဖြည်းနှင့် လှောင်ပြုံးဖြစ်လာသည်။ "ဒီမှာ မင်းကို ငါလိုက်ရှာနေတာ နှစ်နာရီလောက် ရှိသွားပြီ။ မင်းက ဗြုန်းစားကြီး ပျောက်သွားတာပဲ၊ နေပါဦး ... မင်း ဒီမှာ ဘာလုပ်နေတာလဲ၊ အဓိပ္ပာယ်မရှိ ဘာတွေလုပ်နေတာလဲ၊ ဒီမှာ ငါ့ကို ကြည့်စမ်းပါဦး .."

အလျှိုရှာ ခေါင်းကိုမော့ပြီး ထလိုက်သည်။ သစ်ပင်တပင်ကို ကျောမှီပြီး ထိုင်သည်။ သူ မငိုပါ၊ သို့သော် သူ့မျက်နှာတွင် တစုံတခုကို နာကြည်းစွာ ခံစားနေရဟန်ရှိသည်။ ဒေါသဖြစ်နေဟန်ရှိသည်။ သို့သော် ရာကီတင်ကို သူ မကြည့်ပါ။ အခြားတနေရာသို့ ငေးနေသည်။

"မင့်မျက်နှာ အများကြီး ပြောင်းလဲသွားပြီဆိုတာ မင်း သိသလား... မင်းမျက်နှာမှာ မင်းရဲ့ နာမည်ကျော် နူးညံ့သိမ်မွေ့မှုဆိုတာ မရှိတော့ဘူး။ မင်း ဘယ်သူ့ကို စိတ်ဆိုးနေသလဲ။ မင်းကို သူတို့က ဘာလုပ်ကြသလဲ"

"ငါ့ဟာငါ နေပါရစေ"

အလျှိုရှာ လက်ကို ဝှေ့ယမ်းကာ သူ့ကို မကြည့်ဘဲ ရုတ်တရက် ပြောလိုက်သည်။

"အိုး ဟို ... ငါတို့ဟာ ဒီလိုတောင် ဖြစ်ကုန်ကြပြီလား၊ မင်းဟာ တခြားလူတွေလို သူများတွေကို အော်တတ်နေပြီလား.. ကောင်းကင်တမန်တော်ကလေး တယောက်ကလည်း အော်တတ်နေပြီလား။ တကယ်ပဲ ကိုယ့်လူ အလျှိုရှာ၊ မင်းလုပ်တာ ငါ တကယ်ပဲ အံ့ဩသွားတယ်၊ တကယ် ပြောတာပါ။ ငါ့အနေနဲ့ ဒီမှာ ဘာကိုမှ မအံ့ဩတာ အတော်ကြာသွားပြီ။ မင်းကို ငါ ပညာတတ်တယောက်အဖြစ်နဲ့ အမြဲတမ်း သဘောထားခဲ့တယ်"

နောက်ဆုံးတွင် အလျှိုရှာ သူ့ကို ကြည့်လိုက်သည်။ သို့သော် ဝေဝေဝါးဝါးမျှသာ ဖြစ်သည်။ သူ ပြောနေသည့်စကားတွေကို ဘာမျှ နားမလည်သည့်အလား ဖြစ်သည်။

"မင်းရဲ့အဘိုးကြီး ပုပ်စော်နံတဲ့အတွက် မင်း ဒါလောက် ကသိကအောက် ဖြစ်နေတာတော့ မဟုတ်တန်ကောင်းပါဘူး။ သူ့အနေနဲ့ တန်ခိုးနိမိတ်တွေ

ပြလာလိမ့်မယ်လို့ မင်း ဒါလောက် စွဲစွဲလမ်းလမ်း ယုံကြည်မထားတန်ကောင်းပါဘူး”

ရာကီတင် အံ့အားသင့်သွားဟန်ဖြင့် ပြောလိုက်ပြန်သည်။

“ငါ ယုံတယ်၊ ငါ ယုံတယ်၊ ငါ ယုံချင်တယ်၊ ငါ ယုံမယ် ... မင်း ဘာသိချင်သေးသလဲ”

အလျှိုရှာ ဒေါသဖြင့် ဟစ်အော်လိုက်သည်။

“ဘာမှ မသိချင်ပါဘူး သူငယ်ချင်း၊ ဒါပေမဲ့ အဓိပ္ပာယ်မရှိတာပဲ၊ ခုခေတ်မှာ တဆယ့်သုံးနှစ်သား ကျောင်းသားကလေး တယောက်တောင် ဒါမျိုးတွေကို မယုံဘူး။ ဒါပေမဲ့ .. အဲဒီတော့ မင်းဟာ အခု ဘုရားသခင်ကို စိတ်ဆိုးနေပြီပေါ့ ဟုတ်လား။ ဘုရားသခင်ကို ပုန်ကန်နေပြီပေါ့ ဟုတ်လား။ မင်းရဲ့ ဆရာတော်ကို မမြှောက်စား မချီးမြှင့်တဲ့အတွက်ပေါ့ ဟုတ်လား၊ အို ... မင်း အရူးပဲ”

အလျှိုရှာ မျက်မှောင်ကုတ်လိုက်ပြီး ရာကီတင်ကို အကြာကြီး စိုက်ကြည့်နေသည်။ သူ့မျက်လုံးများ တွင် ဒေါသရောင်များ တောက်နေသည်။ သို့သော် သူစိတ်ဆိုးသည်မှာ ရာကီတင်ကို မဟုတ်ပါ။

“ဘုရားသခင်ကို ငါ ပုန်ကန်တာ မဟုတ်ဘူး။ သူ့ရဲ့ကမ္ဘာကြီးကို လက်မခံတာပဲ” ရုတ်တရက် သူ မဲ့ပြုံးပြုံးကာ ပြောလိုက်သည်။

“သူ့ရဲ့ကမ္ဘာကို လက်မခံဘူး ဟုတ်လား၊ အဲဒါ ဘာကိုဆိုလိုတာလဲ” ရာကီတင် မေးလိုက်သည်။ သူ့အဖြေကို ခေတ္တမျှ စောင့်ဆိုင်းနေပြီးနောက် .... “ဘယ်လိုမိုက်မဲခြင်းလဲ” ဟု ပြောသည်။

အလျှိုရှာ မဖြေပါ။

“ကဲပါ ... အဓိပ္ပာယ်မရှိတာတွေ ထားလိုက်ပါတော့။ လုပ်ငန်းကိစ္စကို ပြောရအောင်၊ ကနေ့ မင်း ဘာတွေစားပြီးပြီလဲ”

“မပြောတတ်ဘူး ... စားတော့စားတယ် ထင်တာပဲ”

“မင်းမျက်နှာကြည့်ရတာ တခုခု စားဖို့ လိုအပ်နေတာ အမှန်ပဲ။ မင်းမျက်နှာ ကြည့်ရတာ စိတ်ညစ်စရာပဲ၊ မနေ့ညကလည်း မင်း မအိပ်ရဘူး မဟုတ်လား။ မနေ့ညက မင်းတို့ ဒီမှာ စည်းဝေးပွဲရှိတယ် မဟုတ်လား။ အဲဒါဆိုရင် စကားတွေ များနေကြမှာပဲ... ငါထင်တယ်၊ မင်းအနေနဲ့ ပေါင်မုန့်တကိုက်ထက် ဘာမှ ပိုစားရမှာ မဟုတ်ဘူး။ ငါ့အိတ်ထဲမှာတော့ ဝက်အူချောင်းတွေ ပါတယ်၊ ဆာတဲ့အခါ စားရအောင်ဆိုပြီး ဒီကိုအလာမှာ မြို့ထဲက ဝယ်ခဲ့တာပဲ။ တခုပဲရှိတယ်၊ မင်းအနေနဲ့ ဝက်အူချောင်း မစားဘူးဆိုရင်တော့ မပြောတတ်ဘူး”

“စားတာပေါ့”

“အိုး ဟိုး ... မင်း ဒီလို ဖြစ်သွားပြီလား၊ အတိအလင်း ပုန်ကန်ပြီပဲပေါ့ ဟုတ်လား၊ ဟုတ်ပြီ သူငယ်ချင်း၊ အခွင့်အရေးတခုကို ငါတို့ လက်မလွှတ်ရဘူး၊ ငါ့အခန်းကို လိုက်ခဲ့ပါ၊ ငါတော့ ဗော့ဒကာ တခွက်လောက် ချလိုက်ဦးမယ်၊ ငါ သိပ်ပင်ပန်းနေတယ်၊ ဗော့ဒကာတော့ မင်း သောက်မယ်မထင်ဘူး ... ဒါမှမဟုတ် သောက်မလား”

“ဗော့ဒကာလည်း သောက်တာပေါ့”

“အလိုလေးလေး ... အံ့ဩစရာပါလား သူငယ်ချင်း” ရာကီတင်က သူ့ကို အံ့အားသင့်စွာဖြင့် ကြည့်လိုက်မိသည်။ “ဟုတ်ပြီ၊ တခုမဟုတ် တခုပေါ့၊ ဗော့ဒကာဖြစ်ဖြစ် ဝက်အူချောင်း ဖြစ်ဖြစ်ပေါ့၊ ဒီဥစ္စာက တကယ့်အခွင့်အရေး တခုပဲ၊ ဒါကို ငါတို့ လက်လွှတ်လို့ မဖြစ်ဘူး၊ သွားကြမယ်”

အလျှိုရှာ တိတ်ဆိတ်စွာ ထရပ်လိုက်ပြီး ရာကီတင်၏နောက်သို့ လိုက်လာခဲ့သည်။ “ဒီအဖြစ်ကို မင်းရဲ့အစ်ကိုကလေး အိုက်ဗင် မြင်သွားရင်တော့ သူ့တသက်မှာ အအံ့ဩဆုံး ဖြစ်သွားမယ်၊ ဒါနဲ့ စကားမစပ် မင်းရဲ့အစ်ကို အိုက်ဗင် ကနေ့မနက်ပဲ မော်စကို ကို ထွက်သွားပြီ၊ အဲဒါ မင်း သိသလား”

“သိတယ်”

အလျှိုရှာ ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်သည်။

ထို့နောက် ရုတ်ခြည်းဆိုသလို သူ၏စိတ်အာရုံတွင် သူ့အစ်ကို ဒီမီထရီ၏မျက်နှာ ရိပ်ခနဲပေါ်လာသည်။ သို့သော် စက္ကန့်ပိုင်းမျှသာ ဖြစ်သည်။ သို့သော် တစုံတခုကို သတိရစေသည်။ ထိုအချက်သည် အချိန် အတန်ကြာသည်အထိ ဖျောက်ဖျက်ပစ်၍ မရနိုင်သည့် ကိစ္စမျိုး ဖြစ်သည်။ သူ လုပ်ရမည့် အလုပ်တခု ဖြစ်သည်။ သူ့အနေနှင့် အထူးတာဝန်ရှိနေသည့် အလုပ်တခု ဖြစ်သည်။ သို့သော် သတိပေးချက်သည် သူ့အပေါ်တွင် မထိရောက်လှပါ။ သူ၏နှလုံးသားအထိ မရောက်ရှိပါ။ ရုတ်ခြည်းဆိုသလိုပင် သူ့စိတ်ထဲမှ ပြန်လည်ပျောက်ကွယ် မေ့လျော့သွားရသည်။ သို့သော် နောက်ပိုင်း အတန်ကြာသော အခါ ဤအချက်ကို အလျှိုရှာ သတိရလာသည်။

“မင်းအစ်ကို အိုက်ဗင်က ငါ့ကို အရည်အချင်းမရှိတဲ့ တတိယတန်းစား လစ်ဗရယ်လေအိုးလို့ တခါ ပြောဖူးတယ်။ မင်းကလည်း ငါ့ကို ‘မရိုးသားဘူး’ လို့ တခါ ပြောခဲ့တယ်၊ ကောင်းပြီ ... မင်းတို့ရဲ့ အရည်အချင်းနဲ့ ရိုးသားမှု အခု ဘာလုပ်နိုင်သလဲဆိုတာ ကြည့်ကြရအောင်”

ရာကီတင်သည် နောက်ဆုံးစကားကို လေသံတိုးတိုးဖြင့် သူ့ဘာသူ ပြောလိုက်သည်။ ထို့နောက်တဖန် လေသံကိုမြှင့်လျက်

"ဒီမယ် ငါတို့ ကျောင်းတိုက်ကြီးကို မဖြတ်တော့ဘူး။ ဒီလမ်းကနေ မြို့ထဲကို တန်းသွားကြမယ်။ နေဦး၊ အမှန်အတိုင်းဆိုရင် မစ္စက် ကိုကလာကော့အိမ်သို့ ငါ သွားရမယ်။ ကျောင်းမှာ ဖြစ်ပျက်တာ တွေ အားလုံးကို စာရေးပြီး သူ့ကို ပြောရတယ်။ အဲဒီမှာ မင်း သိသလား၊ ငါ့ဆီကို သူ ခဲတံနဲ့ စာတိုကလေးတစောင် ချက်ချင်း ပြန်ရေးပေးလိုက်တယ်၊ (အမျိုးသမီးက စာရေးတာ ဝါသနာ ပါတယ်) သူရေးလိုက်တာကတော့ ... "ဒီလို လေးစား ကြည်ညိုဖွယ်ရာကောင်းတဲ့ ဖားသား ဇော်ဇီမာလို ခင်ကြီးဆရာတော်တပါးဆီက ဒီလို အမူအရာမျိုး တွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး" တဲ့။ အမူအရာဆိုတာကတော့ သူသုံးလိုက်တဲ့ စကားလုံးပဲ။ သူလည်း ဒေါသ ဖြစ်နေတယ်။ အို မင်းတို့အားလုံး အရူးတွေပဲ၊ ခဏနေဦး"

ရုတ်တရက် ဆိုသလို သူ အော်လိုက်ပြန်သည်။ သူ ရပ်လိုက်သည်၊ အလျှိုရှာကိုလည်း ပခုံးကို ဆွဲထားပြီး ရပ်စေသည်။

"ဒီမယ် အလျှိုရှာ သူငယ်ချင်း၊ မင်း သိသလား"

သူက အလျှိုရှာ၏မျက်လုံးများကို စူးစိုက်ကာကြည့်ရင်း မေးလိုက်သည်။ သူ၏ပုံစံက စိတ်ကူးသစ် တခုကို ရုတ်တရက် ရရှိလိုက်ဟန် ဖြစ်သည်။ သူသည် အပြင်ပန်းက ရယ်မောလျက်ရှိသော်လည်း ထိုစိတ်ကူးသစ်ကို ပါးစပ်မှ ထုတ်ပြောရန် ကြောက်ရွံ့နေဟန် ရှိသည်။ အလျှိုရှာ၏ကိုယ်တွင် သူ ယခုတွေ့မြင်နေရသော ထူးဆန်းပြီး မမျှော်လင့်သည့် အမူအရာကို ယခုတိုင် မယုံကြည်နိုင်သေးသည့် ဟန် ဖြစ်သည်။

"အလျှိုရှာ မင်း သိသလား၊ ငါတို့ ဘယ်ကိုသွားရင် ကောင်းမလဲ ဆိုတာ"

"မင်းသွားချင်ရာသွား၊ ငါ့အဖို့ ဘာမှ အရေးမကြီးဘူး"

"ဒါဖြင့် ဂရူရှင်ကာတို့အိမ် သွားကြမယ်၊ မင်း လိုက်မလား"

နောက်ဆုံးတွင် ရာကီတင် ထုတ်ဖော်ပြောဆိုလိုက်သော်လည်း သည်းထိတ်ရင်ဖိုမှုဖြင့် တကိုယ်လုံး တုန်နေသည်။

"ဂရူရှင်ကာတို့အိမ် သွားကြစို့"

အလျှိုရှာက တမုဟုတ်ချင်းပင် အေးဆေးတည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။ ဤကဲ့သို့ တည်ငြိမ် မြန်ဆန်သော သဘောတူညီမှုကြောင့်

ရာကီတင် အထူးပင် အံ့ဩတုန်လှုပ်သွားပြီး နောက်သို့ပင် ပြန်ဆုတ်သွားမိသည်။ ထို့နောက် သူ တအံ့တဩ ဟစ်အော်လိုက်သည်။

"အား .... ဟုတ်ပြီ"

ထို့နောက် ရာကီတင်သည် အလျှိုရှာ၏ လက်မောင်းကို မြဲမြံစွာ ဆုပ်ကိုင်ကာ လမ်းအတိုင်း ဆွဲခေါ်သွားသည်။ အလျှိုရှာ၏ဆုံးဖြတ်ချက် ပြောင်းလဲသွားမည်ကို အထူးပင် စိုးရိမ်ကြောက်လန့် နေသည့်အလားဖြစ်သည်။ သူတို့နှစ်ယောက် တိတ်ဆိတ်စွာပင် လျှောက်သွားနေကြသည်။ ရာကီတင် စကားပြောရမှာ ကြောက်နေသည်။

"ဂရုရှင်ကာ ဘယ်လောက် ဝမ်းသာလိုက်မလဲ မသိဘူး"

သူ တခွန်းပြောလိုက်သည်။ ထို့နောက် ပြန်လည် တိတ်ဆိတ်သွားသည်။ သို့သော် အမှန်တကယ် တွင်မူ ဂရုရှင်ကာ သဘောကျ ဝမ်းသာစေရန် အလျှိုရှာကို သူ ဆွဲခေါ်သွားနေခြင်း မဟုတ်ပါ။ သူက လက်တွေ့သမားတယောက် ဖြစ်သည်။ သူ့အတွက် အကျိုး မရှိဘဲနှင့် ဘာအလုပ်တခုကိုမျှ သူ မလုပ်ပါ။ သူ၏ရည်မှန်းချက်က ဤနေရာတွင် တချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သည်။ ပထမ တချက်ကတော့ 'လူတော် လူကောင်းတို့၏ ကျဆုံးမှု' ကို တွေ့မြင်လိုခြင်း ဖြစ်သည်။ အလျှိုရှာ၏ ကျဆုံးမှုကို တွေ့မြင်လိုခြင်းပင် ဖြစ်သည်။ 'သူတော်ကောင်းဘဝမှ လူယုတ်မာ ဖြစ်သွားသည်' ကို ကြည့်မြင်လိုခြင်း ဖြစ်သည်။ ဒုတိယအချက်ကတော့ သူ့အနေနှင့် လက်တွေ့ အကျိုးကျေးဇူး တစုံတရာ ရရှိရေးပင် ဖြစ်သည်။ ထိုအကြောင်းကို နောက်ပိုင်းတွင်မှ အကျယ်ပြောကြားပါမည်။

"ဒီအတိုင်းဆိုရင် အခွင့်ကောင်းတခု ပေါ်လာပြီ။ ဒီအခွင့်ကောင်းကို ကုပ်ကနေ အမိ ဆွဲထားရမယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဒါဟာ ငါ့အတွက် တကယ့် အခွင့်ကောင်း ဖြစ်လို့ပဲ"

သူ့ကိုယ်သူ အားရပါးရကြီး ပြောလိုက်သည်။

၃။ ကြက်သွန်တဥ

ဂရုရှင်ကာသည် မြို့၏ အစည်ကားဆုံးသော အပိုင်းတွင် နေထိုင်သည်။ ဘုရားရှိခိုးကျောင်း ပန်းခြံအနီးရှိ ကုန်သည်ကြီးကတော် မုဆိုးမကြီး မစ္စက်မိုရိုဖော့၏ ခြံဝင်းထဲရှိ အိမ်ငယ်ကလေး တလုံးကို ငှားရမ်းနေထိုင်ခြင်း ဖြစ်သည်။

မစ္စက်မိုရိုဇော့ နေထိုင်သော တိုက်မှာ အရုပ်ဆိုး အကျည်းတန်ပြီး ဟောင်းမြင်း အိုမင်းနေပြီဖြစ်သော ဧရာမ နှစ်ထပ်တိုက်ကြီး ဖြစ်သည်။ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော အဆောက်အဦကြီး ဖြစ်သည်။ အဘွားကြီး မစ္စက်မိုရိုဖော့သည် တူမ အပျိုကြီး နှစ်ယောက်နှင့်အတူ အထီးကျန် နေထိုင်လျက်ရှိသည်။ တူမ နှစ်ယောက်မှာလည်း အသက်အရွယ်ကြီးပြီဖြစ်သော အမျိုးသမီးကြီးများ ဖြစ်ကြသည်။

အဘွားကြီးအနေနှင့် သူမ၏ ခြံဝင်းထဲရှိ အိမ်ကလေးကို ငှားရမ်းစားရန် ဘာအကြောင်းမျှ မရှိပါ။ သို့သော် ထိုအိမ်ကလေးကို လွန်ခဲ့သော လေးနှစ်လောက်ကစပြီး ဂရုရှင်ကာကို အိမ်ငှားအဖြစ် ထားခဲ့သည်မှာ သူမနှင့် ဆွေမျိုးတော်စပ်သော ကုန်သည်ကြီး ဆမ်ဆိုနော့ကြောင့်သာ ဖြစ်ကြောင်း အားလုံးကပင် သိရှိကြပါသည်။ ဆမ်ဆိုနော့သည် ဂရုရှင်ကာကို စောင်မကြည့်ရှုထားသူ ဖြစ်ပါသည်။

မနာလိုဝန်တိုစိတ်ရှိသော အဘိုးကြီးအနေနှင့် သူ၏အချစ်တော်ကလေးကို မစ္စက် မိုရိုဇော့ထံတွင် ထားသည်မှာ အဘွားကြီး၏ အကင်းပါးသော မျက်လုံးများက အိမ်ငှားမကလေး၏ အပြုအမူများကို စောင့်ကြပ်ကြည့်ရှုစေရန် ရည်သန်၍ ဖြစ်ပါသည်။ သို့သော် အဘွားကြီး၏ အကင်းပါးသော မျက်လုံးများသည် မလိုအပ်တော့ကြောင်း များမကြာမီကာလမှာပင် ထင်ရှားပေါ်လွင်ခဲ့သည်။ သို့ဖြင့် နောက်ဆုံးတွင် မစ္စက်မိုရိုဇော့သည် ဂရုရှင်ကာနှင့် မတွေ့တော့သလောက်ပင်ရှိပြီး သူမကို စောင့်ကြပ် ကြည့်ရှုခြင်းလည်း လုံးဝ မပြုလုပ်တော့ပါချေ။

အမှန်ပင်ဖြစ်သည်။ မဝံ့မရဲသော၊ ရှက်ကြောက်သော၊ သေးသွယ်သော၊ ဝမ်းနည်း ပူဆွေးတတ်သော အသက် တဆယ့်ရှစ်နှစ်အရွယ် မိန်းမငယ်ကလေးကို ပြည်နယ်မြို့တော် တခုမှနေ၍ အိမ်ကလေးသို့ အဘိုးကြီး ခေါ်ဆောင်လာခဲ့ပြီးနောက် လေးနှစ်လောက် ကာလအတွင်းတွင် အခြင်းအရာတွေ အများကြီး ဖြစ်ပွားခဲ့ပါသည်။

ကျွန်ုပ်တို့မြို့တွင် ဤမိန်းကလေး၏ နောက်ကြောင်းရာဇဝင်ကို အနည်းငယ်မျှသာ သိရှိကြပါသည်။ ယင်းကဲ့သို့ အနည်းငယ်မျှ

သိရှိကြရသည်မှာလည်း ဝိုးတိုးဝါးတားမျှသာ ဖြစ်ပေသည်။ နောက်လေးနှစ်အတွင်းတွင်လည်း ဘာမျှ ထပ်ပြီးမသိကြရပါ။ မစ္စဆဗက်လော့ အဖြစ် တိုးတက် ပြောင်းလဲလာသော မိန်းမချောကလေးကို လူအများက စိတ်ဝင်စား လာကြသည့်တိုင်အောင်လည်း သူမ၏ နောက်ကြောင်းကို ဘာမျှ မသိရှိကြပါ။

သူမသည် အသက် တဆယ့်ခုနစ်နှစ် အရွယ်တွင် လူတယောက်၏ ဖြားယောင်း သွေးဆောင်ခြင်းကို ခံရကြောင်း၊ ထိုသူသည် တပ်မတော်မှ အရာရှိတဦးဟု ယူဆရကြောင်း၊ ထိုလူက သူမကို အချိန်ကာလ သိပ်မကြာမီမှာပင် စွန့်ပစ်သွားကြောင်း စသည်ဖြင့် ကောလာဟလ သတင်းများကိုသာ သိရှိကြရသည်။ ၎င်းစစ်ဗိုလ်သည် အခြားမြို့တမြို့သို့ ပြောင်းသွားပြီး နောက်ပိုင်းမှာ အမျိုးသမီး တဦးနှင့် လက်ထပ်သွားသည်။ ဂရုရှင်ကာမှာ အရုက်တကွဲ အကျိုးနည်းဖြစ်သွားကာ ဆင်းရဲချို့တဲ့စွာ ကျန်ရစ်သည်။ သို့သော် ဂရုရှင်ကာသည် (သူမကို အဘိုးကြီး ဆမ်ဆိုနော့က ဒုက္ခဆင်းရဲ ရောက်နေရသည့်အဖြစ်မှ ကယ်တင်ခဲ့ရသော်လည်း) ဂုဏ်သိက္ခာရှိသော မိသားစုမှ ပေါက်ဖွားသူ တဦးဟု ဆိုကြသည်။ သူမ၏ဖခင်သည် ခရစ်ယာန် သင်းထောက်တဦး သို့မဟုတ် ထိုလိုမျိုး ပုဂ္ဂိုလ်တဦး ဖြစ်ပေသည်။

ယင်းသို့ဖြင့် စိတ်ထိခိုက်လွယ်သော၊ သူတပါး၏ လှည့်ဖြားခြင်းကို ခံရသော၊ သနားဖွယ်ရာဖြစ်သော ခိုကိုးရာမဲ့ကလေးသည် နောက် လေးနှစ်ကြာကာလဖြစ်သော ယခုအခါတွင်ကား နှင်းဆီသွေး နီနီရဲရဲ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ရုရှားဆန်သော အလှသို့လည်းကောင်း၊ ရဲရင့်ပြတ်သားသော အမျိုးသမီးတဦး အဖြစ်သို့လည်းကောင်း၊ မာန်မာန ရှိသူတဦးအဖြစ်သို့လည်းကောင်း ပြောင်းလဲ ဖြစ်ထွန်းလာတော့ သည်။ ထို့မျှမက သူမသည် ငွေတန်ဖိုးကို နားလည်ပြီး ရအောင် ရှာဖွေတတ်သူ၊ စစ်စစ်စီစီ သုံးစွဲတတ်သူ၊ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်တတ်သူ၊ သူမအတွက် ဥစ္စာစည်းစိမ်ကို တရားသော နည်းဖြင့်ဖြစ်စေ၊ မတရားသောနည်းဖြင့်ဖြစ်စေ ပြည့်ဝအောင် လုပ်ဆောင်တတ်သူတဦး ဖြစ်လာတော့သည်။

သူမနှင့် ပတ်သက်ပြီး လူအားလုံး သဘောတူညီသည့် အချက်တချက်ပဲ ရှိသည်။ ဂရုရှင်ကာကို ချဉ်းကပ်ရန် မလွယ်ဟူသော အချက်ပင် ဖြစ်သည်။ ဤလေးနှစ်ကာလအတွင်းတွင် သူမကို စောင်မ ကြည့်ရှုသူ ကုန်သည်အဘိုးကြီးမှတပါး မည်သည့်ယောကျ်ားတယောက်မှ သူမ၏ ပါစားပေးခြင်းကို မရရှိခဲ့ပါချေ။

ဤအချက်နှင့်ပတ်သက်ပြီး တစုံတရာ သံသယဖြစ်စရာအကြောင်း မရှိပါချေ။ အကြောင်းမှာ လွန်ခဲ့သည့် နှစ်နှစ်ကာလအတွင်းတွင် သူမ၏ မျက်နှာသာပေးမှုကို ရရှိရန် ကြိုးစားခဲ့သူတွေ အမြောက်အမြားပင် ဖြစ်ပါသည်။ သို့သော် ၎င်းတို့၏ ကြိုးပမ်းမှုအားလုံးသည် အချည်းနှီးပင် ဖြစ်ကြရသည်။

အချို့ဆိုလျှင် အရက်တကွဲ အကျိုးနည်းဖြစ်ကာ ဆုတ်ခွာကြရသည်။ အချို့ဆိုလျှင် လူအများ လှောင်ပြောင် ရယ်မောစရာ ဖြစ်ကြရသည်။ သူတို့သည် အင်မတန် စိတ်ခေတ်ကြွ ခိုင်သော အမျိုးသမီးကလေးတဦးနှင့် ရင်ဆိုင်ကြရတော့သည်။

သူမနှင့် ပတ်သက်ပြီး နောက်ထပ် ကျော်ကြားသည့် အချက်တခုကတော့ သူမသည် အထူးသဖြင့် … ပြီးခဲ့သည့်နှစ်ထဲတွင် 'စီးပွားရေး' လုပ်ငန်း၌ လှုပ်ရှားလာခြင်းပင် ဖြစ်တော့သည်။ သူမက ထိုလုပ်ငန်းတွင် ကျွမ်းကျင်လှသဖြင့် ရဟူဒီတယောက်ထက်ပင် သာသည်ဟု ပြောဆိုလာကြတော့ သည်။ ဤသို့ ပြောကြသည်မှာ သူမအနေနှင့် ငွေတိုး ချေးစား၍ မဟုတ်ပါ။ သို့သော် သူမသည် ဖျို့ဒါကာရာမာဇော့နှင့် ပေါင်းပြီး တောင်းမရသော ကြွေးများကို တန်ဖိုးထက် ဆယ်ဆမျှ လျှော့ဈေးဖြင့် ဝယ်ယူခဲ့သည်။ ထိုကြွေးမြီများကို ရအောင် တောင်းယူနိုင်သောအခါ မိမိ ရင်းနှီးသော ငွေထက် ဆယ်ဆမျှ ပိုပြီး အမြတ်ရရှိလာတော့သည်။

ဥစ္စာခန ကုံလုံကြွယ်ဝသော မုဆိုးဖိုကြီး ဆမ်ဆိုနော့သည် ကပ်စေးနှဲပြီး အသနား အကြင်နာ ကင်းမဲ့သူတဦးဖြစ်သည်။ သူသည် အရွယ်ရောက်ပြီးဖြစ်သော သူ၏သားများအပေါ်မှာပင် ကြမ်းတမ်း ရက်စက်သူတဦး ဖြစ်သည်။ သို့သော် လွန်ခဲ့သောနှစ်အတွင်းကမူ သူ၏ ရောင်ကိုင်းနေသော ခြေထောက်နှစ်ဖက်သည် မည်သို့မျှ အသုံးမဝင်တော့သဖြင့် ယခင်က သူ နှိပ်စက်ချင်တိုင်း နှိပ်စက်ပြီး 'မသေရုံတမယ်' ထားခဲ့သော သူ၏ အစောင့်အရှောက်ခံ မိန်းကလေး၏ ဩဇာရိပ်အောက်သို့ ကျရောက်ရတော့သည်။ ဂရုရှင်ကာသည် သူ့အပေါ်တွင် ကျေးဇူးသစ္စာ စောင့်သိခြင်းရှိသော်လည်း သူမကိုယ်သူကား သူ၏ လက်အောက်ခံဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ကွယ်လွန်သည်မှာ ကြာပြီဖြစ်သော ဤအဘိုးကြီးသည်လည်း သူ့ခေတ် သူ့အခါက ရောမ လုပ်ငန်းရှင်ကြီးတဦးဖြစ်ပြီး မှတ်လောက်သားလောက်သော ပုဂ္ဂိုလ်ကြီးတဦးပင် ဖြစ်သည်။ သူသည် အင်မတန် စေးနှဲစစ်ကုတ်ပြီး အင်မတန် မာကျောသူတဦး ဖြစ်ပေသည်။ သူ့အပေါ်တွင် ဂရုရှင်ကာ၏ ချုပ်ကိုင်ထားမှုသည် အားကောင်းလှပြီး သူသည် သူမ မရှိဘဲနှင့် နေနိုင်သည့် အခြေအနေ မရှိသော်လည်း (ယင်းကဲ့သို့ ဖြစ်ရသည်မှာ နောက်ပိုင်း နှစ်နှစ်တွင် ဖြစ်သည်) သူသည် သူမအတွက် ငွေကြေးဥစ္စာ များများစားစား ဖန်တီးပေးခြင်း မရှိပါ။ အကယ်၍ သူမ အခြားသို့ အပြီးအပိုင် ထွက်သွားမည်ဟု ခြိမ်းခြောက်လျှင်လည်း ခွင့်ပေးမည် မဟုတ်ပါ။ သို့သော် သူသည် သူမအတွက် ငွေကြေး အနည်းငယ်ကို လက်ဆောင်အဖြစ် ပေးသည်။ ထိုမျှလောက် ပေးသည်ကိုပင်လျှင် အားလုံးက အံ့ဩနေကြသည်။

"မင်းဟာ ခေါင်းရှိတဲ့ မိန်းကလေးတယောက်ပဲ၊ အဲဒီတော့ ကိုယ့်စီးပွားရေး

ကိုယ့်ဘာကိုယ် လုပ်ပေတော့” သူက သူမကို ရူဗယ်ငွေ ရှစ်ထောင် ပေးရင်း ပြောသည်။ “ဒါပေမဲ့ မင်းကို ငါ တခုပြောမယ်၊ အလျင်ကအတိုင်း မင်းအတွက် ရနေကျဖြစ်တဲ့ နှစ်စဉ် ထောက်ပံ့ငွေကလွဲရင် ငါသေတဲ့အခါမှာ မင်း ဘာမှ ရတော့မှာ မဟုတ်ဘူး။ ငါ့ရဲ့သေတမ်းစာထဲမှာ မင်းအတွက် ဘာမှ ပေးမထားခဲ့ဘူး”

သူ့ကတိကို သူ စောင့်ထိန်းသည်။ သူ ကွယ်လွန်သောအခါ ဥစ္စာပစ္စည်းအားလုံးကို သူ့သားတွေအား ပေးခဲ့သည်။ သူသည် အသက်ရှင်စဉ်ကမူ ၎င်းတို့ကိုသာမက ၎င်းတို့၏မိန်းမများနှင့် သားသမီးများ ကိုပါ ကျေးကျွန်များသဖွယ် ဆက်ဆံခဲ့သည်။ သူ၏ သေတမ်းစာတွင် ဂရုရှင်ကာ၏ အမည်ကိုပင် ဖော်ပြထားခြင်း မရှိပါ။ ဤအချက်များအားလုံးကို နောက်ပိုင်းတွင် သိရှိကြရသည်။ သို့ရာတွင် သူသည် ဂရုရှင်ကာအား “ကိုယ့်ငွေရင်းဖြင့် ကိုယ့်လုပ်ငန်းကို လုပ်ကိုင်ရန်” အကြံဉာဏ်ပေးခြင်းဖြင့် ကူညီခဲ့သည်။ သူမအနေဖြင့် စီးပွားရေးလုပ်ငန်း အမြောက်အမြားကို လုပ်ကိုင်စေခဲ့သည်။

ဖျိုဒါကာရာမာဇော့သည် စီးပွားရေးလုပ်ငန်းတခုနှင့်ပတ်သက်ပြီး ဂရုရှင်ကာကို စတင် သိကျွမ်းခဲ့ရာမှ သူမကို အရူးအမူးပင် စွဲလမ်းချစ်ခင်ခြင်း ဖြစ်ရတော့သည်။ ယင်းအတွက် သူ့ဘာသာ အံ့သြခြင်း ဖြစ်ရသည်။ သေတွင်းနှုတ်ခမ်းသို့ ရောက်ရှိနေပြီဖြစ်သော ဆမ်ဆိုနော့ကမူ ယင်းအဖြစ်ကို အများကြီး သဘောကျကာ အူမြူးလျက်ရှိသည်။ ဂရုရှင်ကာသည် အဘိုးကြီးနှင့် သိကျွမ်းခဲ့သည့် ကာလတလျှောက်လုံးပင် အမြဲတမ်းနှင့် လုံးဝဥဿုံ ဆိုသလိုပင် ပွင့်လင်းခဲ့သည်။ ကမ္ဘာပေါ်တွင် သူမအနေနှင့် ဤသို့ ပွင့်လင်းခြင်းရှိသူမှာ ဤအဘိုးကြီးတယောက်သာလျှင် ဖြစ်ပေသည်။ သို့သော် နောက်ပိုင်း ရက်လများတွင် ရုတ်တရက်ဆိုသလို ဒီမီထရီသည် မေတ္တာကို ရင်ဝယ်ပိုက်ပြီး မြင်ကွင်းတွင် ပေါ်လာသောအခါ အဘိုးကြီး အူမြူးနိုင်ခြင်း မရှိတော့ပါ။ ထိုမျှမက တနေ့တွင် သူသည် ဂရုရှင်ကာကို အကြံဉာဏ်တခု အလေးအနက် အတည်အတံ့ ပေးလေသည်။

“အဲဒီ နှစ်ယောက်ထဲက တယောက်ကို မင်း ရွေးမယ်ဆိုရင် ... အဖေနဲ့ သားကို ရွေးမယ်ဆိုရင် အဘိုးကြီးကို မင်း ရွေးရမယ်၊ တခုပဲရှိတယ်။ အဘိုးကြီးက မင်းကို အတည်တကျ လက်ထပ်ပြီး ယူရမယ်၊ အဲဒီလို လက်ထပ်ပြီး မယူခင်မှာ မင်းအတွက် ထိုက်သင့်တဲ့ ငွေကြေးဥစ္စာကို အလျင်ပေးထားရမယ်၊ ဒါပေမဲ့ ဗိုလ်ကြီးလုပ်တဲ့လူနဲ့တော့ ဘာမှ မပတ်သက်စေနဲ့။ အဲဒီကနေ မင်းအတွက် ဘာအကျိုးကျေးဇူးမှ ရမှာမဟုတ်ဘူး”

မကြာမီ သူသေတော့မည်ကို သိရှိသည့် တဏှာအိုး အဘိုးကြီးက ပြောသွားသော စကားများပင် ဖြစ်သည်။ ယင်းသို့ပြောပြီးနောက် ငါးလအကြာတွင် သူ သေဆုံးသွားသည်။

ဂရုရှင်ကာနှင့် ပတ်သက်ပြီး ကာရာမာဇော့ သားအဖနှစ်ယောက် ထူးဆန်းစွာနှင့် ချောက်ချားဖွယ်ရာ အပြိုင်အဆိုင် ဖြစ်နေကြသည်ကို ကျွန်ုပ်တို့မြို့မှ လူတော်တော်များများ သိရှိနေကြသော်လည်း သူတို့နှစ်ယောက်အပေါ် ဂရုရှင်ကာ မည်သို့ သဘောထားသည်ကို မည်သူတဦးတယောက်မျှ မသိရှိသည့် အကြောင်းကိုလည်း လောလောဆယ်တွင် ကျွန်ုပ် ပြောထားရပေဦးမည်။

ဂရုရှင်ကာ၏ အစေခံ နှစ်ယောက်ပင်လျှင် ရုံးတော်၌ အစစ်ခံရာ၌ (အမှု ဖြစ်ပွားပြီးသည့် နောက်ပိုင်းတွင် ဖြစ်သည်။ ထိုအကြောင်းကို နောက်မှ ကျွန်ုပ်တို့ ပြောဆိုကြမည်) ဂရုရှင်ကာသည် ဒီမီထရီကို ကြောက်ရွံ့၍ လက်ခံခြင်း ဖြစ်သည်ဟု ဆိုသည်။ "သူက သူမကို သတ်မည်ဟု ခြိမ်းခြောက်ထား၍ ဖြစ်သည်" ဟု ဆိုသည်။

သူမ၏ အစေခံနှစ်ယောက်မှာ တယောက်က နာမကျန်းပြီး နားမကြား ဖြစ်နေသော ထမင်းချက် အဘွားကြီး ဖြစ်သည်။ ဂရုရှင်ကာ၏ နေအိမ်ဟောင်းမှ သူမနှင့်အတူ ပါလာသူ ဖြစ်သည်။ နောက်တယောက်ကတော့ အဘွားကြီး၏မြေး ဖြစ်သည်။ အသက် နှစ်ဆယ်အရွယ် မိန်းမငယ် ကလေးတဦးဖြစ်ပြီး ဂရုရှင်ကာ၏ လက်တိုလက်တောင်းအဖြစ် လုပ်ဆောင်ရသည်။

ဂရုရှင်ကာသည် ခြိုးခြိုးခြံခြံ ချွေချွေတာတာ နေထိုင်သည်ဖြစ်ရာ သူမ၏ ပတ်ဝန်းကျင်သည် ခမ်းနားထည်ဝါခြင်း အလျှင်းမရှိပါ။ သူမ၏ အိမ်ငယ်ကလေးတွင် အခန်း သုံးခန်းရှိပြီး မဟော်ဂနီ ပရိဘောဂ အဟောင်းများမှာ တထောင့်ရှစ်ရာနှစ်ဆယ်ခုနှစ်က ပုံစံများဖြစ်ပြီး အိမ်ရှင် အဘွားကြီး၏ ပစ္စည်းများပင် ဖြစ်ကြသည်။

သူမ၏အိမ်သို့ ရာကီတင်နှင့် အလျှိုရှာတို့ ရောက်ရှိသွားသော အချိန်သည် အတော်ကြီးပင် မှောင်နေပြီ ဖြစ်သည်။ သို့ရာတွင် သူမ၏ အခန်းများ၌ မီးထွန်းထားခြင်း မရှိသေးပါ။

ဂရုရှင်ကာသည် ဧည့်ခန်းထဲရှိ အချိုးအစားမကျသော မဟော်ဂနီ နောက်မှီ ဆိုဖာကြီးပေါ်တွင် လဲလျောင်းလျက်ရှိသည်။ ဆိုဖာကြီးသည် မာကျောလှပြီး ဟောင်းနွမ်းစုတ်ပြတ်နေသော သားရေဖုံး ဖြင့် ဖုံးအုပ်ထားသည်။ သားရေဖုံး စုတ်ပြဲနေသည်မှာ ကာလအတန်ကြာပြီ ဖြစ်သဖြင့် အပေါက်အပြဲ တွေ ဖြစ်နေသည်။ သူမ၏ခေါင်းက အိပ်ခန်းထဲမှ ယူဆောင်ထားသော ခေါင်းအုံးဖြူဖြူ နှစ်လုံးပေါ်တွင် တင်အုံးလျက်ရှိသည်။ သူမသည် ပက်လက်လှန်ကာအိပ်နေပြီး ခြေများ လက်များကို ဆန့်ထုတ်ထားသည်။ မလှုပ်မယှက်ကြီး ရှိနေသည်။ လက်နှစ်ဖက်ကို ခေါင်းအောက်တွင် ခုထားသည်။

သူမသည် တစုံတယောက်ကို စောင့်မျှော်နေသည့်အလား ပိုးဝတ်စုံအနက်ကို အကျအန ဝတ်ထားသည်။ ဇာဦးထုပ်ကလေးကို ခေါင်းမှာ

ဆောင်းထားသည်။ အင်မတန် ကြည့်၍ ကောင်းသည်။ ပခုံးနှစ်ဖက်ပေါ်တွင် ဇာပဝါ လွှမ်းခြုံထားသည်။ ဇာစနှစ်ခုကို ထုထည်ကြီးမားသော ရွှေရင်ထိုးတခုဖြင့် ချိတ်ထိုးထားသည်။ သူမအနေနှင့် တစုံတယောက်ကို စောင့်မျှော်နေသည်မှာ အမှန်ပင် ဖြစ်သည်။ စိတ်မရှည်နိုင်ဟန် မောပန်းဟန် ရှိနေသည်။ သူမ၏မျက်နှာမှာ ဖြူရော်နေပြီး နှုတ်ခမ်းများနှင့် မျက်လုံးများက တောက်လောင်နေကြသည်။ ဆိုဖာလက်တန်းကို ယာဘက် ခြေထောက်များဖြင့် ဂနာမငြိမ် ထိုးခေါက်လျက် ရှိသည်။

ရာကီတင်နှင့် အလျှိုရှာတို့ ရောက်ရှိလာသည့်အတွက် အနည်းငယ် ကသောင်းကနင်း ဖြစ်သွားသည်။ ဂရုရှင်ကာ ဆိုဖာပေါ်မှ လျင်မြန်စွာ ခုန်ထပြီး တုန်လှုပ်ချောက်ချားသောအသံဖြင့် ဟစ်အော်လိုက် သည်ကို အိမ်ရှေ့တံခါးဝမှနေ၍ သူတို့ ကြားရသည်။

“ဘယ်သူလဲ ...”

သို့သော် အိမ်ဖော်မကလေးက သူတို့ကို တွေ့ရှိပြီး သူမ၏သခင်မထံ ပြန်အော်ပြီး ပြောလိုက်သည်။

“သူ မဟုတ်ဘူး မမ၊ ဘာမှ မဟုတ်ဘူး၊ တခြား ဧည့်သည်တွေပါ”

“သူ ဘာဖြစ်နေတာလဲ”

ရာကီတင် ရေရွတ်လိုက်ပြီးနောက် အလျှိုရှာကို ဧည့်ခန်းသို့ လမ်းပြခေါ်ဆောင်သွားသည်။ ဂရုရှင်ကာသည် ဆိုဖာအနီးတွင် မတ်တတ်ရပ်လျက်ရှိသည်။ ယခုတိုင် ကြောက်လန့်နေသေးဟန်ပင် ဖြစ်သည်။ ဇာခေါင်းဆောင်းအောက်မှ နက်မှောင်သော ဆံပင်ခွေတခွေ ပြုတ်ထွက်ကာ သူမ၏ ယာဘက်ပုခုံးပေါ်သို့ ကျလာသည်။ သို့သော် သူမက ယင်းအဖြစ်ကို သတိပြုမိဟန် မရှိပါ။ ဧည့်သည်တွေ ဘယ်သူဆိုတာကို သိရှိသည်အထိ ဆံပင်များကို သူ့နေရာသို့ ပြန်ပို့ခြင်း မရှိပါ။

“အို .. ရာကီတင်၊ မင်းပါလား၊ မင်းလုပ်တာ တို့များ လန့်သွားတာပဲ၊ မင်း ဘယ်သူ့ကို ခေါ်လာတာလဲ၊ မင်းနဲ့ပါလာတာ ဘယ်သူလဲ၊ အို ဘုရားသခင်၊ မင်း သူ့ကို ခေါ်လာတာပါကလား”

အလျှိုရှာမှန်း သိသောအခါ သူမက အာမေဍိတ်စကား ဆိုလိုက်သည်။

“ဖယောင်းတိုင် ယူခိုင်းပါဦး”

ရာကီတင်က ဤအိမ်တွင် အမိန့်ပေးပိုင်ခွင့်ရှိသော ရင်းနှီးသူတဦး

ပုံစံမျိုးဖြင့် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ပြောလိုက်သည်။

"ဖယောင်းတိုင် ... အင်း၊ ဟုတ်တယ်၊ ဖယောင်းတိုင် ... ဖီညာ၊ ဖယောင်းတိုင် ယူခဲ့ပါဟေ့ ... အင်း ... မင်းက အချိန်ကောင်းရွေးပြီး သူ့ကို ခေါ်လာတာပဲ"

အလျှိုရှာကို နှုတ်ဆက်သည့်အနေဖြင့် ခေါင်းညိတ်ပြရင်း သူမက ပြောလိုက်သည်။ ထို့နောက် သူမသည် မှန်ဘက်သို့လှည့်ပြီး ပြုတ်ကျနေသော ဆံပင်များကို ပြန်ထည့်သည်။ သူမ အလိုမကျ ဖြစ်နေပုံရသည်။

"ကိုယ်လုပ်တာ ဘာမှားလို့လဲ"

ရာကီတင်က ချက်ချင်းပင် နှုတ်တုံ့ပြန်လိုက်သည်။

"မင်းလုပ်တာ ကိုယ် လန့်သွားတယ် ရာကီတင်၊ မင်း လူဆိုးပဲ၊ မင်းလုပ်တာ အဲဒါပဲ" ဂရုရှင်ကာ ပြောလိုက်သည်။ ထို့နောက် အလျှိုရှာဘက်သို့ လှည့်ကာ ပြုံးလိုက်ပြီး...

"ကိုယ့်ကို မကြောက်ပါနဲ့ အလျှိုရှာကလေးရယ်၊ မင်းကို တွေ့ရတာ ကိုယ် သိပ် ဝမ်းသာတယ်၊ မင်းကို နည်းနည်းမှ မျှော်လင့်မထားပါဘူး၊ ဒါပေမဲ့ ရာကီတင်၊ မင်း လုပ်တာကတော့ ကိုယ်တို့ လန့်သွားတာအမှန်ပဲ။ မစ်တယာ ဝင်လာပြီလို့ ကိုယ် ထင်လိုက်တယ်၊ ညနေက ကိုယ် သူ့ကို မျက်လှည့်ပြထားတယ်၊ ကိုယ် သူ့ကို အယုံသွင်းပြီး တခု လိမ်ပြောထားတယ်၊ ကနေ့ည အဘိုးကြီး ကူဇမာဆီကို ကိုယ် သွားမယ်လို့ သူ့ကို ပြောထားတယ်၊ အဲဒီမှာ မိုးကြီးချုပ်တဲ့အထိ သူ့ပိုက်ဆံတွေကို ရေပေးစရာရှိတယ်လို့ ပြောထားတယ်၊ ကိုယ်က တပတ် တရက် ဆိုသလို အဘိုးကြီးဆီကိုသွားပြီး သူ့စာရင်းတွေကို လုပ်ပေးရတယ်၊ ကိုယ်တို့နှစ်ယောက် အခန်းတံခါးပိတ်ပြီး အလုပ်လုပ်ကြတယ်၊ သူက တရုတ်ဂဏန်းတွက်ခွက်နဲ့ စာရင်းတွက်တယ်၊ ကိုယ်က လယ်ဂျာစာအုပ်ထဲမှာ စာရင်း သွင်းရတယ်၊ အဘိုးကြီး ယုံတာ ကိုယ်တယောက်ပဲ ရှိတယ်၊ အဲ .... မစ်တယာက ကိုယ် အဲဒီမှာ ရှိနေမယ်လို့ ယုံနေတယ်၊ ကိုယ်က ဒီမှာ အခန်းအောင်းပြီး သတင်းတခုကို စောင့်နေတယ်၊ ဖီညာက ဘယ်လိုလုပ်ပြီး မင်းကို ဝင်ခွင့်ပေးလိုက်သလဲ မသိဘူး၊ ဖီညာ ဖီညာ၊ ခြံပေါက်ဝကို ပြေးစမ်း၊ ဝင်းတံခါးကို ဖွင့်ပြီး တနေရာရာမှာ ဗိုလ်ကြီး ရှိ မရှိကို ကြည့်စမ်း၊ သူ တနေရာမှာ ပုန်းပြီး ချောင်းနေတာ ဖြစ်နိုင်တယ် .... ကိုယ် ကြောက်လို့ သေရတော့မယ်"

"အဲဒီမှာ ဘယ်သူမှ မရှိပါဘူး မမ၊ ကျွန်မ အခုပဲ ကြည့်ခဲ့ပါတယ်။ ကျွန်မ ဝင်းတံခါးပေါက် အကြားကနေ တမိနစ်ခြားလောက် ချောင်းကြည့်နေပါတယ်၊ ကျွန်မလည်း ကြောက်လွန်းလို့ တုန်နေတာပါပဲ မမ"

"တရုတ်ကတ်တွေကို ပိတ်ထားသလား ဖီညာ၊ ခန်းဆီးတွေအားလုံး ပိတ်ထားပါ"

သူမကိုယ်တိုင် ခန်းဆီးကို ဆွဲပိတ်ရင်း "မီးရောင် တွေ့သွားလို့ရှိရင် သူ အတင်းဝင်လာလိမ့်မယ်၊ မင်းအစ်ကို မစ်တယာကို ကိုယ် ကနေ့ ကြောက်နေတယ် အလျှို့ရှာ"

"ဘာဖြစ်လို့ ကနေ့မှ သိပ်ကြောက်နေရတာလဲ" ရာကီတင်စူးစမ်းလိုက်သည်။ "ကိုယ့်စိတ်ထဲမှာတော့ မင်း သူ့ကို ကြောက်တယ်လို့ မထင်ဘူး၊ သူက မင်း ကြိုးဆွဲတိုင်း ကနေတာပဲ"

"ကိုယ့်အနေနဲ့ သတင်းတခုကို စောင့်နေတယ်လို့ မင်းကို ပြောခဲ့တယ် မဟုတ်လား သတင်းကောင်း တခုပဲ။ အဲဒါကြောင့် မစ်တယာကို ကိုယ် မလာစေချင်ဘူး၊ ကူဇမာရဲ့အိမ်မှာ နေမယ်ဆိုတာကို သူ ယုံပုံမရဘူး၊ သူ မယုံဘူး။ ကိုယ်ထင်တယ်၊ သူဟာ အခုအချိန်ဆိုရင် သူ့အဖေ အိမ်နောက်ဖေးက ပန်းခြံထဲမှာ ထိုင်ပြီး ကိုယ့်ကို စောင့်နေလိမ့်မယ်၊ ချောင်းနေလိမ့်မယ်၊ အဲ .. သူ အဲဒီမှာ ရှိနေတယ် ဆိုရင်တော့ သူ ဒီကို မလာနိုင်ဘူး၊ အဲဒါဆိုရင်တော့ ကောင်းတာပဲ၊ အမှန်အတိုင်း ပြောရရင် ကူဇမာဆီကို ကိုယ် သွားခဲ့တယ်၊ ကိုယ့်ကို အဲဒီကို မစ်တယာ လိုက်ပို့တာပဲ၊ ကိုယ် အဲဒီမှာ သန်းခေါင်လောက်အထိ ရှိမယ်လို့ သူ့ကို ပြောလိုက်တယ်၊ အဲဒီအချိန်မှာ ကိုယ့်ကိုလာကြိုဖို့လည်း သူ့ကို မှာလိုက်တယ်။ သူ ကိုယ့်ကို ပို့ပြီး ထွက်သွားတယ်၊ ကိုယ်လည်း အဘိုးကြီးနဲ့ ဆယ်မိနစ်လောက် စကား ပြောပြီးပြန်လာခဲ့တယ်။ အို .. ကိုယ် ကြောက်လိုက်တာ၊ လမ်းမှာ သူနဲ့မတွေ့အောင်ဆိုပြီး ဒီရောက်တဲ့အထိ ကိုယ် ပြေးလာခဲ့ရတယ်"

"နေပါဦး ... ဘာဖြစ်လို့ ဒီလို ဝတ်စားထားရတာလဲ၊ ဘယ်သွားမလို့လဲ၊ အစ်မခေါင်းပေါ်က ဦးထုပ်က အဆန်းပါလား"

"ရာကီတင် မင်းကကော ဘယ်လောက် ဆန်းသလဲ၊ သတင်းတခုကို စောင့်နေပါတယ်လို့ မင်းကို ကိုယ် ပြောခဲ့ပြီ မဟုတ်လား၊ အဲဒီသတင်း ရောက်လာတာနဲ့ တပြိုင်နက် ကိုယ် သုတ်ခြေတင်ပြီပဲ၊ ကိုယ့်ကို မင်းတို့ ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ကိုယ် အဆင်သင့် ဖြစ်နေအောင် ဝတ်စားထားတာပဲ"

"အစ်မ ဘယ်ကိုသွားမှာလဲ"

"ကိုယ့်ကို မေးခွန်းတွေ သိပ်မမေးပါနဲ့၊ ကိုယ် မင်းကို မုသားတွေ မပြောချင်ဘူး"

"ကျွန်တော် ပြောရဲတယ်၊ အစ်မ တော်တော် ပျော်နေတာပဲ ... အစ်မကို ကျွန်တော် အလျင်က တခါမှ ဒီလိုမျိုး မမြင်ခဲ့ဖူးဘူး၊ ကပွဲသဘင်ကြီးတခုကို သွားမယ့်အတိုင်း ဝတ်စားထားတာပဲ"

ရာကီတင်က သူမကို ခြေဆုံးခေါင်းဖျား ကြည့်ရင်း ပြောသည်။

"ကပွဲသဘင်တွေ အကြောင်း မင်းက သိလို့လား"

"အစ်မကကော သိလို့လား"

"ကပွဲကြီးတခုကို ကိုယ် တခါမြင်ဖူးတယ်။ မနှစ်တုန်းက အဘိုးကြီး ကူဇမာရဲ့ သားတယောက် လက်ထပ်တုန်းကပဲ၊ အပေါ်ထပ် စင်္ကြံကနေပြီး ကိုယ် မြင်ရတယ်။ ကိုယ့်ရှေ့မှာ မင်းသားလေးတပါး အခုလို ရပ်နေတဲ့အချိန်မှာ ကိုယ်က မင်းကို ဘာဖြစ်လို့ စကားပြောနေရမှာလဲ ရာကီတင်၊ ဘယ်လောက် အံ့သြစရာကောင်းတဲ့ ဧည့်သည် တယောက်လဲ။ အလျိုရှာ... ကိုယ်ချစ်တဲ့ ကောင်ကလေး ... မင်းကို ကိုယ် ငေးပြီး ကြည့်နေ တယ်၊ ကိုယ့်မျက်လုံးတွေကို ကိုယ် မယုံနိုင်ဘူး၊ အို ဘုရားသခင်၊ မင်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေတာလဲ။ အမှန်အတိုင်းပြောရရင် မင်းကို တွေ့ရလိမ့်မယ်လို့ ကိုယ် လုံးဝ မထင်ခဲ့ဘူး။ မင်း ကိုယ့်ဆီကိုလာပြီး တွေ့လိမ့်မယ်လို့ ကိုယ် လုံးဝ မတွက်ခဲ့ဘူး။ ဒီအချိန်ဟာ မင်းလာဖို့ကောင်းတဲ့အချိန် မဟုတ်ပေမဲ့ မင်းကို တွေ့ရတာ ကိုယ် တကယ်ပဲ ဝမ်းသာပါတယ်။ ဆိုဖာပေါ်မှာ ထိုင်ပါ၊ ဒီမှာ ထိုင်ပါ။ ဟုတ်ပြီ... ကိုလူစိမ်း၊ တကယ်ပဲ၊ မင်း ဒီမှာ ရောက်နေတယ်ဆိုတာ ကိုယ် ယုံလို့မရဘူး ... ဒီမယ် ရာကီတင်၊ မင်း ဘာဖြစ်လို့ သူ့ကို မနေ့က မခေါ်ခဲ့သလဲ၊ ဒါမှမဟုတ် တနေ့ကပေါ့၊ အို ကိစ္စမရှိပါဘူး၊ အခုလည်း ကိုယ် ဝမ်းသာပါတယ်၊ တနေ့က မလာဘဲ အခုလို အချိန်မျိုးမှာ သူလာတာပဲ ပိုပြီး ကောင်းပါတယ်"

အလျိုရှာ၏နံဘေးဘက် ဆိုဖာပေါ်တွင် သူမ ထိုင်ချလိုက်သည်။ သူ့ကို အင်မတန် ရွှင်လန်းအားရစွာ နှင့် ကြည့်နေသည်။ သူမက တကယ်ပဲ ပျော်နေသည်။ သည်လိုမျိုးချည်း ပြောနေသည့် အချိန်အခါ တွင် သူမ မလိမ်တတ်ပါ။ သူမ၏မျက်လုံးများ ရွှန်းလက်နေသည်။ သူမ၏ နှုတ်ခမ်းများ ပြုံးလဲ့နေ သည်။ ကြည်လင်ရွှင်ပျသော အပြုံးမျိုး ဖြစ်သည်။

သူမ၏ မျက်နှာပေါ်တွင် ဤကဲ့သို့သော သနားကြင်နာသည့် အမူအရာမျိုး တွေ့ရလိမ့်မည်ဟု အလျိုရှာ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။ မနေ့ကအထိ သူသည် သူမကို မတွေ့ဖူးသလောက်ပင် ဖြစ်သည်။ သူမနှင့် ပတ်သက်ပြီး ကြောက်မက်ဖွယ်ရာကောင်းသောပုံစံကိုသာ စဉ်းစားမိခဲ့သည်။ တနေ့ကလည်း ကက်ထရီးနားအပေါ်တွင် သူမက မလိုမုန်းတီးစွာနှင့် သစ္စာကင်းမဲ့စွာ လုပ်ဆောင်ခဲ့ သည့်အတွက် အထူးပင် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။ ယခုအခါတွင်မူ

သူမျှော်လင့်ထားသော ပုံစံမျိုးနှင့် လုံးဝ ဆန့်ကျင်ဘက်အဖြစ်ကို တွေ့ရှိရသောအခါ သူသည် များစွာမှပင် အံ့ဩရတော့ သည်။ ယင်းအတွက် သူသည် စိတ်မကောင်းဖြစ်မိပြီး သူမကို အာရုံစိုက်ပြီး ငေးကြည့်နေမိတော့ သည်။

သူမ၏ အမူအရာ အသွင်အပြင် အားလုံးသည်ပင် ယမန်နေ့ နောက်ပိုင်းတွင် အကောင်းဘက်သို့ ပြောင်းလဲသွားဟန်ရှိသည်။ ယမန်နေ့ကလို ချွဲတဲတဲ ညုတုတု အသံမျိုး မရှိတော့။ ကန့်ကလျ ကယုကယင် အမူအရာမျိုး မရှိတော့။ အရာရာသည် ရိုးရိုးသားသားနှင့် ကောင်းကောင်းမွန်မွန် ဖြစ်သည်။ သူမ၏ လှုပ်ရှားမှုများက သွက်လည်သည်၊ ဖြောင့်စင်းသည်၊ ယုံကြည်စိတ်ချမှုရှိသည်။ သို့သော် သူမသည် အတော်ကြီးပင် စိတ်လှုပ်ရှားလျက် ရှိသည်။

"အို... ဘုရားသခင်၊ ဘယ်လိုဖြစ်လို့များ ကနေ့မှ အားလုံး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာကြသလဲ မသိဘူး" သူမက ဆက်ပြီး ပြောသည်။ "မင်းကို တွေ့ရတဲ့အတွက် ကိုယ် ဘာဖြစ်လို့များ ဒါလောက် ဝမ်းသာရသလဲ မသိဘူး အလျှိုရှာ။ ကိုယ့်ဘာကိုယ်တောင် မပြောနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲလို့ မင်းက မေးရင်လည်း ကိုယ် မဖြေနိုင်ဘူး"

"အစ်မ ဘာဖြစ်လို့ ဒါလောက် ဝမ်းသာရတယ်ဆိုတာ အစ်မ တကယ်ပဲ မသိဘူးလား" ရာကီတင်က မေးလိုက်သည်။ "သူ့ကို ခေါ်လာပေးဖို့ အစ်မ ကျွန်တော့်ကို တဖွဖွ ပြောခဲ့တယ် မဟုတ်လား၊ အဲဒါ အစ်မမှာ ရည်ရွယ်ချက်တခုရှိလို့ မဟုတ်လား"

"အို ... ကိုယ့်မှာ အလျင်တုန်းက ရည်ရွယ်ချက်တမျိုး ရှိခဲ့တာ အမှန်ပဲ။ ဒါပေမဲ့ အဲဒါ အခု မရှိတော့ဘူး၊ ပြီးသွားပြီ။ အခုဟာက ပုံစံတမျိုး ဖြစ်သွားပြီ။ ကိုယ့်စိတ်တွေ အခု အများကြီး ကောင်းသွားပြီ။ ရာကီတင် ... မင်းကော ထိုင်လေ၊ ဘာဖြစ်လို့ မတ်တတ်ရပ်နေရတာလဲ၊ မင်း အခု ထိုင်ပြီမဟုတ်လား၊ ရာကီတင်... မင်းဟာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့ ဘယ်တော့မှ မေ့တတ်တဲ့သူ တယောက် မဟုတ်ပါဘူး၊ တွေ့လား အလျှိုရှာ၊ ကိုယ်တို့နဲ့ မျက်နှာချင်းဆိုင်မှာ သူ ထိုင်ပြီ။ ကိုယ်က မင်းအလျင် သူ့ကို မထိုင်ခိုင်းတဲ့အတွက် သူ စိတ်မကောင်းဖြစ်သွားတယ်။ ဟဲ ဟဲ ရာကီတင်က တကယ် စိတ်ဆိုးတတ်တယ်" ဂရုရှင်ကာ ရယ်လိုက်သည်။ "စိတ်မဆိုးပါနဲ့ ရာကီတင်၊ ကိုယ် ကနေ့ အင်မတန် စိတ်ကောင်းပါတယ်၊ အလျှိုရှာ၊ မင်း ဘာဖြစ်လို့ အခုလို မှိုင်နေရတာလဲ၊ ကိုယ့်ကို ကြောက်လို့တော့ မဟုတ်ပါဘူးနော်"

သူမက သူ့ကို ပျော်ပျော်ရွှင်ရွှင်ကလေး လှောင်ပြောင်ဟန်ဖြင့် မေးလိုက်သည်။ "သူ ဝမ်းနည်းနေ တယ်၊ သူတို့က သူ့ကို သူကောင်းမပြုတဲ့အတွက်ပဲ"

"ဘယ်သူ ... သူကောင်းပြု မခံရတာလဲ"

"သူ့ရဲ့ ခင်ကြီးဆရာတော်ဆီက ပုပ်စော်နံနေလို့ပဲ"

"ဘာပြောတယ်၊ မင်း ဘာတွေ မဟုတ်တာ ပြောနေတာလဲ။ မကောင်းတာ တခုကို မင်း ပြောချင်တယ် မဟုတ်လား၊ အသာ တိတ်တိတ်နေစမ်း၊ မင်း လူမိုက်ပဲ။ အလျှိုရှာ .. မင်းပေါင်ပေါ်မှာ ကိုယ် ဒီလိုထိုင်ပါရစေ"

အမျိုးသမီးက ရယ်မောကာ ရုတ်တရက်ဆိုသလို ခုန်ထလိုက်ပြီး ချစ်စရာ ကြောင်ကလေး တကောင်လို သူ၏ပေါင်ပေါ်သို့ ခုန်တက်ကာ ထိုင်လိုက်သည်။ ထို့နောက် သူမ၏ လက်ယာဘက် လက်ဖြင့် သူ၏လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။

"မင်းကို ပျော်အောင် ကိုယ်လုပ်ပေးမယ် သူတော်ကောင်းကလေး၊ မင်းပေါင်ပေါ်မှာ ကိုယ့်ကို ထိုင်ခွင့်ပေးမယ် မဟုတ်လား၊ မင်း စိတ်မဆိုးဘူး မဟုတ်လား၊ မင်း စိတ်ဆိုးတယ်ဆိုရင် ကိုယ် ဆင်းပါ့မယ်"

အလျှိုရှာ နှုတ်ဆိတ်နေသည်။

သူက မလှုပ်ရဲသလို ငြိမ်ပြီး ထိုင်နေသည်။ "မင်း စိတ်ဆိုးတယ်ဆိုရင် ကိုယ် ဆင်းပါ့မယ်" ဟု သူမက ပြောလိုက်သည်ကို သူ ကြားသည်။ သို့သော် သူ အဖြေမပေးပါ။ စက်ကွင်းမိနေသည့်အလား ဖြစ်သည်။ သို့သော် သူ၏စိတ်ထဲတွင် ဘာခံစားမှုမျှ မရှိပါ။ မျက်နှာချင်းဆိုင် ထိုင်ခုံမှနေ၍ သူ့အား မလိုတမာသော အကြည့်ဖြင့် ကြည့်နေသော ရာကီတင်၏စိတ်ထဲတွင် ထင်နေသည်မျိုး၊ မျှော်လင့်နေသည်မျိုး သူ၏စိတ်ထဲတွင် ဘာမျှ မဖြစ်ပေါ်ပါ။ သူ့စိတ်ထဲတွင် ဖြစ်ပေါ်လာနေသော ကိလေသာ စိတ်များကို သူ၏ရင်ထဲတွင် ရှိနေသော ဝမ်းနည်းပူဆွေးမှုကြီးက ဝါးမျိုပစ်လျက် ရှိတော့သည်။ အကယ်၍ သူသည် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားမှုများကို သေသေချာချာ တွက်ချက်နိုင် သည်ဆိုလျှင် ထိုအချိန်က သူသည် မည်သည့် ဖြားယောင်းမှု၊ မည်သည့် သွေးဆောင်မှုကိုမဆို ကာကွယ်နိုင်သည့် သံချပ်အင်္ကျီကြီး ဝတ်ဆင်ထားကြောင်း သဘောပေါက်မိပေလိမ့်မည်။

သို့ရာတွင် သူ့ကို ဝမ်းနည်းကြေကွဲမှုကြီးက ဖုံးလွှမ်းထားပြီး စိတ်ရှုပ်ထွေးသည့် အခြေအနေတွင် ရှိနေသော်လည်း သူ့ရင်ထဲတွင် အသစ်ဖြစ်ပေါ်လာနေသော ခံစားမှုကို သူ မအံ့သြ မစဉ်းစားဘဲ မနေနိုင်ပါချေ။ ဤအမျိုးသမီးသည် ... ဤ 'ကြောက်မက်ဖွယ်ရာ ကောင်းသော' အမျိုးသမီးသည် သူ့အား ကြောက်လန့်ခြင်းကို မဖြစ်စေပါ။ မိန်းမတွေအကြောင်း သူတွေးမိတိုင်း ဖြစ်ပေါ်ခဲ့ရသည့် ကြောက်လန့်မှုမျိုးကို မဖြစ်ပေါ်စေနိုင်ပါ။ ထိုမျှမကသေးပါ။ အခြားသော မိန်းမများထက် အဆပေါင်းများစွာ ပိုပြီး သူ ကြောက်လန့်ခဲ့သော

ဤအမျိုးသမီးသည် ယခုအခါ သူ၏ပေါင်ပေါ်တွင် ထိုင်ကာ သူ့ကို သိုင်းဖက်ထားပြီး သူ မထင်မှတ်သော၊ သူ မမျှော်လင့်သော၊ ထူးခြားဆန်းကြယ်သော ခံစားမှုတခုကို ဖြစ်ပေါ်နေစေတော့သည်။ နဂိုထင်မှတ်ထားသော ကြောက်လန့်မှုမျိုး မပါရှိသည့် ခံစားမှုမျိုးသာ ဖြစ်သည်။ ကိလေသာစိတ် မပါရှိသော သာမန် စိတ်ဝင်စားမှုမျိုးသာ ဖြစ်သည်။ ယင်းအတွက် သူသည် များစွာမှပင် အံ့သြခြင်း ဖြစ်ရတော့သည်။

"ကဲ ... ပေါက်ကရလေးဆယ်တွေ ပြောတာ တော်လောက်ပြီ" ရာကီတင် အော်ပြောလိုက်သည်။ "အစ်မ ကျွန်တော်တို့ကို ရှန်ပိန်တိုက်ပါ၊ အစ်မ ကျွန်တော့်ကို တိုက်ရမယ် မဟုတ်လား၊ အစ်မ သိပါတယ်"

"အင်း ဟုတ်တယ်၊ တို့ တိုက်ရမယ်၊ ဒီမယ် အလျှိုရှာ၊ သူ့ကို အစ်မ ကတိပေးထားတယ်၊ မောင်လေးကို အစ်မဆီခေါ်လာရင် သူ့ကို တခြား ဘာတွေညာတွေအပြင် ရှန်ပိန်ပါ တိုက်မယ်လို့ ပြောထားတယ်။ အဲဒီတော့ ရှန်ပိန် သောက်ကြမယ်၊ တို့လည်း သောက်မယ်။ ဖီညာရေ၊ ဖီညာ ... ရှန်ပိန် ယူခဲ့ပါ။ မစ်တယာ ချန်ထားခဲ့တဲ့ ပုလင်းကို ယူခဲ့ပါ။ မြန်မြန် ဟေ့၊ တို့က ကော်တရာ ကပ်စေးနဲ့ပေမဲ့ ပုလင်းတလုံးတော့ ထောင်ပေးပါ့မယ်။ မင်းအတွက် မဟုတ်ဘူး ရာကီတင်၊ မင်းက အလကား မှိုပဲ၊ အေး... သူက မင်းသားကလေး။ ကိုယ့်စိတ်ထဲမှာ တခြားပြဿနာတွေ ရှိနေပေမယ့် အဲဒါတွေကို ထားလိုက်ပါ၊ ကိုယ် မင်းနဲ့အတူ သောက်ပါ့မယ်၊ ကိုယ့်စိတ်ထဲမှာ အခွင့်ကောင်းကြီးတခု ကြုံကြိုက်နေရသလိုပဲ"

"နေပါဦး၊ အစ်မမှာ ဘာပြဿနာတွေရှိနေသလဲ၊ သတင်းတခုဆိုတာက ဘာလဲ၊ လျှို့ဝှက်မှုတခုလား"

ရာကီတင် စပ်စုလိုက်သည်။ သူ့ကို တဖက်က နှိမ့်နှိမ့်ချချ ပြောဆိုနေသည်များကို လုံးဝ သတိမပြုမိ ဟန်ဖြင့် ဖြစ်သည်။

"ဟင့်အင်း မလျှို့ဝှက်ပါဘူး၊ မင်းလည်း သိပါတယ်"

ဂရုရှင်ကာက အနည်းငယ် စိတ်သောကရောက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။ အလျှိုရှာထံမှ အနည်းငယ်ခွာပြီး ရာကီတင်ဘက်သို့ ခေါင်းလှည့်လိုက်သည်။ သို့သော် အလျှိုရှာ၏ ပေါင်ပေါ်တွင် ထိုင်ပြီး လည်ပင်းကို သိုင်းဖက်ထားမြဲပင် ဖြစ်သည်။

"တို့ဗိုလ်ကြီး ပြန်လာနေပြီ ရာကီတင်၊ တို့ဗိုလ်ကြီး ပြန်လာနေပြီ"

"သူပြန်လာပြီဆိုတာ ကျွန်တော် ကြားပါတယ်၊ ဒါပေမဲ့ သူ ဘယ်လောက်နီးနီးမှာ ရောက်နေပြီလဲ"

"သူ အခု မိုကရိုယီမှာ ရောက်နေတယ်။ အဲဒီကနေပြီး စေတမန်တယောက်

သူ လွှတ်လိုက်တယ်၊ သူကိုယ်တိုင် စာရေးလိုက်တယ်၊ သူ့ဆီကစာကို တို့ ကနေ့ပဲ ရတယ်၊ သူ့ဆီကလူ ရောက်လာမှာကကို ကိုယ် စောင့်နေတယ်၊ အချိန်မရွေး ရောက်လာနိုင်တယ်”

“အို ဘုရားသခင်၊ ဘာဖြစ်လို့ မိုကရိုယီမှာ ရောက်နေရတာလဲ”

“ဇာတ်လမ်းက အရှည်ကြီးပဲ၊ မင်းကိုလည်း ကိုယ် အများကြီး ပြောပြီးပါပြီ”

“အခုလောက်ဆိုရင် မစ်တယာ တခုခု လုပ်နေပြီ၊ သူ သိသလား မသိဘူးလား”

“သူ မသိဘူး၊ သူ ဘယ်လိုလုပ်ပြီး သိမလဲ၊ သူသိလို့ရှိရင် သူ ကိုယ့်ကို သတ်လိမ့်မယ်၊ ဒါပေမဲ့ ကိုယ် အခုပဲ အဲဒါကို မကြောက်တော့ဘူး၊ သူ့ခားကို ကိုယ် မကြောက်တော့ဘူး၊ တိတ်တိတ်နေစမ်း ရာကီတင်၊ ဒီမီထရီအကြောင်း ကိုယ့်ကို မပြောစမ်းနဲ့၊ သူဟာ ကိုယ့်အသည်းကို နာအောင် လုပ်ခဲ့တယ်၊ ကိုယ့်အနေနဲ့ ခုအချိန်မှာ အဲဒီကိစ္စကိုတောင် မစဉ်းစားချင်တော့ဘူး၊ ဒီမှာရှိနေတဲ့ အလျှိုရှာအကြောင်းပဲ ကိုယ် စဉ်းစားချင်တယ်၊ ကိုယ် သူ့ကို ကြည့်နေတယ် ... ကိုယ့်ကို ပြုံးစမ်းပါ၊ ပျော်ပျော်နေစမ်းပါ၊ ကိုယ့်အတွက် ပြုံးလိုက် စမ်းပါ ... ဟော ... သူပြုံးပြီ၊ သူပြုံးပြီ၊ ကြည့်စမ်းပါဦး၊ သူ ကိုယ့်ကို ဘယ်လို ကြင်ကြင်နာနာနဲ့ ကြည့်နေတယ်ဆိုတာ၊ ဒီမယ် အလျှိုရှာ ... မနေ့က ဟိုအမျိုးသမီးနဲ့ ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ကိစ္စကြောင့် ကိုယ့်ကို စိတ်ဆိုးနေမှာပဲလို့ ကိုယ် ထင်ခဲ့တယ်၊ ကိုယ်ဟာ အလကား မိန်းမပဲ။ အဲဒါ အမှန်ပဲ၊ ဒါပေမဲ့ အဲဒီလို ဖြစ်သွားတာပဲ ကောင်းပါတယ်။ အဲဒီအဖြစ်က ဆိုးတယ်၊ ဒါပေမဲ့ ကောင်းတယ်”

ဂရုရှင်ကာ ရုတ်တရက် ပြုံးလိုက်သည်။ သူမ၏အပြုံးတွင် စိမ်းကားရက်စက်သည့် အငွေ့ကလေး ပေါ်လွင်နေသည်။ သူက ဆက်ပြီး ပြောပြန်သည်။

“ ‘သင်းကို ကြိမ်ဒဏ်ပေးသင့်တယ်’ လို့ သူအော်နေတယ်လို့ မစ်တယာက ကိုယ့်ကိုပြောတယ်၊ ကိုယ် သူ့ကို အများကြီး စော်ကားခဲ့တယ်၊ ကိုယ့်ကို သူကပဲ ခေါ်ခဲ့တယ်၊ ချောကလက်ကလေး တခွက်နဲ့ သူက ကိုယ့်အပေါ်မှာ အနိုင်ရချင်တယ် ... ဟုတ်တယ်၊ ဒီလိုမျိုး နိဂုံးချုပ်သွားတာပဲ ကောင်းတယ်”

သူမ ပြုံးလိုက်ပြန်ပြီး ...

“ဒါပေမဲ့ မင်း စိတ်ဆိုးမှာကိုတော့ ကိုယ် စိုးရိမ်နေတယ်”

“ဟုတ်တယ် ... အဲဒါ အမှန်ပဲ”ရာကီတင် တကယ်ပင် အံ့ဩဟန်ဖြင့် ရုတ်တရက် ပြောလိုက်သည်။ “အလျှိုရှာ၊ သူက မင်းကို ကြက်ပေါက်စကလေး

တကောင်လို တကယ်ပဲ ကြောက်နေတယ်”

“ရာကီတင် ...သူဟာ မင်းအတွက်တော့ ကြက်ပေါက်စကလေး တကောင်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ကောင်း မကောင်း သိတတ်တဲ့စိတ် မရှိလို့ပဲ၊ အဲဒါ အမှန်ပဲ၊ ဒီမှာ ရာကီတင် .. ကိုယ် သူ့ကို အသည်းထဲ အူထဲကနေပြီး ချစ်တယ်၊ အဲဒါ အမှန်ပဲ၊ အလျှိုရှာ ... မင်း ယုံသလား၊ မင်းကို ကိုယ် အသည်းရောအူရော ချစ်တယ်”

“ဟား အရှက်မရှိတဲ့ မိန်းမပဲ၊ အလက်ဇီ ... သူက မင်းကို မေတ္တာရှိကြောင်း ပြောပြနေတယ်”

“အဲဒါ ဘာဖြစ်သလဲ၊ ကိုယ် သူ့ကို ချစ်တယ်”

“အစ်မရဲ့ဗိုလ်ကြီးကို ဘယ်သွားထားမလဲ၊ မိုကရိုယီက တန်ဖိုးမဖြတ်နိုင်တဲ့သတင်းကို ဘယ်သွားထားမလဲ”

“အခုကိစ္စက အဲဒီအပိုင်းနဲ့ ဘာမှ မဆိုင်ဘူး”

“မိန်းမ ပီသပါပေတယ်”

“ကိုယ့်ကို ဒေါသဖြစ်အောင် မလုပ်ပါနဲ့ ရာကီတင်” ဂရုရှင်ကာက သူ့ကို ဒေါသဖြင့် ပြန်ပြောလိုက် သည်။ “အဲဒီအပိုင်းနဲ့ ဘာမှ မဆိုင်ပါဘူး၊ အလျှိုရှာကို ကိုယ်ချစ်တာက တမျိုးပါ၊ အဲဒါ အမှန်ပါပဲ အလျှိုရှာ၊ မင်းအပေါ်မှာ ကိုယ် အလျင်တုန်းက မကောင်းတဲ့သဘောထား ရှိခဲ့ပါတယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ကိုယ်ဟာ နိမ့်ကျတဲ့ ဆိုးသွမ်းတဲ့ သတ္တဝါတကောင် ဖြစ်ခဲ့လို့ပဲ၊ ဒါပေမဲ့ မင်းအပေါ်မှာ ကိုယ် အသိစိတ်နဲ့ ကြည့်တဲ့အခါတွေ ရှိပါတယ်၊ ကိုယ့်လို မကောင်းတဲ့ မိန်းမတယောက်ကို မင်းလိုလူ တယောက်က ဘယ်လောက်များ မုန်းတီးလိုက်မလဲလို့ ကိုယ် တွေးမိတယ်၊ အဲဒါကို ကိုယ် မနေ့က ဟိုအမျိုးသမီးအိမ်က ထွက်ပြေးလာတုန်းကလည်း တွေးမိတယ်၊ ကိုယ်ဟာ မင်းနဲ့ ပတ်သက်ပြီး အဲဒီလိုမျိုး တွေးလာမိတာ အတော်ကြီးကို ကြာသွားပြီ အလျှိုရှာ၊ အဲဒါကို မစ်တယာ သိပါတယ်။ အဲဒီအကြောင်း ကိုယ် သူ့ကို ပြောခဲ့တယ်၊ မစ်တယာ နားလည်တယ်၊ တခါတခါမှာ ကိုယ်ဟာ မင်းကိုကြည့်ပြီး ရှက်နေမိတယ် အလျှိုရှာ၊ အဲဒါ မင်း ယုံမလား၊ ကိုယ့်ကိုယ်ကိုယ် ရှက်နေမိတယ်၊ မင်းနဲ့ပတ်သက်ပြီး ကိုယ် အဲဒီလိုမျိုး ဘယ်လိုလုပ်ပြီး ... ဘယ်အချိန်ကစပြီး စဉ်းစားမိခဲ့တယ် ဆိုတာတော့ ကိုယ် မပြောတတ်ဘူး၊ ကိုယ် မမှတ်မိဘူး ...”

အခန်းတွင်းသို့ ဖီညာ ဝင်ရောက်လာပြီး ဘူးဆို့ဖွင့်ထားသော ပုလင်းတလုံးနှင့် ရှန်ပိန် ဖန်ခွက်သုံးလုံး ပါရှိသော လင်ပန်းတချပ်ကို စားပွဲပေါ်တွင် တင်သည်။ “ဟော ... ရှန်ပိန် ရောက်လာပြီ” ရာကီတင် ဟစ်အော်လိုက်သည်။

“အစ်မ သိပ်စိတ်လှုပ်ရှားနေတယ်၊ ပုံမှန်မဟုတ်တော့ဘူး အမျိုးသမီး။ ရှန်ပိန်တခွက်လောက်သာ သောက်လိုက်ရင် ထပြီး ကမှာပဲ၊ အို ... ဘုရားသခင်၊ ဒါတွေကို သူတို့ ဘယ်လို လုပ်လာခဲ့ကြသလဲ” ၎င်းက အရက်ပုလင်းကိုကြည့်ရင်း ပြောလိုက်သည်။ “အဘွားကြီး မီးဖိုထဲမှာဖောက်ပြီး ငုံ့ထားတာပဲ၊ ပုလင်းမှာ ဖော့ဆို့လည်း မရှိတော့ဘူး၊ ပူလည်း ပူကုန်ပြီ၊ အို ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် သောက်ကြတာပေါ့ ...”

စားပွဲဆီသို့ သူ လျှောက်သွားသည်။ ရှန်ပိန်တခွက်ကို တကျိုက်တည်းနှင့် ကုန်အောင် မော့ချလိုက် သည်။ ထို့နောက် ဖန်ခွက်ထဲသို့ ထပ်ဖွဲ့သည်။

“ရှန်ပိန်ဆိုတာ ခဏခဏ သောက်ရကံကြုံတာမျိုး မဟုတ်ဘူး” ပါးစပ်ကို လျှာဖြင့် လျက်ရင်း သူပြောသည်။ “ကဲ၊ သူငယ်ချင်း အလျှိုရှာ တခွက်လောက် မော့လိုက်စမ်းပါ။ မောင်ရင့်အကြောင်းကို ပြလိုက်စမ်းပါ။ ဘာအတွက် ဆုမွန်ကောင်းတောင်းပြီး သောက်ကြမလဲ... ကောင်းကင်ဘုံ တံခါးပေါက်တွေ အတွက်လား။ ဂရုရှင်ကာ .... ဖန်ခွက်ကိုယူပါ၊ ကောင်းကင်ဘုံ တံခါးပေါက်အတွက် သောက်လိုက်စမ်းပါ”

“ကောင်းကင်ဘုံရဲ့ ဘယ်တံခါးပေါက်တွေလဲ”

သူမက ဖန်ခွက်တခွက်ကို ယူလိုက်သည်။ အလျှိုရှာကလည်း သူ့ဖန်ခွက်ကို ယူလိုက်သည်။ သို့သော် တကျိုက် ကျိုက်ပြီး ပြန်ချထားလိုက်သည်။

“ဟင့်အင်း ကိုယ် မသောက်တာ ကောင်းမယ်”

သူ ပြုံးလိုက်သည်။

“မောင်ရင်ပဲ သောက်မယ်ဆို” ရာကီတင် မေးလိုက်သည်။

“အဲဒါဆိုရင် ကိုယ်လည်း မသောက်တော့ဘူး” ဂရုရှင်ကာ ကြားဝင်ပြီး ပြောသည်။ “ကိုယ့်စိတ်ထဲမှာ သောက်ချင်စိတ် မရှိဘူး၊ တပုလင်းလုံး တယောက်တည်းသာ သောက်ပေတော့ ရာကီတင်၊ အလျှိုရှာ သောက်မယ်ဆိုရင်တော့ ကိုယ်လည်း သောက်မယ်”

“ဘယ်လိုမျိုး အစွဲအလမ်းတွေလဲ” ရာကီတင်က ကဲ့ရဲ့စကား ဆိုလိုက်သည်။ “နောက်ပြီးတော့ သူက သူ့ပေါင်ပေါ်မှာ ထိုင်နေတယ်၊ သူ့မှာက စိတ်အနှောင့်အယှက်တွေ ဖြစ်နေတယ်၊ ဒါပေမဲ့ ဘာတွေ ပူစရာရှိသလဲ၊ သူက အခု ဘုရားသခင်ကို ပုန်ကန်ပြီး ဝါတွင်းကြီးမှာ ဝက်အူချောင်း စားတော့မယ်...”

“ဘာဖြစ်လို့လဲ” ဂရုရှင်ကာ မေးလိုက်သည်။

"သူ့ဆရာတော် ကနေ့ ပျံလွန်တော်မူသွားပြီ၊ ခင်ကြီးဆရာတော် ဇော်ဇီမာ သူတော်စင်ကြီးလေ"

"အို ... ခင်ကြီးဇော်ဇီမာ ပျံလွန်တော်မူသွားပြီ ဟုတ်လား" ဂရုရှင်ကာ ရေရွတ်လိုက်သည်။ "အို ဘုရားသခင်၊ တို့များ မသိပါကလား" သူမက ရိုသေလေးမြတ်စွာဖြင့် သူမ၏ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင်သဏ္ဍာန် ပြုလုပ်လိုက်သည်။ "ဒုက္ခပါပဲ၊ တို့များ ဘာတွေလုပ်နေသလဲ၊ ဒီလိုအချိန်မျိုးမှာ သူ့ပေါင်ပေါ်မှာ ထိုင်နေမိတယ်"

သူမ ထိတ်လန့်သွားဟန်ရှိသည်။ စိတ်မကောင်းဖြစ်သွားဟန်ရှိသည်။ အလျှိုရှာ၏ပေါင်ပေါ်မှ ချက်ချင်းပင် ခုန်ဆင်းလိုက်ပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ အလျှိုရှာက သူမကို အံ့ဩဟန်ဖြင့် အကြာကြီး ကြည့်နေသည်။ ထို့နောက် သူ့မျက်နှာ ကြည်လင် လန်းဆန်းလာဟန်ရှိသည်။

"ရာကီတင် ...." ရုတ်တရက် အသံကျယ်ကျယ် အသံပြတ်ပြတ်ကြီးဖြင့် သူပြောလိုက်သည်။ "ဘုရားသခင်ကို ပုန်ကန်တယ်လို့ ကိုယ့်ကို အပြစ်မပြောပါနဲ့၊ မောင်ရင်နဲ့ ကိုယ် ရန်မဖြစ်ချင်ဘူး၊ အဲဒါကြောင့် မောင်ရင့်အနေနဲ့ စာစာနာနာ ရှိစမ်းပါ။ မောင်ရင့်အနေနဲ့ ဘယ်တုန်းကမှ မရှိဖူးတဲ့ ရတနာမျိုးကို ကိုယ် ဆုံးရှုံးခဲ့ရတယ်။ အဲဒီတော့ မောင်ရင် ကိုယ့်ကို ဘယ်လိုမှ မဝေဖန် မဆုံးဖြတ်နိုင်ဘူး၊ အစ်မရဲ့နမူနာကို မောင်ရင် ယူစမ်းပါ၊ သူ ကိုယ့်အတွက် ဘယ်လို စိတ်မကောင်း ဖြစ်သွားတယ် ဆိုတာကို မောင်ရင် တွေ့တယ်မဟုတ်လား။ ကိုယ် ဒီကိုလာတာ ယုတ်မာဆိုးသွမ်းတဲ့ လူတယောက်နဲ့ တွေ့ချင်လို့ပဲ .. ယုတ်မာ ဆိုးသွမ်းတဲ့ လူတယောက်ကို ကိုယ် တွေ့ချင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကိုယ်တိုင် ယုတ်မာဆိုးသွမ်းနေလို့ပဲ၊ ဒါပေမဲ့ တကယ့်တကယ်ကျတော့ တကယ့် အစ်မရင်းတယောက်နဲ့ တွေ့နေရတယ်၊ ရတနာတခုကို တွေ့ရတယ်၊ ချစ်ခင်ကြင်နာ တတ်တဲ့ လူတယောက်ကို တွေ့ရတယ်၊ သူက ကိုယ့်ကို ကြင်နာသနားတယ် ... ကျွန်တော် ပြောနေတာ အစ်မကိုပါ ဂရုရှင်ကာ၊ အစ်မက ကျွန်တော့်ရဲ့စိတ်ဝိညာဉ်ကို ပြန်လည် မွေးဖွား ပေးလိုက်တာပဲ"

အလျှိုရှာ၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ အသက်ရှူမမှန်ဘဲရှိသည်။ ထို့နောက် ပြောနေသော စကားကို ရုတ်ခြည်း ရပ်လိုက်သည်။

"သူက မောင်ရင်ကို ကယ်တင်တယ် ဟုတ်လား" ရာကီတင် မလိုမုန်းတီးစွာဖြင့် ရယ်လိုက်သည်။ "သူက မောင်ရင့်ကို မျိုပစ်လိုက်မယ်ဆိုတာ မောင်ရင် မသိဘူးလား"

"နေစမ်း ရာကီတင်၊ မင်း လူမိုက်ပဲ" ဂရုရှင်ကာ ရုတ်တရက် ခုန်ထလိုက်သည်။ "နှစ်ယောက်စလုံး ဘာမှမပြောနဲ့၊ မင်းတို့ကို တို့များ

အားလုံးပြောပြမယ်၊ အလျှိုရှာ .... မင်းလည်း ဘာမှမပြောနဲ့၊ မင်းပြောတဲ့စကားတွေကြောင့် ကိုယ် ရှက်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ ယုတ်မာ ဆိုးသွမ်းပြီး မကောင်းတဲ့အတွက်ပဲ ... ကိုယ်ဟာ အဲဒီလို လူမျိုးပဲ၊ ရာကီတင်၊ မင်းလည်း ပါးစပ်ကို ပိတ်ထားပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းပြောတဲ့စကားတွေဟာ မမှန်လို့ပဲ၊ တကြိမ်တုန်းက ကိုယ်ဟာ သူ့ကို မျိုပစ်ချင်တဲ့ စိတ်ကူးရှိခဲ့တာ အမှန်ပဲ၊ ဒါပေမဲ့ အခု မင်းပြောနေတာတော့ မမှန်ဘူး၊ အခု တမျိုးဖြစ်သွားပြီ ... နောက်ထပ် မင်းဆီက ဘာစကားတခွန်းမှ ကိုယ် မကြားချင်ဘူး ရာကီတင်”

ဂရုရှင်ကာက ဤစကားများကို အထူးပင် စိတ်လှုပ်ရှားတက်ကြွဟန်ဖြင့် ပြောဆိုသည်။

“သူတို့ကို ကြည့်ကြစမ်း... နှစ်ယောက်စလုံး ရူးသွားပြီ” ရာကီတင်က သူတို့နှစ်ယောက်ကို အံ့သြဟန် ဖြင့် ကြည့်ရင်း ပြောလိုက်သည်။ “သေသေချာချာကြီး ကောင်းကောင်းကြီးကို ရူးသွားကြပြီ၊ ကိုယ့်စိတ်ထဲမှာ အရူးထောင်တခုထဲကို ရောက်နေသလားတောင် အောက်မေ့မိတယ်၊ နှစ်ယောက်စလုံး ဦးနှောက်ပျက်သွားကြပြီ၊ ခဏကလေးနေရင် နှစ်ယောက်စလုံး ငိုကြတော့မယ်”

“ကိုယ် ငိုရမယ် ... ငိုရမယ်၊ ငိုရမယ်” ဂရုရှင်ကာ စကားကို ထပ်ကာ ထပ်ကာ ပြောလိုက်သည်။ “သူက ကိုယ့်ကို သူ့အစ်မတဲ့၊ အဲဒါကို ကိုယ် ဘယ်တော့မှ မမေ့ဘူး၊ ဒီမယ် ရာကီတင်၊ တခုတော့ မှတ်ထားပါ၊ ကိုယ်ဟာ ယုတ်မာချင် ယုတ်မာလိမ့်မယ်၊ ကိုယ်ဟာ ကြက်သွန်တဥကိုတော့ လှူခဲ့ဖူးပါတယ်”

“ကြက်သွန်တဥ ဟုတ်လား၊ တောက် .. သူတို့ တကယ် ရူးကုန်ကြပြီ”

သူတို့နှစ်ယောက် စိတ်လှုပ်ရှား တက်ကြွနေသည်ကို ရာကီတင် အံ့သြရသည်။ သူတို့နှစ်ယောက်သည် တသက်မှ တခါဆိုသလို ကြုံတွေ့ရသော စိတ်လှုပ်ရှားခံစားရမှုမျိုး ခံစားနေကြရကြောင်း သူ သတိပြုမိသော်လည်း စိတ်ထဲတွင် စနိုးစနောင့်ဖြစ်ပြီး ဒေါသဖြစ်နေရသည်။ ရာကီတင်သည် သူနှင့် ပတ်သက်သမျှသော အရာအားလုံးကို ထိခိုက်ခံစားတတ်သော်လည်း တပါးသူတွေ၏ ထိခိုက်ခံစားမှု ကိုကား နားမလည်နိုင်ပါချေ။ အကြောင်းကတော့ အသက်အရွယ် ငယ်သေးပြီး အတွေ့အကြုံ နုနယ်သေးသောကြောင့် ဖြစ်သည်။ နောက်တကြောင်းကတော့ သူသည် တကိုယ်ကောင်း ဆန်လွန်း၍ပင် ဖြစ်ပါသည်။ “ဒီမယ် အလျှိုရှာ” ဂရုရှင်ကာ သူ့ဘက်သို့လှည့်ပြီး ကသိကအောက် ကလေး ရယ်မောလိုက်သည်။ “ကြက်သွန်တဥ လှူခဲ့ဖူးပါတယ်ဆိုတာ ရာကီတင်ကို ကိုယ် ကြွားပြီး ပြောလိုက်တာပဲ၊ ဒါပေမဲ့ ဒါနဲ့ပတ်သက်ပြီး မောင်လေးကိုတော့ ကိုယ်

မကြားပါဘူး၊ ဒီဥစ္စာက ပုံပြင်ကလေးတခုပဲ၊ တကယ်ကောင်းတဲ့ ပုံပြင်ကလေးတခုပဲ၊ ကိုယ် ငယ်ငယ်တုန်းက ထမင်းချက် အဘွားကြီး မက်ထရီးယိုးနားဆီက ကြားခဲ့ရတဲ့ ပုံကလေးပဲ၊ ပုံပြင် ကလေးကတော့ ဒီလိုကွယ့် ...”

“ဟို ရှေးရှေးတုန်းက အင်မတန် ယုတ်မာဆိုးသွမ်းတဲ့ အဘွားကြီးတယောက် ရှိတယ်တဲ့၊ သူသေတဲ့အခါ သူ့ဘဝမှာ ကောင်းတာဆိုလို့ ဘာတခုမှ လုပ်ခဲ့တာ မရှိဘူးတဲ့၊ အဲဒီအခါမှာ ငရဲမင်းကြီးက သူ့ကိုဖမ်းပြီး မီးအိုင်ကြီးထဲကို ပစ်ချလိုက်တယ်တဲ့၊ ဒါပေမဲ့ ဒီအဘွားကြီးရဲ့ ကိုယ်စောင့်နတ်ကလေးကတော့ ဘုရားသခင်ကို လျှောက်ထားရအောင် ဒီအဘွားကြီး လုပ်ခဲ့တာ ဘာတခု ကောင်းတာကလေးများ ရှိမလဲလို့ စဉ်းစားနေတယ်တဲ့၊ အဲဒီအခါမှာ ကိုယ်စောင့်နတ် ကလေးဟာ တစုံတခုကို အမှတ်ရသွားပြီး ဘုရားသခင်ကို လျှောက်ထားတယ်တဲ့ ...”

“အဘွားကြီးဟာ တခါတုန်းက သူ့နောက်ဖေးခြံက ကြက်သွန်ဥကလေးတလုံးကို နုတ်ပြီး သူတောင်းစားမကြီးတယောက်ကို ပေးခဲ့တယ်တဲ့၊ အဲဒီတော့ ဘုရားသခင်က ကိုယ်စောင့်နတ် ကလေးကို ပြောတယ်တဲ့၊ အဲဒီ ကြက်သွန်ဥကို ယူပြီး မီးအိုင်ကြီးထဲကို ရောက်နေတဲ့ အဘွားကြီးကို ကမ်းပေးရမယ်၊ အဘွားကြီးက အဲဒီ ကြက်သွန်ဥကို ဆွဲပြီး တက်လာရမယ်တဲ့၊ သူဟာ တကယ်လို့ ကြက်သွန်ဥကို ဆွဲပြီး မီးအိုင်ကြီးထဲက တက်လာနိုင်လို့ရှိရင် နတ်ပြည်ကို ပို့လိုက်တဲ့၊ ဒါပေမဲ့ ကြက်သွန်ဥဟာ ကွဲကြေသွားတယ်ဆိုရင် တော့ သူဟာ ငရဲမှာပဲ နေပေစေတော့တဲ့ ...”

“အဲဒီတော့ ကိုယ်စောင့်နတ်ကလေးဟာ အဘွားကြီးဆီကို ပြေးသွားပြီး ကြက်သွန်ဥကလေးကို ကမ်းပေးတယ်တဲ့၊ နောက်ပြီးတော့၊ အမေကြီး၊ အဲဒီ ကြက်သွန်ဥကို ဆွဲပြီး တက်ခဲ့လို့ ပြောတယ်တဲ့၊ ကိုယ်စောင့်နတ်ကလေးဟာ အထူးသတိထားပြီး အဘွားကြီးကို ဆွဲယူတယ်တဲ့၊ အဲဒီလိုနဲ့ အဘွားကြီးဟာ မီးအိုင်ကြီးထဲကနေ လွတ်ထွက်တော့မယ့် အခြေအနေမှာ မီအိုင်တွင်းမှာ ရှိနေတဲ့ ငရဲသားတွေက အဘွားကြီးကို ဆွဲတင်နေတာ တွေ့သွားပြီး သူတို့လည်း သူနဲ့အတူ လွတ်အောင် ဆိုပြီး အဘွားကြီးကို ဝိုင်းဆွဲထားကြတယ်တဲ့ ...”

“အဲဒီအခါမှာ အဘွားကြီးဟာ အင်မတန် ယုတ်မာဆိုးသွမ်းတဲ့ လူတယောက် ဖြစ်လေတော့ သူ့ကို ဆွဲထားကြတဲ့ လူတွေကို ကန်ကျောက်ပစ်တယ်တဲ့၊ “မီးအိုင်ထဲက ငါ့ကို ဆွဲယူနေတာ၊ နင်တို့ကို ဆွဲယူနေတာ မဟုတ်ဘူး၊ ဒီကြက်သွန်ဥဟာ ငါ့ကြက်သွန်ဥ၊ နင်တို့ ကြက်သွန်ဥ မဟုတ်ဘူး” လို့ ပြောတယ်တဲ့၊ အဘွားကြီးက အဲဒီလိုလည်း ပြောလိုက်ရော ကြက်သွန်ဥဟာ တခါတည်း ကွဲကြေသွားရောတဲ့၊ အဘွားကြီးလည်း မီးအိုင်ထဲကို ပြန်ကျသွားပြီး အခုထက်ထိ အဲဒီမှာပဲ ငရဲခံနေရတယ်တဲ့၊ ကိုယ်စောင့်နတ်ကလေးလည်း ငိုပြီး

ပြန်သွားရရောတဲ့။

"ပုံပြင်ကလေးကတော့ ဒါပါပဲ အလျှိုရှာရယ်၊ အဲဒီပုံပြင်ကလေးကို ကိုယ် အလွတ်ရနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ယုတ်မာဆိုးသွမ်းတဲ့ မိန်းမကြီးဟာ ကိုယ်ကိုယ်တိုင် ဖြစ်နေလို့ပဲ။ ကြက်သွန်တဥ လှူခဲ့ဖူးတယ်လို့ ရာကီတင်ကို ကိုယ် ကြွားခဲ့တယ်။ ဒါပေမဲ့ မောင်လေးကိုတော့ ကိုယ် ပြောပါ့မယ်၊ ကိုယ့်ဘဝတခုလုံးမှာ ကိုယ်ဟာ ကြက်သွန်ဥတဥပဲ လှူခဲ့ဖူးပါတယ်၊ ကိုယ့်အနေနဲ့ ကောင်းမှုပြုတာဆိုလို့ အဲဒီတခုပဲရှိတယ်။ အဲဒီအတွက် ကိုယ့်ကို မချီးမွမ်းဘူးလား အလျှိုရှာ၊ ကိုယ့်ကို ကောင်းတယ်လို့ မထင်ဘူးလား။

"ကိုယ်ဟာ တကယ်ပဲ ယုတ်မာဆိုးသွမ်းပါတယ်၊ ကြောက်စရာကောင်းလောက်အောင်ကိုပဲ ယုတ်မာ ဆိုးသွမ်းပါတယ်၊ တကယ်လို့ မောင်လေးက ကိုယ့်ကို ချီးကျူးတယ်ဆိုရင်လည်း ကိုယ့်ကို ရှက်အောင် လုပ်လိုက်တာပဲ၊ အို ... ကိုယ့်အနေနဲ့ အကုန်လုံး ဝန်ခံပါ့မယ်၊ ဒီမယ် အလျှိုရှာ၊ ကိုယ်ဟာ မင်းကို ဒီအိမ်ကို သိပ်ပြီး လာစေချင်ခဲ့တယ်၊ အဲဒီအတွက်လည်း ကိုယ်ဟာ ရာကီတင်ကို အပူကပ်ခဲ့ တယ်၊ နောက်ဆုံးမှာ မောင်လေးကို ခေါ်လာခဲ့လို့ရှိရင် သူ့ကို နှစ်ဆယ့်ငါး ရူဗယ် ပေးမယ်လို့ ကိုယ် ကတိပေးခဲ့တယ်၊ ခဏ နေဦး ရာကီတင် .. ခဏကလေးနေဦး"

သူမသည် စားပွဲဆီသို့ လျင်မြန်စွာ လျှောက်သွားပြီး အံဆွဲကို ဖွင့်သည်။ အတွင်းမှ ပိုက်ဆံအိတ်ကို ထုတ်ကာ နှစ်ဆယ့်ငါးရူဗယ်တန် တရွက်ကို နှိုက်ယူသည်။

"အဓိပ္ပာယ်မရှိတာပဲ၊ အဓိပ္ပာယ်မရှိတာပဲ"

ရာကီတင် ကသိကအောက် ဖြစ်သွားဟန်ဖြင့် ရွတ်ဆိုသည်။

"ရော့ ... ရာကီတင်၊ မင်းကို ကိုယ် ပေးရမယ်၊ မင်း မငြင်းပါဘူး၊ ဒီပိုက်ဆံကို မင်းကိုယ်တိုင် တောင်းထားတာပဲ"

သူမက ငွေစက္ကူကို သူ့ထံ ပစ်ပေးလိုက်သည်။

"ငြင်းရမယ်၊ ဟုတ်လား" ရာကီတင် ကသိကအောက် ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။ သို့သော် သူ့အနေနှင့် အရှက်ရသွားသည်ကို ဂရုမစိုက်သည့်လေသံဖြင့် ဖုံးကွယ်လိုက်သည်။ "အချောင်ရတဲ့ ပိုက်ဆံပဲ၊ လူမိုက်တွေဟာ လူလိမ္မာတွေရဲ့ ကောင်းကျိုးအတွက် ဖန်တီးထားတာပဲ"

"မင်းပါးစပ်ကို ပိတ်ထားလိုက်တော့ ရာကီတင်၊ ကိုယ် အခု ဆက်ပြီးပြောမယ့် စကားတွေက မင်းနားထောင်ဖို့အတွက် မဟုတ်ဘူး၊ ဟောဟိုထောင့်မှာ တိတ်တိတ်ကလေး သွားထိုင်နေပေတော့၊ မင်းက

တို့နှစ်ယောက်ကို သဘောမကျဘူး မဟုတ်လား၊ အဲဒီတော့ ဘာမှ မပြောနဲ့တော့”

“ကျွန်တော်က အစ်မတို့နှစ်ယောက်ကို ဘာသဘောကျစရာရှိလို့လဲ”

ရာကီတင်က သူ၏အတွင်းစိတ်ကို မဖုံးကွယ်နိုင်ဘဲ ပြန်ပက်လိုက်သည်။ ထို့နောက် သူသည် နှစ်ဆယ့်ငါး ရူဗယ်တန် ငွေစက္ကူကို အိတ်ထဲသို့ ထည့်လိုက်သည်။ အလျိုရှာ၏ ရှေ့မှာမို့ ရှက်နေဟန် ရှိသည်။ သူက သည်ပိုက်ဆံကို နောက်ပိုင်းတွင်မှ အလျိုရှာ မသိအောင် ယူမည်ဟု စိတ်ကူးထားခဲ့ သည်။ အခုတော့ သူသည် အရှက်ရပြီး စိတ်တိုလျက် ရှိတော့သည်။ စောစောပိုင်းကမူ သူသည် ဂရူရှင်ကာ အဘယ်မျှ မှိုချိုးမျှစ်ချိုးစကားတွေ ပြောပါစေ သူမထံမှ ရစရာ မျှော်လင့်ချက်များ ရှိနေသဖြင့် သည်းခံရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ယခုမူ ဒေါသကို သူ မထိန်းနိုင်တော့ပါချေ။

“လူတယောက်အနေနဲ့ လူတွေကို ချစ်တယ်ဆိုတာ ချစ်စရာ အကြောင်းတခု ရှိလို့ပဲ၊ ဒါပေမဲ့ အစ်မတို့ နှစ်ယောက်က ကျွန်တော့်အတွက် ချစ်စရာ ဘာတခု လုပ်လို့လဲ”

“မင်းဟာ လူတွေကို ဘာအကြောင်းတခုမှ မရှိလည်း ချစ်ရမယ်၊ အလျိုရှာလိုပဲပေါ့”

“သူက အစ်မကို ဘာကိစ္စ ချစ်ရမှာလဲ၊ အစ်မအနေနဲ့ မဟုတ်တရုတ် လုပ်ထားတာတွေကို သူ ဘယ်လိုလုပ်ပြီး ချစ်မလဲ”

ဂရူရှင်ကာသည် အခန်းအလယ်မှာ ရပ်လျက်ရှိသည်။ သူမက ဒေါသဖြင့် ပြောသည်။ သူမ၏အသံက တုန်ယင်နေသည်။

“တိတ်စမ်း ရာကီတင်၊ တို့နှစ်ယောက်အကြောင်းကို မင်း ဘာမှ နားမလည်ဘူး၊ ကိုယ့်ကို ဒါမျိုး နောက် ဘယ်တော့မှ မပြောနဲ့၊ မင်းကို ဘယ်သူက ဒီလိုမျိုး ပြောခွင့်ပေးထားလို့လဲ၊ အဲဒီထောင့်မှာ ကိုယ့်ရဲ့ လက်ပါးစေတယောက် အနေမျိုးနဲ့ ငြိမ်ငြိမ်ကလေး ထိုင်နေစမ်း။

“လာ အလျိုရှာ၊ မင်းကို ကိုယ် အမှန်တွေ ပြောပြမယ်၊ ဒီအကြောင်းတွေကို မင်း တယောက်တည်း ကိုပဲ ကိုယ် ပြောပြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ ဘယ်လောက် အောက်တန်းကျတဲ့ သတ္တဝါတယောက်လဲဆိုတာ မင်း သိရအောင်ပဲ၊ ကိုယ် အခု ပြောပြနေတာဟာ မင်းကို ပြောပြနေ တာပဲ၊ ရာကီတင်ကို ပြောနေတာ မဟုတ်ဘူး။

“ကိုယ် မင်းကို ဖျက်ဆီးချင်တယ်၊ အဲဒါ တကယ့်အမှန်တရားပဲ၊ အဲဒီလိုလုပ်ဖို့ ကိုယ် ဆုံးဖြတ်ခဲ့တယ်၊ အဲဒီအတွက် မင်းကို ဒီကိုခေါ်လာပေးဖို့

ရာကီတင်ကို ကိုယ် လာဘ်ထိုးခဲ့တယ်၊ ဒီလိုမျိုး ဘာဖြစ်လို့ ကိုယ်လုပ်ချင်ရသလဲ၊ အဲဒီအကြောင်းကို မင်း ဘာမှမသိဘူး အလျှိုရှာ၊ မင်းဟာ အမြဲတမ်းဆိုသလိုပဲ ကိုယ့်ကို ရှောင်သွားတတ်တယ်၊ ကိုယ့်အနားက မင်းဖြတ်သွားတိုင်း မင်းမျက်လုံးတွေကို အောက်စိုက်သွားတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ မင်းကို အကြိမ်တရာလောက် ကြည့်ခဲ့တယ်၊ မင်းအကြောင်းတွေကို တွေ့တဲ့လူတိုင်းဆီမှာ ကိုယ် စုံစမ်းတယ်၊ မင်းမျက်နှာကလေးကို ကိုယ် ဘယ်လိုမှ မေ့လို့မရဘူး၊ ကိုယ့်အသည်းထဲမှာ စွဲနေတယ်၊ သူ ငါ့ကို မုန်းနေတာပဲလို့ ကိုယ့်စိတ်ထဲမှာ တွေးနေမိတယ်၊ သူဟာ ငါ့ကို တချက်ကလေးမှတောင် မကြည့်ဘူး၊ ကိုယ့်စိတ်ထဲမှာ အဲဒီအတွေးဟာ ဖိစီးလွန်းလာတဲ့အခါမှာ ကိုယ်ဟာ လူငယ်ကလေးတယောက်ကို ကြောက်လန့်နေတဲ့ အဖြစ်မျိုး ဖြစ်လာရတော့တယ်။

"သူ့ကို ငါ အမိဖမ်းပြီး ကစားပြလိုက်မယ်ဆိုပြီး ကိုယ့်ရင်ထဲမှာ ဒေါသတွေ ပွားများလာရတယ်၊ မောင်လေး ယုံမလား၊ အဂ္ဂရာဖီနာ ဆဗက်လော့ဆိုတဲ့ ကိုယ့်ကို ဘယ်သူတယောက်မှ ဟိုလိုသည်လို စိတ်ကူး... ဟိုလိုသည်လို အကြံအစည်နဲ့ ဒီကို မလာရဲဘူး။ ကိုယ့်မှာ အဲဒီလိုလူမျိုးဆိုလို့ ကိုယ့်အဘိုးကြီးတယောက်ပဲ ရှိတယ်၊ ကိုယ်ဟာ သူ့ကိုပဲ ပေးထားတယ်၊ သူ့ကိုပဲ ရောင်းထားတယ်၊ ကိုယ်တို့နှစ်ယောက်ကို စာတန်က ပေးစားထာတာပဲ၊ သူကလွဲရင် ကိုယ့်မှာ တခြား ဘယ်သူမှ မရှိဘူး ... ဘယ်သူမှ မရှိဘူး။

"ဒါပေမဲ့ မင်းကို တွေ့တဲ့အခါမှာ မင်းကို ကိုယ့်လက်ထဲမှာ အမိဖမ်းထားပြီး ကောင်းကောင်းကြီး ကစားလိုက်မယ်လို့ ကိုယ် ဆုံးဖြတ်လိုက်တယ်၊ အဲ... တွေ့တယ်မဟုတ်လား၊ ကိုယ်ဟာ ဘယ်လောက် ယုတ်မာတဲ့ မိန်းမတယောက်လဲဆိုတာ... မောင်လေးက အဲဒီမိန်းမကို အစ်မ တယောက်လို့ ပြောခဲ့တယ်။

"အခုဆိုရင် ကိုယ့်ကို တချိန်က ဖျက်ဆီးခဲ့တဲ့လူဟာ လာနေပြီ။ ကိုယ်ဟာ အခု ဒီမှာထိုင်ပြီး သူ့ဆီက သတင်းကို စောင့်နေတယ်၊ အဲဒီလူဟာ ကိုယ့်အဖို့ ဘယ်လို လူတယောက်ဆိုတာ မောင်လေး သိသလား၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကူဇမာက ကိုယ့်ကို ဒီကိုခေါ်လာတုန်းက ကိုယ်ဟာ ဘယ်သူနဲ့မှ အတွေ့မခံဘဲ အိမ်တွင်းပုန်း လုပ်နေခဲ့တယ်၊ ကိုယ့်ကို ဘယ်သူတယောက်ကမှ မမြင်မတွေ့စေရဘူး၊ ကိုယ့်အသံကို ဘယ်သူ တယောက်ကမှ မကြားစေရဘူး၊ ကိုယ်ဟာ အဲဒီလို အမိုက်မကလေးတယောက်ပဲ၊ ကိုယ်ဟာ အသည်းကွဲမတတ် ငိုခဲ့ရတယ်၊ ညဘက်မှာဆိုရင် တမှေးကလေးမှ အိပ်လို့ မပျော်ဘူး၊ သူ့အကြောင်းပဲ စဉ်းစားနေခဲ့တယ်။

"သူ အခု ဘယ်ရောက်နေပြီလဲ.. ငါ့ကို ကျောရရုံကြံသွားတဲ့လူ ဘယ်ရောက်နေပြီလဲ၊ တခြား မိန်းမတယောက်နဲ့ ပျော်နေပြီ မဟုတ်လား၊

အဲဒီအခါမှာ ကိုယ့်ရင်ထဲမှာ တွေးမိတယ်၊ သူ့ကို အခုနေများ ပြန်တွေ့ရလို့ရှိရင် သူ့ကို ငါ လက်စားချေမယ်၊ လက်စားချေရမယ်... ကိုယ်ဟာ အမှောင်ထဲမှာ ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ပြီး ငိုခဲ့ရတယ်၊ စိမ်ကိန်းတွေ ချခဲ့တယ်၊ ကိုယ့်အသည်းကို နာသည်ထက် နာအောင်လုပ်ပြီး မလိုမုန်းတီးစိတ်တွေ မွေးခဲ့တယ်၊ "ငါ့အကြောင်း သိရစေမယ်၊ သင်းကို ငါ လက်စားချေရမယ်" ဆိုပြီး အမှောင်ထဲမှာ ကိုယ် အဲဒီလို စောင့်ခဲ့တယ်။

"ဒါပေမဲ့ အဲဒီအချိန်မှာ၊ သူက ကိုယ့်ကို စော်ကားမော်ကား လုပ်နေတဲ့အချိန်မှာ၊ ဒါမှမဟုတ် ကိုယ့်ကို ဘယ်လိုမှ သတိမရတော့ဘဲ ဖြစ်နေတဲ့အချိန်မှာ၊ ကိုယ်ဟာ သူ့ကို ဘယ်လိုမှ မလုပ်နိုင်တဲ့အခါမှာ ... ကိုယ်ဟာ ခုတင်ပေါ်ကနေ ကြမ်းပြင်ပေါ်ကို လှိမ့်ချလိုက်ပြီး တအားငိုရတယ်၊ မနက်မိုးလင်းတဲ့အထိ တသိမ့်သိမ့်တုန်ပြီး ငိုနေရတယ်၊ မနက် မိုးလင်းတဲ့အခါကျရင် ကိုယ်ဟာ လောကကြီးတခုလုံးကို တစစီဖြစ်သွားအောင် ကိုက်ဖြဲပစ်မယ်ဆိုပြီး ခွေးတကောင်ကို ဒေါသတကြီး အညှိုးတကြီးနဲ့ ထတယ်။

"အဲဒီနောက်မှာ ကိုယ် ဘာလုပ်တယ်လို့ မောင်လေး ထင်သလဲ .... ကိုယ် ပိုက်ဆံ စုတယ်၊ ကိုယ့်အသည်းဟာ မာလာတယ်၊ ကြံ့ခိုင်လာတယ်။ အဲဒီတော့ ကိုယ်ဟာ လိမ္မာလာတယ်လို့ ပြောမလား၊ အသိဉာဏ် ရှိလာတယ်လို့ပဲ ပြောမလား .... မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ ကိုယ့်အဖြစ်ကို ဘယ်သူမှ မသိနိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကိုယ်ဟာ ဟို လွန်ခဲ့တဲ့ ငါးနှစ်က မိန်းကလေး တယောက် အတိုင်းပဲ ခုတင်ပေါ်မှာလှဲပြီး အံသွားတွေကိုကြိတ်ပြီး တညလုံး ငိုပြီး တွေးနေတယ်၊ "သင်းကို ငါ လက်စားချေမယ်၊ သင်းကို ငါ လက်စားချေရမယ်" လို့ စိတ်ထဲမှာ ကြုံးဝါးနေမိတယ်။

"ကိုယ် ပြောသွားတာတွေကို မောင်လေး ကြားပြီ မဟုတ်လား၊ အခုဆိုရင် ကိုယ့်အကြောင်းကို မောင်လေး နားလည်ပါပြီ၊ လွန်ခဲ့တဲ့ တလလောက်ကတော့ ကိုယ့်ဆီကို စာတစောင် ရောက်လာတယ်။ သူလာနေပြီတဲ့၊ သူ အခု မုဆိုးဖို ဖြစ်နေပြီတဲ့၊ ကိုယ့်ကို သူတွေ့ချင်တယ်တဲ့၊ အဲဒီအခါမှာ ကိုယ်ဟာ အများကြီး အံ့သြသွားရတယ်၊ နောက်ပြီးတော့မှ ကိုယ် ဖြုန်းခနဲ စဉ်းစားမိ တယ်၊ သူပြန်လာပြီး ငါ့ကို လက်ဖျောက်တီး ခေါ်လိုက်ရင် ငါဟာ အရိုက်ခံထားရတဲ့ ခွေးတကောင်လို အမြီးကလေးကုပ်ပြီး သူ့ဆီကို ပြန်သွားမှာပဲ ဆိုပြီး ...

"အဲဒီလို စဉ်းစားမိတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်ရတယ်။ ငါဟာ ဒါလောက်ပဲ အထင်သေးစရာ ကောင်းသလား၊ သူ့ဆီကို ငါ ပြေးသွားမှာလား၊ ကိုယ်ဟာ ဒီတလလုံးလုံးမှာ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေရတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းက ဒေါသဖြစ်ခဲ့ရတာထက် ပိုပြီး ဖြစ်ရတယ်။

"အဲဒီတော့ အလျှို့ရှာ၊ အခု မောင်လေး တွေ့ပြီ မဟုတ်လား။ ကိုယ်ဟာ ဘယ်လောက်တောင် ကြမ်းတမ်းခက်ထန်ပြီး လက်စားချေတတ်တဲ့ မိန်းမတယောက်လဲဆိုတာ တွေ့ပြီ မဟုတ်လား၊ မောင်လေးကို ပြောပြနေတာတွေဟာ အားလုံး အမှန်တွေချည်းပဲ၊ ကိုယ်ဟာ အဲဒီလူဆီကို ပြေးမသွားဖြစ်အောင် မစ်တယာနဲ့ လတ်လျားလတ်လျား လုပ်နေမိတာပဲ။ ရာကီတင် … မင်း ဘာမှ မပြောနဲ့၊ မင်းအနေနဲ့ ကိုယ့်ကို ဘာမှ ဝေဖန်ဆုံးဖြတ်စရာ အကြောင်းမရှိဘူး၊ ကိုယ်က မင်းကို ပြောနေတာ မဟုတ်ဘူး။ မင်း ရောက်မလာခင်တုန်းက ကိုယ်ဟာ ဒီပေါ်မှာလှဲပြီး စောင့်ရင်း စဉ်းစားရင်းနဲ့ ကိုယ် ဘာလုပ်ရမယ် ဆိုတာကို ဆုံးဖြတ်ချက်ချဖို့ ကြိုးစားနေခဲ့တယ်၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာကို မင်း ဘယ်လိုမှ မသိနိုင်ဘူး။

"အလျှို့ရှာ၊ တနေ့က ဖြစ်ခဲ့တဲ့ကိစ္စအတွက် ကိုယ့်ကို စိတ်မဆိုးပါနဲ့လို့ မင်းရဲ့ဂုဏ်သရေရှိ အမျိုးသမီး ကလေးကို ပြောပါ။ ကိုယ်ဟာ ဘယ်လောက် စိတ်ဒုက္ခရောက်နေတယ် ဆိုတာကို ကမ္ဘာပေါ်မှာ ဘယ်သူမှ မသိဘူး၊ အဲဒါကြောင့် ကိုယ်ဟာ ကနေ့ည သူ့ဆီကို သွားတဲ့အခါမှာ ကိုယ်နဲ့အတူ ဓားတချောင်း ယူသွားချင် ယူသွားလိမ့်မယ် .. အခုအထိတော့ ကိုယ့်စိတ်ကို မဆုံးဖြတ်ရသေးဘူး …"

စိတ်ထိခိုက်ဖွယ်ရာ ဤစကားပိုဒ်သို့ ရောက်ရှိသောအခါ ဂရုရှင်ကာသည် ရုတ်တရက် ဆိုသလို သူ့ကိုယ်သူ ထိန်းနိုင်စွမ်း မရှိတော့ဘဲ သူမ၏ ဖြောင့်ဆိုဝန်ခံချက်ကို အဆုံးမသတ်တော့ဘဲ သူမ၏ မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးကွယ်လိုက်တော့သည်။ သူမ၏ကိုယ်ကို ဆိုဖာပေါ်သို့ ပစ်လှဲချလိုက် တော့သည်။ သူမ၏မျက်နှာကို ခေါင်းအုံးပေါ်တွင် မြှုပ်နှံကာ ကလေးတယောက်ကဲ့သို့ ငိုကြွေးလျက် ရှိတော့သည်။

အလျှို့ရှာ ထိုင်ရာမှထပြီး ရာကီတင်ထံသို့ လျှောက်သွားသည်။

"ကိုယ့်ကို စိတ်မဆိုးပါနဲ့ မီရှာ၊ သူက မင်းကို ထိခိုက်နစ်နာအောင် ပြောခဲ့တယ်၊ ဒါပေမဲ့ စိတ်မဆိုး ပါနဲ့၊ သူ အခု ပြောသွားတာတွေကို မောင်ရင် ကြားတယ် မဟုတ်လား၊ လူတယောက်ရဲ့နှလုံးသားကို အများကြီး မျှော်လင့်တောင်းဆိုလို့ မရနိုင်ဘူး၊ သူ့ကို ထောက်ထားကြင်နာရမယ် …

"မင်း ခေါင်းထဲကို ခင်ကြီးဆရာတော်ရဲ့တရားတွေ မနေ့ညက အများကြီး ရိုက်သွင်းခဲ့ကြတဲ့အတွက် မင်းဟာ အခု ငါ့ကို အဲဒီတရားတွေနဲ့ ကိုင်ပေါက်နေတာပါကလား အလျှို့ရှာရယ်၊ ဘုရားသခင် ကလေးရယ်"

ရာကီတင်က မုန်းတီးသော အပြုံးဖြင့် ပြောသည်။

"မရယ်ပါနဲ့ ရာကီတင်၊ မလှောင်ပါနဲ့၊ သေသွားတဲ့ လူအကြောင်း မပြောပါနဲ့။

သူဟာ ဒီကမ္ဘာကြီးမှာ ရှိတဲ့ လူတိုင်းထက် သာပါတယ်” အလျှို့ရှာ မျက်ရည်များဖြင့်ပြောလိုက်သည်။ “ကိုယ်က မောင်ရင့်ကို တရားသူကြီးတယောက်အနေနဲ့ထားပြီး ပြောနေတာ မဟုတ်ပါဘူး၊ ကိုယ်ဟာ အဆုံးအဖြတ်ခံရမယ့် လူတွေထဲမှာ အနိမ့်ကျဆုံး လူတယောက်ပါ။ သူ့ဘေးမှာ ကိုယ် ဘာဖြစ်လို့ ရောက်နေရသလဲ၊ ကိုယ်ဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးရအောင် ဒီကိုလာခဲ့တာပဲ၊ ကိုယ့်ကိုယ်ကိုယ် ပြောခဲ့တယ်၊ “ပျက်စီးစမ်းပါစေ၊ ပျက်စီးစမ်း ပါစေ” ဆိုပြီး အဲဒါဟာ ကိုယ့်ရဲ့ သူရဲဘောကြောင်မှု အတွက်ပဲ။

“ဒါပေမဲ့ ငါးနှစ်လုံးလုံး နာကြည်းမှုတွေကို ခံစားခဲ့ရတဲ့ လူတယောက်ဟာ သူ့ကို ရိုးသားမှန်ကန်တဲ့ စကားတခွန်းကိုလည်း ပြောလိုက်ရော သူဟာ အားလုံးကို ခွင့်လွှတ်လိုက်တော့တာပဲ၊ သူဟာ မျက်ရည်စက်လက်နဲ့ အားလုံးကို ခွင့်လွှတ်လိုက်တော့တာပဲ။ သူ့ကို ဖျက်ဆီးခဲ့တဲ့လူ ပြန်လာတယ်၊ အဲဒီလူက သူ့ကို ပြန်ခေါ်တယ်၊ အဲဒီအခါမှာ သူဟာ အားလုံးကို ခွင့်လွှတ်ပြီး အဲဒီလူဆီကို ဝမ်းမြောက်ဝမ်းသာနဲ့ သွားတော့တာပဲ ... နောက်ပြီးတော့ သူနဲ့အတူ ဓားကို ယူမသွားပါဘူး၊ သူ ယူမသွားပါဘူး။

“ဒါပေမဲ့ ကိုယ်ဟာ အဲဒီလိုမျိုး မဟုတ်ဘူး၊ မောင်ရင်လည်း အဲဒီလိုမျိုး ဟုတ် မဟုတ်ဆိုတာ ကိုယ် မသိဘူး၊ ဒါပေမဲ့ ကိုယ် မဟုတ်တာတော့ သေချာတယ်၊ ဒါဟာ ကိုယ့်အဖို့တော့ သင်ခန်းစာတခုပဲ၊ သူ့ရဲ့ မေတ္တာတရားက ကိုယ်တို့ထက် ကြီးမားတယ်... သူ အခု ပြောသွားတဲ့ အကြောင်းတွေကို မောင်ရင် သူ့ဆီက အလျင်တုန်းက ကြားဖူး သလား၊ ဟင့်အင်း ... မောင်ရင် မကြားဖူးဘူး၊ မောင်ရင် ကြားဖူးခဲ့လို့ရှိရင် မောင်ရင်ဟာ အားလုံးကို အစောကြီးကတည်းက နားလည်ခဲ့မှာပဲ... နောက်ပြီးတော့ တနေ့က သူ့ရဲ့ အစော်ကားခံရတဲ့ အမျိုးသမီးဟာလည်း သူ့ကို ခွင့်လွှတ်မှာပဲ ... အဲဒီ အမျိုးသမီးဟာ ဒီအကြောင်းတွေကို သိတာနဲ့ တပြိုင်နက် ခွင့်လွှတ်မှာပဲ၊ သူဟာ ဒီအကြောင်းတွေကို သိလည်းသိရမှာပဲ... ဒီအမျိုးသမီးရဲ့စိတ်ဝိညာဉ်ဟာ အခုအချိန်အထိ ငြိမ်းချမ်းသာယာစွာ မရှိဘူး ဆိုတာ သိရမှာပဲ၊ ဒီ စိတ်ဝိညာဉ်ကို ခွင့်လွှတ်ကြရမယ် .... ဒီ စိတ်ဝိညာဉ်ထဲမှာ ရတနာတပါး မြှုပ်နှံထားတာ ရှိလိမ့်မယ် ...”

အလျှို့ရှာ စကားပြောရပ်ကာ သက်ပြင်းရှိုက်လိုက်သည်။ ရာကီတင်က မလိုမုန်းတီးစွာ ရှိနေသော် လည်း သူ့ကို အံ့သြစွာဖြင့် ကြည့်သည်။ အလျှို့ရှာထံမှ ဤလိုစကားမျိုး ကြားရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

“ကြည့်ကြစမ်းပါဦး၊ သူဟာ အမျိုးသမီးရဲ့ တကယ့် အကျိုးဆောင် ရှေ့နေကြီးပဲ၊ ဘယ်လိုလဲ၊ မောင်ရင် သူ့ကို ချစ်နေပြီလား၊ ဂရုရှင်ကာ .... ကိုယ်တို့ ဘုန်းကြီးကလေးကတော့ အစ်မကို တကယ့်ကို ချစ်နေပြီ၊ အစ်မအနေနဲ့ အောင်ပွဲပဲ”

သူက ခြောက်ကပ်စွာ ရယ်မောရင်း ပြောလိုက်သည်။ ဂရုရှင်ကာသည် ခေါင်းအုံးပေါ်တွင် အပ်ထားသော သူမ၏ဦးခေါင်းကို မော့လိုက်ပြီး အလျှိုရှာကို ကြည့်လိုက်သည်။ မျက်ရည်တွေ စို့ရွှဲနေသော မျက်နှာကလေးပေါ်တွင် အပြုံးလဲ့လဲ့ကလေး ရွှန်းလက်လျက် ရှိသည်။ သူမ၏ မျက်နှာက ငိုထားသဖြင့် ရုတ်တရက် ဆိုသလိုပင် အစ်တစ်တစ်ကလေး ဖြစ်နေဟန်ရှိသည်။

"သူ့ကို ဘာမှ ဂရုစိုက်မနေပါနဲ့ အလျှိုရှာကလေးရယ်၊ သူဟာ ဘယ်လိုလူစားမျိုးဆိုတာ မောင်လေး တွေ့တယ် မဟုတ်လား၊ သူဟာ မောင်လေးအနေနဲ့ စကားပြောနေစရာ လူတယောက် မဟုတ်ဘူး၊ ဒီမယ် မစ္စတာ ရာကီတင်..." ရာကီတင်ဘက်သို့ သူမ လှည့်လိုက်ပြီး "မင်းကို တို့များ စိတ်လိုက်မာန်ပါ ပြောခဲ့မိတဲ့အတွက် အစကတော့ တို့များ တောင်းပန်မလို့ပဲ၊ ဒါပေမဲ့ အခုတော့ ကိုယ် စိတ်ပြောင်းသွားပြီ၊ မတောင်းပန်တော့ဘူး။ အလျှိုရှာ၊ ဒီကိုလာ၊ ကိုယ့်ဘေးမှာ ထိုင်စမ်းပါ" သူမက သူ့ကို အပြုံးဖြင့် ဖိတ်ခေါ်လိုက်သည်။ "ဟုတ်ပြီ၊ ဒီမှာထိုင်၊ ကိုယ့်ကိုပြောစမ်းပါ" သူမက သူ့လက်တဖက်ကို ဆွဲယူလိုက်ပြီး သူ့မျက်နှာကို ပြုံးပြုံးကလေး စိုက်ကြည့်ကာ... "အဲဒီလူကို ကိုယ် ချစ်နေသလား၊ မချစ်ဘူးလား၊ ကိုယ့်ကို လှည့်ဖြားသွားတဲ့လူကိုပေါ့။ ကိုယ် သူ့ကို ချစ်သလား မချစ်ဘူးလား။ မောင်လေး မလာခင်တုန်းက ကိုယ် အမှောင်ထဲမှာ လှဲပြီး သူ့ကို ချစ်သလား မချစ်ဘူးလားဆိုတာ ကိုယ့်အသည်းကို ကိုယ် မေးနေမိတယ်၊ ဒီပြဿနာကို ကိုယ့်အတွက် ဖြေရှင်းပေးစမ်းပါ အလျှိုရှာ။ ဆုံးဖြတ်ရမယ့်အချိန် ရောက်လာပြီ၊ မောင်လေး ဆုံးဖြတ်တဲ့အတိုင်းပဲ ဖြစ်စေရမယ်၊ နောက်ပြီးတော့ ကိုယ် သူ့ကို ခွင့်လွှတ်ရမလား၊ မလွှတ်ရဘူးလားပေါ့"

"အစ်မ သူ့ကို ခွင့်လွှတ်ပြီးနေပြီပဲ"

အလျှိုရှာ ပြုံးပြုံးကလေး ပြန်ပြောသည်။

"အင်း... ဟုတ်တယ်၊ ကိုယ် ခွင့်လွှတ်ပြီးပြီ" ဂရုရှင်ကာ အလေးနက် စဉ်းစားဟန်ဖြင့် ပြောလိုက်သည်။ "ဘုရားသခင် ... ကိုယ့်အသည်းနှလုံးက ဘယ်လောက်များ ညံ့လိုက်သလဲ၊ ဘယ်လောက်များ ညံ့လိုက်တဲ့ အသည်းနှလုံးလဲ"

သူမက ရုတ်တရက် ဟစ်အော်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ဖန်ခွက်ကို ဆတ်ခနဲ ဆွဲယူကာ ဖန်ခွက်ထဲမှ ရှန်ပိန်ကို တကျိုက်တည်းနှင့် မော့ချလိုက်သည်။ ထို့နောက် ဖန်ခွက်ကို အပေါ်မြှောက်ပြီး ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်သည်။ ခွမ်းခနဲ ဖန်ခွက် ကွဲကြေသွားသည်။ သူမ၏အပြုံးတွင် ရက်စက်သည့် အရိပ်အငွေ့ ရှိနေသည်။

"ကိုယ် သူ့ကို အခုအချိန်အထိ ခွင့်မလွှတ်သေးတာ ဖြစ်နိုင်တယ်" သူမက အသံမာမာဖြင့် ပြောလိုက်သည်။ မျက်လုံးများကို အောက်စိုက်ထားသဖြင့်

သူမကိုယ်သူမ ပြောနေသည့်အလား ဖြစ်သည်။ "ကိုယ့်အသည်းနှလုံးကသာ ခွင့်လွှတ်ချင်နေတာ ဖြစ်မယ်၊ ကိုယ်ဟာ ကိုယ်အသည်းနှလုံး နဲ့ လွန်ဆွဲနေတယ်၊ ဒီမယ် အလျှိုရှာ ... ကိုယ်ဟာ ဒီငါးနှစ်အတွင်းမှာ ကိုယ့်မျက်ရည်တွေကို ကိုယ်ချစ်လာတယ်၊ ကိုယ်ဟာ ကိုယ့်ရဲ့နာကျင်ရမှုတွေကို ချစ်နေတာ ဖြစ်မယ်၊ သူ့ကိုချစ်နေတာ မဟုတ်ဘူး ..."

"ကိုယ်တော့ သူ့နေရာမှာ မရှိချင်ဘူး"

ရာကီတင် ရွတ်ဆိုလိုက်သည်။

"သူ့နေရာကိုလည်း မင်း မရောက်ပါဘူး ရာကီတင်၊ ဘယ်တော့မှ မရောက်ပါဘူး၊ မင်းဟာ ကိုယ့်ဖိနပ်ကိုပဲ တိုက်ရမယ်၊ အဲဒါ မင်းအတွက် ကိုယ် အသုံးချရမယ့်နေရာပဲ၊ ကိုယ့်လိုမိန်းမမျိုး တယောက်ကို မင်း ဘယ်တော့မှ မရဘူး။ အဲ ... သူလည်း မရနိုင်ဘူး"

"သူလည်း မရနိုင်ဘူး ဟုတ်လား၊ အဲဒါဆိုရင် အစ်မ ဘာဖြစ်လို့ အခုလို ဝတ်စားထားသလဲ"

ရာကီတင် မလိုမုန်းတီးဟန်ဖြင့် မေးခွန်းထုတ်လိုက်သည်။

"ဝတ်ကောင်းစားလှတွေ ဝတ်ထားတဲ့အတွက် ကိုယ့်ကို မကဲ့ရဲ့ပါနဲ့၊ ကိုယ့်ခေါင်းထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ မင်း မသိပါဘူး။ ကိုယ့်အနေနဲ့ ဒီအဝတ်တွေကို ဆုတ်ချင်စိတ် ပေါက်လာရင် အခုချက်ချင်း ဆုတ်ပစ်လိုက်မယ်" သူမက ဟစ်အော်လိုက်သည်။ "ဘာဖြစ်လို့ ဒီအဝတ်အစားတွေကို ဝတ်ထားတယ်ဆိုတာ မင်းမသိပါဘူး ရာကီတင်၊ ကိုယ်က သူနဲ့တွေ့ပြီး ဒီလို ပြောချင်ပြောမယ်၊ 'ရှင် ကျွန်မကို ဒီလိုမျိုး အလျင်တုန်းက မြင်ဖူးသလား' လို့.. ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို သူ ပစ်သွားတုန်းက တဆယ့်ခုနစ်နှစ်သမီးပဲ ရှိသေးတယ်၊ ပိန်ပိန်သေးသေးနဲ့ ငိုနေတဲ့ ကောင်မလေး တယောက်ပဲ ဖြစ်တယ်၊ သူ့ဘေးမှာ ကိုယ်ထိုင်မယ်၊ သူ့ကို ညှို့မယ်၊ သူ့ရဲ့ရမ္မက်တွေကို တက်ကြွစေမယ်၊ 'ကျွန်မ အခု ဘယ်လိုဆိုတာ ရှင်တွေ့တယ် မဟုတ်လား' လို့ ကိုယ်ပြောမယ်။ 'ဒါပေမဲ့ လူကြီးမင်း ... ရှင့်အနေနဲ့ ကျွန်မကို ကြည့်ရုံပဲ ကြည့်ရမယ်၊ စားရက်ကံကြုံဖို့တော့ မရှိဘူး။ ပါးစပ်နဲ့ ဖလားနဲ့ လွဲသွားတာတွေ အများကြီးပဲ' လို့ ပြောမယ်၊ အဲဒီအတွက် ဒီအဝတ်အစားတွေကို ဝတ်ထားတာပဲ ရာကီတင်"

ဂရုရှင်ကာ မခိုးမခန့်ကလေး ရယ်မောကာ စကားကို အဆုံးသတ်လိုက်သည်။ ထို့နောက် ...

"ကိုယ်ဟာ မိန်းမရိုင်း မိန်းမကြမ်းတယောက်ပဲ အလျှိုရှာ၊

ကိုယ့်အဝတ်တွေကို ကိုယ်ဆုတ်ဖြဲပစ်မယ်၊ ကိုယ့်အလှကို ကိုယ်ဖျက်ဆီးပစ်မယ်၊ ကိုယ့်မျက်နှာကို ကိုယ် မီးမြှိုက်ပစ်မယ်၊ ဓားနဲ့ လှီးပစ်မယ်၊ ပြီးတော့ လမ်းပေါ်မှာ လျှောက်တောင်းစားမယ်၊ နောက်ပြီးတော့ ကိုယ့်အနေနဲ့ ဒီကနေ တခြားနေရာကို သွားချင်မှသွားမယ်၊ တယောက်ယောက်ဆီကို ကိုယ် သွားချင်မှသွားမယ်၊ ကိုယ့်စိတ်ထဲမှာ လုပ်ချင်လာရင် အဘိုးကြီး ကူဇမာ ပေးထားတဲ့ ပစ္စည်းတွေအားလုံးကို ပြန်ပေးလိုက်မယ်။ သူပေးထားတဲ့ ပိုက်ဆံတွေ အားလုံးကို ပြန်ပေးလိုက်မယ်၊ ပြီးတော့ ကိုယ့်တသက်လုံး သူများအိမ်မှာ အစေခံ လုပ်စားမယ် .... ဒါတွေကို ကိုယ်မလုပ်ဘူး၊ မလုပ်ရဲဘူးလို့ မင်းထင်သလား ရာကီတင်၊ ကိုယ် လုပ်မယ်၊ လုပ်မယ်၊ လုပ်မယ်။ ကိုယ် အခု လုပ်နိုင်တယ်၊ ကိုယ့်ကို နာကြည်းအောင် မလုပ်နဲ့... လုပ်လို့ရှိရင် သူ့ပစ္စည်းတွေကို ပြန်ပို့လိုက်မယ်၊ သူ့ပါးကို တချက် ရိုက်မယ် အဲဒါဆိုရင် သူ ကိုယ့်ကို ဘယ်တော့မှ အဆက်အသွယ် လုပ်တော့မှာ မဟုတ်ဘူး"

သူမက နောက်ဆုံး စကားလုံးများကို အရူးတယောက်လို ဟစ်အော်လိုက်သည်။ သို့သော် ချက်ချင်း ဆိုသလိုပင် ပြန်တိတ်သွားသည်။ မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ပြီး ခေါင်းအုံးပေါ်သို့ ပစ်လှဲချလိုက် ပြန်တော့သည်။ တရှိုက်ရှိုက် ငိုကြွေးပြန်တော့သည်။

ရာကီတင် မတ်တတ်ထရပ်လိုက်ပြီး ...

"ကိုယ်တို့ ပြန်ဖို့ကောင်းပြီ၊ မိုးချုပ်နေပြီ၊ ကျောင်းတိုက်ထဲကို ဝင်လို့မရဘဲ ဖြစ်နေမယ်"

ဂရုရှင်ကာ ဆိုဖာပေါ်မှ ခုန်ထလိုက်သည်။

"အလျှိုရှာ ... မင်း မပြန်သေးဘူး မဟုတ်လား" သူမက ဝမ်းနည်း အံ့ဩဟန်ဖြင့် ပြောလိုက်သည်။ "မင်း ကိုယ့်ကို ဘယ်လိုလုပ်တာလဲ၊ ကိုယ့်စိတ်တွေကို ဆွပေးတယ် ကိုယ့်စိတ်တွေကို ဒုက္ခပေးတယ်၊ ပြီးတော့ မင်းက ပြန်သွားပြီး ကိုယ့်ကို တညလုံး ဒီအတိုင်း ထားပစ်ခဲ့မယ်"

"ဘာလဲ၊ သူက အစ်မနဲ့အတူ တညလုံး နေလိမ့်မယ်လို့ အစ်မက မျှော်လင့်ထားလို့လား၊ အဲ သူနေချင်တယ်ဆိုလည်း နေရစ်ခဲ့ပေတော့၊ ကျွန်တော် တယောက်တည်း သွားတော့မယ်"

ရာကီတင်က သရော်သလို ပြောလိုက်သည်။

"အဲဒီပါးစပ်ကြီး ပိတ်ထားစမ်း" ဂရုရှင်ကာ ဒေါသဖြင့် ဟစ်အော်လိုက်သည်။ "သူ ကနေ့ ကိုယ့်ကို ပြောတာမျိုး မင်း ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး"

"သူက အစ်မကို ဘာတွေပြောလို့လဲ"

"ကိုယ် မသိဘူး၊ သူ ဘာတွေပြောတယ်ဆိုတာ ကိုယ်မသိဘူး။ ဒါပေမဲ့ သူပြောတဲ့ စကားတွေက ကိုယ့်အသည်းထဲကို တန်းဝင်သွားတာပဲ၊ သူဟာ ကိုယ့်ရဲ့အသည်းကို ဆွဲကိုင်ခဲ့တယ်။ သူဟာ ကိုယ့်အပေါ်မှာ ပထမဆုံး သနားကြင်နာတဲ့သူပဲ။ ကိုယ့်အပေါ်မှာ သနား ကြင်နာတဲ့လူဆိုလို့ သူတယောက်တည်းပဲ ရှိတယ် ... အဓိပ္ပာယ်ကတော့ အဲဒါပဲ၊ သူတော်ကောင်းကလေးရယ် ... ဘာဖြစ်လို့များ စောစောကတည်းက ကိုယ့်ဆီကို မလာခဲ့ရတာလဲ" သူမက သူ့ရှေ့တွင် ဒူးထောက် ချလိုက်ရင်း စိတ်ချောက်ချားစွာ ပြောလိုက်သည်။ "ကိုယ့်ဘဝ တသက်လုံးမှာ မင်းလိုလူမျိုး တယောက်ကို စောင့်နေခဲ့တာပဲ။ မင်းလိုလူမျိုးတယောက် ရောက်လာပြီး ကိုယ့်ကို ခွင့်လွှတ်လိမ့်မယ် ဆိုတာ ကိုယ်သိတယ်၊ အောက်တန်းကျတဲ့ တဏှာရာဂစိတ်တွေနဲ့ ချစ်တာမျိုး မဟုတ်ဘဲ တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့ လူတယောက် ပေါ်ပေါက်လိမ့်မယ်ဆိုတာ ကိုယ်သိတယ်"

"ကျွန်တော်က အစ်မအတွက် ဘာတွေများ လုပ်ခဲ့လို့လဲ၊ ကျွန်တော့်အနေနဲ့ အစ်မကို ကြက်သွန်တဥ ကြက်သွန်သေးသေးကလေးတဥ ပေးခဲ့တာပဲ ရှိပါတယ်"

အလျှိုရှာက သူမ၏ကိုယ်ပေါ်တွင် သိမ်မွေ့သော အပြုံးဖြင့် ကုန်းငုံ့ကာ သူမ၏ကိုယ်ကို လက်နှစ်ဖက် ဖြင့် ချစ်ခင်ယုယစွာ ကိုင်ထားရင်း ပြောလိုက်သည်။ ထိုစကားကို ပြောရင်း သူကိုယ်တိုင်လည်း မျက်ရည်တွေ သွန်ကျလာတော့သည်။ ထိုအချိန်မှာပင် အိမ်ရှေ့ဆီမှ အသံတသံ ရုတ်တရက် ပေါ်ထွက်လာသည်။ ဧည့်ခန်းတွင်းသို့ လူတယောက် ပြေးဝင်လာသည့် ခြေသံဖြစ်သည်။ ဂရုရှင်ကာ ခုန်ထလိုက်သည်။ အထူးပင် ထိတ်လန့်ကြောက်ရွံ့သွားဟန်ရှိသည်။ အခန်းတွင်းသို့ ဖီညာ တရကြမ်း ပြေးဝင်လာသည်။

"မမ ... မမ" သူမ ဝမ်းသာအားရ ဟစ်အော်သည်။ အသက်ရှူမမှန်ဘဲ ရှိသည်။ "သူ့ဆီကလူ ရောက်လာပြီ၊ မိုကရိုဟီကနေပြီး သူ မြင်းရထားတစီး လွှတ်လိုက်တယ်၊ မြင်းသုံးကောင်နဲ့ပဲ။ ရထားမောင်းတဲ့လူက တီမိုဖီတဲ့၊ အခု သူတို့ မြင်းတွေ လဲနေကြတယ်၊ စာတစောင်ပါတယ်၊ မမဖို့ စာတစောင် .... ဟောဒီမှာ"

သူမက လက်ထဲမှ စာတစောင်ကို ဝှေ့ယမ်းပြကာ ပြောနေသည်။ ဂရုရှင်ကာက စာကို ဆတ်ခနဲ ဆွဲယူပြီး ဖယောင်းတိုင်ဆီသို့ သွားသည်။ စာက တိုတိုကလေးပင် ဖြစ်၏။ သူမက ချက်ချင်းပင် ဖတ်၍ ပြီးသွားသည်။

"သူက ကိုယ့်ကို အခေါ်လွှတ်လိုက်တာပဲ" သူမက မျက်နှာ ဖြူဖပ်ဖြူရော် အပြုံးယဲ့ယဲ့ကလေးဖြင့် ပြောလိုက်သည်။ "သူက လေချွန်လိုက်တာပဲ၊ ခွေးမကလေး၊ ငါ့ဆီကို လေးဖက်ထောက်ပြီး လာခဲ့ ဆိုပြီး"

သို့သော် သူမက ခေတ္တခဏမျှသာ လေးကန်တုံ့ဆိုင်းပြီးနေသည်။

ချက်ချင်းဆိုသလို သူမ၏မျက်နှာ တွင် သွေးရောင်လွှမ်းကာ ပါးပြင်နှစ်ဖက် နီရဲလာသည်။

"ကိုယ် သွားမယ်" သူမက ရုတ်တရက် ဟစ်အော်လိုက်သည်။ "ကိုယ့်ဘဝ ငါးနှစ်ကတော့ နေရစ်ခဲ့ပေတော့၊ သွားပြီ အလျှိုရှာ၊ ကိုယ့်ဘဝ ဆုံးဖြတ်ချက် ကျသွားပြီ ... သွားကြတော့ ... သွားကြတော့၊ သွားကြတော့။ မင်းတို့နှစ်ယောက်စလုံး မင်းတို့ကို ကိုယ် နောက်ထပ် မတွေ့ချင် တော့ဘူး။ ဂရုရှင်ကာဟာ ဘဝသစ်ကို ရောက်သွားပြီ ... ရာကီတင် ကိုယ့်မှာ မကောင်းမှုတွေ ပူးကပ်နေပြီလို့ မင်း မထင်ဘူးလား၊ ကိုယ်ဟာ ကိုယ့်သေတွင်းကို ကိုယ်တူးတာ ဖြစ်နိုင်တယ်၊ အို ကိုယ့်စိတ်ထဲမှာ အရက်တွေ မူးနေသလိုပဲ"

သူမက ရုတ်ခြည်းဆိုသလိုပင် သူတို့ကို ထားခဲ့ပြီး သူမ၏အိပ်ခန်းတွင်းသို့ ဝင်ပြေးသွားသည်။

"သူ့ခေါင်းထဲမှာ ကိုယ်တို့အတွက် နေရာမရှိတော့ဘူး၊ သွားကြစို့၊ နို့မဟုတ်ရင် တော်ကြာနေ မိန်းမတွေ စိတ်ကယောင်ချောက်ချားဖြစ်ပြီး အော်တဲ့အသံမျိုးတွေ ကြားနေရလိမ့်မယ်၊ အဲဒီအသံတွေ နဲ့ မျက်ရည်တွေကို ကိုယ် စိတ်ပျက်လှပြီ" ရာကီတင်က ပြော လိုက်သည်။

အလျှိုရှာလည်း အလိုအလျောက် ဆိုသလိုပင် အပြင်သို့ လိုက်ပါလာသည်။ ခြံဝင်းထဲတွင် မြင်းရထား တစီး ရပ်ထားသည်။ မြင်းတွေကို ဖြုတ်ထားသည်။ မှန်အိတ်တလုံးနှင့် လူတွေ ဟိုသွားသည်သွား သွားနေကြသည်။ ဝင်းပေါက်ဝဆီမှနေ၍ မြင်းအသစ် သုံးကောင်ကို ခေါ်ဆောင်လာကြသည်။ အလျှိုရှာနှင့် ရာကီတင်တို့ အိမ်ရှေ့လှေကားထစ်များမှ ဆင်းမိသည် ဆိုလျှင်ပင် ဂရုရှင်ကာ၏ အခန်းမှ ပြတင်းပေါက်တခုမှ ရုတ်တရက် ပွင့်လာပြီး ဂရုရှင်ကာ၏အသံ ထွက်ပေါ်လာသည်။

"အလျှိုရှာရေ ... သူ့အပေါ်မှာ ကိုယ်က မကောင်းခဲ့ပေမဲ့ ကိုယ့်ကို ဘယ်လိုမှ အမှတ်မထားပါနဲ့လို့ မောင်လေးရဲ့အစ်ကို မစ်တယာကို ပြောပါ၊ နောက်ပြီးတော့ သူ့ကို ကိုယ်ပြောခဲ့တဲ့ စကားလုံးတွေ အတိုင်း ပြောပေးစမ်းပါ၊ 'ဂရုရှင်ကာကတော့ အစ်ကို့လို ဂုဏ်သရေရှိတဲ့ လူတယောက်ဆီကို မဟုတ်ဘဲ လူယုတ်မာတယောက်ဆီကို သွားပြီလို့' နောက်ပြီးတော့ 'ဂရုရှင်ကာက သူ့ကို တနာရီပဲ ချစ်ခဲ့ပါတယ်လို့... သူ့ကို တနာရီကလေးပဲ ချစ်ခဲ့ပါတယ်လို့... အဲဒီတော့ အစ်ကို့ဘဝတလျှောက်လုံး မှာ အဲဒါကလေးကို သတိရနေပါလို့ ဂရုရှင်ကာက ပြောလိုက်ပါတယ်' လို့ ပြောပေးပါ"

သူမက ငိုရှိုက်သံများဖြင့် စကားကို အဆုံးသတ်ကာ ပြတင်းပေါက်ကို ဝုန်းခနဲ ဆောင့်ပိတ်သွားသည်။

"ဟား.. ဟား ... သူက မင်းအစ်ကို မစ်တယာကို အသေသတ်ပစ်လိုက်ပြီ၊ အဲဒါကလေးကို သူ့ဘဝတလျှောက်လုံးမှာ အမှတ်ရနေပါတဲ့၊ လူသားစားတဲ့ ကျားသစ်မပဲ"

ရာကီတင် ရယ်မောကာ ပြောလိုက်သည်။

အလျှိုရှာ ၎င်း၏စကားကို မကြားသည့်အလားပင် ဘာမျှပြန်မပြောပါ။ သူက ရာကီတင်၏ နံဘေးတွင် အင်မတန် ရေးကြီးသုတ်ပျာ ဖြစ်နေဟန်ဖြင့် လျှောက်သွားနေသည်။ သူသည် အတွေးအာရုံကြောထဲတွင် နစ်မြုပ်နေပြီး ခြေထောက်များက စက်ရုပ်များလို အလိုအလျောက် လှမ်းလျက် ရှိကြတော့သည်။

ရာကီတင်သည် သူ၏ဒဏ်ရာကို တစုံတယောက်က ထိုးဆွခြင်း ခံလိုက်ရသလို ရုတ်တရက် စူးရှနာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။ အလျှိုရှာနှင့် ဂရုရှင်ကာတို့ကို တွေ့ဆုံပေးခဲ့ရာတွင် သူ မျှော်လင့်ခဲ့သည်က တမျိုးဖြစ်သည်။ ယခုတော့ သူ မျှော်လင့်ထားသည်နှင့် လုံးဝပင် ခြားနားစွာ ဖြစ်ပျက်ခဲ့လေသည်။

"သူက ပိုလန်လူမျိုးတယောက်ပဲ၊ အဲဒီ ဂရုရှင်ကာရဲ့စစ်ဗိုလ်က" သူ့ကိုယ်သူ ထိန်းချုပ်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ သူက အခု စစ်ဗိုလ်တယောက် မဟုတ်တော့ဘူး၊ အတိအကျပြောရရင် အကောက်ခွန်အရာရှိတယောက်ပဲ၊ ဆိုက်ဗေးရီးယား အကောက်ခွန်ဌာနမှာ လုပ်တယ်၊ တရုတ် နယ်ခြား တနေရာရာမှာပဲလို့ ကိုယ်ထင်တယ်၊ သူ အခု အလုပ်ပြုတ်သွားပြီလို့ ကိုယ်သိရတယ်၊ ဂရုရှင်ကာမှာ ပိုက်ဆံကလေး နည်းနည်း စုမိဆောင်းမိနေတယ်ဆိုတဲ့ သတင်းကြားလို့ သူ ပြန်လာတာပဲ၊ အဖြစ်အပျက်ကတော့ အဲဒါပဲ"

ယခုတကြိမ်တွင်လည်း အလျှိုရှာသည် ဘာမျှမဖြစ်သကဲ့သို့ပင် ရှိသည်။ ထိုအခါ ရာကီတင်သည် သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါ။

"ဘယ်လိုလဲ ဒုစရိုက်သမားကို မောင်ရင် ကယ်တင်နိုင်ခဲ့ပြီလား" မလိုမုန်းထားစွာ ရယ်မောရင်း သူပြောလိုက်သည်။ "ပြည့်တန်ဆာမတယောက်ကို လမ်းမှန်ကို ရောက်အောင် ပို့လိုက်နိုင်ပြီလား၊ ဒုစရိုက် ခုနစ်ပါးကို မောင်းထုတ်နိုင်ပြီလား၊ ကိုယ်တို့တတွေ နှစ်ရှည်လများ မျှော်လင့်တောင့်တ ထားကြတဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေ အခု တကယ်ဖြစ်လာပြီလား"

"တော်စမ်း ရာကီတင်"

အလျှိုရှာ တုံ့ပြန်လိုက်သည်။ သူ စိတ်ဒုက္ခရောက်နေဟန်ရှိသည်။

"နှစ်ဆယ့်ငါးရူဗယ်ကိစ္စအတွက် မောင်ရင် အခု ကိုယ့်ကို

မုန်းတီးစက်ဆုပ်နေပြီ မဟုတ်လား၊ မိတ်ဆွေကောင်းတယောက်ကို ကိုယ်ရောင်းလိုက်ပြီလို့ မောင်ရင် ထင်နေတာလား၊ ဒါပေမဲ့ မောင်ရင်ဟာ ဘုရားသခင် မဟုတ်သလို ကိုယ်ကလည်း ယုဒ မဟုတ်ပါဘူး”

“အို ... ဘုရားသခင်၊ အဲဒီကိစ္စကို ကိုယ် လုံးဝမေ့ထားပြီးပြီ ရာကီတင်၊ ဒီကိစ္စကို မောင်ရင်က လာပြီး သတိပေးနေတာပဲ”

အလျှိုရှာက ပြောလိုက်သည်။ သို့သော် ရာကီတင်သည် သူ့ကိုယ်သူ မည်သို့မျှ မထိန်းချုပ်နိုင်ဘဲ ရှိတော့သည်။

“မင်းတို့အားလုံးကို ငါ ဂရုမစိုက်ဘူး၊ တယောက်မှ ဂရုမစိုက်ဘူး”

သူ ရုတ်တရက် ကြုံးဝါးလိုက်သည်။ “မင်းနဲ့ငါ ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး၊ ဒီက ရှေ့မှာ မင်းကို ငါ လုံးလုံး အသိမလုပ်ချင်တော့ဘူး၊ မင်းဟာမင်း တယောက်တည်း သွားပေတော့၊ အဲဒီလမ်းက သွားပေတော့”

ယင်းသို့ပြောပြီးနောက် သူသည် လမ်းငယ်ကလေးတခုအတွင်းသို့ ချိုးဝင်သွားသည်။ အလျှိုရှာကို အမှောင်ထဲတွင် တယောက်တည်း ထားပစ်ခဲ့သည်။ အလျှိုရှာသည် မြို့ထဲမှထွက်ခဲ့ပြီး လယ်ကွင်းပြင် များကိုဖြတ်ကာ ကျောင်းတိုက်ကြီးဆီသို့ သွားနေလေတော့သည်။

၄။ ဂါလီလဲပြည်မှ ကာနမြို့

ကျောင်းသခ်မ်းသို့ အလျှိုရှာ ရောက်ရှိသွားသောအချိန်သည် ကျောင်းတိုက်ကြီး၏ စည်းကမ်း ဥပဒေအရဆိုလျှင် အင်မတန်မှပင် အချိန်နောက်ကျနေပြီ ဖြစ်သည်။ သို့သော် တံခါးမှူးက သူ့ကို အထူးဝင်ပေါက်မှနေ၍ ဝင်ခွင့်ပြုလိုက်သည်။ ထိုအချိန်တွင် ကိုးနာရီ သံချောင်း ခေါက်သည်။ သူတို့အားလုံးအဖို့ ဤမျှ စိတ်လှုပ်ရှား ပင်ပန်းခဲ့ရသော နေ့တနေ့မျိုးအတွက် အနားယူချိန်ပင် ဖြစ်တော့သည်။

အလျှိုရှာသည် ကျောင်းသခ်မ်းတံခါးကို ထိတ်လန့်စိုးရွံ့စွာဖြင့် ဖွင့်ပြီးနောက် ခင်ကြီးဆရာတော်၏ ခေါင်း ထားရှိရာ အခန်းတွင်းသို့ ဝင်ရောက်သွားသည်။ အခန်းထဲတွင် ခရစ်ဝင်ကျမ်းစာကို ရွတ်ဖတ်နေသော ဖားသားပေဆီမှတပါး အခြား မည်သူမျှမရှိပါ။ ကိုရင်ကလေး ပေါ်ဖာရီသည် ယမန်နေ့ညက တရားနာခဲ့ရသည်တကြောင်း၊ ယနေ့ တနေ့လုံး ကသိကအောက် ဖြစ်ခဲ့ရသည် တကြောင်းတို့ကြောင့် တဖက်ခန်းရှိ ကြမ်းပြင်ပေါ်တွင် လူငယ်တို့၏ ထုံးစံအတိုင်း တုံးနင်းသရော အိပ်မောကျလျက် ရှိတော့သည်။ ဖားသားပေဆီသည် အလျှိုရှာ ဝင်လာသည့်အသံကို ကြားသော်လည်း လှည့်မကြည့်ပါချေ။

အလျှိုရှာသည် တံခါးပေါက်၏ လက်ယာဘက်ဆီသို့ လျှောက်သွားကာ အခန်းထောင့် တနေရာတွင် ဒူးထောက်ပြီး ဆုတောင်းပတ္တနာပြုလျက် ရှိတော့သည်။ သူ့ရင်ထဲတွင် ခံစားမှုတွေ ပြည့်သိပ်လျက် ရှိသည်။ သို့သော် ဘာတခုမျှ ထူးထူးခြားခြား ပေါ်လွင်လျက် မရှိပါ။ ထိုမျှမက ခံစားမှု တခုပြီး တခုသည် တဖြည်းဖြည်းချင်း လှည့်ပတ် ဖြစ်ပေါ်လျက်ရှိတော့သည်။ သို့သော် ထူးဆန်းသည် ကတော့ သူ၏စိတ်အစဉ်တွင် ငြိမ်းချမ်းစွာ ရှိနေသည်။ ယင်းအတွက် အလျှိုရှာ မအံ့သြပါချေ။ တဖန် သူ့အနေနှင့် အင်မတန် ချစ်ခင်လေးစားသော ကွယ်လွန်သူ၏ ရုပ်ကလာပ် ထည့်သွင်းထားသော ခေါင်းကို မြင်တွေ့ရပြန်သောအခါတွင်လည်း မနက်တုန်းကလို ရင်ထဲတွင် နာကျင်ခြင်း၊ ပူဆွေးခြင်း နှင့် ငိုကြွေးရခြင်းတို့ မဖြစ်ပေါ်ပါ။ သူသည် အခန်းတွင်းသို့ ရောက်ရှိလာကတည်းကပင် ဂူဗိမာန်၏ ရှေ့မှောက်တွင် ဒူးထောက်ဝတ်ပြုနေသည့်အလား ခေါင်းရှေ့တွင် ဒူးထောက်ပြီး နေခဲ့သည်။ သို့သော် သူ၏ စိတ်အတွင်းနှင့် သူ၏ရင်ထဲတွင် ပျော်ရွှင်ကြည်နူးမှုများ ပြည့်လျှံလျက်ရှိသည်။

အခန်း၏ပြတင်းပေါက်တခု ဖွင့်ထားသည်။ လေက အေးပြီး လန်းဆန်းနေသည်။ “ပြတင်းပေါက်တခု ဖွင့်ထားပုံထောက်ရင်တော့ အနံ့ပိုပြီးပြင်းလာလို့ နေမှာပဲ” ဟု သူ့စိတ်ထဲတွင် တွေးလိုက်မိသည်။ သို့သော်

မနက်ပိုင်းက သူ့ကို များစွာမှပင် အနှောင့်အယှက် ပေးခဲ့ပြီး ကသိကအောက် ဖြစ်စေခဲ့သော အပုပ်နံ့အကြောင်းကို ယခုကဲ့သို့ တွေးမိသည့်တိုင်အောင်လည်း သူ့စိတ်ထဲတွင် မည်သို့မျှ စနိုးစနောင့် မဖြစ်ပါချေ။ သူသည် တိတ်ဆိတ်စွာပင် ဆုတောင်းပတ္ထနာပြုလျက် ရှိသည်။ သို့သော် များမကြာမီ မှာပင် ဆုတောင်းပတ္ထနာ ပြုခြင်းသည် သံပတ်ပေးထားသလို သူ့အလိုအလျောက်သာ ဖြစ်နေတော့ သည်။ သူ့စိတ်ထဲမှာက အတွေးစတွေ တခုပြီးတခု ဖြစ်ပေါ်လျက် ရှိကြတော့သည်။ အတွေးတခု ပျောက်သွားလိုက်၊ အတွေးတခု ပေါ်လာလိုက် ဖြစ်သည်။

သို့သော် သူ့ရင်ထဲတွင် တစုံတခုသော ခံစားမှုသည် ပြည့်ပြည့်ဝဝကြီးနှင့် ခိုင်ခိုင်မြဲမြဲ ရှိနေသည်။ ယင်းအဖြစ်ကို သူ သိရှိသည်။ ရံဖန်ရံခါတွင် သူသည် စိတ်အားထက်သန်စွာ ဆုတောင်းပတ္ထနာ ပြုနေရင်းဖြင့် သူ၏ ကျေးဇူးတရားနှင့် မေတ္တာတရားများကို သွန်းလောင်းလိုက်ချင်သည်။ သို့သော် သူသည် ဆုတောင်းပတ္ထုပြုနေရင်းနှင့် ရုတ်ခြည်းဆိုသလို တနေရာသို့ စိတ်ရောက်သွားသည်။ အတွေးတွင် နစ်မြုပ်သွားသည်။ ဆုတောင်းပတ္ထနာ ပြုနေသည်ကို မေ့လျော့သွားသည်။ ကြားဖြတ် ဝင်ရောက်လာသည့် အတွေးကိုလည်း မေ့လျော့သွားသည်။

ဖားသားပေဆီ ရွတ်ဖတ်နေသည်ကို သူ နားထောင်သည်။ သို့သော် သူသည် ပင်ပန်း နွမ်းနယ်လာပြီး တဖြည်းဖြည်းနှင့် အိပ်ငိုက်သွားတော့သည်။

သုံးရက်မြောက်သောနေ့၌ ဂါလိလဲပြည် ကာနမြို့တွင် မင်္ဂလာဆောင်ပွဲကို ခံကြစဉ် ထိုပွဲ၌ ယေရှု၏မယ်တော် ရှိ၏။ ယေရှုနှင့် တပည့်တော်တို့ကိုလည်း ထိုပွဲသို့ ခေါ်ပင့်ကြ၏။ *ဆရာယုဒသန်၏ ဘာသာပြန်မူ (ရှင်ယောဟန်ခရစ်ဝင်)

ဖားသားပေဆီ ရွတ်ဖတ်သည်။

"မင်္ဂလာဆောင်ပွဲ၊ ဘာ မင်္ဂလာဆောင်ပွဲလဲ" အလျှိုရှာ၏ စိတ်အာရုံတွင်းသို့ စကားလုံးများ ချာလပတ်လည်ပြီး ဝင်ရောက်လာကြသည်။

"အမျိုးသမီးလည်း ပျော်မှာပဲ ... မင်္ဂလာပွဲကို သူလည်း သွားရတာပဲ၊ သူနဲ့အတူ ခေးကို ယူမသွားဘူး ... ခေးကို ယူမသွားဘူး ... ခေးယူသွားမယ် ဆိုတာကတော့ စိတ်ထိခိုက်တဲ့ စကားတခွန်းပဲ ... ဒါပေမဲ့ စိတ်ထိခိုက်တဲ့ စကားတခွန်းကို ခွင့်လွှတ်ကြရမှာပဲ... ဟုတ်တယ်.. ခွင့်လွှတ်ရမယ်... ခွင့်လွှတ်ရမယ်.. စိတ်ထိခိုက်တဲ့ စကားက ကိုယ့်ရင်ထဲမှာ ခံစားနေရတာကို သက်သာစေတယ်... စိတ်ထိခိုက်တဲ့ စကားတွေကို အန်မထုတ်ရဘူးဆိုရင် လူတွေရဲ့ဝမ်းနည်းပူဆွေးမှုတွေဟာ ပိုပြီး ကြီးမားလာ လိမ့်မယ်၊ ရာကီတင်ဟာ နောက်ဖေးလမ်းကြားထဲကို ဝင်သွားတယ်၊ ရာကီတင်ဟာ သူ့ရဲ့ မကောင်းမှု တွေကိုသာ တွေးနေမယ်ဆိုရင် သူဟာ နောက်ဖေးလမ်းကြားထဲမှာ အမြဲတမ်း

ရောက်နေရမှာပဲ... ဒါပေမဲ့ လမ်းမကြီး... လမ်းမကြီးဟာ ကျယ်ဝန်းတယ်၊ ဖြောင့်တန်းတယ်၊ ဖန်သားလို ကြည်လင်နေ တယ်၊ လမ်းရဲ့အဆုံးမှာ နေမင်းကြီး ရှိနေတယ် ... အို .. သူ ဘာတွေ ဖတ်နေတာလဲ ....”

စပျစ်ရည်ကို လိုသောအခါ ယေရှု၏မယ်တော်က စပျစ်ရည် မရှိဟု ပြောကြား၏။ အလျှိုရှာ ကြားရသည်။

“ဟုတ်တယ်၊ အဲဒါကို ငါ မေ့နေတယ်၊ အဲဒါကို ငါ မမေ့ချင်ဘူး၊ အဲဒီအပိုဒ်ကလေးကို ငါ သိပ်သဘောကျတာပဲ၊ အဲဒီအပိုဒ်ဟာ ဂါလီလဲပြည်က ကာနမြို့ပဲ၊ ရှေးဦးစွာသော နိမိတ်လက္ခဏာပဲ (CANA OF GALILEE, The First Miracle) အို ... အဲဒါဟာ နိမိတ်လက္ခဏာပဲ၊ အို... တကယ် နှစ်သက်စရာကောင်းတဲ့ နိမိတ်လက္ခဏာပဲ၊ ဒါဟာ လူသားတွေရဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာကို ဘုရားသခင်က ဝမ်းမြောက်ဖွယ်ရာအဖြစ် ဖန်တီးပြသတော်မူလိုက်တဲ့ နိမိတ်လက္ခဏာပဲ၊ “သူက လူသားတွေကို ချစ်တယ်၊ လူသားတွေက ပျော်ရွှင်မှုကို ချစ်ကြတယ်” ... ဒါဟာ ခင်ကြီး ဆရာတော် အမြဲတမ်း ပြောလေ့ရှိတဲ့ စကားတခုပဲ၊ သူ့ရဲ့အဓိက ခံယူချက်တခုက ... ပျော်ရွှင်မှု မရှိရင် လူတွေဟာ အသက်ရှင်ပြီး မနေနိုင်ကြဘူးလို့ မစ်တယာက ပြောတယ် ... ဟုတ်တယ်၊ မစ်တယာ ပြောတာပဲ ... “ခွင့်လွှတ်ခြင်းဆိုတာ အမှန်တရားရဲ့အလှအပပဲ” ... သူက အဲဒီစကားကိုလည်း ပြောလေ့ ရှိသေးတယ် ...”

ယေရှုကလည်း အချင်းမိန်းမ၊ သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း၊ ငါ့အချိန် မရောက်သေးဟု မိန့်တော်မူ၏။ မယ်တော်ကလည်း သူ စေခိုင်းသမျှတို့ကို ပြုကြလော့ဟု အစေခံတို့အား ဆိုလေ၏။

“ပြုလုပ်ကြလော့ ... မရှိဆင်းရဲသားတို့၊ ပျော်ရွှင်ချမ်းမြေ့မှုကို ပြုလုပ်ကြလော့... ဟုတ်တယ်၊ မရှိဆင်းရဲသားတွေရဲ့ပျော်ရွှင်မှုကို ပြုလုပ်ကြရမယ် ... သူတို့ဟာ မင်္ဂလာဆောင်ပွဲမှာတောင် စပျစ်ရည် အလုံအလောက် မရှိကြဘူးဆိုရင် ... အဲဒီတုန်းက ဂနေသရက် အိုင်ကြီး ပတ်ပတ်လည်မှာ နေကြတဲ့ လူတွေဟာ အဆင်းရဲဆုံးလို့ သမိုင်းဆရာတွေ ရေးခဲ့ကြတယ်... မဟာကရုဏာရှင်တဦး ဖြစ်တဲ့ သူ့ရဲ့မယ်တော်က နားလည်ထားတယ်။ သူ့ရဲ့လာရောက်ခြင်းဟာ မဟာအနစ်နာခံရအောင် တင် မဟုတ်ဘဲ မင်္ဂလာဆောင်ပွဲကို ဖိတ်ကြားထားတဲ့ ရိုးသားတဲ့ အညတရ ဆင်းရဲသားတွေကို ပျော်ရွှင်မှုပေးရအောင် ဆိုတာကိုလည်း မယ်တော်က နားလည်ထားတယ်။ “ငါ့အချိန် မရောက်သေး” လို့ သူက သိမ်မွေ့သော အပြုံးနဲ့ပြောတယ် (သူဟာ မယ်တော်ကို သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ကလေး ပြုံးတော်မူမှာ အမှန်ပဲ) အမှန်တော့ ဒီကမ္ဘာကြီးကို သူ ကြွရောက်လာတာဟာ မရှိဆင်းရဲသားရဲ့ မင်္ဂလာဆောင်ပွဲမှာ ဝိုင်အရက်တွေကို အလျှံပယ်ဖြစ်အောင် လုပ်ပေးဖို့ မဟုတ်ဘူး၊ ဒါပေမဲ့ မယ်တော်

ရဲ့တောင်းပန်ချက်အရ သူလုပ်ပေးခဲ့တယ် ... ဟော သူ ဆက်ပြီး ဖတ်နေပြန်ပြီ”

ယေရှုကလည်း ဤရေအိုးတို့ကို ရေဖြည့်ကြဟု အစေခံတို့အား မိန့်တော်မူလျှင် ထိုသူတို့သည် လျှံမတတ် ဖြည့်ကြ၏။

ယခု ခပ်၍ ပွဲအုပ်ထံသို့ သွင်းကြလော့ဟု မိန့်တော်မူသည့်အတိုင်း သွင်းကြ၏။

ပွဲအုပ်သည် စပျစ်ရည်ကို မြည်းစမ်း၍ ထိုရေကို ခပ်သော အစေခံတို့သည် အဘယ်မှာ ရသည်ကို သိသော်လည်း ပွဲအုပ်သည် မသိသောကြောင့် မင်္ဂလာဆောင်လုလင်အား အသံကို လွှင့်လျက် ...

အခြားသောသူ မည်သည်ကား ရှေးဦးစွာ ကောင်းသော စပျစ်ရည်ကို ထည့်၍ ဝစွာ သောက်ကြပြီးမှ ညံ့သော စပျစ်ရည်ကို ထည့်လေ့ရှိ၏။ သင်မူကား ကောင်းသော စပျစ်ရည်ကို ယခုတိုင်အောင် သိုထားပြီဟု ဆို၏။

“အို ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ အခန်းက ဘာဖြစ်လို့ ကွယ်သွားရတာလဲ၊ သြော် ဟုတ်ပြီ ... မင်္ဂလာဆောင်ပဲ၊ လက်ထပ်ပွဲပဲ ... အင်း၊ ဟုတ်တယ်၊ ဟောဒီမှာ မင်္ဂလာဆောင်လာတဲ့ ဧည့်သည်တွေ၊ ဟောဒီမှာ သတို့သားနဲ့ သတို့သမီး၊ ဟောဒီမှာ ပျော်နေတဲ့ လူအုပ်ကြီး၊ နေဦး ... ပွဲအုပ်က ဘယ်ရောက်နေသလဲ၊ နေဦး ... ဟိုဟာ ဘယ်သူလဲ၊ ဟိုဟာ ဘယ်သူလဲ၊ ဟော... အခန်းကြီးက ကျယ်သွားပြန်ပြီ၊ ရောမ စားပွဲကြီးမှာ မတ်တတ်ရပ်နေတာ ဘယ်သူလဲ၊ ဘယ်လိုလဲ၊ သူလည်း ဒီမှာ ရောက်နေသလား၊ မဟုတ်သေးပါဘူး၊ သူက ခေါင်းထဲမှာပါ... ဒါပေမဲ့ ဒီမှာ သူလည်း ရှိနေတယ် ... သူ မတ်တတ်ရပ်နေတယ် ... သူ ငါ့ကို မြင်သွားတယ်၊ သူ ဒီကို လာနေတယ်... ဘုရားသခင်...။

“ဟုတ်တယ် ... သူ့ဆီကို သူသွားတယ်၊ သူ့ဆီကို သွားတယ်၊ သူ ... ပိန်ပိန်သေးသေး အဘိုးကြီး ... မျက်နှာပေါ်မှာ အရေတွေတွန့်လို့၊ သူက ပျော်လို့ပြုံးလို့၊ ခေါင်းကြီး အခု မရှိတော့ဘူး၊ သူက မနေ့က သူတို့ထိုင်ပြီး စကားပြောကြတုန်းကအတိုင်း ဝတ်ထားတယ်၊ သူ့အခန်းထဲမှာ ဧည့်သည်တွေ လာကြတုန်းကအတိုင်း ဝတ်ထားတယ်။ သူ့မျက်နှာကို ဖုံးမထားဘူး၊ သူ့မျက်လုံးတွေ တောက်လက် နေကြတယ်၊ ဂါလီလဲပြည် ကာနမြို့က မင်္ဂလာဆောင်ပွဲကို သူလည်း ဖိတ်ကြားခြင်း ခံရတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ”

“ဟုတ်တယ် လူကလေး ... ငါလည်း ဖိတ်ကြားခြင်းခံရတယ်၊ ငါလည်း ဖိတ်ကြားခြင်းနဲ့ ခေါ်ပင့်ခြင်း ခံရတယ်” သူ့အပေါ်မှ ချိုသာသော အသံတခု ထွက်ပေါ်လာသည်။ “မင်း ဒီမှာ ဘာဖြစ်လို့ ပုန်းနေတာလဲ၊ မင်းကို ဘယ်သူကမှ မတွေ့ရဘူးပေါ့၊ လာပါ ငါ တို့နဲ့ လာပေါင်းပါ”

သူ့အသံ ဖြစ်သည်။ ခင်ကြီး ဇော်ဇီမာ၏အသံ ဖြစ်သည်။ သူ့ကို ခေါ်နေမှတော့ သူဟာ တခြား ဘယ်သူဖြစ်နိုင်ဦးမလဲ၊ ခင်ကြီးက အလျှိုရှာ၏လက်ကို ဆွဲပြီး ထခိုင်းသည်။ အလျှိုရှာ ဒူးထောက် နေရာမှ ထရပ်သည်။

"ငါတို့ ပျော်ကြရအောင်" ပိန်ပိန်သေးသေး အဘိုးကြီးက ဆက်ပြောသည်။ "ဝိုင်အသစ်ကို သောက်ကြရအောင်၊ ဝိုင်အသစ်ရဲ့ပျော်ရွှင်မှု၊ ရောမပျော်ရွှင်မှု၊ ဒီမှာ ဧည့်သည်တွေ ဘယ်လောက် များတယ်ဆိုတာ တွေ့ သလား၊ ဟောဟိုက သတို့သမီးနဲ့ သတို့သား။ ဟောဟိုမှာ ပွဲတော်အုပ်၊ ဝိုင်အသစ်ကို မြည်းနေတယ်၊ ငါ့ကိုကြည့်ပြီး မင်း ဘာဖြစ်လို့ အံ့ဩနေရတာလဲ၊ ကြက်သွန်တဥ ငါလှူခဲ့တယ်၊ ဒါကြောင့် ဒီကို ငါရောက်တယ်၊ ဒီမှာရောက်နေတဲ့ လူတော်တော်များများဟာ ကြက်သွန်တဥပဲ လှူခဲ့ကြတာပဲ၊ ကြက်သွန်ဥ သေးသေးကလေးတဥပဲ၊ ငါတို့ရဲ့လုပ်ဆောင်မှုတွေက ဘာတွေလဲ၊ မင်းဆိုလို့ရှိရင် ကယ်တင်မှုကို မျှော်လင့်စောင့်စားနေတဲ့ အမျိုးသမီးတယောက်ကို ကြက်သွန်တဥ ပေးခဲ့တယ် မဟုတ်လား၊ မင်းအလုပ်တွေကို စပေတော့ လူကလေး၊ စလုပ်ပေတော့ ငါတို့ရဲ့နေမင်းကြီးကို မင်း မြင်တယ်မဟုတ်လား၊ သူ့ကို မင်းမြင်တယ် မဟုတ်လား"
"ကျွန်တော် ကြောက်တယ် ... ကျွန်တော် သူ့ကို မကြည့်ရဲဘူး"

အလျှိုရှာ လေသံဖြင့် ပြောလိုက်သည်။

"သူ့ကို မကြောက်ပါနဲ့၊ သူဟာ ကြီးကျယ်မြင့်မြတ်တဲ့နေရာမှာ ကြောက်ဖွယ်လိလိ ဖြစ်တယ်၊ ထူးခြား ထင်ရှားတဲ့နေရာမှာ အံ့ဘနနန်း ဖြစ်တယ်၊ ဒါပေမဲ့ သူဟာ အတိုင်းအဆ မရှိ ကရုဏာတရား ကြီးမားလှတယ်၊ သူဟာ မေတ္တာတရား ထားတဲ့နေရာနဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ နေရာမှာ ငါတို့နဲ့ အတူတူပဲ ဖြစ်တယ်၊ သူက ရေကို ဝိုင်ဖြစ်အောင် လုပ်ခဲ့တယ်၊ သူဟာ အဲဒီနည်းနဲ့ ဧည့်သည်တွေရဲ့ ပျော်ရွှင်မှုကို ပြည့်ဝစေခဲ့တယ်။ သူဟာ ဧည့်သည်အသစ်တွေကို မျှော်လင့်စောင့်စားနေတယ်၊ သူဟာ လူသစ်တွေကို အဆက်မပြတ် ခေါ်တော်မူနေတယ်၊ အစဉ်ထာဝရ ခေါ်တော်မူနေတယ်၊ သူတို့ဟာ ဝိုင်အသစ်ကို ယူဆောင်လာကြတယ်၊ အိုးစရည်းတွေကို သူတို့ သယ်လာကြတာ မင်း တွေ့သလား"

အလျှိုရှာ၏ရင်ထဲတွင် တစုံတရာကြောင့် ပူနွေးလာသည်။ သူ့ရင်ထဲတွင် တစုံတရာ ပြည့်လျှံလာ သဖြင့် နာကျင်လာသည်အထိ ဖြစ်သည်။ နောက်ဆုံးတွင် သူ့ရင်တွင်းမှ ကြည်နူးမှုမျက်ရည်များ လျှံတက်လာတော့သည် ... လက်နှစ်ဖက်ကို ဆန့်တန်းကာ သူ တချက် ဟစ်အော်လိုက်သည်။ ထို့နောက် သူ နိုးလာသည် ...။

သည်အခါ ခေါင်း၊ ပွင့်နေသော ပြတင်းပေါက်နှင့် တိုးညင်းပီပြင်သော ခရစ်ဝင်ကျမ်းစာ ရွတ်ဖတ်သံ တို့ ပေါ်လာပြန်တော့သည်။ သို့သော် အလျှိုရှာသည်

ရွတ်ဖတ်သံကို နားမထောင်တော့ပါ။ အံ့ဩစရာကောင်းသည်။ သူ အိပ်ပျော်သွားတုန်းက ဒူးထောက်လျက်သားနှင့် ဖြစ်သည်။ ယခု သူ မတ်တတ်ရပ်လျက် ရှိနေသည်။ ရုတ်တရက်ဆိုသလို သူသည် ရပ်နေသောနေရာမှ လွင့်ထွက်သည့် အလား ခေါင်းဆီသို့ ခြေလှမ်းမှန်မှန် ခြေလှမ်းမြန်မြန်ဖြင့် လျှောက်သွားသည်။ သူသည် ဖားသားပေဆီကို ပခုံးဖြင့် ပွတ်တိုက်သွားမိသည်။ သို့သော် ထိုအဖြစ်ကို သူ သတိမပြုမိပါ။

ဖားသားပေဆီသည် စာအုပ်ကို ကြည့်နေရာမှ သူ့မျက်လုံးများကို ခေတ္တခဏမျှ ပင့်ကြည့်လိုက်သည်။ သို့သော် ချက်ချင်းပင် ဘေးသို့ကြည့်လိုက်သည်။ လူရွယ်ကလေးတွင် ထူးဆန်းသော အခြင်းအရာ တခု ဖြစ်ပျက်နေသည်ကို သိရှိသောကြောင့် ဖြစ်သည်။

အလျှိုရှာသည် ခေါင်း၊ ခေါင်းအတွင်း၌ မလှုပ်မယှက်ရှိနေသော ကွယ်လွန်သူ၏ ဖုံးအုပ်ထားသော မျက်နှာ၊ ရင်ဘတ်ပေါ်မှ ပုံတော်ကား၊ အဋ္ဌက် လက်ဝါးကပ်တိုင်နှင့် ခေါင်းဆောင်းတို့ကို မိနစ်ဝက်မျှ ငေးစိုက်ပြီး ကြည့်နေသည်။ ယခုကလေးတင်ပဲ သူ့အသံကို သူ ကြားရသေးသည်။ ထိုအသံသည် သူ့နားထဲတွင် ယခုတိုင် ပဲ့တင်ထပ်လျက် ရှိသေးသည်။ သူ နားထောင်နေသည်၊ သူ့ထံမှ နောက်ထပ် စကားများ ကြားရဦးမလားဟု ဖြစ်သည်။ သို့သော် သူသည် ရုတ်ခြည်းဆိုသလိုပင် ချာခနဲ လှည့်လိုက်ပြီး အခန်းတွင်းမှ ထွက်သွားသည်။

သူသည် လှေကားထစ်များပေါ်မှာပင် ရပ်တန့်မနေတော့ဘဲ အောက်ဘက်သို့ တောက်လျှောက် ဆင်းသွားသည်။ ပီတိသောမနသ ဖြစ်နေသော သူ၏ စိတ်မနောသည် လွတ်လပ်မှု၊ ကျယ်ဝန်းမှု အကန့်အသတ် မရှိသော ဟင်းလင်းပြင်ကြီးကို တမ်းတလျက်ရှိတော့သည်။ ကြယ်ပွင့်ကလေးတွေ စီခြယ်ထားသော မိုးကောင်းကင်ကြီးသည် သူ့အပေါ်တွင် တပြန့်တပြောကြီး အုပ်မိုးလျက် ရှိတော့သည်။ နဂါးငွေ့တန်းသည် မိုးကောင်းကင်ထိပ်ဖျားမှသည် မိုးကုပ်စက်ဝိုင်းဆီသို့ ဖြူဖွေးသော လမ်းကြောင်းကလေး နှစ်သွယ်အဖြစ် သွယ်တန်းလျက် ရှိသည်။ လတ်ဆတ်ပြီး ငြိမ်သက်သော ညသည် ကမ္ဘာမြေကြီးကို လွှမ်းခြုံလျက်ရှိသည်။ မဟာ ဘုရားရှိခိုးကျောင်းကြီး၏ ဖြူဖွေးသော မျှော်စင်များ၊ ရွှေရောင် အမိုးခုံးကြီးများသည် နီလာရောင် မိုးကောင်းကင်တွင် တောက်ပလျက် ရှိသည်။ ကျောင်းသင်္ချိုင်းအနီးရှိ ပန်းခင်းထဲတွင် အရောင်အသွေး တောက်ပသော ဆောင်ဦးပန်းများ သည် မှေးငိုက်လျက် ရှိသည်။ ကမ္ဘာမြေပြင်၏ တိတ်ဆိတ်ခြင်းသည် မိုးကောင်းကင်၏ တိတ်ဆိတ်ခြင်းနှင့် ရောယှက်နေပြီး ကမ္ဘာမြေပြင်၏ လျှို့ဝှက်ဆန်းကြယ်မှုသည် ကောင်းကင်ဘုံ၏ လျှို့ဝှက်ဆန်းကြယ်မှုနှင့် ဆက်စပ်လျက် ရှိတော့သည်။ အလျှိုရှာသည် မတ်တတ်ရပ်ပြီး ငေးစိုက်ကာ ကြည့်နေရာမှ ရုတ်တရက်ဆိုသလို သူ့ကိုယ်ကို

မြေပြင်ပေါ်သို့ မှောက်၍ လှဲချလိုက် သည်။

ကမ္ဘာမြေကြီးကို အဘယ်ကြောင့် ပွေ့ဖက်ထားနေမိမှန်း သူ မသိပါ။ သူ့အနေနှင့် မြေကြီးကို အဘယ်ကြောင့် ဤမျှ နမ်းရှုပ်နေလိုကြောင်း သူ့ဘာသူ ရှင်းမပြတတ်ပါ။ သို့သော် ငိုရှိုက်ရင်းဖြင့် မြေပြင်ကို နမ်းရှုပ်နေတော့သည်။ ကမ္ဘာမြေပြင်ကို သူ၏ မျက်ရည်များဖြင့် စိုရွှဲစေတော့သည်။ "မဟာပထဝီမြေကြီးကို သင်ရဲ့ပျော်ရွှင်ချမ်းမြေ့သော မေတ္တာ မျက်ရည်များဖြင့် သွန်းလောင်းပါ" ဟူသော စကားသည် သူ၏ စိတ်မနောတွင် ပဲ့တင်ထပ်လျက်ရှိသည်။

မည်သည့်အတွက် သူ ငိုကြွေးနေပါသနည်း။

အို .. သူသည် အတိုင်းအဆမရှိသော မိုးကောင်းကင်ကြီးအတွင်းမှ လင်းလက်နေသော ငွေကြယ်ပွင့် ကလေးများအတွက် ကြည်နူးနှစ်သက်စွာဖြင့် ငိုကြွေးနေမိခြင်း ဖြစ်သည်။ "ယင်းကဲ့သို့ ပီတိသောမနဿ ဖြစ်နေရခြင်းကို သူ မရှက်ပါ" ဘုရားသခင်၏ အသချေသော ကမ္ဘာများသည် ပန်းကုံးသီပြီး သူ၏စိတ်မနောတွင် ရုတ်တရက် လာရောက် ထိတွေ့သည့်အလား ဖြစ်သည်။ 'အခြားကမ္ဘာများနှင့် ထိတွေ့ ရသည့်အလား' သူ၏ တကိုယ်လုံး တုန်ယင်လာသည်။

သူသည် လူအားလုံးနှင့် အရာခပ်သိမ်းကို ခွင့်လွှတ်လိုစိတ် ရှိလာသည်။ ထို့အပြင် ခွင့်လွှတ်မှုကို တောင်းခံချင်သည်။ အို .... သူတယောက်တည်းအတွက် မဟုတ်ပါ။ လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် လူအားလုံးနှင့် အရာခပ်သိမ်းအတွက် ဖြစ်သည်။

"နောက်ပြီးတော့ သူများတွေကလည်း ငါ့အတွက် ဆုတောင်းပတ္ထနာ ပြုနေကြတယ်" ထိုစကားသည် သူ့ရင်ထဲတွင် ပဲ့တင်ထပ်လာသည်။ ထို့အပြင် မည်သို့မျှ မရွေ့လျားနိုင်သော ခိုင်မြဲမှုတခုသည် သူ့ရင်တွင်းသို့ ဝင်ရောက်လာနိုင်ကြောင်းကို သူသည် အခါမလပ်ဆိုသလိုပင် ပြက်ပြက်ထင်ထင်နှင့် လက်ဆုပ်လက်ကိုင်ကြီး သိမြင်နေတော့သည်။ အယူအဆတခုသည် သူ့ရင်ထဲတွင် ကိန်းဝပ်လျက် ရှိသည်။ သူ့သက်တမ်းတလျှောက်လုံး အတွက်ပင် ဖြစ်တော့သည်။ အစဉ်ထာဝရပင် ဖြစ်တော့သည်။

သူသည် မြေပြင်ပေါ်သို့ လှဲချလိုက်စဉ်က အားနည်းပျော့ညံ့သော လူရွယ်ကလေးတဦးသာ ဖြစ်သော်လည်း ပြန်လည်ထရပ်သော အချိန်တွင်ကား ပြတ်သားခိုင်ကျည်သော သူရဲကောင်း တယောက် ဖြစ်နေကြောင်းကို သူသည် ထိုအချိန်မှာပင် ရုတ်ခြည်း သတိပြုလိုက်မိသည်။ ထိုအချိန်ကာလကို အလျှိုရှာသည် သူ၏ဘဝတသက်လုံးတွင် မည်သည့် အချိန်ကာလတွင်မှ မမေ့လျော့နိုင်တော့ချေ။

"အဲဒီအချိန်တုန်းက ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်ထဲကို တစုံတယောက်

အလည်ရောက်လာတယ်” သူက နောက်ပိုင်းတွင် ဤသို့ ပြန်လည်ပြောဆိုတတ်သည်။ သူ့စကားများကို ယုံကြည်စိတ်ချစွာဖြင့် ပြောတတ်သည်။

နောက်သုံးရက်အကြာတွင် သူသည် ခင်ကြီးဆရာတော် မိန့်ကြားမှာထားခဲ့သည့်အတိုင်း ကျောင်းတိုက်ကြီးမှ ထွက်ခွာလာခဲ့သည်။ “လောကကြီးထဲတွင် ခေတ္တခဏ” နေထိုင်ရန် ခင်ကြီးဆရာတော်က မှာကြားခဲ့သည်။

၁။ ကူဇမာ ဆမ်ဆိုနော့

သို့ရာတွင် ဒီမီထရီသည် ဂရုရှင်ကာက သူမ၏ဘဝသစ်သို့ ထွက်ခွာမသွားမီ နောက်ဆုံး နှုတ်ဆက် စကားအဖြစ်နှင့် သူမ၏ တခဏတာမျှ အချစ်ကလေးကို တဘဝလုံး သတိရနေပါရန် အလျှိုရှာမှ တဆင့် မှာကြားခဲ့သည်ကို ဘာမျှ မသိရှိဘဲ သူသည်လည်း ထိုအချိန်က အထူးပင် စိတ်လှုပ်ရှား ယောက်ယက်ခတ်လျက်ရှိပြီး ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရတော့သည်။ သူသည် နောက်ဆုံး နှစ်ရက်တာကာလအတွင်း မည်သို့မျှ မစဉ်းစား မမှန်းဆနိုင်သော စိတ်အခြေအနေများနှင့် ကြုံတွေ့နေရသဖြင့် ဦးနှောက် အမြှေးရောင်ရောဂါများ ပြန်မလားဟုပင် ထင်ခဲ့ရကြောင်း နောက်ပိုင်းတွင် သူ့ဘာသူ ပြန်လည်ပြောမိသည်။ အလျှိုရှာသည် ယမန်နေ့ မနက်က သူ့ကို ရှာမတွေ့နိုင်ဘဲ ရှိခဲ့သည်။ အိုက်ဗင်ကလည်း သူ့ကို ထိုနေ့က စားသောက်ဆိုင်မှာ ချိန်းဆိုသည့်အတိုင်း တွေ့ဆုံနိုင်ခြင်း မရှိခဲ့ပါ။ သူ၏အိမ်ရှင်များကလည်း သူ၏မှာကြားချက်အရ သူရှိသည့်နေရာကို ဖုံးကွယ်ထားခဲ့ကြသည်။

သူသည် ထိုနှစ်ရက်အတွင်းက အမှန်တကယ်ပင် တနေရာမှ တနေရာသို့ ပြေးလွှားနေခဲ့ရသည်။ “ကံကြမ္မာနှင့် လုံးထွေးသတ်ပုတ်ကာ သူ့ကိုယ်သူ ကယ်တင်နိုင်ရန် ကြိုးပမ်းနေရကြောင်းဖြင့်” နောက်ပိုင်းတွင် သူ ပြောဆိုခဲ့သည်။ သူသည် အရေးကြီးသော ကိစ္စတခုဖြင့် မြို့အပြင် တနေရာသို့ပင် သွားရောက်ခဲ့ရသည်။ ဂရုရှင်ကာကို မျက်ခြည်မပြတ် စောင့်ကြည့်နေရသဖြင့် သူမကို တခဏ ကလေးမျှ ထားခဲ့ပြီး ထွက်သွားရမည်ကို စိုးရိမ်နေသည့်ကြားကပင် ဖြစ်သည်။ ဤအချက်များသည် နောက်ပိုင်းတွင် အသေးစိတ် ရှင်းလင်း ပေါ်လွင်လာမည်ဖြစ်ပြီး သက်သေခံ အထောက်အထား များဖြင့် အတည်ပြုမည် ဖြစ်သည်။ သို့သော် လောလောဆယ်အချိန်တွင်ကား သူ့အပေါ်သို့ ကံဆိုး မိုးမှောင်ကြီး ရုတ်တရက် မကျရောက်လာမီ နှစ်ရက်အတွင်း ဖြစ်ပျက်ခဲ့သည်များအနက် အရေးကြီးသော အချက်များကိုသာ ဖော်ပြသွားမည် ဖြစ်သည်။

ဂရုရှင်ကာသည် သူ့ကို တနာရီမျှ အမှန်တကယ်နှင့် အတိအကျ ချစ်ခဲ့သည်ဆိုခြင်းမှာ မှန်ကန်သော် လည်း သူမသည် အခြားအချိန်များတွင် သူ့အပေါ်၌ ရက်စက် စိမ်းကားစွာ ညှဉ်းပန်းနှိပ်စက်ခဲ့ ပေသည်။ အဆိုးဆုံးကတော့ သူမ၏ ရည်ရွယ်ချက်အမှန်ကို မသိရှိနိုင်ခြင်းပင် ဖြစ်သည်။ သူမ၏ ရည်ရွယ်ချက်အမှန်ကို ချော့၍သော်လည်းကောင်း၊ ခြောက်၍သော်လည်းကောင်း

သိရှိနိုင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပါ။ သူမက မည်သည့်အချက်ကိုမှ အလျှော့ပေးမည် မဟုတ်ပါ။ သူမသည် အမျက်ဒေါသ ဖြစ်လာပြီး သူ့ကို ကျောခိုင်းသွားမည်သာ ဖြစ်ကြောင်းကို ထိုအချိန်က သူ ကောင်းစွာ သိရှိပါသည်။

သူမကိုယ်တိုင်လည်း ထိုအချိန်က မဝေခွဲနိုင်သော ပြဿနာတခုနှင့် ရင်ဆိုင်နေရကြောင်း၊ တစုံတခုကို ဆုံးဖြတ်ချက်ချရန် ကြိုးစားနေသော်လည်း မချနိုင်ဘဲ ရှိနေကြောင်းတို့ကို သူသည် မှန်ကန်စွာပင် တွေးထင်ကာ သံသယရှိနေခဲ့သည်။ ယင်းအတွက်ပင် သူမသည် သူနှင့် သူ၏ အချစ်ဇာတ်ကို မုန်းတီးနေခဲ့ခြင်း ဖြစ်ကြောင်းကို သူ စိတ်မကောင်းစွာဖြင့် ပိုင်းခြားမှတ်ယူခဲ့သည်။ ယင်းသို့ဖြစ်စေကာမူ မည်သည့်အချက်က သူမကို အနှောင့်အယှက် ပေးနေကြောင်းကိုကား သူ မသိရှိနိုင်ပါချေ။ သူ့အနေနှင့် အရေးတကြီး ဖြစ်နေသည့် ပြဿနာကတော့ သူလား သူ့အဖေလား ဆိုသည့် ပြဿနာပင် ဖြစ်တော့သည်။

ဤနေရာတွင် မည်သို့မျှ အငြင်းမပွားနိုင်သော အချက်တခုကိုတော့ စကားမစပ် မှတ်သားထားကြ ရမည်။ ယင်းအချက်ကတော့ သူ၏ဖခင်သည် သူ့ကို လက်ထပ်ပါရန် ဂရုရှင်ကာကို အသေအချာ ကမ်းလှမ်းလိမ့်မည်ဖြစ်ကြောင်း သူ သေသေချာချာ ယုံကြည်သည်။ (အကယ်၍ အခုအချိန်အထိ မကမ်းလှမ်းရသေးဟုဆိုခဲ့လျှင်) ထို့အပြင် အဘိုးကြီးသည် သူ၏ရည်မှန်းချက်ကို ငွေကလေး သုံးထောင်ဖြင့်သာ ရရှိရန် မျှော်လင့်ထားမည် မဟုတ်ကြောင်းကိုလည်း သူ သိရှိသည်။ ဂရုရှင်ကာနှင့် သူမ၏စရိုက်ကို သိရှိသဖြင့် မစ်တယာ ဤသို့ ကောက်ချက်ချမိခြင်း ဖြစ်သည်။ ဂရုရှင်ကာအနေဖြင့် သူတို့နှစ်ယောက်အနက် မည်သူ့ကို ရွေးချယ်ရမည်၊ မည်သူက သူမအတွက် ပိုပြီး အကျိုးကျေးဇူး ရှိနိုင်သည်ကို ဝေခွဲမရ ဖြစ်နေရခြင်းမှာ ဤအချက်ကြောင့်ပင်ဖြစ်ကြောင်း သူ မကြာခဏ တွေးမိ နေရခြင်း ဖြစ်တော့သည်။

ထူးဆန်းသည့် အချက်တခုကတော့ ဂရုရှင်ကာ၏ဘဝတွင် အရေးပါလှသော 'ထိုစစ်ဗိုလ်' ပြန်လာတော့မည့် ကိစ္စနှင့် ထိုစစ်ဗိုလ် ပြန်လာမည့်အရေးကို ဂရုရှင်ကာ ထိုမျှ စိတ်လှုပ်ရှားစွာ စောင့်စားနေခြင်းကို ထိုထိုသော ရက်များအတွင်းက သူ့အနေနှင့် လုံးဝ ထည့်သွင်း မစဉ်းစားမိခဲ့ခြင်း ပင် ဖြစ်သည်။ ဂရုရှင်ကာအနေနှင့် နောက်ပိုင်းရက်များတွင် သူ့ကို တစုံတရာ မပြောကြားခဲ့သည် မှာလည်း အမှန်ပင် ဖြစ်သည်။ သို့တစေလည်း သူ သိရှိသည်။ ဂရုရှင်ကာကိုယ်တိုင် သူ့ကိုပြောခဲ့ခြင်း ဖြစ်သည်။ စာထဲတွင် မည်သည့်အကြောင်းတွေ ပါရှိသည်ကိုလည်း သူ အထိုက်အလျောက် သိရှိသည်။ ထိုအချိန်က ဂရုရှင်ကာသည် ဒေါသဖြစ်နေသဖြင့် ထိုစာကို သူ့အား ပြသခဲ့သည်။ သို့သော် သူက ထိုစာကို အရေးကြီးသည်ဟု မယူဆခဲ့သဖြင့် ဂရုရှင်ကာ အံ့သြခဲ့ရသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကိုကား ပြောပြရန် ခက်ပေသည်။ ဤအမျိုးသမီးအတွက် သူ့အဖေနှင့် အကြိတ်အနယ် ယှဉ်ပြိုင်နေသော ချောက်ချားရမှုများကြောင့် သည့်ထက်ပိုပြီး ဆိုးရွားသော၊ ကြောက်မက်ဖွယ်ကောင်းသော အခြင်းအရာတခုကို ထိုအချိန်က သူ မစဉ်းစားနိုင်ခြင်း ပင် ဖြစ်တန်ရာသည်။ ငါးနှစ်လုံးလုံး ပျောက်ကွယ်နေရာမှ ရုတ်တရက် ပေါ်ထွက်လာသော ရည်းစားတယောက်ကို သူ ဘယ်လိုမှ ယုံကြည်မှု မရှိပါ။

ထိုမျှမကပါ။ ထိုလူအနေနှင့် ရုတ်တရက် မြန်မြန်ဆန်ဆန်ကြီး ရောက်ရှိလာမည် ဆိုသည်ကိုလည်း မယုံကြည်ပါ၊ အမှန်ပင် ဖြစ်သည်။ 'ထိုစစ်ဗိုလ်' ၏ ပထမစာထဲတွင် ၎င်းရောက်ရှိလာမည့် အနေအထားသည် မရေမရာ မသေမချာမျှသာ ဖြစ်သည်။ စာထဲတွင် ဘာတခုမျှ ရေရေရာရာ မရှိပါ။ စကားလုံး ကြီးကြီးကျယ်ကျယ်တွေ၊ သမုဒယ အတမ်းအတ အမှန်းအဆတွေသာ ဖြစ်တော့သည်။ ဂရုရှင်ကာသည် ၎င်းစာ၏ နောက်ဆုံးစာကြောင်းများကို သူ့အား မပြသဘဲ ဖုံးဝှက်ထားခဲ့သည် ကိုလည်း သတိပြုကြရမည် ဖြစ်သည်။ ယင်း ဝှက်ထားသောအကြောင်းများတွင် သူ ပြန်လာသည့် အကြောင်းကို အသေအချာ ဖော်ပြထားသည်။ ၎င်းပြင် ဆိုက်ဗေးရီးယားမှ သဝဏ်လွှာကို ရရှိသောအခါ ဂရုရှင်ကာ၏မျက်နှာတွင် ရွှင်ရှာစက်ဆုပ်သည့်အသွင် ပေါ်လွင်နေသည်ကိုလည်း ထိုအချိန်က သူ သတိပြုမိသည်ကိုလည်း နောက်ပိုင်းတွင် မစ်တယာအမှတ်ရသည်။ သည့်နောက်ပိုင်း တွင်ကား ဂရုရှင်ကာသည် သူ၏ ပြိုင်ဘက်သစ်နှင့် ဆက်သွယ်မှုများ အားလုံးကို မစ်တယာအား အသိပေးခဲ့ခြင်း မရှိပါတော့ချေ။ ယင်းအတွက် သူသည် 'ထိုစစ်ဗိုလ်' ရှိနေသည့် အကြောင်းကို တဖြည်းဖြည်းချင်း နောက်ဆုံးတွင် လုံးဝပင် မေ့လျော့သွားလေတော့သည်။

သူ့အနေနှင့် စဉ်းစားနေသမျှကတော့ ဘာတွေပဲဖြစ်စေ၊ သူနှင့် ဂရုရှင်ကာ၏ ဆက်ဆံရေး မည်သို့ပဲရှိစေ၊ သူနှင့် သူ့ဖခင်တို့ နောက်ဆုံးအဆင့် တွေ့ဆုံကြရမည့်အဖြစ်သည်သာလျှင် အနီးကပ်ဆုံး ပြဿနာဖြစ်ပြီး အခြားသောအရာများ အားလုံးထက် အလျင်ဆုံး ဆုံးဖြတ်ရမည့် အချက် ဖြစ်တော့သည်။ သူသည် စိတ်ခတ်ကျဆင်းစွာဖြင့်ပင် ဂရုရှင်ကာ၏ ဆုံးဖြတ်ချက်ကို အချိန်မလပ် စောင့်ဆိုင်းလျက်ရှိသည်။ သူမ၏ ဆုံးဖြတ်ချက်သည် အခြေအနေ လှုံ့ဆော်မှုအရ ရုတ်ခြည်းပေါ်ထွက်လာနိုင်ကြောင်းကို သူသည် အမြဲတစေပင် ယုံကြည်ထားသည်။

သူမက သူ့ကို ပြုန်းစားကြီး ပြောလာနိုင်သည်။ "မောင်ခေါ်ရာကို လိုက်ပါ့မယ်၊ အချစ်ဟာ မောင့်အတွက် ရာသက်ပန်ပါပဲကွယ် ..." ထိုအခါ အားလုံး ကိစ္စပြီးချေပြီ ဖြစ်သည်။ သူက သူမကို ပွေ့ဖက်ကာ တမုဟုတ်ချင်းမှာပင်

ကမ္ဘာမြေဆုံးသည်အထိ ခေါ်ဆောင်သွားမည် ဖြစ်သည်။ ဟုတ်သည်၊ သူမကို ချက်ချင်းပင် ခေါ်ဆောင်သွားမည်။ ဝေးနိုင်သမျှ ဝေးရာအရပ်သို့ ခေါ်ဆောင်သွားမည်။ ကမ္ဘာမြေအဆုံးအထိ မဟုတ်သည့်တိုင်အောင် ရုရှားနိုင်ငံ၏ အစွန်အဖျားဆုံး တနေရာသို့ ခေါ်ဆောင်သွားမည်။ ထိုအရပ်တွင် သူမနှင့် လက်ထပ်ပြီး နာမည်တမျိုးပြောင်းကာ နေထိုင်မည်။ ထိုအခါတွင် သူတို့အကြောင်း မည်သူကမျှ သိရှိကြတော့မည် မဟုတ်ပါ။ သည်အရပ်က လူတွေရော၊ ထိုအရပ်က လူတွေကရော သိရှိကြမည် မဟုတ်ပါ။ မည်သည့်နေရာ မည်သည့်အရပ်တွင်မျှ သိရှိကြတော့မည် မဟုတ်ပါ။

ထိုအခါတွင် မတူခြားနားသော ဘဝသစ်တခု ပေါက်ဖွားလာပေမည်။ အဆိုပါ ဘဝသစ်သည် အကျင့်သီလနှင့် ပြည့်စုံသော၊ ဖြူစင်သန့်ရှင်းသော ဘဝတခု ဖြစ်ရမည်။ သူသည် ယင်းဘဝသစ်ကို စိတ်အားထက်သန်စွာဖြင့် အချိန်နာရီမလပ် ဆိုသလိုပင် စိတ်ကူး မှန်းဆလျက် ရှိတော့သည်။ သူသည် ပြုပြင်ပြောင်းလဲရေးနှင့် အသစ်တဖန် ဖြစ်ပေါ်ရေးကို ငတ်မွတ်တောင့်တလျက် ရှိတော့သည်။

သူသည် ကြောက်မက်ဖွယ်ရာကောင်းသော ဒုစရိုက်နွံထဲတွင် သူ့သဘောနှင့်သူ နစ်မြုပ်ခဲ့ရသည်။ ဤအဖြစ်က သူ၏ စိတ်အာရုံကို များစွာမှပင် ဖိစီးလျက်ရှိသည်။ ဤအဖြစ်မျိုးကို ကြုံကြိုက်ရသည့် လူများ နည်းတူပင် သူသည် အရပ်ဒေသ ပတ်ဝန်းကျင် ပြောင်းလဲရေးအပေါ်တွင် များစွာမှပင် ယုံကြည်အားထားလျက် ရှိသည်။ ဤပတ်ဝန်းကျင်မှ လူများ မဟုတ်ခဲ့လျှင်၊ ဤပတ်ဝန်းကျင်မှ အခြေအနေများ မဟုတ်ခဲ့လျှင်၊ ကျိန်စာသင့်နေသော ဤအရပ်ဒေသမှ သူ ထွက်ခွာနိုင်ခဲ့လျှင် အရာရာသည် ပြောင်းလဲခြင်း ရှိလာမည်။ အရာရာသည် လမ်းကြောင်းသစ်ပေါ်သို့ ရောက်ရှိလာပေ မည်။ ဤသည်မှာ သူ၏ ယုံကြည်ချက်နှင့် သူ၏ မျှော်လင့်တောင့်တနေမှုပင် ဖြစ်တော့သည်။

သို့သော် ဤမျှော်လင့်တောင့်တမှုသည် ပြဿနာကို ပျော့ရွှင်စွာ ဖြေရှင်းနိုင်မှုအပေါ်တွင် ပထမဆုံး တည်နေပေသည်။ နောက်ထပ်ဖြစ်နိုင်တာ တခုရှိသေးသည်။ မတူ ခြားနားသော အဖြေဖြစ်သည်။ သူ့အဖို့ မကောင်းသော အဆုံးသတ်မှုပင် ဖြစ်သည်။ “ရှင် သွားတော့၊ ရှင့်အဖေနဲ့ ကျွန်မ နားလည်မှုရသွားပြီ၊ ကျွန်မ သူ့ကို လက်ထပ်မယ်၊ ရှင့်ကို ကျွန်မ မလိုချင်တော့ဘူး” ဟု သူမက ရုတ်တရက် ပြောလာခဲ့လျှင် မည်သို့လုပ်မည်နည်း ... ထိုအခါတွင် ... ထိုအခါတွင် ... ထိုအခါတွင် ဘာဖြစ်မည်ကို မစ်တယာ မသိပါ။ နောက်ဆုံးအချိန်တိုင်သည်အထိပင် သူမသိနိုင်ပါ။ သည်ကိစ္စနှင့် ပတ်သက်၍တော့ သူ့ကို နားလည်ကြရမည်။ သူ့မှာ ဘာရည်ရွယ်ချက်တခုမှ တိတိကျကျ မရှိပါ။ သူ့တွင် ရာဇဝတ်မှုတခု ကျူးလွန်ရန် ပြင်ဆင်စီစဉ်ထားခြင်း မရှိပါ။ သူ့အနေနှင့် စောင့်ကြည့်နေတာပဲ ရှိသည်၊ ထောက်လှမ်းစုံစမ်းနေတာပဲ ရှိသည်၊ စိုးရိမ်ပူပန်နေတာပဲ ရှိသည်။ သို့သော်

ပျော်ရွှင်စွာ ဇာတ်သိမ်းရေးကိုသာ သူက ပြင်ဆင်ထားသည်။ အမှန်ပင်ဖြစ်သည်၊ သူသည် အခြားသော နည်းလမ်းကို စဉ်းစားခြင်းမရှိပါ။ သို့သော် ဤဇာတ်သိမ်းအတွက်ကိုပင် သူ့မှာ စိုးရိမ်ကြောင့်ကြစရာ တခု ဖြစ်လာသည်။ ဤအချက်သည် အမှတ်မထင် ပေါ်လွင်လာခြင်း ဖြစ်သော်လည်း အရေးကြီးပြီး ဖြေရှင်းရခက်သော အချက်တခု ဖြစ်နေတော့သည်။

အကယ်၍ "အချစ်ဟာ မောင့်အတွက်ပါပဲကွယ်၊ ရေမြေဆုံးစေတော့ လိုက်ပါ့မယ်" ဟု သူမက ပြောခဲ့လျှင် သူမကို အဘယ်အရပ်သို့ သူ ခေါ်ဆောင်သွားရမည်နည်း။ လိုအပ်သည့် ငွေကြေးဥစ္စာကို အဘယ်က ရပါမည်နည်း။ သူ့ဖခင်ထံမှ နှစ်ပေါင်းများစွာ အဆက်မပြတ်ဆိုသလို ရရှိခဲ့သော ပိုက်ဆံ များသည် ယခုအခါ လုံးဝပင် ခန်းခြောက်ကုန်ဆုံးသွားပြီ ဖြစ်သည်။ ဂရုရှင်ကာမှာ ပိုက်ဆံ ရှိသည်။ သို့သော် ဤအချက်နှင့် ပတ်သက်၍မူကား သူ မာနထားရပေမည်။ သူသည် သူမကို သူ့စရိတ်ဖြင့် တနေရာသို့ ခေါ်ဆောင်သွားပြီး ဘဝသစ် ထူထောင်ပေးရမည်။ သူမ၏စရိတ်ဖြင့် မဖြစ်စေရပါ။ သူမထံမှ ပိုက်ဆံယူရေးကိစ္စကို သူ့အနေနှင့် စဉ်းစား၍ပင် မရပါ။ ယင်းအချက်က သူ့ကို အော်ဂလီ ဆန်စေပါသည်။

ဤအချက်ကို ဤနေရာတွင် ကျွန်ုပ် အကျယ်ချဲ့ပြီး မပြောလိုပါ။ ဝေဖန်ဆန်းစစ်ခြင်း မပြုလိုပါ။ ထိုအချိန်က သူ၏ အခြေအနေသည် ထိုကဲ့သို့ ရှိနေကြောင်းကိုသာ ပြောလိုပါသည်။ သူ့အနေနှင့် ဤသို့ဖြစ်ရသည်မှာ ကက်ထရီးနား၏ငွေကို အလွဲသုံးစားလုပ်ထားမိသည့်အတွက် သူ့စိတ်အာရုံတွင် အလိုအလျောက် ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ "ငါ့အနေနဲ့ တယောက်ဆီမှာ လူလိမ်ကြီး ဖြစ်ခဲ့ပြီးပြီ၊ အခု နောက်တယောက်ဆီမှာ တခါ လူလိမ်ကြီး ဖြစ်ရပြန်ဦးမယ်"

ယင်းသို့ဆိုလျှင် ငွေကြေးဥစ္စာကို သူ အဘယ်ကရပါမည်နည်း။ သေရေးရှင်ရေးဖြစ်သော ပိုက်ဆံကို အဘယ်က ရပါမည်နည်း။ ငွေကြေးဥစ္စာ မရှိခဲ့လျှင်လည်း အားလုံးပင် ဆုံးရှုံးရပေလိမ့်မည်။ စီမံကိန်းကြီးတခုလုံး ပျက်ပြားရပေလိမ့်မည်။ "ငါ့မှာ ပိုက်ဆံမရှိတဲ့အတွက်ဆိုရင် အို... ဘယ်လောက် ရှက်စရာကောင်းလိုက်မလဲ"

ဤနေရာတွင် အနည်းငယ် စကားဦးသန်းရလျှင် ပိုက်ဆံကို အဘယ်နေရာတွင် ရရှိနိုင်ကြောင်း သူ သိသည်၊ အဘယ်နေရာတွင် ပိုက်ဆံရှိကြောင်းကိုလည်း သူ သိသည်။ သို့သော် ယခုအချိန်တွင် ဤအကြောင်းကို ကျွန်ုပ် အကျယ်မချဲ့လိုသေးပါ။ အကြောင်းမှာ နောက်ပိုင်းတွင် အားလုံးပင် ရှင်းလာမည်ဖြစ်၍ ဖြစ်သည်။ သို့သော် အနည်းငယ် ရှင်းပြရမည်ဆိုလျှင် သူ၏ အဓိကပြဿနာမှာ ထိုပိုက်ဆံကို ရယူရန်အတွက်၊ ထိုပိုက်ဆံကို ရယူပိုင်ခွင့်

ရှိရန်အတွက် ကက်ထရီးနား၏ ငွေသုံးထောင်ကို အရင်ဆုံး ပြန်ပေးထားရမည်။

ယင်းသို့မပေးခဲ့လျှင် “ငါဟာ ခါးပိုက်နှိုက်တယောက်၊ လူလိမ်လူညာ တယောက် ဖြစ်နေလိမ့်မယ်” ဟု သူတွက်ဆမိသည်။ ယင်းကြောင့်ပင်လျှင် သူသည် လိုအပ်လျှင် ကမ္ဘာကြီးကို ဖောက်ထိုးလှန်ပစ်မည်။ သို့သော် ကက်ထရီးနား၏ပိုက်ဆံကိုတော့ ပထမဆုံး မပျက်မကွက် ပြန်ပေးရမည်ဟု သူ ဆုံးဖြတ်ခဲ့ သည်။ ဤဆုံးဖြတ်ချက်ကို သူ့အနေနှင့် အပြီးသတ် ချမှတ်ခဲ့သည်မှာ သူ၏ နောက်ဆုံးနာရီများတွင် ဖြစ်သည်။ ယင်းမှာ လွန်ခဲ့သောနှစ်ရက်က လမ်းမကြီးပေါ်၌ အလျှိုရှာနှင့် တွေ့ပြီး နောက်ပိုင်းတွင် ဖြစ်သည်။ ထိုညနေက ဂရုရှင်ကာသည် ကက်ထရီးနားကို စော်ကားခဲ့သည်။ မစ်တယာသည် ထိုအကြောင်းကို အလျှိုရှာထံမှ ကြားသိခဲ့ရသည်။ ထိုအခါတွင် သူသည် လူလိမ်လူညာ တယောက် ဖြစ်ကြောင်း ဝန်ခံခဲ့ပြီး ကက်ထရီးနားအနေနှင့် ယင်းသို့ပြောမှ စိတ်ချမ်းသာမည်ဆိုလျှင် ပြောပါစေ ဟု အလျှိုရှာကို သူ ပြောခဲ့သည်။

အလျှိုရှာနှင့် ခွဲခွာခဲ့ပြီး ထိုနေ့ညပိုင်းမှာပင် ပိုင်းဖြတ်မိသည်မှာ သူ့အနေနှင့် လူတယောက်ကို လုချင်လုမည်၊ သတ်ချင်သတ်မည်၊ သို့သော် ကက်ထရီးနား၏ ငွေကိုတော့ ပြန်မပေးဘဲ မနေပါ။

“ငါဟာ ဓားပြတယောက် ဖြစ်ချင်ဖြစ်မယ်၊ လူသတ်သမား တယောက် ဖြစ်ချင်ဖြစ်မယ်၊ အဲဒီအတွက် ဆိုက်ဗေးရီးယားကို သွားမယ်၊ ဒါပေမဲ့ သူ့ပိုက်ဆံကို ငါ ခိုးပြေးပြီး ဂရုရှင်ကာနဲ့ ဘဝသစ်တခု တည်ဆောက်နေပါတယ်လို့တော့ ကက်ထရီးနားရဲ့အပြောကို ဘယ်တော့မှ မခံဘူး၊ အဲဒီလိုမျိုး အဖြစ်မခံနိုင်ဘူး”

မစ်တယာ အံသွားကိုကြိတ်ပြီး ယင်းသို့ ကြေညာခဲ့သည်။ ယင်းအတွက် သူသည် ဦးနှောက် အမြှေးရောင် ရောဂါဖြစ်ပြီး ဗုန်းဗုန်းလဲကျသွားတော့မည်လားဟု မကြာခဏ ထင်မှတ်မိသည်။ သို့သော် ယခုအချိန်အထိတော့ သူသည် ရှန်းကန်နေဆဲပင် ဖြစ်သည်။

ထူးဆန်းသည်ကတော့ လူတယောက်အနေနှင့် ယင်းသို့ဆုံးဖြတ်ပြီးသည်နှင့် တပြိုင်နက် သူ့မှာ ဘာလုပ်စရာမျှ မကျန်တော့ပါ။ စိတ်ပျက် အားလျှော့ရုံသာ ရှိတော့သည်။ အကြောင်းမှာ ခြူးတပြားမျှ မရှိသော သူ့လိုလူတယောက်သည် ဤမျှလောက်သော ပိုက်ဆံကို အဘယ်မှာ ရနိုင်ချေမည်နည်း။ သို့သော် သူသည် ငွေသုံးထောင်ကို ရရှိလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။ ထိုငွေသုံးထောင်သည် တနည်းနည်းဖြင့် သူ့ထံသို့ အလိုလို ရောက်ရှိလာလိမ့်မည်ဟု သူ ထင်နေသည်။ နောက်ဆုံး ဘယ်ကမှ ရစရာမရှိလျှင် မိုးပေါ်က ပြုတ်ကျလာလိမ့်မည်ဟုပင် ထင်နေသည်။

ပိုက်ဆံကို ဘယ်လိုရမှန်းမသိသူများ၊ ပိုက်ဆံကို ကိုယ်တိုင် မရှာဖွေရဘဲနှင့် အမွေ ရရှိသူများ၊ ပိုက်ဆံတွေကို ဘယ်လိုအသုံးချရမှန်း မသိဘဲ အလကား သုံးဖြုန်းပစ်ခဲ့သော ဒီမီထရီလို လူများသည် ဤအတိုင်းပင် ဖြစ်ကြပါသည်။

ဒီမီထရီသည် လွန်ခဲ့သောနှစ်ရက်က အလှျိုရှာနှင့် ခွဲခွာခဲ့ပြီးနောက်ပိုင်း ခေါင်းထဲတွင် ထူးဆန်းသော အတွေးတွေ ရှုပ်ထွေးလျက်ရှိပြီး သူသည် ထိုအတွေးများဖြင့်ပင် လုံးချာ လည်နေရတော့သည်။ ယင်းကဲ့သို့သောအချိန်မျိုးမှာပင် သူသည် အင်မတန်ထူးခြား ဆန်းကြယ်သော အတွေးတခုကို တွေးမိသွားခြင်း ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ကျရောက်နေသူများသည် မည်သို့မျှ မဖြစ်နိုင်သော၊ အင်မတန်ထူးခြား ဆန်းကြယ်သော အကြံအစည်များကို အင်မတန် လက်တွေ့ ဆန်သော အလုပ်များဟု မှတ်ယူတတ်ကြဟန် ရှိပေသည်။

ဂရုရှင်ကာကို စောင်မ ကြည့်ရှုနေသော ကုန်သည်ကြီး ဆမ်ဆိုနော့ထံ သွားရောက်ရန် သူ ရုတ်ခြည်း ဆုံးဖြတ်လိုက်သည်။ ထိုအဘိုးကြီးကို 'အကြံအစည်' တခု တင်ပြပြီး သူ့အဖို့ လိုအပ်နေသောငွေကို တခါတည်း ရရှိရန်ပင် ဖြစ်သည်။ သူ၏ အကြံအစည်သည် စီးပွားရေးလုပ်ငန်းတခုပင် ဖြစ်ကြောင်းကို ခွင်းချက်မရှိ သူ ယုံကြည်လျက်ရှိသည်။ သို့သော် သူ၏ အစဉ်အလာမဟုတ်သော လုပ်ဆောင်မှုကို ကုန်သည်ကြီးအနေဖြင့် လုပ်ငန်းသဘောဖြင့် မကြည့်ဘဲ အခြားနည်းဖြင့် ကြည့်ခဲ့လျှင် မည်သို့ ယူဆမည်ကိုကား သူ မပြောနိုင်ပါ။

မစ်တယာသည် ကုန်သည်ကြီးကို မြင်ဖူးနေသော်လည်း လူချင်းကား မသိရှိပါ။ သူနှင့် တကြိမ်တခါမျှ စကားမပြောဖူးပါ။ သို့သော် ဂရုရှင်ကာကို ခြေတော်တင်ခဲ့သည့် အဘိုးကြီးသည် ယခုအခါ သေမင်းနိုင်ငံ တံခါးဝသို့ ရောက်ရှိနေပြီ ဖြစ်သဖြင့် 'ကောင်းကောင်းမွန်မွန်' လူတယောက်နှင့် ဂရုရှင်ကာ လက်ထပ်ပြီး ရိုးသားကောင်းမွန်စွာ နေထိုင်သွားသည်ကို မည်သို့မျှ ကန့်ကွက်လိမ့်မည် မဟုတ်ကြောင်းကို သူ့အနေနှင့် သေချာလျက် ရှိပါသည်။ အဘိုးကြီးသည် မကန့်ကွက်ရုံမျှမက ဝမ်းမြောက်ဝမ်းသာပင် ရှိပေဦးမည်။ အခြေအနေ ပေးအပ်ခဲ့လျှင် ကူညီခြင်းပင် ပြုပေလိမ့်ဦးမည်။ ကောလာဟလ စကားများအရသော်လည်းကောင်း၊ ဂရုရှင်ကာ၏ပါးစပ်မှ အမှတ်မထင် ထွက်လာသော စကားများအရသော်လည်းကောင်း အဘိုးကြီးသည် သူ့အဖေနှင့်စာလျှင် ဂရုရှင်ကာ ကို သူနှင့် ပို၍ သဘောတူကြောင်းကိုလည်း မစ်တယာ သိရှိထားပါသည်။

ယခုကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းထားသူ လက်ထဲမှ သူ့အမျိုးသမီးကို ယူပြီး သူ့ထံမှ အကူအညီ တခုကို မျှော်လင့်တွက်ဆထားခြင်းသည် မစ်တယာအနေနှင့် ယဉ်ကျေးဖွယ်ရာမှု မရှိဘဲ ရိုင်းစိုင်း ကြမ်းတမ်းမှုတခု

ဖြစ်သည်ဟု စာဖတ်သူ အတော်များများက မှတ်ယူနိုင်ပါသည်။ ဤနေရာတွင် ကျွန်ုပ် ပြောနိုင်သည်မှာ မစ်တယာသည် ဂရုရှင်ကာ၏ အတိတ်ကို ပြီးဆုံးပြီဟု မှတ်ယူထားပါသည်။ သူသည် အတိတ်ကို သနားစရာ အခြင်းအရာတခုအဖြစ်နှင့် ကြည့်မြင်ပြီး တကြိမ်က သူ့ကို ဂရုရှင်ကာ ပြောခဲ့သောစကားများဖြင့်သာ ဆက်လက် ဆုံးဖြတ်လုပ်ဆောင်သည်။ ဂရုရှင်ကာက သူ့ကို ချစ်သည်။ သူ့ကို လက်ထပ်မည်ဟု ဆိုသည်။ ယင်း၏သဘောက ဒုစရိုက်မှုများမှ ကင်းလွတ်သော ဂရုရှင်ကာအသစ်နှင့် ဒီမီထရီအသစ်တို့ ဖြစ်စေမည်ဟု ဆိုလိုသည်။ သူတို့သည် တယောက်ကို တယောက် ခွင့်လွှတ်ကာ ဘဝသစ်တခုကို စတင်ကြမည်။

သို့ဖြင့် ကူဇမာ ဆမ်ဆိုနော့ ဆိုသည်မှာ ... ဂရုရှင်ကာက ၎င်းကို မချစ်သော်လည်း ၎င်းသည် အတိတ်ကာလက ဂရုရှင်ကာ၏ဘဝအပေါ်တွင် လွှမ်းမိုးမှုရှိခဲ့ကြောင်း၊ သို့သော် သူသည် ယခုအခါ တွင် အတိတ်ကာလ ပစ္စည်းတခုသာ ဖြစ်ကြောင်း၊ သူ၏အခန်းကဏ္ဍ လုံးဝပင် ပြီးဆုံးသွားပြီ ဖြစ်ကြောင်း၊ သို့ဖြင့် သူသည် လုံးဝပင် မတည်ရှိတော့သော လူတယောက်ဖြစ်ကြောင်း ဒီမီထရီ မှတ်ယူထားလေတော့သည်။ ထိုမျှမကပါ၊ ဒီမီထရီသည် ယခုအခါ ၎င်းအဘိုးကြီးကို လူတယောက် အနေဖြင့် ယူဆမထားပါ။ အကြောင်းမှာ ၎င်းသည် ယခုအခါ ဂီလာန အဘိုးကြီးတယောက် ဖြစ်သည်ဟု တမြို့လုံးကပင် ယူဆထားသောကြောင့် ဖြစ်သည်။ ၎င်းနှင့် ဂရုရှင်ကာ၏ ဆက်ဆံရေး မှာလည်း အဖေတယောက်နှင့် သမီးတယောက်၏ ဆက်ဆံရေးမျိုးသာ ဖြစ်တော့သည်။ အတိတ်က ဆက်ဆံရေးမျိုး မဟုတ်တော့ပါ။ ယင်းအခြေအနေမှာလည်း အချိန်ကာလ ကြာမြင့်လှပြီ ဖြစ်သည်။ တနှစ်လောက်ပင် ရှိသွားပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤကိစ္စတွင် မစ်တယာသည် တကယ် ရိုးရိုးသားသားပင် ဖြစ်သည်။ ဒုစရိုက်မှုပေါင်း များစွာကို ကျူးလွန်ခဲ့သော်လည်း သူသည် ရိုးသားသူတဦး ဖြစ်ချေသည်။ ဤကဲ့သို့ ရိုးသားသည့်အတွက်လည်း တမလွန်ဘဝသို့ ကူးပြောင်းတော့မည်ဖြစ်သော အဘိုးကြီး ကူဇမာသည် ၎င်းနှင့် ဂရုရှင်ကာ၏ အတိတ်ဘဝက ဆက်ဆံရေးများအတွက် တကယ်ပင် နောင်တတရား ရရှိနေပြီ ဟု မစ်တယာ ယူဆမိခြင်း ဖြစ်သည်။ ဤ အဘိုးကြီးသည် ယခုအခါ ဂရုရှင်ကာကို ရိုးရိုးသားသား စောင့်ရှောက်နေသူတဦးဟု ယူဆသည်။ ဤအဘိုးကြီးသည် ယခုအခါ မည်သို့မျှ အန္တရာယ်မရှိတော့ သော အဘိုးကြီးတယောက်ဟု ယူဆသည်။

လမ်းဆုံလမ်းခွတွင် အလျှိုရှာနှင့် တွေ့ဆုံပြီးနောက် ထိုညတညလုံးပင် သူသည် ကောင်းကောင်း အိပ်မပျော်ဘဲ နောက်တနေ့နံနက် ဆယ်နာရီလောက်တွင် ကူဇမာဆမ်ဆိုနော့၏ အိမ်သို့ ရောက်ရှိနေ တော့သည်။ သူ ရောက်ရှိကြောင်း အဘိုးကြီးကို ပြောပြရန် အစေခံတဦးကို ပြောဆိုလျက် ရှိတော့သည်။

ကူဇမာဆမ်ဆိုနော့၏အိမ်သည် အဆောင်များပါရှိသော ရောမ

နှစ်ထပ်အိမ်ကြီး တလုံးဖြစ်ပြီး ခြံဝင်းထဲတွင်လည်း သီးခြားအိမ်ငယ်ကလေးတလုံး ရှိပေသည်။ အိမ်အောက်ထပ်တွင် ဆမ်ဆိုနော့၏ အိမ်ထောင်သည် သားနှစ်ယောက်နှင့် ၎င်းတို့၏မိသားစုများ၊ ဆမ်ဆိုနော့၏ အစ်မကြီးနှင့် ၎င်း၏ သမီး အပျိုကြီးတို့ နေထိုင်ကြသည်။ သီးခြားအိမ်ကလေးတွင်ကား ဆမ်ဆိုနော့၏ စာရေးနှစ်ယောက် နေထိုင်သည်။ စာရေးတယောက်မှာ မိသားစုနှင့် ဖြစ်သည်။ အောက်ထပ်တခုလုံးနှင့် သီးခြား အိမ်ကလေးတို့သည် နေထိုင်သူများ ပြည့်ကျပ်လျက်ရှိသော်လည်း အပေါ်ထပ်တွင်ကား အဘိုးကြီး တယောက်တည်းသာ နေထိုင်သည်။ သူ့ကို ပြုစုစောင့်ရှောက်နေသော သမီးကိုပင် အပေါ်ထပ်တွင် နေခွင့်မပြုပါ။ ထိုသမီးသည် ပန်းနာရင်ကျပ်ရောဂါကြီး ရှိနေသော်လည်း ဖခင်ခေါ်လိုက်လျှင် အောက်ထပ်မှ အပေါ်ထပ်သို့ ပြေးတက်သွားရသည်။ တနေ့လျှင် အကြိမ်ပေါင်းများစွာပင် ဖြစ်သည်။

အပေါ်ထပ်တွင် အခန်းကျယ်ကြီးတွေ အများကြီးရှိသည်။ ယင်းအခန်းများကို ကုန်သည်ပွဲစားတို့၏ ရှေးရိုးအစဉ်အလာပုံစံဖြင့် ဆင်ယင်ထားသည်။ မဟော်ဂနီ လက်တင် ကုလားထိုင်ကြီးများနှင့် လက်တင်မပါသော ကုလားထိုင်များကို နံရံတလျှောက်တွင် တပုံစံတည်း တန်းစီပြီး ချထားသည်။ ဖန်ဆိုင်းမီးပဒေသာများကို ဖုံးကာထားသော အမိုးများဖြင့် ချိတ်ဆွဲထားသည်။ ပြတင်းပေါက်များ အကြားရှိ နံရံများပေါ်တွင် မှုန်မှိုင်းသော မှန်ကြီးများ ရှိသည်။ ဤအခန်းများအားလုံးပင် အားနေသည်။ မည်သူမျှ မနေပါ။

လူမမာအဘိုးကြီးသည် အခန်းငယ်ကလေးတခုတွင်သာ နေထိုင်ပါသည်။ အိမ်တဖက်ထိပ် အဆုံးရှိ သူ၏ အိပ်ခန်းကလေးတွင် ဖြစ်သည်။ အဘိုးကြီးကို ခေါင်းတွင် လက်ကိုင်ပဝါ စည်းထားသော အစေခံ မိန်းမကြီးတယောက်နှင့် စကြံလမ်းရှိ သေတ္တာထိုင်ခုံကြီး တလုံးပေါ်တွင် ထိုင်နေလေ့ရှိသော လူရွယ်လေးတဦးတို့က စောင့်ကြပ် ပြုစုနေကြရသည်။

အဘိုးကြီးသည် ခြေထောက်နှစ်ဖက်စလုံး ရောင်ကိုင်းလျက်ရှိသဖြင့် လမ်းမလျှောက်နိုင်သလောက် ပင် ဖြစ်သည်။ သူသည် တခါတရံမှသာ အစေခံ မိန်းမကြီးအား ချိုင်းကြားမှ မ ထူ ခိုင်းပြီး သားရေဖုံး လက်တင်ကုလားထိုင်ကြီးတွင် ထိုင်နေရာမှ ထတတ်သည်။ အခန်းထဲတွင် တခေါက် နှစ်ခေါက် ဆိုသလို အစေခံ မိန်းမကြီးကို ဆွဲပြီး လျှောက်တတ်သည်။ သူသည် ဤအစေခံ မိန်းမကြီးကိုပင် ခပ်တည်တည် ခပ်မာမာ ဆက်ဆံသည်။

'ဗိုလ်ကြီး' ရောက်နေကြောင်း သူ့ကို အကြောင်းကြားသောအခါ သူက တမုဟုတ်ချင်းမှာပင် မတွေ့လိုကြောင်း ငြင်းဆန်သည်။ သို့သော် မစ်တယာက ထပ်ပြီး တွေ့ဆုံခွင့် တောင်းသည်။ ထိုအခါ ဆမ်ဆိုနော့သည် လူရွယ်ကလေးကို မေးခွန်းများ ထုတ်တော့သည်။ သူ့ကို ကြည့်ရတာ ဘယ်လိုပုံစံလဲ၊ သူ

အရက်မူးနေသလား၊ အကြမ်းပတမ်းလုပ်မည့် ပုံစံမျိုး ရှိသလား စသည်ဖြင့်။ ဆမ်ဆိုနေ့ာ ရရှိသော အဖြေမှာ ... ဗိုလ်ကြီး အရက်မမူးပါ၊ သို့သော် သူ့ကို မတွေ့ရဘဲနှင့် ပြန်သွားမည့်ပုံ မရှိပါ။ ဤတကြိမ်တွင်လည်း အဘိုးကြီးက တွေ့ဆုံရန် ငြင်းဆန်လိုက်သည်။ ထိုအခါ မစ်တယာသည် ဤသို့ဖြစ်လိမ့်မည်ဟု ကြိုတင်သိမြင်ထားသည့်အလျောက် အသင့်ယူဆောင် လာသော စာရွက်နှင့် ခဲတံဖြင့် စာတကြောင်းကို ရှင်းလင်းစွာ ရေးပေးလိုက်သည်။ “မစ္စဆဗက်လေ့ နှင့် အထူးပတ်သက်ပြီး အင်မတန် အရေးကြီးသော ကိစ္စ” ဟု။

ဆမ်ဆိုနေ့ာသည် အနည်းငယ် စဉ်းစားချိန်ဆပြီးနောက် ဧည့်သည်ကို ဧည့်ခန်းသို့ ခေါ်ဆောင်လာရန် လူရွယ်ကို ပြောလိုက်သည်။ ထို့နောက် အစေခံ မိန်းမကြီးကို လွှတ်ပြီး သူ့သားအငယ်ကို အပေါ်ထပ် သို့ အမြန်ဆုံး လာရောက်ရန် မှာကြားသည်။ ဤ သားအငယ်သည် အရပ်ခြောက်ပေရှိပြီး ကာယဗလ အထူးပင် ကောင်းမွန်သန်စွမ်းသည်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့ကို ပြောင်နေအောင် ရိတ်ထားပြီး ဥရောပဝတ်စုံကို ဝတ်ထားသည်။ သူသည် တစုံတရာ မေးမြန်းပြောဆိုခြင်း မရှိဘဲ အပေါ်ထပ်သို့ ချက်ချင်း ရောက်ရှိလာသည်။

အဘိုးကြီးသည် ဤဆင်ပေါက်ကလေးကို အခေါ်ခိုင်းလိုက်ခြင်းမှာ ‘ဗိုလ်ကြီး’ ကို ကြောက်၍ မဟုတ်ပါ။ သူသည် ပင်ကိုဗီဇအားဖြင့် ကြောက်တတ်သူတဦး မဟုတ်ပါ။ ၎င်း၏သားငယ်ကို သက်သေတဦးအဖြစ်နှင့်သာ ခေါ်ဆောင်လိုက်ခြင်း ဖြစ်သည်။ အစေခံ လူရွယ်ကလေးနှင့် သူ၏ သားငယ်တို့ ခြံရံပြီး ဧည့်ခန်းဆောင်အတွင်းသို့ ဆမ်ဆိုနေ့ာ တဖြည်းဖြည်းချင်း ဝင်ရောက်သွားသည်။ သားငယ်က သူ့ကို ဖေးမတွဲခေါ်သွားသည်။ အဘိုးကြီးသည် မစ်တယာ လာရောက်သည့်ကိစ္စကို သိရှိလိုနေဟန်ရှိသည်။

မစ်တယာ ထိုင်ပြီး စောင့်ဆိုင်းနေသော ဧည့်ခန်းသည် ရောမ အခန်းကျယ်ကြီးတခု ဖြစ်သည်။ ညို့ညို့မှိုင်းမှိုင်းကြီး ဖြစ်သည်။ စိတ်ပျက်ညိုးငယ်ဖွယ်ရာ ဖြစ်သည်။ ပြတင်းပေါက်ကြီးနှစ်ခု ရှိသည်။ အပေါ်ထပ်စင်္ကြံ ရှိသည်။ ကျောက်ဖြူပြား ကပ်ထားသော နံရံများရှိသည်။ အမိုးဖုံးပါရှိသော ရောမ မီးပဒေသာကြီး သုံးခုရှိသည်။

မစ်တယာသည် အပေါက်ဝရှိ ကုလားထိုင်ကလေးတလုံးပေါ်တွင် ထိုင်လျက် သူ၏ ကံကြမ္မာကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းလျက်ရှိသည်။ ပေခုနစ်ဆယ်ခန့်ဝေးသော တဖက်အခန်းထိပ်တွင် အဘိုးကြီး ပေါ်ထွက်လာသောအခါ မစ်တယာ ရုတ်တရက် ခုန်ထလိုက်သည်။ ထို့နောက် သူ၏ စစ်သား ခြေလှမ်းကျဲကျဲကြီးများဖြင့် အဘိုးကြီးကို တွေ့ဆုံရန် လျှောက်သွားသည်။

မစ်တယာသည် အဝတ်အစား ကောင်းကောင်းမွန်မွန်ကို ကျကျနန

ဝတ်ဆင်ထားသည်။ ကုတ်အင်္ကျီ ရှည်ကြီး ဝတ်ထားကာ ကြယ်သီးများကို တပ်ထားသည်။ ဦးထုပ် ရှည်ရှည်မြင့်မြင့်ကြီး ဆောင်းထား သည်။ လက်နှစ်ဖက်တွင်လည်း လက်အိတ်နက်များနှင့် ဖြစ်သည်။ လွန်ခဲ့သည့် သုံးရက်က ကျောင်းတိုက်ကြီးတွင် ခင်ကြီးဆရာတော်၏ရှေ့မှောက်၌ သူ၏ဖခင်၊ သူ၏ ညီများနှင့် တွေ့ခဲ့စဉ်က အတိုင်း ဖြစ်သည်။

အဘိုးကြီးသည် မတ်တတ်ရပ်လျက် ခပ်တည်တည် ခပ်ထည်ထည်ကြီး ကြည့်ကာ သူ့ကို စောင့်ဆိုင်းလျက် ရှိသည်။ အဘိုးကြီးသည် သူ့ကို ဖောက်ထွင်းပြီး ကြည့်မြင်နေသည်ဟု မစ်တယာ ခံစားမိသည်။ မစ်တယာသည် အဘိုးကြီး၏ သိသိသာသာ ရောင်ကိုင်းနေသော မျက်နှာကို အထူးပင် ဂရုပြုမိလျက် ရှိသည်။ ၎င်း၏ ထူထဲသော အောက်နှုတ်ခမ်းကြီးသည် ပေါင်မုန့်ဝိုင်းဝိုင်း တလုံးကဲ့သို့ တွဲအိကာကျနေသည်။

ဆမ်ဆိုနေ့သည် ဒွေ့သည်ကို ထည်ဝါခန့်ညားစွာ ဦးညွတ် နှုတ်ဆက်လိုက်ပြီးနောက် ဆိုဖာကြီး အနီးရှိ လက်တင်ကုလားထိုင် တလုံးပေါ်တွင် ထိုင်ရန် လက်ရိပ်လက်ခြည် ပြလိုက်သည်။ ထို့နောက် သူသည် နာကျင်စွာ ညည်းညူရင်း မစ်တယာနှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။ အဘိုးကြီး၏ နာကျင်သော အမူအရာကို တွေ့မြင်ရသောအခါ မစ်တယာသည် ချက်ချင်းပင် စိတ်မကောင်း ဖြစ်သွားသည်။ ထို့နောက် ထည်ဝါခန့်ညားသော ပုဂ္ဂိုလ်ကြီးတယောက်ရှေ့တွင် သူ၏ အရေးမပါသော အမှုကိစ္စအတွက် ရှက်စိတ်ဝင်မိသည်။

“မောင်ရင့်အတွက် ကျုပ် ဘာများကူညီနိုင်မလဲ”

အဘိုးကြီးသည် ဆိုဖာပေါ်တွင် ထိုင်မိသောအခါ အသံ ပီပီပြင်ပြင် တည်တည်ကြည်ကြည်ဖြင့် မေးလိုက်သည်။ သို့သော် ယဉ်ကျေးဖွယ်ရာစွာဖြင့်ပင် ဖြစ်သည်။

မစ်တယာ လန့်သွားပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။ ထို့နောက် ပြန်ထိုင်သည်။ ထို့နောက် သူသည် ရုတ်ခြည်းဆိုသလို အသံကျယ်ကျယ် မြန်မြန်သွက်သွက်ဖြင့် သွေးလေ ချောက်ချားစွာ ပြန်လည် ပြောဆိုသည်။ သူသည် ချောင်ပိတ်ပြီး အမိခံရသူတဦးလို ဖြစ်နေသည်။ ပျက်စီးခြင်း ငါးပါးနှင့် ကြုံတွေ့ရတော့မည့် လူတဦးလိုဖြစ်နေသည်။ ရေနစ်သူတဦးအနေဖြင့် ကောက်ရိုးတပင်ကို ဆွဲယူနေမိသည့်အလား ဖြစ်သည်။ အဘိုးကြီး ဆမ်ဆိုနေ့သည် ဤအချက်များကို တဒင်္ဂအတွင်း မှာပင် ရိပ်စားသိရှိမိဟန် ရှိသည်။ သို့သော် သူ့မျက်နှာကြီးသည် ကျောက်ဆစ်ရုပ်တခုလို အေးစက်စက်ကြီးပင် ရှိနေသည်။

“ကျွန်တော်နဲ့ ကျွန်တော့်အဖေ အဆင်မပြေဖြစ်နေတာကို လူကြီးမင်း သိပြီး

ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်အမေ ကွယ်လွန်သွားတဲ့အခါမှာ ကျွန်တော် ခံစားရမယ့် အမွေတွေကို သူက မတရားသိမ်းထားလိုက်တဲ့ အကြောင်းပါပဲ... ကျွန်တော် ဆိုလိုတာက ဒီအကြောင်းကို တမြို့လုံးကပဲ ပြောနေကြပါတယ်ခင်ဗျား... အမှန်တော့ သူတို့နဲ့ ဘာမှမဆိုင်တဲ့ အကြောင်းကို ပြောနေကြတာပါပဲခင်ဗျာ... နောက်ပြီးတော့ ဒီအကြောင်းဟာ ဂရုရှင်ကာကနေ တဆင့် လူကြီးမင်းဆီကို ရောက်နိုင်ပါတယ်ခင်ဗျာ... ကျွန်တော် တောင်းပန်ပါတယ်၊ မစ္စဆဗက်လေ့ာ် ကို ပြောတာပါခင်ဗျာ၊ အဲ ... အင်း ... ကျွန်တော့်အနေနဲ့ အင်မတန် တန်ဖိုးထားပြီး လေးစားတဲ့ အမျိုးသမီး တယောက်ပါခင်ဗျ...”

ယင်းကဲ့သို့ မစ်တယာ စကားစလိုက်ပြီးနောက် ချက်ချင်းပင် သူ့စကားပြတ်သွားသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သူ့စကားကို အစအဆုံး အပြည့်အစုံ ဖော်ပြခြင်း ပြုမည် မဟုတ်ပါ။ လိုရင်းသဘော ကိုသာ အကျဉ်းချုပ်ပြီး ဖော်ပြပါမည်။ သူပြောသည့်စကားက ရှင်းရှင်းကလေးပင် ဖြစ်သည်။

လွန်ခဲ့သည့် သုံးလလောက်တုန်းက သူသည် (မစ်တယာသည်) တကူးတကအနေနှင့် (ဤနေရာတွင် သူက ‘တမင်တကာ’ ဟု မသုံးဘဲ ‘တကူးတက အနေနှင့်’ ဟူသော စကားကို အထူးရွေးချယ်ပြီး သုံးနှုန်းထားသည်) ပြည်နယ်မြို့တော်မှ ရှေ့နေတဦး၏အကြံဉာဏ်ကို တောင်းခံခဲ့သည်... အင်မတန် ထင်ရှားတဲ့ ရှေ့နေကြီး တယောက်ပါ ခင်ဗျား၊ ပေဇယ် ကိုနီပလိုဒြေါ့ ပါတဲ့ခင်ဗျာ၊ သူ့နာမည်ကို လူကြီးမင်း ကြားဖူးလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အသိဉာဏ်ပညာ အင်မတန်ကြွယ်ဝပြီး တိုင်းပြည်ခေါင်းဆောင်ကြီး တယောက်ရဲ့ စိတ်ကူးမျိုးရှိတဲ့လူပါ ခင်ဗျာ...” မစ်တယာ ဒုတိယအကြိမ် စကားစ ပြတ်သွားပြန်သည်။ သို့သော် ဤကဲ့သို့ စကားစပြတ်သွားမှုများသည် သူ၏ စကားပြောမှု ကြီးတခုလုံးကို ရပ်တန့်သွားစေခြင်း မရှိပါ။ သူက ပြတ်သွားသော စကားစပေါ်မှာ နင်းပြီး ဆက်ကာ ဆက်ကာ ပြောကြားသည်။

ဤ ကိုနီပလိုဒြေါ့မည်သော ရှေ့နေကြီးသည် သူ့ကို မေးခွန်းတွေ အကြာကြီး မေးမြန်းပြီးနောက်၊ ထို့အပြင် သူ ယူဆောင်သွားသော အထောက်အထား သက်သေခံများကို စစ်ဆေးပြီးနောက် (သို့သော် မစ်တယာသည် ဤအထောက်အထားများနှင့် ပတ်သက်၍ ခပ်ဝါးဝါးမျှသာ ပြောဆိုသွား သည်။ အထောက်အထားများဟူသောနေရာတွင် ခပ်မြန်မြန် ပြောသွားသည်) ၎င်း၏ ဆင်ခြင် သုံးသပ်ထားသော အကြံဉာဏ်ကို ပေးသည်။ ချာမာရှညာ ရွာသည် မစ်တယာ တကယ် ပိုင်ဆိုင်ကြောင်း၊ သူသည် ဤရွာကို သူ့မိခင်ထံမှ အမွေဆက်ခံရမည် ဖြစ်ကြောင်း၊ သူတို့သည် ထိုအမွေခံရွာကို ပြန်ရအောင် လုပ်ကိုင်နိုင်ကြောင်း၊ သူ့ဖခင်ကို အပိုင်ထုနိုင်ကြောင်းတို့ ဖြစ်သည်။

“အဲဒီတော့ခင်ဗျာ တံခါးတွေအားလုံး ပိတ်မသွားသေးဘဲ

အမှန်တရားအတွက် လေဝင်ပေါက်ကလေး တပေါက် ရှိနေပါတယ်ခင်ဗျာ ...”

အမှန်အတိုင်းပြောရလျှင် သူသည် သူ့ဖခင်ထံမှ နောက်ထပ် ရူဗယ်ငွေ ခြောက်ထောင် ခုနစ်ထောင် ခန့် ရရှိနိုင်သေးသည်။ အကြောင်းမှာ ချာမာရှာညာရှာသည် အနည်းဆုံး ရူဗယ် ငွေ နှစ်သောင်း ငါးထောင်ခန့် တန်သောကြောင့် ဖြစ်သည်။ အမှန်တကယ်တွင်မူ နှစ်သောင်း ရှစ်ထောင် ဖြစ်သည်။

“သုံးသောင်းပါခင်ဗျာ၊ သုံးသောင်းပါ၊ လူကြီးမင်း ယုံရဲ့လား၊ ဒါပေမဲ့ ကျွန်တော်ဟာ သူ့ဆီက တသောင်းခုနစ်ထောင်တောင် မရပါဘူး”

သို့သော် ထိုအချိန်က သူ ဘာမျှမလုပ်ခဲ့ပါ။ ဥပဒေအကြောင်း ဘာမျှ နားမလည်သောကြောင့် ဖြစ်သည်။ သို့သော် သူ ဤနေရာသို့ ရောက်ရှိသောအခါ တဖက်က သူ့ကို တန်ပြန်တောင်းဆိုမှု ပြုလုပ်လာသည့်အတွက် သူ့မှာ များစွာမှပင် အံ့အားသင့်ရတော့သည်။

“အဲဒီတော့ခင်ဗျား.... အဲဒီ အဘိုးကြီးဆီက ကျွန်တော် ရစရာရှိတာတွေ အားလုံးကို ယူပြီး ကျွန်တော့်ကို ရူဗယ် သုံးထောင်ပဲ ပေးပါလား ခင်ဗျား၊ လူကြီးမင်းအနေနဲ့ ဘယ်လိုမှ မရှုံးနိုင်ပါဘူး။ ကျွန်တော် ကျိန်ပြောနိုင်ပါတယ်။ ကျွန်တော် ကျိန်ပြီးမှ ပြောနိုင်ပါတယ် ခင်ဗျား။ မရှုံးရုံတင် မကဘူး၊ လူကြီးမင်းဟာ ရူဗယ် သုံးထောင်အတွက် ရူဗယ် ခြောက်ထောင်၊ ခုနစ်ထောင် ရနိုင်ပါတယ်ခင်ဗျာ”

သူက ဤကိစ္စကို ဤနေ့မှာပင် အပြီးသတ်လိုဟန် ရှိသည်။ ထို့ကြောင့် သူ ဆက်ပြီး ပြောသည်။

“ဒီကိစ္စကို ကျွန်တော် စာချုပ်စာတမ်းအရာရှိနှင့် စီစဉ်နိုင်ပါတယ်ခင်ဗျား၊ ဒါမှမဟုတ်လည်း ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ... အတိုချုပ် ပြောရမယ်ဆိုရင် ကျွန်တော် ဘာမဆိုလုပ်ဖို့ အဆင်သင့်ရှိပါတယ် ခင်ဗျား၊ လူကြီးမင်း လိုချင်တဲ့ သက်သေခံ စာရွက်စာတမ်းတွေ အကုန် ယူထားပါ... ကျွန်တော် အားလုံးကို လက်မှတ်ထိုးပေးပါ့မယ်... နောက်ပြီးတော့ခင်ဗျာ... နှစ်ဦးသဘောတူ စာချုပ်ကို လူကြီးမင်း အခုချက်ချင်းပဲ လုပ်နိုင်ပါတယ်... ဖြစ်နိုင်မယ် ဆိုရင်ပေါ့ခင်ဗျာ... ကျွန်တော် ဆိုလိုတာက .. တကယ် ဖြစ်နိုင်မယ်ဆိုရင်ပေါ့ခင်ဗျာ... ကနေ့မနက်ပဲပေါ့ ခင်ဗျာ ... လူကြီးမင်းက ကျွန်တော့်ကို ငွေသုံးထောင် မ စဖို့ပါပဲခင်ဗျာ ... အဲ အဲ ဘာဖြစ်လို့လဲဆိုတော့ ... ဒီမြို့ကလေးမှာ လူကြီးမင်းနဲ့ နှိုင်းယှဉ်နိုင်တဲ့လူ ဘယ်သူမှ မရှိလို့ပါပဲ ခင်ဗျာ... အဲဒီတော့ခင်ဗျာ ဒီနည်းနဲ့ ကျွန်တော့်ကို ကယ်တင်ပါ၊ ကျွန်တော်ဆိုလိုတာက ... ကျွန်တော့်လို ကံဆိုးမိုးမှောင်ကျနေတဲ့ လူတယောက်ကို တကယ် စိတ်ကောင်းစေတနာကောင်းနဲ့ မွန်မြတ်တဲ့ လုပ်ငန်းကြီးတခုအဖြစ်နဲ့ပေါ့ ခင်ဗျာ... ကျွန်တော် အဲဒီလိုပဲ ပြောပါရစေ ခင်ဗျာ ... ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျာ.. ကျွန်တော်ဟာ လူတယောက်အတွက် တကယ့် စိတ်ကောင်းစေတနာကောင်းနဲ့

ဆောင်ရွက်တဲ့အတွက်ပါပဲ ခင်ဗျာ... အဲဒီလူကို လူကြီးမင်း သိပါတယ်ခင်ဗျာ... အဲဒီလူကို လူကြီးမင်းဟာ ဖခင်တယောက်အနေနဲ့ သဘောထားနေပါတယ်ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ဒီလိုပြောတာကို လူကြီးမင်းအနေနဲ့ ဘယ်လိုမှ သဘောမထားဘူးဆိုရင် အခုကိစ္စဟာ လူသုံးယောက် ခေါင်းသုံးခေါင်း ဆိုင်နေရတဲ့ကိစ္စပါ ခင်ဗျာ၊ ကံကြမ္မာအတွက် ရင်ဆိုင်နေကြရတာပါ ခင်ဗျာ၊ ကံကြမ္မာဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ် ခင်ဗျာ၊ မှန်သောသစ္စာပါပဲခင်ဗျာ၊ မှန်သော သစ္စာပါပဲ။ အဲ လူကြီးမင်းအနေနဲ့ ဒီကိစ္စထဲက ထွက်သွားတဲ့အခါမှာ ခေါင်းနှစ်ခေါင်းပဲ ကျန်ရစ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ပြောတဲ့ စကားက အဆီအငေါ် ကျချင်မှ ကျပါလိမ့်မယ် ခင်ဗျား၊ ဘာဖြစ်လို့တုံးဆိုတော့ ကျွန်တော်က စာပေသမားတယောက် မဟုတ်လို့ပါခင်ဗျာ၊ ကျွန်တော်ဆိုလိုတာက ခေါင်းတခေါင်းက ကျွန်တော် ပါပဲ ခင်ဗျာ၊ နောက်တခေါင်းကတော့ ကျွန်တော်ပြောတဲ့ အဘိုးကြီးပါပဲခင်ဗျာ၊ အဲဒီတော့ လူကြီးမင်း အနေနဲ့ ရွေးချယ်ဖို့ပါပဲခင်ဗျာ၊ အဲဒီအဘိုးကြီးလား ... ကျွန်တော်လားဆိုတာပါပဲ ခင်ဗျာ၊ အခုဆိုရင် ပြဿနာအားလုံးဟာ လူကြီးမင်းရဲ့လက်ထဲ ရောက်နေပါတယ်ခင်ဗျာ၊ လူသုံးယောက်ရဲ့ ကံကြမ္မာနဲ့ လူနှစ်ယောက်ရဲ့ ပျော်ရွှင်မှုပါပဲ ခင်ဗျာ.. ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ... ကျွန်တော်ပြောတာ နည်းနည်းရှုပ်သွားပါတယ်၊ ဒါပေမဲ့ လူကြီးမင်း သဘောပေါက်ပါတယ်... လူကြီးမင်း သဘော ပေါက်တယ်ဆိုတာကို လူကြီးရဲ့ ကြည်ညိုလေးစားဖွယ်ရာကောင်းတဲ့ မျက်လုံးထဲမှာ ကျွန်တော် တွေ့နေရပါတယ် ... တကယ်လို့ လူကြီးမင်းအနေနဲ့ သဘောမပေါက် နားမလည်ဘူးဆိုရင်တော့ ကျွန်တော့် ဘဝဟာ ပြီးဆုံးသွားပြီ... အခြေအနေကတော့ အဲဒါပါပဲ”

ဗရုတ်သုတ်ခနိုင်လှသော မစ်တယာ၏ ပြောဆိုချက်သည် ‘အခြေအနေကတော့ အဲဒါပါပဲ’ ဟူသော စကားများဖြင့် ပြတ်တောက်သွားသည်။ ထို့နောက် သူသည် ထိုင်ရာမှ ထလိုက်ပြီး သူ၏ ကြောင်တောင်တောင်နိုင်လှသော ကမ်းလှမ်းချက်အတွက် အဖြေကို စောင့်စားနေတော့သည်။ သူသည် နောက်ဆုံးစကားပိုဒ်ကို ပြောပြီးသည်နှင့် တပြိုင်နက် သူ၏ ပြောကြားချက်သည် တလွဲကြီး ဖြစ်ပြီး ဘာမျှ အကျိုးမရှိနိုင်ကြောင်း ချက်ချင်းပင် သတိပြုမိသည်။

“အတော်တော့ ရယ်စရာကောင်းတာပဲ” သူ့စိတ်ထဲမှာ တွေးမိသည်။ “ဒီကိုလာတုန်းကတော့ လမ်းမှာ အားလုံးဟုတ်နေတာပဲ၊ အခုတော့လည်း ဘာမှ အဓိပ္ပာယ်မရှိဘဲ အလကား ဖြစ်သွားပြီ”

သူပြောသွားနေသည့် ကာလတလျှောက်လုံးမှာပင် အဘိုးကြီးသည် ငြိမ်သက်စွာ ထိုင်ပြီး အေးစက်သောမျက်လုံးများဖြင့် သူ့ကို ကြည့်နေခဲ့သည်။ ဆမ်ဆိုနေ့သည် မစ်တယာကို ရင်တထိတ်ထိတ် ဖြစ်နေအောင်

ခေတ္တထားပြီးနောက် မာကျောအေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"ဝမ်းနည်းပါတယ် လူကြီးမင်း၊ ဒီလိုလုပ်ငန်းမျိုးကို ကျုပ်တို့ မလုပ်ပါဘူး"

သူ့ကိုယ်အောက်မှ ခြေထောက်များ ရုတ်တရက် ပျော့ခွေသွားသည်ဟု မစ်တယာ ထင်လိုက်မိသည်။

"အဲဒါဆိုရင် ကျွန်တော် ဘာလုပ်ရမလဲခင်ဗျာ၊ ကျွန်တော့်ဘဝ ပြီးသွားပြီပေါ့၊ လူကြီးမင်း ဘယ်လို သဘောရသလဲ"

ဖျော့တော့တော့အပြုံးဖြင့် သူ ပြောလိုက်သည်။

"ဝမ်းနည်းပါတယ် လူကြီးမင်း ..."

မစ်တယာ မတ်တတ်ရပ်လျက်ပင် ရှိသည်။ ဆမ်ဆိုနော့ကို မလှုပ်မယှက်ကြီး စူးစိုက်ပြီး ကြည့်နေသည်။ အဘိုးကြီးမျက်နှာတွင် အနည်းငယ် လှုပ်ရှားသွားသည်ကို သူ ရုတ်တရက် သတိပြုလိုက်မိသည်။ သူ လန့်သွားသည်။

"ဒီလိုလုပ်ငန်းမျိုးဟာ ကျုပ်တို့လုပ်တဲ့ လုပ်ငန်းမျိုး မဟုတ်ပါဘူး လူကြီးမင်း" အဘိုးကြီးက ဖြည်းလေးစွာ ပြောလိုက်သည်။ "ရုံးတွေကို သွားရမယ်၊ ရှေ့နေရှေ့ရပ်တွေ ပါလာမယ်.. ပြဿနာတွေ တခုပြီးတခု ဖြစ်လာမယ်၊ ဒါပေမဲ့ မောင်ရင် လုပ်ချင်တယ်ဆိုရင်တော့ မောင်ရင် ဆက်သွယ်နိုင်တဲ့ လူတယောက်ရှိတယ် ..."

"ဘုရားသခင် ... ဘယ်သူများပါလိမ့်၊ လူကြီးမင်းက ကျွန်တော့်ကို မျှော်လင့်ချက် အသစ်တခု ပေးလိုက်တာပဲ"

မစ်တယာ ရုတ်တရက် ရွတ်ဆိုလိုက်သည်။

"သူက ဒီမြို့က မဟုတ်ဘူး။ နောက်ပြီးတော့ လောလောဆယ်မှာလည်း ဒီမှာ မရှိဘူး၊ သူက အရင်တုန်းကတော့ တောက လူတယောက်ပဲ၊ သစ်လုပ်ငန်း လုပ်တယ်၊ သူ့နာမည်က လျာဂဗီတဲ့၊ သူက မနှစ်ကတည်းက ချာမာရှာညာက သစ်တောကို မောင်ရင့်အဖေဆီက ဝယ်ဖို့ ကြိုးစားနေတာပဲ၊ ဒါပေမဲ့ သူတို့ ဈေးမတည့်ကြဘူး၊ ဒီအကြောင်းကို မောင်ရင် သိချင်လည်း သိပါလိမ့်မယ်၊ သူ အခုတခါ လာပြန်ပြီ၊ အီလျင်စကိုယီက ဘုန်းကြီးဆီမှာ တည်းနေတယ်၊ ဗိုလိုဗီယာ ဘူတာရုံကနေ ဆယ်မိုင်လောက် ဝေးမယ်လို့ ကျုပ်ထင်တယ်၊ အလုပ်ကိစ္စအကြောင်း ကျုပ်ဆီကို သူ စာရေးလိုက် တယ်၊ အလုပ်ကိစ္စဆိုတာ သစ်တောကိစ္စပဲပေါ့၊ ကျုပ်ဆီက အကြံဉာဏ်တောင်းတယ်၊ မောင်ရင့် အဖေက သူ့ဆီကို သူကိုယ်တိုင်သွားပြီး တွေ့မယ့်သဘောရှိတယ်၊ အဲဒီတော့ မောင်ရင်က

မောင်ရင့်အဖေထက်အရင် အဲဒီကိုသွားပြီး လျာဂဇီကို စောစောကပြောခဲ့တဲ့ ကမ်းလှမ်းချက်ကို ကမ်းလှမ်းခဲ့လို့ရှိရင် သူ့အနေနဲ့ ...”

“တကယ်ကောင်းတဲ့အကြံပဲ” မစ်တယာ စိတ်အားထက်သန်စွာဖြင့် အဘိုးကြီး၏ စကားကို ကြားဖြတ်ကာ ပြောလိုက်သည်။

“ဒီကိစ္စနဲ့ အကိုက်ညီဆုံး လူတယောက်ပဲ၊ သူ့အနေနဲ့ ဒီသစ်တောကို သိပ်လိုချင်နေတယ်၊ အဘိုးကြီးက အများကြီး တောင်းထားလိမ့်မယ်၊ ဒီနေရာမှာ ကျွန်တော်က ဒီသစ်တောကို သူပိုင်နိုင်ဖို့ လိုအပ်တဲ့ အထောက်အထားတွေ အားလုံးကို လွှဲပေးလိုက်မယ်၊ ဟား ဟား ဟား”

မစ်တယာက ရုတ်တရက်ဆိုသလို ခြောက်ကပ်စွာ ရယ်လိုက်သည်။ ဤအဖြစ်ကို လုံးဝ မျှော်လင့် မထားသဖြင့် ဆမ်ဆိုနော့ လန့်သွားသည်။

“လူကြီးမင်းကို ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမလဲ မသိတော့ဘူး” မစ်တယာ အားရပါးရကြီး ပြောလိုက်သည်။

“ဒါကို ထည့်ပြီး ပြောစရာမလိုပါဘူး”

ဆမ်ဆိုနော့က ခေါင်းကို တဖက်သို့ စောင်းငဲ့ရင်း ပြန်ပြောသည်။

“ဘယ်ဟုတ်မလဲခင်ဗျာ၊ ကျွန်တော့်ကို လူကြီးမင်း ကယ်တင်လိုက်တာပဲ၊ ဒါကြောင့် လူကြီးမင်း ကျွန်တော့်ကို ကူညီလိမ့်မယ်ဆိုတာ ကျွန်တော် သိခဲ့ပါတယ်၊ ဒါဆိုရင်တော့ ဘုန်းကြီးဆီကို သွားမှပဲ”

“ကျုပ်ကို ဘာမှ ကျေးဇူးတင်စရာမလိုပါဘူး”

“ကျွန်တော် အခုချက်ချင်းပဲ သွားမယ်၊ ကျွန်တော့်ကြောင့် လူကြီးမင်းရဲ့ ကျန်းမာရေး အခြေအနေကို မထိခိုက်ကောင်းဘူးလို့ ထင်ပါတယ်၊ အခုလို ကူညီတာကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ဒါဟာ လူကြီးမင်းကို ရုရှားတယောက်က ပြောတဲ့စကားပါ၊ ရုရှားတယောက် ပြောတဲ့စကားပါ”

“ဟုတ်ပါပြီ”

မစ်တယာက လက်ဆွဲနှုတ်ဆက်ရန် အဘိုးကြီး၏လက်ကို ဆုပ်ကိုင်လိုက်သည်။ သို့သော် အဘိုးကြီး ၏ မျက်လုံးများတွင် အလိုမကျသည့်သဘောကို တွေ့မြင်လိုက်ရသည်။ မစ်တယာက သူ့လက်ကို ပြန်ရုပ်လိုက်သည်။ သို့သော် သူ၏ မယုံသင်္ကာမှုအတွက် ချက်ချင်းပင် သူ့ကိုယ်သူ အပြစ်တင်လိုက် သည်။

"သူ ပင်ပန်းနေလို့နေမှာပဲ" သူ တွေးလိုက်သည်။

"အမျိုးသမီးအတွက်ပါ ခင်ဗျာ၊ အမျိုးသမီးအတွက်ပါ၊ အခုဥစ္စာက အမျိုးသမီးအတွက်ပါ ခင်ဗျာ"

ရုတ်တရက်ဆိုသလို အသံကျယ်ကြီးဖြင့် သူ ပြောလိုက်သည်။ ထို့နောက် ဦးခေါင်းကို ညွှတ်လိုက်ပြီး နောက်ဘက်သို့ ချာခနဲ လှည့်လိုက်သည်။ နောက်ဘက်သို့ တချက်မှ ပြန်မကြည့်ဘဲ တံခါးပေါက် ဆီသို့ စောစောကအတိုင်းပင် စစ်သားခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။ ဝမ်းသာလွန်း သဖြင့် သူ့တကိုယ်လုံး တုန်ယင်နေသည်။

"အခြေအနေတွေအားလုံး ပျက်စီးဆုံးရှုံးခါနီးဆဲဆဲကလေးကျမှ ကိုယ်စောင့်နတ်က ငါ့ကို ကယ်လိုက်တာပဲ"

သူ့စိတ်ထဲတွင် တွေးနေမိသည်။

"သူ့လို လုပ်ငန်းရှင်ကြီးတယောက်က (သူ့လို ဂုဏ်သရေရှိ လူကြီးတယောက်က) ပေးတဲ့ အကြံဉာဏ် ဟာ အကောင်အထည် ပေါ်လာမှာ အမှန်ပဲ၊ ချက်ချင်းလက်ငင်း ဖြစ်လာမှာပဲ၊ လုပ်ငန်းကိစ္စ ပြီးသွားပြီး ညမမှောင်ခင်မှာ ငါ ပြန်ရောက်လာမှာပါ၊ အဘိုးကြီးက ငါ့ကို နောက်လိုက်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

မစ်တယာသည် သူနေထိုင်ရာအိမ်သို့ အပြန်လမ်းခရီးတွင် အထက်ပါအတိုင်း စဉ်းစားသွားသည်။ လုပ်ငန်းအကြောင်းနှင့် လျာဂဗီ (အတော် ရယ်စရာကောင်းတဲ့ နာမည်ပဲ) အကြောင်းတို့ကို ကောင်းစွာနားလည်သော လုပ်ငန်းရှင်တဦးက ပေးလိုက်သော အကြံဉာဏ်သည် လက်တွေ့ကျသည် ဟုသာ သူ ယူဆမိသည်။ သူ့ကို နောက်လိုက်ခြင်း ဖြစ်လိမ့်မည်ဟု သူ မစဉ်းစားမိပါ။

သို့သော် ဒုတိယအချက်က မှန်ကန်နေပါသည်။ ကံဆိုးမိုးမှောင်ကြီး ကျရောက်ပြီး ကာလ အတန်ကြာသောအခါတွင်မှ သူ့အနေနှင့် 'ဗိုလ်ကြီး' ကို အရူးလုပ်လိုက်မိကြောင်း ဆမ်ဆိုနော့က သူ့ကိုယ်သူ ဝန်ခံမိသည်။ သူသည် မစ္ဆရိယစိတ် အားကြီးပြီး သွေးအေးအေးနှင့် သူတပါးနစ်နာအောင် လုပ်တတ်သူတဦး ဖြစ်သည်။ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ပင် သူတပါးကို မျက်မုန်းကျိုးတတ်သည်။

သို့သော် ဤလို ပေါက်တတ်ကရ စိတ်ကူးမျိုး အဘိုးကြီး၏ ခေါင်းထဲသို့ ရောက်ရှိလာသည်မှာ 'ဗိုလ်ကြီး' ၏ စိတ်လှုပ်ရှားနေသော မျက်နှာကြောင့်လော၊ သို့မဟုတ် အဘိုးကြီး၏ ကပ်စေးနဲ ကော်တရာ စိတ်ဓာတ်ကြောင့်လော၊

သို့တည်းမဟုတ် ဂရုရှင်ကာအတွက် မနာလိုဝန်တိုဖြစ်၍လော ဆိုသည်ကိုကား ကျွန်ုပ် မပြောနိုင်ပါ။ သို့သော် အဘိုးကြီးရှေ့တွင် မစ်တယာ ရပ်ပြီး သူ့ခြေထောက်တွေ ခွေယိုင်လျက်ရှိသည်ဟု ခံစားရကာ သူ့ဘဝ ပျက်စီးပါပြီဟု အရူးတယောက်လို ပြောနေချိန် တွင်မူ ... အဘိုးကြီးသည် မစ်တယာကို မုန်းတီးစွာ ကြည့်ရှုပြီး နောက်ပြောင်ရန်နှင့် သူတပါးကို အရူးလုပ်ရန် ဆုံးဖြတ်လျက် ရှိပေသည်။ မစ်တယာ ထွက်သွားသောအခါ အဘိုးကြီးသည် အလွန်အမင်း ဒေါသဖြစ်နေပြီး သူ့သားကို မှာကြားနေသည်မှာ ထိုသူတောင်းစားကို သူ့အိမ်တွင်းသို့ သို့မဟုတ် သူ့ခြံဝင်းအတွင်းသို့ နောက်တကြိမ် ဝင်ခွင့်မပြုရန် ဖြစ်သည်။ သို့မဟုတ်ပါက...

သူ၏ ခြိမ်းခြောက်မှု အပြီးမသတ်သေးပါ။ သို့သော် သူ ဒေါသဖြစ်နေသည်ကို မကြာခဏ မြင်ဖူးနေ သော သူ့သားပင်လျှင် ကြောက်လန့်တုန်ယင်လျက်ရှိသည်။ အဘိုးကြီးသည် နောက်တနာရီ လုံးလုံးပင် ဒေါသဖြင့် တုန်ယင်လျက် ရှိသည်။ ညနေဘက်သို့ ရောက်ရှိလာသောအခါ နေမကောင်း ဖြစ်ပြီး ဆရာဝန်ကို ခေါ်လိုက်ရတော့သည်။

၂။ လျာဂမီ

ယင်းသို့ဖြင့် မစ်တယာသည် 'ဒုန်းစိုင်းပြီး' သွားရချေတော့မည် ဖြစ်သည်။ သို့သော် သူ့မှာ မြင်းရထားခ ပိုက်ဆံမရှိပါ။ ပြောရမည်ဆိုလျှင် သူ့မှာ ကိုပက်ခြောက်ဆယ်သာ ရှိသည်။ နှစ်ပေါင်းများစွာ ဖောဖောသီသီ ဖြစ်ခဲ့ပြီးနောက် သူ့မှာ နောက်ဆုံးကျန်ရှိသမျှ ဖြစ်သည်။ သို့သော် သူ့အိမ်မှာ ခါးပိုက်ဆောင် ငွေနာရီတလုံး ရှိသည်။ မသွားဘဲ ရပ်နေသည်မှာတော့ ကြာပြီ။ မစ်တယာသည် ယင်းနာရီကို ဈေးထဲတွင် ဆိုင်ဖွင့်ထားသော ရဟူဒီ နာရီပြင်ဆရာ တယောက်ထံ ယူသွားသည်။ နာရီပြင်ဆရာက ထိုနာရီအတွက် သူ့ကို ခြောက်ရူဗယ် ပေးသည်။

"ဒါလောက်တောင်ရမယ် မထင်ဘူး"

မစ်တယာ ပီတိဖြစ်စွာ ဟစ်အော်ပြီး (သူက ပီတိသောမနဿ ဖြစ်နေဆဲပင် ရှိသည်) ခြောက်ရူဗယ်ကို ဆုပ်ကိုင်ကာ အိမ်သို့ ပြန်ပြေးသည်။ အိမ်သို့ ရောက်ရှိသောအခါ အိမ်ရှင် မိန်းမကြီးထံမှ သုံးရူဗယ် ထပ်ချေးသည်။ အဘွားကြီးသည် သူမမှာရှိသမျှ ပိုက်ဆံအကုန် ဖြစ်သော်လည်း သူ့ကို ဝမ်းမြောက် ဝမ်းသာပင် ပေးလိုက်သည်။ အကြောင်းမှာ သူမက သူ့ကို ချစ်ခင်လွန်း၍ပင် ဖြစ်သည်။

သူ၏ ဘဝကံကြမ္မာသည် ထိုနေ့မှာပင် အဆုံးအဖြတ်ပေးမည် ဖြစ်ကြောင်းကို မစ်တယာက အိမ်မှ လူများကို စိတ်လှုပ်ရှားထက်သန်စွာဖြင့် ပြောသည်။ ဆမ်ဆိုနော့ကို တင်ပြသော သူ၏ 'စီမံကိန်းကြီး' တခုလုံး၊ ဆမ်ဆိုနော့၏ အကြံပေးချက်၊ သူ၏ အနာဂတ် ဘဝ မျှော်လင့်ချက်များ အားလုံးကိုပင် တက်သုတ်ရိုက်ပြီး သူတို့ကို ပြောပြသည်။ သည့်အရင်လည်း သူ၏လျှို့ဝှက်ချက် တော်တော်များများ ကို ၎င်းတို့အား သူ ပြောပြခဲ့ဖူးပါ သည်။ ယင်းအတွက်လည်း သူတို့က သူ့ကို မာန်မာနမကြီးသော လူကြီးလူကောင်းတယောက်အဖြစ် လည်းကောင်း၊ သူတို့၏ မိသားစုတဦးအဖြစ်လည်းကောင်း လက်ခံမှတ်ယူနေကြခြင်း ဖြစ်သည်။

ကိုးရူဗယ် ရရှိသောအခါ မစ်တယာသည် ချောပို့မြင်းရထားတစီးကို ငှားပြီး ဗိုလို ဗီယာဘူတာရုံသို့ သွားသည်။ သို့ရာတွင် ဤအပြုအမူ ဤလှုပ်ရှားမှုများအတွက်ပင် အကြောင်းအရာ အချက်အလက် တခု တည်ရှိသွားပြီး အမှတ်ရနေကြရတော့သည်။ ယင်းအကြောင်းအရာ အချက်အလက်မှာ ... "အချင်းမဖြစ်ပွားမီ တနေ့ နေ့လယ်ခင်းအချိန်တွင် မစ်တယာသည် ခြူးတပြားမျှ မရှိသဖြင့် ပိုက်ဆံရရှိရန် သူ၏နာရီကို ရောင်းရသည်။ အိမ်ရှင်မိန်းမကြီးထံမှ သုံးရူဗယ် ချေးရသည်။ ထိုအခြင်းအရာများ အားလုံးကို မျက်မြင်သက်သေများ

ရှေ့မှောက်တွင် သူ ပြုလုပ်ခဲ့ခြင်းဖြစ်သည်”

ဤအချက်ကို ကျွန်ုပ် ကြိုပြီးပြောထားပါသည်။ အဘယ်ကြောင့် ဤကဲ့သို့ ကြိုတင် ပြောကြားရ သည်ကို နောက်ပိုင်းတွင် ရှင်းလင်းတင်ပြပါမည်။

ဗိုလ်ပိုဗီယာဘူတာရုံသို့ သွားရာခရီးတွင် သူ၏ အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်တော့မည့် အတွက် မစ်တယာသည် ဝမ်းသာကြည်နူးလျက်ရှိသော်လည်း သူ မရှိစဉ်အတွင်း ဂရုရှင်ကာ ဘာများဖြစ်မည်နည်း ဆိုသည့်အတွက်လည်း ပူပန်တုန်ယင်လျက် ရှိတော့သည်။ သူ့ဖခင်ထံသို့ သွားရောက်ရန် သူမက ဆုံးဖြတ်ခဲ့လျှင် ဘယ်လိုလုပ်ရမည်နည်း။ ယင်းအတွက်ပင် သူသည် သူမကို အကြောင်းတစုံတရာ မပြောဘဲ ထွက်ခဲ့ခြင်း ဖြစ်သည်။ တယောက်ယောက်က သူ ဘယ်သွားသနည်း ဟု လာရောက်စုံစမ်းလျှင်လည်း မပြောရန် အိမ်ရှင်မိန်းမကြီးကို မှာကြားထားခဲ့သည်။

“ကနေ့ညနေ ငါ ပြန်ရောက်ရမယ်၊ ရောက်ကိုရောက်ရမယ်”

မြင်းရထားပေါ်တွင် လူးကာလိမ့်ကာ မြောက်ခုန်ကာ ပါသွားရင်း သူ့ဘာသူ ထပ်တလဲလဲ ပြောနေသည်။

“နောက်ပြီးတော့ အရောင်းအဝယ်ကိစ္စ ပြီးပြတ်သွားအောင် အဲဒီ လျာဂဗီဆိုတဲ့ လူကိုလည်း တပါတည်း ခေါ်လာရမယ်”

ရင်တထိတ်ထိတ်ဖြင့် မစ်တယာ ယင်းကဲ့သို့ တွေးသွားသည်။ သို့ရာတွင် သူ၏အိပ်မက်သည် အကောင်အထည် ပေါ်လာမည့် အကြောင်းကံ မရှိပါ။

ပထမဆုံးအချက်ကတော့ သူ နောက်ကျနေသည်။ ဗိုလ်ပိုဗီယာဘူတာရုံမှနေပြီး ဖြတ်လမ်းမှသွားရာ ဆယ်မိုင်လောက်ပဲသွားရမည်ဟု ထင်ထားသော်လည်း တဆယ့်ငါးမိုင် သွားရသည်။ နောက်တဖန် အီလျင်စကိုယီရွာသို့ ရောက်ပြန်သောအခါ သူတွေ့ရမည့် ဘုန်းကြီးက ကျောင်းမှာမရှိဘဲ အနီးအနား က ရွာတရွာမှာ ရောက်နေသည်။ ထိုအခါ မစ်တယာသည် မောပန်းနေပြီဖြစ်သော မြင်းများဖြင့်ပင် ထိုရွာသို့ လိုက်ရပြန်သည်။ ဘုန်းကြီးကို တွေ့သောအခါ မှောင်နေပြီ ဖြစ်သည်။

ကိုယ်လုံးကိုယ်ထည်သေးပြီး သဘောသကာယ ကောင်းမွန်သော ဘုန်းကြီးသည် မစ်တယာကို ချက်ချင်းပင် အခြေအနေမှန်ကို ရှင်းပြသည်။ လျာဂဗီသည် ပထမပိုင်းတွင် သူနှင့်အတူ နေသည် မှန်သော်လည်း ယခုအခါ သူသည် ဆူဟိုင်ပေါ်ဆီလေ့တွင် ရှိနေသည်။ သူသည် ထိုမှ သစ်များကိုလည်း ဝယ်ယူမည်ဖြစ်သည်။ သူသည် ယနေ့ည တောခေါင်း၏တဲတွင် အိပ်မည်ဖြစ်သည်။

မစ်တယာက ထိုအရပ်သို့ သူ့ကို အမြန်ဆုံး ပို့ပေးပါရန်နှင့် ယင်းသို့ ပြုလုပ်ခြင်းသည် သူ့ကို ကယ်တင်ခြင်းပင် ဖြစ်ကြောင်း အပူတပြင်း တောင်းပန်ပြောကြားသည်။ ပထမတွင် ဘုန်းကြီးသည် တုံ့ဆိုင်းနေသော်လည်း နောက်ဆုံးတွင် သူ့ကို လိုက်ပို့ပေးရန် သဘောတူညီသည်။ သူ့ကိစ္စကို ဘုန်းကြီး စိတ်ဝင်စားလာကြောင်း သိသာ ထင်ရှားသည်။

သို့သော် ကံမကောင်း အကြောင်းမသင့်သည့် အချက်တခုကတော့ သူတို့သည် ခြေကျင်လျှောက်ကြ ရမည် ဖြစ်သည်။ တမိုင်ကျော်ကျော်ကလေးသာ ဝေးသည်ဟု ဘုန်းကြီးက ဆိုပါသည်။ မစ်တယာက လျှောက်မည်ဟုဆိုပြီး သူ၏ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်တော့သည်။ ထိုအခါ ကံဆိုးရှာသော ဘုန်းကြီးသည် သူ့ကို မီအောင် နောက်မှ အပြေးကလေး လိုက်ရသည်။ ဘုန်းကြီးသည် အသက်အရွယ် မကြီးလှသေးသော်လည်း စဉ်းစားဆင်ခြင်မှုရှိသူတဦး ဖြစ်သည်။

မစ်တယာသည် သူ၏ စီမံကိန်းကို ဘုန်းကြီးနှင့် ဆွေးနွေးလေတော့သည်၊ အားရပါးရပင် ဖြစ်သည်။ လျာဂဗီနှင့် ပတ်သက်ပြီး ဘုန်းကြီးထံမှ အကြံဉာဏ် တောင်းခံသည်။ ဘုန်းကြီးသည် သူပြောသည် များကို သေသေချာချာ နားထောင်သည်။ သို့သော်လည်း အကြံဉာဏ်မူကား ဘာမျှ မပေးသလောက် ပင် ဖြစ်သည်။ မစ်တယာ၏ မေးခွန်းများကို “ဒါတော့ ကျုပ် မသိဘူး၊ ဒါတော့ ကျုပ် မပြောတတ်ဘူး၊ ကျုပ် ဘယ်လိုပြောတတ်မလဲ” စသည်ဖြင့် ဆင်ဝှေ့ရန်ရှောင် ဖြေကြားပါသည်။

အမွေကိစ္စနှင့် ပတ်သက်ပြီး သူ့ဖခင်နှင့် စကားများသည့်အကြောင်း မစ်တယာ ပြောကြားသောအခါ ဘုန်းကြီးသည် သိသိသာသာကြီးပင် ထိတ်လန့်တုန်လှုပ်သွားဟန် ရှိသည်။ သူက အဘိုးကြီး ကာရာမာဇော့အပေါ်တွင် တနည်းတလမ်းအားဖြင့် မှီခိုအားထားနေရသူ ဖြစ်သည်။

သို့သော် သစ်ကုန်သည် ဂေါ်စကင်ကို မစ်တယာက လျာဂဗီဟု ခေါ်သောအခါ အဘယ်ကြောင့် ဤသို့ ခေါ်ရသနည်းဟု ဘုန်းကြီးက အံ့အားသင့်စွာဖြင့် မေးသည်။ ထို့နောက် ထိုသူ၏ နာမည်အမှန်သည် လျာဂဗီ ဖြစ်သော်လည်း သူ့ကို မည်သူကမျှ ထိုနာမည်ကို မခေါ်ဝေါ်ကြကြောင်း၊ အကယ်၍ ခေါ်ဝေါ်ခဲ့လျှင်လည်း ၎င်းက မကြိုက်ကြောင်း၊ သူ့ကို ဂေါ်စကင်ဟု ခေါ်မှ ကြိုက်ကြောင်းတို့ကို ဘုန်းကြီးက ရှင်းပြသည်။ “သူ့ကို ဂေါ်စကင်လို့ မခေါ်ဘဲ လျာဂဗီလို့ သွားခေါ်ရင် သူနဲ့ ဘာအလုပ်မှ ဖြစ်မှာမဟုတ်ဘူး၊ သူက ခင်ဗျားပြောတဲ့စကားကို နားတောင်ထောင်တော့မှာ မဟုတ်ဘူး” ဟု ဘုန်းကြီးက ပြောသည်။

ဤစကားကို ကြားရသောအခါ မစ်တယာ အံ့အားသင့်သွားပြီး ဆမ်ဆိုနေ့ကိုယ်တိုင်က ၎င်းကို ထိုနာမည်အတိုင်း ခေါ်ဝေါ်ကြောင်း ရှင်းပြသည်။ ထိုအခါ ဘုန်းကြီးသည် ထိုအကြောင်းကို ဆက်မပြောတော့ဘဲ စကားကို လွှဲလိုက်သည်။ သူ့စိတ်ထဲတွင် ရှိနေသော သံသယကို ဒီမီထရီအား ရှင်းပြပြီးသွားဟန်ဖြင့် ဖြစ်သည်။ အဓိပ္ပာယ်မှာ ဆမ်ဆိုနေ့က ဒီမီထရီကို သစ်ကုန်သည်ထံသို့ လျာဂဗီဟု ခေါ်ဝေါ်သုံးစွဲပြီး လွှတ်လိုက်ခြင်းသည် သက်သက် နောက်ပြောင်လိုက်ခြင်းပင် ဖြစ်ပေမည်။ သို့သော် မစ်တယာတွင် ထိုသို့သော 'အသေးအဖွဲ့ကလေးတွေ' အကြောင်း စဉ်းစားနေရန် အချိန်မရှိပါ။

သူသည် ခြေလှမ်းကျဲကြီးများဖြင့် သုတ်ခြေတင်လျက် ရှိသည်။ ဆူဟိုင်ပေါ်ဆီလေ့သို့ ရောက်ရှိသော အခါ သူတို့သည် တမိုင်လည်း မဟုတ်၊ တမိုင်ခွဲလည်း မဟုတ်၊ သုံးမိုင်တိတိ လျှောက်ခဲ့ကြ ရကြောင်းကို မစ်တယာ သတိပြုမိရသည်။ သည်အတွက် သူ့စိတ်ထဲတွင် ကသိကအောက် ဖြစ်သွားရသော်လည်း ခေါင်းထဲမှ ဖယ်ထုတ်ပစ်လိုက်သည်။

တဲအတွင်းသို့ သူတို့ ဝင်ရောက်သွားကြသည်။ တောခေါင်းသည် တဲတခြမ်းတွင် နေထိုင်ပြီး ဂေါ်စကင်က ပို၍ ကောင်းမွန်သော တဲတခြမ်းတွင် နေထိုင်သည်။ သူတို့သည် ဂေါ်စကင်၏ အခန်းတွင်းသို့ ဝင်ရောက်သွားကြပြီး သိုးဆီခဲဖယောင်းတိုင်ကို ထွန်းလိုက်ကြသည်။ အခန်းမှာ အထူးပင် ပူလောင်လျက်ရှိသည်။ စားပွဲပေါ်တွင် ရေနွေးအိုး တည်ထားသော မီးဖိုရှိသည်။ သို့သော် မီးငြိမ်းနေပြီ ဖြစ်သည်။ ထို့အပြင် ပန်းကန်လုံးတွေ ထည့်ထားသော လင်ပန်းတချပ်၊ ရမ်ပုလင်း အလွတ် တလုံး၊ အရက်အနည်းငယ်သာ ကျန်တော့သော ဗော့ဒကာ ပုလင်းတလုံးနှင့် ပေါင်မုန့် သုံးလေးချပ်တို့ ရှိသည်။ ဂေါ်စကင်မှာကား ခုံရှည်ကြီးပေါ်တွင် သူ၏ ကုတ်အင်္ကျီကို ခေါင်းအုံးပြီး အိပ်မောကျလျက် ရှိချေသည်။ မစ်တယာသည် အိပ်မောကျနေသူအနီးတွင် ရပ်ကာ ကြည့်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ကျွန်တော်တို့ သူ့ကို နှိုးရမှာပဲ၊ ကျွန်တော့် အလုပ်ကိစ္စက သိပ်အရေးကြီးတယ်၊ ကျွန်တော် ဒီကို အချိန်လုပြီး လာခဲ့ရတယ်၊ ကျွန်တော် ကနေ့ပဲ အချိန်လုပြီး ချက်ချင်းပြန်ရမယ်"

မစ်တယာ အရေးတကြီး ပြောလိုက်သည်။ သို့သော် ဘုန်းကြီးနှင့် တောခေါင်းတို့ နှုတ်ဆိတ်နေကြ သည်။ သူတို့၏ သဘောထားကို ဘာမျှ မပြောဘဲ ရှိကြသည်။

"သူ မူးနေတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ၊ အို ဘုရားသခင် .. ကျွန်တော် ဘာလုပ်ရမလဲ"

ရုတ်ခြည်းဆိုသလိုပင် သူသည် သည်းမခံနိုင်တော့ဟန်ဖြင့် အိပ်နေသူ၏ လက်များနှင့် ခြေထောက် များကို ဆွဲသည်။ ခေါင်းကို လှုပ်ယမ်းသည်။ ဆွဲထူပြီး ခုံတန်းပေါ်မှာ ထိုင်စေသည်။ သို့သော် ယင်းကဲ့သို့ အကြာကြီးလုပ်နေသည့်တိုင် အမူးသမားသည် နိုးမလာဘဲ စိတ်ပျက်ဖွယ်ရာ ညည်းတွားသံများနှင့် မသဲမကွဲ ကျိန်ဆဲသံများကိုသာ ကြားရသည်။

"ခဏကလေး စောင့်လိုက်ရင် ကောင်းမယ်၊ သူ့အခြေအနေ မကောင်းဘူး" နောက်ဆုံးတွင် ဘုန်းကြီးက ပြောလိုက်သည်။

"သူ တနေ့လုံး သောက်နေတာပဲ" တောခေါင်းက ဝင်ပြောသည်။ "ဘုရားသခင်၊ ဒီကိစ္စဟာ ကျွန်တော့်အတွက် ဘယ်လောက် အရေးကြီးပြီး ကျွန်တော့်အခြေအနေ ဘယ်လောက် ဆိုးရွားနေ တယ် ဆိုတာ ခင်ဗျားတို့ မသိဘူး"

မစ်တယာ ဟစ်အော်လိုက်သည်။

"ခင်ဗျားအနေနဲ့ မနက်မိုးလင်းတဲ့အထိ စောင့်ရမှာပဲ"

ဘုန်းကြီးက ထပ်ပြီး ပြောလိုက်သည်။

"မနက်မိုးလင်းတဲ့အထိ ဟုတ်လား၊ အဲဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

သူ့အခြေအနေ အင်မတန် ဆိုးရွားလျက်ရှိသဖြင့် အရက်မူးနေသူကို နောက်တကြိမ် ထပ်နှိုးမည့်ဟန် ရှိသော်လည်း ချက်ချင်းပင် ရပ်တန့်လိုက်သည်။ သူ၏ ကြိုးပမ်းမှု ဘယ်လိုမှ အရာမထင်နိုင်သည်ကို သိရှိသောကြောင့် ဖြစ်သည်။

ဘုန်းကြီး နှုတ်ဆိတ်နေသည်။ အိပ်ချင်မူးတူး ရှိနေသော တောခေါင်းကတော့ မှိုင်တွေနေသည်။

"လူတွေအဖို့ တကယ့်ဘဝကြီးဟာ တကယ် ဆိုးရွားပါကလား"

မစ်တယာ စိတ်ပျက်အားလျော့စွာဖြင့် ရွတ်ဆိုလိုက်သည်။ သူ့မျက်နှာတွင် ချွေးတွေ ပြန်နေသည်။ သူ့အနေနှင့် အိပ်ပျော်နေသူကို နှိုးနိုင်သည့်တိုင်အောင် ၎င်းသည် အရက်မူးနေသဖြင့် စကားပြောနိုင် သည့် အခြေအနေတွင် မရှိကြောင်းကို ဘုန်းကြီးက ရှင်းပြသည်။

"ခင်ဗျားရဲ့လုပ်ငန်းကိစ္စက သိပ်ပြီး အရေးကြီးတယ် မဟုတ်လား၊ အဲဒီတော့ မနက် မိုးလင်းတဲ့အထိ စောင့်လိုက်တာဟာ အကောင်းဆုံးပဲ"

ဘုန်းကြီးက ဆက်ပြီး ပြောလိုက်သည်။ မစ်တယာသည် စိတ်ပျက်သွားသည့် အမူအရာဖြင့် လက်နှစ်ဖက်ကို ဖြန့်ပြလိုက်ပြီး ဘုန်းကြီး၏

စကားကို သဘောတူလိုက်ရသည်။

"ကျွန်တော် ဒီမှာ မီးထွန်းပြီး စောင့်နေမယ်၊ ကျွန်တော့်အနေနဲ့ အချိန် တမိနစ်မှ အဆုံးရှုံးမခံနိုင်ဘူး၊ သူနိုးတာနဲ့ တပြိုင်နက် သူနဲ့ ကျွန်တော် စကားပြောရမယ် ... ခင်ဗျားကို ဖယောင်းတိုင်ဖိုး ကျွန်တော်ပေးမယ်၊ (တောခေါင်းကို သူ ပြောသည်) နောက်ပြီးတော့ ဒီည တည်းခိုခရော့ပေါ့။ ဒီမီထရီ ကာရာမာဇော့ကို ခင်ဗျား အမှတ်ရနေစေရမယ်" ထို့နောက် ဘုန်းကြီးဘက်သို့ လှည့်လိုက်ပြန်ပြီး "ဘုန်းကြီးအတွက် ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ၊ ဘုန်းကြီး ဘယ်မှာအိပ်မလဲ"

"ကျုပ် မအိပ်ဘူး၊ ကျုပ် ပြန်မယ်၊ သူ့မြင်းကို ကျုပ် ယူသွားမယ်" တောခေါင်းကို လက်ညှိုးထိုးပြီး ပြောသည်။ "မြင်းစီးပြီး ပြန်သွားမယ်၊ ကဲ၊ ဒီလိုဆိုရင် ကျုပ် သွားမယ်၊ ခင်ဗျားကိစ္စ အဆင်ပြေ ပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

ယင်းသို့ဖြင့် ပြေလည်သွားသည်။ တောခေါင်း၏ မြင်းကိုစီးပြီး ဘုန်းကြီး ပြန်သွားသည်။ သူ့အနေနှင့် အေးအေးဆေးဆေး ပြန်သွားရသဖြင့် ဝမ်းသာသွားပုံရသည်။ သို့သော် ဤကိစ္စကို သူ၏ ကျေးဇူးရှင် ကာရာမာဇော့ထံ အကြောင်းကြားရလျှင် ကောင်းမလား မကောင်းဘူးလား စဉ်းစားရင်း ခေါင်းခါသည်။ အကယ်၍ ဤကိစ္စကို ကာရာမာဇော့ သူ့ဘာသူ သိသွားခဲ့လျှင် ဒေါသဖြစ်ပြီး ပေးထားသော အခွင့်အရေးတွေကို ပြန်လည်ရုပ်သိမ်းပေလိမ့်မည်။ တောခေါင်းလည်း ခေါင်းကုပ်ပြီး သူ့အခန်းတွင်းသို့ ပြန်လည်ဝင်ရောက်သွားသည်။

မစ်တယာလည်း အချိန်ဖြုန်းမနေတော့ဘဲ ခုံတန်းရှည်ပေါ်တွင် ထိုင်လိုက်သည်။ မြူနှင်းတွေ အုံ့ဆိုင်းနေသည့်အလား သူသည် အထူးပင် စိတ်ဓာတ်ကျဆင်းလျက် ရှိတော့သည်။

ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ပင် စိတ်ဓာတ်ကျဆင်းနေခြင်း ဖြစ်သည်။ သူ ထိုင်ပြီး စဉ်းစားနေသည်၊ သို့သော် မည်သည့်အဖြေမျှ မရရှိပါ။

ဖယောင်းတိုင် ခပ်မှိန်မှိန်ကလေး လင်းနေသည်။ ပုရစ်တကောင် အော်နေသည်။ အခန်းသည် ပူလောင်လွန်းလှသဖြင့် အသက်ရှူမွန်းကျပ်နေသည်။ ရုတ်တရက်ဆိုသလို သူ၏ စိတ်အာရုံတွင် ခြံဝင်းတခု ပေါ်လာသည်။ ခြံဝင်း၏နောက်မှ လမ်းကလေးကို မြင်ရသည်။ သူ့ဖခင်၏ နောက်ဖေး တံခါး ထူးဆန်းစွာ ပွင့်နေသည်။ ဂရုရှင်ကာ တံခါးပေါက်မှ နေပြီး ပြေးဝင်သွားသည်။ ထိုင်နေရာမှ သူ ခုန်ပြီးထလိုက်သည်။

"အတော်ဆိုးတာပဲ"

အံသွားကိုကြိတ်ပြီး သူ ရွတ်ဆိုလိုက်သည်။ ထို့နောက် အလိုအလျောက် ဆိုသလိုပင် အိပ်ပျော်နေသူ ထံသို့ သူ လျှောက်သွားသည်။ ထိုသူ၏မျက်နှာကို သူ စိုက်ကြည့်နေသည်။ ၎င်းသည် သေးသေးသွယ်သွယ် လူလတ်ပိုင်းအရွယ် တောင်သူလယ်သမားတယောက် ဖြစ်သည်။ မျက်နှာ သွယ်ပြီး ဆံပင်တွေ တွန့်လိမ်သည်။ နီကြင်ရှည်လျားသော မုတ်ဆိတ်မွေးများ ရှိသည်။ ၎င်းသည် ချည်အင်္ကျီကို ဝတ်ဆင်ထားပြီး အပေါ်မှ ခါးတိုအင်္ကျီအနက်ကို ထပ်ဝတ်ထားသည်။ ထိုအင်္ကျီအိတ် အတွင်းမှ ခါးပိုက်ဆောင် ငွေနာရီကြီးတလုံး ထွက်ပေါ်နေသည်။

မစ်တယာသည် ၎င်း၏ မျက်နှာကို မုန်းတီးစွာဖြင့် ကြည့်နေသည်။ အထူးသဖြင့် သူ၏ တွန့်လိမ်နေ သော ဆံပင်များကို ပိုပြီး မုန်းတီးမိသည်။ သည်းမခံနိုင်လောက်အောင် နာကြည်းစရာကောင်းသည့် အချက်ကတော့ မစ်တယာအနေနှင့် သည်မျှအရေးကြီးသော ကိစ္စများကို ထားခဲ့ပြီး သည်မျှစွန့်စားကာ လာရောက်ခဲ့ရသော်လည်း ယခုအခါတွင် သူသည် ပင်ပန်းနွမ်းနယ်စွာဖြင့် သူကောင်းသား အနီးတွင် မတ်တတ်ရပ်နေရသည်။ သူ၏ကံကြမ္မာတခုလုံးသည် သူ့အပေါ်တွင် အရေးတကြီး တည်ရှိနေသော်လည်း ဘသားချောကတော့ သူနှင့် ဘာမျှမဆိုင်သလို အခြားကမ္ဘာမှ ရောက်လာသူ တဦးလို တခေါခေါနှင့် အိပ်မောကျလျက် ရှိတော့သည်။

"တောက် ... ငါ့ကံကြမ္မာနှယ် ဆိုးလိုက်တာ"

မစ်တယာ ရွတ်ဆိုလိုက်သည်။ ထို့နောက် သူသည် စိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့သဖြင့် အမူးသမား တောသားကို နှိုးနေပြန်တော့သည်။ သူက ၎င်းကို ခပ်ကြမ်းကြမ်းပင် နှိုးသည်၊ ဆွဲသည်၊ တွန်းသည်၊ ထုထောင်းသည်။ သို့သော် ငါးမိနစ်ကြာသောအခါ ဘာအကျိုးကျေးဇူးမျှ မရသဖြင့် မစ်တယာသည် သူ၏ ထိုင်ခုံတွင် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထိုင်သည်။

"ငါ မိုက်တာပဲ၊ ငါ မိုက်တာပဲ၊ ဘယ်လောက် သိက္ခာကျရသလဲ"

မစ်တယာ ဟစ်အော်သည်။ သူ၏ ဦးခေါင်းသည် အထူးပင် နာကျင်ကိုက်ခဲလျက် ရှိတော့သည်။

"ဒီကိစ္စကို ငါ လက်လျှော့ပြီး ပြန်သွားရရင်ကောင်းမလား"

သူ့ခေါင်းထဲတွင် ယင်းကဲ့သို့ အတွေးဝင်လာသည်။

"အို... မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ မနက်အထိတော့ ငါ စောင့်ရမယ်၊ ဟုတ်တယ်၊ တမင်တကာကို နေရမယ်၊ တမင်တကာကို ငါ နေရမယ်၊ ဒီလိုမှ မနေရင် ငါ ဒီကို လာတာ ဘာအဓိပ္ပာယ်ရှိမလဲ၊ နောက်ပြီးတော့ ငါ ပြန်လို့လည်း မဖြစ်ဘူး၊

ငါ့မှာ ပိုက်ဆံ မရှိဘူး၊ ငါ ဒီကနေ ဘယ်လိုလုပ်ပြီးသွားမလဲ၊ တောက် ... အတော်တုံးတာပဲ”

သူ၏ခေါင်းသည် ပိုပြီး ကိုက်သည်ထက် ကိုက်လာသည်။ သူသည် မလှုပ်မယှက်ကြီးပင် ထိုင်နေသည်။ ထို့နောက် သူ့ဘာသူ မသိဘဲ မှေးငိုက်ကာ အိပ်ပျော်သွားသည်။ သူသည် နှစ်နာရီ နှစ်နာရီကျော်ကျော်မျှ အိပ်ပျော်သွားဟန် ရှိသည်။ မည်သို့မျှ သည်းမခံနိုင်လောက်အောင် ခေါင်းကိုက်ခဲမှုကြောင့် သူ နိုးလာသည်။ ခေါင်းကိုက်သည်ကို သည်းမခံနိုင်၍ အော်ဟစ်မိတော့ မတတ်ပင် ဖြစ်သည်။ နားထင်တွေ ပေါက်ထွက်မလား အောက်မေ့ရသည်။ ငယ်ထိပ် နာလာသည်။ သူသည် အိပ်ရာမှ နိုးလာပြီး တော်တော်ကြီးကြာသည်အထိပင် သူ့ဘာသူ ဘာဖြစ်နေမှန်း မသိဘဲ ဖြစ်နေသည်။

အတော်ကြီးကြာမှပင် သူ သဘောပေါက်လာသည်။ အခန်းထဲတွင် မီးဖိုမှ မီးခိုးတွေ မွှန်နေသည်။ အသက်ရှူကျပ်ပြီး သူ သေသွားနိုင်သည်။ အရက်မူးသမားသည် ယခုအထိ ဟောက်နေဆဲပင် ရှိသည်။ ဖယောင်းတိုင်သည် အရည်ပျော်ကျနေပြီး ငြိမ်းတော့မည် ဖြစ်သည်။

မစ်တယာ ဟစ်အော်ကာ အပြင်ဘက်စင်္ကြံသို့ ဒယီးဒယိုင် ပြေးထွက်ကာ တောခေါင်း၏ အခန်းထဲသို့ ဝင်ရောက်သွားသည်။ တောခေါင်းသည် ချက်ချင်းပင် နိုးလာသည်။ သို့သော် တဖက်ခန်းတွင် မီးခိုးတွေ မွှန်နေသည့်အကြောင်းကို ကြားရသောအခါ ဘာမျှ မထူးခြားသလိုရှိသဖြင့် မစ်တယာ အံ့အားသင့်ရသည်၊ ဒေါသဖြစ်ရသည်။

“သူ သေသွားလိမ့်မယ်၊ သူ သေသွားလိမ့်မယ် ... သူ သေသွားရင် ကျုပ် ဘာလုပ်ရမလဲ”

မစ်တယာ အရူးအမူး ဟစ်အော်လိုက်သည်။ သူတို့သည် တံခါးတွေကို ဖွင့်ကြသည်၊ ပြတင်းပေါက် တွေကို ဖွင့်ကြသည်၊ မီးခိုးခေါင်းတိုင်ကို ဖွင့်ကြသည်။ မစ်တယာသည် စင်္ကြံလမ်းမှ ရေတပုံး ယူလာပြီး ပထမ သူ့ခေါင်းကို ဆွတ်သည်။ ထို့နောက် အဝတ်စုတ်တခု ရှာဖွေပြီး ရေဆွတ်ကာ လျာဂဗီ၏ ခေါင်းပေါ်တွင် တင်ပေးသည်။ တောခေါင်းသည် ထိုအလုပ်များကို မလုပ်ချင် လုပ်ချင်နှင့် လုပ်ကိုင်သည်။ ပြတင်းပေါက်ကို ဖွင့်ပြီးသောအခါ သူက သုန်သုန်မှုန်မှုန်ဖြင့် ပြောသည်။

“အခုပဲ ကောင်းသွားမှာပါ”

ထို့နောက် သူသည် မစ်တယာအတွက် မှန်အိမ်တလုံးထားခဲ့ပြီး သူ့အခန်းသို့ အိပ်ရန် ပြန်သွားသည်။ မစ်တယာသည် အမူးသမားအတွက် နာရီဝက်ခန့်

အလုပ်ရှုပ်နေရသည်။ ရေစိုအဝတ်ကို လဲပြီး တင်ပေးနေရသည်။ သည်ညအဖို့ ထပ်မအိပ်ရန် အလေးအနက် ဆုံးဖြတ်သည်။ သို့သော် သူသည် အပင်ပန်းကြီး ပင်ပန်းလျက်ရှိသဖြင့် ခေတ္တမျှထိုင်ပြီး အမောဖြေရာ ချက်ချင်းဆိုသလိုပင် သူ၏ မျက်လုံးများ မှေးမှိတ်သွားကြသည်။ ထို့နောက် သူ့ဟာသူ သတိမပြုမိဘဲ ခုံတန်းပေါ်တွင် လှဲဆန့်ကာ တုံးနင်းသရော အိပ်ပျော်သွားလေတော့သည်။

အရမ်းကာရောကြီးကို နေမြင့်နေမှ သူ နိုးသည်။ ကိုးနာရီ ထိုးနေပြီဖြစ်သည်။ ပြတင်းပေါက် ကလေးနှစ်ခုမှနေ၍ နေရောင်ခြည် လင်းလင်းထင်းထင်းကြီး ကျရောက်နေသည်။ ဆံပင် ကောက်ကောက်နှင့် တောသားသည် သူ၏ ကုတ်အင်္ကျီကိုဝတ်ပြီး ခုံရှည်ပေါ်တွင် ထိုင်လျက်ရှိသည်။ သူ့ရှေ့တွင် ရေနွေးအိုးအသစ်တလုံးနှင့် ဇော့ဒကာပုလင်း အသစ်တလုံးတို့ ရှိနေသည်။ သူသည် ယမန်နေ့က လက်ကျန်ပုလင်းကို အပြတ်ရှင်းပြီး ပုလင်းသစ်ကိုပင် တဝက်ကျော်ကျော် ဖြိုပြီးနေပြီ ဖြစ်သည်။

မစ်တယာ ရုတ်တရက် ခုန်ထလိုက်သည်။ သူကောင်းသား မူးနေပြန်ပြီဖြစ်ကြောင်း သတိပြုမိလိုက် သည်။ အသေအချာကြီးပင် အတော်ကြီးကို မူးနေပြီ ဖြစ်သည်။ သည်ကိစ္စကို မည်သို့မျှ လုပ်၍ မရနိုင်တော့ပါ။ မစ်တယာသည် မျက်လုံးများပြူးပြီး သူ့ကို အတန်ကြာမျှ ကြည့်နေမိသည်။ တောသားကလည်း စဉ်းလဲစွာနှင့် တိတ်ဆိတ်စွာပင် ပြန်ကြည့်လျက်ရှိသည်။ မထီမဲ့မြင်သည့် အမူအရာမျိုးနှင့် ဖြစ်သည်။ ရန်လိုသည့်သဘောမျိုးပင် ရှိသည်ဟု မစ်တယာ တွေးထင်မိသည်။ ၎င်းထံသို့ မစ်တယာ ပြေးသွားပြီး ...

"ဒီမှာ ... ဟိုဒင်း .. ကျွန်တော် .. အဲ .. တောခေါင်းဆီက ခင်ဗျား ကြားပြီးပြီလို့ ထင်တယ် ... ကျွန်တော် .... ကျွန်တော်က ဗိုလ် ဒီမီထရီ ကာရာမာဇော့ပါ ... သူ့ဆီက သစ်တောကို ခင်ဗျား ဝယ်ဖို့ လုပ်နေတဲ့ အဘိုးကြီး ကာရာမာဇော့ရဲ့သားပါ"

"အဲဒါ ညာတာပဲ"

တောသားက ရုတ်တရက်ဆိုသလို တည်ငြိမ်စွာနှင့် လေးနက်စွာ ပြောလိုက်သည်။

"ညာတယ် ဟုတ်လား၊ ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ မစ္စတာ ကာရာမာဇော့ကို ခင်ဗျား မသိဘူးလား"

"ဘယ် ကာရာမာဇော့မှ ငါ မသိဘူး"

တောသားကြီးက လေသံမသဲမကွဲဖြင့် ပြန်ပြောသည်။

“မဟုတ်တာဘဲ၊ သစ်တောကိစ္စ သူနဲ့ ခင်ဗျား စျေးစကားပြောနေတယ် မဟုတ်လား၊ ဒီမှာ သတိထားစမ်းပါ၊ အီလျင်စကိုယီက ဖားသားပေဗယ်က ကျွန်တော့်ကို ဒီကို ခေါ်လာတာပဲ၊ ဆမ်ဆိုနော့ဆီကို ခင်ဗျား စာရေးလိုက်လိုတယ်၊ အဲဒါကြောင့် သူက ကျွန်တော့်ကို လွှတ်လိုက်တာပဲ”

မစ်တယာ အသက်ရှူမမှန်ဘဲ ပြောသည်။

“မင်း ညာနေတာပဲ”

လျာဂဗီက တလုံးချင်း ထပ်ပြီးပြောလိုက်ပြန်သည်။ မစ်တယာ၏ ခြေထောက်များ အေးစက်သွား သည်။

“အို ကျွန်တော် နောက်နေတာ မဟုတ်ပါဘူး၊ ခင်ဗျား နည်းနည်းမူးနေလို့ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျား စကားပြောနိုင်တယ်၊ နားလည်တယ် … ဒါမှမဟုတ် … ကျွန်တော် ဘယ်လိုမှ နားမလည်နိုင် တော့ဘူး”

“မင်းက ဆေးသုတ်သမားပဲ”

“အို ကျွန်တော် ကာရာမာဇော့ပဲ၊ ဒီမီထရီကာရာမာဇော့၊ ခင်ဗျားကို ကျွန်တော် ပြောစရာ အကြောင်းတခုရှိတယ်၊ အကျိုးကျေးဇူးရှိမယ့် အကြောင်း၊ တကယ့်ကို အကျိုးရှိမယ့် အကြောင်းပဲ၊ သစ်တောကိစ္စပဲ”

တောသားသည် သူ၏မုတ်ဆိတ်မွေးများကို အလေးအနက် ပွတ်သပ်လျက်ရှိသည်။

“မဟုတ်ဘူး၊ မင်းဟာ အလုပ်အကြောင်း ပြောနေပေမယ့် လူညာတယောက်ပဲ၊ မင်းဟာ လူလိမ်လူညာ တယောက်ပဲ”

“ခင်ဗျား မှားနေပြီ”

မစ်တယာက သူ့လက်နှစ်ဖက်ကို စိတ်ပျက်စွာ ဆုပ်လိမ်နေရင်း ဟစ်အော်လိုက်သည်။ တောသားသည် သူ၏မုတ်ဆိတ်များကို ပွတ်သပ်နေရာမှ မစ်တယာကို စဉ်းလဲစွာ ကြည့်လိုက်သည်။

“မဟုတ်ဘူး၊ မင်းပြောနေတာက လိမ်တဲ့ညာတဲ့အကြောင်းပဲ၊ ကြားလား … မင်းဟာ လူလိမ် တယောက်ပဲ၊ နားလည်လား”

သူ့ခေါင်းကို တစုံတခုဖြင့် အရိုက်ခံရသည့်ပမာ မစ်တယာ နောက်သို့ ရုတ်တရက် ဆုတ်လိုက်သည်။ သူက နောက်ပိုင်းတွင် ဤအတိုင်း ပြန်လည်ပြောဆိုသည်။ ထို တခဏအတွင်းမှာပင် သူ့ခေါင်းထဲသို့ အသိဉာဏ်တခု

ဝင်လာသည်။

"အလင်းရောင်တခု ပြိုးပြက်သွားပြီး အားလုံးကို ကျွန်တော် မြင်လိုက်ရတယ်"

သူ ကြက်သေသေပြီး ရပ်နေမိသည်။ သူ့ကို ပညာတတ်တယောက်အနေနှင့် ဤမျှ မိုက်မဲမိသည်ကို သူ အံ့သြနေမိသည်။ ဘယ်လိုလုပ်ပြီး ဘာမျှ အဓိပ္ပာယ်မရှိသည့် စွန့်စားခန်းကြီးတွင် တနေ့နှင့် တညလုံး အချိန်တွေ ကုန်ဆုံးသွားရသနည်း၊ လျှာဂဗီနှင့် အချိန်တွေ ဖြုန်းပစ်နေရသနည်း၊ သူကောင်းသားကို ရေအေးပတ် တင်ပေးနေရသနည်း။

"ဒီလူ မူးနေတယ် ... အသေကောင်ကြီးလို မူးနေတယ်၊ မင်းဟာ နောက်တပတ်လောက် ဆက်ပြီး မူးနေဦးမှာပဲ ... ငါ ဒီမှာ ဘာအတွက် စောင့်နေရမှာလဲ၊ ဆမ်ဆိုနော့က ငါ့ကို တမင်သက်သက် ဒီကို လွှတ်လိုက်တာဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ တကယ်လို့ အမျိုးသမီးဟာ ... အို ဘုရားသခင် ငါ ဘာတွေလုပ်နေတာလဲ"

တောသားက သူ့ကိုကြည့်ပြီး ပြုံးနေသည်။ တခြားအချိန်မျိုးဆိုလျှင် မစ်တယာသည် ဒေါသအိုး ပေါက်ကွဲပြီး သူ့ကို သတ်မိပေလိမ့်မည်။ သို့သော် ယခုအချိန်တွင် သူသည် ကလေးတယောက်လို ခွန်အားနည်းပါးလျက် ရှိသည်။

ခုံတန်းဆီသို့ သူ ညင်သာစွာ လျှောက်သွားသည်။ ကုတ်အင်္ကျီကို ကောက်ယူပြီး တိတ်ဆိတ်စွာ ဝတ်ဆင်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခဲ့သည်။ တဖက်ခန်းတွင် တောခေါင်းကို မတွေ့ရပါ။ အခြား မည်သူမျှလည်း မရှိပါ။ သူသည် အင်္ကျီအိတ်ထဲမှ အကြွေ ကိုပက် ငါးဆယ်ကို နှိုက်ယူပြီး တည်းခိုခနှင့် ဖယောင်းတိုင်ဖိုးအဖြစ် စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ယခုကဲ့သို့ ဒုက္ခပေးမိသည့် အတွက်လည်း ဖြစ်သည်။

တဲအပြင်ဘက်သို့ ရောက်ရှိသောအခါ ပတ်ပတ်လည်တွင် ဝိုင်းရံနေသော တောအုပ်ကြီးမှတပါး ဘာမျှ မတွေ့မြင်ရပါ။ သူသည် လက်ဝဲဘက်ကို သွားရမလား၊ လက်ယာဘက်ကို သွားရမလား မသိဘဲနှင့် စမ်းတဝါးဝါး လျှောက်သွားနေမိသည်။ ယမန်နေ့ညက သူသည် ဘုန်းကြီးနှင့်အတူ တက်သုတ်ရိုက်ပြီး လာခဲ့ရသဖြင့် လမ်းကို မမှတ်မိပါ။ သူ့ရင်ထဲတွင် မည်သို့ကိုမျှ အပြစ်မတင်မိပါ၊ ဆမ်ဆိုနော့ကိုပင် အပြစ်မတင်မိပါ။

သူသည် ကျဉ်းမြောင်းသော တောလမ်းကလေးအတိုင်း ဦးတည်ရာမရှိ လျှောက်သွားနေမိတော့ သည်။ သူသည် စိတ်ရော ကိုယ်ရော နွမ်းနယ်နေသဖြင့် ကလေးတယောက်ကပင် သူ့ကို တိုက်လှဲသွားနိုင်သည်။ သို့သော် သူသည်

ဟိုလိုသည်လိုနှင့်ပင် တောအုပ်အတွင်းမှ ထွက်သွားသည်။ ကောက်ရိတ်သိမ်းပြီး ဖြစ်သော လယ်ကွင်းပြင်များကို မျက်စိတဆုံး တွေ့မြင်ရသည်။

"စိတ်ပျက်စရာကြီးပဲ၊ အားလုံး တစပြင်ကြီးပဲ"

တတွတ်တွတ် ရွတ်ဆိုရင်း သူ လျှောက်သွားနေသည်။ အငှား မြင်းရထားတစီးဖြင့် တောလမ်းကြမ်း အတိုင်း သွားလျက်ရှိသော အဘိုးကြီးတယောက်က သူ့ကို ကယ်တင်သည်။ သူ့အနီးသို့ မြင်းရထား ရောက်ရှိလာသောအခါ မစ်တယာက တားပြီး လှမ်းမေးသည်။ ထိုအခါ ထိုအဘိုးကြီးသည်လည်း ဗိုလိုဗီယာသို့ သွားမည်ဖြစ်ကြောင်း သိရသည်။ သူတို့နှစ်ယောက် စကားအနည်းငယ် ပြောပြီးနောက် ကုန်သည်ကြီးက မစ်တယာကို ဘူတာရုံသို့ သူ့မြင်းရထားဖြင့် ခေါ်ဆောင်သွားရန် သဘောတူညီ သည်။

နောက် သုံးနာရီ ကြာသောအခါ ဗိုလိုဗီယာသို့ သူတို့ ရောက်ရှိသွားကြသည်။ ဘူတာရုံသို ရောက်ရောက်ချင်းပင် သူသည် မြို့သို့ ပြန်ရန် ချောပို့ မြင်းရထားတစီးကို ငှားရမ်းသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့အနေနှင့် အလွန် ဆာလောင်နေကြောင်းကို မစ်တယာ သတိပြုမိသည်။ မြင်းများကို တပ်ဆင်နေစဉ်အတွင်း ကြက်ဥမွှေကြော်တပွဲ မှာသည်။ သူသည် ကြက်ဥကြော်ကို တခဏချင်းမှာပင် ကုန်အောင် စားပစ်လိုက်သည်။ ပေါင်မုန့်ကြီးကြီး တခုကိုလည်း စားပစ်လိုက် သည်။ ဝက်အူချောင်း တချောင်းလည်း ကုန်သွားသည်။ ထို့နောက် ဖော့ဒကာ သုံးခွက်ကိုလည်း သောက်ပစ်လိုက်သည်။ သည်အခါတွင်မှ သူသည် လန်းဆန်းတက်ကြွ ပေါ့ပါးသွက်လက်လာတော့ သည်။

သူသည် မြင်းရထားမောင်းသမားကို ဒုန်းရိုက်ပြီး သွားစေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို သည်ကနေ့ညနေ မတိုင်မီမှာပင် 'အနီဝိုက်ဆံ' ကို ရရှိစေရန် 'မပြောင်းလဲနိုင်သော' စီမံချက် အသစ်တခုကို ချမှတ်သည်။

"ဘာမဟုတ်တဲ့ ငွေကလေး သုံးထောင်အတွက် လူတယောက်ရဲ့ဘဝ ပျက်စီးရမလား၊ စဉ်းစားကြည့် စမ်းပါ၊ သေသေချာချာ စဉ်းစားကြည့်စမ်းပါ" မထိတရီ သူ ရွတ်ဆိုလိုက်သည်။ "ဒီကိစ္စကို ငါ ကနေ့ ဖြေရှင်းမယ်"

ဂရုရှင်ကာအကြောင်း စဉ်းစားပြီး သူမ ဘာများဖြစ်နေပြီလဲ ဟူသော အတွေးကသာ သူ့ကို အချိန်မလပ် ဖိစီးမနေခဲ့လျှင် သူသည် ကောင်းကောင်းကြီးပင် ကြည်လင် ရွှင်ပျလျက် ရှိပါမည်။ ဂရုရှင်ကာနှင့် ပတ်သက်သော အတွေးက သူ၏အသည်းကို အချိန်မရွေး ဆိုသလိုပင် ဓားထက်ထက်နှင့် မွှန်းနေသကဲ့သို့ ရှိတော့သည်။

နောက်ဆုံးတွင် မြို့သို့ သူတို့ ရောက်ရှိသွားကြသည်။ မစ်တယာသည်

ဂရုရှင်ကာကို တွေ့ဆုံရန် ချက်ချင်းပင် အပြေးအလွှား သွားရောက်ချေတော့သည်။

၃။ ရွှေတွင်းများ

ဂရုရှင်ကာက မစ်တယာ လာရောက်သည့်အကြောင်း ရာကီတင်ကို ထိတ်လန့်တုန်လှုပ်စွာ ပြောဆိုခဲ့ သည်မှာ ယခု သွားရောက်သည့်အကြောင်းပင် ဖြစ်သည်။

မိတ်မှ ထိုအချိန်က သူမသည် 'စေတမန်' လာရောက်မည်ကို စောင့်ဆိုင်းနေသည့်အချိန် ဖြစ်သည်။ ယမန်နေ့ကရော ယနေ့ရော မစ်တယာ မလာရောက်သည့်အတွက် သူမက ဝမ်းသာနေသည်။ သူမ မသွားမချင်း သူ မလာပါစေနှင့်ဟု ဘုရားသခင်ထံတွင် ဆုတောင်းနေခဲ့သည်။ ထိုအချိန်မှာပင် သူ ရုတ်ခြည်း ရောက်ရှိလာခြင်း ဖြစ်သည်။

ကျန်သည့်အပိုင်းကို ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည်။ သူ့ကို ပ ထုတ်သည့်အနေဖြင့် သူမကို ဆမ်ဆိုနော့ အိမ်သို့ လိုက်ပို့ရန် သူ့အား ပြောကြားရသည်။ အဘိုးကြီး၏ ငွေစာရင်းများကို ပြုလုပ်ပေးရန်ရှိသဖြင့် ချက်ချင်းသွားရောက်ရမည့်အနေမျိုး ဟန်ဆောင်ရသည်။ ညက သူမကို လိုက်ပို့ပေးပြီး ဆမ်ဆိုနော့ ၏ ခြံတံခါးဝသို့ ရောက်ရှိသောအခါ ညဆယ့်နှစ်နာရီလောက်တွင် လာခေါ်ရန် သူ့ကိုပြောရသည်။

ထိုအခါ မစ်တယာ ပျော်သွားသည်။ သူမသည် ဆမ်ဆိုနော့အိမ်၌ ရှိနေခဲ့လျှင် သူ့ဖခင်ထံသို့ မရောက်နိုင်တော့ပြီ ဖြစ်သည်။ "အင်း .... ငါ့ကို သူ လိမ်တာမဟုတ်ဘူး ဆိုရင်ပေါ့" ဟု သူ့စိတ်ထဲတွင် တွက်လိုက်သည်။ သူမကို မြင်တွေ့ရသည့် ပုံစံကလည်း လိမ်ညာမည့်ပုံစံ မရှိပါ။

သူက မနာလို ဝန်တိုတတ်သော လူစားမျိုး ဖြစ်သည်။ ဘယ်လို လူစားမျိုးလဲဆိုတော့ ကိုယ်ချစ်သော မိန်းမတယောက်နှင့် ဝေးကွာနေစဉ်တွင် ထိုမိန်းမနှင့် ပတ်သက်ပြီး ဖြစ်ပျက်နိုင်သည့် မဟုတ်မဟတ် တွေ အမျိုးမျိုးကို စဉ်းစားတွေးတောတတ်သည်။ သူ့အပေါ်တွင် အဘယ်ပုံ 'သစ္စာမဲ့မည်' ကို တွေးတတ်သည်။ သို့ရာတွင် ကိုယ့်ချစ်သူက ကိုယ့်ကို သစ္စာဖောက်ပြီဟု သေသေချာချာ ယူဆပြီး အသည်းကွဲကာ နှမ်းကြေကာဖြင့် ချစ်သူထံသို့ သွားရောက်ရာတွင် ချစ်သူကို တွေ့လိုက်ရသောအခါ ချစ်သူ၏ ရွှင်ပျသော၊ ရယ်မောနေသော၊ ချစ်စရာကောင်းသော မျက်နှာကို တွေ့လိုက်ရသောအခါ စိတ်ဓာတ်တွေ ပြန်လည်တက်ကြွလာပြီး မျက်စိတမှိတ်အတွင်းမှာပင် သူ၏သံသယများ ပျောက်ကွယ်သွားပြီး မနာလိုဝန်တို ဖြစ်မိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တတ်သည့် လူစားမျိုး ဖြစ်သည်။

ဂရုရှင်ကာကို လိုက်ပို့ပြီးသောအခါ မစ်တယာသည် သူ့အိမ်သို့ သုတ်ခြေတင်တော့သည်။ သည်ကနေ့ အဖို့ သူ့မှာ လုပ်စရာတွေ အများကြီး ကျန်ရှိနေသေးသည်။ သို့ရာတွင် သူသည် အနည်းနှင့် အများတော့ စိတ်သက်သာရာ ရရှိနေသည်။

"တခုပဲရှိတယ်၊ မနေ့ညက ဘာတွေဖြစ်တယ်ဆိုတာကို ဆမာယာကော့ဆီမှာ စုံစမ်းရမယ် ... မနေ့ညက သူ အဖေ့ကို သွားပြီး တွေ့သလား မတွေ့ဘူးလား ဆိုတာ ... အို ဘုရားသခင်"

သူ့ခေါင်းထဲသို့ ထိုအတွေး ရုတ်တရက် ဝင်ရောက်လာသည်။ သို့ဖြင့် သူသည် သူ့အိမ်သို့ မရောက်မီ မှာပင် သူ့ရင်ထဲတွင် မနာလိုဝန်တိုစိတ်များ ပြန်လည် နိုးထလာကြပြန်တော့သည်။ ယင်းမှ သဝန်တိုခြင်း။

"အော်သဲလိုးဟာ သဝန်တိုတာ မဟုတ်ဘူး၊ ယုံကြည်စိတ်ချတာ"

ပွတ်ရှကင်က ယင်းသို့ သုံးသပ်ခဲ့သည်။ ဤသုံးသပ်ချက်တခုတည်းကပင် ကျွန်ုပ်တို့ ကဗျာဆရာကြီး ၏ နက်နဲသိမ်မွေ့သော အသိဉာဏ်ကို ဖော်ပြလျက်ရှိသည်။

အော်သဲလိုးသည် သူ၏ ရည်မှန်းချက်များ ပျက်ပြားသဖြင့် စိတ်ခတ်ချောက်ချား ပြိုကွဲကာ ဘဝနှင့် ပတ်သက်သော သူ၏ အတွေးအမြင်များအားလုံးသည် အုံ့ဆိုင်းမှုန်မှိုင်းလျက် ရှိတော့သည်။ သို့သော် အော်သဲလိုးသည် ပုန်းအောင်းခြင်း မရှိပါ၊ ချောင်းခြင်း မြောင်းခြင်း မရှိပါ။ သူက ယုံကြည်စိတ်ချ သည်။ ထိုမျှမက သစ္စာမဲ့သည်ဆိုခြင်းကို ယုံကြည်လက်ခံနိုင်အောင် မနည်းပင် အားစိုက်ကြိုးပမ်း ရသည်။ သဝန်တိုတတ်သည့်လူမျိုးက သည်လိုလူမျိုး မဟုတ်ပါ။ သဝန်တိုတတ်သည့် လူများသည် အရှက်အကြောက်နှင့် ကိုယ်ကျင့်တရား နိမ့်ကျမှုများကို အနည်းငယ်မျှ နောက်ဆံတင်းခြင်း မရှိကြပါ။ ဤသို့ဆိုသဖြင့် သဝန်တိုသူများအားလုံးသည် နိမ့်ကျယုတ်ညံ့သူများဟု မဆိုလိုပါ။ ဖြူစင် သန့်ရှင်းသောအချစ်နှင့် ကိုယ်ကျိုးစွန့်လွှတ်မှုရှိသော စိတ်သဘောထား ကြီးမြတ်သူများသည်လည်း တချိန်တည်းမှာပင် လိုက်လံချောင်းမြောင်းတတ်သည့် အလေ့နှင့် တိတ်တဆိတ် ခိုးဝှက်နားထောင် တတ်သည့် အလေ့များ ရှိနေတတ်ပါသည်။

အော်သဲလိုးသည် သစ္စာဖောက်ပြားမှုကို လက်မခံနိုင်ပါ။ ယင်း၏အဓိပ္ပာယ်က သစ္စာဖောက်ပြားခြင်း ကို ခွင့်မလွှတ်နိုင်ခြင်း မဟုတ်ပါ။ လက်မခံနိုင်ခြင်းသာ ဖြစ်သည်။ သို့သော် သူသည် အင်မတန် နူးညံ့သိမ်မွေ့ပြီး ကလေးတယောက်လို အပြစ်ကင်းစင်သူ တဦး ဖြစ်ချေသည်။

တကယ်တမ်း သဝန်ကြောင်သူက သည်လိုမျိုး မဟုတ်ပါ။ သူတို့က သစ္စာဖောက်ဖျက်မှုကို နားလည်နိုင်သည်၊ လက်ခံနိုင်သည်၊ ခွင့်လွှတ်နိုင်သည်။ သဝန်ကြောင်သော ယောကျ်ားတွေက သူများတွေထက်ပိုပြီး ခွင့်လွှတ်နိုင်ကြသည် ... ဤအချက်ကို အမျိုးသမီးတိုင်းကပင် သိရှိကြသည်။ သဝန်ကြောင်သူတဦးသည် အံ့သြစရာကောင်းလောက်အောင်ပင် လျှင်လျှင်မြန်မြန် ခွင့်လွှတ်တတ် သည်။ (မှန်သည်၊ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်ပြီးသည့်နောက်တွင် ဖြစ်သည်)။

သူ့မှာက ခွင့်လွှတ်နိုင်စွမ်း ရှိသည်။ ဆိုကြပါစို့ ... ဖောက်ပြန်မှုကို လက်ပူးလက်ကြပ်ကြီး တွေ့ရလျှင်၊ သူ့ရှေ့မှာ ဖက်ယမ်းနမ်းရှုပ်နေသည်ကို မြင်ရလျှင် သူက ဤသို့ ဖြေလိမ့်မည်။ 'နောက်ဆုံးအကြိမ်ပဲ' ဟု ယူဆမည်။ သူ၏ပြိုင်ဘက်သည် ထိုအချိန် ထိုအခါမှစပြီး ပျောက်ကွယ်သွားလိမ့်မည်ဟု ယူဆမည်။ ကမ္ဘာကြီး၏ တဖက်ဖျားသို့ ထွက်ခွာသွားလိမ့်မည်၊ သို့မဟုတ် အမျိုးသမီးကို သူ၏ ပြိုင်ဘက် မရောက်ရှိနိုင်ရာသို့ သူ ခေါ်ဆောင်သွားမည်ဟု ဆုံးဖြတ်ပေလိမ့်မည်။

သို့သော် ဤသို့ ဖြေသိမ့်ပြေလည်နိုင်ခြင်းသည် တနာရီလောက်မျှသာ ဖြစ်ပေသည်။ အကြောင်းမှာ သူ၏ပြိုင်ဘက်သည် တကယ်ပင် ပျောက်ကွယ်သွားသည်ထားဦး၊ သူ့စိတ်ထဲ၌ နောက်တနေ့တွင် နောက်ထပ် ပြိုင်ဘက်တဦး ထပ်မံ ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။ သူက ထိုလူသစ်ကို ဆက်ပြီး မနာလိုဝန်တို ဖြစ်နေပေလိမ့်မည်။

ထိုအခါတွင် လူတယောက်အနေနှင့် စဉ်းစားပေလိမ့်မည်။ သည်မျှလောက် သဝန်ကြောင်နေသော အချစ်သည် ဘယ်လို အချစ်မျိုးနည်း၊ ဤမျှလောက် မနာလိုဝန်တိုမှုတွေ များနေသော အချစ်သည် ဘာတန်ဖိုးရှိသနည်း။

သို့သော် ကိုသဝန်ကြောင်များသည် ဤအချက်ကို လုံးဝ နားမလည်နိုင်ကြပါ။ သူတို့အထဲတွင် စိတ်သဘောထား ကြီးမြင့်သူများလည်း ပါရှိပါသည်။ အံ့သြစရာ ကောင်းသည်ကတော့ ဤသဘောထား ကြီးမြင့်သူများသည် အကွယ်အကာကလေး တခုမှနေ၍ ချောင်းမြောင်း နားထောင်နေရင်းမှာပင် သူတို့၏အလုပ်သည် နိမ့်ကျကြောင်းကို သူတို့၏ 'မြင့်မြတ်သော နှလုံးသား' က သိရှိနေပါသည်။

မစ်တယာသည် ဂရုရှင်ကာကို မြင်တွေ့လိုက်သည်နှင့် တပြိုင်နက် သူ၏ မနာလို ဝန်တိုစိတ်များ သည် ပျောက်ကွယ်သွားတော့သည်။ တမုဟုတ်ချင်းမှာပင် သူသည် ယုံကြည် စိတ်ချမှုများ ရှိလာသည်။ နားလည်ခွင့်လွှတ်မှုများ ရှိလာသည်။ ထို့အပြင် သူ့ကိုယ်သူလည်း မကောင်းသည့် စိတ်ထားများအတွက် ရှုံ့မုန်းမိသည်။

သို့သော် ဤသဘောက ဤအမျိုးသမီးကို သူ ချစ်ရာတွင်

နားလည်ထားသည်ထက် ပိုပြီး မြင့်မားသော အချက်တချက် ရှိနေကြောင်းကို ပြဆိုခြင်းသာ ဖြစ်သည်။ ဤအမျိုးသမီးကို တဏှာပေမအတွက် သက်သက်သာ ချစ်ခြင်းမဟုတ်ဟု ဆိုလိုသည်။ အလျှိုရှာကို သူပြောသည့် အတိုင်း ပြောရလျှင် 'သူမ၏ အဖွံ့အဖြိုး အမို့အမောက်များ' အတွက်သာ ချစ်ခြင်း မဟုတ်ဟု ဆိုလိုသည်။ သို့ရာတွင် ဂရုရှင်ကာ မျက်စိအောက်က ပျောက်ကွယ်သွားသည်နှင့်တပြိုင်နက် သူ့တွင် ကောင်းမွန်မှန်ကန်သော အသိစိတ်များ မရှိတော့ဘဲ သစ္စာဖောက်ပြားမှုနှင့် ပတ်သက်သော နိမ့်ကျသည့် သံသယများသာ ဝင်ရောက်လာကြတော့သည်။

ယင်းသို့ဖြင့် သူ၏ကိုယ်တွင် မနာလို ဝန်တိုစိတ်များ လျှံတက်လာကြရပြန်တော့သည်။ မည်သို့ပင် ဖြစ်စေ သူ့အနေနှင့် တက်သုတ်ရိုက်နိုင်ဖို့ အရေးကြီးသည်။ ပထမဆုံး လုပ်ရမည့် အလုပ်ကတော့ ပိုက်ဆံ နည်းနည်းပါးပါးကို တနေရာရာမှ ခဏတဖြုတ် ချေးငှားနိုင်ဖို့ပင် ဖြစ်သည်။ ပိုက်ဆံ ကိုးရူဗယ်မှာမူ အီလျင်စကိုယီသို့ သွားလိုက်ရသည့် ခရီးအတွက် ကုန်သွားပြီဖြစ်သည်။

ကျွန်ုပ်တို့အားလုံး သိရှိသည့်အတိုင်းပင် ပိုက်ဆံမရှိဘဲနှင့် ဘာတခုမျှ မလုပ်နိုင်ပါ။ သူသည် အပြန်ခရီးတွင် မြင်းရထားပေါ်မှာပင် ပိုက်ဆံချေးငှား၍ ရနိုင်သည့် အချက်ကလေးတခုကို စဉ်းစားမိခဲ့သည်။ စိန်ခေါ်ပွဲများတွင် အသုံးပြုသည့် ပထမတန်းစား ပစ္စတိုသေနတ်တစုံ သူ့မှာ ရှိနေသည်။ ထိုသေနတ်များကို သူသည် တကြိမ်တခါမျှ ပေါင်နှံခြင်း မပြုခဲ့ပါ။ အကြောင်းမှာ သူသည် ၎င်းတို့ကို သူ့မှာရှိသော ပစ္စည်းအားလုံးထက် ပိုပြီး တန်ဖိုးထားခဲ့သောကြောင့် ဖြစ်သည်။

'မြို့တော်' စားသောက်ဆိုင်တွင် အစိုးရအရာရှိ လူငယ်ကလေးတဦးကို ကာလအတန်ကြာကတည်း ကပင် သူ သိကျွမ်းခဲ့သည်။ ပိုက်ဆံချမ်းသာသော လူပျိုအရာရှိကလေးသည် လက်နက်များကို အထူးပင် နှစ်သက်မြတ်နိုးတတ်ကြောင်း သူ သိရှိသည်။ ၎င်းသည် ပစ္စတိုသေနတ်များ၊ ဆုံလည် သေနတ်များ၊ ဓားမြှောင်များကို ဝယ်ယူကာ နံရံပေါ်တွင် ချိတ်ဆွဲထားပြီး ၎င်း၏ အသိမိတ်ဆွေ များကို ပြသကြွားဝါတတ်သည်။ ၎င်းပြင် ဆုံလည်သေနတ်နှင့် ပတ်သက်ပြီး ဘယ်မျှ ကျွမ်းကျင် တတ်မြောက်ကြောင်းကိုလည်း ပြသတတ်သည်။

မစ်တယာသည် အချိန်အနည်းငယ်မျှပင် ဖြုန်းမနေတော့ဘဲ ထိုအရာရှိကလေးထံ သွားရောက်ကာ သူ၏ သေနတ်နှစ်လက်ကို တဆယ်ရူဗယ်ဖြင့် ပေါင်နှံသည်။ အရာရှိကလေးသည် အထူးပင် ဝမ်းမြောက်သွားပြီး သေနတ်များကို အပြီးအပြတ်ရောင်းရန် ပြောသည်။ သို့သော် မစ်တယာက မရောင်းပါ။ ယင်းသို့ဖြင့် အရာရှိကလေးက သူ့ကို တဆယ် ရူဗယ် ပေးသည်။ ထို့နောက် ဘယ်အကြောင်းကြောင့်မျှ အတိုးမယူပါဟု ကြေညာသည်။ အတိုးယူခြင်းသည်

မိတ်ဆွေများကို ကွဲကွာစေသည်။

မစ်တယာ ရေးကြီးသုတ်ပျာ ဖြစ်နေသည်။ ဖခင်ဖြစ်သူ၏အိမ်သို့ နောက်ဖေးလမ်းမှ သွားသည်။ သူ ကွန်းခိုရာ နွေရာသီ အပန်းဖြေအိမ်ကလေးသို့ ဖြစ်သည်။ ဆမာယာကော့ကို အမြန်ဆုံး တွေ့ရှိနိုင်ရန် ဖြစ်သည်။

သို့သော် ဤနည်းဖြင့် သက်သေခံ အထောက်အထားတခု ဖြစ်ပေါ်စေခဲ့သည်။ အရေးအခင်းကြီးတခု မဖြစ်ပေါ်မီ သုံးလေးနာရီ အလိုတွင် (ထိုအရေးအခင်းကြီး အကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ် ဖော်ပြမည်ဖြစ်သည်) မစ်တယာသည် ခြူးတပြားမှ မရှိသဖြင့် သူ အလွန်တန်ဖိုးထားသော ပစ္စည်းကို တဆယ်ရူဗယ်ဖြင့် ပေါင်နှံခဲ့ပြီး တဖန် နောက် သုံးလေးနာရီမျှအကြာတွင် သူ့လက်ထဲတွင် ရုတ်ခြည်း ဆိုသလို ရူဗယ်ငွေ သုံးထောင် ရှိနေခြင်းပင် ... နေဦး၊ ကျွန်ုပ်အနေနှင့် စကားဦး အများကြီး သန်းမိသွားချေပြီ ...။

နောက်ဖေးခြံဝင်းကြီးထဲသို့ ရောက်ရှိသောအခါ သူသည် မာရီယာထံမှ အင်မတန် အံ့သြဖွယ်ရာ ကောင်းသော သတင်းတခုကို ကြားသိရသည်။ ဆမာယာကော့ နေမကောင်း ဖြစ်နေသည်ဟူသော သတင်းဆိုးကြီးပင်တည်း။

ဆမာယာကော့ မြေအောက်ခန်းထဲသို့ လိမ့်ကျသည့် အကြောင်း၊ ဝက်ရူးပြန်နေသည့် အကြောင်း၊ ဆရာဝန် လာရောက်ကြည့်ရှုသွားသည့် အကြောင်း၊ အဘိုးကြီး ကာရာမာဇော့ စိုးရိမ်ကြောင့်ကြ ဖြစ်နေသည့် အကြောင်းများကို ကြားသိရသည်။ ထို့အပြင် သူ၏ညီ အိုက်ဗင်သည် ယနေ့မနက်ပင် မော်စကိုသို့ ထွက်ခွာသွားပြီဆိုသော သတင်းကိုလည်း စိတ်ဝင်စားဖွယ် သိရှိရသည်။

“ဗိုလီဗီယာကို ငါ့အလျင် သူ ဖြတ်သွားတာပဲ”

အိုက်ဗင်အကြောင်း မစ်တယာ တွေးလိုက်သည်။ သို့သော် သူသည် ဆမာယာကော့အတွက် အထူးပင် ပူပန်ကြောင့်ကြနေမိသည်။

“အခု ဘယ်လိုလုပ်ကြမလဲ၊ ငါ့အတွက် ဘယ်သူက စောင့်ကြည့်ပေးမလဲ၊ ငါ့ကို ဘယ်သူက လာပြီး သတင်းပေးမလဲ”

ထို့နောက် သူသည် မာရီယာကို မေးခွန်းများ မေးတော့သည်။ ယမန်နေ့ညက သူတို့အနေနှင့် ဘာများ ထူးထူးခြားခြား တွေ့မိကြသနည်းဟု၊ သူ ဘာကို မေးကြောင်း အမျိုးသမီး သိရှိသည်။ ထို့ကြောင့် ဘာမျှ မတွေ့ရှိကြောင်း အာမခံသည်။ မည်သူမျှ မလာပါ၊ ညက သူ့ဖခင်အိမ်မှာ အိုက်ဗင် ရှိနေသည်။ အားလုံးပင် ပုံမှန်အတိုင်း ဖြစ်သည်။

မစ်တယာ စဉ်းစားသည်။ သူ့အနေနှင့် ကနေ့ စောင့်ကြည့်နေမှ ဖြစ်မည်။

သို့သော် ဘယ်မှာ စောင့်ကြည့်ရမည်နည်း။ သည်မှာ စောင့်နေရမည်လား၊ သို့မဟုတ် ဆမ်ဆိုနေ့၏ ခြံဝမှာ သွားပြီး စောင့်နေရမည်လား။

သည်မှာလည်း စောင့်ကြည့်ရမည်၊ ဟိုမှာလည်း စောင့်ကြည့်ရမည်ဟု သူ ဆုံးဖြတ်လိုက်သည်။ သို့သော် လောလောဆယ်တွင် ... လောလောဆယ်တွင် ... သူ့မှာ ပြဿနာ ဖြစ်နေသည်က မြင်းရထားနှင့် အပြန်ခရီးတွင် သူ စဉ်းစားဆုံးဖြတ်ခဲ့သော 'စီမံကိန်းအသစ်' ကိစ္စပင်။ သည်စီမံကိန်း အောင်မြင်မည်မှာ သေချာသည်။ သို့သော် အကောင်အထည် ဖော်ရာတွင် နောက်ကျနေ၍ကား မဖြစ်။ ယင်းစီမံကိန်းအတွက် အချိန် တနာရီပေးရန် မစ်တယာ ဆုံးဖြတ်လိုက်သည်။

"တနာရီအတွင်းမှာ အခြေအနေ အားလုံးကို ငါ သိရမယ်၊ ပြဿနာအားလုံးကို ငါ ဖြေရှင်းနိုင်မယ်၊ အဲဒါပြီးရင် ဆမ်ဆိုနေ့အိမ်ကို ပထမဆုံး သွားရမယ်၊ ဂရုရှင်ကာ အဲဒီမှာ ရှိ မရှိ ကြည့်ရမယ်၊ နောက်ပြီး ဒီကို ချက်ချင်းပြန်လာရမယ်၊ ဒီမှာ ဆယ့်တနာရီအထိ နေရမယ်၊ ပြီးရင် ဆမ်ဆိုနေ့ အိမ်ကို ပြန်သွားပြီး အမျိုးသမီးကို သူ့အိမ်လိုက်ပို့ရမယ်"

ဤကား သူ၏ ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

ယင်းသို့ဖြင့် မစ်တယာသည် သူ့အိမ်သို့ သုတ်ခြေတင်သည်။ မျက်နှာသစ်သည်၊ ခေါင်းဖြီးသည်၊ အဝတ်အစားများကို သန့်ရှင်းစင်ကြယ်အောင် ဝက်မှင်ဘီးဖြင့် ဖြီးပြီး ဝတ်ဆင်သည်။ ထို့နောက် မစ္စက် ကိုကလာကော့ အိမ်သို့ သွားရောက်သည်။

ဘုရားသခင် ... သူ၏စီမံကိန်း အောင်မြင်ရေးက သူမအပေါ်တွင် တည်နေသည်။ သူမထံမှ ငွေသုံးထောင် ချေးငှားရန် သူ ဆုံးဖြတ်ထားသည်။ အံ့သြစရာ ကောင်းသည်ကတော့ သူမအနေနှင့် မည်သို့မျှ ငြင်းဆန်လိမ့်မည် မဟုတ်ဟု သူယုံကြည်ထားသည်။ ကောင်းပြီ၊ သူသည် ယင်းသို့ ယုံကြည်ထားလျှင် အဘယ်ကြောင့် သူနှင့် အဆင့်အတန်းချင်း တူညီသော သူမထံသို့ ပထမဆုံး မသွားဘဲ သူနှင့် သိလည်း မသိ၊ အတန်းအစားချင်းလည်း မတူညီသော ဆမ်ဆိုနေ့ထံသို့ သွားရောက်ခဲ့သနည်း ဆိုသည်မှာ စဉ်းစားစရာပင် ဖြစ်တော့သည်။

ယင်းသို့ဖြစ်ရသည့် အကြောင်းရင်းကတော့ သူသည် မစ္စက် ကိုကလာကော့နှင့် ဘယ်တုန်းကမှ ခင်မင်ရင်းနှီးခြင်း မရှိခဲ့သည်က တကြောင်း၊ ပြီးခဲ့သည့်လအတွင်းက တကြိမ်တခါမျှ တွေ့ဆုံခဲ့ခြင်း မရှိသည်က တကြောင်း၊ နောက်ပြီးတော့ သူမက သူ့ကို မည်သည့်နည်းနှင့်မျှ သည်းခံ ဆက်ဆံနိုင် မည် မဟုတ်သည်က တကြောင်းတို့ကြောင့် ဖြစ်သည်။ သည်အမျိုးသမီးက စကတည်းက သူ့ကို မုန်းနေခဲ့သည်။ ဘာကြောင့်မှတော့ မဟုတ်၊ ကက်ထရီးနားနှင့် စေ့စပ်ထားသည့်အတွက်ပဲ ဖြစ်သည်။ သူမက ကက်ထရီးနားကို သူနှင့် မရစေလိုဘဲ

'အမှုအရာ ယဉ်ကျေးသိမ်မွေ့သော ပညာတတ်ကြီး အိုက်ဗင်' နှင့် ရစေလိုသည်။

မစ်တယာ၏ အမှုအရာများကို သူမက မုန်းတီး စက်ဆုပ်သည်။ မစ်တယာကလည်း သူမကို သရော်မော်ကား ပြုလုပ်ခဲ့သည်။ တခါတွင်မူ ဤအမျိုးသမီးသည် 'ပညာတတ် တယောက် မဟုတ်သည့်အလျောက် ပေါ့ပေါ့နေ ပေါ့ပေါ့စား' ထဲက ဖြစ်သည်ဟုပင် ပြောခဲ့သည်။ သို့သော် ထိုနေ့ မနက်ကမူ မြင်းရထားပေါ်တွင် အင်မတန်ကောင်းသည့် စိတ်ကူးတခုကို သူ စဉ်းစားမိသည်။

'သူဟာ ငါ့ကို ကက်ထရီးနားနဲ့ မရစေချင်ရုံး မှန်ခဲ့ရင်... မရအောင် ဖျက်လိုဖျက်ဆီး လုပ်နေတယ် ဆိုရင် (သူမအနေနှင့် အရှုံးအမှုးပင် ဆန့်ကျင်နေကြောင်း သူ သိသည်) ကက်ထရီးနားကို စွန့်လွှတ်ပြီး အပြီးအပိုင် ထွက်ခွာသွားဖို့အတွက် ငါ့ကို ငွေသုံးထောင် ဘယ်နည်းနဲ့မှ မပေးဘဲနေမှာ မဟုတ်ဘူး၊ သည်လို အမျိုးသမီးတွေဟာ သူတို့ခေါင်းထဲမှာ စိတ်ကူးတခုခု ဝင်နေပြီဆိုရင် အဲဒီစိတ်ကူး အောင်မြင်ဖို့အတွက် ဘာမဆို လုပ်တတ်ကြတာပဲ၊ နောက်ပြီးတော့ သူက ပိုက်ဆံ ချမ်းသာတယ်"

မစ်တယာ ဆင်ခြေဆင်လက်ပြသည်။ သူ၏ 'စီမံကိန်း' မှာမူကား ယခင်ကအတိုင်းပင် ဖြစ်သည်။ ချာမာရှာညာသစ်တော ပိုင်ဆိုင်ခွင့်ကို သူမအား ရောင်းချရန်ပင် ဖြစ်သည်။ သို့သော် ယမန်နေ့က ဆမ်ဆိုနော့ကို ပြောခဲ့သည့် စီးပွားရေးပုံစံမျိုးကား မဟုတ်ပါ။ ဤလုပ်ငန်းမှ အမြတ်အစွန်း ရရှိနိုင်သည့်အကြောင်း သွေးဆောင်မည် မဟုတ်ပါ။ ငွေသုံးထောင် ရင်းသည့်အတွက် ငွေခြောက်ထောင် ခုနစ်ထောင် ပြန်ရနိုင်သည်ဟု မြူဆွယ်မည် မဟုတ်ပါ။ သူ ချေးယူသည့် ငွေအတွက် အပေါင်ပစ္စည်း ထားသည့်သဘောမျိုးသာ ဖြစ်ပါသည်။

မစ်တယာသည် သူ၏စိတ်ကူးသစ်ကို အကွက်ချရင်း အထူးပင် ကျေနပ်အားရလျက် ရှိပါသည်။ သို့သော် ဤသည်မှာ သူ့အနေနှင့် ဆုံးဖြတ်ချက် အသစ်တခုကို ရုတ်တရက် ချမှတ်တိုင်း ဤအတိုင်းပင် ဖြစ်ပါသည်။ သူသည် မည်သည့် စိတ်ကူးသစ်တခုကိုမဆို စိတ်အားထက်သန်ခြင်း ရှိခဲ့ပါသည်။ သို့သော် မစ္စက်ကိုကလာကော့၏ အိမ်ရှေ့ လှေကားထစ်ကို တက်မိသည်နှင့်တပြိုင်နက် သူသည် တသိမ့်သိမ့်တုန်ပြီး ကျောရိုးထဲတွင် စိမ့်သွားရပါတော့သည်။ ထိုအချိန်တွင် သူ သေသေချာချာ သတိပြုမိလိုက်သည့် အချက်ကတော့ ဤကိစ္စ မအောင်မြင်လျှင် သူ့အဖို့ အခြား ဘာမျှော်လင့်ချက်မျှ မရှိတော့ဘဲ 'လူသတ်ပြီး လုယက်ရန်သာ' ကျန်ရှိတော့ကြောင်း သင်္ချာနည်းအရ သေချာသလို သေချာနေပါတော့သည်။

လူခေါ်ခေါင်းလောင်းကို သူ ဆွဲလိုက်သောအခါ ညခုနစ်နာရီခွဲနေပြီ ဖြစ်သည်။ ပထမအစတွင်မူ သူ့အဖို့ ကုသိုလ်ကံကောင်းလျက် ရှိပါသည်။ သူ ရောက်ရှိနေကြောင်း ပြောကြားလိုက်သည်နှင့် တပြိုင်နက်ပင် အမျိုးသမီးက သူ့ကို

အထူးလျှင်မြန်စွာပင် လက်ခံတွေ့ဆုံသည်။

"ငါ့ကို သူ စောင့်နေတဲ့အတိုင်းပဲ"

မစ်တယာ တွေးလိုက်မိသည်။ ဧည့်ခန်းအတွင်းသို့ သူ ရောက်ရှိသည်နှင့် တပြိုင်နက် မစ္စက် ကိုကလာကော့သည် အပြေးကလေး ဝင်ရောက်လာပြီး သူ့ကို စောင့်မျှော်နေကြောင်း ပြောကြား သည်။

"ရှင့်ကို ကျွန်မ မျှော်နေတာပဲ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ မျှော်နေတာပဲ၊ ဒါပေမဲ့ ကျွန်မဆီကို ရှင်လာလိမ့်မယ်လို့ ဘယ်လိုမှ ယူဆစရာ မရှိဘူးဆိုတာကိုတော့ ရှင်ဝန်ခံရမယ်၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ မျှော်နေခဲ့တယ်၊ ကျွန်မရဲ့အလိုလို သိနိုင်စွမ်းကို ရှင် အံ့သြရမယ် မစ္စတာ ကာရာမာဇော့။ ရှင်ကနေ့ လာမှာပဲဆိုတာကို မနက်ကတည်းက ကျွန်မစိတ်ထဲမှာ သေသေချာချာ သိနေခဲ့တယ်"

"အမှန်ပါပဲ မဒမ်၊ တကယ် အံ့သြစရာကောင်းပါတယ်" မစ်တယာ ကသိကအောက်ဖြင့် ထိုင်လိုက်ရင်း ပြန်ပြောသည်။ "ဒါပေမဲ့... အဲ... ကျွန်တော်လာတာ အင်မတန် အရေးကြီးတဲ့ အလုပ်ကိစ္စတခုနဲ့ပါ၊ အလုပ်ကိစ္စတခုပါ မဒမ်။ ကျွန်တော့်အတွက် သေရေးရှင်ရေးပါ မဒမ်... ကျွန်တော် တယောက်တည်းကိစ္စပါ... နောက်ပြီးတော့ ကျွန်တော့်မှာ အချိန်ကိုလည်း လုနေရ ပါတယ်..

"အင်မတန် အရေးကြီးတဲ့ ကိစ္စရှိလို့ ရှင်လာတယ်ဆိုတာ ကျွန်မ သိပါတယ် ဒီမီထရီ ကာရာမာဇော့၊ အခုလို သိတာလည်း အကြားအမြင်ရလို့ မဟုတ်ပါဘူး၊ ခေတ်နောက်ပြန် ဆွဲနေတဲ့ တန်ခိုးဣဒ္ဓိပါဒ် တွေကြောင့် မဟုတ်ပါဘူး (ခင်ကြီး ဇော်ဇီမာအကြောင်း ကြားပြီးပြီလား)၊ အခုဟာက သင်္ချာနည်းနဲ့ တွက်ပြီး သိရတာပါ။ ကက်ထရီးနားမှာ ပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ရှင်မလာဘဲ မနေနိုင် ပါဘူး။ မနေနိုင်ဘူး၊ မနေနိုင်ဘူး၊ ဒါဟာ သင်္ချာနည်းအရ မှန်နေတာပဲ"

"တကယ့်ဘဝရဲ့ ဒိဋ္ဌိဓမ္မပဲပေါ့ မဒမ်၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ရှင်းပြ ..."

"ဒိဋ္ဌိဓမ္မ ... မှန်တယ်၊ တကယ် မှန်တယ်၊ ကျွန်မ အခု ဒိဋ္ဌိဓမ္မကိုပဲ လက်ခံတော့တယ်၊ တန်ခိုးဣဒ္ဓိပါဒ် တွေနဲ့ ပတ်သက်လို့ ကျွန်မ သင်ခန်းစာ ရသွားပြီ။ ဖားသား ဇော်ဇီမာ ကွယ်လွန်သွားတဲ့သတင်း ရှင်ကြားပြီးပြီ မဟုတ်လား"

"ဟင့်အင်း မကြားသေးဘူး၊ အခု ပထမဆုံး ကြားရတာပဲ"

မစ်တယာ အနည်းငယ် အံ့သြသွားဟန် ရှိသည်။ အလျှိုရှာအကြောင်း ခေတ္တမျှ တွေးလိုက်မိသည်။

“မနေ့ညကပဲ၊ စဉ်းစားကြည့်စမ်းပါ ...”

“ဒီမယ် မဒမ်” မစ်တယာက ကြားဖြတ်ပြီး ပြောလိုက်သည်။ “အခုအချိန်မှာ ကျွန်တော် စဉ်းစားနေ တာကတော့ ကျွန်တော့်အခြေအနေ သိပ်ဆိုးနေတယ်ဆိုတာပဲ၊ မဒမ်အနေနဲ့ ကျွန်တော့်ကို မကူညီဘူးဆိုရင် အားလုံးပဲ ဒုက္ခရောက်ပြီး ငါးပါးမှောက်ကုန်တော့မှာပဲ၊ ပထမဆုံးကတော့ ကျွန်တော်ပဲ၊ အခုလို ပြောရတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်တွေ အင်မတန် လှုပ်ရှားနေပါတယ် ...”

“ကျွန်မ သိတယ်၊ ရှင့်အနေနဲ့ စိတ်လှုပ်ရှားနေတယ်ဆိုတာ ကျွန်မ သိတယ်၊ ရှင် ဘယ်လိုပဲပြောပြော ရှင့်ရဲ့စိတ်အခြေအနေဟာ တခြား ဘယ်လိုမှ ဖြစ်မနေနိုင်ဘူး၊ ဒါကို ကျွန်မ အစောကြီးကတည်းက သိတယ်၊ ရှင့်ရဲ့ရှေ့ရေးနဲ့ ပတ်သက်လို့ ကျွန်မ စဉ်းစားနေတာ ကြာလှပါပြီ ဒီမီထရီ။ ကျွန်မအနေနဲ့ စောင့်ကြည့်နေတယ်၊ လေ့လာနေတယ်... အို ကျွန်မပြောတာကို ယုံပါ။ ကျွန်မဟာ စိတ်နဲ့ ပတ်သက်ပြီး အတွေ့ အကြုံများတဲ့ ဆရာဝန်တယောက်ပဲ”

“မဒမ်က အတွေ့အကြုံများတဲ့ ဆရာဝန်တယောက်ဆိုရင် ကျွန်တော်က အတွေ့အကြုံ များတဲ့ လူနာတယောက်ပဲ” မစ်တယာက လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားရင်း ပြောလိုက်သည်။ “မဒမ်အနေနဲ့ ကျွန်တော့်ရဲ့ ရှေ့ရေးကို အခုလို စောင့်ကြည့်နေခဲ့တယ်ဆိုရင် ကျွန်တော့်ရဲ့ အနာဂတ် မပျက်စီးရအောင် ကယ်တင်မှာပဲလို့ ကျွန်တော် ယူဆတယ်၊ ဒါပေမဲ့ ခင်ဗျာ ကျေးဇူးပြုပြီး မဒမ့်ဆီကို ဘာကိစ္စနဲ့ ကျွန်တော် လာတယ်ဆိုတာ အလျင် ရှင်းပြပါရစေဦး၊ အဲ ... မဒမ့်ဆီက ကျွန်တော် ဘာလိုချင်တယ်ဆိုတာပေါ့၊ ကျွန်တော် လာရင်းအကြောင်းကတော့...”

“အို ဘာမှ ဒုက္ခခံပြီး ရှင်းပြမနေပါနဲ့၊ ဒါတွေက ဒါလောက် အရေးမကြီးပါဘူး၊ ရှင့်ကို ကူညီဖို့ ဆိုတဲ့နေရာမှာ ကျွန်မအနေနဲ့ ကူညီခဲ့တာ ရှင်ဟာ ပထမဆုံး မဟုတ်ပါဘူး။ ကျွန်မရဲ့ ညီမဝမ်းကွဲ မစ္စက် ဗယ်မီဆော့အကြောင်းကို ရှင် ကြားဖူးမှာပေါ့၊ သူ့ယောကျ်ားဟာ ဒုက္ခရောက်ပြီး ရှင်ပြောသလို ငါးပါးမှောက်သွားတယ်။ အဲဒီတော့ ကျွန်မ ဘာလုပ်တယ် ထင်သလဲ၊ သူ့ကို မြင်းမွေးဖို့ အကြံပေး လိုက်တယ်၊ အခုတော့ သူ ကြီးပွားနေပြီ။ မြင်းမွေးတဲ့အကြောင်း ရှင် ဘာနားလည်သလဲ”

“ကျွန်တော် ဘာမှ နားမလည်ပါဘူး မဒမ်၊ အို ဘာဆိုဘာမှ ကျွန်တော် နားမလည်ပါဘူး” မစ်တယာ သည်းမခံနိုင်ဟန်ဖြင့် ဟစ်အော်လိုက်သည်။ ထိုင်ရာမှ ခုန်ထလိုက်သည်။ “မဒမ်ကို ကျွန်တော် တောင်းပန်ချင်တာက ကျွန်တော်ပြောတာကို တဆိတ် နားထောင်ပါ။ ဘာမှ ဝင်မပြောဘဲနဲ့ ကျွန်တော့်ကို နှစ်မိနစ်လောက် အချိန်ပေးပါ။ အဲဒါမှ မဒမ့်ကို ကျွန်တော် အကုန်လုံး ရှင်းပြနိုင်မယ်၊

ကျွန်တော် လာရင်းကိစ္စ အကုန်လုံးကို ရှင်းပြနိုင်မယ်၊ နောက်ပြီးတော့ ကျွန်တော့်မှာ အချိန်ကလည်း သိပ်ပြီး အရေးကြီးနေပါတယ်” မစ်တယာ ထိတ်လန့်ချောက်ချားစွာဖြင့် ဟစ်အော်လိုက်သည်။ အမျိုးသမီးသည် ယခုပင် ကြားဖြတ် ပြောဆိုလာလိမ့်မည်ဟု ယူဆပြီး သူမ မပြောနိုင်အောင် ဟန့်တားလိုက်သည့်သဘော ဖြစ်သည်။

“ကျွန်တော် ဒုက္ခတွေ့နေလို့ လာရတာပါ၊ ဒုက္ခ အကြီးအကျယ် တွေ့နေလို့ပါ .. မဒမ်ဆီက ပိုက်ဆံချေးရအောင် လာတာပါ၊ ငွေသုံးထောင်ပါ။ စိတ်ချရတဲ့ အာမခံ ပေးပါ့မယ်၊ အကောင်းဆုံး အာမခံ ပေးပါ့မယ်၊ အဲဒါကို ကျွန်တော့်အနေနဲ့ ရှင်းပြပါရစေ ...”

“အဲဒါကို နောက်မှ ရှင်းပြပါ၊ နောက်မှ ရှင်းပြပါ” မစ္စက် ကိုကလာကော့က သူ့ကို စကား ဆက်မပြောရန် လက်ဟန့်ယမ်းပြရင်း “နောက်ပြီးတော့ ရှင် ဘာပြောမယ်ဆိုတာကို ကျွန်မ အကုန်လုံး သိပါတယ်၊ ရှင့်ကို ကျွန်မ ပြောခဲ့ပြီးပြီ မဟုတ်လား၊ ရှင်က ကျွန်မဆီက ပိုက်ဆံချေးတယ်၊ ရှင့်အနေနဲ့ ငွေသုံးထောင်ရမှ ဖြစ်မယ်၊ ဒါပေမဲ့ ရှင့်ကို အဲဒါထက်မက ပေးပါ့မယ်၊ အဲဒါထက်မက အများကြီး ပေးပါ့မယ်၊ ရှင့်ကို ကျွန်မ ကယ်တင်ပါ့မယ် ဒီမီထရီ၊ ဒါပေမဲ့ ပထမဆုံး ကျွန်မပြောတာကို ရှင် လုပ်ရမယ်”

မစ်တယာ ခုန်ထလိုက်ပြန်ပြီး ...

“ကျေးဇူးတင်လိုက်တာ မဒမ်၊ ကျေးဇူးတင်လိုက်တာ၊ မဒမ်က စေတနာ သိပ်ကောင်းတာပဲ” သူ ဝမ်းသာအားရ ပြောလိုက်သည်။ “အို ဘုရားသခင်၊ ကျွန်တော့်ကို မဒမ် ကယ်တင်လိုက်တာပဲ၊ အသေဆိုးကြီးကနေ ကယ်တင်လိုက်တာပဲ၊ သေနတ်ကျည်ဆန်ဘေးကနေ ကယ်တင်လိုက်တာပဲ ... ကျွန်တော့်ရဲ့ ထာဝရ ကျေးဇူးရှင်ကြီး”

“ကျွန်မ ရှင့်ကို အများကြီး ပိုပေးပါ့မယ်၊ ငွေသုံးထောင်ကနေ အများကြီးကို ပိုပေးပါ့မယ်”

ပြုံးရွှင်နေသော မစ်တယာ၏မျက်နှာကိုကြည့်ရင်း မစ္စက်ကိုကလာကော့က ပြောလိုက်သည်။

“အများကြီး ဟုတ်လား၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အများကြီး မလိုချင်ပါဘူး၊ ကျွန်တော် လိုချင်တာ က အဲဒီ ငွေသုံးထောင်ပါပဲ၊ အဲ ... ကျွန်တော့်ဘက်က ပြောရရင် အဲဒီငွေအတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ နောက်ပြီးတော့ ကျွန်တော့်မှာ စီမံချက်တခု ရှိပါတယ်၊ အဲဒါက ...”

'ကိစ္စမရှိပါဘူး ဒီမီထရီ၊ ဒါလောက်ဖြေရင်ပဲ လုံလောက်ပါပြီ' မစ္စက်ကိုကလာကော့က ကျေးဇူးရှင်ကြီး တယောက်၏ အကြည့်ဖြင့် ပြောလိုက်သည်။ 'ရှင့်ကို ကယ်တင်မယ်လို့ ကျွန်မ ကတိပေးထားတယ်၊ အဲဒီတော့ ရှင့်ကို ကျွန်မကယ်တင်မယ်၊ ဗယ်မီဆော့ကို ကယ်တင်သလို ရှင့်ကို ကျွန်မ ကယ်တင်မယ်၊ ရွှေတွင်းတွေကို ရှင် ဘယ်လိုသဘောရသလဲ ဒီမီထရီ'

"ရွှေတွင်းတွေ ဟုတ်လား မဒမ်၊ အဲဒါတွေအကြောင်း ကျွန်တော် တခါမှ မစဉ်းစားမိခဲ့ဘူး"

"အို… ဒါပေမဲ့ အဲဒါတွေကို ကျွန်မက ရှင့်အတွက် စဉ်းစားခဲ့တယ်၊ အဲဒါတွေအကြောင်း ကျွန်မ စဉ်းစားပြီးရင်း စဉ်းစားခဲ့တယ်၊ ကျွန်မခေါင်းထဲမှာ အဲဒီစိတ်ကူးနဲ့ ပြီးခဲ့တဲ့လထဲမှာ ရှင့်ကို ကျွန်မ စောင့်ကြည့်ခဲ့တယ်၊ ကျွန်မအနားက ရှင်ဖြတ်သွားတိုင်း ရှင့်ကို ကျွန်မ အကြိမ်တရာလောက် ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အခုလို ပြောခဲ့တယ်၊ သူ့မှာ ရွှေတွင်းတွေဆီကို သွားဖို့ ကောင်းတဲ့ ခွန်အားတွေ ရှိတယ်၊ ရှင် လမ်းလျှောက်ပုံကို ကျွန်မ လေ့လာပြီး ဆုံးဖြတ်မိတာကတော့ ရှင့်လိုလူမျိုး တယောက်ဟာ ရွှေတွင်းတွေ အများကြီး တွေ့နိုင်တယ် ဆိုတာပဲ"

"ကျွန်တော် လမ်းလျှောက်ပုံကို ကြည့်ပြီးမှ … ဟုတ်လား မဒမ်" မစ်တယာ ပြုံးပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊ လူတယောက် လမ်းလျှောက်ပုံကိုကြည့်ပြီး ကျွန်မ ပြောနိုင်တယ်၊ လူတယောက် လမ်းလျှောက်ပုံကို ကြည့်ပြီး သူ့ရဲ့စရိုက်ကို သိနိုင်တယ် ဆိုတာကို မဟုတ်ဘူးလို့ ရှင် ပြောနိုင်မလား၊ သိပ္ပံပညာက အတွေးအခေါ်ကို အထောက်အကူပြုတယ်၊ ဟုတ်တယ် … ကျွန်မဟာ အခုဆိုရင် ဒိဋ္ဌဓမ္မ လက်တွေ့သမားတယောက်ပဲ၊ ကနေ့ကစပြီး … ဘုန်းကြီးကျောင်းမှာ အဲဒီပြဿနာ ပေါ်ပြီးတဲ့ နောက်ပိုင်းမှာ အဲဒီပြဿနာက ကျွန်မကို ကသိကအောက် ဖြစ်စေခဲ့တယ်၊ ကျွန်မဟာ ဒိဋ္ဌဓမ္မသမား တယောက် ဖြစ်သွားပြီ၊ လက်တွေ့ကျတဲ့ အလုပ်တွေကိုပဲ ကျွန်မ လုပ်တော့မယ်၊ ကျွန်မမှာ အစွဲကျွတ်သွားပြီ၊ တူဂေးညက် ပြောတဲ့အတိုင်း ပြောရရင် တော်လောက်ပြီ"

"ဒါပေမဲ့ မဒမ်၊ ကျွန်တော့်ကို ချေးမယ်လို့ ရက်ရက်ရောရော ကတိပေးထားတဲ့ ငွေသုံးထောင် …."

ထိုအခါ မဒမ် ကိုကလာကော့က ချက်ချင်းပင် သူ့စကားကို ကြားဖြတ်ပြီး …

"အဲဒီပိုက်ဆံကို ရှင် ရမှာပေါ့ ဒီမီထရီ၊ ငွေသုံးထောင်ဟာ ရှင့်အိတ်ထဲမှာ ပြည့်ပြည့်ဝဝကြီး ရှိနေရမယ်၊ သုံးထောင်တောင် မကဘူး၊ ဘာမှမကြာခင် အချိန်ကလေးအတွင်းမှာ သုံးသန်းတောင် ဖြစ်နိုင်တယ်၊ ရှင် ဘာလုပ်ရမယ်ဆိုတာ

ကျွန်မ ပြောပြမယ်၊ ရွှေတွင်းတွေကို ရှင် ရှာရမယ်၊ သန်းပေါင်းများစွာရအောင် လုပ်ရမယ်၊ အဲဒီအခါမှာ ရှင် ဒီကို ပြန်လာပြီး ရှေ့ဆောင်ရှေ့ရွက် လူကြီးတယောက် ဖြစ်မယ်၊ ကျွန်မတို့ကို နိုးကြားအောင်လုပ်ပြီး ကောင်းမွန်ရာတွေကို လုပ်စေရမယ်၊ ကျွန်မတို့ဟာ ရဟူဒီတွေလက်ထဲကို အားလုံး ပုံအပ်ထားကြဖို့ မဟုတ်ဘူး၊ ရှင်ဟာ ပြည်သူ့ အဆောက်အအုံကြီးတွေကို ဆောက်ရမယ်၊ လုပ်ငန်းကြီးတွေကို တည်ထောင်ရမယ်၊ မရှိဆင်းရဲသား တွေကို ရှင့်အနေနဲ့ ကူညီရမယ်၊ အဲဒီအခါမှာ သူတို့က ရှင့်ကို ကောင်းချီးပေးကြလိမ့်မယ်။ အခုခေတ်က မီးရထားခေတ်၊ ရှင်ဟာ ထင်ရှားကျော်ကြားလာပြီး ဘဏ္ဍာရေးဝန်ကြီးဌာနက လက်မလွှတ်နိုင်တဲ့ လူတယောက် ဖြစ်လာမယ်၊ အဲဒီဌာနက လောလောဆယ် အချိန်မှာ အတော်ကြီး ကို ချွတ်ခြုံကျနေတယ်၊ ရူဗယ်ငွေ တန်ဖိုးကျတဲ့ သတင်းကြောင့် ညညမှာ ကျွန်မ အိပ်လို့မရဘူး ဒီမီထရီ၊ လူတွေက အဲဒီအပိုင်းက ကျွန်မ အကြောင်းတွေကို မသိကြဘူး ...”

“မဒမ် ... မဒမ်” မစ်တယာက စိတ်မသက်သာသည့် အနေမျိုးဖြင့် ကြားဖြတ်ပြောဆိုသည်။ “မဒမ်ရဲ့ အကြံဉာဏ် ... အင်မတန်ကောင်းတဲ့ အကြံဉာဏ်ကို ... ကျွန်တော် လိုက်နာပါ့မယ် .... တကယ် လိုက်နာပါ့မယ် ... ရွှေတွင်းတွေဆီကို ကျွန်တော်သွားပါ့မယ် ... အဲဒီကိစ္စအတွက် ကျွန်တော် ပြန်လာပြီး ဆွေးနွေးပါဦးမယ် ... အခေါက်များစွာ လာပါ့မယ် ... ဒါပေမဲ့ လောလောဆယ်မှာတော့ မဒမ် ရက်ရက်ရောရော ကတိပြုထားတဲ့ ငွေ သုံးထောင် ... အဲဒီ ငွေသုံးထောင်က ကျွန်တော့်ကို လွတ်မြောက်စေလိမ့်မယ် ... မဒမ်က အဲဒီငွေကို ကျွန်တော့်ကို ကနေ့ ပေးခဲ့ရင်ပေါ့ ... ကျွန်တော် ဆိုလိုတာက ... ကျွန်တော့်မှာ အချိန် တမိနစ်တောင် နောက်ကျ မခံနိုင်တော့ဘူး ..”

“တော်လောက်ပြီ ဒီမီထရီ၊ တော်လောက်ပြီ” မစ္စက်ကိုကလာကော့က ကြားဖြတ်လိုက်ပြန်သည်။ “ကျွန်မ သိချင်တာက ရွှေတွင်းတွေဆီကို ရှင် သွားမလား မသွားဘူးလား ဆိုတာပဲ၊ ရှင့်စိတ်ကို ဆုံးဖြတ်ပြီးပြီလား၊ ဟုတ်တယ် မဟုတ်ဘူး ဆိုတာ ဖြေစမ်းပါ”

“ကျွန်တော် သွားပါ့မယ် မဒမ်၊ နောက်ပိုင်းမှာ ... မဒမ် သွားစေချင်တဲ့နေရာကို ကျွန်တော် သွားပါ့မယ်၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ...”

“ခဏနေဦး”

မဒမ်ကိုကလာကော့ ဟစ်အော်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ခုန်ထပြီး အံဆွဲတွေ အများကြီး ပါရှိသော အင်မတန် သားနားသည့် ဗီရိုကြီးတလုံးဆီသို့ ပြေးသွားပြီး အံဆွဲတွေကို တခုပြီးတခု ဖွင့်နေတော့သည်။ တစုံတခုကို

ကတိုက်ကရိုက် ရှာဖွေ လျက်ရှိသည်။

"ငွေသုံးထောင်ကို ရှာနေတာပဲ" မစ်တယာ အသက်ရှူမမှန်ဘဲ တွေးလိုက်သည်။ "သူ အခု ငါ့ကို ချက်ချင်း ပေးလိုက်တော့မှာပဲ၊ ဘာစာရွက်စာတမ်း အထောက်အထားမှ မပါဘဲနဲ့ ပေးလိုက်တော့ မှာပဲ ... လူကြီးလူကောင်းတွေရဲ့လုပ်ပုံလုပ်နည်းအတိုင်း သူ လုပ်တာပဲ၊ တကယ် အံ့ဩစရာ ကောင်းတဲ့ အမျိုးသမီးပဲ၊ စကားများတာကလေး တခုပဲ ရှိတယ်"

"ဟောဒီမှာ တွေ့ပြီ"

သူမ ဝမ်းသာအားရ ဟစ်အော်လိုက်ပြီး သူ့ထံသို့ ပြန်လာသည်။

"ကျွန်မ လိုက်ရှာနေတာ ဒါပဲ"

ကြိုးငယ်ကလေးတခုတွင် ချည်ထားသော ငွေသား ပုံတော်ကလေးတခု ဖြစ်သည်။ လက်ဝါးကပ်တိုင် ကလေးနှင့်အတူ လည်ပင်းတွင် ဆွဲရသည့် ပုံတော်ရုပ်ကလေးဖြစ်သည်။

"ဒီပုံတော်ဟာ ကီးယက်မြို့တော်ကပဲ ဒီမီထရီ" သူမက အထူးပင် အလေးအမြတ် ထားပြီး ပြောလိုက်သည်။ "သာသနာ့အာဇာနည်ကြီး ဗာဗရာရဲ့ဓာတ်တော်မွေတော်ပဲ၊ ရှင့်လည်ပင်းမှာ ကျွန်မကိုယ်တိုင် ဆွဲပေးပါရစေ၊ ရှင့်ရဲ့ဘဝသစ်နဲ့ ရှင့်ရဲ့လုပ်ငန်းသစ်အတွက် ကျွန်မရဲ့ လက်ဆောင်ပဲ ပေါ့ ရှင်"

သူမက တကယ်ပင် ပုံတော်ရုပ်ကလေးကို သူ၏လည်ပင်းတွင် ဆွဲပေးသည်။ မစ်တယာကလည်း ကသိကအောက်ဖြင့် ဦးခေါင်းကို ညွှတ်ပေးကာ သူမကို ကူညီရသည်။ နောက်ဆုံးတွင် ပုံတော်ရုပ် သည် သူ၏လည်စည်းနှင့် ရှပ်အင်္ကျီ ကော်လာအောက်သို့ ရောက်ရှိသွားကာ သူ၏ရင်ဘတ်ပေါ်တွင် ထိကပ်လျက် ရှိတော့သည်။

"ကဲ ... ရှင် သွားနိုင်ပြီ"

အမျိုးသမီးက သူမ၏ ကုလားထိုင်တွင် အောင်မြင်စွာ ပြန်ထိုင်ရင်း ကြေညာလိုက်သည်။

"မဒမ်ရဲ့ စေတနာအတွက် ကျွန်တော့်ရင်ထဲမှာ ကြည်နူးလိုက်တာ.. မဒမ့်ကို ဘယ်လို ကျေးဇူး ဆပ်ရမှန်း မသိတော့ဘူး ... ဒါပေမဲ့ မဒမ်၊ ကျွန်တော့်မှာ အချိန်က သိပ်ပြီး တန်ဖိုးရှိနေပါတယ် ... အဲဒီ ကျွန်တော် စောင့်နေတဲ့ ပိုက်ဆံ ... အို ... မဒမ်ရဲ့ မဟာ စေတနာ ... မဒမ့်ကို ကျွန်တော် ပြောပါရစေ ခင်ဗျာ၊ မဒမ့်အနေနဲ့ ဒီကိစ္စကို အစောကြီးကတည်းက သိပြီး ဖြစ်နေပေမဲ့ ကျွန်တော် ပြောပါရစေ၊ ဒီမှာရှိတဲ့

လူတယောက်ကို ကျွန်တော် ချစ်နေပါတယ်… ကက်တယာအပေါ်မှာ သစ္စာဖောက်ခဲ့ပါတယ် .. ကက်ထရီးနား အိုက်ဗင်နိုဗာပါ … ကျွန်တော်ဟာ သူ့အပေါ်မှာ လူမဆန်ခဲ့ပါဘူး … ကိုယ်ကျင့်တရား မရှိခဲ့ပါဘူး … ကျွန်တော်ဟာ တခြားတယောက်နဲ့ မေတ္တာရှိနေခဲ့ပါတယ် … မဒမ် မုန်းနေတဲ့ မိန်းမတယောက်ပဲပေါ့ … မဒမ် အခြေအနေတွေ အကုန်လုံးကို သိနေပြီးပါပြီ ဒါပေမဲ့ ကျွန်တော်ဟာ အဲဒီအမျိုးသမီးကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး … အဲဒါကြောင့်ပဲ အဲဒီငွေ သုံးထောင် …”

“အားလုံးကို စွန့်လွှတ်ခဲ့ပါ ဒီမီထရီ” မဒမ် ကိုကလာကော့က အဆုံးအဖြတ်ပေးသည့် လေသံဖြင့် ကြားဖြတ်ပြီး ပြောလိုက်သည်။ “အားလုံးကို စွန့်လွှတ်ထားခဲ့ပါ၊ အထူးသဖြင့် အဲဒီအမျိုးသမီးကို စွန့်လွှတ်ထားခဲ့ပါ။ ရှင့်ရဲ့ပန်းတိုင်က ရွှေတွင်းတွေပဲ၊ အဲဒီကို ရှင် ဘယ် မိန်းမကိုမှ ခေါ်သွားလို့ မရနိုင်ဘူး၊ နောက်ပိုင်းမှာ ရှင် ချမ်းသာပြီး ထင်ရှားကျော်ကြားပြီး ပြန်လာတဲ့အခါ အထက်တန်းစား အသိုင်းအဝိုင်းထဲမှာ ရှင်ချစ်တဲ့ အမျိုးသမီးတယောက်ကို တွေ့ပါလိမ့်မယ်၊ သူဟာ ခေတ်မီတဲ့ အမျိုးသမီးတယောက်၊ ပညာတတ်တဲ့ အမျိုးသမီးတယောက်၊ အတွေးအခေါ် တိုးတက်တဲ့ အမျိုးသမီး တယောက် ဖြစ်ပါလိမ့်မယ်၊ အဲဒီအခါကျရင် အမျိုးသမီး ပြဿနာဟာ လက်ရှိဖွံ့ဖြိုးစ အခြေအနေကနေ လုံးဝဖွံ့ဖြိုး တိုးတက်တဲ့ အခြေအနေကို ရောက်ရှိနေပြီး အမျိုးသမီးအသစ်တွေ ဖြစ်ပေါ်နေတာကို တွေ့ရပါလိမ့်မယ်”

“မဒမ် … အဲဒါ အဓိက မဟုတ်ဘူး၊ အဓိက မဟုတ်ဘူး”

မစ်တယာက သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

“အဲဒါ အဓိကပဲရှင့်၊ ရှင့်အတွက် လိုအပ်နေတာ အဲဒါပဲ၊ ရှင် မျှော်မှန်းနေတာ အဲဒါပဲ၊ ရှင့်ဟာရှင် မသိလို့သာ၊ လက်ရှိ အမျိုးသမီး လှုပ်ရှားမှုကို ကျွန်မ မဆန့်ကျင်ဘူး၊ အမျိုးသမီးတွေရဲ့ တိုးတက် ဖွံ့ဖြိုးမှုနဲ့ အမျိုးသမီးတွေရဲ့နိုင်ငံရေးလွှတ်မြောက်မှုဟာ မကြာခင် အနာဂတ်ကာလမှာ ဖြစ်ထွန်းလာ လိမ့်မယ် … ဒါ ကျွန်မရဲ့အယူအဆပဲ၊ ကျွန်မကိုယ်တိုင်မှာလည်း သမီးတယောက် ရှိပါတယ် ဒီမီထရီ။ လူတွေက ကျွန်မအကြောင်း အဲဒီဘက်အပိုင်းကို မသိကြဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး စာရေးဆရာကြီး ရှက်ရှီဒရင်ဆီကို စာရေးတယ်၊ အဲဒီ စာရေးဆရာကြီးက ကျွန်မကို အများကြီး သင်ကြားပေးခဲ့တယ်၊ သူက အမျိုးသမီးတွေရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိစ္စကို အများကြီး ပြောကြားခဲ့တယ်။ အဲဒါကြောင့် ကျွန်မဟာ သူ့ဆီကို မနှစ်က အမည်မခံဘဲနဲ့ စာနှစ်ကြောင်း ရေးခဲ့တယ်၊ “ခေတ်သစ် အမျိုးသမီးများကို ဖော်ဆောင်ပေးနေတဲ့ ဆရာကြီးကို အထူးပဲ ချီးကျူးဂုဏ်ပြုပါတယ်၊ ဆက်လက် ဆောင်ရွက်ပေးပါရှင့် …

မိခင်တဦး” လို့ဆိုပြီး ကျွန်မ လက်မှတ် ထိုးလိုက်တယ်။ ပထမတော့ “ခေတ်ပြိုင် မိခင်တဦး” လို့တောင် လက်မှတ်ထိုးမလို့ စိတ်ကူးသေးတယ်၊ နောက်မှ “မိခင်တဦး” လို့ပဲ ရိုးရိုးကလေး ထိုးလိုက်တယ်။ အဲဒါက ပိုပြီး လှပါတယ် ဒီမီထရီ၊ နောက်ပြီးတော့ “ခေတ်ပြိုင်” ဆိုတဲ့ စကားလုံးက သူ့အဖို့ “ခေတ်ပြိုင်” စာစောင်ကို သွားပြီး သတိရစေနိုင်တယ် ... ဒီခေတ် ကျွန်မတို့ရဲ့ စာပေ စိစစ်ရေးကို အမှတ်ရစေနိုင်တယ် ... အို ဘုရားသခင်၊ ရှင် ဘာဖြစ်နေတာလဲ”

“မဒမ် ....”

မစ်တယာ ထိုင်ရာမှ ခုန်ထလိုက်သည်။ လက်နှစ်ဖက်ကို ဆုပ်ထားသည်။

“မဒမ်ရဲ့ရက်ရောမှုကို အချိန်ကြာကြာ ဆွဲထားရင် ကျွန်တော် ငိုမိတော့မယ်”

“အို ... ငိုလိုက်ပါ ဒီမီထရီ၊ ငိုလိုက်စမ်းပါ။ အဲဒါ အင်မတန်ကောင်းတဲ့ ခံစားမှုတခုပဲ... ရှင်ဟာ ခရီးရှည်ကြီးတခုကို သွားရမယ်၊ မျက်ရည်တွေက ရှင့်ကို သက်သာရာ ရစေမယ်၊ နောက်ပြီးတော့ ပြန်လာတဲ့အခါမှာ ရှင်ဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်၊ ရှင်ဟာ ကျွန်မနဲ့အတူ ဝမ်းသာရအောင် ဆိုက်ဗေးရီးယားကနေ အသော့နှင်လာလိမ့်မယ်...”

“ကျွန်တော် ပြောပါရစေဦး” မစ်တယာ ရုတ်ခြည်း ပြောလိုက်သည်။ “မဒမ့်ကို နောက်ဆုံးအနေနဲ့ ကျွန်တော် တောင်းပန်ပါရစေ၊ ကျွန်တော့်ကို ပြောစမ်းပါ၊ ကျွန်တော့်ကို ပေးမယ်လို့ မဒမ် ကတိပေး ထားတဲ့ ပိုက်ဆံ ကနေ့ ရမလား၊ ကနေ့မရဘူးဆိုရင် ကျွန်တော် ဘယ်တော့လာရမလဲ”

“ရှင် ... ဘာပိုက်ဆံလဲ”

“မဒမ် ကတိပေးထားတဲ့ ငွေသုံးထောင်လေ၊ မဒမ် စေတနာအပြည့်နဲ့ ကတိပေးထားတာလေ”

“သုံးထောင် ဟုတ်လား၊ ရူဗယ် သုံးထောင် ဟုတ်လား၊ အို ... မဟုတ်တာပဲ၊ ကျွန်မမှာ ငွေသုံးထောင် မရှိပါဘူး”

မဒမ် ကိုကလာကော့က တကယ်ပင် အံ့ဩဟန်ဖြင့် ပြောလိုက်သည်။

မစ်တယာ ကြက်သေ သေသွားသည်။

“မဟုတ်ဘူးလေ ... မဒမ် အခုပဲ ပြောခဲ့တာပဲ ... မဒမ်က .. မဒမ် ပြောသွားတာက အဲဒီ ငွေသုံးထောင် ကျွန်တော့်အိတ်ထဲမှာ ပြည့်ပြည့်ဝဝကြီး ရှိနေရမယ်တဲ့ ...”

"အို ... မဟုတ်ဘူး၊ ကျွန်မပြောတာကို ရှင် နားလည်တာ မှားနေပြီ၊ ကျွန်မ ပြောနေတာက ရွှေတွင်းတွေအကြောင်းပဲ၊ ဟုတ်တယ်၊ ရှင့်ကို ကျွန်မ ကတိပေးခဲ့တယ်၊ သုံးထောင်မက ရစေရမယ် လို့ ကျွန်မ ကတိပေးခဲ့တယ်၊ အဲဒါကို ကျွန်မ အခု မှတ်မိပြီ၊ ဒါပေမဲ့ ကျွန်မက ရွှေတွင်းတွေကို ရည်စူးပြီး ပြောတာပဲ"

"မဟုတ်ဘူး၊ ပိုက်ဆံလေ ... ငွေသုံးထောင်လေ"

မစ်တယာ ကသိကအောက်ဖြင့် ရွတ်ဆိုလိုက်သည်။

"အင်း၊ ဟုတ်ပြီ၊ ရှင်ပြောနေတာ ငွေဆိုရင်တော့ ကျွန်မမှာ မရှိဘူး၊ ကျွန်မမှာ ပိုက်ဆံမရှိပါဘူး ဒီမီထရီ၊ အဲဒါအတွက် ဘဏ္ဍာစိုးနဲ့တောင် ကျွန်မ စကားပြောနေရတယ်၊ တနေ့ကတောင် မီယူဆော့ဆီက ရူဗယ်ငါးရာ ကျွန်မ ချေးရသေးတယ်၊ ကျွန်မမှာ ပိုက်ဆံ မရှိပါဘူး ရှင်။ နောက်ပြီးတော့ ဒီမီထရီ၊ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မမှာ ပိုက်ဆံရှိလည်း ရှင့်ကို မပေးပါဘူး၊ ပထမအချက်ကတော့ ကျွန်မ ဘယ်သူ့ကိုမှ ပိုက်ဆံ မချေးဘူး၊ လူတွေကို ပိုက်ဆံ ချေးတာဟာ သူတို့နဲ့ ရန်ဖြစ်ဖို့ပဲ၊ အထူးသဖြင့် ရှင့်ကို ကျွန်မ မချေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်အဖို့ လိုအပ်နေတာက ရွှေတွင်းတွေပဲ၊ ရွှေတွင်းတွေပဲ၊ ရွှေတွင်းတွေပဲ..."

"အို ... သေလိုက်စမ်းပါ"

မစ်တယာ စားပွဲကို လက်သီးဖြင့် တအားထုရင်း ဟစ်အော်လိုက်သည်။

"ကယ်တော်မူကြပါ"

မစ္စက်ကိုကလာကော့ ထိတ်လန့်စွာ ဟစ်အော်ရင်း ဧည့်ခန်း၏ တဖက်ထိပ်ဆီသို့ ပြေးသွားသည်။ မစ်တယာ တံတွေးတချက်ထွေးပြီး အခန်းထဲမှ လျင်မြန်စွာ ထွက်သွားသည်။ အိမ်ထဲမှ ထွက်သွားသည်။ လမ်းပေါ်သို့ ရောက်ရှိသွားသည်။ အမှောင်ထဲသို့ ရောက်ရှိသွားသည်။

သူသည် အရူးတယောက်လို လျှောက်သွားနေသည်။ လွန်ခဲ့သည့်နှစ်ရက်က အလျှိုရှာနှင့် လမ်းပေါ်တွင် တွေ့ခဲ့စဉ်က ထုခဲ့သည့်အတိုင်း သူ့ရင်ဘတ်ကို ထုလျက်ရှိသည်။ အဘယ်ကြောင့် ထိုနေရာသို့ ထုရိုက်ကြောင်း၊ သူ့အနေနှင့် ဘာကို ရည်ရွယ်ကြောင်းသည်ကား ထိုအချိန်က လျှို့ဝှက်မှုတခုအဖြစ်ဖြင့် ရှိနေပါသည်။ မည်သူ့ကိုမျှ သူ ထုတ်ဖော် ပြောဆိုခြင်း မပြုပါ။ အလျှိုရှာ ကိုပင် မပြောဆိုပါ။ သို့သော် ထိုလျှို့ဝှက်ချက်သည် သူ့အဖို့ ဂုဏ်သရေပျက်ဖွယ်ရာတင် မဟုတ်ပါ။ ပျက်စီးဆုံးရှုံးဖွယ်ရာပင် ဖြစ်တော့သည်။ ကိုယ့်ဘဝကိုယ် နိဂုံးချုပ်ခြင်းပင် ဖြစ်တော့သည်။

ယင်းသို့ဖြင့် သူသည် ကက်ထရီးနားသို့ ပေးဆပ်ရမည့် ငွေသုံးထောင်ကို မရရှိဘဲ သူ့ရင်ဘတ်ပေါ်ရှိ ထိုနေရာတွင် လေးလံစွာဖြစ်နေသော အရာကို မဖယ်ရှားနိုင်ခဲ့လျှင် သူ့ပြဿနာ အဆုံးအဖြတ် ကျသွားပြီ ဖြစ်တော့သည်။ ဤကိစ္စ အကြောင်းစုံကို စာဖတ်သူများအား နောက်ပိုင်းတွင် အပြည့်အစုံ ရှင်းလင်းဖော်ပြသွားမည် ဖြစ်သည်။ သို့ရာတွင် လောလောဆယ် ဖော်ပြရမည်ကား ကိုယ်ခန္ဓာ အင်မတန် ကြီးမားကြွံခိုင်သော ဤပုဂ္ဂိုလ်သည် နောက်ဆုံး မျှော်လင့်ချက် ပျောက်ဆုံးသွားသည်နှင့် တပြိုင်နက် မစ္စက်ကိုကလာကော့အိမ်မှ ထွက်လာပြီး လေးငါးလှမ်းမျှအကြာတွင် ကလေး တယောက်လို ဖြုန်းစားကြီး ငိုချလိုက်ပါတော့သည်။

သူသည် လမ်းပေါ်တွင် လျှောက်သွားနေရင်း သူ့ဘာသူ ဘာလုပ်နေမိမှန်း သတိမထားမိဘဲနှင့် မျက်နှာမှ မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ယင်းသို့ဖြင့် သူသည် ဈေးအနီးသို့ ရောက်ရှိသွား သည်။ ရုတ်ခြည်းဆိုသလိုပင် တစုံတယောက်ကို သူ ဝင်တိုက်မိသည်။ သူ တိုက်ချလိုက်သဖြင့် လဲကျသွားသော မိန်းမကြီးတယောက်၏ ရေရွတ်မြည်တွန်သံကို သူ ကြားလိုက်ရသည်။

“အလိုတော် သေပါပြီ၊ နင် ဘယ်လိုလူလဲ၊ ကိုယ့်လမ်းကိုယ် ကြည့်မသွားဘူး”

“အို ... ခင်ဗျားပါလား”

မစ်တယာက အမှောင်ထဲတွင် မိန်းမကြီးကို မှတ်မိသဖြင့် ပြောလိုက်သည်။ ထိုမိန်းမကြီးမှာ အခြား မဟုတ်ပါ။ ကူဇမာဆမ်ဆိုနော့အိမ်မှ အစေခံမကြီး ဖြစ်သည်။ ၎င်းကို မစ်တယာ မနေ့ကမှ ကောင်းကောင်းကြီး မှတ်မိခဲ့ရခြင်း ဖြစ်သည်။

“လူကြီးမင်းက ဘယ်သူလဲ၊ လူကြီးမင်းကို ကျွန်မ အမှောင်ထဲမှာ မမှတ်မိဘူး” အစေခံမကြီးက သိသိသာသာ ပြောင်းလဲသွားသော လေသံဖြင့် ပြန်မေးသည်။

“ခင်ဗျား ဆမ်ဆိုနော့အိမ်က မဟုတ်လား၊ အဲဒီမှာ လုပ်တယ် မဟုတ်လား”

“ဟုတ်ပါတယ်ရှင်၊ ကျွန်မ ပရိုကိုဗစ်ကို သွားမလို့ပါ၊ ဒါနဲ့ လူကြီးမင်းကို ကျွန်မ မမှတ်မိဘူး ဖြစ်နေတယ်”

“မစ္စဆဗက်လော့ ခင်ဗျားတို့ဆီမှာ ရှိနေသလား၊ ကျုပ်ကို ပြောစမ်းပါ အဘွားကြီး” မစ်တယာ စိတ်ကိုမထိန်းနိုင်ဘဲ မေးလိုက်သည်။ “သူ့ကို ကျုပ်ကိုယ်တိုင် စောစောက အဲဒီကို လိုက်ပို့ခဲ့တာပဲ”

“သူ လာသွားပါတယ်၊ သူလာတယ် ... ခဏလေး နေသွားပြီးတော့

ပြန်သွားတယ်”

“ဘာပြောတယ် ... ပြန်သွားတယ် ဟုတ်လား၊ သူ ဘယ်အချိန်က ပြန်သွားသလဲ”

“သူ ချက်ချင်းပဲ ပြန်သွားပါတယ်၊ တမိနစ်လောက်ပဲ နေပါတယ်၊ မစ္စတာ ဆမ်ဆိုနေ့ဘ်ကို သူ ပုံတပုံ ပြောတယ်။ သခင်ကြီး တ ဟား ဟား ရယ်နေတယ်၊ ပြီးတော့ သူ ပြန်ပြေးသွားတာပဲ”

“ခင်ဗျားကြီး ညာနေတာပဲ၊ အလကား မိန်းမကြီး”

မစ်တယာ ဟိန်းဟောက်လိုက်သည်။

“ကယ်တော်မူကြပါ ...”

မိန်းမကြီး ဟစ်အော်လိုက်သည်။ ထိုအချိန်တွင် မစ်တယာ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ သူသည် ဂရုရှင်ကာ နေထိုင်ရာ အိမ်ဆီသို့ ခြေကုန်သုတ်ပြီး ပြေးနေတော့သည်။ ထိုအချိန်သည် မိုကရိုယီသို့ ဂရုရှင်ကာ ထွက်ခွာသွားပြီး တဆယ့်ငါးမိနစ်လောက် အကြာမှာပင် ဖြစ်သည်။

အိမ်တွင်းသို့ ‘ဗိုလ်ကြီး’ ဖြုန်းစားကြီး ပြေးဝင်သွားသည့် အချိန်တွင် အိမ်ဖော်မလေး ဖီညာသည် သူမ၏အဘွားနှင့်အတူ မီးဖိုထဲတွင် ထိုင်လျက်ရှိသည်။ မစ်တယာကို တွေ့မြင်သောအခါ ဖီညာ အသံကုန် ဟစ်အော်လိုက်သည်။

“နင် ဘာဖြစ်လို့ အော်တာလဲ၊ သူ ဘယ်မှာလဲ”

မစ်တယာ ထစ်ချုန်းလိုက်သည်။ သို့သော် ထိတ်လန့်ပြီး စကားမပြောနိုင်ဘဲ ဖြစ်နေသော ဖီညာ၏ အဖြေကို စောင့်မနေတော့ဘဲ မစ်တယာသည် ကောင်မကလေး၏ ခြေရင်းတွင် ရုတ်တရက် ထိုင်ချလိုက်ပြီး ...

“ဖီညာ ... ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် ... သူ ဘယ်မှာလဲဆိုတာ ကိုယ့်ကို ပြောစမ်းပါ”

“ကျွန်မ ဘာမှ မသိပါဘူးရှင်၊ ကျွန်မ ဘာမှမသိပါဘူး။ ကျွန်မကို သတ်ချင်လည်း သတ်ပါတော့၊ ဒါပေမဲ့ ကျွန်မ ဘာမှ မသိတာတော့ အမှန်ပါပဲ” ဖီညာ အကြောက်အကန် ငြင်းဆန်သည်။ “ဗိုလ်ကြီး ညနေက သူနဲ့အတူတူ ထွက်သွားတာပဲ”

“သူ ဒီကို ပြန်လာတယ်”

"သူ ပြန်မလာပါဘူးရှင်၊ ကျွန်မ ကျိန်ပြောနိုင်ပါတယ်၊ သူ ပြန်မလာပါဘူး"

"နင် ညာနေတာပဲ၊ နင် လန့်နေတာကိုကြည့်ပြီး သူ ဘယ်မှာရှိတယ်ဆိုတာ ငါသိတယ်"

သူ ပြေးထွက်သွားသည်။ ဤမျှ လွယ်လွယ်ကူကူနှင့် ကျွတ်လွတ်သွားသဖြင့် ထိတ်လန့် ကြောက်ရွံ့နေသော ဖီညာ ဝမ်းသာသွားသည်။ သူ့အနေနှင့် အင်မတန် ရေးကြီးသုတ်ပျာ နိုင်နေသဖြင့်သာ သူမအနေနှင့် ယခုကဲ့သို့ သက်သာရာရရှိကြောင်း ဖီညာ သိရှိသည်။ သို့မဟုတ်လျှင် သူ့ကို လိမ်ညာ မိသည့်အတွက် အတော်ကလေးခံရမည် ဖြစ်သည်။ သို့ရာတွင် သူသည် ပြေးထွက်သွားရင်းနှင့် မမျှော်လင့်ဘဲ ပြုမူလိုက်သော အပြုအမူတခုကြောင့် ဖီညာနှင့် အဘွားကြီးတို့ များစွာမှ အံ့သြသွားကြရသည်။

စားပွဲပေါ်တွင် ကြေးငရုတ်ဆုံကလေးတခု ရှိသည်။ ကြေးကျည်ပွေ့ကလေးတခု စိုက်လျက်သား ရှိသည်။ ကြေးကျည်ပွေ့ကလေးသည် အရှည် ခုနစ်လက်မလောက်သာ ရှိသည်။ မစ်တယာသည် အခန်းထဲမှ ပြေးထွက်သွားရင်း တံခါးပေါက်ဝသို့ ရောက်ရှိသောအခါ လက်တဖက်က တံခါးကို ဆွဲဖွင့်ရင်း အခြားလက်တဖက်က ငရုတ်ဆုံထဲမှ ငရုတ်ကျည်ပွေ့ကလေးကို ဆွဲယူလိုက်ပြီး သူ၏ အင်္ကျီဘေးအိတ်ထဲသို့ ထည့်လိုက်သည်။

"အို ဘုရားသခင်၊ တယောက်ယောက်ကိုတော့ သူ သတ်တော့မှာပဲ"

လက်နှစ်ဖက်ကို မြှောက်ကာ ဖီညာ ဟစ်အော်လိုက်သည်။

၄။ အမှောင်ထဲဝယ်

သူ ဘယ်ကို သွားသနည်း။ သူ သွားစရာ တနေရာပဲ ရှိသည်။

"အဖေ့ဆီမှာကလွဲလို့ တခြား ဘယ်နေရာမှာ သူ ရှိနိုင်ဦးမလဲ။ ဆမ်ဆိုနော့ အိမ်ကနေပြီး အဖေ့ဆီကို သူ တခါတည်း တန်းပြီး ပြေးတာဖြစ်ရမယ်။ အခုတော့ အားလုံး ရှင်းသွားပြီ။ ပူးပေါင်းကြံစည်မှုကြီး တခုလုံး၊ လိမ်လည်လှည့်ဖြားမှုကြီးတခုလုံး ထင်ရှားသွားပြီ ..."

ဤအတွေးသည် သူ့ခေါင်းထဲတွင် ဝဲလှည့်လျက်ရှိတော့သည်။ မာရီယာ ကွန်ဒရာ ယက်ဖနာတို့၏ ခြံသို့ သူ မသွားတော့ပါ။

"အဲဒီကို သွားနေစရာ မလိုတော့ဘူး... နည်းနည်းကလေးမှ မလိုတော့ဘူး ... သူတို့ကို ငါ အလန့်တကြား လုပ်လို့ မဖြစ်ဘူး .. သူတို့က ချက်ချင်းပြေးပြီး သတင်းပေးကြလိမ့်မယ် ... မာရီယာဟာ ဒီလုပ်ကြံမှုထဲမှာ အပေါင်းပါတယောက်ပဲ။ ဆမာယာကော့လည်း အတူတူပဲ။ သူတို့အားလုံး လာဘ်စားထားကြတဲ့ လူတွေပဲ"

သူက အစီအစဉ်သစ်ဖြင့် လှုပ်ရှားသည်။ သူသည် လမ်းသွယ်ကလေးကို ဖြတ်ပြီး သူ့ဖခင်၏ခြံသို့ တပတ်ကြီး ကွေ့ပတ်ကာ သွားသည်။ ဒီမီထရိုစကီလမ်းအတိုင်း ပြေးသွားသည်။ ထို့နောက် တံတားကလေးတခုကို ဖြတ်ကျော်ပြီး အသွားအလာ ရှင်းနေသော နောက်ဖေးလမ်းကြားကလေး တခုသို့ ရောက်ရှိသွားသည်။ လမ်းကြားကလေးတွင် ဘာမျှ မရှိပါ။ လူသူလေးပါး မရှိပါ။ တဖက်တွင် နောက်ဖေးခြံစည်းရိုးတခုရှိပြီး တခြားတဖက်တွင်ကား သူ့ဖခင်၏ ခြံတံတိုင်း အမြင့်ကြီး ဖြစ်သည်။

ခြံတံတိုင်းကြီးကို ကျော်တက်ရမည့် နေရာတခုကို သူ ရွေးချယ်သည်။ သူတို့ ပြောဆိုကြသည့် စကားအရ တချိန်က အရူးမကလေး လစ်ဇာဗီတာ ကျော်တက်ခဲ့သည့် နေရာပင် ဖြစ်သည်။

"ဒီနေရာကနေ သူ ကျော်တက်ခဲ့တယ်ဆိုရင် ငါလည်း တက်နိုင်ရမယ်"

သူ့ခေါင်းထဲတွင် တွေးလိုက်မိသည်။ အဘယ်ကြောင့် ဤသို့ တွေးမိသည်ကိုကား မပြောနိုင်ပါ။

သူသည် လက်တွေ့ လုပ်ဆောင်သည့်အနေဖြင့် လှမ်းခုန်လိုက်သည်။ ရုတ်ခြည်းဆိုသလိုပင် ခြံတံတိုင်းထိပ်ကို ဆွဲကိုင်မိသည်။ ထိုအခါ အားစိုက်ပြီး သူ့ကိုယ်သူ ဆွဲတင်လိုက်သဖြင့် တံတိုင်းထိပ် ဆီသို့ ရောက်သွားပြီး

ခွထိုင်လိုက်သည်။ အုတ်တံတိုင်းအနီးတွင် ရေချိုးဆောင်တခု ရှိနေသည်။ သို့သော် သူသည် ခြံတံတိုင်းပေါ်မှနေ၍ မီးလင်းနေသော အိမ်မကြီး၏ ပြတင်းပေါက်များကို မြင်နေရသည်။

"ငါထင်တဲ့အတိုင်းပဲ၊ အဘိုးကြီးရဲ့အခန်း မီးလင်းနေတယ်၊ အဲဒီမှာ သူ ရောက်နေပြီ"

သူသည် ခြံတံတိုင်းပေါ်မှနေ၍ ခြံဝင်းထဲသို့ ခုန်ချလိုက်သည်။ ဂရီဂိုရီနှင့် ဆမာယာကော့တို့ နှစ်ယောက်စလုံး နေမကောင်း ဖြစ်နေကြသဖြင့် သူ၏လှုပ်ရှားသံများကို မည်သူမျှ မကြားနိုင် ကြောင်း သိရှိသော်လည်း မြေပြင်ပေါ်သို့ ရောက်ရှိသောအခါ သူသည် အသက်ရှူကိုထိန်းပြီး ကျောက်တိုင်ကြီးလို ရပ်ကာ နားစွင့်နေမိသည်။ သို့သော် ပတ်ဝန်းကျင်တခုလုံး ပြကတေ့ တိတ်ဆိတ်နေသည်။ ထိုမျှမက တမင်တကာ ဖန်တီးထားသည့်အတိုင်းပင် ပြကတေ့ ငြိမ်သက်နေ သည်။ လေပြည်လေညင်းကလေးပင် တိုးဝှေ့နေခြင်း မရှိပါ။

"တိတ်ဆိတ်ခြင်းမှတပါး အခြား ဘာမျှမရှိ ..."

သူ့ခေါင်းထဲသို့ ကဗျာတကြောင်း ဝင်ရောက်လာသည်။

"ခြံတံတိုင်းကို ငါ ကျော်တက်တဲ့အသံ ဘယ်သူများ ကြားသွားသေးသလဲ၊ ဘယ်သူမှ ကြားမယ်လို့ တော့ ငါ မထင်ဘူး"

သူသည် တမိနစ်ခန့် ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေပြီးနောက် မြက်ခင်းပေါ်တွင် ညင်သာစွာ နင်းလျှောက်သွားသည်။ သစ်ပင်များနှင့် ချုံပုတ်များကို ကွင်းရှောင်ကာ သွားသည်။ သူသည် တဖြည်းဖြည်းချင်းပင် လျှောက်သွားနေသည်။ ခြေလှမ်းကို ခပ်ဖွဖွနင်းပြီး ကိုယ့်ခြေသံကိုယ် နားထောင်လျက် ဖြစ်သည်။ ယင်းသို့ဖြင့် မီးလင်းနေသော ပြတင်းပေါက်အနီးသို့ ရောက်အောင် ငါးမိနစ်မျှ သူ လျှောက်ရသည်။

ပြတင်းပေါက်အနီးတွင် သိပ်သည်းမြင့်မားသော အယ်လဒါနှင့် တောနှင်းဆီ ချုံကြီးများ ရှိကြောင်း သူသိရှိသည်။ လက်ဝဲဘက်ရှိ အိမ်နောက်ဖေး တံခါးပေါက် ပိတ်ထားသည်။ သူသည် ဖြတ်လျှောက် သွားရင်း ထိုတံခါးပေါက်ကို သေသေချာချာ ဂရုပြုပြီး ကြည့်သည်။ နောက်ဆုံးတွင် သူသည် ချုံကြီးများအနီးသို့ ရောက်ရှိသွားပြီး ၎င်းတို့၏နောက်ကွယ်တွင် ပုန်းခိုလိုက်သည်။ သူ အသက်ရှူ မမှန်ဘဲ ရှိနေသည်။

"ခဏတော့ စောင့်နေဦးမှ ဖြစ်မယ်၊ ငါ့ခြေသံကို သူတို့ ကြားသွားပြီး နားစွင့်နေကြရင် ... သူတို့ စိတ်ချလက်ချ ဖြစ်သွားအောင် အချိန်ပေးရမယ်၊ ချောင်းမဆိုးမိအောင်၊ မချေမိအောင် သတိထား ရမယ် ..."

သူ နှစ်မိနစ်မျှ စောင့်သည်။ သူ၏ရင် တထိတ်ထိတ် ခုန်နေသည်။ ရံဖန်ရံခါတွင် သူသည် အသက်ရှုရှု၍မရဘဲ ဖြစ်သွားသည်။

"အို … ငါ့ရင်ထဲမှာ ခုန်နေတာ ရပ်သွားမှာ မဟုတ်ဘူး၊ ငါ့အနေနဲ့ ဘယ်လိုမှ ထပ်ပြီး မစောင့်နိုင်တော့ ဘူး"

သူသည် ချုံကြီးတခု၏နောက်ဘက် အမှောင်ထဲတွင် မတ်တတ်ရပ်လျက်ရှိသည်။ ချုံကြီး၏ ရှေ့ပိုင်းသည် ပြတင်းပေါက်မှ ထွက်ပေါ်နေသော အလင်းရောင်ကြောင့် လင်းနေသည်။

"တောနှင်းဆီ အသီးကလေးတွေက ရဲနေတာပဲ"

အဘယ်ကြောင့်မှန်းမသိ၊ စိတ်ထဲတွင် သူ ပြောလိုက်မိသည်။ ထို့နောက် သူသည် အသံမကြားအောင် ခြေထောက်ကို တလှမ်းချင်း သတိကြီးစွာ နင်းရင်း ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ ခြေဖျားထောက်ပြီး ကြည့်လိုက်သည်။

သူ၏ မြင်ကွင်းထဲတွင် သူ့ဖခင်၏ အိပ်ခန်းတခုလုံး ပေါ်လွင်လျက်ရှိသည်။ အခန်းက အကြီးကြီး မဟုတ်ပါ။ ကန့်လန့်ကာအနီကြီးတခုဖြင့် အခန်းကို နှစ်ပိုင်း ပိုင်းထားသည်။ ယင်းကို အဘိုးကြီး ကာရာမာဇော့က 'ဂန္ဓာလရာဇ်' ဟု ခေါ်သည်။ 'ဂန္ဓာလရာဇ်… ပြီးတော့ ကန့်လန့်ကာရဲ့နောက်မှာ ဂရုရှင်ကာ' မစ်တယာ၏ခေါင်းထဲသို့ ထိုအတွေး ဝင်ရောက်လာသည်။

မစ်တယာသည် သူ၏ဖခင်ကို ဂရုပြုပြီးကြည့်လိုက်သည်။ အစင်း အစင်းနှင့် ပိုးဝတ်ရုံရှည် အသစ်ကြီး ကို ဝတ်ထားသည်။ ခါးတွင် ပန်းပွားတပ်ထားသော ခါးစည်းကြိုး ရှိသည်။ ထိုဝတ်ရုံကို မစ်တယာ ယခင်က မမြင်ဖူးပါ။ ဝတ်ရုံကြီး၏ အတွင်းဘက်တွင် ရွှေကြယ်သီးများ ပါရှိသော အဖိုးတန် အကောင်းစား ရှပ်အင်္ကျီကို တွေ့မြင်ရသည်။ အဘိုးကြီး၏ခေါင်းတွင် အလျှိုရှာ တွေ့မြင်ခဲ့သော ပတ်တီးအနီ ရှိနေသည်။

"အကျအန ဝတ်ထားတာပဲ" မစ်တယာ တွေးလိုက်သည်။

အဘိုးကြီးသည် ပြတင်းပေါက်အနီးတွင် ရပ်ကာ အတွေးနယ်ကျွံနေဟန်ရှိသည်။ ရုတ်ခြည်းဆိုသလို သူသည် ခေါင်းကို ထောင်လိုက်ပြီး နားစွင့်သည်။ ဘာမျှ မကြားသောအခါ စားပွဲဆီသို့ လျှောက်သွားပြီး အလုပြုလုပ်ထားသော အရက်ပုလင်းကြီးထဲမှ ဘရန်ဒီကို ဖန်ခွက်တဝက်လောက် ငှဲ့ထည့်ပြီး သောက်လိုက်သည်။

ထို့နောက် အဘိုးကြီးသည် သက်ပြင်းရှည်ကြီးတချက် ချလိုက်ပြီး ခေတ္တမျှ ရပ်နေသည်။ ပြီးမှ ပြတင်းပေါက်နှစ်ခုကြား နံရံပေါ်ရှိ မှန်ဆီသို့ လျှောက်သွားပြီး

လက်ယာဘက်လက်ဖြင့် နဖူးပေါ်မှ ပတ်တီးကို အနည်းငယ် မ ကာ ဒဏ်ရာနှင့် အမာရွတ်များကို စစ်ဆေးကြည့်ရှုလျက်ရှိသည်။ ဒဏ်ရာ နှင့် အမာရွတ်များသည် ယခုတိုင် မပျောက်ကြသေးပါ။

"သူတယောက်တည်းပဲ၊ သူတယောက်တည်းပဲ ဖြစ်စရာရှိတယ်"

မစ်တယာ တွေးလိုက်သည်။ အဘိုးကြီး ကာရာမာဇော့သည် မှန်ဆီမှ ထွက်လာပြီး ရုတ်တရက် ဆိုသလို ပြတင်းပေါက်ဆီသို့ လျှောက်လာကာ အပြင်သို့ ကြည့်လိုက်သည်။ မစ်တယာ ချက်ချင်းပင် အမှောင်တွင်းသို့ ဆုတ်ဝင်လိုက်ရသည်။

"အမျိုးသမီးဟာ ကန့်လန့်ကာနောက်မှာ ရှိနေနိုင်တယ်၊ အိပ်ပျော်နေတာ ဖြစ်နိုင်တယ်"

မစ်တယာ ရင်ထဲမှာ နာကျင်စွာဖြင့် တွေးလိုက်မိပြန်သည်။ အဘိုးကြီး ကာရာမာဇော့ ပြတင်းပေါက် အနီးမှ ပြန်ထွက်သွားသည်။

"အဘိုးကြီးဟာ ပြတင်းပေါက်ကနေပြီး သူ့ကို ကြည့်တာပဲ၊ အဲဒီတော့ သူဟာ အခန်းထဲမှာ ရှိမနေဘူး၊ အခန်းထဲမှာ အမျိုးသမီး ရှိနေရင် အဘိုးကြီး ဘာဖြစ်လို့ ပြတင်းပေါက်ကနေ ကြည့်နေစရာ လိုမလဲ၊ အဘိုးကြီး စိတ်မရှည် ဖြစ်နေတယ် ..."

မစ်တယာ ရုတ်ခြည်းဆိုသလိုပင် ရှေ့သို့ တိုးသွားပြီး ပြတင်းပေါက်မှ ကြည့်လိုက်ပြန်သည်။ အဘိုးကြီး စားပွဲမှာ ထိုင်နေသည်။ စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသည်။ နောက်ဆုံးတွင် အဘိုးကြီးသည် စားပွဲပေါ်တွင် တံတောင်ထောက်လိုက်ပြီး သူ၏ လက်ယာဘက်ပါးကို လက်ဖဝါး ပေါ်တွင် တင်ထားလိုက်သည်။ အဘိုးကြီးကို မစ်တယာ စိတ်အား ထက်သန်စွာ ကြည့်ရှုလျက် ရှိသည်။

"သူတယောက်တည်းပဲ၊ တယောက်တည်းပဲ၊ အမျိုးသမီး ဒီမှာ ရှိနေတယ်ဆိုရင် သူ့ပုံစံဟာ ဒီလို မဟုတ်နိုင်ဘူး"

မစ်တယာ သူ့ကိုယ်သူ ပြောလိုက်ပြန်သည်။ သို့သော် ထူးဆန်းသည်ကတော့ အခန်းထဲတွင် အမျိုးသမီး မရှိဟူသော အချက်နှင့်ပတ်သက်ပြီး သူ့စိတ်ထဲတွင် ရုတ်တရက် ရှုပ်ထွေးလာပြန်သည်။

"အခန်းထဲမှာ အမျိုးသမီး ရှိမနေတာ မဟုတ်ဘူး၊ အခန်းထဲမှာ သူ ရှိနေသလား မရှိဘူးလား ဆိုတာကို ငါ့အနေနဲ့ သေသေချာချာ မသိနိုင်တာပဲ"

သို့သော် နောက်ပိုင်းတွင် မစ်တယာ အမှတ်ရသည်မှာ ထိုအချိန်က

သူ၏စိတ်သည် အထူးပင် ကြည်လင်လျက်ရှိသည်။ သူသည် အသေးစိတ် အချက်အလက်ကလေးတွေကိုပင် သတိပြုမိလျက် ရှိသည်။ သို့သော် သူ ဒေါသဖြစ်နေသည်က မသေချာမှုနှင့် ယတိမပြတ်မှုတို့က သူ့ရင်ထဲတွင် လျင်မြန်စွာ ဖြစ်ထွန်းနေကြခြင်းပင် ဖြစ်သည်။

"သူ အထဲမှာ ရှိနေသလား၊ မရှိဘူးလား"

သူ့ရင်ထဲတွင် ဒေါသ သံသယ ပြည့်လျှံလာသည်။ ရုတ်တရက် ဆိုသလိုပင် ဆုံးဖြတ်ချက်တခုကို သူ ချမှတ်လိုက်ပြီး လက်တဖက်ဖြင့် ပြတင်းပေါင်ကို လျင်မြန်စွာ ခေါက်လိုက်သည်။ အဘိုးကြီးနှင့် ဆမာယာကော့တို့ နားလည်မှုယူထားသော အချက်ပေးစနစ်ကို သူ အသုံးပြုလိုက်ခြင်း ဖြစ်သည်။ ပထမတွင် ခပ်ဖြည်းဖြည်း နှစ်ချက်ခေါက်လိုက်သည်။ ထို့နောက် သုံးချက် ဆက်ပြီး လျင်မြန်စွာ ခေါက်လိုက်သည်။ ဒေါက် .. ဒေါက် ... ဒေါက် ... အဓိပ္ပာယ်က "ဂရုရှင်ကာ ရောက်နေပြီ"

အဘိုးကြီး အနည်းငယ် ထိတ်လန့်သွားဟန်ရှိသည်။ ခေါင်းကို ဆတ်ခနဲ ထောင်လိုက်သည်။ ထို့နောက် လျင်မြန်စွာ ခုန်ထပြီး ပြတင်းပေါက်ဆီသို့ ပြေးလာသည်။ မစ်တယာက အမှောင်တွင်းသို့ ခုန်ဝင်လိုက်သည်။ အဘိုးကြီး ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ဘက်သို့ ခေါင်းပြူထုတ်လိုက်ပြီး ...

"ဂရုရှင်ကာလား ..."

အဘိုးကြီးက တုန်ယင်သော အသံတိုးတိုးကလေးဖြင့် မေးလိုက်သည်။

"အချစ်ကလေး ဘယ်မှာလဲ၊ အသက်ကလေး ဘယ်မှာလဲ"

အဘိုးကြီး အထူးပင် စိတ်လှုပ်ရှားလျက်ရှိသည်။ အသက်ရှူမမှန်ဘဲ ဖြစ်နေသည်။

"သူတယောက်တည်းပဲ" မစ်တယာ ဆုံးဖြတ်လိုက်သည်။

"မင်းကလေး ဘယ်မှာလဲ"

အဘိုးကြီးက ထပ်မေးလိုက်သည်။ သူ့ခေါင်းကို အပြင်ဘက်သို့ ပိုပြီး ထုတ်လိုက်သည်။ ပခုံးနှစ်ဖက် စလုံး ထွက်ပေါ်လာသည်အထိ ဖြစ်သည်။ သူက လက်ဝဲ လက်ယာကို ကြည့်နေသည်။ အဘက်ဘက်ကို ကြည့်နေသည်။

"ဒီကိုလာလေ၊ မင်းကလေးကို တို့များ လက်ဆောင်ပေးစရာရှိတယ်။ လာ၊ လာ၊ မင်းကို တို့များ ပြမယ်"

"ငွေသုံးထောင် ထည့်ထားတဲ့ စာအိတ်ကို သူပြောတာပဲ"

မစ်တယာ၏ ခေါင်းထဲတွင် အတွေးလက်သွားသည်။

"မင်း ဘယ်မှာလဲ၊ တံခါးပေါက်ဝမှာလား၊ ငါ အခုချက်ချင်း ဖွင့်ပေးမယ်" ထို့နောက် အဘိုးကြီးသည် ပြတင်းပေါက်ကို ကျော်ထွက်တော့မတတ်ပင် အပြင်ဘက်သို့ ကိုယ်ကိုထုတ်လိုက်ပြီး တံခါးပေါက် ရှိရာ လက်ယာဘက် အမှောင်တွင်းသို့ အားစိုက်ပြီး ကြည့်နေသည်။ နောက် တစက္ကန့်လောက် ဆိုလျှင် သူသည် ဂရုရှင်ကာ၏အဖြေကို စောင့်မနေတော့ဘဲ တံခါးကို ဖွင့်ပေးရန် ပြေးသွားတော့မည် ဖြစ်သည်။

မစ်တယာသည် အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိဘဲ ဘေးဘက်မှနေပြီး ကြည့်နေသည်။ သူ အင်မတန် စက်ဆုပ်ရွံရှာသော အဘိုးကြီး၏ တကိုယ်လုံးကို တွေ့မြင်နေရသည်။ တွဲကျနေသော လည်စေ့၊ ကောက်ချိတ်နေသော နှာခေါင်း၊ အလိုရမ္မက်ကြီးစွာဖြင့် ပြုံးနေသည့် နှုတ်ခမ်းများ စသည်တို့သည် အခန်းတွင်းမှ စွေစောင်းစောင်း ကျရောက်နေ သော မီးရောင်တွင် ထင်ထင်လင်းလင်းကြီး ရှိနေကြသည်။ ထိုအခါ မစ်တယာ၏ရင်တွင်းဝယ် ကြောက်မက်ဖွယ်ရာကောင်းသော ဒေါသများ လျှံတက်လာကြတော့သည်။

"သူဟာ ငါ့ရဲ့ ပြိုင်ဘက်ကြီးပဲ၊ သူဟာ ငါ့ကို နှိပ်စက်ညှဉ်းပန်းနေတဲ့ သူပဲ။ ငါ့ဘဝကို ပျက်စီးအောင် လုပ်နေတဲ့လူပဲ"

ဤကား လွန်ခဲ့သည့် လေးရက်ခန့်က နွေရာသီ အပန်းဖြေအိမ်ကလေးတွင် အလျှိုရှာ၏ အမေးကို သူ ဖြေကြားရင်း ပြောခဲ့သော ရုတ်တရက် ဖြစ်ပေါ်လာသည့် ကြောက်မက်ဖွယ် အမျက်ဒေါသပင် ဖြစ်သည်။ သူက ဤဒေါသကို ကြိုတင်သိမြင်ခဲ့သည့်အလား ဖြစ်သည်။

အလျှိုရှာ၏ အမေးကို သူက ဤသို့ ဖြေကြားခဲ့သည်။

"ကိုယ့်အဖေကို ကိုယ်ပြန်သတ်မယ်လို့ ညီလေး ဘယ်လိုပြောနိုင်သလဲ၊ ကိုယ် မသိဘူး၊ ကိုယ် မသိဘူး၊ ကိုယ် သူ့ကို သတ်ချင်လည်း သတ်မိလိမ့်မယ်၊ မသတ်ချင်လည်း မသတ်ဘူး၊ ကိုယ့်စိတ်ထဲ မှာ စိုးရိမ်နေတာကတော့ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ သူ့မျက်နှာကြီးကို ကြည့်ပြီး ဖြုန်းစားကြီး ရွံရှာစက်ဆုပ်မှုတွေ ဖြစ်လာမှာကိုပဲ။ သူ့လည်စေ့ကြီးကို ကိုယ် မုန်းတယ်။ သူ့နှာခေါင်း၊ သူ့မျက်လုံး တွေနဲ့ အရှက်မရှိတဲ့ သူ့အပြုံးကို ကိုယ် မုန်းတယ်၊ ကိုယ့်အနေနဲ့ အထူးစက်ဆုပ်တယ်၊ အဲဒါကြောင့် ကိုယ် စိုးရိမ်နေတာပဲ၊ ကိုယ့် ကိုယ်ကိုယ် မထိန်းနိုင်ဖြစ်ပြီး ..."

သူ၏စက်ဆုပ်မှုက သည်းမခံနိုင်လောက်အောင်ပင် ဖြစ်သည်။ မစ်တယာသည် သူ့ကိုယ်သူ မထိန်းနိုင် တော့ဘဲ အင်္ကျီအိတ်ထဲမှ ကြေးကျည်ပွေ့ကလေးကို ရုတ်တရက် ဆွဲထုတ်လိုက်တော့သည်။

"အဲဒီတုန်းက ဘုရားသခင်က ကျွန်တော့်ကို စောင့်ကြပ် ကြည့်ရှုနေတယ်"

မစ်တယာက နောက်ပိုင်းတွင် ယင်းကဲ့သို့ ပြန်လည် ပြောဆိုလေ့ရှိပါသည်။ ထိုအချိန်မှာပင် ဂရီဂိုရီ သည် နေမကောင်းဖြစ်ပြီး အိပ်ရာပေါ်တွင် အိပ်ပျော်နေရာမှ နိုးလာသည်။ ဆမာယာကော့က အိုက်ဗင်ကို ပြောကြားခဲ့သည့် ဆေးကုသမှုကို ထိုနေ့ ညနေကပင် သူ ခံယူခဲ့သည်။ ယင်းမှာ အထူး လျှို့ဝှက်စွာ ဖော်စပ်ထားသော ဆေးအရက်ကို မာဖာက သူ့တကိုယ်လုံးအနှံ့ လိမ်းပေးပြီး ကျန်ရှိသော ဆေးအရက်ကို သောက်စေခြင်းဖြင့် အိပ်ပျော်သွားခဲ့ခြင်းပင် ဖြစ်သည်။ မာဖာလည်း ဆေးအရက်ကို အလားတူပင် သောက်ခဲ့သည်။ သူမက အရက်မသောက်တတ်သူတဦး ဖြစ်သဖြင့် သူမ၏ခင်ပွန်းအနီးတွင် သစ်တုံးတတုံးကဲ့သို့ အိပ်မောကျနေတော့သည်။

သို့သော် ဂရီဂိုရီသည် မည်သို့မျှ မမျှော်လင့်ဘဲနှင့် ညဘက်တွင် နိုးလာကာ ခေတ္တမျှ စဉ်းစားနေသည်။ ထို့နောက် သူ့ကျောတွင် တစုံတရာ နာကျင်သည့်အလား အိပ်ရာပေါ်တွင် သူ ထထိုင်လိုက်သည်။ ထို့နောက် တဖန် တစုံတခုကို စဉ်းစားမိပြီး ခုတင်ပေါ်မှဆင်းကာ အဝတ်အစားများကို လျင်မြန်စွာ ဝတ်ဆင်သည်။ "ယခုလို ဘေးအန္တရာယ် ရှိနေသောအချိန်တွင်" ဤအိမ်ကြီးကို ကြည့်ရှု စောင့်ရှောက်ခြင်း မရှိဘဲ အိပ်ပျော်နေသည့်အဖြစ်ကို သူ၏အသိစိတ်က အနှောင့်အယှက် ဖြစ်နေဟန် ရှိသည်။ ဆမာယာကော့သည် ဝက်ရူးပြန်ထားသည့်အရှိန်ဖြင့် တဖက်ခန်းတွင် မလှုပ်မယှက်ကြီး ရှိနေသည်။ မာဖာလည်း တုတ်တုတ်မျှ မလှုပ်ပါ။

"အဘွားကြီးအတွက် ဆေးက သိပ်ပြင်းသွားတယ်နဲ့တူတယ်"

မာဖာကိုကြည့်ရင်း ဂရီဂိုရီ တွေးလိုက်မိသည်။ ထို့နောက် သူသည် ညည်းညူရင်းဖြင့် အိမ်ရှေ့သို့ ထွက်ခဲ့သည်။ အိမ်ရှေ့ လှေကားထစ်များပေါ်မှ လှမ်းမျှော်ပြီး ကြည့်ရှုရန်သာ ဖြစ်သည်။ အကြောင်းမှာ သူသည် ကောင်းကောင်း လမ်းမလျှောက်နိုင်သေးသောကြောင့် ဖြစ်သည်။ ကျောကုန်းနှင့် ညာဘက်ခြေထောက်တို့မှ နာကျင်မှုသည်လည်း မခံနိုင်ဖွယ်ရာပင် ဖြစ်သည်။ သို့သော် ဥယျာဉ်ထဲသို့ ဝင်သည့်တံခါးကို ညနေက သူ မပိတ်ခဲ့မိသည့်အဖြစ်ကို ချက်ချင်းပင် အမှတ်ရလိုက်သည်။ သူက အင်မတန် တိကျပြီး မှန်ကန်သည့် လူတယောက် ဖြစ်သည်။ သူသည် လုပ်ဆောင်ရမည့် အလုပ်ကိစ္စများနှင့် အလေ့အကျင့်များကို နှစ်ပေါင်းများစွာကပင် လိုက်နာ ဆောင်ရွက်ခဲ့သူတဦး ဖြစ်သည်။ သို့ဖြင့် သူသည် ထော့နင်း ထော့နင်း နာကျင်စွာဖြင့်ပင်

လေ့ကားထစ်များပေါ်မှ ဆင်းခဲ့ပြီး ဥယျာဉ်ဆီသို့ လျှောက်သွားသည်။

သူ မှန်သည်၊ ခြံတံခါးပွင့်နေသည်။ အလိုအလျောက်ဆိုသလိုပင် သူသည် ဥယျာဉ်ဆီသို့ လျှောက်သွား သည်၊ ဝင်ရောက်သွားသည်။ သူ့စိတ်ထဲတွင် အသံတခု တိုးသဲ့သဲ့ ကြားလိုက်ရသည်ဟု ထင်၍ ဖြစ်သည်။ လက်ဝဲဘက်သို့ ကြည့်လိုက်သောအခါ သူ့သခင်၏ အိပ်ခန်းပြတင်းပေါက် ပွင့်နေသည်ကို တွေ့ရသည်။ ပြတင်းပေါက်တွင် မည်သူမျှ မရှိပါ။

"ပြတင်းပေါက် ဘာဖြစ်လို့ ပွင့်နေရတာလဲ၊ နွေရာသီလည်း မဟုတ်ပါဘူး"

ဂရီဂိုရီ တွေးလိုက်သည်။ ထိုအချိန်မှာပင် သူ့ရှေ့တည့်တည့် ခြံထဲတွင် တစုံတခုကို ရိပ်ခနဲ မြင်လိုက်ရသည်။ သူ၏ရှေ့ဘက် ခြေလှမ်းလေးဆယ်လောက်တွင် လူတယောက် အမှောင်ထဲသို့ ပြေးဝင်သွားသည်။ လူတယောက်၏ အရိပ်သဏ္ဍာန်တခုသည် လျင်မြန်စွာ ပြေးလွှားလျက်ရှိသည်။

"ဘုရားသခင် ..."

ဂရီဂိုရီ ရေရွတ်လိုက်ပြီး ကျောမှ နာကျင်မှုကို သတိမေ့ကာ ထိုသူ၏နောက်သို့ တဟုန်ထိုး ပြေးလိုက်သွားသည်။ သူက ဖြတ်လမ်းကို အသုံးပြုသည်။ ဤဥယျာဉ်၏ အနေအထားကို သူက လူစိမ်းတယောက်ထက် ပိုမိုသိရှိသည်။ လူစိမ်းသည် ရေချိုးဆောင်၏ နောက်ဘက်ဆီသို့ ပြေးသွား သည်။ ထို့နောက် ခြံတံတိုင်းဆီသို့ ဆက်ပြီး ပြေးသွားသည်။

ဂရီဂိုရီသည် ထိုလူကို မျက်ခြည်ပြတ်မခံဘဲ မြန်နိုင်သမျှ မြန်မြန် ပြေးသွားသည်။ ထွက်ပြေးသွားသူ ခြံတံတိုင်းပေါ်သို့ တက်ရောက်နေစဉ်မှာပင် ခြံတံတိုင်းအနီးသို့ သူ ရောက်ရှိသွားသည်။ ဂရီဂိုရီသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ တချက် အော်ဟစ်လိုက်ကာ ထိုသူ့ထံ ပြေးသွားပြီး ၎င်း၏ ခြေထောက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ဆွဲလိုက်တော့သည်။

သူ့စိတ်ထဲတွင် ထင်နေခဲ့သည်မှာ မှန်ပါသည်။ ထိုသူကို သူ ချက်ချင်းပင် မှတ်မိလိုက်သည်။ ၎င်းသည် 'အဟိတ်တိရစ္ဆာန်' ပင် ဖြစ်သည်။ 'အဇာတသတ်' ပင် ဖြစ်သည်။

"အဇာတသတ် ..."

အဘိုးကြီး အသံကုန် ဟစ်အော်လိုက်သည်။ သို့သော် သူ့အနေနှင့် ဤစကားတလုံးကိုသာ အော်နိုင်သည်။ သူသည် တမုဟုတ်ချင်းမှာပင် မြေပြင်ပေါ်သို့ ပုံလဲကျသွားသည်။ မိုးကြိုး ထိမှန်ခံရသည့်အလား ဖြစ်သည်။

မစ်တယာ ခြံတွင်းသို့ ပြန်ပြီး ခုန်ဆင်းကာ လဲကျနေသော အဘိုးကြီး၏ကိုယ်ပေါ်သို့ ကုန်းငုံ့ကာ ကြည့်နေသည်။ မစ်တယာ၏ လက်ထဲတွင် ကြေးကျည်ပွေ့ကလေး ရှိနေသည်။ သူက ကျည်ပွေ့ကို အလိုအလျောက်ဆိုသလိုပင် မြက်ခင်းပေါ်သို့ လွှင့်ပစ်လိုက်သည်။ ကြေးကျည်ပွေ့ကလေးသည် ဂရီဂိုရီနှင့် နှစ်ပေကွာလောက်တွင် ကျရောက်သွားသည်။ သို့သော် မြက်ခင်းပေါ်တွင် မဟုတ်ဘဲ လမ်းပေါ်တွင် ဖြစ်သည်။ အင်မတန် မြင်သာသော နေရာတွင် ဖြစ်သည်။

သူ့ရှေ့တွင် လဲကျနေသူကို မစ်တယာ စက္ကန့်အနည်းငယ်မျှ ကြာအောင် စမ်းသပ်ကြည့်ရှုသည်။ အဘိုးကြီး၏ခေါင်းတွင် သွေးတွေ ဖုံးလွှမ်းလျက်ရှိသည်။ မစ်တယာက သူ့လက်ကို ဆန့်ထုတ်ပြီး အဘိုးကြီး၏ခေါင်းကို စမ်းကြည့်သည်။ ကြေးကျည်ပွေ့ဖြင့် ရိုက်လိုက်သဖြင့် အဘိုးကြီး၏ခေါင်း ကွဲသွားသလော၊ သို့မဟုတ် မူးမိုက်သွားခြင်းမျှသာ ဖြစ်သလော ဆိုသည့်အချက်ကို အထူး ‘သေချာလိုကြောင်း’ နောက်ပိုင်းတွင် သူ အမှတ် ရရှိသည်။

သို့သော် သွေးတွေ ဒလဟော စီးဆင်းလျက်ရှိသည်။ တခဏအတွင်းမှာပင် မစ်တယာ၏ လက်ချောင်းများသည် သွေးပူပူများဖြင့် စိုရွှဲသွားကြသည်။ ထိုအခါ သူသည် အကျႌအိတ်ထဲမှ သန့်ပြန့်သော လက်ကိုင်ပဝါအဖြူကို ထုတ်ယူလိုက်သည်။ မစ္စက် ကိုကလာကော့ထံသို့ အလည် သွားရောက်ရန်အတွက် ထည့်ထားသော လက်ကိုင်ပဝါ ဖြစ်သည်။ ထိုလက်ကိုင်ပဝါဖြင့် သူသည် အဘိုးကြီး၏ မျက်နှာနှင့် နဖူးမှ သွေးများကို သုတ်ပစ်ရန် မိုက်မဲစွာ ကြိုးစားခဲ့သည်။ သို့သော် လက်ကိုင်ပဝါသည် သွေးတွေနှင့် ရွှဲရွှဲစိုသွားတော့သည်။

“ဘုရားသခင် … ငါ ဘာတွေလုပ်နေတာလဲ”

မစ်တယာ ရုတ်ခြည်းဆိုသလိုပင် တွေးလိုက်မိသည်။

“သူ ခေါင်းကွဲသွားတယ်ဆိုရင်လည်း ဒီအချိန်မှာ ငါ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ နောက်ပြီးတော့ အခုအချိန်ကျမှတော့ ဘာအကြောင်းထူးတော့မှာလဲ”

ထို့နောက် သူ စိတ်ပျက်စွာ ဆက်ပြီး တွေးလိုက်မိပြန်သည်။

“ငါ သူ့ကို သတ်မိပြီဆိုရင် သတ်မိပြီပဲ … အဘိုးကြီး … ခင်ဗျား ကံဆိုးတာပဲ၊ အဲဒီတော့ ခင်ဗျား ဒီမှာပဲ နေရစ်ခဲ့ပေတော့”

သူ ကျယ်လောင်စွာ ပြောလိုက်သည်။

ထို့နောက် ခြံတံတိုင်းဆီသို့ သူ တဟုန်ထိုး ပြေးသွားသည်။ ခြံတံတိုင်းကို ကျော်ပြီး လမ်းကြားဆီသို့ ခုန်ဆင်းသည်။ ထို့နောက် လမ်းအတိုင်း ပြေးသွားလေတော့သည်။ သွေးတွေ ရွှဲနစ်နေသော လက်ကိုင်ပဝါကို

သူ၏ညာဘက်လက်ထဲတွင် လုံးချေဆုပ်ကိုင်ထားသည်။ သူသည် ပြေးသွားနေရင်းဖြင့် လက်ကိုင်ပဝါကို ကုတ်အင်္ကျီ နောက်အိတ်ထဲသို့ ထည့်လိုက်သည်။

သူသည် မြန်နိုင်သမျှမြန်မြန် ပြေးသွားလျက်ရှိသည်။ အမှောင်ထဲတွင် သူ့ကို တွေ့ရှိလိုက်ကြသော လမ်းသွားလမ်းလာတချို့က ထိုညက လူတယောက် ကမူးရှူးထိုး ပြေးထွက်သွားသည့်အကြောင်းကို ပြောဆိုနေကြသည်။ ထို့နောက် ဂရုရှင်ကာ၏အိမ်သို့ သူ ပြန်သွားသည်။

စောစောပိုင်း ထိုအိမ်မှ သူထွက်သွားကတည်းက ဖီညာသည် တံခါးမှူးကြီး နာဇာ အိုက်ဗင်နိုဗစ်ထံ အပြေးအလွှား သွားရောက်ပြီး သည်ကနေ့မှာပဲ ဖြစ်ဖြစ်၊ နောက်နေ့မှာပဲ ဖြစ်ဖြစ် ဗိုလ်ကြီးကို ဝင်ခွင့်မပြုပါရန် တောင်းပန်ပြောဆိုထားသည်။ တံခါးမှူးကြီးက ကတိပေးသည်။ သူမ၏ တောင်းပန်ချက်ကို လက်ခံပြီး စိတ်ချနေရန် ပြောဆိုသည်။ သို့သော် ကံမကောင်း အကြောင်းမလှ ချင်တော့ အဘိုးကြီးသည် သူ၏သခင်မက ခေါ်သဖြင့် အိမ်အပေါ်ထပ်သို့ ရုတ်တရက် သွားရသည်။ လမ်းတွင် မကြာခင်ကမှ တောမှရောက်လာသော သူ၏ တူကလေးကို တွေ့ရှိသဖြင့် ခြံဝင်းကို စောင့်ကြပ်ကြည့်ရှုရန် မှာကြားခဲ့သည်။ သို့သော် ဗိုလ်ကြီးအကြောင်း ပြောဖို့ကား သူ မေ့သွားသည်။

မစ်တယာသည် ခြံဝသို့ ရောက်ရှိသောအခါ တံခါးကို ခေါက်လိုက်သည်။ လူရွယ်ကလေးသည် သူ့ကို ချက်ချင်းပင် မှတ်မိသည်။ မစ်တယာက သူ့ကို မကြာခဏဆိုသလို လက်ဖက်ရည်ဖိုး ပေးလေ့ရှိသည်။ သို့ဖြင့် ဝင်းတံခါးကို ချက်ချင်းပင် ဖွင့်ပြီး ဝင်းထဲသို့ ဝင်ရောက်စေသည်။ ထိုမျှမကသေးဘဲ ပြုံးပြုံးချိုချိုဖြင့် ဂရုရှင်ကာ အိမ်တွင် မရှိကြောင်းကိုလည်း သတင်းပေးလေသည်။

"သူ ဘယ်သွားသလဲ ပရိုဟော်"

မစ်တယာ တံ့ခနဲ ရပ်လိုက်ပြီး မေးလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ တီမိုဖီရဲ့ မြင်းရထားနဲ့ မိုကရိုယီကို သွားပါတယ် ခင်ဗျာ"

"ဘာကိစ္စလဲ ..." မစ်တယာ ဟစ်အော်လိုက်သည်။

"ကျွန်တော် မသိပါဘူးခင်ဗျာ၊ အရာရှိတယောက်နဲ့ သွားတွေ့တာလို့တော့ ထင်ပါတယ်။ တယောက်ယောက်က သူ့ကို အခေါ်ခိုင်းလိုက်တာပဲ၊ သူ့ကို ခေါ်ဖို့ မြင်းတွေ ပို့လိုက်ပါတယ်"

မစ်တယာ သူ့ကို ထားခဲ့ပြီး ဖီညာထံသို့ အရူးတယောက်လို ပြေးသွားသည်။

၅။ ရတ်ခြည်းဆုံးဖြတ်ချက်

ဖီညာသည် မီးဖိုထဲတွင် အဘွားနှင့်အတူ ထိုင်လျက်ရှိသည်။ သူတို့နှစ်ယောက်စလုံး အိပ်ရာ ဝင်ကြတော့မည် ဖြစ်သည်။ တံခါးမှူးကြီး၏ စကားကို ယုံကြည်စိတ်ချသဖြင့် သူတို့သည် တံခါးများ ကို သော့ခတ်မထားကြပါ။ မစ်တယာ အခန်းထဲသို့ ပြေးဝင်သွားပြီး ဖီညာကို ခုန်အုပ်ကာ သူမ၏ လည်ပင်းကို ကြမ်းတမ်းစွာ ဆုပ်ကိုင်လိုက်သည်။

"သူ ဘယ်မှာလဲဆိုတာ ငါ့ကို အခုချက်ချင်း ပြောစမ်း၊ မိုကရိုယီမှာ အခု သူနဲ့အတူ ရှိနေတာ ဘယ်သူလဲ"

သူ ဒေါသတကြီး ထစ်ချုန်းလိုက်သဖြင့် အမျိုးသမီးနှစ်ယောက် ထိတ်လန့်တကြား ဟစ်အော်လိုက် ကြသည်။

"ကျွန်မ ပြောပါ့မယ်ရှင်၊ ကျွန်မ အားလုံး ပြောပါ့မယ်၊ ကျွန်မ ဘာတခုမှ ဖုံးမထားပါဘူး"

ဖီညာ သေမတတ် ကြောက်ရွံ့လျက်ရှိပြီး သူမပါးစပ်မှ စကားလုံးများ တရဟော ခုန်ထွက်လာကြ သည်။

"မိုကရိုယီကို သူ သွားပါတယ်၊ သူ့ရဲ့အရာရှိဆီကို သူ သွားပါတယ်"

"ဘယ်က အရာရှိလဲ" မစ်တယာ မြည်ဟိန်းလိုက်သည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက သူသိခဲ့ရတဲ့ အရာရှိပါ။ သူ့ကို ပစ်သွားတဲ့ အရာရှိပါ"

ဖီညာ၏လည်ပင်းကို ညှစ်ထားသော သူ၏လက်များကို မစ်တယာ ပြန်ရုပ်လိုက်သည်။ သူမနှင့် မျက်နှာချင်းဆိုင်တွင် သူ မတ်တတ်ရပ်နေသည်။ တကိုယ်လုံး ဖွေးဖွေးဖြူကာ စကားတခွန်းမျှ မပြောနိုင်ဘဲ ရှိနေသည်။ သို့သော် ပထမ စကားလုံးကတည်းကပင် အခြေအနေ အရပ်ရပ်ကို သဘောပေါက် နားလည်သွားကြောင်း သူ၏မျက်လုံးများက ဖော်ပြလျက်ရှိသည်။

သို့သော် သနားစရာကောင်းသော ဖီညာကလေးမှာမူ သူ့အနေနှင့် သဘောပေါက် မပေါက်ကို ထိုအချိန်က မမှန်းဆတတ်ဘဲ ရှိနေပါသည်။ သူမသည် စောစောက သူ ပြေးဝင်လာစဉ်က ထိုင်နေသော သေတ္တာကြီးပေါ်မှာပင် ထိုင်လျက်သား ရှိနေသည်။ တကိုယ်လုံး တုန်ယင်နေသည်။ သူမ၏ကိုယ်ကို ကာကွယ်ထားသည့်အလား လက်နှစ်ဖက်ကို အပြင်သို့ ဆန့်ထုတ်ထားသည်။ သူမက

ထိုအနေအထားအတိုင်းပင် မလှုပ်မယှက်ကြီး ရှိနေသည်။ သူမ၏ ထိတ်လန့်ပြူးကျယ်နေသော မျက်လုံးများက သူ့ကို တသမတ်တည်း စိုက်ပြီး ကြည့်နေသည်။

အခြေအနေကို ပိုမို ဆိုးရွားစေသည်ကတော့ သူ၏ လက်နှစ်ဖက်စလုံးတွင် သွေးတွေ စွန်းထင်းနေ ခြင်းပင် ဖြစ်သည်။ သူသည် လမ်းတွင် ပြေးရင်းလွှားရင်းဖြင့် နဖူးမှ ချွေးများကိုလည်း ဤလက်များ ဖြင့်ပင် သုတ်ခဲ့ဟန်ရှိသည်။ သူ၏နဖူးနှင့် လက်ယာဘက် ပါးပြင်တို့တွင်လည်း သွေးတွေ စွန်းထင်းလျက် ရှိသည်။

ဖီညာသည် သွေးရူးသွေးတန်း ဖြစ်တော့မည့် အခြေအနေရှိသည်။ ထမင်းချက် အဘွားကြီးသည် ထိုင်ရာမှ ခုန်ထလိုက်ပြီး အရူးမကြီးတယောက်လို သူ့ကို စူးစိုက်ပြီး ကြည့်နေသည်။ ထိတ်လန့် ကြောက်ရွံ့လွန်းသဖြင့် သတိမေ့သွားတော့မတတ်ပင် ဖြစ်သည်။ မစ်တယာ ခေတ္တမျှ မတ်တတ်ရပ် နေပြီးနောက် ဖီညာ၏အနီးရှိ ကုလားထိုင်ပေါ်သို့ အလိုလို ထိုင်ကျသွားတော့သည်။ သူသည် ထိုအတိုင်း ထိုင်နေပြီး ဘာကိုမျှ ဟုတ်တိပတ်တိ စဉ်းစားနေဟန် မရှိပါ။ တစုံတရာကို ထိတ်လန့်ပြီး မှင်တက်မိနေဟန်မျိုး ဖြစ်သည်။

သို့ရာတွင် အရာအားလုံးသည် လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလျက် ရှိနေသည်။ ထိုအရာရှိကို သူ သိသည်။ အကုန်လုံး အစအဆုံး သိသည်။ ဂရုရှင်ကာကိုယ်တိုင် ပြောကြားသဖြင့် သိရှိခဲ့ရခြင်း ဖြစ်သည်။ လွန်ခဲ့သည့် တလလောက်က ထိုသူ့ထံမှ စာတစောင် ရောက်ရှိခဲ့သည်။

ယင်းသို့ဖြင့် ဤကိစ္စသည် သူ၏နောက်ကွယ်တွင် လျှို့ဝှက်စွာ ဖြစ်ပေါ်နေခဲ့သည်မှာ တလမျှ ရှိချေပြီ။ တလလုံးလုံးကြီး ရှိချေပြီ။ သို့သော် ဤပုဂ္ဂိုလ်သစ်ကြီး ပေါ်လာသည်အထိ ၎င်း၏အကြောင်းကို သူ တခါမျှ မတွေးခဲ့မိပါ။ အဘယ်ကြောင့် ၎င်း၏အကြောင်းကို မတွေးမိဘဲ ဖြစ်ခဲ့ရသနည်း။ အဘယ်ကြောင့် ၎င်း၏အကြောင်းကို ချက်ချင်းကြီးပင် ကြားကြားချင်း မေ့ခဲ့ရသနည်း။ ဤမေးခွန်း သည် သူ့ရှေ့တွင် မကောင်းဆိုးရွားကြီး တကောင်လို ပေါ်ပေါက်လာတော့သည်။ သူသည် ဤမကောင်းဆိုးရွားကြီးကို ထိတ်လန့်စွာဖြင့် တွေ့မြင်နေမိသည်။ ထိတ်လန့်စွာဖြင့် တကိုယ်လုံး အေးစက်လာတော့သည်။

သို့သော် သူသည် ရုတ်ခြည်းဆိုသလိုပင် ဖီညာကို နူးညံ့သိမ်မွေ့စွာနှင့် တိုးညင်းစွာ စကားပြောဆို လျက် ရှိတော့သည်။ ချစ်ခင်နှစ်သက်သော ကလေးငယ်တယောက်ပမာ ဖြစ်သည်။ စောစောက သူမကို နာကျင်အောင် လုပ်ခဲ့သည့်အဖြစ်၊ သေလောက်အောင် ခြောက်လှန့်ခဲ့သည့် အဖြစ်တို့ကို မေ့လျော့လျက် ရှိတော့သည်။ သူက ဖီညာကို သေသေချာချာ တိတိကျကျ မေးမြန်းသည်။ သူ့အခြေအနေမျိုးတွင် ဤသို့ မေးမြန်းနိုင်သည်မှာ အထူးပင်

အံ့သြစရာ ဖြစ်တော့သည်။

တဖန် ဖီညာကလည်း သူ၏ သွေးစွန်းနေသော လက်များကို ငေးစိုက်လျက် ရှိသော်လည်း သူ၏ မေးခွန်းများကို အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် လျင်မြန်စွာနှင့် လွယ်ကူစွာ ဖြေဆိုလျက် ရှိသည်။ မေးခွန်းများ အားလုံးကို အမှန်အတိုင်း ဖြေဆိုနေသည့် အလားပင် ဖြစ်သည်။

သူမက ယင်းသို့ ဖြေဆိုနေရသည်ကို ပျော်ရွှင်နေသည့်အလားပင် တစတစဖြင့် အသေးစိတ် အခြေအနေများကို ရှင်းပြလျက် ရှိတော့သည်။ သူမက သူ့ကို ညှဉ်းပန်းခြင်း ပြုမနေတော့ဘဲ ကူညီသည့်အနေဖြင့် ဖြေကြားလျက် ရှိတော့သည်။ ထိုနေ့က ဖြစ်ပျက်ခဲ့သော အခြင်းအရာများ အားလုံးကို သူမက သူ့အား အလုံးစုံ အသေးစိတ် ပြောကြားသည်။ ရာကီတင်နှင့် အလျှိုရှာတို့ အလည်လာကြသည့်အကြောင်း၊ သူမအနေနှင့် မည်ကဲ့သို့ စောင့်ကြပ်ကြည့်ရှုခဲ့ရသည့်အကြောင်း၊ ဂရုရှင်ကာက ပြတင်းပေါက်မှနေပြီး မစ်တယာအား နှုတ်ဆက်စကား ပြောကြားပေးရန် အလျှိုရှာကို မှာကြားခဲ့သည့်အကြောင်း၊ ထိုအမှာစကားမှာ “သူမအနေနှင့် သူ့ကို တနာရီကလေးမျှ ချစ်ခဲ့သည်ကို သူ့အနေနှင့် တသက်လုံး အမှတ်ရနေပါ” ဟု ဖြစ်ကြောင်း စသည်ဖြင့် ဖြစ်သည်။

ဂရုရှင်ကာ၏ နောက်ဆုံး အမှာစကားကို ကြားရသောအခါ မစ်တယာ ရုတ်ခြည်းပင် ပြုံးလိုက်သည်။ သူ၏ ဖြူရော်နေသော ပါးပြင်နှစ်ဖက်တွင် သွေးရောင်များ လျှမ်းလာသည်။ ထိုအချိန်မှာပင် ဖီညာက သူ့ကို စကားတခွန်း ပြောလိုက်သည်။ သူမ၏ စပ်စုမှုအတွက် အနည်းငယ်မျှ စိုးရိမ်ကြောက်လန့်ခြင်း မရှိဘဲနှင့် ဖြစ်သည်။

“ဗိုလ်ကြီးရဲ့လက်မှာ ဘာဖြစ်နေတာလဲ၊ လက်နှစ်ဖက်စလုံး သွေးတွေ ပေနေတယ်”

“ဟုတ်တယ်”

မစ်တယာ အလိုလို ဖြေလိုက်သည်။ ထို့နောက် သူ့လက်များကို အလေးမထားသလို ကြည့်နေသည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် သူ့လက်များနှင့် ဖီညာ၏ မေးခွန်းတို့ကို မေ့လျော့သွားဟန်ရှိသည်။ သူ ငြိမ်သက် တိတ်ဆိတ်နေသည်။

ဤအခန်းထဲသို့ သူ ရောက်ရှိခဲ့သည်မှာ မိနစ်နှစ်ဆယ်မျှ ရှိသွားချေပြီ။ စောစောက သူ၏ စိုးရွံ့ထိတ်လန့်မှုများ ပျောက်ကွယ်သွားကြပြီ။ ယခုအခါ သူ့တွင် ဆုံးဖြတ်ချက် အသစ်တခု ခိုင်ခိုင်မာမာ ရှိနေဟန်ဖြစ်သည်။ သူသည် ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ရီဝေစွာ ပြုံးလိုက်သည်။

“ဗိုလ်ကြီး ဘာဖြစ်တာလဲ”

ဖီညာက သူ့လက်များကိုညွှန်ပြရင်း မေးလိုက်ပြန်သည်။ သူမက ကရုဏာသက်စွာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ သူ ဝမ်းနည်းပူဆွေးနေသည့် အချိန်တွင် အရင်းနှီးဆုံးသော မိတ်ဆွေတဦးပမာ ဖြစ်သည်။

“သွေးတွေပဲ ဖီညာ” သူက ထူးဆန်းသော အမူအရာဖြင့် သူမကိုကြည့်ရင်း ပြောလိုက်သည်။ “လူ့သွေးတွေပဲ၊ အို ဘုရားသခင်၊ ဘာဖြစ်လို့များ ဒီသွေးတွေ ထွက်ရတာလဲ၊ ဒါပေမဲ့ ... ဖီညာ ... ဒီကနေ သိပ်မဝေးတဲ့နေရာမှာ ခြံတံတိုင်းကြီး တခုရှိတယ်၊ (သူက သူမကို ပဟေဠိတခု ဖွက်နေသည့် အလား ကြည့်လိုက်သည်) တော်တော်ကြီးကို မြင့်တဲ့ ခြံတံတိုင်းကြီးပဲ။ သူ့ကို ကြည့်ရတာ ကြောက်စရာကြီးပဲ၊ ဒါပေမဲ့ မနက်ဖြန်မနက် အရုဏ်တက်မှာ ... နေထွက်တဲ့အချိန်မှာ အဲဒီ ခြံတံတိုင်းကြီးကို မစ်တယာ ကျော်ပြီး ဝင်လိမ့်မယ် ... ဘာခြံတံတိုင်းကြီးလဲဆိုတာ မင်း မသိနိုင်ဘူး ဖီညာ .. အဲ ... ထားလိုက်ပါတော့ ... အဲဒါ အရေးမကြီးပါဘူး ... မနက်ဖြန် မနက်ကျရင် မင်း ကြားရလိမ့်မယ်၊ အဲဒီအခါကျရင် အားလုံးကို မင်း နားလည်လာလိမ့်မယ်၊ အဲ လောလောဆယ် မှာတော့ နှုတ်ဆက်ခဲ့ပါတယ်၊ ကိုယ် သွားတော့မယ်... မင်းသခင်မရဲ့ လမ်းခရီးမှာ ကိုယ် လမ်းပိတ်ပြီး မနေပါဘူး၊ ကိုယ် ဘေးဖယ်နေပါ့မယ် .... ဘယ်လိုမျိုး ဘေးဖယ်နေရမယ်ဆိုတာကို ကိုယ် သိပါယ်။ ဘဝ၊ ကိုယ်ရဲ့ ပျော်ရွှင်မှု ... မင်းဟာ ကိုယ့်ကို တနာရီကလေးပဲ ချစ်ခဲ့တယ်၊ အဲဒီအတွက် မင်းရဲ့ မီယင်ကာ ကာရာမာဇော့ကို အစဉ်ထာဝရ သတိရနေပါ... အမျိုးသမီးက ကိုယ့်ကို “မီယင်ကာ” လို့ အမြဲတမ်း ခေါ်လေ့ရှိတယ်၊ အဲဒါကို မင်း မှတ်မိသလား”

ထိုစကားများကို ပြောရင်း သူသည် မီးဖိုထဲမှ ရုတ်တရက်ကြီး ထွက်သွားသည်။ ယခုကဲ့သို့ မစ်တယာ ရုတ်တရက်ကြီး ထွက်ခွာသွားသည့်အတွက် စောစောက သူ ဝင်ရောက်လာပြီး သူမကို လည်ပင်း ညှစ်ခဲ့သည်ထက်ပင် ဖီညာ ပိုပြီး ကြောက်လန့်နေမိတော့သည်။ ထို့နောက် ဆယ်မိနစ်တိတိ အကြာတွင် မစ်တယာသည် သူ၏ ပစ္စတိုသေနတ်များကို ပေါင်နှံထားသော အရာရှိကလေး ပီတာ ပါကိုတင်ထံသို့ သွားရောက်လေသည်။ အချိန်မှာ ညရှစ်နာရီခွဲ ဖြစ်သည်။ ပါကိုတင်သည် လက်ဖက်ရည် သောက်ပြီးနောက် ‘မြို့တော်’ ကလပ်သို့ သွားရောက်ကာ ဘိလိယက်ထိုးရန် ကုတ်အင်္ကျီကို ဝတ်ဆင်ထားသည်။ အိမ်အပြင်သို့ ထွက်လာသော ပါကိုတင်ကို မစ်တယာ တွေ့ရှိရသည်။ သွေးတွေ ပေကျံလျက်ရှိသော သူ့မျက်နှာကို တွေ့မြင်ရသောအခါ လူရွယ်ကလေး အာမေဍိတ်သံ ပြုလိုက်သည်။

“ဘုရားသခင် ... ဘယ်လိုဖြစ်တာလဲ”

"ကျူပ် သေနတ်တွေကို လာယူတာပါ၊ ခင်ဗျားပိုက်ဆံ ပါလာတယ်၊ ကျေးဇူး အများကြီးတင်တယ်၊ ကျူပ်မှာ သိပ်အရေးကြီးနေတယ်၊ မြန်မြန်လုပ်ပါ ပါကိုတင်"

ပါကိုတင်သည် အံ့ဩသည်ထက် အံ့ဩနေရတော့သည်။ မစ်တယာ၏ လက်ထဲတွင် ငွေစက္ကူ တထပ်ကြီး ကိုင်ထားသည်ကို မြင်ရသည်။ ပို၍ အံ့ဩစရာကောင်းသည်ကတော့ ဘယ်သူမှ ပိုက်ဆံတွေကို သည်လိုမျိုးကိုင်ပြီး သည်လိုမျိုး လမ်းလျှောက်ခြင်း မရှိပါ။ သူက ငွေစက္ကူတွေကို လက်ယာဘက် လက်ထဲတွင် ကိုင်ထားသည်။ အများမြင်သာအောင် ပြသနေသည့်အလား လက်ကို ရှေ့ဘက်တွင် ဆန့်တန်းထားသည်။

ထိုစဉ်က မစ်တယာကို အိမ်ရှေ့ဆင်ဝင်ခန်းတွင် တွေ့ရှိခဲ့ရသော အရာရှိကလေး၏ လက်တိုလက်တောင်း လူငယ်ကလေးက ပြန်ပြောသည်မှာ မစ်တယာသည် အိမ်ထဲသို့ ငွေစက္ကူတွေ ကိုင်ပြီး ဝင်ရောက်လာခဲ့ကြောင်း၊ ထို့ကြောင့် သူသည် လမ်းပေါ်တွင်လည်း ငွေစက္ကူတွေကို ညာဘက်လက်တွင် ဤအတိုင်း ကိုင်ပြီး လျှောက်လာမည်ဖြစ်ကြောင်း ပြောဆိုသည်။

ငွေစက္ကူများမှာ အားလုံးပင် သက်တံရောင် ရူဗယ် တရာတန် ငွေစက္ကူများ ဖြစ်ကြသည်။ ထိုငွေစက္ကူများကို သွေးစွန်းနေသော သူ၏ လက်ချောင်းများအကြားတွင် ကိုင်ထားသည်။ ဤကိစ္စတွင် စိတ်ဝင်စားသူများက မေးမြန်းကြသဖြင့် ပါကိုတင် ပြန်လည် ဖြေဆိုရာတွင် မျက်စိဖြင့် တချက် လှမ်းကြည့်ရုံဖြင့် ပိုက်ဆံတွေ ဘယ်လောက်ရှိမည်ကို မပြောနိုင်ကြောင်း၊ နှစ်ထောင် သုံးထောင် ရှိနိုင်ကြောင်း၊ သေချာသည်မှာတော့ အထုပ်ကြီးတထုပ် ဖြစ်ကြောင်း၊ "ရောမ အထုပ်ကြီးတခု" ဖြစ်ကြောင်း ပြောဆိုသည်။

"ဒီမီထရီ ကာရာမာဇော့ကို ကြည့်ရတာ တမျိုးကြီး ဖြစ်နေတယ်၊ အရက်မူးနေတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူဟာ တခုခုမှာ အာရုံစူးစိုက်နေပြီး ဘာကိုမှ စိတ်မဝင်စားသလိုပဲ၊ ဒါပေမဲ့ တချိန်တည်းမှာပဲ သူဟာ တခုခုကို စဉ်းစားပြီး တခုခုကို အဖြေရှာနေသလိုမျိုးပဲ၊ နောက်ပြီးတော့ ဘာကိုမှလည်း ဆုံးဖြတ်ချက် မချနိုင်တဲ့ ပုံစံမျိုးပဲ၊ သူဟာ တကယ့်ကို ကပျာကယာ ကမန်းကတန်း ဖြစ်နေတယ်၊ သူ စကားပြောပုံက သိပ်ပြတ်ပြီး သိပ်ဆန်းတယ်၊ ဒါပေမဲ့ သူ့ကိုကြည့်ရတာ စိတ်ပျက်အားလျော့နေပုံမျိုး မဟုတ်ဘူး၊ တကယ့်ကို ရွှင်ရွှင်ပျပျကြီးပဲ"

နောက်ပိုင်းတွင် ပါကိုတင်က ဤအတိုင်း အစစ်ခံခဲ့သည်။

"နေပါဦး... ခင်ဗျား ဘာဖြစ်နေတာလဲ၊ ခင်ဗျား ခု ဘာလုပ်မလို့လဲ" ပီတာပါကိုတင်က သူ၏ဧည့်သည်ကို ကစိန်းကဝါး ကြည့်ရင်း မေးလိုက်သည်။ "ခင်ဗျား တကိုယ်လုံးမှာ ဘယ်လိုလုပ်ပြီး သွေးတွေ ပေနေရတာလဲ၊ ခင်ဗျား လိမ့်ကျလို့လား၊ ခင်ဗျားကိုယ်ခင်ဗျား ကြည့်ပါဦး"

ထို့နောက် ပါကိုတင်သည် ဧည့်သည်ကို တံတောင်ဆစ်မှ ဆွဲကိုင်ပြီး မှန်ရှိရာသို့ ခေါ်ဆောင်သွား သည်။ သူ့မျက်နှာတွင် သွေးတွေပေနေသည်ကို တွေ့ရသောအခါ မစ်တယာသည် ထိတ်လန့်သွားပြီး မျက်မှောင်ကြီးကုတ်လိုက်သည်။

"တောက် ... လွန်လွန်းပြီ"

ဒေါသဖြင့် သူ ရေရွတ်လိုက်သည်။ ထို့နောက် လက်ယာဘက် လက်ထဲမှ ငွေစက္ကူများကို လက်ဝဲဘက် လက်ထဲသို့ လျှင်မြန်စွာ ပြောင်းလိုက်ပြီး အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

သို့ရာတွင် လက်ကိုင်ပဝါမှာလည်း သွေးတွေနှင့် ဖြစ်နေသည်။ (သူက ဤလက်ကိုင်ပဝါဖြင့် ဂရီဂိုရီ၏ ခေါင်းနှင့် မျက်နှာတို့ကို သုတ်ခဲ့သည်)။ လက်ကိုင်ပဝါတွင် အဖြူကွက်ဟူ၍ တကွက်မျှပင် မရှိချေ။ လက်ကိုင်ပဝါသည် သွေးတွေဖြင့် ခြောက်နေရုံမျှမက ဘောလုံးတလုံးကဲ့သို့ မာနေပြီး ဖြန့်၍ ဖြေ၍မျှပင် မရနိုင်ဘဲ ရှိနေသည်။ မစ်တယာ ဒေါသတကြီးဖြင့် လက်ကိုင်ပဝါကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။

"တောက် ... ခင်ဗျားမှာ သုတ်စရာ အဝတ် တခုခု မရှိဘူးလား"

"ခင်ဗျားမှာ သွေးတွေ ပေနေတာလား ... ဒဏ်ရာရတာ မဟုတ်လား၊ ဟုတ်ပြီ ... ဒါဆိုရင်တော့ ခင်ဗျား ရေဆေးပစ်လိုက်ရင် ကောင်းမယ်၊ ဟောဒီမှာ ကြွေအင်တုံရှိတယ်၊ ကျွန်တော် ရေယူခဲ့မယ်"

ပါကိုတင်က ပြောသည်။

"ကြွေအင်တုံ ဟုတ်လား၊ ကောင်းတယ် ... ဒါပေမဲ့ ဒါတွေကို ကျုပ် ဘယ်မှာ ထားရမလဲ"

သူက တရာတန် ငွေစက္ကူထုပ်ကြီးကို ညွှန်ပြပြီး စိတ်ရှုပ်ထွေးဟန်ဖြင့် မေးလိုက်သည်။ ထို့နောက် ပါကိုတင်ကို စူးစမ်းသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ သူ၏ပိုက်ဆံတွေကို မည်သည့်နေရာတွင် ထားရမည်ဟု အဆုံးအဖြတ်ပေးရန် စောင့်ဆိုင်းနေသည့်အလား ဖြစ်သည်။

"ခင်ဗျား အိတ်ထဲမှာ ထည့်ထားပါလား၊ ဒါမှမဟုတ် စားပွဲပေါ်မှာ တင်ထားပါလား၊ မပျောက်ပါဘူး"

"ကျုပ်အိတ်ထဲမှာ ဟုတ်လား ... ဟုတ်တယ်၊ ကျုပ်အိတ်ထဲမှာ ထည့်ထားရမယ်၊ အဲဒါကောင်းတယ်... နေဦး၊ အဓိပ္ပာယ်မရှိတာပဲ" သူသည်

သတိဝင်လာသည့်အလား ပြောလိုက်သည်။ "ကျုပ်တို့ရဲ့ လုပ်ငန်းကိစ္စကို အလျင်ဆုံး ဖြေရှင်းရမယ်၊ ကျုပ်သေနတ်တွေ ပေးပါ၊ ဟောဒီမှာ ခင်ဗျား ပိုက်ဆံ ... အဲဒါတွေက ကျုပ်အတွက် သိပ်အရေးကြီးနေတယ်၊ နောက်ပြီးတော့ ကျုပ်မှာ အချိန်ဖြုန်းစရာ တမိနစ်မှ မရှိဘူး"

ထို့နောက် သူသည် ငွေစက္ကူထုပ်ကြီးမှ အပေါ်ဆုံးအရွက်ကို ယူပြီး ပါကိုတင်ကို ပေးလိုက်သည်။

"ကျွန်တော့်မှာ ဘယ် အမ်းစရာရှိမလဲ၊ ခင်ဗျားမှာ အရွက်သေးတွေ မပါဘူးလား"

"မရှိဘူး"

မစ်တယာ ဖြေလိုက်ပြီး သူ၏ပိုက်ဆံထုပ်ကို ပြန်ကြည့်သည်။ မသေချာသည့်အလား ဖြစ်သည်။ ငွေစက္ကူ နှစ်ရွက် သုံးရွက်ကိုပင် သူ၏ လက်ချောင်းများဖြင့် စမ်းကြည့်လိုက်ပြီး ...

"မရှိဘူး၊ အားလုံး အတူတူပဲ" ဟု ပြောလိုက်ပြီး ပါကိုတင်ကို စူးစမ်းသည့်အနေဖြင့် ကြည့်နေပြန် သည်။

"နေပါဦး .. ခင်ဗျား ဘယ်လိုလုပ်ပြီး ချက်ချင်းကြီး ချမ်းသာလာတာလဲ၊ ခဏနေဦး၊ ကျွန်တော့် ကောင်ကလေးကို ပိုက်ဆံလဲရအောင် ပလော်နီကော့ဆိုင်ကို လွှတ်လိုက်မယ်၊ သူတို့ဆိုင်က မိုးချုပ်မှ ပိတ်တယ်၊ မီရှာရေ .. လာဦးဟေ့"

စကြံလမ်းဘက်သို့ လှည့်ပြီး သူ ခေါ်လိုက်သည်။

"ပလော်နီကော့ ဆိုင်ကို ဟုတ်လား ... သိပ်ကောင်းတာပေါ့" စိတ်ကူးတခု ရသွားသည့်အလား မစ်တယာ ဟစ်အော်လိုက်သည်။ ထို့နောက် အခန်းတွင်းသို့ ဝင်လာသော လူရွယ်ကလေးဘက်သို့ လှည့်ပြီး ...

"မီရှာ ... ဒီမှာ ကြည့်စမ်း၊ ပလော်နီကော့ဆိုင်ကို သွားပြီး ဒီမီထရီ ကာရာမာဇော့က မှာလိုက်တယ်လို့၊ သူ အခုပဲ လာခဲ့မယ်လို့ ပြောစမ်း၊ နောက်ပြီးတော့ နားထောင်စမ်း၊ နောက်ပြီးတော့ ငါမလာခင်မှာ ရှန်ပိန်ပုလင်း သုံးဒါဇင် အသင့်လုပ်ထားဖို့ သူတို့ကို ပြောစမ်း၊ ငါ အလျင်တခါ မိုကရိုယီကို သွားတုန်းက ထုပ်တဲ့အတိုင်း ထုပ်ထားပါလို့ ပြော၊ အဲဒီတုန်းက ငါ လေးဒါဇင်တောင် ယူသွားတယ်" ပါကိုတင်ဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး "ဒီကိစ္စကို သူတို့ အကုန်လုံးသိတယ်၊ ဘာမှ မစိုးရိမ်နဲ့" ထို့နောက် တဖန် ကောင်ကလေးဘက်သို့ လှည့်လိုက်ပြန်ပြီး "မီရှာရေ နားထောင်စမ်း ... သူတို့ကို ဒိန်ခဲရယ်၊ အသားမုန့်ရယ်၊ ငါးကင်ရယ်၊ ဝက်ပေါင်ခြောက်ရယ်၊ ငါးဥရယ်၊ နောက်ပြီးတော့ သူတို့မှာ ရှိတာတွေ

အားလုံးကို ထည့်ပေးလိုက်ပါလို့၊ ရူဗယ် တရာဖိုး ဒါမှမဟုတ် အလျင်တခါလို ရူဗယ် တရာ့နှစ်ဆယ်ဖိုး… နောက်ပြီးတော့ နားထောင်ဦး၊ သူတို့ကို အသီးတွေနဲ့ အချိုမုန့်တွေ ထည့်ဖို့လည်း မမေ့စေနဲ့ဦး၊ သကြားလုံးရယ်၊ သစ်တော်သီးရယ်၊ ဖရဲသီး နှစ်လုံး သုံးလုံး လေးလုံး … မဟုတ်ဘူး မဟုတ်ဘူး၊ ဖရဲသီးတလုံး ဆိုရင် တော်ပြီ၊ နောက်ပြီးတော့ ချော့ကလက်၊ ချိုချဉ်၊ တော်ဖီ၊ ဂျယ်လီ … အိုကွာ… တိုတိုပြောရရင် အလျင်တခေါက် မိုကရိုယီကို ငါ သွားတုန်းက သူတို့ ထည့်ပေးလိုက် တာတွေ အကုန်လုံးပေါ့၊ ရှန်ပိန်နဲ့ဆိုရင် အားလုံး သုံးရာဖိုးပေါ့ … အဲ ဟုတ်ပြီ၊ အဲဒီတော့ သူတို့ကို အဲဒီအတိုင်းပဲ လုပ်ထားပါလို့ပြော၊ နောက်ပြီးတော့ တခု မှတ်ထားဦး၊ မင်းနာမည်က မီရာလို့ဆိုရင် သူ့နာမည်ကလည်း မီရာပဲ”

ထို့နောက် ပါကိုတင်ဘက်သို့ လှည့်လိုက်ပြန်သည်။ သို့သော် သူပြောသည့် စကားများကို မသက်မသာ နားထောင်နေခဲ့ရသော ပါကိုတင်က ကြားဖြတ်ပြီး …

“ခဏနေပါဦး၊ အဲဒါတွေကို ခင်ဗျားကိုယ်တိုင် သွားပြောရင် ကောင်းမယ်၊ သူပြောရင် အားလုံး ရှုပ်ကုန်လိမ့်မယ်”

“သူ ပြောနိုင်ပါတယ်၊ သူပြောလို့ ရပါတယ်၊ ဒီမယ် မီရာ၊ ငါ့အတွက် အကျိုးဆောင်ပေးတဲ့အတွက် မင်းကို ငါ အများကြီး ကျေးဇူးတင်ပါတယ်၊ အဲဒါတွေကို အဆင်ပြေအောင် မင်းလုပ်ပေးရင် မင်းကို ငါ လက်ဖက်ရည်ဖိုး ဆယ်ရူဗယ် ပေးမယ်၊ အဲ … အခု သွားပေတော့။ မြန်မြန် မြန်မြန်၊ ရှန်ပိန်က အဓိကပဲ၊ ရှန်ပိန်ပုလင်းတွေကို မြေအောက်ခန်းထဲက သူတို့ ထုတ်ထားဖို့ အရေးကြီးတယ်၊ ဘရန်ဒီ ပုလင်းတွေလည်း ထုတ်ခိုင်းပါ၊ နောက်ပြီးတော့ ဝိုင်အနီနဲ့ ဝိုင်အဖြူရောပေါ့၊ အဲဒါတွေအားလုံး အလျင်တခေါက်အတိုင်းပဲပေါ့၊ အလျင်တခါတုန်းက ငါ ဘယ်လောက် ယူသွားတယ်ဆိုတာ သူတို့ သိပါတယ်”

“ကျွန်တော် ပြောမယ်” ပီတာပါကိုတင် စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်လိုက်ပြန်သည်။ “ကျွန်တော့် သဘောကတော့ သူ့ကို အကြွေသွားလဲခိုင်းရင်း သူတို့ဆိုင်ကို မပိတ်ဖို့ မှာလိုက်ပါ၊ ပြီးတော့မှ ခင်ဗျားကိုယ်တိုင် သွားပြောပါ .. ခင်ဗျားပိုက်ဆံ သူ့ကို ပေးလိုက်၊ သွားတော့ မီရာ၊ မြန်မြန်သွား”

ပါကိုတင်က မီရာကို တမင်တကာပင် မြန်မြန်လွှတ်လိုက်ခြင်း ဖြစ်သည်။ အကြောင်းမှာ ကောင်ကလေးသည် မစ်တယာပြောသည့် စကားများကို ဘာမျှ နားမလည်ဘဲ သွေးစွန်းနေသော မျက်နှာနှင့် ငွေစက္ကူထပ်ကြီး ကိုင်ထားသည့် သွေးစွန်းနေသော လက်ချောင်းများကို မျက်လုံးပြူးပြူး ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ငေးမောလျက် ရှိသောကြောင့် ဖြစ်သည်။

“ကဲ၊ လာ … ဆေးပေ ကြောပေတော့” ပါကိုတင် ခပ်မာမာပင်

ပြောလိုက်သည်။ "ပိုက်ဆံတွေကို စားပွဲပေါ်တင်ထား၊ ဒါမှမဟုတ် ခင်ဗျားအင်္ကျီအိတ်ထဲ ထည့်ထားလိုက်၊ ဟုတ်ပြီ .. ကဲ၊ လာ၊ ခင်ဗျား ကုတ်အင်္ကျီကို ချွတ်လိုက်ဦးလေ"

ထို့နောက် မစ်တယာ၏ ကုတ်အင်္ကျီကို ကူပြီး ချွတ်ပေးသည်။

"အို ... ကြည့်စမ်း၊ ခင်ဗျား ကုတ်အင်္ကျီမှာလည်း သွေးတွေနဲ့ပါလား" သူ ဟစ်အော်လိုက်ပြန်သည်။

"ကုတ်အင်္ကျီမှာ ပေနေတာ မဟုတ်ပါဘူး၊ အင်္ကျီလက်ပေါ်မှာ နည်းနည်းကလေး စွန်းနေတာပါ၊ လက်ကိုင်ပဝါနဲ့ ထိနေတဲ့နေရာပါ။ အင်္ကျီအိတ်ထဲကနေ စိမ့်ထွက်လာတာ ဖြစ်မယ်၊ ဗီညာတို့ အိမ်မှာတုန်းက လက်ကိုင်ပဝါပေါ်မှာ ကျုပ် ဖိထိုင်ခဲ့တယ်၊ အဲဒီတုန်းက သွေးတွေ စိမ့်ထွက်ခဲ့တာ ဖြစ်မှာပဲ"

အံ့သြဖွယ်ရာကောင်းသော အဖြစ်မှန်ကို မစ်တယာက ပါကိုတင်အား ရှင်းပြလိုက်သည်။ ပါကိုတင် နားထောင်ပြီး မျက်မှောင်ကုတ်လိုက်သည်။ ထို့နောက် ...

"ခင်ဗျား ဘာတွေဖြစ်လာတာလာလဲ၊ လူတယောက်နဲ့ ရန်ဖြစ်လာသလား"

သူတို့နှစ်ယောက် ဆေးကြောကြသည်။ ပါကိုတင်က ရေကရားကို မြှောက်ကိုင်ထားပြီး ရေလောင်း ပေးသည်။ မစ်တယာက အလေသုံးဆယ် ဖြစ်နေသဖြင့် သူ့လက်ကို ဆပ်ပြာ သေသေချာချာ မတိုက်နိုင်ဘဲ ရှိနေသည်။ (သူ့လက်တွေ တုန်ယင်နေကြောင်း ပါကိုတင် အမှတ်ရနေသည်)။ ပါကိုတင်က မစ်တယာကို ဆပ်ပြာ ထပ်တိုက်ပြီး နာနာပွတ်ရန် ပြောသည်။ သူသည် တစထက်တစ မစ်တယာကို အမိန့်ပေးလျက် ရှိတော့သည်။ သူသည် တော်ရုံတန်ရုံဖြင့် ထိတ်လန့်တုန်လှုပ်ခြင်း မရှိတတ်သူ ဖြစ်သည်။

"နေဦး၊ ခင်ဗျား လက်သည်းတွေကို ဆေးတာ မစင်သေးဘူး၊ ဟုတ်ပြီ၊ ခင်ဗျား မျက်နှာသစ်တော့၊ နားထင်ကို ပွတ်၊ နားရွက်နားမှာ .. ခင်ဗျား ဒီရှပ်အင်္ကျီကြီးနဲ့ ဒီအတိုင်း သွားလို့ ဖြစ်မလား၊ ခင်ဗျား ဘယ်ကိုသွားမှာလဲ၊ ညာဘက်လက်ဖျားတခုလုံး သွေးတွေ ပေနေတယ်"

"အင်း ... ဟုတ်တယ်"

အင်္ကျီလက်ဖျားကို စစ်ဆေးကြည့်ရှုရင်း မစ်တယာ သုံးသပ်လိုက်သည်။

"ဒါဆိုရင် ခင်ဗျား ရှပ်အင်္ကျီ လဲလိုက်မှ ကောင်းမှာပေါ့"

"ကျုပ်မှာ အချိန်မရှိဘူး"

မစ်တယာက သူ၏မျက်နှာနှင့် လက်တို့ကို မျက်နှာသုတ်ပဝါဖြင့်သုတ်ပြီး ကုတ်အင်္ကျီကို ပြန်ဝတ်ရင်း အမှန်ကို ပြောလိုက်ပြန်သည်။

"အင်္ကျီလက်ဖျားကို ဒီနေရာကနေ ခေါက်ထားလိုက်မယ်၊ ဒါဆိုရင် ကုတ်အင်္ကျီအောက်မှာမို့ မမြင်ရ တော့ဘူး ... တွေ့လား"

"ခင်ဗျား ဘယ်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့်ကိုပြောစမ်းပါ၊ ခင်ဗျား တယောက်ယောက် နဲ့ ရန်ဖြစ်လာသလား၊ အရင်တခါလို အရက်ဆိုင်မှာ ဖြစ်လာပြန်ပြီလား၊ အဲဒီ ဗိုလ်ကြီးနဲ့ ဖြစ်ပြန်ပြီလား၊ ခင်ဗျား သူ့ကို လမ်းပေါ်ဆွဲခေါ်သွားပြီး ထိုးပြန်ကြိတ်ပြန်ပြီလား" ပါကိုတင်က သူ့ကို မနှစ်မြို့စွာဖြင့် မေးလိုက်သည်။ "ဒီတခါ ခင်ဗျား ဘယ်သူ့ကို ထိုးခဲ့သလဲ .... ဒါမှမဟုတ် သတ်လာခဲ့ သလဲ"

"အဓိပ္ပာယ်မရှိတာပဲ" မစ်တယာ ပြောလိုက်သည်။

"အဓိပ္ပာယ်မရှိတာပဲဆိုတာ .. ခင်ဗျား ဘာကိုဆိုလိုတာလဲ ...."

"ထားလိုက်ပါတော့" ယင်းသို့ ပြောလိုက်ပြီး မစ်တယာ ရုတ်တရက် ရယ်မောလိုက်သည်။ "ပန်းခြံထဲမှာ အဘွားကြီး တယောက်ကို ကျုပ် ဝင်တိုက်မိတယ်"

"ဝင်တိုက်မိတယ် ဟုတ်လား ... အဘွားကြီးတယောက်၊ ဟုတ်လား"

"အဘိုးကြီးတယောက်"

မစ်တယာ ဟစ်အော်လိုက်သည်။ သူက ပါကိုတင်၏မျက်နှာကို တည့်တည့်ကြီး ကြည့်ကာ ရယ်မောရင်း နားမကြားသူတယောက်ကို ပြောနေသည့်အလား ဟစ်အော်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"မဟုတ်သေးပါဘူး၊ အဲဒီလူက ဘယ်သူလဲ၊ အဘိုးကြီး တယောက်လား၊ အဘွားကြီး တယောက်လား ... ခင်ဗျား လူတယောက်ကို သတ်လာသလား"

"ကျုပ်တို့ ပြေလည်သွားပါပြီ၊ ရန်ဖြစ်ကြတယ်၊ ပြေလည်သွားတယ်၊ တနေရာမှာပဲ၊ မိတ်ကောင်း ဆွေကောင်းတွေလိုပဲ ကျုပ်တို့ ခွဲခွာခဲ့ကြတယ်၊ လူမိုက်ပဲ၊ အခုဆိုရင် သူ ကျုပ်ကို ခွင့်လွှတ်မှာ သေချာပါတယ်၊ သူ နိုးလာရင်တော့ ကျုပ်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး" မစ်တယာ ရုတ်ခြည်းဆိုသလို မျက်စိမှိတ်ပြလိုက်ပြီး "အလကားလူပဲ၊ သူ အလကားလူပဲ၊ သူ့အကြောင်း ဘာမှ စဉ်းစားမနေနဲ့တော့၊ ဒီအကြောင်းကို ကျုပ် ဘာမှ မပြောချင်တော့ဘူး"

မစ်တယာ ပြတ်သားစွာ ပြောလိုက်သည်။

"ကျွန်တော်ပြောနေတာက ... ခင်ဗျား ဘာဖြစ်လို့ ဟိုလူ ဒီလူတွေနဲ့ လျှောက်ပြီး ရန်ဖြစ်နေရတာလဲ... ဟိုတခါတုန်းက ဗိုလ်ကြီးနဲ့ ဖြစ်သလို အဓိပ္ပာယ်မရှိ ရန်ဖြစ်တာမျိုးပေါ့၊ အခုဆိုရင် ခင်ဗျားဟာ လူတယောက်နဲ့ ရန်ဖြစ်လာပြီး သောက်ပွဲစားပွဲကြီး လုပ်မလို့ ပြင်ဆင်နေတယ် .. ခင်ဗျားဟာ အဲဒီလို လူစားမျိုးတယောက်ပဲ။ ရှန်ပိန်ပုလင်းပေါင်း သုံးဒါဇင် ... အဲဒါတွေကို ခင်ဗျား ဘာသွားလုပ်မှာလဲ"

"ဟုတ်ပါပေတယ်ဗျာ၊ ကဲ ... ကျုပ်သေနတ်တွေပေး၊ အမှန်အတိုင်း ပြောတာ၊ ကျုပ်မှာ အချိန်မရှိဘူး၊ ခင်ဗျားနဲ့ ကျုပ် အေးအေးဆေးဆေး စကားပြောချင်တယ်၊ ဒါပေမဲ့ ကျုပ်မှာ အချိန်မပေးနိုင်ဘူး၊ နောက်ပြီးတော့ စကားပြောစရာအချိန်လည်း မဟုတ်ဘူး၊ မိုးချုပ်နေပြီ၊ ဒါနဲ့ ကျုပ်ပိုက်ဆံတွေ ဘယ်မှာလဲ၊ ကျုပ် ဘယ်မှာထားလိုက်သလဲ"

အင်္ကျီအိတ်များကို နှိုက်ရင်း သူ ပြောလိုက်သည်။

"စားပွဲပေါ်မှာ ခင်ဗျားဘာသာ တင်ထားတာပဲ ... ဟိုမှာလေ၊ ခင်ဗျား မေ့နေသလား။ ပိုက်ဆံက ခင်ဗျားအဖို့ ကျောက်ခဲသလဲတွေလား၊ ရေတွေလား .... ဒီမှာ ခင်ဗျားသေနတ်တွေ၊ အံ့သြစရာတော့ ကောင်းတယ်၊ ညနေ ခြောက်နာရီက ဒီသေနတ်တွေကို ဆယ်ရူဗယ်နဲ့ ခင်ဗျား ပေါင်ခဲ့တယ်၊ အဲ .. အခု ခင်ဗျားမှာ ပိုက်ဆံတွေ ထောင်နဲ့ချီပြီး ရှိနေတယ်၊ နှစ်ထောင် သုံးထောင်လောက် ရှိမယ်လို့ ကျွန်တော် ထင်တယ်"

"သုံးထောင် ရှိတယ်၊ လောင်းမလား"

မစ်တယာ ရယ်မောကာ ပြောသည်။ ပိုက်ဆံများကို ဘောင်းဘီ ဘေးအိတ်ထဲသို့ ထိုးထည့်လိုက် သည်။

"ရွှေတွင်းတွေ ... ရွှေတွင်းတွေ ဟုတ်လား" မစ်တယာ အသံကုန် ဟစ်အော်လိုက်ပြီး ဝါးလုံးကွဲ ရယ်ချလိုက်သည်။ "ရွှေတွင်းတွေရှိတဲ့နေရာကို ခင်ဗျား သွားချင်သလား ပါကိုတင်၊ ခင်ဗျားအနေနဲ့ သွားမယ်ဆိုရင် ခင်ဗျားကို အခုချက်ချင်း ငွေသုံးထောင်ပေးမယ့် အမျိုးသမီးတယောက် ဒီမှာ ရှိနေတယ်၊ သူက ကျုပ်ကို ပေးတာပဲ ... သူက ရွှေတွင်းတွေကို သိပ်ပြီး သဘောကျနေတယ်၊ မစ္စက်ကိုကလာကော့ကို ခင်ဗျား သိသလား"

"ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ကျွန်တော် သူ့အကြောင်း ကြားဖူးတယ်၊ သူ့ကို မြင်ဖူးတယ်၊ သူက ခင်ဗျားကို တကယ်ပဲ ငွေသုံးထောင် ပေးလိုက်သလား၊ သူ

တကယ်ပဲ ပေးလိုက်သလား”

ပါကိုတင်က သူ့ကို ဒွိဟသံသယဖြင့် ကြည့်ကာ မေးလိုက်သည်။

“မနက်ဖြန်မနက် နေထွက်တာနဲ့ တပြိုင်နက်၊ ဘာဏုရာဇာ တနင်္ဂနွေ ဂြိုဟ်မင်းကြီး ထွက်ပေါ်လာ တာနဲ့ တပြိုင်နက် ဘုရားသခင်ကို ဂုဏ်ပြုထောမနာပြုရင်း အဲဒီ အမျိုးသမီး မစ္စက်ကိုကလာကော့ ဆီကို သွားပြီး ကျုပ်ကို ငွေသုံးထောင် ပေးလိုက်သလား မပေးလိုက်ဘူးလားဆိုတာကို မေးကြည့်ပါ။ သူ့ကို သွားပြီး မေးကြည့်ပါ”

“ခင်ဗျားနဲ့ သူနဲ့ ဘယ်လောက် ရင်းနှီးသလဲတော့ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဒါလောက် အခိုင်အမာ ပြောနေရင်တော့ ခင်ဗျားကို သူ တကယ်ပေးလိုက်တာပဲလို့ ကျွန်တော် ယူဆတယ်၊ နောက်ပြီးတော့ ခင်ဗျားဟာ ပိုက်ဆံတွေကိုယူပြီး ဆိုက်ဗေးရီးယားကို မသွားဘဲ ပိုက်ဆံတွေကို အလုံးလိုက် အခဲလိုက် သုံးပစ်နေတာပဲ၊ ဒါနဲ့ ပြောစမ်းပါဦး၊ ခင်ဗျား တကယ် ဘယ်ကို သွားမလို့လဲ”

“မိုကရိုယီ”

“မိုကရိုယီ ဟုတ်လား၊ ဒါပေမဲ့ မိုးသိပ်ချုပ်နေပြီပဲ”

“တနေ့တုန်းက သူ့မှာ အသင်္ချေ၊ ကနေ့ သူ့မှာ ဗလာနတ္ထိ”

မစ်တယာ ရုတ်တရက် ရွတ်ဆိုလိုက်သည်။

“ဗလာနတ္ထိ ဟုတ်လား၊ ခင်ဗျားလက်ထဲမှာ ငွေတွေ ထောင်နဲ့ချီပြီး ရှိနေပြီး ဒီလို ပြောရသလား”

“ကျုပ်က အဲဒီ ထောင်ဂဏန်းတွေကို ပြောနေတာ မဟုတ်ဘူး၊ သောက်အလကား ထောင်ဂဏန်း တွေပဲ၊ ကျုပ်ပြောနေတာက မိန်းမတယောက်ရဲ့ စရိုက်ပဲ ...

လေယူရာတိမ်းတာ မိန်းမအသည်းပါ

သစ္စာဖောက်ပြားတာ ဒုစရိုက်မှုများစွာ ... ယူဆီဆက် ပြောတာ ကျွန်တော် သဘောတူတယ်၊ သူက ဒီအတိုင်း ပြောတာပဲ”

“ခင်ဗျားကို ကျွန်တော် နားမလည်တော့ဘူး”

“ကျွန်တော် မူးနေတယ်လို့ ခင်ဗျား ထင်သလား”

"မမူးပါဘူး၊ ဒါပေမဲ့ မူးနေတာထက် ဆိုးတယ်"

"ကျွန်တော့်စိတ်တွေက မူးနေတယ် ပီတာ၊ ကျွန်တော့်စိတ်တွေက မူးနေတယ်၊ ဒါပေမဲ့ ထားလိုက်ပါတော့၊ ထားလိုက်ပါတော့"

"ခင်ဗျား ဘာလုပ်တာလဲ၊ သေနတ်ကို ကျည်ထည့်နေတာလား"

"ဟုတ်တယ်၊ သေနတ်ကို ကျည်ထည့်နေတာပဲ"

အမှန်ပင် ဖြစ်သည်။ မစ်တယာသည် သေနတ်သေတ္တာကို ဖွင့်လိုက်သည်။ ယမ်းခွက်ကို ဖွင့်လိုက်ပြီး ယမ်းမှုန့်အနည်းငယ်ဖြည့်ကာ ဆောင့်သွင်းသည်။ ထို့နောက် ကျည်ဆန်တတောင့်ကို ကောက်ယူကာ မထည့်သေးဘဲ လက်ချောင်းနှစ်ချောင်းဖြင့်ကိုင်ကာ ဖယောင်းတိုင်မီးရောင်တွင် ထောင်ကြည့်နေသည်။

"ဘာဖြစ်လို့ ကျည်ဆန်ကို ကြည့်နေတာလဲ"

ပါကိုတင်က သူ့ကို စိတ်ဝင်စားစွာ ကြည့်နေရာမှ မေးလိုက်သည်။

"စိတ်ကူးကြည့်တာပါ။ လူတယောက်ဟာ ကိုယ့်ခေါင်းကို ဒီကျည်ဆန်နဲ့ ဖောက်ခွဲ ပစ်လိုက်မယ် ဆိုရင် သူ့ကို သေသေချာချာ မကြည့်သင့်ဘူးလား"

"ဘာဖြစ်လို့ ကြည့်ရမှာလဲ"

"ဒီကျည်ဆန်က ကျုပ်ဦးနှောက်ထဲကို ဝင်သွားမယ်၊ အဲဒီတော့ ဒီကျည်ဆန်ကလေးဟာ ဘယ်လိုမျိုးလဲဆိုတာ စိတ်ဝင်စားစရာ မဟုတ်လား၊ ဒါပေမဲ့ ဒါတွေက အလကား အဓိပ္ပာယ် မရှိတာတွေပါ၊ တဒင်္ဂလောက် စိတ်ရူးပေါက်သွားတာပါ၊ ကဲ ပြီးသွားပြီ" ကျည်ဆန်ကလေးကို ထည့်လိုက်ပြီး ယမ်းဆောင့်တံဖြင့် ဆောင့်သွင်းလိုက်သည်။ "ဒီမယ် သူငယ်ချင်း၊ ဒါတွေအားလုံး ဘာမှ အဓိပ္ပာယ်မရှိတာတွေပဲ၊ အဓိပ္ပာယ်မရှိဘူး ဆိုတာကို ခင်ဗျား သဘောပေါက်ပြီး နားလည်တယ် ဆိုရင်ပေါ့၊ ဒါနဲ့ ကျေးဇူးပြုပြီး ကျွန်တော့်ကို စာရွက်တရွက်လောက် ပေးစမ်းပါ"

"ဘယ်လို စာရွက်မျိုးလဲ"

"စာရေးစက္ကူ ဖြူဖြူသန့်သန့်ကလေးပေါ့၊ အဲဒါ ဟုတ်ပြီ၊ ကျေးဇူးပဲ"

ထို့နောက် မစ်တယာသည် စားပွဲပေါ်မှ ကလောင်တံကို ဆွဲယူပြီး စာရွက်ပေါ်တွင် စာကြောင်း နှစ်ကြောင်း လျင်မြန်စွာ ရေးလိုက်သည်။ ထို့နောက် စာရွက်ကို လေးခေါက် ခေါက်ပြီး အောက်ခံ ကုတ်အင်္ကျီအိတ်ထဲသို့

ထည့်လိုက်သည်။ သေနတ်များကိုလည်း သေတ္တာကလေးထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် သေတ္တာကို သော့ခတ်ပြီး လက်တဖက်ဖြင့် ဆွဲကိုင်ထားလိုက်သည်။ ပြီးမှတဖန် ပါကိုတင်ကို လေးနက်သော အပြုံးဖြင့် ကြည့်ရင်း ..

"ကဲ၊ သွားကြစို့"

"ဘယ်သွားမှာလဲ၊ နေပါဦး၊ ခဏနေပါဦး၊ ခင်ဗျားဦးနှောက်တွေကို အဲဒီသေနတ်နဲ့ ပစ်ဖောက်မလို့ လား"

ပါကိုတင် မအီမသာဖြင့် မေးလိုက်သည်။

"အဲဒီကျည်ဆန်ကို မေ့ထားလိုက်ပါ။ ကျုပ် အသက်ရှင်ပြီး နေချင်ပါတယ်၊ ဘဝကို ကျုပ် ချစ်မြတ်နိုးပါတယ်၊ အဲဒါကို ခင်ဗျား သေသေချာချာ ယုံကြည်ထားပါ။ ဒေါင်းဖန်ဝါ နေမင်းကြီးနဲ့ သူ့ရဲ့ ပူနွေးတဲ့ လင်းရောင်ခြည်ကို ကျုပ်မြတ်နိုးပါတယ် ... ဒီမယ် သူငယ်ချင်း၊ ဘယ်လိုလုပ်ပြီး "ဘေးဖယ်နေရမယ်" ဆိုတာ ခင်ဗျား သိသလား"

" 'ဘေးဖယ်နေရမယ်' ဆိုတာ ဘာပြောတာလဲ"

"လမ်းဖယ်ပေးတာပေါ့၊ ခင်ဗျားအနေနဲ့ အင်မတန်ချစ်တဲ့ လူတယောက်နဲ့ အင်မတန် မုန်းတဲ့ လူတယောက်ကို ဘေးဖယ်ပေးတာပေါ့၊ အဲဒီအခါမှာ ခင်ဗျား မုန်းနေတဲ့လူက ခင်ဗျားကို ချစ်လာလိမ့်မယ်... အဲဒီနည်းမျိုးနဲ့ လမ်းဖယ်ပေးတာပေါ့၊ သူတို့ကို ဒီလိုပြောရမယ် .... "ခင်ဗျားတို့ကို ဘုရားသခင် ကောင်းချီးပေးပါစေ၊ ခင်ဗျားတို့လမ်းကို ခင်ဗျားတို့ သွားကြပါ၊ ဖြတ်ကျော်သွားကြပါ၊ ကျုပ်အနေနဲ့ ..."

"ခင်ဗျားအနေနဲ့..."

"အဲဒါ ထားလိုက်ပါတော့၊ လာ၊ သွားကြစို့"

"ကျွန်တော် ပြောမယ်။ ခင်ဗျားကို အဲဒီကို မသွားစေဖို့ တယောက်ယောက်ကို ကျွန်တော် ပြောရမယ်၊ မိုကရိုယီကို ခင်ဗျား ဘာကိစ္စ သွားမှာလဲ"

ပါကိုတင်က သူ့ကိုကြည့်ရင်း မေးလိုက်သည်။

"အဲဒီမှာ အမျိုးသမီးတယောက် ရှိတယ်၊ အမျိုးသမီးတယောက်၊ အဲဒါလောက်ဆိုရင် တော်ရောပေါ့၊ အဲဒီအကြောင်း နောက်ထပ် ဘာမှ မပြောနဲ့တော့"

"ဒီမယ်၊ ခင်ဗျားဟာ လူကြမ်းလူရမ်းတယောက် ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် သဘောကျတယ်၊ အဲဒါကြောင့် ခင်ဗျားအတွက် ကျွန်တော် ပူနေတာပဲ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ ခင်ဗျားက ကျုပ်ကို လူကြမ်းလူရမ်း တယောက်လို့ ပြောတယ်၊ ကြမ်းတယ်၊ ရမ်းတယ်၊ ကျုပ်အနေနဲ့လည်း အဲဒီလို အမြဲတမ်း ပြောနေတာပဲ၊ ကြမ်းတယ်၊ ရမ်းတယ်၊ ရိုင်းစိုင်းတယ်။ ဟော ... မီရှာ ပြန်လာပြီ၊ ကျုပ် သူ့ကို မေ့နေတယ်"

မီရှာသည် လက်ထဲတွင် ငွေစက္ကူ အရွက်ငယ်များကို ကိုင်ကာ ပြေးဝင်လာပြီး ပလော်နီကော့၏ ဆိုင်တွင် သူတို့ 'ပျာယာခတ်လျက်' ရှိကြောင်း၊ အရက်ပုလင်းများ၊ ငါးကင်များ၊ လက်ဖက်ခြောက် များ စသည်ဖြင့် အားလုံး အဆင်သင့်ဖြစ်အောင် ပြုလုပ်လျက် ရှိကြောင်း သတင်းပေးပို့သည်။

မစ်တယာသည် တဆယ်ရူဗယ်တန် ငွေစက္ကူတရွက်ကို ယူပြီး ပါကိုတင်ကို ပေးလိုက်သည်။ ထို့နောက် မီရှာကို တဆယ်တန်တရွက် ပေးလိုက်ပြန်သည်။

"အဲဒီလို မလုပ်ပါနဲ့" ပါကိုတင် ဟစ်အော်လိုက်သည်။ "ကျွန်တော့်အိမ်မှာ ဘယ်သူ့ကိုမှ လက်ဖက်ရည်ဖိုး မပေးပါနဲ့၊ အဲဒါဟာ သူတို့ရဲ့အကျင့်စာရိတ္တကို ဖျက်ဆီးတာပဲ၊ ခင်ဗျားပိုက်ဆံကို သိမ်းထားပါ၊ ဒီမှာ ထည့်ထားလိုက်ပါ၊ ဘာဖြစ်လို့ အလကား ဖြုန်းပစ်မလဲ၊ ဒါမှ မနက်ဖြန်ကျရင် ခင်ဗျား ငွေတဆယ် လာချေးရင် အဆင်သင့် ဖြစ်နေမယ်၊ ဘာဖြစ်လို့ ပိုက်ဆံတွေကို ဘေးအိတ်ထဲကို ထိုးထည့်နေရတာလဲ၊ ပိုက်ဆံတွေ ပျောက်ကုန် မှာ သေချာတယ်"

"ဒီမယ် သူငယ်ချင်း၊ ကျုပ်နဲ့အတူ မိုကရိုယီကို လိုက်ခဲ့ပါလား"

"ဘာကိစ္စ ကျွန်တော် လိုက်ရမှာလဲ"

"ဒီမယ် သူငယ်ချင်း၊ ကျုပ်တို့ အခုပဲ ပုလင်းတလုံး ဖွင့်ကြရအောင်၊ ဘဝအတွက် သောက်ကြရ အောင်။ ကျုပ် သိပ်သောက်ချင်နေတယ်၊ အထူးသဖြင့် ခင်ဗျားနဲ့အတူ ပိုပြီး သောက်ချင်နေတယ်၊ ခင်ဗျားနဲ့ တခါမှ အတူတူ မသောက်ဖူးဘူး"

"ကောင်းပြီ၊ ကျွန်တော်တို့ ဆိုင်မှာ သွားသောက်ကြမယ်၊ ကျွန်တော် အခု အဲဒီကို သွားမလို့ပဲ"

"ဆိုင်ကိုသွားနေဖို့ ကျုပ်မှာ အချိန်မရှိဘူး၊ ပလော်နီကော့ဆိုင်မှာ သောက်ကြရအောင်၊ နောက်ဖေးခန်းမှာ သောက်ကြမယ်၊ ခင်ဗျားကို ကျွန်တော် စကားထာတခု ဝှက်ရမလား"

"ဝှက်စမ်းပါ"

မစ်တယာသည် အတွင်းခံ ကုတ်အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကို ထုတ်ယူကာ ဖြန့်လိုက်သည်။ ထို့နောက် ပါကိုတင်ကို ပြသည်။ စာလုံးကြီးကြီး လက်ရေးလှလှဖြင့် ရေးထားသည်မှာ ...

"ကျွန်ုပ်ကိုယ် ကျွန်ုပ် ပြစ်ဒဏ်ခတ်သည်။ ကျွန်ုပ်၏ ဘဝတခုလုံးကို ကျွန်ုပ် ပြစ်ဒဏ်ခတ်သည်"

"တယောက်ယောက်ကို ကျွန်တော် တကယ်ပြောမှာပဲ၊ ကျွန်တော် အခုချက်ချင်း သွားပြီး အကုန်လုံး သတင်းပေးလိုက်မယ်"

စာရွက်ကလေးပေါ်မှ စာကို ဖတ်ပြီးနောက် ပါကိုတင်က ပြောလိုက်သည်။

"ခင်ဗျားမှာ ပြောဖို့ အချိန်မရှိဘူး သူငယ်ချင်း၊ လာ တခွက်လောက် မော့လိုက်ကြရအောင်၊ သွားကြမယ်"

ပလော်နီကော့၏ ဆိုင်သည် လမ်းထောင့်တွင် ဖြစ်သော်လည်း ပါကိုတင်၏ အိမ်နှင့် ကပ်လျက်သား ဖြစ်သည်။ ဤဆိုင်သည် ကျွန်ုပ်တို့၏မြို့တွင် အကြီးဆုံး ကုန်စုံဆိုင်ကြီးပင် ဖြစ်သည်။ အကောင်းဆုံး လည်း ဖြစ်သည်။ ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးများ စုပေါင်းတည်ထောင်ထားခြင်း ဖြစ်သည်။ ပီတာစဘတ်မြို့က ဆိုင်ကြီးများတွင် ရနိုင်သော ပစ္စည်းများအားလုံး ရှိသည်၊ ကုန်မျိုးစုံရှိသည်။ 'အီလီဆီယက် ဘရားသား' ကုမ္ပဏီက ထုတ်လုပ်သည့် ဝိုင်များ ရှိသည်။ သစ်သီးမျိုးစုံ၊ ဆေးပြင်းလိပ် မျိုးစုံနှင့် လက်ဖက်ခြောက်၊ ကော်ဖီ၊ သကြား စသည်များ အားလုံးရှိသည်။ အရောင်းစာရေး သုံးယောက်နှင့် ဝယ်ယူသူများ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးမည့် အလုပ်သမား လူငယ်ကလေးနှစ်ယောက် ရှိသည်။ ကျွန်ုပ်တို့ မြို့ကလေးသည် တနေ့တခြား ဆင်းရဲလာပြီး မြေပိုင်ရှင်ကြီးတွေ တရပ်တပါးသို့ ထွက်ခွာသွားကြသော်လည်း ကုန်စုံဆိုင်မှာမူကား ယခင်က အတိုင်းပင် အရောင်းအဝယ် ကောင်းမွန်ပြီး ... အတိအကျ ပြောရလျှင် တနှစ်ထက် တနှစ် ပိုမိုကောင်းမွန်လျက် ရှိတော့သည်။ ကုန်ပစ္စည်း အဝယ်နည်းသွားသည်ဟု အလျှင်း မရှိချေ။

သူတို့သည် မစ်တယာကို အထူးပင် မျှော်လင့်စောင့်စားလျက် ရှိကြသည်။ သူသည် လွန်ခဲ့သော သုံးလေးပတ်လောက်တုန်းကလည်း သုံးလေးရာဖိုး တန်သည့် အရက်နှင့် ပစ္စည်းမျိုးစုံကို ဤနည်း အတိုင်းပင် ဖြုန်းစားကြီး လာပြီး ငွေလက်ငင်းပေးကာ ဝယ်ယူသွားသည်ကို သူတို့ အမှတ်ရနေ ကြသည်။ (သူတို့က သူ့ကို ဘာတခုမှ အကြွေးမရောင်းသည်မှာလည်း အမှန်ပင်ဖြစ်သည်) ထိုစဉ်တုန်းကလည်း သူသည် ယခုကဲ့သို့ပင် သက်တံရောင် ငွေစက္ကူတထပ်ကြီးကို

လက်ထဲတွင် ကိုင်ပြီး အရက်နှင့် သူလိုချင်သည့် ပစ္စည်းများကို ဘာမျှ စဉ်းစား တိုင်းဆမနေဘဲ ကြိုက်သလို ဝယ်ယူသွားခဲ့သည်။

သူသည် ဂရုရှင်ကာကို ခေါ်ပြီး မိုကရိုယီသို့ သွားရောက်ခဲ့စဉ်က ငွေသုံးထောင်ကို တညတည်း အကုန်သုံးပစ်လိုက်ပြီး နောက်တနေ့တွင် သူ့လက်ထဲ၌ ခြူးတပြားမှ မရှိဘဲနှင့် မြို့သို့ ပြန်လာသည် ဟု နောက်ပိုင်းတွင် တမြို့လုံးက ပြောဆိုခဲ့ကြလေသည်။ သူက ဂျစ်ပဆီတဖွဲ့လုံးကို ခေါ်ပြီး ကခိုင်းသည်။ (ထိုစဉ်က ဂျစ်ပဆီအဖွဲ့ တဖွဲ့သည် ကျွန်ုပ်တို့ မြို့အနီးတွင် နေထိုင်လျက်ရှိသည်။ သူတို့သည် နှစ်ရက်အတွင်းမှာပင် သူ့မှာ ရှိသမျှ ငွေတွေအားလုံးကို ချူပြီး ယူလိုက်ကြသည်။ သူ မူးနေစဉ်တွင် သူ၏ တန်ဖိုးကြီးလှသော ဝိုင်အရက်များကို ကုန်အောင် သောက်ပစ်လိုက်ကြသည်)။

တောသားတွေကို ရှန်ပိန် အရက်များ တိုက်ပြီး တောသူတွေကို အကောင်းစား မုန့်တွေ ကျွေးခဲ့သည် ဟု မစ်တယာကို လှောင်ပြောင်သည့်အနေဖြင့် သူတို့က ပြောဆိုကြသည်။ ထို့ပြင် သူ့အနေနှင့် ဤမျှ အကုန်အကျ ခံရသော်လည်း ဂရုရှင်ကာထံမှ အတုံ့အလှည့်အနေဖြင့် သူပြန်ရရှိသည်မှာ သူမ၏ ခြေထောက်ကို နမ်းရှုပ်ရခြင်းမျှသာ ဖြစ်သည်။ အခြား ဘာတခုမျှ မရရှိဟုလည်း သူတို့ ကဲ့ရဲ့ ပြောဆိုကြသည်။ သို့သော် သူ့ရှေ့တွင်တော့ ပြောရဲကြသည် မဟုတ်၊ သူ၏နောက်ကွယ်တွင် ပြောဆိုနေခြင်းသာ ဖြစ်သည်။

ကုန်စုံဆိုင်သို့ မစ်တယာနှင့် ပါကိုတင်တို့ ရောက်ရှိသွားသောအခါ ချူများ ဆွဲထားသော မြင်းသုံးကောင်တပ် မြင်းရထား တစီးကို ရထားထိန်း အန်ဒရေနှင့်အတူ ဆိုင်ရှေ့တွင် တွေ့ရှိရသည်။ မစ်တယာကို စောင့်ဆိုင်းနေခြင်းပင် ဖြစ်သည်။ ဆိုင်ထဲတွင်လည်း ရိက္ခာပစ္စည်းများ အားလုံးကို သေတ္တာတလုံးထဲတွင် အဆင်သင့် ထည့်ထားပြီး ဖြစ်နေသည်။ အဖုံးကို သံရိုက်ပြီး ပိတ်ရန် မစ်တယာကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ပါကိုတင် အထူးပင် အံ့သြသွားပြီး ...

"ဒါလောက် အချိန်တိုကလေး အတွင်းမှာ မြင်းရထားတစီး ခင်ဗျား ဘယ်လိုလုပ်ပြီး ရသလဲ" ဟု မစ်တယာကို သူ မေးလိုက်သည်။

"ခင်ဗျားဆီကို အလာမှာ အန်ဒရေကို ကျုပ် လမ်းမှာတွေ့တယ်၊ ဒါနဲ့ သူ့ကို ဒီဆိုင်ကို သွားဖို့ မှာထားခဲ့တယ်၊ အချိန်နည်းနည်းမှ အကုန်မခံနိုင်ဘူး၊ အရင်တခေါက် မိုကရိုယီကို ကျုပ်သွားတုန်းက တီမိုဖီရဲ့ ရထားနဲ့ သွားခဲ့တယ်၊ ဒါပေမဲ့ တီမိုဖီ အခုမရှိဘူး၊ သွားပြီ၊ မိန်းမတယောက်နဲ့ ကျုပ်အလျင် သွားနှင့်ပြီ၊ အန်ဒရေ ... ကျုပ်တို့ သိပ်နောက်မကျပါဘူးနော်"

"ကျွန်တော်တို့အလျင် တနာရီလောက် စောပြီး သူတို့ ရောက်သွားပါလိမ့်မယ်၊ တနာရီထက်တော့ မပိုနိုင်ပါဘူး ခင်ဗျာ" အန်ဒရေ

ကမန်းကတန်းပင် ဖြေဆိုသည်။ "တီမိုဖီ ထွက်သွားတာကို ကျွန်တော် တွေ့လိုက်တယ်၊ သူ ဘယ်လမ်းက သွားမယ်ဆိုတာလည်း ကျွန်တော် သိတယ်၊ သူတို့က ကျွန်တော်တို့လောက် မမြန်ပါဘူး ခင်ဗျာ၊ မမြန်နိုင်ပါဘူး၊ အဲဒီကို တနာရီထက်စောပြီး မရောက်နိုင် ပါဘူး ခင်ဗျာ"

ပိန်ပိန်ရှည်ရှည် ဆံပင်နီနီနှင့် လူလတ်ပိုင်းအရွယ် ရထားထိန်း အန်ဒရေက စိတ်ပါလက်ပါ ပြန်ပြောသည်။ သူက ကုတ်အင်္ကျီရှည်ကြီး တထည်ကို ဝတ်ထားပြီး လက်ပေါ်တွင်လည်း အပေါ်မှ ထပ်ဝတ်ရန် ကုတ်အင်္ကျီကြီး တထည်နှင့် ဖြစ်သည်။

"တနာရီပဲ နောက်ကျမယ်ဆိုရင် ခင်ဗျားကို ရူဗယ်ငါးဆယ် ကျုပ် ဆုချမယ်"

"စိတ်ချပါ ခင်ဗျား၊ ကျွန်တော် ကျိန်ပြောနိုင်ပါတယ်၊ သူတို့ဟာ ကျွန်တော်တို့ အလျင် တနာရီ မပြောနဲ့ နာရီဝက်တောင် စောမရောက်နိုင်ပါဘူး"

မစ်တယာသည် အမိန့်များကို ကမန်းကတန်း ပေးလျက်ရှိသော်လည်း သူ ပြောပုံဆိုပုံနှင့် အမိန့်ပေးပုံ တို့မှာ ထူးဆန်းလျက် ရှိပါသည်။ အဆက်အစပ် မရှိဘဲ ဖြစ်နေကြပါသည်။ ရှေ့နောက် မညီမညွတ် ဖြစ်နေကြပါသည်။

"ရူဗယ် လေးရာဖိုး၊ အလျင်တခါကအတိုင်း ရူဗယ်လေးရာဖိုးထက် မလျော့စေနဲ့" မစ်တယာ အမိန့်ပေးသည်။ "ရှန်ပိန် လေးဒါဇင်၊ ပုလင်းတလုံး မလျော့စေနဲ့"

"ဒါလောက်အများကြီး ခင်ဗျား ဘာလုပ်ဖို့လဲ၊ ဘာကိစ္စအတွက်လဲ၊ ခဏနေဦး" ပါကိုတင် ဟစ်အော်သည်။ "ဒီသေတ္တာက ဘာလဲ၊ အထဲမှာ ဘာတွေလဲ၊ ဒီအထဲမှာ ရူဗယ် လေးရာဖိုးတော့ မရှိနိုင်ဘူး"

ထိုအခါ ပျားပန်းခပ်နေသော ဆိုင်လက်ထောက်များက ချိုသာသော လေသံဖြင့် သူ့ကို ရှင်းပြသည်။ ပထမ သေတ္တာထဲတွင် ရှန်ပိန်ပုလင်း ဒါဇင်ဝက်နှင့် 'မပါမဖြစ်သော ပစ္စည်း' များသာ ပါရှိသည်။ အလွယ်တကူ အမြည်းများ၊ အချိုသကာများ စသည်တို့ ဖြစ်သည်။ ကျန်ရှိသော 'အလုံးအရင်း ကုန်ပစ္စည်းများ' ကို နောက်မှ အထူး မြင်းရထားဖြင့် ပို့ပေးမည် ဖြစ်သည်။ မြင်းသုံးကောင်က ရထားကြီးနှင့်ပင် ဖြစ်သည်။ မစ္စတာ ဒီမီထရီ ကာရာမာဇော့ ရောက်သွားပြီးနောက် တနာရီထက် နောက်မကျစေဘဲ ရောက်ရှိစေမည် ဖြစ်သည်။

"တနာရီထက် နောက်မကျစေနဲ့၊ တနာရီထက် နောက်မကျစေနဲ့၊ နောက်ပြီးတော့ တော်ဖီတွေ ယိုတွေလည်း ပိုထည့်ပေးလိုက်ဖို့ မမေ့နဲ့၊ အဲဒီက ကောင်မလေးတွေက အဲဒါတွေကို သိပ်ကြိုက်ကြ တယ်"

မစ်တယာ အပူတပြင်း ပြောဆိုသည်။

"တော်ဖီတွေကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ရှန်ပိန်ပုလင်း လေးဒါဇင်က ဘာလုပ်ဖို့လဲ၊ တဒါဇင်ဆို တော်ပြီပေါ့"

ပါကိုတင်က ဒေါသဖြစ်ကာ ပြောသည်။ ထို့နောက် ဈေးဆစ်သည့်အလုပ်ကို သူ လုပ်တော့သည်။ ငွေ တောင်းခံလွှာကို သူ ကြည့်သည်။ သူ မကျေနပ်နိုင် ဖြစ်နေသည်။ သို့သော် သူ အတတ်နိုင်ဆုံး အနေဖြင့် ရူဗယ်ငွေ တရာပဲ သက်သာအောင် လုပ်နိုင်သည်။ သို့ဖြင့် ရူဗယ်ငွေ သုံးရာနှင့် ညီမျှသော ကုန်ပစ္စည်းများကို ပို့ပေးရန် နောက်ဆုံးတွင် သဘောတူညီမှု ရရှိသည်။

"အို ခင်ဗျားဘာသာ ခင်ဗျား ဘာလုပ်လုပ်ပါ" ပါကိုတင်က သူ့စိတ်ကို ရုတ်တရက် ပြောင်းလဲလိုက် သည့်အလား ပြောဆိုသည်။ "ဒီကိစ္စ ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားအဖို့ ဘာမှ တန်ဖိုးမရှိဘူးဆိုရင် ခင်ဗျားပိုက်ဆံတွေကို လွှင့်ပစ်ပေါ့"

"ဒီဘက်ကိုကြွပါ... ဦးချွေတာကြီး၊ ဒါလောက်လည်း ဒေါသကြီးမနေပါနဲ့" ပါကိုတင်ကို ဆိုင်နောက်ဘက်ရှိ အခန်းတခုအတွင်းသို့ ဆွဲခေါ်သွားရင်း မစ်တယာ ပြောလိုက်သည်။ "သူတို့ ဒီကို ပုလင်းတလုံး ယူလာလိမ့်မယ်၊ ကျုပ်တို့ သောက်ကြမယ်၊ ဒီမယ် သူငယ်ချင်း၊ ကျုပ်နဲ့ လိုက်ခဲ့ပါ၊ ခင်ဗျားဟာ တကယ် ချစ်စရာကောင်းတဲ့ လူတယောက်ပဲ၊ ခင်ဗျားလိုလူမျိုးတွေကို ကျွန်တော် သဘောကျတယ်"

ညစ်ပတ်ပေရေနေသော စားပွဲခင်းတခု ခင်းထားသည့် စားပွဲငယ်ငယ်ကလေးတလုံးရှေ့ရှိ ကြိမ်ကုလားထိုင်ပေါ်တွင် မစ်တယာ ထိုင်လိုက်သည်။ ပါကိုတင်က သူနှင့် မျက်နှာချင်းဆိုင်တွင် နေရာတခု ရသည်။ ချက်ချင်းဆိုသလိုပင် ရှန်ပိန်ပုလင်း ရောက်ရှိလာသည်။ လူကြီးမင်းနှစ်ယောက် ကို ကမာ သုံးဆောင်မလားဟု မေးမြန်းကြသည်။

"နောက်ဆုံးရောက်ရှိလာတဲ့ ပထမတန်းစား ကမာများပါခင်ဗျာ"

"ကမာတွေ ဘေးချိတ်စမ်းပါ" ပါကိုတင် ဒေါသတကြီး ပြောလိုက်သည်။ "ကျုပ် ဘယ်တော့မှ ကမာ မစားဘူး၊ နောက်ပြီးတော့ ကျုပ်တို့ ဘာမှလည်း မစားချင်ဘူး"

"ကမာစားဖို့ အချိန်မဟုတ်ဘူး" မစ်တယာ ပြောလိုက်သည်။ "နောက်ပြီးတော့ ကျုပ် ဆာလည်း မဆာဘူး" ထို့နောက် ရုတ်ခြည်းဆိုသလို စိတ်မကောင်းဟန်ဖြင့် သူပြောသည်။ "ဒီမှာ သူငယ်ချင်း၊ ဒီလို ပရမ်းပတာတွေကို ကျုပ် နည်းနည်းမှ မကြိုက်ပါဘူး"

"ဘယ်သူကကော ကြိုက်နိုင်မလဲ၊ တောသားတွေအတွက် ရှန်ပိန်ပုလင်း သုံးဒါဇင် ဆိုတာ... လူတယောက်ကို ကောင်းကောင်းကြီး ဒေါသဖြစ်စေနိုင်နေပြီ"

"ကျုပ် ဆိုလိုတာက အဲဒါမဟုတ်ဘူး၊ ကျုပ်ပြောတာက တကယ့် စည်းစနစ်ကို ပြောတာ၊ ကျုပ်မှာ စည်းစနစ်မရှိဘူး၊ တကယ့် စည်းစနစ် မရှိဘူး၊ ဒါပေမဲ့ ဒါတွေအားလုံး ပြီးသွားပြီ၊ ဆုံးခန်းတိုင်သွားပြီ၊ အခုမှတော့ ငိုနေလို့ မရနိုင်တော့ဘူး၊ သိပ်နောက်ကျသွားပြီ၊ သွားပေတော့။ ကျုပ်ရဲ့ ဘဝတခုလုံး ပရမ်းပတာ ဖြစ်နေတယ်၊ ဒါကို အစီအစဉ်ကျအောင် လုပ်ရမယ်၊ ကျုပ်ပြောတာ ရယ်စရာ ဖြစ်နေသလား"

"ခင်ဗျား ပြောနေတာ သွေးရူးသွေးတန်းတွေပဲ၊ ရယ်စရာ မဟုတ်ဘူး"

"ဂုဏ်ကျက်သရေ ပြည့်ဖြိုးစေသား ကောင်းကင်ဘုံက ဘုရားသခင်

ဂုဏ်ကျက်သရေ ပြည့်ဖြိုးစေသား ကောင်းကင်ဘုံက ဘုရားသခင်"

အဲဒီ ကဗျာကလေးဟာ တခါတုန်းက ကျုပ်ရင်ထဲက ပေါ်ထွက်ခဲ့တယ် ... အမှန်တော့ ကဗျာတပုဒ် မဟုတ်ဘူး မျက်ရည်တစက်ပဲ ... ကျုပ်ကိုယ်တိုင် ဖန်တီးခဲ့တာပဲ.. ဒါပေမဲ့ အဲဒီဗိုလ်ကြီးရဲ့ မုတ်ဆိတ်မွေးကို ဆွဲခဲ့တုန်းကတော့ မဟုတ်ဘူး"

"ခင်ဗျား သူ့ကို ဘာဖြစ်လို့ ဖြုန်းခနဲ ဆွဲလိုက်ရတာလဲ"

"ဘာဖြစ်လို့ ဆွဲသလဲ ဟုတ်လား၊ မိုက်မဲတာပဲပေါ့၊ အားလုံး နိဂုံးချုပ်သွားပြီ။ အားလုံး ရှင်းသွားပြီ။ ဒါဟာ လိုရင်းအချုပ်ပဲ"

"ခင်ဗျား သေနတ်တွေအတွက် ကျွန်တော် စိတ်လေးနေတယ်"

"သေနတ်တွေက မိုက်မဲတာပဲ၊ ကဲ သောက်၊ ဘာတွေမှ စဉ်းစားမနေနဲ့၊ ဘဝကို ကျုပ် ချစ်တယ်၊ ဘဝကို ကျုပ် သိပ်ချစ်တယ် ... အဲဒါ အဆိုးဆုံးပဲ၊ တော်ပြီ၊ ကဲ သူငယ်ချင်း ဘဝအတွက် သောက်လိုက်ကြစို့၊ ဘဝအတွက် သောက်ကြဖို့ ကျုပ် အဆိုပြုပါတယ်။ ကျုပ်ဘာကျုပ် ဘာဖြစ်လို့ ဒါလောက် ကျေနပ်နေရသလဲ၊ ကျုပ်ဟာ လူကြမ်းလူရမ်း တယောက် ဖြစ်တဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေရပေမဲ့ ကျုပ်ဘဝကို ကျုပ် ကျေနပ်တယ်၊ ဖန်ဆင်းမှုကို ကျုပ် ဂုဏ်ပြုပါတယ်၊ ဘုရားသခင်ရဲ့ဖန်ဆင်းမှုကို ကျုပ် ဂုဏ်ပြုပါတယ်၊ ဒါပေမဲ့ ... ပထမဆုံး အဆိပ်အတောက် ဖြစ်စေတဲ့ ပိုးမွှားတကောင်ကို ကျုပ် ဖျက်ဆီးပစ်ရဦးမယ်၊ အဲဒီ ပိုးကောင်က လျှောက်သွားနေပြီး သူများတွေရဲ့ ဘဝကို မဖျက်ဆီးအောင် တားမြစ်ရမယ်၊ ကဲ သူငယ်ချင်း၊ ဘဝအတွက် သောက်ကြရအောင်၊ ဘဝထက် ဘာများ တန်ဖိုးရှိနိုင်သေးသလဲ၊ ဘာမှမရှိဘူး၊ ဘာမှမရှိဘူး၊ ဘဝအတွက်နဲ့

ဘုရင်မတကာတို့ရဲ့ ဘုရင်မတပါးအတွက် ...”

“ကောင်းပြီ၊ ဘ၀အတွက်နဲ့ ခင်ဗျားရဲ့ဘုရင်မအတွက် သောက်ကြမယ်”

တယောက် တခွက်စီ သောက်ကြသည်။ မစ်တယာသည် စိတ်အားတက်ကြွပြီး လှုပ်လှုပ်ရှားရှား ရှိနေသလောက် တဖက်ကလည်း ဆွေးမြည့်နေဟန်ရှိသည်။ အင်မတန် ကြီးမားသော သောကကြီး တခုက သူ့အပေါ်တွင် လေးလံစွာ ဖိစီးနေဟန် ဖြစ်သည်။

“မီရှာ .... အခုဝင်လာတာ ခင်ဗျားရဲ့မီရှာ မဟုတ်လား၊ မီရှာ ... ငါညီ ဒီကို လာပါဦး၊ မနက်ဖြန် မနက်မှာ ထွက်ပေါ်လာမယ့် ဒေါင်းဖန်ဝါ ဘာဏုရာဇာ နေမင်းကြီးအတွက် တခွက်လောက် သောက်လိုက်စမ်းပါ ...”

“ဘာဖြစ်လို့ သူ့ကို တိုက်နေတာလဲ”

ပါကိုတင်က ဟစ်အော်လိုက်သည်။

“ကျေးဇူးပြု၍ တိုက်ပါရစေ၊ ကျုပ် တိုက်ချင်လို့ပါ”

“ဘုရားသခင် ...”

မီရှာ ဖန်ခွက်ကို မော့သောက်သည်။ ထို့နောက် ဦးညွှတ်ပြီး ပြေးထွက်သွားသည်။

“ဒါကို သူ့အနေနဲ့ နောက်ပိုင်းမှာ အမှတ်ရနေလိမ့်မယ်” မစ်တယာ မှတ်ချက်ချလိုက်သည်။ “မိန်းမတယောက်ကို ကျုပ် ချစ်တယ်၊ မိန်းမတယောက်၊ ဘယ်မိန်းမလဲ၊ ကမ္ဘာကြီးရဲ့ ဘုရင်မ၊ ကျုပ် စိတ်မကောင်းဘူး၊ ကျုပ် စိတ်မကောင်းဘူး ပီတာ၊ ဟမ်းမလက်ကို မှတ်မိသလား၊ “အို ယိုးရစ်ပါလား၊ ငါ စိတ်မကောင်းလိုက်တာ ဟိုရေရှို့” ယိုးရစ်ဟာ ကျုပ် ဖြစ်နိုင်တယ်၊ ဟုတ်တယ်၊ ကျုပ်ဟာ ယိုးရစ်ပဲ၊ နောက်ကျရင် ဦးခေါင်းခွံတခု ဖြစ်သွားမယ်”

ပါကိုတင် တိတ်ဆိတ်စွာ နားထောင်သည်။ မစ်တယာလည်း တိတ်ဆိတ်လျက်ရှိသည်။

“မင်းတို့ခွေးက ဘာမျိုးလဲ”

ထို့နောက် ရုတ်တရက်ဆိုသလို ဆိုင်မှ လူရွယ်ကလေးကို သူ မေးလိုက်သည်။ အခန်းထောင့်တွင် ထိုင်နေသော မျက်လုံးနက်နက်နှင့် ခွေးငယ်ငယ် လှလှကလေးကို တွေ့မြင်သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

“ဆိုင်ရှင် အမျိုးသမီးရဲ့ ခွေးကလေးပဲ” ဆိုင်အရောင်းစာရေးက ပြန်ဖြေသည်။ “သူ့ကို အမျိုးသမီးက စောစောကလေးကပဲ ဒီကိုခေါ်လာပြီး မေ့ကျန်ခဲ့တာပဲ၊ သူ့ကို ကျွန်တော် ပြန်ပို့ပေးရမယ်”

“ဒီလို ခွေးကလေးမျိုး ကျုပ် အလျင်က မြင်ဖူးတယ် ... တပ်ရင်းမှာ နေခဲ့တုန်းကပဲ” မစ်တယာ စဉ်းစားရင်း ပြောသည်။ “တခုပဲရှိတယ်၊ အဲဒီ ခွေးကလေးက နောက်ခြေထောက် ကျိုးနေတယ် ... ဒါနဲ့ စကားမစပ်၊ သူငယ်ချင်း” ပါကိုတင်ဘက်သို့ လှည့်လျက် “ခင်ဗျားကို ကျွန်တော် တခု မေးချင်တယ်၊ ခင်ဗျား တသက်မှာ တခုခုများ ခိုးဖူးသလား”

“ဘယ်လို မေးခွန်းမျိုးလဲ”

“အို ဘာရည်ရွယ်ချက် ရှိလို့မှ မဟုတ်ပါဘူး၊ တယောက်ယောက်ရဲ့ ပိုက်ဆံကိုများ ယူခဲ့ဖူးသလား၊ ခင်ဗျားပစ္စည်း မဟုတ်တာ တခုခုပေါ့၊ အစိုးရ ပိုက်ဆံကို ကျွန်တော် ပြောနေတာ မဟုတ်ဘူး၊ အစိုးရပိုက်ဆံကို လူတိုင်း ခိုးနေတာပဲ၊ အဲဒီတော့ ခင်ဗျားအနေနဲ့လည်း ...”

“အို တော်စမ်းပါ”

“ခင်ဗျားပစ္စည်း မဟုတ်တာ တခုခုကို ကျွန်တော် ပြောတာ၊ အိတ်တအိတ်ထဲက နှိုက်ယူတာမျိုး၊ ပိုက်ဆံအိတ် တခုထဲက နှိုက်ယူတာမျိုး ခင်ဗျား ယူဖူးသလား”

“ကျွန်တော့် အမေဆီက နှစ်ဆယ်ကိုပက် တခါ ခိုးဖူးတယ်၊ စားပွဲပေါ်ကနေ ယူတာပဲ၊ အဲဒီတုန်းက ကျွန်တော် ကိုးနှစ်သားပဲ ရှိသေးတယ်၊ ဘယ်သူမှမရှိတဲ့အချိန်မှာ ယူပြီး လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့တာပဲ”

“နောက် ဘာဖြစ်သလဲ”

“ဘာမှ မဖြစ်ဘူး၊ အဲဒီပိုက်ဆံကို ကျွန်တော် သုံးရက် သိမ်းထားတယ်၊ နောက် ကျွန်တော် ရှက်လာတယ်၊ ဒါနဲ့ ကျွန်တော် ယူမိတဲ့အကြောင်း ဝန်ခံပြီး ပြန်ပေးလိုက်တယ်”

“အဲဒီတော့ ဘာဖြစ်သလဲ”

“အဲ အရိုက်ခံရတာပဲပေါ့၊ ဘာဖြစ်လို့ ခင်ဗျား ဒါလောက် စိတ်ဝင်စားနေရတာလဲ၊ ခင်ဗျားကော တခုခု ခိုးဖူးလို့လား”

“ခိုးဖူးတယ်”

မစ်တယာ မျက်စိမှိတ်ပြရင်း ပြောလိုက်သည်။

"ခင်ဗျား ဘာခိုးဖူးသလဲ"

ပါကိုတင်က စိတ်ဝင်စားစွာ စူးစမ်းလိုက်သည်။

"ကျုပ် ကိုးနှစ်သားအရွယ်က ကျုပ်အမေဆီက နှစ်ဆယ်ကိုပက် ခိုးတယ်၊ နောက် သုံးရက်ကြာတော့ ပြန်ပေးလိုက်တယ်"

ယင်းသို့ပြောပြီးနောက် မစ်တယာ ရုတ်ခြည်း မတ်တတ်ထရပ်လိုက်သည်။

"ဒီမီထရီ ကာရာမာဇော့ ... ခင်ဗျား မသွားသေးဘူးလား"

ဆိုင်တံခါးပေါက်ဆီမှ ရထားထိန်း အန်ဒရေက လောဆော်လိုက်သည်။

"ပြီးပြီလား၊ လာပြီ" မစ်တယာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ "နောက်ထပ် ဇာတ်လမ်းတပုဒ် ဆိုရင် ကျုပ်ရဲ့အတ္တုပ္ပတ္တိ ပြီးဆုံးပါပြီ ... အန်ဒရေ၊ လမ်းအတွက် တခွက် သောက်လိုက်ပါဦး ... မြန်မြန်၊ နောက်ထပ် ဘရန်ဒီလည်း တခွက်ပေါ့၊ အဲဒီ သေတ္တာ (သေနတ်သေတ္တာ) ကို ကျုပ်ထိုင်ခုံ အောက်မှာ ထားပါ၊ သွားပြီ ပါကိုတင်၊ ကျုပ်ကို ဘယ်လိုမှ အမှတ်မထားပါနဲ့၊ ဒါနဲ့ ခင်ဗျား မနက်ဖြန် ပြန်လာမယ် မဟုတ်လား"

"သေချာတာပေါ့"

"ကျသင့်ငွေ အခု ရှင်းသွားမလားခင်ဗျာ"

အရောင်းစာရေးက အပြေးအလွှား ရောက်လာရင်း မေးသည်။

"အို၊ အင်း ... ပေးမှာပေါ့"

သူသည် အိတ်ထဲမှ ငွေစက္ကူထုပ်ကြီးကို တကြိမ် ဆွဲထုတ်လိုက်ပြန်သည်။ ထို့နောက် သက်တံရောင် ငွေစက္ကူ သုံးရွက်ကို ဆွဲထုတ်ပြီး ကောင်တာပေါ်သို့ ပစ်တင်ကာ ဆိုင်အပြင်ဘက်သို့ ကတိုက်ကရိုက် ထွက်သွားသည်။ ဆိုင်မှ လူများအားလုံး သူ့နောက်သို့လိုက်သွားကာ ခေါင်းများကို ညွှတ်ပြီး နှုတ်ဆက်ကြသည်။ လမ်းခရီးတွင် ခလုတ်မထိ ဆူးမငြိစေရန် ဆန္ဒပြုကြသည်။

အန်ဒရေသည် သောက်ထားသော ဘရန်ဒီကို လည်ချောင်းထဲမှာ ရှင်းလိုက်ပြီးနောက် မြင်းရထား မောင်းသည့် ခုံပေါ်သို့ ခုန်တက်လိုက်သည်။ သို့သော် မြင်းရထားပေါ်တွင် မစ်တယာ နေရာ မယူရမီမှာပင် ဘယ်လိုမှ မမျှော်လင့်ဘဲနှင့် ဖီညာ ရုတ်တရက် ရောက်ရှိလာသည်။ သူမက အမောတကောပင် ပြေးလာသည်။

သူမသည် ငိုယိုကာဖြင့် သူ့ရှေ့တွင် လှဲချလိုက်ပြီး ...

"ဗိုလ်ကြီးရယ်၊ ကျေးဇူးပြုပြီး ကျွန်မရဲ့သခင်မလေးကို ဘာမှမလုပ်ပါနဲ့၊ ဒီအကြောင်းတွေ အကုန်လုံး ဗိုလ်ကြီးကို ကျွန်မ ပြောပြခဲ့ပါတယ် ... သူ့ကို ဗိုလ်ကြီး မသတ်လိုက်ပါနဲ့၊ သူက သခင်မကလေးရဲ့ ပထမလူပါ၊ သူဟာ သခင်မကလေးရဲ့လူပါ၊ သူဟာ အခုဆိုရင် သခင်မကလေးကို လက်ထပ်တော့မှာ ဖြစ်ပါတယ်၊ အဲဒီအတွက် ဆိုက်ဗေးရီးယားက သူပြန်လာတာပါ။ တဆိတ် ကျေးဇူးပြုလို့ ရှင် ... ကိုယ့်လို သတ္တဝါတဦးရဲ့ အသက်ကို မသတ်လိုက်ပါနဲ့"

"ဩော် လက်စသတ်တော့ ဒီလိုကိုး၊ အင်း ... အဲဒီမှာ ခင်ဗျား ပြဿနာတွေ ဖော်ခဲ့မယ်ဆိုတာ ကျွန်တော် ထင်သားပဲ" ပါကိုတင် မြည်တမ်းလိုက်သည်။ "အခုတော့ အားလုံး ရှင်းသွားပြီ၊ လယ်ပြင်မှာ ဆင်သွားသလို ရှင်းသွားပြီ၊ ဒီမယ် ဒီမီထရီ ကာရာမာဇော့၊ ခင်ဗျားဟာ လူတယောက်လို ကျင့်ကြံပြုမူမယ်ဆိုရင် အဲဒီသေနတ်တွေကို ကျွန်တော့်ကို ပေးပါ"

"သေနတ်တွေ ဟုတ်လား၊ ဘာမှမပူပါနဲ့ သူငယ်ချင်း၊ အဲဒါတွေကို လမ်းကျရင် ရေအိုင်တခုထဲကို ကျုပ် လွှင့်ပစ်လိုက်မှာပါ၊ ဖီညာ ... ထစမ်း၊ ကျုပ်ရှေ့မှာ ဒူးထောက်မနေပါနဲ့၊ မစ်တယာက ဘယ်သူ့ကိုမှ အနာတရ ဖြစ်အောင် မလုပ်ပါဘူး။ လူမိုက်ကြီးဟာ နောက်ကို ဘယ်သူ့ကိုမှ နာအောင် ကျင်အောင် မလုပ်တော့ပါဘူး၊ အဲ နောက်တခုကတော့ ဖီညာ..." သူက နေရာတွင် ထိုင်လိုက်ပြီး နောက် သူမကို လှမ်းအော်ကာ ပြောသည်။ "စောစောက မင်းကို ငါ ကိုယ်ထိလက်ရောက် လုပ်ခဲ့မိတယ်၊ အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါ၊ လူဆိုး လူရမ်းကြီး တယောက်ကို ခွင့်လွှတ်ပါ ... ဒါပေမဲ့ မင်းအနေနဲ့ ခွင့်မလွှတ်နိုင်ဘူးဆိုရင်လည်း အရေးမကြီးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခုအချိန်မှာ ကိုယ့်အတွက် ဘာတခုမှ အရေးမကြီးတော့လို့ပဲ၊ မောင်းတော့ အန်ဒရေ၊ မြန်မြန်ဟေ့၊ မြန်မြန်မောင်း"

အန်ဒရေက မြင်းရထားကြီးကို မောင်းနှင်သည်။ မြင်းကျူသံများ ထွက်ပေါ်လာသည်။

"သွားပြီ ပါကိုတင်၊ ကျုပ်ရဲ့ နောက်ဆုံးမျက်ရည်ဟာ ခင်ဗျားအတွက်ပဲ"

"သူအရက်မူးနေတယ်လို့ ကျုပ် မထင်ဘူး၊ ဒါပေမဲ့ မဟုတ်ကဟုတ်က သူ ဘာတွေ လျှောက်ပြောနေ သလဲ မသိဘူး"

ထွက်ခွာသွားသော မြင်းရထားကြီးကို ကြည့်ရင်း ပါကိုတင် စိတ်ထဲမှ ပြောနေမိသည်။ ပထမတွင် သူသည် ကျန်ရှိသော အရက်နှင့် ကုန်ပစ္စည်းများ ထုပ်ပိုးသယ်ဆောင်မည့် မြင်းရထား (မြင်းသုံးကောင်က ရထားကြီးပင် ဖြစ်သည်) ကို

စောင့်ကြည့်နေမည်ဟု စိတ်ကူးမိသည်။ အကြောင်းမှာ သူတို့က ဒီမီထရီကို လိမ်ညာကြမည်ကို ကောင်းကောင်းကြီး သိရှိသောကြောင့် ဖြစ်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူသည် သူ့ကိုယ်သူ ဒေါသဖြစ်ပြီး ကျိန်ဆဲ ရေရွတ်ကာ ဘိလိယက်ထိုးရန် မြို့တော်ကလပ်သို့ သွားရောက်လေတော့သည်။

"ဒီလူဟာ လူကောင်းတယောက် ဖြစ်ပေမဲ့ လူဆိုးပဲ" လမ်းလျှောက်သွားရင်း သူ ရေရွတ်သည်။ "ဂရုရှင်ကာရဲ့ပထမချစ်သူ အရာရှိအကြောင်း ငါ ကြားဖူးတယ်။ အင်း၊ ဒီလူ ပြန်လာတယ်ဆိုရင်တော့ ... အလိုလေးလေး အဲဒီသေနတ်တွေ ... အို အားလုံး ဘေးချိတ်ထားလိုက်စမ်းပါ။ ငါက သူ့အထိန်းတော်မှ မဟုတ်ဘဲ၊ သူတို့လုပ်ချင်တာ သူတို့ လုပ်ကြစမ်းပါစေ၊ နောက်ပြီးတော့ တကယ်တမ်းကျတော့လည်း ဘာမှလည်း ဖြစ်တာ မဟုတ်ပါဘူး၊ သူတို့က ပူညံပူညံသမားတွေပဲ၊ သူတို့ အရက်သောက်မယ်၊ ရန်ဖြစ်မယ်၊ ပြီးတော့ ပြန်တည့်သွားမယ်၊ သူတို့က တကယ်တမ်း သတ်မယ့်ဖြတ်မယ့်လူတွေ မဟုတ်ပါဘူး။

"ကျုပ် ဘေးဖယ်ပေးမယ်၊ ကျုပ်ကိုယ်ကျုပ် ပြစ်ဒဏ်ပေးမယ်" ဆိုတဲ့ သူ့စကားတွေက ဘာအဓိပ္ပာယ်လဲ၊ ဒီစကားတွေကလည်း ဘာမှမဟုတ်ပါဘူး၊ အရက်ဆိုင်ထဲမှာ အရက်မူးရင်း ဒီလိုစကားတွေကို အကြိမ်တထောင်လောက် သူ အော်တတ်တယ်၊ ဒါပေမဲ့ သူ အခု မမူးဘူး အဲဒါတော့ အမှန်ပဲ၊ "စိတ်က မူးနေတယ်" တဲ့... စကားလုံးလှလှ ကလေးတွေတော့ တကယ် ပြောတတ်တဲ့ လူဆိုးတွေပဲ။

"အို ငါက သူ့အထိန်းတော်လား၊ သူ ရန်ဖြစ်လာတာတော့ အမှန်ဖြစ်ရမယ်၊ သူ့မျက်နှာမှာ သွေးတွေ ပေနေတယ်၊ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ... 'မြို့တော်' ကျမှ စုံစမ်းကြည့်ရမှာပဲ၊ သူ့လက်ကိုင်ပဝါမှာ လည်း သွေးတွေ ရွှဲနေတာပဲ ... အဲဒီ လက်ကိုင်ပဝါဟာ အခုထက်ထိ ငါ့အိမ်က ကြမ်းပြင်ပေါ်မှာ ရှိနေတယ် ... အို အားလုံး ဘေးချိတ်ထားလိုက်စမ်းပါ"

သူသည် စိတ်နောက်ကျူစွာဖြင့် အရက်ဆိုင်သို့ ရောက်ရှိသွားသည်။ ချက်ချင်းပင် ဘိလိယက်ခုံသို့ ဝင်ရောက်သည်။ ကစားလိုက်သောအခါ သူ့စိတ်တွေ လန်းဆန်းတက်ကြွလာသည်။ နောက်တပွဲ ထပ်ကစားသည်။ ထို့နောက် ဒီမီထရီ ကာရာမာဇော့တွင် ပိုက်ဆံတွေ ရှိနေပြန်ပြီ ဖြစ်ကြောင်း၊ သုံးထောင်လောက် ဖြစ်ကြောင်း၊ ထိုငွေတွေကို ဖြုန်းပစ်ရန် ဂရုရှင်ကာနှင့်အတူ မိုကရိုယီသို့ သွားကြောင်းတို့ကို ကစားဖော်များအား သူ ပြောပြလေတော့သည်။ နားထောင်သူများသည် သူ၏ ဇာတ်လမ်းကို တအံ့တသြဖြင့် စိတ်ဝင်စားကြသည်။ သည်အကြောင်းကို သူတို့အားလုံး ဝိုင်းပြီး ပြောကြသည်။ သို့သော် ရယ်စရာ မောစရာ သဘော မဟုတ်၊ အလေးအနက် ပြောဆိုကြခြင်း ဖြစ်သည်။ ဘိလိယက် ထိုးနေသည်ကိုပင် ရပ်နားထားကြသည်။

“သုံးထောင် ဟုတ်လား၊ ဒီငွေသုံးထောင်ကို သူ ဘယ်ကရသလဲ”

ပါကိုတင်ကို သူတို့ မေးခွန်းတွေထုတ်ကြသည်။ မစ္စက် ကိုကလာကော့၏ လက်ဆောင် ကိစ္စကို သူတို့ သံသယရှိကြသည်။

“သူ့အဘိုးကြီးဆီက သူ လုလာတာ မဖြစ်နိုင်ဘူးလား”

“ဒီငွေသုံးထောင်ကိုလား၊ ဒါကတော့ နည်းနည်း ဆန်းနေတယ်”

“သူ့အဖေကို သူ သတ်မယ်လို့ ကြုံးဝါးခဲ့တယ်၊ အဲဒါကို ဒီမှာရှိတဲ့လူတွေအားလုံး ကြားဖူးကြတယ်၊ နောက်ပြီးတော့ ငွေသုံးထောင် အကြောင်းလည်း သူပြောတယ် ...”

ပါကိုတင် နားထောင်သည်။ ထို့နောက် ရုတ်ခြည်းဆိုသလိုပင် သူတို့၏မေးခွန်းများကို ဖြေကြားရာ တွင် သူ၏အဖြေများသည် ထိန်းထိန်းသိမ်းသိမ်း ဖြစ်လာသည်၊ တုံးတုံးတိတိ ဖြစ်လာသည်။ သူသည် ဆိုင်ထဲသို့အလာ လမ်းမှာတုန်းက မစ်တယာ၏မျက်နှာနှင့် လက်မှ သွေးများအကြောင်းကို ပြောပြရန် စိတ်ကူးလာသော်လည်း ယခုအခါတွင် တခွန်းတပါဒမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုတော့ချေ။

တတိယပွဲကို သူတို့ ဆက်ပြီး ကစားကြသည်။ တဖြည်းဖြည်းနှင့် မစ်တယာအကြောင်း ပြောဆိုနေခြင်းများ ရပ်ဆိုင်းသွားသည်။ တတိယပွဲ ပြီးသောအခါတွင်ကား ပါကိုတင် ဆက်ပြီး မကစားတော့။ ဘိလိယက်ထိုးတံကို ချထားလိုက်သည်။ ထို့နောက် စောစောပိုင်းက စားရန် စိတ်ကူးထားသော ညစာကို မစားတော့ဘဲ ဆိုင်မှ ထွက်ခဲ့သည်။

ဈေးရင်ပြင်သို့ ရောက်ရှိသောအခါ သူသည် စိတ်ဇဝေဇဝါဖြင့် ရပ်တန့်လိုက်သည်။ သူ့ကိုယ်သူလည်း အံ့အားသင့်နေမိသည်။ သူသည် ဂရုရှင်ကာ၏အိမ်သို့ သွားပြီး ထိုအိမ်တွင် ဘာတခုခုများ ဖြစ်ချေသနည်းဟု စုံစမ်းချင်နေကြောင်း သတိပြုမိသည်။

“အို ဘာကိစ္စမှ မဟုတ်ဘဲနဲ့ ... ဘာကိစ္စမှ မဟုတ်မှာလည်း သေချာတယ် ... သူများတွေကို နှိုးပြီး ပြဿနာဖော်ရာ ရောက်နေမယ်၊ ဖူး ... အဓိပ္ပာယ် မရှိတာပဲ၊ သူတို့ကို ကြည့်ရှုစောင့်ရှောက်ဖို့ ငါ့အလုပ်လား”

သူသည် စိတ်နောက်ကျူစွာဖြင့် သူ့အိမ်သို့ ပြန်သွားသည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် ဖီညာကို အမှတ်ရလိုက်မိသည်။

“အို သူ့ကို ငါ မေးကြည့်ဖို့ မကောင်းဘူးလား”

သူ စနိုးစနောင့် တွေးမိသည်။

"သူ့ဆီကနေ အကုန်ကြားနိုင်တယ်"

ယင်းသို့ဖြင့် သူသည် ဖီညာကို မေးမြန်းလိုစိတ်၊ သူမထံမှ အကြောင်းစုံ သိလိုစိတ်တို့ ပြင်းထန်လာ သဖြင့် အိမ်အပြန် လမ်းတဝက်လောက် ရောက်နေမှပင် ရုတ်ခြည်းဆိုသလို ဂရုရှင်ကာ နေထိုင်ရာ မစ္စက်ပိုရိုဖေ့၏ အိမ်သို့ ပြန်လှည့်သွားတော့သည်။

ခြံဝသို့ ရောက်ရှိသောအခါ တံခါးကို သူ ခေါက်လိုက်သည်။ တိတ်ဆိတ် ငြိမ်သက်နေသော ညတွင် ထွက်ပေါ်လာသော တံခါးခေါက်သံက သူ၏ လှုပ်ရှားနေသော စိတ်များကို ငြိမ်သက်သွားစေသည်။ ထို့နောက် ဒေါသ ဖြစ်လာစေသည်။ သူ၏ တံခါးခေါက်သံကို မည်သူကမျှ မထူးကြ၊ အိမ်တွင်းရှိ လူများအားလုံး အိပ်ပျော်နေကြဟန်ရှိသည်။

"ငါ ဒီမှာ သူများတွေကို အနှောင့်အယှက် ပေးနေတာပဲ"

မအီမလည်ဖြင့် သူ တွေးလိုက်မိသည်။ သို့သော် သူသည် ထိုနေရာမှ ထွက်ခွာမသွားဘဲ တံခါးကို တအားကုန် ဆိုသလိုပင် ထပ်ပြီး ခေါက်လိုက်မိသည်။ တံခါးခေါင်းလောင်းသံသည် တလမ်းလုံးပင် ညံသွားတော့သည်။

"ဘယ်သူမှ မနိုးဘူးလား၊ သူတို့တွေ နိုးအောင် ငါနှိုးရမယ်"

သူသည် တံခါးတခါခေါက်လိုက်ရင်း တခါရေရွတ်လိုက်ရင်း ဖြစ်သည်။ တကြိမ်ထက် တကြိမ်လည်း သူ့ကိုယ်သူ ဒေါသဖြစ်လာသည်။ သို့သော် တချိန်တည်းမှာပင် သူသည် ကျယ်လောင်သည်ထက် ကျယ်လောင်စွာပင် တံခါးကို ခေါက်လျက်ရှိတော့သည်။

၆။ ငါလာပြီဟေ့

ထိုအချိန်ဝယ် ဒီမီထရီသည် မိုကရိုယီသို့သွားရာ လမ်းပေါ်တွင် ခရီးပြင်းနှင်လျက် ရှိချေသည်။ မိုကရိုယီသည် တဆယ့်ငါးမိုင်ကျော်ကျော်မျှ ဝေးသော်လည်း အန်ဒရေ၏ မြင်းသုံးကောင်သည် ဒုန်းအပြေးကောင်းလှသဖြင့် တနာရီနှင့် တမတ်မျှသာ မောင်းနှင်ရသည်။

လျင်မြန်စွာ ပြေးလွှားနေခြင်းက မစ်တယာကို ပြန်လည် လန်းဆန်းလာစေသည်။ လေက အေးမြပြီး လတ်ဆတ်သည်။ ကြည်လင်သော မိုးကောင်းကင်တွင် ကြယ်ပွင့်ကြီးများ တောက်လက်လျက် ရှိသည်။

အလျှိုရှာ မြေကြီးပေါ်တွင် လှဲချပြီး မဟာပထဝီမြေကြီးကို အစဉ်ထာဝရ ချစ်ခင်သွားမည် ဖြစ်ကြောင်း ကတိပြုခဲ့သည်မှာ ဤညမှာပင်ဖြစ်ပြီး ဤအချိန်လောက်မှာပင် ဖြစ်နိုင်သည်။

မစ်တယာ၏စိတ်တွင် အားလုံးပင် ရှုပ်ထွေးလျက်ရှိသည်။ သူ၏ရင်ထဲတွင် အရာအားလုံး ပူးဝင် နှောင့်ယှက်လျက်ရှိသော်လည်း ထိုအချိန်ကမူ သူ၏စိတ်အာရုံတခုလုံးသည် သူမကိုသာ မျှော်မှန်း တမ်းတလျက် ရှိချေသည်။ သူ၏ဘုရင်မကို ဖြစ်သည်။ ယခုအခါ သူ့အနေနှင့် နောက်ဆုံးအကြိမ် အဖြစ် သွားရောက်တွေ့ဆုံနေသော သူမကို ဖြစ်သည်။

တခုတော့ ကျွန်ုပ် ပြောနိုင်သည်။ သူ၏အသည်းနှလုံးသည် တဒင်္ဂတာမျှပင် ယုံမှားသံသယ မရှိပါ။ အင်မတန် မနာလိုဝန်တိုတတ်သော ဤပုဂ္ဂိုလ်သည် ယခုအခါတွင် ဗြုန်းစားကြီး ပေါ်ထွက်လာသော ပြိုင်ဘက်အသစ်ကို အနည်းငယ်မျှပင် မနာလိုဝန်တိုခြင်း မဖြစ်ပါ။

အကယ်၍ ဤနေရာတွင် အခြားလူ တဦးတယောက်သာဆိုလျှင် သူသည် ချက်ချင်းပင် ဝန်တို မစ္ဆရိယစိတ်များ ပွားများပြီး ကြောက်မက်ဖွယ်ရာကောင်းသော သူ၏ လက်များသည် နောက်တကြိမ် ထပ်ပြီး သွေးစွန်းကြဦးမည်မှာ အမှန်ပင်တည်း။

သို့ရာတွင် ထိုလူနှင့် ပတ်သက်၍ကား ... သူ၏ ချစ်ဦးသူနှင့် ပတ်သက်၍ကား သူ့မှာ မလိုတမာသော မုန်းတီးခြင်းများ အလျဉ်းမရှိပါချေ။ သို့သော် ထိုလူကို ယခုအထိ သူ မမြင်ဖူးသေးသည်မှာ အမှန်ပင်။

“ဒီနေရာမှာတော့ ဘာမှ ငြင်းနေစရာ အကြောင်းမရှိဘူး၊ အမျိုးသမီးရဲ့ဖူးစာအမှန်ပဲ၊ အဲဒီလူရဲ့ ဖူးစာမှန်ပဲ၊ အမျိုးသမီးရဲ့အချစ်ဦးပဲ၊

ငါးနှစ်ကြီးများတောင် ကြာသွားတဲ့အထိ မမေ့နိုင်တဲ့ အမျိုးသမီး ရဲ့အချစ်ပဲ၊ ဒီအဓိပ္ပာယ်ကတော့ အမျိုးသမီးဟာ ဒီငါးနှစ်အတွင်းမှာ သူတယောက်တည်းကိုသာ ချစ်ခဲ့တယ် ဆိုတာပဲ၊ အဲဒီတော့ ဒီကိစ္စထဲမှာ ငါ ... ဘာဝင်ပါစရာ လိုသလဲ၊ ငါ့မှာ ဘာအခွင့်အရေး ရှိသလဲ၊ ဘေးကိုဖယ်လိုက် မစ်တယာ၊ ဘေးကိုဖယ်လိုက်၊ နောက်ပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် ငါ့အခြေအနေက ဘာလဲ၊ အဲဒီ အရာရှိ မပါဘဲနဲ့ကို ပြဿနာတွေက အားလုံး ဆုံးခန်းတိုင်နေပြီ၊ သူ ပေါ်မလာဘဲနဲ့ကိုပဲ ပြဿနာတွေ အားလုံးဟာ ဆုံးခန်းတိုင်နေပြီ ...”

သူ့အနေနှင့် အကျိုးအကြောင်း မှန်ကန်အောင် ဆင်ခြင်နိုင်လျှင် ဤစကားလုံးများသည် သူ့ရင်တွင်းဝယ် ဖြစ်ပေါ်နေရပေမည်။ သို့ရာတွင် ထိုအချိန်က သူသည် အကျိုးအကြောင်း မှန်ကန်အောင် ဆက်စပ်နိုင်ခြင်း မရှိပါ။ လက်ရှိ သူ၏လှုပ်ရှားမှုသည် အကျိုး အကြောင်း မှန်ကန်စွာ ဆက်စပ်စဉ်းစားခြင်းမရှိဘဲနှင့် ဖြစ်ပေါ်လာခြင်းများသာ ဖြစ်ကြသည်။ ဗီညာ၏ ပထမဆုံးသော စကားလုံးများကို ကြားလိုက်ရကတည်းကပင် သူ၏ရင်ထဲတွင် ရုတ်တရက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်း ဖြစ်သည်။

ယင်းကြောင့်ပင်လျှင် သူ့ရင်ထဲတွင် ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါလျက်နှင့်ပင် သူ၏စိတ်ထဲတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်နေတော့သည်။ နာကြည်းဖွယ်ရာသော ရှုပ်ထွေးမှုများ ဖြစ်သည်။ သူ၏ ဆုံးဖြတ်ချက်က ငြိမ်းအေးမှုကို မပေးနိုင်ဘဲ ရှိနေသည်။

သူ့ရင်ထဲတွင် ရှုပ်ထွေးမှုများ အများကြီး ကျန်ရှိနေပြီး ယင်းတို့က သူ့ကို နှိပ်စက် ညှဉ်းပန်းလျက် ရှိတော့သည်။ သူ့ကိုယ်သူ သေဒဏ်စီရင်သည့်အမှုကို စာရွက်ပေါ်တွင် ကလောင်တံဖြင့် ရေးသားခဲ့ သည်ကို မကြာခဏ ဆိုသလိုပင် သူသည် ထူးဆန်းအံ့သြနေမိသည်။ “ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြစ်ဒဏ် စီရင်လိုက်သည်” ထိုစာရွက်သည် သူ၏ အင်္ကျီအိတ်ထဲမှာ ရှိနေသည်။ အဆင်သင့် ရှိနေသည်။ ပစ္စတိုသေနတ်ကို ကျည်ဖြည့်ထားပြီး ဖြစ်သည်။ ရွှေဝါရောင် ဆံပင်နှင့် ဒေါင်းဖန်ဝါနေမင်းကြီး၏ ပထမဆုံးသော ရောင်ခြည်ကို နောက်တနေ့နံနက်တွင် မည်သို့ရင်ဆိုင်မည်ဟု သူ့စိတ်ကို ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့တိုင်အောင်လည်း သူသည် နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော အတိတ်ကို စာရင်း ပြတ်အောင် မရှင်းနိုင်ဘဲ ဖြစ်နေသည်။ အတိတ်က သူ့ကို ညှဉ်းပန်းလျက်ရှိသည်။ နာကြည်းစွာ ခံစားနေရသည်။ သူ၏ရင်မှာ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်နေရသည်။

တကြိမ်တွင်မူ သူသည် မြင်းရထားကို ရပ်ခိုင်းပြီး မြင်းရထားပေါ်မှ

ခုန်ဆင်းကာ နောက်တနေ့ မိုးသောက်သည်အထိ စောင့်မနေတော့ဘဲ ကျည်ထိုးထားသော သေနတ်ဖြင့် အားလုံးကို နိဂုံးချုပ်ပစ်ရန် ရုတ်တရက် စိတ်ကူးလိုက်မိသည်။ သို့သော် ထိုအတွေးသည် လျှပ်တပြက်အတွင်း မှာပင် ပျောက်ကွယ်သွားသည်။

နောက်တကြောင်းကလည်း မြင်းတွေက ဒုန်းပြေးလျက်ရှိပြီး "မြေကြောကိုရှုံ့လျက်" ရှိတော့သည်။ ခရီးလမ်းဆုံးနှင့် နီးလာသည်နှင့်အမျှ သူသည် အမျိုးသမီးကို တွေးမိလာလေ ဖြစ်တော့သည်။ သူမ တယောက်တည်းကိုသာ စိတ်ထဲတွင် အာရုံပြုမိနေတော့သည်။ သူ၏စိတ်အာရုံကို ထိန်းချုပ်သည် ထက် ထိန်းချုပ်လာတော့သည်။ သူ့ရင်ထဲတွင် ခြောက်လှန့်လျက်ရှိသော မကောင်းသော နိမိတ်ပုံ များ အားလုံးကို ပျောက်လွင့်စေတော့သည်။

အို သူမကို သူ တွေ့မြင်လိုလှသည်။ တခဏကလေးပဲဖြစ်စေ... အဝေးကပဲ လှမ်းမြင်ရသည် ဖြစ်စေ...

"အခုဆိုရင် အမျိုးသမီးဟာ အဲဒီလူနဲ့အတူ ရှိနေပြီ၊ ဟုတ်ပြီ ... အဲဒီတော့ အမျိုးသမီးဟာ သူ့ရဲ့ ချစ်ဦးသူနဲ့ ဘယ်လိုနေသလဲဆိုတာကို ငါ ကြည့်ချင်တယ်၊ ငါလိုချင်တာကတော့ အဲဒါပဲ"

သူ၏ကံကြမ္မာကို အဆုံးအဖြတ် ပေးနိုင်စွမ်း ရှိသည်အထိ သူ့အပေါ်တွင် လွှမ်းမိုးလျက်ရှိသော ဤအမျိုးသမီးသည် သူ့ရင်တွင်းမှ မေတ္တာစိတ်ကို ယခင့်ယခင်အခါများက တခါမျှ ဤမျှလောက် လှုံ့ဆော်နိုင်စွမ်း မရှိပါ။ ဤလို ခံစားမှုမျိုးကို အလျင်က သူ တကြိမ်မျှ မခံစားရပါ။ သည်လို ခံစားမှုမျိုးကို သူ ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ပါ။ သူမကို ကိုးကွယ်မိတော့မည်အထိ ခံစားရခြင်းမျိုး ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ပျောက်ကွယ်သွားစေတော့မည်အထိ ခံစားရခြင်းမျိုး ဖြစ်သည်။

"ဟုတ်တယ်၊ ငါ့ကိုယ်ငါ ပျောက်ကွယ်သွားစေတော့မယ်"

စိတ်ဇောတက်ကြွစွာဖြင့် ရုတ်တရက် သူ ပြောလိုက်မိသည်။ သူတို့ ခရီးနှင်ခဲ့ကြသည်မှာ တနာရီလောက် ရှိသွားပြီ ဖြစ်သည်။ မစ်တယာ နှုတ်ဆိတ်နေသည်။ အင်မတန် စကားများသော ရထားမောင်းသမား အန်ဒရေသည်လည်း စကားတခွန်းမျှ မဟဘဲ ရှိနေသည်။ စကားပြောရမည်ကို ကြောက်လန့်နေသည့်အလား ဖြစ်သည်။ သို့ဖြင့် သူသည် ၎င်း၏ မြင်းချော မြင်းလှကြီး သုံးကောင်ကိုသာ ကြာပွတ်သံပေးကာ မောင်းနှင်လျက် ရှိတော့သည်။ သူ၏ မြင်းသုံးကောင်က အနည်းငယ် ပိန်လှီကြသော်လည်း ကြွကြွရွရွရှိပြီး ခြေမြန်ခြေကောင်း အုန်းခွံရောင် မြင်းကြီးများ ဖြစ်ကြသည်။

"အန်ဒရေ ... သူတို့ အိပ်နေရင် ဘယ့်နှယ်လုပ်မလဲ"

သည်အတွေးကို သူ ရုတ်တရက် တွေးလိုက်မိခြင်း ဖြစ်သည်။ စောစောက ဤအချက်ကို လုံးဝ မစဉ်းစားမိခဲ့ပါ။

"အခုဆိုရင် သူတို့ အိပ်ရာဝင်လောက်ကြပြီလို့ ကျွန်တော် ထင်ပါတယ်ခင်ဗျာ"

မစ်တယာသည် တစုံတရာ နာကျင်သွားသည့်အလား မျက်မှောင်ကုတ်လိုက်သည်။ အမှန်တကယ်ပဲ သူတို့ အိပ်နေကြလျှင် ဘာလုပ်မည်နည်း ... သူက ဒုန်းစိုင်းပြီး သွားနေသည် ... သူ့စိတ်ထဲမှာ အထက်ပါ ခံစားမှုတွေနှင့် ဖြစ်သည် .. သို့သော် သူတို့က အိပ်ပျော်နေကြမည် ... အမျိုးသမီးလည်း အိပ်ပျော်နေလိမ့်မည် ... ထိုလူ၏ဘေးမှာ အိပ်ပျော်နေတာ ဖြစ်နိုင်သည် ... သူ့ရင်ထဲတွင် ဒေါသများ လှိုက်တက်လာတော့သည်။

"အန်ဒရေ၊ မြန်မြန်၊ ရိုက်ပေး ရိုက်ပေး၊ မြန်မြန်"

သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဟစ်အော်နေတော့သည်။

"သူတို့ အိပ်ချင်မှလည်း အိပ်ကြဦးမှာပါခင်ဗျာ" အတန်ကြာသောအခါ အန်ဒရေက ပြောလိုက်သည်။ "အဲဒီမှာ လူတွေ အများကြီးပဲလို့ တီမိုဖီက ပြောတယ်"

"ချောစခန်းမှာလား"

"မဟုတ်ဘူးခင်ဗျာ့၊ ချောစခန်းမှာ မဟုတ်ဘူး၊ ပလာတူနေ့ဲ့ရဲ့ထမင်းဆိုင်မှာ၊ အဲဒီမှာလည်း နားလို့ရတယ်၊ မြင်းတွေ ငှားလို့လည်း ရတယ်"

"ကျုပ် သိတယ်၊ ဒါပေမဲ့ အဲဒီမှာ ဘာဖြစ်လို့ လူတွေအများကြီး ရှိနေရတာလဲ ... ဘယ်ကလာတဲ့ လူတွေလဲ၊ နောက်ပြီးတော့ သူတို့က ဘယ်သူတွေလဲ"

မစ်တယာ မေးလိုက်သည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသော သတင်းအတွက် များစွာမှပင် ပူပန်ကြောင့်ကြသွားဟန် ဖြစ်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ တီမိုဖီကပြောတော့ သူတို့အားလုံး လူကြီးလူကောင်းတွေပဲလို့ ဆိုပါတယ်၊ နှစ်ယောက်က ကျွန်တော်တို့မြို့ကပဲ... ဘယ်သူတွေလဲဆိုတာတော့ ကျွန်တော် မသိဘူး၊ နောက်နှစ်ယောက်ကတော့ ... သူတို့ကတော့ လူစိမ်းတွေပဲ၊ အဲဒီအပြင်လည်း ရှိနိုင်သေးတယ်၊ ကျွန်တော် သေသေချာချာ မမေးလိုက်မိဘူး၊ သူတို့ ဖဲကစားကြလိမ့်မယ်လို့ တီမိုဖီက ပြောတယ်"

“ဖဲ ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ၊ သူတို့ဟာ ဖဲကစားနေကြလို့ရှိရင် ဘယ်နည်းနဲ့မှ အိပ်ကြဦးမှာ မဟုတ်ပါဘူး။ ဆယ့်တနာရီ မကျော်သေးဘူးလို့ ကျွန်တော် ထင်တယ်၊ ဒီထက် မကျော်နိုင်သေးဘူးခင်ဗျ”

“မြန်မြန် အန်ဒရေ၊ မြန်မြန်”

မစ်တယာ ချောက်ချားစွာဖြင့် ဟစ်အော်လိုက်ပြန်သည်။

“ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုရင် ကျွန်တော် တခု မေးပါရစေခင်ဗျာ” ခဏအကြာတွင် အန်ဒရေက ပြောလိုက်သည်။

“ဘာမေးမှာလဲ”

“ဒီလိုပါခင်ဗျာ၊ ဖီညာဟာ စောစောက လူကြီးမင်းရဲ့ခြေရင်းမှာ လှဲချပြီး သူ့သခင်မနဲ့ တခြားလူ တယောက်ကို အန္တရာယ်မပေးဖို့ တောင်းပန်ခဲ့တယ် … အဲဒါခင်ဗျာ၊ ကျွန်တော်လည်းပေါ့ ခင်ဗျာ၊ လူကြီးမင်းကို အဲဒီကို ခေါ်သွားတဲ့ နေရာမှာ … ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ရဲ့ စိတ်ထဲမှာ … ကျွန်တော် ပြောတာ မှားချင် မှားမယ်ပေါ့ ခင်ဗျာ …”

ထိုအခါ မစ်တယာက အန်ဒရေ၏ပခုံးကို နောက်ဘက်မှနေ၍ ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီး …

“ခင်ဗျားဟာ ရထားမောင်းသမားတယောက် မဟုတ်လား” ဒေါသတကြီး မေးလိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ”

“ဒါဆိုရင် ခင်ဗျားဟာ လမ်းကို ဘယ်လိုရှောင်ပြီး ဘယ်လို မောင်းရမယ်ဆိုတာ သိရမယ်၊ ရထားမောင်းတဲ့ လူတယောက်ဟာ လမ်းကို ရှောင်ပြီး မမောင်းဘဲ လူတွေကို တက်ကြိတ်သွားမယ် ဆိုရင် ခင်ဗျား ဘာပြောမလဲ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မြင်းရထားမောင်းတဲ့ လူတယောက်ဟာ ဘယ်တော့မှ လူတွေကို တက်ကြိတ်မသွားဘူး၊ လူတယောက်ကို တက်ပြီး မကြိတ်ရဘူး၊ လူတွေရဲ့ အသက်ကို ဖျက်ဆီးမပစ်ရဘူး၊ တကယ်လို့ ခင်ဗျားဟာ လူတယောက်ရဲ့ဘဝကို ပျက်စီးစေခဲ့တယ် ဆိုရင် ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးပြီး တခြားကို ထွက်သွားရမယ်”

ဤစကားလုံးများသည် သွေးလေချောက်ချားစွာ ပြောဆိုနေသည့်ပမာ မစ်တယာထံမှ ပွင့်အန်ပြီး ထွက်လာကြသည်။ အန်ဒရေသည် မစ်တယာကို

အံ့သြလျက်ရှိသော်လည်း သူ့စကားကိုမူ ဆက်ပြီး ပြောဆိုသည်။

"မှန်ပါတယ်ခင်ဗျာ၊ လူကြီးမင်းပြောတာ သိပ်မှန်ပါတယ်၊ လူတယောက်ဟာ တခြားလူတယောက်ကို တက်မကြွတ်ရပါဘူး၊ ဒါမှမဟုတ် မညှဉ်းပန်း မနှိပ်စက်ရပါဘူး၊ ဘယ်လို သတ္တဝါတယောက်ကိုမှ မညှဉ်းပန်း မနှိပ်စက်ရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သက်ရှိသတ္တဝါအားလုံးကို ဘုရားသခင်က ဖန်ဆင်းထားလို့ပဲ၊ မြင်းတကောင်ကိုလည်း ဘုရားသခင်က ဖန်ဆင်းထားတာပဲ၊ ဘာဖြစ်လို့တုံး ဆိုတော့ခင်ဗျာ၊ တချို့ ရထားသမားတွေဟာ မဆင်မခြင် မောင်းတတ်ကြတယ်၊ အမှန်ပါပဲခင်ဗျာ၊ အဲဒီလို လုပ်တတ်တဲ့ ရထားမောင်းသမားတွေ အများကြီးပါပဲ၊ သူတို့မှာ အထိန်းအချုပ် မရှိဘူးခင်ဗျ၊ သူတို့ဟာ မဆင်မခြင် အတင်းမောင်းသွားတော့တာပဲ၊ မဆင်မခြင် အတင်းမောင်းသွားတာပဲ"

"ငရဲကိုရောက်တဲ့အထိလား" မစ်တယာ ကြားဖြတ်ပြီး ပြောလိုက်သည်။ ထို့နောက် ဆတ်ခနဲ ရယ်မောလိုက်သည်။ "အန်ဒရေ၊ ခင်ဗျားဟာ တကယ်ရိုးတာပဲ" သူ၏ပခုံးများကို တကြိမ် ဆုပ်ကိုင်ပြန်သည်။ "ကျုပ်ကို ပြောစမ်းပါ၊ ဒီမီထရီ ကာရာမာဇော့ဟာ ငရဲကို သွားမလား၊ မသွားဘူးလား၊ ခင်ဗျား ဘယ်လို သဘောရသလဲ"

"ကျွန်တော် မသိပါဘူးခင်ဗျာ၊ ဒီကိစ္စက လူကြီးမင်းအပေါ်မှာ တည်ပါတယ်ခင်ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ လူကြီးမင်းဟာ ... လူကြီးမင်း သိတဲ့အတိုင်းပဲ၊ ဘုရားသခင်ရဲ့သားတော်ဟာ ကားစင်ပေါ်မှာ သံမှိုအစွဲခံရပြီး ကွယ်လွန်သွားတဲ့အခါမှာ သူဟာ ငရဲကို တန်းတန်းမတ်မတ်ကြီး သွားခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီမှာ ဒုက္ခခံစားနေရတဲ့ လူတွေအားလုံးကို လွှတ်ပေးခဲ့ပါတယ်၊ အဲဒီအခါမှာ မာရ်နတ်က ငိုကြွေးတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ငရဲမှာ နောက်ထပ် လူရှိတော့မှာ မဟုတ်ဘူး ဆိုပြီးပေါ့။ အဲဒီအခါမှာ ဘုရားသခင်က သူ့ကို ပြောတယ်တဲ့၊ "ညည်းမနေပါနဲ့ ပါပမင်း၊ ကမ္ဘာပေါ်မှာ ရှိတဲ့ ကြီးကျယ်ထင်ရှားတဲ့ လူတွေ၊ အုပ်ချုပ်တဲ့လူတွေ၊ တရားသူကြီးတွေနဲ့ သူဌေးတွေဟာ အသင့်ဆီကို လာကြပါလိမ့်မယ်၊ ခေတ်အဆက်ဆက် သင့်ဆီမှာ ရှိခဲ့တဲ့အတိုင်း ပြည့်လျှံပြီး နေပါလိမ့်မယ်၊ နောက်တကြိမ် ကျွန်ုပ် လာရောက်တဲ့ အချိန်အထိပေါ့" တဲ့၊ အဲဒါ အမှန်ပါပဲခင်ဗျာ၊ ဒီ စကားတွေဟာ ဘုရားသခင်ရဲ့ စကားတော်တွေပါပဲ ..."

"ဒဏ္ဍာရီတခုပဲပေါ့၊ ဟုတ်လား၊ အံ့သြစရာပဲ .. ဘယ်ဘက်ကကောင်ကို ရိုက်ပေး အန်ဒရေ"

"အဲဒီတော့ ခင်ဗျာ ... ငရဲဆိုတာ ဘယ်သူတွေအတွက်ဆိုတာ လူကြီးမင်း သိတဲ့အတိုင်းပါပဲ" ဟု အန်ဒရေ ပြောကာ လက်ဝဲဘက်မြင်းကို ကြာပွတ်နှင့် ရိုက်လိုက်သည်။ "ဒါပေမဲ့ ခင်ဗျာ၊ လူကြီးမင်းဟာ ကလေးကလေးတယောက်ပါပဲ

ခင်ဗျာ၊ လူကြီးမင်းကို ကျွန်တော်တို့ ဒီလိုပဲ မြင်ကြပါတယ် ခင်ဗျာ... လူကြီးမင်းဟာ အင်မတန် စိတ်မြန်တယ်ဆိုတာကို မငြင်းနိုင်ပေမဲ့ ဘုရားသခင်ဟာ လူကြီးမင်းရဲ့ကြင်နာသနားတတ်တဲ့စိတ်ကို ခွင့်လွှတ်ပါလိမ့်မယ်ခင်ဗျာ”

“ခင်ဗျားကကော ကျုပ်ကို ခွင့်လွှတ်မှာလား အန်ဒရေ”

“ကျွန်တော့်အနေနဲ့ လူကြီးမင်းကို ခွင့်မလွှတ်စရာ ဘာအကြောင်းမှ မရှိပါဘူး၊ လူကြီးမင်းက ကျွန်တော့်ကို ဘာမှ မလုပ်ခဲ့ပါဘူး”

“မဟုတ်ဘူး၊ ကျုပ်ပြောတာက လူတွေအားလုံးရဲ့ ကိုယ်စားပေါ့၊ အခုအချိန်မှာ ... ဒီလမ်းပေါ်မှာက ... ခင်ဗျားတယောက်ပဲ ရှိနေတယ် ... အဲဒီတော့ ခင်ဗျားဟာ ကျွန်တော့်ကို သူများတွေရဲ့ကိုယ်စား ခွင့်လွှတ်နိုင်ပါ့မလား။ ရိုးသားတဲ့ တောသားတယောက်အနေနဲ့ ပြောစမ်းပါ”

“အို ဘုရားသခင်၊ လူကြီးမင်း ပြောတဲ့စကားတွေက သိပ်ပြီးဆန်းကြယ်နေတဲ့အတွက် လူကြီးမင်းကို ဒီရထားနဲ့ မောင်းပြီး ပို့ဖို့ရာကို ကျွန်တော် ကြောက်နေမိတယ်..” သို့သော် ထိုစကားကို မစ်တယာ မကြားတော့။ သူသည် အရူးတယောက်လို ဆုတောင်းပတ္ထနာပြုနေပြီး သူ့ကိုယ်သူ တိုးညင်းစွာ ပြောဆိုလျက် ရှိတော့သည်။

“အို ဘုရားသခင်၊ တရားခြင်းကင်းမဲ့တဲ့ ကျွန်တော်မျိုးကို လက်ခံတော်မူပါဘုရား၊ ကျွန်တော်မျိုးကို ပြစ်ဒဏ်ခတ်တော်မူခြင်း မပြုပါနဲ့၊ ကိုယ်တော်မြတ်ရဲ့စီရင်ဆုံးဖြတ်မှုမှ ကင်းလွှတ်ပါရစေ ... ကျွန်တော်မျိုးဟာ ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ်ခတ်ပြီးတဲ့အတွက် ကျွန်တော်မျိုးကို စီရင်ဆုံးဖြတ်ခြင်း မပြုပါနဲ့တော့။ အို ဘုရားသခင်၊ ကျွန်တော်မျိုးဟာ ကိုယ်တော်မြတ်ကို ချစ်ခင်တဲ့အတွက် ကျွန်တော်မျိုးကို ပြစ်ဒဏ်မချမှတ်ပါနဲ့၊ အကယ်၍ ကိုယ်တော်မြတ်က ကျွန်တော်မျိုးကို ငရဲကို ပို့လိုက်မယ်ဆိုရင်လည်း ကျွန်တော်မျိုးဟာ ငရဲကနေပြီး ကိုယ်တော်မြတ်ကို ချစ်နေမှာပါပဲ၊ ကိုယ်တော်မြတ်ကို ချစ်မြတ်လေးစားကြောင်း ငရဲကနေပြီး ကျွန်တော်မျိုး အစဉ်ထာဝရ ဟစ်ကြွေး နေမှာပါပဲ ... ဒါပေမဲ့ အို ဘုရားသခင်၊ အဆုံးစွန်အထိ ကျွန်တော်မျိုး ချစ်သွားပါရစေ.. ဒီအချိန် ဒီနေရာမှာ နောက်ဆုံးအချိန်အထိ ချစ်သွားပါရစေ၊ အခုဆိုရင် ပူနွေးတဲ့ နေရောင်ခြည် ထွက်ပေါ်လာ ဖို့ ငါးနာရီလောက်ပဲ လိုပါတော့တယ် .. ဘာဖြစ်လို့တုံးဆိုတော့ ကျွန်တော်မျိုးရဲ့အသည်းနှလုံးပိုင်ရှင် ဘုရင်မကို ကျွန်တော်မျိုး ချစ်တဲ့အတွက်ပါပဲ ... ကျွန်တော်မျိုး သူ့ကို ချစ်တယ်၊ ကျွန်တော်မျိုး သူ့ကို မချစ်ဘဲ မနေနိုင်ပါဘူး၊ ကျွန်တော်မျိုးရဲ့ နှလုံးသားကို ကိုယ်တော်မြတ် သိမြင်တော်မူပါတယ်၊ ကျွန်တော်မျိုးဟာ ခရီးပြင်းနှင်သွားပြီး သူ့ရဲ့ရှေ့မှောက်မှာ လှဲချပြီး အခုလို

ပြောပါ့မယ် "မင်းအနေနဲ့ ငါ့ကိုပစ်သွားတာ မှန်ပါတယ် ... မင်းရဲ့ယစ်ကောင်ကို ခွင့်လွှတ်ပြီး နှုတ်ဆက်သွားပါကွယ်... ငါ့အတွက် မင်း ဘယ်တော့မှ ဒုက္ခမရောက်ပါနဲ့တော့"

"မိုကရိုယီ ..."

ကြာပွတ်ဖြင့် ညွှန်ပြရင်း အန်ဒရေ ဟစ်အော်လိုက်သည်။ ည အမှောင်ရေးရေးတွင် အဆောက်အအုံ မည်းနည်းနက်နက်များ ပေါ်လာသည်။ တခုနှင့် တခု အလှမ်းကွာဝေးစွာ တပြန့်တပြောကြီး ဖြစ်သည်။ မိုကရိုယီ ကျေးရွာတွင် မှီတင်းနေထိုင်သူ လူဦးရေ နှစ်ထောင်မျှ ရှိသော်လည်း ယခုလို အချိန်မျိုးတွင်ကား အားလုံးပင် အိပ်ပျော်လျက် ရှိကြသည်။ ဟိုနေရာ သည်နေရာလောက်တွင်သာ မီးရောင်ကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းလက်လျက်ရှိသည်။

"မြန်မြန် အန်ဒရေ မြန်မြန်၊ ငါလာပြီဟေ့" မစ်တယာ အရူးအမူးပင် ဟစ်အော်လိုက်သည်။ "သူတို့ မအိပ်သေးဘူး"

ရွာအဝင်ရှိ ပလာတူနော့၏ စားသောက်ဆိုင်ကို ကြာပွတ်ဖြင့် ညွှန်ပြရင်း အန်ဒရေ ပြောလိုက်ပြန် သည်။ လမ်းမဘက်သို့ မျက်နှာပြုနေသော ပြတင်းပေါက် ခြောက်ခုစလုံးပင် မီးတွေ လင်းထိန်လျက် ရှိသည်။

"သူတို့ မအိပ်သေးဘူး" မစ်တယာ ဝမ်းသာစွာဖြင့် သံယောင်ထပ်လိုက်သည်။ "မြန်မြန် အန်ဒရေ၊ ဒုန်းရိုက်စမ်းပါ၊ ခြူသံတွေ မြည်စမ်းပါစေ၊ ကျုပ်လာပြီဆိုတာကို အားလုံး သိကြပါစေ၊ ငါလာပြီဟေ့၊ ငါလာပြီဟေ့ ..."

မစ်တယာ ချောက်ချားစွာဟစ်အော်နေသည်။ အန်ဒရေသည် မောပန်းနေပြီဖြစ်သော မြင်းသုံးကောင် ကို ကြာပွတ်ဖြင့် အတင်းရိုက်ပြီး ဒုန်းပြေးစေသည်။ ဆိုင်ရှေ့ လှေကားထစ်များသို့ တဟုန်ထိုး ရောက်ရှိသွားစေသည်။ အမြှုပ်တစီစီထွက်ပြီး အငွေ့တထောင်းထောင်းထနေသော မြင်းများကို ဆိုင်အဝတွင် တုန့်ခနဲ ဇက်သတ်လိုက်သည်။

မစ်တယာ မြင်းရထားပေါ်မှ ခုန်ဆင်းလိုက်သည်။ ထိုအချိန်မှာပင် အိပ်ရာဝင်တော့မည့်ဆဲဆဲ ဖြစ်သော ဆိုင်ပိုင်ရှင်သည် ရထားသံကြားသဖြင့် မည်သူမည်ဝါများ ဖြစ်ချေသနည်းဟု ကြည့်ရှုရန် လှေကားထစ်များထိပ်သို့ တရှိန်ထိုး ရောက်ရှိလာသည်။

"အဲဒါ ထရီဖွန်လား"

ဆိုင်ပိုင်ရှင် ခေါင်းငုံ့ပြီး သေသေချာချာ ကြည့်သည်။ ထို့နောက် လှေကားထစ်များအတိုင်း တအား ပြေးဆင်းသွားပြီး ဧည့်သည်ထံသို့ ရိုသေကျိုးနွံစွာဖြင့် ရောက်ရှိသွားသည် ။

“မစ္စတာ ဒီမီထရီ ကာရာမာဇော့ပါလား ခင်ဗျာ၊ လူကြီးမင်းကို တခါ တွေ့ရပြန်ပြီပေါ့”

ထရီဖွန် ဗိုရိုဆိုဗစ်သည် အရပ် မနိမ့်မမြင့်၊ ဝဝတုတ်တုတ် မျက်နှာပြဲပြဲ ဖြစ်သည်။ မျက်နှာထား တင်းမာသည်။ အထူးသဖြင့် မိုကရိုယီ ရွာသူရွာသားများအပေါ်တွင် ဖြစ်သည်။ သို့သော် သူ့အဖို့ အကျိုးကျေးဇူး ရရှိနိုင်သည့်အခါတွင်ကား အထူးပင် ချိုသာ ရိုကျိုးသော အမူအရာကို ဆောင်နိုင်သည်။ သူက ရုရှားတယောက်လို ဝတ်ဆင်ထားသည်။ အင်္ကျီ ကော်လာအကျပ် ကြယ်သီး တဖက်တပ် ခြေမျက်စိအထိရှည်သော ကုတ်အင်္ကျီ အရှည်ကြီးနှင့် ဖြစ်သည်။

သူသည် ငွေကြေးဥစ္စာ အတော်များများပင် စုဆောင်းမိနေပြီ ဖြစ်သော်လည်း သူ၏အခြေအနေ တိုးတက်ကောင်းမွန်ရန်ကို အမြဲတမ်းပင် အခွင့်အရေး စောင့်စားနေသူ ဖြစ်သည်။ ရွာသား တဝက်ကျော်သည် သူ၏ လက်ခုပ်တွင်းကရေဖြစ်ပြီး ရွာသားအားလုံးသည် သူ၏ ကြွေးမြီနှင့် မကင်းကြပါချေ။ အနီးဝန်းကျင်ရှိ မြေပိုင်ရှင်များထံမှ မြေယာများကို ငှားရမ်းထားသည်။ တချို့ကို အပြတ်ဝယ်ယူထားသည်။ ယင်းမြေယာများကို ရွာသူရွာသား လယ်သမားများက ကြွေးဆပ်သည့် အနေဖြင့် ထွန်ယက် စိုက်ပျိုးပေးကြရသည်။ သူတို့သည် သူ၏ကြွေးမြီမှ မည်သည့်အခါတွင်မှ မကင်းလွတ်ကြချေ။

သူသည် မုဆိုးဖိုတဦး ဖြစ်သည်။ အရွယ်ရောက်ပြီး သမီးလေးယောက် ရှိသည်။ ၎င်းတို့အနက် တယောက်သည် ယခုအခါ မုဆိုးမဖြစ်ပြီး ကလေးနှစ်ယောက်နှင့်အတူ သူ၏ဆိုင်မှာပင်နေထိုင်သည်။ သူ့အတွက် ကျွန်တယောက်ကဲ့သို့ လုပ်ကိုင်ရသည်။ နောက်သမီးတယောက်ကတော့ အစိုးရအရာရှိ ကလေးတဦးနှင့် လက်ထပ်ခဲ့ပြီး ထိုအရာရှိကလေး၏ ပုံသေးသေးကလေးကို နံရံတခုပေါ်ရှိ မိသားစု ဓာတ်ပုံများအကြားတွင် အရာရှိဝတ်စုံ၊ အရာရှိ ပခုံးထောက်တို့ဖြင့် တွေ့မြင်နိုင်သည်။ သမီးအငယ် နှစ်ယောက်မူကား အားလပ်ရက်များနှင့် မိတ်ဆွေများထံသို့ အလည်အပတ် သွားရောက်သည့်အခါ များတွင် နောက်ဆုံးပေါ် အပြာ အစိမ်း ဝတ်စုံများကို အကျအန ဝတ်ဆင်ပြီး အမြိတ် နှစ်ဆယ့်ရှစ် လက်မ ရှည်လျားသော ဂါဝန်များနှင့် သွားလာတတ်သော်လည်း နောက်နေ့များတွင်ကား တံမြက်စည်းကို ကိုင်ပြီး အခန်းများ၊ ကြမ်းပြင်များကို လှည်းကျင်း ပွတ်တိုက် ဆေးကြောကြရသည်။

ထရီဖွန် ဗိုရိုဆိုဗစ်သည် ရူဗယ်ငွေ ထောင်ပေါင်းများစွာ စုမိနေပြီ ဖြစ်သော်လည်း အမူးသမား ဧည့်သည်တယောက်၏ အိတ်များကို ပြောင်သလင်းခါအောင် ချူယူရန် အင်မတန် ဝါသနာထုံသူ တဦး ဖြစ်သည်။ ယင်းသို့ဖြင့် သူသည် လွန်ခဲ့သော တလလောက်က ဂရုရှင်ကာနှင့်အတူ မစ်တယာ လာရောက်ပြီး သောက်ပွဲစားပွဲကြီး ကျင်းပစဉ် နှစ်ဆယ့်လေးနာရီအတွင်း ရူဗယ်ငွေ နှစ်ရာ သုံးရာခန့် ပွလိုက်သည်ကို အမှတ်ရသဖြင့် ယခုအခါတွင် မစ်တယာကို လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုခြင်းပင် ဖြစ်တော့သည်။ ဆိုင်လေ့ကားရင်းသို့ မစ်တယာ တဟုန်ထိုး ရောက်ရှိလာသည့် အချိန်မှာပင် ပွပေါက်ကြီး တိုးပြန်ပြီကို သူ အနံ့ရရှိတော့သည်။

“မစ္စတာ ဒီမီထရီ ကာရာမာဇော့ ခင်ဗျာ၊ ကျွန်တော်တို့ဆိုင်ကို ချီးမြှင့်ရအောင် လာရောက်တာပဲ မဟုတ်လား ခင်ဗျာ”

“ဒီမယ် ထရီဖွန် ... ပထမဆုံးနဲ့ အရေးအကြီးဆုံးကတော့ .... သူ ဘယ်မှာလဲ”

မစ်တယာ မေးလိုက်သည်။

“မစ္စဆဗက်လေ့လား ခင်ဗျာ” ဆိုင်ပိုင်ရှင်သည် ချက်ချင်းပင် သဘောပေါက် နားလည်သွားသည်။ မစ်တယာ၏ မျက်နှာကို စူးစိုက်စွာကြည့်ရင်း “ဟုတ်ကဲ့ ခင်ဗျာ .. သူလည်း ဒီမှာရှိပါတယ် ....”

“ဘယ်သူနဲ့လဲ၊ ဘယ်သူနဲ့လဲ”

“လူစိမ်းတချို့နဲ့ပါ ခင်ဗျာ၊ တယောက်က အစိုးရဝန်ထမ်းတယောက်ပါ ခင်ဗျာ၊ သူစကားပြောတဲ့ အသံကို နားထောင်ရတာတော့ ပိုလန် လူကြီးမင်းတယောက်ပါပဲ ခင်ဗျာ၊ အမျိုးသမီးဆီကို ဒီကနေပြီး မြင်းရထား လွှတ်လိုက်တာ အဲဒီပုဂ္ဂိုလ်ပါပဲ ခင်ဗျာ၊ အဲ ... အဲ နောက်ပြီးတော့ နောက်ထပ် လူကြီးမင်းတယောက်ကတော့ အဲဒီလူကြီးမင်းရဲ့ မိတ်ဆွေပဲလား၊ ဒါမှမဟုတ် ခရီးဖော်တယောက်ပဲလား မပြောတတ်ဘူး၊ သူတို့နှစ်ယောက်စလုံး အရပ်ဝတ် အရပ်စားတွေနဲ့ပါ ခင်ဗျာ”

“သူတို့ ပွဲလုပ်နေကြသလား၊ သူတို့ ပိုက်ဆံချမ်းသာသလား”

“သူတို့ပွဲက အသေးစားကလေးပါ ခင်ဗျာ၊ ဘာမှ မပြောပလောက်ပါဘူး”

“အသေးစားကလေး ဟုတ်လား၊ တခြားလူတွေကကော ဘယ်သူတွေလဲ”

“တခြားလူတွေကတော့ ကျွန်တော်တို့မြို့က လူကြီးမင်းနှစ်ယောက်ပါပဲ

ခင်ဗျာ၊ သူတို့က ချာနေးက ပြန်လာကြပြီး ဒီမှာ တည်းနေကြတာပါ ခင်ဗျာ၊ တယောက်ကတော့ လူငယ်ကလေးပါ၊ မစ္စတာ မီယူဆော့ရဲ့အမျိုးလို့ ကျွန်တော် ထင်ပါတယ်။ သူ့နာမည်ကို ကျွန်တော် မေ့နေတယ်၊ နောက်တယောက်ကိုတော့ မစ္စတာ ဒီမီထရီ သိပါတယ်၊ မက်ဇီမော့ဆိုတဲ့ မြေပိုင်ရှင်ပဲပေါ့။ သူက မြို့ပေါ်က ဘုန်းကြီးကျောင်းတိုက်ကို သွားပြီး ပြန်လာတာလို့ ပြောပါတယ်၊ သူက အခု မီယူဆော့ရဲ့ ဆွေမျိုး သူငယ်ကလေးနဲ့ ခရီးအတူ သွားတာပါ”

“ဒါပဲလား”

“ဟုတ်ပါတယ် ခင်ဗျား”

“ခဏနေဦး ထရီဖွန်၊ ကျုပ်ကို အရေးအကြီးဆုံးတခု ပြောစမ်းပါ။ အမျိုးသမီးရဲ့အခြေအနေ ဘယ်လိုနေသလဲ၊ သူ့အနေအထား ဘယ်လိုရှိသလဲ”

“ဟုတ်ကဲ့ခင်ဗျာ၊ သူက ခုနကလေးကမှ ရောက်လာတာပါ၊ အခု သူတို့နဲ့အတူ ထိုင်နေပါတယ်”

“သူ ပျော်နေသလား၊ သူ ရယ်နေသလား”

“သူ ရယ်တာမောတာ သိပ်မတွေ့ရပါဘူး ခင်ဗျာ၊ အမှန်အတိုင်း ပြောရရင်တော့ သူ့ကိုကြည့်ရတာ သိပ်ပြီး ရွှင်ပျပုံမရဘူး၊ လူကြီးမင်းကလေးရဲ့ ဆံပင်တွေကို သူ ခေါင်းဖြီးပေးနေတယ်”

“ပိုလန်လား၊ အရာရှိ ဆိုတာလား”

“သူက ဒါလောက် မငယ်ပါဘူး ခင်ဗျာ၊ နောက်ပြီးတော့ သူက အရာရှိတယောက်လည်း မဟုတ်ပါဘူး ခင်ဗျာ၊ သူ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်ပြောတဲ့ လူကြီးမင်းကလေးက မစ္စတာမီယူဆော့ရဲ့ တူပါ .. သူ့နာမည်ကို ကျွန်တော် မေ့နေတယ်”

“ကာဂါ နော့လား”

“အင်း ... ဟုတ်တယ်၊ ကာဂါနော့”

“ဟုတ်ပြီ၊ ကျုပ် သိပြီ၊ သူတို့ ဖဲကစားနေကြသလား”

“သူတို့ စောစောက ကစားကြပါတယ်၊ အခုတော့ ပြီးသွားပါပြီ၊ အခု သူတို့ လက်ဖက်ရည် သောက်နေကြပါတယ်၊ အစိုးရဝန်ထမ်း လုပ်တဲ့လူက အရက်တွေ မှာထားပါတယ်”

“ခဏနေဦး ထရီဖွန်၊ ခဏနေဦး ကျုပ် လူကြီး၊ ကျုပ်ကိုယ်တိုင် သွားတွေ့မယ်၊ အခု ကျုပ်ကို အရေးကြီးတာတခု ပြောစမ်းပါဦး၊ ဂျစ်ပဆီတွေ ရနိုင်မလား”

“မရှိပါဘူး ခင်ဗျာ၊ ဂျစ်ပဆီတွေ မရှိပါဘူး၊ သက်ဆိုင်ရာ အာဏာပိုင်တွေက သူတို့ကို နှင်ထုတ်လိုက် ပါပြီ၊ ဒါပေမဲ့ ရွာထဲမှာ လင်းကွင်းတီးတတ်တဲ့၊ တယောထိုးတတ်တဲ့ ရဟူဒီတွေ ရှိပါတယ်၊ သူတို့ကို အချိန်မရွေး ခေါ်လို့ ရနိုင်ပါတယ်၊ သူတို့ လာမှာ သေချာပါတယ် ခင်ဗျာ”

“ကောင်းပြီ၊ သူတို့ကို ခေါ်လိုက်၊ အခုချက်ချင်း ခေါ်လိုက်၊ နောက်ပြီးတော့ အလျင်တခါကလို ရွာထဲက ကောင်မလေးတွေကိုလည်း ခေါ်လို့ရမယ် မဟုတ်လား၊ အဓိက ကတော့ မာရီယာပေါ့၊ နောက်ပြီးတော့ စတီပင်ဒါနဲ့ အရီနာပေါ့၊ သံပြိုင်သီချင်း ဆိုဖို့အတွက် ရူဗယ်ငွေ နှစ်ရာပေးမယ်”

မစ်တယာ ပြောလိုက်သည်။

“အောင်မယ်လေး ခင်ဗျာ၊ အဲဒီလောက် ငွေသာပေးရင် အခုအချိန်မှာ သူတို့ အိပ်နေကြပေမဲ့ တရွာလုံးကို ရအောင် ကျွန်တော် ခေါ်နိုင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျာ၊ ဒီတောသားတွေကို ဒါလောက်ကြီး တောင် ပေးသင့်ပါ့မလား ခင်ဗျာ၊ ကောင်မလေးတွေရောပေါ့ ခင်ဗျာ၊ ဒီလို အရိုင်းအစိုင်းတွေအတွက် ငွေတွေ ဒါလောက်တောင် ဖြုန်းပစ်မလား ခင်ဗျာ၊ တောသားတယောက်ကို ဆေးပြင်းလိပ်ပေးလို့ ဘာတန်ဖိုးရှိမလဲ ခင်ဗျာ၊ အလကား လူရမ်းကားတွေပဲ၊ နောက်ပြီးတော့ ကောင်မလေးတွေကလည်း အလကား သန်းထူမတွေပဲ၊ ကျွန်တော့်သမီးတွေကို စေတနာ့ဝန်ထမ်း လုပ်ခိုင်းပါ့မယ်၊ အဲဒီပိုက်ဆံကို အသာ ဘေးဖယ်ထားလိုက်ပါ၊ သင်းတို့ အခု အိပ်နေကြပြီ၊ ဒါပေမဲ့ ကျွန်တော် သူတို့ကို ခြေထောက်နဲ့ ကန်နှိုးပြီး လူကြီးမင်းအတွက် သီချင်းဆိုခိုင်းပါ့မယ်၊ အလျင်တခေါက်တုန်းက တောသားတွေကို လူကြီးမင်းက ရှန်ပိန်တိုက်ခဲ့တယ်၊ အို .... ဘုရားသခင်”

ထရီဖွန် ပလာတူနေ့ာသည် မစ်တယာအတွက် နှမြောဟန်ဖြင့် ပြောဆိုလျက်ရှိသော်လည်း အလျင်တခေါက်တုန်းက သူသည် ရှန်ပိန် ခြောက်လုံး ဝှက်ထားခဲ့သည်။ ထို့နောက် စားပွဲနောက်မှ ကောက်ရသော ရူဗယ် တရာတန် ငွေစက္ကူတရွက်ကိုလည်း လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည်။

“ဒီမယ် ထရီဖွန်၊ လွန်ခဲ့တဲ့ အခေါက်တုန်းက ကျုပ် ဒီမှာ ငွေတထောင်ကျော် သုံးသွားတာ ခင်ဗျား မှတ်မိသေးသလား”

“မှတ်မိပါတယ် ခင်ဗျာ၊ ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါတယ်၊

လူကြီးမင်းအနေနဲ့ ငွေသုံးထောင်ကျော် သုံးခဲ့တယ်ဆိုရင်လည်း ကျွန်တော် မအံ့သြပါဘူး”

“ဟုတ်ပြီ၊ အခုလည်း အဲဒီလိုမျိုး လုပ်ရအောင် ကျုပ်လာတာပဲ … တွေ့လား”

အိတ်ထဲမှ ငွေစက္ကူအိတ်ကြီးကို ဆွဲထုတ်ပြီး ဆိုင်ပိုင်ရှင်၏ မျက်နှာရှေ့တွင် ထောင်ပြလိုက်သည်။

“အဲဒီတော့ သေသေချာချာနားထောင်၊ သေသေချာချာ မှတ်ထား၊ တနာရီအတွင်းမှာ ဝိုင်ပုလင်းတွေနဲ့ အစားအသောက်တွေ အချိုအဆိမ့်တွေ ရောက်လာလိမ့်မယ်၊ အဲဒါတွေအားလုံး ဒီကို ချက်ချင်းယူခဲ့ပါ၊ အန်ဒရေယူလာတဲ့ သေတ္တာကိုလည်း အခုချက်ချင်း ယူခဲ့ပါ။ သေတ္တာကိုဖွင့်ပြီး ရှန်ပိန်ပုလင်းတွေကို ချက်ချင်းချပေးပါ။ နောက်ပြီးတော့ အရေးအကြီးဆုံးကတော့ ကောင်မလေးတွေပဲ၊ ကောင်မလေး တွေ … မာရီယာက အဓိကပေါ့”

ထို့နောက် သူသည် မြင်းရထားဘက်သို့ လှည့်လိုက်ပြီး သူ၏ထိုင်ခုံအောက်မှ သေနတ်သေတ္တာကို ယူလိုက်သည်။

“ကဲ အန်ဒရေ၊ ခင်ဗျားအတွက် ရှင်းရအောင်၊ ဟောဒီမှာ ရထားခက တဆယ့်ငါး ရူဗယ်၊ နောက်ပြီးတော့ ခင်ဗျားအတွက် လက်ဖက်ရည်ဖိုးက ရူဗယ် ငါးဆယ် … ခင်ဗျားရဲ့ကူညီမှုနဲ့ ခင်ဗျားရဲ့ မေတ္တာတရားအတွက်ပေါ့ .. ကာရာမာဇော့ကို အမြဲတမ်း သတိရနေပါ”

“အို မဟုတ်တာပဲ ခင်ဗျာ၊ ကျွန်တော့်အတွက် ငါးရူဗယ်ပဲ ပိုပေးပါ။ ဒါထက်များတာကို မယူပါရစေနဲ့၊ ထရီဖွန်ပလာတူနော့ … ခင်ဗျား သက်သေနော်၊ ကျွန်တော် ပြောတာကို စိတ်မဆိုးပါနဲ့ …”

“ဘာ မဟုတ်တာလဲ” မစ်တယာက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ပြောလိုက်သည်။

“ကောင်းပြီလေ၊ ဒါပဲ ယူချင်တယ်ဆိုရင်လည်း ပြီးရောပေါ့ သူ့ထံသို့ ငါးရူဗယ် ပစ်ပေးရင်း အော်လိုက်သည်။ ထို့နောက် “ဒီမယ် ထရီဖွန်၊ ကျုပ်ကို တိတ်တိတ်ကလေး ခေါ်သွားစမ်းပါ၊ ကျုပ်ကို သူတို့ တွေ့မသွားခင် သူတို့ ဘာလုပ်နေတယ် ဆိုတာကို ကျုပ် အလျင်ကြည့်ချင်တယ်၊ သူတို့ အခု ဘယ်မှာလဲ၊ အခန်းပြာထဲမှာလား”

ထရီဖွန်ပလာတူနော့သည် မစ်တယာအား စိတ်လေးလံစွာဖြင့် ကြည့်လိုက်သည်။ သို့သော် ချက်ချင်း ဆိုသလိုပင် သူ တောင်းဆိုသည့်အတိုင်း

လုပ်ဆောင်ပေးသည်။

မစ်တယာကို စကြံလမ်းမကြီးအတိုင်း သတိထားပြီး ခေါ်ဆောင်သွားသည်။ ထို့နောက် ဧည့်သည်များ ရှိနေသော အခန်းနှင့် ကပ်လျက်ရှိ အခန်းကျယ်ကြီးအတွင်းသို့ အလျင် ဝင်ရောက်သွားပြီး မီးထွန်းထားသော ဖယောင်းတိုင်ကို ငြိမ်းလိုက်သည်။ ပြီးမှ မှောင်မည်းနေသော အခန်းတွင်းသို့ မစ်တယာကို ခေါ်ဆောင်သွားသည်။ တဖက်ခန်းမှ လူများကို ချောင်းမြောင်းကြည့်ရှုနိုင်သော အခန်းထောင့်တနေရာသို့ ဖြစ်သည်။

သို့သော် မစ်တယာသည် သူတို့ကို အကြာကြီး ကြည့်မနေပါ။ အမှန်အတိုင်း ပြောရလျှင် သူတို့ကို လည်း သူ မကြည့်နိုင်ပါ။ သူမကို မြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက် သူ၏ရင်သည် တဒုန်းဒုန်း ခုန်လာပြီး သူ၏မျက်လုံးများ စွတ်စိုမှုန်ဝါးလာတော့သည်။

သူမက စားပွဲ၏ ဘေးဘက်ရှိ လက်တင်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ သူမ၏ဘေးဘက် ဆိုဖာပေါ်တွင်ကား ငယ်ရွယ်လှပသော ကာဂါနော့ ရှိသည်။ သူမက သူ့လက်ကို ကိုင်ထားရင်း ရယ်မောနေဟန်ရှိသည်။ ကာဂါနော့ကမူ ကသိကအောက် ဖြစ်နေဟန်ရှိသည်။ သူက သူမကို မကြည့်ဘဲ စားပွဲ၏တဖက်၊ ဂရုရှင်ကာနှင့် မျက်နှာချင်းဆိုင်တွင် ရှိနေသော မက်ဇီမော့ကို တစုံတရာ ကျယ်လောင်စွာ လှမ်းပြောလျက်ရှိသည်။ မက်ဇီမော့က အားရပါးရ ရယ်မောနေသည်။

ဆိုဖာပေါ်တွင် သူ ထိုင်နေသည်။ ဆိုဖာ၏ ဘေးတဖက်ရှိ ကုလားထိုင်တွင်ကား မစ်တယာ မသိသော လူစိမ်းတယောက် ထိုင်နေသည်။ ဆိုဖာပေါ်မှလူသည် နောက်ဘက်ကို ကျောမှီပြီး ဆေးတံကို ခဲထားသည်။ ထိုလူသည် ဝဝတုတ်တုတ်၊ ပုပုသေးသေး၊ မျက်နှာပြဲပြဲနှင့်ဖြစ်ပြီး တခုခုကို ဒေါသ ဖြစ်နေကြောင်း မစ်တယာ တွေ့မြင်ရသည်။ ထိုလူ၏ မိတ်ဆွေဖြစ်သော အခြားလူစိမ်းတယောက် ကိုကား မစ်တယာအနေနှင့် ထိုလူသည် အရပ်ရှည်ရှည်ကြီး ဖြစ်သည်မှတပါး အခြား ဘာတခုကိုမျှ သတိမပြုမိပါ။

မစ်တယာ အသက်ရှူမှားနေသည်။ သူ့အနေနှင့် နောက်ထပ်တမိနစ်လောက်မျှပင် အောင့်အည်းနိုင် ခြင်း မရှိတော့ပါ။ သို့ဖြင့် သူသည် သေနတ် သေတ္တာကလေးကို သေတ္တာကြီးတလုံးပေါ်သို့ တင်လိုက်သည်။ ထို့နောက် သူ၏ရင်သည် တဒိတ်ဒိတ် ခုန်လျက်ရှိပြီး တကိုယ်လုံး အေးစက်ကာဖြင့် အခန်းတွင်းမှ လူအုပ်ကို ရင်ဆိုင်ရန် အခန်းပြာထဲသို့ လျှောက်ဝင်သွားတော့သည်။

"အား ..." သူ့ကို ပထမဆုံး တွေ့မြင်လိုက်သူ ဂရုရှင်ကာက ထိတ်လန့်စွာ ဟစ်အော်လိုက်လေသည်။

၇။ ပထမလူပြီးတော့ တရားဝင်ပိုင်ဆိုင်သူ

မစ်တယာသည် ခြေလှမ်းကျဲကျဲကြီးများဖြင့် စားပွဲဆီသို့ ခပ်မြန်မြန် လျှောက်သွားသည်။

"လူကြီးမင်းများ ခင်ဗျာ .."

သူက ခပ်ကျယ်ကျယ်ကြီး ပြောလိုက်သည်။ ကျယ်လွန်းသဖြင့် ဟစ်အော်လိုက်သကဲ့သို့ပင် ရှိသည်။ သို့သော် စကားလုံးတိုင်းမှာပင် ထစ်ဆွံ့နေသည်။

"ကျွန်တော် ... အဲ ... ကျွန်တော် ဘာမှ မဖြစ်ပါဘူး။ မကြောက်ပါနဲ့၊ ကျွန်တော် ဘယ်သူ့ကိုမှ ဘာမှ ဒုက္ခမပေးပါဘူး"

ထို့နောက် ကာဂါနော့အနီးသို့ တိုးကပ်ပြီး ကာဂါနော့၏လက်ကို ဆုပ်ကိုင်ထားသော ဂရုရှင်ကာ ဘက်သို့ သူ ရုတ်တရက် လှည့်လိုက်ပြီး ...

"ကိုယ် ... ကိုယ်လည်း အဝေးကို သွားမှာပဲ၊ ကိုယ် ဒီမှာ မနက်အထိပဲ နေမယ်၊ လူကြီးမင်းများ ခင်ဗျား ... ခရီးသွားအချင်းချင်း အနေနဲ့ ခင်ဗျားတို့နဲ့ အတူ ကျွန်တော့်ကို ဒီမှာ မနက်မိုးလင်းတဲ့အထိ နေခွင့်ပြုပါခင်ဗျာ၊ ဒီအခန်းထဲမှာ နောက်ဆုံးအနေနဲ့ .. နောက်တနေ့မနက် မိုးလင်းတဲ့အထိပဲပေါ့ ခင်ဗျာ"

နောက်ဆုံးစကားကို သူက ဆိုဖာပေါ်ရှိ ဆေးတံနှင့် ပုပုဝဝလူကို ဦးတည်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ အဆိုပါလူက ပါးစပ်မှ ဆေးတံကို ဟန်ပါပါနှင့် ချွတ်လိုက်ပြီးနောက် ..

"ကျွန်တော်တို့ ဒီမှာ သီးသီးသန့်သန့် နေနေကြတာပါ၊ တခြားအခန်းတွေ ရှိပါတယ်"

ထိုလူက ပိုလန်သံဝဲဝဲဖြင့် ခပ်တည်တည် ပြန်ပြောသည်။

"အလို ... ဘယ်သူလဲလို့ ခင်ဗျားပါလား မစ္စတာ ကာရာမာဇော့" ကာဂါနော့က ရုတ်တရက် ပြောလိုက်သည်။ "ဘာဖြစ်လို့လဲ၊ ထိုင်ပါဦး၊ နေကောင်းတယ်နော်"

"ဟာ၊ ခင်ဗျားကို တွေ့ရတာ ဝမ်းသာလိုက်တာ .... တကယ့်မိတ်ဆွေကောင်းကြီးပဲ၊ ကျွန်တော် ခင်ဗျားအကြောင်း အမြဲတမ်း သတိရနေတယ်"

မစ်တယာ စိတ်အားတက်ကြွစွာဖြင့် ဝမ်းသာအားရ ပြန်ပြောလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ကျော်ပြီး သူ့လက်ကို ကာဂါနော့ထံသို့ လှမ်းပေးလိုက်သည်။

"အား တအားမညှစ်နဲ့လေ၊ ကျွန်တော့် လက်ချောင်းတွေ ကျိုးပါပြီ"

ကာဂါနော့ ရယ်မောကာပြောသည်။

"သူကတော့ အမြဲတမ်း အဲဒီလိုမျိုး တအားညှစ်တာပဲ၊ အမြဲတမ်းပဲ"

ဂရုရှင်ကာက ရွှင်ရွှင်ပျပျကလေး ပြောလိုက်သည်။ မစ်တယာ၏ အမူအရာကို ကြည့်ရသည်မှာ ပြဿနာပေါ်မည့်ပုံစံမျိုး မရှိ၍ဖြစ်သည်။ သို့သော် သူမ၏ အပြုံးမှာမူ ရှန့်တံ့တံ့ ရွံ့တွံ့တွံ့ ကလေးပင် ရှိနေသည်။ သူမက သူ့ကို အထူးပင် စိတ်ဝင်စားဟန်ဖြင့် ကြည့်နေသည်။

သူနှင့်ပတ်သက်ပြီး သူမ အထူးအံ့သြနေသည့် အချက်တခု ရှိသည်။ ယခုလိုအချိန်မျိုးတွင် ယခုလိုမျိုး ရောက်လာပြီး ယခုလိုမျိုး ပြောဆိုလိမ့်မည်ဟု နည်းနည်းကလေးမှ မျှော်လင့်မထားခဲ့ခြင်းပင် ဖြစ်သည်။

"နေကောင်းရဲ့လားခင်ဗျာ"

မက်ဇီမော့ကလည်း လက်ဝဲဘက်မှနေ၍ ချိုသာစွာ နှုတ်ခွန်းဆက်လိုက်သည်။ ၎င်းထံသို့ မစ်တယာ အပြေးအလွှား ရောက်ရှိသွားသည်။

"အဘ နေကောင်းတယ်နော်၊ အဘကော ဒီကိုရောက်နေတယ် ဟုတ်လား၊ အဘ ရောက်နေတဲ့ အတွက် ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ လူကြီးမင်းများခင်ဗျား၊ လူကြီးမင်းများကို ကျွန်တော် ..." သူက ဆေးတံခဲထားသော ပိုလန်အမျိုးသားဘက်သို့ လှည့်လိုက်ပြန်သည်။ ၎င်းကို အရေးအကြီးဆုံး ပုဂ္ဂိုလ်တဦးအနေမျိုး မှတ်ယူဟန်ဖြင့် ဖြစ်သည်။ "ကျွန်တော် ဒီကို အတောင်ပံတပ်ပြီး လာခဲ့တာပဲ ... ကျွန်တော့်ရဲ့နောက်ဆုံးအနေနဲ့ နောက်ဆုံးနာရီကို ဒီအခန်းထဲမှာ ကုန်ဆုံးစေချင်လို့... ဒီအခန်းထဲ မှာကို ကုန်ဆုံးစေချင်လို့ပါပဲ ... ကျွန်တော်လည်းပဲ ... အဲ... ကျွန်တော့်ရဲ့ကေရီဘုရင်မကို မြတ်နိုး ကိုးကွယ်ချင်လို့ပါပဲ၊ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ" အရူးတယောက်လို သူ ဟစ်အော်လိုက် သည်။ "ကျွန်တော် ... ကျွန်တော် ဒီကို အပြေးလာခဲ့တယ်၊ အဲဒီလို အပြေးလာရင်း ကျွန်တော် အမိဋ္ဌာန်ပြုခဲ့တယ် ... အို ဘာမှ မစိုးရိမ်ပါနဲ့၊ ဒါဟာ ကျွန်တော့်ရဲ့နောက်ဆုံးညပါ၊ ကျွန်တော်တို့ ပျော်ပျော်ပါးပါး သောက်ပြီး အဆွေခင်ပွန်း ဖြစ်ကြရအောင်"

အိတ်ထဲမှ ငွေစက္ကူလိပ်ကြီးကို သူ ဆွဲထုတ်လိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ၊ အလျင်တခါတုန်းကအတိုင်း တီးကြ မှုတ်ကြ ကကြ ခုန်ကြ ပျော်ကြပါးကြစေချင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျာ ... မလိုလားအပ်တဲ့ ပိုးမွှားတကောင်ဟာ သူ့ဘာသူ မြေကြီးထဲကို ဝင်သွားမှာပါခင်ဗျာ၊ သူ့အနေနဲ့ ဘာမှမကျန်ရစ်ခဲ့စေပါဘူး၊ ကျွန်တော့်ရဲ့ နောက်ဆုံးည မှာ ကျွန်တော့်ရဲ့ ပျော်ပွဲရွှင်ပွဲကြီးကို ကျင်းပပါရစေ ခင်ဗျား"

သူက ရုတ်တရက် ဆိုသလို တစ်ဆို့သွားသည်။ သူ့မှာ နောက်ထပ် ပြောချင်တာတွေ အများကြီး ရှိသေးသည်။ သို့သော် သူ့ပါးစပ်မှ ထူးဆန်းသော အာမေဋိတ်သံတွေသာ ထွက်ပေါ်လာတော့သည်။

ပိုလန် အမျိုးသားက သူ့ကို မလှုပ်မယှက်ကြီး ကြည့်နေသည်။ သူ့လက်ထဲမှ ငွေစက္ကူလိပ်ကြီးကို ကြည့်နေသည်။ ထို့နောက် ဂရုရှင်ကာကို ကြည့်သည်။ သိသိသာသာကြီးပင် စိတ်ရှုပ်ထွေးနေဟန် ရှိသည်။

"ကျွန်တော်ရဲ့ ဧကရီဘုရင်မက ခွင့်ပြုခဲ့ရင် ..."

သူ စကားစလိုက်သည်။

"ဧကရီဘုရင်မ ဟုတ်လား၊ ကျွန်မကို ပြောတာလား" ဂရုရှင်ကာ ရုတ်တရက် ကြားဖြတ်ပြီး ပြောလိုက်သည်။ "ရှင် ရယ်စရာ ပြောနေတာပဲ၊ ရှင့်ကိုကြည့်ပြီး ကျွန်မ မရယ်ဘဲ မနေနိုင်တော့ဘူး၊ ထိုင်ပါဦး မစ်တယာ၊ ရှင် ဘာတွေပြောနေတာလဲ၊ ကျေးဇူးပြုပြီး ကျွန်မကိုတော့ ကြောက်အောင် လန့်အောင် မလုပ်လိုက်ပါနဲ့၊ ရှင် ဘာမှ မလုပ်ဘူး မဟုတ်လား၊ မလုပ်ဘူးဆိုရင် ရှင့်ကို တွေ့ရတာ ကျွန်မ သိပ်ဝမ်းသာ ..."

"ကိုယ်က မင်းကို ကြောက်အောင် လန့်အောင် လုပ်နေတယ် ဟုတ်လား" သူက လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက်ပြီး ရုတ်တရက်ကြီး ပြောလိုက်သည်။ "အို ကိုယ့်ကို ဘေးချိတ်ထားလိုက်ပါ၊ ကိုယ် သွားစရာရှိတာကို ကိုယ်သွားမှာပါ၊ မင်းကို ကိုယ် ဘယ်လိုမှ အနှောင့်အယှက် မပေးပါဘူး"

ထို့နောက် သူသည် ရုတ်တရက်ဆိုသလို ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး မျက်ရည်တွေ သွန်ချလိုက်ရာ အားလုံးပင် အံ့သြသွားရသည်။ သူ့ဘာသူလည်း အံ့သြရသည်။ သူက တဖက်နံရံဘက်သို့ လှည့်ပြီး ကုလားထိုင်နောက်မှီကို သူ့လက်များဖြင့် တအား ပိုက်ထားလိုက်သည်။ ဖက်ပွေ့ထားသည့် အလားပင် ဖြစ်သည်။

"ကြည့်စမ်း၊ ကြည့်စမ်း ... ရှင် ဘယ်လိုလူလဲ" ဂရုရှင်ကာ မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။ "ဒါဟာ သူ ကျွန်မကို လာတွေ့တဲ့နည်းပဲ၊ သူ စကားတွေ ပြောမယ်၊

သူ ပြောတာတွေကို ကျွန်မ ဘာမှ နားမလည်ဘူး၊ နောက်ပြီးတော့ သူ ငိုမယ်၊ အခုလည်း သူ ငိုနေပြီ၊ ဘယ်လောက် ရှက်စရာ ကောင်းသလဲ၊ ရှင် ဘာဖြစ်လို့ ငိုနေတာလဲ၊ ဘာမှ ရှင် ငိုစရာအကြောင်း မရှိဘူး”

သူမက နောက်ဆုံး စကားလုံးများကို တလုံးချင်း အလေးအနက် ပြောလိုက်သည်။

“ကိုယ် ... ကိုယ် မငိုပါဘူး .. အဲ အားလုံး နေကောင်းကြလား”

သူက ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ချာခနဲ ပြန်လှည့်လာပြီး ရုတ်ခြည်း ရယ်ချလိုက်သည်။ တိုတိုတောင်းတောင်း ခြောက်ခြောက်ကပ်ကပ် ရယ်ခြင်း မဟုတ်၊ ရှည်ရှည်လျားလျား တုန်တုန်ယင်ယင် တိုးတိုးသဲ့သဲ့ ရယ်ခြင်းမျိုး ဖြစ်သည်။

“အင်း၊ ဟုတ်ပြီ ဟုတ်ပြီ .. ပျော်ပျော်နေစမ်းပါ၊ ပျော်ပျော်ကလေး နေစမ်းပါ” ဂရုရှင်ကာက သူ့ကို ချော့မော့ဆွဲဆောင်သည့်အနေဖြင့် ပြောလိုက်သည်။

“ရှင် ရောက်လာတာကို ကျွန်မ သိပ်ဝမ်းသာတယ်၊ သူ့ကို ကျွန်မတို့နဲ့အတူ နေစေချင်တယ်”

သူမက ဆိုဖာပေါ်မှလူကို အထူးပြုပြီး ပြောလိုက်ခြင်းဖြစ်သော်လည်း အားလုံးကိုပင် ရည်ညွှန်းလိုက် ခြင်း ဖြစ်သည်။

“အဲဒါ ကျွန်မဆန္ဒပဲ၊ ကျွန်မဆန္ဒပဲ၊ တကယ်လို့ သူသွားမယ်ဆိုရင် ကျွန်မလည်း သွားမယ်၊ ဒါပဲ”

သူမက မျက်တောင်တဖျပ်ဖျပ်နှင့် ဖြည့်စွက်ပြီး ပြောလိုက်သည်။

“ကျုပ် ဘုရင်မကလေး ပြောတဲ့စကားဟာ ဥပဒေပဲ” ပိုလန်အမျိုးသားက ဂရုရှင်ကာ၏လက်ကို နမ်းရင်း ပြောလိုက်သည်။ “ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့အတူ ဝိုင်းဖွဲ့ပါခင်ဗျာ” သူက မစ်တယာ ဘက်သို့ ယဉ်ကျေးသိမ်မွေ့စွာလှည့်ပြီး ပြောလိုက်သည်။

မစ်တယာသည် နောက်တကြိမ် မိန့်ခွန်းရှည်ကြီးပြောပြန်တော့မည့်အလား ခုန်ထပြီး ရပ်လိုက်သည်။ သို့သော် သူ့ပါးစပ်က တကယ်ထွက်လာသည့် စကားများက တမျိုး ဖြစ်သည်။

“ကဲ၊ သောက်ကြစို့”

သူတို့အားလုံး ရယ်မောလိုက်ကြသည်။

"အို ဘုရားသခင် ... ကျွန်မက သူ မိန့်ခွန်းပြောပြန်ပြီလို့ထင်တာ" ဂရုရှင်ကာ ချောက်ချားစွာ ရွတ်ဆိုလိုက်သည်။ "ဒီမယ် မစ်တယာ" သူမက အလေးအနက် ပြောလိုက်သည်။ "နောက်တကြိမ် ခုန်ပြီး မထလိုက်ပါနဲ့တော့၊ အဲ ဒါပေမဲ့ ရှင့်အနေနဲ့ ရှန်ပိန် ယူလာတာတော့ တကယ်ကောင်းတယ်၊ ကျွန်မလည်း ရှန်ပိန် သောက်မယ်၊ အရက်ပြင်းပြင်းကြီးတွေကို ကျွန်မ မသောက်ချင်ဘူး၊ နောက်ပြီးတော့ ရှင်လာတာလည်း ကောင်းတယ်။ ကျွန်မတို့ဟာ ဒီမှာ အတော်ကြီးကို ပျင်းနေကြ တယ် .. ရှင် ဒီကိုလိုက်လာတာ စားပွဲ သောက်ပွဲကြီး ကျင်းပရအောင်ပဲ မဟုတ်လား၊ ဒါပေမဲ့ ရှင့်ပိုက်ဆံတွေကို အိတ်ထဲမှာ ထည့်ထားပါ၊ ဒါလောက် ပိုက်ဆံတွေ အများကြီး ရှင် ဘယ်က ရလာသလဲ"

မစ်တယာ၏လက်ထဲတွင် တွန့်လိပ်ကြေမွနေသော ငွေစက္ကူများကို ဆုပ်ကိုင်ထားလျက်ပင် ရှိနေသည်။ ယင်း ငွေစက္ကူလိပ်ကြီးကို အားလုံးကပင် စိတ်ဝင်စားလျက်ရှိသည်။ အထူးသဖြင့် ပိုလန်နှစ်ယောက်က ဖြစ်သည်။ ဂရုရှင်ကာ ပြောလိုက်သောအခါ မစ်တယာသည် ကသိကအောက် ဖြစ်သွားဟန်ဖြင့် ပိုက်ဆံတွေကို အိတ်ထဲသို့ လျင်မြန်စွာပင် ထိုးသွင်းလိုက်သည်။ သူ့မျက်နှာ နီရဲနေသည်။

ထိုအချိန်မှာပင် စားသောက်ဆိုင်ပိုင်ရှင်သည် အဖုံးဖွင့်ထားသော ရှန်ပိန်ပုလင်းနှင့် ဖန်ခွက်များကို လင်ပန်းတခုပေါ်တွင်တင်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာသည်။ မစ်တယာက ပုလင်းကို ဆွဲယူလိုက်သည်။ သို့သော် သူသည် အထူးပင် ကယောက်ကယက် ဖြစ်နေသဖြင့် ပုလင်းကို ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ကာဂါနော့က သူ့လက်ထဲမှ ပုလင်းကို ယူပြီး ဝိုင်အရက်များကို ဖန်ခွက်များထဲသို့ ငှဲ့ထည့်ပေးရသည်။

"နောက် တပုလင်း၊ နောက် တပုလင်း"

သူက ဆိုင်ရှင်ကို ဟစ်အော်ကာ ပြောလိုက်သည်။ ထို့နောက် သူသည် မိတ်ဖြစ် ဆွေဖြစ် သောက်ကြရန် အထူးပန်ကြားထားသော ပိုလန်နှစ်ယောက်နှင့် ဖန်ခွက်ချင်းတေ့ပြီး ဆုတောင်းရန် သတိမေ့သွားပြီး မည်သူ့ကိုမျှ စောင့်မနေတော့ဘဲ ဖန်ခွက်ကို မော့ချလိုက်သည်။ သူ့မျက်နှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ အခန်းထဲသို့ ဝင်ရောက်လာစဉ်ကလို မှိုင်မှိုင်တည်တည်ကြီး မဟုတ်တော့။ ကလေးတယောက် မျက်နှာမျိုးသို့ ချက်ချင်းပင် ပြောင်းလဲသွားသည်။ ချက်ချင်းပင် နူးညံ့ပျော့ပျောင်းသွားသည်။

သူက သူတို့ကို ရှက်ရွံ့စွာနှင့် ရွှင်ပျစွာ ကြည့်နေသည်။ ရယ်သံ တိုးသဲ့သဲ့ကလေးနှင့်ပင် ဖြစ်သည်။ အခန်းထဲသို့ ပြန်ဝင်လာပြီး အချော့အမော့ခံရသော ခွေးကလေးတကောင်ပမာ ဖြစ်သည်။ သူက အရာရာကို

မေ့လျော့သွားဟန်ရှိပြီး အခန်းထဲမှ လူများကို ကလေးသူငယ်တယောက်လို ကြည်နူးသော အပြုံးဖြင့် ငေးစိုက်ကာ ကြည့်နေသည်။

သူက ဂရုရှင်ကာကို အဆက်မပြတ် ရယ်မောရင်းဖြင့်ပင် ကြည့်နေသည်။ ထို့နောက် သူ၏ ကုလားထိုင်ကို တဖြည်းဖြည်းချင်းဆိုသလို သူမ၏လက်တင်ကုလားထိုင်ဆီသို့ ရွေ့သွားနေသည်။ ပိုလန်နှစ်ယောက်နှင့် ပတ်သက်၍လည်း သူတို့ ဘာဆိုသည်ကို အတိအကျ မသိသေးသော်လည်း တစုံတခုသော အသိအမြင်ကိုမူ တဖြည်းဖြည်းနှင့် သိမြင်လျက် ရှိပါသည်။ ဆိုဖာပေါ်က ပိုလန်နှင့် ပတ်သက်၍ သူ၏ ကြီးကျယ်ခမ်းနားသော အမူအရာ၊ သူ၏ ပိုလန်လေသံနှင့် သူ၏ဆေးတံတို့ကို အမှတ်ပြုမိလျက်ရှိသည်။

"အို ဘာဖြစ်သလဲ၊ သူ့ဘာသာသူ ဆေးတံသောက်တာပဲ"

သူ့စိတ်ထဲမှာ ပြောလိုက်မိသည်။ ကိုရွှေပိုလန်၏ လူလတ်ပိုင်းအရွယ် ဖောတောတော ပွတတ မျက်နှာ၊ ငယ်ငေါင်းသော နှာခေါင်း၊ မျှင်မျှင်ချွန်ချွန် နှုတ်ခမ်းမွေး နှစ်သွယ်တို့ကို သူ အနည်းငယ်မျှ စနိုးစနောင့် မဖြစ်မိပါ။ အလားတူပင် ဆိုက်ဖေးရီးယားမှာ ပြုလုပ်သော ၎င်း၏ အပေါ်စားဆံပင်တုကို လည်း သူ ကသိကအောက် မဖြစ်မိပါ။

"သူ့ဘာသာ ကြိုက်လို့ ဆံပင်တု တပ်ထားတာပဲ"

သူ့စိတ်ထဲမှ ဆက်ပြီး ကောင်းမွန်စွာ တွေးလိုက်သည်။ နံရံအနီးတွင် ထိုင်နေသော ပိုလန်နှင့် ပတ်သက်၍မူ မစ်တယာ တခုပဲ သတိပြုမိသည်။ ၎င်း၏ ရှည်လျားလှသော အရပ်အမောင်းပင် ဖြစ်သည်။ ဆိုဖာပေါ်တွင် ထိုင်နေသူနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။ သူက ဆိုဖာပေါ်တွင် ထိုင်နေသူထက် ငယ်ရွယ်သည်။ ၎င်းသည် တချိန်လုံးပင် အခန်းထဲမှလူများကို မလိုတမာသော အကြည့်နှင့်ကြည့်နေပြီး ၎င်းတို့၏ပြောစကားများကို မကျေနပ်သော အမူအရာဖြင့် နားထောင်လျက် ရှိသည်။

"သင်း မတ်တတ်ထလိုက်ရင် သင်းအရပ်ဟာ ခြောက်ပေ ဆယ်လက်မလောက် ရှိမယ်"

သူ့စိတ်ထဲမှာ လျှင်မြန်စွာ တွေးလိုက်မိသည်။ ထို့အပြင် အရပ်ရှည်ရှည် ပိုလန်သည် ဆိုဖာပေါ်က ပိုလန်၏ အပေါင်းအဖော်တယောက် ဖြစ်ရုံမက "ကိုယ်ရံတော်" တယောက်လည်း ဖြစ်လိမ့်မည်ဟု မစ်တယာ တွက်ဆလိုက်မိသည်။ ဆေးတံနှင့် ပုပုသေးသေး ပိုလန်က အမိန့်များ ပေးနေသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ဤအချက်များ အားလုံးကလည်း မစ်တယာအတွက်

အဆင်ပြေလျက် ရှိပါသည်။ တစုံတရာ စိတ်အနှောင့်အယှက် မဖြစ်ပါ။ ခွေးငယ်ကလေးတကောင်အဖို့ အပြိုင်အဆိုင်စိတ်တွေ ဘာတခုမျှ မရှိတော့ပါ။

ထို့အပြင် ဂရုရှင်ကာနှင့် နားလည်ရန်ခက်သော သူမ၏စကားများကို သူ ဘယ်လိုမှ သဘောမပေါက် နိုင်ပါ။ သူ့အနေနှင့် ရင်တလှပ်လှပ်ဖြင့် နားလည်မိသည်ကတော့ သူမက သူ့ကို ကြင်နာသည်၊ သူ့ကို “ခွင့်လွှတ်” သည်၊ နောက်ပြီးတော့ သူမဘေးမှာ ထိုင်ခွင့်ပြုသည်။ ဝိုင်အရက်ခွက်ကို ဂရုရှင်ကာ မော့သောက်သည်ကို မြင်တွေ့ရသောအခါ မစ်တယာသည် သူ့ကိုယ်သူ မထိန်းနိုင်လောက်အောင်ပင် ဝမ်းအသာကြီး သာသွားတော့သည်။

သို့သော် တချိန်တည်းဆိုသလိုမှာပင် အခြားသူတွေ ငြိမ်သက်တိတ်ဆိတ်နေသည်ကို သူ သတိပြုလိုက်မိသည်။ သို့ဖြင့် သူသည် တစုံတရာ မျှော်လင့်သော မျက်လုံးများဖြင့် ၎င်းတို့ကို ငေးကြည့်နေမိသည်။

“ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလို ထိုင်နေကြတာလဲ၊ လူကြီးမင်းတို့ ဘာဖြစ်လို့ တခုခု မလုပ်ကြတာလဲ”

ပြုံးလဲ့နေသော သူ၏မျက်လုံးများက အထက်ပါအတိုင်း မေးနေဟန်ရှိသည်။

“သူ့အနေနဲ့ ပေါက်တတ်ကရတွေ လျှောက်ပြောနေတာကို ကျွန်တော်တို့တတွေ ဝိုင်းရယ်နေကြ တာပဲ”

ကာဂါနော့က သူ၏အတွင်းစိတ်ကို ထိုးဖောက်ပြီး သိမြင်သည့်အလား မက်ဇီမော့ကို လက်ညှိုးထိုးပြီး ရုတ်ခြည်းပြောလိုက်သည်။ မစ်တယာက ကာဂါနော့ကို လျင်မြန်စွာ တချက်ကြည့်လိုက်သည်။ ထို့နောက် မက်ဇီမော့ကို တဆက်တည်း ကြည့်လိုက်သည်။

“ပေါက်တတ်ကရတွေ ဟုတ်လား” ဟု သူက ကြောင်တောင်တောင် ရယ်မောရင်း မေးလိုက်သည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် တစုံတခုကို ကျေနပ်နှစ်သက်သွားဟန် ရှိသည်။ “ဟား ဟား ဟား..”

“ဟုတ်တယ်၊ နှစ်ဆယ်ခုနှစ်တုန်းက ကျွန်တော်တို့ မြင်းတပ်အရာရှိတွေ အားလုံးဟာ ပိုလန်မတွေကို ယူကြတယ်တဲ့၊ ဘယ်လိုမှ အဓိပ္ပာယ်မရှိတာပဲ”

“ပိုလန်မတွေ ဟုတ်လား ...”

မစ်တယာ ပဲ့တင်ထပ်လိုက်သည်။ ဤတကြိမ်တွင်ကား မဖုံးကွယ်သော ကျေနပ်အားရမှုဖြင့် ဖြစ်သည်။

ကာဂါနော့သည် မစ်တယာနှင့် ဂရုရှင်ကာ၏ ဆက်ဆံရေး၊ ဂရုရှင်ကာနှင့်

ပိုလန် လူကြီးမင်းတို့၏ ဆက်ဆံရေးတို့ကို ကောင်းစွာ သိရှိပါသည်။ သို့သော် ဤကိစ္စများကို သူ့အနေနှင့် သိပ်ပြီး စိတ်မဝင်စားလှပါ။ အမှန်ပင်ဖြစ်သည်။ ဤအချက်များကို သူ စိတ်မဝင်စားသလောက်ပင် ဖြစ်သည်။ သူ့အနေနှင့် အထူး စိတ်ဝင်စားနေသည်မှာ မက်ဇီမော့ပင် ဖြစ်သည်။

သူသည် ဤနေရာသို့ မက်ဇီမော့နှင့်အတူ အကြောင်းအားလျော်စွာ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ သူသည် ပိုလန်နှစ်ယောက်ကို ဤစားသောက်ဆိုင်ရောက်မှ ပထမဆုံးအကြိမ် တွေ့ဆုံဖူးရခြင်း ဖြစ်သည်။ ဂရုရှင်ကာကိုမူ အလျင်ကတည်းက သူ သိခဲ့သည်။ ဂရုရှင်ကာ၏အိမ်သို့ပင် တစုံတယောက်နှင့်အတူ တခါ ရောက်ခဲ့ဖူးသည်။ သို့သော် ထိုအချိန်က သူမက သူ့ကို သိပ်ပြီး သဘောကျခြင်း မရှိခဲ့ပါ။ သို့သော် ယခုအခါတွင် သူမက သူ့ကို အထူးပင် နှစ်သက်ခင်မင်လျက် ရှိသည်။ မစ်တယာ မရောက်ခင်ကဆိုလျှင် သူမက သူ့ကို ကလူ၏သို့ မြူ၏သို့ပင် ဖြစ်သည်။ သို့သော် သူက တုံ့ပြန်ခြင်း မရှိခဲ့ပါ။

သူက အသက်နှစ်ဆယ်မကျော်သေးသော လူငယ်ကလေးတဦးမျှသာဖြစ်သည်။ ကြော့ကြော့မော့မော့ ကလေး ဝတ်ဆင်ထားသည်။ မျက်နှာက ချောမောသည်၊ အသားအရေ စိုပြည်သည်၊ ဆံပင် ကောင်းသည်။ သို့သော် လှပသော မျက်နှာပေါ်တွင် အပေါ်လွင်ဆုံးအချက်ကတော့ ပြာလဲ့သော မျက်လုံးများပင် ဖြစ်သည်။ သူက ရံဖန်ရံခါတွင် ကလေးတယောက်လို ကြည့်တတ် ပြောတတ် သော်လည်း သူ၏မျက်လုံးများသည် စူးရှထက်မြက်ပြီး လေးနက်သောအသွင် ရှိသည်။ သူ့အသက်အရွယ်မျိုးတွင် အံ့သြဖွယ်ရာပင် ဖြစ်သည်။ အချုပ်ကိုပြောရလျှင် သူသည် အမြဲတစေ လိုပင် ဖော်ဖော်ရွေရွေ ကြင်ကြင်နာနာ ရှိတတ်သော်လည်း လူထူးလူဆန်းတယောက် ဖြစ်သည်။ စိတ်ရှုပေါက်ရာ လုပ်တတ်သူတဦးဟုပင် ဆိုနိုင်သည်။ ရံဖန်ရံခါတွင် သူ၏အမူအရာသည် စူးစူးစိုက်စိုက်နှင့် ခိုင်ခိုင်ကျည်ကျည် ရှိသည်။ သင့်ကို သူ ကြည့်နေမည်၊ သင်ပြောတာကို သူ နားထောင်နေမည်၊ သို့သော် တချိန်တည်းမှာပင် သူသည် တစုံတခုကို ခိုင်ခိုင်ကျည်ကျည် စဉ်းစားလျက် ရှိပေသည်။ သို့မဟုတ် ရံဖန်ရံခါတွင် သူသည် ဘာမျှ လှုပ်ရှားမှုမရှိဘဲ ပျင်းပျင်းရိရိ ဖြစ်နေမည်။ သို့ မဟုတ် ရံဖန်ရံခါတွင် သူသည် ဘာမဟုတ်တာကလေးတခုအတွက် လှုပ်လှုပ်ရှားရှား ဖြစ်နေမည်။

“သူ့ကို ကျွန်တော်နဲ့အတူ ခေါ်ထားတာ လေးရက် ရှိသွားပြီ” သူက စကားကို ဆွဲဆွဲငင်ငင် ပြောလိုက်သည်။ သို့သော် တမင်လုပ်ပြောသည်မျိုး မဟုတ်ဘဲ ပင်ကိုသဘာဝအရ ပြောသည့်အလား ပင် ဖြစ်သည်။ “ခင်ဗျား မှတ်မိမလား မသိဘူး၊ ခင်ဗျားအစ်ကိုက သူ့ကို မြင်းရထားပေါ်က တွန်းချလိုက်ပြီးတဲ့ နောက်ပိုင်းမှာပဲပေါ့။ အဲဒီအတွက် အဲဒီအချိန်မှာ သူ့ကို ကျွန်တော် အများကြီး

စိတ်ဝင်စားသွားတယ်။ ဒါနဲ့ သူ့ကို ကျွန်တော် နယ်ကို ခေါ်သွားတယ်။ ဒါပေမဲ့ ပေါက်ကရလေးဆယ် တွေကို သူ အခုပြောနေတော့ သူ့အတွက် ကျွန်တော် အများကြီး ရှက်ရတယ်။ သူ့ကို ကျွန်တော် ပြန်ခေါ်သွားမယ်"

"လူကြီးမင်းဟာ ပိုလန် အမျိုးသမီးတွေကို မမြင်ဖူးဘဲနဲ့ မဖြစ်နိုင်တာတွေကို ပြောနေတာပဲ"

ဆေးတံနှင့် ပိုလန်လူကြီးမင်းက မှတ်ချက်ချလိုက်သည်။ ဆေးတံနှင့် ပိုလန်လူကြီးမင်းသည် ရုရှားစကားကို ကောင်းကောင်းကြီး ပြောတတ်သည်။ သို့သော် သူက မပြောတတ်ဟန် ဆောင်ထားသည်။ သူ အသုံးပြုသည့် ရုရှားစကားလုံးများကို ပိုလန်ပုံစံသို့ ပြောင်းလဲထားသည်။

"ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်က ပိုလန်အမျိုးသမီးတယောက်နဲ့ လက်ထပ်ထားတာပဲ"

မက်ဇီမော့က တခွိခွိ ရယ်မောရင်း တုံ့ပြန်လိုက်သည်။

"ဒါပေမဲ့ အဘက မြင်းတပ်မှာ အမှုထမ်းခဲ့လို့လား" ကာဂါနော့က ချက်ချင်းပင် မေးမြန်းလိုက်သည်။ "အဘက မြင်းတပ်အကြောင်းကို ပြောသွားတယ်၊ အဘက မြင်းတပ် ဗိုလ်တယောက် ဖြစ်ခဲ့လို့လား"

"သူက တကယ်ပဲ မြင်းတပ်ဗိုလ်တယောက်လား၊ ဟား ဟား ဟား"

မစ်တယာ စိတ်ဝင်စားစွာ နားထောင်နေရာမှ ဟစ်အော်လိုက်သည်။ ထို့နောက် သူ၏ စူးစမ်းသော မျက်လုံးများသည် စကားပြောနေရင်းမှာပင် တယောက်စီကို လိုက်ပြီး ကြည့်နေသည်။ သူတို့တတွေ ဘာပြန်ပြောမည်ကို မသိသည့်အလား ဖြစ်သည်။

မက်ဇီမော့က မစ်တယာဘက်သို့ လှည့်လျက် ...

"မဟုတ်ဘူး၊ ကျုပ်ပြောတာက အဲဒီ ပိုလန်အမျိုးသမီး လှလှကလေးတွေဟာ သူတို့ဟာ တကယ် လှတာတော့ အမှန်ပါပဲခင်ဗျာ၊ ကျုပ်တို့ရဲ့ မြင်းတပ်ဗိုလ်တွေနဲ့အတူ မာဇူကာ အကကို ကကြတဲ့အခါ ... ကျွန်တော် ပြောချင်တာက အမျိုးသမီးတယောက်ဟာ ကျုပ်ရဲ့ မြင်းတပ်ဗိုလ်နဲ့ မာဇူကာကကွက် ကလို့မှ မပြီးခင်မှာပဲ မြင်းတပ်ဗိုလ်ရဲ့ပေါင်ပေါ်ကို ကြောင်ကလေးတကောင်လို ခုန်တက်လာတော့ တာပါပဲ ခင်ဗျာ။ ကြောင်ဖြူဖြူကလေးတကောင်ပေါ့ဗျာ၊ သူ့အဖေနဲ့ သူ့အမေကလည်း လက်ပိုက်ပြီး ကြည့်နေကြတယ်၊ ခွင့်ပြုထားကြတယ်။ ဟုတ်ကဲ့ခင်ဗျာ၊ သူတို့က ခွင့်ပြုထားကြတယ်၊ အဲ နောက်တနေ့မှာတော့ မြင်းတပ်ဗိုလ်က အမျိုးသမီးကို

လာပြီး တောင်းရမ်းတော့တာပါပဲ၊ အမှန်ပါပဲ ခင်ဗျာ၊ အဲဒီအတိုင်းပါပဲ၊ သူက တောင်းရမ်းတော့တာပါပဲ ... ဟီး ဟီး ဟီး”

မက်ဇီမော့က တခွိခွိ ရယ်မောရင်း သူ့စကားကို နိဂုံးချုပ်လိုက်သည်။

“ခင်ဗျားဟာ အလကား လူကြီးပဲ”

အရပ်ရှည်ရှည်နှင့် ပိုလန်က ရုတ်တရက် ဟိန်းဟောက်လိုက်သည်။ သူ၏ ခြေထောက်တဖက်ကို အခြားတဖက်ပေါ်သို့ ချိတ်တင်လိုက်သည်။

မစ်တယာ၏စိတ်အာရုံသည် အဆိုပါ ပိုလန်လူကြီးမင်း၏ ညစ်ပတ်ပေရေနေသော ဘွတ်ဖိနပ်ကြီး ပေါ်တွင် အတန်ကြာ ငြိတွယ်လျက်ရှိသည်။ ဖိနပ်အောက်ခံခွာများကလည်း ထူပြီး ပေရေလျက် ရှိသည်။ အမှန်အတိုင်း ပြောရလျှင် ပိုလန်နှစ်ယောက်စလုံး၏ အဝတ်အစားမှာလည်း ညစ်ပတ်ပေရေ လျက် ရှိကြသည်။

“အလကားလူကြီး ဟုတ်လား၊ ဘာဖြစ်လို့ သူများတွေကို မကောင်းပြောရတာလဲ” ဂရုရှင်ကာ စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။

“မဒမ်...” ဆေးတံနှင့် ပိုလန်က ဂရုရှင်ကာကို ပြောလိုက်သည်။ “လူကြီးမင်း တွေ့ခဲ့တာတွေက ပိုလန်က ကျွန်မကလေးတွေပဲ၊ အထက်တန်းစားလောကက အမျိုးသမီးတွေ မဟုတ်ပါဘူး”

“အဲဒါအမှန်ပဲ” အရပ်ရှည်ရှည် ပိုလန်က မထီတရီ ပြောလိုက်သည်။

“အဲဒါ ဘာဖြစ်သလဲ” ဂရုရှင်ကာ နှုတ်တုံ့ပြန်လိုက်သည်။ “သူ ပြောပါစေ၊ သူများတွေ စကားပြော တာကို ဘာဖြစ်လို့ နှောင့်ယှက်ရတာလဲ၊ စကားပြောတာ ဘယ်လောက်ကောင်းသလဲ”

“ကျုပ် ဘာမှ အနှောင့်အယှက် မပေးပါဘူး”

ဆံပင်တုနှင့် ပိုလန်က ဂရုရှင်ကာကို အတန်ကြာ ငေးကြည့်နေပြီး ပြောလိုက်သည်။ ထို့နောက် ခံ့ခံ့ထည်ထည်ပင် တိတ်ဆိတ်ငြိမ်သက်သွားပြီး သူ၏ဆေးတံကို စုတ်ဖွာလျက် ရှိသည်။

“မဟုတ်ဘူး... မဟုတ်ဘူး၊ ပိုလန် လူကြီးမင်းပြောတာ မှန်တယ်” ကာဂါနော့က စိတ်အား တက်ကြွစွာနှင့် ပြောလိုက်သည်။ လက်ရှိ ဆွေးနွေးနေသော အကြောင်းအရာသည် တကယ်ပင် အရေးကြီးသည့်အလား ဖြစ်သည်။ “သူ ဘယ်တုန်းကမှ ပိုလန်ကို မရောက်ခဲ့ဖူးဘူး၊ အဲဒီတော့ ပိုလန် အကြောင်းကို သူ

ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ၊ နောက်ပြီးတော့ သူက ပိုလန်မှာ အိမ်ထောင်ကျခဲ့တာလည်း မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား”

“မဟုတ်ပါဘူး၊ ဆမိုလင့်ပြည်နယ်မှာ ကျုပ် အိမ်ထောင်ကျခဲ့တာပဲ။ ဒါပေမဲ့ မြင်းတပ်ဗိုလ် တယောက်က သူ့ကို ပိုလန်နိုင်ငံက ခေါ်ခဲ့တာပဲ။ သူရယ်၊ သူ့အမေရယ်၊ သူ့အဒေါ်ရယ်၊ နောက်ပြီးတော့ သူတို့အမျိုးထဲက မိန်းမတယောက်ရယ်၊ အဲဒီမိန်းမမှာက အရွယ်ရောက်နေပြီဖြစ်တဲ့ သားတယောက် ပါတယ်။ အဲဒီ မြင်းတပ်ဗိုလ်က အဲဒီအမျိုးသမီးကို ပိုလန်နိုင်ငံကနေ ခေါ်လာပြီး ကျုပ်ကို ပေးတာပဲ၊ ပထမတော့ အဲဒီအမျိုးသမီးကို သူကိုယ်တိုင် လက်ထပ်မလို့ပဲ။ ဒါပေမဲ့ နောက်ကျတော့ သူ မယူတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးက ခြေကျိုးနေလို့ပဲ”

“ဒါဖြင့် အဘက ခြေကျိုးနေတဲ့ မိန်းမတယောက်ကို လက်ထပ်ခဲ့တာပေါ့ ဟုတ်လား” ကာဂါနော့က ပြောလိုက်သည်။

“ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ကျုပ်ကို သူတို့နှစ်ယောက်စလုံးက လိမ်ခဲ့ကြတာပဲ၊ နှစ်ယောက်စလုံးက ဖုံးထားခဲ့ကြတာပဲ၊ အမျိုးသမီးက လမ်းသွားရင် ခုန်ဆွ ခုန်ဆွ သွားတယ်၊ ကျုပ်ကတော့ သူပျော်လို့ပဲလို့ ထင်ခဲ့တယ်”

“သူက အဘနဲ့ လက်ထပ်ရမယ်ဆိုတော့ သိပ်ပျော်နေမှာပေါ့”

ကာဂါနော့က ကလေးတယောက်လို အော်ပြီး ပြောလိုက်သည်။

“ဟုတ်ပါတယ်၊ သူ အင်မတန် ပျော်ရှာပါတယ်ခင်ဗျား၊ ဒါပေမဲ့ တခြား အကြောင်းတခုကြောင့်ပါ ခင်ဗျာ။ ကျုပ်တို့ လက်ထပ်ပြီးတဲ့နောက်မှာ … လက်ထပ်တဲ့ညမှာပဲ သူက သူ့ခြေထောက်အကြောင်း ပြောပြပြီး ကျုပ်ကို တောင်းပန်ရှာတယ်၊ သူ ငယ်ငယ်တုန်းက ရွှံ့ဗွက်တခုကို အခုန်လိုက်မှာ ခြေထောက်ကို ခိုက်မိသွားတာတဲ့၊ ဟီ ဟီ ဟီ”

ကာဂါနော့သည် ဆိုဖာပေါ်တွင် ကလေးတယောက်လို ခွက်ထိုးခွက်လန် ရယ်မောလျက်ရှိသည်။ မစ်တယာလည်း ပျော်ရွှင်စွာ ပြုံးနေသည်။

“သူ အခု ပြောနေတာတွေကတော့ အမှန်တွေပဲ၊ သူ လိမ်ပြောနေတာတွေ မဟုတ်ဘူး” ကာဂါနော့က မစ်တယာကို ပြောလိုက်သည်။ “နောက်ပြီးတော့ ခင်ဗျား သိလား၊ သူ အိမ်ထောင်နှစ်ဆက် ကျခဲ့တယ်။ အခုပြောနေတာက သူ့ရဲ့ပထမအိမ်ထောင်ပဲ၊ ဒုတိယအိမ်ထောင်က သူ့လက်ထဲက ထွက်ပြေးသွားတယ်၊ အခုထက်ထိ ရှိနေတယ်”

“ဟုတ်လား”

မက်ဇီမော့ဘက်သို့လှည့်ပြီး မစ်တယာ မေးလိုက်သည်။ သူ့မျက်နှာပေါ်တွင် အထူး အံ့သြသည့် အမူအရာနှင့် ဖြစ်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ သူ ထွက်ပြေးသွားပါတယ် ခင်ဗျာ" မက်ဇီမော့ ရိုးသားစွာ ဝန်ခံလိုက်သည်။ "ကျုပ်အဖို့ ကံမကောင်း အကြောင်းမလှတဲ့ အတွေ့အကြုံတခုပေါ့ဗျာ၊ ပြင်သစ်တယောက်နဲ့ လိုက်ပြေးတာပါခင်ဗျာ၊ ပိုပြီးမှ ကံဆိုးတာကတော့ သူ ထွက်မပြေးခင်မှာ ကျုပ်ရဲ့ပစ္စည်းတွေကို သူ့နာမည်နဲ့ လွှဲပေးခဲ့တယ်၊ 'ရှင်က ပညာတတ်တယောက်ပဲ၊ ရှင့်အဖို့ ထမင်းတလုတ် ဘယ်တော့မှ မခက်ခဲပါဘူး' လို့ သူ ပြောခဲ့တယ်။ သူက ကျုပ်ပြဿနာကို အဲဒီလို ဖြေရှင်းသွားတာပဲ၊ ဂိုဏ်းချုပ် ဘုန်းကြီးတပါးက ကျုပ်ကို တခါက ဒီလို ပြောဖူးတယ်။ 'ခင်ဗျားမိန်းမတွေမှာ တယောက် ခြေကျိုးပြီး၊ မိန်းမတယောက်ကတော့ ခြေသွက်လွန်းတယ်' တဲ့ ... ဟီ ဟီ ဟီ"

"ဒီမယ်၊ ဒီမယ် ကျွန်တော် ပြောမယ်" ကာဂါနော့ အားတက်သရော ဆက်ပြောလိုက်သည်။ သူ မုသားတွေ ပြောနေတာ ဆိုလို့ရှိရင်လည်း ပြောလည်း ပြောတတ်ပါပေတယ်၊ ကျွန်တော်တို့ကို ပျော်အောင်ရွှင်အောင် ပြောနေတာပဲ၊ အဲဒီအတွက် ဘာမှ အန္တရာယ် မရှိပါဘူး။ တခါတခါမှာ ကျွန်တော် သူ့ကို သိပ်သဘောကျတယ်။ သူက အထင်သေးစရာကောင်းပေမဲ့ အဲဒါဟာ သူ့ရဲ့ ပင်ကိုသဘာဝပဲ။ တချို့လူတွေ အထင်သေးစရာကောင်းတာကတော့ သူတို့ရဲ့ တကိုယ်ကောင်းဆန်မှု အတွက်ပဲ၊ ဒါပေမဲ့ သူကတော့ရိုးရိုးပဲ၊ ပင်ကိုသဘာဝပဲ။ ဥပမာတခုပြောရရင် ဂိုဂိုးရဲ့ 'သေဆုံးနေသော ဝိညာဉ်' အကြောင်း ရေးထားတာတဲ့၊ မနေ့က တနေ့လုံး အဲဒီအကြောင်းပဲ သူ ပြောနေခဲ့တယ်၊ ဂိုဂိုးရဲ့ဝတ္ထုထဲမှာ မက်ဇီမော့ဆိုတဲ့ မြေပိုင်ရှင်တယောက်ပါတာ ခင်ဗျား မှတ်မိသလား။ နော်ဒါယော့ရဲ့အရိုက်ခံခဲ့ရတဲ့လူလေ၊ နော်ဒါယော့ဟာ 'အရက်မူးပြီး မက်ဇီမော့ကို ရိုက်ခဲ့တယ်' ဆိုပြီး ရုံးမှာ တရားစွဲခံရတာကိုကော ခင်ဗျား မှတ်မိတယ် မဟုတ်လား။ အဲဒီ မက်ဇီမော့ဟာ သူပဲ၊ အရိုက်ခံရတဲ့ သူဟာ သူပဲလို့ ပြောတာကို ခင်ဗျား ယုံသလား၊ အဲဒါ ဖြစ်နိုင်ပါ့မလား၊ ချီချီကော့ ခရီးသွားခဲ့တဲ့ ကာလဟာ နှစ်ဆယ်ခုနှစ် စောစောပိုင်းကပဲ၊ ဒါထက် နောက်မကျဘူး၊ အဲဒီတော့ ဘယ်နည်းနဲ့မှ ရက်စွဲတွေ မကိုက်နိုင်ဘူး။ အဲဒီတုန်းက သူ အရိုက်ခံရတာ မဖြစ်နိုင်ဘူး၊ သူ မဖြစ်နိုင်ဘူး"

ကာဂါနော့ အဘယ်ကြောင့် ဤမျှ စိတ်လှုပ်ရှားနေသည် မသိပါ။ သို့သော် စိတ်လှုပ်ရှားနေသည် ကတော့ အမှန်ပင် ဖြစ်သည်။ မစ်တယာက သူ့စကားနောက်ကို အကန့်အကွက်မရှိ လိုက်ပါလျက် ရှိသည်။

"ဒါပေမဲ့ သူတို့က သူ့ကို ရိုက်တယ်ဆိုတော့ကော ဘာဖြစ်သလဲ"

မစ်တယာ ရယ်မောကာ ပြောသည်။

"သူတို့ ကျုပ်ကို တကယ်ရိုက်တာတော့ မဟုတ်ဘူး" မက်ဇီမော့က ကောက်ကာငင်ကာ ဝင်ပြောလိုက်သည်။ 'ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ၊ သူတို့ ခင်ဗျားကို ရိုက်သလား၊ မရိုက်ဘူးလား"

"ဘယ်အချိန် ရှိသွားပြီလဲ"

ဆေးတံနှင့် ပိုလန်က အရပ်ရှည်ရှည် ပိုလန်ဘက်သို့ လှည့်ပြီး ပျင်းရိငြီးငွေ့ဟန်ဖြင့် မေးလိုက်သည်။ အရပ်ရှည်ရှည် ပိုလန် ပခုံးတွန့်လိုက်သည်။ သူတို့ နှစ်ယောက်စလုံးမှာ နာရီ မရှိပါ။

"စကားပြောတာ ဘာဖြစ်သလဲ၊ သူများတွေ စကားပြောတာ ပြောကြပါစေ၊ ရှင်ပျင်းတာနဲ့ သူများတွေ စကားမပြောရတော့ဘူးလား"

ဂရုရှင်ကာ ဒေါသဖြင့် ပြောလိုက်သည်။ ၎င်း၏အပြစ်ကို ဖော်ပြသည့်အနေဖြင့် ဖြစ်သည်။ မစ်တယာ၏စိတ်ထဲတွင် တစုံတခုကို ပထမဆုံးအကြိမ် တွေးထင်လိုက်မိသည်။ ယခုတကြိမ်တွင် ကား ပိုလန် လူကြီးမင်းက ဒေါသဖြင့် တုံ့ပြန်သည်။

"ကျုပ် ဘယ်လိုမှ မဆန့်ကျင်ပါဘူး မဒမ်၊ ကျုပ် ဘာမှ မပြောပါဘူး"

"ကောင်းပြီ၊ ဒါဖြင့် အဘဇာတ်လမ်းကို ဆက်ပြောပါ" မက်ဇီမော့ကို သူမ ပြောလိုက်သည်။ "ရှင်တို့အားလုံး ဘာဖြစ်လို့ တိတ်နေကြတာလဲ"

"ဘာမှ ပြောစရာ မရှိပါဘူး မဒမ်၊ ကျုပ်ပြောနေတာတွေအားလုံး အဓိပ္ပာယ် မရှိတာတွေပဲ" သူက ဟန်ပါပါနှင့် ချက်ချင်းပင် စကားပြန်လိုက်သည်။ "နောက်ပြီးတော့ ဂိုဂိုး ရေးထားတာကလည်း တင်စားပြီး ရေးထားတာပဲ။ သူ့နာမည်တွေ အားလုံးက တင်စားထားတဲ့ နာမည်တွေပဲ။ နော်ဒါယော့ ဆိုတာက တကယ်တော့ နော်ဒါယော့ မဟုတ်ဘူး၊ နိုယော့ပဲ။ ကူရှိနိကော့ ဆိုတာကလည်း အမှန်တော့ ဆာကိုနော့ပဲ၊ ဒါပေမဲ့ ဖီနာဒီဆိုတာကတော့ တကယ် ဖီနာဒီပဲ၊ တခုပဲရှိတယ်၊ သူက အီတလီတယောက်တော့ မဟုတ်ဘူး။ ရုရှားတယောက်ပဲ။ မမ်ဆယ်ဖီနာဒီ ဆိုတာက ခြေထောက် လှလှကလေးနဲ့ မိန်းမလှကလေး တယောက်ပဲ၊ သူက ဂါဝန်တိုတိုနဲ့ လှည့်ကာလှည့်ကာ ကလိုက်တာ ... လေးနာရီ မဟုတ်ဘူး၊ လေးမိနစ်တည်းနဲ့ လူအားလုံးကို ဖမ်းစားနိုင်ခဲ့တယ်"

"နေပါဦး၊ အဘ အရိုက်ခံရတာက ဘာအတွက်လဲ"

ကာဂါနော့က မေးလိုက်သည်။

"ပီရွှန်အတွက်ပါ ခင်ဗျာ" မက်ဇီမော့ ဖြေသည်။

"ဘာ ပီရှန်လဲ" မစ်တယာ မေးလိုက်သည်။

"နာမည်ကျော် ပြင်သစ် စာရေးဆရာကြီးပါ ခင်ဗျာ၊ အဲဒီတုန်းက ကျွန်တော်တို့အားလုံး အရက် သောက်နေကြပါတယ်။ လူတွေအများကြီးနဲ့ ရောမ ပွဲကြီးတပွဲပဲ၊ အဲဒီဈေးက အဲဒီ စားသောက်ဆိုင် တခုမှာပဲ။ သူတို့က ကျုပ်ကိုလည်း ဖိတ်ခေါ်ကြတယ်။ အဲဒီမှာ ကျုပ်က နိမိတ်ပုံ ကဗျာတွေကို သုံးပြီး ပြောတယ်။ 'အို ... ဗွာလိုပါလား၊ ဘယ်လို မဟားတရား ပုံစံကြီးလဲ' အဲဒီအခါမှာ ဗွာလိုက မျက်နှာဖုံးတပ် ကပွဲကို သွားမလို့ဆိုပြီး ပြန်ပြောတယ်။ အဲဒါက အမှန်တော့ ရေအိမ်ကို သွားမလို့ဘဲ၊ ဟီ ဟီ ဟီ ... အဲဒါကို သူတို့အားလုံး နားလည်ကြတယ်။ ဒါနဲ့ ကျုပ်က နောက်တပုဒ်ကို ခပ်မြန်မြန် ရွတ်ဆိုလိုက်ပြန်တယ်။ ပညာတတ် ပုဂ္ဂိုလ်တွေ အားလုံးသိတဲ့ သရော်စာ တပုဒ်ပဲပေါ့။

"အသင်က ဆက်ဖိုရ ... ကျွန်ုပ်က ဖာအွန်

ဒါပေမဲ့ ပင်လယ်ကြီးကို သင် မသွားတတ်တာ

ကျုပ်မှာ ဘာအပြစ် ရှိသလဲ"

"အဲဒီအခါမှာ သူတို့ ဒေါပွပြီး ကျုပ်ကို အမျိုးမျိုး ပြောကြတယ်၊ အဲဒီအခါမှာ ကျုပ်က အခြေအနေ ကောင်းအောင် ပြန်လုပ်တဲ့အနေနဲ့ ပီရှန်အကြောင်း ရေးစပ်ထားတဲ့ ကဗျာလေးကို ရွတ်ပြတယ်။ ပြင်သစ် မဟာပညာရှင် အဖွဲ့ကြီးက သူ့ကို ဝင်ခွင့်မပြုတဲ့အတွက် ပီရှန်ကိုယ်တိုင် ရေးစပ်ထားတဲ့ ကဗျာတိုကလေးပဲ။

"အကယ်ဒမီကျောင်းသားဖြစ်ဖို့

လုံးလုံး မရည်ရွယ်တဲ့ ပီရှန်

ဒီမှာ ရှိပါတယ်" ဆိုပြီးတော့ပေါ့ .... အဲဒီမှာ သူတို့က ကျုပ်ကိုဖမ်းပြီး ရိုက်ကြတော့တာပဲ"

"ဘာဖြစ်လို့လဲ၊ ဘာလို့လဲ"

"ပညာတတ်တယောက် ဖြစ်တဲ့အတွက်ပေါ့ ခင်ဗျာ၊ လူတွေဟာ လူတယောက်ကို ဘယ်အကြောင်းကြောင့်မဆို ရိုက်နိုင်တာပဲ"

မက်ဇီမော့ တိုတိုတုတ်တုတ်ပင် နိဂုံးချုပ်လိုက်သည်။

"အို တော်လောက်ပြီ၊ ဘာမှ အဓိပ္ပာယ်မရှိတာတွေပဲ၊ ကျွန်မက ရယ်စရာများ ကောင်းမလားလို့ အောက်မေ့ခဲ့တယ်"

ဂရုရှင်ကာက သူတို့ကို ကြားဖြတ်ပြီး ရုတ်တရက် ပြောလိုက်သည်။ မစ်တယာ လန့်သွားသည်။ ရုတ်တရက် အရယ်ရပ်သွားသည်။ အရပ်ရှည်ရှည်နှင့် ပိုလန်သည် ထိုင်ရာမှထပြီး အလွမ်းမသင့်သည့် အဝန်းအဝိုင်းတွင် ပျင်းရိငြီးငွေ့နေရသူတဦးပမာ လက်နှစ်ဖက်ကို နောက်ပစ်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတော့သည်။

"သူ့ကို ကြည့်စမ်း၊ သူက ငြိမ်ပြီး ထိုင်မနေနိုင်ဘူး"

ဂရုရှင်ကာက သူ့ကို မနှစ်မြို့စွာကြည့်ရင်း ပြောလိုက်သည်။ မစ်တယာ ကသိကအောက် ဖြစ်လာသည်။ နောက်ပြီး ဆိုဖာပေါ်က ပိုလန်က သူ့ကို မကျေမနပ်ကြီး ကြည့်နေကြောင်းကိုလည်း သတိပြုမိသည်။ သို့ဖြင့် သူသည် ဆိုဖာပေါ်က ပိုလန်ကိုကြည့်လျက်..

"ကျွန်တော်တို့ သောက်ကြရအောင်၊ ဟိုတယောက်ရောပေါ့ ၊ ကျွန်တော်တို့ သောက်ကြရအောင်"

သူက လျှပ်တပြက်အတွင်းမှာပင် သူ့ရှေ့သို့ ဖန်ခွက်သုံးလုံး ဆွဲယူလိုက်ပြီး ရှန်ပိန်များ လောင်းဖြည့်လိုက်သည်။

"ပိုလန်နိုင်ငံအတွက်ပါ လူကြီးမင်း၊ ခင်ဗျားတို့ ပိုလန်နိုင်ငံအတွက် ကျွန်တော် ဂုဏ်ပြုပြီး သောက်ပါ့မယ်"

မစ်တယာ ပြောလိုက်သည်။

"ဝမ်းသာပါတယ် လူကြီးမင်း၊ ကဲ သောက်လိုက်ကြစို့"

ဆိုဖာပေါ်က ပိုလန်က ဟန်ပါပါနှင့်ပြောပြီး ဖန်ခွက်ကို ယူလိုက်သည်။

"ခင်ဗျားမိတ်ဆွေရော ခင်ဗျာ၊ သူ့နာမည်က ဘယ်သူတဲ့လဲ၊ ဒီမှာ လူကြီးမင်း၊ ခင်ဗျား ဖန်ခွက်ကို ကိုင်ပါ" မစ်တယာက ဟစ်အော်လိုက်သည်။

"ဗရုဗလက်စကီ" ဆိုဖာပေါ်က ပိုလန်က ပြောလိုက်သည်။

ဗရုဗလက်စကီ စားပွဲဆီသို့ ယိမ်းယိမ်းယိုင်ယိုင် လျှောက်လာပြီး ဖန်ခွက်ကို ယူလိုက်သည်။ သူတို့သုံးယောက် သောက်ကြသည်။ မစ်တယာက ပုလင်းကိုယူပြီး ဖန်ခွက်များကို ဖြည့်လိုက်ပြန် သည်။

"ဒီတခါတော့ ရုရှားနိုင်ငံအတွက်ပါ လူကြီးမင်းတို့၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့ ခင်ဗျာ"

"ကျွန်မအတွက်လည်း ထည့်ပေးပါ၊ ရုရှားနိုင်ငံအတွက် ကျွန်မလည်း သောက်ချင်တယ်" ဂရုရှင်ကာ က ပြောလိုက်သည်။

"ကျွန်တော်လည်း သောက်မယ်" ကာဂါနော့က ပြောလိုက်ခြင်း ဖြစ်သည်။ ထိုအခါ မက်ဇီမော့က ရယ်မောလျက်

"ဟီ ဟီ ရုရှားနိုင်ငံအတွက် ကျုပ်လည်း သောက်မှာပေါ့။ ကျုပ်တို့ရဲ့ ချစ်လှစွာသော အဘွားတော် အတွက်ပေါ့"

"အားလုံး အားလုံး သောက်ကြမယ်၊ ထရီဖွန် ပုလင်းတွေ ယူခဲ့ပါဦး"

မစ်တယာနှင့် အတူပါလာသော လက်ကျန် ပုလင်းသုံးလုံးကို ယူလာသည်။ မစ်တယာက ဖန်ခွက်တွေထဲသို့ ဝိုင်အရက်များ ငှဲ့ထည့်သည်။

"ရုရှားနိုင်ငံတော်ကြီး အဓွန့်ရှည်ပါစေ"

မစ်တယာက အသံတိုင်လိုက်သည်။ ပိုလန်နှစ်ယောက်မှတပါး အားလုံး သောက်ကြသည်။ ဂရုရှင်ကာ သူမ၏ဖန်ခွက်ကို တကျိုက်တည်းနှင့် အကုန်မော့ချလိုက်သည်။ ပိုလန်နှစ်ယောက်ကမူ သူတို့၏ ဖန်ခွက်များကို လက်ဖျားနှင့်ပင် မတို့ကြပါ။

"လူကြီးမင်းတို့ ဘယ်လိုဖြစ်ကြတာလဲ၊ မသောက်ဘူးလား"

မစ်တယာက မေးလိုက်သည်။ ဗရုလက်စကီက သူ၏ဖန်ခွက်ကိုဆွဲယူကာ အပေါ်သို့ မြှောက်လိုက်ပြီး အသံကျယ်ကျယ်ဖြင့် တိုင်တည်လိုက်သည်။

"၁၇၇၂ ခုနှစ် အလျှင်က ရုရှားနိုင်ငံအတွက် ..."

"အဲဒါ ဟုတ်တယ်"

ဆိုဖာပေါ်က ပိုလန်က ထောက်ခံလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံးပင် သူတို့၏ ဖန်ခွက်များ ကို အပြတ်ရှင်းလိုက်ကြသည်။

"ခင်ဗျားတို့ လူဆိုးတွေပဲ" မစ်တယာ ရုတ်တရက် ပေါက်ကွဲသည်။

"ခင်ဗျား ... ဘာပြောတယ်"

ပိုလန်နှစ်ယောက် ခြိမ်းခြောက်သည့်လေသံဖြင့် ဟစ်အော်လိုက်ကြသည်။ တိုက်ကြက် နှစ်ကောင်လို သူတို့ ရင်ဆိုင်လာကြသည်။ အထူးသဖြင့် ဗရုလက်စကီ ဒေါသူပုန် ထနေသည်။

“လူတယောက်ဟာ ကိုယ့်နိုင်ငံကို ကိုယ် မချစ်ရဘူးလား”

သူ ဟစ်အော်လိုက်သည်။

“တိတ်ကြစမ်း၊ ရန်မဖြစ်ကြနဲ့၊ ရန်ဖြစ်တာကို ကျွန်မ ခွင့်မပြုနိုင်ဘူး” ဂရုရှင်ကာ ကြမ်းပြင်ကို ခြေဆောင့်ပြီး အမိန့်အာဏာသံဖြင့် ဟစ်အော်လိုက်သည်။ သူမ၏မျက်နှာ နီရဲနေသည်။ သူမ၏ မျက်တောင်များ တဖျပ်ဖျပ် ခတ်နေသည်။ စောစောက သောက်လိုက်သော ရှန်ပိန် တဖန်ခွက်က အစွမ်းပြလာခြင်း ဖြစ်သည်။ မစ်တယာ အထူးပင် ထိတ်လန့် တုန်လှုပ်သွားသည်။

“ကျွန်တော် တောင်းပန်ပါတယ် လူကြီးမင်းတို့၊ ဒါ ကျွန်တော့်အပြစ်ပါ၊ နောက်တကြိမ် ဒါမျိုး မဖြစ်စေရပါဘူး မစ္စတာ ဗရုဗလက်စကီ”

“အို တိတ်စမ်းပါ” ဂရုရှင်ကာ သူ့ကို ဒေါသဖြစ်ဟန်ဖြင့် အော်လိုက်သည်။ “ထိုင်စမ်းပါ၊ ရှင် အရူးပဲ”

သူတို့အားလုံး ထိုင်ကြသည်။ သူတို့အားလုံး တိတ်ဆိတ်သွားကြသည်။ သူတို့အားလုံး တယောက်ကို တယောက် ကြည့်နေကြသည်။

“ဒါ ကျွန်တော့်အပြစ်ပါပဲ လူကြီးမင်းတို့” ဂရုရှင်ကာ၏ စကားကို အမှုမထားနိုင်ဘဲ မစ်တယာ စကားစလိုက်ပြန်သည်။ “အဲ ကျွန်တော်တို့ ဘာဖြစ်လို့ ဒီအတိုင်း ထိုင်နေကြမလဲ၊ ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်သွားအောင် ဘာလုပ်ကြမလဲ”

“အင်း … ကျွန်တော်တော့ မပျော်တာ အမှန်ပဲ”

ကာဂါနော့က ပျင်းရိလေးတွဲ့စွာ ပြောလိုက်သည်။

“စောစောက ကစားခဲ့သလို ဖာရို နောက်တပွဲ ကစားကြရင် မကောင်းဘူးလား” မက်ဇီမော့က အကြံပြုလိုက်သည်။

“ဖာရို ဟုတ်လား၊ ကောင်းတယ်” မစ်တယာက ပြောလိုက်သည်။ “ပိုလန် လူကြီးမင်းတွေ ကစားမယ် ဆိုရင် …”

“အချိန်မရှိတော့ဘူးခင်ဗျာ” ဆိုဖာပေါ်မှ ပိုလန်က စိတ်မပါသည့်အနေဖြင့် ပိုလန်လို ပြောလိုက်သည်။

“ဟုတ်တယ်” ဗရုဗလက်စကီက ထောက်ခံလိုက်သည်။

“ဘာပြောတာလဲ” ဂရုရှင်ကာက မေးလိုက်သည်။

"အချိန်မရှိတော့ဘူး၊ မိုးချုပ်နေပြီ" ဆိုဖာပေါ်က ပိုလန်က ရှုရှားလို ရှင်းပြသည်။ "သူတို့အနေနဲ့ ဘယ်တော့မဆို အချိန်မရှိဘူး၊ သူတို့အနေနဲ့ ဘာတခုမှ မလုပ်နိုင်ဘူး" ဂရူရှင်ကာာ ဒေါသဖြင့် ဟစ်အော်လိုက်သည်။ "သူတို့က သူတို့ဘာသာ သူတို့လည်း ပျင်းနေကြတယ်၊ သူများတွေကိုလည်း ပျင်းအောင် လုပ်နေကြတယ်၊ မစ်တယာ ရှင်မလာခင်တုန်းကဆိုရင် သူတို့ဟာ ပါးစပ်တွေကို ပိတ်ပြီး ကျွန်မကို သုန်သုန်မှုန်မှုန်ကြီး လုပ်နေကြတယ်"

"အို ဘုရားသခင်၊ မင်းက ကိုယ့်ကို လိုက်လိုက်လျောလျော မရှိတဲ့အတွက် ကိုယ့်မှာ မလန်းမဆန်း ဖြစ်နေရတာပါ။ ကဲ အဆင်သင့်ပဲ လူကြီးမင်း"

ဂရူရှင်ကာကို ဖြေရှင်းချက်ပေးပြီးနောက် မစ်တယာကို သူ ပြောလိုက်သည်။

"ဒါဆိုရင် ခင်ဗျားကပဲ အလျင် စပါ လူကြီးမင်း" မစ်တယာက သဘောတူလိုက်သည်။ သူ့အိတ်ထဲမှ ပိုက်ဆံတွေကို ယူပြီး တရာတန် ငွေစက္ကူ နှစ်ရွက်ကို စားပွဲပေါ်တွင် တင်လိုက်သည်။ "ကျွန်တော့်အနေနဲ့ လူကြီးမင်းကို ဝမ်းမြောက်ဝမ်းသာ ရှုံးချင်ပါတယ်၊ ဖဲထုပ် ယူပါ၊ လူကြီးမင်း ဖဲကိုင်ပါ"

"ဖဲထုပ်ကို ဆိုင်ရှင်ဆီက တောင်းပါ"

ပုပုသေးသေး ပိုလန်က တည်ငြိမ်စွာ ပြောလိုက်သည်။

"အဲဒါအကောင်းဆုံးပဲ" ဗရုဗလက်စကီက ထောက်ခံလိုက်သည်။ "ဆိုင်ရှင်ဆီက ယူရမယ် ဟုတ်လား၊ ဟုတ်ပြီ၊ နားလည်ပြီ၊ သူ့ဆီက ယူမယ်၊ ဖဲထုပ် ပေးပါ" ဆိုင်ရှင်ကို မစ်တယာက အမိန့် ပေးလိုက်သည်။

ဆိုင်ရှင်သည် မဖောက်ရသေးသော ဖဲထုပ်အသစ်ကို ယူလာပြီး သီချင်းဆိုသည့် မိန်းကလေးတွေ ရောက်နေပြီဖြစ်ကြောင်း၊ အတီးသမား ရဟူဒီများလည်း မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း မစ်တယာကို ပြောသည်။ သို့သော် စားစရာ သောက်စရာများကို သယ်ဆောင်လာမည့် မြင်းရထားကား မရောက်သေးဟု ဆိုသည်။

မစ်တယာသည် စားပွဲမှထပြီး အစီအစဉ်များ ပြုလုပ်ရန်အတွက် တဖက်ခန်းသို့ သွားသည်။ မိန်းကလေး သုံးယောက်ပဲ ရောက်သေးသည်။ မာရီယာ မရောက်သေးပါ။ ထို့ပြင် မည်သည့် အစီအစဉ်များကို ပြုလုပ်ရမည်ကိုလည်း သူ မသိပါ။ တဖက်ခန်းထဲသို့ အဘယ်ကြောင့် ပြေးထွက်ခဲ့ မိသည်ကိုလည်း သူ မသိပါ။ သို့ဖြင့် သူသည် သေတ္တာထဲမှ အချိုအချဉ်များကို ထုတ်ယူပြီး မိန်းကလေးတွေကို ပေးရန်သာ ပြောရသည်။

“နောက်ပြီးတော့ အန်ဒရေကို ဖော့ဒကာ ပေးပါ”

သူ လျှင်မြန်စွာ အမိန့်ပေးသည်။ ထိုစဉ်မှာပင် သူ့နောက်သို့ လိုက်ပါလာသော မက်ဇီမော့က သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

“ကျုပ်ကို ငါးရူဗယ်လောက် ပေးစမ်းပါ။ ကျုပ်လည်း ဖာရိုဝိုင်းမှာ ဝင်လောင်းချင်တယ် ဟီ ဟီ”

“ကောင်းတယ်၊ ကောင်းတယ်၊ တဆယ်ရူဗယ် ယူပါ” မစ်တယာက ပြောလိုက်ပြီး အိတ်ထဲမှ ငွေစက္ကူ များကို ဆွဲထုတ်ကာ တဆယ်တန်တရွက်ကိုယူလိုက်သည်။ “ရှုံးသွားလို့ရှိရင် ထပ်ယူဦး ... ထပ်ယူဦး”

“ကျေးဇူးတင်ပါတယ် ခင်ဗျာ”

မက်ဇီမော့ ဝမ်းသာအားရပြောပြီး တဖက်ခန်းသို့ ပြန်ပြေးသွားသည်။ မစ်တယာလည်း ချက်ချင်းပင် ပြန်သွားပြီး သူ့ကို စောင့်ဆိုင်းနေကြရသည့်အတွက် တောင်းပန်သည်။ ပိုလန်နှစ်ယောက်သည် စားပွဲတွင် နေရာယူထားကြပြီ ဖြစ်သည်။ ဖဲထုပ်ကို ဖောက်ထားကြပြီ ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ ပြေပြေလည်လည် ရင်းရင်းနှီးနှီးပင် ဖြစ်ကြသည်။ ဆိုဖာပေါ်မှ ပိုလန်သည် ဆေးတံတွင် နောက်ထပ် ဆေးတဆုံ ထည့်ထားပြီး ဖဲဝေရန် ပြင်ဆင်လျက်ရှိသည်။ သူ့မျက်နှာက က္ကန္ဒြေသိက္ခာနှင့် ဖြစ်သည်။

“ထိုင်ကြပါ လူကြီးမင်းတို့” ဗရုဗလက်စကီက ပြောလိုက်သည်။

“မထိုင်ဘူး၊ ကျွန်တော်မကစားတော့ဘူး၊ ကျွန်တော် သူတို့ကို ရူဗယ် ငါးဆယ် ရှုံးပြီးပြီ” ကာဂါနော့က ဖြေသည်။

“လူကြီးမင်း ကံမကောင်းလို့ပါ၊ ဒါပေမဲ့ အခုတကြိမ်ကျရင်တော့ လူကြီးမင်း ကံကောင်းပါလိမ့်မယ်”

ဆိုဖာပေါ်က ပိုလန်က ကာဂါနော့ကိုကြည့်ရင်း ပြောလိုက်သည်။

“အလယ်ပုံဘဏ်မှာ ဘယ်လောက်ထည့်မလဲ၊ ထိုးလောက်ပါ့မလား” မစ်တယာက မေးလိုက်သည်။

“ဒါက အခြေအနေလိုက်လို့ပေါ့ လူကြီးမင်း၊ တရာ ဖြစ်ချင်ဖြစ်မယ်၊ နှစ်ရာ ဖြစ်ချင်ဖြစ်မယ်၊ လူကြီးမင်း ထိုးသလောက်ပေါ့”

“တသန်း” မစ်တယာ ရယ်မောကာ ပြောလိုက်သည်။

"ပေါ်ဗီဆိုစကီ ဓာတ်လမ်းကို ဗိုလ်ကြီး ကြားဖူးသလားမသိဘူး"

"ဘယ် ပေါ်ဗီဆိုစကီလဲ'

"ဝါဆောမြို့မှာ ဘဏ်တခုရှိတယ်၊ အဲဒီမှာ ဘယ်သူမဆို လာပြီး အလောင်းအစား လုပ်နိုင်တယ်၊ အဲဒီမှာ ပေါ်ဗီဆိုစကီဆိုတဲ့လူ လာတဲ့အခါ ဘဏ်မှာ ရွှေဒင်္ဂါးပြား တထောင် ရှိနေတာကို တွေ့ရတယ်၊ အဲဒီတော့ သူက ဘဏ်မှာ ရှိသမျှ အကုန်လောင်းတယ်။ အဲဒီအခါမှာ ဘဏ်တိုက်ပိုင်ရှင်က 'မစ္စတာ ပေါ်ဗီဆိုစကီ၊ ခင်ဗျား ငွေလက်ငင်းချေပြီး ကစားမှာလား၊ ဒါမှမဟုတ် လူကြီးမင်းရဲ့ဂုဏ်သိက္ခာ ကတိစကားနဲ့ ကစားမှာလား' လို့ မေးတယ်။ အဲဒီတော့ 'ကျုပ်ရဲ့ ဂုဏ်သိက္ခာ ကတိစကားနဲ့ပါ' လို့ ပေါ်ဗီဆိုစကီက ပြန်ပြောတယ်၊ 'ကောင်းပါပြီ ခင်ဗျာ' ဆိုပြီး ဘဏ်တိုက်ပိုင်ရှင်က ဖဲဝေတယ်။ ပေါ်ဗီဆိုစကီ နိုင်ပြီး ရွှေဒင်္ဂါးတထောင်ကို ယူတယ်။ အဲဒီမှာ ဘဏ်တိုက်ပိုင်ရှင်က 'ခဏနေပါဦး ခင်ဗျာ' ဆိုပြီး သေတ္တာတလုံးကို ဆွဲထုတ်ပြီး အဲဒီအထဲက ငွေတသန်းကို ပေးတယ်၊ 'ယူသွားပါ ခင်ဗျာ၊ ဒါတွေလည်း လူကြီးမင်းနိုင်တဲ့ ပိုက်ဆံတွေပါ'၊ 'ဒီပိုက်ဆံတွေရှိနေမှန်း ကျွန်တော် မသိဘူး' လို့ ပေါ်ဗီဆိုစကီက ဆိုတယ်။ 'လူကြီးမင်း ခင်ဗျား၊ လူကြီးမင်းက လူကြီးမင်းရဲ့ဂုဏ်သိက္ခာကို အပေါင်ထားပြီး ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာကို အပေါင်ထားပါတယ်' လို့ ပြန်ပြောတယ်။ ပေါ်ဗီဆိုစကီက ငွေတသန်းကို ယူသွားတယ်"

"အဲဒါ မဟုတ်ဘူး" ကာဂါနော့က ပြောလိုက်သည်။

"မစ္စတာ ကာဂါနော့ ခင်ဗျာ၊ အထက်တန်းစား အသိုင်းအဝိုင်းမှာ ဒီစကားမျိုးတွေကို မပြောကြပါဘူး"

"ပိုလန် ဖဲသမားတယောက်အနေနဲ့ ငွေတသန်းလောက်ကို ပေးပစ်လိုက်မယ်" မစ်တယာ ပြောလိုက် သည်။ သို့သော် ချက်ချင်းပင် သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။ "ကျွန်တော် တောင်းပန်ပါတယ် လူကြီးမင်းတို့၊ ကျွန်တော် နောက်တခါ မှားသွားပြန်တယ်၊ သူဟာ သူ့ရဲ့ဂုဏ်သိက္ခာအတွက်၊ ပိုလန်နိုင်ငံရဲ့ ဂုဏ်သိက္ခာအတွက် ငွေတသန်းကို သူ ပေးပါလိမ့်မယ်" မစ်တယာက သူတို့၏ ပိုလန် အသံထွက်အတိုင်း လိုက်ပြီး ပြောလိုက်သည်။ "ကြည့်စမ်း၊ ကျွန်တော် ပိုလန်စကား ဘယ်လောက် ပြောတတ်သလဲဆိုတာ၊ ဟား ဟား ဟား၊ ဟောဒီမှာ ကျွန်တော် တဆယ်ရူဗယ် ထိုးတယ်၊ ဂျက် ခေါင်ဖဲ"

"ဟီ ဟီ ဟီ၊ ကျုပ်ကလည်း ဘုရင်မကလေးအတွက် တရူဗယ် ထိုးတယ်။ အသည်းနီ ဘုရင်မကလေး ချောချောလှလှကလေး၊ ကျုပ်ရဲ့ အသည်းကျော် ပူတူးတူးကလေး၊ ဟီ ဟီ ဟီ"

မက်ဇီမော့က ကွင်းဖဲကိုချရင်း တသိမ့်သိမ့် ရယ်မောကာ ပြောသည်။ ထို့နောက် သူသည် သူများတွေ မမြင်အောင် ဖုံးကွယ်သည့်အလား စားပွဲအနီးသို့ တိုးကပ်ကာ စားပွဲအောက်မှနေ၍ သူ့ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင်သဏ္ဍာန် ပြုလုပ်လိုက်သည်။

မစ်တယာ နိုင်သည်။ မက်ဇီမော့လည်း အနိုင်ရသည်။ "အကုန်ပြန်ထိုးတယ်" မစ်တယာ ဟစ်အော်လိုက်သည်။

"ကျုပ်ကတော့ တရူဗယ်ပဲ ခင်ဗျာ၊ 'တစ်ဆ' ကလေးပဲ ခင်ဗျ" မက်ဇီမော့ ရွတ်ဆိုသည်။ သူက တရူဗယ် အနိုင်ရထားသဖြင့် အလွန်မတန် ဝမ်းသာနေဟန်ရှိသည်။

"ရှုံးတယ်" မစ်တယာ ဟစ်အော်လိုက်သည်။ "ခုနစ်မှာ မောင်းပြန်တယ်" မောင်းပြန်ရာတွင်လည်း ရှုံးသည်။

"တော်တော့ ..." ကာဂါနော့က ရုတ်တရက် ပြောလိုက်သည်။

"မောင်းပြန်တယ်၊ မောင်းပြန်တယ်"

မစ်တယာက သူ၏ လောင်းကြေးကို နှစ်ဆတိုးလျက်ရှိသည်။ နှစ်ဆ တိုး၍ ထိုးသမျှလည်း ရှုံးနေသည်။ သို့သော် တစ်ရူဗယ်ချင်း ထိုးသူက အနိုင်ရနေသည်။

"မောင်းပြန်တယ်" မစ်တယာ ဒေါသတကြီး ဟစ်အော်လိုက်ပြန်သည်။ "လူကြီးမင်းရဲ့ ရူဗယ်နှစ်ရာ ကုန်သွားပါပြီ။ လူကြီးမင်း နောက်ထပ် ရူဗယ် နှစ်ရာ ကစားဦးမလား" ဆိုဖာပေါ်က ပိုလန်က စူးစမ်းလိုက်သည်။

"ဘာပြောတယ် ... နှစ်ရာ ကုန်သွားပြီ ဟုတ်လား။ ကောင်းပြီ၊ ဒါဆိုရင် နောက်ထပ် နှစ်ရာပေါ့။ အဲဒီ နှစ်ရာစလုံး မောင်းပြန်တယ်"

မစ်တယာသည် သူ့အိတ်ထဲမှ ပိုက်ဆံများကို နှိုက်ယူပြီး ကွင်းဖဲပေါ်တွင် နှစ်ရာ လောင်းလိုက်သည်။ သို့သော် ကာဂါနော့က ယင်းပိုက်ဆံများကို လက်ဖြင့် အုပ်ထားလိုက်ပြီး ...

"တော်ပြီ ..." ကျယ်လောင်စွာ ဟစ်အော်လိုက်သည်။

"ခင်ဗျား ဘာလုပ်တာလဲ" မစ်တယာက သူ့ကို စူးစူးရဲရဲ ကြည့်လိုက်သည်။

"တော်လောက်ပြီ၊ ခင်ဗျားကို ကျွန်တော် မကစားစေချင်တော့ဘူး၊ ခင်ဗျား ဆက်ပြီး မကစားရတော့ ဘူး"

“ဘာဖြစ်လို့လဲ”

“မကစားစေချင်တော့လို့ပဲ၊ တော်ပြီ ထတော့ ... အဲဒါပဲ၊ ခင်ဗျားကို ကျွန်တော် ကစားခွင့် မပေးနိုင်တော့ဘူး”

မစ်တယာက သူ့ကို အံ့ဩစွာ ငေးမောနေသည်။

“တော်လိုက်တော့ မစ်တယာ၊ သူပြောတာ မှန်တယ်၊ ရှင် တော်တော် ရှုံးနေပြီ” ဂရုရှင်ကာက ပြောလိုက်သည်။ သူမ၏အသံက တမျိုးဖြစ်နေသည်။ ပိုလန်နှစ်ယောက် ထိုင်ရာမှ ရုတ်ခြည်း ထလိုက်သည်။ အတော်ကြီးပင် ထိခိုက်သွားကြဟန်ဖြင့် ဖြစ်သည်။

“ခင်ဗျား နောက်နေတာလား” ပုပုသေးသေး ပိုလန်က ကာဂါနော့ကို ခပ်တည်တည် ကြည့်ရင်း မေးလိုက်သည်။

“ခင်ဗျား ဘယ်လိုလုပ်တာလဲ”

ဇရုဇလက်စကီကလည်း ကာဂါနော့ကို ဟစ်အော်လိုက်သည်။ မစ်တယာက ၎င်းတို့ကို တလှည့်စီ ကြည့်ရှုလျက်ရှိသည်။ ဂရုရှင်ကာ၏ မျက်နှာတွင် တစုံတရာကို တွေ့မြင်လိုက်ရသည်။ သူ့စိတ်ထဲတွင် ရုတ်ခြည်းဆိုသလို အတွေးတခု ပေါက်သွားသည်။ ထူးဆန်းသော အတွေးသစ်တခု ဖြစ်သည်။

“မဒမ် ...”

ပုပုသေးသေး ပိုလန်က မျက်နှာကြီးနီရဲလျက် ဂရုရှင်ကာကို တစုံတရာ ပြောမည်ရှိစဉ် ၎င်းထံသို့ မစ်တယာ လျှောက်သွားပြီး ၎င်း၏ပခုံးကို ပုတ်လိုက်သည်။

‘လူကြီးမင်းနဲ့ စကားတခွန်း ပြောစရာရှိတယ်”

“ဘာပြောမှာလဲ”

“ဟိုဘက်ခန်းကို သွားကြရအောင်၊ ခင်ဗျားတို့ကို ကျွန်တော် ပြောစရာတခုရှိတယ်၊ စကားကောင်း တခုပဲ၊ ခင်ဗျား အင်မတန် သဘောကျမယ့် စကားပဲ”

ပိုလန် သေးသေးပုပုသည် အံ့အားသင့်သွားဟန်ရှိသည်။ မစ်တယာကို စိုးရိမ်ကြောင့်ကြစွာ ကြည့်နေသည်။ သို့တစေလည်း ချက်ချင်းဆိုသလိုပင် သူ သဘောတူလိုက်သည်။ တခုပဲရှိသည်၊ ခြွင်းချက်အဖြစ် ဇရုဇလက်စကီကို သူနှင့်အတူ ခေါ်ဆောင်ခွင့် တောင်းခံသည်။

"ခင်ဗျားရဲ့ သက်တော်စောင့်ပေါ့ ဟုတ်လား၊ ကောင်းပါပြီ၊ သူ့ကို ခေါ်ခဲ့ပါ။ သူ့ကိုလည်း ကျွန်တော် ပါစေချင်ပါတယ်၊ ဟုတ်တယ်။ တကယ်လည်း သူ့ကို ကျွန်တော် ခေါ်ချင်တယ်။ ကဲ၊ လာ၊ လူကြီးမင်းတို့"

မစ်တယာက ပြောလိုက်သည်။

"ရှင် ဘယ်သွားမလို့လဲ" ဂရုရှင်ကာက ထိတ်လန့်စွာ မေးလိုက်သည်။

"ကိုယ်တို့ အခုချက်ချင်းပဲ ပြန်လာခဲ့မယ်"

မစ်တယာက ဖြေလိုက်သည်။ သူ့မျက်နှာတွင် သတ္တိသွေးများ တောက်ပြောင်နေသည်။ မမျှော်လင့်သော ရွှင်လန်းတက်ကြွမှုများ ရှိနေသည်။ လွန်ခဲ့သော တနာရီခန့်က အခန်းတွင်းသို့ ဝင်လာစဉ်က မျက်နှာနှင့် အများကြီး ခြားနားလျက်ရှိသည်။

မစ်တယာသည် ပိုလန် နှစ်ယောက်ကို လက်ယာဘက်ရှိ အခန်းတခုထဲသို့ ခေါ်ဆောင်သွားသည်။ စားပွဲများ ခင်းကျင်းထားပြီး သီချင်းဆိုမည့် မိန်းကလေးများ စုဝေးနေသော အခန်း မဟုတ်၊ ခေါင်းအုံးများ ထပ်ဆင့်ထားသော ခုတင်နှစ်လုံးနှင့် အဝတ်အစား သေတ္တာကြီးများရှိသော အိပ်ခန်း တခု အတွင်းသို့ ဖြစ်သည်။ အခန်းထောင့်ရှိ ထင်းရှူးစားပွဲကလေး တခုပေါ်တွင် ဖယောင်းတိုင် တတိုင် ထွန်းထားသည်။ ဗရုဗလက်စကီသည် သူတို့နှစ်ယောက်ဘေးတွင် လက်နှစ်ဖက်ကို နောက်ပစ်ပြီး ရပ်နေသည်။ ပိုလန်နှစ်ယောက်သည် မျက်နှာထားများ ခက်ထန်လျက် ရှိကြသော် လည်း တချိန်တည်းမှာပင် ဘာအကြောင်းကိစ္စ ဆိုသည်ကို စိတ်ဝင်စားလျက် ရှိကြောင်းမှာလည်း သိသာထင်ရှားနေသည်။

"လူကြီးမင်းအတွက် ကျွန်တော်တို့ ဘာများ လုပ်ပေးနိုင်မလဲ" ပုပုသေးသေး ပိုလန်က မေးလိုက်သည်။

"ခင်ဗျား လုပ်ပေးနိုင်တာ တခုရှိပါတယ်။ ကျွန်တော် အပိုတွေ ပြောမနေတော့ပါဘူး၊ ဒီမှာ ..." ငွေစက္ကူတွေကို သူ ဆွဲထုတ်လိုက်ပြီး "ဒီပိုက်ဆံတွေကို ယူသွားပါ၊ ငွေ သုံးထောင်ကိုယူပြီး ဒီက ထွက်သွားပါ"

ပိုလန်က သူ့ကို စူးစမ်းသည့်အနေဖြင့် ငေးစိုက်ပြီး ကြည့်နေသည်။

"သုံးထောင် ဟုတ်လား ..."

ဗရုဗလက်စကီနှင့် သူ အကြည့်ချင်း ဖလှယ်လိုက်သည်။

"သုံးထောင်ပါ ခင်ဗျာ၊ သုံးထောင်ပါ၊ ကျွန်တော်ပြောမယ်၊ နားထောင်ပါ၊ ခင်ဗျားဟာ နားလည် တတ်တဲ့ လူတယောက် ဖြစ်လိမ့်မယ်လို့ ကျွန်တော်

ထင်ပါတယ်။ ငွေ သုံးထောင်ကို ယူပြီး ဒီက တခါတည်း ထွက်သွားပါ။ ဗရုဗလက်စကိကို ခင်ဗျားနဲ့အတူ တခါတည်း ခေါ်သွားပါ။ ကျွန်တော် ပြောတာ ကြားသလား၊ အခု ထွက်သွားပါ။ အခုချက်ချင်း ထွက်သွားပါ။ တခါတည်း အပြီးထွက်သွား ပါ။ ဒီတံခါးပေါက်ကနေပြီး ထွက်သွားပါ။ ဘယ်တော့မှ ပြန်မလာပါနဲ့၊ ဟိုဘက်ခန်းထဲမှာ ခင်ဗျားတို့ ပစ္စည်း ဘာတွေရှိသလဲ၊ ဂရိုကုတ်တထည်၊ သိုးမွေးကုတ်တထည် ... အဲဒါတွေကို ကျွန်တော် ယူပေးမယ်၊ တစ်မိနစ်အတွင်းမှာ ခင်ဗျားတို့အတွက် မြင်းရထား ကျွန်တော် စီစဉ်ပေးမယ်၊ ကဲ ... သွားပေတော့ ခင်ဗျာ၊ ဘယ့်နှယ်လဲ”

မစ်တယာက တဖက်မှ ပြန်ကြားချက်ကို ယုံကြည်စိတ်ချစွာနှင့် စောင့်စားနေသည်။ မည်ကဲ့သို့သော အဖြေမျိုး ဖြစ်မည်ကိုလည်း သူ အနည်းငယ်မျှ သံသယ မရှိပါ။ ပိုလန်၏မျက်နှာပေါ်တွင် ထူးခြားသော ဆုံးဖြတ်ချက်တခု ဖြစ်ပေါ်သွားသည်။

“ပိုက်ဆံကော ခင်ဗျာ”

“ပိုက်ဆံကိစ္စကိုတော့ ကျွန်တော်တို့ အစီအစဉ် လုပ်ရမယ်။ ခင်ဗျားတို့အတွက် ခရီးစရိတ်နဲ့ ကြိုတင်ငွေအဖြစ် ရူဗယ် ငါးရာကို အခုချက်ချင်း ပေးလိုက်မယ်။ ကျန်တဲ့ နှစ်ထောင့်ငါးရာကိုတော့ မနက်ဖြန်ကျမှ မြို့ထဲမှာ ပေးမယ်။ ကျွန်တော် ကျိန်ပြီး ကတိပေးပါတယ်။ အဲဒီပိုက်ဆံကို ကျွန်တော် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရှာပေးပါ့မယ်”

မစ်တယာ ပြောလိုက်သည်။ ပိုလန်နှစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြန်သည်။ ပုပုသေးသေး၏ မျက်နှာက မကျေနပ် မနှစ်သက်သည့်အသွင် ရှိနေသည်။

“ခုနစ်ရာ၊ ခုနစ်ရာ၊ ငါးရာ မဟုတ်ဘူး။ ခုနစ်ရာ ချက်ချင်းပေးမယ်၊ လက်ငင်းပေးမယ်” မစ်တယာက အဆင်မပြေမှု ရှိနေကြောင်းကို သိရှိသဖြင့် ပိုက်ဆံကို တိုးပြီး ပေးလိုက်သည်။ “ဘာဖြစ်လို့လဲ ခင်ဗျာ၊ ကျွန်တော့်ကို မယုံဘူးလား၊ ငွေသုံးထောင်စလုံးကိုတော့ ကျွန်တော် တခါတည်း မပေးနိုင်ဘူး၊ တကယ်လို့ အခုပေးလိုက်လို့ရှိရင် ခင်ဗျား မနက်ဖြန်မနက်ကျရင် အမျိုးသမီးဆီကို ပြန်လာလိမ့်မယ်၊ နောက်ပြီးတော့ ကျွန်တော့်မှာလည်း ငွေသုံးထောင် အခု မပါဘူး။ မြို့က ကျွန်တော့်အိမ်မှာ အဲဒီပိုက်ဆံရှိတယ်” မစ်တယာ၏ စကားလုံးများ တုန်တုန်ယင်ယင် ဗလုံးဗထွေး ဖြစ်လာသည်။ ပြောနေရင်း ပြောနေရင်းနှင့် ယုံကြည်မှုများ လျော့ပါးလာသည်။ “ကျွန်တော့်အိမ်မှာ ရှိတယ်ဆိုတာ ကျွန်တော် ကျိန်ပြီး ပြောပါတယ်၊ ကျွန်တော့်အိမ်မှာ ဝှက်ထားပါတယ်”

လျှပ်တပြက် အတွင်းမှာပင် ပုပုသေးသေး ပိုလန်၏ မျက်နှာပေါ်တွင်

ဂုဏ်သိက္ခာ အရိပ်အယောင်များ ပြည့်လျှံလာသည်။

"နောက်ကော ဘာဖြစ်ချင်သေးသလဲ၊ ရှက်စရာ ကောင်းလိုက်တာ"

သူ တံတွေးထွေးလိုက်သည်။ ဗရုဗလက်စကီလည်း တံတွေးထွေးလိုက်သည်။

"ဂရုရှင်ကာဆီက ပိုပြီး ရနိုင်တယ်ဆိုပြီး တံတွေးထွေးတယ်ပေါ့ ဟုတ်လား၊ ခင်ဗျားတို့နှစ်ယောက်ဟာ အလကား သင်းကွပ်ထားတဲ့ အမြဲ့တွေပဲ"

မစ်တယာ စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။ အားလုံး ကိစ္စပြီးချေပြီဟု သူ နားလည်လိုက်သည်။

"ဒါ စော်ကားတာပဲ"

ပုပုသေးသေး ပိုလန်သည် ပုစွန်တကောင်လို နီရဲသွားပြီး အခန်းထဲမှ လျှင်မြန်စွာ ထွက်သွားသည်။ နောက်ထပ် ဘာမျှ မကြားလိုတော့သည့်အလား ဖြစ်သည်။ ဗရုဗလက်စကီသည် ယိမ်းယိမ်းယိုင်ယိုင် ဖြင့် လိုက်ပါသွားသည်။ မစ်တယာလည်း လည်လိမ်ထားသော ကြက်တကောင်လို မှိုင်တွေစွာဖြင့် နောက်ဆုံး ပါသွားသည်။ မစ်တယာသည် ဂရုရှင်ကာကို ကြောက်နေသည်။ ပိုလန်တွေက ချက်ချင်းပင် ပြဿနာ ဖော်လိမ့်မည်ဟု သူ ယူဆသည်။ အမှန်လည်း အမှန်ပင် ဖြစ်သည်။ ပုပုသေးသေး ပိုလန်သည် အခန်းတွင်းသို့ ဝင်ရောက်သွားပြီးနောက် ဂရုရှင်ကာ၏ရှေ့တွင် ဇာတ်ဟန်ပါပါဖြင့် ရပ်လိုက်သည်။

"ကျူပ် အစော်ကားခံခဲ့ရတယ် အမျိုးသမီး"

သူက ပိုလန်လို ပြောလိုက်သည်။ ထိုအခါ ဂရုရှင်ကာသည် အနာပေါ် တုတ်ကျ ခံလိုက်ရသလို ချက်ချင်းပင် သည်းမခံနိုင် ဖြစ်သွားပြီး ...

"ရုရှားလို ပြောပါ၊ ရုရှားလို ပြောပါ" သူမက သူ့ကို အော်ပြောလိုက်သည်။ "ကျွန်မ ပိုလန်လို တလုံးမှ မကြားချင်ဘူး၊ ရှင် အလျှင်တုန်းက ရုရှားလိုပဲ ပြောပါတယ်၊ ငါးမိနစ်အတွင်းမှာ ရှင် မေ့သွားတာ မဖြစ်နိုင်ပါဘူး၊ ရုရှားလို ပြောပါ၊ ရုရှားလို မပြောရင် ကျွန်မ နားမထောင်နိုင်ဘူး"

သူမသည် ဒေါသဖြင့် ရဲရဲနီနေသည်။ ပိုလန် လူကြီးမင်းသည် ဂုဏ်သိက္ခာ ထိပါးခံရသည့်အလား သက်ပြင်းတချက် ချလိုက်သည်။ ထို့နောက် ရုရှားစကား မကျမနဖြင့် ခပ်မြန်မြန် ခပ်ဆတ်ဆတ် ပြောသည်။

"မဒမ် ... ကျူပ်ဟာ အတိတ်ကို ခွင့်လွှတ်ဖို့အတွက် လာခဲ့တယ်။ တကယ်လည်း ခွင့်လွှတ်ခဲ့တယ်၊ ကနေ့အထိ ဖြစ်ပျက်ခဲ့တာတွေ အားလုံးကို

ခွင့်လွှတ်ခဲ့တယ် ...”

“ခွင့်လွှတ်ဖို့ ဟုတ်လား၊ ရှင် ဆိုလိုတာက ကျွန်မကို ခွင့်လွှတ်ဖို့အတွက် ဒီကို လာခဲ့တယ် ဟုတ်လား....”

ဂရုရှင်ကာ ထိုင်ရာမှ ခုန်ထပြီး သူ့စကားကို ကြားဖြတ်ကာ ပြောလိုက်သည်။

“ဟုတ်ပါတယ် မဒမ်၊ ကျုပ်က သဘောထားသေးသိမ်တဲ့ လူတယောက် မဟုတ်ပါဘူး၊ သဘောထား ကြီးတဲ့ လူတယောက်ပါ၊ ဒါပေမဲ့ မဒမ်ရဲ့ချစ်သူတွေကို တွေ့လိုက်ရတဲ့အခါမှာတော့ ကျုပ် အများကြီး တုန်လှုပ်သွားရတယ်။ မစ္စတာ ကာရာမာဇော့က ကျုပ် တခြားကို ထွက်သွားအောင်ဆိုပြီး ကျုပ်ကို ဟိုဘက်ခန်းမှာ ခေါ်ပြီး ငွေသုံးထောင် ပေးခဲ့တယ်၊ ကျုပ် သူ့မျက်နှာကို တံတွေးနဲ့ ထွေးခဲ့တယ်”

“ဘာပြောတယ် ....” ဂရုရှင်ကာ တအားကုန် ဟစ်အော်လိုက်သည်။ “သူက ရှင့်ကို ကျွန်မအတွက် ပိုက်ဆံပေးတယ် ဟုတ်လား၊ အဲဒါ အမှန်ပဲလား၊ မစ်တယာ၊ ရှင် ဘယ်လိုလုပ်တာလဲ၊ ကျွန်မကို ရောင်းစရာ တခုလို့များ အောက်မေ့နေသလား”

“ဒီမှာ ခင်ဗျား ... ဒီမှာ ခင်ဗျား၊ သူဟာ နှင်းပွင့်ကလေးလို သန့်ရှင်းဖြူစင်တဲ့လူပါ။ သူဟာ ဘယ်တုန်းကမှ ကျွန်တော့်ချစ်သူ မဖြစ်ခဲ့ပါဘူး၊ ခင်ဗျား ပြောတာ မှား ....”

“ရှင်က ဘာကြောင့် ကျွန်မအတွက် ကာကွယ်နေရတာလဲ” ဂရုရှင်ကာ ဟစ်အော်လိုက်သည်။ “ကျွန်မက ကိုယ်ကျင့်တရားကောင်းတဲ့အတွက်လည်း မသန့်ရှင်း မစင်ကြယ်ပါဘူး၊ ကျွန်မက အဘိုးကြီး ကူဇမာကို ကြောက်တဲ့အတွက်လည်း သန့်ရှင်းစင်ကြယ်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မက မသန့်ရှင်းပေမဲ့ သူနဲ့တွေ့တဲ့အချိန်မှာ ခေါင်းကို မော့ပြီး ရှင်ဟာ လူဆိုး၊ လူယုတ်မာ တယောက်လို့ ပြောနိုင်တယ်၊ ရှင့်ဆီက ပိုက်ဆံကို သူ တကယ်ပဲ လက်မခံဘူးလား”

“သူ လက်ခံတယ်၊ သူ လက်ခံတယ်” မစ်တယာ ဟစ်အော်လိုက်သည်။ “ဒါပေမဲ့ သူက ငွေသုံးထောင် စလုံးကို တခါတည်း လိုချင်တယ်၊ ကိုယ်က သူ့ကို စရန်ငွေအဖြစ်နဲ့ ခုနစ်ရာပဲ ပေးနိုင်တယ်”

“ဟုတ်ပြီ၊ သူဟာ ကျွန်မမှာ ပိုက်ဆံရှိတယ်လို့ ကြားတဲ့အတွက် ကျွန်မကို လက်ထပ်ရအောင် ပြန်လာတာပဲ”

“မဒမ် ...” ပိုလန်က ဟစ်အော်လိုက်သည်။ “ကျုပ်ဟာ ဂုဏ်သိက္ခာရှိတဲ့ လူတယောက်ပါ၊ ကျုပ်ဟာ လူကြီးလူကောင်း တယောက်ပါ၊ ကျုပ်ဟာ အလကား ကလေကချေတယောက် မဟုတ်ဘူး။ ကျုပ် ဒီကိုလာတာ မင်းကို

ဇနီးတယောက်အဖြစ် လက်ထပ်ဖို့ လာတာပဲ၊ ဒါပေမဲ့ အခုတော့ မင်းက တမျိုးဖြစ်နေပြီ၊ ကိုယ် သိခဲ့တဲ့ အမျိုးသမီးတယောက် မဟုတ်တော့ဘူး၊ အရှက်မရှိတဲ့ ဖောက်ပြန်တဲ့ မိန်းမတယောက် ဖြစ်နေပြီ”

“အို ... ရှင့်အရပ်ကို ရှင်ပြန်တော့၊ ရှင့်ကို ဒီကနေ မောင်းထုတ်ဖို့ သူတို့ကို ကျွန်မ ပြောလိုက်မယ်၊ အဲဒါဆိုရင် သူတို့က ရှင့်ကို မောင်းထုတ်ကြမှာပဲ” ဂရုရှင်ကာ ဒေါသဖြင့် ဟစ်အော်သည်။

“ငါမိုက်တယ်၊ ငါမိုက်တယ် .... ဒီ ငါးနှစ်လုံး စိတ်ဒုက္ခ ရောက်ခဲ့ရတယ်၊ ဒါပေမဲ့ သူ့အတွက်တော့ မဟုတ်ဘူး၊ အခုဟာလည်း သူ မဟုတ်ဘူး၊ သူက ဒီလိုပဲလား၊ သူ့အဖေပဲ ဖြစ်ရမယ်၊ အဲဒီ ဆံပင်တုကြီးကို သူ ဘယ်ကရသလဲ၊ သူဟာ လင်းယုန်ငှက်တကောင်ပဲ၊ ဒါပေမဲ့ အခုတော့ ငန်းတကောင် ဖြစ်နေတယ်။ သူဟာ အမြဲတမ်း ရယ်မောပြီး ငါ့အတွက် တေးသီချင်းတွေ ဆိုခဲ့တယ်။ ငါဟာ ငါးနှစ်လုံးလုံး မျက်ရည်နဲ့ မျက်ခွက် ဖြစ်ခဲ့ရတယ်၊ ငါဟာ ဘယ်လောက် မိုက်ခဲ့သလဲ၊ ငါဟာ ဘယ်လောက် ရှက်စရာကောင်းခဲ့သလဲ” သူမသည် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်သည်။

ထိုအချိန်တွင် မိုကရိယီ ရွာသူကလေးများ၏ တေးဆိုသံ ထွက်ပေါ်လာသည်။ မြူးကြွသော အကသီချင်းတပုဒ် ဖြစ်သည်။

“ဘယ်လိုလဲ၊ သောဒုံမြို့ကြီးလား” ဗရုဗလက်စကီ မြည်ဟိန်းလိုက်သည်။ “ဆိုင်ရှင် ဘယ်မှာလဲ၊ အရှက်မရှိတဲ့ ကောင်မတွေကို မောင်းထုတ်စမ်း”

ခပ်စောစောကတည်းကပင် ချောင်းပြီး နားထောင်နေသော စားသောက်ဆိုင်ပိုင်ရှင်သည် အော်သံ ဟစ်သံများကို ကြားရသောအခါ သူ၏ဧည့်သည်များ ရန်ဖြစ်ကုန်ပြီကို သိရှိသဖြင့် အခန်းတွင်းသို့ ချက်ချင်းပင် ဝင်ရောက်လာသည်။

“ခင်ဗျား ဘာတွေအော်နေတာလဲ၊ ခင်ဗျား လည်ချောင်းကွဲသွားချင်လို့လား” သူက ဗရုဗလက်စကီကို ခပ်ရိုင်းရိုင်းပင် မေးလိုက်သည်။

“ခွေးတိရစ္ဆာန် ...” ဗရုဗလက်စကီက ပြန်အော်သည်။

“ခွေးတိရစ္ဆာန် ဟုတ်လား၊ ခင်ဗျား အခု ဘယ်ဖဲတွေနဲ့ ကစားသွားခဲ့သလဲ၊ ခင်ဗျားကို ကျုပ်က ဖဲထုပ်အသစ်တထုပ် ပေးတယ်၊ ခင်ဗျားက အဲဒီဖဲထုပ်ကို ဝှက်ထားတယ်၊ ပြီးတော့ မှတ်ထားတဲ့ ဖဲထုပ်နဲ့ ခင်ဗျားကစားတယ်၊ မှတ်ထားတဲ့ ဖဲထုပ်နဲ့ ကစားတဲ့အတွက် ခင်ဗျားကို ကျုပ် ဆိုက်ဗေးရီးယားကို ပို့နိုင်တယ်၊ သိလား ... ဖဲလိမ်ပြီး ကစားတာဟာ အတုလုပ်တာနဲ့ အတူတူပဲ”

ထို့နောက် သူသည် ဆိုဖာဆီသို့ လျှောက်သွားပြီး ဆိုဖာနောက်မှီနှင့် ကူရှင်အကြားမှ မဖောက်ရ သေးသော ဖဲထုပ်ကို နှိုက်ယူလိုက်သည်။

"ဟောဒီမှာ ... ကျုပ်ဖဲထုပ်၊ မဖွင့်ရသေးဘူး"

သူက ဖဲထုပ်ကို မြှောက်ပြီး အခန်းထဲရှိ လူများအားလုံးကို ပြလိုက်သည်။

"ကျွန်တော် ရပ်ကြည့်နေတဲ့ နေရာကနေပြီး ဖဲထုပ်ကို သူ ဝှက်ထားလိုက်တာ မြင်ရတယ်၊ အဲဒီ ဖဲထုပ်အစား သူ့ဖဲထုပ်နဲ့ လဲလိုက်တာပဲ၊ ခင်ဗျားဟာ လူကောင်းတယောက် မဟုတ်ဘူး၊ လူလိမ်လူကောက် တယောက်ပဲ"

"သူ ဖဲလဲတာကို ကျွန်တော် နှစ်ခါတွေ့ လိုက်ရတယ်"

ကာဂါနော့က ထုတ်ဖော်လိုက်သည်။

"အို၊ ရှက်စရာကောင်းလိုက်တာ၊ ရှက်စရာကောင်းလိုက်တာ" ဂရုရှင်ကာ လက်နှစ်ဖက်ကို အုပ်ပြီး ရွတ်ဆိုလိုက်သည်။ သူမသည် ရှက်လွန်လွန်းသဖြင့် မျက်နှာတခုလုံး နီရဲနေသည်။

"အို ဘုရားသခင်၊ သူ ဒီလိုလုပ်ရအောင် လာတာပါပဲလား"

"ကိုယ်လည်း ဒီလိုပဲ စဉ်းစားမိတာပဲ" မစ်တယာက ပြောလိုက်သည်။

ထိုစကားကို သူပြောလိုက်စဉ်မှာပင် ဇရုဇလက်စကီသည် ဒေါသအမျက်များဖြင့် မွှန်ထူကာ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဂရုရှင်ကာကို လက်သီးဆုပ်ပြကာ ဟစ်အော်တော့သည်။

"နင် ... မိန်းမရှင် ...."

သို့သော် ထိုစကားကို သူပြောလိုက်စဉ်မှာပင် မစ်တယာသည် သူ့အပေါ်သို့ ခုန်အုပ်လိုက်သည်။ သူ့ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ခေါင်းပေါ်တွင်မြှောက်လျက် အခန်းအပြင်သို့ ထုတ်သွားသည်။ လက်ယာဘက် အိပ်ခန်းထဲသို့ သယ်ဆောင်သွားသည်။ စောစောက ၎င်းတို့ကို ခေါ်ဆောင်သွားခဲ့သော အခန်းပင် ဖြစ်သည်။ ထို့နောက် ချက်ချင်း ဆိုသလိုပင် သူ ပြန်လည်ရောက်ရှိလာပြီး ...

"သင်းကို ကျုပ် ကြမ်းပြင်ပေါ်မှာ ပစ်ချထားခဲ့တယ်၊ သူက ကျုပ်ကို ပြန်ပြီး သတ်သေးတယ်၊ ဒါပေမဲ့ ဘာမှ မစိုးရိမ်ပါနဲ့၊ သူ ဒီကို ပြန်မလာနိုင်တော့ပါဘူး"

ထို့နောက် သူသည် တံခါးရွက်တခုကို ပိတ်လိုက်ပြီး ကျန်တံခါးရွက်တခုကို

ဖွင့်ကာ ပုပုသေးသေး ပိုလန်ကို ပြောလိုက်သည်။

"ခင်ဗျား မိတ်ဆွေဆီကို ခင်ဗျား လိုက်မသွားသေးဘူးလား လူကြီးမင်း"

"မစ္စတာ ကာရာမာဇော့ခင်ဗျား" ဆိုင်ရှင်က ပြောလိုက်သည်။ "ခင်ဗျားရှုံးသွားတဲ့ ပိုက်ဆံကို သူတို့ဆီက ပြန်မယူတော့ဘူးလား၊ ဒီပိုက်ဆံဟာ လူကြီးမင်းဆီက သူတို့ ခိုးသွားတာပဲ"

"ကျွန်တော့်ပိုက်ဆံ ငါးဆယ်ကိုတော့ ကျွန်တော် ပြန်မလိုချင်ဘူး"

ကာဂါနော့က ရုတ်တရက် ပြောလိုက်သည်။

"ကျုပ်ပိုက်ဆံ နှစ်ရာကိုလည်း ကျုပ် မလိုချင်ဘူး၊ ဘာအတွက်မှ ကျုပ် ပြန်မယူတော့ဘူး၊ နှစ်သိမ့်ကြေး အဖြစ်နဲ့ပဲ ယူကြပါစေတော့"

မစ်တယာ ပြောလိုက်သည်။

"တော်ပါပေတယ် မစ်တယာ၊ တော်ပါပေတယ်"

ဂရုရှင်ကာ ရွှတ်ဆိုလိုက်သည်။ သူမ၏အာမေဍိတ်သံတွင် ဒေါသရိပ် လွှမ်းဝင်နေသည်။ ပုပုသေးသေး ပိုလန်သည် ဒေါသဖြင့် ညို့မည်းလျက်ရှိသော်လည်း ဟန်ပန် ဣန္ဒြေပျက်ခြင်း မရှိဘဲ တံခါးဆီသို့ လျှောက်သွားသည်။ သို့သော် တံခါးပေါက်သို့ ရောက်ရှိသောအခါ ရပ်လိုက်ပြီး ဂရုရှင်ကာကို ရုတ်တရက် ပြောလိုက်သည်။

"ကဲ အမျိုးသမီး၊ ကျုပ်နဲ့ လိုက်မယ်ဆိုရင် တခါတည်း လိုက်ခဲ့ပါ၊ အဲ ... မလိုက်ဘူးဆိုရင်တော့ သွားပြီ"

ထို့နောက် သူသည် ဒေါသဖြစ်ကာ ဟန်ပါပါဖြင့် အခန်းထဲမှထွက်သွားသည်။ သူက သည်လို လူစားမျိုး ဖြစ်သည်။ ပြဿနာတွေ ဖြစ်ပြီးသည့်နောက်မှာပင် သူနှင့်အတူ ဂရုရှင်ကာ လိုက်ပါလာ လိမ့်မည်ဟု မှတ်ထင်နေဆဲ ဖြစ်သည်။ သူက သူ့ကိုယ်သူ သည်မျှ အထင်ကြီးသူ ဖြစ်သည်။ သူ ထွက်သွားသောအခါ မစ်တယာက တံခါးကို ဆောင့်ပိတ်လိုက်သည်။

"သော့ခတ်လိုက်ပါ"

ကာဂါနော့က ပြောလိုက်သည်။ သို့သော် ထိုစဉ်မှာပင် တဖက်မှ သော့ခတ်သံ ကြားရသည်။ ပိုလန် နှစ်ယောက်သည် သူတို့ဘာသူတို့ သော့ပိတ်ပြီး နေကြတော့သည်။

“ကောင်းတယ်၊ ကောင်းတယ်၊ အမှိုက်တွေ ရှင်းသွားတာပဲ” ဂရုရှင်ကာက မနှစ်မြို့စွာနှင့် ရွတ်ဆိုလိုက်သည်။

၈။ ကယောင်ချောက်ချား

သည့်နောက်တွင်ကား အထိန်းအကွပ်မရှိသော ပျော်ပွဲရွှင်ပွဲကြီးပင် ဖြစ်တော့သည်။ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲသော ပွဲတော်ကြီးတခုပင် ဖြစ်တော့သည်။ ရှုန်ပိန်ကို ပထမဆုံး တောင်းဆိုသူမှာ ဂရုရှင်ကာ ဖြစ်သည်။

"တို့ အရက်သောက်ချင်တယ်ဟေ့၊ အရင်တခါလို မူးအောင် သောက်ချင်တယ်။ မစ်တယာ မှတ်မိသလား၊ အရင်တခါတုန်းက ကျွန်မတို့နှစ်ယောက် ဒီမှာ တယောက်ကို တယောက် ဘယ်လောက် နားလည်ခင်မင်သွားကြသလဲဆိုတာ ..."

မစ်တယာသည် အထူးပင် မနေ့ဘဝင်တွေ့ကာ အကြည်လုံးကြီးဆိုက်လျက် ရှိတော့သည်။ သူ့အတွက် ပျော်ရွှင်ချမ်းမြေ့မှုသည် လက်တကမ်းအလိုတွင် ရောက်ရှိနေပြီဟု မှတ်ယူခံစားလျက် ရှိတော့သည်။ သို့ရာတွင် ဂရုရှင်ကာက သူ့ကို သူမ၏အပါးမှ အမြဲတစေလိုပင် ခွာထုတ်လျက်ရှိသည်။

"သွားပြီး ပျော်လိုက်စမ်းပါ၊ သူတို့က အကခိုင်းပါ၊ သူတို့အားလုံး ပျော်ကြစမ်းပါစေ၊ အရင်တခါက အတိုင်း"

သူမက အထပ်ထပ် ရွတ်ဆိုလျက်ရှိသည်။ သူမသည် အထူးပင် စိတ်လှုပ်ရှားလျက် ရှိသည်။ မစ်တယာသည် သူမ၏အမိန့်ကို နာခံရန် လျှင်မြန်စွာ ပြေးထွက်သွားသည်။ သံပြိုင်တေးဆိုမည့် မိန်းကလေးများသည် တဖက်ခန်းတွင် စုဝေးလျက်ရှိသည်။ ထိုအချိန်က သူတို့ ထိုင်လျက်ရှိသော အခန်းက သေးငယ်လှသည်။ အခန်းကို ကန့်လန့်ကာတခုဖြင့် နှစ်ပိုင်း ပိုင်းထားသည်။ ကန့်လန့်ကာ နောက်ဘက်တွင် မွေ့ရာအထူကြီး ခင်းပြီး ခေါင်းအုံးတွေ ဆင့်တင်ထားသော ခုတင်ကြီးတလုံး ရှိသည်။ ဆိုင်ရှိ အခန်းလေးခန်းစလုံးမှာပင် ခုတင်များ ရှိကြသည်။

မစ်တယာက ဂရုရှင်ကာအတွက် တံခါးပေါက်ဝတွင် လက်တင် ကုလားထိုင်တလုံး ချပေးသည်။ သူမက အရင်တကြိမ်တုန်းကလည်း ဤနေရာမှာပင် ထိုင်ပြီး ဆိုကြ ကကြသည်ကို ကြည့်ခဲ့သည်။ သံပြိုင်သီချင်း ဆိုမည့် မိန်းကလေးများသည်လည်း ယခင်တကြိမ်က လာရောက်ခဲ့ကြသည့် မိန်းကလေးများပင် ဖြစ်ကြသည်။ တယောနှင့် ဗျပ်စောင်း တီးခတ်မည့် ရဟူဒီ တီးဝိုင်းအဖွဲ့သည် လည်း ရောက်ရှိနေပြီ ဖြစ်သည်။ ထိုမျှမက လည်တမော့မော့နှင့်

အမွှော်လင့်ကြီး မျှော်လင့်နေခဲ့သော အရက်နှင့် စားနပ်ရိက္ခာ မြင်းရထားသည်လည်း ရောက်ရှိလာပြီ ဖြစ်သည်။

မစ်တယာ ပျားပန်းခပ်မျှ အလုပ်များနေသည်။ ရွာသူရွာသားများလည်း ပွဲကြည့်ရန် ရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့သည် အိပ်ပျော်နေကြပြီ ဖြစ်သည်။ သို့သော် လွန်ခဲ့သည့် တလလောက်က ကြုံတွေ့ခဲ့ရသော ပွဲတော်ကြီးကို ပြန်လည်ကြုံတွေ့ရမည် ဖြစ်သဖြင့် အိပ်ရာမှ ထလာကြခြင်း ဖြစ်သည်။

မစ်တယာက သူတို့၏ မျက်နှာများကို မှတ်မိနေသည်။ သူ သိသည့်သူများကို ဖက်လဲတကင်း ဆီးကြို နှုတ်ဆက်သည်။ သူက ပုလင်းများကို ဖောက်ပြီး လာရောက်သူများ အားလုံးကို ဝိုင်အရက်များဖြင့် တည်ခင်း ဧည့်ခံသည်။ သို့သော် မိန်းကလေးတွေကသာ ဝိုင်အရက်ကို မကြိုက်ကြသည်။ ယောကျ်ားတွေကမူ ရမ်၊ ဘရန်ဒီ စသော အရက်ပြင်းများကိုသာ ပိုမို နှစ်သက်ကြသည်။ မစ်တယာက မိန်းကလေးတွေကို ချောကလက်ပူပူများ ဖျော်ပြီး တိုက်စေသည်။ ထို့ပြင် လက်ဖက်ရည်ဖျော်ပြီး သောက်လိုသူများနှင့် အရက်ပူပူများကို ဖျော်စပ်ပြီး သောက်လိုသူများအတွက် ဆမိုဗာခေါ် ရေနွေးအိုးကြီး သုံးလုံးကို မီးမပြတ်ထည့်ကာ ဆူပွက်နေစေသည်။

အချုပ်ကိုပြောရလျှင် နောက်ပိုင်းတွင် ဖြစ်ပျက်သည်များမှာ အလွန်ပင် ထူးခြားဆန်းကြယ်ပြီး အထူးပင် ရှုပ်ထွေးပွေလီလျက် ရှိတော့သည်။ သို့သော် မစ်တယာအဖို့ကား ယင်းတို့သည် သဘာဝ အနေအထားသာ ဖြစ်တော့သည်။ ထူးခြားဆန်းကြယ်စွာ ရှုပ်ထွေး ပွေလီလာသည်နှင့်အမျှ သူ၏စိတ်ခံစားမှုများသည်လည်း လှုပ်ရှား မြင့်တက်လာတော့သည်။

အကယ်၍ ထိုအချိန်က တောင်သူလယ်သမား ရွာသားတယောက်က သူ့ထံတွင် ပိုက်ဆံ တောင်းခဲ့လျှင်လည်း သူသည် အိတ်ထဲမှ ငွေစက္ကူလိပ်ကြီးကို ထုတ်ပြီး ရေတွက်ခြင်း မရှိဘဲ ဘယ်တဆုပ်၊ ညာတဆုပ် ပေးပစ်မည်မှာ အမှန်ပင် ဖြစ်သည်။ ယင်းအတွက်လည်း ဆိုင်ရှင် အဘိုးကြီးသည် သူ့နောက်သို့ တကောက်ကောက်လိုက်ပြီး တချက်ကလေးမျှ မျက်ခြည်ပြတ်မခံဘဲ သူ့ကို အကာအကွယ်ပေးနေခြင်း ဖြစ်သည်။ အဘိုးကြီးသည် ထိုညအဖို့ အိပ်ရာဝင်ရေးကိစ္စကို စွန့်လွှတ်ထားပြီး ဖြစ်သည်။ သို့သော် သူက အရက်နည်းနည်းသာ သောက်သည်။ သူ အားလုံး သောက်သမျှမှာ အချို ရောစပ်ထားသော အရက်ပူပူတခွက်သာ ဖြစ်သည်။ သူက မစ်တယာ၏ အကျိုးစီးပွားများကို သူ့နည်းနှင့်သူ စောင့်ရှောက်ကာကွယ်လျက်ရှိသည်။ အခြေအနေအရ လိုအပ်သည်နှင့် တပြိုင်နက် သူသည် ရွာသားများကို ဆေးပြင်းလိပ်များနှင့် ဝိုင်အရက်များ မပေးရန် မစ်တယာကို ကြင်ကြင်နာနာ ကျို့ကျို့ယို့ယို့ဖြင့် တားမြစ်ပြောဆိုသည်။ အထူးသဖြင့် ယခင်တခါ ကလို

ရွာသားများကို ပိုက်ဆံတွေ ဝေမပေးပစ်စေရန် ဖြစ်သည်။ ထို့ပြင် ကောင်မကလေးတွေကို အချိုအချဉ်များနှင့် ယမကာများ သောက်သုံးစေသည်ကိုလည်း သူ နည်းနည်းမျှ သည်းမခံနိုင်။

"သူတို့က အလကား အောက်တန်းစားတွေပဲ လူကြီးမင်း၊ သူတို့ကို ခြေထောက်နဲ့ တယောက်ချင်း လိုက်ကန်ပြီး အဲဒါဟာ နင်တို့အနေနဲ့ ဂုဏ်ပြုခံရတာပဲလို့ ကျွန်တော် ပြောနိုင်တယ်၊ သူတို့အနေနဲ့ အဲဒါပဲ ထိုက်တန်တယ်"

မစ်တယာသည် အန္တရာယ်ကို သတိရသွားပြန်ပြီး ၎င်းထံသို့ အရက်ပို့ခိုင်းပြန်သည်။

"ကျုပ် သူ့ကို အနိုင်အထက် လုပ်မိတယ်၊ ကျုပ် သူ့ကို အနိုင်အထက် လုပ်မိတယ်" သူက လေသံတိုးတိုး တုန်တုန်ဖြင့် ထပ်တလဲလဲ ပြောသည်။

ကာဂါနော့သည် ပထမတွင် အရက်ကိုလည်း သိပ်မသောက်ချင်ပါ။ ကောင်မကလေးတွေ သီချင်း ဆိုသည်ကိုလည်း သိပ်ပြီး သဘောမကျပါ။ သို့သော် ရှန်ပိန် နှစ်ခွက်လောက် သောက်မိသော အခါတွင်ကား မြူးမြူးသွက်သွက် ဖြစ်လာတော့သည်။ အခန်းတွေထဲတွင် လျှောက်သွားနေပြီး ရယ်ကာမောကာဖြင့် လူတိုင်းလိုနှင့် အားလုံးကိုပင် ချီးမွမ်းလျက် ရှိတော့သည်။ အဆိုရော၊ အတီးရောကို ချီးမွမ်းနေတော့သည်။ မက်ဇီမော့လည်း စိတ်ပျော် လက်ပျော် သောက်ပြီး သူ့အပါးမှ တဖဝါးမှ မခွာဘဲ ရှိနေသည်။ ဂရုရှင်ကာလည်း မူးနေပြီ ဖြစ်သည်။ သူမက ကာဂါနော့ကို လက်ညှိုးထိုးပြီး မစ်တယာကို ပြောသည်။

"အတော် သဘောကျစရာ ချစ်စရာကောင်းတဲ့ ကောင်ကလေးပဲ"

ထိုအခါ မစ်တယာသည် အားရဝမ်းသာစွာပင် ပြေးသွားပြီး ကာဂါနော့နှင့် မက်ဇီမော့တို့ကို နမ်းရှုပ်သည်။

ယခုအခါတွင် သူသည် ရောမ အခွင့်အရေးကြီးများကို မျှော်လင့်လျက် ရှိတော့သည်။ သို့သော် ယခုအထိတော့ သူ၏ မျှော်လင့်ချက်ကို အထောက်အကူ ဖြစ်စေမည့် စကားကို သူမက ဘာတခွန်းမျှ မပြောကြားသေးပေ။ သူမက တမင်တကာပင် မပြောသေးဘဲ ထိန်းချုပ်ထားနေဟန်ရှိသည်။ သူမက သူ့ကို မကြာမကြာ ဆိုသလိုပင် ကြင်နာ ရွှန်းလဲ့သော မျက်လုံးကြီးများဖြင့် ကြည့်လျက်ရှိသည်။ နောက်ဆုံးတွင်မူ သူမက သူ့လက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီး သူမအနီးသို့ သူ့ကို တအား ဆွဲယူလိုက်သည်။ ထိုအချိန်က သူမသည် တံခါးအနီးရှိ လက်တင်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ရှိသည်။

"ရှင် ဝင်လာတုန်းက ရှင် ဘယ်လိုလူမျိုးပဲဆိုတာ ရှင်သိသလား၊ ရှင်

ဘယ်လိုလုပ်ပြီး ဝင်လာသလဲ သိလား၊ ရှင်လုပ်တာ ကျွန်မ အတော့်ကို လန့်သွားတယ်။ ရှင်က ဘာဖြစ်လို့ ကျွန်မကို သူ့လက်ထဲကို အပ်ချင်ရတာလဲ၊ ရှင် တကယ်ပဲ ပေးလိုက်ချင်လို့လား ...”

“မင်းရဲ့ပျော်ရွှင်ချမ်းမြေ့မှုကို ကိုယ် မဖျက်ဆီးချင်ဘူး”

သူက ပျော်ရွှင်ကြည်နူးစွာဖြင့် ဗလုံးဗထွေး ပြောလိုက်သည်။ သို့သော် သူ့အဖြေကို သူမ မလိုပါ။

“အင်း အင်း သွားတော့၊ ရှင့်ဘာရှင် ပျော်ပြီး နေပေတော့”

သူမက သူ့ကို သူမ၏ အနီးမှ နောက်တကြိမ် ထွက်ခွာစေပြန်တော့သည်။

“ရှင် ငိုမနေနဲ့၊ ရှင့်ကို ကျွန်မ ပြန်ခေါ်ဦးမယ်”

ထိုအခါ သူ ပြေးထွက်သွားပြန်သည်။ သူမက သီချင်းသံများကို နားထောင်ရင်း အကများကို ကြည့်ရှုရင်းဖြင့် သူ ရောက်ရှိသည့် နေရာတိုင်းကို သူမ၏မျက်လုံးကြီးများဖြင့် လိုက်ပြီး ကြည့်နေသည်။ တဆယ့်ငါးမိနစ်ခန့် ကြာသောအခါ သူမက သူ့ကို ပြန်ပြီး ခေါ်သည်။ သူကလည်း သူမထံသို့ ပြေးသွားပြန်တော့သည်။

“ကျွန်မဘေးမှာ ထိုင်ပါဦး၊ ကျွန်မ မနေ့က ဒီကိုသွားတယ်ဆိုတဲ့ သတင်းကို ရှင် ဘယ်ကကြားတယ် ဆိုတာကို ပြောစမ်းပါဦး၊ ရှင့်ကို ဘယ်သူက အရင်ဆုံးပြောတာလဲ”

ထိုအခါ မစ်တယာသည် ဇာတ်လမ်းစုံကို ပြောပြသည်။ တောင်တပေါက် မြောက်တပေါက် ရှုပ်ထွေး ပွေလီစွာနှင့် ဖြစ်သည်။ စိတ်လှုပ်ရှား တက်ကြွစွာနှင့် ဖြစ်သည်။ ထို့ပြင် ထူးဆန်းစွာဖြင့်လည်း ဖြစ်သည်။ မကြာခဏဆိုသလို သူသည် ရုတ်တရက်ကြီး မျက်မှောင်ကုတ်လိုက်ပြီး စကားကို ဆတ်ခနဲ ရပ်ပစ်လိုက်တတ်သည်။

“ရှင် ဘာကို မျက်မှောင်ကုတ်နေတာလဲ” သူမက မေးသည်။

“အို ဘာမှ မဟုတ်ပါဘူး၊ လူမမာတယောက်ကို ကိုယ် ဟိုမှာ ထားခဲ့တယ်”

“အို သူ့အတွက် ဘာမှ ပူမနေပါနဲ့၊ မနက်ဖြန်ကျရင် ရှင့်ကိုယ်ရှင် တကယ် ပစ်သတ်မလို့လား၊ ရှင် လူဆိုးပဲ၊ ဘာကိစ္စ ဒီလိုလုပ်ရမှာလဲ၊ ရှင့်လို ပရမ်းပတာ လုပ်တတ်တဲ့ လူမျိုးတွေကို ကျွန်မ ချစ်တယ်” သူမက ယင်းစကားလုံးများကို ကြိုးစားပြီး ပြောရဟန်ဖြင့် ရွှတ်ဆိုလိုက်သည်။ “အဲဒီတော့ ရှင် ကျွန်မအတွက် ဘာမဆို လုပ်ပေးမယ်ပေါ့ ဟုတ်လား၊ မနက်ဖြန်ကျရင် ရှင့်ကိုယ်ရှင် တကယ်ပဲ

ပစ်သတ်တော့မှာလား၊ ရှင် အရူးလား ... မဟုတ်သေးဘူး၊ ရှင် အဲဒီလို မလုပ်ရဘူး၊ မနက်ဖြန်ကျရင် ရှင့်ကို ကျွန်မ ပြောစရာတခု ရှိနိုင်တယ်၊ ကနေ့မဟုတ်ဘူး၊ မနက်ဖြန်ကျမှ .. ရှင်က ကနေ့ ပြောစေချင်သလား၊ ဟင့်အင်း .. ကျွန်မ ကနေ့ မပြောချင်ဘူး၊ အင်း အင်း.... သွားတော့၊ အခု သွားတော့၊ ရှင့်ဘာရှင် ပျော်ပျော်နေချေတော့"

သို့ရာတွင် သူမက သူ့ကို နောက်တကြိမ် ပြန်ခေါ်သည်။ သူမကို ကြည့်ရသည်မှာ ဇဝေဇဝါ စနိုးစနောင့် ဖြစ်ဟန်ရှိသည်။

"ရှင် ဘာတွေ ဝမ်းနည်းနေတာလဲ၊ ရှင် ဝမ်းနည်းနေတယ်ဆိုတာ ကျွန်မ သိပါတယ် ကျွန်မ သိပါတယ်" သူမက သူ့မျက်လုံးများကို စူးစိုက်ကာ ကြည့်ရင်း မေးသည်။ "ရှင့်အနေနဲ့ ရွာသားတွေကို နမ်းချင် နမ်းနေမယ်၊ ဒါမှမဟုတ် အော်ချင် အော်နေမယ်၊ ဒါပေမဲ့ တခုခု ဖြစ်နေတယ်ဆိုတာကို ကျွန်မ သိတယ်၊ အို .... သွားတော့၊ ရှင့်ဘာသာရှင် ပျော်ပျော်နေချေတော့၊ ကျွန်မလည်း ကျွန်မဘာသာ ပျော်ပျော်နေမယ်၊ ကျွန်မဘာသာ ပျော်ပျော်နေမယ်၊ ဒါပေမဲ့ ဒီမှာရှိနေတဲ့ လူတယောက်ကို ကျွန်မ ချစ်နေတယ်၊ သူ ဘယ်သူဖြစ်မယ် ထင်သလဲ၊ စဉ်းစားကြည့်စမ်း၊ ဟို ဟိုမှာ ကြည့်စမ်း၊ ကျွန်မ ချာတိတ်ကလေး အိပ်ပျော်နေလိုက်တာ၊ ကောင်ကလေး မူးနေပြီ"

သူမက ကာဂါနော့ကို ရည်ညွှန်းပြီး ပြောလိုက်ခြင်း ဖြစ်သည်။ အမှန်ပင် ဖြစ်သည်။ လူရွယ်ကလေး မူးပြီး ဆိုဖာပေါ်တွင် ထိုင်လျက်သား အိပ်ပျော်လျက်ရှိသည်။ သူသည် ရုတ်ခြည်းဆိုသလို တစုံတရာ အတွက် ကြေကွဲ ဝမ်းနည်းသွားဟန်ရှိသည်။ သို့မဟုတ် သူ ပြောလေ့ရှိသည့်အတိုင်း "ငြီးငွေ့ ငြီးစီ" သွားပုံရသည်။ သူက နောက်ပိုင်းတွင် ရွာထဲက ကောင်မလေးတွေ၏ သီချင်းများကို အများကြီးပင် စိတ်ပျက်သွားဟန်ရှိသည်။ မူးလာသည်နှင့်အမျှ သူတို့သီချင်းတွေက ကြမ်းတမ်းပြီး ပေါက်ကရတွေ ဖြစ်လာကြသည်။

သူတို့၏ အကများကလည်း သည်အတိုင်းပင် ဖြစ်သည်။ ကောင်မလေး နှစ်ယောက်က ဝက်ဝံရေကို ဝတ်ပြီးထွက်လာကြသည်။ စတီပင်နီဒါဆိုသော ကောင်မကလေးက တုတ်တချောင်းဖြင့် ဝက်ဝံထိန်း လုပ်သည်။ ထို့နောက် သူတို့သည် ဆပ်ကပ်ပွဲ ကကြတော့သည်။

"မာရီယာ မာရီယာ၊ ခြေထောက် လှုပ်လိုက်စမ်း၊ ဘာလဲ ... တုတ်စာမိသွားချင်သလား" သူမက အမိန့်ပေးလိုက်သည်။

နောက်ဆုံးတွင် ဝက်ဝံမကလေးနှစ်ယောက် ကြမ်းပြင်ပေါ်တွင် လူးလိမ့်ကြသည်။ ကြည့်မြင်၍ မတင့်တယ်ဖွယ်ရာပင် ဖြစ်သည်။ ပွတ်သိပ်စွာ ကြည့်နေသော ပရိသတ်ကြီး ကျယ်လောင်စွာ ရယ်မောကြသည်။

ယောက်ျားတွေရော၊ မိန်းမတွေရော ဖြစ်သည်။

"အို ရယ်ကြပါစေ၊ ရယ်ကြစမ်းပါစေ" ဂရုရှင်ကာက အားရကျေနပ်နေသော အမူအရာဖြင့် ပြောသည်။ "သူတို့အနေနဲ့ ပျော်ရတုန်းမှာ ပျော်ကြရတာ၊ ဘာဖြစ်လို့ မပျော်ကြရမှာလဲ"

သို့သော် ကာဂါနော့မှာမူ သူ့ကိုယ်တွင် ပေရေညစ်ပတ်သွားရသည့်အလား ဖြစ်သည်။

ညစ်ညမ်းတယ်၊ ညစ်ညမ်းတယ်၊ တကယ့် တောပွဲကြီးပဲ"

သူ တဖက်သို့ ထွက်သွားရင်း မှတ်ချက်ချသည်။

"ဒီလိုပွဲက နွေဦးညတွေမှာ သူတို့ တညလုံး ပျော်ကြတဲ့ ပွဲမျိုးပဲ"

ထိုမျှမကသေးပါ၊ သူတို့အနေနှင့် အားရပါးရကြီး ကခုန်ပြီး သီဆိုသော 'သီချင်းသစ်' ကို သူ အထူးပင် သဘောမကျပါ။ သီချင်းကတော့ ဂုဏ်သရေရှိ လူကြီးမင်းတဦးက ကျေးလက် တောသူကလေးတွေ ကို လာရောက် ပိုးပန်းသည့်အကြောင်း ဖြစ်သည်။

လူကြီးမင်းက မိန်းကလေးတွေကို မေးတယ်

နင် ငါ့ကို ချစ်သလား မချစ်ဘူးလား

သို့သော် မိန်းကလေးတွေက ဂုဏ်သရေရှိ လူကြီးမင်းကို မချစ်ကြပါ။

လူကြီးမင်းက ငါတို့ကို အညိုအမည်းစွဲအောင် ရိုက်လိမ့်မယ်

ငါဟာ ဘယ်တော့မှ သူ့ရဲ့ ချစ်သူအစစ် ဖြစ်မှာမဟုတ်ဘူး

ထို့နောက် ဂျစ်ပဆီတယောက် ရောက်လာပြီး မိန်းကလေးတွေကို မေးပြန်သည်။

ဂျစ်ပဆီ ယောက်ျားက မိန်းကလေးတွေကို မေးတယ်

နင် ငါ့ကို ချစ်သလား မချစ်ဘူးလား

သူတို့ ဂျစ်ပဆီ ယောက်ျားကိုလည်း မချစ်ကြပါ၊ အကြောင်းကတော့ ...

ဂျစ်ပဆီဆိုတဲ့သူက သူခိုး တယောက်ဖြစ်မှာ သေချာတယ်

ငါ့ဘဝတလျှောက်လုံး မျက်ရည်နဲ့မျက်ခွက် ဖြစ်ရမယ်

ထို့နောက် လူအမျိုးမျိုးတွေ လာကြသည်။ ထိုအထဲတွင် စစ်သားတယောက်လည်း ပါရှိသည်။

စစ်သားကလေးက မိန်းကလေးတွေကို မေးတယ်

နင် ငါ့ကို ချစ်သလား မချစ်ဘူးလား

သို့သော် စစ်သားကလေးကိုလည်း ငြင်းပယ်လိုက်သည်။ မည်သို့မျှ ရေးသားဖော်ပြရန် မသင့်သော တကြောင်း နှစ်ကြောင်းဖြင့် ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း ကွင်းကွင်းကွက်ကွက် နိုင်လွန်းသဖြင့် ပရိသတ်ကြီး တသောသော တဝေါဝေါ ဖြစ်သွားသည်။ နောက်ဆုံးတွင် ကုန်သည်တဦး ရောက်ရှိလာ သည်။

ကုန်သည်ကြီးက မိန်းကလေးတွေကို မေးတယ်

နင် ငါ့ကို ချစ်သလား မချစ်ဘူးလား

ကုန်သည်ကြီး၏ အချစ်ကို သူတို့ လက်ခံလိုက်ကြသည်။ အကြောင်းမှာ ..

ကုန်သည်ကြီးက ငါ့ကို ရွှေဆင်လိမ့်မယ်

အဲဒီတော့ ငါက သူ့မယားဖြစ်ရမယ်

ကာဂါနော့ အကြီးအကျယ် ဒေါပွသွားသည်။

"ခေတ်ဟောင်း တေးတပုဒ်ပဲ၊ ဒီတေးကို ဘယ်သူကများ စပ်သလဲ မသိဘူး။ ဒီ အတိုင်းသာဆိုရင် ရဟူဒီ တယောက်ယောက်ဖြစ်ဖြစ်၊ မီးရထားဘက်က လူတယောက် ဖြစ်ဖြစ် ကောင်မလေးတွေကို လာချိတ်ရင် အကုန်ပါသွားမှာ သေချာတယ်"

သို့ဖြင့် သူသည် သိသိသာသာကြီးပင် မကျေမနပ်ဖြစ်ပြီး ပျင်းရိငြီးငွေ့သည်ဟု ဆိုကာ ဆိုဖာပေါ်တွင် ထိုင်ချလိုက်ရာ တခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

"ကြည့်စမ်း၊ သူ ဘယ်လောက်လှသလဲ" ဟု ဂရုရှင်ကာက ပြောလိုက်ပြီး မစ်တယာကို ကာဂါနော့ထံ ဆွဲခေါ်သွားသည်။ "ရှင် မလာခင်တုန်းက သူ့ဆံပင်ကို ကျွန်မ ဖြီးပေးခဲ့တယ်၊ သူ့ဆံပင်က ရွှေဝါရောင် တောက်ပြီး ဆံပင်ကလည်း သိပ်ကောင်းတာပဲ ..."

ထို့နောက် သူမက သူ့အပေါ်တွင် အသာအယာ ကုန်းငုံ့ပြီး သူ၏နဖူးကိုနမ်းလိုက်သည်။ ကာဂါနော့က တမုဟုတ်ချင်းမှာပင် မျက်လုံးများ

ပြန်ဖွင့်ကြည့်သည်။ သူမကို ကြည့်လိုက်ပြီးနောက် ထထိုင်လိုက် သည်။ ထို့နောက် အင်မတန် စိုးရိမ်သော အမူအရာဖြင့် မက်ဇီမော့ ဘယ်မှာလဲဟု မေးလိုက်သည်။ ”လက်စသတ်တော့ မင်းလိုချင်တာက သူကိုး” ဂရုရှင်ကာ ရယ်မောကာပြောလိုက်သည်။ “အဲဒါဆိုရင် ကိုယ်နဲ့ ခဏကလေး ထိုင်နေပါ၊ မစ်တယာ ... မက်ဇီမော့ကို သွားခေါ်ခဲ့ပါ”

မက်ဇီမော့သည် ကောင်မကလေးတွေအနီးမှ မခွာနိုင်ဘဲ ရှိနေသည်။ သူက အရက် ထပ်ထည့်ရန် အတွက်သာ သူတို့အနီးမှ ခဏကလေး ခွာသည်။ သူက ချော့ကလက်နှစ်ခွက် သောက်ပြီးပြီ ဖြစ်သည်။ သူ့မျက်နှာ နီရဲနေသည်။ သူ့နှာခေါင်းက ပြာနှမ်းလျက်ရှိသည်။ သူက သူတို့ထံသို့ ပြေးလာပြီး သူ့အနေနှင့် ‘ခြေက’ ကမည်ဖြစ်ကြောင်း ကြေညာသည်။

“ကျုပ်က ငယ်ငယ်ကလေးကတည်းက အက ကောင်းတာတွေ အကုန်လုံးကို က တတ်ခဲ့တယ်”

“မစ်တယာ၊ သူ က တာကို လိုက်ကြည့်လိုက်ပါ။ ကျွန်မကတော့ ဒီနေရာကပဲ ကြည့်တော့မယ်”

“ကျွန်တော်လည်း လိုက်ကြည့်မယ်”

ကာဂါနော့က ဂရုရှင်ကာ အနီးတွင် ထိုင်နေရသည်ကို ငြင်းပယ်သည့်အနေဖြင့် ပြောလိုက်သည်။ သို့ဖြင့် သူတို့အားလုံး လိုက်ပြီး ကြည့်ကြသည်။ မက်ဇီမော့က သူပြောသည့်အတိုင်းပင် ကသည်။ သို့သော် မစ်တယာမှတပါး သူ၏အကကို မည်သူကမျှ စိတ်ဝင်စားပုံမပြပါ။ သူ၏အက က တနေရာတည်းတွင် ခုန်လိုက်ပေါက်လိုက် လုပ်နေခြင်းပင် ဖြစ်သည်။ သူ ကခုန်လိုက်တိုင်း ခြေထောက် နှစ်ချောင်းကို နောက်သို့ပစ်ပြီး ခြေဖဝါး နှစ်ဖက်ကို ပုတ်ရိုက်သည်။

ကာဂါနော့က ဤအကကို နည်းနည်းမျှ သဘောမကျပါ။ သို့သော် မစ်တယာကမူ ကြိုက်လွန်းလှ သဖြင့် အဘိုးကြီးကို နမ်းရှုပ်ဂုဏ်ပြုသည်။

“ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ အဘ မောနေပြီလား၊ အဘ ဘာရှာနေသလဲ၊ အချိုလား၊ ဆေးပြင်းလိပ်လား”

“စီးကရက်ပါ ခင်ဗျာ”

“ဘာသောက်ဦးမလဲ”

“အပြင်းတခွက် သောက်မယ်၊ ချောကလက်ရော ရှိသေးသလား”

“စားပွဲပေါ်မှာ တပုံကြီးပဲ၊ ကြိုက်တာရွေးပြီး သုံးဆောင်ပေတော့ အဘိုးကြီး”

“ဗင်နီလာ ချော့ကလက် ဆိုရင် ကောင်းမယ်၊ အဲဒါက အဘိုးကြီးတွေ အတွက်ပဲ၊ ဟဲ ဟဲ”

“အဲဒါမျိုးတော့ မရှိဘူး”

“ဒီမယ် ...” အဘိုးကြီးက မစ်တယာ အနားသို့ ကုန်းငုံ့လိုက်ပြီး “ဟိုကောင်မကလေး ... မာရီယာ ... ဟီ ဟီ ဟီ ... သူ့ကို ကျုပ်နဲ့ မိတ်ဆက်မပေးနိုင်ဘူးလား”

“လက်စသတ်တော့ ခင်ဗျား လိုချင်တာက အဲဒါလား၊ ဝမ်းနည်းပါတယ် အဘိုးကြီး၊ အဲဒါတော့ မရနိုင်ဘူး”

“အို ကျုပ် ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးပါဘူး”

အဘိုးကြီး စိတ်ပျက်စွာဖြင့် တီးတိုးပြောလိုက်သည်။

“ဟုတ်ပါပြီ၊ ကောင်းပါပြီ၊ သူတို့ ဒီကို လာကြတာ သီချင်းဆိုဖို့နဲ့ ကဖြို့ သက်သက်ပဲ အဘိုးကြီး၊ အို ဒါပေမဲ့ စီစဉ်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ခဏတော့ စောင့်ပါဦး၊ လောလောဆယ်မှာတော့ စားပါ၊ သောက်ပါ၊ ပျော်ပါ၊ ပိုက်ဆံရော လိုဦးမလား”

“နောက်မှပေါ့ ခင်ဗျာ၊ လိုကောင်း လိုမယ်ပေါ့”

အဘိုးကြီး ပြုံးလိုက်သည်။

“ဟုတ်ပြီ၊ ဟုတ်ပြီ”

မစ်တယာ၏ခေါင်းသည် ပူလောင်လျက်ရှိသည်။ သို့ဖြင့် သူသည် ခြံဝင်းအတွင်းဘက်ရှိ လသာဆောင် သို့ ထွက်သွားသည်။ လေကောင်းလေသန့်ကို ရှူရှိုက်ရသောအခါ သူ ပြန်လည် လန်းဆန်းလာသည်။ သူသည် လသာဆောင်ထောင့် အမှောင်ထဲတွင် တယောက်တည်း ရပ်နေရာမှ သူ၏ခေါင်းကို လက်နှစ်ဖက်ဖြင့် ရုတ်တရက် ဆုပ်ကိုင်လိုက်မိသည်။

ပြန့်ကျဲနေသော သူ၏အတွေးအားလုံးမှာ ပေါင်းစည်းမိသွားကြသည်။ သူ၏ခံစားမှုများ ရောယှက် သွားကြသည်။ သူ၏စိတ်အစဉ်တွင် အလင်းရောင်တခု ရုတ်တရက် ပြိုးပြက်လာသည်။ ထိတ်လန့်ဖွယ်ရာနှင့် ကြောက်စရာကောင်းသော အလင်းတခုပင် ဖြစ်သည်။

"ငါ့ကိုယ်ငါ ပစ်သတ်မယ်ဆိုရင် အခုချက်ချင်းပဲ မကောင်းဘူးလား" သူ တွေးလိုက်မိသည်။ "သေနတ်ကို သွားယူပြီး ... ဒီကိုယူလာပြီး ဒီနေရာမှာပဲ၊ ဒီအမှောင်ထဲမှာပဲ၊ ဒီ ချောင်ကလေးမှာပဲ အားလုံးကို နိဂုံးချုပ်လိုက်ရင် မကောင်းဘူးလား"

သူသည် တစ်မိနစ်နီးပါးမျှ ငြိမ်သက်စွာ ရပ်နေသည်။ သူ့စိတ်ကို မဆုံးဖြတ်နိုင်ဘဲ ရှိနေသည်။ မျှားမကြာမီ စောစောကလေးက သည်ကို မလာမီက သူသည် နောက်ဘက်တွင် ရှက်ဖွယ် အမှုတခု ကိုလည်း ချန်ထားခဲ့သည်။ သူတပါးပိုက်ဆံကို အလွဲသုံးစား လုပ်ထားမှု ဖြစ်သည်၊ ခိုးမှုပင် ဖြစ်သည်။ ထို့နောက် သွေးတွေ ... ထိုသွေးတွေ ... သို့သော် .. ထိုစဉ်ကမူ သူ့အဖို့ လွယ်ကူသည်။ ခုတော့ အရာရာသည် ဆုံးခန်းတိုင်ခဲ့ပြီ ဖြစ်သည်။ သူမကို သူ ဆုံးရှုံးခဲ့ပြီဖြစ်သည်။ သူမကို သူ လက်လျှော့ခဲ့ပြီ ဖြစ်သည်။ သူမက တခြားလူထံသို့ သွားရောက်ခဲ့ပြီ ဖြစ်သည်။ သည်တော့ သူ့အဖို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့က လွယ်ကူလှသည်။ ဤသို့ပြုလုပ်ခြင်းသည် လိုအပ်သော ကိစ္စတခုပင် ဖြစ်နေသည်။ မလွှဲမရှောင်သာသော ကိစ္စတခုပင် ဖြစ်နေသည်။ သူသည် ဤလောကကြီးမှာ မည်သည့်အတွက် အသက်ရှင်နေရဦးမည်နည်း။

သို့သော် ယခုမူကား အခြေအနေများသည် ထိုစဉ်အတိုင်း မဟုတ်ပါပေ။

ယခုအခါတွင် ကြောက်မက်ဖွယ်ရာကောင်းသော မကောင်းဆိုးဝါးကောင်သည် ပျောက်ကွယ်သွား ချေပြီ ဖြစ်သည်။ ဂရုရှင်ကာ၏ "ချစ်ဦးသူနှင့် ပိုင်ဆိုင်သူ" သည် သူမ၏ဘဝတွင် အရေးပါသော အခန်းတွင် ပါဝင်နေခဲ့ရာမှ ပျောက်ကွယ်သွားချေပြီ။ ကြောက်မက်ဖွယ်ရာ ကောင်းသော မကောင်းဆိုးရွား ကောင်ကြီးသည် ယခုအခါ အင်မတန် သေးငယ်သော မြူမှုန်ကလေး တမှုန် ဖြစ်သွားချေပြီ။ ၎င်းကို အိပ်ခန်းထဲသို့ ခေါ်ဆောင်သွားပြီး သော့ခတ်ထားလိုက်ပြီ ဖြစ်သည်။ မည်သည့်အခါမျှ ပြန်လာတော့မည် မဟုတ်ပါ။ သူမက အရှက်ကြီး ရှက်နေပြီ ဖြစ်သည်။

ယခုအခါတွင် သူမ ချစ်နေသူသည် မည်သူဖြစ်ကြောင်းကို သူမ၏ မျက်လုံးများတွင် သူ ကောင်းစွာ တွေ့မြင်နေရပြီ ဖြစ်သည်။ ယခုအချိန်က သူ့အဖို့ ဤလောကကြီးတွင် ဆက်ပြီး အသက်ရှင် နေထိုင်သွားရမည့်အချိန် ဖြစ်သည်။ သို့သော် သူ့အနေနှင့် မနေနိုင်ပါ။ နေ၍ မဖြစ်နိုင်ပါ။ အို .... သေလိုက်ပါတော့။

"အို .. ဘုရားသခင်၊ ခြံစည်းရိုးအနီးမှာ ကျွန်တော် ရိုက်ပစ်ခဲ့တဲ့လူကို အသက်ရှင်အောင် ကယ်မတော်မူပါ။ ဤအဖြစ်ဆိုးကြီး ကျွန်ုပ်မှ ဝေးကွာပါစေသား၊ အို ဘုရားသခင်၊ အရှင်ဘုရားသည် ကျွန်တော်မျိုးကဲ့သို့သော ဒုစရိုက်ကောင်များအတွက် တန်ခိုးဣဒ္ဓိပါဒ်တို့ကို ဆောင်ကြဉ်းတတ်ပါ သည်။

အဲသည် အဘိုးကြီးသာ မသေမပျောက်ဘဲ အသက်ရှင်ခဲ့လျှင် ကျွန်တော်မျိုးသည် အခြားသော ရုက်ဖွယ်အဖြစ်တခုကို ချေဖျောက်ပစ်နိုင်ပါသည်။ ခိုးယူထားသော ပိုက်ဆံများကို ပြန်ပေးလိုက် ပါမည်။ ကျွန်တော်မျိုး ပြန်ပေးလိုက်ပါမည်။ ထိုပိုက်ဆံကို မရ ရသည့်နည်းဖြင့် ကျွန်တော်မျိုး ရှာပေးပါမည်။ ယင်းရုက်ဖွယ်အဖြစ်သည် ကျွန်တော်မျိုး၏ အသည်းထဲတွင်မှတပါး အခြား မကျန်ရစ်စေခဲ့ပါ။ အို ဒါပေမဲ့ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်တဲ့ အိပ်မက်တခုပဲ၊ အို .. သေလိုက်ပါတော့”

သို့သော် မှောင်မိုက်ထဲမှာပင် အလင်းရောင် လဲ့လဲ့ကလေးက ရှိနေပါသည်။ သူမထံသို့ သူ ပြန်ပြေးသွားသည်။ သူမထံသို့ နောက်တကြိမ် ပြန်တွေ့ရန်၊ သူ၏ ထာဝရ ဘုရင်မကလေးထံသို့ ဖြစ်သည်။

“သူ့ဆီက တဒင်္ဂ တခဏကလေး အချစ်ဟာ ငါ့ဘဝ ဒုက္ခကြီးတခုလုံးနဲ့ မထိုက်တန်ဘူးလား”

သူ့ရင်ထဲတွင် ထိုအတွေးက ဖိစီးလာတော့သည်။

“သူပဲ၊ သူတယောက်တည်းပဲ၊ သူ့ကို မြင်ရဖို့ပဲ၊ သူ့စကားကို ကြားရဖို့ တခြား ဘာကိုမှ တွေးနေစရာ မလိုဘူး၊ အားလုံး မေ့ပစ်လိုက်ရုံပါပဲ၊ ဒီတညကလေးအတွက်ပဲ၊ တစ်နာရီကလေးအတွက်၊ တစ်မိနစ်ကလေးအတွက်ပဲ”

စကြံလမ်းထိပ်သို့ ရောက်သောအခါ ဆိုင်ရှင် ထရီဖွန်ဗိုရိုဆိုဗစ်ကို သူ တွေ့လိုက်ရသည်။ ထရီဖွန်၏ မျက်နှာက တစုံတခုကို စိုးရိမ်သောက ရောက်နေဟန်ရှိသည်။ သူ့ကို လိုက်လံရှာဖွေနေခြင်း ဖြစ်နိုင်သည်။

“ဘာဖြစ်လို့လဲ ထရီဖွန်၊ ကျုပ်ကို လိုက်ရှာနေတာလား”

“မဟုတ်ပါဘူး ခင်ဗျား၊ လူကြီးမင်းကို ရှာနေတာ မဟုတ်ပါဘူး” ထရီဖွန် အံ့အား သင့်သွားဟန် ရှိသည်။ “ကျွန်တော် ဘာဖြစ်လို့ လူကြီးမင်းကို လိုက်ရှာနေရမှာလဲ၊ ဒါနဲ့ လူကြီးမင်းက ဘယ်သွားနေတာပါလဲခင်ဗျာ”

“ခင်ဗျား ဘာဖြစ်လို့ မှုန်တုန်တုန်ကြီး ဖြစ်နေရတာလဲ၊ ဘာတွေ မကျေမနပ် ဖြစ်နေလို့လဲ၊ ခဏနေဦး၊ အခုပဲ ခင်ဗျား အိပ်ရာဝင်ရတော့မှာပဲ၊ ဘယ်နှစ်နာရီ ရှိပြီလဲ”

“သုံးနာရီလောက် ရှိပြီ၊ သုံးနာရီ ထိုးပြီးပြီလို့ ကျွန်တော် ထင်တယ်”

“ကျုပ်တို့ အခုပဲ ပြီးတော့မှာပဲ၊ အခုပဲ”

“အို ဘုရားသခင်၊ အဲဒီအတွက် ဘာမှ အရေးမကြီးပါဘူး၊ ကျွန်တော်

ဘယ်လိုမှ သဘောမထားပါဘူး၊ လူကြီးမင်း ကြိုက်သလောက် နေနိုင်ပါတယ်”

“သူ ဘာဖြစ်နေသလဲ မသိဘူး” ဟု မစ်တယာ စဉ်းစားရင်း မိန်ကလေးတွေနေသော အခန်းထဲသို့ အပြေးကလေး ဝင်ရောက်သွားသည်။

သို့ရာတွင် သူမက ထိုအခန်းထဲတွင် မရှိပါ။ ဆိုဖာပေါ်တွင် အိပ်ပျော်နေသော ကာဂါနေ့ဘသာ ရှိပါသည်။ သို့ဖြစ် မစ်တယာက ကန့်လန့်ကာ၏ နောက်ဘက်သို့ ကြည့်လိုက်သည်။ သူမ ထိုနေရာတွင် ရှိနေပါသည်။ အခန်းထောင့်ရှိ သေတ္တာကြီးတလုံးပေါ်တွင် ထိုင်ပြီး အိပ်ရာပေါ်သို့ လက်နှစ်ဖက်နှင့် ခေါင်းကို ငုံ့တင်ကာ အသံမထွက်အောင် ကျိတ်ပြီး ငိုနေသည်။

အမျိုးသမီးသည် မစ်တယာကို တွေ့မြင်သောအခါ သူမထံသို့ လာရန် လက်ရိပ် ပြလိုက်သည်။ သူမထံသို့ မစ်တယာ အပြေးကလေး ရောက်ရှိသွားသောအခါ သူမက သူ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

“မစ်တယာ ... မစ်တယာ၊ ကျွန်မ သူ့ကို ချစ်ခဲ့တယ်” သူမက တိုးတိုးကလေး ပြောလိုက်သည်။ “ကျွန်မ သူ့ကို သိပ်ပြီးမှကို ချစ်ခဲ့တယ်။ ငါးနှစ်လုံးလုံးပဲ၊ အဲဒီလောက်ကာလ တခုလုံးပဲ၊ ဒါပေမဲ့ အဲဒါ ကျွန်မ သူ့ကို ချစ်ခဲ့တာက ကျွန်မရဲ့ဒေါသတွေကိုပဲလား ... မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ့ကို ချစ်ခဲ့တာပဲ၊ ကျွန်မရဲ့ဒေါသတွေကို ချစ်ခဲ့တယ်ဆိုတာ မဟုတ်ဘူး၊ သူ့ကို မချစ်ဘူးဆိုတာ မဟုတ်ဘူး၊ အဲဒီတုန်းက ကျွန်မအသက် တဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ် မစ်တယာ၊ အဲဒီတုန်းက သူက ကျွန်မအပေါ်မှာ သိပ်ကောင်းခဲ့တယ်၊ သိပ်ပျော်ရတယ်၊ သူက ကျွန်မကို သီချင်းတွေ ဆိုပြခဲ့တယ်၊ ဒါမှမဟုတ် ကျွန်မ အမိုက်မကလေး စိတ်ထဲမှာ ဒီလိုပဲ ထင်ခဲ့တယ်၊ အို ဘုရားသခင်၊ အခုကျတော့ သူဟာ အလျင်ကသူ မဟုတ်တော့ပါလား၊ သူ့မျက်နှာကလည်း အလျင်က မျက်နှာမျိုး မဟုတ်ဘူး၊ အလျင်လို မဟုတ်တော့ ဘူး၊ သူ့မျက်နှာကိုကြည့်ပြီး သူ့ကို ကျွန်မ မမှတ်မိတော့ဘူး၊ တီမိုဖီရဲ့ ရထားနဲ့ ကျွန်မ ဒီကိုအလာမှာ တလမ်းလုံး စဉ်းစားလာခဲ့တယ်။ တလမ်းလုံး ကိုယ့်ကိုယ်ကိုယ် ပြောလာခဲ့တယ်။ သူ့ကို ငါ ဘယ်လိုတွေ့ရမလဲ၊ သူ့ကို ငါ ဘာတွေပြောရမလဲ၊ တယောက်ကိုတယောက် ဘယ်လို ကြည့်ကြရ မလဲ၊ ကျွန်မဟာ သူ့ကို တွေ့ရဖို့ ဘယ်လိုမှ မစောင့်နိုင်တော့ဘူး၊ ဒါပေမဲ့ ကျွန်မတို့ တွေ့လိုက်ကြ တာနဲ့ တပြိုင်နက် သူဟာ ကျွန်မအပေါ်မှာ မစင်ရည်ပုံးကြီး မှောက်ချလိုက်တော့တာပဲ၊ သူက တကယ်တတ် တကယ်နားလည်တဲ့ ဆရာကြီးတယောက်အနေနဲ့ ကျွန်မကို ပြောဆို ဆက်ဆံတယ်။ သူက ကျွန်မကို ခပ်တည်တည်ကြီး ဆက်ဆံတဲ့အတွက် ကျွန်မ အံ့ဩသွားရတယ်။ သူပြောတဲ့ စကားတွေထဲမှာ ကျွန်မ ဘာမှ ဝင်ပြောလို့မရဘဲ ဖြစ်နေတယ်။ ပထမတော့ သူဟာ သူ့အဖော် ပိုလန်ကြီးကို ရှက်နေတယ်လို့ ကျွန်မထင်မိတယ်။

ကျွန်မ သူ့ကို ကြည့်နေရင်းနဲ့ သူ့ကို ဘာပြန်ပြော ရမှန်း မသိတာကို ကျွန်မ အံ့သြနေမိတယ်။ သူ့ကို အခုလို ဖျက်ဆီးပစ်လိုက်တဲ့သူဟာ သူ့မိန်းမပဲ ဖြစ်ရမယ်။ ကျွန်မကို ပစ်ပြီး သူယူသွားတဲ့ မိန်းမပဲ ဖြစ်ရမယ်။ အဲဒီမိန်းမက သူ့ကို ပုံစံပြောင်းပစ်လိုက်တာပဲ ဖြစ်ရမယ်။ အို ... မစ်တယာရယ်၊ ဘယ်လောက်များ ရှက်စရာကောင်းလိုက်သလဲ ဆိုတာ စဉ်းစားကြည့်စမ်းပါ။ အို ကျွန်မ ရှက်လိုက်တာ မစ်တယာရယ်၊ ကျွန်မ ရှက်လိုက်တာ၊ ကျွန်မ တသက်လုံး ရှက်လို့ ဆုံးတော့မှာ မဟုတ်ဘူး၊ အလကား အလကား ... အဲဒီ ငါးနှစ်ဟာ အလကားပဲ”

သူမက တကြိမ် ထပ်ငိုပြန်တော့သည်။ သို့သော် မစ်တယာ၏ လက်ကိုကား မလွှတ်ချေ။

“မစ်တယာ၊ ဒါလင် .... နေပါဦး၊ မသွားပါနဲ့ဦး၊ ရှင့်ကို ကျွန်မ ပြောစရာတခု ရှိတယ်” သူမက ရုတ်ခြည်းဆိုသလို သူ့ကို မော့ကြည့်ရင်း တီးတိုးပြောဆိုသည်။ “ဒီမယ်၊ ဘယ်သူ့ကို ကျွန်မ ချစ်နေသလဲဆိုတာ ပြောစမ်းပါ၊ ဒီမှာရှိနေတဲ့ လူတယောက်ကို ကျွန်မ ချစ်နေတယ်၊ အဲဒီလူဟာ ဘယ်သူလဲ ဆိုတာ ကျွန်မကို ပြောစမ်းပါ”

ငိုထားသဖြင့် မို့အစ်နေသော သူမ၏မျက်နှာပေါ်တွင် တောက်ပသော အပြုံးတခုပေါ်လွင်လာသည်။ သူမ၏ မျက်လုံးများက မှုန်ရီရီ ဝိုးတဝါးတွင် ရွှန်းလက်နေကြသည်။

“အရပ်မြင့်မြင့် ခန့်ခန့်ချောချော လူရွယ်တယောက် ဝင်လာတဲ့အချိန်မှာ ကျွန်မ တခါတည်း ငိုင်ကျသွားရတယ်၊ ‘နင်လူ လူမိုက်ပဲ’ ကျွန်မ အသည်းက ကျွန်မကို ပြောတယ်၊ ‘အဲဒီလူဟာ နင်ချစ်နေတဲ့ လူပဲပေါ့’ တဲ့... ရှင် ဝင်လာတာနဲ့ တပြိုင်နက်တည်းမှာပဲ ကျွန်မအဖို့ ပြဿနာတွေ အားလုံး ရှင်းသွားတယ်။ သူ ဘာကို ကြောက်နေတာပါလိမ့်လို့ ကျွန်မ စဉ်းစားမိတယ်၊ ရှင် ကြောက်နေတယ်၊ ရှင် ကြောက်နေခဲ့တယ် မဟုတ်လား၊ ရှင်ဟာ သေတော့မလောက်ဘဲ ကြောက်နေခဲ့တယ်၊ ရှင်ဟာ ကြောက်လွန်းလို့ စကားတောင်မပြောနိုင်ဘူး၊ သူတို့ကို ကြောက်နေတာ တော့ မဖြစ်နိုင်ဘူးလို့ ကျွန်မ စဉ်းစားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ ဘယ်သူ့ကိုမှ ကြောက်တတ်တဲ့လူ မဟုတ်လို့ပဲ၊ သူ ကြောက်နေတာ ငါ့ကိုပဲလို့ ကျွန်မ တွေးလိုက်မိတယ်။ သူ ကြောက်တာ ငါတယောက်တည်းကိုပဲ၊ ဒါလင် မစ်တယာကို တနာရီလောက် ချစ်ခဲ့တဲ့အကြောင်း ပြတင်းပေါက်ကနေပြီး အလျှိုရှာကို ကျွန်မ အော်ပြောခဲ့တဲ့အကြောင်း ဖီညာက ရှင့်ကို ပြောလိုက်ပြီ မဟုတ်လား၊ အခုလည်း ရှင့်ကို ကျွန်မ နောက်ထပ် တနာရီ ချစ်ဦးမယ်၊ နောက် တနာရီ ... မစ်တယာ၊ မစ်တယာ၊ ကျွန်မဟာ ရှင့်နောက်မှာ တခြားတယောက်ကို ချစ်နေတယ်လို့ တွေးမိတာ ကျွန်မ ဘယ်လောက်များ မိုက်လိုက်သလဲ။ မစ်တယာ၊ ကျွန်မကို ခွင့်လွှတ်မှာလား၊ ကျွန်မကို

ခွင့်လွှတ်နိုင်မလား၊ ခွင့်မလွှတ်နိုင်ဘူးလား .. ရှင် ကျွန်မကို ချစ်သလား၊ ရှင် ကျွန်မကို ချစ်သလား”

သူမက ဆတ်ခနဲ ခုန်ထလိုက်ပြီး သူ၏ ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

မစ်တယာသည် ပီတိသောမနဿ ဖြစ်ပြီး ခေတ္တမျှ တွေဝေမိန်းမောလျက် ရှိတော့သည်။ သူမ၏ မျက်လုံးများ၊ သူမ၏မျက်နှာနှင့် သူမ၏အပြုံးတို့ကို ငေးစိုက်လျက်ရှိသည်။ နောက်မှ ရုတ်တရက် ဆိုသလို သူမကို တအားပွေ့ဖက်လိုက်ပြီး သူမ၏ကိုယ်ပေါ်တွင် အနမ်းမိုးများ ရွာချလျက် ရှိတော့သည်။

“ရှင့်ကို ညှဉ်းပန်း နှိပ်စက်ခဲ့တဲ့အတွက် ရှင် ကျွန်မကို ခွင့်လွှတ်မယ် မဟုတ်လား၊ ရှင့်ကို ကျွန်မ မလိုမုန်းတီးစိတ်နဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့တာပဲ၊ အဘိုးကြီး ကယောင်ချောက်ချား ဖြစ်အောင် လုပ်ခဲ့တာလည်း အဲဒီ မလိုမုန်းတီးစိတ်ပဲ၊ ရှင် တနေ့ ကျွန်မအိမ်မှာ အရက်သောက်ရင်း ဖန်ခွက်ကို ပေါက်ခွဲပစ်ခဲ့တာ ရှင် မှတ်မိသေးသလား၊ အဲဒါကို ကျွန်မ ကနေ့ မှတ်မိနေတယ်။ ဒါကြောင့် ကျွန်မလည်း ကျွန်မရဲ့အသုံးမကျတဲ့ အသည်းအတွက် သောက်ရင်း ဖန်ခွက်တလုံးကို ပေါက်ခွဲပစ်ခဲ့ တယ်။ မစ်တယာ ... အချစ် ... ရှင် ဘာဖြစ်လို့ ကျွန်မကို မနမ်းတာလဲ၊ ကျွန်မကို တခါပဲ နမ်းသွားပြီး ရပ်သွားတယ်။ နောက်ပြီးတော့ ကျွန်မပြောတာကို နားထောင်ပြီး ကျွန်မကို ကြည့်နေတယ်။ ဘာဖြစ်လို့ နားထောင်နေရတာလဲ၊ ကျွန်မကို နမ်းစမ်းပါ၊ ကျွန်မကို တအား နမ်းလိုက်စမ်းပါ၊ အင်း ... ဟုတ်ပြီ၊ ရှင်ဟာ ကျွန်မကို ချစ်နေတယ်ဆိုရင် ချစ်လိုက်စမ်းပါ။ ကျွန်မဟာ အခု ရှင့်ရဲ့ ကျေးကျွန်မ ကလေး ဖြစ်ရပါစေမယ်၊ တသက်လုံး ဖြစ်ရပါစေမယ်၊ ကျေးကျွန်မကလေး ဖြစ်ရတာ ကောင်းတယ်၊ ကျွန်မကို နမ်းပါ ... ရိုက်ပါ၊ နှိပ်စက်ပါ။ ကျွန်မကို ရှင်ကြိုက်သလို လုပ်လိုက်စမ်းပါ၊ ကျွန်မဟာ အနှိပ်စက် အညှဉ်းပန်း ခံထိုက်ပါတယ်၊ နေဦး .. ခဏနေဦး နောက်ကျမှ .. အခု မဟုတ်သေးဘူး”

သူမက သူ့ကို ရုတ်တရက် တွန်းခွာလိုက်သည်။

“သွားတော့ မစ်တယာ၊ ကျွန်မ သွားပြီး ဝိုင်သောက်လိုက်ဦးမယ်၊ ကျွန်မ မူးချင်တယ်၊ ကျွန်မ မူးအောင်သောက်ပြီး က ချင်တယ်၊ ဟုတ်တယ် ... ကျွန်မ က ချင်တယ်”

သူမက သူ့ကိုယ်ထဲမှ ရုန်းထွက်ပြီး ကန့်လန့်ကာ နောက်ဘက်တွင် ပျောက်ကွယ်သွားသည်။ မစ်တယာက သူမ၏နောက်သို့ အမူးသမားတယောက်လို လိုက်ပါသွားသည်။

“အခုအချိန်မှာ ဘာကြီးပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ တစ်မိနစ်ကလေးအတွက် ကမ္ဘာကြီး တခုလုံးကို ငါ ပေးနိုင်တယ်”

စိတ်ထဲမှ သူ ပြောလိုက်သည်။

ဂရုရှင်ကာသည် တကယ်ပင် ရှန်ပိန်တဖန်ခွက်လုံးကို တကျိုက်တည်းနှင့် အကုန် မော့ချလိုက်ပြီး တခဏအတွင်းမှာပင် မူးသွားတော့သည်။ သူမက ကျေနပ်အားရသောအပြုံးဖြင့် စောစောက ကုလားထိုင်မှာပင် ဝင်ထိုင်သည်။ သူမ၏ ပါးပြင်နှင့် နှုတ်ခမ်းစုံတို့သည် ရဲရဲတောက်လျက် ရှိသည်။ သူမ၏ မျက်လုံးများသည် အရည်ရွှန်းလဲ့ပြီး ဖိတ်ခေါ်နေသကဲ့သို့ ရှိသည်။ ရမ္မက်ဇောများ တက်ကြွလျက် ရှိသည်။ ကာဂါနော့ပင် ရင်တလှပ်လှပ် ခုန်ပြီး သူမထံသို့ ရောက်ရှိသွားသည်။

“စောစောက အိပ်ပျော်နေတုန်းက ကိုယ်နမ်းတာ မင်း သိသလား” သူမက ကာဂါနော့ကို မေးလိုက်သည်။ “ကိုယ် အခု မူးနေပြီ ... မင်းကော မမူးဘူးလား၊ နောက်ပြီးတော့ မစ်တယာကော ဘာဖြစ်လို့ မူးသလဲ၊ မစ်တယာ ... ရှင် ဘာဖြစ်လို့ မသောက်တာလဲ၊ ကျွန်မက မူးနေပြီး ရှင်က မမူးသေးဘူး”

“ကိုယ် မူးနေပြီ၊ ကိုယ် အခု မူးနေပြီ၊ မင်းနဲ့အတူ မူးနေပြီ၊ အဲ အခုလည်း ကိုယ် ဝိုင်သောက်ပြီး ထပ်မူးလိုက်ဦးမယ်”

သူ တဖန်ခွက် သောက်လိုက်သည်။ ထိုတဖန်ခွက်ကပင် သူ့ကို လုံးဝ မူးသွားစေသည်ဟု သူ ထူးဆန်းစွာ တွေးလိုက်မိသည်။ တမုဟုတ်ချင်းမှာပင် သူ မူးသွားသည်။ အကြောင်းမှာ စောစောက ထိုအချိန်အထိ သူ မမူးသေးဘဲ ရှိခဲ့သည်။ ယင်းအဖြစ်ကို သူ ကောင်းစွာ မှတ်မိပါသည်။ ထိုအချိန်မှစ၍ အရာရာသည် သူ့ခေါင်းထဲတွင် ချားရဟတ်လှည့်လျက် ရှိတော့သည်။ သူ့စိတ်တွေ ကယောက်ကယက် ကယောင်ချောက်ချား ဖြစ်နေသည့်အလားပင်ဖြစ်သည်။ သူက လျှောက်သွားနေ ပြီး တွေ့သမျှလူနှင့် စကားပြောသည်။ ရယ်မောသည်။ သို့သော် သူ ဘာလုပ်နေသည်ကို သူ့ဘာသူ မသိသည့် အလားပင် ဖြစ် သည်။

သူ့အနေနှင့် အဆက်မပြတ် သတိပြုမိနေသည့် အချက်တခုကတော့ သူ့ရင်ထဲတွင် တောက်လောင်နေသော ခံစားမှုပင် ဖြစ်သည်။ ‘ငါ့ရင်ထဲမှာ မီးလောင်နေသလိုပဲ’ ဟု နောက်ပိုင်းတွင် သူ ပြန်လည်အမှတ်ရရှိသည်။ သူက သူမထံသို့ သွားသည်၊ သူမ၏ဘေးတွင် ထိုင်သည်၊ သူမကို ကြည့်သည်၊ သူမပြောသည့်စကားကို နားထောင်သည်။

သူမကလည်း စကားတွေ အများကြီး ပြောနေသည်။ အားလုံးကိုပင် သူမ၏အနီးသို့ ခေါ်သည်။ သံပြိုင်တေးအဖွဲ့မှ မိန်းကလေးအချို့ကိုပင် သူမထံသို့လာရန် ခေါင်းညိတ်ပြီး ခေါ်သည်။ နောက်ပြီးတော့ ထိုမိန်းကလေးကို

သူမက နမ်းသည်။ သို့မဟုတ် ထိုမိန်းကလေးကို ပြန်သွားစေ သည်။ သို့မဟုတ် ထိုမိန်းကလေး၏ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင် သင်္ကေတ ပြုလုပ်သည်။ နောက်တခဏအတွင်း သူမက မျက်ရည်များကို သွန်ချလိုက်ပြန်သည်။ မက်ဇီမော့ကို 'အဘိုးကလေး' ဟု ခေါ်ရသည်ကို သူမက အင်မတန် သဘောကျနေသည်။

မက်ဇီမော့ကလည်း သူမထံသို့ ခဏခဏ ဆိုသလိုပင် ပြေးလာပြီး သူမ၏လက်ကို နမ်းသည်။ 'လက်ချောင်းကလေးတိုင်း' ကို နမ်းသည်။ နောက်ဆုံးတွင် သူသည် ခေတ်ဟောင်း သီချင်းတပုဒ်ကို သူကိုယ်တိုင် သီဆိုပြီး ကသည်။ သူက သီချင်းအကြော့ပိုဒ်တွင် အားရပါးရ ကခုန်သည်။

"ဝက်ကလေးငယ်ငယ် ... အွန့် အွန့် အွန့် ...

နွားကလေးငယ်ငယ် ... မော မော မော

ဘဲကလေးငယ်ငယ် .... ကွပ် ကွပ် ကွပ်

ငန်းကလေးငယ်ငယ် ဂါး ဂါး ဂါး

ကြက်မကလေးခမျာ အိမ်ထဲမှာ အပြေးအလွှား

ကကျော် ကကျော် ကကျော် အော်လို့သွား

ကကျော် ကကျော် ကကျော် အော်လို့သွား ..."

"သူ့ကို တခုခုပေးပါ မစ်တယာ၊ လက်ဆောင်တခုခု ပေးပါ။ သူက ဆင်းရဲရှာပါတယ်" ဂရုရှင်ကာ ပြောလိုက်သည်။ "အို မရှိဆင်းရဲသားတွေဟာ ဒီလောကကြီးမှာ အများကြီးပဲ၊ ဒါနဲ့ မစ်တယာ၊ ကျွန်မ မယ်သီလရှင် ဝတ်မယ်လို့ စိတ်ကူးထားတယ်၊ ရှင်သိသလား၊ ဟုတ်တယ်။ တနေ့ကျရင် တကယ်ပဲ ဝတ်ရမယ်။ ကျွန်မတသက်မှာ ဘယ်တော့မှ မမေ့နိုင်တဲ့ စကားတခွန်းကို အလျှိုရှာက ကျွန်မကို တနေ့က ပြောခဲ့တယ်။ ဟုတ်တယ်၊ ဒါပေမဲ့ ကနေ့တော့ ကျွန်မတို့ ကကြမယ်၊ မနက်ဖြန်ကျရင် မယ်သီလရှင်ကျောင်းကို သွားမယ်၊ ဒါပေမဲ့ ကနေ့တော့ ကျွန်မတို့ ကကြမယ်၊ ကနေ့ ကျွန်မ ပျော်ချင် တယ်။ အဲဒါ ဘာဖြစ်သလဲ၊ ဘုရားသခင်က ကျွန်မကို ခွင့်လွှတ်လိမ့်မယ်၊ ကျွန်မသာ ဘုရားသခင် ဆိုရင် အားလုံးကို ခွင့်လွှတ်မှာပဲ၊ "ကျွန်ုပ်၏ ချစ်လှစွာသော ဒုစရိုက်သမားတို့ ... ကနေ့မှစပြီး အားလုံးကို ခွင့်လွှတ်လိုက်တယ်" ကျွန်မက ခွင့်လွှတ်ခြင်းကို တောင်းခံမယ်၊ "ကျွန်မကို ခွင့်လွှတ်ပါ။ အမိုက်မကို ခွင့်လွှတ်ကြပါ သူတော်ကောင်းအပေါင်းတို့" ကျွန်မဟာ အဟိတ် တိရစ္ဆာန်တကောင်ပဲ ဖြစ်တယ်။ ဒါပေမဲ့ ကျွန်မ ဆုတောင်းပတ္ထနာ ပြုချင်တယ်။ ကျွန်မဟာ ကြက်သွန်ဥကလေး တခုကို

ပေးခဲ့တယ်။ ကျွန်မဟာ ဘယ်လောက်ပဲ ယုတ်မာကောက်ကျစ်ပေမဲ့ ဆုတောင်းချင်တယ်။ မစ်တယာ ... သူတို့ ကကြပါစေ၊ သူတို့ကို ရပ်မပစ်ပါနဲ့၊ ကမ္ဘာပေါ်မှာ ရှိသမျှ လူတိုင်းဟာ ကောင်းကြတယ်၊ လူတိုင်းပဲ၊ အဲဒီအထဲက အဆိုးဆုံးလူတွေ အပါအဝင်ပေါ့။ ကမ္ဘာကြီးဟာ အင်မတန်ကောင်းတဲ့ နေရာ တခုပဲ၊ ကျွန်မတို့က မကောင်းကြပေမဲ့ ကမ္ဘာကြီးက ကောင်းတယ်။ ကျွန်မတို့ကတော့ အကောင်းနဲ့ အဆိုးပဲ၊ အကောင်းတွေနဲ့ အဆိုးတွေပဲ၊ နေဦး ... ကျွန်မကို ပြောပြစမ်းပါ၊ ရှင်တို့ကို ကျွန်မ မေးစရာတခု ရှိတယ်။ အားလုံး ဒီကို လာကြစမ်းပါ၊ ရှင်တို့ကို ကျွန်မ မေးမယ်၊ ကျွန်မ ဘာဖြစ်လို့ ဒါလောက် ကောင်းရတာလဲ၊ ကျွန်မ ကောင်းတယ်ဆိုတာ ရှင်တို့ သိတယ် မဟုတ်လား၊ ကျွန်မ သိပ်ကောင်းတယ်၊ ကျွန်မ ဘာဖြစ်လို့ ဒါလောက် ကောင်းရတာလဲ ...”

ဂရုရှင်ကာ ဗလုံးဗထွေး ပြောနေသည်။ သူမသည် မူးသည်ထက် မူးနေပြီ ဖြစ်သည်။ နောက်ဆုံးတွင် သူမကိုယ်တိုင် ယခု ဝင်ကမည်ဖြစ်ကြောင်း ကြေညာသည်။ သူမက ထိုင်ရာမှ ထပြီး ဒယီးဒယိုင် လျှောက်သွားသည်။

“မစ်တယာရေ ... ကျွန်မကို နောက်ထပ် ဝိုင်မပေးပါနဲ့တော့၊ ကျွန်မ တောင်းလည်း မပေးပါနဲ့တော့၊ ဝိုင်က ငြိမ်းချမ်းမှုကို မပေးဘူး၊ အားလုံး ချာလပတ်လည်နေတယ်၊ မီးဖိုရော အားလုံးရောပေါ့။ ကျွန်မ က ချင်တယ်။ ကျွန်မ ဘယ်လို ကတယ်ဆိုတာကို သူတို့ ကြည့်ကြစမ်းပါစေ၊ ဘယ်လောက် လှလှကလေး ကျွန်မ ကတယ်ဆိုတာ ...”

သူမက တကယ်ပြောလိုက်ခြင်းပင် ဖြစ်သည်။ အိတ်ထဲမှ ပိတ်လက်ကိုင်ပဝါ အဖြူတထည်ကို ထုတ်ယူပြီး ကသည့်အခါတွင် ဝှေ့ယမ်းရန် ညာဘက်လက်ဖြင့် ထောင့်စွန်းတနေရာမှ ဆွဲကိုင်လိုက် သည်။

မစ်တယာက အားလုံးကို စနစ်တကျဖြစ်ရန် အမိန့်ပေးလျက်ရှိသည်။ မိန်းကလေးတွေ ငြိမ်သက် တိတ်ဆိတ်လျက် ရှိကြသည်။ အချက်ပြလိုက်သည်နှင့် တပြိုင်နက် အက တေးတပုဒ်ကို သီဆိုကြရန် အဆင်သင့် ရှိနေကြသည်။

မက်ဇီမော့သည် ဂရုရှင်ကာ ကမည်ကို သိသောအခါ အပျော်ကြီး ပျော်သွားပြီး သူမ၏ရှေ့တွင် ခုန်ဆွခုန်ဆွ လုပ်ကာ သီချင်းအကြော့ပိုဒ် တပိုဒ်ကို သီဆိုလျက် ရှိနေတော့သည်။

"ခြေတံကလေးက ခပ်သွယ်သွယ်

ကိုယ်ဟန်ကလေးက ခပ်ကြွယ်ကြွယ်

ဂါဝန်အောက်ပိုင်း ကော့ပျံကာဝဲတယ် ...."

သို့သော် ဂရုရှင်ကာက လက်ကိုင်ပဝါနှင့် ငှေ့ယမ်းပြီး သူ့ကို မောင်းထုတ်သည်။

"ရှီး ... မစ်တယာ၊ သူတို့ ဘာလို့ မလာကြတာလဲ၊ သူတို့အားလုံး လာကြည့်ကြပါစေ၊ သူတို့ကို ဘာဖြစ်လို့ အခန်းထဲမှာ သော့ခတ်ထားရတာလဲ၊ ကျွန်မ က မလို့ဆိုတာ သူတို့ကို ပြောလိုက်ပါ၊ ကျွန်မ က တာ သူတို့ကိုလည်း ကြည့်စေချင်တယ်"

မစ်တယာသည် အမူးသမားတယောက်၏ ယိမ်းယိုင်ခြင်းဖြင့် သော့ခတ်ထားသော တံခါးဆီသို့ လျှောက်သွားသည်။ ထို့နောက် တံခါးကို လက်သီးဖြင့်ထုလျက် အခန်းတွင်းရှိ ပိုလန်နှစ်ယောက်ကို ပြောသည်။

"ဟေ့ ... ဟေ့လူတွေ ပေါ့ဗီဆော်စကီ၊ အပြင်ထွက်ခဲ့ .... အမျိုးသမီး က မလို့၊ သူက ခင်ဗျားတို့ကို အခေါ်ခိုင်းတယ်"

"ဟေ့... ကလေကချေ" ပိုလန်တယောက်က ပြန်အော်သည်။ "ဟေ့၊ မင်းကမှ အလကား ကလေကချေ၊ အလကား လူယုတ်မာ"

"အဲဒီကောင်တွေ စတဲ့ အလုပ် တော်လောက်ပါပြီ"

ကာဂါနော့က တိုတိုနှင့် ထိထိမိမိ ပြောလိုက်သည်။ သူလည်း အတော်ကြီး မူးနေပြီ ဖြစ်သည်။

"အသာနေစမ်း ကိုယ့်လူကလေး၊ ကိုယ်က သူ့ကို အလကား လူယုတ်မာလို့ ပြောတယ်၊ ဒါပေမဲ့ အဲဒီသဘောက ပိုလန်တွေအားလုံး လူယုတ်မာတွေလို့ ပြောတာ မဟုတ်ဘူး၊ လူယုတ်မာ တယောက်တည်းနဲ့ ပိုလန်ပြည်ကြီး တည်လို့ မရဘူး၊ တိတ်တိတ်နေစမ်း ကိုယ့်လူကလေး၊ အချိုတခုကို စားနေစမ်း"

"အား၊ ဘယ်လို လူစားတွေလဲ၊ လူတွေမဟုတ်တဲ့အတိုင်းပဲ၊ ဘာဖြစ်လို့ ချစ်ချစ်ခင်ခင် မနေချင်ကြ ရတာလဲ" ဂရုရှင်ကာက ယင်းသို့ ပြောလိုက်ပြီးနောက် ကပြရန်အတွက် ရှေ့ဘက်သို့ ထွက်သွား သည်။

သံပြိုင်တေးအဖွဲ့က ခေတ်စားနေသောသီချင်းတပုဒ်ကို သီဆိုလိုက်ကြသည်။ ဂရုရှင်ကာက ခေါင်းကို နောက်သို့ပစ်လိုက်သည်။ နှုတ်ခမ်းစုံကို မပွင့်တပွင့်ကလေးဖွင့်ပြီး ပြုံးလိုက်သည်။ လက်ထဲမှ လက်ကိုင်ပဝါကို ငှေ့ယမ်းလိုက်သည်။ ထို့နောက် ဖြုန်းခနဲဆိုသလို ယိမ်းထိုးသွားပြီး အခန်းအလယ် တွင် တုံ့ခနဲ ရပ်လိုက်သည်။ ကယောင်ချောက်ချား ဖြစ်သွားပုံရသည်။

"ကျွန်မ သိပ်အားနည်းနေတယ်" သူမက ပင်ပန်းနွမ်းနယ်နေသော

လေသံဖြင့် ပြောလိုက်သည်။ "ကျွန်မ သိပ်အားနည်းနေတယ်၊ ကျွန်မ မကနိုင်ဘူး၊ ကျွန်မ တောင်းပန်ပါတယ်"

သူမက သံပြိုင်တေးအဖွဲ့ကို ဦးညွှတ်လိုက်သည်။ ထို့နောက် ပတ်ပတ်လည်လှည့်ပြီး ဦးညွှတ်နေ သည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ တောင်းပန် ...."

"အမျိုးသမီးကလေး သောက်တာ သိပ်များသွားတယ်၊ အမျိုးသမီး လှလှကလေး သောက်တာ သိပ်များသွားတယ်"

အခန်းထဲမှ အသံများ ထွက်ပေါ်လာသည်။

'သူ မူးနေတယ်' မက်ဇီမေ့က မိန်းကလေးတွေကို ရှင်းပြသည်။

"မစ်တယာ ကျွန်မကို ခေါ်သွားပါ၊ ခေါ်သွားပါ မစ်တယာ"

ဂရုရှင်ကာ နုန့်နဲ့စွာဖြင့် ပြောသည်။ မစ်တယာ သူမထံသို့ ပြေးသွားသည်။ သူမကို သူ၏ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။ ထို့နောက် အဖိုးထိုက်တန်သောဝန်စည်ကို ကန့်လန့်ကာနောက်သို့ အပြေးကလေး သယ်ဆောင်သွားသည်။

"အင်း ... ငါ သွားမှပဲ"

ကာဂါနော့ တွေးလိုက်ပြီးနောက် အခန်းပြာအတွင်းမှ ထွက်သွားသည်။ တံခါးနှစ်ရွက်ကို သူ့နောက်ဘက်တွင် ပိတ်ထားခဲ့သည်။ သို့သော် ခန်းမကျယ်ကြီးအတွင်းမှ ပျော်ပွဲရွှင်ပွဲကြီးအား အရှိန်အဟုန် ကောင်းနေဆဲ ဖြစ်သည်။ အသံတွေက ဆူညံသည်ထက် ဆူညံလျက်ရှိသည်။

မစ်တယာသည် ဂရုရှင်ကာကို ခုတင်ပေါ်တွင် တင်ထားလိုက်ပြီးနောက် သူမ၏နှုတ်ခမ်းစုံကို အငမ်းမရ နမ်းလိုက်သည်။

"ကျွန်မကို မထိပါနဲ့" သူမက တောင်းပန်သည့်လေသံဖြင့် ရွတ်ဆိုလိုက်သည်။ "ကျွန်မကို မထိပါနဲ့၊ ကျွန်မကို ရှင် မပိုင်သေးဘူး၊ ကျွန်မကို ရှင်ပိုင်ပြီဆိုရင် ကျွန်မ ပြောပါ့မယ်၊ ဒါပေမဲ့ အခုတော့ ကျွန်မကို လက်ဖျားနဲ့မှ မတို့ပါနဲ့ဦး၊ သည်းခံပါဦး၊ သူတို့တတွေ ဒီမှာ ရှိနေကြတုန်းမှာ... သူတို့တတွေက အနားမှာ ကပ်နေတုန်းမှာ ကျွန်မကို ဘာမှ မလုပ်ကြပါနဲ့ဦး၊ သူ ဒီမှာ ရှိနေတယ်၊ ဒီနေရာက မကောင်းဘူး"

"မင်းသဘောပဲ၊ ကိုယ် အဲဒါကို မစဉ်းစားဘူး၊ ကိုယ် မင်းကို ကိုးကွယ်တယ်"

မစ်တယာ ရွတ်ဆိုသည်။ "ဟုတ်တယ်၊ ဒီနေရာက မကောင်းဘူး၊ မသတီစရာ ကောင်းတယ်"

ထို့နောက် မစ်တယာသည် သူမကို ဖက်ထားသည်အား မလွှတ်ဘဲ ခုတင်ဘေးတွင် ဒူးထောက်ပြီး ထိုင်ချလိုက်သည်။

"ရှင်ဟာ ရက်စက်ကြမ်းကြုတ်ပေမဲ့ ဂုဏ်သိက္ခာရှိတဲ့ လူတယောက်ဆိုတာ ကျွန်မ သိတယ်" ဂရုရှင်ကာ တလုံးချင်း ကြိုးစားပြီး ပြောသည်။ "ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဖြစ်ရမယ်။ ဒီကရှေ့မှာ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဖြစ်ရမယ်။ ကျွန်မတို့ဟာ ရိုးသားရမယ်၊ ကောင်းမွန် ရမယ်၊ မရက်စက် မကြမ်းကြုတ်ရဘူး၊ ကောင်းမွန်ရမယ် .. ကျွန်မကို ခေါ်သွားပါ၊ ဝေးရာအရပ်ကို ခေါ်သွားပါ၊ ဟိုအဝေးကြီးကို ခေါ်သွားပါ၊ ကြားလား၊ ကျွန်မ ဒီမှာမနေချင်ဘူး၊ အဝေးကို သွားချင်တယ်၊ အဝေးကြီးကို ..."

"အင်း အင်း အင်း ... စိတ်ချ" မစ်တယာ သူမ၏ လက်မောင်းများကို ဖျစ်ညှစ်ရင်း သဘောတူလိုက် သည်။ "ကိုယ် မင်းကို ဝေးရာကို ခေါ်သွားမယ်၊ ကိုယ်တို့ ဝေးရာကို အမြန်ကြီး သွားကြမယ်၊ အို .... ကိုယ့်ဘဝတခုလုံးကို တစ်နှစ်ကလေးအတွက် ကိုယ် ပေးလိုက်ပြီ၊ အင်း ... အဲဒီသွေးတွေနဲ့ ပတ်သက်ပြီး ကိုယ် သိရရင်ပေါ့"

"ဘယ်က သွေးတွေလဲ" ဂရုရှင်ကာ နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"အို ဘာမှ မဟုတ်ဘူး" မစ်တယာ သွားများကို ကြိတ်ရင်း ပြောလိုက်သည်။ "ဂရုရှာ... မင်းကလေးက ရိုးသားတာကို လိုလားတယ်၊ ဒါပေမဲ့ ကိုယ်က သူခိုးတယောက်ပဲ၊ ကက်တယာရဲ့ပိုက်ဆံတွေကို ကိုယ် ခိုးခဲ့တယ်၊ အဲဒါ သိက္ခာကျတယ်၊ သိက္ခာကျတယ်"

"ကက်တယာဆီက ဟုတ်လား ... ဟိုအမျိုးသမီးကလေးကို ရှင် ပြောတာလား၊ မဟုတ်ဘူး၊ အဲဒါ ရှင်ခိုးတာ မဟုတ်ဘူး၊ သူ့ပိုက်ဆံကို ပြန်ပေးလိုက်ပါ၊ ကျွန်မဆီကယူပြီး ပေးလိုက်ပါ၊ ကျွန်မကို မအော်ပါနဲ့၊ အခုဆိုရင် ကျွန်မမှာ ရှိသမျှဟာ ရှင့်ဟာပဲပေါ့ ၊ ပိုက်ဆံဆိုတာ ဘာလုပ်ဖို့လဲ၊ ပိုက်ဆံကို ကျွန်မတို့ ဖြုန်းပစ်ရမယ်၊ ကျွန်မတို့လိုလူမျိုးတွေဟာ ပိုက်ဆံကိုဖြုန်းပစ်ရမယ်၊ ဒါပေမဲ့ ကျွန်မတို့ဟာ လယ်ထဲ ယာထဲမှာ အလုပ်လုပ်ကြရမယ်၊ ရှင် ကြားသလား၊ ကျွန်မလက်တွေနဲ့ ကျွန်မက မြေကြီးကို တူးဆွချင်တယ်၊ ကျွန်မတို့ အလုပ်လုပ်ရမယ်၊ ရှင် ကြားသလား၊ အလျိုရှာက ကျွန်မကို ဒီလိုပဲ ပြောတယ်။ ကျွန်မဟာ ရှင့်ရဲ့အပျော်မယား မဖြစ်စေရဘူး၊ တကယ့်မယားတယောက် ဖြစ်စေရမယ်၊ ရှင့်ရဲ့ကျွန်တယောက် ဖြစ်ရမယ်၊ ရှင့်အတွက် ကျွန်မ အလုပ်လုပ်မယ်၊ ကျွန်မတို့ နှစ်ယောက်စလုံး အဲဒီအမျိုးသမီးဆီကို သွားကြမယ်၊

ကျွန်မတို့နှစ်ယောက်စလုံး သူ့ကို ရှိခိုးဦးတင် တောင်းပန် ကြမယ်၊ ကျွန်မတို့ကို ခွင့်လွှတ်ဖို့ ပြောပြမယ်၊ ပြီးရင် ကျွန်မတို့ တခြားကို သွားကြမယ်၊ တကယ်လို့ သူက ကျွန်မတို့ကို ခွင့်မလွှတ်ဘူးဆိုရင်လည်း ဘာပဲဖြစ်ဖြစ် ကျွန်မတို့ သွားမှာပဲ၊ သူ့ပိုက်ဆံကို ပြန်ပေးလိုက်ပါ၊ ပြီးတော့ ကျွန်မကို ချစ်ပါ၊ သူ့ကို မချစ်ပါနဲ့၊ သူ့ကို နောက်ထပ် မချစ်ပါနဲ့တော့၊ တကယ်လို့ ရှင်က ချစ်ဦးမယ်ဆိုရင် သူ့ကို ကျွန်မ လည်ပင်းညှစ်သတ်ပစ်မယ်၊ သူ့မျက်လုံးတွေကို အပ်တချောင်းနဲ့ ကော်ထုတ်ပစ်လိုက်မယ်”

“ကိုယ် မင်းကို ချစ်တယ်၊ မင်းတယောက်တည်းကိုပဲ ချစ်တယ်၊ ဆိုက်ဖေးရီးယားမှာလည်း မင်းကို ကိုယ် ချစ်နေမှာပဲ”

“ဘာဖြစ်လို့ ဆိုက်ဖေးရီးယားကို သွားရမှာလဲ၊ အို … ကိစ္စမရှိဘူး၊ ဆိုက်ဖေးရီးယားကို ရှင် သွားချင်တယ်ဆိုရင် သွားပါ၊ ကျွန်မတို့ အဲဒီမှာ အလုပ်လုပ်ကြမယ်၊ ဆိုက်ဖေးရီးယားမှာ နှင်းတွေ ရှိတယ်၊ နှင်းတွေထဲမှာ ရထားနဲ့ သွားရတာကို ကျွန်မ ကြိုက်တယ်၊ ကျွန်မတို့ ရထားမှာ ခြူတွေ တပ်ထားမယ်၊ ဟော နားထောင်စမ်း၊ ခြူသံတွေ ကြားရတယ်၊ ဘယ်က ခြူသံတွေလဲ၊ တယောက်ယောက် လာတယ်နဲ့တူတယ်၊ ဟော ခြူသံတွေ ရပ်သွားပြီ”

သူမက မျက်လုံးများကို မှိတ်လိုက်သည်။ သူမသည် ပင်ပန်းနွမ်းနယ်နေသည်။ ရုတ်ခြည်းဆိုသလိုပင် တခဏမျှ အိပ်ပျော်သွားဟန်ရှိသည်။

အဝေးဆီမှ ခြူသံတခု ကြားရပြီး ချက်ချင်းပင် ရပ်သွားသည်မှာ အမှန်ပင် ဖြစ်သည်။ မစ်တယာက သူမ၏ ရင်အုံပေါ်သို့ သူ၏ခေါင်းကို လှဲချလိုက်သည်။ ခြူသံ ရပ်သွားသည်ကို သူ သတိမပြုမိပါ။ ထို့အတူ သီချင်းသံများ ရုတ်တရက် ရပ်သွားသည်ကိုလည်း သူ သတိမပြုမိပါ။

သီချင်းသံများနှင့် မူးယစ် ဆူညံနေသံများအစား ပကတိ တိတ်ဆိတ်ခြင်းသည် အိမ်ကြီး တအိမ်လုံးကို ရုတ်ခြည်းပင် မင်းမူသွားတော့သည်။ ဂရုရှင်ကာ မျက်လုံးများကို ဖွင့်လိုက်ပြီး …

“ဘာဖြစ်တာလဲ၊ ကျွန်မ အိပ်ပျော်သွားတာလား၊ ဟုတ်တယ်၊ ခြူသံတွေ … ကျွန်မ အိပ်ပျော်သွားပြီး နှင်းတောထဲမှာ ရထားတစီးကို မောင်းသွားတယ်။ ခြူသံတွေ မြည်နေကြတယ်။ နောက်ပြီးတော့ ကျွန်မ တမှေးငိုက်နေတယ်လို့ အိပ်မက် မက်နေတယ်။ ကျွန်မ ချစ်တဲ့ လူတယောက်နဲ့ ကျွန်မ သွားနေတာပဲ၊ ရှင်နဲ့ပဲ … အဝေးကြီးကို ဟိုအဝေးကြီးကိုပဲ၊ ကျွန်မက ရှင့်ကို ဖက်ထားတယ်၊ ပြီးတော့ ရှင့်ကို နမ်းတယ်၊ ပြီးတော့ တအားတွယ်ဖက်ထားတယ်။ ကျွန်မ အေးနေတယ်၊ နှင်းပွင့်ကလေးတွေ တောက်လက်နေကြတယ်၊ နှင်းပွင့်ကလေးတွေ

လက်နေတဲ့အချိန်မှာ လမင်းကြီးက မိုးကောင်းကင် ထဲကနေ ငုံ့ကြည့်နေတယ်၊ ကျွန်မဟာ ဒီလောက ဒီကမ္ဘာမြေကြီးပေါ်မှာ မဟုတ်တော့ဘူးလို့ကို ထင်နေမိတယ်၊ အဲဒီအချိန်မှာ ကျွန်မ နိုးလာတယ်၊ ကျွန်မ ချစ်တဲ့လူက ကျွန်မအနားမှာ ရှိနေတယ်၊ အို ... ဘယ်လောက်များ ချစ်စရာကောင်းလိုက်သလဲကွယ်”

“မင်းအနားမှာ ...”

မစ်တယာ ရွတ်ဆိုလိုက်သည်။ ထို့နောက် သူမ၏ အဝတ်အစားများကို နမ်းသည်။ သူမ၏ ရင်အုံကို နမ်းသည်။ သူမ၏ လက်များကို နမ်းသည်။

ထို့နောက် ရုတ်ခြည်းဆိုသလိုပင် သူ၏စိတ်ထဲတွင် ထူးဆန်းသော အချက်တခုကို သတိပြုလိုက်မိ သည်။ သူမက သူ့ကိုကျော်ပြီး ရှေ့တည့်တည့်ကြီးကို ကြည့်နေသည်။ သူ့ကို ကြည့်နေခြင်း မဟုတ်ပါ။ သူ့မျက်နှာကို ကြည့်နေခြင်း မဟုတ်ပါ။ သူ့ခေါင်းပေါ်ကိုကျော်ပြီး တနေရာကို ကြည့်နေခြင်း ဖြစ်သည်။ စူးစိုက်ပြီး ကြည့်နေခြင်း ဖြစ်သည်။ ထူးဆန်းစွာ ကြည့်နေခြင်း ဖြစ်သည်။

“မစ်တယာ၊ ဟိုမှာ ... ကျွန်မတို့ကို ကြည့်နေတာ ဘယ်သူလဲ”

သူမက ရုတ်တရက် တီးတိုးပြောလိုက်သည်။ မစ်တယာ လှည့်ကြည့်လိုက်သောအခါ တကယ်ပင် လူတယောက်သည် ကန့်လန့်ကာကို ဖွင့်ပြီး သူတို့ကို ကြည့်လျက် ရှိသည်။ ထိုမျှမကပါ။ လူတယောက်တည်း မဟုတ်ပါ။ မစ်တယာ ဆတ်ခနဲ ခုန်ထလိုက်ပြီး သူတို့အား ကြည့်နေသူထံသို့ လျင်မြန်စွာ လျှောက်သွားသည်။

“ဒီကိုလာပါ ခင်ဗျာ၊ ကျေးဇူးပြုပြီး ဒီဘက်ခန်းထဲကို လာပါ”

အသံတခုက ပြောလိုက်သည်။ အကျယ်ကြီးတော့ မဟုတ်ပါ။ သို့သော် ပြတ်သားစွာဖြင့် ခပ်မာမာ ဖြစ်သည်။ မစ်တယာသည် ကန့်လန့်ကာ၏တဖက်သို့ ကူးသွားပြီး ကျောက်ရုပ်ကြီးလို ရပ်နေလိုက်မိ တော့သည်။

အခန်းတခုလုံးပင် လူတွေ ပြည့်နေသည်။ သို့သော် စောစောက ရှိနေခဲ့သူများ မဟုတ်ပါ။ လူသစ်တွေ ဖြစ်သည်။ သူ့တကိုယ်လုံး အေးစိမ့်ပြီး ထိတ်လန့်သွားရသည်။ အခန်းတွင်းရှိ လူများအားလုံးကို သူ ချက်ချင်းပင် မှတ်မိသိရှိသည်။

ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ပြီး ရွှေကြိုးတပ် ဦးထုပ်ကို ဆောင်းထားသော အရပ်ရှည်ရှည် ဝဝ တောင့်တောင့် အဘိုးကြီးသည် ရာဇဝတ်ဝန် မစ်ခေးမာကာရော့ပင် ဖြစ်သည်။

ထို့နောက် အဝတ်အစား ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်နှင့် "ချူချူချာချာ အသွင်" ရှိပြီး "တောက်ပြောင်နေသော ဘွတ်ဖိနပ်များကို အမြဲတမ်း စီးလေ့ရှိသူ" မှာ လက်ထောက် အမှုလိုက် ရှေ့နေ ဖြစ်သည်။ "သူ့မှာ ရှူဗယ်ငွေ လေးရာတန်တဲ့ နာရီတလုံး ရှိတယ်၊ ငါ့ကို သူ ပြဖူးတယ် ..."

ထို့နောက် မျက်မှန်နှင့် လူငယ်ငယ်သေးသေးမှာ ... သူ့နာမည်ကို မစ်တယာ မေ့နေသည်။ သို့သော် သူ့ကို မစ်တယာ သိသည်၊ သူ့ကို မစ်တယာ မြင်ဖူးသည်။ ၎င်းမှာ စုံစမ်းစစ်ဆေးရေး ဥပဒေအရာရှိ ဖြစ်သည်။ 'ဥပဒေကျောင်း' မှ မကြာမီကမှ ရောက်ရှိလာသူ ဖြစ်သည်။

နောက်တယောက်က ပုလိပ်အင်စပတ်တော် မက်ဗရီကီ မက်ဗရီကီဗစ် ဖြစ်သည်။ ၎င်းကို မစ်တယာ ကောင်းကောင်းသိသည်။ သူ၏ အသိမိတ်ဆွေတယောက်ပင် ဖြစ်သည်။ ကြေးဝါတံဆိပ်ကြီးတွေ တပ်ဆင်ထားသော ဤလူစု အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိလာကြသနည်း။ နောက်နှစ်ယောက် ပါရှိသေးသည်။ ၎င်းတို့ကို ကြည့်ရသည်မှာ တောင်သူလယ်သမားတွေ ဖြစ်သည်။ ထို့ပြင် တံခါးပေါက်ဝတွင် ကာဂါနော့နှင့် စားသောက်ဆိုင် ပိုင်ရှင်တို့ ရပ်နေကြသည်။

"လူကြီးမင်းတို့ ... ဘာတွေ ဖြစ်ကြတာပါလဲခင်ဗျာ"

မစ်တယာ မေးလိုက်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ့ကိုယ်သူ မထိန်းချုပ်နိုင်သည့်အလား သူ့ဘာသူ ဘာလုပ်သည်ကို မသိရှိသည့်အလား မစ်တယာ တအားကုန် ဟစ်အော်လိုက်သည်။

"ကျွန်တော် ... သိပြီ ..."

မျက်မှန်နှင့် လူရွယ်သည် ရုတ်ခြည်းဆိုသလိုပင် ရှေ့သို့ထွက်လာပြီး မစ်တယာထံသို့ သွားရောက်ကာ ခပ်တည်တည် ခပ်မြန်မြန် ပြောလိုက်သည်။

"ကျွန်တော်တို့မှာ တာဝန်တခုရှိလို့၊ ကျေးဇူးပြုပြီး ဒီဘက်ကိုကြွပါ၊ ဒီ ဆိုဖာဆီကို ကြွပါ၊ ခင်ဗျားဆီက ကျွန်တော်တို့ ဖြေရှင်းချက်တခု တောင်းစရာ ရှိပါတယ်"

"အဘိုးကြီး ..." မစ်တယာက အရူးလို ဟစ်အော်လိုက်သည်။ "အဘိုးကြီးနဲ့ သွေးတွေ ... ကျွန်တော် သိပြီ"

ထို့နောက် သူသည် ခါးနှင့် အပိုင်းခံလိုက်ရသည့်ပမာ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။

"မင်းသိတယ် ဟုတ်လား ... သူသိတယ်တဲ့၊ တိရစ္ဆာန် ... အဖေ့တာသတ်၊

မင်းအဖေရဲ့သွေးတွေက မင်းကို ပြောတာပဲ”

ရာဇဝတ်ဝန် အဘိုးကြီးက မစ်တယာထံသို့ တိုးသွားရင်း ရုတ်တရက် ကြုံးဝါးလိုက်သည်။ အဘိုးကြီးသည် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ရှိနေသည်။ သူ့မျက်နှာတခုလုံး ပြာနှမ်းလျက်ရှိသည်။ တကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

“အဲဒါ မဖြစ်နိုင်ပါဘူးခင်ဗျာ” သေးသေးငယ်ငယ် လူရွယ်ကလေးက ဟစ်အော်လိုက်သည်။ “မစ်ခေးမာကာရော့ ခင်ဗျာ၊ ဒီလိုလုပ်လို့ မဖြစ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်ဘာသာ ကျွန်တော် ပြောပါရစေ၊ ခင်ဗျားအနေနဲ့ ဒီလို အပြုအမူမျိုးတွေ လုပ်လိမ့်မယ်လို့ ကျွန်တော် နည်းနည်းမှ မထင်ခဲ့ပါဘူး”

“ဒါပေမဲ့ အခုဥစ္စာက ကယောင်ချောက်ချား ဖြစ်နေတာပဲ၊ လူကြီးမင်းတို့ သွေးရူးသွေးတန်း ကယောင်ချောက်ချား ဖြစ်နေတာပဲ” ရာဇဝတ်ဝန်ထောက် အဘိုးကြီးက ဆက်ပြီး ပြောသည်။ “သူ့ကို ကြည့်ပါ၊ ညကြီးမင်းကြီးမှာ ဂုဏ်သိက္ခာမရှိတဲ့ မိန်းမတယောက်နဲ့ အရက်တွေ မူးနေတယ်၊ သူ့လက်မှာ သူ့အဖေရဲ့သွေးတွေ ပေနေတယ်။ ဒါ ကယောင်ချောက်ချား ဖြစ်နေတာပဲ၊ ကယောင်ချောက်ချား ဖြစ်နေတာပဲ...”

“ခင်ဗျားစိတ်ကို ခင်ဗျား ထိန်းဖို့ ကျွန်တော် အထူးပဲ တောင်းပန်ပါတယ် မစ်ခေး မာကာရော့ ခင်ဗျား” လက်ထောက် အမှုလိုက်ရှေ့နေက အဘိုးကြီးကို လျင်မြန်စွာ ပြောလိုက်သည်။ “ဒါမှမဟုတ်ရင် ... ကျွန်တော် အထက်အမိန့်အနေနဲ့ ...”

သို့သော် စစ်ဆေးရေး အရာရှိကလေးက သူ့စကားကို ဆုံးအောင် ပြောခွင့်မပြုပါ။ ၎င်းက မစ်တယာဘက်သို့ လှည့်ပြီး အမိန့်သံပါပါနှင့် ခပ်ကျယ်ကျယ် ခပ်မာမာ ပြောလိုက်သည်။

“အငြိမ်းစား ဗိုလ်ကြီး ကာရာမာဇော့ ... ခင်ဗျားကို ခင်ဗျားရဲ့အဖေ ဖျိုဒါပက်ဗလိုဗစ် ကာရာမာဇော့ ကို သတ်မှုနဲ့ စွဲဆိုကြောင်း တာဝန်အရ ကျွန်ုပ် ပြောဆိုပါတယ်၊ အမှုကတော့ ကနေ့ည...”

သူ ဆက်ပြီးပြောပါသည်။ အမှုလိုက် ရှေ့နေကလည်း ဖြည့်စွက်ပြီးပြောသည်။ သို့သော် မစ်တယာ သည် ၎င်းတို့ ပြောဆိုနေသည်များကို နားထောင်လျက်ရှိသော်လည်း ဘာတခုမှ နားလည်ခြင်း မရှိတော့ပါ။ သူသည် ၎င်းတို့ကို ကစိန်းကဝါးကြီး ငေးစိုက်ကာ ကြည့်ရှုနေလေတော့သည်။

နဝမကဏ္ဍ – ပဏာမ စစ်ဆေးခြင်း

၁။ ပါကိုတင်၏ ဝန်ထမ်းဘဝအစ

ဂရုရှင်ကာ နေထိုင်ရာ မုဆိုးမကြီး မိုရိဖော့၏ သော့ခတ်ထားသော ခြံဝင်းတံခါးကို ပီတာ ပါကိုတင် တအားကုန် ထုခေါက်လျက်ရှိပြီး နောက်ဆုံး၌ ဝင်းတံခါးကြီး ပွင့်သွားသည့်နေရာတွင် ကျွန်ုပ်တို့ တခန်းရပ်ထားခဲ့ပါသည်။

လွန်ခဲ့သော နှစ်နာရီလောက်က အထူးပင် ကြောက်ရွံ့ ထိတ်လန့်ခဲ့ရပြီး ယခုတိုင်လည်း စိတ်လှုပ်ရှား သောကပွားနေသဖြင့် အိပ်ရာ မဝင်နိုင်သေးဘဲ ရှိနေသော ဖီညာသည် ဝင်းတံခါးပေါက်ကို တအား ထုရိုက်သည့် အသံများကို ကြားရပြန်သောအခါ ကယောင်ချောက်ချား ဖြစ်မတတ်ပင် ကြောက်လန့်မိရပြန်တော့သည်။ ဒီမီထရီ မြင်းရထားဖြင့် ထွက်ခွာသွားသည်ကို သူမကိုယ်တိုင် မြင်ခဲ့ရသည့်တိုင်အောင်လည်း တံခါးကို ယခု ခေါက်နေသူမှာ ဒီမီထရီဟုပင် သူမ ထင်မှတ်မိနေ သည်။ အကြောင်းမှာ မည်သူမျှ တံခါးကို ဤမျှ ကြမ်းကြမ်းတမ်းတမ်း မထုခေါက်နိုင်သောကြောင့် ဖြစ်သည်။

သူမသည် တံခါးမှူးကြီးထံသို့ သွားပြီး တံခါးကို ဖွင့်မပေးရန် တောင်းပန်ပြောဆိုသည်။ တံခါးမှူးကြီး မှာလည်း တံခါးခေါက်သံကို ကြားသဖြင့် ဝင်းပေါက်ဝသို့ ရောက်ရှိနေသည်။

သို့သော် တံခါးမှူးကြီးသည် ပါကိုတင်ကို မေးမြန်းစုံစမ်းပြီးနောက် ၎င်းသည် အရေးကြီးသော ကိစ္စတခုဖြင့် ဖီညာကို တွေ့လိုကြောင်း သိရှိရသောအခါ တံခါးဖွင့်ပေးရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါ ဖီညာက တံခါးမှူးကြီးကိုပါ သူမနှင့်အတူ ရှိနေခွင့် တောင်းခံပြီး ပါကိုတင်ကို မီးဖိုဆောင် အတွင်းသို့ ခေါ်ဆောင်ခဲ့သည်။

ပါကိုတင်က သူမကို မေးခွန်းများ စတင် မေးမြန်းသည်နှင့် တပြိုင်နက်ပင် အရေးအကြီးဆုံးသော အချက်တခုကို သိရှိရသည်။ ယင်းမှာ ဒီမီထရီသည် ပထမတကြိမ် ဂရုရှင်ကာကို ရှာဖွေရန် လာရောက်စဉ်က ငရုတ်ဆုံထဲမှ ငရုတ်ကျည်ပွေ့ကလေးကို ယူဆောင်သွားပြီး နောက်တခေါက် ပြန်လာသောအခါ ထိုငရုတ်ကျည်ပွေ့ကလေး ပါမလာတော့ဘဲ သူ့လက်တွင် သွေးတွေပေနေသည့် အချက်ပင် ဖြစ်တော့သည်။

"သူ့လက်က သွေးတွေ တစက်စက် ကျနေတုန်းပဲ၊ တစက်စက် ကျနေတုန်းပဲ ..."

ဖီညာက ရင်တမမဖြင့်ပြောဆိုသည်။ ထိတ်လန့်ဖွယ်ရာဖြစ်သောဤပုံရိပ်သည် ကယောင်ချောက်ချား ဖြစ်နေသော သူမ၏ အမြင်အတွေးများမှ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ သို့သော် ပါကိုတင် ကိုယ်တိုင်လည်း သွေးတွေ စွန်းထင်းလျက်ရှိသော လက်များကို တွေ့မြင်ခဲ့ရသည်။ ထိုအချိန်က သူ့သွေးများ တစက်စက်ကျနေခြင်း မရှိတော့သော်လည်း ထိုသွေးတွေကို သူကိုယ်တိုင်ပင် ဆေးကြောပေးခဲ့ရသည်။

သို့ရာတွင် သွေးတွေ ခြောက်သွေ့သွားသောအချိန် ဘယ်လောက်ကြာသည်က အကြောင်းမဟုတ်ပါ။ အရေးကြီးသည်က ငရုတ်ကျည်ပွေ့ကို ယူပြီး ဒီမီထရီ အဘယ်အရပ်ကို သွားသနည်း၊ ၎င်း၏ဖခင် ထံသို့ တကယ်ပင် သွားရောက်ခဲ့သလော ဟူသည့် အချက်ပင် ဖြစ်သည်။ ယင်းအချက်ကို အခိုင်အမာ ဖြစ်စေမည့် အထောက်အထား ဘာရှိသနည်း ဆိုသည်ပင် ဖြစ်၏။

သို့ဖြင့် ပါကိုတင်သည် ဤအချက်ကို အဓိကထားပြီး မေးနေခဲ့သည်။ သို့သော် နောက်ဆုံးတွင်ကား ဘာမျှ ခိုင်ခိုင်မာမာ သိရှိရခြင်း မရှိပါ။ သို့တစေလည်း ဒီမီထရီသည် ၎င်း၏ ဖခင်အိမ်မှတပါး အခြား ဘယ်ကိုမျှ မသွားနိုင်ဟု သူ ယူဆထားသည်။ သို့ဖြစ်၍ ထိုအိမ်တွင် တခုခု ဖြစ်ပွားရမည်။

"သူပြန်လာတဲ့အခါမှာ ကျွန်မ သိသမျှတွေ အကုန်လုံး သူ့ကို ပြောပြလိုက်ပြီး သူ့လက်မှာ ဘာဖြစ်လို့ သွေးတွေစွန်းနေရတာလဲလို့ ကျွန်မက မေးတယ်။ အဲဒီအခါမှာ သူက ဒီသွေးတွေဟာ လူသွေးတွေပဲ လို့ ပြန်ပြောတယ်။ လူတယောက်ကို အခုပဲ သတ်လာခဲ့တယ်လို့ သူပြောပါတယ်။ သူ ကျွန်မကို အဲဒါ ဝန်ခံပြီးနောက် အိမ်ထဲကနေပြီး အရူးတယောက်လို ထွက်ပြေးသွားပါတယ်။ အရူးတယောက်လို သူ ထွက်ပြေးသွားတာ ဘယ်ကိုဖြစ်မလဲလို့ ကျွန်မ ထိုင်ပြီး စဉ်းစားပါတယ်။ အဲဒီအခါမှာ မိုကရိုယီကို သူသွားပြီး ကျွန်မ သခင်မကို သတ်တော့မှာပဲလို့ ကျွန်မ တွေးလိုက်တယ်။ အဲဒါကြောင့် ကျွန်မ သခင်မကို မသတ်ဖို့ တောင်းပန်ရအောင် ကျွန်မ အိမ်ကနေ ပြေးထွက်ခဲ့ပါတယ်။ သူနေတဲ့အိမ်ကို ကျွန်မ ပြေးသွားပါတယ်။ ဒါပေမဲ့ ပလော်နီကော့ ဆိုင်ရှေ့အရောက်မှာ သူ မြင်းရထားကြီးနဲ့ ထွက်တော့မယ့်ဆဲဆဲ ဖြစ်နေတာကို တွေ့ရတယ်။ အဲဒီအချိန်မှာ သူ့လက်ပေါ်မှာ သွေးတွေ မရှိတော့ပါဘူး" (ဖီညာက ယင်းအချက်ကို သတိပြုမိပြီး မှတ်မိနေသည်)။

ဖီညာ၏ အဘွားကလည်း ဖီညာ၏ ပြောဆိုချက်များကို သူ သိရှိသမျှ အတည်ပြု ပြောဆိုသည်။ နောက်ထပ် မေးခွန်းအနည်းငယ် မေးမြန်းပြီးနောက် ထိုအိမ်မှ ပါကိုတင် ထွက်ခွာခဲ့သည်။ သူ၏စိတ်ထဲတွင် ထိုအိမ်သို့ လာရောက်စဉ်ကထက် အများကြီးပင် ပိုပိုပြီး ပူပန်သောက ဖြစ်နေတော့ သည်။ အများကြီးပင် စနိုးစနောင့် ဖြစ်နေတော့သည်။

သူ့အဖို့ အရှင်းဆုံးနှင့် အလွယ်ကူဆုံး လုပ်ရမည့် အလုပ်ကတော့ ဖျို့ဒါကာရာမာဇော့အိမ်သို့ သွားရောက်ပြီး ထိုအိမ်တွင် တစုံတရာ ဖြစ် မဖြစ်ကို စုံစမ်းသိရှိရန်ပင် ဖြစ်သည်။ အကယ်၍ တစုံတခု ဖြစ်ပွားခဲ့သည်ဆိုလျှင်၊ အမှန်တကယ် ဖြစ်ပွားခဲ့သည်ဆိုလျှင်၊ သူ့စိတ်ထဲတွင် သေချာပြီဟုဆိုလျှင် ရာဇဝတ်ဝန်အိမ်သို့ သွားရောက်ရန်ပင် ရှိတော့ကြောင်း သူ ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

သို့သော် ညက မှောင်မည်းလျက်ရှိပြီး ဖိုဒါကာရာမာဇော့၏ ခြံဝင်းတံခါးက ခိုင်ခံ့လှသဖြင့် သူ့အနေနှင့် တအား ထုခေါက်ရပြန်ချေဦးတော့မည်။ နောက်တခုကလည်း အကယ်၍ တံခါး ပွင့်သွားပြီး အထဲတွင် ဘာတခုမျှ မဖြစ်ဟုဆိုပါက သူနှင့် ကောင်းကောင်း သိကျွမ်းခြင်းမရှိသော မစ္စတာ ကာရာမာဇော့သည် သူ၏ အတင်းပြောတတ်သည့် ထုံးစံအတိုင်း သူနှင့်မသိသော ပါကိုတင် ဆိုသည့် အစိုးရဝန်ထမ်းတယောက်သည် သူ့အိမ်ထဲသို့ ဝင်ရောက်လာပြီး သူ့ကို လူတယောက် သတ် မသတ် ဆိုသည့်အကြောင်း စုံစမ်းဖို့ လာကြောင်းကို တမြို့လုံးအနှံ့ လျှောက်ပြောပေလိမ့်မည်။

ဘယ်လောက်များ အရှက်ကွဲလိမ့်မည်နည်း။ လူတွေထဲတွင် အရှက်ကွဲရသည့်အလုပ်ကို လောကကြီး မှာ ပါကိုတင် အကြောက်ဆုံးပင် ဖြစ်သည်။

သို့တစေလည်း သူ့ရင်ထဲတွင် ဖြစ်ပေါ်နေသည့် ခံစားမှုက ပြင်းထန်လွန်းလှသဖြင့် သူသည် ခြေထောက်ကို ဒေါသတကြီး ဆောင့်ပြီး သူ့ကိုယ်သူ ကျိန်ဆဲရေရွတ်ပြီးနောက် ဆက်ပြီးသွားသည်။ ဖျို့ဒါကာရာမာဇော့ အိမ်သို့ကား မဟုတ်၊ မစ္စက် ကိုကလာကော့၏ အိမ်သို့ ဖြစ်သည်။

အကယ်၍ မစ္စက် ကိုကလာကော့က ဒီမီထရီ ကာရာမာဇော့ကို ရူဗယ် သုံးထောင် မပေးဟု ငြင်းဆန်ခဲ့လျှင် ရာဇဝတ်ဝန်အိမ်သို့ တန်းပြီး သွားမည်ဟု သူ ဆုံးဖြတ်သည်။ အကယ်၍ သူမက ပိုက်ဆံပေးလိုက်သည်ဟုဆိုလျှင် ကိုယ့်အိမ်သို့ ကိုယ်ပြန်ပြီး ထိုကိစ္စကို နောက်တနေ့ နံနက်အထိ ရွှေ့ဆိုင်းထားလိုက်မည်။

သို့ရာတွင် ညကြီးမင်းကြီးအချိန်တွင်၊ ဆယ့်တနာရီလောက်ကြီးတွင် သူနှင့် မသိကျွမ်းသော အထက်လွှာမှ အမျိုးသမီးကြီးတယောက်ထံသို့ သွားပြီး သူမကို အိပ်ရာမှ နှိုးပြီး အံ့ဩဖွယ် ကောင်းသော မေးခွန်းတခုကို မေးမြန်းခြင်းသည် မစ္စတာ ကာရာမာဇော့ အိမ်သို့ သွားရောက်သည် ထက် ပိုပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်နိုင်သည်မှာ အမှန်ပင်။ သို့သော် ရံဖန်ရံခါတွင် အထူးသဖြင့် ယခုလို အရေးကိစ္စမျိုးတွင် ဤကဲ့သို့ စဉ်းစားဆင်ခြင်တတ်သူများမှာ အင်မတန် စေ့စပ်သေချာသူ များနှင့် တုံ့ဆိုင်းလေးကန်သူများသာ ဖြစ်တတ်ပါသည်။ ပါကိုတင်အနေနှင့် ယင်းအချိန်က တုံ့ဆိုင်း လေးကန်ခြင်း အလျင်းမရှိပါ။

ရင်တွင်းသို့ တဖြည်းဖြည်းချင်း ဝင်ရောက်လျက်ရှိသော သောင်မတင် ရေမကျ ဖြစ်နေသည့် အတွေးတို့ကို သူ့အနေနှင့် မည်သို့မျှ ချုပ်တည်း ထိန်းသိမ်းနိုင်စွမ်း မရှိဘဲ နောက်ဆုံးတွင် ပေါက်ကွဲကာ သူ့ဆန္ဒကို ဆန့်ကျင်ပြီး ပြုလုပ်ခဲ့ရကြောင်း ပါကိုတင်သည် သူ့တသက်တာ ကာလပတ်လုံးတွင် အမှတ်ရရှိနေရတော့သည်။ အမှန်ပင် ဖြစ်သည်။ သူသည် ထိုအမျိုးသမီးထံသို့ သွားရောက်ရာ လမ်းတလျှောက်လုံးမှာပင် သူ့ကိုယ်သူ ကျိန်ဆဲသွားသည်။ သို့ရာတွင် သူသည် အံသွားများကို ကြိတ်ပြီး ဆယ်ကြိမ်မြောက်အဖြစ်နှင့် သူ့ကိုယ်သူ ဤသို့ ပြောမိသည်။ "ဘာပဲဖြစ်ဖြစ် အဆုံးထိအောင်တော့ လိုက်ရမှာပဲ" တကယ်လည်း သူ လိုက်ခဲ့သည်။ သူလုပ်မည်ဆိုသည့် အလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့သည်။

မစ္စက် ကိုကလာကော့၏အိမ်သို့ သူ ရောက်သွားသည်။ အချိန်မှာ ဆယ့်တနာရီတိတိပင် ဖြစ်သည်။ သူ့ကို ခြံဝင်းထဲသို့ ကောင်းမွန်စွာနှင့် လွယ်ကူစွာပင် ဝင်ခွင့်ပြုသည်။ သို့ရာတွင် သူ၏သခင်မ အိပ်ရာဝင်ပြီလား သို့မဟုတ် မဝင်သေးဘူးလား ဆိုသည်ကို မေးမြန်းသောအခါတွင်ကား တံခါးမှူးသည် တိတိကျကျ မပြောနိုင်ဘဲရှိသည်။ ထုံးစံအတိုင်းဆိုလျှင်တော့ ဤအချိန်သည် သူမ အိပ်ရာဝင်သည့်အချိန် ဖြစ်ကြောင်းကိုသာ ပြောနိုင်သည်။

"အပေါ်ထပ်ကို တက်သွားပြီး မေးကြည့်ပါခင်ဗျာ၊ သခင်မက လူကြီးမင်းကို လက်ခံပြီး တွေ့ချင်တယ် ဆိုရင် တွေ့မှာပဲ၊ မတွေ့ချင်ဘူးဆိုရင်တော့ တွေ့မှာ မဟုတ်ဘူး" တံခါးမှူးက ပြောသည်။

ပါကိုတင် အပေါ်ထပ်သို့ တက်သွားသည်။ သို့ရာတွင် ထိုတွင်လည်း အခြေအနေများက မလွယ်ကူပါ။ အစေခံတယောက်က သူ ရောက်ရှိနေကြောင်းကို အကြောင်းကြားပေးရန် ဝန်လေးနေသည်။ နောက်ဆုံးတွင် အစေခံမ တယောက်ကို ခေါ်ပေးသည်။

မြို့ပေါ်က အစိုးရဝန်ထမ်းတဦး အရေးကြီးသည့် ကိစ္စတခုဖြင့် လာရောက်ကြောင်း သူမ၏သခင်မ အား အကြောင်းကြားပေးပါရန် ပါကိုတင်က ထိုအစေခံမကို ယဉ်ကျေးစွာ ပြောဆိုသည်။ သို့သော် တချိန်တည်းမှာပင် ပြတ်သားခိုင်မာစွာနှင့်ပြောသည်။

"သူ့ကို အဲဒီအတိုင်း ပြောပြပါ၊ အဲဒီအတိုင်း အတိအကျ ပြောပြပါ"

ပါကိုတင်က အစေခံမကို ပြောသည်။ အစေခံမ ထွက်သွားသည်။ ပါကိုတင် အိမ်ရှေ့ခန်းတွင် စောင့်ပြီး ကျန်ရစ်သည်။

မစ္စက် ကိုကလာကော့သည် မအိပ်သေးသော်လည်း အိပ်ခန်းထဲသို့

ရောက်ရှိနေပြီဖြစ်သည်။ မစ်တယာ လာရောက်သွားသည့်အတွက် သူမသည် အထူးပင် ကသိကအောက် ဖြစ်နေပြီး သေချာသည်ကတော့ ထိုညအဖို့ သူမသည် ခေါင်းကိုက်ခြင်း ဝေဒနာမှ ကင်းလွတ်တော့မည် မဟုတ်ပါ။ သူမက သည်လိုမျိုး ကြုံတွေ့ရတိုင်း ခေါင်းကိုက်တတ်လေ့ရှိသည်။

သူမ၏ အစေခံမက ပါကိုတင်၏ သတင်းကို အကြောင်းကြားလာသောအခါ သူမမှာ များစွာမှ အံ့အားသင့်ရသည်။ သူမ မသိသော မြို့ပေါ်မှ အစိုးရဝန်ထမ်းတဦးက သည်လိုအချိန်မျိုးတွင် လာရောက်တွေ့ဆုံသည့်အတွက် ဘာကိစ္စများ ဖြစ်ချေမည်နည်းဟု မိန်းမသားတို့၏ စပ်စုမှုက နိုးကြား ပြင်းထန်လျက် ရှိသော်လည်း သူမက ဒေါသဖြစ်စွာနှင့်ပင် သူ့ကို မတွေ့ချင်ဘဲ ရှိနေသည်။

သို့သော် သည်တကြိမ်တွင်ကား ပါကိုတင်သည် လားတကောင်ကဲ့သို့ပင် ခေါင်းမာလျက် ရှိတော့သည်။ သူသည် သူမကို "အင်မတန် အရေးကြီးသည့် ကိစ္စတခုဖြင့် တွေ့ချင်နေကြောင်းကို ထိုစကားလုံးများအတိုင်း" သူမ၏သခင်မကို ပြောကြားပါရန် ပါကိုတင်က အစေခံမကို အလေးအနက်ပင် ပြောကြားသည်။ သူမအနေနှင့် သူ့ကို ယခု လက်ခံတွေ့ဆုံခြင်းမပြုလျှင် နောင်အခါတွင် စိတ်မကောင်းဖြစ်ရမည်ဟု ဖြည့်စွက် ပြောဆိုသည်။ "ကျွန်တော့်ဘာသာ ကျွန်တော် ဘာလုပ်နေမိတယ်ဆိုတာကို မသိတော့ဘူး" ဟု နောက်ပိုင်းတွင် သူ ပြန်လည်ပြောဆိုသည်။

အစေခံမသည် သူ့ကို အံ့သြစွာဖြင့် ငေးကြည့်နေပြီးနောက် သူ၏သတင်းစကားကို ပါးရန် သူမ၏ သခင်မထံသို့ ထွက်သွားပြန်သည်။

မစ္စက် ကိုကလာကော့ အံ့အားသင့်နေသည်။ သို့သော် အနည်းငယ်မျှ စဉ်းစား ချိန်ဆပြီးနောက် အဆိုပါ လူကြီးမင်း၏ ပုံပန်းသဏ္ဌာန် မည်သို့ရှိသနည်းဟု အစေခံကို မေးသည်။ ထိုအခါ "အထူးပင် သပ်ရပ်ကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားပြီး အထူးပင် ယဉ်ကျေးသိမ်မွေ့သော လူရွယ်တဦး ဖြစ်ကြောင်း" ပြန်လည် ပြောကြားသည်ကို ကြားသိရသည်။

ဤနေရာတွင် ကျွန်ုပ်တို့ တခု ကြားဖြတ်ပြီးပြောရမည်။ ပါကိုတင်သည် အထူးပင် ချောမောလှပ သော လူရွယ်တဦးဖြစ်ပြီး ထိုအချက်ကို သူ့ဘာသာသူလည်း သိရှိပါသည်။ မစ္စက် ကိုကလာကော့က သူ့ကို လက်ခံတွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ သူမက ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး ညှပ်ဖိနပ်ကို စီးထားသည်။ သို့သော် သူမက သူမ၏ ပခုံးပေါ်တွင် တဘက် အနက်ကြီး တထည်ကို လွှမ်းခြုံလိုက်သည်။ 'အစိုးရဝန်ထမ်း' ကို လွန်ခဲ့သော နာရီအနည်းငယ်က မစ်တယာကို သူမ လက်ခံတွေ့ဆုံခဲ့သော ဧည့်ခန်းမှာပင် စောင့်ဆိုင်းနေစေရန် မှာကြားလိုက်သည်။

မစ္စက် ကိုကလာကေ့ာသည် ခပ်တည်တည် တင်းတင်းပင် စူးစမ်းလေ့လာသော မျက်နှာထားနှင့် ဧည့်ခန်းတွင်းသို့ ဝင်ရောက်သွားပြီး ဧည့်သည်ကို ထိုင်ရန် မပြောကြားဘဲ မသွယ်မဝိုက်ပင် မေးလိုက်သည်။

“ဘာကိစ္စရှိလို့လဲ”

“အခုလို အနှောင့်အယှက် ပေးရတာကို တောင်းပန်ပါတယ် မဒမ်၊ ဒါပေမဲ့ ယခုကိစ္စက ကျွန်တော်တို့ နှစ်ယောက်စလုံးနဲ့ သိကျွမ်းတဲ့ မစ္စတာ ဒီမီထရီ ကာရာမာဇော့ရဲ့ ပြဿနာ ဖြစ်ပါတယ်” ပါကိုတင် ပြောလိုက်သည်။

ထိုနာမည်ကို သူ ပြောလိုက်သည်နှင့် တပြိုင်နက် မစ္စက် ကိုကလာကေ့ာတွင် အလွန်အမင်း ဒေါသ ဖြစ်သည့် အရိပ်အယောင်များ ချက်ချင်း ပေါ်လွင်လာတော့သည်။ သူမက သူ့စကားကို ဒေါသတကြီး ကြားဖြတ်ပြီး အသံကုန် ဟစ်အော်လိုက်သယောင်ပင် ဖြစ်တော့သည်။

“ဒီလူဆိုးနဲ့ ပတ်သက်ပြီး ကျွန်မက ဘယ်လောက်ကြာအောင် စိတ်သောက ရောက်နေရမှာလဲ၊ ရှင်ကကော ဘယ်လိုလူလဲ၊ ရှင်မသိတဲ့ အမျိုးသမီးတယောက်ကို သူ့အိမ်မှာ အခုလို အချိန်မရှိ အချိန်ရှိကြီးမှာ လာပြီး လွှန်ခဲ့တဲ့ သုံးနာရီလောက်တုန်းက ဒီအခန်းထဲမှာပဲ ကျွန်မကို အသေသတ်မလို့ လုပ်ပြီး ရိုင်းရိုင်းစိုင်းစိုင်း ခြေဆောင့်ပြီး ထွက်သွားတဲ့ လူတယောက်အကြောင်းကို ပြောလာရတာလဲ။ ရှင့်ကို ကျွန်မပြောမယ်၊ ရှင့်ကိစ္စကို ကျွန်မ တိုင်ရလိမ့်မယ်၊ ဒီကိစ္စကို ကျွန်မ ခွင့်မလွှတ်နိုင်ဘူး၊ ကျေးဇူးပြုပြီး အခုချက်ချင်း ကျွန်မအိမ်က ထွက်သွားပါ။ ကျွန်မဟာ အမေတယောက် ... ကျွန်မ ... ကျွန်မ ...”

“အသေ ဟုတ်လား၊ အစ်မကြီးကိုလည်း သူ အသေသတ်မလို့ ... ဟုတ်လား”

“ဘာပြောတယ် ... အခြားတယောက်ကို သူ သတ်ခဲ့ပြီ ... ဟုတ်လား”

“ကျေးဇူးပြုပြီး ကျွန်တော်ပြောတာကို မိနစ်ဝက်လောက် နားထောင်ပါလား မဒမ်၊ ကျွန်တော် အစ်မကြီးကို အတိုဆုံး ရှင်းပြပါ့မယ်” ပါကိုတင်က ပြတ်သားတိကျစွာ ပြန်ပြောလိုက်သည်။ “ကနေ့ညနေ ငါးနာရီလောက်က မစ္စတာ ဒီမီထရီ ကာရာမာဇော့ဟာ ကျွန်တော့်ဆီက ငွေ တဆယ်ရူဗယ် ချေးပါတယ်။ မိတ်ဆွေတယောက်ဆီက ချေးတဲ့သဘောမျိုးပါပဲ၊ အဲဒီအတွက် အချက်အလက်တခုအနေနဲ့ ကျွန်တော် သိရတာကတော့ အဲဒီအချိန်မှာ သူ့လက်ထဲမှာ ပိုက်ဆံ တပြားမှ မရှိပါဘူး။ ဒါပေမဲ့ ကနေ့ည ကိုးနာရီလောက် သူ့ကို ကျွန်တော် တွေ့ရပြန်တဲ့အခါမှာတော့ သူ့လက်ထဲမှာ ငွေစက္ကူတွေ တထပ်ကြီး ရှိနေပါတယ်။ ရူဗယ်ငွေ နှစ်ထောင် သုံးထောင်လောက် ရှိမယ်လို့ ကျွန်တော် ပြောနိုင်ပါတယ်။ သူ့လက်တွေနဲ့ သူ့မျက်နှာမှာ သွေးတွေ ပေနေပြီး သူ့ကို

ကြည့်ရတာ အရူးတယောက်လိုပါပဲ၊ ဒါလောက်များတဲ့ ပိုက်ဆံတွေကို ဘယ်ကရသလဲလို့ သူ့ကို ကျွန်တော် မေးတဲ့အခါမှာ မဒမ့်ဆီကရတဲ့အကြောင်း သူ မဆုတ်မဆိုင်း ပြန်ပြောပါတယ်၊ ရွှေတွင်းကို သွားဖို့အတွက် မဒမ်က သူ့ကို ငွေသုံးထောင် ပေးတယ်လို့ ပြောပါတယ်"

မစ္စက် ကိုကလာကော့၏ မျက်နှာတွင် အထူးပင် စိတ်ထိခိုက်ပြီး စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လွင်လာသည်။

"ဘုရားသခင်၊ သူ့အဖေကို သူ သတ်လာတာပဲ ဖြစ်ရမယ်" သူမက လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး အော်ဟစ်လိုက်သည်။ "ကျွန်မ သူ့ကို ဘာပိုက်ဆံမှ မပေးဘူး၊ ကျွန်မ မပေးဘူး၊ အို .. ပြေး ... ပြေး ... နောက်ထပ် ဘာစကားတခွန်းမှ ပြောမနေနဲ့တော့၊ အဘိုးကြီးကို ကယ်ပါ၊ သူ့အဖေဆီကို ပြေးပါ၊ မြန်မြန်ပြေးပါ"

"ခဏကလေး မဒမ်၊ မဒမ်က သူ့ကို ပိုက်ဆံမပေးဘူးလို့ ပြောတယ်၊ သူ့ကို ဘာမှ မပေးဘူး ဆိုတာ မဒမ် သေချာသလား"

"ကျွန်မ မပေးဘူး၊ ကျွန်မ မပေးဘူး၊ ကျွန်မ သူ့ကို မပေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ကောင်းကောင်းလက်ခံမှာ မဟုတ်လို့ဘဲ။ သူ ဒေါသဖြစ်ပြီး ပြန်သွားတယ်၊ ခြေထောက်ကို ဆောင့်ပြီး ပြန်သွားတယ်၊ သူက ကျွန်မကို ရန်မူမလို့ လုပ်သေးတယ်။ ကျွန်မ ထွက်ပြေးရတယ်။ နေဦး၊ ရှင့်ကို ကျွန်မ တခုပြောရဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘာတခုမှ ကျွန်မ ဖုံးမထားချင်လို့ပဲ၊ သူ ကျွန်မကို တံတွေးနဲ့ ထွေးသွားတယ်။ အဲဒါ ရှင် ဘယ်လို သဘောရသလဲ၊ အို နေပါဦး၊ ရှင် ဘာဖြစ်လို့ မတ်တတ်ကြီး ရပ်နေရတာလဲ၊ ထိုင်ပါ၊ ကျေးဇူးပြုပြီး ... အို မဟုတ်သေးဘူး၊ ရှင် မြန်မြန်သွားတာ ကောင်းတယ်၊ အဘိုးကြီးကို အသက်ဘေးကနေ ကယ်ရအောင် ရှင် အမြန်ဆုံး ပြေးရင်ကောင်းမယ်"

"ဒါပေမဲ့ အဘိုးကြီးကို သူ သတ်ပြီးနေပြီဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"အို ဘုရားသခင်၊ အဲဒါ ဟုတ်တယ်၊ အဲဒီလိုဆိုရင် အခု ကျွန်မတို့ ဘာလုပ်ကြမလဲ၊ ကျွန်မတို့ အခု ဘာလုပ်သင့်တယ်လို့ ရှင် ထင်သလဲ"

ထိုအချိန်မှာပင် သူမက ပါကိုတင်ကို ထိုင်စေပြီး သူမကလည်း သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

ပါကိုတင်က ဖြစ်ပျက်ပုံ အလုံးစုံကို အကျဉ်းချုပ် ပြောပြသည်။ အကျဉ်းချုပ် ဆိုသည်မှာ ရှင်းလင်း ပေါ်လွင်စွာ ဖြစ်သည်။ အချို့သောအစိတ်အပိုင်းများက သူကိုယ်တိုင် ကြုံတွေ့ရသည်များ ဖြစ်သည်။ ဖီညာထံသို့ သူ သွားရောက်သည့်အကြောင်းနှင့် ငရုတ်ကျည်ပွေ့အကြောင်းကိုလည်း သူ

ပြောဆိုသည်။

ဤအကြောင်းအရာ အသေးစိတ်များက စိတ်လှုပ်ရှားချောက်ချားနေသော အမျိုးသမီးကြီးကို များစွာမှပင် လွှမ်းမိုးသက်ရောက်သည်။ သူမက အဆက်မပြတ်လိုပင် အထိတ်တလန့်များ ဟစ်အော်ကာ သူမ၏မျက်လုံးများကို လက်နှစ်ဖက်ဖြင့် ကာထားသည်။

“ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ ကျွန်မစိတ်ထဲ ကြိုပြီး သိနေခဲ့တယ်ဆိုရင် ရှင် ယုံမလား၊ ကျွန်မမှာ အဲဒီဉာဏ်ပညာ ရှိတယ်၊ ကျွန်မစိတ်ထဲမှာ ဘာပဲထင်ထင် ထင်တဲ့အတိုင်း ဖြစ်လာတာပဲ၊ အဲဒီလူနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မ စိတ်ထဲမှာ ထင်နေမိတာ ကြာပြီ။ အဲဒီလူဟာ နောက်ဆုံးတနေ့မှာ ကျွန်မကို သတ်မှာပဲလို့ ကျွန်မ ထင်ခဲ့တယ်။ အခုထင်တဲ့အတိုင်း ဖြစ်လာတာပဲ။ တခုပဲရှိတယ်။ သူဟာ ကျွန်မကို မသတ်ဘဲနဲ့ သူ့အဖေကို သတ်ခဲ့တယ်။ ကျွန်မကို ဘုရားသခင်က ကယ်မခဲ့တာပဲ။ နောက်ပြီးတော့ သူဟာ ကျွန်မကို သတ်ရမှာလည်း ရှက်သွားပုံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သူ့ကို ဒီနေရာမှာ အခုထိုင်နေတဲ့နေရာမှာ သာသနာ့အာဇာနည် စိန့်ဗာဗရာရဲ့ ပုံတော်ဆွဲကြိုးကို သူ့ လည်ပင်းမှာ ကျွန်မ ဆွဲပေးခဲ့တယ်။ အဲဒီအချိန်တုန်းက ကျွန်မဟာ သူ့အနားကို ရောက်တဲ့အထိ လျှောက်သွားခဲ့တယ်။ သူက သူ့ခေါင်းကို ဆန့်ပေးခဲ့တယ်။ ဒီမယ် မစ္စတာ ပါကိုတင် (ရှင့်နာမည် ပါကိုတင်လို့ ကျွန်မကို ပြောခဲ့တယ် မဟုတ်လား) ကျွန်မဟာ တန်ခိုးဣဒ္ဓိပါဒ်တွေကို မယုံကြည်ပါဘူး။ ဒါပေမဲ့ အဲဒီ ပုံတော်ဆွဲကြိုးရယ်၊ နောက်ပြီးတော့ ကျွန်မမှာ သေဘေးက ကင်းလွတ်ခဲ့ရတဲ့ အဖြစ်ထူးကြီးရယ်၊ အဲဒါတွေက ကျွန်မကို ကိုင်လှုပ်ခဲ့တယ်၊ ကျွန်မဟာ အခုဆိုရင် ဘာကိုမဆို ယုံကြည်ဖို့ အဆင်သင့် ဖြစ်နေရပြန်တော့တယ်၊ ခင်ကြီး ဆရာတော် ဇော်ဇီမာအကြောင်း ရှင် ကြားပြီးပြီလား၊ အို ကျွန်မ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒါပေမဲ့ ပြောရင် ရှင် ယုံမလားမသိဘူး။ သူဟာ လည်ပင်းမှာ ပုံတော်ဆွဲကြိုးကို ဆွဲထားပြီးတဲ့နောက်ပိုင်းမှာ ကျွန်မကို တံတွေးနဲ့ ထွေးရုံပဲ ထွေးခဲ့တယ်။ ဟုတ်တယ်၊ သူ တံတွေးနဲ့ ထွေးရုံပဲ ထွေးခဲ့တယ်။ ကျွန်မကို သတ်မသွားဘူး၊ ပြီးတော့ သူ ဒီကနေ တခါတည်း ထွက်ပြေးသွားတော့တာပဲ၊ အဲ … ဒါနဲ့ ကျွန်မတို့ အခု ဘာတွေလုပ်ကြမလဲ၊ ကျွန်မတို့ ဘယ်ကို သွားကြမလဲ၊ ရှင် ဘယ်လို စိတ်ကူးမိသလဲ”

ပါကိုတင် မတ်တတ်ထရပ်လိုက်ပြီးနောက် ရာဇဝတ်ဝန်ထံသို့ သူသွားမည် ဖြစ်ကြောင်း၊ ရာဇဝတ်ဝန် ကို အလုံးစုံ ပြောပြလိုက်ပြီး ကျန်သည့်ကိစ္စကို သူ သင့်လျော်သလို ဆက်လုပ်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

“အို သူဟာ လူကောင်းတယောက်ပဲ၊ မစ်ခေးမာကာရော့ကို ကျွန်မ သိတယ်၊ ဟုတ်တယ် ဟုတ်တယ်၊ သူ့ဆီကိုသွားပါ။ ရှင် သိပ်တော်တာပဲ မစ္စတာ ပါကိုတင်၊ ရှင်

အခုလို စိတ်ကူးမိတာ တကယ် တော်တာပဲ၊ ကျွန်မသာဆိုရင် ဒီလိုမျိုး တွေးမိမှာ မဟုတ်ဘူး”

“ကျွန်တော် ဒီလိုမျိုး တွေးမိတာကတော့ ရာဇဝတ်ဝန်ကြီးကို ကျွန်တော်ကိုယ်တိုင်လည်း ကောင်းကောင်း သိနေလို့ပါပဲ”

ပါကိုတင်က ပြောလိုက်သည်။ သူက မတ်တတ်ရပ်နေဆဲပင် ရှိနေသည်။ သူ့အနေနှင့် အင်မတန် စိတ်ဖောထက်သန်နေသော အမျိုးသမီးကြီး၏လက်မှ လွတ်မြောက်လိုလှပြီမှာ သိသာထင်ရှားလှ သည်။ သို့သော် အမျိုးသမီးက ယခုတိုင် သူ့ကို နှုတ်ဆက်ပြီး သွားခွင့်မပြုသေးပါ။

“အင်း၊ နောက်ပြီးတော့ နောက်ပြီးတော့ ရှင် ဒီကိုပြန်လာပြီး အဲဒီမှာ ရှင် ဘာတွေ တွေ့ရတယ် ဆိုတာနဲ့ ဘာတွေဖြစ်တယ်ဆိုတာကို ကျွန်မကို ပြန်ပြောစမ်းပါ။ နောက်ပြီးတော့ သူ့ကို သူတို့ ဘယ်လိုအရေးယူတယ်ဆိုတာရယ်၊ နောက်ပြီးတော့ သူ ဘယ်လို အပြစ်ဒဏ်ခံရမယ် ဆိုတာရယ်ပေါ့” သူမက ကရားရေလွှတ် ပြောဆိုလျက်ရှိသည်။ “ကျွန်မကို တခုပြောစမ်းပါဦး၊ ကျွန်မတို့ဆီမှာ သေဒဏ်ပေးတာတော့ မရှိတော့ဘူး မဟုတ်လား။ အို ဘာပဲဖြစ်ဖြစ် ရှင် ပြန်လာခဲ့ပါ၊ ညသန်းခေါင်ကျော် မနက်လင်းအားကြီး သုံးနာရီပဲ ဖြစ်ဖြစ် လေးနာရီပဲဖြစ်ဖြစ် လေးနာရီခွဲပဲဖြစ်ဖြစ် ကျွန်မကို နှိုးခိုင်းပါ။ ကျွန်မ မနိုးလို့ရှိရင် အတင်း လှုပ်နှိုးခိုင်းပါ။ အို ဒါပေမဲ့ ကျွန်မ ဘယ်နည်းနဲ့မှ အိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး။ ဒါနဲ့ နေဦး၊ ရှင်နဲ့အတူ ကျွန်မ လိုက်ခဲ့ရင် မကောင်းဘူးလား”

“အို အို အဲဒါတော့ မကောင်းဘူး၊ လိုက်ခဲ့ဖို့ သင့်တယ်လို့ ကျွန်တော် မထင်ဘူး။ ဒါပေမဲ့ ဒီမီထရီ ကာရာမာဇော့ကို ငွေသုံးထောင် မပေးဘူးဆိုတာကို မဒမ်ရဲ့လက်ရေးနဲ့ စာ တကြောင်း နှစ်ကြောင်း လောက် ရေးပေးလိုက်ရင်တော့ ကောင်းမယ်နဲ့တူတယ်၊ အဲဒါက လိုအပ်ရင် အသုံးဝင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်”

“အို ... ရပါတယ်”

မစ္စက် ကိုကလာကော့ စိတ်အားထက်သန်စွာဖြင့် ပြောဆိုပြီးနောက် စာရေးစားပွဲဆီသို့ အပြေးကလေး သွားသည်။

“ဒီမယ် ရှင့်ကို ကျွန်မ ပြောရဦးမယ်။ အခုကိစ္စမှာ ရှင့်ရဲ့ပိုင်နိုင်မှုနဲ့ ကျွမ်းကျင်မှုအတွက် ကျွန်မ အများကြီး အံ့သြရတယ်၊ သဘောကျရတယ်၊ ရှင် ဒီမှာ တာဝန်ထမ်းဆောင်နေရတယ် ဟုတ်လား၊ ရှင် ဒီမှာ တာဝန်ထမ်းဆောင်နေရတယ်ဆိုတာ သိရတဲ့အတွက် ဘယ်လောက်များ အားရစရာ ကောင်းသလဲ” သူမက ယင်းသို့ ပါးစပ်မှ ပြောနေရင်းဖြင့် စာရွက်ပေါ်တွင်

စာလုံးကြီးကြီးများဖြင့် အောက်ပါ စာကြောင်းကို စာရွက်တဝက်လောက်တွင် ရေးသားသည်။

"ကျွန်မ၏တသက်တာတွင် စိတ်ဒုက္ခရောက်နေရသော ဒီမီထရီ ကာရာမာဇော့ကို (ဘာပဲဖြစ်ဖြစ် သူသည် ယခုအခါ စိတ်ဒုက္ခရောက်နေရပြီ ဖြစ်သည်) ရူဗယ်ငွေ သုံးထောင် ယနေ့ မချေးငှားခဲ့ပါ။ ဘယ်တုန်းကမှလည်း သူ့ကို ငွေမချေးငှားခဲ့ဖူးပါ ။ ဘယ်တုန်းကမျှ မချေးဖူးပါ ။ ဤအချက်ကို ကျွန်မ ကျမ်းသစ္စာကျိန်ဆို ပြီး ပြောပါသည်"

ကက်ထရီးနား ကိုကလာကော့

'ဟောဒီမှာ ကျွန်မရဲ့စာ' သူမက ပါကိုတင်ဘက်သို့ လျင်မြန်စွာ လှည့်လိုက်သည်။ 'ကဲ၊ သွားပေတော့၊ သူ့ကို ကယ်ပေတော့၊ ရှင့်အနေနဲ့ မွန်မြတ်တဲ့ အလုပ်ကြီးတခုကို လုပ်တာပဲ'

သူမက သူ၏ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင်သင်္ကေတ သုံးကြိမ် ပြုလုပ်လိုက်သည်။ သူမက သူ့ကို အိမ်ရှေ့တံခါးဝအထိ အပြေးကလေး လိုက်ပို့သည်။

"ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်တာပဲ၊ ကျွန်မဆီကို ရှင် အလျင်ဆုံး လာတွေ့တဲ့အတွက် ရှင့်ကို ကျွန်မ ဘယ်လိုကျေးဇူးတင်ရမှန်း မသိဘူး၊ ကျွန်မတို့ အရင်တုန်းက ဘာဖြစ်လို့ မတွေ့ခဲ့ဖူးကြ တာလဲ၊ ဒီကရှေ့မှာဆိုရင် ကျွန်မအိမ်ကို ရှင် အမြဲတမ်း လာလည်ပါ၊ ဒီမြို့မှာ ရှင် တာဝန်ထမ်းဆောင် နေတဲ့အတွက် ဘယ်လောက်ကောင်းသလဲ။ ရှင့်လို တိကျတဲ့လူတယောက်... ရှင့်လို အရည်အချင်း ရှိတဲ့ လူတယောက်ကို သူတို့ အများကြီး ဂုဏ်ပြု ချီးကျူးကြရမယ်။ ရှင့်ကို သူတို့ အင်မတန် ကျေနပ်သဘောကျကြရမယ်၊ ရှင့်အတွက် ကျွန်မ လုပ်ပေးနိုင်တာရှိရင်တော့ ပြောပါ။ အို လူငယ်တွေကို ကျွန်မ သိပ်ပြီး သဘောကျတယ်၊ ကျွန်မတို့ရဲ့မျိုးဆက်သစ်ဟာ ကျွန်မတို့ရဲ့ ဒုက္ခရောက်နေတဲ့ နိုင်ငံကြီးအတွက် အုတ်မြစ်ပဲ၊ တိုင်းပြည်ကြီးအတွက် မျှော်လင့်စရာဆိုလို့ လူငယ်တွေပဲ ရှိတယ်။ အို ... သွားတော့... သွားတော့"

သို့သော် ထိုအချိန်တွင် ပါကိုတင်သည် အိမ်ထဲမှ ပြေးထွက်သွားနေပြီ ဖြစ်သည်။ ယင်းသို့ မဟုတ်ခဲ့လျှင်လည်း သူမက သူ့ကို လွှတ်ဦးမည် မဟုတ်ပါ။ သို့ရာတွင် မစ္စက် ကိုကလာကော့သည် သူ၏စိတ်အာရုံတွင် ကောင်းစွာ စွဲထင်လျက် ရှိချေသည်။ သူမနှင့် တွေ့လိုက်ရသည့်အတွက် ယခုကဲ့သို့ မနှစ်မြို့ဖွယ်ရာသော အရေးအခင်းတခုတွင် ပါဝင် ပတ်သက်နေရသဖြင့် ကယောက်ကယက် ဖြစ်နေသော သူ၏စိတ်များပင် အတန်ငယ် အေးငြိမ်းသွားသည်ဟု ထင်ရသည်။ အားလုံး သိရှိကြသည့်အတိုင်းပင် တယောက်နှင့် တယောက် အကြိုက်ချင်း မတူညီကြပါ။

“သူက ဘယ်မှာ အသက်ကြီးသေးလို့လဲ၊ သူ့သမီးနဲ့တောင် ငါ မှားနိုင်တယ်” သူက ကျေနပ် အားရစွာဖြင့် စိတ်ထဲတွင် တွေးမိသည်။ မစ္စက် ကိုကလာကော့အနေဖြင့်လည်း လူရွယ်ကလေးကို လုံးဝကြီးပင် သဘောကျ နှစ်သက်လျက်ရှိတော့သည်။ “တကယ်တော်တာပဲ၊ တကယ်မှန်တာပဲ၊ တကယ့်လူငယ်ကလေးပဲ၊ ဒီခေတ်ကြီးထဲမှာ ဒီလို ပုံပန်းသဏ္ဌာန်နဲ့ ဒီလို အမူအရာမျိုး တကယ် ရှားတာပဲ။ ဒါနဲ့တောင် ဒီကနေ့ လူငယ်တွေဟာ ဘာမှ အားမကိုးရဘူးလို့ လူတွေက ပြောကြသေး တယ် ... အခု နမူနာစံပြ တွေ့ရပြီ မဟုတ်လား”

သူမက တလျှောက်ကြီး တွေးလျက်ရှိတော့သည်။ ယင်းအတွက် ‘ကြောက်မက်ဖွယ်ရာ အဖြစ်အပျက် ကြီး’ ကိုပင် မေ့လျော့လျက်ရှိသည်။ သူမသည် အိပ်ရာပေါ် ရောက်မှပင် ‘သေမင်းတံခါးဝ’ သို့ ရောက်ခဲ့ရသည့်အဖြစ်ကို ရုတ်တရက် သတိရမိသည်။

“အို ... ကြောက်စရာကြီးပါလား၊ ကြောက်စရာကြီးပါလား”

သူမက ရွတ်ဆိုလိုက်သည်။ သို့သော် ချက်ချင်းဆိုသလို နှစ်ခြိုက်စွာ အိပ်မောကျသွားသည်။

ယခု ကျွန်ုပ် ဖော်ပြခဲ့သော လူငယ် အရာရှိကလေးတစ်ဦးနှင့် အသက်အရွယ် မကြီးလှသေးသော မုဆိုးမတယောက်တို့၏ ထူးခြားဆန်းကြယ်သော တွေ့ဆုံခြင်းသည် တနေ့တွင် အဆိုပါ တိကျမှန်ကန်သော လူငယ်ကလေး၏ ဘဝအုတ်မြစ် ဖြစ်သွားမည် မဟုတ်ခဲ့လျှင် ကျွန်ုပ်သည် ဘာမျှ အရေးမကြီးသော၊ ဘယ်လိုမှ ဆက်စပ်မှုမရှိသော အသေးအဖွဲကလေးများကို အကျယ်ချဲ့နေမည် မဟုတ်ပါ။

ထိုလူရွယ်ကလေး၏ ဇာတ်လမ်းကို ကျွန်ုပ်တို့မြို့တွင် ယနေ့တိုင်အောင်ပင် တအံ့တဩပင် အမှတ်ရလျက် ရှိကြပါသည်။ ကာရာမာဇော့ ညီအစ်ကိုများ၏ ဇာတ်လမ်းရှည်ကြီး ပြီးဆုံးသွားသော အခါတွင် သည်ဇာတ်လမ်းနှင့် ပတ်သက်၍ ကျွန်ုပ် တစုံတရာ ရေးသားရကောင်း ရေးသားရပါဦးမည်။

၂။ တပ်လှန့်ခြင်း

ကျွန်ုပ်တို့၏ ရာဇဝတ်ဝန်ကြီး မစ်ခေးမာကာရော့သည် အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး တဦး ဖြစ်ပြီး မုဆိုးဖိုတယောက်၊ လူကောင်းကြီးတယောက် ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့မြို့သို့ လွန်ခဲ့သော သုံးနှစ်ခန့်ကမှ ရောက်ရှိလာသူ ဖြစ်သည်။ သို့သော် သူ့ကို အများကပင် ချစ်ခင်လေးစားကြသည်။ အကြောင်းမှာ သူသည် 'လူတွေကို တပေါင်းတစည်းတည်းရှိအောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို' နားလည်သောကြောင့်ပင် ဖြစ်ပါသည်။

သူ့အိမ်မှာ အမြဲတမ်းလိုပင် ဧည့်သည်တွေနှင့် ပြည့်နေတတ်ပါသည်။ သူက ဧည့်သည်တွေ မရှိလျှင် လည်း မနေတတ်ပါ။ ညနေစာ စားချိန်တွင်လည်း အမြဲတမ်းလိုပင် ဧည့်သည်တယောက် နှစ်ယောက် ဆိုသလို ရှိတတ်သည်။ သူက ဧည့်သည်များ မရှိဘဲနှင့် ဘယ်တော့မှ ထမင်းစားပွဲတွင် ထိုင်လေ့မရှိပါ။ သူသည် ညစာစားပွဲများကိုလည်း အမျိုးမျိုး ယိုးမယ်ဖွဲ့ပြီး ပြုလုပ်တတ်ပါသည်။ အချို့သော ယိုးမယ်ဖွဲ့မှုများသည် အံ့သြစရာပင် ဖြစ်သည်။ သူ၏ ညစာစားပွဲများတွင် အစားအသောက်များသည် အထူး ကောင်းမွန်လှသည် မဟုတ်သော်လည်း လုံလုံလောက်လောက် အလျှံပယ်ပင် ဖြစ်သည်။ ငါးဟင်းချို ကောင်းကောင်းနှင့် အလယ်အလတ်တန်းစား ဝိုင်အရက် များများ ဖြစ်သည်။

အဝင်ဝ ခန်းမကြီးသည် ကောင်းမွန်စွာ ဆင်ယင်မွမ်းမံထားသော ဘိလိယက်ခန်းမကြီး ဖြစ်သည်။ နံရံများပေါ်တွင် မှန်ပေါင်အနက်ကြီးများဖြင့် ချိတ်ဆွဲထားသော အင်္ဂလိပ် ပြိုင်မြင်းပုံများပင် ရှိသည်။ ကျွန်ုပ်တို့အားလုံး သိရှိကြသည့်အတိုင်းပင် လူပျိုကြီးတယောက်၏ ဘိလိယက်ခန်း အပြင်အဆင်မျိုး ဖြစ်သည်။

ညနေတိုင်းလိုပင် သူ့အိမ်မှာ ဖဲကစားကြသည်။ တဝိုင်းတည်းဖြစ်ဖြစ် ကစားကြသည်။ သို့ရာတွင် မကြာမကြာ ဆိုသလိုပင် မြို့ပေါ်မှ လူကုံထံ အသိုင်းအဝိုင်းများသည် မိခင်များနှင့် သမီးပျိုများ အပါအဝင် သူ့အိမ်တွင် စုဝေးကာ ကပွဲသဘင် ဆင်နွှဲကြသည်။

ရာဇဝတ်ဝန် မာကာရော့သည် မုဆိုးဖိုကြီးတဦး ဖြစ်သော်လည်း တယောက်တည်း နေထိုင်ခြင်း မဟုတ်ဘဲ သူ၏ မိသားစုနှင့်အတူ နေထိုင်သည်။ သူ၏မိသားစု ဆိုသည်မှာ သူ၏သမီး မုဆိုးမနှင့် ထိုသမီး မုဆိုးမမှ မွေးသော သမီးပျိုနှစ်ယောက်တို့ ဖြစ်ကြသည်။ တနည်းပြောရလျှင် သူ၏ သမီးနှင့် မြေးမကလေးနှစ်ယောက် ဖြစ်သည်။

မြေးနှစ်ယောက်သည် ကျောင်းပညာ ပြီးဆုံးကြပြီဖြစ်ပြီး ကြည့်ပျော်ရှုပျော်ရှိကာ ပျော်ပျော်ရွှင်ရွှင် နေတတ်သော မိန်းကလေးများ ဖြစ်ကြသည်။ သူတို့မှာ လက်ထပ်သောအခါတွင် မိန်းကလေး ဘက်က တင်ရသော မင်္ဂလာကြေး များများစားစား ပေးရန် မရှိကြသော်လည်း ကျွန်ုပ်တို့မြို့မှ လူငယ်လူရွယ် လူကြိုးမင်းကလေးတွေ တော်တော်များများကိုပင် သူတို့အိမ်သို့ ဆွဲဆောင် ခေါ်ငင်နိုင် ကြသည်။

မစ်ခေးမာကာရော့သည် သူ၏လုပ်ငန်းတွင် ကျွမ်းကျင်ကောင်းမွန်လှသည် မဟုတ်သော်လည်း တာဝန်ဝတ္တရားများကို အခြားသူများထက် မည့်ဖျင်း မနိမ့်ကျအောင်ကား ဆောင်ရွက်ပေးသည်။ ခပ်ရှင်းရှင်းပြောရလျှင် သူသည် ပညာတတ်တယောက် မဟုတ်ပါ။ ထို့ပြင် သူ၏ အုပ်ချုပ်ရေး အာဏာ နယ်နိမိတ်ကိုလည်း ကောင်းစွာ သိရှိနားလည်ထားသူ မဟုတ်ပါ။ လက်ရှိ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းရပ်များကို သူ အတော်ကြီး ခြိုးမိသော်လည်း မကြာ မကြာ ဆိုသလိုပင် ယင်းတို့ကို သူ အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူတတ်ပါသည်။ ယင်းသို့ဖြစ်ရသည်မှာ အသိဉာဏ် နည်းပါးလွန်းလှသောကြောင့် မဟုတ်ပါ။ သူ၏ပေါ့ဆမှုကြောင့်သာ ဖြစ်ပါသည်။ အကြောင်းမှာ သူသည် သေသေချာချာ လေ့လာခြင်း မရှိဘဲ မည်သည့်အရာကိုမဆို အလောသုံးဆယ် ပြုလုပ် ဆောင်ရွက်တတ်သောကြောင့် ဖြစ်သည်။

"ကျုပ်မှာ အရပ်သားတယောက်ထက် စစ်သားစိတ်က လွှမ်းမိုးနေတယ်" ဟု သူ ပြောလေ့ရှိပါသည်။

လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော အခြေခံ သဘောထားများကို သူသည် ရှင်းရှင်းလင်းလင်း မသိရှိရုံမျှသာမက လေ့လာဆည်းပူးခြင်းလည်း မရှိဘဲ မလွဲသာ မရှောင်သာ လက်တွေ့လုပ်ဆောင်ရသော အတွေ့အကြုံများအရသာ သူ၏အသိကို တနှစ်ပြီးတနှစ် ဖြည့်ဆည်း လျက် ရှိသည်။ အမှန်တော့ သူကိုယ်တိုင် မြေပိုင်ရှင်ကြီးတဦး ဖြစ်နေသည့်တိုင်အောင်ပင် ဖြစ်သည်။

မာကာရော့၏ အိမ်တွင် ဧည့်သည်တွေနှင့် တွေ့ရမည်ဖြစ်ကြောင်း ပါကိုတင် သိရှိသော်လည်း သည်လူတွေနှင့် တွေ့ရမည်ဟုကား သူ ကြိုတင် ပြောဆိုနိုင်ခြင်း မရှိပါ။ သို့သော် ကံကောင်း ထောက်မချင်တော့ သူ ရောက်ရှိသွားသည့်အချိန်တွင် အမှုလိုက်ရှေ့နေနှင့် ကျွန်ုပ်တို့၏ ခရိုင်ဆရာဝန် ဗာဗင်စကီတို့သည် ရာဇဝတ်ဝန်အိမ်တွင် ဝှစ်ဖဲ ကစားလျက် ရှိကြသည်။

ခရိုင်ဆရာဝန် ဗာဗင်စကီသည် လူရွယ်တဦးဖြစ်ပြီး မကြာမီကမှ ပီတာစဘတ် ဆေးသိပ္ပံမှ ဂုဏ်ထူးနှင့် အောင်မြင်ပြီး ကျွန်ုပ်တို့မြို့သို့ ရောက်ရှိလာသူ

ဖြစ်သည်။

အမှုလိုက်ရှေ့နေ အစ်ပိုလစ် ကီရီလိုဗစ်သည် အမှန်တော့ လက်ထောက် အမှုလိုက် ရှေ့နေသာ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့က သူ့ကို အမှုလိုက်ရှေ့နေဟုပင် ခေါ်ကြသည်။ သူသည် အသက် သုံးဆယ့်ငါးနှစ် အရွယ်မျှသာရှိပြီး ထူးခြားသော လူတယောက် ဖြစ်သည်။ အဆုတ်နာရောဂါ ရှိသူတဦး၏ အသွင်ဖြစ်သည်။ ကလေး မမွေးဖွားသော မိန်းမ ဝဝကြီးတယောက်ကို လက်ထပ်ထား သည်။ သူသည် ဟိတ်ဟန်များပြီး စိတ်တိုတတ်သည်။ အမှန်တော့ သူက အထူးပင် ပညာတတ်ပြီး စိတ်ကောင်း နှလုံးကောင်းလည်း ရှိသူ ဖြစ်သည်။ ယင်းသို့ဖြစ်ရသည်မှာ သူသည် ကိုယ့်မှာ တကယ်ရှိသော အရည်အသွေးကို ပိုပြီး တွက်ချက်နေသောကြောင့် ဖြစ်သည်။ ယင်းအတွက်လည်း သူ့မှာ အမြဲတမ်းလိုပင် ဂနာမငြိမ် ဖြစ်နေရခြင်း ဖြစ်သည်။ ထိုမျှမကသေးပါ။ သူက စိတ်ပညာကို ကောင်းစွာ လေ့လာထားသူတဦး ဖြစ်သည်။ အထူးသဖြင့် လူတွေ၏ အတွင်းစိတ်ကို အထူး လေ့လာ ထားသည်။ ရာဇဝတ်မှုနှင့် ရာဇဝတ်မှု ကျူးလွန်သူတွေအကြောင်း လေ့လာထားခြင်းပင် ဖြစ်သည်။ ယင်းအတွက်လည်း သူသည် စိတ်အနှောင့်အယှက် ဖြစ်နေရခြင်းဖြစ်သည်။ အထက်လူကြီးများသည် သူ၏ အရည်အချင်းအမှန်ကို မသိရှိကြဘဲ သူ့ကို ချောင်ထိုးထားကြသည်ဟု သူ ယူဆထားသည်။ သည်တွင် သူ့မှာ ရန်သူတွေ ရှိနေရခြင်း ဖြစ်တော့သည်။ ထို့ကြောင့် သူသည် စိတ်ဓာတ်ကျဆင်းသည့် အခါများတွင် အစိုးရအလုပ်မှ ထွက်ပြီး ပြင်ပ ရှေ့နေတဦးအနေဖြင့် ရာဇဝတ်မှုများတွင် လိုက်ပါရန် ဆုံးဖြတ်မိသည်။ ကာရာမာဇော့၏ အဖေသတ်မှုကြီး မမျှော်လင့်ဘဲ ပေါ်ပေါက်လာသောအခါ သူသည် များစွာမှပင် စိတ်လှုပ်ရှား တက်ကြွရတော့သည်။ "ဒီအမှုကြီးဟာ ရုရှားတနိုင်ငံလုံးမှာ ကျော်ကြားသွားမည့် အမှုကြီးပဲ" ဟု သူ့ကိုယ်သူ ပြောဆိုလေသည်။ နေဦး .. ကျွန်ုပ် စကားဦးသန်းရာ ရောက်သွားပြီ။

ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးရေး ဥပဒေအရာရှိ နီကိုလေနီလျူဒေါ့သည် တဖက်ခန်းတွင် အမျိုးသမီး ကလေးများနှင့်အတူ ရှိနေသည်။ သူသည် ပီတာစဘတ်မြို့မှနေ၍ ကျွန်ုပ်တို့မြို့သို့ ရောက်ရှိလာ သည်မှာ နှစ်လမျှသာ ရှိသေးသည်။

'ရာဇဝတ်မှု' ဖြစ်ပွားသည့်ညက ဤသူတွေအားလုံး တမင် ချိန်းဆိုထားသည့်အလား အုပ်ချုပ်မှု အာဏာပိုင်တဦး၏ အိမ်တွင် အတူတကွ စုဝေးလျက် ရှိနေကြခြင်းကို နောက်ပိုင်းတွင် လူတွေက တအံ့တသြ ပြောမဆုံး ရှိနေကြသည်။ သို့သော် ဤသို့ဖြစ်ရသည်မှာ ရိုးရိုးကလေးနှင့် ရှင်းရှင်းကလေးပင် ဖြစ်ပါသည်။ သဘာဝကျကျကလေးပင် ဖြစ်သည်။

အစ်ပိုလစ် ကီရီလိုဗစ်၏ မိန်းမ သွားကိုက်နေသည်မှာ နှစ်ရက်ရှိပြီ

ဖြစ်သည်။ သို့ဖြင့် အမှုလိုက် ရှေ့နေမင်းသည် ဇနီးသည်၏ ညည်းညူသံမှ လွတ်မြောက်ရန် အပြင်သို့ ထွက်ရခြင်း ဖြစ်သည်။ ဆရာဝန်အနေနှင့်မူ သူက ဝါသနာအရ ညတိုင်း ဖဲရိုက်ရမှ ဖြစ်သည်။

နီကိုလေ နီလျူဒေါ့ကျတော့လည်း မာကာရော့၏အိမ်သို့ သွားရောက်ရန် လွန်ခဲ့သည့် သုံးရက် ကတည်းက ပြင်ဆင်ထားခဲ့ခြင်း ဖြစ်သည်။ အမှတ်မထင် ရောက်ရှိလာသည့် သဘောမျိုးနှင့်ဖြစ်ပြီး အဘိုးကြီး၏ မြေးအကြီးမ အော်လဂါကို အလန့်တကြား ဖြစ်သွားစေရန် ဖြစ်သည်။ သူမ၏ လျှို့ဝှက်ချက်တခုကို သူက ရုတ်တရက် ဖော်ထုတ်နိုင်ရန်ပင် ဖြစ်သည်။ သူမ၏ လျှို့ဝှက်ချက်မှာ တခြား မဟုတ်ပါ။ ထိုနေ့သည် သူမ၏မွေးနေ့ ဖြစ်သည်။ သို့သော် သူမက ကပွဲကြီးတခု ပြုလုပ်ရမည်စိုးသဖြင့် ထိုသတင်းကို တမင် လျှို့ဝှက်ထားခဲ့ခြင်း ဖြစ်သည်။ သူက ဤကိစ္စနှင့် ပတ်သက်ပြီး အများကြီး ပျော်ရွှင်ရမည်ဟု မျှော်မှန်းထားခဲ့သည်။ သူမ၏အသက်နှင့် ပတ်သက်ပြီး စ ရမည်၊ နောက်ရမည်။ သူမ၏မွေးနေ့ကို မထုတ်ဖော်ရဲဘဲ ရှိသည့်အကြောင်းကိုလည်း နောက်ပြောင်ရမည်။ သူက သူမ၏လျှို့ဝှက်ချက်ကို သိရှိထားပြီး ဖြစ်သဖြင့် သူများတွေကို ထုတ်ဖော်ပြောရမည်၊ စသည် .. စသည်ဖြင့်။

ကိုလူချောကလေးသည် ဤသို့ နောက်ရပြောင်ရမည့် အလုပ်တွင် အင်မတန် ကျွမ်းကျင်သည်။ ယင်းအတွက် အမျိုးသမီးတွေက သူ့ကို 'ကိုလူဆိုး' ဟု အမည်ပေးထားသည်။ ထိုနာမည်ကို သူကလည်း အင်မတန် သဘောကျနေသည်။ သို့ရာတွင် သူသည် မိကောင်းဖခင် သားသမီးဖြစ်ပြီး ပညာတော်သူ၊ စိတ်ထားကောင်းသူတဦး ဖြစ်သည်။ သူက ပျော်ပျော်ကြီး နေတတ်သော်လည်း သူ၏ပျော်ရွှင်မှုသည် အပြစ်ကင်းစင်ပြီး သင့်တင့်လျောက်ပတ်ခြင်း ရှိပေသည်။ သူက အရပ်ပုပြီး ပျော့စိစိကလေး ဖြစ်သည်။ သူ၏ သေးငယ် ဖြူဖွေးသော လက်ချောင်းကလေးများတွင် လက်စွပ်ကြီး တွေ တဝင်းဝင်း တလက်လက် ရှိနေကြသည်။ သို့ရာတွင် သူသည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သောအခါတွင်ကား အထူးပင် ဣန္ဒြေသိက္ခာရှိသည်။ သူ၏ ရာထူး ဌာနန္တရနှင့် သူ၏ လုပ်ငန်းတာဝန်ကို ကောင်းမွန်စွာ သိရှိသည့်အလားပင် ဖြစ်သည်။ သူက အောက်တန်းလွှာမှ လူသတ်သမားများနှင့် ရာဇဝတ်ကောင်များကို စစ်ဆေး မေးမြန်းရာတွင် ၎င်းတို့အငိုက်ကို မိအောင် ဖမ်းနိုင်သည့် အရည်အသွေးရှိသည်။ သူသည် ၎င်းတို့၏ လေးစားမှုကို မရရှိသည့်တိုင်အောင် ၎င်းတို့၏ အံ့ဩချီးမွမ်းမှုကိုကား ရရှိပေသည်။

ရာဇဝတ်ဝန်၏ အိမ်အတွင်းသို့ ရောက်ရှိသွားသောအခါ ပါကိုတင် များစွာမှပင် အံ့ဩရသည်။ သူ သိရှိသူများအားလုံးကို တွေ့ရှိရသည်။ ၎င်းတို့သည် ဖဲဝိုင်းမှ ထပြီး မတ်တတ်ရပ် ဝိုင်းဖွဲ့ကာ ဆွေးနွေးတိုင်ပင်နေကြသည်။ နီလျူဒေါ့ပင်

မိန်းကလေးတွေကို ထားခဲ့ပြီး ၎င်းတို့ထံ ရောက်ရှိနေ သည်။ သူက လှုပ်ရှားတက်ကြွကာ တစုံတရာ လုပ်ဆောင်ရန် အဆင်သင့် အနေအထားမျိုး ရှိနေသည်။ ဖျိုဒါ ကာရာမာဇော့သည် သည်ည ညဦးပိုင်းမှာပင် သူ၏နေအိမ်၌ အသတ်ခံရကြောင်း ပါကိုတင် ထိတ်လန့်တုန်လှုပ်စွာ သိရှိရသည်။ အလုယက်ခံရပြီးနောက် အသတ်ဖြတ်ခံရခြင်း ဖြစ်သည်။ သူတို့သည် ဤသတင်းကို ပါကိုတင် မရောက်မီကလေးမှာပင် အောက်ပါအတိုင်း သိရှိကြရခြင်း ဖြစ်သည်။

ခြံတံတိုင်းအနီးတွင် အရိုက်ခံရသော ဂရီဂိုရီ၏ဇနီး မာဖာသည် အိပ်ရာပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ နောက်တနေ့နံနက်အထိ ကောင်းကောင်းကြီး အိပ်ပျော်နေရမည့်အစား ရုတ်တရက် နိုးလာသည်။ တဖက်ခန်းတွင် နေမကောင်းဖြစ်နေသော ဆမာယာကော့၏ ကြောက်မက်ဖွယ်ရာ ဝက်ရူးပြန် ဟစ်အော်သံကြောင့် နိုးလာရသည်မှာ သံသယ ဖြစ်စရာ မရှိချေ။ ဝက်ရူးပြန်ရောဂါ မထခင် ဖြစ်ပေါ်တတ်သော သူ၏ ဟစ်အော်သံများသည် မာဖာကို အမြဲတမ်းလိုပင် တုန်လှုပ်ချောက်ချားစေပါသည်။ သူမအနေနှင့် ယင်း ဟစ်အော်သံများကို မည်သည့်အခါတွင်မှ နားမယဉ်နိုင်ဘဲ ရှိနေသည်။

မာဖာသည် အိပ်နေရာမှ ခုန်ထပြီး ဆမာယာကော့၏အခန်းထဲသို့ အိပ်ချင်မူးတူးဖြင့် ပြေးဝင်သွား သည်။ သို့သော် အခန်းထဲမှာ မှောင်နေပြီး လူနာ၏ ကြောက်မက်ဖွယ်ရာ သက်ပြင်းရှူသံနှင့် ရုန်းကန်လှုပ်ရှားနေသံများကိုသာ ကြားရသည်။ မာဖာ အလန့်တကြား ဟစ်အော်လိုက်ပြီး သူမ၏ ခင်ပွန်းကို အော်ခေါ်သည်။ သို့သော် သူမ အိပ်ရာမှ ထပြေးလာစဉ် ဂရီဂိုရီသည် သူမ၏နံဘေး အိပ်ရာပေါ်တွင် ရှိမနေကြောင်း မာဖာ ချက်ချင်း အမှတ်ရလိုက်သည်။ သို့ဖြင့် သူမသည် အိပ်ခန်းဆီသို့ ပြန်ပြေးသွားပြီး အိပ်ရာပေါ်တွင် လက်နှင့် လိုက်ပြီး စမ်းကြည့်သည်၊ အမှန်ပင် ဖြစ်သည်။ ခုတင်ပေါ်တွင် ဘာမျှမရှိပါ။ ဂရီဂိုရီ အပြင်သို့ သွားနေဟန်ရှိသည်။ သို့သော် ဘယ်ကို သွားသနည်း။

မာဖာ အိမ်ရှေ့တံခါးပေါက်သို့ ပြေးသွားပြီး ဂရီဂိုရီကို ဟစ်ခေါ်သည်။ ဂရီဂိုရီ၏ ထူးသံကို မကြားရပါ။ သို့သော် ခြံတွင်းတနေရာဆီမှ ညည်းညူသံ တခုကို တိတ်ဆိတ်နေသော ညဥ့်ယံထဲတွင် သူမ ကြားရသည်။ သူမ နားစွင့်သည်။ ညည်းညူသံများ ထပ်ပြီး ကြားရသည်။ ခြံတွင်းတနေရာမှ ထွက်ပေါ်လာနေခြင်းပင် ဖြစ်သည်။

“အို .... ဘုရားသခင် ... လစ်ဇာဗီတာ ညည်းသလိုမျိုးပါပဲလား”

စိတ်ချောက်ချားစွာဖြင့် သူမ တွေးလိုက်မိသည်။ ထိတ်လန့်ကြောက်ရွံ့စွာဖြင့်ပင် အိမ်ရှေ့ လှေကားထစ်များမှ သူမ ဆင်းသွားသည်။ ခြံဥယျာဉ်အတွင်းသို့ဝင်သော တံခါး ပွင့်နေသည်။

"အဘိုးကြီး ခြံထဲမှာ ရှိနေမှာပဲ"

သူမ တွေးလိုက်ပြီး ခြံတံခါးဆီသို့ လျှောက်သွားသည်။ ထိုအခါတွင် ဂရီဂိုရီ၏ခေါ်သံကို သူမ သဲကွဲစွာ ကြားရသည်။

"မာဖာ... မာဖာ ..."

တိုးညင်းသော ညည်းညူသံ ဖြစ်သည်။

"ဘုရားသခင် ... ကယ်တော်မူပါ"

မာဖာ တီးတိုးရွတ်ဆိုလိုက်ပြီးနောက် အသံကြားရာဆီသို့ ပြေးသွားသည်။ ဤကား ဂရီဂိုရီကို မာဖာ တွေ့ရှိရပုံပင် ဖြစ်သည်။

သို့သော် သူမက သူ့ကို ခြံတံတိုင်းအနီးတွင် တွေ့ရှိရခြင်း မဟုတ်ပါ။ သူ အရိုက်ခံခဲ့ရသော နေရာတွင် မဟုတ်ပါ။ ခြံတံတိုင်းနှင့် ကိုက်နှစ်ဆယ်လောက် ဝေးသောနေရာတွင် ဖြစ်သည်။ နောက်ပိုင်း သိရှိရသည်မှာ ဂရီဂိုရီ သတိရရှိသောအခါတွင် လေးဖက်တွားပြီး သွားခဲ့သည်။ အချိန်အတော်ကြီး ကြာအောင်ပင် သွားခဲ့ဟန်ရှိသည်။ မကြာခဏဆိုသလိုပင် သတိ ပြန်လစ်သွားပြီး သတိပြန်ရသော အခါ ကြိုးစားပြီး သွားပြန်ခြင်းဖြစ်သည်။

သူ့ကိုယ်တွင် သွေးတွေ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့မြင်ရသောအခါ မာဖာ အသံကုန် ဟစ်အော်လိုက်သည်။

"သူ အသတ်ခံရတာ ... သူ့အဖေ အသတ်ခံရ ... နင် ဘာဖြစ်လို့ အော်နေတာလဲ၊ အရူးမ ... သွား ... တယောက်ယောက်ကို ခေါ်...."

ဂရီဂိုရီ အမြီးအမောက်မတည့်ဘဲ ရွတ်ဆိုလျက်ရှိသည်။ သို့သော် မာဖာ ဆက်ပြီး အော်ဟစ်မြဲ အော်ဟစ်နေသည်။ သို့သော် ရုတ်တရက်ဆိုသလို သူမ၏ သခင်ကြီးအခန်း ပြတင်းပေါက် ပွင့်နေသည်ကို မြင်တွေ့ရသည်။ အခန်းထဲမှ မီးရောင် ပေါ်ထွက်လျက် ရှိသည်။ သို့ဖြင့် သူမသည် ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး မစ္စတာ ကာရာမာဇော့ကို ဟစ်ခေါ်သည်။

သို့သော် ပြတင်းပေါက်မှနေ၍ အတွင်းသို့ ကြည့်လိုက်သောအခါတွင်ကား ကြောက်မက်ဖွယ် မြင်ကွင်းကို သူမ မြင်တွေ့ရသည်။

သူမ၏သခင်ကြီးသည် ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက် ပက်လက်ကြီး ရှိနေသည်။ သူ၏ အရောင်ဖျော့ဖျော့ ညဝတ်အင်္ကျီကြီးနှင့် ရှပ်အင်္ကျီအဖြူတို့သည် သွေးတွေနှင့် စိုရွှဲနစ်နေကြသည်။ စားပွဲတွင် ထွန်းညှိထားသော ဖယောင်းတိုင်မှ အလင်းရောင်သည် နီရဲနေသော သွေးများနှင့် ကာရာမာဇော့၏ မလှုပ်မယှက်

ရှိနေသော မျက်နှာကြီးတို့ကို ထင်လင်းစေလျက်ရှိသည်။

အထူးပင် ကြောက်ရွံ့ ထိတ်လန့်ပြီး မာဖာသည် ပြတင်းပေါက်အနီးမှ ပြေးထွက်သွားသည်။ ဥယျာဉ် အတွင်းမှ ပြေးထွက်သွားသည်။ ခြံဝင်းတံခါးမကြီးကို ဖွင့်ပြီး နောက်ဖေးလမ်းကြားအတိုင်း အိမ်နီးချင်းဖြစ်သော မာရီယာ ကွန်ဒရာ ယက်ဖနာ၏အိမ်သို့ တန်းပြီး ပြေးသွားသည်။ အမေရော သမီးရော အိပ်ပျော်လျက်ရှိကြသည်။ သို့သော် မာဖာ၏ အော်ဟစ်သံနှင့် ပြတင်းပေါက် တရုတ်ကတ်ကို အဆက်မပြတ် တအားကုန် ထုရိုက်နေသံတို့ကြောင့် သူတို့ နိုးလာကြသည်။ ပြတင်းပေါက်ဆီသို့ ပြေးလာကြသည်။ မာဖာသည် ထိတ်လန့်စွာ ဆက်ပြီး ဟစ်အော်နေလျက်နှင့်ပင် တောင်တခွန်း မြောက်တခွန်း ပြောကာ သူတို့ကို အရေးကြီးသောအချက်ကို သိရှိစေပြီး အကူအညီ တောင်းခံနိုင်ခဲ့ပါသည်။ အဆင်သင့်ချင်တော့ လှည့်လည်သွားလာနေသော ဖိုမာသည် ထိုအချိန်က အိမ်ပြန်ရောက်နေပြီး သားအမိနှစ်ယောက်နှင့်အတူ ရှိနေပါသည်။ သူ့ကို နှိုးပြီး သုံးယောက်သား အခင်းဖြစ်ပွားရာသို့ ပြန်ပြေးလာကြသည်။ လမ်းတွင် မာရီယာ ကွန်ဒရာ ယက်ဖနာက တစုံတခုကို မှတ်မိသည်။ ညရှစ်နာရီလောက်က သူတို့ခြံဝင်းထဲမှ အော်ဟစ်သံတခုကို ကြားလိုက်ရခြင်းပင် ဖြစ်သည်။ ယင်းမှာ မစ်တယာ၏ ခြေထောက်နှစ်ဖက်ကို ဖမ်းမိစဉ်က ဂရီဂိုရီ၏ ‘အဇာတသတ်’ ဟု အော်လိုက်သည့်အသံပင် ဖြစ်ပေမည်။

“လူတယောက် အသံကုန်အော်လိုက်ပြီး နောက် ချက်ချင်း ပြန်တိတ်သွားတယ်”

မာရီယာ ကွန်ဒရာ ယက်ဖနာက ပြေးရင်းလွှားရင်း ပြောသည်။ ဂရီဂိုရီ လဲနေရာသို့ ရောက်ရှိသော အခါ မိန်းမကြီး နှစ်ယောက်သည် ဖိုမာ၏အကူအညီဖြင့် လဲနေသူကို ၎င်း၏အိမ်သို့ သယ်ယူသွားကြ သည်။ အိမ်သို့ရောက်ရှိပြီး ဖယောင်းတိုင် တတိုင်ကို ထွန်းလိုက်သောအခါ ဆမာယာကော့သည် ၎င်း၏အခန်းထဲတွင် ဝက်ရူးပြန်လျက်ပင် ရှိနေသည်ကို တွေ့ကြရသည်။ ၎င်းသည် တကိုယ်လုံး ဆန့်ငင် ဆန့်ငင် တွန့်လိမ်ကောက်ကွေးကာ မျက်လုံးကြီးတွေကလည်း ကျွတ်ထွက်မတတ် ရှိနေကြသည်။ ပါးစပ်မှလည်း အမြှုပ်တွေ တစီစီ ထွက်နေသည်။

ဂရီဂိုရီ၏နဖူးကို ရေနှင့် ရှလကာရည်ရောပြီး ပွတ်တိုက်ပေးသောအခါ ဂရီဂိုရီ ကောင်းစွာ သတိရလာ သည်။ ချက်ချင်းပင် သူက မေးသည်။

“သခင်ကြီး အသတ်ခံရသလား ...”

ထိုအခါ မိန်းမကြီးနှစ်ယောက်နှင့် ဖိုမာတို့ ပြေးသွားပြီး ကြည့်ကြသည်။ ယခု တကြိမ် ဥယျာဉ်တွင်းသို့ သူတို့ ရောက်ရှိသွားသောအခါ ကာရာမာဇော့၏ အခန်းပြတင်းပေါက် ပွင့်နေသည်သာမက ဥယျာဉ်ထဲသို့ထွက်သော အိမ်တံခါးပေါက်

ပွင့်နေကြောင်းကိုလည်း သူတို့ တွေ့ရှိကြရသည်။ အမှန်တွင်မူ ထိုတံခါးကို ပြီးခဲ့သည့် တပတ်လုံးလုံးပင် ညစဉ်ညတိုင်း ကာရာမာဇော့ကိုယ်တိုင် သော့ခတ်ခဲ့သည်။ ဂရီဂိုရီကိုပင် မည်သည့် အကြောင်းနှင့်မျှ ထိုတံခါးမှ မလာရန် တားမြစ်ပိတ်ပင်ထားသည်။ ထိုတံခါးပေါက် ပွင့်နေသည်ကို တွေ့ရသောအခါ သုံးယောက်စလုံးပင် 'နောက်ပိုင်းတွင် ပြဿနာတခုခု ပေါ်လာမည် စိုးသဖြင့်' ကာရာမာဇော့၏ အခန်းထဲသို့ မဝင်ရဲဘဲ ရှိကြသည်။

သူတို့သုံးယောက် အစေခံတန်းလျားသို့ ပြန်လည်ရောက်ရှိလာသောအခါ ရာဇဝတ်ဝန်ထံ ယခုချက်ချင်း သွားရောက် အကြောင်းကြားရန် ဂရီဂိုရီက ၎င်းတို့ကို ပြောကြားသည်။ မာရီယာ ကွန်ဒရာ ယက်ဖနာသည် ရာဇဝတ်ဝန်အိမ်သို့ ပြေးသွားပြီး သတင်းပေး တိုင်ကြားသည်။ ယင်းမှာ ပါကိုတင် မရောက်ရှိမီ ငါးမိနစ်အလိုတွင် ဖြစ်သည်။

သို့ဖြင့် ပါကိုတင်သည် သူ၏အယူအဆနှင့် ကောက်ချက်များကို တင်ပြရန် လာရောက်ခြင်း မဟုတ်ဘဲ တရားခံ ဘယ်သူဆိုသည်ကို ဖော်ပြထားပြီးဖြစ်သော အယူအဆကို သက်သေတယောက် အဖြစ်နှင့် ထောက်ခံရန်သာ ဖြစ်တော့သည်။ (သို့သော် သူသည် တရားခံ မည်သူဆိုသည့်အချက်ကို နောက်ဆုံးအချိန်အထိ လက်ခံယုံကြည်နိုင်ခြင်းမရှိ ဖြစ်ခဲ့သည်)။

ချက်ချင်းပင် အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။ လက်ထောက် ရာဇဝတ်ဝန်ကလေးကို အသိသက်သေ လေးယောက် ရှာဖွေရန် တာဝန်ပေးအပ်သည်။ ထို့နောက် ဥပဒေစည်းကမ်းနှင့်အညီ သူတို့အားလုံးပင် ဖျိုဒါ ကာရာမာဇော့၏အိမ်သို့ သွားရောက်ပြီး အခင်းဖြစ်ပွားရာနေရာတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကြသည်။

ခရိုင်ဆရာဝန်သည် စိတ်အားထက်သန်သူတဦးဖြစ်ပြီး ဤလုပ်ငန်းတွင် ယခုမှ လုပ်စဖြစ်သဖြင့် ရာဇဝတ်ဝန်၊ ခရိုင်ဆရာဝန်၊ စုံစမ်းစစ်ဆေးရေး ဥပဒေအရာရှိတို့နှင့်အတူ လိုက်ပါမည်ဟုဆိုသည်။

ဤနေရာတွင် အကျဉ်းချုပ်တခု ကျွန်ုပ် ပြောလိုသည်။ ဖျိုဒါကာရာမာဇော့သည် ဦးခေါင်းတွင် အရိုက်ခံရပြီး သေဆုံးနေသည်ကို တွေ့ရှိကြရသည်။ သို့သော် မည်သည့်လက်နက်ဖြင့် အရိုက်ခံရ သနည်း။

နောက်ပိုင်းတွင် ဂရီဂိုရီ အရိုက်ခံခဲ့ရသော လက်နက်ဖြင့်ပင် ဖြစ်ဖို့များသည်။ ထိုလက်နက်ကို အကြာကြီး မရှာဖွေရပါ။ ဂရီဂိုရီကို လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်သွားသောအခါ သူ အဘယ်ကဲ့သို့ အရိုက်ခံရကြောင်း ဂရီဂိုရီက တဖြည်းဖြည်းချင်း ပင်ပန်း နွမ်းနယ်စွာဖြင့် အစစ်ခံနိုင်သောကြောင့် ဖြစ်သည်။

မှန်အိမ်တလုံးဖြင့် သူတို့ လိုက်လံရှာဖွေကြသောအခါ ကြေးဝါ ကျည်ပွေ့ကလေးကို ထင်ရှားမြင်သာ သော ဥယျာဉ်လမ်းကလေးပေါ်တွင် တွေ့ရှိကြရသည်။

ကာရာမာဇော့ သေဆုံးနေသော အခန်းထဲတွင်ကား တစုံတရာ ခြေရာလက်ရာ ပျက်သည် မတွေ့ရပါ။ သို့သော် ကန့်လန့်ကာ၏နောက်ဘက် ခုတင်အနီးရှိ ကြမ်းပြင်ပေါ်တွင်ကား ဧရာမ စာအိတ်ကြီးတလုံးကို သူတို့ တွေ့ရှိရသည်။ စာအိတ်ပေါ်တွင် 'ကျွန်ုပ်၏ အချစ်ကလေး ဂရုရှင်ကာ လာခဲ့လျှင် ပေးရန် လက်ဆောင်ငွေ ရူဗယ်သုံးထောင်' ဟု ရေးထားသည်။ အဆိုပါ စာတန်း၏ အောက်တွင် ဖြည့်စွက်ပြီးရေးထားသော စာကြောင်းတကြောင်း ရှိသည်။ ကာရာမာဇော့ ကိုယ်တိုင် နောက်ပိုင်းတွင် ရေးထားခြင်းပဲ ဖြစ်ပေမည်။ 'ကျွန်ုပ်၏ ပူတူတူးကလေးအတွက်' စာအိတ်ပေါ်တွင် ချိပ်အနီဖြင့် သုံးချက် ခတ်နှိပ်ထားသည်။ သို့သော် စာအိတ်ကို ဖောက်ဖွင့်ထားပြီး ဖြစ်သည်။ အထဲတွင် ဗလာကျင်းနေသည်။ ပိုက်ဆံတွေကို ယူသွားပြီး ဖြစ်သည်။ ကြမ်းပြင်ပေါ်တွင် စာအိတ်ကို ချည်ထားသည့် ပန်းနုရောင် ဖဲကြိုးသေးသေးကလေးကိုလည်း တွေ့ရှိကြရသည်။

ပါကိုတင်၏ ထွက်ဆိုချက်တွင် အချက်တခုသည် အမှုလိုက်ရှေ့နေနှင့် စစ်ဆေးရေး အရာရှိတို့ကို အထူး စိတ်ဝင်စားစေသည်။ ယင်းအချက်မှာ ဒီမီထရီ ကာရာမာဇော့သည် မနက်ဖြန်မနက် အရုဏ်တက်အချိန်တွင် သူ့ကိုယ်သူ သတ်သေလိမ့်မည်ဟူသော ပါကိုတင်၏ ကောက်ချက်ပင် ဖြစ်သည်။ ဒီမီထရီသည် ယင်းသို့ပြုလုပ်ရန် ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်း၊ ယင်းသို့ ဆုံးဖြတ်ထားသည် ကို ၎င်းအား ပြောကြားခဲ့ကြောင်း၊ ထို့နောက် သူ့ရှေ့မှာပင် သေနတ်ကို ကျည်ထည့်ပြီး စာတစောင် ရေးထားကာ သူ့အိတ်ထဲတွင် ထည့်ထားကြောင်း စသည်ဖြင့် ... ပါကိုတင်က သူပြောသည့် စကားကို မယုံကြည်သော်လည်း ထိုအကြောင်းကို တယောက်ယောက်အား ပြောကြားပြီး သူ့ကိုယ်သူ သတ်မသေစေရန် တားဆီးမည်ဖြစ်ကြောင်း ပြောကြားသောအခါ 'ခင်ဗျား နောက်ကျနေပြီ' ဟု ဒီမီထရီက ပြုံးပြီး ပြန်ပြောခဲ့သည်။

ယင်းအတွက် သူတို့သည် မိုကရိုယီသို့ အလျင်အမြန် သွားရောက်ပြီး တရားခံ သူ့ကိုယ်သူ ပစ်မသတ်ခင် ဖမ်းဆီးနိုင်ဖို့ အရေးတကြီး လိုအပ်နေတော့သည်။

"ရှင်းနေတာပဲ၊ ရှင်းနေတာပဲ၊ အရူးတွေဟာ ဒီအတိုင်းပဲ လုပ်တတ်ကြတာပဲ၊ မနက်ဖြန်ကျရင် ငါ့ကိုယ်ငါ သတ်သေမယ် ... မသေခင်မှာ တဝကြီး စည်းစိမ်ခံသွားရမယ်ဆိုတဲ့သဘောပဲ"

အမှုလိုက်ရှေ့နေက စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ ဝိုင်အရက်များနှင့်

စားသုံးဖွယ်ရာများကို ဝယ်ယူသွားသည်ဟူသည့် သတင်းက အမှုလိုက်ရှေ့နေကို အထူးပင် စိတ်လှုပ်ရှား တက်ကြွစေ ပါသည်။

"ကုန်သည်ကြီး အော်ဆူယက်ကို သတ်တဲ့ ငနဲကို ခင်ဗျားတို့ မှတ်မိကြသေးသလား၊ သူက ငွေတသောင်းငါးထောင်ကို လုယူသွားပြီး တခါတည်း ဆံပင်ကောက်ရအောင် တန်းသွားတယ်။ နောက်ပြီးတော့ ပိုက်ဆံတွေကို မှတ်မနေတော့ဘဲ လက်ထဲမှာ ဒီအတိုင်း ကိုင်ပြီး ပြည့်တန်ဆာအိမ် ကို သွားတယ်"

သို့ရာတွင် သူတို့သည် ကာရာမာဇော့၏အိမ်တွင် စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေခြင်းနှင့် ဥပဒေ ထုံးတမ်းနှင့်အညီ ဆောင်ရွက်နေရခြင်းတို့ကြောင့် မိုကရိုယီသို့ သွားရန်ကိစ္စမှာ နှောင့်နှေးကြန့်ကြာ နေခဲ့ကြရသည်။ ယင်းသို့ ပြုလုပ်နေရသည်များအတွက် အချိန်ကြာဦးမည် ဖြစ်သည့်အတွက် ကျေးရွာ ပုလိပ်အရာရှိ မက်ဗရီကီ ရှာမာဆော့ကို မိုကရိုဟီသို့ သူတို့လူစုအရင် နှစ်နာရီ စောပြီး လွှတ်လိုက်သည်။ ရှာမာဆော့သည် လခထုတ်ရန်အတွက် ထိုနေ့မနက်ကပင် မြို့သို့ ရောက်ရှိနေခဲ့ ခြင်း ဖြစ်သည်။

ရှာမာဆော့သည် မိုကရိုယီသို့ ရောက်ရှိသောအခါ တစုံတရာ အလန့်တကြား မပြုလုပ်ဘဲ 'တရားခံ' ကို တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာသည်အထိ စောင့်ကြည့်နေရမည် ဖြစ်သည်။ ထို့အပြင် သက်သေများနှင့် ပုလိပ်အမှုထမ်းများကို အဆင်သင့် ပြုလုပ်ထားရမည် ဖြစ်သည်။

ရှာမာဆော့သည် အထက်က ညွှန်ကြားလိုက်သည့်အတိုင်းပင် ဆောင်ရွက်သည်။ သူသည် ရုပ်ဖျောက်ကာ စောင့်ကြည့်နေရင်း သူ၏ မိတ်ဆွေရင်းဖြစ်သော စားသောက်ဆိုင် ပိုင်ရှင် ထရီဖွန်ကို သာ အကျိုးအကြောင်း ပြောပြထားသည်။

ယင်းအတွက်ပင်လျှင် မစ်တယာသည် စားသောက်ဆိုင်ပိုင်ရှင်ကို စင်္ကြံလမ်းတွင် တွေ့ရှိသောအခါ ၎င်း၏ အမူအရာနှင့် ပြောဆိုသည့်အသံများ ပြောင်းလဲနေခြင်းကို သတိပြုမိရခြင်း ဖြစ်သည်။

ယင်းသို့ဖြင့် မစ်တယာအား စောင့်ကြည့်နေခြင်းကို မစ်တယာကိုယ်တိုင်လည်း မသိရှိ၊ အခြားသူများ လည်း မသိရှိပါ။ မစ်တယာ၏ သေနတ်သေတ္တာကိုလည်း စားသောက်ဆိုင်ပိုင်ရှင်က ယူပြီး လုံခြုံရာ အရပ်တွင် သိမ်းဆည်းထားလိုက်သည်။

ခရိုင်ရာဇဝတ်ဝန်၊ အမှုလိုက်ရှေ့နေနှင့် စစ်ဆေးရေး ဥပဒေအရာရှိ စသည့် အာဏာပိုင် ပုဂ္ဂိုလ်များ သည် မြင်းသုံးကောင်တပ် မြင်းရထားကြီး နှစ်စီးဖြင့် နံနက် ငါးနာရီ နေထွက်စပြု အချိန်တွင်မှ ရောက်ရှိလာကြသည်။

ခရိုင်ဆရာဝန်သည် သေဆုံးသူကို နောက်တနေ့နံနက်တွင် ခွဲစိတ်စစ်ဆေးရမည် ဖြစ်သဖြင့် ကာရာမာဇော့အိမ်တွင် ကျန်ရစ်ခဲ့သည်။ သို့သော် ခရိုင်ဆရာဝန်အနေဖြင့် အထူးစိတ်ဝင်စားနေသည့် အချက်မှာ နေမကောင်းဖြစ်နေသော အစေခံ ဆမာယာကော့၏ အခြေအနေကိုပင် ဖြစ်သည်။

"အခုလို နှစ်ရက်လုံးလုံး ရောဂါမကျဘဲ အသည်းအသန်နဲ့ အကြာကြီး ဝက်ရူးပြန်နေတာမျိုး အင်မတန် တွေ့ရခဲတယ်၊ ဒီအဖြစ်အပျက်က ဆေးသိပ္ပံလောကအတွက် အများကြီး အကျိုးကျေးဇူး ရှိနိုင်တယ်"

သူ၏မိတ်ဆွေများ ပြန်ခါနီးတွင် သူက စိတ်အားထက်သန်စွာဖြင့် ပြောပါသည်။ သူ၏ မိတ်ဆွေများ က သူ၏ 'တွေ့ရှိချက်' အတွက် ရယ်မောကာ ချီးကျူးကြပါသည်။ ယခုအတိုင်းဆိုလျှင် ဆမာယာကော့သည် နောက်တနေ့မနက်အထိ ခံတော့မည် မဟုတ်ကြောင်း ခရိုင်ဆရာဝန်က အလေးအနက် ဖြည့်စွက်ပြောကြားသည်ကို အမှုလိုက် ရှေ့နေနှင့် စစ်ဆေးရေး ဥပဒေအရာရှိတို့ နောက်ပိုင်းတွင် ကောင်းစွာအမှတ်ရလျက် ရှိကြပါသည်။

ကဲ ... ဤမျှ ရှည်လျားသော၊ သို့မဟုတ် လိုအပ်သော ရှင်းလင်းချက်များကို တင်ပြပြီးနောက် ပြီးခဲ့သည့် ကဏ္ဍတုန်းက ကျွန်ုပ်တို့ ဖြတ်ထားခဲ့သော ဇာတ်လမ်းဆီသို့ ပြန်သွားကြရပါမည်

၃။ ငရဲကို ဖြတ်သန်းခြင်း၊ ပထမစစ်ချက်

ယင်းသို့ဖြင့် မစ်တယာသည် အခန်းထဲမှ လူများကို ကစိမ်းကဝါး ကြည့်ရှုလျက် ရှိတော့သည်။ မိမိအား သူတို့ ဘာတွေပြောနေကြသည်ကို နားမလည်ဘဲ ရှိတော့သည်။ ရုတ်ခြည်းဆိုသလို သူ မတ်တတ်ရပ်လိုက်သည်။ လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"ကျွန်တော့်မှာ အပြစ်မရှိဘူး၊ အဲဒီ လူသတ်မှုကို ကျွန်တော် မကျူးလွန်ဘူး၊ ကျွန်တော့် အဖေကို ကျွန်တော် မသတ်ဘူး၊ ကျွန်တော် သူ့ကိုသတ်ဖို့ စိတ်ကူးမိတယ်၊ ဒါပေမဲ့ ကျွန်တော် မသတ်ဘူး။ ကျွန်တော် သတ်တာ မဟုတ်ဘူး"

သို့ရာတွင် ဤစကားကို သူပြော၍ မဆုံးမီတွင်ပင် ဂရုရှင်ကာသည် ကန့်လန့်ကာ နောက်ဘက်မှ ပြေးထွက်လာပြီး ရာဇဝတ်ဝန်၏ ခြေရင်းတွင် လှဲချလိုက်လေသည်။

"ဒါတွေအားလုံး ကျွန်မ အပြစ်တွေပါ၊ အပြစ်ရှိတဲ့လူက ဒီကောင်မပါ၊ ဒီ အယုတ်တမာမ ပါ"

သူမက ယူကျုံးမရသော လေသံဖြင့် ရာဇဝတ်ဝန်မင်းထံ လက်နှစ်ဖက်ကို ဆန့်တန်းကာ ပြောသည်။ သူမ၏မျက်နှာတွင် မျက်ရည်တွေ တွေတွေစီးကျနေသည်။

"ကျွန်မကြောင့် အဘိုးကြီးကို သူ သတ်ရတာပါ၊ ကျွန်မက သူ့ကို စိတ်ဒုက္ခရောက်အောင် လုပ်ပြီး အခုလို မကောင်းမှု ကျူးလွန်စေတာပါ။ အဘိုးကြီးကိုလည်း စိတ်ဆင်းရဲ ဒုက္ခဖြစ်အောင် ကျွန်မပဲ ညှဉ်းပန်းနှိပ်စက်ခဲ့ပါတယ်။ ကျွန်မရဲ့ယုတ်မာမှုကြောင့် အခုလို သူ ဖြစ်သွားရတာပါပဲ၊ အပြစ်ရှိတဲ့ လူက ကျွန်မပါ၊ အပြစ်အရှိဆုံးက ကျွန်မပါ"

"ဟုတ်တယ် … နင်ပဲ၊ နင်ဟာ အဓိက တရားခံပဲ၊ မြေပွေးမ၊ မိန်းမရွှင်မ၊ နင်ဟာ အဓိကပဲ"

ခရိုင်ရာဇဝတ်ဝန်က အော်ဟစ်ကာ သူမကို လက်ဖြင့် ရွယ်လိုက်သည်။ သို့သော် သည်အချိန်မှာပင် သူသည် သူ့ကိုယ်သူ လျင်မြန်စွာ ပြန်လည်ထိန်းချုပ်နိုင်လိုက်သည်။ အမှုလိုက်ရှေ့နေက သူ့ကို လက်နှစ်ဖက်ဖြင့် ချုပ်ထားလိုက်သည်။

"ဒီလိုမျိုး မလုပ်သင့်ပါဘူး ခင်ဗျာ၊ လူကြီးမင်းလုပ်တာ စုံစမ်းစစ်ဆေးရေးကို

အနှောင့်အယှက် ဖြစ်နိုင်ပါတယ် … လူကြီးမင်းဟာ ပြဿနာကြီး တခုလုံးကို ဖျက်ဆီးပစ်နေတာပဲ”

အမှုလိုက်ရှေ့နေက အမောတကော ပြောဆိုသည်။

“စည်းကမ်းနည်းလမ်းအတိုင်း လုပ်ပါ .. စည်းကမ်းနည်းလမ်းအတိုင်း လုပ်ပါ” နီလျူဒေါ့ကလည်း စိတ်လှုပ်ရှားစွာဖြင့် ဟစ်အော်သည်။ “ဒီလိုမျိုး မဟုတ်ရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူးခင်ဗျာ”

“ကျွန်မတို့ နှစ်ယောက်စလုံးကို ရုံးတင်ပါ” ဂရုရှင်ကာက ရာဇဝတ်ဝန်မင်းရှေ့တွင် ဒူးထောက်လျက် ဖြင့်ပင် အရူးတယောက်လို ဟစ်အော်လျက်ရှိသည်။ “ကျွန်မတို့ နှစ်ယောက်စလုံးကို အပြစ်ပေးပါ။ ကျွန်မ သူနဲ့အတူတူ စက်တိုင်တက်ပါ့မယ်”

“ဂရုရှင်ကာ …. အချစ်ကလေး၊ အသက်ကလေး၊ အသည်းကလေး” မစ်တယာ သူမ၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး သူမကို တအား ဖက်ထားလိုက်သည်။ “သူ ပြောတာတွေကို မယုံပါနဲ့” မစ်တယာ ဟစ်အော်လိုက်သည်။ “သူ့မှာ ဘာမှ အပြစ်မရှိပါဘူး၊ လူသတ်မှုနဲ့ ဘာမှမပတ်သက်ပါဘူး၊ ဘာနဲ့မှ မပတ်သက်ပါဘူး”

သူ့ကို လူတွေက သူမကို ဖက်ထားရာမှ အတင်းဆွဲသွားကြကြောင်းကို နောက်ပိုင်းတွင်မှ သူ ပြန်လည် အမှတ်ရရှိသည်။ သူ့လက်ထဲမှ သူမ လွတ်ထွက်သွားသည်။ သူ သတိ ပြန်ရသောအခါတွင် စားပွဲတွင် သူ ထိုင်လျက်ရှိနေသည်။ သူ၏ဘေးဘက်နှင့် နောက်ဘက်တို့တွင် ပုလိပ်အမှုထမ်းများ ရပ်နေကြသည်။ သူနှင့် မျက်နှာချင်းဆိုင်ရှိ စားပွဲ၏တဖက် ဆိုဖာပေါ်တွင်ကား စစ်ဆေးရေးအရာရှိ နီလျူဒေါ့ ထိုင်နေသည်။ ၎င်းက မစ်တယာကို ရေတကျိုက် သောက်လိုက်ရန် တဖွဖွ ပြောနေသည်။ စားပွဲပေါ်တွင် ရေတဖန်ခွက် ရှိနေသည်။

“ရေသောက်လိုက်ရင် လန်းသွားလိမ့်မယ်၊ ခင်ဗျားစိတ်တွေ တည်ငြိမ်သွားလိမ့်မယ်၊ ဘာမှ မကြောက်ပါနဲ့၊ အသာ ငြိမ်ငြိမ်ကလေးနေပါ၊ အသာ ငြိမ်ငြိမ်ကလေးနေပါ” သူက ယဉ်ကျေး သိမ်မွေ့စွာဖြင့် ပြောဆိုလျက်ရှိသည်။

မစ်တယာကမူ ၎င်း၏လက်မှ လက်စွပ်ကြီးကို အထူး စိတ်ဝင်စားလျက်ရှိသည်။ (ယင်းအဖြစ်ကို သူ ကောင်းစွာမှတ်မိလျက်ရှိသည်။) လက်စွပ်တကွင်းက ဂေါမိတ် ဖြစ်သည်။ နောက်တကွင်းက အရည်ကြည်လဲ့ပြီး တဖိတ်ဖိတ် တောက်လက်နေသော အဝါရောင်ကျောက် ဖြစ်သည်။ သူ့ကို လူသတ်မှုဖြင့် စစ်ဆေးနေသော ထိုကာလမျိုးမှာပင် ယင်းလက်စွပ်များက သူ၏မျက်လုံးများကို ဆွဲဆောင်လျက် ရှိနေသည့်အဖြစ်ကို နောက်ပိုင်းကာလတွင် သူ

အမှတ်ရနေသည်။ သူ့မျက်လုံးများ သည် ယင်းလက်စွပ်များမှ မခွာနိုင်ဘဲ ရှိခဲ့သည်၊ သို့မဟုတ် မမေ့နိုင်ဘဲ ရှိခဲ့သည်။ ယင်းအဖြစ်သည် သူ၏ အခြေအနေနှင့် ဘယ်လိုမှ မအပ်စပ် မဆီလျော်သည့် အဖြစ်ပင်ဖြစ်သည်။

သူ၏ လက်ဝဲဘက်တည့်တည့်ရှိ စောစောက မက်ဇီမော့ ထိုင်ခဲ့သော ကုလားထိုင်တွင်ကား ယခုအခါ အမှုလိုက်ရှေ့နေမင်းက ထိုင်လျက်ရှိသည်။ ဂရုရှင်ကာ ထိုင်ခဲ့သော နေရာတွင်ကား ပါးနီနီရဲရဲနှင့် လူရွယ်တယောက် ထိုင်နေသည်။ တောလိုက်အင်္ကျီ ခပ်ဟောင်းဟောင်းနှင့် ဖြစ်သည်။ သူ၏ရှေ့တွင် မင်ပုလင်းနှင့် စက္ကူများ ရှိနေသည်။ စစ်ဆေးရေး အရာရှိ၏ စာရေးပင် ဖြစ်မည်၊ သူနှင့်အတူ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်မည်။

ခရိုင်ရာဇဝတ်ဝန်သည် ယခုအခါ အခန်းတဖက်ထိပ်ရှိ ပြတင်းပေါက်အနီးတွင် မတ်တတ်ရပ်လျက် ရှိသည်။ ထိုနေရာတွင် ထိုင်လျက်ရှိသော ကာဂါနော့၏ အနီးတွင် ဖြစ်သည်။

"ရေသောက်လိုက်ပါဦး ..."

စစ်ဆေးရေးအရာရှိက ဆယ်ကြိမ်မြောက်အဖြစ်နှင့် ထပ်ပြီးပြောလိုက်သည်။ တိုးညင်းချိုသာစွာနှင့် ဖြစ်သည်။

"ကျွန်တော် သောက်ပြီးပါပြီ လူကြီးမင်း၊ သောက်ပြီးပါပြီ ... ဒါနဲ့ ခင်ဗျာ.. လူကြီးမင်းခင်ဗျာ ... ကျွန်တော့်ကို ချေပစ်လိုက်စမ်းပါ၊ ကျွန်တော့်ကို အပြစ်ပေးလိုက်စမ်းပါ၊ ကျွန်တော့်ကံကြမ္မာကို စီရင်လိုက်စမ်းပါ"

မစ်တယာက စစ်ဆေးရေးအရာရှိကို မျက်လုံးကြီးများ ပြူးစိုက်ကြည့်ရင်း ပြောလိုက်သည်။

"ခင်ဗျားအဖေ ဖျိုဒါကာရာမာဇော့ သေဆုံးရခြင်းအတွက် ခင်ဗျားမှာ ဘာအပြစ်မှ မရှိဘူးလို့ ခင်ဗျား တကယ်ပဲ ထွက်ဆိုသလား"

စစ်ဆေးရေးအရာရှိက ညင်သာစွာ မေးလိုက်သည်။ သို့သော် ပြတ်သားတိကျစွာနှင့် ဖြစ်သည်။

"အပြစ်မရှိပါဘူး ခင်ဗျာ၊ တခြား အဘိုးကြီးတယောက်ကို သတ်ခဲ့တဲ့အတွက် ကျွန်တော့်မှာ အပြစ် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေ သေဆုံးတဲ့အတွက်တော့ ကျွန်တော့်မှာ ဘာအပြစ်မှ မရှိပါဘူး။ အဘိုးကြီးကို ကျွန်တော် သတ်မိခဲ့ပါတယ်၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော် သူ့ကို ရိုက်မိပါတယ်၊ သတ်မိပါတယ် ဒါပေမဲ့ ခင်ဗျာ၊ အဲဒီ လူသတ်မှုဟာ တခြား လူသတ်မှုနဲ့ ဘယ်လိုမှ မဆိုင်ပါဘူး။ ကျွန်တော် မသတ်ခဲ့တဲ့အမှုနဲ့ ဘယ်လိုမှ

မဆိုင်ပါဘူး ခင်ဗျာ၊ အခုဟာက အင်မတန် ကြောက်စရာကောင်းတဲ့ စွပ်စွဲချက်ပါ ခင်ဗျာ၊ ချက်အောက်ကို အလဲထိုးလိုက်တာပါပဲ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်အဖေကို ဘယ်သူ သတ်သလဲ .... သူ့ကို ဘယ်သူ သတ်သလဲ၊ ကျွန်တော် မသတ်ဘူးလို့ဆိုရင် သူ့ကို ဘယ်သူ သတ်နိုင်သလဲ .... အဲဒါ စဉ်းစားစရာပဲ၊ အဲဒါ အံ့ဩစရာပဲ၊ အဲဒါ ဘယ်လိုမှ မဖြစ်နိုင်တာပဲ”

“ဟုတ်တယ် ... သူ့ကို ဘယ်သူ သတ်နိုင်သလဲ”

စစ်ဆေးရေးအရာရှိက စကားစလိုက်စဉ်တွင် အမှုလိုက်ရှေ့နေက (လက်ထောက် အမှုလိုက်ရှေ့နေ ဖြစ်သည်။ သို့သော် အတိုကောက်သဘောဖြင့် အမှုလိုက်ရှေ့နေဟုပင် ကျွန်ုပ်တို့ သုံးစွဲသွားပါမည်။) စစ်ဆေးရေးအရာရှိကို တချက်ကြည့်ပြီးနောက် မစ်တယာဘက်သို့ လှည့်ကာ ...

“အစေခံအဘိုးကြီး ဂရီဂိုရီအတွက် ခင်ဗျား ဘာမှ ပူစရာမလိုဘူး၊ သူ အသက် မသေတဲ့အကြောင်း ... သူ ပြန်ကောင်းလာတဲ့အကြောင်း ခင်ဗျားသိအောင် ကျုပ် ပြောပါတယ်။ ခင်ဗျားက သူ့ကို တအားရိုက်ခဲ့ပေမဲ့ ... အဲဒီလို ရိုက်တဲ့အကြောင်းကို သူကလည်း အစစ်ခံတယ်၊ ခင်ဗျားကလည်း ထွက်ဆိုထားတယ်၊ သူ အသက်မသေတာ အမှန်ပါပဲ။ မသေဘူးလို့ ဆရာဝန်က ပြောပါတယ်”

“မသေဘူး ဟုတ်လား ... သူ မသေဘူး ဟုတ်လား”

မစ်တယာ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ တအားကုန် ဟစ်အော်လိုက်သည်။ သူ့မျက်နှာတခုလုံး ဝမ်းသာအားရမှုဖြင့် ချက်ချင်းပင် ကြည်လင်တောက်ပလာသည်။

“အို... ဘုရားသခင်၊ တပည့်တော်ဟာ ဒုစရိုက်ကောင်တကောင်ဖြစ်ပေမဲ့ တပည့်တော်ရဲ့ ဆုတောင်းမှု ကို အံ့ဩဖွယ်ရာ တုံ့ပြန်ပေးသနားတဲ့အတွက် ကျေးဇူးတော် ကြီးမားလှပါပေတယ်။ တပည့်တော် တညလုံးပဲ ဆုတောင်းနေခဲ့ပါတယ်”

ထို့နောက် သူ့ကိုယ်သူ လက်ဝါးကပ်တိုင်သင်္ကေတန် သုံးကြိမ်ပြုလုပ်လိုက်သည်။ သူသည် အသက်ရှူ မမှန်ဘဲ ဖြစ်နေသည်။

“ခင်ဗျားနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ သက်သေခံ အထောက်အထားတခုကို ဒီအဘိုးကြီး ဂရီဂိုရီ ဆီကပဲ ကျုပ်တို့ ရပါတယ်၊ အဲဒါကတော့ ...”

အမှုလိုက်ရှေ့နေက ဆက်ပြီး ပြောသည်။ သို့သော် မစ်တယာက ထိုင်ရာမှ

ခုန်ထလိုက်ပြီး ...

"ခဏကလေး လူကြီးမင်း၊ ခဏကလေး ... ကျွန်တော် အမျိုးသမီးဆီကို သွားပြီး.."

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ ဒီအချိန်မှာ ဒီကိစ္စဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

နီလျှူဒေါ့က အလားတူပင် ကုလားထိုင်မှ ခုန်ထရင်း အလားတူပင် ဟစ်အော်လိုက်သည်။ မစ်တယာကို ပုလိပ်တွေက ဝိုင်းချုပ်လိုက်ကြသည်။ သို့သော် မစ်တယာ သူ့ဘာသူ ပြန်ထိုင်သည်။

"ဘယ်လိုဖြစ်ရတာလဲ လူကြီးမင်း၊ ကျွန်တော် သူ့ကို ခဏကလေးပဲ တွေ့ချင်တာပါ။ ကျွန်တော့်ရဲ့ အသည်းနှလုံးအပေါ်မှာ တညလုံး လေးလံဖိစီးနေတဲ့ သွေးတွေဟာ အခု မရှိတော့ဘူး၊ ကျွန်တော်ဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ ပြောရုံကလေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော်နဲ့ လက်ထပ်မယ့် ကျွန်တော့်ရည်းစား မဟုတ်လား" သူက ပတ်ပတ်လည်မှ လူများကို ကြည့်ရင်း ကျေနပ်အားရစွာဖြင့် ပြောလိုက်သည်။ "အို၊ လူကြီးမင်းတို့ကို ကျွန်တော် ကျေးဇူးတင် လိုက်တာ။ လူကြီးမင်းတို့က ကျွန်တော့်ဘဝကို ပြန်ပြီး အသက်သွင်းပေးတာပဲ၊ ကျွန်တော့်ကို တမုဟုတ်ချင်းမှာပဲ လူသစ်တယောက်အဖြစ် ဖန်တီးပေးလိုက်တာပဲ၊ အဲဒီ အဘိုးကြီးလား ... သူဟာ ကျွန်တော့်ကို ငယ်ငယ်က ချီပိုးခဲ့တယ်၊ ကျွန်တော် သုံးနှစ်သား အရွယ်လောက်တုန်းက ကျွန်တော့်ကို လူတကာက စွန့်ပစ်ထားခဲ့တဲ့အချိန်တုန်းက ကျွန်တော့်ကို ရေစည်ပိုင်းထဲမှာ ရေချိုးပေးခဲ့တယ်။ သူဟာ ကျွန်တော့်အတွက် အဖေတယောက်လိုပဲ ဖြစ်ခဲ့တယ် ..."

"အဲဒီတော့ ခင်ဗျား ..."

စစ်ဆေးရေး အရာရှိက စကားစလိုက်သည်။

"ကျေးဇူးပြုပြီးတော့... ကျေးဇူးပြုပြီးတော့ ခဏကလေး ခင်ဗျာ" မစ်တယာက ကြားဖြတ်လိုက်ပြန် သည်။ စားပွဲပေါ်တွင် တံတောင်နှစ်ဖက်ထောက်၍ သူ၏ခေါင်းကို လက်ဖဝါးနှစ်ဖက်ကြားတွင် ထားကာ "ကျွန်တော် ခဏကလေး စဉ်းစားပါရစေဦး၊ ခဏကလေး အသက်ရှူပါရစေဦး လူကြီးမင်း ... အခုကိစ္စတွေ အားလုံးက ကျွန်တော့်ကို အများကြီးပဲ တုန်လှုပ်ချောက်ချားသွားစေပါတယ်၊ လူတွေဟာ ဗုံတခု မဟုတ်ပါဘူး လူကြီးမင်းတို့"

"ရေနည်းနည်းလောက် ထပ်သောက်လိုက်ပါဦး ခင်ဗျာ" နီလျှူဒေါ့က ပြောလိုက်သည်။

သူ့မျက်နှာမှ လက်များကိုဖယ်ပြီး မစ်တယာ ရယ်မောလိုက်သည်။ သူ့ကို

ကြည့်ရသည်မှာ ရွှင်လန်း ချမ်းမြေ့လျက်ရှိသည်။ တဒင်္ဂအတွင်းမှာပင် သူ လုံးဝကြီး ပြောင်းလဲသွားသည်။ သူ၏ ဟန်ပန် အမူအရာများ အားလုံး ပြောင်းလဲသွားသည်။ ယခုအခါတွင် သူသည် ဤလူများအားလုံးနှင့် ညီတူတန်းတူ ဖြစ်သွားသည်။ သူ၏ သိပ်ဟောင်းကျွမ်းဟောင်းများ အားလုံးနှင့် ညီတူတန်းတူ ဖြစ်သွားသည်။ သူတို့တတွေ ယမန်နေ့က တွေ့ဆုံခဲ့ကြသည့်အတိုင်းပင် ဖြစ်သည်။ ဘာတခုမျှ မဖြစ်ပွားခဲ့စဉ်က အတိုင်းပင် ဖြစ်သည်။ ပွဲလမ်းသဘင်တခုတွင် ဆုံတွေ့ကြရသည့်အလားပင် ဖြစ်သည်။

ဤနေရာတွင် စကားမစပ် ကျွန်ုပ်တို့ တခုပြောရဦးမည်။ ကျွန်ုပ်တို့မြို့သို့ သူ ရောက်ခါစက သူ့ကို ခရိုင်ရာဇဝတ်ဝန်အိမ်က ကောင်းစွာ လက်ခံ ကြိုဆိုခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အထူးသဖြင့် ပြီးခဲ့သည့်လထဲတွင် ထိုအိမ်သို့ မစ်တယာ သွားရောက်ခြင်း မရှိတော့သလောက် ဖြစ်သည်။ ရာဇဝတ်ဝန်သည် မစ်တယာကို လမ်းတွင် တွေ့ရှိသောအခါတွင်လည်း မျက်မှောင်ကြီးကုတ်ပြီး သုန်သုန်မှုန်မှုန်ကြီး ဖြစ်နေတတ်သည်။ မစ်တယာ၏ ဦးညွှတ် နှုတ်ဆက်မှုကို လောကဝတ်အရသာ တုံ့ပြန်သည်။ ယင်းအချက်ကို မစ်တယာ ကောင်းစွာ သိမြင်ခဲ့သည်။

သူနှင့် အမှုလိုက်ရှေ့နေတို့၏ သိကျွမ်းမှုမှာ သိပ်ပြီး မရင်းနှီးလှပါ။ သို့သော် သူသည် ရုံဖန်ရံခါ ဆိုသလို ၎င်း၏ သွေးလေချောက်ချားနေသော ဇနီးသည်ထံသို့ သွားရောက် လည်ပတ်တတ်သည်။ သို့သော် အဘယ်ကြောင့် ယင်းသို့ သွားရောက်လည်ပတ်မိသည်ကိုကား သူ့ဘာသာ မသိရှိပါ။ အမျိုးသမီးက သူ့ကို ကောင်းမွန်စွာ လက်ခံတွေ့ဆုံသည်။ နောက်ဆုံးအကြိမ်အထိ သူ့အပေါ်တွင် စိတ်ဝင်စားခြင်း ရှိခဲ့သည်။

သူသည် စစ်ဆေးရေး အရာရှိနှင့်ကား ခင်မင်ရင်းနှီးခွင့် မကြုံခဲ့ရပါ။ သူတို့နှစ်ယောက် တကြိမ် နှစ်ကြိမ်မျှသာ တွေ့ဆုံပြီး စကားပြောဖူးကြသည်။ မိန်းမတွေအကြောင်း ပြောဆိုခဲ့ကြခြင်းပင် ဖြစ်သည်။

"ခင်ဗျားဟာ အင်မတန်တော်တဲ့ ဥပဒေအရာရှိတယောက်ပဲ နီကိုလေနီလျူဒေါ့" မစ်တယာ ရုတ်တရက် ရယ်မောကာ ပြောလိုက်သည်။

"ဒါပေမဲ့ ကျွန်တော် အခု ခင်ဗျားကို အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ အို လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်ဟာ အခု လူသစ်တယောက်လို ခံစားနေရပါတယ်၊ လူကြီးမင်းတို့ကို ကျွန်တော် အခုလို ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီး ပြောတဲ့အတွက် စိတ်မဆိုးကြပါနဲ့၊ နောက်ပြီးတော့ ကျွန်တော် နည်းနည်း မူးနေပါတယ်။ အဲဒါကိုလည်း ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်၊ လူကြီးမင်း တို့ကို ကျွန်တော့်ရဲ့အမျိုး မီယူဆော့အိမ်မှာ တွေ့ခဲ့ရတဲ့အတွက် ကျွန်တော် အများကြီးပဲ ဂုဏ်ယူရ ပါတယ်၊ ဝမ်းသာရပါတယ် မစ္စတာ နီလျူဒေါ့။

လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းများ ခင်ဗျား ... လူကြီးမင်းတို့နဲ့ ကျွန်တော် ကြမ်းတပြေးတည်း ရှိနေတယ်လို့ ကျွန်တော် မယူဆပါဘူး။ လူကြီးမင်း တို့ရဲ့ရှေ့မှာ ကျွန်တော် ဘယ်ပုံစံနဲ့ ထိုင်နေရတယ်ဆိုတာကို ကျွန်တော် သိပါတယ်၊ တကယ်လို့ ဂရိဂိုရီက ကျွန်တော်နဲ့ ပတ်သက်ပြီး တခုခု ထွက်ဆိုထားတာ ရှိခဲ့ရင် .... ကျွန်တော်ဟာ အို ... ကျွန်တော်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ရာဇဝတ်မှုကြီးတခုအတွက် မသင်္ကာတာ ခံနေရပါတယ်။ အင်မတန် ကြောက်စရာကောင်းတယ်၊ ကြောက်စရာကောင်းတယ် ဆိုတာကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ လူကြီးမင်းတို့ လုပ်ငန်းကို ပြောကြရအောင်၊ ကျွန်တော့်အနေနဲ့ မှန်ရာကို ထွက်ဆိုဖို့ အဆင်သင့် ရှိနေပါတယ်။ နောက်ပြီးတော့ ဒီပြဿနာဟာ ခဏကလေး အတွင်းမှာပဲ ပြီးသွားမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပါ လူကြီးမင်းတို့၊ ဒီလိုပါ ... ကျွန်တော့်မှာ အပြစ်မရှိဘူးဆိုတာကို ကျွန်တော် သိတဲ့အတွက် ဒီပြဿနာဟာ တစ်မိနစ် အတွင်းမှာပဲ ပြီးဆုံးသွားမှာပါ။ မဟုတ်ဘူးလား ခင်ဗျာ၊ မဟုတ်ဘူးလား ခင်ဗျာ”

မစ်တယာက စကားကို များများနှင့် မြန်မြန်ကြီး ပြောဆိုလျက်ရှိသည်။ ထက်ထက်သန်သန်နှင့် မခြွင်းမချန် ပြောဆိုလျက်ရှိသည်။ သူ့စကားကို နားထောင်နေသူများသည် သူ၏ မိတ်ဆွေဟောင်း များ ဖြစ်ကြောင်း ကောင်းမွန်စွာ ယုံကြည်ထားဟန်ဖြင့် ဖြစ်သည်။

“ဟုတ်ပြီ.. ဒီလိုဆိုရင် ခင်ဗျားအပေါ်မှာ စွဲဆိုထားတဲ့ စွဲဆိုချက်ကို ခင်ဗျားအနေနဲ့ လုံးဝ ငြင်းဆန်ကြောင်းကို လောလောဆယ်မှာ ကျုပ်တို့ ရေးမှတ်ထားရမယ်”

နီလျူဒေါ့က အလေးအနက် ပြောလိုက်သည်။ ထို့နောက် သူ၏စာရေးဘက်သို့ လှည့်ပြီး ရေးမှတ်ရ မည့် အချက်များကို တီးတိုးပြောဆိုလျက်ရှိသည်။

“ရေးမှတ်ထားမယ် ဟုတ်လား.. ရေးမှတ်ထားချင်တယ် ဟုတ်လား၊ ကောင်းပါပြီခင်ဗျား၊ ရေးထားပါ။ ကျွန်တော် သဘောတူပါတယ် လူကြီးမင်း၊ ကျွန်တော် လုံးဝ သဘောတူပါတယ် ... တခုပဲရှိတယ်၊ နေဦး၊ နေဦး၊ ဒီလို ရေးပါ .. တရားဥပဒေ ဖောက်ဖျက်သော အပြုအမူများအတွက် သူ့မှာ အပြစ် ရှိသည်။ အဘိုးကြီးတယောက်ကို ကြမ်းတမ်း ပြင်းထန်စွာ ရိုက်နှက်ခဲ့သည့်အတွက် သူ့မှာ အပြစ် ရှိတယ်၊ ဟုတ်တယ်၊ အဲဒါအတွက် သူ့မှာ အပြစ်ရှိတယ်။ အဲ နောက်ပြီးတော့ သူ့ရဲ့ရင်ထဲမှာ ရှိနေတဲ့ အကြောင်းအချက်တခုအတွက် သူ့မှာ အပြစ်ရှိတယ်၊ ဒါပေမဲ့ .. (စာရေးဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး) အဲဒီအကြောင်းကို ခင်ဗျား ရေးစရာမလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာ ဘဝပဲ၊ လူကြီးမင်းတို့နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော် ဆိုလိုတာက ကျွန်တော့်ရင်ထဲမှာ

ရှိနေတဲ့ကိစ္စကို ပြောတာ၊ ဒါပေမဲ့ သူ့အဖေ အဘိုးကြီး အသတ်ခံရတဲ့ အမှုမှာ တော့ သူ့မှာ အပြစ်မရှိဘူး၊ အဲဒီကိစ္စဟာ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒီကိစ္စကို ကျွန်တော် သက်သေပြမယ်၊ ခင်ဗျားတို့ ချက်ချင်း လက်ခံယုံကြည်ရမယ်၊ ခင်ဗျားတို့ ရယ်ကြရမယ်၊ ခင်ဗျားတို့ရဲ့ သံသယအတွက် ခင်ဗျားတို့ ရယ်ကြရမယ် လူကြီးမင်းတို့”

“စိတ်ငြိမ်ငြိမ်ထားပါ လူကြီးမင်း”

စစ်ဆေးရေးအရာရှိက သတိပေးသည်။ မစ်တယာ၏ စိတ်လှုပ်ရှားနေမှုကို သူ၏ တည်ငြိမ် အေးဆေးမှုဖြင့် သက်သာစေလိုသည့် သဘောမျိုး ဖြစ်သည်။

“ကျွန်တော်တို့ရဲ့ စစ်ဆေးမေးမြန်းမှုကို ရှေ့မဆက်ခင်မှာ ခင်ဗျားဆီက အတည်ပြုချက်တခု ရချင်ပါတယ်။ ခင်ဗျားအနေနဲ့ ဘယ်လိုမှ မအောက်မေ့ဘူး ဆိုရင်ပေါ့။ အဲဒါကတော့ ခင်ဗျားအဖေကို ခင်ဗျား သဘောမကျဘူးဆိုတဲ့ အချက်ရယ်၊ သူနဲ့ တကျက်ကျက် ရန်ဖြစ်နေတယ် ဆိုတဲ့ အချက်ရယ် ပဲပေါ့။ လွန်ခဲ့တဲ့ တဆယ့်ငါးမိနစ်လောက်ကပဲ ခင်ဗျားပြောခဲ့သေးတယ်လို့ ကျွန်တော် ထင်တယ်၊ ‘ကျွန်တော် သူ့ကို မသတ်ဘူး၊ ဒါပေမဲ့ ကျွန်တော် သူ့ကို သတ်ချင်တယ်’ လို့ ခင်ဗျား ပြောခဲ့တယ်”

“ကျွန်တော် အဲဒီလို ပြောခဲ့သလား၊ အင်း၊ ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ် လူကြီးမင်း၊ ဟုတ်တယ်၊ ကံမကောင်း အကြောင်းမလှလို့ပဲ ဆိုပါတော့၊ ကျွန်တော့် သူ့ကို အကြိမ်ပေါင်းများစွာ သတ်ချင်စိတ် ပေါက်ခဲ့တယ်၊ ကံမကောင်း အကြောင်းမလှတာပဲ ... ကံမကောင်း အကြောင်းမလှတာပဲ”

“ခင်ဗျားအနေနဲ့ သတ်ချင်တယ် ဟုတ်လား.. ခင်ဗျားရဲ့ဖခင်ပေါ်မှာ အဲဒီလို မုန်းတီးစိတ်မျိုး ဘာကြောင့် ဖြစ်ပေါ်ရတယ်ဆိုတာ ခင်ဗျား ရှင်းပြနိုင်မလား”

“ဘာ ရှင်းပြနေစရာရှိသလဲ လူကြီးမင်း” မစ်တယာ အောက်သို့ စိုက်ကြည့်ရင်း ပခုံးကို တွန့်လိုက်သည်။ “ကျွန်တော့်ရင်ထဲမှာ ရှိနေတာကို ကျွန်တော် ဘယ်တုန်းကမှ မဖုံးကွယ်ခဲ့ဘူး၊ ဒီအကြောင်းကို တမြို့လုံးက သိတယ်၊ အရက်ဆိုင်က လူတွေအားလုံး သိတယ်၊ ဒီအကြောင်းကို သိပ်မကြာခင်ကလေးကပဲ ခင်ကြီးဇော်ဇီမာရဲ့ကျောင်းသခ်မ်းမှာ ကျွန်တော် ပြောခဲ့သေးတယ်၊ အဲဒီနေ့ ညနေမှာပဲ ကျွန်တော့်အဖေကို ကျွန်တော် ရိုက်မောင်း ပုတ်မောင်း လုပ်ခဲ့သေးတယ်၊ သူ ကံကောင်းလို့ မသေတယ်။ အို ... သက်သေတွေ အများကြီး ရှိပါတယ်။ ဒီစကားကို ကျွန်တော် တလလုံးလုံး လူတွေထဲမှာ ပြောခဲ့တယ်။ သက်သေခံမယ့်လူတွေ အများကြီးရှိတယ်၊ ဒီအချက်က ရှင်းနေတာပဲ၊ ထင်းနေတာပဲ၊ ဒါပေမဲ့ လူကြီးမင်းစိတ်ထဲမှာ ရှိနေတာက ပြဿနာတခုပဲ၊ ဒီမယ် လူကြီးမင်းတို့ (မစ်တယာ မျက်မှောင်ကုတ်လိုက်ပြီး) ကျွန်တော့်စိတ်ထဲမှာ ရှိနေတာတွေကို

လူကြီးမင်းတို့ မေးမြန်းပိုင်ခွင့် မရှိဘူး၊ ခင်ဗျားတို့မှာ အခွင့်အာဏာ ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဒါဟာ ကျွန်တော့်ပြဿနာပဲ၊ ကျွန်တော့် ကိုယ်ရေး ကိုယ်တာပဲ၊ အတွင်းရေးကိစ္စပဲ၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့အချက်ကို အရင်တုန်းကလည်း ကျွန်တော် မဖုံးကွယ်ခဲ့ပါဘူး၊ ဥပမာပြောရရင် အရက်ဆိုင်တွေထဲမှာ တွေ့တဲ့လူတိုင်းကို ကျွန်တော် ပြောခဲ့တယ်၊ အခုလည်း ဒါကို ကျွန်တော် လျှို့ဝှက်မထားပါဘူး၊ ဒီမယ် လူကြီးမင်းတို့ ... ကျွန်တော် သိပါတယ်၊ အခုကိစ္စမှာ ကျွန်တော့်ဘက်ကို မြားဦးလှည့်နေတဲ့ အချက်တွေ အများကြီး ရှိနေပါတယ်။ သူ့ကို ကျွန်တော် သတ်မယ်လို့ လူတိုင်းကို ကျွန်တော် ပြောခဲ့တယ်။ ဟော အခု ဗြုန်းခနဲ ဒိုင်းခနဲဆို သူ အသတ်ခံသွားရတယ်။ အဲဒီတော့ သူ့ကို သတ်တဲ့လူဟာ ကျွန်တော်ပဲ ဖြစ်စရာ ရှိနေတယ်၊ ဟား ဟား ဟား၊ အဲဒီအတွက် လူကြီးမင်းတို့ကို ကျွန်တော်အပြစ်မတင်ပါဘူး။ ကျွန်တော် ကောင်းကောင်း နားလည်ပါတယ်၊ ကျွန်တော့်ဘာကျွန်တော် ပိတ်မိနေပါတယ်၊ သူ့ကိုသတ်တာ ကျွန်တော် မဟုတ်ဘူး ဆိုရင် ဘယ်သူ ဖြစ်နိုင်သလဲ ... အဲဒီလိုပဲ မဟုတ်လား၊ ကျွန်တော် မဟုတ်ဘူးဆိုရင် ဘယ်သူလဲ၊ ဘယ်သူဖြစ်မလဲ ... လူကြီးမင်းတို့ ဒါကို ကျွန်တော် တကယ်ပဲ သိချင်ပါတယ်။ သူ ဘယ်မှာ အသတ်ခံရသလဲဆိုတာ ကျွန်တော့်ကို ပြောကြစမ်းပါ၊ သူ ဘယ်လို အသတ်ခံရတာလဲ။ ဘာနဲ့ ဘယ်လို အသတ်ခံရသလဲ၊ ကျွန်တော့်ကို ပြောစမ်းပါ”

အမှုလိုက်ရှေ့နေနှင့် စစ်ဆေးရေးအရာရှိတို့ကိုကြည့်ရင်း သူ လျင်မြန်စွာ မေးလိုက်သည်။

“သူ့အိမ်ခန်းထဲက ကြမ်းပြင်ပေါ်မှာ သူ လဲနေတာကို ကျုပ်တို့တွေ့ရတာပဲ၊ ပက်လက်ကြီး လဲနေတယ်။ ခေါင်းမှာ အရိုက်ခံထားရတယ်”

အမှုလိုက်ရှေ့နေက ပြောလိုက်သည်။

“အို ... ကြောက်စရာကြီးပါလား”

ရုတ်တရက်ဆိုသလို မစ်တယာ သိမ့်သိမ့်တုန်သွားသည်။ စားပွဲပေါ်တွင် တံတောင်နှစ်ဖက် ထောက်လိုက်ပြီး သူ့မျက်နှာကို လက်ယာဘက်လက်ဖြင့် ဖုံးအုပ်ထားလိုက်သည်။

“ကဲ၊ ဆက်ကြရအောင်” စစ်ဆေးရေးအရာရှိက ကြားဖြတ်ပြီးပြောလိုက်သည်။ “ဘာဖြစ်လို့ ခင်ဗျားရဲ့ ရင်ထဲမှာ မုန်းတီးစိတ်တွေ ဖြစ်ပေါ်ရတာလဲ၊ မနာလိုဝန်တိုလို့ပဲ မဟုတ်လား၊ လူတွေကို ခင်ဗျား ဒီအတိုင်းပဲ ပြောခဲ့တယ် မဟုတ်လား”

“အင်း ... ဟုတ်တယ်၊ မနာလိုဝန်တိုလို့ပဲ၊ မနာလိုဝန်တိုတာကြောင့်ချည်းတော့ လည်း မဟုတ်ဘူး”

“ငွေရေးကြေးရေးကြောင့်လား ....”

“ဟုတ်တယ်၊ ငွေရေးကြေးရေးကိစ္စလည်း ပါတယ်”

“ရူဗယ်ငွေ သုံးထောင်အတွက် ခင်ဗျားတို့ အငြင်းပွားနေကြရတယ် မဟုတ်လား၊ ခင်ဗျားက အမွေအဖြစ် ရစရာ လိုသေးတယ်ဆိုပြီး တောင်းထားတဲ့ ငွေသုံးထောင် ....”

ငွေသုံးထောင် ဟုတ်လား .. ဘယ်ကမလဲ၊ ဒါထက် များသေးတယ်၊ ခြောက်ထောင်ထက်တောင် များသေးတယ်၊ တသောင်းထက်တောင် များဦးမယ်၊ လူတိုင်းကို ကျုပ် ဒီအတိုင်းပဲ ပြောခဲ့တယ်။ အားလုံးကြားအောင် ကျုပ် အော်ပြီး ပြောခဲ့တယ်။ ဒါပေမဲ့ ငွေ သုံးထောင်ပဲ တောင်းဖို့ ကျုပ် ဆုံးဖြတ်ခဲ့တယ်။ ကျုပ်မှာ ငွေသုံးထောင် အရေးတကြီး လိုနေတယ်၊ ဒါကြောင့်မို့လို့ ဂရုရှင်ကာကို ပေးဖို့ သူ့ခေါင်းအုံးအောက်မှာ အဆင်သင့်ထားတဲ့ ငွေသုံးထောင်ပါတဲ့ စာအိတ်ဟာ ကျုပ်ဆီက မတရားယူထားတဲ့ ပိုက်ဆံတွေပဲလို့ ကျုပ် ယူဆထားတယ်။ အဲဒါအမှန်ပဲ လူကြီးမင်းတို့၊ အဲဒီပိုက်ဆံ ဟာ ကျုပ်နဲ့ ဆိုင်တယ်၊ ကျုပ်ပစ္စည်းပဲ”

အမှုလိုက်အရာရှိက ဘယ့်နှယ်လဲဟူသောသဘောဖြင့် တရားရေး အရာရှိကို ကြည့်လိုက်ပြီး မျက်လုံး တချက် မှိတ်ပြလိုက်သည်။

“အဲဒီကိစ္စကို နောက်မှ ပြောကြတာပေါ့” တရားရေးအရာရှိက ရုတ်ခြည်းပင် ပြောလိုက်သည်။ “လောလောဆယ်တော့ အဲ ခင်ဗျားပြောတဲ့အချက်... စာအိတ်ထဲက ပိုက်ဆံတွေကို ခင်ဗျားပိုက်ဆံ ပါလို့ ယူဆထားတဲ့ အချက်ကို ကျုပ်တို့ ရေးထားကြရအောင်”

“ရေးပါခင်ဗျာ၊ လူကြီးမင်းတို့ ရေးထားကြပါ၊ ဒီအချက်ဟာ ကျုပ်ကို ထိခိုက်စေနိုင်တဲ့ သက်သေခံ အထောက်အထားတခုဆိုတာ ကျုပ် သိပါတယ်။ ဒါပေမဲ့ ဘယ် အထောက်အထားကိုမှ ကျုပ် မကြောက်ပါဘူး၊ ဒီအထောက်အထားတွေကို ကျုပ်ကိုယ်တိုင်ကပဲ ဖော်ထုတ်ပေးနေပါတယ်။ ကျုပ်ပြောတာ လူကြီးမင်းတို့ကြားသလား၊ ကျုပ်ကိုယ်တိုင်ပဲ ဖော်ထုတ်နေတယ်။ ခင်ဗျားတို့ကတော့ ကျုပ်ကို လူတမျိုးလို့ အောက်မေ့ကြမှာပဲ”

သူက နောက်ဆုံးစကားကို ရုတ်တရက်ကြီး ပြောလိုက်သည်။ စိတ်ပျက်အားလျော့စွာနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

“လူကြီးမင်းတို့ဟာ ဂုဏ်သိက္ခာရှိတဲ့ လူတယောက်နဲ့ ဆက်ဆံနေရတာ

ဖြစ်ပါတယ်။ အင်မတန် ဂုဏ်သိက္ခာမြင့်မားတဲ့ လူတယောက်နဲ့ ဖြစ်ပါတယ်။ အရေးအကြီးဆုံးအချက်ကတော့ အဲဒီအချက်ကို ဘယ်တော့မှ မျက်ခြည်မပြတ်ပါနဲ့၊ သူဟာ မဟုတ်တဲ့အလုပ်တွေကို အများကြီး လုပ်ခဲ့တယ်။ ဒါပေမဲ့ သူဟာ အမြဲတမ်းဆိုသလိုပဲ အခုထက်ထိပဲ သူ့ရဲ့အတွင်းစိတ်ဟာ၊ အဓ္ဈတ္တသဏ္ဌာန်ဟာ အင်မတန် ရိုးသားမြင့်မြတ်ပြီး ဂုဏ်သိက္ခာရှိတဲ့ လူတယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါကို ပေါ်လွင်အောင် ဘယ်လို ဖော်ပြရမလဲ ဆိုတာ ကျုပ်မသိဘူး။

“ကျုပ်ပြောချင်တဲ့ အဓိပ္ပာယ်က ကျုပ်ဘဝမှာ တသက်လုံး မပျော်မရွှင် ဖြစ်နေရတာ ကျုပ်ဟာ ဂုဏ်သိက္ခာရှိတဲ့လူတယောက် ဖြစ်ချင်လို့ပဲ။ ကျုပ်ဟာ ဂုဏ်ပြုရတဲ့ အာဇာနည်တယောက် ဖြစ်ချင်လို့ပဲ။ အဲဒီအဖြစ်ကို ရအောင် ကျုပ်ဟာ ဖန်မီးအိမ်တခုကို ကိုင်စွဲပြီး လိုက်ရှာခဲ့တယ်။ ဖန်ပေါင်းချောင်ထဲမှာ တရားထိုင်တဲ့ ဒဿနပညာရှင်ကြီး ဒိုင်အိုဂျင်းနစ်ရဲ့ထုံးကို နှလုံးမူပြီး ရှာခဲ့တယ်။ ဒါပေမဲ့ ကျုပ်ဟာ ကျုပ်ရဲ့ဘဝမှာ သူတပါးတွေအပေါ် မဟုတ်တာ မဟုတ်တာတွေပဲ လုပ်ခဲ့တယ်။ ကျုပ်တို့တတွေအားလုံး လုပ်နေကျ အတိုင်းပဲပေါ့ လူကြီးမင်းတို့ ... ကျုပ် ဆိုလိုတာက ကျုပ်တယောက်တည်းကို ပြောတာပါ လူကြီးမင်းတို့ အားလုံးကိုပြောတာ မဟုတ်ပါဘူး၊ ကျုပ်တယောက်တည်းကို ပြောတာပါ၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ် မှားသွားပါတယ်၊ ကျုပ်လိုလူ တယောက်တည်းပါ၊ ကျုပ် တယောက်တည်းပါ ... လူကြီးမင်းများ ခင်ဗျား၊ ကျုပ် ခေါင်းကိုက်လာပြီ”

သူက နာကျင်ဟန်ဖြင့် မျက်ခုံးများ ကျုံ့လိုက်သည်။

“ဒီမယ် လူကြီးမင်းတို့ .... သူ့ပုံစံကို ကျုပ် မကြိုက်ဘူး၊ သူ့ပုံစံက မရိုးသားဘူး၊ မမှန်ကန်ဘူး၊ အမှန်တွေ အကောင်းတွေ အားလုံးကို သူ နင်းခြေပစ်တယ်၊ ဘာမဆိုကို သူ လှောင်ပြောင်မယ်၊ ဘာကိုမှ သူ မယုံဘူး၊ အင်မတန် ကြောက်စရာကောင်းတယ်၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ဒါပေမဲ့ သူ အခုသေပြီ၊ ဒီတော့လည်း ကျုပ်စိတ်ထဲမှာ တမျိုးဖြစ်ရပြန်တယ်”

“တမျိုးဖြစ်ရပြန်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ”

“မဟုတ်ဘူး၊ တမျိုးဖြစ်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူ့အပေါ်မှာ ဒါလောက် မုန်းတီးမိခဲ့တဲ့ အတွက်တော့ စိတ်မကောင်းဘူး”

“နောင်တရတယ်လို့ ပြောတာလား”

“မဟုတ်ဘူး၊ နောင်တရတာ မဟုတ်ဘူး၊ အဲဒါကို ထည့်မရေးပါနဲ့၊ ကျုပ်ကိုယ်တိုင်ကလည်း ကောင်းတဲ့ လူတယောက် မဟုတ်ဘူး၊ အဲဒါ အမှန်ပဲ၊ ကျုပ်ဟာ လူကောင်းတယောက် မဟုတ်ဘူး၊ အဲဒီတော့ ကျုပ်က သူ့ကို မုန်းစရာကောင်းတဲ့ လူတယောက်လို့ ပြောပိုင်ခွင့် မရှိဘူး၊ ဟုတ်တယ်၊ အဲဒါ

မှန်တယ်၊ အဲဒါကို ရေးချင်ရင် ရေးထားပါ”

အထက်ပါစကားကို ပြောပြီးနောက် မစ်တယာသည် ရုတ်ခြည်းဆိုသလိုပင် အလွန်အမင်း ညှိုးငယ်သွားသည်။ သူသည် တရားရေးအရာရှိ၏ မေးခွန်းများကို ဖြေကြားရန် တဖြည်းဖြည်းချင်း ညှိုးငယ်လာခဲ့သည်။ ထိုစဉ်မှာပင် မမျှော်လင့်သော အခြင်းအရာတခု ဖြစ်ပွားသည်။

ဖြစ်ပျက်ပုံက သည်လို.... ဂရုရှင်ကာကို သူတို့ ခေါ်သွားကြသော်လည်း အဝေးကြီးသို့ ခေါ်သွားသည် မဟုတ်ပါ။ စစ်ဆေးမေးမြန်းခြင်း ပြုလုပ်သော အခန်းပြာနှင့်ကပ်လျက် အခန်းတခုသို့သာ ဖြစ်သည်။ တနည်းပြောရလျှင် သူတို့ကခဲ့ ခုန်ခဲ့ကြသော ခန်းမကျယ်ကြီးနှင့် ကပ်လျက်ရှိသော အခန်းငယ် ကလေးတခု ဖြစ်သည်။ ပြတင်းပေါက်တခုသာရှိသော အခန်းငယ်ကလေး ဖြစ်သည်။ သူမက ထိုအခန်းကလေးထဲတွင် ထိုင်လျက်ရှိသည်။ အဖော်ဟူ၍ မက်ဇီမော့တယောက်သာ ရှိသည်။ မက်ဇီမော့သည် အထူးပင် တုန်လှုပ်ချောက်ချားလျက်ရှိပြီး သက်သာရာ ရှာဖွေသည့်အလား သူမ၏ အနီးတွင် တွယ်ကပ်လျက်ရှိသည်။

အခန်းတံခါးဝတွင် ရင်ဘတ်၌ တံဆိပ်တပ်ထားသော ရွာသားတယောက် ရပ်လျက်ရှိသည်။ ဂရုရှင်ကာ ငိုနေသည်။ သူမသည် ငိုနေရာမှ ရုတ်ခြည်းဆိုသလို သူမကိုယ်သူမ မချုပ်တည်း မထိန်းသိမ်းနိုင်တော့သလို ဖြစ်ပြီး ထိုင်ရာမှ ခုန်ထကာ၊ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းပြီး ကျယ်လောင်စွာ ဟစ်အော်မြည်တမ်းကာ သူ့ထံသို့ ပြေးထွက်သွားလေတော့သည်။ သူမ၏ မစ်တယာထံသို့ ဖြစ်သည်။

မည်သို့မျှ မမျှော်လင့်သော အခြင်းအရာတခု ဖြစ်သဖြင့် မည်သူမှ သူမကို တားဆီးနိုင်ခြင်း မရှိပါ။ မစ်တယာသည် သူမ၏ ငိုကြွေးမြည်တမ်းသံကို ကြားသောအခါ တကိုယ်လုံး တုန်ယင်သွားပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။ ထို့နောက် သူ့ဘာသူ ဘာလုပ်မိမှန်း မသိဘဲနှင့် တချက်ဟစ်အော်ကာ သူမထံသို့ တရှိန်ထိုး ပြေးထွက်သွားသည်။ သို့သော် သူတို့နှစ်ယောက် တွေ့ဆုံခွင့်မရပါ။ တယောက်ကို တယောက် မြင်တွေ့နေကြရသော်လည်း လူချင်း မထိတွေ့ရပါ။

မစ်တယာ၏လက်နှစ်ဖက်ကို ကြမ်းတမ်းစွာ ချုပ်ကိုင်ထားခြင်း ခံရသည်။ မစ်တယာ အတင်း ရုန်းကန်သည်။ ထိုအခါ သူ့ကို လူသုံးလေးယောက်မျှ ဝိုင်းပြီး ချုပ်ထားရသည်။ သူမကိုလည်း သူတို့က ချုပ်ကိုင်ထားကြသည်။ သူ့ထံသို့ လက်နှစ်ဖက် ဆန့်တန်းလျက် ရှိသော သူမကို သူတို့က အခန်းထဲမှ ဆွဲခေါ်သွားကြသည်ကို မစ်တယာ တွေ့မြင်ရသည်။ ထိုအခြင်းအရာ ပြီးဆုံးသွားသော အခါတွင်ကား သူသည် စောစောကနေရာမှာပင် တရားရေးအရာရှိနှင့် မျက်နှာချင်းဆိုင်လျက် ရှိသည်ကို မစ်တယာ တွေ့ရှိရသည်။

“ခင်ဗျားတို့ သူ့ကို ဘာလုပ်ကြတာလဲ၊ ခင်ဗျားတို့ သူ့ကို ဘာလို့

နိုပ်စက်ကြတာလဲ၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဘာအပြစ်မှ မရှိဘူး”

သူ ဟစ်အော်လျက်ရှိသည်။ အမှုလိုက်ရှေ့နေနှင့် တရားရေးအရာရှိတို့က သူ့ကို အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့်ကြရသည်။ ယင်းသို့ နှစ်သိမ့်စကား ဆိုနေကြသည်မှာ ယခု ဆယ်မိနစ်ကြာ ရှိသွားသည်။ ထိုအချိန်တွင် အပြင်သို့ ရောက်ရှိနေသော ရာဇဝတ်ဝန်မင်း မာကာရော့သည် အခန်းတွင်းသို့ ကမန်းကတန်း ဝင်ရောက်လာပြီး စိတ်လှုပ်ရှား တက်ကြွစွာနှင့် အသံကျယ်ကျယ် ပြောလိုက်သည်။

“အမျိုးသမီးကို နေရာရွှေ့ လိုက်ပြီ၊ အမျိုးသမီး အောက်ထပ် ရောက်သွားပြီ၊ ဒီက စိတ်ဒုက္ခ ရောက်နေတဲ့ လူကြီးမင်းကို ကျုပ် စကားတခွန်း ပြောခွင့်ရှိမလား လူကြီးမင်းတို့ ... လူကြီးမင်းတို့ ရှေ့မှာပဲ ပြောခွင့်ပြုမလား”

“ပြောပါခင်ဗျာ၊ ကျွန်တော်တို့အနေနဲ့ ဘာမှ ကန့်ကွက်စရာ မရှိပါဘူး”

တရားရေး အရာရှိက တုံ့ပြန်သည်။

“ကျုပ်ပြောမယ် နားထောင်၊ ကိုယ့်လူ ဒီမီထရီ”

မာကာရော့ စကားစလိုက်သည်။ သူ့မျက်နှာပေါ်တွင် တရားခံအပေါ် ညှာတာထောက်ထားသော မျက်နှာ အသွင်အပြင်ရှိသည်။ ဖခင်တယောက်၏ ကြင်နာဟန်မျိုး ရှိနေသည်။

“ကိုယ့်လူရဲ့ဂရုရှင်ကာကို ကျုပ်ကိုယ်တိုင် အောက်ထပ်ကို ခေါ်သွားတယ်။ သူ့ကို ဆိုင်ပိုင်ရှင် အဘိုးကြီးရဲ့သမီးတွေ လက်ထဲကို အပ်လိုက်တယ်။ သူနဲ့အတူ မက်ဇီမော့လည်း တချိန်လုံး ရှိနေတယ်။ ကျုပ် သူ့ကို ချော့ပြီး ပြောရမယ်၊ ကျုပ်ပြောတာ ကြားလား - ကျုပ် သူ့ကို ချော့မော့ပြီး ငြိမ်သွားအောင် လုပ်ရတယ်၊ ကိုယ့်လူဟာ ကိုယ့်ပြဿနာကို ကိုယ့်ဘာကိုယ် ရှင်းရမှာ ဖြစ်တဲ့ အကြောင်း သူ့ကို နားလည်အောင်ပြောပြရတယ်။ အဲဒီတော့ သူ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်တွေ ကယောင်ချောက်ချား ဖြစ်အောင် မလုပ်သင့်တဲ့အကြောင်း၊ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်သင့်တဲ့အကြောင်း ပြောပြရတယ်။ တကယ်လို့ ကိုယ့်လူဟာ သူ့ကြောင့် စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး ခေါင်းနောက်ကုန်ရင် အမှားအယွင်းတွေ လျှောက်ပြောကုန်လိမ့်မယ်လို့ သူ့ကို ရှင်းပြရတယ်။ ကျုပ် ပြောတာ သဘောပေါက်သလား။

“အင်း၊ အတိုချုပ် ပြောရမယ်ဆိုရင်တော့ ကျုပ် သူ့ကို ရှင်းပြတယ်၊ သူ သဘောပေါက်တယ်၊ သူက နားလည်မှုရှိတဲ့ မိန်းကလေးတယောက်ပဲ ကိုယ့်လူရဲ့။ စိတ်ကောင်းရှိတဲ့ မိန်းကလေးတယောက်ပဲ၊ ကိုယ့်လူကို အကူအညီပေးဖို့ သူက ကျုပ်လက်တွေကို နမ်းပြီး တောင်းပန်ရှာတယ်။ သူ့အတွက် ဘာမှ

မပူပန်ဖို့အကြောင်း ကိုယ့်လူကို သွားပြောပေးဖို့ သူကပဲ ကျုပ်ကို ဒီကို လွှတ်လိုက်တယ်၊ အခုတခါ ကျုပ်ပြန်သွားပြီး သူ့ကို ပြောရမယ်၊ ကိုယ့်လူအနေနဲ့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်နေပြီဆိုတဲ့အကြောင်း သူ့ကို ပြန်ပြောရမယ်။ အဲဒီတော့ ကိုယ့်လူရဲ့စိတ်ကို ငြိမ်ငြိမ်ထားပါ။ ကျုပ်ပြောတာ သဘောပေါက်သလား၊ သူ့အပေါ်မှာ ကျုပ် အထင်မှားခဲ့တယ်၊ သူ့မှာ ခရစ်ယာန်တယောက်ရဲ့ နှလုံးသားရှိတယ်။ ဟုတ်တယ် လူကြီးမင်းတို့၊ သူ့မှာ သိမ်မွေ့ နူးညံ့တဲ့ နှလုံးသား ရှိတယ်။ သူ့ကို ဘာမှ အပြစ်ဆိုစရာမရှိဘူး၊ အဲဒီတော့ ကျုပ် သူ့ကို ဘာပြန်ပြောရမလဲ ဒီမီထရီ ကာရာမာဇော့၊ ခင်ဗျား အေးအေးဆေးဆေး နေမလား မနေဘူးလား” (စိတ်ကောင်း နှလုံးကောင်းရှိသော ပုလိပ်အရာရှိကြီးသည် သူ မပြောရမည့် စကားတွေကို အများကြီး ပြောခဲ့ပြီ ဖြစ်သည်။ အမှန်တော့ လူသားတယောက်ဖြစ်သော ဂရုရှင်ကာ၏ ခံစားနေရသော ဝေဒနာများသည် သူ၏ ကြင်နာသနားတတ်သော နှလုံးသားအတွင်းသို့ ထိုးဖောက် ဝင်ရောက်လာခြင်း ဖြစ်သည်။ သူ၏မျက်လုံးများတွင် မျက်ရည်များပင် စို့ဝိုင်းလျက်ရှိသည်။ မစ်တယာ ထိုင်ရာမှ ခုန်ထလိုက်ပြီး သူ့ထံသို့ ပြေးသွားကာ ...

“ကျွန်တော့်ကို ခွင့်လွှတ်ပါ လူကြီးမင်း၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ လူကြီးမင်းရဲ့စိတ်နှလုံးဟာ သူတော်စင်ကြီးတယောက်ရဲ့စိတ်နှလုံးပါပဲ။ သူတော်စင်ကြီး တယောက် ပါပဲ၊ အမျိုးသမီးကိုယ်စား ရာဇဝတ်ဝန်ကြီးကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော် အေးအေးဆေးဆေး ဖြစ်ပါ့မယ်၊ ကောင်းကောင်းမွန်မွန် ဖြစ်ပါ့မယ်၊ ကျွန်တော် ကောင်းကောင်းမွန်မွန် ရွှင်ရွှင်လန်းလန်း ရှိတဲ့အကြောင်း အမျိုးသမီးကို ပြောပြပါ။ သူဟာ လူကြီးမင်းလိုပဲ စိတ်ကောင်း နှလုံးကောင်း ရှိတယ်ဆိုတာကို သိရတဲ့အတွက် နောက်တခဏ၊ နှစ်ခဏဆိုရင် ကျွန်တော် ရယ်ရယ်မောမော ရှိနေပါလိမ့်မယ်၊ အခုကိစ္စတွေကို အမြန်ဆုံးပြီးအောင် ကျွန်တော် ရှင်းပါ့မယ်။ ပြီးတာနဲ့ တပြိုင်နက် သူ့ဆီကို ကျွန်တော် သွားပါ့မယ်။ သူ့ကို စောင့်နေဖို့ ပြောပေးပါ”

အမှုလိုက်ရှေ့နေနှင့် တရားရေးအရာရှိတို့ဘက်သို့ သူ ရုတ်တရက် လှည့်လိုက်ပြီး..

“လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော် အခု ကျွန်တော့်ရဲ့ရင်ကို အကုန်လုံး ဖွင့်ပြပါတော့မယ်၊ ကျွန်တော် အကုန်လုံး ဖွင့်ပြောပါတော့မယ်၊ ဒီကိစ္စကို ကျွန်တော်တို့ အခုချက်ချင်းပဲ ရှင်းလို့ ပြီးသွားပါလိမ့်မယ်၊ ပျော်ပျော်ရွှင်ရွှင်ပဲ ပြီးသွားကြပါလိမ့်မယ်၊ နောက်ပြီးတော့ ဒီကိစ္စ ပြီးသွားရင် ကျွန်တော်တို့အားလုံးပဲ ရယ်နိုင်မောနိုင်ကြပါလိမ့်မယ်။

“ဒါပေမဲ့ လူကြီးမင်းများ ခင်ဗျား၊ အမျိုးသမီးဟာ ကျွန်တော့်အသည်းနှလုံးရဲ့

ကေရီဘုရင်မပဲ ဖြစ်ပါတယ်၊ အို ဒီလိုပြောမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ လူကြီးမင်းများ ခင်ဗျား၊ ခုအချိန်မှာ ဒီအကြောင်းကို လူကြီးမင်းတို့ကို ကျွန်တော် ထုတ်ပြီး ပြောမှဖြစ်ပါ့မယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ကျွန်တော်ဟာ တကယ့် လူကြီးလူကောင်းတွေနဲ့ ဆက်ဆံနေရတယ်ဆိုတာကို သိလို့ပါပဲ။

"အမျိုးသမီးဟာ ကျွန်တော့်ရဲ့ မီးရှူးတန်ဆောင် ဖြစ်ပါတယ်။ သူဟာ ကျွန်တော့်ရဲ့တခုတည်းသော ကိုးကွယ်ဆည်းကပ်ရာပဲ ဖြစ်ပါတယ်။ အဲဒါကို လူကြီးမင်းတို့ သိစေချင်စမ်းပါဘိတယ်၊ အမျိုးသမီးက ဘယ်လိုပြောတယ် ဆိုတာကို လူကြီးမင်းတို့ ကြားကြတယ် မဟုတ်လား၊ 'ကျွန်မ သူနဲ့အတူ စက်တိုင်တက်မယ်' တဲ့။

"ကျွန်တော်က သူ့ကို ဘာတွေများ ပေးထားလို့လဲ၊ ကျွန်တော်လို ငမွဲကောင်က ဘာတွေ ပေးနိုင်လို့လဲ၊ သူက ကျွန်တော့်အပေါ်မှာ ဘာဖြစ်လို့များ ဒါလောက် မေတ္တာ ကြီးမားနေရတာလဲ၊ ကျွန်တော့်လို အကျည်းတန်တဲ့သတ္တဝါ၊ အရှက်မရှိတဲ့မျက်နှာက ဒီလို မေတ္တာမျိုးနဲ့ ထိုက်တန်ပါ့ မလား။

"ဆိုက်ဗေးရီးယား အကျဉ်းစခန်းကို ကျွန်တော်နဲ့အတူ သူ လိုက်လာမှာ ကျွန်တော်နဲ့ ထိုက်တန်ပါ့ မလား....။

"စောစောတုန်းကပဲ သူဟာ ... အင်မတန် အပြစ်ကင်းစင်ပြီး အင်မတန် မာနကြီးတဲ့ မိန်းမဟာ.... ကျွန်တော့်ရဲ့အတွက်နဲ့ ခင်ဗျားတို့ရဲ့ခြေသလုံးကို ဖက်ခဲ့တယ် မဟုတ်လား၊ အဲဒီတော့ ကျွန်တော်က သူ့ကို ဘယ်မှာ မမြတ်နိုး တန်ဖိုးမထားဘဲ နေနိုင်ပါ့မလဲ၊ စောစောတုန်းက လုပ်ခဲ့သလို ကျွန်တော် သူ့ဆီကို တအားကုန်အော်ပြီး ပြေးမသွားဘဲ နေနိုင်ပါ့မလား၊ အို ကျွန်တော့်ကို ခွင့်လွှတ်ကြပါ လူကြီးမင်းများ ခင်ဗျား၊ ဒါပေမဲ့ အခုတော့ ... အခုတော့ ကျွန်တော့်စိတ်နှလုံး အေးငြိမ်းသွားပါပြီ"

ထို့နောက် သူသည် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ငိုနေတော့သည်။ သို့သော် ဝမ်းသာလွန်း၍ စီးကျလာသော မျက်ရည်များ ဖြစ်ပါသည်။ သူသည် တခဏချင်းမှာပင် သူ့ကိုယ်သူ ပြန်လည်ထိန်းချုပ်လိုက်သည်။ ရာဇဝတ်ဝန် အဘိုးကြီးသည် အထူးပင် ပီတိဖြစ်နေဟန်တူသည်။ ရှေ့နေမင်းများလည်း ထို့အတူပင် ဖြစ်သည်။ စစ်ဆေးမေးမြန်း ခြင်း အလုပ်သည် အဆင့်သစ်တခုသို့ ရောက်ရှိချေပြီဟု သူတို့ မှတ်ယူနေကြသည်။ အခန်းထဲမှ ရာဇဝတ်ဝန်မင်း ထွက်ခွာသွားသောအခါ မစ်တယာသည် လုံးဝပကတိ ရွှင်လန်းတက်ကြွလျက် ရှိတော့သည်။

"ကဲ လူကြီးမင်းများခင်ဗျား၊ အခုအချိန်ကစပြီး ကျွန်တော်ဟာ လူကြီးမင်းတို့ လိုအပ်တဲ့အတိုင်း လိုက်နာ လုပ်ဆောင်ပါ့မယ်၊

လူကြီးမင်းတို့ရဲ့သဘောအတိုင်းပဲ ဖြစ်ပါတယ်၊ အမှန်တော့ အခုလို ဖြစ်ပျက်သွားရတဲ့ အသေးအဖွဲကလေးတွေကြောင့်ပဲ ကျွန်တော်တို့ဟာ တဦးကိုတဦး ချက်ချင်း လက်ငင်းဆိုသလို နားလည် သဘောပေါက်သွားကြရတာပါပဲ၊ အဲဒီတော့ အခုလည်းပဲ ကျွန်တော်ဟာ အသေးအဖွဲကလေးတွေအကြောင်းပဲ ဆက်ပြောပါ့မယ်၊ ကျွန်တော်ဟာ လူကြီးမင်းများရဲ့ သဘော အတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တဦးကိုတဦး အပြန်အလှန် ယုံကြည်မှုတွေ ရှိရပါမယ်၊ လူကြီးမင်းများကလည်း ကျွန်တော့်ကို ယုံကြပါ၊ ကျွန်တော်ကလည်း လူကြီးမင်းတို့ကို ယုံပါတယ်၊ အဲဒီလို မဟုတ်ရင်တော့ ကျွန်တော်တို့ဟာ ဘယ်လိုမှ အဆုံးသတ်နိုင်ကြမှာ မဟုတ်ဘူး။ ကျွန်တော် အခုလို ပြောနေတာ လူကြီးမင်းများရဲ့အကျိုးကျေးဇူးအတွက်ပါ၊ အဲဒီတော့ လူကြီးမင်းများခင်ဗျား အလုပ်ကို စကြရအောင်၊ အရေးကြီးတာကတော့ ကျွန်တော့်ရဲ့နှလုံးသားကို မထိုးဆွကြပါနဲ့၊ အသေးအဖွဲကလေးတွေကို မပြောကြပါနဲ့၊ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကိုသာ မေးကြပါ၊ ဒီအမှုနဲ့ တိုက်ရိုက်ပတ်သက်တဲ့ အကြောင်းတွေကိုသာ မေးကြပါ၊ လူကြီးမင်းတို့ စိတ်ကျေနပ်မှု ရအောင် ကျွန်တော် ချက်ချင်း ဖြေပါ့မယ်၊ ကိုယ်ရေးကိုယ်တာ အသေးအဖွဲတွေကို ဘေးချိတ်လိုက်ကြပါ”

မစ်တယာက ယင်းသို့ ပြောဆိုလိုက်သည်။ ထို့နောက် စစ်ဆေးမေးမြန်းခြင်းကို ပြန်လည် စတင်ကြ သည်။

၄။ ဒုတိယ စစ်ချက်

"ခင်ဗျားက အခုလို ရှောရှောရှူရှူ ဖြေမယ်ဆိုတော့ ကျုပ်တို့ ဘယ်လောက် စိတ်ချမ်းသာ သွားရတယ်ဆိုတာ ခင်ဗျား သဘောပေါက်မှာ မဟုတ်ဘူး"

တရားရေးအရာရှိ နီလျူဒေါ့က အားရပါးရ ပြောလိုက်သည်။ နီလျူဒေါ့သည် စောစောကလေးကပင် သူ၏မျက်မှန်ကို ချွတ်ထားခဲ့သဖြင့် သူ၏မျက်လုံးကြီးများတွင် ဝမ်းသာကျေနပ်မှုဖြင့် အရောင်များ တောက်လက်နေသည်ကို တွေ့ရှိကြရသည်။

"အပြန်အလှန် ယုံကြည်မှုရှိရမယ်ဆိုတဲ့ စကားကို ခင်ဗျားပြောလိုက်တာ သိပ်မှန်တယ်။ အဲဒီလို အပြန်အလှန် ယုံကြည်မှုမျိုး မရှိဘူးဆိုရင် အခုလို အရေးကြီးတဲ့အမှုမျိုးမှာ ဘယ်လိုမှ ပြီးမြောက်အောင် ဆောင်ရွက်လို့ မရနိုင်ဘူး၊ သက်သေမကင်းခံရတဲ့လူက သူ့ကိုယ်သူ အလွတ်ရုန်းပြီး အတင်းခုခံ ကာကွယ်နေရင် ဘာမှ အလုပ်မဖြစ်နိုင်ဘူး။ ကျုပ်တို့ဘက်ကတော့ ကျုပ်တို့ တတ်နိုင်သမျှ အကုန်လုပ်ပေးမှာပဲ၊ ဒီအမှုနဲ့ ပတ်သက်ပြီး ကျုပ်တို့ ဘယ်လို ဆောင်ရွက်နေတယ် ဆိုတာ ခင်ဗျားကိုယ်တိုင် အမြင်ပဲ၊ ဟုတ်တယ် မဟုတ်လား"

အမှုလိုက်ရှေ့နေဘက်သို့လှည့်ပြီး သူ မေးလိုက်သည်။

"အို၊ ဟုတ်တာပေါ့"

အမှုလိုက်ရှေ့နေက ခြောက်ကပ်စွာ ပြန်ပြောသည်။ သူက နီလျူဒေါ့လောက် တက်ကြွခြင်း မရှိပါ။

ကျွန်ုပ်အနေနှင့် နောက်တကြိမ် ထပ်ပြီး ပြောရလျှင် ကျွန်ုပ်တို့မြို့သို့ မကြာခင်ကမှ ရောက်ရှိလာ သော တရားရေးအရာရှိသည် အစပိုင်းကတည်းကပင် အမှုလိုက်ရှေ့နေအပေါ် အထူးပင် ရိုသေ လေးစားမှု ရှိပြီး ခင်မင်ရင်းနှီးသည့် အနေအထားတွင် ရှိပေသည်။ အထက်အရာရှိများ၏ အနိမ့်ခံနေ ရသော အမှုလိုက်အရာရှိ၏ စိတ်ပညာဆိုင်ရာနှင့် စကားပြောဆိုမှုဆိုင်ရာ အရည်အချင်းများကို ယုံကြည်အားထားသူဟူ၍ သူတယောက်တည်းသာ ရှိပေသည်။ သူသည် ပီတာစဘတ်ကတည်း ကပင် အမှုလိုက်အရာရှိ၏ အကြောင်းကို ကြားခဲ့သည်။

အခြားတဖက်မှ ပြောရလျှင်လည်း ဤကမ္ဘာလောကကြီးတွင် ကျွန်ုပ်တို့၏ အနိမ့်ခံ အမှုလိုက် အရာရှိမင်း အမှန်တကယ် သဘောကျနှစ်သက်သူဟူ၍ ကျွန်ုပ်တို့၏ တရားရေး အရာရှိကလေး တဦး သာလျှင် ရှိပေသည်။

သူတို့သည် စားသောက်ဆိုင်သို့ အလာလမ်းတွင် ဤအမှုနှင့်ပတ်သက်ပြီး မည်သို့ ကိုင်တွယ် လုပ်ဆောင်မည်ကို တိုင်ပင်ခဲ့ကြသည်။ ယခုအခါတွင် အသိအမြင် စူးရှသော တရားရေးအရာရှိသည် စားပွဲတွင် ထိုင်နေရာမှ လုပ်ဖော်ကိုင်ဘက်၏မျက်နှာပေါ်တွင် ပေါ်လွင်လျက်ရှိသော အမူအရာမျိုးကို မျက်လုံးဖြင့် တချက်ကြည့်ရုံဖြင့်၊ တဖက်က စကားတခွန်း ဟရုံဖြင့် သိမြင်နားလည်လျက် ရှိပါသည်။

"လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော့်ဇာတ်လမ်းကို ကျွန်တော့်ဘာသာ ကျွန်တော် ပြောသွားပါရစေ၊ ပေါက်ပေါက်ရှာရှာ မေးခွန်းတွေ၊ အသေးအဖွဲ့တွေ ကြားဖြတ်ပြီး မမေးကြပါနဲ့၊ ပြောစရာရှိတာတွေ အားလုံးကို ခဏကလေးအတွင်းမှာ ကျွန်တော် ပြောသွားပါမယ်"

"သိပ်ကောင်းတာပေါ့ ခင်ဗျာ၊ ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားပြောမယ့်အချက်ကို နားမထောင်ခင်မှာ ကျုပ်တို့အနေနဲ့ အင်မတန် သိချင်နေတဲ့ အချက်ကလေးတခုကို မေးပါရစေ၊ ကျုပ်မေးမယ့် အကြောင်းကတော့ မနေ့ညနေ ငါးနာရီလောက်က ခင်ဗျားရဲ့မိတ်ဆွေ မစ္စတာ ပီတာ ပါကိုတင်ဆီမှာ ခင်ဗျားရဲ့ ပစ္စတိုသေနတ်ကို အာမခံထားပြီး ရူဗယ် တဆယ် ချေးသွားတဲ့ကိစ္စပါပဲ"

"သေနတ်တွေကို ကျွန်တော် ပေါင်တာပါ လူကြီးမင်းများ ခင်ဗျား၊ ဆယ်ရူဗယ်နဲ့ ကျွန်တော် ပေါင်တာပါ၊ နောက် ဘာသိချင်သေးသလဲ၊ အမှန်တော့ အဲဒါပဲ၊ မြို့ကို ပြန်ရောက်ရောက်ချင်း ကျုပ် ပေါင်ခဲ့တာပဲ"

"မြို့ကို ပြန်ရောက်တော့ ဟုတ်လား ... ဒါဆိုရင် ခင်ဗျားဟာ ဒီမြို့ကနေ တခြားကို သွားခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ မြို့ကနေ မိုင်သုံးဆယ်လောက်ခရီးကို ကျွန်တော် သွားခဲ့တယ်၊ အဲဒါကို ခင်ဗျားတို့ မသိဘူးလား"

အမှုလိုက်နှင့် တရားရေးအရာရှိတို့ အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

"အဲဒီလိုဆိုရင် ခင်ဗျား သွားလာလှုပ်ရှားမှုတွေကို မနေ့မနက်ကနေ စပြီး စနစ်တကျ ပြောပါလား၊ ဆိုကြပါစို့ ... ဒီမြို့ကနေ ဘာဖြစ်လို့ ခင်ဗျား ထွက်သွားတယ်၊ ဘယ်အချိန်မှာ သွားတယ်၊ ဘယ်အချိန်မှာ ပြန်လာတယ်ဆိုတဲ့ အချက်အလက်တွေ အားလုံးကိုပေါ့"

"ခင်ဗျားတို့က အစကတည်းက ကျွန်တော့်ကို ဒီလိုမျိုး မေးခဲ့ကြရောပေါ့"

မစ်တယာက ခပ်ကျယ်ကျယ်ကလေး ရယ်မောကာပြောသည်။

"အဲ တကယ်တမ်းမှာလည်း ကျွန်တော့်ရဲ့ဇာတ်လမ်းကို မနေ့က မဟုတ်ဘူး၊ တမြန်နေ့ မနက်ကနေ စပြီး ပြောရမယ်၊ အဲဒါမှ ဘယ်လို ဘာဖြစ်လို့ သွားတယ်ဆိုတာကို ခင်ဗျားတို့ နားလည်မယ် ... တမြန်နေ့မနက်က ကျွန်တော်ဟာ ကျွန်တော်တို့မြို့က ကုန်သည်ကြီး ဆမ်ဆိုနော့ဆီကို သွားပြီး အင်မတန်မှ စိတ်ချရတဲ့ အာမခံထားပြီး ငွေသုံးထောင် ချေးပါတယ်။ အဲဒီပိုက်ဆံကိုရဖို့ ကျွန်တော့်မှာ လိုအပ်နေပါတယ်၊ အရေးတကြီး လိုအပ်နေပါတယ်"

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ကျွန်တော် ကြားဖြတ်ပြီး မေးပါရစေ" အမှုလိုက်ရှေ့နေက ယဉ်ကျေးသိမ်မွေ့စွာ ဖြင့် ကြားဖြတ်ပြီး မေးလိုက်သည်။ "ဘာဖြစ်လို့ အဲဒီပိုက်ဆံကို အရေးတကြီး လိုအပ်ရတာလဲ၊ အဲဒီအရေးအတွက် ... ကျွန်တော် ဆိုလိုတာက ရူဗယ်သုံးထောင်ကို လိုအပ်ရတာလဲ"

"လူကြီးမင်းတို့အနေနဲ့ ဒါလောက် အသေးအဖွဲကလေးတွေကိုတော့ လိုက်မေးဖို့ မကောင်းဘူးနဲ့ တူတယ်။ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊ ဘယ်တုန်းကလဲ၊ ဘာဖြစ်လို့ ဒါလောက်များတဲ့ ပိုက်ဆံကို လိုရတာလဲ၊ ဘာဖြစ်လို့ ဒါလောက်ပဲ လိုရတာလဲ... ဒါတွေအားလုံးဟာ ဘာမှ အဓိပ္ပာယ်မရှိတာ တွေပဲ၊ အဲဒါဆိုရင် ခင်ဗျားတို့အနေနဲ့ မှတ်တမ်းစာအုပ်ကြီး သုံးအုပ်ကုန်အောင် ရေးရလိမ့်မယ်၊ တကယ့် မော်ကွန်းကြီးတခု ဖြစ်သွားလိမ့်မယ်"

ဤစကားများကို မစ်တယာက စိတ်ကောင်းလက်ကောင်းဖြင့် ပြောဆိုခြင်း ဖြစ်သည်။ သို့သော် အရေးကြီးသော အကြောင်းရပ်များကို အမှန်အတိုင်းပြောရန် အားသန်နေသဖြင့် အနည်းငယ် စိတ်မရှည်ဟန်တော့ ရှိနေသည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပြီး ...

"လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော့်အနေနဲ့ အခုလို ပြောလိုက်မိတဲ့အတွက် စိတ်မဆိုးကြပါနဲ့၊ ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ်၊ လူကြီးမင်းတို့ကို ကျွန်တော် လေးစားပါတယ်၊ လူကြီးမင်း တို့ရဲ့ အခြေအနေကို ကျွန်တော် နားလည်ပါတယ်၊ နောက်ပြီးတော့ ကျွန်တော် မူးနေတယ်လို့လည်း မထင်ကြပါနဲ့၊ ကျွန်တော် မမူးတော့ပါဘူး၊ ပြေသွားပါပြီ။ ဒါပေမဲ့ ကျွန်တော် မူးနေလို့လည်း ဘာမှ အနှောင့်အယှက် မရှိပါဘူး။ ကျွန်တော့်အဖို့ကတော့ 'လူတယောက်ဟာ မမူးလျှင် အရူး၊ မူးလျှင် ပညာရှိ' ဆိုတဲ့ စကားအတိုင်းပါပဲ၊ ဟား ဟား ဟား၊ အဲ ... လူကြီးမင်းတို့ကို အခုအချိန်မှာ ကျွန်တော့်အနေနဲ့ မနောက်သင့်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ အမှုကိစ္စ စစ်ဆေးတာတွေ မပြီးမချင်း မနောက်သင့်ဘူး ဆိုတာ ကျွန်တော် သိပါတယ်။

"ကျွန်တော့်မှာလည်း ကျွန်တော့်သိက္ခာတွေကို ကျွန်တော် ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်၊ ကျွန်တော်တို့အကြားမှာ ခြားနားမှု ရှိနေတယ်ဆိုတာကို

ကျွန်တော် ကောင်းကောင်း နားလည်ပါ တယ်၊ ခင်ဗျားတို့အနေနဲ့ကတော့ ကျွန်တော်ဟာ တရားခံတယောက်ပဲ၊ ဒါကြောင့်မို့ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့ ကြမ်းတပြေးတည်းမှာ မရှိဘူး၊ ကျွန်တော့်ကို စောင့်ကြည့်နေဖို့က ခင်ဗျားတို့ တာဝန်ပဲ၊ ဂရိဂိုရီကို ကျွန်တော် လုပ်ထားခဲ့တဲ့ အမှုအတွက် ခင်ဗျားတို့က ကျွန်တော့်ကျောကို ပုတ်မှာ မဟုတ်ဘူး၊ အဘိုးကြီးတယောက်ရဲ့ခေါင်းကို ရိုက်ခွဲခဲ့တဲ့အတွက် ဘယ်သူမှ ပြစ်ဒဏ်က မကင်းလွတ် နိုင်ဘူး။ အဲဒီအတွက် ခင်ဗျားတို့ဟာ ကျွန်တော့်ကို ရုံးတင်စစ်ဆေးပြီး ခြောက်လတန်သည် တစ်နှစ်တန်သည် ထောင်ချကြမှာပဲ၊ ဘယ်လို အပြစ်ဒဏ် ချမှတ်မယ်ဆိုတာတော့ ကျွန်တော် အတိအကျ မသိဘူး၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ နိုင်ငံသား အခွင့်အရေးတွေ မဆုံးရှုံးဘူးလို့တော့ ကျွန်တော် မျှော်လင့်တယ်” အမှုလိုက်အရာရှိဘက်သို့ သူ လှည့်ကြည့်လိုက်သည်။ ပြီးမှ သူ ဆက်ပြောပြန်သည်။

“အဲဒီတော့ ခင်ဗျား... ကျွန်တော်တို့ကြားမှာ ကွဲပြားခြားနားမှု ရှိနေတယ်ဆိုတာကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ လူကြီးမင်းတို့ တခုတော့ ဝန်ခံရမယ်၊ လူကြီးမင်းတို့ဟာ ဘုရားသခင်ကိုတောင် ဒီလို ပေါက်တတ်ကရ မေးခွန်းတွေမေးပြီး ဇာတ်ရှုပ်အောင် လုပ်နိုင်သူတွေပါ၊ အရှင်ဘုရား ဘယ်လို ကြွမလဲ၊ ဘယ်လို ကြွသလဲ၊ ဘယ်အချိန်မှာ ကြွသလဲ၊ ဘယ်အပေါ်မှာ နင်းပြီး ကြွသလဲ ဆိုတဲ့ မေးခွန်းတွေနဲ့ပေါ့။

“လူကြီးမင်းတို့ အခုလို ဆက်ပြီး မေးသွားနေကြမယ် ဆိုရင်တော့ အားလုံးရှုပ်ကုန်မှာပဲ၊ နောက်ပြီးတော့ ကျွန်တော်ပြောသမျှအချက်တွေ အားလုံးကို ခင်ဗျားတို့က သက်သေခံ အထောက်အထားအဖြစ် အသုံးပြုကြမယ်၊ စာအုပ်ထဲမှာ ရေးမှတ်ထားကြမယ်၊ ဒီလို လုပ်ခြင်းအား ဖြင့် ဘာအကျိုးကျေးဇူးရမယ်လို့ ခင်ဗျားတို့ ထင်သလဲ၊ ဘာအကျိုးကျေးဇူးမှ မရနိုင်ဘူး။

“ကျွန်တော် အခုပြောနေတဲ့ စကားတွေဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးဆိုရင် ကျွန်တော် ဆုံးအောင် ပြောပါရစေ၊ လူကြီးမင်းတို့ဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများ၊ ပညာတတ်ကြီးများ ဖြစ်တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။ အဲဒီတော့ လူကြီးမင်းတို့ကို တခုတောင်းပန်ရင်း ကျွန်တော့်စကားကို နိဂုံးချုပ်ပါ့မယ်၊ ကျွန်တော် တောင်းပန်ချင်တာကတော့ လူကြီးမင်းတို့ရဲ့ အလုပ်ကြီး ပုံစံအတိုင်း မေးခွန်းတွေထုတ်ပြီး စစ်ဆေးတဲ့နည်းလမ်းကို ရပ်တန်းက ရပ်ကြပါ၊ ကျွန်တော် ဆိုလိုတာက လူကြီးမင်းတို့ဟာ ပထမ ဘာမေးမလဲ၊ ပေါက်တတ်ကရ မေးခွန်းလေးတွေဖြစ်တဲ့ ... ခင်ဗျား ဘယ်အချိန် အိပ်ရာက ထသလဲ၊ ဘယ်အချိန် မုန့်စားသလဲ၊ ခင်ဗျား ဘယ်လို တံတွေးထွေးသလဲ ဆိုတာမျိုးတွေပေါ့။ အဲဒီလိုမျိုးနဲ့ တရားခံဟာ မေ့မေ့လျော့လျော့ ဖြစ်သွားတဲ့အချိန်မှာ... ‘မင်း ဘယ်သူ့ကို သတ်သလဲ’ ‘မင်း ဘယ်သူ့ကို လုသလဲ’ လို့ အငိုက်ဖမ်းပြီး မေးလိုက်မယ်၊ ဟား ဟား

ဟား၊ ဒါ ခင်ဗျားတို့ရဲ့လုပ်ရိုးလုပ်စဉ်တွေပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဒါဟာ ခင်ဗျားတို့အတွက် ထုံးတမ်း နည်းလမ်းကြီးပဲ၊ ဒါဟာ ခင်ဗျားတို့ရဲ့ပညာတွေပဲ။

"ဒါပေမဲ့ ဒီနည်းမျိုးတွေကို ခင်ဗျားတို့ တောသားတွေအပေါ်မှာသာ သုံးလို့ရမယ်၊ ကျုပ်ကိုတော့ မရဘူး၊ ကျုပ်က ဒီနည်းတွေကို သိတယ်၊ ကျုပ်လည်း အမှုထမ်းလုပ်လာတဲ့ လူတယောက်ပဲ၊ ဟား ဟား ဟား၊ ကျုပ်ပြောတာ လူကြီးမင်းတို့ စိတ်ဆိုးသလား၊ ကျုပ်ကို ခွင့်လွှတ်ကြရဲ့လား ..."

သူက သူတို့ကိုကြည့်ကာ ပြောလိုက်သည်။ အံ့ဩစရာကောင်းသည်ကတော့ သူ၏ မျက်နှာအမူအရာ မှာ ကောင်းမွန် ကြည်သာလျက်ရှိသည်။

"ဒီစကားတွေကို ပြောတဲ့လူဟာ မစ်တယာ ကာရာမာဇော့ ဖြစ်တဲ့အတွက် ခွင့်လွှတ်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ တခြားလူတယောက်ဆိုရင် ခွင့်မလွှတ်နိုင်တဲ့အချက်တွေ ဖြစ်ပေမဲ့ မစ်တယာ နဲ့ ပတ်သက်ရင်တော့ ခင်ဗျားတို့ ခွင့်လွှတ်နိုင်ကြရမယ်၊ ဟား ဟား ဟား"

တရားရေးအရာရှိသည် မစ်တယာ ပြောဆိုသည်ကို နားထောင်ပြီးနောက် အတူရောပြီး ရယ်မောလေ သည်။ သို့သော် အမှုလိုက်အရာရှိမှာမူ မရယ်မောပါချေ။ သူက မစ်တယာကို စူးစိုက်ပြီး ကြည့်နေသည်။ မစ်တယာထံမှ သူ၏မျက်လုံးများ မခွာဘဲ ရှိနေသည်။ စကားလုံး တလုံး တလုံးကို လွှတ်မသွားစေရန် နားထောင်နေသည့်ဟန်ဖြင့် ဖြစ်သည်။ မစ်တယာ၏လှုပ်ရှားမှု တခုတလေကိုမှ မမြင်လိုက်ဘဲ မရှိစေရန် ဖြစ်သည်။

"ကျုပ်တို့က ခင်ဗျားကို ဘယ်အချိန် အိပ်ရာထသလဲ၊ ဘယ်အချိန် ထမင်းစားသလဲဆိုတဲ့ မေးခွန်းတွေ ကို ဘယ်တုန်းကမှ မမေးခဲ့ပါဘူးဗျာ၊ အင်မတန်ကို အရေးကြီးတဲ့ မေးခွန်းတွေကိုပဲ မေးပါ့မယ်"

အမှုကို ပဏာမ မေးမြန်းစစ်ဆေးရသော တရားသူကြီးဖြစ်သည့် တရားရေးအရာရှိက ရယ်မောရင်း ဖြင့် ပြန်ပြောသည်။

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် သဘောပေါက်ပြီး သဘောကျပါတယ်၊ နောက်ပြီးတော့ လူကြီးမင်းရဲ့လိုက်လျောကြင်နာတတ်မှုကိုလည်း ကျွန်တော် သဘောကျပါတယ်။ ဒီလို လိုက်လျော ကြင်နာမှုမျိုး အရင်က မရှိခဲ့ဖူးပါဘူး။ တရားသူကြီးမင်းရဲ့ကြင်နာတတ်တဲ့ နှလုံးသားကို ဂုဏ်ပြုလောက်ပါတယ်၊ အခု ဒီမှာရှိနေတဲ့ ကျွန်တော်တို့သုံးယောက်ဟာ ဂုဏ်သိက္ခာရှိတဲ့ ပုဂ္ဂိုလ် များပဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ပညာတတ်များပီပီ၊ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်များပီပီ အပြန်အလှန် ယုံကြည်လေးစားမှုပေါ်မှာ

အခြေခံပြီး ဆက်ခံကြဖို့ လိုပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ကို ကျွန်တော့်ရဲ့မိတ်ဆွေကောင်းများအဖြစ် မှတ်ယူပါရစေ၊ အခုလိုအချိန် ကျွန်တော့်ရဲ့ဂုဏ်သိက္ခာ ပြဿနာ ဖြစ်နေတဲ့ အချိန်မျိုးမှာ ခင်ဗျားတို့ကို မိတ်ဆွေကောင်းတွေအဖြစ် မှတ်ယူပါရစေ၊ အခုလိုပြောတာ လူကြီးမင်းများကို စော်ကားရာများ ရောက်နေမလား ...”

“မရောက်ပါဘူး၊ ခင်ဗျားပြောတာ အများကြီး ကောင်းပါတယ် ဒီမီထရီ ကာရာမာဇော့”

တရားရေးအရာရှိက မစ်တယာ၏စကားကို တကယ်ပင် နှစ်ခြိုက်စွာ လက်ခံဟန်ဖြင့် ပြောဆိုသည်။

“အဲဒီတော့ လူကြီးမင်းခင်ဗျား ... အသေးအဖွဲ ကိစ္စကလေးတွေကို ဘေးချိတ်ထားလိုက်ကြပါ” မစ်တယာက အားရပါးရ လှိုက်လှိုက်လှဲလှဲ ပြောဆိုလိုက်သည်။ “အကွက်ဆင်တဲ့ မေးခွန်းတွေကို ဘေးချိတ်ထားလိုက်ကြပါ၊ အဲဒီလို မဟုတ်ရင် ဘယ်လမ်းရောက်ပြီး ဘယ်စခန်း ဆိုက်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး၊ မဟုတ်ဘူးလား”

“ခင်ဗျားပြောတဲ့ အကြံဉာဏ်ကို ကျုပ်တို့ သေသေချာချာ လိုက်နာပါ့မယ်” တရားရေး အရာရှိက ကြားဖြတ်ပြီး ပြောသည်။ “ဒါပေမဲ့ စောစောက ကျုပ် မေးထားတဲ့ မေးခွန်းကိုတော့ ကျုပ် ပြန်ပြီး မရုပ်သိမ်းဘူး၊ အဲဒီပိုက်ဆံ သုံးထောင်ကို ခင်ဗျား ဘာဖြစ်လို့ လိုနေသလဲ ဆိုတာဟာ ကျုပ်တို့အဖို့ တကယ့်ကို အရေးကြီးနေပါတယ်”

“အဲဒီပိုက်ဆံကို ကျွန်တော် ဘာဖြစ်လို့ လိုသလဲ ဟုတ်လား... အကြောင်းတခုမဟုတ် တခုကြောင့် ပဲပေါ့၊ အဲ အကြွေးဆပ်စရာ ရှိလို့ပဲပေါ့”

“ဘယ်သူ့ကို ဆပ်ရမှာလဲ”

“အဲဒါကိုတော့ ကျွန်တော် ဘယ်နည်းနဲ့မှ မဖြေနိုင်ပါဘူး လူကြီးမင်းများ ခင်ဗျား၊ အဲဒီလို ငြင်းရတာ ဟာ မပြောနိုင်လို့ ငြင်းတာလည်း မဟုတ်ပါဘူး၊ မပြောရဲလို့ ငြင်းတာလည်း မဟုတ်ဘူး၊ ခင်ဗျားတို့ကို ပြောရမှာ ကြောက်လို့လည်း မဟုတ်ဘူး၊ ဘာမှ မကြီးကျယ်တဲ့ အသေးအဖွဲကလေး တခု ဖြစ်လို့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ တကယ်ပြောရရင်တော့ ဒီကိစ္စဟာ အသေးအဖွဲကလေး တခုပဲ၊ ဒါပေမဲ့ ခင်ဗျားတို့ကို ကျွန်တော် ပြောနေတာက မူအရပဲ၊ ဒီကိစ္စက ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်တယ်၊ ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ဘယ်သူဝင်ပြီး စပ်စုတာမှ ကျွန်တော် ခွင့်မပြုနိုင်ဘူး။ ဒါဟာ ကျွန်တော့်ရဲ့မူပဲ၊ ခင်ဗျားရဲ့ မေးခွန်းက အခုအမှုကိစ္စနဲ့ ဘာမှမဆိုင်ဘူး၊ အမှုနဲ့ မဆိုင်တဲ့

ကိစ္စမှန်သမျှဟာ ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာပဲ။ ကျွန်တော် ကြွေးဆပ်ချင်တယ်၊ ဂုဏ်သိက္ခာအတွက် ဆပ်ရမယ့်ကြွေး ဖြစ်တယ်၊ ဒါပေမဲ့ ဘယ်သူ့ကို ဆပ်ရမယ် ဆိုတာတော့ ကျွန်တော် မပြောဘူး”

“ဒါဆိုရင် ဒီအချက်ကို ကျုပ်တို့ မှတ်ထားပါရစေ”

“မှတ်ထားပါ၊ မှတ်ထားပါ၊ ကျွန်တော် မပြောနိုင်ဘူးလို့ ငြင်းတဲ့အကြောင်းကို မှတ်ထားပါ၊ ဒီအချက်ကို ကျွန်တော် မပြောသင့်ဘူးလို့ ယူဆတဲ့အကြောင်း မှတ်ထားပါ။ ခင်ဗျားတို့မှာ လုပ်စရာ ဒီအလုပ်ပဲရှိတယ် မဟုတ်လား”

“လူကြီးမင်းကို ကျုပ် တခုတော့ သတိပေးပါရစေ” အမှုလိုက်အရာရှိက အလေးအနက် ပြောဆိုလိုက် သည်။ “လူကြီးမင်းကိုမေးတဲ့ မေးခွန်းတွေကို လူကြီးမင်းအနေနဲ့ မဖြေချင်ရင် မဖြေဘဲ နေနိုင်တဲ့ အခွင့်အရေး ရှိပါတယ်၊ ကျုပ်တို့အနေနဲ့လည်း လူကြီးမင်းက အကြောင်းတခုခုကြောင့် မဖြေချင်တဲ့ ကိစ္စကို ဖြေပါလို့ အတင်းအဓမ္မ တောင်းခံပိုင်ခွင့် မရှိပါဘူး။ ဒါဟာ လူကြီးမင်းအနေနဲ့ ဆုံးဖြတ်ပိုင်ခွင့် လုံးလုံးရှိပါတယ်။ ဒါပေမဲ့ အခုလို အမှုကိစ္စမျိုးမှာ လူကြီးမင်းအနေနဲ့ သက်သေခံ အချက်အလက် တွေကို ငြင်းကွယ်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အောင် လုပ်နေတာပဲ ဆိုတာကိုတော့ ကျုပ်တို့အနေနဲ့ ရှင်းပြရမယ့် တင်ပြရမယ့် တာဝန်ရှိနေပါတယ်၊ ကဲ … ဆက်ပြောပါဦး”

“လူကြီးမင်းများခင်ဗျာ၊ ကျွန်တော်… ကျွန်တော် စိတ်မဆိုးပါဘူး၊ ကျွန်တော်…” မစ်တယာ အနည်းငယ် ကယောက်ကယက် ဖြစ်သွားဟန်ဖြင့် ရေရွတ်နေသည်။ “အဲ … အဲ … လူကြီးမင်းများ ခင်ဗျား၊ အဲဒီနောက်မှာ ဆမ်ဆိုနော့ဆီကို ကျွန်တော် သွားပါတယ်” ဤနေရာတွင် စာဖတ်သူတို့ သိရှိပြီးဖြစ်သော အချက်များကို ထပ်မံဖော်ပြခြင်း မပြုတော့ပါ။ မစ်တယာသည် အနည်းငယ်မျှ ခွင်းချန်ခြင်းမရှိဘဲ ခရေစေ့တွင်းကျ ပြောပြလျက်ရှိသည်။ တချိန်တည်းမှာပင် သူသည် သည်ကိစ္စအားလုံးကို အမြန်ဆုံး ပြော၍ ပြီးစီးသွားချင်နေဟန်ရှိသည်။ သို့သော် သူတို့က သူ၏ ထွက်ဆိုချက်ကို လိုက်လံရေးမှတ်နေရသဖြင့် သူ၏စကားကို မကြာခဏဆိုသလို ပြတ်တောက်စေလျက် ရှိသည်။ ဤအချက်ကို သူ သဘောမကျပါ။ သို့သော် သူ လိုက်လျောပါသည်။ သူ ဒေါသ ဖြစ်လာဟန်ရှိသည်။ သို့သော် စိတ်မတိုပါ။ “လူကြီးမင်းတို့ လုပ်နေပုံက စိတ်မရှည်စရာ ဖြစ်လာပြီ”.. “လူကြီးမင်းတို့ ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်လာအောင် လုပ်ဖို့ မကောင်းဘူး” စသည်ဖြင့် ပြောဆိုကန့်ကွက်သော်လည်း သူပြောရမည့်စကားများကို ကောင်းမွန်စွာ ပြောဆိုလျက်ပင် ရှိပါသည်။

ယင်းသို့ဖြင့် ဆမ်ဆိုနော့က လွှန်ခဲ့သည့် နှစ်ရက်လောက်က သူ့ကို

အရှူးလုပ်ခဲ့သည့်အကြောင်းကို သူတို့အား ပြောပြရသည်။ (ယခုအခါတွင် သူ အရှူးလုပ်ခံရခြင်း ဖြစ်ကြောင်းကို သူ ကောင်းကောင်း သဘောပေါက်နေပြီဖြစ်သည်) ခရီးစရိတ်အတွက် သူ၏နာရီကို ခြောက်ရူဗယ်နှင့် ရောင်းသည့် အကြောင်း ပြောပြသည်။ ဤအချက်က တရားရေးအရာရှိနှင့် အမှုလိုက် အရာရှိတို့အတွက် သတင်းအသစ်အဆန်းဖြစ်ပြီး အထူး စိတ်ဝင်စားကြသည်။ မစ်တယာ ဒေါသဖြစ်နေသည့်ကြားမှပင် သူသည် ထိုအချိန်က လက်ထဲတွင် ခြူးတပြားမှ မရှိဟူသောအချက်ကို သူတို့ ရေးမှတ်ကြသည်။

တဖြည်းထက်တဖြည်း မစ်တယာ သုန်မှုန်လာသည်။ လျာဂဗီထံသို့ သွားသည့် ခရီးလမ်းအကြောင်း၊ မွန်းကျပ်နေသော တဲကလေးတလုံးအတွင်း အိပ်ရသည့် အကြောင်းများကို ပြောဆိုပြီးနောက် မြို့ပေါ်သို့ ပြန်ရောက်လာသည့်အကြောင်းကို ဆက်လက် ပြောဆိုသည်။ ဤနေရာတွင် သူ့ကို မည်သူကမျှ အထူးတလည် မေးမနေရဘဲနှင့် ဂရုရှင်ကာနှင့်ပတ်သက်ပြီး သူ နာကြည်း သည်းထန်စွာ ခံစားရသော မနာလိုဝန်တိုမှုအကြောင်းကို ဖွင့်ဟပြောဆိုသည်။

သူပြောသည်ကို သူတို့က တိတ်ဆိတ်စွာနှင့် စိတ်ဝင်စားစွာ နားထောင်ကြသည်။ ကာရာမာဇော့ဖ်၏ နောက်ဘက်ရှိ မာရီယာကွန်ဒရာ ယက်ဖနာ၏ ခြံထဲတွင် ဂရုရှင်ကာ၏ သွားလာလှုပ်ရှားမှုများကို ထောက်လှမ်းရန် ကင်းစခန်းတခုထားရှိသည့်အကြောင်းနှင့် ဆမာယာကော့က သူ့ထံသို့ သတင်းများ လာရောက်ပေးပို့သည့်အကြောင်းကို သူတို့ အထူးပင် စိတ်ဝင်စားကြပြီး မေးမြန်း မှတ်သားကြသည်။

မစ်တယာသည် သူ၏ မနာလိုဝန်တိုမှု အကြောင်းကို စိတ်အားထက်သန်စွာနှင့် ရှည်လျားစွာ ပြောကြားသည်။ သူသည် ရင်ထဲတွင် ခံစားနေရသော အတွင်းစိတ်များကို 'လူပုံအလယ်တွင်' ဖွင့်ပြောရသဖြင့် ရှက်မိသော်လည်း အမှန်ကို ပြောဆိုခြင်း ဟူသည့်အချက်ဖြင့် အရှက်ကို ဖုံးကွယ်ရ ပါသည်။

တရားရေးအရာရှိနှင့် အထူးသဖြင့် အမှုလိုက်ရှေ့နေတို့က သူ ပြောကြားနေစဉ်အတွင်း သူ့ကို ခပ်တည်တည် ခပ်စိမ်းစိမ်းကြီး စူးစိုက်ပြီး ကြည့်နေကြသဖြင့် နောက်ဆုံးတွင် သူသည် မတည်မငြိမ် ဗယောက်ဗယက် ဖြစ်လာရတော့သည်။

"မနေ့တနေ့ကပဲ ငါနဲ့ မိန်းမတွေအကြောင်း ပေါက်ပေါက်ရှာရှာ စကားတွေ ပြောခဲ့တဲ့ ဒီလူမမည် ကလေး နီလျူဒေါ့နဲ့ ချူနာပတ်တေး အမှုလိုက်ကလေးကို ငါက ဘာဆိုင်လို့ ဒီစကားတွေကို ပြောနေရတာလဲ"

သူ နာကြည်းစွာ တွေးလိုက်မိသည်။

"တကယ် ရက်စရာကောင်းတာပဲ၊ သည်းခံနိုင်မှချ၊ ချမ်းသာစွ"

သို့သော် သူ၏အတွေးစိတ်ကို သံပေါက်ကလေးတခုဖြင့် ပိတ်လိုက်ပြီး သူ့ကိုယ်သူ ပြန်လည် ထိန်းချုပ်ကာ သူ၏ဇာတ်လမ်းကို ဆက်လက်ပြောဆိုသည်။ မစ္စက် ကိုကလာကော့ထံသို့ သွားရောက်သည့်အကြောင်း ပြောကြားသောအခါ သူသည် စိတ်ဓာတ် ပြန်လည် တက်ကြွလျက်ရှိပြီး အမှုကိစ္စနှင့် မသက်ဆိုင်သော ရယ်စရာအဖြစ်ကလေးတခုကိုပင် ထည့်သွင်း ပြောဆိုလေသည်။ သို့သော် တရားရေးအရာရှိက သူ့စကားကို ကြားဖြတ်ပြီး အရေးကြီးသော အကြောင်းအရာများကိုသာ ပြောဆိုရန် ယဉ်ကျေးစွာ တိုက်တွန်းပြောဆိုသည်။ နောက်ဆုံးတွင် သူ စိတ်ပျက်ရသည့် အကြောင်းကို ပြောပြပြီး မစ္စက် ကိုကလာကော့၏အိမ်မှ အပြန်တွင် ငွေသုံးထောင် ရမည်ဆိုလျှင် သူသည် လူတယောက်ကိုပင် သတ်ရစေတော့ဟု စိတ်ကူးမိသည့်အကြောင်း ပြောပြသည်။ ထိုအခါ သူတို့က သူ့စကားကို ရပ်စေပြီး သူသည် "လူတယောက်ကို သတ်ရန် ရည်ရွယ်သည့်အကြောင်း" ရေးမှတ်ကြသည်။ မစ်တယာက တစုံတရာ ကန့်ကွက်ခြင်း မပြုဘဲ သူတို့ကို ရေးမှတ်စေသည်။

နောက်ဆုံးတွင် သူ၏ဇာတ်လမ်းသည် ဂရုရှင်ကာက သူ့ကို လှည့်ဖြားကာ ဆမ်ဆိုနော့အိမ်သို့ သူမအား သူ ပို့ထားခဲ့ပြီး မကြာမီမှာပင် ထိုအိမ်မှ သူမ ထွက်သွားသည့် အကြောင်းသို့ ရောက်ရှိသည်။ သူမက ထိုအိမ်မှာ ညသန်းခေါင်အထိ ရှိနေမည်ဟု သူ့အား ပြောကြားထားပြီးမှ လစ်ထွက်သွားခြင်း ဖြစ်သည်။

"အဲဒီတုန်းက ဖီညာကို ကျွန်တော် မသတ်ခဲ့မိတာ ကျွန်တော့်မှာ သူ့ကို သတ်ဖို့ အချိန်မရှိလို့ပဲ"

သူက ဇာတ်ကြောင်းပြန်နေရာမှ လွှတ်ခနဲ ပြောလိုက်သည်။ ဤအချက်ကိုလည်း သူတို့က အသေအချာ ရေးမှတ်ထားကြသည်။ သူတို့ ရေးမှတ်နေသည်ကို သူက သုန်သုန်မှုန်မှုန်ဖြင့် စောင့်ဆိုင်း ကြည့်ရှုနေသည်။ ပြီးမှ သူ၏ဇာတ်လမ်းကို ဆက်ပြောသည်။ သူ့ဖခင်၏ခြံသို့ ပြေးသွားသည့်အကြောင်း ဖြစ်သည်။ သည်အခါ တရားရေးအရာရှိက သူ စကားပြောနေသည်ကို ရုတ်တရက် ရပ်တန့်စေလိုက်ပြီး သူ၏နံဘေး ဆိုဖာပေါ်တွင် ချထားသော လက်ဆွဲအိတ်ကိုဖွင့်ကာ ကြေးကျည်ပွေ့ကို ထုတ်ယူလိုက်သည်။

"ဒီပစ္စည်းကို ခင်ဗျား မှတ်မိသလား"

တရားရေးအရာရှိက မစ်တယာအား ကြေးကျည်ပွေ့ကိုပြရင်း မေးလိုက်သည်။ "ဪ၊ အင်း မှတ်မိပါတယ်" မစ်တယာ ခပ်ခြောက်ခြောက်ကလေး

ရယ်မောရင်း ပြောသည်။ "ကျွန်တော့်ကို ခဏလောက် ပြစမ်းပါ၊ ကြည့်ရအောင် ... အို၊ ကျွန်တော် မကြည့်ချင်ဘူး"

"ခင်ဗျား ဒီအကြောင်း ထည့်ပြောဖို့ မေ့နေတယ်" တရားရေးအရာရှိက ပြောလိုက်သည်။

"အို မဟုတ်တာပဲ၊ ကျွန်တော် ခင်ဗျားတို့ကို မပြောဘဲ ဖုံးထားတာ မဟုတ်ပါဘူး၊ ဒီအကြောင်းကို ကျွန်တော် ထည့်မပြောဘဲထားလို့ရပါ့မလား၊ ကျွန်တော့်ခေါင်းထဲမှာ နည်းနည်းကလေး သတိလစ်ပြီး ကျန်ရစ်ခဲ့တာပဲ"

"ဒီပစ္စည်းဟာ ဘယ်လိုလုပ်ပြီး ခင်ဗျားအတွက် လက်နက်ဖြစ်လာတယ်ဆိုတာ ပြောနိုင်ပါ့မလား"

"ကျွန်တော် ပြောပြနိုင်ပါတယ် လူကြီးမင်း"

ထို့နောက် မစ်တယာက ကြေးကျည်ပွေ့ကို သူ မည်ကဲ့သို့ ယူဆောင်ပြီး ပြေးထွက်သွားသည့် အကြောင်းကို သူတို့အား ပြောပြသည်။

"ဘာရည်ရွယ်ချက်နဲ့ ဒီလို လက်နက်တခုကို ခင်ဗျား ကိုင်သွားရတာလဲ"

"ရည်ရွယ်ချက်.. ဟုတ်လား၊ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ လက်ထဲမှာ ကောက်ကိုင်ပြီး ပြေးသွားတာပဲ"

မစ်တယာ၏ကိုယ်တွင် ဒေါသများ ပြည့်လျှံလာသည်။ သူသည် 'လူမည်ကလေး' ကို ခပ်တည်တည် မထီတရီ ပြုံးပြီးကြည့်နေသည်။ သူ၏ မနာလိုဝန်တိုမှုများကို 'ဒီလိုလူမျိုးတွေ' အား ရိုးရိုးသားသား နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုမိသည့်အတွက် စိတ်ထဲမှာ အရှက်ကြီး ရှက်လာသည်။

"အို၊ ကျည်ပွေ့အကြောင်း ဘေးချိတ်ထားလိုက်စမ်းပါ"

သူ လွှတ်ခနဲ ပြောလိုက်သည်။

"ဒါပေမဲ့ ခင်ဗျား ..."

"အို ခွေးတွေကို ရိုက်ဖို့ ကျွန်တော် ယူသွားတယ်၊ ဒါမှမဟုတ် ညက သိပ်မှောင်နေတယ်၊ ဒါမှမဟုတ် အရေးအကြောင်းကြုံရင် ...."

"ဟိုအရင်တုန်းက ခင်ဗျားဟာ အပြင်ကိုထွက်တဲ့အခါတွေမှာ အမှောင်ကို ကြောက်တဲ့အတွက် လက်နက် ဆောင်သွားဖူးသလား'

'အို ခင်ဗျားတို့အားလုံး တော်ကြစမ်းပါဗျာ၊ ခင်ဗျားတို့နဲ့စကားပြောလို့

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး’

မစ်တယာသည် မည်သို့မျှ သည်းမခံနိုင်တော့ဘဲ ဟစ်အော်လိုက်သည်။ ထို့နောက် နီရဲနေသော မျက်နှာကြီးဖြင့် စာရေးကြီးဘက်သို့လှည့်ပြီး ဒေါသဖြစ်နေသောအသံဖြင့် ခပ်မြန်မြန်ကြီး ပြောလိုက် သည်။

“ရေးစမ်းပါ ... အခုချက်ချင်း ရေးစမ်းပါ၊ အဲဒီကျည်ပွေ့ကို ကျုပ် ယူသွားတာ ကျုပ်အဖေ ဖိုဒြါ ကာရာမာဇော့ကို သွားသတ်မလို့ပဲ၊ အဲဒီ ကျည်ပွေ့နဲ့ သူ့ခေါင်းကို ရိုက်မလို့ပဲ၊ ကဲ .... ဘယ်လိုလဲ လူကြီးမင်းတို့ ကျေနပ်ပြီလား၊ ခင်ဗျားတို့ လိုချင်တာကို ရပြီမဟုတ်လား”

တရားရေးအရာရှိနှင့် အမှုလိုက်ရှေ့နေတို့ကို စိန်းစိန်းဝါးဝါး ကြည့်ရင်း သူ ပြောလိုက်သည်။

“ခင်ဗျား အခုလိုထွက်ဆိုတာ ကျုပ်တို့နဲ့ ... ကျုပ်တို့မေးတဲ့ မေးခွန်းတွေကို ဒေါသဖြစ်လို့ ပြောတယ် ဆိုတာ ကျုပ်တို့ နားလည်ပါတယ်၊ ကျုပ်တို့မေးတဲ့ မေးခွန်းတွေကို ခင်ဗျားက အသေးအဖွဲတွေလို့ သဘောထားတယ်၊ ဒါပေမဲ့ တကယ်တော့ အဲဒီမေးခွန်းတွေက အင်မတန် အရေးကြီးပါတယ်”

အမှုလိုက်အရာရှိက ခပ်တည်တည် ပြန်ပြောသည်။

“ကောင်းပြီ၊ ကျွန်တော် ပြောမယ် လူကြီးမင်းတို့... ဟုတ်တယ်၊ ကျည်ပွေ့ကို ကျွန်တော် ကောက်ကိုင် ယူသွားတယ်၊ အဲဒီလိုအချိန်မျိုးမှာ လူတွေဟာ ဘာကိစ္စအတွက် ပစ္စည်းတခုခုကို ကောက်ကိုင်တတ် ကြသလဲ၊ ကျွန်တော်လည်း ဘာကြောင့်ဆိုတာ မသိဘူး၊ ကျည်ပွေ့ကို ဆွဲပြီး ကျွန်တော် ပြေးသွားတာ ပဲ၊ အဲဒါပဲ၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် နောက်ထပ် ဘာတခွန်းမှ မပြောတော့ဘူး”

စားပွဲပေါ်တွင် တံတောင်နှစ်ဖက် ထောက်လိုက်ပြီး လက်ဖဝါးများပေါ်တွင် သူ့မေးကို တင်ထားလိုက် သည်။ သူက သူတို့ကို ဘေးစောင်းထားကာ ထိုင်နေပြီး မျက်နှာချင်းဆိုင် နံရံကို ငေးစိုက်ကာ ကြည့်နေသည်။ တရိပ်ရိပ် တက်နေသော သူ၏ဒေါသများကို ထိန်းချုပ်နေခြင်း ဖြစ်သည်။

“ခင်ဗျားတို့ ကျုပ်ကို ကြိုးပေးပြီး သတ်မယ်ဆိုတောင်” နောက်ထပ် စကားတလုံးမျှ ပြောတော့မည် မဟုတ်ကြောင်း မတ်တတ်ထပြီး ကြေညာလိုစိတ် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေလျက်ရှိသည်။

“ဒီမယ် လူကြီးမင်းတို့...” သူ့ကိုယ်သူ ပင်ပန်းကြီးစွာ ထိန်းချုပ်ကာဖြင့် ရုတ်တရက် ပြောလိုက်သည်။ “ကျွန်တော် ပြောမယ်... ခင်ဗျားတို့ပြောတဲ့ စကားတွေကို နားထောင်နေရတာဟာ အိပ်မက်တခု ထဲမှာ အခြောက်ခံနေရသလိုပဲ၊

အဲဒီအိပ်မက်က ထူးဆန်းတယ်၊ အဲဒီအိပ်မက်ကို ကျွန်တော် ခဏ ခဏ မက်တတ်တယ်၊ အဲဒီအိပ်မက်က ဘယ်တော့မက်မက် တပုံစံတည်းပဲ၊ လူတယောက်က ကျွန်တော့်နောက်ကို လိုက်နေတယ်၊ ကျွန်တော် အင်မတန်ကြောက်တဲ့ လူတယောက်ပဲ၊ ကျွန်တော့် နောက်ကို ညအမှောင်ထဲမှာ လိုက်နေတယ်၊ ကျွန်တော့်ကို လိုက်ရှာနေတယ်၊ ကျွန်တော်က တံခါးတခုရဲ့နောက်မှာဖြစ်ဖြစ် ဗီရိုတခုရဲ့နောက်မှာဖြစ်ဖြစ် ပုန်းနေတယ်၊ အတော်ကြီးကို ကြွန္တြေပျက် သိက္ခာပျက် ပုန်းနေရတယ်၊ အဆိုးဆုံးကတော့ ကျွန်တော် ဘယ်နေရာမှာ ပုန်းနေတယ်ဆိုတာကို သူ သိနေတာပဲ၊ ဒါပေမဲ့ သူက ကျွန်တော် ဘယ်မှာရှိနေတယ်ဆိုတာကို တမင်တကာ မသိ ဟန်ဆောင်နေတယ်၊ ကျွန်တော် ခံစားနေရတဲ့ စိတ်ဒုက္ခ ဝေဒနာကို မကြာကြာအောင် လုပ်နေတာပဲ၊ ကျွန်တော် ထိတ်လန့်တုန်လှုပ်နေတာကို သူက ကောင်းကောင်းကြီး အရသာ ခံနေတာပဲ၊ ခင်ဗျားတို့ အခု လုပ်နေတာလည်း အဲဒီပုံစံပဲ၊ အဲဒီအတိုင်းပဲ ...”

“ခင်ဗျား မက်တဲ့ အိပ်မက်က အဲဒါမျိုးလား” အမှုလိုက်က မေးလိုက်သည်။

“ဟုတ်တယ်၊ ကျွန်တော်မက်တဲ့ အိပ်မက်က အဲဒါမျိုးပဲ၊ အဲဒါကိုကော ခင်ဗျားတို့ မှတ်မထားကြ ဘူးလား”

မစ်တယာက သရော်သော အပြုံးဖြင့် ပြောလိုက်သည်။

“မမှတ်ပါဘူး ခင်ဗျာ၊ ကျုပ်တို့ ရေးမထားပါဘူး၊ ဒါပေမဲ့ ကျုပ် ပြောရရင်တော့ ခင်ဗျားရဲ့အိပ်မက်က ထူးဆန်းတာတော့ အမှန်ပဲ”

“ဒါပေမဲ့ အခု အဲဒါက အိပ်မက်မက်တာ မဟုတ်တော့ဘူး၊ တကယ်ဖြစ်နေပြီ လူကြီးမင်း၊ တကယ့် ဘဝအမှန် ဖြစ်နေပြီ၊ ကျွန်တော်က ဝံပုလွေဖြစ်ပြီး ခင်ဗျားတို့က မုဆိုးတွေပဲ၊ ခင်ဗျားတို့က ဝံပုလွေ ကို အမဲလိုက်နေကြတာပဲ”

“အဲဒီလိုမျိုး နှိုင်းယှဉ်တာကတော့ ခင်ဗျား မှားတယ်” တရားရေးအရာရှိက နူးညံ့သိမ်မွေ့စွာ စကားစလိုက်သည်။

“ကျွန်တော် မမှားဘူး၊ ကျွန်တော် မမှားဘူး”

မစ်တယာ၏ဒေါသများ လျှံတက်လာပြန်သည်။ သို့သော် သူ၏ဒေါသများကို ရုတ်တရက် ဖောက်ခွဲလိုက် ရသဖြင့် သူ၏ရင်သည် သိသိသာသာကြီး ပေါ့သွားဟန်ရှိသည်။ သူ၏ စကားလုံးများ ပျော့ပျောင်း ပြေပြစ်လာကြသည်။

“လူကြီးမင်းတို့ဟာ ရာဇဝတ်သားတယောက်ရဲ့စကား ... ဒါမှမဟုတ် လူကြီးမင်းတို့ရဲ့ မေးခွန်းဒဏ် တွေကို ခံနေရတဲ့ ဝက်ခြံထဲက အကျဉ်းသမားရဲ့စကားကို မယုံကြည်ဘဲ နေနိုင်ပါတယ်၊ ဒါပေမဲ့

သဘောထားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်တဦးရဲ့စကားကိုတော့ လူကြီးမင်းတို့ မယုံကြည်ဘဲ နေနိုင်ခွင့် မရှိပါဘူး၊ အသည်းနှလုံးက ထွက်ပေါ်လာတဲ့ သဘောထား မြင့်မြတ်တဲ့ စကားလုံးတွေကို လူကြီးမင်းတို့ မယုံကြည်ဘဲ မနေနိုင်ပါဘူး၊ ဒါကို ကျွန်တော် ရဲရဲကြီး ပြောလိုက်ပါတယ်၊ ဒါပေမဲ့ ...”

“နှလုံးသားဆိတ်ညံ

သည်းခံနိုမ့်ချ၊ ချမ်းသာစွ .... ကဲ၊ ကျွန်တော်တို့ ရှေ့ဆက်ကြမလား” ညှိုးမှိုင်စွာဖြင့် သူ့စကား ရပ်သွားသည်။

“အို ... အင်မတန် ကောင်းတာပေါ့”

တရားရေးအရာရှိက ပြောလိုက်သည်။

၅။ တတိယ စစ်ချက်

မစ်တယာသည် မှိုင်မှိုင်တွေတွေ မှုန်မှုန်ကုပ်ကုပ်ဖြင့် ပြောဆိုလျက် ရှိသော်လည်း သူ၏ ဇာတ်လမ်း တွင် ပါဝင်သော အသေးစိတ် အချက်ကလေးပင် မေ့ကျန်ခြင်း ကြွင်းကျန်ခြင်း မရှိစေရန် အရင်ထက် အထူးဂရုစိုက်ပြီး ပြောဆိုနေကြောင်း သိသာထင်ရှားပါသည်။

ခြံစည်းရိုးကို ကျော်ပြီး သူ့ဖခင်၏ ခြံဝင်းအတွင်းသို့ မည်ကဲ့သို့ ခုန်ဆင်းပုံ၊ ပြတင်းပေါက်ဆီသို့ မည်ကဲ့သို့ လျှောက်သွားပုံနှင့် ပြတင်းပေါက်မှနေ၍ တွေ့မြင်ရသည်များ အားလုံးကို သူ ပြောပြသည်။ သူသည် ခြံဝင်းအတွင်း၌ ရှိနေစဉ်အတွင်း သူ၏ဖခင်နှင့်အတူ ဂရုရှင်ကာ ရှိနေ မနေကို သိချင်ဇော အထူးပြင်းပြနေသည့်အကြောင်း သူတို့အား ပီပီလွင်လွင် တိတိကျကျ ရှင်းရှင်းလင်းလင်း ပြောပြသည်။ သို့သော် အံ့ဩစရာကောင်းသည် ကတော့ တရားရေးအရာရှိနှင့် အမှုလိုက်အရာရှိ တို့သည် ယခုတကြိမ်တွင် အထူးပင် ထိန်းထိန်းသိမ်းသိမ်း ချုပ်ချုပ်တည်းတည်း နားထောင်လျက် ရှိကြသည်။ သူ့ကို အေးတိအေးစက်ကြည့်ကာ တခါတလေမှသာ မေးခွန်း အနည်းငယ် မေးမြန်းကြသည်။

"သူတို့ ငါ့ကို ဒေါသဖြစ်ပြီး စိတ်ဆိုးနေကြတာပဲ၊ ကောင်းပြီ၊ ကြိုက်သလောက် စိတ်ဆိုးကြစမ်း"

နောက်ဆုံးတွင် သူသည် ဂရုရှင်ကာ ရောက်ရှိနေပြီဖြစ်ကြောင်း သူ့ဖခင်ကို အချက်ပေးရန် ဆုံးဖြတ်လိုက်ကြောင်း ပြောပြလိုက်သောအခါ တရားရေးအရာရှိနှင့် အမှုလိုက်အရာရှိ နှစ်ဦးစလုံးပင် အချက်ပေး ဟူသော စကားလုံး၏အဓိပ္ပာယ်ကို နားမလည်သည့်အလား နည်းနည်းကလေးမှ စိတ်ဝင်စားမှု မပြကြသည်ကို သူ သတိပြုမိရသည်။

သူ၏ဖခင် ပြတင်းပေါက်မှ ခေါင်းပြူထွက်လာသည်ကို တွေ့မြင်ရသောအခါ သူသည် မုန်းတီးစိတ် များ လျှံတက်လာပြီး အင်္ကျီအိတ်ထဲမှ ကျည်ပွေ့ကို ထုတ်ယူလိုက်ကြောင်းဖြင့် ပြောကြားသည်။ သို့သော် ထိုနေရာသို့ အရောက်တွင် သူသည် တမင်တကာ ပြုလုပ်သည့်ပမာ စကားစကို ချက်ချင်း ရပ်ပစ်လိုက်သည်။ နံရံကို ငေးစိုက်ပြီး ကြည့်နေသည်။ သူတို့က သူ့ကို ကြည့်ရှုနေကြကြောင်း ကိုတော့ သူ သိရှိနေသည်။

"ဆိုပါဦး၊ ကျည်ပွေ့ကို ခင်ဗျား ဆွဲထုတ်လိုက်ပြီးတဲ့နောက်မှာ ဘာဖြစ်သလဲ" တရားရေးအရာရှိက မေးလိုက်သည်။

"အဲဒီနောက်မှာ ဘာဖြစ်သလဲ ဟုတ်လား ... ဘာဖြစ်ရမလဲ၊ သူ့ကို ကျွန်တော် သတ်လိုက်တာပေါ့၊ သူ့ခေါင်းကို ရိုက်ခွဲပစ်လိုက်တာပေါ့၊ ဒါ ခင်ဗျားတို့ဘက်က ယူဆထားတဲ့ ဇာတ်လမ်းပဲ မဟုတ်လား၊ ဒါပဲမဟုတ်လား ..."

သူ မေးလိုက်သည်။ သူ၏မျက်လုံးများတွင် အရောင်များ လက်နေသည်။ ထိန်းချုပ်ထားသော သူ၏ဒေါသများ အရှိန်အဟုန်ပြင်းစွာနှင့် ပေါက်ကွဲလာချေပြီ။

"ကျုပ်တို့ဘက်က ယူဆထားတဲ့ ဇာတ်လမ်း ဟုတ်လား၊ ကဲ ဒါဖြင့် ခင်ဗျားဘက်က ဇာတ်လမ်းကို ပြောပါဦး"

တရားရေးအရာရှိက ပြောလိုက်သည်။ မစ်တယာ မျက်လွှာချလိုက်ပြီး ခေတ္တမျှ တိတ်ဆိတ်နေသည်။ ပြီးမှ ...

"ကျွန်တော့်ဘက်က ဇာတ်လမ်း ဟုတ်လား၊ အင်း ဟုတ်ပြီ၊ ကျွန်တော့်ဘက်က ဇာတ်လမ်းကတော့ ဒီလိုပါ" သူက တိုးညင်းအေးဆေးစွာဖြင့် ပြောသည်။ "အင်း ... တယောက်ယောက်ကပဲ ဝိုနေလို့လား၊ ဒါမှမဟုတ် ကျွန်တော့်အမေကပဲ ဘုရားသခင်ဆီမှာ ဆုတောင်းနေလို့လား၊ ဒါမှမဟုတ် အဲဒီအချိန်မှာ ကိုယ်စောင့်နတ်ကပဲ ကျွန်တော့်ကို သတိပေးလိုက်လို့လား ဆိုတာတော့ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ မာရ်နတ်ကို နှိမ်နင်းလိုက်နိုင်တာတော့ အမှန်ပဲ၊ ပြတင်းပေါက်ကနေပြီး ခြံစည်းရိုးဆီကို ကျွန်တော် ပြေးထွက်သွားတယ်၊ အဲဒီအခါကျမှ အဖေဟာ ကျွန်တော့်ကို တွေ့သွားပြီး လန့်သွားတယ်၊ ပါးစပ်က အော်လိုက်ပြီး ပြတင်းပေါက်ကနေ နောက်ဆုတ်သွားတယ်၊ အဲဒါကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေတယ်၊ ခြံဝင်းကိုဖြတ်ပြီး ခြံစည်းရိုးဆီကို ကျွန်တော် ပြေးသွားတယ်၊ အဲဒီအချိန်မှာ ဂရီဂိုရီက ကျွန်တော့်ကို ဖမ်းမိသွားတာပဲ၊ ကျွန်တော် ခြံတံတိုင်းပေါ်မှာ ထိုင်နေတုန်း မိသွားတာပဲ"

ထိုနေရာသို့ ရောက်ရှိသောအခါ သူသည် မျက်လုံးများကို အထက်သို့ပင့်ပြီး နားထောင်နေသူများကို ကြည့်လိုက်သည်။ သူတို့က စိတ်လှုပ်ရှားခြင်း အလျဉ်းမရှိဟန်ဖြင့် သူ့ကို ငေးစိုက်ပြီး ကြည့်နေကြ သည်။ မစ်တယာ၏ ရင်ထဲတွင် ဒေါသလှိုင်းများ ထန်လာ သည်။

"ခင်ဗျားတို့ ကျွန်တော့်ကို သရော်နေကြတာပဲ"

သူ ရုတ်တရက် ပြောလိုက်သည်။

"ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

အမှုကို စုံစမ်းစစ်ဆေးရသော တရားရေးအရာရှိက မေးလိုက်သည်။

“ခင်ဗျားတို့ဟာ ကျွန်တော်ပြောတဲ့စကား တလုံးတပါဒကိုမှ မယုံကြဘူး။ အဲဒါကြောင့်ပဲ၊ ကျွန်တော့် ဇာတ်လမ်းမှာ အရေးကြီးဆုံးအပိုင်းကို ရောက်လာပြီဆိုတာ ကျွန်တော် သိပါတယ်၊ အခုဆိုရင် အဘိုးကြီးဟာ ခေါင်းကွဲပြီး အဲဒီနေရာမှာ လဲနေတယ်။ အဲဒီအချိန်မှာ ကျွန်တော်က သူ့ကို သတ်ချင်စိတ်ဖြစ်ပြီး ကျည်ပွေ့ကို အိတ်ထဲက ထုတ်လိုက်တဲ့အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြတယ်၊ ပြီးတော့ ကျွန်တော်ဟာ ပြတင်းပေါက်နားက ရုတ်တရက် ထွက်ပြေးသွားတယ်၊ စိတ်ကူးယဉ် ဝတ္ထုတပုဒ်ပဲ၊ ကဗျာတပုဒ်ပဲ၊ ကျွန်တော်ပြောနေတဲ့ စကားတွေကို ခင်ဗျားတို့က ယုံကြည်မယ့် အတိုင်းပဲ၊ ဟား ဟား ဟား၊ ခင်ဗျား တို့ဟာ ကျွန်တော့်ကို သရော်နေကြတာပဲ”

ထို့နောက် ကုလားထိုင်ပေါ်တွင် သူ ခပ်ကြမ်းကြမ်းကလေး လှည့်လိုက်သဖြင့် ကုလားထိုင် တကျွီကျွီ မြည်သွားသည်။

“ပြတင်းပေါက်ကနေ ခင်ဗျား ပြေးထွက်သွားတုန်းက အိမ်နောက်ဖေး တံခါးပေါက် ပွင့်နေသလား၊ မပွင့်ဘူးလား ဆိုတာ ခင်ဗျား သတိထားမိသလား”

အမှုလိုက်ရှေ့နေက မစ်တယာ၏ စိတ်လှုပ်ရှားနေမှုကို ဂရုမပြုဟန်ဖြင့် ရုတ်တရက် မေးလိုက်သည်။

“ဟင့်အင်း၊ ပွင့်မနေဘူး”

“ပွင့်မနေဘူး၊ ဟုတ်လား”

“တံခါးပိတ်ထားတယ်၊ ဒီတံခါးကို ဘယ်သူကဖွင့်နိုင်မှာလဲ ခဏနေဦး၊ တံခါး ဟုတ်လား” တစုံတခုကို သူ ရုတ်တရက် စဉ်းစားမိဟန်ဖြင့် “တံခါးပွင့်နေတာ ခင်ဗျားတို့ တွေ့လို့လား”

“ဟုတ်တယ်၊ ပွင့်နေတယ်”

“ဒီတံခါးကို ခင်ဗျားတို့ မဖွင့်ဘူးဆိုရင် ဘယ်သူ ဖွင့်မလဲ” မစ်တယာ အထူးပင် အံ့သြဟန်ဖြင့် မေးလိုက်သည်။

“တံခါးပွင့်နေတယ်၊ ခင်ဗျားအဖေကိုသတ်တဲ့ လူသတ်သမားဟာ အဲဒါ တံခါးပေါက်ကနေ အိမ်ထဲကို ဝင်သွားတယ်၊ လူသတ်မှုကို ကျူးလွန်တယ်၊ ပြီးတော့ အဲဒီ တံခါးပေါက်ကပဲ ပြန်ထွက်သွားတယ်” အမှုလိုက်ရှေ့နေက တလုံးချင်း ဖြည်းလေးစွာပြောသည်။ ‘အဲဒီအချက်က ရှင်းနေတယ်၊ လူသတ်မှုကို အခန်းထဲမှာ ကျူးလွန်တာ ဖြစ်တယ်။ ပြတင်းပေါက်ကနေ သတ်တာ မဟုတ်ဘူး၊ ကျုပ်တို့ စစ်ဆေးကြည့်ရှုချက်အရ အဲဒီအချက်ဟာ ရှင်းနေတယ်။ အလောင်းရဲ့အနေအထားနဲ့ အခြား အချက်အလက်တွေ အားလုံးအရ ကောင်းကောင်းကြီးကို သေချာနေတယ်။

ဒီအချက်ကို ဘာမှ သံသယဖြစ်စရာ မရှိဘူး”

မစ်တယာ အထူးပင် အံ့အားသင့်နေဟန်ရှိသည်။

“ဒါပေမဲ့ အဲဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး” သူက မည်သို့မျှ နားမလည်နိုင်ဟန်ဖြင့် ပြောလိုက်သည်။ “ကျွန်တော် ... ကျွန်တော် အိမ်ထဲကို မဝင်ဘူး၊ ကျွန်တော် ခင်ဗျားတို့ကို သေသေချာချာ တိတိကျကျ ပြောမယ်၊ ကျွန်တော် ခြံထဲမှာ ရှိနေတဲ့ တချိန်လုံး တံခါးဟာ ပိတ်နေတယ်၊ ပြတင်းပေါက်ကနေ ကျွန်တော် ပြေးထွက်သွားတဲ့ အချိန်မှာလည်း ပိတ်နေတယ်၊ အဲဒီအတိုင်းပဲ၊ အဲဒီအတိုင်းပဲ ... နောက်ဆုံး အချိန်အထိ အားလုံးကို ကျွန်တော် မှတ်မိနေတယ်၊ တကယ်လို့ ကျွန်တော် မမှတ်မိဘူး ဆိုရင်လည်း အခြေအနေဟာ ဒီအတိုင်းပဲ ဖြစ်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အချက်ပေးစနစ်ကို ဆမာယာကော့ရယ်၊ ကျွန်တော်ရယ်၊ နောက်ပြီးတော့ သေသွားတဲ့လူရယ်က လွဲလို့ ဘယ်သူမှ မသိဘူး၊ အဖေဟာ အချက်မပေးဘဲနဲ့ ဘယ်သူ့ကိုမှ တံခါးဖွင့်ပေးမှာ မဟုတ်ဘူး”

“အချက်ပေး ဟုတ်လား၊ ဘာ အချက်ပေးလဲ”

အသိအမှုလိုက်က အထူးပင် သိချင်ဇော ပြင်းပြစွာနှင့် မေးလိုက်သည်။ သူသည် ဣန္ဒြေ ဆောင်မှုများ၊ ထိန်းသိမ်းမှုများကို မပြုလုပ်နိုင်တော့ပါ။ သူက မစ်တယာကို ချော့ချော့မော့မော့ တောင်းတောင်း ပန်ပန် ဟန်မျိုးဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ သူက သူ မသိသေးသော အင်မတန် အရေးကြီးသည့် အချက်တခုကို အနံ့ရပြီး ထိုအချက်ကို မစ်တယာက မပြောမည်ကို စိုးရိမ်လျက်ရှိသည်။

“ဪ ... ခင်ဗျား မသိသေးဘဲကိုး” မစ်တယာက သရော်သော အပြုံးဖြင့် သူ့ကို ကြည့်ရင်း ပြောလိုက်သည်။ “ဒီအကြောင်းကို ကျွန်တော်ကသာ မပြောရင် ခင်ဗျား ဘယ်သူ့ဆီက သိနိုင်ဦးမလဲ။ သေသွားတဲ့သူရယ်၊ ဆမာယာကော့ရယ်၊ ကျွန်တော်ရယ်ပဲ အချက်ပေးစနစ်အကြောင်း သိတယ်၊ ဒီသုံးယောက်ပဲ သိတယ်၊ တခြား ဘယ်သူမှ မသိဘူး၊ အဲ .... ဘုရားသခင်လည်း သိတယ် ဆိုပါတော့၊ ဒါပေမဲ့ သူက ခင်ဗျားတို့ကို ပြောပြမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီချက်က စိတ်ဝင်စားစရာကောင်းတာ တော့ အမှန်ပဲ၊ ခင်ဗျားတို့အနေနဲ့ ဒီအချက်ကို သိသွားရင် ဒီအချက်ပေါ်မှာ မူတည်ပြီး အများကြီး ဖန်တီးနိုင်တယ်၊ ဟား ဟား ဟား ... ဘာမှ မစိုးရိမ်ကြပါနဲ့ လူကြီးမင်းတို့၊ ဒီအချက်ကို ကျွန်တော် ထုတ်ဖော်ပါ့မယ်၊ ခင်ဗျားတို့ ခေါင်းထဲမှာ မဟုတ်တဲ့ အတွေးအမြင်တွေ ရှိနေတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ခင်ဗျားတို့ဟာ ဘယ်လိုလူမျိုးတယောက်နဲ့ ဆက်ဆံနေရတယ်ဆိုတာ ခင်ဗျားတို့ မသိဘူး၊ ခင်ဗျားတို့ဟာ သူ့လည်ပင်းကို ကြိုးကွင်းစွပ်စေမယ့် အချက်အလက်တွေကို ဖော်ထုတ်နေ တဲ့ အကျဉ်းသားတယောက်နဲ့ ဆက်ဆံနေရတယ်၊ အမှန်ပါပဲ ခင်ဗျာ၊ ဘာဖြစ်လို့တုံးဆိုတော့ ကျွန်တော်က

ဂုဏ်သိက္ခာကို အလေးထားတဲ့ လူတယောက် ဖြစ်လို့ပဲ၊ ဒါပေမဲ့ ခင်ဗျားတို့ကတော့ မဟုတ်ဘူး”

အမှုလိုက်ရှေ့နေသည် ဤစကားကို ကြိတ်မှိတ်ပြီး ခံလိုက်သည်။ သူသည် အထောက်အထားသစ်ကို သိချင်ဇောအားကြီးနေသဖြင့် တကိုယ်လုံး တုန်ယင်နေသည်။

မစ်တယာသည် သူ့ဖခင် ဖျိုဒါ ကာရာမာဇော့ ဆမာယာကော့အတွက် တီထွင်ထားသော အချက်ပေး စနစ် အကြောင်းကို အပြည့်အစုံ အတိအကျ ပြောပြလိုက်သည်။ ပြတင်းပေါက်ကို ဘယ်နှစ်ချက် ခေါက်လျှင် ဘယ်အဓိပ္ပာယ်ရှိကြောင်းကို သူက စားပွဲပေါ်တွင် ခေါက်ပြရင်း အတိအကျ ပြောဆိုသည်။

မစ်တယာ ပြတင်းပေါက်ကိုခေါက်ပြီး အချက်ပေးလိုက်သည့် သတင်းသည် “ဂရုရှင်ကာ လာပြီ” ဟု ဖြစ်မည်ထင်ကြောင်း တရားရေးအရာရှိက စကားထောက်လိုက်သောအခါ မစ်တယာက သူ ခေါက်လိုက်သည့် အချက်ပေးစနစ်၏ အဓိပ္ပာယ်သည် “ဂရုရှင်ကာ လာပြီ ဖြစ်ကြောင်း” အတိအကျ ဖြေကြားထွက်ဆိုသည်။

“အဲ ... အဲဒါပဲ၊ ခင်ဗျားတို့ ကြိုက်သလို ပုံကြီးချဲ့နိုင်ပြီ”

မစ်တယာက စကားကိုလက်စသတ်လိုက်ပြီး မနှစ်မြို့သောအမူအရာဖြင့် တဖက်သို့ လှည့်သွားသည်။

“အဲဒီတော့ ဒီအချက်ပေးစနစ်ကို သေသွားတဲ့ ခင်ဗျားအဖေရယ်၊ ခင်ဗျားရယ်၊ ဆမာယာကော့ရယ်ပဲ သိတယ်ပေါ့၊ တခြား ဘယ်သူမှ မသိဘူးပေါ့ ဟုတ်လား”

တရားရေးအရာရှိက နောက်တကြိမ် ထပ်ပြီး မေးလိုက်ပြန်သည်။

“ဟုတ်တယ် .... ဆမာယာကော့ရယ်၊ ဘုရားသခင်ရယ်ပဲ သိတယ်၊ ဘုရားသခင်အကြောင်း ထည့်ရေးထားပါ။ အဲဒါ အသုံးဝင်လာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့အတွက်လည်း ဘုရားသခင် လိုအပ်လာလိမ့်မယ်”

သူတို့ကလည်း ဤအချက်ကို ရေးမှတ်ထားနေကြပြီ ဖြစ်သည်။ ထိုသို့ ရေးမှတ်နေကြစဉ်တွင် အမှုလိုက်ရှေ့နေက အကြောင်းအရာသစ်တခုကို တွေးမိသည့်အလား ရုတ်တရက် မေးလိုက်သည်။

“အချက်ပေးစနစ်အကြောင်းကို ဆမာယာကော့ကလည်း သိနေတယ်၊

ခင်ဗျားကလည်း ခင်ဗျားအဖေ သေဆုံးရမှုနဲ့ ပတ်သက်လို့ ဘယ်လိုမှ တာဝန်မရှိဘူးလို့ ငြင်းတယ်ဆိုရင် ဆမာယာကော့ အချက်ပေး စနစ်အတိုင်း တံခါးကို ခေါက်ပြီး ခင်ဗျားအဖေကို တံခါးအဖွင့်ခိုင်းမယ်၊ ပြီးတော့ ရာဇဝတ်မှုကို သူ ကျူးလွန်မယ်”

မစ်တယာက သူ့ကို မုန်းတီးစက်ဆုပ်ဟန်ဖြင့် ကြည့်လိုက်သည်။ မစ်တယာက စကားတခွန်းမျှ မပြောဘဲ ငေးစိုက်ကြည့်နေသည်မှာ ကြာသည်ထက် ကြာလာသောအခါ အမှုလိုက်ရှေ့နေသည် သူ၏ အကြည့်ဒဏ်ကို မခံနိုင်တော့ဘဲ မျက်တောင်တဖျတ်ဖျတ် ခတ်ရတော့သည်။

“ခင်ဗျားတို့ မြေခွေးကို မိပြန်ပြီ၊ အမြီးကို ဆွဲမိတာပဲ၊ ဟား ဟား ဟား … ခင်ဗျား ခေါင်းထဲမှာ ဘာရှိတယ် ဆိုတာကို ကျွန်တော် သိတယ် ရှေ့နေကြီး၊ ခင်ဗျား ထင်ထားတာက ကျွန်တော်ဟာ ခင်ဗျား ပေးလိုက်တဲ့ အတိတ်စိမ်းကို တခါတည်း အမိအရ ဆွဲကိုင်ပြီး ‘ဟား ဟုတ်တယ်၊ ဆမာယာကော့ပဲ၊ ဒီကောင် လူသတ်သမားပဲ’ လို့ အော်လိမ့်မယ်လို့ ထင်ထားတာပဲ မဟုတ်လား၊ ခင်ဗျားစိတ်ထဲမှာ ရှိနေတာကို ထုတ်ပြီး ဝန်ခံစမ်းပါ၊ ဝန်ခံလိုက်စမ်းပါ၊ ပြီးတော့ ကျွန်တော် ဆက်ပြောပါ့မယ်”

အမှုလိုက်ရှေ့နေက ဝန်မခံပါ၊ သူက ရေငုံနှုတ်ပိတ်ပြီး မစ်တယာ ဆက်ပြောသည်ကို စောင့်စားလျက် ရှိသည်။

“ခင်ဗျား မှားတယ်၊ ‘ဆမာယာကော့ပဲ’ လို့ ကျွန်တော် အော်မှာ မဟုတ်ဘူး” မစ်တယာက ပြောလိုက်သည်။

“ခင်ဗျား သူ့ကို သံသယလေးတောင် မဖြစ်မိဘူးလား”

“ခင်ဗျားတို့ ဘယ်သူ့ကို သံသယဖြစ်လို့လဲ”

“သူလည်း မသင်္ကာဖွယ်ရာ တယောက်ပဲ”

မစ်တယာ ကြမ်းပြင်ကို ငေးစိုက်ပြီး ကြည့်နေသည်။ ပြီးမှ ညှိုးမှိုင်စွာ ပြောသည်။ အထွေအငေါ့ တွေကို ထားလိုက်တော့၊ ကျွန်တော် ပြောမယ် နားထောင်၊ ပထမအစကတည်းက ကန့်လန့်ကာ နောက်ကနေပြီး ခင်ဗျားတို့ဆီကို ကျွန်တော် ပြေးထွက်လာကတည်းက ကျွန်တော့်ခေါင်းထဲမှာ ဆမာယာကော့လို့ ထင်နေတယ်။ ဒီစားပွဲမှာ ထိုင်ပြီး ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ အော်ပြောနေတဲ့ အချိန်မှာလည်း ကျွန်တော့်ခေါင်းထဲမှာ ‘ဆမာယာကော့’ ကိုပဲ တွေးနေမိတယ်၊ ဆမာယာကော့ကို ကျွန်တော့်ခေါင်းထဲက ထုတ်ပစ်လို့မရဘူး၊ အမှန်အတိုင်း ပြောရရင် အခုလည်းပဲ ဆမာယာကော့ကိုပဲ ခေါင်းထဲမှာ တွေးမိတယ်။ ဒါပေမဲ့ တစက္ကန့်ကလေးလောက်ပဲ၊ ချက်ချင်းပဲ ကျွန်တော့်ခေါင်းထဲမှာ အတွေးတခု ထပ်ဝင်လာတယ်။ ‘မဟုတ်ဘူး၊

ဆမာယာကော့ မဖြစ်နိုင်ဘူး’ ဒီအလုပ်မျိုး သူ မလုပ်ဘူး လူကြီးမင်း”

“အဲဒါဆိုရင် ခင်ဗျား မသင်္ကာတဲ့ တခြားလူတယောက်ကော ... ရှိသလား” တရားရေးအရာရှိက သတိထားပြီး မေးလိုက်သည်။

“ကျွန်တော် မသင်္ကာတဲ့သူ ဘယ်သူမှ မရှိဘူး၊ ဘုရားသခင်ရဲ့လက်ချက်လား၊ မာရ်နတ်ရဲ့ လက်ချက် လားဆိုတာ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ဆမာယာကော့တော့ မဟုတ်ဘူး”

မစ်တယာ အလေးအနက် ပြောလိုက်သည်။

“သူ မဟုတ်ဘူးဆိုတာ ခင်ဗျား ဘာဖြစ်လို့ အခုလို အလေးအနက် အခိုင်အမာ ပြောနိုင်ရတာလဲ”

“ကျွန်တော့်ခေါင်းထဲက သိနေလို့ပဲ၊ ကျွန်တော့်စိတ်ထဲက သိနေလို့ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆမာယာကော့ဟာ အင်မတန် နိမ့်ကျပြီး နည်းနည်းကလေးမှ သတ္တိမရှိတဲ့ လူကြောက်တယောက် ဖြစ်လို့ပဲ၊ သူဟာ လူကြောက်တယောက်တင် မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ ရှိသမျှ သူရဲဘောကြောင်မှုတွေ အားလုံးကို ပေါင်းထားတဲ့... အကျဉ်းချုပ်ထားတဲ့ ခြေထောက်နှစ်ချောင်းပေါ်က သတ္တဝါ တယောက်ပဲ။ သူ့မှာ ကြက်ကလေးတကောင်ရဲ့အသည်းမျိုးပဲ ရှိတယ်။ သူဟာ ကျွန်တော်နဲ့ စကားပြောတဲ့အခါတိုင်း သူ့ကို ကျွန်တော်က သတ်မလားဆိုပြီး တကိုယ်လုံး တုန်နေတတ်တယ်၊ ဒါပေမဲ့ ကျွန်တော်က သူ့ကို တခါမှ လက်ဖျားနဲ့တောင် မရွယ်ခဲ့ဖူးဘူး၊ သူဟာ ကျွန်တော့်ခြေသလုံးကို ဖက်ပြီး ငိုတတ်တယ်၊ သူဟာ ကျွန်တော့်ခြေဖမိုးကို တကယ်ပဲ နမ်းတတ်တယ်၊ ‘သူ့ကို မခြောက်ဖို့’... တောင်းပန်ရှာတယ်၊ ကျွန်တော် ပြောတာ ကြားလား၊ သူ့ကို ‘မကြောက်ဖို့’၊ အဲဒါ ဘာပြောရမလဲ၊ ကျွန်တော် သူ့ကို ပိုက်ဆံပေးတယ်၊ သူက လူပျော့လူညံ့ လူမမာတယောက်ပဲ၊ သူ့ကို ရှစ်နှစ်သား အရွယ် ကောင်ကလေးတယောက်ကတောင် အလဲထိုးပစ်နိုင်တယ်၊ သူဟာ စကားထဲမှာ ထည့်ပြောစရာ လူတယောက် မဟုတ်ဘူး၊ ဆမာယာကော့ မဟုတ်ဘူး လူကြီးမင်း... နောက်ပြီးတော့ သူက ပိုက်ဆံမက်တဲ့လူလည်း မဟုတ်ဘူး၊ သူက ကျွန်တော် ပေးတာကိုတောင် မယူဘူး၊ နောက်ပြီးတော့ သူက ဘာကိစ္စနဲ့ အဘိုးကြီးကို သတ်ရမှာလဲ၊ သူက အဘိုးကြီးရဲ့သားတယောက် ဖြစ်နိုင်တယ်၊ အဘိုးကြီးရဲ့သားအရင်းတယောက် ဖြစ်နိုင်တယ်၊ အဲဒါကို ခင်ဗျားတို့ သိတယ် မဟုတ်လား”

“အဲဒီဇာတ်လမ်းကို ကျုပ်တို့ ကြားဖူးပါတယ်၊ ဒါပေမဲ့ ခင်ဗျားဟာ ခင်ဗျားအဖေရဲ့သားတယောက် ဖြစ်ပါလျက်နဲ့ အဘိုးကြီးကို သတ်ချင်တယ်လို့ လူတိုင်းကို ခင်ဗျား လျှောက်ပြောနေတယ် မဟုတ်လား”

"အဲဒါကတော့ ချက်ကောင်းကို ထိုးလိုက်တာပဲ၊ ချက်အောက်ကို ထိုးလိုက်တာပဲ။ ဒါပေမဲ့ ကျွန်တော် မကြောက်ပါဘူး၊ အဲဒီစကားကို ခင်ဗျားတို့ပြောတာ အဆင့်အတန်း မနိမ့်ဘူးလား လူကြီးမင်းတို့ ... ဘာဖြစ်လို့တုံးဆိုတော့ ဒီစကားကို ကျွန်တော်ကိုယ်တိုင် ပြောထားလို့ပဲ၊ ကျွန်တော်က သူ့ကို သတ်ချင်ရုံတင် မကဘူး၊ သတ်တောင် သတ်နိုင်တယ်။ ကျွန်တော် သူ့ကို သတ်မိတော့မလောက် ဖြစ်ခဲ့တာကို ခင်ဗျားတို့ကို ကျွန်တော် ပြောခဲ့ပြီ မဟုတ်လား၊ ဒါပေမဲ့ သူ့ကို ကျွန်တော် မသတ်ခဲ့ဘူး၊ ကျွန်တော့်ရဲ့ကိုယ်စောင့်နတ်က ကျွန်တော့်ကို ကယ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒါကို ခင်ဗျားတို့ ထည့်မတွက်ခဲ့ကြဘူး၊ အဲဒါကြောင့်လည်း ခင်ဗျားတို့ အဆင့်အတန်း နိမ့်သွားတာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် သူ့ကို မသတ်ဘူး၊ ကျွန်တော် မသတ်ဘူး၊ ကျွန်တော် မသတ်ဘူး၊ ကျွန်တော် ပြောတာ ခင်ဗျား ကြားသလား၊ ကျွန်တော် သူ့ကို မသတ်ဘူး"

အမှုလိုက်ရှေ့နေဘက်သို့ သူ လှည့်ပြီး ပြောလိုက်သည်။ သူသည် အသက်ရှူ ရပ်သွားတော့မတတ် ဖြစ်နေသည်။ စစ်ဆေးမေးမြန်းချိန် တလျှောက်လုံးတွင် သူ ဤမျှ စိတ်လှုပ်ရှားခြင်း မဖြစ်သေး။

"ခင်ဗျားတို့ကို ဆမာယာကော့က ဘာပြောသလဲ၊ အဲဒီမေးခွန်းကို ကျွန်တော် မေးနိုင်သလား"

သူက စကားကို ခေတ္တမျှ ရပ်ထားပြီးနောက် ရုတ်တရက် မေးလိုက်သည်။

"ခင်ဗျား မေးချင်တာတွေကို မေးနိုင်ပါတယ်" အမှုလိုက်ရှေ့နေက အေးစက်စွာ ပြန်ကြားသည်။ "ဒီအမှုနဲ့ ပတ်သက်တဲ့ အချက်အလက်ကိုဆိုရင် ဘာမဆို မေးနိုင်ပါတယ်၊ ကျုပ် ထပ်ပြောပါ့မယ်၊ ခင်ဗျားမေးသမျှ မေးခွန်းတွေကို ဖြေဖို့ ကျုပ်တို့မှာ တာဝန်ရှိပါတယ်၊ ခင်ဗျားမေးတဲ့ ဆမာယာကော့ ကို အိပ်ရာပေါ်မှာ ဝက်ရူးပြန်ပြီး သတိလစ်နေတာကို ကျုပ်တို့တွေ့ရတယ်၊ တက်လိုက် ကျလိုက်နဲ့... ဆယ်ကြိမ်မြောက် ပြန်တက်ပြီး သတိလစ်နေတာပဲ၊ ကျုပ်တို့နဲ့ပါလာတဲ့ ဆရာဝန်က သူ့ကို စစ်ဆေးကြည့်ပြီး ဘာပြောသလဲဆိုရင် သူဟာ ဒီညကုန်အောင်တောင် ခံမှာမဟုတ်ဘူးလို့ ဆိုတယ်"

"အဲဒါဆိုရင်တော့ ကျွန်တော့်အဖေကို သတ်တာ မာရ်နတ်ပဲ ဖြစ်ရမယ်" မစ်တယာ ရုတ်တရက် ပြောလိုက်သည်။ သူက ထိုအချိန်အထိ သူ့အဖေကို သတ်သူမှာ ဆမာယာကော့ ဟုတ် မဟုတ် သံသယ ရှိနေဟန်ဖြင့် ဖြစ်သည်။

"ဒီအကြောင်းကို ကျုပ်တို့ နောက်မှ ပြောကြသေးတာပေါ့၊ လောလောဆယ်တော့ ခင်ဗျားဇာတ်လမ်း ကို ဆက်ပြီး ပြောပါဦး"

တရားရေးအရာရှိက ပြောလိုက်သည်။ မစ်တယာက ခေတ္တမျှ အနားပေးရန် တောင်းဆိုသည်။ သူ၏တောင်းခံချက်ကို ကောင်းကောင်းမွန်မွန်ပင် လိုက်လျောကြသည်။ အတန်ကြာ နားနေပြီးသော အခါ သူ၏ဇာတ်လမ်းကို ဆက်သည်။ သို့သော် သူသည် သိသိသာသာကြီးပင် နွမ်းနယ်လျက်ရှိသည်။ သူ မောနေသည်၊ သူ ထိခိုက်နေသည်၊ တုန်လှုပ်နေသည်။ ၎င်းပြင် အမှုလိုက်ရှေ့နေကလည်း ယခုအချိန်တွင် သူ့ကို တမင်ထိုးနှက်နေသည့်အလား တမိနစ် တကြိမ်လောက် ဆိုသလို 'အသေးအဖွဲ' ကလေးတွေနှင့် ပတ်သက်ပြီး ဖြတ်ထိုး မေးခွန်းများ မေးမြန်းလျက်ရှိသည်။

မစ်တယာက ခြံစည်းရိုးပေါ်တွင် ခွထိုင်ပြီး သူ့ခြေထောက်ကို ဆွဲထားသော ဂရီဂိုရီ၏ခေါင်းကို ကြေးကျည်ပွေ့ဖြင့် ရိုက်ချလိုက်ပြီးနောက် အဘိုးကြီး၏ အခြေအနေကို ကြည့်ရှုရန် ခြံစည်းရိုးပေါ်မှ ခုန်ဆင်းလိုက်ကြောင်း ပြောကြားသောအခါ အမှုလိုက်ရှေ့နေက သူ စကားပြောနေသည်ကို တားပြီး ခြံစည်းရိုးပေါ်တွင် သူထိုင်နေပုံကို အသေးစိတ် အတိအကျ ပြောပြရန် တောင်းဆိုလေသည်။ မစ်တယာ အံ့အားသင့်သွားပြီး ...

"အို ကျွန်တော် ထိုင်နေတာက ဒီလိုပဲပေါ့၊ ကားယားခွပြီး ထိုင်နေတာပေါ့၊ ခြေထောက်တဖက်ကို အပြင်ဘက် ချထားပြီး နောက်တဖက်ကို အတွင်းဘက် ချထားတာပေါ့"

"ကျည်ပွေ့ကကော..."

"ကျည်ပွေ့က လက်ထဲမှာ ကိုင်ထားတယ်"

"အကျႌအိတ်ထဲမှာ မဟုတ်ဘူးလား၊ အဲဒီအချက်ကို ခင်ဗျား သေသေချာချာ မှတ်မိရဲ့လား၊ ခင်ဗျား သူ့ကို ရိုက်လိုက်တာ တော်တော်ပြင်းသလား"

"ပြင်းမယ်လို့ ထင်တာပဲ၊ ဘာဖြစ်လို့ မေးတာလဲ"

အဲဒီတုန်းက ခြံစည်းရိုးပေါ်မှာ ထိုင်နေတဲ့အတိုင်း အခု ကုလားထိုင်ပေါ်မှာ ထိုင်ပြပြီး ခင်ဗျားလက်ကို ဘယ်လိုလွှဲပြီး ဘယ်လိုရိုက်လိုက်တယ်ဆိုတာ လုပ်ပြစမ်းပါ"

"ခင်ဗျားတို့ ကျွန်တော့်ကို ရယ်စရာလုပ်နေတာလား"

မစ်တယာက မေးခွန်းထုတ်သူကို စိန်းစိန်းကြီးကြည့်ပြီး မေးလိုက်သည်။ သို့သော် အမှုလိုက် ရှေ့နေက မျက်တောင်ခတ်ခြင်းပင် မရှိပါ။ မစ်တယာ ဆတ်ခနဲ လှည့်လိုက်ပြီး ကုလားထိုင်ပေါ်တွင် ခွထိုင်ကာ သူ့လက်ကို လွှဲယမ်းပြလိုက်သည်။

"သူ့ကို ကျွန်တော် ဒီလိုမျိုး ရိုက်ချလိုက်တာပဲ၊ ဒီလိုမျိုး အပြတ်နှိပ်လိုက်တာပဲ၊ နောက်ထပ် ဘာသိချင်သေးသလဲ"

"ကျေးဇူးတင်ပါတယ်၊ ခြံစည်းရိုးပေါ်က ခင်ဗျား ဘာဖြစ်လို့ ခုန်ချလိုက်တယ်ဆိုတာ ဘယ်လိုမှ မအောက်မေ့ရင် ရှင်းပြစမ်းပါ၊ ဘာရည်ရွယ်ချက် ရှိလို့လဲ၊ ခင်ဗျားခေါင်းထဲမှာ ဘာစိတ်ကူး ရှိလို့လဲ ဆိုတာ အတိအကျပေါ့"

"အို လာပြန်ပြီ ... ကျွန်တော် ရိုက်ချလိုက်တဲ့လူကို ကြည့်ဖို့ပေါ့၊ ဘာကြောင့်ဆိုတာတော့ ကျွန်တော် မသိဘူး"

"ခင်ဗျားစိတ်တွေ ဒါလောက်လှုပ်ရှားနေပြီး ထွက်ပြေးသွားတဲ့ ကြားကပေါ့..."

"ဟုတ်တယ်၊ ကျွန်တော့်စိတ်တွေ ဒါလောက်လှုပ်ရှားပြီး ထွက်ပြေးသွားတဲ့ကြားကပဲ"

"ခင်ဗျား သူ့ကို အကူအညီပေးချင်လို့လား ..."

"အို အဟုတ်ပဲ၊ အဲ ကျွန်တော် မပြောတတ်ဘူး၊ ကျွန်တော် သူ့ကို အကူအညီပေးချင်တာလည်း ဖြစ်နိုင်တယ်၊ ကျွန်တော် မမှတ်မိဘူး"

"မမှတ်မိဘူး၊ ဟုတ်လား ... ဒါဖြင့် ခင်ဗျား ဘာတွေလုပ်နေတယ် ဆိုတာကို ခင်ဗျား မသိဘူးပေါ့"

"အို မဟုတ်ဘူး၊ ဒီလိုတော့လည်း မဟုတ်ဘူး၊ အားလုံးကို ကျွန်တော် မှတ်မိတယ်၊ အသေးအဖွဲ ကလေးကစပြီး မှတ်မိတယ်၊ ကျွန်တော် ခုန်ဆင်းပြီး ကြည့်တယ်၊ သူ့မျက်နှာက သွေးတွေကို ကျွန်တော့်လက်ကိုင်ပဝါနဲ့ သုတ်တယ်"

"ခင်ဗျား လက်ကိုင်ပဝါကို ကျုပ်တို့ တွေ့ပြီးပြီ၊ ခင်ဗျား သူ့ကို သတိရအောင် ပြန်လုပ်ပေးတာလား"

"ကျွန်တော် မသိဘူး၊ သူ အသက်ရှိသေးလား မရှိတော့ဘူးလား ဆိုတာကို ကျွန်တော် သေသေချာချာ သိချင်တာပဲ"

"ဟုတ်ပြီ၊ ခင်ဗျားအနေနဲ့ သေသေချာချာ သိချင်တာပဲ၊ အဲဒီတော့ သိသလား"

"ကျွန်တော် ဆရာဝန်တယောက် မဟုတ်ဘူး၊ ကျွန်တော် မသိဘူး၊ ကျွန်တော် သူ့ကို သတ်မိပြီလို့ ထင်ပြီး ကျွန်တော် ထွက်ပြေးတာပဲ၊ အခုတော့ သူ မသေတော့ဘူး"

"ကောင်းလှပါပေတယ်၊ အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သိချင်တာ ဒါပါပဲ"

အမှုလိုက်ရှေ့နေက သူ၏ ကြားဖြတ်မေးခွန်းများကို နိဂုံးချုပ်လိုက်ပြီး ...

"ကဲ ဆက်ပြောပါ .."

အံ့သြစရာပါတကား၊ မစ်တယာ၏ ခေါင်းထဲတွင် ကောင်းကောင်းကြီး မှတ်မိနေတာ တခုရှိသည်။ သို့သော် ထိုအချက်ကို သူ ထုတ်မပြောခဲ့ပါ။ သူ ခြံဝင်းပေါ်မှ ခုန်ဆင်းခဲ့ခြင်းသည် အဘိုးကြီးအတွက် စိတ်မကောင်းသဖြင့် ဖြစ်သည်။ သူက ဝမ်းနည်းစကားကိုပင် ဆိုခဲ့မိသည်။

"အဘိုးကြီး ကံဆိုးတာပဲ၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဒီလိုပဲ နေရစ်ခဲ့ပေတော့"

အမှုလိုက်ရှေ့နေကမူ တခုတည်းသော ကောက်ချက်ကိုသာ ချနိုင်သည်။ "အင်း... သူ့စိတ်တွေ ဒီလိုလှုပ်ရှားနေတဲ့ ဒီလိုအချိန်မျိုးမှာ သူ ခုန်ဆင်းပြီး ကြည့်တဲ့အကြောင်းဟာ သူ ကျူးလွန်ခဲ့တဲ့ အမှုနဲ့ ပတ်သက်ပြီး တယောက်တည်းသော သက်သေဖြစ်တဲ့လူ သေပြီလား မသေသေးဘူးလား ဆိုတာကို သေချာအောင် ကြည့်တာပဲ၊ ဒီသဘောရဲ့ အဓိပ္ပာယ်ကတော့ ဒီလူဟာ ဘယ်လောက် စိတ်ဓာတ်အင်အား ကောင်းတယ်၊ ပြတ်သားတယ်၊ ခေါင်းအေးတယ်၊ နောက်ပြီးတော့ ဒီလိုအခြေအနေမျိုးမှာကိုပဲ သူ့မှာ တွက်ချက် ဆုံးဖြတ်နိုင်တဲ့ အားရှိတယ်ဆိုတာကို ပြတာပဲ" စသည် စသည်ဖြင့် ဖြစ်တော့သည်။

ထို့နောက် အမှုလိုက်ရှေ့နေသည် သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။

"စိတ်လှုပ်ရှားနေတဲ့လူကို 'အသေးအဖွဲကလေးတွေနဲ့' ငါ ဆွပေးလိုက်တာ သူ့ဗိုက်ထဲက အကုန် အန်ထွက်လာတော့တာပဲ"

မစ်တယာသည် စိတ်ပင်ပန်း နွမ်းနယ်စွာဖြင့် သူ၏ဇာတ်လမ်းကို ဆက်ပြောသည်။ သို့သော် ယခုတကြိမ်တွင် သူ့ကို တရားရေးအရာရှိက ကြားဖြတ်ပြီး မေးခွန်းထုတ်ပြန် သည်။

"ခင်ဗျားလက်မှာ သွေးတွေပေနေလျက်နဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး အိမ်ဖော်မကလေး ဖီညာဆီကို သွားရတာလဲ၊ နောက်မှ သိရတာက ခင်ဗျား မျက်နှာမှာလည်း သွေးတွေရှိနေတယ်"

"အဲဒီအချိန်တုန်းက ကျွန်တော့်လက်မှာနဲ့ မျက်နှာမှာ သွေးတွေရှိနေတယ်

ဆိုတာကို ကျွန်တော် မသိဘူး” မစ်တယာ ဖြေလိုက်သည်။

“သူပြောတာ မှန်တယ်၊ ဒါမျိုးဟာ ဒီလိုပဲ ဖြစ်တတ်တာပဲ”

အမှုလိုက်ရှေ့နေက ဝင်ပြောသည်။ တရားရေးအရာရှိနှင့် အကြည့်ချင်း ဖလှယ်သည်။

“ခင်ဗျားပြောတာ အလွန်မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် လုံးလုံးကို သတိမထားမိပါဘူး”

မစ်တယာက အမှုလိုက်ရှေ့နေ၏မှတ်ချက်ကို ထောက်ခံလိုက်သည်။ ထို့နောက် မစ်တယာသည် သူတို့နှစ်ဦး၏ ပျော်ရွှင်မှုအတွက် ‘ရှောင်ပေးရန်’ ရုတ်တရက် ဆုံးဖြတ်မိသည့်အကြောင်း ဆက်ပြောသည်။ သို့သော် သူသည် ထိုမေတ္တာစိတ်ကို ကြာကြာမမွေးနိုင်ဘဲ သူ၏ ‘နှလုံးသားကေရီ’ အကြောင်း ပြောပြပြန်သည်။

သို့သော် သူသည် သူ့အပေါ်တွင် ကြမ်းပိုးလို တွယ်နေသော အသည်းမရှိသည့် ဤသတ္တဝါများအား သူမအကြောင်း ပြောပြမိသည့်အတွက် မနှစ်မြို့ခြင်း ဖြစ်ရသည်။

ယင်းကြောင့်ပင် သူသည် သူတို့ ထပ်တလဲလဲ မေးနေသော မေးခွန်းများကို တုံ့ပြန်သည့်အနေဖြင့် ခပ်ပြတ်ပြတ်နှင့် ခပ်ဆတ်ဆတ် ပြောလိုက်သည်။

“အဲဒီတော့ ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေဖို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော့်အဖို့ ဒီလောကကြီးမှာ အသက်ရှင်နေစရာအကြောင်း ဘာရှိတော့သလဲ၊ သူ့ရဲ့ ပထမဆုံး ချစ်သူနဲ့ တရားဝင် ပိုင်ဆိုင်သူကလည်း ပြန်ရောက်လာပြီ၊ အဲဒီလူဟာ သူ့ကို ငါးနှစ်လုံးလုံး ပစ်ထားခဲ့ပြီးမှ အခုအခါ ကျေရာကျေကြောင်းလုပ်ပြီး ပြန်လာနေပြီ၊ အဲဒီတော့ ကျွန်တော့်အဖို့ အားလုံး ဇာတ်လမ်း သိမ်းသွားပြီ၊ ကျွန်တော့်ရဲ့အတိတ်မှာ သိက္ခာကျတာနဲ့ သွေးတွေ ဂရိဂိုရီရဲ့သွေးတွေပဲ ရှိတော့တယ်၊ ကျွန်တော့်အတွက် အသက်ရှင်နေစရာ ဘာကျန်တော့သလဲ၊ အဲဒါကြောင့် ပေါင်ထားတဲ့ သေနတ် နှစ်လက်ကို ကျွန်တော် သွားရွေးတယ်၊ သေနတ်တွေကို ကျည်ထည့်တယ်။ မနက် အရုဏ်တက်မှာ ကျွန်တော့်ခေါင်းထဲကို ကျည်တတောင့် ပစ်သွင်းလိုက်မယ် ...”

“အဲဒါမတိုင်ခင် ညဘက်မှာတော့ ပွဲတော်ကြီးတခု ကျင်းပမယ်ပေါ့ ဟုတ်လား”

"ဟုတ်တယ်၊ အဲဒါမတိုင်ခင် ပွဲတော်ကြီးတခု ကျင်းပမယ်၊ အို ... တော်ကြပါတော့ လူကြီးမင်းတို့၊ မြန်မြန်ပြီးကြပါစို့၊ ကျွန်တော့်ကိုယ်ကျွန်တော် ပစ်သတ်ဖို့ ကျွန်တော် ဆုံးဖြတ်ထားတယ်၊ ဒီကနေ သိပ်မဝေးတဲ့ နေရာတခုမှာပဲ၊ ရွာအပြင်ဘက်မှာပဲ၊ မနက် ငါးနာရီမှာလုပ်ဖို့ ဆုံးဖြတ်ထားတယ်၊ ကျွန်တော့်အိတ်ထဲမှာ စာတစောင် ရေးထားတယ်၊ ပါကိုတင်ရဲ့အိမ်မှာ သေနတ်တွေကို ကျည်ဆန် ထည့်ရင်း ရေးထားတာပဲ၊ ဟောဒီမှာ ... ဖတ်ကြည့်ကြပါ၊ ခင်ဗျားတို့အတွက် ရေးထားတာတော့ မဟုတ်ဘူး"

သူက နောက်ဆုံးစကားကို မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။ သူက စာကို အတွင်းခံ ကုတ်အင်္ကျီ အိတ်အတွင်းမှ ထုတ်ယူလိုက်ပြီး စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ သူတို့က စာကို စိတ်ဝင်စားစွာ ဖတ်ရှုကြသည်။ ထို့နောက် ထုံးစံအတိုင်းပင် သက်သေခံပစ္စည်းတွင် ဖြည့်ထည့်လိုက်ကြသည်။

"ပါကိုတင်ရဲ့အိမ်ကို သွားတဲ့အချိန်မှာ ခင်ဗျားလက်တွေကို ဆေးဖို့ သတိမရဘူးလား၊ ခင်ဗျားကို မသင်္ကာဖြစ်ကြမှာကို ခင်ဗျား မစိုးရိမ်ဘူးလား"

"ဘာ သင်္ကာမကင်းလဲ၊ ကျွန်တော့်ကို သင်္ကာတယ်ပဲဖြစ်ဖြစ်၊ မသင်္ကာဘူးပဲဖြစ်ဖြစ် ကျွန်တော်ဟာ ဒီကိုလာပြီး မနက်ငါးနာရီမှာ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မှာပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူကမှ ဘာမှဝင်ပါစရာ အကြောင်းမရှိဘူး။ ကျွန်တော့်အဖေရဲ့ပြဿနာသာ မပေါ်ခဲ့လို့ရှိရင် ခင်ဗျားတို့လည်း ဒီကိစ္စကို ဘာမှ သိကြမှာ မဟုတ်ဘူး။ အို နောက်ဆုံးတော့ ဒါဟာ မာရ်နတ်ရဲ့လက်ချက်တွေပဲ၊ အဖေ့ကို သတ်တာလည်း မာရ်နတ်ပဲ၊ ဒါတွေကို ခင်ဗျားတို့ ဒါလောက် မြန်မြန်ဆန်ဆန်ကြီး သိတာလည်း မာရ်နတ်ကြောင့်ပဲ။ ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး ဒီကို ဒါလောက် မြန်မြန်ဆန်ဆန်ကြီး ရောက်လာကြသလဲ၊ အင်မတန် အံ့ဩစရာကောင်းတာပဲ၊ မယုံကြည်နိုင်စရာပဲ"

"ကျုပ်တို့ကို မစ္စတာ ပါကိုတင်က အကြောင်းကြားတာပဲ၊ သူ့ဆီကို ခင်ဗျားလာတဲ့အချိန်မှာ ခင်ဗျား လက်ထဲမှာ .... သွေးစွန်းနေတဲ့ ခင်ဗျား လက်ထဲမှာ ... ခင်ဗျား ပိုက်ဆံတွေ ... ပိုက်ဆံတွေ အများကြီး ကိုင်ထားတယ်တဲ့ ... တရာတန် ငွေစက္ကူထပ်ကြီးတဲ့၊ အဲဒါကို သူ့တပည့် ကောင်ကလေးလည်း မြင်တယ်တဲ့"

"အဲဒါ မှန်ပါတယ် လူကြီးမင်း ... အဲဒါကို ကျွန်တော် မှတ်မိပါတယ်"

"ဒါဆိုရင် ပြဿနာလေးတခု ပေါ်လာပြန်ပြီ၊ အဲဒါလောက်များတဲ့ ပိုက်ဆံတွေကို ခင်ဗျား ဖြုန်းစားကြီး ဘယ်လိုလုပ်ပြီး ရတယ်ဆိုတာကို ကျုပ်တို့ကို ပြောပြနိုင်မလား" တရားရေးအရာရှိက ချိုသာသိမ်မွေ့စွာ မေးလိုက်သည်။ "သက်သေခံ အထောက်အထားတွေအရဆိုရင် ခင်ဗျားဟာ အိမ်ပြန်နိုင်တဲ့ အချိန်လည်းမရှိဘူး"

ယခုလို တိုက်ရိုက်ကြီး မေးလိုက်သည့်အတွက် အမူလိုက်ရှေ့နေ မျက်မှောင်ကုတ်သွားသည်။ သို့သော် တရားရေးအရာရှိ၏ စကားကို တစုံတရာ ဝင်ရောက် ပြောဆိုခြင်း မပြုပါ။

"ကျွန်တော် အိမ်မပြန်ပါဘူး"

မစ်တယာ တည်ငြိမ်စွာ ဖြေလိုက်သည်။ သို့သော် သူ့မျက်လုံးများက ကြမ်းပြင်ကို စူးစိုက်ပြီး ကြည့်နေသည်။

"ဒါဆိုရင် ကျုပ်မေးခွန်းကို ထပ်ပြီး မေးပါရစေ" တရားရေးအရာရှိက မေးခွန်းကို အမိအရ ဆုပ်ကိုင် ထားသည့်အလား ပြောလိုက်သည်။ "အဲဒါလောက်များတဲ့ငွေတွေကို ခင်ဗျား ဘယ်လိုလုပ်ပြီး ချက်ချင်းရနိုင်သလဲ၊ ခင်ဗျားရဲ့ ပြောစကားအရဆိုရင် ခင်ဗျားဟာ အဲဒီညနေ ငါးနာရီက ..."

"ရူဗယ်ငွေ တဆယ် လိုနေတာနဲ့ ပါကိုတင်ဆီမှာ ကျွန်တော့် သေနတ်တွေကို ပေါင်ခဲ့တယ်၊ ပြီးတော့ မစ္စက် ကိုကလာကော့ဆီကို သွားပြီး ငွေသုံးထောင် ချေးတယ်၊ သူက မချေးဘူး။ အဲဒီလိုနဲ့ အဲဒီအတိုင်းတွေ ဖြစ်လာတော့တာပဲ" မစ်တယာက ကြားဖြတ်ပြီး ခပ်ပြတ်ပြတ်ပြောသည်။ "ဟုတ်တယ် လူကြီးမင်းတို့၊ တချိန်မှာ ကျွန်တော့်လက်ထဲမှာ ပိုက်ဆံ တပြားမှ မရှိဘူး၊ နောက်တချိန်မှာ ကျွန်တော့်လက်ထဲမှာ ငွေတွေ ထောင်နဲ့ချီပြီး ရှိလာတယ် ဟုတ်လား၊ ဒီမှာ လူကြီးမင်းတို့၊ ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့ခေါင်းထဲမှာ စိုးရိမ်စိတ်တွေ ဝင်နေကြတယ်၊ ပိုက်ဆံတွေ ကို ဘယ်ကရသလဲဆိုတာ သူ မပြောရင် ဘယ်လိုလုပ်ကြမလဲ၊ ကောင်းပြီ လူကြီးမင်းတို့၊ ဟုတ်တယ်၊ အဲဒါကို ကျွန်တော် မပြောဘူး၊ ခင်ဗျားတို့ စိုးရိမ်တာ မှန်တယ်၊ ခင်ဗျားတို့ ဘယ်လိုမှ မသိနိုင်ဘူး"

မစ်တယာ သန္နိဋ္ဌာန် ချထားဟန်ဖြင့် သူ့စကားကို အလေးအနက် ပြောလိုက်သည်။ အရာရှိ နှစ်ယောက် ခေတ္တမျှ တိတ်ဆိတ်နေကြသည်။

"ဒီကိစ္စကိုသိဖို့ ကျုပ်မှာ အင်မတန် အရေးကြီးပါတယ် မစ္စတာ ကာရာမာဇော့" တရားရေးအရာရှိက တိုးညင်းစွာနှင့် ချိုသာပျော့ပျောင်းစွာ ပြောလိုက်သည်။

"ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မပြောနိုင်ပါဘူး"

"ကောင်းပါပြီခင်ဗျား၊ ဒီကိစ္စကို ခင်ဗျား ဖြေတာ မဖြေတာ ကျုပ်တို့အတွက် အကြောင်း မဟုတ်ပါဘူး၊ ကျုပ်တို့ကိစ္စမဟုတ်ပါဘူး၊ ခင်ဗျားကိစ္စပါ၊ ခင်ဗျားကိုယ်ခင်ဗျား ဒုက္ခပေးနေတာပဲ ရှိပါတယ်" တရားရေးအရာရှိက အနည်းငယ် စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ဒီမယ် လူကြီးမင်းတို့ ... ဟိုစကား ဒီစကားတွေ ထားပါတော့၊ ဒီပြဿနာမှာ ကဏ္ဍကောစ ဖြစ်ကြရမယ်ဆိုတာကို ကျွန်တော် အစကတည်းက သိခဲ့ပါတယ်" မစ်တယာ မျက်လုံးပင့်လိုက်ပြီး သူတို့နှစ်ယောက်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြောလိုက်သည်။ "ဒါပေမဲ့ အစပိုင်း ကျွန်တော် ထွက်ဆိုချက်ပေးတဲ့ အချိန်တုန်းကတော့ ဒီကိစ္စက အဝေးကြီး ရှိသေးတယ်၊ အမှောင်ထဲမှာပဲ ရှိနေသေးတယ်၊ ဘာမှ မရေရာသေးဘူး၊ ဒါကြောင့်မို့လို့ပဲ ကျွန်တော်ဟာ 'အပြန်အလှန် ယုံကြည်မှု' ဆိုတဲ့ စကားကို ပြောခဲ့တာပေါ့၊ ဒါပေမဲ့ အခု အချိန်မှာတော့ ဒီယုံကြည်မှုဟာ မရှိနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အခု အတားအဆီးတခုနဲ့ တွေ့နေကြပြီ မဟုတ်လား၊ ကျွန်တော် ခင်ဗျားတို့ကို မပြောနိုင်ဘူး၊ အဲဒီတော့ အပြန်အလှန် ယုံကြည်မှုဆိုတာက ဒီမှာ နိဂုံးချုပ်သွားပြီ၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားတို့ကို အပြစ်မတင်ပါဘူး၊ နောက်ပြီးတော့ ဒီယုံကြည်မှုဆိုတဲ့ စကားကို ကျွန်တော် ပြောရုံနဲ့လည်း ခင်ဗျားတို့ မယုံပါဘူး၊ ကျွန်တော် သိပါတယ်"

သူ ညှိုးငယ်စွာ နှုတ်ဆိတ်သွားသည်။

"ဒါပေမဲ့ အရေးကြီးတဲ့အချက်နဲ့ ပတ်သက်တာကို မပြောဘူးဆိုတဲ့ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို မပြင်ဘဲနဲ့ ဒီမေးခွန်းကို ဘာဖြစ်လို့ မဖြေနိုင်ဘူးဆိုတဲ့သဘောကို အရိပ်အမြွက်လောက် ပြောမပြနိုင် ဘူးလား၊ ခင်ဗျားရဲ့ ထွက်ဆိုချက်နဲ့ ပတ်သက်ပြီး အရေးအကြီးဆုံး အဆင့်ကို ရောက်နေတဲ့အချိန်မှာ ဘာဖြစ်လို့ ရေငုံနှုတ်ပိတ်နေရသလဲ ဆိုတာပေါ့"

မစ်တယာ ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

"ကျွန်တော်ဟာ ခင်ဗျားတို့ ထင်ထားတာထက်ပိုပြီး သဘောကောင်းပါတယ် လူကြီးမင်းတို့၊ ဘာဖြစ်လို့ ဒီအကြောင်းကို မပြောနိုင်ဘူးဆိုတာ ကျွန်တော် ပြောပါ့မယ်၊ ခင်ဗျားတို့ သိဖို့မထိုက်ပေမဲ့ အဲဒီ အရိပ်အမြွက်ကိုတော့ ကျွန်တော် ပြောပါ့မယ်၊ ပိုက်ဆံတွေ ဘယ်ကရသလဲ ဆိုတဲ့မေးခွန်းကို ပြောလိုက်ရင် ကျွန်တော်ဟာ ကျွန်တော့်အဖေကိုသတ်ပြီး လုယက်တဲ့အမှုထက် ပိုပြီးသိက္ခာကျသွား နိုင်ပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော် မပြောတာပါပဲ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိက္ခာချရာ ရောက်မှာဖြစ်တဲ့အတွက် မပြောနိုင်တာပါပဲ၊ ဒီအချက်ကို လူကြီးမင်းတို့ ရေးမထားကြဘူးလား"

"ရေးရမယ်၊ ဒီအချက်ကို ကျုပ်တို့ ရေးမှတ်ထားရမယ်" တရားရေးအရာရှိက တိုးညင်းစွာ ပြောလိုက်သည်။

"ဒီအချက်ကို ခင်ဗျားတို့ မရေးသင့်ဘူး၊ 'သိက္ခာကျတယ်' ဆိုတဲ့အကြောင်းကို ခင်ဗျားတို့ မရေးသင့်ဘူး၊ ဒါ ကျွန်တော် စိတ်ကောင်းရှိလို့

ပြောလိုက်တဲ့ စကားပဲ၊ အမှန်တော့ ခင်ဗျားတို့ကို ကျွန်တော် မပြောသင့်ဘူး၊ ကျွန်တော်က ခင်ဗျားတို့ကို စကားလက်ဆောင်အဖြစ် ပြောလိုက်တာပဲ၊ ဒါကို ခင်ဗျားတို့က ကျွန်တော့်ကို အရေးယူဖို့ စာရွက် အထောက်အထားအဖြစ် အသုံးပြုကြတယ်။ ကောင်းပြီလေ၊ ရေးပါ၊ ခင်ဗျားတို့ ရေးချင်တာကို ရေးကြပါ" သူက မနှစ်မြို့ဟန်ဖြင့် မထီမဲ့မြင် ပြန်ပြောလိုက်သည်။ "ခင်ဗျားတို့ကို ကျွန်တော် မကြောက်ဘူး၊ ခင်ဗျားတို့ရှေ့မှာ ကျွန်တော် ခေါင်းမော့ပြီး နေနိုင်တယ်"

"ဘယ်လိုမျိုး သိက္ခာကျနိုင်တယ် ဆိုတာကိုကော ခင်ဗျား ပြောမပြနိုင်ဘူးလား"

တရားရေးအရာရှိက မေးသည်။ အမှုလိုက်ရှေ့နေကတော့ မျက်မှောင်ကြီး ကုတ်ထားသည်။

"မပြောနိုင်ဘူး၊ မပြောနိုင်ဘူး၊ ဒီကိစ္စမှာ ခေါင်းရှုပ်မခံကြပါနဲ့၊ ဘယ်သူမှ ရောပြီး သိက္ခာမကျသင့်ဘူး၊ ခင်ဗျားတို့ကို အခုလို ပြောရုံနဲ့ပဲ ကျွန်တော့်မှာ သိက္ခာကျလှပါပြီ။ ခင်ဗျားတို့အနေနဲ့ သိက္ခာ မထိခိုက်သင့်ပါဘူး၊ ခင်ဗျားဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် မထိခိုက်သင့်ပါဘူး၊ တော်ကြပါစို့ လူကြီးမင်းတို့ ... နောက်ထပ် တလုံးမှ မပြောကြပါနဲ့စို့"

သူက ယတိပြတ် ပြောလိုက်ဟန်ရှိသည်။ တရားရေးအရာရှိက ဘာမျှ ဆက်မပြောတော့ပါ။ သို့သော် အမှုလိုက်ရှေ့နေကမူ လက်လျှော့သေးဟန် မရှိပါ။

"မစ္စတာ ပါကိုတင်ရဲ့အိမ်ကို သွားတုန်းက ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက်ပါတယ် ဆိုတာလောက်မှ ခင်ဗျား ပြောမပြနိုင်ဘူးလား၊ ရူဗယ် ဘယ်လောက် ဆိုတာပေါ့"

"ဝမ်းနည်းပါတယ်၊ အဲဒါကိုလည်း ကျွန်တော် မပြောနိုင်ပါဘူး"

"မစ္စက် ကိုကလာကော့ဆီက ရူဗယ် သုံးထောင် ရတယ်လို့ မစ္စတာ ပါကိုတင်ကို ခင်ဗျား ပြောတယ်နဲ့ တူတယ်"

"ကျွန်တော် ပြောခဲ့တာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ တော်ပြီ လူကြီးမင်း၊ ကျွန်တော့်မှာ ပိုက်ဆံ ဘယ်လောက်ရှိတယ် ဆိုတာကို ကျွန်တော် မပြောတော့ဘူး"

"အဲဒါဆိုရင် ခင်ဗျား ဒီကို ဘယ်လိုရောက်လာပြီး ဘာတွေလုပ်တယ် ဆိုတာကော ပြောပြနိုင်မလား"

"ဒီအကြောင်း သိချင်ရင် ဒီကလူတွေကို မေးကြည့်ပေါ့၊ နေဦး ... ခင်ဗျားတို့ သိချင်တယ်ဆိုရင် ကျွန်တော် ပြောပြမယ်"

သူတို့ကို သူ ပြောပြသည်။ သို့သော် သူပြောသည်ကို ကျွန်ုပ်တို့ ထပ်ပြီး မပြောတော့ပါ။ သူက ခပ်ခြောက်ခြောက်နှင့် ခပ်ပြတ်ပြတ် ပြောဆိုသည်။ သူ၏ အချစ်ဇော လှုပ်ရှားမှုနှင့် ပတ်သက်ပြီး သူ ဘာမှ မပြောပါ။ သို့သော် အသစ်ဖြစ်ပေါ်လာသော အခြေအနေများအရ သူသည် သူ့ကိုယ်သူ ပစ်သတ်ရန်အလုပ်ကို စွန့်လွှတ်လိုက်ကြောင်းကိုတော့ ပြောပြသည်။ သူက ဇာတ်လမ်းကို ပြောဆိုရာ တွင် ရည်ရွယ်ချက်များနှင့် အသေးစိတ်များ မပါရှိချေ။ ထို့ပြင် သူ့ကို စစ်မေးသူများကလည်း ယခုတကြိမ်တွင် သိပ်ပြီး အနှောင့်အယှက် မပေးကြချေ။ ဤဘက်ပိုင်းတွင် သူတို့အတွက် အထူး စိတ်ဝင်စားဖွယ်ရာ မရှိသည်မှာ ထင်ရှားနေသည်။

"ဒီအချက်တွေ အားလုံးကို ကျုပ်တို့ ပြန်စစ်ကြည့်မှာပဲ၊ သက်သေတွေကို စစ်တဲ့အခါမှာ ဒီအကြောင်း တွေ အားလုံး ပြန်ပါလာမှာပဲ၊ သက်သေတွေကို ခင်ဗျားရှေ့မှာစစ်မှာပဲ" တရားရေးအရာရှိက နိဂုံးချုပ် ပြောသည်။ "အခု လောလောဆယ်မှာတော့ လူကြီးမင်းရဲ့ကိုယ်မှာ ပါတဲ့ ပစ္စည်းတွေအားလုံး စားပွဲပေါ်မှာ တင်ပေးပါ၊ အထူးသဖြင့် လူကြီးမင်းလက်ထဲမှာ အခုအထိ ရှိနေသေးတဲ့ ပိုက်ဆံတွေ ပေါ့"

"ကျွန်တော့်ပိုက်ဆံ ဟုတ်လား လူကြီးမင်း၊ ဟုတ်ပြီ၊ ကျွန်တော် နားလည်ပါပြီ၊ ဒါ လိုအပ်တယ်၊ စောစောကတည်းက ဒါကို ခင်ဗျားတို့ ဘာဖြစ်လို့ မမေးသလဲဆိုတာကိုတောင် ကျွန်တော် အံ့သြနေ တယ်၊ ကျွန်တော့်အနေနဲ့ တခြား ဘယ်ကိုမှ မသွားနိုင်ဘူးဆိုတာတော့ အမှန်ပဲ၊ ခင်ဗျားတို့အားလုံး မြင်နိုင်တဲ့နေရာမှာ ကျွန်တော် ထိုင်နေတယ်၊ ဟုတ်ပြီ၊ ဟောဒီမှာ ကျွန်တော့်ပိုက်ဆံတွေ၊ ရေကြပါ၊ လုပ်ကြပါ၊ ဒါ အားလုံးပဲ"

သူ့အိတ်တွေထဲတွင် ရှိသမျှ အားလုံးကို သူ ထုတ်သည်။ အကြွေသေးသေးကလေးတွေကမကျန် ဖြစ်သည်။ ထို့နောက် အတွင်းခံ ကုတ်အကျႌအတွင်းမှ နှစ်ဆယ်ကိုပက်တန် ငွေပြား နှစ်ပြား ထုတ်သည်။ ပိုက်ဆံတွေကို သူတို့ ရေတွက်ကြသည်။ အားလုံးပေါင်း ရှစ်ရာသုံးဆယ့်ခြောက် ရူဗယ်နှင့် လေးဆယ်ကိုပက် ရှိသည်။

"ဒါ အကုန်ပဲလား" အမှုလိုက်ရှေ့နေက မေးသည်။

"အကုန်လုံးပဲ"

"စောစောက ခင်ဗျား ထွက်ဆိုသွားတဲ့အထဲမှာ ပလော်နီကော့ရဲ့ကုန်စုံဆိုင်မှာ ရူဗယ် သုံးရာ သုံးခဲ့တယ်လို့ ပြောတယ်၊ ပါကိုတင်ကို တဆယ်ရူဗယ် ပေးတယ်၊ ရထားသမားကို နှစ်ဆယ် ပေးတယ်၊ ဒီမှာ ဖဲရှုံးတာက ရူဗယ် နှစ်ရာ၊ နောက်ပြီးတော့ ..."

တရားရေးအရာရှိက ထိုစာရင်းများ အားလုံးကို ပေါင်းပြန်သည်။ မစ်တယာက လိုလိုလားလားပင် ကူညီသည်။ တစ်ကိုပက်၊ နှစ်ကိုပက် မကျန် သူတို့ ပြန်လည်စဉ်းစားပြီး စာရင်းထဲထည့်သည်။ တရားရေးအရာရှိက လျင်မြန်စွာ ပေါင်းသည်။

"အခုရှိနေတဲ့ ရှစ်ရာနဲ့ ပေါင်းရင် စောစောက ခင်ဗျားမှာ တထောင့်ငါးရာလောက် ရှိနေရမယ်"

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်"

မစ်တယာက လျင်မြန်စွာ ပြောလိုက်သည်။

"ဒါဆိုရင် သူတို့က ဘာဖြစ်လို့ ဒါထက်ပိုများတယ်လို့ ပြောကြသလဲ"

"သူတို့ဘာသာ သူတို့ ပြောကြပါစေ"

"ခင်ဗျားကိုယ်တိုင်လည်း ပြောတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်ကိုယ်တိုင်လည်း ပြောတယ်"

"အခုအထိ မစစ်ဆေးရသေးတဲ့ လူတွေရဲ့ထွက်ဆိုချက်တွေနဲ့ ဒါတွေအားလုံးကို ပြန်ပြီး တိုက်စစ်ကြည့်ရမယ်၊ ခင်ဗျားပိုက်ဆံတွေနဲ့ ပတ်သက်လို့ ဘာမှ မစိုးရိမ်ပါနဲ့၊ ဒါတွေကို ကောင်းကောင်း သိမ်းထားပြီး အခုကိစ္စ ပြီးသွားတဲ့အချိန်မှာ ... ဒါတွေဟာ ခင်ဗျား ပိုင်ဆိုင်ကြောင်း သေချာတဲ့အခါမှာ ခင်ဗျားကို အားလုံး ပြန်ပေးမှာပဲ၊ ကဲ အဲဒီတော့ အခု..."

တရားရေးအရာရှိက ရုတ်တရက် ထရပ်လိုက်ပြီး ခင်ဗျားရဲ့အဝတ်တွေနဲ့ အားလုံးကို" သေသေချာချာ ရှာဖွေရမည်။ ယင်းမှာ သူ၏တာဝန်ဖြစ်ကြောင်း မစ်တယာကို ပြတ်သားတိကျစွာ ပြောလိုက်သည်။

"ကောင်းပါပြီ လူကြီးမင်းတို့၊ ခင်ဗျားတို့ လိုချင်တယ်ဆိုရင် ကျွန်တော့်ရဲ့ အင်္ကျီအိတ်တွေ အားလုံးကို အတွင်းအပြင် လှန်ပြပါ့မယ်"

သူက တကယ်ပင် အင်္ကျီအိတ်များကို ဆွဲထုတ်လျက်ရှိသည်။

"ခင်ဗျားရဲ့အဝတ်အစားတွေ အားလုံးကို ချွတ်ဖို့လိုလိမ့်မယ်"

"ဘာပြောတယ်၊ အဝတ်တွေအားလုံး ချွတ်ရမယ်၊ ဟုတ်လား၊ မဟုတ်တာပဲ၊ ခင်ဗျားတို့ ကျွန်တော့်ကို အခုအတိုင်း ရှာနိုင်တာပဲ၊ မဟုတ်ဘူးလား"

"အဲဒီလိုမျိုး မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ ခင်ဗျားရဲ့ အဝတ်တွေကို ချွတ်မှ

ဖြစ်ပါလိမ့်မယ်”

“ခင်ဗျားတို့ သဘောပဲ” မစ်တယာ အလျှော့ပေးလိုက်သည်။ “ဒါပေမဲ့ ကျေးဇူးပြုပြီး ဒီနေရာမှာတော့ မလုပ်ပါနဲ့၊ ကန့်လန့်ကာရဲ့ နောက်မှာ ချွတ်ပါရစေ၊ ဒါတွေကို ဘယ်သူက ရှာမှာလဲ”

“ကောင်းပြီ၊ ကန့်လန့်ကာရဲ့ နောက်မှာပဲပေါ့”

တရားရေးအရာရှိက သဘောတူသည့်အနေဖြင့် သူ့ခေါင်းကို ညိတ်လိုက်သည်။ သူ့မျက်နှာကလေး သည် အထူးပင် တည်ကြည်လျက်ရှိသည်။

၆။ အမှုလိုက်ရှေ့နေက မစ်တယာကို အမိဖမ်းလိုက်ခြင်း

သည်နောက်တွင် ဖြစ်ပျက်သည်များကား မစ်တယာအဖို့ မည်သို့မျှ မမျှော်လင့်သော အံ့အားသင့်ဖွယ် ရာများသာ ဖြစ်တော့သည်။ မစ်တယာ ကာရာမာဇော့ဟူသော သူ့ကို မည်သူကမျှ ဤသို့ ဆက်ဆံလိမ့်မည်ဟု သူ ဘယ်တုန်းကမျှ မထင်ခဲ့ပါ။ နောက်ဆုံးအချိန်အထိ သူ မထင်မှတ်ခဲ့ပါ။ သည်အထဲတွင် အဆိုးဆုံးကတော့ စော်ကားမော်ကားသည့် သဘောများ ပါနေခြင်းပင် ဖြစ်သည်။ သူတို့အနေနှင့် "မာန်မာန ထောင်လွှားသည့်သဘော၊ သရော်လှောင်ပြောင်သည့်သဘောများ" ရှိနေကြသည်။ သူ၏ ကုတ်အင်္ကျီလောက်ကိုသာ ချွတ်ရမည်ဆိုလျှင် သူ ဘာမျှမပြောပါ။ ယခုတော့ သည့်ထက်ပိုပြီး အချွတ်ခိုင်းကြသည်။ သို့မဟုတ် ချွတ်ဖို့ အမိန့်ပေးနေကြသည်။ သည်အချက်ကို သူ ကောင်းကောင်းသိသည်။ သူက မာနကြောင့်သော်လည်းကောင်း၊ မနှစ်မြို့မှုကြောင့် လည်းကောင်း တစုံတရာ ဆန့်ကျင်ခြင်း မပြုဘဲ လိုက်လျောသည်။ တရားရေးအရာရှိနှင့်အတူ အမှုလိုက်ရှေ့နေ လည်း ကန့်လန့်ကာ၏နောက်ဘက်သို့ လိုက်ပါလာသည်။ ရွာသားတွေလည်း သူတို့နှင့်အတူ လိုက်ပါလာကြသည်။ "အင်အားကို အသုံးပြုရန် လိုအပ်လျှင် အဆင်သင့်ရှိစေရန်" ဖြစ်သည်ဟု မစ်တယာ တွေးလိုက်သည်။ "အခြားအကြောင်းတခုရှိ၍လည်း" ဖြစ်နိုင်သည်။

"ဘယ်လိုလဲ၊ ရှပ်အင်္ကျီကိုကော ချွတ်ရဦးမှာလား"

သူက ခပ်ဆတ်ဆတ် မေးလိုက်သည်။ သို့သော် တရားရေးအရာရှိက အဖြေမပေးပါ။ သူက အမှုလိုက် ရှေ့နေနှင့်အတူ မစ်တယာ၏ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ အတွင်းခံ ကုတ်အင်္ကျီနှင့် ကက်ဦးထုပ် တို့ကို စစ်ဆေးရာတွင် အာရုံနစ်မြုပ်လျက်ရှိသည်။ သူတို့နှစ်ယောက်သည် ဤလုပ်ငန်းတွင် အထူး စိတ်ဝင်စားလျက်ရှိကြောင်း ထင်ရှားသိသာသည်။

"သူတို့ကို ကြည့်ရတာ နည်းနည်းကလေးမှ နှောင့်နှေး တွန့်ဆုတ်မှု မရှိဘူး၊ သူတို့မှာ သာမန် ယဉ်ကျေးဖွယ်ရာမှုတောင် မရှိတော့ဘူး"

မစ်တယာ တွေးလိုက်သည်။

"ကျွန်တော် ခင်ဗျားကို ဒုတိယအကြိမ် မေးနေတယ်၊ ရှပ်အင်္ကျီ ချွတ်ရမလား၊ မချွတ်ရဘူးလား"

သူက ပိုပြီး ဒေါသဖြစ်ဟန်နှင့် ပိုပြီး ခပ်ဆတ်ဆတ် ခပ်ပြတ်ပြတ် မေးလိုက်သည်။

"ဒါလောက်လည်း ပူမနေပါနဲ့၊ ခင်ဗျား ဘာလုပ်ရမယ် ဆိုတာကို ကျုပ်တို့ ပြောပါ့မယ်"

တရားရေးအရာရှိက ပြောလိုက်သည်။ သူ့အသံက အာဏာသံပါသည်။ သို့မဟုတ် ပါနေသည်ဟု မစ်တယာ ထင်မိသည်။

သည်စဉ်မှာပင် တရားရေးအရာရှိနှင့် အမှုလိုက်ရှေ့နေတို့သည် တစုံတခုကို လေသံတိုးတိုးဖြင့် အရေးတကြီး ဆွေးနွေးလျက် ရှိကြသည်။ ကုတ်အင်္ကျီ၏ကျောပိုင်း ဘယ်ဘက်တွင် သွေးကွက်ကြီး တခု ရှိနေသည်ကို တွေ့ကြရသည်။ သွေးကွက်က ခြောက်ပြီး မာနေပြီ ဖြစ်သော်လည်း ကြေမွခြင်း မရှိသေးပါ။ ဘောင်းဘီပေါ်တွင်လည်း သွေးကွက်များ ရှိနေကြသည်။

နောက်ပြီး တရားရေးအရာရှိသည် သက်သေများရှေ့တွင် မစ်တယာ၏ ကုတ်အင်္ကျီ ကော်လာ၊ လက်ခေါက်နှင့်တကွ ကုတ်အင်္ကျီနှင့် ဘောင်းဘီရှိ ချုပ်ရိုးများ အားလုံးကို လက်ဖြင့် စမ်းသပ် ရှာဖွေလျက်ရှိသည်။ ပိုက်ဆံ ရှိ မရှိကို ရှာနေခြင်းပင် ဖြစ်သည်။ မစ်တယာအနေနှင့် သူ၏ အဝတ်အစား ချုပ်ရိုးများ ကြားထဲတွင် ပိုက်ဆံဝှက်ထားနိုင်ကြောင်း သံသယရှိနေသည့်အချက်ကို သူတို့က လုံးဝ ဖုံးကွယ်ခြင်း မပြုကြပါ။

"ငါ့ကို သူတို့ သူခိုးတယောက်လို ဆက်ဆံနေကြပြီ၊ စစ်ဗိုလ်တယောက်လို မဆက်ဆံကြတော့ဘူး"

မစ်တယာ စိတ်ထဲတွင် ရေရွတ်လိုက်သည်။ သည်မျှမကသေးပါ။ သူတို့ စိတ်ထဲတွင် ရှိနေသည့် ထင်မြင်ချက်များကို သူ့ရှေ့မှာပင် တယောက်ကို တယောက် ပွင့်ပွင့်လင်းလင်း ပြောဆိုလျက် ရှိကြသည်။ ဥပမာ တရားရေး အရာရှိတို့နှင့်အတူ ကန့်လန့်ကာနောက်ဘက်တွင် ရောက်ရှိနေပြီး ရှာဖွေရေးလုပ်ငန်းတွင် ကူညီလျက်ရှိသော စာရေးသည် တရားရေး အရာရှိအား မစ်တယာ၏ ကက်ဦးထုပ်ကို အထူးသတိပြုရန် ပြောဆိုသည်။ ယင်းဦးထုပ်ကိုလည်း သူတို့က လက်ဖြင့် ကိုင်စမ်း ရှာဖွေလျက်ရှိသည်။

"ဂရီဒင်ကိုကို ဆရာ မှတ်မိသေးသလား၊ ကျေးရွာအုပ်စု စာရေးလေ၊ ပြီးခဲ့တဲ့ နွေတုန်းက တရုံးလုံး အတွက် လစာကို မြို့မှာ သူ သွားထုတ်ရတယ်၊ သူ ပြန်လာတဲ့အခါကျတော့ ပိုက်ဆံတွေအားလုံး သူ အရက်မူးပြီး ကျပျောက်ခဲ့ပြီလို့ ပြောတယ်။ အဲဒီပိုက်ဆံတွေကို ဘယ်က ပြန်တွေ့သလဲ သိလား၊ ဒီကက်ဦးထုပ် ပန်းကြိုးတွေထဲက ပြန်တွေ့တာပဲ။ သူက တစ်ရာတန် ငွေစက္ကူတွေကို လိပ်ပြီး ပန်းကြိုးတွေထဲမှာ ထည့်ပြီး ချုပ်ထားတယ်"

ဂရီဒင်ကို၏အမှုကို အရာရှိ နှစ်ယောက်စလုံး မှတ်မိသည်။ သို့ဖြင့်

ကက်ဦးထုပ်ကို သူတို့ ဖယ်ထားလိုက်ကြသည်။ နောက်ပိုင်းတွင် မစ်တယာ၏ အဝတ်အစားများ အားလုံးကို ပုံပြီး စေ့စေ့စပ်စပ် ရှာဖွေရန် ဆုံးဖြတ်လိုက်ကြသည်။

"ဒီမှာ ..." မစ်တယာ၏ ရှပ်အင်္ကျီ ညာဘက်လက်ခေါက်ထဲတွင် သွေးတွေ စွန်းကွက်နေသည်ကို တွေ့မြင်သဖြင့် တရားရေးအရာရှိက ရုတ်တရက် ဟစ်အော်လိုက်သည်။

"ဒီမှာ ဘာတွေလဲ ... သွေးတွေလား"

"ဟုတ်တယ်" မစ်တယာ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

"ဘယ်က သွေးတွေလဲ၊ ဘာဖြစ်လို့ အင်္ကျီလက်ခေါက်ထဲမှာ စွန်းနေရတာလဲ"

ဂရိုဂိုရီကို စစ်ဆေးကြည့်ရှုစဉ်က သူ၏အင်္ကျီလက်ကို သွေးတွေပေကုန်သည့်အကြောင်း မစ်တယာ ပြောပြသည်။ ပါကိုတင်၏အိမ်တွင် သူ၏လက်များကို ဆေးကြောသောအခါ အင်္ကျီလက်ကို ခေါက်တင်ထားရသည်။

"ခင်ဗျား ရှပ်အင်္ကျီကိုလည်း ချွတ်ရလိမ့်မယ်၊ သက်သေခံပစ္စည်းတခု အနေနဲ့ အရေးကြီးတယ်"

မစ်တယာ ဒေါသဖြစ်ပြီး မျက်နှာကြီး နီရဲသွားသည်။

"ဘယ်လိုလဲ၊ ကျုပ် ကိုယ်တုံးလုံးကြီး နေရမှာလား"

သူ ဟစ်အော်လိုက်သည်။

"ဘာမှ မပူပါနဲ့၊ ကျုပ်တို့ တခုခု စီစဉ်ပါ့မယ်၊ လောလောဆယ်တော့ ခင်ဗျားခြေအိတ်တွေကိုပါ ချွတ်လိုက်ပါ"

"ခင်ဗျားတို့ နောက်နေတာလား၊ တကယ်ပြောနေတာလား"

မစ်တယာ မျက်လုံးများ အရောင်တောက်လျက် မေးသည်။

"ကျုပ်တို့မှာ နောက်စရာအကြောင်း မရှိပါဘူး"

တရားရေးအရာရှိက တည်တည်ကြီး ပြန်ပြောသည်။

"ကောင်းပြီလေ၊ ချွတ်ရမယ် ဆိုရင်လည်း ..."

သူ့ပါးစပ်မှ ရေရွတ်ရင်း ခုတင်ပေါ်တွင် ထိုင်ကာ ခြေအိတ်များကို ချွတ်နေတော့သည်။ သူ့အနေနှင့် သည်းမခံနိုင်လောက်အောင် ကသိကအောက်

ဖြစ်နေသည်။ သူတို့တတွေက အားလုံး အဝတ်အစား တွေ ဝတ်ထားပြီး သူ့မှာက အဝတ်အစား မရှိချေ။ အံ့ဩစရာ ကောင်းသည်ကတော့ သူသည် အဝတ်အစားများ မရှိသောအခါ သူတို့ရှေ့တွင် အပြစ်ရှိသလို ဖြစ်နေသည်။ သူက သူတို့ထက် နိမ့်ကျသည်ဟု ထင်စရာ ဖြစ်နေသည်။ သူတို့အနေနှင့် သူ့ကို ကောင်းကောင်းကြီး ရှုံ့ရှာ စက်ဆုပ်ပိုင်ခွင့် ရှိနေကြတော့သည်။

"အကုန်လုံး အဝတ်တွေ ချွတ်ထားကြမယ်ဆိုရင်တော့ ငါတယောက်အနေနဲ့ ဘာမှ ရှက်စရာမရှိဘူး၊ ဒါပေမဲ့ ငါတယောက်တည်း အဝတ်တွေ ချွတ်ထားရပြီး အားလုံးက ဝိုင်းကြည့်နေကြတယ်ဆိုတော့ ရှက်စရာကြီးပဲ"

သူ့စိတ်ထဲတွင် ယင်းသို့ ထပ်တလဲလဲ တွေးနေမိသည်။

"အိပ်မက် မက်နေသလိုပဲ၊ ဒီလိုမျိုး သိက္ခာကျရပုံမျိုး ငါ ခဏ ခဏ အိပ်မက် မက်ခဲ့ရတယ်"

သူ့အဖို့ ခြေအိတ်များကို ချွတ်ရသည်မှာ အဆိုးဝါးဆုံးပင် ဖြစ်သည်။ သူ၏ခြေအိတ်များသည် အင်မတန် ညစ်ပတ်နေကြသည်။ သူ၏ အတွင်းခံ အဝတ်များမှာလည်း ထိုအတိုင်းပင်။ ယခုတော့ သူတို့အားလုံး မြင်ကုန်ကြပြီ။ သည့်ထက်ပိုပြီး ဆိုးသည်ကတော့ သူ၏ခြေထောက်များကို သူ မကြိုက်ခြင်းပင် ဖြစ်သည်။ သူ၏ ခြေချောင်းကြီးတွေက အရုပ်ဆိုး အကျည်းတန်လှသည်ဟု သူ တသက်လုံး မှတ်ယူခဲ့သည်။ အထူးသဖြင့် ကြမ်းပြီး ပြားကာ ခြေသည်းတွေ အထက်သို့ လန်တက်နေ သော ညာဘက်ခြေချောင်းများကို အစက်ဆုပ်ဆုံး ဖြစ်သည်။ ယခုတော့ ဒါတွေကို သူတို့ မြင်ကုန်ကြပြီ။ မည်သို့မျှ သည်းမခံနိုင်လောက်အောင် အရှက်ကြီး ရှက်လာသောအခါ သူ၏ အပြောအဆို အမူအရာများ ရိုင်းစိုင်းကြမ်းတမ်းလာတော့သည်။

"ခင်ဗျားတို့ နောက်ထပ် ဘယ်နေရာကော ရှာချင်ကြသေးသလဲ၊ အရှက်မရှိကြဘူး ဆိုရင်ပေါ့"

"လောလောဆယ်တော့ မလိုသေးပါဘူး"

"ဒါဖြင့် ကျုပ်က အခုလိုပဲ ကိုယ်တုံးလုံးကြီး နေရမှာလား"

သူက ခပ်ရိုင်းရိုင်းပင် မေးလိုက်သည်။

"ဟုတ်ကဲ့၊ ခင်ဗျား လောလောဆယ်တော့ ဒီအတိုင်းပဲ နေရပါလိမ့်မယ်၊ ကျေးဇူးပြုပြီး ခဏကလေး ထိုင်နေပါ၊ အိပ်ရာပေါ်က စောင်တထည် ယူပြီး ခင်ဗျားကိုယ်ကို ပတ်ထားပါ။ အဲဒီကိစ္စတွေအားလုံး ကျုပ် ကြည့်စီစဉ်ပါ့မယ်"

ပစ္စည်းများအားလုံးကို သက်သေများအား ပြသည်။ ရှာဖွေ သိမ်းဆည်းသော ပစ္စည်းများကို စာရင်း ပြုလုပ်သည်။ ထို့နောက် တရားရေးအရာရှိသည် အဝတ်အစားများအားလုံးကို သူနှင့်အတူ ယူပြီး ထွက်သွားသည်။ အမှုလိုက်ရှေ့နေလည်း ထွက်သွားသည်။ မစ်တယာ ရွာသားတွေနှင့်အတူ ကျန်ရစ်သည်။ ၎င်းတို့က သူ့ကို မျက်ခြည်မပြတ်ကြည့်နေကြသည်။ မစ်တယာ သူ့ကိုယ်ကို စောင်ဖြင့် ပတ်ထားသည်။ သူအေးနေသည်၊ ခြေအိတ်မရှိ၊ ခြေထောက်က အပြင်ကိုထွက်နေသည်။ ခြေထောက် တခုလုံး လုံအောင် စောင်ကို ဆွဲ၍ မရပါ။ တရားရေးအရာရှိက တော်တော်နှင့် ပြန်မလာပါ။

"မတရားကြတာပဲ၊ ငါ့ကို ခွေးတကောင်လို ဆက်ဆံကြတာပဲ" မစ်တယာ အံသွားတကြိတ်ကြိတ်ဖြင့် ရေရွတ်သည်။

"သောက်ကန်းမသား ရှေ့နေလည်း သွားပြီ။ ရွံလို့ ထွက်သွားတာပဲ၊ အဝတ်အစား မရှိတဲ့ လူတယောက်ကို ကြည့်ရတာ မသတီလို့ပဲ"

သို့သော် သူ၏ အဝတ်အစားများကို အခြားအခန်းတခုတွင် စစ်ဆေးကြည့်ရှုပြီးနောက် ၎င်းတို့ကို သူ့အား ပြန်ပေးလိမ့်မည်ဟု မစ်တယာ ထင်နေသည်။ ယင်းကြောင့်ပင် သူသည် တခြား အဝတ်အစားတွေကို ရွာသားတယောက်အား သယ်ဆောင်စေပြီး တရားရေးအရာရှိ ပြန်လာသည်ကို တွေ့ရသောအခါ ဒေါသဖြစ်ရတော့သည်။

"ဟောဒီမှာ ခင်ဗျားအတွက် အဝတ်အစားတွေ" တရားရေးအရာရှိက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။ သူက သူ၏လုပ်ငန်း အောင်မြင်ပြီးစီးသွားသဖြင့် ကျေနပ်နေဟန်ရှိသည်။ "မစ္စတာ ကာဂါနော့က လောလောဆယ် အရေးပေါ်ကိစ္စအတွက် စေတနာနဲ့ ကူညီလိုက်တာပဲ၊ ရှပ်အင်္ကျီ ကောင်းကောင်း သန့်သန့် တထည်နဲ့ အတူပေါ့။ ကံကောင်းချင်တော့ ဒီပစ္စည်းတွေက သူ့သေတ္တာထဲမှာ ရှိနေကြ တယ်၊ ခင်ဗျားခြေအိတ်နဲ့ အတွင်းခံတွေကို ခင်ဗျား ပြန်ဝတ်နိုင်တယ်"

မစ်တယာ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ...

"သူများအဝတ်တွေကို ကျုပ် မဝတ်ဘူး၊ ကျုပ်အဝတ်တွေ ကျုပ်ကို ပြန်ပေးပါ"

"ဝမ်းနည်းပါတယ်၊ အဲဒါ မဖြစ်နိုင်ပါဘူး"

"ကျုပ်အဝတ်တွေကို ကျုပ် ပြန်ပေးပါ၊ ကာဂါနော့နဲ့ ကာဂါနော့အဝတ်တွေ ဘေးချိတ်ထားလိုက် စမ်းပါ"

သူတို့ သူ့ကို အကြာကြီးကြာအောင် သွေးဆောင် ဖြားယောင်းကြရသည်။ သူ၏ အဝတ်အစားများ သည် သွေးများ ပေကျံစွန်းထင်းနေကြသဖြင့် 'သက်သေခံ ပစ္စည်းများနှင့် အတူ' စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ 'ဖြစ်ပေါ်လာမည့် အမှုအခြေအနေအရ ဤအဝတ်အစားများကို သူ့ကို ဝတ်ဆင်ခွင့် ပေးရန်' သူတို့တွင် အခွင့်မရှိကြောင်း မစ်တယာ သဘောပေါက်အောင် ရှင်းပြကြသည်။ နောက်ဆုံးတွင် ယင်းအချက်ကို မစ်တယာ သဘောပေါက်သွားသည်။

မစ်တယာ သုန်မှုန်တိတ်ဆိတ်သွားပြီး အဝတ်အစားများကို ကမန်ကတန်း ဝတ်ဆင်သည်။ သူက အဝတ်အစားတွေကို ဝတ်နေရင်း တခုပဲ ပြောသည်။ ကာဂါနော့၏အဝတ်များသည် သူ့အဝတ်များ ထက် ဟောင်းနေပြီး 'ဤအခွင့်အရေးကို' သူ မလိုချင်ဟု ဆိုသည်။ နောက်ပြီး သူ့အဝတ်တွေက ကြည့်မကောင်းအောင် ကျပ်နေသည်ဟု ဆိုသည်။ "ခင်ဗျားတို့အတွက် ရယ်စရာ လူပြက်ကြီး ဖြစ်နေတာပဲ"

သည်အခါတွင် သူပြောသည်မှာ ပိုလွန်းနေကြောင်း သူတို့က ရှင်းပြကြရပြန်သည်။ မစ္စတာ ကာဂါနော့သည် သူ့ထက် မဆိုစလောက်ကလေးသာ အရပ်မြင့်သဖြင့် ဘောင်းဘီရှည် တခုသာလျှင် အနည်းငယ် ရှည်နေမည် ဖြစ်ကြောင်း၊ ကုတ်အင်္ကျီမှာမူ ပခုံး အတော်ပင်ဖြစ်ကြောင်း ပြောဆိုကြ သည်။

"တော်စမ်းပါ၊ ကြယ်သီးတွေ ကျုပ်တပ်လို့မရဘူး" မစ်တယာ ရေရွတ်လိုက်ပြန်သည်။ "ကျေးဇူးပြုပြီး ကျုပ်ကို တခု ကူညီကြစမ်းပါ။ ကျုပ်က ပြောတယ်လို့ ကာဂါနော့ကို အခုချက်ချင်း ပြောပေးကြစမ်း ပါ။ သူ့အဝတ်အစားတွေကို ကျုပ်သဘောနဲ့ ငှားဝတ်တာ မဟုတ်ဘူးလို့ ... ကျုပ် မဝတ်ချင်ဘဲနဲ့ လူပြက်တယောက်လို ဝတ်ရတဲ့အကြောင်း ပြောပေးကြစမ်းပါ"

"ဒီအကြောင်းကို သူ ကောင်းကောင်း နားလည်ပါတယ်၊ နောက်ပြီးတော့ ဒီအဖြစ်အပျက် တခုလုံး အတွက် သူ အတော်ကြီးကို စိတ်မကောင်း ဖြစ်နေပါတယ်"

တရားရေးအရာရှိက မပွင့်တပွင့် ပြောလိုက်သည်။

"အို ... သူ စိတ်မကောင်းတာ ကောင်းတာကို ကျုပ် ဂရုမစိုက်ပါဘူး၊ ကဲ အခု ဘာလုပ်ကြမလဲ၊ ကျုပ် ဒီမှာပဲ ထိုင်နေရမှာလား"

"တဖက်ခန်း" သို့ ပြန်သွားရန် သူ့ကို သူတို့ပြောသည်။ မစ်တယာ မည်သူ့ကိုမျှ မကြည့်ဘဲ ဒေါသဖြင့် အခန်းထဲသို့ ဝင်သွားသည်။ သူတပါး၏အဝတ်အစားတွေကို ဝတ်ထားရသဖြင့် ရှက်နေသည်။ ရွာသားများနှင့် ဆိုင်ရှင်ရှေ့မှာပင် ရှက်နေသည်။ ဆိုင်ရှင် အဘိုးကြီးသည် တံခါးဝတွင် ရုတ်တရက် ပေါ်လာပြီး ထို့နောက် ချက်ချင်းပင် ပြန်ပျောက် သွားသည်။

“လူပြက်ဆိုပြီး လာကြည့်တာပဲ”

မစ်တယာ စိတ်ထဲတွင် တွေးလိုက်မိသည်။ စောစောက နေရာမှာပင် သူ ထိုင်လိုက်သည်။ သူ့စိတ်ထဲ တွင် ထမင်းလုံးတစ္ဆေ အခြောက်ခံရသလို ခံစားနေရသည်။ သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေသည်ဟု ထင်ရသည်။

“ကဲ အခု ဘာလုပ်ကြမလဲ၊ ကျုပ်ကို ကြိမ်ဒဏ်ပေးကြမှာလား၊ ခင်ဗျားတို့မှာ လုပ်စရာ ဒါပဲ ရှိတော့တယ်”

သူက သွားကို နာနာကြိတ်ပြီး အမှုလိုက်ရှေ့နေကို ပြောလိုက်သည်။ တရားရေး အရာရှိဘက်သို့ သူ မလှည့်ပါ။ ၎င်းကို သူ စကားမပြောချင်ဟန်ဖြင့် ဖြစ်သည်။

“သူ ငါ့ခြေအိတ်တွေကို သေသေချာချာ ကြည့်တာပဲ၊ သောက်ကန်းမသား ... အတွင်း အပြင်တောင် လှန်ပြီး ကြည့်ပုံရတယ်၊ ဒါ တမင်တကာ လုပ်တာပဲ၊ ငါ့ခြေအိတ်တွေ ဘယ်လောက် ညစ်ပတ်တယ် ဆိုတာ လူတွေအားလုံး မြင်အောင် လုပ်တာပဲ”

“ကောင်းပြီ ... ကျုပ်တို့ အခု သက်သေတွေကို စပြီး စစ်ကြမယ်”

တရားရေးအရာရှိက မစ်တယာကို အဖြေပေးဟန်ဖြင့် ပြောလိုက်သည်။

“ဟုတ်တယ်”

အမှုလိုက်ရှေ့နေက တစုံတခုကို စဉ်းစားဟန်ဖြင့် ဝင်ပြောသည်။

“ခင်ဗျားအကျိုးကို ရှေးရှုပြီး ကျုပ်တို့ အတတ်နိုင်ဆုံး ဆောင်ရွက်ပါမယ်” တရားရေး အရာရှိက ဆက်ပြောသည်။ “ဒါပေမဲ့ ပိုက်ဆံတွေကို ခင်ဗျား ဘယ်လို ရတယ်ဆိုတဲ့အကြောင်း ခင်ဗျားက ပြင်းပြင်းထန်ထန် ငြင်းဆန်နေတော့ ကျုပ်တို့ဟာ လောလောဆယ် အခြေအနေမှာ ...”

“ခင်ဗျားလက်စွပ်က ကျောက်က ဘာကျောက်လဲ”

မစ်တယာ ရုတ်တရက် ကြားဖြတ်ပြီး မေးလိုက်သည်။ တွေဝေ မိန်းမောနေရာမှ နိုးကြားလာသည့် အလား တရားရေးအရာရှိ၏ လက်ယာဘက်လက်တွင် ဝတ်ဆင်ထားသော လက်စွပ်ကြီးများအနက် လက်စွပ်ကြီးတကွင်းကို လက်ညှိုးထိုးပြရင်း မေးလိုက်ခြင်း ဖြစ်သည်။

“လက်စွပ် ဟုတ်လား ....”

တရားရေးအရာရှိ အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ဟိုလက်စွပ် လက်ခလယ်မှာ ဝတ်ထားတဲ့ အသွေးကောင်းကောင်း လက်စွပ် … အဲဒါ ဘာ ကျောက်အမျိုးအစားလဲ"

မစ်တယာက ကျားကုတ်ကျားခဲနိုင်သော ကလေးတယောက်လို မေးလိုက်သည်။

"မီးခိုးရောင် ဥဿဖရားပဲ၊ ကြည့်ချင်လို့လား၊ ကျွန်တော် ချွတ်လိုက်မယ်လေ" တရားရေး အရာရှိက ခပ်ပြုံးပြုံး ပြောသည်။

"နေပါစေ၊ နေပါစေ၊ မချွတ်ပါနဲ့" မစ်တယာ ဒေါသတကြီး အော်လိုက်သည်။ ရုတ်တရက် သတိ ဝင်လာပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်သွားဟန် ရှိသည်။ "မချွတ်ပါနဲ့၊ မလိုပါဘူး၊ တော်စမ်း၊ ဒီမှာ လူကြီးမင်းတို့…. ခင်ဗျားတို့ဟာ ကျွန်တော့်စိတ်တွေကို ညှိုးနွမ်းအောင် လုပ်ပစ်ကြတာပဲ၊ ကျွန်တော်ဟာ ကျွန်တော့်အဖေကို သတ်ခဲ့ရင် အဲဒါကို ဖုံးထားနိုင်မယ်၊ ဖိထားနိုင်မယ်၊ လိမ်ထားနိုင်မယ်၊ ညာထားနိုင်မယ်လို့ ခင်ဗျားတို့ တကယ်ပဲ ထင်နေကြသလား။ မဟုတ်သေးဘူး၊ ဒီမီထရီ ကာရာမာဇော့ဟာ ဒီလိုလူမျိုး မဟုတ်ဘူး၊ သူ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး၊ ဒီမယ် … ကျုပ် ကျိန်ပြီး ပြောမယ်၊ ကျုပ်ဟာ အဲဒီပြစ်မှုကို ကျူးလွန်ခဲ့လို့ရှိရင် ခင်ဗျားတို့ ရောက်လာမှာကိုလည်း စောင့်မနေဘူး၊ ကျုပ် ပထမ ရည်ရွယ်ထားတဲ့အတိုင်း ကျုပ်ကိုယ်ကျုပ် ပစ်သတ်ဖို့ မနက်လင်းတဲ့ အထိလည်း စောင့်မနေတော့ဘူး၊ အရုဏ်တက်မည့်အချိန်ကို စောင့်မနေဘဲ ကိုယ့်ကိုယ်ကိုယ် သတ်ပစ်လိုက်မှာပဲ၊ အဲဒါကို ခုအချိန်မှာ ကျုပ် ကောင်းကောင်းကြီး သိနေတယ်၊ ကျုပ်ဟာ ကနေ့ ညမှာ နားလည်သိရှိရခဲ့တဲ့ အသိမျိုးကို ကျုပ်ဘဝ အနှစ်နှစ်ဆယ်အတွင်းမှာ လုံးဝ မသိခဲ့ဘူး။ ကျုပ်ဟာ ကျုပ်အဖေကိုသတ်တဲ့ လူသတ်သမား ဖြစ်ခဲ့ရင် ကနေ့ညမှာ ဒီလိုမျိုးတွေ ကျုပ် လုပ်နိုင်ပါ့မလား၊ ဒါမှမဟုတ် အခုလိုအချိန်မျိုးမှာ ခင်ဗျားတို့နဲ့ အတူထိုင်ပြီး အခုလိုမျိုးတွေ ပြောနိုင်ပါ့မလား၊ အခုလိုမျိုးတွေ လုပ်နိုင်ပါ့မလား၊ ခင်ဗျားတို့နဲ့တကွ ကမ္ဘာလောကကြီးကို အခုလို ရင်ဆိုင်နိုင်ပါ့မလား၊ ဂရီဂိုရီကို မတော်တဆများ သတ်မိခဲ့သလားဆိုတဲ့ အတွေးကတောင် ကျုပ်ကို တညလုံး ကယောင်ချောက်ချား ဂနာမငြိမ် ဖြစ်စေခဲ့တယ်၊ အဲဒါက ကျုပ် ကြောက်လို့ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ အပြစ်ဒဏ်ကို ကြောက်လို့ မဟုတ်ဘူး။ အင်မတန် ရှက်စရာကောင်းလို့ပဲ။

"ဒီမယ် ခင်ဗျားတို့လို ဘာကိုမှ မမြင်တဲ့လူ၊ ဘာကိုမှ မယုံတဲ့လူ … သူတပါးကို သရော်စော်ကားဖို့ပဲ နားလည်တဲ့ စက္ခုနှစ်ကွင်း အလင်းမရရှိတဲ့ လူတွေကို ခင်ဗျားတို့ စွပ်စွဲတဲ့အပြစ်က လွတ်အောင် ကျုပ် ကျူးလွန်ထားတဲ့ တခြား ရှက်စရာ အလုပ်တခုကို ပွင့်ပွင့်လင်းလင်း ထုတ်ပြီး ပြောလိမ့်မယ်လို့

ခင်ဗျားတို့ထင်ထားကြသလား... ဝေးသေးတယ်၊ တသက်တကျွန်းပဲ ခံသွားမယ်၊ နောက်ဖေးတံခါးကို ဖွင့်ပြီး အဲဒီတံခါးကနေ ဝင်သွားတဲ့လူဟာ ကျုပ်အဖေကို သတ်တဲ့လူပဲ၊ ကျုပ်အဖေကို ဓားပြတိုက်တဲ့ လူပဲ၊ အဲဒီလူဟာ ဘယ်သူလဲ၊ ကျုပ် ခေါင်းခြောက်အောင် စဉ်းစားကြည့်တယ်။ ဒါပေမဲ့ ဘယ်သူ ဆိုတာ မပြောနိုင်ဘူး။ ဒါပေမဲ့ အဲဒီလူဟာ ဒီမိထရီ ကာရာမာဇော့ မဟုတ်ဘူး ဆိုတာတော့ ခင်ဗျားတို့ကို ကျုပ် ပြောနိုင်တယ်။ ခင်ဗျားတို့ကို ကျုပ် ပြောနိုင်တာကတော့ အဲဒါပဲ၊ ဒါပဲ တော်ပြီ၊ တော်လောက်ပြီ။ ကျုပ်ကို နောက်ထပ် အနှောင့်အယှက် မပေးကြပါနဲ့တော့။ ကျုပ်ကို ဆိုက်ဗေးရီးယား ပို့ကြပါ၊ ကျုပ်ကို ကြိုးစင်တင်ကြပါ၊ ဒါပေမဲ့ ကျုပ်ကို နောက်ထပ် ဒုက္ခ မပေးကြ ပါနဲ့တော့၊ ကျုပ်ပြောစရာ ရှိတာတွေကို ကျုပ် အားလုံး ပြောပြီးပြီ၊ နောက်ထပ် ဘာမှ ပြောစရာ မရှိတော့ဘူး၊ ခင်ဗျားတို့ သက်သေတွေကို ခေါ်ကြပေတော့”

မစ်တယာသည် နောက်ထပ် ဘာစကားတခွန်းကိုမျှ ထပ်ပြီး မပြောတော့မည့်အလား ဗာရာဏသီ စကားရှည်ကြီးကို ရုတ်တရက် ပြောချလိုက်သည်။

အမှုလိုက်ရှေ့နေသည် တချိန်လုံး သူ့ကို စောင့်ကြည့်နေခဲ့ပြီး သူ့စကား ဆုံးသွားသောအခါတွင်မှ တည်ငြိမ်အေးဆေးစွာဖြင့် ပြန်ပြောသည်။ သာမန် စကားတခွန်းကို ပြောသည့်အလားပင် ဖြစ်သည်။

“ခင်ဗျား အခုပြောသွားတဲ့ ပွင့်နေတဲ့ တံခါးကိစ္စကို ကျုပ်တို့မှာ ပြောစရာသတင်း ရှိပါတယ်။ ခင်ဗျားအတွက်ရော၊ ကျုပ်တို့အတွက်ရော အင်မတန် အရေးကြီးတဲ့ သတင်း အချက်အလက် တခုပါပဲ။ အဲဒီသတင်းကို ပေးတဲ့လူကတော့ ဂရီဂိုရီပဲ၊ ခင်ဗျားရိုက်ခဲ့တဲ့ အဘိုးကြီးပဲ၊ အဘိုးကြီးဟာ သတိရတာနဲ့ တပြိုင်နက် ကျုပ်တို့မေးတဲ့ မေးခွန်းတွေကို ရှင်းရှင်းလင်းလင်းနဲ့ လေးလေးနက်နက် ပြန်ပြီး ဖြေတာကတော့ ခြံထဲမှာ ခင်ဗျားရှိနေတုန်း ပိတ်ထားတယ်လို့ဆိုတဲ့ တံခါးဟာ လုံးဝကြီး ပွင့်နေတယ်ဆိုတာပဲ။ တံခါးပွင့်နေတာကို ခြံထဲကို ရောက်ရောက်ချင်း သူ သတိပြုမိတယ်တဲ့။ ပြတင်းပေါက်နားကနေပြီး ခင်ဗျား ထွက်ပြေးသွားတာကို သူ မတွေ့ခင်ကတည်းက တံခါးပွင့်နေတာ ကို သူ တွေ့တယ်တဲ့။ ပြတင်းပေါက် ပွင့်နေတာကိုလည်း သူ မြင်တယ်တဲ့။ တချိန်တည်းမှာပဲ သူ ဘယ်ဘက်ကို ကြည့်လိုက်တဲ့အခါမှာ ပိတ်နေတယ်လို့ ခင်ဗျားပြောတဲ့တံခါးဟာ ပွင့်နေတယ်တဲ့။ အဲဒီတံခါးက သူရှိနေတဲ့နေရာနဲ့ ပိုပြီး နီးတယ်တဲ့။ ခင်ဗျားဟာ အဲဒီပွင့်နေတဲ့ တံခါးပေါက်ကနေ ထွက်လာတာပဲ ဖြစ်ရမယ်ဆိုတာကိုလည်း ဂရီဂိုရီက သေသေချာချာ ထွက်ဆိုပြီး ခိုင်ခိုင်မာမာ သက်သေခံတယ်။ အဲဒီလို ခင်ဗျား ထွက်ပြေးလာတာကို သူ့မျက်စိနဲ့တော့ တပ်အပ်မမြင်ရဘူးတဲ့၊ ခင်ဗျားကို သူ ပထမဆုံး တွေ့ရတဲ့အချိန်မှာ ခင်ဗျားဟာ သူနဲ့ တော်တော်ကလေး အဝေးမှာ

ရောက်နေပြီတဲ့၊ ခြံတံတိုင်းဆီကို ပြေးနေပြီတဲ့ ....”

မစ်တယာ ထိုင်ရာမှ ခုန်ထလိုက်ပြီး ဟစ်အော်သည်။

“အဓိပ္ပာယ်မရှိတာပဲ၊ ဒါ သက်သက် လိမ်တာပဲ၊ တံခါးပွင့်နေတာကို သူ ဘယ်လိုမှ မမြင်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တံခါးက ပိတ်နေလို့ပဲ၊ သူ လိမ်ပြောတာပဲ”

“သူ့အနေနဲ့ ဒီအချက်ကို အခိုင်အမာ ထွက်ဆိုသွားတဲ့အကြောင်း တာဝန်အရ ကျုပ် ထပ်ပြီး ပြောပါတယ်။ သူ ကျမ်းကျိန်ပြီး ပြောပါတယ်၊ ကျုပ်တို့ သူ့ကို သေချာအောင် ထပ်တလဲလဲ မေးခဲ့ပါတယ်”

“ဟုတ်တယ်၊ အဲဒါ အမှန်ပဲ၊ ကျုပ် သူ့ကို အကြိမ်ပေါင်းများစွာ မေးခဲ့တယ်” တရားရေး အရာရှိက အတည်ပြု ပြောဆိုသည်။

“ဒါမမှန်ဘူး၊ မမှန်ဘူး။ ဒါ ကျုပ်ကို သက်သက် အပြစ်ဖို့တာပဲ ဖြစ်ရမယ်၊ ဒါမှမဟုတ် အရူးတယောက် က ထင်ရာမြင်ရာ ပြောတာပဲ ဖြစ်ရမယ်” မစ်တယာ ဟစ်အော်သည်။ “သူ့ခေါင်းက ဒဏ်ရာကြောင့် သွေးလွန်ပြီး ကယောင်ချောက်ချားတွေ ပြောတာပဲ ဖြစ်ရမယ်၊ သူ သွေးရူးသွေးတန်း ဖြစ်နေတာပဲ”

“ဒါပေမဲ့ တံခါးပွင့်နေတာကို သူ မြင်တာက ခေါင်းမှာ ဒဏ်ရာရပြီးတဲ့နောက်မှာမှ မဟုတ်ဘူး။ ဒဏ်ရာမရခင်က မြင်တာပဲ၊ သူ အိမ်ထဲကနေထွက်ပြီး ခြံထဲကို ရောက်ရောက် ချင်း မြင်တာပဲ”

“ဒါ မမှန်ဘူး၊ ဒါ မမှန်ဘူး၊ အဲဒီလိုမျိုး မဖြစ်နိုင်ဘူး၊ သူဟာ ကျုပ်ကို ပုန်းနေလို့ တမင် အပြစ်ဖို့တာပဲ၊ သူ ဘယ်လိုမှ မမြင်နိုင်ဘူး၊ နောက်ဖေးတံခါးပေါက်ကနေ ကျုပ် ပြေးထွက်လာတာ မဟုတ်ဘူး”

မစ်တယာက အမောတကော ဟစ်အော်သည်။ အမှုလိုက်ရှေ့နေက တရားရေးအရာရှိဘက်သို့ လှည့်ပြီး အလေးအနက် ပြောလိုက်သည်။

“သူ့ကို ဟိုဥစ္စာ ပြလိုက်ပါ”

“ဒီဥစ္စာကို ခင်ဗျား မှတ်မိသလား”

တရားရေးအရာရှိက ရုံးသုံးစာအိတ်ထူထူကြီး တလုံးကို စားပွဲပေါ်တွင် တင်လိုက်ရင်း မေးသည်။ စာအိတ်ပေါ်တွင် ချိပ်တံဆိပ်သုံးခု မပျက်မယွင်း ရှိနေသည်။ စာအိတ်ထဲတွင် ဘာမျှမရှိပါ။ စာအိတ်ကို ထိပ်တဖက်မှ ဖောက်ထားသည်။ မစ်တယာက စာအိတ်ကို ပြူးစိုက်ကာ ကြည့်နေသည်။

"ဒါ ... ဒါ ... ကျွန်တော့်အဖေရဲ့စာအိတ်ပဲ ဖြစ်မယ်၊ ရူဗယ် သုံးထောင် ထည့်ထားတဲ့ စာအိတ်ဖြစ်မယ်။ စာအိတ်ပေါ်မှာ သူ ရေးထားတာ ရှိမယ်။ ကျွန်တော် ကြည့်ပါရစေ "အချစ်ဘူးကလေးအတွက်" ဟောဒီမှာ ... ရူဗယ် သုံးထောင်၊ ဒီမှာ တွေ့လား၊ ငွေသုံးထောင်" သူက ဟစ်အော်လိုက်သည်။

"ဟုတ်တယ်၊ စာကို ကျုပ်တို့ တွေ့တယ်၊ ဒါပေမဲ့ အထဲက ငွေကိုတော့ ကျုပ်တို့ မတွေ့ဘူး၊ စာအိတ်က အလွတ်ကြီးပဲ၊ ကန့်လန့်ကာရဲ့နောက်ဘက် ခုတင်အနားက ကြမ်းပြင်ပေါ်မှာ ကျနေတယ်"

မစ်တယာသည် စက်ကွင်းမိသူတဦးပမာ စက္ကန့်အနည်းငယ်မျှ ငိုင်ပြီး ရပ်နေသည်။ ပြီးမှ ရုတ်တရက် ဆိုသလို အသံကုန်ဟစ်အော်လိုက်သည်။

"လူကြီးမင်းတို့ ... ဒါ ဆမာယာကော့ပဲ၊ လူသတ်သမားဟာ သူပဲ၊ ငွေကို ယူသွားတာ သူပဲ၊ ဒီစာအိတ်ကို အဘိုးကြီး ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာကို သူတယောက်တည်း သိတယ်၊ ဟုတ်တယ် သူပဲ၊ အခုတော့ ရှင်းသွားပြီ"

"ဒီစာအိတ်အကြောင်းကို ... ဒီစာအိတ် ခေါင်းအုံးအောက်မှာ ရှိတဲ့အကြောင်း ခင်ဗျားလည်း သိတယ် မဟုတ်လား"

"ကျွန်တော် ဘယ်တုန်းကမှ မသိခဲ့ဘူး။ ဒီစာအိတ်ကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။ အခုမှ ပထမဆုံး အကြိမ် မြင်ဖူးတာပဲ၊ ဒီစာအိတ်အကြောင်းကို ဆမာယာကော့ဆီကပဲ ကြားဖူးတယ်၊ ဒီစာအိတ်ကို အဘိုးကြီး ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ သူတယောက်တည်းပဲ သိတယ်၊ ကျုပ် မသိဘူး"

မစ်တယာ အသက်ရှူမမှန်ဘဲ ကြေညာလိုက်သည်။

"ဒါပေမဲ့ ခင်ဗျား စောစောက ထွက်ဆိုသွားတဲ့အထဲမှာ စာအိတ်ဟာ ခင်ဗျားအဖေရဲ့ ခေါင်းအုံး အောက်မှာလို့ ပြောသွားတယ် မဟုတ်လား၊ ခေါင်းအုံးအောက်မှာဆိုပြီး ခင်ဗျား အသေအချာ ထွက်သွားတာပဲ၊ အဲဒီတော့ စာအိတ် ဘယ်နေရာမှာ ရှိတယ်ဆိုတာကို ခင်ဗျား သိတာပေါ့"

"ခင်ဗျား ထွက်ဆိုချက်ကို ကျုပ်တို့ ရေးထားတယ်"

"အဓိပ္ပာယ် မရှိတာပဲ၊ မဖြစ်နိုင်တာပဲ၊ စာအိတ်ဟာ ခေါင်းအုံးအောက်မှာ ဆိုတာကို ကျုပ် နည်းနည်း ကလေးမှ မသိပါဘူး။ နောက်ပြီးတော့ စာအိတ်ဟာ ခေါင်းအုံးအောက်မှာ တကယ်မရှိတာလည်း ဖြစ်နိုင်တယ်။ ခေါင်းအုံးအောက်မှာ စာအိတ်ရှိတယ်လို့ ကျုပ် ထင်တာကို လွှတ်ခနဲ ပြောလိုက်မိတာ ပဲ။ ဆမာယာကော့ ဘာပြောသလဲ၊ စာအိတ် ဘယ်မှာ ထားတယ်ဆိုတာကို ခင်ဗျားတို့ သူ့ကို မေးပြီးကြပြီလား။ ဒါ သိပ်အရေးကြီးတယ်။ ကျုပ်ကိုယ်ကျုပ်

ဒုက္ခပေးတဲ့စကားတွေကို ကျုပ် တမင်တကာ လိမ်ညာပြီး ပြောခဲ့တာပဲ၊ ကျုပ်အနေနဲ့ ဘယ်လိုမှ မစဉ်းစားဘဲနဲ့ ခေါင်းအုံးအောက် မှာလို့ ပြောခဲ့တာပဲ။ အခုတော့ ခင်ဗျားတို့က ... အို လူတွေဟာ ဘယ်လိုမှ မရည်ရွယ်ဘဲနဲ့ အမှားတွေကို ပြောတတ်တယ်ဆိုတာ ခင်ဗျားတို့ သိပါတယ်။ ဒီကိစ္စကို ဆမာယာကော့ပဲ သိတယ်။ ဆမာယာကော့ တယောက်တည်း သိတယ်။ တခြား ဘယ်သူမှ မသိဘူး။ နောက်ပြီးတော့ စာအိတ် ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သူ ကျုပ်ကို မပြောဘူး။ ဒါ သူ့လက်ချက်ပဲ၊ သူ့လက်ချက်ပဲ။ ကျုပ်အဖေကို သတ်တဲ့လူဟာ သူပဲဆိုတာကို အခု ကျုပ် နည်းနည်းကလေးမှ သံသယ မရှိတော့ဘူး။ လယ်ပြင်မှာ ဆင်သွားသလို ရှင်းနေတယ်”

မစ်တယာက တစထက်တစ ဆိုးပြီး အရူးအမူး အသည်းအသန် ပြောလာသည်။ အမြီးအမောက် မတည့်ဘဲ ထပ်တလဲလဲ ပြောနေသည်။ သူသည် စိတ်တွေ ပိုမိုလှုပ်ရှားလာပြီး စိတ်မာန်များ ကြွလာသည်။

“အဲဒါကို ခင်ဗျားတို့ နားလည်ပါ။ သူ့ကို အခုချက်ချင်း ဖမ်းကြပါ၊ အခုချက်ချင်း ဖမ်းကြပါ။ ကျုပ် အဲဒီက ထွက်ပြေးလာခဲ့ပြီး ဂရိဂိုရီ သတိမေ့နေတဲ့ အချိန်အတွင်းမှာ အဘိုးကြီးကို သူ သတ်တယ် ဆိုတာကို ကျုပ် သေသေချာချာကြီး သိတယ်၊ သိပ်ပြီးမှ ရှင်းနေတယ်။ သူက တံခါးကို ခေါက်ပြီး အချက်ပေးလိုက်တဲ့အချိန်မှာ အဖေက သူ့ကို တံခါးဖွင့်ပေးလိုက်တာပဲ။ အချက်ပေးစနစ်ကိုသိတာ သူပဲရှိတယ်။ အချက်မပေးဘဲနဲ့ အဖေဟာ ဘယ်သူ့ကိုမှ တံခါးဖွင့်ပေးမှာ မဟုတ်ဘူး”

“ခင်ဗျား တခု မေ့နေပြန်ပြီ” အမှုလိုက်ရှေ့နေက အနည်းငယ် ချုပ်တည်းဟန်ဖြင့် ပြောလိုက်သည်။ သို့သော် အောင်ပွဲရသည့်အသွင်က ပေါ်လွင်နေသည်။ “ခြံထဲကို ခင်ဗျား ရောက်နေတဲ့အချိန်မှာ တံခါးဟာ ပွင့်နေပြီမို့ ဘာမှအချက်ပေးနေစရာ မလိုတော့ဘူး”

“တံခါး၊ တံခါး ...”

မစ်တယာ ရေရွတ်လိုက်ပြီးနောက် ဘာမှမပြောတော့ဘဲ အမှုလိုက်ရှေ့နေကြီးကို ငေးစိုက်ကာ ကြည့်နေသည်။ ထို့နောက် ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူတို့အားလုံး တိတ်ဆိတ်နေကြသည်။

“ဟုတ်တယ် ... တံခါး၊ တံခါးဟာ ဖြုပ်ဆိုးပဲ၊ ဘုရားသခင်က ကျုပ်ကို ဒဏ်ခတ်လိုက်တာပဲ”

ရှေ့တည့်တည့်ကို ငေးစိုက်ကြည့်နေရင်း မစ်တယာ ပြောလိုက်သည်။

“အဲဒီတော့ ခင်ဗျားအခြေအနေကို ခင်ဗျား တွက်ကြည့်ပါ” အမှုလိုက်အရာရှိက တည်ငြိမ်လေးနက်စွာ ပြောသည်။ “တဖက်မှာက တံခါးပွင့်နေတယ်ဆိုတဲ့ အထောက်အထား ရှိနေတယ်။ အဲဒီတံခါးကနေ ခင်ဗျား ပြေးထွက်သွားတယ်။ အဲဒါက ခင်ဗျားကိုရော ကျုပ်တို့ကိုရော လွှမ်းမိုးနေတဲ့ အချက်ပဲ။ နောက်တဖက်မှာက ခင်ဗျားဟာ သဘောမပေါက်နိုင်ဘူး၊ ခေါင်းမာနေတယ်။ ခင်ဗျားလက်ထဲကို ဖြုန်းစားကြီး ရောက်လာတဲ့ ပိုက်ဆံတွေနဲ့ ပတ်သက်လို့ ဘယ်ကရတယ်ဆိုတာကို မပြောဘဲ ရေငုံနှုတ်ပိတ်နေတယ်။ အဲဒီပိုက်ဆံတွေ ခင်ဗျားလက်ထဲကို မရောက်ခင် သုံးနာရီလောက်ကဆိုရင် ခင်ဗျားကိုယ်တိုင် ထွက်ဆိုချက်အရ ခင်ဗျားဟာ ငွေကလေး တဆယ် ရူဗယ် ရဖို့အတွက် ခင်ဗျားသေနတ်တွေကို ပေါင်ခဲ့ရတယ်၊ ဒီအချက်အလက်တွေကို အခြေခံပြီး ခင်ဗျားကိုယ်တိုင် စဉ်းစားကြည့်စမ်းပါ။ ကျုပ်တို့က ဘာကို ယုံရမှာလဲ၊ ဘာပေါ်မှာ အခြေခံပြီး ခင်ဗျားအမှုကို စုံစမ်းစစ်ဆေးကြရမှာလဲ။ ကျုပ်တို့ကို ‘သွေးအေးအေးနဲ့ အပြစ်အနာ ရှာတတ်တဲ့လူတွေ၊ သရော်မော်ကား တတ်တဲ့လူတွေ’ လို့ မစွပ်စွဲပါနဲ့။ မြင့်မြတ်တဲ့ ခင်ဗျား စိတ်နှလုံးကို မယုံကြည်နိုင်တဲ့ လူတွေလို့ ဒေါသမဖြစ်ပါနဲ့၊ ကျုပ်တို့ဘက်ကနေ ခင်ဗျား စဉ်းစားကြည့်ပါ”

မစ်တယာ မဖော်ပြနိုင်လောက်အောင် စိတ်လှုပ်ရှားလျက်ရှိသည်။ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

“ကောင်းပြီ ... ကျုပ် လျှို့ဝှက်ချက်ကို ကျုပ်ပြောမယ်” သူက ရုတ်တရက် ဟစ်အော်လိုက်သည်။ “ပိုက်ဆံတွေ ဘယ်ကရတယ်ဆိုတာကို ကျုပ် ပြောမယ်၊ နောက်ပိုင်းမှာ ကျုပ်ကိုယ်ကျုပ်ရော ခင်ဗျားတို့ကိုရော အပြစ်မတင်ရအောင် ကျုပ်ရဲ့အရှက်ကို ကျုပ် ဖွင့်ပြမယ်”

“အခုလိုအချိန်မှာ ခင်ဗျားရဲ့ ရိုးရိုးသားသားနဲ့ ပြည့်ပြည့်စုံစုံ ဖြောင့်ဆိုချက်ဟာ နောက်ပိုင်းမှာ ခင်ဗျားအပေါ်မှာ ချမှတ်မယ့် ပြစ်ဒဏ်လျှော့ပေါ့စေရေးမှာ အများကြီး အကျိုးသက်ရောက်စေ လိမ့်မယ်ဆိုတာကို ခင်ဗျား ယုံပါ။ အမှန်ပါပဲ၊ နောက်ပြီးတော့ ...”

တရားရေးအရာရှိက အထူးပင် ဝမ်းမြောက်ဝမ်းသာသော လေသံဖြင့် ပြောသည်။ သို့သော် အမှုလိုက် ရှေ့နေက စားပွဲအောက်မှနေ၍ တို့လိုက်သဖြင့် သူသည် စကားကို အချိန်မီ ရပ်ဆိုင်းလိုက်နိုင်သည်။ သို့သော် မစ်တယာက သူ့စကားများကို မကြားပါ။

၇။ မစ်တယာ၏ မဟာလျှို့ဝှက်ချက် ပွင့်ထွက်ခြင်း

"လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော် ဖြောင့်ချက် အပြည့်အစုံ ပေးပါ့မယ်၊ ဒီပိုက်ဆံတွေဟာ ကျွန်တော့်ပိုက်ဆံတွေပဲ ဖြစ်ပါတယ်"သူက စောစောကအတိုင်း စိတ်လှုပ်ရှား တက်ကြွစွာဖြင့်ပင် ပြောလိုက်သည်။ တရားရေးအရာရှိနှင့် အမှုလိုက်အရာရှိတို့ မျက်နှာများ ပျက်သွားကြသည်။ ဤအဖြေက သူတို့ မျှော်လင့်ထားသော အဖြေမဟုတ်ပါ။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ" တရားရေးအရာရှိ ရွတ်ဆိုလိုက်သည်။ "ညနေ ငါးနာရီလောက်တုန်းက ခင်ဗျားရဲ့ ထွက်ချက်အရ ..."

"ညနေ ငါးနာရီက ကျုပ်ရဲ့ထွက်ဆိုချက်ကို ဘေးချိတ်ထားလိုက်စမ်းပါ။ အဲဒါတွေ အခု ဘာမှ အရေးမကြီးတော့ဘူး။ ဒီပိုက်ဆံတွေဟာ ကျုပ်ပိုက်ဆံတွေပဲ ဖြစ်တယ်။ ကျုပ်ဆိုလိုတာက ကျုပ် ခိုးထားတဲ့ ပိုက်ဆံ၊ ကျုပ်ပိုင် ပိုက်ဆံ မဟုတ်ဘူး။ အခ်ဳပ္ပာယ်က ကျုပ် ခိုးထားတဲ့ ပိုက်ဆံ ရူဗယ် တထောင့်ငါးရာ ရှိတယ်၊ အဲဒီပိုက်ဆံဟာ ကျုပ်ကိုယ်ပေါ်မှာ ရှိနေတယ်။ ကျုပ်ကိုယ်ပေါ်မှာ တလျှောက်လုံး ရှိနေတယ်"

"အဲဒီပိုက်ဆံတွေကို ခင်ဗျား ဘယ်ကရသလဲ"

"ကျုပ်လည်ပင်းက ရတာပဲ၊ ဟောဒီ ကျုပ်လည်ပင်းပေါ်က ရတာပဲ။ ဟောဒီနေရာမှာ ရှိတယ်။ ကျုပ်လည်ပင်း ပတ်ပတ်လည်မှာ ရှိတယ်။ အဝတ်စတခုနဲ့ ချုပ်ထားတယ်။ ကျုပ်လည်ပင်းမှာ ဆွဲထားတယ်။ ကျုပ်လည်ပင်းမှာ ဆွဲထားတာ တလရှိသွားပြီ။ ကျုပ်အဖို့ ရှက်စရာနဲ့ သိက္ခာ ကျစရာပဲ"

"ဘယ်သူ့ဆီက ယူထားတာလဲ"

"ဘယ်သူ့ဆီက 'ခိုးထားတာလဲ' လို့ မေးတာ မဟုတ်လား၊ ဒီအချိန်ကျတော့မှ ပွင့်ပွင့်လင်းလင်းပဲ ပြောစမ်းပါ။ ဟုတ်တယ်၊ ကျုပ်အနေနဲ့ကတော့ ခိုးထားတယ်လို့ပဲ ယူဆတယ်။ ဒါပေမဲ့ ခင်ဗျားတို့ သဘောကျတယ် ဆိုရင်တော့ 'ယူထားတယ်ပေါ့' ဒါပေမဲ့ ကျွန်တော့် အယူအဆကတော့ ခိုးထားတာ ပဲ။ မနေ့ညကတော့ အပြီးသတ် ခိုးယူလိုက်တာပဲ"

"မနေ့ညက ဟုတ်လား၊ စောစောက ခင်ဗျားပြောတော့ ခင်ဗျား ရထားတာ တလ ရှိနေပြီ ..."

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော့်အဖေဆီကတော့ မဟုတ်ဘူး။ ဘာမှ

မစိုးရိမ်ကြနဲ့၊ ကျွန်တော့်အဖေ ဆီက မဟုတ်ဘူး။ ကျွန်တော့်အဖေဆီက ခိုးတာ မဟုတ်ဘူး။ အမျိုးသမီးဆီက ခိုးတာပဲ။ ကျုပ် ခင်ဗျားတို့ကို အားလုံး ပြောပြမယ်၊ ကြားဖြတ်ပြီး မမေးကြပါနဲ့။ အခုလို ပြောရတာ မလွယ်ဘူး။ ကျွန်တော့်အဖို့ အင်မတန် ပင်ပန်းပါတယ်။ လွန်ခဲ့တဲ့ တလလောက်တုန်းက ကျွန်တော့်ရဲ့ ရည်းစားဟောင်း မစ္စကက်ထရီးနား ဗာကော့ဆက်က သူနဲ့ လာတွေ့ဖို့ ကျွန်တော့်ကို ခေါ်ပါတယ်။ သူ့ကို ခင်ဗျားတို့သိတယ် မဟုတ်လား”

“သိတာပေါ့”

“ခင်ဗျားတို့ သူ့ကို သိတယ်ဆိုတာ ကျုပ် သိပါတယ်။ သူဟာ အင်မတန် စိတ်ထား နှလုံးထား မြင့်မြတ်တဲ့ အမျိုးသမီးတယောက်ပဲ။ စိတ်နှလုံးထား မြင့်မြတ်တဲ့ လူတွေထဲမှာ အမြင့်မြတ်ဆုံးပဲ။ ဒါပေမဲ့ သူဟာ ကျုပ်ကို အချိန်အတော်အကြာကြီးကို မုန်းတီးခဲ့တယ်၊ အတော်ကြီးကြာအောင်ကို မုန်းတီးခဲ့တယ်။ အဲ ... မုန်းတီးထိုက်တဲ့အကြောင်း ကောင်းကောင်းလည်း ရှိပါတယ်။ သူဟာ ကျုပ်ကို မုန်းထိုက်လို့ မုန်းခဲ့တာပဲ”

“မစ္စ ဗာကော့ဆက်၊ ဟုတ်လား” တရားရေးအရာရှိက အံ့အားသင့်စွာဖြင့် မေးလိုက်သည်။ အမှုလိုက်ရှေ့နေကလည်း မစ်တယာကို ငေးစိုက်လျက်ရှိသည်။

“အို သူ့နာမည်ကို အကျိုးမရှိ အကြောင်းမရှိ ထည့်မပြောပါနဲ့၊ သူ့ကို ဒီဇာတ်ရှုပ်ထဲ ဆွဲသွင်းလာတဲ့ ကျုပ်ဟာ လူယုတ်မာတယောက်ပဲ။ ဟုတ်တယ်၊ ကျုပ်ကို သူ ပထမ တွေ့ရတည်းက မုန်းနေတယ် ဆိုတာ ကျုပ် သိတယ်။ တချိန်တုန်းကပဲ၊ ကျုပ်အခန်းမှာ ပထမဆုံး စပြီးတွေ့ကြတုန်းကပဲ။ အို တော်လောက်ပြီ၊ တော်လောက်ပြီ၊ ဒါတွေကို ခင်ဗျားတို့ ဘာမှ သိစရာ မလိုဘူး။ ဒါတွေကို ကျုပ် ပြောကို မပြောရဘူး၊ ကျုပ် ပြောရမှာက လွန်ခဲ့တဲ့ တလလောက်တုန်းက ကျုပ်ကို သူခေါ်တယ် ဆိုတာပဲ၊ ကျုပ်ကိုခေါ်ပြီး မော်စကိုမှာရှိတဲ့ သူ့အစ်မရဲ့ ဆွေမျိုးတယောက်ဆီကို ပို့ပေးဖို့ ကျုပ်ကို ငွေသုံးထောင် ပေးတယ်၊ (အဲဒီပိုက်ဆံကို သူကိုယ်တိုင် မပို့နိုင်တဲ့အနေမျိုးနဲ့ပဲ) အဲဒီအချိန်က ကျွန်တော့်ဘဝမှာ အင်မတန် အရေးကြီးနေတဲ့အချိန်ဖြစ်ပြီး ကျွန်တော်ဟာ အဲ အတိုချုပ်ပြောရရင် တော့ ကျွန်တော်ဟာ တခြားအမျိုးသမီးတယောက်ကို ချစ်ကြိုက်နေတယ်၊ လက်ရှိ ရည်းစားနဲ့ပဲ။ အောက်ထပ်မှာ အခုရှိနေတဲ့ အမျိုးသမီး ဂရုရှင်ကာနဲ့ပဲ၊ အဲဒီတုန်းက ကျုပ် သူ့ကို ဒီကိုခေါ်လာ တယ်။ မိုကရိုယီကို ခေါ်လာတယ်။ အဲဒီ သုံးထောင်ထဲက တဝက်ကို နှစ်ရက်အတွင်းမှာ ကျုပ် ဖြုန်းပစ်လိုက်တယ်။ တဝက်ဆိုတာ တထောင့်ငါးရာပေါ့။ ကျန်တဲ့တဝက်ကို ကျုပ်ကိုယ်ပေါ်မှာ သိမ်းထားတယ်။ အဲဒီတော့ ကျုပ်သိမ်းထားတဲ့ တထောင့်ငါးရာကို လက်ဖွဲ့တခုလို ကျုပ်လည်ပင်းမှာ ဆွဲထားခဲ့တယ်။ မနေ့ကတော့ အဲဒါကို ကျုပ် ဖြုတ်ပြီး သုံးပစ်လိုက်တယ်။ ခင်ဗျားလက်ထဲမှာ အခု ရှိနေတဲ့ ရှစ်ရာပဲ

ကျန်တယ် မစ္စတာ နီလျူဒေါ့၊ တထောင့်ငါးရာထဲက ကျန်တဲ့ပိုက်ဆံဟာ အဲဒါပဲ”

“နေပါဦး၊ အဲဒါ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ၊ လွန်ခဲ့တဲ့ တလလောက်တုန်းက ခင်ဗျား သုံးခဲ့တဲ့ ပိုက်ဆံက သုံးထောင်ပဲ၊ တထောင့်ငါးရာ မဟုတ်ဘူး၊ အဲဒါကို လူတိုင်း သိတယ်”

“ဘယ်သူ သိသလဲ၊ ဘယ်သူက ပိုက်ဆံတွေကို ရေကြည့်လို့လဲ၊ ကျုပ်က ဘယ်သူ့ကို အရေခိုင်းလို့လဲ”

“ဒါပေမဲ့ အဲဒီတုန်းက ငွေသုံးထောင်တိတိ သုံးခဲ့တယ်ဆိုတာကို ခင်ဗျားကိုယ်တိုင် လူတိုင်းကို ပြောခဲ့တာပဲ”

“ဟုတ်တယ်၊ ကျုပ်ပြောတယ်၊ တမြို့လုံးကို ကျုပ်ပြောတယ်။ တမြို့လုံးက ဒီအတိုင်း ပြောကြတယ်။ လူတိုင်းကပဲ ဒီအတိုင်း ထင်ကြတယ်။ ဒီမှာ၊ မိုကရိုယီမှာလည်း ဒီအတိုင်းပဲထင်ကြတယ်။ လူတိုင်းက သုံးထောင်လို့ ထင်ကြတယ်။ ဒါပေမဲ့ ကျွန်တော်သုံးတာ သုံးထောင် မဟုတ်ဘူး၊ တထောင့်ငါးရာပဲ။ ကျန်တဲ့ တထောင့်ငါးရာကို အိတ်ကလေးတလုံးထဲမှာထည့်ပြီး ကျုပ် ချုပ်ထားတယ်။ အဲဒါပဲ လူကြီးမင်းတို့ မနေ့က အဲဒီပိုက်ဆံကို ဘယ်ကရတယ် ဆိုတာပဲ”

“တကယ့်ကို အံ့သြစရာပဲ”

တရားရေးအရာရှိက ရေရွတ်လိုက်သည်။ အမှုလိုက်ရှေ့နေက

“ကျွန်တော် ခင်ဗျားကို မေးပါရစေ၊ အဲဒီအကြောင်းကို ခင်ဗျား ဘယ်သူ့ကို ပြောပြဖူးသလဲ၊ အဲ လွန်ခဲ့တဲ့ တလလောက်က ငွေတထောင့်ငါးရာကို ခင်ဗျား သိမ်းထားတဲ့ အကြောင်းပေါ့”

“ဘယ်သူ့ကိုမှ မပြောဘူး”

“အဲဒါ ဆန်းတယ်၊ ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မပြောဘူးဆိုတာ သေချာသလား”

“ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မပြောဘူး၊ ဘယ်သူ့ကိုမှ ဘယ်ဝါကိုမှ မပြောဘူး”

“နေပါဦး၊ ဒီကိစ္စကို ခင်ဗျား ဘာဖြစ်လို့ ရောင့်နှုတ်ပိတ်ထားရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ အခုလို လျှို့ဝှက်ထားရတာလဲ။ ဒါထက်ပိုပြီး ရှင်းရှင်းလင်းလင်း ပြောကြရအောင်၊ ခင်ဗျားရဲ့ လျှို့ဝှက်ချက် ဟာ ခင်ဗျားအဖို့ ‘ရှက်စရာ’ တခုပဲ။ ဒါပေမဲ့ တကယ့် တကယ် ပြောရရင် ကျုပ် ဆိုလိုတာက တခြားကိစ္စတွေနဲ့ နှိုင်းယှဉ်ပြီး ပြောရရင် အခုကိစ္စဟာ၊ တခြားလူတယောက် ပိုင်ဆိုင်တဲ့

ငွေသုံးထောင်ကို ရယူထားတဲ့ကိစ္စဟာ၊ နောက်ပြီးတော့ အချိန်ပိုင်း တခုလေးတင် ယူထားတဲ့ကိစ္စ ဟာ လက်လွတ်စပယ် ပေါ့ပေါ့ဆဆ လုပ်ထားတဲ့ ကိစ္စတခုပဲ။ ဘာမှ ဒါလောက်ကြီး ရှက်စရာ ကောင်းတဲ့ အလုပ်တခု မဟုတ်ဘူး။ အထူးသဖြင့် ခင်ဗျား အကျင့်စရိုက်ကို ထည့်တွက်မယ် ဆိုရင်ပေါ့။ ဒီကိစ္စကို အယုံအကြည်မဲ့စရာ အလုပ်တခု ဆိုရင်တော့ အရှက်တကွဲ အကျိုးနည်းစရာ အလုပ်တခုတော့ မဟုတ်သေးဘူး။ ကျုပ် ပြောနေတာက ခင်ဗျားအနေနဲ့ ထုတ်ပြီး ဝန်မခံပေမဲ့ မစ္စ ဗာကောဲဆက်ရဲ့ ငွေသုံးထောင်ကို ပြီးခဲ့တဲ့ လအတွင်းမှာ ခင်ဗျား သုံးပစ်လိုက်ပြီ ဆိုတာကို လူတော်တော်များများက ယုံကြည် ယူဆနေကြတယ်။ ကျုယ်ကိုယ်တိုင်လည်း ဒီဇာတ်လမ်းကို ကြားခဲ့တယ်။ ဥပမာ ပြောရမယ်ဆိုရင် မစ္စတာ မာကာရော့လည်း ကြားတာပဲ၊ အဲဒီတော့ ဒီကိစ္စဟာ ‘ဇာတ်လမ်း’ တခုတော့ မဟုတ်တော့ဘူး၊ တမြို့လုံး ပြောနေကြတဲ့ ကောလာဟလ ဖြစ်နေပြီ။ နောက်ပြီးတော့ ဒီပိုက်ဆံတွေဟာ မစ္စ ဗာကောဲဆက်ရဲ့ပိုက်ဆံတွေ ဖြစ်တဲ့အကြောင်း လူတယောက် ကို ခင်ဗျားကိုယ်တိုင် ဝန်ခံပြီးပြီလို့လည်း ယူဆစရာ အချက်အလက်တွေ ရှိနေတယ်။ အဲဒီတော့ ငွေတထောင့်ငါးရာ ဖယ်ထားတဲ့ ကိစ္စကို ခင်ဗျားအနေနဲ့ အခုအချိန်အထိ ထိတ်လန့်တကြီး လျှို့ဝှက်ထားတဲ့ကိစ္စကို ကျုပ်အနေနဲ့ အများကြီး အံ့ဩမိရတယ်။ ကျုပ်အမြင်မှာတော့ ခင်ဗျားအနေနဲ့ အခုလိုမျိုး လျှို့ဝှက်ချက်ကို ဖော်ထုတ်တဲ့အတွက် အများကြီး ထိခိုက်နိုင်တယ် ဆိုတာကို မယုံကြည်နိုင်စရာပဲ။ ဒီ လျှို့ဝှက်ချက်ကို ထုတ်ဖော် ထွက်ဆိုမယ့်အစား တသက်တကျွန်း ခံသွားမယ်လို့ စောက ခင်ဗျား ပြောသွားတဲ့စကားဟာ...”

အမှုလိုက်ရှေ့နေကြီး စကားပြော ရပ်သွားသည်။ သူ စိတ်လှုပ်ရှားနေသည်။ သူ့စိတ်ထဲတွင် ကသိကအောက် ဖြစ်နေသည်ကို သူ မဖုံးကွယ်ပါ။ အမှန်တော့ ဒေါသပင် ဖြစ်နေသည်။ သို့ဖြင့် သူသည် စကားပြောဟန် အလှအပကိုပင် ထိန်းမနေဘဲ စိတ်ထဲတွင် အစုအဝေး ဖြစ်နေသော မကျေနပ်မှုများကို ဖွင့်လွှတ်လိုက်သည်။ အဆက်အစပ် အဆီအငေါ် မတည့်ဘဲ ဗလုံးဗထွေးများပင် ဖြစ်တော့သည်။

“အရှက်တကွဲ အကျိုးနည်း သိက္ခာကျရတာက ငွေတထောင့်ငါးရာကြောင့် မဟုတ်ဘူး။ အဲဒီ တထောင့်ငါးရာကို ငွေသုံးထောင်ကနေ ခွဲထားလိုက်တဲ့ အတွက်ပဲ”

မစ်တယာက ခိုင်မာပြတ်သားစွာ ပြောလိုက်သည်။ ထိုအခါ အမှုလိုက်ရှေ့နေက မကျေနပ်သော ရယ်မောခြင်းဖြင့်

“ဘာပြောတယ် ... အဲဒီငွေကို ဖယ်ထားတာနဲ့ ဘာဖြစ်လို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှာလဲ၊ ခင်ဗျားရဲ့စကားအရ အသရေပျက်ပြီး ဂုဏ်သိက္ခာ ကျဆင်းရမှာလဲ။ အရေးကြီးတာက အဲဒီ ငွေသုံးထောင်ကို ယူထားတာပဲ။

အဲဒီငွေသုံးထောင်ကို ဘယ်လိုသုံးတယ်ဆိုတာက အကြောင်း မဟုတ်ဘူး။ ဒါနဲ့ စကားမစပ် ... ဘာဖြစ်လို့ ခင်ဗျား အဲဒီလို လုပ်ထားတာလဲ။ ကျုပ် မေးတာက ဘာဖြစ်လို့ အဲဒီ ငွေတဝက်ကို ခင်ဗျား ဖယ်ထားရတာလဲ။ ဘာကိစ္စ အဲဒီလို လုပ်တာလဲ၊ ဘာရည်ရွယ်ချက် ရှိလို့လဲ၊ ကျုပ်တို့ကို ပြောပြနိုင်မလား”

“အို ဒီနေရာမှာ ရည်ရွယ်ချက်က အရေးအကြီးဆုံးပဲ လူကြီးမင်း၊ ဘာဖြစ်လို့ ဖယ်ထားသလဲဆိုတော့ ကျုပ်ဟာ ယုတ်မာလို့ပဲ၊ နောက်တမျိုး ပြောရရင်တော့ ငို့ဘစိတ်နဲ့ သိမ်းထားတာပဲ။ ဒီလိုကိစ္စမျိုးမှာ ငို့ဘစိတ် ထားတာဟာ ယုတ်မာတာပဲ။ အဲဒီ ယုတ်မာမှုဟာ တလလုံးလုံးပဲ”

“ခင်ဗျား ပြောတာ ကျုပ် သဘောမပေါက်ဘူး”

“ခင်ဗျား သဘောမပေါက်တာကို ကျုပ် အံ့သြတယ်။ ဒါပေမဲ့ ကျုပ် ရှင်းအောင် ပြောပြပါ့မယ်။ တကယ်တော့ သဘောပေါက်ဖို့ မလွယ်တာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ကျုပ်ပြောတာကို သေသေချာချာ နားထောင်ပါ။ ကျုပ်ကိုယုံလို့ ပေးထားတဲ့ ငွေသုံးထောင်ကို ကျုပ် သုံးပစ်လိုက်တယ်။ ရောမ အရက်ပွဲကြီးတခု ပေးပစ်လိုက်တယ်။ အဲဒီပိုက်ဆံတွေကို အကုန်လုံး သုံးပစ်လိုက်ပြီး နောက်တနေ့မနက်မှာ အမျိုးသမီးဆီကို ကျုပ်သွားပြီး ပြောတယ်။ ‘ကက်တယာ၊ ကိုယ်တော့ မှားသွားပြီ၊ မင်း ပိုက်ဆံသုံးထောင်ကို ကိုယ် သုံးပစ်လိုက်ပြီ’ အဲဒီလိုပြောရင် ကောင်းပါ့မလား၊ မကောင်းဘူး။ အဲဒီလိုလုပ်တာ မရိုးသားရာ ကျတယ်၊ သူရဲဘောကြောင်ရာ ကျတယ်။ ဒီလိုမျိုး လုပ်တဲ့လူဟာ လူမဟုတ်ဘူး၊ တိရစ္ဆာန်ပဲ၊ သူဟာ တိရစ္ဆာန်တကောင်လောက်မှ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်တဲ့ အသိစိတ်မရှိဘူး။ အဲဒါ မဟုတ်ဘူးလား။ ဒါပေမဲ့ ကျုပ်ဟာ သူခိုးတယောက်တော့ မဟုတ်သေးဘူး၊ သူခိုးတယောက်တော့ လုံးလုံးလျားလျား မဟုတ်သေးဘူး၊ လုံးလုံးကြီး မဟုတ် သေးဘူး။ ဒါကိုတော့ ခင်ဗျား လက်ခံရမယ်။ ဒီပိုက်ဆံတွေကို ကျုပ် သုံးပစ်လိုက်တယ်။ ဒါပေမဲ့ ကျုပ် ခိုးတာတော့ မဟုတ်ဘူး။ ဒီနေရာမှာ နောက်တနည်း လုပ်စရာ ရှိသေးတယ်။ ပိုပြီး ဖြစ်နိုင်တဲ့နည်းပဲ၊ ကျေးဇူးပြုပြီး သေသေချာချာ နားထောင်ပါ။ နို့မဟုတ်ရင် ကျုပ်ပြောတာတွေ ပြန်ရှုပ်ကုန်မယ်၊ ကျုပ်ခေါင်းဟာ ချာချာလည်နေတယ်။ အဲဒီတော့ ဒုတိယနည်းက ဒီလို ငွေသုံးထောင် ရှိတဲ့အနက် တထောင့်ငါးရာပဲ ကျုပ် သုံးတယ်။ အဲဒီ အဓိပ္ပာယ်က တဝက်ပဲပေါ့။ နောက်တနေ့ကျတော့ အဲဒီ ငွေတဝက်ကိုယူပြီး သူ့ဆီကို ကျုပ်သွားမယ်၊ ‘ကက်တယာ၊ ဟောဒီငွေတထောင့်ငါးရာကို ကိုယ့်ဆီက ပြန်ယူထားပါ။ ကိုယ်ဟာ ဘယ်လိုမှ အသုံးမကျတဲ့ တိရစ္ဆာန်တကောင်ပဲ၊ ဘယ်လိုမှ မယုံကြည်ရတဲ့ လူယုတ်မာတယောက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းပိုက်ဆံတွေထဲကတဝက်ကို ကိုယ် သုံးပစ်လိုက် ပြီ။ ကျန်နေတဲ့ ပိုက်ဆံတွေကိုလည်း ကိုယ် သုံးပစ်နိုင်သေးတယ်။ အဲဒါကြောင့်မို့လို့ ဒီပိုက်ဆံတွေကို ပြန်ယူထားပါ။ ကိုယ့်စိတ်တွေမခိုင်တာကို

ကာကွယ်ပေးပါ’ အဲဒါဆိုရင် ကျုပ် ဘာဖြစ်မလဲ၊ ကျုပ်ဟာ တိရစ္ဆာန်တကောင် ဖြစ်သွားမယ်။ မသမာသူ လူယုတ်မာတယောက် ဖြစ်သွားမယ်။ ခင်ဗျားတို့ ကြိုက်သလို ပြောပါ။ ဒါပေမဲ့ ကျုပ်ဟာ သူခိုးတယောက်တော့ မဟုတ်ဘူး၊ သူခိုးတယောက်တော့ လုံးလုံးလျားလျား ဖြစ်မသွားဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ကျုပ်ဟာ သူခိုးတယောက် ဖြစ်ခဲ့ရင် အဲဒီ ကျန်တဲ့ပိုက်ဆံကို ပြန်မပေးဘူး။ အကုန်လုံး သုံးပစ်လိုက်မှာပဲ။ သူ့ပိုက်ဆံတဝက်ကို ကျုပ် ပြန်ပေးတယ်။ နောက်ပြီးတော့ ကျန်တဲ့တဝက်၊ ကျုပ်သုံးထားတဲ့ တဝက်ကိုလည်း ပြန်ပေးမယ် ဆိုရင်၊ အဲဒီပိုက်ဆံကို ကျုပ်ရှာပြီး ပြန်ဆပ်မယ်ဆိုရင်.. မသေမချင်း အလုပ်လုပ်ပြီး ပြန်ဆပ်သွားမယ် ဆိုရင် ကျုပ်ဟာ သူများပိုက်ဆံ ခိုးသုံးတဲ့ သူခိုးတယောက် မဖြစ်နိုင်တော့ဘူး။ မသမာတဲ့ လူယုတ်မာ တယောက်ပဲ ဖြစ်မယ်။ ခင်ဗျားတို့ ပြောချင်သလိုပြော၊ သူခိုးတယောက်တော့ မဟုတ်ဘူး”

“ထိုက်သလောက်တော့ ခြားနားမှု ရှိပါတယ်” အမှုလိုက်ရှေ့နေက အေးစက်သော အပြုံးဖြင့် ပြောသည်။ “ဒါပေမဲ့ ခင်ဗျားအနေနဲ့ တကယ့်ကို ခြားနားတယ်လို့ ယူဆနေတာကတော့ ဆန်းတယ်”

“ဟုတ်တယ်၊ ကျုပ်အနေနဲ့ကတော့ တကယ့်ကို ခြားနားတယ်လို့ ယူဆတယ်။ လူတိုင်း လူတိုင်းဟာ မသမာတဲ့ လူယုတ်မာတယောက် ဖြစ်နိုင်တယ်။ ဒါပေမဲ့ လူတိုင်း လူတိုင်းဟာ သူခိုးတယောက်တော့ မဖြစ်နိုင်ဘူး။ အင်မတန်ကို မသမာတဲ့ လူတယောက်မှ သူခိုး ဖြစ်နိုင်တယ်။ အို ဒါတွေကို ဘယ်လို ကွဲပြားအောင် အနုစိတ်ပြီး ကျုပ်ပြောရမလဲ မသိဘူး။ ဒါပေမဲ့ ကျုပ် သိတာကတော့ သူခိုးတယောက် ဟာ မသမာသူ လူယုတ်မာတယောက်ထက် ပိုပြီး နိမ့်ကျတယ်။ ကျုပ်ပြောမယ် နားထောင်။ အဲဒီပိုက်ဆံကို ကျုပ် ကိုယ်ပေါ်မှာ တလလုံးလုံး သိမ်းထားတယ်။ နောက်တနေ့မှာ အဲဒီပိုက်ဆံကို ပြန်ပေးဖို့ ကျုပ် ဆုံးဖြတ်လိုက်ရင် ကျုပ်ဟာ မသမာသူတယောက် မဟုတ်တော့ဘူး။ ဒါပေမဲ့ ကျုပ် စိတ်ကို မဆုံးဖြတ်နိုင်ဘူး။ ကျုပ်ဟာ ဆုံးဖြတ်ဖို့ နေ့တိုင်း ကြိုးစားပေမဲ့၊ ကျုပ်ဟာ အဲဒီလို ဆုံးဖြတ်ဖို့ နေ့တိုင်း ကိုယ့်ကိုယ်ကိုယ် တိုက်တွန်းနေပေမဲ့ တလုံးလုံး ဆုံးဖြတ်ချက် မချနိုင်ခဲ့ဘူး။ ဟုတ်တယ်၊ အဲဒါ ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ။ အဲဒါ ကောင်းသလား”

“အဲဒါ မကောင်းဘူး၊ အဲဒါကို ကျုပ် ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဒီအချက်ကို ကျုပ် မငြင်းချင်ပါဘူး” အမှုလိုက်ရှေ့နေက ထိန်းထိန်းသိမ်းသိမ်း ပြန်ပြောသည်။

“ဘာပဲဖြစ်ဖြစ် အခုလို အနုစိတ်တာတွေ ခွဲခြမ်းစိတ်ဖြာတာတွေကို ခဏထားခဲ့ပြီး လိုရင်းအချက်ကို ကျုပ်တို့ ပြန်သွားကြရအောင်၊ လိုရင်းအချက်ကို ကျုပ်တို့က မေးခဲ့ပေမဲ့ ခင်ဗျားက မဖြေဘူး၊ ခင်ဗျားဟာ ငွေသုံးထောင်ကို

တဝက်ညီညီ ခွဲခဲ့တယ်။ တဝက်ကို သုံးတယ်၊ တဝက်ကို ဗုက်ထား တယ်။ ဘာဖြစ်လို့ အဲဒီ ငွေတဝက်ကို ဗုက်ထားသလဲ။ အဲဒီငွေ တထောင့်ငါးရာကို ခင်ဗျား ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ။ ဒီမေးခွန်းကိုဖြေဖို့ ကျုပ် တောင်းဆိုပါတယ်၊ ဒီမီထရီ ကာရာမာဇော့”

“အို .. ဟုတ်သားပဲ” နဖူးကို လက်ဖဝါးဖြင့်ရိုက်ပြီး မစ်တယာ ရေရွတ်လိုက်သည်။ “ခင်ဗျားတို့ကို စိတ်မဖြောင့်အောင် လုပ်မိတဲ့အတွက် ကျုပ် တောင်းပန်ပါတယ်။ အဓိကအချက်ကို ကျုပ် ရှင်းမပြရသေးဘူး၊ ရှင်းပြလိုက်ရင် ခင်ဗျားတို့ ချက်ချင်း နားလည်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဓိကအချက်ဟာ ဂုဏ်သိက္ခာကျဆင်းမှုအတွက် အကြောင်းရင်း ဖြစ်လို့ပဲ။ ဒီအကြောင်းက သေသွားတဲ့ ကျုပ်အဖေ အဘိုးကြီးနဲ့ဆိုင်တယ်။ သူက ဂရုရှင်ကာကို အနှောင့်အယှက် ပေးနေတယ်။ အဲဒီအတွက် ကျုပ်မှာ မနာလိုဝန်တို ဖြစ်နေရတယ်။ အမျိုးသမီးက ကျုပ်တို့ နှစ်ယောက်အကြားမှာ တွေနေတယ်လို့ ကျုပ် ထင်တယ်။ ကျုပ်စိတ်ထဲမှာ နေ့တိုင်း တွေးမိနေမိတယ်။ အမျိုးသမီးဟာ ကျုပ်ကို ညှဉ်းပန်းနှိပ်စက် နေရတာ ငြီးငွေ့သွားပြီး၊ ရုတ်တရက်ဆိုသလို ဆုံးဖြတ်ချက် ချလိုက်ပြီး ... ‘ရှင့်ကို ကျွန်မ ချစ်တယ်၊ ကျွန်မကို ကမ္ဘာမြေအဆုံး ခေါ်သွားပါတော့’ လို့ ပြောခဲ့ရင် ကျုပ် ဘယ်နှယ့် လုပ်မလဲ၊ ကျုပ်လက်ထဲမှာ ပြားလေးဆယ်ပဲ ရှိတယ်။ သူ့ကို ဘယ်လိုလုပ်ပြီး ခေါ်သွားနိုင်မလဲ၊ ကျုပ် ဘယ်လိုလုပ်နိုင်မလဲ၊ သူ့ကို အရှုံးခံရတော့မှာပဲ၊ အဲဒီတုန်းက သူ့အကြောင်းကို ကျုပ် မသိဘူး၊ သူ့သဘောကို ကျုပ် နားမလည်ဘူး။ သူ့ကို ငွေမက်တယ်လို့ပဲ ကျုပ်ထင်ခဲ့တယ်။ ကျုပ်ရဲ့ ဆင်းရဲမှုကို သူ ခွင့်လွှတ်မှာ မဟုတ်ဘူးလို့ ယူဆခဲ့တယ်။ အဲဒါ ကြောင့် ကျုပ်ဟာ ငွေသုံးထောင်ထဲက တဝက်ကို မကောင်းတဲ့စိတ်ထားနဲ့ ခွဲပြီး သေသေချာချာ အေးအေးဆေးဆေး အပ်နဲ့ချုပ်ပြီး သိမ်းထားခဲ့တယ်။ ကျုပ် အရက်မမူးခင်တုန်းမှာ သိမ်းထားခဲ့တယ်။ ပိုက်ဆံတွေကို သေသေချာချာ သိမ်းပြီးမှ ကျန်တဲ့ ပိုက်ဆံတွေကို ကျုပ် အားလုံး သောက်ပစ်လိုက်တယ်၊ အဲဒါ ဘယ်လောက် ယုတ်မာသလဲ၊ ကဲ .. ခင်ဗျားတို့ နားလည်ကြပြီလား”

အမှုလိုက်အရာရှိက ကျယ်လောင်စွာ ရယ်မောလိုက်သည်။ တရားရေးအရာရှိလည်း ရယ်သည်။

“ဒီပိုက်ဆံတွေ အားလုံးကို သုံးပစ်နိုင်လျက်နဲ့ သုံးမပစ်လိုက်တာ ခင်ဗျားအနေနဲ့ အသိဉာဏ် ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနဲ့ ပြည့်ဝတယ်လို့ ကျုပ် ယုံကြည်ပါတယ်” တရားရေးအရာရှိက ရယ်မောရင်း ပြောသည်။

“ဘယ်ဟုတ်မလဲ၊ ကျုပ် ခိုးရမယ့် ပိုက်ဆံတွေကို ကျုပ် ခိုးလိုက်တာပဲပေါ့။ အို ဘုရားသခင်၊ ခင်ဗျားတို့ သဘောမပေါက်နိုင်ကြပါကလား၊ အဲဒီ ငွေတထောင့်ငါးရာကို ကျုပ်လည်ပင်းမှာ ပတ်ချုပ်ထားပြီး နေ့တိုင်း နာရီတိုင်းပဲ

ကျုပ်ကိုယ်ကျုပ်ပြောနေမိတယ်၊ 'မင်းဟာ သူခိုးတယောက်ပဲ၊ မင်းဟာ သူခိုးတယောက်ပဲ' ဟုတ်တယ်၊ အဲဒါကြောင့်လည်း ကျုပ်ဟာ ဒီတလလုံးလုံး ဒေါသတွေ ဖြစ်နေရတာပဲ၊ အဲဒါကြောင့် အရက်ဆိုင်မှာ ကျုပ် ရန်ဖြစ်ရတာပဲ။ အဲဒါကြောင့် ကျုပ်အဖေကို ကျုပ် ရန်မူမိခဲ့တာပဲ။ ကျုပ်ကိုယ်ကျုပ် သူခိုးတယောက်အဖြစ် ယူဆလို့ ဒီလို ဖြစ်ခဲ့ရတာတွေပဲ။ ကျုပ်စိတ်ကို ကျုပ် မဆုံးဖြတ်နိုင်ခဲ့ဘူး။ ငွေတထောင့်ငါးရာအကြောင်း ကျုပ်ညီ အလျှိုရှာကိုတောင် ကျုပ် မပြောရဲဘူး။ ကျုပ်ကိုယ်ကျုပ် လူယုတ်မာတယောက် လူလိမ်လူကောက်တယောက်လို့ပဲ ယူဆနေမိတယ်။ ဒါပေမဲ့ တခုတော့ ခင်ဗျားတို့ သိထားစေချင်တယ်။ ကျုပ်ဟာ အဲဒီပိုက်ဆံကို ယူထားရင်းနဲ့ ကျုပ်ကိုယ်ကျုပ် နေ့တိုင်း နာရီတိုင်း ပြောနေမိတယ်။ 'ဒီမီထရီ၊ မင်းဟာ အခုအချိန်အထိတော့ သူခိုးတယောက် မဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ကျရင် ကက်တယာဆီကို မင်းသွားပြီး အဲဒီငွေ တထောင့်ငါးရာကို ပြန်ပေးနိုင်လို့ပဲ' အဲ မနေ့ကမှ ဖီညာဆီကနေပြီး ပါကိုတင်ဆီကို အသွားမှာ ကျုပ်စိတ်ကိုကျုပ် ဆုံးဖြတ်လိုက်ပြီး ကျုပ်လည်ပင်းက လက်ဖွဲ့ကို ဆွဲဖြတ်လိုက်တယ်။ အဲဒီအချိန်အထိ ကျုပ်ဟာ သူခိုး မဖြစ်သေးဘူး။ ဒါပေမဲ့ လက်ဖွဲ့အိတ်ကို ဆွဲဖြတ်လိုက်တာနဲ့ တပြိုင်နက် အဲဒီအချိန်ကစပြီး ကျုပ်ဟာ သူခိုးတယောက် သေသေချာချာ ပြီးပြီးပြတ်ပြတ် ဖြစ်သွားတော့တာပဲ။ ကျုပ်ရဲ့ အနာဂတ်ဘဝ တလျှောက်လုံးမှာ သူခိုးတယောက်နဲ့ မရိုးသားတဲ့ လူတယောက် ဖြစ်သွားရတော့တာပဲ။ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ အဲဒီလို လုပ်လိုက်တာနဲ့ တပြိုင်နက် ကက်တယာ ဆီကို သွားပြီး 'ကိုယ်ဟာ မသမာသူ တယောက်ပဲ။ ဒါပေမဲ့ သူခိုးတယောက်တော့ မဟုတ်ဘူး' လို့ ပြောနိုင်တဲ့ အခွင့်အရေးကို ဖျက်ဆီးပစ်လိုက်လို့ပဲ။ ကဲ၊ ခင်ဗျားတို့ အခု သဘောပေါက်ပြီ မဟုတ်လား။ နားလည်ကြပြီ မဟုတ်လား"

"ဘာဖြစ်လို့ မနေ့ညကမှ အဲဒီလိုလုပ်ဖို့ ခင်ဗျား ဆုံးဖြတ်လိုက်ရတာလဲ" တရားရေးအရာရှိက ကြားဖြတ်ပြီး မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ အတော်နောက်တဲ့ မေးခွန်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်ကျုပ် မနက် ငါးနာရီမှာ သတ်သေဖို့ စီရင်ချက် ချထားပြီးလို့ပဲ၊ ဟောဒီမနက် အရုဏ်မှာပဲ။ လူယုတ်မာ တယောက်အနေနဲ့ပဲ သေသေ၊ ဂုဏ်သိက္ခာရှိတဲ့ လူတယောက်အနေနဲ့ပဲ သေသေ ဘာအကြောင်း ထူးမှာလဲ၊ အတူတူပဲလို့ ကျုပ် တွေးခဲ့မိတယ်။ ဒါပေမဲ့ အဲဒါ ကျုပ်မှားတယ်။ တကယ်တော့ အတူတူ မဟုတ်ဘူး၊ ကျုပ်ပြောတာယုံပါ လူကြီးမင်းတို့၊ မနေ့ညက တညလုံး ကျုပ်စိတ်ကို ဒုက္ခပေးနေတာ ကတော့ ကျုပ်အဖို့ ကောင်းကင်ဘုံကြီး ပွင့်လာပြီး ကျုပ်ရဲ့ချစ်ခြင်းမေတ္တာ တုံ့ပြန်ခံရတဲ့အချိန်မှာ အဘိုးကြီး ဂရီဂိုရီကို သတ်မှုနဲ့ ဆိုက်ဗေးရီးယားကို သွားရမယ့်အတွက် မဟုတ်ဘူး။ အဲဒီအတွက် လည်း

ကျုပ် ပူပန်မိပါတယ်။ ဒါပေမဲ့ ဒါလောက် မဟုတ်ဘူး။ ကျုပ်ရင်ဘတ်ပေါ်က ပိုက်ဆံကို ထုတ်ယူ သုံးဖြုန်းပြီး သူခိုးကြီးလုံးလုံး ဖြစ်သွားတဲ့အတွက် ပူပန်မိသလောက် မပူပန်ပါဘူး။ လူကြီးမင်းများ ခင်ဗျား၊ ကျုပ် ထပ်ပြီး ပြောပါ့မယ်၊ ကျုပ်ပြောတဲ့စကားကို ယုံပါ။ မနေ့ညက ကျုပ်အဖို့ ပညာတွေ အများကြီး ရခဲ့ပါတယ်။ မသမာသူတယောက်အနေနဲ့ အသက်ရှင် နေထိုင် သွားဖို့ရာ မလွယ်သလောက် မသမာသူတဦးအနေနဲ့ သေသွားရမှာလည်း မလွယ်တဲ့ အကြောင်း ကျုပ် ပညာရခဲ့ပါတယ်။ ဟုတ်တယ် လူကြီးမင်းတို့၊ လူတယောက်ဟာ ရိုးသားသူတယောက်အဖြစ်နဲ့ သေဆုံးသွားရမယ်"

မစ်တယာမှာ ဖြူရော်နေသည်။ သူသည် စိတ်အားတက်ကြွလျက် ရှိသော်လည်း အလွန့်အလွန်ပင် ပင်ပန်းနွမ်းနယ်နေဟန်ရှိသည်။

"ခင်ဗျားပြောတာ ကျုပ် သဘောပေါက်ပါပြီ ဒီမီထရီ ကာရာမာဇော့"

အမှုလိုက်ရှေ့နေက စာနာထောက်ထားသောလေသံဖြင့် သိမ်မွေ့ဖြည်းလေးစွာ ပြောလိုက်သည်။

"အခုလို ဖြစ်ရတာတွေအားလုံးဟာ ခင်ဗျား စိတ်မဆိုးဘူးဆိုရင် ကျုပ်အမြင်မှာတော့ ခင်ဗျားရဲ့ စိတ်အာရုံတွေ ချောက်ချားလွန်းလို့ ဖြစ်ရတာပဲ။ ဥပမာပြောရရင် ခင်ဗျားဟာ ခင်ဗျားကို ယုံကြည်လို့ ပိုက်ဆံတွေ လွှဲအပ်ထားတဲ့ အမျိုးသမီးဆီကို သွားပြီး ငွေတထောင့်ငါးရာကို ပြန်ပေးပြီး တလလုံးလုံး ခင်ဗျားခံစားနေရမယ့် စိတ်ဒုက္ခကနေ ဘာဖြစ်လို့ မကယ်တင်ခဲ့သလဲ။ ခင်ဗျားပြောသွားတဲ့ စကားတွေအရ ခင်ဗျားရဲ့ အခြေအနေ အင်မတန် အုံ့ဩစရာ ကောင်းနေတဲ့အချိန်မှာ အမျိုးသမီးကို ဖြစ်ပျက်သမျှအားလုံး ပြောပြပြီး ဘာဖြစ်လို့ ပြဿနာတခုကို အဖြေမရှာခဲ့သလဲ။ အဲဒီလိုမျိုး အဖြေရှာဖို့ဟာ လူတယောက်အနေနဲ့ အလိုအလျောက် တွေးမိရမယ့်အချက်ပဲ။ ကျုပ် ဆိုလိုတာက ခင်ဗျားအနေနဲ့ ဘာဖြစ်လို့ အမျိုးသမီးဆီမှာ ခင်ဗျားရဲ့အမှားတွေကို ဝန်ခံပြီးတော့ ခင်ဗျားအတွက် အသုံးလိုအပ်မယ့်ငွေကို မချေးရတာလဲ။ ခင်ဗျား ဒုက္ခဆင်းရဲ ဖြစ်နေရတာကို တွေ့ရင် ရက်ရော ကြင်နာတတ်တဲ့ အမျိုးသမီးဟာ ခင်ဗျားရဲ့တောင်းခံချက်ကို ဘယ်နည်းနဲ့မှ ငြင်းဆန်မှာ မဟုတ်ဘူး လို့ ကျုပ် ယုံကြည်တယ်။ အထူးသဖြင့် ခင်ဗျားအနေနဲ့ ကတိ ဝန်ခံချက် လက်မှတ်ရေးထိုးထားတယ် ဆိုရင်ပေါ့။ ဒါမှမဟုတ် ကုန်သည်ကြီး ဆမ်ဆိုနော့နဲ့ မစ္စက် ကိုကလာကော့တို့ကို အာမခံပစ္စည်း ပေးသလိုမျိုး ပေးခဲ့မယ်ဆိုရင်ပေါ့။ ခင်ဗျားအနေနဲ့ အဲဒီ အာမခံချက်ပစ္စည်းကို အခုအချိန်အထိ တန်ဖိုးရှိတယ်လို့ မှတ်ယူထားတယ် မဟုတ်လား"

မစ်တယာ မျက်နှာနီရဲသွားသည်။

"ခင်ဗျားက ကျုပ်ကို အဲဒီလိုမျိုး အကြွင်းမဲ့ လူယုတ်မာတယောက်လို့ ယူဆထားသလား၊ ခင်ဗျား ပြောတဲ့ စကားတွေဟာ တကယ် အလေးအနက်ပြောတာတော့ မဖြစ်နိုင်ပါဘူး"

သူ ဒေါသဖြင့် ပြောလိုက်သည်။ ကြားရသည့်စကားတွေကို မယုံကြည်ဟန်ဖြင့် အမှုလိုက်ရှေ့နေကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ကျုပ် တကယ် အလေးအနက်ပြောတာပဲ။ ကျုပ် အလေးအနက်ပြောနေတာ မဟုတ်ဘူးလို့ ခင်ဗျား ဘာဖြစ်လို့ ထင်ရတာလဲ"

အမှုလိုက်အရာရှိကလည်း အံ့သြဟန်ဖြင့် ပြန်မေးလိုက်သည်။

"အို အဲဒါဟာ ဘယ်လောက်များ အောက်တန်းကျလိုက်မလဲ။ တကယ်တော့ ခင်ဗျားတို့ဟာ ကျုပ်ကို နှိပ်စက်ညှဉ်းပန်းနေကြတာပဲ။ ကောင်းပြီ၊ ခင်ဗျားတို့ကို ကျုပ် အားလုံး ပြောပြမယ်။ ကောင်းတယ်၊ ဒါပဲ ဖြစ်ရမယ်။ ကျုပ်ရဲ့ယုတ်ညံ့တဲ့ အကြံအစည်တွေအားလုံး ခင်ဗျားကို ဖြောင့်ချက်ပေးမယ်၊ ခင်ဗျားတို့ကိုယ်တိုင် အများကြီး ရှက်ရမယ်၊ လူတွေရဲ့ကိလေသာ အာရုံဇောဟာ အဝိဇ္ဇာ အမှောင်တိုက်ထဲမှာ ဘယ်လောက်ကြီး နက်ရှိုင်းအောင် နစ်မြုပ်သွားနိုင်တယ်ဆိုတာ ခင်ဗျားတို့ အံ့သြရမယ်၊ ခင်ဗျားတို့ကို ကျုပ်ပြောမယ်၊ ကျုပ်ကိုယ်တိုင် အဲဒီအကြံအစည်ကို ရခဲ့ပါတယ်။ စောစောက ခင်ဗျားပြောသွားတဲ့ အကြံအစည်ပဲပေါ့။ ဟုတ်တယ်၊ အဲဒီ တလလုံးလုံးမှာ အဲဒီအကြံအစည်ဟာ ကျုပ်ခေါင်းထဲမှာ ရှိနေခဲ့တယ်။ အဲဒါကြောင့် ကျုပ်ဟာ ကက်တယာဆီကို သွားတော့မလိုကို ဖြစ်ခဲ့ရတယ်။ ကျုပ်ဟာ ဘယ်လောက်များ အဆင့်အတန်း နိမ့်ကျလိုက်သလဲ။ ဒါပေမဲ့ သူ့ဆီကို သွားဖို့ဆိုတာ... ကျုပ်ရဲ့သစ္စာဖောက်မှုကို သူ့ကို ပြောပြဖို့ဆိုတာ အဲဒီ သစ္စာဖောက်မှု အတွက်၊ အဲဒီသစ္စာဖောက်မှုကို အကောင်အထည် ဖော်ဖို့အတွက်၊ အဲဒီ သစ္စာဖောက်မှုရဲ့ ကုန်ကျစရိတ်အတွက် သူ့ဆီမှာ တောင်းရမယ်။ ကက်တယာဆီမှာ ပိုက်ဆံတောင်းရမယ်။ (တောင်းရမှာနော် ကြားလား တောင်းရမှာ) ပြီးတော့ သူ့ဆီကနေပြီး တခြားတယောက်ဆီကို သွားရမယ်၊ သူ့ရဲ့ပြိုင်ဘက်ဆီကို သွားရမယ်။ သူ့ကို မုန်းပြီး စော်ကားတဲ့ အမျိုးသမီးဆီကို သွားရမယ်ဆိုတာ စဉ်းစားကြည့်စမ်းပါ။ ခင်ဗျား ရူးနေလို့ပဲ ဖြစ်ရမယ်"

"ကျုပ် မရူးပါဘူး" အမှုလိုက်ရှေ့နေ အပြုံးဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ ကျုပ်ပြောတာ နည်းနည်းကလေး ရှေ့လောကြီးသွားတယ်။ မိန်းမတယောက်က မိန်းမတယောက်အပေါ် မနာလို ဝန်တိုမှုကို ထည့်မတွက်လိုက်မိဘူး၊ ခင်ဗျားပြောသလို အခုကိစ္စမှာ မနာလိုဝန်တိုမှုတွေ ပါနေရင်ပေါ့၊ အင်း... အင်း၊ အခုကိစ္စမှာ ဒီသဘောတွေ ရှိနေနိုင်တယ်"

“နောက်ပြီးတော့ ဒီကိစ္စကြောင့် ဘယ်လောက်များ နာမည်ပျက်လိုက်မလဲ”

လက်သီးကို စားပွဲပေါ်သို့ တအား ဆောင့်ချရင်း မစ်တယာ ဟစ်အော်လိုက်သည်။

“မကောင်းသတင်းဟာ ကောင်းကင်ဘုံအထိ ကျော်စောသွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ သိသလား၊ အမျိုးသမီးဟာ ကျုပ်ကို အဲဒီပိုက်ဆံ ကောင်းကောင်း ပေးနိုင်တယ်။ အမှန်ပဲ၊ သူ တကယ်ပေးမှာပဲ။ သူပေးမှာ သိပ်သေချာတယ်။ ကျုပ်ကို လက်စားချေတဲ့အနေနဲ့ သူ ပေးမှာပဲ၊ လက်စားချေတဲ့အရသာကို ခံစားရအောင်လို့ပဲ။ ကျုပ်ကို ရှုံ့ရှာမုန်းတီးကြောင်းပြဖို့ပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူကိုယ်တိုင်ကလည်း မစ္ဆရိယစိတ် အားကြီးတဲ့ မိန်းမတယောက်၊ အမျက်ဒေါသကြီးတဲ့ မိန်းမတယောက် ဖြစ်လို့ပဲ။ ကျုပ်ကလည်း ပိုက်ဆံကို ယူမှာပဲ။ အို ကျုပ်အနေနဲ့ ယူရမှာပဲ။ ကျုပ်အနေနဲ့ အဲဒီပိုက်ဆံကို ယူပြီးနောက် ကျုပ်ဘဝတလျှောက်လုံးမှာ ... အို ဘုရားသခင်၊ ကျုပ်ကို ခွင့်လွှတ်ကြပါ လူကြီးမင်းတို့။ ကျုပ် အခုလို အော်မိတာ အဲဒီစိတ်ကူးမျိုး ကျုပ်ခေါင်းထဲမှာ မကြာခင် အချိန်အထိ ရှိနေခဲ့လို့ပဲ။ တနေ့ကအထိ ရှိနေခဲ့လို့ပဲ၊ အဲဒီညက လျာဂဗီနဲ့ ကသိကအောက် ဖြစ်ခဲ့ရတယ်။ အဲဒီနောက် မနေ့ကအထိပဲ၊ ဟုတ်တယ်၊ မနေ့က တနေ့လုံးပဲ။ ကျုပ် မှတ်မိတယ်၊ အဲဒီဥစ္စာဖြစ်တဲ့ အချိန်အထိပဲ”

“ဘယ် အဲဒီဥစ္စာလဲ”

တရားရေးအရာရှိက သူ၏ သိလိုစိတ်ကို မထိန်းချုပ်နိုင်သဖြင့် မေးလိုက်သည်။ သို့သော် မစ်တယာ မကြားဘဲ သူ၏စကားကို နိဂုံးချုပ် ဆက်ပြောသည်။

“ခင်ဗျားတို့ကို အင်မတန် ချောက်ချား ထိတ်လန့်စရာကောင်းတဲ့ ဖြောင့်ဆိုချက် ကျုပ် ပေးခဲ့ပြီ၊ အဲဒါကို ခင်ဗျားတို့ သဘောပေါက် နားလည်ကြပါ၊ နေဦး၊ အဲဒါလောက်နဲ့ မလုံလောက်သေးဘူး၊ သဘောပေါက်နားလည်ရုံနဲ့ မလုံလောက်သေးဘူး၊ အဲဒါရဲ့တန်ဖိုး အစစ်အမှန်ကို ခင်ဗျားတို့ လက်ခံကြပါ၊ ခင်ဗျားတို့က ဒါကို အမှန်တရားအဖြစ်နဲ့ လက်မခံဘူးဆိုရင် ခင်ဗျားတို့ဟာ ကျုပ်အပေါ်မှာ ဘယ်လိုမှ လေးစားမှုရှိကြမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ကျုပ်ပြောရမှာကတော့ အဲဒါပဲ၊ ခင်ဗျားတို့ကို လူတွေကို ဖြောင့်ချက်ပေး ဝန်ခံရတဲ့အတွက် ကျုပ်ဟာ အရှက်ကွဲပြီး သေရလိမ့်မယ်၊ အို ကျုယ်ကိုယ်ကျုပ် ပစ်သတ်မိလိမ့်မယ်၊ ဟုတ်တယ်၊ ကျုပ်သိတယ် ကျုပ်သိတယ်။ ကျုပ်ပြောတာကို ခင်ဗျားတို့ မယုံကြဘူး။ ဘုရားသခင်၊ အခုဟာတွေကိုလည်း ခင်ဗျားတို့ ရေးမှတ်ထားကြမှာပဲလား”

မစ်တယာ ဟစ်အော်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့နောက်ဆုံး ထွက်ဆိုချက်ကို ရေးထားရမှာပဲ" တရားရေး အရာရှိက သူ့ကို အံ့သြစွာကြည့်ရင်း ပြောလိုက်သည်။

"နောက်ဆုံး ထွက်ဆိုချက်ဆိုဟာက နောက်ဆုံးအချိန်အထိ ခင်ဗျားဟာ ကက်ထရီးနား အိုင်ဗင်နိုဗာ ဆီကို သွားပြီး ပိုက်ဆံတောင်းဖို့ စိတ်ကူးရှိတယ်၊ အဲဒီအချက်ဟာ ခင်ဗျားအတွက် အကျိုးရှိနိုင်တဲ့ သက်သေခံ အထောက်အထားတခုပဲ၊ ဒီအမှုကြီးတခုလုံးအတွက် အရေးကြီးတဲ့ သက်သေခံ အချက် တချက်ပဲ။ အထူးသဖြင့် ခင်ဗျားအတွက် ပိုပြီး အရေးကြီးတယ်"

"ဒါပေမဲ့ခင်ဗျာ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဒီအချက်ကို ဘာအကြောင်းကြောင့်မှ မရေးကြပါနဲ့" မစ်တယာက လက်နှစ်ဖက်ကို မြှောက်ယမ်းလိုက်ရင်း ပြောသည်။

"ခင်ဗျားတို့အနေနဲ့လည်း ရှက်စရာ ကောင်းပါတယ်။ ခင်ဗျားတို့ရှေ့မှာ ကျုပ်ရဲ့ အသည်းနှလုံး ခွဲပြခဲ့ပြီးပြီ။ ခင်ဗျားတို့က အဲဒါကို အခွင့်ကောင်းယူပြီး ကျုပ်ရဲ့ အသည်းနှလုံး နှစ်ခြမ်းစလုံးက ဒဏ်ရာတွေကို လက်နဲ့ စမ်းကြည့်နေပြီ၊ အို ... ဘုရားသခင်"

သူက စိတ်ပျက်ညှိုးငယ်စွာဖြင့် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်သည်။

"အဲဒါအတွက် ဒါလောက်လည်း မစိုးရိမ်ပါနဲ့၊ အခု ရေးမှတ်ထားတာတွေ အားလုံးကို နောက်ပိုင်းမှာ ခင်ဗျားကို ပြန်ဖတ်ပြမှာပါ၊ ခင်ဗျားသဘောမတူတဲ့ အချက်တွေ အားလုံးကို ကျုပ်တို့ ဖျက်ပေးပါ့မယ်၊ လောလောဆယ်မှာတော့ ခင်ဗျားကို တတိယအကြိမ်မြောက် မေးခွန်းကလေးတခု ထပ်မေးချင် ပါတယ်။ ပိုက်ဆံတွေကို ခင်ဗျား ချုပ်ပြီး သိမ်းထားတဲ့အကြောင်း ဘယ်သူမှ မသိဘူးဆိုတာ.. ဘယ်သူတယောက်မှ မသိဘူးဆိုတာ သေချာသလား၊ အဲဒါကို ကျုပ် ဘယ်လိုမှ ယုံလို့မရဘူး"

အမှုလိုက်ရှေ့နေက ပြောလိုက်သည်။

"ဘယ်သူမှ မသိဘူး၊ ဘယ်သူမှ မသိဘူး။ ခင်ဗျားကို အဲဒီအတိုင်း စောစောက ကျုပ် ပြောခဲ့ပြီးပြီ၊ ခင်ဗျားအနေနဲ့ ဘာတခုမှ နားမလည်လို့ပဲ ဖြစ်လိမ့်မယ်၊ ကျုပ်ဘာကျုပ် အေးအေးဆေးဆေး နေပါရစေ"

"ကောင်းပါပြီ၊ ဒီကိစ္စက ရှင်းရမှာပါပဲ။ ဒါပေမဲ့ အချိန်တွေ အများကြီး ရှိပါသေးတယ်။ လောလောဆယ်မှာတော့ ခင်ဗျားအနေနဲ့ သေသေချာချာ စဉ်းစားစေချင်တာတခု ရှိပါတယ်။ ခင်ဗျားအနေနဲ့ ငွေသုံးထောင်သုံးတဲ့

ဇာတ်လမ်းကို ခင်ဗျားကိုယ်တိုင်ပဲ ဖြန့်တယ်ဆိုတာ ကျုပ်တို့မှာ သက်သေတွေ တဒါဇင်လောက် ရှိတယ်။ ဒီအကြောင်းကို ခင်ဗျားဟာ နေရာတိုင်းမှာ အော်ပြောခဲ့တယ်၊ ခင်ဗျားပြောတာ တထောင့်ငါးရာ မဟုတ်ဘူး၊ သုံးထောင်ပဲ။ နောက်ပြီးတော့တခါ ခင်ဗျား လက်ထဲမှာ မနေ့က ပိုက်ဆံတွေ ကိုင်လာတဲ့အခါမှာလည်း ခင်ဗျားနဲ့အတူ ပါလာတဲ့ငွေဟာ သုံးထောင် ဆိုတာကို လူတွေ အများကြီး သိတာ ခင်ဗျား နားလည်စေချင်တယ်”

“ခင်ဗျားမှာ သက်သေ တစ်ဒါဇင် မဟုတ်ဘူး၊ တရာရှိတယ်၊ နှစ်ရာရှိတယ်၊ ကျုပ်ပြောတဲ့ စကားကို ကြားတဲ့လူ နှစ်ရာ ရှိတယ်၊ တထောင်ရှိတယ် ...”

မစ်တယာ ဟစ်အော်နေသည်။

“ဟုတ်ပါတယ်ခင်ဗျာ၊ ဒီကိစ္စကို အားလုံးကပဲ သက်သေခံကြပါလိမ့်မယ်၊ အားလုံးဆိုတဲ့ စကားလုံး ဟာ ခင်ဗျားအတွက် တစုံတရာ အဓိပ္ပာယ် ရှိပါသလား”

“ဘာအဓိပ္ပာယ်မှ မရှိဘူး၊ ကျုပ်အနေနဲ့ ကြီးကြီးကျယ်ကျယ် ပြောတာတွေကို လူတွေက လိုက်ပြီး ပြောကြတာပဲ”

“ခင်ဗျားက ဘာဖြစ်လို့ ‘ကြီးကြီးကျယ်ကျယ်’ တွေ ပြောရတာလဲ။ ခင်ဗျားပြောတဲ့ စကားအတိုင်း မေးရတာ ...”

“ဒါတော့ ဘယ်သူသိမလဲ၊ ပိုက်ဆံတွေ အများကြီး သုံးတဲ့အတွက် ကြွားပြောတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့၊ ဒါမှမဟုတ် ကျုပ် ချုပ်ပြီး သိမ်းထားတဲ့ ပိုက်ဆံကို မေ့ချင်လို့လည်း ဖြစ်မှာပေါ့၊ ဟုတ်တယ်၊ အဲဒါကြောင့်ပဲ။ တော်ကြာပါတော့၊ ဒီမေးခွန်းကို ခင်ဗျားတို့ ဘယ်နှစ်ခါ မေးနေကြမှာလဲ၊ ကျုပ်အနေနဲ့ လိမ်ပြောတာလည်း အဲဒါပဲပေါ့၊ တခါ လိမ်ပြောပြီးရင် ပြန်ပြင်စရာ မလိုတော့ဘူး။ လူတွေဟာ တခါတခါမှာ ဘာဖြစ်လို့ လိမ်ပြီး ပြောကြတာလဲ”

“လူတွေ ဘာဖြစ်လို့ လိမ်ပြောတယ်ဆိုတာကို အဆုံးအဖြတ်ပေးဖို့ ခက်ပါတယ် ဒီမီထရီ ကာရာမာဇော့”

တရားရေးအရာရှိက အလေးအနက် ပြောလိုက်သည်။

“ဒါပေမဲ့ ကျုပ်တို့ကို တခုပြောစမ်းပါ၊ ခင်ဗျားလည်ပင်းပေါ်က ခင်ဗျားပြောတဲ့ ‘လက်ဖွဲ့’ ဆိုတာ တော်တော်ကြီးသလား”

“မကြီးဘူး၊ သိပ်မကြီးပါဘူး”

“ဆိုကြပါစို့၊ ဘယ်အရွယ်လောက် ရှိသလဲ”

“တရာတန် ငွေစက္ကူကို နှစ်ခေါက် ခေါက်ထားသလောက် ရှိတယ်”

“အဲဒီအိတ် အပိုင်းအစတွေကို ကျုပ်တို့ကို ပြစမ်းပါ၊ ခင်ဗျားမှာ အပိုင်းအစတွေ ကျန်ခဲ့မှာပေါ့”

“အို အလကား အဓိပ္ပာယ်မရှိတာပဲ၊ အပိုင်းအစတွေ ဘယ်ရောက်ကုန်ပြီလဲ ကျုပ် မသိဘူး”

“ခဏကလေး ခင်ဗျာ၊ အဲဒါကို ဘယ်အချိန် ဘယ်နေရာမှာ ခင်ဗျားလည်ပင်းက ဖြုတ်လိုက်သလဲ၊ ခင်ဗျားပြောတဲ့စကားအရ ခင်ဗျားနေတဲ့အိမ်ကိုတော့ ခင်ဗျား မပြန်ဘူး”

“ဖီညာဆီကနေ ပါကိုတင်ဆီကိုအသွား လမ်းမှာ အဲဒါကို ကျုပ်လည်ပင်းက ဖြုတ်ပြီး ပိုက်ဆံတွေကို ထုတ်ယူလိုက်တာပဲ”

“မှောင်ကြီးမည်းကြီးထဲမှာလား”

“အဲဒီကိစ္စကို မီးရောင်ထဲမှာ လုပ်ရမှာလား၊ ကျုပ်လက်ချောင်းတွေနဲ့စမ်းပြီး တစ်မိနစ်အတွင်းမှာ ဖြုတ်ယူလိုက်တာပဲ”

“ကတ်ကြေးမပါဘဲနဲ့လား၊ လမ်းပေါ်မှာပဲလား”

“ဈေးကွင်းထဲမှာလို့ ကျုပ် ထင်တာပဲ၊ ကတ်ကြေးက ဘာလုပ်စရာလဲ၊ အဝတ်စက အဟောင်းကြီးပဲ။ တစ်မိနစ်အတွင်းမှာ ပြတ်ထွက်သွားတာပဲ”

“အဲဒီ အဝတ်စကို ခင်ဗျား ဘယ်မှာထားလိုက်သလဲ”

“အဲဒီနေရာမှာတင် ကျုပ် လွှင့်ပစ်လိုက်တာပဲ”

“ဘယ်နေရာမှာလဲ၊ တိတိကျကျ ပြောစမ်းပါ”

“ဈေးကွင်းထဲမှာ၊ ဈေးကွင်းတနေရာမှာ ... ဘယ်နေရာမှာလဲဆိုတာ ကျုပ် မသိဘူး၊ ခင်ဗျားက ဘာဖြစ်လို့ သိချင်ရတာလဲ”

“ဒီဥစ္စာက သိပ်ပြီး အရေးကြီးပါတယ် ခင်ဗျာ၊ ခင်ဗျားကို အကာအကွယ်ပေးမယ့် သက်သေခံ ပစ္စည်း တခု ဖြစ်နိုင်ပါတယ်။ ဒါကို ဘာဖြစ်လို့ ခင်ဗျား သဘောမပေါက်ရတာလဲ။ လွန်ခဲ့တဲ့ တလလောက် တုန်းက ဒီအိတ်ကို ချုပ်တဲ့နေရာမှာ ခင်ဗျားကို ဘယ်သူ ချုပ်ပေးခဲ့သလဲ”

“ဘယ်သူမှ မချုပ်ဘူး၊ ကျုပ်ဘာချုပ် ချုပ်တာပဲ”

"ခင်ဗျားက ချုပ်တတ်လို့လား"

"စစ်သားတယောက်ဟာ ကောင်းကောင်း ချုပ်တတ်တာပေါ့၊ နောက်ပြီးတော့ ဒီကိစ္စအတွက်က ဘာပညာမှလည်း အထူးတတ်စရာ မလိုပါဘူး"

"အဲဒီအတွက် ပစ္စည်း ဘယ်က ရသလဲ၊ ကျုပ်မေးတာက ငွေစက္ကူတွေကို ချုပ်ထားဖို့ အဝတ်စ ခင်ဗျား ဘယ်ကရသလဲ"

"ခင်ဗျားတို့ ကျုပ်ကို ရယ်စရာ လုပ်နေကြတာလား"

"မဟုတ်ပါဘူး၊ ကျုပ်တို့မှာ ခင်ဗျားကို ရယ်စရာ လုပ်နေဖို့ အကြောင်းမရှိပါဘူး"

"အဝတ်စကို ဘယ်က ရတယ်ဆိုတာ ကျုပ် မမှတ်မိဘူး၊ တနေရာရာက ရတာ ဖြစ်မှာပဲ"

"ခင်ဗျားအနေနဲ့ မမေ့သင့်ဘူးလို့ ကျုပ် ထင်ပါတယ်"

"ကျုပ် တကယ်ပြောနေတာပါ၊ ကျုပ် မမှတ်မိဘူး။ ကျုပ် အဝတ်တခုခုက ဆုတ်ယူတာ ဖြစ်မှာပဲ"

"အဲဒါ စိတ်ဝင်စားစရာပဲ၊ မနက်ဖြန်ကျရင် ခင်ဗျားအခန်းမှာ ကျုပ်တို့ ရှာကြည့်မယ်၊ ဆုတ်ထားတဲ့ ရှပ်အင်္ကျီတထည် ဒါမှမဟုတ် အဝတ်တခုခု ရှိသလားလို့။ ဘယ်လို အစမျိုးလဲ၊ ချည်လား ပိုးလား"

"အဲဒါ ကျုပ် မသိဘူး၊ ခဏနေဦး၊ ကျုပ် ဘယ်ဥစ္စာကမှ ကျုပ် ဆုတ်ယူတာ မဟုတ်ဘူး၊ အဲဒီဥစ္စာက ပိတ်စကလေး တစပဲ၊ ကျုပ်အိမ်ရှင် အဘွားကြီးရဲ့ကက်ဦးထုပ်ထဲမှာ ကျုပ် ထည့်ပြီး ချုပ်လိုက်တာပဲ"

"ခင်ဗျား အိမ်ရှင် အဘွားကြီးရဲ့ ကက်ဦးထုပ် .. ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီဦးထုပ်ကို အဘွားကြီးဆီက ကျုပ် ယူထားတာပဲ"

"ဘယ်လိုလုပ်ပြီး ယူထားတာလဲ"

"ကျုပ် မှတ်မိပြီ၊ တခါတုန်းက ကျုပ် ဖောင်တိန်သုတ်ဖို့ အဝတ်စတစ လိုတာနဲ့ အဘွားကြီး ကက်ဦးထုပ်ကို ယူထားလိုက်တာပဲ၊ ဦးထုပ်က အဝတ်စုတ်တခု ဖြစ်နေပြီမို့ သူ့ဆီက ကျုပ် မတောင်းဘဲ ယူထားလိုက်တာပဲ။ အဲဒီဦးထုပ်ကို ဆုတ်ပြီး အစတွေကို ကျုပ် သိမ်းထားခဲ့တယ်။ ပိုက်ဆံတွေ ရတဲ့အချိန်မှာ အဲဒီအစတွေထဲမှာ ထည့်ပြီး ချုပ်ချုပ် ထားလိုက်တာပဲ။ အကြိမ် တထောင်လောက် လျှော်ထားတဲ့

အဝတ်စဟောင်းတခုပဲ”

“ဒါဖြင့် ခင်ဗျားအနေနဲ့ အခု သေသေချာချာ မှတ်မိပြီပေါ့”

“သေသေချာချာတော့ မမှတ်မိဘူး။ ဦးထုပ်ထဲမှာ ထည့်ချုပ်လိုက်တယ်လို့ ထင်တာပဲ။ အို ဒါ ဘာအရေးကြီးလို့လဲ”

“ဒါဆိုရင် သူ့ဦးထုပ် ပျောက်သွားတယ် ဆိုတာကို အဘွားကြီး သိမှာပေါ့”

“ဟင့်အင်း၊ သူ မသိနိုင်ဘူး၊ သူ ပျောက်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ကျုပ် ပြောခဲ့ပြီ၊ ဒီဥစ္စာက အဝတ်စုတ်တခုပဲ၊ ခြုံးတပြားမှ မတန်တဲ့ အဝတ်စုတ် အဝတ်ဟောင်း တခုပဲ”

“အပ်နဲ့ အပ်ချည်ကို ခင်ဗျား ဘယ်ကရသလဲ”

“တော်ပြီ၊ ကျုပ် နောက်ထပ် ဘာမှ မပြောတော့ဘူး”

နောက်ဆုံးတွင် မစ်တယာ ဒေါသဖြစ်လာပြီး ဟစ်အော်လိုက်သည်။

“အဲဒီလက်ဖွဲ့ကို ခင်ဗျား ဘယ်နေရာမှာ လွှင့်ပစ်ခဲ့တယ်ဆိုတာကို ခင်ဗျား မေ့နေတယ် ဆိုတာက တော့ တော်တော်ကလေး ထူးဆန်းတယ်

“မနက်ဖြန်ကျရင် ဈေးကွင်းတခုလုံးကို တံမြက်လှည်းဖို့ အမိန့်ပေးပါလား၊ အဲဒါဆိုရင် ခင်ဗျားတို့ တွေ့ချင်တွေ့ မှာပေါ့” မစ်တယာက သရော်သော အပြုံးဖြင့် ပြောလိုက် သည်။

“တော်လောက်ပြီ လူကြီးမင်းတို့၊ တော်လောက်ပြီ”

ပင်ပန်းနွမ်းနယ်သောလေသံဖြင့် သူ ကြေညာလိုက်သည်။

“ခင်ဗျားတို့ ကျုပ်ကို မယုံဘူးဆိုတာ ကျုပ်သိတယ်။ ကျုပ်ပြောတဲ့ စကား တလုံးတလေကိုမှ ခင်ဗျားတို့ မယုံကြဘူး။ ဒါဟာ ကျုပ်အပြစ်ပါပဲ။ ခင်ဗျားတို့အပြစ် မဟုတ်ပါဘူး။ အမှန်တော့ ခင်ဗျားတို့ကို ကျုပ် ဘာတခုမှ ပြောဖို့မကောင်းဘူး၊ ကျုပ်ဟာ ဘာဖြစ်လို့များ ခင်ဗျားတို့ကို ကျုပ်ရဲ့ လျှို့ဝှက်ချက်တွေ ပြောပြီး ကိုယ့်ကိုယ်ကိုယ် သိက္ခာချရတယ် မသိဘူး။ အခုတော့ ခင်ဗျားတို့အဖို့ ရယ်စရာကြီး ဖြစ်နေကြပြီပေါ့။ ခင်ဗျားတို့မျက်လုံးတွေကို ကြည့်တာနဲ့ ကျုပ် သိပါတယ်။ ကျုပ်ကို ဒီအခြေအနေ ရောက်အောင် တွန်းပို့တာ ခင်ဗျားပဲ” ဟု အမှုလိုက်ရှေ့နေဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

“အခုတော့ ခင်ဗျားအနေနဲ့ အောင်ပွဲခံပြီပေါ့၊ အလကားလူ၊ သူများကို

ညှဉ်းဆဲတဲ့လူ”

သူ့ခေါင်းကို ငုံ့ပြီး လက်နှစ်ဖက်အကြားတွက် ဝှက်ထားလိုက်သည်။ အမှုလိုက် အရာရှိနှင့် တရားရေး အရာရှိတို့ တိတ်ဆိတ်နေကြသည်။ တစ်မိနစ်ခန့် ကြာသောအခါ သူ ခေါင်းပြန်မော့လာပြီး သူတို့နှစ်ယောက်ကို ငေးစိုက်ကာ ကြည့်နေသည်။ သူ့မျက်နှာတွင် လုံးဝကြီး စိတ်ပျက်သည့်အသွင် ပေါ်နေသည်။ သူ့ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်နေသည်ကို ဘာမျှမသိသည့်အလား တုံဏှိဘာဝေ မှိုင်မှိုင်တွေတွေ ဖြစ်နေတော့သည်။ သို့သော် သည်အချိန်က သူတို့၏ ပဏာမ စစ်ဆေးချက် မေးမြန်းမှုကို အဆုံးသတ်ရမည့်အချိန်ပင် ဖြစ်တော့သည်။ သက်သေများကို စစ်ဆေးရမည့်အချိန် ဖြစ်တော့သည်။ မနက် ရှစ်နာရီပင် ထိုးနေပြီ ဖြစ်သည်။ ဖယောင်းတိုင်တွေ ငြိမ်းကုန်သည်မှာပင် ကြာလှပြီ။ မစ်တယာကို စစ်ဆေးနေစဉ်အတွင်း ဝင်လိုက် ထွက်လိုက် လုပ်နေကြသော မာကာရော့ နှင့် ကာဂါနော့တို့လည်း ယခုအခါ နှစ်ယောက်စလုံးပင် အခန်းထဲမှ ထွက်သွားကြပြီ ဖြစ်သည်။ အမှုလိုက် ရှေ့နေနှင့် တရားရေးအရာရှိတို့သည်လည်း အထူးပင် ပင်ပန်းနွမ်းနယ်လျက် ရှိကြတော့ သည်။ နံနက်ခင်းက ထိုင်းမှိုင်းငြိုးငွေ့ဖွယ်ရာ ဖြစ်သည်။ ကောင်းကင်ပြင်တခွင်လုံး အုံ့ဆိုင်း မှိုင်းမှုန်နေပြီး မိုးပြင်းထန်စွာ ရွာသွန်းလျက်ရှိသည်။ ပြတင်းပေါက်ဆီသို့ မစ်တယာ အဓိပ္ပာယ်မရှိ ငေးမောလျက်ရှိသည်။

“ပြတင်းပေါက်ကနေ ကျွန်တော် ကြည့်နိုင်သလား”

တရားရေးအရာရှိကို သူ ရုတ်တရက် မေးလိုက်သည်။

“အို ... ကြိုက်သလောက် ကြည့်ပါ” တရားရေးအရာရှိက ပြန်ဖြေသည်။ မစ်တယာ ထိုင်ရာမှထပြီး ပြတင်းပေါက်ဆီသို့ သွားသည်။ ပြတင်းပေါက် မှန်စိမ်းစိမ်းကလေးများကို မိုးစက်များ ရိုက်ပက်နေ သည်။ ပြတင်းပေါက် အောက်ဘက်ရှိ ရွှံ့ဗွက်တွေ ထူပြောနေသော လမ်းကို သူ မြင်ရသည်။ အဝေးဘက် မိုးမှောင်မှောင်ထဲတွင်ကား တဲစုတ်စုတ် မည်းမည်းများကို တွေ့ရသည်။ မိုးရေထဲတွင် ဖြစ်သဖြင့် ပိုပြီး စုတ်ချာ မည်းနက်လျက် ရှိကြတော့သည်။ “ရွှေဝါရောင် ဆံပင်နှင့် နေမင်းကြီး” ... ယင်း နေမင်းကြီး၏ ပထမဆုံး ရောင်ခြည်ဖြာစဉ်တွင် သူ့ကိုယ်သူ ပစ်သတ်ရန် ရည်ရွယ်ခဲ့သည့် အဖြစ်ကို မစ်တယာ အမှတ်ရသည်။

“ဒီလို မနက်ခင်းမျိုးဆိုရင် အများကြီး ကောင်းမှာပဲ”

မစ်တယာ တွေးမိရင်း ပြုံးလိုက်သည်။ ထို့နောက် ရုတ်ခြည်းဆိုသလို သူ့လက်နှစ်ဖက်ကို အောက်ဘက်သို့ ဖော့ယမ်းလိုက်ပြီး သူ၏ ညှဉ်းပန်းသူများဘက်သို့ သူ လှည့်လိုက်၏။

"လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော် သိတယ်၊ ကျွန်တော့်ကိစ္စကတော့ သွားပြီ။ ဒါပေမဲ့ အမျိုးသမီး ပြဿနာက ဘယ်လိုလဲ။ အမျိုးသမီးအကြောင်း ကျွန်တော့်ကို ပြောစမ်းပါ၊ ကျွန်တော် တောင်းပန်ပါ တယ်၊ သူကော ကျွန်တော့်လိုပဲ ဒုက္ခရောက်နေမှာလား၊ သူ့မှာ အပြစ်မရှိဘူး။ 'ဒါတွေဟာ အားလုံး ကျွန်မအပြစ်တွေပါပဲ' လို့ မနေ့ညက သူ ပြောတုန်းက သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေပါ တယ်၊ အခုကိစ္စမှာ သူနဲ့ ဘာမှ မဆိုင်ပါဘူး၊ ဘာမှ မဆိုင်ပါဘူး၊ တညလုံးပဲ ခင်ဗျားတို့နဲ့အတူ ထိုင်နေရင်း ကျွန်တော့် ရင်ထဲမှာ စိတ်မကောင်း ဖြစ်နေရပါတယ်။ ခင်ဗျားတို့ အခု သူ့ကို ဘာလုပ်ကြမလဲဆိုတာ ကျွန်တော့်ကို ပြောမပြဘူးလား၊ ပြောမပြနိုင်ဘူးလား"

"ဒီကိစ္စအတွက်တော့ ခင်ဗျား ဘာမှ စိုးရိမ်ကြောင့်ကြ မဖြစ်ပါနဲ့" အမှုလိုက်ရှေ့နေက ချက်ချင်းပင် စိတ်ပါလက်ပါ ဖြေလိုက်သည်။ "ခင်ဗျား အင်မတန် စိတ်ဝင်စားနေတဲ့ အမျိုးသမီးကို အခုအချိန်အထိ တော့ ကျုပ်တို့အနေနဲ့ ဘာမှ အနှောင့်အယှက် ပေးစရာအကြောင်း မရှိပါဘူး။ ဒီအမှုရဲ့ နောက်ပိုင်း ကာလမှာလည်း ဒီအတိုင်းပဲ ဖြစ်ပါလိမ့်မယ်လို့ ကျုပ် ထင်ပါတယ်၊ သူ့ကို ဒုက္ခမပေးရုံတင် မကပါဘူး၊ ကျုပ်တို့အနဲ့ တတ်နိုင်သမျှ ကာကွယ် စောင့်ရှောက်ပါ့မယ်၊ ခင်ဗျားစိတ်ကို အေးအေးထားပါ"

"ကျေးဇူးတင်လိုက်တာ လူကြီးမင်းများ ခင်ဗျား၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဟာ ရိုးသား ဖြောင့်မတ်တဲ့ လူတွေလို့ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော့်ကိုယ်ပေါ်က ဝန်ထုပ်ကြီးကို ခင်ဗျားတို့ ဖယ်ရှားပစ်လိုက်တာပါပဲ။ ကဲ၊ အခု ကျွန်တော်တို့ ဘာဆက်ပြီး လုပ်ကြမလဲ။ ကျွန်တော့်ဘက် ကတော့ အဆင်သင့်ပဲ"

"ဟုတ်တယ်၊ ကျုပ်တို့ မြန်မြန်လုပ်ကြရမယ်၊ သက်သေတွေကို အခုချက်ချင်းပဲ ဆက်ပြီး စစ်ဆေးကြ ရမယ်၊ ခင်ဗျားရဲ့ရှေ့မှာပဲ ကျုပ်တို့ စစ်ဆေးမေးမြန်းမှာပဲ၊ အဲဒီတော့... ကျုပ်တို့ လက်ဖက်ရည် အရင် သောက်ကြရင် မကောင်းဘူးလား၊ ကျုပ်တို့အနေနဲ့ သောက်သင့်ပါတယ်"

တရားရေးအရာရှိက ကြားဖြတ်ပြီး ပြောလိုက်သည်။

အကယ်၍ အောက်ဘက်တွင် လက်ဖက်ရည် အဆင်သင့်ဖြစ်ခဲ့လျှင် (ကျေးရွာ ပုလိပ်အရာရှိသည် လက်ဖက်ရည်တခွက်လောက် သောက်ရန် အောက်ထပ်သို့ ဆင်းသွားသည် ဖြစ်သဖြင့်) သူတို့လည်း လက်ဖက်ရည်တခွက်စီ သောက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက်တွင်ကား 'ဗော့ဒကာ တကျိုက်' နှင့် နံနက်စာကို သင့်လျော်သည့် အချိန်အထိ ရွှေ့ဆိုင်းထားပြီး 'ဆက်လက် လုပ်ဆောင် သွားကြရန်' ဖြစ်သည်။

အောက်ဘက်တွင် လက်ဖက်ရည် အဆင်သင့် ဖြစ်နေပြီဖြစ်၍ မကြာမတင်မီမှာပင် အပေါ်ထပ်သို့ ယူဆောင်လာကြသည်။ မစ်တယာသည် ပထမတွင် တရားရေးအရာရှိက ယဉ်ကျေးဖွယ်ရာစွာ ပေးအပ်သော လက်ဖက်ရည်ကို ငြင်းဆန်သည်။ သို့သော် နောက်ပိုင်းတွင် သူကိုယ်တိုင် တောင်းခံပြီး နွားငတ်ရေကျ သောက်လေတော့သည်။

သူ့ကို ကြည့်ရသည်မှာ အံ့ဩဖွယ်ရာ ကောင်းလောက်အောင်ပင် ပင်ပန်းနွမ်းနယ်လျက် ရှိသည်။ ဟာကြူလီ ခွန်အားရှိသော သူ့လိုလူတယောက်အဖို့ တညလောက် သေရည်သောက်ကြူးရုံမျှနှင့် (စိတ်ဆင်းရဲပင်ပန်းရသည်များ ရှိစေဦးတော့) သိသိသာသာကြီး ထိခိုက်သွားလိမ့်မည်ဟု ထင်စရာ အကြောင်း မရှိပါ။ သို့သော် သူ့အနေနှင့် ခေါင်းကိုမျှ မတ်မတ်မထူနိုင်ဘဲ သူ့မျက်စိထဲတွင် အခန်းထဲရှိ အရာဝတ္ထုများအားလုံးသည် ချာချာလည်လျက် ရှိကြတော့သည်။ “တော်တော်ကလေး ကြာရင် ကယောင်ကတမ်းတွေ ဖြစ်ကုန်တော့မှာပဲ” ဟု သူ့ကိုယ်သူ ပြောလိုက်သည်။

၈။ သက်သေများ၏ ထွက်ဆိုချက်၊ အလေးလေး

သက်သေများကို စစ်ဆေးခြင်း စတင်သည်။ သို့သော် ကျွန်ုပ်တို့၏ ဇာတ်လမ်းကို စောစောပိုင်းက ပြောခဲ့သလောက် အသေးမစိတ်တော့ပါ။ ယင်းအတွက် တရားရေးအရာရှိက သက်သေများကို အမှန်မှတပါး၊ အမှန်ကိုသာ ထွက်ဆိုကြရန် ပြောဆိုပုံနှင့် ၎င်းတို့၏ ထွက်ဆိုချက်များကို နောက်ပိုင်းတွင် ကျမ်းကျိန်ကာ ပြန်လည်ထွက်ဆိုရမည်ဖြစ်ကြောင်း ပြောဆိုပုံ စသည် စသည်တို့ကို ချန်လှပ်ထားခဲ့ပါမည်။ အရာရှိနှစ်ဦးက ငွေသုံးထောင်အကြောင်း ထပ်ဖန်တလဲလဲ မေးမြန်းပုံအထိ အချက်ကိုသာ ဖော်ပြသွားမည် ဖြစ်သည်။ မိုကရိုယီသို့ ဒီမီထရီ ပထမအကြိမ် လာရောက်စဉ်က သူသုံးသည့် ပိုက်ဆံသည် သုံးထောင် ဖြစ်ချေသလော သို့မဟုတ် တထောင့်ငါးရာ ဖြစ်ချေသလော၊ ထို့နောက် ယမန်နေ့ညက သူသုံးသည့် ပိုက်ဆံသည် သုံးထောင်လား သို့မဟုတ် တထောင့်ငါးရာလား ဆိုသည့်အချက်ပင် ဖြစ်ပါသည်။

အလိုလေးလေး၊ သက်သေတိုင်း၏ ထွက်ဆိုချက်သည် မစ်တယာကို ဆန့်ကျင်ထိခိုက်စေလျက် ရှိတော့သည်။ တဦးတယောက်မျှ သူ့ဘက်က ထောက်ခံဖေးမပြီး ထွက်ဆိုခြင်း မရှိပါ။ အချို့သော သက်သေများကဆိုလျှင် မစ်တယာ၏ ထွက်ဆိုချက်ကို ချေဖျက်သော အကြောင်းအရာ အချက်အလက် အသစ်များကိုပင် ဖော်ထုတ်သွားကြသည်။

ပထမဆုံး မေးမြန်းသည့်သက်သေမှာ ဆိုင်ရှင်ဖြစ်သည်။ ၎င်းသည် အရာရှိနှစ်ဦး ရှေ့တွင် ကြောက်ရွံ့ ထိတ်လန့်ခြင်း အလျဉ်းမရှိချေ။ ၎င်းသည် တရားခံအပေါ် မကျေမနပ် ဒေါသဖြစ်နေသည့်အလား မျက်နှာထား တင်းမာခက်ထန်လျက်ရှိသည်။ ယင်းအတွက် သူသည် သိက္ခာသမာဓိရှိပြီး အမှန်တရား ကို ထွက်ဆိုသည့် အသွင်သဏ္ဍာန် ရှိနေသည်။ သူက စကားကို နည်းနည်းပဲ ပြောသည်။ ထိန်းပြီး ပြောသည်။ သူ့အား မေးခွန်းများ မေးသည်ကို စောင့်ဆိုင်းသည်။ ထို့နောက် သေသေချာချာ စဉ်းစားပြီး အဆင်သင့် ဖြေဆိုသည်။ လွန်ခဲ့သော တလခန့်က မစ်တယာ သုံးစွဲသွားသည့် ငွေသည် သုံးထောင်ထက် မလျော့နည်းကြောင်း၊ မစ္စတာ ကာရာမာဇော့ကိုယ်တိုင် ငွေသုံးထောင်ဟု ပြောသည်ကို ရွာသားများအားလုံး ကြားကြပြီး ၎င်းတို့က သက်သေခံကြလိမ့်မည် ဖြစ်ကြောင်းကို သူက အနည်းငယ် တုံ့ဆိုင်း နှောင့်နှေးခြင်း မရှိဘဲ ပြတ်သားတိကျစွာ ထွက်ဆိုသည်။

"ဂျစ်ပဆီမကလေးတွေကို သူ ပစ်ပေးတဲ့ ငွေကိုက အနည်းဆုံး တထောင်ကျော်မယ်လို့ ကျုပ်ထင်တယ်"

"သူတို့ကို ကျုပ်ပေးတာ ငါးရာထက် မပိုဘူး" မစ်တယာ သုန်မှုန်စွာ ပြောသည်။

"အဲဒီတုန်းက ဘယ်လောက်ဆိုတာတော့ ကျုပ် ရေမထားမိဘူး၊ ကျုပ် မူးနေတယ်"

ယခုတကြိမ်တွင် မစ်တယာသည် ကန့်လန့်ကာကို ကျောပေးပြီး ဘေးတိုက်ကြီး ထိုင်နေသည်။ သူ့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်လျက် ရှိသည်။ သူသည် သုန်သုန်မှုန်မှုန်ကြီး နားထောင်နေပြီး နောက် ...

"အို ခင်ဗျား ပြောချင်သလိုသာ ပြောပါ၊ ဒီအချိန်ကျမှတော့ ဘာမှ အကြောင်းမထူးတော့ပါဘူး"

"သူတို့ကို ခင်ဗျားပေးတာ တထောင်ကျော်ပါတယ် မစ္စတာ ကာရာမာဇော့" ဆိုင်ရှင်က ပြတ်သားစွာ တုံ့ပြန်သည်။ "ခင်ဗျားက ပိုက်ဆံတွေကို ကြဲချင်တိုင်း ကြဲနေပြီး သူတို့က ကောက်ယူနေကြတာပဲ။ သူတို့က ကလေကချေ သူခိုးတွေပဲ၊ မြင်းသူခိုးတွေပဲ။ သူတို့ကို မောင်းထုတ်ပစ်လိုက်လို့ပဲ၊ နို့မဟုတ်ရင် ခင်ဗျားဆီက ဘယ်လောက် ပွသွားမယ်ဆိုတာ သူတို့ကိုယ်တိုင် သက်သေခံကြမှာပဲ။ ခင်ဗျားလက်ထဲကပိုက်ဆံတွေကို ကျုပ်ကိုယ်တိုင် မြင်ရတယ်။ ကျုပ် ရေတော့မကြည့်ဘူး၊ ခင်ဗျားက ရေခွင့်မပေးဘူး။ အဲဒါတော့ အမှန်ပဲ။ ဒါပေမဲ့ မျက်စိနဲ့ မြင်ရတာကတော့ တထောင့်ငါးရာ မကဘူး၊ ပိုက်ဆံတွေကို ကျုပ် မြင်ဖူးတယ်။ ဘယ်လောက်ရှိမယ်ဆိုတာ ကျုပ် ခန့်မှန်းနိုင်တယ်"

ယမန်နေ့က ဒီမီထရီသုံးသော ငွေနှင့် ပတ်သက်၍ကား ဒီမီထရီသည် မြင်းရထားပေါ်မှ ဆင်းဆင်းချင်းပင် သူ့မှာ ငွေသုံးထောင် ပါလာကြောင်း ၎င်းအား ပြောဆိုသည်ဟု ဆိုင်ရှင်က ထွက်ဆိုသည်။

"ခင်ဗျား ပြောတာ သေချာသလား၊ ကျုပ်က ငွေသုံးထောင် ပါလာတယ်လို့ တကယ် ပြောသလား" မစ်တယာ မေးလိုက်သည်။

"အဲဒီအတိုင်း ခင်ဗျား ပြောပါတယ် မစ္စတာကာရာမာဇော့၊ အန်ဒရေရှေ့မှာ ပြောတာပဲ၊ အန်ဒရေ အခု ဒီမှာ ရှိနေပါသေးတယ်။ သူ ပြန်မသွားသေးပါဘူး။ သူ့ကိုခေါ်ပြီး မေးကြည့်နိုင်ပါတယ်၊ ဧည့်ခန်းထဲမှာ တီးဝိုင်းအဖွဲ့ကို ပွဲကြီးလမ်းကြီး ပေးနေတုန်းက ဒီမှာသုံးတာ ငွေခြောက်ထောင် ရှိသွားပြီလို့ ခင်ဗျား အော်ပြောခဲ့တယ်။ အဲဒါကတော့ အရင်သုံးခဲ့တဲ့ ပိုက်ဆံနဲ့ပေါင်းပြီး ပြောတာပဲလို့ နားလည်နိုင်တယ်။ စတီဖင်နဲ့ ဆီမြွန်တို့လည်း ကြားတယ်။ အဲဒီအချိန်က ခင်ဗျားဘေးမှာ ရပ်နေတဲ့ မစ္စတာ ကာဂါနော့ လည်း ကြားတယ်။ အဲဒီစကားကို သူလည်း မှတ်မိပါလိမ့်မယ်"

ငွေခြောက်ထောင်ဟူသော ထွက်ဆိုချက်သည် အရာရှိနှစ်ယောက်ကို အထူးပင် စိတ်ဝင်စားစေ ပါသည်။ အသစ်ဖြစ်သော ထွက်ချက်ပုံ ထွက်ချက်နည်းကို သူတို့ သဘောကျသည်။ သုံးနှင့် သုံးပေါင်း ခြောက်၊ သည်သဘောမှာ အရင်တခါက သုံးထောင်၊ ယခု သုံးထောင်။ ဒါထက် ဘာက ပိုပြီး ရှင်းဦးမလဲ။

ဆိုင်ရှင် ရည်ညွှန်းသွားသော ရွာသားများအားလုံးကို ခေါ်ပြီး စစ်ဆေးသည်။ စတီဖင်၊ ဆီမွန်၊ ရထားထိန်း အန်ဒရေ တို့နှင့်အတူ ပီတာကာဂါနော့ ... အန်ဒရေနှင့် ရွာသားနှစ်ယောက်က ဆိုင်ရှင်၏ ထွက်ဆိုချက်ကို အတုံ့အဆိုင်းမရှိ ထောက်ခံကြသည်။

ထို့ပြင် အန်ဒရေ၏ ထွက်ဆိုချက်ဖြစ်သော ၎င်းနှင့် မစ်တယာ လမ်းခရီးတွင် ပြောခဲ့ကြသည့် စကားကိုလည်း သူတို့က စကားလုံး အတိအကျ ရေးမှတ်ထားကြသည်။

"ကျုပ်ဟာ ကောင်းကင်ဘုံကို သွားရမလား၊ ဒါမှမဟုတ် ငရဲကို သွားရမလား၊ ကျုပ်ကို တမလွန် ဘဝက ခွင့်လွှတ်ကြမလား၊ ဒါမှမဟုတ် ခွင့်မလွှတ်ကြဘူးလားပဲ"

မစ်တယာက လမ်းတွင် အန်ဒရေကို ယင်းသို့ ပြောခဲ့သည်။ စိတ်ပညာ ပါရဂူ ဖြစ်သော အမှုလိုက် ရှေ့နေသည် ယင်းမှတ်ချက်ကို ပညာရှိပြုံးဖြင့် နားထောင်နေပြီးနောက် သူ ဘယ်ကို သွားရမလဲ ဟူသော မစ်တယာ၏မှတ်ချက်ကိုလည်း 'သက်သေခံ ထွက်ဆိုချက်များ' တွင် ဖြည့်စွက်ရန် ပြောလိုက်သည်။

ကာဂါနော့သည် သူ့အလှည့် ကျရောက်သောအခါ တုံ့ဆိုင်းစွာဖြင့် ဝင်ရောက်လာသည်။ မျက်နှာထား သုန်မှုန်ပြီး မျက်မှောင်ကုတ်ထားသည်။ တရားရေးအရာရှိနှင့် အမှုလိုက် ရှေ့နေတို့ကို နေ့စဉ် တွေ့နေသော မိတ်ဆွေဟောင်းများပမာ မဆက်ဆံဘဲ သူ့ဘဝတွင် ယခုမှ ပထမအကြိမ် တွေ့ဆုံဖူး သူများပမာ ပြောဆိုသည်။ သည်ကိစ္စနှင့် ပတ်သက်ပြီး သူ ဘာမျှမသိကြောင်း၊ ဘာမျှလည်း မသိလို ကြောင်း သူ စတင်ပြောဆိုသည်။ သို့သော် သူသည် ထိုအချိန်က မစ်တယာ၏ဘေးတွင် ရှိနေပြီး 'ငွေခြောက်ထောင်' ဟူသော စကားကို ကြားလိုက်ကြောင်းကိုကား ဝန်ခံသည်။ မစ်တယာ၏ လက်ထဲတွင် 'ငွေ ဘယ်လောက်' ရှိနေသည်ကိုကား 'သူ မသိ' ဟု ဆိုသည်။ ပိုလန် နှစ်ယောက်က ဖဲလိမ်ရိုက်သည့်အကြောင်းကိုကား သူ အတည်ပြုပြောဆိုသည်။

အရာရှိများက ထပ်တလဲလဲ မေးမြန်းသဖြင့် ပိုလန်နှစ်ယောက်ကို မောင်းထုတ်လိုက်သည့် နောက်ပိုင်းတွင် မစ်တယာနှင့် ဂရုရှင်ကာတို့၏ ဆက်ဆံရေး ပိုမိုကောင်းမွန်လာကြောင်း၊ အမျိုးသမီးက မစ်တယာကို ချစ်သည်ဟု

ပြောဆိုကြောင်းတို့ကိုလည်း သူ ရှင်းပြသည်။ ဂရုရှင်ကာ အကြောင်း ပြောဆိုရာတွင် သူသည် ထိန်းထိန်းသိမ်းသိမ်းနှင့် လေးလေးစားစား ရှိသည်။ အမျိုးသမီး သည် အထက်လွှာ အသိုင်းအဝိုင်းမှ ဂုဏ်သရေရှိ အမျိုးသမီးတဦးပမာဖြစ်သည်။ သူက အမျိုးသမီး၏ အမည်ကို မစ္စ အဂ္ဂရာဖီနာ ဆဗက်လေ့ဗ့ာ ဟု သုံးစွဲပြီး ဂရုရှင်ကာဟု လုံးဝ မပြောဆိုပါ။

ကာဂါနော့သည် သက်သေတဦးအဖြစ် ထွက်ဆိုရာတွင် သိသိသာသာကြီး ကဏ္ဍကောစ နိုင်သော်လည်း အမှုလိုက်အရာရှိက ၎င်းကို အချိန်အတော်ကြီးကြာအောင်ပင် စစ်ဆေးမေးမြန်းခဲ့ သည်။ မစ်တယာ၏ ထိုညက 'အချစ် အလွမ်းများ' ကို သူ့ထံမှပင် အသေးစိတ် သိရှိကြရသည်။ မစ်တယာက ကာဂါနော့ကို တကြိမ်တခါမျှ ကြားဖြတ်ခြင်း မပြုပါ။ နောက်ဆုံးတွင် လူရွှယ်ကလေး ကို သွားခွင့်ပြုလိုက်ကြသည်။ ၎င်းသည် သူ၏ဒေါသကို ဖုံးကွယ်ခြင်းမပြုဘဲ အခန်းထဲမှ ထွက်ခွာသွားသည်။

ပိုလန် နှစ်ယောက်ကိုလည်း စစ်မေးကြသည်။ ၎င်းတို့သည် ၎င်းတို့အတွက် ပေးထားသော အခန်းတွင်းသို့ အိပ်စက်ရန် ဝင်ရောက်သွားကြသော်လည်း တညလုံး တရေးမှ မအိပ်ကြပါ။ အာဏာပိုင်များ ရောက်ရှိလာသောအခါ သူတို့ကိုလည်း ဆင့်ခေါ်မည်ဖြစ်ကြောင်း သိရှိသဖြင့် အဝတ်အစားများကို ကမန်းကတန်း ဝတ်ဆင်ကာ အသင့်ရှိနေကြသည်။ ၎င်းတို့သည် အနည်းငယ် စနိုးစနောင့် ဖြစ်နေကြဟန် ရှိသော်လည်း ခပ်တည်တည်ပင် အစစ်ဆေးခံကြသည်။

အရပ်ပုပုသည် ဆိုက်ဗေးရီးယားတွင် တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် အမှုထမ်းခဲ့သော ဒွါဒသမ အဆင့် အငြိမ်းစား ပြည်သူ့ဝန်ထမ်းတဦး ဖြစ်ကြောင်း သိရသည်။ သူ့နာမည်က မတ်ဆယာလိုဗစ် ဖြစ်သည်။ ဗရုဗလက်စကီက ဘွဲ့ပညာ မရရှိသော အရပ် သွားစိုက်ဆရာတဦး ဖြစ်သည်။ အခန်းတွင်း သို့ ရောက်ရှိသောအခါ ၎င်းတို့ကို တရားရေးအရာရှိက မေးခွန်းများ မေးမြန်းနေခြင်း ဖြစ်သော်လည်း ၎င်းတို့က အခန်းတနေရာတွင် ရပ်နေသော ရာဇဝတ်ဝန် မစ်ခေးမာကာရော့ကိုသာ ဦးတည်ပြီး ပြန်လည် ဖြေကြားကြသည်။ ဤစစ်ဆေးမေးမြန်းမှုတွင် မစ်ခေးမာကာရော့သည် တာဝန်ခံ အရာရှိကြီး ဖြစ်သည်ဟု လွဲမှားစွာ ထင်မှတ်နေကြသောကြောင့် ဖြစ်သည်။ ၎င်းတို့က 'ဗိုလ်မှူးကြီး' ဟု ခေါ်ဝေါ် ပြောဆိုကြသည်။ ယင်းကဲ့သို့ အတန်ကြာ ပြောဆိုကြပြီးနောက် ရာဇဝတ်ဝန် အဘိုးကြီး ထံမှ သဘောမကျမှုများကို ရရှိသောအခါတွင်မှ ၎င်းတို့သည် တရားရေးအရာရှိကို ဦးတည် ပြောဆိုရမည် ဖြစ်ကြောင်း သိရှိကြတော့သည်။ ၎င်းတို့သည် အချို့သော စကားလုံးများတွင် အသံထွက် လွဲမှားသည်မှအပ ရုရှားစကားကို ကောင်းစွာ ပြောဆိုနိုင်ကြသည်။

မတ်ဆယာလိုဗစ်သည် ၎င်းနှင့် ဂရုရှင်ကာ၏ ယခင်နှင့် ယခု

ဆက်ဆံရေးကို ပြောကြားရာတွင် စိတ်အားထက်သန်စွာဖြင့် ဝင့်ကြွားစွာ ပြောဆိုလျက်ရှိရာ မစ်တယာသည် တကြိမ်တွင် သည်းမခံနိုင် တော့ဘဲ 'လူယုတ်မာ' က သူ့ရှေ့တွင် ဤသို့ပြောဆိုနေသည်ကို ခွင့်မပြုနိုင်ကြောင်း အော်ဟစ် ပြောဆိုတော့သည်။ မတ်ဆယာလိုဗစ်သည် 'လူယုတ်မာ' ဟူသော စကားလုံးကို ချက်ချင်းပင် ဂရုထားမိပြီး ထိုအကြောင်းကို မှတ်တမ်းတွင် ရေးမှတ်ထားပါရန် တောင်းဆိုသည်။ ထိုအခါ မစ်တယာ ဒေါသအိုး ပေါက်ကွဲတော့သည်။

"သူဟာ လူယုတ်မာတယောက်ပဲ၊ အင်မတန် ယုတ်မာတဲ့ လူတယောက်ပဲ၊ အဲဒါကိုလည်း ခင်ဗျားတို့ ထည့်ပြီး ရေးထားနိုင်တယ်။ မှတ်တမ်းမကလို့ ဘာကြီးပဲဖြစ်ဖြစ် ရေးထားပါ။ သူဟာ အင်မတန် ကောက်ကျစ်တဲ့ လူယုတ်မာတယောက်ဆိုတာ ကျုပ် အခုလည်း ထပ်ပြီး ပြောတယ်" ဟု သူ ဟစ်အော်သည်။

တရားရေးအရာရှိသည် ဤအချက်ကို မှတ်တမ်းတွင် ထည့်မှတ်ထားသော်လည်း ဤကိစ္စကို ကျွမ်းကျင်ပါးနပ်စွာဖြင့် ကိုင်တွယ်သွားသည်။ သူသည် မစ်တယာကို ပြင်းထန်စွာ သတိပေးပြီးသည် နှင့် တပြိုင်နက် အချစ်ရေးကိစ္စကို ဆက်လက်မေးမြန်းခြင်း မပြုတော့ဘဲ အဓိကအပိုင်းကို လျင်မြန်စွာ ကူးပြောင်းသွားသည်။ ပိုလန် နှစ်ဦး၏ ထွက်ဆိုချက်တွင် အရာရှိ နှစ်ယောက်ကို အထူးစိတ်ဝင်စားစေသော အဓိကအပိုင်းမှာ မစ်တယာက မတ်ဆယာလိုဗစ်ကို လာဘ်ထိုးရန် ကြိုးစားသည့်အခန်းပင် ဖြစ်သည်။ ဂရုရှင်ကာကို လက်လွှတ်မည်ဆိုလျှင် မတ်ဆယာလိုဗစ်ကို ငွေသုံးထောင် ပေးမည်။ ငွေခုနစ်ရာကို လက်ငင်းပေးမည်။ ကျန်နှစ်ထောင့်သုံးရာကို 'နောက်တနေ့၌ မြို့တွင်' ပေးမည်။ မိုကရိုယီတွင် သူနှင့်အတူ ငွေအားလုံး မရှိကြောင်း၊ သို့သော် မြို့တွင်ရှိကြောင်းကို ကျိန်တွယ်ပြောဆိုသည့် အခန်း ဖြစ်သည်။

ကျန်ငွေကို နောက်တနေ့၌ မြို့တွင် ပေးမည် ဆိုသည်မှာ မဟုတ်ကြောင်း မစ်တယာ အပြင်းအထန် ပြောဆိုသည်။ သို့သော် ဗရုဗလက်စကီက သူ့မိတ်ဆွေ၏ ထွက်ဆိုချက် မှန်ကန်ကြောင်း အတည်ပြု ပြောဆိုသည်။ ထိုအခါ မစ်တယာသည် တခဏမျှ စဉ်းစားပြီးနောက် ပိုလန်နှစ်ယောက် ပြောသည့် အတိုင်း ဖြစ်နိုင်ကြောင်း၊ ထိုအချိန်က သူ အင်မတန် စိတ်လှုပ်ရှားနေပြီး အဆိုပါအတိုင်း ပြောမိနိုင် ကြောင်း မျက်မှောင်ကုတ် ဝန်ခံပြောဆိုသည်။

အမှုလိုက်ရှေ့နေသည် ယင်းအချက်ကို အရအမိ ဖမ်းဆုပ်ထားသည်။ ဤအချက်က အမှုကို စွဲတင်ရာတွင် မစ်တယာ၏ လက်ဝယ်သို့ ရောက်ရှိလာသော ငွေသုံးထောင်အနက် တဝက် သို့မဟုတ် တစိတ်တဒေသသည် မြို့တွင်း တနေရာရာမှာသော်လည်းကောင်း၊ သို့မဟုတ် မိုကရိုယီရှိ ဤဆိုင်တွင်း တနေရာရာတွင်လည်းကောင်း ဝှက်ထားသည်ဟု ယူဆစရာ ဖြစ်သည်။

(အမှန်တကယ် ပင် နောက်ပိုင်း၌ ဤအတိုင်းပင် ကောက်ချက်ဆွဲခဲ့ကြသည်)။ ဤသဘောက မစ်တယာ၏ ကိုယ်ပေါ်တွင် ငွေရှစ်ရာသာ တွေ့ရသည်ဟူသော အခြေအနေကို ရှင်းပြနေသည်။ တရားစွဲဆိုရာတွင် ရှုပ်ထွေးစေနိုင်သည့်အချက် ဖြစ်သည်။ ဤအခြေအနေသည် အရေးမကြီးလှသော်လည်း ယခုအထိ ထွက်ဆိုသွားသော ထွက်ချက်များတွင် မစ်တယာအား အကျိုးပြုနိုင်သော အချက်ကလေးတခုပင် ဖြစ်တော့သည်။

သို့သော် သူ့အတွက် အခွင့်အရေးဖြစ်သော ဤအချက်သည်ပင် ချက်ချင်း ပျက်စီးသွားသည်။ သူ့လက်ထဲတွင် ငွေတထောင့်ငါးရာထက် ပိုပြီး မရှိပါဟု ငြင်းဆန်ထားပြီးသည့် နောက်ပိုင်းတွင် နောက်တနေ့တွင် ပေးရန် ကတိပြုထားသော ကျန်ငွေ နှစ်ထောင့်သုံးရာကို သူ့အနေနှင့် ဘယ်က ရမည်နည်းဟု အမှုလိုက်အရာရှိ မေးမြန်းသောအခါ မစ်တယာက 'အယုတ်ကောင်' ကို ငွေသား ပိုက်ဆံပေးရန် မရည်ရွယ်ကြောင်း၊ ဆမ်ဆိုနော့နှင့် မစ္စက်ကိုကလာကော့တို့ကို ကမ်းလှမ်းခဲ့သည့် အတိုင်း ချာမာရှညာ သစ်တော ခံစားပိုင်ခွင့်ကိုသာ ပေးရန် ရည်ရွယ်ထားကြောင်း ပြန်ပြောသည်။ ထိုအခါ မစ်တယာ၏ 'ရိုးသားသော ပရိယာဝေဝုစ်' ကို အမှုလိုက်ရှေ့နေ ပြုံးမိရတော့သည်။

"နှစ်ထောင့်သုံးရာ ရူဗယ်ငွေသားအစား 'ဒီခံစားခွင့်' ကို သူ လက်ခံမယ်လို့ ခင်ဗျား ထင်သလား"

"သူ ကောင်းကောင်းကြီး လက်ခံတာပေါ့" ဟု မစ်တယာက အားရပါးရ ပြောလိုက်သည်။ "ဒီလို အရောင်းအဝယ် ကိစ္စမျိုးမှာ သူဟာ နှစ်ထောင် မဟုတ်ဘူး၊ လေးထောင် ခြောက်ထောင်လည်း ရအောင် လုပ်နိုင်တယ်။ ဒီလုပ်ငန်းအတွက် သူက ရှေ့နေတွေ ငှားမယ်၊ ပိုလန်လူမျိုး ရှေ့နေတွေ၊ ရဟူဒီလူမျိုး ရှေ့နေတွေ၊ ငွေသုံးထောင် မကဘူး၊ အဘိုးကြီးရဲ့ ခြံမြေတွေ အကုန်လုံးကိုတောင် ရနိုင်တယ်"

မတ်ဆယာလိုဗစ်၏ထွက်ဆိုချက်ကို အသေးစိတ် ရေးမှတ်ထားကြသည်။ ထို့နောက် ပိုလန် နှစ်ယောက်ကို သွားခွင့်ပြုလိုက်သည်။ ၎င်းတို့၏ ဖဲလိမ်မှုနှင့် ပတ်သက်၍ တစုံတရာ ပြောဆိုခြင်း မရှိချေ။ တရားရေးအရာရှိသည် ၎င်းတို့ကို ကျေးဇူးအထူးတင်ရှိသဖြင့် အသေးအဖွဲ ကိစ္စကလေး များဖြင့် ၎င်းတို့၏စိတ်ကို အနှောင့်အယှက် ပေးလိုခြင်း မရှိချေ။ အထူးသဖြင့် ဤကိစ္စသည် အရက်မူးသမားများ ဖဲဝိုင်းတွင် စကားများ ရန်ဖြစ်ကြခြင်းသာ ဖြစ်သည်။ ယမန်နေ့ညက အရက်တွေ အရမ်းကာရော သောက်ပြီး ကသောင်းကနင်း အမှုတွေ အများကြီး ဖြစ်ခဲ့သည်။ ယင်းသို့ဖြင့် ရူဗယ်ငွေ နှစ်ရာသည် ပိုလန်နှစ်ယောက်၏ အိတ်များထဲတွင် ကျန်ရှိနေတော့သည်။

ထို့နောက် ဆမ်ဆိုနော့ကို ဆင့်ခေါ်သည်။ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် သူ

ဝင်ရောက်လာသည်။ စားပွဲဆီသို့ ခြေလှမ်းစိပ်စိပ်ဖြင့် လျှောက်သွားသည်။ ကပိုကသီ ဖိုးရိုးဖားရားနှင့် အင်မတန် စိတ်ဓာတ်ကျဆင်းနေပုံရသည်။ သူသည် တချိန်လုံးပင် အောက်ထပ်တွင် ဂရုရှင်ကာနှင့်အတူ ရှိနေခဲ့သည်။ သူမ၏ဘေးတွင် တုံဏှိဘာဝေ ရှိနေခဲ့သည်။ မကြာခဏဆိုသလို အမျိုးသမီး၏ ကိုယ်ပေါ်တွင် ငိုကြွေးကာ သူ၏မျက်လုံးများကို လက်ကိုင်ပဝါ အပြာကွက်ဖြင့် သုတ်ပစ်ကြောင်း မစ်ခေးမာကာရော့က နောက်ပိုင်းတွင် ပြန်လည် ပြောကြားသည်။ ယင်းသို့ဖြင့် အမျိုးသမီးသည် သူမကိုယ်သူမလည်း တည်ငြိမ်အောင် ထိန်းသိမ်းပြီး သူ့ကိုလည်း နှစ်သိမ့်အားပေးရလေသည်။

သူသည် မရှိဆင်းရဲသဖြင့် ဒီမီထရီထံမှ တဆယ်ရူဗယ် ချေးမိခြင်းသည် မှားယွင်းကြောင်းဖြင့် အဘိုးကြီးက ချက်ချင်းပင် ဝန်ခံပြီး ထိုငွေကို ပြန်ပေးရန် အဆင်သင့်ရှိကြောင်း ပြောဆိုလေသည်။

သူသည် မစ္စတာ ကာရာမာဇော့ထံမှ ငွေတဆယ်ရူဗယ် ရယူသောအခါတွင် မစ္စတာ ကာရာမာဇော့၏ လက်ထဲတွင် ငွေဘယ်လောက်ရှိသည်ကို အခြားလူများထက် ပိုပြီး မြင်တွေ့နိုင်သဖြင့် မစ္စတာ ကာရာမာဇော့၏လက်ထဲတွင် ငွေဘယ်လောက်များများ ရှိသည်ကို သတိပြုမိသနည်းဟု တရားရေး အရာရှိက မေးမြန်းသောအခါ အဘိုးကြီးက ငွေနှစ်သောင်း ရှိကြောင်း တိတိကျကျကြီး ဖြေဆိုသည်။

"ငွေနှစ်သောင်းကို သည့်အရင်တုန်းက တခြားတနေရာရာမှာ ခင်ဗျား မြင်ဖူးလို့လား" ဟု တရားရေး အရာရှိက ခပ်ပြုံးပြုံး မေးလိုက်သည်။

"ဟုတ်ကဲ့ မြင်ဖူးပါတယ် ခင်ဗျာ၊ ကျုပ်မိန်းမက ကျုပ်ရဲ့မြေကွက်ကလေးကို ပေါင်တုန်းကပါ၊ တခုပဲ ရှိတယ်၊ နှစ်သောင်းတော့ မဟုတ်ဘူး၊ ခုနစ်ထောင်ပါ။ အမျိုးသမီးက အဲဒီပိုက်ဆံကို ကျုပ်ကို ခပ်လှမ်းလှမ်းကနေပဲ ပြတယ်၊ ကျုပ်ကို ကြွားတာပဲပေါ့ ခင်ဗျား။ ရောမ အထုပ်ကြီးပါပဲ ခင်ဗျာ၊ အားလုံး သက်တံရောင် ငွေစက္ကူတွေချည်းပဲ၊ မစ္စတာ ကာရာမာဇော့ရဲ့လက်ထဲက ပိုက်ဆံတွေက လည်း အားလုံး သက်တံရောင်တွေချည်းပဲ"

သူ့ကို ချက်ချင်းပင် သွားခွင့်ပြုလိုက်သည်။ နောက်ဆုံးတွင်ကား ဂရုရှင်ကာ၏ အလှည့်ပင် ဖြစ်သည်။

အမျိုးသမီးကို မြင်တွေ့လျှင် မစ်တယာအနေနှင့် ပြဿနာဖြစ်နိုင်ကြောင်းကို အမှုလိုက်ရှေ့နေနှင့် တရားရေးအရာရှိတို့က စိုးရိမ်မကင်းရှိကြပြီး တရားရေးအရာရှိက မစ်တယာကို ကြိုတင် သတိပေးခြင်းပင် ပြုလုပ်သည်။ သို့သော် မစ်တယာက ၎င်း၏ဦးခေါင်းကို တိတ်ဆိတ်စွာ ညိတ်ပြလိုက်ပြီး သူ့အနေနှင့် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ ကျွမ်းသူပုန်ထခြင်းမျိုး

ဖြစ်မည် မဟုတ်ကြောင်း တရားရေးအရာရှိအား သိရှိစေပါသည်။

ဂရုရှင်ကာကို ရာဇဝတ်ဝန် မာကာရှော့ကိုယ်တိုင် ခေါ်ဆောင်လာသည်။ သူမက မျက်နှာထား တည်တည်တင်းတင်း ကိုယ်ဟန်အမူအရာ ဣန္ဒြေကြီးစွာဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာပြီး တရားရေးအရာရှိနှင့် မျက်နှာချင်းဆိုင်ရှိ သူမအတွက် ညွှန်ပြထားသော ကုလားထိုင်တွင် အသာအယာ ဝင်ထိုင်သည်။ သူမသည် အတော်ကြီးပင် ဖြူဖပ်ဖြူရော်လျက်ရှိပြီး အတော်ကြီး ချမ်းအေးနေပုံရသည်။ သူမ၏ကိုယ်ကို လှပသော တဘက်အနက်ဖြင့် တင်းကျပ်စွာ ရစ်ပတ်ထား သည်။ အမှန်တော့ သူမသည် ထိုအချိန်က ဝင်ရောက်စ ပြုနေပြီဖြစ်သော အဖျားငွေ့ကြောင့် အေးစိမ့်ခြင်းကို ခံစားနေရခြင်း ဖြစ်သည်။ ထိုညမှာပင် စတင်သော နာတာရှည် ဝေဒနာကြီး၏ ရောဂါပြ ပထမလက္ခဏာပင် ဖြစ်သည်။

သူမ၏ ဣန္ဒြေသိက္ခာရှိသော အနေအဟန်၊ ပွင့်လင်းရိုးသားသော အသွင်အပြင်နှင့် တည်ကြည် အေးဆေးသော အမူအရာတို့က လူအားလုံး၏ စိတ်အာရုံတွင် ကောင်းမွန်သော အထင်အမြင်ကို ဖြစ်စေတော့၏။ တရားရေးအရာရှိဆိုလျှင် သူမ၏ ယူငင်သိမ်းကျုံးခြင်းကိုပင် အနည်းငယ်ခံရသည်။

သည်အမျိုးသမီး အဘယ်မျှ တင့်တယ်လှပသည်ကို ထိုနေ့ကမှ သတိပြုမိကြောင်း နောက်ပိုင်းတွင် ဤအကြောင်းကို ပြန်လည်ပြောကြားသောအခါများတွင် သူ ဝန်ခံပြောဆိုလေသည်။ သည့်အရင်က သူမကို အကြိမ်များစွာ မြင်ခဲ့ဖူးသော်လည်း တောပြည့်တန်ဆာမတယောက်ဟုသာ သူ ယူဆခဲ့သည်။

“သူ့မှာ အထက်တန်းစား လောကရဲ့ အမူအရာတွေရှိတယ်”

သူက ဂုဏ်သရေရှိ အမျိုးသမီးများအကြားတွင် သူမအကြောင်းကို စိတ်အားထက်သန်စွာဖြင့် ထုတ်ဖော် ပြောဆိုတတ်သည်။ သို့သော် သူ့စကားကို အမျိုးသမီးများက မကျေမနပ် ရှိကြသည်။ သူ၏နောက်ကွယ်တွင် သူ့ကို ‘အလကားလူ’ ဟု ခေါ်ကြသည်။ ယင်းသို့ ခေါ်ဆိုကြသည်ကို သူမက အများကြီး ကျေနပ်လျက်ရှိသည်။

ဂရုရှင်ကာသည် အခန်းတွင်းသို့ ဝင်ရောက်လာသောအခါ မစ်တယာကို တချက်မျှသာ ကြည့်သည်။ မစ်တယာက သူမကို မသိမသာ စနိုးစနောင့်ဖြင့် ကြည့်ရှုလျက်ရှိသည်။ သို့သော် သူမ၏မျက်နှာကို မြင်ရသောအခါ သူသည် ချက်ချင်းပင် တည်ငြိမ်အေးဆေးသွားသည်။

မမေးမဖြစ်သော မေးခွန်းများနှင့် သတိပေးစကားများကို

မေးမြန်းပြောဆိုပြီးနောက် တရားရေး အရာရှိသည် အနည်းငယ် တုံ့ဆိုင်းနှောင့်နှေးပြီးနောက် အထူးပင် ယဉ်ကျေး သိမ်မွေ့သော အမူအရာ ဖြင့် အငြိမ်းစားဗိုလ်ကြီး ဒီမီထရီ ကာရာမာဇော့နှင့် သူမ၏ ဆက်ဆံရေးကို ပြောကြားပါရန် ဂရူရှင်ကာအား မေးမြန်းလေသည်။

ဤမေးခွန်းကို ဂရူရှင်ကာက တည်ငြိမ်အေးဆေးစွာနှင့် ပြတ်သားတိကျစွာ ပြောကြားသည်။

"သူဟာ ကျွန်မရဲ့အသိတယောက်ပါပဲ၊ သူဟာ ပြီးခဲ့တဲ့လအတွင်းမှာ အသိတယောက်အနေနဲ့ ကျွန်မဆီကို လာတာပါပဲ"

နောက်ထပ် စပ်စုသော မေးခွန်းများကို သူမက ရှင်းရှင်းလင်းလင်းနှင့် ပွင့်ပွင့်လင်းလင်း ဖြေကြားရာ တွင် သူမသည် 'ရံဖန်ရံခါတွင်' သူ့ကို နှစ်သက်ခြင်း ရှိသော်လည်း သူ့ကို ချစ်ကြိုက်ခြင်းကား မရှိခဲ့ချေ။ သို့သော် သူမ၏မလိုမုန်းတီးသော မစ္ဆရိယစိတ်အရ သူ့ကိုရော အဘိုးကြီးကိုရော ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့ခြင်း ဖြစ်သည်။ မစ်တယာသည် အဘိုးကြီးကိုရော အခြားသူများကိုပါ အထူးပင် မနာလိုဝန်တိုလျက်ရှိကြောင်း သူမ သိရှိသည်။ ယင်းအချက်ကို သူမက သဘောကျ ကျေနပ်နေသည်။ သူမအနေနှင့် အဘိုးကြီး ကာရာမာဇော့ထံသို့ သွားရောက်ရန် လုံးဝစိတ်ကူးမရှိပါ။ အဘိုးကြီးကို အရူးလုပ်နေခဲ့ခြင်းသာ ဖြစ်သည်။

"ပြီးခဲ့တဲ့လထဲမှာ သူတို့ နှစ်ယောက်စလုံးကို ကျွန်မ ခေါင်းထဲမှာထည့်ဖို့ အချိန်မရှိခဲ့ပါဘူး။ ကျွန်မဟာ တခြားလူတယောက်ကို စောင့်မျှော်နေခဲ့ပါတယ်။ ကျွန်မအပေါ်မှာ မှောက်မှားကျူးလွန်သွားတဲ့ လူကိုပါပဲ၊ ဒါပေမဲ့ ဒီအကြောင်းတွေဟာ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာတွေ ဖြစ်တဲ့အတွက် လူကြီးမင်းတို့အနေနဲ့ မေးမြန်းစရာ မလိုပါဘူး၊ ကျွန်မအနေနဲ့လည်း ပြောကြားစရာ မလိုဘူးလို့ ထင်ပါတယ်" ဟု သူမက စကားကို အဆုံးသတ်လိုက်သည်။

တရားရေးအရာရှိက ဤအချက်ကို ချက်ချင်းပင် လက်ခံဆောင်ရွက်သည်။ အချစ်ရေးကိစ္စများကို ရပ်တန်းကရပ်ပြီး အရေးကြီးသောပြဿနာကို ဆက်လက်မေးမြန်းသည်။

ငွေသုံးထောင် ကိစ္စပင်ဖြစ်သည်။

ထိုအခါ လွန်ခဲ့သောတလက မိုကရိုယီတွင် ငွေသုံးထောင်ကို မစ်တယာ တကယ် သုံးစွဲသွားကြောင်း ဂရူရှင်ကာက အတည်ပြု ပြောဆိုသည်။ ငွေများကို သူမကိုယ်တိုင် ရေတွက်မကြည့်သော်လည်း ငွေသုံးထောင်ရှိကြောင်း ဒီမီထရီကိုယ်တိုင် ပြောဆိုသည်ကို သူမ ကြားရသည်။

“သူက အဲဒီအကြောင်း ခင်ဗျားကို နှစ်ယောက်ချင်း ပြောတာလား၊ ဒါမှမဟုတ် တခြားတယောက် ရှေ့မှာ ပြောသလား၊ ဒါမှမဟုတ် ခင်ဗျားရှေ့မှာ သူများတွေကို ပြောတာ ခင်ဗျား ကြားရသလား”

အမှုလိုက်ရှေ့နေက စူးစမ်းလိုက်သည်။

ထိုမေးခွန်းကို ဂရုရှင်ကာက ဖြေကြားသည်မှာ မစ်တယာက အခြားလူတွေရှေ့တွင် သူမကို ပြောခြင်း ဖြစ်ကြောင်း၊ ထို့အပြင် ထိုအကြောင်း အခြားသူများအား ပြောဆိုသည်ကိုလည်း သူမ ကြားရကြောင်း၊ ထို့မျှမက မစ်တယာက သူမအား နှစ်ယောက်ချင်းတွင်လည်း ထိုအကြောင်းကို ပြောကြားကြောင်း စသည်ဖြင့် ဖြစ်သည်။

“သူက ခင်ဗျားတို့နှစ်ယောက်ချင်းမှာ တခါပဲ ပြောသလား၊ ဒါမှမဟုတ် အကြိမ်ပေါင်းများစွာ ပြောသလား”

အမှုလိုက်ရှေ့နေက ထပ်ပြီး စူးစမ်းလိုက်သည်။ အကြိမ်ပေါင်းများစွာ ပြောကြားကြောင်းဖြင့် ဂရုရှင်ကာက ပြန်လည်ဖြေကြားသည်။

အမှုလိုက်အရာရှိသည် ဤအထောက်အထားကို ရရှိသည့်အတွက် အထူးပင် ကျေနပ် အားရလျက် ရှိသည်။ နောက်ထပ်မေးသော မေးခွန်းများမှာ ထိုပိုက်ဆံများကို သူ ဘယ်က ရရှိကြောင်း ဂရုရှင်ကာ သိရှိသလော ဆိုသည်နှင့် ထိုပိုက်ဆံများကို ကက်ထရီးနားထံမှ မစ်တယာ ရရှိခြင်း ဖြစ်သလော ဆိုသည့်အချက်များပင် ဖြစ်သည်။

“မစ္စတာ ကာရာမာဇော့ဟာ လွန်ခဲ့တဲ့တလလတုန်းက သုံးတာ ငွေသုံးထောင် မဟုတ်ဘဲ တဝက်သာ ဖြစ်ပြီး ကျန်တဲ့တဝက်ကို သူ သိမ်းထားတယ်ဆိုတဲ့အကြောင်းကော ခင်ဗျား ကြားမိသလား”

“မကြားမိပါဘူးရှင်၊ ဒီအကြောင်းကို ကျွန်မ တခါမှ မကြားမိပါဘူး”

ဂရုရှင်ကာ ထွက်ဆို ဖြေကြားသည်။ ထိုသို့ မကြားရုံမျှမက မစ်တယာသည် ပြီးခဲ့သော လအတွင်းက သူ့မှာ ပိုက်ဆံတပြားမျှ မရှိကြောင်း သူမအား မကြာခဏ ပြောဆိုခဲ့သည်ဟု ဆိုပါသည်။

“သူ့အဖေဆီက ပိုက်ဆံရဖို့ပဲ သူ မျှော်လင့်နေတာပဲ”

ဂရုရှင်ကာက အဆုံးသတ် ပြောဆိုသည်။

“အင်း ... အဲ ... ခင်ဗျားရှေ့မှာ သူ ... အဲ ... အဲ ... အမှတ်တမဲ့ပဲဖြစ်စေ၊ ဒေါသ ထွက်လို့ပဲ ဖြစ်စေ၊ သူ့အဖေရဲ့အသက်ကို ရန်ရှာမယ့်အကြောင်းများ

ပြောသလား”

တရားရေးအရာရှိက ရုတ်တရက် မေးလိုက်သည်။

“အင်း ... ပြောပါတယ်ရှင်” ဂရုရှင်ကာ ပင့်သက်ဖြာလိုက်သည်။

“တခါပဲ ပြောသလား၊ ဒါမှမဟုတ် အကြိမ်ပေါင်းများစွာ ပြောသလား”

“အကြိမ်ပေါင်းများစွာ ပြောပါတယ်။ အမြဲတမ်းပဲ ဒေါသတကြီးနဲ့ ပြောပါတယ်”

“သူ ပြောတဲ့အတိုင်း လုပ်မယ်လို့ ခင်ဗျား ထင်သလား”

“မထင်ပါဘူး၊ ကျွန်မ လုံးဝ မထင်ပါဘူး” သူမက ပြတ်သားတိကျစွာ ဖြေသည်။ “သူ့မှာ စိတ်ကောင်း နှလုံးကောင်း ရှိတယ်ဆိုတာကို ကျွန်မ ယုံကြည်ပါတယ်”

“လူကြီးမင်းများ ခင်ဗျာ၊ မစ္စဆဗက်လေ့ကို ခင်ဗျားတို့ရှေ့မှာ ကျွန်တော် စကားတခွန်း ပြောပါရစေ” မစ်တယာက ရုတ်တရက် ပြောလိုက်သည်။

“ပြောနိုင်ပါတယ်” တရားရေးအရာရှိက ခွင့်ပြုလိုက်သည်။

“ဂရုရှင်ကာ...” မစ်တယာ ထိုင်ရာမှ ထရပ်လိုက်ရင်း ပြောလိုက်သည်။ “ကိုယ့်ကို ယုံပါ၊ ဘုရားသခင် ကို ယုံသလိုယုံပါ။ မနေ့ညက ကိုယ့်အဖေကိုသတ်တဲ့ လူသတ်မှုကို ကိုယ် မကျူးလွန်ပါဘူး” ယင်းသို့ပြောပြီးနောက် မစ်တယာ ပြန်ထိုင်လိုက်သည်။

ဂရုရှင်ကာ မတ်တတ်ထရပ်သည်။ အခန်းတွင်းရှိ ပုံတော်ကားဘက်သို့လှည့်ကာ ရိုသေလေးမြတ်စွာ ဖြင့် လက်ဝါးကပ်သဏ္ဍာန်ခတ်ကာ ပူဇော်ကိုင်းရှိုင်းသည်။

“အို ဘုရားသခင်၊ အရှင်၏ကျေးဇူးတော် အနန္တပါ”

သူမက အင်မတန် စိတ်ထိခိုက် လှုပ်ရှားနေဟန်ဖြင့် တုန်ယင်စွာ ရွတ်ဆိုသည်။ ထို့နောက် ပြန်မထိုင် သေးဘဲ တရားရေးအရာရှိဘက်သို့လှည့်ကာ ပြောသည်။

“သူ အခု ပြောသွားတဲ့စကားကို ယုံပါ၊ သူ့အကြောင်းကို ကျွန်မ သိပါတယ်။ သူဟာ တခါတလေမှာ နောက်ပြောင်ကျီစယ်လို့ ဖြစ်စေ၊ အမျက်ဒေါသ နိုးကြွလို့ဖြစ်စေ တခုခုကို ပြောကောင်း ပြောပါလိမ့်မယ်၊ ဒါပေမဲ့ သူဟာ

သူ့ရဲ့ကောင်းမြတ်တဲ့ မနုသီ ကာရကို ဆန့်ကျင်ပြီး ဘယ်တော့မှ ဘယ်သူ့ကိုမှ လိမ်ညာမှာ မဟုတ်ပါဘူး။ သူဟာ မှန်တာကို အမြဲတမ်း ပြောတတ်ပါတယ်၊ အဲဒါကို လူကြီးမင်း ယုံပါ”

“ကျေးဇူးတင်ပါတယ် ဂရုရှင်ကာ၊ မင်းဟာ ကိုယ့်ကို ယုံကြည်စိတ်အသစ် ပြန်မွေးပေးလိုက်တာပဲ” ဟု မစ်တယာ အသံတုန်ယင်စွာဖြင့် ပြောသည်။

မစ်တယာတွင် ယမန်နေ့က ငွေဘယ်လောက်ရှိသည်ဟု မေးမြန်းသောအခါ ဂရုရှင်ကာက သူမ မသိကြောင်း၊ သို့သော် သူ့တွင် ငွေသုံးထောင် ပါလာသည်ဟု အခြားလူတွေအား သူပြောကြားသည် ကို ကြားရကြောင်း ထွက်ဆိုသည်။ ပိုက်ဆံတွေကို မစ်တယာ ဘယ်က ရရှိသနည်း ဟူသော မေးခွန်းကိုမူ ဖြေကြားရာတွင် ထိုပိုက်ဆံတွေကို ကက်ထရီးနားထံမှ ‘ခိုးယူ’ ထားသည်ဟု သူ ပြောဆိုကြောင်း၊ ထိုအခါ သူ့အနေနှင့် မခိုးသင့်ကြောင်း၊ မနက်ဖြန်ကျလျှင် ပိုက်ဆံတွေကို ပြန်ပေးရမည်ဖြစ်ကြောင်းဖြင့် မစ်တယာအား သူမက ပြန်ပြောခဲ့သည်ဟု ဆိုသည်။ ကက်ထရီးနား ထံမှ ခိုးယူထားသည်ဆိုသော ပိုက်ဆံများသည် ယမန်နေ့ကသုံးသော ပိုက်ဆံများ ဖြစ်ချေသလော၊ သို့မဟုတ် လွန်ခဲ့သည့်တလက သုံးသော ပိုက်ဆံများ ဖြစ်ချေသလောဟု အမှုလိုက်ရှေ့နေက အလေးအနက် ထပ်မေးသောအခါ လွန်ခဲ့သည့်တလက သုံးခဲ့သော ပိုက်ဆံများကို သူ ဆိုလိုကြောင်း၊ သူမအနေနှင့် ယင်းသို့ပင် နားလည်ကြောင်း ဂရုရှင်ကာက ပြန်လည်ဖြေကြားသည်။

နောက်ဆုံးတွင် ဂရုရှင်ကာကို သွားခွင့်ပြုလိုက်သည်။ တရားရေးအရာရှိက ပြောကြားသည်မှာ သူမအနေနှင့် ကြိုက်သည့်အချိန်တွင် မြို့ကိုပြန်နိုင်ကြောင်း၊ အကယ်၍ သူ့အနေနှင့် အကူအညီပေးဖို့ လိုအပ်သည်ဆိုလျှင် ဥပမာ မြင်းရထား စီစဉ်ပေးရမည်ဆိုလျှင် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အဖော် အဖြစ် လိုက်ပါပို့ဆောင်ပေးရမည် ဆိုလျှင်လည်း သူ့အနေနှင့် ...

“ကျေးဇူးတင်ပါတယ်ရှင်” အမျိုးသမီးက သူ့ကို ခေါင်းညွှတ်ပြီး ပြောသည်။ “မြေပိုင်ရှင် အဘိုးကြီးနဲ့ အတူပဲ ကျွန်မ ပြန်ပါ့မယ်၊ သူ့ကို ကျွန်မနဲ့အတူ မြို့ကို ပြန်ခေါ်သွားမယ်၊ လောလောဆယ် အချိန်မှာတော့ လူကြီးမင်း ခွင့်ပြုမယ်ဆိုရင် မစ္စတာ ကာရာမာဇော့နဲ့ ပတ်သက်ပြီး ဘယ်လို ဆုံးဖြတ်တယ် ဆိုတာကို သိရအောင် အောက်ထပ်မှာ ကျွန်မ စောင့်နေပါဦးမယ်” ဟု ပြောပြီး သူမ ထွက်သွားသည်။

မစ်တယာ တည်ငြိမ်အေးဆေးလျက် ရှိသည်။ ထို့ပြင်မက ကြည်ရွှင်လန်းဆန်းနေဟန်ပင် ရှိသည်။ သို့သော် တဒင်္ဂတာမျှသာ ဖြစ်သည်။ ကိုယ်ခန္ဓာ ပင်ပန်းနွမ်းနယ်ခြင်းဒဏ်ကို သူသည် တစထက်တစ ပိုပြီး ခံစားနေရသည်။ သူ့မျက်လုံးများ လေးလံမှေးမှိန်လာသည်။ နောက်ဆုံးတွင်

သက်သေများကို စစ်ဆေးမေးမြန်းခြင်း ပြီးဆုံးသွားပြီ ဖြစ်သည်။ သက်သေခံ ထွက်ဆိုချက်များကို အချောသတ် ရေးမှတ်လျက် ရှိကြသည်။

မစ်တယာ ထိုင်နေရာမှထလိုက်သည်။ ကန့်လန့်ကာအနီးရှိ အခန်းထောင့်တနေရာသို့ လျှောက်သွား သည်။ ကော်ဇောတထည် ခင်းထားသော သေတ္တာကြီးတလုံးပေါ်တွင် သူ လဲလျောင်းလိုက်သည်။ ချက်ချင်းပင် သူ အိပ်ပျော်သွားကာ ထူးဆန်းသော အိပ်မက်တခုကို သူ မြင်မက်သည်။ ဤအချိန် ဤနေရာနှင့် မည်သို့မျှ မသက်ဆိုင်သော အိပ်မက်တခုပင် ဖြစ်သည်။

သူသည် တချိန်က တပ်မတော်အရာရှိတဦးအဖြစ်နှင့် တာဝန်ကျေခဲ့ဖူးသော စတက်မြက်ခင်းပြင် တနေရာတွင် မြင်းရထားတစီးဖြင့် ခရီးနှင်လျက် ရှိသည်။ မြင်းနှစ်ကောင်က ရထားကို ကျေးတောသားတဦးက နှင်းတောထဲတွင် ဖြတ်သန်းမောင်းနှင်လျက်ရှိသည်။

သူသည် အလွန့် အလွန်မှပင် ချမ်းအေးလျက်ရှိသည်။ အချိန်ကာလမှာ နိုဝင်ဘာ လဆန်းပိုင်း ဖြစ်သည်။ နှင်းတွေက အပွင့်လိုက် အဖတ်လိုက် ကျလျက်ရှိသည်။ နှင်းပွင့်များသည် မြေပြင်ပေါ်သို့ ရောက်သည်နှင့်တပြိုင်နက် အရည်ပျော်သွားကြသည်။ ကျေးတောသားက မြင်းရထားကို ဟန်ပါပါ မောင်းနှင်လျက်ရှိသည်။ ကြာပွတ်ကို မာန်ပါပါ ဝှေ့ယမ်းကာနှင့် ဖြစ်သည်။ သူ့မှာ ရှည်လျား ဖျော့တော့သော မုတ်ဆိတ်မွေးများ ရှိသည်။ သူက အဘိုးကြီးတယောက်ပါ။ အသက် ငါးဆယ် ဝန်းကျင်လောက် ရှိပေဦးမည်။ သူသည် ကျေးတောသားများ ဝတ်ဆင်သော မီးခိုးရောင် အပေါ်အင်္ကျီ ပွပွရှည်ရှည်ကြီးကို ဝတ်ထားသည်။

များမကြာမီတွင် ကျေးရွာတရွာကို သူတို့ တွေ့မြင်ကြရသည်။ မှောင်မှောင် မည်းမည်း တဲများကို သူ မြင်ရသည်။ တဝက်ကျော်ကျော်မှာ မီးလောင်ကျွမ်းခြင်း ခံထားရသည်။ မီးသွေးဖြစ်နေသော တိုင်ကို တိုင်ငုတ်များသာလျှင် ထိုးထောင်လျက် ရှိကြသည်။ ရွာတွင်းသို့ သူတို့ ဝင်ရောက်သွားသောအခါ လမ်းတလျှောက်တွင် ကျေးတောသူတွေ စီတန်းလျက် ရှိသည်။ မိန်းမတွေမှာ အများကြီး တသီတတန်းကြီးပင် ဖြစ်သည်။ အားလုံးပင် ပိန်ပိန်လှီလှီများ ဖြစ်ကြသည်။ သူတို့၏ မျက်နှာတွေက ထူးဆန်းသော အညိုရောင်များ ဖြစ်ကြသည်။

အထူးသဖြင့် ပြောရလျှင် တဖက်ထိပ်အစွန်ဆုံးရှိ အမျိုးသမီးသည် အထူးပင် အရပ်ရှည်ပြီး လူတကိုယ်လုံး အရိုးချည်းသာ ဖြစ်တော့သည်။ သူမကို ကြည့်ရသည်မှာ အသက် လေးဆယ်လောက် ရှိပြီဟု ထင်ရသည်။ သို့ရာတွင် အသက်နှစ်ဆယ်မျှသာ ရှိပေဦးမည်။ သူမ၏မျက်နှာက ရှည်လျား သွယ်လျလှသည်။ သူမ၏ရင်ခွင်ထဲတွင် နို့စို့ကလေးငယ်တယောက် ငိုယိုလျက်ရှိသည်။ သူမ၏

ရင်သားများသည် ခန်းခြောက်လျက် ရှိပြီး နို့ရည်တစက်မျှ မထွက်ဟန်ရှိသည်။ ကလေးငယ်သည် အဝတ်အထည်မရှိသော ၎င်း၏လက်ကလေးများကို ဆန့်တန်းကာ ငိုသည်ထက် ငိုလျက်ရှိတော့ သည်။ ၎င်း၏ လက်သီးဆုပ်ကလေးများသည် အအေးဒဏ်ကြောင့် ပြာနှမ်းလျက် ရှိကြသည်။

"သူတို့ ဘာဖြစ်လို့ ငိုနေကြတာလဲ၊ သူတို့ ဘာဖြစ်လို့ ငိုနေကြတာလဲ"

၎င်းတို့အား ဒုန်းစိုင်းဖြတ်ကျော်သွားစဉ်တွင် မစ်တယာက မေးလိုက်သည်။

"အလေး လေးပါ ခင်ဗျာ၊ အလေး လေး ငိုနေတာပါ" ဟု ရထားမောင်းသူက ပြန် ဖြေသည်။

ရထားမောင်းသူက ကလေးလေးဟု မပြောဘဲ တောသူတောသားများ ပြောဆိုသုံးစွဲသည့်အတိုင်း "အလေး လေး" ဟု ပြောဆိုသည်ကို မစ်တယာ သတိပြုမိလိုက်သည်။ အလေး လေး ဆိုသည့် အပြောကို သူ ပိုပြီး သဘောကျမိသည်။ ကရုဏာသံ ပိုပြီးပါသောကြောင့်ပင် ဖြစ်သည်။

"ကလေးက ဘာဖြစ်လို့ ငိုနေရတာလဲ၊ သူ့လက်ကလေးတွေက ဘာဖြစ်လို့ ပေါ်နေရတာလဲ၊ ဘာဖြစ်လို့ အနှီးနဲ့ ပတ်မထားကြတာလဲ" မစ်တယာက မသိဆိုးရွားစွာ မေးလိုက်သည်။

"အလေး လေးက ရိုးတွင်းခြင်ဆီခိုက်အောင် အေးနေပါတယ် ခင်ဗျား၊ သူ့အဝတ်တွေက အေးစက်နေပြီး မနွေးတော့ပါဘူး ခင်ဗျာ"

"ဘာဖြစ်လို့လဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

မစ်တယာက မသိဆိုးရွားစွာ ထပ်ပြီး မေးနေပြန်တော့သည်။

"သူတို့က ဆင်းရဲကြပါတယ်ခင်ဗျာ၊ မီးလောင်ခဲ့ကြရပါတယ်။ သူတို့မှာ ထမင်းစားစရာ မရှိပါဘူး၊ သူတို့ရဲ့တဲကလေးတွေ မီးလောင်ခံရတဲ့အတွက် သူတို့ တောင်းရမ်းနေကြတာပါ ခင်ဗျာ"

"မဟုတ်သေးပါဘူး ... မဟုတ်သေးပါဘူး" မစ်တယာသည် ယခုတိုင် နားမလည်ဟန် ရှိနေသည်။

"မီးလောင်ခံရတဲ့ ကလေးအမေတွေ ဘာဖြစ်လို့ မတ်တတ်ရပ်နေကြတာလဲ၊ ကျုပ်ကို ပြောစမ်းပါ၊ ဘာဖြစ်လို့ လူတွေ ဆင်းရဲကြတာလဲ၊ အလေး လေး ဘာဖြစ်လို့ ဆင်းရဲရတာလဲ၊ စတက်မြက်ခင်း ပြင်ကြီးဟာ ဘာဖြစ်လို့ ဗလာကျင်းနေရတာလဲ၊ ဘာဖြစ်လို့ သူတို့ တယောက်ကိုတယောက် ဖက်ပြီး နမ်းရှုပ်မနေကြတာလဲ၊ ဘာဖြစ်လို့ သူတို့ ပျော်စရာ သီချင်းတွေကို ဆိုမနေကြတာလဲ၊ ဘာဖြစ်လို့ သူတို့ဟာ

ဒုက္ခတောမှာ ဒုက္ခရောက်နေကြရတာလဲ၊ ဘာဖြစ်လို့ အလေး လေးကို သူတို့ နို့မတိုက်ကြ တာလဲ ...”

သူ၏ မေးခွန်းများက အကျိုးအကြောင်း မဆီလျော်ဘဲ အဓိပ္ပာယ် ကင်းမဲ့နေကြသော်လည်း သူ့အနေနှင့် ဤအတိုင်း မမေးဘဲ မနေနိုင်ပါ။ အမှန်တကယ်ပင် ဤအတိုင်းပဲ မေးရပါမည်။ ထို့အပြင် သူ့အနေနှင့် တခါမျှ မခံစားဖူးသော သနားကြင်နာစိတ်ကိုလည်း သူ့ရင်ထဲတွင် လှိုင်းကြွခံစားမိ ရတော့သည်။ သည်တော့ သူ ငိုချင်လာသည်။ သူတို့ အားလုံးအတွက် သူ တခုခု လုပ်ပေးချင်သည်။ သို့မှသာလျှင် အလေး ကလေး မငိုတော့မည် ဖြစ်သည်။ သို့မှသာလျှင် သူတို့တတွေ မျက်ရည်စက် များ မကျကြရတော့မည် ဖြစ်သည်။ ထို့အပြင် ယခုချက်ချင်းပင် သူ လုပ်ဆောင်ရမည်။ မည်ကဲ့သို့သော အခက်အခဲ အနှောင့်အယှက်များ ရှိစေကာမူ ကာရာမာဇော့တို့၏ တဇောက်ကန်း နိုင်မှုဖြင့် ပြုလုပ်ရမည်။

“ကျွန်မလည်း အစ်ကိုနဲ့ အတူလိုက်မယ်၊ အစ်ကို့ကို ကျွန်မ ဘယ်တော့မှ မခွဲတော့ဘူး၊ ခုအချိန်က စပြီး သေတပန်သက်ဆုံးအထိ အစ်ကိုနဲ့ပဲ ကျွန်မ နေသွားတော့မယ်”

ဂရုရှင်ကာက သူ့အနီးတွင်ကပ်ပြီး လှိုက်လှဲချစ်ခင်စွာ ပြောလိုက်သော စကားလုံးများကို သူ ကြားရသည်။ ထိုအခါ သူ၏ရင်သည် နွေးထွေးတက်ကြွလာပြီး အလင်းရောင်ဆီသို့ ဦးတည်လျက် ရှိတော့သည်။ သူသည် အသက်ရှင်နေထိုင်လိုစိတ်များ ဖြစ်ပေါ်လာပြီး သူ့အား ဖိတ်ခေါ်လျက်ရှိသော အလင်းရောင်ဆီသို့ သွားလိုလျက် ရှိတော့သည်။

“အို ... မြန်မြန် ပြန်သွားရမယ်၊ အခုချက်ချင်းပဲ သွားရမယ်”

“ဘာကိုလဲ၊ ဘယ်ကိုလဲ”

မျက်လုံးများကိုဖွင့်ကာ သေတ္တာကြီးပေါ်တွင် ထထိုင်ရင်း သူ ရွတ်ဆိုလိုက်သည်။ သူသည် မိန်းမော မေ့မြောသွားရာမှ သတိပြန်လည်လာသည့်အလား ပြုံးရွှင်လျက်ရှိသည်။ တရားရေးအရာရှိသည် သူ့အနီးတွင် မတ်တတ်ရပ်လျက်ရှိနေပြီး ထွက်ဆိုချက် ဖတ်ပြသည်ကို နားထောင်ပြီး လက်မှတ် ထိုးရန် ပြောနေသည်။

သူသည် တနာရီ သို့မဟုတ် တနာရီကျော်ကျော်မျှ အိပ်ပျော်သွားကြောင်း မစ်တယာ သတိပြုမိသည်။ သို့သော် တရားရေးအရာရှိ၏စကားများကို သူ မကြားပါ။ သူ၏ ခေါင်းအောက်တွင် ခေါင်းအုံးတလုံး ရှိနေခဲ့သည်ကို သူ ရုတ်ခြည်း သတိပြုမိသည်။ သေတ္တာပေါ်တွင် သူ မောပန်းစွာ လှဲချလိုက်သည့် အချိန်က

ထိုခေါင်းအုံး မရှိပါ။

"ကျုပ် ခေါင်းအောက်မှာ ခေါင်းအုံးလာထားတာ ဘယ်သူများပါလိမ့်၊ သူတပါးကို သနားကြင်နာ တတ်တဲ့လူဟာ ဘယ်သူများပါလိမ့်"

သူက အထူးထူးသော ကရုဏာတရားကို တွေ့ရှိခံစားရသည့်အလား လှုပ်ရှားသောစိတ်ဖြင့် မျက်ရည်များ တတွေတွေ စီးကျရင်း ပြောလိုက်သည်။

ကရုဏာရှင် မည်သူဖြစ်ကြောင်း သူ မသိရပါ။ ရွာက သက်သေတယောက်ယောက် သို့မဟုတ် တရားရေးအရာရှိ၏ စာရေးက သနားကြင်နာစိတ်ဖြင့် သူ၏ခေါင်းအောက်၌ ခေါင်းအုံးခံထားပေးခြင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် သူ၏အတွင်းမနောတခုလုံးသည် မျက်ရည်များဖြင့် တုန်ယင်လှုပ်ခါ လျက် ရှိတော့သည်။ စားပွဲဆီသို့ သူ လျှောက်သွားကာ သူတို့ ကြိုက်သလို လက်မှတ်ထိုးမည်ဟု ပြောကြားလိုက်သည်။

"ကျုပ် အိပ်မက်ကောင်းတခု မက်တယ် လူကြီးမင်းတို့"

သူက ထူးဆန်းသော လေသံဖြင့် ပြောလိုက်သည်။ သူ့မျက်နှာမှာ ဝမ်းသာကြည်နူးမှုဖြင့် ဝင်းပလျက် ရှိသည်။

၉။ မစ်တယာကို ခေါ်ဆောင်သွားခြင်း

ထွက်ဆိုချက်ကို လက်မှတ်ရေးထိုးပြီးသောအခါ စုံစမ်းစစ်ဆေးရေးဆိုင်ရာ တရားရေးအရာရှိသည် တရားခံဘက်သို့ ဣန္ဒြေကြီးမားစွာဖြင့် လှည့်ကာ "အကျဉ်းထောင်တွင် ချုပ်နှောင်ထားရန် အမိန့်စာ" ကို ဖတ်ပြသည်။ အဆိုပါ နေ့စွဲ၊ အဆိုပါ နေရာဌာန၊ အဆိုပါ ခရိုင်တရားရုံး၏ တရားရေးအရာရှိသည် မည်သူမည်ဝါ (၎င်းမှာ မစ်တယာ ဖြစ်သည်။) ကို စစ်ဆေးပြီးနောက် ယင်းသို့ ယင်းသို့သော ရာဇဝတ်မှုများကို (စွပ်စွဲချက်များ အားလုံးကို သေသေချာချာ ဖော်ပြထားသည်။) ကျူးလွန်ကြောင်း စွဲဆိုလိုက်သည်။ တရားခံသည် ၎င်းအား စွဲဆိုသောအမှုကို မကျူးလွန်ကြောင်း လျှောက်ထားသော် လည်း ၎င်းအား အကာအကွယ်ပေးမည့် သက်သေ အထောက်အထားများကို တင်ပြခြင်းမရှိဘဲ သက်သေများ (မည်သူမည်ဝါ စသည်များ) နှင့် အခြေအနေ အရပ်ရပ် (စသည် စသည်ဖြစ်သော) တို့က အထက်ဖော်ပြပါ စွပ်စွဲချက်ကို ကျူးလွန်ကြောင်း ပြဆိုနေသဖြင့် ရာဇသတ်ကြီးပုဒ်မ စသည် စသည်တို့အရ စီရင်ဆုံးဖြတ်လိုက်သည်။ မည်သူ မည်ဝါ (မစ်တယာ) အနေနှင့် ဆက်လက် ပြုလုပ်ရန်ရှိသော စုံစမ်းစစ်ဆေးခြင်းများနှင့် တရားစွဲဆို စစ်ဆေးခြင်းတို့ကို တနည်းနည်းဖြင့် ရှောင်လွှဲ တိမ်းရှောင်ခြင်း မပြုလုပ်နိုင်စေရန် ၎င်းအား အဆိုပါ အကျဉ်းထောင်တွင် ချုပ်နှောင် ထားရမည်။ ယင်းအချက်ကို တရားခံအား အကြောင်းကြား သိရှိစေပြီး ဤအမိန့်စာ မိတ္တူ တစောင်ကို အမှုလိုက်ရှေ့နေထံသို့ သိသာရန် ပေးပို့ရမည် စသည် စသည်ဖြင့် ....

အချုပ်ကိုဆိုရလျှင် သူသည် ယခုအချိန်မှစပြီး အကျဉ်းသားတဦးဖြစ်ပြီး သူ့ကို ချက်ချင်းပင် မြို့သို့ ပို့ကာ မနှစ်မြို့ဖွယ်ရာ နေရာဌာနတခု၌ ပိတ်လှောင်ထားမည် ဖြစ်ကြောင်းကို မစ်တယာအား အသိပေးကြသည်။ မစ်တယာက အာရုံစူးစိုက်စွာ နားထောင်နေပြီးနောက် သူ၏ပခုံးများကို တွန့်လိုက်သည်။

"ကောင်းပါပြီ လူကြီးမင်းတို့၊ ခင်ဗျားတို့ကို ကျုပ်က အပြစ်မတင်ပါဘူး၊ ကျုပ်အနေနဲ့ အဆင်သင့် ပါပဲ၊ ခင်ဗျားတို့အနေနဲ့ တခြား ဘယ်လိုမှ မလုပ်နိုင်ဘူးဆိုတာ ကျုပ် သိပါတယ်"

သူ့ကို ကျေးရွာပုလိပ်အရာရှိ မက်ဗရီတီရာမာဆော့က အကျဉ်းထောင်သို့ ခေါ်ဆောင်သွားမည် ဖြစ်ကြောင်း တရားရေးအရာရှိက မစ်တယာကို ဖြည်းညင်းစွာ ပြောသည်။

ကျေးရွာပုလိပ်အရာရှိသည် ထိုနေရာမှာပင် ရှိနေသည်။

"ခဏကလေး၊ လူကြီးမင်းတို့"

မစ်တယာ ရုတ်တရက် စကားဖြတ်ပြီး ပြောလိုက်သည်။ သူ့ရင်ထဲတွင် ဖြစ်ပေါ်နေသော ခံစားမှု တရပ်ကို မထိန်းချုပ်နိုင်သောအသွင်ဖြင့် ဖြစ်သည်။ ထို့နောက် အခန်းတွင်း၌ ရှိနေသူများ အားလုံးဘက်သို့ လှည့်လိုက်ပြီး ...

"ကျုပ်တို့အားလုံးပဲ ရက်စက်ကြမ်းကြုတ်ကြတယ်၊ ကျုပ်တို့အားလုံးဟာ လူမဆန်တဲ့ လူတွေပဲ၊ ကျုပ်တို့ဟာ လူတွေကို ငိုအောင်လုပ်ကြတယ်၊ ကလေးအမေတွေနဲ့ သူတို့ရင်ခွင်ထဲက နို့စို့ကလေး တွေ အားလုံးကို ငိုအောင် လုပ်ကြတယ်။ ဒီကိစ္စကို ကျုပ်တို့ အခုချက်ချင်းပဲ ဖြေရှင်းကြရမယ်။ ဒီအထဲမှာ ကျုပ်ဟာ အဆိုးရွားဆုံးနဲ့ အယုတ်မာဆုံးပဲ။ ကျုပ်ဟာ နေ့တိုင်းပဲ ကိုယ့်ရင်ဘတ်ကို ကိုယ်ထုပြီး ပြုပြင်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျုပ်ဟာ နေ့တိုင်းပဲ ယုတ်မာနိမ့်ကျတဲ့ အလုပ်တွေ ကိုပဲ လုပ်ခဲ့တယ်၊ အခုတော့ ကျုပ် နားလည်ပြီ။ ကျုပ်လို လူမျိုးတယောက်ဟာ ကံကြမ္မာရဲ့ စီမံချက် တခု လိုအပ်တယ်။ အဲဒီအချက်တွေကို ကြိုးကွင်းတခုနဲ့ ဖမ်းယူပြီး အပြင်ဘက်က စွမ်းအားတခုနဲ့ ချည်နှောင်ထားရမယ်။ ကျုပ်သဘောနဲ့ ကျုပ်ကတော့ ဘယ်တော့မှ ဒီနွံထဲက ရုန်းထွက်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အခုဆိုရင်တော့ မိုးကြိုးပစ်လိုက်ပြီ။ ကျုပ်အပေါ်မှာ စွပ်စွဲတာကို ကျုပ် ခံသွားမယ်။ အများပြည်သူရှေ့မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာကို ကျုပ် ခံသွားမယ်။ ဒုက္ခဝေဒနာကို ကျုပ် ခံစားချင်တယ်။ ဒုက္ခဝေဒနာကို ခံစားပြီးမှ ကျုပ်ဟာ သန့်ရှင်း စင်ကြယ် သွားမယ်။ ကျုပ်ဟာ သန့်ရှင်းစင်ကြယ်သွားတန်ကောင်းတယ် မဟုတ်လား။

"လူကြီးမင်းတို့၊ နောက်ဆုံးအကြိမ်အဖြစ်နဲ့ ကျုပ် ပြောမယ်၊ နားထောင်ကြပါ၊ ကျုပ်အဖေကို ကျုပ် မသတ်ဘူး။ ဒါပေမဲ့ ကျုပ်ကိုပေးတဲ့ အပြစ်ဒဏ်ကို ကျုပ် ခံသွားမယ်။ အဲဒါဟာ ကျုပ်အဖေကို ကျုပ် သတ်လို့ မဟုတ်ဘူး၊ ကျုပ်အဖေကို ကျုပ် သတ်ချင်ခဲ့တဲ့အတွက်ပဲ။ အမှန်ကို ပြောရရင် ကျုပ်ဟာ ကျုပ်အဖေကို တကယ် သတ်ဖြစ်နိုင်တယ်၊ ဒါပေမဲ့ တချိန်တည်းမှာပဲ ခင်ဗျားတို့ရဲ့ စွပ်စွဲချက်ကို ကျုပ် ဆန့်ကျင်တိုက်ခိုက်သွားမယ်။ ခင်ဗျားတို့ကို ကျုပ် သတိပေးလိုက်တာပဲ။ ခင်ဗျားတို့ကို အဆုံးစွန်အထိ ကျုပ် ဆန့်ကျင် တိုက်ခိုက်သွားမယ်။ အဲဒီအခါကျရင် ဘုရားသခင်က အဆုံးအဖြတ် ပေးလိမ့်မယ်။ ကဲ အားလုံးကိုပဲ နှုတ်ဆက်ပါတယ် လူကြီးမင်းတို့။ စစ်ဆေး မေးမြန်းနေတုန်းမှာ ခင်ဗျားတို့ကို အော်ခဲ့ဟစ်ခဲ့မိခဲ့အတွက် ကျုပ်ကို စိတ်မဆိုးကြပါနဲ့။ အို ... အဲဒီအချိန်တုန်းက ကျုပ်ဟာ လူမိုက်တယောက်ပဲ။ နောက်တမိနစ်လောက်ဆိုရင် ကျုပ်ဟာ အကျဉ်းသားတယောက် ဖြစ်တော့မယ်။ ဒါပေမဲ့ အခုချိန်မှာ နောက်ဆုံးအချိန်အဖြစ်နဲ့ ဒီမီထရီကာရာမာဇော့ဟာ လွတ်လပ်တဲ့ လူတယောက်အဖြစ်နဲ့ ခင်ဗျားတို့ကို နှုတ်ဆက်ဖို့ ကျုပ်လက်ကို ကမ်းပါတယ်။

ခင်ဗျားတို့ကို နှုတ်ဆက်ပါတယ် ပြောတာဟာ ခင်ဗျားတို့အားလုံးကို ပြောတာပါပဲ”

သူ့အသံ တုန်ယင်နေသည်။ သူက တကယ်ပင် လက်ကို ဆန့်တန်းပေးလိုက်သည်။

သို့သော် သူနှင့် အနီးဆုံးတွင်ရှိသော တရားရေးအရာရှိသည် တုန်လှုပ်ချောက်ချားသွားဟန်ဖြင့် သူ့လက်များကို နောက်ဘက်သို့ ပစ်လိုက်သည်။ ယင်းအချက်ကို မစ်တယာ သတိပြုမိပြီး ထိတ်လန့်သွားသည်။ ဆန့်တန်းထားသော သူ့လက်ကို ချက်ချင်းပင် ပြန်ချလိုက်သည်။

“ပဏာမ စုံစမ်းစစ်ဆေးရေး မပြီးသေးပါဘူး” ဟု တရားရေးအရာရှိက အနည်းငယ် ကသိကအောက် ဖြစ်ဟန်ဖြင့် ပြောလိုက်သည်။ “မြို့ကျရင် ကျုပ်တို့ ဆက်ပြီး စုံစမ်းစစ်ဆေးရဦးမယ်။ ကျုပ်အနေနဲ့ ပြောရရင်တော့ ခင်ဗျားဘက်က ခုခံကာကွယ်မှု လုံး၀ အောင်မြင်မှုရှိပါစေလို့ ဆန္ဒပြုပါတယ်၊ ထပ်ပြီး ပြောရလို့ရှိရင် ခင်ဗျားဟာ အပြစ်ရှိတာထက် အပြစ် ပိုပြီး ခံစားနေရတယ်လို့ ကျုပ် အမြဲတမ်း ယုံကြည်ထားပါတယ်။ ဒီမှာရှိတဲ့ လူတွေအားလုံးရဲ့ကိုယ်စား ပြောရရင် ကျုပ်တို့အနေနဲ့ ခင်ဗျားကို အခြေခံအားဖြင့် စိတ်ကောင်းနှလုံးကောင်း ရှိတဲ့ လူတယောက်လို့ ယူဆပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာ စိတ်ဆန္ဒဇောတွေ တက်ကြွပြင်းထန်လွန်းပြီး အလွန်အကျွံ တဖက်စွန်းကို ရောက်သွားတဲ့အတွက်...”

သူ့စကား ပြီးဆုံးသွားသောအခါ အလုံးအထည် သေးငယ်သော တရားရေးအရာရှိသည် ကြည်ညို လေးစားဖွယ်ရာအပြည့် ရှိနေတော့သည်။ ‘လူငယ်’ ကလေးသည် အချိန်မရွေး ဆိုသလိုမှာပင် မိမိလက်မောင်းကို ဆုပ်ကိုင်ကာ အခန်းထောင့်တနေရာသို့ ခေါ်ဆောင်သွားပြီး ကောင်မကလေးတွေ အကြောင်း ပြောလက်စ စကားကို ဆက်ပြီး ပြောလိမ့်မည်ဟု မစ်တယာ၏ စိတ်ထဲတွင် ဖျတ်ခနဲ တွေးထင်လိုက်မိသည်။ ကြိုးစင်သို့ တက်ရတော့မည်ဖြစ်သော အကျဉ်းသားတယောက်သည်ပင်လျှင် မဆီမဆိုင် မတော်မသင့်သော အတွေးများ ခေါင်းထဲသို့ ၀င်ရောက်တတ်ကြပါသည်။

“လူကြီးမင်းများ ခင်ဗျား၊ ခင်ဗျားတို့ဟာ သနားကြင်နာတတ်ကြပါတယ်၊ ထောက်ထား စာနာတတ် ကြပါတယ်၊ အမျိုးသမီးကို ကျွန်တော် တွေ့ပြီး နောက်ဆုံးအနေနဲ့ နှုတ်ဆက်နိုင်မလား”

“နှုတ်ဆက်နိုင်ပါတယ်၊ ဒါပေမဲ့ အခြေအနေအရ ကျုပ်တို့ရှေ့မှာကလွဲရင်တော့...”

“ဟုတ်ပါပြီ၊ ခင်ဗျားတို့ ရှေ့မှာပဲ တွေ့ပါ့မယ်”

ဂရုရှင်ကာကို ခေါ်လာသည်။ သို့သော် နှုတ်ဆက်ပွဲက တိုတောင်းလှသည်။ စကား အနည်းငယ်မျှသာ ပြောကြသည်။ တရားရေးအရာရှိပင်လျှင် ကျေနပ်ခြင်း မရှိပါ။

ဂရုရှင်ကာက မစ်တယာကို ခေါင်းညွတ်လိုက်ပြီး ...

"ကျွန်မဟာ အစ်ကို့အတွက်ပဲ ဖြစ်တယ်လို့ ကျွန်မ ပြောခဲ့ပြီးပါပြီ၊ ကျွန်မဟာ အစ်ကို့အတွက်ပဲ ဖြစ်ရပါစေမယ်။ ကျွန်မဟာ အစ်ကိုနဲ့အတူ အမြဲထာဝရ ရှိနေပါ့မယ်၊ အစ်ကို့ကို သူတို့ ဘယ်ကိုပဲ ခေါ်သွား ခေါ်သွားပေါ့။ ကဲ နှုတ်ဆက်ပါတယ် အစ်ကို၊ အစ်ကိုဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခဲ့ပေမဲ့ အစ်ကို့မှာ အပြစ်မရှိပါဘူး"

သူမ၏နှုတ်ခမ်းတွေ တုန်ယင်နေပြီး သူမ၏မျက်လုံးများမှ မျက်ရည်များ စီးကျလျက်ရှိသည်။

"ကိုယ့်ရဲ့ ချစ်ခြင်းမေတ္တာအတွက် ကိုယ့်ကိုခွင့်လွှတ်ပါ ဂရုရှင်ကာ။ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာက မင်းကို ဖျက်ဆီးခဲ့တဲ့အတွက်လည်း ခွင့်လွှတ်ပါ"

မစ်တယာက တစုံတရာ ထပ်ပြီး ပြောဦးမည် ရှိသည်။ သို့သော် မပြောတော့ဘဲ အခန်းထဲမှ ထွက်သွားသည်။ ချက်ချင်းဆိုသလိုပင် သူ့ပတ်ပတ်လည်တွင် လူတွေ ဝန်းရံလျက် ရှိတော့သည်။ သူတို့က သူ့ကို မျက်စိအောက်မှ အပျောက်မခံကြတော့ပါ။

ယမန်နေ့ညက အန်ဒရေ၏ မြင်းသုံးကောင်က ရထားဖြင့် တဟုန်ထိုး ရောက်ရှိခဲ့သော ဆိုင်ရှေ့ တံခါးပေါက် အပြင်ဘက်တွင် မြင်းရထားနှစ်စီး စောင့်ဆိုင်းလျက်ရှိသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း တုတ်တုတ်ခိုင်ခိုင် မျက်နှာပြဲပြဲကွဲကွဲနှင့် ကျေးရွာ ပုလိပ်အရာရှိသည် တစုံတရာကို မကျေမနပ်ဖြစ်ကာ ဒေါသတကြီး ဟစ်အော်လျက်ရှိသည်။ မစ်တယာကို ရထားပေါ်သို့ တက်ရန် သူက တမင်တကာ မာမာဆတ်ဆတ်ကလေး ပြောသည်။

"သင်းကို ငါ အရက်ဆိုင်ထဲမှာ အရက်တိုက်တုန်းက ဒီမျက်နှာမျိုး မဟုတ်ပါဘူး" မြင်းရထားပေါ်သို့ တက်ရင်း မစ်တယာ တွေးလိုက်မိသည်။ ဝင်းတံခါးပေါက်တွင် လူတွေ တအုပ်ကြီး ရှိနေသည်။ ရွာသူရွာသားများနှင့် ရထားထိန်းများ ဖြစ်ကြသည်။ ဆိုင်ရှင်အဘိုးကြီးလည်း ဆိုင်ရှေ့လှေကားမှ ဆင်းလာသည်။ သူတို့အားလုံးပင် သူ့ကို ငေးစိုက်ပြီး ကြည့်နေကြသည်။

"ကျုပ်ကို ခွင့်လွှတ်ကြပါ မိတ်ဆွေများ ခင်ဗျား"

မစ်တယာ မြင်းရထားပေါ်မှ ရုတ်တရက် ဟစ်အော်လိုက်သည်။

“ကျုပ်တို့ကိုလည်း ခွင့်လွှတ်ပါ”

ပရိသတ်ထဲက နှစ်ယောက် သုံးယောက်က ပြန်အော်သည်။

“ခင်ဗျားကိုလည်း တောင်းပန်ပါတယ် ထရီဖွန်”

သို့သော် ဆိုင်ရှင်အဘိုးကြီးက သူ့ကို လှည့်၍မျှပင် မကြည့်ချေ။ သူလည်း အလုပ်များနေဟန်ရှိသည်။ သူလည်း ကျေးရွာပုလိပ်အရာရှိလိုပင် ဟစ်အော်လျက်ရှိပြီး တစုံတရာကို မကျေမနပ်ဖြစ်နေဟန် ရှိသည်။

အခြေအနေကို ကြည့်ရသည်မှာ ဒုတိယ မြင်းရထားသည် အစစ အရာရာ အဆင်သင့် မဖြစ်သေးဘဲ ရှိနေသည်။ ထိုရထားတွင် ကျေးရွာပုလိပ်အရာရှိနှင့်အတူ ပုလိပ်နှစ်ယောက် လိုက်ပါမည် ဖြစ်သည်။ ဒုတိယ မြင်းရထားကို မောင်းနှင်ရန် ငှားရမ်းထားသော အရပ် ပုပုပျပ်ပျပ်နှင့် ကျေးတောသားသည် အပေါ်ရုံအင်္ကျီပွကြီးကို ဝတ်ထားသည်။ ယနေ့ မောင်းရမည့်အလှည့်သည် သူ့အလှည့် မဟုတ်ဘဲ အက်ကင်း၏အလှည့်ဖြစ်ကြောင်း ငြင်းခုန်လျက် ရှိသည်။ သို့သော် အက်ကင်းကို သူတို့ မတွေ့ရပါ။ အက်ကင်းကို သူတို့ လိုက်လံရှာဖွေနေသည်။ သည်စဉ်တွင် အရပ်ပုပုပျပ်ပျပ် ရွာသားက အက်ကင်းကို စောင့်ရန်ပင် ပြောနေသည်။

“ကျုပ်တို့ တောသားတွေက ဒီအတိုင်းချည့်ပါပဲ ခင်ဗျာ” ဟု ဆိုင်ရှင်က ပုလိပ် အရာရှိကို ပြောသည်။ “သူတို့မှာ အရှက်မရှိဘူး၊ အောက်တန်းကျတဲ့ ကျုပ်တို့ တောသားတွေအပေါ်မှာ ခင်ဗျားရဲ့ ထောက်ထား စာနာမှုကို ကျုပ် အများကြီး အံ့ဩမိတယ်၊ အဲဒီလိုပဲ ကျုပ် ပြောရတော့မှာပဲ”

“နေပါဦး၊ ဘာဖြစ်လို့ နောက်ထပ် ရထားတစင်း လိုရမှာလဲ” မစ်တယာက ကြားဖြတ်ပြီး ပြောလိုက်သည်။ “ရထားတစီးတည်းနဲ့ပဲ သွားကြတာပေါ့ မိတ်ဆွေကြီး။ ဘာမှ မစိုးရိမ်ပါနဲ့၊ ခင်ဗျားတို့ကို ကျုပ် ဒုက္ခမပေးပါဘူး၊ ကျုပ် ထွက်မပြေးပါဘူး၊ ဘာဖြစ်လို့ အစောင့်အရှောက်တွေ ခေါ်နေမလဲ”

“ကျုပ်ကို စကားပြောတဲ့အခါမှာ ‘ခင်ဗျား’ ဆိုပြီး ရိုရိုသေသေ ပြောပါ။ ကျုပ်က ခင်ဗျားရဲ့ ‘မိတ်ဆွေကြီး’ မဟုတ်ဘူး၊ ခင်ဗျား ကျုပ်ကို ဘာမှ အကြံပေးစရာ မလိုဘူး” ပုလိပ်အရာရှိက မစ်တယာ၏စကားကို ဖြတ်ပြီး ခပ်မာမာ ခပ်ရိုင်းရိုင်း ပြောလိုက်သည်။ သူ့တွင် ဖြစ်ပေါ်နေသော ဒေါသကို တစုံတယောက်အပေါ် သွန်ချလိုက်ရသဖြင့် ဝမ်းသာသွားဟန်လည်း ရှိသည်။

မစ်တယာ နှုတ်ဆိတ်သွားသည်။ သူ့တကိုယ်လုံး နီရဲသွားသည်။ တခဏမျှ ကြာသောအခါ သူသည် ရုတ်ခြည်းဆိုသလိုပင် အလွန့်အလွန် ချမ်းအေးခြင်း

ဖြစ်လာလေသည်။ မိုးတိတ်သွားပြီ ဖြစ်သည်။ သို့သော် ကောင်းကင်ကြီး တခုလုံးပင် အုံ့ဆိုင်းလျက် ရှိသည်။ စူးရှအေးမြသောလေက သူ့မျက်နှာကို တည့်တည့်ကြီး တိုက်နေသည်။

"ငါတော့ အအေးမိပြီနဲ့တူတယ်"

မစ်တယာ ပခုံးနှစ်ဖက်ကို တွန့်လိမ်ရင်း တွေးလိုက်မိသည်။ နောက်ဆုံးတွင် ပုလိပ်အရာရှိသည် မြင်းရထားပေါ်သို့ တက်လာပြီးနောက် လေးလံစွာ ထိုင်ချလိုက်သည်။ အမှတ်တမဲ့ သဘောမျိုးဖြင့် မစ်တယာကို တဖက်ထောင့်သို့ တိုးကျုံ့သွားစေသည်။ ၎င်းသည် စိတ်ပေါက်နေပြီး ၎င်းအား ပေးသည့် တာဝန်ကို မကျေမနပ် ဖြစ်နေသည်မှာ အမှန်ပင် ဖြစ်တော့သည်။

"သွားပြီ ထရီဖွန်"

မစ်တယာ ဟစ်အော်လိုက်ပြန်သည်။ သို့သော် သူသည် စိတ်ထဲကပါ၍ အကောင်း နှုတ်ဆက်သည် မဟုတ်ပါ။ အမြင်ကတ်သဖြင့် မလိုမုန်းတီးစွာဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် ဆိုင်ရှင်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ ဝင့်ကြွားစွာ ရပ်နေသည်။ မစ်တယာကို တည့်တည့်ကြီး စူးစိုက်ပြီး ကြည့်နေသည်။ သူ့မျက်နှာမှာ တင်းမာပြီး ဒေါသဖြစ်နေဟန် ရှိသည်။ မစ်တယာကို သူ ဘာမျှ ပြန်မပြောပါ။

"သွားပေတော့ မစ္စတာ ကာရာမာဇော့၊ သွားပေတော့..."

ကာဂါနော့သည် မည်သည့်နေရာကမှန်း မသိ၊ ရုတ်တရက် ထွက်ပေါ်လာပြီး ဟစ်အော် နှုတ်ဆက်သည်။ သူသည် မြင်းရထားဆီသို့ ပြေးလာပြီး မစ်တယာထံသို့ သူ့လက်ကို ကမ်းပေးသည်။ သူ့ခေါင်းမှာ ဦးထုပ် မရှိပါ။ မစ်တယာ သူ့လက်ကိုဆွဲပြီး နှုတ်ဆက်သည်။

"သွားမယ် သူငယ်ချင်း၊ ခင်ဗျားရဲ့စေတနာကို ကျုပ် ဘယ်တော့မှမမေ့ပါဘူး" မစ်တယာ အားပါးတရ ပြောဆိုသည်။ မြင်းရထား ထွက်ခွာသွားပြီ ဖြစ်သဖြင့် သူတို့၏လက်များကို လွှတ်လိုက်ကြရသည်။ ခြူသံများ ပေါ်ထွက်လာသည်။

မစ်တယာကို ခေါ်ဆောင်သွားကြပြီ ဖြစ်သည်။

ကာဂါနော့ ဆိုင်အတွင်းသို့ ပြန်လည်ပြေးဝင်သွားသည်။ အခန်းထောင့် တနေရာတွင် ထိုင်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ငိုကြွေးလေတော့သည်။ သူသည် ထိုနေရာတွင် အတော်ကြီး ကြာအောင်ပင် ငိုကြွေးနေမိသည်။ အသက် နှစ်ဆယ်အရွယ် လူရွယ်တယောက်ပမာ မဟုတ်ဘဲ ချာတိတ်အရွယ်

လူငယ်ကလေးတယောက်ပမာ ဖြစ်တော့သည်။

မစ်တယာ ပြစ်မှုကျူးလွန်ကြောင်းကို သူသည် စိုးစဉ်းမျှ သံသယ မရှိဘဲ ယုံကြည်နေတော့သည်။

“ဘယ်လိုလူတွေလဲ၊ ဘယ်လိုလူစားတွေလဲ”

သူသည် စိတ်ပျက်လက်ပျက်ကြီးဖြစ်ကာ စိတ်အားငယ်စွာဖြင့် ဗလုံးဗထွေး ရွတ်ဆိုလျက်ရှိသည်။ ထိုအခါတွင် သူသည် လူ့လောကကြီး၌ နေထိုင်လိုစိတ် မရှိတော့ပါ။

“နေဖို့ကောင်းသေးရဲ့လား၊ နေဖို့ကောင်းသေးရဲ့လား”

စိတ်ဒုက္ခရောက်နေသော လူရွယ်ကလေးသည် တဖွဖွ ရွတ်ဆိုမြည်တမ်းလျက် ရှိတော့သည်။

အပိုင်း လေး

ဒသမကဏ္ဍ - လူငယ်ကလေးများ

၁။ ကိုလျာကရာဆိုကင်

နိုဝင်ဘာလဆန်း ဖြစ်သည်။ ဆီးနှင်းတွေ ခဲနေပြီ။ ရေခဲအမှတ်အောက် တဆယ့်တစ် ဒီဂရီခန့် ရှိသည်။ ညဘက်တွင် ခဲနေသော ဆီးနှင်းပြင်ပေါ်သို့ သွေ့ခြောက်သော နှင်းပွင့်ကလေးတွေ ကြွေကျကုန်သည်။ သွေ့ခြောက်သော လေပြင်းက ယင်းနှင်းပွင့်ကလေးတွေကို ကျွန်ုပ်တို့ မြို့ကလေး ၏ ထုံထိုင်းမှုန်မှိုင်းသော လမ်းအသွယ်သွယ်များအတိုင်း ပင့်ဆောင် တိုက်ခတ်သွားကြသည်။ အထူးသဖြင့် ဈေးကွင်းတလျှောက်တွင် ဖြစ်သည်။

အုံ့ဆိုင်းမှုန်မှိုင်းသော နံနက်ခင်း ဖြစ်သည်။ သို့သော် နှင်းပွင့်များ ကြွေလွင့်ခြင်း မရှိတော့။ ဈေးနှင့် မလှမ်းမကမ်းတွင်ဖြစ်ပြီး ပလော်နီကော့၏ ဆိုင်အနီးတွင် အိမ်အတွင်းရော အပြင်ပါ အင်မတန် သန့်ရှင်းသပ်ရပ်သည့် အိမ်ငယ်ကလေးတလုံး ရှိသည်။ မုဆိုးမ မစ္စက် ကရာဆိုကင်၏အိမ် ဖြစ်သည်။ သူမ၏ယောကျ်ား ဒေသန္တရ အတွင်းရေးမှူး ကရာဆိုကင် ကွယ်လွန်သည်မှာ ကာလအတန် ကြာချေပြီ။ တဆယ့်လေးနှစ်မျှ ရှိချေပြီ ဖြစ်သည်။ သို့သော် အသက် ၃၂ နှစ်အရွယ် လှပ ချောမောသော မုဆိုးမကလေးသည် သန့်ရှင်းသပ်ရပ်သော အိမ်ငယ်ကလေးတွင် မိမိပိုင် ဝင်ငွေဖြင့် နေထိုင်လျက် ရှိချေသည်။

သူမက အများလေးစားဖွယ်ရာ ကောင်းမွန်အေးဆေးစွာ နေထိုင်သည်။ သူမက သိမ်မွေ့နူးညံ့ခြင်း ရှိသော်လည်း ကြည်လင်ပျော်ရွှင်တတ်သည့်သဘောလည်း ရှိချေသည်။ သူမ၏ခင်ပွန်း ကွယ်လွန်စဉ် က သူမ၏အသက် တဆယ့်ရှစ်နှစ်သာ ရှိပေသေးသည်။ အိမ်ထောင်သက် တနှစ်သာ ရှိသေးပြီး သားတယောက် ထွန်းကားသည်။

ခင်ပွန်းသည် ကွယ်လွန်သွားသည့်နောက်ပိုင်းတွင် သူမသည် ချစ်လှစွာသော သားကလေး ကိုလျာကို ပြုစုပျိုးထောင်ရေးတွင်သာ စိတ်ရောလူရော ပုံထားသည်။ သူမက သည် တဆယ့်လေးနှစ်သား ကလေးကို အသည်းတုန်အောင် ချစ်ခဲ့ရသော်လည်း သားကလေးက သူမကို ပျော်ရွှင်ကြည်နူးမှုထက် စိုးရိမ်ကြောင့်ကြရမှုများကိုသာ ပေးဆောင်ခဲ့ပါသည်။ နေ့စဉ်နေ့တိုင်းပင် အထိတ်ထိတ် အလန့်လန့် နှင့် အသည်းတထိတ်ထိတ် ရင်တမမ ရှိခဲ့ရသည်။ သားကလေး ဖျားများ ဖျားချေမလား၊ အအေးများ မိချေမလား၊ မဟုတ်တာ တခုခု

လုပ်ချေမလား၊ ကုလားထိုင်ပေါ်တက်ပြီး လိမ့်များ ကျချေမလား စသည် စသည်ဖြင့် ဖြစ်ပါသည်။

ကိုလျာ ကျောင်းနေသောအခါတွင် မိခင်သည် သားနှင့်အတူ သိပ္ပံပညာရပ်များကို လေ့လာရသည်။ သို့မှသာလျှင် သားကို ကူညီနိုင်မည် ဖြစ်သည်။ သူမက သင်ခန်းစာတွေ အားလုံးကို သားနှင့် အတူလိုက်ပြီး လုပ်ဆောင် ကျက်မှတ်ရသည်။ ကျောင်းမှ ဆရာများ၊ ၎င်းတို့၏ ဇနီးများနှင့် အသိအကျွမ်း ဖွဲ့ရသည်။ ထို့ပြင် သူမက ကိုလျာ၏ သူငယ်ချင်းများနှင့် ခင်မင်သိကျွမ်း ရင်းနှီးအောင်လည်း လုပ်ရသည်။ သို့မှသာလျှင် သူတို့က ကိုလျာကို မစ မနောက် မလှောင်မပြောင် မထိုးမကြိတ်ကြမည် ဖြစ်သည်။

သူမက သည်မျှအထိ လိုက်ပါလွန်းသောအခါ သူတို့က ကိုလျာကို သူမနှင့် ပတ်သက်ပြီး စ ကြသည်။ ‘အမေ့ အသည်းကျော်ကလေး’ ဟု ဆိုကြသည်။

သို့သော် ကိုလျာက သူ့ကိုယ်သူ ဘယ်လိုရပ်တည်ရမည်ကို သိသည်။ သူက သတ္တိရှိသော လူငယ်လေး တယောက် ဖြစ်သည်။ ‘အလွန့်အလွန်ပင် ကြံ့ခိုင်သန်စွမ်းသည်’ ဟု ပထမတွင် အတန်းထဲ၌ ကောလာဟလ ဖြစ်ရသည်။ နောက်ပိုင်းတွင် အထောက်အထား ခိုင်မာလာပြီး အချက်အလက် ဖြစ်သွားသည်။ သူက ထက်မြက်သွက်လက်သည်။ ခိုင်မာပြတ်သားသည်။ ဝံ့စားရဲရင့်သည်။ အကြံဉာဏ် ကောင်းသည်။ နောက်ပြီး သူက စာတော်သည်။ သူက ဂဏန်းသင်္ချာနှင့် ကမ္ဘာ့သမိုင်း တို့တွင် အတန်းပိုင်ဆရာ ဒါဒန်နီလော့ကိုပင် ယှဉ်ပြိုင်နိုင်သည်ဟု ကောလာဟလ ဖြစ်ရသည်။

သူက လူအားလုံးကို အထင်သေးသော်လည်း မာန်မာနထောင်လွှားခြင်း မရှိပါ။ အပေါင်းအဖော် ကောင်း တယောက် ဖြစ်ပါသည်။ ကျောင်းနေဖက် သူငယ်ချင်းများ၏ လေးစားမှုကို ထိုက်တန်မှု အဖြစ် လက်ခံသော်လည်း သူက သူတို့နှင့် သူငယ်ချင်းလိုပင် ဆက်ဆံသည်။

အရေးအကြီးဆုံးကတော့ ဘယ်နေရာမှာ ရပ်တန်းက ရပ်ရမည်ကို သူ သိသည်။ လိုအပ်သည့် အချိန်တွင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်ခြင်း ရှိသည်။ အရေးကြီးသော စည်းကို သူ ဘယ်တော့မှ မကျူးလွန် မဖောက်ဖျက်ပါ။ နောက်ပြောင်ကျီစယ်မှုများကို ခွင့်မလွှတ်နိုင်သော စည်းကမ်း ဖောက်ဖျက်မှုအဖြစ်သို့ မရောက်ရှိစေရပါ။ သို့သော် သူက နောက်ပြောင် ကျီစယ်မှုများ ပြုလုပ်ရ သည်ကို အင်မတန် ဝါသနာပါသည်။ သူက သူ မလုပ်နိုင်သောအလုပ်မျိုး၊ အင်မတန် ထူးဆန်း အံ့သြဖွယ်ရာ အလုပ်မျိုး၊ အထူးတလည် အစွမ်းပြရသည့် အလုပ်မျိုးတို့ကို လုပ်ချင်သည်။ သူက အလွန့်အလွန်မှပင် ဂုဏ်ယူဝင့်ကြွားချင်သည်။

သူက သူ့အမေကိုပင် သူ့ကို အလျှော့ပေးသော်လည်း မည်သို့လုပ်ရမည်ကို နားလည်သည်။ သူက သူ့အမေကို အသာစီးရအောင် အတင်းအကျပ် အနိုင်အထက်ပင် ပြုလုပ်တတ်သည်။ သူမကလည်း သူ့ကို အလျှော့ပေးသည်။ အို သူမက သူ့ကို အလျှော့ပေးခဲ့သည်မှာ ကြာပါပြီ။ သူမ၏ခေါင်းထဲတွင် အမြဲတမ်း ကိန်းအောင်းနေသည့် အချက်တခုကတော့ သူ့သားက သူ့ကို သိပ်မချစ်ဟူသော အချက်ပင် ဖြစ်ပါသည်။

ကိုလျာသည် သူမအပေါ်တွင် 'စိမ်းကားသည်' ဟု သူမက အမြဲတမ်း ယူဆလျက်ရှိသည်။ ယင်းသို့ဖြင့် မကြာခဏဆိုသလိုပင် မျက်ရည်ကြီးငယ်ကျကာ ၎င်း၏ အေးစက် မာကျောမှုအတွက် သားဖြစ်သူကို သူမက ပြစ်တင်ပြောဆိုသည်။ ဤသည်ကို လူငယ်ကလေးက မကြိုက်ပါ။ သူ့ထံမှ သနားကြင်နာမှု ကို တောင်းခံလေ သူက တမင်တကာ ပိုပြီး ပိုပြီး ရှောင်ရှားလေ ဖြစ်တော့သည်။ အမှန်တော့ ကိုလျာက တမင်တကာ ပြုလုပ်ခြင်း မဟုတ်ဘဲ ပင်ကိုသဘောအရ အလိုလို ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။ သူ၏စရိုက်ပင် ဖြစ်တော့သည်။

သူ့အမေက အထင်မှားနေခြင်း ဖြစ်သည်။ သူက သူမကို တကယ် ချစ်ပါသည်။ သူ မကြိုက်သည်က သူတို့ကျောင်းသားတွေ သုံးသည့် စကားအရပြောရလျှင် 'အပေါ်ယံကြော အလွမ်းပို' ခြင်းကို မနှစ်သက်ခြင်းသာလျှင် ဖြစ်ပါသည်။

သူ၏ဖခင် ကွယ်လွန်သောအခါ စာအုပ်စင်ကလေးတခု ကျန်ရစ်သည်။ သူက စာဖတ်ဝါသနာပါသည်။ စာအုပ်စင်မှ စာအုပ်တော်တော်များများကို သူ ဖတ်သည်။ စာဖတ်သည်ကို သူ့မိခင် မစိုးရိမ်ပါ။ သို့သော် သူ့သားသည် အပြင်ဘက်တွင် ဆော့ကစားခြင်း မပြုဘဲ စာအုပ်စင်တွင် နာရီပေါင်းများစွာ အချိန်ဖြုန်းကာ အချို့စာအုပ်များကို စူးစူးစိုက်စိုက် ဖတ်နေသည့်အတွက် မကြာခဏဆိုသလိုပင် အံ့သြမိသည်။ ဤနည်းဖြင့် ကိုလျာသည် သူ့အသက်အရွယ်တွင် မဖတ်ရသည့် စာအုပ်များကို ဖတ်ရှုခဲ့တော့သည်။

လူငယ်ကလေးသည် ထုံးစံအတိုင်း သူ၏နောက်တီးနောက်တောက် အမှုများကို ဘောင်မကျော် အောင် ထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတကြိမ်တွင် သူသည် မိခင်ဖြစ်သူ အမောတကော ဖြစ်ခဲ့ရသည့် အမှုတခုကို ပြုလုပ်ခဲ့သည်။ ထိုအလုပ်က ဆိုးသွမ်းကြမ်းတမ်းခြင်း မရှိသော်လည်း မဟားတရား ရမ်းကားရူးမိုက်ခြင်းတော့ ဖြစ်သည်။

နွေရာသီ ကျောင်းပိတ်ရက် ဇူလိုင်လထဲတွင် ဖြစ်သည်။ သားအမိနှစ်ယောက်သည် သူတို့မြို့နှင့် လေးဆယ့်ငါးမိုင်ခန့် ဝေးကွာသော အခြား မြို့တမြို့တွင်ရှိ ဆွေမျိုးနီးစပ် တဦးအိမ်တွင် တပတ်ခန့် အနားယူ နေထိုင်ရန်

သွားရောက်ကြသည်။ ဆွေမျိုးနီးစပ်တော်သူ အမျိုးသမီး၏ ယောကျ်ားသည် မီးရထားဘူတာရုံမှ အရာရှိတဦး ဖြစ်သည်။ (လွန်ခဲ့သည့်တလလောက်က အိုက်ဗင်ကာရာမာဇော့ မော်စကိုမြို့သို့ ထွက်ခွာသွားသော ဘူတာရုံပင် ဖြစ်သည်။ ကျွန်ုပ်တို့မြို့နှင့် အနီးဆုံး ဘူတာရုံ ဖြစ်သည်)

သည်တွင် ကိုလျာသည် မီးရထားနှင့် ပတ်သက်သည်များကို သေသေချာချာ စုံစမ်း မေးမြန်းသည်။ ရထား စည်းကမ်းနည်းလမ်းကို လေ့လာမှတ်သားသည်။ အိမ်ပြန်ရောက်သောအခါ အသစ်အဆန်း ရရှိလာသော အတွေ့အကြုံများဖြင့် သူငယ်ချင်းများကို အထင်တကြီး ဖြစ်အောင် ပြုလုပ်ရန် ဖြစ်သည်။

သို့ရာတွင် ထိုစဉ်က ထိုအရပ်တွင် အခြား လူငယ်ကလေးများလည်း ရှိနေကြသည်။ မကြာမတင်မီ မှာပင် သူသည် ၎င်းတို့နှင့် အဆွေခင်ပွန်း ဖြစ်သည်။ လူငယ်ကလေး အချို့က ဘူတာရုံထဲတွင် နေထိုင်ကြပြီး အချို့က အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသည်။ အသက် တဆယ့်နှစ်နှစ်မှ တဆယ့်ငါးနှစ်အရွယ် လူငယ်ကလေးများ ဖြစ်ကြသည်။ အားလုံးပေါင်း ခြောက်ယောက်၊ ခုနစ်ယောက် ရှိသည်။ ထိုအထဲတွင် နှစ်ယောက်က ကျွန်ုပ်တို့မြို့မှ ဖြစ်သည်။

လူငယ် လေးယောက် အတူစုပြီး ကစားကြသည်။ ဘူတာရုံသို့ ကိုလျာ ရောက်ရှိပြီး လေးငါးရက် အကြာတွင် အင်မတန် မိုက်မဲသော လောင်းကြေးတခုကို ၎င်းတို့ ပြုလုပ်ကြသည်။ ကိုလျာသည် ထိုအထဲတွင် အငယ်ဆုံး ဖြစ်သဖြင့် အခြားလူငယ်ကလေးတွေက သူ့ကို အထင်သေး အမြင်သေး ရှိကြသည်။ သို့ဖြင့် သူသည် ဝါကြွားလိုမှုနှင့် တဇောက်ကန်းနိုင်မှုအရ ဆယ့်တစ်နာရီ ရထား အရှိန်နှင့် ခုတ်မောင်းသွားစဉ်တွင် ရထားသံလမ်းနှစ်ခုကြား၌ လဲလျောင်းနေမည်ဖြစ်ကြောင်း နှစ်ရူဗယ်ကြေး လောင်းတမ်းပြုသည်။

၎င်းတို့ ကြိုတင်လေ့လာမှုပြုရာတွင် ရထားခုတ်မောင်းသွားနေစဉ်တွင် သံလမ်းနှစ်ခုကြား၌ အထိအခိုက် မရှိဘဲ လဲလျောင်းနေနိုင်ကြောင်း တွေ့ရှိကြရသည်။ သို့သော် ထိုသို့ လဲလျောင်းနေနိုင် ရန်ကား သတ္တိရှိဖို့ အများကြီး လိုပေသည်။ ကိုလျာက သူလုပ်မည်ဟု ဆိုသည်။ ပထမတွင် အခြား လူငယ်ကလေးတွေက သူ့ကို လှောင်ပြောင် ရယ်မောကြသည်။ သူ့ကို လူညာ လူကြွားကလေးဟု ဆိုကြသည်။ ထိုအခါ သူသည် လောင်းကြေးပြုလုပ်ရန် ပိုမိုထက်သန် ခိုင်မာလာတော့သည်။ သူ့ကို ပိုပြီး လှုံ့ဆော်နှိုးဆွနေသည့် အချက်ကတော့ တဆယ့်ငါးနှစ်အရွယ် လူငယ်ကလေးများက သူ့ကို နှာခေါင်းရှုံ့ပြီး ပထမပိုင်းတွင် 'ကလေး ကလေး' တယောက်အနေနှင့် ဆက်ဆံပြီး သူတို့နှင့်အတူ ကစားရန်ကို ငြင်းဆန်ကြခြင်းပင် ဖြစ်သည်။ ယင်းမှာ မည်သို့မျှ သည်းမခံနိုင်သော စော်ကားမှုပင် ဖြစ်သည်။

ယင်းသို့ဖြင့် တညချမ်းတွင် ဘူတာရုံမှ မိုင်ဝက်ခန့်ဝေးသော နေရာသို့ သွားရောက်ရန် လူငယ်များ ဆုံးဖြတ်ကြသည်။ သို့မှသာလျှင် ရထားသည် ဘူတာရုံမှထွက်လာပြီးနောက် အမြန်နှုန်း ပြည့်ပြည့်ဝဝ ရရှိနေမည် ဖြစ်သည်။

လူငယ်ကလေးများ စုဝေးမိကြသည်။ လမိုက်ည ဖြစ်သည်။ ညက မှောင်မည်းရုံမျှမက ပိန်းပိန်းပိတ်နေသည်။ သတ်မှတ်သော အချိန်တွင် သံလမ်းနှစ်ခုကြား၌ ကိုလျာ လဲလျောင်းသည်။ သူနှင့် လောင်းကြေးပြုလုပ်ထားသော လူငယ်ကလေး ငါးယောက်က ရထားလမ်း တာရိုး အောက်ဘက်ရှိ ချုံပုတ်များအကြားမှ စောင့်ဆိုင်းကြည့်ရှုနေကြသည်။ ၎င်းတို့သည် ရင်တဖိုဖို အသည်းတထိတ်ထိတ်ဖြင့် ရှိနေကြသည်။ ထို့နောက်တွင်ကား ၎င်းတို့ ကြောက်ရွံ့လာကြသည်။ စိတ်မကောင်းဖြစ်ကာ နောင်တရလာကြသည်။

သည်အချိန်မှာပင် ဘူတာရုံမှ ရထားကြီး ထွက်လာသည့်အသံကို သူတို့ ကြားကြရသည်။ မီးလုံးကြီး နှစ်ခုသည် အမှောင်တိုက်ထဲတွင် နီရဲလျက်ရှိသည်။ သေမင်းတမန် ဂြိုဟ်ကောင်ကြီးသည် အရှိန် ပြင်းထန်စွာနှင့် ချင်းနင်း နီးကပ်လာနေတော့သည်။

“ပြေး ပြေး ... ရထားလမ်းပေါ်က ပြေး”

တုန်လှုပ်ချောက်ချားနေသော လူငယ်ကလေးများက ချုံပုတ်များအကြားမှနေ၍ ကိုလျာကို ဟစ်အော် ပြောဆိုကြသည်။ သို့သော် နောက်ကျသွားပြီ ဖြစ်သည်။ ရထားကြီးက ကိုလျာအပေါ်တွင် ဖြတ်သန်းကာ ခုတ်မောင်းသွားချေပြီ ဖြစ်သည်။

ကိုလျာရှိရာသို့ လူငယ်ကလေးများ ပြေးသွားကြသည်။

ကိုလျာ မလှုပ်မယှက်ကြီး ရှိနေသည်။ သူတို့က သူ့ကို ဆွဲထူကြသည်။ ဆွဲမကြသည်။ ကိုလျာ ဆတ်ခနဲ ထပြီး စကားတလုံးမျှမပြောဘဲ ရထားလမ်းပေါင်ပေါ်သို့ လျှောက်ထွက်သွားသည်။ ပြီးမှ သူတို့ကို ခြောက်လှန့်သည့်အနေဖြင့် သူ တမင် သတိမေ့ချင်ယောင်ဆောင်နေခြင်း ဖြစ်ကြောင်း ကိုလျာ ပြောကြားသည်။ သို့သော် အဖြစ်မှန်က သူ တကယ်ပင် သတိလစ် မေ့မြောသွားခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းကို သူက နောက်ပိုင်း အတော်လေးကြာသောကာလတွင်မှ မိခင်ဖြစ်သူကို ဝန်ခံပြောဆိုသည်။

ယင်းသို့ဖြင့် သူသည် ‘ဘာမထီကလေး’ အဖြစ် တလျှောက်လုံး ထင်ရှားကျော်ကြားလေတော့သည်။ ဘူတာရုံမှ အိမ်သို့ပြန်လာသောအခါ သူ့တကိုယ်လုံး ဖြူရော်လျက် ရှိတော့သည်။ နောက်တနေ့တွင်မူ သူသည် အဖျားသွေး ဝင်သည်။ သို့သော် သူသည် စိတ်ဓာတ်တက်ကြွလျက်ရှိသည်။

သူ့ကိုယ်သူ ကျေနပ်ပျော်ရွှင်လျက် ရှိသည်။

သူ့သတင်း ပြန့်သွားသည်။ ချက်ချင်းတော့ မဟုတ်။ ကျွန်ုပ်တို့မြို့သို့ သူ ပြန်လည် ရောက်ရှိပြီး နောက်ပိုင်းတွင် ဖြစ်သည်။ သူ့သတင်းက ကျောင်းသို့ တဖြည်းဖြည်းချင်း ပေါက်သွားသည်။ နောက်ဆုံးတွင် ကျောင်းအာဏာပိုင်တွေ၏ နားအထိပင် ရောက်ရှိသွားသည်။ ထိုအခါ သူ့မိခင်က ကျောင်းအာဏာပိုင်တွေကို သူ့သားကိုယ်စား တောင်းပန်ရသည်။ အတန်းပိုင်ဆရာ ဒါဒန်နီလော့ကို ဝင်ရောက်ဆောင်ရွက်ပေးရန် ပြောကြားရသည်။ ဒါဒန်နီလော့က လူအများ လေးစားကြည်ညိုပြီး သြဇာတိက္ကမရှိသော ဆရာတဦး ဖြစ်သည်။ ၎င်း၏ ဝင်ရောက်ဆောင်ရွက်ပေးမှုကြောင့် ပြဿနာ ပြီးစီးသွားသည်။

ဒါဒန်နီလော့သည် လူလတ်ပိုင်းအရွယ် လူပျိုကြီးတဦးဖြစ်ပြီး မစ္စက်ကရာဆိုကင်ကို စွဲလမ်း ချစ်ကြိုက်နေသည်မှာ နှစ်ပေါင်းအတန်ကြာပြီ ဖြစ်သည်။ လွန်ခဲ့သော တနှစ်ခန့်ကမူ သူသည် ကြောက်ရွံ့တုန်လှုပ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် သူမထံတွင် လက်ထပ်ခွင့်ကို လေးစားစွာ ပန်ကြားတောင်းခံသည်။ သို့သော် သူမက ပြတ်ပြတ်သားသားပင် ငြင်းဆန်သည်။ သူ၏အချစ်ကို လက်ခံခြင်းသည် သူမ၏သားကို သစ္စာဖောက်ရာကျမည်ဟု ယူဆသောကြောင့် ဖြစ်သည်။ သို့တစေလည်း သူ့အနေနှင့် သစ္စာတရား ကြီးမားပြီး မြတ်နိုးဖွယ်သော မုဆိုးမကလေးအပေါ် မျှော်လင့်ချက် လုံးဝ မကုန်ဆုံးသေးဟု မသိမြင်သာသော အချက်အလက်များကို ထောက်ချင့်ပြီး ဒါဒန်နီလော့ မှတ်ယူထားသည်။

ကိုလျာ၏ ရူးသွပ်သော နောက်ဆော့မှုက ပိတ်နေသော လမ်းကို ဖွင့်ပေးလိုက်သည်။ သူ၏ ကြားဝင် ဆောင်ရွက်ပေးမှုအတွက် သူ့မှာ မျှော်လင့်ချက်ကလေး ရှိနေသေးကြောင်း အလင်းရောင်ကလေး ရရှိသည်။ အလင်းရောင်က မှေးမှိန်လှသော်လည်း သန့်ရှင်း စင်ကြယ်မှုနှင့် သိမ်မွေ့နူးညံ့မှုတို့တွင် စံနမူနာဖြစ်သော ဒါဒန်နီလော့အဖို့မူကား လောလောဆယ်ကလေးအတွက် ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြစ်ရန် လုံလောက်လျက် ရှိတော့သည်။

ကိုလျာကို သူ ချစ်ခင်သည်။ သို့သော် ၎င်းအား အခွင့်အရေး ပေးရန်ကား မသင့်လျော်ဟု သူ ယူဆသည်။ ယင်းအတွက် သူသည် ကိုလျာကို အတန်းထဲတွင် တင်းတင်းမာမာနှင့် တိတိကျကျ ဆက်ဆံသည်။ ကိုလျာကလည်း ကောင်းမွန်လေးစားစွာဖြင့် ဘာသိဘာသာ နေသည်။ သူက စာတော်သည်၊ အတန်းထဲတွင် ဆရာပြီးလျှင် သူပဲရှိသည်။ သူက ကမ္ဘာ့သမိုင်းတွင် အထူးတော်သဖြင့် ဒါဒန်နီလော့ကိုပင် ‘ဖြတ်’ နိုင်သည်ဟု တတန်းလုံးက သေသေချာချာ ယူဆထားကြသည်။

အမှန်ပင်ဖြစ်သည်။ ထရှိုင်းမြို့တော်ကြီးကို မည်သူ တည်ထောင်သနည်းဟု ကိုလျာက ဒါဒန်နီလော့ ကို မေးသည်။ သည်မေးခွန်းကို ဆရာက ယေဘုယျသဘောဖြင့် ဖြေသည်။ ကမ္ဘာပေါ်တွင် လူမျိုးများ ရွှေ့ပြောင်းနေထိုင်ကြသည့်အကြောင်း၊ ခေတ်ကာလ ရေးကျခြင်း၊ ဒဏ္ဍာရီ ပုံပြင်များ၊ သို့သော် ထရှိုင်းမြို့ကို တည်သည့်အကြောင်း၊ ဘယ်သူ တည်သည့်အကြောင်းကိုကား သူ တိတိကျကျ မဖြေနိုင်ပါ။ ထိုအခါ ထရှိုင်းမြို့ကြီးကို မည်သူတွေ တည်ထောင်ကြောင်း ဒါဒန်နီလော့ မသိသည်ကို ကျောင်းသားကလေးတွေ သိရှိသွားကြတော့သည်။

ထရှိုင်းမြို့ကြီးကို တည်ထောင်သူများအကြောင်း ဆမာရာဒေါ့၏စာအုပ်တွင် ကိုလျာ ဖတ်ရှုထား သည်။ ယင်းသမိုင်းစာအုပ်က သူ့ဖခင်၏ စာအုပ်စင်တွင် အပါအဝင် ဖြစ်သည်။ နောက်ဆုံးတွင် ထရှိုင်းမြို့ကြီးကို မည်သူတွေ တည်ထောင်သည် ဟူသော မေးခွန်းကို လူငယ်ကလေးတွေ အပါအဝင် အားလုံးကပင် စိတ်ဝင်စားလာကြသည်။ သို့သော် ကိုလျာက သူ၏လျှို့ဝှက်ချက်ကို မပြောပါ။ ဗဟုသုတ ကြွယ်ဝသည်ဟူသော သူ၏ ဂုဏ်သတင်းကား ခိုင်မြဲလျက်ပင် ရှိတော့သည်။

မီးရထားကိစ္စ ဖြစ်ပေါ်ပြီးသည့်နောက်ပိုင်းတွင် ကိုလျာ၏ မိခင်အပေါ် ဆက်ဆံရေးသည် တမျိုးတဖုံ ပြောင်းလဲသွားသည်။ သားဖြစ်သူ၏ စွန့်စားခန်းကို ကြားရသောအခါ မစ္စက်ကရာဆိုကင်သည် ထိတ်လန့်တုန်လှုပ်မှုကြောင့် ရူးသွပ်မတတ်ပင် ဖြစ်သွားသည်။ ရက်ပေါင်းအတန်ကြာအောင်ပင် မိခင်ဖြစ်သူသည် သွေးလေချောက်ချားကာ ကယောင်ကတမ်းတွေ ဖြစ်နေသဖြင့် ကိုလျာသည် အတော်ကြီးပင် တုန်လှုပ်ချောက်ချားသွားရသည်။ နောင်တွင် ဤလို မဟုတ်ကဟုတ်က အလုပ်များ ကို မလုပ်တော့ပါဟု ကတိပြုသည်။ ဘုရားသခင်၏ ပုံတော်ရှေ့တွင် ဒူးထောက်ပြီး သစ္စာဆိုသည်။ ထို့နောက် ဖခင်ကို သတိရ အောက်မေ့ခြင်း၊ မိခင်၏အဖြစ်ကို မြင်တွေ့ ရခြင်းတို့ကြောင့် သူ့ကိုယ်သူ ‘လူကြီး’ တယောက်လို ယူဆထားသော ကိုလျာသည် သူ၏ ‘ခံစားရမှုများ’ ကို မထိန်းနိုင်တော့ဘဲ ခြောက်နှစ်သားအရွယ် ကလေးတဦးပမာ ငိုကြွေးလေတော့သည်။ ယင်းသို့ဖြင့် အမေနှင့် သားသည် ထိုနေ့တနေ့လုံး ဆိုသလိုပင် တယောက်ကိုတယောက် ပွေ့ဖက်ကာ အားရပါးရ ငိုကြွေးနေကြတော့ သည်။ နောက်တနေ့နံနက် ကိုလျာ အိပ်ရာမှ နိုးသောအခါတွင်ကား အခါတိုင်းလိုပင် ‘ခပ်စိမ်းစိမ်း' ရှိနေသော်လည်း သူသည် ယခင်ကထက် ပိုပြီး နှုတ်ဆိတ်လာသည်။ ပိုပြီး ဣန္ဒြေကြီးကာ တည်ကြည်လာသည်။ ပိုပြီး စဉ်းစားဆင်ခြင်လာတော့သည်။

သို့သော် နောက်တလခန့်အကြာတွင် သူသည် ပြဿနာဖြစ်ပြန်ပြီး သမာဓိမြို့ဝန်မင်း၏ နားအထိ သူ့နာမည် ပေါက်သွားသည်မှာ အမှန်ပင် ဖြစ်သည်။

ဤပြသနာက တမျိုးဖြစ်သည်။ ရှူးနောက်နောက် နိုင်ပြီး ရယ်စရာကောင်းသည်။ တခုတော့ရှိသည်။ သည်ပြသနာတွင် သူ ခေါင်းဆောင်သည်ကား မဟုတ်၊ သူ့အနေနှင့် ကြားညပ်ပြီး ပါသွားခြင်းသာ ဖြစ်သည်။ သို့သော် သည်အကြောင်းကို နောက်မှ ..။

သို့ဖြင့် သူ၏မိခင်သည် ပူပန်သောကဖြစ်၍ မဆုံးနိုင်၊ တုန်လှုပ်ချောက်ချား၍ မဆုံးနိုင် ရှိနေရတော့ သည်။ သို့သော် သူမမှာ ဒုက္ခများလေ ဒါဒန်နီလေ့မှာ မျှော်လင့်ချက် တိုးလေ ဖြစ်သည်။

ဒါဒန်နီလေ့၏ မျှော်လင့်ချက်များကို ကိုလျှာ ရိပ်စားသိရှိသည်။ ယင်းအတွက် ဒါဒန်နီလေ့ကို သူ အကြီးအကျယ် မုန်းတီးစက်ဆုပ်မိသည်။ ဟိုတုန်းကဆိုလျှင် သူ၏ မကျေမနပ် မနှစ်မြို့မှုကို သူ့မိခင်ရှေ့တွင် ဟန်ဆောင်ခြင်း မပြုခဲ့။ ဒါဒန်နီလေ့ ဘာကို ရည်ရွယ်မှန်း သူ သိရှိကြောင်း အရိပ်အမြွက်များ ပြသသည်။ သို့သော် မီးရထားကိစ္စ ဖြစ်ပေါ်ပြီးသည့်နောက်တွင်ကား ဤကိစ္စနှင့် ပတ်သက်ပြီး သူ၏ အပြုအမူများ ပြောင်းလဲခဲ့သည်။ မနှစ်သက်ကြောင်း အရိပ်အမြွက်များ စိုးစဉ်းကလေးမျှပင် မပြရုံမျှမက မိခင်ရှေ့တွင် ဒါဒန်နီလေ့အကြောင်းကို လေးလေးစားစားပင် ပြောဆိုခြင်း ပြုလေသည်။ ထိုအခါ မစ္စက် ကရာဆိုကင်သည် အတိုင်းအဆမရှိပင် ကြည်နူး နှစ်သက်ခြင်း ဖြစ်ရတော့သည်။

ထိုမျှမကပါ၊ ကိုလျှာ၏ ရှေ့မှောက်တွင် ဧည့်သည်တယောက်ယောက်က ဒါဒန်နီလေ့အကြောင်း စကားစပ်၍ ပြောခဲ့လျှင် သူမ၏မျက်နှာသည် နှင်းဆီပန်းတပွင့်ပမာ နီမြန်းသွားတတ်ပါသည်။ ထိုအခါမျိုးတွင် ကိုလျှာသည် ပြတင်းပေါက်သို့သော်လည်းကောင်း ငေးစိုက်ပြီး ကြည့်နေတတ်သည်။ သို့မဟုတ် သူ၏ ဘွတ်ဖိနပ်တွင် အပေါက်အပြဲ ရှိ မရှိ စစ်ဆေးကြည့်ရှုနေတတ်သည်။ သို့မဟုတ် သူ၏ အမွေးကြမ်းကြမ်း ဝဲထူထူ ခွေးကြီး ပါရဇ္ဇွန်ကို ဒေါသတကြီး ဟစ်အော်နေတတ်ပါသည်။

သူသည် ဤခွေးကြီးကို လွန်ခဲ့သည့် တလခန့်က တနေရာမှ ရရှိလာခြင်း ဖြစ်သည်။ အိမ်သို့ ခေါ်ဆောင်လာပြီး အကြောင်းတခုဖြင့် အိမ်ထဲမှာ တိတ်တဆိတ် ဝှက်ထားသည်။ မည်သည့် သူငယ်ချင်းကိုမျှ မပြပါ။ သူက ခွေးကြီးကို အတင်းအဓမ္မပင် အနိုင်အထက်ပြုပြီး လိမ္မာယဉ်ကျေး အောင် သင်သည်။ အမျိုးမျိုး အဖုံဖုံ တတ်ကျွမ်းအောင် သင်ကြားသည်။ ယင်းသို့ဖြင့် အနီခွေးကြီး သည် သူ ကျောင်းသွားနေသည့်အခါများတွင် အူသံပေးနေပြီး သူ ကျောင်းပြန်လာသောအခါ ဝမ်းသာ လိုက်လှဲစွာဖြင့် တအီအီ တဟီဟီဖြင့် ခွေးရူးတကောင်လို တရှူးထိုး ပြေးသည်။ လက်နှစ်ဖက် မြှောက်ပြီး တောင်းသည်။ မြေကြီးပေါ်တွင် လဲလျောင်းပြီး သေချင်ယောင်ဆောင်နေသည်။ သူ့ကို သင်ထားသမျှသော အတတ်တွေ အကုန်လုံး

စုံအောင် လုပ်ပြသည်။ သူ့သခင်က အမိန့်ပေး၍ မဟုတ်၊ သူ့စိတ်ထဲတွင် ပါ၍ လုပ်ပြနေခြင်း ဖြစ်သည်။

ဤနေရာတွင် အမှတ်မထင်ဆိုသလို တခုပြောဆိုရန် ကျွန်ုပ် မေ့လျော့နေခဲ့ပါသည်။ ယခု ပြောဆိုနေသော ကိုလျှာ ကရာဆိုကင်သည် အငြိမ်းစား ဗိုလ်ကြီး ဆနီဂါယော့၏ သားကလေး အီလျူရှာက သူ့ဖခင်ကို ကျောင်းသားကလေးတွေက မြက်ဖုတ်ကြီးဟု နောက်ပြောင်သည်ကို ဂုဏ်သိက္ခာ ကာကွယ်သောအားဖြင့် မောင်းချခားဖြင့် ထိုးခဲ့သော ကောင်ကလေးပင် ဖြစ်သည်။

၂။ ကလေး ကလေးတွေ

ယင်းသို့ဖြင့် နှင်းခဲသော၊ အေးမြသော၊ လေတိုက်သော နိုဝင်ဘာ နံနက်ခင်းတွင် ကိုလျာ ကရာဆိုကင်သည် သူ့အိမ်တွင် ရှိနေတော့သည်။ တနင်္ဂနွေနေ့ ဖြစ်သဖြင့် ကျောင်းမရှိပါ။ သို့သော် ဆယ့်တစ်နာရီ ထိုးနေပြီ ဖြစ်သဖြင့် သူသည် အရေးကြီးသောကိစ္စတခုဖြင့် အပြင်သို့ သွားရပါသည်။ သို့တစေလည်း အိမ်မှာ သူတယောက်တည်း အိမ်စောင့်နေရသည်။ အိမ်မှ လူကြီးများသည် အရေးပေါ် အထူးကိစ္စတခုဖြင့် အပြင်သို့ သွားနေကြရသည်။

မစ္စက် ကရာဆိုကင်သည် သူမတို့နေထိုင်ရာ အိမ်မကြီးနှင့် စင်္ကြံလမ်းတခု ခြားထားသော အခန်းငယ် နှစ်ခုကို ဆရာဝန်ကတော် မိသားစု (ဆရာဝန်ကတော်နှင့် သူမ၏ကလေးငယ်နှစ်ယောက်) အား ငှားရမ်းထားသည်။ ဆရာဝန်ကတော်သည် မစ္စက် ကရာဆိုကင်နှင့် သက်တူရွယ်တူဖြစ်ပြီး သူမ၏ ရင်းနှီးသော သူငယ်ချင်း ဖြစ်ချေသည်။

အိမ်ငှား အမျိုးသမီး၏ ယောကျ်ားဖြစ်သော ဆရာဝန်သည် လွန်ခဲ့သော တနှစ်လောက်က အိုရန်ဗက် မြို့သို့ သွားသည်။ ထိုကတဆင့် တာ့ရှ်ကင့်မြို့သို့ သွားရောက်သည်။ ထို့နောက် သူ့ထံမှ သတင်း မကြားရတော့ပါ။ ယခုဆိုလျှင် ခြောက်လမျှ ရှိသွားပြီ ဖြစ်သည်။ မစ္စက်ကရာဆိုကင်၏ နှစ်သိမ့် ကူညီမှုကိုသာ မရရှိခဲ့လျှင် ဆရာဝန်ကတော် လင်ပစ်မသည် ရင်ကွဲနာကျပြီး သေဖွယ်ရာသာ ရှိပေသည်။

ယခုတဖန် သူမ၏ကံကြမ္မာဆိုးကို ဆတက်ထမ်းပိုးသည့်အနေဖြင့် သူမ၏တဦးသော အိမ်ဖော်မ ကလေး ဖြစ်သော ကက်တရီးနားက မနက်ဖြန်ဆိုလျှင် သူမအနေနှင့် ကလေး မွေးတော့မည် ဖြစ်ကြောင်း ရုတ်တရက် ပြောကြားသောအခါ ဆရာဝန်ကတော်မှာ အကြီးအကျယ် အံ့သြတုန်လှုပ် ရတော့သည်။ ဤအဖြစ်ကို စောစောက မည်သူမျှ သတိမပြုမိခဲ့ကြသည်မှာ အားလုံးအတွက် မယုံကြည်နိုင်အောင် အံ့သြဖွယ်ရာပင် ဖြစ်တော့သည်။

အံ့အားသင့်သွားရသော ဆရာဝန်ကတော်သည် ကက်တရီးနားကို ယခုလို အရေးပေါ်ကိစ္စများ အတွက် သားဖွားဆရာမတဦးက ကျွန်ုပ်တို့မြို့တွင် ဖွင့်လှစ်ထားသော သားဖွားခန်းသို့ အချိန်ရှိခိုက် ခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်သည်။ အိမ်ဖော်ကလေးကို ချစ်ခင် နှစ်သက်ခြင်း ရှိသဖြင့် သူ၏ ဆုံးဖြတ်ချက်ကို ချက်ချင်းပင် လုပ်ဆောင်ပြီး ယခုအချိန်အထိ သားဖွားခန်းတွင် ၎င်းနှင့်အတူ ရှိနေတော့သည်။

သည်နေ့နံနက်သို့ ရောက်ရှိလာသောအခါတွင်ကား မစ္စက် ကရာဆိုကင်၏ စာနာ ထောက်ထားမှုနှင့် အကူအညီတို့သည်လည်း အရေးတကြီး လိုအပ်လာတော့သည်။ အကြောင်းမှာ သူမအနေနှင့်လည်း အကူအညီ ပေးနိုင်သည်။ လိုအပ်လျှင် အခြားသူတဦးတယောက် အကူအညီကိုလည်း တောင်းခံပေး နိုင်သည်။ သို့ဖြင့် သည်နေ့မနက်တွင် အမျိုးသမီး နှစ်ယောက်စလုံး အိမ်မှာ ရှိမနေကြခြင်း ဖြစ်သည်။

မစ္စက်ကရာဆိုကင်၏ အိမ်ဖော်မကြီး အဂါဖျာကလည်း ဈေးသို့ သွားနေသည်။ သို့ဖြင့် ကိုလျာသည် 'ကလေး ကလေးတွေ' ကို စောင့်ရှောက်ကြည့်ရှုနေရတော့သည်။ 'ကလေး ကလေးတွေ' ဆိုသည်မှာ ဆရာဝန်ကတော်၏ သားကလေးနှင့် သမီးကလေးတို့ပင် ဖြစ်ချေသည်။

ကိုလျာသည် အိမ်ကြီးကို ကြည့်ရှုစောင့်ရှောက်ရမည်ကို မကြောက်ပါ။ သူ့မှာက ခွေးကြီး ပါရဗွန် လည်း ရှိနေသည်။ ၎င်းကို ယခုအခါ 'မလှုပ်နဲ့' ဆိုပြီး အိမ်ရှေ့ခန်း ခုံရှည်အောက် ကြမ်းပြင်ပေါ်တွင် ဝပ်ခိုင်းထားသည်။ ယင်းကြောင့်ပင် ၎င်းသည် အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ကိုလျာ အိမ်ရှေ့ခန်းသို့ ရောက်လာတိုင်း ခေါင်းကို လှုပ်ခါပြီး ကြမ်းပြင်ကို အမြီးဖြင့် ကျယ်လောင်စွာ နှစ်ချက်ရိုက်ပုတ်သည်။ သို့သော် ၎င်းကို ဆင့်ခေါ်သည့် လေချွန်သံ ထွက်ပေါ်မလာဘဲ ကိုလျာက ၎င်းကို မျက်နှာထား တင်းတင်းဖြင့်သာ ကြည့်ရှုသဖြင့် ကံမကောင်းသော ခွေးကြီးခမျာမှာ အသာပြန်ပြီး ငြိမ်သွားရသည်။

ကိုလျာကို အနှောင့်အယှက် ပေးနေသည်က 'ချာတိတ်ကလေးနှင့် ချာတိတ်မကလေး' တို့ပင် ဖြစ်သည်။ ကက်တရီးနား၏ မမျှော်လင့်သော စွန့်စားခန်းကို သူ နည်းနည်းကလေးမှ သဘော မကျပါ။ သို့သော် သူတို့ချည်း ရှိနေသော 'ချာတိတ်ကလေးများ' ကိုကား သူ ချစ်ပါသည်။ ယင်းကြောင့်ပင် သူတို့ကို ရုပ်ပြစာအုပ်တအုပ် ပေးထားပြီး ဖြစ်သည်။ အသက် ရှစ်နှစ်အရွယ် အကြီးမ နက်စယာက စာဖတ်တတ်ပြီ ဖြစ်သည်။ အသက် ခုနစ်နှစ်အရွယ် ကော့စယာကလည်း အစ်မဖြစ်သူ ဖတ်ပြသည်ကို နားထောင်ချင်သည်။

ကရာဆိုကင်က သူတို့နှစ်ယောက် ပျော်ရွှင်အောင် နောက်ထပ် လုပ်ပေးနိုင်တာတွေ အများကြီး ရှိသေးသည်။ သူတို့နှစ်ယောက်ကို ဘေးချင်းယှဉ်ရပ်စေပြီး စစ်သားလုပ်တမ်း ကစားနိုင်သည်။ သို့မဟုတ် သူတို့နှင့် အိမ်ထဲတွင် တူတူပုန်းတမ်း ကစားနိုင်သည်။ သူ သူတို့နှင့် ယင်းကဲ့သို့ အကြိမ်ပေါင်းများစွာ ကစားခဲ့ပြီးပြီ ဖြစ်သည်။ ယင်းသို့ ကစားရသည်ကို သူ မရှက်ပါ။ သူသည် အိမ်တွင် မြင်းတကောင်လို ဒုန်းပြေးကာ အိမ်ငှား ချာတိတ်ကလေးတွေနှင့် မြင်းလုပ်တမ်း ကစားသည့်အကြောင်း ကျောင်းသို့ သတင်းပေါက်သွားသောအခါ ကိုယ်နှင့် ရွယ်တူ တဆယ့်သုံးနှစ်သား လူငယ်ကလေးများနှင့် မြင်းလုပ်တမ်း

ကစားရသည်သာ ရှက်စရာကောင်းပြီး 'ချာတိတ်ကလေးများ' နှင့် ကစားရသည်မှာ ဘာမျှ စိတ်မလုံစရာ မရှိဟု ဆိုသည်။ ယင်းကြောင့် ချာတိတ်ကလေးနှစ်ယောက်က ချစ်ကြခြင်း ဖြစ်သည်။

သို့သော် ယခုတကြိမ်တွင်ကား သူ့မှာ ကစားလိုစိတ် မရှိပါ။ သူ့မှာ အရေးကြီးသော ကိစ္စတခု ဆောင်ရွက်စရာ ရှိနေသည်။ လျှို့ဝှက်သောကိစ္စတခု ဖြစ်သည်။ လောလောဆယ်တွင် အချိန်တွေက တရွေ့ရွေ့ ကုန်ဆုံးနေပြီ။ ချာတိတ်ကလေးတွေကို လွှဲအပ်ထားခဲ့ရမည့် အဂါဖျာက ဈေးမှ ပြန်မလာသေးချေ။ သူသည် အကြိမ်ပေါင်းများစွာပင် စင်္ကြံလမ်းကို ဖြတ်သွားပြီး ဆရာဝန်ကတော်၏ အခန်းတံခါးကို ဖွင့်ကာ ချာတိတ်ကလေးတွေကို စိုးရိမ်ကြောင့်ကြစွာ ကြည့်သည်။ ၎င်းတို့က သူပြောထားသည့်အတိုင်းပင် စာဖတ်နေကြသည်။ အခန်းတံခါးကို ဖွင့်ပြီး အခန်းထဲသို့ သူ ဝင်လာတိုင်း ပျော်ရွှင်ဖွယ်ရာ ကစားနည်း တခုခုကို ကစားချေမည်လား ဟူသော မျှော်လင့်ချက်ဖြင့် သူတို့ သူ့ကို ပြုံးပြီးကြည့်နေကြသည်။ သို့သော် ကိုလျာသည် စိုးရိမ်ကြောင့်ကြစိတ်တွေ ရှိနေသဖြင့် အခန်းတွင်းသို့ မဝင်ပါ။

နောက်ဆုံးတွင်ကား ဆယ့်တစ်နာရီ ထိုးချေပြီ ဖြစ်သဖြင့် နောက်ထပ် ဆယ်မိနစ်ကြာတွင်မှ ဒီမိန်းမကြီး အဂါဖျာ ပြန်မလာခဲ့လျှင် ၎င်းကို စောင့်မနေတော့ဘဲ ချာတိတ်ကလေးတွေကို သူ သွားနေစဉ်တွင် မကြောက်ကြရန်၊ မဟုတ်ကဟုတ်က မလုပ်ကြရန်နှင့် မငိုကြရန် မှာကြားပြီး သူသွားစရာရှိသည်ကို သွားရောက်ရန် ကိုလျာ အပြီးအပိုင် ဆုံးဖြတ်ချက် ချလိုက်သည်။ ယင်းစိတ်ကူးဖြင့် သူသည် ကြောင်မွေးကော်လာတပ် ဆောင်းတွင်းဝတ် အနွေးထည် အကျီရှည်ကြီး ကို ဝတ်ပြီးနောက် လွယ်အိတ်ကို ပခုံးတွင် လွယ်လိုက်သည်။ 'ဤလို အေးမြသောရာသီ' တွင် သန့်ရှင်းနွေးထွေးရန် အပေါ်မှ ထပ်ပြီး စီးရသော ကြက်ပေါင်စေး ဖိနပ် မပါဘဲ မသွားရန် သူ့အမေက အထပ်ထပ်အခါခါ မှာကြားထားသော်လည်း သူက အပေါ်စီးဖိနပ်ကို မနှစ်မြို့စွာ ကြည့်ရှုပြီးနောက် ဘွတ်ဖိနပ် တထပ်တည်းဖြင့် ထွက်သွားလေတော့သည်။

အပြင်သို့ သွားရန် အဝတ်အစားများ ဝတ်ဆင်လာသော သူ့ကို တွေ့မြင်သောအခါ ပါရဇွန်သည် ကြမ်းပြင်ကို အမြီးဖြင့် ကျယ်လောင်စွာ ရိုက်ပုတ်သည်။ ၎င်း၏တကိုယ်လုံး တုန်ခါနေပြီး ပါးစပ်မှ လည်း တောင်းပန်တိုးလျှိုးသည့် မြည်ဟည်းသံကို ပြုလုပ်နေသည်။ သို့ရာတွင် ကိုလျာသည် သူ့ခွေးကြီး၏ စိတ်မရှည်နိုင်သော စိတ်အားထက်သန်မှုကို တွေ့မြင်ရသောအခါ ဤပြုမူချက်သည် စည်းကမ်းဖောက်ဖျက်ခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ပြီး သူ့ကို နောက်ဆုံးအချိန်အထိ ကြမ်းပြင်ပေါ် မှာပင် ဝပ်လှဲကာ နေစေပါသည်။ စင်္ကြံလမ်းသို့ ထွက်သော တံခါးကို ဖွင့်လိုက်သောအခါတွင်မှ သူသည် လေချွန်ခေါ်လိုက်သည်။

ခွေးကြီးသည် အရှူးအမူး ခုန်ထပြီး သူ့ထံသို့ ဝမ်းသာဇောဖြင့် ခုန်ပေါက်ကာ ပြေးသွားသည်။

ချာတိတ်ကလေးတွေကို ကြည့်ရန် ကိုလျာ တံခါးကို ဖွင့်လိုက်သည်။ ကလေးနှစ်ယောက်သည် စားပွဲမှာပင် ရှိနေကြသည်။ သို့သော် စာမဖတ်ကြတော့ချေ။ အကြောင်းအရာတခုကို အားရပါးရ ဆွေးနွေးနေကြသည်။ ၎င်းတို့သည် လူမှုရေးရာ ပြဿနာများကို မကြာခဏဆိုသလို ဆွေးနွေးတတ်ကြသည်။ နက်စယာက အကြီး ဖြစ်သဖြင့် အမြဲတမ်းလိုပင် အပေါ်စီးမှ ရှိလေသည်။ သို့သော် ကော့စယာက သူမ၏ ဆွေးနွေးချက်ကို ဘဝင် မကျခဲ့လျှင် ကိုလျာ ကရာဆိုကင်၏ အကူအညီကို တောင်းခံတတ်သည်။ သူ၏ အဆုံးအဖြတ်ကို သူတို့နှစ်ယောက်စလုံး သဘောတူညီစွာ လက်ခံကြ သည်။

ယခုတကြိမ်တွင်ကား ကရာဆိုကင်သည် ချာတိတ်နှစ်ယောက်၏ဆွေးနွေးချက်ကို စိတ်ဝင်စားသဖြင့် တံခါးဝတွင် ရပ်ပြီး နားထောင်နေမိသည်။ ကလေးနှစ်ယောက်သည် သူ ရပ်ပြီး နားထောင်နေသည် ကို တွေ့မြင်သောအခါ သူတို့၏ အငြင်းပွားမှုကို ဆက်ပြီး အကြိတ်အနယ် ဆွေးနွေးကြတော့သည်။

“သားဖွားဆရာမတွေက ကလေးကလေးတွေကို ဟင်းသီးဟင်းရွက်ထဲက ဂေါ်ဖီထုပ်တွေ ကြားထဲမှာ တွေ့တယ်ဆိုတာ ငါ ဘယ်တော့မှ ဘယ်တော့မှကို မယုံဘူး။ အခုဆိုရင် ဆောင်းတွင်း ဖြစ်နေပြီ။ ဘယ်ဂေါ်ဖီထုပ်မှ မရှိဘူး။ အဲဒီတော့ အဘွားကြီးက ကက်တရီးနားအတွက် သမီးကလေးတယောက် ဘယ်လိုမှ ယူမပေးနိုင်ဘူး” နက်စယာက အပြင်းအထန် ပြောဆိုလိုက်သည်။

“ရှီး ...” ကိုလျာ လေချွန်လိုက်သည်။

“အဲဒီတော့ ကလေးတွေကို သူတို့ တခြားတနေရာရာက ယူလာတာပဲ ဖြစ်ရမယ်၊ နောက်ပြီးတော့ လက်ထပ်ပြီးသား လူတွေအတွက်ပဲ ယူပေးတယ်”

ကော့စယာက နက်စယာကို စူးစူးစိုက်စိုက်ကြည့်ကာ နားထောင်နေသည်။ လေးနက်စွာ စဉ်းစား ဆင်ခြင်နေဟန် ဖြစ်သည်။ ထို့နောက် တည်ငြိမ်လေးနက်စွာဖြင့် သူ ပြောလိုက်သည်။

“နက်စယာ၊ နင်ပြောတာ အဓိပ္ပာယ်မရှိဘူး၊ ကက်တရီးနားဟာ လက်မထပ်ဘဲနဲ့ ကလေးတယောက် ဘယ်လိုလုပ်ပြီး ရနိုင်သလဲ”

နက်စယာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီး ...

“နင် ဘာမှ နားမလည်ပါဘူး၊ သူ့မှာ ယောကျ်ားတယောက်ရှိမှာပေါ့။

အဲဒီယောက်ျားက ထောင်ထဲမှာ ရောက်နေတာပဲ ဖြစ်မှာပေါ့။ ဒါကြောင့် သူ ကလေးရတာပဲပေါ့”

“သူ့ယောက်ျား ထောင်ထဲမှာဆိုတာ နင် အသေအချာ ပြောနိုင်သလား” လက်တွေ့ကျသော ကော့စယာက အလေးအနက် ပြန်မေးလိုက်သည်။

“ဒါမှမဟုတ်ရင် သူ့မှာ ယောက်ျားမရှိဘူးဆိုတာ ဖြစ်နိုင်တယ်။ ဒီနေရာမှာ နင် ပြောတာ မှန်တယ်။ ဒါပေမဲ့ သူက လက်ထပ်ချင်တယ်၊ လက်ထပ်ဖို့ သူ စိတ်ကူးနေမယ်၊ အဲဒီလို စိတ်ကူးရင်း စိတ်ကူးရင်း နဲ့ အခု သူ ယောက်ျား မရှိဘဲနဲ့ ကလေးတယောက် ရလာတာပဲ ဖြစ်မယ်”

နက်စယာက ပထမအယူအဆကို မေ့လျော့စွန့်ပယ်လိုက်ပြီး စိတ်ထဲတွင် ဖြစ်ပေါ်လာသည့်အတိုင်း ပြောလိုက်ပြန်သည်။

“ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ်။ စောစောက နင် ဘာပြုလို့ အဲဒီလို မပြောသလဲ။ ငါ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ” ကော့စယာက အလျှော့ပေးကာ သဘောတူလိုက်သည်။

“ဘယ်လိုလဲ ချာတိတ်တွေ၊ မင်းတို့ကြည့်ရတာ လူဆိုးကလေးတွေပဲ”

ကိုလျာ အခန်းတွင်းသို့ ဝင်သွားရင်း ပြောလိုက်သည်။

“ဟော ပါရဇ္ဇွန်လည်း ပါလာတယ်” ကော့စယာ ပြုံးလိုက်ပြီး ပါရဇ္ဇွန်ကို လက်ဖျောက်တီးကာ ခေါ်လိုက်သည်။

“ဒီမှာ ကလေးတို့၊ ငါ့မှာ ပြဿနာတခု ရှိနေတယ်။ အဲဒါ မင်းတို့ ကူညီရလိမ့်မယ်” ကိုလျာ လေးနက်စွာ ပြောလိုက်သည်။ “အဂါဖျာတော့ လမ်းမှာ ခြေကျိုးနေပြီနဲ့ တူတယ်။ အခုထက်ထိ ပြန်မလာသေးဘူး၊ အဲဒါ သေချာတယ်။ ဒါပေမဲ့ ငါ အပြင်သွားစရာ ရှိနေတယ်။ အဲဒါ သွားရမလား”

ကလေးနှစ်ယောက်သည် တယောက်ကို တယောက် စိုးရိမ်ကြောင့်ကြစွာဖြင့် ကြည့်လိုက်ကြသည်။ ပြုံးနေသော မျက်နှာကလေးတွေ ဇဝေဇဝါ ဖြစ်သွားကြသည်။ သို့သော် သူတို့ကို ဘာပြောလိုကြောင်း သေသေချာချာ နားမလည်ပေ။

“ငါသွားလို့ရှိရင် မင်းတို့နှစ်ယောက် မဟုတ်က ဟုတ်ကတွေ လုပ်နေကြမှာလား၊ ကြောင်အိမ်ပေါ် တက်ပြီး မင်းတို့ခြေထောက်တွေကို ချိုးပစ်ကြမှာလား၊ နောက်ပြီးတော့ မင်းတို့ချည်းပဲ ကျန်ရစ်ခဲ့လို့ ကြောက်တယ်ဆိုပြီး ငိုနေကြမှာလား”

ကလေးတွေ၏မျက်နှာတွင် အထူးပင် စိတ်ပျက်အားလျော့သွားသည့် အသွင်များ ပေါ်လွင်လာကြ သည်။

"အေး၊ မင်းတို့ ကောင်းကောင်းနေကြမယ်ဆိုရင် မင်းတို့ကို ဆုချတဲ့အနေနဲ့ ကြေးအမြောက်ကလေး တလက် ငါ ပြမယ်၊ ယမ်းအစစ်ထည့်ပြီး ပစ်လို့ရတဲ့ အမြောက်ကလေးပဲ"

ကလေးတွေ၏မျက်နှာ ရုတ်ခြည်းပင် ဝင်းလက်သွားကြသည်။

"ကျွန်တော်တို့ကို အဲဒီ အမြောက်ကလေး ပြစမ်းပါ"

ကော့စယာက တမျက်နှာလုံး ပြုံးကာ ပြောလိုက်သည်။ ကိုလျာက လွယ်အိတ်ထဲသို့ လက်တဖက် နှိုက်လိုက်သည်။ ထို့နောက် ကြေးဝါအမြောက်ကလေးတလက်ကို ထုတ်ယူပြီး စားပွဲပေါ်တွင် တင်ထားလိုက်သည်။

"မင်းတို့ကို ပြရမှာပေါ့၊ ဟောဒီမှာ ဘီးတွေလည်း ပါတယ်"

သူက အမြောက်ကလေးကို စားပွဲပေါ်တွင် လှိမ့်ပြရင်း ပြောလိုက်သည်။

"နောက်ပြီးတော့ ပစ်လို့လည်း ရတယ်၊ အမြောက်ဆန်ထည့်ပြီး ပစ်လို့ရတယ်"

"သေကော သေနိုင်သလား"

"သေနိုင်တာပေါ့၊ သေသေချာချာ ချိန်ပြီး ပစ်ဖို့ပဲ လိုတယ်"

ထို့နောက် ကရာဆိုကင်က ယမ်းထည့်ရမည့်နေရာ၊ အမြောက်ဆန် ထည့်ရမည့်နေရာနှင့် မီးကူးသည့် အပေါက်ကလေးတို့ကို ပြသပြီးလျှင် ပစ်လိုက်လျှင် အမြောက်ကလေးသည် နောက်သို့ ပြန်ကန်ကြောင်းတို့ကို ပြောပြသည်။

ကလေးနှစ်ယောက်ကမူ စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ၎င်းတို့ အထူး စိတ်ဝင်စားသည့် အချက်ကတော့ ပစ်ပြီးလျှင် အမြောက်ကလေး နောက်သို့ ပြန်ပြီး ကန်ခြင်းပင် ဖြစ်သည်။

"အစ်ကို့မှာ ယမ်းမှုန့်တွေ ပါသလား" နက်စယာက မေးလိုက်သည်။

"ပါတယ်"

"ပါရင် ပြစမ်းပါ"

သူမက ပြုံးပြုံးကလေးဖြင့် တောင်းဆိုလိုက်သည်။ ကရာဆိုကင်က လွယ်အိတ်ထဲသို့ လက်နှိုက်လိုက် ပြန်သည်။ ယမ်းမှုန့်အစစ်ကို ထည့်ထားသော ပုလင်းကလေးတလုံးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် စက္ကူကန်တော့ထဲတွင် ထည့်ထားသော အမြောက်ဆန်လုံးကလေးများကိုလည်း ထုတ်ယူသည်။ သူက ပုလင်းအဖုံးကို ဖွင့်ပြီး လှုပ်ခါကာ လက်ဖဝါးထဲသို့ ယမ်းမှုန့် အနည်းငယ် ထည့်လိုက်သည်။

"ဒီနေရာမှာ မီးမရှိအောင် သတိထားရမယ်၊ နို့မဟုတ်ရင် ယမ်းတွေက ပေါက်ပြီး ငါတို့အားလုံး သေကုန်လိမ့်မယ်"

ကရာဆိုကင်က သူတို့ကို လေးနက်အောင် သတိပေးလိုက်သည်။

ကလေးနှစ်ယောက်သည် ယမ်းမှုန့်များကို ကြောက်လန့်အံ့သြစွာဖြင့် ကြည့်ရင်း ကျေနပ်နှစ်သက် လျက် ရှိနေကြသည်။ သို့ရာတွင် ကော့စယာက အမြောက်ဆန်ကလေးတွေကို ပိုပြီး သဘောကျနေ သည်။

"အမြောက်ဆန်တွေကတော့ မီးမလောင်ဘူး မဟုတ်လား" သူ မေးလိုက်သည်။

"အင်း၊ ဟုတ်တယ် မလောင်ဘူး"

"ကျွန်တော့်ကို အမြောက်ဆန်တခု ပေးစမ်းပါ" သူ တောင်းပန်လိုက်သည်။

"အေး၊ မင်းကို ငါ ပေးမယ်၊ ဒါပေမဲ့ ငါပြန်မလာခင်မှာ မင်းအမေကို သွားမပြနဲ့၊ တကယ်လို့ သူ့ကို သွားပြရင် ယမ်းမှုန့်လို့ထင်ပြီး သူလန့်ပြီး သေသွားလိမ့်မယ်၊ နောက်ပြီးတော့ မင်းကိုလည်း ရိုက်လိမ့်မယ်"

"မေမေက ကျွန်မတို့ကို ဘယ်တော့မှ မရိုက်ဘူး"

နက်စယာက ရုတ်ခြည်းပင် တုံ့ပြန် ပြောဆိုသည်။

"ငါ သိပါတယ်၊ သဘောကို ပြောတာပါ။ မင်းတို့အမေကို ဘယ်တုန်းကမှ လိမ်မပြောခဲ့ပေမဲ့ ဒီတခါတော့ ငါပြန်လာတဲ့အထိ မပြောဘဲ ထားကြပါ။ အဲဒါပဲ ကလေးတို့၊ ငါ သွားရမလား၊ မသွားရဘူးလား၊ ငါ သွားရင် မင်းတို့ မကြောက်ကြဘူး၊ မငိုကြဘူး မဟုတ်လား"

"ကျွန်တော်တို့ ငို ... ငိုမှာပဲ"

ကော့စယာက ယခုပင် ငိုတော့မည့်ဟန်ဖြင့် ပြောလိုက်သည်။

"အင်း၊ ဟုတ်တယ်၊ ကျွန်မတို့ ငိုမှာပဲ"

နက်စယာကလည်း ကမန်းကတန်း ထောက်ခံလိုက်သည်။

"ဪ၊ ကလေးတွေ ကလေးတွေ။ မင်းတို့အရွယ်တွေက တယ်အန္တရာယ်ကြီးပါကလား။ ငါ မင်းတို့နဲ့ နောက်ထပ် ဘယ်လောက်များ ကြာကြာနေရဦးမလဲ မသိဘူး။ အချိန်တွေကလည်း မရှိတော့ဘူး၊ အချိန်တွေကလည်း မရှိတော့ဘူး"

"ပါရဇွန်ကို သေချင်ယောင် ဆောင်ခိုင်းစမ်းပါ" ကော့စယာက ပြောလိုက်သည်။

"အင်း တခြား ဘာမှ လုပ်စရာ မရှိတော့ဘူး၊ ပါရဇွန်ကို အားကိုးစရာပဲ ရှိတော့တယ်၊ ကဲ ကွပါ ပါရဇွန်" ကိုလျာက ပါရဇွန်ကို တခုပြီးတခု လုပ်ခိုင်းသည်။ ပါရဇွန်က သူ တတ်မြောက်ထားသည် များကို လုပ်ပြသည်။ ပါရဇွန်က အမွေးကြမ်းကြမ်း၊ အရွယ်လတ်လတ်၊ မီးခိုးနုရောင် မျိုးစပ်ခွေးကြီး တကောင် ဖြစ်သည်။ ညာဘက် မျက်လုံးကန်းပြီး ဘယ်ဘယ်နားရွက် ပြတ်နေသည်။ ၎င်းသည် ဟောင်လိုက်၊ ခုန်လိုက်၊ လက်မြှောက်လိုက်၊ ပတတ်ရပ်ကာ လမ်းလျှောက်လိုက်၊ ခြေလေးချောင်း မိုးပေါ်ထောင်ပြီး အိပ်လိုက်၊ မလှုပ်မယှက် သေချင်ယောင်ဆောင်လိုက်နှင့် အမျိုးမျိုးလုပ်ပြနေသည်။

နောက်ဆုံးအကွက်ကို ပါရဇွန် လုပ်ပြနေစဉ်တွင် မစ္စက် ကရာဆိုကင်၏ အိမ်ဖော်မကြီး အဂါဖျာ ပြန်လည်ရောက်ရှိလာသည်။ သူမက မျက်နှာတွင် ကျောက်ပေါက်မာ အနည်းငယ်ရှိပြီး အသက် လေးဆယ်အရွယ် မိန်းမ ဝဝတုတ်တုတ်ကြီး ဖြစ်သည်။ ဈေးမှ ပြန်လာသဖြင့် သူမ၏လက်ထဲတွင် စားနပ်ရိက္ခာတွေ အိတ်နှင့်အပြည့် ပါလာသည်။ သူမက ဈေးအိတ်ကြီးကို ဘယ်ဘက်လက်တွင် ကိုင်ပြီး တံခါးပေါက်ဝတွင်ရပ်ကာ ခွေးကြီးကို ကြည့်နေသည်။

ကိုလျာသည် သူမ ပြန်အလာကို စိုးရိမ်တကြီး စောင့်မျှော်နေသည် ဖြစ်သော်လည်း သူ၏ပြသမှုကို ရပ်ဆိုင်းခြင်း မပြုဘဲ ပါရဇွန်ကို အချိန်စေ့သည်အထိ ဆက်ပြီး သေချင်ယောင် ဆောင်ခိုင်းထားရ သည်။ အချိန်စေ့သောအခါတွင်မှ လေချွန်ပြီး အမိန့်ပေးလိုက်သည်။ ခွေးကြီး ခုန်ထကာ သူ့တာဝန် ထမ်းဆောင်ပြီးစီးသွားပြီ ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ခုန်ပေါက်နေတော့သည်။

"ဘယ်လို ခွေးကြီးလဲ" အဂါဖျာက တိုတိုတုတ်တုတ် မှတ်ချက်ပေးလိုက်သည်။

"မိန်းမကြီး .. ဘာလို့ နောက်ကျနေတာလဲ" ကိုလျာက ခပ်မာမာ မေးလိုက်သည်။

"မိန်းမကြီး ဟုတ်လား .. သွားစမ်း ဒီကောင်ကလေး"

"ကောင်ကလေး ဟုတ်လား"

"ဟုတ်တယ်၊ ကောင်ကလေး၊ ငါ့ဘာငါ နောက်ကျတာ မင်းနဲ့ ဘာဆိုင်သလဲ၊ ငါ နောက်ကျရင် ငါ့မှာ အကြောင်းရှိလို့ပဲလို့ မင်း မှတ်ထားပါ"

အဂါဖျာက မီးဖိုတွင် အလုပ်ရှုပ်နေရာမှ ရေရွတ်ပြောဆိုသည်။ သို့သော် မကျေနပ်သည့်အသံ၊ ဒေါသဖြစ်သည့်အသံ လုံးဝမရှိပါ။ အမှန်ဆိုရလျှင် ပျော်ရွှင်နေတတ်သော သခင်ကလေးနှင့် နောက်ပြောင် ကျီစယ်ရသဖြင့် သဘောပင်ကျနေသည်။

"ဒီမယ် ကျွန်တော် ပြောမယ်၊ အလကား အဘွားကြီး၊ ကျုပ်အပြင်သွားနေတုန်း ဒီကလေးနှစ်ယောက် ကို သေသေချာချာ ဂရုစိုက်ပြီး ကြည့်ထားပါ့မယ်လို့ ကမ္ဘာပေါ်မှာ ရှိသမျှ ဘုရားတွေကို တိုင်တည်ပြီး ခင်ဗျား ကျိန်နိုင်ပါ့မလား၊ ကျုပ် အပြင်သွားစရာ ရှိတယ်"

ကရာဆိုကင်က ဆိုဖာပေါ်မှထရင်း ပြောလိုက်သည်။ အဘွားကြီးက ရယ်မောလိုက်ပြီး ...

"ငါက ဘာဖြစ်လို့ ကျိန်ရမှာလဲ၊ မကျိန်ဘဲနဲ့လည်း သူတို့ကို ငါ ကြည့်နေရမှာပဲ"

"မဟုတ်ဘူး၊ ခင်ဗျားကြီး ကျိန်ရမယ်၊ မကျိန်ရင် ကျုပ်မသွားဘူး"

"မသွားနဲ့ပေါ့၊ ငါက ဘာဂရုစိုက်ရမှာလဲ၊ အပြင်မှာ သိပ်အေးတယ်၊ အိမ်ထဲမှာ နေတာကောင်းတယ်"

"ကလေးတို့၊ ငါပြန်မလာမချင်း ဒီမိန်းမကြီး မင်းတို့နဲ့ အတူနေလိမ့်မယ်၊ ဒါမှမဟုတ် မင်းတို့အမေ ပြန်မလာမချင်းပေါ့။ ဟုတ်တယ်၊ မင်းတို့အမေလည်း ပြန်လာဖို့ ကောင်းတာ ကြာလှပြီ" ကိုလျာ ကလေးတွေဘက်သို့ လှည့်ပြီး ပြောလိုက်သည်။ "မင်းတို့ကို သူ နေ့လယ်စာ ကျွေးလိမ့်မယ်၊ သူတို့ကို တခုခု ကျွေးမယ်မဟုတ်လား အဂါဖျာ"

"အဲဒါတော့ ကျုပ် လုပ်မှာအမှန်ပဲ"

"သွားပြီ ကလေးတို့၊ ငါ စိတ်ချလက်ချသွားပြီ၊ အဘွားကြီးရောပေါ့၊

ကျူပ်သွားပြီ”

ထို့နောက် အဘွားကြီးအနီးမှ ဖြတ်သွားရင်း လေသံဖြင့် ခပ်တည်တည် ပြောသည်မှာ “ငယ်သေးတဲ့ ကလေးတွေကို ကက်တရီးနားအကြောင်း မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေပါနဲ့၊ ကဲ … ပါရဗွန်၊ ကြွပါ ခင်ဗျာ”

“အို သွားစမ်း၊ သွားစမ်း” သည်တကြိမ်တွင်မူ အဂါဖျာ တကယ်ပင် စိတ်ဆိုးစွာဖြင့် ပြောလိုက်သည်။ “တော်တော်နောက်တဲ့ ကောင်ကလေး၊ နင် ဒီလိုပြောတာ အရိုက်ခံချင်လို့လား၊ ကျောကောင်းလို့ တုတ်တောင်းတာပဲ”

၃။ ကျောင်းသားကလေးများ

သို့ရာတွင် သူမ၏ စကားများကို သူ နားထောင်မနေတော့ပါ။ နောက်ဆုံးတွင် သူ အပြင်သို့ သွားနိုင်ပြီ ဖြစ်သည်။ အိမ်ဝင်းတံခါးပေါက်မှ ထွက်မိသောအခါ ပတ်ဝန်းကျင်ကို သူ ကြည့်လိုက်ပြီး ပခုံးတချက် တွန့်ကာ ပြောလိုက်သည်။

"နှင်းတွေ ခဲနေပြီ"

လမ်းအတိုင်း တည့်တည့် သူ လျှောက်သွားသည်။ ထို့နောက် လက်ယာဘက်သို့ ချိုးလိုက်သည်။ ဈေးဘက်သို့ ဖြစ်သည်။ နောက်ဆုံးအိမ်သို့မဟုတ် ဈေးထိပ်အိမ်သို့ ရောက်သောအခါ သူသည် ခြံဝတွင် ရပ်လိုက်ပြီး အင်္ကျီအိတ်ထဲမှ ခရာတခုကို ထုတ်ကာ အချက်ပေးလိုက်သည့်ပမာ တအားကုန် မှုတ်လိုက်တော့သည်။ တစ်မိနစ်မျှ မစောင့်ရမီမှာပင် အသက်တဆယ့်တစ်နှစ်အရွယ် ပါးနီနီနှင့် လူငယ်ကလေးတယောက် ခြံဝင်းထဲမှ ရုတ်တရက် ကသောကမော ထွက်လာပြီး သူ့ထံသို့ တရှိန်ထိုး ပြေးသွားလေသည်။ လူငယ်ကလေးသည် နွေးထွေးသန့်ရှင်းပြီး ပိုမိုကောင်းမွန်သော ကုတ်အင်္ကျီ ရှည်ကြီးတထည်ကို ဝတ်ဆင်ထားသည်။ ၎င်းမှာ ဆမ်မူရော့ဖြစ်ပြီး အလယ်တန်း ကျောင်းသားတဦး ဖြစ်သည်။ (ကိုလျာကရာဆိုကင်အောက် နှစ်တန်း ငယ်သည်)။ ဥစ္စာခနဲ ကြွယ်ဝသော အစိုးရ အမှုထမ်းတယောက်၏ သားဖြစ်သည်။ ၎င်းကို လူဆိုးလူနောက်ကလေးဟု နာမည်ကြီးနေသော ကရာဆိုကင်နှင့် မပေါင်းသင်းရဟု ၎င်း၏မိဘများက တားမြစ်ထားသဖြင့် ဆမ်မူရော့သည် အိမ်ထဲမှ တိတ်တိတ်ကလေး ပြေးထွက်လာရခြင်း ဖြစ်သည်။

စာဖတ်သူများ မမေ့သေးဟုဆိုလျှင် ဆမ်မူရော့ဆိုသည်မှာ မြောင်းကြီးကို ဖြတ်ကျော်ပြီး အီလျူရှာအား ခဲနှင့်ပေါက်သော လူငယ်ကလေးများအုပ်စုတွင် တဦးအပါအဝင်ဖြစ်ပြီး အလျှိုရှာ ကာရာမာဇော့အား အီလျူရှာအကြောင်းပြောသော လူငယ်ကလေးပင် ဖြစ်ပါသည်။

"မင်းကို ငါ စောင့်နေတာ တစ်နာရီ ကျော်သွားပြီ ကရာဆိုကင်"

ဆမ်မူရော့က အလေးအနက်ပြုသောအသံဖြင့် ပြောလိုက်သည်။ ထို့နောက် လူငယ်ကလေး နှစ်ယောက် ဈေးကွင်းဆီသို့ လျှောက်သွားကြသည်။

"ငါ နောက်ကျသွားတယ်၊ ငါ အိမ်က ထွက်လို့မရဘူး" ကရာဆိုကင်က ပြန်ပြောလိုက်သည်။

"ငါနဲ့ လိုက်လာတဲ့အတွက် မင်း အရိုက်မခံရဘူးလား"

"အို ငါ ဘယ်တော့မှ အရိုက်မခံရဘူး၊ ပါရဗွန် မင်းနဲ့အတူ ပါလာသလား"

"ပါတယ်"

"သူ့ကိုပါ ဟိုကို ခေါ်သွားမှာလား"

"အင်း ... ခေါ်သွားမယ်"

"အာ၊ ဇူချကာ ဆိုရင် ဘယ်လောက်ကောင်းမလဲ"

"ဇူချကာကို တို့ မရနိုင်တော့ဘူး၊ ဇူချကာ မရှိတော့ဘူး၊ ဇူချကာ ပျောက်ဆုံးသွားပြီ၊ လုံးဝ လမ်းစပျောက်သွားပြီ"

"ဒါဆိုရင် ငါတို့ ဒီလိုလုပ်လို့ မရဘူးလား" ဆမ်မူရော့ ရုတ်ခြည်းဆိုသလို တံ့ခနဲ ရပ်လိုက်သည်။ "ဇူချကာဟာ ပါရဗွန်လိုပဲ အမွေးကြမ်းကြမ်းနဲ့ မီးခိုးရောင်ခွေးကြီး တကောင်လို့ အီလျူရှာက ပြောတယ်၊ အဲဒီတော့ ဒီခွေးကြီးကို ဇူချကာလို့ ပြောရင် မရဘူးလား၊ သူ ယုံမှာပဲ"

"သူငယ်ကလေး၊ ဘယ်တော့မှ မုသားမပြောပါနဲ့။ ကောင်းကျိုးအတွက် ဖြစ်တောင် မပြောပါနဲ့၊ နောက်ပြီးတော့ အရေးအကြီးဆုံးကတော့ ငါ လိုက်လာတဲ့အကြောင်းကို ဘယ်သူ့ကိုမှ ဘာတခုမှ မပြောပါနဲ့"

"အို ဘုရားသခင်၊ ငါ မပြောပါဘူး၊ ငါ နားလည်ပါတယ်၊ ဒါနဲ့ မင်း သူ့ကို ပါရဗွန်နဲ့ မနှစ်သိမ့်ဘူးလား" ဆမ်မူရော့ သက်ပြင်းချလိုက်သည်။ "ဒီမှာ ငါပြောမယ်၊ သူ့အဖေ ဗိုလ်ကြီးက ... မြက်ဖုတ်ကြီးက ငါတို့ကို ပြောတယ်၊ သူ ကနေ့ နှုတ်သီးမည်းမည်းကလေးနဲ့ တကယ့်ခွေးလှလှကလေးတကောင် ယူခဲ့မယ်တဲ့၊ အဲဒါဆိုရင် အီလျူရှာကို နှစ်သိမ့်နိုင်မယ်တဲ့၊ ဒါပေမဲ့ ငါတော့ မထင်ဘူး"

"အီလျူရှာ ဘယ့်နှယ်နေသေးသလဲ"

"အို သူ့အခြေအနေက ဆိုးတယ်၊ သိပ်ဆိုးတယ်။ ငါတော့ သူ့မှာ အဆုတ်ရောဂါ ရှိနေပြီလို့ ထင်တယ်။ သူ ကောင်းကောင်း သတိရတယ်၊ ဒါပေမဲ့ အသက်ကောင်းကောင်း မရှူနိုင်ဘူး။ တနေ့က သူ အခန်းထဲမှာ လမ်းလျှောက်ချင်တယ်လို့ ပြောတယ်။ သူတို့ သူ့ကို ဖိနပ်စီးပေးကြတယ်။ သူ လမ်းလျှောက်ကြည့်တယ်။ ဒါပေမဲ့ သူ မလျှောက်နိုင်ဘူး၊ လဲ လဲ ကျနေတယ်။ အဲဒီတော့ သူ ပြောတယ်။ "အိုး .. ဖေဖေ့ကို ကျွန်တော်ပြောတယ် မဟုတ်လား၊ ကျွန်တော့်ဖိနပ်တွေ မကောင်းတော့ဘူးလို့၊ အခုကြည့်လေ၊ ဒီဖိနပ်တွေနဲ့ ကျွန်တော် လမ်းလျှောက်လို့ မရတော့ဘူး" တဲ့၊ သူ့စိတ်ထဲမှာ ထင်နေတာက ဖိနပ်တွေကြောင့်

သူ လဲတာပဲလို့။ ဒါပေမဲ့ တကယ်ကတော့ သူ အားနည်းနေလို့ မတ်တတ်မရပ်နိုင်တာပဲ။ နောက်တပတ်လောက်တောင် သူ ခံတော့မှာ မဟုတ်ဘူး။ ဒေါက်တာ ဟာဇင်ကျူဗီ သူ့ကို နေ့တိုင်း လာကြည့်တယ်၊ အခု သူတို့ ချမ်းသာသွားကြပြန်ပြီ၊ သူတို့မှာ ပိုက်ဆံတွေ အများကြီးပဲ”

“လူဆိုးတွေပဲ”

“ဘယ်သူတွေလဲ”

“ဆရာဝန်တွေနဲ့ ဆေးလောကကလူတွေ အားလုံးပဲ။ တခုလုံးရော တယောက်ချင်းရောပဲ။ ဆေးပညာကို ငါ မယုံဘူး၊ အလကား အလုပ်ပဲ။ ဒီပြဿနာကို ငါ သေသေချာချာ လေ့လာ စုံစမ်းဦးမယ်။ နောက်ပြီးတော့ အဲဒီမှာ ဘာမှ မဟုတ်တာတွေ အလွမ်းပိုနေကြတာပဲ၊ အဲဒီကို တတန်းလုံး နေ့တိုင်း သွားနေကြတယ်”

“တတန်းလုံး မဟုတ်ပါဘူး။ ငါတို့အထဲက ဆယ်ယောက်လောက်ပဲ သူ့ဆီကို နေ့တိုင်း သွားနေကြ တာပါ၊ အဲဒါ ဘာမှမဖြစ်ပါဘူး”

“ဒီကိစ္စတွေ အားလုံးထဲမှာ ငါ နားမလည်တာကတော့ ဒီကိစ္စထဲမှာ အလက်ဇီ ကာရာမာဇော့ ပါနေတာပဲ။ သူ့အစ်ကိုကို အဲဒီ ရာဇဝတ်မှုကြီးအတွက် နက်ဖြန်ခါ ဒါမှမဟုတ် သန်ဘက်ခါမှာ တရားစီရင်တာ ခံရတော့မယ်၊ ဒါနဲ့တောင် သူက လူငယ်တွေနဲ့ အလွမ်းသယ်တဲ့အလုပ်မှာ အချိန်တွေ အများကြီး ပေးနေနိုင်သေးတယ်”

“အလွမ်းသယ်တာ မဟုတ်ပါဘူး။ မင်းကော အခု အီလျူရှာနဲ့ ပြန်လည်သင့်မြတ်ရအောင် သွားနေတာ မဟုတ်လား”

“ပြန်လည် သင့်မြတ်ရမယ် ဟုတ်လား၊ ဘယ်လို ရယ်စရာကောင်းတဲ့ အသုံးအနှုန်းလဲ၊ နောက်ပြီးတော့ ငါ လုပ်နေတာကို ဘယ်သူကမှ လေ့လာသုံးသပ်နေစရာ မလိုဘူး”

“ငါပြောမယ်၊ မင်းကိုတွေ့ရင် အီလျူရှာ သိပ်ဝမ်းသာမှာပဲ၊ မင်းလာမယ်ဆိုတာကို သူ ဘယ်လိုမှ တွက်မထားဘူး၊ မင်း ဘာဖြစ်လို့ အခုတခါတည်း လိုက်မလာရတာလဲ”

ဆမ်မူရော့က ရုတ်ခြည်းဆိုသလို စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

“ကိုယ့်လူကလေးရယ်၊ ဒါ ကိုယ့်ကိစ္စပါ၊ မင်းကိစ္စ မဟုတ်ပါဘူး၊ ငါက

ငါ့သဘောနဲ့ ငါ သွားမှာပဲ၊ မင်းတို့အားလုံးက အလက်ဇီ ကာရာမာဇော့ ဆွဲခေါ်လို့ အဲဒီကို ရောက်သွားကြတာပဲ၊ အဲဒါ မထူးခြားတဲ့ အချက်ပဲ။ နောက်ပြီးတော့ မင်း ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။ ဆိုကြပါစို့၊ ငါဟာ သူနဲ့ ပြန်လည်သင့်မြတ်အောင် လုပ်ချင်မှလည်း လုပ်လိမ့်မယ်၊ အတော် ရယ်စရာကောင်းတဲ့ အသုံးအနှုန်း ပဲ”

“ကာရာမာဇော့ မဟုတ်ဘူး၊ သူလုပ်တာ မဟုတ်ဘူး။ ငါတို့ကောင်တွေ အဲဒီကို သူတို့သဘောနဲ့ သူတို့ သွားကြတာပဲ၊ ပထမတော့ ကာရာမာဇော့နဲ့ သွားတာ အမှန်ပဲ။ ဒါပေမဲ့ မဟုတ်တဲ့သဘောတော့ ဘာမှမရှိဘူး၊ ပထမ တယောက် သွားတယ်။ နောက်တယောက် သွားတယ်။ သူ့အဖေက ငါတို့လာတာကို သိပ်ပြီး သဘောကျတယ်။ အီလျူရှာ သေလို့ရှိရင် ဒီအဘိုးကြီး ရူးသွားမှာ အမှန်ပဲ။ အီလျူရှာ သေတော့မယ် ဆိုတာကို သူ သိနေတယ်။ အီလျူရှာနဲ့ ငါတို့ ပြန်တည့်သွားတာကို သူ သိပ်ဝမ်းသာနေတယ်။ သူ မင်းကို မေးတယ်။ အီလျူရှာကလည်း မေးတယ်။ ဒါပေမဲ့ သူ ဘာမှတော့ မပြောဘူး။ သူ မင်းအကြောင်း မေးရုံပဲ မေးပြီး ဘာမှတော့ ထပ်ပြီး မပြောဘူး။ သူ့အဖေကြီးဟာ ရူးရင်ရူး၊ မရူးရင် ကြိုးဆွဲချပြီး သေမှာတော့ အမှန်ပဲ၊ ငါသိတယ်။ သူဟာ အရင်တုန်းကလည်း အရူးတယောက်လို လုပ်ခဲ့ပြီးပြီ၊ တကယ်တော့ သူဟာ လူကောင်းကြီးတယောက်ပဲ။ အဲဒီတုန်းက ငါတို့ မှားတာပဲ၊ အမှန်ကတော့ သူ့ကို ရိုက်ခဲ့တဲ့ အဲဒီ လူသတ်သမားရဲ့ အပြစ်ပဲ”

“ဘာပဲဖြစ်ဖြစ် ကာရာမာဇော့ဟာ ငါ့အတွက်တော့ ပဟေဠိတပုဒ်ပဲ။ ငါ သူ့ကို အစောကြီးကတည်းက အသိဖြစ်နိုင်တယ်။ ဒါပေမဲ့ အချို့ နေရာတွေမှာ သင့်လျော်တဲ့ မာန ရှိတာကို ငါ သဘောကျတယ်။ နောက်ပြီးတော့ ငါ့မှာ သူနဲ့ပတ်သက်တဲ့ အယူအဆတခု ရှိနေတယ်။ အဲဒီ အယူအဆကို သေသေချာချာ လေ့လာ သုံးသပ်ရဦးမယ်”

ကိုလျာ သိသိသာသာကြီးပင် နှုတ်ဆိတ်သွားသည်။ ဆမ်မူရော့လည်း အလားတူပင် နှုတ်ဆိတ်သွား သည်။

ဆမ်မူရော့သည် အမှန်တကယ်ပင် ကိုလျာကရာဆိုကင်ကို အထင်ကြီး ကိုးကွယ်သူဖြစ်ပြီး သူသည် ဘယ်တုန်းကမှ ၎င်းနှင့် တဆင့်တတန်း ဖြစ်ရမည်ဟု မယူဆခဲ့ပါ။ ကိုလျာက ‘သူ့သဘောနဲ့သူ’ အီလျူရှာကို သွားရောက် တွေ့ဆုံမည်ဟု ပြောခဲ့သဖြင့် ထိုအချိန်က သူ၏စိတ်များ အထူးပင် လှုပ်ရှားလျက် ရှိတော့သည်။ ထိုနေ့က အီလျူရှာအား သွားရောက်တွေ့ဆုံရန် ကိုလျာ စိတ်ကူးခဲ့ခြင်း သည် လျှို့ဝှက်နက်နဲသော အကြောင်း တစုံတရာ ရှိလိမ့်မည်ဟု သူ ထင်နေသည်။

သူတို့သည် ဈေးကွင်းကို ဖြတ်ပြီး လျှောက်သွားနေကြသည်။ ထိုနေ့က ဈေးကွင်းထဲတွင် တောမှလာသော ဈေးလှည်းတွေ အများအပြားနှင့် ကြက်ငှက် အရှင်တွေ အမြောက်အမြား ရှိနေပါသည်။ ဈေးသည် မိန်းမကြီးများသည်

၎င်းတို့၏ဈေးဆိုင်ကလေးများတွင် ပေါင်မုန့်များ၊ အဝတ်အထည်များ စသည်တို့ကို ရောင်းချလျက်ရှိသည်။ ယင်းကဲ့သို့သော တနင်္ဂနွေဈေးများကို ကျွန်ုပ်တို့မြို့တွင် 'ပွဲဈေး' ဟု ခပ်ရိုးရိုးပင် ခေါ်ဆိုကြပါသည်။ တနှစ် တနှစ်တွင် ဤကဲ့သို့သော ပွဲဈေးတွေ အများအပြား ရှိပါသည်။

ပါရဗွန်သည် အမြူးကြီး မြူးနေပြီး ဟိုဘက်ပြေးပြီး အနံ့ခံလိုက်၊ သည်ဘက်ပြေးပြီး အနံ့ခံလိုက်နှင့် ရှိနေသည်။ အခြားသော ခွေးများနှင့် တွေ့လျှင်လည်း ၎င်းတို့သည် ခွေးစည်းကမ်း ထုံးတမ်းဥပဒေ များအရ တကောင်ကို တကောင် နမ်းကာ နှုတ်ဆက်နေကြသည်။

"တကယ့်ဖြစ်ရပ်မှန် မြင်ကွင်းတွေကို ကြည့်ရတာ ငါသဘောကျတယ်၊ ခွေးတွေဟာ သူတို့အချင်းချင်း တွေ့ရင် ဘယ်လိုနမ်းပြီး ဘယ်လို အနံ့ခံကြတယ်ဆိုတာ မင်း တွေ့သလား၊ ဒါဟာ သူတို့ရဲ့ နိယာမ သဘောတရားပဲ" ဟု ကိုလျာ ပြောလိုက်သည်။

"ဟုတ်တယ်၊ အတော်ရယ်စရာကောင်းတဲ့ အကျင့်ပဲ" ဆမ်မူရေ့က ပြန်ပြောသည်။

"မဟုတ်ဘူး၊ ရယ်စရာကောင်းတာ မဟုတ်ဘူး၊ ဒီနေရာမှာ မင်း မှားနေပြီ၊ သဘာဝတရားမှာ ရယ်စရာ ကောင်းတယ်ဆိုတာ မရှိဘူး၊ ရယ်စရာကောင်းတယ်လို့ ဆိုရင်လည်း လူတွေက အာဃာတ သဘောနဲ့ ကြည့်လို့ပဲ၊ တကယ်လို့ ခွေးတွေကလည်း ငါတို့ကို စိစစ် လေ့လာပြီး ပိုင်းခြားဝေဖန် တတ်မယ်ဆိုရင် သူတို့ သခင်တွေဖြစ်တဲ့ လူတွေရဲ့ လူမှုဆက်ဆံရေးတွေမှာ သူတို့အနေနဲ့ ရယ်စရာ ကောင်းတာတွေ အများကြီးတွေ့မှာပဲ။ ဒါကို ငါ ထပ်ပြီး ပြောရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ ပိုပြီး မိုက်မဲတာတွေ၊ ရယ်စရာကောင်းတာတွေ ရှိနေလို့ပဲ။ ဒါဟာ ရာကီတင်ရဲ့အယူအဆပဲ၊ အင်မတန် မှတ်သားစရာကောင်းတဲ့ အယူအဆတခုပဲ။ ငါဟာ ဆိုရှယ်လစ်တယောက်ပဲ ဆမ်မူရေ့"

"ဆိုရှယ်လစ် ဆိုတာ ဘာလဲ" ဆမ်မူရေ့က မေးလိုက်သည်။

"ဆိုရှယ်လစ် ဆိုတာကတော့ အားလုံး ညီတူညီမျှ ဖြစ်ရမယ်။ ပစ္စည်းတွေ အားလုံးကို အတူတူ ပိုင်ကြရမယ်၊ လက်ထပ်တဲ့ ကိစ္စတွေ မရှိတော့ဘူး။ ဘာသာရေးနဲ့ တရားဥပဒေဆိုတာလည်း လူတိုင်း လူတိုင်းဟာ ကိုယ်ကြိုက်သလို ကိုးကွယ်လုပ်ဆောင်နိုင်တယ်။ အဲ နောက်ပြီးတော့ အများကြီးပဲပေါ့၊ မင်း နားမလည်ပါဘူး၊ ငယ်ပါသေးတယ်။ အင်း ဒါနဲ့ အတော်အေးတာပဲ"

"အေးတယ်၊ ရေခဲအမှတ်အောက် တဆယ့်နှစ် ဒီဂရီ ရှိတယ်၊ စောစောကပဲ သာမိုမီတာကို အဖေ ကြည့်တယ်"

“ဒီမှာ ဆမ်မူရော့၊ မင်း သတိထားမိသလား။ ဆောင်းရာသီ အလယ်ပိုင်းလောက်မှာဆိုရင် ရေခဲအမှတ်အောက် တဆယ့်ငါးဒီဂရီ ဒါမှမဟုတ် တဆယ့်ရှစ် ဒီဂရီ ရှိတယ်။ ဒါပေမဲ့ အခုလောက် အေးမယ်လို့ မထင်ရဘူး၊ ဥပမာပြောရရင် ဆောင်းဦးပေါက်မှာဆိုရင် ရေခဲအမှတ်အောက် တဆယ့်နှစ် ဒီဂရီရှိပြီး နှင်းပွင့်တွေ မကျသေးလောက်ပဲ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ အကျင့်မရသေးလို့ပဲ။ လူတွေအတွက် အရာရာဟာ အလေ့အကျင့်ပဲ။ အရာရာတိုင်းမှာပဲ၊ သူတို့ရဲ့ လူမှုဆက်ဆံရေးတွေနဲ့ နိုင်ငံရေးကိစ္စတွေမှာလည်း အဲဒီအတိုင်းပဲ၊ အလေ့အကျင့်ဟာ အဓိက အချက်ပဲ။ ဟိုမှာကြည့်စမ်း၊ တော်တော် ရယ်စရာ ကောင်းတဲ့ တောသားကြီး တယောက်ပဲ ....”

ကိုလျာက သိုးရေကုတ်အင်္ကျီကြီး ဝတ်ထားသော အရပ်ရှည်ရှည် တောသားကြီး နှစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။ တောသားကြီးသည် သဘောသကာယ ကောင်းမွန်သည့် မျက်နှာရှိပြီး ၎င်း၏လှည်းအနီးတွင် ရပ်ကာ သားရေလက်အိတ်ရှည်ကြီးများ စွပ်ထားသော လက်နှစ်ဖက်ကို ပူနွေးအောင် တဖက်ကို တဖက် ထုရိုက်လျက်ရှိသည်။ ၎င်း၏ မုတ်ဆိတ်မွေး ရှည်ရှည်ကြီးသည် ဆီးနှင်းများဖြင့် ဖွေးဖွေးဖြူလျက်ရှိသည်။

“တောသားကြီးရဲ့မုတ်ဆိတ်မွေးတွေ ရေခဲနေပြီ”

ကိုလျာက တောသားကြီးအနီးမှ ဖြတ်သွားစဉ်တွင် နောက်ပြောင်သည့်အနေဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်သည်။

“လူတော်တော်များများရဲ့ မုတ်ဆိတ်မွေးတွေဟာ ရေခဲနေကြတာပဲ”

တောသားကြီးက တည်တည်ငြိမ်ငြိမ်နှင့် အချက်ကျကျ ပြန်ပြောလိုက်သည်။

“သူ့ကို သွားမစပါနဲ့” ဆမ်မူရော့က သတိပေးလိုက်သည်။

“ဘာမှမဖြစ်ပါဘူး၊ သူ စိတ်မဆိုးပါဘူး၊ သူက လူကောင်းကြီးတယောက်ပါ။ ကောင်းသောနေ့ပါ မတ်ဖေး”

“ကောင်းသောနေ့ပါခင်ဗျာ”

“ခင်ဗျားနာမည် မတ်ဖေးလား”

“ဟုတ်ပါတယ် ခင်ဗျာ၊ မောင်ရင်လေး မသိဘူးလား”

“မသိဘူး၊ ကျွန်တော် မှန်းကြည့်တာပဲ”

“ဟုတ်လား၊ မောင်ရင်လေးက ကျောင်းသားနဲ့တူတယ်”

“ဟုတ်တယ်”

“မောင်ရင်လေးကို သူတို့ ရိုက်ကြသလေား”

“တခါတလေလောက်ပါပဲ”

“နာသလား”

“နာတာပေါ့”

“အို ဘယ်လိုများလဲ”

တောသားကြီးက သက်ပြင်းရှည်ကြီး ချလိုက်သည်။

“သွားမယ် မတ်ဖေး”

“သွားပေတော့ မောင်ရင်ကလေး၊ မောင်ရင်ကလေးဟာ လူလိမ္မာကလေး တယောက်ပဲ”

လူငယ်ကလေးနှစ်ယောက် ဆက်ပြီးလျှောက်သွားကြသည်။

“တောသား လူကောင်းကြီး တယောက်ပဲ” ဆမ်မူရေ့ကို ကိုလျာ ပြောလိုက်သည်။ “တောသားတွေနဲ့ စကားပြောရတာကို ငါ သဘောကျတယ်၊ ငါ ဘယ်တော့မဆို သူတို့နဲ့ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်”

“ငါတို့ ကျောင်းမှာ အရိုက်ခံရတယ်လို့ မင်း ဘာဖြစ်လို့ သူ့ကို လိမ်ပြောရတာလဲ”

“သူ ကျေနပ်အောင် ငါ ပြောရတာပဲ”

“ဘာပြောတယ်”

“ငါ့ကို နှစ်ခါထပ်ပြီး မေးတာ ငါမကြိုက်ဘူး ဆမ်မူရေ့။ အေး ပထမတကြိမ် မေးတာကို ငါ နားမလည်ဘူးဆိုရင်တော့ တမျိုးပေါ့။ တချို့ကိစ္စတွေကို လူတွေ နားလည်အောင် ရှင်းပြဖို့ မလွယ်ဘူး။ တောသားတယောက်ရဲ့အသိမှာ ကျောင်းသားကလေးတွေဟာ အရိုက်ခံရတယ်၊ သူတို့ဟာ အရိုက်ခံရမယ်လို့ နားလည်ထားတယ်။ အဲဒီတော့ မင်းဟာ အရိုက်မခံရဘူးဆိုရင် ဘယ်လို ကျောင်းသားမျိုး ဖြစ်နေမလဲ၊ ငါတို့ကျောင်းမှာ ကျောင်းသားတွေဟာ အရိုက်မခံရဘူးလို့ သူ့ကို ငါပြောလိုက်ရင် သူ ကသိကအောက် ဖြစ်သွားမယ်၊

ငါပြောတာကို မင်း သဘောပေါက်ဦးမယ် မထင်ဘူး၊ လူတယောက်ဟာ တောသားတွေနဲ့ ဘယ်လို စကားပြောရမယ်ဆိုတာကို နားလည် ရမယ်”

“ဒါပေမဲ့ သူတို့ကို သွားပြီး မစပါနဲ့၊ ငန်းကိစ္စတုန်းကလို ဗရုတ်သုတ်ခတွေ ဖြစ်ကုန်ပါဦးမယ်”

“မင်း ကြောက်သလား”

“မနောက်ပါနဲ့ ကိုလျှာ၊ ငါ တကယ်ကြောက်လို့ ပြောတာပါ၊ ငါ့အဖေ အကြီးအကျယ် ဒေါပွလိမ့်မယ်၊ ငါ့ကို မင်းနဲ့ မသွားရဘူးလို့ လုံးလုံးကြီးကို တားထားတယ်”

“ဘာမှ မစိုးရိမ်ပါနဲ့၊ ဒီတခါ ဘာမှ မဖြစ်စေရပါဘူး၊ မင်္ဂလာပါ နာတာရှာ”

စျေးဆိုင်တဆိုင်ရှိ စျေးသည်အမျိုးသမီးတယောက်ကို သူက လှမ်းအော်ပြီး နှုတ်ဆက်လိုက်သည်။

“ငါ့နာမည် နာတာရှာ မဟုတ်ဘူး၊ မာရီယာ”

စျေးသည် အမျိုးသမီးက အသံစူးစူးဖြင့် ပြန်ဖြေသည်။ သူမက အတော်ကြီး ငယ် ရွယ်သေးသည်။

“ခင်ဗျားဟာ မာရီယာ ဖြစ်တဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်၊ သွားလိုက်ပါဦးမယ်”

“အို မင်းဟာ လူဆိုးကလေးပါလား၊ တွေ့မှ မတွေ့ရသေးဘူး၊ သွားတော့မလား”

“ကျွန်တော့်မှာ အရေးကြီးနေတယ်၊ နေလို့မရဘူး။ နောက်တနင်္ဂနွေကျမှ ခင်ဗျား ပြောစရာရှိတာ တွေကို ပြောပေတော့”

သူက သူမကို လက်ကာ လက်ခါပြရင်း ပြောလိုက်သည်။ သူက စကား စသည် မဟုတ်ဘဲ သူမက သူ့ကို စကားစလေဟန်မျိုးဖြင့် ဖြစ်သည်။

“နောက် တနင်္ဂနွေကျရင် မင်းကို ငါက ဘာတွေပြောရမှာလဲ။ မင်းက စကားစတဲ့လူပဲ၊ မင်းဟာ တော်တော်နောက်တဲ့ မျောက်ကလေးပဲ။ မင်းကို ကောင်းကောင်း ရိုက်ပေးရမယ်၊ မင်းဟာ လူတွေကို အလကား လိုက်နောက်နေတဲ့ ကောင်ကလေးပဲ”

မာရီယာနှင့် ဆိုင်နီးနားချင်း စျေးသည် အမျိုးသမီးများထံမှ ရယ်မောသံကြီး

ထွက်ပေါ်လာသည်။ ရုတ်တရက်ဆိုသလို တဖက်ဈေးတန်းတခုမှ လူတယောက်က ဒေါသတကြီး ပြေးထွက်လာသည်။ သူက လူရွယ်တဦး ဖြစ်သည်။ သို့သော် မြို့ပေါ်ကတော့ မဟုတ်ပါ။ ဈေးသို့ လာရောက်သော ရှံးစာရေးတယောက် ဖြစ်ဟန်ရှိသည်။ မျက်နှာမှာ ဖြူဖြူသွယ်သွယ်ဖြစ်ပြီး ကျောက်ပေါက်မာ အနည်းငယ်ရှိသည်။ ဆံပင်တွေက နက်ပြီး တွန့်လိမ်နေကြသည်။ ကုတ်အင်္ကျီ ပြာပြာရှည်ရှည်ကြီးကို ဝတ်ထားပြီး လျှော်ပါသော ကက်ဦးထုပ်ကို ဆောင်းထားသည်။ သူသည် ဘာမှန်းမသိ ဒေါသ ဖြစ်နေဟန် ရှိပြီး ကိုလျာကို လက်သီးဆုပ်ပြရင်း စိတ်ဆိုးမာန်ဆိုး ဟစ်အော်သည်။

“မင်းကို ငါ သိတယ်၊ မင်းကို ငါ သိတယ်”

ကိုလျာ သူ့ကို ငေးစိုက်ပြီး ကြည့်နေသည်။ ထိုလူနှင့် ရန်ဖြစ်ဖူးခြင်း ရှိ မရှိ ကိုလျာ မမှတ်မိပါ။ သူသည် လမ်းပေါ်တွင် ရန်ပွဲပေါင်းများစွာ ဆင်နွှဲဖူးသဖြင့် အားလုံးကို မမှတ်မိနိုင်ပါ။

“ဟုတ်လား ...” ကိုလျာက သရော်တော်တော် မေးလိုက်သည်။

“မင်းကို ငါ သိတယ်၊ မင်းကို ငါ သိတယ်”

ထိုလူက အရူးတယောက်လို ထပ်တလဲလဲ ဟစ်အော်နေသည်။

“အဲဒါဆိုရင် ကောင်းတာပေါ့၊ ဒါပေမဲ့ ကျုပ်မှာ သွားစရာ အရေးကြီးနေတယ်၊ သွားပြီ”

“မင်း ဘာမဟုတ်တာတွေ လုပ်မလို့လဲ၊ မဟုတ်မဟပ်တွေ လုပ်ပြန်ဦးမလို့ မဟုတ်လား၊ မင်းအကြောင်း ငါသိတယ်၊ မဟုတ်က ဟုတ်ကတွေ မင်း လုပ်ဦးမလို့ပဲ” လူရွယ်က ဟစ်အော်သည်။

“ကျုပ်ဘာကျုပ် မဟုတ်တာတွေလုပ်လုပ်၊ မလုပ်လုပ် ခင်ဗျားအလုပ် မဟုတ်ပါဘူး”

ကိုလျာက ပြောလိုက်သည်။ သူက ထိုနေရာတွင်ရပ်ပြီး လူရွယ်ကို စူးစိုက်ကာ ကြည့်နေသည်။

“ငါ့အလုပ် မဟုတ်ဘူး ဟုတ်လား ...”

“ဟုတ်တယ်၊ ခင်ဗျားအလုပ် မဟုတ်ဘူး”

“ဒါဖြင့် ဘယ်သူ့အလုပ်လဲ၊ ဘယ်သူ့အလုပ်လဲ၊ ဘယ်သူ့အလုပ်လဲ”

"ထရီဖွန် နီကီတချ်ရဲ့ အလုပ်ပဲ၊ ခင်ဗျားအလုပ် မဟုတ်ဘူး"

"ဘယ် ထရီဖွန်နီကီတချ်လဲ"

လူရွယ်က ပြန်မေးသည်။ သူက ကိုလျာကို အံ့အားသင့်ဟန်ဖြင့် ငေးစိုက်ပြီးကြည့်နေသည်။ ၎င်းသည် စောစောကအတိုင်း ဒေါသဖြစ်နေဆဲပင် ဖြစ်သည်။ ကိုလျာက သူ့ကို ခပ်တည်တည်ပင် ခြေဆုံး ခေါင်းဆုံး ကြည့်နေသည်။ ထို့နောက် ...

"ကောင်းကင်ဘုံကို တက်ကြွခြင်း အသင်းတော်ကို ခင်ဗျား သွားသလား"

ကိုလျာ သူ့ကို ရုတ်တရက်ကြီး မေးလိုက်သည်။ ခပ်တည်တည် ခပ်ထန်ထန် ဖြစ်သည်။

"ဘယ် ကောင်းကင်ဘုံကို တက်ကြွခြင်း အသင်းတော်လဲ၊ ဘာကိစ္စ သွားရမှာလဲ၊ မသွားဘူး"

လူရွယ်က အနည်းငယ် ကြိုးတိုးကြောင်တောင် ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။

"ဆာဗီနီယက်ကို ခင်ဗျား သိသလား" ကိုလျာက ပိုပြီး တည်တည်ထန်ထန်ဖြင့် မေးလိုက်ပြန်သည်။

"ဘယ် ဆာဗီနီယက်လဲ၊ ငါ မသိဘူး"

"ဒါဆိုရင် ခင်ဗျား အလကားပဲ"

ကိုလျာက စကားကို ခပ်ပြတ်ပြတ် ပြောလိုက်ပြီးနောက် လက်ယာဘက်သို့ ချာခနဲ လှည့်ကာ လျင်မြန်စွာ ထွက်ခွာသွားသည်။ ဆာဗီနီယက်ကိုတောင် မသိသည့် အတုံးတယောက်နှင့် စကား ပြောရသည်မှာ သိက္ခာကျသည့်ဟန်မျိုးဖြင့် ဖြစ်သည်။

"ဟေး ... ခဏနေပါဦး၊ ဘယ် ဆာဗီနီယက်လဲ"

လူရွယ်သည် တဒင်္ဂမျှ မှင်တက်မိသွားရာမှ ရုတ်တရက် ပြန်လည်သတိရလာသည့်အလား လှမ်းအော်လိုက်သည်။ ထို့နောက် ဈေးသည်မိန်းမများဘက်သို့လှည့်ပြီး...

"သူ ဘာတွေ ပြောသွားတာလဲ"

အမျိုးသမီးများက ရယ်မောကြသည်။

"အတော်နောက်တဲ့ ကောင်ကလေးပဲ" မိန်းမတယောက်က ပြောလိုက်သည်။

"ဘယ် ဆာဗီနီယက်ကို သူ ပြောတာလဲ"

လူရွယ်က သူ၏ ညာဘက်လက်ကို ဝှေ့ယမ်းကာ မကျေမနပ်ဖြင့် ထပ်ပြောနေသည်။

"ကူဇမီချော့ဆီမှာ အလုပ်လုပ်နေတဲ့ ဆာဗီနီယက်ကို သူ ပြောတာနေမှာပေါ့" မိန်းမတယောက်က ထင်ကြေးပေးလိုက်သည်။

လူရွယ်က ထိုမိန်းမကို ကစိန်းကဝါး ငေးစိုက်ကာ ကြည့်နေသည်။

"ကူဇမီချော့ ..." ဈေးသည် အမျိုးသမီး နောက်တယောက်က ထိုနာမည်ကို ရွတ်ဆိုလိုက်သည်။ "ဒါပေမဲ့ ဒီနာမည်က ထရီဖွန်ရဲ့နာမည် မဟုတ်ဘူး၊ ကူဇမာရဲ့နာမည်ပဲ၊ ထရီဖွန် မဟုတ်ဘူး၊ ကောင်ကလေးက ထရီဇွန် နီကီတချ်လို့ ပြောသွားတယ်။ အဲဒီတော့ သူ့နာမည် မဖြစ်နိုင်ဘူး"

"သူ့နာမည်က ထရီဖွန် မဟုတ်ဘူး၊ ဆာဗီနီယက်လည်း မဟုတ်ဘူး" တတိယမြောက် အမျိုးသမီး တယောက်က ငြိမ်ပြီး နားထောင်နေရာမှ ဝင်ပြီး ပြောလိုက်ပြန်သည်။ "သူ့နာမည်က အလက်ဇီ အိုက်ဗင်နိုဗစ်ချီဇော့ပဲ"

"အေး ဟုတ်တယ်၊ ချီဇော့ပဲ" စတုတ္ထ အမျိုးသမီးက ထောက်ခံလိုက်သည်။

နားဝေတိမ်တောင်ဖြစ်နေသော လူရွယ်သည် တယောက်ပြီးတယောက် ဝင်ရောက် ပြောဆိုနေကြ သော အမျိုးသမီးများကို လိုက်ကြည့်လျက် ရှိသည်။

"သူ ဘာဖြစ်လို့ မေးရတာလဲ၊ ဘာဖြစ်လို့ မေးရတာလဲ" လူရွယ် စိတ်ပျက်လက်ပျက် ရွတ်ဆိုလိုက်သည်။ "ဆာဗီနီယက်ကို ခင်ဗျားတို့ သိသလား၊ ကျုပ်က ဆာဗီနီယက် ဘယ်သူ ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ"

"အို မင်းဟာ အတော် နားဝေးတာပဲ၊ သူ့နာမည်က ဆာဗီနီယက် မဟုတ်ဘူးလို့ ငါ ပြောနေတယ်၊ ချီဇော့ ... အလက်ဇီ အိုင်ဗင်မိုဗစ် ချီဇော့၊ အဲဒီလူပဲ" ဈေးသည်မိန်းမက သူ့ကို အော်ဟစ်ကာ ပြောလိုက်သည်။

"ဘယ် ချီဇော့လဲ၊ သူက ဘယ်သူလဲ၊ ခင်ဗျား သိရင် ကျွန်တော့်ကို ပြောပြစမ်းပါ"

"ဘယ်သူရမလဲ၊ အရပ်ရှည်ရှည် နှာရည်ရွှဲရွှဲနဲ့ လူပဲပေါ့။ နွေဘက်မှာဆိုရင် ဈေးမှာ အမြဲတမ်း ထိုင်နေတတ်တယ်"

"ဒါပေမဲ့ အဲဒီ ချီဇော့က ကျွန်တော်နဲ့ ဘာဆိုင်သလဲ"

"ဘာဆိုင်သလဲဆိုတာတော့ တို့ ဘယ်သိမလဲ၊ မင်းအနေနဲ့ သူ့ကို ဒါလောက် သိချင်နေတာ မင်းဟာမင်း ဘာဆိုတာ သိရမှာပေါ့၊ နောက်ပြီးတော့ သူက မင်းကို ပြောသွားတာပဲ၊ တို့ကို ပြောတာမှ မဟုတ်ဘဲ၊ မင်း သူ့ကို တကယ် မသိဘူးလား"

"ဘယ်သူ့ကိုလဲ"

"ချီဇော့ ..."

"အို ချီဇော့ရော ခင်ဗျားတို့အားလုံးရော ဘေးချိတ်ကြစမ်းပါ၊ သင်းကို ကျုပ် ဆုံးမရမယ်၊ သင်း သက်သက် ကျုပ်ကို အရူးလုပ်သွားတာပဲ"

"ချီဇော့ကို ဆုံးမမယ် ဟုတ်လား၊ သတိထား၊ သူက မင်းကို ပြန်ပြီး ဆုံးမသွားလိမ့်မယ်၊ မင်းဟာ တကယ့် လူမိုက်တယောက်ပဲ"

"ချီဇော့ကို မဟုတ်ဘူးဗျ၊ ချီဇော့ကို မဟုတ်ဘူး၊ ခင်ဗျားတို့ အလကား မိန်းမတွေပဲ၊ ဟိုကောင်ကလေးကို ကျုပ် ဆုံးမမှာ၊ သင်းကို ဖမ်းကြပါ၊ သင်းကို ဖမ်းကြပါ၊ သင်းက ကျုပ်ကို သက်သက် အရူးလုပ်သွားတာပဲ"

အမျိုးသမီးများ ဝါးလုံးကွဲ ရယ်မောကြသည်။ ထိုအချိန်တွင် ကိုလျာသည် အောင်မြင် ကျေနပ်သော အမူအရာဖြင့် အဝေးကြီးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ ဆမ်မူရေ့သည် ကိုလျာ၏ဘေးတွင် လိုက်ပါသွားရင်း အဝေးဆီမှ ဆူညံအော်ဟစ်နေသောလူအုပ်ကြီးကို လှမ်းကြည့်လိုက်သည်။ သူသည် ပြဿနာတခုခု ဖြစ်မည်ကို စိုးရိမ်ကြောင့်ကြလျက် ရှိသော်လည်း စိတ်ခါတ်တက်ကြွလျက် ရှိပါသည်။

"ဘယ် ဆာဗီနီယက်ကို မင်း ပြောတာလဲ"

ကိုလျာ ဘာပြန်ပြောမည်ကို သိသော်လည်း သူ မေးလိုက်မိသည်။

"ငါ ဘယ်သိမလဲ၊ သူတို့တတွေ တနေကုန် ခေါင်းရှုပ်နေကြလိမ့်မယ်၊ လူ့အဖွဲ့အစည်းကြီးထဲမှာ ရှိသမျှ လူတန်းစားတိုင်းက ငတုံး အေတွေကို ချာလပတ် လည်သွားအောင် လုပ်ရတာ ငါ သဘောကျတယ်၊ ဟောဟိုမှာ နလပိန်းတုံး တယောက် တွေ့ပြန်ပြီ၊ ဟိုရှေ့က တောသားကြီးပဲပေါ့၊ မင်း ကြားဖူးသလား၊ 'ပြင်သစ်တယောက် တုံးတာလောက် တခြား ဘယ်သူမှ မတုံးဘူး' လို့ လူတွေက ပြောကြတယ်၊ ဒါပေမဲ့ ရုရှားတယောက် တုံးပြီဆိုရင်လည်း သူ့မျက်နှာမှာ အတိုင်းသား ပေါ်နေတယ်၊ အဲဒီ တောသားကြီး ဘယ်လောက် ထူပြီး ဘယ်လောက် ထိုင်းသလဲ ဆိုတာ သူ့မျက်နှာမှာ မင်း မတွေ့ဘူးလား"

“သူ့ဟာသူ အေးအေးဆေးဆေး နေပါစေ ကိုလျှာ၊ တို့ သွားရအောင်ပါ”

“ငါက စိန်ပြီပေ့ ဆိုရင် ဘွာမခတ်တော့ဘူး၊ ဗျို့၊ တောသားကြီး၊ ကောင်းသော နံနက်ခင်းပါ”

“မင်း နောက်နေတာ မဟုတ်ဘူးဆိုရင် ကောင်းသော နံနက်ခင်းပါ”

“တကယ်လို့ ကျွန်တော်က နောက်နေတာ ဆိုရင်ကော ..” ကိုလျှာက ရယ်မောကာ မေးလိုက်သည်။

“နောက်နေတာဆိုရင်လည်း နောက်ပါ၊ ကျုပ်အတွက် ဘာမှ အရေးမကြီးပါဘူး။ ကျုပ်အနေနဲ့ ဘယ်လိုမှ သဘောမထားပါဘူး၊ နောက်ပြောင်တဲ့အတွက် ဘာမှ အန္တရာယ် မဖြစ်ပါဘူး”

“ကျွန်တော် စိတ်မကောင်းပါဘူး အဘိုးကြီး၊ ကျွန်တော် နောက်လိုက်တာပဲ”

“ဒါဆိုရင် ဘုရားသခင်က မင်းကို ခွင့်လွှတ်ပါလိမ့်မယ်”

“အဘိုးကြီးကကော ခွင့်မလွှတ်ဘူးလား”

“ခွင့်လွှတ်ပါတယ် ခင်ဗျာ၊ ကျုပ်က ခွင့်လွှတ်ပြီးသားပါ၊ ကဲ ကြွပေတော့”

“အဘိုးကြီးကို ကြည့်ရတာ တောသား လူတော်ကြီးတယောက်ပဲ”

“မင်းထက်တော့ ပိုတော်တယ်”

တောသားကြီးက မထင်မှတ်ဘဲ ပြောလိုက်သည်။ လေးနက် တည်ကြည်စွာဖြင့်ပင် ဖြစ်သည်။

“ဟုတ်ပါ့မလား”

“သိပ်ဟုတ်တာပေါ့”

“ဒါဆိုရင်တော့ ဟုတ်နိုင်ပါတယ်”

“ဟုတ်ပါတယ် လူကြီးမင်း”

“သွားပြီ၊ တောသားကြီး”

“သွားပေတော့”

“တောသား အမျိုးမျိုး ရှိတယ်” ခဏအကြာတွင် ကိုလျှာက ဆမ်မူရော့ကို

ပြောသည်။ "တောသား လူတော်တယောက်နဲ့ တွေ့တာကို ငါ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ ငါဟာ သာမန်လူတွေမှာရှိတဲ့ အသိဉာဏ်ကို အမြဲတမ်း အသိအမှတ်ပြုတယ်"

အဝေးဆီမှ ဘုရားရှိခိုးကျောင်း နာရီကြီး ဆယ့်တစ်နာရီခွဲသံ ထွက်ပေါ်လာသည်။

လူငယ်ကလေး နှစ်ယောက်တို့သည် ခပ်သုတ်သုတ် လျှောက်ကြသည်။ ဗိုလ်ကြီး ဆနီဂါယော့၏ အိမ်သို့သွားရာ ကျန်ခရီးတလျှောက်လုံးတွင် သူတို့ စကားမပြောကြတော့ပါ။ တိတ်ဆိတ်စွာပင် လျှောက်သွားကြတော့သည်။ ဆနီဂါယော့၏အိမ်သို့ရောက်ရန် ခြေလှမ်း နှစ်ဆယ်လောက် အလိုတွင် ကိုလျာ ရပ်တန့်လိုက်ပြီး ကာရာမာဇော့ကို သွားခေါ်ရန် ဆမ်မူရော့အား ပြောကြားသည်။

"အခြေအနေကို အရင် လေ့လာရဦးမယ်" ဆမ်မူရော့ကို သူ ပြောလိုက်သည်။

"သူ့ကို ဘာဖြစ်လို့ အပြင်ကို ခေါ်ရတာလဲ" ဆမ်မူရော့ ကန့်ကွက်လိုက်သည်။

"မင်းအနေနဲ့ တခါတည်း ဝင်သွားပါ၊ မင်းကိုတွေ့ရင် သူတို့အားလုံး ဝမ်းသာကြလိမ့်မယ်၊ ဘာစိတ်ကူးနဲ့ အပြင်ဘက် နှင်းတောထဲမှာ မိတ်ဆွေဖွဲ့ချင်ရတာလဲ"

"သူ့ကို ဘာဖြစ်လို့ အပြင်ဘက် နှင်းတောထဲမှာ တွေ့ချင်ရတယ်ဆိုတာ ငါ သိပါတယ်"

ကိုလျာက အထက်စီးလေသံဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။ (သူက ချာတိတ်ကလေးတွေအား ယင်းသို့ ပြောရသည်ကို အင်မတန် နှစ်သက်သည်)။ သူ၏အမိန့်ကို ဖော်ဆောင်ရန် ဆမ်မူရော့ ပြေးသွားသည်။

၄။ ဇူချကာ

ကိုလျှာသည် ဝင်းထရံကို ခပ်တည်တည်ပင်မှီပြီး အလှျိုရှာ ရောက်လာမည်ကို စောင့်ဆိုင်းလျက် ရှိသည်။ သူသည် အလှျိုရှာကို တွေ့ချင်နေသည်မှာ ကြာပါပြီ။ သူသည် ၎င်း၏အကြောင်းကို ကောင်ကလေးတွေထံမှ အများကြီး ကြားခဲ့ရပါသည်။ သို့ရာတွင် သူသည် ယခုအချိန်အထိ ကောင်ကလေးတွေ အလှျိုရှာအကြောင်းကို ပြောလာတိုင်းပင် စိတ်မဝင်စား မနှစ်သက်ဟန် နေခဲ့သည်။ ထိုမျှမက သူ ကြားရသည်များကို 'ဝေဖန်ခြင်း' ပင် ပြုခဲ့သည်။

သို့သော် သူ့စိတ်ထဲကမူ အလှျိုရှာကို အလွန်အမင်းပင် သိချင်နေပါသည်။ အလှျိုရှာအကြောင်း သူကြားရသမျှ ဇာတ်လမ်းတိုင်းမှာပင် စိတ်ဝင်စားဖွယ်ရာနှင့် နှစ်သက်ဖွယ်ရာများ ပါရှိနေကြ ပါသည်။ ယင်းအတွက် လက်ရှိအခြေအနေသည် သူ့အတွက် အများကြီး အရေးကြီးနေပါသည်။ သူ့ကိုယ်သူ သိက္ခာမကျရလေအောင် ဂုဏ်မငယ်ရလေအောင် သူ အတတ်နိုင်ဆုံး စွမ်းဆောင် ကြိုးပမ်းရမည်။ သူ၏ လွတ်လပ်မှုနှင့် အမှီအခိုကင်းမှုကို ပြသနိုင်ရမည်။

"နို့မဟုတ်ရင် သူဟာ ငါ့ကို တဆယ့်သုံးနှစ်အရွယ် ကောင်ကလေးတယောက်လို့ ထင်ပြီး တခြား ကောင်ကလေးတွေနဲ့ တတန်းတစားတည်းပဲလို့ ယူဆသွားလိမ့်မယ်၊ ဒီကောင်ကလေးတွေကို သူ ဘယ်လို သဘောထားသလဲ၊ သူနဲ့ အသိအကျွမ်း ဖြစ်သွားတဲ့ နောက်ပိုင်းမှာ ဒီအကြောင်း သူ့ကို မေးကြည့်ရမယ်၊ ငါ့အနေနဲ့ အရပ်ပုနေတာ တကယ် ဆိုးတာပဲ၊ တူဇီကော့ဟာ ငါ့ထက် အသက် ငယ်ပေမဲ့ ငါ့ထက် ခေါင်းတဝက်လောက် ပိုမြင့်တယ်၊ ဒါပေမဲ့ ငါ့မှာ အသိဉာဏ်ထက်မြက်တဲ့ မျက်နှာရှိတယ်၊ ငါဟာ လူချောလူလှတယောက်မဟုတ်ဘူး၊ ငါ့မျက်နှာ အရုပ်ဆိုး အကျည်းတန်တယ် ဆိုတာ ငါ သိတယ်၊ ဒါပေမဲ့ ငါက အသိဉာဏ် ထက်မြက်တယ်၊ နောက်ပြီးတော့ သူနဲ့ငါ သိပ်ပြီး မိတ်ဆွေ ဖြစ်ချင်နေတာကို ပေါ်အောင်မပြဖို့ သတိထားရမယ်၊ သူ့ရင်ခွင်ထဲကို ငါ တခါတည်း ပြေးဝင်သွားရင် သူ့အနေနဲ့ ထင်လိမ့်မယ်၊ ငါဟာ ... အို အဲဒါဆိုရင် တကယ်ဆိုးတာပဲ။ သူ့အနေနဲ့ ... အဲဒီလို ထင်သွားခဲ့လို့ရှိရင် ..."

သူက သီးခြား လွတ်လပ်သော အသွင်ပုံစံကို ကြိုးစားရယူနေစဉ်တွင် အထက်ပါ အတွေးများက သူ့ကို နှောင့်ယှက်လျက် ရှိကြသည်။ သူ့အနေနှင့် ကသိကအောက်အဖြစ်ဆုံးကတော့ အရပ်ပုခြင်းပင် ဖြစ်သည်။ သူ့မျက်နှာ အကျည်းတန်သည်ကို အရပ်ပုသည်လောက် သူ စိတ်အနှောင့်အယှက် မဖြစ်ပါ။ သူ၏ အခန်းထောင့်တနေရာ နံရံပေါ်တွင် သူ့အရုပ်ကို လွန်ခဲ့သည့်နှစ်က ခဲတံဖြင့်

မှတ်ထားသည်။ ထို့နောက် သူသည် နှစ်လ တကြိမ် ဆိုသလို စိုးရိမ်ကြောင့်ကြစွာဖြင့် သူ့အရပ်ကို တိုင်းတာသည်။ နှစ်လအတွင်း သူ့အရပ် ဘယ်လောက်ရှည်လာသနည်းဟု ဖြစ်သည်။ သို့သော် သူ၏ ဖွံ့ဖြိုးမှုက နှေးကွေးလှပေသည်။ ယင်းအတွက် သူသည် ရံဖန်ရံခါဆိုသလိုပင် စိတ်ပျက်အားလျော့ ရသည်။

အမှန်တကယ်တွင်မူ သူ့မျက်နှာသည် အရုပ်ဆိုး အကျည်းတန်ခြင်း မရှိပါ။ အရုပ် မဆိုးရုံမျှမက သူ၏မျက်နှာသည် အသားဖြူဖြူလတ်လတ်တွင် အနီပြောက်ကလေးများဖြင့် ကြည့်ပျော်ရှုပျော် ရှိပါသည်။ သူ၏သေးငယ်ညိုမှောင်သော မျက်လုံးကလေးများသည် အသက်ဝင်ပြီး အကြောက်အလန့်ကင်းမှုကို ပြသလျက်ရှိသည်။ မကြာခဏဆိုသလိုပင် အတွင်းစိတ်လှုပ်ရှား တက်ကြွမှုများဖြင့် တောက်ပြောင်နေတတ်ပါသည်။ ပါးရိုးမှာ အနည်းငယ် ကားလွန်းနေသဖြင့် ပါးစပ်မှာ သေးငယ်လျက်ရှိသည်။ နှုတ်ခမ်းများက ပါးလွှာသည်။ သို့သော် နီရဲခြင်း ရှိသည်။ နှာခေါင်းမှာ သေးငယ်ပြီး အပေါ်ဘက်သို့ သိသိသာသာကြီးပင် လန်တက်နေသည်။ 'နှာတံတိုကြီးပဲ၊ နှာတံတိုကြီးပဲ' မှန်ထဲတွင် သူ့ကိုယ်သူ ကြည့်မိတိုင်း ကိုလျာ ရွတ်ဆိုသည်။ ထို့နောက် ဒေါသတကြီးဖြင့် မှန်ရှေ့မှ ထွက်ခွာသွားတတ်သည်။ 'အို ... ဒါပေမဲ့ ငါ့မျက်နှာက အသိဉာဏ် ထက်မြက်တဲ့ မျက်နှာပဲ' ရံဖန်ရံခါတွင်မူ ယင်းသို့ သူတွေးမိသည်။ သို့သော် ယင်းအချက်ကိုလည်း သူ သံသယရှိရပါသည်။

သို့တစေလည်း သူ၏ စိတ်အစဉ်များသည် သူ၏မျက်နှာနှင့် အရုပ်အမောင်းတို့တွင်သာ ကျက်စား ရောက်ရှိနေသည်ဟုဆိုလျှင် မှားပါမည်။ ယင်းသို့ မဟုတ်ပါချေ။ သူသည် မှန်ရှေ့တွင် ရပ်ပြီး နာကြည်းမှုများကို ခံစားရသည်မှန်သော်လည်း ချက်ချင်းဆိုသလိုပင် ယင်းအချက်များကို မေ့လျော့ထားလိုက်ပြီး၊ အချိန်အတန်ကြာအောင် မေ့လျော့ထားလိုက်ပြီး သူ့ကိုယ်သူ လူ့ဘဝကြီး၏ ဒိဋ္ဌဓမ္မ ဘဝနှင့် အတွေးအခေါ်များကို အပ်နှံထားလိုက်သည်။ ယင်းအချက်များသည် သူ လုပ်ဆောင်ရမည့် အချက်များသာဖြစ်သည်ဟု သတ်မှတ်ထားသည်။

အလျိုရှာ ချက်ချင်းဆိုသလိုပင် ထွက်လာပြီး ကိုလျာထံသို့ လျင်မြန်စွာ လျှောက်သွားသည်။ အလျိုရှာ ဝမ်းသာကျေနပ်လျက်ရှိကြောင်း သူ့အနီးသို့ ငင်းရောက်ရှိမလာမီမှာပင် ကိုလျာ သတိပြုမိ သည်။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ပြောရမည်ဆိုလျှင် အလျိုရှာသည် သူ့ကို ကျွန်ုပ်တို့ နောက်ဆုံးအကြိမ် တွေ့ရှိပြီးသည့်နောက်ပိုင်းတွင် အများကြီး ပြောင်းလဲသွားပါသည်။ သူသည် ဘုန်းကြီးဝတ်ရုံ သင်တိုင်းရှည်ကြီးနှင့် မဟုတ်တော့ဘဲ သေသပ်စွာ ချုပ်လုပ်ထားသော ကုတ်အင်္ကျီ၊ လုံးဝန်းသော

သက္ကလတ်ဦးထုပ်နှင့် ဖြစ်သည်။ သူ၏ဆံပင်မှာလည်း ခပ်တိုတို ညှပ်ထားသည်။ ယင်းတို့သည် သူနှင့် အင်မတန် လိုက်ဖက်ပြီး သူ့ကို ကြည့်ရသည်မှာ ချောမောလှပလျက် ရှိတော့သည်။ ချစ်ခင်နှစ်သက်ဖွယ်ရာဖြစ်သော သူ၏မျက်နှာသည် အမြဲတမ်းပင် ကြည်လင် လန်းဆန်းလျက် ရှိပါသည်။ ထို့ပြင် သူ၏ ကြည်လင် လန်းဆန်းမှုက သိမ်မွေ့ နူးညံ့ခြင်း ရှိလှပါသည်။

အလျှိုရှာသည် ကုတ်အင်္ကျီရှည်ကြီးကို ထပ်မဝတ်ဘဲ ထွက်လာသဖြင့် ကိုလျာ အံ့သြရသည်။ သူ ကမန်းကတန်း ထွက်လာကြောင်း သိသာထင်ရှားသည်။ သူသည် ကိုလျာထံသို့ ချက်ချင်းဆိုသလိုပင် လက်ကို ဆန့်တန်းပေးလိုက်သည်။

"ဟော ... မင်း ရောက်လာပြီ၊ တို့အားလုံး မင်းကို မျှော်နေကြတာ"

"ရောက်လာရတဲ့ အကြောင်းတွေကို ခင်ဗျား အခုပဲ သိရပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ သိရတဲ့ အတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ဒီအခွင့်အရေးကို ကျွန်တော် စောင့်နေတာ ကြာပါပြီ။ ခင်ဗျားအကြောင်းတွေ အများကြီး ကြားရပါတယ်" ကိုလျာ အသက်ရှူ မမှန်ဘဲ ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့ တွေ့ကြပြီ မဟုတ်လား။ ကိုယ်ကလည်း မင်းအကြောင်းတွေ အများကြီး ကြားခဲ့ရပါတယ်။ ဒီမှာ သူတို့ မင်းကို မျှော်နေကြတယ်"

"ကျွန်တော့်ကိုပြောစမ်းပါ၊ ဒီက အခြေအနေတွေ ဘယ်လိုလဲ"

"အီလျူရှာရဲ့အခြေအနေ သိပ်ဆိုးတယ်၊ သေဖို့က ကျိန်းသေနေပြီ"

"တကယ်ပဲလား၊ ဆေးပညာဆိုတာ အလကား လိမ်ညာနေတာပဲ၊ အဲဒါကို ခင်ဗျား လက်ခံရမှာပဲ" ကိုလျာ ထက်သန်စွာဖြင့် ပြောလိုက်သည်။

"အီလျူရှာဟာ မင်းရဲ့နာမည်ကို မကြာခဏဆိုသလို တမ်းတနေတယ်၊ အိပ်တုန်းမှာလည်း ယောင်နေတယ်၊ ကယောင်ကတမ်းတွေ ပြောနေတဲ့အထဲမှာလည်း ပါတယ်။ တချိန်တုန်းက သူဟာ မင်းကို အင်မတန် ချစ်ခဲ့တယ်ဆိုတာ ကောင်းကောင်းကြီး ထင်ရှားနေတယ်၊ အဲဒီပြဿနာ မပေါ်ခင်အထိပေါ့၊ မောင်းချခားနဲ့ ကိစ္စပေါ့၊ အဲ နောက်ပြီးတော့ တခြားပြဿနာတခုလည်း ရှိသေးတယ်၊ ကိုယ့်ကို ပြောစမ်းပါ။ အဲဒါ မင့်ခွေးလား"

"ဟုတ်တယ်၊ ပါရဇွန်တဲ့"

"ဇူချကာ မဟုတ်ဘူးလား၊ အဲဒီခွေး တကယ် ပျောက်သွားသလား"

ကိုလျာကို စိတ်မကောင်းစွာကြည့်ရင်း အလျှိုရှာက မေးလိုက်သည်။

"ဇူချကာကို ခင်ဗျားတို့ သိပ်လိုချင်နေကြတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် အားလုံး ကြားပြီးပါပြီ"

ကိုလျာ လျှို့ဝှက်ဆန်းကြယ်စွာ ပြုံးလိုက်သည်။

"ဒီမှာ နားထောင်ပါ ကာရာမာဇော့၊ ဒီအကြောင်းတွေ ကျွန်တော် အားလုံး ပြောပြမယ်၊ အဲဒီအတွက် ကျွန်တော် လာတာပဲ၊ အဲဒီအတွက် ခင်ဗျားကို ခေါ်ရတာပဲ၊ ကျွန်တော်တို့ အထဲကို မသွားခင် ဇာတ်လမ်းတခုလုံး ခင်ဗျားကို ရှင်းပြဖို့ပဲ" စိတ်အားထက်သန်စွာဖြင့် သူ ပြောသည်။ "ကျွန်တော် ပြောမယ် ကာရာမာဇော့၊ အီလျူရှာဟာ အလယ်တန်းကျောင်းကို မနှစ်က နွေဦးက ရောက်လာတယ်၊ ခင်ဗျားသိတဲ့အတိုင်းပဲ အလယ်တန်းကျောင်းက ကျောင်းသားကလေးတွေဟာ တကယ့် ချာတိတ်တွေပဲ၊ အီလျူရှာကို သူတို့ မဆိုင်းမတွ ဆိုသလိုပဲ ဝိုင်း စ ကြတယ်။

"ကျွန်တော်က သူ့ထက် နှစ်တန်း ကြီးတယ်၊ ကျွန်တော်က သူတို့ကို ခပ်လှမ်းလှမ်းကပဲ လှေလာသူ တယောက်အနေနဲ့ ကြည့်နေခဲ့တယ်၊ ကောင်ကလေးက ငယ်ပြီး ညှက်ပေမဲ့ သူတို့ကို အလျှော့မပေး ဘူး။ သူတို့နဲ့ ပြိုင်ချတယ်၊ ကောင်ကလေးက မာန်ရှိတယ်။ သူ့မျက်လုံးတွေဟာ ဒေါသနဲ့ ရဲနေတယ်။ အဲဒီလို ကလေးမျိုးကိုမှ ကျွန်တော် ကြိုက်တယ်။

ဒါပေမဲ့ ကောင်ကလေးတွေက သူ့ကို စသည်ထက်ပိုပြီး စကြတယ်၊ အဆိုးဆုံးကတော့ ကောင်ကလေးရဲ့အဝတ်အစားတွေ စုတ်ပြတ်နေတာပဲ၊ သူ့ဘောင်းဘီက သူနဲ့ တိုပြီး ကျပ်နေတယ်၊ သူ့ဖိနပ် နှစ်ဖက်ကလည်း ပေါက်ပြဲနေကြတယ်။ ကောင်ကလေးတွေက အဲဒါကို စကြ၊ လှောင်ကြ၊ ပြောင်ကြတယ်၊ အဲဒါမျိုးကိုတော့ ကျွန်တော် မကြိုက်ဘူး။ ကျွန်တော် သူ့ဘက်ကနေ မားမားရပ်ပြီး ကောင်ကလေးတွေကို ကောင်းကောင်း ဆုံးမပေးလိုက်တယ်။ ကျွန်တော် သူတို့ကို ထိုးကြိတ်ပစ် တယ်၊ ဒါပေမဲ့ ကာရာမာဇော့၊ သူတို့အားလုံးက ကျွန်တော့်ကို ကိုးကွယ်ကြတယ်"

ကိုလျာက ပြောင်ပြောင်တင်းတင်းပင် ကြွားဝါလိုက်သည်။

"ကျွန်တော်ကလည်း သူတို့ကလေးတွေကို ချစ်တယ်၊ အိမ်မှာလည်း ချာတိတ်ကလေး နှစ်ယောက် ရှိတယ်၊ အဲဒီအတွက် ကျွန်တော် ကနေ့ နောက်ကျနေရတာပဲ၊ အဲဒီတော့မှ အီလျူရှာကို သူတို့ အနိုင်ကျင့်တာ ရပ်သွားကြတော့တယ်၊ သူ့ကို ကျွန်တော့်ရဲ့ကြည့်ရှု စောင့်ရှောက်မှုအောက်မှာ ထားလိုက်တယ်။

"သူဟာ မာန်ရှိတဲ့ ကောင်ကလေးတယောက်ပဲ၊ ဟုတ်တယ်။ သူ့မှာ

မာန်မာန အပြည့်ရှိတယ်၊ ဒါပေမဲ့ သူဟာ ကျွန်တော်နဲ့ကျတော့ ကျေးကျွန်တယောက်လိုပဲ၊ ကျွန်တော်ပြောသမျှ အားလုံး နားထောင် တယ်၊ ကျွန်တော် ခိုင်းသမျှ အားလုံးလုပ်တယ်၊ ကျွန်တော့်ပုံစံကို အကုန်လုံးလိုက်ပြီး အတုယူတယ်၊ နေ့လယ်ပိုင်း ကျောင်းဆင်းတာနဲ့ တပြိုင်နက် ကျွန်တော့်ဆီကို သူ ပြေးလာတယ်၊ ကျွန်တော်တို့ နှစ်ယောက်အတူ လျှောက်သွားကြတယ်၊ တနင်္ဂနွေနေ့မှာလည်း ဒီအတိုင်းပဲ။

“ကျွန်တော်တို့ကျောင်းမှာ ကျောင်းသားကြီးတယောက်ဟာ ကျောင်းသားလေးတယောက်နဲ့ သိပ်ပြီး ပူးနေရင် လှောင်ကြ ပြောင်ကြပါတယ်၊ ဒါပေမဲ့ ဒါဟာ တဖက်သတ် ပြောတာပဲ၊ ကျွန်တော့်အနေနဲ့ ချာတိတ်ကလေး တယောက်နဲ့ ပေါင်းတာဟာ သူ့ကို အဆွေခင်ပွန်းတယောက်အနေနဲ့ ပေါင်းတာပဲ၊ အဲဒီသဘောပဲ။ ဟုတ်တယ် မဟုတ်လား၊ ကျွန်တော် သူ့ကို သင်ပေးမယ်၊ ပုံသွန်းပေးမယ်၊ ကျွန်တော် သူ့ကို သဘောကျနေရင် ပုံစံသွင်းပေးရမှာပဲ မဟုတ်လား၊ ခင်ဗျားကော လူငယ်ကလေးတွေနဲ့ အဆွေခင်ပွန်းဖွဲ့တာပဲ မဟုတ်လား၊ မျိုးဆက်သစ်အပေါ်မှာ ခင်ဗျား လွှမ်းမိုးမှုပေးတာပဲ မဟုတ်လား၊ သူတို့ကို ပြုစု ပျိုးထောင်ပေးမယ်၊ သူတို့ကို အသုံးချမယ်၊ ခင်ဗျားမှာ အဲဒီသဘောရှိတယ် ဆိုတာ ကျွန်တော် သိတယ်၊ အဲဒါကို ကျွန်တော် သဘောအကျဆုံးပဲ။

“ထားတော့၊ ကျွန်တော်တို့စကားကို ပြန်ဆက်ကြရအောင်၊ ကောင်ကလေးမှာ ပျော့ညံ့မှုကလေးတွေ နဲ့ အစွဲအလမ်းကလေးတွေ ဝင်လာတာကို ကျွန်တော် တွေ့ရတယ်။ ကျွန်တော်က အဲဒီလို ပျော့ညံ့တာမျိုးကို အင်မတန် မုန်းတယ်၊ ငယ်ငယ်ကလေးကတည်းက မုန်းတယ်။ သူ့မှာ ဝိရောဓိ ဖြစ်နေတာကလေးတွေ ရှိတယ်၊ သူ့မှာ မာန်မာန ရှိတယ်။ ဒါပေမဲ့ သူဟာ ကျွန်တော့်ကို အရှင်သခင် တယောက်လို ကိုးကွယ်တယ်။ နောက်ပြီးတော့ တချိန်တည်းမှာပဲ သူဟာ မျက်လုံးတွေ အရောင် တလက်လက် တောက်လာပြီး ကျွန်တော်နဲ့ သဘောထား ကွဲလွဲတယ်၊ သူ ငြင်းတယ်၊ ဒေါသတွေ ဖြစ်လာတယ်။ ကျွန်တော်က သူ့ကို မကြာမကြာဆိုသလို လက်ခံစဉ်းစားစရာ အတွေးအခေါ်ကလေး တွေ ပေးတယ်။ အဲဒါကို သူ လက်မခံဘူး၊ သဘောမတူဘူး။ ဒါပေမဲ့ ဘာလို့လဲဆိုတာ ကျွန်တော် သိတယ်၊ သူ့ရဲ့ချစ်ခင်လေးစားမှုကို ကျွန်တော်က အေးတိအေးစက်နိုင်တဲ့အတွက် သူက ကျွန်တော့် ကို ပုန်ကန်ဆန့်ကျင်တာပဲ၊ အဲဒီတော့ ကျွန်တော်က သူ့ကို ရင့်ကျက်လာအောင် လေ့ကျင့်ပေးတဲ့ အနေနဲ့ သူက ပျော့လေ ကျွန်တော်က မာလေ လုပ်ပေးရတယ်၊ ဒါဟာ ကျွန်တော့် စိတ်ကူးအရ တမင်တကာ လုပ်တာပဲ၊ ကျွန်တော့်ရည်မှန်းချက်ကတော့ သူ့ကို ပုံစံသွင်းပေးတာပဲ၊ သူ့ကို လူတယောက် ဖြစ်လာအောင် လုပ်ပေးတာပဲ၊ အဲဒီသဘောပဲ၊ အဲ ကျွန် တော် ပြောတာကို ခင်ဗျား သဘောပေါက်တယ် မဟုတ်လား။

"အဲဒီလိုနဲ့ ဖြုန်းခနဲ ဆိုသလို သုံးရက်လုံးလုံး ဆက်တိုက် ကျွန်တော် သတိထားမိရတာကတော့ သူဟာ အကြီးအကျယ်ကြီး စိတ်ကယောက်ကယက်ဖြစ်ပြီး စိတ်ခုတ် ချောက်ချားနေတာပဲ၊ အဲဒီလို ဖြစ်ရတာက ကျွန်တော် အေးတိအေးစက် လုပ်တဲ့အတွက် မဟုတ်ဘဲ တခြားကိစ္စတခုအတွက် ဖြစ်နေတယ်။ ပိုပြီး အရေးကြီးတဲ့ ကိစ္စတခုအတွက် ဖြစ်နေတယ်။ အဲဒီတော့ ဘာများ ဖြစ်ရတာလဲ ဆိုပြီး ကျွန်တော် အံ့သြရတယ်။ ကျွန်တော် သူ့ကို အတင်းမေးတော့မှ ဘာဆိုတာကို သိရတယ်။

"သူဟာ ခင်ဗျားအဖေရဲ့လက်ပါးစေ ဆမာယာကော့ကို တနည်းနည်းနဲ့ သိကျွမ်းခဲ့ရတယ်။ (အဲဒီတုန်းက ခင်ဗျားအဖေ မသေသေးဘူး) ဆမာယာကော့က သူ့ကို အတတ်ကောင်းတခု သင်ပေးခဲ့တယ်။ အတတ်ကောင်းဆိုတာက အင်မတန် ညစ်ပတ်ယုတ်မာတဲ့၊ ဘယ်လိုမှ လူမဆန်တဲ့ အတတ်တခုပဲ။ အဲဒါကတော့ ပေါင်မုန့်ထဲမှာ အပ်စိုက်ထားပြီး ဘာမဆို တခါတည်း မျိုချလိုက်မယ် ဆိုတဲ့ ငတ်ပြတ်နေတဲ့ခွေးလေခွေးလွင့်တကောင်ကို ပစ်ကျွေးပြီး အဲဒီခွေးကြီး ဘယ်လိုဖြစ်သွားတယ် ဆိုတာကို စောင့်ကြည့်ကြဖို့ပဲ။

"အဲဒီလိုနဲ့ သူတို့ဟာ ပေါင်မုန့်ထဲမှာ ပင်အပ်တချောင်း မြှုပ်ထားပြီး ဇူချကာကို ပစ်ကျွေးကြတာပဲ။ အခု သူတို့ ပြဿနာ ဖြစ်နေရတဲ့ ခွေးကြီးပဲ။ အဲဒီခွေးကြီးကို မွေးထားတဲ့ အိမ်ရှင်တွေက ဘာအစာမှ မကျွေးတဲ့အတွက် တနေ့လုံး ဟောင်နေတဲ့ခွေးကြီးပဲ (အဲဒီလို ဟောင်နေတာမျိုးကို ခင်ဗျား သဘောကျသလား ကာရာမာဇော့၊ ကျွန်တော်တော့ ဘယ်လိုမှ သည်းမခံနိုင်ဘူး)။ အဲဒီလိုနဲ့ ခွေးကြီးဟာ ပေါင်မုန့်ကို ပြေးဟပ်ပြီး မျိုချလိုက်တယ်။ ခွေးကြီးဟာ တအားကုန် အော်လိုက်ပြီး ချာလပတ်ယမ်းသွားတော့တာပဲ၊ ခွေးကြီးဟာ အဲဒီ နေရာမှာပဲ ပတ်ချာလည်ပြီး စူးစူးဝါးဝါးအော်ရင်း ထွက်ပြေးတော့တာပဲ။ အဲဒီကတည်းက ခွေးကြီးဟာ တခါတည်း ပျောက်သွားတော့တာပဲ။

"အီလျူရှာကိုယ်တိုင် ကျွန်တော့်ကို အဲဒီအတိုင်း ပြောပြတာပဲ။ သူက ကျွန်တော့်ကို ဒီအကြောင်းတွေ ပြောပြပြီး ငိုပြီးရင်း ငိုနေတော့တာပဲ၊ သူ ကျွန်တော့်ကို ဖက်ထားတယ်၊ တကိုယ်လုံး တုန်နေတယ်။ 'ခွေးကြီးဟာ အော်ရင်း ပြေးရင်း၊ ပြေးရင်း အော်ရင်းပဲ' အဲဒီစကားကို သူ ထပ်တလဲလဲပြောနေတယ်။ အဲဒီမြင်ကွင်းဟာ သူ့မျက်စိထဲမှာ စွဲနေပုံရတယ်။ သူ့ကို ခြောက်လှန့်နေတယ်၊ သူ စိတ်မကောင်း ဖြစ်နေတာကို ကျွန်တော် တွေ့ရတယ်။ ဒီကိစ္စကို ကျွန်တော် အလေးအနက်ထားတယ်၊ သူလုပ်ခဲ့တာတွေ အားလုံးအတွက် သူ့ကို ပညာပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ အဲဒီအတွက် ကျွန်တော်က ပရိယာယ် သုံးမှဆိုပြီး တကယ် စိတ်ဆိုးနေတာထက်ပိုပြီး စိတ်ဆိုးဟန် ဆောင်လိုက်တယ်။

"မင်းလုပ်ပုံဟာ အင်မတန် ယုတ်မာပြီး မင်းဟာ လူယုတ်မာတယောက်ပဲ၊

ဒီအကြောင်းကို ငါ ဘယ်သူ့ကိုမှ ပြန်မပြောဘူး၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ငါ မင်းနဲ့ အပေါင်းအသင်း မလုပ်တော့ဘူး။ ဒီကိစ္စကို ငါ သေသေချာချာ စဉ်းစားပြီး ဆမ်မူရေ့ကနေတဆင့် (ဆမ်မူရေ့ ကတော့ ကျွန်တော်နဲ့ အခု အတူလာတဲ့ ကောင်ကလေးပဲ၊ ကျွန်တော့်အပေါ်မှာ အမြဲတမ်း သစ္စာရှိတဲ့ ကောင်ကလေးပဲ) မင်းနဲ့ဆက်ပြီး အပေါင်းအသင်း လုပ်ရမလား၊ ဒါမှမဟုတ် သေခန်းပြတ်ရမလား ဆိုတာကို ပြောမယ်လို့ ပြောလိုက်တယ်”

“အဲဒီအခါမှာ သူဟာ အတော်ကြီးကို ကယောက်ကယက် ဖြစ်သွားတယ်။ ကျွန်တော် လုပ်လိုက်တာ ဟာ နည်းနည်းလွန်သွားပြီဆိုတာကို ကျွန်တော် ချက်ချင်းပဲ သိလိုက်တယ်။ ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ကျွန်တော့်အနေနဲ့ အဲဒီအချိန်တုန်းက အကောင်းဆုံး စိတ်ကူးမိတာကို လုပ်လိုက်တာ ပဲ။ နောက်တနေ့မှာပဲ ဆမ်မူရေ့ကိုလွှတ်ပြီး သူနဲ့ ကျွန်တော် ‘စကားပြောတဲ့အဆင့်မှာ မရှိတော့ဘူး’ ဆိုတာကို ပြောခိုင်းလိုက်တယ်။ အဲဒါကတော့ ကျောင်းသားနှစ်ယောက် တယောက်နဲ့တယောက် ဘယ်လိုမှ ပတ်သက်စရာ မရှိတော့တဲ့အခါမှာ သုံးတဲ့ စကားလုံးပဲ။

“ကျွန်တော့်စိတ်ထဲကတော့ သူ့ကို သုံးလေးရက်လောက် ဝိုင်းပယ်ထားရုံလောက်၊ သူ နောင်တ ရတာကို တွေ့ရတာနဲ့ တပြိုင်နက် သူ့ကို တံခါးပြန်ဖွင့်ပေးဖို့ပါပဲ။ အဲဒါ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် အမှန်ပါပဲ၊ ဒါပေမဲ့ သူ ဘာလုပ်တယ်လို့ ခင်ဗျား ထင်သလဲ။ ဆမ်မူရေ့ဆီက သတင်းလည်းကြားရော သူ့မျက်လုံးတွေ အရောင်တောက်လာပြီး သူ အော်တော့တာပဲ။ ‘ကရာဆိုကင်ကို ငါက ပြောတယ်လို့ ပြောလိုက်၊ ကနေ့က အပ်မြှုပ်ထားတဲ့ ပေါင်မုန့်တွေကို ခွေးတွေအားလုံးကို ကျွေးမယ်လို့ ပြောလိုက်’ အဲဒီတော့ ကျွန်တော် တွေးမိတယ်၊ ‘အင်း သူ့မှာ ဒေါသမာန်ကလေး တက်လာတာပဲ။ ဒါကို ငါတို့လွှင့်ထုတ်ပစ်ရမယ်’ အဲဒါနဲ့ ကျွန်တော် သူ့ကို အင်မတန် ရွံ့မုန်းဟန်နဲ့ ဆက်ဆံတော့တယ်။ သူနဲ့ ကျွန်တော် တွေ့တိုင်း မျက်နှာလွှဲပစ်တယ်၊ ဒါမှမဟုတ် သရော်ပြုံး ပြုံးပြတယ်။

“အဲဒီအချိန်မှာပဲ သူ့အဖေရဲ့ပြဿနာ ပေါ်လာတာပဲ၊ ခင်ဗျား မှတ်မိတယ် မဟုတ်လား၊ မြက်ဖုတ်ကြီး ပြဿနာပေါ့။ သူ့မှာ သည့်အရင်က ပြဿနာကြောင့် ဘယ်လောက် ဒေါသဖြစ်နေရပြီ ဆိုတာကို ခင်ဗျား သိတယ်မဟုတ်လား၊ ကျွန်တော်က သူ့ကို စွန့်လွှတ်ထားလိုက်ပြီဆိုတာ သိတဲ့ ကောင်ကလေးတွေက သူ့ကို စကြတယ်။ ‘မြက်ဖုတ်ကြီး၊ မြက်ဖုတ်ကြီး’ ဆိုပြီး အော်ကြတယ်။ အဲဒီနောက်မှာတော့ သူဟာ ကောင်ကလေးတွေနဲ့ မကြာခဏ ရန်ပွဲဆင်နွှဲရတယ်။ အဲဒီအတွက် ကျွန်တော် တော်တော် စိတ်မကောင်းဖြစ်ရတယ်၊ တကြိမ်မှာ သူဟာ တော်တော်ကလေး ခံလိုက်ရတယ် ဆိုတာ သိရလို့ပဲ။

“တနေ့ကျတော့ သူဟာ ကောင်ကလေးတွေနဲ့ ကျောင်းဆင်းချိန်မှာ ကျောင်းဝင်းထဲမှာ တွေ့ရပြန်တယ်။ ကျွန်တော်က ခပ်လှမ်းလှမ်းကနေပြီး ကြည့်နေတယ်။ အဲဒီအချိန်က ကျွန်တော့် အနေနဲ့ နည်းနည်းကလေးမှ မရယ်မိဘူး၊ မနောက်မိဘူးဆိုတာ ကျိန်ပြီး ပြောနိုင်ပါတယ်။ ကျွန်တော်ဟာ မရယ်ရုံ မနောက်ရုံတင် မကဘူး၊ သူ့အတွက် အများကြီးကို စိတ်မကောင်း ဖြစ်မိနေတယ်၊ နောက်တမိနစ်လောက်နေရင် ကျွန်တော်ဟာ သူ့ဘက်ကနေ ပြေးပြီး ကူတော့မှာပဲ၊ အဲဒီအချိန်မှာပဲ သူ့ကို ကြည့်နေတဲ့ ကျွန်တော့်ကို သူ မြင်သွားတယ်၊ သူ့စိတ်ထဲမှာ ဘယ်လို စိတ်ကူးမိသလဲဆိုတာ ကျွန်တော် မသိဘူး၊ သူဟာ မောင်းချခားကို ဆွဲထုတ် ကျွန်တော်ဆီကို ပြေးလာပြီး ကျွန်တော့်ပေါင်ကို တအားထိုးချလိုက်တော့တာပဲ၊ ဟောဒီ ညာဘက်ပေါင်ကိုပဲ။

“ကျွန်တော် နည်းနည်းကလေးမှ မလှုပ်ဘူး၊ ကျွန်တော်ဟာ တခါတခါမှာ အင်မတန် သတ္တိရှိပါတယ် ကာရာမာဇော့။ ကျွန်တော် သူ့ကို အင်မတန် စက်ဆုပ်ရွံရှာတဲ့အနေနဲ့ပဲ ကြည့်နေပါတယ် ‘မင်းအပေါ်မှာ ငါ ကောင်းခဲ့သမျှတွေအတွက် ကျေးဇူးဆပ်တာပဲပေါ့ ဟုတ်လား၊ ထိုးချင်သေးရင် ထပ်ထိုးလိုက်ပါဦး’ လို့ ပြောနေတဲ့ သဘောပဲပေါ့။ ဒါပေမဲ့ သူ နောက်တခါ ထပ်မထိုးတော့ပါဘူး၊ သူ မထိုးနိုင်တော့ဘူး။ သူ လုပ်လိုက်တဲ့ကိစ္စအတွက် သူ အကြောက်ကြီး ကြောက်သွားပုံရတယ်၊ ဓားကို လွှင့်ပစ်လိုက်တယ်၊ ပြီးတော့ တခါတည်း ငိုပြီး ထွက်ပြေးတော့တာပဲ။

“သူ အဲဒီလို လုပ်တဲ့အတွက် ကျွန်တော် အတိုင်အတောတွေ မလုပ်ပါဘူး၊ ကောင်ကလေးတွေကို လည်း ဒီကိစ္စ ဘယ်သူ့ကိုမှမပြောဖို့ ကျွန်တော် ပိတ်ထားတယ်၊ ဆရာတွေရဲ့နားကို ပေါက်မသွားအောင်လည်း ဒဏ်ရာ မကျက်မချင်း အမေ့ကိုတောင် ကျွန်တော် မပြောခဲ့ဘူး၊ နောက်ပြီးတော့ ဒဏ်ရာကလည်း သိပ်မကြီးပါဘူး၊ ရှပ်ပြီး ခြစ်မိသွားတာလောက်ပါ။

“အဲဒီနေ့မှာပဲ သူဟာ ကောင်ကလေးတွေနဲ့ အပြန်အလှန် ခဲပေါက်ပြီး ခင်ဗျားရဲ့လက်ကို ကိုက်တဲ့ အကြောင်း ကြားရတယ်၊ အဲ သူ့အခြေအနေ ဘယ်လိုရှိနေတယ် ဆိုတာကို ခင်ဗျား နားလည်နိုင် ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စ ဘယ်လိုမှ မတတ်နိုင်ဘူး ကျွန်တော့်အနေနဲ့ သူ နေမကောင်းနေတုန်းမှာ သူ့ဆီကိုလာပြီး သူ့ကို ခွင့်မလွှတ်တာ ကျွန်တော့်အပြစ်ပဲ၊ ကျွန်တော်ဆိုလိုတာက သူနဲ့ ပြန်လည် သင့်မြတ်အောင် မလုပ်ခဲ့တာပဲ၊ အဲဒီအတွက် ကျွန်တော် အခု စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာ အထူးအကြောင်း ရှိနေပါတယ်။ အဲဒီတော့ ခင်ဗျားကို ကျွန်တော် ပြောစရာရှိတာတွေ အားလုံး ပြောပြီးပါပြီ၊ တကယ်တော့ ကျွန်တော့်အပြစ်ပါပဲ”

“အို စိတ်မကောင်းစရာပါပဲလား” ဟု အလျှိုရှာ စိတ်ထိခိုက်စွာဖြင့်

ရွတ်ဆိုလိုက်သည်။ "မင်းနဲ့ သူရဲ့ ဆက်ဆံရေးကို ကိုယ် စောစောက မသိခဲ့ပါဘူး၊ သိလို့ရှိရင် အစောကြီးကတည်းက မင်းဆီကို ကိုယ်လာပြီး ကိုယ်နဲ့အတူတူ သူ့ဆီကို သွားဖို့ မင်းကို ပြောပါတယ်။ သူ အဖျားတက်ပြီး ကယောင်ကတမ်းတွေ ပြောနေတဲ့အချိန်မှာ မင်းအကြောင်းတွေကို သူ ပြောနေတယ်။ သူ့အဖို့ မင်းဟာ ဘယ်လောက်အရေးကြီးတယ် ဆိုတာကို ကိုယ် မသိခဲ့ဘူး။ ဒါနဲ့ ဇူချကာကို မင်း တကယ်ပဲ ရှာမတွေ့တော့ဘူးလား။ သူ့အဖေနဲ့ ကောင်ကလေးတွေ အားလုံး အဲဒီခွေးကို တမြို့လုံး လိုက်ရှာကြ တယ်၊ မင်း သိသလားပဲ၊ သူဟာ နေမကောင်းဖြစ်မှ သူ့အဖေကို ကိုယ့်ရှေ့မှာ သုံးခါလောက် ပြောခဲ့တယ်၊ 'ကျွန်တော် အခုလို နေမကောင်းဖြစ်ရတာ ဇူချကာကို ကျွန်တော် သတ်ခဲ့မိတဲ့အတွက်ပဲ ဖေဖေ၊ ဘုရားသခင်က အဲဒီ ဒုစရိုက်မှုအတွက် ကျွန်တော့်ကို ဒဏ်ခတ်လိုက်တာပဲ' အဲဒီအတွေးဟာ သူ့ခေါင်းထဲမှာ စွဲနေတယ်။ အဲဒီခွေးကို မင်းရှာတွေ့ပြီး မသေဘူးဆိုတာ ပြနိုင်လို့ရှိရင် သူဟာ ဝမ်းသာပြီး ပြန်နေကောင်းလာမှာပဲလို့ ကိုယ် တွေးနေမိတယ်၊ ဒါကြောင့် ကိုယ်တို့ အားလုံးဟာ မင်းအပေါ်မှာ မျှော်လင့် အားထားနေခဲ့ကြတယ်"

"နေပါဦး၊ ဇူချကာကို ကျွန်တော် ရှာရင် တွေ့လိမ့်မယ်လို့ ခင်ဗျားတို့ ဘာဖြစ်လို့ ထင်ရတာလဲ၊ တခြားလူတယောက်ကို မစဉ်းစားဘဲ ဘာဖြစ်လို့ ကျွန်တော့်ကို စဉ်းစားကြရတာလဲ"

ကိုလျာက အထူးသိချင်စိတ်ဖြင့် မေးမြန်းလိုက်သည်။

"ဇူချကာကို မင်းလိုက်ရှာနေတဲ့အကြောင်းနဲ့ တွေ့လို့ရှိရင် ဒီကို ခေါ်လာမယ့်အကြောင်း သတင်းစကားတွေ ဖြစ်နေတယ်၊ ဆမ်မူရော့က အဲဒီသဘောမျိုး ပြောခဲ့တာပဲ၊ ဇူချကာ မသေဘဲ တနေရာမှာ တွေ့လိုက်ရတယ်လို့ အီလျူရှာကို တို့ ပြောထားတယ်။ ကောင်ကလေးတွေက သူ့အတွက် ယုန်လိမ္မာကလေးတကောင် ယူလာကြတယ်၊ ဒါပေမဲ့ သူက ယုန်ကလေးကို ကြည့်ပြီး သူ့ကို ကွင်းထဲမှာ သွားလွှတ်လိုက်ဖို့ ပြုံးပြုံးကလေး ပြောတယ်။ ဒါနဲ့ ကိုယ်တို့လည်း သူပြောတဲ့ အတိုင်း သွားလွှတ်ပစ်လိုက်ရတယ်၊ သူ့အဖေလည်း အခုပဲ ပြန်ရောက်လာတယ်၊ သူနဲ့ ခွေးသမင် ကလေးတကောင် ပါလာတယ်၊ သူ့ကို ဒီခွေးကလေးနဲ့ နှစ်သိမ့်ကြဖို့ပဲ။ ဒါပေမဲ့ အခြေအနေက ပိုပြီးမှတောင် ဆိုးလာတယ်"

"ကျွန်တော့်ကို နောက်တခု ပြောပါဦး ကာရာမာဇော့၊ သူ့အဖေကို ခင်ဗျား ဘယ်လို သဘောရသလဲ၊ သူ့ကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဘယ်လို သတ်မှတ်သလဲ။ သူဟာ လူပြက်ကြီး တယောက်လား၊ လူပြောင်ကြီး တယောက်လား"

"အို မဟုတ်ဘူး၊ လောကကြီးမှာ ဘဝရဲ့ အထုအထောင်းကို ခံရပြီး ရင်ထဲမှာ

ခံစားမှုတွေ အပြည့်အသိပ် ဖြစ်နေတဲ့လူတွေ အများကြီးရှိတယ်။ အဲဒီလူတွေဟာ သူတို့အပေါ်မှာ ဖိနှိပ် ထုထောင်းပြီး စော်ကားနှိမ့်ချနေတဲ့ လူတွေကို အမှန်တရားတွေကို အမှန်အတိုင်း ပြန်မပြောရဲတဲ့ အခါမှာ ပျော်စေ ပြက်စေ သဘောနဲ့ ပြောင်သလို နောက်သလိုနဲ့ လူပေါ်ကြီးလို လျှောက်ပြောနေကြ တာပဲ၊ အဲဒီလိုမျိုး အပြောင်အပြက်သမားတွေဟာ အင်မတန် သနားစရာကောင်းတယ် ကရာဆိုကင်၊ အခုဆိုရင် သူ့ဘဝတခုလုံးဟာ အီလျူရှာအပေါ်မှာ တည်နေတယ်၊ တကယ်လို့ အီလျူရှာ သေသွားလို့ ရှိရင် သူဟာ အပူလုံးဆို့ပြီး ရူးချင်ရင်လည်း ရူးသွားလိမ့်မယ်၊ ဒါမှမဟုတ် သူ့ကိုယ်သူ သတ်သေလိမ့်မယ်၊ စောစောက သူ့ကို ကိုယ် မြင်ရတဲ့အခါမှာ ကိုယ် အခုပြောတဲ့အတိုင်း ဖြစ်ဖို့ဟာ အင်မတန် သေချာနေတယ်”

“ခင်ဗျားပြောတာ ကျွန်တော် သဘောပေါက်ပါတယ် ကာရာမာဇော့၊ လူတွေရဲ့အကဲကို ခင်ဗျား ကောင်းကောင်း နားလည်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်” စိတ်နှလုံး ထိခိုက်လှုပ်ရှားစွာဖြင့် ကိုလျာ ပြောလိုက်သည်။

“မင်းကို ခွေးတကောင်နဲ့အတူ တွေ့လိုက်ရတော့ ဇူချကာကို မင်း ခေါ်လာပြီလို့ ကိုယ် ထင်လိုက်တယ်”

“ခဏနေဦး ကာရာမာဇော့၊ ဇူချကာကို ကျွန်တော်တို့ ရှာတွေ့နိုင်ပါတယ်၊ သူကတော့ ပါရဇွန်ပဲ၊ ကျွန်တော် အခု သူ့ကို အိမ်ထဲခေါ်သွားမယ်၊ သူက အီလျူရှာကို ခွေးသမင်လေးထက်တော့ နှစ်သိမ့်နိုင်ပါလိမ့်မယ်၊ ခဏနေဦး ကာရာမာဇော့၊ တစ်မိနစ်အတွင်းမှာပဲ ထူးခြားတာတခု ခင်ဗျား တွေ့ရလိမ့်မယ်၊ အို ဒါနဲ့ ခင်ဗျားကို ကျွန်တော် နှင်းတောထဲမှာ ခေါ်ထားမိပါကလား” ကိုလျာ ရုတ်တရက် ရွတ်ဆိုလိုက်သည်။ “ဒါလောက် အေးနေတဲ့အထဲမှာ ခင်ဗျားဟာ ရိုးရိုးကုတ်အင်္ကျီ ကလေးနဲ့ ပါကလား၊ ကြည့်စမ်း၊ ကျွန်တော်ဟာ တော်တော် တကိုယ်ကောင်းဆန်တာပဲ၊ အင်းလေ၊ ကျွန်တော်တို့အားလုံးဟာ တကိုယ်ကောင်းသမားတွေချည်းပဲ မဟုတ်လား ကာရာမာဇော့”

“ဒါလောက်လည်း မစိုးရိမ်ပါနဲ့၊ ဒီမှာ အေးတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကိုယ်က တော်ရုံတန်ရုံနဲ့ အအေးမမိတတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ အထဲကို သွားကြစို့၊ ဩော် ... ဒါနဲ့ စကားမစပ် မင်းနာမည် အပြည့်အစုံက ဘယ်သူလဲ၊ မင်းကို ကိုလျာလို့ပဲ ကိုယ်သိတယ်၊ နောက်ဆက်တွဲ နာမည်တွေက ဘာလဲ”

“နီကိုလေ အိုက်ဗင်နိုဗစ် ကရာဆိုကင်၊ ဒါမှမဟုတ် စာရွက်စာတမ်းတွေမှာ သူတို့ တရားဝင် ရေးတဲ့အတိုင်း ကရာဆိုကင် ဂျူနီယာပေါ့” ကိုလျာ ဘာကြောင့်မှန်းမသိ ရယ်မောလိုက်သည်။ ထို့နောက် ရုတ်ခြည်းဆိုသလို ဆက်ပြောသည်။ “ဒါပေမဲ့ နီကိုလေဆိုတဲ့ နာမည်ကိုတော့ ကျွန်တော် မကြိုက်ဘူး”

“ဘာဖြစ်လို့လဲ”

“နုပ်လွန်းတယ်၊ ရိုးလွန်းတယ်”

“မင်းအသက် ဆယ့်သုံးနှစ်လား” အလျှိုရှာက မေးလိုက်သည်။

“မဟုတ်ဘူး၊ ဆယ့်လေးနှစ်။ နောက်နှစ်ပတ်ဆိုရင် ကျွန်တော် ဆယ့်လေးနှစ်ပဲ၊ ဘာမှ မကြာတော့ဘူး၊ ကျွန်တော့်မှာ အားနည်းချက်တခုရှိတာကို ကျွန်တော် ဝန်ခံပါ ကာရာမာဇော့။ ဘာဖြစ်လို့ ဝန်ခံရသလဲဆိုတော့ ကျွန်တော်တို့ နှစ်ယောက်အနေနဲ့ ဒါဟာ ပထမဆုံးအကြိမ် တွေ့ကြတာဖြစ်တော့ ကျွန်တော့်ရဲ့စရိုက်ကို ခင်ဗျား စစချင်း သဘောပေါက်ထားဖို့ လိုပါလိမ့်မယ်၊ ကျွန်တော့်အသက်ကို မေးတာ ကျွန်တော် မကြိုက်ဘူး၊ မကြိုက်တာမှ မကြိုက်တကာ့ မကြိုက်ဆုံးပဲ၊ အဲ အဲ နောက်တခုကတော့ ပြီးခဲ့တဲ့အပတ်ထဲမှာ ကျောင်းသားကလေးတွေနဲ့ ကျွန်တော် ခိုးပြေလုပ်တမ်း ကစားတယ်ဆိုတဲ့ နာမည်ပျက် ဇာတ်လမ်းတပုဒ်ပဲ။ ဟုတ်တယ်၊ သူတို့နဲ့ ကျွန်တော် ကစားတာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော့်အတွက် ကစားတယ်ဆိုတာ... ကျွန်တော် အပျင်းပြေရအောင် ကစားတယ် ဆိုတာကတော့ ကျွန်တော့်ကို သက်သက် နာမည်ဖျက်တာပဲ၊ ဒီအကြောင်းကို ခင်ဗျား ကြားပြီးပြီလို့ ကျွန်တော် ယူဆတယ်၊ ဒါပေမဲ့ ကျွန်တော် အပျင်းပြေဖို့ ကျွန်တော် ကစားတာ မဟုတ်ပါဘူး၊ ကလေးတွေအတွက် ကျွန်တော် ကစားတာပါ၊ သူတို့ကိုယ်တိုင် မလုပ်နိုင်တာကို လုပ်ပေးတာပါ၊ ဒါပေမဲ့ လူတွေဟာ ဘယ်တော့မဆို ပေါက်ကရလေးဆယ်တွေ လျှောက်ပြောနေကြ တယ်၊ ကျွန်တော်တို့မြို့က အတင်းပြောတာ ဝါသနာပါတယ်”

“နေပါဦး မောင်ရင်၊ ကစားချင်လို့ ကစားတော့ကော ဘာဖြစ်သလဲ၊ ဘာထိခိုက်စရာ ရှိသလဲ”

“အဲ ဟုတ်ပြီ၊ ကျွန်တော် ကစားချင်လို့ ကျွန်တော် ကစားတာပဲ၊ ဒါပေမဲ့ မြင်းလုပ်တမ်းတော့ ခင်ဗျားမကစားဘူး မဟုတ်လား”

“ဒါက ဒီလိုရှိပါတယ်” အလျှိုရှာ ပြုံးရယ်ကာ ပြောသည်။ “ဥပမာ လူကြီးတွေ ပွဲ သွားကြည့်ကြတယ်၊ အဲဒီမှာ ဇာတ်လိုက်တွေက စွန့်စားခန်းတွေ အမျိုးမျိုးလုပ်ပြကြတယ်။ အဲဒီမှာ ခိုးပြေတွေလည်း ပါတယ်၊ တိုက်ကြခိုက်ကြတယ်၊ ဒါဟာ မင်းတို့ ကစားတာနဲ့ အတူတူပဲ မဟုတ်လား၊ ပုံစံပဲ ခြားနားတယ်။ လူငယ်လေးတွေ စစ်တိုက်တမ်း၊ ခိုးပြေတိုက်တမ်း ကစားတာဟာ သူတို့အနေနဲ့ စလုံးရေစ သဏ္ဍာန်လုပ် သရုပ်ဆောင်ကြတာပဲ၊ ငယ်ရွယ်နုပျိုတဲ့ နှလုံးသားမှာ အနုပညာ သီးပွင့်လာတာပဲ၊ တခါတခါမှာ ကလေးတွေ ကစားကြတာဟာ ဇာတ်ခုံပေါ်မှာ ကပြတာထက် အများကြီး ပိုကောင်းတယ်၊ တခုပဲ ခြားနားတယ်၊ လူကြီးတွေက ဇာတ်လိုက်တွေ သရုပ်ဆောင်တာ တွေကို ကြည့်ဖို့ ဇာတ်ရုံကို

သွားကြတယ်၊ လူငယ်တွေက သူတို့ကိုယ်တိုင် သရုပ်ဆောင်တွေ ဖြစ်ကြတယ်။ တကယ်တော့ ဒါဟာ သဘာဝတရားပဲ”

“ခင်ဗျား ဒီလိုပဲ ထင်သလား၊ ဒါဟာ ခင်ဗျားရဲ့ အယူအဆပဲလား” ကိုလျာက သူ့ကို စူးစိုက်စွာ ကြည့်ရင်း မေးလိုက်သည်။ “အင်း၊ ခင်ဗျားပြောတာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အယူအဆပဲ၊ အိမ်ကျမှ ကျွန်တော် ပြန်ပြီး စဉ်းစားဦးမယ်။ ခင်ဗျားဆီက ပညာတခုခု ရနိုင်တယ်လို့ ကျွန်တော် ယူဆထားပါတယ်၊ အဲဒါကို ကျွန်တော် ဝန်ခံပါတယ်၊ ခင်ဗျားဆီက ပညာယူရအောင် ကျွန်တော် လာတာပဲ ကာရာမာဇော့”

ကိုလျာ စိတ်ပါလက်ပါဖြင့် စကားကို လက်စသတ်လိုက်သည်။

“ကိုယ်ကလည်း မင်းဆီက ပညာရအောင်ပါပဲ”

အလျိုရှာက ပြုံးရယ်ကာ ပြောလိုက်ပြီး သူ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ အလျိုရှာကို ကိုလျာ အထူးပင် သဘောကျ ကျေနပ်လျက်ရှိသည်။ သူ့အနေနှင့် သဘောအကျဆုံးကတော့ သူ့ကို အလျိုရှာက တန်းတူရည်တူ ဆက်ဆံခြင်းပင် ဖြစ်သည်။ သူ့ကို ‘လူကြီး’ တယောက်အနေနှင့် ပြောဆိုဆက်ဆံခြင်းပင် ဖြစ်သည်။

“ခင်ဗျားကို ကျွန်တော် လက်တွေ့တခုပြမယ် ကာရာမာဇော့၊ အနုပညာ သရုပ်ဆောင်မှုတခုပဲ ဆိုပါတော့” ကိုလျာ ကသိကအောက် ရယ်မောလိုက်သည်။ “အဲဒီအတွက် ကျွန်တော် လာခဲ့တာပဲ”

“ကိုယ်တို့ ပထမဆုံး လက်ဝဲဘက်က အိမ်ရှင် မိန်းမကြီးရဲ့အခန်းကို အရင်ဆုံး သွားကြရအောင်၊ ကလေးတွေအားလုံး သူတို့ရဲ့ကုတ်အင်္ကျီကြီးတွေကို အဲဒီမှာ ချွတ်ထားခဲ့ကြတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အီလျူရှာ နေတဲ့အခန်းက သေးပြီး ပူလို့ပဲ”

“အို ကျွန်တော်က တခဏလေးနေမှာပဲ၊ အိုဗာကုတ်ကို မချွတ်တော့ဘူး၊ ဒီအတိုင်းပဲ ဝင်သွားမယ်၊ ပါရဇွန်က စင်္ကြံလမ်းပေါ်မှာပဲ သေချင်ယောင်ဆောင်ပြီး နေရစ်ခဲ့လိမ့်မယ်၊ ကဲ ဟေ့ ပါရဇွန်၊ လှဲချလိုက်ပြီး သေပေတော့၊ ဟော တွေ့လား၊ သူ သေသွားပြီ။ ကျွန်တော် အထဲကိုသွားပြီး အခြေအနေကို အရင် လေ့လာစူးစမ်းမယ်၊ ပြီးမှ ကျွန်တော် သူ့ကို လိုအပ်တဲ့အချိန်မှာ ခရာမှုတ်ပြီး ခေါ်လိုက်မယ်။ အဲဒီအခါကျရင် သူ တဟုန်ထိုး ပြေးဝင်လာလိမ့်မယ်၊ ဆမ်မူရေ့ာက တံခါးကို အချိန်ကိုက် ဖွင့်ပေးဖို့ပဲ လိုတယ်၊ အဲဒါကို ကျွန်တော် စီစဉ်ထားမယ်၊ ပြီးရင် ခင်ဗျားတို့ လက်တွေ့ မြင်ကြရလိမ့်မယ်”

၅။ အီလျူရှာ၏ ခုတင်ဘေးဝယ်

အငြိမ်းစားဗိုလ်ကြီး မိသားစု နေထိုင်သော အခန်းကို စာဖတ်သူများ သိရှိပြီး ဖြစ်ပါသည်။ ယင်းအခန်းသည် ထိုအချိန်က လူတွေ ပြည့်ညပ်ပြီး အသက်ရှူမွန်းကျပ်လျက် ရှိပါသည်။ ထိုနေ့က လူငယ်ကလေးတွေ တော်တော်များများပင် အီလျူရှာကို လာရောက်တွေ့ဆုံကြသည်။ ၎င်းတို့ကို အလျှိုရှာကပင် ခေါ်ဆောင်လာပြီး အီလျူရှာနှင့် သင့်မြတ်အောင် လုပ်ဆောင်ပေးခြင်းကို ဆမ်မူရော့ နည်းတူ အားလုံးကပင် ငြင်းဆိုရန် ပြင်ဆင်ထားကြသော်လည်း အမှန်တကယ်တွင်မူ ယင်းအချက်မှာ အမှန်ပင် ဖြစ်ပါသည်။ ၎င်းတို့သည် 'ပျော့ညံ့သော စိတ်ထိခိုက်မှု' ကြောင့် ရောက်ရှိလာကြခြင်း မဟုတ်ဘဲ ကြိုတင်စီစဉ်ပေးခြင်း မရှိဘဲ အကြောင်းတိုက်ဆိုင်သဖြင့် ရောက်ရှိလာကြပြီး အီလျူရှာ နှင့် ပြေလည်သွားရခြင်းမျိုး ဖြစ်အောင် အလျှိုရှာက အတတ်ပညာ ကြွယ်ဝစွာဖြင့် စီစဉ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

အခြားတဖက်တွင်လည်း အီလျူရှာသည် ဒုက္ခဝေဒနာ ခံစားနေရခြင်းမှ များစွာ သက်သာရာ ရရှိခဲ့ပါသည်။ ယခင်က သူ၏ရန်သူများ ဖြစ်ခဲ့ကြသော လူငယ်များ အားလုံးထံမှ ချစ်ခင်ကြင်နာမှုနှင့် စာနာထောက်ထားမှုများကို တွေ့မြင်ရသောအခါ သူသည် အလွန့် အလွန်မှပင် စိတ်လှုပ်ခတ် ခံစားရသည်။ ကရာဆိုကင်တယောက်သာလျှင် ရောက်မလာဘဲ ရှိနေသည်။ ယင်းအတွက် သူ့ရင်ထဲတွင် ပင်ပန်းလေးလံနေရသည်။ သူ၏ စိတ်အာရုံတွင် အရိပ်ထင်နေသော နာကြည်းဖွယ်ရာ အဖြစ်များတွင် နာကြည်းဖွယ်ရာ အကောင်းဆုံး ဖြစ်သည်။ သူ၏ အဆွေခင်ပွန်းလည်း ဖြစ်ပြီး သူ့ကို ကာကွယ်စောင့်ရှောက်နေသူလည်း ဖြစ်သော ကရာဆိုကင်ကို မောင်းချခားနှင့် ထိုးခဲ့မိသော အဖြစ်ပင် ဖြစ်တော့သည်။

လိမ္မာပါးနပ်သော သူငယ်ကလေး ဆမ်မူရော့ကလည်း သည်အတိုင်းပင် ယူဆသည်။ ၎င်းသည် အီလျူရှာနှင့် ပထမဆုံး ပြန်လည် သင့်မြတ်သူ ဖြစ်သည်။ သို့သော် ကရာဆိုကင်ကမူ ၎င်းအား အလျှိုရှာက 'အကြောင်းကိစ္စတခုဖြင့်' တွေ့လိုကြောင်း ဆမ်မူရော့က ပြောသောအခါ စကားကို ချက်ချင်း ဖြတ်ပစ်ပြီး သူ့အနေနှင့် ဘာလုပ်ရမည်ကို သူ နားလည်ကြောင်း၊ မည်သူ၏ အကြံမျှ မလိုကြောင်း၊ အကယ်၍ သူသည် အီလျူရှာအား သွားရောက်တွေ့ဆုံမည် ဆိုလျှင်လည်း သူ သွားလိုသောအချိန်တွင် 'သူ့သဘောနှင့်သူ' သွားမည်ဖြစ်ကြောင်း 'ကာရာမာဇော့' အား ပြောကြားရန် ဆမ်မူရော့ကို ညွှန်ကြားလိုက်သည်။

ကရာဆိုကင်က ယင်းသို့ ပြောကြားလိုက်သည်မှာ ယခု တနင်္ဂနွေမတိုင်မီ

နှစ်ပတ်က ဖြစ်သည်။ ယင်းကြောင့်ပင်လျှင် အလျှိုရှာသည် ကရာဆိုကင်ကို သွားရောက်တွေ့ဆုံရန် စိတ်ကူးရှိသော်လည်း မသွားရောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူက အခြေအနေကို စောင့်စားနေခဲ့သည်။ ဆမ်မူရော့ကို ကရာဆိုကင်ထံ နှစ်ကြိမ်မျှ ထပ်ပြီး လွှတ်ခဲ့သည်။ နှစ်ကြိမ်စလုံးမှာပင် ကရာဆိုကင်က ပြတ်ပြတ်သားသားနှင့် တိတိကျကျ ငြင်းဆန်ခဲ့ပြီး သူ့ကို နောက်ထပ် မနှောင့်ယှက်ရန် အလျှိုရှာကို သတိပေးခဲ့သည်။ အကယ်၍ သူ့ထံသို့ အလျှိုရှာ လာရောက်ခဲ့လျှင် (သူ) ကရာဆိုကင်သည် မည်သည့်အခါတွင်မျှ အီလျူရှာထံသို့ သွားရောက်တော့မည် မဟုတ်ကြောင်း ပြောကြားသည်။

ယင်းသို့ဖြင့် အီလျူရှာထံသို့ ယနေ့မနက်တွင် သွားရောက်ရန် ကိုလျာ ဆုံးဖြတ်သည်ကို ဆမ်မူရော့ သည် နောက်ဆုံးအချိန်အထိ မသိရှိခဲ့ပါချေ။ ယမန်နေ့ ညနေကမှ လူချင်းခွဲခါနီးတွင် ကိုလျာက ၎င်းအား မနက်ဖြန်မနက်တွင် စောင့်နေရန် ရုတ်ခနဲ ပြောကြားခဲ့သည်။ ဆနီဂါယေ့ာအိမ်သို့ ၎င်းနှင့်အတူ သွားရောက်မည်ဟု ဆိုသည်။ သို့သော် သူ သွားရောက်သည့်ကိစ္စကို မည်သူ့ကိုမျှ မပြောကြားရန် တားမြစ်သည်။ သူ၏ သွားရောက်ခြင်းကို အမှတ်မထင် ရုတ်တရက် သွားရောက်ခြင်းမျိုး ဖြစ်စေချင်သည်။ ဆမ်မူရော့ နာခံခဲ့သည်။

ပျောက်ဆုံးနေသော ခွေးကို ကိုလျာ ယူဆောင်လာလိမ့်မည်ဟူသော အတွေးကို ဆမ်မူရော့ ရရှိခဲ့သည်မှာ 'ဒီခွေး မသေသေးဘူးဆိုရင် ရှာတွေ့ ရမယ်၊ မတွေ့ရင် ငါတို့ အားလုံး ငတုံးတွေချည်းပဲ' ဟု ကိုလျာ အမှတ်မထင် ပြောလိုက်သောစကားကို ထောက်ချင့်ပြီး မှတ်ယူထားခြင်း ဖြစ်သည်။ သို့သော် ဆမ်မူရော့က အခြေအနေကို စောင့်စားနေပြီး အလျဉ်းသင့်သည်နှင့် တပြိုင်နက် ခွေးအကြောင်း စကားစလိုက်သောအခါ ကရာဆိုကင် ဒေါသအိုး ပေါက်ကွဲတော့သည်။

"ဘာပြောတယ်ကွ၊ ငါ့မှာ ခွေးတကောင် ကိုယ်ပိုင်ရှိရဲ့သားနဲ့ ဘာဖြစ်လို့ သူများတကာရဲ့ ခွေးကို တမြို့လုံးနှံ့ လိုက်ရှာနေရမှာလဲ၊ နောက်ပြီးတော့ ခွေးတကောင်ဟာ ပင်အပ်တချို့ကို မျိုမိပြီးတဲ့ နောက်ပိုင်းမှာ အသက်မသေဘဲ ရှင်နေလိမ့်ဦးမယ်လို့ မင်းက ဘယ်လိုလုပ်ပြီး ထင်နေရတာလဲ၊ အလကား အပေါစား ဆန္ဒစွဲတွေ"

ဤနှစ်ပတ်အတွင်းတွင် အီလျူရှာသည် အခန်းထောင့် ပုံတော်ကားများအောက်ရှိ သူ၏ ခုတင်ကလေးမှနေ၍ အခြား ဘယ်ကိုမျှ မသွားနိုင်ဘဲ ရှိခဲ့သည်။ သူသည် အလျှိုရှာနှင့် တွေ့ဆုံကာ အလျှိုရှာ၏လက်ကို ကိုက်ခဲခဲ့သည့် အဖြစ်အပျက် နောက်ပိုင်းမှစ၍ ကျောင်းတက်နိုင်ခြင်း မရှိခဲ့ပါ။ သူသည် ထိုနေ့မှပင် စတင်ကာ နေမကောင်းခြင်း ဖြစ်ခဲ့ရသည်။ သို့သော် နောက်ပိုင်း တလလောက် အထိတော့ သူသည် အခန်းတွင်း ပတ်ပတ်လည်နှင့် အပြင်ဘက်

စကြ်ံလမ်းတို့တွင် ရံဖန်ရံခါဆိုသလို လမ်းလျှောက်နိုင်သေးသည်။ သို့သော် သူသည် နောက်ပိုင်းတွင် အလွန်မတန် အားနည်းသွားပြီး သူ၏ဖခင်က တွဲယူ ဖေးမပေးခြင်း မရှိဘဲနှင့် တလှမ်းကလေးမျှပင် လှမ်းလျှောက်နိုင်ခြင်း မရှိတော့ပါ။

ထိုအခါ သူ၏ဖခင်သည် သူ့အတွက် အထူးပင် ပူပန်ကြောင့်ကြခြင်း ဖြစ်ရတော့သည်။ ၎င်းသည် အရက်သောက်ခြင်းကိုပင် စွန့်လွှတ်လိုက်ပြီး သူ့သားကလေး သေတော့မှာပဲဟု တုန်လှုပ် ချောက်ချားကာ အရူးကြီးတပိုင်း ဖြစ်ရတော့သည်။ သူသည် မကြာခဏ ဆိုသလိုပင် အထူးသဖြင့် သားကလေးကို တွဲယူကာ အခန်းထဲဝယ် လှည့်ပတ်ကာ လျှောက်စေပြီးသည့် နောက်ပိုင်းတွင်၊ သားကလေးကို ခုတင်ပေါ်တွင် ပြန်သိပ်ထားပြီးသည့် နောက်ပိုင်းတွင် အပြင်ဘက် စကြ်ံလမ်းသို့ ရုတ်ခြည်းပင် ထွက်ပြေးသွားတတ်သည်။ ထိုတွင် သူသည် နံရံကို နဖူးဖြင့်ထိကပ်ကာ မထိန်းနိုင် မသိမ်းနိုင် မျက်ရည်ဖြိုင်ဖြိုင် ကျရတော့သည်။ သို့သော် သူ၏ငိုရှိုက်သံကို သားကလေး မကြားရအောင် အတတ်နိုင်ဆုံး ထိန်းချုပ် ရပါသည်။

သို့သော် သူသည် အခန်းတွင်းသို့ ပြန်လည်ရောက်ရှိသည်နှင့် တပြိုင်နက် သူ၏ သားရတနာကလေး စိတ်ချမ်းသာ ပျော်ရွှင်လေအောင် တခုခု လုပ်ဆောင်မြဲ ဖြစ်သည်။ သားကို ပုံတိုပတ်စကလေးတွေ ပြောပြသည်။ ရယ်စရာ ဇာတ်လမ်းကလေးတွေ ပြောပြသည်၊ သို့မဟုတ် သူ တွေ့မြင်ဖူးသမျှ ရယ်ရွှင်ဖွယ်ရာ လူများ၏ ပုံစံဟန်ပန်ကို သရုပ်သဏ္ဌာန်ဆောင်ပြသည်။ ထို့မျှမက တိရစ္ဆာန်များ၏ အော်သံဟစ်သံ အူသံများကိုပါ တူအောင် လုပ်ပြတတ်သည်။ သို့သော် သူ့ဖခင်က အရူးတယောက်လို အပြောင်အပြက်များ လုပ်ပြ သည်ကို အီလျူရှာ မကြိုက်ပါ။ သို့တစေလည်း လူငယ်ကလေးသည် သူ၏ မနှစ်မြို့မှုများကို မပေါ်လွင်အောင် တတ်နိုင်သမျှ ဖုံးကွယ်ထားသော်လည်း လူတကာ အထင်အမြင် သေးခြင်းခံရသော ဖခင်၏အဖြစ်အတွက် ရင်ထဲတွင် နာကြည်းနေရပါသည်။ 'မြက်ဖုတ်ကြီး' နှင့် ထို 'နေ့ဆိုးကြီး' ကလည်း သူ့ကို အမြဲတစေလိုပင် ခြောက်လှန့်လျက် ရှိပါသည်။

အီလျူရှာ၏ သိမ်မွေ့နူးညံ့ပြီး ခြေမသန်သော အစ်မ နီနာကလည်း သူမ၏ဖခင် အရူးအပေါ လုပ်သည်ကို သဘောမကျပါ။ (အစ်မအကြီးဆုံး ဗာဗရာမှာမူ တက္ကသိုလ်တွင် ပညာ ဆက်လက် သင်ကြားရန် ပီတာစဘတ်သို့ ထွက်ခွာသွားသည်မှာ ကာလအတန်ကြာချေပြီ ဖြစ်သည်)။ သို့သော် စိတ်ကောင်းကောင်း မနှံ့သော မိခင်ကမူ သူမ၏ယောက်ျား အပျော်အပြက်များ လုပ်ပြသည်ကို အထူးပင် သဘောကျပြီး အားရပါးရ ရယ်မောတတ်သည်။ သူမကို ပျော်ရွှင်စေသည့် အချက်ဟူ၍ ဤတချက်သာ ရှိပေသည်။ ကျန်သည့်အချိန်များတွင်မူ သူမကို လူတွေက မေ့ထားကြသည်။ ပစ်ထားကြသည်။ မလေးစားကြ၊ အရေးမထားကြသဖြင့် ညည်းတွားကာ မကျေမနပ် ဖြစ်နေတတ်

ပါသည်။

သို့သော် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းတွင်မူ သူသည် အကြီးအကျယ် ပြောင်းလဲလာပါသည်။ သူမသည် အီလျူရှာရှိရာ အခန်းထောင့်ဆီသို့ ငေးစိုက်ကာ ကြည့်နေပြီး ငူငူငိုင်ငိုင်ကြီး ဖြစ်နေပါသည်။ သူမသည် ယခင်ကထက် ပိုပြီး နှုတ်ဆိတ်လာသည်၊ ငြိမ်သက်လာသည်။ အကယ်၍ သူမက ငိုကြွေးမည်ဆိုလျှင်လည်း သူများတွေ မကြားအောင် တိုးတိုးတိတ်တိတ်ကလေး ငိုကြွေးပါသည်။ ဗိုလ်ကြီး ဆနီဂါယော့သည် သူမ၏ပြောင်းလဲမှုကို တွေ့မြင်ရသောအခါ နားမလည်နိုင် ဖြစ်ရသည်။

ပထမတွင် သူမသည် လူငယ်ကလေးတွေ လာရောက်သည်ကို သဘောမကျဘဲ ဒေါသဖြစ်နေသည်။ သို့သော် နောက်ပိုင်းတွင် လူငယ်ကလေးများ၏ ပျော်ပျော်ပါးပါး ဟစ်အော်ကြသံများနှင့် ပုံပြင်များက သူမကိုပါ ပြောင်းလဲသွားစေပြီး နောက်ဆုံးတွင် လူငယ်ကလေးတွေကို အထူး သဘောကျ နှစ်သက်သွားတော့သည်။ ကလေးတွေ ရောက်မလာကြဘူးဆိုလျှင် သူမသည် အထူးပင် စိတ်ပျက် ညိုးငယ်လျက် ရှိတော့သည်။

လူငယ်ကလေးတွေ တခုခုပြောပြီး တခုခု ကစားကြလျှင် သူမက ရယ်မောပြီး လက်ခုပ်လက်ဝါး တီးပါသည်။ အချို့လူငယ်ကလေးများကို သူမ၏အနီးသို့ ခေါ်ပြီး နမ်းရှုပ်တတ်ပါသည်။ သူမက ဆမ်မူရော့ကို အထူးတလည် ချစ်ခင်နှစ်သက်ပါသည်။

ဆနီဂါယော့ အဖို့မူကား အီလျူရှာကို အားပေးနှစ်သိမ့်ရန် သူ၏အခန်းသို့ လူငယ်ကလေးများ လာရောက်ကြသည်ကို အစကတည်းကပင် ဝမ်းသာပီတိ ဖြစ်ခဲ့ပါသည်။ အီလျူရှာသည် ယခုအခါ စိတ်ဓာတ်ပျက်ပြားနေသည့် အခြေအနေမှ လွတ်မြောက်သွားပြီး လျှင်မြန်စွာ ပျောက်ကင်းချမ်းသာ သွားနိုင်သည့် အခြေအနေသို့ပင် ရောက်ရှိနေပြီဟု သူ မှတ်ယူ မျှော်လင့်မိတော့သည်။ သူက အီလျူရှာအတွက် စိုးရိမ်ကြောင့်ကြလျက် ရှိသော်လည်း သူ၏သားကလေးသည် နောက်ဆုံးအချိန် တွင် ရောဂါသက်သာ ပျောက်ကင်းသွားလိမ့်မည် ဆိုသည်ကို သူသည် နောက်ပိုင်း ရက်အနည်းငယ် အထိ အနည်းငယ်မျှ သံသယ မရှိခဲ့ပါ။

ဆနီဂါယော့သည် သူ၏ ဧည့်သည်ကလေးများကို လေးစားစွာ ဆက်ဆံသည်။ လိုအပ်သမျှ အားလုံးကို လုပ်ဆောင်ပေးသည်။ သူ့ကျောပေါ်တွင် ကုန်းပိုးခေါ်ဆောင်ရန်ပင် အဆင်သင့်ရှိသည်။ အမှန်တကယ်တွင်လည်း ၎င်းတို့ကို ကျောပေါ်မှ စီးစေခဲ့သည်။ သို့သော် အီလျူရှာက ထိုကစားနည်း များကို မကြိုက်သဖြင့် သူတို့ ဆက်ပြီး မလုပ်ကြတော့ပါ။

ဆနီဂါယော့က သူတို့ကို မုန့်ပဲသရေစာများ ဝယ်ပေးသည်။ လက်ဖက်ရည်

ဖျော်တိုက်သည်။ ပေါင်မုန့်ထောပတ်သုတ် ပေးသည်။ ထိုအချိန်က သူ့တွင် ပိုက်ဆံတွေ အမြောက်အမြား ရှိနေသည်ကို သတိပြုကြရမည်။ အလျှိုရှာ ကြိုတင်မှန်းဆထားသည့်အတိုင်းပင် သူသည် ကက်ထရီးနား အိုက်ဗင်နိုဗာထံမှ ရူဗယ်ငွေ နှစ်ရာကို လက်ခံခဲ့သည်။ နောက်ပိုင်းတွင် ကက်ထရီးနားသည် ၎င်းတို့၏ အခြေအနေနှင့် အီလျူရှာ နေမကောင်းသည့်အကြောင်းတို့ကို ကြားသိရသောအခါ ကိုယ်တိုင် လာရောက်ပြီး ၎င်းတို့မိသားစုနှင့် အဆွေခင်ပွန်းဖွဲ့သည်။ စိတ်မနှံ့သော မိခင်ကိုပင် သိမ်းယူ ဆွဲဆောင်နိုင်ခဲ့သည်။

သည်နောက်တွင်ကား သူမ၏ ပေးကမ်းမှုသည် စေတနာ တရပေါပင် ဖြစ်တော့သည်။ ဆနီဂါယော့ မှာလည်း သူ၏သားကလေး သေဆုံးသွားမည်ကို အထူးစိုးရိမ်ကြောင့်ကြနေသဖြင့် သူ၏ဂုဏ်သိက္ခာ ကို စဉ်းစားမနေနိုင်တော့ဘဲ သူမ၏ပေးကမ်းမှုကို ရှေ့မျက်နှာ နောက်ထားပြီး လက်ခံရလေတော့ သည်။

ဤအချိန်တွင် ဒေါက်တာ ဟာဇင်ကျူဗီသည်လည်း ကက်ထရီးနား၏ ပင့်ဆောင်ချက်အရ လူနာကို တရက်ခြား မှန်မှန် လာရောက်ကြည့်ရှုသည်။ သို့သော် လူနာကို ဆေးဝါးများ မှန်မှန်တိုက်ကျွေးလျက် ရှိသော်လည်း ၎င်း၏ ကုသမှုသည် အကျိုးသက်ရောက်မှု မရှိလှပါချေ။ သို့သော် ထိုနေ့မှာပင် (ထိုနေ့ဆိုသည်က) ထိုတနင်္ဂနွေ နံနက်မှာပင် ကက်ထရီးနား၏ အထူးပင့်ဆောင်ချက်အရ မော်စကိုမှ နာမည်ကျော် အထူးကု ဆရာဝန်ကြီးတယောက် ရောက်ရှိလာရန် ရှိနေပေသည်။ ကက်ထရီးနားက ထိုဆရာဝန်ကြီးကို ခြေကြွခ အမြောက်အမြား ကုန်ကျခံကာ ပင့်ဆောင်ထားခြင်း ဖြစ်သည်။ သို့သော် အီလျူရှာအတွက်ကား မဟုတ်ချေ။ အခြားတယောက်အတွက် ဖြစ်သည်။ ထိုအကြောင်းကို နောက်ပိုင်း သင့်လျော်သော အချိန်တွင်မှ အပြည့်အစုံ ဖော်ပြသွားမည် ဖြစ်သည်။ သို့သော အဆိုပါ ဆရာဝန်ကြီး ရောက်ရှိလာလျှင် အီလျူရှာကိုလည်း ကြည့်ရှုပေးရန် ကက်ထရီးနားက ပြောဆိုထား သည်။ ဆနီဂါယော့ကိုလည်း ဆရာဝန်ကြီး ရောက်လာသည်ကို စောင့်ဆိုင်းနေရန် မှာကြားထားသည်။

သို့သော် ဆနီဂါယော့သည် အီလျူရှာအား များစွာ ပူပန်ကြောင့်ကြခြင်း ဖြစ်စေခဲ့သော ကိုလျာ ကရာဆိုကင် လာရောက်ရန် အစောကြီးကတည်းကပင် မျှော်လင့် တောင့်တခဲ့သော်လည်း ၎င်း ရောက်ရှိလာလိမ့်မည်ဟုကား တွက်ဆထားခြင်း အနည်းငယ်မျှ မရှိပါ။

ကရာဆိုကင် တံခါးကိုဖွင့်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာစဉ်တွင် ဆနီဂါယော့နှင့် လူငယ်ကလေး များသည် အီလျူရှာ၏ ခုတင်ဘေးတွင် ဝိုင်းရံပြီး စောစောကလေးကမှ ယူဆောင်လာသော ခွေးပေါက်စကလေးကို ကြည့်ရှုလျက် ရှိကြသည်။ ခွေးကလေးသည် တနေ့ကမှ မွေးဖွားလာခြင်း ဖြစ်သော်လည်း ပျောက်ဆုံးနေသော သို့မဟုတ် သေဆုံးပြီးလည်း ဖြစ်နိုင်သော ဇူချကာအတွက်

ပူပန်ကြောင့်ကြနေနေသော အီလျူရှာ သဘောကျ နှစ်သိမ့်စေရန်အတွက် ခုနစ်ရက်သား ရှိပြီဟု ပြောဆိုထားသည်။

သူ့ကို ခွေးကလေးတကောင် ပေးမည့်အကြောင်းကို အီလျူရှာသည် သုံးရက်ကြိုပြီး သိရှိထားခဲ့သည်။ ခွေးကလေးက ရိုးရိုးသာမန် မဟုတ်၊ ဆယ်လပိုင် မျိုးကောင်း ခွေးသမင်ပေါက်ကလေး ဖြစ်သည်။ (အင်မတန် အရေးကြီးသည့်အချက် ဖြစ်သည်)။ အီလျူရှာသည် ဖခင် စိတ်ဆင်းရဲခြင်း မဖြစ်စေလို သဖြင့် ခွေးကလေး ရရှိသည့်အတွက် ကျေနပ်နှစ်သက်ဟန် ဆောင်နေသည်။ သို့သော် ဤခွေးကလေးကို မြင်တွေ့ရသောအခါ အီလျူရှာသည် သူ့ကြောင့် သေဆုံးခဲ့ရသော ဇူချကာကို သတိရပြီး ပိုမို စိတ်မကောင်း ဖြစ်နေကြောင်း သူ၏ဖခင်နှင့် သူငယ်ချင်းများက တွေ့မြင်ကြသည်။

ခွေးကလေးသည် အီလျူရှာ၏ဘေးတွင် လှုပ်လှုပ်ရွရွ ရှိနေသည်။ အီလျူရှာက ခွေးကလေးကို သေးငယ်ဖျော့တော့ ကြုံလှီသော သူ၏ လက်ကလေးဖြင့် ပွတ်သပ်လျက် ရှိသည်။ ခွေးကလေးကို သူ သဘောကျ နှစ်သက်သည်မှာ ထင်ရှားပါသည်။ သို့သော်... သည်ခွေးကလေးက ဇူချကာ မဟုတ်ပါ။ အကယ်၍ သူသည် ဇူချကာကိုရော ခွေးကလေးကိုရော ရရှိခဲ့လျှင် ခြွင်းချက်မရှိ ပျော်ရွှင်ပါလိမ့်မည်။

"ကရာဆိုကင် ..."

ကရာဆိုကင် ဝင်ရောက်လာသည်ကို ပထမဆုံး မြင်တွေ့သော လူငယ်ကလေး တယောက်ပမာ ဟစ်အော်လိုက်သည်။ တခန်းလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အီလျူရှာကို ကရာဆိုကင် မြင်တွေ့နိုင်စေရန်အတွက် လူငယ်ကလေးများသည် ဘေးသို့ ဖယ်လိုက်ကြပြီး ခုတင်၏ အခြားတဖက်တွင် သွားရပ်နေကြသည်။

ဆနီဂါယော့သည် ကိုလျာထံသို့ ဝမ်းသာလှိုက်လှဲစွာ ပြေးသွားသည်။

"လာ လာ၊ မင်း ရောက်လာတာ ငါ သိပ်ဝမ်းသာတာပဲ" ထို့နောက် ...

"အီလျူရှာ ... မစ္စတာ ကရာဆိုကင် သားကို လာတွေ့တယ်"

သို့ရာတွင် ကရာဆိုကင်သည် ဆနီဂါယော့နှင့် လျင်မြန်စွာ လက်ဆွဲ နှုတ်ဆက်ပြီးနောက် လူမှုရေးရာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တတ်သိကျွမ်းကြောင်း ပြသသည်။ သူသည် လက်တင် ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဗိုလ်ကြီးကတော်ဘက်သို့ ပထမဆုံး လှည့်လိုက်သည်။ မစ္စက် ဆနီဂါယော့သည် ထိုအချိန်က လူငယ်ကလေးကို အကြီးအကျယ် မကျေနပ်

ဖြစ်နေပြီး ပါးစပ်မှ ရေရွတ်မြည်တမ်းလျက် ရှိသည်။ အကြောင်းမှာ အီလျူရှာ၏ ခုတင်ကို ၎င်းတို့က ကွယ်ထားသဖြင့် ခွေးသမင်ကလေးကို သူမ မမြင်တွေ့ရသောကြောင့် ဖြစ်သည်။ ကိုလျာသည် ခြေတဖက်ကို နောက်သို့ ဆုတ်လိုက်ပြီး အမျိုးသမီးကြီးကို ယဉ်ကျေးသိမ်မွေ့စွာ ဦးညွတ်အလေးပြုလိုက်သည်။ ထို့နောက် သူသည် နီနာဘက်သို့လှည့်ပြီး သူမကိုလည်း လေးစားအပ်သော အမျိုးသမီးတဦး အနေဖြင့် အလားတူပင် ဦးညွတ်ကာ အလေးပြုလိုက်သည်။ ယဉ်ကျေးဖွယ်ရာသော ဤအပြုအမူက စိတ်မနှံ့သော အမျိုးသမီးကြီးကို များစွာမှပင် သဘောကျ နှစ်သက်စေတော့သည်။

"သူဟာ မိကောင်းဖခင်က မွေးတဲ့ လူငယ်ကလေးတယောက်ဆိုတာ အင်မတန် သိသာတယ်" သူမက လက်နှစ်ဖက်ကို မြှောက်ယမ်းကာ ကျယ်လောင်စွာ ပြောလိုက်သည်။ "ကျွန်မတို့ရဲ့ တခြားဧည့်သည်တွေကတော့ တယောက်အပေါ်တယောက် ထပ်ပြီး ဝင်လာကြတယ်"

"တယောက်အပေါ်တယောက် ထပ်ပြီးဆိုတာက ဘာကိုပြောတာလဲ မေမေ" ဆနီဂါယော့သည် ညင်သာစွာ မေးလိုက်သည်။ သို့သော် သူမ၏ စကားအတွက် အနည်းငယ်တော့ စိတ်အနှောင့်အယှက် ဖြစ်နေသည်။

"သူတို့တတွေ လာကြတာကို ပြောတာပေါ့။ သူတို့တတွေက အပြင်ဘက်စင်္ကြံပေါ်မှာ တယောက် ကျောပေါ်ကို တယောက် ခုန်တက်ကြတယ်၊ နောက်ပြီးတော့ ဂုဏ်နဲ့ သိက္ခာနဲ့နေတဲ့ မိသားစုဆီကို ကျောပိုးလျက်ကြီးတွေနဲ့ ဝင်လာကြတယ်၊ အဲဒါ ဘယ်လို ဧည့်သည်မျိုးတွေလဲ"

"အဲဒီလိုမျိုး ဘယ်သူ ဝင်လာလို့လဲ မေမေ၊ ဘယ်သူ ဝင်လာလို့လဲ"

"ဘယ်သူရမလဲ၊ ကနေ့ပဲ ဟောဟို ကောင်လေးက ဟောဟို ကောင်လေးရဲ့ကျောပေါ်မှာ စီးလာတယ်၊ နောက်ပြီးတော့ ဒီကောင်ကလေးက ဟိုကောင်ကလေးရဲ့ အပေါ်မှာ"

ထိုအချိန်တွင် ကိုလျာသည် အီလျူရှာ၏ ခုတင်ဘေးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ နေမကောင်း နေသော လူငယ်ကလေးသည် သိသိသာသာကြီးပင် ဖြူရော်လျက် ရှိသည်။ သူသည် ခုတင်ပေါ်တွင် ထထိုင်ပြီး ကိုလျာကို စူးစိုက်ကာ ကြည့်နေသည်။

သူ၏ သူငယ်ချင်းကလေးကို ကိုလျာ မတွေ့မမြင်ရသည်မှာ နှစ်လမျှ ရှိချေပြီ။ ယခု မြင်တွေ့ရသော အခါ အကြီးအကျယ် အံ့သြ ချောက်ချားရတော့သည်။ ဤမျှ အသားအရေ ခန်းခြောက်ပြီး ဝါကြန်သော မျက်နှာ၊ ဤမျှ ကြီးမားပြူးကျယ်ပြီး အဖျားသွေးကြွနေသော မျက်လုံးများနှင့် ဤမျှ သေးယင်ကြုံလှီသော

လက်ကလေးများကို တွေ့မြင်ရလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့ပါ။ အီလျူရှာ၏ နှုတ်ခမ်းများ အထူးပင် ခြောက်သွေ့နေပြီး သူ၏ အသက်ရှူသံကလည်း ကြောက်စရာ ကောင်းလောက်အောင် ပြင်းပြီး မြန်နေသည်ကို ကိုလျာ ထိတ်လန့်တုန်လှုပ်စွာ တွေ့မြင်နေရသည်။ သူသည် အီလျူရှာအနီးသို့ တိုးသွားကာ လက်ကို ဆန့်တန်းပေးလိုက်ပြီး ကယောင်ချောက်ချား ပြောလိုက်မိသည်။

“ဘယ်လိုလဲ ကိုယ့်လူကြီး၊ နေကောင်းသလား”

သူ့အသံက သူပြောသည့်အတိုင်း ဖြစ်မလာပါ။ သူက ခပ်ပေါ့ပေါ့ ခပ်နောက်နောက် သဘောမျိုး ပြောလိုက်ခြင်း ဖြစ်သော်လည်း မအောင်မြင်ပါ။ သူ၏မျက်နှာ အမူအရာ ပျက်သွားပြီး နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။

အီလျူရှာ ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။ ပါးစပ်မှမူ စကားတလုံးမှ ထွက်မလာ နိုင်သေးပါ။ ကိုလျာက သူ့လက်ကို ရုတ်တရက် မြှောက်လိုက်ပြီး အီလျူရှာ၏ဆံပင်များကို ညင်သာစွာ ပွတ်သပ်နေသည်။

“နေ ... နေ”

ကိုလျာ တိုးညင်းစွာ ပြောလိုက်သည်။ သူ့ကိုယ်သူ ညည်းသည့်သဘောနှင့် ပြောလိုက်ခြင်းလည်း ဖြစ်သည်။ ထို့အတူ အခြား ဘာပြောရမှန်း မသိ၍လည်း ဖြစ်သည်။ အတန်ကြာ သူတို့ တိတ်ဆိတ်နေကြသည်။

“ဟေး၊ ဒါ ဘာလဲ၊ မင်း အခုမွေးထားတဲ့ ခွေးကလေးလား”

ကိုလျာက ရုတ်တရက် မေးလိုက်သည်။ စိတ်ထိခိုက်မှု မရှိသော လေသံမျိုးဖြင့် ဖြစ်သည်။

“ဟုတ် .. ဟုတ်”

အီလျူရှာက မောပန်းလေးတွဲ့စွာနှင့် တိုးညင်းစွာ ပြောသည်။

“နှုတ်သီးကတော့ နက်နေတာပဲ၊ အတော်ဆိုးမယ့် ကောင်ပဲ၊ သံကြိုးနဲ့ချည်ပြီး မွေးရလိမ့်မယ်”

ကိုလျာက ခွေးပေါက်စကလေးနှင့် ယင်း၏ နှုတ်သီးနက်နက်ကလေးတို့ကို အထူး စိတ်ဝင်စားလေ ဟန်ဖြင့် မှတ်ချက်ပေးလိုက်သည်။ အမှန်ကတော့ ကလေးငယ်တယောက်လို မငိုမိစေရန် သူ့ကိုယ်သူ ထိန်းချုပ်နေခြင်းပင် ဖြစ်သည်။ သို့သော် ယခုအချိန်ထိတော့ သူသည် မထိန်းချုပ်နိုင်သေးဘဲ ရှိနေသည်။

“ဟုတ်တယ်၊ ဒီကောင် ကြီးလာလို့ရှိရင် မင်း သူ့ကို သံကြိုးနဲ့ ချည်ထားရမှာ

သေချာတယ်” ကိုလျာ ဆက်ပြီး ပြောသည်။

“ရောမ အကောင်ကြီး နေမှာပဲ” လူငယ်ကလေး တယောက်က ပြောသည်။

“ဟုတ်တယ်၊ ‘အီတလီ ခွေးသမင်ကြီးပဲ’၊ ‘ရောမ အကောင်ကြီးပဲ’၊ ‘ဒါလောက်ကြီး ရှိမယ်’၊ ‘နွားကလေးတကောင်လောက် ရှိမယ်”

လူငယ်ကလေးတွေက တယောက်တပေါက် ပြောကြသည်။

“နွားကလေး တကောင်လောက် ရှိမယ်၊ တကယ့် နွားကလေး တကောင်လောက် ရှိမယ်” ဆနီဂါယော့ ရုတ်တရက် ဝင်ပြောသည်။ “ဒီလိုကောင်မျိုးကို ကျုပ် တမင်မွေးလာတာပဲ၊ အင်မတန် ဆိုးတဲ့ အကောင်မျိုးပဲ၊ သူ့အဖေနဲ့ သူ့အမေကလည်း တကယ့်အကြီးကြီး၊ တကယ် ဆိုးတာပဲ၊ ကြမ်းပြင်ကနေပြီး ဟောဒီလောက် မြင့်တယ်၊ ဒီမှာ ထိုင်ပါ၊ ခုတင်ပေါ်မှာ ထိုင်ပါ၊ ဒါမှမဟုတ် ခုံပေါ်မှာ ထိုင်ပါ။ မင်းလာတဲ့အတွက် ငါ သိပ်ဝမ်းသာတာပဲ၊ မင်းကို ငါတို့ မျှော်နေကြတာ ကြာလှပြီ။ မစ္စတာ ကာရာမာဇော့နဲ့ အတူလာတာလား”

ကရာဆိုကင် ခုတင်ပေါ်တွင် ထိုင်လိုက်သည်။ အီလျူရှာ၏ခြေရင်းတွင် ဖြစ်သည်။ သူသည် အလာတုန်းက လမ်းတွင် ပြောရမည့်စကားများကို ရွေးချယ်လာခဲ့သည်။ သို့သော် ယခုအခါ ထိုစကားများကို မေ့ကုန်ပြီ ဖြစ်သည်။

“မဟုတ်ဘူး ... ကျွန်တော် ပါရဇွန်နဲ့အတူ လာတာပဲ၊ ကျွန်တော့်မှာ ခွေးတကောင် ရထားတယ်၊ ပါရဇွန်တဲ့။ ဆလပ်ဗိုးနီးယား နာမည်ပဲ။ အပြင်ဘက်မှာ သူ စောင့်နေတယ်၊ ကျွန်တော် ခရာ မှုတ်လိုက်တာနဲ့ တပြိုင်နက် သူ ပြေးဝင်လာလိမ့်မယ်၊ ကျွန်တော်လည်း သူ့အတွက် ခွေးတကောင် ယူလာခဲ့တာပဲ” ထို့နောက် အီလျူရှာဘက်သို့ သူ ရုတ်တရက် လှည့်လိုက်ပြီး “ဇူချကာကို မင်း မှတ်မိသေးသလား” ဟု ကောက်ကာငင်ကာ မေးလိုက် သည်။

အီလျူရှာ၏ မျက်နှာကလေး တုန်လှုပ် ချောက်ချားသွားသည်။ သူက စိတ်မချမ်းမြေ့သော အသွင်ဖြင့် ကိုလျာကို စောင့်ကြည့်နေသည်။ အလျှိုရှာသည် တံခါးဝတွင် ရပ်နေရာမှ ဇူချကာအကြောင်း မပြောရန် ကိုလျာကို တိတ်တဆိတ် မျက်နှာရိပ်ပြသည်။ သို့သော် ကိုလျာ သတိမပြုမိဟန် သို့မဟုတ် သတိမပြုဟန် ရှိသည်။

“ဇူချကာ ဘယ်မှာလဲ” ဟု အီလျူရှာက တုန်တုန်ယင်ယင်ဖြင့် မေးသည်။ “သူငယ်ချင်းရဲ့ ဇူချကာ လုံးဝ ပျောက်သွားပြီ၊ သူငယ်ချင်းရဲ့ ဇူချကာ ကိစ္စတုံးသွားပြီ”

အီလျူရှာ ဘာမှ မပြောပါ။ ကိုလျာကို စူးစိုက်ပြီး ကြည့်နေသည်။

အလျှို့ရှာသည် အီလျူရှာ၏ မျက်လုံးများကို တွေ့မြင်ရသောအခါ ကိုလျာကို အကြိတ်အနယ် မျက်ရိပ်ပြပြီး သတိပေးပြန်သည်။ သို့သော် ကိုလျာက မျက်လုံးများ လွှဲဖယ်လိုက်ပြီး သတိမပြုမိဟန် ဆောင်သည်။

"တနေရာမှာ သွားပြီး သေရောပေါ့၊ အဲဒီလို အစားအစာမျိုး စားပြီးတဲ့နောက်ပိုင်းမှာ သေရုံပဲ ရှိတာပေါ့"

ကိုလျာက မညှာမတာ ပြောဆိုသည်။ သို့သော် သူသည် အကြောင်းတစုံတခုကြောင့် အသက်ရှူ မမှန်ဘဲ ဖြစ်နေသည်။

"ဒါပေမဲ့ ငါ ခွေးတကောင် ရထားတယ်၊ ပါရဇ္ဇွန် တဲ့ ... ဆလပ်ဗိုးနီးယား နာမည်ပဲ၊ မင်းကို ပြရအောင် သူ့ကို ငါခေါ်လာတယ်"

"သူ့ကို ငါ မလိုချင်ဘူး"

အီလျူရှာ ရုတ်တရက် ဟစ်အော်လိုက်သည်။

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ မင်း သူ့ကို ကြည့်ရမယ်၊ မင်း သဘောကျမှာ သေချာတယ်၊ သူ့ကို ငါ တမင်ခေါ်လာတာပဲ၊ သူလည်း အမွေးကြမ်းကြမ်းနဲ့ ခွေးတကောင်ပဲ၊ ကျွန်တော့်ခွေးကို ခေါ်ခွင့်ပြုပါ မဒမ်"

မစ္စက် ဆနီဂါယော့ဘက်သို့ ကိုလျာ ဆတ်ခနဲလှည့်ပြီး စိတ်လှုပ်ရှား တက်ကြွနေသော အမူအရာဖြင့် ပြောလိုက်သည်။

"သူ့ကို ငါ မလိုချင်ဘူး ... သူ့ကို ငါ မလိုချင်ဘူး"

အီလျူရှာက တုန်ယင်ချောက်ချားစွာဖြင့် ဟစ်အော်သည်။ သူ၏ မျက်လုံးများထဲတွင် မနှစ်မြို့သည့် အမူအရာများ ပေါ်လွင်နေသည်။

"နောက်တခါမှ ... နောက်တခါမှ ဆိုရင် မကောင်းဘူးလား"

ဆနီဂါယော့သည် နံရံအနီးရှိ ခုံသေတ္တာကြီးပေါ်တွင် ထိုင်နေရာမှ ထရပ်ပြီး ပြောသည်။ သို့သော် ကိုလျာက ဆမ်မူနော့ထံသို့ ကမန်းကတန်း လှမ်းအော်လိုက်သည်။

"တံခါးဖွင့်"

တံခါးပွင့်သွားသည်နှင့် တပြိုင်နက် ကိုလျာ ခရာမှုတ်လိုက်သည်။ ပါရဇ္ဇွန် အခန်းတွင်းသို့ တရှိန်တိုး ပြေးဝင်လာသည်။

"ပါရဇ္ဇွန် မတ်တတ်ရပ်လိုက်စမ်း၊ ရှိခိုး ... ရှိခိုး"

ကိုလျှာက ခုတင်ပေါ်တွင် ထိုင်နေရာမှ ထကာ အမိန့်ပေးလိုက်သည်။

ထိုအခါ ခွေးကြီးသည် နောက်ခြေထောက် နှစ်ဖက်ပေါ်တွင် မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ကို မြှောက်ထားတော့သည်။ အီလျူရှာ၏ ခုတင်ဘေးတွင် ဖြစ်သည်။ သည့်နောက်တွင်ကား မည်သူမျှ မမျှော်လင့်သော အခြင်းအရာတခု ဖြစ်သွားသည်။ အီလျူရှာရှေ့သို့ အလန့်တကြား တိုးသွားပြီး တရကြမ်း ကုန်းငုံ့ကာ ပါရဇ္ဇွန်ကို ငေးစိုက်ပြီး ကြည့်နေသည်။ မှင်တက်မိနေသည့်အလား ဖြစ်သည်။

"ဒါ … ဇူချကာပဲ"

သူ ရုတ်တရက် ဟစ်အော်လိုက်သည်။ ဝမ်းသာအားရစွာနှင့် စိတ်ထိခိုက်စွာ ဖြစ်သည်"

"နို့ မင်းက ဘယ်သူထင်လို့လဲ"

ကရာဆိုကင် ဝမ်းသာပျော်ရွှင်စွာဖြင့် တအားကုန် ဟစ်အော်လိုက်သည်။ ထို့နောက် သူသည် ခွေးကြီးပေါ်သို့ ကုန်းငုံ့ကာ အီလျူရှာဆီသို့ မ ယူလိုက်ပြီး …

"ဒီမှာ ကြည့်စမ်း သူငယ်ချင်း၊ သူဟာ မျက်စိတဖက် ကန်းပြီး နားရွက်တဖက် စုတ်နေတယ်၊ မင်း ငါ့ကို ပြောထားတဲ့အတိုင်း တသဝေမတိမ်းပဲ။ အဲဒီ အမှတ်အသားတွေကိုကြည့်ပြီး သူ့ကို ငါရှာလို့ တွေ့တာပဲ၊ သူ့ကို အဲဒီနေ့မှာပဲ တခါတည်း ရှာတွေ့တာပဲ၊ သူ့ကို ဘယ်သူကမှ မွေးထားတာ မဟုတ်ဘူး၊ သူ့ကို ဘယ်သူကမှ မွေးထားတာ မဟုတ်ဘူး"

ကိုလျှာက ဆနီဂါယေဘ့ဘက်သို့ လှည့်လိုက်၊ မစ္စက် ဆီနီဂါယေဘ့ဘက်သို့ လှည့်လိုက်၊ အလျှိုရှာ ဘက်သို့ လှည့်လိုက်၊ ထို့နောက် အီလျူရှာဘက်သို့ ပြန်လှည့်လိုက်နှင့် ရှင်းပြနေသည်။

"သူက ဖီဒိုတော့တို့ရဲ့နောက်ဖေးခြံဝင်းထဲမှာ နေတယ်၊ ဒါပေမဲ့ သူ့ကို သူတို့က ကျွေးထားတာ မဟုတ်ဘူး၊ သူဟာ ခွေးလေခွေးလွင့် တကောင်ပဲ၊ ရွာတရွာကနေ ပြေးလာတာပဲ ဖြစ်မယ်၊ အဲဒီတော့ သူ့ကို ငါ တွေ့တယ်၊ ဒီမှာ သူငယ်ချင်း၊ သူဟာ မင်းကျွေးတဲ့ ပေါင်မုန့်ကို မျိုမချခဲ့ဘူး၊ မျိုချခဲ့ရင်တော့ သူသေမှာ ကျိန်းသေတယ်၊ သိပ်သေချာတယ်၊ သူ မသေပုံထောက်တော့ အဲဒီပေါင်မုန့်ကို သူ ပြန်ထွေးပစ်လိုက်တာပဲ ဖြစ်ရမယ်၊ ဒါပေမဲ့ အဲဒီလို ပြန်ထွေးထုတ်ပစ်တာကို မင်း မမြင်ရဘူး၊ ပင်အပ်က သူ့လျှာကို သွားစူးတာပဲ ဖြစ်ရမယ်၊ ဒါကြောင့်မို့ သူအော်တာပဲ၊ သူအော်ပြီး ပြေးတာကို မြင်ရတော့ သူ မျိုချလိုက်ပြီလို့ မင်း ထင်တာပဲ၊ သူ မခံရပ်နိုင်လို့ အော်တာကတော့ ခွေးတွေရဲ့ ပါးစပ် အတွင်းသားက

နူးညံ့လို့ပဲ၊ လူတွေထက် ပိုပြီး နူးညံ့လို့ပဲ၊ သိပ်ပြီးမှ နူးညံ့လို့ပဲ”

ကိုလျာက ပျော်ရွှင်ဝင်းလက်နေသော မျက်နှာဖြင့် အားရပါးရ ပြောဆိုလျက်ရှိသည်။ အီလျူရှာ စကားတခွန်းမျှ မပြောနိုင်ပါ။ ပါးစပ်အဟောင်းသား မျက်လုံး အပြူးသားဖြင့် ကိုလျာကို ငေးစိုက်ပြီး ကြည့်နေသည်။ ထုံးကဲ့သို့ ဖြူရော်နေသော မျက်လုံးကြီးများ ပြူးနေသည်က အပြင်ဘက်သို့ ကျွတ်ထွက်သွားတော့မတတ်ပင် ဖြစ်သည်။ ဤလိုမျိုး ပြုလုပ်ခြင်းအားဖြင့် နေမကောင်းနေသူ ကလေး၏ ကျန်းမာရေးကို ဤကဲ့သို့ ထိခိုက်သွားနိုင်ကြောင်း သိရှိခဲ့ပါလျှင် ကရာဆိုကင်သည် ဤကဲ့သို့ နောက်ပြောင်ကျီစယ်မည် မဟုတ်ပါချေ။ သို့သော် ဤအဖြစ်ကို အလျှိုရှာတယောက် သာလျှင် သတိပြုမိသည်။ ဆနီဂါယော့မှာမူ ကလေးတယောက်ပမာ ဖြစ်နေတော့သည်။

“ဇူချကာ ဟုတ်လား၊ ဒါ ဇူချကာလား” သူ ဝမ်းသာအားရ ဟစ်အော်လိုက်သည်။ “အီလျူရှာကလေး၊ ဒါ ဇူချကာပဲ။ မင်းရဲ့ဇူချကာပဲ၊ မေမေရေ ဒီမှာ ကြည့်စမ်း၊ ဒါ ဇူချကာပဲ” သူက ငိုတော့မတတ်ပင် ရှိနေသည်။

“ငါ နည်းနည်းလေးမှ မထင်ခဲ့ဘူး” ဆမ်မူရော့ မကျေနပ်ဟန်ဖြင့် ပြောသည်။ “တော်ပါပေတယ် ကရာဆိုကင်၊ ဇူချကာကို သူ တွေ့မှာပဲလို့ ငါ ပြောခဲ့တယ်၊ သူ တကယ် တွေ့တာပဲ”

“သူ တကယ်တွေ့တာပဲ”

လူငယ်ကလေး တယောက်က ဝမ်းသာစွာဖြင့် ပြောလိုက်သည်။

“တော်ပါပေတယ် ကရာဆိုကင်”

နောက်တယောက်က ဟစ်အော်လိုက်ပြန်သည်။

“တော်ပါပေတယ်၊ တော်ပါပေတယ်”

တခြား လူငယ်ကလေးများကလည်း ဟစ်အော်ကာ လက်ခုပ်သြဘာပေးကြသည်။

“ခဏနေဦး၊ ခဏနေဦး” ၎င်းတို့၏အသံများကို ကျော်လွှားအောင် ကရာဆိုကင် ဟစ်အော်လိုက် သည်။ 'ဘယ်လိုဖြစ်ပျက်တယ်ဆိုတာ မင်းတို့ကို ငါပြောပြမယ်၊ အရေးကြီးတာက ဘယ်လို ဖြစ်ပျက်တယ်ဆိုတာ ... အဲဒါက အဓိကပဲ၊ သူ့ကို ငါတွေ့တယ်၊ အိမ်ကို ခေါ်သွားတယ်၊ ပြီးတော့ တခါတည်း ဖွက်ထားလိုက်တယ်၊ အိမ်ထဲမှာ သော့ခတ်ထားလိုက်တယ်၊ မနေ့ကအထိ ဘယ်သူ့ကိုမှ မပြခဲ့ဘူး၊ ဆမ်မူရော့တယောက်ပဲ ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကမှ

တွေ့သွားတယ်၊ ဒါပေမဲ့ ငါက သူ့ကို ပါရဗွန်လို့ပဲ ပြောထားခဲ့တယ်၊ သူ ဘယ်လိုမှ သံသယမရှိခဲ့ဘူး။ ဒီအချိန်မှာ ငါဟာ သူ့ကို အတတ်အမျိုးမျိုးတွေ သင်ပေးခဲ့တယ်၊ သူ တတ်ထားတာတွေကို မင်းတို့ ကြည့်ကြမလား။ ဒီမယ် သူငယ်ချင်း၊ ငါ သူ့ကို အကုန်လုံး သင်ပေးထားတယ်၊ ဒါမှ မင်းဆီကို ငါယူလာတဲ့အချိန်မှာ သူဟာ ကောင်းကောင်း လေ့ကျင့်သင်ကြားပေးထားတဲ့ ခွေးတကောင် ဖြစ်နေမယ်၊ အကောင်းဆုံး အခြေအနေမှာ ရှိနေမယ်၊ ဒါမှ မင်းကို ငါ ပြောနိုင်မယ်၊ ကြည့်စမ်း သူငယ်ချင်း၊ မင်းရဲ့ဖူချကာ အခု ဘယ်လိုဖြစ်နေသလဲ ဆိုတာ၊ မင်းမှာ အမဲသားတတုံးလောက် ရှိသလား၊ မင်းတို့ကို အူတက်အောင် သူ လုပ်ပြလိမ့်မယ်၊ အမဲသားတုံး သေးသေးလေး တတုံးဆိုရင် ရပြီ … ရှိသလား”

ဆနီဂါယော့သည် စကြံလမ်းအတိုင်း အိမ်ရှင်မိန်းမကြီး၏မီးဖိုချောင်ဆီသို့ ပြေးသွားသည်။ ကိုလျာက တန်ဖိုးရှိသော အချိန်များကို မဖြုန်းတီးလိုသဖြင့် ပါရဗွန်ကို အလောသုံးဆယ်ပင် အမိန့်ပေးလိုက် သည်။

“သေလိုက်စမ်း …”

ခွေးကြီးသည် ချက်ချင်းပင် တပတ်လှည့်လိုက်ပြီး ကြမ်းပြင်ပေါ်တွင် လှဲချလိုက်သည်။ ထို့နောက် ခြေလေးချောင်းကို မိုးပေါ်ထောင်ပြီး ပက်လက်ကြီး ရှိနေတော့သည်။ လူငယ်ကလေးတွေ ရယ်မောကြသည်။ အီလျူရှာက ပင်ပန်းစွာ ပြုံးပြီး ကြည့်နေသည်။

သို့ရာတွင် ခွေးကြီး ‘သေနေပုံ’ ကိုက သဘောအကျဆုံးသူမှာ ‘မေမေကြီး’ ဖြစ်နေတော့သည်။ သူမက အားရပါးရ ရယ်မောလိုက်ပြီးနောက် လက်ဖျောက်တီးကာ .. ‘ပါရဗွန်၊ ပါရဗွန်’ ဟု ခေါ်နေသည်။

“သူ့ကို ဘယ်သူကမှ ထအောင် မလုပ်နိုင်ဘူး၊ ဘယ်သူတွေ ဘယ်လောက် အော်အော် တုတ်တုတ်ကလေးမှ လှုပ်မှာမဟုတ်ဘူး” ကိုလျာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။

“ဒါပေမဲ့ ကျွန်တော်ခေါ်ရင်တော့ သူ ချက်ချင်းထမှာပဲ၊ ဒီမှာကြည့်၊ ဟိတ် ပါရဗွန်” ခွေးကြီးသည် ချက်ချင်းပင်ထပြီး ဝမ်းသာပျော်ရွှင်စွာဖြင့် ခုန်ပေါက်နေသည်။ အမဲသားပြုတ်တတုံးဖြင့် ဆနီဂါယော့ ပြန်လည် ရောက်ရှိလာသည်။

“အမဲသားက ပူသလား”

ကိုလျာက အလုပ်သဘောမျိုးဖြင့် အမဲသားတုံးကို ကိုင်ကြည့်ကာ စူးစမ်းလိုက်သည်။ “အင်း မပူဘူး၊ ခွေးတွေက ပူရင် မကြိုက်ဘူး၊ ကဲ အားလုံး

ကြည့်ကြပါ၊ သူငယ်ချင်း အီလျူရှာ ကြည့်စမ်းပါ။ မင်း ဘာဖြစ်လို့ မကြည့်တာလဲ၊ ငါက သူ့အတွက် ယူလာတယ်၊ ဒါပေမဲ့ သူကတော့ မကြည့်ဘူး”

ပြကွက်အသစ်မှာ ခွေးကြီးကို မလှုပ်မယှက် မတ်တတ်ရပ်စေပြီး နှုတ်သီးကို ရှေ့သို့ ထိုးဆန့်ထား စေသည်။ ပြီးမှ အနံ့အရသာ ကောင်းမွန် မွှေးပျံ့သော အသားတုံးကို နှုတ်သီးပေါ်တွင် တင်ထားစေ သည်။ သနားစရာကောင်းသော ခွေးကြီးသည် သခင်က နောက်ထပ် အမိန့်မပေးမချင်း နှုတ်သီးပေါ်တွင် အသားတုံးကို တင်ပြီး မလှုပ်မယှက်ကြီး ရပ်နေရသည်။ အကယ်၍ သူသည် လိုအပ်ခဲ့လျှင် နာရီဝက် တနာရီလောက်အထိ ဤအတိုင်း နေရပေမည်။ သို့သော် ကိုလျာက ပါရဇ္ဇွန်ကို ဤအတိုင်း ခဏပဲ ထားပါသည်။

“စားလိုက်တော့”

ကိုလျာက ဟစ်အော်လိုက်သည်။ အသားတုံးသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် နှုတ်သီးပေါ်မှနေပြီး ပါးစပ်ထဲသို့ ရောက်ရှိသွားသည်။ ပရိသတ်ကြီးက အထူးပင် စိတ်ဝင်စား အံ့သြကြရသည်။

“ဒီအတောအတွင်းမှာ မင်း မလာတာဟာ ဒီခွေးကြီးကို လေ့ကျင့်သင်ကြားပေးနေတဲ့ အတွက်ပဲလား”

အလျှိုရှာ မကျေနပ်ဟန်ဖြင့် မေးလိုက်သည်။

“ဟုတ်တယ် ဒီအတွက်ပဲ၊ သူ့ကို ကျွန်တော်က ပညာအပြည့်အစုံနဲ့ ပြချင်လို့ပဲ” ကိုလျာက တကယ်ပင် ရိုးသားစွာဖြင့် ပြန်ပြောသည်။

“ပါရဇ္ဇွန်၊ ပါရဇ္ဇွန်”

အီလျူရှာက သူ၏ လက်ချောင်းကလေးများဖြင့် လက်ဖျစ်တွက်ရင်း ရုတ်တရက် ခေါ်လိုက်သည်။

“ဘာလုပ်ချင်လို့လဲ၊ သူ့ကို ခုတင်ပေါ်ကို တင်စေချင်လို့လား၊ အိပ် ... ပါရဇ္ဇွန်” ကိုလျာက အိပ်ရာကို ပုတ်ပြလိုက်သောအခါ ပါရဇ္ဇွန်သည် အီလျူရှာ၏ဘေးသို့ မြားပစ်သလို ရောက်ရှိသွားသည်။

အီလျူရှာက ခွေးကြီး၏ ခေါင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားလိုက်ရာ ပါရဇ္ဇွန်က ချက်ချင်းပင် သူ၏ပါးပြင်ကို လျှာဖြင့် တို့လျက်လေတော့သည်။ အီလျူရှာသည် ခွေးကြီးကို တအားဖက်ကာ သူ၏မျက်နှာကို အမွေးကြမ်းကြမ်းများထဲတွင် တိုးဝှေ့ကာ ဝှက်ထားလိုက်သည်။

“ဘုရားသခင်၊ အို ဘုရားသခင်”

ဆနီဂါယော့ အာမေဒိုတ်သံ ပြုလျက်ရှိသည်။ ကိုလျာက ခုတင်ပေါ်တွင် ထိုင်ချလိုက်ပြန်သည်။

"အီလျူရှာ၊ မင်းကို ငါ နောက်တမျိုး ပြဦးမယ်၊ မင်းအတွက် ငါ အမြောက်တလက် ယူလာတယ်၊ အဲဒီ အမြောက်ကလေးအကြောင်း ငါပြောတာ မင်းမှတ်မိသေးသလား၊ အဲဒီတုန်းက မင်းက 'ငါ ကြည့်ချင်လိုက်တာ' လို့ ပြောခဲ့တယ်၊ အဲဒါကြောင့် အဲဒီ အမြောက်ကလေးကို ငါ အခု ယူခဲ့တယ်"

ထို့နောက် ကိုလျာက ကြေးအမြောက်ကလေးကို သူ၏လွယ်အိတ်ထဲမှ ကမန်းကတန်း ထုတ်ယူလိုက် သည်။ ယင်းကဲ့သို့ ကမန်းကတန်း ဖြစ်နေရသည်မှာ သူ့အနေနှင့် အထူးပင် ပျော်ရွှင်တက်ကြွ နေသောကြောင့် ဖြစ်ပါသည်။ သာမန် အချိန်မျိုးဆိုလျှင် သူသည် ပါရဗွန်ကြောင့် တက်နေသောအရှိန် ကျသွားသည်အထိ စောင့်နေဦးမည် ဖြစ်သည်။ ယခုတော့ သူသည် ဘာကိုမျှ အချိန်ဆွဲမနေနိုင်တော့။ "မင်း သိပ်ပျော်နေတယ်၊ ဒီတော့ မင်းကို ပိုပြီးပျော်သွားအောင် လုပ်ပေးရမယ်" သူ့စိတ်ထဲမှ ပြောလိုက်သည်။ သူ သည် ပျော်ရွှင်မှုလှိုင်းဝယ် မျောပါလျက် ရှိနေသည်။

"ဒီဥစ္စာကလေးကို မိုရိုဇော့ဆီမှာ တွေ့ရကတည်းက မင်းအတွက် ငါ လိုချင်နေတာ ကြာလှပြီ၊ မင်းအတွက်ပါ သူငယ်ချင်း မင်းအတွက်ပါ၊ ဒီဥစ္စာကလေးက မိုရိုဇော့အတွက် ဘာမှ အသုံးမကျ ပါဘူး၊ ဒါကလေးကို သူ့အစ်ကိုဆီက သူ ရထားတာပဲ၊ ဒါကြောင့်မို့လို့ ဒီဥစ္စာကလေးကို ငါ့အဖေရဲ့ စာအုပ်စင်က စာအုပ်တအုပ်နဲ့ ငါ လဲယူလိုက်တာပဲ၊ လွန်ခဲ့တဲ့ နှစ်တရာလောက်က စာပေစိစစ်ရေး တွေ ဘာတွေ မရှိတဲ့ အချိန်တုန်းက မော်စကိုမှာ ပုံနှိပ်တဲ့ ညစ်ညစ်ပတ်ပတ် စာအုပ်တအုပ်ပဲ၊ မိုရိုဇော့က အဲဒီလို စာမျိုးတွေကို ဝါသနာပါတယ်၊ သူကလည်း အဲဒီစာအုပ်ကို ရတဲ့အတွက် ငါ့ကို ကျေးဇူးတင်တယ်"

ကိုလျာသည် ကြေးအမြောက်ကလေးကို အားလုံး မြင်သာပြီး သဘောကျ နှစ်သက်နိုင်အောင် လက်ထဲတွင် မြှောက်ကိုင်ထားသည်။ အီလျူရှာ ခုတင်ပေါ်တွင် ထထိုင်ပြီး လက်ယာဘက်လက်က ပါရဗွန်ကို ဖက်ကိုင်ထားလျက်ဖြင့်ပင် ကစားစရာကလေးကို ငေးမောတပ်မက်လျက် ရှိတော့သည်။ ကိုလျာက သူ့တွင် ယမ်းမှုန့်များ ပါရှိပြီး 'အကယ်၍ အမျိုးသမီးများကို အလန့်တကြား မဖြစ်စေဘူး ဆိုလျှင်' အမြောက်ကလေးကို ယခုချက်ချင်းပင် ပစ်ခတ်ပြနိုင်ကြောင်း ပြောကြားသောအခါ အခြေအနေသည် အထွတ်အထိပ်သို့ ရောက်ရှိလေတော့သည်။

မစ္စက် ဆနီဂါယော့က ကစားစရာကလေးကို သေသေချာချာ ကြည့်ရှုလိုကြောင်း ပြောကြားသော အခါ သူမ၏ဆန္ဒကို ဖြည့်စွက်ရသည်။ သူမက ဘီးတပ်ပြီး အမြောက်ကလေးကို အထူးပင် သဘောကျ နှစ်သက်ပြီး

သူမ၏ပေါင်ပေါ်တွင် ရှေ့တိုးနောက်ငင် တွန်းလိမ့်နေတော့သည်။ အမြောက်ကလေးကို ပစ်ဖောက်ရန် ခွင့်ပြု မပြု မေးမြန်းသောအခါ သူမက မေးခွန်း၏ အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ဘဲဖြင့်ပင် ခွင့်ပြုချက် ပေးလိုက်သည်။

ကိုလျာက ၎င်းတို့ကို ယမ်းမှုန့်နှင့် အမြောက်ဆန်ကို ပြသသည်။ ဆနီဂါယော့သည် စစ်မှုထမ်းဟောင်းတဦး ဖြစ်သဖြင့် ယမ်းထည့်သည့်အလုပ်ကို သူကိုယ်တိုင် လုပ်ဆောင်သည်။ တမိနစ်အတွင်းမှာပင် ယမ်းထည့်သည့်အလုပ် ပြီးစီးသွားသည်။ အမြောက်ကလေးကို ကြမ်းပြင်ပေါ် တွင် ချထားသည်။ ယမ်းပေါက်အတွင်းသို့ ယမ်းချိန် သုံးဂရိမ် ထည့်ထားပြီး မီးခြစ်ဆံဖြင့် မီးညှိလိုက်သည်။ ပေါက်ကွဲသံက ကောင်းမွန် ခမ်းနားလှသည်။

မစ္စက် ဆနီဂါယော့ လန့်သွားသည်။ သို့သော် ချက်ချင်းဆိုသလို ပျော်ရွှင်ကြည်နူးကာ ရယ်မောသည်။ လူငယ်ကလေးများ အားလုံးသည် အောင်မြင်မှုကြောင့် စကားပင် မပြောနိုင်ဘဲ ရှိနေကြသည်။ သို့သော် အီလျူရှာကို ကြည့်နေသော ဆနီဂါယော့သည် ဤအထဲတွင် အပျော်ရွှင်ဆုံး ဖြစ်ပါသည်။ ကိုလျာသည် အမြောက်ကလေးကို ချက်ချင်းပင် ကောက်ယူလိုက်ပြီး ယမ်းမှုန့်များ၊ အမြောက်ဆန် များနှင့်အတူ အီလျူရှာသို့ လက်ဆောင် အဖြစ် ပေးအပ်လေသည်။

“ဒါ မင်းအတွက်ပဲ၊ မင်းအတွက် မင်းအတွက် ငါသိမ်းထားတာ ကြာလှပြီ” ဝမ်းသာကြည်နူးစွာဖြင့် သူ ထပ်ပြီး ပြောလိုက်သည်။

“အို၊ အဲဒါ ငါ့ကိုပေးပါ၊ အဲဒီ အမြောက်ကလေး ငါ့ကိုပေးပါ”

မစ္စက် ဆနီဂါယော့က ကလေးလေးတယောက်လို တောင်းခံနေသည်။ သူမ၏ မျက်နှာတွင် အမြောက်ကလေးကို မရမှာစိုးသည့်အနေဖြင့် အထူးပင် ပူပန်ကြောင့်ကြနေဟန် ရှိသည်။ ကိုလျာ ကသိကအောက် ဖြစ်သွားသည်။ ဆနီဂါယော့လည်း စနိုးစနောင့် ဖြစ်ရသည်။ သူမထံသို့ သူ ပြေးသွားပြီး ...

“အို မေမေကြီးရယ်၊ မေမေကြီးရယ်။ အမြောက်ကလေးဟာ မေမေကြီးရဲ့ပစ္စည်းပါ၊ ဒါပေမဲ့ လောလောဆယ်တော့ အီလျူရှာကို ပေးထားပါ။ ဘာဖြစ်လို့တုံးဆိုတော့ သူ့ကို ပေးထားတဲ့ ပစ္စည်းမို့ပါ၊ ဒါပေမဲ့ မေမေကြီးရဲ့ဥစ္စာပါပဲ၊ အီလျူရှာက မေမေကြီးကို အမြောက်ကလေးနဲ့ ကစားခွင့် အမြဲတမ်း ပေးထားမှာပါ၊ ဒီအမြောက်ကလေးဟာ မေမေကြီးဟာနဲ့ သူ့ဟာပဲပေါ့”

“နှစ်ယောက်စလုံး ပိုင်တာမျိုး... ငါ မလိုချင်ဘူး၊ ငါတယောက်တည်း အပိုင်ပဲ လိုချင်တယ်၊ အီလျူရှာ မပိုင်ရဘူး”

မေမေကြီးက ငိုတော့မတတ်ပင် ဖြစ်နေသည်။

"မေမေ ယူထားပါ၊ ရော့ ယူထားပါ" အီလျူရှာ ရုတ်တရက် ပြောလိုက်သည်။ "မေမေ့ကို ငါ ပေးလိုက်ရမလား၊ ကရာဆိုကင်"

ကရာဆိုကင်ဘက်သို့ သူလှည့်ပြီး တောင်းပန်သည့်အနေဖြင့်မေးသည်။ သူ ပေးသော လက်ဆောင် ပစ္စည်းကို တခြားလူတယောက်အား တဆင့် ပေးလိုက်သည့်အတွက် သူ စိတ်မကောင်းဖြစ်မည် ကိုလည်း စိုးရိမ်သည်။

"ပေးလိုက်ပါ"

ကရာဆိုကင် ချက်ချင်းပင် သဘောတူညီလိုက်သည်။ ထို့နောက် အမြောက်ကလေးကို အီလျူရှာ၏ လက်မှယူပြီး မစ္စက်ဆနီဂါယေ့ာကို သူကိုယ်တိုင် ရိုသေလေးစားစွာ ဦးညွှတ်ကာ ပေးလိုက်သည်။ အမျိုးသမီးကြီးသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်တွေ သွန်ချလာတော့သည်။

"အီလျူရှာရယ်၊ သားကလေးရယ်၊ မေမေ့ကို ချစ်တာ မင်းတယောက်ပဲ ရှိတယ်" သူမက လှိုက်လှိုက်လှဲလှဲ ထိခိုက်စွာ ပြောလိုက်သည်။ ထို့နောက် အမြောက်ကလေးကို သူမ၏ပေါင်ပေါ်တွင် လှိမ့်နေတော့သည်။

"အို မေမေကြီးရယ်၊ မေမေကြီးရဲ့လက်ကို ကျုပ် နမ်းပါရစေ"

ဆနီဂါယေ့ာ ဇနီးသည်ထံသို့ ပြေးသွားပြီး လက်ကို နမ်းရှုပ်လိုက်သည်။

"ဒီသူငယ်ကလေးလို ချစ်စရာကောင်းတဲ့ လူငယ်ကလေးမျိုး ငါ တခါမှ မတွေ့ဖူးဘူး"

ကျေးဇူးတရား နားလည်သော အမျိုးသမီးကြီးက ကိုလျာကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"ယမ်းမှုန့်တွေ မင်းလိုချင်သလောက် ငါ ယူလာပေးမယ် အီလျူရှာ၊ ယမ်းမှုန့်တွေကို အခု ငါတို့ဘာသာ ငါတို့ စပ်ကြတယ်၊ စပ်တဲ့နည်းကို ဗိုရိုဗီကော့က တွေ့တာပဲ၊ ယမ်းစိမ်းက ၂၄ ပုံ၊ ကန့်က ၁၀ ပုံ၊ သစ်ခေါက်ဖြူမီးသွေးက ၆ ပုံ၊ အဲဒါတွေကို အားလုံးရောပြီးထောင်း၊ ပြီးတော့ ရေနည်းနည်း ထည့်ပြီး နာနာနယ်၊ ပြီးတော့ ဆန်ခါကောင်းကောင်းနဲ့ စစ်၊ အဲဒါ မင်းလိုချင်တဲ့ ယမ်းမှုန့် ရရောပဲ"

"အဲဒီအကြောင်း ငါ့ကို ဆမ်မူရော့က ပြောပြီးပြီ၊ ဒါပေမဲ့ ဖေဖေက ပြောတော့ အဲဒါ တကယ့် ယမ်းအစစ် မဟုတ်ဘူးတဲ့" အီလျူရှာက ပြန်ပြောသည်။

"အစစ် မဟုတ်ဘူး ဟုတ်လား" ကိုလျာ၏မျက်နှာ နီရဲသွားသည်။ "ဒါပေမဲ့

ကောင်းကောင်းကြီး ပေါက်ကွဲတာပဲ၊ ဒါပေမဲ့ ငါ မသိဘူး”

“မဟုတ်ဘူး၊ ငါက ဒီသဘောပြောတာ မဟုတ်ပါဘူး” ဆနီဂါယော့က အပြစ်ရှိသော မျက်နှာထားဖြင့် ရုတ်တရက် ဝင်ပြောသည်။ “ယမ်းမှုန့်ကို အဲဒီလိုမျိုး လုပ်တာ မဟုတ်ဘူး လို့ ငါပြောတာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒါက အကြောင်းမဟုတ်ပါဘူး၊ အဲဒီလိုမျိုး လုပ်ရင်လည်း ဖြစ်နိုင်ပါတယ်”

“ကျွန်တော် မသိဘူး၊ ဦးလေးက ပိုပြီး သိပါတယ်။ ကျွန်တော်တို့ အိုးတလုံးထဲမှာ ထည့်ပြီး မီးရှို့ ကြည့်တာတော့ ကောင်းကောင်း တောက်တယ်၊ အားလုံး လောင်သွားတယ်၊ ပြာနည်းနည်းကလေးပဲ ကျန်ရစ်တယ်၊ ဒါပေမဲ့ ဒါက ရေနဲ့နယ်ထားတဲ့အတိုင်းပဲ ရှိသေးတယ်၊ အဲဒါကို ဆန်ခါထဲထည့်ပြီး စစ်လိုက်လို့ရှိရင် .... အို ဦးလေးက ပိုပြီး သိပါတယ်၊ ကျွန်တော် မသိဘူး၊ အဲဒီ ယမ်းလုပ်တဲ့ကိစ္စ အတွက် ဗင်လကင်ကို သူ့အဖေက ရိုက်တယ်၊ အဲဒါ မင်းသိသလား”

အီလျူရှာဘက် သူ ရုတ်တရက်လှည့်ပြီး မေးလိုက်သည်။

“ကြားတယ်”

အီလျူရှာက ကိုလျာ ပြောနေသည်များကို စိတ်ဝင်စား အားရစွာ နားထောင်နေရာမှ ဖြေလိုက်သည်။

“ငါတို့ ယမ်းတွေ တပုလင်းအပြည့်ကြီး လုပ်ကြတယ်၊ အဲဒါကို သူက ခေါင်းအုံးအောက်မှာ ဝှက်ပေးတယ်၊ သူ့အဖေ တွေ့သွားတယ်၊ ‘ငါတို့အားလုံး ပေါက်ကွဲသွားနိုင်တယ်’ လို့ သူ့အဖေက ပြောတယ်၊ ပြီးတော့ သူ့ကိုလည်း အဲဒီနေရာမှာတင် ရိုက်တော့တာပဲ။ သူ့အဖေက ငါ့ကို ဆရာတွေကို တိုင်မယ်လို့ ပြောတယ်။ သူ့အဖေက အခုထိ သူ့ကို ငါနဲ့ အပေါင်းအသင်း မလုပ်ရတော့ဘူးတဲ့၊ အခု ဘယ်သူမှ ငါနဲ့ အပေါင်းအသင်း မလုပ်ရတော့ဘူး၊ ဆမ်မူရော့လည်း မလုပ်ရတော့ဘူး၊ ငါ့ကို လူတိုင်းကပဲ နာမည်ပျက်စာရင်း သွင်းထားကြပြီ၊ ငါ့ကို ‘တဓောက်ကန်းကလေး’ လို့ သူတို့က ပြောကြတယ်”

ကိုလျာ မထီတရီ ပြုံးလိုက်သည်။

“ဒါတွေအားလုံး ရထားလမ်း ပြဿနာက စတာပဲ”

“အင်း၊ အဲဒီ စွန့်စားခန်းအကြောင်း ငါတို့လည်း ကြားတယ်” ဆနီဂါယော့က ပြောလိုက်သည်။ “ရထားသံလမ်းနှစ်ခုကြားမှာ မင်း ဘယ်လိုလုပ်ပြီး လှဲနေသလဲ၊ ရထားကြီး ဖြတ်သွားတဲ့အောက်မှာ လှဲနေရတာ မင်း မကြောက်ဘူးလား၊ နည်းနည်းကလေးမှ မကြောက်ဘူးလား”

ဆနီဂါယော့က ကိုလျာကို အထူးပင် ချီးကျူးလေးစားလျက် ရှိသည်။

"ဘာမှ ကြောက်စရာ မရှိပါဘူး"

ကိုလျာ ခပ်ပေါ့ပေါ့ပင် ဖြေလိုက်သည်။ ထို့နောက် အီလျူရှာဘက်သို့လှည့်ပြီး... "ငါရဲ့ ဂုဏ်သိက္ခာကို အထိခိုက်ဆုံးကတော့ အဲဒီ ငန်းပြဿနာပဲ"

"အင်း၊ ဟုတ်တယ်၊ အဲဒီ ငန်းကိစ္စကို ငါကြားတယ်၊ သူတို့ ငါ့ကို ပြောကြတယ်၊ ဒါပေမဲ့ ငါ သိပ်မရှင်းသေးဘူး၊ သူတို့ မင်းကို တကယ်ပဲ တရားရုံးကို တင်ကြသလား"

အီလျူရှာ ရယ်မောကာ မေးသည်။ သူ့မျက်နှာ ပြုံးရွှင်လျက်ရှိသည်။

"အို အလကား အသေးအဖွဲကလေးပါ၊ ဒါပေမဲ့ ထုံးစံအတိုင်း သူတို့က တဆိတ်တအိတ် လုပ်ကြတာ ပဲပေါ့" ကိုလျာ ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

"တနေ့ ဈေးထဲကို ငါ ရောက်သွားတဲ့အချိန်မှာ ငန်းလှည်းတွေ ရောက်နေတာကို တွေ့ရတယ်၊ ဒါနဲ့ ငါ ငန်းတွေကို ရပ်ပြီး ကြည့်နေတယ်၊ အဲဒီအချိန်မှာပဲ လူတယောက် ငါ့ကို ကြည့်နေတာ တွေ့ရတယ်၊ သူ့နာမည်က ဗစ်ရှိညာကော့၊ အခု ပလော်နီကော့ဆိုင်မှာ အလုပ်လုပ်နေတယ်။ 'ငန်းတွေကို ဘာကိစ္စ ကြည့်နေတာလဲ' တဲ့၊ သူက ငါ့ကို မေးတယ်။ သူ့ကို ငါ ကြည့်လိုက်တယ်၊ သူ့မျက်နှာက ခပ်ဝိုင်းဝိုင်း ခပ်တုံးတုံးပဲ၊ အသက် ၂၀ လောက်ပဲ ရှိဦးမယ်၊ ဒါပေမဲ့ ငါဟာ ရိုးရိုး သာမန်လူတွေကို ဘယ်တော့မှ မဆန့်ကျင်ဘူး၊ ငါ ငါ သူတို့နဲ့ အမြဲတမ်း ပေါင်းတယ်၊ ငါတို့ဟာ ရိုးရိုးသာမန်လူတွေရဲ့နောက်မှာ အများကြီး ရောက်နေတယ်။ အဲဒါ အမှန်တရားတခုပဲ၊ ကာရာမာဇော့ ခင်ဗျား ရယ်နေတယ် မဟုတ်လား"

"အို ဘုရားသခင် မဟုတ်တာပဲ၊ မင်းပြောတာကို ငါ နားထောင်နေပါတယ်" အလျှိုရှာက ကောင်းမွန်စွာ ပြန်ပြောသည်။ ထိုအခါ ကိုလျာ၏ သံသယများ ပြယ်လွင့်သွားရသည်။သို့ဖြင့် သူ့စကားကို ဆက်သည်။

"ကျွန်တော့်ရဲ့ အယူအဆက ရိုးရိုးရှင်းရှင်းကလေးပါ ကာရာမာဇော့။ လူတွေကို ကျွန်တော် ယုံတယ်၊ သူတို့ကို ကောင်းကောင်းမွန်မွန် မျှမျှတတ ဆက်ဆံတယ်။ ဒါပေမဲ့ သူတို့ကို ကျွန်တော် မဖျက်ဆီးဘူး၊ အဲဒါ အင်မတန် လိုအပ်တဲ့အချက်ပဲ၊ နေဦး၊ ကျွန်တော် ခင်ဗျားတို့ကို ငန်းအကြောင်း ပြောနေတာပဲ၊ အဲ ဟုတ်ပြီ။ အဲဒီတော့ ကျွန်တော် အဲဒီ နလပိန်းတုံးကို ပြန်ပြောလိုက်တယ်။ 'အဲဒီ ငန်းကြီး ဘာစဉ်းစားနေတာလဲလို့ ကျွန်တော် စဉ်းစားနေတာ' လို့ ... အဲဒီတော့ သူက ကျွန်တော့်ကို နားဝေတိမ်တောင်နဲ့ ကြည့်ပြီး ပြန်မေးတယ်၊ 'ငန်းကြီးက

ဘာစဉ်းစားနေတာလဲတဲ့’။ ဒီတော့ ကျွန်တော်က ပြန်ဖြေတယ်။ ‘ဟောဟို ဂျုံလှည်းကြီးကို ခင်ဗျား တွေ့သလား၊ အိတ်ထဲက ဂျုံတွေ ပေါက်ပြီးကျနေတယ်၊ အဲဒါကို ငန်းကြီးက လှည်းဘီးအောက်ကနေ ခေါင်းထွက်ပြီး ကောက်စားနေ တယ်၊ တွေ့လား’ သူက ‘တွေ့တယ်’ လို့ ပြန်ဖြေတယ်။ ‘ကောင်းပြီ၊ အဲဒါဆိုရင် လှည်းဘီးကို ရှေ့ကို နည်းနည်းကလေး လှိမ့်လိုက်ရင် လှည်းဘီးက ငန်းကြီးရဲ့လည်ပင်းကို တက်နင်းမှာ အမှန်ပဲ၊ ဟုတ်တယ် မဟုတ်လား’ ‘အေး ဟုတ်တယ်၊ အမှန်ပဲ’ လို့ သူက ပြုံးပြုံးကြီး ပြန်ပြောတယ်။

“အဲဒီတော့ ကျွန်တော်က ‘ကောင်းပြီ၊ ဒါဆိုရင် စမ်းကြည့်ကြရအောင်’ လို့ဆိုတော့ သူက ‘အေး၊ စမ်းကြည့်ကြမယ်’ လို့ ပြန်ပြောတယ်၊ ကျွန်တော်တို့ လက်တွေ့လုပ်ရတာ ဘာမှ မကြာပါဘူး၊ သူက မြင်းဇက်ကြိုးနားမှာ ဘယ်သူမှ မမြင်အောင် ရပ်နေတယ်။ ကျွန်တော်က ငန်းကြီးကို လမ်းကြောင်း ပေးဖို့ ဘေးတဖက်မှာ ရပ်နေတယ်။ အဲဒီအချိန်မှာ ပိုင်ရှင် တောသားကြီးက ကျွန်တော်တို့ကို မမြင်ဘူး၊ လူတယောက်နဲ့ စကားပြောနေတယ်။ ဒီတော့ ငါ့အနေနဲ့က ဘာမှ လုပ်စရာ မလိုတော့ဘူး၊ ငန်းကြီးက လှည်းဘီးအောက်ကနေ ခေါင်းထုတ်ပြီး ဂျုံစေ့တွေကို ကောက်စားနေတယ်၊ ဘသားချောကို ကျွန်တော် မျက်စိမှိတ် ပြလိုက်တယ်။ သူက မြင်းဇက်ကို ဆွဲလိုက်တယ်။ တခါတည်း ကြိတ်မိတာပဲ။ ငန်းကြီးရဲ့လည်ပင်း နှစ်ပိုင်း ပြတ်သွားတယ်။

“ကံကြမ္မာဖန်လာတော့ အဲဒီအချိန်မှာ ကျေးတောသားတွေ အားလုံးက ကျွန်တော်တို့ကို တွေ့သွားကြပြီး ဝိုင်းအော်ကြတယ်။ ‘ဟေ့ကောင် မင်း တမင်တကာ လုပ်တာပဲ’ ‘မဟုတ်ဘူး၊ ကျွန်တော် လုပ်တာ မဟုတ်ဘူး’၊ ‘ဟုတ်တယ်၊ မင်း လုပ်တာပဲ၊ သူ့ကို သမာဓိမြို့ဝန်ဆီကို ခေါ်သွားကြ’ သူတို့ ဝိုင်းအော်ကြတယ်။ ကျွန်တော့်ကိုလည်း သူတို့ ဖမ်းကြတယ်။ ‘ဒီထဲမှာ မင်းလည်း ပါတယ်၊ မင်းက အားပေးအားမြှောက်ပဲ၊ မင်းကို တဈေးလုံးသိတယ်’ သူတို့ ဝိုင်းအော်ကြတယ်။ ‘တကယ်ပဲ ကျွန်တော့်ကို တဈေးလုံး သိနေကြတယ်’ ကျွန်တော် ဘဝင်မြင့်စွာနဲ့ ပြောလိုက်တယ်။ ကျွန်တော်တို့အားလုံး သမာဓိ မြို့ဝန်မင်းဆီကို သွားကြတယ်။ ငန်းသေကြီးကိုလည်း သူတို့ တပါတည်း ယူလာကြတယ်။ ဘသားချောဟာ အကြောက်ကြီး ကြောက်ပြီး ငိုနေတယ်၊ တောသူမကြီးတယောက်လိုပဲ အကျယ်ကြီး အော်ပြီး ငိုနေတယ်။ ‘သူတို့ ဒီလိုနည်းမျိုးနဲ့ ငန်းတွေ အများကြီး သတ်ပစ်နိုင်တယ်’ လို့ ငန်းပိုင်ရှင်က တကြော်ကြော် လုပ်နေတယ်။ အဲ သက်သေတွေ ကလည်း ရှိနေတယ်။

“သမာဓိမြို့ဝန်က ချက်ချင်းပဲ စီရင်ချက်ချတယ်။ ငန်းပိုင်ရှင်ကို တရူဗယ် ပေးလျော်စေ၊ ငန်းအသေကို ဘသားချောသို့ ပေးစေ၊ နောက်ပြီးတော့ ဘသားချောကို နောက် ဒါမျိုးမလုပ်ဖို့ သတိပေးတယ်။ အဲဒီတော့ ဘသားချောက

မိန်းမတယောက်လို ငိုပြီး ပြောတယ်၊ ‘ကျွန်တော်မျိုး လုပ်တာ မဟုတ်ပါဘူး ခင်ဗျာ၊ သူခိုင်းလို့ လုပ်ရတာပါခင်ဗျာ’ ကျွန်တော့်ကို သူ လက်ညှိုးထိုးတယ်။ အဲဒီတော့ ကျွန်တော်က သူ့ကို ဘာမျှ မခိုင်းကြောင်း၊ ဖြစ်နိုင်တဲ့ သဘောတရားကို ပြောပြခြင်းသာ ဖြစ်ကြောင်း ခပ်တည်တည် ခပ်မှန်မှန်နဲ့ ပြန်ပြောလိုက်တယ်။

“အဲဒီတော့ သမာဓိမြို့ဝန်မင်းကြီး ဖြုန်းခနဲ ပြုံးသွားတယ်။ ဒါပေမဲ့ အဲဒီလို ပြုံးမိတဲ့အတွက် အဘိုးကြီး သူ့ကိုယ်သူ ဒေါသဖြစ်သွားပုံရတယ်။ ‘မင်း ကျောင်းက အာဏာပိုင်ဆရာတွေဆီကို ငါ အခု တိုင်စာပို့မယ်၊ ဒါမှ မင်းဟာ ဒီရှေ့မှာ ဖြစ်နိုင်တဲ့ သဘောတရားတွေကို လျှောက်ပြောမနေဘဲ မင်းစာကို မင်း ကျက်မယ်’ ဒါပေမဲ့ တကယ်တော့ ကျောင်းအာဏာပိုင်တွေဆီကို သူ တိုင်စာ မပို့ပါဘူး၊ သူ နောက်ပြီး ပြောလိုက်တာပါပဲ။

“ဒါပေမဲ့ ဒီသတင်းက ပြန့်သွားပြီး ဆရာတွေရဲ့နားကို ရောက်သွားတယ်။ သူတို့ရဲ့နားတွေက တကယ်ကောင်းတာပဲ၊ ဒီသတင်းကို ကြားရတော့ လက်တင်ဘာသာဆရာ ကိုဗာနီကော့က အတော်ကြီးကို ဒေါပွသွားတယ်၊ ဒါပေမဲ့ ဒီတခါလည်း ဒါဒန်နီလော့က ကျွန်တော့်ကို ကယ်တင်လိုက် တာပဲ၊ ကိုဗာနီကော့ဟာ အခုဆိုရင် ကျွန်တော်တို့ တသိုက်လုံးကို ဒေါကန်နေတယ်။ အီလျူရှာ မင်း သိတယ်မဟုတ်လား၊ သူ လက်ထပ်ပြီးတာ ဘာမှ မကြာသေးဘူး၊ သတို့သမီးဘက်က တင်တဲ့ မင်္ဂလာကြေးငွေ ရူဗယ်တထောင် ရထားတယ်။ ဒါပေမဲ့ သတို့သမီးက အရုပ်ဆိုးလိုက်တာမှ ပထမတန်းစားပဲ၊ ဒီအကြောင်းကို တတိယတန်းက ကောင်တွေက ကဗျာစပ်ထားကြတယ် ...

ငါတို့တတွေရဲ့ အတန်းမှာ မဟာသတင်းထူးတာကတော့

ကိုဗာနီကော့ခမျာ မြည်းမကြီး တကောင်နဲ့ လက်ထပ်ရလေခြင်း ....

နောက်ပြီးတော့ ရှိသေးတယ်။ အတော်ရယ်ရတယ်၊ အဲဒီကဗျာကို နောက်မှ မင်းဆီကို ငါ ယူလာဦးမယ်၊ ဒါဒန်နီလော့နဲ့ ပတ်သက်လို့တော့ ငါ ဘာမှ မပြောပါဘူး၊ သူက စာပေကျွမ်းဂန် နှံ့စပ်တဲ့ လူတယောက်ပဲ၊ အတော်ကလေးကို နှံ့စပ်တဲ့ လူတယောက်ပဲ။ ဒီလိုလူမျိုးကို ငါ လေးစားတယ်။ ငါ့ဘက်က သူ ကာကွယ်တဲ့အတွက် မဟုတ်ပါဘူး..”

“ဒါပေမဲ့ ထရွိုင်းမြို့ကြီးကို ဘယ်သူတည်တယ်ဆိုတဲ့ ပြဿနာမှာတော့ မင်း သူ့ကို အနိုင်ရတယ် မဟုတ်လား”

ဆမ်မူရော့က ရုတ်တရက် ဝင်မေးလိုက်သည်။ သူသည် ထိုအချိန်က ကရာဆိုကင်အတွက် ဂုဏ်ယူမဆုံး ရှိနေသည်။ ငန်းဇာတ်လမ်းကို ကြားရသည့်အတွက် သူ အများကြီး ကျေနပ်နေသည်။

"မင်း သူ့ကို တကယ်ပဲ အနိုင်ရလိုက်သလား" ဆနီဂါယော့က သူ့ကို ချီးမွမ်းသည့်အနေဖြင့် ရွတ်ဆိုလိုက်သည်။ "ထရှိုင်းမြို့ကြီးကို ဘယ်သူတည်တယ်ဆိုတဲ့ ပြဿနာမှာလား၊ အင်း ဟုတ်တယ်၊ မင်း အနိုင်ရလိုက်တယ်ဆိုတာ ငါတို့ ကြားတယ်၊ အဲဒီတုန်းက အီလျူရှာက တို့ကို ပြောပြတယ်"

"သူ အကုန်လုံးသိတယ် ဖေဖေ၊ ကျွန်တော်တို့အားလုံးထက် သူ ပိုပြီး သိတယ်၊ သူက မသိချင်ယောင် ဆောင်နေတာမျိုးပဲ ရှိတယ်၊ ဒါပေမဲ့ သူက ဘာသာရပ်တိုင်းမှာ ထိပ်ဆုံးကပဲ"

အီလျူရှာက ဝင်ထောက်သည်။ သူက ကိုလျာကို အတိုင်းအဆ မရှိသော ပျော်ရွှင်မှုဖြင့် ကြည့်နေသည်။

"အို ထရှိုင်းမြို့အကြောင်းက အလကားပါ၊ အသေးအဖွဲပါ၊ ဒီပြဿနာကို ကျွန်တော်က အရေးကြီးတယ်လို့ မယူဆပါဘူး"

ကိုလျာက အင်မတန် နှိမ့်ချသည့်သဘောဖြင့် ပြောလိုက်သည်။ သူသည် ယခုအခါ သူ၏ ဘာကိုမျှ အရေးမထားသည့်ဟန်ကို ပြန်လည်ရရှိနေပြီ ဖြစ်သည်။ သို့သော် သူ့စိတ်ထဲတွင် အနည်းအပါးတော့ စနိုးစနောင့် ရှိနေရပါသည်။ သူ့ကိုယ်သူ စိတ်လှုပ်ရှား တက်ကြွလွန်းနေသည်ဟု ယူဆသည်။ ဥပမာ အလျှိုရှာက ဘာမျှမပြောဘဲ အလေးအနက် ရှိနေချိန်တွင် ငန်းဇာတ်လမ်းကို ပြောဆိုရာတွင် အနည်းငယ် များလွန်းသွားသည်ဟုဆိုရမည်။ အလျှိုရှာ တိတ်တိတ်နေခြင်းသည် သူ ကြွားလွန်းသည် ဟု ယူဆပြီး မနှစ်မြို့ခြင်း ရှိ၍လောဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသော လူငယ်ကလေး စိုးရိမ်မကင်း ဖြစ်ရတော့သည်။ အကယ်၍ ၎င်းက ယင်းသို့ ယူဆနေခဲ့လျှင် မိမိက ...

"ဒီပြဿနာကို အသေးအဖွဲတခုလို့ပဲ ကျွန်တော် ယူဆတယ်"

သူ ကျယ်လောင်စွာ ထပ်ပြီး ပြောလိုက်သည်။

"ထရှိုင်းမြို့ကို ဘယ်သူတည်တယ်ဆိုတာ ကျွန်တော် သိတယ်"

ယခုအချိန်အထိ စကားတခွန်းမျှ မဟသေးသော သူငယ်ကလေးတယောက်က မမျှော်လင့်ဘဲ ရုတ်တရက် ဝင်ပြောလိုက်သည်။ ၎င်းမှာ ကာတာရှော့ဟု ခေါ်သော အသက် ၁၁ နှစ်အရွယ် လူချောလူလှကလေးတယောက် ဖြစ်သည်။ တံခါးအနီးတွင် ထိုင်နေသည်။ ကိုလျာက ၎င်းကို ဣန္ဒြေရှိသော အံ့သြဟန်ဖြင့် ကြည့်လိုက်သည်။

ထရှိုင်းမြို့ကြီး မည်သူ တည်ထောင်ကြောင်းကို တကျောင်းလုံး မည်သူမျှ

မသိရှိပါ။ လျှို့ဝှက်ချက် ကြီးတခု ဖြစ်သည်။ ဆမာရာဒေါ့၏သမိုင်းစာအုပ်ကို ဖတ်မှသာလျှင် သိရှိနိုင်ပေသည်။ ယင်းစာအုပ် က ကိုလျာ တယောက်တည်းတွင်သာ ရှိသည်။ သို့သော် တနေ့သ၌ ကိုလျာ မရှိခိုက်တွင် ကာတာရှော့သည် ကိုလျာ၏ စာအုပ်များအကြားမှ ဆမာရာဒေါ့၏စာအုပ်ကို ကမန်းကတန်း လှန်လှောကြည့်ရှုမိသည်။ ထိုအခါ ချက်ချင်းဆိုသလိုပင် ထရွိုင်းမြို့ တည်ထောင်သူများကို တွေ့ရှိသည်။ ယင်းအဖြစ်မှာ အတော်ကြီးပင် ကြာပြီဖြစ်သည်။ သို့သော် ကာတာရှော့သည် သူ သိသည့်အကြောင်း လူပုံအလယ်တွင် မပြောရဲဘဲ ရှိနေသည်။ ပြဿနာတခုခု ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ကိုလျာက သူ့ကို တနည်းနည်းဖြင့် အရှုးလုပ်မည်ကို စိုးရိမ်သော ကြောင့် ဖြစ်သည်။ သို့သော် ယခုမူ သူသည် သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့ဘဲ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားမိခြင်း ဖြစ်သည်။ နောက်ပြီးတော့ သူ့အနေနှင့် သည်အကြောင်းကို ပြောချင်နေသည် မှာလည်း ကြာပြီဖြစ်သည်။

“ဆိုစမ်းပါဦး၊ ဘယ်သူ တည်ထောင်တာလဲ”

ကိုလျာက ဟိတ်ဟန်ကြီးသော နှိမ့်ချမှုဖြင့် မေးလိုက်သည်။ ကာတာရှော့၏မျက်နှာကို တွေ့လိုက်ကတည်းက ၎င်းသည် အမှန်တကယ် သိရှိကြောင်း ကိုလျာ အကဲခတ်မိသည်။ ယင်းအတွက် သူက မည်သည့်အမူအရာကို ဆောင်ရမည် ဖြစ်ကြောင်း စိတ်ထဲတွင် ဆုံးဖြတ်ချက် ချလိုက်သည်။ ယင်းကြောင့်ပင် သူ၏အမူအရာတွင် အနည်းငယ် မညီမညွတ် ရှိနေသည်ကို တွေ့ကြရခြင်း ဖြစ်သည်။

“ထရွိုင်းကို ကျူးဆာ၊ ဒါဒန်နပ်၊ အီလိယက်နဲ့ ထရိုအက်တို့က တည်ထောင်ခဲ့ပါတယ်”

လူငယ်ကလေးက လေသံမာမာဖြင့် ဖြေလိုက်သည်။ တချိန်တည်းမှာပင် သူ့မျက်နှာ ရဲရဲနီသွားသည်။ နီရဲလွန်းသဖြင့် ကြည့်ရှုရသည်မှာ မသက်မသာ ရှိတော့သည်။ လူငယ်ကလေးများ အားလုံးက သူ့ကို အတန်ကြာ ငေးစိုက်ပြီး ကြည့်နေကြသည်။ ထို့နောက် ကိုလျာကို ကြည့်ကြပြန်သည်။ ကိုလျာက လည်း ကာတာရှော့ကို မနှစ်မြို့သော အမူအရာဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်လျက်ရှိသည်။

“သူတို့ တည်ထောင်တယ် ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ” နောက်ဆုံးတွင် တိတ်ဆိတ်ခြင်းကို ကိုလျာ ဖြိုခွဲလိုက်သည်။ “မြို့တမြို့ကို တည်ထောင်တယ်၊ ဒါမှမဟုတ် တိုင်းပြည်တပြည်ကို တည်ထောင်တယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ၊ သူတို့ ဘာလုပ်ကြသလဲ၊ သူတို့အနေနဲ့ အုပ်တချပ်စီ စီကြတာလား”

ရယ်မောကြသည်။ အမေးခံလိုက်ရသော လူငယ်ကလေး၏မျက်နှာ

နီမြန်းနေရာမှ ညိုမည်းသွား သည်။ သူ နှုတ်ဆိတ်နေပြီ၊ ငိုတော့မည့်အသွင် ရှိသည်။ ကိုလျာက ၎င်းကို ထိုအခြေအနေအတိုင်း တစ်မိနစ်ခန့်ကြာအောင် ထားသည်။

“တိုင်းပြည်တပြည်ကို တည်ထောင်တဲ့အကြောင်း စတဲ့ သမိုင်းအဖြစ်အပျက်တွေကို ပြောတော့မယ် ဆိုရင် ပြောတဲ့လူဟာ ကိုယ့်ဘာပြောတယ်ဆိုတာ အရင်ဆုံး သိထားရမယ်” ကိုလျာက ဆုံးမစကား ကို ခပ်တည်တည် ခပ်ထန်ထန် ပြောလိုက်သည်။ “ငါ့အနေနဲ့ ပြောရရင်တော့ ဒီလိုမျိုး ဒဏ္ဍာရီ ပုံပြင်တွေကို နည်းနည်းမှ တန်ဖိုးမထားဘူး၊ နောက်ပြီးတော့ ယေဘုယျသဘော ထပ်ပြောရရင် ကမ္ဘာ့သမိုင်း ဆိုတာကိုလည်း သိပ်ပြီး တန်ဖိုးမထားဘူး”

သူက အားလုံးကို ပြောသည့်အနေမျိုးဖြင့် အလေးမထားလှသော လေသံမျိုးဖြင့် နောက်ဆုံး စကားပိုဒ်ကို ဖြည့်စွက်ပြီး ပြောလိုက်သည်။

“ကမ္ဘာ့သမိုင်း ဟုတ်လား ...” ဆနီဂါယေ့က ထိတ်လန့်စွာဖြင့် ရွတ်ဆိုလိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ၊ ကမ္ဘာ့သမိုင်းပါ။ လူသားတွေရဲ့ မိုက်မဲမှု အစဉ်အလာ အဆက်တွေကို လေ့လာတဲ့ ပညာပါပဲ၊ တခြား ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော် လေးစားတဲ့ ဘာသာရပ်ဆိုလို့ သင်္ချာနဲ့ သဘာဝသိပ္ပံပဲ ရှိပါတယ်”

ကိုလျာ ယင်းသို့ပြောလိုက်ပြီးနောက် အလျှိုရှာကို လျင်မြန်စွာ တချက် ကြည့်လိုက်သည်။ ဤနေရာတွင် သူ ကြောက်လန့်နေသည်မှာ အလျှိုရှာ၏ ထင်မြင်ချက်တခုသာ ဖြစ်သည်။ သို့သော် အလျှိုရှာက ယခုတိုင် ဘာတခွန်းမျှ မပြောသေးဘဲ အလေးအနက် ရှိနေသည်။ အလျှိုရှာ တခုခု ပြောလိုက်လျှင် သူ့စကား ရပ်တန့်သွားနိုင်သည်။ သို့သော် အလျှိုရှာ နှုတ်ဆိတ်လျက်ရှိသည်။ သူ၏ နှုတ်ဆိတ်ခြင်းသည် သူ၏ မနှစ်မြို့မှုကို ဖော်ပြနေခြင်းပင် ဖြစ်သည်။ ထိုအခါ ကိုလျာ ဒေါသ ဖြစ်သည်ထက် ဖြစ်လာသည်။

“ကျွန်တော်တို့ အခုသင်နေရတဲ့ ဂရိတို့ လက်တင်တို့ကိုကော ကြည့်ပါဦး။ အလကား အရူးထနေ တာပဲ၊ တခြား ဘာအဓိပ္ပာယ်မှ မရှိဘူး။ ကျွန်တော်ပြောတာကို ခင်ဗျား သဘော မတူဘူး မဟုတ်လား ကာရာမာဇော့”

“ဟုတ်တယ်” ကာရာမာဇော့က ထိန်းချုပ်သော အပြုံးဖြင့် ပြောလိုက်သည်။

“ဂန္ထဝင်ဘာသာ သင်ကြားရေးဆိုတာ ကျွန်တော့်သဘော ပြောရရင်တော့ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းပဲ၊ အဲဒီအတွက် ကျောင်းတွေမှာ သင်ကြားတာပဲ” ကိုလျာ အသက်ရှူ မမှန်ဘဲ ဖြစ်လာပြန် သည်။ “ဂရိဘာသာနဲ့ လက်တင်ဘာသာတို့ကို

သင်ကြားတာဟာ တခြားကြောင့် မဟုတ်ဘူး၊ အဲဒီဘာသာတွေက ပျင်းရိငြီးငွေ့စရာ ကောင်းပြီး လူတယောက်ရဲ့အသိဉာဏ်ပညာကို ထုံထိုင်းစေ လို့ပဲ၊ နဂိုကတည်းက ပျင်းရိငြီးငွေ့စရာ ကောင်းနေတဲ့ အရာတခုကို ဒါထက်ပိုပြီး ပျင်းရိငြီးငွေ့စရာ ကောင်းအောင် သူတို့ ဘာလုပ်နိုင်တော့မှာလဲ။ နဂိုကတည်းက အဓိပ္ပာယ်မရှိတဲ့ အရာတခုကို ဒါထက်ပိုပြီး အဓိပ္ပာယ်ကင်းမဲ့အောင် သူတို့ ဘာလုပ်နိုင်တော့မှာလဲ။ အဲဒါကြောင့် ဂန္ထဝင် ဘာသာစကားတွေကို သူတို့ သင်တာပဲ။ ဒါ ကျွန်တော့်ရဲ့ အယူအဆပဲ၊ ဒီအယူအဆကို ကျွန်တော် ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး”

ကိုလျာက သူ့စကားကို တုံးတိကြီး ရပ်ပစ်လိုက်သည်။ သူ၏ ပါးပြင်နှစ်ဖက်မှာ နီရဲလျက်ရှိသည်။

“ဒါ မှန်တယ်” အာရုံစိုက်ပြီး နားထောင်နေသော ဆမ်မူရေ့က တမုဟုတ်ချင်းပင် ထောက်ခံလိုက် သည်။

“ဒါပေမဲ့ သူကိုယ်တိုင်ကတော့ လက်တင်မှာ ထိပ်ဆုံးကပဲ” လူငယ်ကလေး တယောက်က ပြောလိုက်သည်။

“ဟုတ်တယ် ဖေဖေ၊ သူက အဲဒီလို ပြောပေမဲ့ သူ့အတန်းမှာ လက်တင်ဘာသာမှာ ပထမပဲ” အီလျူရှာကလည်း ထောက်ခံပြောဆိုနေသည်။

“အဲဒါ ဘာဖြစ်လို့လဲ” ကိုလျာက သူ့ကိုယ်သူ ကာကွယ်ရန် လိုအပ်သည်ဟု ယူဆလိုက်သည်။ တချိန်တည်းမှာပင် သူ့ကို ချီးမွမ်းကြသည့်အတွက် ပီတိဖြစ်နေသည်။ “လက်တင်ဘာသာမှာ ကျွန်တော် အရမ်းကြိုးစားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကြိုးစားရမှာမို့ပဲ၊ စာမေးပွဲ အောင်ရပါ စေ့မယ်ဆိုပြီး ကျွန်တော့်အမေတို့ကို ကျွန်တော် ကတိပေးထားလို့ပဲ။ ကျွန်တော့်သဘော ပြောရရင် တော့ လူတယောက်ဟာ အလုပ်တခုကို လုပ်မယ်ဆိုရင် အဲဒီအလုပ်ကို ကောင်းကောင်း လုပ်ရမယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဂန္ထဝင် ဘာသာရပ်နဲ့ အဲဒီ အတုအပ အလိမ်တွေအားလုံးကို သင်ရတာ ကို အင်မတန် အမြင်ကတ်တာပဲ၊ ကျွန်တော် ပြောတာ သဘောမတူဘူးလား ကာရာမာဇော့”

“ဘာဖြစ်လို့ အတုအလိမ်လို့ ပြောရတာလဲ”

အလျှိုရှာ ပြုံးလိုက်ပြန်သည်။

“ဘာဖြစ်လို့လဲ ဟုတ်လား၊ ဂန္ထဝင် ဘာသာစကားနဲ့ ရေးထားတဲ့ စာပေတွေအားလုံး ဘာသာစကား အသီးသီးနဲ့ ပြန်ဆိုပြီးနေကြပြီ။ အဲဒီတော့ ဂန္ထဝင်စာပေတွေကို လေ့လာ သင်ကြားဖို့အတွက် လက်တင်ဘာသာကို သင်ကြားရတာ မဟုတ်တော့ဘူး၊ လက်တင်ဘာသာကို သင်ကြားတာက

ငြိမ်ဝပ်ပိပြားရေးအတွက်ပဲ၊ လူတယောက်ရဲ့အသိဉာဏ် အရည်အသွေးကို ညံ့ဖျင်းထုံထိုင်းစေလို့ပဲ၊ အဲဒီတော့ အတုအလိမ် ဆိုတာကလွဲလို့ တခြား ဘာပြောရမလဲ”

“မင်းကို ဘယ်သူက ဒါတွေ သင်ပေးတာလဲ” အလျှိုရှာ အံ့သြစွာဖြင့် မေးလိုက်သည်။

“တစ်အချက်၊ ဒီအကြောင်းတွေကို ဘယ်သူကမှ သင်မပေးဘဲနဲ့ ကျွန်တော့်ဘာ ကျွန်တော် သိနိုင်ပါတယ်။ နှစ်အချက်၊ ဂန္ထဝင်စာပေ ဘာသာပြန်တဲ့အကြောင်းကို ကျွန်တော့် ဆရာ ကိုဗာနီကော့ က တတိယဆင့် ကျောင်းသားတွေကို အတန်းထဲမှာ ပြောသွားပါတယ်”

“ဆရာဝန် လာပြီ”

တချိန်လုံး နှုတ်ဆိတ်နေခဲ့သော နီနာက ရုတ်တရက် ဟစ်အော်လိုက်သည်။ အမှန်ပင် ဖြစ်သည်။ မစ္စက် ကိုကလာကော့၏ မြင်းရထားကြီး ဝင်းတံခါးဝတွင် ဆိုက်ရပ်သည်။ ဆရာဝန်ကို တမနက်လုံး မျှော်လင့် စောင့်စားနေခဲ့သော ဆနီဂါယေ့ဖ်သည် ဆရာဝန်ကို ကြိုဆိုရန် တရှိန်ထိုး ပြေးသွားသည်။ မစ္စက် ဆနီဂါယေ့ဖ်သည် သူမ၏ အဝတ်အစားများကို ပြုပြင်ကာ ဣန္ဒြေသိက္ခာနှင့် ထိုင်နေသည်။ အလျှိုရှာသည် အီလျူရှာထံသို့ သွား ရောက်ပြီး သူ၏ ခေါင်းအုံးကို နေသားကျအောင် ပြင်ပေးသည်။ နီနာက သူမ၏ ကုလားထိုင်မှနေ၍ အိပ်ရာပြင်ခင်းပေးနေသော အလျှိုရှာကို စိုးရိမ်ကြောင့်ကြစွာဖြင့် ကြည့်နေသည်။ လူငယ်ကလေးများ ကတိုက်ကရိုက် ထွက်ခွာသွားကြသည်။ အချို့က ညနေဘက် တွင် ပြန်လာမည်ဟု ဆိုကြသည်။ ကိုလျာက ပါရဇ္ဗွန်ကို ခေါ်လိုက်ရာ ခွေးကြီးသည် ခုတင်ပေါ်မှ ခုန်ဆင်းလာသည်။

“ငါ အဝေးကြီးကို မသွားဘူး၊ ငါ အဝေးကြီးကို မသွားဘူး၊ ငါ အပြင်ဘက် စင်္ကြံမှာ စောင့်နေမယ်၊ ဆရာဝန် ပြန်သွားတာနဲ့ တပြိုင်နက် ပြန်လာခဲ့မယ်၊ ပါရဇ္ဗွန်နဲ့အတူ ပြန်လာခဲ့မယ်”

ကိုလျာက အီလျူရှာကို ကမန်းကတန်း ပြောလိုက်သည်။ ထိုအချိန်မှာပင် ဆရာဝန် ဝင်ရောက်လာ သည်။ ဟိတ်ဟန်ကြီးမားသူတယောက် ဖြစ်သည်။ ဝက်ဝံရေ ကုတ်အင်္ကျီကြီး ဝတ်ထားသည်။ မုတ်ဆိတ်မွေး ပြောင်နေအောင် ရိတ်ထားသဖြင့် သူ၏မေးသည် တောက်ပြောင်လျက်ရှိသည်။ ရှည်လျားမည်းနက်သော ပါးမုန်းမွေးများ ရှိသည်။ တံခါးပေါက်ကို ကျော်မိသောအခါ ရုတ်တရက် ဆိုသလို သူ လန့်သွားသည်။ ကြိုးတိုးကြောင်တောင် ဖြစ်သွားဟန်ရှိသည်။ အိမ်မှားပြီး ရောက်လာသည်ဟု သူ မှတ်ယူဟန်ရှိသည်။

“ဘယ်လိုလဲ၊ ကျုပ် ဘယ်ကို ရောက်နေတာလဲ”

သူက ကုတ်အင်္ကျီကိုလည်း မချွတ်၊ ပင်လယ်ဖျံရေ ကက်ဦးထုပ်ကိုလည်း မချွတ်ဘဲ ပါးစပ်မှ ရေရွတ်လျက် ရှိသည်။ စုဝေးနေသော လူစု၊ စုတ်ချာနေသောအခန်း၊ အခန်းထောင့်ရှိ အဝတ်များ လှန်းထားသော ကြိုးတန်းတို့က သူတို့ကို နားဝေတိမ်တောင် ဖြစ်စေလျက် ရှိသည်။ ဆနီဂါယေ့က နဖူးနှင့် ကြမ်းပြင် ထိမတတ် ဦးညွှတ်ကာ ဂါရဝပြုလိုက်ပြီး နောက် ...

“ဒီမှာပါ ခင်ဗျာ၊ ဒီမှာပါ ခင်ဗျာ။ ကျွန်တော့်အိမ်ကို ဆရာ ကြွလာတာပါပဲ ခင်ဗျာ”

“ဆနီ ဂါယေ့” ကျယ်လောင်စွာနှင့် ကြီးကျယ်ခမ်းနားစွာ သူရွတ်ဆိုလိုက်သည်။ မစ္စတာ ဆနီဂါယေ့ ဆိုတာ ခင်ဗျားလား”

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ပါပဲ ခင်ဗျာ”

“အိုး...”

ဆရာဝန်သည် မနှစ်မြို့သော အကြည့်ဖြင့် အခန်းကို နောက်တကြိမ် ကြည့်လိုက်ပြီးနောက် သားမွေးအင်္ကျီရှည်ကြီးကို ချွတ်ပြီး ပစ်လိုက်သည်။ သူ့လည်ပင်းမှ ဂုဏ်ထူး ဘွဲ့တံဆိပ်ကြီး ထင်းခနဲ ပေါ်လာသည်။ ဆနီဂါယေ့က သားမွေး ကုတ်အင်္ကျီကြီးကို ဖမ်းယူလိုက်သည်။ ထို့နောက် ဆရာဝန်က သူ၏ ကက်ဦးထုပ်ကို ချွတ်လိုက်ပြန်သည်။ “လူနာ ဘယ်မှာလဲ” အသံကျယ်ကျယ် ပြတ်ပြတ်ဖြင့် သူ မေးလိုက်သည်။

၆။ အရှယ်နှင့်မလိုက်အောင် အသိဉာဏ် ရင့်သန်ခြင်း

“ဆရာဝန်က သူ့ကို ဘာပြောမယ် ထင်သလဲ” ကိုလျာ ကပျာကယာ မေးလိုက်သည်။ “သူ့ မျက်နှာကြီးကတော့ ရှုံ့စရာကြီးပဲ၊ ဆေးပညာကို ကျွန်တော် သည်းခံလို့မရဘူး”

“အီလျူရှာ သေရွာကို လှမ်းနေပြီ၊ ကိုယ့်အနေနဲ့ နည်းနည်းကလေးမှ သံသယ မရှိတော့ဘူး”

အလျှိုရှာ စိတ်နှလုံး မသာမယာဖြင့် ပြန်ပြောသည်။

“အတုအလိမ်တွေပဲ၊ ဆေးပညာဟာ အတုအလိမ်ပဲ၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ တွေ့ရတာတော့ ကျွန်တော် ဝမ်းသာတယ် ကာရာမာဇော့၊ ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်နေတာ ကြာလှပြီ။ အခုလို စိတ်မချမ်းသာစရာ အခြေအနေမျိုးမှာ တွေ့ရတာပဲ ကျွန်တော် စိတ် မကောင်းတယ်”

ကိုလျာက သည့်ထက်ပိုပြီး ဖော်ဖော်ရွေရွေနှင့် ရှန်းရှန်းဝေဝေတွေ ပြောချင်သည်။ သို့သော် အလျှိုရှာ၏ အရိပ်အကဲတခုကြောင့် သူ တန့်သွားသည်။ ယင်းအချက်ကို အလျှိုရှာ သတိပြုမိသဖြင့် သူ့လက်ကို ဆုပ်ကိုင်ကာ ပြုံးလိုက်သည်။

“ခင်ဗျားကို လူတော်လူကောင်းတယောက်အနေနဲ့ ကျွန်တော် လေးစားခဲ့တာ ကြာပါပြီ” ကိုလျာ ဆက်ပြီး ပြောပြန်သည်။ သို့သော် ဇဝေဇဝါနှင့် မရေမရာနှင့် ဖြစ်သည်။ “ခင်ဗျားဟာ နာမ်ဝါဒသမား တယောက် ဖြစ်တယ်ဆိုတာရယ်နဲ့ ဘုန်းကြီးကျောင်းမှာ နေတယ်ဆိုတာရယ်ကို ကျွန်တော် ကြားထားတယ်။ ခင်ဗျားဟာ နာမ်ဝါဒသမား တယောက်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဒီအချက်ဟာ ကျွန်တော့်ကို ဘာမှ အဟန့်အတား မဖြစ်ပါဘူး၊ တကယ့်ဘဝနဲ့ ထိတွေ့မှုက ခင်ဗျားကို ကုသပေးမှာပဲ၊ ခင်ဗျားတို့လို လူမျိုးတွေအဖို့ ဘယ်တော့မဆို ဒီလိုချည်းပါပဲ”

“နာမ်ဝါဒသမားဆိုတာ ဘယ်ကို ဆိုလိုတာလဲ၊ ကိုယ့်ကို ဘာက ကုသပေးမှာလဲ”

အလျှိုရှာ မေးလိုက်သည်။ သူ အံ့အားသင့်သွားဟန်ရှိသည်။

“ဘုရားသခင်နဲ့ ဘုရားသခင်ရဲ့ နောက်ဆက်တွဲ တွေ အားလုံးပေါ့”

“ဘုရားသခင်ကို မင်း မယုံကြည်ဘူးလား”

“အို ဘုရားသခင်ကို ကျွန်တော် ဘယ်လိုမှ မဆန့်ကျင်ပါဘူး၊ ဘုရားသခင်ဆိုတာ တွေးဆချက်တခုပဲ၊ ဒါပေမဲ့ ဘုရားသခင် လိုအပ်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ကမ္ဘာကြီး စနစ်တကျ ဖွဲ့စည်းထားဖို့အတွက် လိုအပ်ပါတယ်၊ တကယ်လို့ ဘုရားသခင် မရှိဘူးဆိုရင်လည်း သူ့ကို ရှိအောင် တီထွင်ပေးရမှာပဲ”

ကိုလျာ ပြောလိုက်သည်။ သူ့မျက်နှာ နီရဲနေသည်။ သူ ရုတ်တရက် တွေးလိုက်မိသည်။ သူ ယခုကဲ့သို့ ပြောနေခြင်းသည် သူ့မှာရှိသော အသိပညာများကို ဗန်းပြနေခြင်းနှင့် သူ ‘အရွယ်ရောက်ပြီ’ ဆိုသည်ကို ပြသနေခြင်း ဖြစ်ကြောင်း အလျှိုရှာ တွေးဆပေလိမ့်မည်။

“အို သူ့ကို ငါ အသိပညာတွေ ဗန်းပြနေတာမဟုတ်ဘူး” ဟု ကိုလျာ ဒေါသတကြီး တွေးလိုက်မိသည်။ ရုတ်ခြည်းဆိုသလိုပင် ကိုလျာ အကြီးအကျယ် ကသိကအောက် ဖြစ်လာသည်။

“ဒီအကြောင်းတွေကို ကျွန်တော် မဆွေးနွေးချင်ပါဘူး” ကိုလျာ လွှတ်ခနဲ ပြောလိုက်သည်။ “ဒါပေမဲ့ လူတယောက်ဟာ ဘုရားသခင်ကို မယုံကြည်ဘဲနဲ့ လူသတ္တဝါတွေကို ချစ်မြတ်နိုးပါတယ်ဆိုရင် အဲဒါ ခင်ဗျား ဘယ်လို သဘောရသလဲ၊ ဗောလ်တဲယားဟာ ဘုရားသခင်ကို မယုံကြည်ဘူး၊ ဒါပေမဲ့ လူသားတွေကို သူချစ်တယ်” (“လုပ်ပြန်ပြီ၊ လုပ်ပြန်ပြီ” သူ့စိတ်ထဲမှာ ပြောလိုက်သည်)။

“ဗောလ်တဲယားဟာ ဘုရားသခင်ကိုယုံကြည်ပါတယ်၊ ဒါပေမဲ့ ကိုယ့်အထင် ပြောရရင် သိပ်ပြီးမှတော့ မဟုတ်ဘူး၊ နောက်ပြီးတော့ သူဟာ လူသားတွေကိုလည်း သိပ်ပြီး ချစ်လှတယ်လို့ ကိုယ်မထင်ဘူး”

အလျှိုရှာက အေးအေးဆေးဆေးနှင့် ထိန်းထိန်းချုပ်ချုပ် ပြောဆိုလိုက်သည်။ သူနှင့် ရွယ်တူ တန်းတူတယောက် သို့မဟုတ် သူ့ထက် အသက်ကြီးသူ တယောက်ကို ပြောသည့်ဟန်မျိုးဖြင့် ဖြစ်သည်။ အလျှိုရှာက ဗော်လ်တဲယားအပေါ် ၎င်း၏အမြင်ကို ငါ့စကား နွားရ မဟုတ်ဘဲ မသေချာ မရေရာသော အထင်မျိုးဖြင့် ပြောသွားပြီး အပြီးသတ် အဆုံးအဖြတ်ပေးရန် သူ့အား အခွင့်အလမ်း ပေးထားခဲ့သည်ကို ကိုလျာ အထူး သဘောကျမိသည်။

“ဗော်လ်တဲယားကို မင်း ဖတ်သလား”

အလျှိုရှာက သူ၏စကား နိဂုံးချုပ်အနေဖြင့် မေးလိုက်သည်။

“ဟုတ်ကဲ့၊ ဖတ်တယ်တော့ မဟုတ်ပါဘူး၊ အကောင်းမြင်သမား ရုရှား ဘာသာပြန်ကိုတော့ ဖတ်ဖူးပါတယ်၊ စာအုပ်က ထွက်တာ ကြာပါပြီ၊

ဘာသာပြန်ညှိတယ်၊ ကမောက်ကမတွေ ပြန်ထားတာပဲ ...” (“လုပ်ပြန်ပြီ၊ လုပ်ပြန်ပြီ)။

“မင်း ဖတ်တော့ နားလည်သလား”

“ဩော်၊ အင်း ... နားလည်ပါတယ်၊ အားလုံး နားလည်ပါတယ်၊ အဲဒါကို ကျွန်တော် နားမလည်ဘူးလို့ ခင်ဗျား ဘာဖြစ်လို့ ထင်ရတာလဲ၊ ဒီဝတ္ထုဟာ ဒဿနရေးရာ ဝတ္ထုတပုဒ်ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်၊ အယူအဆတခုကို ဝါဒဖြန့် ရအောင် ရေးထားတာပဲ” ကိုလျှာသည် ယခုအခါ ကောင်းကောင်းကြီး ငြိနေပြီ ဖြစ်သည်။ “ကျွန်တော် ဆိုရှယ်လစ်တယောက်ပဲ ကာရာမာဇော့၊ ဘယ်လိုမှ ချွတ်လို့မရနိုင်တဲ့ ဆိုရှယ်လစ် တယောက်ပဲ”

သူက အကြောင်းထူး တစုံတရာ မရှိဘဲနှင့် စကားကို တုံးတိကြီး ရပ်ပစ်လိုက်သည်။

“ဆိုရှယ်လစ်တယောက် ဟုတ်လား” အလျှိုရှာရယ်မောလိုက်သည်။ “နေပါဦး၊ မင်းက ဘယ်အချိန်က ဆိုရှယ်လစ်တယောက် ဖြစ်သွားရတာလဲ၊ မင်း အသက်က အခုမှ ၁၃ နှစ်ပဲ ရှိသေးတယ်၊ ဟုတ်တယ် မဟုတ်လား”

ကိုလျှာ ရှုံ့မဲ့လိုက်သည်။

“ပထမဆုံး ပြောရမှာကတော့ ကျွန်တော်ဟာ ၁၃ နှစ် မဟုတ်ဘူး၊ ၁၄ နှစ်ပဲ။ နောက်နှစ်ပတ်ဆိုရင် ကျွန်တော်ဟာ ၁၄ နှစ်ပဲ” သူက မျက်နှာကြီး နီရဲစွာနှင့် ကြေညာလိုက်သည်။ “ဒုတိယ အချက်ကတော့ ဒီပြဿနာမှာ ကျွန်တော့်အသက်နဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ ကျွန်တော် ဘယ်လိုမှ နားမလည်ဘူး၊ ပြဿနာက ကျွန်တော့် အယူအဆက ဘာဆိုတာပဲ၊ ကျွန်တော့်အသက် ဘယ်လောက်ဆိုတာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား”

“မင်း ကြီးလာတဲ့အခါကျတော့ လူတယောက်ရဲ့ယုံကြည်ချက်မှာ အသက်က ဘယ်လောက် စကားပြောတယ်ဆိုတာကို မင်းကိုယ်တိုင် တွေ့လာရလိမ့်မယ်၊ မင်းဟာ မင်းရဲ့ ကိုယ်ပိုင်အယူအဆ တွေကို ပြောနေတာ မဟုတ်ဘူးလို့ ကိုယ် ယူဆတယ်”

အလျှိုရှာက အေးအေးကလေးနှင့် ရိုးရိုးကလေး ပြန်ပြောသည်။ သို့သော် ကိုလျှာက သူ့စကားကို ဟောဟောဒိုင်းဒိုင်း ကြားဖြတ်ပြီး ပြောသည်။

“ဆိုစမ်းပါဦး၊ ခင်ဗျားက လေးစားနာခံမှုနဲ့ နာမ်လောက သဘောတရားတွေကို ပြောနေတာ မဟုတ်လား၊ ဥပမာအဖြစ် ပြောရရင် ခရစ်ယာန်ဘာသာဟာ ချမ်းသာတဲ့ လူတွေနဲ့ ဘာသာမရှိတဲ့ လူတွေက

ကျေးကျွန်ဘဝ ရောက်နေတဲ့ ခေးမနောက်ပိတ်ခွေး လူတန်းစားတွေကို စိုးမိုးအုပ်ချုပ်ရေး မှာ အသုံးချဖို့ပဲ မဟုတ်လား၊ အဲဒါ ဟုတ်တယ် မဟုတ်လား"

"အို အဲဒါကို မင်း ဘယ်က ဖတ်ထားတယ်ဆိုတာကို ကိုယ်သိပါတယ်၊ နောက်ပြီးတော့ အဲဒီလိုဖတ်ဖို့ မင်းကို တယောက်ယောက်က ပြောတာ ဖြစ်ရမယ်" ဟု အလျှိုရှာက ပြောလိုက်သည်။

"အို ကျွန်တော်က ဘာဖြစ်လို့ ဖတ်ထားရမှာလဲ၊ နောက်ပြီးတော့ ကျွန်တော့်ကို ဘယ်သူကမှ ဘာမှ မပြောပါဘူး၊ ကျွန်တော့်ဘာကျွန်တော် စဉ်းစားနိုင်ပါတယ်၊ နောက်ပြီးတော့ ခင်ဗျားသိအောင် ပြောရရင် အရှင်ယေရှုခရစ်ကို ကျွန်တော် မဆန့်ကျင်ပါဘူး၊ သူဟာ အင်မတန် ကရုဏာကြီးမားတဲ့ ပုဂ္ဂိုလ်ပဲ။ သူဟာ ကနေ့အချိန်အထိ အသက်ထင်ရှား ရှိနေလို့ရှိရင် တော်လှန်ရေးသမားတွေနဲ့ ပူးပေါင်းမှာ အမှန်ပဲ၊ အင်မတန် ပေါ်လွင်ထင်ရှားတဲ့ အခန်းကဏ္ဍက ပါဝင်မှာ အမှန်ပဲ၊ နည်းနည်းလေးမှ သံသယဖြစ်စရာ မရှိဘူး'

"ဘုရားသခင် ... ဒီအယူအဆတွေကို မင်း ဘယ်ကရသလဲ၊ ဘယ်လို လူမိုက်နဲ့များ မင်း အပေါင်းအသင်း သွားဖြစ်သလဲ"

"ကောင်းပြီ၊ အမှန်ကို ကျွန်တော် ထုတ်ပြောမယ်၊ မစ္စတာ ရာကီတင်နဲ့ ကျွန်တော် မကြာမကြာ ဆိုသလို စကားပြောဖြစ်တယ်၊ ဒါပေမဲ့ ကျွန်တော် သိရတာကတော့ ဗီလင်စကီကလည်း အဲဒီလို ပြောတယ်လို့ ပြောတယ်"

"ဗီလင်စကီ ဟုတ်လား၊ ကိုယ်တော့ မမှတ်မိပါလား၊ အဲဒီလိုမျိုး သူ ဘယ်မှာမှ မရေးပါဘူး"

"သူရေးတာ မဟုတ်ဘူးဆိုရင် သူပြောတာပဲ ဖြစ်မယ်၊ အဲဒါကို ကျွန်တော် ဘယ်သူ့ဆီက ကြားရသလဲ ဆိုတာ ထားပါတော့၊ ဒါ အရေးမကြီးပါဘူး"

"ဗီလင်စကီကို မင်း ဖတ်ဖူးသလား"

"အမှန်အတိုင်း ပြောရရင် သူ့စာတွေ ကျွန်တော် အများကြီး မဖတ်ဖူးပါဘူး၊ ဒါပေမဲ့ တတ်တယာနာ အကြောင်း ရေးထားတာကတော့ ကျွန်တော် ဖတ်ရတယ်၊ အိုနီဂျင်နဲ့ သူ ဘာဖြစ်လို့ လိုက်မသွား သလဲဆိုတဲ့ အကြောင်းပေါ့"

"ဘယ် အိုနီဂျင်နဲ့ လိုက်မသွားသလဲ ဟုတ်လား၊ ဒီလိုအကြောင်းတွေကို မင်း နားလည်နေပြီလား"

"သြော် ... ခင်ဗျားက ကျွန်တော့်ကို ချာတိတ်ကလေး ဆမ်မူရော့များ မှတ်နေသလား" ကိုလျာ ဒေါသဖြင့် မထီတရီ ပြုံးလိုက်သည်။ "ဒါပေမဲ့ ကျွန်တော့်ကို

တော်လှန်ရေးသမားတယောက်လို့လည်း မထင်လိုက်ပါနဲ့၊ မစ္စတာရာကီတင်နဲ့ ကျွန်တော် သဘောမတူတာတွေ အများကြီး ရှိပါတယ်။ တတ်တယာနာအကြောင်း ကျွန်တော် ပြောတာဟာ အမျိုးသမီးတွေရဲ့ လွတ်မြောက်ရေးအတွက် ပြောတာ မဟုတ်ပါဘူး။ မိန်းမတယောက်ဟာ လက်အောက်ခံ သတ္တဝါတယောက်ပဲ ဖြစ်ရမယ်၊ သူဟာ နာခံရမယ်လို့ ကျွန်တော် ယူဆတယ်၊ နပိုလီယန် ပြောတဲ့ စကားအရ ဆိုရင်တော့ ...”

ကိုလျာ တစုံတရာ တွေးမိဟန်ဖြင့် ပြုံးလိုက်သည်။ “အဲဒီနေရာမှာတော့ ကျွန်တော် ‘အတုအယောင် ပုဂ္ဂိုလ်ကြီး’ နဲ့ သဘောထားချင်း တိုက်ဆိုင်တယ်။ နောက်ပြီးတော့ ကျွန်တော် ယုံတာ ရှိသေးတယ်။ ကိုယ့်နိုင်ငံကနေ အမေရိကကို ထွက်ပြေးတာဟာ အင်မတန် နိမ့်ကျတယ်၊ နိမ့်ကျတာထက်ပိုပြီး ဆိုးသေးတယ်၊ မိုက်မဲတယ်လို့ ပြောရမယ်၊ ကိုယ့်နိုင်ငံမှာ လူသားတွေအတွက် ကောင်းကျိုး သယ်ပိုးနိုင်တဲ့အချိန်မှာ ဘာဖြစ်လို့ အမေရိကကို သွားရမလဲ၊ အထူးသဖြင့် အခုလို အချိန်မျိုးမှာပေါ့၊ အခုအချိန်မှာ ကျွန်တော်တို့အတွက် အကျိုးရှိတဲ့ လုပ်ငန်းတွေ အများကြီး လုပ်စရာရှိနေတယ်၊ ဒါ ကျွန်တော့်အဖြေပဲ”

“မင်း ဘာတွေ ပြောနေတာလဲ၊ ဘယ်သူ့ကိုပြန်ပြီး ဖြေနေတာလဲ၊ မင်းကို တယောက်ယောက်က အမေရိကကို သွားဖို့ ပြောနေလို့လား”

“ဟုတ်တယ်၊ သူတို့က ကျွန်တော့်ကို ပြောနေကြတယ်၊ ဒါပေမဲ့ ကျွန်တော် ငြင်းလိုက်တယ်၊ ဒီကိစ္စကို ကျွန်တော်တို့နှစ်ယောက်ကြားမှာပဲ ထားပါ ကာရာမာဇော့၊ ဘယ်သူ့ကိုမှ ဘာစကားတခွန်းမှ သွားမပြောလိုက်ပါနဲ့၊ ကျွန်တော်ပြောတာ ကြားပါသလား၊ ဒီအကြောင်း ခင်ဗျား တယောက်တည်း ကိုပဲ ကျွန်တော် ပြောတယ်၊ လျှို့ဝှက်ပုလိပ်တွေလက်ထဲကို ကျွန်တော် ရောက်မသွားချင်ဘူး။ ချိန်းဘရစ်ချ်မှာ ကျွန်တော် ပညာမရှာချင်သေးဘူး။

အမြဲတစေ သင် သတိရနေမှာ

ချိန်းဘရစ်ချ်က အိမ်ကြီးဂေဟာ ...

“သတိရနေမယ်တဲ့။ ဘယ်လောက်လှသလဲ၊ ခင်ဗျား ဘာရယ်နေတာလဲ၊ ခင်ဗျားကို ကျွန်တော် မုသားတွေ ပြောနေတယ်လို့ ခင်ဗျား မထင်ဘူးလား” (‘ငါ့အဖေရဲ့ စာအုပ်စင်မှာ ခေါင်းလောင်း တစောင်တည်းသာရှိပြီး ဒါထက် ငါ ပိုပြီး မဖတ်ဖူးကြောင်း သူ သိသွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ’ ဟု ကိုလျာ တွေးမိပြီး သိမ့်ခနဲ တုန်သွားသည်)။

“အို မဟုတ်တာပဲ၊ ငါ မရယ်ပါဘူး၊ နောက်ပြီးတော့ မင်း ကိုယ့်ကို မုသားတွေ ပြောနေတယ်လို့လည်း ကိုယ် မထင်ပါဘူး၊ ပြဿနာကတော့

မင်းပြောတာတွေဟာ မှန်လွန်းအားကြီးနေတာပဲ၊ ဒါနဲ့ ကိုယ့်ကို ပြောစမ်းပါဦး၊ ပွတ်ရှ်ကင်ကို မင်း ဖတ်သလား။ အိုနီဂျင်ကို ကိုယ်ပြောတာ၊ မင်း အခုပဲ တတ်တယာနာအကြောင်း ပြောသွားတယ် မဟုတ်လား..”

“ဟင့်အင်း၊ ကျွန်တော် မဖတ်ရသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော် ဖတ်ချင်တယ်၊ ကျွန်တော့်မှာ အာဃာတ မရှိပါဘူး ကာရာမာဇော့၊ နှစ်ဖက်စလုံးက ပြောတာတွေကို ကျွန်တော် ကြားချင်ပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ'

“အို ... ဘာမှ မဟုတ်ပါဘူး”

“ကျွန်တော့်ကို ပြောစမ်းပါ ကာရာမာဇော့၊ ခင်ဗျား ကျွန်တော့်ကို တော်တော် အထင်သေးသလား” ကိုလျာက ကောက်ကာငင်ကာ မေးလိုက်သည်။ အလျှိုရှာ၏ရှေ့တွင် သူ့ကိုယ်ကို မတ်မတ်ကြီး ဆန့်ရပ်လိုက်ကာ ဟန်ရေးပြနေသည်။ “ကျေးဇူးပြုပြီး ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ”

“မင်းကို အထင်သေးသလား၊ ဟုတ်လား” အလျှိုရှာ သူ့ကို အံ့သြစွာ ကြည့်လိုက်သည်။ “ဘာဖြစ်လို့ အထင်သေးရမှာလဲ၊ တခုပဲရှိတယ်၊ မင်းမှာ ရှိနေတဲ့ ချစ်စရာ သဘာဝကလေးဟာ လူ့လောကကြီး ထဲကို မဝင်ရခင်မှာ ကပေါက်တိ ကပေါက်ချာ အဓိပ္ပာယ်မရှိတာတွေကြောင့် လမ်းကြောင်း စောင်းသွားတာကို စိတ်မကောင်းတာပဲ”

“ကျွန်တော့်ရဲ့သဘာဝကို အသာထားလိုက်ပါ။ ဘာမှ စိုးရိမ်စရာ မလိုပါဘူး” ကိုလျာ မကျေမနပ် ကြားဖြတ်ပြီး ပြောသည်။ “ဒါပေမဲ့ ကျွန်တော်ဟာ ဘာမဆိုကို အာရုံဝင်စားပြီး စူးစိုက်လွန်းတာတော့ အမှန်ပဲ။ မိုက်မိုက်ကန်းကန်းကို စူးစိုက်တယ်။ အရမ်းကာရောကို စူးစိုက်တယ်။ ဟော ... ခင်ဗျား ပြုံးနေပြန်ပြီ။ ကျွန်တော် ထင်တာကတော့ ခင်ဗျားဟာ...”

“အို ... ကိုယ်ပြုံးတာက အဓိပ္ပာယ်တမျိုးပါ။ ကိုယ်ပြုံးတဲ့အဓိပ္ပာယ်က ဒီလိုပါ။ ရုရှားနိုင်ငံမှာ ရောက်နေတဲ့ ဂျာမန်တယောက်က ကနေ့ခေတ် ရုရှားကျောင်းသားကလေးတွေ အပေါ်မှာ မြင်တဲ့ အမြင်ကို ကိုယ်ဖတ်ရတယ်။ သူက ဘယ်လိုရေးထားသလဲဆိုတော့ ‘ရုရှား ကျောင်းသားကလေး တယောက်ကို သူ အရင်တုန်းက တခါမှ မမြင်မတွေ့ဖူးတဲ့ ကြယ်တာရာ မြေပုံတခုကို ပြပါ။ နောက်တနေ့တွင် သူသည် ထိုမြေပုံကို ပြင်ဆင်ချက်များ ပြုလုပ်ပြီး သင့်အား ပြန်ပေးပါလိမ့်မည်’ တဲ့။ ရုရှား ကျောင်းသားကလေးတွေဟာ ဘာမှ မသိ နားမလည်ပါဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြတယ်လို့ အဲဒီ ဂျာမန်က ပြောတာပဲ”

“ဟုတ်တယ်၊ အဲဒါ မှန်တယ်” ကိုလျာ ဖြုန်းခနဲ ရယ်လိုက်သည်။

“အဲဒီအတိုင်းပဲ၊ တော်ပါပေတယ် ဦးဂျာမန်၊ ဒါပေမဲ့ အဲဒီ နိုင်ငံခြားသားကြီးဟာ ကောင်းတဲ့ဘက်ကိုတော့ မမြင်ဘူး၊ ခင်ဗျား ဘယ်လို သဘောရသလဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတယ်တဲ့၊ အဲဒါ ကျွန်တော် ဝန်ခံပါတယ်၊ ဒါဟာ လူငယ်တွေရဲ့သဘာဝပဲ၊ ဒါကို ပြုပြင်ပေးရမယ်၊ ပြုပြင်ပေးဖို့ လိုအပ်တယ် ဆိုရင်ပေါ့၊ ဒါပေမဲ့ တခြားတဖက်ကနေ ပြောရင်တော့ ဒါဟာ ငယ်ငယ်ကလေးကတည်းက ကိုယ်ပိုင် လွတ်လပ်တဲ့ စိတ်ဓာတ်မျိုး ရှိနေတာပဲ၊ အတွေးအခေါ်နဲ့ အယူအဆတွေ ရဲရင့်ပြတ်သားတဲ့သဘောပဲ၊ သူတို့လို အာဏာပိုင်တွေရဲ့ရှေ့မှာ ပြားပြား ဝပ်နေတဲ့ စိတ်ဓာတ်မျိုး မဟုတ်ဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဂျာမန်ကြီးပြောတာ မှန်ပါတယ်၊ ဂျာမန်ကြီး တော်ပါပေတယ်၊ ဒါပေမဲ့ ဂျာမန်တွေဟာ လည်ပင်း ညှစ်ပစ်ဖို့ ကောင်းတာတော့ အမှန်ပဲ၊ သူတို့ဟာ သိပ္ပံပညာမှာ ထူးချွန်ကြပါတယ်၊ ဒါပေမဲ့လည်း သူတို့ကို လည်ပင်းညှစ်ပစ်ရမယ်”

“နေပါဦး၊ ဘာဖြစ်လို့ လည်ပင်းညှစ်ပစ်ရမှာလဲ” အလျှိုရှာ ပြုံးပြီး မေးလိုက်သည်။

“အင်း ဟုတ်တယ်၊ ကျွန်တော် ပေါက်ကရလေးဆယ်တွေ လျှောက်ပြောနေတာပဲ၊ ကျွန်တော်ဟာ တခါတခါမှာ အင်မတန် ကလေးဆန်တယ်၊ တခုခုကို ကျွန်တော် သဘောကျပြီဆိုရင် ကျွန်တော့်ကိုယ်ကျွန်တော် မထိန်းနိုင်တော့ဘူး။ ပေါက်ကရလေးဆယ်တွေ လျှောက်ပြောတော့တာ ပဲ၊ ဟုတ်တယ်၊ ကျွန်တော်တို့က ဒီမှာ တွေ့ကရာတွေ လျှောက်ပြောနေကြတယ်၊ ဆရာဝန် အထဲမှာ ရောက်နေတာ အတော်ကြီးကို ကြာသွားပြီ၊ မစ္စက် ဆနီဂါယော့နဲ့ ခြေထောက်မသန်တဲ့ နီနာတို့ကို သူကြည့်နေတာ ဖြစ်နိုင်တယ်၊ အဲဒီ နီနာကို ကျွန်တော် သဘောကျတယ်၊ သူ့အနားက ကျွန်တော် ဖြတ်သွားတဲ့အချိန်မှာ သူ တိုးတိုးကလေး ပြောတယ်၊ ‘မင်း စောစောက ဘာဖြစ်လို့ မလာတာလဲ’ တဲ့၊ ကောင်းကောင်းကြီး အပြစ်တင်လိုက်တဲ့သဘောပဲ၊ သူဟာ အင်မတန် ချစ်စရာကောင်းပြီး အင်မတန် သနားစရာကောင်းတယ်လို့ ကျွန်တော် ထင်တယ်”

“ဟုတ်တယ် ဟုတ်တယ်။ နောက်တခါ မင်းလာရင် သူဟာ ဘယ်လောက် ချစ်စရာကောင်းတဲ့ မိန်းကလေးတယောက်ဆိုတာ မင်း တွေ့လိမ့်မယ်၊ ဒီလို လူမျိုးတွေနဲ့ တွေ့ရတာဟာ မင်းအဖို့ အများကြီး အကျိုးကျေးဇူး ရှိလိမ့်မယ်၊ သူတို့လိုလူတွေဆီက လေ့လာစရာတွေ အများကြီး ရလိမ့်မယ်၊ မင်းရဲ့ဘဝကို တခြားဟာတွေထက် ပိုပြီး ပြောင်းလဲစေလိမ့်မယ်”

“ဟုတ်တယ်၊ စောစောက ကျွန်တော် မလာမိတာ ကျွန်တော့်အပြစ်ပဲ၊ ကျွန်တော် စိတ်မကောင်းဘူး”

“ဟုတ်တယ်၊ စိတ်မကောင်းစရာပဲ၊ မင်းကို တွေ့လိုက်ရတော့

ကောင်ကလေး ဘယ်လောက်ဝမ်းသာ သွားတယ်ဆိုတာ မင်းအမြင်ပဲ၊ မင်းမလာတဲ့အတွက် သူဟာ အတော့်ကို ကယောက်ကယက် ဖြစ်နေရှာတယ်”

“မပြောပါနဲ့တော့၊ ကျွန်တော် စိတ်မကောင်းလွန်းလို့ပါ၊ ဒါပေမဲ့ အခုလိုဖြစ်ရတာ ကျွန်တော့်အတွက် ကောင်းပါတယ်၊ ကျွန်တော် ဒီကို မလာတဲ့ အကြောင်းရင်းကတော့ ဘဝင်မြင့်လို့ပဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ပဲ၊ တဖက်သတ် တဇောက်ကန်းနိုင်မှုကြောင့်ပဲ၊ ကျွန်တော့်ဘဝကို ကျွန်တော် ပြောင်းလဲအောင် တလျှောက်လုံး ကြိုးစားခဲ့ပေမဲ့ အဲဒီအချက်တွေကို ကျွန်တော့်ကိုယ်က ခွာမထုတ်နိုင်ခဲ့ဘူး၊ အခုတော့ ကျွန်တော်ဟာ နေရာ တော်တော်များများမှာ အတော် ယုတ်မာပါ ကလား ဆိုတာ သိရပြီ”

“အဲဒီလိုတော့ မဟုတ်ဘူး၊ လမ်းကြောင်းကလေး နည်းနည်းစောင်းနေပေမဲ့ မင်းမှာ အင်မတန် ချစ်စရာကောင်းတဲ့ ပင်ကိုသဘာဝကလေး ရှိတယ်၊ နောက်ပြီးတော့ အင်မတန် စိတ်ကောင်း နှလုံးကောင်းရှိပြီး စိတ်ထောင်းကိုယ်ကြေ ဖြစ်နေရှာတဲ့ ဒီသူငယ်ကလေးအပေါ် မင်းအနေနဲ့ ဘာဖြစ်လို့ ဒီလောက်တောင် လွှမ်းမိုးမှု ရှိနေရတယ်ဆိုတာကို ကိုယ် ကောင်းကောင်း နားလည်တယ်”

“ခင်ဗျား ကျွန်တော့်ကို ဒီအတိုင်းပဲ မြင်သလား၊ ကျွန်တော့်စိတ်ထဲမှာတော့ ခင်ဗျားဟာ ကျွန်တော့်ကို အထင်သေးနေတယ်လို့ ထင်ခဲ့တယ်၊ အခု ဒီကို ရောက်လာတဲ့အထိလည်း ဒီအတိုင်းပဲ ထင်ခဲ့တယ်၊ ခင်ဗျားရဲ့အမြင်ကို ကျွန်တော် တန်ဖိုးထားတယ်ဆိုတာ ခင်ဗျား သိစေချင်ခဲ့တယ်”

“မင်းဟာ တကယ်ပဲ ဒါလောက်တောင် ဆတ်ဆတ်ထိမခံ အကင်းပါးရသလား၊ မင်း အသက်အရွယ် မှာ ဒါလောက်တောင်ပဲ ဖြစ်ရသလား၊ စောစောတုန်းက အခန်းထဲမှာ မင်း ဇာတ်ကြောင်း ပြန်နေတုန်းက ကိုယ် ဒီအတိုင်းပဲ သဘောပေါက်ခဲ့တယ်၊ မင်းဟာ တကယ့်ကိုပဲ ဆတ်ဆတ်ထိမခံ အကင်းပါးရမယ်လို့ ကိုယ် တွေးမိတယ်”

“ခင်ဗျား ဒီလိုပဲ တွေးခဲ့သလား၊ ခင်ဗျားဟာ တကယ့်ကို အမြင်စူးရှတာပဲ၊ အဲဒါဟာ ငန်းအကြောင်း ကျွန်တော် ပြောနေတုန်းကပဲ ဖြစ်ရမယ်၊ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် လူတော်တယောက်အဖြစ် အလောတကြီး ဖော်နေမိတဲ့အတွက် ခင်ဗျားက အထင်သေးတော့မှာပဲလို့ ကျွန်တော် တွေးမိတယ်။ အဲဒီအတွက် ကျွန်တော် ခင်ဗျားကို မုန်းသွားပြီး ပေါက်ကရတွေ လျှောက်ပြောမိတော့တာပဲ၊ နောက်ပြီးတော့ တခါ အဲဒါကတော့ အခု ဒီနေရာမှာပဲပေါ့၊ ဘုရားသခင် မရှိဘူးဆိုရင် သူ့ကို တီထွင်ပေးရမယ်လို့ ပြောတဲ့အခါမှာလည်း ဒီစကားဟာ ကျွန်တော် တတ်ကြောင်း သိကြောင်း အလောတကြီး ဖော်ပြရာ ရောက်သွားတဲ့အတွက် အထူးသဖြင့် အဲဒီစကားကို စာအုပ်တအုပ်ထဲက ကျွန်တော် ရတာ ဖြစ်တဲ့အတွက်

ကျွန်တော့်ကို အထင်သေးတော့မှာပဲလို့ တွေးမိပြန်တယ်။ ဒါပေမဲ့ အဲဒီလို ကျွန်တော် အလောတကြီး ကိုယ့်ကိုယ်ကိုယ် ဖော်နေတာတွေဟာ သူများ အထင်ကြီး ချီးမွမ်းတာကို ခံချင်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲ ဘာကြောင့်ဆိုတာကိုလည်း ကျွန်တော် မသိဘူး၊ ကျွန်တော့်စိတ်ထဲမှာ ကျေနပ်အားရနေလွန်းလို့ ဝမ်းသာပီတိ ဖြစ်နေလွန်းလို့ ဖြစ်နိုင်တယ်။ ဟုတ်တယ်၊ အားရဝမ်းသာနေလို့ပဲ ဖြစ်မယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ ဝမ်းသာနေတာနဲ့ စကားတွေ ကရားရေလွှတ် လျှောက်ပြောနေတာကတော့ ဘယ်လိုမှ မကောင်းဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာ ကျွန်တော့်ကို အထင်သေးနေတာ မဟုတ်ဘူး၊ ကျွန်တော့်စိတ်ထဲက ထင်နေတာပဲ ဆိုတာကို ကျွန်တော် အခု ကောင်းကောင်း သဘောပေါက်ပါပြီ ကာရာမာဇော့၊ ကျွန်တော်ဟာ အတော်ကြီးကို စိတ်မချမ်းသာဘူး၊ ကျွန်တော်ဟာ တခါတခါမှာ တွေ့ကရာတွေကို စိတ်ကူးနေမိ တယ်၊ လူတွေအားလုံးက ကျွန်တော့်ကို လှောင်နေကြတယ်၊ အဲဒီအခါမှာ ... အဲဒီအခါမှာ ကျွန်တော်ဟာ သူ့ဟာနဲ့သူ ရှိနေတဲ့ အစုအစည်း ကြီး တရပ်လုံးကို ချေမှုန်းဖျက်ဆီးပစ်ချင်တယ်”

“မင်းအတွက် လူတိုင်းကို စိတ်ချောက်ချားစေတာပဲ” အလျှိုရှာ ပြုံးရယ်ကာပြောသည်။

“ဟုတ်တယ်၊ ကျွန်တော့်အတွက် လူတိုင်းကို စိတ်ချောက်ချားစေတာပဲ၊ အထူးသဖြင့် ကျွန်တော့် အမေကိုပဲ၊ ဒါနဲ့ ကျွန်တော့်ကို ပြောစမ်းပါဦး ကာရာမာဇော့၊ ကျွန်တော်ဟာ အခု သရော်စရာကြီး ဖြစ်နေသလား”

“အဲဒါကို မတွေးပါနဲ့၊ အဲဒါကို လုံးလုံးမတွေးပါနဲ့၊ ‘သရော်စရာ’ ဆိုတာဟာ ဘာကို ဆိုလိုတာလဲ၊ လူတယောက် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ သရော်စရာ ရယ်စရာ ဖြစ်ရတာဟာ အကြောင်းလား။ နောက်ပြီးတော့ ကနေ့အချိန်မှာ အရည်အချင်းရှိတဲ့လူ တော်တော်များများဟာ သရော်စရာကြီး အဖြစ်ခံရမှာ စိုးတဲ့အတွက် စိတ်မချမ်းမသာ ဖြစ်နေကြရတယ်၊ ကိုယ့်အနေနဲ့ အံ့သြနေတာ တခုကတော့ မင်းအနေနဲ့ ဒီအသက်အရွယ်မှာ ဒီလို ခံစားမိနေတယ် ဆိုတာပဲ။ အမှန်တော့ မင်းတယောက်တည်းသာ မဟုတ်ဘူး၊ မင်းလိုအရွယ် တော်တော်များများဟာ ဒီလိုမျိုး ခံစားနေကြ ရတယ် ဆိုတာကို ကိုယ် သတိပြုမိတာ တော်တော်ကလေး ကြာပါပြီ၊ အမှန်တော့ ဒါဟာ ရူးတာ တမျိုးပဲ၊ မကောင်းဆိုးဝါး တကောင်က ဒီစိတ်ကူးစိတ်သန်း ယောင်ဆောင်ပြီး မျိုးဆက်တခုလုံးထဲကို ဝင်လာတာပဲ၊ ဟုတ်တယ်၊ မကောင်းဆိုးဝါးပဲ” အလျှိုရှာ ထပ်ပြီး ပြောလိုက်သည်။ သို့သော် သူ မပြုံးပါ။ သူ့ကို ငေးစိုက်ကြည့်နေသော ကိုလျာက သူ စကားပြောသောအခါ ပြုံးလိမ့်မည်ဟု ထင်ခဲ့ သည်။ “မင်းလည်း လူတိုင်းထဲကပဲ၊ အဲဒီအဓိပ္ပာယ်က လူအများထဲကပဲ၊ တခုပဲရှိတယ်၊ မင်းဟာ လူတိုင်းထဲက မဖြစ်ရဘူး”

"လူတိုင်း အဲဒီလိုမျိုး ဖြစ်နေကြရင်ကိုပဲ ကျွန်တော် မဖြစ်ရဘူးလား"

"ဟုတ်တယ်၊ လူတိုင်း အဲဒီလိုမျိုး ဖြစ်နေကြရင်ကိုပဲ မင်းဟာ အဲဒီလိုမျိုး မဖြစ်ရဘူး၊ အဲဒီလိုမျိုး မဖြစ်တဲ့လူဆိုလို့ မင်းတယောက်တည်းပဲ ရှိနေရမယ်၊ နောက်ပြီးတော့ အမှန်အတိုင်း ပြောရရင် မင်းဟာ လူတိုင်းထဲက မဟုတ်ဘူး၊ မင်းဟာ ကိုယ့်ရဲ့မကောင်းမှုတခု သရော်စရာတခုကို ဝန်ခံရမှာ မရှက်တဲ့ လူတယောက်ပဲ၊ ဒီခေတ်ကြီးမှာ ဘယ်သူ ဝန်ခံမလဲ၊ ဘယ်သူမှ ဝန်မခံဘူး၊ လူတွေဟာ ကိုယ့်အမှားကို ဝန်ခံရမှန်း နားမလည်ကြတော့ဘူး၊ ဒါကြောင့်မို့လို့ မင်းဟာ တယောက်တည်းပဲ ရှိနေပါစေ၊ လူတိုင်းထဲက လူတယောက်တော့ မဖြစ်ပါစေနဲ့"

"ကောင်းလိုက်တာဗျာ၊ ကျွန်တော် ခင်ဗျားကို လူကဲခတ် မမှားပါဘူး၊ ခင်ဗျားမှာ လူတွေကို နှစ်သိမ့်တတ်တဲ့ အရည်အချင်း ရှိတယ်၊ အို ... ကျွန်တော်ဟာ ခင်ဗျားနဲ့ အရမ်းကာရောကို သိချင်နေခဲ့တာပဲ ကာရာမာဇော့၊ အခုလိုမျိုးတွေ့ဖို့ ကျွန်တော် မျှော်လင့် စောင့်စားနေတာ ကြာလှပြီ။ ခင်ဗျားကကော ကျွန်တော့်အကြောင်း တကယ်ပဲ စဉ်းစားခဲ့သလား၊ ခင်ဗျားဟာ ကျွန်တော့် အကြောင်း စဉ်းစားခဲ့တယ်လို့ စောစောကပဲ ပြောသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကိုယ်ဟာ မင်းအကြောင်းကို ကြားခဲ့တယ်၊ မင်းအကြောင်းကို စဉ်းစားခဲ့တယ်။ မင်းဟာ ဒီမွေးခွန်းကို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့အနေမျိုးနဲ့ မေးတယ် ဆိုရင်လည်း အကြောင်းမဟုတ်ပါဘူး"

"ဒီမှာ ကာရာမာဇော့၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဆွေးနွေးပွဲဟာ မေတ္တာ ကြေညာစာတမ်းကြီးပဲ၊ ရယ်စရာကြီးများ ဖြစ်နေမလား"

ကိုလျာက အနည်းငယ် ရှက်ရွံ့ဟန်ဖြင့် ပြောလိုက်သည်။

"မဖြစ်ပါဘူး၊ တကယ်လို့ ဖြစ်ခဲ့တယ်ဆိုရင်လည်း အရေးမကြီးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်းမွန်တဲ့ အလုပ်တခု ဖြစ်လို့ပဲ"

အလျှိုရှာ ဝင်းပစွာ ပြုံးနေသည်။

"ဒါပေမဲ့ ခင်ဗျားအနေနဲ့ နည်းနည်းတော့ ရှက်နေတယ် မဟုတ်လား ကာရာမာဇော့၊ ခင်ဗျားရဲ့ မျက်လုံးတွေထဲမှာ ကျွန်တော် တွေ့နေရတယ်"

ကိုလျာက ထေ့ထေ့ကလေး ပြုံးရင်း မေးလိုက်သည်။ သို့သော် သိသိသာသာကြီး သူ ပျော်ရွှင်နေ သည်။

"ဘာဖြစ်လို့ ရှက်ရမှာလဲ"

"ဒါဖြင့်ရင် ခင်ဗျားမျက်နှာ ဘာဖြစ်လို့ နီနေတာလဲ"

"မင်းကြောင့် နီနေတာပဲပေါ့" အလျှို့ရှာ ရယ်မောလိုက်သည်။ အမှန်ပင် ဖြစ်သည်။ သူ့မျက်နှာ နီမြန်းနေသည်။ "ဟုတ်တယ်၊ ကိုယ် နည်းနည်းတော့ ရှက်နေတယ်၊ ဘာဖြစ်လို့လဲတော့ မသိဘူး၊ ကိုယ် မသိဘူး"

သူ အနည်းငယ် ကသိကအောက်ဖြစ်ဟန်ဖြင့် ရွတ်ဆိုနေသည်။

"အို ခင်ဗျားရှိနေတယ် ဆိုတဲ့အတွက် ခင်ဗျားကို ကျွန်တော် ချစ်တယ်၊ ခင်ဗျားကို ကျွန်တော် သဘောကျတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကျွန်တော်နဲ့ တူလို့ပဲ"

ကိုလျာက အမှန်တကယ်ပင် ပျော်ရွှင်ကြည်နူးစွာဖြင့် ပြောသည်။ သူ၏ပါးပြင်များ နီမြန်းနေသည်။ သူ၏မျက်လုံးများ တောက်လက်နေသည်။

"ဒီမယ် ကိုလျာ၊ မင်းဟာ လောကကြီးမှာ မပျော်ဘူးဆိုတာ ကိုယ်သိတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

ကိုလျာ မဆိုင်းမတွပင် ဝန်ခံလိုက်သည်။

"ဒါပေမဲ့ မင်းဟာ တချိန်တည်းမှာပဲ လောကကြီးကို ပျော်အောင် လုပ်နေတယ်"

"ဟုတ်လိုက်တာ၊ မှန်လိုက်လေခြင်း။ ခင်ဗျားဟာ ပရော်ဖက်တယောက်ပဲ၊ အို ... ကျွန်တော်တို့ အတူလက်တွဲသွားကြမယ် ကာရာမာဇော့၊ ခင်ဗျားကို ကျွန်တော် သဘောအကျဆုံးကတော့ ကျွန်တော့်ကို တန်းတူရည်တူ ဆက်ဆံတာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ တန်းတူရည်တူ တွေ မဟုတ်ကြပါဘူး၊ ခင်ဗျားက ပိုပြီး မြင့်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အတူလက်တွဲပြီး သွားကြမယ်၊ ခင်ဗျား သိသလား၊ ပြီးခဲ့တဲ့ တလလုံးလုံး ကျွန်တော့်ကိုယ်ကျွန်တော် ပြောခဲ့တယ်၊ 'ငါတို့နှစ်ယောက်ဟာ တွေ့တွေ့ချင်း မိတ်ဆွေ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တော့ သေတဲ့အထိ ရန်သူ ဖြစ်သွားကြမှာပဲ' လို့"

"အဲဒီလို ပြောလိုက်တော့ မင်းက ကိုယ့်ကို ချစ်နေပြီပေါ့ ဟုတ်လား" အလျှို့ရှာ ရယ်မောကာ မေးသည်။

"ဟုတ်တယ်၊ ခင်ဗျားကို ကျွန်တော် ချစ်နေပြီ၊ အရမ်းကာရောကို ချစ်နေပြီ၊ ခင်ဗျား ကျွန်တော် ချစ်ပြီး ခင်ဗျားကို ကျွန်တော် စွဲလမ်းနေပြီ၊ အဲဒါတွေကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိနေသလဲ၊ ဟောဟိုမှာ ဆရာဝန်၊ သူ ဘာပြောမလဲ မသိဘူး၊ သူ့မျက်နှာကြီးကို ကြည့်စမ်းပါ"

၇။ အီလျူရှာ

ဆရာဝန်သည် သားမွေးကုတ်အင်္ကျီကြီးကို ဝတ်ပြီး ဦးထုပ်ကို ဆောင်းကာ အခန်းတွင်းမှ ထွက်လာသည်။ သူသည် ပေရေညစ်ပတ်မှုများကို စိုးရိမ်သည့်အလား စက်ဆုပ်ရွံရှာလျက် ရှိသည်။ ဒေါသဖြစ်လျက်ရှိသည်။ စင်္ကြံလမ်းတလျှောက်ကို သူ ကပျာကသီ တချက် ကြည့်လိုက်သည်။ ယင်းသို့ ကြည့်ရှုရာတွင် အလျှိုရှာနှင့် ကိုလျာတို့ကို တွေ့မြင်သောအခါ ခပ်တည်တည် ခပ်မာမာကြီး ရှိသည်။

အလျှိုရှာက မြင်းရထားသမားကို လက်ပြလိုက်ရာ ဆရာဝန် စီးနင်းလာသော မြင်းရထားကြီး မောင်းနှင်လာသည်။ ဆရာဝန်၏နောက်မှ ဆနီဂါယော့ ပြေးထွက်လာသည်။ အလွန်မတန် လေးစားစွာဖြင့် ခါးကို ကုန်းညွတ်ကာ ဆရာဝန်ထံမှ နောက်ဆုံး အမှာစကားကို တောင်းပန် တောင်းခံလျက်ရှိသည်။ သူသည် အလွန်ပင် ပင်ပန်းနွမ်းနယ်နေပြီး တုန်လှုပ် ချောက်ချားနေဟန် ရှိသည်။

“ဆရာ … ဆရာ … မျှော်လင့်စရာ ..”

သူ့စကား မဆုံးပါ။ လက်နှစ်ဖက်ကို သူ စိတ်ပျက်စွာဖြင့် မြှောက်ယမ်းလိုက်သည်။ တောင်းပန် တိုးလျှိုးသော မျက်လုံးများဖြင့် ဆရာဝန်ကို ကြည့်နေသည်။ ဆရာဝန်ထံမှ စကားတလုံးသည် သူ့သားကလေးကို သေတွင်းမှ ကယ်တင်နိုင်မည့်အလား ဖြစ်သည်။

“ကျုပ် ဘာမှ မတတ်နိုင်တော့ဘူး၊ ကျုပ်က ဘုရားသခင် မဟုတ်ဘူး”

ဆရာဝန်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။ သို့သော် လေးနက်တည်ကြည်သော လေသံဖြင့် ဖြစ်သည်။

“ဆရာ … ဆရာ … သိပ်မကြာတော့ဘူးလား”

“အားလုံး အသင့်ပြင်ထားပေါ့”

ဆရာဝန်က စကားလုံး တလုံးချင်းကို အလေးအနက်ပြုပြီး ပြောသည်။ သူ့မျက်လုံးများကို အောက်ချထားပြီး ရထားခြေနင်းခုံပေါ်သို့ တက်တော့မည်ရှိသည်။

“အို ဆရာကြီးရယ်၊ တကယ့်ကို ဘယ်လိုမှ မတတ်နိုင်တော့ဘူးလား”

ဆနီဂါယော့က တုန်လှုပ်ချောက်ချားစွာ ကြည့်ရင်း မေးလိုက်ပြန်သည်။

“အဲဒါက ကျုပ်အပေါ်မှာ မတည်တော့ဘူး” ဆရာဝန်က စိတ်မရှည်စွာ ပြောလိုက်သည်။ “ဒါပေမဲ့ သူ့ကို ...” ဖြုန်းခနဲ စကားကို ရပ်ထားလိုက်သည်။ ပြီးမှ “ခင်ဗျားတို့ ... သူ့ကို ဟို .. ခင်ဗျားတို့ လူနာကို အခုချက်ချင်း အချိန်ဆွဲမနေဘဲ... (အခုချက်ချင်းနှင့် အချိန်မဆွဲဘဲ ဟူသော စကားလုံး များကို ဆရာဝန်က ခပ်မာမာပြတ်ပြတ်ကြီး ပြောလိုက်ရာ ဆနီဂါယော့ အထိတ်တလန့် ဖြစ်သွားရသည်)။ အဲ ... ဆိုင် ... ရာကျူကို ပို့ရင် .... အဲ အဲဒီမှာ ရာသီဥတု အခြေအနေကြောင့် ... အပြောင်းအလဲကြောင့် ... အဲ ... တမျိုးတဖုံ .. အဲ ... အင်း ....အဲ ”

“ဆိုင်ရာကျူ ဟုတ်လား”

ဆနီဂါယော့ အမိပ္ပာယ် နားမလည်ဟန်ဖြင့် ရွတ်ဆိုလိုက်သည်။

“ဆိုင်ရာကျူဆိုတာ ဆစ်စလီကျွန်းမှာ ရှိတယ်”

ကိုလျာ ရုတ်တရက် ဝင်ပြောလိုက်သည်။ ဆရာဝန်က သူ့ကို ကြည့်သည်။

“ဆစ်စလီကျွန်းကို ဟုတ်လား ဆရာ၊ ဆရာ မြင်တဲ့အတိုင်းပဲ”... ဆနီဂါယော့က ပတ်ဝန်းကျင်ကို ပြသသည့်အနေဖြင့် လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ “နောက်ပြီးတော့ ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်မိသားစုကို ဘယ်နှယ့်လုပ်မလဲ ဆရာ”

“ခင်ဗျားမိသားစုက ဆစ်စလီကျွန်းကို မသွားရဘူး၊ ကော့ကေးဆပ်ကို သွားရမယ်၊ အဲ နွေဦးပေါက်မှာ သွားရမယ်၊ ခင်ဗျားသမီးကို ကော့ကေးဆပ်ကို ပို့ရမယ်၊ နောက်ပြီးတော့ ခင်ဗျားမိန်းမလည်း ကော့ကေးဆပ်မှာ ရေချိုးလိုက်ရင် အကြောအဆစ် ကိုက်ခဲတဲ့ရောဂါ ပျောက်သွားလိမ့်မယ်၊ အဲဒီနောက်မှာ ပါရီကို သွားရမယ်၊ ပါရီမှာရှိတဲ့ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာ လက်ပလီတိုင်ယာဆီကို သွားရမယ်၊ အဲ ... သူ့ဆီကို ကျုပ် စာတစောင် ရေးပေးလိုက်မယ်၊ နောက်ပြီးတော့ အဲ .... နောက်ပြီးတော့ ...”

“အို ဆရာရယ်၊ ဆရာမြင်တဲ့အတိုင်းပဲ”

ဆနီဂါယော့က သူ့လက်များကို စိတ်ပျက်အားလျော့စွာ ဝှေ့ယမ်းရင်း ပျဉ်ကာထားသော စကြံလမ်း နံရံ ပြောင်တလင်းကြီးကို ပြလိုက်သည်။

“ဒါက ကျုပ်ကိစ္စ မဟုတ်ပါဘူး ခင်ဗျာ” ဆရာဝန်က ပြောလိုက်သည်။ “ကျုပ် ပြောနေတာက၊ သိပ္ပံပညာက ခင်ဗျားရဲ့မိသားစုကို ကုသပေးနိုင်တဲ့အကြောင်းပါ၊ ကျန်တဲ့ကိစ္စကတော့ အဲ ကျုပ် စိတ်မကောင်းပါဘူး... အဲ”

"ဘာမှမစိုးရိမ်ပါနဲ့ ဆေးဆရာကြီး၊ ကျွန်တော့်ခွေးက ဆေးဆရာကြီးကို မကိုက်ပါဘူး" တံခါးဝတွင် ရပ်နေသော ပါရဇွန်ကို ဆရာဝန်က စိတ်မချဟန်ဖြင့် ကြည့်လိုက်သည်ကို တွေ့မြင်သဖြင့် ကိုလျာက ခပ်ကျယ်ကျယ်ကလေး ပြောလိုက်ခြင်း ဖြစ်သည်။ ကိုလျာ၏အသံတွင် ဒေါသပါနေသည်။ 'ဆေးဆရာကြီး' ဟူသော အသုံးအနှုန်းကို သူက တမင်သုံးလိုက်ခြင်း ဖြစ်သည်။ 'သူ့ကို စော်ကားတဲ့အနေနဲ့ သုံးလိုက်တာပဲ' ဟု နောက်ပိုင်းတွင် သူ ပြန်လည်ရှင်းပြသည်။

"ဘာပြောတယ် ..."

ဆရာဝန် ခေါင်းကို မော့လိုက်ပြီး ကိုလျာကို အံ့အားသင့်စွာဖြင့် ငေးစိုက်ကာ ကြည့်နေသည်။ ထို့နောက် ...

"သူက ဘယ်သူလဲ" အလျှိုရှာဘက်သို့ ဆတ်ခနဲ လှည့်ကာ မေးလိုက်သည်။

"ပါရဇွန်ရဲ့သခင်ပါ၊ ကျွန်တော့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့"

ကိုလျာ တည်ငြိမ်စွာ ပြောလိုက်သည်။

" ခေါင်းလောင်းသံ* ဟုတ်လား" ဆရာဝန် ရွတ်ဆိုလိုက်သည်။ (* ပါရဇွန်ဆိုသည်မှာ ပါရဇွန် ဆိုသည်မှာ ခေါင်းလောင်းသံ ဟု အဓိပ္ပာယ်ရသည်)

ခွေးတကောင်၏ နာမည်မှန်း မသိသောကြောင့် ခေါင်းရှုပ်သွားဟန်ရှိသည်။

"ခေါင်းလောင်းသံကို သူ ကြားတယ်၊ ဒါပေမဲ့ ဘယ်ကဆိုတာ သူ မသိဘူး ဖြစ်နေတယ်၊ ကဲ ... သွားပေတော့ ဆေးဆရာကြီး၊ ဆိုင်ရာကျူမှာ တွေ့ကြသေးတာပေါ့" ကိုလျာက ပြောလိုက်သည်။

"သူ ဘယ်သူလဲ၊ သူ ဘယ်သူလဲ"

တမုဟုတ်ချင်းပင် ဆရာဝန်ကြီး ဒေါသအကြီးအကျယ် ထွက်သွားသည်။

"ကျောင်းသားကလေး တယောက်ပါ ဒေါက်တာ" အလျှိုရှာ မျက်မှောင်ကုတ်ပြီး မြန်မြန်ကြီး ပြောလိုက်သည်။ "သူက နောက်တတ်ပြောင်တတ်ပါတယ်၊ သူ့ကို ဘာမှ ထည့်ပြီး မစဉ်းစားပါနဲ့၊ ကိုလျာ .. မင်းပါးစပ်ပိတ်ထားစမ်း" ကိုလျာကို သူ ဟစ်အော်လိုက်သည်။ ထို့နောက် "သူ့ကို ဘာမှ ထည့်ပြီး မစဉ်းစားပါနဲ့ ဒေါက်တာ" အလျှိုရှာ စိတ်မရှည်ဟန်ဖြင့် ထပ်ပြောလိုက်သည်။

"ရိုက်ပေးရမယ်၊ ရိုက်ပေးရမယ်၊ သူ့ကို ရိုက်ပေးရမယ်"

ဆရာဝန်ကြီးက ခြေထောက်ကို ဆောင့်ကာ ဒေါသတကြီး ဟစ်အော်နေသည်။

"ဗျို့ ဆေးဆရာကြီး၊ ကျွန်တော့်ခွေးက ကိုက်လိမ့်မယ်နော်" ကိုလျာက တုန်ယင်စွာ ပြောလိုက်သည်။ သူ၏မျက်နှာမှာ ဖြူဖွေးကာ မျက်လုံးများ အရောင်တောက်နေသည်။

"ဟိတ် ... ပါရဗွန်"

"ကိုလျာ၊ မင်း နောက်ထပ် စကားတခွန်း ထပ်ပြောရင် မင်းနဲ့ငါ ဘယ်တော့မှ ဘာမှ မပတ်သက်တော့ ဘူး" အလျှိုရှာက တချက်လွှတ် ပြောဆိုလိုက်သည်။

"ဒီမယ် ဆေးဆရာကြီး၊ ဒီကမ္ဘာလောကကြီးမှာ နီကိုလေ ကရာဆိုကင်ကို အမိန့်ပေးနိုင်တဲ့ လူတယောက်ပဲ ရှိတယ်၊ အဲဒါကတော့ ဟောဒီလူပဲ" အလျှိုရှာကို ကိုလျာ လက်ညှိုးထိုးပြီး ပြလိုက်သည်။ "သူ့စကားကို ကျွန်တော် နားထောင်ပါတယ်၊ ဒါပဲ၊ သွားပြီ"

တံခါးဆီသို့ သူ လျှောက်သွားသည်။ တံခါးကိုဖွင့်ပြီး အခန်းတွင်းသို့ လျင်မြန်စွာ ဝင်ရောက်သွား သည်။

ဆရာဝန်ကြီးသည် ငါးစက္ကန့်လောက် မှင်တက်မိနေဟန်ဖြင့် ရပ်နေပြီးနောက် အလျှိုရှာအား ငေးစိုက်ကာ ကြည့်နေသည်။ ထို့နောက် တံတွေးတချက် ထွေးလိုက်ပြီး မြင်းရထားပေါ်သို့ လျင်မြန်စွာ တက်ရောက်သွားသည်။

"ဘာတွေလဲ ... ဘာတွေလဲ ... ဘာတွေလဲ၊ ငါ မသိဘူး"

ကျယ်လောင်စွာ သူ ရွတ်ဆိုလျက်ရှိသည်။ ဆနီဂါယေ့ဗ်က ရှေ့သို့ တိုးသွားပြီး ဆရာဝန်ကြီး ရထားပေါ်သို့ တက်နေသည်ကို ကူညီ ဖေးမပေးနေသည်။

အလျှိုရှာက ကိုလျာ၏နောက်သို့ လိုက်ပါကာ အခန်းတွင်းသို့ ဝင်ရောက်သွားသည်။ ကိုလျာ၏ အီလျူရှာ၏ခုတင်ဘေးဝယ် ရောက်နေပြီ ဖြစ်သည်။ အီလျူရှာက ကိုလျာ၏လက်ကို ဆုပ်ကိုင် ထားပြီး သူ၏ဖခင်ကို ခေါ်နေသည်။ နောက်တမိနစ်ခန့်အကြာတွင် ဆနီဂါယေ့ဗ် ရောက်ရှိလာသည်။

"ဖေဖေ၊ ဖေဖေ ဒီကိုလာ ... ကျွန်တော်တို့ ..."

အီလျူရှာ စိတ်လှုပ်ရှား တက်ကြွစွာဖြင့် ပြောသည်။ သို့သော် စကားကို ဆုံးအောင် သူဆက်ပြီး မပြောနိုင်ပါ။ သူ၏ ကြုံလှီသေးငယ်သော လက်ကလေးနှစ်ဖက်ဖြင့် သူ၏ဖခင်နှင့် ကိုလျာတို့ကို သိုင်းဖက်ထားလိုက်သည်။

သူတို့နှစ်ယောက်ကို တတ်နိုင်သမျှ တင်းကျပ်စွာ ဖက်ထားသည်။ တမုဟုတ်ချင်းမှာပင် ဆနီဂါယော့သည် တသိမ့်သိမ့် တုန်ယင်ကာ ငိုရှိုက်ခြင်း ပြုလေတော့သည်။ ကိုလျော၏ မေးနှင့် နှုတ်ခမ်းစုံတို့သည်လည်း တွန့်လိမ်လာကြတော့သည်။

"ဖေဖေ ဖေဖေ၊ ဖေဖေ့အတွက် ကျွန်တော် စိတ်မကောင်းဘူး"

အီလျူရှာ ချုံးပွဲချကာ ငိုကြွေးလေတော့သည်။

"လူကလေး အီလျူရှာ... ဆရာဝန်ကြီး ပြောတယ်၊ မင်း ဘာမှ မဖြစ်တော့ဘူး၊ မင်း နေကောင်းတော့ မယ်တဲ့၊ ဆရာဝန်ကြီး..."

"အို ဖေဖေရယ်၊ ဆရာဝန်အသစ်က ကျွန်တော့်အကြောင်း ဖေဖေ့ကို ဘာပြောသွားတယ် ဆိုတာ ကျွန်တော် သိပါတယ် .... ကျွန်တော် သိပါတယ်"

အီလျူရှာ ဟစ်အော်လိုက်သည်။ ဖခင်နှင့် သူငယ်ချင်းတို့ကို စောစောကအတိုင်း တင်းကျပ်စွာ ဖက်ထားလိုက်ပြန်ပြီး သူ၏မျက်နှာကလေးကို ဖခင်၏ ပခုံးပေါ်တွင် တင်ပြီး ဝှက်ထားလိုက်သည်။ "ဖေဖေရယ် မငိုပါနဲ့၊ ကျွန်တော် သေသွားလို့ရှိရင် သူတို့အထဲက လူကောင်းတယောက်ယောက်ကို ရွေးပြီး သူ့ကို အီလျူရှာလို့ပဲ ခေါ်ပါ၊ သူ့ကို ကျွန်တော့်အစား ချစ်ပါ"

"မဟုတ်တာတွေ မပြောပါနဲ့ သူငယ်ချင်း၊ မင်း နေကောင်းလာမှာပါ"

ကရာဆိုကင် ရုတ်တရက် ဟစ်အော်လိုက်သည်။ ဒေါသဖြစ်သွားသည့်အလား ဖြစ်သည်။

"ဒါပေမဲ့ ကျွန်တော့်ကို ဘယ်တော့မှ မမေ့ပါနဲ့ ဖေဖေ" အီလျူရှာ ဆက်ပြောသည်။ "ကျွန်တော့်ရဲ့ အုတ်ဂူကလေးကို လာပါ၊ ဩော် ဒါနဲ့ ဖေဖေ၊ ကျွန်တော့်ကို ကျွန်တော်တို့ အမြဲ လမ်းလျှောက် သွားကြတဲ့ ကျောက်တုံးကြီးအနားမှာ သင်္ဂြိုဟ်ပါ၊ အဲဒီကို ညနေပိုင်း ကရာဆိုကင်နဲ့ အတူလာပါ၊ ပါ ရဇ္ဇွန်ကိုလည်း ခေါ်ခဲ့ပါ၊ ဖေဖေတို့ကို ကျွန်တော် စောင့်နေမယ် ဖေဖေရေ ... ဖေဖေ"

သူ့အသံ ပျောက်သွားသည်။ သုံးယောက်သား တယောက်ကိုတယောက် ဖက်ထားကြသည်။ တိတ်နေသည်။ နီနာလည်း သူမ၏ကုလားထိုင်တွင် ငိုရှိုက်လျက်ရှိသည်။ မစ္စက် ဆနီဂါယော့သည် လည်း အားလုံးငိုနေသည်ကို တွေ့သောအခါ သူမလည်း မျက်ရည်များ သွန်ချလိုက်ပါတော့သည်။

"သားကလေး အီလျူရှာ၊ သားကလေး အီလျူရှာ"

သူမ ရွတ်ဆိုနေသည်။ ကရာဆိုကင်သည် ရုတ်တရက်ဆိုသလို သူ့အား အီလျူရှာက ဖက်ထားရာမှ ခွာထွက်လိုက်သည်။

“ငါ သွားတော့မယ် သူငယ်ချင်း” စကားကို သူ မြန်မြန်ပြောသည်။ “မေမေ ငါ့ကို ညနေစာ စားရအောင် စောင့်နေလိမ့်မယ်၊ မေမေ့ကို ငါ ပြောမလာမိဘူး၊ သူ သိပ်ပြီး စိတ်ပူနေလိမ့်မယ်၊ ဒါပေမဲ့ ညနေစာ စားပြီးပြီးချင်း ငါ ပြန်လာခဲ့မယ်၊ တညနေလုံး မင်းနဲ့ အတူနေမယ်၊ မင်းကို ငါ ပြောစရာတွေ အများကြီးရှိတယ်၊ အများကြီးကို ရှိတယ်။ ပါရဖွန်ကိုလည်း ငါ ခေါ်ခဲ့မယ်၊ အခုတော့ သူ့ကို ငါ ပြန်ခေါ်သွားမယ်၊ ငါ မရှိရင် သူ အော်နေလိမ့်မယ်၊ မင်းကို အနှောင့်အယှက် ပေးနေလိမ့်မယ်၊ ကဲ … သွားပြီ”

ထို့နောက် စင်္ကြံလမ်းသို့ သူ ပြေးထွက်သွားသည်။ သူ မငိုချင်ပါ။ သို့သော် စင်္ကြံလမ်းသို့ ရောက်သောအခါ သူ ငိုမိသည်။ သူ ငိုနေရာသို့ အလျှိုရှာ ရောက်ရှိလာသည်။

“ကိုလျာ… မင်းပြောတဲ့အတိုင်း ပြန်လာခဲ့ပါ၊ မလာလို့ရှိရင် သူ အကြီးအကျယ် စိတ်ဓာတ် ကျသွားလိမ့်မယ်” အလျှိုရှာက အလေးအနက် ပြောလိုက်သည်။

“ကျွန်တော် လာခဲ့မယ်၊ စောစောကတည်းက ကျွန်တော် မလာမိတာ တကယ် ဆိုးတာပဲ”

ကိုလျာ ငိုကြွေးနေရာမှ ရှေ့ရွတ်မြည်တမ်းလိုက်သည်။ သူသည် ယခုအခါ ငိုကြွေးနေမိသည်ကို မရှက်တော့ပါ။ ထိုအချိန်မှာပင် ဆနီဂါယော့သည် အခန်းထဲမှ အလျင်အမြန် ပြေးထွက်လာပြီး တံခါးကို ပိတ်ထားလိုက်သည်။ သူ့မျက်နှာ တွန့်လိမ်ရှုံ့မဲ့နေပြီး သူ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသည်။ လူရွယ်နှစ်ယောက်ရှေ့တွင် သူ ရပ်လိုက်ပြီး လက်နှစ်ဖက်ကို လွှင့်မြှောက်လိုက်သည်။

“လူကောင်းကလေးတယောက်ကို ကျုပ် မလိုချင်ဘူး”

သူက သွားတွေကိုကြိတ်ကာ အသံအုပ်အုပ်ဖြင့် ရွတ်ဆိုလိုက်သည်။

“ယေရုသခင်၊ အသင့်ကို ငါ မေ့ခဲ့လျှင် ငါ၏ လျှာသည် …”

သူ့စကား မဆုံးပါ။ စကားလုံးတွေ သူ့ပါးစပ်ထဲမှာပင် ပျောက်သွားသည်။ သစ်သား ခုံတန်းရှည်ကြီး ဘေးတွင် သူ ဒူးထောက်ပြီး ထိုင်ချလိုက်သည်။ ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ထားပြီး ငိုရှိုက်လေ တော့သည်။ မကြာခဏဆိုသလို သူ့ထံမှ အသံထွက်လာသည်။ သို့သော် သူသည် အခန်းထဲမှ မကြားစေရန် တတ်နိုင်သမျှ

ထိန်းချုပ်လျက်ရှိသည်။ ကိုလှ လမ်းပေါ်သို့ ပြေးထွက်သွားသည်။

"သွားပြီ ကာရာမာဇော့၊ ခင်ဗျားကော ပြန်လာမလား"

အလျှိုရှာကို သူ လှမ်းအော်ကာ မေးသည်။

"ညနေကျရင် ကိုယ် သေသေချာချာ ပြန်လာခဲ့မယ်"

"ယေရှုသခင်ဆိုတာ သူ ဘာပြောတာလဲ .. ဘာအဓိပ္ပာယ်လဲ"

"သမ္မာကျမ်းထဲက စာပိုဒ်တခုပဲ၊ အို ယေရှုသခင်၊ အသင့်ကို ငါမေ့ခဲ့လျှင်… ဆိုတဲ့ အဓိပ္ပာယ်က ငါ အင်မတန်မြတ်နိုးတဲ့ အရာကို ငါ မေ့လျော့ခဲ့လျှင် ... အဲဒီ မြတ်နိုးတဲ့ အရာကို တခုခုနဲ့ လဲလှယ်ခဲ့ရင် ငါသည် ..."

"ကျွန်တော် နားလည်ပြီ တော်တော့၊ ညနေလာဖို့ မမေ့နဲ့၊ ဟိတ် ... ပါရဗွန်"

ခွေးကြီးကို ခပ်မာမာ သူ အော်လိုက်ပြီးနောက် အိမ်ဆီသို့ အပြေးကလေးပင် တက်သုတ်နှင်လေတော့ သည်။

ကေဒသမကဏ္ဍ - အိုက်ဗင် ကာရာမာဇော့

၁။ ဂရုရှင်ကာ၏အိမ်ဝယ်

အလျှိုရှာသည် ဂရုရှင်ကာနှင့် တွေ့ဆုံရန် မစ္စက်မိုရိုဇော့၏ အိမ်ရှိရာ ကသီဒရယ် ပန်းခြံဘက်သို့ လျှောက်သွားလျက်ရှိသည်။ ဂရုရှင်ကာက သူမကို လာတွေ့ပါရန် ဖီညာကို သည်နေ့မနက် အစောကြီး လွှတ်ပြီး အရေးတကြီး အကြောင်းကြားခဲ့သည်။ သူမ၏သခင်မသည် တမြန်နေ့ကစပြီး အကြီးအကျယ် စိတ်လှုပ်ရှား ချောက်ချားနေကြောင်းကို ဖီညာထံမှ အလျှိုရှာ ကြားသိရသည်။

မစ်တယာ အဖမ်းခံရပြီးသည့်နောက်ပိုင်းနှစ်လအတွင်းတွင် အလျှိုရှာသည် ဂရုရှင်ကာကို မကြာခဏ ဆိုသလို သွားရောက်တွေ့ဆုံခဲ့သည်။ သူ့သဘောနှင့်သူ သွားခဲ့သည်များလည်း ရှိသည်။ မစ်တယာက စေလွှတ်သဖြင့် သွားခဲ့ရသည်များလည်း ရှိသည်။

မစ်တယာ အဖမ်းခံရပြီး သုံးရက်အကြာတွင် ဂရုရှင်ကာ အသည်းအသန် နေမကောင်းဖြစ်ပြီး ငါးပတ်လုံးလုံး အိပ်ရာထဲတွင် လဲတော့သည်။ ယင်း ငါးပတ်အနက် နှစ်ပတ်လုံးလုံး ဆိုသလိုပင် သူမသည် မေ့မြောနေခဲ့သည်။

သူမသည် ယခုအခါ သက်သာကောင်းမွန်ပြီး အပြင်သို့ သွားနိုင်လာနိုင်သည်မှာ နှစ်ပတ်မျှရှိပြီ ဖြစ်သော်လည်း ယခင်ကနှင့် မတူတော့ဘဲ အများကြီးပင် ပြောင်းလဲသွားချေတော့သည်။ အသားအရေ ဝါပြီး အတော်ကလေး ပိန်သွားသည်။

သို့သော် အလျှိုရှာ၏အမြင်တွင်မူ သူမ၏မျက်နှာသည် ယခင်ကထက်ပိုပြီး ကြည့်ကောင်းနေသည်။ သူမ၏ အခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ တွေ့လိုက်ရသော သူမ၏ မျက်လုံးများကို သူ သဘောကျသည်။ သူမ၏မျက်လုံးများတွင် ထက်မြက်မှုနှင့် ကြံ့ခိုင်မှုများ ပေါ်လွင်နေသည်။ သူမတွင် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှု အရိပ်လက္ခဏာများ ရှိနေသည်။ စိတ်သဘောထား ကောင်းမွန် ဖြူလွင်ပြီး မာန်မာန ကင်းစင်သော အရိပ်လက္ခဏာများ မယိမ်းမယိုင် ခိုင်ကျည်စွာ တည်ရှိနေကြ သည်။ သူမ၏ မျက်လုံးနှစ်ခုကြားတွင်ကား ထောင်လိုက် ဖြစ်ပေါ်နေသော အတွန့်အရေးကလေး တခု ရှိနေသည်။ သူမ၏ ချစ်စရာကောင်းသော မျက်နှာကလေးတွင် တည်ငြိမ်လေးနက်မှုကို ဖော်ပြနေခြင်းပင် ဖြစ်သည်။ ရုတ်တရက် ကြည့်လိုက်လျှင် ဣန္ဒြေကြီးမား တင်းမာသည်ဟု ထင်ရသည်။ ယခင်က ညုတုတု အသွင်များ သူမ၏မျက်နှာတွင် လုံးဝ မတွေ့မြင်ရတော့ပါ။

ထို့အပြင် ဤအမျိုးသမီးကလေးသည် ယောကျ်ားတယောက်ကို လက်ထပ်ရန် ကတိပေးလိုက်စဉ် မှာပင် ထိုသူသည် တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းသော ရာဇဝတ်မှုကြီးတခုဖြင့် အဖမ်းခံရခြင်း၊ ယင်းအတွက် ပြင်းထန်ဆိုးရွားစွာ နာမကျန်းဖြစ်ရခြင်း၊ သည်အမှုနှင့်ပတ်သက်၍ တရားရုံးက မလွဲမသွေ ချမှတ်မည့် ပြစ်ဒဏ်ကြီး တည်ရှိနေခြင်း စသည့် ဒုက္ခပင်လယ် ဝေနေသည့်တိုင်အောင်ပင် သူမ၏ကိုယ်တွင် ယခင်က ရှိခဲ့သော နုပျိုလန်းဆန်းမှုများ ပျောက်ဆုံးသွားခြင်း မရှိသည်ကို အလျှိုရှာ အံ့သြနေရသည်။

တကြိမ်က မာန်မာနကြီးမားခဲ့သော သူမ၏မျက်လုံးများသည် ယခုအခါ သိမ်မွေ့နူးညံ့လျက် ရှိကြသည်။ သို့တစေလည်း ယင်း မျက်လုံးကလေးများသည် မကြာခဏ ဆိုသလိုပင် သူမ၏ရင်ထဲ တွင် ဖြစ်ပေါ်နေသော စိုးရိမ်ကြောင့်ကြမှုကြောင့် တောက်လောင် စူးလက်လာတတ်သည်။ ထို့ပြင် သူမ၏ရင်တွင် ဖြစ်ပေါ်နေသော စိုးရိမ်ကြောင့်ကြမှုကလည်း လျော့ပါးသွားသည် မရှိဘဲ တဖြည်းထက် တဖြည်း ပိုမိုရင့်သန်လျက် ရှိတော့သည်။ စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်ရသော အကြောင်းရင်းကလည်း တခုတည်းပင် ဖြစ်သည်။ ကက်ထရီးနားနှင့် ပတ်သက်၍ပင် ဖြစ်သည်။

ဂရုရှင်ကာသည် အသည်းအသန် နာမကျန်းဖြစ်နေပြီး ကယောင်ကတမ်းတွေ ပြောဆိုနေစဉ်မှာပင် ကက်ထရီးနား၏အမည်ကို တဖွဖွ ရွတ်ဆိုနေခဲ့သည်။ သူမအနေနှင့် ဂရုရှင်ကာကို ကြောက်မက်ဖွယ် ရာကောင်းလောက်အောင်ပင် မနာလိုဝန်တို ဖြစ်နေကြောင်း အလျှိုရှာ သိရှိသည်။ ကက်ထရီးနား အနေဖြင့် မစ်တယာကို ထောင်ထဲတွင် တကြိမ်မျှ သွားရောက်တွေ့ဆုံခဲ့ခြင်း မရှိသော်လည်း သူမအနေနှင့် တွေ့ချင်လျှင် အချိန်မရွေး သွားရောက် တွေ့ဆုံနိုင်ပေသည်။ ယင်းအတွက်ပင် အလျှိုရှာသည် အင်မတန် ခက်ခဲသော ပြဿနာကြီးတခုနှင့် ကြုံတွေ့နေရတော့သည်။ အကြောင်းမှာ ဂရုရှင်ကာအနေနှင့် ယုံကြည် စိတ်ချသူဟူ၍ သူတယောက်တည်းသာရှိပြီး သူ့ထံမှ အကြံဉာဏ် တောင်းခံနေသောကြောင့် ဖြစ်သည်။ သူ့အနေနှင့် သူမကို ဘာပြောရမည် မသိသောကြောင့် ဖြစ်သည်။

သူသည် စိုးရိမ်ကြောင့်ကြကြီးစွာဖြင့် သူမ၏နေအိမ်တွင်းသို့ ဝင်ရောက်သွားသည်။ သူမက အိမ်မှာ ရှိနေသည်။ လွန်ခဲ့သည့် နာရီဝက်လောက်ကပင် မစ်တယာကို သွားရောက်တွေ့ဆုံရာမှ ပြန်လည် ရောက်ရှိလာခြင်း ဖြစ်သည်။ သူမက သူ့ကို ကြိုဆိုရန် စားပွဲတွင် ထိုင်ရာမှ ကမန်းကတန်း ထလိုက်သည်ကို တွေ့လိုက်ရသောအခါ သူမက သူ့ကို အမျှော်ကြီး မျှော်နေခဲ့ကြောင်း အလျှိုရှာ တွက်ဆမိတော့သည်။

စားပွဲပေါ်တွင် ဖဲထုပ်တထုပ် ရှိနေသည်။ အချို့ ဖဲထုပ်များကို ‘အရူးဖမ်းတမ်း

ကစားရန်' အတွက် ဝေထားသည်။ စားပွဲ၏တဖက်တွင် အိပ်ရာတခု ရှိသည်။ ဆိုဖာတခုပေါ်တွင် ခင်းထားခြင်း ဖြစ်သည်။ မက်ဇီမေ့သည် ညဝတ်အင်္ကျီကြီးကို ဝတ်ပြီး အိပ်ရာထဲတွင်ဆောင်းသော အဝတ်ဦးထုပ်ကို ဆောင်းကာ ခုတင်ပေါ်တွင် တံတောင် တဖက်ထောက်ပြီး လဲလျောင်းနေသည်။ သူက အားရ ရွှင်လန်းစွာ ပြုံးလျက်ရှိသော်လည်း သူ့ကို ကြည့်ရသည်မှာ နာမကျန်းဖြစ်နေပြီး အထူးပင် အားနည်းနေကြောင်း သိသာထင်ရှား လှသည်။ နေစရာ အိမ်မရှိသော အဘိုးကြီးသည် လွန်ခဲ့သည့် နှစ်လခန့်က ဂရုရှင်ကာနှင့် အတူ မိုကရိုယီမှ ပြန်လာကတည်းက ဤအိမ်မှာ နေနေခြင်း ဖြစ်သည်။ ယနေ့ထက်တိုင် ဖြစ်သည်။

သူသည် သူမနှင့်အတူ မိုးသီးမိုးပေါက်များ အကြားတွင် ရောက်ရှိလာပြီးနောက် ဆိုဖာပေါ်တွင် ထိုင်နေခဲ့သည်။ သူ့တကိုယ်လုံး ရွှဲရွှဲစိုပြီး တုန်လှုပ် ချောက်ချားလျက် ရှိသည်။ သူက တိတ်ဆိတ် ငြိမ်သက်စွာဖြင့် သူမကို ငေးစိုက်ကာ ကြည့်နေသည်။ မဝံ့မရဲ မေတ္တာရပ်ခံသော အပြုံးနှင့် ဖြစ်သည်။

ဂရုရှင်ကာသည် အလွန်တရာပင် စိတ်ထိခိုက် နွမ်းနယ်နေပြီး အဖျားလည်း ဝင်နေကာ ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်ရှုပ်နေခဲ့သဖြင့် နာရီဝက်လောက် ကြာသည်အထိ မက်ဇီမေ့ကို မေ့လျော့နေတော့သည်။ ယင်းသို့ဖြင့် သူမသည် သူ့ကို ရုတ်တရက် တွေ့မြင်သွားပြီး စူးစိုက်ကာ ကြည့်နေသည်။ ထိုအခါ မက်ဇီမေ့သည် မျက်လုံးများကို ပင့်လိုက်ပြီး သနားဖွယ်ရာ တုန်လှုပ် ချောက်ချားစွာ ရယ်မောသည်။ ဤတွင် ဂရုရှင်ကာက ဖီညာကို ခေါ်ပြီး အဘိုးကြီးအား တခုခု ကျွေးရန် ပြောသည်။ သူသည် ထိုနေ့တနေ့လုံးပင် ထိုနေရာတွင် မလှုပ်မယှက် ထိုင်နေခဲ့သည်။

ညမိုးချုပ်၍ တရုတ်ကတ်များကို ပိတ်သောအချိန်တွင် ဖီညာက သူမ၏ သခင်မကို မေးသည်။

"အဘိုးကြီး ဒီည ဒီမှာ အိပ်မှာလား မမ"

"ဟုတ်တယ်၊ သူ ဒီမှာအိပ်မယ်။ ဆိုဖာပေါ်မှာ သူ့အတွက် အိပ်ရာ ပြင်ပေးလိုက်ပါ" ဂရုရှင်ကာက ပြောသည်။ ဂရုရှင်ကာက အဘိုးကြီးကို သေသေချာချာ မေးသောအခါ ၎င်းအနေနှင့် အမှန်တကယ် ပင် ဘယ်ကိုမှ သွားစရာမရှိကြောင်း သိရှိရသည်။

"တို့ကို ကျွေးမွေး စောင့်ရှောက်ထားတဲ့ မစ္စတာ ကာဂါနော့က တို့ကို လက်မခံနိုင်တော့ဘူးလို့ သေသေချာချာ ပြောပြီး ပိုက်ဆံ ငါးရူဗယ် ပေးလိုက်တယ်"

"ဒါဆိုရင် အဘိုးကြီး ဒီမှာပဲနေပေါ့"

ဂရုရှင်ကာ စိတ်မချမ်းမသာ ဖြစ်နေသည့်ကြားကပင် ဆုံးဖြတ်လိုက်ပြီး

အဘိုးကြီးကို သနား ကြင်နာစွာ ပြုံးကြည့်ကာ ပြောလိုက်သည်။ သူမ၏အပြုံးကြောင့် အဘိုးကြီး များစွာမှပင် စိတ်ထိခိုက် သွားပြီး မျက်ရည်များလည်ကာ နှုတ်ခမ်းများ တဆတ်ဆတ် တုန် ယင်လာတော့သည်။

ယင်းသို့ဖြင့် ခြေသလုံးအိမ်တိုင် အဘိုးကြီးသည် ထိုအချိန်မှစပြီး သူမထံတွင် သောင်တင်နေခြင်း ဖြစ်တော့သည်။ ဂရုရှင်ကာ အသည်းအသန် နေမကောင်း ဖြစ်နေသည့်အချိန်မှာပင် သူသည် ထိုအိမ်မှ မခွာပါချေ။ ဖီညာနှင့် သူမ၏အဘွား (ဂရုရှင်ကာ၏ထမင်းချက်) တို့ကလည်း သူ့ကို မောင်းမထုတ်ကြဘဲ သူ့ကို အစားအစာ မှန်မှန်ကျွေးကာ သူ့အတွက် အိပ်ရာကို ဆိုဖာပေါ်တွင် ပြင်ဆင်ပေးကြသည်။

နောက်ပိုင်းတွင် ဂရုရှင်ကာသည် အဘိုးကြီးနှင့် နေသားကျသွားသည်။ မစ်တယာနှင့် တွေ့ဆုံပြီး ပြန်လာသောအခါများတွင် (ဂရုရှင်ကာသည် လုံးလုံးကြီး မပျောက်ကင်းမီကတည်းကပင် မစ်တယာ ထံသို့ မှန်မှန်ကြီး သွားရောက် တွေ့ဆုံခဲ့သည်)။ သူမသည် ကုလားထိုင်တွင် ထိုင်ပြီး ‘ဘဘကြီး မက်ဇီမူရှကာ’ ကို သဗ္ဗနပေါင်းစုံ လျှောက်ပြောသည်။ သူမ၏ စိတ်မချမ်းသာမှုများမှ မေ့ပျောက် ကင်းဝေးနေစေရန် ဖြစ်သည်။ သည်အတွင်းမှာပင် အဘိုးကြီးသည် ပုံပြောကောင်းသူတဦး ဖြစ်ကြောင်း ဂရုရှင်ကာ တွေ့ရှိရသည်။ သို့ဖြင့် နောက်ဆုံးတွင် သူမသည် အဘိုးကြီး မရှိလျှင် မနေတတ်တော့ပါ။

သူမက အလျှိုရှာကလွဲလျှင် အခြား မည်သည့်ဧည့်သည်ကိုမျှ လက်ခံတွေ့ဆုံခြင်း မရှိပါ။ အလျှိုရှာက လည်း နေ့တိုင်းလာသည် မဟုတ်ဘဲ လာပြန်လျှင်လည်း ကြာကြာနေသည် မဟုတ်ပါ။ သူမ၏ ကုန်သည် အဘိုးကြီးမှာလည်း ထိုအချိန်က အတော်ကြီး နေမကောင်းဖြစ်နေပြီး မြို့ပေါ်က လူတွေ ပြောကြသည့်အတိုင်း ပြောကြလျှင် ‘နောက်ဆုံးပိတ် အသက်ရှူချိန်’ ဖြစ်ပါသည်။ အဖြစ်မှန်ကို ပြောရလျှင် သူသည် မစ်တယာ၏အမှု စစ်ဆေးအပြီး တပတ်အကြာတွင် ကွယ်လွန်သွားပါသည်။

ကုန်သည်အဘိုးကြီးသည် သူ မကွယ်လွန်မီ သုံးပတ်အလိုတွင် သူ သေရတော့မည်ကို သိနေသည့် အလျောက် သူ၏ သားသုံးယောက်နှင့် ချွေးမများ၊ မြေးများကိုခေါ်ပြီး သူနှင့် အတူနေကြရန် ပြောသည်။ ထိုအချိန်မှစပြီး ဂရုရှင်ကာကို လာခွင့်မပြုရန် သူ၏ အစေခံများကို တင်းတင်းကျပ်ကျပ် ညွှန်ကြားထားသည်။ အကယ်၍ ဂရုရှင်ကာ လာခဲ့လျှင် သူမ အသက်ရှည် အနာကင်းပြီး ကျန်းမာ ပျော်ရွှင်စေရန် သူ ဆုတောင်းကြောင်းနှင့် သူ့ကို ခွင့်လွှတ်ရန် ပြောဖို့ မှာကြားထားသည်။ သို့တစေလည်း ဂရုရှင်ကာသည် နေ့စဉ်နေ့တိုင်းလိုပင် သူ၏ ကျန်းမာရေး အခြေအနေကို စုံစမ်း မေးမြန်းလျက် ရှိပါသည်။ “ဟော … ငါ့မောင် ရောက်လာပြီ”

ဂရုရှင်ကာ ဟာစ်အော်လိုက်သည်။ ဖဲချပ်များကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီးနောက် အလျှိုရှာကို ဝမ်းသာအယ်လဲ ကြိုဆိုသည်။

မက်ဇီမော့က မင်း လာတော့မှာ မဟုတ်ဘူးဆိုပြီး ပြောနေတယ်။ အို ကိုယ်တို့ မင်းကို တွေ့ချင်နေတာ အသေအလဲပဲ၊ စားပွဲပေါ်မှာ ထိုင်စမ်းပါဦး၊ ကဲ ဘာသောက်မလဲ ကော်ဖီလား”

“ကျေးဇူးပဲ၊ ကျွန်တော် အရမ်းဆာနေတာနဲ့ အတော်ပဲ” အလျှိုရှာ စားပွဲတွင်ထိုင်ရင်း ပြောသည်။

“ကိုယ်တို့လည်း အဲဒီလိုဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ ဖီညာရေ ဖီညာ၊ ကော်ဖီဟေ့၊ ငါ့မောင်အတွက် ကော်ဖီ အဆင်သင့်ဖျော်ထားတာ ကြာလှပြီ။ မုန့်လည်း ယူခဲ့ပါဟေ့၊ မုန့်ကို ပူပူလေးနော်။ ခဏနေဦး အလျှိုရှာ၊ မင်း ဘာမှ မပြောခင် ကနေ့ ကိုယ်တို့ မုန့်နဲ့ ပတ်သက်ပြီး ရန်ဖြစ်ကြရတာကို ပြောရဦးမယ်၊ ကိုယ် ကနေ့ ထောင်ဝင်စာ သွားတွေ့တော့ သူ့အတွက် မုန့်တွေ ယူသွားတယ်။ အဲဒီတော့ .. ပြောရင် မင်း ယုံပါ့မလား မသိဘူး၊ သူက မုန့်တွေကို ပြန်ပေးတယ်၊ မုန့်တွေကို သူ မစားဘူး၊ မုန့်တခုကို သမံတလင်းပေါ် ပစ်ချပြီး သူ့ခြေထောက်နဲ့ နင်းပစ်တယ်၊ အဲဒီတော့ ကိုယ်က သူ့ကို ပြောတယ် ‘မုန့်တွေကို ကျွန်မ ထောင်မှူးဆီမှာ ထားခဲ့မယ်၊ ညနေကျလို့ ဒီမုန့်တွေကို အစ်ကို မစားလို့ရှိရင် အစ်ကို့မှာ မလိုမုန်းတီးမှုတွေ အားကြီးနေလို့ပဲ’ အဲဒီလိုပြောပြီး ကိုယ် ပြန်လာခဲ့တယ်၊ ကိုယ်တို့ နောက်တခါ ရန်ဖြစ်ပြန်တာပဲ၊ ကိုယ်သွားတိုင်း ကိုယ်တို့ ရန်ဖြစ်ရတယ်”

ဂရုရှင်ကာ စိတ်လှုပ်ရှားစွာဖြင့် မနားတမ်း တဆက်တည်း ပြောသည်။ မက်ဇီမော့သည် တုန်လှုပ် ချောက်ချားသွားဟန်ဖြင့် မျက်နှာ အောက်စိုက်ပြီး ပြုံးနေသည်။ “ဒီတခါ ဘာဖြစ်လို့ ရန်ဖြစ်ကြ တာလဲ” အလျှိုရှာ မေးလိုက်သည်။

“ဒီလိုမျိုး ဖြစ်လိမ့်မယ်လို့ ကိုယ် လုံးလုံး မထင်ခဲ့ဘူး၊ စဉ်းစားကြည့်စမ်းပါ၊ သူက ကိုယ့်ရဲ့ ပထမလူကို သဝန်တိုနေတယ်၊ ‘မင်း ဘာဖြစ်လို့ သူနဲ့ ဆက်ရတာလဲ၊ သူနဲ့ ပြန်ဆက်နေပြီ မဟုတ်လား’ သူက ကိုယ့်ကို ဒီလို မေးတယ်၊ သူက အင်မတန် မနာလို ဝန်တိုတာပဲ။ ကိုယ့်ကို အမြဲတမ်း မနာလို ဝန်တိုနေတာပဲ၊ စားလည်း မနာလို၊ အိပ်လည်း မနာလိုပဲ။ ပြီးခဲ့တဲ့ အပတ်တုန်းကဆိုရင် သူဟာ ကူဇမာကိုတောင် မနာလို ဖြစ်နေတယ်”

“ဒါပေမဲ့ သူဟာ အစ်မရဲ့ ပထမလူ အကြောင်းကို အရင်ကတည်းက သိခဲ့တယ် မဟုတ်လား”

“အို သူသိတာတော့ စလုံးရေ စကတည်းက သူ သိခဲ့တယ်၊ ဒါပေမဲ့

တနေ့တော့ သူဟာ ကောက်ကာင်ကာ ဆိုသလို တို့ကို အမျိုးမျိုး တိုင်းထွာတော့တာပဲ၊ သူ ပြောတာကို ပြန်ပြီး ပြောပြဖို့ ကိုယ် နှုတ်မရဲဘူး။ သူ တော်တော်ဆိုးတာပဲ၊ ကိုယ် ပြန်လာတဲ့အချိန်မှာ ရာကီတင် ရောက်လာတယ်။ သူ့ကို သွေးထိုးပေးနေတာ ရာကီတင်ပဲ ဖြစ်ရမယ်၊ မောင်လေး ဘယ်လို သဘောရသလဲ”

သူမက အမှတ်မထင် ဆိုသလို မေးလိုက်သည်။

“အစ်မကို သူ ချစ်တယ်၊ ပြဿနာကတော့ ဒါပဲ။ အစ်မကို သူ သိပ်ချစ်တယ်၊ နောက်ပြီးတော့ လောလောဆယ်မှာ သူ့စိတ်တွေ လှုပ်ရှားနေတယ်”

“ကိုယ်လည်း ဒီလိုပဲ ထင်ပါတယ်၊ မနက်ဖြန်မှာ သူ့အမှု စစ်မယ် မဟုတ်လား၊ ကိုယ် ကနေ့ သူ့ဆီကို သွားတာ အမှုအကြောင်း ပြောမလို့ပဲ၊ မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာကို ကိုယ် မတွေးရဲဘူး၊ သူ့စိတ်တွေ လှုပ်ရှားနေတယ်လို့ ငါ့မောင်က ပြောတယ်၊ ကိုယ့်စိတ်တွေ ဘယ်လောက် လှုပ်ရှားနေတယ် ဆိုတာကိုလည်း ထည့်ပြောပါဦး၊ အဲဒီမှာ သူက ပိုလန်အကြောင်း ပြောတယ်။ ဘယ်လောက် ဆိုးသလဲ၊ အင်း အခုအထိတော့ မက်ဇီမော့ကို သူ မနာလို မဖြစ်သေးဘူး”

“တို့မိန်းမကတော့ တို့ကို ကောင်းကောင်း မနာလိုတာပဲ” မက်ဇီမော့က ဝင်ပြောသည်။

“ဟုတ်လား၊ သူက ဘယ်သူ့ကို မနာလိုတာလဲ”

“အိမ်ဖော်ကလေးတွေကိုပေါ့”

“အို ... တော်စမ်းပါ အဘိုးကြီးရယ်၊ အခုအချိန်မှာ ကျွန်မ မရက်စက်နိုင်ဘူး၊ ကျွန်မစိတ်တွေ ဖြောင်းဆန်နေတယ်၊ မုန့်တွေကို ကြည့်မနေပါနဲ့၊ အဘိုးကြီးကို ကျွန်မ မကျွေးပါဘူး၊ နောက်ပြီးတော့ ဗော့ဒကာလည်း မတိုက်ပါဘူး၊ ကဲ ... ဘာပြောမလဲ” သူမ ရယ်မောလိုက်သည်။ “သူ့တာဝန်ကြီးက တို့ ပခုံးပေါ်မှာ ရောက်နေတယ်၊ ဘိုးဘွားရိပ်သာ ဖွင့်ထားတာ ကျနေတာပဲ”

“မင်းရဲ့စေတနာတွေဟာ တို့နဲ့ မထိုက်တန်ပါဘူး၊ တို့က ဘာမှ အသုံးမကျတဲ့ အဘိုးကြီး တယောက် ပဲ၊ မင်းရဲ့စေတနာတွေကို တို့ထက် ပိုပြီး အသုံးဝင်တဲ့ လူတွေပေါ်မှာ ထားဖို့ကောင်းတယ်”

မက်ဇီမော့က ငိုသံပါကြီးနှင့် ပြောသည်။

“အို ဘယ်သူမဆို သူ့နေရာနဲ့သူတော့ အသုံးဝင်တာပဲ၊ ဘယ်သူက ပိုပြီး အသုံးဝင်တယ်လို့ ဘယ်သူ ပြောနိုင်မလဲ၊ အို အဲဒီပိုလန်ဟာ ဘယ်တုန်းကမှ မရှိခဲ့ရင်

ဘယ်လောက် ကောင်းမလဲ အလှူရှင်၊ သူလည်း သူ့ခေါင်းထဲကို ဒီကိစ္စတွေ ထည့်ပြီး နေမကောင်း ဖြစ်နေပြီ။ သူ့ကိုလည်း ကိုယ် သွားတွေ့ ရမယ်၊ ပြီးတော့ မုန့်တွေကိုလည်း ပို့ပေးရမယ်၊ တမင်တကာကို ပို့ပေးရမယ်။ သူ့ဆီကို ကိုယ် တခါမှ မပို့ခဲ့ပါဘူး၊ ဒါပေမဲ့ မစ်တယာက ပို့တယ်ဆိုပြီး စွပ်စွဲတယ်၊ အဲဒီတော့ အခု သူ့ဆီကို တမင်တကာကို ပို့ပေးရမယ်၊ တမင်တကာကို ပို့ရမယ်၊ ဟော ... ဖီညာ စာတစောင် ယူလာတယ်၊ ကိုယ် ထင်ထားတဲ့အတိုင်းပဲ၊ ပိုလန်တွေဆီက စာပဲ ဖြစ်ရမယ်၊ ပိုက်ဆံတောင်းပြန်တာပဲ ဖြစ်ရမယ်”

မတ်ဆယာလိုဗစ်က စာရှည်ကြီးတစောင် ရေးလိုက်သည်။ သူ့ထုံးစံအတိုင်း ဖွဲ့ဖွဲ့ နွဲ့နွဲ့ကြီး ဖြစ်သည်။ ပိုက်ဆံ သုံးရူဗယ် ချေးပါရန် မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်သည်။ ပိုက်ဆံ သုံးရူဗယ် ရရှိကြောင်းနှင့် ထိုပိုက်ဆံကို သုံးလအတွင်း ပြန်ပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုသည့် ဖြတ်ပိုင်းတရွက်ကို လည်း စာအိတ်ထဲတွင် တပါတည်း ထည့်ပေးလိုက်သည်။ ဖြတ်ပိုင်းတွင် သူ၏အဖော်ဖြစ်သော ဗရလက်စကီလည်း လက်မှတ်ရေးထိုး ထားသည်။

ဂရုရှင်ကာသည် ယင်းကဲ့သို့ ဖြတ်ပိုင်းများ ပါရှိသည့် စာအမြောက်အမြားကို သူမ၏ ‘ချစ်ဦးသူ’ ထံမှ ရရှိခဲ့သည်။ ထိုစာများသည် လွန်ခဲ့သော ၁၅ ရက်လောက်က စပြီး ရောက်ရှိလာကြခြင်း ဖြစ်သည်။ သူမ နေကောင်းကောင်းချင်း ဆိုသလိုပင် ဖြစ်သည်။ သို့သော် ပိုလန်နှစ်ယောက်သည် သူမ နေမကောင်းနေစဉ်ကလည်း အကျိုးအကြောင်း မေးမြန်းခဲ့ကြောင်း ဂရုရှင်ကာ သိရှိရသည်။

ပထမဆုံး စာသည် အထူးပင် ရှည်လျားလှသည်။ မိသားစု အမှတ်တံဆိပ် ပါရှိသော စာရွက်ကြီး တရွက်တွင် ရေးသားထားခြင်း ဖြစ်သည်။ စာမှာ ဖွဲ့နွဲ့လွန်းပြီး အဓိပ္ပာယ် ဝေဝါးလှသည်။ ဘာဆိုလိုမှန်း မသိနိုင်အောင် ရှိသဖြင့် ဂရုရှင်ကာသည် တဝက်လောက်သာ ဖတ်ပြီး လွှင့်ပစ်ထား လိုက်သည်။ ထိုအချိန်က သူမတွင် စာတွေ ဖတ်နေနိုင်လောက်အောင် အချိန်မရှိပါ။ ပထမစာ ရောက်ရှိပြီးနောက် နောက်တနေ့တွင် စာတစောင် ရောက်ရှိလာပြန်သည်။ ထိုအထဲတွင် မတ်ဆယာ လိုဗစ်က ရူဗယ် နှစ်ထောင် ခေတ္တ ချေးထားသည်။ ဂရုရှင်ကာက ထိုစာကိုလည်း အကြောင်းမပြန်ပါ။ သည့်နောက်တွင်ကား နေ့တိုင်းမှန်မှန်ပင် စာတွေ တစောင်ပြီးတစောင် ရောက်ရှိနေတော့သည်။ စာတိုင်းမှာပင် ကြီးကြီးကျယ်ကျယ်နှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားသည်။ သို့သော် ချေးငှားသည့် ငွေအရေအတွက်ကား တစောင်ထက် တစောင် လျော့နည်းသွားနေသည်။ ရူဗယ် ၁၀၀ သို့ ဆင်းသွား သည်။ ထို့နောက် ၂၅ ရူဗယ်၊ ထို့နောက် ၁၀ ရူဗယ်၊ နောက်ဆုံးတွင်ကား ပိုလန် နှစ်ယောက်သည် တရူဗယ်မျှသာ ချေးငှားထားပြီး ယင်းအတွက် နှစ်ယောက်စလုံး လက်မှတ်ရေးထိုးထားသော ဖြတ်ပိုင်းတို့ ပါရှိသည်။

ထိုအခါ ဂရုရှင်ကာသည် ၎င်းတို့အတွက် အထူးပင် စိတ်မကောင်းဖြစ်ပြီး

ထိုနေ့ည မိုးချုပ်ချိန်တွင် ၎င်းတို့နေအိမ်သို့ သူမကိုယ်တိုင် သွားရောက်တွေ့ဆုံသည်။ ပိုလန် နှစ်ယောက် အထူးပင် ဆင်းရဲ နွမ်းပါးလျက်ရှိသည်ကို သူမ တွေ့ရသည်။ ကုန်းကောက်စရာ မရှိလောက်အောင်ပင် ဖြစ်သည်။ စားစရာ မရှိ၊ သောက်စရာ မရှိ၊ ဆေးလိပ်သောက်စရာ ဆေးလိပ် မရှိ၊ မီးလှုံစရာပင် မီးသွေးမရှိနှင့် အိမ်ရှင်မိန်းမကြီးထံတွင် ကြွေးတွေ တထပ်ကြီး တင်နေသည်။ မိုကရိုယီတွင် မစ်တယာထံမှ နိုင်လိုက်သော ရူဗယ်နှစ်ရာမှာလည်း အစအနမျှ မကျန်တော့ပြီ ဖြစ်သည်။

သို့သော် အံ့ဩစရာကောင်းသည်ကတော့ ဂရုရှင်ကာကို တွေ့ရသောအခါ ၎င်းတို့သည် ဣန္ဒြေသိက္ခာ အပြည့်ပင် ဖြစ်သည်။ စကားကြီး စကားကျယ်တွေ ရွှန်းရွှန်းဝေနေသည်။ ဂရုရှင်ကာ ရယ်ကာ မောကာ သူ၏ချစ်ဦးသူသို့ ဆယ်ရူဗယ် ပေးသည်။ ထိုနေ့မှာပင် သူမက ထိုအကြောင်းကို ရယ်ကာ မောကာဖြင့် မစ်တယာသို့ ပြန်ပြောသည်။ ထိုအချိန်ကမူ မစ်တယာသည် မနာလိုဝန်တိုခြင်း မရှိပါ။ သို့သော် သည့်နောက်ပိုင်းတွင် ပိုလန်များက ဂရုရှင်ကာကို အမိအရ တွယ်ထားပြီး နေ့စဉ်မှန်မှန် စာများ ပို့သည်။ ဂရုရှင်ကာကလည်း သူတို့ တောင်းသောငွေကို အနည်းအပါး ဆိုသလို မှန်မှန် ပေးကမ်းသည်။ သည်အခါ မစ်တယာကလည်း ထိုကိစ္စကို ခေါင်းထဲထည့်ပြီး မနာလို ဝန်တိုခြင်းများ အသည်းအသန် ဖြစ်လာရတော့သည်။

"ကိုယ်ကလည်း လူမိုက်တယောက်လိုပဲ၊ မစ်တယာဆီကိုအသွား သူ့ဆီကို ခဏ ဝင်တွေ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ပထမလူကလည်း နေမကောင်းဖြစ်နေတယ် မဟုတ်လား" ဂရုရှင်ကာ ကသောကမျော ပြောသည်။ "ကိုယ်က ဒီအကြောင်းကို ရယ်ရယ်မောမောနဲ့ပဲ မစ်တယာကို ပြန်ပြောပြတယ်၊ 'အစ်ကို စဉ်းစားကြည့်စမ်း၊ ကျွန်မရဲ့ ချစ်ဦးသူက ကျွန်မကို ခုတ်ပြားဟောင်း ပြန်ဖွင့်ပြဖို့ စိတ်ကူးယဉ်နေတယ်။ ကျွန်မက သူ့ကို ပြန်ငိုပြီး သူ့ကို ပြန်လက်ထပ်လိမ့်မယ်လို့ ထင်နေတယ်' လို့၊ အဲဒီလိုလည်း ကိုယ်ကပြောလိုက်ရော မစ်တယာ ဝုန်းခနဲထပြီး ကိုယ့်ကို အမျိုးမျိုး ပြောတော့တာပဲ၊ အဲဒီတော့ ဘာဖြစ်သလဲ။ သူက အဲဒီလို လုပ်လာရင် တို့ကလည်း မုန့် တကယ်ပို့တော့မှာပေါ့၊ ဖီညာရေ ... သူတို့ဆီက ကောင်မလေး လာပြီလား၊ လာလို့ရှိရင် ဟောဒီမှာ သုံးရူဗယ်၊ နောက်ပြီးတော့ မုန့်တဒါဇင်လောက် စက္ကူနဲ့ထုပ်ပြီး ပေးလိုက်၊ အဲဒီတော့ ... ဒီမယ် အလျှိုရှာ၊ မင်းကလည်း ကိုယ်မုန့်ပို့တဲ့အကြောင်း မစ်တယာကို ပြန်ပြောဖို့ မမေ့မနေနဲ့"

"ကျွန်တော် သူ့ကို ဘာအကြောင်းမှ မပြောပါဘူး"

အလျှိုရှာ ပြုံးရယ်ကာ ပြောသည်။

"ဒီအတွက် သူ စိတ်မကောင်းဖြစ်နေတယ်လို့ မင်း မထင်ဘူးလား၊ အေး ... ဟုတ်တယ်၊ သူက တမင်တကာ မနာလိုဟန်ဆောင်နေတာပဲ၊ တကယ်တော့ ဒီကိစ္စကို သူ ဘာမှ ဂရုမစိုက်ဘူး" ဂရုရှင်ကာ နာကြည်းစွာ ပြောသည်။

"တမင်တကာ ဟုတ်လား" အလျှိုရှာ မေးလိုက်သည်။

"အလျှိုရှာ၊ မင်းဟာ တကယ် အ တာပဲ၊ မင်းအနေနဲ့ ဒါလောက် ပညာတွေ တတ်ထားပြီး ဘာတခုမှ နားမလည်ဘူး၊ ကိုယ်လို မိန်းကလေးတယောက်ကို သူ မနာလို ဝန်တို ဖြစ်တာကို ကိုယ် ဘယ်လိုမှ အပြစ်မဆိုပါဘူး၊ အဲ ... မနာလိုဝန်တို မဖြစ်ဘူးဆိုရင်တော့ အပြစ်ဆိုရမယ်၊ ကိုယ်က အဲဒီလို လူစားပဲ၊ မနာလိုဝန်တိုတာကို ကိုယ် ဘယ်တော့မှ အပြစ်မပြောဘူး၊ ကိုယ့်မှာလည်း ပြင်းထန်တဲ့ အသည်းနှလုံး ရှိပါတယ်၊ ကိုယ်ကိုယ်တိုင်လည်း မနာလို ဝန်တိုတတ်ပါတယ်၊ ကိုယ် သူ့ကို စိတ်ဆိုးတာကတော့ သူဟာ ကိုယ့်ကို တကယ်မချစ်ဘဲနဲ့ တမင်တကာ မနာလိုဝန်တိုဟန် ဆောင်နေတဲ့အတွက်ပဲ၊ ကိုယ့်ကို ဘာမှ မသိမမြင်တတ်တဲ့ အကန်းတယောက်လို့ မင်း ထင်သလား၊ ကိုယ် မသိတာ မဟုတ်ဘူး၊ သူက ကောက်ကာငင်ကာနဲ့ သူ့အမျိုးသမီး ကက်ထရီးနားအကြောင်း ပြောတယ်၊ အမျိုးသမီးက အင်မတန် ကောင်းရှာတယ်တဲ့၊ သူ့အတွက် မော်စကိုက ဆရာဝန် တယောက် ပင့်လာပေးတယ်တဲ့၊ နောက်ပြီးတော့ သူ့ကို ကယ်တင်ဖို့ရာအတွက် အင်မတန် ကောင်းပြီး အင်မတန် ကျော်ကြားတဲ့ ရှေ့နေကြီးတယောက်ကိုလည်း ရှာပေးတယ်တဲ့၊ ဒီမိန်းမ အကြောင်း ကိုယ့်ရှေ့မှာ ဒါလောက် ချီးကျူးနေတာဟာ ဒီမိန်းမကို သူ ချစ်လို့ပဲပေါ့၊ အင်မတန် ရှက်စရာကောင်းတယ်၊ အမှန်တော့ ကိုယ့်ကို ဒီအကွက်ထဲ ရောက်အောင်ပို့တာ သူပဲ၊ ကိုယ်က ကိုယ့်အချစ်ဦးနဲ့ ပြန်ဆက်နေတယ်လို့ သူ စွပ်စွဲတယ်၊ အပြစ်တွေအားလုံးကို ကိုယ့်အပေါ်မှာ ပုံချလိုက်တာပဲ၊ မင်းက မင်းချစ်ဦးသူ ပိုလန်နဲ့ ပြန်ဆက်ရင် ငါကကော ဘာဖြစ်လို့ ငါ့ချစ်သူ ကက်ထရီးနားနဲ့ ပြန်မဆက်ရမှာလဲလို့ ပြောတာပဲ၊ အဓိပ္ပာယ်ကတော့ ဒါပဲ၊ သူ တမင်တကာ လုပ်နေတာပဲ၊ တမင်တကာပဲ၊ ဒါပေမဲ့ ကိုယ့်အနေနဲ့ ..."

သူမအနေနဲ့ ဘာလုပ်မည်ကို ဂရုရှင်ကာ ဆုံးအောင် ဆက်မပြောပါ။ သူမ၏ မျက်လုံးများကို လက်ကိုင်ပဝါနှင့် အုပ်လိုက်ပြီး ရှိုက်ကြီးတငင် ငိုနေတော့သည်။

"ကက်ထရီးနားကို သူ မချစ်ပါဘူး" အလျှိုရှာ ခိုင်မာစွာ ပြောလိုက်သည်။

"သင်းကို သူ ချစ်သလား၊ မချစ်ဘူးလား ဆိုတာကို မကြာခင် ကိုယ်ကိုယ်တိုင် သိရမှာပဲ"

ဂရုရှင်ကာက လက်ကိုင်ပဝါကို မျက်နှာမှ ဖယ်လိုက်ပြီး ကြိမ်းဝါးသည့်လေသံဖြင့် ပြောသည်။ သူမ၏ မျက်နှာမှာလည်း မဲ့ရွဲ့သွားသည်။ စောစောပိုင်းက နူးညံ့သိမ်မွေ့ပြီး ပျော်ရွှင်လန်းဆန်းနေသော မျက်နှာကလေး

ရုတ်ခြည်းဆိုသလို မှုန်ကုပ်ပြီး တင်းမာ ခက်ထန်လာသည်ကို တွေ့မြင်ရသောအခါ အလျှိုရှာ စိတ်မကောင်းပါ။

"ဒီကိစ္စတွေ ထားလိုက်ပါတော့" သူမက ရုတ်တရက် ပြောလိုက်သည်။ "မောင်လေးကို ခေါ်တာ ဒီကိစ္စအတွက် မဟုတ်ပါဘူး၊ ဒီမယ် အလျှိုရှာ ... မောင်လေး၊ မနက်ဖြန်ကျရင် ... နက်ဖြန်ကျရင် ဘာဖြစ်မလဲ၊ အဲဒါကိုပဲ ကိုယ် ပူနေတယ်၊ အဲဒါကို ကိုယ်တယောက်တည်းပဲ ပူနေတယ်နဲ့ တူတယ်၊ ဘယ်သူ့ကိုပဲကြည့်ကြည့် ဘယ်သူမှ ဒီပြဿနာကို စဉ်းစားပုံ မရဘူး၊ မောင်လေးကော စဉ်းစားသလား၊ အမှန်ကတော့ အဲဒီအစေခံပဲ။ အစေခံက အဘိုးကြီးကိုသတ်တာပဲ၊ အို ဘုရားသခင်.. အစေခံအစား သူ့ကို အပြစ်ပေးကြတော့မှာလား၊ သူ့ဘက်က ဘယ်သူမှ မရှိကြတော့ဘူးလား၊ သူတို့က အစေခံကို နည်းနည်းကလေးမှတောင် ပြဿနာ မလုပ်ကြတော့ဘူးလား"

"သူတို့က အပြန်ပြန်အလှန်လှန် စစ်ပြီးကြပြီ၊ သူ မဟုတ်ဘူးဆိုတာကို သူတို့ အားလုံးကပဲ ဆုံးဖြတ်ပြီးကြပြီ၊ နောက်ပြီးတော့ သူ အခု အတော်ကြီးကို နေမကောင်း ဖြစ်နေတယ်၊ ဝက်ရူး စပြန်ကတည်းက သူ နေမကောင်းနေတာပဲ၊ သူ တကယ် နေမကောင်းနေတာပဲ"

အလျှိုရှာက နောက်ဆုံးစကားကို ထပ်ဖြည့်ပြီး ပြောလိုက်သည်။

"အို မောင်လေးရယ်၊ အဲဒီ ရှေ့နေဆီကို ဘာဖြစ်လို့ မောင်လေးကိုယ်တိုင်သွားပြီး အခြေအနေတွေ အားလုံးကို ပြောမပြရတာလဲ၊ သူ့ကို ပီတာစဘတ်ကနေ ရူဗယ်သုံးထောင် ပေးပြီး ငှားလာရတယ်လို့ ပြောနေကြတယ်"

"အဲဒီသုံးထောင်ကို ကျွန်တော်တို့ စုပြီး ပေးကြတာပါ။ အိုက်ဗင်ရယ်၊ ကက်ထရီးနားရယ်၊ ကျွန်တော်ရယ်ပေါ့၊ ဒါပေမဲ့ မော်စကိုက ဆရာဝန်ကိုတော့ ကက်ထရီးနား တယောက်တည်း ခြေကြွခ နှစ်ထောင်ပေးပြီး ခေါ်တာပဲ၊ ရှေ့နေ ဖီကျူကိုဗစ်ဟာ ရူဗယ် သုံးထောင်ထက်ပိုပြီး တောင်းနိုင်တယ်။ ဒါပေမဲ့ ဒီအမှုက ရုရှားတနိုင်ငံလုံးမှာ ကျော်ကြားနေတယ်၊ သတင်းစာတွေ၊ ဂျာနယ်တွေ အားလုံးမှာ ရေးနေကြတယ်။ ဖီကျူကိုဗစ်ဟာ ဒီအမှုကို ပိုက်ဆံထက် ထင်ရှားကျော်ကြားမှုအတွက် လိုက်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အမှုက တကယ့်ကို သတင်းကြီးနေတယ် မဟုတ်လား၊ ကျွန်တော် မနေ့က သူနဲ့တွေ့တယ်"

"ဟုတ်လား၊ မောင်လေး သူ့ကို ပြောပြသလား" ဂရုရှင်ကာ စိတ်အားထက်သန်စွာ ဖြင့် မေးသည်။

"သူ နားထောင်တယ်၊ ဒါပေမဲ့ ဘာမှမပြောဘူး၊ သူ့ခေါင်းထဲမှာ ထင်မြင်ချက်တခု ရနေပြီဆိုတာပဲ ပြောတယ်၊ ဒါပေမဲ့ ကျွန်တော် ပြောတာတွေကို

သူ စဉ်းစားပါ့မယ်လို့ ပြောတယ်”

“စဉ်းစားမယ် ဟုတ်လား၊ အို … အလကား ကလိမ်ချုံတွေပဲ၊ သူတို့အားလုံး သူ့ကို ဒုက္ခပေးကြမှာပဲ၊ ဒါနဲ့ နေပါဦး၊ ဆရာဝန်က ဘာကိစ္စလဲ၊ ဘာကိစ္စအတွက် ဆရာဝန် ခေါ်တာလဲ”

“ကျွမ်းကျင်သူတယောက်အနေနဲ့ ခေါ်တာပဲ၊ သူတို့က မစ်တယာ ရူးနေတယ်ဆိုတာကို သက်သေ ပြချင်တယ်၊ သူ့ဟာသူ ဘာလုပ်နေတယ်ဆိုတာကို မသိနိုင်တဲ့ အခြေအနေမှာ လူသတ်မှုကို ကျူးလွန်တယ်လို့ သက်သေပြချင်ကြတယ်၊ ဒါပေမဲ့ အဲဒါကို မစ်တယာ သဘောမတူဘူး” အလျှိုရှာ ပြုံးပြုံးလေး ပြောလိုက်သည်။

“ဟုတ်တယ်၊ အဘိုးကြီးကို သူသတ်တာဆိုရင်တော့ အဲဒါ ဟုတ်တယ်” ဂရုရှင်ကာ ဟစ်အော်လိုက် သည်။ “အဲဒီအချိန်က သူ ရူးနေတယ်၊ သေသေချာချာကြီး ရူးနေတယ်၊ အဲဒါဟာ ကိုယ့်အပြစ်ပဲ၊ အမိုက်မရဲ့အပြစ်ပဲ၊ ဒါပေမဲ့ သူသတ်တာ မဟုတ်ဘူး၊ အမှန်ပဲ၊ သူသတ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ အားလုံးကပဲ သူ့ကို စွပ်စွဲနေတယ်၊ တမြို့လုံးကပဲ သူသတ်တာလို့ ယုံကြည်နေကြတယ်၊ ဖီညာက အစပဲ၊ သူ့ထွက်ဆိုချက်က သူသတ်တယ်လို့ ပြောရာရောက်နေတယ်၊ နောက်ပြီးတော့ ကုန်စုံဆိုင်က လူတွေရယ်၊ အဲဒီ အရာရှိရယ်၊ နောက်ပြီးတော့ စောစောပိုင်းကတည်းက အရက်ဆိုင်မှာရှိနေတဲ့ လူတွေအားလုံးက သူ့ အဖေကို သူသတ်မယ်လို့ ကြုံးဝါးတာကို ကြားခဲ့ကြတယ်၊ အားလုံး .. အားလုံးကပဲ သူ့ကို လက်ညှိုးထိုးနေကြတယ်၊ သူသတ်ပါတယ်လို့ ဝိုင်းအော်နေကြတယ်”

“ဟုတ်တယ်၊ သူ့ကို လက်ညှိုးထိုးတဲ့ အထောက်အထားတွေက များသည်ထက်ပိုပြီး များများ လာနေတယ်” အလျှိုရှာ ညှိုးရော်စွာဖြင့် ပြောလိုက်သည်။

“နောက်ပြီးတော့ ဂရီဂိုရီ… ဂရီဂိုရီက နောက်ဖေးတံခါးပေါက် ပွင့်နေတယ်လို့ အခိုင်အမာ ပြောနေတယ်၊ သူ့မျက်စိနဲ့ မြင်ရတယ်ဆိုတဲ့ ဇာတ်လမ်းကို အသေကိုင်ထားတယ်၊ သူ့ကို ဘယ်လိုမှ ပြောလို့မရဘူး၊ သူ့ကို ကိုယ်ကိုယ်တိုင် သွားတွေ့ပြီး ပြောကြည့်တယ်၊ သူက ဒီနေရာမှာ သိပ်မာတယ်”

“ဟုတ်တယ်၊ ဂရီဂိုရီရဲ့ထွက်ဆိုချက်ဟာ မစ်တယာအပေါ် အခိုင်မာဆုံး စွပ်စွဲချက် ဖြစ်နေတယ်”

“မစ်တယာ ရူးနေတယ်ဆိုရင်တော့ လောလောဆယ်မှာ သူရူးနေတာ အမှန်ပဲ” ဂရုရှင်ကာ အထူးစိုးရိမ်ကြောင့်ကြသော လေသံဖြင့် ပြောလိုက်သည်။ “ဒီအကြောင်းကို အလျှိုရှာကို ကိုယ် အစောကြီးကတည်းက ပြောမလို့ပဲ၊ ကိုယ် သူနဲ့

နေ့တိုင်း သွားတွေ့တယ်၊ တွေ့တဲ့အခါတိုင်းမှာပဲ ကိုယ့်မှာ နားမလည်နိုင်အောင် ဖြစ်ရတယ်၊ သူ အခုတလော ပြောနေတာတွေဟာ ဘာတွေလဲ။ သူ ပြောနေတာတွေက အများကြီးပဲ။ ဒါပေမဲ့ ဘာတလုံးမှ ကိုယ် နားမလည်ဘူး၊ သူဟာ ကိုယ့်လို အတုံး အ အ တယောက် နားမလည်နိုင်တဲ့ ပညာရှိစကားတွေများ ပြောနေသလားလို့ ကိုယ် ထင်မိတယ်။ သူ ပြောနေတာကတော့ အလေးကလေးတယောက် အကြောင်းပဲ၊ အလေးကလေး ဆိုတာကတော့ ကလေးကလေးပဲ၊ 'ဘာဖြစ်လို့ ကလေးကလေး ဆင်းရဲရတာလဲ၊ အဲဒီ ကလေးကလေးအတွက် ဆိုက်ဖေးရီးယားကို ကိုယ်သွားမယ်၊ ကိုယ်ဟာ လူသတ်သမား မဟုတ်ဘူး၊ ဒါပေမဲ့ ဆိုက်ဖေးရီးယား ကို ကိုယ်သွားမယ်' လို့ သူ ပြောတယ်။ အဲဒါ သူ ဘာတွေ ပြောနေတာလဲ၊ သူပြောနေတဲ့ အလေးကလေးဆိုတာက ဘာလဲ.. ကိုယ် ဘာတခုမှ စဉ်းစားလို့မရဘူး၊ အဲဒီအကြောင်းတွေကို သူပြောတဲ့အခါမှာ ကိုယ် ငိုတော့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူပြောတာက တကယ့်ကို အပြောကောင်းလို့ပဲ၊ သူကိုယ်တိုင်လည်း ငို၊ ကိုယ်လည်း ငိုတာပဲ၊ အဲဒီလို ငိုနေရာကနေ ဖြုန်းခနဲဆို သူ ကိုယ့်ကိုနမ်းပြီး ကိုယ့်ကိုယ်ပေါ်မှာ လက်ဝါးကပ်တိုင် ခတ်တယ်၊ အဲဒါ ဘာသဘောလဲ အလျှိုရှာ။ ကိုယ့်ကို ပြောစမ်းပါ၊ 'အလေးကလေး' ဆိုတာ ဘာလဲ"

"ရာကီတင်ဖြစ်မယ်လို့ ကျွန်တော် ထင်တာပဲ၊ မကြာခင် တလောကပဲ ရာကီတင် သူနဲ့ သွားတွေ့တယ်" အလျှိုရှာ ပြုံးလိုက်သည်။ "ဒါပေမဲ့ ရာကီတင်ရဲ့လက်ချက်လို့တော့ ကျွန်တော် မထင်ဘူး၊ ကျွန်တော် မနေ့က မစ်တယာနဲ့ မတွေ့ဘူး၊ ကနေ့ သွားတွေ့မယ်"

"ဟုတ်တယ်၊ ရာကီတင်ရဲ့လက်ချက် မဖြစ်နိုင်ဘူး၊ သူ့ညီ အိုက်ဗင်ပဲ ဖြစ်မယ်၊ သူ့ကို ကယောင်ချောက်ချားတွေဖြစ်အောင် သူ လုပ်နေတာပဲ၊ သူ့ကို သူ သွားတွေ့နေတာပဲ၊ သူပဲ ဖြစ်ရမယ်၊ သေချာတယ်" ဂရုရှင်ကာက စကားကို တိခနဲ ရပ်ပစ်လိုက်သည်။

"အိုက်ဗင် ဟုတ်လား ... သူ့ကို သွားတွေ့တယ် ဟုတ်လား၊ ကျွန်တော့်ကို မစ်တယာကိုယ်တိုင် ပြောတာကတော့ အိုက်ဗင် သူ့ကို တခါမှ လာမတွေ့ဘူးတဲ့"

"အို ... အို၊ ကိုယ်က ဘယ်လို လူစားမျိုးလဲ၊ ဘယ်လိုစကားတွေ ပေါက်ကြားကုန်တာလဲ"

ဂရုရှင်ကာ စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။ သူမ၏မျက်နှာ နီရဲသွားသည်။ ထို့နောက် ..

"ခဏနေဦး အလျှိုရှာ၊ ငါ့မောင် ဘာမှ မပြောနဲ့ဦး၊ ကောင်းပြီ၊ ကိုယ် ပြောမိမှတော့ မထူးပါဘူး၊ မောင်လေးကို မှန်တာတွေအားလုံး ပြောပါ့မယ်၊

မစ်တယာကို အိုက်ဗင် သွားတွေ့တာ နှစ်ခါရှိပြီ၊ ပထမတကြိမ်က သူ ပြန်ရောက်ရောက်ချင်းပဲ၊ မော်စကိုကနေ သူ ဒီကို ချက်ချင်းပဲ ဒုန်းပြေးပြီး ပြန်လာခဲ့တယ်၊ ကိုယ် နေမကောင်းခင်မှာပဲပေါ့၊ ဒုတိယအကြိမ် တွေ့တာကတော့ လွန်ခဲ့တဲ့ တပတ်လောက်ကပဲ၊ သူ လာတွေ့တဲ့အကြောင်း မောင်လေးကို ပြန်မပြောဖို့ မစ်တယာကို သူ ပိတ်ထားတယ်၊ အတိအကျ ပြောရရင် ဘယ်သူ့ကိုမှ မပြောရဘူးလို့ ပိတ်ထားတယ်၊ သူက မစ်တယာကို တိတ်တိတ်ကလေး လာတွေ့တာပဲ”

အလျှိုရှာ တစုံတရာကို လေးနက်စွာ တွေးနေမိသည်။ သူသည် ကြားရသည့်သတင်းကြောင့် အများကြီး တုန်လှုပ်ချောက်ချားသွားရသည်။

“မစ်တယာအကြောင်း အိုက်ဗင် ကျွန်တော့်ကို ဘာမှ မပြောဘူး” သူ ဖြည်းလေးစွာ ပြောသည်။ “နောက်ပြီးတော့ ဒီနှစ်လအတွင်းမှာ သူ ကျွန်တော့်ကို ဘာတခုမှ ဟုတ်တိပတ်တိ မပြောခဲ့ဘူး၊ ကျွန်တော် သူ့ကို သွားတွေ့တဲ့အခါတိုင်းမှာပဲ ကျွန်တော် လာတာကို ကျေနပ်ပုံ မရဘူး၊ ဒါနဲ့ ကျွန်တော်လည်း သူ့ဆီကို မရောက်တာ သုံးပတ်လောက် ရှိသွားပြီ၊ အင်း … ပြီးခဲ့တဲ့ အပတ်ထဲက မစ်တယာဆီကို သူသွားတယ်ဆိုရင် … ဒီတပတ် မစ်တယာကို သွားတွေ့ရင် အပြောင်းအလဲ တခုခု ရှိနေတာ တွေ့ရမှာပဲ”

“ဟုတ်တယ် အပြောင်းအလဲတခု ရှိနေတယ်၊ အပြောင်းအလဲတခု ရှိနေတယ်” ဂရုရှင်ကာ ကပျာကယာ ဝင်ပြောသည်။ “သူတို့မှာ လျှို့ဝှက်မှုတခု ရှိတယ်၊ လျှို့ဝှက်မှုတခု ရှိတယ်၊ လျှို့ဝှက်မှု တခု ရှိတဲ့အကြောင်း မစ်တယာကိုယ်တိုင် ကိုယ့်ကို ပြောပြတယ်၊ မစ်တယာအနေနဲ့ ခဏကလေးမှ ဆောက်တည်ရာ မရနိုင်တဲ့ လျှို့ဝှက်မှုမျိုးပဲ၊ သူဟာ စောစောပိုင်းကဆိုရင် အတော်ကြီးကို ရွှင်ရွှင်လန်းလန်းကြီး ရှိနေတယ်၊ အမှန်အတိုင်း ပြောရရင် အခုအထိလည်း သူဟာ ရွှင်ရွှင်လန်းလန်း ကြီးပဲ၊ ဒါပေမဲ့ သူ့ခေါင်းကို ဟောဒီလို ယမ်းလိုက်ပြီ၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီ၊ သူ့ညာဘက် နားထင်က ဆံပင်ကို လက်ချောင်းတချောင်းနဲ့ ပွတ်နေပြီဆိုရင်တော့ သူ တခုခုကို ခေါင်းနောက်လာပြီ ဆိုတာကို ကိုယ် သိပြီ။ ကိုယ် သိတယ်၊ သူဟာ စောစောပိုင်း ကလည်း ရွှင်ရွှင်လန်းလန်းရှိခဲ့ပြီး ကနေ့လည်း ရွှင်ရွှင်လန်းလန်းပဲ”

“ဒါပေမဲ့ အစ်မ ပြောတော့ သူ ခေါင်းနောက်နေတယ်ဆို”

“ဟုတ်တယ်၊ သူ ခေါင်းနောက်နေတယ်၊ ဒါပေမဲ့ သူ ရွှင်ရွှင်လန်းလန်းကြီး ဖြစ်နေတယ်၊ သူဟာ တစ်မိနစ်လောက် ခေါင်းနောက်ပြီး တခါပြန်ပြီး ရွှင်ရွှင်လန်းလန်း ဖြစ်လာတယ်၊ နောက်တခါပြန်ပြီး ခေါင်းနောက်သွားပြန်တယ်၊ ဒီမယ် အလျှိုရှာ၊ ကိုယ် သူ့ကို ဘယ်လိုမှ နားမလည်တော့ဘူး၊ သူ့မှာ ဒီအန္တရာယ်ကြီး

ရှိနေတဲ့ကြားထဲက သူဟာ တခါတခါမှာ ဘာမဟုတ်တာကလေးကို အားရပါးရကြီး ရယ်တတ်တယ်၊ တကယ့် ကလေးကလေးတယောက်လိုပဲ”

“အိုက်ဗင်အကြောင်း ကျွန်တော့်ကို မပြောဖို့ အစ်မကို သူပြောတာ အမှန်ပဲလား၊ ‘သူ့ကို မပြောနဲ့’ လို့ သူ ပြောသလား”

“ဟုတ်တယ်၊ ‘သူ့ကို မပြောနဲ့’ လို့ ကိုယ့်ကို သူပြောတယ်၊ သူ အစိုးရိမ်ဆုံးက မင်းပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စက လျှို့ဝှက်မှု ဖြစ်လို့ပဲ၊ လျှို့ဝှက်မှုတခု ဖြစ်တဲ့အကြောင်း ကိုယ့်ကို သူကိုယ်တိုင် ပြောတယ်၊ အလျှိုရှာ ... မောင်လေး၊ အဲဒီ လျှို့ဝှက်ချက်ဟာ ဘာလဲဆိုတာ စုံစမ်းပြီး ကိုယ့်ကို ပြန်ပြောစမ်းပါ” ဂရုရှင်ကာက ရုတ်တရက် မေတ္တာရပ်ခံလိုက်သည်။ “ဒါမှ ကိုယ့်အတွက် ကြုံတွေ့စရာ ရှိနေတဲ့ အဆိုးဆုံး အကြောင်းအရာ တခုကို ကိုယ် သိရမယ်”

“ဒီကိစ္စဟာ အစ်မနဲ့ ဆိုင်တယ်လို့ ထင်နေသလား၊ တကယ်လို့ အစ်မနဲ့ ဆိုင်နေမယ်ဆိုရင် လျှို့ဝှက်ချက်အကြောင်း အစ်မကို သူ ပြောမှာမဟုတ်ဘူး”

“မပြောတတ်ဘူး၊ သူ ကိုယ့်ကို ပြောချင်ပြီး မပြောရဲတာလည်း ဖြစ်နိုင်တယ်၊ ကိုယ့်ကို သတိပေးတာပဲပေါ့၊ လျှို့ဝှက်ချက်တခု ရှိတယ်၊ အဲဒါ ဘာလဲဆိုတာတော့ သူ မပြောဘူး”

“အစ်မက ဘယ်လို ထင်သလဲ”

“ဘယ်လိုထင်သလဲ ဟုတ်လား၊ ကိုယ့်အတွက် နိဂုံးပဲပေါ့၊ ကိုယ်ထင်တာတော့ အဲဒါပဲ၊ သူတို့က ကိုယ့်ရဲ့နိဂုံးကို အကွက်ချနေကြတာပဲ။ သူတို့ဆိုတာ အားလုံးသုံးယောက်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအထဲမှာ ဟိုမိန်းမ ကက်ထရီးနားလည်း ပါနေတယ်။ ဒီကိစ္စအားလုံးဟာ သူ့လက်ချက်ပဲ၊ သူ့ဆီက လာတာတွေချည်းပဲ၊ သူက အင်မတန်တော်တဲ့ အမျိုးသမီးတယောက်ပဲ၊ အဲဒီသဘောက ကိုယ်ဟာ မတော်ဘူးလို့ ဆိုတာပဲပေါ့၊ သူက ဒီအကြောင်းကို ကိုယ့်ကို ကြိုပြီး ပြောတာပဲ၊ ကိုယ့်ကို သူ သတိပေးနေတာပဲ၊ သူက ကိုယ့်ကို စွန့်ပစ်ဖို့ ကြံစည်နေတယ်၊ အဲဒါ လျှို့ဝှက်ချက်ပဲ။ သူတို့အားလုံး ပေါင်းပြီး ကြံစည်နေကြတာပဲ၊ သုံးယောက်ပေါင်းပဲ။ မစ်တယာ၊ ကက်တယာနဲ့ အိုက်ဗင်။ အလျှိုရှာ မင်းကို ကိုယ်မေးချင်နေတာ ကြာလှပြီ။ လွန်ခဲ့တဲ့တပတ်လောက်က ကိုယ့်ကို မစ်တယာ ဖြုန်းစားကြီး ပြောတယ်။ ကက်တယာကို အိုက်ဗင် ချစ်နေတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကက်တယာဆီကို သူ မကြာမကြာ သွားနေတယ်တဲ့၊ သူ ပြောတာ ဟုတ်သလား မဟုတ်ဘူးလား၊ ကိုယ့်ကို ပြောစမ်းပါ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဘာမှ ချန်မထားပါနဲ့”

“အစ်မကို ကျွန်တော် လိမ်မပြောပါဘူး၊ ကက်ထရီးနားကို အိုက်ဗင် မချစ်ပါဘူး၊ ဒါ ကျွန်တော့် အယူအဆပဲ”

“ဟုတ်တယ်၊ ကိုယ်လည်း အဲဒီလိုပဲ ယူဆတယ်၊ သူ ကိုယ့်ကို လိမ်ပြောနေတာပဲ၊ အရှက်မရှိတဲ့ ကလိမ်ချုံပဲ၊ သူ အခု ကိုယ်နဲ့ ပတ်သက်ပြီး မနာလိုတိုရှည် ဖြစ်နေတာဟာ နောက်ပိုင်းကျရင် ကိုယ့်အပေါ်မှာ အပြစ်ပုံချဖို့ပဲ၊ ဒါပေမဲ့ သူက အတုံးပဲ၊ သူ လုပ်နေတာကို သူ ဖုံးမထားတတ်ဘူး၊ သူ့ပါးစပ်က ပွင့်ထွက်လာတာပဲ။ တခုပဲရှိတယ်၊ သူ့ကို အကြောင်းပြရမယ်၊ သူ့ကို အကြောင်းပြရမယ်၊ ‘ကိုယ်လုပ်တာကို မင်းသိလား’ လို့ သူက ကိုယ့်ကို အဲဒီလို မေးတယ်၊ သူက အဲဒီနည်းနဲ့ ကိုယ့်ကို အပြစ်တင်စကား ပြောတာပဲ၊ ဒါပေမဲ့ ကိုယ်က ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမဲ့ အဲဒီကောင်မ ကက်တယာကိုတော့ အမှုစစ်တဲ့အချိန်မှာ ကျောင်းမှန်းကန်မှန်း သိသွားစေရမယ်၊ အဲဒီကျရင် ကိုယ် ပြောမယ်၊ ကိုယ်သိတာတွေအားလုံး ပြောမယ်” ထို့နောက် သူမ ရှိုက်ကြီးတငင် ငိုကြွေးပြန်တော့ သည်။

“အစ်မကို ကျွန်တော် သေသေချာချာ ပြောနိုင်တာတွေရှိတယ် ဂရုရှင်ကာ” အလျိုရှာ ထိုင်ရာမှထရင်း ပြောသည်။ “ပထမဆုံးအချက်ကတော့ အစ်မကို သူချစ်တယ်၊ ဒီကမ္ဘာလောကကြီးမှာ ရှိသမျှ လူအားလုံးထက် အစ်မကို သူ ပိုချစ်တယ်၊ အစ်မတယောက်တည်းကိုပဲ သူချစ်တယ်၊ ကျွန်တော် ပြောတာကို ယုံပါ၊ ကျွန်တော် သိတယ်၊ ကျွန်တော် သေသေချာချာ သိတယ်။ ဒုတိယအချက်ကတော့ လျှို့ဝှက်ချက်ကို သူ့ဆီကနေ ကျွန်တော် နှိုက်မထုတ်ချင်ဘူး၊ တကယ်လို့ ဒီလျှို့ဝှက်ချက်ကို သူ ကနေ့ ကျွန်တော့်ကို ထုတ်ပြောလာရင်တော့ အစ်မကို ပြန်ပြောဖို့ ကတိပေးထားတဲ့အကြောင်း သူ့ကို ပွင့်ပွင့်လင်းလင်း ပြောပြမယ်၊ ပြီးမှ အစ်မဆီကို ကနေ့ပဲ ကျွန်တော် လာပြီး ပြောပြမယ်၊ တခုပဲ ရှိတယ်၊ ဒီလျှို့ဝှက်ချက်ဟာ ကက်ထရီးနားနဲ့ ဘာမှမပတ်သက်ဘူးလို့ ကျွန်တော် ထင်တယ်၊ တခြားကိစ္စတခုပဲ ဖြစ်လိမ့်မယ်၊ ဒီလိုပဲ ကျွန်တော် သေသေချာချာ ယူဆတယ်၊ ကက်ထရီးနားနဲ့ ဘယ်လိုမှ ပတ်သက်စရာ မရှိပါဘူး၊ ဒါ ကျွန်တော့်အထင်ပဲ၊ ကဲ ... သွားမယ်”

အလျိုရှာ သူမကို လက်ဆွဲနှုတ်ဆက်သည်။ ဂရုရှင်ကာ ငိုနေဆဲပင် ဖြစ်သည်။ သူ၏နှစ်သိမ့်မှုတွင် သူမ ယုံကြည်မှု မရှိလှကြောင်းကို သူ သိမြင်သည်။ သို့သော် သူမအနေနှင့် ရင်ထဲတွင် ရှိနေသည်ကို ဖွင့်ထုတ်လိုက်ရသဖြင့် အနည်းငယ် ပေါ့ပါးသက်သာ သွားဟန်တော့ရှိသည်။ သူမကို ယခုလို အခြေအနေမျိုးတွင် ထားပစ်ခဲ့ရသည်ကို သူ စိတ်မကောင်းပါ။ သို့သော် သူ့မှာ အရေးကြီးနေသည်။ သူ့မှာ လုပ်စရာတွေ အများကြီး ရှိနေသေးသည်။

၂။ နာနေသော ခြေထောက်

ယင်းလုပ်စရာများအနက် ပထမဆုံး လုပ်ရမည့် အလုပ်မှာ မစ္စက် ကိုကလာကော့၏ အိမ်တွင် ဖြစ်သည်။ ယင်းသို့ဖြင့် သူသည် ထိုကိစ္စကို မြန်နိုင်သမျှ မြန်မြန်လုပ်ဆောင်နိုင်ရန်အတွက် ထိုအိမ်သို့ သုတ်ခြေတင်ရသည်။ သို့မှသာလျှင် မစ်တယာနှင့် သွားရောက်တွေ့ဆုံရာတွင် နောက်မကျမည် ဖြစ်သည်။

မစ္စက်ကိုကလာကော့ အနည်းငယ် မအီအသာ ဖြစ်နေသည်မှာ သုံးပတ်မျှ ရှိသွားပြီ။ သူမ၏ ခြေထောက်တဖက် ဖောရောင်လျက်ရှိသည်။ အိပ်ရာထဲတွင် လဲနေခြင်း မဟုတ်သော်လည်း သူမ၏ သီးသန့် ဧည့်ခန်းဆောင်ထဲရှိ ညောင်စောင်းတခုပေါ်တွင် စွေစောင်းစောင်းကလေး ရှိနေသည်။ တိမ်းမူးဖွယ်ရာ ဖြစ်သော်လည်း တင့်တယ်လျောက်ပတ်ခြင်း ရှိသော ကပိုကရို အဝတ်အစားနှင့် ဖြစ်သည်။

အလျှိုရှာ မသိမသာ ပြုံးလိုက်ပြီး စိတ်ထဲမှာ တွေးလိုက်မိသည်။ မစ္စက် ကိုကလာကော့သည် နေမကောင်းနေသည့်ကြားကပင် သူမ၏ ဝတ်စားဆင်ယင်မှုကို ဗန်းတင်လျက် ရှိသည်။ ခေါင်းစည်း တန်ဆာ၊ ဖဲကြိုးကတ္တီပါ၊ လည်ဟိုက်အကျႌ စသည်တို့ဖြင့် အဘယ်ကြောင့် သူမ ဤသို့ ဝတ်ဆင်ထားကြောင်း သူ စဉ်းစားမိသည်။ သို့သော် ဤစိတ်ကူးများသည် ကလေးကလား နိုင်သည် ဆိုပြီး သူ ဘေးဖယ်ပစ်လိုက်သည်။

လွန်ခဲ့သော နှစ်လအတွင်းတွင် အစိုးရအရာရှိကလေး ပါကိုတင်သည် သူမထံ မှန်မှန်လာရောက် လည်ပတ်လျက်ရှိသည်။ မစ္စက် ကိုကလာကော့၏ အိမ်သို့ အလျှိုရှာ မရောက်သည်မှာ လေးရက်မျှ ရှိသွားပြီ ဖြစ်သည်။ သူသည် အိမ်ထဲသို့ ရောက်သည်နှင့် တပြိုင်နက် လီဆီ၏အခန်းသို့ တန်းတန်းမတ်မတ် သွားတော့မည် ရှိသည်။ အကြောင်းမှာ သူမက တွေ့ချင်သည်ဆို၍ သူ လာရောက်ရခြင်း ဖြစ်သည်။

‘အထူးအရေးကြီးသောကိစ္စ’ ရှိသဖြင့် သူမကို အမြန်ဆုံး လာရောက်တွေ့ဆုံရန် လီဆီက တမြန်နေ့က အိမ်ဖော်တယောက်ကို လွှတ်ပြီး ပြောကြားခဲ့သည်။ အလျှိုရှာကလည်း လီဆီ အခေါ်ခိုင်းသည့် ကိစ္စတွင် စိတ်ဝင်စားခြင်း ရှိလေသည်။

သို့သော် အိမ်ဖော်အမျိုးသမီးကလေးက သူ ရောက်ရှိနေကြောင်း လီဆီကို သွားရောက် အကြောင်းကြားသောအချိန်တွင် သူ ရောက်ရှိနေကြောင်း မစ္စက် ကိုကလာကော့ တစုံတယောက် ထံမှ ကြားသိသွားပြီး သူမနှင့် ‘တမိနစ်လောက်’ အခုချက်ချင်း လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်လေ တော့သည်။

အမေဖြစ်သူက ခေါ်ဆိုသည်ကို အရင်ဆုံး သွားရောက်သင့်ကြောင်း အလျှိုရှာ ဆုံးဖြတ်လိုက်သည်။ ယင်းသို့မဟုတ်ခဲ့လျှင် သူ ရှိနေရာ လီဆီ၏အခန်းသို့ တစ်မိနစ်ခြားလောက် လူလွှတ်ပြီး ခေါ်နေမည် ဖြစ်သည်။ မစ္စက် ကိုကလာကော့သည် ဆက်တီပေါ်တွင် လဲလျောင်းလျက် ရှိသည်။ သူမသည် အထူးတလည် ကောင်းမွန်သားနားစွာ ဝတ်ဆင်ထားပြီး သိသိသာသာကြီး စိတ်လှုပ်ရှား ချောက်ချားလျက် ရှိသည်။ သူမက အလျှိုရှာ ကို ဝမ်းသာလှိုက်လှဲစွာဖြင့် ကြိုဆိုနှုတ်ဆက်သည်။

“လေးသချိုးနဲ့ ကမ္ဘာတသိန်း၊ မောင်လေးကို မတွေ့ရတာ လေးသချိုးနဲ့ ကမ္ဘာတသိန်းလောက် ရှိနေပြီ။ ကြည့်စမ်းပါဦး၊ တပတ်လုံးလုံးကြီးကို ရှိနေပြီ။ အင်း ဟုတ်တယ်၊ ကိုယ် မေ့သွားတယ်၊ လွန်ခဲ့တဲ့ လေးရက်လောက်က မင်း လာသေးတာပဲ၊ ဗုဒ္ဓဟူးနေ့ကပဲ၊ လီဆီနဲ့ တွေ့ရအောင် မင်းလာတာပဲ၊ ကိုယ် မသိအောင် သူ့အခန်းကို ခြေဖျားထောက်ပြီး သွားမလို့ မဟုတ်လား၊ သြော် .... မောင်လေးရယ်၊ မောင်လေး အလက်ဇီရယ်၊ လီဆီအတွက် တို့ ဘယ်လောက်ပူနေရတယ် ဆိုတာကို မောင်လေး သိစေချင်တယ်၊ ဒါပေမဲ့ ဒီအကြောင်း နောက်မှ ပြောမယ်၊ ဒီကိစ္စဟာ အရေးအကြီးဆုံး ကိစ္စပဲ၊ ဒါပေမဲ့ ဒီ အကြောင်း နောက်မှပြောမယ်။

“မောင်လေး အလက်ဇီ၊ မင်းကို လီဆီနဲ့ တို့ လုံးဝ ယုံတယ်၊ ဖားသား ဇော်ဇီမာ ကွယ်လွန်တော်မူတဲ့ နောက်ပိုင်းမှာ သူ့ရဲ့ဝိညာဉ်ကို ဘုရားသခင် စောင့်ရှောက်ပါစေ။ (အမျိုးသမီးက သူမ၏ကိုယ်ကို လက်ဝါးကပ်တိုင် ခတ်လိုက်သည်)။ မောင်လေးဟာ လက်ရှိဝတ်စုံနဲ့ ဘယ်လောက်ပဲ ကြည့်လို့ လှပါစေ၊ မောင်လေးကို ဘုန်းကြီး ရဟန်းလို တို့ သဘောထားခဲ့တယ်၊ ဒါလောက်ကောင်းတဲ့ အပ်ချုပ်သမားကို မောင်လေး ဘယ်မှာများ ရှာတွေ့သလဲ မသိဘူး၊ နေဦး၊ မဟုတ်သေးဘူး မဟုတ်သေးဘူး၊ ဒါ ဒီလောက် အရေးမကြီးဘူး၊ ဒီအကြောင်း နောက်မှ ပြောမယ်။

“အလျှိုရှာ ... မောင်လေးကို တို့ ခေါ်ပြီး တွေ့တဲ့အတွက် စိတ်မဆိုးပါနဲ့ကွယ်။ တို့လို အဘွားကြီး တယောက်အနေနဲ့ ဒီလို အခွင့်အရေးမျိုး ရသင့်ပါတယ်” သူမက ခပ်ညုညုကလေး ပြုံးလိုက်သည်။ “ဒါပေမဲ့ ဒီအကြောင်းလည်း နောက်မှ ပြောတာပေါ့၊ အဓိက အချက်ကတော့ အဓိကအချက်ကို တို့ မမေ့ဖို့ပဲ၊ တို့အနေနဲ့ အခြားဟာတွေ လျှောက်ပြောနေမိရင် မောင်လေးက ဒါကို သတိပေးစမ်းပါ၊ ‘အဓိက အကြောင်းက ဘာလဲ’ လို့ တို့ကို မောင်လေး မေးစမ်းပါ။

“အို .. တို့များ အခုပဲ အဓိကအချက်က ဘာလဲဆိုတာ မောင်လေးကို ပြောပါ့မယ်။ လီဆီက သူ့ကတိကို ပြန်ရုပ်သိမ်းသွားတဲ့ နောက်ပိုင်းမှာ ...

မောင်လေးကို လက်ထပ်မယ်ဆိုတဲ့ သူ့ရဲ့ ကလေးဆန်တဲ့ကတိပဲပေါ့ အလက်ဇီ၊ ဒါဟာ လက်တွန်းကုလားထိုင်ပေါ်က နေမကောင်းနေတဲ့ မိန်းကလေးတယောက်ရဲ့စိတ်ကူးယဉ် စိတ်ကစားမှု ဆိုတာကို မောင် လေး သိပါတယ်၊ ဩော် .... ဒါနဲ့ ဘီးတပ်ကုလားထိုင်ဆိုလို့ .... သူ အခု လမ်းလျှောက်နိုင်ပြီ။

"မောင်လေးရဲ့ စိတ်ဆင်းရဲဒုက္ခရောက်နေရတဲ့ အစ်ကိုအတွက် ကက်ထရီးနား မော်စကိုက ပင့်ခေါ်လိုက်တဲ့ ဆရာဝန်အသစ်က မနက်ဖြန်ကျရင် ... အို မနက်ဖြန်အကြောင်း ဘာလို့များ ပြောရတာလဲ၊ မနက်ဖြန်အကြောင်း တွေးမိရင် တို့များ သေသွားမလား အောက်မေ့ရတယ်၊ ဘာဖြစ်မလဲဆိုတာ သိချင်တဲ့ဇောနဲ့ပဲ... အတိုချုပ်ကို ပြောရရင် အဲဒီ ဆရာဝန် မနေ့က ဒီကိုလာပြီး လီဆီကို ကြည့်တယ်၊ တို့ သူ့ကို ခြေကြွခအဖြစ် ရူဗယ် ၅၀ ပေးတယ်၊ ဒါပေမဲ့ မောင်လေးကို တို့ပြောချင်တာ ဒီအကြောင်း မဟုတ်ပါဘူး၊ ဒီအကြောင်းလည်း မဟုတ်သေးဘူး။ တို့ပြောတာတွေ အားလုံး ရောကုန်ပြီ၊ တို့များ သိပ်ပြီး ရှေ့လောကြီးနေတယ်"

"ဘယ်လိုဖြစ်လို့ အခုလို ရှေ့လောကြီးနေရတာလဲ၊ အဲဒါကို တို့ မသိဘူး၊ အကုန်လုံး ရောပြီး ရှုပ်နေပြီ၊ ကြာလို့ရှိရင် မောင်လေး ငြီးငွေ့လာပြီး ဒီနေရာကနေ ထပြေးတော့မှာပဲ၊ မောင်လေးကို တို့များ ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူး၊ အလိုလေးလေး .. မောင်လေး ဒီမှာ ဒီအတိုင်းကြီး ထိုင်လို့ပါလား၊ ကော်ဖီလည်း မတိုက်ဘူး၊ ဂျူလီယာ ... လာဖီရာ ... ကော်ဖီ"

အလျှိုရှာက သူမကို ကမန်းကတန်း ကျေးဇူးတင်လိုက်ပြီး ကော်ဖီသောက်ခဲ့ပြီ ဖြစ်ကြောင်း ပြောလိုက်သည်။

"ဘယ်မှာ သောက်ခဲ့တာလဲ"

"မစ္စ ဆဗက်လော့ အိမ်မှာ"

"ဒီ ... ဒီမိန်းမ အိမ်မှာ ဟုတ်လား၊ အား ... သူ့ကြောင့် လူတွေအားလုံး ဒုက္ခရောက်ကြရတာပဲ မဟုတ်လား၊ ဒါပေမဲ့ တို့ ဘာမှ မသိပါဘူး၊ သူ အခု သူတော်ကောင်းကြီးတယောက် ဖြစ်နေပြီလို့ ပြောကြတယ်၊ ဒါပေမဲ့ ကိုယ့်သဘော ပြောရရင်တော့ အချိန်တွေ အများကြီး နောက်ကျနေပြီ၊ စောစောကတည်းက သူ ဒီလိုဖြစ်ဖို့ ကောင်းတယ်၊ အဲဒါဆိုရင် တခုခု အကျိုးရှိနိုင်သေးတယ်၊ အခုကျတော့ ဘာအကျိုးရှိတော့မှာလဲ၊ မောင်လေး မပြောနဲ့ဦး၊ မောင်လေး မပြောနဲ့ဦး၊ မောင်လေးကို တို့များ ပြောစရာတွေ အများကြီးရှိတယ်၊ အဲဒါတွေ တခုမှ မပြောဖြစ်ဘဲ ဖြစ်ကုန်မှာ စိုးရိမ်တယ်၊ ဒီအမှုကြီး စစ်တဲ့ဆီကို တို့ အသေအချာ သွားမယ်၊ တို့သွားဖို့ အားလုံး အဆင်သင့် လုပ်ထားတယ်၊ တို့ကို ကုလားထိုင်နဲ့ ခေါ်သွားကြလိမ့်မယ်။ တို့များ ကောင်းကောင်း ထိုင်နေနိုင် တယ်၊ နောက်ပြီးတော့

တို့နဲ့အတူ လူတချို့ ခေါ်သွားမယ်၊ နောက်ပြီးတော့ မောင်လေး သိတယ် မဟုတ်လား၊ တို့လည်း သက်သေတယောက်ပဲ၊ တို့ ဘယ်လုပ်ပြီး ရုံးမှာ ထွက်ရမလဲ၊ ဘာတွေ ပြောရမလဲ ဆိုတာ တို့ မသိဘူး၊ သက်သေတယောက်ဟာ ကျမ်းကျိန်ပြီး ထွက်ရတယ် မဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ အစ်မကြီး သွားနိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး”

“တို့ ထိုင်နိုင်ပါတယ်၊ အို .... မောင်လေးပြောတာနဲ့ တို့ ရှုပ်ကုန်ပြီ၊ အာ .. ဒီအမှု ကြီး၊ ဒီစစ်ဆေးမှုကြီး ပြီးရင် သူတို့အားလုံး ဆိုက်ဗေးရီးယားကို သွားကြလိမ့်မယ်၊ တချို့က လက်ထပ်ကြမယ်၊ အို ... ဒီအဖြစ်အပျက်တွေက သိပ်မြန်တယ်၊ သိပ်မြန်တယ်၊ အားလုံး ပြောင်းလဲနေတယ်၊ နောက်ဆုံး ကျတော့ ... ဘာမှ မရှိတော့ဘူး၊ အကုန်လုံးဟာ အသက်ကြီးပြီး အကုန်လုံးဟာ သေတွင်းနှုတ်ခမ်းကို ရောက်ကုန်ကြပြီ၊ ဒါပေမဲ့ ဒါကို ဘယ်လိုမှ မရှောင်လွှဲနိုင်ကြဘူး၊ အို ... တို့ မောလာပြီ၊ ဒီမိန်းကလေး ကက်တယာက တို့ရဲ့ မျှော်လင့်ချက်တွေ အားလုံးကို ချေမှုန်းပစ်လိုက်တာပဲ၊ အခုဆိုရင် သူဟာ မောင်လေးရဲ့အစ်ကိုတယောက်နဲ့ ဆိုက်ဗေးရီးယားကို လိုက်သွားမယ်၊ တခါ မောင်လေးရဲ့ နောက်အစ်ကိုတယောက်က သူ့နောက်ကို လိုက်သွားမယ်၊ သူတို့နဲ့ မနီးမဝေး မြို့ကလေးတမြို့မှာ နေမယ်၊ ပြီးရင် သူတို့ဟာ တယောက်ကို ညှဉ်းပန်းနှိပ်စက်နေကြလိမ့်မယ်၊ တို့စိတ်တွေ တခါတည်း နောက်ကုန်တော့တာပဲ၊ ဒီအထဲမှာ အဆိုးဆုံးကတော့ သတင်းတွေ ပြန့်နေတာပဲ၊ မော်စကိုနဲ့ ပီတာစဘတ် သတင်းစာတွေမှာ ဒီအကြောင်းတွေကို အကြိမ်ပေါင်း အသိန်းအသောင်းမက ရေးနေကြတယ်၊ အို .... ဒါနဲ့ စကားမစပ် ပြောရမယ်၊ တို့အကြောင်းကိုလည်း သူတို့ ထည့်ပြီး ရေးကြတယ်၊ မောင်လေး ယုံသလား၊ တို့ကို မောင်လေးအစ်ကိုရဲ့ ‘မိန်းကလေး သူငယ်ချင်း’ ဆိုပြီး ရေးကြတယ်၊ သူတို့ပြောတဲ့ စကားလုံးကို တို့ ပြန်မပြောရဲဘူး၊ မောင်လေး စဉ်းစားကြည့်စမ်းပါ၊ မောင်လေး စဉ်းစားကြည့်စမ်းပါ”

“မဖြစ်နိုင်တာပဲ၊ အစ်မကြီးအကြောင်း သူတို့ ဘယ်အထဲမှာ ရေးထားသလဲ၊ ဘယ်လို ရေးထားသလဲ”

“မောင်လေးကို အခုပဲ တို့ပြမယ်၊ အဲဒီသတင်းစာကို တို့ မနေ့ကရတယ်၊ မနေ့ကပဲ ဖတ်ရတယ်၊ ပီတာစဘတ်က ထုတ်တဲ့ ကောလာဟလဆိုတဲ့ သတင်းစာထဲမှာပဲ၊ ဒီ သတင်းစာက ဒီနှစ်ထဲမှာမှ စထုတ်တာ၊ တို့က ကောလာဟလ သတင်းတွေကို သဘောကျတယ်၊ ဒါကြောင့်မို့လို့ ဒီသတင်းစာကို ယူထားတာပဲ၊ အခုတော့ တို့အကြောင်းတွေကို ရေးနေပြီ၊ ဘယ်လို ကောလာဟလမျိုးလဲ၊ ဟောဒီမှာ .... ဟောဒီမှာ ဖတ်ကြည့်စမ်းပါ”

သူမ၏ ခေါင်းအုံးအောက်တွင်ထားသော သတင်းစာတစောင်ကို ထုတ်ယူပြီး

အလျှိုရှာကို ပေးသည်။ သူမက သွေးလေချောက်ချားပြီး ကယောင်ကတမ်း ဖြစ်နေသည် မဟုတ်ပါ။ သူမ၏ခေါင်းထဲတွင် ပြဿနာတွေ ပြည့်သိပ်ပြီး ရှုပ်ထွေးနေဟန်သာ ဖြစ်သည်။ သတင်းစာတွင် ရေးထားသည်မှာ အတော်ကလေး ပေါ်လွင်ထင်ရှားပြီး သူမကို အတော်ကြီးပင် တုန်လှုပ်ချောက်ချားစေနိုင်ပါသည်။ သို့သော် တခု ကံကောင်းသည်ကတော့ အမျိုးသမီးသည် ထိုအချိန်တွင် တစုံတခုကို ကြာရှည်စွာ အာရုံစူးစိုက်နိုင်ခြင်း မရှိသဖြင့် တခဏအတွင်းမှာပင် သတင်းစာအကြောင်း မေ့သွားပြီး အခြားအကြောင်းတွေကို ရောက်ရှိသွားပါသည်။ ဤတုန်လှုပ်ချောက်ချားဖွယ်ရာကောင်းသော အမှုကြီး၏ သတင်းဇာတ်လမ်းသည် ရုရှားတနိုင်ငံလုံး သို့ ပျံ့နှံ့လျက်ရှိကြောင်းကို အလျှိုရှာ သိပါသည်။ ထို့မျှမက ... သူ့ အစ်ကိုအကြောင်း၊ ကာရာမာဇော့ မိသားစုအကြောင်း၊ သူ့အကြောင်းတို့ကို သတင်းစာများတွင် ကောလာဟလ ပေါင်းစုံ ရေးသားထား သည်ကို ဤ နှစ်လ အတောအတွင်းတွင် သူကိုယ်တိုင် ဖတ်ရပါသည်။ သတင်းစာတစောင်ကဆိုလျှင် သူသည် သူ့အစ်ကို ကျူးလွန်သော ရာဇဝတ်မှုကြီးအတွက် အထူးပင် ကြောက်ရွံ့ထိတ်လန့်သွားပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ဘုန်းကြီးဖြစ်သွားပြီဟုပင် ရေးသားထားသည်။ အခြား သတင်းစာတစောင်ကမူ ပထမသတင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ သူနှင့် ခင်ကြီး ဇော်ဇီမာ တို့သည် ဘုန်းကြီးကျောင်းမှ ရန်ပုံငွေများကို ခိုးယူကာ လစ်ပြေးကြပြီဟု ဆိုထားသည်။

ကောလာဟလ သတင်းစာတွင် ပါရှိသော သတင်းတွင်ကာ အောက်ပါအတိုင်း ခေါင်းစဉ် တပ်ထားသည်။ “စကိုတိုပရီဂိုးညက်မှ ကာရာမာဇော့အမှုကြီး” ဟူ၍။

(အလို ဘုရားသခင်၊ စကိုတိုပရီဂိုးညက် ဆိုသည်မှာ ယခုအချိန်အထိ ကျွန်ုပ်လျှို့ဝှက်ထားသော ကျွန်ုပ်တို့ မြို့ကလေး၏ အမည်ပင်ဖြစ်သည်။)

သတင်းမှာ တိုတိုတုတ်တုတ်ပင် ဖြစ်သည်။ မစ္စက် ကိုကလာကော့အကြောင်းကို နာမည်နှင့်ထုတ်ပြီး ရေးမထားပါ။ အခြား မည်သည့် နာမည်ကိုမျှလည်း ထုတ်ဖော်ရေးသားထားခြင်း မရှိပါ။ သတင်းစာ တွင် ရေးသားထားသည်မှာ လူအများ အထူးစိတ်ဝင်စားလျက် ရှိပြီး မကြာမီ ရုံးတင် စစ်ဆေးတော့ မည့် အမှုကြီးမှ တရားခံသည် အငြိမ်းစား ဗိုလ်ကြီးတဦး ဖြစ်ကြောင်း၊ ၎င်းသည် မာန်မာန ထောင်လွှားသူ၊ လတ်လျားလတ်လျား နေတတ်သူ၊ ကျေးပိုင်ကျွန်ပိုင်ရှင် ဖောက်ပြန်သူတဦးဖြစ်ပြီး သူသည် များသောအားဖြင့် ‘သာယာပျော်ရွှင်မှုများ ကင်းမဲ့ကာ တကိုယ်တည်း ဖြစ်နေသော’ အထက်လွှာမှ အမျိုးသမီးကြီးများနှင့် ရှုပ်ပွေတတ်ကြောင်း၊ အဆိုပါ အမျိုးသမီးများအနက်မှ တဦးဖြစ်သော သာယာပျော်ရွှင်မှု ကင်းမဲ့နေသည့် မုဆိုးမတဦးကို သူ မျက်စိကျနေကြောင်း၊ ထိုအမျိုးသမီးသည် အသက်အရွယ် ငယ်လေဟန်

ဆောင်နေသော်လည်း သူမတွင် အရွယ်ရောက်ပြီး သမီးတယောက် ရှိနေကြောင်း၊ ထိုအမျိုးသမီးက အမှုမဖြစ်ပွားမီ နှစ်နာရီ အလိုကလေးမှာပင် တရားခံက သူမအား ခိုးယူပြီး ရွှေတွင်းများရှိရာ ဒေသသို့ သွားမည်ဆိုလျှင် တရားခံကို ရူဗယ် သုံးထောင် ပေးမည်ဟု ဆိုကြောင်း၊ သို့သော် တရားခံသည် သူ့အတွက် သေရေး ရှင်ရေးတမျှ လိုအပ်နေသော ငွေသုံးထောင်ကို ပျင်းရိဖွယ်ရာကောင်းသော အရွယ်ဟိုင်း အလှ အမျိုးသမီးနှင့် ဆိုက်ဗေးရီးယားသို့ သွားရောက်ကာ ရရှိမည့်အစား သူ၏ဖခင်ကို သတ်ကာ ငွေသုံးထောင်ကို ရယူပြီး ထိုအမှုမှ လွတ်မြောက်ရန် ကြံစည်ကြောင်း ရေးထားသည်။ ကပြက်ကချော်နိုင်သော ဤသတင်း ဆောင်းပါးကို ရေးသားသူ ဆောင်းပါးရှင်က နိဂုံးချုပ်တွင် အများမျှော်လင့်ထားသည့်အတိုင်းပင် ဖခင်ကိုသတ်သော လူသတ်သမား၏ ကိုယ်ကျင့်တရား ဖောက်ပြန် ဆိုးရွားမှုနှင့် မကြာမီက ဖျက်သိမ်းလိုက်သော ကျေးပိုင် ကျွန်ပိုင် အဖွဲ့အစည်းကြီးကို ပြင်းထန်စွာ တိုက်ခိုက်ရေးသားထား သည်။

အလျှိုရှာသည် စိတ်ဝင်စားစွာ ဖတ်ရှုပြီးနောက် သတင်းစာကို ခေါက်ကာ မစ္စက် ကိုကလာကော့ကို ပြန်ပေးလိုက်သည်။

“ဟုတ်တယ် မဟုတ်လား၊ တို့အကြောင်း ရေးထားတာပဲ မဟုတ်လား” သူမ ကသောကမျော ပြောပြန်သည်။ “ဟုတ်တယ်၊ တို့ကို ရေးထားတာပဲ၊ တနာရီကျော်ကျော်လောက်အလိုမှာပဲ တို့က သူ့ကို ရွှေတွင်းတွေအကြောင်း ပြောခဲ့တယ်၊ တခါတည်း ‘အရွယ်ဟိုင်း အလှ’ တွေ ဖြစ်လာတော့ တာပဲ၊ တို့ပြောတာက သူ့ကို ဒီသဘောနဲ့ မဟုတ်ဘူး၊ သတင်းထောက်က တမင်တကာ ရေးတာပဲ၊ ‘အရွယ်ဟိုင်း အလှ’ ဆိုတဲ့အတွက် သူ့ကို တို့ ခွင့်လွှတ်သလို ဘုရားသခင်ကလည်း ခွင့်လွှတ်ပါစေ။ ဘယ်သူရေးတယ်ဆိုတာ မောင်လေး သိတယ် မဟုတ်လား၊ မောင်လေးရဲ့သူငယ်ချင်း ရာကီတင် ပဲပေါ့”

“ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့တော့ ဘာမှ မကြားမိဘူး” အလျှိုရှာက ပြောလိုက်သည်။

“သူပဲ၊ သူပဲ ‘ဖြစ်နိုင်ပါတယ်’ မဟုတ်ဘူး။ မင်း သိသလား၊ သူ့ကို တို့အိမ်က မောင်းထုတ်လိုက်တယ်၊ အဲဒီအကြောင်း မောင်လေး ကြားပြီးပြီ မဟုတ်လား”

“နောက်ကို မလာနဲ့တော့လို့ သူ့ကို အစ်မကြီး ပြောလိုက်တဲ့အကြောင်း ကျွန်တော် ကြားတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ ဆိုတာတော့ ကျွန်တော် မကြားဘူး၊ အစ်မကြီးဆီက ကျွန်တော် မကြားရဘူး”

“သြော် ... သူ့ဆီကတော့ မောင်လေး ကြားတယ်ပေါ့ ဟုတ်လား၊ တို့အကြောင်း မကောင်းပြောတာ မဟုတ်လား၊ တော်တော်ကလေးမှ မကောင်းပြောရဲ့လား”

“ပြောပါတယ်၊ ဒါပေမဲ့ သူက ဘယ်သူ့မဆို မကောင်းပြောနေတာပဲ၊ ဒါပေမဲ့ အစ်မကြီး ဘာဖြစ်လို့ သူ့ကို မောင်းထုတ်လိုက်တယ် ဆိုတဲ့အကြောင်းတော့ သူ့ဆီက မကြားရဘူး၊ အခုတလော ကျွန်တော် သူနဲ့ သိပ်မတွေ့ဘူး၊ နောက်ပြီးတော့ ကျွန်တော်တို့က သူငယ်ချင်းတွေ မဟုတ်ပါဘူး”

“ကောင်းပြီ၊ ဒါဆိုရင် မောင်လေးကို တို့ အကုန်ပြောပြမယ်၊ တနေရာမှာတော့ တို့ကို အပြစ်ပြောစရာ ရှိတယ်လို့ထင်တယ်၊ ဒါပေမဲ့ အရေးမကြီးတဲ့ အချက်ကလေးတခုပါပဲ၊ ထည့်တောင် ပြောစရာ မလိုပါဘူး၊ ဒီမယ် … မောင်လေး အလျှိုရှာ”

မစ္စက် ကိုကလာကော့သည် ရုတ်ခြည်းဆိုသလို မြူးမြူးရွှင်ရွှင်ကလေး ဖြစ်လာသည်။ အဘယ်ကြောင့်မှန်း မသိ၊ သူမ၏နှုတ်ခမ်းတွင် အပြုံးရိပ်ထင်လာသည်။

“တို့စိတ်ထဲမှာ ထင်လာတယ်၊ တို့ကို ခွင့်လွှတ်ပါနော် အလျှိုရှာ၊ တို့က မောင်လေးရဲ့ အမေ တယောက်နဲ့ တူလာတယ်၊ အို မဟုတ်ဘူး၊ အဲဒါ မဟုတ်ဘူး၊ တို့က မောင်လေးကို တို့အဖေ တယောက်အနေနဲ့ ပြောနေတာပဲ၊ အဲ အမေက ဒီနေရာမှာ ဘယ်လိုမှ မဆိုင်ဘူး၊ အဲ ပြောရရင် ဖားသား ဇော်ဇီမာဆီမှာ တို့ အာပတ်ဖြေနေတဲ့ သဘောမျိုးပဲပေါ့၊ ဟုတ်တယ် အဲဒီသဘောပဲ၊ အဲဒီသဘောက အခြေအနေနဲ့ အကိုက်ညီဆုံးပဲ၊ မောင်လေးကို တို့ စောစောက ဘုန်းကြီးလို့ ပြောခဲ့တယ်နော်၊ အဲ .. အဲဒီသူငယ်ကလေး မောင်လေးရဲ့သူငယ်ချင်း ရာကီတင်ဟာ (အလို ဘုရားသခင်၊ တို့ သူ့ကို စိတ်မဆိုးပါဘူး၊ သူ့ကို နည်းနည်းတော့ ဒေါပွမိတယ်၊ ဒါပေမဲ့ ဒါလောက်ကြီး မဟုတ်ပါဘူး) အဲ တိုတိုနဲ့ လိုရင်း ပြောရရင် အဲဒီ ဦးနှောက်မရှိတဲ့ သူငယ်ကလေးဟာ .... ပြောရင် ယုံပါ့မလားမသိဘူး၊ ဖြုန်းဖြုန်းဒိုင်းဒိုင်းကြီးဆိုသလို တို့ကို မေတ္တာသက်ဝင်နေတဲ့စိတ် သူ့ခေါင်းထဲမှာ ဝင်လာတယ်။

“ဒါကို တို့များ နောက်မှ သိရတယ်၊ ပထမ သူ တို့ကို ခဏခဏ ဆိုသလို လာတွေ့တယ်၊ လွန်ခဲ့တဲ့ တလလောက်ကပဲပေါ့၊ နေ့တိုင်းလောက် လာတွေ့တယ်၊ တကယ်တော့ သူနဲ့ တို့နဲ့ သိတာ ကြာပါပြီ၊ ပထမတော့ တို့ ဘာမှ သံသယ မဖြစ်မိသေးဘူး၊ နောက်မှ ဖြုန်းခနဲ ဆိုသလို တို့ခေါင်းထဲကို ဝင်လာတယ်၊ တို့ အများကြီး အံ့ဩရတယ်၊ အခြေအနေတွေကို နားလည်လာရတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်က စပြီး ဒီမြို့မှာ ဝန်ထမ်းတဦးဖြစ်တဲ့ လူရိုးလူကောင်း လူတော်ကလေး မစ္စတာ ပါကိုတင် တို့အိမ်ကို ဝင်ထွက်နေတာ မောင်လေး သိပါတယ်။

“သူ့ကို မောင်လေးလည်း ဒီမှာ ခဏ ခဏ တွေ့ဖူးပါတယ်၊ သူက

လူတော်လူကောင်း တယောက်ပဲ၊ ဟုတ်တယ် မဟုတ်လား၊ သူ သုံးရက်မှ တခါလောက်ပဲ လာတယ်၊ နေ့တိုင်း မလာဘူး (သူ နေ့တိုင်း လာလည်း တို့ ဘယ်လိုမှ သဘောမထားပါဘူး) သူက ဘယ်တော့မဆို အဝတ်အစားကို ကောင်းကောင်းမွန်မွန် ဝတ်တယ်၊ မောင်လေးတို့လို ရိုးသားပြီး အရည်အသွေးရှိတဲ့ လူငယ်ကလေး တွေကို တို့ အမြဲတမ်း သဘောကျတယ် အလွှိုရှာ၊ သူ့မှာ တိုင်းရေးပြည်ရေး ကျွမ်းကျင်သူတဦးရဲ့ အရည်အသွေးမျိုး ရှိတယ်၊ သူက စကားပြော အင်မတန် ကောင်းတယ်၊ သူ့ကို တို့များ ကောင်းကောင်း အမှတ်ပေးတယ်၊ သူဟာ သံတမန်လောင်း တယောက်ပဲ၊ အဲဒီနေ့ကဆိုရင် သူဟာ ညကြီးမင်းကြီးမှာ ရောက်လာပြီး တို့အသက်ကို ကယ်ခဲ့တယ်။

"ကဲ... မောင်လေးရဲ့သူငယ်ချင်း ရာကီတင်ကတော့ ဘယ်တော့မဆို လာလိုက်ရင် သူ့ဘွတ်ဖိနပ်ကြီး က ပေကျံနေတာပဲ၊ အဲဒီ ဖိနပ်ကြီးနဲ့ ကော်ဇောပေါ်မှာ သူ့ခြေထောက်ကို ဆန့်ထားလိုက်သေးတယ်၊ အဲ အတိုချုပ်ကို ပြောရရင် သူက ရိပ်ဖမ်းသံဖမ်းတွေ အမျိုးမျိုး လုပ်လာတယ်၊ တနေ့ကျတော့ သူ ပြန်ခါနီးမှာ တို့လက်ကို သူ ဆတ်ခနဲဆွဲပြီး တအား ညှစ်လိုက်တော့တာပဲ၊ အဲဒီလို တို့လက်ကို သူ ညှစ်လိုက်တဲ့အချိန်မှာ တို့ခြေထောက်ထဲမှာ မခံနိုင်အောင် နာလာတော့တာပဲ။

"မစ္စတာ ပါကိုတင်ကို ဒီအိမ်မှာ အရင်ကတည်းက သူ တွေ့ဖူးခဲ့တယ်၊ သူက ဘယ်တော့မဆို မစ္စတာ ပါကိုတင်ကို လှောင်တယ်၊ ပြောင်တယ်၊ အပြစ်အနာတွေ ပြောတယ်၊ သူတို့နှစ်ယောက်ရဲ့အဖြစ်ကို ကြည့်ပြီး တို့စိတ်ထဲမှာ ရယ်ရတယ်။

"အဲ တနေ့ကျတော့ တို့ ဒီမှာ တယောက်တည်း ထိုင်နေတုန်း၊ အို ... မဟုတ်သေးဘူး၊ တယောက်တည်း လှဲနေတုန်း မစ္စတာ ရာကီတင် ဖြုန်းစားကြီး ရောက်လာတယ်၊ နောက်ပြီးတော့ စဉ်းစားကြည့်တယ်၊ သူ့လက်ထဲမှာ ကဗျာတပုဒ် ပါလာတယ်၊ တို့ခြေထောက် နာနေတဲ့အကြောင်း ရေးထားတဲ့ ကဗျာတိုကလေးတပုဒ်ပဲ၊ တို့ပြောတဲ့ အဓိပ္ပာယ်က တို့ခြေထောက်ကို ဖွဲ့ထားတဲ့ ကဗျာပဲ၊ နေဦး၊ ဘယ်လို စပ်ထားသလဲဆိုတော့...

ခြေထောက်ကလေးက လှပါတယ်

မင်း ဘာဖြစ်လို့ နာရတယ် .. အဲဒီသဘောမျိုးပဲ၊ တို့က ဘယ်တော့မှ ကဗျာကို မမှတ်မိဘူး၊ အဲဒီကဗျာ တို့ဆီမှာ ရှိတယ်၊ မောင်လေးကို နောက်မှ ပြမယ်၊ အို ကဗျာကလေးက သိပ်လှတယ်၊ သိပ်လှတယ်။ ဒီကဗျာကလေးက တို့ခြေထောက်အကြောင်းချည်း စပ်ထားတာ မဟုတ်ဘူး၊ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့လည်း ပြောထားတယ်၊ အကြောင်းအရာ တော်တော်ကောင်းတယ်၊ တခုပဲရှိတယ်၊ တို့က အလွတ်မရဘူး၊ မေ့နေတယ်၊

တကယ်တော့ အမှတ်တရ စာအုပ်ထဲမှာ ထည့်ထားဖို့ကောင်းတဲ့ ကဗျာကလေးပဲ၊ အဲဒါနဲ့ တို့ သူ့ကို ကျေးဇူးတင်စကား ပြောတယ်၊ သူလည်း ပီတိဖြစ်နေတယ်။

"အဲဒီအချိန်မှာပဲ မစ္စတာ ပါကိုတင် ရောက်လာတယ်။ မစ္စတာ ရာကီတင်ဟာ ချက်ချင်းကြီး ဆိုသလိုပဲ သူ့မျက်နှာကြီးဟာ ညဥ့်သန်းခေါင်လို မည်းမှောင်သွားတယ်၊ မစ္စတာ ပါကိုတင်က သူ့အကြံအစည်ကို ကြားဝင်ပြီး နှောက်လိုက်တာကိုး၊ သူ့အကြံအစည်က ကဗျာကို ရွတ်ပြပြီးရင် တို့များကို တခုခု ပြောမလို့ပဲ၊ အဲဒါကို တို့ သိနေတယ်၊ အဲဒီအချိန်မှာ မစ္စတာ ပါကိုတင် ရောက်လာတာပဲ။

"တို့ကလည်း ချက်ချင်းပဲ အဲဒီကဗျာကို ဘယ်သူရေးတယ်လို့ မပြောဘဲနဲ့ မစ္စတာ ပါကိုတင်ကို ပြလိုက်တယ်၊ ဒါပေမဲ့ ဘယ်သူရေးတယ်ဆိုတာကို သူ ချက်ချင်းပဲ ခန့်မှန်းမိမှာပဲလို့ တို့ တွက်ထားတယ်၊ သေချာပေါက် တွက်ထားတယ်၊ ဒါပေမဲ့ ကနေ့အထိတော့ သူက ထုတ်ပြီး ဝန်မခံဘူး၊ သူ မသိဘူးလို့ပဲ ပြောနေတယ်၊ အမှန်တော့ ဒါ သူ တမင် မပြောတာပဲ။

"မစ္စတာ ပါကိုတင်ဟာ ကဗျာကိုလည်း တွေ့လိုက်ရော ဝါးလုံးကွဲ ရယ်ချလိုက်ပြီး ကဗျာကို ဝေဖန်တော့တာပဲ။ 'တော်တော်ချာတဲ့ ကဗျာတပုဒ်ပဲ၊ ဘုန်းကြီးကျောင်းသားတယောက် စပ်တာနဲ့ တူတယ်' လို့ ပြောလိုက်တယ်၊ အားရပါးရကြီးကို ပြောချလိုက်တာပဲ၊ အဲဒီအခါမှာ မောင်လေးရဲ့ သူငယ်ချင်းဟာ ရောပြီး မရယ်ဘဲ အကြီးအကျယ် ဒေါသူပုန် ထတော့တာပဲ၊ 'အလိုလေး ... ဒုက္ခပါပဲ၊ သူတို့နှစ်ယောက်တော့ ရန်ဖြစ်တော့မှာပဲ' လို့ တို့ တွေးလိုက်မိတယ်။ 'ဒီကဗျာကို ကျူပ် ရေးတာပဲ' လို့ မစ္စတာ ရာကီတင်က အော်လိုက်တယ်၊ 'ကျူပ်အနေနဲ့ အပျော်ရေးလိုက်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကဗျာရေးတာ သိက္ခာကျတယ်လို့ ကျူပ် ယူဆတယ်၊ ဒါပေမဲ့ ကျူပ်ကဗျာက အများကြီး ကောင်းတယ်၊ မိန်းမတွေရဲ့ ခြေထောက်အကြောင်း ကဗျာရေးတဲ့အတွက် ခင်ဗျားတို့ရဲ့ ပွတ်ရုကင်ကို အမှတ်တရ ကျောက်တိုင်စိုက်ဖို့ လုပ်ကြတယ် မဟုတ်လား၊ ကျူပ်ကဗျာက ခြေထောက်အကြောင်း ရေးပေမဲ့ နိုင်ငံရေး အနှစ်သာရပါတယ်၊ ခင်ဗျားဟာ ဖောက်ပြန်ရေးသမားတယောက်ပဲ၊ ကျေးကျွန် စနစ်ကို ထောက်ခံသူတယောက်ပဲ၊ လူသားတွေကို ထောက်ထား ညှာတာတဲ့စိတ် ခင်ဗျားမှာ မရှိဘူး၊ ခင်ဗျားမှာ ခေတ်မီ အတွေးအခေါ် အယူအဆတွေ မရှိဘူး၊ ခင်ဗျားဟာ အစိုးရဝန်ထမ်းတယောက်ပဲ၊ လာဘ်စားတဲ့ လူတယောက်ပဲ' အဲဒီအခါမှာ တို့ အော်တော့တာပဲ၊ သူတို့နှစ်ယောက်ကို အပြင်းအထန် တောင်းပန်တော့တာပဲ။

"မောင်လေး သိသလား၊ မစ္စတာ ပါကိုတင်က နည်းနည်းကလေးမှ မဖြုံဘူး၊ သူက ချက်ချင်းဆိုသလို လူကြီးလူကောင်းတယောက်ရဲ့ပုံစံယူပြီး မစ္စတာ ရာကီတင်ကို လှောင်တောင်တောင် ထေ့တေ့တေ့ ကလေး ကြည့်ပြီး

နားထောင်နေတယ်၊ ပြီးတော့ တောင်းပန်တယ်၊ ‘အို၊ ကျွန်တော် တောင်းပန်ပါတယ်၊ ခင်ဗျားရေးမှန်း မသိလို့ပါ၊ သိလို့ရှိရင် ကျွန်တော် ကောင်းကောင်း ချီးကျူးတာပေါ့၊ ကဗျာဆရာတွေက အထိမခံ ရွှေပန်းကန်ပဲ’ အတိုချုပ်ကိုပြောရရင် သူက တကယ့် လူကြီးလူကောင်း တယောက်ရဲ့လေသံနဲ့ သူ့ကို သရော်လှောင်ပြောင်နေတာပဲ၊ သူ့အနေနဲ့ သရော်နေတာပဲ ဆိုတာကို နောက်ပိုင်းမှာ တို့ကို သူ ပြန်ပြောခဲ့တယ်၊ သူ တကယ်ပြောတာပဲလို့ တို့ ယုံတယ်။

“မောင်လေး သိတဲ့အတိုင်းပဲ၊ တို့ဟာ ထုံးစံအတိုင်း ဆက်တီပေါ်မှာ လှဲနေရင်းနဲ့ စဉ်းစားနေမိတယ်၊ တို့အိမ်ထဲမှာ ညွှဲ့သည်တယောက်ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောနေတဲ့အတွက် မစ္စတာ ရာကီတင်ကို မောင်းထုတ်လိုက်လို့ ကောင်းပါ့မလား၊ မကောင်းဘူးလားလို့ တွေးနေမိတယ်၊ မောင်လေးကိုပြောရင် ယုံပါ့မလား၊ တို့ဟာ ဒီနေရာမှာ လှဲနေရင်းနဲ့ မျက်လုံးတွေကို မှိတ်ထားပြီး တော်၏ မတော်၏ ဆိုတာကို စဉ်းစားနေမိတယ်၊ တို့စိတ်ထဲမှာ သောက ဗျာပါဒတွေ ဖြစ်လာပြီး တို့ရင်ထဲမှာ တထိတ်ထိတ် ခုန်လာတယ်၊ တို့နားထဲမှာ အသံတခု ကြားနေရတယ်၊ ‘ပြောလိုက်၊ ပြောလိုက်’ တခါ နောက်အသံတခု ပေါ်လာပြန်တယ်၊ ‘မပြောနဲ့မပြောနဲ့’ ဒါပေမဲ့ ဒုတိယအသံ ထွက်လာတဲ့အချိန်မှာပဲ တို့ အော်လိုက်မိပြီး မိုက်ခနဲ ဖြစ်သွားတယ်။

“ဟုတ်တယ်၊ အဲဒီမှာ ဗရုန်းဗရင်း ဖြစ်သွားတယ်၊ တို့ ထိုင်ရာကထပြီး မစ္စတာ ရာကီတင်ကို ပြောလိုက်တယ်၊ ‘ဒီစကားကို တို့ ပြောရတာ စိတ်မကောင်းဘူး၊ ဒါပေမဲ့ မင်းကို နောက်ထပ်တခါ တို့အိမ်မှာ မတွေ့ချင်တော့ဘူး’ အဲဒီလို တို့ သူ့ကို မောင်းထုတ်လိုက်တယ်။

“ဒါပေမဲ့ အလျှိုရှာ၊ တို့လုပ်တာ မှားသွားပြီ ဆိုတာကို တို့ ချက်ချင်း သိလိုက်တယ်၊ အမှန်တော့ တို့ စိတ်ဆိုးဟန်ဆောင်လိုက်တာပဲ၊ တကယ်တော့ တို့ သူ့ကို လုံးဝ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ တို့စိတ်ထဲမှာ ဖြုန်းခနဲ စိတ်ကူးပေါက်သွားပြီး ဖြုန်းခနဲ အဲဒီလို ဖြစ်သွားတာပဲ၊ အဲဒါ အမှန်ပဲ၊ ဒါပေမဲ့ အဖြစ်အပျက်က တကယ် သဘာဝကျတာပဲ၊ တို့များ ငိုချလိုက်တယ်၊ သည့်နောက်မှာလည်း တို့ဟာ ရက်အတော်ကြီးကြာအောင် ငိုနေမိတယ်၊ ဒါပေမဲ့ တညနေကျတော့ အဲဒါတွေကို အားလုံး တို့ မေ့ပစ်လိုက်တယ်။

“အဲဒီလိုနဲ့ပဲ တို့ဆီကို သူ မလာတာ နှစ်ပတ်ရှိသွားပြီ၊ သူ လာမှ လာပါဦးတော့ မလားလို့ တို့ စဉ်းစားနေမိတယ်၊ အဲဒီလိုနဲ့ မနေ့က ညနေဘက်မှာ ဒီကောလာဟလ ရောက်လာတာပဲ၊ အဲဒါကို ဖတ်ပြီး တို့ စိတ်မောနေရတယ်၊ ဒီဥစ္စာကို ဘယ်သူ ရေးသလဲ၊ သူ ဘာဖြစ်လို့ ဒီဥစ္စာကို ရေးရသလဲ၊ အဲဒီနေ့ ညနေက သူ အိမ်ပြန်သွားပြီး တခါတည်း ထိုင်ရေးပြီး ပို့လိုက်တာပဲ ဖြစ်ရမယ်၊ အဲဒါကို သူတို့က ပုံနှိပ် ဖော်ပြလိုက်တယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကမှ ဖြစ်တဲ့ကိစ္စပဲ၊

ဒါပေမဲ့ အလျှိုရှာ၊ တို့ ဘာတွေပြောနေမိသလဲ၊ တို့ ပြောချင်တာက ဒါတွေ မဟုတ်ဘူး၊ စကားလုံးတွေက သူ့ဘာသူ ထွက်သွားကြတာပဲ”

“ကနေ့ ကျွန်တော့်အစ်ကိုကို အချိန်မီ သွားတွေ့ဖို့ သိပ်အရေးကြီးနေတယ်” အလျှိုရှာ ပြောလိုက်သည်။

“ဘာလဲ”

“ဟုတ်ပြီ ဟုတ်ပြီ၊ ပြီးရင် တို့ကို ပြန်ပြောပါဦး၊ ဒါနဲ့ ယာယီရူးသွပ်ခြင်းဆိုတာ ဘယ်လို ယာယီ ရူးသွပ်ခြင်းလဲ” အလျှိုရှာ အံ့သြစွာ မေးလိုက်သည်။

“ယာယီ ရူးသွပ်မှုနဲ့ လျှော့ကလဲခြင်းကို တို့ ပြောတာ၊ ယာယီ ရူးသွပ်တဲ့ကိစ္စကို အားလုံးကို ခွင့်လွှတ်ကြတယ်၊ အဲဒီအချိန်မှာ မောင်လေး ဘာပဲလုပ်လုပ် မောင်လေးကို ချက်ချင်း လွှတ်ပစ်မယ်”

“အစ်မကြီး ဘာကို ပြောနေတာလဲ”

“တို့ပြောနေတာက တို့ရဲ့ ကက်တယာပဲ၊ အို ... သူဟာ အင်မတန် ချစ်စရာကောင်းတဲ့ သူငယ်မ ကလေးပဲ၊ တခုပဲရှိတယ်၊ သူ ဘယ်သူ့ကို ချစ်နေသလဲဆိုတာပဲ တို့ နားမလည်တယ်၊ စောစောကပဲ တို့ဆီကို သူ လာသွားသေးတယ်၊ ဒါပေမဲ့ သူ့ဆီက တို့ ဘာမှ မသိလိုက်ရဘူး၊ အခုနောက်ပိုင်းမှာ သူဟာ တို့ကို ဘာမှ အရေးမကြီးတဲ့ အသေးအဖွဲကလေးတွေပဲ ပြောတယ်၊ သူက တို့ နေမကောင်းတဲ့ ကိစ္စပဲ ပြောတယ်၊ တခြား ဘာမှ မပြောဘူး၊ သူက တို့ကိုတောင်မှ ဒါလောက်ပဲ ပြောတယ်၊ အဲဒီတော့ တို့ ကိုယ်ကို့ ပြန်ပြောမိတယ်၊ ကောင်းပြီ၊ သူ မပြောတော့ ဘာဖြစ်သလဲ၊ ဩော်၊ အင်း .... ယာယီ ရူးသွပ်ခြင်း၊ ဆရာဝန်လာတာ အဲဒီကိစ္စပဲ၊ ဆရာဝန်တယောက် ရောက်နေတယ်ဆိုတာ မောင်လေး သိတယ် မဟုတ်လား၊ အင်း၊ မောင်လေး သိတာပေါ့၊ သူက စိတ်အထူးကု ဆရာဝန်ပဲ၊ သူ့ကို မောင်လေး ခေါ်လိုက်တာ မဟုတ်လား၊ အို မဟုတ်ဘူး ကက်တယာ ခေါ်တာပဲ၊ ဒီကိစ္စတွေ အားလုံးဟာ ကက်တယာ လုပ်တာတွေချည်းပဲ။

“ဒီမယ် မောင်လေး၊ လူတယောက်ဟာ လုံးလုံးကြီး ရူးသွားနိုင်ပြီး ယာယီ ရူးသွပ်တဲ့ဒဏ်ကို ခံရနိုင်တယ်၊ သူဟာ ကောင်းကောင်းကြီး သတိရနေပြီး သူ ဘာတွေလုပ်နေတယ် ဆိုတာကို သူသိတယ်၊ ဒါပေမဲ့ သူဟာ ယာယီ ရူးသွပ်နေတာပဲ၊ အဲဒီတော့ ဒီမီထရီဟာလည်း ယာယီ ရူးသွပ်နေတာပဲ ဖြစ်မယ်၊ တရားရုံးတွေကို အသစ်ပြန်လည်ဖွင့်လှစ်တဲ့အခါမှာ တရားရုံးအသစ် တွေက ယာယီ ရူးသွပ်ခြင်းကို လက်ခံကြလိမ့်မယ်၊ ဒါဟာ တရားရုံးတွေကို အသစ် ပြန်လည် ဖွဲ့စည်းတဲ့အတွက် ရရှိတဲ့ အကျိုးအမြတ်ပဲ၊ ဆရာဝန်ဟာ တို့နဲ့တွေ့သွားပြီး အဲဒီညနေက အကြောင်းကို

တို့ကို မေးတယ်၊ ရွှေတွင်းတွေအကြောင်းကို မေးတယ်၊ အဲဒီတုန်းက သူ့အခြေအနေ ဘယ်လိုနေသလဲတဲ့၊ အဲဒီတုန်းက သူဟာ ယာယီရူးသွပ်နေတာပဲ၊ သူရောက်လာပြီး တကြော်ကြော် အော်ပြောတော့တာပဲ၊ ငွေ၊ ငွေ၊ ငွေသုံးထောင် နောက်ပြီးတော့ သူ ထွက်သွားပြီး လူသတ်မှုကို ကျူးလွန်တော့တာပဲ၊ 'သူ့ကို ကျုပ် မသတ်ချင်ဘူး' လို့ သူပြောတယ်၊ ဒါပေမဲ့ သူထွက်သွားပြီး သူ့ကို သတ်တယ်၊ အဲဒီအတွက် သူတို့က သူ့ကို အမှုကနေ လွှတ်ပစ်ကြမှာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ မသတ်ဖြစ်အောင် ကြိုးစားရင်းနဲ့ သတ်ဖြစ်သွားတဲ့ အတွက်ပဲ"

"ဒါပေမဲ့ အဖေ့ကို သူသတ်တာ မဟုတ်ဘူး"

အလျှိုရှာ ကြားဖြတ်ပြီး ခပ်ပြတ်ပြတ်ကလေး ပြောလိုက်သည်။ သူ တစထက် တစ ပိုပြီး ကသိကအောက် ဖြစ်လာသည်။ စိတ်မရှည် ဖြစ်လာသည်။

"တို့ သိပါတယ်၊ မောင်လေးတို့အဖေကို သတ်တာ အဘိုးကြီး ဂရီဂိုရီပဲ"

"ဂရီဂိုရီ ဟုတ်လား ..." အလျှိုရှာ ဟစ်အော်လိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ ဂရီဂိုရီပဲ၊ ဒီမီထရီ ရိုက်လိုက်လို့ သူ လဲကျသွားတယ်၊ လဲနေရာကနေ သူ ပြန်ထတယ်၊ နောက်ဖေးတံခါးပေါက် ပွင့်နေတာကို သူ တွေ့တယ်။ အဲဒီကနေ သူ ဝင်သွားပြီး မစ္စတာ ကာရာမာဇော့ကို သူ သတ်တာပဲ"

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့ သတ်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ယာယီရူးသွပ်နေလို့ပဲပေါ့၊ ဒီမီထရီက သူ့ခေါင်းကို ရိုက်လိုက်တယ်၊ သူ သတိမေ့သွားတယ်၊ သူ သတိပြန်ရတယ်၊ အဲဒီအချိန်မှာ သူ ယာယီ ရူးသွပ်သွားတာပဲ၊ သူ အိမ်ထဲကို ဝင်သွားပြီး အဘိုးကြီးကို သတ်တယ်၊ သူ မသတ်ဘူးလို့ ပြောတာက သူ မမှတ်မိလို့ပဲ၊ ဒီမီထရီ ရိုက်လိုက်တဲ့ဒဏ်ရာနဲ့ သူသေသွားရင် အများကြီး ပိုကောင်းမယ်၊ ဒါပေမဲ့ အမှန်တကယ် ပြောရရင် တော့ ဂရီဂိုရီလို့ တို့ပြောနေပေမဲ့ သူပါပဲ၊ ဒီမီထရီဆိုတာ အသေအချာပဲ၊ အဲဒါက ကံကောင်းပါတယ်၊ အဲဒါကပဲ ပိုပြီး ကောင်းပါ တယ်၊ အို ... ဒါပေမဲ့ မကောင်းဘူး၊ သားတယောက်က ဖအေကိုသတ်တယ် ဆိုတာ မကောင်းဘူး၊ အဲဒါကိုတော့ တို့ ဘယ်လိုမှ သဘောမကျဘူး၊ သားသမီးတွေက သူတို့မိဘ တွေကို ရိုသေရမယ်၊ ဒါပေမဲ့ သူဖြစ်တာလည်း ကောင်းပါတယ်၊ မောင်လေးအနေနဲ့ ဘာမှ မစိုးရိမ်ရတော့ဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဟာသူ ဘာမှန်းမသိဘဲနဲ့ လုပ်လိုက်တာကိုး၊ ဒါမှမဟုတ် သူ သိတော့ သိနေတယ်၊ ဒါပေမဲ့ သူ ဘာလုပ်တယ် ဆိုတာကိုတော့ သူ မသိဘူး။

“ဟုတ်တယ်၊ သူ့ကို အပြစ်ကနေ လွှတ်လိုက်ပါစေ၊ အင်မတန် ထောက်ထားစာနာတဲ့ သဘောပဲ၊ ဒါမှလည်း တရားရုံးသစ်တွေရဲ့ အကျိုးကျေးဇူးတွေကို လူတွေ သိကြမယ်၊ ဒီအကြောင်းကို မနေ့က တို့ ကြားရတဲ့အခါမှာ အများကြီး အံ့သြသွားတယ်၊ မောင်လေးကို ချက်ချင်းပဲ အခေါ်လွှတ်ချင်တယ်၊ သူ့ကို တရားသေ လွှတ်လိုက်တာနဲ့ တပြိုင်နက် ရုံးကနေ တခါတည်း တန်းပြီး တို့နဲ့အတူ ညစာ စားလှည့်ပါ၊ ဧည့်သည်တွေ အများကြီးကို ဖိတ်ထားမယ်၊ ပြင်ဆင်ဖွဲ့စည်းထားတဲ့ တရားရုံးတွေကို တို့ ဂုဏ်ပြုကြမယ်၊ သူ့အနေနဲ့ အန္တရာယ်ပေးလိမ့်မယ်လို့ တို့ မထင်ဘူး၊ နောက်ပြီးတော့ တို့က မိတ်ဆွေတွေ အများကြီး ဖိတ်ထားတာပဲ၊ သူ တခုခု လုပ်ခဲ့ရင်လည်း သူ့ကို ခေါ်ထုတ်သွားနိုင် ကြတာပဲ၊ နောက်ပြီး တော့ သူဟာ တခြားမြို့တမြို့မှာ သမာဓိမြို့ဝန်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် တခုခု ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင် ပြဿနာဖြစ်ခဲ့ဖူးတဲ့ လူတွေဟာ တရားသူကြီး ကောင်းတွေ ဖြစ်နိုင်တယ်။

“နောက်ပြီးတော့ ပြောရလို့ရှိရင် ဒီခေတ်ကြီးမှာ ယာယီရူးသွပ်ခြင်း မဖြစ်တဲ့လူဆိုလို့ ဘယ်သူရှိသလဲ၊ မောင်လေးရော တို့ရော၊ တို့အားလုံးပဲ ယာယီ ရူးသွပ်နိုင်ကြတယ်၊ အဲဒါအတွက် ဥပမာတွေ အများကြီး ရှိတယ်၊ လူတယောက် ထိုင်ပြီး အချစ်သီချင်းတပုဒ် ဆိုနေတယ်၊ ဖြုန်းခနဲ သူ့စိတ်ထဲမှာ မကျေနပ်တာတခု ဖြစ်လာမယ်၊ သေနတ်တလက်ကို ဆွဲထုတ်ပြီး ပထမဆုံးမြင်တဲ့ သူတယောက်ကို သူ ပစ်လိမ့်မယ်၊ ဒါပေမဲ့ လူတိုင်းကပဲ သူ့ကို နားလည် ခွင့်လွှတ်ကြလိမ့်မယ်၊ ဒီအကြောင်းကို တလောကလေးကပဲ တို့ ဖတ်ရတယ်၊ ဆရာဝန်တွေအားလုံးကပဲ ဒီအချက်ကို ထောက်ခံကြတယ်၊ ဆရာဝန်တွေဟာ အမြဲတမ်း ထောက်ခံနေကြတာပဲ၊ သူတို့ဟာ ဘာမဆိုကို ထောက်ခံနေကြတာပဲ။

“တို့ရဲ့လီဆီကလေးလည်း ယာယီရူးသွပ်နေတာပဲ၊ သူ့ကြောင့် မနေ့က တို့ ငိုခဲ့ရတယ်၊ တနေ့ကလည်း ငိုရတယ်။ အဲ ... ကနေ့တော့ ဖြုန်းခနဲဆို တို့ သဘောပေါက်သွားတယ်၊ သူဟာ ယာယီရူးသွပ်နေတာပဲ၊ အို ... လီဆီဟာ တို့စိတ်ကို ဆင်းရဲအောင် အများကြီးလုပ်တယ်၊ သူ ကောင်းကောင်း ရူးနေပြီလို့ တို့ယူဆတယ်၊ သူ ဘာကိစ္စ မောင်လေးကို ခေါ်တာလဲ၊ မောင်လေးကို သူ ခေါ်တာပဲ မဟုတ်လား၊ ဒါမှမဟုတ် မောင်လေးသဘောနဲ့ မောင်လေး သူ့ကို လာတွေ့သလား”

“သူခေါ်လို့ ကျွန်တော် လာတွေ့တာပဲ၊ ကျွန်တော် အခု သူ့ဆီသွားလိုက်ဦးမယ်” အလျှိုရှာ ထိုင်ရာမှ ထရင်း ပြောလိုက်သည်။

“အို မောင်လေးရယ်၊ မောင်လေး အလက်ဇီရယ်၊ အဲဒါ အဓိကအချက်ပဲပေါ့” မစ္စက် ကိုကလာကော့ ရုတ်တရက် မျက်ရည်များ သွန်ချကာ ပြောလိုက်သည်။ “မောင်လေးကို လီဆီနဲ့ တို့ ကောင်းကောင်းကြီး ယုံပါတယ်၊ သူ့အမေကို

အသိမပေးဘဲနဲ့ မောင်လေးကို ခေါ်တာလည်း အကြောင်း မဟုတ်ပါဘူး၊ ဒါပေမဲ့ တို့ပြောရမှာတော့ စိတ်မကောင်းပါဘူး၊ မောင်လေးအစ်ကို အိုက်ဗင်ကိုတော့ လီဆီနဲ့ လွယ်လွယ်နဲ့ တို့ မယုံနိုင်ဘူး၊ သူ့ကို စိတ်သဘောထား မြင့်မြတ်တဲ့ လူငယ်တယောက်လို့ တို့ ယူဆထားတဲ့တိုင်အောင်ပေါ့၊ ဒါပေမဲ့ သူဟာ လီဆီနဲ့ တွေ့ခဲ့ပြီးပြီ၊ အဲဒီကိစ္စကို တို့ ဘာမှမသိရဘူး"

"ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ဘယ်လိုတွေ့တာလဲ"

အလျှိုရှာ အထူးပင် အံ့သြဟန်ဖြင့် မေးလိုက်သည်။ သို့သော် ကုလားထိုင်တွင် ပြန်မထိုင်ပါ။ သူမ၏စကားကို မတ်တတ်ရပ်ပြီး နားထောင်နေသည်။

"မောင်လေးကို တို့ ပြောပြမယ်၊ အဲဒီအတွက် မောင်လေးကို တို့ခေါ်တာ ဖြစ်မှာပဲ၊ ဒါပေမဲ့ မောင်လေးကို တို့ ဘာဖြစ်လို့ ခေါ်တယ်ဆိုတာ တို့ တကယ်မသိဘူး၊ ဖြစ်ပုံက ဒီလို ...။

"အိုက်ဗင်ဟာ မော်စကိုက ပြန်လာပြီးတဲ့နောက်ပိုင်းမှာ တို့ကို နှစ်ခါ လာတွေ့တယ်၊ ပထမတကြိမ် ကတော့ မိတ်ရင်းဆွေရင်းတွေအနေနဲ့ အလည်လာတာပဲ၊ ဒုတိယအကြိမ် လာတာကတော့ သိပ်မကြာသေးဘူး၊ ကက်တယာ ဒီမှာရှိနေတုန်း လာတာပဲ၊ ကက်တယာ ဒီအိမ်မှာ ရှိနေတယ် ကြားလို့ သူလိုက်လာတာပဲ၊ သူ့အနေနဲ့ ခဏခဏ လာလိမ့်မယ်လို့ တို့ မျှော်လင့်မထားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အလုပ်တွေ သိပ်များနေတယ်ဆိုတာ တို့ သိလို့ပဲ၊ ဒါပေမဲ့ ဗြုန်းစားကြီး ဆိုသလို သူ နောက်တကြိမ် ရောက်လာတဲ့အကြောင်း တို့ ကြားရတယ်၊ ဒါပေမဲ့ တို့ကို လာတွေ့တာ တော့ မဟုတ်ဘူး၊ လီဆီနဲ့ တွေ့ရအောင် လာတာပဲ။

"အဲဒါ လွန်ခဲ့တဲ့ ရက်သတ္တ ခြောက်ပတ်လောက်ကပဲ၊ သူ လာတယ်၊ ငါးမိနစ်လောက် နေတယ်၊ ပြီးတော့ ပြန်သွားတယ်၊ အဲဒီအကြောင်းကို နောက် သုံးရက်လောက်ကြာမှ ဂလာဖီရာဆီက တို့ သိရတယ်၊ တို့ အတော်ကို တုန်လှုပ်သွားတယ်၊ လီဆီကို တို့ ချက်ချင်း ခေါ်ခိုင်းတယ်။ ဒါပေမဲ့ လီဆီက ရယ်နေတယ်၊ သူ ပြောတာကတော့ မေမေ အိပ်နေတယ်ထင်လို့ သူ့ဆီကို အိုက်ဗင် လာပြီး မေမေ ဘယ့်နှယ်နေသေးသလဲလို့ မေးတာတဲ့၊ အဖြစ် အပျက်ကတော့ အဲဒါပဲ။

"ဒါပေမဲ့ လီဆီဟာ တို့ကို အများကြီး ဒုက္ခပေးနေတယ်၊ မောင်လေးကို ပြောရင် ယုံပါ့မလားပဲ၊ တညပေါ့၊ လွန်ခဲ့တဲ့ လေးရက်လောက်ကပေါ့၊ မောင်လေး နောက်ဆုံးလာတဲ့ အခေါက်က သူနဲ့ တွေ့ပြီး ပြန်အသွားမှာပဲပေါ့၊ သူ ဖြုန်းခနဲဆို ရောဂါဖောက်လာတယ်၊ အော်လိုက် ဟစ်လိုက်နဲ့ အရူးတယောက်လိုပဲပေါ့၊

ဘာဖြစ်လို့ အဲဒါမျိုး တခါမှ မဖြစ်တာလဲ မသိဘူး၊ နောက်တနေ့ကျတော့ လည်း သူ အဲဒီလိုမျိုး ဖြစ်ပြန်တယ်၊ နောက်တနေ့မှာလည်း ဒီအတိုင်းပဲ၊ မနေ့ကလည်း ဒီအတိုင်းပဲ။

"မနေ့ကျတော့ သူဟာ ယာယီရူးသွပ်သွားတဲ့ သဘောပဲ၊ 'အိုက်ဗင်ကို သမီး မုန်းတယ်၊ မေမေ သူ့ကို ဘယ်တော့မှ လက်မခံပါနဲ့၊ ဘယ်တော့မှ မလာနဲ့တော့လို့ သူ့ကို မေမေ ပြောလိုက်ပါ' သူ တို့ကို အဲဒီလို ကောက်ကာငင်ကာကြီး အော်ပြောတယ်၊ ဘယ်လိုမှ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရတော့ တို့ အများကြီး အံ့သြသွားရတယ်၊ အဲဒါကြောင့် တို့ သူ့ကို ပြန်ပြောရတယ် 'သူ့လို လူတော်လူကောင်းလေး တယောက်၊ ပညာတတ် တယောက်၊ နောက်ပြီးတော့ စိတ်မချမ်းမသာ နေတဲ့ လူတယောက်ကို တို့က ဘယ်လိုလုပ်ပြီး ငြင်းရမလဲ' ဒီကိစ္စကြီးက အားလုံးအတွက် စိတ်မကောင်းစရာကြီး မဟုတ်လား၊ တို့စကားကို ကြားတော့ လီဆီဟာ လက်ခုပ်လက်ဝါးတီးပြီး အားရပါးရကြီး ရယ်ပစ်လိုက်တယ်။ အဲဒီလို ရယ်လိုက်တာကို တွေ့ရတော့ တို့ ဝမ်းသာသွားတယ်၊ တို့စကားကြောင့် သူ ပျော်သွားပြီး သူ့စိတ်တွေ ဖောက်နေတာ ပျောက်သွားပြီလို့ တို့ ယူဆလို့ပဲ။

"တကယ်တော့ အိုက်ဗင်ကို မလာပါနဲ့လို့ တို့ ပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တို့ မသိဘဲနဲ့ သူ ထူးထူးဆန်းဆန်း လာတဲ့အတွက်ပဲ၊ ဘာအကြောင်း ဆိုတာကိုလည်း သူ့ကို တို့ မေးချင်တယ်။

"အဲဒီလိုနဲ့ ကနေ့မနက်မှာတော့ လီဆီဟာ မနက် အိပ်ရာကအထမှာ ဂျူလီယာနဲ့ ပြဿနာ ပေါ်ပြန်တာပဲ၊ မောင်လေးကို ပြောရင် ယုံပါ့မလား မသိဘူး၊ ဂျူလီယာရဲ့ပါးကို သူရိုက်တယ်၊ ဒါဟာ အတော် အရုပ်ဆိုးတာပဲ၊ တို့ဆိုရင် အစေခံအားလုံးကို ဘယ်တော့မဆို ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ်၊ အဲဒီလိုနဲ့ နောက်တနာရီကြာတော့ သူဟာ ဖြုန်းခနဲဆို ဂျူလီယာရဲ့ ခြေထောက်ကို ဖက်ပြီး နမ်းနေတော့တယ်။

"နောက်ပြီးတော့ တခါ တို့ကို သူ လာမတွေ့ဘူး၊ ဘယ်တော့မှ လာမတွေ့ဘူးဆိုပြီး အကြောင်းကြား ပြန်တယ်၊ ဒါနဲ့ တို့လည်း ခြေထောက်ကို တရွတ်ဆွဲပြီး သူ့ဆီကို သွားရတယ်၊ အဲဒီတော့လည်း သူက တို့ကို ဖက်ပြီး ငိုတယ်၊ နမ်းတယ်၊ ပြီးတော့ တို့ကို နမ်းနေရင်းနဲ့ ဘာမပြော ညာမပြောနဲ့ တို့ကို အခန်းအပြင်ဘက်ကို တွန်းထုတ်တယ်၊ အဲဒါကြောင့် ပြဿနာ ဘာဆိုတာကို တို့များ ဘာမှ မသိခဲ့ရဘူး။

"အဲဒီတော့ မောင်လေး အလက်ဇီ၊ တို့ရဲ့မျှော်လင့်ချက်ကို မောင်လေးအပေါ်မှာပဲ အားလုံး ပုံထားရတော့တယ်၊ တို့ရဲ့ဘဝကြီးတခုလုံးဟာ မောင်လေးရဲ့လက်ထဲမှာဆိုတာ အထူးပြောနေစရာ မလိုတော့ဘူး၊ တို့

ပြောချင်တာကတော့ လီဆို့ဆီကို အခုသွားပါ၊ ဘာဆိုတာကို သူ့ဆီက မောင်လေး စုံစမ်းပါ၊ ဘယ်လို စုံစမ်းရမယ်ဆိုတာ မောင်လေး သိပါတယ်၊ ပြီးတော့ ပြန်လာပြီး တို့ကို ပြောပြပါ၊ သူ့အမေကို ပြောပြပါ၊ ဒီအတိုင်းသာ ဆက်သွားနေရင် တို့ သေရပါလိမ့်မယ်၊ ဒါမှမဟုတ် တို့ ထွက်ပြေးရလိမ့်မယ်၊ တို့အနေနဲ့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး၊ တို့ စိတ်ရှည်ပါတယ်၊ ဒါပေမဲ့ ကြာကြာစိတ်ရှည်နိုင်မှာ မဟုတ်ဘူး၊ အဲဒီအခါကျရင် တခုခု ဖြစ်လိမ့်မယ်၊ ဟော မစ္စတာပါကိုတင် ရောက်လာပြီ”

မစ္စက် ကိုကလာကော့ ဟစ်အော်လိုက်သည်။ အခန်းတွင်းသို့ မစ္စတာ ပါကိုတင် ဝင်ရောက်လာသည် ကို တွေ့မြင်ရသောအခါ သူမ၏မျက်နှာ ဝင်းထိန်သွားသည်။

“သူ နောက်ကျတာပဲ၊ သူ နောက်ကျတာပဲ၊ ကဲ ထိုင်ပါဦး၊ ပြောပါဦး၊ ကျွန်မတို့ စိတ်မောနေရတာကို ဖြေပါဦး၊ ရှေ့နေက ဘာပြောလိုက်သလဲ၊ မောင်လေး ဘယ်သွားမလို့လဲ၊ အလက်ဇီ ...”

“လီဆို့ဆီကို ...”

“ဩော် ... ဟုတ်ပြီ၊ တို့ပြောတာကို မောင်လေး မမေ့နဲ့နော်၊ တို့ပြောတာကို မမေ့နဲ့နော်၊ ဒီကိစ္စက သေရေးရှင်ရေး ပြဿနာပဲ”

“ဟုတ်ကဲ့၊ ကျွန်တော် မမေ့ပါဘူး၊ တကယ်လို့ အချိန်ရရင်ပေါ့၊ ဒါပေမဲ့ နောက်ကျနေပြီလို့ ကျွန်တော် ထင်တယ်” အလျှိုရှာ ယင်းသို့ပြောပြီး လျင်မြန်စွာ ထွက်သွားသည်။

“မဟုတ်ဘူး၊ မောင်လေး ပြန်လာပြီး တို့ကို ပြောရမယ် “တကယ်လို့ အချိန်ရရင် တွေ ဘာတွေ လုပ်မနေနဲ့၊ မောင်လေး ပြန်မလာရင် တို့ သေရလိမ့်မယ်”

မစ္စက် ကိုကလာကော့ သူ့ကို လှမ်းအော်ပြီး ပြောသည်။ သို့သော် ထိုအချိန်တွင် အလျှိုရှာသည် အခန်းထဲမှ ထွက်သွားပြီ ဖြစ်သည်။

၃။ မာရ်နတ်၏ သမီးပျိုကလေး

လီဆီ၏ အခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ ဘီးတပ်ကုလားထိုင်ပေါ်တွင် ခပ်စောင်းစောင်း ကလေး ထိုင်နေသော သူမကို အလျှိုရှာ တွေ့ရှိရသည်။ လီဆီသည် သူမဘာသာ လမ်းမလျှောက်နိုင် ကတည်းက ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနေရခြင်း ဖြစ်သည်။

သူမက သူ့ကို ကြိုဆိုရန် လှုပ်ရှားခြင်း မပြုပါ။ သို့သော် သူမ၏ စူးရှထက်မြက်သော မျက်လုံးများက သူ့ကို မျက်တောင်မခတ် ကြည့်နေသည်။ သူမ၏ မျက်လုံးများတွင် နာမကျန်းရိပ် ရှိနေပြီး မျက်နှာက ဖြူရော်ဝါကြင့်နေသည်။ သူမအနေနှင့် သုံးရက်အတွင်း ဤမျှ ပြောင်းလဲသွားသည်ကို တွေ့ရသော အခါ အလျှိုရှာ များစွာမှ အံ့သြရသည်။ သူမသည် ပိန်သွားသည်ဟုပင် ထင်ရသည်။ သူမက သူ့ထံသို့ လက်ဆန့်တန်းပေးခြင်း မရှိပါ။ ဂါဝန်ပေါ်တွင် မလှုပ်မယှက်ရှိသော သူမ၏ ရှည်လျားသေးသွယ် သော လက်ချောင်းကလေးများကို သူ ထိကိုင်ပြီးနောက် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်တွင် တိတ်ဆိတ်ငြိမ်သက်စွာ သူ ထိုင်လိုက်သည်။

"အစ်ကို ထောင်ဝင်စာ သွားတွေ့ဖို့ သိပ်အရေးကြီးနေတယ်ဆိုတာ ညီမ သိပါတယ်။ အဲဒါကို အမေက နှစ်နာရီလောက် အချိန်ဆွဲထားပြီး ညီမနဲ့ ဂျူလီယာအကြောင်း ပြောနေတာ မဟုတ်လား" လီဆီ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"အဲဒါကို ညီမ ဘယ်လိုလုပ်ပြီး သိသလဲ" အလျှိုရှာ မေးလိုက်သည်။

"ညီမ ချောင်းပြီး နားထောင်နေတာပေါ့၊ အစ်ကို ဘာဖြစ်လို့ ညီမကို စိုက်ကြည့်နေရတာလဲ၊ ညီမ နားထောင်ချင်ရင် နားထောင်မှာပဲပေါ့၊ ဒါ ဘာမှ မမှားပါဘူး၊ ဘာမှ တောင်းပန်စရာ မရှိပါဘူး"

"ညီမ တခုခုအတွက် စိတ်မကောင်း ဖြစ်နေသလား"

"ဘာမှမဖြစ်ဘူး၊ ညီမ ပျော်နေတာပဲ၊ ညီမ အစ်ကို့ကို ငြင်းလိုက်ပြီး အစ်ကို့ရဲ့ဇနီး မဖြစ်ရတာ အများကြီး ကောင်းတယ်လို့ ညီမ စဉ်းစားမိတာ အခါတရာလောက် ရှိသွားပြီ၊ အစ်ကိုဟာ ခင်ပွန်းကောင်းတယောက် မဟုတ်ဘူး၊ ညီမ အစ်ကိုနဲ့ လက်ထပ်ပြီး အစ်ကို့နောက်မှ ညီမချစ်ရတဲ့ လူတယောက်ဆီကို စာပေးခိုင်းရင် အစ်ကို သွားပေးမှာပဲ၊ နောက်ပြီးတော့ အဲဒီလူဆီက အဖြေကို လည်း ပြန်ယူလာပေးမှာပဲ၊ အစ်ကိုဟာ အသက်လေးဆယ်အရွယ်လောက် ရောက်တဲ့အထိလည်း ညီမရဲ့ရည်းစားစာတွေကို ပို့ပေးနေမှာပဲ"

သူမ ရုတ်တရက် ရယ်လိုက်သည်။

“ညီမမှာ မကောင်းတဲ့ မစ္ဆရိယစိတ်တွေ ရှိနေသလို တချိန်တည်းမှာပဲ ညီမဟာ အင်မတန် ရိုးသား ပွင့်လင်းတယ်” အလျှိုရှာက သူမကို ပြုံးရယ်ကာ ပြောလိုက်သည်။

“ရိုးသားပွင့်လင်းတာကတော့ အစ်ကို့ကို ညီမ မရှက်တဲ့အတွက်ပဲ၊ ဒါထက်ပိုပြီး ပြောရရင်တော့ ညီမက အစ်ကို့ကို မရှက်ချင်ဘူး၊ အစ်ကိုနဲ့ မရှက်ချင်ဘူး၊ အစ်ကို့ကို ညီမ ဘာဖြစ်လို့ မလေးစားသလဲ မသိဘူး၊ အစ်ကို့ကို ညီမ သိပ်ပြီး သဘောကျတယ်၊ ဒါပေမဲ့ မလေးစားဘူး၊ တကယ်လို့ အစ်ကို့ကို ညီမ လေးစားတယ်ဆိုရင် အစ်ကို့ကို ညီမ ရှက်နေမှာပဲ၊ မဟုတ်ဘူးလား”

“ဟုတ်တယ်”

“အစ်ကို့ကို ညီမ မရှက်ဘူးဆိုတာ အစ်ကို ယုံသလား”

“မယုံဘူး”

လီဆာ ချောက်ချားစွာ ရယ်လိုက်သည်။ သူမက စကားကို မြန်မြန်ကြီး ပြောဆိုလျက်ရှိသည်။

“အစ်ကို့ရဲ့အစ်ကို ဒီမီထရီဆီကို ညီမ မုန့်ပို့လိုက်တယ်၊ အလျှိုရှာ... အစ်ကိုဟာ သိပ်ချစ်စရာ ကောင်းတာပဲ၊ အစ်ကို့ကို မချစ်ဖို့ အစ်ကိုက ဒီလောက်မြန်မြန်ကြီး ခွင့်ပြုလိုက်တဲ့အတွက် အစ်ကို့ကို ညီမ အရမ်းချစ်တာပဲ”

“အစ်ကို့ကို ကနေ့ ဘာကိစ္စနဲ့ ခေါ်တာလဲ လီဆီ”

“ညီမရင်ထဲမှာ ဖြစ်နေတဲ့ဟာကို ပြောချင်လို့ပဲ၊ ညီမကို ဘယ်သူကပဲဖြစ်ဖြစ် နှိပ်စက် ညှဉ်းပန်းစေ ချင်တယ်၊ ညီမကို လက်ထပ်ပြီး ညီမကို နှိပ်စက်ညှဉ်းပန်းစေချင်တယ်၊ ညီမကို လိမ်လည် လှည့်ဖြားပြီး ပစ်ထားခဲ့စေချင်တယ်၊ ညီမအနေနဲ့ မပျော်ချင်ဘူး”

“ဝရုန်းသုန်းကား ဗရုတ်သုတ်ခ ဖြစ်တာတွေကို ညီမ သဘောကျတယ်ပေါ့၊ ဟုတ်လား”

“အင်း ဟုတ်တယ်၊ ဝရုန်းသုန်းကား ဗရုတ်သုတ်ခ ဖြစ်တာတွေကို ညီမ သဘောကျတယ်။ အိမ်ကြီးကို ညီမ မီးရှို့ပစ်ချင်တယ်၊ အိမ်ကြီးကို ညီမ တိတ်တိတ်ကလေးသွားပြီး မီးရှို့ပစ်ချင်တယ်၊ ဟုတ်တယ်၊ တိတ်တိတ်ကလေး လုပ်ရမယ်၊ မီးကို သူတို့ ဝိုင်းပြီး ငြိမ်းကြလိမ့်မယ်၊ ဒါပေမဲ့ အိမ်ကြီးဟာ လောင်မြဲ လောင်နေလိမ့်မယ်၊ ဒီအကြောင်းကို ညီမ သိပေမဲ့ ဘာမှမပြောဘူး၊ အို

ဘယ်လောက်များ အဓိပ္ပာယ်မရှိသလဲ၊ ဘယ်လောက်များ ငြီးငွေ့စရာ ကောင်းသလဲ”

သူမက စိတ်ပျက်ဟန်ဖြင့် လက်ကို ဝှေ့ယမ်းလိုက်သည်။

“ညီမရဲ့ဘဝက ချမ်းသာလွန်းလို့ပဲ”

အလျှိုရှာက ခပ်အေးအေးကလေးပင် ပြောလိုက်သည်။

“ဒါဖြင့် ဆင်းရဲရင် ပိုကောင်းမလား”

“အင်း .. ပိုကောင်းတယ်”

“ဒါ အစ်ကို့ကို ကွယ်လွန်သူ ခင်ကြီးဘုရားက ပြောတာ မဟုတ်လား၊ ဒါ မမှန်ဘူး၊ ညီမက ချမ်းသာနေပြီး တခြားလူတွေအားလုံး ဆင်းရဲနေတော့ ဘာဖြစ်သလဲ၊ ညီမက အချိုအဆိမ့်တွေစား၊ မလိုင်တွေသောက်ပြီး ဘယ်သူ့ကိုမှ ဘာမှမပေးဘူး၊ အို .... အစ်ကို ဘာမှမပြောနဲ့” သူမက သူ့ကို လက်ကာပြီး ပြလိုက်သည်။ သို့သော် အလျှိုရှာက နည်းနည်းကလေးမျှပင် ပါးစပ်မလှုပ်ပါ။ “အစ်ကို ဘာမှမပြောနဲ့၊ အစ်ကို အရင်က ပြောပြီးပြီ၊ ညီမ အားလုံး အလွတ်ရနေပြီ၊ အလကား နားညည်းစရာတွေပဲ၊ ညီမ ဆင်းရဲလို့ရှိရင် တယောက်ယောက်ကို ညီမ သတ်မယ်၊ ညီမ ချမ်းသာလို့ ရှိရင်လည်း တယောက်ယောက်ကို သတ်ချင် သတ်မှာပဲ၊ အလကား ထိုင်ပြီး ဘာမှမလုပ်ဘဲနေတာ ဘာအဓိပ္ပာယ်ရှိသလဲ၊ ညီမ ဘာလုပ်ချင်တယ်ဆိုတာ အစ်ကို သိသလား၊ ညီမ ကောက်ရိတ်ချင်တယ်၊ ဂျုံပင်တွေကို ရိတ်ချင်တယ်။ အစ်ကို့ကို ညီမ လက်ထပ်မယ်၊ အစ်ကိုဟာ လယ်သမားတယောက် ဖြစ်ရမယ်၊ တကယ့်လယ်သမား စစ်စစ်ကြီးတယောက် ဖြစ်ရမယ်၊ ညီမတို့ မြင်းကလေး တကောင် မွေးထားမယ်၊ အစ်ကို သဘောကျသလား၊ ကာဂါနော့ကို အစ်ကို သိသလား”

“သိတယ်”

“သူက အမြဲတမ်း စိတ်ကူးယဉ်နေတာပဲ၊ သူက ပြောတယ်၊ ဘာဖြစ်လို့ တကယ့်ဘဝကြီးထဲမှာ နေနေမလဲတဲ့။ စိတ်ကူးယဉ် အိပ်မက်မက်ပြီး နေတာက အများကြီးကောင်းတယ်တဲ့၊ လူတယောက် ဟာ ပျော်ရွှင်စရာ အကောင်းဆုံးတွေကို စိတ်ကူးယဉ်နိုင်တယ်၊ ဒါပေမဲ့ တကယ့်ဘဝကတော့ ပျင်းရိငြီးငွေ့စရာကြီးတဲ့၊ ဒါပေမဲ့ သူက မကြာခင် လက်ထပ်တော့မယ်၊ သူက ညီမကို မေတ္တာရှိနေ တယ်လို့ ပြောတယ်၊ အစ်ကို ဂျင်ပေါက်တတ်သလား”

“အင်း”

“အ ... သူဟာ ဂျင်ကလေး တလုံးပဲ၊ သူ့ကို ကြိုးနဲ့ ရစ်ပြီး လည်နေအောင်

လှည့်ပေးရမယ်၊ ပြီးတော့ ရိုက်ရမယ်၊ ကြာပွတ်နဲ့ နာနာရိုက်ပေးရမယ်၊ ညီမ သူ့ကို လက်ထပ်ရင် သူ့ကို တသက်လုံး လည်နေအောင် လှည့်ထားမယ်၊ အစ်ကို ညီမနဲ့အတူ ထိုင်နေရတာ မရှက်ဘူးလား”

“မရှက်ပါဘူး”

“သန့်ရှင်းမြင့်မြတ်တဲ့ အကြောင်းတွေကို မပြောလို့ ညီမကို အစ်ကို စိတ်ဆိုးနေတယ် မဟုတ်လား၊ ညီမက မမြင့်မြတ်ချင်ဘူး၊ ဒုစရိုက်မှုကြီးတခုကို ကျူးလွန်တဲ့ လူတယောက်ကို နောက်ဘဝကျရင် သူ့ကို ဘာလုပ်ကြမလဲ၊ ဒီအကြောင်းတွေကို အစ်ကို သိပါတယ်”

“ဘုရားသခင်က အပြစ်တင်မှာပေါ့”

အလျှိုရှာက သူမကို သေသေချာချာကြည့်ရင်း ပြောလိုက်သည်။

“ညီမ လိုချင်တာ အဲဒါပဲ၊ ကောင်းကင်ဘုံကို ညီမ တက်သွားမယ်၊ သူတို့က ညီမကို အပြစ်တင်ကြ လိမ့်မယ်၊ ညီမက သူတို့ရှေ့မှာ တအားအော်ပြီး ရယ်ပြလိုက်မယ်၊ အို ညီမ တကယ်ပဲ အိမ်တအိမ်ကို မီးရှို့ပစ်လိုက်ချင်တယ် အလျှိုရှာ၊ ညီမတို့အိမ်ကို ရှို့ပစ်ချင်တယ်၊ ညီမပြောတာ အစ်ကို မယုံဘူးလား”

“ဘာဖြစ်လို့ မယုံရမှာလဲ၊ အသက် တဆယ့်နှစ်နှစ်အရွယ် ကလေးငယ်တွေက တခုခုကို မီးရှို့ချင်ကြ တယ်၊ တကယ်လည်း သူတို့ ရှို့ကြတယ်၊ ဒါဟာ ရောဂါတမျိုးပဲ”

‘အဲဒါ မဟုတ်ဘူး ... အဲဒါ မဟုတ်ဘူး၊ အဲဒီလို ကလေးမျိုးတွေ ရှိချင်ရှိမယ်၊ ဒါပေမဲ့ ညီမ ပြောတာ ဒီအဓိပ္ပာယ် မဟုတ်ဘူး”

“ညီမက အဆိုးကို အကောင်းလို့ ထင်နေတာပဲ၊ ဒါဟာ တဒင်္ဂပြဿနာပဲ၊ ညီမ နေမကောင်းရာကနေ လာတာပဲ”

“အဲဒီတော့ အစ်ကို ညီမကို အထင်သေးတယ် မဟုတ်လား၊ ညီမအနေနဲ့ ရှင်းရှင်းကလေးပဲ၊ ကောင်းတာ တခုမှ မလုပ်ချင်ဘူး၊ မကောင်းတာတွေကိုပဲ လုပ်ချင်တယ်၊ ဒါဟာ ညီမ နေမကောင်းတာနဲ့ ဘာမှမဆိုင်ဘူး”

“ဘာဖြစ်လို့ မကောင်းတာကို လုပ်ချင်ရတာလဲ”

“အားလုံး ပျက်စီးကုန်အောင်ပဲ၊ ဘာတခုမှ မကျန်ဘဲ အားလုံး ပျက်စီးကုန်ရင် ဘယ်လောက် ကောင်းမလဲ။ ဒီမယ် အလျှိုရှာ၊ ညီမဟာ တခါတခါမှာ အဆိုးတွေကို လုပ်ချင်တယ်၊ မကောင်းတာ တွေ မှန်သမျှပဲပေါ့၊ အဲဒါတွေကို သူများတွေ မသိအောင် အကြာကြီး လုပ်နေချင်တယ်၊ နောက်ဆုံးကျမှ

တယောက်ယောက်က ဖြုန်းခနဲ သိသွားရမယ်၊ အဲဒီအခါကျရင် သူတို့အားလုံး ညီမကို ဝိုင်းပြီး လက်ညှိုးထိုးကြလိမ့်မယ်၊ ညီမက သူတို့အားလုံးကို ရင်ဆိုင်မယ်၊ အဲဒါ ဘယ်လောက် ကောင်းလိုက်မလဲ၊ အဲဒါဟာ ဘာဖြစ်လို့ ဒါလောက်တောင် ကောင်းရသလဲ အလျှိုရှာ”

“ကိုယ် မသိဘူး၊ အကောင်းကို ဖျက်ဆီးချင်တဲ့စိတ်ကြောင့် ဖြစ်မှာပဲ၊ ဒါမှမဟုတ် ညီမ ပြောတဲ့ အတိုင်း မီးရှို့ချင်တဲ့စိတ်ကြောင့် ဖြစ်မှာပဲ၊ ဒါမျိုးဟာ တခါတခါမှာ ဖြစ်တတ်ပါတယ်”

“ညီမက ပြောရုံပြောနေတာ မဟုတ်ဘူး၊ လုပ်ကိုလုပ်မှာ”

“ယုံပါတယ်”

“အို ... ညီမကို ယုံတယ်လို့ ပြောတဲ့အတွက် အစ်ကို့ကို သဘောကျလိုက်တာ၊ နောက်ပြီးတော့ အစ်ကို လိမ်ပြောနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ ညီမက ဒါတွေကို အစ်ကို့ကို အနှောင့်အယှက်ပေးတဲ့အနေနဲ့ တမင်တကာ ပြောနေတာပဲလို့တော့ အစ်ကို ထင်နိုင်တယ်”

“ဟင့်အင်း၊ အစ်ကို မထင်ပါဘူး၊ ဒါပေမဲ့ အဲဒီလိုသဘောမျိုး နည်းနည်းတော့ ရှိနေနိုင်တယ်”

“ဟုတ်တယ်၊ နည်းနည်းတော့ ရှိပါတယ်။ အစ်ကို့ကို ညီမ မလိမ်ပါဘူး”

သူမက ကြေညာလိုက်သည်။ သူမ၏ မျက်လုံးတွင် ထူးဆန်းသောအရောင်တခု လက်နေသည်။ သူမအနေနှင့် အလေးအနက် ပြောဆိုနေကြောင်း အလျှိုရှာ သဘောပေါက်သည်ထက် ပေါက်လာ သည်။ သူမ၏ မျက်နှာတွင် ပျော်စေပြက်စေသဘော နောက်ပြောင်သည့်သဘော အလျဉ်းမတွေ့ရပါ။ အရင်တုန်းကဆိုလျှင် သူမသည် ဘယ်လောက်ပင် အလေးအနက်ရှိစေကာမူ ပျော်စေ ပြက်စေနှင့် နောက်ပြောင်သည့်သဘောများက ပျောက်ကွယ် မသွားတတ်ပါ။

“လူတွေဟာ တခါတခါမှာ ရာဇဝတ်မှုကို ချစ်တတ်ကြတယ်” အလျှိုရှာ စဉ်းစားချင့်ချိန်စွာ ပြောလိုက်သည်။

“ဟုတ်တယ် ... ဟုတ်တယ်၊ ညီမစိတ်ထဲမှာ ရှိနေတာကို အစ်ကို ပြောလိုက်တာပဲ၊ လူတွေဟာ ရာဇဝတ်မှုကို ချစ်ကြတယ်၊ လူတိုင်း လူတိုင်း ချစ်ကြတယ်၊ အမြဲတမ်း ချစ်ကြတယ်၊ တခါတခါမှ ချစ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ လူတွေက ဒါကို သိပြီး လိမ်ထားကြတဲ့သဘောပဲ၊ သူတို့ဟာ အစကတည်းက လိမ်ခဲ့ကြတယ်၊ မကောင်းမှုကို မုန်းတယ်လို့ အားလုံး ပြောကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့

ရင်ထဲ အသည်းထဲကတော့ ချစ်နေကြတယ်”

“ညီမဟာ မကောင်းဆိုးဝါး စာအုပ်တွေကို အခုအထိ ဖတ်နေတုန်းပဲလား”

“ဟုတ်တယ်၊ အမေက အဲဒီစာအုပ်တွေကို ဖတ်ပြီး ခေါင်းအုံးအောက်မှာ ဝှက်ထားတယ်၊ ညီမက ခိုးပြီးဖတ်တယ်”

“ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေတာကို ညီမ မရှက်ဘူးလား”

“ညီမကိုယ်ညီမ ဖျက်ဆီးပစ်ချင်တယ်၊ ညီမတို့ဆီမှာ ကောင်ကလေးတယောက် ရှိတယ်၊ ရထားသံလမ်း နှစ်ခုကြားမှာ လှဲအိပ်နေပြီး ရထားကြီးက သူ့အပေါ်က ဖြတ်သွားတယ်၊ အတော် ကံကောင်းတဲ့ ကောင်ကလေးပဲ၊ နေဦး။ အစ်ကို့ရဲ့အစ်ကိုကို သူ့အဖေ သတ်မှုနဲ့ အခု အမှုစစ်နေတယ်၊ ဒါပေမဲ့ သူ့အဖေကို သတ်တဲ့အတွက် သူ့ကို လူတိုင်းက ချစ်နေကြတယ်”

“သူ့အဖေကို သတ်တဲ့အတွက် သူ့ကို ချစ်နေကြတယ်၊ ဟုတ်လား”

“ဟုတ်တယ်၊ သူ့ကို အားလုံးကပဲ ချစ်နေကြတယ်၊ အင်မတန် ကြောက်စရာကောင်းတာပဲလို့ သူ့ကို ပြောကြတယ်၊ ဒါပေမဲ့ ဝမ်းထဲကတော့ သဘောကျနေကြတယ်၊ အဲဒီအထဲမှာ ညီမလည်း တယောက် ပါတယ်”

“လူတိုင်းလို့ ပြောတဲ့နေရာမှာ နည်းနည်းတော့ မှန်ပါတယ်”

အလျှိုရှာ တိုးညင်းစွာ ပြောလိုက်သည်။

“အို ... အစ်ကိုရဲ့ ဘယ်လောက် အံ့သြစရာကောင်းတဲ့ အယူအဆတွေလဲ” လီဆီ ဝမ်းသာအားရ ဟစ်အော်လိုက်သည်။ “အစ်ကိုဟာ ဘုန်းကြီးတပါးပဲ၊ အစ်ကိုဟာ မုသား မပြောတတ်တဲ့အတွက် အစ်ကို့ကို ညီမ ဘယ်လောက် လေးစားတယ်ဆိုတာ အစ်ကို ယုံမှာ မဟုတ်ဘူး အလျှိုရှာ။ အို ... နေဦး၊ အစ်ကို့ကို အင်မတန် ရယ်စရာကောင်းတဲ့ အိပ်မက်တခုအကြောင်း ပြောပြရဦးမယ်၊ ညီမဟာ မကြာမကြာ ဆိုသလို မကောင်းဆိုးဝါးတွေအကြောင်း အိပ်မက် မက်တတ်တယ်။ ညတညမှာပေါ့၊ ညီမရဲ့အခန်းထဲမှာပဲပေါ့၊ ဖြုန်းခနဲဆို အခန်းထဲမှာ မကောင်းဆိုးဝါးတွေ ရောက်နေကြတယ်၊ အခန်းထောင့်တွေနဲ့ စားပွဲအောက်တွေမှာပေါ့၊ တံခါးတွေကို သူတို့ ဖွင့်ကြတယ်၊ တံခါးတွေရဲ့ နောက်မှာ မကောင်းဆိုးဝါးတွေ တအုပ်ကြီး ရှိနေတယ်၊ သူတို့အားလုံးကပဲ ညီမကို လာပြီး ဖမ်းချင်ကြတယ်။

“ဒါပေမဲ့ ညီမကိုယ်ကို လက်ဝါးကပ်တိုင် ခတ်လိုက်ရင် သူတို့အားလုံး နောက်ကို ဆုတ်သွားကြတယ်၊ သူတို့အားလုံး ကြောက်သွားတယ်၊ တခုပဲ ရှိတယ်၊

တခြားကိုတော့ သူတို့ ထွက်မသွားကြဘူး၊ တံခါးနားမှာ အခန်းထောင့်တွေမှာ သူတို့ စောင့်နေကြတယ်၊ အဲဒီအချိန်မှာ ညီမက ဘုရားသခင်ကို အသံထွက်ပြီး ကျိန်ဆဲလိုက်လို့ရှိရင် သူတို့အားလုံး ညီမဆီကို အုပ်လိုက်ကြီး ပြေးဝင်လာကြတယ်၊ သူတို့ဟာ သိပ်ကို သဘောကျ ကျေနပ်သွားကြတယ်၊ သူတို့က ညီမကို ဖမ်းမယ်ဆီးမယ် လုပ်ကြပြန်တယ်၊ တခါ ညီမက လက်ဝါးကပ်တိုင် ခတ်လိုက်ပြန်ရင် သူတို့အားလုံး နောက်ဆုတ်သွား ကြပြန်တယ်၊ အတော် သဘောကျစရာတော့ ကောင်းတယ်။ ရင်တထိတ်ထိတ် ဖြစ်နေရတာပဲ”

“အစ်ကိုလည်း ဒီလိုမျိုး အိပ်မက် မက်ဖူးပါတယ်” အလျှိုရှာ ရုတ်တရက် ပြောလိုက်သည်။

“တကယ်ပဲလား” အံ့အားသင့်စွာဖြင့် ဟစ်အော်လိုက်သည်။ “ဒီမယ် အလျှိုရှာ ညီမကို မနောက်ပါနဲ့၊ သိပ်အရေးကြီးတယ်၊ အိပ်မက် တမျိုးတည်းကို လူနှစ်ယောက် မက်နိုင်သလား”

“ကိုယ်တော့ မက်နိုင်တယ်လို့ ထင်တာပဲ”

“ညီမ ပြောမယ် အလျှိုရှာ၊ ဒီဥစ္စာက သိပ်အရေးကြီးတယ်” လီဆီ အထူးပင် အံ့ဩနေဟန်ဖြင့် ဆက်ပြီး ပြောသည်။ “အိပ်မက်က အရေးကြီးတာ မဟုတ်ဘူး၊ ညီမလိုအိပ်မက်မျိုး အစ်ကို မက်တယ် ဆိုတာက အရေးကြီးတာ။ အစ်ကို ညီမကို ဘယ်တုန်းကမှ မလိမ်ခဲ့ဖူးပါဘူး၊ အခုလည်း ညီမကို မလိမ်ပါနဲ့၊ ဒီဥစ္စာ အမှန်ပဲလား၊ အစ်ကို နောက်နေတာ မဟုတ်ပါဘူးနော်”

“အမှန်ပါပဲ”

လီဆီသည် တစုံတခုကို အထူးပင် စိတ်ဝင်စားမိဟန်ရှိပြီး မိနစ်ဝက်ခန့် တိတ်ဆိတ်နေပါသည်။

“အလျှိုရှာ ... ညီမကို လာတွေ့ပါ၊ မကြာမကြာ လာတွေ့ပါ”

သူမက အထူးတောင်းပန်သော လေသံဖြင့် ကောက်ကာငင်ကာ ပြောလိုက်သည်။

“ညီမကို အစ်ကို အမြဲတမ်း လာတွေ့ပါ့မယ်၊ တသက်လုံး လာတွေ့ပါ့မယ်”

အလျှိုရှာ ခိုင်ကျည်စွာ တုံ့ပြန်လိုက်သည်။

“ညီမ စကားပြောနိုင်တဲ့လူဆိုလို့ အစ်ကိုတယောက်ပဲ ရှိတယ်၊ ညီမ ဘယ်သူ့ကိုမှ စကားမပြောဘူး၊ ကိုယ့်ကိုယ်ကိုယ်နဲ့ အစ်ကို့ကိုပဲ ပြောမယ်၊ ဒီကမ္ဘာလောကကြီးမှာ အစ်ကိုတယောက်တည်းကိုပဲ ပြောမယ်၊ ညီမကိုယ်ညီမထက်

အစ်ကို့ကို ပိုပြောချင်တယ်၊ အစ်ကို့ရှေ့မှာ ညီမ နည်းနည်းကလေးမှ မရှက်ဘူး ... နည်းနည်းကလေးမှ မရှက်ဘူး၊ အစ်ကို့ရှေ့မှာ ညီမ ဘာဖြစ်လို့ နည်းနည်းကလေးမှ မရှက်ရတာလဲ၊ နည်းနည်းကလေးမှ မရှက်ရတာလဲ၊ အီစတာပွဲတော်မှာ ရဟူဒီတွေက ကလေးတွေ ကို ခိုးပြီး သတ်ပစ်တယ်ဆိုတာ တကယ်ပဲလား အလျှိုရှာ"

"အစ်ကို မသိဘူး"

"စာအုပ်တအုပ်ထဲမှာ အမှုတခုအကြောင်း ညီမ ဖတ်ရတယ်၊ ရဟူဒီတယောက်ဟာ လေးနှစ်သား အရွယ် ကလေးတယောက်ကို ခိုးပြီး လက်နှစ်ဖက်က လက်ချောင်းတွေကို ဖြတ်ပစ်တယ်တဲ့၊ ပြီးတော့ နံရံပေါ်မှာ ကားစင်တင်တယ်တဲ့၊ နံရံပေါ်မှာ သံရိုက်ပြီး ကားစင်တယ်တယ်တဲ့၊ အမှု စစ်ဆေးတဲ့အခါမှာ ကလေးဟာ ချက်ချင်းပဲ သေသွားတယ်လို့ သူပြောတယ်၊ လေးနာရီအတွင်းမှာ သေသွားတယ်တဲ့၊ တကယ် ချက်ချင်းပဲ၊ ကလေးဟာ ငိုညည်းနေတယ်တဲ့၊ သူက အနားကနေ ရပ်ပြီး အရသာခံနေတယ်တဲ့၊ အဲဒါ ကောင်းတယ်"

"ကောင်းတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကောင်းတယ်။ အဲဒီကလေးကို ကားစင်တင်တဲ့လူဟာ ညီမပဲလို့ ညီမ စဉ်းစားဖူးတယ်၊ ကလေးဟာ ကားစင်ပေါ်မှာ ငိုနေမယ်၊ ညည်းနေမယ်၊ ညီမက သူ့ရှေ့မှာထိုင်ပြီး နာနတ်ယို စားနေမယ်၊ ညီမက နာနတ်ယိုကို သိပ်ကြိုက်တယ်၊ အစ်ကို ကြိုက်သလား"

အလျှိုရှာ သူမကို ခပ်မဆိတ် ကြည့်နေသည်။ သူမ၏ ဖြူရော်ဝါကြင်သောမျက်နှာ ရုတ်ခြည်းဆိုသလို ရှုံ့မဲ့ပြီး မျက်လုံးများ အရည်ကြည်လဲ့လာသည်။

"အဲဒီ ရဟူဒီအကြောင်း ဖတ်ရတုန်းက ညီမ တညလုံး တရှုံ့ရှုံ့ ငိုခဲ့ရတယ်၊ ကလေး ဘယ်လို အော်ပြီး ဘယ်လိုငိုမလဲဆိုတာ ညီမ စဉ်းစားကြည့်တယ် (လေးနှစ်သားကလေးပဲ ရှိသေးတယ် အစ်ကို) နောက်ပြီးတော့ အဲဒီ နာနတ်ယိုအတွေးကလည်း ခေါင်းထဲမှာ ဝင်နေတယ်။ နောက်တနေ့မနက်မှာ လူတယောက်ဆီကို ညီမ စာရေးလိုက်တယ်၊ ညီမကို လာတွေ့ဖို့ ပြောလိုက်တယ်၊ သူ ရောက်လာတယ်၊ ညီမက ကောင်ကလေးအကြောင်းနဲ့ နာနတ်ယို အကြောင်း ပြောပြလိုက်တယ်။ အားလုံးပဲ ပြောပြလိုက်တယ်၊ အားလုံးပဲ။ ပြီးတော့ အဲဒါ 'ကောင်းတယ်' လို့ ပြောလိုက်တယ်၊ သူ ဖြုန်းစားကြီး ရယ်လိုက်တယ်၊ ပြီးတော့ 'ကောင်းတယ်' လို့ ပြောတယ်။ ပြီးတော့ သူ ထိုင်ရာကထပြီး ပြန်သွားတယ်၊ သူ ညီမကို အထင်သေးသွားသလား ဟင်၊ သူ အထင်သေးသွားသလား၊ ညီမကို

ပြောစမ်းပါ အလျှံရာ ညီမကို ပြောစမ်းပါ၊ ညီမကို သူ အထင်သေးသလား၊ မသေးဘူးလား”

သူမက ဆက်တီပေါ်တွင် ခပ်မတ်မတ်ထိုင်ကာ မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း မေးသည်။

“အစ်ကို့ကို ပြောစမ်းပါ၊ အဲဒီလူကို ညီမက ခေါ်တာလား”

အလျှိုရာ စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

“ဟုတ်တယ်”

“သူ့ဆီကို စာတစောင် ပေးလိုက်သလား”

“အင်း … ပေးလိုက်တယ်”

“သူ့ကို အဲဒီအကြောင်း မေးဖို့၊ ကလေးအကြောင်း မေးဖို့ ဟုတ်လား”

“မဟုတ်ဘူး။ အဲဒါအတွက်တော့ မဟုတ်ဘူး၊ အဲဒါအတွက်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူ ရောက်လာတဲ့အခါမှာ သူ့ကို ညီမ အဲဒီအကြောင်း ခရီးရောက်မဆိုက် မေးမိတယ်၊ သူ အဖြေ ပေးတယ်။ ရယ်တယ်။ ပြီးတော့ ပြန်သွားတယ်”

“အဲဒီလူဟာ ညီမကို ကောင်းကောင်းမွန်မွန် ဆက်ဆံသွားတာပဲ”

“ဒါပေမဲ့ သူ ညီမကို အထင်သေးသွားသလား”

“မသေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နာနတ်ယိုကို သူကိုယ်တိုင်လည်း ယုံလို့ပဲ၊ သူလည်း အခု တော်တော်နေမကောင်းနေဘူး လီဆီ”

“ဟုတ်တယ်၊ အဲဒါကို သူ ယုံတယ်” လီဆီ မျက်တောင်တဖျတ်ဖျတ်ဖြင့် ပြောသည်။

“ဘယ်သူ့ကိုမှ သူ အထင်မသေးပါဘူး” အလျှိုရှာ ဆက်ပြောသည်။ “ဘယ်သူ့ကိုမှ သူ မယုံတာဘဲ ရှိတယ်၊ ဒါပေမဲ့ သူဟာ လူတွေကို မယုံဘူးဆိုရင် … ဟုတ်တယ်၊ လူတွေကို သူ အထင်သေးတာပဲ”

“ညီမကိုရော သူ အထင်သေးသလား၊ ညီမကိုရောလား”

“ဟုတ်တယ်၊ ညီမကိုရောပဲ”

“ကောင်းတယ်” လီဆီ သွားကြိတ်လိုက်သည်။ “သူ ထွက်သွားပြီး ရယ်တာပဲ၊ သူများ အထင်သေး ခံရတာ ညီမကြိုက်တယ်၊ ကလေးကလေး

လက်ဖြတ်ခံရတာ ကောင်းတယ်၊ ပြီးတော့ အထင်သေး ခံရတာ ကောင်းတယ်”

ထို့နောက် အလျှိုရှာကို ကြည့်ပြီး သူမ ရယ်သည်။ မထီတရီသော ပြုံးရယ်ခြင်းမျိုး ဖြစ်သည်။

“အစ်ကို သိသလား ... အလျှိုရှာ၊ အစ်ကို သိသလား၊ ညီမကို အလျှိုရှာ ကယ်တင်စေချင်တယ်”

ဆက်တီပေါ်တွင် ထိုင်နေရာမှ သူမ ရုတ်တရက် ခုန်ထလိုက်ပြီး အလျှိုရှာထံသို့ တရှိန်ထိုး ရောက်ရှိသွားသည်။ အလျှိုရှာကို လက်နှစ်ဖက်ဖြင့် တအား သိုင်းဖက်ထားလိုက်ပြီး ...

“ညီမကို ကယ်ပါ” သူမ၏အသံက ငိုညည်းသလို ရှိနေသည်။ “အစ်ကို့ကို အခု ပြောသလို ဒီကမ္ဘာလောကကြီးမှာ တခြား ဘယ်သူ့ကို ညီမ ပြောစရာရှိသလဲ၊ ညီမပြောတာ အမှန်ပဲ၊ အမှန်ပဲ။ ညီမကိုယ်ညီမ သတ်သေမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကို ညီမ မုန်းလို့ပဲ၊ ညီမ အသက်ရှင်ပြီး မနေချင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကို ညီမ မုန်းလို့၊ အားလုံးကို မုန်းတယ် .... အားလုံးကို မုန်းတယ်။ အလျှိုရှာ ... ညီမကို အစ်ကို ဘာဖြစ်လို့ မချစ်ရတာလဲ”

ကယောင်ချောက်ချားဖြင့် သူမ၏စကား အဆုံးသတ်သွားသည်။

“ညီမကို အစ်ကို ချစ်ပါတယ်” အလျှိုရှာ လှိုက်လှိုက်လှဲလှဲ ပြန်ပြောသည်။

“ညီမအတွက် အစ်ကို ငိုမလား”

“ငိုမှာပေါ့”

“ညီမဟာ အစ်ကို့ဇနီး ဖြစ်မလာတဲ့အတွက် ငိုတာမျိုး မဟုတ်ဘဲနဲ့ ညီမအတွက် ရိုးရိုး ငိုမှာလား”

“ဟုတ်တယ်”

“အို .... အစ်ကိုရယ်၊ ကျေးဇူးတင်လိုက်တာ၊ ညီမ လိုချင်တာက အစ်ကို့ရဲ့ မျက်ရည်ပဲ၊ အားလုံးကပဲ ညီမကိုဒဏ်ခတ်ကြပါစေ၊ ညီမကို သူတို့ရဲ့ခြေထောက်တွေနဲ့ နင်းခြေကြပါစေ၊ အားလုံး အားလုံးကပဲ လုပ်ကြပါစေ၊ တယောက်မကျန် လုပ်ကြပါစေ၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူ့ကိုမှ ညီမ မချစ်လို့ပဲ၊ ညီမပြောတာ အစ်ကို ကြားသလား၊ ဘယ်သူ့ကိုမှ ညီမ မချစ်ဘူး၊ မချစ်ရုံတင် မကသေးဘူး၊ မုန်းတယ်။ ကဲ .... သွားတော့ အလျှိုရှာ၊ အစ်ကိုရဲ့ အစ်ကိုဆီကို သွားရမယ့်အချိန် ရောက်နေပြီ”

သူမက ရုတ်ခြည်းဆိုသလို သူ့ကို ဖက်ထားရာမှ ခွာလိုက်သည်။

"အို ... ညီမကို အခုလိုမျိုး ထားခဲ့လို့ ဖြစ်ပါ့မလား" အလျှိုရှာ ထိတ်လန့်စွာဖြင့် ပြောလိုက်သည်။

"အစ်ကို့ရဲ့အစ်ကိုဆီကို သွားပါ၊ တော်ကြာနေ ထောင်ပိတ်သွားလိမ့်မယ်၊ သွားတော့၊ ဟောဒီမှာ အစ်ကို့ဦးထုပ်၊ မစ်တယာကို ညီမက မေးလိုက်တယ်လို့ ပြောပါ။ သွား... သွား၊ သွားတော့"

သူမက အလျှိုရှာကို တံခါးအပြင်ဘက်သို့ တွန်းထုတ်သည်။ အလျှိုရှာက သူမကို စိတ်မကောင်းစွာ ဖြင့် ဇဝေဇဝါ ကြည့်နေသည်။ သူ့လက်ထဲသို့ စာတစောင် ထည့်လိုက်ကြောင်း ရုတ်တရက် သူ သတိပြုမိသည်။ အကျအန ခေါက်ပြီး ပိတ်ထားသော စာကလေးတစောင် ဖြစ်သည်။ စာရွက်ခေါက် ကို သူ ကြည့်ပြီး အပေါ်တွင် ရေးထားသော လိပ်စာကို တမုဟုတ်ချင်း ဖတ်လိုက်သည်။

"အိုက်ဗင် ကာရာမာဇော့သို့"

လီဆီကို သူ ဖျတ်ခနဲ ကြည့်လိုက်သည်။ သူမ၏မျက်နှာ တင်းမာလျက်ရှိသည်။ "သူ့ကို ပေးလိုက်ပါ၊ သူ့ကို ပေးဖြစ်အောင် ပေးလိုက်ပါ" သူမက သူ့ကို တုန်ယင်ချောက်ချားစွာဖြင့် အမိန့်ပေးနေသည်။ "ကနေ့ ပေးပါ၊ ချက်ချင်း ပေးပါ၊ အစ်ကို မပေးလို့ ရှိရင် ညီမ အဆိပ်သောက်ပြီး သေရလိမ့်မယ်၊ အဲဒါကြောင့် အစ်ကို့ကို ညီမ စာရေးပြီး ခေါ်တာပဲ"

ထို့နောက် သူမက တံခါးကို လျင်မြန်စွာ ဆောင့်ပိတ်လိုက်သည်။ ချက်ထိုးသံ ပေါ်ထွက်လာသည်။ အလျှိုရှာသည် စာကို အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် မစ္စက် ကိုကလာကော့ကို သွားတွေ့ရန် သတိမရတော့ဘဲ အောက်ထပ်သို့ တန်းတန်းမတ်မတ်ကြီး ဆင်းသွားတော့သည်။

အလျှိုရှာ ထွက်သွားသည်နှင့် တပြိုင်နက် လီဆီသည် ချက်ကို ဖြုတ်ပြီး တံခါးကို အနည်းငယ် ဖွင့်လိုက်သည်။ ထို့နောက် သူမ၏လက်ညှိုးကို တံခါးကြားတွင် ညှပ်လိုက်ပြီး တံခါးကို တအား ဆောင့်ပိတ်လိုက်သည်။ သူမ၏လက်ညှိုးကို ညှပ်နေစေသည်။ ဆယ်စက္ကန့်လောက် ကြာသောအခါ တွင်မှ သူမ၏လက်ညှိုးကို ပြန်ထုတ်လိုက်ပြီး သူမ၏ကုလားထိုင်ဆီသို့ ဖြည်းလေးစွာနှင့် ညင်သာစွာ လျှောက်သွားသည်။ ကုလားထိုင်ပေါ်တွင် မတ်မတ်ကြီးထိုင်ကာ ညိုမည်းနေသော သူမ၏ လက်ချောင်းကို စစ်ဆေးကြည့်ရှုသည်။ လက်သည်းအောက်မှ သွေးများ စိမ့်ထွက်နေသည်။ သူမ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။ ထို့နောက် တိုးညင်းစွာ ရွတ်ဆိုသည်။

“ဆိုးတယ် ... ဆိုးတယ်၊ ဆိုးတယ်၊ ဆိုးတယ်”

၄။ ခမ္မတေးနှင့် လျှို့ဝှက်ချက်

အကျဉ်းထောင်တံခါးကို အလှျိုရှာ ထိုးခေါက်သော အချိန်သည် အတော်ကြီး နောက်ကျနေပြီ ဖြစ်သည်။ (နိဝင်ဘာလကလည်း နေ့တာ တိုလှချေသည်)။ အမှောင်ပျိုးစပြုနေပြီ ဖြစ်သည်။ သို့သော် တစုံတရာ အခက်အခဲ မရှိဘဲနှင့် သူ့ကို ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အလှျိုရှာ သိပါသည်။ ကျွန်ုပ်တို့မြို့ကလေးတွင် လုပ်ကိုင်ဆောင်ရွက်နေကြပုံများမှာ အခြားသော အရပ်ဒေသများအတိုင်း ပင် ဖြစ်သည်။ ပဏာမ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ပထမပိုင်းတွင် ဆွေမျိုးများနှင့် မိတ်ဆွေအချို့သာလျှင် ရှောင်လွှဲ၍ မရနိုင်သော ထုံးတမ်းစဉ်လာများကို ကျော်လွှားဖြတ်သန်းပြီး နောက် တရားခံကို တွေ့ဆုံနိုင်ပါသည်။ သို့သော် နောက်ပိုင်းတွင်ကား ထုံးတမ်းစဉ်လာ လုပ်ထုံးလုပ်နည်းများကို လျှော့ပေါ့ခြင်း မပြုသော်လည်း မစ်တယာနှင့် သွားရောက် တွေ့ဆုံသူ အချို့အပေါ်တွင် ခြွင်းချက်များ ထားပေးပါသည်။ အမှန်ပင်ဖြစ်သည်။ တခါတရံတွင် စီစဉ် သတ်မှတ်ထားသော အခန်းအတွင်း မစ်တယာနှင့် တွေ့ဆုံရာတွင် ထောင်မှူး ထောင်ကြပ်များပင် စောင့်ကြပ် ကြည့်ရှုနေခြင်း မရှိပါ။

သို့သော် ဤအခွင့်အရေးမျိုးကို ရရှိသူ များများစားစား မရှိပါ။ ဂရုရှင်ကာ၊ အလှျိုရှာနှင့် ရာကီတင် တို့သာ ဖြစ်သည်။ ယခုအချိန်တွင် ခရိုင်ရာဇဝတ်ဝန် မာကာရှေ့သည် ဂရုရှင်ကာကို အထူးပင် မျက်နှာသာပေးလျက် ရှိပါသည်။ အဘိုးကြီးသည် မိုကရိုယီတုန်းက ဂရုရှင်ကာကို ပြစ်တင် ပြောဆိုမိခဲ့သည့်အတွက် အထူးပင် စိတ်မကောင်း ဖြစ်နေသည်။ နောက်ပိုင်းတွင် သူမ၏ဘဝ တခုလုံးကို ကြားသိရသောအခါ သူမအပေါ်တွင် ထားရှိသော သူ၏သဘောထား လုံးဝ ပြောင်းလဲသွားသည်။ ထို့ပြင် အံ့သြစရာကောင်းသည့် တခုကတော့ အဘိုးကြီးသည် မစ်တယာကို ပြစ်မှုကျူးလွန်သူတဦးအဖြစ် ကောင်းစွာ ယုံကြည်ထားသော်လည်း မစ်တယာ အဖမ်းခံနေရသည့် နောက်ပိုင်းတွင် သူ့အပေါ်တွင် နားလည် ခွင့်လွှတ်ခြင်းများ ရှိလာသည်။ "လူက လူကောင်း တယောက်ပဲ၊ ဒါပေမဲ့ အသောက်အစားနဲ့ အပျော်အပါး များတဲ့အတွက် သူ့ဘဝ ပျက်စီးသွားရတာပဲ" ဟု ယူဆသည်။ ယခင်က သူ၏ထိတ်လန့်တုန်လှုပ်မှုများတွင် ယခုအခါ သနားကြင်နာမှုများ ဝင်ရောက်လာသည်။

အလှျိုရှာနှင့် ပတ်သက်၍မူကား ခရိုင်ရာဇဝတ်ဝန်ကြီးသည် အလှျိုရှာကို အစောကြီးကတည်းကပင် သိကျွမ်းခဲ့ပြီး ချစ်ခင်နှစ်သက်ခြင်း ရှိလေသည်။ နောက်ပိုင်းရက်များတွင် မစ်တယာထံသို့ မကြာခဏ ဆိုသလို လာရောက်လျက်ရှိသော ရာကီတင်မူကား ခရိုင် ရဲဝန်ကြီး၏ အမျိုးသမီးကလေးများနှင့် အထူး ရင်းနှီးကျွမ်းဝင်သူဖြစ်ပြီး (ရာကီတင်က

ခရိုင်ရဲဝန်ကြီး၏သမီးများကို 'ခရိုင်ရဲဝန်ကြီး၏ အမျိုးသမီးကလေးများ' ဟု ခေါ်ဆိုလေ့ ရှိသည်) ၎င်းတို့၏အိမ်သို့ အမြဲ ဝင်ထွက်သွားလာနေသူ ဖြစ်သည်။

ထို့ပြင် ရာကီတင်သည် ထောင်ပိုင်ကြီး၏ အိမ်တွင်လည်း စာသင်ကြားနေသည်။ ထောင်ပိုင်ကြီးသည် စည်းစနစ်ကြီးသော်လည်း စိတ်သဘောထား ကောင်းမွန်သူတဦး ဖြစ်သည်။ အလျှိုရှာသည်လည်း ထောင်ပိုင်ကြီးနှင့် ခင်မင်ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်းတဦး ဖြစ်သည်။ ထောင်ပိုင်ကြီးသည် အလျှိုရှာနှင့် တရားဓမ္မများ ဆွေးနွေးရသည်ကို ပျော်မွေ့ နှစ်ခြိုက်သည်။ ထောင်ပိုင်ကြီးသည် အိုက်ဗင် ကာရာမာဇော့၏ အတွေးအခေါ် အယူအဆများကို နှစ်သက်ခြင်း မရှိသော်လည်း သူကိုယ်တိုင်လည်း တွေးခေါ်ရှင်တဦးပင် ဖြစ်သည်။ သူ၏ အယူအဆများကို 'သူ့ဘာသူ တွေးခေါ် ဆုံးဖြတ်တတ်သူ' ဖြစ်သည်။ သို့သော် အလျှိုရှာကိုမူ သူ အထူးပင် နှစ်သက်သဘောကျခြင်း ရှိသည်။ ပြီးခဲ့သော နှစ်အတွင်းတွင် အဘိုးကြီးသည် ဓမ္မကျမ်းစာတွင် မပါဝင်ဟုဆိုကာ ပယ်ထားသော ကျမ်းစာများကို အထူးလေ့လာလိုက်စားပြီး ယင်းအပယ်ခံကျမ်းစာများ အကြောင်းကို အလျှိုရှာနှင့် အမြဲမပြတ်ဆိုသလို ဆွေးနွေးဝေဖန်လေ့ရှိသည်။ သူသည် ဘုန်းကြီးကျောင်းတိုက်သို့ သွားရောက်ပြီး အလျှိုရှာနှင့်ရော ခင်ကြီး ရဟန်းများနှင့်ရော နာရီပေါင်းများစွာ ကြာမြင့်အောင် ဆွေးနွေးလေ့ ရှိသည်။ အချုပ်ကို ပြောရလျှင် အလျှိုရှာသည် ထောင်ဝင်စာ တွေ့ရန် အချိန်နောက်ကျနေခဲ့လျှင် ထောင်ပိုင်ကြီးနှင့် သွားတွေ့လိုက်လျှင် အားလုံး ပြီးမြောက်ပါသည်။

ထို့ပြင် ထောင်ပိုင်ကြီးသာမက အောက်ဆုံးအဆင့် ထောင်ကြပ်ကလေးအထိ ထောင်တွင်းရှိ လူအားလုံးကပင် အလျှိုရှာကို သိရှိကြသည်။ သူတို့ အထက်အရာရှိများက ခွင့်ပြုထားကြသမျှ အစောင့်ရဲဘော်များက သူ့ကို အနည်းငယ်မျှပင် အနှောင့်အယှက် မပြုကြပါ။

မစ်တယာသည် ၎င်းအား ဆွေမျိုး မိတ်သင်္ဂဟများက လာတွေ့သောအခါတွင် သူ နေထိုင်ရာ အကျဉ်းခန်းမှသည် အောက်ထပ်သို့ ဆင်းလာ၍ ထောင်ဝင်စာတွေ့ရန် သီးခြား သတ်မှတ်ထားသော အခန်းသို့ သွားရောက်ရသည်။ ထိုအခန်းတွင်းသို့ အလျှိုရှာ ဝင်ရောက်သွားချိန်တွင် မစ်တယာနှင့် တွေ့ပြီး အခန်းထဲမှ ပြန်ထွက်ရန် ပြင်ဆင်နေသော ရာကီတင်နှင့် တွေ့ရသည်။ ၎င်းတို့နှစ်ယောက် ကျယ်လောင်စွာ ပြောဆိုလျက် ရှိကြသည်။ မစ်တယာသည် ရာကီတင်ကို လိုက်ပို့ နှုတ်ဆက်ရင်း ကျယ်လောင်စွာ ရယ်မောလျက် ရှိသည်။ သို့သော် ရာကီတင်ကမူ သုန်မှုန်လျက် ရှိသည်။

ရာကီတင်သည် နောက်ပိုင်းတွင် အလျှိုရှာနှင့် တွေ့ဆုံရသည်ကို သိပ်ပြီး ကျေနပ် နှစ်သက်ပုံ မရပါ။ သူသည် အလျှိုရှာကို စကား ဟက်ဟက်ပက်ပက်

မပြောဘဲ နှုတ်ဆက်ရာတွင်ပင် မာမာတင်းတင်း ရှိသည်။

လောလောဆယ်တွင်လည်း သူသည် အလျှိုရှာ ဝင်လာသည်ကို တွေ့မြင်သောအခါ မျက်မှောင် ကုတ်လိုက်ပြီး သားမွေးကော်လာတပ် အိုဗာကုတ်ကြီးကို ကြယ်သီးတပ်ဟန်ဖြင့် မျက်နှာလွှဲသွား သည်။ ထို့နောက် သူ၏ ထီးရှိရာသို့ လှမ်းကြည့်သည်။

"ကျုပ်ပစ္စည်းတွေကို မမေ့အောင် သတိထားရမယ်"

သူက ပါးစပ်မှ တခုခု ပြောသည့်အနေမျိုးဖြင့် ပြောလိုက်သည်။

"တခြားလူတွေရဲ့ ပစ္စည်းတွေကိုလည်း မမေ့အောင် သတိထားပါ"

မစ်တယာက နောက်လိုက်ပြီး သူ့စကားကို သူ သဘောကျဟန်ဖြင့် ရယ်မောသည်။ ရာကီတင် ချက်ချင်းပင် ဒေါသူပုန် ထသွားသည်။

"ဒီစကား ရာကီတင်ကို လာမပြောနဲ့၊ ခင်ဗျားရဲ့ ကာရာမာဇော့ ကျွန်ပိုင်ရှင် သားတွေကို သွားပြော" ဟု သူ ဟစ်အော်လိုက်သည်။ ဒေါသဖြင့် တုန်နေသည်။

"ဘယ်လိုဖြစ်တာလဲ၊ ကိုယ်က နောက်နေတာပဲ" မစ်တယာ ရွတ်ဆိုလိုက်သည်။ "တောက် .... ဘယ်လိုဟာတွေလဲ၊ သူတို့အားလုံး ဒီအတိုင်းချည့်ပဲ" ထို့နောက် အလျှိုရှာဘက်သို့ လှည့်ပြီး အခန်းထဲမှ ကသောကမျော ထွက်သွားသော ရာကီတင်နောက်သို့ မေးငေါ့ပြလျက် "စောစောကလေး ကပဲ သူ ဒီမှာ ထိုင်ပြီး ရယ်လို့ မောလို့ပဲ၊ အခု ဘယ်လို ဖြစ်ပြီး ဖြုန်းစားကြီး ဒေါသအိုး ပေါက်ကွဲသွား တယ် မသိဘူး၊ ညီလေးကိုတောင် သူ နှုတ်ဆက်မသွားဘူး၊ ညီလေးနဲ့ သူနဲ့ အခေါ်အပြော လုံးလုံး မရှိကြတော့ဘူးလား၊ ဒါနဲ့ ညီလေး ဘာဖြစ်လို့ ဒါလောက်တောင် နောက်ကျနေရတာလဲ၊ ညီလေးကို တမနက်လုံး အစ်ကိုကြီး မျှော်နေခဲ့တယ်၊ ဒါပေမဲ့ ဒါကို ထားလိုက်ပါတော့၊ ဒါအတွက် ကိုယ်တို့ အခု လျော်ကြေးပေးကြတာပေါ့"

"သူ ဘာဖြစ်လို့ အစ်ကိုကြီးကို ခဏ ခဏ လာတွေ့တွေ့နေရတာလဲ၊ အစ်ကိုကြီးနဲ့ သူနဲ့က မိတ်ရင်းဆွေရင်းကြီးမို့လား" အလျှိုရှာက ရာကီတင် ပျောက်ကွယ်သွားသော တံခါးပေါက်ဆီသို့ ခေါင်းညိတ်ပြရင်း မေးလိုက်သည်။

"မိတ်ရင်းဆွေရင်းကြီးတွေ ဟုတ်လား၊ အို ... ဘယ်လိုမှ မဟုတ်ဘူး၊ သင်းက အလကား ကြောင်သူတော်ပဲ၊ သင်းကလည်း ကိုယ့်ကို လူယုတ်မာလို့ တွက်ထားတာပဲ၊ သူတို့က နောက်တာ ပြောင်တာကိုလည်း မခံနိုင်ဘူး၊ အဲဒါ အဓိက ပြဿနာပဲ၊ သူတို့က နောက်တာ ပြောင်တာကို နားမလည်ဘူး၊ သူတို့ရဲ့စိတ်တွေက ခြောက်နေတယ်၊ စင်းနေတယ်၊ ကိုယ် ထောင်ထဲကို ရောက်ခါစက

ထောင်နံ့ရံကြီးတွေကို တွေ့ရတဲ့အတိုင်းပဲ၊ ဒါပေမဲ့ သူက လူတော်တယောက်ပဲ၊ တော်တော်ကြီးကို တော်တယ်၊ ဒါနဲ့ အလက်ဇီ … ကိုယ့်အဖို့တော့ ပြီးသွားပြီ”

ခုံရှည်ပေါ်တွင် သူ ထိုင်လိုက်ပြီး အလျှိုရှာကိုလည်း သူ့ဘေးတွင် ထိုင်စေသည်။

“ဟုတ်တယ်၊ မနက်ဖြန် အမှုစစ်တော့မှာပဲ၊ ဒါပေမဲ့ အစ်ကိုကြီးအနေနဲ့ မျှော်လင့်ချက်တွေ လုံးလုံး မကုန်သေးဘူး မဟုတ်လား”

“ညီလေး ဘာတွေ ပြောနေတာလဲ” မစ်တယာက အလျှိုရှာကို ဇဝေဇဝါ ကြည့်ရင်း မေးလိုက်သည်။ “သြော် … ညီလေးက အမှုစစ်မှာကို ပြောနေတာပဲ၊ အဲဒါတွေအားလုံး ဘေးချိတ်ထားလိုက်စမ်းပါ၊ အခုအချိန်အထိ ကိုယ်တို့ဟာ ဘာမှ အရေးမကြီးတာတွေကို ပြောနေကြတာပဲ၊ ဥပမာ အဲဒီ အမှုစစ်မယ့်ကိစ္စက စပြီးပေါ့၊ ညီလေးကို အရေးကြီးတဲ့အကြောင်း ဘာတခွန်းမှ ကိုယ် ပြောမပြရ သေးဘူး၊ ဟုတ်တယ်၊ မနက်ဖြန်မှာ အမှုစစ်မယ်၊ ဒါပေမဲ့ ကိုယ့်အဖို့တော့ ပြီးသွားပြီလို့ ပြောတဲ့အချိန်မှာ အဲဒီ အမှုစစ်မယ့်ကိစ္စ ကိုယ့်ခေါင်းထဲမှာ လုံး၀ မရှိဘူး၊ ကိုယ့်အဖို့ ပြီးသွားပြီ ဆိုတဲ့နေရာမှာ ကိုယ် မဟုတ်ဘူး၊ ကိုယ့်စိတ်ထဲမှာ ရှိနေတာ ပြီးသွားတာ အဆုံးသတ်သွားတာလို့ ပြောတာပဲ၊ ဘာဖြစ်လို့ ညီလေး ကိုယ့်ကို စူးစူးစိုက်စိုက်ကြီး ကြည့်နေရတာလဲ”

“အစ်ကိုကြီး ဘာကို ဆိုလိုတာလဲ”

“အယူအဆ … အယူအဆ၊ အယူအဆကို ပြောတာပဲ။ လောကနီတိ … လောကနီတိ ဆိုတာ ဘာလဲ”

“လောကနီတိ ဟုတ်လား” အလျှိုရှာ အံ့သြစွာဖြင့် သံယောင်လိုက်လိုက်သည်။

“ဟုတ်တယ်၊ လောကနီတိ ဆိုတာ သိပ္ပံပညာလား”

“ဟုတ်တယ်၊ သိပ္ပံပညာ တခုပဲ၊ ဒါပေမဲ့ ဘယ်လို သိပ္ပံပညာမျိုးလဲဆိုတာတော့ အစ်ကိုကြီးကို ကျွန်တော် ရှင်းမပြတတ်ဘူး”

“ရာကီတင် သိတယ်၊ ရာကီတင် တော်တော်များများ သိတယ်၊ အလကားကောင်၊ ဒါပေမဲ့ သူ ဘုန်းကြီးဖြစ်မှာတော့ မဟုတ်ဘူး၊ သူက ပီတာစဘတ်ကို သွားဖို့ လုပ်နေတယ်၊ အဲဒီမှာ ဝေဖန်ရေး ဆရာ လုပ်မယ်လို့ သူ ပြောတယ်၊ တိုးတက်တဲ့ အမြင်ရှိတဲ့ ဝေဖန်ရေး ဆရာတယောက်ပေါ့၊ အင်း … သူမျှော်လင့်တဲ့အတိုင်း ဝေဖန်ရေးဆရာတယောက် ဖြစ်လိမ့်မယ်လို့ ကိုယ် ထင်ပါတယ်၊ အို … သူတို့က သူတို့အလုပ်ကို သူတို့ ဖန်တီးတဲ့နေရာမှာ

ပထမတန်းစားတွေပဲ၊ လောကနီတိလည်း ဘေးချိတ်ထားလိုက်ပါ၊ ကိုယ့်အဖို့တော့ ပြီးသွားပြီ အလက်ဇီ၊ ဘုရားသားတော်ကလေး အလက်ဇီ၊ ကိုယ်ဟာ ညီလေးကို သူများတွေ အားလုံးထက် ပိုချစ်တယ်၊ ကိုယ့်ရဲ့နှလုံးသားဟာ ညီလေးကိုပဲ တမ်းတနေတယ်၊ ဒါ အမှန်ပဲ၊ ကားလ်ဗားနတ် ဆိုတာ ဘယ်သူလဲ”

“ကားလ်ဗားနတ် ဟုတ်လား” အလျှိုရှာ အံ့အားသင့်ရပြန်သည်။

“မဟုတ်ဘူး၊ ကားလ် မဟုတ်ဘူး၊ ခဏနေဦး၊ ကိုယ်ပြောတာ မှားသွားတယ်၊ ကလောက် ဗားနတ်၊ သူက ဘာလဲ၊ ဓာတုဗေဒ ပါရဂူလား၊ ဒါမှမဟုတ် ဘာလဲ”

“သိပ္ပံပညာရှင် တယောက်ပဲ၊ ဒါပေမဲ့ သူ့အကြောင်းလည်း ကျွန်တော် ဘာမှ မပြောပြတတ်ဘူး၊ သူ့ကို သိပ္ပံပညာရှင်တယောက်လို့ပဲ သိတယ်၊ ဘာသိပ္ပံပညာရှင်လဲဆိုတာတော့ မသိဘူး”

“ဒါဆိုရင် သူ့လည်း ဘေးချိတ်ထားလိုက်ပါ၊ ကိုယ်လည်း သူ့အကြောင်း ဘာမှ မသိဘူး၊ အလကား လူယုတ်မာတယောက် ဖြစ်မှာပဲ၊ သူတို့တတွေဟာ အားလုံး လူယုတ်မာတွေချည်းပဲ၊ ဒါပေမဲ့ ရာကီတင်ကတော့ သူ့လမ်းသူ သွားမှာပဲ၊ ရာကီတင်ဟာ အကွဲအပေါက်ကလေး တခုကနေ လေးဖက်ထောက်ပြီး ထွက်သွားမှာပဲ၊ သူလည်း ဗားနတ်တယောက်ပဲ၊ အို .... ဒီ ဗားနတ်တွေ၊ နေရာတကာမှာ သင်းတို့ ရှိနေကြတာပဲ”

“နေပါဦး၊ ပြဿနာက ဘာလဲ” အလျှိုရှာက မေးလိုက်သည်။

“သူက ကိုယ့်အကြောင်း ဆောင်းပါးတစောင် ရေးချင်တယ်၊ ကိုယ့်အမှုအကြောင်းပေါ့၊ သူ့ရဲ့ စာပေလုပ်ငန်းကို ဒီဆောင်းပါးကနေ သူ စချင်တယ်၊ အဲဒါကြောင့် သူ ဒီလို လာနေတာပဲ၊ သူကိုယ်တိုင် ကိုယ့်ကို အဲဒီလို ပြောတာပဲ၊ သူက ကိုယ့်အမှုကို နိုင်ငံရေးအမြင်နဲ့ တင်ပြမယ်၊ ‘သူသည် ပတ်ဝန်းကျင်၏ သားကောင်တဦး ဖြစ်သဖြင့် ဤ လူသတ်မှုကို မကျူးလွန်ဘဲ မနေနိုင်ချေ’ အဲဒီလိုမျိုး သူ ရေးမယ်၊ သူ ကိုယ့်ကို အဲဒီလိုမျိုး ရှင်းပြတယ်၊ ဆိုရှယ်လစ်ရေး အမြင်ပေါ့၊ အဲ ... သူ့ကို ဘေးချိတ်ထားလိုက်ပါ၊ သူက အမြင်တခုကို တင်ပြချင်တယ်ဆိုရင် တင်ပြပေစေပေါ့၊ ကိုယ် ဘာမှ မမိုက်ပါဘူး၊ သူက အိုက်ဗင်ကို သဘောမကျဘူး၊ အိုက်ဗင်ကို သူ မုန်းနေတယ်၊ သူက ညီလေးကို လည်း ဘဝင်မကျဘူး၊ ဒါပေမဲ့ ကိုယ် သူ့ကို မောင်းမထုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူ အထင်ကြီးနေပေမဲ့ သူက လူတော်တယောက် ဖြစ်လို့ပဲ၊ ကိုယ်က စောစောတုန်းက သူ့ကို ဒီလို ပြောလိုက်တယ်၊ ‘ကာရာမာဇော့တွေဟာ လူယုတ်မာတွေ မဟုတ်ဘူး၊ ဒဿန ပညာရှင်တွေပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရုရှားလူမျိုးစစ်စစ်တွေ အားလုံးဟာ ဒဿနပညာရှင်တွေ ဖြစ်လို့ပဲ၊ ဒါပေမဲ့ မောင်ရင်ဟာ ဘယ်လောက် ပညာတွေသင်သင် ဒဿနပညာရှင် မဖြစ်နိုင်ဘူး၊ မောင်ရင်က အောက်တန်းစား

တယောက်ပဲ’ အဲဒီတော့ သူ ရယ်တယ်၊ မထီတရီကြီးပဲပေါ့၊ ကိုယ်လည်း ပညာရှိတယောက် ဖြစ်လာပါပြီ ညီလေး” မစ်တယာ ရယ်မောလိုက်သည်။

“နေပါဦး၊ အစ်ကိုကြီး ဘာဖြစ်လို့ ပြီးသွားရတာလဲ၊ စောစောက အစ်ကိုကြီး အဲဒီလို ပြောလိုက်တယ် မဟုတ်လား” အလျှိုရှာ ကြားဖြတ်ပြီး မေးလိုက်သည်။

“ကိုယ် ဘာဖြစ်လို့ ပြီးသွားရတာလဲ ဟုတ်လား၊ အဲ ... အမှန်အတိုင်း ပြောရရင် အားလုံးကို ခြုံပြီး ပြောရရင် ဘုရားသခင်ကို ဆုံးရှုံးရမယ့်အတွက် ကိုယ် စိတ်မကောင်းလို့ပဲ၊ အဲဒါပဲ”

“ဘုရားသခင်ကို ဆုံးရှုံးရမယ့်အတွက် စိတ်မကောင်းဘူး ဆိုတာ အစ်ကိုကြီး ဘာကို ဆိုလိုတာလဲ”

“စဉ်းစားကြည့်စမ်း၊ ခေါင်းထဲမှာရှိတဲ့ အာရုံကြောတွေ၊ အဓိပ္ပာယ်က ဦးနှောက်ထဲမှာ ရှိတဲ့ အာရုံကြောတွေ၊ တယ်ရှုပ်တဲ့ဟာတွေပဲ၊ အဲဒီ အာရုံကြောတွေမှာ အမြီးကလေးတွေ ရှိတယ်၊ အဲဒီ အမြီးကလေးတွေ လှုပ်လာပြီဆိုရင်၊ အဲဒီသဘောတခုခုကို ကိုယ် မျက်စိနဲ့ ကြည့်လိုက်တယ်ဆိုရင်၊ အခုလို ကြည့်လိုက်တယ်ဆိုရင် သူတို့ လှုပ်လာကြတော့တာပဲ၊ သူတို့ဆိုတာက အဲဒီ အမြီးကလေး တွေကို ပြောတာပဲ၊ အဲဒီ အမြီးကလေးတွေ လှုပ်လာတာနဲ့ တပြိုင်နက် အာရုံရိပ်တခု ပေါ်လာတော့ တာပဲ၊ ချက်ချင်းတော့ မဟုတ်ဘူး၊ တဗီဇနာလောက်ကြာမှ တစက္ကန့်ရဲ့အစိတ်ကလေး တစိတ်မှာ ပေါ့၊ တဒင်္ဂဆိုတာ ဖြစ်လာတယ်။ အို ... တဒင်္ဂ မဟုတ်ဘူး၊ ခွေးမသား တဒင်္ဂ၊ အဲ ... အာရုံရိပ်ဆိုတာ ဖြစ်လာတယ်၊ အာရုံရိပ်ဆိုတာက အရာဝတ္ထုတခု ဖြစ်ချင်ဖြစ်မယ်၊ အကြောင်းအရာတခု ဖြစ်ချင်ဖြစ်မယ်၊ ထားပါတော့ ဘာပဲဖြစ်ဖြစ်ပေါ့၊ တောက် ... အဲဒါကြောင့် ကိုယ်ဟာ စဉ်းစားမယ်၊ တွေးဆမယ်၊ ကိုယ့်မှာ အသက်ဝိညာဉ် ရှိနေတဲ့အတွက် မဟုတ်ဘူးနော်။ အဲဒီ အမြီးကလေးတွေ ကြောင့် သိလား၊ အဲ ... ကိုယ်ဟာလည်း အာရုံရိပ်တခုပဲ၊ အဲဒါမျိုး တခုပဲပေါ့။ တောက် ... အလကား အဓိပ္ပာယ်မရှိတာတွေပဲ၊ ရာကီတင် ကိုယ့်ကို မနေ့က ရှင်းပြတာ အဲဒါတွေပဲ၊ သူ့စကားကို ကြားရတာ ကိုယ့်ခေါင်းကို ချာချာလည်သွားတာပဲ၊ သိပ္ပံပညာဟာ အံ့သြစရာကောင်းတယ် အလျှိုရှာ။ လူသစ် တယောက် လာနေပြီ ... အဲဒါကိုတော့ ကိုယ် သဘောပေါက်တယ် ... ဒါပေမဲ့ ကိုယ်ဟာ ဘုရားသခင်ကို ဆုံးရှုံးရမယ့်အတွက်တော့ ဝမ်းနည်းနေတယ်”

“အဲဒါ ကောင်းတဲ့ သဘောတခုပဲပေါ့” အလျှိုရှာက ပြောလိုက်သည်။

“ဘုရားသခင်ကို ဆုံးရှုံးရမယ့်အတွက် ကိုယ် စိတ်မကောင်းဘူး ဆိုလို့ ... ဟုတ်လား။ အဓိကကတော့ ဓာတုဗေဒပဲ ညီလေး၊ ဓာတုဗေဒပဲ၊ ဘယ်လိုမှ မတတ်နိုင်ဘူး ဆရာတော်ကလေး၊ ဓာတုဗေဒကို ညီလေး နေရာပေးရလိမ့်မယ်၊

ရာကီတင်က ဘုရားသခင်ကို သဘောမကျဘူး၊ ဟူး ... ဘုရားသခင်ကို သူ နည်းနည်းကလေးမှ သဘောမကျဘူး၊ ဒါပေမဲ့ ဒီအချက်ဟာ သူတို့တတွေမှာ ရှိနေတဲ့ အဆိုးဆုံး အချက်ပဲ၊ ဒါပေမဲ့ ဒါကို သူတို့ ဖုံးကွယ်ထားကြတယ်။ သူတို့ မုသားတွေ ပြောကြတယ်၊ သူတို့ ဟန်ဆောင်နေကြတယ်။ 'ဒါတွေကို မောင်ရင့် ဆောင်းပါးထဲမှာ ထည့်ရေးမလား' လို့ ကိုယ် မေးတော့ သူ ရယ်ပြီး 'ရေးလို့ရမယ် မထင်ဘူး' လို့ပြန်ပြောတယ်၊ 'ဒါနဲ့ နေပါဦး၊ လူတွေဟာ ဘုရားသခင်လည်း မရှိဘူး၊ အနာဂတ်လည်း မရှိဘူးဆိုရင် ဘာတွေဖြစ်ကုန်မလဲ၊ အဲဒီလိုဆိုရင် လူတွေဟာ ဘာမဆို လုပ်နိုင်တဲ့သဘော ဖြစ်နေတယ်၊ ကိုယ်ကြိုက်တာကို ကိုယ် လုပ်နိုင်တယ်' လို့ ကိုယ်က အတွန့်တက် လိုက်တဲ့အခါမှာ သူက ရယ်ပြီး 'လူလိမ္မာတယောက်ဟာ သူကြိုက်တာဆိုရင် ဘာမဆို လုပ်နိုင်တယ်၊ လူလိမ္မာတယောက်ဟာ ဘယ်လို လုပ်ရမယ်ဆိုတာကို ကောင်းကောင်းသိတယ်၊ ဒါပေမဲ့ ခင်ဗျားကတော့ လူသတ်မှုတခုကို ကျူးလွန်ပြီး ထောင်ထဲမှာ ပုပ်သိုးနေပြီ' တဲ့။ ခွေးမသား ... ကြောင်သူတော်က ကိုယ့်ကို ဒီလိုပဲပြောတယ်၊ အဲဒီလိုကောင်မျိုးတွေကို အရင်ကဆိုရင် ကိုယ် ကန်ထုတ်ပစ်လိုက်ပြီ၊ ဒါပေမဲ့ အခုတော့ သူတို့ပြောတဲ့ စကားတွေကို ကိုယ် နားထောင်နေတယ်၊ သူ ပြောတဲ့စကားတွေထဲမှာ ကောင်းတာတွေ အများကြီးပါတယ်။ စာရေးတဲ့နေရာမှာလည်း ကောင်းတယ်၊ ပြီးခဲ့တဲ့ အပတ်တုန်းက သူ ကိုယ့်ကို ဆောင်းပါးတပုဒ် ဖတ်ပြတယ်၊ အဲဒီအထဲက ကိုယ် စာကြောင်း သုံးကြောင်း ကူးထားလိုက်တယ်၊ ခဏနေဦး၊ ဟောဒီမှာ..." အင်္ကျီအိတ်အတွင်းမှ စာရွက်တရွက်ကို မစ်တယာ ကမန်းကတန်း ထုတ်ယူလိုက်ပြီး ဖတ်ပြသည်။

"'ပြဿနာ တခုကို ဖြေရှင်းမည်ဆိုလျှင် အရေးအကြီးဆုံး အချက်မှာ လူတယောက်၏ စိတ်ဝတ္ထု အခြေအနေကို သူ၏ ရုပ်ဝတ္ထု အခြေအနေနှင့် ဆန့်ကျင်ဘက်ပြုရမည်' တဲ့၊ အဲဒါကို ညီလေး သဘောပေါက်သလား'"

"ဟင့်အင်း၊ ကျွန်တော်တော့ သဘောမပေါက်ဘူး'

အလျှိုရှာ ပြန်ဖြေလိုက်သည်။ မစ်တယာကို သူ ငေးစိုက်ပြီး ကြည့်နေသည်။ မစ်တယာ ပြောနေသည် များကို သူ အံ့ဩ စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"အေး၊ ကိုယ်လည်း သဘောမပေါက်ဘူး၊ အဓိပ္ပာယ်က ဝါးပြီး ငုပ်နေတယ်၊ ဒါပေမဲ့ ပညာသား ပါတာတော့ အမှန်ပဲ၊ 'အခုနောက်ပိုင်းမှာ လူတိုင်းကပဲ ဒီအတိုင်း ရေးကြတယ်၊ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုသဘောပဲ' လို့ သူက ကိုယ့်ကို ပြောတယ်။ သူတို့က ပတ်ဝန်းကျင်ကို ကြောက်ကြတယ်။ နောက်ပြီး အဲဒီ ခွေးမသားက ကဗျာလည်း ရေးသေးတယ်။ အဲဒီအထဲမှာ မစ္စက် ကိုကလာကော့ရဲ့ ခြေထောက်ကို ချီးမွမ်းဂုဏ်ပြုတဲ့ ကဗျာတပုဒ်လည်း ပါတယ်။ ဟား ဟား ဟား"

“အဲဒီအကြောင်းတော့ ကျွန်တော် ကြားပြီးပြီ” အလျှိုရှာ ပြောလိုက်သည်။

“ကြားပြီးပြီ ဟုတ်လား၊ အဲဒီကဗျာကို ကြားပြီးပြီလား”

“ကဗျာကိုတော့ မကြားရသေးဘူး”

“ကိုယ့်မှာ အဲဒီကဗျာ ရှိတယ်၊ ဟောဒီမှာ ... ညီလေးကို ကိုယ် ဖတ်ပြမယ်၊ ညီလေး မသိဘူး၊ ညီလေးကို ကိုယ် ပြောမပြရသေးဘူး၊ ဒါနဲ့ပတ်သက်ပြီး ဇာတ်လမ်းလေးတပုဒ် ရှိတယ်၊ အဲဒီ ခွေးမသားက အတော်ဆိုးတဲ့အကောင်ပဲ၊ လွန်ခဲ့တဲ့ သုံးပတ်လောက်တုန်းက သူက ကိုယ့်ကို စ တယ် ‘ခင်ဗျားဟာ ငွေကလေး သုံးထောင်အတွက် အရူးတယောက်လို ဒုက္ခပင်လယ်ကြောထဲမှာ မျောရတယ်၊ ဒါပေမဲ့ ကျုပ်က ငွေတသိန်းနဲ့ ငါးသောင်းကို အလွယ်ကလေး ရမယ်၊ မုဆိုးမကလေး တယောက်ကို ကျုပ်လက်ထပ်ပြီး ပီတာစဘတ်မှာ အိမ်ကြီးတလုံး ဝယ်မယ်’ လို့ သူက ကိုယ့်ကို ပြောတယ်၊ မစ္စက် ကိုကလာကော့နဲ့ သူ လက်ထပ်ဖို့ ကြိုးစားနေတယ်၊ အဲဒီမိန်းမဟာ ငယ်ငယ်တုန်းက အသိဉာဏ် နည်းနည်းပဲ ရှိတယ်တဲ့၊ အခု အသက် ၄၀ အရွယ်ကျတော့ ငယ်ငယ်တုန်းက ရှိခဲ့တဲ့ အသိဉာဏ်ကလေးတောင် မရှိတော့ဘူးတဲ့၊ ‘နောက်ပြီးတော့ သူက သိပ်ပြီး စိတ်ထိခိုက်လွယ်တယ်၊ အဲဒါကြောင့်လည်း ကျုပ် သူ့ကို ရမှာပဲ၊ ကျုပ် သူနဲ့ လက်ထပ်ပြီးရင် သူ့ကို ပီတာစဘတ်ကို ခေါ်သွားမယ်၊ အဲဒီမှာ ကျုပ် သတင်းစာတစောင်ထုတ်မယ်’ လို့ ငနဲသားက ကိုယ့်ကို ပြောတယ်၊ သူ့နှုတ်ခမ်းမှာ အင်မတန် ရွံစရာကောင်းတဲ့ တံတွေးတွေ ရှိနေတယ်။ သူ့ပါးစပ်က အာသာငမ်းငမ်း ဖြစ်နေတာ မစ္စက် ကိုကလာကော့ကို မဟုတ်ဘူး။ ငွေတသိန်းနဲ့ ငါးသောင်းကိုပဲ၊ သူက သူ့ရဲ့စီမံကိန်းကို ကိုယ် ယုံကြည်လာအောင် ပြောတယ်၊ သူ နေ့တိုင်း ကိုယ့်ဆီကိုလာပြီး ပြောတယ်၊ ‘အမျိုးသမီးတော့ ပျော့လာပြီ’ လို့ သူ ကြေညာတယ်၊ သူ့မျက်နှာကြီးက ပြုံးနေတယ်။

“အဲဒီအချိန်မှာပဲ သူဟာ ဖြုန်းစားကြီး ဆိုသလို တပ်လန်သွားတာပဲ၊ ပါကိုတင်က သူ့ရှေ့မှာ ဖြတ်တက်သွားတာပဲ၊ တကယ့်လူပဲ၊ ရာကီတင်ကို အဲဒီအိမ်ကနေ မောင်းထုတ်ပစ်နိုင်တဲ့အတွက် အဲဒီ အတ္တဘောကို ကိုယ် ချီးကျူးပါတယ်။

“အဲ ... သူ ကိုယ့်ဆီကို လာတွေ့နေတဲ့အချိန်မှာပဲ အဲဒီကဗျာကို သူ စပ်တာပဲ၊ ‘ဒါ ကျုပ်အနေနဲ့ ပထမဆုံး အပင်ပန်းခံပြီး စပ်တဲ့ ကဗျာပဲ၊ ဒီကဗျာဟာ အမျိုးသမီးတယောက်ရဲ့ အသည်းနှလုံးကို သိမ်းကျုံးနိုင်အောင် ရေးစပ်တဲ့အတွက် ကောင်းမွန်တဲ့ ရည်ရွယ်ချက် ရှိတယ်၊ အဲဒီမိန်းမရဲ့ ပစ္စည်းတွေကို ကျုပ် ရတဲ့အချိန်မှာ ကျုပ်ဟာ လူသားတွေရဲ့ ကောင်းကျိုးအတွက် တနည်းတလမ်း သယ်ပိုးနိုင်မှာ ဖြစ်တယ်’ လို့ သူက ပြောတယ်၊ ညီလေး စဉ်းစားကြည့်စမ်း၊

သူတို့တွေက ဘာကလေးတခုပဲလုပ်လုပ် လူသားတွေရဲ့ကောင်းကျိုးအတွက် သယ်ပိုးတာမျိုး ဖြစ်အောင် လုပ်ကြတယ်၊ နောက်ပြီးတော့ သူက ပြောသေးတယ်၊ 'ကျုပ်ကဗျာက ခြေထောက်အကြောင်း ရေးထားတာချင်း တူပေမဲ့ ခင်ဗျားတို့ ပွတ်ရုကင်ရဲ့ကဗျာထက် အများကြီး သာပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်ကဗျာက လူမှုရေး ပြဿနာတွေကို အဓိပ္ပာယ် ဖော်ကျူးထားလို့ပဲ' တဲ့။

"ပွတ်ရုကင်အကြောင်း သူ ဘာဖြစ်လို့ ပြောတယ်ဆိုတာကို ကိုယ် သဘောပေါက်ပါတယ်၊ သူက မိန်းမတယောက်ရဲ့ ခြေထောက်အကြောင်းပဲ ကဗျာစပ်ဖူးသေးတာ မဟုတ်လား၊ ဒါပေမဲ့ သူက သူ့ကဗျာအတွက် အတော့်ကို ဂုဏ်ယူနေတယ်၊ တကယ့်ကို အကြွားသန်တဲ့ ငနဲသားတွေပဲ၊ တကယ် ကြွားတာပဲ။

"ကဗျာခေါင်းစဉ်က 'ကိုယ့်ရဲ့ အချစ်ဆုံးကလေး၊ ခြေနာသောဘေးမှ ကင်းဝေး ပပျောက်ရေး' တဲ့ .... အတော် ရယ်စရာကောင်းတဲ့ ငနဲပဲ ...

ခြေထောက်ကလေး ချစ်စရာ

ဖောရောင်လို့နေရှာ

ဆရာဝန်တွေ ကုသကြ

ခုအထိတော့ ကုမရ။

ငါပြောမှာက ခြေထောက် မဟုတ်ပါ

ပွတ်ရုကင်ပဲ ခြေကို ချီးမွမ်းတာ

ငါတကယ် စိတ်မကောင်းတာက

ပြဿနာအပေါင်းရဲ့ ဦးခေါင်းပါ။

ခြေထောက်က အရေးကြောင့်

ခေါင်းက မတွေးနိုင်ပါ

ခေါင်းရော ခြေပါ ပျောက်စေကြောင်း

ဆုမွန်ခါခါတောင်း ... တဲ့။

"တကယ့် ကြောင်သူတော်ပဲ၊ ကြောင်သူတော် အချောင်သမားပဲ၊ ဒါပေမဲ့ သူ့ကဗျာက ရှင်တာတော့ အမှန်ပဲ၊ ချွေးမသား အကောင်၊ ပြီးတော့ တိုးတက်တဲ့ အတွေးကလေးတွေလည်း ပါတယ်၊ သူ့ကို မောင်းထုတ်ခံရတဲ့အခါမှာ

ဘယ်လောက်များ ဒေါပွလိုက်မလဲ မသိဘူး၊ အံတကြိတ်ကြိတ် ဖြစ်နေမှာပဲ”

“ဒီကိစ္စအတွက် သူ လက်စားချေပြီးပါပြီ၊ မစ္စက် ကိုကလာကေ့အကြောင်း သတင်းစာ တစောင်မှာ သူ ဆောင်းပါး ရေးလိုက်တယ်”

အလျှိုရှာက ကောလာဟလတွင် ပါရှိသော ဆောင်းပါးအကြောင်း အကျဉ်းချုပ် ပြောပြလိုက်သည်။

“ဟုတ်တယ်၊ သူ ရေးတာပဲ၊ သူ ရေးတာပဲ” မစ်တယာ သဘောတူညီသည်။ မျက်မှောင်ကတော့ ကုတ်လျက်ရှိသည်။ “သူ့လက်ချက်ပဲ၊ အဲဒီသတင်းဆောင်းပါး ကိုယ် သိတယ်၊ အင်မတန် စော်ကား မော်ကား ရေးထားတာတွေပဲ၊ ဥပမာ ... ဂရုရှင်ကာအကြောင်း ရေးထားတာဆိုရင် ... နောက်ပြီးတော့ တခြားတယောက်၊ ကက်တယာအကြောင်း ရေးထားတာလည်း အဲဒီအတိုင်းပဲ၊ ဟုတ်တယ်၊ တကယ်ပဲ”

စနိုးစနောင့် ဖြစ်ဟန်ဖြင့် အခန်းထဲတွင် သူ တပတ် လျှောက်သည်။

“ကျွန်တော် သိပ်အကြာကြီး မနေနိုင်ဘူး မစ်တယာ” အလျှိုရှာ ပြောလိုက်သည်။ စကားကို ခေတ္တမျှ ရပ်နားလိုက်ပြီးနောက် “မနက်ဖြန်ဟာ အစ်ကိုကြီးအတွက် အင်မတန် အရေးကြီး အရေးပါတဲ့ နေ့တနေ့ပဲ၊ ဘုရားသခင်ရဲ့စီရင်ခြင်းကို အစ်ကိုကြီး ခံရလိမ့်မယ်၊ ဒါပေမဲ့ ... ဒါပေမဲ့ ... အစ်ကိုကြီးကို ကျွန်တော် မအံ့ဩဘဲ နေလို့မရဘူး၊ အစ်ကိုကြီးဟာ အခန်းထဲမှာ လမ်းလျှောက်နေပြီး အစ်ကိုကြီး အတွက် တကယ် အရေးကြီးတဲ့ အကြောင်းတွေကို မပြောဘဲနဲ့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ စဉ်းစားလို့ မရတဲ့ အကြောင်းတွေကို ပြောနေတယ်”

“ကိုယ့်ကို ဘယ်လိုမှ မအံ့ဩပါနဲ့” မစ်တယာ ကြားဖြတ်ပြီး စိတ်အားထက်သန်စွာဖြင့် ပြောသည်။ “ညီလေးက အစ်ကိုကြီးကို ဘာတွေ ပြောစေချင်သလဲ၊ ဟိုအရူးကောင် လူသတ်သမားအကြောင်း ပြောရမလား၊ သူ့အကြောင်း ကိုယ်တို့ အများကြီး ပြောပြီးကြပြီ၊ အရူးမ လီဇာဗီတာရဲ့သား အရူးကောင်အကြောင်း ကိုယ် မပြောချင်ဘူး၊ သူ့ကို ဘုရားသခင် စီရင်လိမ့်မယ်၊ ဒီအကြောင်း နောက်ထပ် မပြောနဲ့တော့”

အလျှိုရှာထံသို့ စိတ်လှုပ်ရှားစွာဖြင့် သူ လျှောက်သွားသည်။ ထို့နောက် ရုတ်တရက် ဆိုသလို အလျှိုရှာကို သူ နမ်းလိုက်သည်။ သူ့မျက်လုံးများ အရောင်တောက်လာသည်။ “ဒီစကားကို ရာကီတင် နားမလည်နိုင်ဘူး” မစ်တယာက သူ့စကားကို စိတ်အား တက်ကြွစွာဖြင့် စတင်လိုက်သည်။ “ဒါပေမဲ့ ညီလေးအနေနဲ့တော့ အားလုံး သဘောပေါက်နိုင်တယ်၊ ဒါကြောင့် ညီလေးကို အစ်ကိုကြီး ဒါလောက် မျှော်နေတာပဲ၊ ညီလေးကို အစ်ကိုကြီး ဒီနေရာမှာ၊

ဒီအုတ်နံရံတွေကြားမှာ ပြောချင်နေတာ ကြာလှပြီ။ ဒါပေမဲ့ အစ်ကိုကြီးဟာ အရေးကြီးတဲ့စကားနဲ့ ပတ်သက်လို့ တခွန်းမှ မပြောခဲ့ဘူး၊ ဒါပေမဲ့ အခြေအနေက မပေးခဲ့ဘူး၊ အခုတော့ အစ်ကိုကြီးရဲ့ရင်ထဲမှာ ရှိနေတာတွေကို ညီလေးကို ဖွင့်အန်ပြဖို့ အချိန်ရောက်လာပြီ။

"ဒီနှစ်လအတွင်းမှာ အစ်ကိုကြီးရဲ့ ရင်ထဲမှာ လူအသစ်တယောက် ရှိနေတာကို ကိုယ် သတိပြုမိတယ် အလျှိုရှာ၊ ကိုယ့်ကိုယ်ထဲမှာ လူတယောက် မွေးဖွားလာတာပဲ၊ သူဟာ ကိုယ့်ကိုယ်ထဲမှာ အရင်ကတည်းက ပုန်းနေခဲ့တယ်၊ အခုလိုသာ ကောင်းကင်ဘုံက ပစ်ခတ်လိုက်ခြင်း မရှိရင် သူဟာ ဘယ်တော့မှကို ပေါ်ထွက်လာမှာ မဟုတ်ဘူး၊ တကယ့်ကို အံ့သြစရာကောင်းတယ်၊ ကိုယ်ဟာ ဆိုက်ဗေးရီးယား သတ္တုတွင်းတွေမှာ အနှစ် နှစ်ဆယ်လုံးလုံး တူတလက်နဲ့ သတ္တုရိုင်းတွေကို ရိုက်ဖွဲ့နေရဦးတော့ ဘာပြုသလဲ၊ အဲဒီ အပြစ်ဒဏ်ကို ကိုယ် နည်းနည်းကလေးမှ မကြောက်ဘူး၊ ကိုယ် အခုကြောက်နေတာက ကိုယ့်ကိုယ်ထဲမှာ မွေးဖွားလာတဲ့ လူအသစ် တခြားကို ထွက်သွားမှာ ကိုပဲ။

"အဲဒီနေရာတွေမှာလည်း၊ သတ္တုတွင်းတွေမှာလည်း၊ မြေပြင်အောက်ထဲမှာလည်း ကိုယ်ဟာ လူသားတယောက်ရဲ့အသည်းနှလုံးကို ကိုယ့်နံဘေးမှာ ရှိနေတဲ့ အကျဉ်းသား၊ လူသတ်သမားဆီမှာ တွေ့နိုင်တယ်၊ ကိုယ်ဟာ သူနဲ့ အဆွေခင်ပွန်းဖွဲ့နိုင်တယ်၊ ပြီးတော့ ကိုယ်ဟာ အဲဒီ အရပ်ဒေသမှာ အသက်ရှင်ပြီး နေနိုင်တယ်၊ ချစ်ခင်မြတ်နိုးနိုင်တယ်၊ ဒုက္ခဝေဒနာကို ခံစားနိုင်တယ်၊ အကျဉ်းသား တယောက်ရဲ့ အေးစက်မာကျောနေတဲ့နှလုံးသားကို ဘဝအသစ် ပြန်ဖြစ်စေနိုင်တယ်။ စိတ်ရှည်ရှည်နဲ့ နှစ်ပေါင်းများစွာ စောင့်နေလို့ရှိရင် နောက်ဆုံးတနေ့မှာ မောက်မာခက်ထန်နေတဲ့ နှလုံးသားကို နွံတောထဲကနေပြီး ကယ်တင်နိုင်တယ်၊ သူ့ကို သူရဲကောင်းတယောက်အဖြစ်၊ သူတော်စင်တယောက် အဖြစ် မြှင့်တင်ပေးနိုင်တယ်။ အဲဒီလို လူမျိုးတွေ အများကြီး ရှိနေတယ်၊ ရာပေါင်းများစွာ ရှိနေတယ်၊ သူတို့တတွေအတွက် ကိုယ်တို့အားလုံးမှာ တာဝန်ရှိတယ်။

"အဲဒီ 'အလေးကလေး' အကြောင်း အဲဒီအချိန်မှာ ကိုယ် ဘာဖြစ်လို့ အိပ်မက် မက်ရသလဲ၊ 'အလေးကလေးဟာ ဘာဖြစ်လို့ ဒါလောက် ဆင်းရဲရသလဲ' အဲဒီဥစ္စာဟာ အဲဒီအချိန်မှာ ကိုယ့်ကို နိမိတ်ပြလိုက်တာပဲ၊ အဲဒီ 'အလေးကလေး' အတွက် ဆိုက်ဗေးရီးယားကို ကိုယ်သွားမှာပဲ၊ ဘာဖြစ်လို့လဲ။ ကိုယ်တို့အားလုံးဟာ အားလုံးအတွက် တာဝန် ရှိကြတယ်၊ 'အလေးကလေး' တွေ အားလုံးအတွက် တာဝန်ရှိကြတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ လောကကြီးမှာ ကလေးကလေးတွေ၊ ကလေးကြီးတွေ ရှိနေကြလို့ပဲ၊ ကိုယ်တို့ အားလုံးဟာ 'အလေးကလေးတွေ' ပဲ။ အားလုံးအတွက် ကိုယ်သွားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးအတွက်

တယောက်ယောက် သွားရမယ်၊ အဖေ့ကို ကိုယ် မသတ်ဘူး၊ ဒါပေမဲ့ ကိုယ် သွားရမယ်၊ ဒါကို ကိုယ် လက်ခံတယ်၊ ဒီဟာတွေ အားလုံးကို ဒီနေရာမှာ ဒီနံရံတွေ ကြားထဲမှာ ကိုယ် သဘောပေါက်လာတာပဲ။

"မြေမျက်နှာပြင်ရဲ့အောက်ဘက် သတ္တုတွင်းတွေထဲမှာ လက်ထဲမှာ တူကိုယ်စီနဲ့ အလုပ်လုပ်နေတဲ့ လူတွေ အများကြီးရှိတယ်၊ ရာပေါင်းများစွာ ရှိတယ်။ အင်း ဟုတ်တယ်၊ ကိုယ်တို့ကို သံကြိုးကြီးတွေ နဲ့ ချည်ထားမယ်၊ ကိုယ်တို့ဟာ မလွတ်လပ်ကြဘူး၊ ဒါပေမဲ့ ကိုယ်တို့ဟာ ဒုက္ခဝေဒနာကို ခံစားရင်း ချမ်းသာပျော်ရွှင်မှုအသစ်ကို ရကြလိမ့်မယ်၊ ပျော်ရွှင်မှုမရှိရင် လူတွေဟာ အသက်ရှင်ပြီး မနေနိုင်ကြ ဘူး၊ ဒါမှမဟုတ် ဘုရားသခင်ဆိုတာ မရှိနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ပျော်ရွှင် ချမ်းမြေ့မှုကို ပေးလို့ပဲ၊ ဒါ ဘုရားသခင်ရဲ့အခွင့်အရေးပဲ၊ အထူး အခွင့်အရေးပဲ၊ အို ... ဘုရားသခင် လူသားများတို့သည် ဆုတောင်းပတ္တနာပြုခြင်းဖြင့် ပြီးမြောက်ပါစေ...။

"ကိုယ်ဟာ ဘုရားသခင် မရှိဘဲနဲ့ မြေပြင်အောက်မှာ ဘယ်လိုလုပ်ပြီး နေနိုင်မလဲ၊ ရာကီတင်ဟာ လိမ်နေတာပဲ၊ ဘုရားသခင်ကို မြေပြင်ပေါ်ကနေ သူတို့ ဖယ်ရှားပစ်လိုက်ရင် ကိုယ်တို့က ဘုရားသခင် ကို မြေပြင်အောက်မှာ ထိန်းသိမ်းထားမယ်၊ အကျဉ်းသား တယောက်ဟာ ဘုရားသခင် မရှိဘဲနဲ့ မနေနိုင်ဘူး၊ သူ့အဖို့ ဘုရားသခင်ကို အပြင်က လွတ်လပ်တဲ့ လူတယောက်ထက် ပိုပြီး လိုအပ်တယ်၊ ကိုယ်တို့ဟာ မြေပြင်အောက်ကနေပြီး ကမ္ဘာမြေကြီးရဲ့ အတွင်းပိုင်းကနေပြီး ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြင့် ပြီးမြောက်တဲ့ ဘုရားသခင်ရဲ့ဂုဏ်တော်ကို ချီးမွမ်း သီကျူးကြမယ်၊ ဘုရားသခင်ရဲ့ ပျော်ရွှင် ချမ်းမြေ့ခြင်းကို ချီးမွမ်းထောမနာ ပြုကြမယ်၊ ဘုရားသခင်ကို ကိုယ် ချစ်ခင်မြတ်နိုးတယ်"

မစ်တယာသည် အချုပ်အတည်း မရှိသော စကားကို ပြောပြီးသောအခါ မောသွားဟန်ရှိသည်။ သူ့မျက်နှာ ဖြူရော်ပြီး နှုတ်ခမ်းများ တုန်ယင်နေသည်။ ပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျနေကြ သည်။

"လူ့ဘဝကြီးဟာ ပြည့်နေတာပဲ၊ မြေကြီးအောက်မှာလည်း လူ့ဘဝ ရှိတယ်" စကားကို သူ ဆက်ပြီး ပြောပြန်သည်။ "ကိုယ်ဟာ ခုအချိန်မှာ လူ့ဘဝကြီးမှာ အသက်ရှင်ပြီး ဘယ်လောက် နေချင်တယ် ဆိုတာ ညီလေး ယုံမှာ မဟုတ်ဘူး၊ ကိုယ်ဟာ ဒီထောင်နံရံတွေ အတွင်းမှာနေပြီး အသက်ရှင် နေချင်တဲ့ စိတ်နဲ့ စဉ်းစားတွေးတောနေချင်တဲ့စိတ်ဟာ ဘယ်လောက်များတောင် ထက်သန်နေသလဲ မသိဘူး၊ ဒီအကြောင်းကို ရာကီတင် နားမလည်ဘူး၊ သူ နားလည်တာက အိမ်ကြီးတလုံး ဆောက်ပြီး အခန်းတွေ ငှားစားဖို့ပဲ၊ ဒါကြောင့် ညီလေးကို အစ်ကိုကြီး မျှော်နေတာပဲပေါ့၊ ဒုက္ခဆိုတာ ဘာလဲ၊ ဒုက္ခကို ကိုယ် မကြောက်ဘူး၊ ဘယ်လောက်

ဆိုးရွားတဲ့ ဒုက္ခဝေဒနာပဲ ဖြစ်ပါစေ၊ ကိုယ် အခု မကြောက်တော့ဘူး၊ ဟိုတုန်းကတော့ ကြောက်တယ်၊ ဒီမယ် ညီလေး၊ ကိုယ်ဟာ အမှုစစ်တဲ့အချိန်မှာ သူတို့မေးတဲ့ မေးခွန်းတွေကို ဖြေချင်မှ ဖြေလိမ့်မယ်၊ ကိုယ့်မှာ အခု ခွန်အားတွေ အများကြီး ရှိနေပြီး ကိုယ်ဟာ ဘာအဆို ကျော်လွှားနိုင်တယ်၊ ဒုက္ခဝေဒနာတွေ အားလုံးကို ကျော်လွှားနိုင်တယ်၊ အဲဒီလိုပဲ ကိုယ် အချိန်မရွေး လက်ခံ ယူဆထားတယ်၊ ကိုယ် ရှိနေတယ်၊ ဘယ်လောက် ထူပြောတဲ့ ဝေဒနာတွေ ကြားထဲမှာပဲဖြစ်ဖြစ် ကိုယ် တည်ရှိနေတယ်၊ ကိုယ်ဟာ ကားစင်ပေါ်မှာ မချိမဆံ့ ဝေဒနာတွေ ခံစားနေရလည်း ကိုယ် တည်ရှိနေတယ်၊ ကိုယ်ဟာ အကျဉ်းထောင်ထဲမှာ ရောက်နေလည်း ကိုယ် တည်ရှိနေတာပဲ၊ နေကို ကိုယ် မြင်နေရတယ်၊ တကယ်လို့ နေကို ကိုယ် မမြင်ရဘူးဆိုရင်လည်း နေရှိနေတယ်ဆိုတာကို ကိုယ် သိနေတယ်၊ နေရှိနေတယ်ဆိုတာကို သိနေတာကိုကပဲ ဘဝတခုလုံးပဲ။ ညီလေး အလျိုရှာ၊ ဒီဒဿနတွေ အားလုံးက ကိုယ့်ကို ဒုက္ခပေးနေတာပဲ၊ အားလုံး မေ့လိုက်ကြစမ်းပါ၊ အိုက်ဗင် ...”

“အိုက်ဗင် ဘာဖြစ်သလဲ”

အလျိုရှာ ကြားဖြတ်ပြီး မေးလိုက်သည်။ သို့သော် သူ့စကားကို မစ်တယာ မကြားပါ။

“ကိုယ့်မှာ အရင်တုန်းက ဒီသံသယတွေ လုံးဝမရှိခဲ့ဘူး၊ ဒါပေမဲ့ ကိုယ့်ကိုယ်ထဲမှာ သူတို့ ပုန်းနေကြ တာပဲ ဖြစ်မယ်၊ ဒီအတွေးအမြင်တွေ အားလုံးဟာ ကိုယ် မသိဘဲနဲ့ ကိုယ့်ကိုယ်ထဲမှာ ရုန်းကန် လှုပ်ရှားနေကြလိမ့်မယ်၊ ဒါကြောင့် ကိုယ်ဟာ အရက်တွေ သောက်နေတာပဲ၊ ရန်ပွဲတွေ ဖြစ်နေတာပဲ၊ ဒေါသတွေ ဖုံးလွှမ်းနေတာပဲ၊ ကိုယ်ဟာ သင်းတို့ ကျေနပ်အောင် ရန်ဖြစ်ရတယ်၊ သင်းတို့ ငြိမ်သက် သွားအောင် ရန်ဖြစ်ရတယ်၊ သင်းတို့ကို နှိမ်နင်းတဲ့အနေနဲ့ ရန်ဖြစ်ရတယ်၊ အိုက်ဗင်က ရာကီတင်လို မဟုတ်ဘူး၊ သူ့ကိုယ်ထဲမှာ အတွေးအမြင်တခု ကိန်းအောင်းနေတယ်။ အိုက်ဗင်ဟာ အင်မတန် နားလည်ရ ခက်တယ်၊ အင်မတန် နှုတ်ဆိတ်တယ်၊ ကိုယ့်ကို ဒုက္ခပေးနေတာကတော့ ဘုရားသခင်ပဲ၊ ကိုယ့်ကို ဒုက္ခပေးနေတာ ဒီတခုပဲ ရှိတယ်၊ ဘုရားသခင် မရှိဘူးဆိုရင် ဘာဖြစ်မလဲ၊ ရာကီတင် ပြောတဲ့အတိုင်း ဘုရားသခင်ဆိုတာ လူတွေ ဖန်ဆင်းထားတဲ့ စိတ်ကူးတခု ဖြစ်နေရင် ဘယ့်နှယ့် လုပ်မလဲ၊ ဘုရားသခင် မရှိဘူးဆိုရင် လူတွေဟာ ကမ္ဘာမြေကြီးရဲ့အရှင်သခင်ပဲ၊ စကြဝဠာကြီးရဲ့ အရှင်သခင်ပဲ၊ သိပ်ကောင်းတယ်။ ဒါပေမဲ့ ဘုရားသခင် မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး အကျင့်သီလ ဆိုတာ ရှိမလဲ၊ ဒါ ပြဿနာပဲ၊ ကိုယ် ဒါကိုပဲ စဉ်းစားနေမိတယ်၊ အဲဒီအခါကျရင် လူဟာ ဘယ်သူ့ကို ရိုသေချစ်ခင်မလဲ၊ ဘယ်သူ့ကို သူ ကျေးဇူးတင်မလဲ၊ ဘယ်သူ့အတွက် ဂုဏ်တော်တေး သီကျူးမလဲ၊ ရာကီတင်ကတော့ ရယ်တယ်။

"လူတယောက်ဟာ ဘုရားသခင်မရှိဘဲနဲ့ လူသားတွေကို ချစ်ခင်နိုင်တယ်လို့ ရာကီတင်က ပြောတယ်၊ အသိဉာဏ်မရှိတဲ့ ကလေးတယောက်ပဲ အဲဒီလိုမျိုး ဖြစ်နိုင်မယ်၊ ကိုယ်တော့ ဘယ်လိုမှ နားမလည်နိုင် ဘူး။ ရာကီတင် အဖို့တော့ ဘဝဟာ အလွယ်ကလေးပဲ၊ 'ကနေ့ဆိုရင် လူ့အခွင့်အရေးတွေ အများကြီး တိုးတက်လာပြီ၊ အမဲသားတွေကိုလည်း ဈေး မတက်အောင် ထိန်းချုပ်ထားနိုင်ပြီ၊ လူတွေဟာ ဒဿနကို ပွေ့ဖက်နေတာထက် ခုလိုအခြေအနေမျိုးမှာ လူသားတွေကို ပိုပြီး ထိထိရောက်ရောက် ချစ်နိုင်တယ်' လို့ သူက ပြောတယ်၊ ကိုယ်က သူ့ရဲ့အဆိုကို ပြန်လည်ချေပတယ်။ 'ဘုရားသခင် မရှိလို့ရှိရင် မောင်ရင်တို့က အခွင့်ကောင်းကိုယူပြီး အမဲသားဈေးကို မောင်ရင်တို့ဘာသာ မောင်ရင်တို့ တင်ကြမှာပဲ၊ မောင်ရင်တို့ဟာ တမတ်ကို တကျပ်မြတ်အောင် လုပ်ကြမှာပဲ' သူ ဒေါသဖြစ်လာတယ်၊ ဒါနဲ့ နေပါဦး၊ သီလဆိုတာ ဘာလဲ၊ ကိုယ့်ကို ပြောပြစမ်းပါ အလျိုရှာ။ သီလဆိုတာ ကိုယ်နဲ့ ဆိုင်သလို တရုတ်လူမျိုးတယောက်နဲ့လည်း ဆိုင်တယ်၊ အဲဒီတော့ ဒီကိစ္စဟာ တခုနဲ့ တခု ဆက်စပ်နေသလား၊ ဒါမှမဟုတ် မဆက်စပ်ဘူးလား၊ အညမည မဖြစ်ဘူးလား၊ အတော်မလွယ်တဲ့ မေးခွန်းပဲ၊ ဒီမေးခွန်း အတွက် ကိုယ် နှစ်ညလုံးလုံး အိပ်မပျော်ဘူးဆိုရင် ညီလေး မရယ်ပါဘူးနော်၊ ကိုယ်အခု အံ့သြနေတာ ကတော့ လူတွေဟာ အသက်ရှင်နေကြပြီး ဘာဖြစ်လို့ ဒီကိစ္စကို မစဉ်းစားကြသလဲ ဆိုတာပဲ၊ ကိုယ့်ဟာကိုယ် အထင်ကြီးနေတာပဲလား၊ အိုက်ဗင်မှာ ဘုရားသခင် မရှိဘူး၊ သူ့မှာ အယူအဆတခု ရှိတယ်၊ ကိုယ် ဘယ်လိုမှ လက်လှမ်းမမီတဲ့ အယူအဆပဲ၊ သူကလည်း ဘာမှမပြောဘူး၊ သူဟာ ဖရီးမေဆင် တယောက်လို့ ကိုယ်ထင်တယ်၊ ကိုယ် သူ့ကို မေးကြည့်တယ်၊ သူ ဘာမှမပြောဘူး၊ သူ့ရင်ထဲက စီးဆင်းလာတဲ့ စမ်းရေကလေးကို ကိုယ်သောက်ချင်တယ်၊ ဒါပေမဲ့ သူက နှုတ်ဆိတ်နေ တယ်၊ ဒါပေမဲ့ တခါမှာတော့ သူ့ပါးစပ်က စကားတခွန်း ထွက်လာတယ်"

"သူ ဘာပြောသလဲ" အလျိုရှာ အမိအရ ဖမ်းပြီး မေးလိုက်သည်။

"ကိုယ်က သူ့ကို မေးတယ်၊ 'ဒါဆိုရင် ဘာမဆို လုပ်ပိုင်ခွင့်ရှိတာပေါ့၊ ဟုတ်လား' ဒီတော့ သူ မျက်မှောင်ကုတ်ပြီး 'ကျွန်တော်တို့အဖေ ဖျိုဒါ ကာရာမာဇော့ဟာ လူဆိုးကြီးတယောက်ပဲ၊ ဒါပေမဲ့ သူ့ရဲ့ အယူအဆတွေဟာ မှန်တယ်' တဲ့။ ဒါ သူ့ဆီက ပွင့်ထွက်လာတဲ့ စကားပဲ၊ သူပြောသမျှကတော့ အဲဒါပဲ၊ ရာကီတင်ထက်တော့ ကောင်းတာပဲ"

"ဟုတ်တယ်" အလျိုရှာ သဘောတူလိုက်သည်။ "သူ ဘယ်တုန်းက ဒီကိုလာသလဲ"

"ဒီအကြောင်း နောက်မှပြောမယ်၊ အခုလောလောဆယ်မှာ ညီလေးကို ကိုယ် ပြောစရာတခု ရှိတယ်၊ အခုအထိ ညီလေးကို အိုက်ဗင်အကြောင်း

ဘာမှမပြောရသေးဘူး၊ နောက်ဆုံးကျမှ ပြောဖို့ အစ်ကိုကြီး လုပ်ထားတယ်၊ ကိုယ့်ကိစ္စတွေ ဒီကပြီးသွားပြီး စီရင်ချက်ချပြီးတဲ့အခါကျမှ ညီလေးကို အစ်ကိုကြီး ပြောမယ်၊ အားလုံး ပြောပြမယ်၊ အင်မတန် အရေးကြီးတဲ့ ကိစ္စကြီးတခု ရှိတယ်၊ ညီလေးက အစ်ကိုကြီးအတွက် အဆုံးအဖြတ် ပေးရမယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ဘာမှမမေး ပါနဲ့ဦး၊ ဘာတခွန်းမှ မမေးပါနဲ့ဦး၊ ညီလေးက မနက်ဖြန်အကြောင်း ပြောတယ်၊ အမှုစစ်မယ့် အကြောင်း ပြောတယ်။ ဒါပေမဲ့ အဲဒီကိစ္စကို အစ်ကိုကြီး ဘာမှမသိဘူး”

“ရှေ့နေနဲ့ အစ်ကိုကြီး တွေ့ပြီးပြီလား”

“ရှေ့နေဟုတ်လား၊ ကိုယ် သူ့ကို အားလုံး ပြောပြီးပြီ၊ သိမ်မွေ့နူးညံ့တဲ့ လူဆိုးတယောက်ပဲ၊ ပီတာစဘတ်က လူဆိုးပဲ၊ ဗားနတ်တယောက်ပဲ၊ ညီလေး စဉ်းစားကြည့်စမ်းပါ၊ ကိုယ်ပြောတဲ့ စကားတွေကို တလုံးမှ သူမယုံဘူး၊ အဲဒါကို ကိုယ် သိတယ်၊ ဒါနဲ့ ကိုယ် သူ့ကို မေးလိုက်ယ်၊ ‘ဒါနဲ့များ ခင်ဗျားက ဘာကိစ္စ ကျုပ်ဘက်က ခုခံကာကွယ်ရအောင် လာရတာလဲ’ လို့၊ အဲဒါတွေအားလုံး ဘေးချိတ်ထားရင် ကောင်းမယ်၊ နောက်ပြီးတော့ ဆရာဝန်တယောက်ကို သူတို့ ခေါ်လာကြတယ်၊ ကိုယ်ရူးနေကြောင်း သက်သေပြဖို့တဲ့၊ အဲဒါကို ကိုယ်ခွင့်မပြုဘူး၊ ကက်ထရီးနားက သူ့ ‘တာဝန်’ ကို အဆုံးစွန်အထိ ထမ်းဆောင် သွားချင်တယ်၊ ဘယ်လောက်ပဲ ဒဏ်ပြင်းပြင်းပေါ့”

မစ်တယာ နာကြည်းစွာ ပြုံးလိုက်သည်။ ထို့နောက် ...

“အင်မတန် အငြိုးကြီးတဲ့ မိန်းမပဲ၊ အင်မတန် အသည်းမာတဲ့ မိန်းမပဲ၊ သူ့ကို အင်မတန် ‘အမျက်ကြီးတဲ့’ မိန်းမပဲလို့ မိုကရိုယီမှာ ကိုယ်ပြောတဲ့စကားကို သူကြားတယ်၊ သူတို့ သူ့ကို ပြန်ပြောကြတယ်။ ဟုတ်တယ်၊ ကိုယ့်ဘက်ကို လက်ညှိုးထိုးနေတဲ့ အချက်တွေကတော့ ဂဏဲဝါဠု သဲစုနဲ့ အမျှပဲ၊ ဂရီဂိုရီကလည်း သူ့ဇာတ်လမ်းကို အသေကိုင်ထားတယ်၊ ဂရီဂိုရီက ရိုးတယ်၊ ဒါပေမဲ့ တကယ် အ တယ်၊ ဒီလောကကြီးမှာ အ လွန်းတဲ့အတွက် ရိုး နေတဲ့ လူတွေအများကြီးပဲ၊ အဲဒါ ရာကီတင်ရဲ့အယူအဆပဲ၊ ဂရီဂိုရီဟာ ကိုယ့်ရဲ့ရန်သူပဲ၊ မိတ်ဆွေအဖြစ်ထက် ရန်သူအဖြစ် ပိုပြီး အသုံးဝင်တဲ့လူတွေ ဒီလောကကြီးမှာ အများကြီးပဲ၊ ကက်ထရီးနားကို စဉ်းစားမိပြီး ဒီစကားကို ကိုယ်ပြောလိုက်တာပဲ၊ အဲဒီငွေ လေးထောင့်ငါးရာအတွက် သူ ဘယ်လို ဦးခိုက်ခဲ့ရတယ် ဆိုတာကို ရုံးတော်မှာ သူပြောတာ အမှန်ပဲ၊ သူ့အနေနဲ့ ကမ်းကုန်အောင် ပေးဆပ်သွားမှာပဲ၊ သူ့အနေနဲ့ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံတာကို ကိုယ်မလိုချင်ဘူး၊ ကိုယ်ဟာ တရားရုံးမှာ လုံးလုံးကြီးကို အရှက်ကွဲရမှာပဲ၊ အို ဒီကိစ္စကို ကိုယ် တခုခုလုပ်ရမယ်၊ သူ့ဆီကို သွားပါ အလျှိုရှာ၊ အဲဒီအကြောင်းကို ရုံးတော်မှာ မပြောဖို့ သူ့ကို ပြောပါ၊ ညီလေး မပြောနိုင်ဘူးလား၊ အို ... နေပေ့စေ၊ ကိစ္စမရှိဘူး။ ဒီကိစ္စကို ကိုယ် တနည်းနည်း

လုပ်နိုင်ပါတယ်၊ သူ့အတွက် ကိုယ်စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ သူ့ဘာသူလုပ်တဲ့ကိစ္စပဲ၊ သူ့အနေနဲ့ အနစ်နာခံရတာဟာ သူ့မှာ အဲဒီလိုလုပ်ပိုင်ခွင့် ရှိလို့ပဲ၊ ကိုယ့်ဘက်ကလည်း ပြောစရာရှိပါတယ် အလျှိုရှာ”

မစ်တယာ နာကြည်းစွာ ပြုံးလိုက်ပြန်သည်။ ထို့နောက် ...

“ဂရုရှင်ကာ ... ဂရုရှင်ကာပဲ၊ အို .... ဘုရားသခင်၊ သူ့အနေနဲ့ ဘာဖြစ်လို့ ဒုက္ခတွေ ဒါလောက်တောင် ခံစားနေရတာလဲ” ရုတ်ခြည်းဆိုသလို မျက်ရည်တွေနှင့် သူ ရွတ်ဆိုလိုက်သည်။ “ကိုယ့်ကို စိတ်ဆင်းရဲအောင်လုပ်နေတာ ဂရုရှင်ကာပဲ၊ သူ့အကြောင်းကို စဉ်းစားလေ ကိုယ့်မှာ စိတ်ဆင်းရဲ ရလေပဲ၊ သူအခုပဲ ကိုယ့်ကို လာတွေ့သွားတယ်”

“သူ ကျွန်တော့်ကို ပြောတယ်၊ အစ်ကိုကြီးကြောင့် သူ တော်တော်ကို ကသိကအောက် ဖြစ်သွားရတယ်တဲ့”

“ကိုယ်သိတယ်၊ ကိုယ့်စိတ်ကြောင့် ဖြစ်ရတာပဲ၊ ကိုယ် မနာလိုဘူး၊ သူ ထွက်သွားတော့ ကိုယ် စိတ်မကောင်းဘူး၊ ကိုယ် သူ့ကို နမ်းလိုက်တယ်၊ ဒါပေမဲ့ ခွင့်လွှတ်ပါလို့တော့ မတောင်းပန်လိုက်ဘူး”

“ဘာဖြစ်လို့ မတောင်းပန်တာလဲ” အလျှိုရှာ ရေရွတ်လိုက်သည်။

မစ်တယာ ရုတ်ခြည်းဆိုသလို ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်သည်။

“အို ... ညီလေးရယ်၊ ဘုရားသခင် ကယ်တော်မူပါ၊ ကိုယ့်အမှားတခုအတွက် ကိုယ် ချစ်နေတဲ့ မိန်းမတယောက်ကို တောင်းပန်ရမတဲ့လား၊ အထူးသဖြင့် ကိုယ် သိပ်ချစ်နေတဲ့ မိန်းမတယောက် ကိုပေါ့၊ ဟုတ်တယ်။ အထူးသဖြင့်ပေါ့၊ ကိုယ့်အနေနဲ့ ဘယ်လောက်ပဲ မှားနေနေပေါ့ ၊ ဒီမယ် ညီလေး မိန်းမတယောက်ဟာ ဘယ်လိုသတ္တဝါမျိုးဆိုတာကို မာရ်နတ်မှပဲ သိတယ်၊ ဘာပဲဖြစ်ဖြစ် မိန်းမတွေ အကြောင်း ကိုယ် အများကြီး သိပါတယ်။

“မောင်ရင် မှားနေတဲ့အကြောင်း မိန်းမတယောက်ကို သွားပြီးတောင်းပန်လို့ရှိရင် ကိုယ်မှားသွားပါ တယ်ကွယ်၊ ကိုယ့်အပြစ်ပါ၊ ကိုယ့်ကို ခွင့်လွှတ်ပါနော်၊ အဲဒီလိုသာဆိုရင် သူက မောင်ရင့်ကို အပြစ်တွေ တရပဟောဖို့ပြီး မြည်တွန်တောက်တီးလိုက်မယ့်ဖြစ်ခြင်း၊ မပြောပါနဲ့တော့၊ သူဟာ ဘယ်တော့မှ မောင်ရင့်ကို ပွင့်ပွင့်လင်းလင်းနဲ့ တိတိလင်းလင်း ခွင့်လွှတ်မှာ မဟုတ်ဘူး၊ သူ ဘာလုပ်မလဲဆိုရင် မောင်ရင့်ကို ခြေနင်းဖတ်ထဲ ရောက်သွားတဲ့အထိ သိက္ခာချပစ်မယ်၊ ဘယ်တုန်းကမှ မရှိခဲ့တဲ့ ပြဿနာတွေကို ဖော်ထုတ်လာမယ်၊

အသိမ် အမှုကမကျန် အားလုံးကို သူမှတ်မိနေမယ်၊ ဘာတခုကိုမှ သူမေ့မှာမဟုတ်ဘူး၊ မမေ့ရုံတင် မကသေးဘူး၊ သူ့ဟာသူ အသစ်တွေ ထပ်ဆောင်းလာဦးမယ်၊ အားလုံးပြီးသွားတော့မှ မောင်ရင့်ကို သူခွင့်လွှတ်မယ်၊ အဲဒါ သူတို့မိန်းမတွေ ရဲ့လုပ်ပေါက်ပဲ၊ အကောင်းဆုံးဆိုတာတွေရဲ့ လုပ်ပေါက်ပဲ၊ အပြစ်တွေအားလုံးကို လက်ကုန်အောင် နှိုက်ထုတ်ပြီး အားလုံး မောင်ရင့်ခေါင်းပေါ်မှာ ပုံချမယ်၊ မောင်ရင့်ကို အရှင်လတ်လတ် အရေခွံ ခွာပစ်မယ်၊ ကိုယ် ပြောမယ်၊ သူတို့အားလုံး ဒီအတိုင်းချည်းပဲ၊ ကိုယ်တို့အဖို့ မရှိမဖြစ်တဲ့ အဲဒီအချစ်ကလေးတွေ အားလုံးပဲ။

"ဒီမယ် ညီလေး၊ ညီလေးကို ကိုယ် ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲ ပြောမယ်၊ သဘောထား ကြီးမြတ်တဲ့ ယောကျ်ားတိုင်းဟာ မိန်းမတယောက်ရဲ့ဩဇာခံပဲ ဖြစ်ရမယ်၊ ဒါ ကိုယ့်ခံယူချက်ပဲ၊ နေဦး ... ခံယူချက် မဟုတ်ဘူး၊ ခံစားချက်ပဲ။ ယောကျ်ားတယောက်ဟာ သဘောထား ကြီးမြတ်ရမယ်၊ ဒါဟာ သူ့အတွက် သိက္ခာကျစရာ မဟုတ်ဘူး၊ သူရဲကောင်းကြီးတယောက်ရဲ့သိက္ခာကိုလည်း မထိခိုက်နိုင် ဘူး၊ ဧကရာဇ်ဘုရင်မင်းမြတ်ကြီး ဖြစ်စေဦးတော့ သိက္ခာမကျနိုင်ဘူး၊ ဒါပေမဲ့ မိန်းမတယောက်ကို ဘာကြောင့်မှတော့ သွားပြီး မတောင်းပန်လိုက်နဲ့၊ ဒီဥပဒေကို သေသေချာချာ မှတ်ထားပါ၊ ဒါဟာ ညီလေးရဲ့အစ်ကို မစ်တယာ ... မိန်းမတွေကြောင့် ပျက်စီးခဲ့ရတဲ့ မစ်တယာက ပေးတဲ့ ဥပဒေသပဲ။

"ဒါပေမဲ့ ဂရုရှင်ကာနဲ့ ပြေလည်မှုရအောင် ကိုယ်တနည်းနည်းနဲ့ လုပ်မယ်၊ သူ့ကို မတောင်းပန်ရဘဲနဲ့ ပေါ့၊ ကိုယ် သူ့ကို လေးစားမြတ်နိုးတယ် အလျှိုရှာ၊ ကိုယ် သူ့ကို လေးစား မြတ်နိုးတယ်။ တခုပဲ ရှိတယ်၊ အဲဒါကို သူမသိဘူး၊ ဟုတ်တယ်၊ ကိုယ် သူ့ကို သေသေချာချာ ချစ်တယ်ဆိုတာကို သူ မယုံဘူး၊ သူ ကိုယ့်ကို နှိပ်စက်နေတယ်၊ သူ့ရဲ့အချစ်နဲ့ နှိပ်စက် ညှဉ်းပန်းနေတယ်၊ အခုအဖြစ်က ဟိုအရင်တုန်းကနဲ့ မတူဘူး၊ ဟိုအရင်တုန်းက ကိုယ့်ကို ညှဉ်းပန်းနှိပ်စက်ခဲ့တာက သူ့ရဲ့ ကိလေသာ အလှတွေပဲ၊ အခုဟာက သူ့ရဲ့ ဝိညာဉ်တခုလုံးကို ကိုယ့်ရဲ့ ဝိညာဉ်နဲ့ ပေါင်းစပ်လိုက်တာပဲ၊ ကိုယ်ဟာ သူနဲ့ ပေါင်းစပ်ပြီး လူတယောက် ဖြစ်လာရတာပဲ၊ ကိုယ်တို့ကို သူတို့ လက်ထပ်ပေးမလား၊ မပေးဘူး ဆိုရင်တော့ ကိုယ်ဟာ မနာလိုဝန်တိုပြီး သေရမှာပဲ၊ ကိုယ် နေ့တိုင်း တွေးနေမိတာ တခုရှိတယ်၊ ကိုယ့်အကြောင်း ညီလေးကို သူ ဘာပြောသလဲ"

ဂရုရှင်ကာက သူ့အား ပြောဆိုခဲ့သည်များ အားလုံးကို အလျှိုရှာ ပြန်လည်ပြောပြသည်။ မစ်တယာ သေသေချာချာ နားထောင်နေသည်။ နေရာပေါင်းများစွာတွင် သူ ဘဝင်ကျသည်အထိ ပြန်လည် ပြောပြစေသည်။

"ဒါဆိုရင် ကိုယ်သဝန်တိုတဲ့အတွက် သူ ဒေါပွနေတာပဲ၊ မိန်းမတယောက် ပီသပါပေတယ်၊ ကိုယ့်မှာလည်း ရက်စက်တဲ့ နှလုံးသား ရှိတယ်၊ အို ...

ကိုယ်ကလည်း အဲဒီလို ရက်စက်တဲ့ နှလုံးသား ရှိတဲ့ မိန်းမမျိုးကိုမှ ချစ်တယ်၊ ဒါပေမဲ့ ကိုယ်နဲ့ ပတ်သက်ပြီး မနာလို ဝန်တိုတာကိုတော့ သည်းမခံနိုင် ဘူး၊ ကိုယ် သည်းမခံနိုင်ဘူး၊ ကိုယ်တို့ ရန်ဖြစ်ကြမယ်၊ ဒါပေမဲ့ ကိုယ် သူ့ကို ချစ်တယ်၊ ကိုယ် သူ့ကို အမြဲတမ်း ချစ်နေမယ်၊ ကိုယ်တို့ကို သူတို့ လက်ထပ်ပေးမလား၊ အကျဉ်းသားတွေ လက်ထပ်ခွင့် ရှိသလား၊ အဲဒါ ပြဿနာပဲ … မရှိဘူး ဆိုရင် ကိုယ်လည်း မတည်ရှိနိုင်ဘူး”

မစ်တယာ မျက်မှောင်ကုတ်ပြီး အခန်းထဲတွင် လမ်းလျှောက်နေသည်။ အချိန်မှာ အတော်ကြီး မှောင်လာပြီ ဖြစ်သည်။ သူသည် ရုတ်ခြည်းဆိုသလို အထူးပင် ပူပန်စိုးရိမ်ခြင်း ရှိလာပြီး …

“လျှို့ဝှက်ချက်တခု၊ လျှို့ဝှက်ချက်တခု ရှိတယ်လို့ သူပြောသလား၊ ကိုယ်တို့ သုံးယောက်ပေါင်းပြီး သူ့ကို မကောင်းကြံစည်နေတယ်လို့ ပြောသလား၊ ဒီအထဲမှာ “ဟို အမျိုးသမီး ကက်ထရီးနား” ပါတယ်လို့ ပြောသလား၊ မဟုတ်ဘူး … ဂရုရှင်ကာ မိန်းကလေး၊ မင်း အထင်လွဲနေတာပဲ၊ ဒီနေရာမှာတော့ မင်းမှားတာပဲ၊ မိန်းမတွေ မှားလေ့ရှိတဲ့ ပေါက်တတ်ကရ အမှားတခုပဲ၊ ဒီမယ် အလျှိုရှာ၊ ညီလေး၊ အေး … ကောင်းပြီ၊ ညီလေးကို ကိုယ်တို့ရဲ့ လျှို့ဝှက်ချက်ကို ပြောပြမယ်”

ပတ်ဝန်းကျင်ကို သူ ကြည့်လိုက်သည်။ ထို့နောက် သူ့ရှေ့တွင် ရပ်နေသော အလျှိုရှာ အနီးသို့ လျင်မြန်စွာ တိုးကပ်သွားပြီး လျှို့ဝှက်သော သဘောမျိုးဖြင့် လေသံတိုးတိုးပြောသည်။ သို့သော် အမှန်တကယ်တွင်မူ သူတို့စကားကို မည်သူမျှ မကြားနိုင်ပါ။ ထောင်ကြပ် အဘိုးကြီးသည် အခန်းထောင့် တနေရာတွင် မှေးငိုက်နေပြီး အစောင့်တပ်သားများနှင့်လည်း အလှမ်းဝေးလှပေသည်။

“ကိုယ်တို့ရဲ့ လျှို့ဝှက်ချက်တွေအားလုံး ညီလေးကို ပြောပြမယ်၊ ပထမတုန်းကတော့ နောက်မှ ပြောပြမလို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ညီလေး မပါဘဲနဲ့ ဘာပြဿနာကိုမှ အဆုံးအဖြတ် ပေးနိုင်မှာ မဟုတ်လို့ပဲ၊ ညီလေးဟာ ကိုယ့်အတွက် အစစအရာရာပဲ၊ အိုက်ဗင်ဟာ ကိုယ်တို့နှစ်ယောက်ထက် သာတယ်လို့ ကိုယ်ပြောခဲ့ပေမဲ့ ညီလေးဟာ ကိုယ့်အတွက်တော့ တမန်တော်ကလေးပဲ၊ ညီလေးရဲ့ ဆုံးဖြတ်ချက်က တကယ်တမ်း အဆုံးအဖြတ်ပေးမှာပဲ၊ အမှန်တော့ ကိုယ်တို့တတွေထက် တကယ် သာတာက ညီလေးပဲ၊ အိုက်ဗင် မဟုတ်ဘူး၊ အခုကိစ္စက အသိစိတ်ပဲ၊ အမှားအမှန်ကို ဆုံးဖြတ်နိုင်တဲ့ အသိစိတ်၊ ကြီးမားတဲ့ အသိစိတ်ပဲ၊ လျှို့ဝှက်ချက်က သိပ်ပြီး အရေးကြီးတယ်၊ ဒီကိစ္စကို ကိုယ့်ဘာကိုယ် ဘယ်လိုမှ မဆုံးဖြတ်နိုင်ဘူး၊ ဒီကိစ္စကို ညီလေးကို ကိုယ်ဖွင့်ပြောနိုင်တဲ့အချိန်အထိ ကိုယ်ရွှေ့ထားခဲ့တယ်၊ နောက်ပြီးတော့ အခုအချိန်က ဆုံးဖြတ်ချက်ပေးဖို့လည်း အများကြီး စောသေးတယ်၊ ရုံးတော်က စီရင်ချက်ချပြီးတဲ့အထိ ကိုယ်တို့ စောင့်ရမယ်၊ စီရင်ချက်ချမှတ်ပြီးတာနဲ့ တပြိုင်နက် ကိုယ့်ရဲ့ ကံကြမ္မာကို ညီလေး

အဆုံးအဖြတ်ပေးရလိမ့်မယ်။

"ဒါပေမဲ့ အခုတော့ ဘာမှ မဆုံးဖြတ်ပါနဲ့ဦး၊ လျှို့ဝှက်ချက်အကြောင်း ညီလေးကို ကိုယ် အခုပြောပြမယ်၊ ညီလေး နားထောင်ပါ၊ ဒါပေမဲ့ ဆုံးဖြတ်ချက်မပေးပါနဲ့ ၊ ငြိမ်ငြိမ်ကလေး ရပ်နေပြီး ဘာစကားတခွန်းမှ မပြောပါနဲ့၊ ဟုတ်ပြီလား။ ဒါပေမဲ့ အို ... ဘုရားသခင်၊ ညီလေးရဲ့ မျက်လုံးတွေနဲ့ ကိုယ်ဘယ်လို လုပ်ရမလဲ၊ ညီလေးရဲ့ပါးစပ်က ဘာမှ မပြောပေမယ့် ညီလေးရဲ့ မျက်လုံးတွေက ဆုံးဖြတ်ချက်ပေးမှာကို ကိုယ် ကြောက်နေတယ်၊ အို ... ညီလေးရယ်၊ အဲဒါကို ကိုယ်ကြောက်တယ်။

"အလျှိုရှာ နားထောင်၊ ကိုယ်ထွက်ပြေးဖို့ အိုက်ဗင်က အကြံပေးတယ်၊ ညီလေးကို ကိုယ် အသေးစိတ်တွေ ပြောမပြတော့ဘူး၊ ဒါပေမဲ့ အားလုံး စဉ်းစားထားပြီးပြီ၊ အားလုံး စီစဉ်လို့ရတယ်၊ ဘာမှမပြောနဲ့၊ ဘာမှမဆုံးဖြတ်နဲ့၊ ဂရုရှင်ကာနဲ့အတူ အမေရိကကို ထွက်ပြေးရမယ်၊ ဂရုရှင်ကာ မရှိဘဲနဲ့ ကိုယ် မနေနိုင်ဘူး၊ အဲဒီတော့ သူတို့က သူ့ကို ကိုယ်နဲ့အတူ ဆိုက်ဗေးရီးယားကို လိုက်ခွင့် မပြုရင် ဘယ့်နှယ်လုပ်မလဲ၊ အကျဉ်းသားတွေကို လက်ထပ်ခွင့် မပေးဘူး မဟုတ်လား၊ အိုက်ဗင်က တော့ မပေးဘူးလို့ ပြောတယ်။ ဂရုရှင်ကာ မပါဘဲနဲ့ မြေအောက်သတ္တုတွင်းထဲမှာ တူတလက်နဲ့ ကိုယ် ဘာလုပ်ရမလဲ၊ ကိုယ့်ခေါင်းကို တူနဲ့ ရိုက်ခွဲဖို့ပဲ ရှိတယ်။

"ဒါပေမဲ့ တခြားတဖက်ကနေ ကြည့်ပြန်ရင် ကိုယ့်ရဲ့အသိစိတ်ကို ဘာပြောမလဲ၊ ကိုယ်ဟာ ဒုက္ခဝေဒနာ ခံစားခြင်းကနေ ထွက်ပြေးမလား၊ ကိုယ့်ကို ကောင်းကင်ဘုံက နိမိတ် ပြနေတယ်၊ ဒါကို ကိုယ်က ငြင်းပယ်ပစ်မလား၊ ကိုယ့်မှာ အပြစ်မှ သန့်ရှင်းစင်ကြယ်နိုင်တဲ့ နည်းလမ်း ရှိနေတယ်။ ဒါကို ကိုယ် ကျောခိုင်းသွားမလား၊ အိုက်ဗင်ကတော့ 'လူကောင်းတယောက်' ဟာ ဆိုက်ဗေးရီးယားမှာ တူထုနေတာထက် အမေရိကမှာ ပိုပြီး အသုံးဝင်နိုင်တယ်လို့ ပြောတယ်၊ ဒါပေမဲ့ မြေအောက် သတ္တုတွင်းထဲကနေပြီး ဘုရားသခင်ကို ဂုဏ်ပြုတဲ့ ဓမ္မတေးတွေကို သီဆိုဖို့ကိစ္စ ဘယ့်နှယ်လုပ်ပါ့ မလဲ၊ အမေရိကဆိုတာ ဘာလဲ၊ အမေရိကဆိုတာ ဘာလဲ၊ အမေရိကဆိုတာ ဘာမှ အကျိုးမရှိနိုင်တဲ့ နေရာပဲ၊ အဲဒီမှာလည်း ဒုစရိုက်မှုတွေ လွှမ်းမိုးနေတယ်လို့ ကိုယ်ကြားရတယ်၊ ကိုယ်ဟာ လက်ဝါးကပ်တိုင်အောက်မှာ ဒုက္ခ ဝေဒနာ ခံစားရမယ့်ဘေးက ထွက်ပြေးတာပဲ။

"ညီလေးကို ကိုယ် ဒီအကြောင်းတွေ ပြောပြနေတာကတော့ ဒီကိစ္စကို ညီလေးတယောက်ပဲ နားလည် သဘောပေါက်နိုင်လို့ပဲ၊ တခြားဘယ်သူမှ နားမလည်နိုင်ဘူး၊ တခြားလူတွေအဖို့တော့ ကိုယ်ဟာ အဓိပ္ပာယ်မရှိတာတွေကို ကယောင်ကတမ်း လျှောက်ပြောနေတာပဲလို့ ယူဆကြမှာပဲ၊ ကိုယ်ဆိုလိုတာက ညီလေးကို ကိုယ်ပြောတဲ့ ဓမ္မတေးအကြောင်းကို ပြောတာ၊ သူတို့က

ကိုယ်ရူးသွားပြီလို့ ပြောကြလိမ့်မယ်၊ ဒါမှမဟုတ် ကိုယ့်ကို အရူးတယောက်ပဲလို့ ယူဆကြလိမ့်မယ်၊ ဓမ္မတေးအကြောင်းကို အိုက်ဗင်လည်း နားလည်တယ်၊ ဟုတ်တယ်၊ သူ နားလည်တယ်။ ဒါပေမဲ့ သူ ဘာမှမပြောဘူး၊ ဓမ္မတေးကို သူ မယုံကြည်ဘူး၊ ညီလေး မပြောနဲ့ ... ညီလေး မပြောနဲ့၊ ညီလေးရဲ့ မျက်နှာကို ကိုယ်ရိပ်မိတယ်၊ ညီလေး စိတ်ထဲမှာ ဆုံးဖြတ်ပြီးနေပြီ၊ ဒါပေမဲ့ မဆုံးဖြတ်ပါနဲ့ဦး၊ ကိုယ့်ကို ချမ်းသာပေးပါ၊ ဂရုရှင်ကာ မရှိရင် ကိုယ်မနေနိုင်ဘူး၊ စီရင်ချက်ချတာကို စောင့်ပါဦး"

မစ်တယာ အရူးတယောက်လို စကားကို အဆုံးသတ်လိုက်သည်။ အလျှိုရှာ၏ ပခုံးနှစ်ဖက်ကို သူ့လက်များဖြင့် ဆုပ်ကိုင်ထားပြီး အရောင်တောက်လက်နေသော မျက်လုံးကြီးများဖြင့် စူးစိုက်ကာ ကြည့်နေသည်။

"အကျဉ်းသားတွေကို သူတို့ အိမ်ထောင်ပြုခွင့် ပေးသလား"

တတိယအကြိမ်အဖြစ်ဖြင့် သူ မေးလိုက်ပြန်သည်။ အလျှိုရှာသည် အထူးပင် အံ့သြစွာဖြင့် နားထောင် နေခဲ့ပြီး အထူးပင် တုန်လှုပ်ချောက်ချားလျက် ရှိတော့သည်။

"ကျွန်တော့်ကို တခုပြောစမ်းပါ၊ ဒီကိစ္စကို အိုက်ဗင် တကယ် စိတ်ဝင်စားသလား၊ နောက်ပြီးတော့ ဒီအကြံအစည်က ဘယ်သူ့စိတ်ကူးလဲ" အလျှိုရှာ မေးလိုက်သည်။

"သူ့စိတ်ကူးပဲ၊ သူ အရင်ဆုံး စဉ်းစားပြီး သူ ပြောတာပဲ၊ စောစောပိုင်းက သူ ကိုယ့်ကို လာမတွေ့ဘူး၊ လွန်ခဲ့တဲ့တပတ်လောက်ကမှ ဖြုန်းခနဲဆို ရောက်လာပြီး ဒီကိစ္စကို တန်းပြီး ပြောတော့တာပဲ၊ ဒီကိစ္စကို သူ ဘယ်လိုစီစဉ်မယ်ဆိုတာကို ပြောပြတယ်၊ အခြေအနေ အချက်အလက်တွေကို သူအားလုံး စုံစမ်းပြီးပြီ၊ ဒါပေမဲ့ အဲဒီအကြောင်း နောက်မှပြောမယ်၊ သူက ဒီကိစ္စကို သဲကြီးမဲကြီး ဖြစ်နေတယ်၊ အဓိကအရာကတော့ ငွေရေးကြေးရေးပဲ၊ ထွက်ပြေးဖို့အတွက် ငွေတသောင်း ယူပေးမယ်၊ အမေရိကမှာ နေဖို့အတွက် နှစ်သောင်းပေးမယ်၊ ငွေတသောင်းဆိုရင် အစ်ကိုကြီးကို ကောင်းကောင်းကြီး လွတ်သွားအောင် လုပ်နိုင်တယ်လို့ သူ ပြောတယ်"

"ဒီကိစ္စ ကျွန်တော့်ကို အသိမပေးဖို့ အစ်ကိုကြီးကို သူပြောသလား" အလျှိုရှာ နောက်တကြိမ် မေးလိုက်ပြန်သည်။

"ဘယ်သူ့ကိုမှ မပြောရဘူး၊ အထူးသဖြင့် ညီလေးကို မပြောရဘူး၊ ညီလေးကို အကြောင်းကြောင့်မှ မပြောရဘူး၊ ညီလေးဟာ ကိုယ့်ရဲ့အသိစိတ်အဖြစ်နဲ့ ကိုယ့်ရှေ့မှာ ရပ်နေမှာကို သူစိုးရိမ်တယ်၊ ညီလေးကို ကိုယ်ပြောတဲ့အကြောင်း သူ့ကို မပြောပါနဲ့၊ ဘာကြောင့်မှ သွားမပြောလိုက်ပါနဲ့"

"အစ်ကိုကြီး ပြောတာမှန်တယ်၊ စီရင်ချက်မချခင်မှာ ဒီကိစ္စကို ဆုံးဖြတ်လို့ မရနိုင်ဘူး" အလျှိုရှာ ပိုင်းဖြတ်လိုက်သည်။ "အမှုစစ်ဆေးလို့ ပြီးသွားတဲ့အခါကျမှ ဒီကိစ္စကို အစ်ကိုကြီးဘာသာ အစ်ကိုကြီး ဆုံးဖြတ်ရမယ်၊ အဲဒီအခါကျရင် အစ်ကိုကြီးဟာ လူသစ်တယောက် ဖြစ်နေလိမ့်မယ်၊ အဲဒီလူသစ်က ဆုံးဖြတ်လိမ့်မယ်"

"လူသစ်တယောက်လား၊ ဗားနတ်လား၊ ဗားနတ်ပုံစံနဲ့ ဆုံးဖြတ်မှာလား၊ ကိုယ်ဟာ ဗားနတ် ဖြစ်နေရင် ကိုယ့်ကိုယ်ကိုယ် အထင်သေးမှာ အမှန်ပဲ" မစ်တယာ မဲ့ပြုံးဖြင့် ပြောသည်။

"ဒါနဲ့ ... အစ်ကိုကြီး ဘယ်လိုမှ လွတ်ဖို့ မမျှော်လင့်တော့ဘူးလား"

မစ်တယာ ပခုံးနှစ်ဖက်ကို တွန့်ပြီး ခေါင်းကို ယမ်းခါလိုက်သည်။

"ညီလေး အလျှိုရှာ၊ ညီလေးပြန်ဖို့ အချိန်ရောက်လာပြီ၊ အပြင်ဘက် ဝင်းထဲမှာ ထောင်ပိုင်ကြီးရဲ့အသံ ကြားတယ်၊ မကြာခင် သူ ဒီကို ရောက်လာလိမ့်မယ်" မစ်တယာ ကသောကမျော ပြောသည်။ "ကိုယ်တို့ မိုးချုပ်နေပြီ၊ စည်းကမ်းနဲ့ မညီတော့ဘူး၊ ကိုယ့်ကို မြန်မြန်ကလေး ဖက်လိုက်ပါ၊ ကိုယ့်ကို နမ်းပြီး ကိုယ့်ကိုယ်ပေါ်မှာ လက်ဝါးကပ်တိုင် ခတ်ပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ကျရင် အဲဒီလက်ဝါးကပ်တိုင်ကို ကိုယ် ဆောင်ကြဉ်းသွားရမယ်"

သူတို့ ဖက်လိုက်ကြပြီး နမ်းကြသည်။

"ကိုယ် ထွက်ပြေးဖို့ အိုက်ဗင် အကြံပေးတာပဲ၊ သူက ကိုယ်သတ်တယ်လို့ ယုံကြည်နေတယ်" မစ်တယာ ရုတ်တရက် ပြောလိုက်သည်။

သူ၏ နှုတ်ခမ်းများပေါ်တွင် ဆွေးမြည့်သော အပြုံးရိပ် ပေါ်လွင်လာသည်။

"သူ ယုံနေသလားလို့ အစ်ကိုကြီး မေးကြည့်သလား"

"ဟင့်အင်း၊ ကိုယ်မမေးဘူး၊ ကိုယ်မေးချင်တယ်၊ ဒါပေမဲ့ မမေးရဲဘူး၊ ကိုယ့်မှာ မေးနိုင်တဲ့ အင်အား မရှိဘူး၊ ဒါပေမဲ့ မေးလို့လည်း ဘာမှ အကြောင်းမထူးပါဘူး။ သူ့မျက်လုံးတွေထဲမှာ ကိုယ် တွေ့နေရတာပဲ၊ ကဲ .. သွားတော့၊ ညီလေး"

သူတို့ ခပ်သွက်သွက်ကလေး နမ်းလိုက်ကြပြန်သည်။ အလျှိုရှာ အခန်းထဲမှ ထွက်သွားတော့မည့် ဆဲဆဲတွင် မစ်တယာက သူ့ကို ရုတ်တရက် ပြန်ခေါ်လိုက်သည်။

"ကိုယ့်ရှေ့မှာ ရပ်နေစမ်းပါ၊ အဲဒီလို ရပ်နေပါ၊ ဟုတ်ပြီ"

ထို့နောက် သူသည် အလျှိုရှာ၏ပခုံးနှစ်ဖက်ကို သူ့လက်များနှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားပြန်တော့ သည်။ သူ့မျက်နှာမှာ ရုတ်ခြည်းဆိုသလိုပင် ဖွေးဖွေးဖြူသွားသည်။ ယင်းအတွက် ပြကတေ့ကြီး မည်းမှောင်နေသော အခန်းထဲတွင် သူ့မျက်နှာကြီးကို ကြောက်မက်ဖွယ်ရာ မြင်သာနေတော့သည်။ သူ့နှုတ်ခမ်းများ တွန့်လှုပ်ပြီး သူ့မျက်လုံးများက အလျှိုရှာကို စူးစိုက်လျက် ရှိသည်။

"အလျှိုရှာ၊ ဘုရားသခင် ရှေ့တော်မှောက်မှာ လျှောက်ထားနေသလို ကိုယ့်ကို လုံးဝ အမှန်တွေ ပြောစမ်းပါ၊ ကိုယ်သတ်တယ်လို့ ညီလေး ယုံသလား၊ ညီလေး ကိုယ်တိုင်လည်း အဲဒီလို ယုံကြည်ထား သလား၊ အမှန်အတိုင်း ပြောစမ်းပါ၊ နည်းနည်းမှ မညာပါနဲ့"

အရူးတယောက်လို သူ ဟာစ်အော်လျက်ရှိသည်။ အလျှိုရှာ့အမြင်တွင် အရာရာသည် ယိမ်းထိုးလျက် ရှိပြီး သူ့ရင်တွင်း တနေရာတွင် စူးရှနာကျင်လျက် ရှိတော့သည်။

"အို ... ဘုရားသခင်၊ အစ်ကိုကြီး ဘာတွေပြောနေတာလဲ" သူ ဗလုံးဗထွေး ရွတ်ဆိုလိုက်သည်။

"အမှန်အတိုင်း ပြောပါ၊ အမှန်အတိုင်း ပြောပါ ... လုံးဝ မညာပါနဲ့" မစ်တယာ ထပ်ပြောသည်။

"အစ်ကိုကြီးကို လူသတ်သမားတယောက်လို့ ကျွန်တော် ခဏကလေးတောင် စိတ်ထဲမှာ မထင်မိပါဘူး"

သူ့ရင်ထဲမှ စကားလုံးများ တုန်ယင်စွာ သွန်ထွက်လာကြသည်။ သူသည် ဘုရားသခင်ကို တိုင်တည်ပြီး အမှန်တရားကို ပြောဆိုနေသည့်အလား လက်ယာဘက်လက်ကို မြှောက်ထားသည်။ မစ်တယာ၏ မျက်နှာတွင် ပျော်ရွှင်ချမ်းမြေ့မှုများ ရုတ်ခြည်း ပေါ်ထွက်လာသည်။

"ကျေးဇူးတင်လိုက်တာ ညီလေးရယ်" သူက ဆွဲဆွဲငင်ငင် ရွတ်ဆိုလိုက်သည်။ မူးမေ့သွားရာမှ သတိ ပြန်လည်ရရှိလာသောအခါ သက်ပြင်းချလိုက်သည့်အလား ဖြစ်သည်။ "ညီလေးက ကိုယ့်ကို လူသစ်တယောက် လုပ်ပေးလိုက်တာပဲ၊ ညီလေးကို ပြောရင် ယုံမလား မသိဘူး၊ ကိုယ်ဟာ စောစောကလေးကအထိ ဒီမေးခွန်းကို ညီလေးကို မေးရမှာ မရဲခဲ့ဘူး၊ ညီလေးလို လူကိုတောင် မရဲခဲ့ဘူး၊ ညီလေးဟာ ကိုယ့်ကို မနက်ဖြန်အတွက် ခွန်အားတွေ ပေးလိုက်တာပဲ၊ ညီလေးကို ဘုရားသခင် စောင့်ရှောက်ပါစေ၊ ကဲ ... ညီလေး သွားတော့၊ အိုက်ဗင်ကို ချစ်ပါ"

ဤကား မစ်တယာ၏ နောက်ဆုံးစကားလုံးများပင် ဖြစ်သည်။ အလျှိုရှာ မျက်ရည်စက်လက်ဖြင့် ထွက်သွားသည်။ မစ်တယာတွင် မယုံကြည်မှုတွေ ပြည့်လျှံနေသည်။ သူ့အပေါ်မှာပင် ယုံကြည်မှု လျော့နည်းလျက် ရှိသည်။ အလျှိုရှာကိုပင် မယုံကြည်ဘဲ ရှိနေသည်။ သူ့အစ်ကိုကြီး၏ ရင်ထဲတွင် ကြေကွဲဝမ်းနည်းမှုများ နက်ရှိုင်းစွာ ရှိနေသည်ကို သူ ရုတ်တရက် တွေ့မြင်လိုက်ရခြင်းပင် ဖြစ်သည်။ ဤလိုမျိုး ဖြစ်လိမ့်မည်ဟု သူဘယ်တုန်းကမှ မတွေးထင်ခဲ့ပါ။ ထိုအခါ သူ၏ကိုယ်တွင် အတိုင်းအဆ မရှိသော ကရုဏာတရားများ ပွားများလာတော့သည်။ သူ၏ နှလုံးသား ပြင်းထန်စွာ နာကျင်ခြင်း ဖြစ်ရတော့သည်။

"အိုက်ဗင်ကို ချစ်ပါ"

မစ်တယာ၏ နောက်ဆုံးစကားကို ရုတ်ခြည်းဆိုသလိုပင် သူ အမှတ်ရလိုက်မိသည်။ ယင်းသို့ဖြင့် အိုက်ဗင်ထံသို့ သူ သွားနေတော့သည်။ အိုက်ဗင်ကို ထိုနေ့တနေ့လုံးပင် သူ တွေ့ချင်နေခဲ့သည်။ သူသည် မစ်တယာအတွက် စိတ်ပူနေသလိုပင် အိုက်ဗင်အတွက်လည်း အလားတူ စိတ်ပူလျက် ရှိပါသည်။ ယခု မစ်တယာနှင့် တွေ့ပြီးသောအခါတွင် ပို၍ပင် ပူပန်နေရပါတော့သည်။

၅။ အစ်ကိုမဟုတ်ဘူး၊ အစ်ကိုမဟုတ်ဘူး

အိုက်ဗင်ထံသို့ အသွားတွင် သူသည် ကက်ထရီးနား နေထိုင်လျက်ရှိသော အိမ်ကို ဖြတ်ကျော် သွားနေရသည်။ ပြတင်းပေါက်များတွင် မီးတွေ လင်းနေသည်။ သူ ရုတ်တရက် ရပ်လိုက်ပြီး အိမ်တွင်းသို့ ဝင်ရန် ဆုံးဖြတ်လိုက်သည်။ ကက်ထရီးနားနှင့် သူ မတွေ့သည်မှာ တပတ်လုံးလုံး ရှိချေပြီ။ အိုက်ဗင်သည် ယခုအခါ သူမထံတွင် ရောက်နေလိမ့်မည်ဟု သူ ထင်လိုက်မိသည်။ အထူးသဖြင့် ယခုလို ကြောက်မက်ဖွယ်ရာကောင်းသော နေ့ကြီး၏ အကြိုညတွင် ဖြစ်သည်။ လူခေါ်ခေါင်းလောင်းကို လှုပ်ယမ်းပြီးနောက် လှေကားမှ သူတက်သွားသည်။ မီးအိမ်တလုံး ခပ်မှိန်မှိန် ထွန်းထားသည်။ အပေါ်မှ လူတယောက် ဆင်းလာနေသည်ကို တွေ့ရသည်။ သူတို့နှစ်ယောက် ဆုံမိကြသောအခါ ထိုလူသည် သူ၏အစ်ကို ဖြစ်ကြောင်း သိရှိရတော့သည်။ ယင်းသို့ဖြင့် အိုက်ဗင်သည် ကက်ထရီးနားထံမှ ပြန်လာခြင်းပင် ဖြစ်တော့သည်။

"ဩော် ... မင်းပါလား" အိုက်ဗင် ခြောက်ကပ်စွာ ပြောသည်။ "ကဲ ... သွားမယ်၊ မင်း သူ့ဆီကို သွားမလို့လား"

"ဟုတ်ကဲ့"

"ငါ့အနေနဲ့ ပြောရရင်တော့ မင်း မသွားစေချင်ဘူး၊ သူ့စိတ်တွေ ကယောက်ကယက် ဖြစ်နေတယ်၊ မင်းသွားရင် ပိုပြီး ဆိုးလိမ့်မယ်"

ထိုအချိန်တွင် အပေါ်ဘက်မှ တံခါးတခု ပွင့်သွားပြီး အသံတခု ထွက်ပေါ်လာသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မောင်လေး သူ့ဆီက ပြန်လာတာလား အလက်ဇီ"

"ဟုတ်ကဲ့၊ ကျွန်တော် သူနဲ့ သွားတွေ့တာပဲ"

"တို့များအတွက် သူက ဘာများ မှာလိုက်သေးသလဲ၊ လာပါဦး အလျှိုရှာ၊ အိုက်ဗင်ရော လာပါဦး၊ အစ်ကို ပြန်လာပါဦး၊ ကျွန်မပြောတာ ကြားသလား"

ကက်ထရီးနား၏အသံတွင် အမိန့်အာဏာသံ ပါလှသဖြင့် အိုက်ဗင်သည် ခေတ္တမျှ တုံ့ဆိုင်းနေပြီး နောက် အပေါ်သို့ ပြန်တက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ဘာ ချောင်းပြီး နားထောင်နေတာလဲ"

အိုက်ဗင် မကျေမနပ်ဖြင့် သူ့ကိုယ်သူ တီးတိုးပြောလိုက်သည်။ သို့သော်

ထိုစကားကို အလျှိုရှာ ကြားလိုက်သည်။

“ကုတ်အင်္ကျီကြီးကို ကိုယ် မချွတ်တာ ဘယ်လိုမှ သဘောမထားပါနဲ့ ကိုယ် မထိုင်တော့ဘူး၊ ကိုယ် ခဏကလေးပဲ နေမယ်”

ညှော့ခန်းတွင်းသို့ ဝင်ရောက်သွားရင်း အိုက်ဗင် ပြောလိုက်သည်။

“ထိုင်ပါ အလက်ဇီ”

ကက်ထရီးနားက ပြောလိုက်သည်။ သူမကမူ မတ်တတ်ရပ်လျက်ပင် ရှိနေသည်။ သူမက ဤအတောအတွင်းတွင် ဘာမျှ မပြောင်းလဲသလောက်ပင် ဖြစ်သည်။ သို့သော် သူမ၏ မျက်လုံး နက်နက်များတွင်ကား အရိပ်အယောင်တခုကို ပြနေသော အလင်းရောင်တခု ရှိနေသည်။ အလျှိုရှာ နောက်မှ သတိပြုမိသည်မှာ သူမသည် ထိုအချိန်က သူ့မျက်စိထဲတွင် ထူးထူးခြားခြား လှပနေခြင်းပင် ဖြစ်တော့သည်။

“သူက တို့များကို ပြောဖို့ မောင်လေးကို ဘာမှာလိုက်သလဲ”

“တခုပဲ မှာလိုက်ပါတယ်” အလျှိုရှာက သူမ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။ “အဲဒါကတော့ အစ်မကိုယ်ကို အစ်မ ချမ်းသာပေးပြီး တရားရုံးမှာ ဟိုအကြောင်း (အလျှိုရှာ အနည်းငယ် စနိုးစနောင့် ဖြစ်နေပြီးနောက်) မမတို့နှစ်ယောက် အဲ ... ပထမဆုံးအကြိမ် အဲဒီမြို့မှာ တွေ့ကြတုန်းက ...”

“သြော် ... သြော်၊ အဲဒီပိုက်ဆံအတွက် သူ့ရှေ့မှာ တို့များ နဖူးနဲ့ ကြမ်းပြင် ထိအောင် ဦးညွှတ်ခဲ့တဲ့ အကြောင်း သူ ပြောတာပဲ” သူမက နာကြည်းစွာ ရယ်မောရင်း ပြောလိုက်သသည်။ “အင်း .. အဲဒါ ဘာဖြစ်သလဲ၊ သူက သူ့အတွက် စိုးရိမ်လို့လား၊ ဒါမှမဟုတ် တို့များအတွက် စိုးရိမ်လို့လား၊ တို့များအနေနဲ့ ချမ်းသာပေးရမယ်လို့ သူ ပြောတယ်၊ ဘယ်သူ့ကိုလဲ၊ သူ့ကိုလား၊ တို့များကိုလား၊ ပြောစမ်းပါ အလက်ဇီ”

အလျှိုရှာက သူမ၏ အကဲကို ဖမ်းနိုင်ရန် သူမကို စူးစိုက်စွာ ကြည့်လျက်ရှိသည်။ “မမရော သူရော နှစ်ယောက်စလုံးပါ” သူ တိုးညင်းစွာ ပြောလိုက်သည်။

“သြော် ... ဟုတ်လား”

သူမက မထီတရီ ဆတ်ခနဲ ပြောလိုက်သည်။ ထို့နောက် ရုတ်ခြည်းဆိုသလို သူမ၏ မျက်နှာ နီမြန်းသွားသည်။

“မောင်လေးက တို့များအကြောင်း အခုထက်ထိ မသိသေးဘဲကိုး အလက်ဇီ”

သူမက ခြိမ်းခြောက်ဟန်ဖြင့် ပြောလိုက်သည်။ "အေး .. ဒါပေမဲ့ တို့ဘာတို့လည်း မသိပါဘူး။ မနက်ဖြန်ခါ ရုံးမှာ တို့များ အစစ်ခံပြီးတဲ့နောက်ပိုင်းမှာ မောင်လေးဟာ တို့များကို ခြေထောက်နဲ့ နင်းချေချင်ကောင်းလည်း နင်းချေချင်ပါလိမ့်မယ်"

"မမဟာ ရုံးတော်မှာ ရိုးရိုးသားသား ထွက်ဆိုလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ အဲဒါပဲ အရေးကြီးပါတယ်" အလျှိုရှာ ပြောလိုက်သည်။

"အမျိုးသမီးတွေဟာ တခါတခါမှာ မရိုးသားတတ်ကြဘူး" သူမက သွားများကို ကြိတ်လျက် ပြောလိုက်သည်။ "လွန်ခဲ့တဲ့တနာရီလောက်ကပဲ တို့များဟာ အဲဒီသတ္တဝါနဲ့ ထိရမှာကို ကြောက်နေခဲ့ တယ်၊ သူဟာ မြွေဆိုးကြီးတကောင် ဖြစ်နေတဲ့အတိုင်းပဲ၊ ဒါပေမဲ့ ကိုယ်မှားတယ်၊ သူဟာ အခုအချိန်အထိ တို့များအတွက် လူသားတယောက် ဖြစ်နေတုန်းပဲ၊ ဒါပေမဲ့ သူ သတ်သလား၊ သူဟာ လူသတ်သမားလား ..."

သူမက ရုတ်ခြည်းဆိုသလိုပင် အိုက်ဗင်ဘက်သို့ လှည့်ပြီး အရူးတယောက်လို ဟစ်အော်လိုက်သည်။ ထိုအခါ သူမအနေနှင့် ဤမေးခွန်းကို ယခင်ကလည်း အိုက်ဗင်ကို မေးမြန်းခဲ့ကြောင်းကို အလျှိုရှာ သိမြင်လိုက်သည်။ သူမလာခင်ကလေးပင် မေးခဲ့သေးကြောင်းလည်း ဖြစ်နိုင်သည်။ ဤမေးခွန်းကို မေးမြန်းသည်မှာ ပထမအကြိမ်မဟုတ်၊ အကြိမ်တရာမြောက် ဖြစ်နိုင်သည်။ နောက်ဆုံးတွင် သူတို့သည် ရန်ဖြစ်ပြီး အဆုံးသတ်သွားကြပေမည်။

"ဆမာယာကော့နဲ့ ကျွန်မ တွေ့ပြီးပြီ၊ သူ့အဖေကို သူသတ်တာလို့ ကျွန်မကို ပြောတာ အစ်ကိုပဲ၊ ကျွန်မကို ပြောတာ အစ်ကိုပဲ၊ ကျွန်မကတော့ အစ်ကိုပဲလို့ ယူဆတယ်"

သူမက အိုက်ဗင်ကို ကြည့်ပြီး ဆက်ပြောသည်။ အိုက်ဗင် ကြိုးစားပြီး ပြုံးလိုက်သည်။ ကက်ထရီးနား ၏ရင်းနှီးသော လေသံကို ကြားရသောအခါ အလျှိုရှာ အံ့သြသွားရသည်။ သူတို့နှစ်ယောက်အကြား တွင် ဤမျှ ရင်းနှီးမှုရှိလိမ့်မည်ဟု သူ မထင်ခဲ့ပါ။

"အဲဒီကိစ္စ တော်လောက်ပါပြီ၊ ကိုယ်သွားတော့မယ်၊ ကိုယ် မနက်ဖြန် လာခဲ့မယ်" အိုက်ဗင်က သူမ၏ စကားကို ဖြတ်ပြီး ပြောလိုက်သည်။ သူသည် ပြောပြောဆိုဆိုပင် ချာခနဲ လှည့်လိုက်ပြီးနောက် အခန်းထဲမှ ထွက်ကာ လှေကားဆီသို့ တန်းပြီး လျှောက်သွားသည်။ ကက်ထရီးနားက အလျှိုရှာကို လက်နှစ်ဖက်ဖြင့် ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်ပြီးနောက် ...

"သူ့နောက်ကို လိုက်သွားပါ၊ သူ့ကို မီအောင်လိုက်ပါ၊ သူတယောက်တည်း

ခဏကလေးမှ လွှတ်မထားပါနဲ့၊ သူ ရှုးနေတယ်၊ သူ ရှုးသွားပြီဆိုတာ မောင်လေး မသိဘူးလား။ သူ ဖျားနေတယ်၊ ကယောင်ကတမ်း ဖျားနေတယ်၊ ဆရာဝန်က တို့များကို အဲဒီလိုပဲ ပြောတယ်၊ သူ့နောက်ကို လိုက်ပါ၊ ပြေးစမ်းပါ”

အလျှိုရှာ ထိုင်ရာမှ ခုန်ထပြီး အိုက်ဗင်၏ နောက်သို့ အပြေးလိုက်သည်။ အိုက်ဗင်က သူ့ရှေ့တွင် ကိုက်ငါးဆယ်လောက်ပဲ ရှိသေးသည်။

“ဘာကိစ္စလဲ” သူ့နောက်သို့ အလျှိုရှာ ပြေးလိုက်လာသည်ကို သိမြင်သောအခါ အိုက်ဗင် ဆတ်ခနဲ လှည့်ပြီး မေးလိုက်သည်။ “ငါ ရှုးနေတယ်ဆိုပြီး ငါ့နောက်ကို သူ အလိုက်ခိုင်းတာ မဟုတ်လား၊ ဒါကို ဘယ်သူမှ မပြောဘဲနဲ့ ငါသိတယ်”

သူ ဒေါသတကြီး ပြောဆိုသည်။

“ဟုတ်တယ်၊ သူ အထင်မှားနေတာပဲ၊ ဒါပေမဲ့ အစ်ကို ဖျားနေတယ်ဆိုတာတော့ သူပြောတာ မှန်တယ်၊ အစ်ကို့ကို ကြည့်ရတာ နေမကောင်းဘူး၊ တော်တော်နေမကောင်းဘူး အိုက်ဗင်”

အလျှိုရှာ ပြောလိုက်သည်။ အိုက်ဗင် မရပ်ဘဲ ဆက်လျှောက်သွားသည်။ အလျှိုရှာ သူ့နောက်မှ လိုက်ပါသည်။

“လူတွေ ဘယ်လိုလုပ်ပြီး ရှုးသွားတယ်ဆိုတာကို မင်း သိသလား အလက်ဇီ” အိုက်ဗင် ရုတ်တရက် ငြိမ်သက်သွားပြီး ဒေါသကင်းစင်သွားသော လေသံဖြင့် မေးလိုက်သည်။ သူ၏ လေသံက တကယ် သိချင်၍ မေးသောအသံမျိုး ဖြစ်သည်။

“ဟင့်အင်း၊ ကျွန်တော်မသိဘူး၊ ရှုးသွပ်ပုံ ရှုးသွပ်နည်း အမျိုးမျိုး ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တာပဲ”

“လူတယောက်ဟာ သူ ရှုးသွားတာကို သူ့ဘာသူရော သိနိုင်သလား”

“အဲဒီကိစ္စမျိုးကိုတော့ သိနိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး”

အလျှိုရှာ အံ့ဩစွာဖြင့် ပြန်ဖြေသည်။ မိနစ်ဝက်ခန့် အိုက်ဗင် နှုတ်ဆိတ်နေသည်။ “မင်း ငါနဲ့ စကားပြောချင်တယ်ဆိုရင်တော့ တခြားအကြောင်းအရာတခုကို ပြောင်းပြောပါ” သူ ရုတ်တရက် ပြောလိုက်သည်။

“အဲဒါဆိုရင် ကျွန်တော် သတိရပြီ၊ ကျွန်တော် အစ်ကို့ကို ပေးဖို့ စာတစောင် ပါတယ်”

အလျှိုရှာ ရှက်စနိုးဟန်ဖြင့် ပြောလိုက်သည်။ ထို့နောက် လီဆီ၏ စာကို

အကျီအိတ်ထဲမှ ထုတ်ပြီး အိုက်ဗင်ကို ပေးလိုက်သည်။ သူတို့နှစ်ယောက်သည် လမ်းမီးတိုင်တခုအောက်တွင် လျှောက်သွားနေ ခိုက် ဖြစ်သည်။ အိုက်ဗင်က လက်ရေးကို ချက်ချင်းပင် မှတ်မိဟန် ရှိသည်။

"ဪ … ဒါ မာရ်နတ်ရဲ့ သမီးကလေးဆီကပဲ"

မနှစ်မြို့ဟန်ဖြင့် သူ ရယ်မောလိုက်သည်။ ထို့နောက် စာအိတ်ကို မဖွင့်ဘဲ ရုတ်ခြည်းဆိုသလို အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်ကာ လေထဲသို့ လွှင့်ပစ်လိုက်သည်။ စက္ကူစုတ်များ လေထဲတွင် ပြန့်ကျဲသွားကြသည်။

"ကိုယ်ထင်တယ်၊ သူ့အသက် တဆယ့်ခြောက်နှစ်တောင်မပြည့်သေးဘူး၊ အခုကတည်းက သူ့ကိုယ်သူ လေလံတင်နေပြီ"

အိုက်ဗင်က ခြေလှမ်းကျဲကျဲများဖြင့် လျှောက်သွားရင်း ရှုံ့ရှာစက်ဆုပ်ဟန်ဖြင့် ပြောလိုက်သည်။

"သူ့ကိုယ်သူ လေလံတင်နေပြီဆိုတာ အစ်ကို ဘာကိုပြောတာလဲ" အလျှိုရှာ မေးလိုက်သည်။

"သေချာအောင် ပြောရရင်တော့ မိန်းမရွှင်တွေ သူတို့ကိုယ်သူတို့ လေလံတင်တဲ့ သဘောမျိုးပဲပေါ့"

"အစ်ကို ဘာတွေပြောနေတာလဲ" အလျှိုရှာ စိတ်မကောင်းဟန်ဖြင့် အကြောက်အကန် ကန့်ကွက်လိုက်သည်။ "သူဟာ ကလေးလေးတယောက်ပဲ၊ ကလေးလေးတယောက်ကို အစ်ကို စော်ကားနေတာပဲ၊ နောက်ပြီးတော့ သူ နေမကောင်းနေဘူး၊ တော်တော်ကြီးကို နေမကောင်းနေဘူး၊ သူဟာ ရူးတောင်ရူးသွားနိုင်တယ်၊ သူ့ဆီကစာ အစ်ကို့ကို ကျွန်တော် ပေးတယ်၊ အစ်ကို့ဆီက စကားတခုခု ကြားရလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ခဲ့တယ်၊ သူ့ကို သက်သာစေမယ့် စကားမျိုး တခုခုပေါ့"

"ငါ့ဆီက ဘာစကားမှ ကြားရမှာမဟုတ်ဘူး၊ သူဟာ ကလေးလေးတယောက်ဆိုရင်လည်း ငါဟာ ကလေးထိန်းမဟုတ်ဘူး။ တော်တော့ အလက်ဇီ၊ ဆက်မပြောနဲ့တော့၊ သူ့အကြောင်း ငါ ထည့်တောင် မစဉ်းစားဘူး"

သူတို့နှစ်ယောက် တမိနစ်ခန့် တိတ်ဆိတ်သွားကြသည်။

"သူဟာ အခုဆိုရင် မနက်ဖြန်ကျရင် ရုံးတော်မှာ ဘယ်လိုလုပ်ရမယ် ဆိုတာကို လမ်းညွှန်ပေးဖို့ မယ်တော်မာရီဆီမှာ ဆုတောင်းနေလိမ့်မယ်"

ရှုံ့ရှာမုန်းတီးဟန်ဖြင့် ဆတ်ခနဲ သူ ပြောလိုက်ပြန်သည်။

“ကက်ထရီးနားကို အစ်ကို ပြောတာလား” အလျှိုရှာ မေးလိုက်သည်။

“ဟုတ်တယ်၊ မစ်တယာကို သူကယ်မလား၊ ဒါမှမဟုတ် ဒုက္ခပေးမလားပဲ၊ ကောင်းကင်ဘုံက အလင်းရောင်ကို သူ ဆုတောင်းနေလိမ့်မယ်၊ သူ့ဘာသူတော့ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်၊ အခုအထိတော့ သူ့မှာ ဆုံးဖြတ်နိုင်တဲ့ အချိန်မရှိသေးဘူး၊ သူလည်း အတူတူပဲ၊ ငါ့ကို သူ့အတွက် ကလေးထိန်းလို့ ယူဆနေတယ်၊ ငါ့ကို သူ့အတွက် ကလေးချော့သီချင်းတွေ အဆိုခိုင်းနေတယ်”

“ကက်ထရီးနားက အစ်ကို့ကို ချစ်နေတယ်” အလျှိုရှာ စိတ်ထိခိုက်စွာဖြင့် ပြောလိုက်သည်။

“ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ငါက သူ့ကို စိတ်မဝင်စားဘူး”

“သူ စိတ်ဆင်းရဲနေတယ်၊ သူ မျှော်လင့်ချက်ရှိမယ့် စကားမျိုး အစ်ကို ဘာဖြစ်လို့ မပြောရတာလဲ” အလျှိုရှာ မကျေနပ်ဟန်ဖြင့် ဆက်ပြောသည်။ “အစ်ကို သူ့ကို မျှော်လင့်ချက် ပေးထားတယ်ဆိုတာ ကျွန်တော် သိတယ်၊ ဒီလိုပြောမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ”

အဆုံးသတ်တွင် အလျှိုရှာ တောင်းပန်လိုက်သည်။

“သူနဲ့ပတ်သက်ပြီး ငါလုပ်ရမယ့်အလုပ်ကို မလုပ်နိုင်သေးဘူး၊ အဲဒါကတော့ သူနဲ့ လုံးဝ အဆက် ဖြတ်လိုက်ပြီး အဲဒီလို အဆက်ဖြတ်လိုက်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောဖို့ပဲ” အိုက်ဗင် ဒေါသဖြင့် ပြောသည်။ “လူသတ်သမားကို စီရင်ချက်ချပြီးတဲ့အထိ ငါ စောင့်ရမယ်၊ အခုနေ သူနဲ့ငါ အဆက် ဖြတ်လိုက်ရင် သူဟာ ငါ့ကို လက်စားချေတဲ့အနေနဲ့ မနက်ဖြန်ကျရင် ရုံးတော်မှာ အဲဒီသတ္တဝါကို သူ ဒုက္ခပေးလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သူ့ကိုယ်သူ မုန်းနေတယ်၊ သူ မုန်းနေတယ် ဆိုတာကို လည်း သူ သိနေတယ်၊ အကုန်လုံး မုသားတွေချည်းပဲ၊ မုသားပေါ် မုသားဆင့်နေတာပဲ၊ ဒါပေမဲ့ သူနဲ့ငါ အဆက်မဖြတ်သမျှ ကာလပတ်လုံးတော့ သူဟာ မျှော်လင့်ချက်ရှိနေပြီး အဲဒီသတ္တဝါကို ဒုက္ခပေးမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီသတ္တဝါကို ဒုက္ခတောထဲကနေ ငါ ဘယ်လောက် ကယ်တင်ချင်နေတယ်ဆိုတာကို သူ သိလို့ပဲ၊ အဲဒီ စီရင်ချက် ဘယ်တော့များ ချမလဲ”

‘လူသတ်သမား’ နှင့် ‘သတ္တဝါ’ ဟူသော စကားလုံးများသည် အလျှိုရှာ၏ရင်ထဲတွင် နာကြည်းဖွယ်ရာ ပဲ့တင်ထပ်လျက် ရှိတော့သည်။

“ဒါပေမဲ့ မစ်တယာကို သူ ဘယ်လိုဒုက္ခပေးမလဲ၊ မစ်တယာကို ဒုက္ခဖြစ်အောင် သူ ဘယ်လိုထွက်ဆို နိုင်မှာမို့လဲ” အလျှိုရှာက အိုက်ဗင်၏ စကားကို

စဉ်းစားရင်း မေးလိုက်သည်။

"အဲဒီအကြောင်းကို မင်း မသိသေးဘူး၊ သူ့လက်ထဲမှာ စာတစောင် ရှိနေတယ်၊ မစ်တယာရဲ့ လက်ရေးနဲ့ ရေးထားတာပဲ၊ အဲဒီစာက အဖေ့ကို မစ်တယာသတ်တဲ့အကြောင်း ဘယ်လိုမှ သံသယ မရှိနိုင်အောင် ရှင်းနေတယ်"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ အဲဒီစာကို ငါကိုယ်တိုင် ဖတ်ရတယ်"

"အဲဒီလိုမျိုး စာမျိုး မရှိနိုင်ဘူး" အလျှိုရှာ အကြောက်အကန် ထပ်ပြီး ပြောလိုက်သည်။ "ဘယ်လိုမှ မရှိနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မစ်တယာဟာ လူသတ်သမား မဟုတ်ဘူး၊ အဖေ့ကို သတ်တာ သူ မဟုတ်ဘူး၊ သူ မဟုတ်ဘူး"

အိုက်ဗင် ရုတ်ခြည်းဆိုသလို တုံ့ခနဲ ရပ်လိုက်သည်။

"ဒါဖြင့်ရင် လူသတ်သမားက ဘယ်သူလဲ၊ မင်းရဲ့သဘောထားကို ပြောပါဦး" အိုက်ဗင်က အေးစက်စွာ မေးလိုက်သည်။ သူ့အသံက ခက်ထန်ခြင်းပင် ရှိနေသည်။ "ဘယ်သူဆိုတာ အစ်ကိုကိုယ်တိုင် သိနေတာပဲ"

အလျှိုရှာက တိုးတိုးနှင့် ထိုးဖောက်ကာ ပြောလိုက်သည်။

"ဘယ်သူလဲ၊ ဟို အရူးကောင် ဝက်ရူးပြန်သမားအကြောင်း ယုံတမ်းပုံပြင်ကို ပြောနေတာလား၊ ဆမာယာကော့ကို ပြောတာလား"

သူ့တကိုယ်လုံး တုန်ယင်လျက်ရှိကြောင်း အလျှိုရှာ ရုတ်ခြည်းပင် သတိပြုလိုက်မိသည်။

"ဘယ်သူလဲဆိုတာ အစ်ကိုကိုယ်တိုင် သိနေတာပဲ"

စကားလုံးများ သူ့ပါးစပ်မှ အလိုအလျောက် ထွက်သွားကြသည်။ သူ အသက်ရှူ မမှန်ဘဲ ရှိနေသည်။

"ဘယ်သူလဲ၊ ဘယ်သူလဲ"

အိုက်ဗင် ဒေါသတကြီး ဟစ်အော်သည်။ သူ့ကိုယ်တွင် ထိန်းချုပ်ခြင်းများ အလျဉ်း မရှိတော့။

"ကျွန်တော်သိတာ တခုပဲရှိတယ်" အလျှိုရှာက စောစောကအတိုင်းပင် တိုးညင်းစွာ ပြောလိုက်သည်။ "အဲဒါကတော့ အဖေ့ကိုသတ်တာ အစ်ကိုမဟုတ်ဘူး"

"အစ်ကို မဟုတ်ဘူး ဟုတ်လား၊ 'အစ်ကို မဟုတ်ဘူး' ဆိုတာ မင်း ဘာကို ဆိုလိုတာလဲ"

အိုက်ဗင် အထူးပင် အံ့အားသင့်နေသည်။

"အဖေ့ကိုသတ်တာ အစ်ကို မဟုတ်ဘူး"

အလျှိုရှာက ပြတ်သားတိကျစွာဖြင့် ထပ်မံကာ ပြောဆိုလိုက်သည်။ မိနစ်ဝက်ခန့် သူတို့ စကား မပြောကြပါ။

"ငါ မဟုတ်ဘူးဆိုတာတော့ ငါ့ဘာသာငါ သိပါတယ်၊ မင်း ကယောင်ကတမ်းတွေ ပြောနေတာလား"

အိုက်ဗင်က ခပ်သွဲ့သွဲ့ကလေး ပြုံးကာ ပြောလိုက်သည်။

"မဟုတ်ဘူး အိုက်ဗင်၊ အစ်ကိုဟာ လူသတ်သမားပဲဆိုပြီး အစ်ကို့ကိုယ်အစ်ကို အကြိမ်ပေါင်းများစွာ ပြောခဲ့တယ်"

"ငါ ဘယ်တုန်းက အဲဒီလိုပြောသလဲ၊ ငါ မော်စကိုမှာ ရှိနေတာပဲ၊ ငါ ဘယ်တုန်းက အဲဒီလိုပြောသလဲ" အိုက်ဗင်က ဗလုံးဗထွေး ရွတ်ဆိုသည်။

"ပြီးခဲ့တဲ့ နှစ်လအတွင်း အစ်ကိုတယောက်တည်း ရှိနေတဲ့အချိန်တွေမှာ အဲဒီစကားကို အစ်ကို အကြိမ်ပေါင်းများစွာ ပြောခဲ့တယ်"

အလျှိုရှာက စောစောကအတိုင်းပင် တိုးတိုးကလေးနှင့် ရှင်းရှင်းကလေး ပြောဆိုလျက် ရှိသည်။ သို့သော် သူက ဤစကားများကို သူ့သဘောနှင့်သူ ပြောနေခြင်းမျိုး မဟုတ်ဘဲ မငြင်းဆန်နိုင်သော အမိန့်တခုကို လိုက်နာဆောင်ရွက်နေသည့်အလား အလိုအလျောက် ပြောဆိုနေခြင်းမျိုး ဖြစ်တော့သည်။ အလျှိုရှာ ဆက်ပြီး ပြောသည်။

"အစ်ကိုဟာ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲတယ်၊ နောက်ပြီးတော့ လူသတ်သမားဟာ အစ်ကိုကလွဲပြီး ဘယ်သူမှ မဟုတ်ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဖြောင့်ချက်ပေးတယ်၊ ဒါပေမဲ့ အစ်ကို သတ်တာ မဟုတ်ဘူး၊ အစ်ကို မှားနေတာပဲ၊ အစ်ကိုဟာ လူသတ်သမား မဟုတ်ဘူး၊ ကျွန်တော် ပြောတာ အစ်ကို ကြားသလား၊ အစ်ကို မဟုတ်ဘူး၊ အစ်ကို့ကို အဲဒီလိုပြောဖို့ ဘုရားသခင်က ကျွန်တော့်ကို လွှတ်လိုက်တာပဲ"

သူတို့နှစ်ယောက်စလုံး တိတ်ဆိတ်နေကြသည်။ တိတ်ဆိတ်မှုသည် တစ်မိနစ်လုံးလုံးပင် ဖြစ်သည်။ နှစ်ယောက်စလုံးပင် ငြိမ်သက်စွာ ရပ်နေကြပြီး တယောက်၏ မျက်နှာကို တယောက် စူးစိုက်ကာ ကြည့်နေကြသည်။

နှစ်ယောက်စလုံးပင် ဖြူရော်လျက် ရှိသည်။

ရုတ်ခြည်းဆိုသလို အိုက်ဗင် တဆတ်ဆတ် တုန်လာပြီး အလျှိုရှာ၏ ပခုံးကို ဆုပ်ကိုင်ကာ..

"ငါ့အခန်းထဲမှာ မင်း ရှိနေတာပဲ၊ ညဘက် သူ လာတဲ့အချိန်မှာ ငါ့အခန်းမှာ မင်း ရှိနေတာပဲ၊ ဟုတ်တယ် မဟုတ်လား၊ သူ့ကို မင်း တွေ့တယ် မဟုတ်လား"

"အစ်ကို ဘယ်သူ့ကို ပြောတာလဲ၊ မစ်တယာလား" အလျှိုရှာ စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

"မဟုတ်ဘူး၊ သူ မဟုတ်ဘူး၊ အဲဒီသတ္တဝါကို ဘေးချိတ်ထားလိုက်စမ်းပါ" အိုက်ဗင် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဟစ်အော်လိုက်သည်။ "ငါ့ဆီကို သူလာတာ မင်း သိသလား၊ မင်း ဘယ်လိုလုပ်ပြီး သိသလဲ၊ ပြောစမ်း"

"သူဆိုတာ ဘယ်သူလဲ၊ အစ်ကို ဘယ်သူ့ကို ပြောနေမှန်း ကျွန်တော် မသိဘူး" အလျှိုရှာ ထိတ်လန့် တုန်လှုပ်စွာဖြင့် ပြောလိုက်သည်။

"မဟုတ်ဘူး၊ မင်း သိတယ်၊ မင်း မသိဘဲနဲ့ ဘယ်လိုလုပ်ပြီး ... မင်း မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

ရုတ်ခြည်းဆိုသလို အိုက်ဗင် သူ့ကိုယ်သူ ထိန်းလိုက်သည်။ သူ ငြိမ်သက်စွာ ရပ်နေသည်။ တစုံတခုကို လေးလေးနက်နက် စဉ်းစားနေဟန် ရှိသည်။ သူ၏ နှုတ်ခမ်းများပေါ်တွင် ထူးဆန်းသော အပြုံးတခု ပေါ်လာသည်။

"အိုက်ဗင်..." အလျှိုရှာ တုန်ယင်သောအသံဖြင့် စကားကို စသည်။ "အစ်ကို့ကို ကျွန်တော် ဒီစကား ပြောတာကတော့ ကျွန်တော်ပြောတဲ့စကားကို အစ်ကို ယုံကြည်မှာမို့လို့ပဲ၊ အစ်ကို ယုံမယ်ဆိုတာကို ကျွန်တော် သိတယ်၊ အစ်ကိုသတ်တာ မဟုတ်ဘူးလို့ ကျွန်တော် ပြောခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကို အစ်ကို တသက်လုံး အမှတ်ရနေစေချင်လို့ပဲ၊ ဒီစကားကို ပြောတဲ့အတွက် အစ်ကို ကျွန်တော့်ကို အခုအချိန်ကစပြီး မုန်းချင်မုန်းသွားမယ်၊ ဒါပေမဲ့ အစ်ကို့ကို ဒီစကားလုံးတွေ ပြောဖို့ ဘုရားသခင်က ကျွန်တော့်ရင်ထဲကို သွင်းပေးလိုက်တာပဲ"

ယခုအခါတွင် အိုက်ဗင်သည် သူ့ကိုယ်သူ ကောင်းစွာ ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

"အလက်ဇီ၊ ပရောဖက်တွေနဲ့ ဝက်ရူးပြန်တဲ့ လူတွေကို ကိုယ် သည်းမခံနိုင်ဘူး" အေးစက်စက် ထေ့တေ့တေ့အပြုံးဖြင့် အိုက်ဗင် ပြောသည်။ "အထူးသဖြင့် ဘုရားသခင်ဆီက တမန်တော်တွေကို ကိုယ် သည်းမခံနိုင်ဘူး၊ အဲဒါကို

မင်း ကောင်းကောင်း သိပါတယ်၊ ဒီအချိန်ကစပြီး မင်းနဲ့ ငါ ဘာမှ ပတ်သက်စရာ မရှိတော့ဘူး၊ ဘယ်တော့မှ လာပတ်သက်စရာ မရှိတော့ဘူး၊ မင်းကို ငါပြောမယ်၊ ရှေ့လမ်းဆုံကျရင် မင်း ငါနဲ့ လမ်းခွဲပေတော့၊ အဲဒါဟာ မင်းအိမ်ကို သွားတဲ့လမ်းပဲ မဟုတ်လား၊ ငါ့ဆီကို ကနေ့ မလာဖို့ မင်း အထူး သတိထားပါ၊ ငါပြောတာ ကြားသလား”

သူ တဖက်သို့ ချိုးကွေ့ပြီး တည့်တည့်ကြီး လျှောက်သွားသည်။ နောက်ဘက်သို့ တချက်ကလေးမှ ပြန်မကြည့်ပါ။

“အိုက်ဗင်၊ အစ်ကို ကနေ့ တခုခုဖြစ်ရင် ကျွန်တော့်ကို အရင်ဆုံးအသိပေးပါ” အလျှိုရှာ ဟစ်အော်ကာ ပြောလိုက်သည်။ သို့သော် အိုက်ဗင် စကားမပြန်ပါ။

အလျှိုရှာသည် အမှောင်ထုထဲတွင် အိုက်ဗင် ပျောက်ကွယ်သွားသည်အထိ လမ်းဆုံအနီးရှိ မီးတိုင်အောက်တွင် မတ်တတ်ရပ်နေသည်။ ထို့နောက် တဖက်သို့ ချိုးကွေ့ပြီး သူ နေထိုင်ရာအိမ်သို့ သွားရာ လမ်းကလေးအတိုင်း လျှောက်သွားသည်။ ယခုအခါတွင် အိုက်ဗင်ရော သူရော သီးခြားစီ အိမ်ခန်းငှားပြီး နေကြသည်။ ၎င်းတို့ဖခင်၏ လူသူကင်းမဲ့သောအိမ်ကြီးတွင် မည်သူမျှ နေထိုင်လိုစိတ် မရှိပါ။ အလျှိုရှာက ကုန်သည်မိသားစု နေထိုင်သော အိမ်တအိမ်တွင် ပရိဘောဂများ အပြီးပါရှိသော အခန်းတခန်းကို ငှားရမ်း နေထိုင်သည်။

အိုက်ဗင်က သူနှင့် ခပ်လှမ်းလှမ်းတွင် နေထိုင်သည်။ ပစ္စည်းဥစ္စာ ချမ်းသာသော အစိုးရ အရာရှိကြီး တဦး၏ ဇနီး မုဆိုးမ ပိုင်ဆိုင်သော အိမ်ကြီးတွင် ဖြစ်သည်။ အိမ်ကြီး၏ အစိတ်အပိုင်းတခုဖြစ်သော ကောင်းမွန်ကျယ်ပြန့်သည့် အဆောင်ကြီးတခုလုံးကို ငှားရမ်းထားခြင်း ဖြစ်သည်။ သို့ရာတွင် အစေအပါးဟူ၍မူ ချူနာသည် အဘွားကြီးတယောက်သာ ရှိသည်။ ယင်းအဘွားကြီးသည် ညခြောက်နာရီတွင် အိပ်ရာဝင်ပြီး နံနက် ခြောက်နာရီတွင် အိပ်ရာမှ ထလေ့ရှိသည်။

အိုက်ဗင်သည် ဤနှစ်လအတွင်းတွင် ထူးထူးဆန်းဆန်းပင် ဘာတခုကိုမျှ တောင့်တောင့်တတ မရှိဘဲ တယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာ နေရသည်ကို သဘောကျနေသည်။ သူ့အတွက် လုပ်စရာ ရှိသည်များကို သူကိုယ်တိုင် လုပ်ဆောင်သည်။ သူသည် အခန်းတခန်းတည်းတွင်သာ နေထိုင်လျက် ရှိပြီး အဆောင်တွင်းရှိ အခြားအခန်းများသို့ သွားရောက်ခြင်း အလျဉ်း မရှိပါ။

သူသည် ဝင်းတံခါးဝသို့ ရောက်ရှိသွားပြီး လူခေါ်ခေါင်းလောင်းကို လှမ်းကိုင်လိုက်သည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် သူ တန့်သွားသည်။ သူ၏ ကိုယ်ခန္ဓာတခုလုံးသည် ဒေါသဖြင့် တုန်ယင်လျက် ရှိနေသည်။ ရုတ်ခြည်းဆိုသလိုပင် ခေါင်းလောင်းကို လွှတ်လိုက်သည်။ သူ တချက် ကျိန်ဆဲလိုက်ပြီး နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။ ထို့နောက် စောစောက လာခဲ့သောလမ်းနှင့် ဆန့်ကျင်ဘက်

ဆီသို့ ခြေလှမ်းကျဲကျဲကြီးများဖြင့် လျှောက်သွားသည်။ တမိုင်ခွဲခန့် လျှောက်မိသော် ခနော်နီ ခနော်နဲ့ အိမ်သေးသေးငယ် ငယ်ကလေးတလုံး ရှေ့သို့ သူ ရောက်ရှိသွားသည်။

ငင်းအိမ်ကလေးမှာ ယခင်က ဖျို့ဒါကာရာမာဇော့၏ အိမ်နီးချင်းဖြစ်သော မာရီယာ ကွန်ဒရာ ယက်ဖနာတို့ သားအမိ လောလောဆယ် နေထိုင်လျက်ရှိသော အိမ်ကလေးဖြစ်သည်။ မာရီယာသည် ဖျို့ဒါ ကာရာမာဇော့၏ မီးဖိုဆောင်သို့ စွပ်ပြုတ်သောက်ရန် လာရောက်လေ့ ရှိသူဖြစ်ပြီး ဆမာယာကော့က ဂီတာတီး၍ သီချင်းဆိုပေးခဲ့သော အမျိုးသမီးကလေးပင် ဖြစ်သည်။ ၎င်းတို့သည် ယခင်အိမ်ကို ရောင်းချပြီး ဤအိမ်ကလေးတွင် နေထိုင်လျက် ရှိ ကြသည်။

နာမကျန်းဖြစ်ပြီး သေအံ့မူးမူးရှိနေသော ဆမာယာကော့သည် ဖျို့ဒါကာရာမာဇော့ သေဆုံးကတည်း က ဤသားအမိနှင့်အတူ နေထိုင်လျက် ရှိသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စေ့ဆော်မှုကြောင့် အိုက်ဗင် လောလောဆယ် သွားရောက်ကာ တွေ့ဆုံမည့်သူမှာ ဆမာယာကော့ပင် ဖြစ်တော့သည်။

၆။ ဆမာယာကော့နှင့် ပထမအကြိမ် တွေ့ဆုံမေးမြန်းခြင်း

မော်စကိုမှ ပြန်ရောက်လာပြီးနောက် ဆမာယာကော့နှင့် တွေ့ဆုံရန် ယခုအကြိမ် အိုက်ဗင် သွားရောက်ခြင်းသည် တတိယအကြိမ် ဖြစ်သည်။ ပထမအကြိမ် တွေ့ဆုံခြင်းမှာ သူ ပြန်ရောက်သည့် နေ့မှာပင် ဖြစ်သည်။ ထို့နောက် တဖန် နောက်နှစ်ပတ်အကြာတွင် တကြိမ် သွားရောက် တွေ့ဆုံပြန် သည်။ သို့သော်လည်း ယင်းနောက်ပိုင်းတွင်ကား ထပ်မံသွားရောက်ခြင်း မရှိတော့ပါ။ ယင်းသို့ဖြင့် ဆမာယာကော့နှင့် သူ မတွေ့သည်မှာ တလကျော်မျှကြာ ရှိသွားပြီ။ ဤအတွင်းတွင် ၎င်း၏ အကြောင်းကို ဘာတခွန်းမျှ သူ မကြားခဲ့ရပါ။

အိုက်ဗင်သည် သူ၏ဖခင် သေဆုံးပြီး ငါးရက်မြောက်နေ့တွင်မှ မော်စကိုမှ ပြန်လည် ရောက်ရှိခဲ့သည်။ ယင်းသို့ဖြင့် စတုတ္ထမြောက်နေ့တွင် ပြုလုပ်သော ဖခင်၏ အသုဘကို သူ မမီတော့ပါ။ ယင်းကဲ့သို့ သူ နောက်ကျနေရခြင်းမှာ သူ နေထိုင်ရာ မော်စကိုလိပ်စာကို အလျိုရှာ မသိရှိသောကြောင့်ပင် ဖြစ်ပါသည်။ သို့ဖြင့် အလျိုရှာသည် ကက်ထရီးနားကို ကြေးနန်းရိုက်ပေးရန် ပြောရသည်။ ဤတွင် ကက်ထရီးနားမှာလည်း သူ၏လိပ်စာကို မသိရှိသဖြင့် မော်စကိုရှိ သူမ၏ အစ်မနှင့် အဒေါ်တို့ ထံသို့သာ ကြေးနန်းရိုက်ပြီး အကြောင်းကြားရသည်။ အိုက်ဗင်သည် မော်စကိုသို့ ရောက်လျှင် ရောက်ချင်း ၎င်းတို့ တူဝရီးကို သွားရောက်တွေ့ဆုံလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဖြစ်သည်။ သို့သော် အိုက်ဗင်သည် မော်စကိုသို့ ရောက်ရှိပြီး လေးရက်မြောက်သည့်နေ့တွင်မှ ၎င်းတို့ကို သွားရောက်တွေ့ဆုံခဲ့သည်။ သူသည် ကြေးနန်းစာကို ရလျှင်ရချင်း ကျွန်ုပ်တို့ မြို့သို့ အလျင်အမြန် ပြန်ခဲ့သည်။

သူ ပထမဆုံးတွေ့သူမှာ အလျိုရှာ ဖြစ်သည်။ အလျိုရှာသည် မစ်တယာကို မည်သို့မျှ သံသယမရှိဘဲ ဆမာယာကော့ကို လူသတ်သမားအဖြစ် ပြောင်ပြောင်တင်းတင်းပင် စွပ်စွဲလျက်ရှိသောအခါ သူ အံ့သြရသည်။ ယင်းအယူအဆသည် တမြို့လုံး ယူဆနေသော အယူအဆနှင့် ဆန့်ကျင်ဘက် ဖြစ်နေတော့သည်။ တဖန် နောက်ပိုင်းတွင် အမှုလိုက်အရာရှိနှင့် တရားရေးအရာရှိတို့နှင့် တွေ့ဆုံပြီး စွပ်စွဲချက်များနှင့် ဖမ်းဆီးခြင်းအကြောင်း အသေးစိတ်များကို ကြားသိရသောအခါ အလျိုရှာကို အိုက်ဗင် ပို၍ အံ့သြရပြန်တော့သည်။ အလျိုရှာသည် သူ အင်မတန် ချစ်သော မစ်တယာပေါ်တွင် ထောက်ထားစာနာသော စိတ်များဖြင့် ကြည့်မြင်နေခြင်းပင် ဖြစ်သည်။

ဤနေရာတွင် စကားမစပ်ဆိုသလို သူ့အစ်ကို မစ်တယာပေါ်တွင် အိုက်ဗင် ထားရှိသော သဘောထားကို အနည်းငယ် ပြောရပါမည်။ မစ်တယာကို အိုက်ဗင်

အနည်းငယ်မျှ သဘောမကျပါ။ တခါတရံတွင် အနည်းငယ် ကရုဏာသက်ခြင်း ရှိသည်မှာ အလွန်ဆုံးပင် ဖြစ်သည်။ ယင်းသည်ပင် လျှင် သူ၏ကရုဏာ၌ ရွံရှာမှုနှင့် မနှစ်မြို့မှုများ ရောယှက်နေတတ်ပါသည်။ မစ်တယာ၏ ဥပမိရုပ်နှင့် ကြွန်အင်လက္ခဏာ အားလုံးသည် သူ့ကို အနည်းငယ်မျှပင် သိမ်းယူဆွဲဆောင်နိုင်ခြင်း မရှိပါ။ ကက်ထရီးနားက မစ်တယာကို ချစ်နေသည့်အတွက်လည်း အိုက်ဗင် ဒေါသဖြစ်ရသည်။

သို့တစေလည်း သူသည် မြို့သို့ ပြန်ရောက်သည့်နေ့မှာပင် မစ်တယာကို ထောင်ထဲတွင် သွားရောက် တွေ့ဆုံသည်။ ယင်းတွေ့ဆုံမှုကလည်း မစ်တယာတွင် အပြစ်ရှိနေသည်ဟူသော သူ၏ ယူဆချက်ကို မလျော့ပါးစေသည့်အပြင် ပို၍ပင် ခိုင်မာစေတော့သည်။ သူ၏အစ်ကို စိတ်လှုပ်ရှား ကြွရွပြီး ကယောင်ချောက်ချား ဖြစ်နေသည်ကို သူတွေ့ရှိရသည်။ မစ်တယာ စကားတွေ အများကြီး ပြောသည်။ သို့သော် သူ ပြောသည့်စကားတွေက လက်လွတ်စပယ်နိုင်ပြီး တခုနှင့် တခုလည်း ဆက်စပ်ခြင်း မရှိပါ။ စကားအသုံးအနှုန်း ကြမ်းတမ်းသည်။ ဆမာယာကော့ကို စွပ်စွဲသည်။ အားလုံး ရှုပ်ထွေးနေသည်။ ရူဗယ်ငွေ သုံးထောင်အကြောင်းကို သူ အဓိကထားပြီး ပြောသည်။ ယင်းပိုက်ဆံ သည် သူ့ထံမှ သူ၏ဖခင် ခိုးယူထားခြင်း ဖြစ်ကြောင်း သူ ပြောဆိုသည်။

"အဲဒီပိုက်ဆံဟာ ငါ့ဟာပဲ၊ ငါ့ပိုက်ဆံတွေပဲ၊ အဲဒီပိုက်ဆံတွေကို ငါ ခိုးတယ်ဆိုဦးတော့ ငါ လုပ်ပိုင်ခွင့် ရှိတာကို လုပ်တာပဲ" ယင်းစကားကို သူ ထပ်တလဲလဲ ပြောဆိုလျက် ရှိသည်။

သူ့အား ယိုးစွပ်နေသော အချက်အလက်များကို သူ အနည်းငယ်မျှ ချေပခြင်း မရှိပါ။ အချို့သော အချက်အလက်များကို သူ့ဘက်မှ ကာကွယ်ပြောသောအခါတွင်လည်း အကြောင်းအချက် မခိုင်လုံဘဲ ပေါက်ကရလေးဆယ် ဖြစ်နေသည်။ အမှန်တော့ အိုက်ဗင်ကိုဖြစ်စေ သို့မဟုတ် အခြား တစုံတယောက်ကိုဖြစ်စေ သူ့မှာ အပြစ်မရှိကြောင်း ခုခံပြောဆိုရန် ဆန္ဒမရှိသလိုပင် ဖြစ်နေတော့ သည်။ ထိုမျှမက သူသည် ဒေါသတကြီးဖြစ်နေပြီး သူနှင့် ပတ်သက်သော စွပ်စွဲချက်များကို သရော်ကျိန်ဆဲလျက် ရှိသည်။

တံခါးပွင့်နေသည့်အကြောင်း ဂရိဂိုရီ၏ထွက်ဆိုချက်ကိုလည်း သူက မထီတရီ ရယ်မောနောက်ပြောင် လျက် ရှိသည်။ 'အဲဒီတံခါးကို မာရ်နတ် ဖွင့်တာပဲ' ဟု သူ ပြောဆိုသည်။ သို့သော် အကျိုးအကြောင်း ဆီလျော်သော အချက်အလက်ကိုကား သူ ဘာမျှမပေးနိုင်ပါ။ သူက သူတို့နှစ်ယောက် ပထမဆုံး အကြိမ် တွေ့ဆုံစဉ်မှာပင် အိုက်ဗင်ကို စော်ကားနိုင်ခဲ့သည်။ 'ဘာမဆို လုပ်ပိုင်ခွင့်ရှိတယ်' လို့ ကြေညာထားတဲ့လူတွေက သူ့ကို ဘယ်လိုမှလည်း မယုံသင်္ကာ ဖြစ်စရာ မလိုဘူး။ ဘာမှလည်း မေးမြန်းစရာ မလိုဘူးဟု ဆိုခဲ့သည်။

သူသည် ထိုအခေါက်က အိုက်ဗင်နှင့် အနည်းငယ်မျှ ဖော်ရွေ ခင်မင်ခြင်း မရှိခဲ့ပါ။

အိုက်ဗင်သည် ယင်းကဲ့သို့ မစ်တယာနှင့် တွေ့ဆုံပြီးလျှင်ပြီးချင်း ဆမာယာကော့နှင့် သွားရောက် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ အိုက်ဗင်သည် မော်စကိုမှအပြန် ရထားပေါ်မှာကတည်းကပင် ဆမာယာကော့အကြောင်း၊ သူ ခရီးမထွက်ခင် တနေ့က ဆမာယာကော့နှင့် စကားပြောခဲ့ကြသည့် အကြောင်းများကို သူ စဉ်းစားလာခဲ့သည်။ ထိုအခါ သူ့စိတ်ထဲတွင် အများကြီး ရှုပ်ထွေးရသည်။ သံသယတွေ ပွားများရသည်။ သို့သော် အိုက်ဗင်သည် တရားရေးအရာရှိထံတွင် အစစ်ခံခဲ့စဉ်ကမူ ထိုနေ့ညနေက စကားပြောကြသည့်အကြောင်းကို ထည့်သွင်းပြောဆိုခြင်း မပြုခဲ့ပါ။ ထိုကိစ္စကို သူသည် ဆမာယာကော့နှင့် သွားရောက်တွေ့ဆုံသည်အထိ ရွှေ့ဆိုင်းထားလိုက်သည်။ ဆမာယာကော့သည် ထိုအချိန်က ဆေးရုံတွင် တက်ရောက်လျက်ရှိသည်။

ဆမာယာကော့၏ ဝက်ရူးပြန်မှုသည် အစစ်အမှန်ဖြစ်ပြီး အနည်းငယ်မျှ သံသယ မရှိသင့်ကြောင်း ဒေါက်တာ ဟာဇင်ကျူဗီနှင့် ဒေါက်တာ ဗာဗင်စကီ (၎င်းကို အိုက်ဗင် ဆေးရုံတွင် တွေ့ရှိသည်) တို့က အိုက်ဗင်၏ စူးစမ်းမေးမြန်းမှုကို အခိုင်အမာ ပြန်လည်ဖြေဆိုကြသည်။ ထိုမျှမက ဆမာယာကော့ သည် လူသတ်မှုဖြစ်ပွားသည့်နေ့က ဝက်ရူးပြန် ဟန်ဆောင်နေခြင်းလောဟု အိုက်ဗင် မေးမြန်းသည် ကို ၎င်းတို့ အထူးပင် အံ့သြနေကြသည်။ ဆမာယာကော့၏ ဝက်ရူးပြန် ရောဂါသည် ဖြစ်ရိုးဖြစ်စဉ်မျိုး မဟုတ်ကြောင်း၊ ရောဂါပြင်းထန်ကြောင်း၊ ရက်ပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်နေကြောင်း၊ ယင်းအတွက် လူနာ၏ အသက်အန္တရာယ်သည် အထူးပင် စိုးရိမ်ခဲ့ရကြောင်း၊ ယခုအခါမှပင် လိုအပ်သော ကုသမှုများကို ပြုလုပ်ပြီးစီးသွားသဖြင့် လူနာ မသေနိုင်တော့ကြောင်းကို အသေအချာ ပြောဆိုနိုင်တော့ကြောင်း စသည်တို့ကို ၎င်းတို့က သူ့အား သိရှိစေပါသည်။

ဆမာယာကော့၏ စိတ်အခြေအနေသည် 'အမြဲတမ်း မဟုတ်သည့်တိုင်အောင် ကာလအတန် ကြာသည်အထိ' ပျက်ယွင်းနေလိမ့်မည်ဟု ဒေါက်တာ ဟာဇင်ကျူဗီက ပြောပါသည်။ ယင်း၏ အဓိပ္ပာယ်မှာ သူသည် ယခုအခါ ရူးသွပ်နေပြီဟု ဆိုခြင်းလောဟု အိုက်ဗင် သိချင်ဇောအားကြီးစွာဖြင့် မေးမြန်းသောအခါ ယင်းအဓိပ္ပာယ်မျိုးတော့ အတိအကျ မဟုတ်ကြောင်း၊ သို့သော် သူ့တွင် 'ပုံမှန်မဟုတ်မှုများ' ရှိနေကြောင်း ၎င်းတို့က ဖြေကြားသည်။ ထိုအခါ ထိုပုံမှန်မဟုတ်မှုများသည် မည်သည့်အခြင်းအရာများ ဖြစ်ချေသည်ကို ကိုယ်တိုင် စုံစမ်း ရှာဖွေကြည့်ရန် အိုက်ဗင် ဆုံးဖြတ်လိုက် သည်။

ဆေးရုံသို့ သူ သွားရောက်သောအခါ သူ့ကို ချက်ချင်းပင် လူနာနှင့်

တွေ့ဆုံခွင့် ပေးပါသည်။ ဆမာယာကော့သည် သီးသန့်ဆောင် တဆောင်ရှိ ခုတင်တလုံးပေါ်တွင် လဲလျောင်းလျက် ရှိပါသည်။ သူနှင့် မလှမ်းမကမ်းရှိ ခုတင်တွင် ရောဂါအသည်းအသန် ဖြစ်နေသော ကျွန်ုပ်တို့မြို့မှ ကုန်သည်တဦး ရှိနေသည်။ ၎င်းသည် ဖျဉ်းရောဂါစွဲကပ်ကာ ဖောရောင်နေပြီး နောက်တရက် နှစ်ရက်ထက် ပိုခံတော့မည့် အခြေအနေ မရှိပါ။ ၎င်းသည် သူတို့နှစ်ယောက် စကားပြောသည်ကို မည်သို့မျှ အနှောင့်အယှက် အဟန့်အတား မဖြစ်နိုင်ပါ။

ဆမာယာကော့သည် အိုက်ဗင်ကို တွေ့မြင်သောအခါ မရေမရာ ပြုံးလိုက်သည်။ ပထမတွင် သူသည် ထိတ်လန့်သွားဟန်ပင် ရှိသည်။ သို့မဟုတ် အိုက်ဗင်၏စိတ်ထဲတွင် ယင်းကဲ့သို့ ထင်လိုက်မိသည်။ သို့သော် ယင်းကဲ့သို့ ထင်မြင်ရသည်မှာ တဒင်္ဂတာမျှသာ ဖြစ်သည်။ ထို့နောက်ပိုင်း တလျှောက်လုံး တွင်ကား စောစောကနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဆမာယာကော့၏ တည်ငြိမ်သော အေးဆေးမှုကို သူကောင်းစွာ သတိပြုမိရသည်။

ပထမတချက် ကြည့်လိုက်ရုံဖြင့်ပင် ဘာပဲဖြစ်ဖြစ် လူနာသည် အထူးပင် နေမကောင်းလျက် ရှိကြောင်းကို အိုက်ဗင် တွေ့မြင်ရသည်။ သူသည် အထူးပင် အားနည်းလျက်ရှိပြီး စကားကို ဖြည်းဖြည်းကလေးသာ ပြောနိုင်သည်။ သူ၏လျှာကို အတော်ကြီး ခဲယဉ်းပင်ပန်းစွာ လှုပ်ရှား နေရဟန် ရှိသည်။ သူသည် အတော်ကြီးပင် ပိန်ချုံးသွားပြီး ဖြူဖပ်ဖြူရော်ကြီး ဖြစ်သွားသည်။ မိနစ် ၂၀ ကြာမျှ စကားပြောကြစဉ်အတွင်းတွင် သူသည် ခေါင်းကိုက်ကြောင်းနှင့် ကိုယ်တွေ လက်တွေ နာကျင်ကိုက်ခဲလျက်ရှိကြောင်း ညည်းတွားသည်။ သူ၏ ခြောက်ကပ်ပြီး ယောက်ျားမပီသသော မျက်နှာမှာလည်း အတော်ကြီးကို သေးငယ်သွားပါသည်။ နားထင်နှစ်ဖက်ပေါ်ရှိ သူ၏ ဆံပင် များမှာလည်း စုတ်တိစုတ်ဖွား ဖြစ်နေကြသည်။ ဦးစွန်းထက်ရှိ ဆံပင်အခွေအလိပ်များမှာလည်း ယခုအခါ မြက်ဖုတ်ပါးပါးကလေးမျှသာ ဖြစ်တော့သည်။ သို့သော် လက်ဝဲဘက် မျက်လုံး ကျုံ့ထားပုံ ကတော့ မူလလက်ဟောင်း ဆမာယာကော့ ဖြစ်ကြောင်း သက်သေခံလျက် ရှိပါသည်။

"လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတယ်"

ထိုစကားကို အိုက်ဗင် ချက်ချင်းပင် အမှတ်ရလိုက်သည်။ ခုတင်ခြေရင်းဘက်ရှိ ခွေးခြေတလုံး ပေါ်တွင် အိုက်ဗင် ထိုင်လိုက်သည်။ ဆမာယာကော့သည် ခုတင်ပေါ်တွင် ကြိတ်မှတ်အားတင်းပြီး လှုပ်ရှားလိုက်သည်။ သို့သော် စကားကို စတင်ပြောဆိုသူမှာ သူ မဟုတ်ပါ။ သူက နှုတ်ဆိတ်လျက် ရှိသည်။ ဘာကိုမျှ စိတ်မဝင်စားဟန်ဖြင့် ဖြစ်သည်။ "မင်း ငါနဲ့ စကားပြောနိုင်မလား၊ မင်းကို ငါ သိပ်ပင်ပန်းအောင် မလုပ်ပါဘူး" အိုက်ဗင် မေးလိုက်သည်။

“ဟုတ်ကဲ့၊ ပြောနိုင်ပါတယ်ခင်ဗျာ၊ အစ်ကို ဒီကိုပြန်ရောက်နေတာ ကြာပြီလား” ဆမာယာကော့ ယဲ့ယဲ့ကလေး ပြောသည်။ စနိုးစနောင့် ဖြစ်နေသော ညွှေ့သည်ကို အားပေးသည့်အလား အဘိယာစက စကားကို ဆိုလိုက်သည်။

“ငါ ကနေ့ပဲ ပြန်ရောက်တယ်၊ မင်းလုပ်ထားတဲ့ အရှုပ်အထွေးတွေကို ရှင်းရအောင်ပဲ”

ဆမာယာကော့ သက်ပြင်းချသည်။

“မင်း ဘာဖြစ်လို့ သက်ပြင်းချတာလဲ၊ ဒီကိစ္စတွေ အားလုံးကို မင်း သိတယ်မဟုတ်လား” အိုက်ဗင် ကောက်ကာင်ကာ ပြောလိုက်သည်။

အတော်ကလေးကြာအောင်ပင် ဆမာယာကော့ နှုတ်ဆိတ်နေသည်။ ပြီးမှ- “ဘယ်လိုလုပ်ပြီး မသိဘဲ နေပါ့မလဲ အစ်ကို၊ အစောကြီးကတည်းက သိသာနေတာပဲ၊ ဒါပေမဲ့ အခုအတိုင်း ဖြစ်လာမယ် ဆိုတာတော့ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ”

“ဘယ်လို အခုအတိုင်းလဲ၊ ဆင်ဝှေ့ရန်ရှောင် စကားမျိုးတော့ မပြောနဲ့၊ မင်းဟာ မြေအောက်ခန်းထဲကို ဆင်းသွားတာနဲ့ တပြိုင်နက် ဝက်ရူးပြန်လိမ့်မယ်ဆိုတာကို မင်း ကြိုပြောခဲ့တယ် မဟုတ်လား၊ မြေအောက်ခန်းထဲမှာ မင်း ဝက်ရူးပြန်တယ်ဆိုတာ ငါ့ကို မင်းကိုယ်တိုင် ပြောခဲ့တယ်မဟုတ်လား”

“အစ်ကို ထွက်ချက်ပေးတဲ့အထဲမှာ အဲဒါကို ထည့်ပြောသလား”

ဆမာယာကော့က တည်ငြိမ်အေးဆေးစွာ စူးစမ်းသည်။

“အခုအထိတော့ မပြောရသေးဘူး၊ ဒါပေမဲ့ ငါပြောမှာပဲ၊ လောလောဆယ်မှာတော့ မင်း ငါ့ကို အများကြီး ရှင်းပြရလိမ့်မယ်၊ ငါ့ကိုတော့ အူလည်လည်လုပ်ဖို့ မကြိုးစားနဲ့”

“အစ်ကို့ကို ကျွန်တော် ဘာဖြစ်လို့ အူလည်လည်လုပ်ရမှာလဲ၊ ဘုရားသခင်ကို ယုံကြည် စိတ်ချသလို အစ်ကို့ကို လုံးဝ ပုံပြီး ယုံကြည်စိတ်ချနိုင်တယ်ဆိုတာ ကျွန်တော် သိနေတာပဲ”

ဆမာယာကော့က စောစောကအတိုင်းပင် တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောလိုက်သည်။ တခုပဲ ရှိသည်၊ သူ၏ မျက်လုံးများကို ခေတ္တမျှ မှိတ်ထားသည်။

“ပထမဆုံးအချက်ကတော့ ဝက်ရူးပြန်မယ့်ကိစ္စကို ဘယ်လိုမှ ကြိုပြီး မပြောနိုင်ဘူးဆိုတာ ငါသိတယ်၊ ငါ စုံစမ်းပြီးပြီ၊ ငါ့ကို ဘာမှ အတိုက်အခံလုပ်ပြီး

ပြောမနေနဲ့၊ ဝက်ရူးပြန်မယ့်နေ့နဲ့ နာရီကို ဘယ်လိုမှ ကြိုပြီး မပြောနိုင်ဘူး၊ အဲဒါကို မင်းက ဘယ်လိုလုပ်ပြီး ငါ့ကို နေ့ရော အချိန်ရော ကြိုပြီး ပြောနိုင်ရတာလဲ၊ နောက်ပြီးတော့ မြေအောက်ခန်းထဲမှာ ဖြစ်မယ်ဆိုတာတောင် ပြောသေးတယ် မဟုတ်လား၊ မင်းဟာ တမင်တကာ ဝက်ရူးပြန် ဟန်ဆောင်တာ မဟုတ်ရင် ဘယ်လိုလုပ်ပြီး မြေအောက်ခန်း လှေကားကနေ လိမ့်ကျပြီး ဝက်ရူးပြန်မယ်ဆိုတာကို ပြောနိုင်ရတာလဲ”

“ကျွန်တော်ဟာ မြေအောက်ခန်းထဲကို တနေ့ကို အကြိမ်ပေါင်းများစွာ ဆင်းရပါတယ် အစ်ကို” ဆမာယာကော့က အေးဆေးစွာပင် ပြောသည်။ “လွန်ခဲ့တဲ့ တနှစ်လောက်ကပဲ ကျွန်တော်ဟာ ဒီအတိုင်းပဲ ခေါင်မိုးထပ်ကိုတက်တဲ့ လှေကားကနေ လိမ့်ကျခဲ့ပါတယ်၊ လူတယောက်ဟာ ဝက်ရူးပြန်မယ့်နေ့နဲ့ နာရီကို ကြိုပြီး မပြောနိုင်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ကြိုပြီး မြင်ယောင်နေတာတော့ ဖြစ်နိုင်ပါတယ်”

“ဒါပေမဲ့ နေ့နဲ့ နာရီကို မင်း ကြိုပြီး ပြောခဲ့တယ် မဟုတ်လား”

“ကျွန်တော့်ရောဂါနဲ့ ပတ်သက်ပြီး ဒီဆေးရုံက ဆရာဝန်တွေကို အစ်ကို မေးကြည့်နိုင်ပါတယ်၊ ကျွန်တော် ဝက်ရူးပြန်တာဟာ တကယ် အစစ်လား၊ ဒါမှမဟုတ် ဟန်ဆောင်တာလား ဆိုတာကို မေးကြည့်နိုင်ပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အစ်ကို့ကို နောက်ထပ် ဘာမှ ပြောစရာ မရှိတော့ပါဘူး

“နောက်ပြီးတော့ မြေအောက်ခန်းကိစ္စ၊ မြေအောက်ခန်းဆိုတာကို မင်း ဘယ်လိုလုပ်ပြီး ကြိုသိနေ တာလဲ”

“အစ်ကိုက ဒီမြေအောက်ခန်းကိစ္စပဲ ပြောနေတာပဲကိုး။ အဲဒီနေ့က မြေအောက်ခန်းထဲကို ကျွန်တော် ဆင်းသွားမယ့်အချိန်မှာ ဘာဖြစ်မယ်ဆိုတာကို ကျွန်တော် မပြောနိုင်ပါဘူး။ ကျွန်တော် ကြောက်နေပါတယ်၊ အဲဒီလို ကျွန်တော် အကြောက်ကြီး ကြောက်နေရတဲ့ အကြောင်းရင်းကတော့ အစ်ကို တခြားကို သွားနေပြီး ဒီကမ္ဘာမြေကြီးမှာ ကျွန်တော့်ကို အကာအကွယ်ပေးမယ့် တယောက်မှ မရှိတဲ့အတွက်ပါပဲ၊ အဲဒါကြောင့် ကျွန်တော်ဟာ လှေကားထစ်တွေကို ဆင်းသွားနေရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ပြောနေမိတယ်။ ‘ဝက်ရူးတော့ ပြန်တော့မှာပဲ၊ ဝက်ရူးပြန်ပြီး လိမ့်ကျတော့မှာပဲ’ အဲဒီလို စိတ်ထဲမှာ တွေးပြီး ကြောက်လာတာနဲ့ တပြိုင်နက် ဖြုန်းခနဲဆို အကြောတွေ ဆွဲလာတော့ တာပဲ၊ အဲ … အဲဒီနောက်မှာ ကျွန်တော် ကျွမ်းပြန်ပြီး ကျသွားတော့တာပဲခင်ဗျာ၊ အဲဒါပါပဲ ခင်ဗျာ၊ ကျွန်တော် သိပ်ကြောက်နေတဲ့ အကြောင်းနဲ့ မြေအောက်ခန်းအကြောင်း အစ်ကို မသွားခင် ညနေမှာ အစ်ကို့ကို ကျွန်တော် ပြောပြခဲ့ပါတယ်၊ နောက်ပြီးတော့ ဒီအကြောင်းကို

ဒေါက်တာ ဟာဇင်ကျူဗီနဲ့ တရားရေးအရာရှိ မစ္စတာနီလျူဒင်တို့ကို ကျွန်တော် ပြောပြလိုက်တယ်၊ အဲဒါတွေအားလုံးကို ကျွန်တော့်ရဲ့ထွက်ချက်ထဲမှာ သူတို့ ရေးထားကြတယ်၊ နောက်ပြီးတော့ ဒီဆေးရုံက ဆရာဝန် မစ္စတာ ဗာဗင်စကီကလည်း ဒီအတိုင်းပဲ ပြောပါတယ်၊ ကျွန်တော့်အနေနဲ့ အဲဒီလို ကြောက်ပြီး အဲဒီလို တွေးနေတဲ့အတွက် အဲဒီလို ဖြစ်ရတာပဲတဲ့၊ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဝက်ရူးပြန်သွားတာပဲတဲ့၊ အဲဒါကိုပဲ သူတို့ ရေးထားကြပါတယ်၊ ကျွန်တော်ဟာ သိပ်ပြီး ကြောက်နေတဲ့အတွက် ဝက်ရူးပြန် ရတာပဲ”

ယင်းသို့ ပြောလိုက်ပြီးနောက် ဆမာယာကော့သည် ပင်ပန်းနွမ်းနယ်သွားသည့်အလား သက်ပြင်း ချလိုက်သည်။

“အဲဒါတွေအားလုံးကို မင်းရဲ့ ထွက်ချက်ထဲမှာ ထည့်ပြောထားသလား” အိုက်ဗင် အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

ထိုနေ့ညနေက သူတို့ ပြောဆိုကြသည့် အကြောင်းကို တရားရေးအရာရှိအား ပြောလိုက်မည်ဆိုပြီး ဆမာယာကော့အား ခြိမ်းခြောက်ရန် သူ စိတ်ကူးထားသည်။ ယခုတော့ သင်းကိုယ်တိုင် အားလုံး ပြောပြပြီးနေပြီ။

“ကျွန်တော့်အနေနဲ့ ဘာကြောက်စရာ ရှိသလဲ၊ အမှန်တွေအားလုံးကို သူတို့ ရေးထားကြပါစေ” ဆမာယာကော့က ခိုင်မာပြတ်သားစွာ ကြေညာလိုက်သည်။

“ဝင်းတံခါးပေါက်မှာ ငါတို့ ပြောကြတဲ့အကြောင်းတွေ တလုံးမကျန် သူတို့ကို ပြောပြသလား”

“တလုံးမကျန်တော့ မဟုတ်ပါဘူး အစ်ကို”

“မင်းဟာ ဝက်ရူးပြန် ဟန်ဆောင်နိုင်တဲ့အကြောင်း အဲဒီတုန်းက ငါ့ကို ကြွားသွားတဲ့စကားကိုကော ထည့်ပြောသလား”

“အဲဒါကိုတော့ ထည့်မပြောမိပါဘူး”

“ကောင်းပြီ၊ ငါ့ကို ပြောစမ်း၊ ငါ့ကို ဘာဖြစ်လို့ ချာမာရှာညာကို မင်း သွားစေချင်ရတာလဲ”

“မော်စကိုကို အစ်ကိုသွားမှာ စိုးလို့ပါခင်ဗျာ၊ ချာမာရှာညာမှာဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ပိုနီးတာပေါ့”

“ဒါ မင်း ညာတာပဲ၊ ငါ့ကို တခြားသွားဖို့ မင်းကိုယ်တိုင် အကြံပေးတာပဲ၊ ပြဿနာတွေထဲက ထွက်သွားဖို့ မင်း ပြောတာပဲ”

"ကျွန်တော် အဲဒီလိုပြောရတာကတော့ ဒီအိမ်ကြီးမှာ ပြဿနာတွေ ဖြစ်တော့မယ် ဆိုတာကို ကျွန်တော် မြင်ယောင်နေပြီး အစ်ကို့အတွက် စိတ်မကောင်းဖြစ်တာနဲ့ ပြောမိတာပဲ၊ အစ်ကို့ကို ခင်မင်လေးစားတဲ့စိတ်နဲ့ ပြောမိတာပါပဲ၊ နောက်ပြီးတော့ ကျွန်တော့်အတွက် ပိုပြီး စိုးရိမ်မိတဲ့ အတွက်လည်း ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ပြဿနာတွေထဲကနေ ထွက်သွားဖို့ အစ်ကို့ကို ပြောရတာပဲ၊ ဒါမှ ဒီအိမ်ကြီးမှာ ဘေးအန္တရာယ်တွေ ရှိနေတယ်ဆိုတာကို အစ်ကို သိမြင်မယ်၊ အဲဒီတော့မှ အစ်ကိုဟာ ဒီအိမ်ကြီးမှာနေပြီး အစ်ကို့အဖေကို ကာကွယ် စောင့်ရှောက်မယ်"

"အဲဒီတုန်းက မင်း ဘာဖြစ်လို့ ရှင်းရှင်းမပြောသလဲ၊ မင်း လူမိုက်ပဲ"

အိုက်ဗင် ဒေါသဖြင့် ပြောလိုက်သည်။

"ကျွန်တော် ဘယ်လိုလုပ်ပြီး ရှင်းရှင်းပြောလို့ရမလဲ၊ ကျွန်တော့်အနေနဲ့ ကြောက်နေလို့ အဲဒီလို ပြောရတာပဲ၊ နောက်ပြီးတော့ အစ်ကိုစိတ်ဆိုးမှာလည်း စိုးရတယ်၊ အစ်ကို့ရဲ့အစ်ကိုဟာ အကြမ်းပတမ်း လုပ်ပြီး အဲဒီပိုက်ဆံကို ယူသွားလိမ့်မယ်လို့ ကျွန်တော် စိုးရိမ်နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပိုက်ဆံကို သူက သူ့ပိုက်ဆံလို့ ယူဆနေလို့ပဲ၊ ဒါပေမဲ့ ဒီကိစ္စဟာ အခုလို လူသတ်မှုတခုနဲ့ အဆုံးသတ်သွားလိမ့်မယ်ဆိုတာတော့ ကျွန်တော် ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ၊ ကျွန်တော့်စိတ်ထဲမှာ ထင်ထားတာက သူဟာ မွေ့ရာအောက်မှာ စာအိတ်နဲ့ ထည့်ထားတဲ့ ငွေသုံးထောင်ကို ယူသွားရုံလောက်ပဲလို့ အောက်မေ့ခဲ့တယ်၊ ဒါပေမဲ့ သူက လူကိုပါ သတ်သွားတယ်။ အဲဒီလို ဘယ်လိုလုပ်ပြီး မှန်းနိုင်ပါ့မလဲ"

"ဒီကိစ္စကို မမှန်းဆနိုင်ဘူးဆိုရင် ငါဟာ ဘယ်လိုလုပ် မှန်းဆပြီး အိမ်မှာ နေရမလဲ၊ မင်းပြောတဲ့ စကားတွေက ရှေ့နောက်မညီဘူး ဖြစ်နေတယ်" အိုက်ဗင် စဉ်းစားကာ ပြောလိုက်သည်။

"အစ်ကို့ကို မော်စကို မသွားဘဲ ချာမာရှာညာကို သွားဖို့ ကျွန်တော်ပြောတဲ့အတွက် အစ်ကို စဉ်းစား မှန်းဆနိုင်ပါတယ်"

"အဲဒီလိုပြောရုံနဲ့ ငါ ဘယ်လိုလုပ်ပြီး မှန်းဆနိုင်ပါ့မလဲ"

ဆမာယာကော့ အထူးပင် မောပန်းနွမ်းနယ်သွားဟန် ရှိသည်။ တစ်မိနစ်ခန့် စကား မပြောဘဲ ရှိနေသည်။ ပြီးမှ ...

"အစ်ကို့ကို မော်စကိုမသွားဘဲ ချာမာရှာညာကို သွားဖို့ပြောတဲ့အတွက် အစ်ကို့ကို ကျွန်တော် နီးနီးနားနားမှာ ရှိစေချင်တဲ့အကြောင်း အစ်ကို ခန့်မှန်းနိုင်ပါတယ်။ မော်စကို ဆိုတာက အတော်ကြီးကို ဝေးတဲ့နေရာပါ၊ တကယ်လို့

အစ်ကိုဟာ သိပ်အဝေးကြီးမှာ မဟုတ်ဘူးဆိုတာသိရင် အစ်ကို့ရဲ့အစ်ကိုဟာ အခုလိုမျိုး လုပ်ရဲမှာ မဟုတ်ပါဘူး။ တကယ်လို့ တခုခုဖြစ်မယ်ဆိုရင် အစ်ကိုဟာ ချက်ချင်းပြန်လာပြီး ကျွန်တော့်ကို အကာအကွယ် ပေးနိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂရိဂိုရီ နေမကောင်းနေတဲ့အကြောင်းနဲ့ ဝက်ရူးပြန်မှာကို ကျွန်တော် စိုးရိမ်နေတဲ့အကြောင်းကို အစ်ကို့ကို သတိပေးထားလို့ပဲ၊ နောက်ပြီးတော့ တံခါးခေါက်တဲ့ အချက်ပေးစနစ်အကြောင်း အစ်ကို့ကို ကျွန်တော် ပြောထားတယ် မဟုတ်လား။ အဲဒါကို သိထားတဲ့ လူတယောက်ဟာ သခင်ကြီးရဲ့ အခန်းကို ကောင်းကောင်း ဝင်နိုင်တယ်။ နောက်တခါ အဲဒီအချက်ပေးစနစ်ကို အစ်ကို့ရဲ့အစ်ကိုဟာ ကျွန်တော့်ဆီကနေ သိထားတဲ့ အကြောင်းလည်း အစ်ကို့ကို ကျွန်တော် ပြောပြထားတော့ သူ့အနေနဲ့ တခုခု လုပ်နိုင်တယ်ဆိုတာကို အစ်ကိုမှန်းဆနိုင်ပြီး အစ်ကိုဟာ ချာမာရှာညာကိုတောင် မသွားဘဲနဲ့ အိမ်မှာပဲနေဖို့ ဆုံးဖြတ်နိုင်ပါတယ်”

“သူစကားပြောတာ တိုးပြီး လုံးနေပေမဲ့ အားလုံး အဆက်အစပ် မိနေတာပဲ၊ သူ့ရဲ့အသိစိတ်တွေ ချို့ယွင်းပျက်ပြားနေတယ်လို့ ဒေါက်တာ ဟာဇင်ကျူဗီ ပြောတာ ဘာအဓိပ္ပာယ်လဲ” အိုက်ဗင် စိတ်ထဲမှာ တွေးလိုက်မိသည်။

“မင်း ငါ့ကို ဝေ့လည်ကြောင်ပတ် လုပ်နေတာပဲ၊ အလကား အကောင်”

“ဒါပေမဲ့ အဲဒီအချိန်တုန်းက အစ်ကို ရိပ်စားမိတယ်လို့ ကျွန်တော် ထင်တာပဲ” ဆမာယာကော့က ရှင်းရှင်းကလေးပင် ပြောလိုက်သည်။

“ငါ ရိပ်စားမိရင် ငါ နေမှာပေါ့” အိုက်ဗင် ဟစ်အော်လိုက်သည်။ သူ၏ ဒေါသများ ပြန်လည် ထကြွလာကြသည်။

“ကျွန်တော် ထင်တာကတော့ အစ်ကိုဟာ ရိပ်စားမိတဲ့အတွက် အခုလို မြန်မြန်ကြီး ထွက်သွားတာပဲ၊ ဘေးအန္တရာယ်က ကင်းဝေးအောင် ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးတာပဲ”

“မင်းက လူတွေကို မင်းလိုပဲ သူရဲဘောကြောင်တဲ့ အကောင်တွေလို့ ထင်နေသလား”

“အစ်ကို... စိတ်တော့မရှိပါနဲ့၊ ဒါပေမဲ့ အစ်ကိုဟာ ကျွန်တော်နဲ့ အတူတူပဲလို့ ကျွန်တော် ထင်ပါတယ်”

“အင်း၊ ငါ စဉ်းစားမိဖို့တော့ ကောင်းတယ်” အိုက်ဗင် စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

“အမှန်အတိုင်း ပြောရရင် မင်းအနေနဲ့ မကောင်းမှုတခုခုကို

ကြံစည်နေပြီဆိုတာ ငါ စဉ်းစားမိတယ်၊ မင်းဟာ လိမ်နေတာပဲ၊ မင်းဟာ ညာနေတာပဲ” တစုံတခုကို ရုတ်တရက် သတိရဟန်ဖြင့် သူ ဟစ်အော်လိုက်သည်။ “မြင်းရထားပေါ်ကို မင်းတက်လာပြီး ‘လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတယ်’ လို့ မင်းပြောတာ မှတ်မိသေးသလား၊ မင်းအနေနဲ့ ငါ့ကို ချီးကျူးစကား ပြောပုံ ထောက်တော့ ငါ တခြားသွားတာကို မင်း ဝမ်းသာနေတယ်လို့ ငါ ယူဆတယ်”

ဆမာယာကော့ သက်ပြင်းချသည်။ တကြိမ်ပြီး တကြိမ် ဖြစ်သည်။ သူ့မျက်နှာတွင် သွေးရောင် အနည်းငယ် လျှမ်းနေသည်။

“ဟုတ်တယ် အစ်ကို၊ ကျွန်တော် ဝမ်းသာနေတယ်” အသက်ရှူမမှန်ဘဲ သူ ပြောသည်။ “ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကို မော်စကိုကို မသွားဘဲ ချာမာရှာညာကို သွားမယ်ဆိုတဲ့အတွက်ပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ချာမာရှာညာက နီးနီးနားနား ဖြစ်လို့ပဲ၊ ဒါပေမဲ့ အဲဒီစကားကို ကျွန်တော် ချီးကျူးတဲ့အနေနဲ့ ပြောတာ မဟုတ်ဘူး၊ အမှန်တော့ အပြစ်တင်တဲ့အနေနဲ့ ပြောတာပဲ၊ အစ်ကို အဓိပ္ပာယ် နားမလည် လို့ပါ”

“ဘယ်လို အပြစ်တင်တာလဲ”

“ဘယ်လိုရမလဲ အစ်ကို၊ အစ်ကိုဟာ ဘေးအန္တရာယ်တခုကို မြင်နေရဲ့သားနဲ့ အစ်ကို့အဖေကို ပစ်သွားတယ်၊ ကျွန်တော်တို့ကို အကာအကွယ် မပေးဘူး၊ ကျွန်တော့်ကို အဲဒီ ငွေသုံးထောင် ခိုးမှုနဲ့ အချိန်မရွေး ဖမ်းနိုင်တယ်”

“ခွေးမသားအကောင်” အိုက်ဗင် ကျိန်ဆဲလိုက်ပြန်သည်။ “ခဏနေဦး၊ အဲဒီအချက်ပေးစနစ် အကြောင်း၊ တံခါးခေါက်တဲ့အကြောင်း အမှုလိုက်အရာရှိနဲ့ တရားရေးအရာရှိကို မင်း ပြောပြပြီးပြီ လား”

“ကျွန်တော် သူတို့ကို အားလုံး ပြောပြီးပါပြီ ခင်ဗျာ” အိုက်ဗင် စိတ်ထဲမှာ အံ့သြသွားရပြန်သည်။

“အဲဒီအချိန်က ငါ တခုခုကို စဉ်းစားမိတယ်ဆိုရင် အဲဒါဟာ မင်းအနေနဲ့ မဟုတ်တာတခုခုကို လုပ်လိမ့်မယ်ဆိုတာပဲ၊ ဒီမီထရီအနေနဲ့ အဖေ့ကို သတ်နိုင်တယ်၊ ဒါပေမဲ့ ငွေသုံးထောင်ကို သူ ခိုးတယ် ဆိုတာကတော့ အဲဒီတုန်းက ငါ ဘယ်လိုမှ မထင်ခဲ့ဘူး၊ ဒါပေမဲ့ မင်းအနေနဲ့ မဟုတ်တာတခုခုကို လုပ်မယ်ဆိုတာတော့ ငါ ထင်ခဲ့တယ်၊ မင်းအနေနဲ့ ဝက်ရူးပြန်ဟန်ဆောင်နိုင်တယ်လို့ ငါ့ကို ပြောခဲ့တယ်။ အဲဒီစကားကို မင်း ဘာကြောင့် ပြောတာလဲ”

“ဘာကြောင့်မှ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ ရိုးရိုးပြောလိုက်တာပဲ၊ နောက်ပြီးတော့ ကျွန်တော့် တသက်မှာ ဘယ်တုန်းကမှ

ဝက်ရှူးပြန်ဟန်မဆောင်ခဲ့ဖူးဘူး မဟုတ်လား၊ အမှန်တော့ အစ်ကို့ကို ကျွန်တော် ကြွားတဲ့အနေနဲ့ ကျွန်တော်ပြောတာပဲ၊ သက်သက် မိုက်တာပဲပေါ့ ခင်ဗျာ၊ အဲဒီတုန်းက ကျွန်တော်ဟာ အစ်ကို့ကို သိပ်သဘောကျနေပြီး စိတ်ကို အားလုံး ဖွင့်ချလိုက်တာပဲ”

“ငါ့အစ်ကိုကတော့ အဖေ့ကို သတ်ပြီး ပိုက်ဆံတွေကို ခိုးယူတဲ့လူဟာ မင်းပဲလို့ အတိအလင်း စွပ်စွဲနေတယ်”

“ဟုတ်ကဲ့ခင်ဗျာ၊ သူ့အနေနဲ့ ဒီလိုကလွဲလို့ တခြား ဘယ်လိုမှ ပြောစရာရှိတော့တာမှ မဟုတ်ဘဲ” ဆမာယာကော့ မထီတရီ ပြုံးလိုက်သည်။ “ဒါပေမဲ့ အထောက်အထားတွေ အားလုံးက သူ့ကို လက်ညှိုးထိုးနေတဲ့အချိန်မှာ သူ့စကားကို ဘယ်သူက ယုံပါ့မလဲ၊ တံခါးပွင့်နေတာကို ဂရီဂိုရီက မြင်တယ်၊ အဲဒါထက် ထင်ရှားတဲ့အထောက်အထား ဘာရှိဦးတော့မှာလဲ၊ ဒါပေမဲ့ သူ ပြောချင်ရာကို ပြောပါစေ၊ သူ အခုလို ပြောနေတာ သူ ကြောက်ပြီး သူ့ကိုယ်သူ ကာကွယ်နေတာပဲ”

သူ တည်ငြိမ်စွာပင် စကားစကို ဖြတ်လိုက်သည်။ ထို့နောက် ရုတ်ခြည်းဆိုသလို တစုံတခုကို စဉ်းစားမိသလိုဖြင့် ဆက်ပြောပြန်သည်။

“အမှန်တော့ အားလုံး ဒီအတိုင်းပါပဲ၊ ရှိသမျှအပြစ်တွေအားလုံး ကျွန်တော့်အပေါ် သူ ပုံချမယ်၊ ကျွန်တော့်လက်ချက်လို့ သူပြောတယ်၊ ဒါတွေကို ကျွန်တော် ကြားပြီးပါပြီ။ အခုတခါ အစ်ကိုကလည်း ကျွန်တော်ဟာ ဝက်ရှူးပြန်တဲ့နေရာမှာ အယောင်ဆောင်ကောင်းတယ်လို့ ပြောတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အစ်ကို့အဖေကို အဲဒီတုန်းက သတ်ဖို့ ကြံစည်နေတာဆိုရင် အဲဒီစကားကို အစ်ကို့ကို ကျွန်တော် ကြိုပြီး ပြောထားပါ့မလား၊ ကျွန်တော်ဟာ ဒီလိုလူသတ်မှုမျိုး တခုကို ကြံစည်နေတဲ့လူ ဖြစ်ရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မယ့် အချက်မျိုးကို ပြောလောက်အောင် မိုက်မဲပါ့မလား၊ ကျွန်တော်သတ်မယ့်လူရဲ့သားကို ဒီစကားမျိုး ပြောပါ့မလား၊ အခုအချိန်မှာကော ပြောပါ့မလား၊ ပြောလို့ ဖြစ်နိုင်ပါ့ မလား၊ ဒီလိုအဖြစ်မျိုး ရှိနိုင်ပါ့မလား ခင်ဗျာ၊ ဘယ်နည်းနဲ့မှ မရှိနိုင်ပါဘူး ခင်ဗျား။ အခု ကျွန်တော်တို့နှစ်ယောက် ပြောနေတဲ့စကားတွေကိုလည်း ဘုရားသခင်ကလွဲပြီး ဘယ်သူမှ မကြားဘူး။ ဒါပေမဲ့ ဒီစကားတွေကို အစ်ကိုက အမှုလိုက်အရာရှိနဲ့ တရားရေးအရာရှိတို့ကို သွားပြောရင်လည်း ကျွန်တော့်ဘက်က အကာအကွယ် ပေးတာပဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ စောစောကတည်းက ပွင့်ပွင့်လင်းလင်း ကြိုပြီးပြောတဲ့ ရာဇဝတ်မှု ကျူးလွန်သူမျိုး မရှိလို့ဘဲ၊ ဒါကို ဘယ်သူမဆို နားလည်တယ်”

“ဟုတ်ပြီ” အိုက်ဗင် ကြားဖြတ်ပြီး ပြောလိုက်ကာ ထိုင်ရာမှ ထလိုက်သည်။

ဆမာယာကော့၏ နောက်ဆုံး စာဒကတွင် အထူးစိတ်ဝင်စားဟန်ဖြင့် .... “မင်းကို ငါ နည်းနည်းကလေးမှ သက်ာမကင်း မဖြစ်ပါဘူး၊ အမှန်တော့ မင်းအပေါ်မှာ မသက်ာတာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူး။ အခုလို ငါ့ရင်ထဲမှာ ရှင်းသွားအောင် လုပ်ပေးတဲ့အတွက် မင်းကို ငါ အများကြီး ကျေးဇူးတင်တယ်၊ ငါ အခု သွားတော့မယ်၊ ဒါပေမဲ့ ငါ လာဦးမယ်။ ကဲ သွားမယ်၊ နေကောင်းအောင်နေပါ၊ ဘာလိုဦးမလဲ”

“ကျေးဇူးတင်လှပါတယ် ခင်ဗျာ၊ မာဖာက ကျွန်တော့်ကို မေ့မထားဘဲ ကျွန်တော် လိုအပ်တာတွေ အားလုံးကို လုပ်ပေးပါတယ်၊ သူဟာ ကျွန်တော့်အပေါ်မှာ အမြဲတမ်း ကောင်းပါတယ်ခင်ဗျာ၊ ကျွန်တော့်ဆီကို လူကောင်းတွေ နေ့တိုင်းလာကြပါတယ်”

“သွားပြီ၊ ဒါနဲ့ မင်း ဝက်ရူးပြန်ဟန်ဆောင်နိုင်တဲ့ အကြောင်း ဘယ်သူ့ကိုမှ ငါ မပြောဘူး၊ အဲ ... မင်းကို ငါ အကြံပေးရရင် မင်းကလည်း ဘယ်သူ့ကိုမှ မပြောနဲ့ပေါ့”

“ကျွန်တော် နားလည်ပါတယ်ခင်ဗျာ၊ အစ်ကို အဲဒီအကြောင်း ဘယ်သူ့ကိုမှ မပြောဘူးဆိုရင် ကျွန်တော်ကလည်း တံခါးဝမှာ ကျွန်တော်တို့ စကားပြောကြတဲ့အကြောင်း ဘာမှ မပြောပါဘူး”

အိုက်ဗင် အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားသည်။ သို့သော် စင်္ကြံလမ်းအတိုင်း လေးငါးလှမ်းမျှ သွားမိသော် ဆမာယာကော့၏ နောက်ဆုံးစကားလုံးများသည် စော်ကားသည့်သဘော ရှိနေကြောင်း ကို ရုတ်တရက် သူ စဉ်းစားလိုက်မိသည်။ သူ နောက်ကြောင်း ပြန်လှည့်မည်ပြုပြီးမှ ‘အလကားပဲ’ ဟု ရွတ်ဆိုကာ ဆေးရုံအတွင်းမှ ထွက်သွားသည်။

ဆမာယာကော့တွင် အပြစ်မရှိဘဲ မစ်တယာတွင် အပြစ်ရှိနေသည့်အတွက် သူသည် အထူးပင် ကျေနပ်အားရလျက် ရှိသည်။ အမှန်တော့ သူသည် ယင်းသဘောနှင့် ဆန့်ကျင်ဘက် ဖြစ်ရပေမည်။ သို့ရာတွင် သူ့စိတ်ထဲတွင် အဘယ်ကြောင့် ဖြစ်ပေါ်နေရသည်ကို သူ အဖြေမရှာချင်ပါ။ ယင်းသို့ အဖြေရှာရသည်ကို သူ ဝန်လေးလျက် ရှိပါသည်။ သူသည် တစုံတရာကို လျင်မြန်စွာပင် မေ့ပစ်ချင်စိတ် ဖြစ်ပေါ်နေပါသည်။

နောက်ပိုင်းရက်များတွင် သူသည် မစ်တယာကို လက်ညှိုးထိုးနေသော အထောက်အထားများအရ မစ်တယာတွင် အပြစ်ရှိကြောင်း ကောင်းစွာ ယုံကြည်သွားတော့သည်။ အရေးကြီးသော ပုဂ္ဂိုလ်များ အားလုံးကပင် မစ်တယာတွင် အပြစ်ရှိကြောင်း အထောက်အထား ပြနေကြသည်။ ဥပမာ ဖီညာနှင့် သူမ၏ မိခင်၊ ထို့နောက် ပါကိုတင်၊ စားသောက်ဆိုင်နှင့် ပလော်နီကော့ ကုန်စုံဆိုင်မှ လူများ၊ ထို့နောက် မိုကရိုယီမှ သက်သေများ၊ အသေးစိတ် အချက်အလက်တွေက အခြေအနေကို ပိုပြီး ဆိုးရွားစေပါသည်။ လျှို့ဝှက် ‘တံခါးခေါက်သံ’ နှင့် ဂရီဂိုရီ၏

နောက်ဖေးတံခါး ပွင့်နေကြောင်း ထွက်ဆိုချက်တို့က အမှုလိုက် အရာရှိနှင့် တရားရေးအရာရှိတို့ကို အထူးပင် စိတ်ဝင်စားစေပါသည်။

ဂရီဂိုရီ၏ ဇနီး မာဖာကို အိုက်ဗင် မေးမြန်းရာတွင်လည်း သူမက အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိဘဲ ဆမာယာကော့သည် သူမတို့နှင့် နံရံတချပ်ခြားတွင် တညလုံး ရှိနေကြောင်း ပြောဆိုသည်။ သူမသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်ခဲ့သော်လည်း မကြာခဏဆိုသလိုပင် အိပ်ရာမှနိုးပြီး ဆမာယာကော့ ၏ ညည်းညူသံများကို ကြားရသည်ဟု ဆိုပါသည်။

"တချိန်လုံး သူ ညည်းနေတာပဲ၊ တောက်လျှောက်ကြီးကို သူ ညည်းနေတာပဲ"

ဒေါက်တာ ဟာဇင်ကျူဗီနှင့် ဆမာယာကော့အကြောင်း ပြောရာတွင် အိုက်ဗင်က ဆမာယာကော့ ရူးသွပ်ခြင်း မရှိကြောင်း၊ အလွန့်အလွန် အားနည်းနေခြင်းသာ ဖြစ်ကြောင်း သူ၏ ထင်မြင်ချက်ကို ပေးသောအခါ အဘိုးကြီးက မပွင့်တပွင့်ကလေး ပြုံးပြီး ပြန်ပြောသည်။

"သူ့အချိန်တွေကို သူ အခု ဘယ်လိုအသုံးချနေတယ်ဆိုတာကို မောင်ရင် သိသလား၊ သူ အခု ပြင်သစ်စကားလုံးတွေကို အလွတ်ကျက်နေတယ်၊ သူ့ခေါင်းအုံးအောက်မှာ ဗလာစာအုပ်တအုပ် ရှိတယ်၊ အဲဒီမှာ တယောက်ယောက်က ပြင်သစ်စကားလုံးတွေကို ရုရှားအက္ခရာနဲ့ ရေးပေးထား တယ်၊ ဟား ဟား ဟား"

နောက်ဆုံးတွင် အိုက်ဗင်၏စိတ်တွင် ရှိနေသော ဇဝေဇဝါ မရေရာမှုများ အားလုံး ပျောက်ကွယ်သွား တော့သည်။ မစ်တယာအကြောင်း စဉ်းစားလိုက်လျှင် စက်ဆုပ်ရွံရှာခြင်းသာ ဖြစ်ရတော့သည်။ သို့တစေလည်း ထူးဆန်းနေသည့် အချက်တခုကတော့ မစ်တယာသည် လူသတ်သမား မဟုတ်ကြောင်း၊ ဆမာယာကော့သာလျှင် လုံးဝ ဖြစ်စရာရှိကြောင်း အလျှိုရှာက အခိုင်အမာ ပြောနေခြင်းပင် ဖြစ်သည်။ အိုက်ဗင်သည် အလျှိုရှာ၏ သဘောထားကို အမြဲတစေ အလေးထား သည့်အလျောက် ယခုအခါတွင် သူ့မှာ နားဝေတိမ်တောင် ဖြစ်နေရခြင်းပင် ဖြစ်သည်။ နောက်ထပ် ထူးဆန်းသည့် အချက်တခုကတော့ အလျှိုရှာသည် မစ်တယာအကြောင်း သူနှင့် ပြောဆိုရန် နည်းနည်းကလေးမျှ မကြိုးစားခြင်းပင် ဖြစ်သည်။ ၎င်းက ဘယ်တော့မှ စကားစမြည် ပြောသည် မရှိပါ။ သူက မေးခွန်းများ မေးသည်လောက်ကိုသာ ဖြေကြားပါသည်။ ဤအချက်က အိုက်ဗင်ကို အထူးပင် အနှောင့်အယှက် ပေးနေပါသည်။

သို့တစေလည်း ထိုအချိန်က သူ၏ စိတ်အာရုံကို ပူးကပ်နေသော အခြားအကြောင်းအရာတခု ရှိနေပါသည်။ သူသည် မော်စကိုမှ ပြန်လာသောအချိန်တွင် ကက်ထရီးနားအပေါ် အရူးအမူး အလွန်အမင်း

စွဲလမ်းနေသော သူ၏ အချစ်စိတ်များကို လုံးဝ စွန့်လွှတ်လိုက်သည်။ ဤနေရာ ဤအချိန်သည် သူ့ဘဝတွင် တသက်လုံး ထင်ဟပ်နေသည့် သူ၏အသစ်ဖြစ်သော အချစ်စိတ် အကြောင်းကို ဖော်ပြရန် မဟုတ်ပါ။ ဤအကြောင်းများကို ရေးမည်ဆိုလျှင် နောက်ထပ် ဇာတ်လမ်း တပုဒ် ရေးရပါမည်။ နောက်ထပ် ဝတ္ထုတပုဒ် ရေးရပါမည်။ ယင်းသို့ ရေးဖြစ်မည် မဖြစ်မည်ကိုလည်း ကျွန်ုပ် မသိပါ။ သို့ရာတွင် အရေးကြီးသည့် အချက်တချက်ကိုကား ကျွန်ုပ် ခြွင်းချန်မထားနိုင်ပါ။ အိုက်ဗင်သည် အလျှိုရှာနှင့်အတူ ကက်ထရီးနား၏အိမ်မှ ပြန်လာသည့်နေ့က “သူ့ကို ငါ စိတ်မဝင်စားဘူး” ဟု ပြောခဲ့ခြင်းသည် တကယ့်မုသားစကားပင် ဖြစ်သည်။ သူသည် ရံဖန်ရံခါတွင် သူမကို မုန်းတီးပြီး အသေသတ်ပစ်ချင်သလောက်ပင် ရှိသော်လည်း အမှန်တွင်မူ သူမကို အရူးအမူး ချစ်နေပါသည်။

ယင်းသို့ ဖြစ်ရသည်မှာလည်း အကြောင်းတွေ အများကြီး ရှိပါသည်။ ကက်ထရီးနားသည် မစ်တယာ၏အဖြစ်ကြောင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေစဉ်တွင် သူမထံသို့ ပြန်လည် ရောက်ရှိလာသော အိုက်ဗင်ကို တွေ့ရသောအခါ အပြေးအလွှား ခိုဝင်ပါတော့သည်။ အိုက်ဗင်သည် သူမအား ကယ်တင်နိုင်သော တဦးတည်းသော ကယ်တင်ရှင် ဖြစ်သည့်ပမာပင်။ သူမ၏ ရင်ထဲတွင် စော်ကားခြင်း၊ ချိုးနှိမ်ခြင်းနှင့် နာကြည်းခြင်းတို့ကို ခံစားနေရသည်။ ထိုအချိန်တွင် တကြိမ်က သူမကို ချစ်ခဲ့သူ ပြန်လည်ရောက်ရှိလာသည်။ တကြိမ်က သူ ချစ်ခဲ့သည်ဆိုခြင်းကို သူမ ကောင်းစွာ သိပါသည်။ ၎င်း၏ မေတ္တာနှင့် အသိပညာကို သူမအနေနှင့်လည်း များစွာ တန်ဖိုးထားခဲ့ပါသည်။ သို့သော် သူမက ဣန္ဒြေ စောင့်ထိန်းသော မိန်းကလေးတဦး ဖြစ်သည်နှင့်အညီ ကာရာမာဇော့ ကိုလေသာစိတ်တွေ လျှံကဲပြီး သူမကို အသည်းအမဲ ဖြစ်နေသော သူ၏ရင်ခွင်တွင် သူမ တကိုယ်လုံးကို ပုံမအပ်ခဲ့ပါ။ တချိန်တည်းမှာပင် သူမသည် မစ်တယာအပေါ်တွင် သစ္စာဖောက်ဖျက်မိ သဖြင့် နောင်တတရားများပွားကာ စိတ်ဒုက္ခရောက်နေရသည်။ ယင်းအချက်ကို သူမက အိုက်ဗင်နှင့် စကားများ ရန်ဖြစ်သည့်အခါများတွင် ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောသည်။ (သူတို့နှစ်ယောက် စကားများ ရန်ဖြစ်ကြသည်မှာလည်း မကြာခဏပင် ဖြစ်သည်)။ ယင်းကြောင့်ပင် ‘မုသားပေါ့ မုသားဆင့်နေတာပဲ’ ဟူသော စကားကို အလျှိုရှာအား သူပြောခဲ့ခြင်းဖြစ်သည်။ တကယ်တော့လည်း အမှန်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးတွင် မုသားတွေ အများကြီး ရှိနေသည်။ ယင်းအချက်ကို အိုက်ဗင် ဒေါသအဖြစ်ဆုံးပင် ဖြစ်သည်။ သို့သော် ဤအကြောင်းကို နောက်ကျမှ ပြောမည်။

အတိုချုပ်ကို ပြောရလျှင် အိုက်ဗင်သည် ဆမာယာကော့ကို ကာလအတန်ကြာအောင်ပင် မေ့လျော့ နေခဲ့သည်။ သို့ရာတွင် ပထမအကြိမ် သွားရောက်တွေ့ဆုံပြီး ရက်သတ္တ နှစ်ပတ်မျှအကြာတွင် သူသည် ယခင်က

ဖြစ်ပေါ်ခဲ့သော အတွေးဖြင့်ပင် စိုးရိမ်ကြောင့်ကြစိတ်တွေ ဖြစ်လာရပြန်သည်။ အဆက်မပြတ်ဆိုသလို သူ့ကိုယ်သူ မေးခွန်းတခု မေးနေမိကြောင်းကို ပြောရပါမည်။ သူသည် မော်စကို မသွားခင် ညက သူ့ဖခင်၏ အိမ်တွင် အဘယ်ကြောင့် သူခိုးတယောက်လို လှေကားထိပ်သို့ ချောင်းမြောင်းသွားရောက်ကာ အောက်ထပ်တွင် သူ့ဖခင် ဘာလုပ်နေသနည်းဟု စူးစမ်းခဲ့ရသနည်း။ ဤအကြောင်းကို နောက်ပိုင်းတွင် အဘယ်ကြောင့် သူ စိတ်မချမ်းမြေ့စွာ အမှတ်ရနေသနည်း။ နောက်တနေ့မနက်တွင် သူ ခရီးသွားရာတွင် အဘယ်ကြောင့် သူ မကြည်မသာ ဖြစ်ပြီး မော်စကို ရောက်သောအခါတွင် သူ့ကိုယ်သူ 'ငါ လူယုတ်မာတယောက်ပဲ' ဟု ပြောရချေသနည်း။

ဤအတွေးများ ညှဉ်းပန်းနှိပ်စက်နေသောကြောင့် ယခုအခါတွင် သူသည် ကက်ထရီးနားကိုပင် မေ့လျော့နေရသည်ဟု တွေးထင်မိသည်။ ဤအတွေးများက သူ့ကို ဤမျှပင် ဖမ်းစားချုပ်ကိုင်ထားကြ သည်။ ဤကဲ့သို့ သူ စဉ်းစားမိနေစဉ် ကာလမှာပင် အလျိုရှာကို လမ်းပေါ်မှာ သူ တွေ့ရသည်။ အလျိုရှာကို ချက်ချင်းပင် သူ တားပြီး မေးခွန်းတခုကို မေးမိသည်။

"ဒီမယ် အလျိုရှာ၊ မင်း မှတ်မိသေးသလား၊ အဲဒီနေ့ ညနေစာ စားအပြီးမှာ ဒီမီထရီ ပေါက်ကွဲပြီး အဖေ့ကို ကိုယ်ထိလက်ရောက် လုပ်တဲ့နေ့က 'ငါ့မှာလည်း အဲဒီလိုစိတ်မျိုး ရှိနေတာပဲ' လို့ မင်းကို ခြံထဲမှာ ငါပြောခဲ့တယ်၊ အဲဒါ အဖေ့ကို သေစေချင်တဲ့စိတ် ငါ့မှာ ရှိနေတယ်လို့ မင်းထင်သလား"

"ကျွန်တော်တော့ ထင်တာပဲ"

အလျိုရှာ တိုးညင်းစွာ ပြောလိုက်သည်။

"ဒါဆိုရင် ဟုတ်ပြီပေါ့၊ ဘာမှ စဉ်းစားနေစရာ မလိုတော့ဘူး၊ ဒါပေမဲ့ မြွေတကောင်ဟာ တခြား မြွေတကောင်ကို မျိုမှာပဲလို့ ငါပြောခဲ့တဲ့စကားဟာ ဒီမီထရီက အဖေ့ကို အခွင့်အရေး ရတာနဲ့ တပြိုင်နက် သတ်လိမ့်မယ်လို့ ဆိုလိုသလား၊ အဲဒီလိုဖြစ်အောင် ငါက အားပေးအားမြှောက် ပြုနေသလား"

အလျိုရှာ၏မျက်နှာ ဖြူရော်သွားသည်။ အစ်ကိုဖြစ်သူ၏ မျက်လုံးများကို တိတ်ဆိတ်စွာ ငေးစိုက်ကာ ကြည့်နေသည်။

"ပြောစမ်းပါ" အိုက်ဗင် ဟစ်အော်လိုက်သည်။ "အဲဒီတုန်းက မင်းစိတ်ထဲမှာ ဘယ်လိုထင်သလဲဆိုတာ ငါ သိချင်တယ်၊ အမှန်အတိုင်း ပြောစမ်းပါ၊ အမှန်အတိုင်း ပြောစမ်းပါ" သူ သက်ပြင်းရှည်ကြီး ချလိုက်ပြီး ဒေါသစိတ်ကို ချိုးနှိမ်ကာ အလျိုရှာကို ကြည့်နေသည်။

“ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ အဲဒီလိုပဲ ထင်ခဲ့ပါတယ်” အလျှိုရှာ တိုးညင်းစွာ ပြောလိုက်သည်။ ဖြေသိမ့်သောစကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။

“ကျေးဇူးတင်ပါတယ်”

အိုက်ဗင် ဆတ်ခနဲပြောပြီး ခပ်သွက်သွက်ကလေး ထွက်ခွာသွားသည်။ ထိုအချိန်မှစပြီး အိုက်ဗင် သူ့ကို သိသိသာသာကြီးပင် တိမ်းရှောင်နေခဲ့ကြောင်း အလျှိုရှာ သတိပြုမိသည်။ သူ့အပေါ်တွင် မကျေနပ်သည့်သဘောပင် တွေ့မြင်ရသည်။ ယင်းကြောင့်ပင် သူကလည်း သည့်နောက်ပိုင်းတွင် အိုက်ဗင်ကို သွားမတွေ့ပါ။ အိုက်ဗင်သည် အလျှိုရှာနှင့် တွေ့ဆုံပြီးနောက် အိမ်သို့ မပြန်သေးဘဲ ချက်ချင်းဆိုသလိုပင် ဆမာယာကော့နှင့် ထပ်မံတွေ့ဆုံရန် တချိုးတည်း သွားရောက်လေသည်။

၇။ ဆမာယာကော့နှင့် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းခြင်း

ထိုအချိန်က ဆမာယာကော့ ဆေးရုံမှ ဆင်းပြီ ဖြစ်သည်။ ဆမာယာကော့ နေသည့်အိမ်ကို အိုက်ဗင် သိသည်။ ပျက်စီးယိုယွင်းနေပြီဖြစ်သော အိမ်ငယ်ကလေးတလုံး ဖြစ်သည်။ အလယ်ကောင်တွင် စင်္ကြံလမ်း ရှိသည်။ တဖက်ခြမ်းတွင် မာရီယာ ကွန်ဒရာ ယက်ဖနာနှင့် သူမ၏ မိခင်တို့ နေထိုင်ကြပြီး အခြားတဖက်ခြမ်းတွင် ဆမာယာကော့ နေထိုင်သည်။ သားအမိနှစ်ယောက်ထံတွင် ဘယ်ပုံစံနှင့် သူ နေထိုင်လျက်ရှိသည်ကို မည်သူမျှ မသိပါ။ မိတ်ဆွေတယောက်အဖြစ်လော သို့မဟုတ် အိမ်ငှား တယောက်အဖြစ်လော ဆိုသည် ကို မည်သူမျှ မပြောနိုင်ပါ။ နောက်ပိုင်းတွင် ထင်ရသည်မှာ သူသည် မာရီယာ၏ ရည်းစားအဖြစ် နေထိုင်လျက်ရှိပြီး အိမ်လခသော်လည်းကောင်း၊ ထမင်းလခသော် လည်းကောင်း ပေးခြင်း မရှိပါ။ သမီးရော အမေပါ သူ့ကို အထူးပင် အထင်ကြီး လေးစားကြပါသည်။

အိုက်ဗင် တံခါးကို ခေါက်သည်။ တံခါးပွင့်သွားသောအခါ စင်္ကြံလမ်းအတွင်းသို့ သူ ဝင်ရောက်သွား သည်။ မာရီယာ၏ လမ်းညွှန်မှုအရ ဆမာယာကော့ နေထိုင်လျက်ရှိသော လက်ဝဲဘက်အခန်းတွင်းသို့ ရောက်ရှိသွားသည်။ ထိုအခန်းသည် ဧည့်ခန်းဖြစ်ဟန် ရှိပေသည်။ အခန်းထဲတွင် မီးသွေးမီးဖိုကလေး တလုံး အရှိန်ညီးညီး ရှိနေသည်။ အခန်းနံရံများကို စက္ကူအပြာများဖြင့် ကပ်ထားသည်။ သို့သော် စက္ကူများ စုတ်ပြဲလျက်ရှိပြီး စက္ကူ အစုတ်အပြဲများ ကြားတွင် ပိုးဟပ်များ ကျက်စားလျက် ရှိသည်။ ၎င်းတို့ထံမှ လှုပ်ရှားသံတွေ အဆက်မပြတ် ကြားနေရသည်။

အခန်းထဲတွင် ပရိဘောဂဟူ၍ နည်းပါးလှသည်။ အခန်းနံရံနှစ်ဖက်တွင် ထိုင်ခုံရှည် တလုံးစီ ရှိသည်။ စားပွဲအနီးတွင် ကုလားထိုင်နှစ်လုံး ရှိသည်။ စားပွဲမှာ ရိုးရိုးစားပွဲကလေးတလုံး ဖြစ်သော်လည်း ပန်းရောင်ကွက် စားပွဲခင်းတခု ခင်းထားသည်။ ပြတင်းပေါက်ကလေး နှစ်ပေါက်တွင် ပန်းအိုးတလုံးစီ ရှိနေသည်။ အခန်းထောင့်တနေရာတွင် ပုံတော်ရုပ် ကျောင်းဆောင်တခု ရှိသည်။ စားပွဲပေါ်တွင် ကြေးရေနွေးအိုး တလုံးရှိပြီး နေရာပေါင်းများစွာတွင် အပိန်အချိုင့်တွေ ဖြစ်နေသည်။ ထို့ပြင် လင်ပန်းတချပ်ပေါ်တွင် လက်ဖက်ရည်ပန်းကန် နှစ်လုံးရှိသည်။ သို့သော် ဆမာယာကော့သည် လက်ဖက်ရည် သောက်ပြီးသွားပြီ ဖြစ်သဖြင့် ရေနွေးအိုးတွင် မီးမရှိတော့ပါ။

ဆမာယာကော့သည် စားပွဲအနီးရှိ ခုံရှည်တလုံးပေါ်တွင် ထိုင်နေပြီး ဗလာစာအုပ်ပေါ်တွင် ၎င်းကာ တစုံတရာကို ဖြည်းလေးစွာ ရေးခြစ်လျက် ရှိသည်။

သူ့အနီးတွင် မင်အိုးတလုံးနှင့် ဖယောင်းတိုင်စိုက် တိုင်တခု ရှိသည်။

ဆမာယာကော့၏ မျက်နှာကို မြင်တွေ့လိုက်ရသောအခါ ၎င်းနေကောင်းပြီ ဖြစ်ကြောင်းကို အိုက်ဗင် ချက်ချင်းပင် တွက်ဆလိုက်နိုင်သည်။ သူ့မျက်နှာပြည့်ပြီး လန်းနေသည်။ သူ၏ ခေါင်းထက်မှ ဆံပင်နှင့် နားထင်နှစ်ဖက်မှ ဆံပင်များကို အကျအန ဖြီးထားသည်။ သူသည် ရောင်စုံဂွမ်းကပ် အင်္ကျီရှည်ကြီးကို ဝတ်ပြီး ထိုင်နေသည်။ သို့သော် သူ၏ဂွမ်းကပ်အင်္ကျီကြီးသည် ပေါက်ပြဲစုတ်ပြတ် ကာ ညစ်ပတ်ပေရေလျက် ရှိပါသည်။ သူ၏မျက်နှာတွင် မျက်မှန်တပ်ထားသည်။ သူ မျက်မှန် တပ်သည်ကို အိုက်ဗင် ယခင်က မတွေ့မြင်ဖူးခဲ့ပါ။ ဘာမဟုတ်သော ဤအချက်ကလေးက အိုက်ဗင်၏ ဒေါသကို နှစ်ဆတိုးစေသည်။ “ဒီလိုအကောင်မျိုးက မျက်မှန်ကြီး တပ်လို့ပါကလား”

ဆမာယာကော့ ဦးခေါင်းကို ဖြည်းလေးစွာ မော့ပြီး သူ၏ဧည့်သည်ကို မျက်မှန် တပ်ထားသော မျက်လုံးများဖြင့် ကြည့်သည်။ ထို့နောက် မျက်မှန်ကို ချွတ်လိုက်ပြီး ထိုင်ရာမှ ထသည်။ သို့သော် လေးစားသမှုနှင့် မဟုတ်ဘဲ လောကဝတ်သဘောအရ ပျင်းရိလေးတွဲ့စွာဖြင့် ဖြစ်သည်။ ဤအချက်ကို အိုက်ဗင် တွေ့မြင်သည်။ ချက်ချင်းပင် သိလိုက်သည်။ ချက်ချင်းပင် တွက်လိုက်သည်။ အထူးသဖြင့် ၎င်း၏ မလိုမုန်းတီးသောသဘောနှင့် ရွံရှာ စက်ဆုပ်ဖွယ်ရာ ကောင်းသော အကြည့်ကို ဖြစ်သည်။

“ခင်ဗျားကြီး ဘာကိစ္စ လာတာလဲ၊ ကျုပ်တို့ကိစ္စ အားလုံးပြီးပြီ မဟုတ်လား၊ ဘာကိစ္စ လာရပြန်တာလဲ”

၎င်း၏ အကြည့်က ယင်းကဲ့သို့ ပြောဆိုနေသည့်နှယ်။ အိုက်ဗင် သူ့ကိုယ်သူ မထိန်းချုပ်နိုင် ရှိသည်။

“ဒီနေရာက တယ်အိုက်တာပဲ”

သူ ပြောလိုက်သည်။ မတ်တတ်ကြီးပင် ရှိနေသည်။ အပေါ်ရုံ ကုတ်အင်္ကျီ ကြယ်သီးများကို သူ ဖြုတ်လိုက်သည်။

“အစ်ကို့ အင်္ကျီကြီးကို ချွတ်ထားပါလား”

ဆမာယာကော့ ယဉ်ကျေးသိမ်မွေ့စွာ အကြံပြုသည်။ အိုက်ဗင် ကုတ်အင်္ကျီကြီးကို ချွတ်ပြီး ခုံရှည်ပေါ်တွင် ပစ်တင်လိုက်သည်။ ထို့နောက် တုန်ယင်သောလက်များဖြင့် ကုလားထိုင်တလုံးကို ဆွဲယူပြီး စားပွဲအနီးတွင် ကတိုက်ကရိုက် ချထားကာ ထိုင်သည်။ ဆမာယာကော့က ခုံရှည်ပေါ်တွင် အိုက်ဗင်၏ အလျင်ထိုင်ပြီး ဖြစ်နေသည်။

"ပထမဆုံး အချက်ကတော့ ဒီအခန်းထဲမှာ ငါတို့ လွတ်လွတ်လပ်လပ် ရှိမလား၊ ငါတို့ပြောတဲ့ စကားတွေကို တဖက်ခန်းထဲက ကြားရမလား"

အိုက်ဗင်က ခပ်မာမာ ခပ်တင်းတင်း မေးလိုက်သည်။

"ဘယ်သူမှ မကြားနိုင်ပါဘူး ခင်ဗျာ၊ အစ်ကိုကိုယ်တိုင် အမြင်ပဲ၊ ကြားမှာ စကြံလမ်း ရှိနေတယ်"

"ဒီမှာ နားထောင်စမ်း ကိုယ့်လူ၊ ဟိုတခေါက် ဆေးရုံက ငါ ပြန်ခါနီးမှာ မင်းပြောလိုက်တဲ့စကားက ဘာသဘောလဲ၊ မင်း ဝက်ရူးပြန်ဟန်ဆောင်နိုင်တဲ့အကြောင်း ဘယ်သူ့ကိုမှ ငါ မပြောဘူးဆိုရင် မင်းကလည်း ငါတို့နှစ်ယောက် ဝင်းတံခါးဝမှာ စကားပြောကြတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောဘူး ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ အဲဒီစကားက မင်း ဘာကိုဆိုလိုတာလဲ၊ အဲဒီတုန်းက မင်း စိတ်ထဲမှာ ဘယ်လိုရည်ရွယ်ချက် ရှိလို့လဲ၊ မင်း ငါ့ကို ခြိမ်းခြောက်နေတာလား၊ မင်းက ငါ့ကို မင်းရဲ့အပေါင်းပါ တယောက်လို့ ယူဆနေသလား၊ မင်းကိုများ ငါက ကြောက်နေမယ် ထင်သလား"

အိုက်ဗင်က အထက်ပါစကားများကို ဒေါသတကြီး ပြောချလိုက်သည်။ ဆမာယာကော့အနေနှင့် သွေးတိုးစမ်းနေခြင်းများကို သူက နည်းနည်းမှ ဂရုမစိုက်ကြောင်း ပြသပြီး လက်တန်းကို တခါတည်း ဖွင့်လှန်လိုက်ခြင်းပင် ဖြစ်သည်။

ဆမာယာကော့၏မျက်လုံးများ မုန်းတီးဖွယ်ရာ အရောင်တောက်လက်လာကြသည်။ သူက ဘယ်ဘက် မျက်လုံးကို မျက်တောင်ခတ်လိုက်ပြီး သူ၏ထုံးစံအတိုင်း တည်ငြိမ်အေးဆေးစွာနှင့် ဖြည်းလေးစွာ၊ ထိန်းချုပ်စွာ ပြန်ပြောသည်။

"အဲဒီတုန်းက ကျွန်တော် ပြောလိုက်တဲ့ အဓိပ္ပာယ်ကတော့ ဒီလိုပါ ခင်ဗျာ။ အစ်ကိုဟာ အစ်ကို့အဖေ အသတ်ခံရမှာကို ကြိုပြီး သိနေတယ်၊ ဒါပေမဲ့ နည်းနည်းကလေးမှ ဂရုမစိုက်ဘူး၊ ဒါပေမဲ့ ဒီအကြောင်းတွေကို ကျွန်တော်က သက်ဆိုင်ရာ အာဏာပိုင်တွေကို ပြောမပြဘူး၊ ဒါမှ လူတွေက အစ်ကို့ရဲ့ မကောင်းတဲ့စိတ်ထားနဲ့ တခြားအကြောင်းကိစ္စတွေကို မသိနိုင်ကြမှာ ဖြစ်တယ်"

ဆမာယာကော့သည် သူ၏စကားကို ဖြည်းလေးစွာ သူ့ကိုယ်သူ ထိန်းချုပ်ကာ ပြောဆိုလျက် ရှိသော်လည်း သူ၏စကားသံတွင် မပြတ်သားမှု၊ မလိုမုန်းတီးမှုနှင့် စော်ကားမော်ကားမှုများ ပါဝင်လျက် ရှိသည်။ ထို့နောက် သူသည် အိုက်ဗင်ကို ရဲဝံ့စွာပင် စိုက်ကြည့်နေသည်။

အိုက်ဗင် တခဏမျှတော့ မျက်လုံးတွေ ပြာဝေသွားဟန် ရှိသည်။ ပြီးမှ .. “ဘာပြောတယ်၊ မင်း ဘာပြောတယ်၊ မင်း ရူးနေသလား”

“ကျွန်တော် မရူးပါဘူး ခင်ဗျာ၊ ကျွန်တော် အားလုံး အကောင်းပကတိ ရှိပါတယ်”

“လူသတ်မှုကို ငါ ကြိုသိတယ် ဟုတ်လား...” အိုက်ဗင် စားပွဲကို လက်သီးနှင့် ထိုးပြီး အော်လိုက် သည်။ “နောက်ပြီးတော့ ‘တခြားအကြောင်းကိစ္စတွေ’ ဆိုတာကရော၊ မင်းက ဘာကို ဆိုလိုတာလဲ၊ ခွေးမသားအကောင် ပြောစမ်း”

ဆမာယာကော့ ဘာမျှမပြောပါ။ အိုက်ဗင်ကိုသာ ရဲတင်းစွာ စိုက်ကြည့်နေသည်။ “ပြောလေ၊ ခွေးမသား အပုပ်ကောင်၊ ‘တခြားကိစ္စတွေ’ ဆိုတာ ဘာလဲ” အိုက်ဗင် ဟစ်အော်သည်။

“တခြားအကြောင်းတွေလို့ ကျွန်တော်ပြောတဲ့သဘောကတော့ အစ်ကိုဟာ အဲဒီတုန်းက အစ်ကို့အဖေ သေဆုံးမှာကို လိုလားနေတယ်ဆိုတဲ့ သဘောပါပဲ”

အိုက်ဗင် ဝုန်းခနဲ ခုန်ထပြီး ဆမာယာကော့၏ပခုံးကို လက်သီးနှင့် တအားထိုးလိုက်သည်။ ဆမာယာကော့ အခန်းနံရံဘက်သို့ ပက်လက်လန်ကျသွားသည်။ မျက်စိတမှိတ် လျှပ်တပြက်အတွင်း မှာပင် သူ့မျက်နှာတွင် မျက်ရည်များ စီးကျလာသည်။

“နေမကောင်းနေတဲ့ လူမမာတယောက်ကို လက်သီးနဲ့ထိုးတာ အစ်ကို မရှက်ဘူးလား ခင်ဗျာ”

ဆမာယာကော့ ပြောလိုက်သည်။ ထို့နောက် ညစ်ပတ်ပေရေနေသော လက်ကိုင်ပဝါ အပြာကွက်ဖြင့် သူ့မျက်နှာကို ရုတ်တရက် ဖုံးအုပ်လိုက်ပြီး တိုးမြည့်မြည့်ကလေး ရှိုက်ငင်လျက် ရှိတော့သည်။ တစ်မိနစ်မျှ ကြာသွားသည်။

“တော်လောက်ပြီ၊ တိတ်တော့။ ငါ့စိတ်ကို ဘယ်လိုမှ မထိန်းနိုင်ဘဲ ဖြစ်သွားလိမ့်မယ်” အိုက်ဗင် ကုလားထိုင်တွင် ပြန်ထိုင်ရင်း အမိန့်အာဏာသံဖြင့် ပြောလိုက်သည်။ ဆမာယာကော့ လက်ကိုင်ပဝါ ကို မျက်နှာမှ ဖယ်လိုက်သည်။

“ငါဟာ ငါ့အဖေကို မစ်တယာလိုပဲ သတ်ချင်နေတယ်လို့ အဲဒီတုန်းက မင်းထင်တယ် ဟုတ်လား၊ ခွေးမသားအကောင်”

“အဲဒီတုန်းက အစ်ကို့စိတ်ထဲမှာ ဘယ်လိုစိတ်ကူးရှိနေတယ်ဆိုတာကို ကျွန်တော် မသိပါဘူး၊ ဒါကြောင့်မို့လို့ အစ်ကို ဝင်းတံခါးကို ဖြတ်အသွားမှာ အစ်ကို့ကို ဖမ်းပြီး တီးခေါက်ကြည့်မိတာပါပဲ”

"ဘာကိုလဲ၊ ဘာကို တီးခေါက်ကြည့်မိတာလဲ"

"အဲဒီကိစ္စကိုပဲပေါ့ ခင်ဗျာ၊ အစ်ကို့အဖေ မြန်နိုင်သမျှ အမြန်ဆုံး အသတ်ခံရတာကို အစ်ကို လိုလားသလား၊ မလိုလားဘူးလား ဆိုတာပဲပေါ့"

အိုက်ဗင် သည်းမခံနိုင်ဆုံးကတော့ ဆမာယာကော့အနေနှင့် စော်ကားမော်ကားနိုင်သည့် လေသံကို နည်းနည်းကလေးမျှ မလျှော့ခြင်း ဖြစ်သည်။

"အဖေ့ကိုသတ်တာ မင်းပဲ ..."

အိုက်ဗင် ရုတ်တရက် ဟစ်အော်လိုက်သည်။ ဆမာယာကော့ မထီတရီ ပြုံးလိုက်ပြီး...

"သူ့ကို ကျွန်တော် မသတ်ဘူးဆိုတာ အစ်ကို အသိဆုံးပါပဲ ခင်ဗျား၊ တကယ်လို့သာ ကျွန်တော့်မှာ စိတ်ကူးရှိရင် လူတော်တယောက်နဲ့ ကျွန်တော် ဘာမှ စကားပြောနေစရာ အကြောင်း မရှိပါဘူး"

"နေပါဦး၊ မင်းက အဲဒီတုန်းက ဘာဖြစ်လို့ ငါ့အပေါ်မှာ မယုံသင်္ကာ ရှိနေရတာလဲ"

"အစ်ကို သိတဲ့အတိုင်းပဲ၊ ကျွန်တော့်အနေနဲ့ ကြောက်နေရာကနေပြီး ဖြစ်လာရတာပါပဲ၊ ကျွန်တော်ဟာ ကြောက်လွန်းမက ကြောက်နေတော့ လူတိုင်း လူတိုင်းကိုပဲ မယုံသင်္ကာ ဖြစ်နေမိ ပါတယ်၊ အဲဒါနဲ့ ကျွန်တော်ဟာ အစ်ကို့ကို တီးခေါက်ကြည့်မိတာပဲ၊ အစ်ကိုဟာ အစ်ကို့အစ်ကိုလိုပဲ ဆန္ဒရှိနေမယ်ဆိုရင်တော့ ပြဿနာအားလုံးဟာ ပြီးသွားပြီ၊ ကျွန်တော်လည်း ပြီးသွားပြီ"

"နေပါဦး၊ ဒီကိစ္စကို လွန်ခဲ့တဲ့ ၁၅ ရက်လောက်တုန်းကတော့ မင်း မပြောပါလား"

"ဆေးရုံမှာ အစ်ကိုနဲ့ စကားပြောတုန်းက ကျွန်တော့်ခေါင်းထဲမှာ ဒီသဘောရှိနေပါတယ်၊ အစ်ကို့ အနေနဲ့ ဘာမှမပြောပေမယ့် အစ်ကို နားလည်တယ်လို့ ကျွန်တော် ထင်ခဲ့ပါတယ်၊ နောက်ပြီး ကျွန်တော် ထင်တာတခုက အစ်ကို့လို လူတော်တယောက်ဟာ ဒီလိုကိစ္စမျိုးကို ပွင့်ပွင့်လင်းလင်း ပြောမှာမဟုတ်ဘူးလို့ ထင်ခဲ့တယ်"

"သြော် ဟုတ်လား၊ ဒါနဲ့ ပြောစမ်းပါဦး၊ ပြောစမ်းပါဦး၊ ငါ မေးနေတယ်၊ မင်းရဲ့အသုံးမကျတဲ့ ဦးနှောက်ထဲမှာ ဒီလိုနိမ့်ကျတဲ့ မသင်္ကာမှုမျိုး ဝင်ရအောင် ငါက ဘာတွေပြောခဲ့လို့လဲ၊ ငါက ဘာတွေ လုပ်ခဲ့လို့လဲ"

"လူသတ်မှုကို အစ်ကို မကျူးလွန်နိုင်ဘူး၊ ကျူးလည်း မကျူးလွန်ချင်ဘူး၊

ဒါပေမဲ့ တခြား တယောက်ယောက်ကိုတော့ ကျူးလွန်စေချင်တယ်၊ ဟုတ်တယ်၊ အစ်ကို့စိတ်ထဲမှာ ဒီသဘော ရှိနေတယ်”

“ကြည့်စမ်း၊ ကြည့်စမ်း၊ သူက ဒါကို တကယ့်ကို အေးအေးဆေးဆေးကြီး ပြောနေတယ်၊ ဒါပေမဲ့ နေစမ်းပါဦး၊ ဘာဖြစ်လို့ ငါ့မှာ အဲဒီကိစ္စမျိုး ရှိရမှာလဲ၊ ဘာကိစ္စ ငါ့မှာ ဆန္ဒ ရှိရမှာလဲ”

“အစ်ကို ဘယ်လိုပြောလိုက်တာလဲခင်ဗျာ၊ ဘာကိစ္စကြောင့် အစ်ကို့မှာ အဲဒီဆန္ဒ ရှိရမှာလဲ ဟုတ်လား၊ အမွေကိစ္စကို ဘယ်သွားထားမလဲခင်ဗျာ” ဆမာယာကော့က ထေ့တေ့တေ့ ငေါ့တော့တော့ မေးလိုက်သည်။ “အစ်ကို့အဖေ ကွယ်လွန်သွားတဲ့နောက်မှာ အစ်ကိုတို့ ညီအစ်ကိုသုံးယောက်က တယောက်ကို အနည်းဆုံး ငွေလေးသောင်းစီ ရကြမယ်မဟုတ်လား၊ ဒါထက် လိုချင်ရင်လည်း ပိုဦးမယ် မဟုတ်လား၊ ဒါပေမဲ့ အစ်ကို့အဖေက အဲဒီအမျိုးသမီး မစ္စဆဗက်လော့ကို လက်ထပ်ခဲ့ရင် အမျိုးသမီးဟာ လက်ထပ်ပြီးတာနဲ့တပြိုင်နက် အဲဒီပိုက်ဆံတွေအားလုံး သူ့လက်ထဲကိုရောက်အောင် လုပ်မယ်မဟုတ်လား၊ ဘာဖြစ်လို့တုံးဆိုတော့ အမျိုးသမီးက နလပိန်းတုံးတယောက် မဟုတ်လို့ဘဲ၊ အဲဒီအခါကျရင် အစ်ကိုတို့သုံးယောက် သခင်ကြီး ကွယ်လွန်သွားတဲ့အခါမှာ တယောက်ကို နှစ်ရူဗယ်စီတောင် ရတော့မှာ မဟုတ်ဘူး၊ သူတို့နှစ်ယောက် လက်ထပ်ဖို့ အချိန်ဘယ်လောက်ပဲ လိုတော့သလဲ၊ ဆံခြည်တမျှင်လောက်တောင် မဝေးတော့ဘူး၊ အမျိုးသမီးကလေးက လက်ညှိုး ကလေး ထောင်လိုက်တာနဲ့ တပြိုင်နက် အဘိုးကြီးဟာ သွားရည်တမြားမြားနဲ့ လက်ထပ်ရအောင် ဘုရားရှိခိုးကျောင်းကို ပြေးမှာပဲ”

အိုက်ဗင် သူ့ကိုယ်သူ မနည်းပင် ထိန်းချုပ်ထားရသည်။ အတန်ကြာမှ သူ ပြောလိုက်သည်။

“ဟုတ်ပြီ၊ ဒီမှာတွေ့လား၊ ငါ ဝုန်းခနဲ ခုန်မထဘူး၊ မင်းကို မထိုးမကြိတ်ဘူး၊ မင်းကို ငါ သတ်မပစ်ဘူး၊ အဲဒီတော့ ဆက်ပြောပါ။ မင်းရဲ့အဆိုအရဆိုရင် ငါ့အစ်ကို ဒီမီထရီက လူသတ်မှုကို ကျူးလွန်လိမ့်မယ် လို့ ငါ မျှော်လင့်ထားတယ်။ ငါ့အနေနဲ့ သူ လုပ်လိမ့်မယ်လို့ တွက်ထားတယ် ... ဟုတ်လား”

“အမှန်ပဲပေါ့ ခင်ဗျာ၊ အစ်ကို့အနေနဲ့ သူလုပ်လိမ့်မယ်လို့ မျှော်လင့်ထားရမှာပေါ့၊ သူဟာ အဘိုးကြီးကို သတ်ခဲ့လို့ရှိရင် သူ့ရဲ့အခွင့်အရေးတွေအားလုံး လက်လွတ်ဆုံးရှုံးရမယ်၊ သူ့ရဲ့ဂုဏ်သိက္ခာရော သူ့ရဲ့ ပစ္စည်းဥစ္စာတွေရောပေါ့၊ ဆိုက်ဗေးရီးယားကို သူ သွားရမယ်၊ အဲဒီအခါမှာ သူ ရရမယ့်အမွေတွေကို အစ်ကိုနဲ့ အစ်ကိုညီ အလက်ဇီတို့က ခွဲယူရမယ်၊ အဲဒီသဘောက အစ်ကိုရမယ့် အမွေဟာ လေးသောင်း မဟုတ်တော့ဘူး၊

ခြောက်သောင်း ဖြစ်သွားမယ်၊ အဲဒီတော့ အစ်ကိုဟာ အစ်ကို့ရဲ့ အစ်ကိုအပေါ်မှာ မျှော်လင့်အားထားနေရမယ်”

“မင်းကို ငါ အတော့်ကို သည်းခံနေရတယ်။ ဒီမှာ ခွေးမသား နားထောင်၊ ငါ့အနေနဲ့ တယောက်ယောက်ကို မျှော်လင့်အားထားနေတယ်ဆိုရင် အဲဒါဟာ ဒီမီထရီ မဟုတ်ဘူး၊ မင်းပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအနေနဲ့ မကောင်းမှုတခုခု လုပ်တော့မယ်ဆိုတာကို ငါ သိနေတယ်။ အဲဒီတုန်းက ငါ့စိတ်ထဲ ရှိနေတာကို ငါ ကောင်းကောင်း မှတ်မိနေတယ်”

“ဟုတ်ကဲ့၊ ကျွန်တော့်ကိုလည်း အစ်ကို မျှော်လင့်နေတယ်ဆိုတာကို အဲဒီတုန်းက ကျွန်တော် စဉ်းစားမိပါတယ်” ဆမာယာကော့ မထီတရီ ပြုံးလိုက်သည်။ “အဲဒါကြောင့် အစ်ကိုဟာ အစ်ကို့ စိတ်ထဲမှာ ရှိနေတဲ့သဘောကို ကျွန်တော်သိအောင် သေသေချာချာကြီး ပြနေခဲ့တာပဲ၊ အစ်ကို့စိတ် ထဲမှာ ကျွန်တော် တခုခု မဟုတ်တာ လုပ်လိမ့်မယ်ဆိုတာကို သိရဲ့သားနဲ့ တခြားကို ထွက်သွားတာ ဟာ ‘ငါ့အဖေကို မင်းသတ်နိုင်တယ်၊ ငါ ဘာမှ ဝင်မတားဘူး’ လို့ ပြောနေတဲ့ သဘောမျိုးပဲ”

“ခွေးမသားအကောင်၊ မင်း နားလည်ထားတာ ဒီလိုပဲလား”

“ဟုတ်ပါတယ်ခင်ဗျာ၊ အမှန်တော့ ဒါတွေအားလုံး ချာမာရှာညာ ပြဿနာကြောင့်ပါပဲ၊ ဘာဖြစ်လို့တုံး ဆိုတော့ အစ်ကိုဟာ အစ်ကို့အဖေက အသေအလဲ တောင်းပန်နေပေမဲ့ မော်စကိုကို သွားဖို့ပဲ စိတ်ကူးခဲ့တယ်၊ ဒါပေမဲ့ ဘာမဟုတ်တဲ့ ကျွန်တော့်လိုအကောင်က ပြောတဲ့အခါကျတော့ အစ်ကိုဟာ ချဲဗမာရှာညာကို သွားဖို့ ချက်ချင်းပဲ သဘောတူခဲ့တယ်၊ အစ်ကိုဟာ ဘာအကျိုးအကြောင်းမှ မရှိဘဲ ကျွန်တော်ပြောတဲ့စကားကြောင့် ချာမာရှာညာကို သွားမယ်ဆိုတာ ကျွန်တော့်ဆီက အစ်ကို တခုခု မျှော်လင့်လို့ပဲ မဟုတ်လား”

“မဟုတ်ဘူး၊ ငါ ကျိန်ပြောနိုင်တယ်”

အိုက်ဗင် အံသွားကို ကြိတ်ပြီး ဟစ်အော်လိုက်သည်။

“မမျှော်လင့်ဘူး ဟုတ်လား၊ ဒါဆိုရင် အစ်ကိုဟာ သားသမီးကောင်းတယောက်အနေနဲ့ ကျွန်တော့်ကို ရဲစခန်းခေါ်သွားပြီး ကျွန်တော် ပြောခဲ့တဲ့ စကားတွေအတွက် ကြိမ်ဒဏ်ပေးသင့်တယ်၊ ဒါမှမဟုတ် အဲဒီနေရာမှာတင် ကျွန်တော့်ကို နားရင်းပစ်ရိုက်လိုက်ရမယ်။ ဒါပေမဲ့ အစ်ကိုဟာ နည်းနည်းကလေး မှ ဒေါသဖြစ်ပုံ မပြခဲ့ဘူး၊ အစ်ကိုဟာ ကျွန်တော့်စကားကို မိတ်ဆွေတယောက်ရဲ့ အကြံဉာဏ်လို လက်ခံပြီး ချာမာရှာညာကို သွားခဲ့တယ်။ အဲဒါဟာ အစ်ကို့အနေနဲ့ အင်မတန် မိုက်မဲတာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ အစ်ကိုဟာ အိမ်မှာပဲနေပြီး

အစ်ကို့အဖေရဲ့အသက်အန္တရာယ်ကို ကာကွယ် ရမယ်၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ကောက်ချက်ဆွဲရမယ် မဟုတ်လား”

အိုက်ဗင် မျက်မှောင်ကြီးကုတ်ပြီး သူ၏လက်သီးဆုပ်နှစ်ခုကို ပေါင်ပေါ်တွင် မနည်း ဖိတင်ထား ရသည်။

“အေး ... မင်းကို ငါ နားရင်းမရိုက်ခဲ့မိတာ မှားတာပဲ” နာကြည်းသောအပြုံးဖြင့် အိုက်ဗင် ပြောလိုက်သည်။ “အဲဒီတုန်းက မင်းကို ငါ ရဲစခန်းပို့လို့တော့ မဖြစ်နိုင်ဘူး၊ ငါပြောတဲ့စကားကို ဘယ်သူယုံမလဲ၊ မင်းကို ဘာမှုနဲ့တိုင်ရမလဲ၊ အေး ... ဒါပေမဲ့ မင်းကို ငါ ကောင်းကောင်း ဆော်ပလော် တီးနိုင်တာတော့ အမှန်ပဲ၊ အဲဒီလို မလုပ်ခဲ့မိတာ ငါ့အမှားပဲ၊ အစေခံတွေကို မရိုက်မနှက်ရဘူးလို့ တားမြစ်ထားပေမဲ့ မင်းမျက်နှာတခုလုံး အမှုန့်ဖြစ်သွားအောင် လုပ်ပစ်နိုင်တယ်”

ဆမာယာကော့က သူ့ကို ကျေနပ်အားရဟန်ဖြင့် ကြည့်နေသည်။ ထို့နောက် ဖျိုဒါကာရာမာဇော့၏ ရှေ့မှောက်တွင် ဂရီဂိုရီနှင့် ဘာသာရေးအကြောင်း ဆွေးနွေးငြင်းခုံခဲ့စဉ်က ဂရီဂိုရီကို တည်ငြိမ် အေးဆေးစွာနှင့် အချက်ကျကျ ပြောဆိုခဲ့သည့် လေသံဖြင့် ...

“ပုံမှန် အခြေအနေအတိုင်းဆိုရင်တော့ အစေခံတွေကို မရိုက်မနှက်ဖို့ တရားဥပဒေအရ တားမြစ်ထားပြီး အမှန်တကယ်မှာလည်း လူတွေဟာ အစေခံတွေကို မညှဉ်းပန်း မနှိပ်စက်ကြတော့ ပါဘူး ခင်ဗျာ၊ ဒါပေမဲ့ အထူးအခြေအနေမျိုးမှာတော့ လူတွေဟာ သူတို့ရဲ့အစေခံတွေကို ရိုက်နှက် ညှဉ်းပန်းနေကြတုန်းပါပဲ ခင်ဗျာ၊ ကျွန်တော်တို့ နိုင်ငံမှာတင် မဟုတ်ပါဘူး၊ ပြင်သစ်သမ္မတနိုင်ငံ မှာလည်း ဒီအတိုင်းပါပဲခင်ဗျာ၊ အာဒံနဲ့ဧဝအတိုင်းပါပဲ ခင်ဗျာ။ သူတို့ဟာ ဒီအလုပ်ကို ဘယ်တော့မှ စွန့်လွှတ်ကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အစ်ကိုကတော့ အထူးအခြေအနေမျိုးမှာကိုပဲ မရိုက်ရဲခဲ့ဘူး မဟုတ်လား”

“မင်း ဘာဖြစ်လို့ ပြင်သစ်စကား သင်နေတာလဲ”

စားပွဲပေါ်ရှိ ဗလာစာအုပ်ကို မေးငေါ့ပြရင်း အိုက်ဗင် မေးလိုက်သည်။

“ကျွန်တော် ဘာဖြစ်လို့ သင်နေသလဲဆိုတော့ ကျွန်တော်ဟာ တနေ့ကျရင် ဥရောပတိုက်ရဲ့ ပျော်ရွှင်စရာ အရပ်ကို သွားတန်ရင် သွားရအောင် ကျွန်တော့်ပညာရေးကို မြှင့်တင်နေတာပဲ”

“အယုတ်တမာ သတ္တဝါကောင်၊ ငါပြောမယ်၊ နားထောင်” အိုက်ဗင် အသားတွေ တဆတ်ဆတ် တုန်လျက် ပြောလိုက်သည်။ “မင်းရဲ့စွပ်စွဲချက်တွေကို ငါ

နည်းနည်းမှ ဂရုမစိုက်ဘူး၊ ငါ့အကြောင်း မင်းကြိုက်သလောက် ပြောစမ်း၊ မင်းကို ငါ အသေ သတ်မပစ်တာကတော့ ရှင်းရှင်းကလေးပဲ၊ လူသတ်မှုအတွက် မင်းကို ငါ မသက်သေလို့ပဲ၊ မင်းကို ငါ တရားဥပဒေအရ အရေးယူရမယ်၊ မင်းရဲ့ မျက်နှာဖုံးကို ငါ ခွာပစ်မယ်”

“ကျွန်တော့်သဘော ပြောရရင်တော့ အစ်ကို ဘာမှမပြောဘဲ တိတ်တိတ်ကလေးနေတာ ကောင်းလိမ့်မယ်လို့ ထင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်မှာ ဒါလောက် အပြစ်ကင်းစင်နေတာကို အစ်ကို ဘယ်လိုလုပ်ပြီး စွဲချက်တင်မလဲ၊ အစ်ကိုပြောတာကို ဘယ်သူက ယုံမလဲ၊ ပြဿနာကို အစ်ကိုသာ စခဲ့ရင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့အနေနဲ့ အကုန်လုံးကို ဖွင့်ချရမှာပဲ”

“မင်းကို ငါ ကြောက်နေတယ်များ အောက်မေ့သလား”

“အစ်ကို့ကို ကျွန်တော် အခုပြောခဲ့တဲ့စကားတွေကို တရားရုံးက မယုံတောင် အများပြည်သူကတော့ ယုံကြမှာအမှန်ပဲ၊ ဒီအခါမှာ အစ်ကို အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှာပဲ”

“မင်း ပြောနေတာက လူတော်တယောက်နဲ့ စကားပြောရတာ တန်ဖိုးရှိတယ်ဆိုတဲ့ သဘောမျိုးလား” အိုက်ဗင် အံသွားကို ကြိတ်ပြီး ပြောလိုက်သည်။

“အစ်ကိုပြောတာ မှန်လိုက်တာဗျာ၊ အစ်ကို့အနေနဲ့ လူတော်တယောက် ပီသဖို့ အရေးကြီးပါတယ်”

အိုက်ဗင် မတ်တတ်ထလိုက်သည်။ ဒေါသကြောင့် တကိုယ်လုံး တုန်နေသည်။ ကုတ်အင်္ကျီကြီးကို ဝတ်ဆင်ပြီးနောက် ဆမာယာကော့ကို စကားပြန်ပြောမနေတော့ဘဲ ၎င်းအား တချက်ကလေးမျှပင် မကြည့်တော့ဘဲ အိမ်ကလေးအတွင်းမှ ကမန်းကတန်း ထွက်ခဲ့သည်။ အပြင်ဘက်သို့ ရောက်ရှိသော အခါ ညဦးပိုင်း လေအေးကလေးက သူ့ကို လန်းဆန်းစေပါသည်။ အထက်မိုးကောင်းကင်တွင် ရွှန်းပစွာ ငွေလသာနေသည်။ သူ၏ စိတ်အာရုံတွင် အတွေးအမြင် အထင်အဆများက အမျိုးမျိုး ခြောက်လှန့်လျက် ရှိကြသည်။

“ရဲစခန်းကို အခုချက်ချင်းသွားပြီး ဆမာယာကော့အကြောင်း တိုင်ရမလား၊ ဒါပေမဲ့ သူတို့ကို ငါ ဘာပြောရမလဲ၊ သူ့မှာ ဘာအပြစ်မှမရှိဘူး၊ သူကတောင် ငါ့ကို ပြန်ပြီး စွပ်စွဲချက် တင်နေဦးမယ်၊ ဟုတ်တယ်။ အဲဒီတုန်းက ငါ ဘာဖြစ်လို့ ချာမာရှာညာကို သွားခဲ့ရတာလဲ... ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ” အိုက်ဗင် သူ့ကိုယ်သူ မေးနေသည်။

"ဟုတ်တယ်၊ အမှန်ပဲ၊ ငါဟာ တခုခုကို မျှော်လင့်နေလို့ပဲ၊ သူ ပြောတာမှန်တယ်"

ထို့နောက် သူသည် ခရီးမထွက်မီညက ဖခင်၏အိမ်တွင် လှေကားထိပ်မှနေ၍ ဖခင်၏အခန်းမှ ဘာသံများ ကြားရမလဲဟု နားထောင်ခဲ့သည်ကို အကြိမ်တရာမြောက်အဖြစ် သတိရမိပြန်တော့ သည်။ သို့သော် ယခုတကြိမ် သတိရသောအခါတွင်ကား သူသည် အသည်းကို ဓားနှင့် အထိုးခံရသလို ရင်ထဲတွင် ပြင်းထန်စွာ နာကျင်ပြီး တုံ့ခနဲ ရပ်လိုက်မိသည်။

"ဟုတ်တယ်၊ အမှန်ပဲ။ အဲဒီတုန်းက အဲဒါကို ငါ မျှော်လင့်နေတယ်၊ လူသတ်မှုကို ငါ လိုလားနေတယ်။ ငါ လိုလားနေတယ်၊ တကယ်ပဲ ငါ လိုလားခဲ့သလား၊ ဆမာယာကော့ကို ငါ သတ်ရမလား၊ ဆမာယာကော့ကို ငါ အခုမသတ်ရဲဘူးဆိုရင် ဘဝဟာ ဘာမှအဓိပ္ပာယ် မရှိတော့ဘူး"

အိုက်ဗင် အိမ်သို့မပြန်ဘဲ ကက်ထရီးနားထံသို့ တန်းသွားသည်။ သူ့ကို မြင်တွေ့လိုက်ရသည့်အတွက် အမျိုးသမီး ထိတ်လန့်သွားရသည်။ သူက အရူးကြီးတယောက်ပမာ ဖြစ်နေသည်။

ဆမာယာကော့နှင့် ပြောဆိုခဲ့သည့် အကြောင်းများကို သူမအား သူ အကုန်ပြောပြသည်။ တလုံးမကျန်ပင်ဖြစ်သည်။ သူမက သူ့ကို အမျိုးမျိုး ဖြေသိမ့်သော်လည်း သူသည် ဆောက်တည်ရာ မရ ဖြစ်နေသည်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ အဆက်အစပ်မရှိသော စကားတွေကို ထူးဆန်းအံ့ဩဖွယ်ရာ ပြောနေသည်။ နောက်ဆုံးတွင် သူ ထိုင်ချလိုက်သည်။ စားပွဲပေါ်တွင် တံတောင်နှစ်ဖက်ထောက်ပြီး ခေါင်းကို လက်နှစ်ဖက်ပေါ်တင်ထားကာ ထူးဆန်းသော စကားတခွန်းကို ပြောလိုက်သည်။

"အဖေ့ကို ဒီမီထရီ သတ်တာမဟုတ်ဘဲ ဆမာယာကော့ သတ်တာဆိုရင် ကိုယ်လည်း တာဝန် မကင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကိုယ် အားပေးအားမြှောက်လုပ်ခဲ့လို့ပဲ၊ သူ့ကို ကိုယ် အားပေးအားမြှောက်လုပ်သလား၊ မလုပ်ဘူးလား ဆိုတာကတော့ ကိုယ် အခုအထိ မသေချာသေး ဘူး၊ ဒါပေမဲ့ အဖေ့ကို သတ်တာ ဒီမီထရီ မဟုတ်ဘဲ သူဆိုရင်တော့ ကိုယ်လည်း လူသတ်ကောင် တကောင်ပဲ"

ထိုစကားကို ကြားရသောအခါ ကက်ထရီးနားသည် စကားတခွန်းမျှ မပြောဘဲ စာရေးစားပွဲဆီသို့ ထသွားသည်။ စားပွဲပေါ်တွင် တင်ထားသော သေတ္တာကလေးတလုံးကို ဖွင့်ပြီး အထဲမှ စာရွက် တရွက်ကို ထုတ်ယူကာ အိုက်ဗင်၏ရှေ့တွင် ချထားပေးလိုက်သည်။ ဤစာသည် အိုက်ဗင်က အလျှိုရှာကို ပြောခဲ့သော သက်သေခံ အထောက်အထား စာရွက်စာတမ်းဟူသည်ပင် ဖြစ်သည်။

ငင်းတို့၏ ဖခင်ကို ဒီမီထရီ သတ်ကြောင်း 'မငြင်းနိုင်သော သက်သေပြချက်' ပင် ဖြစ်သည်။

ဤစာမှာ မစ်တယာက ကက်ထရီးနားထံ အရက်မူးမူးနှင့် ရေးခဲ့သောစာဖြစ်သည်။ သူနှင့် အလျှိုရှာ မြို့အပြင်တွင် တွေ့ခဲ့သည့်ညနေက ရေးခဲ့ခြင်းဖြစ်သည်။ ဂရုရှင်ကာက ကက်ထရီးနားကို စော်ကား မော်ကားရေး၍ ရုတ်ရုတ်ရက်ရက်ဖြစ်အပြီးတွင် အလျှိုရှာက ကက်ထရီးနားအိမ်မှ ဘုန်းကြီးကျောင်းသို့ အပြန်တွင် မစ်တယာနှင့် တွေ့ရှိခြင်း ဖြစ်သည်။

မစ်တယာသည် အလျှိုရှာနှင့် ခွဲခွာပြီးနောက် ဂရုရှင်ကာကို တွေ့ဆုံရန် သွားရောက်သည်။ ဂရုရှင်ကာ နှင့် သူ တွေ့ မတွေ့ကို မသိရပါ။ သို့သော် ညဘက်တွင်ကား သူသည် 'ရွှေမြို့တော်' စားသောက်ဆိုင် တွင် ရောက်ရှိနေသည်။ လူမှန်းသူမှန်း မသိအောင် မူးနေသည်။ ထိုအချိန်မှာပင် သူသည် ဖောင်တိန် နှင့် စာရွက်ကိုတောင်းပြီး သူ့ကို ဒုက္ခပေးမည့် ထိုစာကို ရေးခဲ့ခြင်းဖြစ်သည်။ စကားပြော ရှည်သော၊ ရှေ့နောက် အဆက်အစပ် မရှိသော၊ ကပေါက်တိကပေါက်ချာနိုင်သော အရက်မူးသမားတယောက်၏ စာတစောင်ပင် ဖြစ်သည်။ အရက်မူးသမားတယောက် အိမ်ပြန်ရောက်သောအခါ သူ့မိန်းမကို ဖြစ်စေ၊ သို့မဟုတ် အိမ်သားတယောက်ယောက်ကိုဖြစ်စေ မူးမူးပေါက်ပေါက်နှင့် သူ ဘယ်လိုအစော်ကား ခံခဲ့ရကြောင်း၊ ဘယ်လိုအကောင်က သူ့ကို စော်ကားခဲ့ကြောင်း၊ သူက ဘယ်လိုကောင်းသည့် လူတယောက်ဖြစ်ကြောင်း၊ အဲဒီအကောင်ကို ဘယ်လိုပြန်ပြီး လက်စားချေမည်ဖြစ်ကြောင်း စားပွဲကို လက်သီးနှင့်ထုပြီး ငိုချင်းချကာ ရှူးရှူးရှားရှား ကပေါက်တိကပေါက်ချာ ပြောနေသည့် သဘောမျိုး ပင် ဖြစ်သည်။

သူ့ကို ဆိုင်ကပေးသည့် စာရွက်မှာ အရက်ဆိုင်များတွင် အသုံးပြုလေ့ရှိသော စာရွက် ညံ့ညံ့နှင့် ညစ်ညစ်ပတ်ပတ် စာရွက်တရွက် ဖြစ်သည်။ ကျောဘက်တွင် ငွေတောင်းခံသည့် စာရင်း ရေးထားသည်။ အရက်မူးသမားတယောက်၏ စကားကြောရှည်မှုများကို ကုန်စင်အောင် ရေးနိုင်ရန် နေရာမလောက်သဖြင့် မစ်တယာသည် ဘေးဘက်ထိပ်ဖျားတွင်သာမက နောက်ဆုံးစာကြောင်းကို ဆိုလျှင် ရေးပြီးသား စာကြောင်းများပေါ်မှာပင် ဖြတ်ပြီး ရေးထားသည်။ စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကြိုဟ်ဆိုးမ ကက်တယာ၊ မနက်ဖြန်ကျရင် ကိုယ် ပိုက်ဆံရမယ်၊ မင်းငွေ သုံးထောင်ကို ပြန်ပေးမယ်။ မင်းကို ငါ နှုတ်ဆက်ပါတယ်၊ ဒေါသပိုင်ရှင်မကြီး။ အဲ... နှုတ်ဆက်လိုက်ပါတယ် ကိုယ်ရဲ့ အချစ်ကလေး၊ ကိုယ်တို့ ဇာတ်သိမ်းကြစို့။ မနက်ဖြန်ကျရင် တယောက်မဟုတ် တယောက်ဆီက ရအောင် ကိုယ်ကြိုးစားမယ်။ အဲ သူတို့ဆီက မရဘူးဆိုရင် မင်းကို ကိုယ် ကတိပေးမယ်၊ ကိုယ့်အဖေဆီကို

ကိုယ်သွားမယ်၊ ပြီးရင် သူ့ခေါင်းကို ရိုက်ခွဲမယ်၊ ပြီးရင် သူ့ခေါင်းအုံးအောက်က ပိုက်ဆံကို ယူမယ်၊ အိုက်ဗင် တခြားကို သွားပြီဆိုရင်ပေါ့။ မင်းပိုက်ဆံ သုံးထောင်ကို ပြန်ပေးမယ်၊ အဲဒီအတွက် ဆိုက်ဗေးရီးယားကို ကိုယ်သွားမယ်၊ မင်းကို ကိုယ် နောက်ဆုံးနှုတ်ဆက်လိုက်ပါတယ်၊ မင်းအပေါ်မှာ ကိုယ်ဟာ လူယုတ်မာတယောက်လို ပြုကျင့်ခဲ့မိတဲ့အတွက် ကိုယ် ရှိခိုးလိုက်ပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ။ မဟုတ်ဘူး၊ မင်း ကိုယ့်ကို ခွင့်မလွှတ်ရဘူး၊ အဲဒါက မင်းအတွက်ရော ကိုယ့်အတွက်ရော ပိုကောင်းမယ်၊ မင်းရဲ့အချစ်ကို ရယူမယ့်အစား ဆိုက်ဗေးရီးယားကို သွားမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြင် မိန်းမတယောက်ကို ကိုယ်ချစ်နေလို့ပဲ၊ သူဟာ ဘယ်လိုမိန်းမမျိုးလဲ ဆိုတာ မင်း ကနေ့ တွေ့ရပြီ မဟုတ်လား၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး မင်း ကိုယ့်ကို ခွင့်လွှတ်နိုင် မှာလဲ၊ ကိုယ့်ပိုက်ဆံ ခိုးထားတဲ့ သူခိုးကို ကိုယ်သတ်မယ်၊ မင်းတို့အားလုံးနဲ့ ခွဲပြီး အရှေ့ပိုင်းကို ကိုယ်သွားမယ်။ ဒါမှ ဘယ်သူနဲ့မှ မတွေ့ရတော့မှာဘဲ၊ သူနဲ့လည်း မတွေ့ရတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကို ညှဉ်းပန်း နှိပ်စက်နေတာ မင်းတယောက်တည်း မဟုတ်ဘူး၊ သူလည်း အတူတူပဲ၊ နှုတ်ဆက်လိုက်ပါတယ်။

ထပ်ဖြည့်။ ကိုယ့်အနေနဲ့ ကျိန်ဆဲစာတွေ ရေးနေတယ်၊ ဒါပေမဲ့ မင်းကို ကိုယ် မြတ်နိုးပါတယ်၊ အဲဒါကို ကိုယ့်ရင်ထဲမှာ ကြားနေရတယ်၊ ကြိုးကလေးတချောင်း ကျန်နေပြီ၊ အဲဒီကြိုးကလေးက တီးခတ်နေတယ်၊ ကိုယ့်ရင်ကို နှစ်ခြမ်းခွဲပစ်လိုက်ဖို့ ကောင်းတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်မယ်၊ ဒါပေမဲ့ ပထမဆုံး အဲဒီလူယုတ်မာကြီးကို အရင်သတ်ရမယ်၊ သူ့ဆီက ငွေသုံးထောင်ကို အရယူပြီး မင်းကို အဲဒီငွေတွေနဲ့ ပေါက်ရမယ်၊ ကိုယ်ဟာ မင်းအတွက် လူဆိုးတယောက် ဖြစ်ပေမဲ့ သူခိုး တယောက်တော့ မဟုတ်ဘူး၊ ငွေသုံးထောင်ကို မင်းပြန်ရမယ်လို့ တွက်ထားပါ။ အဲဒီပိုက်ဆံ လူယုတ်မာကြီးရဲ့မွေ့ရာအောက်မှာ ရှိနေတယ်။ ပန်းနုရောင် ဖဲကြိုးကလေးနဲ့ ချည်ထားတယ်။ ကိုယ်ဟာ သူခိုးတယောက် မဟုတ်ဘူး၊ ဒါပေမဲ့လို့ လူသတ်ကောင်တကောင်ပဲ၊ သူဟာ မင်းရဲ့ မာနအောက်မှာ ခေါင်းငုံ့မနေဘဲ ကိုယ့်သိက္ခာနဲ့ကိုယ် နေနိုင်ဖို့အတွက် သူ့အဖေကို သူ သတ်ပြီး သူ့ဘဝကို ဖျက်ဆီးသွားလိမ့်မယ်၊ မင်းကို မချစ်ရအောင်ဘဲ။

ထပ်ပြီး ထပ်ဖြည့်။ မင်းခြေထောက်ကို ကိုယ်နမ်းပြီး နှုတ်ဆက်ပါတယ်။

ထပ်ပြီး ထပ်ပြီး ထပ်ဖြည့်။ ကက်တယာရေ ... တယောက်ယောက်ဆီက ပိုက်ဆံရဖို့ ဘုရားသခင် ဆီမှာ မင်း ဆုတောင်းပါ။ ဒါမှ ကိုယ့်လက်တွေမှာ သွေးမစွန်းမှာ၊ ဒါပေမဲ့ တယောက်ယောက်ဆီက မရဘူးဆိုရင် ကိုယ့်လက်တွေ သွေးစွန်းရပါလိမ့်မယ်၊ ကိုယ့်ကို သတ်လိုက်စမ်းပါ။

မင်းတို့ ကျေးကျွန်နဲ့ မင်းတို့ရန်သူ

ဒီ၊ ကာရာမာဇော့

ထိုစာကို ဖတ်ပြီးသွားသောအခါ အိုက်ဗင် ဘဝင်ကျသွားပြီး ထိုင်ရာမှ ထလိုက်သည်။ ယင်းသို့ တပြီးကား လူသတ်သမားသည် သူ၏အစ်ကိုပင် ဖြစ်တော့သည်။ ဆမာယာကော့ မဟုတ်ပါ။ ဆမာယာကော့ မဟုတ်ဟုဆိုလျှင် သူ (အိုက်ဗင်) လည်း မဟုတ်တော့ပါ။ ဤစာက သူ့ကို တက္ကဗေဒ နည်းအရ နားလည်ပါစေတော့သည်။ မစ်တယာ၏ ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်ပြီး သူ့အနေနှင့် အနည်းငယ်မျှ သံသယဖြစ်စရာ မရှိတော့ပါ။ ထို့ပြင် မစ်တယာသည် လူသတ်မှုကို ဆမာယာကော့ နှင့် ဆက်စပ်ပြီး ကျူးလွန်လိမ့်မည်ဟူသည်ကိုလည်း သူ နည်းနည်းကလေးမှ မတွေးမိပါ။ အခြေအနေ အချက်အလက်များနှင့် ကိုက်ညီတိုက်ဆိုင်ခြင်း မရှိပါ။ အိုက်ဗင် လုံးဝပင် စိတ်အေးသွား တော့သည်။

နောက်တနေ့မနက်တွင် သူသည် ဆမာယာကော့နှင့် ၎င်း၏ သရော်မော်ကားသော စကားများကို မကျေနပ် မနှစ်သက်သော စိတ်ဖြင့်သာ အမှတ်ရမိသည်။ အနည်းငယ်မျှ ကြာရှိသောအခါ သူ၏ သကော်မကင်းမှုများအပေါ်တွင် သူ အဘယ်မျှစက်ဆုပ်ရွံရှာမိသည်ကို အံ့သြဖွယ်ရာ သူ တွေ့ရှိရသည်။ သင်းကို အမှတ်မထားရန်နှင့် သင်းကို မေ့ပစ်ရန် သူ ဆုံးဖြတ်လိုက်သည်။

ယင်းသို့ဖြင့် အချိန် တလမျှ ကုန်ဆုံးသွားသည်။ ဆမာယာကော့အကြောင်း သူ ဘာမျှ မစုံစမ်း မမေးမြန်းတော့ပါ။ သို့သော် ၎င်း အသည်းအသန် နေမကောင်းဖြစ်နေပြီး စိတ်ဖောက်ပြန်လျက် ရှိကြောင်းကို တကြိမ် နှစ်ကြိမ်ဆိုသလို သတင်းကြားသိရသည်။

"သူ နောက်ဆုံး ရူးသွားမှာပဲ"

ဆရာဝန်ကလေး ဗာဗင်စကီက ၎င်းအကြောင်း ပြောဆိုသည်ကို အိုက်ဗင် အမှတ်ရနေသည်။

ထိုလ၏ နောက်ဆုံး ရက်သတ္တပတ်တွင် အိုက်ဗင်ကိုယ်တိုင် အတော်ကြီး နေမကောင်း ဖြစ်နေသည်။ မော်စကိုမှ ကက်ထရီးနား ပင့်ဆောင်ထားသော အထူးကုဆရာဝန်ကို သူ သွားပြရသည်။ ထိုအချိန်ပိုင်းလောက်မှာပင် သူနှင့် ကက်ထရီးနားတို့၏ ဆက်ဆံရေးမှာလည်း အထူးပင် တင်းမာလာ ရတော့သည်။ သူတို့သည် တယောက်ကိုတယောက် ချစ်နေသော ရန်သူကြီး နှစ်ယောက်ပမာ ဖြစ်သည်။ ကက်ထရီးနားအနေနှင့် အကြာကြီး မဟုတ်သော်လည်း ခေတ္တခဏမျှ မစ်တယာအပေါ် စိတ်ပြန်ပြီး လည်သွားသည်များကို အိုက်ဗင် အနည်းငယ်မျှ သည်းမခံနိုင်ပါ။

အံ့ဩစရာကောင်းသည်ကတော့ ကက်ထရီးနားသည် စောစောက ကျွန်ုပ်တို့ ဖော်ပြခဲ့သော မစ်တယာထံမှ သတင်းစကားကို အလျှိုရှာ ပါလာသောအချိန်အထိ ပြီးခဲ့သော တလလုံးလုံး ကာလအတွင်းတွင် သူသည် အိုက်ဗင် အင်မတန် မုန်းတီးသော မစ်တယာအပေါ် စိတ်လည်သွားမှု များ ရှိသော်လည်း မစ်တယာ ပြစ်မှုကျူးလွန်ကြောင်းအပေါ်တွင်ကား သူမအနေနှင့် အနည်းငယ်မျှ သံသယ မရှိခဲ့ပါ။ သံသယစကားကို အိုက်ဗင် မကြားခဲ့ရပါ။

သူမ နောက်တခု ဂရုပြုစရာကောင်းသည်ကတော့ မစ်တယာအပေါ်တွင် သူ တနေ့ထက်တနေ့ ပိုပြီး မုန်းတီးလာသည်မှာ မစ်တယာ၏ ‘စိတ်လည်သွားမှုများ’ ကြောင့် မဟုတ်ဘဲ သူသည် သူ့ဖခင်ကို သတ်ခဲ့သောကြောင့် ဤမျှ မုန်းတီးနေမိခြင်း ဖြစ်ကြောင်းကို သူ နားလည်ရတော့သည်။ ဤအချက်ကို သူ သဘောပေါက်ပြီး ဤအချက်ကို သူ လက်ခံရတော့သည်။

သို့တစေလည်း သူသည် အမှုမစစ်ဆေးမီ ဆယ်ရက်အလိုတွင် မစ်တယာကို သွားရောက်တွေ့ဆုံပြီး ထွက်ပြေးလွတ်မြောက်ရေး အစီအစဉ်ကို တင်ပြသည်။ သူ့အနေနှင့် ကာလအတန်ကြာကတည်းက စိတ်ကူးကြံဆခဲ့သော အစီအစဉ် ဖြစ်သည်။ သူ့အနေနှင့် ဤအကြံအစည်ကို လုပ်ဆောင်ရသည်မှာ ဆမာယာကော့၏ စကားတခွန်း သူ့ရင်ထဲတွင် စွဲထင်နေသောကြောင့် ဖြစ်ပါသည်။ ယင်းမှာ သူ့အစ်ကို ပြစ်ဒဏ်ကျခံရခြင်းသည် သူ (အိုက်ဗင်) အတွက် အကျိုးကျေးဇူးတခုပင် ဖြစ်ကြောင်း၊ အလျှိုရှာနှင့် သူသည် အမွေ လေးသောင်းမှ ခြောက်သောင်းအထိ တိုးရမည်ဖြစ်ကြောင်း ဆမာယာကော့က ပြောခဲ့သည်။ သို့ဖြင့် သူသည် မစ်တယာ လွတ်မြောက်ရေးအတွက် သူပိုင်ငွေထဲမှ ငွေသုံးသောင်းကို အနစ်နာခံရန် ဆုံးဖြတ်လိုက်သည်။

သူသည် မစ်တယာနှင့်တွေ့ဆုံပြီး ဆေးရုံမှ ပြန်လာသောအချိန်တွင် အများကြီး စိတ်ပျက်အားလျော့ ပြီး အလွန်အမင်းပင် စိတ်ချောက်ချားလျက် ရှိတော့သည်။ မစ်တယာ၏ လွတ်မြောက်ရေးအတွက် သူ ပူပန်ကြောင့်ကြနေခြင်းသည် သူ့ရင်ထဲတွင် နာကျင်နေရသော ခံစားမှုကို ငွေသုံးသောင်း အနစ်နာခံမှုဖြင့် ကုသရန် မဟုတ်ဘဲ အခြားအကြောင်းတခုကြောင့်ဟု ရုတ်တရက် သူ ယူဆလိုက်မိသည်။ “ဒီလိုလုပ်ရတာ ငါကိုယ်တိုင်ကလည်း စိတ်ထဲက လူသတ်သမားတယောက် ဖြစ်နေလို့လား” သူ့ကိုယ်သူ မေးမိသည်။ သူ၏ ရင်တွင်းတနေရာတွင် တစုံတခုသည် လောင်ကျွမ်း နာကျင်လျက် ရှိတော့သည်။ သည်အထဲ အဆိုးဆုံးကတော့ တလလုံးလုံး သူ၏မာန်မာန ကောင်းကောင်းကြီး ကျဆင်းနေရခြင်းပင်။ သို့သော် ဤအကြောင်းကို နောက်မှ ပြောမည်။

အိုက်ဗင်သည် အလျှိုရှာနှင့် တွေ့ဆုံလမ်းခွဲပြီးနောက် သူ့လက်ကို

တံခါးခေါင်းလောင်းပေါ်တွင် တင်ထားနေရင်းဖြင့် ဆမာယာကော့ကို သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ ရုတ်တရက် ဖြစ်ပေါ်လာသော လှုံ့ဆော်သော ဒေါသစိတ်အရ သူ လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ဘာမှမကြာခင် ကလေးကပင် ကက်ထရီးနားက သူ့ကို အလျှိုရှာ၏ရှေ့တွင် ပြောလိုက်သည့်စကားကို သူ အမှတ်ရ လိုက်သည်။

"သူ (မစ်တယာ) ဟာ လူသတ်သမားပဲလို့ ကျွန်မကို ပြောတာ အစ်ကိုပဲ၊ အစ်ကို ပြောတာပဲ"

ဤစကားကို အမှတ်ရသောအခါ အိုက်ဗင် များစွာ အံ့အားသင့်ရသည်။ မစ်တယာ လူသတ်သမား ဖြစ်ကြောင်း သူမကို သူ ဘယ်တုန်းကမှ မပြောခဲ့ပါ။ အမှန်တော့ ဆမာယာကော့နှင့် တွေ့ဆုံပြီး နောက် သူ့ဖခင်အား သတ်ဖြတ်မှုတွင် သူလည်း အပြစ်ရှိနေကြောင်း သူက ပြောဆိုသောအခါ သူမက မစ်တယာ၏ စာကို ထုတ်ပြပြီး သူ့အစ်ကိုတွင် အပြစ်ရှိကြောင်း သက်သေပြခဲ့ခြင်းသာ ဖြစ်သည်။

ထို့နောက် တဖန် သူမက ရုတ်ခြည်းဆိုသလို ပြောပြန်သည်။

"ဆမာယာကော့နဲ့ ကျွန်မ ကိုယ်တိုင် တွေ့ပြီးပြီ"

ဆမာယာကော့ကို သူမ ဘယ်တုန်းက တွေ့သနည်း။ ထိုအကြောင်းကို အိုက်ဗင် လုံးဝ မသိပါ။ ယင်းသို့ဆိုလျှင် သူမသည် မစ်တယာတွင် အပြစ်ရှိကြောင်း လုံးဝ ဘဝင်ကျချေသည် မဟုတ်ပါ။ ဆမာယာကော့က သူမကို ဘာတွေပြောလိုက်သနည်း။ သူမကို သူ ဘာတွေများ ပြောလိုက်သနည်း။ သူ့ရင်ထဲတွင် ဒေါသတွေ လျှံလာသည်။ လွန်ခဲ့သော နာရီဝက်လောက်တုန်းက သူမ ပြောခဲ့သော စကားများကို သူ့အနေနှင့် မည်သို့မျှ မတုံ့ပြန်ခဲ့မိသည်ကို ယခုအခါ သူ နားမလည်နိုင် ရှိနေရသည်။ သို့ဖြင့် သူသည် တံခါးခေါင်းလောင်းကို လက်လွှတ်လိုက်ပြီး ဆမာယာကော့နှင့် တွေ့ဆုံရန် သုတ်ခြေတင်တော့သည်။ "ဒီတခါတော့ မင်းကို ငါ သတ်ရမယ်" လမ်းတွင် သူ စဉ်းစားသွားသည်။

၈။ ဆမာယာကော့နှင့် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံမေးမြန်းခြင်း

ဆမာယာကော့အိမ်သို့ အိုက်ဗင်အသွား လမ်းတဝက်လောက်အရောက်တွင် ထိုနေ့မနက်ပိုင်း ကတည်းက တိုက်ခတ်ခဲ့သော စူးရှခြောက်သွေ့သည့် လေသည် တဖန်ပြန်၍ တိုက်ခတ်လာပြန်တော့ သည်။ တချိန်တည်းမှာပင် နူးညံ့ခြောက်သွေ့သော ဆီးနှင်းပွင့်များကလည်း

သိပ်သည်းစွာ ကျစပြုလာတော့သည်။ နှင်းပွင့်များသည် မြေပြင်ပေါ်သို့ ကျရောက်ပြီး မြေပြင်နှင့် ထိကပ်နေခြင်း မရှိဘဲ လေဟုန်ရာသို့ လိုက်ပါသွားကြတော့သည်။ ယင်းသို့ဖြင့် မကြာမီမှာပင် ဆီးနှင်းမုန်တိုင်းတခု ဖြစ်ပေါ်လာရဟော့သည်။

အိုက်ဗင်သည် နှင်းမုန်တိုင်းကို ဂရုမပြုဘဲ အမှောင်ထဲတွင် လျှောက်သွားလျက် ရှိသည်။ သူ သွားရမည့်လမ်းကြောင်းအတိုင်း အလိုလို လျှောက်သွားလျက် ရှိတော့သည်။ သူ၏ ခေါင်းသည် နာကျင်ကိုက်ခဲလျက်ရှိပြီး သူ၏ နားထင်နှစ်ဖက်တွင် ပေါက်ထွက်လုမတတ် သွေးတဒိတ်ဒိတ် တိုးလျက်ရှိသည်။ သူ၏ လက်များသည်လည်း ပြင်းထန်စွာ ထုံကျဉ်လျက် ရှိကြသည်။

မာရီယာ ကွန်ဒရာ ယက်ဖနာ၏ အိမ်ကလေးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် သူသည် ရုတ်တရက်ဆိုသလို ကျေးတောသား အမူးသမားတယောက်နှင့် ဆုံတွေ့ရသည်။ ၎င်းသည် အဖာအထေးများ ပါရှိသော ကုတ်အင်္ကျီ ခပ်ညံ့ညံ့ ခပ်ကြမ်းကြမ်း တထည်ကို ဝတ်ဆင်ထားပြီး မြွေလိမ်မြွေကောက် လမ်းလျှောက်ရင်း တညည်းညည်း တညူညူ တဆဲဆဲ တဆိုဆို ရှိနေသည်။ ထို့နောက် သူသည် ရုတ်ခြည်းဆိုသလို အမူးသမားလေသံ ဩဩလေးလေးကြီးဖြင့် သီချင်းတပုဒ် သီဆိုလိုက်သည်။

“ဟေး ... ပီတာစဘတ်ကို ဗင်ကာ သွားပြီကွယ်

သူ ပြန်လာမှာကို ငါ မစောင့်နိုင်ပါဘူး တကယ်”

အမူးသမားသည် သီချင်းကို ဘယ်တော့မျှ ပြီးအောင်ဆက်မဆိုဘဲ ဒုတိယအပိုဒ်သို့ အရောက်တွင် ရုတ်တရက် ရပ်သွားပြီး ဆဲရေးကျိန်ဆိုလျက် ရှိပြန်တော့သည်။ ထို့နောက် တဖန် ထိုသီချင်းကိုပင် ထပ်ပြီး ကောက်ကာငင်ကာ ဆိုပြန်တော့သည်။

အိုက်ဗင်သည် အမှုးသမားကို သတိမပြုမိဘဲနှင့် သူ့စိတ်ထဲတွင် အလိုလိုပင် အမှုးသမားကို မုန်းတီးစိတ် ပေါ်နေတော့သည်။ ထို့နောက် ရုတ်ခြည်းဆိုသလိုပင် အမှုးသမားနှင့် သူ၏ မုန်းတီးမှုကို အိုက်ဗင် သတိပြုမိသွားပြီး ငနဲသားကို တအားပစ်ရိုက်ချင်စိတ် စိတ်ထဲတွင် တားမနိုင်ဆီးမရ ဖြစ်ပေါ်လာတော့သည်။ ထိုအချိန်မှာပင် သူတို့နှစ်ယောက် ဆုံတွေ့မိကြသည်။ အမှုးသမား ယိမ်းထိုးကာ အိုက်ဗင်၏ ကိုယ်ပေါ်သို့ လေးလံစွာ ရောက်ရှိလာသည်။ အိုက်ဗင်က အမှုးသမားကို ပြင်းထန်ကြမ်းတမ်းစွာ ပြန်ပြီး တွန်းပစ်လိုက်သည်။ ကျေးတောသား နောက်ဘက်သို့ လွင့်ထွက်သွား ပြီး ဆီးနှင်းပြင်ပေါ်တွင် သစ်တုံးတတုံးလို လဲကျသွားသည်။ ၎င်း၏ ပါးစပ်မှ 'အား' ဟု တချက်သာ အော်နိုင်ပြီး အသံတိတ်သွားတော့သည်။ ဒီငနဲသားသည် မလှုပ်မယှက် ပက်လက်ကြီး ရှိနေသည်။ သို့မဟုတ် သတိမေ့မြောလျက် ရှိတော့သည်။ "သင်းတော့လား၊ သွေးခဲပြီး သေမှာပဲ" အိုက်ဗင် စိတ်ထဲတွင် ပြောလိုက်ပြီး ဆမာယာကော့နေထိုင်ရာ အိမ်သို့ ဆက်ပြီး လျှောက်သွားသည်။

လက်တဖက်တွင် ဖယောင်းတိုင်ကိုင်လျက် တံခါးလာဖွင့်ပေးသော မာရီယာက လဗယ်ဖျိုဒိုရိုဗစ် (ဆမာယာကော့) တော်တော်ကြီး နေမကောင်းဖြစ်နေကြောင်း အိုက်ဗင်ကို စကြံလမ်းတွင် လေသံတိုးတိုးဖြင့် ပြောသည်။

"သူ ဗုန်းဗုန်းကြီး လဲသွားတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူဟာ ပုံမှန် မဟုတ်ဘူး ဖြစ်နေတယ်၊ သူ့အတွက် လက်ဖက်ရည်ကို ပြန်ယူသွားခိုင်းတယ်၊ နည်းနည်းကလေးမှ မသောက်ဘူး"

"သူ ကြမ်းသလား" အိုက်ဗင် တုံးတိကြီး မေးလိုက်သည်။

"အို ... သူ မကြမ်းပါဘူး မကြမ်းရုံတင် မဟုတ်ပါဘူး၊ သူ သိပ်ပြီးမှကို ငြိမ်နေပါတယ်၊ တခုပဲ ရှိတယ်၊ ကျေးဇူးပြုပြီး သူနဲ့ သိပ်အကြာကြီး စကားမပြောပါနဲ့ရှင်"

မာရီယာ တောင်းပန်သည်။ အိုက်ဗင် တံခါးကို ဖွင့်ပြီး အခန်းတွင်းသို့ ဝင်ရောက်သွားသည်။ အခန်းမှာ ယခင်ကအတိုင်းပင် ပူလောင်လျက် ရှိသည်။ သို့သော် အခန်းထဲတွင် အပြောင်းအလဲတွေ ရှိနေသည်။ အခန်းနံရံတဖက်ရှိ ခုံရှည်ကို ထုတ်ပြီး ယင်း၏နေရာတွင် မဟော်ဂနီဆိုဖာ အဟောင်း တလုံး အစားထိုး ချထားသည်။ ဆိုဖာပေါ်တွင် ဖြူစင်သန့်ပြန့်သော ခေါင်းအုံးများဖြင့် အိပ်ရာတခု ခင်းထားသည်။ အိပ်ရာပေါ်တွင် ဆမာယာကော့ ထိုင်နေသည်။ ယခင်တကြိမ်က ဝတ်ဆင်သော ဝတ်ရုံရှည်ကြီးနှင့်ပင် ဖြစ်သည်။ စားပွဲကိုလည်း ဆိုဖာရှေ့တွင် ချထားသည်။ ယင်းသို့ဖြင့် အခန်းထဲတွင် လှုပ်ရှားသွားလာရန်

နေရာမရှိသလောက်ပင် ဖြစ်သည်။

စားပွဲပေါ်တွင် အဖုံးဝါဝါနှင့် စာအုပ်ထူထူကြီး တအုပ်ရှိသည်။ သို့ရာတွင် ယင်းစာအုပ်ကို ဆမာယာကော့ ဖတ်ရှုနေခြင်း မရှိပါ။ ၎င်းသည် ဘာတခုမျှ မလုပ်ဘဲ သည်အတိုင်း ထိုင်နေဟန် ရှိသည်။ ၎င်းက အိုက်ဗင်ကို အေးဆေးတိတ်ဆိတ်သော အကြည့်ဖြင့် ကြိုဆိုသည်။ အိုက်ဗင် လာရောက်သည်ကို ၎င်းအနေနှင့် နည်းနည်းကလေးမျှ အံ့သြဟန် မရှိပါ။ ၎င်း၏ မျက်နှာတွင် အများကြီးပင် ပြောင်းလဲလျက် ရှိသည်။ ၎င်းသည် ပို၍ ဖြူရော်သွားသည်။ မျက်လုံးများ ဟောက်ပက်ကြီး ဖြစ်နေပြီး မျက်ကွင်းများလည်း ညိုလျက် ရှိသည်။

"မင်း တကယ် နေမကောင်းနေတာပဲ" အိုက်ဗင် စကားကို ရပ်ထားလိုက်ပြီးမှ ဆက်ပြောသည်။ "ငါ အကြာကြီး မနေပါဘူး၊ ကုတ်အင်္ကျီကိုတောင် ငါ မချွတ်တော့ပါဘူး၊ ဘယ်နေရာမှာ ထိုင်လို့ ရနိုင်မလဲ"

စားပွဲ၏တဖက်သို့ သူ လျှောက်သွားကာ ကုလားထိုင်တလုံးကို နေရာရွှေ့ပြီး ထိုင်သည်။

"မင်း ဘာဖြစ်လို့ ငါ့ကို စကားတခွန်းမှ မပြောဘဲ ကြည့်နေတာလဲ၊ မင်းကို ငါ မေးခွန်းတခုပဲ မေးရအောင် လာတာပဲ၊ ဒါပေမဲ့ အဖြေမရဘဲနဲ့တော့ ငါ ပြန်မှာမဟုတ်ဘူး၊ ကက်ထရီးနား အိုင်ဗင်နိုဗာ မင်းကို တွေ့ရအောင် လာသလား"

ဆမာယာကော့ နှုတ်ဆိတ်လျက်ပင် ရှိသည်။ အိုက်ဗင်ကို စောစောကအတိုင်းပင် တိတ်ဆိတ် ငြိမ်သက်စွာ ကြည့်နေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို သူ၏ လက်တဖက်ကို စိတ်ပျက် လက်ပျက် ဝှေ့ယမ်းလိုက်ပြီး တဖက်သို့ လှည့်သွားသည်။

"ဘာဖြစ်တာလဲ" အိုက်ဗင် မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ပါဘူးဆိုတာ ဘာကိုပြောတာလဲ"

"ဟုတ်တယ်၊ သူ လာသွားတယ်၊ အဲဒါ ခင်ဗျားနဲ့ဘာဆိုင်သလဲ၊ ကျွန်တော့်ဘာ ကျွန်တော် နေပါရစေ"

"မင်းဘာမင်း နေလို့မရဘူး၊ သူ ဘယ်တုန်းက လာသလဲ၊ ငါ့ကိုပြောစမ်း"

"ကျွန်တော် သူ့အကြောင်း မေ့တောင်နေပြီ"

ဆမာယာကော့က မထီတရီ အပြုံးဖြင့် ပြောလိုက်သည်။ ထို့နောက်

သူသည် အိုက်ဗင်ဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး မုန်းတီးမှုများ အပြည့်ဖြင့် စူးစိုက်ကာ ကြည့်နေသည်။ လွန်ခဲ့သော တလလောက်တုန်းက သူတို့နှစ်ယောက် နောက်ဆုံး တွေ့ဆုံခဲ့ကြစဉ်တွင် ကြည့်ခဲ့သည့်အတိုင်းပင် ဖြစ်သည်။

“အစ်ကို့ကို ကြည့်ရတာ အတော်ကြီး နေမကောင်းနေတဲ့ပုံပဲ၊ အစ်ကို့မျက်နှာကြီး ရှုံ့နေတာ ရုပ်တောင်မပေါ်တော့ဘူး” အိုက်ဗင်ကို သူပြောလိုက်သည်။

“ငါ့ကျန်းမာရေးကို ဘေးချိတ်ပြီး ငါမေးတာ ဖြေစမ်းပါ”

“အစ်ကို့မျက်လုံးတွေ ဘာဖြစ်လို့ ဒါလောက်တောင် ဝါနေကြရတာလဲ၊ အဖြူသားတွေ အားလုံး ဝါနေတယ်၊ အစ်ကို သိပ်ပြီး စိုးရိမ်နေသလား”

မထီမဲ့မြင် သူ ပြုံးလိုက်ပြန်သည်။ ထို့နောက် ဝါးလုံးကွဲ ရယ်ချလိုက်သည်။

“ဒီမယ် နားထောင်စမ်း၊ မင်းဆီက အဖြေမရဘဲနဲ့ ငါ မပြန်ဘူး” အိုက်ဗင် အော်လိုက်သည်။

“အစ်ကို ဘာဖြစ်လို့ ကျွန်တော့်ကို ဒါလောက် နှောင့်ယှက်နေရတာလဲ၊ ဘာဖြစ်လို့ ဒါလောက် နှိပ်စက်နေရတာလဲ”

ဆမာယာကော့က ဝေဒနာ ခံစားနေရသော မျက်နှာမျိုးဖြင့် မေးသည်။

“အို … တော်စမ်းပါကွာ၊ ကိစ္စက ဘာမှ အရေးမကြီးဘူး၊ ငါမေးတာသာဖြေစမ်း၊ ပြီးရင် ငါသွားမယ်”

“အစ်ကို့ကို ကျွန်တော် ဘာမှ ပြောစရာမရှိပါဘူး” ဆမာယာကော့ မျက်လွှာချလိုက်ပြန်သည်။

“မင်းကို မဖြေ ဖြေအောင် ငါ လုပ်ရလိမ့်မယ်”

“အစ်ကို ဘာတွေ ဒါလောက် စိုးရိမ်နေရသလဲ”

ဆမာယာကော့ သူ့ကို စူးစိုက်ကာ ကြည့်ပြန်ရင်း မေးလိုက်သည်။ သူ၏အကြည့်တွင် မုန်းတီးမှု သာမက ပမာမခန့် ဟန်လည်း ရှိနေသည်။ သူ ဆက်ပြီး မေးသည်။

“မနက်ဖြန် အမှုစစ်မယ့်အတွက်လား၊ အဲဒါအတွက်တော့ အစ်ကို ဘာမှ မဖြစ်နိုင်ပါဘူး၊ အိမ်ကို ပြန်ပြီး အေးအေးဆေးဆေး အိပ်နေပါ၊ ဘာမှ မကြောက်ပါနဲ့”

“မင်းပြောတာ ငါ နားမလည်ဘူး၊ မနက်ဖြန်ကျရင် ငါက ဘာလို့

ကြောက်ရမှာလဲ” အိုက်ဗင် အံ့အားသင့်သွားဟန်ဖြင့် ပြောလိုက်သည်။ သူ့ကိုယ်တွင် ဒေါသတွေ ပြည့်လျှံလာသည်ကို သူ သတိပြုလိုက်မိသည်။ ဆမာယာကော့က သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ထို့နောက် ..

“အစ်ကို နားမလည်ဘူး၊ ဟုတ်လား ...” မနှစ်မြို့ဟန်ဖြင့် ခပ်ဆွဲဆွဲ ပြောလိုက်သည်။

“အစ်ကို့လို လူတော်တယောက်က နားမလည်ဘူးဆိုတာ အံ့သြစရာပဲ”

အိုက်ဗင် သူ့ကို ဘာမျှမပြောဘဲ ကြည့်နေသည်။ တချိန်က သူ၏ လက်ပါးစေ ဖြစ်ခဲ့သူတဦးက ယခုလို မယုံကြည်နိုင်စရာကောင်းလောက်အောင် စော်ကားမော်ကားသည့် လေသံဖြင့် ပြောနေသည်မှာ အထူးတလည်ပင် ဆန်းကြယ်နေတော့သည်။ သူတို့နှစ်ယောက် နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့စဉ် ကပင် ဆမာယာကော့သည် သူ့ကို ဤလေသံ မျိုးနှင့် မပြောခဲ့ပါ။

“အစ်ကို့အနေနဲ့ ဘာမှ ကြောက်စရာ မလိုဘူးလို့ ကျွန်တော် ပြောတယ်၊ အစ်ကို့ကို ထိခိုက်မယ့်စကား ဘာတခွန်းမှ ကျွန်တော် မပြောဘူး၊ အစ်ကို့ကို ဆန့်ကျင်ထိခိုက်မယ့် အထောက်အထား ဘာမှမရှိဘူး၊ အစ်ကို့လက်တွေ တုန်နေလိုက်တာ ကြည့်ပါဦး၊ အစ်ကို့လက်ချောင်းတွေ ဘာဖြစ်လို့ အဲဒီလို လှုပ်ရှားနေကြရတာလဲ၊ အိမ်ကို ပြန်ပါ”

အိုက်ဗင် လန့်သွားသည်။ အလျှိုရှာကို သူ အမှတ်ရလိုက်သည်။

“ငါ မဟုတ်ဘူးဆိုတာ ငါ သိတယ်” သူ ရွတ်ဆိုလိုက်သည်။

“အစ်ကို သိတယ်၊ ဟုတ်လား”

ဆမာယာကော့က သူ့စကားကို အမိဖမ်းလိုက်သည်။ အိုက်ဗင် ဝုန်းခနဲ ခုန်ထပြီး သူ့ပခုံးကို ဆုပ်ကိုင်လိုက်သည်။

“ငါ့ကို အားလုံး ပြောစမ်း၊ ကျေးဇူးကန်းတဲ့အကောင်၊ ငါ့ကို အားလုံး ပြောစမ်း”

ဆမာယာကော့ အနည်းငယ်မျှ ကြောက်လန့်ဟန် မရှိပါ။ အသေအလဲ မုန်းတီးဟန်ဖြင့် သူ့ကို ကစိန်းကဝါး ကြည့်နေသည်။

“ကောင်းပြီ၊ အစ်ကို တကယ်သိချင်တယ်ဆိုရင် ပြောရမှာပေါ့၊ သူ့ကို သတ်တာ အစ်ကိုပဲ”

ဆမာယာကော့ မချုပ်တည်းနိုင်တော့ဘဲ လေသံတိုးတိုးဖြင့်

ပြောလိုက်သည်။ အိုက်ဗင် တစုံတခုကို စဉ်းစားဟန်ဖြင့် ကုလားထိုင်ပေါ်တွင် ထိုးကျသွားသည်။ ထို့နောက် မထီတရီ ပြုံးလိုက်ပြီး ...

"ငါ တခြားကို ထွက်သွားတဲ့ကိစ္စကို ပြောတာလား၊ အရင်တခေါက်တုန်းက မင်း ပြောခဲ့တဲ့စကားကို ထပ်ပြောတာလား"

"ဟုတ်ပါ့ခင်ဗျာ၊ အရင်တခေါက်တုန်းက အစ်ကို ကျွန်တော့်ရှေ့မှာ ရပ်နေပြီး ကျွန်တော်ပြောတာကို နားလည်ခဲ့တယ်၊ အခုလည်း အစ်ကို နားလည်တာပဲ"

"ငါ နားလည်တာကတော့ မင်း ရူးနေတယ်ဆိုတာပဲ"

"ဒီလိုအပြောမျိုးတွေကို အစ်ကို မငြီးငွေ့သေးဘူးလား၊ ဒီနေရာမှာ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ရှိတယ်၊ အခန်းလေး တခန်းထဲမှာ ကျွန်တော်တို့ချည်းပဲ ထိုင်နေကြတယ်၊ အဲဒီတော့ ဘာဖြစ်လို့ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ညာနေကြမလဲ၊ တယောက်ကိုတယောက် ဟန်ဆောင်နေကြမလဲ၊ အစ်ကိုဟာ အခုအချိန်အထိ အပြစ်တွေအားလုံးကို ကျွန်တော့်ခေါင်းပေါ်မှာ ပုံချနေချင်သေးသလား၊ သူ့ကို အစ်ကို သတ်တယ်၊ အစ်ကိုက အဓိက လူသတ်သမားပဲ၊ ကျွန်တော်က အစ်ကို့ရဲ့ အပေါင်းအသင်းတယောက်ပဲ၊ အစ်ကို့ရဲ့ သစ္စာရှိ ကျွန်ယုံတယောက်ပဲ၊ အစ်ကိုက ခိုင်းလို့ ကျွန်တော် လုပ်ရတာပဲ"

"မင်း လုပ်တာ မဟုတ်လား၊ သူ့ကို မင်းသတ်တာ မဟုတ်လား"

အိုက်ဗင် တကိုယ်လုံး အေးစက်သွားသည်။ သူ၏ ဦးနှောက်ထဲတွင် အတွေးတခု ပေါက်သွားသည်။ သူ့ကျောထဲတွင် စိမ့်သွားပြီး သူ့တကိုယ်လုံး တုန်လာသည်။ ထိုအခါ ဆမာယာကော့က သူ့ကို ထူးဆန်းအံ့သြစွာ ကြည့်နေတော့သည်။ အိုက်ဗင် အမှန် ထိတ်လန့် တုန်လှုပ်သွားခြင်းက သူ့ကို ချောက်ချားစေတော့သည်။

"ဒီအကြောင်းကို အစ်ကို တကယ်မသိဘူးလား"

ဆမာယာကော့က အိုက်ဗင်ကို မယုံသင်္ကာဟန်ဖြင့် မေးလိုက်သည်။

သူက လုပ်ယူသောအပြုံးဖြင့် အိုက်ဗင်ကို ကြည့်နေသည်။

အိုက်ဗင်က စက်ကွင်းမိနေသူတဦးပမာ ဆမာယာကော့ကို ကြည့်နေသည်။

"ဟေး ... ပီတာစဘတ်ကို ဗင်ကာသွားပြီကွယ်

သူ ပြန်လာမှာကို ငါ မစောင့်နိုင်ပါဘူး တကယ် ..."

သူ့ခေါင်းထဲတွင် ရုတ်တရက် ပွဲတင်သံ ထပ်လာသည်။

“မင်းဟာ ငါ့စိတ်ထဲက အိပ်မက်ပဲ၊ ငါ့ရှေ့မှာ ထိုင်နေတဲ့ တစ္ဆေတကောင်ပဲ”

“မဟုတ်ပါဘူး ခင်ဗျာ၊ ဒီအခန်းထဲမှာ တစ္ဆေမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ နှစ် ယောက်အပြင် နောက်တယောက်တော့ ရှိပါတယ်၊ သူက ကျွန်တော်တို့ နှစ်ယောက်အကြားမှာ ထိုင်နေပါတယ်၊ နောက်တယောက်ပေါ့”

“သူဆိုတာ ဘယ်သူလဲ၊ ဒီမှာရှိနေတာ ဘယ်သူလဲ၊ နောက်တယောက်ဆိုတာ ဘယ်သူလဲ”

အိုက်ဗင် ထိတ်လန့်စွာ ဟစ်အော်လိုက်သည်။ သူ့ပတ်ပတ်လည်ကို ကြည့်ကာ တစုံတယောက်ကို လိုက်လံရှာဖွေလျက် ရှိသည်။

“နောက်တယောက်ဆိုတာကတော့ ဘုရားသခင်ပါပဲ အစ်ကို၊ ဟုတ်တယ်။ ဘုရားသခင်ကိုယ်တိုင်ပဲ၊ ကျွန်တော်တို့နှစ်ယောက် ဘေးမှာ ရှိနေတယ်၊ ဒါပေမဲ့ အစ်ကို သူ့ကို မရှာပါနဲ့၊ အစ်ကို မတွေ့နိုင်ပါဘူး”

ခြေအိတ်အတွင်းမှ ဆမာယာကော့ ဆွဲထုတ်လာသောအရာသည် စက္ကူစအချို့ သို့မဟုတ် စက္ကူထုပ် တထုပ်ဖြစ်ကြောင်းကို အိုက်ဗင် တွေ့မြင်ရသည်။ ဆမာယာကော့က ယင်းစက္ကူများကို ထုတ်ယူပြီး စားပွဲပေါ်တွင် တင်လိုက်သည်။

“ဟောဒီမှာပါ ခင်ဗျာ” တည်ငြိမ်အေးဆေးစွာ သူ ပြောလိုက်သည်။

“ဘာတွေလဲ” အိုက်ဗင် တုန်ယင်လှုပ်ရှားစွာ မေးသည်။

“တဆိတ် ကျေးဇူးပြုပြီး ကြည့်ပါခင်ဗျာ”

ဆမာယာကော့က တည်ငြိမ်အေးဆေးသော လေသံဖြင့်ပင် ပြန်ပြောသည်။ အိုက်ဗင် စားပွဲအနီးသို့ တိုးသွားပြီး အထုပ်ကလေးကို ကောက်ယူကာ ဖြေကြည့်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ့လက်ကို ယင်းအရာမှ ပြန်ရုပ်လိုက်သည်။ ထိတ်လန့်ရွံ့ရှာဖွယ်ရာ ကောင်းသော မြွေတကောင်ကို ထိကိုင်မိသည့်အလား ဖြစ်သည်။

“အစ်ကို့လက်တွေ တုန်နေတယ်၊ အကြောဆွဲနေသလိုပဲ”

ဆမာယာကော့က ယင်းသို့ပြောလိုက်ပြီး အဆိုပါ အထုပ်ကလေးကို သူ့ဘာသာပင် ဆက်ပြီး ဖြည်းလေးစွာ ဖြေနေသည်။ အပြင်မှ ပတ်ထားသော စက္ကူ၏အောက်တွင် မြင်ရသည်ကား သက်တံရောင် တရာတန် ငွေစက္ကူများ လိပ်ထားသော ရူဗယ်ငွေ သုံးထောင်ပင် ဖြစ်တော့သည်။

"ဒီမှာ ပိုက်ဆံအကုန်လုံးပဲ၊ ငွေသုံးထောင်စလုံးပဲ၊ အစ်ကို ရေနေဖို့ မလိုတော့ဘူး၊ အစ်ကို ယူသွားပါ"

ဆမာယာကော့က ငွေစက္ကူများကို ကြည့်၍ ခေါင်းညိတ်ပြရင်း အိုက်ဗင်ကို ပြောလိုက်သည်။ အိုက်ဗင် ကုလားထိုင်ပေါ်တွင် ထိုင်ကျသွားသည်။ သူသည် ဆီးနှင်းပြင်ကြီးလို ဖွေးဖွေးဖြူလျက် ရှိတော့သည်။

"မင်း .. မင်းရဲ့ ခြေအိတ်နဲ့ ငါ့ကို ခြောက်တာပဲ" ထူးဆန်းသော အပြုံးဖြင့် သူ ပြောလိုက်သည်။

"အစ်ကို တကယ်ပဲ မသိခဲ့တာလား" ဆမာယာကော့ ထုပ်ပြီး မေးသည်။

"မသိဘူး၊ ငါ တကယ်မသိဘူး၊ ဒီမီထရီလို့ပဲ ငါ တချိန်လုံး ထင်နေခဲ့တယ်၊ အစ်ကို ... အစ်ကို၊ အို ဘုရားသခင်" ရုတ်တရက်ဆိုသလို ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိကိုင်ထားလိုက်သည်။ "ဒီမယ်၊ သူ့ကို မင်းတယောက်တည်း သတ်တာလား၊ ငါ့အစ်ကို ပါသလား၊ မပါဘူးလား"

"အစ်ကိုတယောက်ပဲ ပါပါတယ်ခင်ဗျာ၊ အစ်ကို့ရဲ့ အကူအညီနဲ့ ကျွန်တော် သူ့ကို သတ်ခဲ့တာပါခင်ဗျာ၊ အစ်ကို့ရဲ့အစ်ကိုဟာ ဘာမှမသိရှာပါဘူး"

"ကောင်းပြီ ကောင်းပြီ၊ ငါ့အကြောင်းကို နောက်မှ ပြောမယ်၊ ငါ ဘာဖြစ်လို့ တုန်နေရတာလဲ၊ ငါ ဘာဖြစ်လို့ စကားကောင်းကောင်း မပြောနိုင်ရတာလဲ"

"အစ်ကိုဟာ အဲဒီအချိန်တုန်းကတော့ အင်မတန် သတ္တိရှိခဲ့ပါတယ် ခင်ဗျာ၊ 'ဘာမဆို လုပ်နိုင်တယ်' လို့ အစ်ကို ပြောခဲ့တယ်၊ ဒါပေမဲ့ အခုတော့ အစ်ကိုဟာ အရမ်းကို ကြောက်နေတယ်"

ဆမာယာကော့ အံ့သြစွာဖြင့် ပြောလိုက်သည်။ ထို့နောက် ...

"အစ်ကို လင်မနစ် သောက်မလား၊ ကျွန်တော် အခုပဲ မှာလိုက်မယ်၊ လင်မနစ် သောက်လိုက်ရင် လန်းသွားမယ်၊ နေဦး၊ ကျွန်တော် ဒါတွေကို အရင် ဖုက်ထားလိုက်ဦးမယ်"

ငွေစက္ကူများဆီသို့ သူ ညွှန်ပြလိုက်သည်။ သူသည် တံခါးပေါက်ဆီသို့ လျှောက်သွားပြီး လင်မနစ် ယူခဲ့ရန် မာရီယာကို မှာမည်ရှိစဉ် ငွေစက္ကူကို သူမ မတွေ့မြင်သွားအောင် အရင်ဖုံးဖုက်ထားရန် သတိရပြီး လက်ကိုင်ပဝါနှင့် အရင်အုပ်လိုက်သည်။ သို့သော် လက်ကိုင်ပဝါက ညစ်ပတ်နေသဖြင့် စားပွဲပေါ်တွင် တင်ထားသော စာအုပ်အဝါကြီးကို ယူပြီး ငွေ စက္ကူတွေပေါ်တွင် တင်ထားလိုက်သည်။ အိုက်ဗင်က အဖုံးပေါ်မှ စာအုပ်အမည်ကို အလိုလို

ဖတ်လိုက်မိသည်။

"ရှူရီပြည်သား မြင့်မြတ်သော ဖခမည်းတော် ဣဇာက်၏ ဩဝါဒ ကျမ်းစာ"

"ငါ လင်မနစ် မသောက်ဘူး၊ ငါ့အကြောင်းလည်း နောက်မှ ပြောကြမယ်၊ အခု မင်း ထိုင်ပြီး မင်း ဘယ်လိုလုပ်ခဲ့တယ်ဆိုတာတွေကို ငါ့ကို ပြောစမ်းပါ၊ တခုမကျန် ပြောပြပါ" အိုက်ဗင် ပြောလိုက်သည်။

"အစ်ကို့ရဲ့ ကုတ်အကျႌကြီးကို ချွတ်ပါဦး၊ ချွေးတွေ ပြန်နေပြီ"

အိုက်ဗင်ကလည်း ယခုမှပင် သူ စဉ်းစားမိသည့်အလား ကုတ်အကျႌကြီးကို ထိုင်ရာမှ မထ ဆွဲချွတ်လိုက်ပြီး ခုံရှည်ပေါ်သို့ ပစ်တင်လိုက်သည်။

"ပြောစမ်းပါ၊ ကျေးဇူးပြုပြီး ပြောစမ်းပါ"

သူသည် တည်ငြိမ်မှု ရလာဟန်ရှိသည်။ ဆမာယာကော့က သူ့အား အကုန်အစင် ပြောပြသည်ကို ယုံကြည်စိတ်ချစွာဖြင့် စောင့်ဆိုင်းလျက် ရှိသည်။

"ဘယ်လိုလုပ်ခဲ့တယ်ဆိုတာကို ပြောရမှာလားခင်ဗျာ"

ဆမာယာကော့ သက်ပြင်းချလိုက်သည်။

"ရိုးရိုးကလေးပါပဲ ခင်ဗျာ၊ အစ်ကိုပြောတဲ့အတိုင်းပဲ ..."

"ငါ ဘာပြောတယ်ဆိုတာကို နောက်မှပြောပါ"

အိုက်ဗင် ကြားဖြတ်ပြီး ပြောလိုက်သည်။ သို့သော် စောစောကလို ဟစ်အော်ခြင်း မပြုပါ။ သို့သော် သူ့ကိုယ်သူ ထိန်းချုပ်သွားနိုင်ပြီဖြစ်သည့်အလား စကားလုံးများကို ပီပြင် လေးနက်စွာ ပြောဆိုသည်။

"ငါ သိချင်တာကတော့ မင်း ဘယ်လိုလုပ်ခဲ့တယ်ဆိုတာကို အသေးစိတ် တခုမကျန် တခုပြီးတခု အစဉ်လိုက် ပြောသွားပါ။ တခုမှ မေ့မကျန်ရစ်ခဲ့ပါစေနဲ့၊ အသေးစိတ် ပြောပါ။ ခရေစေ့တွင်းကျ ပြောပါ"

"အစ်ကို အိမ်ကထွက်သွားပြီးတဲ့နောက်မှာ ကျွန်တော် မြေအောက်ခန်းထဲကို လိမ့်ကျတာပါပဲ ခင်ဗျာ"

"ဝက်ရူးပြန်ရောဂါ တကယ်ဖြစ်လို့လား၊ ဒါမှမဟုတ် ဟန်ဆောင်ပြီးတော့လား"

"ကျွန်တော် ဟန်ဆောင်တာပါပဲခင်ဗျာ၊ ကျွန်တော် လုံးဝ

ဟန်ဆောင်တာပါပဲ၊ လေ့ကားထစ်တွေ အတိုင်း ကျွန်တော် ဖြည်းဖြည်းချင်းဆင်းသွားတယ်၊ အောက်ဆုံးကို ရောက်တဲ့အထိ ဆင်းသွားတယ်၊ ကြမ်းပြင်ပေါ်မှာ အသာကလေးပဲ လှဲလိုက်တယ်။ အဲဒီလို လှဲချလိုက်ပြီးတာနဲ့ တပြိုင်နက် ကျွန်တော် အော်တော့တာပါပဲ ခင်ဗျာ၊ သူတို့ ကျွန်တော့်ကို သယ်ယူသွားတဲ့အထိ အကြောတွေ ဆွဲပြီး တွန့်လိမ့်လို့ပေါ့ ခင်ဗျာ"

"ခဏနေဦး၊ ဒီနောက်ပိုင်းမှာလည်း မင်း တလျှောက်လုံး ဟန်ဆောင်နေခဲ့တာပဲလား၊ ဆေးရုံမှာ တက်နေရတဲ့အချိန်တွေမှာရောလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ နောက်တနေ့မနက်ကျတော့ ကျွန်တော်ဟာ တကယ်ပဲ ရောဂါတက်တော့တာ ပါပဲ၊ ဆေးရုံကို ခေါ်မသွားခင်မှာပေါ့ ခင်ဗျာ၊ ကျွန်တော့်တသက်မှာ အဆိုးရွားဆုံးနဲ့ အပြင်းထန်ဆုံး ရောဂါတက်တာပဲပေါ့ ခင်ဗျာ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဆက်ပြော"

"ကျွန်တော် တွက်ထားတဲ့အတိုင်းပဲ သူတို့က ကျွန်တော့်ကို စာဖတ်ခန်းထဲက အိပ်ရာပေါ်မှာ တင်ထားကြတယ်၊ ကျွန်တော် ရောဂါတက်တိုင်း မာဖာက သူတို့အိမ်ကလေးထဲက အဲဒီအိပ်ရာပေါ် မှာ တင်ထားလေ့ရှိတယ်၊ မာဖာဟာ ကျွန်တော့်အပေါ်မှာ အင်မတန် ကောင်းရှာပါတယ်ခင်ဗျာ၊ ကျွန်တော် မွေးကတည်းကပါ ခင်ဗျာ၊ ညဘက်မှာ ကျွန်တော် ညည်းတယ်၊ ဒါပေမဲ့ ညင်ညင်သာသာ ကလေးပဲ။ အစ်ကိုရဲ့အစ်ကို ဒီမီထရီ ရောက်လာမှာကို ကျွန်တော် တချိန်လုံး စောင့်နေခဲ့တယ်"

"သူလာမှာကို မင်း စောင့်နေတယ် ဟုတ်လား၊ မင်းဆီကို လာဖို့လား"

"ကျွန်တော့်ဆီကို သူ ဘာကိစ္စလာရမှာလဲခင်ဗျာ၊ အစ်ကိုတို့ရဲ့အိမ်ကြီးကို သူလာဖို့ ကျွန်တော် စောင့်နေတာပဲပေါ့ ခင်ဗျာ၊ အဲဒီညမှာ သူ လာမယ်ဆိုတာလည်း ကျွန်တော် အသေအချာ သိနေခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို သူမတွေ့ရဘူး၊ ကျွန်တော့်ဆီက သူ ဘာသတင်းမှ မကြားရဘူးဆိုတော့ သူဟာ ဝင်းထရံကို ကျော်ပြီး ခြံထဲကို ဝင်လာမှာ အမှန်ပါပဲခင်ဗျာ၊ ခြံထဲကို ဘယ်လိုဝင်ရမယ်ဆိုတာ သူ သိနေလို့ပါပဲ ခင်ဗျာ"

"သူ မလာဘူး ဆိုရင်ကော ..."

"သူ မလာဘူးဆိုရင်တော့ ဘာမှလည်း မဖြစ်တော့ဘူးပေါ့ ခင်ဗျာ၊ သူ မလာဘဲနဲ့တော့ အခု ကျွန်တော် လုပ်တဲ့အလုပ်ကို ဘယ်တော့မှ လုပ်ဖြစ်မှာ မဟုတ်ဘူးပေါ့ ခင်ဗျာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ... ပိုပြီး တိတိကျကျနဲ့ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။

သိပ်ပြီး လောမကြီးပါနဲ့၊ အရေးအကြီးဆုံးကတော့ ဘာတခုကိုမှ ချန်မထားခဲ့ပါနဲ့"

"မစ္စတာ ကာရာမာဇော့ကို သူ သတ်မှာပဲလို့ ကျွန်တော် ထင်ခဲ့တယ်၊ ဟုတ်တယ်။ ကျွန်တော့်အနေနဲ့ အဲဒီအချက်ကို သေချာပေါက် တွက်ထားတယ်၊ အစ်ကိုသိတဲ့အတိုင်းပဲ၊ အဲဒီလို လုပ်နိုင်အောင် သူ့အတွက် ကျွန်တော် လမ်းခင်းပေးခဲ့တယ် ... အဲဒီနေ့မတိုင်ခင် လေးငါးရက်ကတည်းကပဲပေါ့။ အဓိကကတော့ အချက်ပေးစနစ်ကို သူ သိနေတယ်၊ ဒီရက်ပိုင်းအတွင်းမှာ သူ့မှာ ဒေါသ မောဟတွေ ဖိစီးနေတဲ့အတွက် သူဟာ အဲဒီအချက်ပေးစနစ်ကို သုံးပြီး အိမ်ထဲကို ရောက်အောင် ဝင်မှာပဲ။ အဲဒါဟာ တကယ်ကို သေချာတယ်၊ ကျွန်တော့်အနေနဲ့ အဲဒီလို တွက်ထားတယ်"

"ခဏနေဦး" အိုက်ဗင် ကြားဖြတ်လိုက်ပြန်သည်။

"သူဟာ အဘိုးကြီးကို သတ်ပြီးလို့ရှိရင် ပိုက်ဆံတွေကို သူနဲ့ တခါတည်း ယူသွားမှာပဲ၊ အဲဒါကို မင်းအနေနဲ့လည်း တွက်ထားမိမှာပဲ၊ အဲဒါဆိုရင် မင်းအနေနဲ့ ဘာအကျိုးအမြတ် ရစရာ ရှိသလဲ၊ ငါတော့ မမြင်ဘူး"

"မဟုတ်ဘူး အစ်ကို၊ ပိုက်ဆံတွေကို သူ ဘယ်နည်းနဲ့မှ မတွေ့နိုင်ဘူး၊ အဲဒီပိုက်ဆံတွေ မွေ့ရာ အောက်မှာ ရှိတယ်လို့ သူ့ကို ပြောတာ ကျွန်တော်ပဲ၊ ဒါပေမဲ့ အဲဒါ အမှန်မဟုတ်ဘူး၊ ပထမပိုင်းမှာ ပိုက်ဆံတွေကို ပိုက်ဆံသေတ္တာထဲမှာ ထည့်ထားပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ကျွန်တော် အကြံပေးတာနဲ့... ကျွန်တော့်ကို ဒီကမ္ဘာလောကကြီးမှာ သူ အယုံဆုံးပဲ။ ပိုက်ဆံတွေကို စာအိတ် တအိတ်မှာထည့်ပြီး အခန်းထောင့်က ပုံတော်တွေနောက်မှာထားခဲ့တယ်။ အဲဒီနေရာကို ဘယ်သူကမှ ရှာမှာမဟုတ်ဘူး၊ အထူးသဖြင့် အဲဒီလူဟာ အလောတကြီး ဖြစ်နေရင်ပေါ့။ အဲဒီတော့ စာအိတ်က အဲဒီမှာပါခင်ဗျာ၊ အခန်းထောင့်က ပုံတော်တွေရဲ့ နောက်မှာပါ၊ စာအိတ်ကို မွေ့ရာအောက်မှာထားရင် မိုက်ရာကျမှာပေါ့ ခင်ဗျာ၊ အနည်းဆုံးကတော့ ပိုက်ဆံသေတ္တာထဲမှာထည့်ပြီး သော့ခတ်ထားရမှာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ အခုတော့ လူတွေအားလုံးကပဲ မွေ့ရာအောက်မှာလို့ သိနေတယ်။ တော်တော်ကို တုံးတဲ့ အသိတွေပဲ၊ အဲဒီတော့ အစ်ကို့ရဲ့အစ်ကို ဒီမီထရီဟာ လူသတ်မှု ကျူးလွန်လည်းပဲ ဘာမှ ရမှာ မဟုတ်ဘူး။ သူဟာ ဘာမဟုတ်တဲ့ အသံကလေးတွေကိုလည်း ကြောက်လန့်ပြီး ကသောကမျော ထွက်ပြေးချင် ပြေးမယ်၊ ဒါက လူသတ်သမားတွေရဲ့သဘာဝပဲ၊ ဒါမှမဟုတ် အဖမ်းခံချင် ခံရမယ်၊ အဲဒါကြောင့် ကျွန်တော်ဟာ အဲဒီညမှာပဲဖြစ်ဖြစ်၊ နောက်တနေ့ မနက်မှာပဲဖြစ်ဖြစ် ပုံတော်တွေရဲ့ နောက်ဘက်ကို တက်ပြီး ပိုက်ဆံတွေကို အချိန်မရွေး ယူနိုင်တယ်။ ဒါပေမဲ့ ဒီမီထရီ ယူသွားတယ်လို့ အားလုံးက ထွက်ကြလိမ့်မယ်၊ အဲဒါ အင်မတန် သေချာတယ်"

“ဒါပေမဲ့ သူက အဘိုးကြီးကို မသတ်ဘဲ ရိုက်မောင်းပုတ်မောင်းပဲ လုပ်သွားတယ် ဆိုရင်ကော”

“အဘိုးကြီးကို သူ မသတ်ဘူးဆိုရင် ပိုက်ဆံတွေကို ကျွန်တော် ယူရဲမှာ မဟုတ်ဘူး၊ ဘာမှလည်း ဖြစ်တော့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ အဘိုးကြီးကို မေ့မြောသွားအောင် သူ ရိုက်နိုင်တဲ့ အခြေအနေတွေ အများကြီး ရှိနေတယ်၊ အဲဒီလိုဆိုရင် ကျွန်တော်က ပိုက်ဆံတွေကို ယူထားပြီး အစ်ကို့ရဲ့အစ်ကို ဒီမီထရီက သူ့ကို ရိုက်ပြီး ပိုက်ဆံတွေ ယူသွားတယ်လို့ မစ္စတာ ကာရာမာဇော့ကို ကျွန်တော် ပြောမယ်”

“နေဦး ... ငါ့ခေါင်းထဲမှာ အကုန် ရောကုန်ပြီ၊ နောက်ဆုံးကျတော့ အဘိုးကြီးကို သတ်တာက ဒီမီထရီ ဖြစ်ပြီး မင်းက ပိုက်ဆံတွေကို ယူရုံပဲယူတာပေါ့ ဟုတ်လား”

“မဟုတ်ပါဘူး ခင်ဗျာ၊ အဘိုးကြီးကို သူ မသတ်ပါဘူး။ ဒီမယ် အစ်ကို၊ ကျွန်တော်ဟာ အခုအချိန်အထိ အဘိုးကြီးကို သူ သတ်တာလို့ အစ်ကို့ကို ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ အစ်ကို့ကို ကျွန်တော် မုသားစကား မပြောချင်တော့ပါဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ... ဘာဖြစ်လို့တုံးဆိုတော့ အစ်ကိုဟာ အခုအချိန်အထိ ဘာတခုကိုမှ သေသေချာချာ မသိထားလို့ပဲ၊ အစ်ကို့ရဲ့အပြစ်တွေကို ကျွန်တော့် ခေါင်းပေါ်မှာ ပုံချနိုင်အောင် ဟန်ဆောင်နေတာ မဟုတ်လို့ဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်ပျက်ခဲ့သမျှ တွေ အားလုံးအတွက် အစ်ကို့မှာ တာဝန်ရှိနေလို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လူသတ်မှုဖြစ်မယ် ဆိုတာကို အစ်ကို သိတယ်၊ ကျွန်တော် ကျူးလွန်စေချင်တယ်၊ ဒီအကြောင်းတွေကို သိရဲ့သားနဲ့ တခြားကို ထွက်သွားတယ်၊ ဒါကြောင့်မို့လို့လည်း ကျွန်တော်ဟာ အဘိုးကြီးကို အမှန်တကယ် သတ်ခဲ့ပေမဲ့ တကယ်တော့ လူသတ်တရားခံအစစ်ဟာ ကျွန်တော်မဟုတ်ဘဲ အစ်ကိုတယောက် တည်းသာ ဖြစ်တဲ့အကြောင်း အစ်ကို့ကို ကနေ့ည ကျွန်တော် သက်သေ သက်ကာယတွေ ပြမလို့ဘဲ၊ အမှန်ပါပဲ ခင်ဗျာ၊ အစ်ကိုသာလျှင် တရားဝင်လူသတ်သမား ဖြစ်ပါတယ်”

“ဘာဖြစ်လို့၊ ဘာဖြစ်လို့ ... ငါက လူသတ်သမား ဖြစ်ရမှာလဲ၊ အို ... ဘုရားသခင်” အိုက်ဗင် သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့ဘဲ ရွတ်ဆိုလိုက်သည်။ သူ့အကြောင်းကို နောက်ဆုံးမှ ဆွေးနွေးရန် ရွှေ့ဆိုင်းထားသည်ကို သူ မေ့လျော့သွားသည်။

“ချာမာရှာညာ အကြောင်းကို မင်း ပြောနေတုန်းပဲလား၊ ဒါနဲ့ နေပါဦး၊ ငါ့ကို ပြောစမ်းပါဦး၊ ကိစ္စကို ငါ့ရဲ့သဘောတူညီချက်ကို မင်းယူတယ်ပဲ ထားပါတော့၊ မင်းက ဘာဖြစ်လို့ ငါ့ရဲ့ သဘောတူညီချက်ကို လိုချင်ရတာလဲ၊ အဲဒါကို အခု မင်း

ဘယ်လိုရှင်းပြမလဲ”

“ဟုတ်ကဲ့ခင်ဗျာ။ အစ်ကို့အနေနဲ့ သဘောတူတယ်လို့ ကျွန်တော် သိထားရရင် အစ်ကို ပြန်လာတဲ့ အခါမှာ ဒီငွေသုံးထောင်ကိစ္စကို စူးစူးဝါးဝါး မလုပ်ဘူးလို့ ကျွန်တော် တွက်နိုင်ပါတယ်၊ အဲဒီလိုသာ အစ်ကိုလုပ်ခဲ့ရင် ပုလိပ်တွေက အစ်ကို့ရဲ့အစ်ကို ဒီမီထရီအစား ကျွန်တော့်ကို သင်္ကာမကင်း ဖြစ်ကြလိမ့်မယ်၊ ဒါမှမဟုတ် ကျွန်တော့်ကို သူ့ရဲ့အပေါင်းပါတယောက်လို့ ယူဆကြလိမ့်မယ်၊ ဒါပေမဲ့ အစ်ကိုဟာ ကျွန်တော့်ရဲ့လုပ်ရပ်ကို သဘောတူထားတဲ့အတွက် အဲဒီလို မလုပ်တဲ့အပြင် ကျွန်တော့်ကို အကာအကွယ်တောင် ပေးလိမ့်မယ်၊ နောက်ပြီးတော့ အစ်ကိုဟာ အမွေတွေကို ရတဲ့အခါမှာလည်း ကျွန်တော့်ကို ဆုချလိမ့်မယ်၊ အမွေတွေ ရပြီးပြီးချင်းမှာပဲ ဆုချမယ်၊ နောက်ပြီး ကျွန်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး တသက်လုံးလည်း ဆုချသွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကြောင့်သာ ဒီအမွေတွေကို အစ်ကို ရတာကိုး၊ ဒီလိုသာမဟုတ်ဘူးဆိုရင် အစ်ကို့အဖေဟာ မစ္စ ဆဗက်လေ့ာနဲ့ လက်ထပ်သွားပြီး အစ်ကို့အနေနဲ့ တပြားတချပ်မှ ရတော့မှာ မဟုတ်ဘဲကိုး”

“ဪ ... လက်စသတ်တော့ မင်းက ငါ့ကို နောက်ပိုင်းမှာ ငွေညှစ်သွားဖို့ စိတ်ကူးထားတာကိုး၊ ငါ မသေမချင်းပေါ့ ဟုတ်လား” အိုက်ဗင် မြည်ဟိန်းလိုက်သည်။ “တကယ်လို့ ငါဟာ တခြားကို ထွက်မသွားဘဲ မင်းအကြောင်း ပုလိပ်ကို တိုင်ခဲ့ရင်ရော ဘယ့်နှယ်လုပ်မလဲ”

“အစ်ကို သူတို့ကို ဘာပြောမလဲ၊ အစ်ကို့ကို ချာမာရှာညာ သွားဖို့ ကျွန်တော် သွေးဆောင်တယ်လို့ ပြောမလား၊ အဲဒီလိုပြောလို့တော့ ဘာမှအဓိပ္ပာယ်မရှိဘူး၊ နောက်ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ပြောပြီးတဲ့နောက်မှာ အစ်ကို တကယ်ပဲ သွားသလား၊ ဒါမှမဟုတ် မသွားဘဲနေသလား၊ တကယ်လို့ အစ်ကို ဘယ်မှမသွားဘဲ အိမ်မှာနေတယ် ဆိုရင်တော့ ဘာမှမဖြစ်နိုင်ဘူး၊ အစ်ကို့အနေနဲ့ ဒီကိစ္စထဲမှာ ဘယ်လိုမှ မပတ်သက်ချင်ဘူးဆိုတာကို သိရရင် ကျွန်တော့်အနေနဲ့ ဘာမှလုပ်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ အစ်ကို တခြားကို ထွက်သွားခဲ့တယ်၊ အဲဒီသဘောကတော့ အစ်ကို ရုံးတော်မှာ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာမှမပြောဘူးလို့ တာဝန်ခံလိုက်တာပဲ၊ ငွေသုံးထောင်ကို ကျွန်တော်ယူထားတဲ့ အတွက် အစ်ကို ဘယ်လိုမှ သဘောမထားဘူးလို့ ပြောလိုက်တာပဲ။

“နောက်ပြီးတော့တခါ အစ်ကိုဟာ ကျွန်တော့်ကို ဘယ်နည်းနဲ့မှ စွဲချက်တင်နိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရုံးတော်ကျရင် ကျွန်တော်က အကုန်လုံး ဖွင့်ပြီးပြောလိုက်မှာမို့ပဲ၊ ကျွန်တော် ပြောမှာက ငွေသုံးထောင်ကို ခိုးထားတဲ့အကြောင်းလည်း မဟုတ်ဘူး၊ လူသတ်မှုကျူးလွန်တဲ့ အကြောင်းလည်း မဟုတ်ဘူး၊ အဲဒီအကြောင်းတွေကို ကျွန်တော် ပြောပြမှာ မဟုတ်ဘူး၊ ဒါပေမဲ့

ကျွန်တော်ပြောမှာက အစ်ကိုက ကျွန်တော့်ကို ငွေသုံးထောင် ခိုးဖို့နဲ့ လူသတ်မှုကျူးလွန်ဖို့ လှုံ့ဆော် အားပေးတဲ့အကြောင်းပဲ၊ ဒါပေမဲ့ ကျွန်တော်က အစ်ကို့ရဲ့ လှုံ့ဆော်တိုက်တွန်းမှုကို သဘောမတူခဲ့ဘူး၊ ဒါကြောင့်မို့လို့ ကျွန်တော်ဟာ အစ်ကို့ရဲ့သဘောတူညီမှုကို ရအောင် ယူခဲ့ရတာပဲ၊ ဒါမှ အစ်ကိုဟာ နောက်ပိုင်းမှာ ကျွန်တော့်ကို ချောင်ပိတ်ပြီး မရိုက်နိုင်မှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့မှာ ဘယ်လိုမှ သက်သေ အထောက်အထား ပြစရာ မရှိလို့ဘဲ။

"ဒါပေမဲ့ ကျွန်တော့်ဘက်ကတော့ အစ်ကိုဟာ အစ်ကို့အဖေ အသတ်ခံရဖို့အတွက် ဘယ်လောက် စိတ်အားထက်သန်နေတယ်ဆိုတာကို ဖော်ထုတ်ပြီး အစ်ကို့ကို အချိန်မရွေး ချောင်ထဲမှာပိတ်ပြီး ဖမ်းနိုင်တယ်၊ ကျွန်တော်ပြောတဲ့စကားတွေကို လူတွေက ယုံကြမှာပဲ၊ အဲဒီအခါမှာ အစ်ကိုဟာ တသက်လုံး အရှက်တကွဲ အကျိုးနည်း ဖြစ်သွားရမှာပဲ"

"ငါ့အနေနဲ့ စိတ်အားထက်သန်နေတယ်၊ ဟုတ်လား" အိုက်ဗင် မြည်ဟိန်းလိုက်ပြန်သည်။

"မှန်ပါ့ခင်ဗျာ၊ အစ်ကို့အနေနဲ့ စိတ်အားထက်သန်နေတယ်ဆိုတာကို ဘယ်လိုမှ သံသယဖြစ်စရာ မရှိပါဘူး၊ အဲဒီအချိန်က အစ်ကို့ပါးစပ်က ထုတ်မပြောဘဲနဲ့ သဘောတူညီမှု ပေးလိုက်တာဟာ ကျွန်တော့်ကို ဆက်လုပ်ဆိုပြီး အတည်ပြုချက် ပေးလိုက်တာပါပဲ" ဆမာယာကော့က အိုက်ဗင်ကို သေသေချာချာကြည့်ပြီး ပြောလိုက်သည်။ သူသည် အထူးပင် အားနည်းနွမ်းပဲ့နေပြီး တိုးတိုးသဲ့သဲ့ ကလေးသာ ပြောနေသည်။ ပင်ပန်းနွမ်းလျနေသော လေသံဖြင့် ဖြစ်သည်။ သို့သော် သူ၏ ရင်ထဲတွင် ပုန်းကွယ်လျက်ရှိသော အတွင်းအားတခုက သူ့ကို လှုံ့ဆော်လျက် ရှိသည်။ သူ့မှာ ရည်ရွယ်ချက်တခု ရှိနေကြောင်း သိသာထင်ရှားသည်။ ယင်းအချက်ကို အိုက်ဗင် ကောင်းစွာ သဘောပေါက်မိသည်။

"ဆက်ပြောပါ၊ အဲဒီညက ဘာဖြစ်တယ်ဆိုတာ ငါ့ကို ပြောစမ်းပါ"

အိုက်ဗင် ပြောလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဘာပြောရမလဲ၊ အဲဒီလိုနဲ့ အဲဒီအိပ်ရာပေါ်မှာ ကျွန်တော် ရောက်နေတယ်၊ သခင်ကြီး လှမ်းအော်လိုက်တဲ့အသံကို ကျွန်တော် ကြားရတယ်လို့ ထင်တယ်။ အဲဒါမတိုင်ခင်မှာ ဂရီဂိုရီ ဖြုန်းခနဲ အိပ်ရာကထပြီး အပြင်ကို ထွက်သွားတယ်။ အပြင်ဘက်မှာ သူ ရုတ်တရက် လှမ်းအော်လိုက်တဲ့အသံကို ကျွန်တော် ကြားရတယ်။ အဲဒီနောက်ပိုင်းမှာ ညဟာ မှောင်ပြီး တိတ်နေတယ်၊ ကျွန်တော်လည်း အိပ်ရာပေါ်မှာ လှဲနေရာကနေ အခြေအနေကို စောင့်ကြည့်နေတယ်၊ ကျွန်တော့်ရင်ထဲ တထိတ်ထိတ် ခုန်နေတယ်၊ အဲဒီဒဏ်ကို ကျွန်တော် ကြာကြာ မခံနိုင်တော့ဘူး။

"အဲဒါကြောင့် နောက်ဆုံးကျတော့ ကျွန်တော် အိပ်ရာကထပြီး အပြင်ကို ထွက်သွားတယ်။ သခင်ကြီးရဲ့အိပ်ခန်းပြတင်းပေါက် ပွင့်နေတာကို ကျွန်တော် တွေ့ရတယ်၊ ဒါနဲ့ ပြတင်းပေါက်ရှိရာကို ကျွန်တော် တိတ်တိတ်ကလေး လျှောက်သွားပြီး သခင်ကြီး အသက် ရှိသေးသလား၊ မရှိတော့ဘူး လားလို့ နားထောင်တယ်။ အခန်းထဲမှာ သခင်ကြီးသွားနေတဲ့ အသံနဲ့ သက်ပြင်းချနေတဲ့ အသံတွေကို ကြားရတယ်။ အဲဒါကြောင့် သူ ဘာမှမဖြစ်ဘူးဆိုတာကို ကျွန်တော် သိရတယ်။ တောက် .... ကျွန်တော် စဉ်းစားတယ်၊ ပြတင်းပေါက်အနားကို ကျွန်တော်သွားပြီး သခင်ကြီးကို ပြောလိုက်တယ်။ 'ကျွန်တော်ပါ သခင်ကြီး' အဲဒီတော့ သူက ပြန်ပြောတယ်၊ 'သူ လာသွားတယ်၊ သူ ဒီကို လာသွားတယ်၊ သူ ထွက်ပြေးသွားပြီ' အစ်ကို့ရဲ့အစ်ကို ဒီမီထရီ လာသွားတာကို သူ ပြောတာပဲ၊ 'ဂရီဂိုရီကို သူ သတ်သွားပြီ' လို့ သူကပြောတော့ 'ဘယ်မှာလဲ' လို့ ကျွန်တော် တိုးတိုးမေးလိုက်တယ်။ 'ဟောဟို ခြံထောင့်မှာ' သူ လက်ညှိုးထိုးပြီး ပြောတယ်၊ သူ့အသံကလည်း တိုးတိုးကလေးပဲ။ 'ခဏနေဦး သခင်ကြီး' လို့ ပြောပြီး ကျွန်တော် ခြံထဲကို ပြေးသွားတယ်။

"အဲဒီမှာ ကျွန်တော် ဂရီဂိုရီကို ဝင်တိုက်မိတာပဲ၊ သူက အုတ်တံတိုင်းနားမှာ လဲနေတယ်၊ သွေးတွေ ရဲနေတယ်၊ သတိမေ့နေတယ်။ အဲဒီအခါမှာ အစ်ကို့ရဲ့အစ်ကို ဒီမီထရီ လာသွားပြီဆိုတာ အမှန်ပဲလို့ ကျွန်တော့်စိတ်ထဲမှာ တွေးလိုက်တယ်။ အဲဒီမှာပဲ၊ အဲဒီအချိန်မှာပဲ အခြေအနေကို အမြန်ဆုံး လက်စသတ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂရီဂိုရီဟာ မသေသေးပေမဲ့ သူ ဘာမှသိနိုင်မှာ မဟုတ်ဘူး၊ သူ သတိမေ့ပြီး လဲနေတယ်၊ စိုးရိမ်စရာတခုပဲ ရှိတယ်၊ မာဖာ အိပ်ရာက ဖြုန်းခနဲ နိုးလာမှာကိုပဲ၊ အဲဒီအချက်ကို ကျွန်တော် စဉ်းစားမိပေမဲ့ အဲဒီအချိန်က ကျွန်တော့်အနေနဲ့ လုပ်ချင်တဲ့ဇောတွေ အင်မတန် ထက်သန်နေလို့ အသက်တောင် မှန်မှန်မရှူနိုင်ဘူး။

"အဲဒါနဲ့ ကျွန်တော် အိပ်ခန်းပြတင်းပေါက်ကို ပြန်သွားပြီး သခင်ကြီးကို ပြောတယ်၊ 'အမျိုးသမီး ရောက်နေတယ်၊ သူ လာတယ်၊ မစ္စဆဗက်လော့ လာတယ်၊ သူက အိမ်ထဲကို ဝင်မယ်လို့ ပြောနေတယ်' အဲဒီအခါမှာ သူဟာ ကလေးလေးတယောက်လို လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ 'သူ ဘယ်မှာလဲ၊ ဘယ်မှာလဲ' သူအသက်မရှူနိုင်ဘူး၊ ဒါပေမဲ့ သူ ယုံလည်းမယုံဘူး၊ 'သူ ဟိုမှာရပ်နေတယ်၊ တံခါးဖွင့်ပါ' ပြတင်းပေါက်ကနေပြီး သူ ကျွန်တော့်ကို ကြည့်တယ်။ မယုံတဝက် ယုံတဝက်နဲ့ပဲ၊ ဒါပေမဲ့ တံခါးဖွင့်ရမှာတော့ သူ ကြောက်နေတယ်၊ ဟုတ်တယ်၊ သူ ငါ့ကို ကြောက်နေတာပဲလို့ ကျွန်တော့်စိတ်ထဲမှာ တွေးလိုက်မိ တယ်။ အဲဒီမှာ ရယ်စရာတော့ ကောင်းတယ်။ ဂရုရှင်ကာ လာပြီ ဆိုတဲ့အကြောင်း အချက်ပေးစနစ်အတိုင်း သူ့ရှေ့မှာတင် သူ့မျက်စိအောက်မှာတင် ပြတင်းပေါက် ပေါင်ကို ခေါက်ဖို့ ကျွန်တော် စိတ်ကူးလိုက်မိတယ်။ သူက

ကျွန်တော့်ပါးစပ်က ပြောတဲ့စကားတွေ ကိုတော့ မယုံဘူး၊ ဒါပေမဲ့ ကျွန်တော်က အချက်ပေးတဲ့အနေနဲ့ ပြတင်းပေါက်ကို ခေါက်လိုက်တာနဲ့ တပြိုင်နက် တံခါးပေါက်ကို ဖွင့်ရအောင် သူ ပြေးသွားတယ်၊ တံခါးကို သူ ဖွင့်လိုက်တယ်။

“ကျွန်တော် အထဲကို ဝင်ဖို့လုပ်တယ်။ ဒါပေမဲ့ သူက လမ်းပေါက်ကို ပိတ်ထားတယ်။ ‘သူ ဘယ်မှာလဲ၊ သူ ဘယ်မှာလဲ’ သူ ကျွန်တော့်ကို ကြည့်ပြီးမေးတယ်၊ သူ့တကိုယ်လုံး တုန်နေတယ်၊ သူ ကျွန်တော့်ကို ဒါလောက် ကြောက်နေရင် မကောင်းဘူးလို့ ကျွန်တော် တွက်လိုက်တယ်။ ကျွန်တော့်ကို ဝင်ခွင့်မပေးတဲ့အတွက်၊ ပြီးတော့ သူ အော်လိုက်မှာစိုးတဲ့အတွက်၊ နောက်ပြီးတော့ မာဖာ ပြေးများလာမလား ဒါမှမဟုတ် တခုခုမဟုတ် တခုခုများ ဖြစ်မလားဆိုပြီး ကျွန်တော့်ဒူးတွေ တုန်နေတယ်။ အဲဒီအချိန်က ကျွန်တော် ဘာကို တွေးနေမိတယ်ဆိုတာကို ကျွန်တော် အတိအကျ မမှတ်မိတော့ဘူး၊ ဒါပေမဲ့ သူ့ရှေ့မှာရပ်နေရင်း ကျွန်တော့်မျက်နှာကြီးတခုလုံး ဖွေးဖွေးဖြူနေမှာတော့ အမှန်ပဲ၊ ကျွန်တော် သူ့ကို တိုးတိုးကလေး ပြောလိုက်တယ်၊ ‘ပြတင်းပေါက်အောက်မှာ သူ ရပ်နေပါတယ် သခင်ကြီး၊ သခင် ကြီး ဘယ်လိုဖြစ်ပြီး သူ့ကို မမြင်တာလဲ’၊ ‘ဒါဆိုရင် သူ့ကို ခေါ်ခဲ့ပါ၊ သူ့ကို ခေါ်ခဲ့ပါ’၊ သူ ကြောက်နေတယ်၊ အော်သံဟစ်သံတွေကြောင့် သူကြောက်ပြီး ချုံထဲမှာ ပုန်းနေတယ်၊ သခင်ကြီးကိုယ်တိုင် စာကြည့်ခန်းကနေ သွားပြီးခေါ်ပါ” လို့ ကျွန်တော် ပြောလိုက်တယ်။

“အဲဒါနဲ့ သူ ပြေးသွားတယ်။ ပြတင်းပေါက်ဆီကို သူပြေးသွားတယ်၊ ပြတင်းပေါက် ပေါင်ပေါ်မှာ ဖယောင်းတိုင်ကို တင်ထားလိုက်တယ် ‘ဂရုရှင်ကာ၊ ဂရုရှင်ကာ မင်း ဒီမှာ ရှိသလား’ သူ လှမ်းအော်လိုက်တယ်။ သူက အဲဒီလို လှမ်းအော်နေပေမဲ့ သူ့ကိုယ်ကို ပြတင်းပေါက်ကနေပြီး အပြင်ကို မထွက်ဘူး။ ကျွန်တော်နဲ့ လူချင်းခွာမသွားဘူး၊ သူ သိပ်ကြောက်နေတယ်။ သူ ကျွန်တော့်ကို သိပ်ကြောက်နေပြီး ကျွန်တော်နဲ့ တလက်မမှ မခွာဘူး၊ ဒါနဲ့ ကျွန်တော် ပြတင်းပေါက်ဆီကို လျှောက်သွားပြီး ပြတင်းပေါက်ကနေ အပြင်ထွက်ကြည့်လိုက်ပြီး ‘သူ ဟိုမှာပါ သခင်ကြီး၊ ဟို ချုံထဲမှာပါ၊ သခင်ကြီးကို သူ နောက်နေတာ သခင်ကြီး မတွေ့ဘူးလား’ လို့ ကျွန်တော် ပြောလိုက်တယ်။ ဟုတ်ကဲ့ခင်ဗျာ၊ သူဟာ ကျွန်တော့်ကို ဖြုန်းစားကြီး ယုံသွားတယ်၊ သူ့တကိုယ်လုံး တုန်လာတယ်၊ သူက အမျိုးသမီးကို ကျွမ်းထိုးမိုးမျှော်လို ချစ်နေတာမဟုတ်လား၊ ပြတင်းပေါက် ကနေ သူ ခေါင်းပြူပြီး ကြည့်လိုက်တယ်။

“အဲဒါနဲ့ ကျွန်တော် သူ့စားပွဲပေါ်က စက္ကူဖိ သံတုံးကို ကောက်ယူလိုက်တယ်၊ အစ်ကိုလည်း သတိထားမိမှာပေါ့၊ စက္ကူဖိဟာ အနည်းဆုံး သုံးပေါင်လောက်တော့ လေးမယ်၊ စက္ကူဖိကို ကျွန်တော် မြှောက်လိုက်ပြီး သူ့ခေါင်းထိပ်တည့်တည့်ကို ညာဘက်စောင်းနဲ့ ရိုက်ချလိုက်တယ်။ သူဟာ

တချက်ကလေးတောင် မအော်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်ကို ပုံကျသွားတယ်။ သူ့ခေါင်းကို ကျွန်တော် နောက်တကြိမ် ထပ်ရိုက်တယ်၊ နောက်ပြီးတော့ တတိယအကြိမ် ထပ်ရိုက်လိုက်ပြန်တယ်၊ တတိယ အကြိမ်မှာ သူ့ခေါင်း ကွဲသွားပြီဆိုတာကို ကျွန်တော် သိလိုက်တယ်၊ အဲဒီအချိန်မှာ သူ ပက်လက်လန်ပြီး လဲကျသွားတယ်၊ သူ့မျက်နှာကြီးတခုလုံး သွေးခြင်းခြင်း နီနေပြီး အပေါ်ကို မော့ကြည့်နေတယ်။ ကျွန်တော့်အဝတ်တွေကို ကြည့်လိုက်တော့ သွေးတစက်မှ မတွေ့ရဘူး၊ သူ့ခေါင်းကနေ သွေးတွ ပန်းမထွက်ဘူး၊ အဲဒါနဲ့ ကျွန်တော် စက္ကူဖြင့်က သွေးတွေကို သုတ်ပြီး သူ့နေရာမှာ ပြန်ထားလိုက်တယ်။ ပြီးတော့ ပုံတော်တွေရှိရာကို ကျွန်တော်သွားပြီး ပိုက်ဆံတွေ ထုတ်ယူတယ်။ စာအိတ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ ပန်းနုရောင်ဖဲကြိုးကိုလည်း စာအိတ် ဘေးမှာ ပစ်ချလိုက်တယ်။

"ခြံထဲကို ကျွန်တော် ပြေးထွက်သွားတယ်၊ ကျွန်တော့်တကိုယ်လုံး တုန်နေတယ်။ ပန်းသီးပင်ရှိရာကို ကျွန်တော် တန်းပြီး သွားတယ်၊ အပေါက်ကြီးရှိတဲ့ ပန်းသီးပင်ပဲ၊ အဲဒီ အပေါက်ကြီးရှိတာကို အစ်ကို သိတယ်မဟုတ်လား၊ အဲဒီအပေါက်ကြီးကို ကျွန်တော်ကြည့်ထားတာကြာပြီ၊ အဲဒီအပေါက်ကြီးထဲမှာ အရေးကြုံရင် သုံးရအောင်ဆိုပြီး စက္ကူနဲ့ထုပ်၊ အပေါ်ကနေ အဝတ်နဲ့ထပ်ပြီး ပတ်လိုက်တယ်။ ပြီးရင် အပေါက်ကြီးထဲကို ရောက်နိုင်သမျှရောက်အောင် ထိုးထည့်လိုက်တယ်၊ အဲဒီပိုက်ဆံတွေ အားလုံးဟာ အဲဒီထဲမှာ နှစ်ပတ်လောက် ရှိနေတယ်။ အဲဒီပိုက်ဆံတွေကို ကျွန်တော် ဆေးရုံက ဆင်းပြီးတဲ့ နောက်မှပဲ ပြန်ထုတ်ယူတယ်။ ပိုက်ဆံတွေကို အပေါက်ကြီးထဲထည့်ပြီး ကျွန်တော့်အိပ်ရာကို ကျွန်တော် ပြန်သွားတယ်၊ အဲဒီမှာ ကျွန်တော်အိပ်နေရင်း စဉ်းစားတယ်၊ ကြောက်ကြောက်လန့်လန့် နဲ့ စဉ်းစားမိတယ်၊ 'တကယ်လို့များ ဂရီဂိုရီ သေသွားရင် ငါ့အတွက် မကောင်းဘူး၊ ဒါပေမဲ့ သူ မသေဘဲနဲ့ သတိပြန်ရလာမယ်ဆိုရင်တော့ အများကြီးကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ ရဲ့အစ်ကို ဒီမီထရီ လာသွားတဲ့အကြောင်းကို သူ သက်သေခံနိုင်မယ်၊ အဲဒီလို သက်သေခံတဲ့အတွက် အဘိုးကြီးကို ဒီမီထရီသတ်ပြီး ပိုက်ဆံတွေကို ယူသွားတာဖြစ်နိုင်တယ်'၊ အဲဒီလိုနဲ့ပဲ ကျွန်တော်ဟာ တထိတ်ထိတ်တလန့်လန့်နဲ့ တညည်းညည်း တညူညူ လုပ်နေရတော့တယ်။ ဒါမှ မာဖာဟာ အိပ်ပျော်နေရာကနေ အမြန်ဆုံး နိုးလာမှာ ဖြစ်တယ်။ နောက်ဆုံးမှာ မာဖာ နိုးလာတယ်။ ကျွန်တော့်ကို ပြေးလာပြီး ကြည့်တယ်။ ဒါပေမဲ့ အိမ်ထဲမှာ ဂရီဂိုရီ ရှိမနေတာကို သူ သိသွားတာနဲ့ တပြိုင်နက် အပြင်ဘက်ကို သူ ပြေးထွက်သွားတယ်။ ခြံထဲမှာ သူ အလန့်တကြား အော်နေတဲ့ အသံကို ကျွန်တော် ကြားရတယ်။ အဲဒီနောက်မှာတော့ အော်ကြဟစ်ကြ ရှာကြဖွေကြနဲ့ တညလုံး ဆိုသလိုပဲ၊ အဲဒီအခါမှာ ကျွန်တော်ဟာ ဘာကိုမှ မစိုးရိမ်တော့ပါဘူး"

စကားကို သူ ရပ်လိုက်သည်။ အိုက်ဗင်က သူပြောနေသည်များကို တချိန်လုံး ငြိမ်ပြီး နားထောင်နေ ခဲ့သည်။ တုတ်တုတ်ကလေးမျှပင် မလှုပ်ပါ။ သူ့ကို ကြည့်နေရာမှ မျက်လုံးများ တချက်ကလေးမှ မခွာပါ။

အခြားတဖက်တွင်လည်း ဆမာယာကော့သည် စကားပြောနေရင်းဖြင့် အိုက်ဗင်ကို တချက်ကလေး မျှသာ ကြည့်သည်။ များသောအားဖြင့် တခြားကို ကြည့်နေသည်။ သူ့စကား ဆုံးသွားသောအခါ သူသည် အထူးပင် စိတ်လှုပ်ရှားနေဟန်ဖြင့် အသက်ရှူမြန်နေသည်။ သူ၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်တွေ သီးနေသည်။ သို့သော် သူ့အနေနှင့် နောင်တရနေသလော၊ မရချေသလော ဆိုသည်ကိုကား မပြောနိုင်ပါချေ။

'နေဦး' အိုက်ဗင် စဉ်းစားမိဟန်ဖြင့် ဟစ်အော်လိုက်သည်။ 'တံခါးက ဘယ်လိုလဲ၊ သူက မင်းကို တံခါးဖွင့်ပေးတယ်ဆိုရင် စောစောပိုင်းက တံခါးပွင့်နေတာကို ဂရီဂိုရီ ဘယ်လိုလုပ်ပြီး မြင်သလဲ၊ ဘာဖြစ်လို့လဲဆိုတော့ တံခါးပွင့်နေတာကို ဂရီဂိုရီ မြင်တယ် မဟုတ်လား'

ဤတွင် သတိပြုစရာကောင်းသည့်အချက်က အိုက်ဗင်သည် သူ့မေးခွန်းကို ညင်ညင်သာသာကလေး မေးလိုက်ခြင်းပင် ဖြစ်သည်။ ဒေါသရိပ် လုံးဝမပါသော လေသံမျိုး ဖြစ်သည်။ ယင်းကြောင့်ပင် ထိုအချိန်က တစုံတယောက်က တံခါးကိုဖွင့်ပြီး တံခါးပေါက်ဝမှနေ၍ သူတို့နှစ်ယောက်ကို ကြည့်ခဲ့လျှင် သူတို့နှစ်ယောက်သည် စိတ်ဝင်စားဖွယ်ရာ ကောင်းသော သာမန်အကြောင်းအရာ တခုကို အေးအေးဆေးဆေး ဆွေးနွေးနေကြခြင်းဟု ယူဆပေလိမ့်မည်။

"အဲဒီတံခါးနဲ့ အဲဒီတံခါးပွင့်နေတာကို မြင်ရတယ်လို့ ဂရီဂိုရီ ထွက်ဆိုတာကတော့ သူ့စိတ်ထဲက အထင်သက်သက်ပါပဲ ခင်ဗျာ" ဆမာယာကော့ မဲ့ရွဲ့သော အပြုံးဖြင့် ဖြေသည်။ "အစ်ကို့ကို ကျွန်တော် ပြောရမယ်ဆိုရင်တော့ သူဟာ လူတယောက်မဟုတ်ဘူး။ အင်မတန် တယူသန်တဲ့ လားကြီး တကောင်ပဲ။ သူ့မျက်စိနဲ့ ဘယ်တုန်းကမှမမြင်ခဲ့ဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာမြင်တယ်လို့ ထင်နေတယ်။ ဒါပေမဲ့ သူ့အမြင်ကို ဘယ်လိုမှ ပြောင်းအောင် လုပ်လို့ရမှာ မဟုတ်ဘူး၊ အဲဒါဟာ အစ်ကိုနဲ့ ကျွန်တော့် အတွက် ကုသိုလ်ကံကောင်းတာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီအမြင်ကိုပဲ သူ့ခေါင်းထဲမှာ အသေ ထည့်ထားတယ်။ နောက်ပြီးတော့ သူ့ရဲ့ထွက်ဆိုချက်တခုတည်းနဲ့ အစ်ကို့ရဲ့အစ်ကို ဒီမီထရီဟာ ပြစ်ဒဏ် ရနိုင်တယ်"

"ခဏနေဦး" အိုက်ဗင်က သူ့ခေါင်းထဲတွင် ရှုပ်ထွေးနေသည့်အလား ပြောလိုက်ပြန်သည်။ "ခဏနေဦး၊ မင်းကို ငါ မေးစရာတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒါတွေကို ငါ မေးဖို့ မေ့နေခဲ့တယ်၊ ငါဟာ မေ့ပြီးရင်း မေ့ရင်းနဲ့ အားလုံး ရှုပ်ကုန်ပြီ။

သြော် … ဟုတ်ပြီ၊ ငါ့ကို တခုခုပြောစမ်းပါ၊ စာအိတ်ကို မင်း ဘာဖြစ်လို့ ဖွင့်ပြီး ကြမ်းပြင်ပေါ်မှာ ပစ်ထား ခဲ့ရတာလဲ၊ စာအိတ်အကြောင်း မင်းပြောတုန်းက မင်း အဲဒီလိုလုပ်တာဟာ မှန်တယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ မှန်တယ် ဆိုတာတော့ ငါ မသိဘူး”

“ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် အဲဒီလိုလုပ်ရတာ အကြောင်း ရှိပါတယ်။ ဒီစာအိတ်အကြောင်း အစကနေ အဆုံးထိ သိထားတဲ့ လူတယောက်။ ဆိုကြပါစို့ ကျွန်တော့်လို လူတယောက်၊ သူဟာ ဒီပိုက်ဆံတွေကို အရင်ကတည်းက မြင်ခဲ့မယ်၊ စာအိတ်ထဲကို သူကိုယ်တိုင် ထည့်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်၊ စာအိတ်ကို ချိတ်ပိတ်ပြီး လိပ်စာရေးထားတာကို သူမြင်ခဲ့ရမယ်၊ သူ့မျက်လုံးတွေနဲ့ မျက်ဝါးထင်ထင် မြင်ခဲ့ရမယ်ဆိုရင် အဲဒီလိုလူမျိုးတယောက်က လူသတ်သမားဖြစ်ခဲ့ရင် သူဟာ ရာဇဝတ်မှုကျူးလွန်ပြီး နောက်ပိုင်းမှာ ဘာကိစ္စ အဲဒီစာအိတ်ကို ဖွင့်နေရတော့မှာလဲ၊ အထူးသဖြင့် အချိန်ကိုလုပြီး ကသောကမျော လုပ်နေရတဲ့အချိန်မှာပေါ့။ သူဟာ စာအိတ်ထဲမှာ ငွေတွေရှိနေတယ် ဆိုတာကို သိနေပြီပဲ၊ အဲဒီတော့ သူဟာ စာအိတ်ကို သူ့အိတ်ထဲကို အသာကလေး ထည့်လိုက်ပြီး အဲဒီနေရာကနေ အမြန်ဆုံး လစ်ပြေးဖို့ပဲပေါ့။

“ဒါပေမဲ့ အစ်ကို့ရဲ့အစ်ကို ဒီမီထရီလို လူမျိုးဆိုရင်တော့ တမျိုးဖြစ်ရမယ်။ သူက ဒီစာအိတ်အကြောင်း သူများတွေက ပြောလို့ သိနေရတာပဲ ရှိတယ်။ ဒီစာအိတ်ကို သူကိုယ်တိုင် တခါမှ မမြင်ဖူးဘူး။ အဲဒီတော့ သူဟာ စာအိတ်ကို တွေ့တဲ့အခါမှာ ဆိုကြပါစို့ မွေ့ရာအောက်ကနေ တွေ့တဲ့အခါမှာ အထဲမှာ ပိုက်ဆံတွေ တကယ် ရှိ မရှိ ဆိုတာကို စာအိတ်ကို အမြန်ဆုံး ဖွင့်ဖောက်ပြီး ကြည့်ရမယ်၊ ပြီးရင် စာအိတ်ကို သူ လွှင့်ပစ်မယ်၊ ဒီစာအိတ်က သူ့ကို လက်ညှိုးထိုးမယ့် အထောက်အထားတခု ဖြစ်တယ်ဆိုတာကို မစဉ်းစားနိုင်ဘဲပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူက အတွေ့အကြုံရှိတဲ့ သူခိုး တယောက် မဟုတ်လို့ဘဲ။ သူဟာ ဘယ်တုန်းကမှ သူတပါးပစ္စည်းကို မခိုးခဲ့ဖူးဘူး၊ သူဟာ မွေးကတည်းက လူကောင်းတယောက် ဖြစ်ခဲ့တယ်။ သူဟာ တသက်လုံး လူကြီးလူကောင်း တယောက် ဖြစ်ခဲ့တယ်။ သူဟာ အခု ဒီစာအိတ်ကို ခိုးဖို့ ကြံစည်တယ်ဆိုရင်လည်း သူဟာ ဒီပစ္စည်းကို ခိုးတာမဟုတ်ဘူး၊ သူပိုင်ဆိုင်တဲ့ပစ္စည်းကို ပြန်ယူတဲ့သဘောပဲ။ သူက ဒီငွေတွေဟာ သူပိုင်ဆိုင်တဲ့ငွေ တွေပါလို့ တမြို့လုံးကို ပြောထားခဲ့တယ် မဟုတ်လား။ အမှန်ပဲ၊ သူဟာ ဒီပိုက်ဆံတွေကို သွားပြီး ပြန်ပြီး ယူရမယ်လို့ လူတွေကို ကြွားထားခဲ့သေးတယ်။

“ဒီသဘောကို အမှုလိုက်ရှေ့နေက ကျွန်တော့်ကို စစ်တုန်းက ကျွန်တော် ပြောခဲ့သေးတယ်။ ဒါပေမဲ့ အတုံးလိုက် အတစ်လိုက်ကြီး ပြောတာတော့ မဟုတ်ဘူး၊ ဒီလိုမျိုးသဘော ရှိတယ်ဆိုတာကို ရိပ်ဖမ်းသံဖမ်းကလေး ပြောလိုက်တာပဲ၊ ဒီကိစ္စကို

အရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ မထင်တဲ့ အနေမျိုးပဲပေါ့။ နောက်ပြီးတော့ ဒီသဘောကို ကျွန်တော်က ပြောတဲ့အနေမျိုး မဟုတ်ဘဲ သူ့ဘာသူ သဘောပေါက်တဲ့အနေမျိုး ဖြစ်လာအောင်ပေါ့။ အဲဒီတော့ အစ်ကို ဘယ်လိုသဘောရသလဲ၊ ကျွန်တော့်ရဲ့ အရိပ်အမြွက်စကားဟာ အမှုလိုက် ရှေ့နေကြီးရဲ့ ပါးစပ်ကို ရောက်သွားလိမ့်မယ် ....

"နေပါဦး၊ ဒါတွေအားလုံး အဲဒီအချိန်က အဲဒီအိပ်ခန်းထဲမှာ မင်း စဉ်းစားမိတာလား" အိုက်ဗင် အံ့ဩခြင်း ကြီးစွာဖြင့် မေးပြီး ဆမာယာကော့ကို ထိတ်လန့်စွာဖြင့် သူ ကြည့်နေသည်။

"အို ဘုရားသခင်၊ လူတယောက်ဟာ အဲဒီလိုအချိန်မျိုးမှာ ဒါတွေအားလုံးကို ဘယ်လိုလုပ်ပြီး စဉ်းစားနိုင်ပါ့မလဲ၊ အစောကြီးကတည်းက ကြံပြီး စဉ်းစားခဲ့တာတွေပဲပေါ့"

"အင်း အင်း၊ ဒီကိစ္စမှာတော့ မင်းကို မာရ်နတ်မင်းက မ တာပဲပေါ့၊ မင်းဟာ ငတုံးအေတယောက် မဟုတ်ဘူး၊ မင်းဟာ ငါထင်ထားတာထက် အများကြီး ပိုပြီးတော်နေသေးတယ်"

အိုက်ဗင် ပြောလိုက်သည်။ ထို့နောက် သူ မတ်တတ်ထရပ်လိုက်သည်။ အခန်းထဲတွင် လမ်းလျှောက်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်သည်။ သူသည် အတော်ကြီးပင် စိတ်ပျက်လက်ပျက် ရှိနေသည်။ သို့သော် သူ၏လမ်းကို စားပွဲက ကာဆီးထားသည်။ စားပွဲနှင့် နံရံအကြားတွင် လူတကိုယ်စာ ကျပ်နေသည်။ သို့ဖြင့် သူသည် ပြန်လှည့်ပြီး နေရာတွင် ပြန်ထိုင်လိုက်ရသည်။ ယင်းကဲ့သို့ မလှုပ်သာတော့ဘဲ ရှိသည့်အဖြစ်ကပင် သူ့ကို ဒေါသဖြစ်သွားစေဟန် ရှိသည်။ သူသည် ရုတ်ခြည်းဆိုသလို စောစောကအတိုင်းပင် ဒေါသဖြစ်နေသောလေသံဖြင့် အသံကုန်အော်လိုက်သည်။

"ဒီမှာကြည့်စမ်း၊ ကျက်သရေမရှိတဲ့အကောင်၊ မင်းကို ငါ အခုမသတ်တာ မနက်ဖြန်မှာ မင်းကို ရုံးတင်ဖို့ပဲသိလား" အိုက်ဗင် လက်ကို မြှောက်လိုက်ပြီး "ဘုရားသခင် သိတယ်၊ ငါ့မှာ အပြစ် ရှိချင်လည်း ရှိမယ်၊ ငါ့အဖေကို သေစေချင်တဲ့စိတ် ငါ့ခေါင်းထဲမှာ မသိမသာ ရှိချင်လည်း ရှိနေမယ်၊ ဒါပေမဲ့ မင်းကို ငါ ကျိန်ပြီး ပြောရဲတယ်။ မင်းထင်ထားသလိုတော့ ငါ့မှာ အပြစ်မရှိဘူး။ မင်းကို ငါ အားပေးအားမြှောက်လုပ်တာ မဟုတ်ဘူး၊ ဟုတ်တယ်။ မင်းကို ငါ အားပေးအားမြှောက် လုပ်တာ မဟုတ်ဘူး၊ မနက်ဖြန် အမှုစစ်တဲ့အခါမှာ ငါ့ကိုယ်ငါ အပြစ်ပြောပြီး အစစ်ခံမယ်၊ ငါဆုံးဖြတ်ပြီးပြီ၊ အကုန်လုံး ငါပြောမယ်၊ အားလုံး ငါပြောမယ်။ ဒါပေမဲ့ ငါဟာ မင်းနဲ့အတူ ရုံးကိုသွားမယ်။ မင်းဟာ ငါနဲ့ ပတ်သက်ပြီး ဘာတွေပဲ ပြောပြော၊ ဘာတွေပဲ မကောင်းပြောပြော ငါ ရင်ဆိုင်မယ်၊ မင်းကို ငါ

မကြောက်ဘူး၊ ငါကိုယ်တိုင် အတည်ပြု ထောက်ခံမယ်၊ ဒါပေမဲ့ မင်းအနေနဲ့လည်း ဖြောင့်ချက် ပေးရမယ်၊ ဖြောင့်ချက်ပေးရမယ်၊ ငါတို့နှစ်ယောက် အတူသွားကြမယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်”

အိုက်ဗင်က အထက်ပါစကားများကို တည်တည်ငြိမ်ငြိမ်နှင့် ပြတ်ပြတ်သားသား ပြောလိုက်သည်။ သူ၏ မျက်လုံးများက ဤအချက်ကို ကောင်းစွာ သက်သေခံနေကြသည်။

“အစ်ကို နေမကောင်းဘူးလား၊ ကျွန်တော် သိတယ်၊ အစ်ကို တော်တော့်ကို နေမကောင်းနေဘူး၊ အစ်ကို့မျက်လုံးတွေ ဝါထိန်နေတာပဲ”

ဆမာယာကော့ ပြောလိုက်သည်။ သို့သော် ထေ့ငေါ့သည့်အနေမျိုးဖြင့် မဟုတ်ပါ၊ ကရုဏာသက်သည့် သဘောမျိုးဖြင့်ပင် ဖြစ်သည်။

“ငါတို့ အတူတူသွားကြမယ်၊ အေး ... မလိုက်ဘူးဆိုရင်လည်း အရေးမကြီးဘူး၊ ငါတယောက်တည်း သွားမယ်”

အိုက်ဗင် ထပ်ပြီး ပြောလိုက်သည်။ ဆမာယာကော့ ခေတ္တမျှ စဉ်းစားနေဟန်ရှိသည်။

“ဘယ်လိုမျိုးမှ ဖြစ်မလာနိုင်ပါဘူး၊ အစ်ကိုလည်း မသွားပါဘူး”

နောက်ဆုံးတွင် သူက ယတိပြတ် ပြောလိုက်သည်။

“မင်း ငါ့အကြောင်း မသိဘူး” အိုက်ဗင် ဟစ်အော်လိုက်သည်။

“အစ်ကို ဒါတွေကို ပြောခဲ့ရင် အစ်ကိုဟာ အများကြီးကို အရှက်တကွဲ အကျိုးနည်း ဖြစ်ရလိမ့်မယ်၊ နောက်ပြီးတော့ ဒီလိုပြောလို့လည်း ဘာမှ အကျိုးကျေးဇူးရှိမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစကားမျိုး အစ်ကို့ကို ကျွန်တော် ဘယ်တုန်းကမှ မပြောဘူးလို့ ကျွန်တော် အပြတ်ငြင်းလိမ့်မယ်၊ အဲဒီတော့ အစ်ကိုဟာ နေမကောင်းနေလို့ ကယောင်ကတမ်းတွေ ပြောတာပဲလို့ လူတွေက ယူဆကြလိမ့်မယ်။ (အစ်ကို့ကို ကြည့်ရတာလည်း အဲဒီလိုထင်ရလောက်အောင် တကယ့် လူမမာရုပ် ပေါက်နေတယ်)။ ဒါမှမဟုတ် အစ်ကိုဟာ အစ်ကို့ရဲ့အစ်ကိုအတွက် သိပ်စိတ်ထိခိုက်နေပြီး သူ့ကို အမှုကလွတ်အောင် အစ်ကိုက အနစ်နာခံတာပဲလို့ ယူဆကြလိမ့်မယ်။ ကျွန်တော်နဲ့ ပတ်သက်ပြီး လံကြုတ်ဇာတ်လမ်းတွေ ခင်းတာပဲလို့ ယူဆကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ လူတယောက်အဖြစ် အသိအမှတ်မပြုခဲ့ဘဲ ယင်ကလေးတကောင် ခြင်ကလေး တကောင်လောက်သာ သဘောထားခဲ့လို့ပဲ၊ အဲဒီတော့ အစ်ကို့စကားကို ဘယ်သူတွေက ယုံမလဲ၊ အစ်ကို့မှာ

သက်သေအထောက်အထား ဘာတခု ရှိသလဲ”

“မင်း အခုပဲ ငါယုံအောင်ဆိုပြီး ပိုက်ဆံတွေကို ထုတ်ပြခဲ့တယ် မဟုတ်လား” ဆမာယာကော့သည် ငွေစက္ကူတွေပေါ်တွင် ဖုံးထားသော စာအုပ်ကို ဖယ်လိုက်ပြီး ဘေးမှာ ချထားကာ ...

“အဲဒီပိုက်ဆံတွေကို အစ်ကို ယူသွားပါ ခင်ဗျာ”

ထို့နောက် ဆမာယာကော့ သက်ပြင်းချလိုက်သည်။

“အေး ငါယူသွားမယ်၊ ဒါနဲ့ နေပါဦး၊ ဒီပိုက်ဆံတွေရအောင် လူသတ်မှုတခု ကျူးလွန်ခဲ့ပြီးမှ ဘာဖြစ်လို့ ငါ့ကို ပေးရတာလဲ”

အိုက်ဗင် သူ့ကို တအံ့တသြ ကြည့်ကာ မေးလိုက်သည်။

“ဒါတွေကို ကျွန်တော် မလိုချင်တော့လို့ဘဲ” ဆမာယာကော့ လက်ကို ဝှေ့ယမ်းကာ တုန်ယင်သော လေသံဖြင့် ပြောလိုက်သည်။ “ဒီပိုက်ဆံတွေနဲ့ မော်စကိုမှာ ဒါမှမဟုတ် ပိုပြီးကောင်းတဲ့ နိုင်ငံမှာ ဘဝသစ်တခု တည်ထောင်ဖို့ ကျွန်တော် စိတ်ကူးရှိပါတယ်။ ဒါပေမဲ့ ဒါဟာ ‘ဘာမဆို လုပ်ပိုင်ခွင့် ရှိတယ်’ ဆိုတဲ့ စကားကြောင့် ကျွန်တော် အိပ်မက်မက်မိခဲ့တာပါပဲ ခင်ဗျာ။ ဒီအယူအဆကို အစ်ကိုက ကျွန်တော့်ကို သင်ကြားခဲ့တာပဲ၊ အစ်ကိုဟာ ကျွန်တော့်ကို ဒီသဘောထားနဲ့ ပတ်သက်ပြီး အများကြီး ပြောခဲ့လို့ပါပဲ၊ ထာဝရဘုရားသခင်ဆိုတာ မရှိရင် သီလတရားဆိုတာလည်း မရှိဘူး၊ သီလတရား ဆိုတာ ဘယ်လိုမှ မလိုအပ်တော့ဘူး၊ ဟုတ်ပါတယ်ခင်ဗျာ၊ ဒီအယူအဆနဲ့ ပတ်သက်လို့ အစ်ကို ပြောတာ မှန်ပါတယ်၊ ကျွန်တော်လည်း ဒီအတိုင်းပဲ စဉ်းစားမိပါတယ်”

“ဒီကိစ္စကို မင်းကိုယ်တိုင် စဉ်းစားခဲ့သလား”

“အစ်ကို့ရဲ့ လမ်းညွှန်မှုအရပေါ့ ခင်ဗျာ”

“ဒါဖြင့်ရင် မင်းဟာ အခုအချိန်မှာ ဘုရားသခင်ကို ယုံကြည်လို့ ဒီပိုက်ဆံတွေကို ပြန်ပေးတာပေါ့၊ ဟုတ်လား”

“မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် မယုံပါဘူး” ဆမာယာကော့ တိုးညင်းစွာ ပြောလိုက်သည်။

“ဒါဖြင့်ရင် မင်း ဘာဖြစ်လို့ ပြန်ပေးတာလဲ”

“ဘာဖြစ်လို့ ဒါကို ဒုက္ခခံပြီး မေးနေရတာလဲခင်ဗျာ” ဆမာယာကော့က သူ့လက်ကို ဝှေ့ယမ်းကာ ပြောလိုက်သည်။ “ဘာမဆို လုပ်ပိုင်ခွင့် ရှိတယ်လို့ အစ်ကို

အမြဲတမ်း ပြောခဲ့တယ်၊ အခုကျမှ အစ်ကို ဘာဖြစ်လို့ ကသိကအောက် ဖြစ်နေရတာလဲ၊ အစ်ကိုဟာ ရုံးမှာသွားပြီး ကိုယ့်အပြစ်ကိုယ် ထုတ်ဖော်ဖို့တောင် ကြိုးစားနေလိုက်သေးတယ်၊ ဒါပေမဲ့ တကယ်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး၊ အစ်ကို ရုံးကိုသွားပြီး ထွက်ချက် မပေးပါဘူး”

ဆမာယာကော့က သေချာစွာ အဆုံးအဖြတ် ပြုလိုက်ပြန်သည်။

“မင်း တွေ့ရမှာပေါ့”

“ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ အစ်ကိုဟာ တကယ်ကြီးကိုပဲ တော်လွန်းပါတယ် ခင်ဗျာ၊ အစ်ကိုဟာ ငွေကို အင်မတန် မက်မောပါတယ်၊ အဲဒါကို ကျွန်တော် သိပါတယ်၊ နောက်ပြီးတော့ အစ်ကိုဟာ သူတပါးလေးစားတာကို ခံချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဟာ အင်မတန် မာန်မာနကြီးလွန်းလို့ပဲ၊ နောက်ပြီးတော့ အစ်ကိုဟာ မိန်းမတွေကိုလည်း သဘောကျတယ်၊ မိန်းမလှလှတွေကို သဘောကျတယ်၊ သိပ်ပြီးမှုကို သဘာကျတယ်၊ ဒါပေမဲ့ အစ်ကို့အနေနဲ့ သဘောအကျဆုံးကတော့ ဘယ်သူ့အပေါ်မှ မမှီခိုရဘဲနဲ့ အေးအေးချမ်းချမ်း ကောင်းကောင်းမွန်မွန် နေရဖို့ပဲ၊ အဲဒါကို အစ်ကို သဘောအကျဆုံးပဲ၊ အစ်ကိုဟာ အဲဒီလို ရုံးတော်မှာ ကိုယ့်ကိုယ်ကိုယ် အရှက်ခွဲပြီး ကိုယ့်ဘဝကိုယ် ဘယ်တော့မှ မဖျက်ဆီးချင်ပါဘူး၊ အစ်ကိုဟာ အစ်ကို့ရဲ့အဖေ မစ္စတာ ကာရာမာဇော့နဲ့ ပိုပြီး တူပါတယ်၊ အစ်ကို့ရဲ့ညီတွေ အစ်ကိုတွေ ဘယ်သူနဲ့မှ မတူပါဘူး။ အစ်ကိုဟာ မစ္စတာ ကာရာမာဇော့နဲ့ တစိတ်တဝမ်းတည်းပါပဲ ခင်ဗျာ”

“မင်းဟာ ငတုံးတကောင် မဟုတ်ဘူး” အိုက်ဗင် အံ့သြခြင်းကြီးစွာဖြင့် ပြောလိုက်သည်။ သူ့မျက်နှာ နီမြန်းသွားသည်။

“ငါက မင်းကို ငတုံးတကောင်လို့ ထင်ခဲ့တယ်၊ မင်းက တကယ့်ကို လေးလေးနက်နက်ပဲ”

ဆမာယာကော့ ဆတ်ခနဲ ကြည့်ပြီး မှတ်ချက်ချလိုက်သည်။

“အစ်ကို့မှာ မာန်မာနတွေ များလွန်းနေတဲ့အတွက် ကျွန်တော့်ကို အတုံး အအ ကြီးလို့ ထင်ခဲ့တာပါ။ ပိုက်ဆံတွေကို ယူသွားပါ ခင်ဗျာ”

အိုက်ဗင်က ငွေစက္ကူလိပ် သုံးခုကို ယူပြီး ဘာနှင့်မျှ ထုပ်မနေတော့ဘဲ သည်အတိုင်းပင် သူ့အိတ်ထဲသို့ ထိုးထည့်လိုက်သည်။

“မနက်ဖြန်ကျရင် ရုံးမှာ စ တင်ပြမယ်” သူ ပြောလိုက်သည်။

“အစ်ကို့ကို ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ အစ်ကို့မှာ အစ်ကိုပိုင် ပိုက်ဆံတွေ

အများကြီး ရှိနေတယ်၊ အစ်ကိုဟာ ပိုက်ဆံတွေကို ငွေသေတ္တာထဲကနေ ထုတ်ပြီး ရုံးမှာ တင်ပြနိုင်တယ်”

အိုက်ဗင် ထိုင်ရာမှ ထလိုက်သည်။

“အေး ... မင်းကို ငါ ထပ်ပြောမယ်၊ မင်းကို ငါမသတ်တာ မနက်ဖြန်ကျရင် မင်းကို ငါလိုချင်လို့ပဲ၊ အဲဒါကို မှတ်ထားပါ၊ သေသေချာချာ မှတ်ထားပါ”

“အစ်ကို ကျွန်တော့်ကို သတ်နိုင်ပါတယ်၊ အခုပဲ သတ်လိုက်ပါ” ဆမာယာကော့က အိုက်ဗင်ကို ထူးဆန်းစွာကြည့်ပြီး ထူးဆန်းသောအသံဖြင့် ပြောလိုက်သည်။ “ဒါပေမဲ့ အစ်ကို မသတ်ရဲဘူး” သူက မထီမဲ့မြင် အပြုံးဖြင့် ဆက်ပြောလိုက်သည်။ “အစ်ကို အရင်တုန်းက ဘယ်လောက်ပဲ သတ္တိရှိခဲ့ပေမဲ့ အစ်ကို အခု ဘာမှ မလုပ်ရဲပါဘူး”

“မနက်ဖြန်ကျမှ တွေ့ကြသေးတာပေါ့” အိုက်ဗင် ဟစ်အော်ကာ အခန်းထဲမှ ထွက်သွားတော့မည် ရှိသည်။

“ခဏကလေး ခင်ဗျာ၊ အဲဒီပိုက်ဆံတွေကို ကျွန်တော် ကြည့်ပါရစေဦး” အိုက်ဗင်က ပိုက်ဆံတွေကို ထုတ်ပြီး သူ့အားပြလိုက်သည်။ ဆမာယာကော့သည် ငွေစက္ကူများကို ဆယ်စက္ကန့်ခန့် ငေးမောလျက် ရှိသည်။

“ဟုတ်ကဲ့ ... အစ်ကို သွားနိုင်ပါပြီ” လက်တဖက်ကို ဝှေ့ယမ်းကာ သူ ပြောလိုက်သည်။ “မစ္စတာ ကာရာမာဇော့” ရုတ်ခြည်းဆိုသလိုပင် သူ ခေါ်လိုက်ပြန်သည်။

“မင်း ဘာလိုချင်လို့လဲ” တံခါးပေါက်ဆီသို့ သွားနေရာမှ အိုက်ဗင် လှည့်ပြီး မေးလိုက်သည်။

“ကျွန်တော် နှုတ်ဆက်ပါတယ်”

“မနက်ဖြန်ကျရင် တွေ့သေးတာပေါ့”

အိုက်ဗင် ဟစ်အော်လိုက်ပြန်သည်။ ထို့နောက် အိမ်ကလေးအတွင်းမှ သူ ထွက်သွားသည်။ နှင်းမုန်တိုင်းသည် တိုက်ခတ်နေဆဲပင်။ ပထမပိုင်း လေးငါးလှမ်းတွင် သူ့ခြေလှမ်းတွေ မှန်နေသည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် သူ့ခြေလှမ်းတွေ ယိမ်းယိုင်လာကြသည်။

“ကိုယ်ခန္ဓာကြောင့်ပဲ ဖြစ်မယ်”

သူ့စိတ်ထဲမှ တွေးလိုက်သည်။ ပြီးတော့ သူ ပြုံးလိုက်သည်။ သူ့ရင်ထဲတွင်

ဝမ်းသာမှုတခု ဖြစ်ပေါ်လာသည်။ သူ့စိတ်ထဲတွင် အတိုင်းအဆမရှိ ပြတ်သားခြင်း ရှိလာသည်။ သည့်နောက်ပိုင်း နေ့ရက်များတွင် သူ့အား ညှဉ်းပန်းနှိပ်စက်နေသော ဇဝေဇဝါ မရေရာမှုများအားလုံး ပျောက်ကွယ် သွားကြသည်။ သူ ဆုံးဖြတ်ချက် ချလိုက်သည်။ 'ဤဆုံးဖြတ်ချက်သည် မပြောင်းလဲနိုင်' ဟု သူ့စိတ်ထဲတွင် တွေးလိုက်သည်။

ထိုအချိန်မှာပင် သူသည် တစုံတခုကို တိုက်မိပြီး လဲမတတ် ဖြစ်သွားသည်။ သူ ရပ်ပြီး ကြည့်လိုက် သောအခါ သူ တွန်းပစ်ခဲ့သော ကျေးတောသားကလေးကို သူ့ခြေရင်းတွင် တွေ့ရသည်။ ၎င်းသည် စောစောကနေရာမှာပဲ လဲကာ မလှုပ်မယှက် ရှိနေသည်။ သတိမေ့မြောနေသည်။ သူ့မျက်နှာပေါ်တွင် ဆီးနှင်းတွေ ဖုံးနေပြီ ဖြစ်သည်။ ရုတ်ခြည်းဆိုသလိုပင် ၎င်း၏ခန္ဓာကိုယ်ကို အိုက်ဗင် ဆုပ်ကိုင်ကာ ဆွဲယူသွားသည်။ လက်ယာဘက်တွင် မီးလင်းနေသော အိမ်ကလေးတလုံးကို တွေ့မြင်ရသဖြင့် ထိုအိမ်ကလေးဆီသို့ သူသွားသည်။ တံခါးကို ခေါက်သည်။ တံခါးဖွင့်ပေးသော အိမ်ရှင်ကို ပိုက်ဆံ သုံးရူဗယ် လုပ်အားခ ပေးပြီး သတိမေ့နေသော ကျေးတောသားကို ရဲဌာနသို့ ပို့ပေးရန် ခိုင်းသည်။ အိမ်ရှင်က သဘောတူညီပြီး ချက်ချင်းပင် အိမ်ထဲမှ ထွက်လာသည်။

ရဲဌာနသို့ အိုက်ဗင် ဘယ်ပုံဘယ်နည်း ရောက်ရှိသွားပုံ၊ ကျေးတောသားကို ချက်ချင်း လက်ငင်းပင် ဆေးဝါးကုသပေးရန် စီစဉ်ပုံ၊ ကုန်ကျစရိတ်များ အားလုံးအတွက် စေတနာ သဒ္ဓါတရားအပြည့်ဖြင့် ကျခံပုံတို့ကို ကျွန်ုပ် အသေးစိတ် မဖော်ပြတော့ပါ။ ယင်းလုပ်ဆောင်ချက်များအတွက် အချိန် တစ်နာရီမျှ ကုန်ဆုံးသွားကြောင်းကိုသာ ကျွန်ုပ် ရေးသားလိုပါသည်။ သို့သော် အိုက်ဗင်သည် ဤကိစ္စအတွက် အများကြီးပင် ကျေနပ်အားရလျက် ရှိပါသည်။ သူ့ခေါင်းထဲတွင် အတွေးတွေ ဖြစ်ပေါ်ကာ သူ၏စိတ်အစဉ်သည် မှန်မှန်ကြီးပင် အလုပ်လုပ်လျက် ရှိတော့သည်။ ကျေနပ်အားရစွာ ဖြင့် သူ တွေးမိသည်။

"ငါဟာ မနက်ဖြန်အတွက် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးသား မဟုတ်ခဲ့ရင် ဒီ တောသားအတွက် ဘယ်နည်းနဲ့မှ အချိန်တစ်နာရီလောက် အကုန်ခံနေမှာ မဟုတ်ဘူး၊ နှင်းတောထဲမှာ သင်းထိုက်နဲ့ သင်းကံဆိုပြီး ပစ်ထားခဲ့မှာပဲ၊ အခုတော့ ငါ့ကိုယ်ငါ ကောင်းကောင်းကြီး ဝေဖန်သုံးသပ်နိုင်တာပဲ"

ဤနေရာသို့ ရောက်သောအခါ ပိုပြီး ကျေနပ်အားရစွာဖြင့်ပင် သူ တွေးလိုက်မိပြန်သည်။ "အင်း .... သူတို့ကတော့ ငါ့ဦးနှောက် အဆန်ချောင်သွားပြီလို့ အောက်မေ့ကြမှာပဲ" အိမ်သို့ရောက်ရှိသောအခါ ရုတ်ခြည်းဆိုသလို တုံ့ခနဲ သူ ရပ်လိုက်ပြီး သူ့ကိုယ်သူ မေးမိသည်။

"ငါ အခုပဲ အမှုလိုက်အရာရှိဆီကိုသွားပြီး အားလုံးပြောလိုက်ရင်

ကောင်းမလား…” အိမ်ဘက်သို့ ပြန်လှည့်လိုက်ပြီး သူ့အမေးကို သူ ဖြေသည်။ သူ့ကိုယ်သူ တိုးတိုးကလေး ပြောလိုက်သည်။

“မနက်ဖြန်ကျမှ အားလုံး တခါတည်း လုပ်ရမယ်”

အံ့ဩစရာကောင်းသည်ကတော့ ထိုအချိန်မှာပင် သူ၏ ဝမ်းသာပျော်ရွှင်မှုနှင့် ကျေနပ် အားရနေမှုများ သည် တမုဟုတ်ချင်း ပျောက်ကွယ်သွားကြသည်။

အခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ အေးစက်သော လက်ကြီးတခုက သူ၏နှလုံးသားကို ဆုပ်ကိုင်လိုက်သည့်နှယ် သူ ခံစားရသည်။ တချိန်တည်းမှာပင် အင်မတန် ကြောက်မက်ဖွယ်ရာ ကောင်းပြီး အလွန်မတန် နာကြည်းဖွယ်ရာကောင်းသော အခြင်းအရာတခု ဤအခန်းထဲတွင် ယခုလည်း ရှိနေသည်၊ ယခင်ကတည်းကလည်း ရှိနေသည်ဟု သူ ထင်မှတ်မိသည်။ သို့မဟုတ် သူ့ကို သတိပေးလျက် ရှိနေသည်။ ဆိုဖာပေါ်သို့ ပင်ပန်း နွမ်းနယ်စွာဖြင့် သူ ထိုင်ချလိုက်သည်။ အဘွားကြီးက ရေနွေးအိုး ယူလာပေးသည်။ သူ လက်ဖက်ရည် ဖျော်သည်။ သို့သော် လက်ဖျားနှင့်မျှ မတို့ထိပါ။ အဘွားကြီးကို နောက် တနေ့နံနက်မှပဲ လာတော့ရန် သူ ပြောလိုက်သည်။

ဆိုဖာပေါ်တွင် သူ ထိုင်နေသည်။ မူးနောက်ရီဝေလျက်ရှိကာ အတော်ကြီးပင် နေမကောင်းဖြစ်နေပြီး အားကိုးရာမဲ့နေသည်ဟု သူ ထင်နေမိသည်။ မှေးခနဲ အိပ်ပျော်သွားမည် ရှိသည်။ သို့သော် သူ ထိုင်ရာမှထပြီး လှုပ်လှုပ်ရှားရှား လုပ်သည်။ အိပ်ချင်မူးတူးစိတ် ပျောက်သွားအောင် လမ်းလျှောက် သည်။ သူသည် ကယောင်ကတမ်း ဖြစ်နေချေပြီလောဟု သူ့ကိုယ်သူ မကြာခဏပင် ထင်မှတ်မိသည်။ သို့သော် သူ့ကို ဤမျှဖမ်းစားနေသည်မှာ သူ၏နေမကောင်းမှု မဟုတ်ပါ။ ဆိုဖာပေါ်တွင် ပြန်ပြီး ထိုင်လိုက်ပြီး တစုံတခုကို ရှာဖွေနေသည့်အလား ပတ်ပတ်လည်ကို သူ လိုက်ကြည့်နေသည်။ အကြိမ်ပေါင်းများစွာပင် ထိုကဲ့သို့ ကြည့်ရှုသည်။ နောက်ဆုံးအကြိမ်တွင် သူ၏ အကြည့်သည် တနေရာတွင် စူးစိုက်လျက် ရှိတော့သည်။

အိုက်ဗင် ပြုံးလိုက်သည်။ သို့သော် ဒေါသရိပ်များ သူ့မျက်နှာတွင် လွှမ်းသွားသည်။ ထိုနေရာတွင် အကြာကြီး ထိုင်နေသည်။ သူ၏ခေါင်းကို လက်နှစ်ဖက်ပေါ်တွင် တင်ထားသည်။ သို့သော် သူသည် စောစောက ကြည့်နေသော နေရာကိုပင် ဘေးစောင်းကြည့်နေသည်။ မျက်နှာချင်းဆိုင် နံရံရှိ ဆိုဖာဆီသို့ ဖြစ်သည်။ ထိုနေရာတွင် သူ့စိတ်ကို နှိုးဆွနေသော အရာဝတ္ထုတခု ရှိနေသည်။ ၎င်းသည် သူ့စိတ်ကို အနှောင့်အယှက်ပေးပြီး ဒုက္ခပေးနေသော အရာတခုပင် ဖြစ်သည်။

၉။ မာရ်နတ်၊ အိုက်ဗင်၏ ကယောင်ချောက်ချား အိပ်မက်။

ကျွန်ုပ်သည် ဆရာဝန်တယောက် မဟုတ်ပါ။ သို့သော် အခြေအနေက ဖြစ်ပေါ်လာသဖြင့် အိုက်ဗင်၏ နေမကောင်းမှု အခြေအနေကို မလွဲသာမရှောင်သာ ပြောပြရပါမည်။ ကျွန်ုပ်သည် စကားဦးသန်းသည့် အနေဖြင့် အချက်အလက်တခုကို ပြောပါမည်။ သူသည် ထိုအချိန်က သွေးလေချောက်ချားကာ စိတ်ကယောင်ကတမ်းဖြစ်မည့် အသွင်လက္ခဏာများ ရှိနေပါသည်။ သူသည် နေမကောင်းသည့် ဒဏ်ကို ခံနေရသည်မှာ ကြာမြင့်လှပြီ ဖြစ်သော်လည်း သူသည် ခေါင်းမာမာနှင့် တင်းပြီး ခံနေခဲ့ပါသည်။ ကျွန်ုပ်သည် ဆေးပညာအကြောင်း နားမလည်သော်လည်း အယူအဆတခုကိုတော့ စွန့်စားတင်ပြရပါမည်။ အိုက်ဗင်သည် စိတ်ဓာတ်အင်အားကြီးမား ပြင်းထန်မှုဖြင့် ရောဂါကို အတန်ကြာအောင် တားဆီးထားနိုင်ခဲ့ပါသည်။ နောက်ဆုံးတနေ့တွင် ရောဂါသည် လုံးဝပျောက်ကင်း သွားရမည်ဟုလည်း သူ ယုံကြည်မျှော်လင့်ထားပါသည်။ သူ နေမကောင်းဖြစ်နေသည်ကို သူ သိပါသည်။ သို့သော် ယခုလို သေရေးရှင်ရေးကာလမျိုးတွင် နေမကောင်းဖြစ်နေသည်ကို သူ အင်မတန် မုန်းတီးပါသည်။ သူ၏ ဘဝကံကြမ္မာကို အဆုံးအဖြတ်ပေးရမည့်အချိန်၊ တရားရုံးတွင် တက်ရောက်ပြီး သူ၏အဖြစ်ကို ရဲရဲဝံ့ဝံ့နှင့် ပြတ်ပြတ်သားသား တင်ပြကာ 'သူ့ကိုယ်သူ အဆုံးအဖြတ် ပေးရမည့်' အချိန်မျိုးတွင် ယခုလို နေမကောင်းဖြစ်သည်ကို သူ အင်မတန် မုန်းတီး စက်ဆုပ် မိပါသည်။

သို့သော် သူသည် ကက်ထရီးနား ရွှေဉာဏ်တော်စူးရောက်ပြီး မော်စကိုမှ ပင့်ဆောင်လာသော ဆရာဝန်အသစ်ကို သွားရောက်ပြသခဲ့ပါသည်။ ကက်ထရီးနား၏ ရွှေဉာဏ်တော် စူးရောက်မှု အကြောင်းကို ကျွန်ုပ် ဖော်ပြခဲ့ပြီး ဖြစ်သည်။

မော်စကိုမှ ဆရာဝန်သည် အိုက်ဗင်ကို စမ်းသပ်စစ်ဆေးကာ အိုက်ဗင်၏ ပြောဆိုချက်များကို နားထောင်ပြီးနောက် အိုက်ဗင်သည် စိတ်ကစဉ့်ကလျား ဖြစ်နေသော စိတ်ရောဂါတခုကို ခံစားနေရ ကြောင်း ကောက်ချက်ချလိုက်သည်။ ထို့ပြင် အိုက်ဗင်က သူ့အား ထို့ပိုင်း ထုံပိုင်း ပြောခဲ့သော ဝန်ခံချက်ကိုလည်း အံ့သြခြင်း အလျှင်းမရှိပါ။

"ခင်ဗျား အခြေအနေမျိုးမှာ စိတ်ထဲမှာ ထင်ရာမြင်ရာ ကယောင်ချောက်ချားတွေ ဖြစ်နိုင်တယ်၊ တခုတော့ ရှိတယ်၊ အဲဒီလို ခင်ဗျားစိတ်ထဲမှာ ထင်ရာမြင်ရာ ကယောင်ချောက်ချား ဖြစ်တာတွေကို ကျုပ်တို့ သေသေချာချာ လေ့လာဆန်းစစ်ပြီး ကြည့်ရမယ်၊ ခင်ဗျားအနေနဲ့ ဆေးဝါးကုသမှုကို

အရေးတကြီး ခံယူဖို့လိုတယ်၊ နည်းနည်းကလေးမှ နောက်ကျနေလို့ မဖြစ်ဘူး၊ နို့မဟုတ်ရင် ခင်ဗျားရဲ့ အခြေအနေ အများကြီး ဆိုးသွားလိမ့်မယ်” ဆရာဝန်က ကြေညာလိုက်သည်။ သို့သော် အိုက်ဗင်သည် ဆရာဝန်ထံမှ ပြန်လာသောအခါ ဆရာဝန်၏ ကောင်းမွန်သော အကြံပေးချက်ကို လိုက်နာခြင်း မရှိပါ။ အိပ်ရာထဲတွင် အနားယူခြင်း မရှိပါ။ ဆေးဝါးကုသမှု ခံယူခြင်း မရှိပါ။

“ငါဟာ သွားသွားလာလာပဲ ရှိနေတယ်။ ငါ့မှာ အဲဒီလို သွားသွားလာလာ လုပ်နိုင်တဲ့ အားတွေလည်း ရှိနေသေးတယ်။ ငါဟာ အိပ်ရာထဲမှာ လှဲနေလိုက်ရင် အခြေအနေတမျိုး ဖြစ်သွားမယ်၊ လူတွေက ငါ့ကို သူတို့ထင်တိုင်း ဆေးတွေဝါးတွေ ကုသကြတော့မယ်”

အိုက်ဗင် ဆုံးဖြတ်လိုက်သည်။ ဆေးဝါးကုသမှု အစီအစဉ်ကို သူ ပယ်ဖျက်လိုက်သည်။ ယင်းသို့ဖြင့် သူသည် ယခုအခါ ဆိုဖာပေါ်တွင် ထိုင်လျက်ရှိနေတော့သည်။ သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေသည်ကို သူ သိနေသည်။ ထို့ပြင် သူသည် စောစောက ကျွန်ုပ်ပြောခဲ့သည့်အတိုင်းပင် မျက်နှာချင်းဆိုင် နံရံအနီးရှိ ဆိုဖာပေါ်မှ အရာဝတ္ထုကို ငေးစိုက်ကာ ကြည့်နေသည်။ ထိုနေရာတွင် တစုံတယောက် ထိုင်နေဟန် ရှိသည်။ သို့သော် အဆိုပါလူ မည်ကဲ့သို့ ရောက်ရှိလာသည်ကို ဘုရားသခင်မှ သိရှိပါမည်။ အကြောင်းမှာ အခန်းတွင်းသို့ အိုက်ဗင် ဝင်ရောက်လာစဉ်က ထိုနေရာတွင် သူ ရှိမနေပါ။

သူသည် လူကြီးလူကောင်းတဦး ဖြစ်သည်။ ပိုပြီး တိတိကျကျ ပြောရလျှင် ရုရှား လူကြီးလူကောင်း အမျိုးအစားထဲက ဖြစ်သည်။ အသက်အရွယ် မငယ်တော့ပါ။ သို့သော် ဆံပင်ရှည်ရှည် ကောင်းကောင်း နက်နက်နှင့် ဖြစ်သည်။ အဖြူရောင် အနည်းငယ်မျှသာ ရောစွက်သေးသည်။ ထို့နောက် မုတ်ဆိတ်မွေး သေးသေးချွန်ချွန်ကလေးနှင့် ဖြစ်သည်။ ကုတ်အင်္ကျီအညို ဝတ်ထားသည်။ အကောင်းစား ဖြစ်သော်လည်း ဟောင်းနွမ်းနေပြီ ဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်လောက်က ချုပ်လုပ်ခဲ့ပြီး ခေတ်နောက်ကျနေပြီ ဖြစ်သည်။ မြို့ပေါ်မှ ဥစ္စာခနေ ကြွယ်ဝသူများ ဤပုံစံမျိုးကို မဝတ်ကြတော့သည်မှာ နှစ်နှစ်လောက် ရှိပေပြီ။ သူ၏ ရှပ်အင်္ကျီနှင့် လည်စည်းတို့မှာလည်း တကယ့် လူကြီးလူကောင်းများ ဝတ်ဆင်သည့် အတန်းအစားများပင် ဖြစ်သည်။ သို့သော် အနီးကပ် ကြည့်ရှုလျှင် သူ့ရှပ်အင်္ကျီ ညစ်ပတ်ပေရေနေပြီး လည်စီးကလည်း ဟောင်းနွမ်း စုတ်ပြဲလျက် ရှိပါသည်။ သူ ဝတ်ထားသော ဘောင်းဘီရှည်အကွက်သည် အကောင်းစားပင် ဖြစ်သည်။ သို့သော် အရောင်ဖျော့လွန်းနေပြီး ပုံစံကလည်း ကျပ်လွန်းနေပြီး ယခုအခါ သည်ပုံစံမျိုး မဝတ်ကြတော့ပါ။ သူ၏ အမွေး ဦးထုပ်ဖြူကလည်း အလားတူပင် ရာသီဥတုနှင့် မကိုက်ညီတော့ပါ။ အတိုချုပ်ဆိုရလျှင် သူသည် ဆင်းရဲနွမ်းပါးသော လူကြီးလူကောင်းတယောက်၏ အသွင်လက္ခဏာ ရှိပါသည်။ သူ့ကို ကြည့်ရသည်မှာ

ကျေးပိုင်ကျွန်ပိုင်ခေတ်က ကောင်းစားခဲ့သော မြေပိုင်ရှင် ပေါ်ကြော့တဦးနှင့် တူပါသည်။ သူသည် တချိန်က အထက်တန်းစား အသိုင်းအဝိုင်းထဲကဖြစ်ပြီး အဆက်အသွယ်ကောင်းများ ရှိခဲ့သည်မှာ သိသာထင်ရှားသည်။ သူ့တွင် ယခုခေတ်တိုင်သော်လည်း အဆက်အသွယ်ကောင်းများ ရှိနေဆဲပင် ဖြစ်သည်။ သို့သော် သူသည် ငယ်ရွယ်စဉ်ဘဝ ရွှေထီး ဆောင်းခဲ့ပြီး မကြာမီက ကျေးပိုင်ကျွန်ပိုင်စနစ်ကို ဖျက်သိမ်းလိုက်သောအခါ တဖြည်းဖြည်းနှင့် မိတ်ဟောင်းဆွေဟောင်းများ အပေါ်တွင် မှီခိုနေရသော အထက်တန်းစား ကပ်ပါးတယောက် ဖြစ်လာရတော့သည်။ မိတ်ဆွေအပေါင်းအသင်းများကလည်း သူ့ကို လိုက်လျောညီထွေသော ပုဂ္ဂိုလ် တဦးအနေဖြင့် ဆက်ဆံကြသည်။ ညစာစားပွဲများတွင် လက်ခံကြသည်။ သို့သော် အရေးပါသော လူတယောက်အနေနှင့် မဟုတ်ဘဲ စားပွဲထောင့်တနေရာတွင်သာ ဖြစ်သည်။ ဤလို လူ့ကပ်ပါးများသည် ပေါင်းသင်းဆက်ဆံတတ်သော လူကြီးလူကောင်းများ ဖြစ်သဖြင့် လူအများ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာတွေကို ပြောတတ်သည်။ ဖဲဝိုင်းတွင် လူမပြည့်လျှင် ဝင်ပြီးထိုင်နိုင်သည်။ သို့သော် သူတို့အပေါ်တွင် ပေးအပ်သော လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန် အင်မတန် တုံ့ဆိုင်းတတ်ကြသည်။ သူတို့သည် များသောအားဖြင့် တယောက်တည်းသမားများ ဖြစ်တတ်ကြသည်။ လူပျိုကြီး သို့မဟုတ် မုဆိုးဖိုများ ဖြစ်တတ်ကြသည်။ ရံဖန်ရံခါတွင် ၎င်းတို့၌ သားသမီးများ ရှိတတ်ကြသည်။ သို့သော် ယင်းကဲ့သို့ သားသမီးများ ရှိခဲ့လျှင်လည်း ယင်းကလေး များကို အလှမ်းဝေးရာ တောနယ်များသို့ ပို့ထားတတ်သည်။ ၎င်းတို့၏ အဒေါ်များလက်တွင် ပို့အပ်ထားတတ်သည်။ သို့သော် ယင်းအဒေါ်များအကြောင်းကို သူ ကျင်လည်ကျက်စားနေသော အထက်တန်းစား အသိုင်းအဝိုင်းတွင် ထုတ်ဖော်ပြောဆိုခြင်း မပြုတတ်ပါ။ အနီ လူကြီးမင်းများသည် ယင်း အဒေါ်များနှင့် ဆွေမျိုးတော်စပ်ရသည်ကို ရှက်လှဘိဟန်ဖြင့် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ ကလေးများနှင့် တဖြည်းဖြည်းချင်း အဆက်အသွယ် ပြတ်တောက်သွားတတ်သည်။ ရံဖန်ရံခါမှ သာလျှင် သားသမီးများထံမှ မွေးနေ့ကတ်ပြား ဖြစ်စေ၊ ခရစ္စမတ်ကတ်ပြား ဖြစ်စေ ရရှိတတ်သည်။ ရံဖန်ရံခါတွင် ၎င်းတို့ကို တုံ့ပြန်တတ်ခြင်း ပြုတတ်သည်။

နောက်တဖန် မမျှော်လင့်ဘဲ ရောက်ရှိလာသော ဧည့်သည်၏ မျက်နှာရိပ်မျက်နှာကဲသည် လိုက်လျော ညီထွေနေတတ်သော သဘောသကန်လည်း မရှိ၊ လိုလား နှစ်သက်ဖွယ်ရာသော အမူအရာလည်း မရှိပါချေ။ သူ့တွင် အိတ်ဆောင်နာရီ မပါရှိပါ။ သို့သော် လိပ်ခွံရိုးတပ် မျက်မှန်တလက် ဖဲကြိုးနက် ပေါ်တွင် ရှိနေသည်။ သူ၏ လက်ယာဘက် လက်ခလယ်တွင် အပေါစားကျောက်နှင့် ရွှေလက်စွပ်ကြီး တကွင်း ရှိသည်။

အိုက်ဗင် ဒေါသဖြစ်ဖြစ်နှင့် နှုတ်ဆိတ်နေသည်။ စကားပြောဆိုခြင်းကို

စတင်ခြင်း မပြုပါ။ ဋ္ဌေသည်ကလည်း အိုက်ဗင်၏ အရိပ်အခြည်ကို စောင့်စားလျက်ရှိသည်။ သူသည် အိမ်ရှင် လက်ဖက်ရည်သောက်သည်ကို အဖော်အပေါင်းပြုရန် အခန်းတွင်းမှ ထွက်လာသော ဋ္ဌေခံပုဂ္ဂိုလ် တဦးပမာ ဖြစ်သည်။ သူ၏ အိမ်ရှင် မျက်မှောင်ကုတ်ပြီး တစုံတခုကို စဉ်းစားနေကြောင်း သိရှိသဖြင့် အထူးသတိထားပြီး တိတ်ဆိတ်နေဟန် ရှိသည်။ သို့သော် သူ၏ အိမ်ရှင်က စကား စတင်လိုက် သည်နှင့် တပြိုင်နက် အာလာပသလ္လာပ စကားကို ပြောရန် အသင့်ရှိနေသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကြဟန် တခု ဝင်လာသည်။

"သြော် ... ခင်ဗျားကို ကျွန်တော် တခု သတိပေးရဦးမယ်" အိုက်ဗင်ကို သူ ပြောလိုက်သည်။ "ခင်ဗျား ဆမာယာကော့ဆီကို သွားတာ ကက်ထရီးနားအကြောင်း စုံစမ်းမလို့ မဟုတ်လား။ ဒါပေမဲ့ အမျိုးသမီးအကြောင်း ဘာမှ မသိရဘဲနဲ့ ခင်ဗျား ပြန်လာခဲ့တယ်၊ ခင်ဗျား မေ့သွားတယ်နဲ့တူတယ်"

"အို ... ဟုတ်ပါ့" အိုက်ဗင် ရွတ်ဆိုလိုက်သည်။ သူ့မျက်နှာ မှုန်သွားသည်။ "ဟုတ်တာပေါ့။ ကျုပ် မေ့သွားတယ်၊ ဒါပေမဲ့ အခုကျမှာ့ ဒီကိစ္စ ဘာမှ အရေးမကြီးတော့ပါဘူး" သူ့ကိုယ်သူ ပြောလိုက်သည်။ "မနက်ဖြန်မနက် မရောက်မချင်း ဘာကိစ္စမှ အရေးမကြီးတော့ဘူး" ထို့နောက် သူ၏ ဋ္ဌေသည်ဘက်သို့ ဒေါသဖြစ်ဟန်ဖြင့် လှည့်လိုက်ပြီး "ခင်ဗျားနဲ့ ပတ်သက်လို့ ကျုပ် အခုမှ သတိရတယ်၊ ကျုပ် စိတ်ထဲမှာ ကသိကအောက် ဖြစ်နေရတာ ခင်ဗျားကြောင့်ပဲ၊ နေပါဦး ခင်ဗျားက ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တာကို ဝင်ပြောရတာလဲ၊ ကျုပ်ဘာကျုပ် သတိမေ့နေတဲ့ ကိစ္စကို ခင်ဗျားက သတိပေးတယ်လို့ ကျုပ်စိတ်ထဲမှာ ထင်စရာ ဖြစ်လာတယ်"

"အဲဒီလိုဆိုရင်လည်း မထင်ဘဲ ထားလိုက်ပေါ့" လူကြီးမင်းက နှစ်လိုဖွယ်ရာ ပြုံးရယ်ရင်း ပြောလိုက်သည်။ "ကိုယ့်ဆန္ဒကို ဆန့်ကျင်ပြီး ကိုယ့်စိတ်ထဲမှာ ထင်ရတာ ဘာလုပ်စရာလဲ၊ နောက်ပြီးတော့ ယုံကြည်မှုဆိုတာက ဘာအထောက်အထားမှ မလိုဘူး၊ အထူးသဖြင့် ရုပ်ဝတ္ထု အထောက်အထားတွေ မလိုအပ်ပါဘူး။ တောမတ် ယုံကြည်တာဟာ အရှင်ယေရှု ရှင်သန်ထမြောက် တာကို သူ မြင်ရလို့ မဟုတ်ဘူး၊ သူ့စိတ်ထဲမှာ မမြင်ရခင်ကတည်းက ယုံကြည်ချင်နေလို့ပဲ။ ဥပမာတခု ပြောရရင် နာမ်ဝါဒသမားတွေကိုကြည့်၊ သူတို့ကို ကျွန်ုပ် အင်မတန် သဘောကျတယ်၊ စဉ်းစားကြည့်စမ်းပါ၊ မကောင်းဆိုးဝါး မာရ်နတ်တွေက သူတို့ရဲ့ချိုကြီးတွေကို တမလွန်လောက ကနေ ပြနေတဲ့အတွက် သူတို့ဟာ ဘာသာရေးအလုပ်ကို လုပ်နေကြတယ်လို့ ထင်နေကြတယ်၊ ဒါကို သူတို့က ရုပ်ဝတ္ထုသက်သေပဲလို့ ဆိုကြတယ်၊ တမလွန်လောကကြီး ရှိနေတာကို သက်သေပြနေ တယ်လို့ သူတို့ ယူဆတယ်၊ တမလွန် လောကကြီးနဲ့ ရုပ်ဝတ္ထုသက်သေတဲ့၊ ကဲ ဘာလိုသေးသလဲ၊ အဲ .. အဲသည်တော့ ခင်ဗျားဟာ

မာရ်နတ်ရှိနေတယ်ဆိုတာကို သက်သေပြနိုင်ရင် ဘုရားသခင် ရှိနေတာ ကို သက်သေပြတာပဲ မဟုတ်လား၊ စိတ်ဝါဒအဖွဲ့ကြီးထဲကို ကျွန်တော် ဝင်ချင်တယ်၊ အဲဒီမှာ ကျွန်တော် အတိုက်အခံ လုပ်မယ်၊ ကျွန်တော် ပြောမယ်၊ ကျွန်တော်က ဒိဋ္ဌိမမ္မသမား တယောက်ပဲ၊ ရုပ်ဝါဒသမား တယောက် မဟုတ်ဘူး၊ ဟား ဟား ဟား”

“ကျုပ် ပြောမယ်၊ ကျုပ် ကယောင်ချောက်ချားတွေ ဖြစ်လာပြီနဲ့တူတယ်။ ဟုတ်တယ် သေချာတယ်” အိုက်ဗင် ထိုင်ရာမှ ရုတ်တရက် ထရပ်ရင်း ပြောလိုက်သည်။

“ဟုတ်တယ်၊ ကျုပ် ကယောင်ချောက်ချား ဖြစ်နေတယ်၊ အဲဒါဆိုရင်တော့ မဟုတ်မဟတ်တာတွေကို ခင်ဗျား ကြိုက်တာတွေ ပြောနိုင်တယ်၊ ကျုပ် ဂရုမစိုက်ဘူး၊ အရင်တခါတုန်းက ခင်ဗျား လုပ်သလို ဒီတခါတော့ ခင်ဗျား ကျုပ်ကို သွေးရူးသွေးတန်းဖြစ်အောင် မလုပ်နိုင်တော့ဘူး၊ ကျုပ် စိတ်ထဲမှာ ရှက်နေတာပဲ ရှိတယ်၊ အခန်းထဲမှာ ကျုပ် လမ်းလျှောက်နေချင်တယ်၊ အဲဒါဆိုရင် အရင်တခါတုန်း ကလိုပဲ ခင်ဗျားကို ကျုပ်မြင်ချင်တဲ့အခါမှ မြင်ရမယ်၊ ခင်ဗျားပြောတဲ့ စကားတွေကိုလည်း ကြားချင်တဲ့အခါမှ ကြားရမယ်၊ ဒါပေမဲ့ ခင်ဗျား ဘာတွေပြောနေသလဲ ဆိုတာတော့ ကျုပ် အမြဲတမ်း သိနေတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ စကားပြောနေတဲ့လူက ကျုပ်ကိုယ်တိုင်ပဲ၊ ခင်ဗျားမဟုတ်ဘူး။ တခုပဲ ကျုပ်မသိတာက အရင်တခါတုန်းက ခင်ဗျားကို ကျုပ်မြင်ရတဲ့အချိန်မှာ ကျုပ်ဟာ အိပ်ပျော်နေသလား၊ နိုးနေသလားဆိုတာပဲ၊ မျက်နှာသုတ်ပဝါကို ရေအေးအေးမှာ စိမ်ပြီး ကျုပ် ခေါင်းပေါ်မှာ တင်ထားလိုက်ရင် ခင်ဗျားဟာ လေထဲမှာ တခါတည်း ပျောက်သွားမှာပဲ”

အိုက်ဗင် အခန်းထောင့်ဆီသို့ လျှောက်သွားပြီး မျက်နှာသုတ်ပဝါကို ယူကာ သူပြောသည့်အတိုင်း လုပ်ဆောင်သည်။ သူသည် မျက်နှာသုတ်ပဝါကို ခေါင်းပေါ်တွင် တင်လျက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။

“ကျွန်တော်တို့ တယောက်ကို တယောက် မိတ်ဟောင်းဆွေဟောင်းတွေလို စကား ပြောနေကြတဲ့ အတွက် ကျွန်တော် အထူးပဲ ဝမ်းသာပါတယ်” ဧည့်သည်က ပြောလိုက်သည်။

“အရှူးပဲ” အိုက်ဗင် ရယ်မောလိုက်သည်။ “ခင်ဗျားကို ကျုပ် သူစိမ်းတယောက်လို မဆက်ဆံပါဘူး၊ ကျုပ်ရဲ့နားထင်တွေနဲ့ ကျုပ်ခေါင်းထဲမှာ နည်းနည်း ကိုက်နေတာကလွဲလို့ ကျုပ်မှာ စိတ်ခံစား အခြေအနေ အများကြီးကောင်းပါတယ်၊ တခုပဲ ရှိတယ်၊ အရင်တ ခေါက်တုန်းကလို သဘောတရား တွေတော့ မပြောပါနဲ့၊ ခင်ဗျားအနေနဲ့ မပြောဘဲ မနေနိုင်ဘူးဆိုရင်လည်း ရယ်စရာ မောစရာ လေးတွေ ပြောပါ၊ ဟိုအတင်း

ဒီအတင်းတွေ ပြောပါ။ ခင်ဗျားက လူ့ကပ်ပါးတယောက်ဆိုတော့ အမနာပ အတင်းတွေလည်း ပြောပေါ့၊ ကျုပ်အဖို့တော့ ကယောင်ချောက်ချား အိပ်မက်တွေ မက်ရဦးတော့မှာပေါ့၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ် မကြောက်ပါဘူး။ ခင်ဗျားကို ကျုပ် နိုင်ရမှာပေါ့။ အရူးထောင်ကို ကျုပ် အပို့မခံရပါဘူး”

“တယ် ကောင်းပါကလား။ လူ့ကပ်ပါး၊ အင်း … ဟုတ်တယ်။ ကျွန်တော်ဟာ လူ့ကပ်ပါးတယောက်ပဲ၊ ကျွန်တော်ဟာ လူ့ကပ်ပါးတယောက် မဟုတ်ရင် တခြားဘာဖြစ်ရဦးမလဲ၊ ဒါနဲ့ စကားမစပ်၊ ခင်ဗျားပြောတာတွေကို ကျွန်တော် နားထောင်ပြီး ကျွန်တော် အံ့သြနေတယ်၊ ခင်ဗျားဟာ ကျွန်တော့်ကို တကယ်ရှိနေတဲ့ အခြင်းအရာတခုအဖြစ်နဲ့ တဖြည်းဖြည်းချင်း လက်ခံစပြုနေတယ်၊ အရင်တခေါက်တုန်းကလို ခင်ဗျားစိတ်ထဲမှာ ထင်ယောင်ဝိုးဝါးဖြစ်နေတာမျိုး မဟုတ်တော့ဘူး”

“ခင်ဗျားကို ကျွန်တော် ဘယ်တုန်းကမှ တကယ့်အစစ်အမှန်အဖြစ် မယူဆခဲ့ပါဘူး” အိုက်ဗင် ဒေါသဖြင့် ဟစ်အော်လိုက်သည်။ “ခင်ဗျားဟာ အလိမ်အညာပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့ရောဂါပဲ၊ ခင်ဗျားဟာ တစ္ဆေ မှင်စာတကောင်ပဲ၊ တခုပဲရှိတယ်၊ ခင်ဗျားကို ဘယ်လို ချေမှုန်းသုတ်သင်ရမယ် ဆိုတာကို ကျုပ် မသိဘူး၊ ကျုပ်ဟာ ဒီဒုက္ခကို အချိန်အတော်ကြီး ကြာအောင်ကို ခံနေရတော့မယ်၊ ခင်ဗျားဟာ ကျုပ်ရဲ့ကယောင်ချောက်ချား ထင်ယောင် ဝိုးတဝါးပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့ကိုယ်ပွားပဲ၊ ဒါပေမဲ့ ကျုပ်ရဲ့တကိုယ်လုံး မဟုတ်ဘူး၊ ကျုပ်ရဲ့ကိုယ်တခြမ်းတည်းပဲ၊ ကျုပ်ရဲ့ အတွေးအမြင်တွေနဲ့ ကျုပ်ရဲ့ခံစားမှုတွေပဲ၊ အဲဒီနေရာမှာလည်း အယုတ်မာဆုံးနဲ့ အမိုက်မဲဆုံး အပိုင်းပဲ၊ အဲဒီသဘောအရပဲ ခင်ဗျားဟာ ကျုပ်အတွက် စိတ်ဝင်စားစရာ ဖြစ်နေတယ်၊ တကယ်လို့ ကျုပ်မှာ အလဟဿ ဖြုန်းစရာ အချိန်တွေ ရှိနေရင်ပေါ့”

“လာပါ လာပါ၊ ခင်ဗျား မှားနေတယ်ဆိုတာကို ကျွန်တော် သက်သေပြပါ့မယ်၊ လွန်ခဲ့တဲ့ တစ်နာရီ နှစ်နာရီလောက်ကပဲ ခင်ဗျားဟာ လမ်းမီးတိုင်အောက်မှာ အလျှိုရှာနဲ့ လမ်းအခွဲမှာ သူ့ကို ခင်ဗျား ပြောခဲ့တယ်။ ‘ဒီအကြောင်းကို မင်း သူ့ဆီက သိတာ မဟုတ်လား၊ ငါ့ဆီကို သူ လာတယ်ဆိုတာ မင်း ဘယ်လိုလုပ်ပြီး သိသလဲ’၊ အဲဒီတုန်းက ခင်ဗျား ကျွန်တော့်ကို ရည်ရွယ်ပြီး ပြောတာ မဟုတ်လား၊ အဲဒီတော့ တစ်ဗီဇနာ တစ်စက္ကန့်လောက်တော့ ကျွန်တော် တကယ်ရှိနေတယ်လို့ ခင်ဗျား ယုံကြည်ခဲ့တယ် မဟုတ်လား”

လူကြီးမင်း သိမ်မွေ့နူးညံ့စွာ ရယ်မောလိုက်သည်။

“ဟုတ်တယ်၊ အဲဒါ ခေတ္တခဏ အားနည်းမှုပဲ၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ် မယုံဘူး၊ အရင်တခါတုန်းက ကျုပ် အိပ်နေသလား၊ လမ်းလျှောက်နေသလားဆိုတာ ကျုပ် မသိဘူး၊ ကျုပ်ဟာ အိပ်မက်နေတာ ဖြစ်ပြီး ခင်ဗျားကို တကယ်မြင်ခဲ့တာ

မဟုတ်ဘူး”

“ဒါဖြင့်ရင် ခင်ဗျားဟာ အလျှိုရှာနဲ့ စကားပြောတဲ့အချိန်မှာ ဘာဖြစ်လို့ ဒါလောက်တောင် တင်းမာ ခက်ထန်နေရတာလဲ၊ သူဟာ လူကောင်းကလေးတယောက်ပါ၊ ခင်ကြီး ဇော်ဇီမာနဲ့ ပတ်သက်ပြီး သူ့အပေါ်မှာ ကျွန်တော် အတော်ကလေး ဆိုးခဲ့မိတယ်”

“အလျှိုရှာအကြောင်း မပြောပါနဲ့။ ခင်ဗျား ပါးစပ် တယ်သရမ်းပါလား၊ ကပ်ပါး ကပ်ပါးကြီး” အိုက်ဗင် ရယ်မောလိုက်ပြန်သည်။

“ခင်ဗျားက ကျွန်တော့်ကို နင်ပဲငဆတွေ ပြောတယ်၊ ပြီးတော့ တချိန်တည်းမှာပဲ ရယ်လည်း ရယ်သေးတယ်၊ အဲဒါကောင်းတဲ့လက္ခဏာပဲ၊ ဒါပေမဲ့ ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ အရင်တခေါက်ကထက်ပိုပြီး ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ရှိနေတယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုတာ ကျွန်တော် သိတယ်၊ ခင်ဗျားရဲ့ မဟာဆုံးဖြတ်ချက်ကြီးကြောင့်ပဲ”

“ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို မပြောနဲ့” အိုက်ဗင် ရိုင်းစိုင်းကြမ်းတမ်းစွာ အော်လိုက်သည်။

“ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် နားလည်ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ဟာ မြင့်မြတ်တယ်၊ အဲဒီဆုံးဖြတ်ချက်ဟာ သဘောကျစရာ ကောင်းတယ်၊ ခင်ဗျားဟာ မနက်ဖြန်ကျရင် ခင်ဗျားရဲ့ အစ်ကိုကို ကာကွယ်မယ်၊ ခင်ဗျားကိုယ်ခင်ဗျား အနစ်နာခံမယ်၊ သူရဲကောင်း ပီသပါပေတယ်”

“တိတ်စမ်း၊ ခင်ဗျားကို ကျုပ် ကန်ထုတ်မိလိမ့်မယ်”

“အဲဒီလိုဆို ကျွန်တော် ဝမ်းသာလိုက်တာဗျာ၊ ဒါမှ ကျုပ်က အရာဝတ္ထုတခုအဖြစ်ကို ရရှိမှာကိုး၊ ခင်ဗျားဟာ ကျွန်တော့်ကို ကန်တယ်ဆိုရင် ကျွန်တော့်ကို တကယ်ရှိနေတယ်လို့ ယုံကြည်လို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တစ္ဆေတကောင်ကို ဘယ်သူကမှ ခြေထောက်နဲ့ မကန်ဘူး။ အလကား နောက်တာပါ၊ ဒါတွေကို ထားလိုက်ပါတော့၊ ကျွန်တော့်အတွက် ဘာမှ အကြောင်းမထူးပါဘူး၊ ကျွန်တော့်ကို ခင်ဗျား နင်ပဲငဆ ကြိုက်သလို ပြောပါ၊ ဒါပေမဲ့ ကျွန်တော့်ကိုပဲဖြစ်ဖြစ်ပေါ့၊ အခုထက်ပိုပြီး ယဉ်ကျေးမယ်ဆိုရင်တော့ အများကြီး ကောင်းတာပေါ့။ အရှူး၊ ကပ်ပါး ... ကပ်ပါး၊ ဘယ်လိုစကားတွေလဲ”

“ခင်ဗျားကို နင်ပဲငဆ ပြောတာဟာ ကျုပ်ကိုယ်ကျုပ် နင်ပဲငဆ ပြောတာပဲ” အိုက်ဗင် ရယ်မောလိုက်ပြန်သည်။ “ခင်ဗျားဟာ ကျုပ်ပဲ၊ ကျုပ်ကိုယ်တိုင်ပဲ၊ မျက်နှာတမျိုး ကွဲပြားတာပဲ ရှိတယ်၊ ကျုပ်စိတ်ထဲမှာရှိနေတဲ့ စိတ်ကူးတွေကို

ခင်ဗျားက ပါးစပ်ကနေ ပြောနေတာပဲ၊ ခင်ဗျားအနေနဲ့ ကျုပ်ကို ဘာတခုမှ အသစ်အဆန်း မပြောနိုင်ပါဘူး”

“ကျွန်တော့်ရဲ့အတွေးတွေဟာ ခင်ဗျားရဲ့အတွေးတွေနဲ့ တထပ်တည်း ဖြစ်နေတယ်ဆိုရင် ကျွန်တော့်အဖို့ ဂုဏ်ယူစရာပဲပေါ့”

လူကြီးမင်းက နူးညံ့သိမ်မွေ့စွာနှင့် ဂုဏ်သိက္ခာရှိစွာ ကြေညာလိုက်သည်။

“ဒါပေမဲ့ ခင်ဗျားက ကျုပ်ရဲ့ မကောင်းတဲ့ အတွေးအခေါ်တွေကိုပဲ တွေးယူမယ်၊ အင်မတန် မိုက်မဲတဲ့ အတွေးတွေပဲပေါ့။ ခင်ဗျားဟာ မိုက်မဲတယ်၊ အောက်တန်းကျတယ်၊ ခင်ဗျားဟာ ကြောက်စရာ ကောင်းလောက်အောင်ကို မိုက်မဲတယ်၊ ကျုပ် ခင်ဗျားကို ဘယ်လိုမှ သည်းမခံနိုင်ဘူး၊ ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ် ဘာလုပ်ရမလဲ”

အိုက်ဗင် အံသွားတွေကို ကြိတ်ပြီး ဟစ်အော်နေသည်။

“မိတ်ဆွေကြီး ကြိုက်သလို ပြောပါ၊ ဒါပေမဲ့ ကျွန်တော်ဟာ လူကြီးလူကောင်းတယောက် အဖြစ်ကိုပဲ လိုလားတယ်၊ လူတွေကလည်း ကျွန်တော့်ကို လူကြီးလူကောင်းတယောက်လိုပဲ ဆက်ဆံစေချင် တယ်” ညော့်သည်က တပါးသူများအပေါ် ကပ်ရပ်စားသောက်နေသူများပုံစံအတိုင်း စိတ်သဘောထား မြင့်မြတ်သော၊ မာန်မာနကင်းစင်သော၊ ချိုသာကောင်းမွန်သော သဘာ၀ဖြင့် ပြောဆိုသည်။ “ကျွန်တော်ဟာ ဆင်းရဲတယ်၊ ဒါပေမဲ့ သိပ်ပြီး ရိုးသားတယ်လို့ ကျွန်တော် မပြောပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲမှာ အားလုံးဟာ သဘောတူ လက်ခံထားတာကတော့ ကျွန်တော်ဟာ ဘုန်းကြီးလူထွက်တယောက်ပဲ၊ အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော်ဟာ ဘယ်လိုလုပ်ပြီး ဘုန်းကြီးဖြစ်ခဲ့သလဲတော့ မသိဘူး၊ တကယ်လို့ ဖြစ်ခဲ့တယ်လို့ဆိုရင် ကျွန်တော့်ဟာကျွန်တော် မေ့နေပြီ၊ လောလောဆယ်အချိန်မှာ ကျွန်တော် တန်ဖိုးထားတာကတော့ ကျွန်တော်ဟာ လူကြီး လူကောင်းတယောက် ဖြစ်တယ်ဆိုတဲ့အချက်ပဲ၊ ကျွန်တော်ကလည်း လူချစ်လူခင်များအောင် အတတ်နိုင်ဆုံး ကြိုးစားပြီး နေတယ်၊ လူတွေကို ကျွန်တော် တကယ်ချစ်တယ်၊ အို ... ကျွန်တော်ဟာ သားပုပ်လေလွင့်တွေ အပြောခံနေရပြီ။

“ဒီမှာ ... ကျွန်တော်ဟာ ခင်ဗျားနဲ့ ကြိုးကြားကြိုးကြား လာနေတဲ့အခါတွေမှာ ကျွန်တော့်ဘ၀ဟာ တကယ်တည်ရှိတဲ့ အနေအထားကို ရရှိတယ်၊ အဲဒါကို ကျွန်တော် အကြိုက်ဆုံးပဲ၊ ဘာဖြစ်လို့တုံး ဆိုတော့ ကျွန်တော်လည်း ခင်ဗျားလိုပဲ စိတ်ကူးယဉ်ဘ၀ကို ခံစားနေရတယ်၊ အဲဒီတော့ ကျွန်တော်ဟာ မြေကြီးဆန်တဲ့ ဒိဋ္ဌဓမ္မအဖြစ်ကို မြတ်နိုးရတယ်၊ ဒီမှာဆိုရင်၊ ခင်ဗျားနဲ့ဆိုရင် အားလုံးဟာ တိတိကျကျ ဘောင်ခတ်ပြီးသား ဖြစ်နေတယ်။

ဒီမှာဆိုရင် အားလုံးဟာ ပုံစံဖော်ပြီးသား ဖြစ်နေတယ်၊ ဒီမှာဆိုရင် အားလုံးဟာ အချိုးကျဖြစ်နေတယ်၊ အပြင်မှာဆိုရင် ကျွန်တော်တို့ဟာ တိကျရှင်းလင်းခြင်း မရှိတဲ့ ညီမျှခြင်းတွေပဲ။

"ဒီမှာဆိုရင် ကျွန်တော် လမ်းလျှောက်နိုင်တယ်၊ အိပ်မက်မက်နိုင်တယ်၊ အိပ်မက် မက်ရတာကို ကျွန်တော် သဘောကျတယ်၊ နောက်ပြီးတော့ ကျွန်တော်ဟာ မြေကြီးပေါ်မှာနေပြီး နာမ်လောက အစွဲအလမ်းတွေ ကြီးလာတယ်၊ မရယ်ပါနဲ့၊ ကျေးဇူးပြုပြီး မရယ်ပါနဲ့၊ နာမ်လောကဆိုင်ရာ အစွဲအလမ်းတွေကို ကျွန်တော် သဘောကျတယ်၊ ကျွန်တော်ဟာ ဒီမှာ ခင်ဗျားရဲ့အလေ့အကျင့်တွေ အားလုံးကို လိုက်လုပ်တယ်၊ အများပြည်သူဆိုင်ရာ ရေချိုးခန်းတွေကို သွားရတာ ကျွန်တော် သဘောကျတယ်၊ ခင်ဗျား ယုံသလား၊ ကျွန်တော်ဟာ ဘုန်းကြီးတွေ၊ ကုန်သည်တွေနဲ့အတူ ရေချိုးရတာကို သဘောကျတယ်။

"ကျွန်တော် သဘောအကျဆုံး အိပ်မက်ကတော့ အသစ်တဖန်ပြန်ပြီး လူဖြစ်ချင်တာပဲ၊ ကုန်သည်ကြီး တယောက်ရဲ့အလေးချိန် တဆယ့်ခြောက်စတုံလောက်ရှိတဲ့ မိန်းမ ဝဝကြီး တယောက်အဖြစ် တခါတည်း ဖြစ်လိုက်ချင်တယ်၊ အပြီးအပိုင် ဖြစ်ချင်တယ်၊ အဲဒီမိန်းမကြီး ယုံကြည်တာတွေ အားလုံးကို ယုံကြည်ချင်တယ်၊ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကတော့ ဘုရားရှိခိုးကျောင်းကို သွားပြီး တကယ့်ကို ယုံယုံကြည်ကြည်နဲ့ ဘုရားမီး ပူဇော်ချင်တာပဲ၊ အဲဒါ ကျွန်တော် ရိုးရိုးသားသား အမှန်အတိုင်း ပြောတာပဲ၊ အဲဒါဆိုရင် ကျွန်တော့်ရဲ့ဝေဒနာခံစားနေရမှုတွေ အားလုံး ပျောက်သွဥ်း သွားလိမ့်မယ်။

"နောက်ပြီးတော့ ကျွန်တော် သဘောကျပြန်တာတခုကတော့ ဒီမှာ ဆေးဝါးကုသမှု ခံချင်တယ်၊ နွေဦးပေါက်တုန်းက ကျောက်ရောဂါတွေ ဖြစ်ကြတယ်၊ ကျွန်တော်ဟာ မိဘမဲ့ ကလေးဂေဟာကို သွားပြီး ကျောက်ဆေးထိုးတယ်၊ အဲဒီနေ့က ကျွန်တော့်အနေနဲ့ ဘယ်လောက်တောင် ကျေနပ်အားရ သွားတယ်ဆိုတာကို ခင်ဗျား သိစေချင်တယ်၊ ဆလဗ်မျိုးနွယ်တွေ ရန်ပုံငွေအတွက် တဆယ်ရူဗယ် ကျွန်တော် လှူခဲ့တယ်၊ ကျွန်တော်ပြောတာတွေကို ခင်ဗျား နားမထောင်ပါကလား၊ ခင်ဗျားကို ကနေ့ည ကြည့်ရတာ တော်တော်ကလေး နေမကောင်းဘူး" ဧည့်သည်က စကားကို ခေတ္တမျှ ရပ်တန့်လိုက်ပြီးနောက် "မနေ့ညက အဲဒီ ဆရာဝန်ကို ခင်ဗျား သွားပြတာ ကျွန်တော်သိတယ်၊ အဲ .. ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေ ဘယ့်နှယ်နေသလဲ၊ ဆရာဝန်က ခင်ဗျားကို ဘာပြောလိုက်သလဲ"

"အရှူး ..." အိုက်ဗင် ဟစ်အော်လိုက်သည်။

"ခင်ဗျားဟာ တကယ်အော်တာပဲ၊ ခင်ဗျားက ကျွန်တော့်ကို နင်ပဲဆော

ပြောလိုက်ပြန်တာပဲ၊ ကျွန်တော်က ခင်ဗျားကို ကရုဏာတရားရှိလို့ မေးတာ မဟုတ်ပါဘူး၊ လောကဝတ်အရ မေးတာပါ။ ခင်ဗျားအနေနဲ့ မဖြေချင်ရင် မဖြေဘဲ နေနိုင်ပါတယ်၊ လူတွေဟာ အခုတလော အဆစ်အမျက် ရောင်တဲ့ ရောဂါကို ခံစားနေကြရပြန်ပြီ”

“အရှုး ....” အိုက်ဗင် နောက်တကြိမ် ဟစ်အော်လိုက်ပြန်သည်။

“ခင်ဗျားက ဒီစကားလုံးပဲ ထပ်တလဲလဲ ပြောနေတာပဲ၊ ဒါပေမဲ့ မနှစ်တုန်းက ကျွန်တော် အဆစ်အမျက်တွေ ကိုက်တဲ့ရောဂါဖြစ်ခဲ့တယ်၊ အဲဒါကို ကျွန်တော် အခုထက်ထိမှတ်မိနေသေးတယ်”

“မာရ်နတ်ရဲ့ အဆစ်အမျက်ကိုက်ရောဂါ ... ဟုတ်လား”

“ဟုတ်တယ်လေ၊ ကျွန်တော်က မကြာမကြာဆိုသလို လူသားအယောင်ကို ဆောင်တယ်။ အဲဒီအခါမှာ လူသားတွေနဲ့ ပတ်သက်တဲ့ အကျိုးဆက်တွေကိုလည်း ကျွန်တော် ခံစားရမှာပေါ့၊ စာတန်ဟာ လူ့သဘာဝကိုတော့ မချေဖျက်နိုင်ဘူး”

“ဘာပြောတယ်၊ ဘာပြောတယ်၊ စာတန်ဟာ လူ့သဘာဝကိုတော့ မချေဖျက်နိုင်ဘူး ဟုတ်လား၊ ဒီတခါတော့ မာရ်နတ်ရဲ့စကားက မဆိုးပါကလား”

“ခင်ဗျား သဘောကျသွားတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်”

“ဒီစကားကို ခင်ဗျား ကျုပ်ဆီကရတာ မဟုတ်ဘူး” အိုက်ဗင် အံ့ဩသွားဟန်ဖြင့် တုံ့ခနဲ ရပ်လိုက်သည်။ “ကျုပ်ခေါင်းထဲကို အဲဒီအတွေးမျိုး တခါမှ ဝင်မလာဘူး၊ အဲဒါ ဆန်းတယ်”

“ထူးပေဆန်းပေသည်ပေါ့ ဟုတ်လား၊ ဒီတခါတော့ ကျွန်တော် တကယ့်ကို ရိုးရိုးသားသားနဲ့ ခင်ဗျားကို ရှင်းပြပါ့မယ်၊ ကျွန်တော်ပြောမယ်၊ အိပ်မက်တွေဟာ အထူးသဖြင့် ကယောင်ချောက်ချား အိပ်မက်တွေဟာ အစာမကြေလို့ ဖြစ်တာပဲ၊ ဒါမှမဟုတ်ရင်လည်း ခင်ဗျားကြိုက်သလို ယူပေါ့၊ အဲဒီအခါမှာ လူတယောက်ဟာ အင်မတန်အနုပညာမြောက်တဲ့ အခြင်းအရာတွေကို မြင်တွေ့ရတယ်။ တကယ်ရှုပ်ထွေးပြီး တကယ်ဖြစ်ပျက်နေတဲ့ အခြင်းအရာတွေကို တွေ့မြင်ရတယ်၊ အဲဒီအဖြစ်အပျက် တွေ အဲဒီအဖြစ်အပျက်တွေ အားလုံးကို ပေါင်းစပ်ရက်လုပ်လိုက်တဲ့အခါမှာ ဇာတ်လမ်းကြီးတခု ဖြစ်လာတယ်။ အဲဒီဇာတ်လမ်းကြီးထဲမှာ အင်မတန် အံ့ဩစရာကောင်းတဲ့ ဇာတ်ကွက်တွေ အသေးစိတ်ပါတယ်။ လူတွေရဲ့သဘောသဘာဝ အဖြစ်အပျက်တွေကို အမြင့်အမြတ်ဆုံး ခေါင်ဖျား ကနေပြီး ဘာမဟုတ်တဲ့ ဟင်းရွက်ကန်စွန်းကိုစ္စအထိ ပါတယ်။ အဲဒါတွေကို စာရေးဆရာကြီး တောစတွိုင်းတောင် မတွေးတော မကြံဆ

မဖန်တီးနိုင်ဘူး၊ ဒါပေမဲ့ အဲဒီအိပ်မက်မျိုးကို တခါတခါမှာ စာရေးဆရာတွေ မမက်ကြဘူး။ ရိုးရိုးသာမန်လူတွေ၊ အစိုးရအမှုထမ်းတွေ၊ သတင်းစာဆောင်းပါး ရှင်တွေ၊ ဘုန်းကြီးရဟန်းတွေ မက်ကြတယ်၊ အမှန်အတိုင်း ပြောရရင်တော့ ဒီပြဿနာဟာ ပဟေဠိကြီးတခုပဲပေါ့။ ကျွန်တော့်ကို အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးက ပြောဖူးတယ်။ သူ့အတွက် အကောင်းဆုံး အတွေးအခေါ်တွေကို သူ အိပ်ပျော်နေတဲ့အခါမှာပဲ ရတယ်တဲ့၊ အဲဒီတော့ အခုဖြစ်နေတာလည်း ဒီအတိုင်းပဲ။ ကျွန်တော်ဟာ ခင်ဗျား ကယောင်ချောက်ချား အိပ်မက်တွေ မက်နေတဲ့အခါမှာ ခင်ဗျားရဲ့စိတ်ထဲမှာ ဖြစ်နေတဲ့ ထင်ယောင်ဝိုးဝါးတခု ဖြစ်ပေမဲ့ ကျွန်တော်ဟာ ခင်ဗျားရဲ့ခေါင်းထဲမှာ ရှိမနေတဲ့ ပင်ကိုအကြောင်းအရာတွေကို ပြောနိုင်တယ်။ ကျွန်တော်ဟာ ခင်ဗျားရဲ့အတွေးတွေကို တဆင့်ပြန်ပြီး ပြောနေတာ မဟုတ် ဘူး၊ ဒါပေမဲ့ ကျွန်တော်ဟာ ခင်ဗျားရဲ့ ကယောင်ချောက်ချား အိပ်မက်တခုပဲ၊ ဒါထက် မပိုဘူး”

“ခင်ဗျား မဟုတ်တာတွေ ပြောနေတာပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့ကယောင်ချောက်ချား မဟုတ်ဘူး၊ သီးခြားတည်ရှိနေတဲ့ အရာဝတ္ထုတခု ဖြစ်တယ်ဆိုတာကို ကျွန်တော် လက်ခံလာအောင် ပြောနေတာ ပဲ၊ ဒါပေမဲ့ ခင်ဗျားဟာ ကျွန်တော့်ရဲ့ အိပ်မက်တခု ဖြစ်တယ်ဆိုတာကို အခုပဲ ဝန်ခံသွားပြီ”

“ဒီမယ် မိတ်ဆွေကြီး၊ ကျွန်တော် ကနေ့ အထူးနည်းလမ်းတခုကို ရွေးထားတယ်။ အဲဒီအကြောင်းကို နောက်မှ ပြောပြမယ်။ နေဦး၊ ကျွန်တော့်စကား ဘယ်နေရာ ရောက်သွားပြီလဲ၊ အော် ... ဟုတ်ပြီ၊ ကျွန်တော် အအေးမိတယ်၊ ဒီမှာ မဟုတ်ဘူး၊ ဟိုမှာ”

“ဟိုမှာ ဆိုတာ ဘယ်မှာလဲ၊ ခင်ဗျား ဒီမှာ အကြာကြီး နေမှာလား၊ ခင်ဗျား မသွားသေးဘူးလား”

အိုက်ဗင် အထူးပင် စိတ်ပျက်ဟန်ဖြင့် ဟစ်အော်လိုက်သည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ ရပ်ပြီး ဆိုဖာပေါ်တွင် သူ ထိုင်လိုက်သည်။ သူ၏ တံတောင်ဆစ်များကို စားပွဲပေါ်တွင် ထောက်ထားလိုက်ပြီး သူ၏ခေါင်းကို လက်နှစ်ဖက်ထဲတွင် ထည့်ထားလိုက်သည်။ ခေါင်းပေါ်တွင်တင်ထားသော မျက်နှာသုတ်ပဝါကိုဆွဲယူပြီး စိတ်ပေါက်ပေါက် နှင့် လွှင့်ပစ်လိုက်သည်။ မျက်နှာသုတ်ပဝါ အသုံးမလိုတော့ပါ။

“ခင်ဗျားရဲ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်ကုန်ပြီ” ဧည့်သည်က ဘာမျှ အလေးမထားသလိုပင် ခပ်ပေါ့ပေါ့ ပြောလိုက်သည်။ သို့သော် ယဉ်ကျေးသိမ်မွေ့သောလေသံဖြင့် ဖြစ်သည်။

“ကျွန်တော့်အနေနဲ့ သာမန်ဖြစ်ရိုးဖြစ်စဉ်မျိုး အအေးမိနိုင်ပါတယ်ဆိုတာကို ခင်ဗျား ဒေါကန်နေ တယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ပီတာစဘတ်မြို့က အထက်တန်းစား အမျိုးသမီးကြီး တယောက်က သူ့ယောက်ျား ဝန်ကြီးတနေရာရဖို့ မျှော်မှန်းပြီး တည်ခင်းဧည့်ခံတဲ့ သံတမန်ပွဲတခုကို သွားတက်ဖို့ အရေးတကြီး ဖြစ်နေတယ်။ အဲ .... ကျွန်တော်ဟာ ထုံးစံအတိုင်း ပွဲလမ်းသဘင်ဝတ်စုံနဲ့ လည်စည်းဖြူဖြူနဲ့ လက်အိတ်နဲ့ပေါ့။ အဲဒီတုန်းက ကျွန်တော်ဟာ ဘယ်သူမှမသိတဲ့ နေရာကနေပြီး ခင်ဗျားတို့ မြေကမ္ဘာကြီးကို လာရမှာဆိုတော့ အာကာသမိုးကောင်းကင်ကြီးကို ဖြတ်ပြီး ... ခင်ဗျား စဉ်းစားကြည့်စမ်း၊ ကျွန်တော့်မှာ ပွဲလမ်းသဘင်ဝတ်စုံဝတ်ပြီး ကုတ်အင်္ကျီ ရင်ဘတ်ဟောင်းလောင်း ကြီးနဲ့၊ နတ်တွေ ဝိညာဉ်တွေဟာ ဘယ်တော့မှ အအေးမမိပါဘူး၊ ဒါပေမဲ့ လူတယောက်ရဲ့ အသွင်သဏ္ဌာန်ကို ယူထားမယ်ဆိုရင်တော့ အဲ ကျွန်တော်က လူယောင်ဆောင်ပြီး ထွက်လာခဲ့တယ်၊ အဲဒီလွတ်လပ် လဟာကြီးထဲမှာပေါ့၊ အာကာသလေထဲမှာပေါ့၊ မိုးမျက်နှာကြက်အထက်က ရေပြင်ကြီးထဲမှာပေါ့၊ အဲဒီမှာ ရေတွေ ခဲနေတယ်၊ ... အမှန်တော့ ရေခဲတယ်လို့တောင် ပြောစရာ မဟုတ်တော့ဘူး၊ ခင်ဗျား စဉ်းစားကြည့်စမ်း၊ အဲဒီမှာက သုညအောက် ၁၅၀ ဒီဂရီ ရှိတယ်၊ တောတွေမှာ မိန်းကလေးတွေ ကစားတဲ့ ကစားနည်းတခုကို ခင်ဗျား သိသလား၊ မနူးမနပ် လူရွယ်ကလေးတယောက်ကို သုညအောက် ၃၀ ဒီဂရီမှာ ရှိနေတဲ့ ပုဆိန်တလက်ကို လျှာနဲ့ လျက်ခိုင်းတယ်၊ လူရွယ်ရဲ့လျှာဟာ ပုဆိန်သွားနဲ့ ထိလိုက်တာနဲ့ တပြိုင်နက် ခဲပြီး ကပ်သွားတယ်၊ အဲဒီအခါမှာ ငမိုက်သားကလေးဟာ လျှာအရေခွံကို ခွာပစ်ရတယ်၊ အဲဒီလျှာက သွေးတွေ ထွက်ရတော့တာပဲ၊ အဲ .. အဲဒါက ၃၀ ဒီဂရီပဲ ရှိသေးတယ်၊ ၁၅၀ ဒီဂရီဆိုရင် လူတယောက်ဟာ ပုဆိန်သွားကို လက်ညှိုးနဲ့ တို့ရုံပဲ တို့နိုင်မယ်၊ ကျွန်တော်ထင်တယ်၊ အဲဒါဆိုရင်ကိုပဲ လက်ညှိုး တခုလုံး တခါတည်း ကိစ္စတုံးသွားမှာပဲ ... တခုပဲ ရှိတယ်၊ အဲဒီမှာ ပုဆိန်တလက် ရှိနေတယ်ဆိုရင်ပေါ့

“အဲဒီမှာ ပုဆိန်တလက် ရှိနိုင်သလား”

အိုက်ဗင် ရုတ်တရက် စကားဖြတ်ပြီး မေးလိုက်သည်။ ဂရုမစိုက်ဟန်ဖြင့် ဖြစ်သည်။ မနှစ်မြို့ဟန်ဖြင့် ဖြစ်သည်။ အိုက်ဗင်သည် ပေါက်တတ်ကရ အိပ်မက်တွေကို မယုံကြည်ရန်နှင့် သူ၏ ဦးနှောက် လုံးဝချောင်မသွားစေရန်ကို အတတ်နိုင်ဆုံး ကြိုးစားလျက် ရှိသည်။

“ပုဆိန် ဟုတ်လား” ဧည့်သည်က အံ့အားသင့်သွားဟန်ဖြင့် ရွတ်ဆိုလိုက်သည်။

“ဟုတ်တယ်”

"ပုဆိန်တလက်ဟာ အဲဒီမှာ ဘာဖြစ်သွားသလဲ"

အိုက်ဗင်က အလျှော့မပေးဟန်ဖြင့် ခပ်မာမာ မေးလိုက်သည်။

"ပုဆိန်တလက်ဟာ လေဟာပြင်ထဲမှာ ဘာဖြစ်သွားမလဲ ဟုတ်လား။ ဘယ်လို စိတ်ကူးများလဲ၊ အင်း... အဲဒီပုဆိန်ဟာ တော်တော်ဝေးဝေးကြီးကို ရောက်သွားလို့ရှိရင် ကျွန်တော့်အထင်ကို ပြောရရင်တော့ ဂြိုဟ်ငယ်တခုလိုပဲ၊ ကမ္ဘာမြေကြီးကို လှည့်ပတ်နေမှာပဲ၊ နက္ခတ္တဗေဒပညာရှင်တွေက အဲဒီပုဆိန် ဂြိုဟ်ထွက်တဲ့အချိန်နဲ့ ဝင်တဲ့အချိန်တွေကို တွက်ချက်ကြလိမ့်မယ်၊ အဲဒါကို ဂက်ဇပ်က သူ့ပြက္ခဒိန်ထဲမှာ ဖော်ပြမယ်၊ ဒါပဲပေါ့"

"ခင်ဗျားဟာ တော်တော့်ကို မိုက်မဲတယ်၊ တော်တော်ကြီးကို မိုက်မဲတယ်" အိုက်ဗင် ရန်စွယ်ငေါငေါ ဖြင့် ပြောလိုက်သည်။ "ပလီစိချောက်ချက်တွေကို အတည်ပေါက်လုပ်ပြီး ပြောနေတာပဲ၊ ခင်ဗျား ပြောတာတွေကို ကျုပ် နားမထောင်ဘူး၊ ခင်ဗျားက ကျုပ်ကို ဒိဋ္ဌိမမ္မ သဘောတွေနဲ့ စည်းရုံးနေတာပဲ၊ ခင်ဗျား တကယ်ရှိနေတယ်ဆိုတာကို ကျုပ် လက်ခံအောင် လုပ်နေတာပဲ၊ ဒါပေမဲ့ ခင်ဗျား တကယ် တည်ရှိနေတယ်ဆိုတာကို ကျုပ် မလိုချင်ဘူး၊ ကျုပ် မယုံဘူး"

"ကျွန်တော် ပလီစိချောက်ချက်တွေ ပြောနေတာ မဟုတ်ဘူး။ အမှန်တွေကို ပြောနေတာပါ၊ တခုမကောင်းတာကတော့ အမှန်တရားဆိုတာ ပျော်စရာရွှင်စရာမျိုးတော့ မဟုတ်ဘူးပေါ့ ခင်ဗျာ။ ခင်ဗျားကို ကြည့်ရတာက ကျွန်တော့်ဆီက သတင်းကြီး သတင်းကောင်းတခုကို မျှော်လင့်နေပုံမျိုးပဲ။ အဲဒါကတော့ စိတ်မကောင်းစရာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ ကျွန်တော် တတ်နိုင်တာကိုပဲ မေးနိုင်မယ်"

"အရေးထဲမှာ အတွေးအခေါ်တွေ လုပ်မနေစမ်းပါနဲ့ လူမိုက်ကြီး"

"ကျွန်တော့်ရဲ့လက်ယာဘက် ကိုယ်တခြမ်းလုံးတုန်ပြီး ကျွန်တော့်အနေနဲ့ တညည်းညည်း တညူညူ လုပ်နေရတဲ့အချိန်မှာ ဘယ်မှာအတွေးအခေါ် ဒဿနတွေ လုပ်နေနိုင်ပါ့မလဲ၊ ကျုပ်ပြတာ ဆရာဝန် ပေါင်းလည်း မျိုးစုံနေပြီ။ ဘာရောဂါဆိုတာ သူတို့ပြောမယ်၊ ခင်ဗျားရောဂါအကြောင်းကို လက်ဖဝါးပြင်ပေါ်မှာ မုန်ညင်းစေ့ တင်ကြည့်သလို သူတို့ ပြောနိုင်တယ်၊ ဒါပေမဲ့ ဘယ်လို ပျောက်အောင် ကုရမယ်ဆိုတာတော့ သူတို့ မသိဘူး။ အင်မတန် စိတ်အားတက်ကြွနေတဲ့ ဆေးကျောင်းသားကလေး တယောက်က ကျွန်တော့်ကို ပြောတယ်၊ "ခင်ဗျားသေတာတော့ သေမှာပဲ၊ ဒါပေမဲ့ ဘာရောဂါနဲ့ သေတယ်ဆိုတာတော့ ခင်ဗျား သိရမယ်၊ နောက်ပြီးတော့ တခါ ခင်ဗျားကို အထူးကုဆရာဝန်ကြီးတွေဆီကို ပို့တဲ့နည်း ရှိသေးတယ်၊ ကျွန်တော်တို့က ခင်ဗျားရဲ့ရောဂါကိုပဲ ရှာပေးနိုင်တယ်၊ အဲဒီရောဂါ ပျောက်အောင် ကုဖို့ကတော့ အဲဒီ ... အဲဒီ အထူးကုဆရာဝန်ကြီးဆီကိုပဲ

သွားပါ” လို့ သူတို့ ပြောလိမ့်မယ်။

“တချိန်တုန်းက ခင်ဗျားမှာ ဖြစ်သမျှ ရောဂါမျိုးစုံကို ကုပေးခဲ့တဲ့ ရှေးဆရာဝန်ကြီး မရှိတော့ဘူး၊ ဒီခေတ်ကြီးမှာ အထူးကုဆရာဝန်တွေပဲ ရှိတော့တယ်၊ သူတို့အားလုံး သတင်းစာတွေထဲမှာ ကြော်ငြာ ထည့်ကြတယ်၊ ခင်ဗျား နှာခေါင်းမှာ တခုဖြစ်တယ်ဆိုရင် ခင်ဗျားကို သူတို့က ပါရီကို လွှတ်လိမ့်မယ်၊ အဲဒီမှာ နှာခေါင်းတွေကိုကုတဲ့ ဥရောပက အထူးကု ပါရဂူကြီးတယောက် ရှိတယ်၊ ပါရီကို ခင်ဗျားသွားမယ်၊ ခင်ဗျားနှာခေါင်းကို သူကြည့်မယ်၊ ပြီးရင် သူ ပြောလိမ့်မယ်၊ “ကျုပ် စိတ်မကောင်းပါဘူး... ကျုပ်က လက်ယာဘက် နှာခေါင်းပေါက်ကိုပဲ ကုနိုင်တယ်၊ လက်ဝဲဘက် နှာခေါင်းပေါက်ကို ကျုပ် မကုနိုင်ဘူး၊ အဲဒါကို ကျုပ် မကျွမ်းကျင်ဘူး၊ အဲဒီတော့ ဗီယက်နမ်ကို ခင်ဗျားသွားပါ၊ အဲဒီမှာ ခင်ဗျားရဲ့လက်ဝဲဘက် နှာခေါင်းပေါက်ကို ကုပေးနိုင်တဲ့ အထူးကု ပါရဂူကြီး တယောက် ရှိတယ်”၊ အဲဒီတော့ ခင်ဗျား ဘာလုပ်မလဲ။

“ကျွန်တော်ကတော့ ဆေးမြီးတိုတွေကိုပဲ အားကိုးတော့မယ်၊ ဂျာမန်ဆရာဝန် တယောက်က ကိုယ့်နှာခေါင်းကို ကိုယ့်ဘာကိုယ် ရေချိုးခန်းထဲမှာ ပျားရည်နဲ့ ဆားနဲ့ ပွတ်ပေးပါတဲ့။ ဒါပေမဲ့ အဲဒီနည်းက အလုပ်မဖြစ်ဘူး၊ ဒါနဲ့ စိတ်ပျက်ပျက်နဲ့ မီလန်က မြို့စားကြီး မက်တီဆီကို စာရေးတယ်။ သူက ကျွန်တော့်ကို စာအုပ်တအုပ်နဲ့ နှာခေါင်းထဲကို ထည့်တဲ့ ဆေးအရည်တပုလင်း ပို့လိုက်တယ်၊ ဘယ်လောက် အံ့ဩစရာကောင်းသလဲ၊ ဒါပေမဲ့ ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ ဟောဇဖ်ရဲ့ မုယောရည်နဲ့ ကျွန်တော် ပျောက်သွားတယ်။ ဒီလိုပဲ မတော်တဆ ကြုံကြိုက်တာနဲ့ ကျွန်တော် ဝယ်ပြီး သောက်ကြည့်တာ တပုလင်းခွဲ အကုန်မှာ တခါတည်း ဒေါင်ဒေါင်မြည် ပျောက်သွားတယ်။ စိတ်ထဲမှာ ကချင်လို့ရှိရင်တောင် ထပြီး ကနိုင်တယ်။

ဒါနဲ့ သူ့ကို ကျေးဇူးတင်ကြောင်း သတင်းစာတွေကနေ ကျွန်တော်ရေးဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်လွန်းလို့ အဲဒီလို ဆုံးဖြတ်မိတာပဲ၊ ဒါပေမဲ့ အဲဒီစာကို ဘယ်သတင်းစာ တစောင်ကမှ ထည့်မပေးကြဘူး၊ သူတို့ရဲ့ အကြောင်းပြချက်ကလည်း တကယ့်ကို ထူးခြားတယ် “ဒီဥစ္စာ တကယ် ဖောက်ပြန်တာပဲ၊ ဒီဥစ္စာကို ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ဘူး၊ မာရ်နတ် ရှိကြောင်း သက်သေပြချက်ပဲ၊ အမည်မဖော်လို သူတဦးဆိုပြီး ခင်ဗျား ရေးသင့်တယ်” လို့ သူတို့က ကျွန်တော့်ကို အကြံပေးကြတယ်။

“ကျုပ်တို့ခေတ်မှာ ဘုရားသခင်ကို ယုံကြည်တာက မဖောက်ပြန်တာပဲ၊ ကျုပ်က ဘုရားသခင်မှ မဟုတ်ဘဲ၊ မာရ်နတ်ပဲ၊ ခင်ဗျားတို့ ကျုပ်ကို ယုံကြည်နိုင်ပါတယ်” အဲဒီတော့ သူတို့က ပြန်ပြောတယ် “မှန်ပါတယ်ခင်ဗျာ၊ မာရ်နတ်ကို ဘယ်သူ မယုံကြည်ဘဲ ရှိပါ့မလဲ၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ မာရ်နတ်ကို

ယုံကြည်လည်းပဲ သတင်းစာထဲမှာတော့ ထည့်လို့ မဖြစ်ဘူး၊ ကျွန်တော်တို့ သတင်းစာရဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ ဆန့်ကျင်နေတယ်၊ ဒါပေမဲ့ နောက်ပြောင်တဲ့သဘောမျိုးနဲ့တော့ ခင်ဗျား ထည့်နိုင်ပါတယ်” အဲဒါနဲ့ပဲ အဲဒီကျေးဇူးတင်လွှာဟာ သတင်းစာမှာ မပါတော့ဘူး။ အဲဒီအတွက် ကျွန်တော် အခုထက်ထိကို ဘဝင်မကျဘူး ဖြစ်နေတယ်။ ကျွန်တော့်ရဲ့ စိတ်ကောင်း စေတနာကောင်း နဲ့ ကျေးဇူးတင်တဲ့ အကြောင်းကို ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာကြောင့် မဖော်ပြရတော့ဘူး”

“သဘောတရားတွေ ဒဿနတွေ လုပ်လာပြန်ပြီလား” အိုက်ဗင် ထေ့ငေါ့လိုက်ပြန်သည်။

“အလို ... ဘုရားသခင်၊ မဟုတ်ရပါဘူးခင်ဗျာ၊ ဒါပေမဲ့ လူတွေဟာ တခါတခါမှာတော့ မမျိုသိပ်နိုင်ကြ ဘူး မဟုတ်လား၊ ကျွန်တော်ဟာ လူတကာ ရှုတ်ချတာကို ခံနေတဲ့ လူတယောက်ပါ။ အခုတခါ ခင်ဗျားကလည်း ကျွန်တော့်ကို မိုက်မဲတယ်လို့ တပြောတည်း ပြောနေတယ်။ ခင်ဗျားဟာ ငယ်ပါသေးတယ်။ ဒီမှာ ကိုယ့်မိတ်ဆွေကလေး ... လူ့လောကကြီးမှာ အသိပညာတခုတည်း အရေးကြီးတာ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ သနားကြင်နာတတ်ပြီး ကြည်နူးရွှင်ပြုံးတတ်တဲ့ နှလုံးသား ရှိပါတယ်၊ ကျွန်တော်လည်း ‘ရယ်စရာဇာတ်မြူး’ ကလေးတွေကို သဘောကျတတ် ပါတယ်။

“ခင်ဗျားက ကျွန်တော့်ကို အသက်အရွယ်ကြီးတဲ့ လူကြီးတယောက်လိုမျိုး တွက်ထားပုံရတယ်၊ ဒါပေမဲ့ ကျွန်တော်ရဲ့ဘဝကံကြမ္မာက ကျွန်တော်ရဲ့အသက်အရွယ်ထက် အများကြီးပိုပြီး အရေးကြီး တယ်။ ကျွန်တော်ဟာ အမှန်တကယ်မှာ စိတ်သဘောထားကောင်းမွန်ပြီး ‘ငြင်းပယ်ခြင်း’ အမှုကို မပြုချင်ပေမဲ့ ကျွန်တော် ဘယ်လိုမှ မသိနိုင်တဲ့ အမိန့်အာဏာစက်တခုက ကျွန်တော့်ကို ‘ငြင်းပယ်ဖို့’ ခန့်အပ်လိုက်တယ်။ ‘မဟုတ်ဘူး၊ မင်းသွားရမယ်၊ ငြင်းပယ်ရမယ်၊ ငြင်းပယ်ခြင်း မရှိရင် ဝေဖန်ခြင်း ဆိုတာလည်း မရှိနိုင်ဘူး’ ဝေဖန်ရေး မပါတဲ့ ဂျာနယ်တစောင်ဟာ ဘယ်လိုဂျာနယ်မျိုး ဖြစ်မလဲ၊ ဝေဖန်ရေးဆိုတာ မရှိရင် ‘ဟောရှက္ကာ’ (ကယ်တင်တော်မူပါဘုရား) ဆိုတာပဲ ရှိတော့မယ်။

“ဒါပေမဲ့ လူ့ဘဝကြီးဟာ ‘ဟောရှက္ကာ’ (ကယ်တင်တော်မူပါဘုရား) တခုတည်းနဲ့ မပြည့်စုံနိုင်ဘူး၊ ဟောရှက္ကာကို သံသယဒွိဟတွေ အပြည့်အဝနဲ့ စစ်ဆေးပြီး မှတ်ကျောက် တင်ရမယ်၊ အဲဒီလိုမျိုး တလျှောက်လုံး လုပ်သွားရမယ်။ ဒါပေမဲ့ ဒီကိစ္စဟာ ကျွန်တော်နဲ့ ဘာမှတော့ မဆိုင်ပါဘူး။ ဒီကမ္ဘာကြီးကို ကျွန်တော် ဖန်ဆင်းတာ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ဘာတာဝန်မှ မရှိပါဘူး။ အဲဒီတော့ သူတို့က ကျွန်တော့်ကို အများအတွက် ဒဏ်ခံရမဲ့ ငဝက်အဖြစ် ရွေးပြီး ကျွန်တော့်ကို

ဝေဖန်ရေးတာဝန်ကို ပေးကြတော့တာပဲ၊ ဒါမှလည်း သူ့ဘဝကြီးက ဆက်ပြီး သွားနေနိုင်မှာ မဟုတ်လား။

"အဲဒီ ဟာသဇာတ်လမ်းကလေးကို ကျွန်တော်တို့အားလုံး သိကြပါတယ်၊ ဥပမာ ပြောရရင် ကျွန်တော်က ချေမှုန်းဖျက်ဆီးရေးကို ပြောရမယ်၊ သူတို့က ကျွန်တော့်ကို ပြောတယ်၊ မင်းရှိနေရမယ် တဲ့။ မင်းမရှိဘဲနဲ့ ဘာမှမရှိနိုင်ဘူးတဲ့၊ ကမ္ဘာကြီးတခုလုံးဟာ ယထာဘူတ ကျနေမယ်ဆိုရင် ဘာတခုမှ ဖြစ်လာတော့မှာ မဟုတ်ဘူးတဲ့၊ မင်းမရှိရင် ဘာအဖြစ်အပျက်မှ ရှိနေမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီလောကကြီးမှာ အဖြစ်အပျက်တွေ ရှိနေဖို့ အများကြီး လိုအပ်တယ်တဲ့။

"အဲဒီတော့ ကျွန်တော်ဟာ မလုပ်ချင်ဘဲနဲ့ အဖြစ်အပျက်တွေကို လုပ်နေရတယ်၊ ယထာဘူတ မကျတာတွေကို လုပ်နေရတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ကျွန်တော့်ကို လုပ်ရမယ်လို့ တာဝန်ပေး ထားလို့ပဲ၊ လူတွေဟာ သူတို့မှာ အသိဉာဏ်တွေ မလွှဲမသွေ ရှိနေပါရဲ့နဲ့ ဒီ ရယ်စရာဇာတ်လမ်း ကလေးကို အလေးအနက် သဘောထားနေကြတယ်၊ အဲဒါဟာ သူတို့အတွက် အလွမ်းဇာတ်လမ်း ပဲပေါ့။

"အဲ ဟုတ်ပြီ၊ အဲဒီတော့ ဒုက္ခဝေဒနာကို ခံစားကြရတယ်၊ ဒါပေမဲ့ သူတို့ဟာ အသက်ရှင်ပြီး တည်တံ့နေကြတယ်၊ သူတို့ဟာ စိတ်ကူးယဉ်ဘဝမှာ မဟုတ်ဘဲ တကယ့်ဘဝကြီးမှာ နေနေကြ ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခဆိုတာ ဘဝပဲ၊ ဒုက္ခမရှိဘဲနဲ့ သုခဆိုတာ ဖြစ်မလာနိုင်ဘူး၊ ကိစ္စအားလုံးဟာ ဘုရားကျောင်းမှာ ဝတ်ပြုကြတာပဲ ဖြစ်လိမ့်မယ်၊ အဲဒါဟာ ကောင်းမွန်မြင့်မြတ် ပါတယ်၊ ဒါပေမဲ့ ငြီးငွေ့စရာကောင်းမယ်။

"ကဲ ... အဲဒီတော့ ကျွန်တော်ကရော ဘာဖြစ်သလဲ၊ ကျွန်တော်လည်းပဲ ဒုက္ခဝေဒနာကို ခံစားရတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ အဲဒီအတွက် အသက်ရှင်ပြီး တည်ရှိမနေဘူး၊ ကျွန်တော် အတိအကျ ပိုင်းခြား သတ်မှတ်ထားခြင်း မရှိတဲ့ ညီမျှခြင်း ပုစ္ဆာတပုဒ်မှ ကိန်းဂဏန်း 'က' ပဲ ဖြစ်နေတယ်။ ကျွန်တော်ဟာ အစ အလယ် အဆုံး မရှိတဲ့ အရိပ်အယောင်တခုပဲ ဖြစ်နေတယ်၊ သူ့နာမည် ဘာဆိုတာတောင် မေ့နေတယ်၊ ခင်ဗျားက ရယ်နေတယ်လား။ မဟုတ်ဘူး၊ ခင်ဗျား မရယ်ဘူး၊ ခင်ဗျား ဒေါသဖြစ်နေ တယ်။ ခင်ဗျားဟာ အမြဲတမ်းပဲ ဒေါသဖြစ်နေတယ်၊ ခင်ဗျားက အသိဉာဏ်တခုတည်းကိုပဲ ဂရုစိုက် နေတယ်၊ ကျွန်တော် ခင်ဗျားကို ထပ်ပြီး ပြောမယ်၊ ကျွန်တော်ဟာ ကြယ်တာရာတွေထဲက ဘဝနဲ့ ရာထူးတွေ ဂုဏ်သိက္ခာတွေကို ဘာတခုမှ မပိုင်ချင်တော့ဘူး။ ဘုရားသခင် ရှေ့မှောက်မှာသွားပြီး ဆီမီးပူဇော်နေတဲ့ ကုန်သည်ကြီးကတော် မဘုတ်ဆုံရဲ့ဘဝမှာပဲ ဝင်စားချင်တော့တယ်"

“အဲဒီတော့ ခင်ဗျားလည်း ဘုရားသခင်ကို မယုံဘူးလို့ ပြောနေတာလား” အိုက်ဗင်က မလိုမုန်းတီး သော အပြုံးဖြင့် မေးလိုက်သည်။

“အဲဒါ ကျွန်တော် ဘာပြောရမလဲ၊ ခင်ဗျားအနေနဲ့ တကယ် မေးနေတာဆိုရင်တော့...”

“ဘုရားသခင် ရှိသလား ... မရှိဘူးလား” အိုက်ဗင် ဒေါသဖြင့် ဟစ်အော်လိုက်သည်။

“အို ... ခင်ဗျား တကယ်မေးနေတာပဲ၊ အဲဒါဆိုရင်တော့ ကျွန်တော် တကယ်မသိပါ ဘူး မိတ်ဆွေကြီး၊ ကျွန်တော် အဲဒီအတိုင်းပဲ ပြောပါတယ်”

“ခင်ဗျား မသိဘူး မဟုတ်လား၊ ဒါပေမဲ့ ဘုရားသခင်ကို ခင်ဗျားတွေ့ရတယ် မဟုတ်လား။ မဟုတ်ဘူး၊ ခင်ဗျားဟာ တခြားလူတယောက်မဟုတ်ဘူး၊ ခင်ဗျားဟာ ကျုပ်ပဲ၊ ကျုပ်ဟာ ခင်ဗျားပဲ။ ဒါထက် ဘာမှ မထူးခြားဘူး၊ ခင်ဗျားဟာ အမှိုက်ပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့ စိတ်အထင်ပဲ”

“ခင်ဗျား သိအောင် ပြောရရင်တော့ ကျွန်တော့်မှာ ရှိနေတဲ့ ဒဿနဟာ ခင်ဗျားရဲ့ဒဿနနဲ့ အတူတူပါပဲ၊ အဲဒါမှလည်း မှန်လိမ့်မယ်၊ ကျွန်တော့်ရဲ့ပတ်ဝန်းကျင်မှာ ရှိနေသမျှ အရာတွေ အားလုံးဟာ ကျွန်တော့်အတွက် ဘာသက်သေပြချက်မှ မရှိပါဘူး၊ ဒါတွေအားလုံးဟာ တကယ်ပဲ တည်ရှိနေကြသလား၊ ဒါမှမဟုတ် ကျွန်တော်ကနေ ဖြစ်ပေါ်လာတဲ့အရာတွေလား၊ ကျွန်တော့်ရဲ့ အတ္တကနေ ယထာဘူတကျစွာ ပွားများလာတဲ့ အရာတွေလား၊ နေဦး၊ ကျွန်တော် ဆက်ပြီး ပြောလို့ မဖြစ်တော့ဘူး။ ခင်ဗျားကို ကြည့်ရတာ ကျွန်တော့်ကို ထပြီး ရိုက်တော့မယ်”

“ခင်ဗျား ကျုပ်ကို ပျော်စရာရွှင်စရာ ဇာတ်လမ်းကလေးတပုဒ်လောက် ပြောပြရင် ပိုကောင်းမယ်” အိုက်ဗင် မကြည်မသာဖြင့် ပြောလိုက်သည်။

“ပျော်စရာရွှင်စရာ ဇာတ်လမ်းကလေးတပုဒ်တော့ရှိတယ်။ ကျွန်တော်တို့ပြောနေတဲ့ အကြောင်းအရာ နဲ့လည်း ဆိုင်တယ်။ အဲ .... ဒါပေမဲ့ ဇာတ်လမ်းတပုဒ်တော့ မဟုတ်ဘူး၊ ယုံတမ်းစကား ဒဏ္ဍာရီ ကလေးတပုဒ်ပဲ။ ခင်ဗျားက ကျွန်တော့်ကို မယုံကြည်တဲ့အနေနဲ့ အပြစ်တင်နေပုံရတယ်၊ ပြောမယ့် ဇာတ်လမ်းကို ခင်ဗျားက ‘ခင်ဗျား မယုံဘူး မဟုတ်လား’ လို့ ကျွန်တော့်ကို ပြောနေပုံမျိုးပဲ၊ ဒါပေမဲ့ ခင်ဗျား အဲဒီလိုမယုံတာဟာ ကျွန်တော်တယောက်တည်း မဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ သိပ္ပံပညာတွေ ကြောင့် ကျွန်တော်တို့တတွေအားလုံး နားဝေတိမ်တောင် ဖြစ်နေကြရတယ်။ တကြိမ်တုန်းက အဏုမြူတို့၊ အာရုံငါးပါး တို့၊ ဓာတ်ကြီး လေးပါးတို့ပဲ ရှိတုန်းက အများကြီး နားလည်လို့ ရသေးတယ်၊

ဟိုရှေးပဝေသဏီတုန်းကလည်း အဏုမြူဆိုတာ ရှိခဲ့တယ်။ ဒါပေမဲ့ မော်လီကျူးတို့၊ ပရိုတိုပလာဇမ် တို့၊ နောက်ပြီး တခြား ကွိကွိကွကွတွေကို ခင်ဗျားတို့ တွေ့လာကြတဲ့အခါမှာ ကျွန်တော်တို့ တတွေဟာ အမြီးကုတ် ခေါင်းကုတ် ဖြစ်ကုန်ကြရတော့တာပဲ။ အကုန်လုံး ရှုပ်ထွေးကုန်တော့တာပဲ၊ အစွဲအလမ်းကြီးတာတွေ၊ အတင်းအဖျင်း ပြောတာတွေ ဖြစ်ကုန်တော့တာပဲ။ (ကျွန်တော်တို့ အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေက ခင်ဗျားတို့လိုပဲ အတင်းအဖျင်း ပြောရတာကို ဝါသနာပါကြတယ်၊ ပိုပြီးမှတောင် သာဦးမယ်လို့ ထင်ရတယ်)။ နောက်ဆုံးကျတော့ ဝေဖန်ရှုတ်ချတာတွေ ဖြစ်ကုန်တော့ တာပဲ၊ ကျွန်တော်တို့က ခင်ဗျားတို့ လုပ်သမျှ သိသမျှတွေ အားလုံးကို သိနေလို့ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့မှာလည်း အထူးသတင်းတွေကို ရရှိနေတဲ့ လျှို့ဝှက်ထောက်လှမ်းရေးဌာနတခု ရှိနေလို့ပဲ။

"အဲ ... ကျွန်တော် အခုပြောမယ့် ဒဏ္ဍာရီကလေးကတော့ ကျွန်တော်တို့ အသိုင်းအဝိုင်း လူလတ်ပိုင်း အုပ်စုထဲက ထွက်လာတာပဲ၊ ခင်ဗျားတို့အထဲက မဟုတ်ဘူး၊ ကျွန်တော်တို့အထဲက၊ နောက်ပြီးတော့ ကျွန်တော်တို့အထဲမှာ ဘယ်သူကမှ မယုံကြဘူး၊ ပွဲကတော် ဒေါ်ဘုတ်ဆုံကြီးတွေက လွဲလို့ပေါ့၊ အဲဒီနေရာမှာလည်း ကျွန်တော်တို့အထဲက ပြောတာနော်၊ ခင်ဗျားတို့အထဲက မဟုတ်ဘူး။

"အဲ ... ဒဏ္ဍာရီကလေးကတော့ ကောင်းကင်ဘုံအကြောင်းပဲ၊ တခါတုန်းက ခင်ဗျားတို့ လူ့ပြည်မှာ ဒဿနပညာရှင်ကြီး တယောက် ရှိတယ်တဲ့။ သူဟာ အရာရာကို ငြင်းပယ်တယ်၊ တရားဓမ္မ အစဉ်အလာ၊ သိမြင်ဆင်ခြင်ပိုင်းခြားမှု၊ ပြီးတော့ ယုံကြည်ကိုးကွယ်မှု ဘာတခုကိုမှ မယုံကြည်ဘူး၊ အဲဒါထက်ပိုပြီး အရေးကြီးတာကတော့ တမလွန်ဘဝကို သူ နည်းနည်းကလေးမှ မယုံကြည်ဘူး၊ အဲဒီလိုနဲ့ နောက်ဆုံးတနေ့မှာ သူ ကွယ်လွန်သွားတယ်၊ သူက သူသေတဲ့အခါမှာ အမှောင်တိုက်ကြီး ထဲကို ရောက်သွားပြီး တခါတည်း ချုပ်ငြိမ်းသွားလိမ့်မယ်လို့ ယူဆထားတယ်။

"ဒါပေမဲ့ သူ့ရှေ့မှာ တမလွန်ဘဝကို သူ တွေ့နေရတယ်၊ အဲဒီတော့ သူ အကြီးအကျယ် အံ့သြပြီး အကြီးအကျယ် ဒေါသဖြစ်သွားတယ်။ 'ဒါဟာ ငါ့မူနဲ့ လုံးဝဆန့်ကျင်တယ်' လို့ သူ ပြောတယ်၊ အဲဒီအတွက် သူ့ကို ပြစ်ဒဏ်ပေးတယ်။ ဒီနေရာမှာ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်အနေနဲ့ ကျွန်တော်ကြားရတာကို တဆင့်ပြန်ပြီး ပြောနေတာပါ၊ ဒဏ္ဍာရီပုံပြင်ကလေးတခုလို့ပဲ သဘော ထားပါ။ သူ့ကို အမှောင်တိုက်ကြီးထဲမှာ ကီလိုမီတာ ကုဋေသန်းတရာ လျှောက်ခိုင်းတယ် (ကျွန်တော်တို့ဆီမှာ မီတာစနစ်ကို အသုံးပြုနေပြီ)။ သူဟာ ကုဋေသန်းတရာ လျှောက်ပြီးတဲ့အခါ ကောင်းကင်ဘုံတံခါးဝကို တွေ့ ရပြီး လွတ်ငြိမ်းချမ်းသာခြင်းကို

ရရှိလိမ့်မယ်”

“ခင်ဗျားတို့ရဲ့တမလွန်လောကမှာ ကုဋေသန်းတရာ လမ်းလျှောက်ခိုင်းတဲ့အပြင် တခြား ညှဉ်းပန်း နှိပ်စက်တဲ့နည်း ဘာတွေ ရှိသေးသလဲ”

အိုက်ဗင်က ထူးဆန်းသော စိတ်ဝင်စားမှုဖြင့် ကြားဖြတ်ကာ မေးလိုက်သည်။ ညှဉ်းပန်းနှိပ်စက်တဲ့ နည်းတွေ ဟုတ်လား၊ အို… အဲဒါကို မမေးပါနဲ့၊ အရင်တုန်းကတော့ ကျွန်တော်တို့မှာ နည်းမျိုးစုံ ရှိတာပဲ၊ အခုတော့ စိတ်ပိုင်းဆိုင်ရာနည်းတွေပဲ ရှိပါတယ် ‘လူတယောက်ရဲ့ဆင်ခြင်ပိုင်းခြားမှုကို ထိုးဆွတဲ့နည်း’ တွေပဲပေါ့၊ ဒီနည်းကို ခင်ဗျားတို့ဆီက ကျွန်တော်တို့ ရတာပဲ၊ ခင်ဗျားတို့ရဲ့ ပျော့ပျောင်းလာတဲ့ နည်းစနစ်တွေက ရတာပဲ၊ ဒီနည်းကိုသုံးတဲ့အတွက် ဘယ်သူတွေက အမြတ် ရတယ်လို့ ခင်ဗျား ထင်သလဲ၊ ကောင်း မကောင်း ဆင်ခြင်ပိုင်းခြားမှု မရှိတဲ့ လူတွေ အမြတ် ရတာပဲပေါ့၊ လူတယောက်ဟာ သူ့မှာ ဆင်ခြင်ပိုင်းခြားတတ်တဲ့စိတ် မရှိဘူးဆိုရင် အဲဒီအသိစိတ်ကို ထိုးဆွနေတာကို သူ ဘာဂရုစိုက်စရာ ရှိသလဲ။ အဲ အကောင်းနဲ့ အဆိုးကို ဆင်ခြင်ပိုင်းခြားတတ်တဲ့ လူတွေအဖို့တော့ သူတို့ရဲ့သြတ္တပ္ပစိတ်ကို အထိုးဆွခံရတာဟာ အတော်အခံရဆိုးတာပဲပေါ့၊ အဲဒီတော့ သူတို့အတွက် ဘယ်လိုမှ အသင့်ပြင်ဆင်ထားမှု မရှိတဲ့ လူတွေအတွက် ဒီနည်းဟာ ပြုပြင်ပြောင်းလဲမှု ဖြစ်နေနိုင်တယ်။ အထူးသဖြင့် ဘယ်လိုမှ ကောင်းကျိုးမပေးတဲ့ နိုင်ငံခြားပုံစံကို ပုံတူ ကူးချထားတဲ့ လူတွေအတွက်ပေါ့၊ ရှေးဟောင်းနည်း ငရဲမီးစနစ်က အများကြီးပိုကောင်းတယ်။

“အဲဒီတော့ ဇာတ်လမ်းကို ဆက်ပြောရလို့ရှိရင် ကီလိုမီတာ ကုဋေသန်းတရာ လျှောက်ဖို့ ပြစ်ဒဏ် ခံထားရတဲ့လူဟာ မတ်တတ်ကြီးရပ်နေပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး လမ်းပေါ်မှာ ကန့်လန့်ဖြတ်ကြီး လှဲချလိုက်တယ် ‘ကျုပ် မသွားနိုင်ဘူး၊ မူအရ ကျုပ် မသွားနိုင်ဘူး’ ထာဝရ ဘုရားသခင်ကို မယုံတဲ့ ရုရှားလူမျိုးတယောက်နဲ့ ငါးကြီးရဲ့ ဝမ်းထဲမှာ သုံးရက်လုံးလုံး နေခဲ့တဲ့ ပရောဖက် ယောနကို ပေါင်းလိုက်ရင် လမ်းပေါ်မှာ အားလျားမှောက်နေတဲ့ ဒဿနပညာရှင်ကြီးရဲ့ စရိုက်ကို ရနိုင်တယ်”

“သူ ဘယ်အပေါ်မှာ လှဲနေတာလဲ”

“အို၊ အဲဒီမှာ သူ လှဲစရာ နေရာတခု ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ ခင်ဗျား နောက်နေတာ မဟုတ်ပါဘူးနော်”

“တကယ့်လူပဲ” အိုက်ဗင် ဟစ်အော်လိုက်သည်။ ထူးဆန်းသော စိတ်ဝင်စားမှုဖြင့်ပင် ဖြစ်သည်။ သူသည် ယခုအခါ အထူးပင် စိတ်ဝင်စားဟန်ဖြင့် နားထောင်နေသည်။ “သူ အခုထက်ထိ အဲဒီမှာ လှဲနေတုန်းပဲလား”

“အဲဒါ အဓိကအချက်ပဲ၊ အဲဒီမှာ သူ မရှိတော့ဘူး၊ အဲဒီနေရာမှာ သူ အနှစ်တထောင်လောက် လှဲနေပြီးနောက် ထပြီး လျှောက်သွားတယ်”

“ငတုံးပဲ” အိုက်ဗင် ကယောင်ချောက်ချား ရယ်မောလိုက်သည်။ ထို့နောက် တစုံတခုကို အလေးအနက် တွေးတောဟန်ဖြင့် “သူ အဲဒီမှာ တလျှောက်လုံး အိပ်နေတာနဲ့ ကုဋေသန်းတရာကို လျှောက်သွားတာ ဘာထူးမှာလဲ၊ အဲဒီခရီးကို သူ နှစ်ပေါင်း ကုဋေတရာလောက် လျှောက်ရမယ်၊ မဟုတ်ဘူးလား”

“ဒါထက်တောင် ပိုကြာဦးမယ်၊ ကျွန်တော့်မှာ စာရွက်နဲ့ ခဲတံရှိနေရင် ကျွန်တော် အတိအကျ တွက်နိုင်တယ်၊ ဒါပေမဲ့ အဲဒီခရီးကို သူ ဟိုနှစ်ပေါင်းပဝေသဏီတုန်းက လျှောက်ခဲ့တာပဲ၊ ခေတ်လမ်းက အဲဒီမှာ စတာပဲ”

“ဟုတ်လား၊ နေပါဦး၊ နှစ်ပေါင်း ကုဋေတရာဆိုတဲ့ အချိန်ကို သူ ဘယ်လိုလုပ်ပြီး ရသလဲ”

“ခင်ဗျားက ကျွန်တော်တို့ရဲ့ လက်ရှိကမ္ဘာမြေကြီးနဲ့ ချိန်ထိုးပြီး တွက်နေတာကိုး၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးဟာ အကြိမ်ပေါင်း ကုဋေတရာလောက် ပြန်ဖြစ်ခဲ့ပြီးပြီ၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က ကျွန်တော်တို့ ကမ္ဘာကြီး ပျက်ပြီး ပျောက်သွားတယ်၊ ခဲသွားတယ်၊ ကွဲသွားတယ်၊ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားတယ်။ ခေတ်ကြီးလေးပါးအဖြစ် ကွဲပြားသွားတယ်၊ နောက်တခါ ‘မိုးမျက်နှာကြက်ပေါ်က ရေမျက်နှာပြင်’ ပြန်ဖြစ်လာတယ်၊ အဲဒီနောက်မှာ ကြယ်တံခွန်ကြီးတခု ပေါ်လာပြန်တယ်၊ နေကြီးတစင်း ပေါ်လာတယ်၊ အဲဒီကနေပြီး ကနေ့ ကမ္ဘာဂြိုဟ်ကြီး ပြန်ဖြစ်လာ ပြန်တယ်။ ဒီအတိုင်းပဲ၊ အဆုံးအစ မရှိ သံသရာလည်နေတယ်၊ အသေးစိတ်ကလေးတွေအထိ တသဝေမတိမ်း ဖြစ်နေတယ်၊ အင်မတန် ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အလုပ်ကြီး တခုပဲပေါ့”

“ထားပါတော့၊ ထားပါတော့၊ သူ ရောက်သွားတဲ့အခါမှာ ဘာဖြစ်သလဲ”

“သူတို့က ကောင်းကင်ဘုံတံခါးကြီးကို သူ့အတွက် ဖွင့်ပေးလိုက်တဲ့အခါမှာ သူ လျှောက်ဝင်သွား တယ်၊ ကောင်းကင်ဘုံထဲကို ရောက်သွားလို့ နှစ်စက္ကန့်လောက်ကလေးမျှ မကြာခင်မှာပဲ နှစ်စက္ကန့် ဆိုတာ သူ့ရဲ့နာရီနဲ့ ပြောတာ၊ သူ့ရဲ့နာရီက (ကျွန်တော့်အထင်မှာတော့ သူ့ရဲ့နာရီဟာ လမ်းခရီးမှာပဲ မူလဒြပ်စင်တွေ ပြန်ဖြစ်ကုန်ကြပြီ) အဲဒီလို သူ ရောက်လို့ နှစ်စက္ကန့် မပြည့်ခင်မှာဘဲ သူဟာ ကြွေးကြော်တယ်၊ သူဟာ အဲဒီနှစ်စက္ကန့်အတွက် ကုဋေ သန်းတရာ မကဘူး၊ ကုဋေ သန်းတထောင် တသောင်း တသိန်းလည်း လျှောက်တယ်တဲ့၊ တကယ်ဖြစ်တာကို ပြောရရင် ‘ဟောဇန္နာ’ (ကယ်တင်တော်မူပါ) လို့ ဘုရားသခင်ကို ကိုးကွယ်တိုင်တည်လိုက်တယ်။

"သူ့အနေနဲ့လည်း အဲဒီလို အလွန်အကျွံ ဖြစ်သွားတဲ့အတွက် အဲဒီမှာ ကိုယ့်အယူအဆနဲ့ကိုယ် ရှိနေကြတဲ့ ပုဂ္ဂိုလ်အချို့ဟာ ပထမပိုင်းမှာ သူ့ကို လက်သင့်ခံ ပေါင်းသင်းခြင်း မပြုကြဘူး၊ သူ့အနေနဲ့ ဖောက်ပြန်ရေး အသိုင်းအဝိုင်းထဲကို ရောက်သွားတာ မြန်လွန်းတယ်လို့ သူတို့က ပြောကြတယ်၊ ရှုရှားသတ္တိပဲ၊ ကျွန်တော်ထပ်ပြောမယ်၊ ဒါဟာ ဒဏ္ဍာရီတခုပဲ၊ သူ့အရှိကို ကျွန်တော် ပေးတာပဲ၊ ကျွန်တော်တို့ဟာ အခုအချိန်အထိ ဒီလိုအကြောင်းအရာမျိုးမှာ ဒီလို အယူအဆတွေ ရှိနေကြတယ်"

"ခင်ဗျားကို ကျုပ် မိပြီ" အိုက်ဗင်သည် တစုံတခုကို စဉ်းစားမိဟန်ဖြင့် ကလေးတယောက်လို ဝမ်းသာအားရ ဟစ်အော်လိုက်သည်။ "အခုပြောသွားတဲ့ ကုဋ္ဌေသန်းတရာ ပုံပြင်ကို ကျုပ်တီထွင်ခဲ့ တာပဲ၊ အဲဒီတုန်းက ကျုပ်အသက် ၁၇ နှစ်ပဲ ရှိသေးတယ်၊ ကျုပ် အထက်တန်းကျောင်းမှာပဲ ရှိသေးတယ်၊ အဲဒီပုံပြင်ကို ကျုပ်ဇာတ်လမ်းဆင်ပြီး ကိုရောဗင်ဆိုတဲ့ ကျောင်းသားသူငယ်ချင်း တယောက်ကို ပြောခဲ့တာပဲ၊ မော်စကိုမှာပဲ၊ ဒီဇာတ်လမ်းက တော်တော်လေးကို ထူးခြားတဲ့အတွက် ကျုပ်ဆီက ဘယ်သူယူတာမှ မဖြစ်နိုင်ဘူး။ ဒီဇာတ်လမ်းကို ကျုပ် မေ့ခဲ့ပုံရတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ အတွင်းစိတ်တနေရာမှာ မသိမသာ အမှတ်ရနေပြီး ကျုပ်ကိုယ်ကျုပ် ပြန်ပြောနေတာပဲ၊ ခင်ဗျားက ကျုပ်ကို ပြောနေတာမဟုတ်ဘူး၊ လူတွေဟာ အဲဒီလိုပဲ အဖြစ်အပျက်တွေ ထောင်ပေါင်းများစွာကို သူတို့ရဲ့မသိစိတ်ထဲမှာ အမှတ်ရနေကြတယ်၊ အဲဒီတော့ ခင်ဗျားဟာ အဲဒီအိပ်မက်ပဲ၊ ခင်ဗျားဟာ အိပ်မက်တခုပဲ၊ ခင်ဗျားဟာ တကယ်ရှိမနေဘူး"

"ခင်ဗျားရဲ့စိတ်က အင်မတန် ဇောသန်နေလွန်းတဲ့အတွက် ကျွန်တော် တကယ် တည်ရှိနေတယ် ဆိုတာကို ခင်ဗျားလက်မခံနိုင်တာပါ၊ ဒါပေမဲ့ ကျွန်တော် ရှိနေတယ်ဆိုတာကို ခင်ဗျား ယုံကြည်နေတဲ့ အကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်"

ဧည့်သည်ကြီး ရယ်မောကာ ပြောသည်။

"နည်းနည်းကလေးမှ မယုံဘူး။ ခင်ဗျား တကယ်ရှိနေတယ်ဆိုတာကို အပုံတရာပုံ တပုံတောင် မယုံဘူး"

"ဒါပေမဲ့ အပုံတထောင်ပုံ တပုံတော့ ယုံတယ်မဟုတ်လား၊ ဒါမျိုးက အမျိုးအစား နည်းလေ အတိုင်းထက်အလွန် ပြင်းထန်လေပဲ၊ ဆေးကောင်းတော့ သန်းခေါင်းဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ အပုံတထောင်မှာ တပုံယုံတဲ့အကြောင်း ခင်ဗျား ဝန်ခံလိုက်စမ်းပါ"

"တဒင်္ဂလေးတောင် မယုံဘူး" အိုက်ဗင် ဒေါသတကြီး ဟစ်အော်လိုက်သည်။

"ဒါပေမဲ့ ခင်ဗျားကို ကျုပ် ယုံချင်တယ်"

"အို့ဟိုး ... ဒါ ဝန်ခံချက်ပဲ၊ အဲဒီတော့ ကျုပ်က စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတယောက်ဆိုတော့ ခင်ဗျားကို ကျွန်တော် ကူညီပါ့မယ်၊ ဒီမယ် ကျွန်တော် ပြောမယ်၊ အမှန်က ခင်ဗျားကို ကျွန်တော်က မိတာပဲ၊ ခင်ဗျားက ကျွန်တော့်ကို မိတာမဟုတ်ဘူး၊ ခင်ဗျားမေ့နေတဲ့ ဇာတ်လမ်းတခုကို ကျွန်တော်က တမင် ပြောလိုက်တာပဲ၊ ဒါမှ ခင်ဗျား ကျွန်တော့်အပေါ်မှာ ယုံကြည်မှုလုံးလုံး ကုန်ဆုံးသွားမယ်"

"အဲဒါ ခင်ဗျားညာတာပဲ၊ ခင်ဗျား ရောက်လာရတဲ့ အကြောင်းရင်းက ခင်ဗျား ရှိနေတယ်ဆိုတာကို ကျုပ် ယုံကြည်အောင် လုပ်ဖို့ပဲ"

"အဲဒါ မှန်ပါတယ်၊ ဒါပေမဲ့ တုံ့ဆိုင်းခြင်း၊ တုန်လှုပ်ခြင်း၊ ယုံကြည်မှုနဲ့ မယုံကြည်မှု ကြားမှာ ပဋိပက္ခဖြစ်ခြင်း အဲဒါတွေဟာ ခင်ဗျားလို စဉ်းစားဉာဏ်ရှိတဲ့ လူတယောက်အဖို့ အင်မတန် စိတ်ဒုက္ခ ရောက်စေပါတယ်၊ ခင်ဗျားဟာ ကျွန်တော်ရှိနေတယ်ဆိုတာကို ယုံကြည်စပြုနေတဲ့အတွက် ယုံကြည်မှု လုံးဝ မရှိရလေအောင် ကျွန်တော်က ဒီပုံပြင်ကို ပြောရတာပဲ၊ ခင်ဗျားကို ကျွန်တော်က ယုံကြည်မှုနဲ့ မယုံကြည်မှုကြားမှာရောက်နေစေတာပဲ၊ ကျွန်တော့်မှာ အဲဒီလိုလုပ်ရတဲ့ အကြောင်းရင်း တခု ရှိတယ်ဆိုတာလည်း ကျွန်တော် ဝန်ခံပါတယ်။ ဒါက နည်းသစ်တခုပဲ ဖြစ်ပါတယ်ခင်ဗျာ။ ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ ယုံကြည်မှု လုံးဝမရှိတော့တာနဲ့ တပြိုင်နက် ခင်ဗျားဟာ ဘာလုပ်မလဲဆိုရင် ကျွန်တော်ဟာ အိပ်မက်တခု မဟုတ်ဘူး၊ တကယ်ရှိနေတယ်လို့ ကျွန်တော့် ရှေ့မှာပဲ ပြောလိမ့်မယ်၊ ခင်ဗျားပြောမယ်ဆိုတာ ကျွန်တော် သိတယ်၊ အဲဒီအခါကျရင် ကျွန်တော်ဟာ ရုပ်ဝတ္ထုတခုအဖြစ် ရရှိလိမ့်မယ်။ ထိုက်တန်တဲ့ ရုပ်ဝတ္ထုတခုလည်း ဖြစ်လိမ့်မယ်။ နောက်ထပ် ခင်ဗျားရဲ့ရင်ထဲမှာ ယုံကြည်မှုမျိုးစေ့ကလေးတခုကို ကြဲလိုက်တယ်၊ ဝက်သစ်ချပင်ကြီးတပင် ပေါက်လာလိမ့်မယ်၊ အဲဒီအခါမှာ ခင်ဗျားဟာ အဲဒီဝက်သစ်ချပင်ကြီးပေါ်မှာ ထိုင်ပြီး 'တောတောင် ကန္တာရထဲက သူတော်စင်ယောဂီ၊ သူတော်စင် ယောဂီမကြီး' တွေနဲ့ လက်တွဲဖို့ ခင်ဗျားရဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်လာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအလုပ်ဟာ ခင်ဗျားရဲ့ စိတ်ထဲမှာ တိတ်တိတ်ကလေး ကိန်းအောင်းနေခဲ့လို့ပဲ၊ ခင်ဗျားဟာ ခင်ဗျားရဲ့စိတ်ဝိညာဉ်သန့်စင်ကောင်းမွန်ရေး အတွက် သစ်ဥသစ်ဖုတွေကိုသာ စားပြီး တောတောင်ကန္တာရထဲမှာပဲ နေလိမ့်မယ်"

"လက်စသတ်တော့ ဒီအလုပ်တွေကို ခင်ဗျား လုပ်နေတာ ကျုပ်ရဲ့ဝိညာဉ်ကို ကယ်တင်ဖို့အတွက် ပဲပေါ့ ဟုတ်လား၊ အတော်ဆိုးတဲ့ လူဆိုးပဲ"

"လူတယောက်ဟာ တခါတခါမှာ ကောင်းတဲ့အလုပ်ကလေးတွေကိုလည်း

လုပ်ရပါတယ်၊ ခင်ဗျားဟာ တော်တော့်ကို စိတ်တိုနေတာပဲကိုး”

“အရှူး၊ တောတောင်ကန္တာရထဲမှာ ကျိုင်းကောင်တွေစားပြီး ကိုယ်မှာ ရေညှိတွေ တက်အောင် တဆယ့်ခုနစ်နှစ်လုံးလုံး တရားအားထုတ်နေတဲ့ သူတော်စင်တွေကို ခင်ဗျား သွေးဆောင်ဖြားယောင်း ခဲ့တယ် မဟုတ်လား”

“ဩော် ... မိတ်ဆွေကြီးရယ်၊ ဒါ ကျွန်တော့်အလုပ်ပဲဥစ္စာ၊ ခင်ဗျားဟာ ကမ္ဘာကြီးတခုလုံးနဲ့ ရှိသမျှ ကမ္ဘာလောကတွေအားလုံးကို မေ့ထားပြီး အဲဒီလူတယောက်ကိုပဲ အဓိကထားနေလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အင်မတန် အဖိုးတန်တဲ့ ရတနာတပါးဖြစ်လို့ပဲ၊ အဲဒီလိုပုဂ္ဂိုလ်ကြီး တယောက်ဟာ ရှိရှိသမျှ နက္ခတ်တာရာတွေ အားလုံးထက်ပိုပြီး တန်ဖိုးရှိတယ်၊ ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ သချ်ာနည်း ရှိတယ်။ အဲဒီလိုပုဂ္ဂိုလ်ကြီးတယောက် အပေါ်မှာ အောင်နိုင်ရခြင်း ဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင်ကို တန်ဖိုးကြီးမားလှတယ်၊ သူတို့အထဲက လူတချို့ဟာ အသိဉာဏ်ပညာအရာမှာ ခင်ဗျားထက် မနိမ့်ကျကြဘူး၊ ဒါပေမဲ့ ခင်ဗျားကတော့ ယုံမှာမဟုတ်ဘူး၊ သူတို့ဟာ ယုံကြည်ခြင်းနဲ့ မယုံကြည်ခြင်းရဲ့အတိမ်အနက်ကို တချိန်တည်းမှာပဲ စဉ်းစားချိန်ဆနိုင်ကြ တယ်၊ တခါတခါမှာ သူတို့ဟာ သရုပ်ဆောင်ကြီး ဂေါ်ဗူးနော့ရဲ့ စကားအတိုင်း ပြောရရင် ‘ဇောက်ထိုးမိုးမျှော်’ ဖြစ်သွားဖို့ ဆံခြည်တမျှင်လောက်ပဲ လိုတော့တယ်”

“ဒါပေမဲ့ ခင်ဗျား နှာခေါင်းကျည်ပွေ့ တွေ့ခဲ့ရတာပဲ မဟုတ်လား”

“ဩော် မိတ်ဆွေကြီးရယ်၊ နှာခေါင်း လုံးလုံး မရှိတာထက်စာရင်တော့ နှာခေါင်း ကျည်ပွေ့တွေ့ ရတာက အများကြီး ကောင်းပါသေးတယ်၊ တလောကပဲ နေမကောင်းနေတဲ့ မြို့စားတယောက်က သူ့ကို အထူးကု ပါရဂူတယောက်နဲ့ ကုရမယ်ဆိုလို့ ဂျက်ဖူးအစ် ဘုန်းတော်ကြီးရှေ့မှာ အာပတ် ဖြေတယ်။ အဲဒီမှာ ကျွန်တော် ရှိနေတယ်၊ အတော်ကလေး သဘောကျစရာ ကောင်းတယ်၊ ‘ကျွန်တော့်နှာခေါင်းကို ပြန်ပြီး ပေးသနားပါ’ ဆိုပြီး မြို့စားက သူ့ရင်ဘတ်ကို ထုပြီး လျှောက်ထားတယ်၊ ‘ငါ့သား နားထောင်လေ့၊ ဒီလောကကြီးမှာ အရာရာဟာ လူသားတို့ ဉာဏ်မမီ မသိရှိနိုင်တဲ့ ထာဝရဘုရားသခင်ရဲ့ ကြိုတင်စီရင်ချက်အရသာ ဖြစ်ပွားကြရတယ်၊ ဒါပေမဲ့ တခါတရံမှာ တချို့သော ဘေးဒုက္ခတွေဟာ မသိသာ မထင်ရှားလှပေမဲ့ အင်မတန်ထူးခြားတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေနိုင်တယ်။ ဆိုကြပါစို့၊ ကံကြမ္မာဂြိုဟ်ဆိုးက အသင်ရဲ့မျက်နှာမှ အသင့်ရဲ့နှာခေါင်းကို ဆုံးရှုံးစေခဲ့မယ်ဆိုရင် အသင်ဟာ ဘယ်တော့မှ နှာခေါင်းကျည်ပွေ့ တွေ့ရတော့မှာ မဟုတ်ဘူး’ လို့ ဘုန်းတော်ကြီးက ဆင်ဝှေ့ရန်ရှောင်ပြောလိုက်တယ် ‘အို အရှင်ဘုရား၊ ဒီစကားဟာ တပည့်တော် ကို နှစ်သိမ့်ခြင်း မဖြစ်နိုင်ပါ၊ တပည့်တော်မှာ သူ့နေရာမှာ သူ့နှာခေါင်း ရှိနေမယ်ဆိုရင် နေ့တိုင်းပဲ နှာခေါင်းကျည်ပွေ့ အတွေ့ခံနိုင်ပါသည် ဘုရား’ လို့ စိတ်ဒုက္ခရောက်နေ တဲ့လူက ပြန်လည်

လျှောက်ထားတယ်၊ ဒီအခါမှာ ဘုန်းတော်ကြီးဟာ သက်ပြင်းချပြီး ‘ငါ့သား နားထောင်လေ့၊ အသင်သည် ကောင်းချီးမင်္ဂလာ အားလုံးကို အခုချက်ချင်း ရစိမ့်သောငှာ မတောင်းဆိုထိုက်ပါ။ ဤအမှုသည် ထာဝရဘုရားသခင်အား ညည်းတွားခြင်းသာ ဖြစ်ပေသည်။ ဤအတွက် ဘုရားသခင်သည် အသင့်အား ဤအခြေအနေမှာပင် ခွင့်လွှတ်တော်မူမည် မဟုတ်ပါ။ အသင်သည် တသက်လုံး နှာခေါင်းကျည်ပွေ့ ဖြစ်သွားရသည့် အခြေအနေကို လိုလားပါသည်ဟု လျှောက်ထားခဲ့သည့်အတွက်မူကား အသင်၏အလိုဆန္ဒသည် ယခုပင်သွယ်ဝိုက်၍ ပြည့်မြောက်နေပြီ ဖြစ်သည်။ အသင့်တွင် နှာခေါင်းမရှိတော့ခြင်းသည် အသင်သည် နှာခေါင်းကျည်ပွေ့ တွေ့ရခြင်းပင် ဖြစ်တော့သည်’ တဲ့”

“အရှူး ... တကယ် တုံးတာပဲ” အိုက်ဗင် ဟစ်အော်လိုက်သည်။

“မိတ်ဆွေကြီးရယ်၊ ကျွန်တော်က ခင်ဗျားကို ပျော်စေချင်လို့ ပြောနေတာပါ၊ ဒါပေမဲ့ ဒီဥစ္စာဟာ ဂျက်ဖူးအစ် ဆင်ခြေအစစ်ပါပဲ၊ ကျွန်တော် ကျိန်ပြီး ပြောပါတယ်၊ ကျွန်တော် ခင်ဗျားကို ပြောသွားတဲ့ အတိုင်း တလုံးမကျန် အမှန်တွေချည့်ပါပဲ။ မကြာခင် တလောကလေးကမှ ဖြစ်ခဲ့တာပဲ။ ဒီကိစ္စအတွက် ကျွန်တော့်မှာ အတော်ကလေး အလုပ်ရှုပ်သွားတယ်၊ စိတ်မချမ်းမသာ ဖြစ်နေတဲ့ လူရွယ်ကလေးဟာ အိမ်ပြန်ရောက်တဲ့အခါမှာ အဲဒီညမှာပဲ သူ့ကိုယ်သူ သတ်သေသွားတယ်၊ ကျွန်တော်ဟာ နောက်ဆုံးအချိန်အထိ သူနဲ့ ရှိနေခဲ့တယ်၊ ဂျက်ဖူးအစ် အာပတ်ဖြေပွဲတွေဟာ ကျွန်တော့်အဖို့တော့ မျက်ရည်ထဲက အပြုံးတွေပဲ၊ ခဏနေဦး၊ ခင်ဗျား ဘာဖြစ်လို့ နှာခေါင်း ရှုံ့ရတာလဲ၊ ခင်ဗျား ကျွဲမြီးတိုပြန်ပြီလား၊ ခင်ဗျား သဘောကျအောင် ဘယ်လိုပြောရမလဲဆိုတာ ကျွန်တော် မသိတော့ဘူး”

“အို သွားစမ်းပါ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ဦးနှောက်တွေကို ကယောင်ချောက်ချား အိပ်မက်တခု ဖြစ်အောင် နှောက်ချင်တိုင်း နှောက်နေတာပဲ၊ ခင်ဗျားကို ကျုပ် ငြီးငွေ့လှပြီ၊ ဘယ်လိုမှ သည်းမခံနိုင် တော့ဘူး၊ နည်းနည်းကလေးမှကို သည်းမခံနိုင်တော့ဘူး၊ ခင်ဗျားနဲ့ လွတ်မယ် ကျွတ်မယ်ဆိုရင် ကျုပ် ဘာမဆိုပေးဖို့ အဆင်သင့် ရှိတယ်”

အိုက်ဗင် စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။ သူသည် သူ၏ အရိပ်အယောင်၏ရှေ့တွင် မရှုနိုင် မကယ်နိုင် ဖြစ်နေတော့သည်။

“ကျွန်တော် ထပ်ပြောမယ်၊ ခင်ဗျားရဲ့တောင်းဆိုချက်တွေကို နည်းနည်းကလေး လျှော့ထားပါ၊ ကျွန်တော့်ဆီက သိပ်အကောင်းကြီးတွေကို မမျှော်လင့်ပါနဲ့၊ ကျွန်တော်တို့နှစ်ယောက် ဘယ်လို အပေးအယူ တည့်သွားမယ်ဆိုတာကို ခင်ဗျား စောင့်ကြည့်ပါ” ဧည့်သည် လူကြီးမင်းက

အလေးအနက် ပြောဆိုသည်။ “ခင်ဗျား ကျွန်တော့်ကို ဒေါပွနေတာက ကျွန်တော်ဟာ လျှပ်ရောင် တဝင်းဝင်း၊ မိုးချုန်းသံတွေ တညံညံမှာ လောင်မီးကျနေတဲ့ အတောင်ပံကြီးတွေနဲ့ ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာ ရောက်မလာဘဲ အခုလို ရိုးရိုးကလေး ရောက်လာတဲ့အတွက်ပဲ မဟုတ်လား၊ ခင်ဗျားအနေနဲ့ ပထမအချက် မကျေနပ်တာကတော့ ခင်ဗျားရဲ့အလှအပ အလင်္ကာ ဝါဒစွဲကြောင့် ဖြစ်ပြီး၊ ဒုတိယအချက်ကတော့ ခင်ဗျားရဲ့မာန်မာနတရားကြောင့်ပဲ ဖြစ်တယ်၊ ခင်ဗျားလို ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တယောက်ဆီကို နတ်အစုတ်အပြတ်တကောင်က ဘယ်လိုလုပ်ပြီး ရောက်လာရ သလဲဆိုတဲ့ သဘောပဲပေါ့။

“ဟုတ်တယ်၊ ခင်ဗျားမှာ စိတ်ကူးယဉ်ဝါဒစွဲတွေ ရှိနေတယ်၊ အဲဒါကို ဗီလင်စကီကတော့ အသေအလဲကို ဝေဖန်ရှုတ်ချတယ်၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ခင်ဗျားဆီကို လာမယ်လုပ်တုန်းက နောက်ပြောင်တဲ့အနေနဲ့ ကော့ကေးဆပ်မှာ တာဝန်ထမ်းဆောင် ခဲ့တဲ့ အငြိမ်းစား ဗိုလ်ချုပ်ကြီး တယောက်ပုံစံမျိုးနဲ့လာဖို့ ကျုပ် စိတ်ကူးသေးတယ်။ ကုတ်အင်္ကျီပေါ်မှာလည်း သီဟဘွဲ့တံဆိပ်နဲ့ သူရိယဘွဲ့ တံဆိပ်ကြီးတွေကို တပ်မယ်ပေါ့၊ ဒါပေမဲ့ ကျွန်တော်ဟာ အနည်းဆုံးအဖြစ်နဲ့ မိုးကောင်းကင်နဲ့ဆိုင်တဲ့ ခူဝံကြယ်တံဆိပ်၊ ဒါမှမဟုတ် ကောင်းကင်မှာ အတောက်ပဆုံးဖြစ်တဲ့ ဗုဒ္ဓက တာရာတံဆိပ်ကို မတပ်ခဲ့ဘဲ မြေကြီးပေါ်က သီဟတံဆိပ်နဲ့ သူရိယတံဆိပ်တွေကို တပ်လာရကောင်းလားဆိုပြီး ကျွန်တော့်ကို ခင်ဗျားအနေနဲ့ ထိုးမှာကြိတ်မှာကို ကျွန်တော် စိုးရိမ်မိတယ်။

“နောက်ပြီးတော့ ခင်ဗျားက ကျွန်တော့်ကို တုံးတယ်လို့ချည်းပဲ ထပ်တလဲလဲ ပြောနေတယ်၊ ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ဉာဏ်ပညာအရာမှာ ခင်ဗျားနဲ့ ကြမ်းတပြေးတည်းရှိတယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊ မက်ဖစ်တော်ဖယ်လီ (Mephistopheles) က ဖောက် (Faust) ကို ပြောတဲ့နေရာမှာ သူဟာ မကောင်းမှုကို လိုလားတယ်၊ ဒါပေမဲ့ ကောင်းတာတွေကိုပဲ လုပ်တယ်တဲ့။ သူ ပြောချင်ရာကို သူ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ သူနဲ့ ဆန့်ကျင်ဘက်ပဲ၊ ဒီ စကြဝဠာကြီးမှာ အမှန်တရားကို မြတ်နိုးပြီး ကောင်းမှုသုစရိုက်တွေကို လိုလားတဲ့လူဟာ ကျွန်တော်တယောက်တည်းပဲ ရှိနိုင်ပါတယ်။

“အရှင်ယေရှုခရစ် လက်ဝါးကပ်တိုင်ပေါ်မှာ ကွယ်လွန်တော်မူပြီးနောက် ကောင်းကင်ဘုံကို ပျံတက်သွားတဲ့အချိန်မှာ ကျွန်တော် ရှိနေတယ်၊ အရှင်ယေရှုခရစ်ရဲ့ရင်ခွင်ထက်မှာ သူ့ဘေးမှာ ကားစင်တင်ခံရပြီး သေဆုံးသွားတဲ့ နောင်တတရား ရရှိတဲ့ သူခိုးရဲ့ဝိညာဉ်ဟာ အတူကိန်းအောင်းပြီး ပါသွားတယ်၊ အဲဒီအတွက် ကောင်းကင်ဘုံမှာရှိတဲ့ ခေရုဗိန် ကောင်းကင်တမန်များရဲ့ ဝမ်းမြောက် ဝမ်းသာ ဟစ်အော်လိုက်ကြတဲ့ အသံတွေကို ကျွန်တော် ကြားရတယ်၊

ခမ္ဘတေးသီချင်းတွေကို သီကြွေးကြတယ်၊ 'ဟောရက္ကာ' (ကယ်တင်တော်မူပါဘုရား) လို့ ဂုဏ်ပြု ကြွေးကြော်ကြတယ်၊ နောက်ပြီးတော့ သရပ် ကောင်းကင်တမန်များရဲ့ ဘဝဂ်ညံအောင် ဟစ်ကြွေးလိုက်တဲ့ အသံတွေက လည်း ကောင်းကင်ဘုံကြီး တခုလုံးနှင့် ဘုရားသခင် ဖန်ဆင်းတော်မူရာ အားလုံး သိမ့်သိမ့်တုန် သွားတယ်၊ အဲဒီအခါမှာ ကျွန်တော်ဟာလည်း အမှန်အတိုင်း ကျိန်တွယ်ပြီး ပြောရရင် သူတို့တွေနဲ့ အတူရောပြီး 'ဟောရက္ကာ' လို့ သံပြိုင်ဟစ်ကြွေးလိုက်ချင်တယ်၊ အဲဒီစကားလုံးဟာ ကျွန်တော့် ပါးစပ်ထဲကနေ ထွက်သွားပြီလားလို့တောင် ထင်ရတယ်၊ ကျွန်တော့်ရဲ့ ရင်ထဲကနေ တခါတည်းကို ပွင့်အန်ပြီး ထွက်လာတယ်၊ ကျွန်တော် ဘယ်လောက်စိတ်ထိခိုက်ပြီး ဘယ်လောက် ခံစားတတ်တယ် ဆိုတာကို ခင်ဗျား သိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ပုံမှန်အသိစိတ်က ကျွန်တော့်ကို ထိန်းချုပ်ထားလိုက်ပြီး ကျွန်တော်ဟာ အဲဒီအခွင့်အရေးကို လက်လွှတ်လိုက်ရတယ်၊ အို ... ကျွန်တော်ရဲ့ စရိုက်သဏ္ဍာန်က ဘယ်လောက်များ စိတ်မချမ်းသာစရာ ကောင်းလိုက်သလဲ။

"အဲဒီအချိန်က ကျွန်တော် စဉ်းစားလိုက်မိတယ်၊ တကယ်လို့များ 'ဟောရက္ကာ' လို့ ကျွန်တော် ကြွေးကြော်လိုက်ရင် နောက်ပိုင်းမှာ ဘာတွေဖြစ်သွားမလဲ၊ ကမ္ဘာပေါ်မှာ ရှိသမျှ အရာဘွေအားလုံး ဆိတ်သုဉ်းသွားပြီး ဘာအဖြစ်အပျက်တခုမှ ဖြစ်တော့မှာမဟုတ်ဘူး၊ အဲဒီတော့ ကျွန်တော်ရဲ့ အနေအထားနဲ့ တာဝန်အရ ကျွန်တော်ဟာ အခွင့်အရေးကောင်းတခုကို လက်လွှတ်လိုက်ရပြီး ကျွန်တော့်ရဲ့စက်ဆုပ်ရွံရှာဖွယ်ရာကောင်းတဲ့ အလုပ်ကိုပဲ ဆက်လုပ်နေရတယ်၊ တစုံတယောက်က ကောင်းမှုသုစရိုက်တွေ အားလုံးအတွက် တာဝန်ယူပြီး မကောင်းမှု ဒုစရိုက်တွေ အားလုံးဟာ ကျွန်တော့်အတွက် ဖြစ်နေတယ်။

"ဒါပေမဲ့ လိမ်လည်လှည့်ဖြားတဲ့ဘဝမှာ နေရတဲ့အဖြစ်ကို ကျွန်တော် နည်းနည်းကလေးမှ ပြုံးစူခြင်း မရှိပါဘူး၊ ကျွန်တော်က ရည်မှန်းချက်ကြီးတဲ့ လူတယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ရှိရှိသမျှ သတ္တဝါတွေ ဝေနေယျတွေ အားလုံးထဲမှာ ဘာဖြစ်လို့ ကျွန်တော် တယောက်တည်းကိုသာ ကွက်ပြီး လူကောင်းသူကောင်းတွေရဲ့ ကျိန်ဆဲပြိုငြင်ဖွယ်ရာ ဖြစ်နေရတာလဲ။ သူတို့တွေရဲ့ ခြေထောက်နဲ့ အကန်အကျောက် ခံချင်ဖွယ်ရာ ဖြစ်နေရတာလဲ။ တကယ်လို့သာ ကျွန်တော်ဟာ လူသားတယောက် ရဲ့ ပုံပန်းသဏ္ဍာန်နဲ့ နေရလို့ရှိရင် အကန်အကျောက်တွေ မကြာမကြာ ခံရမှာ အမှန်ပဲ။ ဒီနေရာမှာ လျှို့ဝှက်ချက်တခု ရှိတယ်ဆိုတာ ကျွန်တော် သိတယ်၊ ဒါပေမဲ့ အဲဒီလျှို့ဝှက်ချက် ဘာဆိုတာကို သူတို့က ကျွန်တော့်ကို မပြောကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ 'ဟောရက္ကာ' လို့ သီကြွေးဟစ်အော်လိုက်မှာမို့ပဲ၊ အဲဒီလို ဟစ်အော်လိုက်တာနဲ့ ဒီလောကကြီးမှာ မရှိမဖြစ်တဲ့ အနုတ်လက္ခဏာ သင်္ကေတဟာ တခါတည်း

ပျောက်ကွယ်သွားပြီး ကမ္ဘာကြီးတခုလုံးဟာ အကောင်းတွေချည်း ကြီးစိုးသွားလိမ့်မယ်၊ အဲဒီလို ဖြစ်သွားလို့ရှိရင် အရာအားလုံးဟာ နိဂုံးချုပ်တော့တာပဲ၊ အဲဒီအခါကျရင် သတင်းစာတွေ၊ ဂျာနယ်မဂ္ဂဇင်းတွေကို ဘယ်သူတွေက ဂရုစိုက်ပြီး ဖတ်နေကြတော့မလဲ၊ နောက်ဆုံးကျရင် ကျွန်တော်တောင်မှပဲ စေ့စပ်ပြေငြိမ်းပြီး ကီလိုမီတာ ကုဋေသန်းတရာခရီးကို လျှောက်ပြီး လျှို့ဝှက်ချက်ကို သိရတော့မှာ အမှန်ပဲ။

“ဒါပေမဲ့ အဲဒီအချိန်အခါကို မရောက်မချင်းတော့ ကျွန်တော်ဟာ အမှောင့်ပယောဂ ဘဝမှာ ရှိနေပြီး ကျွန်တော့်စိတ်ထဲမှာ မပါပေမဲ့ ကျွန်တော့်အပေါ်မှာ ပေးထားတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမှာပဲ။ လူတယောက် ကယ်တင်လွတ်မြောက်ဖို့အတွက် လူ ထောင်ပေါင်းများစွာကို ဖျက်ဆီးရမှာပဲ။ ယောဘလို သူတော်စင်တယောက် ရရှိရေးအတွက် လူပေါင်း ဘယ်လောက်များများ ကို ဖျက်ဆီးရမယ်ဆိုတာ... သူတော်ကောင်းပေါင်း ဘယ်လောက်များများကို ဖြားယောင်းရမယ် ဆိုတာကို သူတို့က ဟိုရေးပဝေသဏီကတည်းက ကျွန်တော့်အပေါ်မှာ နှစ်ထပ်ကွမ်း လီဆယ် လုပ်ကြံခဲ့ကြတယ်၊ အဲဒီတော့ လျှို့ဝှက်ချက်ကြီးကို မဖော်ထုတ်မချင်း ကျွန်တော့်အတွက် အမှန်တရား နှစ်ခု ရှိနေတယ်၊ တခုကတော့ သူတို့ရဲ့အမှန်တရားပဲ၊ အဲဒီအမှန်တရားအကြောင်းကို အခုအချိန်အထိ ကျွန်တော် ဘာမှ မသိရသေးဘူး၊ နောက်တခုကတော့ ကျွန်တော့်ရဲ့အမှန်တရားပဲ၊ အဲဒီအမှန်တရား နှစ်ခုအနက် ဘယ်ဥစ္စာက အကောင်းဆုံးဖြစ်မယ်ဆိုတာကိုတော့ အခုအချိန်အထိ ဘယ်သူမှ မသိနိုင်သေးဘူး။ ခင်ဗျား အိပ်နေပြီလား”

“ဟုတ်တယ်၊ ကျုပ် အိပ်ချင်နေတယ်” အိုက်ဗင် ဒေါသတကြီး ဟစ်အော်လိုက်သည်။ “ကျုပ်ဆီမှာရှိခဲ့တဲ့ မကောင်းတဲ့ အတွေးအခေါ်တွေ၊ ကျုပ်အနေနဲ့ နှစ်ပေါင်းများစွာ ခံခဲ့တဲ့ မကောင်းမှုတွေ၊ ကျုပ်ကိုယ်ထဲက မောင်းထုတ်ပစ်လိုက်ပြီး ခွေးသေကောင်တကောင်လို ဘေးမှာ ပစ်ထားတာတွေကို ခင်ဗျားက အသစ်အဆန်းတွေလုပ်ပြီး ကျုပ်ကို တင်ပြနေတယ်”

“ဒီအတိုင်းဆိုရင် ကျွန်တော်ဟာ ခင်ဗျားကို အခုအချိန်အထိ ကျေနပ်မှု မပေးနိုင်သေးဘူးပေါ့ .. ဟုတ်လား၊ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့စာဟန်ပေဟန်တွေက ခင်ဗျားကို ဆွဲဆောင်နိုင်လိမ့်မယ် လို့ ထင်ခဲ့တာ။ ကောင်းကင်ဘုံက ‘ဟောရှက္ကာ’ ဒါလောက် မဆိုးပါဘူး၊ ကျွန်တော့်ရဲ့ ပြက်ရယ် လှောင်ပြောင်ဟန်တွေက ဟိုင်းန (Heine) နဲ့ မတူဘူးလား”

“ကျုပ်က လူ့ကပ်ပါးတယောက် မဟုတ်ဘူး၊ အဲဒီတော့ ကျုပ်ရဲ့ နှလုံးသားဝိညာဉ်က ဘာဖြစ်လို့ ခင်ဗျားလို လူ့ကပ်ပါးတယောက်ဆီမှာ ငြိတွယ်ရမှာလဲ”

“အို မိတ်ဆွေကြီးရယ်၊ အင်မတန် သဘောကျနှစ်သက်စရာကောင်းတဲ့ ရုရှား လူကြီးလူကောင်း တယောက်ကို ကျွန်တော် သိတယ်။ လူငယ်တွေးခေါ်ရှင်တယောက်၊ စာပေနဲ့ အနုပညာကို ခံ့မင်မြတ်နိုးသူတယောက်၊ ‘မဟာခုံတော်ချုပ်’ အမည်ရှိတဲ့ အင်မတန် အလားအလာကောင်းတဲ့ ကဗျာလင်္ကာကြီးတပုဒ်ကို ရေးစပ်သီကုံးခဲ့သူ တယောက်၊ ကျွန်တော့်ခေါင်းထဲမှာ သူ့ကိုပဲ ရည်ရွယ်နေပါတယ်”

“ ‘မဟာခုံတော်ချုပ်အကြောင်း’ မပြောနဲ့”

အိုက်ဗင် မျက်နှာကြီး နီရဲကာ ဟစ်အော်လိုက်သည်။

“ဒါဖြင့်ရင် ‘မဟာပထဝီဝင် အုံကြွတော်လှန်ရေး’ ဆိုတာကော၊ ခင်ဗျား အဲဒါကို မှတ်မိသလား၊ ကဗျာကောင်းကလေးတပုဒ်ပဲ မဟုတ်လား”

“တိတ်စမ်းဗျာ၊ ခင်ဗျားကို ကျုပ် သတ်မိလိမ့်မယ်”

“ကျွန်တော့်ကို သတ်မယ်ဟုတ်လား၊ ဝမ်းနည်းပါတယ် မိတ်ဆွေ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ပြောရမှာပဲ၊ ကျွန်တော့်အနေနဲ့ ဒီကိုလာတာ စကားပြောရအောင် လာတာပဲ၊ သူတို့ရဲ့ ဘဝကြီးအတွက် အင်မတန် စိတ်အားထက်သန်နေကြတဲ့ ကျွန်တော့်ရဲ့လူငယ်မိတ်ဆွေကလေး တွေရဲ့အိပ်မက်တွေကို ကျွန်တော် သိပ်သဘောကျခဲ့တယ်။ ပြီးခဲ့တဲ့ နွေဦးက ခင်ဗျား ဒီကိုလာမယ် လုပ်တုန်းက ခင်ဗျားစိတ်ထဲမှာ ဆုံးဖြတ်ချက်ချခဲ့တာ တခုရှိတယ်။ ‘ဒီလောကကြီးမှာ ရှိသမျှ အရာအားလုံးကို ဖျက်ဆီးချေမှုန်းပြီး ကမ္ဘာဦးလူသားစားဝါဒကနေ ပြန်စချင်တဲ့ လူသစ်တွေ ရှိတယ်၊ အရူးတွေပဲ။ ငါ့ဆီမှာ အကြံဉာဏ်တောင်းကြတာတော့ မဟုတ်ဘူး၊ ငါ့သဘောပြောရရင် ရှိသမျှ အရာတွေအားလုံးကို ဘာမှ လိုက်ပြီး ဖျက်ဆီးပစ်နေစရာ မလိုဘူး၊ လူမှာရှိနေတဲ့ ဘုရားသခင် အယူအဆတခုတည်းကို ဖျက်ဆီးပစ်လိုက်ရင် ပြီးနေတာပဲ၊ အဲဒါပဲ။ အဲဒီကနေ ငါတို့ စရမှာပဲ၊ အို လူတွေဟာ ဘာမှ နားလည်မှုမရှိတဲ့ မျက်ကန်းတွေပဲ။ လူတွေအားလုံးက ဘုရားသခင်ကို ငြင်းပယ်လိုက်တာနဲ့ တပြိုင်နက် (အဲဒီခေတ်ဟာ ဘူမိဗေဒခေတ်တွေအတိုင်း ရောက်လာရမှာ အမှန်ပဲ) လူ့လောကကြီးနဲ့ ပတ်သက်ပြီး ရှိနေတဲ့ ရှေးဟောင်းအယူအဆတွေ အားလုံးဟာ သူ့ဟာသူ ပျက်စီးပျောက်ကွယ်သွားမှာပဲ။ လူသားစားဝါဒဆိုတာလည်း မရှိတော့ဘူး၊ ထပ်ပြီး ပြောရရင် ရှေးဟောင်း လောကနီတိဆိုတာလည်း မရှိတော့ဘူး။ အဲဒီအခါကျရင် လောကသစ်ကြီးတခု ဖြစ်ထွန်းလာလိမ့်မယ်၊ လူတွေဟာ ဒီလောကကြီးမှာ ခံစားနိုင်တာတွေ အားလုံးကို ခံစားကြရမှာပဲ။ ဒါပေမဲ့ ဒီကမ္ဘာလောကကြီး တခုတည်းနဲ့သာဆိုင်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေပဲ ဖြစ်မယ်။ လူမှာ ကောင်းကင်ဘုံရဲ့ ဂုဏ်တော်တွေနဲ့ ပြီးမြောက်ပြီး၊ အင်မတန် ကြီးကျယ် မြင့်မြတ်ခြင်းရှိပြီး သူကိုယ်တိုင်ဟာ လူသား-

ဘုရားသခင်တယောက် ဖြစ်လာလိမ့်မယ်၊ လူဟာ သူ့ရဲ့လိုအင်ဆန္ဒနဲ့ သိပ္ပံပညာအရ အချိန်နာရီတိုင်းမှာပဲ သဘာဝတရားအပေါ်မှာ အကန့်အသတ်မရှိ အောင်နိုင်ခြင်း ဖြစ်လာလိမ့်မယ်၊ လူဟာ အဲဒီအတွက် အချိန်နာရီတိုင်းမှာပဲ ပျော်ရွှင်ချမ်းမြေ့မှုကို အထူးခံစားရပြီး အရင်က သူ့ရဲ့မျှော်လင့်ချက်အဟောင်းတွေဖြစ်တဲ့ ကောင်းကင်ဘုံ ပျော်ရွှင် ချမ်းမြေ့မှုဆိုတာကို စွန့်လွှတ်လိမ့်မယ်၊ အဲဒီအခါကျရင် သူဟာ သေဆုံးခြင်းဆိုတာကို ဘုရားသခင်လိုပဲ တည်ငြိမ် အေးဆေးစွာနဲ့ ခံယူလိမ့်မယ်၊ လူ့ဘဝဆိုတာ မျက်စိတမှိတ် လျှပ်တပြက်ပဲ ဖြစ်တယ်လို့ သူ တွက်မနေတော့ဘူး၊ နောက်ပြီးတော့ သူဟာ ဘာတခုကိုမှ ဆုလာဘ်အဖြစ် မမျှော်လင့်ဘဲနဲ့ ညီအစ်ကိုတွေအပေါ်မှာ မေတ္တာတရား ထားလာလိမ့်မယ်၊ မေတ္တာတရားဆိုတာက လူ့ဘဝ တခဏကလေးအတွက်ပဲ ဖြစ်တယ်၊ ဒါပေမဲ့ တခဏဆိုတဲ့ သဘာဝတရားကို နားလည် သဘောပေါက်ထားတဲ့အတွက် အဲဒီမေတ္တာတရားရဲ့ အရှိန်အဟုန်ဟာ ကြီးထွားမြင့်တက်လာ လိမ့်မယ်၊ အခုအချိန်မှာ အဲဒီလိုမေတ္တာတရား အရှိန်အဟုန် ကြီးထွားမြင့်တက်မှုဟာ သေပြီးတဲ့ နောက်မှာ တွေ့ရမယ့် ထာဝရ မေတ္တာတရားအတွက် ပျောက်ကွယ်နေရတယ်’ တဲ့။ နောက်ပြီးတော့လည်း အဲဒီသဘောတရားအတိုင်း အဲဒီလိုတွေ အဲဒီလိုတွေပဲပေါ့၊ ဘယ်လောက် ကောင်းသလဲ”

အိုက်ဗင်သည် နားနှစ်ဖက်ကို လက်နှင့်ပိတ်ပြီး မျက်လုံးများကို အောက်စိုက်ထားလိုက်သည်။ သို့သော် သူ့တကိုယ်လုံး တုန်ယင်လျက် ရှိသည်။ စကားပြောနေသည့်အသံ ဆက်ပြီး ထွက်ပေါ်လာ သည်။

“လောလောဆယ်မှာ ပြဿနာဖြစ်နေတာကတော့ အဲဒီလိုခေတ်မျိုး တကယ် ပေါ်ပေါက်လာမလား၊ မလာဘူးလားဆိုတာပဲ။ ကျွန်တော့်ရဲ့ တွေးခေါ်ရှင်ကလေးက အဲဒီအချက်ကို စဉ်းစားနေတယ်။ တကယ်လို့ အဲဒီခေတ် ဖြစ်ပေါ်လာမယ်ဆိုရင် ပြဿနာတွေ အားလုံးဟာ ပြေလည်သွားပြီ။ လူ့လောကကြီးဟာ မျှော်မှန်းချက်ပန်းတိုင်ကို ရောက်ရှိသွားမှာပဲ။ ဒါပေမဲ့ လူတွေမှာ အသည်းစွဲ နေတဲ့ ထုံထိုင်းမိုက်မဲမှုတွေကြောင့် အဲဒီပန်းတိုင်ကို နောက် နှစ်ပေါင်းတထောင်နဲ့ ရောက်ဦးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအမှန်တရားကို အခုကတည်းက သဘောပေါက်နားလည်နေတဲ့လူတွေဟာ သူတို့ လုပ်ချင်တာကို မူသစ်အရ သူတို့ လုပ်ချင်သလို လုပ်နိုင်တယ်။ အဲဒီသဘောကတော့ ‘ဘာမဆို လုပ်ပိုင်ခွင့်ရှိတယ်’ ဆိုတဲ့ သဘောတရားပဲ၊ ဒါတင် မကသေးဘူး၊ တကယ်လို့ အဲဒီခေတ်ဟာ ဘယ်တော့မှ ရောက်မလာဘူး ဆိုရင်လည်း ဘုရားသခင်ရဲ့ထာဝရတရားဆိုတာ မရှိတော့တဲ့အတွက် အဲဒီလူသစ်ဟာ လူသား ဘုရားသခင်တယောက် ဖြစ်နိုင်တယ်၊ ဒီလောကကြီးမှာ အားလုံးမဟုတ်ဘဲ သူ တယောက်တည်းအနေနဲ့ပဲပေါ့။ သူဟာ အဲဒီအဆင့်အတန်းသစ်ကို ရတာနဲ့ တပြိုင်နက် သူ့စိတ်ထဲမှာ လုပ်ဖို့ လိုအပ်တယ်လို့ထင်ရင် အရင်လူသား

ကျေးကျွန်ဘဝက ရှိခဲ့တဲ့ လောကနီတိ အဟောင်းတွေ အားလုံးကို အပူအပန်မရှိသူ ကျော်လွှားဖြတ်သန်းနိုင်မယ်။ ဘုရားသခင်မှာ ဥပဒေ ဆိုတာ မရှိဘူး၊ ဘုရားသခင် လုပ်သမျှဟာ အားလုံး အမှန်အကန်တွေချည်းပဲ၊ ကျွန်တော်လုပ်တဲ့ အလုပ်ဟာလည်း 'ဘာမဆို လုပ်ပိုင်ခွင့်ရှိတယ်' ဆိုတဲ့ ရပ်တည်ချက်နဲ့ပဲ။ အားလုံးဟာ အဲဒီအတိုင်းပဲ၊ ဘယ်လောက် သဘောကျစရာကောင်းသလဲ၊ အဲဒီတော့ ခင်ဗျားဟာ မကောင်းမှုဒုစရိုက်တခုကို လုပ်ချင်ရင် ဘာဖြစ်လို့ အမှန်တရားရဲ့ခွင့်ပြုချက်ကို လိုချင်နေရသေးသလဲ။ ဒါပေမဲ့ ပြောရရင်တော့ ကျွန်တော်တို့ ခေတ်သစ် ရုရှားနိုင်ငံကြီးဟာ အဲဒီအတိုင်းပဲ ဖြစ်နေတယ်၊ သူက ခွင့်ပြုချက်အမိန့် မရဘဲနဲ့ မကောင်းမှု ဒုစရိုက်တခုကို မကျူးလွန်နိုင်ဘူး၊ သူက အမှန်တရားကို သိပ်ပြီး တွယ်တာ မြတ်နိုးနေတယ် ...”

ဧည့်သည်သည် စကားပြောနေရင်းဖြင့် သူ့ဘာသူ လေမိလာပြီး အသံကျယ်သည်ထက် ကျယ်လာကာ အိမ်ရှင်ကိုလည်း ထေ့လှောင်သော အကြည့်များဖြင့် မကြာမကြာ လှမ်းကြည့်လျက် ရှိတော့သည်။ သို့သော် သူ့စကားကို ဆုံးအောင် မပြောရပါ။ အိုက်ဗင်သည် ရုတ်ခြည်းဆိုသလိုပင် စားပွဲပေါ်မှ ဖန်ခွက်ကို ကောက်ယူပြီး စကားပြောနေသူကို ပစ်ပေါက်လိုက်သည်။

“ဟာ၊ တယ်ဆိုးပါကလား” ဧည့်သည် ရေရွတ်လိုက်ပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။ သူ့ကိုယ်ပေါ်မှ လက်ဖက်ရည်စက်များကို ခါပစ်နေသည်။ “သူ့စိတ်ထဲမှာ လူသာရဲ့မင်အိုးလို့များ အောက်မေ့နေ သလား မသိဘူး၊ သူက ကျွန်တော့်ကို အိပ်မက်လို့လည်း ယူဆသေးတယ်။ အိပ်မက်ကိုလည်း ဖန်ခွက်နဲ့ ပေါက်သေးတယ်၊ မိန်းမတယောက် လုပ်ပုံမျိုးပဲ။ ခင်ဗျားရဲ့နားနှစ်ဖက်ကို လက်နဲ့ အုပ်ထားတာ သက်သက် နားမထောင်ချင်ယောင် ဆောင်နေမှန်း ကျွန်တော် သိပါတယ်၊ တကယ်တော့ ခင်ဗျားဟာ တချိန်လုံး နားထောင်နေတာပဲ” ထိုအချိန်မှာပင် ပြတင်းပေါက်ကို ကျယ်လောင်စွာ ခေါက်လိုက်သံတသံ ထွက်ပေါ်လာသည်။ အိုက်ဗင် ထိုင်ရာမှ ခုန်ထလိုက်သည်။

“ခင်ဗျား ကြားသလား၊ ပြတင်းပေါက် ဖွင့်လိုက်ပါ။ ခင်ဗျားရဲ့ညီ အလျှိုရှာပဲ၊ ခင်ဗျားကို အင်မတန် စိတ်ဝင်စားစရာကောင်းပြီး အင်မတန် အံ့သြစရာကောင်းတဲ့ သတင်းတခုကို ပြောရအောင် လာတာပဲ၊ ခင်ဗျားကို ကျွန်တော် အသေအချာ ပြောရဲတယ်”

“တိတ်စမ်းပါ လူညာကြီး၊ အလျှိုရှာဆိုတာ ခင်ဗျား မပြောခင်ကတည်းက ကျုပ် သိတယ်၊ ဘာကိစ္စမှ မရှိဘဲနဲ့ သူ မလာဘူး၊ သူ့မှာ ပြောစရာသတင်းရှိလို့ လာတာပဲ”

အိုက်ဗင် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဟစ်အော်လိုက်သည်။

“ပြတင်းပေါက် ဖွင့်လိုက်ပါ၊ အပြင်ဘက်မှာ နှင်းမုန်တိုင်း တိုက်နေတယ်၊ သူဟာ ခင်ဗျားရဲ့ ညီတယောက်ပဲ”

ပြတင်းပေါက်ကို ခေါက်သည့်အသံ ဆက်လက်ထွက်ပေါ်နေသည်။ အိုက်ဗင် ပြတင်းပေါက်ဆီသို့ ပြေးသွားမည် ရှိသည်။ သို့သော် သူ၏ လက်များနှင့် ခြေထောက်များကို တစုံတခုက ရုတ်တရက် ချုပ်နှောင်ထားလိုက်ဟန် ရှိသည်။ အချုပ်အနှောင်မှ လွတ်မြောက်ရန် အိုက်ဗင် အပြင်းအထန် ရုန်းကန်သည်။ သို့သော် အချည်းနှီးမျှသာ ဖြစ်သည်။ ပြတင်းပေါက်ကို ခေါက်သည့်အသံက ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။ နောက်ဆုံးတွင် သူ့အား ချုပ်နှောင်ထားသော အရာများ ပြတ်တောက်သွားပြီး ဆိုဖာပေါ်တွင် ထိုင်နေရာမှ သူ ခုန်ထလိုက်သည်။ ပတ်ဝန်းကျင်ကို သူ ကယောင်ချောက်ချား ကြည့်လိုက်သည်။

ဖယောင်းတိုင်နှစ်တိုင်သည် ငြိမ်းတော့မည် ဖြစ်သည်။ ယခုကလေးပင် ညှော်သည့်ထံသို့ သူ ပစ်ပေါက်လိုက်သော ဖန်ခွက်သည် သူ၏ရှေ့စားပွဲပေါ်တွင် ရှိနေသည်။ မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် မည်သူမျှ မရှိပါ။ ပြတင်းပေါက်ကို ခေါက်နေသည့်အသံသည် ဆက်လက် ပေါ်ထွက်နေဆဲ ဖြစ်သော်လည်း အိပ်မက်ထဲတွင် သူ ထင်ထားသလောက် ကျယ်လောင်ခြင်း မရှိပါ။ ညင်ညင်သာသာ တိုးတိုးကလေးမျှသာ ဖြစ်သည်။

“အိပ်မက် မဟုတ်ဘူး၊ ငါ ကျိန်ပြောရဲတယ်၊ ဒါ အိပ်မက်မဟုတ်ဘူး၊ အားလုံး တကယ် ဖြစ်တာပဲ”

အိုက်ဗင် ရေရွတ်လိုက်ပြီး ပြတင်းပေါက်ဆီသို့ ပြေးသွားကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။

“အလျှိုရှာ၊ မင်းကို မလာရဘူးလို့ ငါပြောထားတယ် မဟုတ်လား၊ ဘာကိစ္စလဲ၊ ငါ့ကို မြန်မြန် ပြောစမ်း၊ ကြားလား၊ မြန်မြန်” အိုက်ဗင် ဒေါသတကြီး ဟစ်အော်သည်။

“ဆမာယာကော့ လွန်ခဲ့တဲ့ တနာရီလောက်ကပဲ ကြိုးဆွဲချပြီး သေသွားပြီ” အလျှိုရှာ ခြံဝင်းထဲမှ ပြန်ပြောသည်။

“အိမ်ရှေ့တံခါးကို လာ၊ ငါ အခုချက်ချင်း ဖွင့်ပေးမယ်”

အိုက်ဗင် ပြောလိုက်ပြီး အလျှိုရှာအတွက် တံခါးဖွင့်ပေးရန် အိမ်ရှေ့တံခါးပေါက်ဆီသို့ သွားရောက် သည်။

၁၀။ ဒီစကားကို ပြောတာ သူပဲ

အလျှိုရှာ အိမ်ထဲသို့ ရောက်ရှိသောအခါ အိုက်ဗင်ကို ပြောပြသည်မှာ လွန်ခဲ့သော တစ်နာရီ ကျော်ကျော်လောက်က မာရီယာကွန်ဒရာယက်ဖနာ သူ့ထံသို့ ရောက်ရှိလာပြီး ဆမာယာကော့ သူ့ကိုယ်သူ သတ်သေသွားသည့်အကြောင်း ပြောကြားသည်ဟု ဆိုသည်။

"ရေနွေးအိုးကို သိမ်းရအောင် သူ့အခန်းထဲကို ကျွန်မ ဝင်သွားတဲ့အခါမှာ သူဟာ နံရံပေါ်က သံချောင်းကြီးမှာ ကြိုးဆွဲချပြီး သေနေတယ်"

အလျှိုရှာက ပုလိပ်ကို အကြောင်းကြားပြီးပြီလားဟု မေးသောအခါ သူမက အကြောင်း မကြားရသေးကြောင်း၊ သူ့ထံသို့ အရင်ဆုံး လာရောက်ခြင်းဖြစ်ကြောင်း၊ တလမ်းလုံး အပြေးအလွှား လာခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ သူမကို ကြည့်ရသည်မှာ သွေးရူးသွေးတန်း ဖြစ်နေပြီး တကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်ယင်နေကြောင်း အလျှိုရှာက ပြောကြားသည်။

သို့ဖြင့် အလျှိုရှာသည် မာရီယာနှင့်အတူ သူမတို့၏ အိမ်ကလေးသို့ လိုက်ပါသွားသောအခါ ဆမာယာကော့ကို ကြိုးတန်းလန်းဖြင့်ပင် တွေ့ရှိရသည်။ စားပွဲပေါ်တွင် စာတစောင် တွေ့ရသည်။ "ကျွန်တော်၏ဆန္ဒအရ ကျွန်တော့်ကိုယ်ကျွန်တော် အဆုံးစီရင်လိုက်ခြင်း ဖြစ်ပါသည်။ အခြား မည်သူ့တွင်မျှ တာဝန်မရှိပါ" အလျှိုရှာသည် စာကို စားပွဲပေါ်တွင် ထားခဲ့ပြီး ခရိုင်ရာဇဝတ်ဝန်ထံသို့ သွားရောက်တိုင်ကြားသည်။

"အဲဒီကနေ တန်းပြီး အစ်ကို့ဆီကို ကျွန်တော် လာခဲ့တာပဲ"

အလျှိုရှာက အိုက်ဗင်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ သူ့စကားကို နိဂုံးချုပ်လိုက်သည်။ သူသည် စကားပြောနေသည့် အချိန်တလျှောက်လုံးမှာပင် အိုက်ဗင်ကို မျက်ခြည်မပြတ် ကြည့်ရှုနေ သည်။ အိုက်ဗင်၏မျက်နှာပေါ်တွင် ပေါ်လွင်နေသော အရိပ်အယောင်တခုက သူ့ကို ဖမ်းစားထား သည့်အလား ဖြစ်သည်။

"အစ်ကို့ကို ကြည့်ရတာ တော်တော်ကြီးကို နေမကောင်းနေပုံရတယ်၊ အစ်ကို ကျွန်တော့်ကို ကြည့်နေတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာတွေ ပြောနေတယ်ဆိုတာကို အစ်ကို သဘောပေါက်ပုံ မရဘူး" အလျှိုရှာ ရုတ်တရက် ပြောလိုက်သည်။

"မင်း လာပြောတာ ကောင်းပါတယ်" အိုက်ဗင်က အလျှိုရှာ ပြောသည်ကို

မကြားဟန်ဖြင့် လည်းကောင်း၊ တစုံတခုကို စဉ်းစားနေဟန်ဖြင့် လည်းကောင်း ပြောလိုက်သည်။

"သူ့ကိုယ်သူ ကြိုးဆွဲချ သေသွားတယ်ဆိုတာကို ငါ သိပါတယ်"

"ဘယ်သူ့ဆီက သိတာလဲ"

"ဘယ်သူ့ဆီကမှန်းတော့ မသိဘူး၊ ဒါပေမဲ့ ငါ သိနေတယ်၊ ဘယ်သူ့ဆီက သိတာ သြော် ... ဟုတ်ပြီ၊ ငါ့ကို သူပြောတာပဲ၊ အခုကလေးတင်ပဲ ငါ့ကို သူ ပြောသွားတာပဲ"

အိုက်ဗင်သည် အခန်း၏အလယ်တွင် ရပ်နေပြီး တစုံတခုကို စဉ်းစားနေဟန်ဖြင့်ပင် ကြမ်းပြင်ကို စိုက်ကြည့်နေကာ ပြောသည်။

"သူဆိုတာ ဘယ်သူလဲ"

အလျှိုရှာက ပတ်ဝန်းကျင်ကို အမှတ်မထင်ဆိုသလို စိုက်ကြည့်လိုက်ရင်း မေးသည်။ "သူ လစ်ပြေးပြီ" အိုက်ဗင် ခေါင်းကို မော့ပြီး လှဲ့လှဲ့ကလေး ပြုံးလိုက်သည်။ "သူ မင်းကို ကြောက်လို့ ပြေးတာပဲ၊ မင်းလို ချိုးကလေးတကောင်ကို ကြောက်လို့ ပြေးတာပဲ၊ မင်းဟာ 'ကောင်းကင်တမန် ခေရုဗိန် အစစ်ပဲ'၊ ဒီမီထရီကတောင် ခေရုဗိန်လို့ ခေါ်တယ်။ ခေရုဗိန်.. ကောင်းကင်တမန် သရပ် အပေါင်းတို့ရဲ့ တခဲနက် ကြွေးကြော်သံပဲ။ သရပ်ဆိုတာ ဘာလဲ၊ သရပ်ဆိုတာ ရှိရှိသမျှ ကြယ်တာရာတွေပဲ၊ ဒါပေမဲ့ အဲဒီ ကြယ်တာရာတွေဟာ ဓာတုဗေဒဆိုင်ရာ မော်လီကျူးတွေပဲ မဟုတ်လား၊ သီဟကြယ်တာရာ တွေနဲ့ သူရိယကြယ်တာရာတွေ ဆိုပြီး ရှိသလား။ အဲဒီအကြောင်း မင်း သိသလား"

"အစ်ကို ထိုင်ပါဦး" အလျှိုရှာ ထိတ်လန့်စွာ ပြောလိုက်သည်။ "တဆိတ် ကျေးဇူးပြုပြီး ဆိုဖာပေါ်မှာ ထိုင်ပါဦး။ အစ်ကို ကယောင်ကတမ်းတွေ လျှောက်ပြောနေတာပဲ၊ ခေါင်းအုံးပေါ်မှာ ခဏကလေး လှဲနေလိုက်ပါ။ အဲ ... ဟုတ်ပြီ၊ အစ်ကို့ခေါင်းပေါ်မှာ မျက်နှာသုတ်ပဝါ ရေဆွတ်ပြီး တင်ပေးရမလား၊ အဲဒါဆိုရင် အစ်ကို အတော်ကလေး သက်သာသွားမယ်"

"အင်း ... မျက်နှာသုတ်ပဝါ တင်ပေးစမ်းပါ၊ မျက်နှာသုတ်ပဝါ ကုလားထိုင်ပေါ်မှာ ရှိတယ်၊ စောစောကလေးကပဲ အဲဒီမှာ ငါ ပစ်တင်ထားတယ်"

"အဲဒီမှာ မရှိဘူး၊ ဒါပေမဲ့ အစ်ကို ဘာမှမစဉ်းစားပါနဲ့၊ မျက်နှာသုတ်ပဝါ ဘယ်နေရာ မှာ ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဟောဒီမှာ"

အလျှိုရှာက ယင်းကဲ့သို့ ပြောလိုက်ပြီး အခန်းတဖက်ထိပ် မျက်နှာသစ်

ကြွေအင်တုံအနီးရှိ အသုံးမပြုရသေးသော အိုက်ဗင်၏ မျက်နှာသုတ်ပဝါအသစ်တထည်ကို ရယူ လိုက်သည်။

အိုက်ဗင်က မျက်နှာသုတ်ပဝါကို ထူးဆန်းစွာ ကြည့်နေသည်။ ရုတ်ခြည်းဆိုသလိုပင် တစုံတခုကို သူ အမှတ်ရရှိသွားဟန် ရှိသည်။

"ခဏနေဦး" သူ ထိုင်ရာမှ ထလိုက်ရင်း ပြောသည်။ "လွန်ခဲ့တဲ့ တစ်နာရီလောက်က အဲဒီမျက်နှာသုတ်ပဝါကို အဲဒီနေရာက ငါ ယူပြီး ရေဆွတ်ခဲ့တယ်၊ နောက်ပြီးတော့ ငါ့ခေါင်းပေါ်မှာ တင်ပြီး ဟောဒီနေရာမှာ လွှင့်ပစ်ခဲ့တယ်၊ အခု ဘယ်လိုလုပ်ပြီး ခြောက်နေသလဲ၊ တခြား မျက်နှာသုတ်ပဝါတထည်လည်း မရှိဘူး"

"ဒီမျက်နှာသုတ်ပဝါကို အစ်ကို့ခေါင်းပေါ်မှာ တင်ခဲ့တယ် ဟုတ်လား"

အလျှိုရှာ မေးလိုက်သည်။

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ဒီမျက်နှာသုတ်ပဝါကို ကိုယ့်ခေါင်းပေါ်မှာ တင်ပြီး အခန်းထဲမှာ ငါ လမ်းလျှောက်နေတယ်။ ဖယောင်းတိုင်တွေကရော ဘာဖြစ်လို့ ဒီလို ကုန်သွားကြ ရတာလဲ၊ ဘယ်အချိန် ရှိပြီလဲ"

"ဆယ့်နှစ်နာရီထိုးတော့မယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး" အိုက်ဗင် ဟစ်အော်လိုက်သည်။ "ဒီဥစ္စာ အိပ်မက်တခု မဟုတ်ဘူး၊ သူ ဒီမှာရှိနေတယ်။ သူ ဒီမှာ ထိုင်နေတယ်။ ဟိုနေရာမှာ၊ ဟောဟို ဆိုဖာပေါ်မှာ။ ပြတင်းပေါက်ကို မင်း ခေါက်တဲ့အချိန်တုန်းက သူ့ကို ငါ ဖန်ခွက်နဲ့ ပေါက်ခဲ့တယ်။ အဲဒီဖန်ခွက်ပဲ၊ ခဏနေဦး၊ စောစောတုန်းက ငါ အိပ်နေတယ်၊ ဒါပေမဲ့ ဒီအိပ်မက်ဟာ အိပ်မက်မဟုတ်ဘူး၊ အရင်တခါတုန်းကလည်း တခါ မက်ခဲ့ပြီးပြီ။ ဒီမယ် အလျှိုရှာ၊ အခုတလောမှာ ငါ အိပ်မက်တွေ မက်နေတယ်၊ ဒါပေမဲ့ အဲဒါတွေဟာ အိပ်မက်တွေ မဟုတ်ဘူး၊ ငါ အိပ်ပျော်နေတာ မဟုတ်ဘူး၊ ငါ လမ်းလျှောက်နေတယ်၊ စကားပြောနေတယ်၊ မြင်နေရတယ်၊ ပြီးတော့ ငါ အိပ်နေတယ်။ သူ ဒီမှာ ထိုင်နေတယ်၊ သူ ဒီမှာ ရှိနေတယ်၊ ဟောဟို ဆိုဖာပေါ်မှာ၊ သူဟာ အတော့်ကို တုံးတာပဲ၊ အံ့ဩစရာကောင်းလောက်အောင်ကို တုံးတာပဲ"

အိုက်ဗင် ရုတ်တရက် ရယ်မောလိုက်သည်။ ထို့နောက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"ဘယ်သူ တုံးတာလဲ၊ အစ်ကို ဘယ်သူ့အကြောင်း ပြောနေတာလဲ"

အလျှိုရှာ စိုးရိမ်ကြောင့်ကြစွာဖြင့် မေးလိုက်သည်။

"မာရ်နတ်၊ ငါ့ဆီကို သူ အလည်လာတယ်၊ သူ ဒီကိုလာတာ နှစ်ခါ သုံးခါလောက် ရှိပြီ။ သူဟာ လျှပ်ရောင်တဝင်းဝင်း၊ မိုးချုန်းသံ တညံညံမှာ အလျှံတညီးညီး အတောင်ကြီးတွေနဲ့ စာတန် မဟုတ်ဘဲ ရိုးရိုးသာမန် မာရ်နတ်တကောင်သာ ဖြစ်နေတဲ့အတွက် ငါ စိတ်ဆိုးနေတယ်ဆိုပြီး ငါ့ကို မခံချင်အောင် သူ အမျိုးမျိုး စတယ်၊ ဟုတ်တယ်။ သူဟာ စာတန် မဟုတ်ဘူး၊ သူ ညာနေတာပဲ၊ သူဟာ အယောင်ဆောင်တယောက်ပဲ၊ သူဟာ ရိုးရိုးသာမန် မကောင်းဆိုးဝါးတကောင်ပဲ၊ ဘာမှ အရေးမပါတဲ့ အလကား မကောင်းဆိုးဝါးတကောင်ပဲ။ ရေချိုးခန်းတွေကို သူ သွားတယ်။ သူ့ကို ကိုယ်တုံးလုံးချွတ်ပြီး ကြည့်ရင် သူ့မှာ အမြီး ရှည်မျောမျောတချောင်း ရှိတာကို မင်း တွေ့ရမယ်၊ ဒိန်းမတ်ခွေးကြီးတကောင်ရဲ့အမြီးလိုမျိုး တလံလောက်ရှိတဲ့ အမြီးညိုညိုကြီးနဲ့ ... အလျှိုရှာ၊ မင်း ချမ်းနေပြီ။ အပြင်ဘက် နှင်းတောထဲက မင်း လာခဲ့ရတာပဲ။ လက်ဖက်ရည် သောက်မလား၊ ဘယ်လိုလဲ၊ အေးတယ် မဟုတ်လား၊ အဘွားကြီးကို လက်ဖက်ရည် ဖျော်ခိုင်းလိုက်ရမလား"

အလျှိုရှာ မျက်နှာသစ် ကြွေအင်တုံဆီသို့ ပြေးသွားပြီး မျက်နှာသုတ်ပဝါကို ရေဆွတ်လိုက်သည်။ အိုက်ဗင်ကို ထိုင်ခိုင်းပြီး သူ၏ခေါင်းကို ရေစိုမျက်နှာသုတ်ပဝါဖြင့် ပတ်ပေးလိုက်သည်။ ထို့နောက် အိုက်ဗင်၏ ဘေးတွင် သူ ထိုင်လိုက်သည်။

"စောစောတုန်းက လီဆီအကြောင်း ငါ့ကို မင်း ဘာပြောသလဲ" အိုက်ဗင် စကား စ လိုက်သည် (ယခုအခါတွင် သူသည် အင်မတန် လေများလျက် ရှိသည်)။ လီဆီကို ငါ သဘောကျတယ်၊ သူ့အကြောင်း ငါ မကောင်းပြောခဲ့မိတယ်၊ အဲဒါ အလကား ပြောတာပဲ၊ သူ့ကို ငါ သဘောကျတယ်၊ မနက်ဖြန်ကျရင် ကက်တယာအတွက် ငါ စိုးရိမ်နေတယ်၊ တခြားလူတွေအားလုံးထက် သူ့ကို ငါပိုပြီး စိုးရိမ်တယ်၊ လာမယ့်အချိန်ကာလတွေအတွက် စိုးရိမ်တယ်၊ မနက်ဖြန်ကျရင် သူဟာ ငါ့ကို စွန့်ပစ်ပြီး သူ့ခြေထောက်အောက်မှာ နင်းချေမှာ အမှန်ပဲ၊ ငါက သူ့ကို ချစ်နေတဲ့အတွက်၊ သူ့အတွက် မနာလို ဝန်တိုဖြစ်နေတဲ့အတွက် မစ်တယာကို ပျက်စီးရာပျက်စီးကြောင်း လုပ်နေတယ်လို့ သူ ယူဆနေ တယ်။ ဟုတ်တယ်၊ အဲဒီလိုလည်း သူ ထင်နေတယ်၊ ဒါပေမဲ့ မဟုတ်ဘူး။ မနက်ဖြန်ကျရင် ကြိုးစင် မဖြစ်စေရဘူး၊ လက်ဝါးကပ်တိုင်ပဲ ဖြစ်စေရမယ်။ အို မဟုတ်သေးဘူး၊ ငါ့ကိုယ်ငါ ကြိုးဆွဲချပြီး မသေ နိုင်ဘူး။ ဒီမယ် အလျှိုရှာ၊ မင်းသိသလား၊ ငါဟာ ဘယ်တော့မှ ငါ့ကိုယ်ငါ သတ်မသေနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ အောက်တန်းစားတယောက် ဖြစ်လို့ မဟုတ်ဘူး၊ သူရဲဘောကြောင်လို့ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ လူ့ဘဝကြီးကို မြတ်နိုးတွယ်တာလွန်းလို့ပဲ၊

ဆမာယာကော့ သူ့ကိုယ်သူ ကြိုးဆွဲချပြီး သေသွားတယ်ဆိုတာ ငါ ဘယ်လိုလုပ်ပြီး သိသလဲ၊ အင်း .. ဟုတ်တယ်၊ အဲဒါ ငါ့ကို သူ ပြောလို့ပဲ”

“ဒီနေရာမှာ လူတယောက် ထိုင်နေတယ်ဆိုတာ အစ်ကို သေချာသလား” အလျှိုရှာ မေးလိုက်သည်။

“သေချာတယ်၊ ဟောဟို ဆိုဖာပေါ်မှာ၊ ဟောဟို နေရာမှာ။ သူ့ကို မင်း မောင်းထုတ်ပစ်လိုက်တာပဲ ဖြစ်မယ်။ ဟုတ်တယ်၊ သူ့ကို မင်း မောင်းထုတ်ပစ်လိုက်တာပဲ။ မင်းလည်း ရောက်လာရော သူ ပျောက်သွားတာပဲ၊ မင်းမျက်နှာကလေးကို ငါချစ်တယ် အလျှိုရှာ၊ မင်းမျက်နှာကလေးကို ငါ ချစ်တယ်ဆိုတာ မင်း သိသလား၊ ဒါပေမဲ့ သူဆိုတာ ငါပဲ အလျှိုရှာ၊ ငါပဲ။ ငါ့ကိုယ်ထဲမှာ ရှိနေတဲ့ မကောင်းမှုတွေ၊ ဒုစရိုက်တွေ၊ ယုတ်မာမှုတွေ အားလုံးပဲ။ ဟုတ်တယ်၊ ငါဟာ စိတ်ကူးယဉ်ဆန်တယ်၊ ဒါကို သူ ရိပ်မိတယ်၊ သူဟာ အင်မတန် မိုက်မဲတယ်၊ ဒါပေမဲ့ အဲဒါဟာ သူ့ရဲ့အရည်အချင်းပဲ၊ သူဟာ အင်မတန် စဉ်းလဲတယ်၊ တိရစ္ဆာန်တကောင်လိုပဲ စဉ်းလဲတယ်။ ငါ့ကို ဘယ်လိုဆွရမယ်ဆိုတာ သူ သိတယ်၊ သူ့ကို ငါက ယုံကြည်နေတယ်ဆိုပြီး သူက ငါ့ကို စနေတယ်၊ အဲဒီနည်းနဲ့ သူ ပြောနေတဲ့ စကားတွေကို ငါ နားထောင်အောင် လုပ်တာပဲ၊ သူက ငါ့ကို ကလေးလေးတယောက်လို အရူးလုပ်နေတာပဲ၊ ဒါပေမဲ့ ငါနဲ့ ပတ်သက်ပြီး သူပြောတာတွေ အတော်များများဟာ မှန်တယ်။ အဲဒီအကြောင်းတွေကို ငါ့ဘာငါ မပြောမိဘူး၊ ဒီမယ် အလျှိုရှာ၊ ဒီမယ် ငါ့အနေနဲ့ သူဟာ တကယ့်ကို သူပဲ ဖြစ်စေချင်တယ်၊ ငါ မဖြစ်စေချင်ဘူး

သူက ယုံယုံကြည်ကြည်နှင့် လေးလေးနက်နက်ပင် ပြောလိုက်သည်။

“သူက အစ်ကို့စိတ်ကို တော်တော်ကလေး နှိပ်စက်သွားတာပဲ”

အလျှိုရှာက အစ်ကိုဖြစ်သူကို ကရုဏာသက်စွာ ကြည့်ရင်း ပြောလိုက်သည်။

“သူက ငါ့ကို စ နေတာပဲ၊ လိမ်လိမ်မာမာ ပါးပါးနပ်နပ်ကလေးပဲ၊ ‘ဆင်ခြင်ပိုင်းခြားမှု၊ ဆင်ခြင် ပိုင်းခြားမှုဆိုတာ ဘာလဲ၊ အဲဒါကို ကျွန်တော် တီထွင်ခဲ့တာပဲ၊ ဒါဖြင့်ရင် ဘာဖြစ်လို့ အဲဒီအသိစိတ်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ကျွန်တော် ခံနေရသလဲ၊ အလေ့အကျင့် ဖြစ်နေလို့ပဲ။ လောကလူ့ဘောင်ကြီးမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ထောင်လုံးလုံး အလေ့အကျင့် ဖြစ်နေခဲ့လို့ပဲ။ အဲဒီ အလေ့အကျင့်တွေက ကျွန်တော်တို့ လွတ်မြောက်ရင် ကျွန်တော်တို့အားလုံး ဘုရားသခင်တွေ ဖြစ်ကြရမယ်’ အဲဒီစကားကို ပြောတာ သူပဲ၊ အဲဒီစကားကို ပြောတာ သူပဲ”

“အစ်ကို မဟုတ်ဘူးလား၊ အစ်ကို မဟုတ်ဘူးလား” အလျှိုရှာ

မထိန်းချုပ်နိုင်တော့ဘဲ အစ်ကိုဖြစ်သူ ၏ မျက်နှာကို တည့်တည့်ကြီး ကြည့်ကာ ဟစ်အော်လိုက်သည်။ "သူ့ကို မစဉ်းစားပါနဲ့၊ သူ့ကို ထားလိုက်ပါတော့၊ သူ့ကို မေ့လိုက်ပါတော့၊ အစ်ကို အခုပြောတဲ့စကားတွေကိုလည်း သူနဲ့အတူ တခါတည်း ပါသွားပါစေတော့၊ သူ့ကို နောက်ထပ် ဘယ်တော့မှ မလာပါစေနဲ့တော့"

"ဟုတ်တယ်၊ သူက အင်မတန် စက်ဆုပ်စရာကောင်းတယ်၊ သူ ငါ့ကို သရော်တယ်၊ လှောင်တယ်၊ သူက အင်မတန် စော်ကားမော်ကားနိုင်တယ် အလျှိုရှာ" အိုက်ဗင်က မကျေနပ် မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။ "နောက်ပြီးတော့ သူက ငါနဲ့ပတ်သက်ပြီး သွားပုပ်လေလွင့်စကားတွေ ပြောတယ်၊ ငါ့ရှေ့မှာတင် ငါနဲ့ပတ်သက်ပြီး မဟုတ်တမ်းတရား စကားတွေ ပြောတယ်၊ 'အင်း … ခင်ဗျားက တကယ့်ကို သူတော်ကောင်းအလုပ်တွေကို လုပ်ဖို့ ကြိုးစားနေတာပဲ၊ ခင်ဗျားအဖေကို အဲဒီအစေခံက သတ်တာ ခင်ဗျားရဲ့ပယောဂပဲ။ အဲဒီတော့ ခင်ဗျားရဲ့အဖေကို သတ်တာ ခင်ဗျားပဲလို့ ခင်ဗျား ကြေညာတော့မလို့ မဟုတ်လား' တဲ့"

"အို … အစ်ကို၊ တော်ပါတော့၊ အစ်ကို သတ်တာမဟုတ်ဘူး၊ ဘယ်လိုမှ မဟုတ်ဘူး" အလျှိုရှာ စကားကို ဖြတ်ပြီး ပြောလိုက်သည်။

"သူပြောတာ အဲဒီအတိုင်းပဲ၊ အဲဒါကို သူ သိတယ်၊ 'အင်း … ခင်ဗျား တကယ့်ကို သူတော်ကောင်း အလုပ်တွေကို လုပ်ဖို့ ကြိုးစားနေတာပဲ၊ ဒါပေမဲ့ ခင်ဗျားဟာ သူတော်ကောင်းတွေရဲ့ အလုပ်ဖြစ်တဲ့ အကျင့်သီလဆိုတာကို မယုံကြည်ဘူး။ အဲဒါကြောင့် ခင်ဗျားဟာ အခုလို ဒေါသတွေ အရမ်းကြီးနေရ တာပဲ၊ ခင်ဗျားစိတ်ထဲမှာ သောကဗျာပါဒတွေ ဒါလောက် ပွားများနေရတာပဲ။ အဲဒါကြောင့် ခင်ဗျားဟာ မလိုတမာတွေ ဒါလောက်တောင် ဖြစ်နေရတာပဲ' အဲဒါ ငါနဲ့ပတ်သက်ပြီး သူ ပြောတဲ့စကားတွေပဲ၊ သူ ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တယ်ဆိုတာကိုလည်း သူ သိတယ်"

"ဒီစကားတွေကို ပြောနေတာ အစ်ကိုပဲ၊ သူ မဟုတ်ဘူး။ ဘာဖြစ်လို့ အစ်ကို ဒီလိုမျိုးတွေ လျှောက်ပြောနေသလဲဆိုတော့ အစ်ကို နေမကောင်းပြီး ကယောင်ချောက်ချားတွေ ဖြစ်နေလို့ပဲ၊ အစ်ကို့ကိုယ်အစ်ကို ညှဉ်းဆဲနေတာပဲ"

"မဟုတ်ဘူး၊ သူ ဘာဖြစ်လို့ အဲဒီလို ပြောတယ်ဆိုတာကို သူ သိတယ်၊ 'ခင်ဗျားရဲ့မာနကြောင့် ခင်ဗျား လုပ်တာပဲ၊ ကျုပ်သတ်တာပဲလို့ ခင်ဗျား မတ်တတ်ထပြီး ပြောမယ်။ နေပါဦး၊ ခင်ဗျား ဘာဖြစ်လို့ ဒါလောက် တုန်လှုပ်ချောက်ချားနေရတာလဲ၊ ခင်ဗျား ညာနေတာပဲ၊ ခင်ဗျားရဲ့သဘောထားကို ကျွန်တော် မကြိုက်ဘူး၊ ခင်ဗျား တုန်လှုပ်ချောက်ချားနေတာကို ကျွန်တော် မကြိုက်ဘူး'၊ သူက ငါ့ကို အဲဒီလို ပြောတယ်။ နောက်ပြီး တခါ သူက

ပြောသေးတယ်။ 'လူတွေက ခင်ဗျားကို ချီးကျူးကြမှာကို ခင်ဗျား သိပ်သဘောကျနေတယ် မဟုတ်လား၊ ဒီလူဟာ ရာဇဝတ်ကျူးလွန်တဲ့လူပဲ၊ လူသတ်သမားပဲ၊ ဒါပေမဲ့ အင်မတန် စိတ်ကောင်းနှလုံးကောင်း ရှိတယ်။ သူ့အစ်ကိုကို ကယ်တင်ချင်တဲ့အတွက် ဖြောင့်ချက်ပေးတယ်' အဲဒါ တကယ့်ကို မဟုတ်မတရား ပြောတာပဲ အလျှိုရှာ" အိုက်ဗင် မျက်တောင်တဖျပ်ဖျပ် ခတ်ပြီး 'လူတွေ ချီးကျူးတာကို ကိုယ် မလိုချင်ဘူး၊ သူ မဟုတ်တာတွေ ပြောနေတာပဲ။ ကိုယ် ကျိန်ပြောနိုင်တယ် အလျှိုရှာ၊ သူ မဟုတ်တာတွေ ပြောနေတာပဲ။ အဲဒါကြောင့် သူ့ကို ငါ ဖန်ခွက်နဲ့ ပေါက်လိုက်တာပဲ၊ ဖန်ခွက်ဟာ ကျက်သရေမရှိတဲ့ သူ့မျက်နှာကြီးကို မှန်ပြီး ကွဲထွက်သွားတယ်"

"အစ်ကို စိတ်ငြိမ်ငြိမ်ထားပါ။ တော်ပါတော့၊ မပြောပါနဲ့တော့"

အလျှိုရှာ သူ့ကို တောင်းပန်လိုက်သည်။

"တကယ်ပဲ၊ ဘယ်လို နှိပ်စက်ညှဉ်းပန်းရမယ်ဆိုတာကို သူ သိတယ်။ သူက အင်မတန် ရက်စက်တယ်" အလျှိုရှာ၏ တောင်းပန်မှုကို နားမထောင်ဘဲ အိုက်ဗင် ဆက်ပြောသည်။ "သူ ဘာဖြစ်လို့ ငါ့ဆီကို လာလာနေတယ်ဆိုတာကို ငါ သိတယ်၊ သူက ပြောတယ်၊ 'ကောင်းပါပြီ၊ ခင်ဗျားက ခင်ဗျားရဲ့မာနကြောင့်ပဲ လုပ်ပြီဆိုပါတော့၊ သူတို့က ဆမာယာကော့ကို အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ဆိုက်ဗေးရီးယားမှာ ထောင်ချထားမယ်၊ မစ်တယာကို လွှတ်မယ်၊ ခင်ဗျားကိုတော့ ကိုယ်ကျင့်တရားဆိုင်ရာ ပြစ်မှုလောက်အတွက်ပဲ အရေးယူလိမ့်မယ် (အလျှိုရှာ ကြားသလား၊ အဲဒီတုန်းက သူ ရယ်လိုက်သေးတယ်) ဒါပေမဲ့ လူတွေကတော့ ခင်ဗျားကို ချီးကျူးကြလိမ့်မယ်၊ ဒါပေမဲ့ အခု ဆမာယာကော့ သေသွားပြီ။ သူ့ကိုယ်သူ ကြိုးပေးသွားပြီ။ အဲဒီတော့ ရုံးမှာ ခင်ဗျားတယောက်တည်း ပြောတာကို ဘယ်သူက ယုံတော့မလဲ။ ဒါပေမဲ့ ခင်ဗျားကတော့ ပြောမှာပဲ၊ ခင်ဗျားကတော့ ပြောမှာပဲ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားကတော့ ရုံးမှာသွားပြီး ပြောမှာပဲ။ ခင်ဗျားက ပြောဖို့ ဆုံးဖြတ်ပြီးနေပြီ။ ဒါပေမဲ့ ခင်ဗျား အခု ဘာလုပ်တော့မလဲ' တဲ့ ... အဲဒါက တကယ်ဆိုးတယ် အလျှိုရှာ၊ ဒီလို မေးခွန်းမျိုးတွေကို ငါ သည်းမခံနိုင်ဘူး၊ ငါ့ကို ဒီလိုမေးခွန်းမျိုးတွေ ဘယ်သူက မေးရဲသလဲ"

"အစ်ကို ..."

အလျှိုရှာ စကားကို ဖြတ်လိုက်သည်။ သူသည် အထူးပင် တုန်လှုပ်ချောက်ချားလျက် ရှိသည်။ သို့သော် အိုက်ဗင်ကို ဆင်ခြင်တုံတရား ပြန်လည်ရရှိလာအောင် လုပ်နိုင်လိမ့်မည်ဟု မျှော်လင့် ယုံကြည်လျက်ပင် ရှိသည်။

"ကျွန်တော် ဒီကို ရောက်မလာခင်မှာ ဆမာယာကော့ သေတဲ့အကြောင်း သူ ဘယ်လိုလုပ်ပြီး အစ်ကို့ကို ပြောနိုင်သလဲ၊ ဒီအကြောင်းကို ဘယ်သူမှ မသိဘူး။

ဘယ်သူမှလည်း သိနိုင်တဲ့အချိန် မရှိသေးဘူး”

“ငါ့ကို သူပြောတာပဲ” အိုက်ဗင်က အနည်းငယ်မျှ သံသယမရှိဟန်ဖြင့် ပြတ်သားစွာ ပြောလိုက်သည်။ “အမှန်အတိုင်း ပြောရရင် ဒီအကြောင်းကို သူ ပြောတာပဲ.... ‘ခင်ဗျားဟာ အကျင့်သီလကို ယုံကြည်တယ် ဆိုရင်တော့ အများကြီး မှန်ပါတယ်၊ ခင်ဗျား ပြောတဲ့စကားတွေကို သူတို့ မယုံပေမဲ့ ခင်ဗျားကတော့ မူအရ ပြောရမှာပဲ၊ ဒါပေမဲ့ ခင်ဗျားဟာ ခင်ဗျားအဖေလိုပဲ လူဆိုးကြီးတယောက်ပဲ။ ဘာဖြစ်လို့ အကျင့်သီလဆိုတာကို ခင်ဗျား ဂရုစိုက်နေရတာလဲ။ ခင်ဗျားရဲ့အနစ်နာခံမှုဟာ ဘာမှ အကျိုးမရှိနိုင်ဘဲနဲ့ ခင်ဗျားဟာ ဘာပြုလို့ ကိုယ့်ကိုယ်ကိုယ် အဲဒီနေရာကို ဆွဲခေါ်နေရတာလဲ။ ပြဿနာအမှန်ကတော့ ခင်ဗျား အဲဒီကို ဘာကြောင့် သွားတယ်ဆိုတာကို ခင်ဗျားဘာခင်ဗျား မသိတာဘဲ၊ ခင်ဗျား ဘာဖြစ်လို့ သွားတယ်ဆိုတာကို သိရအောင် ခင်ဗျားအနေနဲ့ အများကြီး လေ့လာသုံးသပ်ရဦးမယ်။ ခင်ဗျားအနေနဲ့ တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား။ မဆုံးဖြတ်ရသေးပါဘူး၊ ခင်ဗျား မဆုံးဖြတ်သေးပါဘူး။ ခင်ဗျားဟာ တညလုံး ဒီမှာထိုင်ပြီး သွားရမလား၊ မသွားရဘူးလား ဆိုတာကို ဆုံးဖြတ်ဖို့ ကြိုးစားနေခဲ့တယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခင်ဗျား သွားမှာပဲ။ ဒါကို ခင်ဗျားဘာ ခင်ဗျား သိပါတယ်။ ခင်ဗျားအနေနဲ့ ဘာပဲဆုံးဖြတ်ဆုံးဖြတ် အဲဒီဆုံးဖြတ်ချက်ဟာ ခင်ဗျားအပေါ်မှာ မသက်ရောက်နိုင်ဘူးဆိုတာ ခင်ဗျား သိပါတယ်။ ခင်ဗျား သွားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ မသွားဘဲ မနေရဲလို့ဘဲ။ ဘာဖြစ်လို့ မသွားဘဲ မနေရဲတာလဲ၊ ဒါကိုတော့ ခင်ဗျားဘာခင်ဗျား စဉ်းစားကြည့်ပေါ့၊ ခင်ဗျားအတွက် ပဟေဠိတခုပဲပေါ့’... အဲဒီလို ပြောပြီး သူ ထိုင်ရာက ထပြီး ထွက်သွားတာပဲ၊ မင်းရောက်လာပြီး သူ ထွက်သွားတာပဲ၊ သူက ငါ့ကို သူ့ရဲဘောကြောင်တဲ့လူတယောက်လို့ ပြောသွားတာပဲ အလျှိုရှာ။ ပဟေဠိဆိုတဲ့စကားက ငါ့ကို သူ့ရဲဘောကြောင်တဲ့ လူတယောက်လို့ ပြောတာပဲ။ ‘ဒီလို လင်းယုန်ငှက်မျိုးဟာ ကောင်းကင်မှာ ဝဲမနေနိုင်ဘူး’ ... တဲ့။ သူက အဲဒီစကားကို ထပ်ပြောသွားလိုက်သေးတယ်။ သူ ပြောတာပဲ၊ နောက်ပြီးတော့ ဆမာယာကော့ကလည်း အဲဒီအတိုင်းပဲ ပြောလိုက်တယ်၊ သင်းကို သတ်ပစ်ဖို့ ကောင်းတယ်။ ကက်တယာက ငါ့ကို အထင်သေးနေတယ်၊ ငါ သတိထားမိတာ တလလောက် ရှိနေပြီ။ အခုတခါ လီဆီကလည်း ငါ့ကို အထင်သေးစ ပြုလာပြန်ပြီ။ ‘ခင်ဗျား အခုလိုလုပ်တာ ခင်ဗျားကို လူတွေက ချီးကျူးအောင်ပဲ’ ... ဒီ စကားဟာ တကယ့်ကို မဟုတ်တမ်းတရမ်း ပြောတာပဲ၊ နောက်ပြီးတော့ အလျှိုရှာ၊ မင်းလည်း အတူတူပဲ၊ ငါ့ကို အထင်သေးနေတယ်။ မင်းကို ငါ အခု မုန်းလာပြန်ပြီ၊ ဟိုသတ္တဝါကြီးကိုလည်း ငါ မုန်းတယ်၊ သတ္တဝါကြီးကို ငါ မုန်းတယ်၊ သတ္တဝါကြီးကို ငါ မကယ်ချင်တော့ဘူး၊ သင်းဟာသင်း ထောင်ထဲမှာပဲ အရိုးဆွေးပေစေတော့။ သူက အခု မင်္ဂလာ စကား တွေကို သီကျူးစပြုနေပြီ၊ အို မနက်ဖြန်ကျရင် ငါ ရုံးကိုသွားပြီး သူတို့ရှေ့မှာရပ်ပြီး သူတို့ မျက်နှာတွေကို တံတွေးနဲ့ ထွေးမယ်”

သူ ဝုန်းခနဲ ခုန်ထလိုက်သည်။ မျက်နှာသုတ်ပဝါကို လွှင့်ပစ်လိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေပြန်တော့သည်။ စောစောက သူ ပြောခဲ့သော စကားတခွန်းကို အလျှိုရှာ အမှတ်ရလိုက်သည်။ 'ငါဟာ အိပ်မက်ထဲမှာ နိုးနေတယ်၊ ငါ လမ်းလျှောက်တယ်၊ ငါ စကားပြော တယ်၊ ငါ မြင်ရတယ်၊ ဒါပေမဲ့ ငါ အိပ်ပျော်နေတယ်' ယခုလည်း သည်အတိုင်းပင် ဖြစ်သည်။ အလျှိုရှာ သူ့ကိုထားပြီး ဘယ်မှမသွားပါ။ ဆရာဝန်တယောက် သွားခေါ်ရန် စိတ်ကူးမိသည်တိုင် အစ်ကိုဖြစ်သူ ကို တယောက်တည်း မထားခဲ့ချင်၍ သူ မသွားပါ။ သူ့အစ်ကိုနှင့်အတူ ထားခဲ့ရန် တစုံတယောက်မျှ မရှိပါ။

အိုက်ဗင်သည် တဖြည်းထက်တဖြည်း သတိလွတ်လာသည်။ သူ စကားပြောနေဆဲပင် ဖြစ်သည်။ မရပ်မနားဆိုသလိုပင် ပြောနေသည်။ သို့သော် သူ ပြောနေသော စကားများသည် တခုနှင့်တခု အဆက်အစပ် မရှိပါ။ ထို့မျှမကပါ။ သူသည် စကားလုံးများကို ခက်ခက်ခဲခဲပင် ပြောဆိုနေရဟန် ရှိသည်။ ရုတ်ခြည်းဆိုသလိုပင် သူ ယိမ်းထိုးပြီး ကျသွားသည်။ သို့သော် အလျှိုရှာက အချိန်မီ ထိန်းထားလိုက်နိုင်သည်။ သူ၏ အိပ်ရာဆီသို့ ခေါ်ဆောင်သွားသည်ကို အိုက်ဗင် လိုက်ပါသည်။ အလျှိုရှာက သူ၏ အဝတ်အစားများကို ချွတ်ပေးပြီး သူ့ကို အိပ်ရာပေါ်တွင် လှဲသိပ်သည်။ အလျှိုရှာသည် သူ၏ အိပ်ရာဘေးတွင် နှစ်နာရီခန့် ထိုင်နေသည်။ လူမမာသည် နှစ်ခြိုက်စွာပင် အိပ်ပျော်လျက် ရှိသည်။ တုတ်တုတ်ကလေးမျှပင် မလှုပ်ပါ။ အသက်ကို ဖြည်းဖြည်းမှန်မှန် ရှူလျက် ရှိပါသည်။

အလျှိုရှာ ခေါင်းအုံးတလုံးယူပြီး အဝတ်အစားများကို မချွတ်တော့ဘဲ ဆိုဖာပေါ် လဲလျောင်းလိုက် သည်။ သူသည် အိပ်မပျော်မီတွင် မစ်တယာနှင့် အိုက်ဗင်တို့အတွက် ဆုတောင်းခြင်း ပြုသည်။ အိုက်ဗင်၏ နေမကောင်းဖြစ်ရမှုကို သူ သဘောပေါက်လာသည်။

"သူ့ရဲ့မြင့်မြတ်တဲ့ ဆုံးဖြတ်ချက်ကြောင့် ဖြစ်ရတာပဲ၊ အင်မတန် နက်ရှိုင်းတဲ့ ဆင်ခြင်ပိုင်းခြားမှု တခုပဲ"

သူ မယုံကြည်သော ဘုရားသခင်နှင့် အမှန်တရားတို့ သူ၏ အသည်းနှလုံးအတွင်းသို့ ဝင်ရောက်လျက် ရှိကြသည်။ သို့သော် သူက အလျှော့ပေး လက်ခံရန် ငြင်းဆန်လျက် ရှိနေသေးသည်။

"ဟုတ်တယ်" အလျှိုရှာ၏ ခေါင်းထဲတွင် အတွေးတွေ ပျံ့လွင့်နေသည်။ "အမှန်ပဲ၊ အခု ဆမာယာကော့ သေပြီ၊ အိုက်ဗင်ရဲ့ထွက်ဆိုချက်ကို ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ဒါပေမဲ့ သူ ရုံးကိုသွားပြီး ထွက်ဆိုမှာ အမှန်ပဲ"... အလျှိုရှာ လှဲ့လှဲ့ကလေး ပြုံးလိုက်သည်။ "ဘုရားသခင်က အောင်မြင်တော်မူတာပဲ၊

အိုက်ဗင်ဟာ အမှန်တရားရဲ့ အလင်းရောင်အောက်မှာ ထွက်ပေါ်လာ လိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း သူ မယုံကြည်တဲ့အလုပ်ကို လုပ်ရင်း သူ့ကိုယ်သူနဲ့ တခြားသူတွေကို လက်စားချေရင်း ဒေါသမောဟတွေထဲမှာ ပျက်စီးချင် ပျက်စီးသွားမယ်”

အလျှိုရှာ နာကြည်းစွာ ဆက်၍ တွေးလိုက်ပြီးနောက် အိုက်ဗင်အတွက် နောက်တကြိမ် ထပ်ပြီး ဆုတောင်းပတ္တနာ ပြုလိုက်သည်။

ဒွါဒသမကဏ္ဍ – တရားစီရင်မှု မှားယွင်းခြင်း

၁။ သေရေး ရှင်ရေးနေ့

ကျွန်ုပ်ရေးသား ဖော်ပြခဲ့သော အဖြစ်အပျက်များ ဖြစ်ပွားပြီး နောက်တနေ့ နံနက် ၁၀ နာရီအချိန်တွင် ဒီမီထရီကာရာမာဇော့၏ အမှုကို ကျွန်ုပ်တို့မြို့ ခရိုင်တရားရုံး၌ စတင် ကြားနာစစ်ဆေးသည်။

ကျွန်ုပ်သည် အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းသော အကြောင်းအရာများ အားလုံးကို ရေးသား ဖော်ပြနိုင်စွမ်း မရှိကြောင်း ပထမဆုံး ပြောကြားရပါမည်။ အပြည့်အစုံ မဖော်ပြနိုင်ရုံသာမက အစီအစဉ် ကျနစွာလည်း မဖော်ပြနိုင်ပါ။ ဖြစ်ပျက်သမျှ အကြောင်းစုံကို ရှင်းလင်းချက် အပြည့်အစုံ နှင့် ဖော်ပြရလျှင်လည်း စာအုပ်တအုပ်လုံး ပြည့်သွားလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ ထိုစာအုပ်မှာ လည်း ရောမ အထူကြီးတအုပ် ဖြစ်နိုင်ကောင်းပါသည်။ ယင်းကြောင့် ကျွန်ုပ်အနေနှင့် စိတ်ဝင်စား သော အကြောင်းအချက်များနှင့် ကျွန်ုပ်၏စိတ်အာရုံတွင် စွဲကပ်ငြိတွယ်သော အကြောင်းအရာများ ကိုသာ ရေးသားဖော်ပြလျှင် စာဖတ်သူများက ကျွန်ုပ်အား အပြစ်တင်လိမ့်မည် မဟုတ်ဟု ယုံကြည် ယူဆမိပါသည်။ ကျွန်ုပ်သည် အထူးထင်ရှားပေါ်လွင်ပြီး အဓိကကျသော အချက်အလက် အချို့ကို ချန်လှပ်ထားခဲ့ပြီး အရေးကြီးသော အချက်အလက်များကို အထောက်အကူ ပြုရုံမျှသာဖြစ်သော လက်အောက်ခံ အဖြစ်အပျက်များကိုသာ ဖော်ပြကောင်းလည်း ဖော်ပြပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်အနေနှင့် ကြိုတင်တောင်းပန်မှုများကို ပြုလုပ်မနေသည်က အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယူဆသည်။ ကျွန်ုပ်အနေနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပြီး ဖတ်သူများကလည်း ကျွန်ုပ်အနေနှင့် အတတ်နိုင်ဆုံး လုပ်ဆောင်သွားသည်ကို သူတို့ဘာသူတို့ သိမြင်ကြပါလိမ့်မည်။

တရားရုံးအတွင်းသို့ ကျွန်ုပ်တို့ မဝင်ရောက်ခင် ပထမဆုံး စတင် ပြောဆိုရမည့် အကြောင်းကတော့ ထိုနေ့က ကျွန်ုပ်ကို အထူးတလည် အံ့အားသင့်စေခဲ့သော အချက်ပင် ဖြစ်ပါသည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်ုပ် တယောက်တည်းသာ အံ့အားသင့်ခဲ့ရသည် မဟုတ်ပါ။ နောက်မှ သိရှိရသည်မှာ လူအားလုံးပင် ထိုအချက်ကို အံ့အားသင့်ခဲ့ကြရပါသည်။ ယင်းအချက်ကား ဤသို့တည်း။ ဤအမှုကို လူတွေ အထူးစိတ်ဝင်စားကြောင်း ကျွန်ုပ်တို့အားလုံး သိရှိကြပါသည်။ လူအားလုံးကပင် ဤအမှု စတင်စစ်ဆေးမည့်နေ့ကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေခဲ့ကြသည်။ ဤအမှုအကြောင်းကို ပြီးခဲ့သော နှစ်လလုံးလုံးကပင် ကျွန်ုပ်တို့ အသိုင်းအဝိုင်း လောကထဲတွင် အမျိုးမျိုး ပြောဆိုခဲ့ကြ

သည်။ အမျိုးမျိုးပင် ရော်ရမ်းမှန်းဆခဲ့ကြသည်။ အမျိုးမျိုးပင် အံ့ဩတုန်လှုပ်ခဲ့ကြသည်။ အမျိုးမျိုးပင် တွက်ချက်သုံးသပ်ခဲ့ကြသည်။ ထိုမျှမကပါ၊ ဤအမှုသည် ရှရှားတနိုင်ငံလုံးတွင် ပျံ့နှံ့ကျော်ကြားလျက် ရှိကြောင်းလည်း ကျွန်ုပ်တို့အားလုံး သိရှိကြပါသည်။ သို့သော် ဤအမှုသည် ကျွန်ုပ်တို့မြို့မှ လူများကိုသာမက ရုရှားတနိုင်ငံလုံးရှိ တိုင်းသူပြည်သားအားလုံးကို အလွန့်အလွန်ပင် တုန်လှုပ်ချောက်ချားစေပြီး စိတ်ဝင်စားမှု အထူး ပြင်းထန်လွန်ကဲလျက် ရှိကြောင်းကိုကား ကျွန်ုပ်တို့ မတွေးထင် မမှန်းဆမိခဲ့ကြပါ။ ဤအချက်ကို အမှုစစ်ဆေးသော ဤနေ့သို့ ရောက်ရှိမှပင် ကျွန်ုပ်တို့ အားလုံး တွေ့မြင်သိရှိကြရတော့သည်။

အမှုစစ်ဆေးသည်ကို တွေ့မြင်နားထောင်ရန် ရောက်ရှိလာကြသူများမှာ ကျွန်ုပ်တို့ ပြည်နယ်အတွင်းရှိ မြို့များသာမက အခြားသော မြို့ကြီးများဖြစ်သော မော်စကိုနှင့် ပီတာစဘတ် မြို့များမှလည်း ပါဝင်ကြသည်။ ၎င်းတို့အထဲတွင် ဥပဒေပညာရှင်ကြီးများ၊ ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ နှင့် အထက်တန်းစား အသိုင်းအဝိုင်းမှ ဂုဏ်သရေရှိ အမျိုးသမီးကြီးများ ပါဝင်သည်။ တရားရုံး အတွင်းသို့ ဝင်ရောက်ခွင့် လက်မှတ်များကိုလည်း အလုအယက်ပင် ရယူကြသည်။ အထူး ထင်ရှား ကျော်ကြားသော အမျိုးသားဧည့်သည်တော်ကြီးများအတွက် တရားသူကြီး သုံးဦးထိုင်သော စားပွဲ၏ နောက်ဘက်တွင် သီးသန့်နေရာ ပြုလုပ်ပေးထားသည်။ ထိုနေရာတွင် လက်တင်ကုလားထိုင်ကြီး များကို စီတန်းပြီး ချထားပေးသည်။ ကျွန်ုပ်တို့ တရားရုံးတွင် ယခင်က ဤသို့ ပြုလုပ် စီမံပေးခဲ့ဖူးခြင်း မရှိပါ။

လာရောက်နားထောင်ကြသော ပရိသတ်ကြီးတွင် အမျိုးသမီးဦးရေကလည်း များပြားလှသည်။ ကျွန်ုပ်တို့ မြို့မှရော၊ အခြားမှ လာရောက်ကြသော ဧည့်သည်များရော ဖြစ်သည်။ ဧည့်သည်များ၏ အရေအတွက် တဝက်ထက်မနည်းဟု ကျွန်ုပ် ယူဆမိသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဥပဒေပညာရှင် ဝတ်လုံတော်ရကြီးများမှာလည်း အထူး များပြားလှသဖြင့် ၎င်းတို့ကို မည်သည့်နေရာတွင် နေရာချထားရမည်ကို မသိနိုင်ဘဲ ရှိနေကြသည်။ လက်မှတ်တွေအားလုံးကလည်း အစောကြီးကတည်းက ဖြန့်ဝေပြီး ဖြစ်နေသည်။ မရအရ လိုက်လံ ရှာဖွေနေကြသည်။ လက်ပြောင်းလက်လွှဲများ ပြုလုပ်နေကြသည်။ နောက်ဆုံးတွင် တရားရုံး ခန်းမကြီး တဖက်ထိပ်ရှိ စင်မြင့်၏ နောက်ဘက်တွင် ၎င်းတို့အတွက် သီးသန့်နေရာတခု ပြုလုပ်ပေး ရသည်ကို ကျွန်ုပ် တွေ့မြင်ရသည်။ နေရာကျယ်ကျယ် ရရှိနိုင်ရန်အတွက် ကုလားထိုင်များအားလုံး ဖယ်ထုတ်ပစ်လိုက်ရသဖြင့် ဝတ်လုံတော်ရကြီးများသည် အမှုစစ်ဆေးနေစဉ်

ကာလတလျှောက်လုံး ထိုနေရာတွင် ကျပ်ကျပ်ညပ်ညပ် မတ်တတ်ရပ်ပြီး နားထောင်ကြရသည်။

အချို့သော အမျိုးသမီးများ အထူးသဖြင့် အခြားမြို့များမှ ရောက်ရှိလာသော အမျိုးသမီးများသည် အဝတ်အစားများကို ကောင်းမွန်ကျနစွာ ဝတ်ဆင်ထားကြသည်။ သို့သော် အမျိုးသမီး အများစုမှာ မူကား အဝတ်အစားကို ဂရုမစိုက်အားကြပေ။ သူတို့၏ မျက်နှာများတွင် မချုပ်တည်းနိုင်သော အသွင်၊ စိတ်အားထက်သန်သောအသွင်၊ စိတ်ချောက်ချားလှုပ်ရှားနေသော အသွင်များ ပေါ်လွင်နေ ကြသည်။ စိတ်ဝင်စားစရာ အကောင်းဆုံးအချက်ကတော့ အမျိုးသမီးအားလုံးလောက်သည် သို့မဟုတ် အမျိုးသမီးအများစုသည် မစ်တယာ၏ဘက်မှ ရှိနေကြပြီး ၎င်းလွတ်မြောက်ရေးကို လိုလားနေကြသည် (ဤအချက်ကို နောက်ပိုင်းတွင် အကဲခတ်လေ့လာသူ အများကလည်း သဘောတူညီကြသည်)။ ဤသို့ဖြစ်ရသည်မှာ ဣတ္ထိယတို့ အသည်းနှလုံးကို အောင်နိုင်သည်ဟူသော သူ၏ ဂုဏ်သတင်း ကျော်ကြားမှုကြောင့်ပင် ဖြစ်တန်ရာသည်။

ဤအမှုတွင် ပြိုင်ဘက် အမျိုးသမီးနှစ်ယောက် ဝင်ရောက် ထွက်ဆိုမည်ဟူသည့် သတင်းကလည်း ကျော်ကြားလျက် ရှိပါသည်။ တယောက်က ကက်ထရီးနားဖြစ်သည်။ လူအများ၏ အထူး စိတ်ဝင်စားခြင်းကို ခံနေရသူတဦး ဖြစ်သည်။ သူမနှင့် ပတ်သက်ပြီး ထူးခြားဆန်းပြားသော ဇာတ်လမ်းများကို အမျိုးမျိုး ပြောကြားနေကြသည်။ လောလောဆယ် ပြောနေသော ဇာတ်လမ်းများ ကတော့ ဤမည်သော ရာဇဝတ်မှုကြီး ဖြစ်ပွားသည့်တိုင်အောင်ပင် မစ်တယာကို သူမက စွဲလမ်း ချစ်ခင်နေသည့်အကြောင်းပင် ဖြစ်သည်။ သူမ၏ မာနနှင့် 'ဆွေကြီးမျိုးကြီး ဆက်နွှယ်မှု' ကို အထူးဂရုပြုပြီး ပြောဆိုနေကြသည်။ (သူမသည် ကျွန်ုပ်တို့မြို့တွင် အလည်အပတ် သွားရောက်ခြင်း မရှိသလောက်ပင် ဖြစ်သည်)။ သူမက အကျဉ်းသားနှင့်အတူ ဆိုက်ဗေးရီးယားသို့ လိုက်ပါခွင့်ပြုရန် နှင့် သတ္တုတွင်းဒေသသို့ ရောက်ရှိသောအခါ လက်ထပ်ခွင့်ပြုပါရန် အစိုးရထံ လျှောက်ထားရန် သူမ ရည်ရွယ်နေကြောင်းကိုလည်း ပြောဆိုကြသည်။

တရားရုံးသို့ ကက်ထရီးနား၏ ပြိုင်ဘက်ဖြစ်သော ဂရုရှင်ကာ လာရောက်မည့်အရေးကိုလည်း အလားတူပင် စိတ်ဝင်စားလျက် ရှိကြသည်။ ပြိုင်ဘက်နှစ်ဦး ဖြစ်ကြသည့် မာနကြီးသော ဆွေကြီးမျိုးကြီး အမျိုးသမီးကလေးနှင့် 'အထက်တန်း ပြည့်တန်ဆာ' တို့၏ တွေ့ဆုံပွဲကို အထူးပင် စိတ်ဝင်စားနေကြသည်။ သို့ရာတွင် ကျွန်ုပ်တို့မြို့မှ အမျိုးသမီးများသည် ကက်ထရီးနားနှင့်စာလျှင် ဂရုရှင်ကာကို ပိုပြီး သိရှိကြသည်။ ဖျိုဒါကာရာမာဇော့နှင့် သူ၏သားကို ဖျက်ဆီးခဲ့သော အနှိမ်မိန်းမကို သူတို့ မြင်ဖူးကြသည်။ ထို့ပြင် 'သည်လို သာမန်

အောက်တန်းစား မိန်းကလေးတယောက်ကို အဖေရော သားရော ဘယ်လိုလုပ်ပြီး ဒါလောက် စွဲမက်ခဲ့ရသနည်း’ ဆိုသည်ကိုလည်း သူတို့ ခြွင်းချက်မရှိ အံ့သြခဲ့ကြရသည်။

အတိုချုပ် ပြောရလျှင် သည်အကြောင်းနှင့် ပတ်သက်ပြီး ပြောဆိုကြသည်များ အများအပြားပင် ရှိပါသည်။ ကျွန်ုပ်တို့ မြို့တမြို့တည်းမှာပင် မစ်တယာနှင့် ပတ်သက်ပြီး လင်မယားချင်း အကြီးအကျယ် စကားများကြရသည်များ အမြောက်အမြားပင် ဖြစ်ပါသည်။ အမျိုးသမီး တော်တော်များသည် ကြောက်မက်ဖွယ်ရာ သည်အမှုကြီးနှင့် ပတ်သက်ပြီး ၎င်းတို့၏ ယောကျ်ားများ နှင့် အယူအဆချင်း မတူညီဘဲ အကြိတ်အနယ်ဆိုသလို ရန်ဖြစ်ကြသည်။ ထို့ပြင် ဤအမျိုးသမီးများ ၏ ယောကျ်ားများသည် တရားရုံးသို့ လာရောက်ရာတွင် တရားခံအပေါ် သဘောထားမကောင်းရုံ မျှမက အာဃာတတရားများ ရှိနေသည်မှာ သဘာဝကျပါသည်။ အမှန်အတိုင်း ပြောရလျှင် ပုရိသ ယောကျ်ားများသည် ဣတ္ထိယမိန်းမများနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး တရားခံပေါ်တွင် အထူးပင် အာဃာတ ကြီးကြပါသည်။ သူတို့၏ မျက်နှာများမှာ တင်းမာနေကြသည်။ ခက်ထန်နေကြသည်။ ရန်လိုနေကြသည်။ အမှန်တွင်လည်း မစ်တယာသည် ဤမြို့တွင် နေထိုင်စဉ်အတွင်း ဤလူထုထဲမှ လူတော်တော်များများကို ဆန့်ကျင်ခြင်း၊ ရန်စခြင်း၊ စော်ကားခြင်းများ ရှိနိုင်ပါသည်။ သို့ရာတွင် အချို့သော ယောကျ်ားများမှာမူ စိတ်သဘောထား ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း ရှိပြီး မစ်တယာ၏ ကံကြမ္မာကို ပုဂ္ဂိုလ်ရေးအရ စိတ်ဝင်စားခြင်း မရှိကြပါ။ သို့ရာတွင် လူအားလုံးသည်ပင် အမှုတွင် စိတ်ဝင်စားကြပြီး ယောကျ်ားအများစုသည် တရားခံ အပြစ်ဒဏ် ရရှိလိမ့်မည်ဟု မျှော်လင့်နေကြပါသည်။ သို့သော် ဤအထဲတွင် ရှေ့နေများ မပါရှိပါ။ ၎င်းတို့က ကိုယ်ကျင့်တရား ကိစ္စကို စိတ်ဝင်စားခြင်း မရှိဘဲ ဥပဒေရေးရာကိုသာ အာရုံပြုနေကြ၍ ဖြစ်ပါသည်။

နာမည်ကျော် ဝတ်လုံတော်ရကြီး ဖီကျူကိုဗစ် ပါဝင်သည့်အတွက်လည်း လူတိုင်းကပင် စိတ်ဝင်စား လျက် ရှိသည်။ သူ၏ အရည်အချင်းက တနိုင်ငံလုံးတွင် ကျော်ကြားလျက် ရှိသည်။ ဤအမှုသည် သူ့အနေနှင့် ပြည်နယ်များသို့ လာရောက်ပြီး နာမည်ကျော် တရားခံများဘက်မှ လိုက်ပါ လျှောက်လဲ သည်မှာ ပထမဆုံးအကြိမ် မဟုတ်ပါ။ သူ လိုက်ပါ လျှောက်လဲသည့်အတွက်လည်း ယင်းအမှုကြီးများ သည် တိုင်းပြည်တွင် ထင်ရှားပြီး ကာလရှည်ကြာစွာ အမှတ်ရနေကြရတော့သည်။

ကျွန်ုပ်တို့၏ အမှုလိုက်ရှေ့နေကြီးနှင့် တရားသူကြီးဥက္ကဋ္ဌအကြောင်းကိုလည်း စိတ်ဝင်စားဖွယ်ရာ ပုံပြင်များ အမြောက်အမြား ပြောဆိုလျက် ရှိကြသည်။

ကျွန်ုပ်တို့၏ အစိုးရရှေ့နေကြီးသည် ဖီကျူကိုဗစ်နှင့် ရင်ဆိုင်ရသည့်အတွက် ကြောက်ဒူးတုန်နေသည် ဟု ပြောဆိုကြပါသည်။ သူတို့နှစ်ယောက်သည် ပီတာစဘတ်မြို့တွင် စတင် အမှုလိုက်ခဲ့ကြ ကတည်းက ရန်ဘက်များ ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ မာနကြီးသော အမှုလိုက်ရှေ့နေကြီးသည် ပီတာစဘတ်မှ လူကြီးအချို့က သူ၏အရည်အချင်းများကို မှန်မှန်ကန်ကန် သိရှိနားလည်ခြင်း မရှိဘဲ ချောင်ထိုးထားသည်ဟု ယူဆထားရာ ယခု ကာရာမာဇော့အမှု ပေါ်ပေါက်လာသောအခါ အထူးပင် စိတ်အားတက်ကြွလျက် ရှိတော့သည်။ ဤအမှုက သူ၏ မှေးမှိန်နေသော အရည်အသွေးများကို ပြန်လည်တောက်ပလာစေလိမ့်မည်ဟု သူ ယူဆထားသည်။ သို့သော် ယခုအခါ ဖီကျူကိုဗစ်နှင့် ရင်ဆိုင်ရမည်ဆိုသောအခါ သူ့မှာ စိုးရိမ်ကြောင့်ကြခြင်းများ ဖြစ်နေရသည်ဟု ပြောဆိုကြပါသည်။

သို့သော် ဖီကျူကိုဗစ်ကို သူ ကြောက်နေသည်ဆိုသော စကားသည် မမှန်ပါချေ။ ကျွန်ုပ်တို့၏ အမှုလိုက်ရှေ့နေသည် အရေးကြုံသောအခါ သက်လုံ ပျက်ပြားတတ်သူတဦး မဟုတ်ပါချေ။ သူက သူ ရင်ဆိုင်ရသော အန္တရာယ်ကြီးမားလေလေ အစွမ်းသတ္တိနှင့် ရည်မှန်းချက်များ မြင့်မားလာလေ ဖြစ်သည်။ ယေဘုယျသဘောပြောရလျှင် ကျွန်ုပ်တို့၏ အမှုလိုက်ရှေ့နေသည် အင်မတန် စိတ်လှုပ်ရှား လွယ်ပြီး အင်မတန် စိတ်တက်ကြွလွယ်ပါသည်။ သူသည် အမှုတခုကို ကိုင်တွယ်ပြီဆိုလျှင် အမှုတွင် သူ၏ စိတ်အာရုံအားလုံးကို ပုံထားပြီး ဤအမှု၏ အရှုံးအနိုင်ပေါ်တွင် သူ၏ ဘဝကြီးတခုလုံးနှင့် သူ၏ ကံကြမ္မာတခုလုံး တည်ရှိနေသည့်အလား လုပ်ဆောင်တတ်ပါသည်။ ဤအချက်က ဥပဒေလောက တွင် သရော် လှောင်ပြောင်စရာတခု ဖြစ်နေပါသည်။ အကြောင်းမှာ သူသည် ရိုးရိုးသာမန် အနေအထား ရှိနေသည်ထက် ဤသဘောစရိုက်ကို ဆောင်နေသည့်အတွက် မကောင်းသတင်း ကျော်ကြားမှုကို ပိုမိုရရှိနိုင်ပါသည်။ ထို့ပြင် စိတ်ပညာတွင် သူ စိတ်ဝင်စားသည့်အတွက်လည်း လူတွေက လှောင်ပြောင်ရယ်မောကြပါသည်။ ကျွန်ုပ်၏သဘောကို ပြောရလျှင် သူတို့၏ အယူအဆ တွေ အားလုံး မှားပါသည်။ အမှန်မှာ ကျွန်ုပ်တို့၏ အမှုလိုက် အရာရှိသည် အများက ထင်မှတ် ယူဆထားသည်ထက် အများကြီး ပိုပြီး အရည်အချင်း ရှိပါသည်။ သို့သော် သူသည် ဥပဒေလောကသို့ ဝင်ရောက်စအချိန်ကရော နောက်ပိုင်းအချိန်များတွင်ရော သူ၏ အစွမ်းသတ္တိကို မပြသနိုင်ခဲ့ပါ။

ကျွန်ုပ်တို့၏ တရားရုံးဥက္ကဋ္ဌနှင့် ပတ်သက်၍မူ သူသည် ပညာတတ်တယောက် ဖြစ်ကြောင်းနှင့် သနားကြင်နာတတ်သူ တဦးဖြစ်ကြောင်းကိုသာ ပြောဆိုရပါမည်။ သူ၏ လုပ်ငန်းနှင့် ပတ်သက်၍ လည်း လက်တွေ့ သိကျွမ်းနားလည်သူတဦး ဖြစ်သည်။ ထို့ပြင် သူ့တွင် ကျွန်ုပ်တို့ခေတ်၏ ခေတ်မီ တိုးတက်သော အယူအဆများ ရှိပါသည်။ သူ့တွင် ရည်မှန်းချက်

အထိုက်အလျောက် ရှိသော်လည်း သူ၏ လုပ်ငန်းနှင့် ပတ်သက်၍ သိပ်ပြီး ရည်မှန်းချက်ထားဟန် မရှိပါ။ သူ၏ အဓိကရည်မှန်းချက်မှာ သူ့ကို ခေတ်မီတိုးတက်သော အတွေးအခေါ်များ ရှိသူတဦးအဖြစ် လူအများက အသိအမှတ်ပြုကြစေရန်သာ ဖြစ်သည်။ ထို့ပြင် သူသည် ဆွေမျိုးအသိုင်းအဝိုင်း ကောင်းမွန်ပြီး ဥစ္စာခနေလည်း အထိုက်အလျောက် ကြွယ်ဝပါသည်။ နောက်ပိုင်းတွင်မှ သိရှိရသည်မှာ သူသည် ကာရာမာဇော့ အမှုတွင် အထူးပင် စိတ်ဝင်စားခြင်း ရှိသည်။ သို့သော် ယေဘုယျသဘောဖြင့်သာ ဖြစ်သည်။ သူက ဤအမှုကို လူမှုရေးဖြစ်ရပ်တခုအဖြစ် စိတ်ဝင်စားခြင်း ဖြစ်ပေသည်။ သူက ဤဖြစ်ရပ်အား ခွဲခြမ်း စိတ်ဖြာရသည်ကို စိတ်ဝင်စားသည်။ ဤဖြစ်ရပ်သည် ကျွန်ုပ်တို့၏ လက်ရှိ လူမှုရေး အခြေအနေ များမှ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ ရုရှားနိုင်ငံ၏ လူမှုရေး အခြေအနေကို ပြသခြင်းပင် ဖြစ်သည် .... စသည် ... စသည်ဖြင့်။ ဤအမှုနှင့် ပတ်သက်ပြီး ပုဂ္ဂလိက သဘောအရမူ ဤအမှုကြီး၏ စိတ်မကောင်းဖွယ်ရာအဖြစ် တရားခံမှအစ ဤအမှုတွင် ပါဝင်ပတ်သက်ကြသူများ အားလုံးတို့ အပေါ်တွင် သူသည် ဘက်လိုက်ခံစားခြင်း အလျှင်းမရှိပါ။ ဖြစ်သင့်ဖြစ်ထိုက်၍ ဖြစ်ပေါ်လာသော အခြင်းအရာတခုဟုသာ မှတ်ယူပါသည်။

တရားသူကြီးများ ကြွရောက်မလာမီ အချိန်အစောကြီးကတည်းကပင် တရားရုံးခန်းမကြီးသည် ပြည့်လျှံလျက် ရှိတော့သည်။ ကျွန်ုပ်တို့၏ တရားရုံးခန်းမသည် ကျွန်ုပ်တို့မြို့တွင် အကောင်းဆုံးသော ခန်းမဆောင်ကြီးပင် ဖြစ်ပါသည်။ ကျယ်ဝန်းသည်။ မြင့်မားသည်။ အသံဟိန်းသည်။ တရားသူကြီး၏ နေရာသည် စင်မြင့်ပေါ်တွင် ဖြစ်ပြီး စင်မြင့်၏ လက်ယာဘက်တွင်ကား ဇူရော်လူကြီးများအတွက် စားပွဲတလုံးနှင့် ကုလားထိုင်နှစ်တန်း ရှိသည်။ စင်မြင့်၏ လက်ဝဲဘက်တွင်ကား တရားခံနှင့် တရားခံ၏ အကျိုးဆောင်ရှေ့နေတို့ ရှိကြသည်။ တရားရုံ အလယ်ပိုင်း တရားသူကြီးများ၏ အနီးတွင်ကား သက်သေခံပစ္စည်းများ တင်ထားသော စားပွဲတလုံး ရှိသည်။

စားပွဲပေါ်တွင် ဖျိုဒါကာရာမာဇော့၏ သွေးစွန်းနေသော အပေါ်ရုံ ပိုးအင်္ကျီရှည်ဖျော့ဖျော့၊ လူသတ်သမား အသုံးပြုသည်ဟု ယူဆရသော သေမင်းတမန် ကြေးကျည်ပွေ့၊ လက်ဖျားတွင် သွေးစွန်း၊ သွေးတွေပေနေသည့် လက်ကိုင်ပဝါကို ထည့်ခဲ့သော ... အင်္ကျီပေါ်တွင် သွေးကွက်များ စွန်းထင်းနေသော မစ်တယာ၏ရုပ်အင်္ကျီ၊ မစ်တယာ၏ ကုတ် ကျ်ီ၊ ယခုအခါ ဝါကြန်နေပြီဖြစ်သော သွေးတွေနှင့် မာတောင့်နေသော အဆိုပါ လက်ကိုင်ပဝါ၊ ပါကိုတင်၏အိမ်တွင် ကျည်ထည့်ခဲ့သော မစ်တယာ၏ ပစ္စတိုသေနတ် ... (ယင်း သေနတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရန် သူ ရည်ရွယ်ခဲ့ပြီး ယင်းသေနတ်ကို မိုကရိုယီ စားသောက်ဆိုင်ပိုင်ရှင်က သူ့ထံမှ တိတ်တဆိတ် သိမ်းယူထားခဲ့သည်)။ ဂရုရှင်ကာအတွက် စာတမ်းရေးထိုးပြီး ငွေသုံးထောင် ထည့်ထားခဲ့သော စာအိတ်၊

ယင်း စာအိတ်ကို ချည်နှောင်သော ဖဲကြိုးသေးသေး၊ ထို့နောက် ကျွန်ုပ် မသိရှိသော အရာဝတ္ထုပေါင်းများစွာ ဖြစ်သည်။

စားပွဲနှင့် ခပ်လှမ်းလှမ်း ခန်းမဆောင်ကြီး၏ အလယ်ဗဟိုတခုလုံးတွင်ကား လာရောက်နားထောင်သူ အများပြည်သူ ထိုင်ခုံများ ရှိသည်။ သို့ရာတွင် ပွတ်လုံး လက်ရန်း၏ ရှေ့ဘက်တွင်ကား သက်သေခံ ထွက်ဆိုပြီးနောက် တရားရုံးတွင် ဆက်လက်နေထိုင်မည့် သက်သေများအတွက် ကုလားထိုင် အနည်းငယ် ချထားသည်။

နံနက် ဆယ်နာရီတွင် တရားသူကြီး သုံးဦး ကြွလာသည်။ တရားသူကြီး ဥက္ကဋ္ဌ၊ ဂုဏ်ထူးဆောင် တရားသူကြီးဖြစ်သော သမာဓိမြို့ဝန်နှင့် အခြားတရားသူကြီးတဦးတို့ ဖြစ်ကြသည်။ အစိုးရရှေ့နေ ဖြစ်သော အမှုလိုက်အရာရှိလည်း နောက်မှ တပါတည်း လိုက်ပါလာသည်။

ဥက္ကဋ္ဌမှာ အသက်ငါးဆယ်အရွယ် ဝဝတုတ်တုတ်၊ ပုပုတိုတို ဖြစ်သည်။ မျက်နှာက ဝါကြန်ကြန်၊ ဆံပင်ကို ခပ်တိုတို ညှပ်ထားပြီး အနက်တွင် အဖြူစွက်နေပြီ ဖြစ်သည်။ ရင်ဘတ်တွင် ဖဲကြိုးနီကြီး တပ်ဆင်ထားသည်။ သို့သော် မည်သည့်ဘွဲ့တံဆိပ်မှန်း ကျွန်ုပ် မမှတ်မိပါ။

အမှုလိုက်အရာရှိကို ကြည့်ရသည်မှာ ဖျော့တော့ပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်ဟု ကျွန်ုပ် ထင်မိသည်။ ကျွန်ုပ်သာမက အားလုံးကလည်း ဤအတိုင်းပင် ထင်မှတ်ကြသည်။ သူသည် အကြောင်းတခုကြောင့် ရုတ်တရက်ကြီး ပိန်ချုံးသွားဟန် ရှိသည်။ ညတွင်းချင်းပင် ဖြစ်သွားဟန် ရှိသည်။ အကြောင်းမှာ လွန်ခဲ့သော နှစ်ရက်လောက်တုန်းက သူ့ကို ကျွန်ုပ် တွေ့မြင်ခဲ့ရစဉ်ကမူ သူသည် ပုံမှန်အတိုင်းပင် ရှိနေခဲ့သေးသည်။

ဥက္ကဋ္ဌက ဇူရော်လူကြီးများအားလုံး စုံပြီလားဟု ရှေ့တော်ပြေးကို မေးမြန်းကာ အစီအစဉ်ကို စတင်လိုက်သည်။

သို့သော် ဤပုံစံအတိုင်း ကျွန်ုပ် သွားနေ၍မဖြစ်ပါ။ တကြောင်းမှာ ကျွန်ုပ်အနေနှင့် မကြားလိုက်သည် များလည်း ရှိသည်။ သတိမပြုမိသည်များလည်း ရှိပါသည်။ မေ့လျော့သွားကြသည်များလည်း ရှိသည်။ သို့သော် အဓိကအကြောင်းမှာ စောစောက ကျွန်ုပ် ပြောခဲ့သည့်အတိုင်းပင် ပြောဆိုသမျှ အကြောင်းအရာအားလုံးနှင့် ဖြစ်ပျက်သမျှ အခြင်းအရာ အားလုံးတို့ကို ရေးသားဖော်ပြရန် အချိန်လည်း မရှိပါ၊ နေရာလည်း မရှိပါ။

ကျွန်ုပ် သိရှိရသည်မှာ တရားခံ အကျိုးဆောင်ကရော၊ အစိုးရရှေ့နေကရော မည်သည့် ဇူရော်လူကြီး တဦးတယောက်ကိုမျှ ကန့်ကွက်ခြင်း မပြုကြပါ။ သို့သော်

ဇူရော် လူကြီး ၁၂ ဦး၊ ကျွန်ုပ် ကောင်းကောင်း မှတ်မိနေပါသည်။ လေးယောက်က ကျွန်ုပ်တို့မြို့မှ အစိုးရဝန်ထမ်းများဖြစ်ပြီး နှစ်ယောက်က ကုန်သည်ကြီးများဖြစ်ကာ ခြောက်ယောက်က လက်မှုပညာသည်များနှင့် တောင်သူ လယ်သမားများ ဖြစ်ကြပါသည်။ အမှု မစစ်ဆေးမီ လအတန်ကြာကတည်းကပင် ကျွန်ုပ်တို့ အထက်လွှာမှ ပုဂ္ဂိုလ်ကြီးများ၊ အထူးသဖြင့် အမျိုးသမီးကြီးများက ပြောဆိုနေသည့် စကားများကို ကျွန်ုပ် အမှတ်ရနေမိသည်။

"အဲဒီလို ရှုပ်ထွေးပြီး ဒီလို သိမ်မွေ့တဲ့ စိတ်ပညာဆိုင်ရာ အမှုမျိုးမှာ အငယ်တန်းစား အမှုထမ်းတွေ လယ်သမားတွေကို ဆုံးဖြတ်ခိုင်းလို့ ဖြစ်နိုင်ပါ့မလား။ လယ်သမားတယောက်ကို ထားလိုက်ဦး၊ အငယ်တန်းစား အမှုထမ်းတယောက်က ဒီလိုကိစ္စမျိုးကို ဘာနားလည်မှာလဲ"

အမှန်ပင် ဖြစ်သည်။ ဇူရော်အဖွဲ့ဝင်တွင် ပါဝင်သော ဝန်ထမ်းလေးဦးသည် အသက်အရွယ် ကြီးပြီး ရာထူးအဆင့်အတန်း နိမ့်ကာ ဘာမျှ အရေးမပါသူများ ဖြစ်ကြသည်။ ၎င်းတို့အထဲတွင် တယောက်သာလျှင် အနည်းငယ် ငယ်ရွယ်သည်။ ၎င်းတို့သည် အထက်တန်းစား အသိုင်းအဝိုင်းတွင် ဝင်ဆံ့ခြင်းမရှိဘဲ မလောက်မငသော လစာကလေးပေါ်တွင် မှီခိုနေထိုင်ရသူများ ဖြစ်သည်။ ၎င်းတို့၏ မိန်းမများမှာလည်း ဂုဏ်သရေရှိ အသိုင်းအဝိုင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိဘဲ ၎င်းတို့၏ ကလေးများ မှာလည်း ဖိနပ်မပါ ခြေဗလာနှင့် လျှောက်ပြေးနေသူများ ဖြစ်ပေသည်။ ၎င်းတို့အတွက် စိတ်ပြေ လက်ပြေ အပန်းဖြေစရာဟူ၍ လောင်းကြေးငွေ နည်းနည်းဖြင့် ဖဲကစားသည့် အလုပ်သာ ရှိပေမည်။ ၎င်းတို့၏ တသက်တွင် စာအုပ်တအုပ်တလေမှ မဖတ်ဖူးမည်မှာ သေချာလှပေသည်။

ကုန်သည်ကြီးနှစ်ယောက်မှာမူကား လေးစားဖွယ်ရာ ရှိသည်။ သို့သော် ၎င်းတို့သည် အံ့သြဖွယ်ရာပင် တုံဏှိဘာဝေနှင့် ထုံပေပေ ရှိနေကြသည်။ ၎င်းတို့နှစ်ယောက်အနက် တယောက်သည် မုတ်ဆိတ်မွေး ကို ပြောင်အောင်ရိတ်ထားပြီး ဥရောပဝတ်စုံကို ဝတ်ဆင်ထားသည်။ နောက်တယောက်မှာမူ မုတ်ဆိတ်မွေး ရေးတေးတေး၊ ဖျော့တော့တော့ ရှိပြီး ဘွဲ့တံဆိပ်တခုကို ဖဲကြိုးနီနီတခုဖြင့် လည်ပင်းတွင် ဆွဲထားသည်။

လက်မှုပညာသည်များနှင့် လယ်သမားများအကြောင်းကား ဘာမျှ ပြောစရာ မလိုပါ။ စကိုတိုပရီဂိုးညက်မှ လက်မှုပညာသည်များသည် လယ်သမားများနှင့် ခြားနားခြင်း မရှိလှပါ။ အချို့ဆိုလျှင် လယ်ယာလုပ်ငန်းမှာပင် လုပ်ကိုင်ကြရသည်။ ၎င်းတို့အနက် နှစ်ယောက်သည် ဥရောပဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ ယင်းအတွက်ပင် ၎င်းတို့သည် ပိုပြီး အကြည့်ရဆိုးပြီး အခြားလေးယောက်ထက်ပိုပြီး မနှစ်သက်ဖွယ်ရာ ရှိနေတော့သည်။

ယင်းကြောင့်ပင် တစုံတယောက်သည် ကျွန်ုပ်ကဲ့သို့ပင် ၎င်းတို့ကို အနီးကပ် မြင်တွေ့ရလျှင် သည်လို အမှုမျိုးတွင် သည်လိုလူမျိုးတွေက ဘာလုပ်တတ်မည်နည်းဟု တွေးမိပေလိမ့်မည်။ သို့တစေလည်း ၎င်းတို့၏မျက်နှာများသည် ဣန္ဒြေကြီးတွေနှင့် ဖြစ်သည်။ လူတွေကို ခြောက်လှန့်နေသည့်ပမာ ရှိသည်။ မျက်နှာကြောမာမာနှင့် မျက်မှောင်ကြီးတွေ ကုတ်ထားကြသည်။

နောက်ဆုံးတွင် တရားသူကြီး ဥက္ကဋ္ဌက အငြိမ်းစား ဘွဲ့တံဆိပ်တော်ရ မင်းတိုင်ပင် လူကြီး ဖျိုဒါကာရာမာဇော့ လူသတ်မှု ဖွင့်လှစ်ကြောင်း ကြေညာသည်။ ဥက္ကဋ္ဌ ပြောဆိုသွားသော စကားလုံး အသုံးအနှုန်းများကို ကျွန်ုပ် အတိအကျ မမှတ်မိပါ။

တရားရုံးနေရာပြ အမှုထမ်းအား တရားခံကို ခေါ်ဆောင်လာရန် အမိန့်ပေးလိုက်ရာ မစ်တယာ ရောက်ရှိလာတော့သည်။ တရားရုံးတခုလုံး တိတ်ဆိတ်သွားသည်။ အပ်ကျသည့်အသံကိုပင် ကြားရလောက်သည်။ အခြားသူများကို မပြောတတ်ပါ။ ကျွန်ုပ်အဖို့မူ မစ်တယာကို မြင်တွေ့ရ သည်မှာ စိတ်မတွေ့စရာပင် ဖြစ်သည်။ အဆိုးဆုံးကတော့ သူသည် အမြဲတမ်းပင် ကြော့ကြော့မော့မော့ ဝတ်ဆင်တတ်သော လူပေါ်ကြော့တယောက်ပမာ ကုတ်အင်္ကျီ အသစ်စက်စက် ကြီးကို ဝတ်ဆင်လာခြင်းပင် ဖြစ်သည်။ နောက်မှ သိရှိရသည်မှာ သူသည် ဤ ကုတ်အင်္ကျီကို ဤနေ့တွင်ဝတ်ရန် မော်စကိုမြို့ရှိ သူ၏ကိုယ်တိုင်းရှိသော အပ်ချုပ်ဆိုင်မှ အထူးတလည် မှာယူ ချုပ်လုပ်ခဲ့ခြင်း ဖြစ်သည်။ အထူးပင် ကောင်းမွန်သားနားသော ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး နူးညံ့ပျော့ပျောင်းသော ဆိတ်ကလေးသားရေ လက်အိတ်တစုံကို စွပ်ထားသည်။ သူသည် ရှေ့တည့်တည့်သို့ ကြည့်ပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားကာ သူ့အတွက် သတ်မှတ်ထားသော ကုလားထိုင်တွင် ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံစံဖြင့် ထိုင်လိုက်သည်။

နာမည်ကျော် တရားခံ အကျိုးဆောင် ဖီကျူကိုဗစ်သည် မစ်တယာ၏နောက်မှ တဆက်တည်း လိုက်ပါလာသည်။ သူ ဝင်ရောက်လာသောအခါ ညိုးညိုးညံ့ညံ့အသံများ ခပ်အုပ်အုပ် ထွက်ပေါ်လာ သည်။ သူက ခြေတံရှည်ရှည်သွယ်သွယ်နှင့် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး လူတယောက် ဖြစ်သည်။ သူ၏ လက်ချောင်းများက အထူးပင် ရှည်လျား သွယ်လျပြီး ဖြူရော်နေသည်။ မုတ်ဆိတ်မွေးများကို ပြောင်နေအောင် ရိတ်ထားသည်။ ဆံပင်တိုကို ကြော့ကြော့ကလေး ဖြီးထားသည်။ သူ၏ ပါးလွှာသော နှုတ်ခမ်းများက ထေ့သလိုလို ပြုံးသလိုလို ရှိနေသည်။ သူ၏အသက်မှာ လေးဆယ်လောက်ဟု ထင်ရသည်။ မျက်လုံးများကသာ မဖျက်လျှင် သူ၏မျက်နှာသည် ကြည့်ပျော် ရှုပျော်

ဖြစ်ပေမည်။ ယခုတော့ မျက်လုံးများက သေးပြီး တခုနှင့်တခု ကပ်နေသည်။ မျက်လုံးနှစ်လုံး ကြားတွင် နှာတံ သေးသေးကလေးသာ ခြားနေသည်။ အချုပ်ကိုဆိုရလျှင် သူ၏မျက်နှာသည် ငှက်တကောင်၏ မျက်နှာနှင့် တူနေပါသည်။ လည်စည်းအဖြူနှင့် အခမ်းအနား ဝတ်စုံနှင့် ဖြစ်သည်။

တရားသူကြီး ဥက္ကဋ္ဌက မစ်တယာအား ရှေးဦးစွာ မေးသော မေးခွန်းများကို ကျွန်ုပ် မှတ်မိနေပါသည်။ အမည်နှင့် ရာထူး စသည်တို့ ဖြစ်သည်။ မစ်တယာက ခပ်ဆတ်ဆတ်ပင် ပြန်ဖြေသည်။ သူ့အသံက မထင်မှတ်ဘဲ ကျယ်လောင်နေသဖြင့် ဥက္ကဋ္ဌကို ထိတ်လန့်ခြင်း ဖြစ်စေပြီး တရားခံကို အံ့အားသင့်စွာ ဖြင့် ကြည့်နေပါတော့သည်။

ထို့နောက် အမှုစစ်ဆေးရာတွင် ပါဝင်သည့်သူများ၏ စာရင်းကို ဖတ်ကြားကြေညာသည်။ ၎င်းတို့မှာ သက်သေများနှင့် ကျွမ်းကျင်သူများ ဖြစ်ကြသည်။ စာရင်းရှည်ကြီးပင် ဖြစ်သည်။ သက်သေ လေးယောက် မလာပါ။ ပဏာမ စုံစမ်းစစ်ဆေးရေးတွင် အစစ်ခံခဲ့သော မီယူဆော့သည် ယခုအခါ ပါရီမြို့တွင် ရောက်ရှိနေသည်။ မစ္စက် ကိုကလာကော့နှင့် မြေပိုင်ရှင် မက်ဇီမော့တို့မှာ နေမကောင်း ဖြစ်နေကြသည်။ ဆမာယာကော့မှာ ရုတ်တရက် ကွယ်လွန်သွားချေပြီ။ သူ သေဆုံးသည့် အကြောင်းကို ရဲဘက်မှ အစီရင်ခံစာ တင်သွင်းသည်။

ဆမာယာကော့ သေဆုံးသည့်သတင်းကို ကြားရသော တရားရုံးအတွင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး တီးတိုးသံများ ထွက်ပေါ်လာသည်။ ပရိသတ်ထဲမှ လူတော်တော်များများသည် သူ ရုတ်တရက် ကြိုးဆွဲချ သေသွားသည့်သတင်းကို မသိရှိကြပါ။ သို့သော် ပရိသတ်ကြီး တကယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်မှာ မစ်တယာ၏ မမျှော်လင့်သော ပေါက်ကွဲမှုကြောင့်ပင် ဖြစ်သည်။ ရဲအစီရင်ခံစာကို ဖတ်ကြားပြီးစီးသွားသည်နှင့် တပြိုင်နက် မစ်တယာက ထိုင်နေရာမှ ဟစ်အော်လိုက်သည်။

"သင်းဟာ ခွေးပီပီ ခွေးလို သေရတာပဲ"

သူ့ထံသို့ သူ၏အကျိုးဆောင် ပြေးသွားပုံ၊ နောက်တကြိမ် ဤကဲ့သို့ ဟစ်အော်ခဲ့လျှင် ပြင်းထန်စွာ အရေးယူရမည် ဖြစ်ကြောင်း ဥက္ကဋ္ဌက သတိပေးပုံတို့ကို ကျွန်ုပ် အမှတ်ရနေတော့သည်။ မစ်တယာ ခေါင်းညိတ်သည်။ သို့သော် နောင်တရဟန် မပြပါ။ သူ၏အကျိုးဆောင်ကိုမူ လေသံတိုးတိုးဖြင့် ထပ်တလဲလဲ ပြောနေသည်။

"နောက် မအော်တော့ပါဘူး၊ ကျွန်တော် နောက် မအော်တော့ပါဘူး၊ ကျွန်တော့် ပါးစပ်ထဲက လွှတ်ခနဲ ထွက်သွားလို့ပါ၊ နောက် ဒါမျိုး မလုပ်တော့ပါဘူး"

အမှန်ပင် ဖြစ်သည်။ ဤအဖြစ်အပျက်ကလေးက ဗူရော်လူကြီးများနှင့် ပတ်သက်၍ရော၊ ပရိသတ်နှင့် ပတ်သက်၍ရော ကောင်းကျိုး မဖြစ်ထွန်းပါ။ သူ၏စရိုက်ကို အားလုံး တွေ့မြင်သွားကြရသည်။ သူ့ဘာသာ ပြသလိုက်ခြင်းပင် ဖြစ်သည်။ ယင်းသို့သော အခြေအနေမှာပင် ရှေ့ဖတ်စာရေးက စွဲချက်ကို ဖတ်ကြားသည်။

စွဲချက်မှာ တိုတိုတုတ်တုတ်ပင် ဖြစ်သည်။ သို့ရာတွင် အကြောင်းအချက် စုံလင်သည်။ တရားခံအား အဘယ်ကြောင့် ဖမ်းဆီးရကြောင်း၊ အဘယ်ကြောင့် စစ်ဆေးသင့်ကြောင်း စသည့် အဓိကအချက်များ ကိုသာ ဖော်ပြထားသည်။ သို့ဖြင့် တိုတောင်းသော်လည်း ဤစွဲချက်က ကျွန်ုပ်၏ စိတ်အာရုံကို များစွာမှပင် ထိမိစေပါသည်။ ရှေ့ဖတ်စာရေးက စွဲချက်ကို အသံကျယ်ကျယ်နှင့် ကြည်ကြည်လင်လင် ဖတ်သွားသည်။ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်ကြီးသည် လူအားလုံး၏ ရှေ့မှောက်တွင် ရုတ်ခြည်းဆိုသလို ပီပီပြင်ပြင် ထင်ထင်ရှားရှား ပေါ်လွင်လာတော့သည်။

စွဲချက်ကို ဖတ်ပြီးသွားသည်နှင့် တပြိုင်နက် ဥက္ကဋ္ဌက မစ်တယာကို အသံကျယ်ကျယ်နှင့် တည်ငြိမ် လေးနက်စွာ မေးလိုက်သည်ကို ကျွန်ုပ် အမှတ်ရမိသည်။

"တရားခံ မောင်မင်း၊ မောင်မင်းတွင် အပြစ်ရှိသလား၊ မရှိဘူးလား"

မစ်တယာ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ...

"အရက်သေစာ သောက်စားပြီး အပျော်အပါးများတဲ့အတွက် ကျွန်တော့်မှာ အပြစ် ရှိပါတယ်" ထိတ်လန့်တုန်လှုပ်ပြီး ကယောင်ချောက်ချား ဖြစ်နေသော အသံဖြင့် ပြောလိုက်သည်။ "လတ်လျား လတ်လျားနဲ့ ပေါက်လွှတ်ပဲစား နေတဲ့အတွက် အပြစ်ရှိပါတယ်။ ကျွန်တော့်ကို ကံကြမ္မာက ဒဏ်ခတ် လိုက်တဲ့အချိန်မှာ ကျွန်တော်ဟာ တသက်လုံး လူကောင်းတယောက်အဖြစ်နဲ့ နေသွားချင်တဲ့စိတ် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော့်အဖေနဲ့ ကျွန်တော့်ရဲ့ရန်သူဖြစ်တဲ့ အဘိုးကြီး သေဆုံးရတဲ့ကိစ္စမှာ ဘာအပြစ်မှ မရှိပါဘူး။ သူ့ပိုက်ဆံတွေ အလုခံရတဲ့ကိစ္စမှာလည်း ကျွန်တော် အပြစ်မရှိပါဘူး၊ ကျွန်တော့်မှာ အပြစ်မရှိနိုင်ပါဘူး။ ဒီမီထရီ ကာရာမာဇော့ဟာ လူယုတ်မာ တယောက် ဖြစ်ပေမဲ့ သူခိုးတယောက် မဟုတ်ပါဘူး"

ယင်းကဲ့သို့ အော်ဟစ်ပြောဆိုပြီးနောက် နေရာတွင် သူ ပြန်ထိုင်သည်။ သူ့တကိုယ်လုံး တုန်နေသည် ကို ကောင်းစွာ မြင်တွေ့နိုင်သည်။ မေးသည့်အချက်ကိုသာ ဖြေကြားရန်၊ မဆိုင်သည့် အကြောင်း တွေကို လျှောက်မပြောရန် ဥက္ကဋ္ဌက သူ့ကို တိုတိုတုတ်တုတ်နှင့် အလေးအနက်

သတိပေးရပြန် သည်။ ထို့နောက် ဥက္ကဋ္ဌက အစီအစဉ်အတိုင်း ဆက်လက် လုပ်ဆောင်ရန် အမိန့်ပေးသည်။

သက်သေများကို ကျမ်းသစ္စာ ကျိန်ဆိုစေရန် ခေါ်ဆောင်လာကြသည့်အခါတွင် သူတို့အားလုံး တစုတဝေးတည်း ကြွနိုပ် တွေ့ရှိရသည်။ သို့ရာတွင် တရားခံ၏ ညီများမှာမူ ကျမ်းကိုင်ခြင်း မပြုကြရပါ။ ဘုန်းတော်ကြီးနှင့် ဥက္ကဋ္ဌတို့က အမှာစကား အနည်းငယ်စီ ပြောကြားပြီးနောက် သက်သေများကို ခေါ်ဆောင်သွားကြကာ တယောက်နှင့် တယောက် လှမ်းနိုင်သမျှ လှမ်းလှမ်းနေရာ တွင် နေရာချထားပေးသည်။ ထို့နောက် သက်သေများကို တယောက်ပြီးတယောက် ခေါ်ဆိုပါတော့ သည်။

၂။ အန္တရာယ်ရှိသော သက်သေများ

အစိုးရဘက်မှ တင်ပြသော သက်သေများနှင့် တရားခံဘက်မှ တင်ပြသော သက်သေများကို တရားသူကြီး ဥက္ကဋ္ဌက နှစ်စုခွဲပြီး ထား မထား ကိုသော်လည်းကောင်း (သို့သော် နှစ်စုခွဲပြီး ထားလိမ့်မည်ဟု ကျွန်ုပ်ထင်သည်)၊ သက်သေများကို မည်သည့်အစီအစဉ်ဖြင့် ခေါ်ယူမည်ကို သော်လည်းကောင်း ကျွန်ုပ် မသိရှိပါ။ ကျွန်ုပ် သိရှိသည်မှာ အစိုးရသက်သေများကို အရင် ခေါ်ယူခြင်းပင် ဖြစ်သည်။ ကျွန်ုပ် ထပ်ပြီးပြောပါမည်။ သက်သေများအား စစ်ဆေး မေးမြန်းသည် များကို အပြည့်အစုံ ဖော်ပြရန် ကျွန်ုပ်တွင် ရည်ရွယ်ချက် မရှိပါ။ သို့သော် ဖော်ပြခဲ့လျှင်လည်း အပိုအလျှံတွေ ဖြစ်နေပါလိမ့်မည်။ အကြောင်းမှာ အစိုးရရှေ့နေနှင့် တရားခံရှေ့နေတို့၏ လျှောက်ထားချက်များတွင် အမှုနှင့်ပတ်သက်သော အချက်အလက်များနှင့် တရားရုံးတွင် သက်သေများ ထွက်ဆိုသွားသော ထွက်ချက်များ အားလုံးကို ပေါင်းချုပ်ကာ ရှင်းလင်းတိကျစွာ တင်ပြထားကြပြီး ယင်း လျှောက်လဲချက် နှစ်ခုကို (ယင်းလျှောက်လဲချက်များမှ အစိတ်အပိုင်း များကို) သက်ဆိုင်ရာ ကဏ္ဍတွင် အပြည့်အစုံ တင်ပြသွားမည် ဖြစ်ပါသည်။ ထို့ပြင် အပြီးသတ် လျှောက်လဲချက်များ မပေးမီတွင် ဖြစ်ပွားခဲ့သော အင်မတန် ထူးခြားဆန်းကြယ်သည့် အဖြစ်ကို လည်း ဖော်ပြမည် ဖြစ်ပါသည်။ ယင်းအဖြစ်အပျက်က အလွန်မတန် ဆိုးရွားသော တရားရုံး စီရင်ဆုံးဖြတ်မှုအပေါ်တွင် များစွာမှပင် လွှမ်းမိုးခဲ့ပါသည်။

အမှု စတင်စစ်ဆေးသော ပထမပိုင်းကာလမှာပင် ပေါ်လွင်ထင်ရှားပြီး လူအများကပင် သိမြင်ခဲ့သော အမှုဆိုင်ရာ ထူးခြားသော အသွင်သဏ္ဍာန်တရပ်ကို ဤနေရာတွင် ကျွန်ုပ် ရေးသားဖော်ပြပါမည်။ ယင်းမှာ အခြားမဟုတ်ပါ။ တရားခံဘက်က တင်ပြသော သက်သေခံ အထောက်အထားများနှင့် စာလျှင် တရားလိုဘက်မှ တင်ပြသော အချက်အလက်များသည် အဆမတန် သာလွန်များပြား နေခြင်းပင် ဖြစ်ပါသည်။ အချက်အလက် အထောက်အထားများ အားလုံးသည် နေရာတခုတည်း တွင်သာ ဗဟိုပြုလျက်ရှိပြီး တုန်လှုပ် ချောက်ချားဖွယ်ရာကောင်းသော ရာဇဝတ်မှုကြီးသည် တဖြည်းဖြည်းချင်း ပေါ်လွင်လျက်ရှိကြောင်းကို အစပထမကတည်းကပင် လူအများက သိမြင်နေကြ ပါသည်။

ဤအမှုသည် တစုံတရာ အငြင်းပွားစရာ မလိုကြောင်း၊ တစုံတရာ သံသယ ဖြစ်ဖွယ်ရာ မရှိကြောင်း၊ တရားခံဘက်က ဖြစ်စေ၊ တရားလိုဘက်က ဖြစ်စေ လျှောက်လဲချက်များ ပေးနေစရာ မလိုကြောင်း၊ ယင်းသို့ ပြုလုပ်ရခြင်းများသည် လုပ်ထုံးလုပ်နည်းအရသာ ဖြစ်ကြောင်း၊ အမှန်မှာ တရားခံတွင် အပြစ်ရှိနေပြီး

ဖြစ်ကြောင်း၊ သေသေချာချာ အပြစ်ရှိနေပြီး ဖြစ်ကြောင်း၊ အပြစ်ရှိနေသည်ကို တစုံတရာ ယုံမှားသံသယဖြစ်စရာ မရှိကြောင်းတို့ကို လူအားလုံးကပင် အစပထမကတည်းကပင် သိရှိခဲ့ကြသည်။

စိတ်ဝင်စားဖွယ်ရာကောင်းသော တရားခံကို လွတ်မြောက်စေရန်အတွက် အထူးပင် စိတ်အား ထက်သန်လျက် ရှိကြသော အမျိုးသမီးများပင်လျှင် တရားခံတွင် မငြင်းမကွယ်သာအောင်ပင် အပြစ်ရှိနေကြောင်း ကောင်းစွာ သတိပြုမိကြပါသည်။ ထပ်ပြီး ပြောရလျှင် သူ့တွင် အပြစ်ရှိကြောင်း ခိုင်မာစွာ မပြနိုင်ခဲ့လျှင် အမျိုးသမီးများအနေနှင့် အထူးပင် မကျေမနပ် ဖြစ်ကြပေလိမ့်မည်။ အကြောင်းမှာ နောက်ဆုံးအချိန်၌ တရားခံ အမှုမှ လွတ်မြောက်သွားရခြင်းသည် လေးနက်သင့်သလောက် မလေးနက်ဘဲ ပေါ့သွားမည် စိုး၍ပင် ဖြစ်ပါသည်။ အံ့သြစရာကောင်းသည်ကတော့ သူ လွတ်မြောက်ရမည်ဟူသောအချက်ကို အမျိုးသမီးများသည် နောက်ဆုံးအချိန်အထိ စွဲမြဲမှတ်ယူလျက် ရှိကြပါသည်။

"သူ့မှာ အပြစ်ရှိတယ်၊ ဒါပေမဲ့ ကနေ့ခေတ်စားလာတဲ့ ခံစားမှုအသစ်၊ အတွေးအခေါ် အသစ်တွေအရ၊ လူသားတွေရဲ့ အကျိုးကိုသာ ရှေးရှုထောက်ထားတဲ့ မူဝါဒအရ သူ့ကို လွှတ်ရမယ်" စသည်ဖြင့် စသည်ဖြင့်။

ယင်းကြောင့်ပင်လျှင် တရားရုံးတွင် သူတို့ ဤကဲ့သို့ ပြည့်ကျပ်နေခဲ့ခြင်းဖြစ်သည်။ အခြားတဖက်တွင် ကား ယောကျ်ားများအနေနှင့် အစိုးရရှေ့နေကြီးနှင့် နာမည်ကျော် ဝတ်လုံတော်ရကြီး ဖီကျူ ကိုဗစ် တို့၏ တိုက်ပွဲကို ပိုပြီးစိတ်ဝင်စားလျက် ရှိကြသည်။ မည်သို့မျှ မျှော်လင့်ချက် မရှိတော့ဘဲ ရှုံးရန် ကျိန်းအသေကြီး သေနေသော အမှုတခုကို ဖီကျူကိုဗစ်လို ရှေ့နေကြီးတယောက်က မည်သို့များ စွမ်းဆောင်နိုင်မည်နည်းဟု သူတို့အနေနှင့် တအံ့တသြ စဉ်းစားနေမိကြသည်။ ယင်းကြောင့်ပင်လျှင် သူတို့သည် သူ၏လုပ်ဆောင်မှုများကို အထူးအာရုံစိုက်ပြီး တဆင့်ပြီးတဆင့် လိုက်ကြည့်နေကြသည်။

သို့ရာတွင် ဖီကျူကိုဗစ်သည် နောက်ဆုံးအချိန်အထိ၊ ဇူရော်ကြီးများကို သူ့လျှောက်လဲချက် ပေးသည့် အချိန်အထိ သူတို့အားလုံးအတွက် ပဟေဠိတပုဒ် ဖြစ်နေရတော့သည်။ သူ့တွင် ကိုယ်ပိုင်နည်းစနစ် တခု ရှိကြောင်း၊ သူ၏အမှုကို မည်သို့ ကိုင်တွယ်ရမည်ကို သူသည် စိတ်ကူးတခု ရရှိထားပြီး ဖြစ်ကြောင်း၊ သူသည် ရည်မှန်းချက်တခုဖြင့် ပြုလုပ်နေကြောင်းကို အတွေ့အကြုံရှိသော ပုဂ္ဂိုလ် တချို့က တွက်ဆမိခဲ့ကြသည်။ သို့သော် ယင်းအချက်က ဘာဆိုသည်ကိုကား သူတို့ မမှန်းဆနိုင်ကြ ပါ။ သူ့တွင် ယုံကြည်မှုနှင့် ကိုယ့်ကိုယ်ကိုယ် စိတ်ချသေချာမှု ရှိနေသည်ကား အမှန်ပင်။

ထို့ပြင် သူသည် ကျွန်ုပ်တို့နှင့်အတူ ခေတ္တမျှ နေထိုင်စဉ်အတွင်း (ထိုကာလသည် သုံးရက်လောက်ပဲ ဖြစ်သည်)။ သူသည် အမှုနှင့်ပတ်သက်ပြီး ကောင်းစွာသိရှိပြီး အမှုအကြောင်းကို ဂဃနဏ လေ့လာ ထားပြီးဖြစ်ကြောင်းကို အားလုံးကပင် ကျေနပ်နှစ်သက်စွာ သိရှိကြရသည်။

သူသည် အစိုးရသက်သေများကို လိုအပ်သောအချိန်တွင် အဘယ်ပုံ 'အမိဖမ်း' သွားပုံ၊ ၎င်းတို့ကို အဘယ်ပုံ မွှေနှောက်သွားပုံ၊ ထို့ပြင် သူတို့၏ ဂုဏ်သိက္ခာများကို ပျက်ပြားစေပုံ၊ ယင်းနှင့် တဆက်တည်း သူတို့၏ထွက်ဆိုချက်များကို ပျက်ပြားစေပုံများကို နောက်ပိုင်းတွင် လူအများက အားရပါးရ ပြောဆိုကြပါသည်။ သို့သော် သူသည် ဤလုပ်ဆောင်ချက်များကို ကုစားကွက် တခုအဖြစ်နှင့် လုပ်ဆောင်နေခြင်းသာဖြစ်သည်။ သူ၏ပညာများကို ဟန်ရေးပြနေခြင်းသာ ဖြစ်သည်။ တည်ရှိနေသော ဥပဒေနည်းလမ်းများ မကြွင်းမကျန်ရစ်စေရန် လုပ်ဆောင်နေခြင်းသာ ဖြစ်သည်။ သက်သေများကို အယုံအကြည် ကင်းမဲ့စေရန် ကြိုးပမ်းမှုဖြင့် ကြီးမားသော အကျိုးကျေးဇူးတခု မရရှိနိုင်ကြောင်း အားလုံးကပင် သိရှိထားကြသည်။ ဤအချက်ကို သူကိုယ်တိုင်လည်း အခြားသူများထက် ပိုပြီး သိရှိပါသည်။ သို့သော် သူ့မှာ စိတ်ကူးတခု ရှိနေပါသည်။ သူ့မှာ လက်နက်တခု ရှိနေသည်။ ထိုလက်နက်ကို လောလောဆယ်အချိန်တွင် သူ ဝှက်ထားသည်။ လိုအပ်သော အချိန်ကျမှသာလျှင် ရုတ်ခြည်းထုတ်သုံးမည် ဖြစ်သည်။ ယင်းသို့ဖြင့် လောလောဆယ် အချိန်တွင် သူသည် သူ၏စွမ်းပကားကို သိရှိသည့်အလျောက် ပညာပြနေတော့သည်။

ဥပမာ ဖျို့ဒါကာရာမာဇော့၏ လက်ပါးစေကြီး ဂရီဂိုရီကို ပြန်လှန်မေးခွန်းများ မေးမြန်းသည့် အချိန်တွင်ဆိုလျှင် သူသည် အဘိုးကြီးကို အမိအရပင် တွယ်ကပ်ထားခဲ့သည်။ အဘိုးကြီးက အင်မတန် အန္တရာယ်ကြီးသော အထောက်အထားတခုပင် ဖြစ်သည်။ 'ပွင့်နေသောတံခါး' အကြောင်းကို ထွက်ဆိုခဲ့သူ ဖြစ်သည်။ ဤနေရာတွင် တခုသတိပြုရမည်မှာ အဘိုးကြီးသည် တရားခွင်တွင် အစစ်ခံရာ၌ တရားရုံး၏ ကြီးကျယ်ခမ်းနားမှုကိုသော်လည်းကောင်း၊ သူ့အား နားထောင်နေသော ဧရာမ ပရိသတ်ကြီးကိုသော်လည်းကောင်း သူသည် နည်းနည်းမျှ ဂရုမထားဘဲ ခပ်တည်တည်နှင့် ခပ်ထည်ထည်ပင် ထွက်ဆိုသွားပါသည်။ သူ၏ဇနီး မာဖာအား ပြန်လည် ပြောပြနေသည့်အလားပင် သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာနှင့် ထွက်ဆိုသွားသည်။ သို့သော် ပို၍ လေးစားစွာဖြင့်ပင်။

သူ့ကို ဘယ်လိုမှ လှုပ်ခါ၍ မရပါ။ ပထမတွင် အမှုလိုက်ရှေ့နေက သူ့အား ကာရာမာဇော့ မိသားစု အကြောင်း မေးမြန်းသည်။ မိသားစုမြင်ကွင်း ထင်လင်းစွာ ပေါ်လာသည်။ ဤသက်သေသည် ပရိယာယ် မာယာကင်းပြီး ဘက်လိုက်မှု

မရှိကြောင်း ကောင်းစွာ တွေ့မြင်နိုင်ပါသည်။ ဥပမာ ပြောရလျှင် သူသည် ကွယ်လွန်လေပြီဖြစ်သော သူ၏သခင်ကြီးအပေါ်တွင် အထူးပင် ရိုသေ လေးစားခြင်း ရှိသော်လည်း ၎င်းသည် မစ်တယာအပေါ်တွင် တရားမျှတမှု မရှိကြောင်း၊ သူ၏ သားသမီးများကို မိဘဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်ခြင်းမရှိကြောင်း ထည့်သွင်းပြောဆို သွားသည်။

"ကျွန်တော်သာ လုပ်မပေးခဲ့ရင် ဒီကလေးဟာ ငယ်ငယ်တုန်းက တကိုယ်လုံး သန်းတွေနဲ့ချည်း ဖြစ်နေမှာပဲ"

မစ်တယာ၏ ငယ်ငယ်ကဘဝကို ယင်းသို့ သူ ပြောဆိုသွားသည်။ ထို့နောက်... "ကိုယ့်သားတယောက် သူ့အမေဘက်က ရဖို့ရှိတဲ့ အမွေကို မပေးဘဲထားတာ အဖေတယောက်အနေနဲ့ မတရားဘူး"

ဖျို့ဒါကာရာမာဇော့အနေနှင့် သူ့သားအပေါ်တွင် ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး တရားမျှတမှု မရှိကြောင်းကို မည်သည့် အထောက်အထားများအရ ပြောဆိုနိုင်ပါသနည်းဟု အစိုးရရှေ့နေက မေးမြန်းသောအခါ ဂရီဂိုရီ၏အဖြေကို အားလုံးကပင် အံ့သြကြရသည်။ သူက မည်သည့် အကြောင်းကြောင့် ဆိုသည်ကို အထောက်အထား ခိုင်ခိုင်မာမာ မပြနိုင်ဘဲ သူ့သားနှင့် ပတ်သက်ပြီး ကာရာမာဇော့၏ လုပ်ဆောင်မှုသည် တရားမျှတမှု မရှိကြောင်းကိုသာ ထပ်တလဲလဲ ပြောဆိုလျက် ရှိသည်။ "နောက်ထပ် ငွေ လေး ငါးထောင်လောက် ထပ်ပေးသင့်တယ်" ဟု ပြောဆိုသည်။

ဤနေရာတွင် စကားစပ်သဖြင့် တခုပြောရဦးမည်။ ဖျို့ဒါကာရာမာဇော့အနေဖြင့် မစ်တယာကို ငွေကြေးတစုံတရာ ပေးရန် ရှိ မရှိကို အစိုးရရှေ့နေက အလျှိုရှာနှင့် အိုက်ဗင်တို့ အပါအဝင် ပေးသင့်ပေးထိုက်သော သက်သေတိုင်းကို ဇွဲနပဲကြီးစွာဖြင့် မေးမြန်းလျက် ရှိသည်။ သို့ရာတွင် မည်သူ့ထံကမှ ကျေနပ်နှစ်သက်ဖွယ်ရာ အဖြေမရပါ။ ငွေပေးရန် ရှိကြောင်းကို အားလုံးကပင် အတည်ပြု ပြောဆိုကြသည်။ သို့သော်လည်း မည်သူကမျှ ရှင်းရှင်းလင်းလင်း တိတိကျကျ ပြောပြနိုင်ခြင်း မရှိပါ။

သည့်နောက်တွင် ဂရီဂိုရီက ညစာ စားသောက်နေကြစဉ် ဖြစ်ပျက်သည့်အကြောင်းကို ထွက်ဆိုသည်။ ဒီမီထရီ ရုတ်တရက် ရောက်ရှိလာပြီး သူ့ဖခင်ကို ရိုက်နှက်ပုံ၊ နောက်တကြိမ် ပြန်လာပြီး သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ပုံတို့ ဖြစ်သည်။ ဤထွက်ဆိုချက်က တရားရုံးရှိ လူအားလုံးကို စိတ်မကောင်း ဖြစ်စေသည်။ အထူးသဖြင့် အဘိုးကြီးက ဝေဝေဆာဆာတွေ မပါဘဲ ရိုးရိုးရှင်းရှင်း တည်တည်ငြိမ်ငြိမ်ကလေး ပြောသွားသဖြင့် ပိုပြီး ထိရောက်ခြင်း ရှိရသည်။

မစ်တယာက သူ၏ မျက်နှာကို ထိုးကြိတ်ခဲ့သည့်အတွက်ရော၊ သူ့အား သတိမေ့လျော့သွားအောင် ရိုက်နှက်ခဲ့သည့်အတွက်ရော လုံးဝ စိတ်ဆိုးခြင်း မရှိကြောင်းနှင့် အစောကြီးကတည်းကပင် ၎င်းအား ခွင့်လွှတ်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ကွယ်လွန်သူ ဆမာယာကော့နှင့် ပတ်သက်၍ကား ၎င်းသည် အရည်အချင်းရှိသော လူရွယ်ကလေး တယောက် ဖြစ်ကြောင်း၊ သို့သော် ၎င်းသည် မိုက်မဲပြီး ရောဂါဖိစီးခြင်း ခံနေရကြောင်း၊ အဆိုးဝါးဆုံး မှာ ဘုရားသခင်ကို မယုံကြည်ခြင်းပင် ဖြစ်ကြောင်း၊ ကွယ်လွန်သူ ကာရာမာဇော့နှင့် ၎င်း၏ ဒုတိယသားတို့က သူ့အား ဘုရားသခင်ကို မယုံကြည်ရန် ဆုံးမသွန်သင်ပြကြောင်း စသည်ဖြင့် ပြောကြားသည်။ သို့သော် ဆမာယာကော့၏ ရိုးသားမှုနှင့် ပတ်သက်၍ကား သူ့အနေနှင့် အနည်းငယ်မျှ ယုံမှားသံသယ မရှိဟု ဆိုပါသည်။ ယင်းကို သက်သေပြရန်အတွက် ဇာတ်လမ်း ကလေးတခုကို ပြောပြသည်။ တချိန်တုန်းက ဆမာယာကော့သည် သူ၏သခင် ခြံဝင်းထဲတွင် ကျကျန်ရစ်သော ပိုက်ဆံများကို ကောက်ယူရရှိရာ သိုဝှက်ထားခြင်း မပြုဘဲ သူ့သခင်အား ပြန်ပေးခဲ့သည်။ ထိုအခါ သခင်ကြီးက ၎င်းအား 'တဆယ်ရူဗယ်တန် ရွှေဒင်္ဂါးတပြား' ဆုချခဲ့ပြီး နောက်ပိုင်းတွင် သူ့အား လုံးဝ ယုံကြည်စိတ်ချခြင်း ရှိတော့သည်။

နောက်ဖေးတံခါး ပွင့်နေသည့်အကြောင်းကို သူ အခိုင်အမာ ထပ်မံပြောဆိုသည်။ ထို့နောက် သူ့အား ကျွန်ုပ် မမှတ်မိသော မေးခွန်းပေါင်းများစွာကို ဆက်လက်မေးမြန်းသည်။

နောက်ဆုံးတွင် တရားခံအကျိုးဆောင်က ပြန်လှန်မေးခွန်း မေးမြန်းခြင်းကို စတင်သည်။ ပထမဆုံး မေးမြန်းသည်မှာ ဖျိုဒါကာရာမာဇော့က 'တစုံတယောက်' အတွက် ရူဗယ်ငွေ သုံးထောင် ဝှက်ထားသည်ဟု 'ယူဆရသော' စာအိတ်အကြောင်းပင် ဖြစ်သည်။ "အဲဒီစာအိတ်ကို လူကြီးမင်း ကိုယ်တိုင် မြင်ခဲ့ရပါသလား၊ လူကြီးမင်းဟာ လူကြီးမင်းရဲ့သခင်ကြီးရဲ့ ယုံကြည်စိတ်ချမှုကို နှစ်ပေါင်းများစွာ ခံခဲ့ရတဲ့ ပုဂ္ဂိုလ်တယောက်ပဲ" ဂရီဂိုရီက စာအိတ်ကို သူ မမြင်ခဲ့ကြောင်း၊ ထို့ပြင် ငွေသုံးထောင်အကြောင်းကိုလည်း "လူတွေအားလုံးက ထိုကိစ္စကို ပြောဆိုနေကြသည့်အချိန် မတိုင်မီအထိ" မည်သူ့ထံကမှ မကြားခဲ့ရကြောင်း ထွက်ဆိုသည်။

အမှုလိုက်ရှေ့နေက ဒီမီထရီ၏ အမွေကိစ္စကို မေးခဲ့သည့်အတိုင်းပင် ဖီကျူကိုဗစ်ကလည်း စာအိတ် အကြောင်းကို မေးသင့်မေးထိုက်သော သက်သေများအားလုံးကို သဲသဲမဲမဲပင် မေးမြန်းခဲ့သည်။ လူအားလုံးထံမှ အဖြေတမျိုးတည်းသာ ရရှိခဲ့သည်။ စာအိတ်ကို မည်သူမှ မမြင်ဖူးပါ။ သို့သော် တော်တော်များများကမူ စာအိတ်အကြောင်း ကြားဖူးကြသည်။ တရားခံ

အကျိုးဆောင်က ဤမေးခွန်းကို အထူးဂရုပြုလျက် ရှိသည်ကို တရားရုံးအတွင်းရှိ လူအားလုံးကပင် သတိပြုမိကြ သည်။

"ဒီမယ် ခင်ဗျာ၊ လူကြီးမင်း ဘယ်လိုမှ သဘောမထားဘူးဆိုရင် ကျွန်တော် တခု မေးပါရစေ၊ လူကြီးမင်းရဲ့ခါးနာရောဂါ ပျောက်ကင်းအောင် လူကြီးမင်းရဲ့ဇနီးက လူကြီးမင်းရဲ့ကျောပြင်ကို သစ်မွှေးဆီတမျိုးနဲ့ လိမ်းပွတ်ပေးတယ်လို့ ပဏာမ စုံစမ်းစစ်ဆေးမှုများအရ သိရပါတယ်၊ အဲဒီ သစ်မွှေးဆီ ဒါမှမဟုတ် ဆေးပေါင်းရည်ထဲမှာ ဘာတွေ ပါပါသလဲ ခင်ဗျာ"

ဖီကျူကိုဗစ်က အမှတ်မထင် မေးလိုက်သည်။ ဂရီဂိုရီက မေးမြန်းသူကို ကြိုတိကြောင်တောင် ကြည့်လိုက်သည်။ အတန်ကြာမှ မပွင့်တပွင့် ပြောကြားသည်။

"ကုံကုမံ ပါပါတယ် ခင်ဗျာ"

ဂကုံကုမံပဲလား၊ တခြား ဘာပါပါသေးသလဲ"

"ငှက်ပျောသီးလည်း ပါတယ်"

"နောက်ပြီးတော့ ဂျရတ်ကောင်းလည်း ပါမှာပေါ့"

ဖီကျူကိုဗစ် စကားထောက်လိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ၊ ဂျရတ်ကောင်းလည်း ပါပါတယ်"

"အင်း ... အဲဒါမျိုးတွေပဲပေါ့၊ နောက်ဆုံးကျတော့ အဲဒါတွေကို ဘာနဲ့ ဖျော်ပါသလဲ၊ ဗော့ဒကာနဲ့ ဖျော်မယ်လို့ ကျွန်တော် ထင်ပါတယ်"

"မဟုတ်ပါဘူး ခင်ဗျာ၊ ချက်အရက်နဲ့ပါ"

တရားရုံးအတွင်း ရယ်မောသံ ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ချက်အရက်နဲ့ ဖျော်တာပေါ့ ဟုတ်လား။ လူကြီးမင်းရဲ့ ကျောပြင်ကို လိမ်းပြီးတဲ့ နောက်ပိုင်းမှာ ပုလင်းထဲမှာ ကျန်နေတဲ့ ဆေးရည်တွေကို လူကြီးမင်းရဲ့ဇနီးတယောက်သာ နားလည်တဲ့ ဂါထာတွေကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် အားလုံးသောက်ပစ်လိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဟုတ်ပါသလား ခင်ဗျာ"

"မှန်ပါတယ် ခင်ဗျာ"

"ခန့်မှန်းခြေ ဘယ်လောက်များ သောက်မိတယ် ထင်ပါသလဲ ခင်ဗျာ၊ ခန့်မှန်းခြေပေါ့၊ တဖန်ခွက် လောက် ဒါမှမဟုတ် နှစ်ဖန်ခွက်လား..."

“တဖန်ခွက်ပြည့်ပြည့်လို့ ကျွန်တော် ထင်ပါတယ်”

“တဖန်ခွက်ပြည့်ပြည့်ကြီး ဟုတ်လား၊ တဖန်ခွက်နဲ့ တဝက်ရော မဖြစ်နိုင်ဘူးလား”

ဂရီဂိုရီ မဖြေပါ။ တစုံတခုကို သူ ရိပ်စားမိသွားဟန် ရှိသည်။

“ရေမရောတဲ့ ချက်အရက်စစ်စစ်ကို တဖန်ခွက်နဲ့ တဝက် ... အင်း၊ မဆိုးပါဘူး၊ အဲဒါဆိုရင် လူကြီးမင်းဟာ တံခါးပွင့်နေတာ မပြောနဲ့ ‘ကောင်းကင်ဘုံတံခါး’ ပွင့်နေတာတောင် မြင်နိုင်ပါတယ်”

ဂရီဂိုရီ နှုတ်ဆိတ်နေဆဲပင် ဖြစ်သည်။ တရားရုံးအတွင်း ခပ်အုပ်အုပ် ရယ်မောသံများ ပိုမိုထွက်ပေါ် လာသည်။ တရားသူကြီးဥက္ကဋ္ဌ သူ၏နေရာတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“နောက်ဖေးတံခါး ပွင့်နေတာကို မြင်တယ်ဆိုတဲ့ အချိန်တုန်းက လူကြီးမင်း အိပ်ပျော်မနေဘူးဆိုတာ သေချာပါသလား”

ဖီကျူကိုဗစ် အလျှော့မပေးဘဲ ဖွဲနပဲနှင့် ဆက်ပြီး မေးနေသည်။

“ကျွန်တော့်ခြေထောက်တွေပေါ်မှာ မတ်တတ်ရပ်နေပါတယ် ခင်ဗျာ”

“အဲဒီစကားက ခင်ဗျား အိပ်ပျော်မနေဘူးဆိုတာကို သက်သေပြတာ မဟုတ်ဘူး။ (ရယ်မောသံများ ပိုမိုထွက်ပေါ်လာသည်) အဲဒီအချိန်မှာ တယောက်ယောက်က လူကြီးမင်းကို တခုခု မေးခဲ့ရင် လူကြီးမင်း ဖြေနိုင်ပါ့မလား၊ ဥပမာ အခု သက္ကရာဇ် ဘယ်လောက်လဲ ဆိုရင်ပေါ့”

“ကျွန်တော် မသိပါဘူး ခင်ဗျာ”

“ဒါဖြင့်ရင် အခုရော သက္ကရာဇ် ဘယ်လောက်ပါလဲ၊ ခရစ်သက္ကရာဇ်ပေါ့”

ဂရီဂိုရီသည် သူ့အား ညှဥ်းပန်းနှိပ်စက်နေသူအား စူးစိုက်ပြီး ကြည့်လိုက်သည်။ နားဝေတိမ်တောင် ဖြစ်နေဟန် ရှိသည်။ သက္ကရာဇ် ဘယ်လောက်ဆိုသည်ကိုလည်း သူသည် တကယ်ပဲ မသိရှိဟန် ဖြစ်သည်။

“ဒါပေမဲ့ လူကြီးမင်းမှာ လက်ဘယ်နှချောင်း ရှိတယ်ဆိုတာကိုတော့ လူကြီးမင်း ဖြေနိုင်လိမ့်မယ် ထင်ပါတယ်”

“ကျွန်တော်ဟာ အစေခံတယောက်ပါ ခင်ဗျာ။ အစိုးရမင်းများက ကျွန်တော့်ကို ရယ်စရာ လုပ်နေကြ ရင် ကျွန်တော့်အနေနဲ့ ခံရရုံပါပဲ ခင်ဗျာ”

ဂရိဂိုရီ ရုတ်တရက်ဆိုသလို ကျယ်လောင်ပြတ်သားစွာ ပြောလိုက်သည်။ ဖီကျူကိုဗစ် အနည်းငယ် ကြောင်သွားဟန် ရှိသည်။ ဤအချိန်တွင် တရားသူကြီးဥက္ကဋ္ဌ ကြားဝင်သည်။ အမှုနှင့် ဆက်စပ်သော မေးခွန်းများကိုသာ မေးမြန်းရန် တရားခံအကျိုးဆောင်ကို သတိပေးသည်။ ဖီကျူကိုဗစ်က ကာယိန္ဒြေ ပြည့်ဝစွာဖြင့် ဦးညွှတ်လိုက်ပြီးနောက် သက်သေအား ဘာမျှမေးမြန်းရန် မရှိတော့ကြောင်း ပြောလိုက်သည်။ သို့ရာတွင် ပရိသတ်ကြီးနှင့်တကွ ဇူရော်လူကြီးများသည် မည်သည့်ခုနှစ် သက္ကရာဇ် ဖြစ်သည်ဆိုသည်ကိုလည်း မသိ၊ ထို့အပြင် ဆေးမြီးတိုကို မှီဝဲရင် 'ကောင်းကင်ဘုံတံခါး ပွင့်နေသည်' ကို မြင်နိုင်သော သက်သေတယောက်၏ ထွက်ဆိုချက်အပေါ်တွင် ကောင်းစွာပင် သံသယရှိသွားကြပြီ ဖြစ်သည်။ ယင်းကြောင့် မည်သို့ပင်ဖြစ်စေ တရားခံအကျိုးဆောင်သည် သူလိုချင်သောအချက်ကို ရရှိသွားပြီ ဖြစ်သည်။

သို့သော် ဂရိဂိုရီ သက်သေခံနေရာမှ မထွက်ခွာမီမှာပင် အခြင်းအရာ နောက်တမျိုး ဖြစ်ပွားပြန်တော့ သည်။ တရားသူကြီးဥက္ကဋ္ဌက တရားခံဘက်သို့လှည့်ပြီး သက်သေ၏ ထွက်ဆိုချက်နှင့်ပတ်သက်ပြီး တစုံတရာ မေးမြန်းရန် ရှိပါသလားဟု မေးလိုက်သည်။

"နောက်ဖေးတံခါး အကြောင်းကလွဲပြီး သူ ပြောတာတွေ အားလုံးမှန်ပါတယ်" မစ်တယာ ကျယ်လောင်စွာ ပြောလိုက်သည်။ "ကျွန်တော့်ခေါင်းက သန်းတွေကို ဖြီးပေးတဲ့အတွက် သူ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော့်ကို ခွင့်လွှတ်တဲ့အတွက်လည်း သူ့ကို ကျေးဇူးတင်ပါတယ်၊ အဘိုးကြီးဟာ သူ့ဘဝတလျှောက်လုံးမှာ ရိုးသားပြီး ကျွန်တော့်ရဲ့ အဖေ အပေါ်မှာလည်း ခွေးအကောင် တထောင်လောက် သစ္စာရှိပါတယ်"

"တရားခံမောင်မင်း၊ စကားလုံး အသုံးအနှုန်း ဆင်ခြင်ပါ"

တရားသူကြီးဥက္ကဋ္ဌက ခက်ထန်စွာ သတိပေးလိုက်သည်။

"ကျွန်တော် ခွေးတကောင် မဟုတ်ဘူး" ဂရိဂိုရီကလည်း ထွက်ဆိုလိုက်သည်။

"ဒါဆိုရင် ကျွန်တော်က ခွေးတကောင်ပဲ။ ဟုတ်တယ်၊ ဒါဆိုရင် ကျွန်တော်ပဲ" မစ်တယာ ဟစ်အော်လိုက်သည်။ "ကျွန်တော်ပြောတဲ့အထဲမှာ အမှားအယွင်း ပါသွားရင် ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်ဟာ သူ့အပေါ် ရက်စက်ခဲ့မိပါတယ်၊ ကြမ်းကြုတ်ခဲ့မိပါတယ်၊ အဲဒီ အန္ဓကြီးအပေါ်မှာလည်း ကျွန်တော် ရက်စက်ခဲ့မိပါတယ်"

"ဘယ်အန္တရာယ်ကြီးလဲ" တရားသူကြီးဥက္ကဋ္ဌက သူ့ကို ခက်ထန်စွာ မေးလိုက်သည်။

"အို ... ကျွန်တော့်အဖေကို ပြောတာပါ"

တရားသူကြီးဥက္ကဋ္ဌက မစ်တယာကို ထပ်ပြီး သတိပေးပြန်သည်။

"မောင်မင်းဟာ တရားသူကြီးမင်းများရဲ့ရှေ့မှောက်မှာ ကိုယ့်ကိုယ်ကိုယ် ထိခိုက် နစ်နာအောင် လုပ်နေတာပဲ"

တရားခံအကျိုးဆောင်သည် ရာကီတင်ကို ပြန်လှန်မေးခွန်း မေးမြန်းရာတွင်လည်း အထက်ပါ အတိုင်းပင် လိမ္မာပါးနပ်သော နည်းပရိယာယ်များကို အသုံးပြုသွားသည်။

ရာကီတင်သည် အရေးကြီးသော ရှေ့တန်းသက်သေများတွင် တယောက်အပါအဝင် ဖြစ်ပြီး အစိုးရ ရှေ့နေက အထူးအားထားသူ တယောက်ဖြစ်ကြောင်း ကျွန်ုပ်ပြောဆိုရပါမည်။ သူသည် အရာရာကို သိရှိသူ ဖြစ်သည်။ သူသည် အံ့သြစရာကောင်းလောက်အောင်ပင် သိရှိသည်။ သူသည် နေရာတိုင်းသို့ ရောက်ရှိသည်။ အရာရာတိုင်းကို တွေ့မြင်သည်။ လူတိုင်း လူတိုင်းနှင့်ပင် စကားပြောဆိုရသည်။ ဖျိုဒါကာရာမာဇော့နှင့် ကာရာမာဇော့ ညီအစ်ကိုများ အားလုံး၏ အတ္ထုပ္ပတ္တိများကို အသေးစိတ် သိရှိသည်။ သို့သော် ငွေသုံးထောင် ပါရှိသော စာအိတ်အကြောင်းကိုကား သူသည် မစ်တယာထံမှသာ တဆင့် သိရှိရသည်။ သို့တစေလည်း အခြားတဖက်တွင်ကား မစ်တယာ၏ 'ရွှေမြို့တော်' စွန့်စားခန်း နှင့် ဗိုလ်ကြီး ဆနီဂါယော့၏ 'မြက်ဖုတ်ကြီး' ဇာတ်လမ်းကိုကား သူ၏ ကြားဝင်ဖျန်ဖြေမှုများနှင့်အတူ အသေးစိတ် ပြောဆိုနိုင်ပေသည်။ တဖန် အရေးကြီးသော အကြောင်းအရာတခုဖြစ်သည့် မစ်တယာ ၏ အမွေကိစ္စတွင်ကား ဖျိုဒါကာရာမာဇော့အနေနှင့် မစ်တယာအား ပေးရန် ရှိ မရှိ ဆိုသည်ကို ရာကီတင်လည်း ဘာတခုမျှ ရေရေရာရာ ပြောဆိုနိုင်ခြင်း မရှိပါ။ သည်တနေရာတွင် သူလည်း အများထဲက လူတယောက်ပင် ဖြစ်ရတော့သည်။

"သူတို့ သားအဖတွေထဲမှာ ဘယ်သူ့ကို အပြစ်တင်ရမယ်ဆိုတာနဲ့ ဘယ်သူ့ကို ဘယ်သူက ပေးစရာ ရှိတယ်ဆိုတာကို ဘယ်သူက ပြောနိုင်မှာလဲ။ ကာရာမာဇော့တွေရဲ့ ထုံးစံအတိုင်း စိတ်ရှုပ်ပေါက်သလို လုပ်ချင်ရာတွေ လုပ်နေတာကို ဘယ်သူက ဘယ်လိုလုပ်ပြီး ပန်းလား ခေါင်းလား ဆိုတာ သိနိုင်ပါ့မလဲ"

ဤအမှုကြီးတခုလုံးနှင့်ပတ်သက်ပြီး သူ သုံးသပ်ပြောဆိုသည်မှာကား

ဤအမှုကြီး ဖြစ်ပေါ်လာရခြင်း သည် အရိုးစွဲနေပြီဖြစ်သော ကျေးကျွန်စနစ်ဆိုးနှင့် ကောင်းမွန်သင့်လျော်သော အထိန်းအကွပ်များ မရှိသဖြင့် ပရမ်းပတာ ဖြစ်နေသော ရုရှားနိုင်ငံကြီး၏ အခြေအနေအရပ်ရပ်ကြောင့်ဟု ဆိုလိုပါသည်။ ဤနေရာတွင် ရုံးတော်က သူ၏ အပြစ်ပြောနေခြင်းများကို လွတ်လပ်စွာ ပြောဆိုခွင့် ပြုထားပါသည်။ ရာကီတင်သည် သူ၏ အရည်အချင်းကို ဤအမှုတွင် ပထမဆုံးအကြိမ် ပြသခွင့်ရပြီး ပရိသတ်၏ စိတ်ဝင်စားမှုကို ဖမ်းစားရယူနိုင်တော့သည်။ ဤအမှုအကြောင်းကို မဂ္ဂဇင်းတစောင်တွင် ဆောင်းပါး ရေးရန် ရာကီတင် ကြိုးစားနေကြောင်းကို အစိုးရရှေ့နေ သိရှိသည်။ နောက်ပိုင်းတွင် တင်သွင်းသော သူ၏ လျှောက်လဲချက်တွင် (ထိုလျှောက်လဲချက်တို့ကို ကျွန်ုပ်တို့ တွေ့ကြရမည်) ရာကီတင်၏ ဆောင်းပါးမှ အယူအဆ တော်တော်များများကို ကိုးကားထားသည်။ ယင်း၏အဓိပ္ပာယ်မှာ ထိုဆောင်းပါးကို သူ ဖတ်ရသည့်သဘောပင် ဖြစ်သည်။

ရာကီတင် ဖော်ပြသွားသော မြင်ကွင်းမှာ စိတ်မချမ်းမြေ့ဖွယ်ရာနှင့် စိတ်ချောက်ချားဖွယ်ရာ ပင်ဖြစ်တော့သည်။ ထို့ပြင် သူ၏ တင်ပြချက်များသည် ‘တရားလိုဘက်ကို အလေး ထားစေတော့သည်။’ ခြုံပြီး ပြောရလျှင် ရာကီတင်၏တင်ပြချက်ကို ပရိသတ်က သဘောကျသည်။ သူ၏ အတွေးအခေါ်က ကိုယ်ပိုင်ဆန်းသစ်ပြီး သူ၏ အကြည့်အမြင်က ကောင်းမွန် မြင့်မြတ်သောကြောင့်ပင် ဖြစ်သည်။ ကျေးကျွန်စနစ်နှင့် ပရမ်းပတာ ဖြစ်နေသော ရုရှားနိုင်ငံတော်၏အခြေအနေကို သူ ပြောကြားသော အခါ နှစ်ကြိမ် သုံးကြိမ်မျှပင် လက်ခုပ် ဩဘာသံ ထွက်ပေါ်လာသည်။

သို့ရာတွင် ရာကီတင်သည် ငယ်ရွယ်နုနယ်သေးသည့်အလျောက် အမှားအယွင်းကလေးတွေ ပါရှိသည်။ ယင်းကို တရားခံ အကျိုးဆောင်က ချက်ချင်းပင် အသုံးချသွားသည်။ ဂရုရှင်ကာ အကြောင်း ဖြေကြားရာတွင် သူသည် မူလကတည်းက ရှိနေသော ဘဝင်နှင့် ယခုဖြစ်ပေါ်လာသော အောင်မြင်မှုများတွင် မျောပါကာ ဂရုရှင်ကာကို အထင်သေး နှိမ့်ချသည့်သဘောဖြင့် ‘ကုန်သည်ကြီး ဆမ်ဆိုနော့၏ အမြှောင်မယား’ ဟု နှုတ်လွန်သွားမိသည်။ ဤအချက်ကို ဖီကျူကိုဗစ်က အမိဖမ်း လိမ့်မည်ဆိုသည်ကိုသာ သိလျှင် သူသည် ဤစကားကို နောက်ပိုင်းတွင် ပြန်ရုပ်သိမ်းရန် ကြိုးစားပေ လိမ့်မည်။ သို့သော် ဖီကျူကိုဗစ်အနေနှင့် သည်အကြောင်းအရာများကို သည်မျှ တိုတောင်းသော အချိန်အတွင်းတွင် သည်မျှ အသေးစိတ် သိနေလိမ့်မည်ဟု သူ မထင်ခဲ့ပါ။

တရားခံအကျိုးဆောင်သည် သက်သေအား မေးမြန်းရန် သူ့အလှည့်သို့ ရောက်ရှိသောအခါ အင်မတန် ချိုသာအေးဆေးသော အပြုံးဖြင့် ...

“ကျွန်တော် တခု မေးပါရစေခင်ဗျာ၊ ဂိုဏ်းအုပ်ကြီး ဂေါပကအဖွဲ့က

ထုတ်ဝေတဲ့ 'ပုံလွန်တော်မူသော ခင်ကြီးဆရာတော် ဇော်ဇီမာ၏ ထေရုပ္ပတ္တိ' ဆိုတဲ့ စာအုပ်ကို ရေးတဲ့ မစ္စတာ ရာကီတင်ဆိုတာ လူကြီးမင်းပဲ ဖြစ်ပါသလား။ အဲဒီစာအုပ်မှာ ဆရာတော်ရဲ့ ကျေးဇူးတော်တွေကို ချီးမွမ်းထောမနာ ပြုပြီး ဘာသာရေးဆိုင်ရာ အယူအဆတွေနဲ့ လေးနက်တဲ့ အတွေးအခေါ်တွေ ပါတာကို ကျွန်တော် အင်မတန် ကြည်နူးအားရစွာနဲ့ ဖတ်ခဲ့ရပါတယ်"

"အဲဒီစာအုပ်ကို ပုံနှိပ်ထုတ်ဝေဖို့ ကျွန်တော် ရေးခဲ့တာ မဟုတ်ပါဘူး။ နောက်မှ ပုံနှိပ် ထုတ်ဝေကြ တာပါ"

ရာကီတင်က ရုတ်တရက် အံ့အားသင့်သွားဟန်၊ အရှက်ရသွားဟန်ဖြင့် ဗလုံးဗထွေး ဖြေကြားလိုက် သည်။

"အို ... အဲဒါဆိုရင် တကယ်ကောင်းတာပဲ၊ လူကြီးမင်းလို တွေးခေါ်ရှင်တယောက်ဟာ ဘယ်လို လူမှုရေး ပြဿနာကိုမဆို ကျယ်ကျယ်ပြန့်ပြန့် ကြည့်မြင်တတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရမှာ အမှန်ပဲ။ လူကြီးမင်းရဲ့စာအုပ်ဟာ ဂိုဏ်းအုပ်ဆရာတော်ကြီးရဲ့ အရှိန်အဝါကြောင့် စောင်ရေ အများကြီး ရောင်းရပြီး အကျိုးအမြတ်လည်း အတော်ကြီးကို ရရှိခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အထူးစိတ်ဝင်စားနေတဲ့ အကြောင်းက တခြားတခုပါ။ လူကြီးမင်းဟာ မစ္စဆဗက်လေ့နဲ့ (မှတ်ချက်။ ဂရုရှင်ကာ၏မျိုးရိုးအမည်မှာ ဆဗက်လေ့ ဖြစ်သည်။ ဤအကြောင်းကို ကျွန်ုပ်အနေနှင့် အမှု စစ်ဆေးသော ထိုနေ့ကမှ ပထမဆုံးအကြိမ် သိရှိရခြင်း ဖြစ်သည်)။ အထူးပဲ ရင်းနှီးတယ်လို့ စောစောက ထွက်ဆိုသွားပါတယ်၊ အဲဒါ မှန်ပါသလား"

"ကျွန်တော်နဲ့ သိရတဲ့ အသိအကျွမ်းတွေ အားလုံးအတွက် ကျွန်တော့်မှာ တာဝန် မရှိပါဘူး၊ ကျွန်တော်ဟာ လူငယ်တယောက် ဖြစ်ပါတယ်။ လူတယောက်ဟာ သူ သိသမျှ လူတွေ အားလုံးအတွက် ဘယ်လိုလုပ်ပြီး ဖြေနိုင်မလဲ"

ရာကီတင် တုံ့ပြန်သည်။

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် ကောင်းကောင်း နားလည်ပါတယ်" ဖီကျူကိုဗစ်က သူကိုယ်တိုင်လည်း ကသိကအောက် ဖြစ်သွားပြီး တောင်းပန်တော့မည့်ဟန်မျိုးဖြင့် ပြောလိုက်သည်။ "လူကြီးမင်းဟာလည်း တခြားသူတွေလိုပဲ ဒီမြို့မှာရှိတဲ့ လူငယ်လူရွယ် အကျော်အမော်တွေကို အင်မတန် ဖော်ရွေ ညှော့ဝတ်ကျေပွန်တဲ့ အမျိုးသမီး ငယ်ငယ်ရွယ်ရွယ် ချောချောလှလှကလေး တယောက်ကို စိတ်ဝင်စားမှာ အမှန်ပါပဲ။ ဒါပေမဲ့ ခင်ဗျား၊ ကျွန်တော် သိချင်တာက လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက မစ္စဆဗက်လေ့ဟာ ကာရာမာဇော့ ညီအစ်ကိုတွေထဲက အငယ်ဆုံးဖြစ်တဲ့ အလက်ဇီ ကာရာမာဇော့ကို အင်မတန် သိကျွမ်းချင်နေတဲ့အတွက် အဲဒီပုဂ္ဂိုလ်ကို ဘုန်းကြီးဝတ်ကြီး နဲ့ သူ့ဆီကို

ခေါ်လာပေးရင် လူကြီးမင်းကို ၂၅ ရူဗယ် ပေးမယ်လို့ ပြောတယ်ဆိုတာ ကျွန်တော်တို့ ကြားရပါတယ်။ အဲဒီကိစ္စက တကယ်လည်း ဖြစ်တယ်လို့ သိရပါတယ်။ အခု စစ်ဆေးတဲ့ အမှုကြီး ဖြစ်ပွားတဲ့နေ့မှာပဲလို့ ဆိုပါတယ်။ လူကြီးမင်းက အလက်ဇီ ကာရာမာဇော့ကို မစ္စဆဗက်လော့ဆီကို ခေါ်သွားတယ်။ ဒါပေမဲ့ လူကြီးမင်းဟာ အမျိုးသမီး ကတိပေးထားတဲ့ ဆုငွေ ၂၅ ရူဗယ်ကို တကယ် ရပါသလား။ အဲဒါကို လူကြီးမင်းဆီက ကျွန်တော် သိချင်ပါတယ်”

“အို၊ ဒါ သက်သက် အပျော်လုပ်တာပဲ၊ ဒီကိစ္စမှာ ဘာဖြစ်လို့ ရှေ့နေကြီးက ဒါလောက် စိတ်ဝင်စားတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး။ အဲဒီပိုက်ဆံကို ကျွန်တော် အပျော်သဘော နောက်တဲ့အနေနဲ့ ယူတာပဲ။ နောက်ကျရင် သူ့ကို ပြန်ပေးဖို့ ကျွန်တော် ရည်ရွယ်ထားတယ်”

“ဒါပေမဲ့ အဲဒီပိုက်ဆံကို လူကြီးမင်း ယူတယ် မဟုတ်လား၊ နောက်ပြီးတော့ အခုထက်ထိ ပြန်မပေးရသေးဘူး မဟုတ်လား”

“အို အဓိပ္ပာယ်မရှိတာတွေပဲ၊ ဒီလိုမေးခွန်းမျိုးတွေကို ကျွန်တော်မဖြေနိုင်ဘူး။ ဒီပိုက်ဆံကို ကျွန်တော် ပြန်ပေးမှာပဲ”

တရားသူကြီးဥက္ကဋ္ဌက ကြားဖြတ်ပြီး သတိပေးသည်။ သို့ရာတွင် ဖီကျူကိုဗစ်က သက်သေကို မေးမြန်းရန် မရှိတော့ကြောင်း ပြောသည်။ မစ္စတာရာကီတင် အရှက်တကွဲ ဖြစ်ပြီး သက်သေခံ နေရာမှ ထွက်ခွာသွားရသည်။ သူ၏ ကြီးကြီးကျယ်ကျယ် စကားများကြောင့် ရရှိထားသော အမှတ်များလည်း ပျက်ပြားသွားရတော့သည်။ သူ ထွက်သွားရာနောက်သို့ ကြည့်နေသော ဖီကျူ ကိုဗစ်၏ မျက်လုံးများက ပရိသတ်ကြီးကို ဤသို့ ပြောဆိုနေဟန် ရှိသည်။

“ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတခွဲသားနဲ့ တရားခံကို စွဲချက်တင်နေတဲ့ လူတွေဟာ နောက်ဆုံး ကျတော့ ဒီလိုလူစားမျိုးတွေပဲ ...”

ဤသက်သေနှင့် ပတ်သက်၍လည်း မစ်တယာထံမှ ပြဿနာမပေါ်ဘဲနှင့် ပြီးဆုံးသွားခြင်း မရှိပါ။ ဂရုရှင်ကာနှင့် ပတ်သက်ပြီး ရာကီတင် ပြောသွားသည်များကို ဒေါပွနေသော မစ်တယာက သူ၏ ထိုင်ခုံမှ နေ၍ ဟစ်အော်လိုက်သည်။

“ဗားနတ် ....”

နောက်တဖန် ရာကီတင်ကို ဖီကျူကိုဗစ်က မေးမြန်းပြီးသွားသောအခါ တရားသူကြီးဥက္ကဋ္ဌက တရားခံဘက်သို့ လှည့်ပြီး သူ့အနေနှင့် ဘာများ ပြောစရာရှိသလဲဟု မေးသည်။ ထိုအခါ မစ်တယာက ကျယ်လောင်စွာ ဟစ်အော်သည်။

“ကျွန်တော် အဖမ်းခံရကတည်းက ကျွန်တော့်ဆီက ပိုက်ဆံတွေ သူ ချေးနေတာပဲ၊ သူဟာ အင်မတန် ရွံ့စရာကောင်းတဲ့ ဗားနတ်ပဲ၊ အချောင်သမားတယောက်ပဲ။ ဘုရားသခင်ကို သူ မယုံဘဲနဲ့ ဂိုဏ်းအုပ်ဆရာတော်ကြီးကို သူ လိမ်စားတာပဲ”

ထုံးစံအတိုင်းပင် စကားလုံး အသုံးအနှုန်း ရုန့်ရင်းကြမ်းတမ်းမှုကြောင့် မစ်တယာ သတိပေးခံရသည်။ သို့သော် မစ္စတာရာကီတင်အဖို့မူ ဇာတ်သိမ်းပင် ဖြစ်တော့သည်။ ဗိုလ်ကြီး ဆနီဂါယော့၏ သက်သေခံချက်မှာလည်း အောင်မြင်ခြင်း မရှိပါ။ သို့သော် သူ့ပြဿနာက တမျိုးဖြစ်သည်။

သူက ရွှံ့တွေ ပေကျံနေသော ဘွတ်ဖိနပ်ကြီးကို စီးပြီး အဝတ်အစား ပေပေရေရေ စုတ်စုတ်ပြတ်ပြတ် နှင့် ရုံးတော်သို့ ရောက်ရှိလာသည်။ ရဲအရာရှိများက သတိထားပြီး စောင့်ကြပ် ကြည့်ရှုနေသည့် ကြားကပင် သူသည် လူမှန်းမသိအောင် မူးနေတော့သည်။ မစ်တယာက သူ့အား စော်ကားထိုးကြိတ် သည့် အကြောင်းကို မေးမြန်းသောအခါ သူ မဖြေပါ။

“သူ့ကို ဘုရားသခင် ကောင်းချီးပေးပါစေ။ အီလျူရှာက ကျွန်တော့်ကို ဒီအကြောင်း မပြောရဘူးလို့ ပြောပါတယ်။ ကောင်းကင်ဘုံကျရင် ဘုရားသခင်က ကျွန်တော့်ကို လျော်ကြေး ပေးပါလိမ့်မယ်”

“ခင်ဗျားကို ဘယ်သူက မပြောရဘူးလို့ ပြောတာလဲ။ ဘယ်သူ့ကို ခင်ဗျား ပြောနေတာလဲ”

“အီလျူရှာ ... ကျွန်တော့်ရဲ့သားကလေးပါ၊ ‘ဖေဖေ ဖေဖေ၊ ဖေဖေ့ကို သူ သူ ဘယ်လောက်များ စော်ကားလိုက်သလဲ’ ဆိုပြီး ကျောက်တုံးကြီးနားမှာ သူ ဒီလိုပဲ ပြောခဲ့တယ်။ အခု သူ သေရတော့မယ်”

ဆနီဂါယော့ ရုတ်တရက် ငိုကြွေးလိုက်ပြီး တရားသူကြီးဥက္ကဋ္ဌ၏ ခြေရင်းသို့ သူ့ကိုယ်ကို ထိုးလှဲလိုက် သည်။ ပရိသတ်ကြီး၏ ရယ်မောသံ တသောသောကြားတွင် သူ့ကို လျင်မြန်စွာ ဆွဲခေါ်သွားကြ ရသည်။ အမှုလိုက်ရှေ့နေ သင်ထားသောအကွက် ဖြစ်မလာတော့ပါ။

ဖီကျူကိုဗစ်သည် ရရှိသမျှ အခွင့်အရေးကို အပြည့်အဝ အသုံးချလျက် ရှိသည်။ အမှုနှင့် ပတ်သက်ပြီး သူ အဘယ်မျှ ခရေစေ့တွင်းကျ သိရှိထားသည်ကို ပရိသတ်ကြီးအား အံ့သြသည်ထက် အံ့သြစေလျက် ရှိပါသည်။ ဥပမာ .. မိုကရိုယီ စားသောက်ဆိုင်ပိုင်ရှင်၏ ထွက်ဆိုချက်သည်လည်း အစပထမပိုင်းတွင် အင်မတန် တာသွားလျက်ရှိပြီး မစ်တယာအတွက် အန္တရာယ်ကြီး ဖြစ်နေတော့သည်။ မစ်တယာ ပထမတခေါက် မိုကရိုဟီသို့ လာရောက်စဉ်က သုံးစွဲခဲ့သော ပိုက်ဆံသည်

ငွေသုံးထောင်ထက် မလျှော့ကြောင်း၊ သို့မဟုတ် လျှော့သည်ဆိုရုံကလေးပင် လျှော့နိုင်ကြောင်းဖြင့် သူ လက်ချိုးပြီး တွက်ထားပါသည်။ ဂျစ်ပစီမကလေးအတွက် သူ ဖြုန်းခဲ့သော ပိုက်ဆံတခုတည်းကိုပင် ကြည့်ပါဦး။ "ကျွန်တော်တို့ ရွာက လယ်သမားတွေအတွက်ဆိုရင် 'ပိုက်ဆံငါးမူးလောက်တောင် ပစ်ပေးမှာ မဟုတ်ဘူး' ဒါပေမဲ့ သူတို့ကို တယောက် ၂၅ ရူဗယ်စီ သူ ပေးတယ်။ ဒါထက် မနည်းဘူး။

"သူ့ဆီက ပိုက်ဆံတွေကို သူတို့ ဘယ်လောက်တောင် ခိုးထားကြသလဲ၊ သူခိုးက ပြေစာ ပေးမထားခဲ့ဘူး၊ နောက်ပြီးတော့ သူက ပိုက်ဆံတွေကို ထင်သလို လွှင့်ပစ်နေတာဆိုတော့ သူခိုးကို ဘယ်လိုလုပ်ပြီး ဖမ်းမလဲ၊ ကျွန်တော်တို့ဆီက တောသားတွေက သူခိုးခားပြတွေပဲ၊ သူတို့ရဲ့ ဝိညာဉ်တွေကို ကယ်တင်လွတ်မြောက်ဖို့ နည်းနည်းကလေးမှ ဂရုစိုက်ကြတာ မဟုတ်ဘူး၊ ကျွန်တော်တို့ရွာက ကောင်မကလေးတွေကို သူ ပေးတဲ့ပိုက်ဆံက ကြည့်ပါဦး။ အဲဒီနောက်မှာ သူတို့ ချမ်းသာသွားကြတာပဲ၊ အမှန်ပါပဲ ခင်ဗျာ၊ ဒီအရင်ကဆိုရင် သူတို့ဟာ ဇရပ်ပေါ်က သူတောင်းစား ထက်တောင် ဆင်းရဲကြသေးတယ်"

အတိုချုပ်ကို ပြောရလျှင် သူသည် မစ်တယာ သုံးသမျှအားလုံးကို သိရှိနေပြီး အားလုံးကို တရုတ်ပေသီးနှင့် တွက်ထားသည့်အလားပင် ဖြစ်တော့သည်။ ယင်းသို့ဖြင့် မစ်တယာသည် ရူဗယ်ငွေ တထောင့်ငါးရာကိုသာ သုံးပြီး တဝက်ကို လက်ဖွဲ့အိတ်ကလေးထဲတွင် ထည့်ထားသည်ဟူသော သဘောတရားသည် မဖြစ်နိုင်တော့ပါချေ။

"ကျွန်တော်ကိုယ်တိုင် မြင်ရပါတယ် ခင်ဗျာ။ သူ့လက်ထဲမှာ ငွေသုံးထောင် ရှိနေတာကို ကျွန်တော့်မျက်စိနဲ့ မြင်ရပါတယ်၊ ကျွန်တော်က ပိုက်ဆံကို မရေတတ်တဲ့ လူတယောက် မဟုတ်ပါဘူး"

စားသောက်ဆိုင်ပိုင်ရှင်က အာဏာပိုင်များအကြိုက် အကွက်ဆိုက်အောင် ပြောဆိုလျက် ရှိတော့သည်။ သို့သော် တရားခံအကျိုးဆောင်သည် ၎င်းအား ပြန်လှန်မေးခွန်းများ မေးမြန်းသော အခါ ၎င်း၏ထွက်ဆိုချက်များကို ချေဖျက်ရန် မကြိုးစားပါ။ မစ်တယာ အဖမ်းမခံရမီ တလလောက်က မိုကရိုဟီသို့ ပထမအခေါက် လာရောက်စဉ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တခု ကိုသာ မေးမြန်းပါသည်။ ထိုစဉ်က တီဖိုမီဟူသော မြင်းရထား မောင်းသမားနှင့် အက်ကင်း ဟူသော လယ်သမားတယောက်တို့သည် မစ်တယာ အရက်မူးပြီး ကျကျန်ရစ်ခဲ့သော တရာတန် ငွေစက္ကူ တရွက်ကို စင်္ကြံလမ်းပေါ်မှ ကောက်ယူ ရရှိသဖြင့် စားသောက်ဆိုင်ပိုင်ရှင်၏လက်သို့ အပ်ခဲ့ကြသည်။ ယင်းအတွက် စားသောက်ဆိုင်ပိုင်ရှင်က ၎င်းတို့ကို တယောက်လျှင် တရူဗယ်စီ ဆုချသည်။

"အဲဒီတော့ခင်ဗျာ ... အဲဒီ တရာတန် ငွေစက္ကူကို အဲဒီညက မစ္စတာ

ကာရာမာဇော့ကို လူကြီးမင်း ပြန်ပေးပါသလား”

တရားခံအကျိုးဆောင်က မေးလိုက်သည်။ စားသောက်ဆိုင်ပိုင်ရှင်သည် ဤအခြေအနေမှ ရုန်းထွက်ရန် အဘယ်မျှပင် ကြံစည်အားထုတ်သော်လည်း လယ်သမားနှစ်ယောက်က ငွေစက္ကူကို တွေ့ရှိကြောင်း အစစ်ခံသောအခါ သူသည် ငွေစက္ကူကို ရရှိကြောင်း ဝန်ခံပြီး ထိုပိုက်ဆံကို ရိုးသားမှုအရ ထိုညမှာပင် မစ်တယာကို ပြန်ပေးကြောင်း ပြောကြားသည်။ “ဒါပေမဲ့ ခင်ဗျာ၊ သူဟာ အဲဒီအချိန်က လူမှန်းသူမှန်းမသိအောင် မူးနေတော့ ကျွန်တော် ပေးတာကို သူ မှတ်မိမှာ မဟုတ်ဘူး” သို့သော် ထိုပိုက်ဆံကို ကောက်ယူရရှိကြောင်း လယ်သမားနှစ်ယောက်က မထွက်ဆိုမီက သူသည် ပြင်းပြင်းထန်ထန် ငြင်းဆန်ထားခဲ့သဖြင့် မစ်တယာအား သူ ပြန်ပေးသည်ဆိုသော အချက်သည် အလိုလိုပင် သံသယဖြစ်ဖွယ်ရာ ရှိနေတော့သည်။ သို့ဖြင့် အင်မတန် အန္တရာယ်ကြီးမားသော အစိုးရ သက်သေတယောက်သည်လည်း အယုံအကြည် ကင်းမဲ့သောအဖြစ်သို့ ရောက်ရှိရတော့သည်။

ပိုလန်နှစ်ယောက်နှင့် ပတ်သက်၍လည်း ဤအတိုင်းပင် ဖြစ်သည်။ သူတို့နှစ်ယောက် သိက္ခာရှိရှိ သမာဓိရှိရှိ ပုံစံမျိုးနှင့် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးကပင် သူတို့သည် ဘုရင်မင်းမြတ်၏ သစ္စာတော်ခံ အမှုတော်ထမ်းများ ဖြစ်ကြောင်း၊ မစ်တယာက သူတို့၏ ‘ဂုဏ်သိက္ခာ’ ကို ငွေသုံးထောင်ဖြင့် ဝယ်ယူကြောင်း၊ သူ့လက်ထဲတွင် ငွေတွေ အများကြီး တွေ့ရှိရကြောင်းတို့ကို ကျယ်ကျယ် ကျယ်ကျယ်ဖြင့် ထွက်ဆိုသွားကြသည်။ မတ်ဆယာ လိုဗစ်သည် ပိုလန်စကားလုံးတွေ အမြောက်အမြား ညှပ်ကာ ပြောဆိုပြီး ယင်းကို တရားသူကြီးဥက္ကဋ္ဌနှင့် အမှုလိုက်ရှေ့နေတို့က အထင်ကြီးဟန်ရှိသည်ကို တွေ့ရသောအခါ အားတက်သွားပြီး နောက်ဆုံးတွင် ပိုလန်လိုချည်း ပြောဆိုလေတော့သည်။

သို့တစေလည်း ဖီကျူကိုဗစ်သည် သူတို့နှစ်ယောက်ကိုလည်း သူ၏ ကျော့ကွင်းတွင် အမိအရ ဖမ်းနိုင်ခဲ့သည်။ မိုကရိုယီ စားသောက်ဆိုင်ပိုင်ရှင်က အမျိုးမျိုး ရှောင်တိမ်းရန် ကြိုးစားသော်လည်း နောက်ပိုင်းတွင် ဗရုဗလက်စကီက သူပေးသောဖဲထုပ်ကို ၎င်း၏ ဖဲထုပ်နှင့် လဲပြီး ကစားကြသောအခါ မတ်ဆယာလိုဗစ် လိမ်လည်ကြောင်းကို ဝန်ခံထွက်ဆိုရတော့သည်။ ယင်းအချက်ကို ကာဂါနော့က သူ၏ထွက်ဆိုချက်တွင် ထောက်ခံထွက်ဆိုသည်။ ယင်းသို့ဖြင့် ပိုလန်နှစ်ယောက်သည် ပရိသတ်ကြီး ၏ ရယ်မောလှောင်ပြောင်ခြင်း အမှုအောက်တွင် အရှက်တကွဲ အကျိုးနည်းဖြင့် တရားရုံးအတွင်းမှ ထွက်သွားကြရတော့သည်။

သည့်နောက်တွင်လည်း အန္တရာယ်ရှိသော သက်သေများအားလုံးပင်

သည်အတိုင်း ကြုံတွေ့သွားကြ ရသည်။ ဖီကျူကိုဗစ်သည် ၎င်းတို့၏ဂုဏ်သိက္ခာများကို ချေမှုန်းဖျက်ဆီးပြီး အားလုံးကိုပင် လူရယ်စရာဖြစ်အောင် လုပ်ပစ်နိုင်ခဲ့သည်။ ဝတ်လုံတော်ရကြီးများနှင့် ဥပဒေပါရဂူကြီးများသည် ဖီကျူကိုဗစ်ကို မချီးကျူးဘဲ မနေနိုင်ကြပါ။ သို့သော် ဤသို့ ပြုလုပ်ခြင်းဖြင့် သူ၏အမှုသည် လွတ်မြောက်ရေးအတွက် ဘာအကျိုးကျေးဇူး ရရှိမည် ဆိုသည်ကိုလည်း သူတို့ မမှန်းဆတတ်ကြပါ။

ကျွန်ုပ်အနေနှင့် ထပ်ပြီး ပြောရလျှင် ဤအမှုသည် တရားလိုဘက်မှ အပိုင်ဖြစ်နေပြီး တဖြည်းထက် တဖြည်း ပိုပြီး ခိုင်မာလာနေသည်ကိုလည်း တရားရုံးရှိ လူအားလုံးကပင် သိရှိနေကြပါသည်။ သို့သော် 'ပဉ္စလက်ဆရာကြီး' ၏ ယုံကြည်စိတ်ချမှုဘက်မှ ကြည့်လျှင်လည်း သူသည် အနည်းငယ်ပင် စိုးနှောင့်ဗျာပါ မရှိချေ။ ယင်းသို့ဖြင့် သူ့ကို စောင့်ကြည့်နေကြရသည်။ အကြောင်းမှာ သူသည် ပီတာစဘတ်မြို့မှ အကြောင်းမဲ့သက်သက် လာရောက်သည့် လူတယောက် မဟုတ်ကြောင်း၊ သို့မဟုတ် လက်ချည်းသက်သက်ဖြင့် ပြန်သွားမည့်လူ မဟုတ်ကြောင်းကို ယုံကြည်စိတ်ချနေကြ သောကြောင့်ပင် ဖြစ်ပါသည်။

၃။ ဆေးဘက်ဆိုင်ရာ ထွက်ဆိုချက်များနှင့် သစ်ကြားသီး တပေါင်

ဆေးဘက်ဆိုင်ရာ ထွက်ဆိုချက်များကလည်း တရားခံကို ဟုတ်တိပတ်တိ အကျိုးမပြုကြပါ။ ဖီကျူကိုဗစ် ကိုယ်တိုင်ကလည်း သည်အပေါ်တွင် သိပ်ပြီး အလေးမထားကြောင်း နောက်ပိုင်းတွင် သိရှိရပါသည်။ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာဖြင့် ခုခံကာကွယ်ရန် အကြံအစည်မှာ ကက်ထရီးနား ၏စိတ်ကူးပင် ဖြစ်ပါသည်။ သူမက မော်စကိုမှ ဆေးဘက်ဆိုင်ရာ ပါရဂူတဦးကို ပင့်ဆောင်ခဲ့ခြင်း သည် ဤကိစ္စအတွက်ပင် ဖြစ်ပါသည်။ တရားခံသည် ဤကိစ္စအတွက် ဘာမျှဆုံးရှုံးစရာ မရှိပါ။ ကံကောင်းထောက်မခဲ့လျှင် တစုံတရာ အကျိုးထူးနိုင်ပါသည်။ သို့ရာတွင် ဆရာဝန်များအတွင်း တဦးနှင့်တဦး အမြင်များ မတူညီဘဲ ကွဲပြားခြားနားနေကြသဖြင့် တနည်းအားဖြင့် ရယ်စရာကြီး ဖြစ်နေပါသည်။ ဆေးဘက်ဆိုင်ရာ ပါရဂူများမှာ မော်စကိုမှ နာမည်ကြီး သမားတော်ကြီး၊ ထို့နောက် ကျွန်ုပ်တို့၏ ဆရာဝန်ကြီး ဟာဇင်ကျူဗီနှင့် လူငယ်ဆရာဝန်ကလေး ဗာဗင်စကီတို့ ဖြစ်ကြသည်။

ဆေးဘက်ဆိုင်ရာ ပါရဂူတဦးအဖြစ်နှင့် ပထမဆုံး ထွက်ဆိုရသည့်သူမှာ ဒေါက်တာ ဟာဇင်ကျူဗီ ဖြစ်ပါသည်။ သူသည် အသက် ခုနစ်ဆယ်အရွယ်ခန့်ရှိပြီး ခေါင်းပြောင်ပြောင် ဖြူဖြူ ဖြစ်သည်။ အရပ်အမောင်းမှာ မနိမ့်မမြင့်ဖြစ်ပြီး သန်သန်မာမာ တောင့်တောင့်ခိုင်ခိုင် ဖြစ်သည်။ သူ့ကို မြို့ပေါ်ရှိ လူအားလုံးကပင် အထူးချစ်ခင်လေးစားကြသည်။ သူသည် ဖြောင့်မတ်မှန်ကန်သော ဆရာဝန်ကြီး တယောက်ဖြစ်ပြီး ဘာသာရေးကို အထူးပင် ရိုသေ ကိုင်းရှိုင်းသူတဦးဖြစ်သည်။ သူသည် ဗော်လဂါ မြစ်ဝှမ်းဒေသဆိုင်ရာ ဂျာမန်ဟာရင်ရှုတာ အဖွဲ့ကြီး၏ အသင်းဝင်တဦး အဖြစ်သော်လည်းကောင်း၊ သို့မဟုတ် မိုရေးဗီးယားဘရား သားအဖွဲ့ကြီး၏ အသင်းဝင်တဦးသော်လည်းကောင်း ဖြစ်ချေသည်။ မည်သည့်အဖွဲ့မှ ဖြစ်ချေသည်ကိုမူ ကျွန်ုပ် မသိပါ။ သူသည် ကျွန်ုပ်တို့မြို့တွင် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာချေပြီဖြစ်ပြီး ဂုဏ်သိက္ခာရှိစွာလည်း နေထိုင်ခဲ့ပါသည်။ သူသည် သဘော သကာယ ကောင်းမွန်ပြီး သနားကြင်နာတတ်သူ တဦးဖြစ်သည်။ သူသည် ဆင်းရဲသော လူမမာများ နှင့် တောသူတောင်သား လယ်သမားများကို ကုသိုလ်ဖြစ် ကုသပေးသည်။ ၎င်းတို့၏ အိမ်ငယ် တဲပုတ်များသို့ ကိုယ်တိုင်သွားရောက်ကာ ကုသပြီး ဆေးဖိုးဝါးခအတွက် ငွေကြေးပိုက်ဆံပင် ပေးထားခဲ့သေးသည်။ သို့သော် သူသည် တခြားနေရာများတွင် အဘယ်မျှ ကောင်းစေကာမူ သူ မှန်သည်ထင်သည့် အလုပ်တွင်မူ အင်မတန် ခေါင်းမာသူတဦး ဖြစ်သည်။ သူ့ခေါင်းထဲတွင် အတွေးအခေါ် အယူအဆတခုကို လက်ခံမိပြီဆိုလျှင် ဘယ်လိုမှ မပြင်တော့ပါ၊ ပြန်မထုတ်တော့ပါ။

ဤနေရာတွင် စကားမစပ် တခုပြောရလျှင် မော်စကိုမှ သမားတော်ကြီးသည် ကျွန်ုပ်တို့မြို့တွင် နေထိုင်စဉ် ပထမ နှစ်ရက် သုံးရက်အတွင်းမှာပင် ဒေါက်တာ ဟာဇင်ကျူဗီ၏ ဆေးပညာ အရည်အချင်းနှင့် ပတ်သက်ပြီး ဆန့်ကျင်ရှုတ်ချသောစကားတွေ အမြောက်အမြားကို ပြောဆိုလေ တော့သည်။ မော်စကို ဆရာဝန်ကြီးသည် တကြိမ် စမ်းသပ်ကြည့်ရှုလျှင် နှစ်ဆယ့်ငါးရူဗယ်ထက် မနည်း ယူသော်လည်း ကျွန်ုပ်တို့မြို့မှ လူများသည် ငွေကုန်ကြေးကျကို ပမာဏ မထားဘဲ ၎င်းထံသို့ အလုအယက် သွားရောက်ကြလေသည်။ ဤလူနာများ အားလုံးသည် ယခင်က ဒေါက်တာ ဟာဇင်ကျူဗီထံတွင် စမ်းသပ်ကုသကြပြီး ဖြစ်ကြသည်။ ဆရာဝန်ကြီးကလည်း ဒေါက်တာ ဟာဇင်ကျူဗီ၏ ကုသမှုများ အားလုံးကို အပြင်းအထန် ပြစ်တင်ပြောဆိုခြင်း ပြုသည်။ ကုန်ကုန်ပြောရလျှင် သူ၏ အခန်းတွင်းသို့ လူနာတယောက် ဝင်လာသည်နှင့် တပြိုင်နက် ပထမဆုံး သူပြောသည့်စကားမှာ ....

"ဆိုစမ်းပါဦး၊ ခင်ဗျားကို ဘယ်သူက ဒေါက်တာရမ်းကု လုပ်ထားသလဲ၊ ဟာဇင်ကျူဗီလား၊ ဟား ဟား ဟား"

သည်အကြောင်းတွေ အားလုံးကိုပင် ဒေါက်တာ ဟာဇင်ကျူဗီ သိရှိသည်။ ယင်းသို့ဖြင့် ယခုအခါ ဆရာဝန် သုံးယောက်စလုံးပင် တယောက်ပြီး တယောက် ဆိုသလို ထွက်ကြရပေတော့မည်။

ဒေါက်တာ ဟာဇင်ကျူဗီက တရားခံ၏ စိတ်အခြေအနေ အရပ်ရပ် ပုံမှန်မဟုတ်ကြောင်းကို အထူးတလည် သက်သေပြနေစရာ မရှိဘဲ အလိုလို သိသာထင်ရှားနေသည်ဟု အသွယ်အဝိုက် မရှိဘဲ တဲ့တိုးကြီးပင်ပြောဆိုသွားသည်။ သူ၏ပြောဆိုချက်နှင့်ပတ်သက်ပြီး လိုအပ်သော အထောက်အထား များကို တင်ပြပြီးနောက် (ယင်းတင်ပြချက်များကို ဤနေရာတွင် ကျွန်ုပ် ချန်လှပ်ထားခဲ့မည် ဖြစ်သည်) သူ ဆက်လက်ပြောဆိုသည်မှာ တရားခံ၏ပုံမှန်မဟုတ်မှုကို ၎င်း၏ ယခင်လုပ်ဆောင်ချက် များ အရသာ သိရှိနိုင်သည်မဟုတ်ဘဲ ယခုလောလောဆယ် ဤရုံးတော်တွင် ၎င်း၏ပြုမူဆောင်ရွက် ချက်များအရလည်း သိရှိနိုင်သည်ဟု ဆိုသည်။

ယခုအချိန်၊ လောလောဆယ်အချိန်တွင် ဘယ်လိုလုပ်ပြီး သိနိုင်သနည်းဟု မေးသောအခါ ဆရာဝန် အဘိုးကြီးက ပွင့်ပွင့်လင်းလင်း ပြောတတ်သော ဉာဉ်အတိုင်း ပြောဆိုသည်မှာ ... တရားခံသည် တရားခံခန်းမအတွင်းသို့ ဝင်ရောက်လာစဉ်က သာမန်ပုံစံမျိုး မဟုတ်ဘဲ အခြေအနေအရ အလွန် ထူးဆန်းလျက် ရှိသည်။ သူသည် ရှေ့တည့်တည့်ကိုကြည့်ပြီး စစ်သားတယောက်လို လျှောက်သွား သည်။ အမှန်မှာ သူသည် အမျိုးသမီးတွေ ထိုင်နေသော လက်ဝဲဘက်သို့ ကြည့်ရမည်။ အကြောင်းမှာ သူသည် အမျိုးသမီးများကို အထူး

မြတ်နိုးနှစ်သက်သူဖြစ်ပြီး ယခုလိုအချိန်မျိုးတွင် သူနှင့် ပတ်သက်ပြီး သူတို့တတွေက ဘာတွေ ပြောကြဆိုကြသည်ကို သူ စဉ်းစားရမည် ဖြစ်သည်” ဟု သူ၏ တမူထူးခြားသော ဘာသာ စကားဖြင့် ပြောဆို နိဂုံးချုပ်သွားသည်။

သူသည် ရုရှားစကားကို ကောင်းမွန်ရေလည်စွာ ပြောဆိုတတ်ပါသည်။ သို့သော် သူသည် ဝါကျတခုကို သီကုံးရာတွင် ဂျာမန်နည်းနှင့် သီကုံးတတ်ပါသည်။ သို့သော် ယင်းသို့ဖြစ်ရသည်ကို သူ အနည်းငယ်မျှ စိတ်အနှောင့်အယှက် မဖြစ်ပါ။ အကြောင်းမှာ သူပြောဆိုသော ရုရှားစကားသည် မှန်ကန်သည်ဟု သူ့အနေနှင့် တသက်လုံး ယူဆထားသောကြောင့် ဖြစ်သည်။ ထိုမျှပင် မကပါ။ သူ ပြောသော ရုရှားစကားသည် ရုရှားတွေပြောသော ရုရှားစကားထက်ပင် ပိုကောင်းသည်ဟု ယူဆထားပါသည်။ ထို့ပြင် သူသည် ရုရှားစကားပုံများကို ထည့်ပြီး ပြောရသည်ကို အင်မတန် သဘောကျပါသည်။ ရုရှားစကားပုံများသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော စကားပုံများထက် ပိုပြီး ကောင်းသည်ဟု အမြဲတမ်းပင် သူ ယူဆထားပါသည်။ နောက်ထပ် ပြောစရာတခု ရှိသေးသည်။ သူသည် သတိမေ့လျော့တတ်သဖြင့် စကားပြောဆိုရာတွင် အလွယ်ကူဆုံးသော စကားလုံးကလေး တွေကိုပင် မေ့လျော့နေတတ်ပါသည်။ သူသည် အဆိုပါ စကားလုံးများကို ကောင်းစွာ သိရှိသော်လည်း အကြောင်းတခုခုကြောင့် သူ့ခေါင်းထဲမှ ပျောက်နေတတ်ပါသည်။ သူ ဂျာမန်စကား ပြောသည့် အခါတွင်လည်း ဤအတိုင်းပင် ဖြစ်တတ်ပါသည်။ ထိုအခါတွင် သူ့လက်ကို မျက်နှာရှေ့တွင် ဝှေ့ယမ်းကာ ပျောက်ဆုံးနေသော စကားလုံးကို လိုက်လံဖမ်းဆီးနေဟန် ရှိပါသည်။ ပျောက်ဆုံးနေ သော စကားလုံးကို မတွေ့မချင်း သူ့ကို မည်သူကမျှ ဆက်ပြီး စကားပြောခိုင်း၍ မရပါ။

တရားခံသည် တရားရုံးအတွင်းသို့ ဝင်ရောက်လာစဉ်တွင် လက်ဝဲဘက်သို့ ကြည့်သင့်သည်ဟူသော သူ၏စကားနှင့် ပတ်သက်၍မူ ပရိသတ်အတွင်း သဘောကျသွားကာ တိုးတိုးသံများ ထွက်ပေါ်လာ ပါသည်။ ကျွန်ုပ်တို့၏ အမျိုးသမီးများအားလုံးသည် ကျွန်ုပ်တို့၏ ဆရာဝန် အဘိုးကြီးကို အထူးပင် ချစ်ခင်နှစ်သက်ကြပါသည်။ သူသည် တသက်လုံးပင် လူပျိုကြီးနှင့် စံနမူနာပြ ဘာသာရေးသမားကြီး တဦးဖြစ်သည်နှင့်အညီ မိန်းမများကို မြင့်မြတ်သော သတ္တဝါများအဖြစ် သဘောထားကြောင်း သူတို့အားလုံး သိရှိကြသည်။ ယင်းကြောင့်ပင်လျှင် သူ့ထံမှ ဘယ်လိုမှ မျှော်လင့်မထားသော စကားက သူတို့အားလုံးကို အထူးပင် ပြုံးသွားစေတော့သည်။

မော်စကို ဆရာဝန်ကြီးသည် သူ့အလှည့်သို့ ရောက်ရှိသောအခါ တရားခံ၏ စိတ်အခြေအနေ ပုံမှန်မရှိခြင်းသည် ‘အမြင့်ဆုံးအဆင့်’ အထိပင် ဖြစ်ကြောင်း ပြတ်သားစွာနှင့် လေးနက်စွာ ထွက်ဆိုသွားသည်။ သူသည် ‘ယာယီရူးသွပ်မှု’ နှင့် ‘စိတ္တဇ’ ဝေဒနာ အကြောင်းတို့ကို ရှည်လျားစွာ ရှင်းပြပြီးနောက်

အချက်အလက်များကို အားလုံး စုပေါင်း သုံးသပ်ကာ ကောက်ချက်ချသွားသည်မှာ တရားခံသည် အဖမ်းမခံရမီ ရက်ပေါင်းအတန်ကြာကတည်းကပင် ယာယီရူးသွပ်မှု ဖြစ်နေပြီး အကယ်၍ သူသည် ရာဇဝတ်မှုကို ကျူးလွန်ခဲ့သည်ဆိုလျှင်လည်း သူ့အပေါ်တွင် ဖိစီးနေသော ရောဂါဝေဒနာကို မတွန်းလှန်နိုင်ဘဲ သူ၏ သဘော ဆန္ဒမပါဘဲ ကျူးလွန်ခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုပါသည်။ ထို့ပြင် သူသည် ယာယီရူးသွပ်ခြင်း အကြောင်းအပြင် စိတ္တဇအကြောင်းကိုလည်း ရှင်းပြသွားသည်။ သူ၏ အဆိုအရ ပြောရလျှင် စွဲလမ်းမှုစိတ္တဇ ဖြစ်နေသူတဦးသည် မကြာမီ ကာလအတွင်းတွင် လုံးဝရူးသွပ်သွားနိုင်သည်ဟု ဆိုလိုပါသည်။ (မှတ်ချက်။ သူ၏ ထွက်ဆိုချက်ကို ကျွန်ုပ် နားလည်သော စကားလုံးများဖြင့် ပြန်လည်ရေးသားထားပါသည်။ အမှန်တကယ် သူ ပြောဆိုသွားသည်မှာ ပညာရပ် ဝေါဟာရများဖြင့် အဆင့်အတန်း မြင့်လှပါသည်)။ ထို့နောက် သူ ဆက်ပြီး ပြောသည်မှာ ...

"သူ့ရဲ့အပြုအမူတွေ အားလုံးဟာ ပုံမှန်သဘောနဲ့ ကျိုးကြောင်းဆက်စပ်မှု သဘောတွေကို ဆန့်ကျင်နေကြတယ်။ ကျွန်တော် မမြင်မတွေ့လိုက်ရတဲ့ ရာဇဝတ်မှုကြီးနဲ့ ဗရုတ်သုတ်ခ အဖြစ်အပျက်ကြီးတခုလုံးကို အသာထားလိုက်ဦး၊ တနေ့က ကျွန်တော်နဲ့ သူ စကားပြောတဲ့အချိန်မှာ သူ့မျက်လုံးတွေ တနေရာတည်းကို စူးစိုက်ပြီး ကြည့်နေတာဟာ ဘယ်လိုမှ နားမလည်နိုင်အောင်ပဲ၊ နောက်ပြီးတော့ ဘယ်လိုမှ ရယ်စရာမဟုတ်တဲ့ အချိန်မှာ သူ ရယ်တယ်။ နောက်ပြီးတော့ သူ့အနေနဲ့ အလကားနေရင်း စိတ်တိုနေတယ်၊ ပြီးတော့ ထူးဆန်းတဲ့ စကားတွေကို ပြောတယ်။ 'ဘားနတ်' တဲ့၊ 'လောကနီတိ'တဲ့။ နောက်ပြီးတော့လည်း ဘယ်လိုမှ အကျိုးအကြောင်း မဆက်စပ်တဲ့ စကားလုံးတွေ အများကြီးပဲ"

သို့သော် မော်စကို ဆရာဝန်အနေနှင့် မစ်တယာ၏ စိတ္တဇနှင့် ပတ်သက်ပြီး အရေးအကြီးဆုံး သတိပြုမိသည့်အချက်တခုမှာ မစ်တယာသည် အခြား စိတ်ထိခိုက်စရာ စိတ်မကောင်းစရာများကို အေးအေးဆေးဆေး သက်သက်သာသာ ပြောဆိုနိုင်သော်လည်း ရူဗယ် သုံးထောင်အကြောင်း ပြောကြားသည့်အခါတွင် သူသည် အထူးတလည်ပင် ဒေါသဖြစ်နေတတ်သည်။ ထိုငွေသုံးထောင် သည် သူ့အနေနှင့် အလိမ်ခံထားရသော ငွေသုံးထောင်ဖြစ်သည်ဟု မစ်တယာ ယူဆထားသည်။ နောက်ဆုံးအနေနှင့် ပြောရလျှင် တရားခံသည် ငွေကြေးကိစ္စတွင် စိတ်ဝင်စားခြင်း၊ မတော်လောဘ ဖြစ်ခြင်း မရှိသော်လည်း ယင်းငွေသုံးထောင်အကြောင်း ပြောလျှင်ကား သည့်အရင်အခါများကလည်း ပြောတိုင်း ပြောတိုင်းပင် သူ့ကိုယ်သူ မထိန်းနိုင် မသိမ်းနိုင် ရှိတတ်သည်။

"ကျွန်တော်တို့ရဲ့ ပညာရှိ ဆရာဝန်ကြီး ပြောသွားတဲ့ အယူအဆနဲ့ ပတ်သက်ပြီး ပြောရရင်တော့"... မော်စကို ဆရာဝန်က နိဂုံးချုပ်အနေနှင့်

ခပ်ငေါ့ငေါ့ကလေး ပြောသွားသည်မှာ … “တရားခံဟာ တရားရုံးအတွင်းကို ဝင်ရောက်လာတဲ့အချိန်မှာ ရှေ့တည့်တည့်ကို မကြည့်ဘဲ အမျိုးသမီးတွေရှိတဲ့ ဘက်ကို ကြည့်သင့်တယ်ဆိုတဲ့ နေရာမှာ ကျွန်တော့်သဘောကို ပြောရရင်တော့ အဲဒီအယူအဆဟာ ရယ်စရာကောင်းရုံတင်မကဘူး၊ ဘယ်လိုမှလည်း အခြေအမြစ် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရားခံဟာ သူ့ရဲ့ဘဝကံကြမ္မာကို စီရင်ဆုံးဖြတ်တော့မယ့် တရားရုံးအတွင်းကို ဝင်ရောက်လာတဲ့ အခါမှာ ရှေ့တည့်တည့်ကို စိုက်ပြီး မကြည့်သင့်ဘူးဆိုတာကို ကျွန်တော် လက်ခံပါတယ်။ အဲဒီလိုကြည့်ခြင်းဟာ အဲဒီအချိန်မှာ သူ့ရဲ့စိတ်အခြေအနေဟာ ပုံမှန်မဟုတ်ဘူးဆိုတာကို ဖော်ပြနေ လို့ပဲ။ ဒါပေမဲ့ တချိန်တည်းမှာပဲ ကျွန်တော်ပြောရရင် သူဟာ အမျိုးသမီးတွေရှိတဲ့ လက်ဝဲဘက်ကို မကြည့်သင့်ပါဘူး။ အဲဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်ယာဘက်ကို ကြည့်သင့်ပါတယ်၊ သူ့ရဲ့ မျှော်လင့်ချက်တွေ အားလုံးနဲ့ သူ့ဘဝကြီးရဲ့ အနာဂတ်ကာလတခုလုံး တည်ရှိနေတဲ့ သူ့ရဲ့ ရှေ့နေကြီးကို ရှာဖွေကြည့်ရှုသင့်ပါတယ်”

မော်စကို ဆရာဝန်က သူ၏အယူအဆကို ပြတ်ပြတ်သားသားနှင့် လေးလေးနက်နက် ပြောဆိုသွား သည်။ သို့သော် သမားတော်ကြီး နှစ်ယောက်၏ တောင်နှင့်မြောက်လို တယောက်တမျိုးစီ ဖြစ်နေသော အယူအဆများကြောင့် ရယ်မောစရာ ဖြစ်နေသည်ကို နောက်ဆုံးပိတ် ထွက်ဆိုရသော ဒေါက်တာ ဗာဗင်စကီ၏ မည်သို့မျှ မမျှော်လင့်သော ကောက်ချက်ကြောင့် ပြဿနာသည် အထွတ်အထိပ်သို့ ရောက်ရှိသွားရတော့သည်။

သူ၏အယူအဆမှာ တရားခံသည် အဖမ်းမခံရခင် အချိန်တုန်းက အချစ်နှင့် ပတ်သက်သော မနာလို ဝန်တိုမှုများ၊ ဒေါသမောဟများနှင့် အရက် အလွန်အကျွံ သောက်စားမှုများကြောင့် အင်မတန် စိတ်လှုပ်ရှား ချောက်ချားနေဟန် ရှိသော်လည်း သူ၏ စိတ်အခြေအနေများသည် ထိုအချိန်ကရော ယခုအချိန်တွင်ရော လုံးဝ ပုံမှန်အတိုင်း ရှိနေသည်ဟုဖြစ်သည်။ သို့သော် ထို စိတ်လှုပ်ရှား ချောက်ချားမှုသည် စောစောက ပြောဆိုသွားသော ‘ယာယီရူးသွပ်မှု’ နှင့် မည်သို့မျှ မသက်ဆိုင်ဟု ဆိုသည်။

တရားခံသည် တရားရုံးအတွင်းသို့ ဝင်ရောက်လာစဉ်တွင် လက်ဝဲဘက်သို့ ကြည့်သင့်သလော သို့မဟုတ် လက်ယာဘက်သို့ ကြည့်သင့်သလောဟူသည့် ပြဿနာနှင့် ပတ်သက်၍မူ သူ၏အနေနှင့် ဂါရဝတရား ရှေ့ထားပြီး ပြောရလျှင် တရားခံသည် စောစောက သူ ပြုလုပ်သွားသည့်အတိုင်းပင် သူ၏ရှေ့တည့်တည့်ကိုသာ စူးစိုက်ပြီး ကြည့်ရမည်ဟု ဆိုပါသည်။ အကြောင်းမှာ သူ၏ ရှေ့တည့်တည့်တွင် သူ၏ ဘဝကံကြမ္မာတခုလုံး တည်ရှိနေသော တရားသူကြီး ဥက္ကဋ္ဌနှင့် တရားရေးအဖွဲ့ဝင်များ ရှိနေကြသောကြောင့်ပင် ဖြစ်ပါသည်။

"သူဟာ အဲဒီလို ရှေ့တည့်တည့်ကို ကြည့်ခြင်းအားဖြင့် အဲဒီအချိန်က သူ့ရဲ့ စိတ်အခြေအနေဟာ လုံး၀ ပုံမှန် ဖြစ်နေတယ်လို့ ဆိုရပါမယ်"

လူငယ်ဆရာ၀န်ကလေးက သူ၏ ဂါရ၀တရား ရှေ့ထားသော အယူအဆကို အားရပါးရ တင်ပြသွား သည်။

"ကောင်းပါပေ့ ဒေါက်တာရယ် ... မှန်လိုက်လေခြင်း"

မစ်တယာက သူ၏ နေရာမှ ဟစ်အော်လိုက်သည်။ ထုံးစံအတိုင်းပင် မစ်တယာကို သတိပေးသည်။ သို့သော် ဆရာ၀န်ကလေး၏ အယူအဆသည် တရားသူကြီးများနှင့် ပရိသတ်ကြီး တခုလုံးအပေါ်တွင် အပြည့်အ၀ လွှမ်းမိုးသွားတော့သည်။ နောက်ပိုင်းတွင် သိရသည်မှာ သူ၏အယူအဆကို အားလုံး ကပင် သဘောတူကြသည်။ သို့သော်ငြားလည်း ဒေါက်တာ ဟာဇင်ကျူဗီသည် သက်သေတဦး အဖြစ်နှင့် နောက်တကြိမ် ထွက်ဆိုရသောအခါတွင်ကား မစ်တယာဘက်မှပါ စားပေးပြီး ထွက်ဆိုသွားပါသည်။ သူသည် ကျွန်ုပ်တို့မြို့တွင် အနေကြာသူတဦး ဖြစ်သည်နှင့်အညီ ကာရာမာဇော့ မိသားစုကို နှစ်ပေါင်းများစွာ သိရှိခဲ့သည့်အလျောက် သူ၏ အစစ်ခံချက်များသည် တရားလိုဘက်တွင် အကျိုးရှိလှပါသည်။ သို့သော် သူသည် တစုံတခုကို ရုတ်ခြည်းဆိုသလို စဉ်းစားမိဟန်ဖြင့် ပြောဆိုသည်။

"ဒါပေမဲ့ ဒီသူငယ်ကလေးမှာ ကောင်းတာတွေ အများကြီးရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ငယ်ငယ်တုန်းကရော အဲဒီနောက်ပိုင်းမှာရော စိတ်ကောင်း နှလုံးကောင်း ရှိတယ်။ ကျွန်တော် ကောင်းကောင်းသိတယ်။ ဒါပေမဲ့ ရုရှားစကားပုံတခု ရှိတယ်၊ ခေါင်းတလုံးဟာ ကောင်းတယ်၊ ဒါပေမဲ့ သူ့ဆီကို လူလိမ္မာတယောက် အလည်လာလို့ရှိရင် အဲဒါဟာ ပိုပြီးတော့ ကောင်းတယ်။ ဘာဖြစ်လို့တုံး ဆိုတော့ ခေါင်းနှစ်လုံး ဖြစ်သွားပြီ၊ တလုံးတည်း မဟုတ်တော့ဘူး"

"ခေါင်းနှစ်လုံး ရှိခြင်းသည် ခေါင်းတလုံးတည်း ရှိခြင်းထက် ပိုကောင်းသည် အမှုလိုက်ရှေ့နေက စိတ်မရှည်တော့ဟန်ဖြင့် ၀င်ပြောလိုက်သည်။ အကြောင်းမှာ အဘိုးကြီးသည် လူများတွေက သူ့ကို မည်သို့ထင်သည်ကိုလည်းကောင်း၊ သူတို့အနေနှင့် အဘယ်မျှ သည်းခံ စောင့်ဆိုင်းနေကြရသည်ကို လည်းကောင်း နည်းနည်းကလေးမျှ ဂရုမပြုဘဲ ဝေ့ကာဝိုက်ကာနှင့် ဖြည်းလေးစွာ ပြောတတ်သော အကျင့် ရှိသည်ကို သိနေသောကြောင့် ဖြစ်သည်။ ထိုမျှမကပါ၊ သူက ယင်းကဲ့သို့ လေးလေးထိုင်းထိုင်း ကြီး ပြောဆိုနေရသည်ကိုလည်း အများကြီး သဘောကျနေပါသည်။ ဂျာမန်တို့၏ မြူးထူးသော ဇ၀နဉာဏ်ပင် ဖြစ်သည်။ သူက ရယ်စရာ မောစရာဖြစ်အောင် လုပ်ရသည်ကို အင်မတန် ၀ါသနာ ပါသည်။

"ဩော် ဟုတ်တယ်၊ ကျွန်တော် ပြောတာ အဲဒါပဲ" အဲဒါပဲဟုသာ ဆိုသည်။

သူ့စကားကိုကား ခေါင်းမာမာနှင့်ပင် ဆက်ပြီး သုံးသွားသည်။ "ခေါင်းတလုံးဟာ ကောင်းတယ်၊ ဒါပေမဲ့ နှစ်လုံးက ပိုပြီး ကောင်းတယ်။ ဒါပေမဲ့ ခေါင်းကောင်းကောင်းရှိတဲ့ လူတယောက်က သူ့ဆီကို လာပြီး မလည်ဘူး။ အဲဒီအခါမှာ သူ့ရဲ့ခေါင်းကလည်း ပျောက်သွားတယ်။ ဘယ်လိုလုပ်ပြီး ပျောက်သွားသလဲ မသိဘူး၊ ဘယ်ကို ရောက်သွားသလဲ။ သူ့ခေါင်း ဘယ်ကို ရောက်သွားသလဲဆိုတဲ့ စကားလုံးကို ကျွန်တော် မေ့နေတယ်" သူ့လက်ကို သူ၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းရင်း ပြောနေသည်။ ဩော် .. ဟုတ်ပြီ၊ စပါဇီရင် (ဂျာမန်စကား = spazieren) ..."

"လမ်းလျှောက်သွားခြင်း"

"ဟုတ်တယ် .. ဟုတ်တယ်၊ လမ်းလျှောက်သွားခြင်း၊ ကျွန်တော်ပြောတာ အဲဒါပဲ၊ အဲဒီတော့ သူ့ရဲ့ခေါင်းက လမ်းလျှောက်ရအောင် ထွက်သွားတယ်၊ ချောက်တခုထဲကို ကျပြီး ပျောက်သွားတယ်၊ ဒါပေမဲ့ သူဟာ ကျေးဇူးတရားသိတတ်ပြီး ဝေဖန်ပိုင်းခြားတတ်တဲ့ လူရွယ်ကလေးတယောက်ပဲ၊ အင်း၊ ကျွန်တော် သူ့ကို ကောင်းကောင်း မှတ်မိတယ်။ အဲဒီတုန်းက သူဟာ အင်မတန် မာနရှိတဲ့ ကလေးတယောက်ပဲ။ သူ့အမေက သူ့ကို အစေခံတန်းလျားမှာ ပစ်ထားတယ်၊ သူဟာ ဘောင်းဘီ သိုင်းကြိုး တဖက်ပြတ်နဲ့ ဖိနပ်မပါဘဲ ဖုတ်တောာ ဖုန်တောထဲမှာ လျှောက်ပြေးနေရတယ်"

ရိုးသားဖြူစင်သော အဘိုးကြီး၏လေသံသည် ရုတ်ခြည်းဆိုသလိုပင် သိမ်မွေ့နူးညံ့ခြင်း ရှိသွားသည်။ ဖီကျူကိုဗစ် နိုးနိုးကြားကြား ရှိသွားသည်။ တစုံတခုကို အနံ့ခံမိပြီး ယင်းကို ချက်ချင်းပင် အမိအရ ဖမ်းဆုပ်လိုက်ဟန် ရှိသည်။

"အင်း ဟုတ်တယ်၊ အဲဒီတုန်းက ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်ပဲ ရှိသေးတယ်၊ အဲ ... လေးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။ ကျွန်တော် ဒီမြို့ကို ရောက်ခါစပဲ ရှိသေးတယ်။ အဲဒီတုန်းက ကျွန်တော် အဲဒီသူငယ်ကလေးအတွက် အတော့်ကို စိတ်မကောင်းဖြစ်မိတယ်၊ ဒါနဲ့ ကျွန်တော် သူ့အတွက် ဟို .. ဟိုဒင်း ... တပေါင်လောက် ဝယ်ပေးရရင် ကောင်းမှာပဲလို့ အောက်မေ့မိတယ်၊ ဟိုဒင်းလေ ... ဟိုဒင်း တပေါင်ပေါ့၊ နေပါဦး၊ ကျွန်တော် မေ့နေပြန်ပါပြီ၊ အဲဒါကို ဘာခေါ်တယ်၊ ကလေးတွေ ကြိုက်တတ်တဲ့ ဟိုဥစ္စာ တပေါင်လေ။ အင်း ... အဲဒါကို ဘာခေါ်တယ်" ဆရာဝန်ကြီးသည် သူ့လက်များကို မျက်နှာရှေ့တွင် ဝှေ့ယမ်းစ ပြုနေတော့သည်။ "အဲဒါ ဟိုသစ်ပင်တပင်ပေါ်မှာ သီးတယ်လေ၊ အဲဒီကနေ ခူးယူရတယ်လေ၊ အဲဒါကို လူတွေ တယောက်ကို တယောက် လက်ဆောင်ပေးကြတယ်လေ"

"ပန်းသီးလား"

"အို ... မဟုတ်ဘူး၊ မဟုတ်ဘူး။ တပေါင်၊ တပေါင်၊ ပန်းသီးကို ပေါင်နဲ့

မဝယ်ရဘူး၊ ဒါဇင်နဲ့ပဲ ဝယ်ရတယ်။ မဟုတ်သေးပါဘူး၊ အဲဒါမျိုးတွေ အများကြီးရှိပါတယ်၊ အဲဒီဥစ္စာက သေးသေးကလေး တွေပဲ၊ ပါးစပ်ထဲကို ထည့်ပြီး ထောက်ခနဲ ခွဲရတယ်”

“သစ်ကြားသီးလား”

“အင်း ... ဟုတ်တယ်၊ သစ်ကြားသီး။ ကျွန်တော်ပြောတာ အဲဒါပဲ” ဆရာဝန်ကြီးက အေးဆေးစွာပင် ပြောလိုက်သည်။ ဒီစကားလုံးကို သူ ဘယ်တုန်းကမှ မစဉ်းစားရပုံမျိုးဖြင့် ဖြစ်သည်။ “ကျွန်တော် သူ့အတွက် သစ်ကြားသီးတပေါင် ဝယ်ပေးလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို အရင်တုန်းက ဘယ်သူကမှ သစ်ကြားသီးတပေါင် ဝယ်မပေးခဲ့လို့ပဲ၊ ပြီးတော့ ကျွန်တော်က သူ့ကို လက်ညှိုး ထောင်ပြပြီး ပြောတယ် **‘ဒီမှာ ကလေး၊ ဘုရားသခင်သည် ခမည်းတော်***’ အဲဒီတော့ သူက ရယ်ပြီး ကျွန်တော်ပြောတာကို လိုက်ဆိုတယ်။ **‘ဘုရားသခင်သည် ခမည်းတော်၊ ဘုရားသခင်သည် သားတော်’** အဲဒီတော့ တခါ သူက ရတ်တရက် ရယ်လိုက်ပြန်ပြီး ... မပီကလာ ပီကလာနဲ့ လိုက်ဆိုပြန်တယ်။ **‘ဘုရားသခင်သည် သားတော် ... ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်’** အဲဒီတော့တခါ သူက ရယ်လိုက်ပြန်ပြီး အတတ်နိုင်ဆုံး လိုက်ရွတ်ရှာတယ်။ **‘ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်’** ... အဲဒီလိုနဲ့ ကျွန်တော် သူ့ကိုထားခဲ့ပြီး သွားစရာရှိတာကို ဆက်ပြီး သွားတယ်၊ နောက်နှစ်ရက် လောက်အကြာမှာ အဲဒီလမ်းကနေ ကျွန်တော် သွားရပြန်တယ်၊ အဲဒီအခါမှာ သူက ကျွန်တော့်ကို လှမ်းပြီး အော်ပြီး ပြောတယ်၊ **‘အဘ၊ အဘ ဘုရားသခင်သည် ခမည်းတော်၊ ဘုရားသခင်သည် သားတော်’** လို့ ရွတ်ပြီး **‘ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်’** ဆိုတာကိုတော့ သူ မေ့နေတယ်၊ ဒါနဲ့ ကျွန်တော်က သူ့ကို ထပ်ပြီး ဆိုပြရတယ်၊ ကျွန်တော်ဟာ သူ့အတွက် စိတ်မကောင်း ဖြစ်ရပြန်တယ်၊ ဒါပေမဲ့ သူဟာ နောက်ပိုင်းမှာ တခြားကို ပြောင်းသွားလို့ သူ့ကို ကျွန်တော် မတွေ့ရတော့ဘူး။

(*ဂျာမန်လို ရွတ်ဆိုခြင်း = Gott der Vater, Gott der Sohn, and Gott der heilige Geist)

“အဲဒီလိုနဲ့ နှစ်ပေါင်း နှစ်ဆယ့်သုံးနှစ် ကြာသွားတယ်၊ တမနက်ခင်းမှာတော့ ကျွန်တော် ရုံးထဲမှာ ထိုင်နေတုန်း ... ကျွန်တော့်ဆံပင်တွေလည်း ဖြူနေပြီပေါ့၊ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး လူရွယ် ကလေးတယောက် ဖြုန်းခနဲဆို ရောက်လာတယ်။ ကျွန်တော် သူ့ကို ဘယ်လိုမှ မမှတ်မိဘူး၊ ဒါပေမဲ့ သူက ရယ်ပြီး လက်ညှိုးကလေးထောင်ပြီး ‘ဘုရားသခင်သည် ခမည်းတော်၊ ဘုရားသခင်သည် သားတော်၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော် ... ကျွန်တော် အခုပဲ ရောက်ပါတယ်၊ ကျွန်တော့်ကို သစ်ကြားသီးတပေါင် ဝယ်ပေးခဲ့တဲ့အတွက်

ကျေးဇူးတင်စကား ပြောရအောင် လာတာပါ၊ ကျွန်တော့်ကို ဘယ်သူကမှ သစ်ကြားသီးတပေါင် ဝယ်မပေးခဲ့ဖူးပါဘူး။ အဘတယောက် ပဲ ဝယ်ပေးခဲ့ပါတယ်’ လို့ ပြောပါတယ်။ အဲဒီတော့မှ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ပျော်ခဲ့ရွှင်ခဲ့ရတဲ့ လူငယ်ဘဝနဲ့ နောက်ဖေးခြံဝင်းထဲမှာ ဖိနပ်မရှိတဲ့ သနားစရာ ကလေးကလေးအဖြစ်ကို ပြန်သတိရပြီး ကျွန်တော့်စိတ်ထဲမှာ အများကြီး ထိခိုက်သွားပြီး ပြောမိတယ်။ ‘မောင်ရင်ဟာ အင်မတန် ကျေးဇူးတရား သိတတ်တဲ့ လူငယ်ကလေးတယောက်ပဲ။ မောင်ရင် ငယ်ငယ်တုန်းက တို့ ပေးခဲ့တဲ့ သစ်ကြားသီးတပေါင်ကို မောင်ရင် တသက်လုံး မှတ်မိနေတယ်’ .... ပြီးတော့ ကျွန်တော် သူ့ကို ဖက်ပြီး ကောင်းချီး ဩဘာပေးမိတယ်၊ နောက်ပြီးတော့ ကျွန်တော် မျက်ရည်ကျရတယ်၊ သူ ရယ်တယ်၊ ဒါပေမဲ့ သူလည်း မျက်ရည်ကျတာပဲ။ ရုရှားတွေဟာ ငိုရမဲ့အချိန်မျိုးမှာ ရယ်တတ်ကြ တယ်၊ ဒါပေမဲ့ သူ ငိုတယ်၊ ကျွန်တော်ကိုယ်တိုင် မြင်ရတယ်၊ အခုကျတော့ .. အို ... ဘုရားသခင် ...”

“ကျွန်တော် အခုလည်း ငိုနေပါတယ် ဂျာမန်ကြီးရယ်။ အခုလည်း ငိုနေပါတယ် အဘိုးကြီးရယ် ...”

မစ်တယာ သူ၏နေရာမှ ရုတ်တရက် ဟစ်အော်လိုက်သည်။ မည်သို့ပင်ဖြစ်စေ ဤဇာတ်လမ်း ကလေးက ပရိသတ်အပေါ်တွင် အများကြီး ထိရောက်ပါသည်။ သို့သော် မစ်တယာဘက်မှ အဓိက အလေးသာစေသည့် အကြောင်းရင်းမှာ ကက်ထရီးနား၏ ထွက်ဆိုချက်ပင် ဖြစ်ပါသည်။ ယင်းထွက်ဆိုချက်ကို ကျွန်ုပ် ယခုပင် ဖော်ပြပါမည်။

အမှန်ပင် ဖြစ်ပါသည်။ တရားခံဘက်မှ တင်ပြသော သက်သေများကို စတင် စစ်ဆေးသောအခါ မစ်တယာဘက်မှ သိသိသာသာ အလေးသာလာတော့သည်။ ယင်းအတွက် တရားခံအကျိုးဆောင် ပင် အံ့ဩခြင်း ဖြစ်ရတော့သည်။

သို့သော် ကက်ထရီးနား မထွက်ဆိုမီတွင် အလျိုရှာက အရင်ထွက်ဆိုရသည်။ ထိုအခါတွင် သူသည် သက်သေခံနေရင်းနှင့် အချက်တချက်ကို သတိရသွားသည်။ ယင်းအချက် တရားလိုဘက်မှ တင်ပြထားသော အရေးအကြီးဆုံးသော အကြောင်းအရာတခုကို ကောင်းစွာပင် ချေဖျက်နိုင်စွမ်း ရှိတော့သည်။

၄။ မစ်တယာဘက်မှ အရေးသာလာခြင်း

ဤအချက်က အလျှိုရှာကိုပင် အထူး အံ့အားသင့်စေသည်။ သူသည် အစစ်ခံရာတွင် ကျမ်းကျိန်စရာ မလိုပါ။ သူ့ကို စတင်စစ်ဆေးကတည်းကပင် နှစ်ဖက်စလုံးက သူ့ကို ညင်ညင်သာသာနှင့် ကြင်ကြင်နာနာ ဆက်ဆံကြပါသည်။ သူ၏ ကောင်းသတင်း လေညင်းဆောင်လျက် ရှိသောကြောင့် ပင် ဖြစ်ပါသည်။ အလျှိုရှာက သူ၏ ထွက်ဆိုချက်ကို ရိုးရိုးသားသားနှင့် ဆင်ဆင်ခြင်ခြင်ပင် ထွက်ဆိုသွားပါသည်။ သို့သော် အတိဒုက္ခရောက်နေသော အစ်ကိုကြီးအပေါ်တွင် သံယောဇဉ် ရှိနေကြောင်းကား သူထွက်သွားသော စကားလုံးတိုင်းမှာပင် ပေါ်လွင်နေပါသည်။ မေးခွန်းတခုကို ပြန်လည်ဖြေကြားရာတွင် သူ၏အစ်ကိုသည် ဒေါကြီးမောကြီးနိုင်ပြီး ဧောကပ်ရာကို လိုက်ပါတတ် သော်လည်း အမှန်အားဖြင့် သူသည် ရိုးသားသော၊ သိက္ခာရှိသော၊ ရက်ရောသော၊ အနစ်နာ ခံတတ်သော လူတယောက်ဖြစ်သည်ဟု ဆိုပါသည်။

သို့တစေလည်း သူ၏အစ်ကိုသည် ဂရုရှင်ကာအပေါ်တွင် အချစ်ဧောကပ်နေခြင်း၊ ဖခင်နှင့် အပြိုင်အဆိုင် ဖြစ်နေရခြင်းတို့ကြောင့် လူသတ်မှုမဖြစ်ပွားမီ ရက်အနည်းငယ်ကတည်းကပင် သည်းမခံနိုင်သော အခြေအနေတွင် ရှိနေကြောင်းကိုကား သူ ဝန်ခံပါသည်။ သို့သော် သူ၏ အစ်ကိုသည် လုယက်မှု ကျူးလွန်ရန်အတွက် လူသတ်မှု ကျူးလွန်နိုင်သည်ဆိုသော အချက်ကိုကား ပြင်းပြင်းထန်ထန် ငြင်းဆန်ပါသည်။ သို့သော် မစ်တယာအနေနှင့် ရူဗယ်ငွေ သုံးထောင်အပေါ်တွင် အစွဲအလမ်းကြီးနေသည်ကိုကား သူ ဝန်မခံဘဲ မနေနိုင်ပါ။ ထိုငွေသုံးထောင်သည် သူ ရရှိမည့်အမွေ၏ တစိတ်တဒေသ ဖြစ်သည်ဟု သူ ယူဆထားသည်။ ထို့ပြင် သူသည် ငွေရေးကြေးရေးကို အနည်းငယ်မျှ အမှုမထားသော်လည်း ထိုငွေ သုံးထောင်နှင့် ပတ်သက်လာလျှင်ကား သူသည် ဒေါသအိုး မပေါက်ကွဲဘဲနှင့် ဘာမျှမပြောနိုင်ပါ။

ပြိုင်ဘက်အမျိုးသမီး နှစ်ဦးဖြစ်သော ဂရုရှင်ကာနှင့် ကက်ထရီးနား အကြောင်း အမှုလိုက်ရှေ့နေက မေးမြန်းသောအခါတွင်ကား သူသည် ဆင်ဝှေ့ရန်ရှောင် ဖြေကြားပြီး မေးခွန်းတခု နှစ်ခုကို ဆိုလျှင်မူ သူသည် ဖြေကြားချင်ဟန်ပင် မရှိပါ။

“သူ့အဖေကို သတ်ဖို့ ရည်ရွယ်ထားတဲ့အကြောင်း လူကြီးမင်းရဲ့အစ်ကိုက လူကြီးမင်းကို ပြောဖူးသလား”

တရားလိုရှေ့နေက မေးလိုက်သည်။ သို့သော် တဆက်တည်းမှာပင်… “ဒီမေးခွန်းကို လူကြီးမင်း မဖြေချင်ရင် မဖြေဘဲ နေနိုင်ပါတယ်”

“ဒီအကြောင်းကို သူ တိုက်ရိုက်ကြီးတော့ မပြောခဲ့ပါဘူး”

“ဒါဖြင့်ရင် သွယ်ဝိုက်ပြီးတော့ကော ပြောခဲ့သလား”

“ဖေဖေ့ကို သူ စိတ်နာနေတဲ့အကြောင်း တခါပြောဖူးပါတယ်၊ အဲဒါ သူ့စိတ်ထဲမှာ ဘယ်လိုမှ သည်းမခံနိုင်တဲ့အခါမှာ ဖေဖေ့ကို သူ သတ်မိနိုင်တယ်လို့ ပြောပါတယ်”

“သူပြောတာကို လူကြီးမင်း ယုံသလား”

“ယုံပါတယ်၊ ဒါပေမဲ့ ပြဿနာပေါ်လာတဲ့အချိန်မှာ သူ့ကို စိတ်ကောင်းတခုက ကယ်တင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်၊ တကယ်လည်းပဲ ကယ်တင်ခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဖေကို သတ်တာ သူ မဟုတ်ပါဘူး”

အလျှိုရှာက ကျယ်လောင်ပြတ်သားစွာနှင့် နိဂုံးချုပ်လိုက်သည်။ သူ့အသံကို တရုံးလုံးကကြားရသည်။ အမှုလိုက်ရှေ့နေသည် ခရာသံကြားရသော စစ်မြင်းကြီးတကောင်ပမာ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

“လူကြီးမင်းအနေနဲ့ ဒီအချက်ကို ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် ယုံကြည်ထားတယ်လို့ ကျွန်တော် နားလည်ပါတယ်၊ အတိဒုက္ခရောက်နေတဲ့ အစ်ကိုအပေါ်မှာ သံယောဇဉ် ငြိတွယ် ပြောတယ်လို့ ကျွန်တော် မယူဆပါဘူး၊ ဒီအမှုကြီး တခုလုံးအပေါ်မှာ လူကြီးမင်းအနေနဲ့ ထူးထူးခြားခြား ထင်မြင်ထားတဲ့ လူကြီးမင်းရဲ့အယူအဆကို ပဏာမစုံစမ်းစစ်ဆေးချက်များအရ ကျွန်တော်တို့ အားလုံး သိရှိထားကြပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ လူကြီးမင်း လက်ခံထားတဲ့ အယူအဆဟာ လူကြီးမင်းတယောက်တည်းသာဖြစ်ပြီး အခြားသူတွေရဲ့ထွက်ဆိုချက်တွေနဲ့ ဆန့်ကျင်ကွဲလွဲနေတယ် ဆိုတာကိုတော့ ကျွန်တော် ပြောပါရစေ၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ လူကြီးမင်းကို မမေးမဖြစ်မို့ မေးပါရစေ၊ လူကြီးမင်းရဲ့အစ်ကိုမှာ အပြစ်လုံးဝမရှိဘဲ အခြားပုဂ္ဂိုလ်တဦးမှာ အပြစ်ရှိတဲ့အကြောင်း ပဏာမစုံစမ်းစစ်ဆေးရေးတုန်းက လူကြီးမင်း ပြောသွားတာ ဘယ်အချက်အလက်တွေပေါ်မှာ အခြေခံပြီး ပြောသွားတာပါလဲ ခင်ဗျာ”

“ပဏာမစုံစမ်းစစ်ဆေးရေးတုန်းက ကျွန်တော့်ကိုမေးတဲ့ မေးခွန်းတွေကိုပဲ ကျွန်တော် ဖြေပါတယ်၊ ကျွန်တော့်အနေနဲ့ ဆမာယာကော့ကို လုံးဝ မစွပ်စွဲခဲ့ပါဘူး”

အလျှိုရှာ တည်ငြိမ်အေးဆေးစွာ ပြောသည်။

“ဒါပေမဲ့ လူကြီးမင်း သူ့ကို ထည့်ပြီး ပြောခဲ့တယ် မဟုတ်လား”

“ကျွန်တော့်အစ်ကို ဒီမီထရီက ကျွန်တော့်ကို အဲဒီလို ပြောခဲ့တဲ့အကြောင်း ပြန်ပြီး ပြောပြတာပါပဲ၊ ကျွန်တော် အစစ်မခံရခင် အချိန်တုန်းကပဲ သူ အဖမ်းခံရစဉ်ကအကြောင်းနဲ့ ဆမာယာကော့ကို လူသတ်သမားလို့ ယူဆတဲ့အကြောင်းတွေကို သူက ကျွန်တော့်ကို ပြောပြခဲ့ပါတယ်၊ ကျွန်တော့် အစ်ကိုမှာ အပြစ်မရှိဘူးဆိုတာကို ကျွန်တော် လုံးလုံး ယုံပါတယ်၊ တကယ်လို့ သူသတ်တာ မဟုတ်ဘူးဆိုရင် လူသတ်သမားဟာ ...”

“ဆမာယာကော့ပဲ ဖြစ်ရမယ်ပေါ့ ဟုတ်လား၊ ဒါပေမဲ့ ဘာဖြစ်လို့ ဆမာယာကော့ ဖြစ်ရမလဲ၊ နောက်ပြီးတော့ လူကြီးမင်းရဲ့အစ်ကိုမှာ အပြစ်မရှိဘူးဆိုတာကို ဘာဖြစ်လို့ လူကြီးမင်းအနေနဲ့ ဒါလောက် ယုံကြည်နေရတာလဲ”

“ကျွန်တော့်အစ်ကိုကို ကျွန်တော် မယုံဘဲ မနေနိုင်ပါဘူး၊ ကျွန်တော့်ကို သူ လိမ်မပြောဘူးဆိုတာ ကျွန်တော် သိတယ်၊ သူ ကျွန်တော့်ကို မလိမ်ဘူးဆိုတာ သူ့မျက်နှာကို ကြည့်တာနဲ့ ကျွန်တော် သိတယ်”

“သူ့မျက်နှာကို ကြည့်ပြီး သိတာ ဟုတ်လား၊ လူကြီးမင်းရဲ့ အထောက်အထားက အဲဒါပဲလား”

“ကျွန်တော့်မှာ တခြားအထောက်အထား မရှိပါဘူး”

“ဆမာယာကော့ ပြစ်မှုကျူးလွန်တဲ့အကြောင်း လူကြီးမင်းရဲ့အစ်ကို ပြောတဲ့စကားနဲ့ သူ့မျက်နှာ ပေါ်က အမူအရာကလွဲလို့ လူကြီးမင်းမှာ တခြား ဘာအထောက်အထားမှ မရှိဘူးပေါ့၊ ဟုတ်ပါသလား”

“ဟုတ်ပါတယ်၊ ကျွန်တော့်မှာ တခြား ဘာအထောက်အထားမှ မရှိပါဘူး”

ဤနေရာသို့ ရောက်ရှိသောအခါ အမှုလိုက်ရှေ့နေက သူ၏ မေးမြန်းမှုကို အပြီးသတ်လိုက်သည်။ အလျှိုရှာ၏ ဖြေကြားချက်များက ပရိသတ်ကြီးကို စိတ်ပျက်စေတော့သည်။

ဤအမှုကြီး မစစ်ဆေးမီအချိန်က ဆမာယာကော့နှင့် ပတ်သက်ပြီး နောက်တယောက်က ဆမာယာကော့ကို လက်ညှိုးထိုးထားသည်။ နောက်ပြီးတော့ သူ၏အစ်ကိုတွင် အပြစ်မရှိကြောင်းနှင့် ဆမာယာကော့တွင် အပြစ်ရှိကြောင်း အလျှိုရှာတွင် ထူးခြားသော သက်သေ အထောက်အထားတွေ ရှိနေသည်ဟု ပြောဆိုခဲ့ကြသည်။ သို့သော် ယခု တကယ် အစစ်ခံသွားသောအခါ ဘာတခုမှ မရှိပါ၊ ဘာအထောက်အထားမျှ မရှိပါ။ တရားခံ၏ညီတယောက်အနေနှင့် ယုံကြည်စိတ်ချနေခြင်းမျိုးက လွဲ၍ အခြား ဘာမျှ မရှိပါ။

သို့သော် ဖီကျူကိုဗစ်က သူ၏လုပ်ငန်းကို စတင်သည်။ တရားခံက ၎င်းသည် ဖခင်ကို စိတ်နာနေ ကြောင်းနှင့် သတ်ဖြတ်လိုစိတ် ရှိနေကြောင်းကို သူ့အား မည်သည့်အချိန်က ပြောကြားသနည်းဟု အလျှိုရှာအား မေးမြန်းသည်။

"ထိုစကားကို လူသတ်မှု မဖြစ်ပွားမီ နောက်ဆုံးအကြိမ် တွေ့ကြစဉ်က ကြားသိရခြင်း ဖြစ်ပါသလား"

ဖီကျူကိုဗစ်၏ မေးခွန်းကို ပြန်လည်ဖြေကြားစဉ်တွင် အလျှိုရှာသည် တစုံတခုကို ရုတ်တရက် သတိရပြီး သဘောပေါက်သွားဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွန်တော် အခုမှ တခု သတိရတယ်။ စောစောက အဲဒါကို ကျွန်တော် မေ့နေခဲ့တယ်၊ အဲဒီအချက် ဘယ်လောက် အရေးကြီးတယ်ဆိုတာကို အဲဒီအချိန်တုန်းက ကျွန်တော် သတိမထားမိခဲ့ဘူး၊ အခုကျမှသာ ..."

အမှန်ပင် ဖြစ်သည်။ ယခုကျမှပင် သူသည် ယင်းအချက်ကို သဘောပေါက်သွားဟန် ရှိသည်။ ယင်းသို့ဖြင့် သူသည် ထိုနေ့ညနေက ကျောင်းတိုက်သို့အပြန် မစ်တယာနှင့် နောက်ဆုံးအကြိမ်အဖြစ် သစ်ပင်အောက်တွင် တွေ့ဆုံကြရာတွင် မစ်တယာက သူ၏ရင်ဘတ်ကို ထုပြီး 'ရင်ဘတ်အထက်ပိုင်း' ကို ထုပြီး သူ့မှာ သူ၏ဂုဏ်သိက္ခာကိုပြန်ပြီး ဆယ်ယူနိုင်သည့် နည်းလမ်းတခုရှိကြောင်း၊ ဤနေရာတွင် ရှိနေကြောင်းဖြင့် အကြိမ်ပေါင်းများစွာ ပြောဆိုသည်ကို အလျှိုရှာ စိတ်အား ထက်သန်စွာဖြင့် ထွက်ဆိုသည်။

"သူ့ရဲ့ရင်ဘတ်ကို လက်သီးနဲ့ထုတာ သူ့ရဲ့ အသည်းနှလုံးကို ပြောတာပဲလို့ အဲဒီအချိန်တုန်းက ကျွန်တော် ထင်ခဲ့တယ်၊ သူ့ကို အကြီးအကျယ် ဖမ်းစား ခြောက်လှန့်နေပြီး ကျွန်တော့်ကိုတောင် ပြောမပြရဲတဲ့ သိက္ခာကျစရာ အဖြစ်ဆိုးကြီးတခုကို လွန်မြောက်နိုင်တဲ့ စွမ်းအားတွေ သူ့ရဲ့ အသည်းနှလုံးထဲမှာ ရှိနေတယ်လို့ သူပြောတာပဲလို့ ကျွန်တော် ထင်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ တွေးမိတာတခုကို ဝန်ခံရရင် ဂုဏ်သိက္ခာကျစရာလို့ သူ ပြောနေတာဟာ သူ့အနေနဲ့ ဖေဖေ့ကို သွားတွေ့ပြီး ဖေဖေနဲ့ အကြမ်းပတမ်း တခုခုဖြစ်ရမှာကို တုန်လှုပ်ချောက်ချား နေတာပဲလို့ ကျွန်တော် ယူဆခဲ့တယ်။ အမှန်တော့ သူ့ရင်ဘတ်ပေါ်က တခုခုကို ပြနေတာပဲ၊ အခုမှ ကျွန်တော် စဉ်းစားမိတယ်၊ သူ့ရဲ့ အသည်းနှလုံးက သူပြတဲ့နေရာမှာ မရှိဘူး၊ အဲဒီနေရာရဲ့ အောက်ဘက်မှာ ရှိတယ်။ သူ့ရင်ဘတ်ကို သူထုတဲ့နေရာက တော်တော်ကလေး မြင့်တယ်။ ဟောဒီနေရာမှာ... လည်ပင်းအောက်မှာ၊ အမှန်တော့ ရူဗယ်ငွေ တထောင့်ငါးရာကို ချုပ်ပြီး ထည့်ထားတဲ့ အိတ်ကလေးကို ပြတာပဲ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆတယ်"

"ဟုတ်တယ် အလ္လှိုရှာ၊ အဲဒီအတိုင်းပဲ။ အဲဒီတုန်းက အဲဒီအိတ်ကို ကိုယ်လက်သီးနဲ့ ထုခဲ့တာပဲ"

မစ်တယာက သူ့နေရာမှ ရုတ်တရက် ပြောလိုက်သည်။ ဖီကျူကိုဗစ်သူ့ထံသို့ ကပျာကယာ ပြေးသွားပြီး ငြိမ်ငြိမ်ဆိမ်ဆိမ်နေရန် ပြောသည်။ တပြိုင်တည်းမှာပင် အလ္လှိုရှာကို ဆက်ပြောရန် တိုက်တွန်းသည်။

အလ္လှိုရှာသည် သူ့စိတ်ထဲတွင် ကောင်းကောင်းကြီး အချက်ရလာပြီဖြစ်သဖြင့် သူ၏ အယူအဆကို အားတက်သရော ပြောဆိုလျက်ရှိတော့သည်။ မစ်တယာအနေနှင့် အရက်တကွဲ အကျိုးနည်း သိက္ခာကျစရာရှိနေသည်ဆိုခြင်းမှာ သူ့တွင် ရှိနေသော ရူဗယ် တထောင့်ငါးရာကို ဆိုလိုသည်။ ယင်းပိုက်ဆံကို သူသည် ကက်ထရီးနားအား ပေးရန်ရှိသော ငွေ သုံးထောင်အနက်မှ တဝက်အဖြစ် ပြန်ပေးနိုင်သည်။ သို့သော် သူက မပေးဖို့ ဆုံးဖြတ်ထားသည်။ အကြောင်းမှာ ဂရုရှင်ကာက ခေါင်းညိတ်ခဲ့လျှင် သူမကို ခိုးပြေးရန်အတွက် လျာထားထားသည်။

"ဟုတ်တယ်၊ အဲဒါပဲ၊ အဲဒီလိုပဲ ဖြစ်ရမယ်" အလ္လှိုရှာ ရုတ်တရက် စိတ်လှုပ်ရှား တက်ကြွလာဟန်ဖြင့် ဟစ်အော်လိုက်သည်။ "ကျွန်တော့်အစ်ကိုဟာ အဲဒီငွေတဝက်ကို ပြောနေတာပဲ၊ သူ့သိက္ခာကျရမယ့် တဝက်ပဲ (တဝက်ဟူသော စကားလုံးကို သူ ထပ်တလဲလဲ သုံးနေသည်)။ သူဟာ သိက္ခာကျရမယ့် အဖြစ်ကနေ ချက်ချင်းပဲ ကျွတ်ထွက်သွားနိုင်တယ်၊ ဒါပေမဲ့ သူဟာ အဲဒီလို မလုပ်နိုင်တဲ့အတွက် စိတ်မချမ်းမသာ ဖြစ်နေတယ်၊ သူ့အနေနဲ့ အဲဒီလို မလုပ်နိုင်ဘူးဆိုတာကို သူ သိနေတယ်"

"သူ့ရင်ဘတ်ရဲ့အဲဒီနေရာကို ထုတယ်ဆိုတာ လူကြီးမင်း သေသေချာချာ မှတ်မိပါသလား"

ဖီကျူကိုဗစ်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်၊ ကျွန်တော့်ခေါင်းထဲမှာ သေချာချာကြီးကို မှတ်မိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက ကျွန်တော် စဉ်းစားနေမိတယ်၊ သူ့ရဲ့ အသည်းနှလုံးက အောက်ဘက်မှာ ရှိနေတာပဲ၊ သူက ဘာဖြစ်လို့ သူ့ရင်ဘတ်ကို ဒါလောက်အမြင့်ကြီး ကို ထုနေရတာလဲ၊ ဒါပေမဲ့ အဲဒီတုန်းက အဲဒီအတွေးက ဘယ်လိုမှ အဓိပ္ပာယ်မရှိခဲ့ဘူး၊ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ပဲ ကျွန်တော် ယူဆခဲ့တယ်။ အဲဒီအတွေးဟာ ကျွန်တော့်ခေါင်းထဲမှာ ရိပ်ခနဲ ဖြတ်သွားတယ်။ အဲဒါကြောင့်လည်း အဲဒါကို ကျွန်တော် အခုမှတ်မိနေတာပဲပေါ့၊ ဒါပေမဲ့ အဲဒါကို ကျွန်တော် ဘယ်လိုလုပ်ပြီး မေ့နေခဲ့သလဲ မသိဘူး၊ သူ့မှာ နည်းလမ်းရှိတယ်ဆိုတာ အဲဒီအိတ်ကလေး ကို

ပြောတာပဲ၊ ဒါပေမဲ့ အဲဒီငွေ တထောင့်ငါးရာကို သူ ပြန်မပေးနိုင်ခဲ့ဘူး၊ ဒါကြောင့်မို့လို့ မိုကရိုယီမှာ သူ အဖမ်းခံရတုန်းက သူ ပြောခဲ့တယ်၊ ကျွန်တော် သိတယ်၊ ကျွန်တော် ကြားရတယ်။ သူ့မှာ ကက်ထရီးနားရဲ့ကြွေးတဝက်ကို (တဝက်နော်၊ သေသေချာချာ မှတ်ထားပါ) ပြန်ဆပ်နိုင်ပြီး သူခိုးတယောက်လို့ အထင်ခံရစရာ အကြောင်းမရှိဘဲနဲ့ သူဟာ အဲဒီငွေကို ပြန်မပေးဘဲ သူခိုးတယောက် အဖြစ်နဲ့ နေခဲ့တာဟာ သူ့ဘဝမှာ သိက္ခာအကျဆုံးပဲတဲ့၊ သူဟာ အဲဒီကြွေးအတွက် တော်တော့်ကို စိတ်ပူနေတယ်၊ တော်တော်ကြီးကို စိတ်ပူနေတယ်”

အလျှိုရှာက စကားကို အဆုံးသတ်ရင်း ပြောလိုက်သည်။ ထင်ထားသည့်အတိုင်းပင် အစိုးရရှေ့နေက လည်း ဤကိစ္စတွင် ဝင်ရောက်မေးမြန်းပါသည်။ သူက အလျှိုရှာအား ဖြစ်ပျက်ပုံအလုံးစုံကို ပြန်ပြီး ပြောစေသည်။ တရားခံသည် သူ့ရင်ဘတ်ပေါ်တွင် ရှိနေသော အရာတခုကို ညွှန်ပြခြင်းလော သို့မဟုတ် သူ့ရင်ဘတ်ကို လက်သီးဖြင့် ထုခြင်းသက်သက်လော ဟူသည့်မေးခွန်းကို ထပ်တလဲလဲ မေးမြန်းသည်။

“လက်သီးနဲ့ထုတာ မဟုတ်ဘူး၊ သူ့လက်ချောင်းတွေနဲ့ ညွှန်ပြနေတာ၊ ဟောဒီနေရာကို ညွှန်ပြတာ၊ ဟောဒီ အပေါ်ဘက်ကြီးမှာ၊ ဒီဥစ္စာကို ဘာဖြစ်လို့ ကျွန်တော် သတိမေ့နေခဲ့ရသလဲ မသိဘူး”

အလျှိုရှာ ပြောလိုက်သည်။ တရားသူကြီးဥက္ကဋ္ဌက မစ်တယာဘက်သို့ လှည့်ပြီး အလျှိုရှာ၏ ထွက်ဆိုချက်နှင့် ပတ်သက်ပြီး ဘာများ မေးစရာရှိသနည်းဟု မေးလိုက်သည်။ မစ်တယာက အလျှိုရှာ၏ ထွက်ဆိုချက် မှန်ကန်ကြောင်း ပြောဆိုသည်။ လည်ပင်းအောက်ဘက် သူ၏ ရင်ဘတ် ပေါ်တွင် ရှိနေသော ငွေတထောင့်ငါးရာကို ညွှန်ပြခြင်းဖြစ်ကြောင်း၊ ဤကိစ္စသည် သူ့အတွက် သိက္ခာကျစရာတခုပင်ဖြစ်ကြောင်း ဝန်ခံသည်။

“ကျွန်တော့်အတွက် သိက္ခာကျစရာတခုပဲဆိုတာ ကျွန်တော် မငြင်းပါဘူး၊ ကျွန်တော့်ရဲ့ တသက်မှာ ကျွန်တော် လုပ်ခဲ့သမျှတွေထဲမှာတော့ သိက္ခာကျစရာ အကောင်းဆုံးပါပဲ၊ ကျွန်တော့်အနေနဲ့ ပြန်ပေးနိုင်တယ်။ ဒါပေမဲ့ မပေးခဲ့ဘူး၊ ကျွန်တော်က ပိုက်ဆံကို ပြန်ပေးဖို့ထက် သူခိုးတယောက် ဖြစ်ချင်တယ်၊ သိက္ခာကျစရာ အကောင်းဆုံးကတော့ ဒီပိုက်ဆံကို ကျွန်တော် ပြန်မပေးနိုင်ဘူးဆိုတာ ကျွန်တော့်ဘာကျွန်တော် အစောကြီးကတည်းက သိနေခဲ့တယ်၊ အလျှိုရှာ ပြောတာမှန်တယ်၊ ကျေးဇူးတင်ပါတယ် အလျှိုရှာ”

ယင်းသို့ဖြင့် အလျှိုရှာ၏အစစ်ခံချက် ပြီးဆုံးသွားသည်။ ၎င်း၏ အစစ်ခံချက်တွင် အရေးအကြီးဆုံးနှင့် အထူးခြားဆုံးမှာ အချက်တချက် ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။ သို့သော် အချက်သေးသေးကလေး တခုမျှသာ

ဖြစ်သည်။ အရိပ်အယောင်ကလေးမျှသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အိတ်ကလေး တည်ရှိကြောင်းကိုကား ညွှန်ပြလျက်ရှိသည်။ ထိုအိတ်ထဲတွင် ရှူဗယ်ငွေ တထောင့်ငါးရာ ရှိသည်။ ယင်းသို့ဖြင့် ထိုငွေတထောင့်ငါးရာသည် 'ကျွန်တော့်ပိုက်ဆံ' ဖြစ်ကြောင်း မိုကရိုယီတွင် တရားခံက ပြောဆိုခဲ့ခြင်းမှာ လိမ်လည်ခြင်း မဟုတ်ပါပေ။ အလျှိုရှာ ပျော်သွားသည်။ သူသည် မျက်နှာကြီး နီမြန်းလျက်ဖြင့် သူ့အတွက် သတ်မှတ်ထားသောနေရာသို့ ရောက်သွားသည်။ ထို့နောက် သူ့စိတ်ထဲတွင် ထပ်တလဲလဲ ပြောနေမိသည်။

"ဘာဖြစ်လို့ ဒီဥစ္စာကို ငါမေ့နေရတာလဲ၊ ဘာဖြစ်လို့ ဒီဥစ္စာကို ငါ မေ့နေရတာလဲ၊ နောက်ပြီးတော့ အခုကျမှ ဘယ်လိုလုပ်ပြီး ဖြုန်းစားကြီး သတိရလာတာလဲ"

ကက်ထရီးနား ဗာကော့ဆက်အား စစ်ဆေးခြင်း စတင်သည်။ သူမ ထွက်ပေါ်လာသောအခါ တရုံးလုံးပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အမျိုးသမီးများက မှန်ပြောင်းများဖြင့် ကြည့်ရှုကြသည်။ အမျိုးသားများက သူတို့၏ ထိုင်ခုံတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အချို့က သေသေချာချာ မြင်တွေ့နိုင်ရန် မတ်တတ်ထပြီး ကြည့်ကြသည်။ မစ်တယာသည် သူမ ဝင်ရောက်လာသည်နှင့် တပြိုင်နက် 'ထုံးလို ဖြူဖွေးသွားသည်' ဟု အားလုံးပင် နောက်ပိုင်းတွင် ပြောကြသည်။ သူမက တကိုယ်လုံးတွင် အနက်ဆင်ထားပြီး ခြေတလှမ်း ကုဋေတသန်းဟန်ဖြင့် လျှောက်သွားသည်။ မရဲတရဲကလေးဟုပင် ဆိုနိုင်သည်။ သူမအနေနှင့် စိတ်လှုပ်ရှားခြင်း ရှိ မရှိကို သူမ၏ မျက်နှာတွင် ကြည့်ပြီး မပြောနိုင်ပါ။ သို့သော် သူမ၏ ညိုမှောင်ရီရွှန်းသော မျက်လုံးများတွင်မူကား ပြတ်သား ခိုင်ကျည်မှုကို တွေ့နေရပါသည်။ သို့သော် ကျွန်ုပ် တခု ပြောရပါမည်။ သူမသည် ထိုအချိန်က အထူးပင် လှပချောမောနေသည်ဟု အများကပင် ထင်မြင်ယူဆကြပါသည်။ သူမက တိုးတိုး ညင်ညင်ကလေးပင် ပြောဆိုသည်။ သို့သော် သူမ၏အသံက ပြတ်သားသဖြင့် တရုံးလုံးကပင် ကောင်းစွာ ကြားနိုင်သည်။ သူမက အထူးပင် တည်ငြိမ်လျက်ရှိသည်။ သို့မဟုတ် တည်ငြိမ်သည့် အသွင်ကို တတ်နိုင်သမျှ ဆောင်ထားသည်။

တရားသူကြီးဥက္ကဋ္ဌက သူမကို အထူး သတိထားပြီး အထူး တန်ဖိုးထား လေးစားစွာဖြင့် မေးမြန်းသည်။ 'သံစဉ်ကြိုး' အချို့ကို ထိခတ်ရန် စိုးရွံ့သည့်အလား ဖြစ်သည်။ သူမအနေနှင့် မကြည်မသာ မရွှင်မလန်း ဖြစ်သွားမည်ကို အထူးတလည် ညှာတာထောက်ထားဟန်ဖြင့် ဖြစ်သည်။ သို့သော် ကက်ထရီးနားကိုယ်တိုင်ကမူ အစ ပထမပိုင်းမှာပင် မေးခွန်းတခုကို ဖြေကြားရာ၌ သူသည် 'သူမကို သူ့သဘောနှင့်သူ စွန့်လွှတ်သွားသည့်အချိန်အထိ' သူမနှင့် စေ့စပ်ထားကြောင်းကို အခိုင်အမာ ပြောဆိုသည်။ သူမ၏ ဆွေမျိုးများထံ စာတိုက်မှ ပေးပို့ရန် မစ်တယာအား

ငွေသုံးထောင် ပေးလိုက်သည့်ကိစ္စကို မေးမြန်းသောအခါတွင်ကား သူမက ပြတ်သားစွာ ဖြေဆိုသည်။

"ကျွန်မက ဒီပိုက်ဆံတွေကို စာတိုက်ကို ပို့ပေးဖို့သက်သက် သူ့ကို ပေးလိုက်တာ မဟုတ်ပါဘူး။ အဲဒီအချိန်က သူ့မှာ ငွေသိပ်လိုနေတယ်ဆိုတာကို ကျွန်မ သိပါတယ်၊ ဒီ ငွေသုံးထောင်ကို သူ့အနေနဲ့ တလအတွင်းမှာ ပို့ရင် ပြီးရောဆိုတဲ့သဘောနဲ့ သူ့ကို ကျွန်မ ပေးလိုက်တာပါ၊ ဒီကြွေးကိစ္စအတွက် သူ့အနေနဲ့ နောက်ပိုင်းမှာ ဘာမှ ဒါလောက် ပူစရာ မလိုပါဘူး"

သူမအား မေးသော မေးခွန်းများနှင့် ပတ်သက်ပြီး သူမက ဆက်လက်ထွက်ဆိုသွားသည်မှာ ...

"သူ့အနေနဲ့ ဒီပိုက်ဆံကို သူ့အဖေဆီက ရရချင်း စာတိုက်ကနေ ပို့နိုင်တဲ့အချိန် လုံလုံလောက်လောက် ရှိတယ်လို့ ကျွန်မ ယုံကြည်ထားပါတယ်။ ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် သူဟာ အင်မတန် ရိုးသားတယ်၊ နည်းနည်းကလေးမှ ကိုယ်ကျိုးမငဲ့ကွက်ဘူးဆိုတာကို၊ သူတော်ကောင်းတရားနဲ့ ညီညွတ်တဲ့ ရိုးသားမှုကို ကျွန်မ အမြဲတမ်း ယုံကြည်စိတ်ချထားပါတယ်၊ အဲဒီအကြောင်းကို သူ ကျွန်မကို ခဏခဏ ပြောပါတယ်၊ သူနဲ့ သူ့အဖေနဲ့ကြားမှာ မပြေမလည်ဖြစ်နေတယ်ဆိုတာကိုလည်း ကျွန်မ သိပါတယ်။ အဲဒီကိစ္စမှာရော ကျွန်မ နားလည်ထားပါတယ်၊ သူ့အနေနဲ့ သူ့အဖေကို ခြိမ်းခြောက်ခဲ့တယ်ဆိုတာကို ကျွန်မ မသိပါဘူး၊ ကျွန်မရှေ့မှာတော့ ဒီအကြောင်းနဲ့ ပတ်သက်လို့ သူ ဘာမှမပြောပါဘူး၊ ခြိမ်းခြောက်တဲ့ စကားမျိုး တခါမျှ မပြောခဲ့ဖူးပါဘူး။ အဲဒီအချိန်တုန်းက ကျွန်မဆီကိုသာ သူ လာခဲ့ရင် အဲဒီငွေသုံးထောင်နဲ့ ပတ်သက်ပြီး သူ စိတ်ချမ်းသာ လက်ချမ်းသာ ဖြစ်အောင် ကျွန်မ လုပ်မှာပဲ၊ ဒါပေမဲ့ ကျွန်မဆီကို သူ တခေါက်မှ မလာဘူး၊ နောက်ပြီးတော့ ကျွန်မအနေနဲ့လည်း သူ့ကို လာပါလို့ ပြောနိုင်တဲ့ အခြေအနေမှာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့" သူမက ချက်ချင်းပင် ဆက်ပြီး ပြောသည်။ သူမ၏ အသံတွင် ခိုင်မာပြတ်သားမှုရှိသည်။ "ကျွန်မအနေနဲ့လည်း ဒီပိုက်ဆံကို ဘယ်လိုနည်းနဲ့မှ ပြန်ပြီးတောင်းနိုင်တဲ့ အခွင့်အရေး မရှိပါဘူး၊ ကျွန်မကိုယ်တိုင်လည်းပဲ တခါတုန်းက ငွေသုံးထောင်ထက်မကတဲ့ ငွေတွေကို သူ့ဆီက ချေးခဲ့ဖူး ပါတယ်။ အဲဒီငွေတွေကို သူ့ဆီက ယူခဲ့တုန်းကဆိုရင် ကျွန်မဟာ အဲဒီငွေတွေကို ပြန်ပြီးဆပ်နိုင်တဲ့ အခြေအနေမှာ မရှိပါဘူး"

သူမက မည်သည့်အရာကိုမျှ ပမာမထားသည့် လေသံဖြင့် ပြောလိုက်သည်။ ဤနေရာတွင် ဖီကျူ ကိုဗစ် ပြန်လှန်မေးမြန်းခြင်း စတင်သည်။

"ဒီအဖြစ်အပျက်ဟာ ဒီမြို့မှာ ဖြစ်တာမဟုတ်ဘူး၊ အမျိုးသမီးနဲ့ သူနဲ့

သိက္ခာမြင့်မားတာ မဟုတ်လား"

ဖီကျူကိုဗစ်သည် အခြေအနေကို တွက်စစ်နေပြီး သူ့ဘက်မှ အလေးသာလာပြီဟု ယူဆသော အချိန်တွင် အထူးသတိထားပြီး မေးလိုက်ခြင်း ဖြစ်သည်။

(ဤနေရာတွင် စကားညှပ်အနေဖြင့် ကျွန်ုပ် တခုပြောရပါမည်။ သူ့ကို ပီတာစဘတ်မှ ငှားရမ်း ခေါ်ဆောင်သူများတွင် ကက်ထရီးနား တယောက် အပါအဝင် ဖြစ်သော်လည်း မစ်တယာက သူမကို ငွေငါးထောင်ပေးသည့် ဇာတ်လမ်းနှင့် သူမက သူ၏ရှေ့မှောက်တွင် 'နဖူးနှင့်ကြမ်းပြင်ထိအောင်' ဦးညွှတ်ခဲ့သည့်အဖြစ်ကို ဖီကျူကိုဗစ် မသိပါချေ။ သည်အကြောင်းကို သူမက သူ့ကို ပြောမပြခဲ့ပါ။ ဖုံးကွယ်ထားခဲ့သည်။ ယင်းမှာ ထူးခြားချက်တခု ဖြစ်သည်။ တခုပဲ ယူဆစရာ ရှိပါသည်။ ဤဇာတ်လမ်းကို တရားရုံးတွင် ပြောဆိုမည် မပြောဆိုမည်ကို သူမကိုယ်တိုင်လည်း နောက်ဆုံး အချိန် ရောက်သည်အထိ မသိရှိခြင်း ဖြစ်ပါသည်။ စိတ်ထဲတွင် လှုံ့ဆော်မှု ဖြစ်လာသည်ကို စောင့်ဆိုင်းနေဟန် ရှိပါသည်)။

"အဲဒီကာလကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး"

ယင်းသို့ဖြင့် သူမ၏ဇာတ်လမ်းကို စတင်ပြောကြားသည်။ အစကနေ အဆုံးအထိ ပြောပြသည်။ မစ်တယာက အလျှိုရှာကို ပြောသော ဇာတ်လမ်းတခုလုံးပင် ဖြစ်သည်။ 'နဖူးနှင့်ကြမ်းပြင်ထိအောင် ဦးတိုက်ခြင်း' နှင့် သူမ၏ အကြောင်းပြချက်များ၊ သူမ၏ ဖခင်အကြောင်း၊ သို့သော် 'ပိုက်ဆံကို လိုချင်ရင် ကက်ထရီးနားကို လွှတ်လိုက်' ဟု သူမ၏အစ်မအား မစ်တယာက ပြောဆိုသည့် အကြောင်းကိုကား တလုံးတပါဒမျှ သို့မဟုတ် အရိပ်အမြွက်ကလေးမျှ ထည့်သွင်းပြောဆိုခြင်း မပြုပါ။ သူမက စိတ်သဘောထား အပြည့်အဝဖြင့် ထိုအချက်ကို ဖုံးကွယ်ထားပြီး လူငယ်အရာရှိ ကလေး တဦးထံသို့ တစုံတခုကို မျှော်လင့်လျက်၊ သူ့ထံမှ ပိုက်ဆံရရန် မျှော်ကိုးလျက် သူမဘာသာ သူမသဘောနှင့် သွားရောက်ကြောင်း လူပုံအလယ်တွင် မရှက်မကြောက် ထွက်ဆိုသွားပါသည်။

သူမလုပ်ပုံက မိုက်မဲလွန်းလှသည်။ သူမ၏ ပြောဆိုချက်များကို နားထောင်နေရင်း ကျွန်ုပ်တကိုယ်လုံး အေးစက်ပြီး တုန်ယင်သွားပါသည်။ တရားရုံးအတွင်းရှိ လူအားလုံးပင် စကားလုံးတိုင်းကို မကြားလိုက်ရ မရှိအောင် အားစိုက်ပြီး နားထောင်နေကြရသဖြင့် အသက်ပင် မှန်မှန်မရှူနိုင်ဘဲ ရှိကြသည်။ သည်အဖြစ်မျိုး အရင်က မရှိခဲ့ဖူးပါ။ သူမလို စိတ်ဓာတ် မြင့်မားပြီး မာန်မာနကြီးသော အမျိုးသမီးတယောက်ထံမှ ယခုလို ပွင့်လင်းသော၊ ယခုလို အနစ်နာခံသော၊ ယခုလို ကိုယ့်ကိုယ်ကိုယ် ချေမှုန်းဖျက်ဆီးသော စကားမျိုး ကြားရလိမ့်မည်ဟု လုံးဝမျှော်လင့်စရာ မရှိပါ။

သူမက မည်သည့်အတွက် ယခုလို ထွက်ဆိုသနည်း၊ မည်သူ့အတွက် ထွက်ဆိုချေသနည်း၊ သူမကို လိမ်လည်လှည့်ဖြားပြီး စော်ကားသည့် လူတယောက်ကို ကယ်တင်ရန် ဖြစ်သည်။ သူ၏ လွတ်မြောက်ရေးအတွက် လူတွေက သူ့အပေါ်တွင် အကောင်းမြင်လာအောင် တတ်အားသမျှ ကြိုးပမ်း အားထုတ်လိုက်ခြင်းပင် ဖြစ်သည်။

အမှန်တကယ်တွင်လည်း အပြစ်ကင်းမဲ့သော မိန်းကလေးတယောက်ကို ဦးညွှတ်ပြီး ငွေငါးထောင်၊ သူ့တွင် ချမ်းသာသမျှ အားလုံးကို အမျိုးသမီးအား ပေးလိုက်သော လူရွယ် အရာရှိကလေး၏ စရိုက်သည် ကြင်နာသနားဖွယ်ရာနှင့် ချစ်ခင်နှစ်လိုဖွယ်ရာ ပေါ်လွင်လာတော့သည်။ သို့သော် ကျွန်ုပ်၏ရင်ထဲတွင် အထူးပင် နာကျင်ထိခိုက်သွားရသည်။ ဤသို့ ပြောဆိုခြင်းအားဖြင့် နောက်ပိုင်းတွင် အရှက်တကွဲ အကျိုးနည်းစရာတွေ ဖြစ်လာနိုင်သည်။ (တကယ်လည်း ဖြစ်လာပါ သည်)။ နောက်ပိုင်းတွင် မြို့ပေါ်ရှိ လူတွေအားလုံးကပင် လှောင်ပြောင်ရယ်မောခြင်း ပြုကြသည်။ သူမပြောသွားသော ဇာတ်လမ်းသည် မပြည့်စုံကြောင်း၊ အထူးသဖြင့် အရာရှိကလေးက အမျိုးသမီး ကလေးကို ရိုသေလေးစားစွာ ဦးညွှတ်ပြီး ပြန်လွှတ်လိုက်ခြင်းသည် အမှန်တကယ် မဖြစ်နိုင်ဟု ဆိုကြသည်။ သည်နေရာတွင် တခုခု 'မြုပ်ကွက်' ရှိနေရမည်ဟု ဆိုသည်။ အကယ်၍ ဘာတခုမျှ ခြွင်းချန်ထားခြင်း မရှိဘဲ အားလုံး အမှန်တွေချည်းဆိုလျှင်လည်း မိန်းကလေးတယောက်အနေနှင့် သူ့အဖေ၏ဂုဏ်သိက္ခာကို ကယ်တင်ရန်အတွက် ဖြစ်စေဦးတော့ ဤလိုမျိုး ပြုမူသည်မှာ အများကြီးပင် စဉ်းစားစရာ ကောင်းသည်ဟု ကျွန်ုပ်တို့မြို့မှ ဂုဏ်သရေရှိ အမျိုးသမီး တော်တော်များများက ပြစ်တင်ပြောဆိုကြသည်။

သို့ရာတွင် ကက်ထရီးနားလို အသိဉာဏ်ရှိသော အမျိုးသမီးတယောက်သည် ဤသို့ ပြောကြားသည့် အတွက် နောက်ပိုင်းတွင် လူတွေက သူမကို ပြောကြဆိုကြမည်ကို သေသေချာချာ သိလျက်နှင့်ပင် တလုံးမကျန် ပြောဆိုရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ပေါက်ပေါက်ရှာရှာ သံသယကလေးများသည် နောက်ပိုင်းတွင်မှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သူမ ထွက်ဆိုသွားသောအချိန်ကမူ အားလုံးကပင် သူမအတွက် စိတ်ထိခိုက်ကြရသည်။ တရားရေး အဖွဲ့ဝင်များ အားလုံးကပင် တလေးတစား နားထောင်ကြသည်။ အစိုးရရှေ့နေကလည်း မေးခွန်း တခုတလေမျှပင် မေးမြန်းခြင်း မပြုပါ။ ဖီကျူကိုဗစ်ကမူ သူမကို အားရပါးရကြီးပင် ဦးညွှတ်လျက် ရှိတော့သည်။ တကယ်ပင် သူ အောင်ပွဲရသလောက်ပင် ဖြစ်တော့သည်။ အတော်များများကြီးပင် ရရှိသည်။ သူ့တွင် ရှိသမျှ ငွေ ငါးထောင်ကို ရက်ရောစွာ ပေးကမ်းလိုက်သူတဦးသည် နောက်ပိုင်းတွင် ငွေကလေးသုံးထောင်အတွက် သူ့အဖေကို သတ်သည်ဆိုခြင်းမှာ မည်သို့မျှ

ကျိုးကြောင်းညီညွတ်ခြင်း မရှိပါ။ ဖီကျူကိုဗစ်အနေနှင့် အနည်းဆုံး လူသတ်မှုကိုတော့ ချေဖျက်ပစ်နိုင်မည် ဖြစ်သည်။

ယင်းသို့ဖြင့် 'အမှု' သည် ရုတ်ခြည်းဆိုသလိုပင် အသွင်တမျိုး ပြောင်းလာတော့သည်။ မစ်တယာ အပေါ်တွင် စာနာထောက်ထားခြင်းများ ဖုံးလွှမ်းလာတော့သည်။ သို့သော် မစ်တယာအနေနှင့်မူ ကက်ထရီးနား ပြောဆိုနေစဉ်အတွင်း တကြိမ် နှစ်ကြိမ်ဆိုသလို ထိုင်ရာမှ ခုန်ထသည်။ ထို့နောက် ခုံပေါ်တွင် ပြန်ပြီး ထိုင်ကျသွားသည်။ သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။ သို့သော် ကက်ထရီးနား အစစ်ခံချက် ပြီးဆုံးသွားသောအခါတွင် သူသည် ရုတ်ခြည်းဆိုသလိုပင် ငိုသံပါကြီးနှင့် ဟစ်အော်လိုက်သည်။

"ကက်တယာ ... မင်း ဘာဖြစ်လို့ ငါ့ကို ဖျက်ဆီးရတာလဲ"

ထို့နောက် ကျယ်လောင်စွာ သူ ငိုရှိုက်နေသည်။ သူ၏ငိုရှိုက်သံကို တရုံးလုံးကပင် ကြားရသည်။ သို့ရာတွင် သူ့ကိုယ်သူ ချက်ချင်းပင် ပြန်လည်ထိန်းသိမ်းလိုက်ပြီး ဟစ်အော်ပြန်သည်။

"ငါ အခု အပြစ်ဒဏ်ကို ခံရပြီ"

ထို့နောက် သူသည် နေရာတွင် တောင့်တောင့်ကြီး ထိုင်ပြီး အံသွားများကို ကြိတ်ကာ လက်နှစ်ဖက်ကို ရင်ဘတ်တွင် တင်းကျပ်စွာ ပိုက်ထားသည်။

ကက်ထရီးနား တရားရုံးတွင် ဆက်လက် ထိုင်နေသည်။ သူမအတွက် သတ်မှတ်ထားသော ကုလားထိုင်တွင် ထိုင်နေသည်။ သူမသည် ဖြူဖပ်ဖြူရော်ဖြစ်နေပြီး မျက်လုံးများကို အောက်သို့ စိုက်ထားသည်။ သူမသည် အဖျားတက်သလိုပင် တုန်ယင်လျက်ရှိကြောင်း သူမ၏အနီးတွင် ထိုင်နေသူများက ပြောဆိုကြသည်။ ထို့နောက် အစစ်ခံမည့်သူမှာ ဂရူရှင်ကာ ဖြစ်သည်။

ယခုအခါတွင် ကျွန်ုပ်သည် ဖြုန်းခနဲ ဝရုန်းသုန်းကား ဖြစ်ရသည့်အကြောင်းကို ပြောရတော့မည် ဖြစ်သည်။ ဖြုန်းဖြုန်းဒိုင်းဒိုင်းကြီးပင် ကျရောက်လာခြင်း ဖြစ်သည်။ အကယ်၍သာ သည်အကြောင်း ဖြစ်ပေါ်မလာခဲ့လျှင် တရားခံသည် အပြစ်မှ လျှော့ပေါ့သက်သာနိုင်သည်ဟု ကျွန်ုပ် ထင်မိပါသည်။ လူအားလုံးကလည်း သည်အတိုင်းပင် ထင်ကြပါသည်။ ဥပဒေပညာရှင်များ အပါအဝင် ဖြစ်သည်။ သို့သော် ဤအကြောင်းကို နောက်မှပြောမည်။ လောလောဆယ်တွင် ဂရူရှင်ကာအကြောင်း အနည်းငယ် ပြောရပေဦးမည်။

သူမလည်း တကိုယ်လုံးပင် အနက်ရောင် ဆင်ထားသည်။ လှပသားနားသော မဟူရာတဘက်က သူမ၏ ပခုံးပေါ်တွင် လွှမ်းတင်လျက် ရှိသည်။

သူမက သက်သေခံရာ နေရာဆီသို့ ညင်သာသိမ်မွေ့ စွာ လှမ်းလျှောက်သွားသည်။ ပြည့်ဖြိုးရွှမ်းအိသော အမျိုးသမီးတို့၏ ထုံးစံအတိုင်း ဘယ်ညာ ယိမ်းနွဲ့လျက် ရှိသည်။ သူမက လက်ဝဲဘက်သို့လည်း မကြည့်၊ လက်ယာဘက်သို့လည်း မကြည့်ဘဲ တရားသူကြီးဥက္ကဋ္ဌဆီသို့ တည့်တည့်ကြီး ကြည့်လျက်ရှိသည်။ ကျွန်ုပ်၏အထင်ကို ပြောရလျှင်မူ သူမသည် ထိုအချိန်က အလှပဆုံးပင် ဖြစ်သည်။ နောက်ပိုင်းတွင် အမျိုးသမီးများ ပြောသလို ဖြူရော်နေခြင်းလည်း မရှိပါ။

ထို့ပြင် သူတို့က သူမကို ကြည့်ရသည်မှာ မျက်နှာကြောတင်းပြီး ရန်စွယ်နှင့် ငေါငေါပဲ ဟု ဆိုကြပါသည်။ ကျွန်ုပ်၏ အမြင်တွင်မူ သူမသည် အတင်းအဖျင်း လောကကြီး၏ စူးစမ်းစပ်စုလွန်းပြီး အထင်သေးအမြင်သေးနိုင်လှသော မျက်လုံးများကို မကျေမနပ် ရှိပြီး မခံချိမခံသာ ဖြစ်နေခြင်းဟုသာ ထင်ပါသည်။ သူမက မာနရှိသူတဦးဖြစ်သဖြင့် သူတပါး အထင်အမြင်သေးမည်ကို သည်းမခံတတ်ပါ။ သူမက အထင်အမြင်သေးသည့်သဘောကို အရိပ်အမြွက်ကလေးမျှ တွေ့ရသည်ဆိုလျှင်ပင် ဝုန်းခနဲ ဒေါသဖြစ်ပြီး ချက်ချင်းပင် ပြန်လည် လက်တုံ့ပြန်တတ်သော လူစားမျိုး ဖြစ်ပါသည်။ ထို့ပြင် သူမသည် ရွံ့တွံ့တွံ့ ရှန့်တန့်တန့်ရှိနေပြီး ယင်းကဲ့သို့ ရွံ့တွံ့တွံ့ ရှန့်တန့်တန့် ရှိနေသည်ကို သူမ၏ စိတ်ထဲတွင် ရှက်နေပြီး အစစ်ခံသောအခါတွင် သူမ၏အသံက ပြောင်းလဲနေခြင်း ဖြစ်တော့သည်။ တခါတခါတွင် ဒေါသသံပါလာပြီး ကြမ်းတမ်းမာကျောနေတတ်သော်လည်း တခါတခါကျတော့ လည်း မိမိကိုယ်ကို အပြစ်ဆိုနေသော အသံမျိုးကို တွေ့ရှိရပါသည်။ တခါတခါတော့လည်း သူမ ဖြေပုံက သူမကိုယ်သူမက အသူတရာနက်သော ချောက်ကြီးထဲသို့ ဆွဲနှစ်လိုက်သည့်အလား ဖြစ်သည်။ “ဘာကြီးပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ ကျွန်မ ပြောမှာပဲ...” ဖျိုဒါကာရာမာဇော့နှင့် ကိစ္စကို မေးမြန်းသောအခါ သူမက ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

“အို အလကားဟာတွေပါ။ ကျွန်မကို လိုက်ပြီး နှောင့်ယှက်နေတာ ကျွန်မ အပြစ်လား”

သို့သော် တခဏအကြာတွင် သူမက ဆက်ပြီး ပြောသည်မှာ ...

“အို .. ဟုတ်တယ်၊ ကျွန်မ အပြစ်တွေပါပဲ၊ ကျွန်မက သူတို့နှစ်ယောက်စလုံးကို ကစားခဲ့တာပဲ၊ အဘိုးကြီးနဲ့ သူ့ကိုပေါ့၊ သူတို့နှစ်ယောက်စလုံးကို ဒီအခြေအနေ ရောက်စေခဲ့တာပဲ၊ အခုဖြစ်ရတာတွေ အားလုံးဟာ ကျွန်မကြောင့်ပဲ”

ဆမ်ဆိုနော့နှင့် ပတ်သက်၍မူ ...

“ဒါ ဘယ်သူနဲ့မှ မဆိုင်ပါဘူး” မည်သူ့ကိုမျှ အမှုမထားဟန်မျိုးဖြင့် သူမက

ပြောကြားသည်။ “သူက ကျွန်မရဲ့ကျေးဇူးရှင်ပဲ၊ ကျွန်မကို ကျွန်မမိဘတွေက နှင်ထုတ်လိုက်လို့ ဖိနပ်မရှိဘဲ လမ်းပေါ် လျှောက်သွားနေတဲ့အချိန်မှာ သူက ကျွန်မကို ကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ”

ထိုအခါ တရားသူကြီးဥက္ကဋ္ဌက မေးမြန်းသော မေးခွန်းများကိုသာ အတိအကျ ဖြေဆိုရန်နှင့် မလိုအပ်သော အသေးစိတ်များကို မပြောကြားရန် သတိပေးသည်။ သို့သော် ယဉ်ကျေးချိုသာစွာ ပြောဆိုခြင်း ဖြစ်သည်။ ဂရုရှင်ကာ မျက်နှာနီမြန်းသွားပြီး မျက်တောင် တဖျပ်ဖျပ် ခတ်သွားသည်။ ပိုက်ဆံထည့်ထားသော စာအိတ်ကို သူမ မမြင်ဖူးပါ။ ဖျိုဒါ ကာရာမာဇော့တွင် ငွေသုံးထောင် ထည့်ထားသော စာအိတ်ရှိကြောင်း ‘လူယုတ်မာ’ ထံမှသာ သူမ ကြားသိရသည်။

“ဒါပေမဲ့ ဘာမှ အဓိပ္ပာယ်မရှိတဲ့ဟာတွေပဲ၊ ကျွန်မအနေနဲ့ ရယ်စရာလုပ်နေတာပဲ၊ ကျွန်မ သူ့ဆီကို ဘာအတွက်နဲ့မှ မသွားပါဘူး”

“လူယုတ်မာဆိုတာ ဘယ်သူ့ကို ပြောတာလဲ”

အစိုးရရှေ့နေက မေးလိုက်သည်။

“သူ့သခင်ကို သတ်ပြီး သူ့ကိုယ်သူ မနေ့က ကြိုးဆွဲချသေသွားတဲ့ အစေခံ ဆမာယာကော့ပဲပေါ့”

ထိုအခါ သူမအနေနှင့် အဘယ်ကြောင့် ဤကဲ့သို့ စွပ်စွဲနိုင်သနည်းဟု ချက်ချင်းပင် မေးမြန်းသည်။ သူမအနေနှင့်လည်း မည်သို့မျှ အကြောင်းပြနိုင်ခြင်း မရှိပါ။

“ဒီမီထရီ ကာရာမာဇော့က ကျွန်မကို သူကိုယ်တိုင် ပြောတာပဲ၊ သူပြောတဲ့စကားကို ယုံရမယ်၊ ကျွန်မတို့ နှစ်ယောက်ကြားမှာ ဝင်လာတဲ့ အမျိုးသမီးက သူ့ကို ဖျက်ဆီးခဲ့တာပဲ၊ ဟုတ်တယ်၊ သူဟာ ဒီကိစ္စတွေ အားလုံးရဲ့တရားခံပဲ”

ဂရုရှင်ကာက ပြောလိုက်သည်။ သူမက မုန်းတီးစိတ်များဖြင့် တုန်ယင်လျက် ရှိသည်။ သူမ၏ အသံတွင် မနာလို ဝန်တိုမှုများ ဖုံးလွှမ်းနေသည်။ အမျိုးသမီးဆိုသည်မှာ မည်သူ့ကို ဆိုလိုကြောင်း သူမအား မေးမြန်းပြန်သည်။

“ဟိုမှာ ထိုင်နေတဲ့ အမျိုးသမီး၊ ကက်ထရီးနား အိုက်ဗင်နိုဗာပဲပေါ့။ သူက ကျွန်မကို သူ့ဆီကိုခေါ်ပြီး ချောကလက်တခွက်တိုက်ပြီး ကျွန်မကို ဖမ်းစားဖို့ ကြိုးစားတယ်၊ သူ့မှာ အရှက်တရားဆိုတာ မရှိဘူး၊ အဲဒါက အဓိကပြဿနာပဲ”

ဤနေရာတွင် တရားသူကြီးဥက္ကဋ္ဌက သူမကို သတိပေးသည်။ စကားအသုံးအနှုန်း ဆင်ခြင်ရန် ပြောကြားသည်။ သို့သော် မနာလိုဝန်တိုမှုများ ဖုံးလွှမ်းနေသော အမျိုးသမီး၏နှလုံးသားတွင် မုန်းတီးမှုများ အရှိန်ညီးညီး ရှိနေသဖြင့် သူမအနေနှင့် ဘာစကားတွေပြောပြီး ဘာတွေလုပ်သည်ကို အမှုမထားနိုင်တော့ပါ။

"တရားခံကို မိုကရိုယီမှာ ဖမ်းတုန်းက မစ္စဆဇက်လော့ (ဂရုရှင်ကာ) တဖက်ခန်းထဲက ပြေးထွက်လာပြီး 'အို ... ကျွန်မ အပြစ်ပါ၊ ကျွန်မတို့ ဆိုက်ဗေးရီးယားကို အတူတူ သွားမယ်' လို့ ပြောတာကို အဲဒီမှာရှိတဲ့ လူတွေအားလုံး မြင်ကြ ကြားကြပါတယ်၊ အဲဒီတော့ မစ္စဆဇက်လော့ဟာ အဲဒီအချိန်ကတည်းက သူ့အဖေကို သူသတ်တယ်ဆိုတာကို သေချာနေတယ် မဟုတ်ပါလား"

အစိုးရရှေ့နေက မေးလိုက်သည်။

"ဒီအချိန်တုန်းက ကျွန်မစိတ်ထဲမှာ ဘယ်လိုထင်နေသလဲဆိုတာ ကျွန်မ မမှတ်မိပါဘူး၊ လူတွေ အားလုံးကလည်း သူ့အဖေကို သူသတ်တယ်လို့ ဝိုင်းပြီး ပြောနေကြတဲ့အခါမှာ သူ့အဖေကို သူသတ်တာ ကျွန်မကြောင့်ပဲ၊ ကျွန်မအပြစ်ပဲလို့ ကျွန်မစိတ်ထဲမှာ ထင်လိုက်မိတယ်။ ဒါပေမဲ့ သူ့အနေနဲ့ အပြစ်မရှိဘူးလို့ ပြောတဲ့အခါမှာ သူ့စကားကို ချက်ချင်းပဲ ယုံလိုက်တယ်၊ အခုလည်း သူပြောတာကို ကျွန်မ ယုံနေတယ်၊ နောက်လည်း ယုံနေမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မုသားပြောတတ်တဲ့ လူတယောက် မဟုတ်လို့ဘဲ"

ဖီကျူကိုဗစ် ပြန်လှန်မေးခွန်း မေးမြန်းခြင်း စတင်သည်။ သူ မေးမြန်းသော မေးခွန်းများအနက် ရာကီတင်နှင့် နှစ်ဆယ့်ငါးရူဗယ်အကြောင်း ကျွန်ုပ် မှတ်မိနေသည်။

"မစ္စဆဇက်လော့ (ဂရုရှင်ကာ) ဆီကို အလက်ဇီ ကာရာမာဇော့ကို ခေါ်လာပေးတဲ့အတွက် သူ့ကို နှစ်ဆယ့်ငါးရူဗယ် ပေးခဲ့တယ် မဟုတ်လား"

"သူ့အနေနဲ့ အဲဒီပိုက်ဆံကို ယူတာ ဘာမှ အံ့သြစရာ မရှိပါဘူး" ဂရုရှင်ကာ မထီတရီ ပြုံးလိုက်ပြီး ပြောသည်။ "သူက ကျွန်မဆီက ပိုက်ဆံတောင်းရအောင် အမြဲတမ်း လာနေတာပဲ၊ သူဟာ ကျွန်မဆီက တလကို အနည်းဆုံး ရူဗယ် သုံးဆယ်လောက် ရပြီး အပျော်သက်သက် သုံးပစ်နေတာပဲ၊ သူ့မှာ ကျွန်မဆီက အထောက်အပံ့ မလိုဘဲနဲ့ စားနိုင်သောက်နိုင်တဲ့ အခြေအနေ ရှိပါတယ်"

"ဒါပေမဲ့ မစ္စဆဇက်လော့အနေနဲ့ ဘာဖြစ်လို့ မစ္စတာရာကီတင်အပေါ်မှာ စေတနာ သဒ္ဓါတရားတွေ ရှိနေရတာလဲ"

တရားသူကြီးဥက္ကဋ္ဌက တားမြစ်ရန် ကြိုးစားနေသည့်ကြားကပင် ဖီကျူကိုဗစ်က လျင်မြန်စွာ မေးလိုက်သည်။

"သူက ကျွန်မရဲ့မောင်ဝမ်းကွဲပဲ၊ ကျွန်မအမေက သူ့အမေရဲ့အစ်မပဲ၊ ဒါပေမဲ့ သူက ဒီအကြောင်းကို ဒီမှာရှိတဲ့လူတွေကို မပြောဖို့ တောင်းပန်ထားတယ်၊ သူက ကျွန်မနဲ့ အမျိုး တော်ရတာကို သေမလောက် ရှက်နေတယ်"

ဤသတင်းက လူတိုင်းကိုပင် အံ့သြစေတော့သည်။ ဤအကြောင်းကို မြို့ပေါ်မှ လူများလည်း မသိပါ။ ဘုန်းကြီးကျောင်းတိုက်မှ ပုဂ္ဂိုလ်များလည်း မသိပါ၊ မစ်တယာပင် မသိရှိပါ။

ဂရူရှင်ကာ တရားရုံးအတွင်းသို့ ရောက်ရှိမလာမီကတည်းကပင် ရာကီတင်အနေနှင့် မစ်တယာကို ဆန့်ကျင်ပြီး ထွက်ဆိုသွားကြောင်း တနည်းနည်းနှင့် သိရှိထားသဖြင့် ယခုကဲ့သို့ ဒေါသဖြစ်ပြီး အမှန်ကို ဖွင့်ထုတ်လိုက်ခြင်း ဖြစ်သည်။

မစ္စတာရာကီတင်၏ ပြောကြားချက် တခုလုံး၊ ယင်း၏ ကြီးကျယ်ခမ်းနားသော အယူအဆများ အားလုံး၊ ရုရှားနိုင်ငံ၏ ပရမ်းပတာ ဖြစ်နေသော နိုင်ငံရေးအခြေအနေနှင့် ကျေးကျွန်စနစ် အပေါ်တွင် သူ၏ ထိုးနှက်တိုက်ခိုက်ခဲ့မှုများ အားလုံး၊ ပရိသတ်အပေါ်တွင် လွှမ်းမိုးသက်ရောက်မှုများ အားလုံးသည် ယခုအခါတွင် ပျက်စီးဆိတ်သုဉ်းသွားချေပြီတည်း။

အချုပ်ကို ပြောရလျှင် ဂရူရှင်ကာကို စစ်ဆေးမေးမြန်းခြင်းသည့်အချိန် သိပ်မကြာလှပါ။ သူမ၏ အစစ်ခံချက်တွင် အထောက်အထားသစ်များ မပါရှိပါ။ ပရိသတ်၏ အမြင်တွင် သူမသည် မကျေနပ် မနှစ်သက်ဖွယ်ရာပင် ဖြစ်တော့သည်။ မျက်လုံးပေါင်း အရာအထောင်က သူမကို ရွံရှာစက်ဆုပ်စွာဖြင့် ကြည့်ရှုနေကြသည်။

သူမသည် အစစ်ခံ၍ ပြီးစီးသွားသောအခါ တရားရုံးအတွင်း ကက်ထရီးနားနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသည်။ သူမကို စစ်ဆေးမေးမြန်းနေစဉ် ကာလတလျှောက်လုံးပင် မစ်တယာသည် ငြိမ်သက် တိတ်ဆိတ်လျက် ရှိသည်။ သူ၏ မျက်လုံးများကို ကြမ်းပြင်ပေါ်သို့ ငေးစိုက်ထားသည်။ ဂရူရှင်ကာ၏ နောက်တွင် အစစ်ခံရမည့်သူမှာ အိုက်ဗင် ဖြစ်သည်။

၅။ ဖြုန်းခနဲ ဝရုန်းသုန်းကား ဖြစ်ပွားခြင်း

အမှန်အတိုင်း ဆိုရလျှင် သူသည် အလျှိုရှာ၏အရင် အစစ်ခံရမည် ဖြစ်သည်။ သို့ရာတွင် သက်သေသည် ရုတ်တရက် နေမကောင်းဖြစ်လာသဖြင့် လောလောဆယ်အချိန်တွင် အစစ် မခံနိုင်သေးဘဲ ရောဂါသက်သာသွားသည်နှင့် တပြိုင်နက် အစစ်ခံမည်ဖြစ်ကြောင်း ရှေ့တော်ပြေးက တရားသူကြီးဥက္ကဋ္ဌကို လျှောက်ထားသည်။ သို့သော် ထိုသို့လျှောက်ထားသည်ကို မည်သူမျှ မကြားလိုက်ဘဲ နောက်မှ သိရှိကြရခြင်း ဖြစ်သည်။

တရားရုံးအတွင်းသို့ သူ ဝင်ရောက်လာခြင်းကို ပထမတွင် မည်သူမျှ ဂရုမပြုမိကြပါ။ အခါက သက်သေများ၊ အထူးသဖြင့် ပြိုင်ဘက် အမျိုးသမီးနှစ်ယောက်ကို စစ်ဆေး၍ ပြီးသွားပြီ ဖြစ်သည်။ ပရိသတ်ကြီး၏ စိတ်ဝင်စားမှုသည် လောလောဆယ်အချိန်တွင် ပြည့်ဝသွားပြီ ဖြစ်သည်။ နောက်ပြီးတော့ ပရိသတ်ကြီးသည် ပန်းလည်းပန်းနေကြပြီ ဖြစ်သည်။ နောက်ထပ် သက်သေတွေ စစ်ဆေးစရာ ရှိသေးသော်လည်း နောက်ထပ် အထောက်အထားသစ် ပေါ်ထွက်လာစရာအကြောင်း မရှိတော့ပါ။ အချိန်တွေ တရွေ့ရွေ့ ကုန်လွန်နေသည်။ အိုက်ဗင်သည် မည်သူ့ကိုမျှ မကြည့်ဘဲ တစုံတခုကို စဉ်းစားနေဟန်ဖြင့် ဦးခေါင်းကို ငုံ့ကာ အထူးတလည်ပင် လေးလံနှေးကွေးစွာဖြင့် သက်သေခံရန် နေရာဆီသို့ လျှောက်သွားသည်။ အိုက်ဗင် ဝတ်ဆင်ထားသည်မှာ ပြောဖွယ်ရာ မရှိပါ။ သို့သော် ကျွန်ုပ်အမြင်တွင်မူ သူ့မျက်နှာတွင် ဝေဒနာခံစားနေရသောအသွင် ပေါ်လွင်နေသည်။ တစုံတရာ ပျက်စီးချို့ယွင်းနေသော အသွင်ဖြစ်သည်။ လူသေတယောက်၏ မျက်နှာမျိုးပင် ဖြစ်ပါသည်။ သူ၏မျက်လုံးများ တောက်ပခြင်း အလျှင်းမရှိဘဲ မှေးမှိန်နေကြသည်။ သူက ထိုမျက်လုံးများကို ပင့်ပြီး တရားရုံးကို ဖြည်းလေးစွာ လှည့်ပတ်ကာ ကြည့်သည်။

အလျှိုရှာ ထိုင်ရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး ‘အို’ ဟု ရွတ်ဆိုလိုက်သည်ကို ကျွန်ုပ် မှတ်မိနေသည်။ သို့သော် အခြားသူများကမူ သတိမပြုမိကြသလောက်ပင် ဖြစ်သည်။

သူသည် ကျမ်းသစ္စာ ကျိန်ဆိုထားသော သက်သေတဦး မဟုတ်သဖြင့် မေးမြန်းသော မေးခွန်းများကို ဖြေဆိုလိုက ဖြေဆိုနိုင်ပြီး မဖြေဆိုလိုက မဖြေဆိုဘဲ နေနိုင်ကြောင်း၊ သို့သော် သူ့အနေနှင့် ထွက်ဆိုရာတွင်ကား ကောင်းမကောင်း ခွဲခြားသိတတ်သော သြတ္တပ္ပ စိတ်နှင့်အညီ ဖြေဆိုစေလို ကြောင်း စသည်ဖြင့် စသည်ဖြင့် တရားရေးဥက္ကဋ္ဌက သူ့အား ပြောကြားသည်။

အိုက်ဗင် နားထောင်ရင်း တရားသူကြီးဥက္ကဋ္ဌကို မမြင်သလို ကြည့်နေသည်။

သို့ရာတွင် သူ၏ မျက်နှာတွင် တစတစနှင့် အပြုံးရိပ်သမ်းလာပြီး တရားသူကြီး၏စကား ဆုံးသွားသည်နှင့် တပြိုင်နက် သူ ဝါးလုံးကွဲ ရယ်ပစ်လိုက်သည်။

တရားသူကြီးဥက္ကဋ္ဌက သူ့ကို အံ့အားသင့်စွာဖြင့် ကြည့်နေသည်။

“ဆိုပါဦး၊ နောက်တော့ကော ဘာပြောစရာ ရှိသေးသလဲ”

အိုက်ဗင် ကျယ်လောင်စွာမေးလိုက်သည်။ တရုံးလုံး တိတ်သွားသည်။ ထူးခြားသော အခြင်းအရာတခု ဖြစ်တော့မည်ဟု လူတိုင်း၏ စိတ်ထဲတွင် ထင်မှတ်နေတော့သည်။

တရားသူကြီးဥက္ကဋ္ဌ စိုးရိမ်စပြုလာသည်။

“လူကြီးမင်း ... နေမကောင်းသေးဘူးနဲ့တူတယ်”

သူ၏ မျက်လုံးများဖြင့် ရှေ့တော်ပြေးကို ရှာဖွေရင်း အိုက်ဗင်ကို မေးလိုက်သည်။

“ဘာမှမစိုးရိမ်ပါနဲ့ တရားသူကြီးမင်း ခင်ဗျာ၊ ကျွန်တော် နေကောင်းပါတယ်၊ တရားသူကြီးမင်းကို အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းတခု ကျွန်တော် ပြောပြနိုင်ပါတယ်”

အိုက်ဗင် တည်ငြိမ် အေးဆေးစွာနှင့် ရိုသေလေးစားစွာ ပြန်ပြောလိုက်သည်။

“လူကြီးမင်းမှာ အကြောင်းထူးတခု ပြောစရာ ရှိလို့လား”

တရားသူကြီးဥက္ကဋ္ဌ မယုံကြည်နိုင်သေးဟန်ဖြင့် မေးလိုက်သည်။ အိုက်ဗင် အောက်ဘက်သို့ ကြည့်လိုက်သည်။ ခဏမျှ ကြာသွားသည်အထိ ဖြစ်သည်။ ပြီးမှ ခေါင်းကို ပြန်မော့လိုက်ပြီး ကမန်းကတန်း ဖြေသည်။

“မရှိပါဘူး ခင်ဗျာ၊ ကျွန်တော့်မှာ ဘာအကြောင်းထူးမှ မရှိပါဘူး”

သူတို့ သူ့ကို မေးမြန်းကြသည်။ သူက မဖြေချင်သလို ဖြေချင်သလိုနှင့် တိုတောင်းစွာ ဖြေကြားသည်။ မနှစ်မြို့ဟန်လည်း ရှိသည်။ သူ၏ မနှစ်မြို့မှုက တဖြည်းထက်တဖြည်း ကြီးမားလာသည်။ သို့သော် သူ၏ အဖြေများအားလုံးပင် အဓိပ္ပာယ်ပြည့်ဝသည်။ မေးခွန်း တော်တော်များများကို ဖြေဆိုရန် ငြင်းဆန်သည်။ သူ မသိဘူးဟု ပြောသည်။ ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်ပြီး ဒီမီထရီနှင့် သူ၏ ဖခင်တို့ အဆင်မပြေဖြစ်သည့် ကိစ္စကိုလည်း သူ ဘာမျှ မသိရှိပါ။

“ဒီကိစ္စကို ကျွန်တော် စိတ်မဝင်စားဘူး”

တရားခံက သူ့အဖေကို သတ်ရန် ခြိမ်းခြောက်သည်ကိုကား သူ ကြားသည်။ ပိုက်ဆံ ထည့်ထားသော စာအိတ်အကြောင်းကိုလည်း ဆမာယာကော့ထံမှ သူ သိရှိသည်။

“သူများ ပြောပြီးသားတွေပဲ ပြောစရာရှိတယ်၊ ကျွန်တော့်မှာ ရုံးတော်ကို ဘာမှ အထူး ပြောစရာ မရှိဘူး”

သူက နွမ်းရိသောအကြည့်ဖြင့် ရုတ်တရက် ကြားဖြတ်ပြီး ပြောလိုက်သည်။

“ခင်ဗျား နေမကောင်းနေဘူးဆိုတာ၊ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို ကျွန်ုပ် သဘောပေါက်ပါတယ်”

တရားသူကြီးဥက္ကဋ္ဌက ပြောလိုက်သည်။

ထို့နောက် အစိုးရ အမှုလိုက်ရှေ့နေနှင့် တရားခံ အကျိုးဆောင်တို့ဘက်သို့လှည့်ပြီး တရားခံကို မေးမြန်းဖို့ လိုအပ်က မေးမြန်းနိုင်ကြောင်း ပြောလိုက်သည်။ ထိုအချိန်မှာပင် အိုက်ဗင် ပင်ပန်း နွမ်းနယ်သော လေသံဖြင့် ရုတ်တရက် ပြောလိုက်သည်။

“ကျွန်တော့်ကို သွားခွင့်ပြုပါ တရားသူကြီးမင်း၊ ကျွန်တော် တော်တော့်ကို နေမကောင်းဘူး”

ထို့နောက် သူသည် တရားသူကြီးဥက္ကဋ္ဌထံမှ ခွင့်ပြုချက်ကို စောင့်မနေတော့ဘဲ တဖက်သို့ လှည့်ကာ တံခါးဆီသို့ လျှောက်သွားလေတော့သည်။ သို့သော် လေးလှမ်းလောက် သွားမိသောအခါ သူ ရပ်လိုက်သည်။ တစုံတခုကို စဉ်းစားဟန်ဖြင့်ဖြစ်သည်။ သူ လဲ့လဲ့ကလေး ပြုံးလိုက်ပြီး သက်သေခံရာ နေရာသို့ ပြန်လျှောက်သွားသည်။

“ကျွန်တော်ဟာ ဘာနဲ့တူသလဲဆိုတော့ ... သတို့သမီး တောသူမကလေးနဲ့ တူနေပါတယ်၊ အဲဒါက ဘယ်လိုလဲဆိုတော့... ‘ကျွန်မ ထချင်ရင် ထမယ်၊ မထချင်ရင် မထဘူး’ သူတို့က သူ့ကို လက်ထပ်ရ အောင် ဘုရားရှိခိုးကျောင်းကို ခေါ်သွားဖို့အတွက် မင်္ဂလာဂါဝန်ကလေးကို ဝတ်ပေးဖို့ မတ်တတ် ထခိုင်းတယ်၊ အဲဒီတော့ သူက ‘ကျွန်မ ထချင်ရင် ထမယ်၊ မထချင်ရင် မထဘူး’ ဆိုတာပဲ ပြောနေတယ်၊ အဲဒါဟာ ကျွန်တော်တို့ လူမျိုးတွေရဲ့ စရိုက်လို့ ဆိုရမှာပဲ”

“လူကြီးမင်း အဲဒါ ဘာကိုဆိုလိုချင်တာလဲ”

တရားသူကြီးဥက္ကဋ္ဌက ခပ်မာမာ မေးလိုက်သည်။

"ဟောဒါပဲ" အိုက်ဗင် ရုတ်တရက်ဆိုသလို ငွေစက္ကူထုပ်ကြီးကို ထုတ်ယူလိုက်ပြီး ... "ဟောဒီမှာ ပိုက်ဆံတွေ၊ ဟောဟိုစာအိတ်ထဲက ပိုက်ဆံတွေပဲ ... (သက်သေခံပစ္စည်းများ တင်ထားသော စားပွဲဆီသို့ သူညွှန်ပြရင်း ပြောလိုက်သည်)။ အဲဒီပိုက်ဆံတွေအတွက် ကျွန်တော့်အဖေ အသတ်ခံခဲ့ ရတာပဲ၊ ဒါတွေကို ကျွန်တော် ဘယ်မှာထားရမလဲ။ ရှေ့တော်ပြေးကြီး ယူစမ်းပါ"

ရှေ့တော်ပြေးသည် သူ၏နေရာမှထပြီး ငွေစက္ကူထုပ်ကြီးကို ယူကာ တရားသူကြီး ဥက္ကဋ္ဌသို့ ပေးလိုက်သည်။

"ဒီပိုက်ဆံတွေဟာ အဲဒီပိုက်ဆံတွေဆိုရင် ဒါတွေကို လူကြီးမင်း ဘယ်လိုလုပ်ပြီးရသလဲ"

တရားသူကြီးဥက္ကဋ္ဌက အံ့သြစွာဖြင့် မေးလိုက်သည်။

"ဆမာယာကော့ဆီက ရတာပဲ၊ လူသတ်သမားဆီကပဲ။ မနေ့ကပဲ၊ သူ ကြိုးဆွဲချပြီး မသေခင်မှာ သူ့ကို ကျွန်တော် သွားတွေ့တယ်။ ကျွန်တော့်အဖေကိုသတ်တာ သူပဲ။ ကျွန်တော့်အစ်ကို မဟုတ်ဘူး၊ အဖေ့ကို သူ သတ်တာပဲ။ သူ့ကို ခိုင်းတာက ကျွန်တော်ပဲ။ သူ့အဖေ သေမှာကို မလိုလားတဲ့လူ ဘယ်သူ ရှိသလဲ"

"လူကြီးမင်း စိတ်ကောင်းရဲ့လား ..." တရားသူကြီးဥက္ကဋ္ဌက လွှတ်ခနဲ မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် စိတ်ကောင်းပါတယ်၊ ဥက္ကဋ္ဌကြီးမှာရှိတဲ့ ပုထုဇဉ်စိတ်မျိုးပဲ ဖြစ်ပါတယ်၊ ဒီက ဘီလူးခေါင်းတွေ အားလုံးလိုပါပဲ" သူက ပရိသတ်ကြီးဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး ...

"ကျွန်တော့်အဖေ အသတ်ခံရတယ်၊ သူတို့အားလုံး ထိတ်လန့် တုန်လှုပ်သွားဟန် ဆောင်ကြတယ်" သူက မထီမဲ့မြင်ဟန်ဖြင့် သရော်လိုက်သည်။ "တယောက်ကိုတယောက် ဟန်ဆောင်နေကြတာပဲ၊ အားလုံး လူညာတွေပဲ၊ သူတို့အားလုံးဟာ သူတို့အဖေတွေကို သေစေချင်ကြတာပဲ၊ မြွေတကောင်နဲ့ တကောင် မျိုနေကြတာပဲ၊ လူသတ်မှု တခု မဖြစ်ဘူးဆိုရင် သူတို့ဟာ ဒေါသဖြစ်ပြီး အိမ်ကို မကျေမနပ်နဲ့ ပြန်သွားကြတာပဲ။ သူတို့လိုချင်တာက ဆပ်ကပ်ပွဲကြီးပဲ၊ 'ပေါင်မုန့်နဲ့ ဆပ်ကပ်ပွဲ' ကျွန်တော်က ပါးစပ်က ထုတ်ပြောတဲ့ လူတယောက်။ ရေရှိသလား၊ ဘုရားသခင်အတွက် ကျွန်တော့်ကို ရေတခွက်လောက် ပေးကြပါ"

ရုတ်တရက် ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး သူ ဟစ်အော်လိုက်သည်။ ရှေ့တော်ပြေး ချက်ချင်းပင် သူ့ထံသို့ ရောက်သွားသည်။

“သူ နေမကောင်းဘူး၊ သူပြောတာတွေ မယုံပါနဲ့၊ သူ ကယောင်ကတမ်းတွေ ဖြစ် နေတယ်”

အလျှိုရှာ ထိုင်ရာမှ ခုန်ထပြီး ဟစ်အော်လိုက်သည်။ ကက်ထရီးနား ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ စက်ကွင်းမိသလို တောင့်တောင့်ကြီးဖြစ်ကာ အိုက်ဗင်ကို ငေးစိုက်ကာ ကြည့်နေသည်။ မစ်တယာ မတ်တတ်ထရပ်ပြီး သူ့ညီကို ထူးဆန်းသောအပြုံးဖြင့် ကြည့်ရင်း နားထောင်နေသည်။

“ဘာမှ မဖြစ်ကြပါနဲ့။ ကျွန်တော် မရူးပါဘူး။ လူသတ်သမား တယောက်ပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ လူသတ်သမား တယောက်ဆီက သမုဒယ အနုအလှလေးတွေတော့ ဘယ်ကြားရပါ့မလဲ”

သူက ယင်းသို့ပြောလိုက်ပြီးနောက် ထူးဆန်းစွာ ရယ်မောလိုက်သည်။

အမှုလိုက်ရှေ့နေသည် သိသိသာသာကြီး စိတ်ပျက်ဟန်ဖြင့် တရားသူကြီး ဥက္ကဋ္ဌဘက်သို့ ကုန်းညွတ်လိုက်သည်။ တရားသူကြီးအဖွဲ့ဝင် နှစ်ဦးသည် လှုပ်ရှားချောက်ချားစွာဖြင့် တယောက်ကို တယောက် တီးတိုးစကား ဆိုနေကြသည်။ ဖီကျူကိုဗစ် နားရွက်နှစ်ဖက်ကို ထောင်နေအောင် နားထောင်လျက် ရှိတော့သည်။ တရုံးလုံးပင် တစုံတခုကို စောင့်မျှော်နေသည့်အလား တိတ်ဆိတ် ငြိမ်သက်လျက် ရှိတော့သည်။ တရားသူကြီးဥက္ကဋ္ဌသည် ရုတ်ခြည်းဆိုသလိုပင် သူ့ကိုယ်သူ ထိန်းသိမ်းလိုက်နိုင်ပြီး ..

“သက်သေလူကြီးမင်း။ လူကြီးမင်းရဲ့စကားတွေဟာ ဘယ်လိုမှ နားမလည်နိုင်ပြီး ဒီရုံးတော်က ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ လူကြီးမင်း ကိုယ့်ကိုယ်ကိုယ် ထိန်းပါ။ တကယ်လို့ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ထိန်းနိုင်လို့ရှိရင် ... လူကြီးမင်းမှာ တကယ်ပဲ ပြောစရာတခု ရှိတယ်ဆိုရင် ကျွန်ုပ်တို့ကို အကုန်လုံး ပြောပြပါ။ လူကြီးမင်းဟာ ကယောင်ကတမ်းတွေ ပြောနေတာ မဟုတ်ဘူး ဆိုရင် လူကြီးမင်းရဲ့ ထွက်ဆိုချက်ကို ဘယ်လို သက်သေ ပြနိုင်ပါသလဲ”

“ဟုတ်ကဲ့ခင်ဗျာ၊ ပြဿနာကတော့ ကျွန်တော့်မှာ သက်သေမရှိတာပါပဲ။ အဲဒီခွေး သူတောင်းစား ဆမာယာကော့ကလည်း တမလွန်ဘဝကနေပြီး သူ့ရဲ့သက်သေခံချက်ကို စာအိတ်ကလေးနဲ့ ပို့လိုက်မှာ မဟုတ်ဘူး။ ဥက္ကဋ္ဌကြီးတို့ လိုချင်တာက အဲဒီလို စာအိတ်မျိုးတွေပဲ။ ဒါပေမဲ့ တအိတ်ဆိုရင်လည်း လုံလောက်ပါတယ်။ ကျွန်တော့်မှာ သက်သေတွေ အများကြီး မရှိပါဘူး၊ တယောက်ပဲ ရှိပါတယ်”

“လူကြီးမင်းရဲ့ သက်သေက ဘယ်သူလဲ”

"သူ့မှာ အမြီးတချောင်း ရှိပါတယ် ဥက္ကဋ္ဌကြီး၊ ဥက္ကဋ္ဌကြီးအနေနဲ့ကတော့ အဲဒါကို သင့်တင့် လျောက်ပတ်တဲ့ ဝတ်စားတန်ဆာလို့ ယူဆမယ် မထင်ဘူး။ မာရ်နတ် ဆိုတာကလည်း ရှိတာမှ မဟုတ်ဘဲကိုး၊ ဒါပေမဲ့ သိပ်လည်း ဂရုမစိုက်ပါနဲ့။ သူက အနိမ့်စား မကောင်းဆိုးဝါးတကောင်ပါ"

သူက ရုတ်တရက် ရပ်လိုက်ပြီး အတွင်းစကားတခုကို ပြောနေသည့်အလား ဆက်ပြီး ပြောသည်။

"ဟောဒီ တရားရုံး တနေရာရာမှာ သူ ရှိနေနိုင်တယ်၊ ဟောဟို သက်သေခံပစ္စည်းတွေ တင်ထားတဲ့ စားပွဲအောက်မှာ ဖြစ်နိုင်တယ်၊ အဲဒီနေရာမှာ မရှိရင် သူ ဘယ်နေရာမှာ ထိုင်နေမလဲ၊ ကျွန်တော် ပြောမယ်။ ကျွန်တော့်အနေနဲ့ ရေငုံနှုတ်ပိတ်ပြီး မနေနိုင်ဘူးလို့ သူ့ကိုပြောတော့ သူက မဟာပထဝီဝင် အံ့ကြွတော်လှန်ရေးအကြောင်း ပြောတယ်၊ အဓိပ္ပာယ် မရှိတာပဲ။ ကောင်းပြီ။ ဘီလူးကြီးကို လွှတ်လိုက်ပါ။ သူက အခု ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို သီကြွေးနေပြီ။ အဲဒါဟာ သူ့မှာ ဘာအပူအပင်မှ မရှိလို့ဘဲ။ သူဟာ ဘာနဲ့တူသလဲဆိုတော့ အရက်တွေမူးပြီး 'ပီတာစဘတ်ကို ဗင်ကာသွားပြီဟေ့' လို့ လမ်းပေါ်မှာ သီချင်း တကြော်ကြော် လျှောက်အော်နေတဲ့ အမူးသမား တယောက်လိုပဲ။ နှစ်စက္ကန့်ကလေး ပျော်ရွှင် ချမ်းမြေ့မှုအတွက် ကုဋေသန်းတရာပေါင်း ကုဋေ သန်းတရာ ကျွန်တော် ပေးမယ်၊ ကျွန်တော် ပြောတာကို ခင်ဗျားတို့ မသိဘူး၊ အို .... ဒီမှာရှိတဲ့ဟာတွေ အားလုံးဟာ ဘာမှ အဓိပ္ပာယ် မရှိတာတွေပဲ၊ ကောင်းပြီ။ ကျွန်တော့်ကို သူ့အစား ဖမ်းလိုက်ပါ၊ ကျွန်တော် ဒီကိုလာတာ အလကားလာတာ မဟုတ်ပါဘူး၊ အို ဘာဖြစ်လို့ ဒီကမ္ဘာကြီးဟာ ဘာမှ အဓိပ္ပာယ် မရှိရတာလဲ"

ထို့နောက် သူသည် ပတ်ပတ်လည်ကို စဉ်းစားချိန်ဆဟန်ဖြင့် ဖြည်းလေးစွာ လှည့်ပတ်ကာ ကြည့်နေတော့သည်။ သို့သော် တရားရုံးတခုလုံးသည် အုန်းအုန်းကျွက်ကျွက် ဖြစ်နေပြီ။ အိုက်ဗင်ထံသို့ အလျှိုရှာ ပြေးသွားသည်။ သို့သော် တရားရုံး ရှေ့တော်ပြေးက အိုက်ဗင်၏ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်ပြီ ဖြစ်သည်။

"မင်း ဘာလုပ်တာလဲ"

ရှေ့တော်ပြေး၏မျက်နှာကို ငေးစိုက်ကာကြည့်ရင်း အိုက်ဗင် ဟစ်အော်လိုက်သည်။ ထို့နောက် ရှေ့တော်ပြေး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ကြမ်းပြင်ပေါ်သို့ တွန်းလှဲပစ်လိုက်သည်။ အစောင့် ကျနေသော ရဲသားများ ချက်ချင်းပင် ရောက်ရှိလာပြီး သူ့ကို ချုပ်ကိုင်ထားလိုက်ကြသည်။ ထိုအခါတွင် သူက ခုနစ်သံချီဖြင့် တအားကုန် ဟစ်အော်လိုက်သည်။ ထို့နောက် သူတို့က သူ့ကို

ဆွဲခေါ်သွားကြသောအခါ အိုက်ဗင်သည် အဓိပ္ပာယ် မသဲကွဲ မရှင်းလင်းသော စကားများကို ဟစ်အော်လျက် ရှိတော့သည်။

တရုံးလုံး ဝရုန်းသုန်းကား ဖြစ်ချေတော့သည်။ ဖြစ်ပျက်သည်များအားလုံးကို ကျွန်ုပ် မမှတ်မိတော့ပါ။ အကြောင်းမှာ ကျွန်ုပ်ကိုယ်တိုင်လည်း စိတ်လှုပ်ရှား ချောက်ချားလျက်ရှိပြီး ဖြစ်ပျက်သည်များကို အကုန်လုံး လိုက်မကြည့်နိုင်တော့၍ ဖြစ်သည်။

သက်ဆိုင်ရာအာဏာပိုင်များက အခြေအနေအရပ်ရပ်ကို ပြန်လည်ထိန်းသိမ်းပြီး မည်သို့ဖြစ်သည်ကို လူအားလုံး ဇာတ်ရည်လည်သွားသော နောက်ပိုင်းကာလကျမှပင် ကျွန်ုပ်သိရှိရသည်မှာ တရားသူကြီး ဥက္ကဋ္ဌက သက်သေ ယခုကဲ့သို့ ဖြစ်သွားရသည့်ကိစ္စအတွက် ရှေ့တော်ပြေးကို ပြစ်တင်ပြောဆို နေခြင်းပင် ဖြစ်တော့သည်။ သို့သော် ရှေ့တော်ပြေးက တရားသူကြီးကို ကျိုးကြောင်းခိုင်လုံစွာပင် ပြန်လည် ရှင်းပြနိုင်သည်။ သက်သေသည် အစစ်မခံမီ တချိန်လုံးပင် အကောင်းပကတိ ရှိနေသည်။ သက်သေသည် အနည်းငယ် မူးနေသည်ဟု ဆိုသဖြင့် အစစ်မခံမီ တနာရီလောက်ကပင် ဆရာဝန်နှင့် စစ်ဆေးခဲ့သေးသည်။ သူသည် တရားရုံးအတွင်းသို့ မဝင်ရောက်မီအချိန်က စကားပြောဆိုရာတွင် အားလုံးပင် အဆက်အစပ် မှန်ကန်လျက်ရှိသည်။ ယင်းသို့ဖြင့် ယခုကဲ့သို့ ဖြစ်မည်ကို မည်သို့မျှ ကြိုတင် သိရှိနိုင်ခြင်း မရှိပါ။ ထိုမျှ မကသေးပါ။ သက်သေကိုယ်တိုင်ကလည်း အစစ်ခံလိုကြောင်း ပြောဆိုလျက် ရှိပေသည်။

သို့သော် ပရိသတ်အားလုံး အေးဆေးတည်ငြိမ်ပြီး ကောင်းစွာ နေသားတကျ မရှိသေးခင်မှာပင် ရုတ်ခြည်းဆိုသလို နောက်ထပ် ရုတ်ရုတ်သဲသဲ တခု ဖြစ်ပေါ်လာပြန်တော့သည်။ ကက်ထရီးနား သွေးလေချောက်ချားပြီး ရုတ်တရက် စိတ်ဖောက်ပြန်လာခြင်းပင် ဖြစ်သည်။ သူမသည် အသံကုန် ဟစ်အော်လိုက်၊ ထို့နောက် တဖန် တဟီးဟီး ငိုလိုက်နှင့် ရှိနေတော့သည်။ ထို့ပြင် သူမသည် တရားရုံးအတွင်းမှ ထွက်ခွာသွားရန်လည်း ငြင်းဆို ရုန်းကန်လျက် ရှိသည်။ သူမကို အပြင်သို့ ထုတ်မသွားရန် အပြင်းအထန် တောင်းပန်လျက် ရှိသည်။ နောက်ဆုံးတွင် သူမက တရားသူကြီး ဥက္ကဋ္ဌကို ကျယ်လောင်စွာ လှမ်းအော်ပြီး ပြောလိုက်သည်။

“ဥက္ကဋ္ဌကြီးရှင့်၊ ကျွန်မ ထပ်ပြီး အစစ်ခံပါရစေ။ အခုချက်ချင်း အစစ်ခံပါရစေ၊ အခု ချက်ချင်း အစစ်ခံပါရစေ။ ဟောဒီမှာ သက်သေခံအထောက်အထား စာတစောင် ရှိပါတယ်၊ ဖတ်ကြည့်ပါ၊ မြန်မြန်ဖတ်ကြည့်ပါ။ အဲဒီသတ္တဝါကြီးဆီက စာပဲ၊ ဟိုမှာထိုင်နေတဲ့ သတ္တဝါကြီးဆီကပဲ” သူမက မစ်တယာကို လက်ညှိုးထိုးပြသည်။ “သူ့အဖေကိုသတ်တာ သူပဲ၊ ဟောဒီစာကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်၊ သူ့အဖေကို သူ ဘယ်လိုသတ်မယ်ဆိုတဲ့အကြောင်း ကျွန်မဆီကို ရေးလိုက်တဲ့ စာပဲ၊ ဒါပေမဲ့

ဟိုတယောက်ကတော့ နေမကောင်းဘူး၊ နေမကောင်းဘူး၊ သူ ရူးနေတယ်။ သူ ရူးနေတာကို ကျွန်မသိတာ သုံးရက်လောက် ရှိနေပြီ”

ယင်းသို့ဖြင့် ကက်ထရီးနားသည် သူမကိုယ်သူမ မထိန်းချုပ်နိုင်ဖြစ်ပြီး ဆက်ပြီး ဟာစ်အော်လျက် ရှိသည်။ သူမက တရားသူကြီးဥက္ကဌထံသို့ လှမ်းပေးနေသော စာရွက်ကို ရှေ့တော်ပြေးက ယူလိုက်သည်။ သူမမှာမူ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ တမြည့်မြည့် ရှိုက်ရှိုက် ငိုနေတော့သည်။ တသိမ့်သိမ့် တုန်ယင်နေတော့သည်။ သူမအား တရားရုံးအတွင်းမှ ဆွဲထုတ်သွားမည်ကို စိုးရိမ်သဖြင့် ငိုရှိုက်သံကို တတ်နိုင်သမျှ အောင့်အည်း ထိန်းချုပ်လျက် ရှိသည်။

ရှေ့တော်ပြေးလက်သို့ သူမ ပေးလိုက်သောစာမှာ ‘ရွှေမြို့တော်’ စားသောက်ဆိုင်မှနေ၍ မစ်တယာက သူမထံ ပေးလိုက်သော စာဖြစ်သည်။ အိုက်ဗင်က ‘မြေကြီးကို လက်ဝါးနှင့်ပုတ်သလို’ သေချာသော အထောက်အထားဟု ဆိုခဲ့သောစာပင် ဖြစ်သည်။

တကယ်ပါပဲ။ ‘မြေကြီးကို လက်ဝါးနှင့်ပုတ်သလို’ သေချာမှုကို အားလုံးကပင် လက်ခံကြသည်။ အကယ်၍သာ ယင်းစာကြောင့် မဟုတ်ခဲ့လျှင် မစ်တယာ ဘေးဒုက္ခ မရောက်နိုင်ပါ။ သို့မဟုတ် သည်လောက်ကြီး မဆိုးရွားနိုင်ပါ။ ဤနေရာတွင် ခရေစေ့တွင်းကျ မမှတ်မိနိုင်သည့်အကြောင်းကို ကျွန်ုပ်ထပ်ပြီး ပြောရပါဦးမည်။ သည့်နောက်ပိုင်းတွင် ဖြစ်ပွားသည်များမှာလည်း ကျွန်ုပ်၏ ခေါင်းထဲတွင် ရှုပ်ထွေးလျက် ရှိပါသည်။ ကျွန်ုပ်၏အထင်ကို ပြောရလျှင် တရားသူကြီး ဥက္ကဌက အထောက်အထားသစ်ကို အခြားတရားသူကြီးအဖွဲ့ဝင်များ၊ ဇူရော်လူကြီးမင်းများနှင့် နှစ်ဖက် ရှေ့နေများကို လက်ဆင့်ကမ်း ပြပေလိမ့်မည်။

ကျွန်ုပ်အနေနှင့် သေသေချာချာ မှတ်မိနေသည်မှာ သက်သေကို ၎င်းတို့က စစ်ဆေး မေးမြန်းကြခြင်း ပင် ဖြစ်သည်။ သူမအနေနှင့် အစစ်ခံနိုင်သည့် အခြေအနေတွင် ရှိ မရှိကို တရားသူကြီးဥက္ကဌက ညင်သာစွာ မေးမြန်းသောအခါ ကက်ထရီးနားက စိတ်ဇောတက်ကြွစွာဖြင့်ပင် ပြန်ပြောသည်။

“ကျွန်မ အဆင်သင့်ပဲ၊ အဆင့်သင့်ပါပဲ။ ဥက္ကဌကြီး မေးတဲ့မေးခွန်းတွေကို ကျွန်မ ကောင်းကောင်း ဖြေနိုင်ပါတယ်”

သူမ၏ စကားကို သူတို့က နားမထောင်မည်ကို စိုးရိမ်နေသည့်အလားပင် ဖြစ်သည်။ ဤစာသည် မည်ကဲ့သို့သော စာဖြစ်ကြောင်းနှင့် ဤစာကို မည်သည့်အခြေအနေနှင့် ဆက်စပ်ပြီး ရရှိကြောင်းကို အသေးစိတ် ရှင်းပြရန် သူမအား မေးမြန်းသည်။

"ဒီစာကို ကျွန်မ လူသတ်မှုမဖြစ်ခင် အရင်နေ့မှာ ရပါတယ်၊ ဒီစာကို သူက သည့်အရင် တနေ့မှာ စားသောက်ဆိုင်မှာ ရေးပါတယ်။ အဲဒီတော့ သူဟာ ဒီစာကို လူသတ်မှု မကျူးလွန်ခင် အရင်နှစ်ရက်မှာ ရေးခဲ့ခြင်း ဖြစ်ပါတယ်၊ သေသေချာချာကြည့်ပါ။ ဒီစာကို သူဟာ စားသောက်ဆိုင်က ငွေတောင်းတဲ့ စာရွက်ပေါ်မှာ ရေးခဲ့ပါတယ်"

သူမက အသက်ရှူမမှန်ဘဲနှင့် ပြောလိုက်သည်။

"အဲဒီအချိန်တုန်းက သူ ကျွန်မကို မုန်းနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအပေါ်မှာ သူ မဟုတ်တာ လုပ်ထားလို့ပဲ။ အဲဒီမိန်းမနောက်ကို လိုက်နေလို့ပဲ၊ နောက်ပြီးတော့ ကျွန်မကို အဲဒီငွေ သုံးထောင် ပေးစရာရှိနေလို့ပဲ။ အို ... ကျွန်မကို အဲဒီပိုက်ဆံပေးစရာ ရှိနေတာဟာ သူ့မှာ အများကြီးကို ထိခိုက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အောက်တန်းကျတဲ့ အဖြစ်ကြောင့်ပဲ။

"ငွေသုံးထောင်ကိစ္စကတော့ ဒီလိုပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး ကျွန်မ ပြောတာကို နားဆင်ကြပါ။ သူ့အဖေကို သူ မသတ်ခင် ရက်သတ္တ သုံးပတ်လောက်အလို တမနက်ခင်းမှာ ကျွန်မကို သူ လာတွေ့ပါတယ်၊ သူ ပိုက်ဆံလိုနေတယ်ဆိုတာကို ကျွန်မ သိပါတယ်၊ ဘာကြောင့် လိုတယ်ဆိုတာကိုလည်း သိပါတယ်။ အဲဒီမိန်းမကို ဖြားယောင်းဖို့ပဲ၊ ဟုတ်တယ်၊ အဲဒီမိန်းမကို ရဖို့ပဲ။

"သူဟာ ကျွန်မကို သစ္စာဖောက်ပြီး ကျွန်မကို စွန့်ပစ်ဖို့ ကြံစည်နေတယ်ဆိုတာကို အဲဒီအချိန်တုန်းက ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မကိုယ်တိုင် သူ့ကို ပိုက်ဆံပေးခဲ့ပါတယ်၊ မော်စကိုမှာရှိတဲ့ ကျွန်မအစ်မဆီကို ပို့ချင်ဟန်ဆောင်ပြီး သူ့ကို ကျွန်မကိုယ်တိုင် ပေးခဲ့ပါတယ်၊ အဲဒါကြောင့် အဲဒီပိုက်ဆံကို ပေးတဲ့အချိန်တုန်းက ကျွန်မက သူ့မျက်နှာကို ကြည့်ပြီး ဒီပိုက်ဆံကို 'တလအတွင်း' ကြိုက်တဲ့အချိန်မှာ ပို့နိုင်တယ်လို့ ပြောခဲ့ပါတယ်။

"ကျွန်မအနေနဲ့ သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး 'ရှင်ဟာ အဲဒီမိန်းမအတွက် ကျွန်မကို သစ္စာဖောက်ဖို့ ဒီပိုက်ဆံကို လိုချင်နေတာ မဟုတ်လား၊ ရော့၊ ဟောဒီမှာ ရှင်လိုချင်တဲ့ ပိုက်ဆံ။ ရှင့်ကို ကျွန်မကိုယ်တိုင် ပေးပါတယ်။ ရော့၊ ယူပါ၊ ရှင့်မှာ ဘာသိက္ခာမှ မရှိဘူးဆိုရင် ယူလိုက်စမ်းပါ' လို့ ပြောတယ်ဆိုတာကို သူ ဘာဖြစ်လို့ နားမလည်သလဲ မသိဘူး။ ကျွန်မက သူ ဘာဆိုတာကို သက်သေ ပြလိုက်ချင်တာပဲ။ အဲဒီတော့ ဘာဖြစ်သလဲ၊ သူ ယူတယ်၊ သူ ယူတယ်။ ပြီးတော့ အဲဒီပိုက်ဆံတွေကို အဲဒီမိန်းမနဲ့ တညတည်းနဲ့ အကုန် ဖြုန်းပစ်လိုက်တယ်၊ ဒါပေမဲ့ သူ သိတယ်၊ သူ သိတယ်။ အဲဒီပိုက်ဆံတွေကို သူ့ကို ပေးတာဟာ ကျွန်မအနေနဲ့ သူ့ကို စမ်းတာပဲဆိုတာကို သူ ကောင်းကောင်း သိတယ်။ သူဟာ ကျွန်မဆီက

အဲဒီပိုက်ဆံတွေကို ယူရလောက်အောင် သိက္ခာမရှိဘူးလား၊ ရှိသလား ဆိုတာကို သိရအောင် ကျွန်မ လုပ်လိုက်တာပဲ။ ကျွန်မက သူ့မျက်လုံးတွေကို ကြည့်နေတဲ့အချိန်မှာ သူကလည်း ကျွန်မမျက်လုံးတွေကို ပြန်ကြည့်နေပြီး အားလုံးကို သူ နားလည်တယ်၊ အားလုံးကို သူ နားလည်တယ်။ ဒါပေမဲ့ ပိုက်ဆံတွေကို သူ ယူတယ်၊ ဒါပေမဲ့ ကျွန်မပိုက်ဆံတွေကို သူ ယူတယ်၊ သူ ယူသွားတယ်”

“အဲဒါအမှန်ပဲ ကက်တယာ” မစ်တယာ ရုတ်တရက် ဟစ်အော်လိုက်သည်။ “မင်းမျက်လုံးတွေကို ငါ ကြည့်တယ်၊ မင်းဟာ ငါ့ကို သိက္ခာချနေတာပဲ ဆိုတာကို ငါသိတယ်၊ ဒါပေမဲ့လည်း အဲဒီပိုက်ဆံတွေကို ငါယူသွားတယ်။ လူယုတ်မာကြီးကို မုန်းလိုက်စမ်းပါ၊ ကျုပ်ကို ခင်ဗျားတို့ အားလုံး မုန်းလိုက်ကြ စမ်းပါ။ ကျုပ်အနေနဲ့ ကောင်းကောင်းကြီး ထိုက်တန်ပါတယ်”

“တရားခံမောင်မင်း၊ မောင်မင်းထံက နောက်ထပ်စကားတလုံး ကြားရရင် မောင်မင်းကို ရုံးခန်းထဲက ထုတ်သွားဖို့ ကျုပ် အမိန့်ပေးရလိမ့်မယ်”

တရားသူကြီးဥက္ကဋ္ဌက ပြောလိုက်သည်။

“အဲဒီပိုက်ဆံက သူ့ကို နှိပ်စက်နေတာပဲ” ကက်ထရီးနား ဆက်ပြီး ပြောသည်။ “အဲဒီပိုက်ဆံကို ကျွန်မကို သူ ပြန်ပေးချင်တယ်၊ သူ ပေးချင်တယ်။ အဲဒါ အမှန်ပဲ၊ ဒါပေမဲ့ သူဟာ အဲဒီပိုက်ဆံကို အဲဒီမိန်းမအတွက် လိုနေတယ်၊ အဲဒါကြောင့် သူ့အဖေကို သူသတ်တာပဲ၊ ဒါပေမဲ့ ကျွန်မကို သူ ပြန်မပေးဘူး၊ အဲဒီမိန်းမနဲ့အတူ သူ အဖမ်းခံရတဲ့ အဲဒီရွာကို ထွက်သွားတယ်၊ အဲဒီမှာတခါ သူ့အဖေကို သတ်ပြီး ခိုးလာတဲ့ပိုက်ဆံတွေကို ဖြုန်းပစ်လိုက်ပြန်တယ်။ လူသတ်မှုမဖြစ်ခင် တနေ့မှာ ဒီစာကို ကျွန်မကို သူ ရေးလိုက်တာပဲ။ ဒီစာကိုရေးတဲ့အချိန်မှာ သူ မူးနေတယ်၊ အဲဒါကို အဲဒီအချိန်ကတည်းက ကျွန်မ ချက်ချင်းသိလိုက်တယ်၊ ဒီစာကို သူ အငြိုးကြီးကြီးနဲ့ ရေးလိုက်တာပဲ၊ နောက်ပြီးတော့ သူဟာ သူ့အဖေကို တကယ်သတ်လိုက်တဲ့ တိုင်အောင် ကျွန်မက ဒီစာကို ဘယ်သူ့ကိုမှ မပြဘူးလို့ သူ ယုံကြည်ထားတယ်၊ သူကောင်းကောင်းကြီး ယုံကြည်ထားတယ်၊ အဲဒီလို ယူဆမထားရင် ဒီစာကို သူ ဘယ်နည်းနဲ့မှ မရေးဘူး၊ ကျွန်မအနေနဲ့ သူ့ကို လက်စားမချေဘူး၊ သူ ပျက်စီးအောင် မလုပ်ဘူးဆိုတာကို သူ သိနေတယ်။

“ဒါပေမဲ့ ကျေးဇူးပြုပြီး ဖတ်ကြည့်ကြစမ်းပါ။ သေသေချာချာ ဖတ်ကြည့်ကြစမ်းပါ၊ ကျေးဇူးပြုပြီး တကယ့်ကို သေသေချာချာ ဖတ်ကြည့်ကြစမ်းပါ၊ ဒီကိစ္စကို သူ စာထဲမှာ ကြိုပြီး ရေးထားတာကို တွေ့ကြရပါလိမ့်မယ်၊ သူ့အဖေကို ဘယ်လိုသတ်မယ်ဆိုတာနဲ့ ပိုက်ဆံတွေ ဘယ်မှာထားတယ် ဆိုတာကို ရေးထားပါတယ်၊ ကျေးဇူးပြုပြီး ကြည့်ကြစမ်းပါ၊ မတွေ့လိုက်တာ မရှိပါစေနဲ့၊ အဲဒီမှာ

ရေးထားတဲ့ စာပိုဒ်ရှိတယ် 'အိုက်ဗင်သွားတာနဲ့ တပြိုင်နက် သူ့ကို ကိုယ်သတ်မယ်' အဲဒီသဘောကတော့ သူ့အဖေကို သူ ဘယ်လိုသတ်မယ်ဆိုတာကို အစောကြီးကတည်းက ကြိုပြီး စဉ်းစားထားတဲ့ သဘောပဲ"

ကက်ထရီးနားက တရားရုံးသို့ အငြိုးကြီးကြီး အမျက်ကြီးကြီးနှင့် ထောက်ပြလိုက်သည်။ သူမက အဆိုပါ သေမင်းတမန်စာကို သေသေချာချာ လေ့လာထားပြီး တလုံးမကျန် နားလည်ထားကြောင်း အရှင်းကြီး ရှင်းနေတော့သည်။

"သူ အဲဒီတုန်းက မူးမနေလို့ရှိရင် အဲဒီစာကို ကျွန်မဆီကို သူ ရေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကြည့်ကြစမ်းပါ။ သူဟာ အကုန်လုံး ကြိုပြီး ရေးထားတယ်၊ တကယ်ဖြစ်လာမှာတွေ အားလုံးကို အတိအကျ ရေးထားတယ်။ လူသတ်မှုကို သူ ဘယ်လို ကျူးလွန်မယ်ဆိုတာကို ရေးထားတယ်၊ စီမံချက်ကြီး တခုလုံးပဲ"

သူမ စိတ်လွတ်ကိုယ်လွတ်ပင် ပြောလိုက်သည်။ ယင်းသို့ဖြင့် သူမသည် ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ် နိုင်တော့ဘဲ မိမိအား အဘယ်မျှ ထိခိုက်စေနိုင်သည်ကို မတွက်ဆတော့ဘဲ စိတ်ရှိလက်ရှိပင် ပြောဆိုလျက် ရှိတော့သည်။ သို့သော် သူမသည် ဤအဖြစ်ကို လွန်ခဲ့သော တလကတည်းကပင် ကြိုပြီး မြင်ခဲ့ပါသည်။ ထိုစဉ်ကလည်း သူမသည် ဒေါသဖြင့် ဆတ်ဆတ်တုန်နေပြီး ယင်းစာကို တရားရုံးတွင် တင်ပြရမည်လား မပြရမည်လားကို မဝေခွဲနိုင် ရှိခဲ့သည်။ ယခုမူ သူမသည် အသေအကျေ ထိုးနှက်ချေပါပြီ။

ထိုအချိန်မှာပင် ယင်းစာကို ရှေ့ဖတ်စာရေးက ကျယ်လောင်စွာ ဖတ်ပြသည်။ ကျွန်ုပ် ထင်ပါသည်။ ထိုစာသည် ပရိသတ်အပေါ်တွင် အထူးပင် ဩဇာသက်ရောက်သော လွှမ်းမိုးခြင်း ဖြစ်ရတော့သည်။ ဤစာကို ၎င်းရေးခြင်း ဟုတ် မဟုတ် မစ်တယာအား မေးမြန်းသည်။ မစ်တယာက မဆိုင်းမတွပင်...

"ကျွန်တော် ရေးတာပါ၊ ကျွန်တော် ရေးတာပါ၊ အဲဒီတုန်းက ကျွန်တော် မူးမနေရင်တော့ မရေးပါဘူး။ ကျွန်တော်တို့ဟာ တယောက်ကိုတယောက် အကြောင်းကိစ္စ တော်တော်များများနဲ့ ပတ်သက်ပြီး မုန်းနေကြပါတယ်။ ဒါပေမဲ့ ကက်တယာ ကိုယ် ကျိန်ပြီး ပြောနိုင်ပါတယ်။ မင်းက ကိုယ့်ကို မချစ်ပေမဲ့ ကိုယ်ကတော့ မင်းကို မုန်းနေတဲ့အချိန်မှာလည်း ချစ်နေပါတယ်"

ကုလားထိုင်ပေါ်တွင် သူ ထိုင်ချလိုက်သည်။ သူ့လက်နှစ်ဖက်ကို စိတ်ပျက်လက်ပျက်ဖြင့် ချိုးလိမ်လျက် ရှိသည်။

အစိုးရရှေ့နေနှင့် တရားခံအကျိုးဆောင်တို့က သူမကို ပြန်လှန်မေးခွန်းများ မြန်းကြသည်။ အဓိက မေးမြန်းသည့် အကြောင်းကတော့ သူမသည် ဤမျှလောက် အရေးကြီးသော သက်သေခံ အထောက်အထား တခုကို စောစောပိုင်းက

ဖုံးကွယ်ထားခဲ့ပြီး သဘောထားတမျိုး အဓိပ္ပာယ် တမျိုးဖြင့် ဘာ့ကြောင့် ထွက်ဆိုခဲ့ရသနည်း ဟူသည့်အချက်ပင် ဖြစ်သည်။

"ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်။ စောစောတုန်းက ကျွန်မ လိမ်ခဲ့မိပါတယ်" ကက်ထရီးနားက အရူးအမူး ဟစ်အော်လိုက်သည်။ "ကျွန်မရဲ့ဂုဏ်သိက္ခာနဲ့ ကျွန်မရဲ့အသိစိတ်ကို ဆန့်ကျင်ပြီး လိမ်ခဲ့တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ သူ့ကို ကယ်ချင်လို့ပဲ။ ဘာဖြစ်လို့ ကယ်ချင်ရသလဲ ဆိုတော့ သူက ကျွန်မကို သိပ်မုန်းပြီး သိပ်အထင်သေးလို့ပဲ။ ဟုတ်ပါတယ်၊ သူဟာ ကျွန်မကို အရမ်းကာရောကို အထင်သေးနေတယ်၊ သူဟာ ကျွန်မကို တသျှောက်လုံးဆိုသလို အထင်သေးခဲ့ ပါတယ်၊ အဲဒီပိုက်ဆံအတွက် သူ့ရှေ့မှာ ကျွန်မ ဦးတိုက်ခဲ့ကတည်းကစပြီး သူ ကျွန်မကို အထင်သေးခဲ့ တာပဲ၊ အဲဒါကို ကျွန်မ ချက်ချင်း သိခဲ့ပါတယ်၊ အဲဒီအချိန်ကတည်းက သိခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်မဟာ အဲဒါကို အတော်ကြီး ကြာတဲ့အထိ မယုံနိုင်ဘဲ ဖြစ်နေခဲ့တယ်။ 'မင်းသဘောနဲ့မင်း လာချင်လို့ လာတာပဲ' ဆိုပြီး သူ့မျက်လုံးတွေက ပြောနေတာကို ကျွန်မ ခဏခဏ တွေ့ရတယ်။ အို ... သူ နားမလည်ဘူး။ သူ့ဆီကို ကျွန်မ ဘာကြောင့် လာတယ်ဆိုတာကို သူ နားမလည်ဘူး။ သူ့အနေနဲ့ အင်မတန် နိမ့်ကျတဲ့အတွေးတွေနဲ့ပဲ တွေးနိုင်တယ်။ သူက ကျွန်မကို သူ့လိုပဲ အောက်မေ့နေတယ်၊ သူက လူတွေအားလုံးကို သူ့လိုချည်းပဲ ထင်နေတယ်"

ကက်တယာ ဒေါသတကြီး ဟစ်အော်လိုက်သည်။ သူမကိုယ်သူမ ထိန်းချုပ်နိုင်ခြင်း မရှိတော့။

"သူ့အနေနဲ့ ကျွန်မကို လက်ထပ်ချင်တဲ့အကြောင်း တကြောင်းပဲရှိတယ်၊ အဲဒါကတော့ ကျွန်မအနေနဲ့ အမွေတွေ ရလို့ပဲ။ အဲဒါကြောင့်ပဲ၊ အဲဒါကြောင့်ပဲ။ အဲဒါကြောင့်ပဲဆိုတာကို ကျွန်မ အမြဲတမ်း သံသယ ရှိခဲ့တယ်။ အို သူဟာ အဟိတ်တိရစ္ဆာန်ကြီးပဲ။ အဲဒီတုန်းက သူ့ဆီကို သွားမိတဲ့အတွက် ကျွန်မဟာ သူ့ရှေ့မှာ အမြဲတမ်း အရှက်ရနေမယ်ဆိုတာကို သူ ကောင်းကောင်း သိနေတယ်။ အဲဒီအတွက် သူဟာ ကျွန်မကို အထင်သေးနေတယ်၊ နောက်ပြီးတော့ သူဟာ အဲဒီအတွက်ပဲ ကျွန်မအပေါ်မှာ နိုင်ကွက်ရနေတယ်၊ အဲဒါကြောင့် သူ ကျွန်မကို လက်ထပ်ချင်တာပဲ။ ဟုတ်တယ်၊ အကြောင်းကတော့ အဲဒါပဲ၊ ကျွန်မက သူ့ကို မေတ္တာနဲ့ အနိုင်ယူဖို့ ကြိုးစားပါတယ်။ ဘယ်လိုမှ အဆုံးအစမရှိတဲ့ မေတ္တာ အနန္တနဲ့ပေါ့။ သူ့ရဲ့သစ္စာဖောက်ဖျက်မှုကို ကျွန်မ မေ့ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သူ ဘာကိုမှ နားမလည်ဘူး၊ ဘာကိုမှ နားမလည်ဘူး၊ အမှန်တော့လည်း သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး နားလည်နိုင် ပါ့မလဲ၊ သူက လူမှမဟုတ်ဘဲ။ သရဲဘီလူးကြီး တယောက်ပဲ၊ သူ ပေးလိုက်တဲ့စာကို နောက်တနေ့ ညနေမှာ ကျွန်မ ရတယ်၊ စားသောက်ဆိုင်က လာပို့တာပဲ။ အဲဒီနေ့ မနက်ကပဲ ကျွန်မဟာ သူ့ကို ခွင့်လွှတ်ဖို့

ဆုံးဖြတ်ခဲ့တယ်။ နောက်ဆုံး သူ့အနေနဲ့ သစ္စာဖောက်သွားတာကိုပါပေါ့”

တရားသူကြီးဥက္ကဋ္ဌနှင့် အမှုလိုက်ရှေ့နေတို့က သူမကို စိတ်တည်ငြိမ်အောင် ကြိုးစားကြပါသည်။ မိမိကိုယ်မိမိ အစိုးမရ ဖြစ်နေသူတဦးကို အခွင့်အရေးယူပြီး အရှက်အကြောက် မရှိ ထွက်ဆိုနေသည် များကို နားထောင်ရသည့်အတွက် သူတို့ စိတ်မလုံဟန် ရှိသည်။

“မစ္စဗာကော့ဆက် (ကက်ထရီးနား) အနေနဲ့ ဘယ်လောက် ခံစားနေရတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်၊ မစ္စဗာကော့ဆက်အတွက် ကျွန်တော်တို့လည်း စိတ်မကောင်းဘူးဆိုတာ ယုံပါ” … စသည် စသည်ဖြင့် သူတို့ ပြောဆိုနေကြသည်ကို ကျွန်ုပ် မှတ်မိပါသည်။

သို့တစေလည်း သူတို့သည် ကယောင်ချောက်ချားဖြစ်ပြီး အရူးတပိုင်းလို ဖြစ်နေသော အမျိုးသမီး ထံမှ အထောက်အထားများကို အရအမိ နှိုက်ယူကြပါသည်။

နောက်ဆုံးတွင် အိုက်ဗင်သည် လွန်ခဲ့သော နှစ်လအတွင်းတွင် သူ၏အစ်ကို ‘လူသတ်သမား၊ လူ့ဘီလူးကြီး’ ကို ကယ်တင်ရန် ကြိုးစားရင်း စိတ်ဖောက်ပြန်သည့် အခြေအနေသို့ ရောက်ရှိသွားပုံကို သူမက ရှင်းလင်းပြောကြားသွားသည်။ ရံဖန်ရံခါတွင် အထူး ရှင်းလင်းပြတ်သားစွာနှင့် ဖြစ်သည်။ သို့သော် ရှင်းလင်းပြတ်သားမှုက ခဏကလေးမျှသာ ဖြစ်သည်။

“သူက သူ့ကိုယ်သူ နှိပ်စက်နေတာပဲ။ သူက သူ့အစ်ကိုရဲ့အပြစ်ကို သေးသည်ထက် သေးပြီး ပေါ့သည်ထက်ပေါ့အောင် အစွမ်းကုန် ကြိုးစားနေတာပဲ။ သူကိုယ်တိုင်လည်း သူ့အဖေကို မချစ်တဲ့ အကြောင်း၊ သူ့အဖေကို သေစေချင်နေတဲ့အကြောင်း ကျွန်မကို သူ ပြောတယ်၊ ကျွန်မကို သူ ဝန်ခံတယ်၊ အို… သူဟာ စိတ်သဘောထားကောင်းတဲ့ လူတယောက်ပဲ။ အင်မတန် စိတ်သဘောထား ကောင်းတဲ့ လူတယောက်ပဲ၊ အဲဒီစိတ်သဘောထားကြောင့်ပဲ သူ့စိတ်တွေဟာ အခုလို ကယောက် ကယက် ဖြစ်သွားရတာပဲ။ ကျွန်မဆီကို သူ နေ့တိုင်း လာတယ်၊ ကျွန်မကို သူ့ရဲ့တဦးတည်းသော မိတ်ဆွေအဖြစ်နဲ့ စကားတွေပြောတယ်၊ ကျွန်မဟာ သူ့ရဲ့တဦးတည်းသော မိတ်ဆွေပဲ”

သူမက မျက်တောင် တဖျပ်ဖျပ်နဲ့ ရုတ်တရက် ကြွေးကြော်လိုက်သည်။ ဘာကိုမျှ ဂရုမစိုက်သော အမူအရာနှင့် ဖြစ်သည်။

“ဆမာယာကော့ကို သူ နှစ်ခါ သွားတွေ့တယ်။ တနေ့မှာ သူ ကျွန်မဆီကို ရောက်လာပြီး လူသတ်မှု ကျူးလွန်တဲ့သူဟာ သူ့အစ်ကို မဟုတ်ဘဲ ဆမာယာကော့လို့ ဆိုခဲ့ရင် (ဆမာယာကော့ သတ်တယ် ဆိုတဲ့ ကောလာဟလကို လူအတော်များများက ပြောနေကြတယ်) သူလည်းပဲ အပြစ်ရှိတယ်တဲ့။

ဘာဖြစ်လို့လဲဆိုတော့ သူ့အဖေကို သူ မကြိုက်ဘူးဆိုတာနဲ့ သူ့အဖေကို သူ သေစေချင်နေတာကို ဆမာယာကော့ သိလို့ပဲတဲ့။ အဲဒီအခါကျမှ ကျွန်မက သူ့ကို ဒီစာကို ထုတ်ပြီး ပြလိုက်တာပဲ၊ အဲဒီတော့ လူသတ်မှုကို ကျူးလွန်တာ သူ့အစ်ကိုပဲဆိုတာကို သူ ကောင်းကောင်းကြီး သဘောပေါက်သွားတော့ တယ်။ အဲဒီအတွက် သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်သွားကြရတာပဲ။ သူ့အစ်ကိုဟာ ကိုယ့်အဖေကိုယ် သတ်တဲ့ အဓာတသတ်တယောက် ဖြစ်တယ်ဆိုတဲ့အတွေးကို သူ နည်းနည်းမှ သည်းမခံနိုင်ဘူး။ လွန်ခဲ့တဲ့တပတ်လောက်ကတော့ သူဟာ နေမကောင်းနေဘူးဆိုတာကို ကျွန်မ တွေ့ရတယ်၊ ဒီနောက်ပိုင်းရက်တွေမှာ သူ ကျွန်မကို လာတွေ့တဲ့အခါတွေမှာ ကယောင်ကတမ်းတွေ ဖြစ်နေတယ်။ သူ့စိတ်တွေ မမှန်တော့ဘူးဆိုတာကို ကျွန်မတွေ့ရတယ်၊ သူဟာ ကယောင်ချောက်ချား ဖြစ်ပြီး လျှောက်သွားနေတယ်။ လမ်းပေါ်မှာ တယောက်တည်း စကားပြောပြီး လျှောက်သွားနေ တယ်။ ကျွန်မရဲ့ မေတ္တာရပ်ခံချက်အရ မော်စကိုက ဆရာဝန်ကြီးဟာ တနေ့ကပဲ သူ့ကို စစ်ဆေး စမ်းသပ်တယ်။ သူ့စိတ်တွေ ဖောက်ပြန်တော့မယ့် အခြေအနေမှာ ရှိနေတယ်လို့ ဆရာဝန်ကြီးက ကျွန်မကို ပြောတယ်၊ အဲဒါဟာ သူ့ကြောင့်ပဲ။ ဟောဒီ လူ့ဘီလူးကြီးကြောင့်ပဲ။ မနေ့ကတော့ သူဟာ ဆမာယာကော့ သေပြီဆိုတာကို ကြားလိုက်ရတဲ့အခါမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားပြီး တခါတည်း ရူးသွားတော့တာပဲ။ အဲဒီလိုဖြစ်ရတာဟာ ဟောဒီ လူ့ဘီလူးကြီးကြောင့်ပဲ၊ သူ ကယ်တင်ဖို့ ကြိုးစားနေတဲ့ လူ့ဘီလူးကြီးကြောင့်ပဲ”

အို ... ဒီလိုပေါက်ကွဲမှုမျိုး၊ ဒီလိုဖွင့်ဟဝန်ခံချက်မျိုးက တသက်မှာ တခါသာ ဖြစ်နိုင်တယ်။ ဥပမာ ကြိုးစင်ပေါ်သို့အတက် သေအံ့မူးမူးအချိန်မျိုး။ သို့သော် ကက်ထရီးနား စရိုက်ကလည်း သည်အတိုင်း ပင်။ သူမ၏ဖခင်ကို ကယ်တင်ရန်အတွက် အပျော်ကြူး စစ်ဗိုလ်ကလေးထံသို့ သွားရောက်ခဲ့သည် မှာလည်း စိတ်လိုက်မာန်ပါ လုပ်ဆောင်တတ်သော မိန်းကလေး ကက်တယာပင်။ မစ်တယာ၏ အပြစ်ကို အနည်းငယ်မျှပင်ဖြစ်စေ လျှော့ပေါ့စေရန်အတွက် မစ်တယာက သူမအပေါ်တွင် ‘ကောင်းမွန်ရက်ရောစွာ’ ဆက်ဆံခဲ့ပုံကို မိန်းကလေးတို့၏ ဣန္ဒြေနှင့် သူမ၏ကိုယ်ကို အနစ်နာခံကာ ပြောဆိုခဲ့သော အပျိုစင်ကလေးနှင့် မာနရှင်ကလေးမှာလည်း ဤမိန်းကလေး ကက်ကယာပင် ဖြစ်သည်။ ယခုလည်း သူမသည် ယခင်အခါများနည်းတူပင် သူမကိုယ်ကို အနစ်နာခံလျက် ရှိပြန်ချေပြီ။ သို့သော် ယခုတကြိမ်တွင်ကား အခြားတယောက်အတွက် ဖြစ်ချေသည်။ သို့ရာတွင် အဆိုပါ အခြားသူကို သူမအနေနှင့် ဤမျှချစ်ခင်မြတ်နိုးနေကြောင်းကို သူမသည် ယခုမှပင် စောစောက အဆိုပါအချိန်ကလေးကျမှပင် သိရှိသွားပုံ ရပါသည်။ ယခုကဲ့သို့ သူမကိုယ်သူမ အနစ်နာ ခံခြင်းသည် သူ့အတွက် ထိတ်လန့်တုန်လှုပ်မိသောကြောင့်ပင် ဖြစ်သည်။ လူသတ်မှုကို ကျူးလွန်သူ သည် သူ့အစ်ကို မဟုတ်ဘဲ သူ ဖြစ်ပါသည်ဟု

ထွက်ဆိုကာ သူ့ဘဝကို သူ ဖျက်ဆီးနေကြောင်း သူမအနေနှင့် ရုတ်ခြည်း သတိပြုမိလိုက်သောကြောင့်ပင် ဖြစ်သည်။ သို့ဖြင့် သူမက သူ၏နာမည်နှင့် သူ၏ ဂုဏ်သိက္ခာကို ကယ်တင်ရန် အနစ်နာခံလိုက်ခြင်း ဖြစ်သည်။

ဤနေရာတွင် သံသယဆိုးကြီးတခု ဖြစ်စရာရှိနေသည်။ ဟိုစဥ်က မစ်တယာနှင့် သူမ၏ ဆက်ဆံရေး ကို ပြောဆိုခဲ့ရာတွင် သူမ လိမ်ညာခဲ့ချေသလော။ ဤသည်မှာ မေးခွန်းပင် ဖြစ်တော့သည်။ မဟုတ်ပါ။ လိမ်ညာခဲ့ခြင်း မဟုတ်ပါ။ သူမက သူ့ကို ဦးတိုက်ခဲ့သည့်အတွက် မစ်တယာက သူမကို အထင်သေးနေသည်ဟု ပြောဆိုခဲ့ခြင်းမှာ သူ့ကို တမင်တကာ ရှုတ်ချပြီး ပြောဆိုခဲ့ခြင်း မဟုတ်ပါ။ ယင်းအချက်ကို သူမအနေနှင့် အမှန်တကယ်ပင် ယုံကြည်ခဲ့ပါသည်။ မစ်တယာ၏အခန်းတွင် ယင်းကဲ့သို့ ဖြစ်ပြီးကတည်းကပင် ထိုစဥ်က သူမကို ချစ်ခင်မြတ်နိုးနေသော စိတ်သဘောထား ကြောင့် ရိုးဖြောင့်သော မစ်တယာသည် သူမအား သရော် လှောင်ပြောင်နေသည်၊ အထင်သေး အမြင်သေး ဖြစ်နေသည်ဟု သူမက ခိုင်ခိုင်မာမာကြီးပင် ယူဆထားခဲ့သည်။ သူမက သူ့ကို ချစ်ခဲ့သည်မှာ သူမ၏ မာနကြောင့်သာ ဖြစ် သည်။ ကယောင်ချောက်ချား စိတ်လှုပ်ရှားသောအချစ် ဖြစ်သည်။ သူမ၏အချစ်က ချစ်ခြင်းမေတ္တာဟူသည်ထက် လက်စားချေ လက်တုံ့ပြန်ခြင်းနှင့် ပိုတူနေသည်။ သို့ရာတွင် သူမ၏ အသည်းနာသော အချက်သည် နောက်ဆုံးတွင် တကယ့် အချစ်စစ် အချစ်မှန်သို့ ပြောင်းလဲသွားဟန် ရှိပါသည်။ သို့မဟုတ် သူမသည် ယင်းအဖြစ်မျိုးထက်ပိုပြီး မျှော်လင့်ထားခြင်း မရှိပါ။

သို့ရာတွင် မစ်တယာ၏ သစ္စာသွေဖည်မှုက သူမ၏ အသည်းနှလုံးကို ဆတ်ဆတ်ခါ နာစေပြီး သူမ၏ အသည်းနှလုံးက သူ့ကို ခွင့်မလွှတ်နိုင်တော့ခြင်း ဖြစ်သည်။ လက်စားချေရန် အချိန်အခါ ရုတ်တရက် ကျရောက်လာသောအခါ အနာတရဖြစ်နေသော အမျိုးသမီး၏ရင်ထဲတွင် ကာလရှည်ကြာစွာ၊ နာကြည်းစွာ ကိန်းအောင်းစုပုံနေသော အရာများအားလုံးသည် ရုတ်တရက် ပေါက်ကွဲလေတော့ သည်။ ထပ်၍ ပြောရလျှင် မည်သို့မျှ မျှော်လင့်ထားခြင်း မရှိဘဲနှင့် ဖြစ်သည်။

မစ်တယာကို သူမ သစ္စာဖောက်လိုက်သည်။ အမှန်တော့ သူမကိုယ်သူမ သစ္စာဖောက်လိုက်ခြင်း ဖြစ်တော့သည်။ ယင်းကြောင့်ပင် သူမသည် သူမ၏ရင်ထဲတွင် ခံစားနေရသည်များကို ဖွင့်ထုတ်ပြီး သည်နှင့် တပြိုင်နက်ပင် အုံကြွတင်းမာနေမှုများ ကုန်ဆုံးသွားပြီး ရက်စိတ်တွေ ဖုံးလွှမ်းလာတော့ သည်။ ထိုအခါ ကယောင်ချောက်ချားတွေ ဖြစ်လာပြန်တော့သည်။ ကြမ်းပြင်ပေါ်သို့ သူမ လဲကျသွားသည်။ ပြီးတော့ ငိုနေသည်။ ပြီးတော့ အသံကုန် ဟစ်အော်နေသည်။

ထိုအချိန်မှာပင် ဂရုရှင်ကာသည် သူမကို မည်သူမျှ မတားဆီးနိုင်မီမှာပင် သူမ၏နေရာမှသည် မစ်တယာရှိရာသို့ တဟုန်ထိုး ပြေးသွားသည်။

"မစ်တယာ၊ အစ်ကို့ရဲ့သစ္စာဖောက်မက အစ်ကို့ကို ဒုက္ခပေးလိုက်တာပဲ" သူမက ပြောလိုက်သည်။ ထို့နောက် တရားသူကြီးများဘက်သို့ လှည့်ပြီး အော်လိုက်ပြန်သည်။

"သူဟာ ဘယ်လိုမိန်းမစားမျိုးလဲ ဆိုတာ တရားသူကြီးမင်းတို့ကို လက်တွေ့ပြလိုက်တာပဲ"

တရားသူကြီးဥက္ကဋ္ဌက အချက်ပြလိုက်သဖြင့် သူမကို ချုပ်ကိုင်ကာ တရားရုံး အပြင်ဘက်သို့ ခေါ်ထုတ်သွားရန် တာဝန်ရှိသူများက ကြိုးပမ်းကြသည်။ သူမက မစ်တယာထံသို့ ပြန်သွားရန် ခုခံ ရုန်းကန်လျက် ရှိသည်။ ထိုအခါ မစ်တယာကလည်း အော်ဟစ်ကာ သူမထံသို့ သွားရောက်ရန် ကြိုးပမ်းတော့သည်။ သူ့ကို သူတို့က လူအင်အားနှင့် ဝိုင်းပြီး ချုပ်ထားလိုက်ကြသည်။ ကျွန်ုပ်တို့၏ ဂုဏ်သရေရှိ အမျိုးသမီးများကတော့ အတော်ကြီးကို ကျေနပ်အားရသွားကြလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။ မြင်ကွင်းက ထူးခြားဆန်းကြယ်လှပါသည်။

ထို့နောက် မော်စကိုဆရာဝန် မြင်ကွင်းအတွင်းသို့ ရောက်ရှိလာသည်ကို ကျွန်ုပ် တွေ့ရပါသည်။ တရားသူကြီးဥက္ကဋ္ဌက အိုက်ဗင်အတွက် လိုအပ်သော စောင့်ရှောက်ရေးများ ပြုလုပ်ရန် ရှေ့တော်ပြေး အား စောစောပိုင်းက တာဝန်ပေးထားသည်ဟု ယူဆရသည်။

အိုက်ဗင်သည် ဦးနှောက်ဝေဒနာ (ဦးနှောက်အမြှေးရောင်ရောဂါ) ပြင်းထန်စွာ ခံစားနေရသဖြင့် ယခုချက်ချင်းပင် ခေါ်ဆောင်သွားသင့်ကြောင်း မော်စကို ဆရာဝန်က ရုံးတော်သို့ ပြောကြားသည်။ အစိုးရရှေ့နေနှင့် တရားခံအကျိုးဆောင်တို့က မေးမြန်းသဖြင့် ဖြေကြားရာတွင် လူနာသည် တမြန်နေ့က သူ့ထံသို့ သူ့သဘောနှင့်သူ လာရောက်ပြသကြောင်း၊ သူက ယခုကဲ့သို့ ဝေဒနာ ပြင်းထန်စွာ ဖြစ်ပွားနိုင်သည်ဟု သတိပေးခဲ့ကြောင်း၊ သို့သော် လူနာက ဆေးဝါးကုသခံယူရန် ငြင်းဆန်ကြောင်း စသည်ဖြင့် ဖြစ်သည်။

"အဲဒီတုန်းက သူ့ရဲ့စိတ်အခြေအနေက ပုံမှန်အနေအထားမှာ နည်းနည်းကလေးမှ မရှိပါဘူး။ သူဟာ အိပ်မပျော်ဘဲ နိုးနေတဲ့အချိန်မှာကိုပဲ မျက်စိထဲမှာ အမျိုးမျိုးတွေ မြင်နေရတယ်လို့ ဆိုပါတယ်။ သေပြီးသားလူတွေကိုလည်း လမ်းပေါ်မှာ တွေ့ရတယ်တဲ့။ နောက်ပြီးတော့ စာတန်မာရ်နတ်ဟာ သူ့ဆီကို ညတိုင်း အလည်လာတယ်လို့ ပြောပါတယ်"

မော်စကိုဆရာဝန်သည် အစစ်ခံ၍ ပြီးသွားသောအခါ သက်သေခံနေရာမှ ပြန်လည် ထွက်ခွာသွားသည်။ ကက်ထရီးနား တင်ပြသောစာကို သက်သေခံပစ္စည်းများတွင် ဖြည့်သွင်းလိုက်သည်။ တရားသူကြီးများသည်

အချင်းချင်း တိုင်ပင်ညှိနှိုင်းပြီးနောက် အမှုကို ဆက်လက်စစ်ဆေးသွားရန်နှင့် ကက်ထရီးနားနှင့် အိုက်ဗင်တို့ ပြောဆိုသွားသော မမျှော်လင့်သော အထောက်အထားနှစ်ခုကို မှတ်တမ်းတင်ထားရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ကျန်ရှိသော သက်သေများ၏ ထွက်ဆိုချက်များကိုကား ကျွန်ုပ် မဖော်ပြတော့ပါ။ သူတို့အနေနှင့် ပြောဆိုပုံ ထူးခြားချက်ကလေးတွေ ရှိသော်လည်း ယခင် ပြောဆိုပြီးသားများကို ထပ်မံပြောဆိုခြင်း၊ အတည်ပြု ထောက်ခံခြင်းများသာ ဖြစ်ပါသည်။ သို့သော် ၎င်းတို့၏ ထွက်ဆိုချက် များကို အားလုံးစုပေါင်းပြီး မကြာမီတွင် ကျွန်ုပ် တင်ပြတော့မည်ဖြစ်သော အစိုးရရှေ့နေ၏ လျှောက်လဲချက်တွင် ထည့်သွင်း ဖော်ပြသွားပါသည်။

တရားရုံးအတွင်းရှိ လူများအားလုံးက စောစောက ဖြစ်ပွားသော ဝရုန်းသုန်းကား အမှုကြောင့် အထူးပင် စိတ်လှုပ်ရှား၊ အထူးပင် စက်ကွင်းမိနေကြပြီး အစိုးရရှေ့နေနှင့် တရားခံအကျိုးဆောင် တို့၏ လျှောက်လဲချက်များကို မအောင့်နိုင် မအည်းနိုင် စောင့်ဆိုင်းလျက် ရှိကြသည်။

ဖီကျူကိုဗစ်သည် ကက်ထရီးနား၏ ထွက်ဆိုချက်ကြောင့် သိသိသာသာကြီးပင် တုန်လှုပ်ချောက်ချား သွားသည်။ သို့သော် အစိုးရရှေ့နေအနေနှင့်မူ အောင်ပွဲရရှိခြင်းပင် ဖြစ်သည်။ သက်သေများအားလုံး ထွက်ဆို၍ ပြီးသွားသောအခါ အမှုစစ်ဆေးခြင်းကို တစ်နာရီနီးပါးမျှ အနားပေး ရွှေ့ဆိုင်းလိုက်သည်။ နောက်ဆုံးတွင် တရားသူကြီးဥက္ကဋ္ဌက အစိုးရ အမှုလိုက်ရှေ့နေနှင့် တရားခံ အကျိုးဆောင်တို့အား လျှောက်လဲချက်များပေးရန် ဆင့်ခေါ်သည်။ ကျွန်ုပ်တို့၏ အမှုလိုက်ရှေ့နေကြီး စတင် လျှောက်လဲ သော အချိန်သည် ရှစ်နာရီတိတိ ဖြစ်မည်ဟု ကျွန်ုပ် ထင်ပါသည်။

၆။ အစိုးရရှေ့နေ၏ လျှောက်လဲချက်၊ စရိုက်လက္ခဏာများကို ဖော်ပြခြင်း

အစိုးရအမှုလိုက်ရှေ့နေသည် သူ၏ လျှောက်လဲချက်ကို တုန်ယင်ချောက်ချားစွာဖြင့် စတင်သည်။ သူ၏ နဖူးပေါ်တွင် ချွေးစေးတွေ ပြန်နေသည်။ သူ၏ စိတ်ထဲတွင် ပူလိုက်အေးလိုက်နှင့် ရှိနေသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် သူကိုယ်တိုင် ပြန်လည် ပြောပြခြင်း ဖြစ်သည်။ သူက ဤလျှောက်လဲချက်ကို သူ၏လက်ရာမွန် လျှောက်လဲချက်အဖြစ် သဘောထားသည်။ သူ၏ ဘဝတခုလုံးအတွက် အကောင်းဆုံးလက်ရာမွန်ပင် ဖြစ်တော့သည်။

ထို့ပြင် သူ၏ နောက်ဆုံးတေးသံပင် ဖြစ်သည်။ အမှန်လည်း အမှန်ပင်။ နောက် ကိုးလအကြာတွင် ဒီရေတက်သလို တက်နေသော အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားသည်။ အကယ်၍ သူသည် သူ၏နိဂုံးကို ကြိုပြီး ပြောနိုင်သည်ဟုဆိုလျှင် ဤလျှောက်လဲချက်သည် သေခါနီး ငန်းကြီးတကောင် ၏ နောက်ဆုံးတေးသံ ကျူးရင့်ခြင်းနှင့် တူသည်ဟု ဥပမာ ပြုနိုင်ပါ သည်။ သူသည် သူ့တွင် ရှိသမျှ ခံစားမှုအားလုံးနှင့် အသိဉာဏ်ပညာ အားလုံးကို ဤလျှောက်လဲချက်တွင် ပုံပြီးအောထားပါသည်။ အံ့သြစရာကောင်းသည်ကတော့ သူ့ရင်ထဲတွင် အများပြည်သူ ကောင်းစားရေးနှင့် 'ထာဝရပြဿနာ များ' အတွက် ခံစားမှုကလည်း အပြည့်အဝ ရှိနေပါတော့သည်။

သူ၏ လျှောက်လဲချက် အထူးကောင်းမွန်နေရခြင်းမှာလည်း သူ၏ 'ရိုးသားဖြူစင်မှု' ကြောင့်ပင် ဖြစ်သည်။ တရားခံတွင် အပြစ်ရှိသည်ဟု သူက ရိုးသားဖြူစင်စွာပင် ယုံကြည်ထားသည်။ သူက တရားခံအပေါ်တွင် စွဲချက်တင်နေခြင်းမှာ သူ့မှာ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ရန် တာဝန်ရှိနေခြင်း တခုတည်းကြောင့် မဟုတ်ပါ။ တရားခံကို 'ဒဏ်ခတ်ရန်' ပြောဆိုနေခြင်းသည် 'လူ့အဖွဲ့အစည်းကြီး ကို ကယ်တင်ရန်' သူ့တွင် ဆန္ဒထက်သန်နေသောကြောင့် ဖြစ်သည်။ သူ့ကို မလိုမလားဖြစ်နေသော အမျိုးသမီးများကပင် သူ၏ လျှောက်လဲချက်သည် သူတို့အပေါ်တွင် များစွာမှုပင် လွှမ်းမိုးမှုရှိကြောင်း ဝန်ခံကြသည်။ ပထမပိုင်းတွင် သူ၏အသံသည် တုန်ယင်ဆုတ်ဆိုင်းလျက် ရှိသော်လည်း ခဏအကြာ မှာပင် သူ၏အသံသည် အားမာန်ပြည့်လာပြီး တရားရုံးခန်းမဆောင်ကြီး တခုလုံးကို ဖုံးလွှမ်း သွားတော့သည်။ သို့သော် လျှောက်လဲချက် ပြီးဆုံးသွားသောအခါ သူသည် မေ့မူးသွားမတတ်ပင် ဖြစ်တော့သည်။

"ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ဒီအမှုကြီးဟာ ရုရှားတနိုင်ငံလုံးကို အုန်းအုန်းကျွက်ကျွက် ဖြစ်စေခဲ့ ပါတယ်" သူ၏ လျှောက်လဲချက်ကို ယင်းကဲ့သို့

စတင်လိုက်သည်။

“ဒါပေမဲ့ ဒီအမှုဟာ ဘာများ ဒါလောက် အံ့ဩစရာ၊ နောက်ပြီးတော့ ဘာများရော ဒါလောက် တုန်လှုပ်စရာ ရှိပါသလဲ။ ကျွန်တော်တို့အဖို့ ဒီလိုရာဇဝတ်မှုမျိုးတွေဟာ ရိုးနေပြီ မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်တို့အဖို့ တုန်လှုပ်စရာကောင်းတဲ့ အကြောင်းကတော့ ဒီလိုဆိုးသွမ်းတဲ့ မကောင်းမှုမျိုး တွေကို ကျွန်တော်တို့ မတုန်လှုပ်ကြတော့တာပဲ၊ ကျွန်တော်တို့ တုန်လှုပ်ရမှာက ဒီအမှုတွေကို ကျွန်တော်တို့အနေနဲ့ ရိုးသွားကြတာပဲ၊ ဟိုအမှု ဒီအမှုရယ်လို့ မဟုတ်ဘူး၊ အားလုံးကို ရိုးသွားတာပဲ။

“အခုလို အမှုတွေကို၊ အခုလိုခေတ်ရဲ့အမှတ်လက္ခဏာတွေကို၊ အခုလို အနာဂတ်ကာလအတွက် မကောင်းတဲ့အလားအလာတွေကို ကျွန်တော်တို့အနေနဲ့ ဘာမှ မထူးဆန်းတဲ့သဘောနဲ့ လျစ်လျူရှု လိုက်ကြတာ ဥပေက္ခာပြုလိုက်ကြတာ ဘာကြောင့်လဲ၊ ဘယ်လိုအကြောင်းတွေကြောင့်လဲ။

“ကျွန်တော်တို့ရဲ့ အစွန်းရောက် အပြစ်မြင်ဝါဒကြောင့်လား၊ ဒါမှမဟုတ် ကျွန်တော်တို့ လူ့အဖွဲ့အစည်း ကြီးမှာ အချိန်မတန် အခါမရောက်သေးဘဲနဲ့ အသိဉာဏ်ပညာနဲ့ အတွေးအမြင်တွေ ကုန်ခန်းနေလို့ လား၊ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ လောကပါလတရားတွေဟာ အောက်ခြေကစပြီး ပျက်သုဉ်းကုန် လို့လား၊ ဒါမှမဟုတ် ကျွန်တော်တို့မှာ လောကပါလ တရားဆိုတာ လုံးလုံးကြီးကို မရှိတော့လို့လား။

“ဒီမေးခွန်းတွေကို ကျွန်တော် မဖြေနိုင်ပါဘူး၊ ဒါပေမဲ့ ဒီမေးခွန်းတွေက အနှောင့်အယှက် ပေးနေတာတော့ အမှန်ပဲ။ ဒီမေးခွန်းတွေအတွက် နိုင်ငံသားအားလုံးမှာ စိုးရိမ်ပူပန်ဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ပွင့်သစ်စ သတင်းစာတွေဟာ သိပ်ပြီး မဝံ့ရဲသေးပေမဲ့ ပြည်သူတွေရဲ့အကျိုးကို ကောင်းမွန်စွာ သယ်ပိုးနေကြပါပြီ။ ဒီသတင်းစာတွေသာ မရှိခဲ့ရင် ကျွန်ဟော်တို့ဟာ အထိန်းအချုပ် မရှိ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ ရာဇဝတ်မှုကြီးတွေနဲ့ ကိုယ်ကျင့်တရား ပျက်ပြားမှုတွေကို အခုလို ပြည့်ပြည့်စုံစုံ သိကြရမှာ မဟုတ်ဘူး။ သတင်းစာတွေဟာ ဒီအကြောင်းအရာတွေကို လက်ရှိ အုပ်ချုပ်ရေးစနစ်မှာ ပေါ်ပေါက်လာတဲ့ တရားရုံးသစ်တွေက တရားရေးအဖွဲ့ဝင်တွေ သိရှိရရုံတင် မကဘူး၊ တတိုင်း တနိုင်ငံလုံး သိရှိအောင် ဖော်ပြပေးနေကြတယ်။

“အဲဒီတော့ သတင်းစာတွေထဲမှာ ကျွန်တော်တို့ နေ့တိုင်း ဘာတွေဖတ်နေရသလဲ၊ အဲ ... ကျွန်တော်တို့ ဖတ်နေရတဲ့သတင်းတွေနဲ့ နှိုင်းစာလိုက်ရင် အခု ကျွန်တော်တို့ စစ်ဆေးနေတဲ့ အမှုကြီးဟာ ဘာမှမဖြစ်စလောက်အောင် သေးငယ်မှေးမှိန်သွားရတယ်။ လက်ရှိအမှုကြီးဟာ

ဖြစ်ရိုးဖြစ်စဉ်တခု ပါပဲလို့ ယူဆစရာဖြစ်သွားတယ်၊ ဒါပေမဲ့ အရေးကြီးတာက ကျွန်တော်တို့ ရုရှားနိုင်ငံမှာ ဖြစ်နေတဲ့ ရာဇဝတ်မှုကြီး တော်တော်များများက ဘာကို သက်သေခံနေသလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ တိုက်ခိုက်ချေမှုန်းဖို့ မလွယ်တဲ့ အထွေထွေဒုစရိုက် အဆောက်အအုံကြီးတခု အမြစ်တွယ်နေပြီ ဆိုတာပဲ ဖြစ်တယ်။

"တနေရာမှာဆိုရင် အထက်တန်းစားလောကက ပေါက်ဖွားလာတဲ့ စစ်ဗိုလ်ကလေး တယောက်ဟာ သူ့ရဲ့ဘဝနဲ့ သူ့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဘဝမှာပဲ လူသတ်မှုတခု ကျူးလွန်ခဲ့တယ်။ ကောင်းမကောင်း ဝေဖန်ပိုင်းခြားတတ်တဲ့ အသိစိတ်ဆိုလို့ တရွေးသားလောက်မှ မရှိတော့တဲ့ တကယ့်ကို ကောက်ကောက်ကျစ်ကျစ် ယုတ်ယုတ်မာမာနဲ့ တချိန်က သူ့ရဲ့ကျေးဇူးရှင်ဖြစ်ခဲ့တဲ့ အရာရှိနဲ့ အဲဒီအရာရှိရဲ့ အိမ်ဖော်မိန်းကလေးတို့ကို သတ်ခဲ့တယ်။ ဘာဖြစ်လို့ သတ်သလဲဆိုတော့ ... အဲဒီအရာရှိဆီက ငွေချေးကြောင်း သူ ရေးပေးထားတဲ့ ကတိစာရွက်နဲ့ အဲဒီအရာရှိဆီမှာ နောက်ထပ် ရှိနေတဲ့ ပိုက်ဆံတွေကို ယူရအောင်ပဲ။ အဲဒီပိုက်ဆံတွေဟာ သူ့ရဲ့အနာဂတ်ဘဝမှာ အများကြီး အသုံးဝင်ပြီး အထက်တန်းလောကမှာ ပျော်ပျော်ပါးပါးကြီး သုံးနိုင်ဖြုန်းနိုင်မှာ ဖြစ်တယ်။ စစ်ဗိုလ် ကလေးဟာ သူ့ရဲ့ကျေးဇူးရှင် အရာရှိနဲ့ အိမ်ဖော်မိန်းကလေးကို သတ်ပြီးတဲ့နောက်မှာ သူတို့ကို ခေါင်းအုံးတွေပေါ်မှာ သေသေချာချာ သိပ်ထားလိုက်တယ်၊ ပြီးတော့မှ သူ ထွက်သွားတယ်။

"နောက်တနေရာမှာကျတော့ သူရသတ္တိအတွက် ဘွဲ့တံဆိပ်တွေ အများကြီးရထားတဲ့ သူရဲကောင်း ကလေးတယောက်က သူ့ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ အထက်အရာရှိရဲ့အမေကို တကယ့် လမ်းခားပြ တယောက်လို လမ်းပေါ်မှာ သတ်တာပဲ၊ သူရဲ့ အပေါင်းပါတွေကို သွေးဆောင်တဲ့နေရာမှာ သူက ဘယ်လိုပြောသလဲဆိုတော့ ... 'ဒီအဘွားကြီးက ငါ့ကို သူ့သားအရင်းတယောက်လိုပဲ ချစ်နေတယ်။ အဲဒီတော့ သူဟာ ဘယ်လိုကြိုတင်ကာကွယ်မှုတွေကိုမှ လုပ်ထားမှာ မဟုတ်ဘူး။ အားလုံး ငါပြောတဲ့အတိုင်း လုပ်မှာပဲ' တဲ့။ အဲဒီတော့ သူဟာ ဘယ်လိုမှ လူမဆန်တဲ့ သရဲဘီလူးကြီး တယောက်ပဲ မဟုတ်လား။ ဒါပေမဲ့ ဒီခေတ်ကြီးမှာ သူ့လိုလူမျိုး သူတယောက်တည်းပဲ ရှိတယ်လို့ ကျွန်တော် မပြောနိုင်ဘူး။ တခြားသူတယောက်ဟာ သူကိုယ်တိုင် လူသတ်မှု မကျူးလွန်ပေမဲ့ သူ့စိတ်ထဲမှာတော့ အဲဒီလူသတ်သမား ဘီလူးကလေးလိုပဲ စိတ်ရိုင်းစိတ်မိုက်တွေ ရှိနေလိမ့်မယ်။ သူ့စိတ်ထဲမှာ သူတယောက်တည်း ဘယ်လိုတွေးနေမလဲဆိုရင်... 'ဂုဏ်သိက္ခာဆိုတာ ဘာလဲ၊ ဂုဏ်သိက္ခာဆိုတာ သွေးထွက်သံယိုမှုတွေပေါ်မှာ မကောင်းထင်နေတဲ့ အာဃာတတရားပဲ မဟုတ်လား' 'အဲဒီတော့ လူတွေက ပြောကောင်း ပြောကြလိမ့်မယ်၊ ကျွန်တော်ဟာ သွေးလေ ချောက်ချားနေတာပဲ၊ ကယောင်ကတမ်းတွေ ပြောနေတာပဲ၊ တရားလွန် တရားမင်း ပြောနေတာပဲ။ တွေ့ကရာတွေ ပြောနေတာပဲ၊ ကြမ်းပိုးကို လိပ်ဖြစ်အောင် လုပ်နေတာပဲ

စသဖြင့်ပေါ့။ ပြောကြပါ၊ ပြောကြစမ်းပါစေ၊ အဲဒီလိုဖြစ်ခဲ့ရင် ပထမဆုံး ဝမ်းသာမယ့်လူဟာ ကျွန်တော်ပဲ၊ အို ကျွန်တော် ပြောတာကို မယုံကြပါနဲ့၊ ကျွန်တော့်ကို သွေးလေချောက်ချားနေတဲ့ လူတယောက်လို့ပဲ သဘောထား ကြပါ၊ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ စကားတွေကိုတော့ မှတ်ထားကြပါ။ ကျွန်တော်ပြောတဲ့ စကားတွေရဲ့ ဆယ်ပုံတပုံ ဒါမှမဟုတ် အပုံနှစ်ဆယ်ပုံ တပုံ မှန်တယ်ဆိုရင်ပဲ အင်မတန် ကြောက်စရာ ကောင်းနေပါပြီ။

"ဗူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်တို့နိုင်ငံမှာ လူငယ်ကလေးတွေ ကိုယ့်ကိုယ်ကိုယ် သတ်သေနေကြတဲ့အဖြစ်ကို ကြည့်ကြစမ်းပါ။

"သူတို့ဟာ 'သေခြင်း၏နောက်ကွယ်မှာ ကြောက်မက်ဖွယ်ရာ မည်သူမျှ မတွေ့ရှိသေးသော ကမ္ဘာ၊ ထိုခရီးကို သွားသူများ မည်သူမျှ ပြန်မလာ' ဆိုတဲ့၊ သေပြီးရင် ဘာဖြစ်မလဲဆိုတဲ့ **ဟမ်းမလက်** * ရဲ့ မေးခွန်းမျိုးလို ဘယ်သူ မှ မမေးကြဘူး။ နာမ်လောကနဲ့ ပတ်သက်တာတွေအားလုံးနဲ့ သေပြီးရင် ဘာဖြစ်မလဲဆိုတာတွေ အားလုံးဟာ သူတို့ရဲ့စိတ်အာရုံကနေ အပြီးအပိုင် ဖယ်ထုတ်ပြီး မြေမြှုပ်ထားကြတဲ့အတိုင်းပဲ ဖြစ်တယ်။ နောက်ပြီးတော့ တခါ ကျွန်တော်တို့ရဲ့ဒုစရိုက်မှုတွေနဲ့ ကျွန်တော်တို့ရဲ့ ကာမဂုဏ်သမားတွေကို ကြည့်ကြစမ်းပါ။ အခုအမှုကြီးမှာ ကံမကောင်း အကြောင်း မလှလို့ သားကောင်ဖြစ်ရရှာတဲ့ ဖျိုဒါကာရာမာဇော့ဆိုရင် စောစောကပြောတဲ့ လူတွေနဲ့ စာရင် အပြစ်ကင်းစင်တဲ့ ကလေးလေးတယောက်ပဲ။ ဒါပေမဲ့ သူဟာ 'ကျွန်တော်တို့အထဲက လူတယောက်' ဆိုတာ ကျွန်တော်တို့အားလုံး သိကြတယ်။

(* အင်္ဂလိပ် ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယား (၁၅၆၄-၁၆၁၆) ၏ ဟမ်းမလက်ပြဇာတ်မှ အဓိက ဇာတ်ဆောင်)

"မှန်ပါတယ်၊ တနေ့ကျရင် ကျွန်တော်တို့နိုင်ငံက ပညာရှင်ကြီးများနဲ့ ဥရောပတိုက်က ပညာရှင်ကြီး များဟာ ရုရှား မှုခင်းများရဲ့ စိတ်ပညာသဘောကို လေ့လာကြမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအကြောင်းအရာက လေ့လာထိုက်လို့ပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ လက်ရှိအရှုပ်အထွေး လောကကြီး လွတ်မြောက်သွားတဲ့ နောက်ပိုင်းကာလကျမှ လေ့လာကြမှာ ဖြစ်ပါတယ်။ ဒါမှလည်း အခု ကျွန်တော် လေ့လာတာထက် ပိုပြီး ကောင်းကောင်းမွန်မွန်နဲ့ အေးအေးဆေးဆေး လေ့လာနိုင်ကြမှာ ဖြစ်တယ်။ လောလောဆယ် အချိန်မှာတော့ ကျွန်တော်တို့ဟာ တကယ်လက်တွေ့မှာ ဥပေက္ခာသဘောနဲ့ အာရုံခံစားနေပြီး အပြင်ပန်းအနေနဲ့ကတော့ တုန်လှုပ်ချောက်ချားနေကြတယ်။ ဒါမှမဟုတ် တုန်လှုပ် ချောက်ချားဟန် ဆောင်နေကြမယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ဟာ ကလေးကလေးတွေလို ကြောက်စရာကောင်းတဲ့ သရဲ္ဘသရဲကြီး သွားပါတော့ဆိုပြီး မျက်နှာကို ခေါင်းအုံးနဲ့ ဝှက်ထားကြ မယ်။ အဲ ... ကြောက်စရာကောင်းတဲ့

အရိပ်အယောင်ကြီး ပျောက်သွားတဲ့အခါကျတော့မှ အဲဒါကို မေ့လိုက်ပြီး ဆက်ပြီး ကစားကြမယ်။ ဒါပေမဲ့ တနေ့ကျရင် ကျွန်တော်တို့ဟာ အကျိုးအကြောင်း ညီညွတ်စွာနဲ့ အမှန်တကယ်နေရတဲ့ဘဝမျိုးကို ရောက်ပါလိမ့်မယ်၊ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်း ကြီးတခုကို တည်ဆောက်နိုင်လိမ့်မယ်။ ဒါမှမဟုတ် အဲဒီလို တည်ဆောက်နိုင်တဲ့ လမ်းကြောင်းပေါ် ကို ရောက်ရှိသွားပါလိမ့်မယ်။

"ပြီးခဲ့တဲ့ခေတ်က စာရေးဆရာကြီး တယောက်က (ရုရှား စာရေးဆရာကြီး ဂိုဂိုး (၁၈၀၉-၅၂) ကို ဆိုလိုသည်) ရုရှားနိုင်ငံကြီးကို ပန်းတိုင် မရှိတဲ့အရပ်ကို ဒုန်းစိုင်းနေတဲ့ မြင်းသုံးကောင်တပ် ရထားကြီးနဲ့ တူတယ်လို့ ဥပမာ နှိုင်းခဲ့တယ်။ 'အို ... မြင်းသုံးကောင်တပ် ရထားကြီး၊ ငှက်သွင်ပျံမတတ် ရထားကြီး၊ အသင့်ကို မည်သူတီထွင်ပါသနည်း' လို့ ရေးထားတယ်။ နောက်ပြီးတော့ အရမ်းကာရော ဒုန်းစိုင်းပြီး သွားနေတဲ့ ရထားကြီးကို ကမ္ဘာ့နိုင်ငံများ အားလုံးက လေးစားစွာနဲ့ လမ်းဖယ်ပေးကြတယ်လို့ ဆက်ပြီး ရေးထားပါတယ်။

"ဗူရော်လူကြီးမင်းများ ခင်ဗျာ၊ အဲဒီအတိုင်းပဲ ဖြစ်ပါစေ။ သူတို့အနေနဲ့ လမ်းဖယ်ပေးကြပါစေ၊ လေးစားလို့ပဲဖြစ်စေ၊ မလေးစားလို့ပဲ ဖြစ်စေပေါ့။ ဒါပေမဲ့ ကျွန်တော့်ရဲ့ တထွာတမိုက်လောက် ဉာဏ်ကလေးနဲ့ ပြောရရင်တော့ အဲဒီစာရေးဆရာကြီးဟာ သူ့စာအုပ်အဆုံးမှာ အခုလို နိဂုံးချုပ် သွားတာဟာ ကလေးကလေးတယောက်လို အပြစ်ကင်းစင်တဲ့မသိနားမလည်စိတ်နဲ့ ရေးချေသလား၊ ဒါမှမဟုတ် အဲဒီခေတ် စာပေစိစစ်ရေးကို ကြောက်လို့ပဲလားဆိုတာ ကျွန်တော် စဉ်းစားနေမိပါတယ်၊ အမှန်ပြောရရင်တော့ အဲဒီရထားကြီးကို သူ့ရဲ့ဇာတ်ကောင်တွေဖြစ်တဲ့ ချီချီကော့၊ နော်ဒရီယော့နှင့် ဆိုဗာကီဗစ်တို့ကသာ ဆွဲကြမယ်ဆိုရင်တော့ အဲဒီရထားကြီးကို ဘယ်သူပဲမောင်းမောင်း ဘယ်ကိုမှ ရောက်မှာမဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီလူသုံးယောက်က အရင်ခေတ်ဟောင်းက လူတွေဖြစ်ပါတယ်။ သူတို့ဟာ ကျွန်တော်တို့ခေတ်က လူတွေနဲ့ မနှိုင်းယှဉ်နိုင်ပါဘူး၊ ကျွန်တော်တို့ခေတ်က ပိုပြီး ညံ့ပါတယ်"

ဤနေရာတွင် လက်ခုပ်သံများ ပေါ်ထွက်လာသဖြင့် အစိုးရရှေ့နေ၏ လျှောက်လဲချက် ခေတ္တမျှ ရပ်တန့်သွားရသည်။ ရုရှား မြင်းသုံးကောင်တပ်ရထားကြီးကို အသစ်ပြုပြင် ပြောင်းလဲရေး လစ်ဗရယ်ဝါဒအမြင်ဖြင့် တင်ပြလိုက်သဖြင့် ပရိသတ်ကြီး သဘောတွေ့သွားခြင်း ဖြစ်သည်။ သို့ရာတွင် လက်ခုပ်သံ၊ ဩဘာသံ မရှည်ကြာလှသဖြင့် တရားသူကြီး ဥက္ကဋ္ဌသည် ပရိသတ်ကြီးကို သတိပေးရန် မလိုအပ်တော့ပါ။ လက်ခုပ်တီးသူများဘက်ကိုသာ မျက်နှာထားတည်တည်ကြီးဖြင့် သူ လှမ်းကြည့်လိုက်ရသည်။

သို့သော် အစိုးရရှေ့နေမှာမူ အများကြီးပင် အားတက်သွားရသည်။ သူသည်

ယခင်တုန်းက တခါမျှ ဩဘာပေးခြင်း မခံခဲ့ရပါ။ သူသည် နှစ်ပေါင်းများစွာကပင် အပယ်ခံဘဝ၌ ရှိနေခဲ့ရပြီး ယခုမှ ရုတ်ခြည်းဆိုသလို ရုရှားတနိုင်ငံလုံးသို့ ပြောကြားရသော အခွင့်အရေး ရရှိခြင်းဖြစ်သည်။

“အဲဒီတော့ ရုရှားတနိုင်ငံလုံးမှာ နေ့ချင်းညချင်း မကောင်းသတင်း ကျော်ကြားသွားတဲ့ ကာရာမာဇော့ မိသားစုဟာ ဘယ်လိုမိသားစုမျိုးလဲ”

အစိုးရရှေ့နေ ဆက်လက်လျှောက်လဲသည်။

“ကျွန်တော်ပြောတာ နည်းနည်း ပိုကောင်းပိုသွားပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်အမြင်မှာ တော့ ကနေ့ ပညာတတ် လူတန်းစားတွေရဲ့ အခြေခံဘဝဟာ ဒီမိသားစုရဲ့ မြင်ကွင်းထဲမှာ ပေါ်လွင်နေပါတယ်။ ‘ရေစက်ကလေးတစက်ထဲမှာ ထင်နေတဲ့ နေလို’ ပုံစံငယ်ကလေးတခုပဲပေါ့။ နောက်ဆုံးမှာ ဇာတ်သိမ်းမကောင်း ဖြစ်သွားရတဲ့ မိသားစုရဲ့ အကြီးအကဲ ပုဂ္ဂိုလ်ကြီးကိုပဲ အရင်ကြည့်စမ်းပါ။ သူဟာ ပရမ်းပတာ ပေါက်လွှတ်ပဲစားဖြစ်ပြီး ကံမကောင်း အကြောင်းမလှရှာတဲ့ ပုဂ္ဂိုလ်ကြီး တယောက်ပဲ။ သူဟာ အထက်တန်းစားလောကက ပေါက်ဖွားလာတာ ဖြစ်တယ်၊ ဒါပေမဲ့ ပထမပိုင်းမှာ ဆင်းရဲကျပ်တည်းပြီး သူများတွေအပေါ်မှာ မှီခိုခဲ့ရတယ်။ နောက်ပိုင်းမှာ ပိုက်ဆံရှိတဲ့ အမျိုးသမီးတယောက်နဲ့ မမျှော်လင့်ဘဲ အိမ်ထောင်ကျပြီး ပစ္စည်းဥစ္စာကလေး ရှိလာတယ်၊ ပထမပိုင်းမှာ အသေးစား အကြံအဖန်သမားတယောက် ဖြစ်တယ်။ အပျော်အပြက်တွေ ပြောတတ်တယ်။ နောက်ပိုင်းမှာ ဖွံ့ဖြိုးရင့်သန်လာခြင်း မရှိပေမဲ့ သင့်တင့်တဲ့ အသိဉာဏ်ရှိတယ်၊ ဒါပေမဲ့ အရေးအကြီးဆုံးကတော့ သူဟာ ငွေတိုးပေးစားတဲ့ လူတယောက်ပဲ။

“အဲဒီလိုနဲ့ နှစ်ကာလတွေ ကြာလာတဲ့အခါမှာ သူဟာ ချမ်းသာလာတာနဲ့အမျှ ခေါင်းမာလာတော့ တယ်။ သူ့မှာရှိနေတဲ့ ကျိုးနွံတဲ့အမူအရာတွေ ပျောက်သွားပြီး သရော်လှောင်ပြောင်တတ်တဲ့၊ အပြစ်အနာ ရှာဖွေတတ်တဲ့၊ ကာမဂုဏ် ခံစားတတ်တဲ့ စရိုက်တွေပဲ ကျန်ရစ်ခဲ့တော့တယ်။ နောက်ပြီးတော့ သူဟာ လောကစည်းစိမ်မှာ ခုံမင်တပ်မက်လာတာနဲ့အမျှ လောကုတ္တရာဘက်မှာ စိတ်ဝင်စားမှုတွေ လျော့နည်းသွားရတော့တယ်၊ အဲဒီတော့ သူ့အနေနဲ့ လူ့ဘဝဆိုတာ ကာမဂုဏ် ခံစားမှုလို့ပဲ ယုံကြည်လာပြီး သူ့ရဲ့သားတွေကိုလည်း ဒီအတိုင်းပဲ သင်ကြားတော့တယ်။

“သူ့မှာ အဖေတယောက်အနေနဲ့ မိဘဝတ္တရားဆိုတာ မရှိဘူး။ အဲဒီဝတ္တရားကို သူက သရော် လှော်ပြောင်တယ်။ သူ့ကလေးတွေကို နောက်ဖေးခြံဝင်းထဲမှာ အစေခံတွေနဲ့ ပစ်ထားတယ်၊ ကလေးတွေရဲ့တာဝန် မရှိတာကို သူ ပျော်နေတယ်။ သူ့ကလေးတွေကို သူ လုံးဝ မေ့ထားလိုက်တယ်။ သူဟာ လောကပါလ တရားတွေအားလုံးကို ဆန့်ကျင်တဲ့ နမူနာ ပြသူတယောက်ပဲ၊

သူဟာ တကယ့် အတ္တသမားတယောက်ပဲ။ သူ့ရဲ့ဆောင်ပုဒ်က 'ဘယ်သူသေသေ ငတေမာရင် ပြီးရောပဲ' ဟုတ်တယ်။ သူကတော့ မာနေတာပဲ။ သူ့ကိုယ်သူ ကျေနပ်နေတာပဲ၊ သူဟာ ဒီပုံစံအတိုင်း နောက်ထပ် အနှစ်နှစ်ဆယ် သုံးဆယ်လောက် နေသွားဖို့ အင်မတန် စိတ်ဇောထက်သန်နေတယ်။ သူဟာ သူ့သားအရင်းကိုတောင် လိမ်ညာပြီး အဲဒီသားရဲ့ပိုက်ဆံတွေကို အလွဲသုံးစား လုပ်ပစ်တယ်။ အဲဒီသားရဲ့အမေဘက်ကလာတဲ့ အမွေတွေပဲပေါ့။ နောက်ပြီးတော့ အဲဒီသားရဲ့ရည်းစားကိုပါ အပိုင်စီးဖို့ ကြိုးစားနေတယ်။ တရားခံဘက်က ခုခံကာကွယ်ရေးကို မော်စကိုက ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေကြီး တယောက်တည်းကိုသာ ကျွန်တော် လွှဲအပ်မထားချင်ပါဘူး၊ ကျွန်တော့်အနေနဲ့ လည်း အမှန်တွေကို ပြောပါ့မယ်။ သူ့သားရဲ့ရင်ထဲမှာ သူ့ကို မုန်းတီးတဲ့စိတ်တွေ ဘယ်လောက် များပြားနေအောင် သူ လုပ်နေတယ်ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။

"ဒါပေမဲ့ ကံမကောင်း အကြောင်းမလှတဲ့ ပုဂ္ဂိုလ်ကြီးအကြောင်းကို ကျွန်တော် ဒါလောက်ပဲ ပြောပါ့မယ်။ သူဟာ သူ့ရဲ့မကောင်းမှုတွေအတွက် အပြစ်ဒဏ် ခံနေရရှာပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ တခုမှတ်ထားရမှာကတော့ သူဟာ အဖေတယောက် ဖြစ်တယ်။ ကျွန်တော်တို့ခေတ်ကြီးထဲက အဖေတယောက်ပဲ ဖြစ်တယ်။ သူဟာ ကနေ့ ကျွန်တော်တို့ ခေတ်ကြီးထဲက အဖေတွေရဲ့ ပုံစံအတိုင်း စံချိန်မီအဖေတယောက်ပဲလို့ ပရိသတ်ကြီးကို ကျွန်တော်ပြောတာ လွန်များ လွန်သွားသလား။ ဒါပေမဲ့ မလွန်ပါဘူး ခင်ဗျာ။ ကနေ့ခေတ်ကြီးမှာ သူ့လို အဖေတွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ သူ့လို ငေါငေါထင်းထင်းကြီးတော့ ပေါ်မနေဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပညာပိုတတ်ပြီး ပိုပြီး ယဉ်ကျေးသိမ်မွေ့ကြလို့ပဲ၊ ဒါပေမဲ့ သူတို့ အခြေခံ အယူအဆကတော့ သူနဲ့ တသဝေမတိမ်းပဲ။ ကျွန်တော်ဟာ အပြစ်မြင်ဝါဒသမားတယောက် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လူကြီးမင်းများက ကျွန်တော့်ကို ခွင့်လွှတ်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တခုတော့ ကြိုပြီး သဘောတူညီထားဖို့ လိုပါလိမ့်မယ်၊ ကျွန်တော်ပြောတာကို မယုံဘဲ နေနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ ပြောခွင့်ပြုကြပါ။ ကျွန်တော် ပြောစရာရှိတာတွေကို ပြောပါရစေ၊ ကျွန်တော်ပြောတဲ့အထဲက အနည်းအပါးတော့ မှတ်ထားကြစေလိုပါတယ်။

အခု ကျွန်တော်တို့ ဒီပုဂ္ဂိုလ်ကြီးရဲ့၊ စံအိမ်ထောင်ဦးစီးပုဂ္ဂိုလ်ကြီးရဲ့ သားတွေအကြောင်းကို ပြောကြရအောင်။ သားတယောက်ကတော့ အခု ကျွန်တော်တို့ရှေ့မှာ တရားခံတယောက်အဖြစ်နဲ့ ရောက်ရှိနေပါတယ်။ ကျွန်တော် နောက်ပိုင်းမှာ ပြောမယ့်အကြောင်းတွေ အားလုံးဟာ သူ့အကြောင်းပဲ ဖြစ်ပါတယ်။ ကျန်တဲ့နှစ်ယောက်အကြောင်းကိုတော့ ကျွန်တော် အခု အနည်းငယ်စီ ပြောပါ့မယ်။

“အဲဒီနှစ်ယောက်အနက် အကြီးဖြစ်တဲ့ လူကတော့ ကျွန်တော်တို့ ကနေ့ခေတ် လူရွယ်တယောက်ပဲ။ အထူးပဲ ပညာတတ်ပြီး အတော်ကလေးကို အသိဉာဏ်ထက်သန်တဲ့ လူရွယ်တယောက်ပဲ။ ဒါပေမဲ့ ဘာတခုကိုမှတော့ ယုံကြည်မှု မရှိတော့ဘူး။ သူ့အဖေလိုပဲ ဘာတခုကိုမှ လက်မခံ၊ အားလုံးကို ငြင်းပယ်ထားတယ်။ ကျွန်တော်တို့အားလုံးပဲ သူပြောတဲ့စကားတွေကို ကြားကြရတယ်။ သူဟာ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲမှာ ကောင်းစွာ ဝင်ဆံ့တဲ့ လူရွယ်တယောက်ပဲ။ သူက သူ့ရဲ့ အယူအဆ တွေကို နည်းနည်းကလေးမှ ဖုံးကွယ်မထားဘူး၊ မဖုံးကွယ်ရုံတင်မကဘူး၊ အမြဲတမ်းဆိုသလို ပွင့်ပွင့်လင်းလင်း ထုတ်ပြီး ပြောဆိုတတ်ပါတယ်။ အဲဒီအတွက် ကျွန်တော်ဟာ အခု သူ့အကြောင်းကို ရိုးရိုး သာမန် လူတယောက်အနေနဲ့ မဟုတ်ဘဲ ကာရာမာဇော့ မိသားစုတယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။

“မနေ့ကပဲ ကျွန်တော်တို့မြို့ ဆင်ခြေဖုံးတနေရာမှာ ဒီအမှုနဲ့ ပတ်သက်နေတဲ့ လူတယောက် သူ့ကိုယ်သူ သတ်သေသွားပါတယ်။ နာတာရှည်ရောဂါ စွဲကပ်နေတဲ့ လူတယောက်ပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ ဖျိုဒါကာရာမာဇော့ရဲ့တိတ်တိတ်ပုန်း သားတယောက်လည်း ဖြစ်နိုင်ပါတယ်။ သူကတော့ အစေခံ ဆမာယာကော့ပဲ ဖြစ်ပါတယ်။ သူ့ကို အိုက်ဗင်ကာရာမာဇော့က ဘာသာတရား ယုံကြည်လေးစားမှု အလျှင်းမရှိဘဲနဲ့ အင်မတန် ကြောက်စရာကောင်းတဲ့ အယူအဆတွေ သွတ်သွင်းပေးတဲ့အကြောင်း ပဏာမ စုံစမ်းစစ်ဆေး မေးမြန်းတုန်းက ကျွန်တော့်ကို သူ ကယောင်ချောက်ချား မျက်ရည်တွေနဲ့ ပြောခဲ့ပါတယ်။ ‘လူတွေဟာ ဒီကမ္ဘာမြေကြီးမှာ ဘာကိုမဆို လုပ်ပိုင်ခွင့်ရှိတယ်၊ လာမည့် အနာဂတ်ကာလမှာ ဘာတခုကိုမှ မလုပ်ရဘူးလို့ တားမြစ် ချုပ်ချယ်ထားမှာ မဟုတ်ဘူးလို့ သူ ကျွန်တော့်ကို ပြောဆိုသင်ကြားခဲ့ပါတယ်’.... ဒီအယူအဆကြောင့် အဲဒီလူ့ငနွားဟာ သူ့စိတ်တွေ လုံးဝ ချောက်ချားဖောက်ပြန်သွားတာ ဖြစ်နိုင်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ဝက်ရူးပြန်ရောဂါနဲ့ အဲဒီအိမ်ကြီးမှာ ကျရောက်လာတဲ့ ကြောက်မက်ဖွယ်ရာ ဘေးဒုက္ခတွေ ကြောင့်လည်း သူ့စိတ်တွေ ကစဉ့်ကလျား ဖြစ်ကုန်ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလူ့ငနွားက အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ စကားတခွန်းကို ပြောသွားပါတယ်။ အင်မတန် အသိဉာဏ် ပညာ ထက်မြက်တဲ့ ပုဂ္ဂိုလ်တဦးမှ ပြောနိုင်တဲ့စကားမျိုးပါပဲ၊ သူပြောတဲ့စကားကတော့ .... ‘ဖျိုဒါကာရာမာဇော့ရဲ့သားတွေထဲမှာ သူ့အဖေနဲ့ စရိုက်ချင်းတူတဲ့ သားတယောက် ရှိတယ် ဆိုရင်တော့ အဲဒီသူဟာ အိုက်ဗင်ပဲ ဖြစ်ပါတယ်’ တဲ့။

“ဒီမှတ်ချက်နဲ့ပဲ အိုက်ဗင်ကာရာမာဇော့ရဲ့ သဘောစရိုက် ဘယ်လိုရှိတယ်ဆိုတာကို ကျွန်တော် နိဂုံးချုပ်ပါတယ်။ သည့်ထက်ပိုပြီး ပြောဖို့မကောင်းတော့ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့် အနေနဲ့

နောက်ထပ် ကောက်ချက်တွေ ဆွဲပြီး ဒီလူရွယ်ကလေးရဲ့ အနာဂတ်အကြောင်း သိတိုင်း မြင်တိုင်း မကောင်းတာတွေကို မပြောချင်တော့ပါဘူး။ သူ့ရဲ့ရင်ထဲမှာ အမှန်တရားနဲ့ ပတ်သက်ပြီး လှုံ့ဆော်မှုတွေ အများကြီး ရှိသေးတယ်ဆိုတာကို ကျွန်တော်ဟာ ဒီကနေ့ပဲ ဒီရုံးတော်မှာ တွေ့မြင်နေကြရပြီး ဖြစ်ပါတယ်။ သူ့မှာ ဘာသာတရားကို မယုံကြည်တဲ့ စိတ်တွေနဲ့ တဖက်စွန်း အပြစ်မြင်ဝါဒတွေ ရှိနေပေမဲ့ မိသားစုသံယောဇဉ်ကလေးကတော့ ပျောက်မသွားသေးပါဘူး။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ သူ့ရဲ့ တဖက်စွန်း အပြစ်မြင်ဝါဒတွေဟာဆိုရင် မိရိုးဖလာ သူပြော ကိုယ်ပြောနဲ့ ရှိနေတာမျိုး မဟုတ်ဘဲ သူကိုယ်တိုင် သေသေချာချာကြီး စဉ်းစားဆင်ခြင်ပြီးမှ ရထားတဲ့အမြင်တွေ ဖြစ်ပါတယ်။

"နောက်တယောက်ကတော့ သူ့ထက်အငယ် တတိယသားပဲ။ အို … အဲဒီလူငယ်ကလေးကတော့ အင်မတန် ငယ်ပါသေးတယ်။ နောက်ပြီးတော့ ဘာသာတရားကိုလည်း အင်မတန် ရိုသေကိုင်းရှိုင်းပြီး တကယ့်ကို ရိုးသားပါတယ်။ သူ့မှာကျတော့ သူ့အစ်ကိုလို လူ့ဘဝနဲ့ပတ်သက်ပြီး ပျက်စီးမှောက်မှား နေတဲ့ အမြင်တွေ မရှိဘဲ သူဟာ 'လူတွေရဲ့အခြေခံ ယုံကြည်ချက်' တွေကို ဖက်တွယ်ထားတယ်။ ဒါမှမဟုတ် ကျွန်တော်တို့ ပညာတတ်အသိုင်းအဝိုင်းမှာ အဲဒီလိုမျိုး လက်ခံထားတဲ့ အယူအဆမျိုးကို ဖက်တွယ်ထားတာပဲပေါ့။ အားလုံး သိကြတဲ့အတိုင်းပဲ သူဟာ ဘုန်းကြီးကျောင်းနဲ့ ဆက်သွယ်နေခဲ့ တယ်။ သူကိုယ်တိုင် ဘုန်းကြီးတပါး ဖြစ်တော့မည့်ဆဲဆဲ ဖြစ်ခဲ့တယ်။

"ကျွန်တော့်အမြင်မှာတော့ သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့ဘာသူ မသိဘဲနဲ့ သူ့စိတ်ထဲမှာ ဒီလောကကြီးကို အင်မတန် စိတ်ပျက်အားလျော့သွားတဲ့သဘောတွေ ဝင်သွားတယ် နဲ့တူတယ်။ ကျွန်တော်တို့ရဲ့ ကံဆိုးမိုးမှောင်ကျနေတဲ့ လူ့အဖွဲ့အစည်းကြီးထဲမှာ လူတော်တော်များများဟာ ဒီလိုပဲ ဖြစ်နေကြပါတယ်။ သူတို့က အစွန်းရောက် အပြစ်မြင်ဝါဒနဲ့ ဆိုးကျိုးတွေကို ထိတ်လန့်တုန်လှုပ် နေကြပြီး ဒီလိုဖြစ်ရတာဟာ 'ဥရောပ အသိပညာ ဖွံ့ဖြိုး တိုးတက်မှု' ကြောင့်လို့ အထင်အမြင် မှားနေကြပြီး 'မူရင်းလောက' ကို ပြန်သွားနေကြတယ်။ မိခင်မြေကြီးရဲ့ရင်ခွင်ထဲကို ပြန်သွားကြ မယ်လို့ သူတို့က ပြောကြတယ်။ အဲဒါဟာ ဘာနဲ့တူသလဲဆိုတော့ အင်မတန် ထိတ်လန့်ကြောက်ရွံ့ နေတဲ့ ကလေးတွေအနေနဲ့ သူတို့ ထိတ်လန့်ကြောက်ရွံ့နေတဲ့ အရာတွေကို မမြင်ရတော့အောင် ချည့်နဲ့အားနည်းနေတဲ့ မိခင်ရဲ့ရင်ထဲမှာ တသက်လုံးပြန်ပြီး အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း အိပ်ချင်နေတဲ့ သဘောမျိုးပဲ။

"ကျွန်တော့်အနေနဲ့ လူတော်လူကောင်းကလေးကို အဘက်ဘက်မှာ အောင်မြင် တိုးတက်စေချင် ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့စိတ်ကူးယဉ် စိတ်ဝါဒနဲ့ ရိုးရိုးသာမန်လူတွေရဲ့ အခြေခံအယူအဆ တွေဆီကို ပြန်သွားချင်တဲ့

သူ့ရဲ့စိတ်တွေဟာ နောက်ပိုင်းမှာ ဖြစ်လေ့ဖြစ်ထ ရှိတဲ့အတိုင်း အယူဝါဒ အတိုင်း အလိုလို သိမြင်နိုင်စွမ်းရှိတယ်ဆိုတဲ့ အဘိညာဉ်ဝါဒ၊ နောက်ပြီးတော့ နိုင်ငံရေးအပိုင်းမှာ တယူသန် မျက်ကန်းမျိုးချစ်ဝါဒကို ရောက်မသွားပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ်။ ဒီအယူအဆ နှစ်ခုဟာ ကျွန်တော်တို့ရဲ့ နိုင်ငံကြီးကို အချိန်အခါမဟုတ် ပျက်စီးသွားခြင်းထက် ပိုပြီး အန္တရာယ် ကြီးမားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥရောပ အတွေးအခေါ်တွေကို အယူအဆ မမှန်ဘဲနဲ့ အရမ်းသက်သက် လက်ခံကြတဲ့အတွက်ပါပဲ၊ သူ့ရဲ့အစ်ကိုဟာ ဒီဒဏ်ကို ခံနေရတာပါပဲ”

မျက်ကန်းမျိုးချစ်ဝါဒနှင့် အဘိညာဉ်ဝါဒတို့ကို တိုက်ခိုက် ပြောကြားသောအခါ လူနှစ်ယောက် သုံးယောက်က လက်ခုပ်တီးပြီး ဩဘာပေးသည်။ အစိုးရရှေ့နေသည် ကောင်းကောင်းကြီး လေမိနေပြီ ဖြစ်သည်။ အကြောင်းအရာများသည် လက်ရှိအမှုနှင့် မသက်ဆိုင်လှသော်လည်း အထောက်အထားတခုအဖြစ်နှင့် မှေးမှိန်ပိုးဝါးလှသော်လည်း အဆုတ်ရောဂါ စွဲကပ်ကာ နာမကျန်း ဖြစ်နေသော အစိုးရရှေ့နေသည် သူ၏တသက်တွင် တခါဆိုသလို ပြောကြားလိုလျက် ရှိတော့သည်။ နောက်ပိုင်းတွင် လူတွေက ဝေဖန်ပြောဆိုကြသည်မှာ သူ့အနေနှင့် အိုက်ဗင်ကို ဝေဖန်ပြောဆိုခြင်း သည် ပုဂ္ဂိုလ်ရေးအရ ပြောဆိုခြင်းဖြစ်သည်ဟု ဆိုသည်။ အိုက်ဗင်သည် စကားဝိုင်းတခု နှစ်ခုတွင် သူ့အား အပြတ်ဖြတ်ခဲ့သဖြင့် ယခုအခါတွင် အစိုးရရှေ့နေက ပြန်လည် လက်စားချေနေခြင်းပင် ဖြစ်သည်။ သို့သော် ယင်းအချက် မှန် မမှန်ကို ကျွန်ုပ် မသိပါ။ ထို့ပြင် ယခု သူ ပြောဆိုနေခြင်း များသည် နိဒါန်းမျှသာဖြစ်ပြီး နောက်ပိုင်း သူ၏လျှောက်လဲချက်များသည်သာ အမှုနှင့် တိုက်ရိုက် သက်ဆိုင်လျက် ရှိပါသည်။

“ကဲ ... ကျွန်ုပ်တို့ အခုမျက်မှောက်ခေတ် မိသားစု အကြီးအကဲရဲ့သားအကြီးဆုံးအကြောင်းကို ပြန်ပြီး ခြေရာကောက်ကြဦးစို့။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ သူကတော့ အခု ကျွန်ုပ်တို့ရှေ့မှာ ရောက်နေတဲ့ တရားခံပါပဲ။ သူ့ရဲ့ စွန့်စားခန်းများ၊ သူ့ရဲ့ဘဝနဲ့ သူ့ရဲ့လုပ်ဆောင်ချက်များ အားလုံးလည်း ကျွန်တော်တို့ရှေ့မှာ ရောက်နေပါတယ်။ နောက်ဆုံးအချိန် ကျရောက်လာပြီး ပရိသတ်ကြီးရဲ့ ရှေ့မှောက်မှာ အားလုံးပေါ်ပေါက်လာရတာပဲ။ သူ့ရဲ့ညီနှစ်ယောက် လက်ခံယုံကြည်ထားတဲ့ ဥရောပ ဝါဒနဲ့ ရိုးရိုးသာမန်လူတွေရဲ့ အခြေခံ အယူအဆတွေကို ဆန့်ကျင်ပြီး သူက မူလလက်ဟောင်း ရုရှားကို ကိုယ်စားပြုတဲ့ လူတယောက်ပဲ။ အို ... ဒီလိုတော့ မဟုတ်သေးဘူး၊ ဒီလိုတော့ မဟုတ်သေးဘူး။ ရုရှားလို့ ပြောလို့မရသေးဘူး၊ ဘုရားသခင် ခွင့်မပြုဘူး။ ကျွန်တော်တို့ဟာ ဒီမှာ အမိ ရုရှားနိုင်ငံကြီးရဲ့ ရနံ့နဲ့ အသံကို ကြားနေကြရပါတယ်။ အို... ဟုတ်ပါတယ်၊ သူဟာ ရှေးခေတ်က ရုရှားတယောက်ပဲ ဖြစ်ပါတယ်။ သူ့မှာ အင်မတန် အံ့ဩစရာကောင်းလောက်အောင်ပဲ သုစရိုက်နဲ့ ဒုစရိုက်တွေ

ရောနေပါတယ်။ သူဟာ အသိပညာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ရှီလာကို လက်ခံမြတ်နိုးနေကြ တဲ့အချိန်မှာပဲ တဖက်က အရက်ဆိုင်မှာ ရန်ဖြစ်ပြီး ကိုယ်နဲ့ သောက်ဖော် သောက်ဖက်တယောက်ရဲ့ မုတ်ဆိတ်မွေးကို ဆွဲနေတယ်။

"အို ... သူလည်းပဲ လူကောင်း သဘောကောင်း မနောကောင်း တယောက်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူ့အတွက် အခြေအနေတွေက အားလုံးကောင်းမွန်နေရမယ်၊ နောက်ပြီးတော့ သူ့မှာ ကောင်းမွန် မြင့်မြတ်တဲ့ အယူအဆတွေရှိနေနိုင်တယ်၊ ဒါပေမဲ့ ဒီအယူအဆတွေက အလိုလို ရောက်လာရတယ်။ ကောင်းကင်ဘုံကနေ ကျလာရတယ်၊ အဲဒါတွေကို အလကား ရရမယ်၊ တပြားတချပ်မှ မကုန်ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ မပေးချင်ဘူး၊ ရတာပဲ ရချင်တယ်၊ သူ့အဖို့ အားလုံးဟာ ဒီအတိုင်း ချည့်ပဲ။ အို .. သူ့ကို ကောင်းတဲ့အခြေအနေတွေ အားလုံး ပေးလိုက်စမ်းပါ (နည်းနေရင်တော့ သူ ရောင့်ရဲတင်းတိမ်မှာ မဟုတ်ဘူး) နောက်ပြီးတော့ သူ့ကို ဘာမှ အတားအဆီး အနှောင့်အယှက် မပေးပါနဲ့၊ အဲဒီအခါကျရင် သူဟာလည်းပဲ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူကောင်းတယောက် အဖြစ် ပြသလိမ့်မယ်။ သူဟာ လောဘမကြီးပါဘူး။ ဒါပေမဲ့ သူ့မှာ ပိုက်ဆံတွေတော့ ရှိနေရမယ်။ ပိုက်ဆံတွေအများကြီး ရှိနေရမယ်၊ အဲဒီအခါကျရင် သူ ဘယ်လောက်ရက်ရောတယ်ဆိုတာကို တွေ့ရမယ်။ သူဟာ ငွေကိုမမက်တဲ့အနေမျိုးနဲ့ သူဟာ အဲဒီငွေတွေကို တည၊တည်းနဲ့ အတိုင်းအဆမရှိ အကုန်လုံး ဖြုန်းပစ်လိမ့်မယ်၊ ဒါပေမဲ့ သူ့မှာ ပိုက်ဆံရှိမနေဘူးဆိုရင်တော့၊ သူ့မှာလည်း ပိုက်ဆံ အသေအလဲ လိုချင်နေမယ်ဆိုရင်တော့ သူဟာ အဲဒီပိုက်ဆံကို မရ ရတဲ့နည်းနဲ့ ရှာလိမ့်မယ်။ ဒါပေမဲ့ ဒီအကြောင်းတွေကို နောက်မှပြောရအောင်။ လောလောဆယ်မှာတော့ ပြီးခဲ့တဲ့အဖြစ်အပျက်တွေကို တဆင့်ပြီး တဆင့် လေ့လာကြရအောင်။

"ပထမဆုံး ကျွန်တော်တို့ တွေ့ရတာကတော့ စွန့်ပစ်ထားတဲ့ ကလေးလေးတယောက်ပဲ။ ကျွန်တော်တို့ရဲ့ လေးစားအပ်သော နိုင်ငံသားကြီး ... အဲ နိုင်ငံခြားသား အနွယ်ကြီးရဲ့ စကားနဲ့ ပြောရရင်တော့ 'နောက်ဖေးခြံဝင်းထဲမှာ ဖိနပ်မပါ ခြေဗလာနဲ့' လျှောက်ပြေးနေတဲ့ ကလေးကလေးပဲ ပေါ့။ ဒီနေရာမှာ ကျွန်တော် ထပ်ပြီး ပြောပါဦးမယ်။ ကျွန်တော်ဟာ တရားခံကို ကာကွယ်တဲ့နေရာမှာ တခြား ဘယ်သူ့ထက်မှ မလျှော့ပါဘူး။ ကျွန်တော်ဟာ သူ့ကို စွဲချက်တင်တဲ့လူ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ သူ့ကို ကာကွယ်တဲ့လူလည်း ဖြစ်ပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော့် မှာလည်း လူသားဆန်တဲ့ နှလုံးသား ရှိပါတယ်။ လူတယောက်ရဲ့ စရိုက်အပေါ်မှာ သူ့ရဲ့မိသားစုနဲ့ ကလေးဘဝက လွှမ်းမိုးမှု ရှိတယ်ဆိုတာကို ကျွန်တော်လည်း နားလည်ပါတယ်။

“အဲဒီလိုနဲ့ အဲဒီကလေးကလေးဟာ ကြီးပြင်းလာတယ်။ အရွယ်ရောက်ပြီး တပ်မတော်မှာ အရာရှိ တဦး ဖြစ်လာတယ်။ စိန်ခေါ်ပွဲတခုနဲ့ တခြား ဟော့ဟော့ရမ်းရမ်း လုပ်မှုတွေကြောင့် သူ့ကို အင်မတန် ဝေးတဲ့ နယ်ခြားဒေသက မြို့တမြို့ကို ပို့လိုက်တယ်။ အဲဒီမှာ သူဟာ တပ်ရင်းတရင်းမှာ တာဝန် ထမ်းဆောင်ရင်း ရမ်းချင်တိုင်းရမ်းပြီး ကြမ်းချင်တိုင်း ကြမ်းနေတော့တာပဲ။ ဒါပေမဲ့ အရေးကြီးတာက သူ့မှာ ငွေလိုတယ်။ သူ့မှာ တခြားလုပ်ချင်တာတွေ လုပ်နိုင်ဖို့ အရင်ဆုံး ငွေရှိဖို့ လိုအပ်နေတယ်။ အဲဒါကြောင့် သူ့အမေဘက်က ရ စရာရှိတဲ့ အမွေတွေကို ရဖို့ သူ့အဖေနဲ့ ဆွေးနွေးရတယ်။ အကြာကြီး ဆွေးနွေးရတယ်။ အကြိတ်အနယ် ဆွေးနွေးရတယ်။ နောက်ဆုံးမှာ ငွေခြောက်ထောင်နဲ့ ပြေလည်သွားတယ်။ သူ့ဆီကို ငွေတွေ ပို့လိုက်တယ်။

“ဇူရေ်လူကြီးမင်းများ ခင်ဗျား။ ဒီနေရာမှာ တခု မှတ်သားထားစေချင်ပါတယ်၊ သူဟာ ငွေခြောက်ထောင် ရရှိပြီးတဲ့နောက်ပိုင်းမှာ အမွေကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေနဲ့ အားလုံး ရှင်းလင်းပြီးပြီဖြစ်လို့ နောက်ထပ် တပြားတချပ်မှ ထပ်ပြီး မတောင်းခံတော့ပါဘူးဆိုတာကို သူ စာရေးပြီး ကတိပေးထားပါတယ်။

“အဲဒီအချိန်မှာပဲ သူဟာ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာအရည်အချင်း ပြည့်ဝတဲ့ မိန်းကလေး တယောက်နဲ့ တွေ့ပါတယ်။ အို ... လူကြီးမင်းတို့အနေနဲ့ စောစောကလေးကပဲ ကြားသွားပြီဖြစ်တဲ့ အကြောင်းအရာတွေကို ကျွန်တော် အသေးစိတ်ပြန်ပြီး ပြောမနေတော့ပါဘူး။ ကိုယ်ကျိုးစွန့်လွှတ်မှု နဲ့ ဂုဏ်သိက္ခာကိစ္စတွေ ပါဝင်နေတဲ့အတွက် ကျွန်တော် ဘာမှထပ်ပြီး မပြောတော့ပါဘူး။ ပေါ့ပေါ့ဆဆနဲ့ ပေါက်လွှတ်ပဲစား နေတတ်တဲ့ အရာရှိကလေးတယောက်မှာ မြင့်မြတ်ကောင်းမွန်တဲ့ အတွေးအခေါ်တွေ ဝင်ရောက်လာပုံအကြောင်း ကျွန်တော်တို့တတွေရဲ့ စိတ်အာရုံမှာ အင်မတန် သဘောကျနှစ်သက်စရာ ပေါ်လွင်လာတယ်။ ဒါပေမဲ့ အဲဒါရဲ့ဆန့်ကျင်ဘက် ရုပ်ပုံလွှာဟာ ချက်ချင်း လက်ငင်းကြီး ဆိုသလို အဲဒီရုံးတော်ထဲမှာပဲ ပေါ်လာပြန်တော့တယ်။ ဒီနေရာမှာလည်း ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုတာကို ကျွန်တော့်ရဲ့ ထင်မြင်ချက် မပေးတော့ပါဘူး။ ဒါပေမဲ့ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းတွေ ရှိနေတာတော့ အမှန်ပဲ။

“စောစောပိုင်းက သူ့ရဲ့သဘောထား မြင့်မြတ်မှုကို ပြောသွားတဲ့ အမျိုးသမီးကလေးကပဲ နောက်ပိုင်းမှာ တခါ ကာလရှည်ကြာစွာ ချုပ်တည်းထားရတဲ့ မျက်ရည်တွေကို သွန်ချရင်း သူ့ကို စွပ်စွဲသွားတာကတော့ သူဟာ သူမရဲ့ အဲဒီတုန်းက အပြုအမူအတွက် သူမအပေါ်မှာ အထင်အမြင် သေးခဲ့တယ်တဲ့။ သူမရဲ့ အပြုအမူဟာ သတိတရားနည်းပါးပြီး အထိန်းအချုပ်မရှိ ပြုမူခဲ့တာ ဖြစ်ပေမဲ့

မြင့်မြတ်တဲ့စိတ်ထားနဲ့ ကောင်းမွန်တဲ့ အကျိုးတခုကို သယ်ပိုးခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက၊ မိန်းကလေးနဲ့ စေ့စပ်ထားတဲ့ သူကပဲ သရော်လှောင်ပြောင်တဲ့ အပြုံးနဲ့ ကြည့်ခဲ့တာ ဖြစ်ပါတယ်။ မိန်းကလေးဟာ သူ့အနေနဲ့ အဲဒီလို သရော်ပြုံး ပြုံးတာကို တခြားလူတွေ သရော်ပြုံး ပြုံးတာထက် ပိုပြီး မခံမရပ်နိုင် ဖြစ်ရပါတယ်။ သူ့အနေနဲ့ သူမကို လိမ်လည်လှည့်ဖြားနေမှန်း သိရဲ့သားနဲ့ (သူမဟာ သူ လိမ်လည်လှည့်ဖြားသမျှကို သည်းခံနေလိမ့်မယ်။ နောက်ဆုံး သူမကို သစ္စာဖောက်ဖျက်တာကိုပင် သည်းခံနေလိမ့်မယ်ဆိုတဲ့ အသိနဲ့ သူက သူမကို လှည့်စားနေခဲ့တာ ဖြစ်ပါတယ်) အဲဒီလို သိရဲ့သားနဲ့ သူမက သူ့ကို ရူဗယ်ငွေ သုံးထောင် တမင်တကာ ပေးခဲ့တာ ဖြစ်ပါတယ်။ သူမကို လိမ်လည်လှည့်ဖြားဖို့အတွက် သူ့ကို ဒီပိုက်ဆံတွေ ပေးတယ်ဆိုတာကို သူ သေသေချာချာ သိတယ်။ ‘ဘယ်လိုလဲ၊ ရှင် ယူမှာလား မယူဘူးလား။ ရှင့်မှာ ဒါလောက်တောင် အရှက်မဲ့နေပြီလား’ လို့ သူမရဲ့မျက်လုံးတွေက သူ့ကို သေသေချာချာ ကြည့်ပြီး ပြောခဲ့တယ်။ သူကလည်း အမျိုးသမီးကို ကြည့်နေတာမို့ အမျိုးသမီးရဲ့စိတ်ထဲမှာ ဘယ်လို ရှိနေတယ်ဆိုတာကို သူ သေသေချာချာ သိတယ် (သူ အဲဒီလို နားလည်တဲ့အကြောင်း လူကြီးမင်းများရဲ့ရှေ့မှာ စောစောက သူ ဝန်ခံသွားပြီးပါပြီ)။ ဒါပေမဲ့ သူဟာ အဲဒီလိုသိရဲ့သားနဲ့ အဲဒီငွေသုံးထောင်ကို သူ အေးအေးဆေးဆေးပဲ ယူသွားပြီး နှစ်ရက်အတွင်းမှာပဲ သူ့ရဲ့ အချစ်သစ်ကလေးနဲ့ သုံးဖြုန်းပစ်လိုက်ပါတယ်။

“အဲဒီတော့ ကျွန်တော်တို့ ဘာကိုယုံရမလဲ။ အင်မတန် စေတနာ သဒ္ဓါတရား ပြည့်ဝစွာနဲ့ သူ့မှာရှိသမျှ ပိုက်ဆံတွေအားလုံးကို သီလ သမာဓိနဲ့အညီ ပေးကမ်းစွန့်ကြဲလိုက်တာကို ယုံရမလား၊ ဒါမှမဟုတ် အင်မတန် အော့နှလုံးနာစရာကောင်းတဲ့ ဆန့်ကျင်ဘက်အဖြစ်ကိုပဲ ယုံရမလား။ ယေဘုယျအားဖြင့် တော့ အစွန်းနှစ်ဖက်ကို တွေ့နေလို့ရှိရင် လူတယောက်ဟာ အမှန်တရားအတွက် မဇ္ဈိမ ပဋိပဒါလမ်း ကို ရှာဖွေရမယ်။ ဒါပေမဲ့ လက်ရှိပြဿနာမှာတော့ ဒီလိုမဟုတ်ဘူး။ ဖြစ်တန်စရာရှိတာကတော့ ပထမကိစ္စမှာ သူဟာ တကယ်ပဲ ရိုးသားမြင့်မြတ်တယ်၊ ဒုတိယကိစ္စမှာကျတော့ သူဟာ တကယ်ပဲ ယုတ်မာအောက်တန်းကျတယ်။ အဲဒါ ဘာဖြစ်လို့လဲ။

“ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ကာရာမာဇော့ စရိုက်လက္ခဏာ သိသိသာသာ ထင်ထင်ရှားရှားကြီး ရှိနေလို့ပဲ။ ကျွန်တော့်အနေနဲ့ အဲဒီအချက်ကို ဦးတည်ပြီး ပြောနေတာပဲ။ ကာရာမာဇော့ စရိုက် ဆိုတာကတော့ တောင်နဲ့ မြောက်လို ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အစွန်းတွေအားလုံးကို ပေါင်းစည်းနိုင် တယ်။ အမြင့်မြတ်ဆုံးဆိုတာနဲ့ အနိမ့်ကျဆုံးဆိုတာကို ပေါင်းစည်းနိုင်စွမ်းရှိတယ်၊ ကာရာမာဇော့ မိသားစုကို သေသေချာချာနဲ့ နီးနီးကပ်ကပ် လေ့လာထားတဲ့ အကဲခတ်သမား လူရွယ်ကလေး မစ္စတာရာကီတင်ရဲ့ အင်မတန် ထိမိတဲ့

မှတ်ချက်ကလေးဟာ အင်မတန် သတိပြုဖို့ ကောင်းပါတယ်။ ‘ပေါက်လွှတ်ပဲစားနိုင်ပြီး လုပ်ချင်ရာ လုပ်တတ်တဲ့ လူတွေအတွက်၊ သူတို့ရဲ့ မြင့်မြတ်ရက်ရောမှုတွေ အတွက် နိမ့်ကျယုတ်မာမှုတွေဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေပဲ’ တဲ့ … အဲဒါအမှန်ပါပဲ၊ သူတို့အဖို့ သဘာဝမကျတဲ့ ပေါင်းစပ်မှုဟာ အမြဲတမ်း လိုအပ်နေပါတယ်။ အစွန်းနှစ်ဖက်ဟာ တချိန်တည်းမှာ ရှိနေရမယ်။ အဲဒီလို ရှိမနေဘူးဆိုရင် သူတို့ဟာ မပျော်တော့ဘူး၊ မကျေနပ်တော့ဘူး။ သူတို့ရဲ့ ဘဝဟာ မပြည့်စုံတော့ဘူး၊ သူတို့ရဲ့ဘဝက အမိ ရုရှားနိုင်ငံကြီးလိုပဲ ကျယ်ပြောလှပါတယ်။ သူတို့ရဲ့ ဘဝမှာ အားလုံး ပါဝင်နေပြီး အားလုံးနဲ့ပဲ အဆင်ပြေနေကြတယ်။

“ဒါနဲ့ စကားမစပ်၊ ဇူရော်လူကြီးမင်းများ ခင်ဗျာ။ ကျွန်တော်တို့ဟာ စောစောတုန်းက ငွေသုံးထောင် အကြောင်းကို ပြောမိခဲ့ကြပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းကလေးကြိုပြီး စကားဦးသန်းချင်ပါတယ်။ သူ့လိုလူမျိုး တယောက်အနေနဲ့ အဲဒီပိုက်ဆံကို အဲဒီနည်းမျိုးနဲ့ ရပြီး၊ အဲဒီလောက် အရှက်ကွဲခံပြီး၊ အဲဒီလောက် သိက္ခာကျခံပြီး ယူထားရတဲ့ ပိုက်ဆံကို အဲဒီနေ့မှာပဲ တဝက်ခွဲပြီး အိတ်ကလေးတလုံးထဲမှာ ချုပ်ထားပြီး၊ ဒါလောက် အသုံးလိုပြီး၊ ဒါလောက် သုံးစရာတွေ ရှိနေတဲ့အချိန်မှာ သန္နိဋ္ဌာန်ခိုင်မြဲစွာနဲ့ သူ့လည်ပင်းမှာ တလလုံးလုံး ဆွဲထားနိုင်တယ်ဆိုတာကို လူကြီးမင်းများ ယုံကြည်နိုင်ကြပါသလား။ အရက်ဆိုင်ထဲမှာ အရက်တွေမူးပြီး ပရမ်းပတာဖြစ်နေတဲ့ အချိန်မှာရော၊ နောက်ပြီး သူ့ရဲ့အချစ်သစ်ကလေးကို သူ့ရဲ့ပြိုင်ဘက်ဖြစ်တဲ့ သူ့အဖေရဲ့လက်က ကာကွယ်ဖို့အတွက်ရော သူဟာ ဒီပိုက်ဆံအိတ်ကလေးကို လက်ဖျားနဲ့တောင် မတို့ခဲ့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့အချစ်သစ်ကလေးကို သူ့အနေနဲ့ အင်မတန် မနာလိုဝန်တိုဖြစ်နေတဲ့ အဘိုးကြီးရဲ့လက်ထဲကို ပါမသွားစေရေးအတွက် သူဟာ ဒီပိုက်ဆံအိတ်ကလေးကို မထိမတို့ဘဲ အမျိုးသမီးရဲ့အခြေအနေကို အမြဲတစေ စောင့်ကြည့်နေခဲ့တယ်တဲ့။ တကယ်လို့ အမျိုးသမီးက ‘ကျွန်မဟာ အစ်ကို့အတွက်ပါပဲ’ လို့ ပြောခဲ့ရင် မကောင်းဆိုးဝါးတဲ့ ပတ်ဝန်းကျင်ကနေ ဝေးရာကို ထွက်ပြေးဖို့အတွက်ပဲတဲ့။

“အဲဒါဟာ မဟုတ်သေးပါဘူး ဇူရော်လူကြီးမင်းများ ခင်ဗျား၊ အဲဒီအိတ်ကလေးကို သူ လက်ဖျားနဲ့ တောင် မတို့ခဲ့ဘူး။ ဘာဖြစ်လို့လဲ၊ အဓိကအကြောင်းကတော့ စောစောက ကျွန်တော်ပြောသွားတဲ့ အတိုင်းပဲ၊ အမျိုးသမီးက ‘ကျွန်မဟာ အစ်ကို့အတွက်ပါပဲ၊ ကျွန်မကို အစ်ကိုကြိုက်တဲ့နေရာ ခေါ်သွားပါတော့’ လို့ ပြောတဲ့အခါမှာ အမျိုးသမီးကို ခေါ်သွားဖို့ သူ့မှာ ပိုက်ဆံရှိနေဖို့ လိုတဲ့အတွက် ပါပဲ။ ဒါပေမဲ့ အဲဒီ ပထမအကြောင်းပြချက်ဟာ တရားခံ ကိုယ်တိုင်ပြောတဲ့ ဒုတိယအကြောင်းပြချက် အောက်မှာ မှေးမှိန်သွားပါတယ်။ သူက ဘယ်လိုပြောသလဲဆိုတော့ ‘ကျွန်တော့်ကိုယ်ပေါ်မှာ အဲဒီပိုက်ဆံ ရှိနေလို့ရှိရင်

ကျွန်တော်ဟာ လူယုတ်မာတယောက်ပဲ ဖြစ်မယ်။ ဒါပေမဲ့ သူခိုးတယောက် တော့ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ စော်ကားမော်ကားနိုင်လှတဲ့ ရည်းစားဆီကိုသွားပြီး ကျွန်တော် အလွဲသုံးစားလုပ်ထားတဲ့ ပိုက်ဆံတွေရဲ့တဝက်ကို သူ့ရှေ့မှာချပြီး ပြောနိုင်တယ်၊ မင်းပေးတဲ့ ပိုက်ဆံတွေထဲက တဝက်ကို ငါ သုံးထားတယ်။ ငါဟာ စိတ်ဓာတ် ပျော့ညံ့ပြီး ကိုယ်ကျင့်တရား မကောင်းမွန်တဲ့ လူတယောက်ပဲ၊ မင်းအနေနဲ့ ငါ့ကို လူယုတ်မာလို့ ခေါ်ချင်ခေါ်နိုင်တယ်၊ (တရားခံရဲ့စကားလုံးတွေအတိုင်း ကျွန်တော် ပြန်ပြောနေခြင်း ဖြစ်ပါတယ်) ဒါပေမဲ့ ငါဟာ လူယုတ်မာတယောက်ပဲ၊ သူခိုးတယောက် မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ သူခိုးတယောက်ဆိုရင် ကျန်တဲ့ငွေတဝက်ကိုလည်း ပထမငွေတဝက်လိုပဲ အလွဲသုံးစား လုပ်ပစ်လိုက် မှာပဲ” တဲ့။

“အင်မတန် အံ့ဩစရာကောင်းတဲ့ ရှင်းလင်းချက်တခုပါ။ စိတ်ဓာတ်ပျော့ညံ့ပေမဲ့ အင်မတန် ခက်ထန် ကြမ်းတမ်းတတ်တဲ့ ဒီလူဟာ အင်မတန် သိက္ခာကျပြီးမှ ရမယ့် ငွေသုံးထောင်ကို သူ့စိတ်က မငြင်းဆန်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ဒီလူကပဲ သူ့စိတ်ထဲမှာ ဘယ်လိုမှ မတုန်လှုပ် မချောက်ချားတဲ့ ခိုင်မာပြတ်သားမှု ဖြုန်းခနဲ ဖြစ်ပေါ်လာပြီး အဲဒီငွေ တထောင့်ငါးရာကို လက်ဖျားနဲ့မှ မတို့မထိဘဲ သူ့လည်ပင်းမှာ လွယ်ထားခဲ့တယ်။ အဲဒီလုပ်ရပ်မျိုးဟာ ကျွန်တော်တို့ အခု သုံးသပ်သွားတဲ့ စရိုက်နဲ့ ကိုက်ညီပါသလား။

“ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ဘယ်လိုမှ မကိုက်ညီပါဘူး၊ ဒီလိုကိစ္စမျိုးမှာ ဒီမီထရီ ကာရာမာဇော့ စစ်စစ် တယောက်အနေနဲ့ ဘယ်လိုမျိုး လုပ်မယ်ဆိုတာကို လူကြီးမင်းများကို ကျွန်တော် ရှင်းပြပါရစေ၊ သူ့အနေနဲ့ တကယ်ပဲ အဲဒီပိုက်ဆံတွေကို ဖယ်ထားဖို့ ဆုံးဖြတ်ခဲ့တယ်ဆိုရင်ပေါ့။

“သူရဲ့အချစ်သစ်ကလေးကို ကျွေးမွေးပြုစုဖို့ သူ့စိတ်ထဲမှာ ပထမဆုံးအကြိမ် စိတ်ယိမ်းယိုင်လာတာနဲ့ တပြိုင်နက် သူဟာ အဲဒီအမျိုးသမီးနဲ့အတူ ပထမငွေတဝက် သုံးခဲ့ ဖြုန်းခဲ့ပြီးပြီ။ သူဟာ လည်ပင်းက အိတ်ကလေးကို ဖြေပြီး ပထမဆုံးအကြိမ်အဖြစ်နဲ့ ငွေတရာ ထုတ်ယူမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ ဘာဖြစ်လို့ ငွေတဝက်ကြီးများတောင် ပြန်ပေးရမလဲ။ ငွေတဝက်ဆိုတာ တထောင့်ငါးရာ။ တထောင့်ငါးရာပဲ ပေးလို့ကော မဖြစ်ဘူးလား၊ တထောင့်ငါးရာနဲ့ တထောင့်လေးရာဟာ ဘယ်လောက်များ ထူးခြားမှာမို့လဲ၊ ‘ငါဟာ လူယုတ်မာတယောက်ပဲ၊ ဒါပေမဲ့ သူခိုးတယောက်တော့ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက ငွေတထောင့်လေးရာကို ပြန်ပေးထားတယ်၊ သူခိုး တယောက်သာဆိုရင် အကုန်သုံးပစ်ပြီး တပြားမှ ပြန်ပေးမှာမဟုတ်ဘူး’ လို့ သူ့ကိုယ်သူ ပြောလိမ့်မယ်။

“နောက်တခါ တော်တော်ကလေးကြာတဲ့အခါမှာ သူဟာ အိတ်ကလေးကို ဖြေပြန်ပြီး နောက်ထပ် ငွေတရာ ထုတ်ယူလိမ့်မယ်။ အဲဒီနောက်မှာတခါ တတိယ ငွေ တရာ ပြီးရင် စတုတ္ထ ငွေတရာ၊ အဲဒီလိုနဲ့ တလမပြည့်ခင်မှာပဲ သူဟာ ရာတန်တရွက်သာ ချန်ထားပြီး နောက်ဆုံးတရာကို ထုတ်သုံးလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ငွေတရာကို ပြန်ပေးနိုင်လို့ရှိရင် သူ့ကိုယ်သူ လူယုတ်မာတယောက်ပဲ ဖြစ်တယ်၊ သူခိုးတယောက် မဟုတ်ဘူးလို့ ပြောနိုင်နေသေးတယ်။ သူဟာ ရူဗယ်ငွေ နှစ်ထောင့်ကိုးရာကို သုံးပစ်လိုက်ပေမဲ့ နောက်ဆုံး ငွေတရာကိုတော့ ပြန်ပေးတယ်။ သူခိုးတယောက်ဆိုရင် အဲဒီငွေကလေးလောက်ကိုတောင် ပြန်ပေးမှာ မဟုတ်ဘူး။

“ဒါပေမဲ့ တရာတန်တရွက်သာ ချန်ထားပြီး နောက်ဆုံး ငွေတရာကို သုံးပြီးတဲ့အခါမှာ သူဟာ နောက်ဆုံးကျန်နေတဲ့ တရာတန်ကလေးကို ကြည့်ပြီး သူ့ကိုယ်သူ ပြောလိမ့်မယ် ‘အို ငွေကလေး တရာပဲ ပြန်ပေးလို့တော့ ဘာမှ အကြောင်းမထူးပါဘူး၊ သုံးပစ်လိုက်တာပဲ ကောင်းပါတယ်’ အဲဒါဟာ ကျွန်တော်တို့ သိထားတဲ့ တကယ့် ဒီမီထရီကာရာမာဇော့ အနေနဲ့ လုပ်မယ့် လုပ်ငန်းစဉ်ပဲ။

“ဒါပေမဲ့ အဲဒီအိတ်ကလေးဇာတ်လမ်းကပဲ တကယ့်အဖြစ်အပျက်တွေနဲ့ ဘယ်လိုမှ မကိုက်ညီတဲ့ အချက်ပဲ။ ဘယ်လိုမှ စိတ်ကူးလို့ မရနိုင်တဲ့ အချက်ပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ဒီအကြောင်းကို နောက်မှ ပြောပါ့မယ်”

အဖေနှင့်သား အခြား ငွေရေးကြေးရေး အငြင်းပွားမှုနှင့် ပတ်သက်ပြီး အမှုစစ်ဆေးစဉ် ကာလအတွင်း ပေါ်ထွက်လာသော အချက်အလက်များကို အထပ်ထပ် အဖန်ဖန် ဝေဖန် သုံးသပ်သော်လည်း မစ်တယာ၏ အမေဘက်မှ ရရှိသော အမွေနှင့် ပတ်သက်ပြီး မည်သူက မည်သူ့ကို လိမ်လည် လှည့်ဖြားလျက်ရှိကြောင်းကို အနည်းငယ်မျှ ဖော်ထုတ် ဆုံးဖြတ်နိုင်ခြင်း မရှိသောအခါ အစိုးရရှေ့နေ သည် ရူဗယ် ငွေသုံးထောင်နှင့် ပတ်သက်ပြီး မစ်တယာတွင် ရှိနေသော တရားသေ အယူအဆကို ဖော်ထုတ်တင်ပြသော ဆေးဘက်ဆိုင်ရာ ထွက်ဆိုချက်များဆီသို့ ပြောင်းရွှေ့ ပြောဆိုတော့သည်။

၇။ သမိုင်းကြောင်း လှေ့လာချက်

“တရားခံဟာ စိတ်မမှန်ဘဲ စိတ်ဖောက်ပြန်နေတယ်လို့ ဆေးပညာပါရဂူများက ကျွန်တော် တို့ကို ပြောပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တရားခံဟာ စိတ်မှန်တယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ အဲဒီလို စိတ်မှန်တဲ့အတွက် အခြေအနေတွေကို ပိုပြီး ဆိုးရွားစေပါတယ်။ တကယ်လို့သာ သူဟာ စိတ်မမှန်ခဲ့ဘူးဆိုရင် သူဟာ အခုထက်ပိုပြီး အသိဉာဏ်ကောင်းကောင်းနဲ့ ပြုလုပ်မှာ ဖြစ်ပါတယ်။ သူ့အနေနဲ့ စိတ်မမှန်ဘူးလို့ ဆိုတဲ့နေရာမှာ ကျွန်တော် တခုပဲ သဘောတူပါတယ်။ အဲဒါကတော့ ငွေသုံးထောင်ကို သူ တရားသေ စွဲလမ်းနေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ အယူအဆကတော့ သူ့အနေနဲ့ အခုလို ငွေသုံးထောင်နဲ့ ပတ်သက်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်း ရှူးရှူးရှားရှား ဖြစ်ရတာဟာ သူ ရှုးသွပ်နေတယ် ဆိုတာထက် ပိုပြီး ယုတ္တိယုတ္တာရှိတဲ့ အကြောင်းတခု ရှိလိမ့်မယ်လို့ ယူဆပါတယ်။ ကျွန်တော့်သဘောကို ပြောရရင် တရားခံရဲ့ စိတ်အခြေအနေတွေဟာ အားလုံး မှန်ကန် ကောင်းမွန်တယ်လို့ လူငယ်ဆရာဝန်ကလေး ပြောသွားတဲ့ စကားကို ခြွင်းချက်မရှိ ယုံကြည် ပါတယ်။ အမှန်ကတော့ သူဟာ စိတ်တိုပြီး ဒေါသ ဖြစ်နေတာပါပဲ။ ဘာဖြစ်လို့ အဲဒီလို ဖြစ်ရသလဲ။ တရားခံအနေနဲ့ စိုက်လိုက် မတ်တတ်ကြီး ဒေါသဖြစ်နေရတဲ့အကြောင်းက ငွေသုံးထောင်ကြောင့် မဟုတ်ပါဘူး၊ ပိုက်ဆံကြောင့် မဟုတ်ပါဘူး။ အကြောင်းရင်း အမှန်ကတော့ မနာလိုဝန်တိုမှုပါပဲ”

ဤနေရာတွင် အစိုးရရှေ့နေက တရားခံအနေနှင့် ဂရုရှင်ကာကို အသေအလဲ စွဲလမ်းနေသည့် အကြောင်းကို အသေးစိတ် ပြောဆိုသည်။ တရားခံ ပြောဆိုသည့်စကားလုံးများအတိုင်း ‘သင်းကလေးကို ရိုက်နှက်ရန်’ သင်းကလေးထံသို့ တရားခံ သွားရောက်သည့်အကြောင်းမှ စတင်သည်။

“ဒါပေမဲ့ တရားခံဟာ သင်းကလေးကို မရိုက်နှက်ဘဲ သင်းကလေးရဲ့ ခြေဖဝါးအောက်မှာ ပြားပြားမှောက်ခဲ့ရပါတယ်။ ဒါဟာ ဒီအချစ်ဇာတ်လမ်းရဲ့အစပဲ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ တရားခံရဲ့အဖေ အဘိုးကြီးကလည်း သင်းကလေးကို စွဲလမ်းနှစ်သက်နေပါတယ်၊ အင်မတန် ထူးဆန်းပြီး ကြမ္မာငင်တဲ့ တိုက်ဆိုင်မှုတခုပဲ ဖြစ်ပါတယ်။ သူတို့ နှစ်ယောက်စလုံးဟာ အမျိုးသမီးကို အရင်ကတည်းက သိရှိခဲ့ကြပေမဲ့ အခုကျမှ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်တပြိုင်တည်း အစွဲကြီး စွဲသွားကြခြင်း ဖြစ်ပါတယ်။ နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ ကာရာမာဇော့ ရမ္မက်ဇောတွေ အရှိန် တညီးညီး တောက်လောင်လာကြခြင်း ဖြစ်ပါတယ်။

“ဒီနေရာမှာ ‘ကျွန်မက သူတို့နှစ်ယောက်စလုံးကို အရူးလုပ်နေတာပဲ’ လို့

အမျိုးသမီးက ပြောပါတယ်။ တကယ်လည်း တကယ်ဖြစ်ပါတယ်။ အမျိုးသမီးရဲ့စိတ်ထဲမှာ သူတို့နှစ်ယောက်ကို အရှုံးလုပ်ချင်တဲ့စိတ်တွေ ဖြုန်းစားကြီး ပေါ်ပေါက်လာပါတယ်၊ ချက်ချင်း လက်ငင်းဆိုသလိုပဲ အမျိုးသမီးဟာ သူတို့နှစ်ယောက်အပေါ်မှာ အနိုင်ရရှိသွားတယ်။ ဘုရားသခင်ကို ကိုးကွယ်သလို ပိုက်ဆံကို ကိုးကွယ်နေတဲ့ အဘိုးကြီးဟာ သူ့ဆီကို အမျိုးသမီး တခါလာတယ်ဆိုရင်ပဲ ပေးဖို့ ငွေသုံးထောင် အဆင်သင့်လုပ်ထားပါတယ်။ နောက်ပြီးတော့ အမျိုးသမီးက သူ့ကို တရားဝင် လက်ထပ်မယ်ဆိုရင် သူ့မှာရှိသမျှ စည်းစိမ်ဥစ္စာတွေ အားလုံးနဲ့ သူ့ရဲ့နာမည်ကိုပါ အမျိုးသမီးကို ပေးမှာဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ အထောက်အထားတွေ အခိုင်အမာ ရှိပါတယ်။

"တရားခံအနေနဲ့ကတော့ သူ့ရဲ့ဆိုးရွားတဲ့ ကံကြမ္မာဟာ ပေါ်လွင်ထင်ရှားလှပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့မှာ မျက်မြင်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ သင်းကလေးရဲ့ 'အပျော်ကစားခြင်း' တွေပဲ ဖြစ်ပါတယ်။ 'ကလေးမကလေး' က ကံဆိုးသူမောင်ရှင်ကို ဘာမျှော်လင့်ချက်မှ မပေးခဲ့ပါဘူး။ တရားခံဟာ နောက်ဆုံးအချိန်ကျမှ မျှော်လင့်ချက်ကို ရရှိခြင်း ဖြစ်ပါတယ်။ အမျိုးသမီးရဲ့ရှေ့မှာ ဒူးထောက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းပြီး ရှိခိုးဦးတင် တောင်းပန်တဲ့အခါကျမှ၊ သူ့ကိုယ်မှာ သူ့ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ သူ့အဖေရဲ့သွေးတွေ စွန်းထင်းနေတဲ့အချိန်ကျမှ ရရှိတာ ဖြစ်ပါတယ်။ အဲဒီအခြေအနေမှာပဲ သူ အဖမ်းခံ ရပါတယ်။

"အဲဒီတော့မှ အမျိုးသမီးက 'ကျွန်မကိုလည်း သူနဲ့အတူ ဆိုက်ဗေးရီးယားကို ပို့ပါ။ သူ့ကို ဒီလို အခြေအနေမျိုးရောက်အောင် လုပ်တာ ကျွန်မပါ၊ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ ကျွန်မ အပြစ်တွေပါ' လို့ ပြောတယ်။ အဲဒီတော့မှပဲ အမျိုးသမီးဟာ တကယ့်ကို နောင်တ တရား ရရှိသွားပါတော့တယ်။

"ဒီအမှုအကြောင်းကို ဆောင်းပါးရေးဖို့ ကြိုးစားနေတဲ့ စောစောကပဲ ကျွန်တော် ရည်ညွှန်း ပြောဆိုခဲ့ပြီးဖြစ်တဲ့ လူရွယ်ကလေး မစ္စတာရာကီတင်က ဇာတ်လိုက်မင်းသမီးကလေးရဲ့ စရိုက်ကို တိုတိုတုတ်တုတ်နဲ့ ပေါ်လွင်ထင်ရှားအောင် သုံးသပ်ထားပါတယ်။ 'အမျိုးသမီးဟာ သူ့ဘဝ စောစောပိုင်းမှာပဲ လူ့လောကကြီးအပေါ်မှာ အထင်အမြင်တွေ မှောက်မှားခဲ့ရပါတယ်၊ သူ့ချစ်သူက သူ့အပေါ်မှာ လိမ်လည်လှည့်ဖြားပြီး သစ္စာဖောက်ဖျက်ကာ ပစ်ထားခဲ့တဲ့အတွက် သူဟာ ဆင်းဆင်းရဲရဲ ဖြစ်ခဲ့ရတယ်။ အမျိုးအနွယ် ကောင်းမွန်တဲ့ မိဘအသိုင်းအဝိုင်းကလည်း သူ့ကို ပစ်ပယ်ခဲ့ကြတယ်။ နောက်ဆုံးမှာ ပိုက်ဆံရှိတဲ့ အဘိုးကြီးတယောက်က သူ့ကို စောင်မ ကြည့်ရှု ခဲ့တယ်။ သူက အဲဒီအဘိုးကြီးကို အခုထက်ထိ ကျေးဇူးရှင်ကြီးတယောက်အဖြစ် ယူဆခဲ့တယ်။ ငယ်ရွယ်နုနယ်သေးတဲ့

သူ့ရဲ့နှလုံးသားဟာ အမှန်တော့ ဖြူစင်ကောင်းမွန်နေမှာ ဖြစ်ပေမဲ့ ငယ်ငယ်ကတည်းက နာကြည်းတဲ့စိတ်တွေနဲ့ ပြည့်လျှံနေခဲ့တယ်၊ အဲဒီအတွက် သူဟာ အကျိုးအမြတ်ကို တွက်တတ်ပြီး ငွေကြေးကို မက်မောစုဆောင်းတတ်လာတယ်။ သူ့ရင်ထဲမှာ နာကြည်းမှုတွေ များပြားလာတာနဲ့ တပြိုင်နက် သူက လောကကြီးကို စိတ်နာလာတော့တယ်' သူ့စရိုက်ကို အဲဒီလို သိရတဲ့နောက်ပိုင်းမှာ သူဟာ သူတို့နှစ်ယောက်စလုံးကို ပျော်စေပြက်စေ သဘောနဲ့ အရူးလုပ်မယ်ဆိုတာ အင်မတန် သိသာနိုင်ပါတယ်။

"အဲဒီလိုနဲ့ တရားခံဟာ ဒီတလအတွင်းမှာ အချစ်နဲ့ပတ်သက်လို့ကလည်း မျှော်လင့်ချက် ကင်းမဲ့ပြီး၊ ကိုယ်ကျင့်တရားတွေကလည်း ပျက်ပြားပြီး၊ နောက်ပြီး ကိုယ်နဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ အမျိုးသမီးကို သစ္စာဖောက်ပြီး အဲဒီအမျိုးသမီးက သူ့ကို ယုံကြည်လို့ လွှဲအပ်ထားတဲ့ ပိုက်ဆံတွေကို အလွဲသုံးစား ပြုလုပ်ပြီးတဲ့နောက်ပိုင်းမှာ သူဟာ အဆက်မပြတ်ဖြစ်ပေါ်နေတဲ့ မနာလိုဝန်တိုမှုတွေ ကြောင့် ကယောင်ချောက်ချား ရှူးရှူးရှားရှားတွေ ဖြစ်လာရတော့တယ်၊ အရူးကြီးတယောက်လို ဖြစ်လာရတော့တယ်။

"သူက ဘယ်သူ့ကိုများ မနာလိုဝန်တို ဖြစ်နေသလဲ၊ တခြားလူတော့ မဟုတ်ပါဘူး။ သူ့အဖေ အရင်းခေါက်ခေါက်ကိုပဲ။ အဲဒီအထဲမှာ ပိုပြီးဆိုးဝါးတာကတော့ အဘိုးကြီးက သူ စွဲလမ်းမြတ်နိုး နေတဲ့အရာကို အဲဒီငွေသုံးထောင်နဲ့၊ သူ ပိုင်တယ်လို့ ယူဆနေတဲ့ ငွေသုံးထောင်နဲ့၊ သူ့အမေဘက်က ရရမယ်လို့ ယူဆနေတဲ့ ငွေသုံးထောင်နဲ့၊ သူ့ဆီကနေ လိမ်လည်ထားတယ်လို့ သူ စွပ်စွဲနေတဲ့ ငွေသုံးထောင်နဲ့ မြူဆွယ်ဖြားယောင်းနေတာပဲ။ အဲဒီတော့ သူ့အနေနဲ့ ဘယ်လိုမှ သည်းမခံနိုင်ဘူး ဆိုတာ ကျွန်တော် သဘောတူပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သူ့စိတ်တွေ မမှန်မကန်ဖြစ်ပြီး ဖောက်ပြန်လာရမှာ အမှန်ပါပဲ။ အခုလို ဖြစ်ရတာဟာ အဲဒီပိုက်ဆံအတွက် မဟုတ်ပါဘူး၊ ငွေသုံးထောင်အတွက် မဟုတ်ပါဘူး၊ ဖြစ်ရပ် အမှန်က သူ့ရဲ့ပျော်ရွှင်ချမ်းမြေ့မှုကို အဲဒီပိုက်ဆံက ချေမှုန်းဖျက်ဆီးပစ်လိုက်တဲ့အတွက်ပါပဲ"

ထို့နောက် အစိုးရရှေ့နေက တရားခံ၏ စိတ်ထဲတွင် ဖခင်ကို သတ်ဖြတ်လိုသည့်စိတ် အဘယ်ကဲ့သို့ ဖြစ်ပေါ်လာသည်ကို တဆင့်ပြီးတဆင့် ခြေရာခံပြီး ပြောဆိုသွားသည်။

"ပထမပိုင်းမှာ သူဟာ အဲဒီအကြောင်းကို အရက်ဆိုင်တွေမှာပဲ အော်ကြီးဟစ်ကျယ် ပြောနေတယ်၊ အဲဒီတလလုံးလုံး ဆိုသလိုပဲ သူ ပြောခဲ့တယ်။ အဲ သူက အပေါင်းအသင်းတွေ ဝိုင်းဝိုင်းလည်နေမှ နေတတ်တယ်။ အဲဒီအပေါင်းအသင်းတွေကို သူ့စိတ်ထဲမှာ ရှိနေတာတွေ အားလုံးကို ထုတ်ပြောတတ် တယ်၊ အင်မတန် ကြောက်စရာကောင်းပြီး အင်မတန် အန္တရာယ်ကြီးတဲ့

စိတ်ကူးတွေက အစပေါ့။ သူ့စိတ်ထဲမှာရှိနေတဲ့ အတွေးအခေါ်တွေကို သူက တခြားသူတွေနဲ့ ဝေမျှပြီး ခံစားချင်တယ်၊ သူတို့က သူ့အပေါ်မှာ စာနာထောက်ထားလာကြလိမ့်မယ်လို့ သူက အကြောင်းမရှိ အကြောင်းရှာပြီး ထင်နေခဲ့တယ်။ သူတို့အနေနဲ့ သူ့ရဲ့ဒုက္ခ သုခတွေ၊ သောကဗျာပါဒတွေကို နားလည်သဘောပေါက်ပြီး သူ့ကို ဘယ်လိုမှ ဆန့်ကျင်ကြမှာ မဟုတ်ဘူးလို့ သူ ယူဆနေတယ်။ အဲဒီလိုမျိုး မဟုတ်တဲ့အခါမှာ သူဟာ ဒေါသအိုး ပေါက်ကွဲပြီး အရက်ဆိုင်တခုလုံးကို ထောင်းလမောင်းကြေအောင် ချေပစ်တယ်။ (ဤနေရာတွင် ဗိုလ်ကြီးဆနီဂါယော့၏ဇာတ်လမ်းကို ပြောပြသည်)။ အဲဒီတလအတွင်းမှာ တရားခံနဲ့ တွေ့ခဲ့ရတဲ့ လူတွေ၊ တရားခံပြောတဲ့ စကားကို ကြားရခဲ့တဲ့လူတွေဟာ နောက်ဆုံးကျတော့ တရားခံ အခုလိုပြောနေတာတွေဟာ သက်သက် ခြိမ်းရုံခြောက်ရုံမျိုး မဟုတ်ဘဲ အဲဒီလိုမျိုး ရှူးရှူးရှားရှား နိုင်တဲ့ လူတယောက်ဟာ သူ ခြိမ်းခြောက်တဲ့အတိုင်း တကယ်လုပ်နိုင်တယ်လို့ ယုံကြည်လာကြ တယ်”

ဤနေရာတွင် အစိုးရရှေ့နေက ကာရာမာဇော့ မိသားစု ဘုန်းကြီးကျောင်းတွင် တွေ့ဆုံကြသည့် အကြောင်း၊ အလျှိုရှာနှင့် တွေ့ဆုံပြောဆိုကြသည့်အကြောင်းများ၊ ညစာစားပြီးချိန်တွင် ဖခင်၏ အိမ်သို့ တရားခံ ဝုန်းဝုန်းဒိုင်းဒိုင်း ရောက်ရှိလာပြီး တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ပျက်ပုံများကို ပြောပြသည်။ ထို့နောက် ၎င်းက ဆက်ပြီး လျှောက်လဲပြန်သည်မှာ ...

“တရားခံဟာ အဲဒီအဖြစ်အပျက်မတိုင်မီမှာ သူ့ရဲ့ဖခင်ကို သတ်ဖြတ်ဖို့ တကယ်စိတ်ကူး ရှိသလား ဆိုတာကို ကျွန်တော် သေသေချာချာ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဒီအကြံအစည်ဟာ သူ့ခေါင်းထဲကို အကြိမ်ပေါင်းများစွာ ရောက်ရှိခဲ့ပါတယ်၊ နောက်ပြီးတော့ သူ့အနေနဲ့ အကြိမ်ပေါင်းများစွာ စဉ်းစား ကြံဆခဲ့ပါတယ်။ အဲဒီအကြောင်းကို သက်သေပြဖို့ရာအတွက် ကျွန်တော်တို့မှာ အချက်အလက်တွေ အများကြီး ရှိပါတယ်၊ သက်သေတွေ အများကြီးရှိပါတယ်၊ နောက်ပြီးတော့ သူကိုယ်တိုင် ပြောခဲ့တဲ့ စကားတွေ ရှိပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ တရားခံအနေနဲ့ ဒီအမှုကို အသိစိတ်နဲ့ ကြိုတင် ကြံဆခဲ့သလား မကြံဆခဲ့ဘူးလား ဆိုတာကို ကျွန်တော့်အနေနဲ့ ကနေ့အချိန်အထိ ဝေခွဲလို့ မရသေးဘူးဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော့်အနေနဲ့ သေသေချာချာ ယုံကြည်ထားတာ ကတော့ တရားခံဟာ အဲဒီအချိန်ကာလကို အကြိမ်ပေါင်းများစွာ သူ့စိတ်ထဲမှာ စဉ်းစားခဲ့တယ်။ ဒါပေမဲ့ စဉ်းစားတာပဲ ရှိတယ်၊ ဖြစ်နိုင်တယ်လို့ တွက်ချက်ကြည့်တာပဲ ရှိတယ်၊ ရာဇဝတ်မှုကို ဘယ်အချိန်မှာ ဘယ်လိုကျူးလွန်မယ် ဆိုတာကိုတော့ သူ အတိအကျ စဉ်းစားမထားဘူး။

“ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဒွိဟဖြစ်နေတာဟာ ဒီကနေ့

စာစာပိုင်းအထိသာ ဖြစ်တယ်၊ မစ္စဗာကော့ဆက်က အရေးကြီးတဲ့ သက်သေခံစာကို ဤရုံးတော်မှာ မတင်သွင်းမီ အချိန်အထိသာ ဖြစ်ပါတယ်။ ရုံးတော်မှာ ဂုဏ်သရေရှိ အမျိုးသမီး ထွက်သွားတဲ့ စကားကို လူကြီးမင်းများကိုယ်တိုင် ကြားရပြီး ဖြစ်ပါတယ်။ 'ဒီဥစ္စာက စီမံကိန်းပဲ၊ လူသတ်မှုအစီအစဉ်တွေပဲ' အမျိုးသမီးက 'အရက်မူးနေတဲ့စာ' နဲ့ ပတ်သက်ပြီး ဒီအတိုင်းပဲ ပြောသွားပါတယ်၊ အမှန်တကယ်မှာလည်း ဒီလူသတ်မှုကြီးဟာ ကြိုတင်စီစဉ်ထားတယ်ဆိုတာကို ဒီစာထဲမှာ ကျွန်တော်တို့ တွေ့ရှိနိုင်ပါတယ်၊ ဒီစာကို အမှုမဖြစ်ခင် နှစ်ရက်က ရေးခဲ့ပါတယ်။ အဲဒီတော့ တရားခံဟာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ သူ့ရဲ့အစီအစဉ်ကို အကောင်အထည် မဖော်မီ နှစ်ရက်ကတည်းက နောက်တနေ့ ရောက်လို့မှ ဘယ်ကမှလည်း ပိုက်ဆံမရဘူး ဆိုရင်၊ နောက်ပြီးတော့ 'အိုက်ဗင်လည်း တခြားကို သွားပြီဆိုရင်' သူ့အနေနဲ့ အဘိုးကြီးကို သတ်ပြီး 'ဖဲကြိုးအနီကလေး စည်းထားတဲ့ စာအိတ်ထဲမှာ ရှိနေတဲ့' ပိုက်ဆံတွေကို ယူမယ်လို့ ပြောထားတဲ့အကြောင်းကို ကျွန်တော်တို့ သိရှိရပါတယ်။ 'အိုက်ဗင်လည်း တခြားကို သွားပြီဆိုရင်' ဆိုတဲ့ စကားကို လူကြီးမင်းတို့ ကြားကြတယ် မဟုတ်လား။ အဲဒီတော့ သူဟာ အားလုံးတွက်ထားပြီး ဖြစ်ပါတယ်။ အခြေအနေတွေ အားလုံးကို ထည့်တွက် ထားပြီး ဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ သူ့စာထဲမှာ ရေးထားတဲ့အတိုင်း လုပ်ဆောင်ခဲ့ ပါတယ်။ ကြိုတင်ကြံစည်ထားတယ်ဆိုတဲ့အချက်ဟာ အင်မတန် ရှင်းနေပါတယ်။ သူဟာ ပိုက်ဆံ အတွက် ရာဇဝတ်မှုကို ကျူးလွန်ခြင်း ဖြစ်ပါတယ်။ ဒါကို သူကိုယ်တိုင် ရေးသားပြီး လက်မှတ်ရေးထိုး ထားပါတယ်။ တရားခံက သူ့လက်မှတ် မဟုတ်ဘူးလို့ မငြင်းဆန်ခဲ့ပါဘူး။

"ဒီစာကို ရေးတဲ့အချိန်မှာ သူ မူးနေတယ်လို့ ပြောစရာ ရှိပါတယ်။ ဒါပေမဲ့ ဒီအတွက် ဒီစာရဲ့တန်ဖိုးက လျော့မသွားပါဘူး။ လျော့မသွားရုံတင်မကဘူး၊ ပိုပြီးမှတောင် အဓိပ္ပာယ် ရှိနေပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ မမူးတဲ့အချိန်မှာ စဉ်းစားထားတာတွေကို မူးတဲ့အချိန်မှာ ထုတ်ရေးလို့ပဲ။ ဒါတွေကို သူဟာ မမူးတဲ့အချိန်မှာ စဉ်းစား စီစဉ်ထားတာမဟုတ်ရင် မူးနေတဲ့အချိန်မှာ ဘယ်လိုမှ ရေးနိုင်မှာ မဟုတ်ဘူး။ ဒီနေရာမှာ မေးစရာတခု ရှိပြန်တယ်။ 'ဒါဖြင့်ရင် သူ ဘာဖြစ်လို့ အရက်ဆိုင်မှာ ဒီစာအကြောင်းကို လျှောက်ပြောနေရတာလဲ' ဒီလိုရာဇဝတ်မှုကြီးတခုကို ကြိုတင်ကြံစည်ထားတဲ့ လူတယောက်ဟာ ပါးစပ်ကို ပိတ်ပြီး တိတ်တိတ်ကလေးနေရမယ် မဟုတ်လား၊ ဒါပေမဲ့ ဒီအကြောင်း တွေကို သူ ပြောခဲ့တာက အခုလို အစီအစဉ် မလုပ်ရသေးခင်မှာ သူ့စိတ်ထဲမှာ ဒီလိုလုပ်ချင်တဲ့ဆန္ဒ ပေါ်ပေါက်ရုံ ဖြစ်ပေါ်ရုံ အချိန်မှာပဲ ဖြစ်ပါတယ်၊ နောက်ပိုင်းမှာဆိုရင် သူဟာ ဒီအကြောင်းကို သိပ်မပြောတော့ပါဘူး။ ရွှေမြို့တော် စားသောက်ဆိုင်မှာ ဒီစာကို သူရေးတဲ့ ညနေကဆိုရင် သူဟာ သူ့ရဲ့အစဉ်အလာ သဘာဝနဲ့ ဆန့်ကျင်ပြီး အရက်တွေ မူးနေပေမဲ့ ရေငုံနှုတ်ပိတ်ပြီး တိတ်နေခဲ့ ပါတယ်။

သူဟာ ဘိလိယက်လည်း မထိုးတော့ဘူး။ အခန်းထောင့်တနေရာမှာ တယောက်တည်း ထိုင်နေပြီး ဘယ်သူနဲ့မှ စကားမပြောတော့ဘူး။ စတိုးဆိုင်တဆိုင်က အရောင်းစာရေးတယောက် ကိုပဲ သူ မောင်းထုတ်ပစ်လိုက်တယ်၊ ဒါကလည်း သူ့အနေနဲ့ အကျင့်ပါနေလို့ အမှတ်မထင် လုပ်လိုက်တာပဲ။ သူက အရက်ဆိုင်မှာ ရန်မဖြစ်ဘူးရယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဘူး မဟုတ်လား။

"ဒါဟာ အမှန်ပဲ၊ သူ့အနေနဲ့ အပြီးသတ် ဆုံးဖြတ်ချက်ချပြီးတဲ့အချိန်မှာ သူ့အနေနဲ့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး စောစောပိုင်းက မြို့ထဲမှာ လျှောက်ပြီးပြောနေတာ သိပ်မှားတယ်ဆိုတာကို သူ သတိပြုမိသွားတယ်၊ အဲဒီအတွက် သူဟာ ဒီအမှုကို တကယ်လုပ်ဆောင်တဲ့အချိန်မှာ အဖမ်းခံရပြီး ပြစ်ဒဏ်ကျနိုင်တယ်ဆိုတာကို သူ စဉ်းစားမိသွားတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဘာမှမတတ်နိုင်တော့ ဘူး။ သူ့စကားတွေကို သူ ပြန်ရုပ်လို့ မရတော့ဘူး။ ဒါပေမဲ့ သူဟာ အရေးအကြောင်းဆိုရင် အမြဲတမ်း ကံကောင်းခဲ့ပြီး အခုလည်း ကံကောင်းဦးမှာပဲလို့ သူ မျှော်လင့်ထားတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ သူဟာ သူ့ရဲ့ကံကောင်းမှု အမှုပေါ်မှာ အများကြီး အားထားခဲ့ပါတယ်။

"ဒီနေရာမှာတခုတော့ ကျွန်တော် ဝန်ခံရပါမယ်၊ သူဟာ အခြေအနေဆိုးကြီးကို မလုပ်မိအောင် အတတ်နိုင်ဆုံး ရှောင်ရှားခဲ့ပါတယ်။ 'မနက်ဖြန်ကျရင် တယောက်မဟုတ် တယောက်ဆီက ငွေသုံးထောင် ရအောင် ကိုယ်ကြိုးစားမယ်' သူ့စာထဲမှာ အဲဒီလိုရေးထားပါတယ်။ 'ဒါပေမဲ့ ဘယ်ကမှ မရဘူးဆိုရင်တော့ သွေးထွက်သံယိုမှုတွေ ဖြစ်ရမှာပဲ'

ဤနေရာတွင် အစိုးရရှေ့နေက မစ်တယာအနေနှင့် ရာဇဝတ်မှုကြီးကို ရှောင်ရှားနိုင်ရန်အတွက် ပိုက်ဆံ လိုက်လံရှာဖွေသည့် အကြောင်းကို အသေးစိတ် ပြောကြားသည်။ ဆမ်ဆိုနော့ထံသို့ သွားသည့်အကြောင်း၊ လျာဂဗီထံသို့ သွားသည့်အကြောင်းများကို သက်သေ အထောက်အထားများ နှင့်အညီ တင်ပြသည်။

"နောက်ဆုံးကျတော့ သူဟာ ပင်ပန်းနွမ်းနယ်ပြီး၊ အရှုံးလုပ်ခံရပြီး၊ ဆာလောင်မွတ်သိပ်ပြီး၊ လမ်းစရိတ်အတွက် သူ့ရဲ့နာရီကို ရောင်းလိုက်ရပြီး (သူ့ကိုယ်ပေါ်မှာ ငွေတထောင့်ငါးရာ ရှိနေလျက်နဲ့ ပေါ့.... သူ့မှာ တကယ်ပဲ ရှိတယ်ဆိုရင်ပေါ့) မြို့မှာထားခဲ့ရတဲ့ သူ့ချစ်သူဟာ သူ မရှိတုန်းမှာ သူ့အဖေဆီကိုများ သွားနေမလားဆိုတဲ့ မနာလိုဝန်တိုစိတ် ဖိစီးမှုတွေနဲ့ မြို့ကို သူ ပြန်ခဲ့တယ်။ သူ့ချစ်သူကို ကောင်းမွန်စွာ တွေ့ရလိမ့်မယ်လို့လည်း သူ မျှော်လင့်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးကို သူကိုယ်တိုင် သူမရဲ့ကယ်တင်ရှင်ကြီး ဆမ်ဆိုနော့ရဲ့အိမ်ကို ပို့ထားခဲ့တာ မဟုတ်လား၊ (ဒီနေရာမှာ တခု

ထူးခြားတာကတော့ သူဟာ ဆမ်ဆိုနော့အပေါ်မှာ နည်းနည်းကလေးမှ မနာလို ဝန်တိုမှု မရှိခဲ့ဘူး။ ဒီကိစ္စဟာ စိတ်ပညာသဘောအရ အင်မတန် ထင်ရှားတဲ့ ထူးခြားချက်ကြီး တခုပဲပေါ့)။

"သူဟာ မြို့ကို ပြန်ရောက်ရောက်ချင်းပဲ နောက်ဖေးခြံဝင်းထဲက 'လေ့လာရေးစခန်း' ကို အပြေးအလွှား သွားခဲ့ပါတယ်။ အဲဒီမှာ ဆမာယာကော့ ဝက်ရူးပြန်နေတဲ့အကြောင်းနဲ့ အဘိုးကြီး ဂရိဂိုရီ နေမကောင်းဖြစ်နေတဲ့ အကြောင်းကို သိရတယ်၊ အားလုံး လမ်းရှင်းနေပြီ။ 'အချက်ပြစနစ်' ကိုလည်း သူ သိနေတယ်။ ဘယ်လောက်ကောင်းတဲ့ အခြေအနေလဲ၊ ဒါပေမဲ့ အဲဒီအချိန်အထိ အခြေအနေကို သူ တွန်းလှန်နိုင်ခဲ့တယ်။ သူ ဘာမှမလုပ်ဘဲ မစ္စက် ကိုကလာကော့ကို သွားတွေ့တယ်။ ကျွန်တော်တို့အားလုံး လေးစားရတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးပဲပေါ့၊ ကျွန်တော်တို့မြို့မှာ ခေတ္တခဏ ရောက်ရှိနေတဲ့ အမျိုးသမီးကြီးပဲပေါ့၊ ဒီအမျိုးသမီးကြီးဟာ တော်တော်စောစောကပဲ သူ့အတွက် စိတ်မကောင်း လက်မကောင်း ဖြစ်နေတာမို့ သူ့ကို အကြံကောင်း ဉာဏ်ကောင်းတခု ပေးပါတယ်။ ပရမ်းပတာဖြစ်နေတဲ့ သူ့ဘဝကြီးကနေ၊ အရှက်တကွဲ အကျိုးနည်းဖြစ်နေတဲ့ သူ့ရဲ့အချစ်ဇာတ်လမ်းတွေကနေ၊ အရက်ဆိုင်မှာ အချိန်ဖြုန်းနေတဲ့ ဘဝကနေ လွတ်ကင်းပြီး သူ့ရဲ့ငယ်ရွယ်ပျိုမျစ်တဲ့ အားမာန်တွေ မပျက်သုဉ်းရလေအောင် ဆိုက်ဗေးရီးယားက ရွှေတွင်းတွေဆီကို သွားဖို့ အကြံဉာဏ် ပေးပါတယ်။ 'အဲဒါဟာ ရှင့်ရဲ့ အချစ် အလွမ်း စွန့်စားခန်းနဲ့ ပြင်းထန်တဲ့ စွမ်းအားတွေအတွက် အကောင်းဆုံး ထွက်ပေါက်ပဲ ဖြစ်တယ်' တဲ့"

မစ္စက်ကိုကလာကော့နှင့် တွေ့ ဆုံသည့်အကြောင်း၊ ထို့နောက် ဆမ်ဆိုနော့အိမ်တွင် ဂရုရှင်ကာ မရှိသည့်အကြောင်း ရုတ်တရက် ကြားသိရသောအခါ ကံဆိုးမိုးမှောင်ကျပြီး လူပန်းစိတ်ပန်းဖြစ်ကာ သွေးလေချောက်ချားနေသော တရားခံက အမျိုးသမီးသည် သူ့ကို လိမ်လည်လှည့်ဖြားပြီး သူ့ဖခင်ထံတွင် ရောက်ရှိနေပြီဟု ယူဆလိုက်သည့်အကြောင်းကို ပြောပြသည်။ ပြီးမှ အစိုးရရှေ့နေက အရေးကြီးသော ကံကြမ္မာအလှည့်အပြောင်းကို နိဂုံးချုပ် ကောက်ချက်ချသည်။

"တကယ်လို့သာ အိမ်ဖော်မကလေးက သူ့ရဲ့သခင်မဟာ အရင် ရည်းစားဟောင်းနဲ့ မိုကရိုယီမှာ ရောက်နေတဲ့အကြောင်းကို သူ့ကို ပြောပြနိုင်ခဲ့ရင် အခြေအနေဟာ ဒီလိုဖြစ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ကလေးမကလေးဟာ ကြောက်ပြီး ကယောင်ချောက်ချားတွေ ဖြစ်နေတဲ့အတွက် သူ့အနေနဲ့ ဘာမှမသိတဲ့ အကြောင်းကိုသာ အတင်းကျိန်ပြီး ပြောနေတော့တာပဲ၊ အဲဒီတုန်းက တရားခံက သူ့ကို နေရာမှာတင် သတ်မသွားခဲ့တာဟာ သူ့အပေါ်မှာ သစ္စာဖောက်သွားတဲ့ မိန်းမအတွက် ကမူးရှူးထိုး ဖြစ်နေလို့ပဲ။

“ဒီနေရာမှာ တခုသတိပြုရမှာကတော့ သူဟာ ဘယ်လောက်မွှန်ထူနေပေမဲ့ ကြေးကျည်ပွေ့ ကလေးကို ဆွဲယူသွားဖို့တော့ သတိမမေ့ဘူး။ ဘာဖြစ်လို့ ဒီကျည်ပွေ့ကလေးကို ယူရသလဲ၊ ဘာဖြစ်လို့ တခြား လက်နက်တခုခုကို မယူရသလဲ။ ဘာဖြစ်လို့လဲဆိုတော့ လူသတ်မှုတခုကို တလလုံးလုံး ကြိုတင်စဉ်းစားပြီး ပြင်ဆင်လာတဲ့ လူတယောက်ဟာ သူ့မျက်စိထဲမှာ တွေ့တဲ့ပစ္စည်း တခုခုကို ဘာပဲဖြစ်ဖြစ် လက်နက်အဖြစ် ဆွဲယူမှာပဲ။ သူဟာ တလလုံးလုံး ကြံစည်လာတဲ့အတွက် ဘယ်ဥစ္စာမျိုးမဆို လက်နက်တခု ဖြစ်နိုင်တယ်ဆိုတာကို သိနေပြီ၊ ကြေးကျည်ပွေ့ကလေးကို မြင်တာနဲ့ တပြိုင်နက် အလုပ်ဖြစ်နိုင်တယ်လို့ နားလည်ပြီး နည်းနည်းကလေးမှ လက်တွန့်မနေဘဲ ဆတ်ခနဲ ဆွဲယူသွားတာပဲ။ အဲဒီတော့ သူ့အနေနဲ့ အဲဒီ သေမင်းတမန် ကျည်ပွေ့ကလေးကို ဆွဲယူတာပဲ။ အမှတ်မထင် မသိဘာသာ ဆွဲယူသွားတာ မဟုတ်ပါဘူး။

“အဲဒီနောက်မှာတော့ ကျွန်တော်တို့ဟာ သူ့ကို သူ့ဖခင်ရဲ့နောက်ဖေးခြံဝင်းထဲမှာ တွေ့ကြရတယ်။ လုံးဝ လမ်းရှင်းနေတယ်၊ သက်သေတယောက်မှ မရှိဘူး၊ မှောင်နေတယ်၊ ပြီးတော့ မနာလိုဝန်တိုမှု တွေ ဖိစီးနေတယ်။ ဒီအချိန်မှာ အမျိုးသမီးဟာ အိမ်ကြီးထဲမှာ ရှိနေတယ်၊ သူ့ရဲ့ ပြိုင်ဘက်နဲ့အတူ ရှိနေမယ်၊ ပြိုင်ဘက်ရဲ့ရင်ခွင်ထဲမှာ ရောက်နေမယ်၊ နောက်ပြီးတော့ သူတို့က သူ့ကို အရူးတယောက် လို သဘောထားပြီး လှောင်ပြောင်ရယ်မောကောင်း ရယ်မောနေကြလိမ့်မယ်ဆိုတဲ့ သံသယက သူ့အဖို့ အသက်ရှူမှားသွားစေနိုင်တယ်။ နောက်ပြီးတော့ အခုဥစ္စာက သံသယမဟုတ်တော့ဘူး၊ သံသယအဆင့်ကနေ လွန်သွားပြီ။ သူ့ကို လိမ်လည်လှည့်ဖြားနေတယ်ဆိုတာ ရှင်းရှင်းကြီး ပေါ်နေပြီ၊ သိသိသာသာကြီး ဖြစ်နေပြီ၊ သင်းဟာ အဲဒီအခန်းထဲမှာ ရောက်နေပြီ၊ မီးထွန်းထားတဲ့ အခန်းထဲမှာ ရောက်နေပြီ၊ သူနဲ့အတူ ရှိနေပြီ၊ ကန့်လန့်ကာရဲ့နောက်ဘက်မှာ။ အဲဒီအခါမှာ ကံဆိုးမိုးမှောင် ကျနေတဲ့သူဟာ ပြတင်းပေါက်နားကို တိတ်တိတ်ကလေး ကပ်သွားတယ်၊ အသာကလေး ချောင်းကြည့်တယ်၊ နောက်ပြီးတော့ မဖြစ်သင့် မဖြစ်တန်တာတွေ ဖြစ်ကုန်မှာစိုးတဲ့အတွက် အသာကလေး နောက်ပြန်ဆုတ်သွားတယ်၊ သူက ကျွန်တော်တို့ကို အဲဒီလို အယုံသွင်းနေတယ်။ သူ့ရဲ့စရိုက်နဲ့ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ သူ့ရဲ့စိတ်အခြေအနေကို သိနေတဲ့၊ အချက်ပေး စနစ်ကို သူ နားလည်ပြီး အိမ်ထဲကို သူ ဝင်သွားနိုင်တယ်ဆိုတာကိုလည်း သိနေတဲ့ ကျွန်တော်တို့ကို သူက ယုံအောင် ပြောနေတယ်”

ဤနေရာတွင် အစိုးရရှေ့နေသည် ဆမာယာကော့အပေါ်တွင် သံသယရှိနေခြင်းကို အပြီးအပိုင် ချေဖျောက်နိုင်ရန် ပြည့်ပြည့်ဝဝ စေ့စေ့ငငပြောဆိုနိုင်ရန်အတွက် သူ၏ လျှောက်လဲချက်ကို ခေတ္တမျှ ရပ်တန့်လိုက်သည်။

သူသည် ဤအကြောင်းအရာကို မပြောချင်ဟန်ဆောင်လျက် ရှိသော်လည်း သူသည် ဤအကြောင်း အရာကို အရေးအကြီးဆုံး အဆင့်မှာထားပြီး ခရေစေ့တွင်းကျ ပြောဆိုနေကြောင်းကို အားလုံးကပင် သိရှိပါသည်။

၈။ ဆမာယာကော့ကို လေ့လာဆန်းစစ်ခြင်း

"ပထမဆုံး ပြောရမှာကတော့ ဒီသံသယ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာပါပဲ"

အစိုးရရှေ့နေက ဆမာယာကော့၏ပြဿနာကို ယင်းကဲ့သို့ စတင်သည်။

"လူသတ်မှု ကျူးလွန်တဲ့လူဟာ ဆမာယာကော့ပဲလို့ ပထမဆုံး ပြောတဲ့သူကတော့ တရားခံ ကိုယ်တိုင်ပဲ။ သူ အဖမ်းခံရတဲ့အချိန်မှာ ပြောတာ ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကနေပြီး အခုအချိန် အထိ ဒီစွပ်စွဲချက်ကို အထောက်အကူပြုနိုင်မယ့် အချက်အလက်ဆိုလို့ ဘာတခုမှ သူ မတင်ပြခဲ့ ပါဘူး။ အချက်အလက်တခု မပြောနဲ့၊ အချက်အလက်တခုလို့ ယူဆနိုင်တဲ့ အကြောင်းအရာ တခုကိုတောင် သူ မတင်ပြနိုင်ခဲ့ဘူး။

"နောက်ပြီးတော့ တခါ ဒီစွပ်စွဲချက်ကို လူသုံးယောက်ကပဲ ထောက်ခံခဲ့တယ်၊ အဲဒီ သုံးယောက်က တော့ သူ့ရဲ့ညီ နှစ်ယောက်နဲ့ မစ္စဆဗက်လေ့ာတို့ပဲ၊ ဒီနေရာမှာလည်း ပြောစရာ တခုရှိတာကတော့ ညီအလတ်အနေနဲ့ သူ့ရဲ့သံသယကို ကနေ့မှပဲ ထုတ်ဖော်သွားခဲ့တယ်၊ သူ့အနေနဲ့ နေမကောင်းဖြစ်ပြီး ကယောင်ကတမ်းတွေ ဖြစ်နေတဲ့အချိန်မှာ ပြောသွားတာပဲ၊ ဒီ့အရင် နှစ်လလုံးလုံးမှာတော့ သူဟာ သူ့အစ်ကိုမှာ အပြစ်ရှိတယ်လို့ ယုံကြည်ယူဆနေခဲ့တယ်၊ သူများတွေက သူ့အစ်ကိုအပေါ်မှာ သံသယဖြစ်ပြီး စွပ်စွဲကြတာတွေကို သူ နည်းနည်းကလေးမှ မဆန့်ကျင် မကန့်ကွက်ခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဒီအကြောင်းကို နောက်ပိုင်းကျမှပဲ သေသေချာချာ ပြောပါ့မယ်။

"တရားခံရဲ့ညီအငယ်ဆုံးအနေနဲ့လည်း ဆမာယာကော့ ကျူးလွန်တယ်ဆိုတဲ့ အယူအဆကို အထောက်အကူ ပြုမယ့် အချက်အလက်ဆိုလို့ သူ့မှာ စိုးစဉ်းကလေးမှတောင် မရှိပါဘူးလို့ ဝန်ခံထွက်ဆိုသွားပါတယ်။ ဆမာယာကော့ သတ်တယ်လို့ သူ့အနေနဲ့ ယူဆတာကတော့ တရားခံရဲ့ ပြောစကားအရနဲ့ တရားခံရဲ့မျက်နှာပေါ်မှာ တွေ့ရတဲ့ အမူအရာတွေကြောင့်လို့ပဲ ဆိုပါတယ်။ မှန်ပါတယ် ခင်ဗျား၊ အင်မတန် အံ့ဩစရာကောင်းတဲ့ ဒီအမှုကို သူ့အနေနဲ့ ဒီကနေ့မှာပဲ နှစ်ကြိမ် တိုင်တိုင် ပြောသွားခဲ့ပါတယ်။

"မစ္စဆဗက်လေ့ာ ပြောသွားတာက ပိုပြီးမှတောင် အံ့ဩစရာကောင်းပါသေးတယ်။ 'တရားခံပြောတဲ့ စကားကို လူကြီးမင်းတို့ ယုံကြည်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ သူက မုသားပြောတတ်တဲ့ လူတယောက် မဟုတ်လို့ပါဘဲ' တဲ့။

"ဆမာယာကော့ ကျူးလွန်ကြောင်း ဒီလူသုံးယောက်အနေနဲ့ သက်သေပြသွားသမျှကတော့ ဒါ အကုန်လုံးပါပဲ။ သူတို့သုံးယောက်စလုံးဟာ တရားခံရဲ့ရှေ့ရေးအတွက် စိုးရိမ် ပူပန်နေကြတဲ့ လူတွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဆမာယာကော့အပေါ် စွပ်စွဲချက်ဟာ ကျယ်သထက် ကျယ်လာပြီး ကနေ့အထိလည်း ဒီစွပ်စွဲချက်ဟာ ပျောက်မသွားဘဲ ရှိနေပါတယ်။ ဒါလောက်တောင် ယုံကြည်နိုင် စရာ ခဲယဥ်းပြီး လက်မခံနိုင်စရာကောင်းတဲ့ ကြားထဲကပဲ..."

ဤနေရာတွင် 'အလွန်အကျွံ စိတ်ဖောက်ပြန် ရူးသွပ်မှုကြောင့် သူ့ဘဝသူ အဆုံး စီရင်သွားသော ကွယ်လွန်သူ ဆမာယာကော့၏စရိုက်' ကို အကြမ်းဖျင်း ပြောဆိုရန် လိုအပ်သည်ဟု အစိုးရရှေ့နေက ယူဆမိသည်။ ယင်းကြောင့် ဆမာယာကော့ကို စိတ်ခတ်ပျော့ညံ့သူတဦး၊ အသိဉာဏ်ပညာ အားနည်းသူတဦး၊ သူ၏ဦးနှောက်ဖြင့် မလိုက်မီနိုင်သော အယူအဆ ဒဿနများဖြင့် ရှုပ်ထွေးနေသူ တဦး၊ သူ၏သခင် ... ထို့ပြင် ဖခင်လည်း ဖြစ်တန်ရာသော ဖျိုဒါကာရာမာဇော့၏ ဟော့ဟော့ရမ်းရမ်း ဘဝမှ လက်တွေ့ရရှိသော ခေတ်ပေါ် အယူအဆများ၏ ခြောက်လှန့်ခြင်းကို ခံနေရသူတဦး၊ သခင်ကြီး၏ ဒုတိယသား အိုက်ဗင်နှင့် ထူးဆန်းသော အကြောင်းအရာများကို ပြောဆိုရင်း ရရှိသော သဘောတရားများအရ အမြင်မှောက်မှားနေသူ တဦးအဖြစ် ဖော်ဆောင်ခြယ်မှုန်းသွားတော့သည်။ အမှန်တော့ အိုက်ဗင်အနေဖြင့် ဆမာယာကော့ကို ပေါက်တတ်ကရ အယူအဆများကို ပြောဆိုခြင်း သည် ပျင်းရိငြီးငွေ့သဖြင့် အပျော်သဘော အပျင်းပြေသဘော ပြောဆိုခြင်းသာ ဖြစ်ပေသည်။

"သူ့သခင်ရဲ့အိမ်မှာ သူနောက်ဆုံးနေခဲ့ရတဲ့ ရက်တွေအတွင်းမှာ သူ့စိတ်မှာ ဖြစ်ပေါ်နေတဲ့ စိတ်အခြေအနေတွေကို သူကိုယ်တိုင် ကျွန်တော့်ကို ပြောပြခဲ့ပါတယ်၊ သူပြောတဲ့ အချက်တွေ မှန်ကန်ကြောင်းကို တခြားလူတွေကလည်း သက်သေခံကြပါတယ်။ သူတို့ကတော့ သူ့အကြောင်းကို ကောင်းကောင်းကြီး သိနေကြတဲ့ တရားခံကိုယ်တိုင်နဲ့တရားခံရဲ့ညီ၊ နောက်ပြီးတော့ လက်ပါးစေကြီး ဂရီဂိုရီတို့ပဲ ဖြစ်ပါတယ် ခင်ဗျာ" အစိုးရရှေ့နေက ပြောကြားသည်။ "နောက်ပြီးတော့ သူဟာ ဝက်ရူးပြန်ရောဂါ စွဲကပ်နေတဲ့အတွက် အသည်းလည်း အင်မတန် ငယ်ပါတယ်။ 'သူဟာ ကျွန်တော့် ရှေ့မှာ ပြားပြားမှောက်ပြီး ခြေထောက်ကို နမ်းတယ်' လို့ တရားခံကိုယ်တိုင်က ထွက်ဆိုခဲ့ပါတယ်။ အဲဒီလိုထွက်ဆိုတဲ့အတွက် သူ့မှာ ဘယ်လောက် ထိခိုက်နိုင်တယ်ဆိုတဲ့အချက်ကို မတွက်မိခင် အချိန်ကပဲ ဖြစ်ပါတယ်။ 'သူဟာ ဝက်ရူးပြန် အသည်းငယ်တယောက်ပဲ' လို့ တရားခံက သူ့အသုံးအနှုန်းနဲ့သူ ပြောသွားတယ်။

"အဲဒီမှာပဲ တရားခံက သူ့ကို လူယုံအဖြစ်နဲ့ မွေးခဲ့တယ်၊ (အဲဒီအကြောင်းကို တရားခံကိုယ်တိုင်ကပဲ ပြောခဲ့ပါတယ်) တရားခံက သူ့ကို မကြောက်ကြောက်အောင်

ခြောက်ပြီး သူ့ရဲ့သူလျှိုနဲ့ သတင်းပေး အဖြစ် လုပ်စေတယ်၊ အဲဒီလိုနဲ့ ဆမာယာကော့ဟာ အိမ်တွင်းသူလျှိုတယောက် ဖြစ်သွားပြီး သူ့သခင်ကို သစ္စာဖောက်ပြီး ပိုက်ဆံတွေ ထည့်ထားတဲ့ စာအိတ်ရှိတဲ့အကြောင်းနဲ့ အိမ်ထဲကို ဝင်နိုင်မယ့် အချက်ပေးစနစ်အကြောင်းကို တရားခံကို ပြောခဲ့ဟယ်၊ ဒီလိုမျိုးမဟုတ်ဘဲနဲ့ သူ ဘယ်လိုလုပ်ပြီး တရားခံကို ဒီအကြောင်းတွေ ပြောပါ့မလဲ။ ‘သူ ကျွန်တော့်ကို သတ်လိမ့်မယ်၊ ကျွန်တော့်ကို သတ်မယ်ဆိုတာ ကျွန်တော် သိတယ်’ ပဏာမ စုံစမ်းစစ်ဆေးရေးတုန်းက သူ တုန်တုန်ယင်ယင် ကြောက်ကြောက်လန့်လန့်နဲ့ ကျွန်တော်တို့ကို ပြောပါတယ်။ အဲဒီအချိန်တုန်းက သူ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ သူဟာ အဖမ်းခံနေရပြီး သူ့ကို ဘယ်လိုမှ ဒုက္ခမပေးနိုင်တော့ဘူးဆိုတာ သိနေပေမယ့် သူဟာ ကြောက်နေတယ်၊ ‘သူက ကျွန်တော့်ကို အမြဲတမ်းဆိုသလိုပဲ မယုံသင်္ကာ ဖြစ်နေတယ်၊ အဲဒီတော့ ကျွန်တော်ဟာ ကြောက်ကြောက်လန့်လန့်နဲ့ပဲ သူ ကျေနပ်အောင် လျှို့ဝှက်ချက်တွေအားလုံးကို သူ့ကို ကမန်းကတန်း ပြောပြရတယ်၊ ဒါမှ သူက သူ့ကို ကျွန်တော် ညာမနေဘူးဆိုတာ သိသွားပြီး ကျွန်တော့်ကို ချမ်းသာခွင့်ပေးမှာ ဖြစ်ပါတယ်’ ဒါဟာ ဆမာယာကော့ ပါးစပ်က ပြောသွားတဲ့စကားတွေပဲ၊ အဲဒါတွေကို ကျွန်တော် ရေးမှတ်ထားပြီး ကောင်းကောင်းကြီး မှတ်မိနေတယ်။ ‘သူ ကျွန်တော့်ကို တချက်အော်လိုက်တာနဲ့ တပြိုင်နက် ကျွန်တော် သူ့ရှေ့မှာ ဒူးထောက်သွားရတယ်’။

“သူဟာ ပင်ကိုအားဖြင့် ရိုးသားတယ်၊ နောက်ပြီးတော့ သူ့သခင်ကြီး ပျောက်သွားတဲ့ ငွေကို ကောက်ရလို့ ပြန်ပေးပြီးတဲ့နောက်ပိုင်းမှာ သခင်ကြီးရဲ့ယုံကြည်အားထားမှုကို ခံရတဲ့လူလည်း ဖြစ်တယ်၊ အဲဒါကြောင့် သူဟာ သူ့သခင်ကြီးကို သစ္စာဖောက်မိလိုက်တဲ့အခါ အတော်ကြီးကို စိတ်ဒုက္ခ ရောက်ရရှာတယ်၊ သူဟာ သူ့သခင်ကြီးကို သူ့ရဲ့ကျေးဇူးရှင်တယောက်အဖြစ်နဲ့ မှတ်ယူ ထားတာ မဟုတ်လား၊ နောက်ပြီးတော့ ဝက်ရူးပြန်စွဲကပ်နေတဲ့ ဝေဒနာရှင်တွေဟာ အမြဲတမ်း ဆိုသလို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတတ်တယ်။ သတိ သံဝေဂတွေ ရနေတတ်တယ်လို့ စိတ်ပညာပါရဂူကြီးတွေက ဆိုပါတယ်၊ သူတို့ဟာ တယောက်ယောက်အပေါ်မှာ တနည်းနည်းနဲ့ မကောင်းမှု ပြုခဲ့မိရင် အဲဒီ ‘ပြစ်မှု’ အတွက် အမြဲတမ်း ပူပန်ကြောင့်ကြနေတတ်တယ်၊ သူတို့ဟာ နောင်တတရားကို ပြင်းထန်စွာ ခံစားနေကြရတယ်၊ တခါတခါမှာ ဘာမှမဟုတ်ဘဲနဲ့လည်း ခံစားနေ တတ်ကြတယ်၊ တခါတခါမှာ သူတို့ဟာ ကိုယ့်ရဲ့အမှားကလေး မဖြစ်စလောက်ကို ပုံကြီးချဲ့တတ် ကြတယ်၊ တခါတခါမှာ မဟုတ်ဘဲနဲ့ကို လုပ်ကြံတီထွင်တတ်ကြတယ်၊ အဲဒီလို လူမျိုးတယောက်ဟာ ခြောက်လှန့်မှုတွေ၊ ကြောက်လန့်မှုတွေအတွက် ရာဇဝတ်မှုတခုကို တကယ်တမ်း ကျူးလွန်တတ်ကြ တယ်။

“နောက်ပြီးတော့ သူ့မျက်စိအောက်မှာ ဖြစ်ပျက်နေတဲ့

အခြေအနေတွေထဲကနေ မကောင်းဆိုးဝါး တခုခု ဖြစ်လာလိမ့်မယ်လို့လည်း သူ့စိတ်ထဲမှာ ကြိုပြီးထင်နေတယ်။ ဘေးအန္တရာယ်ကြီး မကျရောက်ခင် အချိန်မှာပဲ ကာရာမာဇော့ရဲ့သားအလတ် အိုက်ဗင် မော်စကိုကို သွားဖို့ လုပ်တဲ့အခါ မှာ ဆမာယာကော့က မသွားဖို့ တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ သူဟာ သူရဲဘောကြောင်ပြီး သတ္တိနည်းတဲ့သူတယောက် ဖြစ်လေတော့ သူ ဘာကို ကြောက်နေတယ်ဆိုတာကို ထုတ်ပြီး မပြောရဲဘူး။ သူ့ခမျာ ရိပ်ဖမ်းသံဖမ်းတွေပဲ ပြောရဲရှာတယ်၊ ဒါပေမဲ့ သူပြောတဲ့ ရိပ်ဖမ်းသံဖမ်းတွေကို တဖက်သား နားမလည်နိုင်ဘူး။

"ဒီနေရာမှာ တခု သတိပြုရမှာကတော့ အိုက်ဗင်ဟာ သူ့ကို ကာကွယ်စောင့်ရှောက်နေတဲ့ လူတယောက်လို့ ဆမာယာကော့က သဘောထားနေတာပဲ၊ အိုက်ဗင် ဒီအိမ်ကြီးမှာ ရှိနေသမျှ ကာလပတ်လုံး ဘာမှ မဖြစ်နိုင်ဘူးလို့ ယူဆနေတယ်။ ဒီမီထရီကာရာမာဇော့ရဲ့ 'အရက်မူးနေတဲ့' စာထဲမှာ ရေးထားတဲ့ စာပိုဒ်တပိုဒ်ကို အမှတ်ရကြပါလိမ့်မယ်၊ 'အိုက်ဗင် တခြားကို သွားတာနဲ့ တပြိုင်နက် အဘိုးကြီးကို ငါသတ်မယ်' အဲဒါကြောင့် အိုက်ဗင် အဲဒီအိမ်ကြီးမှာ ရှိနေတာဟာ လူတိုင်းအတွက် ဘေးအန္တရာယ် ကင်းရှင်းမှုနဲ့ ငြိမ်းချမ်းမှုကို အာမခံ ပေးနေတာပဲ။

"ဒါပေမဲ့ အိုက်ဗင်က တခြားကို ထွက်သွားတယ်။ သူ့ရဲ့သခင်လေး ထွက်သွားပြီး တနာရီလောက် အကြာမှာပဲ ဆမာယာကော့ဟာ ဝက်ရူးပြန်ပြီး လှေကားပေါ်ကနေ လိမ့်ကျတော့တာပဲ။ ဒါပေမဲ့ ဒါဟာ အဓိပ္ပာယ်ကောင်းကောင်း ရှိပါတယ်၊ စိတ်အပူကြီးပူပြီး အကြောက်ကြီး ကြောက်နေရှာ တဲ့ ဆမာယာကော့ဟာ အရင်တုန်းကလည်း ဒီလိုအခြေအနေမျိုးမှာ ဝက်ရူးပြန်ခဲ့ဖူးတဲ့အတွက် အခုလည်း ရောဂါတက်ဦးတော့မှာပဲဆိုပြီး သူဟာ အဲဒီရက်ပိုင်းမှာ အစိုးရိမ်ကြီး စိုးရိမ်နေခဲ့တယ်။ ဝက်ရူးပြန်ရောဂါတက်မယ့်နေ့နဲ့ နာရီကို ကြိုပြီး သိနေနိုင်ပါတယ်။ ဆရာဝန်ကြီးတွေက ဒီအတိုင်းပဲ ပြောပြပါတယ်။

"အဲဒီတော့ အိုက်ဗင် အိမ်က ထွက်သွားတာနဲ့ တပြိုင်နက် ဆမာယာကော့ဟာ အကာအကွယ် ကင်းမဲ့သွားတယ်။ စွန့်ပစ်ခံရတဲ့ လူတယောက် ဖြစ်သွားတယ်။ အဲဒီအချိန်မှာ သူဟာ တခုခုယူဖို့ အတွက် မြေအောက်ခန်းကို ဆင်းသွားတယ်၊ အဲဒီလို ဆင်းသွားရင်း လှေကားပေါ်မှာ သူ စဉ်းစားတယ် 'ငါ့ရောဂါများ တက်နေမလား၊ အခုအချိန်များ ရောဂါတက်လာရင် ဘယ်နှယ့်လုပ်မလဲ' အဲဒီလို အခြေအနေမျိုးမှာ၊ အဲဒီလိုမျိုး ရောဂါဖောက်လာမှာကို ကြောက်နေတဲ့အခါမှာ၊ သူ့ခေါင်းထဲမှာ အဲဒီလိုမေးခွန်းတွေ ပေါ်လာတဲ့အခါမှာ၊ သူ့လည်ချောင်းထဲမှာ တခါတည်း ဆို့တက်လာတော့တာပဲ။ အဲဒါဟာ ဝက်ရူးပြန်ရောဂါရဲ့ရှေ့ပြေးပဲ။ နောက်ဆုံးမှာ သူဟာ အကြောတွေ ဆွဲလာပြီး သတိလက်လွတ်ပြီး လှေကားပေါ်ကနေ လိမ့်ကျသွားတော့တာပဲ၊ မြေအောက်ခန်း ကြမ်းပြင်ပေါ်ကို ရောက်သွားတော့တာပဲ။

"ဒါပေမဲ့ သဘာဝအလျောက် ဒီလိုမျိုး ရိုးရိုးသားသား ဖြစ်သွားတာကို လူတွေက သံသယ ရှိတတ်ကြတယ်၊ တမင်တကာ လုပ်တာလား ဟန်ဆောင်တာလားပေါ့၊ ဒါပေမဲ့ တမင်တကာ လုပ်တာလို့ဆိုရင် မေးစရာ မေးခွန်းတွေ အများကြီး ရှိပါတယ်၊ ဘာအတွက် သူလုပ်တာလဲ၊ ဘာရည်ရွယ်ပြီး ဘာလိုချင်လို့လဲ။

"ဒီနေရာမှာ ဆေးပညာအကြောင်း ကျွန်တော် ထည့်မပြောဘူး၊ သိပ္ပံပညာဟာ တိမ်းစောင်းနိုင်တယ်၊ ချွတ်ချော်နိုင်တယ်၊ မှားယွင်းနိုင်တယ်လို့ လူတွေက ပြောကြပါတယ်။ ဆရာဝန်တွေဟာ အမှန်တကယ် ဖြစ်တာနဲ့ ဟန်ဆောင်တာကို မခွဲခြားနိုင်ကြဘူး။ ကောင်းပြီ၊ ဒီအတိုင်း ဟုတ်တယ်ပဲ ထားလိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် တခု မေးပါရစေ၊ ဖြေကြစမ်းပါ၊ သူ ဘာဖြစ်လို့ ဝက်ရူးပြန် ဟန်ဆောင်ရတာလဲ၊ သူဟာ လူသတ်မှုကို ပြင်ဆင်တဲ့အနေနဲ့ ဝက်ရူးပြန်ရောဂါ ဖြစ်နေတယ်လို့ အစောကြီးကတည်းက အကွက်ဆင်ခဲ့တာလား။

"ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ရာဇဝတ်မှုဖြစ်ပွားတဲ့ညက ဖျိုဒါကာရာမာဇော့ရဲ့အိမ်မှာ လူငါးယောက် ရှိပါတယ်။ ဖျိုဒါကာရာမာဇော့ရယ်၊ ဒါပေမဲ့ သူ့ကိုယ်သူ သတ်တာတော့ မဖြစ်နိုင် ပါဘူး။ အဲဒီအချက်ကတော့ ရှင်းနေပါတယ်။ ဒုတိယတယောက်ကတော့ လက်ပါးစေကြီး ဂရီဂိုရီ၊ သူလည်း ကံကောင်းလို့ မသေတာပဲ။ တတိယတယောက်ကတော့ ဂရီဂိုရီရဲ့ မိန်းမ အိမ်ဖော်မကြီး မာဖာ၊ ဒါပေမဲ့ သူ့သခင်ကြီးကို သူသတ်တယ်လို့ ပြောရမှာကတော့ အင်မတန်ကို မဖြစ်နိုင်တဲ့ အချက်ပါပဲ။ အဲဒီတော့ မသင်္ကာစရာ လူနှစ်ယောက်ပဲ ကျန်တော့တယ်။ တရားခံနဲ့ ဆမာယာကော့ ပဲ။ ဒါပေမဲ့ တရားခံက သူ မသတ်ဘူးလို့ ပြောတယ်၊ ဒါဆိုရင် လူသတ်သမားဟာ ဆမာယာကော့ပဲ၊ တခြား ဘာမှ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်တယောက် မရှိတော့လို့ဘဲ။ တခြား မသင်္ကာစရာလူတွေ မရှိတော့လို့ဘဲ။

"အဲဒါကြောင့်ပဲ မနေ့က သူ့ကိုယ်သူ သတ်သေသွားတဲ့ ကံမကောင်း အကြောင်းမလှတဲ့ အရူးတယောက်အပေါ်မှာ အင်မတန် အံ့သြစရာကောင်းပြီး အင်မတန် 'ပိုင်' တဲ့ စွပ်စွဲချက် ထွက်ပေါ်လာရတာပဲ။ ဟုတ်ကဲ့၊ အဲဒါ အမှန်ပါပဲခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ တခြား မသင်္ကာစရာ လူတယောက် မရှိတော့တဲ့အတွက် ဒီစွပ်စွဲချက် ပေါ်လာရတာပဲ၊ တကယ်လို့သာ နောက်ထပ် မသင်္ကာစရာ လူတယောက်ရှိခဲ့ရင်၊ ဆဋ္ဌမမြောက် လူတယောက် ရှိခဲ့လို့ရှိရင် တရားခံဟာ ဆမာယာကော့ကို မစွပ်စွဲဘဲ ဆဋ္ဌမလူကို စွပ်စွဲမှာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဆမာယာကော့ကို လူသတ်သမားအဖြစ် စွပ်စွဲရတာဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့အတွက်ပါပဲ။

"ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ အခု စိတ်ပညာအကြောင်း

ဘေးဖယ်ထားပြီး၊ ဆေးပညာအကြောင်း ဘေးဖယ်ထားပြီး၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ကျိုးကြောင်းဆက်စပ်မှု ဆိုင်ရာ တက္ကဗေဒကိုလည်း ဘေးဖယ်ထားပြီး အချက်အလက်တွေအကြောင်းပဲ ပြောကြရအောင်။ အချက်အလက်တွေ သက်သက်ကိုပဲ ပြောကြရအောင်၊ အချက်အလက်တွေက ကျွန်တော်တို့ကို ဘာပြောတယ်ဆိုတာ ကြည့်ကြရအောင်။

"ဆိုကြပါစို့၊ လူသတ်မှုကို ဆမာယာကော့ ကျူးလွန်တယ်ဆိုရင် သူ ဘယ်လိုကျူးလွန်သလဲ။ သူတယောက်တည်းလား၊ ဒါမှမဟုတ် တရားခံနဲ့ ပူးပေါင်းပြီးတော့လား။ ပထမအချက်ကို ကျွန်တော်တို့ အရင်ဆုံး စဉ်းစားကြရအောင်။ အဲဒါကတော့ သူတယောက်တည်း ကျူးလွန်တယ် ပဲပေါ့။ အဘိုးကြီးကို သူ သတ်တယ်ဆိုရင် သူ့မှာ ရည်ရွယ်ချက်တခု ရှိရမယ်။ သူ့အတွက် အကျိုးကျေးဇူးတခု ရှိရမယ်။ ဒါပေမဲ့ သူ့မှာ လူသတ်မှု ကျူးလွန်စရာ ဘာအကြောင်းမှ မရှိဘူး။ ဆိုကြပါစို့၊ မလိုမုန်းတီးမှု မရှိဘူး၊ မနာလိုဝန်တိုမှု မရှိဘူး၊ တခြား ဘာမှမရှိဘူး၊ တကယ်လို့ ဆမာယာကော့ဟာ လူသတ်မှုကျူးလွန်တယ်ဆိုရင် ပိုက်ဆံအတွက်ပဲ ဖြစ်ရမယ်။ စာအိတ်ထဲမှာ သူ့သခင်ထားတာကို သူ မြင်ရတဲ့ ငွေသုံးထောင်အတွက်ပဲ ဖြစ်ရမယ်။

"ဒါပေမဲ့ သူဟာ အဲဒီပိုက်ဆံတွေအကြောင်းနဲ့ အချက်ပြစနစ် အကြောင်းကို တခြား သူတယောက်ကို ပြောခဲ့တယ်... အဲဒီပိုက်ဆံတွေကို အထူးစိတ်ဝင်စားနေတဲ့ တရားခံကို ပြောခဲ့တယ်... ပိုက်ဆံ ထည့်ထားတဲ့ စာအိတ်ကို ဘယ်မှာထားတယ်၊ စာအိတ်ပေါ်မှာ ဘာတွေရေးထားတယ်၊ စာအိတ်ကို ဘာနဲ့ချည်ထားတယ်၊ နောက်ပြီးတော့ ဒါထက်ပိုပြီး အရေးကြီးတဲ့ အိမ်ထဲကို ရောက်နိုင်တဲ့နည်း ဖြစ်တဲ့ 'အချက်ပေးစနစ်' အကြောင်းကို တလုံးမကျန် အကုန်လုံး သူ ပြောခဲ့တယ်။

"သူ ဒီလိုပြောတာဟာ သူ့ကိုယ်သူ သစ္စာဖောက်တာပဲလား၊ ဒါမှမဟုတ် အိမ်ထဲကို ဝင်ပြီး စာအိတ်ကို ယူမယ့် လူတယောက်ကို ရှာတာပဲလား၊ 'သူ ကြောက်လို့ သူ့ကိုယ်သူ သစ္စာဖောက်တာပါ' လို့ ပြောကြလိမ့်မယ်၊ ဒါပေမဲ့ ဒါဟာ ဟုတ်နိုင်ပါ့မလား၊ ဒါလောက် ရက်စက်တဲ့ လူသတ်မှုကြီးတခုကို ဒါလောက် အတင့်ရဲရဲနဲ့ လုပ်ဝံ့တဲ့လူတယောက်ဟာ ဒီကမ္ဘာကြီးမှာ သူတယောက်တည်းသာ သိထားတဲ့အချက်ကို သူတပါးကို ပြောပါ့မလား။ ဒီအကြောင်းတွေကို သူကသာ မပြောရင် ဒီကမ္ဘာကြီး တခုလုံး ဘယ်သူမှ မသိနိုင်ဘူး မဟုတ်လား။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ သူဟာ ဒီလိုရာဇဝတ်မှုကြီးတခုကို ကြံစည်ထားတယ်ဆိုရင် သူဟာ ဘယ်လောက်ပဲ သူရဲဘောကြောင်တဲ့ လူတယောက်ဖြစ်ပါစေ၊ ငွေစက္ကူတွေ ထည့်ထားတဲ့ စာအိတ်နဲ့ အိမ်ထဲကို ဝင်နိုင်တဲ့ အချက်ပေးစနစ်အကြောင်းကိုတော့ ဘယ်သူ့ကိုမှ ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူး ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ သူ့ကိုယ်သူ

အစောကြီးကတည်းက သစ္စာဖောက်လိုက်တာနဲ့ တူနေလို့ပါပဲ။

“သူ့အနေနဲ့ တရားခံကို ကြောက်လို့ တခုခုကို မပြောမဖြစ် ပြောရမယ်ဆိုရင် သူဟာ တခုခုကို သူ့ဟာသူ စိတ်ကူးပြီး ပြောနိုင်တယ်။ တခုခုကို လိမ်ညာပြီးတော့မှ ပြောနိုင်မယ်။ ဒါပေမဲ့ ဒီအကြောင်းတွေကိုတော့ သူ ရေငုံနှုတ်ပိတ်ထားမယ်။ ဘာဖြစ်လို့တုံးဆိုတော့ သူဟာ ပိုက်ဆံ အကြောင်းကို ဘယ်သူ့ကိုမှ ဘာမှ မပြောဘဲနဲ့ လူသတ်မှုကို ကျူးလွန်ပြီး ပိုက်ဆံတွေကို သူ ယူသွားမယ်ဆိုရင်၊ ပိုက်ဆံတွေကို လိုချင်တဲ့အတွက် လူသတ်မှု ကျူးလွန်တာလို့ ဒီကမ္ဘာကြီးမှာ ဘယ်သူကမှ သူ့ကို စွပ်စွဲမှာမဟုတ်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ဒီအိမ်ကြီးထဲမှာ ဒီပိုက်ဆံတွေ ရှိနေတာကို သူကလွဲပြီး တခြား ဘယ်သူမှ မမြင်တဲ့ မသိတဲ့အတွက်ပဲ။

“တကယ်လို့ သူ့ကို လူသတ်မှုနဲ့ စွပ်စွဲတယ်ပဲထားဦး၊ သူဟာ အကြောင်းတခုခုကြောင့် သတ်တာပဲ လို့ပဲ ထင်ကြလိမ့်မယ်။ ဒါပေမဲ့ လူသတ်မှု ကျူးလွန်စရာ အကြောင်းဆိုလို့လည်း တခြား ဘာတခုမှ ရှိမနေခဲ့ဘူး။ အဲဒီလို မရှိရုံတင်မကဘူး၊ သူ့သခင်က သူ့ကို အင်မတန် သဘောကျပြီး အင်မတန် ယုံကြည်စိတ်ချတဲ့အကြောင်းကို လူတွေအားလုံးကပဲ သိနေကြတယ်၊ အဲဒီတော့ သူ့ကို ဘယ်သူကမှ သံသယဖြစ်မှာ မဟုတ်ဘူး။ သတ်ဖို့အကြောင်း ရှိနေတဲ့ လူတယောက်… ဒီအကြောင်းကို နည်းနည်း ကလေးမှ လျှို့ဝှက်မထားဘဲ ကြေညာမောင်းခတ်နေတဲ့ လူတယောက် …. အချုပ်ကို ပြောရရင် သေဆုံးသူရဲ့သား ဒီမီထရီကာ ရာမာဇော့ကိုပဲ လူတွေက သင်္ကာမကင်း ဖြစ်ကြလိမ့်မယ်။

“ဆမာယာကော့က လူသတ်ပြီး ငွေတွေကို ယူသွားမယ်၊ ဒါပေမဲ့ အသတ်ခံရတဲ့သူရဲ့သားက လူသတ်မှုနဲ့ အဖမ်းခံရမယ်။ အဲဒါဟာ ဆမာယာကော့အတွက် အကွက်ကောင်းပဲ မဟုတ်လား။ အဲဒီတော့ ဆမာယာကော့ဟာ လူသတ်မှု ကျူးလွန်ဖို့ စီစဉ်ထားပြီး၊ တချိန်တည်းမှာပဲ ပိုက်ဆံတွေနဲ့ အချက်ပေးစနစ် အကြောင်း ဒီမီထရီကာရာမာဇော့ကို ပြောတယ်ဆိုတာဟာ သဘာဝ ကျပါ့မလား၊ ယုတ္တိ ရှိပါ့မလား။

“လူသတ်မှု ကျူးလွန်ဖို့ စီစဉ်ထားတဲ့နေ့မှာ ဆမာယာကော့ ဘာလုပ်သလဲ၊ ဝက်ရူးပြန်ချင်ဟန် ဆောင်ပြီး မြေအောက်ခန်းထဲကို လိမ့်ကျတယ်။ အဲဒါ ဘာအတွက်လဲ၊ သေချာတာကတော့ အဲဒီနေ့မှာ ဆေးလိမ်းဖို့ လုပ်ထားတဲ့ ဂရီဂိုရီဟာ အိမ်ကို စောင့်ကြည့်မယ်။ လူ ဘယ်သူမှ မရှိတော့တဲ့ အတွက် သူ့ရဲ့အစီအစဉ်ကို ခဏထားပြီး အိမ်ကြီးကို စောင့်ကြည့်နေလိမ့်မယ်။ နောက်ပြီးတော့ သူတို့ရဲ့သခင်ကြီးကလည်း သူ့အိမ်မှာ ဘယ်သူမှ စောင့်ကြည့်မယ့်သူ မရှိတဲ့အတွက် သူ့သား ရောက်လာမှာကို အကြောက်ကြီး ကြောက်နေတဲ့အတွက် သူဟာ အခါတိုင်းထက် နှစ်ဆတိုးပြီး နိုးနိုးကြားကြား ရှိနေလိမ့်မယ်။ နောက်ပြီးတော့

အရေးအကြီးဆုံးအချက်ကတော့ ဆမာယာကော့ ဟာ ဝက်ရူးပြန်ရောဂါဖြစ်ပြီး နေမကောင်းနေတဲ့သူ့ကို သူ့ရဲ့နေရာ မီးဖိုခန်းထဲကနေပြီး ဂရီဂိုရီတို့ရဲ့ အခန်းထဲကို ရွှေ့ထားကြလိမ့်မယ်။ အဲဒါဟာ သူ ဝက်ရူးပြန်တိုင်း သူ့ရဲ့သခင်ကြီးနဲ့ မာဖာတို့ရဲ့ အစီအစဉ်ပဲ။ အဲဒီတော့ ဘာဖြစ်သလဲ၊ သူဟာ မီးဖိုဆောင်ထဲမှာဆိုရင် သူ့သဘောနဲ့သူ လွတ်လွတ်လပ်လပ် ဝင်ချင်သလိုဝင် ထွက်ချင်သလို ထွက်နိုင်တယ်၊ ဂရီဂိုရီတို့ရဲ့အခန်းထဲကို ရောက်သွားတဲ့အခါမှာတော့ ဂရီဂိုရီရဲ့အိပ်ရာနဲ့ သုံးလှမ်းလောက်သာ ဝေးတဲ့နေရာမှာ နံရံတချပ်ခြား ကလေးမှာ နေရမယ်၊ အဲဒီမှာ သူဟာ နေမကောင်းချင်ဟန်ဆောင်ပြီး နေရမယ်၊ တညည်းတညူညူ လုပ်နေရမယ်၊ အဲဒီအခါမှာ ဂရီဂိုရီတို့လင်မယား တညလုံး နိုးနေကြမယ်၊ (တကယ်လည်း သူ ညည်းနေတယ်လို့ ဂရီဂိုရီတို့လင်မယားက ထွက်ဆိုသွားကြတယ်)။ အဲဒီတော့ အဲဒီလို အခြေအနေ မျိုးဟာ၊ အဲဒီလိုအခြေအနေမျိုးမှာ သူ အိပ်ရာကထပြီး သူ့သခင်ကို သတ်ဖို့ အဆင်ပြေပါ့မလား။

“ဒီနေရာမှာ သူ့အပေါ်မှာ သံသယမရှိအောင် ဝက်ရူးပြန်ဟန်ဆောင်တာလို့ လူတွေ ပြောကြလိမ့်မယ်၊ နောက်ပြီးတော့ ပိုက်ဆံတွေနဲ့ အချက်ပြစနစ်အကြောင်းကိုလည်း သူက တရားခံကို တမင်တကာ ပြောခဲ့တာပဲ၊ လူသတ်ပြီး ငွေတွေကို ယူသွားအောင် တရားခံကို ဖြားယောင်းခဲ့တာပဲ။ တရားခံက အဲဒီလို ဆူဆူညံညံနဲ့ လူတွေကို နိုးအောင်လုပ်ပြီး၊ လူသတ်ပြီး ငွေတွေကို ယူသွားတဲ့အခါမှာ သူက (ဆမာယာကော့) အိပ်ရာကနေ အသာထပြီး သွားမယ် … ဘာလုပ်ရအောင်လဲ၊ သူ့သခင်ကြီးကို ဒုတိယအကြိမ် ထပ်ပြီး သတ်ရအောင်နဲ့ သူများယူသွားလို့ မရှိတော့တဲ့ ငွေတွေကို ယူရအောင်ပဲ။

“ဇူရော်လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းများအနေနဲ့ ရယ်စရာကြီး ဖြစ်နေကြပါသလား၊ ကျွန်တော့်အနေနဲ့ ဒီလိုအယူအဆမျိုးကို ပြောရတာ အင်မတန် ရှက်ပါတယ်၊ ဒါပေမဲ့ လူကြီးမင်းများ သိတော်မူကြတဲ့အတိုင်းပဲ တရားခံကတော့ ဒီအတိုင်းပဲ စွပ်စွဲခဲ့ပါတယ်၊ သူက ဘယ်လိုပြောသလဲ ဆိုတော့ ‘ကျုပ် အိမ်က ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ ဂရီဂိုရီကို ရိုက်ပြီး ရတ်ရတ်သဲသဲဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ သူ အိပ်ရာကထပြီး အိမ်ခန်းထဲကို ဝင်သွားပြီး ပိုက်ဆံတွေကို ယူသွားတာပဲ’ … ဆမာယာကော့အနေနဲ့ ဒီလိုအခြေအနေမျိုးမှာ အင်မတန် ဒေါသဖြစ်ပြီး ရှူးရှူးရှားရှားဖြစ်နေတဲ့ လူတယောက်က အိမ်ထဲကို ဝင်နိုင်တဲ့ အချက်ပေးစနစ်တွေကို သိနေပေမဲ့ လူကြီးလူကောင်း တယောက်လို ပြတင်းပေါက်ကနေ အသာကလေး ချောင်းရုံသာချောင်းကြည့်ပြီး ပိုက်ဆံတွေကို ဆမာယာကော့ ယူနိုင်ဖို့အတွက် ကမန်းကတန်း ပြန်ထွက်သွားမယ်ဆိုတာကို ဘယ်လိုလုပ်ပြီး ကြိုပြီး သိနိုင်ပါ့မလဲဆိုတာကို ကျွန်တော့်အနေနဲ့ မေးနေစရာတောင် လိုမယ်မထင်ပါဘူး။

“ဇူရော်လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းများကို ကျွန်တော် အလေးအနက်တခု မေးပါရစေ။ ဆမာယာကော့ ဘယ်အချိန်မှာ လူသတ်မှုကို ကျူးလွန်ပါသလဲ။ လူသတ်မှု ကျူးလွန်တဲ့အချိန် အတိအကျကို ပြောပြစမ်းပါ၊ အဲဒီအချိန်ကို မပြောနိုင်ဘဲနဲ့ သူ့ကို ဘယ်လိုမှ မစွပ်စွဲနိုင်ကြပါဘူး။

“ဒီနေရာမှာ ဝက်ရူးပြန်ရောဂါသည်တယောက်ပဲ ဖြစ်တယ်ဆိုပါတော့၊ နေမကောင်းနေတဲ့ သူဟာ ဖြုန်းခနဲ သတိရလာမယ်။ အော်သံတခုကို ကြားရမယ်၊ အပြင်ကို ထွက်သွားမယ်။ အဲဒီနောက်မှာ ဘာဖြစ်သလဲ၊ ဟိုဟိုဒီဒီကို သူ ကြည့်လိုက်ပြီး သူ့ကိုယ်သူပြောမယ်၊ ‘သခင်ကြီးကို သွားပြီး သတ်ရရင် ကောင်းမလား’ .... ဒါပေမဲ့ ဘာဖြစ်နေတယ်ဆိုတာကို သူ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ သူဟာ အဲဒီအချိန်အထိ သတိလစ်ပြီး အိပ်ရာပေါ်မှာ လဲနေခဲ့တယ် မဟုတ်လား။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ စိတ်ကူးနဲ့ မှန်းဆကြည့်တယ်ဆိုတဲ့ နေရာမှာလည်း သူ့အတိုင်းအတာနဲ့သူ ရှိပါတယ် ခင်ဗျား။

“ဒီနေရာမှာလည်း အမျိုးမျိုး စဉ်းစားချိန်ဆတတ်တဲ့ လူတွေက... ‘ခင်ဗျားပြောတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ ဒီလူသတ်မှုကို သူတို့နှစ်ယောက် ပူးပေါင်းကြံစည်ပြီး ပိုက်ဆံတွေကို နှစ်ယောက်ခွဲယူကြမယ် ဆိုရင်ကော’ လို့ ပြောနိုင်ပါတယ်။

“မှန်ပါတယ် ခင်ဗျား၊ ဒီအယူအဆဟာလည်း အင်မတန် စဉ်းစားသင့်တဲ့ အယူအဆတခု ဖြစ်ပါတယ်။ ဒီလိုယူဆနိုင်စရာ အချက်အလက်တွေကလည်း အတော်ခိုင်ခိုင်မာမာ ရှိနေပါတယ်။ တယောက်က ဝက်ရူးပြန်ဟန်ဆောင်ပြီး အိပ်ရာပေါ် လဲနေတဲ့အချိန်မှာ လူတွေအားလုံးက သူ့အပေါ်မှာ သက်ာမကင်းဖြစ်ပြီး သူ့သခင်ကြီးနဲ့ ဂရိဂိုရီတို့ကို တပ်လှန့်ထားတဲ့အချိန်မှာ တယောက်က တကယ်သတ်ပြီး ပြဿနာတွေ အားလုံးကို တာဝန်ယူသွားတယ်။ ဒါပေမဲ့ ဒီအကြံသမားနှစ်ယောက် ဘာဖြစ်လို့ အဲဒီလိုအကြံအစည်မျိုးကို ကြံစည်တယ်ဆိုတာ အများကြီး စဉ်းစားစရာ ကောင်းပါတယ်။

“ထားပါတော့၊ ဆမာယာကော့ဟာ ဒီနေရာမှာ ပါနေပြီ ဆိုပါတော့၊ ဒါပေမဲ့ သူဟာ တကယ် တက်တက်ကြွကြွ လုပ်တဲ့သူတယောက် မဖြစ်နိုင်ဘူး၊ ရောယိမ်းလိုက် ဘသားယိမ်းလိုက် သဘောမျိုးပဲ ဖြစ်ရမယ်။ သူဟာ အခြိမ်းခြောက် အကြိမ်းမောင်း ခံနေရတဲ့အတွက် လူသတ်မှုကို မတားဆီးနိုင်ဘဲ ခေါင်းညိတ်ရတာမျိုး ဖြစ်ရမယ်။ ဒါပေမဲ့ သူဟာ သူ့သခင် အသတ်ခံရမှာကို သိရဲ့သားနဲ့ သတိလည်း မပေး၊ အကာအကွယ်လည်း မပေးတဲ့အတွက် အပေါင်းအပါတယောက် ဖြစ်သွားမယ့် အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ ဝက်ရူးပြန် ဟန်ဆောင်ပြီး အိပ်ရာထဲမှာ လှဲနေချင် လို့ ဆိုတဲ့အကြံကို ဒီမီထရီ ကာရာမာဇော့ဆီက ရတာဖြစ်ရမယ်။ ‘ခင်ဗျားဟာခင်ဗျား သူ့ကို

သတ်ချင်သလိုသတ်၊ ကျွန်တော်နဲ့လည်း ဘာမှ မဆိုင်ဘူး’ ဆိုတဲ့သဘောမျိုးပဲ။ ဒါပေမဲ့ ဒီလိုပဲ ဖြစ်တယ် ထားပါဦးတော့၊ ဝက်ရူးပြန်တဲ့ကိစ္စဟာ တအိမ်လုံးကို ရုတ်ရုတ်သဲသဲ ဖြစ်သွားစေတဲ့ အတွက်၊ အဲဒီလို ကြံပြီး သိမြင်တဲ့အတွက် ဒီမီထရီ ကာရာမာဇော့က ဒီလိုအကြံအစည်မျိုးကို ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီနေရာမှာလည်း ကျွန်တော်က အလျှော့ပေးလိုက် ပါဦးမယ်။ ဒီမီထရီ ကာရာမာဇော့က သဘောတူ လက်ခံတယ် ထားလိုက်ပါဦး။

“အဲဒီလိုဆိုလည်း ဒီမီထရီကာရာမာဇော့က လူသတ်သမားဖြစ်ပြီး၊ ရာဇဝတ်မှုကို ကျူးလွန်တဲ့ တကယ့်လူသတ်သမားဖြစ်ပြီး ဆမာယာကော့က အပေါင်းပါ တယောက်ပဲဖြစ်တယ်။ အပေါင်းပါ ဆိုတဲ့ နေရာမှာတောင် မလှုပ်မရှားတဲ့ တုံဏှိဘာဝေတယောက်ပဲ ဖြစ်တယ်၊ တကယ်တော့ အပေါင်းပါတဦးလို့ မဆိုနိုင်ဘူး၊ သူ့စိတ်ထဲက သဘောမကျပေမဲ့ ကြောက်လို့ မပြောရဲလို့ လက်ပိုက်ပြီး ကြည့်နေရတာမျိုးပဲ ဖြစ်တယ်။ အဲဒါဟာ တကယ် ဖြစ်ပေါ်နေတဲ့ အခြေအနေပဲ။

“ဒါပေမဲ့ တကယ်လက်တွေ့မှာ ကျွန်တော်တို့ ဘာတွေ့ရသလဲ၊ တရားခံကို ဖမ်းလိုက်တာနဲ့ တပြိုင်နက် တရားခံက ဆမာယာကော့အပေါ်မှာ အပြစ်တွေ ပုံချတော့တာပဲ။ လူသတ်မှုကို ဆမာယာကော့ တယောက်တည်း ကျူးလွန်တယ်လို့ စွပ်စွဲတော့တာပဲ။ သူက ဆမာယာကော့ကို အပေါင်းပါ တယောက်လို့တောင် ပြောမနေတော့ဘူး၊ သူတယောက်တည်းကိုပဲ စွပ်စွဲတော့တာပဲ။ ‘သူတယောက်တည်း သတ်တာပဲ၊ သူ သတ်ပြီး ပိုက်ဆံတွေကို သူ ယူသွားတာပဲ၊ ဒီကိစ္စဟာ သူ့လက်ရာပဲ’ လို့ တရားခံက စွဲချက်တင်တော့တာပဲ။ ဘယ်လောက် အံ့သြစရာကောင်းတဲ့ ကြံစည်ဖော် ကြံစည်ဖက်တွေလဲ။ တယောက်ကို တယောက် အပြန်အလှန် စွပ်စွဲနေကြတယ်။ ဒီနေရာမှာ ကာရာမာဇော့အနေနဲ့ စွန့်စားရတာ အများကြီးပဲ၊ သူ့ရဲ့ကြံရာပါ အိပ်ရာထဲမှာ လဲနေတဲ့ အချိန်မှာ သူက လူသတ်မှုကို ကျူးလွန်တယ်၊ ပြီးတော့ အပြစ်တွေကို ချူနာသည်အပေါ် ပုံချတယ်၊ ဒါကို ဆမာယာကော့က စိတ်နာပြီး အမှန်တွေကို ထုတ်ပြီး ဝန်ခံနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ဘယ်လောက်ပဲ အပြစ်ရှိတယ်ဆိုတာကို ရုံးတော်က စဉ်းစားပြီး အပြစ်ဒဏ်ပေးတဲ့နေရာမှာ သူဟာ တကယ့်လူသတ်သမားထက် အပြစ်ဒဏ်လျှော့ပြီး ခံစားရမှာ ဖြစ်တဲ့အတွက်ပဲ။ ဒါပေမဲ့ ဒီနေရာမှာ သူဟာ ဖြောင့်ချက်ပေးဖို့ အင်မတန် ကောင်းပေမဲ့ မပေးခဲ့ဘူး။ တကယ် သတ်တဲ့လူက ဆမာယာကော့ကို လူသတ်သမားအဖြစ် စွပ်စွဲခဲ့ပေမဲ့ ဆမာယာကော့ကတော့ သူတို့နှစ်ယောက်ရဲ့ ပူးပေါင်းကြံစည်မှုကို အရိပ်အမြွက်ကလေးတောင် မထုတ်ဖော်ခဲ့ဘူး။

“ဒါတင်မကသေးဘူး၊ တရားခံကို ပိုက်ဆံတွေ ထည့်ထားတဲ့ စာအိတ်နဲ့

အချက်ပေး စနစ်ကို ပြောတဲ့လူဟာ သူဖြစ်ကြောင်း ပဏာမစုံစမ်းစစ်ဆေးရေးမှာ ဆမာယာကော့ဟာ သူ့အလိုအလျောက် ထုတ်ဖော် ပြောဆိုသွားပါတယ်။ သူကသာ မပြောလို့ရှိရင် တရားခံဟာ ဒီအချက်တွေကို ဘယ်နည်းနဲ့မှ သိမှာမဟုတ်ပါဘူး၊ တကယ်လို့သာ သူဟာ အပြစ်ရှိတဲ့ ကြံရာပါတယောက်ဆိုရင် ဒီအချက်တွေကို ပဏာမစုံစမ်းစစ်ဆေးရေးမှာ သူ အလွယ်တကူ ပြောသွားပါ့မလား၊ မပြောရုံတင် မကဘူး၊ ဒီအချက်တွေကို သူ ဖုံးထားမယ်၊ လွှဲပြောမယ်၊ လျှော့ပြောမယ်။ အပြစ်မရှိတဲ့ လူတယောက်မို့သာ၊ သူ့ကို ကြံရာပါအဖြစ် စွပ်စွဲမှာကို မကြောက်တဲ့လူတယောက်မို့သာ အခုလို သူ ထုတ်ဖော်ပြောသွားတာဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ သူ့ရဲ့ရောဂါဝေဒနာကြောင့် စိတ်ဆင်းရဲ ဒုက္ခရောက်နေတာက တကြောင်း၊ ဒီအမှုကြီးကြောင့် စိတ်မချမ်းမြေ့ ဖြစ်နေတာကြောင့်တကြောင်း မနေ့ကပဲ ကြိုးဆွဲချပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ပါတယ်။ မသေခင်မှာ သူ စာတစောင် ရေးထားခဲ့ပါတယ်၊ သူ ရေးတတ်သလို ရေးသွားတာကတော့ … ‘ကျွန်တော့်သဘောနဲ့ ကျွန်တော် ကျွန်တော့်ဘဝကို နိဂုံးချုပ်သွားခြင်း ဖြစ်ပါတယ်၊ ဘယ်သူ့ကိုမှ အပြစ်ဆိုစရာ မရှိပါ’ လို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သူ့အနေနဲ့ ‘လူသတ်သမားဟာ ကျွန်တော် ဖြစ်ပါတယ်၊ ကာရာမာဇော့ မဟုတ်ပါ’ လို့ ဆက်ရေးသွားရင် ဘာဖြစ်သလဲ။ ဒါပေမဲ့ သူ အဲဒီလိုဆက်ပြီး ရေးမသွားပါဘူး၊ သူ့ရဲ့အသိစိတ်က တခုကိုပဲ လုပ်စေပြီး နောက်တခုကို မလုပ်စေလို့ပဲလား …။

“အဲဒီနောက်မှာ ဘာဖြစ်သလဲ၊ စောစောကလေးကပဲ ရုံးတော်မှာ ငွေသုံးထောင်ကို တင်ပြပြီး သက်သေက အစစ်ခံသွားပါတယ်… ‘ဒီပိုက်ဆံတွေဟာ အခု ရုံးတော်မှာ သက်သေခံအဖြစ် တင်ပြထားတဲ့ စာအိတ်ထဲက ပိုက်ဆံတွေပဲ။ ဒီပိုက်ဆံတွေကို ကျွန်တော် မနေ့က ဆမာယာကော့ ဆီက ရပါတယ်’ တဲ့။ ဒါပေမဲ့ ခင်ဗျာ… ဗူရော်လူကြီးမင်းများ ခင်ဗျား.. ဒီနောက်ပိုင်းမှာ ဘာတွေဖြစ်တယ်ဆိုတာကို လူကြီးမင်းများ အမြင်ပါပဲ၊ အဲဒီအကြောင်းတွေကို ကျွန်တော် အသေးစိတ် ပြန်ပြီး ပြောမနေတော့ပါဘူး၊ ဒါပေမဲ့ အချက် တခု နှစ်ခုလောက်ကိုတော့ ကျွန်တော် ထောက်ပြချင်ပါတယ်။ အင်မတန် သေးငယ်တဲ့ အချက်ကလေးတွေပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သေးငယ်လွန်းလို့ လူတွေ သတိမပြုမိဘဲ ကျော်လွှား မေ့ပျောက်သွားမှာ စိုးတဲ့အတွက် ပါပဲ။

“ပထမဆုံး ပြောရမယ့်အချက်ကတော့ ဆမာယာကော့ဟာ နောင်တတရား ရပြီး ငွေတွေကို ပြန်ပေးပြီး သူ့ကိုယ်သူ ကြိုးဆွဲချ သေသွားပါတယ်၊ (သူဟာ နောင်တတရား မရဘူးဆိုရင် ငွေတွေကို ပြန်ပေးမှာ မဟုတ်ပါဘူး)။ နောက်ပြီးတော့ သူဟာ လူသတ်မှုကို ကျူးလွန်တဲ့အကြောင်း မနေ့ကမှ အိုက်ဗင်ကာရာမာဇော့ကို ဝန်ခံသွားပါတယ်။ အိုက်ဗင်ကာရာမာဇော့က ဒီအတိုင်းပဲ ပြောပါတယ်။ အဲဒါဟာ ရှင်းနေပါတယ်။ တကယ်လို့သာ သူဟာ အရင်ကတည်းက ဝန်ခံခဲ့တယ်ဆိုရင်

အိုက်ဗင် ကာရာမာဇော့က ဒါကို အခုအချိန်ရောက်အောင် ဘာကြောင့် မပြောဘဲ နေခဲ့ရသလဲ။ အဲဒီတော့ သူ ဝန်ခံသွားတယ်၊ ဒါပေမဲ့ ကျွန်တော် ထပ်ပြီး ပြောပါရစေ၊ သူ့အနေနဲ့ အခုလို ဝန်ခံသွားပါလျက်ကနဲ့ အပြစ်မရှိတဲ့ တရားခံဟာ နောက်တနေ့မှာ လူသတ်မှုနဲ့ စစ်ဆေးခြင်း ခံရတော့မယ်ဆိုတာကို သိပါလျက်ကနဲ့ သူ့ရဲ့စာထဲမှာ အမှန်တွေအားလုံးကို ထုတ်ဖော်ပြီး ဘာကြောင့် ရေးမသွားရတာလဲ။

"ပိုက်ဆံတွေကို တင်ပြရုံနဲ့တော့ သက်သေခံ မခိုင်လုံပါဘူး။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲ အိုက်ဗင်ကာရာမာဇော့ဟာ ရူဗယ် ငါးထောင်တန် ချက်လက်မှတ် နှစ်စောင်ကို ... အားလုံးပေါင်း ငွေတသောင်း ဖြစ်ပါတယ်။ ပြည်နယ်မြို့တော်မှာ ငွေထုတ်ရအောင် ပေးလိုက်တယ်ဆိုတာကို ကျွန်တော်နဲ့တကွ ဒီရုံးတော်မှာရှိနေတဲ့ လူနှစ်ယောက်က အကြောင်းအားလျော်စွာ သိရှိကြရ ပါတယ်။ ဒီအချက်ကို ကျွန်တော် တင်ပြနေရတာကတော့ သူ့လက်ထဲမှာ ပိုက်ဆံတွေရှိနေတဲ့ လူတယောက်ကနေပြီး ငွေသုံးထောင်ကို တင်ပြပြီး ဒီပိုက်ဆံဟာ ဖျို့ဒါကာရာမာဇော့ရဲ့ စက္ကူအိတ်ထဲက ငွေတွေပါလို့ မပြောနိုင်ဘူးဆိုတဲ့အချက်ပါပဲ။

"နောက်ဆုံးပြောရမယ့် အချက်ကတော့ အိုက်ဗင်ကာရာမာဇော့ဟာ တကယ့်လူသတ်သမား အစစ်ဆီက အရေးကြီးတဲ့သတင်းကို သိရပြီးတဲ့နောက်ပိုင်းမှာ ဘာမှမလုပ်ဘဲ အိမ်မှာ အေးအေးဆေးဆေးပဲ နေခဲ့တယ်။ ဘာဖြစ်လို့ သူဟာ ဒီအကြောင်းကို ချက်ချင်း သတင်း မပို့ရတာလဲ၊ ဘာဖြစ်လို့ ဒီသတင်းကို ဒီကနေ့မနက်အထိ သူ ဆွဲထားခဲ့ရတာလဲ၊ ဘာဖြစ်လို့ ဒီလိုဖြစ်နေခဲ့ရသလဲ ဆိုတာ ကျွန်တော့်မှာ စဉ်းစားပိုင်ခွင့် ရှိပါတယ်။ သူဟာ နေမကောင်းဖြစ်နေတာ တပတ်ကျော်ကျော် ရှိသွားပြီ။ သူ့စိတ်ထဲမှာ ကယောင်ကတမ်းတွေ မြင်နေတဲ့အကြောင်း၊ သေပြီးသားလူတွေကို လမ်းပေါ်မှာ တွေ့တဲ့အကြောင်းတွေကို ရင်းနှီးတဲ့မိတ်ဆွေတွေနဲ့ ဆရာဝန်ဆီမှာ သူ ဝန်ခံထားတယ်။ သူဟာ ရူးသွပ်လုလု အခြေအနေမှာ ရှိနေခဲ့တယ်။ အမှန်ပါပဲ၊ သူဟာ ကနေ့လည်း အဲဒီအခြေအနေကို ဆိုက်ရောက်ခဲ့ပါတယ်။

"ဒါကြောင့်မို့လို့ သူဟာ ဆမာယာကော့ သေဆုံးတဲ့အကြောင်းကို ဖြုန်းခနဲ ကြားလိုက်ရတဲ့အခါမှာ သူ့စိတ်ထဲမှာ အခုလိုဖြစ်ပေါ်လာပါတယ်။ 'ဒီငနဲတော့ သေပြီ၊ ငါ့အစ်ကိုကို ကယ်တင်တဲ့အနေနဲ့ သူသတ်တာပဲလို့ ငါပြောနိုင်တယ်။ ငါ့မှာ ပိုက်ဆံတွေ ရှိတယ်၊ ငွေစက္ကူတွေကို ငါယူသွားပြီး ဆမာယာကော့ မသေခင် ငါ့ကို ပေးသွားတာပဲလို့ ငါပြောနိုင်တယ်' ... ဒါဟာ မရိုးသားဘူးလို့ လူကြီးမင်းများအနေနဲ့ ပြောနိုင်ပါတယ်။ အစ်ကိုတယောက်ကို ကယ်တင်ဖို့အတွက်ပဲ ဖြစ်စေဦး တော့၊ သေသွားတဲ့ လူတယောက်နဲ့ ပတ်သက်ပြီး မမှန်မကန် ပြောကြားတာဟာ ဘယ်လိုမှ မရိုးသားပါဘူး။ အမှန်ပါပဲ၊ ဒါပေမဲ့ မသိစိတ်ကနေ ပြောလိုက်တာဆိုရင် ဘယ့်နှယ်ပြောမလဲ၊ အစေခံ ဖြုန်းခနဲ သေဆုံးသွားတဲ့သတင်းကို

ကြားလိုက်ရတဲ့အခါမှာ သူ့စိတ်တွေ ကပြောင်းကပြန် ဖြစ်သွားပြီး သူ့စိတ်ထဲမှာ ဒီပိုက်ဆံတွေဟာ ဆမာယာကော့ ပေးလိုက်တဲ့ ပိုက်ဆံတွေပဲလို့ တကယ် ထင်သွားရင် ဘယ့်နှယ်လုပ်မလဲ။ စောစောကအဖြစ်ကို လူကြီးမင်းများ အမြင်ပဲ မဟုတ်လား။ သူ့ရဲ့ စိတ်အခြေအနေကို လူကြီးမင်းများ တွေ့မြင်ကြရတယ် မဟုတ်ပါလား။ သူဟာ သက်သေခံတဲ့ နေရာကနေ မတ်တတ်ရပ်ပြီး စကားတွေ ပြောနေတယ်။ ဒါပေမဲ့ သူ့စိတ်တွေက ဘယ်ကို ရောက်နေကြသလဲ။

"စိတ်ဖောက်ပြန်နေသူရဲ့ ထွက်ဆိုချက်နောက်ပိုင်းမှာ ဆက်လက်ထွက်ပေါ်လာတဲ့ အချက်ကတော့ သက်သေခံစာပဲ။ အမှုမဖြစ်ပွားခင် နှစ်ရက်က တရားခံကိုယ်တိုင် ရေးခဲ့တဲ့စာပဲ၊ အထဲမှာ လူသတ်မှုနဲ့ ပတ်သက်တဲ့ အသေးစိတ် အစီအစဉ်တွေ ပါတယ်၊ အဲဒါဆိုရင် ကျွန်တော်တို့ဟာ ဘာဖြစ်လို့ တခြား အစီအစဉ်တွေကို ကြည့်နေကြတော့မလဲ။ ဒီမှုခင်းဟာ ဒီစာထဲမှာပါတဲ့ အစီအစဉ်အတိုင်း အတိအကျ ဖြစ်လာတာပဲ၊ ဒီအစီအစဉ်ဟာ ဒီအမှုကို ကျူးလွန်တဲ့လူကိုယ်တိုင် ရေးဆွဲခဲ့တာပဲ။ ဇူရော်လူကြီးမင်း များခင်ဗျာ၊ စာထဲမှာ ရေးထားတဲ့အတိုင်း ပြန်ဖြစ်တာ အမှန်ပါပဲ ခင်ဗျာ။ သူ့ရဲ့ချစ်သူဟာ သူ့ရဲ့ဖခင်နဲ့ အတူ ရှိနေတယ်ဆိုတာကို ခိုင်ခိုင်မာမာ သိနေတဲ့အချိန်မှာ တရားခံဟာ သူ့ဖခင်ရဲ့ ပြတင်းပေါက် အနားကနေ ကောင်းကောင်းမွန်မွန် ကြောက်ကြောက်လန့်လန့်နဲ့ ထွက်မပြေးပါဘူး ခင်ဗျာ။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ အဲဒီလိုမျိုး ပြန်ထွက်သွားတယ်ဆိုတာ ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့ မဖြစ်နိုင်တဲ့ကိစ္စပါ ခင်ဗျာ။ သူ အိမ်ထဲကို ဝင်သွားတယ်၊ ပြီးတော့ အဘိုးကြီးကို သူသတ်တယ်၊ အဘိုးကြီးကို တွေ့လိုက်တဲ့အခါမှာ နာကြည်းမှုတွေကြောင့် ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ဒေါသစိတ် ကြောင့် သူ သတ်လိုက်တာပဲ ဖြစ်ပါလိမ့်မယ် ခင်ဗျာ။ ဒါပေမဲ့ သူဟာ အဘိုးကြီးကို သတ်လိုက်ပြီးတဲ့ နောက်မှာ၊ ကြေးကျည်ပွေ့နဲ့ တချက်ရိုက်လိုက်ပြီးတဲ့နောက်မှာ သူဟာ အခန်းထဲမှာ သေသေချာချာ လိုက်ရှာပေမဲ့ သူ့ရဲ့ချစ်သူကို မတွေ့ရဘူး။ ဒါပေမဲ့ အဲဒီအချိန်မှာ သူဟာ ခေါင်းအုံးအောက်က ပိုက်ဆံထည့်ထားတဲ့ စက္ကူအိတ်ကို နှိုက်ယူဖို့ သတိမမေ့ခဲ့ဘူး၊ သူ ဆုတ်ပြီး ပစ်ထားခဲ့တဲ့ စာအိတ်ဟာ အခု ရုံးတော်ရဲ့ရှေ့မှောက်မှာ တခြား သက်သေခံတွေနဲ့အတူ ရှိနေပါတယ်။

"ဒီအကြောင်းကို ကျွန်တော် ပြောနေရတာကတော့ လူကြီးမင်းတို့အနေနဲ့ အရေးကြီးတဲ့ အချက်တချက်ကို သတိပြုမိစေချင်လို့ပါပဲ၊ ကျွန်တော့်သဘောအရ ပြောရရင်တော့ အင်မတန် သိသာထင်ရှားတဲ့ စရိုက်တခုပဲပေါ့။ တကယ်လို့သာ သူဟာ အတွေ့အကြုံရှိတဲ့ လူသတ်သမား တယောက်ဆိုရင်၊ သူဟာ ပိုက်ဆံကို လုယူဖို့ သတ်တဲ့ လူသတ်သမားတယောက် ဆိုခဲ့ရင် စာအိတ်ကို ကြမ်းပြင်ပေါ်မှာ အလောင်းရဲ့ဘေးမှာ ပစ်ထားခဲ့ပါ့မလား။ ဆိုကြပါစို့၊ လူသတ်သမားဟာ

ဆမာယာကော့လို့ ဆိုခဲ့ရင် သူဟာ ပိုက်ဆံအတွက် လူသတ်မှု ကျူးလွန်တာဆိုခဲ့ရင် သူဟာ စက္ကူအိတ်ကို အလောင်းဘေးမှာ ဖွင့်ကြည့်မနေဘဲ ဒီအတိုင်းပဲ ယူသွားမှာ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ စာအိတ်ထဲမှာ ပိုက်ဆံတွေ ရှိနေတယ်ဆိုတာ သူ သိထားပြီး ဖြစ်လို့ပဲ၊ ပိုက်ဆံတွေကို သူ့ရှေ့မှာတင် ထည့်ထားပြီး စာအိတ်ကို ပိတ်ထားခဲ့တာ ဖြစ်လို့ပဲ၊ စာအိတ်ကို သူနဲ့အတူ ယူသွားခဲ့လို့ရှိရင် ငွေကိစ္စကို၊ ပိုက်ဆံတွေ ယူသွားခဲ့တဲ့ကိစ္စကို ဘယ်သူမှ သိတော့မှာမဟုတ်ဘူး။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ အဲဒီတော့ ဆမာယာကော့ဟာ အဲဒီလိုမျိုး လုပ်ပါ့မလား၊ စာအိတ်ကို ကြမ်းပြင်ပေါ်မှာ ပစ်ထားခဲ့ပါ့မလား။

"မပစ်ပါဘူး ခင်ဗျာ၊ ဒီလိုမျိုး လုပ်တယ်ဆိုတာက ကယောင်ချောက်ချား ဖြစ်နေတဲ့ လူမျိုးသာ လုပ်တတ်ပါတယ်၊ အရင်က တခါမှ မခိုးဖူး၊ မလုဖူးတဲ့ လူမျိုးသာ လုပ်တတ်ပါတယ်၊ သူခိုးဓားပြ မဟုတ်တဲ့ လူသတ်သမားမျိုးဟာ ဒါမျိုးလုပ်တတ်ပါတယ်၊ မွေ့ရာအောက်က စာအိတ်ကို ဆွဲယူလိုက် တာဟာ သူများပစ္စည်းကို ခိုးတာမျိုး မဟုတ်ဘဲ ကိုယ့်ပစ္စည်းကို သူများ ခိုးထားတာကို ပြန်ယူတာ မျိုးသာ ဖြစ်ပါတယ်။ အဲဒီငွေသုံးထောင်နဲ့ ပတ်သက်ပြီး အဲဒီလိုမျိုး အစွဲအလမ်း ဖြစ်နေတာကလည်း ဒီမီထရီကာရာမာဇော့ပဲ ဖြစ်ပါ တယ်။

"အဲဒါကြောင့်လည်း သူဟာ စာအိတ်ကို ဆွဲယူပြီးတဲ့နောက်ပိုင်းမှာ ဒီစာအိတ်ကိုလည်း သူ အရင်က တခါမှ မမြင်ခဲ့ဖူးတော့ အထဲမှာ ပိုက်ဆံတွေ ရှိ မရှိ စာအိတ်ကို သူ ဖောက်ကြည့်တာပဲ၊ ပြီးတော့မှ ပိုက်ဆံတွေကို သူ ယူပြီး ထွက်သွားတော့တာပဲ၊ အဲဒီစာအိတ်ကို ကြမ်းပြင်ပေါ်မှာ ပစ်ထားခဲ့တာဟာ သူ့နောက်ကို ခြေရာခံမယ့် သဲလွန်စဆိုတာကို သူ နည်းနည်းမှ သတိမထားမိဘူး။ အခုလိုမျိုး လုပ်တာဟာ ကာရာမာဇော့ မဟုတ်ဘဲ ဆမာယာကော့ဆိုရင် ဒီလိုမလုပ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ ဘာမှရွေးမနေဘူး၊ ဘာမှ စဉ်းစားမနေဘူး။ ဘာမှလည်း စဉ်းစားနေစရာ မလိုတော့ဘူးလေ။ သူ ထွက်ပြေးသွားတယ်။ သူ့နောက်ကနေ လှမ်းအော်လိုက်တဲ့ ဂရီဂိုရီရဲ့အသံကို သူ ကြားရတယ်၊ အဘိုးကြီးက သူ့ကို သိသွားတယ်။ သူ့ကို ဆွဲထားတယ်၊ သူက ကြေးကျည်ပွေ့နဲ့ ရိုက်ချလိုက်တဲ့ အတွက် ကြမ်းပေါ်ကို လဲကျသွားတယ်။

"တရားခံဟာ စိတ်မကောင်းဖြစ်သွားပြီး ခြံစည်းရိုးပေါ်က ခုန်ဆင်းပြီး အဘိုးကြီးကို ကြည့်တယ်၊ သူ စိတ်မကောင်းဖြစ်သွားပြီး၊ စိတ်ထဲမှာ သနားသွားပြီး၊ သူ့အနေနဲ့ ဘာများ လုပ်ပေးနိုင်မလဲဆိုပြီး ဆင်းကြည့်တယ်လို့ သူ ပြောပါတယ်။ အဲဒီလို လူကြီးမင်းများ ယုံပါသလား၊ ဒီလိုအချိန်အခါမျိုးမှာ ဒီလိုသနားကြင်နာစိတ်တွေ ပေါ်ပေါက်နိုင်ပါ့မလား၊ မပေါ်ပေါက်နိုင်ပါဘူး ခင်ဗျား။ သူ ဆင်းပြီး ကြည့်တာက သူ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးမှာ တဦးတည်းသော သက်သေဖြစ်တဲ့သူ သေမလား၊ ရှင်မလားဆိုတာကို သေချာအောင်

ဆင်းကြည့်တာပါပဲ။ တခြားအကြောင်းပြချက်တွေဟာ ဘယ်လိုမှ သဘာဝမကျပါဘူး၊ ဂရီဂိုရီနဲ့ပတ်သက်ပြီး သူ ကရိကထ များပုံကို စဉ်းစားကြည့်ကြပါ။ သူ့အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီး အဘိုးကြီးရဲ့ခေါင်းကို သူ ကပ်ကြည့်တယ်။ အဘိုးကြီး မသေဘူးဆိုတာ သေချာတဲ့အချိန် သူ့ချစ်သူရဲ့အိမ်ကို ပြေးသွားတယ်။ သူ့ကိုယ်မှာ သွေးတွေ ပေကျံနေတယ်၊ သူ့ကိုယ်မှာ သွေးတွေ ပေနေပြီး သူ့နောက်ကို ခြေရာခံနိုင်တယ်ဆိုတာကိုလည်း သူ ဘာဖြစ်လို့ မစဉ်းစားခဲ့သလဲ။

"ဒါပေမဲ့ သူ့ကိုယ်မှာ သွေးတွေ ပေနေတယ်ဆိုတာကို သူ မသိပါဘူးလို့ တရားခံက ကျွန်တော်တို့ကို ပြောခဲ့ပါတယ်။ သူပြောတဲ့စကားဟာ ယုံနိုင်ပါတယ်။ ဒါဟာ အင်မတန် ဖြစ်နိုင်ပါတယ်။ ရာဇဝတ်မှု ကျူးလွန်တဲ့လူတွေဟာ အဲဒီလိုအချိန်မျိုးမှာ ဒီလိုပဲ ဖြစ်တတ်ကြတာပဲ။ သူတို့ဟာ တနေရာမှာ အင်မတန် ဉာဏ်နီဉာဏ်နက်များများနဲ့ ပိရိသပ်ရပ်ပေမဲ့ တနေရာမှာတော့ အမှတ်တမဲ့ ဖြစ်သွားတတ်ကြတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီအချိန်မှာ သူ့စိတ်က အမျိုးသမီး ဘယ်မှာလဲ ဆိုတာကိုပဲ စိတ်စောနေတယ်၊ အမျိုးသမီးကို မတွေ့တွေ့အောင် ရှာဖို့ပဲ သူ စိတ်စောနေတယ်။ အဲဒါကြောင့် သူဟာ အမျိုးသမီးရဲ့အိမ်ကို တန်းပြီး ပြေးသွားတယ်။ အဲဒီမှာ သူ့အနေနဲ့ ဘယ်လိုမှ မျှော်လင့်မထားတဲ့သတင်းကို ကြားရတယ်။ အမျိုးသမီးဟာ သူ့ရဲ့ ပထမရည်းစားနဲ့ မိုကရိုယီကို သွားတယ်ဆိုတဲ့ သတင်းပဲ"

၉။ စိတ်ပညာအလျှံပယ်၊ ဒုန်းပြေးနေသော မြင်းရထား အစိုးရရှေ့နေ၏ လျှောက်လဲချက် နိဂုံး

အစိုးရရှေ့နေသည် လျှောက်လဲချက်ပေးသည့်နေရာတွင် တဆင့်ပြီး တဆင့် ရှင်းလင်းတင်ပြ သွားသည့်နည်းကို စနစ်တကျ အသုံးပြုလျက် ရှိသည်။ ဤနည်းက စကားပြောကောင်းသူများ၏ လက်စွဲနည်းပင် ဖြစ်သည်။ ၎င်းတို့၏ အာဝဇ္ဇန်းအရှိန်ကို လွှန်ကဲမသွားအောင် ထိန်းချုပ်ကန့်သတ် ထားနိုင်သည့်နည်းပင် ဖြစ်သည်။ မိုကရိုယီအပိုင်းသို့ ရောက်ရှိသောအခါ အစိုးရရှေ့နေသည် ဂရုရှင်ကာ၏ ချစ်ဦးသူအကြောင်းကို အကျယ်တဝင့် ပြောပြလေတော့သည်။ စိတ်ဝင်စားဖွယ် ကောင်းသော အယူအဆ အမျိုးမျိုးကို ရှင်းလင်းတင်ပြသည်။

"လူတကာအပေါ်မှာ မနာလိုဝန်တိုစိတ် အင်မတန် အားကြီးခဲ့တဲ့ ကာရာမာဇော့ဟာ ဂရုရှင်ကာရဲ့ ချစ်ဦးသူနဲ့ကျတော့ တခါတည်း ကြေမွပျောက်ကွယ်သွားရတော့တယ်၊ အံ့သြစရာကောင်းတာ ကတော့ မမျှော်လင့်ဘဲ သူ့မှာ ဖြုန်းစားကြီး ပေါ်ပေါက်လာတဲ့ ပြိုင်ဘက်အကြောင်းကို သူ အရင်က နည်းနည်းကလေးမှ ထည့်ပြီး မစဉ်းစားခဲ့မိတာပဲ။ သူက ဂရုရှင်ကာရဲ့ချစ်ဦးသူကို အတိတ်က အဖြစ်အပျက်တခုလို့ပဲ သဘောထားခဲ့တယ်။ ကာရာမာဇော့ဟာ လက်ရှိလောကကိုပဲ အလေးထား ခဲ့တယ်။ အဲဒီပုဂ္ဂိုလ်ကို ပုံပြင်တပုဒ်လိုပဲ ယူဆခဲ့တယ်၊ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ဟာ ဂရုရှင်ကာအတွက် စိတ်ကူးယဉ်ပုံပြင်တခု မဟုတ်ဘဲ အမျိုးသမီးရဲ့ဘဝမှာ တခုတည်းသော မျှော်လင့်ချက်ဖြစ်တယ်။ အမျိုးသမီးက ပြိုင်ဘက်သစ်အကြောင်း သူ့ကို မပြောဘဲ သူ့ကို လိမ်ညာလှည့်ဖြားထားတဲ့ အကြောင်းကို နာကြည်းနေတဲ့ သူ့အသည်းနှလုံးမှာ ရုတ်တရက် သိရှိလိုက်ရတဲ့အခါမှာ ကာရာမာဇော့ဟာ သူ့ဘဝကို တခါတည်း အရှုံးပေး လက်လျှော့လိုက်တော့တယ်။

"ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ဒါဟာ တရားခံရဲ့ စရိုက်သဏ္ဌာန်မှာ ဘယ်လိုမှ မျှော်လင့်မထားခဲ့တဲ့ လက္ခဏာတခုပဲ ဖြစ်ပါတယ်။ ဒီထူးခြားတဲ့ လက္ခဏာအကြောင်းကို ကျွန်တော် ဘာမှမပြောဘဲ ကျော်လွှားသွားလို့ မရနိုင်ပါဘူး။ သူ့ရဲ့အဇ္ဈတ္တသဏ္ဌာန်မှာ အမှန်တရားကို လိုလားတဲ့စိတ်၊ အမျိုးသမီးတယောက်ကို လေးစားတဲ့စိတ်နဲ့ အဲဒီအမျိုးသမီးရဲ့ သူ နှစ်သက်ရာ ချစ်ပိုင်ခွင့်ကို အသိအမှတ်ပြုတဲ့ စိတ်တွေ တမုဟုတ်ချင်း ဆိုသလို ထင်ထင်လင်းလင်း ဖြစ်လာတာပဲ၊ ဒီအမျိုးသမီး အတွက်နဲ့ သူ့ကိုယ်မှာ သူ့အဖေရဲ့သွေးတွေစွန်းထင်းနေတဲ့အချိန်မှာပဲ ဒီစိတ်ဆန္ဒတွေ ပေါ်လာတာပဲ။

"ဒီအချိန်မှာ သူ့ကြောင့် ထွက်ပေါ်လာရတဲ့ သွေးတွေကလည်း သူ့ကို

လက်စားချေစ ပြုနေပြီဆိုတာ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့စိတ်ဝိညာဉ်နဲ့ သူ့ရဲ့အနာဂတ်ဘဝ တခုလုံးကို ချေမှုန်းဖျက်ဆီး ပစ်လိုက်ပြီ ဖြစ်တဲ့သူဟာ သူ့ရဲ့အသက်မက ချစ်ရတဲ့ အမျိုးသမီးအတွက် ဘာဖြစ်ခဲ့ပြီး အခု ဘာဖြစ်နိုင်သလဲဆိုတာကို သူ့ကိုယ်သူ မေးနေရပြီ။ အမျိုးသမီးရဲ့ ချစ်ဦးသူနဲ့ နှိုင်းယှဉ်လိုက်ရင် သူ့ရဲ့အနေအထားဟာ ဘယ်အခြေအနေမှာ ရှိနေသလဲဆိုတာ စဉ်းစားရပြီ။ အမျိုးသမီးရဲ့ ချစ်ဦးသူက နောင်တတရား ရရှိပြီး တချိန်က သူ ဖျက်ဆီးခဲ့တဲ့ အမျိုးသမီးဆီကို အချစ်သစ်တွေနဲ့ လူကောင်း တယောက် ဖြစ်သွားပါပြီဆိုတဲ့ ကတိစကားတွေနဲ့ အခုတကြိမ်မှာ အမျိုးသမီးရဲ့ဘဝကို ပျော်ရွှင် ချမ်းမြေ့ပါစေမယ်ဆိုတဲ့ ကတိနဲ့ ပြန်လာနေတယ်၊ တဖက်မှာတော့ သူ့အနေနဲ့ ကံမကောင်း အကြောင်းမလှတဲ့ လူတယောက် ဖြစ်နေပြီ။ အခုအချိန်မှာ သူက အမျိုးသမီးကို ဘာတွေများ ပေးနိုင်ဦးတော့မှာလဲ။ ဘာအခွင့်အလမ်းတွေများ ပေးကမ်းနိုင်ဦးတော့မှာလဲ။

“ကာရာမာဇော့အနေနဲ့ ဒီအချက်တွေအားလုံးကို နားလည်နေတယ်။ ဒီရာဇဝတ်မှုကြီးက သူ့အတွက် တံခါးပေါက်တွေ အားလုံးကို ပိတ်ပစ်လိုက်တာပဲဆိုတာကို သူ နားလည်နေတယ်။ သူဟာ သေဒဏ်ကို ကျခံရမယ့် အကျဉ်းသမားတယောက် ဖြစ်နေပြီ။ သူ့ဘဝမှာ အနာဂတ်ဆိုတာ မရှိတော့ဘူး။ ဒီအသိစိတ်က သူ့ကို တခါတည်း ချေမှုန်းဖျက်ဆီးပစ်လိုက်တော့တာပဲ။ အဲဒီအတွက် သူဟာ အင်မတန် တုန်လှုပ်ချောက်ချားစရာ ကောင်းတဲ့ အကြံတခုကို ကြံမိတော့တာပဲ၊ ဒီလိုအခြေအနေမျိုးမှာ ကာရာမာဇော့တယောက်အနေနဲ့ ထွက်ပေါက်တခုပဲ ရှိတော့တယ်။ အဲဒီထွက်ပေါက်ကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတာပဲ။

“အဲဒီအခါမှာ သူဟာ ပါကိုတင်ဆီမှာ ပေါင်ထားတဲ့ ပစ္စတိုသေနတ်တွေကို ရွေးဖို့ အပြေးအလွှား သွားတော့တာပဲ။ အဲဒီလိုအသွားမှာ သူ့အဖေရဲ့ သွေးတွေ သူ့ကိုယ်မှာ စွန်းပြီးမှ ရထားတဲ့ ငွေတွေ အားလုံးကို သူ့အိတ်ထဲက ထုတ်ယူတော့တာပဲ။ ဒီအချိန်မှာ ငွေဟာ သူ့အဖို့ အရမ်းကာရောကို လိုအပ်နေပြီ။ ကာရာမာဇော့ဟာ သေတော့မယ်ဆိုရင်၊ ကာရာမာဇော့ဟာ သူ့ကိုယ်သူ သတ်သေတော့မယ်ဆိုရင် ကာရာမာဇော့ဟာ အမှတ်တရ ဖြစ်နေရမယ်။ တပြိုင်နက်တည်းမှာ အလုပ်နှစ်ခု ဖြစ်ရမယ်။ ‘အမျိုးသမီးဆီကို သွားရမယ်၊ အမျိုးသမီးဆီကို သွားရမယ်၊ အဲဒီမှာ ပွဲတော်ကြီးတခု ငါ ပေးရမယ်၊ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးဆိုတဲ့ ပွဲတော်ကြီးတခု ဖြစ်ရမယ်။ ဂျစ်ပစီမကလေးတွေ ကတဲ့အသံ၊ သီချင်းဆိုတဲ့အသံ၊ အော်ကြဟစ်ကြတဲ့အသံတွေ ကြားထဲမှာ ငါချစ်မြတ်နိုးတဲ့ အမျိုးသမီးအတွက်နဲ့ သူ့ရဲ့ပျော်ရွှင်ချမ်းမြေ့မှုအသစ်အတွက် ဆုမွန်ကောင်း တောင်းပြီး ငါ အရက်သောက်ရမယ်။ နောက်ပြီးတော့ အမျိုးသမီးရဲ့ခြေရင်းမှာပဲ ငါ့ကိုယ်ငါ ပစ်သတ်ပြီး ငါ့ဘဝငါ နိဂုံးချုပ်ရမယ်။ တနေ့မှာ အမျိုးသမီးဟာ မစ်တယာ

ကာရာမာဇော့ကို သတိရနေလိမ့်မယ်၊ မစ်တယာက သူ့ကို ဘယ်လောက် ချစ်တယ်ဆိုတာကို သူ သိလိမ့်မယ်၊ မစ်တယာအတွက် သူ စိတ်မကောင်း ဖြစ်နေလိမ့်မယ်”

“ဒီမှာ ကျွန်တော်တို့ တွေ့ရတာကတော့ အချစ်နဲ့ပတ်သက်ပြီး အလွန်အကျွံ အသည်းအသန် ကဗျာဆန်ဆန် ခံစားမှုဝေဒနာနဲ့ ကာရာမာဇော့ရဲ့ အထိန်းအသိမ်း အချုပ်အနှောင် မရှိတဲ့ ပရမ်းပတာ ဘဝပဲ။ ဒါပေမဲ့ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ဒီနေရာမှာ စိတ်ဝိညာဉ်ထဲကနေ ဖောက်ခွဲထွက်လာတဲ့ အရာတခု၊ မနောစိတ်ထဲက အဆက်မပြတ်ဆိုသလို တုန်ခါနေတဲ့ အရာတခု၊ အသည်းနှလုံးကို သေလုမတတ် လှုပ်ခတ်နေတဲ့ အရာတခုလည်း ရှိနေပါသေးတယ်၊ အဲဒါကတော့ အသိစိတ်ပဲ ဖြစ်ပါတယ် ဇူရော်လူကြီးမင်းများ ခင်ဗျာ။ အဲဒီအသိစိတ်က အဆုံးအဖြတ် ပေးနေပြီး အဲဒီအသိစိတ်က ကြောက်စရာကောင်းလောက်အောင်ကို ညှဉ်းပန်းနှိပ်စက်နေပါတယ်။ ပစ္စတို သေနတ်က ပြဿနာအားလုံးကို ဖြေရှင်းပစ်နိုင်ပါတယ်။ ပစ္စတိုသေနတ်ဟာ တခုတည်းသော ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တမလွန်မှာ ဘာဖြစ်မလဲ။ အဲဒီအချိန်တုန်းက ကာရာမာဇော့ အနေနဲ့ တမလွန်မှာ ဘာရှိသလဲဆိုတာကို စဉ်းစား မစဉ်းစား ကျွန်တော် မသိပါဘူး။ ဒါမှမဟုတ် ဟမ်းမလက်လို ‘တမလွန်မှာ ဘာရှိသလဲ’ ဆိုတာ စဉ်းစား မစဉ်းစား ကျွန်တော် မပြောနိုင်ပါဘူး၊ မဟုတ်သေးဘူး ခင်ဗျာ့။ ကျွန်တော် ပြောနိုင်ပါတယ်၊ ဇူရော်လူကြီးမင်းများ ခင်ဗျား သူတို့မှာ သူတို့ရဲ့ ဟမ်းမလက်တွေရှိနေသလို ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ရဲ့ ကာရာမာဇော့တွေ ရှိနေပါတယ်”

ဤနေရာတွင် အစိုးရရှေ့နေက မစ်တယာ၏ ပြင်ဆင်မှုများကို အသေးစိတ် ပြောပြပါသည်။ ပါကိုတင်၏အိမ်၊ ကုန်စုံဆိုင်နှင့် မြင်းရထားမောင်းသူများနှင့် အဖြစ်အပျက်များ၊ သက်သေများက အတည်ပြုပြောကြားထားသော ‘စကား’ များနှင့် ‘လှုပ်ရှားမှုများ’ မြောက်မြားစွာကို သူ ကိုးကားသည်။ ထိုအခါ ပရိသတ်ကြီး၏စိတ်အာရုံတွင် တုန်လှုပ် ချောက်ချားဖွယ်ရာ မြင်ကွင်းကျယ် ကြီး ထင်လင်းစွာ ပေါ်လာသည်။ အချက်အလက်များ အားလုံးကို ပေါင်းစပ်လိုက်သည့်အခါ သောကဗျာပါဒတွေ ဖိစီးခြင်းခံနေရသော လူတယောက်၏ ဖြစ်မှုကျူးလွန်မှုသည် လယ်ပြင်တွင် ဆင်သွားသကဲ့သို့ မငြင်းသာတော့အောင် ရှိနေတော့သည်။

“သူ့အနေနှင့် ဘာမှ သတိထားနေစရာ မလိုတော့ဘူး၊ သူဟာ တခါနှစ်ခါမှာဆိုရင် ဖြောင့်ချက် ပေးတော့မလိုတောင် ဖြစ်ခဲ့တယ်။ အရိပ်အမြွက်တွေ ပြောခဲ့တယ်၊ ဒါပေမဲ့ လုံးလုံးကြီး ဝန်မခံမိအောင် သူ့ကိုယ်သူ အချိန်မီပြန်ပြီး ထိန်းနိုင်ခဲ့တယ်၊ (ဤနေရာတွင် သက်သေများ ထွက်ဆိုသွားသော အထောက်အထားများကို တင်ပြသည်)။ သူဟာ မိုကရိုယီအသွား လမ်းမှာ

မြင်းရထားမောင်းတဲ့လူကို ပြောခဲ့တယ်… ‘လူသတ်သမားတယောက်ကို လိုက်ပို့နေရတယ်ဆိုတာကို မင်း သိသလား’ တဲ့။ ဒါပေမဲ့ ဒီနေရာမှာလည်း သူဟာ ရှင်းရှင်းလင်းလင်းကြီး ဝန်မခံနိုင်ခဲ့ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သူ မိုကရိုယီကို အရောက်သွားပြီး သူ့ရဲ့လွမ်းကဗျာကို အဆုံးသတ်ရမယ် မဟုတ်လား။

“ဒါပေမဲ့ မိုကရိုယီကို ရောက်တဲ့အခါမှာ သူ ဘာတွေ့ရသလဲ၊ မိုကရိုယီ ရောက်တာနဲ့ တပြိုင်နက် ဂရုရှင်ကာကို ‘အပိုင်’ ကြီး ပိုင်နေတဲ့ သူ့ရဲ့ပြိုင်ဘက်၊ တကယ်တော့ သိပ် ‘မပိုင်ဘူး’ ဆိုတာရယ်၊ သူတို့နှစ်ယောက်ရဲ့ပျော်ရွှင်ချမ်းမြေ့မှုအတွက် သူ့အနေနဲ့ ဆုမွန်ကောင်းတောင်းဖို့ မလိုအပ်ဘူး ဆိုတာရယ်ကို သူ တွေ့ရတယ်၊ ဒီအကြောင်းတွေကို ဇူရော်လူကြီးမင်းများအနေနဲ့လည်း သိရှိကြပြီး ဖြစ်ပါတယ်။ ကာရာမာဇော့ဟာ သူ့ရဲ့ပြိုင်ဘက်အပေါ်မှာ အပြီးအပိုင် အနိုင်ရလိုက်တဲ့အခါမှာ သူရဲ့စိတ်ဝိညာဉ်မှာ အဆင့်သစ်တခု ဖြစ်ပေါ်လာပါတယ်၊ သူရဲ့စိတ်အစဉ်တလျှောက်မှာ တုန်လှုပ် ချောက်ချားဖွယ်ရာ အဆင့်တခုပဲ ဖြစ်ပါလိမ့်မယ်။

“ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ဒုစရိုက်နှလုံးသားရဲ့ အဓမ္မသဘောတရားဟာ တရားဥပဒေက အပြစ် ပေးတာထက်ပိုပြီး သူတို့ကိုယ်သူတို့ ပြန်ပြီး အပြစ်ပေးတတ်ပါတယ်။ ထပ်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ လူသားတွေ ပြုလုပ်ထားတဲ့ တရားဥပဒေအရ အပြစ်ဒဏ်ပေးလိုက်ခြင်းဟာ သဘာဝတရားက ပေးမယ့် အပြစ်ဒဏ်ကို အများကြီး လျှော့ပေါ့သက်သာသွားစေပါတယ်။ အဲဒါဟာ အမှန်ပါပဲ ခင်ဗျာ။ ရာဇဝတ်မှုတခု ကျူးလွန်မိတဲ့အတွက် စိတ်ဒုက္ခရောက်နေတဲ့ လူတယောက်ဟာ တရားဥပဒေက ပေးတဲ့အပြစ်ဒဏ်ကို ခံလိုက်ရတဲ့အတွက် သူ့စိတ်မှာ သက်သာရာ ရရှိသွားစေနိုင် ပါတယ်။ ဂရုရှင်ကာက သူ့ကို ချစ်နေတဲ့အကြောင်း၊ အမျိုးသမီးဟာ သူ့ကိုချစ်နေတဲ့အတွက် သူ့ရဲ့ ချစ်ဦးသူကို စွန့်ပစ်လိုက်တဲ့အကြောင်း၊ အမျိုးသမီးက သူ့ကို ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ဘဝသစ်တခုကို ကတိပြုနေတဲ့အကြောင်း သူ သိရတဲ့အချိန်မှာ ကာရာမာဇော့ရဲ့နှလုံးသားအသိစိတ်မှာ ဘယ်လောက် တုန်လှုပ်ချောက်ချားသွားမယ်၊ ဘယ်လောက်တောင် ဒုက္ခခံစားသွားရမယ်ဆိုတာကို ကျွန်တော် မမှန်းဆနိုင်ပါဘူး ခင်ဗျာ။ သူဟာ အဲဒါတွေကို ဘယ်အချိန်မှာ သိရသလဲ၊ ဘယ်အချိန်မှာလဲဆိုတော့ သူ့အဖို့ မျှော်လင့်ချက်တွေအားလုံး ကုန်ဆုံးနေပြီး သူ့ဘဝ နိဂုံးချုပ်နေတဲ့အချိန်မှာပဲ ဖြစ်ပါတယ် ခင်ဗျာ။

“ဒီနေရာမှာ စကားမစပ် စကားညှပ်အဖြစ်နဲ့ အရေးကြီးတဲ့အချက်တခုကို ကျွန်တော် ပြောပါရစေ ခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချက်က အဲဒီအချိန်မှာ တရားခံရဲ့ တကယ့် အခြေအနေမှန်ကို ဖော်ပြနေလို့ပါပဲ။ အဲဒါကတော့ ဒီအမျိုးသမီးဟာ၊ သူ အင်မတန် ချစ်နေတဲ့ အမျိုးသမီးဟာ နောက်ဆုံးအချိန်အထိ၊

နောက်ဆုံး သူ အဖမ်းခံရမယ့်အချိန်အထိ သူ့အနေနဲ့ ဘယ်လိုမှ မရရှိနိုင်တဲ့ အရာတခု ဖြစ်နေပါတယ်။ သူ့အနေနဲ့ အင်မတန်ကို ဆန္ဒ ပြင်းထန်နေပေမဲ့ ဘယ်လိုမှ မရနိုင်တဲ့ အရာတခုပဲ ဖြစ်နေပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ သူ့ကိုယ်သူ ပစ်သတ်ရမှာလဲ။ ဘာဖြစ်လို့ သူ့ရဲ့ဆုံးဖြတ်ချက်ကို စွန့်လွှတ်ပြီး သေနတ်တွေကိစ္စကို မေ့မပစ်ရတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ အချစ်အတွက် သူ့ရဲ့အလိုရမ္မက်တွေနဲ့ အဲဒီ အလိုရမ္မက်တွေကို ဖြည့်တင်းချင်တဲ့ဆန္ဒက သူ့ကို ထိန်းချုပ်ထားခဲ့တာပဲ။ သူဟာ ပျော်ပွဲသဘင်ကြီးမှာ ယစ်မူးရင်း သူချစ်နေတဲ့ သူရဲ့အနားမှာ တွယ်ကပ်နေခဲ့တာပဲ၊ သူ ချစ်နေတဲ့ အမျိုးသမီးကလည်း သူ့လိုပဲ ပျော်ပွဲသဘင်မှာ ယစ်မူးနေတယ်။ သူ့စိတ်ထဲမှာ အမျိုးသမီးဟာ အရင်ကထက် ပိုပြီး လှနေတယ်၊ ပိုပြီး ချစ်စရာကောင်းနေတယ်လို့ အောက်မေ့နေတယ်။ သူဟာ အမျိုးသမီးအနားက တဖဝါးမှ မခွာဘူး။ သူဟာ အမျိုးသမီးရဲ့အလှမှာ ယစ်မူးရင်း လောကကြီးတခုလုံးကို မေ့နေခဲ့တယ်။

"ဒီရမ္မက်ဆန္ဒတွေက အဖမ်းခံရမှာ ကြောက်တဲ့စိတ်တွေကိုသာ တခဏလောက် မေ့ပျောက်စေတာ မဟုတ်ဘူး၊ သူ့ရဲ့အသိစိတ်တွေကိုပါ တဒင်္ဂလောက်တော့ ပျောက်ကွယ်သွားစေတယ်။ ဒါပေမဲ့ တဒင်္ဂလောက်ပါပဲ၊ တဒင်္ဂ တခဏလောက်ပါပဲ။ အဲဒီအချိန်တုန်းက တရားခံရဲ့စိတ်ထဲမှာ ဘာတွေ လွှမ်းမိုးနေတယ်ဆိုတာကို ကျွန်တော် စဉ်းစားမိပါတယ်။

"ပထမဆုံးကတော့ မူးယစ်ရီဝေမှုနဲ့ ညိုးညိုးညံညံအသံတွေ၊ ကသံခုန်သံတွေနဲ့ သီချင်းသံတွေ၊ နောက်ပြီးတော့ အရက်ရှိန်ကလေးတက်ပြီး တကိုယ်လုံး နီမြန်းနေတဲ့ အမျိုးသမီး အဆိုအကတွေနဲ့ အရယ်အမောတွေပဲ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ သူ့ဘဝရဲ့နိဂုံးချုပ်ဟာ အဝေးကြီး လိုသေးတယ်။ ဒါမှမဟုတ် သိပ်ပြီး မနီးသေးဘူး။ နောက်တနေ့ မရောက်မချင်း သူ့ကို လာပြီး ဖမ်းကြဦးမှာ မဟုတ်ဘူးဆိုတဲ့ အတွေးတွေပါပဲ။ အဲဒီတော့ သူ့မှာ အချိန်တွေ ရှိနေသေးတယ်၊ အချိန်တွေ အများကြီး ရှိနေသေးတယ်၊ အချိန်တွေ အများကြီးရှိနေသေးတယ်။ ဒီအချိန်အတွင်းမှာ လူတယောက်ဟာ သူလုပ်ချင်တာတွေကို အများကြီး လုပ်နေနိုင်သေးတယ်။

"အဲဒီအချိန်မှာ သူဟာ ကြိုးစင်ရှိရာ ကွက်လပ်ကို သွားနေရတဲ့ ရာဇဝတ်သား တယောက်လိုပဲ တွေးနေလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ရာဇဝတ်သားဟာ ခရီးအဝေးကြီးကို လမ်းလျှောက်ပြီး သွားတဲ့ အသွားနှုန်းနဲ့ လူပေါင်း ထောင်ပေါင်းများစွာကို ဖြတ်ကျော်ပြီး သွားနေရတယ်။ အဲဒီလိုနဲ့ နောက်ဆုံးကျတော့ လမ်းတလမ်းထဲကို ရောက်သွားတယ်၊ အဲဒီလမ်း ဆုံးလို့ရှိရင်တော့ ကြိုးစင်ရှိတဲ့ ကွက်လပ်ကြီးပဲ။ ရာဇဝတ်သားဟာ ခရီးအစတုန်းကဆိုရင် လှည်းပေါ်မှာ ထိုင်ပြီး လိုက်သွားရင်း သူဟာ လောကကြီးမှာ

အတိုင်းအဆမရှိ နေရလိမ့်ဦးမယ်လို့ သဘောထားနေပါလိမ့်မယ်။ အဲဒီလိုနဲ့ အိမ်တွေကို တအိမ်ပြီးတအိမ် ကျော်လာခဲ့တယ်။ လှည်းဟာ ရှေ့ကို ဆက်သွားပြီးရင်း ဆက်သွားနေ တယ်။ အို … ဒါပေမဲ့ ဘာမှ အကြောင်းမဟုတ်ပါဘူး။ နောက်လမ်းတလမ်းထဲကို ရောက်ဖို့ ခရီးအဝေးကြီး လိုသေးတယ်လို့ တွက်ထားတယ်။ လမ်းဘေးဝဲယာနှစ်ဖက်ကနေ သူ့ကို ဝိုင်းအုံကြီး ကြည့်နေတဲ့လူတွေကို သူ ရဲရဲတင်းတင်းကြည့်ရင်း သူ့ကိုယ်သူ သူတို့လိုလူတယောက်ပဲလို့ သူ မှတ်ယူနေတယ်၊ ဒါပေမဲ့ အဲဒီလိုနဲ့ နောက်လမ်းထဲကို ချိုးဝင်လိုက်ပါပြီ … အို ဒါလည်း ဘာမှအကြောင်းမဟုတ်ပါဘူး၊ ဘာမှ အကြောင်းမဟုတ်သေးပါဘူး။ သူ့ရှေ့မှာ လမ်းကြီးတခုလုံး အစအဆုံး ရှိနေသေးတယ်။ အဲဒီလိုနဲ့ တအိမ်ပြီး တအိမ် ကျော်လာခဲ့တယ်။ အဲဒီမှာလည်း သူ့စိတ်ထဲမှာ အခုလို တွေးနေတုန်းပဲ… 'ရှေ့မှာ အိမ်တွေက အများကြီး ရှိနေသေးတယ်' … အဲဒီလိုနဲ့ လမ်းမကြီးရဲ့အဆုံးကို ရောက်သွားတယ်၊ စက်တိုင်ရှိတဲ့ ကွက်လပ်ကြီးကို ရောက်သွားတယ်။

"အဲဒီအချိန်တုန်းက ကာရာမာဇော့အနေနဲ့လည်း အဲဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ 'သူတို့ ဒီကို ရောက်မလာနိုင်ဘူး၊ ငါ့အနေနဲ့ တခုခု လုပ်စရာ အချိန်ရှိသေးတယ်၊ ငါ့ကိုယ်ငါ ကာကွယ်ဖို့ အစီအစဉ် တခုခု လုပ်ချိန်ရှိသေးတယ် … အဲဒီတော့ အခု .. အခု … အို သူကလေးဟာ သိပ်လှတာပဲ' လို့ သူ တွေးနေလိမ့်မယ်။

"သူ့စိတ်ထဲမှာ အကုန်လုံး ရှုပ်ထွေးပြီး တုန်လှုပ်ချောက်ချားနေပေမဲ့ သူဟာ သူ့မှာရှိတဲ့ ပိုက်ဆံ တဝက်ကို ခွဲပြီး တနေရာမှာ ဝှက်ထားနိုင်သေးတယ်။ သူ့အဖေရဲ့ ခေါင်းအုံးအောက်က သူ ယူသွားတဲ့ ငွေသုံးထောင်ထဲက တဝက်လုံးလုံး ပျောက်နေတဲ့ကိစ္စကို ကျွန်တော် ဒီနည်းနဲ့ပဲ တွက်ယူလို့ ရတယ်၊ သူဟာ မိုကရိုယီကို အရင်တုန်းက တခါမက ရောက်ဖူးခဲ့တယ်။ အဲဒီမှာ နှစ်ရက်လုံးလုံး သူ အပျော်ကြီး ပျော်ခဲ့တယ်၊ ကျေးရွာစားသောက်ဆိုင်ကြီးဖြစ်တဲ့ အိမ်အိုအိမ်ဟောင်းကြီးကို ချောင်ကြို ချောင်ကြားမကျန် သူ သိနေတယ်၊ သူ အဖမ်းမခံရခင် စောစောပိုင်းတချိန်မှာ သူ့မှာရှိတဲ့ ပိုက်ဆံ တဝက်ကို သူ ဝှက်ထားလိုက်တယ်လို့ ကျွန်တော် ယူဆပါတယ်၊ အကြိုအကြား တနေရာရာ ချောင်ကြိုချောင်ကြားတနေရာရာ၊ ဒါမှမဟုတ် ကြမ်းပြင်အောက်တနေရာရာ၊ ခေါင်မိုးအောက် တနေရာရာမှာပေါ့။

"ဘာဖြစ်လို့ အဲဒီလို ဝှက်ရသလဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အဖို့ ဘေးအန္တရာယ်ကြီးဟာ အချိန်မရွေး ကျရောက်လာနိုင်လို့ပဲ၊ အဲဒီအန္တရာယ်ဆိုးကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ သူ မစဉ်းစားရသေးဘူး။ မစဉ်းစားအားသေးဘူး။ သူ့ရဲ့ခေါင်းက ပူထူနေပြီး သူ့ရဲ့အသည်းနှလုံးက အမျိုးသမီးဆီမှာ ရောက်နေတယ်။ ဒါပေမဲ့ ငွေ … ငွေဆိုတာ ဘယ်အခြေအနေမျိုးမှာမဆို မရှိမဖြစ်တဲ့ ပစ္စည်းပဲ။

လူတယောက်ဟာ လက်ထဲမှာ ပိုက်ဆံရှိနေရင် ဘာမဆို ဖြစ်နိုင်တယ်၊ ဒီလိုအခြေအနေမျိုးမှာ ဒီလိုမျိုးကြိုပြီး တွေးမြင်မိတာဟာ သဘာဝ မကျဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ တလလောက်တုန်းက၊ အင်မတန် အရေးကြီးပြီး အင်မတန် ပြဿနာတက်နေတဲ့ အချိန်တုန်းက သူ့အနေနဲ့ သူ့မှာရှိနေတဲ့ ငွေတွေကို တဝက်ခွဲပြီး အိတ်ကလေးတလုံးထဲမှာ ချုပ်ထားခဲ့တယ်လို့ ကျွန်တော်တို့ကို သူကိုယ်တိုင် ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒီအချက်ဟာ မမှန်ပါဘူး။ အဲဒီလို မမှန်ဘူး ဆိုတာကိုပဲ အခု ကျွန်တော် သက်သေပြပါ့မယ်။ ဒါပေမဲ့ ဒီစကားက သူ့မှာ ဒီလိုစိတ်ကူးမျိုး ရှိနေတယ်ဆိုတာကို ပြနေပါတယ်။ ဒီကိစ္စကို ထပ်ပြီးမှ ပြောရလို့ရှိရင် သူဟာ ငွေတထောင့်ငါးရာကို အိတ်ကလေးတအိတ်ထဲမှာ (အဲဒီအိတ်ကလေးဟာ တကယ်မရှိပါဘူး) ထည့်ထားခဲ့တယ်လို့ တရားရေး အရာရှိကို သူ ပြောခဲ့ပါတယ်။ အဲဒါဟာ စောစောပိုင်း နှစ်နာရီလောက်က အဲဒီငွေကို လိုရမည်ရဆိုပြီး သူ ဝှက်ထားခဲ့ပြီးတဲ့နောက်ပိုင်း တရားရေးအရာရှိ အစစ်ဆေးခံတဲ့အချိန်ကျမှ စိတ်ကူးရပြီး သူ့စိတ်ထဲမှာ တီထွင်ကြံဆပြီး ပြောလိုက်တာပါပဲ၊ ဇူရော်လူကြီးမင်းများ ခင်ဗျာ။ ကာရာမာဇော့ဟာ အစွန်းနှစ်ဖက်ကို တချိန်တည်းမှာ လုပ်ဆောင် နိုင်ပါတယ်။

“အဲဒီအိမ်ကြီးကို ကျွန်တော်တို့ ရှာပါတယ်။ ဒါပေမဲ့ သူ ဝှက်ထားတဲ့ ပိုက်ဆံတွေကို မတွေ့ပါဘူး၊ ပိုက်ဆံတွေဟာ အခုအချိန်အထိ အဲဒီအိမ်ကြီးမှာ ရှိနေနိုင်ပါတယ်။ ဒါမှမဟုတ် နောက်တနေ့မှာ ဝှက်ထားတဲ့နေရာကနေ ပျောက်သွားပြီး အခုအချိန်မှာ တရားခံရဲ့လက်ထဲမှာ ရှိနေနိုင်ပါသေးတယ်။ ဘယ်လိုပဲဖြစ်စေ သူဟာ အမျိုးသမီးရဲ့ဘေးမှာ အဖမ်းခံရတယ်၊ သူက အမျိုးသမီးရဲ့ဘေးမှာ ဒူးထောက်နေပါတယ်။ အမျိုးသမီးက ခုတင်ပေါ်မှာ လှဲနေပါတယ်။ သူ့လက်တွေက အမျိုးသမီးဆီကို ဆန့်တန်းထားပါတယ်၊ ဒီအချိန်မှာ သူဟာ လောကကြီးတခုလုံးကို မေ့နေပါတယ်။ သူ့ကို ဖမ်းရအောင်လာနေတဲ့ လူတွေရဲ့အသံကိုတောင် သူ မကြားပါဘူး၊ သူ့ကိုယ်သူ ကာကွယ်ဖို့ရာအတွက် ခေါင်းထဲမှာ ဘာမှ မပြင်ဆင်ရသေးပါဘူး၊ သူဟာ အငိုက်မှာ အဖမ်းခံလိုက်ရပြီး သူ့ဘဝရဲ့ ကံကြမ္မာ ကို ဆုံးဖြတ်မယ့် တရားသူကြီးတွေနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရပါတော့တယ်။

“ဇူရော်လူကြီးမင်းများ ခင်ဗျာ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ရတဲ့အခါကာလတွေမှာ လူတယောက်ကို ရင်ဆိုင်ရမယ့်အတွက် တုန်လှုပ် ချောက်ချား ရတဲ့ အချိန်အခါတွေ၊ အဲဒီလူအတွက် တုန်လှုပ်ချောက်ချားရတဲ့ အချိန်အခါတွေ ရှိတတ်ပါတယ်။ တိရစ္ဆာန်တကောင်လို ကြောက်ရွံ့တုန်လှုပ်နေတဲ့ တရားခံတယောက်နဲ့ ရင်ဆိုင်ရတဲ့အခါမျိုးတွေပဲ ဖြစ်ပါတယ်၊ သူ့အနေနဲ့ ရှုံးပြီဆိုတာ သိပေမဲ့ ပြန်ပြီးတိုက်ခိုက်၊ ပြန်ပြီးတိုက်ခိုက်ဖို့ ကြံစည် ကြိုးစားနေတဲ့အခါမျိုးလည်း ဖြစ်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်

ဘေးအန္တရာယ်ကနေ လွတ်ကင်းအောင် ကာကွယ်လိုတဲ့စိတ်တွေ သူ့တကိုယ်လုံးမှာ ဖြန့်နံခနဲ ဖြစ်ပေါ်လာပြီး သူ့ကိုယ်သူ ကာကွယ် ကယ်တင်တဲ့အနေနဲ့ သူဟာ တဖက်သားကို စိုက်ပြီး ကြည့်နေမယ်၊ ဒုက္ခခံစားနေရတဲ့ မျက်လုံးတွေနဲ့ အဖြေရှာနေမယ်၊ တဖက်သားရဲ့မျက်နှာအမူအရာတွေနဲ့ စိတ်ထဲက အတွေးတွေကို အမိအရ ဖမ်းကြည့်နေမယ်၊ တဖက်သားက ဘယ်ဘက်ကနေပြီး သူ့ကို တိုက်လာမလဲဆိုတာကို သူ စောင့်ကြည့်နေမယ်၊ မျက်စိတမှိတ် လက်ဖျစ်တတွက် အတွင်းမှာပဲ ချောက်ချားပုံ့လွင့်နေတဲ့ သူ့စိတ်ထဲမှာ ဉာဏ်နီ ဉာဏ်နက်တွေ အထောင်အသောင်း ဖြစ်ပေါ်နေလိမ့်မယ်။ အဲဒီအချိန်အထိ သူဟာ အမှန်ကို ဝန်ခံရမှာကို၊ အဖမ်းအဆီးခံရမှာကို ကြောက်လန့်နေလိမ့်မယ်။ အခုလို လူတယောက်အနေနဲ့ ငရဲခံနေရတဲ့အဖြစ်၊ တိရစ္ဆာန်တကောင်လို ဘေးအန္တရာယ်က လွတ်ကင်းလိုတဲ့ အဖြစ်တွေဟာ အင်မတန် တုန်လှုပ်ချောက်ချားစရာ ကောင်းပါတယ်။ ကျွန်တော်တို့ဟာ တရားရေး အရာရှိများ ဖြစ်နေတဲ့တိုင်အောင် တခါတခါမှာ တရားခံအတွက် တုန်လှုပ် ချောက်ချားရပြီး ကြင်နာ သနားမိကြရပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့အနေနဲ့ ကြုံတွေ့ခံစားခဲ့ကြရတာတော့ အဲဒီအတိုင်းပါပဲ။

“ပထမတော့ သူဟာ အံ့အားသင့်သွားပြီး ကြောက်ကြောက်လန့်လန့်နဲ့ သူ့ပါးစပ်ထဲကနေ အလျှော့ပေးတဲ့ စကားတွေ ပွင့်ထွက်လာတယ်။ ‘လူသတ်မှု၊ ကျွန်တော် ကောင်းကောင်းကြီး ခံထိုက်တယ်’ ... ဒါပေမဲ့ သူ့ကိုယ်သူ ချက်ချင်းပဲ ပြန်ပြီး ထိန်းချုပ်လိုက်တယ်၊ သူ့အနေနဲ့ ဘာတွေပြောရမယ်၊ ဘယ်လိုဖြေရမယ် ဆိုတာတွေကို ဘာမှပြင်ဆင်မထားရသေးဘူး၊ သူ့အနေနဲ့ ဒုံးတိုက်ပြီး ငြင်းလိုက်တာပဲ ရှိတယ်။ ‘ကျွန်တော့်အဖေကို ကျွန်တော်’ ဒါဟာ သူ့အတွက် ပထမဆုံး ခြံစည်းရိုးခတ်လိုက်တာပဲ၊ ဒီနောက်မှာမှ ခံတပ်တခု တည်ဆောက်ဖို့ သူ စိတ်ကူးထားတယ်၊ သူ ပထမပြောလိုက်တဲ့စကားဟာ အဘိုးကြီး ဂရီဂိုရီ သေတယ်ထင်ပြီး ပြောလိုက်တာပဲလို့ ကမန်းကတန်း သူ ရှင်းပြတယ်။ ‘ဂရီဂိုရီအတွက်ဆိုရင်တော့ ကျွန်တော့်မှာ အပြစ်ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေကို ဘယ်သူသတ်သလဲ၊ အဖေ့ကို ဘယ်သူသတ်သလဲ၊ ကျွန်တော်မဟုတ်ရင် ဘယ်သူ သတ်တာဖြစ်နိုင်သလဲ’ သူပြောတဲ့စကားကို လူကြီးမင်းများ ကြားကြသလား၊ ကျွန်တော်တို့က အဲဒီမေးခွန်းကို မေးရအောင် သူ့ဆီကိုသွားတာ သူက ကျွန်တော်တို့ကို ပြန်ပြီး မေးနေတယ် ... ‘ကျွန်တော် မဟုတ်ရင်’ ဆိုတဲ့စကားလုံးကို ကြိုပြီး သုံးထားတာ တွေ့ကြသလား။ တိရစ္ဆာန်တကောင် ရဲ့ပါးနပ်မှုမျိုးပဲ၊ တုံးတိကြီး ပြောချလိုက်တာပဲ၊ ကာရာမာဇော့တွေရဲ့စိတ်စောမှုမျိုးပဲ ... ‘သူ့ကို ကျွန်တော် မသတ်ဘူး၊ ကျွန်တော် သတ်တယ်လို့ မထင်လိုက်ကြပါနဲ့၊ ကျွန်တော် သူ့ကို သတ်ဖို့ ရည်ရွယ်မိပါတယ်၊ ရည်ရွယ်မိတာပဲ ရှိပါတယ်’ သူ ကမန်းကတန်း ဝန်ခံလိုက်တယ်၊ (သူဟာ အတော်ကြီးကို ကမန်းကတန်း နေနိုင်နေပါတယ်) .... ‘ဒါပေမဲ့ ကျွန်တော် မသတ်ပါဘူး၊ သူ့ကို သတ်တာ ကျွန်တော် မဟုတ်ပါဘူး’ ... သူ သတ်ဖို့

ရည်ရွယ်ကြောင်းကိုတော့ ဝန်ခံပါတယ် ... 'အမှန်တွေကို ကျွန်တော်ပြောနေတယ်ဆိုတာ ခင်ဗျားတို့ အမြင်ပဲ။ အဲဒီတော့ သူ့ကို ကျွန်တော် မသတ်ဘူးဆိုတာကိုလည်း ခင်ဗျားတို့ ယုံကြပါ' လို့ ပြောနေတဲ့သဘောပဲ။ အမှန်ပါပဲ ခင်ဗျာ။ ဒီလိုနေရာမျိုးတွေမှာ ရာဇဝတ်မှု ကျူးလွန်တဲ့ လူတယောက်ဟာ ဆန်ကောလောက်မှ ဖောက်မနက်ဘဲ တကယ့်ကို လွယ်လွန်းတတ်ပါတယ်။

"အဲဒီအချိန်မှာပဲ သူ့ကို အင်မတန် ရိုးစင်းတဲ့ မေးခွန်းတခုကို မေးလိုက်တယ်။ 'သူ့ကိုသတ်တာ ဆမာယာကော့ မဟုတ်ဘူးလား' ... အဲဒီအခါမှာ ကျွန်တော်တို့ ထင်ထားတဲ့အတိုင်းပဲ ဖြစ်လာတယ်။ ကျွန်တော်တို့က သူ့အကွက်ကို ကြိုမြင်ပြီး သူ့ကို အငိုက်ဖမ်းလိုက်တဲ့အတွက် သူ အကြီးအကျယ် ဒေါပွသွားတယ်၊ သူ့အခြေအနေကို စောင့်နေပြီး အချိန်ကျတဲ့အခါကျမှ ဆမာယာကော့ကို ထုတ်ပြဖို့ လုပ်ထားတာကိုး။ အဲဒီတော့ သူ့လို စရိုက်မျိုး ရှိတဲ့ လူတယောက်ရဲ့ထုံးစံအတိုင်း သူဟာ တခါတည်း တဖက်စွန်းကို ရောက်သွားတယ်။ အဘိုးကြီးကို သတ်တာ ဆမာယာကော့ မဖြစ်နိုင်ဘူး၊ ဆမာယာကော့ဟာ လူသတ်မှု ကျူးလွန်နိုင်တဲ့ လူတယောက် မဟုတ်ဘူးလို့ ပြောတော့တာပဲ။

"ဒါပေမဲ့ သူပြောတဲ့စကားကို မယုံကြပါနဲ့၊ ဒီစကားက သူ့ရဲ့ပါးနပ်မှုတခုပဲ ဖြစ်ပါတယ်။ ဆမာယာကော့ လှည့်ကွက်ကို စွန့်လွှတ်ဖို့ သူ့မှာ နည်းနည်းကလေးမှ စိတ်ကူး မရှိပါဘူး၊ သူက အဲဒီစိတ်ကူးကို မစွန့်လွှတ်တဲ့အပြင် ဆမာယာကော့ကိုပဲ ပြန်ပြီး ရှေ့တန်းတင်လာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ရှေ့တန်းတင်စရာ တခြားလူတယောက် မရှိလို့ပါပဲ။ ဒါပေမဲ့ သူဟာ အခြေအနေကောင်းပြီး အဆင်ပြေမယ့်အချိန်ကို စောင့်နေခဲ့ပါတယ်၊ လောလောဆယ်အချိန်မှာ ဒီအကွက်က သူ့အတွက် ပိတ်နေလို့ပါပဲ၊ သူက အခြေအနေကို စောင့်ကြည့်နေပြီး နောက်တနေ့ ဒါမှမဟုတ် နောက် သုံးလေးရက် အကြာမှာ ဒီလိုမျိုး ပြောပါလိမ့်မယ်၊ 'ဆမာယာကော့ သတ်တာ မဖြစ်နိုင်ဘူးဆိုတာကို ကျွန်တော်က ခင်ဗျားတို့ထက် ပိုပြီး ယုံခဲ့တယ်။ ခင်ဗျားတို့ကိုယ်တိုင် အမြင်ပဲ မဟုတ်လား၊ ဒါပေမဲ့ အခုတော့ ကျွန်တော် ကောင်းကောင်းကြီး သိသွားပြီ။ အဖေ့ကို သတ်တာ သူပဲ၊ တခြားဘယ်သူမှ မဟုတ်ဘူး၊ သူပဲ' ... ဒါပေမဲ့ အဲဒီအချိန်မှာတော့ သူဟာ ခေါင်းမာမာနဲ့ အကြောက် အကန် ငြင်းနေလိမ့်မယ်၊ အဲဒီအချိန်မှာတော့ သူဟာ စိတ်တိုပြီး ဒေါသဖြစ်နေတဲ့အတွက် ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဖြေရှင်းချက်တခုကိုပဲ ပေးခဲ့တယ်။ သူဟာ သူ့အဖေရဲ့အခန်း ပြတင်းပေါက်ကနေ အထဲကို ကြည့်လိုက်ပြီးနောက် ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးပဲ ပြန်လှည့်ထွက်သွား တယ်တဲ့၊ အဆိုးဆုံးကတော့ အဲဒီအချိန်တုန်းက သူဟာ အခြေအနေမှန်ကို သိမနေတာပဲ၊ ဂရီဂိုရီရဲ့ ထွက်ဆိုချက်ကို သိမနေတာပဲ။

"ကျွန်တော်တို့ သူ့ကိုယ်ကို ဆက်ပြီး ရှာကြတယ်၊ အဲဒီလိုရှာတဲ့အတွက် သူ

အများကြီး ဒေါသပွတယ်၊ ဒါပေမဲ့ တဖက်ကလည်း အများကြီး အားတက်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်ပေါ်မှာ ငွေသုံးထောင်စလုံး ရှိမနေဘဲ တဝက်ပဲရှိနေတာကို ကျွန်တော်တို့ တွေ့ရတဲ့အတွက်ပဲ၊ အဲဒီအချိန်မှာပဲ သူ ဒေါသဖြစ်ပြီး ငြိမ်နေရင်းနဲ့ အဝတ်အိတ်ကလေးကိစ္စကို သူ စိတ်ကူးမိသွားတာပဲ၊ သူပြောတဲ့ ဇာတ်လမ်းကလေးဟာ မဖြစ်နိုင်မှန်း သူကိုယ်တိုင်လည်း သိပေမဲ့ သူဟာ အဲဒီဇာတ်လမ်းကလေးကို ယုံချင်စရာကောင်းအောင် အတော်ကြီးကို ကြိုးစားပြီး ပြောသွားတယ်။ တကယ့်ကို ယုတ္တိယုတ္တာ ရှိအောင် သူ ဖန်ဆင်းနိုင်ခဲ့တယ်။

"အဲဒီလိုအမှုမျိုးမှာ စုံစမ်းစစ်ဆေးရတဲ့ အရာရှိတွေရဲ့ အဓိကတာဝန်ကတော့ တရားခံကို သူ့ကိုယ်သူ ကာကွယ်နိုင်အောင် အချိန်မပေးဖို့ပဲ။ အငိုက်မှာ အမိဖမ်းနိုင်ဖို့ပဲ၊ ဒါမှ သူ့ရင်ထဲမှာ လျှို့ဝှက်ထားတဲ့ အချက်တွေ ပရိယာယ် မာယာမပါဘဲ ထွက်လာမယ်။ မဖြစ်နိုင်တာတွေရော၊ ရှေ့နောက် မညီညွတ် တာတွေရော အားလုံး ထွက်လာမယ်။ ဒါပေမဲ့ သူ့ကို ပြောလာအောင် ဒီအမှုမှာ အရေးကြီးတဲ့ အချက်တခုကို၊ သူ့အနေနဲ့ ဘယ်လိုမှ မထင်မှတ် မမျှော်လင့်ထားတဲ့ အချက်တခုကို ကောက်ကာငင်ကာ ဆိုသလို ဖြုန်းခနဲ ဖော်ထုတ်ပေးရမယ်၊ ကျွန်တော်တို့မှာ အဲဒီလိုပြောစရာ အချက်တခု အဆင်သင့်ရှိနေတယ်။ အဲဒါကတော့ တရားခံ ပြေးထွက်သွားတဲ့၊ ပွင့်နေတဲ့ နောက်ဖေးတံခါးအကြောင်း ဂရီဂိုရီရဲ့ ထွက်ဆိုချက်ပဲ။ တရားခံဟာ အဲဒီတံခါးကို လုံးဝမေ့နေပြီး ဂရီဂိုရီအနေနဲ့လည်း အဲဒီတံခါးကို မြင်လိမ့်မယ်လို့ လုံးဝ ထင်မထားဘူး။

"အဲဒီအကွက်ရဲ့ အောင်မြင်မှုကတော့ တကယ့်ကို အံ့ဩစရာပဲ။ တရားခံဟာ ဝုန်းခနဲ ခုန်ထလိုက်ပြီး အားရပါးရ ပြောတော့တာပဲ ... 'သူ့ကို သတ်တာ ဆမာယာကော့ပဲ။ ဆမာယာကော့ပဲ' အဲဒီမှာ သူ့အနေနဲ့ စောစောက ချုံးထားတဲ့အတွက် တခါတည်း ပေါ်လာတော့တာပဲ။ ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိတဲ့ ပုံသဏ္ဍာန်မျိုးနဲ့ကို ပေါ်လာတော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆမာယာကော့ဟာ လူသတ်မှု ကျူးလွန်တယ်ဆိုရင် ဂရီဂိုရီကို သူ ရိုက်ပြီး ထွက်ပြေးသွားတဲ့နောက်ပိုင်းမှာသာ ကျူးလွန်နိုင် ပါတယ်။ ဂရီဂိုရီဟာ နောက်ဖေးတံခါး ပွင့်နေတာကို သူ အရိုက်ခံရကတည်းက တွေ့မြင်တဲ့ အကြောင်းနဲ့ ဂရီဂိုရီ သူ့အိမ်ခန်းထဲက ထွက်အလာမှာ ကန့်လန့်ကာရဲ့တဖက်မှာ ဆမာယာကော့ ညည်းနေတဲ့အသံ ကြားရကြောင်းတို့ကို ပြောပြလိုက်တဲ့အခါမှာ ကာရာမာဇော့ဟာ တခါတည်းကို အရှိုက်ကို ထိသွားတော့တာပဲ။ အဲဒီအချိန်တုန်းက သူဟာ တရားခံအတွက် အတော်ကြီးကို စိတ်မကောင်း ဖြစ်သွားရတယ်လို့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ကြီး မစ္စတာနီလျူဒင်က ကျွန်တော့်ကို နောက်ပိုင်းမှာ ပြန်ပြောပါတယ်။ အဲဒီအချိန်မှာပဲ တရားခံက အခြေအနေကို ထိန်းသိမ်းတဲ့အနေနဲ့ နာမည်ကျော် အိတ်ကလေးအကြောင်းကို ပြောပြတော့တာပဲ။ ကောင်းပြီ၊ သူပြောတဲ့ ပုံပြင်ကလေးကို ကျွန်တော်တို့ နားထောင်ကြည့်ကြရအောင်။

“ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ လူသတ်မှု မဖြစ်ပွားခင် တလလောက်ကတည်းက ပိုက်ဆံတွေကို အိတ်ကလေးထဲမှာ ထည့်ပြီး ချုပ်ထားခဲ့တယ်ဆိုတဲ့ ပုံပြင်ကလေးဟာ လက်ရှိ အခြေအနေတွေအရ ဘယ်လိုမှ အဓိပ္ပာယ်မရှိရုံတင် မကဘူး၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြောင်းကို လူကြီးမင်းတို့ကို ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ တကယ်လို့ လူတယောက်ဟာ လောင်းတမ်းစားတမ်းလုပ်ပြီး ဘယ်လိုမှ မဖြစ်နိုင်တဲ့ ယုံချင်မှယုံ ဇာတ်လမ်းတပုဒ်ကို တီထွင်ပြောဆိုတယ်ဆိုရင်လည်း သူပြောသွားတဲ့ ယုံချင်မှယုံ ဇာတ်လမ်းထက် သာအောင်တော့ ဘယ်နည်းနဲ့မှ ပြောနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုပုံပြင်မျိုးတွေနဲ့ ပတ်သက်ပြီး အရေးအကြီးဆုံးနဲ့ အဆိုးရွားဆုံး အချက်ကတော့ အဟုတ်ကြီး ဟုတ်နေတဲ့ ပုံပြောသမားကို ပုံပြင်ထဲမှာပါတဲ့ အသေးစိတ်အကွက်တွေကပဲ တခါတည်း ပါးစပ်မဟနိုင်အောင် နှောက်ပစ် လိုက်နိုင်ပါတယ်။ အဲဒီလိုမျိုး တကယ့်ဘဝကြီးထဲမှာ တကယ်တမ်း အများအပြားကြီး ရှိနေပြီး ကံမကောင်း အကြောင်းမလှတဲ့ ပုံပြောသမားအနေနဲ့ အဲဒီအသေးစိတ် ကလေးတွေ ကို ဘာမှအရေးမကြီးတဲ့ အသေးအဖွဲကလေးတွေဆိုပြီး အောက်မေ့ထားတတ်ကြတယ်။ သူတို့အနေနဲ့ အဲဒီအချိန်မှာ တခြားကိစ္စတွေကိုလည်း ခေါင်းထဲမှာ ထည့်စရာ ရှိနေတော့ မဟာစီမံကိန်းကြီးကိုသာ တီထွင်ဖို့ စိတ်ကူးရပြီး အသေးစိတ်တွေကိုတော့ မေ့နေတတ်ကြပါတယ်။ အဲဒီနည်းနဲ့ သူတို့ အမိခံကြရတာပဲ။

“ကျွန်တော်တို့ တရားခံကို မေးလိုက်ပါတယ် … ‘ကောင်းပြီ၊ အဲဒါဆိုရင် အိတ်ချုပ်ဖို့ အစကို ခင်ဗျား ဘယ်ကရသလဲ၊ ခင်ဗျားကို ဘယ်သူက ချုပ်ပေးသလဲ’၊ ‘ကျွန်တော့်ဘာ ကျွန်တော် ချုပ်ပါတယ်’ ‘အစကို ဘယ်ကရသလဲ’ တရားခံ ဒေါသဖြစ်သွားတယ်၊ အခုလို အသေးအဖွဲကလေးတွေကို လျှောက်မေးနေတာဟာ သူ့ကို စော်ကားတာပဲလို့ သူ ယူဆတယ်၊ ဒါပေမဲ့ သူ ဒီလိုယူဆပြီး ဒီလို ဒေါသဖြစ်တာဟာ တကယ့်ကို ရိုးရိုးသားသား ဖြစ်တာပဲ၊ ဒါပေမဲ့ သူတို့လိုလူတွေဟာ ဒီလိုချည်းပါပဲ။ ‘ကျွန်တော့်ရှပ်အင်္ကျီကို ဆုတ်တာပဲ’ ‘ဒါဆိုရင် မနက်ဖြန်ကျရင် ခင်ဗျားရဲ့အဝတ်အစားတွေထဲမှာ ဆုတ်ထားတဲ့ ရှပ်အင်္ကျီတထည်ကို ကျုပ်တို့ တွေ့ရမှာပေါ့’ …. ဇူရော်လူကြီးမင်းများ ခင်ဗျား၊ အဲဒီရှပ်အင်္ကျီကို ကျွန်တော်တို့ တကယ်တွေ့ရလို့ရှိရင် … (အဲဒီရှပ်အင်္ကျီဟာ တကယ်ရှိတယ်ဆိုရင် သူ့ရဲ့အဝတ်အစားတွေ ထည့်တဲ့ သေတ္တာထဲမှာ ဒါမှမဟုတ် ဗီရိုထဲမှာ ကျွန်တော်တို့ ဘာဖြစ်လို့ ရှာမတွေ့နိုင်ရမှာလဲ) အဲဒီလို တွေ့ရှိတာဟာ အချက်အလက်တခု ဖြစ်လာမယ်။ သူရဲ့ထွက်ဆိုချက် မှန်ကန်ကြောင်း သက်သေပြတဲ့ လက်ဆုပ်လက်ကိုင် အထောက်အထား တခု ဖြစ်လာမယ်။ ဒါပေမဲ့ သူဟာ အဲဒီအချက်အလက်ကို ဆုပ်ကိုင်မထားနိုင်ဘူး။ ‘ကျွန်တော် သေသေချာချာ မမှတ်မိဘူး၊ ကျွန်တော့်ရှပ်အင်္ကျီက ဆုတ်တာ ဟုတ်ချင်မှဟုတ်မယ်၊ အိမ်ရှင်အဘွားကြီးရဲ့ဦးထုပ်ထဲမှာ ထည့်ချုပ် လိုက်တာ ဖြစ်နိုင်တယ်’၊ ‘ဘယ်လို

ဦးထုပ်မျိုးလဲ' 'အဘွားကြီး ပစ်ထားတဲ့ အဝတ်ဦးထုပ်တလုံးပဲ' 'ခင်ဗျား သေသေချာချာ မှတ်မိသလား'၊ 'သေသေချာချာတော့ မမှတ်မိဘူး'... သူ ဒေါသဖြစ်နေတယ်။ တော်တော်ကြီးကို ဒေါသဖြစ်နေတယ်။ ဒါပေမဲ့ သူ မမှတ်မိဘူးဆိုတာကို လူကြီးမင်းများ လက်ခံနိုင်ပါ့မလား။ လူတယောက်ရဲ့ဘဝမှာ အဆိုးဝါးဆုံးအချိန်၊ ဆိုကြပါစို့။ သူ့ကို ကြိုးစင်ကို ခေါ်သွားတဲ့အချိန်မှာ သူဟာ အသေးစိတ်ကလေးတွေကို မှတ်မိနေတတ်တယ်။ သူဟာ တခြားဟာတွေကို မေ့ချင်မေ့မယ်၊ ဒါပေမဲ့ သူ ဖြတ်သွားရင်း မြင်ရတဲ့ ခေါင်းမိုးစိမ်းကြီး၊ ဒါမှမဟုတ် လက်ဝါးကပ်တိုင်ပေါ်က ကျီးတကောင်ကိုတော့ သူ မှတ်မိနေလိမ့်မယ်။ အဲဒီတော့ သူဟာ အဲဒီအိတ်ကလေးကို သူများတွေ မမြင်အောင် အိမ်ထဲမှာ ပုန်းပြီး ချုပ်နေလိမ့်မယ်၊ အဲဒီတော့ သူဟာ သူ့လက်ထဲမှာ အပ်နဲ့ အပ်ချည်တန်းလန်းကြီးနဲ့ သူများတွေ မြင်သွားမှာကို သိပ်စိုးရိမ်နေတာကို ကောင်းကောင်းကြီး မှတ်မိနေရမယ်၊ တံခါးခေါက်သံ တချက်လောက် ကြားတယ်ဆိုရင်ပဲ သူဟာ ဝုန်းခနဲ ထပြေးပြီး ကန့်လန့်ကာတဖက်မှာ ပုန်းနေရမယ် (သူ့အခန်းထဲမှာ အခန်းကို ကန့်ထားတဲ့ ကန့်လန့်ကာတခု ရှိပါတယ်) ...။

"ဗျူရော်လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းများကို ကျွန်တော် ဘာဖြစ်လို့ ဒီအကြောင်းတွေ၊ ဒီအသေးစိတ်အကြောင်းတွေ၊ ဒီအသေးအဖွဲ့အကြောင်းတွေကို ပြောနေရသလဲလို့ မေးစရာရှိပါတယ် ..." အစိုးရရှေ့နေက ရုတ်တရက် ပြောဆိုလိုက်သည်။ "ဘာဖြစ်လို့လဲဆိုတော့ တရားခံဟာ အဓိပ္ပာယ်မရှိတဲ့ ပုံပြင်ကလေးကို အခုအချိန်အထိ ခေါင်းမာမာနဲ့ ဆုပ်ကိုင်ထားနေလို့ပါပဲ။ အဲဒီညရဲ့ နောက်ပိုင်း နှစ်လလုံးလုံးအတွင်းမှာ သူဟာ တခုမှ ရှင်းမပြခဲ့ဘူး၊ စောစောပိုင်းက သူ ပြောခဲ့တဲ့ စိတ်ကူးယဉ် ထွက်ဆိုချက်တွေအပြင် တကယ် စစ်မှန်တဲ့ အချက်အလက်တခု၊ ခိုင်မာတဲ့ အချက်အလက် တခုတလေကိုမှ သူ ဖြည့်စွက်ပြီး မထွက်ဆိုဘူး။ အဲဒါတွေက အလကား အသေးအဖွဲ့ တွေပါ၊ သူပြောတဲ့စကားကိုပဲ ယုံပါလို့ဆိုနေတယ်။ ကျွန်တော်တို့အနေနဲ့ ယုံချင်ပါတယ်၊ သူ့စကားကို ယုံချင်ပါတယ်။ ကျွန်တော်တို့ဟာ သွေးဆာနေတဲ့ ခွေးအတွေ မဟုတ်ပါဘူး၊ တရားခံကို အကာအကွယ် အထောက်အကူ ပြုနိုင်မယ့် အချက်အလက်ကလေးတခုကိုပဲ ကျွန်တော်တို့ကို ပေးပါ၊ ကျွန်တော်တို့ ဝမ်းပန်းတသာ လက်ခံပါ့မယ်။ ဒါပေမဲ့ အဲဒီအချက်အလက်က တကယ့်အချက်အလက် ဖြစ်ရမယ်၊ အကောင်အထည် ရှိရမယ်။ တရားခံရဲ့မျက်နှာအမူအရာကို ကြည့်ပြီး သူ့ညီအရင်းက ကောက်ချက်ချတာမျိုး မဖြစ်ရဘူး၊ မှောင်ကြီးထဲမှာ သူ့ရင်ဘတ်ကို လက်သီးနဲ့ ထုနေတာဟာ အိတ်ကလေးကို ပြနေတာပါလို့ ပြောတာမျိုး မဖြစ်စေရဘူး။ အချက်အလက် အသစ်တခုကို ရတယ်ဆိုရင် ကျွန်တော်တို့ အင်မတန် ဝမ်းသာကြပါတယ်။ ကျွန်တော်တို့ရဲ့ စွပ်စွဲချက်ကို ကျွန်တော်တို့ အရင်ဆုံး ရုပ်သိမ်းပါ့မယ်၊ မြန်နိုင်သမျှမြန်ပြီးကို ရုပ်သိမ်းပါ့မယ်၊ ဒါပေမဲ့ လောလောဆယ်အချိန်မှာတော့

တရားဥပဒေအရ အရေးယူအပြစ်ပေးဖို့ ရှိနေပြီး ကျွန်တော်တို့ အနေနဲ့ ဆက်ပြီး လုပ်ဆောင်ကြရပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ မရှောင်တိမ်း မရုပ်သိမ်းနိုင်ပါဘူး”

ထို့နောက် အစိုးရရှေ့နေသည် လျှောက်လဲချက် နိဂုံးပိုင်းကို ဆက်လက် လျှောက်လဲသည်။ သူသည် အထူးပင် စိတ်လှုပ်ရှားနေဟန်ရှိသည်။ သားဖြစ်သူက အဖေဖြစ်သူကို ‘အင်မတန် ယုတ်မာနိမ့်ကျ သော လုယက်ရန် အကြံအစည်’ ဖြင့် သတ်ဖြတ်ခဲ့သည့်အတွက် ထိုက်တန်သော အပြစ်ဒဏ်ကို ပေးရန် ပြင်းပြင်းထန်ထန် ပြောဆိုလျက်ရှိသည်။ အင်မတန် စိတ်မချမ်းသာစရာ ကောင်းပြီး အင်မတန် မုန်ကန်ထင်ရှားနေသော အချက်အလက် အထောက်အထားများကို ထောက်ပြ လျှောက်လဲလျက် ရှိသည်။

“ထင်ရှားကျော်ကြားပြီး တတ်ကျွမ်းနှံ့စပ်တဲ့ တရားခံအကျိုးဆောင်ကြီးက ဘယ်လိုပဲ လျှောက်လဲချက် ပေးပေး... (ထို့နောက် ထပ်မံဖြည့်စွက်ခြင်း မပြုဘဲ မနေနိုင်သဖြင့်).. တရားခံ အကျိုးဆောင်ကြီးရဲ့လျှောက်လဲချက်ဟာ ဘယ်လောက်ပဲ အာဝဇ္ဇန်းကောင်းပြီး၊ လူကြီးမင်းတို့ရဲ့ စိတ်အာရုံကို စွဲငြိအောင် သူ ဘယ်လောက်ပဲပြောပါစေ၊ လူကြီးမင်းတို့ဟာ လောလောဆယ်အချိန်မှာ တရားရေးဗိမာန်ကြီးတခုပေါ်မှာ ရှိနေတယ်ဆိုတာကို မမေ့လျော့ကြပါနဲ့။ လူကြီးမင်းတို့ဟာ ကျွန်တော်တို့ရဲ့ တရားဥပဒေကို ကာကွယ်စောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်။ လူကြီးမင်းတို့ဟာ ကျွန်တော်တို့ရဲ့ မြင့်မြတ်တဲ့ ရုရှားနိုင်ငံတော်ကြီးနဲ့ နိုင်ငံတော်ကြီးရဲ့ မူဝါဒ၊ နိုင်ငံတော်ကြီးရဲ့ မျိုးနွယ်မိသားစုနဲ့ နိုင်ငံတော်ကြီးက အမွန်အမြတ်ထားတဲ့ အခြင်းအရာတွေ အားလုံးကို ကာကွယ်စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်ဆိုတာကို သတိမမေ့ကြပါနဲ့၊ အခုအချိန်မှာ လူကြီးမင်းတို့ ဟာ ရုရှားနိုင်ငံတော်ကြီးကို ကိုယ်စားပြုနေကြပါတယ်၊ လူကြီးမင်းတို့ရဲ့ စီရင်ဆုံးဖြတ်ချက်ကို ဒီခန်းမဆောင်ကြီးတခုတည်းမှာသာ ကြားရမှာမဟုတ်ပါဘူး။ ရုရှားတနိုင်ငံလုံး မှာ ပဲ့တင်ထပ်သွားမှာ ဖြစ်ပါတယ်။ လူကြီးမင်းတို့ စီရင်ဆုံးဖြတ်ချက်ကို ရုရှားတနိုင်ငံလုံးက သူတို့ရဲ့အကျိုးကို ကာကွယ် စောင့်ရှောက်နေသူများနဲ့ သူတို့ရဲ့ တရားသူကြီးများရဲ့ စီရင် ဆုံးဖြတ်ချက်အဖြစ်နဲ့ ကြားနာကြမှာ ဖြစ်ပါတယ်၊ လူကြီးမင်းတို့ရဲ့ စီရင်ဆုံးဖြတ်ချက်အတွက် ရုရှားနိုင်ငံတော်ကြီးဟာ အားတက်သွားနိုင်သလို စိတ်ပျက်အားလျော့ပြီးတော့လည်း သွားနိုင်ပါ တယ်၊ နိုင်ငံတော်ကြီးနဲ့ နိုင်ငံတော်ကြီးရဲ့ မျှော်လင့်အားထားချက်တွေကို စိတ်ပျက် အားလျော့ခြင်း မဖြစ်ကြပါစေနဲ့ ခင်ဗျား။

“ကျွန်တော်တို့ရဲ့ ကံကြမ္မာကို ဖန်တီးမယ့် မြင်းသုံးကောင်က ရထားကြီးဟာ ပျက်စီးခြင်းငါးပါးကို ဦးတည်ပြီး တန်းတန်းမတ်မတ်ကြီး ဒုန်းပြေးနေပါတယ်။ ရုရှား နိုင်ငံသူ နိုင်ငံသားတွေဟာ အထိန်းအကွပ် အချုပ်အနှောင်မရှိ ဒုန်းပြေးနေတဲ့

ရထားကြီးကို ရပ်တန့်သွားအောင် သူတို့ရဲ့ လက်တွေ ဆန့်တန်းပြီး တားဆီးနေတာ နှစ်ပေါင်းများစွာ ကြာလှပါပြီး အရှိန်အဟုန် ပြင်းစွာနဲ့ ဒုန်းပြေးနေတဲ့ ရထားတွေကို တခြားနိုင်ငံတွေက လမ်းဖယ်ပေးနေကြတာဟာ ကျွန်တော်တို့ရဲ့ ကဗျာဆရာကြီး ရေးစပ်ခဲ့သလို ကျွန်တော်တို့ကို လေးစားလို့ မဖြစ်နိုင်ပါဘူး။ ထိတ်လန့်ကြောက်ရွံ့လို့ပဲ ဖြစ်ပါလိမ့်မယ်၊ သူတို့ဟာ ထိတ်လန့်ကြောက်ရွံ့ရုံတင် မကဘူး၊ ရွံရှာစက်ဆုပ်ကြတဲ့အတွက် လည်း လမ်းဖယ်ပေးနေကြတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ တနေ့ကျရင်တော့ သူတို့ဟာ သူတို့ရဲ့ လုံခြုံမှု၊ သူတို့ရဲ့ယဉ်ကျေးမှုနဲ့ သူတို့ရဲ့တိုးတက်မှုအတွက် ဒုန်းပြေးနေတဲ့ သရဲတစ္ဆေကြီးရဲ့ရှေ့မှာ ကျောက်နံရံကြီးတခုလို မားမားမတ်မတ်ကြီး ရပ်ပြီး တားဆီးကြပါလိမ့်မယ်၊ အခုကိုပဲ ကျွန်တော်တို့ ဟာ ဥရောပတိုက်ကြီးရဲ့ အလန့်တကြား ဟစ်အော်နေသံများကို ကြားနေကြရပါပြီ။ သူတို့အနေနဲ့ အသံတွေ ပေးစပြုနေပါပြီ၊ သူတို့ကို မသွေးဆောင် မဖြားယောင်းကြပါနဲ့။ သားတယောက်က အဖေကို သတ်တာဟာ မှန်ကန်ပါတယ်လို့ စီရင်ဆုံးဖြတ်ပြီး သူတို့ရဲ့ ကြီးထွားနေတဲ့ အမုန်းတရား တွေကို မပွားများ မတိုးတက်ပါစေနဲ့ ဇူရော်လူကြီးမင်းများ ခင်ဗျား”

အချုပ်ကိုဆိုရလျှင် အစိုးရရှေ့နေသည် အရှိန်နှင့် မျောပါသွားနေသော်လည်း နိဂုံးချုပ်စကားကိုကား လူအားလုံး၏စိတ်အာရုံကို ထိခိုက်အောင် ပြောဆိုသွားနိုင်သည်။ ယင်း၏ အကျိုးအာနိသင်ကလည်း အံ့မခန်းပင် ဖြစ်တော့သည်။ သူသည် လျှောက်လဲချက်ပေး၍ ပြီးဆုံးသည်နှင့် တပြိုင်နက် စောစောပိုင်းက ကျွန်ုပ်ပြောခဲ့သည့်အတိုင်းပင် အခန်းထဲမှ လျင်မြန်စွာထွက်သွားသည်။ မူးမေ့သွား တော့မတတ်ပင် ဖြစ်သည်။ လက်ခုပ်သံများ ထွက်ပေါ်မလာပါ။ သို့သော် အလေးအနက်ရှိသူတိုင်း ကပင် သဘောကျ ကျေနပ်ကြသည်။ အမျိုးသမီးများကသာ မကျေမနပ် ရှိကြသည်။ သို့သော် ၎င်းတို့ပင်လျှင် သူ၏ အပြောအဟော ကောင်းမှုကို သဘောကျကြသည်။ သူတို့အနေနှင့် ထွက်ပေါ်လာသော အခြေအနေကိုသာ သဘောမကျကြခြင်းဖြစ်ပြီး ဖီကျူကိုဗစ် လျှောက်လဲချက် ပေးမည်ကို မျှော်လင့်အားထားလျက် ရှိကြတော့သည်။ ‘သူပြောမှာ သေချာတယ်၊ ပိုင်ပိုင်နိုင်နိုင်ကြီး ကို ပြောလိမ့်မယ်’ ... ဟု။

သူတို့အားလုံးပင် မစ်တယာကို ကြည့်နေကြသည်။ အစိုးရရှေ့နေ လျှောက်လဲချက် ပေးနေသည့် အချိန်တချိန်လုံးမှာပင် လက်နှစ်ဖက်ကို ပိုက်၊ ခေါင်းကို ငုံ့ပြီး အံသွားကို ကြိတ်ကာ ငြိမ်သက် တိတ်ဆိတ်နေခဲ့သည်။ ရံဖန်ရံခါမှသာ သူ ခေါင်းထောင်ပြီး နားထောင်သည်။ အထူးသဖြင့် ဂရုရှင်ကာ၏အကြောင်းကို ပြောသောအခါတွင် ဖြစ်သည်။ ဂရုရှင်ကာအပေါ် ရာကီတင်၏ သဘောထားကို အစိုးရရှေ့နေက ပြောကြားသောအခါ သူသည် မထီတရီ ပြုံးပြီး သူ့မျက်နှာတွင် ဒေါသရိပ်များ လွှမ်းလာသည်။ ထို့ပြင် အသံ ခပ်ကျယ်ကျယ်ကလေး ထွက်ပြီး ‘ဘားနတ်’ ဟု ရွတ်ဆိုလိုက်သည်။ အစိုးရရှေ့နေက သူ့ကို မိုကရိုယီရွာတွင်

စစ်ဆေးညှဉ်းပန်းသည့်အကြောင်းကို ပြောကြားသောအခါ သူ ခေါင်းမော့ပြီး အထူး စိတ်ဝင်စားဟန်ဖြင့် နားထောင်သည်။ တကြိမ်တွင် သူသည် ထခုန်ပြီး တစုံတခုကို အော်ဟစ်ပြောဆိုတော့မလို ရှိသည်။ သို့သော် သူ့ကိုယ်သူ ထိန်းချုပ်ပြီး မကျေနပ် မနှစ်သက်ဟန်ဖြင့် ပခုံးကိုသာ တွန့်လိုက်သည်။ မိုကရိုယီရွာတွင် တရားခံအား စစ်ဆေးမေးမြန်းစဉ် အစိုးရရှေ့နေ၏ပညာပြမှုများကို နောက်ပိုင်းတွင် ကျွန်ုပ်တို့မြို့ တွင် လူအများကပင် ပြောဆိုကြကာ အစိုးရရှေ့နေကို ပြက်ရယ်ပြုကြသည် … “ဒီလူက သူ ဘယ်လောက် တတ်ကြောင်း မကြွားရရင် မနေနိုင်ဘူး” … ဟု ပြောဆိုကြသည်။

တရားရုံးအစီအစဉ် ခေတ္တ ရပ်နားသည်။ အချိန်အနည်းငယ်မျှသာ ဖြစ်သည်။ ဆယ့်ငါးမိနစ်လောက်ပဲ ရှိမည်။ အလွန်ဆုံးရှိလျှင် မိနစ်နှစ်ဆယ် ဖြစ်သည်။ ပရိသတ်ထဲတွင် ဆူညံစွာ စကားပြောဆိုလျက် ရှိကြသည်။ သူတို့ပြောသော စကားအချို့ကို ကျွန်ုပ် မှတ်မိနေသည်။

“အတော် တာသွားတဲ့ လျှောက်လဲချက်ပဲ” အစုတစုထဲမှ တယောက်က ပြောလိုက်သည်။

“စိတ်ပညာတွေ များလွန်းတယ်” နောက်တယောက်က ပြန်ပြောသည်။

“ဒါပေမဲ့ သူပြောတာ အမှန်တွေချည်းပဲ၊ ဘယ်လိုမှ မငြင်းနိုင်တဲ့အမှန်တွေပဲ”

“သူ့အလုပ်ကို သူ ကောင်းကောင်း နားလည်တယ်”

“အကုန်လုံးကို သူ ချုပ်ပြီး ပြောသွားတာပဲ”

“သူ ချုပ်ပြီး ပြောတဲ့အထဲမှာ ကျွန်တော်တို့ပါ ပါသွားတာပဲ” တတိယအသံ တသံ ဝင်ပြောသည်… “ခင်ဗျားတို့ မှတ်မိသလား၊ သူ စောစောပိုင်းက ပြောသွားတဲ့အထဲမှာ ကျွန်တော်တို့အားလုံးဟာ ဖျိုဒါကာရာမာဇော့နဲ့ အတူတူပဲတဲ့”

“ပြီးခါနီးမှာလည်း အဲဒီအတိုင်းပါပဲ၊ ဒါပေမဲ့ သူ ပြောတာတွေ ဘာမှ အဓိပ္ပာယ် မရှိဘူး”

“ဟုတ်တယ်၊ သူပြောတာ ဝါးနေတယ်”

“ပြောရင်း ပြောရင်းနဲ့ မျောသွားတာပဲ”

“ခင်ဗျားပြောတာ မတရားဘူး”

“သူပြောသွားတာ အများကြီး လှပါတယ်၊ ဒီအခွင့်အရေးရဖို့ သူ အကြာကြီး

စောင့်နေခဲ့ရတာပဲ၊ အခုမှ သူ ပြောခွင့်ရတော့တာပဲ၊ ဟား ဟား ဟား”

“တရားခံအကျိုးဆောင်က ဘာတွေ ပြောမလဲ မသိဘူး”

နောက်တစုတွင် ကြားရပြန်သည်မှာ ...

“ပီတာစဘတ်က လူကို သွားပြီး တိုက်တာတော့ မကောင်းဘူး ... ‘လူကြီးမင်းတို့ရဲ့ စိတ်အာရုံကို စွဲငြိအောင် သူ ဘယ်လောက်ပဲ ပြောပါစေ’ ဆိုတာ ခင်ဗျား မှတ်မိသလား”

“ဟုတ်တယ်၊ အဲဒါကတော့ သူ မပါးတာဘဲ”

“သူ သိပ်ပြီးမှ ရှေ့လောကြီးနေတယ်”

“သူက စိတ်ချောက်ချားတတ်တဲ့ လူတယောက်ပဲ”

“ကျွန်တော်တို့ကတော့ ရယ်လို့မောလို့၊ ဒါပေမဲ့ တရားခံအနေနဲ့ ဘယ်လို ခံစားနေရမလဲ”

“ဟုတ်တယ်၊ မစ်တယာ ဘယ်လိုခံစားနေရမလဲဘဲ”

“တရားခံအကျိုးဆောင်က ဘာတွေ ပြောမလဲဆိုတာ ကျွန်တော် စဉ်းစားနေတယ်”

တတိယအစုတွင် ...

“မှန်ပြောင်းကိုင်ထားတဲ့ အမျိုးသမီးက ဘယ်သူလဲ၊ ခပ်ဝဝ၊ အစွန်ဆုံးမှာ ထိုင်နေတယ်”

“ဗိုလ်ချုပ်ကြီးကတော်ပေါ့။ ကွဲနေတယ်၊ သူ့ကို ကျွန်တော်သိတယ်”

“ဪ ... ဒါကြောင့် သူ့မှာ မှန်ပြောင်းရှိနေတာကိုး”

“ကျွန်တော့်အဖို့တော့ ဒါလောက်ကြီး မဟုတ်လှပါဘူး”

“ဘယ်ဟုတ်မလဲ၊ တော်တော်ကြီးကို နိုပ်မယ့်ဟာမျိုးပဲ”

“သူနဲ့ တခုံကျော်လောက်မှာ အသားဖြူဖြူနဲ့ အမျိုးသမီးတယောက် ရှိတယ်။ သူက ပိုပြီးတော့ လှတယ်”

“သူတို့ သူ့ကို မိုကရိုယီမှာ လှလှပပကလေး ဖမ်းလိုက်တာပဲ”

"အတော်ကလေး လှပါတယ်။ အဲဒါကို သူ အခုတခါထပ်ပြီး ကြွားပြန်တာပဲ။ ဒီအကြောင်းကို သူ အိမ်တွေမှာ လျှောက်ပြောတာ အခါတရာ မကတော့ဘူး"

"အခုလည်း မပြောဘဲ မနေနိုင်တာပဲပေါ့၊ လူအထင်ကြီးအောင် ကြွားတာပဲပေါ့"

"အတိုင်အတောထူတဲ့ လူတယောက်ပဲပေါ့၊ ဟား ဟား ဟား"

"အမိအရလည်း တိုက်တတ်တယ်၊ အာဝဇ္ဇန်းကောင်းတယ်။ အရှည်ကြီးတွေ ပြောနိုင်တယ်"

"နောက်ပြီးတော့ ကျွန်တော်တို့ကို သူ ခြောက်နေတာပဲ။ ခင်ဗျား သတိထားမိသလား၊ ကျွန်တော်တို့ကို ဘုရားသခင်နဲ့ လှည့်ခြောက်နေတာပဲ။ မြင်းသုံးကောင်က ရထားကြီး အကြောင်း ပြောသွားတာ ခင်ဗျား မှတ်မိသလား... 'သူတို့မှာ ဟမ်းမလက်တွေ ရှိနေသလို ကျွန်တော်တို့မှာလည်း ကာရာမာဇော့တွေ ရှိနေတယ်' ... အဲဒါ သူ ပါးပါးနပ်နပ်ကလေး ပြောသွားတာပဲ"

"အဲဒါ လစ်ဘရယ်ဝါဒသမားတွေ ကျေနပ်အောင် သူ ပြောသွားတာပဲ။ သူတို့ကို သူ ကြောက်လို့ပဲ"

"ဟုတ်တယ်၊ နောက်ပြီးတော့ ရှေ့နေကြီးကိုလည်း သူ ကြောက်လို့ပဲ"

"ဟုတ်တယ်၊ မစ္စတာဖီကျူကိုဗစ် ဘာတွေ ပြောမလဲ မသိဘူး"

"သူ ဘာတွေပဲပြောပြော၊ ကျွန်တော်တို့ရဲ့ တောသူတောင်သားတွေနဲ့ အံဝင်ခွင်ကျ ဖြစ်မှာ မဟုတ်ပါဘူး"

"အဲဒီလိုပဲ ထင်သလား"

စတုတ္ထအစုတွင် ...

"မြင်းရထားကြီးအကြောင်း သူပြောတာကောင်းတယ်၊ တခြားနိုင်ငံတွေအကြောင်း သူထည့်ပြောတာ တွေပေါ့"

"ဟုတ်တယ်၊ တခြားနိုင်ငံတွေက ကြည့်နေကြမှာ မဟုတ်ဘူးလို့ ပြောတာလည်း မှန်တယ်"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဘာကို ဆိုလိုရမလဲ၊ အင်္ဂလိပ်အောက်လွှတ်တော်မှာ အမတ်တယောက်က နတ္တိက ဝါဒီတွေနဲ့ ပတ်သက်ပြီး ပြောရင်း အခုအချိန်ဟာ လူရိုင်းနိုင်ငံတွေရဲ့

ပြဿနာကို ဝင်ရောက် ဖြေရှင်းပြီး အရိုင်းအစိုင်းတွေကို ပညာပေးဖို့ အချိန်တန်ပြီ မဟုတ်လားလို့ သူတို့ ဝန်ကြီးကို မေးတယ်။ အစိုးရရှေ့နေက အဲဒီအမတ်အကြောင်းကို ခေါင်းထဲမှာ ထည့်ထားလို့ပဲ။ အဲဒါကို ကျွန်တော် သိတယ်၊ ပြီးခဲ့တဲ့အပတ်တုန်းက အဲဒီအကြောင်းကို သူ ပြောခဲ့တယ်”

“အဲဒီလိုလုပ်ဖို့ မလွယ်ပါဘူး”

“မလွယ်ပါဘူး ဟုတ်လား ... ဘာဖြစ်လို့လဲ”

“ကရန်ဒတ်ကို ကျွန်တော်တို့ ပိတ်လိုက်ပြီး သူတို့ကို ဂျုံမပေးတော့ဘူးဆိုရင် သူတို့ ဂျုံ ဘယ်ကရတော့မလဲ”

“အမေရိကကို ဘယ်သွားထားမလဲ၊ အခုလည်း သူတို့ အမေရိက က ရနေတာပဲ”

“အဓိပ္ပာယ် မရှိတာဘဲ ...”

ထိုအချိန်တွင် ခေါင်းလောင်းထိုးသဖြင့် သူတို့အားလုံးပင် ကိုယ့်နေရာသို့ ကိုယ် ပြေးကြရသည်။ ဗီကျူကိုဗစ် စင်မြင့်ပေါ်သို့ တက်လာသည်။

၁၀။ တရားခံဘက်မှ လျှောက်လဲချက်၊ နှစ်ဖက်ချွန် စေဒက

ထင်ရှားကျော်ကြားသော ရှေ့နေကြီး စတင် ပြောကြားသည်နှင့် တပြိုင်နက် တရုံးလုံး တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။ ပရိသတ်ကြီးအတွင်းရှိ မျက်လုံးပေါင်း အားလုံးပင် သူ့ထံတွင် ရောက်ရှိနေ တော့သည်။ သူက လိုရင်းကို ရှင်းရှင်းပင် ပြောတော့သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာဖြင့် ဖြစ်သည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသည့်သဘော အနည်းငယ်မျှ မပါရှိပါ။ စိတ်ဝင်စားဖွယ်ဖြစ်အောင်၊ စိတ်ထိခိုက်ဖွယ်ဖြစ်အောင်၊ စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် သူ မကြိုးစားပါ။ ခင်မင်ရင်းနှီးသော အပေါင်းအသင်းများကြားတွင် စကားပြောနေသည့်အလား ဖြစ်သည်။ သူက အသံကောင်းသည်၊ အသံအောင်သည်၊ ဆွဲဆောင်မှု ရှိသည်။ သူ၏အသံတွင် ရိုးသားမှုနှင့် ပွင့်လင်းမှု ပါရှိသည်။ သို့သော် စကားပြောနေသူသည် တကယ်ပင် အပြောကောင်းပြီး ‘သူတို့၏အသည်းနှလုံးများကို ယုံကြည်နိုင်ဖွယ်ရာမရှိသော စွမ်းအင်ဖြင့် ဆွဲငင်သိမ်းကျုံးနိုင်ကြောင်း’ ကို ပရိသတ်များ အားလုံးပင် ချက်ချင်းဆိုသလို သဘောပေါက်လာကြရသည်။ သူပြောပုံက အစိုးရရှေ့နေ ပြောသွားသည်ထက်ပင် အဆက်အစပ် မဲ့နေသည်။ သို့သော် သူက ဝါကျရှည်ကြီး တွေကို မသုံးဘဲ တိတိကျကျ ရှိသည်။ သို့သော် အမျိုးသမီးများအနေနှင့် မကြိုက်သည့် အချက်တခု ရှိသည်။ သူ့ကိုယ်ကို ရှေ့ဘက်သို့ ကုန်းငုံ့ထားခြင်းပင် ဖြစ်သည်။ အထူးသဖြင့် အစပထမပိုင်းတွင် ဖြစ်သည်။ ပရိသတ်ဘက်သို့ ဦးညွှတ်နေပုံမျိုး မဟုတ်၊ သူ၏ကိုယ်ခန္ဓာ အလယ်ပိုင်းတွင် ပတ္တာ တပ်ထားသည့်အလား သူသည် ထောင့်မှန်ကျနေအောင်ပင် ကုန်းငိုက်ထားတော့သည်။

ပထမပိုင်းတွင် သူ၏စကားများသည် အဆက်အစပ်မရှိ ဖြစ်နေသည်။ စည်းစနစ် မရှိသည့်အလား ဖြစ်သည်။ အကြောင်းအရာ တခုကနေ တခုသို့ ခုန်ကူးနေသည်။ သို့သော် နောက်ဆုံးတွင်ကား သူပြောနေသော အကြောင်းအရာများ တလုံးတစည်းတည်း ပေါင်းစပ်သွားတော့သည်။ သူ၏ လျှောက်လဲချက်ကို နှစ်ပိုင်းခွဲခြားနိုင်သည်။ ပထမပိုင်းသည် အစိုးရရှေ့နေ၏ စွပ်စွဲချက်များကို ဝေဖန်ပြသွားပြီး မဟုတ်မမှန်ကြောင်း ငြင်းဆန်နေခြင်း ဖြစ်သည်။ ရံဖန်ရံခါတွင် ဝေဖန် ရှုတ်ချသော အားဖြင့် ထေ့တေ့တေ့ ခနဲ့တဲ့တဲ့နှင့် ဖြစ်သည်။ သို့သော် ဒုတိယပိုင်းတွင်ကား သူသည် ပြောသည့် အသံရော ပြောဟန်ဆိုဟန်ရော အားလုံးပြောင်းလဲလိုက်ပြီး စိတ်ထိခိုက်ဖွယ်ရာ ဖြစ်စေတော့သည်။ ပရိသတ်ကြီးကလည်း ယင်းကဲ့သို့ ပြောမည်ကို စောင့်စားနေကြခြင်းဖြစ်ပြီး စိတ်ဝင်စား အားထားစွာ ဖြင့် နားထောင်ကြတော့သည်။

သူက လိုရင်းအချက်ကို တန်းပြီးပြောသည်။ သူ၏

အကျိုးဆောင်လုပ်ငန်းသည် ပီတာစဘတ် မြို့တော်တွင် ဖြစ်သော်လည်း အပြစ်မရှိဟု သူ့အနေနှင့် ယူဆထားသော တရားခံများအတွက် နယ်များသို့လည်း သွားရောက် လုပ်ဆောင် ကာကွယ်ပေးလေ့ရှိသည်ဟု ဆိုပါသည်။

"အခု အမှုမှာလည်း ဒီအတိုင်းပါပဲ။ ဒီအမှုအကြောင်းကို သတင်းစာတွေထဲမှာ ဖတ်ရကတည်းက ကျွန်တော်ဟာ တရားခံဘက်မှာ ရှိနေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အထူး စိတ်ဝင်စားမိတာကတော့ ကျွန်တော်တို့ရဲ့ ဥပဒေလောကမှာ မကြာခဏ တွေ့ရတတ်တဲ့ အချက်တခုကိုပါပဲ။ အဲဒီအချက်က အခုအမှုမှာ ထူးထူးခြားခြားကြီးနဲ့ ထင်ထင်ရှားရှားကြီး ဖြစ်နေပါတယ်။ ဒီထူးခြားမှုအကြောင်းကို ကျွန်တော်ဟာ နောက်ပိုင်းကျမှသာ ပြောသင့်ပေမဲ့ အခုအစပိုင်းမှာပဲ ကျွန်တော် ပြောသွားပါ့မယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ အလုပ်တခုကို လုပ်တဲ့နေရာမှာ လျှို့မထားတတ်ဘဲ၊ ချန်မထားတတ် ဘဲ လုပ်စရာရှိတာကို တန်းပြီး လုပ်တတ်တဲ့ အားနည်းချက်ကြောင့်ပါပဲ ခင်ဗျား။ ဒီလိုလုပ်တာဟာ ပါးနပ်မှုမရှိဘူးလို့ ဆိုနိုင်ပေမဲ့ ရိုးသားတယ်လို့တော့ ဆိုနိုင်ပါတယ်။ ကျွန်တော့်ခေါင်းထဲမှာ ရှိနေတဲ့ အချက်ကတော့ ဒီလိုပါ။ ဒီအမှုမှာ တရားခံကို လက်ညှိုးထိုးနေတဲ့ အထောက်အထားတွေ တသီတတန်းကြီး ရှိနေပါတယ်။ ဒါပေမဲ့ အဲဒီအထောက်အထားတွေကို တခုချင်း ခွဲပြီး စီစဉ် ကြည့်လိုက်မယ်ဆိုရင် ဘယ်အထောက်အထားတခုမှ မှတ်ကျောက်တင် မခံနိုင်ပါဘူး။ အမှုအကြောင်းကို သတင်းစာထဲမှာ ကျွန်တော် ဂရုစိုက်ပြီးဖတ်လေ ကျွန်တော့်ရဲ့ အယူအဆက ပိုပြီးခိုင်မာလာလေ ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ တရားခံရဲ့ဆွေမျိုးတွေက ကျွန်တော့်ကို တရားခံ ဘက်ကနေ လိုက်ပါဆောင်ရွက်ပေးဖို့ ကမ်းလှမ်းလာပါတယ်။ အဲဒီတော့ ချက်ချင်းပဲ ကျွန်တော် ဒီကို ရောက်လာပါတယ်၊ ဒီအခါမှာ ကျွန်တော့်ရဲ့အယူအဆကို ကျွန်တော် လုံးလုံးကြီး ယုံကြည်စိတ်ချ သွားပါတော့တယ်။ အဲဒီတော့ ကျွန်တော်ဟာ ဒီအမှုမှာ တရားခံဘက်က ခုခံကာကွယ်ပေးတဲ့အနေနဲ့ တသီတသန်းကြီး ရှိနေတဲ့ အထောက်အထားတွေကို တခုချင်း ဖယ်ထုတ်ပြီး မခိုင်လုံကြောင်း သက်သေပြရပါမယ်"

တရားခံအကျိုးဆောင်က ယင်းကဲ့သို့ စတင်ပြီးနောက် ရုတ်ခြည်းဆိုသလိုပင် ဆက်လက် ပြောကြားသည်မှာ ...

"ဂျူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်ဟာ ဒီမြို့မှာ လူစိမ်းတယောက်ပါ၊ ကျွန်တော့်မှာ ကြိုတင် ယူဆထားတဲ့ စိတ်ကူး တခုမှ မရှိပါဘူး။ အင်မတန် စိတ်မြန်ပြီး စိတ်ကြမ်းတဲ့ တရားခံဟာ ဒီမြို့ပေါ်မှာရှိတဲ့ လူ တရာနှစ်ရာကို စော်ကားမော်ကား လုပ်ခဲ့ဖူးပေမဲ့ ကျွန်တော့်ကိုတော့ တခါမှ မစော်ကားဖူးပါဘူး။ အဲဒီသဘောကတော့ လူတော်တော်များများဟာ သူ့အပေါ်မှာ အရင်ကတည်းက အာဃာတရှိနေတယ်လို့ ပြောနေပါတယ်။

"ဒီမြို့ပေါ်မှာ ရှိနေတဲ့ အသိုင်းအဝိုင်းက တရားခံဟာ လူကြမ်းလူရမ်းတယောက် ဖြစ်တယ်လို့ ယူဆထားကြပါတယ်၊ ဒါပေမဲ့ သူ့ကို ဒီအသိုင်းအဝိုင်းက လက်ခံနေကြတယ်၊ နောက်ဆုံးပြောရရင် ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေကြီးဖြစ်တဲ့ အစိုးရရှေ့နေကြီးရဲ့အိမ်ကလည်း သူ့ကို ကောင်းစွာ လက်ခံလျက် ရှိပါတယ်"

(မှတ်ချက်။ ဤသို့ ပြောကြားသောအခါ ပရိသတ်ကြီးအတွင်းမှ ရယ်သံ နှစ်ခု သုံးခု ထွက်ပေါ်လာ သည်။ လျင်မြန်စွာပင် ထိန်းချုပ်လိုက်သော်လည်း အားလုံးကပင် သတိပြုမိလိုက်ကြသည်။ အစိုးရ ရှေ့နေက မစ်တယာကို လက်မခံလိုသော်လည်း ၎င်း၏ဇနီးသည်၏ ဆန္ဒအရ လက်ခံနေရကြောင်းကို ကျွန်ုပ်တို့ အားလုံးပင် သိရှိကြပါသည်။ အမျိုးသမီးသည် ကိုယ့်ကျင့်တရား ကောင်းမွန်ပြီး လေးစားဖွယ်ရာ ဖြစ်သော်လည်း အချို့သောကိစ္စများတွင် ယောကျ်ားနှင့် အကြိုက်ချင်း မတူဘဲ ရှိပါသည်။ အထူးသဖြင့် အသေးအဖွဲကိစ္စကလေးများတွင် ဖြစ်ပါသည်)။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေကြီးဟာ အဂတိတရား မထားတတ်သူတယောက် ဖြစ်ပေမဲ့ ကံခေနေတဲ့ ကျွန်တော့်ရဲ့တရားခံအပေါ်မှာတော့ အထင်အမြင်တွေ မှားနေပါတယ်။ ဒါပေမဲ့ ဒါဟာ သဘာဝကျပါတယ်။ ကံမကောင်းအကြောင်းမလှတဲ့ လူကြီးမင်းဟာ အဲဒီ အာဃာတမျိုးကို ကောင်းကောင်းကြီး ခံစားထိုက်ပါတယ်။ အကျင့်စရိုက် ကြမ်းတမ်းပြီး အလိုဆန္ဒ ကြီးမားမှုဟာ အကြင်နာတရား နည်းပါးစေနိုင်ပါတယ်။ အစိုးရရှေ့နေ ပညာရှိကြီးရဲ့လျှောက်လဲချက်ထဲမှာ တရားခံရဲ့ စရိုက်နဲ့ အပြုအမူတွေကို ပြင်းပြင်းထန်ထန် ဝေဖန်သုံးသပ်သွားတာကို ကျွန်တော်တို့ ကြားကြရတာတော့ အမှန်ပါပဲ။ အမှုကြီးတခုလုံးကို မညှာမတာ ပြောဆို ဝေဖန်သွားတာလည်း အမှန်ပါပဲ။ ဒါတင် မကသေးပါဘူး၊ အမှုကြီးရဲ့ အခြေခံသဘောကို တင်ပြသွားတဲ့ နေရာမှာလည်း ကျွန်တော်တို့ရဲ့ ပညာရှိမိတ်ဆွေကြီးဟာ အင်မတန် ခက်ခဲနက်နဲတဲ့ စိတ်ပညာ အတွေးအမြင်တွေကို ခင်းကျင်းပြသသွားပါတယ်။ သူဟာ တရားခံအပေါ်မှာ အာဃာတ သဘောထားတွေ မရှိဘဲနဲ့ ဒီလိုမျိုး ဘယ်လိုမှ ပြောကြားမသွားနိုင်ပါဘူး။

"ဒါပေမဲ့ ပြောရဦးမယ်ဆိုရင် ဒီလိုကိစ္စမျိုးတွေမှာ မလိုမုန်းတီးမှုနဲ့ အာဃာတ ကြီးမားမှုတွေထက် ပိုပြီး ဆိုးဝါးတဲ့၊ ပိုပြီး အန္တရာယ်ကြီးမားတဲ့ အချက်တွေ ရှိပါသေးတယ်။ အဲဒါကတော့ ကျွန်တော်တို့ဟာ အနုပညာနှိုးဆော်မှုမှာ မျောပါသွားပြီး၊ နောက်ပြီးတော့ ဘုရားသခင်ကလည်း ကျွန်တော်တို့ကို စိတ်ပညာအတွေးအမြင်တွေ ပေးထားတယ်ဆိုရင် စိတ်ကူးယဉ်ဇာတ်လမ်းတွေကို တီထွင်ဖန်တီးချင်တဲ့စိတ်ပါပဲ ခင်ဗျာ။

“ပီတာစဘတ်မြို့မှာ ကျွန်တော်ရှိစဉ်ကတည်းက၊ လူကြီးမင်းတို့ရဲ့မြို့ကိုလာဖို့ ကျွန်တော် ပြင်ဆင် နေစဉ်ကတည်းက ကျွန်တော်နဲ့ ယှဉ်ပြိုင်ရမယ့် ပညာရှိပုဂ္ဂိုလ်ကြီးဟာ ကျွန်တော်တို့ရဲ့ သက်တမ်း နုနယ်သေးတဲ့ ဥပဒေလောကထဲမှာ စိတ်ပညာအတွေးအမြင်နဲ့ အသိပညာတွေ ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတယောက်ဖြစ်ကြောင်း ကျွန်တော့်ကို သတိပေး ပြောဆိုခဲ့ကြပါတယ်။ ကျွန်တော်က လည်း သူများတွေ မပြောခင်ကတည်းက ဒီအကြောင်းတွေကို သိနေခဲ့ပါတယ်။ ဒါပေမဲ့ ခင်ဗျာ ... ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ စိတ်ပညာဆိုတာဟာ အင်မတန် ခက်ခဲ နက်နဲတာနဲ့အမျှ ဟိုဘက်ကိုရော ဒီဘက်ကိုရော ထိုးမိနိုင်တဲ့ နှစ်ဖက်ချွန်လက်နက်နဲ့ တူပါတယ် ခင်ဗျာ... (ရယ်မောသံများ) အခုလို နှိုင်းယှဉ်ပြောဆိုမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြစေချင်ပါတယ်၊ ကျွန်တော်ဟာ စကားအသုံးအနှုန်း ကောင်းတဲ့ စကားပြောကောင်းတယောက် မဟုတ်ပါဘူး ခင်ဗျာ။ ဒါပေမဲ့ ခင်ဗျာ၊ အစိုးရရှေ့နေကြီးရဲ့ လျှောက်လဲချက်ကို ကြားရတဲ့အခါ ကျွန်တော့်ခေါင်းထဲမှာ ပထမဆုံး ပေါ်လာတဲ့ ဥပမာသဘောလေးကို လူကြီးမင်းများကို တင်ပြပါရစေ ခင်ဗျား။

“တရားခံဟာ ညအမှောင်ထဲမှာ ခြံဝင်းထဲမှာ ပြေးသွားတယ်၊ ဝင်းထရံကို ကျော်တက်တယ်၊ သူ့ခြေထောက်ကို ဆွဲထားတဲ့ အစေခံကြီးကို ကြေးကျည်ပွေ့နဲ့ ရိုက်ချလိုက်တယ်၊ အဲဒီနောက်မှာ သူဟာ ဝင်းထရံပေါ်ကနေ ခုန်ဆင်းပြီး အဘိုးကြီး သေ မသေကို သိရအောင် အဘိုးကြီးကို ငါးမိနစ်လောက် စစ်ဆေးကြည့်ရှုတယ်။ ဒီနေရာမှာ တရားခံက အဘိုးကြီး ဂရိဂိုရီအတွက် စိတ်မကောင်းဖြစ်ပြီး ဆင်းကြည့်တယ်ဆိုတဲ့စကားကို အစိုးရ ရှေ့နေကြီးက မယုံဘူး... ‘ဒီလိုအချိန်မျိုးမှာ ဒီလိုကရုဏာစိတ်မျိုးဟာ မဖြစ်နိုင်ဘူး၊ သဘာဝ မကျဘူး၊ သူ ကျူးလွန်တဲ့ ရာဇဝတ်မှုကြီးကို ဖော်ထုတ်နိုင်တဲ့ တဦးတည်းသောသက်သေ သေ မသေဆိုတာကို သူ ဆင်းကြည့်တာပဲ။ အဲဒါဟာ ရာဇဝတ်မှုကို သူ ကျူးလွန်တယ်ဆိုတာကို သက်သေခံနေတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ ခြံထဲကိုပြန်ပြီး ဆင်းစရာ တခြားဘာအကြောင်းမှ မရှိဘူး’ ... လို့ သူက ပြောပါတယ်။

“ဒါဟာ စိတ်ပညာပဲ။ ကောင်းပြီ၊ ဒါဆိုရင် ကျွန်တော်ကလည်း ဒီစိတ်ပညာနည်းကိုပဲ သုံးပြီး ဒီအမှုမှာ တခြားတဖက်ကနေ လှည့်ပြီး တွေးကြည့်ကြရအောင်။ ကျွန်တော်တို့ ရရှိမယ့်အဖြေဟာ အခု သူပြောသွားတဲ့ ကောက်ချက်ထက်တော့ ယုတ္တိယုတ္တာ မနည်းနိုင်ပါဘူး။ လူသတ်သမားဟာ သူ့အမှုမှာ သက်သေဖြစ်တဲ့လူ သေ မသေဆိုတာကို သိရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ခြံထဲကို ခုန်ဆင်းတယ်လို့ ဆိုပါတယ်။ နောက်တခါ အစိုးရရှေ့နေကြီး ကိုယ်တိုင်ကပဲ ပြောပြန်ပါတယ်။ တရားခံဟာ အသတ်ခံရတဲ့ သူ့အဖေရဲ့ အခန်းထဲမှာ သူ့အတွက် အင်မတန် အန္တရာယ်ဖြစ်နိုင်တဲ့

အထောက်အထားတခု၊ အပေါ်မှာ ငွေ သုံးထောင် ရှိကြောင်း ရေးထားတဲ့၊ ဖောက်ထားတဲ့ စာအိတ်တခုကို ထားခဲ့တယ်လို့ ပြောပါတယ်။ 'တကယ်လို့သာ သူဟာ ဒီစာအိတ်ကို သူနဲ့အတူ ယူသွားခဲ့လို့ရှိရင် ဒီလို ပိုက်ဆံတွေပါတဲ့ စာအိတ်တအိတ်ရှိတဲ့အကြောင်း ဒီလောကကြီးမှာ ဘယ်သူမှ သိနိုင်တော့မှာ မဟုတ်ဘူး၊ နောက်ပြီးတော့ ဒီပိုက်ဆံတွေကို တရားခံ ခိုးသွားတယ် ဆိုတာလည်း မပြောနိုင်တော့ဘူးပေါ့' ... ဒါဟာ အစိုးရရှေ့နေကြီး ပြောသွားတဲ့စကားပါပဲ။

"ကောင်းပြီ၊ ဒါဆိုရင် တရားခံဟာ တချိန်မှာ ကြိုတင်ကာကွယ်မှုဆိုတာတွေ လုံးလုံး မရှိတော့ဘဲ မကြံတတ်မစည်တတ်တော့ဘဲ ကြမ်းပြင်ပေါ်မှာ သဲလွန်စတခု ချန်ထားခဲ့ပြီး ကြောက်လန့်တကြား ထွက်ပြေးသွားတယ်။ ဒါပေမဲ့ နောက်နှစ်မိနစ်လောက်အကြာမှာကျတော့ သူဟာ လူတယောက်ကို ရိုက်နှက်သတ်ဖြတ်ပြီး အသနား အကြင်နာကင်းကင်းနဲ့ သေသေချာချာ တွက်ချက်ချိန်ဆထားတဲ့ ကြိုတင်ကာကွယ်မှုမျိုးကို ပြုလုပ်တယ်။ ကောင်းပြီ၊ ဒါတွေဟာ တကယ်ပဲ ဖြစ်ပျက်ခဲ့တာတွေလို့ ကျွန်တော်တို့ ယူဆကြရအောင်။ ဒါဆိုရင် စိတ်ပညာသဘောအရ တွက်ဆထားချက်မှာ ဘာတွေ့ရ သလဲဆိုတော့ ကျွန်တော်ဟာ တချိန်မှာ အင်မတန် သွေးဆာပြီး အင်မတန် မျက်စိလျင်တဲ့ ကော့ကေးရှပ် လင်းယုန်ကြီး ဖြစ်နေပြီး နောက်တကြိမ်မှာတော့ ကျွန်တော်ဟာ အင်မတန် ကြောက်တတ်ပြီး မျက်စိမမြင်တဲ့ ခွေးကလေးတကောင် ဖြစ်နေတယ်။

"ဒါပေမဲ့ ခင်ဗျာ၊ ကျွန်တော်ဟာ ဒါလောက်သွေးဆာနေပြီး ဒါလောက် ရက်ရက်စက်စက်ကြီး တွက်ချက်လုပ်ကိုင်တတ်တဲ့ လူတယောက်ဆိုရင် ကျွန်တော်ဟာ လူတယောက်ကို သတ်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ပြစ်မှုကို လက်ညှိုးထိုးမယ့် သက်သေ တကယ် သေ မသေ သေချာအောင် ပြန်ကြည့်ပြီး... ကြည့်တဲ့နေရာမှာ ဘာဖြစ်လို့ ငါးမိနစ်လောက် ကြာသွားအောင် အချိန်တွေကို အလကား ဖြုန်းပစ်နေပါ့မလဲ။ ကျွန်တော် အဲဒီလို ကြည့်နေတာကို တခြားလူတွေ တွေ့သွားပြီး နောက်ထပ် သက်သေအသစ်တွေ ပေါ်လာနိုင်တဲ့ အန္တရာယ်မျိုးကို ကျွန်တော် ဘာဖြစ်လို့ စွန့်စားနေတော့မလဲ။ နောက်ပြီးတော့ သူ့နဖူးကို သုတ်ပေးရင်း ကျွန်တော့်လက်ကိုင်ပဝါ မှာ ဘာဖြစ်လို့ သွေးတွေ ပေကုန်စေတော့မလဲ။ အဲဒါဟာ နောက်ပိုင်းမှာ ကျွန်တော့်ကို လက်ညှိုးထိုးတဲ့ အထောက်အထားတခု ဖြစ်လာမယ် မဟုတ်လား၊ သူဟာ တကယ်ပဲ တွက်ချက် တတ်ပြီး သွေးအေးအေးနဲ့ လုပ်တတ်တဲ့ လူတယောက်ဆိုရင် သေ မသေ မသေချာတဲ့ သက်သေရဲ့ ခေါင်းကို သူသေတာ စိတ်ချသွားရအောင် အဲဒီကြေးကျည်ပွေ့နဲ့ပဲ တချက်ပြီး တချက် ဘာလို့ ဆက်မရိုက်သလဲ။ အဲဒါဆိုရင် သက်သေဟာ တခါတည်း လမ်းရှင်းသွားပြီ။ သူ့အနေနဲ့ ဘာမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ဘူး။

"နောက်တခါ သူဟာ သက်သေ သေ မသေကို သွားကြည့်ရင်းနဲ့ လူသွားလမ်းကလေးပေါ်မှာ နောက်ထပ် သက်သေတခု ချန်ထားခဲ့ပြန်တယ်။ အဲဒါကတော့ အမျိုးသမီးနှစ်ယောက်ဆီက သူ ယူခဲ့တဲ့ ကြေးကျည်ပွေ့ကလေးပဲ။ အမျိုးသမီးနှစ်ယောက်ဟာ အဲဒီ ကြေးကျည်ပွေ့ကလေးကို ကောင်းကောင်း မှတ်မိနေပြီ။ သူတို့ဆီက သူ ယူသွားတယ်ဆိုတာကို ကောင်းကောင်းကြီး သက်သေခံကြလိမ့်မယ်။ နောက်ပြီးတော့တခါ သူဟာ ကြေးကျည်ပွေ့ကလေးကို လူသွားလမ်း ပေါ်မှာ မေ့ကျန်ရစ်ခဲ့တာ မဟုတ်ဘူး၊ ရှေ့လောကြီးနေလို့ မတော်တဆ မေ့ကျန်ရစ်ခဲ့တာမျိုး မဟုတ်ဘူး ... အဲဒီလက်နက်ကလေးကို သူ့လက်ထဲက လွှင့်ပစ်လိုက်တာ၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီကြေးကျည်ပွေ့ကလေးကို ဂရိုဂိုရီ လဲနေတဲ့နေရာကနေ ဆယ့်ငါးလှမ်းလောက်အကွာမှာ ကျွန်တော်တို့ တွေ့ကြရလို့ပဲ။

"အဲဒီတော့ သူ ဘာဖြစ်လို့ ဒီလိုလုပ်သလဲဆိုတာကို မေးစရာ ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အစေခံအဘိုးကြီးကို သတ်မိတဲ့အတွက် စိတ်မကောင်းဖြစ်ပြီး လွှင့်ပစ်လိုက်တာပါပဲ။ သူဟာ အဲဒီကြေးကျည်ပွေ့ကလေးကို လူသတ်လက်နက်တခုအဖြစ် ယူဆပြီး ဒေါသဖြစ်ဖြစ် စိတ်နာနာနဲ့ လွှင့်ပစ်လိုက်တာပါပဲ။ အဲဒီလိုမဟုတ်ဘူးဆိုရင် ကျည်ပွေ့ကလေးဟာ ဒါလောက် ဝေးဝေးကြီးကို ရောက်သွားစရာအကြောင်း မရှိပါဘူး၊ အဲဒီတော့ သူဟာ လူတယောက်ကို သတ်လိုက်မိတဲ့အတွက် စိတ်မကောင်းဖြစ်ပြီး ကရုဏာသက်သွားတယ်ဆိုရင် သူဟာ သူ့အဖေကို မသတ်ဘူးဆိုတာ အများကြီး သေချာနေပါတယ်။ သူဟာ သူ့အဖေကို သတ်ခဲ့တယ်လို့ဆိုရင် သူဟာ သူ့လက်ချက်ကြောင့် လဲကျသွားတဲ့ လူတယောက်ဆီကို ဘယ်နည်းနဲ့မှ သနားတဲ့စိတ်နဲ့ ပြေးမသွားဘူး၊ သူဟာ သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ ပြေးသွားတာပဲ ဖြစ်ရပါ့မယ်၊ သူ့မှာ ဘယ်နည်းနဲ့မှ သနားကြင်နာတဲ့ စိတ် မရှိနိုင်ပါဘူး။ သူဟာ အဘိုးကြီးကို ငါးမိနစ်လောက်ကြာအောင် ကြည့်ရှုစစ်ဆေးနေမယ့်အစား အဘိုးကြီးရဲ့ခေါင်းကိုသာ ရိုက်ခွဲပစ်ရပါ့မယ်။ သူ့ရဲ့နှလုံးသားထဲမှာ ကရုဏာတရားနဲ့ မေတ္တာတရား တွေ ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အသိစိတ်ဟာ အဲဒီအချိန်အထိ သန့်ရှင်းစင်ကြယ် နေလို့ပါပဲ။

"ဒီမှာ ကျွန်တော်တို့ မတူခြားနားတဲ့ စိတ်ပညာကို တွေ့ရပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်ဟာ စိတ်ပညာနည်းကို တမင်တကာအသုံးပြုလိုက်တာပါပဲ၊ စိတ်ပညာနည်းနဲ့ ဘာကိုမဆို သက်သေပြနိုင်တယ်ဆိုတာကို တင်ပြလိုက်တာပါပဲ။ စိတ်ပညာနည်းရဲ့သဘောဟာ အဲဒီနည်းကို အသုံးပြုတဲ့သူအပေါ်မှာပဲ တည်ပါတယ်။ စိတ်ပညာနည်းဟာ အင်မတန် အလေးအနက်နိုင်တဲ့ ပုဂ္ဂိုလ်တွေကိုတောင် သူတို့ဘာသာသူတို့ မသိဘဲနဲ့ စိတ်ကူးယဉ်နယ်ထဲကို ရောက်သွားစေတတ် ပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျာ... စိတ်ပညာ အလွဲသုံးစားမှုအကြောင်းကို ကျွန်တော် တင်ပြနေခြင်းပဲ

ဖြစ်ပါတယ်ခင်ဗျာ” သည့်အခါတွင် အစိုးရရှေ့နေကို ပြက်ရယ်ပြုသော ရယ်မောသံများ ထွက်ပေါ်လာပြန်သည်။ တရားခံအကျိုးဆောင်ကို ထောက်ခံသောအသံများပင် ဖြစ်သည်။ တရားခံ အကျိုးဆောင်၏ လျှောက်လဲချက် အပြည့်အစုံကို ကျွန်ုပ်ဖော်ပြမည် မဟုတ်ပါ။ ၎င်း၏ လျှောက်လဲချက်ထဲမှ အရေးကြီးသော အစိတ်အပိုင်းများကိုသာ ထုတ်နုတ်တင်ပြသွားမည် ဖြစ်ပါသည်။

၁၁။ ပိုက်ဆံမရှိ၊ လုယက်မှု မရှိ

တရားခံအကျိုးဆောင်၏ လျှောက်လဲချက်တွင် လူအားလုံးကိုပင် အံ့အားသင့်သွားစေသော အချက်တချက် ပါဝင်ပါသည်။ ယင်းမှာ ဂြိုဟ်မွေသော ငွေသုံးထောင် ရှိနေသည်ဆိုသော အချက်ကို လုံးလုံးလျားလျားကြီး ငြင်းဆန်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့အတူ ယင်း၏ ကွင်းဆက်ဖြစ်သော ငွေသုံးထောင်ကို ခိုးယူလုယက်သည်ဆိုသည့် အချက်ကိုလည်း ငြင်းဆန် လိုက်တော့သည်။

"ဒူရော်လူကြီးမင်းများ ခင်ဗျား၊ ဒီအမှုကြီးမှာ ရှိနေတဲ့ အင်မတန် ပေါ်လွင်ထင်ရှားနေတဲ့ ထူးခြားမှု တခုကို အာဃာတမထားတဲ့လူတိုင်း၊ ဘာမှမပတ်သက်တဲ့ လူတိုင်းကပဲ တွေးမြင်နိုင်ပါတယ်၊ အဲဒါကတော့ လုယက်မှုဆိုတဲ့ စွပ်စွဲချက်ပါပဲ။ အဲဒီလို လုယက်သွားစရာ ပိုက်ဆံ ရှိ မရှိကို သက်သေမပြနိုင်တဲ့ အချက်ပါပဲ။ ပိုက်ဆံတွေ အခိုးခံရတယ်လို့ ပြောပါတယ်၊ တိတိကျကျ ပြောရရင် ငွေသုံးထောင်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီပိုက်ဆံတွေ တကယ် ရှိ မရှိ ဆိုတာကို ဘယ်သူမှ မသိပါဘူး။ လူကြီးမင်းများ စဉ်းစားကြည့်ကြပါ။ အဲဒီပိုက်ဆံတွေ ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သိကြသလဲ၊ ပိုက်ဆံတွေကို ဘယ်သူမြင်သလဲ၊ အဲဒီပိုက်ဆံတွေကို မြင်တဲ့လူ တယောက်ပဲ ရှိတယ်၊ အဲဒီပိုက်ဆံတွေကို စာအိတ်ထဲမှာ ထည့်ထားတယ်လို့ ပြောတဲ့လူဟာ အစေခံ ဆမာယာကော့ပဲ၊ သူက ဒီအကြောင်းကို တရားခံနဲ့ တရားခံရဲ့ညီ အိုက်ဗင်ကို ဒီအမှုကြီး မဖြစ်ပွားခင်က ပြောခဲ့တယ်။ မစ္စ ဆဗက်လော့ကိုလည်း ပြောခဲ့တယ်၊ ဒါပေမဲ့ ဒီသုံးယောက်အနက် ဘယ်သူကမှ ဒီပိုက်ဆံတွေကို အမှန်တကယ် မမြင်ခဲ့ဘူး။ ထပ်ပြီး ပြောရလို့ရှိရင် ဆမာယာကော့ တယောက်ပဲ မြင်ခဲ့တယ်။

"ဒီမှာ မေးစရာ မေးခွန်းတွေ ပေါ်လာပါတယ်။ ဒီပိုက်ဆံတွေ တကယ်ရှိတယ်ဆိုရင်၊ ဒီပိုက်ဆံတွေကို ဆမာယာကော့ မြင်တယ်ဆိုရင် သူ ဘယ်အချိန်က နောက်ဆုံးမြင်ခဲ့သလဲ။ သူ့သခင်က အဲဒီပိုက်ဆံ တွေကို အိပ်ရာအောက်က ယူပြီး သူ့ကို မပြောဘဲနဲ့ ပိုက်ဆံသေတ္တာထဲကို ပြန်ထည့်ထားလိုက် တာရော မဖြစ်နိုင်ဘူးလား။ ဒီနေရာမှာ တခု သတိပြုစရာ ရှိပါတယ်။ ဆမာယာကော့ရဲ့ ဇာတ်လမ်း အရ ပိုက်ဆံတွေဟာ မွေ့ရာအောက်မှာ ရှိနေတယ်၊ တရားခံက ဒီပိုက်ဆံတွေကို မွေ့ရာအောက် ကနေ ဆွဲထုတ်ပြီး ယူရတယ်၊ ဒါပေမဲ့ အိပ်ရာဟာ လုံးဝ မတွန့်မကြေဘဲ ရှိနေတယ်လို့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ တရားဝင် တင်ပြချက်မှာ သေသေချာချာ ရေးမှတ်ထားပါတယ်။ တရားခံဟာ အိပ်ရာကို လုံးဝ ခြေရာလက်ရာ မပျက်စေဘဲနဲ့

ပိုက်ဆံတွေကို ဘယ်လိုရအောင် ဆွဲထုတ်ပြီး ယူနိုင်သလဲ။ ထပ်ပြီး ပြောရလို့ရှိရင် အဲဒီအချိန်တုန်းက တမင်တကာ ခင်းထားတဲ့ အစွန်းအထင်း လုံးဝမရှိတဲ့ အိပ်ရာခင်း သန့်သန့်ကို သွေးစွန်းနေတဲ့ သူ့လက်တွေနဲ့ မပေမကျံအောင် သူ ဘယ်လိုလုပ်ပြီး ကိုင်နိုင်သလဲ။

“ဒီနေရာမှာ ကျွန်တော့်ကို မေးစရာ ရှိပါတယ်၊ ကြမ်းပြင်ပေါ်က စာအိတ်ကို ဘယ်သွားထားမလဲလို့... မှန်ပါတယ် ခင်ဗျာ၊ အဲဒီစာအိတ်အကြောင်းကို ကျွန်တော်တို့ စကား အနည်းငယ် ပြောသင့်ပါတယ်။ ဒီစာအိတ်သာ ရှိခဲ့ရင်၊ ဒီစာအိတ်သာ ကြမ်းပြင်ပေါ်မှာ ကျမနေခဲ့ရင် ဒီစာအိတ်အကြောင်း၊ ဒီစာအိတ်ထဲမှာ ပိုက်ဆံတွေ ရှိနေတဲ့အကြောင်းနဲ့ တရားခံ ဒီပိုက်ဆံတွေကို ယူသွားတဲ့အကြောင်းကို ဘယ်သူမှ သိနိုင်မှာ မဟုတ်ဘူးလို့ ပညာရှိ အစိုးရရှေ့နေကြီးက ... ဇူရော်လူကြီးမင်းများ ခင်ဗျာ... အစိုးရရှေ့နေကြီးကိုယ်တိုင်က စောစောကလေးက ပြောသွားတာကို ကြားလိုက်ရတဲ့အခါမှာ ကျွန်တော် အများကြီး အံ့ဩသွားရပါတယ်။ အဲဒီတော့ အစိုးရရှေ့နေကြီးကိုယ်တိုင် ဝန်ခံထားချက် အရဆိုရင် တရားခံကို လုယက်မှုနဲ့ စွဲချက်တင်တဲ့နေရာမှာ ဒီစာအိတ်စုတ်ကလေးဟာ တခုတည်း သော အထောက်အထား ဖြစ်နေတယ်.... ‘ဒီစာအိတ်ကလေးသာ မရှိခဲ့ရင် လုယက်မှု အကြောင်းကို ဘယ်သူမှ သိမှာမဟုတ်ဘူး။ ပိုက်ဆံတွေရှိနေတဲ့အကြောင်းကိုလည်း သိကြမှာမဟုတ်ဘူး ဒါပေမဲ့ ခင်ဗျာ၊ ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ ဒီစာအိတ်ကလေးတခုတည်းကို တွေ့ရရုံနဲ့ ဒီစာအိတ်ထဲမှာ ပိုက်ဆံရှိနေတဲ့အကြောင်း၊ ဒီပိုက်ဆံတွေကို ယူသွားတဲ့အကြောင်းတွေကို သက်သေပြနိုင်ပါ့မလား။

“ဒါပေမဲ့ ဒီနေရာမှာ စာအိတ်ထဲမှာ ပိုက်ဆံတွေ ရှိနေတာကို ဆမာယာကော့ မြင်တယ်လို့ ပြောကြလိမ့်မယ်။ အဲဒီလိုဆိုရင် ဒီပိုက်ဆံတွေကို သူ ဘယ်တုန်းက နောက်ဆုံးမြင်ခဲ့သလဲ၊ လူကြီးမင်းများကို အဲဒီလို ကျွန်တော် မေးပါရစေ၊ ဆမာယာကော့ကို ကျွန်တော် မေးကြည့်တဲ့အခါမှာ သူက အချင်းမဖြစ်ပွားမီက မြင်ခဲ့ရတယ်လို့ ပြောပါတယ်။

“ဒီလိုဆိုရင် အခန်းထဲမှာ တယောက်တည်းရှိနေပြီး သူ အင်မတန် ချစ်မြတ်နိုးသူကလေး လာမှာကို ဘယ်လိုမှ စိတ်မရှည်နိုင်အောင် စောင့်ဆိုင်းနေရတဲ့ အဘိုးကြီး ဖျိုဒါ ကာရာမာဇော့ဟာ နောက်ဆုံး ဘာမှလုပ်စရာမရှိတဲ့အနေနဲ့ စာအိတ်ကို ဆွဲထုတ်ပြီး ပိုက်ဆံတွေကို ဆွဲထုတ်ယူလိုက်တာ မဖြစ်နိုင်ဘူးလား ခင်ဗျာ... ‘စာအိတ်ထဲမှာ ထည့်ထားတာ အလုပ်မဖြစ်နိုင်ဘူး။ စာအိတ်ထဲမှာ ပိုက်ဆံတွေ ရှိနေတယ်ဆိုတာကို သင်းကလေး ယုံမှာ မဟုတ်ဘူး။ သက်တံရောင် ငွေစက္ကူ အရွက်သုံးဆယ်ကို အထပ်လိုက်ကြီး ငါပြလိုက်ရင် အများကြီး တာသွားနိုင်တယ်။ သင်းကလေး သွားရည်တမျှားမျှား ဖြစ်လာလိမ့်မယ်’ အဲဒီလို

အဘိုးကြီး တွေးမိပြီး စာအိတ်ထဲက ပိုက်ဆံတွေကို ထုတ်ယူပြီး စာအိတ်ကို ကြမ်းပေါ် လွှင့်ပစ်လိုက်လိမ့်မယ်။ ပိုင်ရှင်တယောက်က ကိုယ့်ပစ္စည်းကိုယ် ယူတာမို့ သဲလွန်စ ကိစ္စကို ဘာမှ စဉ်းစားနေစရာ မလိုဘူး။

"ဓူရော်လူကြီးမင်းများ ခင်ဗျား၊ အခု ကျွန်တော် ပြောသွားတဲ့ သဘောထက် ပိုပြီး ဖြစ်နိုင်တဲ့သဘော၊ ပိုပြီးဖြစ်နိုင်တဲ့ အကြောင်းအရာများ ရှိနိုင်ပါသေးသလား ခင်ဗျာ။ ကျွန်တော် ပြောတဲ့သဘောဟာ ဘာဖြစ်လို့ မဖြစ်နိုင်ရမလဲ ခင်ဗျာ။ ဒါပေမဲ့ ခင်ဗျာ၊ ကျွန်တော် ပြောသွားတဲ့အတိုင်းသာ အမှန်တကယ် ဖြစ်ခဲ့တယ်ဆိုရင် လုယက်မှုနဲ့ တင်ထားတဲ့ စွဲချက်ဟာ တခါတည်း သဲထဲရေသွန် ဖြစ်သွားပါလိမ့်မယ်။ ပိုက်ဆံတွေ ရှိမနေဘူးဆိုရင် အဲဒီပိုက်ဆံတွေကို လုယက်တယ် ဆိုတာလည်း မရှိနိုင်တော့ပါဘူး ခင်ဗျာ၊ ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ စာအိတ်ကို အထောက်အထားအဖြစ် ယူဆကြတယ်ဆိုရင် အဲဒီစာအိတ်ထဲမှာ ပိုက်ဆံတွေ ရှိနေတယ်လို့ ပြောကြရင် ကျွန်တော်ကလည်း တခြားတဖက်ကနေ လှည့်ပြီးပြောပါရစေ။ ကြမ်းပြင်ပေါ်မှာ စာအိတ်ရှိနေတာဟာ စာအိတ်ထဲက ပိုက်ဆံတွေကို ပိုင်ရှင်က ပြန်ယူပြီး လွှင့်ပစ်ထားတာပဲ ဖြစ်ပါတယ် ခင်ဗျာ။

"ဒီနေရာမှာ တခုမေးစရာ ရှိပါတယ်။ ဒါဆိုရင် စာအိတ်ထဲက ဖျိုဒါကာရာမာဇော့ ထုတ်ယူတဲ့ ပိုက်ဆံတွေ ဘယ်ရောက်သွားသလဲ၊ အချင်းဖြစ်ပွားတဲ့ အိမ်ကြီးကို ရဲအဖွဲ့က ရှာဖွေတဲ့အခါတုန်းက ပိုက်ဆံတွေကို မတွေ့ရဘူး။ ပထမဆုံး ပြောရမယ့်အချက်ကတော့ အဲဒီအထဲက ပိုက်ဆံ တချို့တဝက်ကို ငွေသေတ္တာထဲမှာ တွေ့ရပါတယ်။ ဒုတိယအချက်ကတော့ ဖျိုဒါကာရာမာဇော့ဟာ အဲဒီပိုက်ဆံတွေကို အချင်းဖြစ်ပွားမည့် မနက်က ဒါမှမဟုတ် အရင်တနေ့က ထုတ်ယူပြီး အကြောင်း တခုခုအတွက် သုံးစွဲပစ်လိုက်တာ ဖြစ်နိုင်ပါတယ်။ တယောက်ယောက်ကို ပေးလိုက်မယ်၊ တနေရာရာကို ပို့ထားလိုက်မယ်၊ သူ့အစီအစဉ်နဲ့ သူ့အကြံအစည်တွေကို သူ ပြောင်းပစ်လိုက်မယ်၊ အဲဒီလို ပြောင်းပစ်လိုက်တာကို ဆမာယာကော့ကို ပြောစရာမလိုဘူးလို့ သူတွက်မယ်။

"အခု ကျွန်တော်တင်ပြသွားတဲ့ တွေးဆချက်ဟာ နည်းနည်းကလေးလောက်ပဲ ဖြစ်နိုင်စရာရှိတယ် ဆိုရင်ပဲ တရားခံဟာ ပိုက်ဆံတွေကို လုယက်ဖို့ လူသတ်မှု ကျူးလွန်တာလို့ ဘယ်လိုလုပ်ပြီး စွဲချက်တင်နိုင်တော့မလဲ။ လုယက်မှု ကျူးလွန်တယ်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲ၊ ဒီလိုစွပ်စွဲတယ်ဆိုရင်လည်း ကျွန်တော်တို့ဟာ စိတ်ကူးယဉ်လောကထဲ ရောက်သွားကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တခုခုကို ခိုးတယ်လို့ ပြောရင် ဘာပဲဖြစ်ဖြစ် တခုခုကို တင်ပြကြရပါတယ်။ အဲဒီတခုခု ရှိနေတဲ့အကြောင်းကို ဘယ်လိုမှ သံသယဝင်စရာ မရှိအောင် သက်သေပြနိုင်ရပါတယ်။ ဒါပေမဲ့ အခုကိစ္စမှာ

အခိုးခံရတဲ့ ပစ္စည်းရှိနေတယ်ဆိုတာကို ဘယ်သူမှ မမြင်မတွေ့ခဲ့ပါဘူး။

“မကြာခင်ကလေးကပဲ ပီတာစဘတ်မြို့မှာ အသက် ၁၈ နှစ်အရွယ်လောက်ရှိတဲ့ လမ်းလျှောက် ဈေးသည်ကလေးတယောက်ဟာ နေ့ခင်းကြောင်တောင်ကြီးမှာ ငွေကုန်သည်တယောက်ရဲ့ ဆိုင်ထဲကို ဝင်သွားပြီး ဆိုင်ရှင်ကို ရဲတင်းနဲ့ လက်ရဲဇက်ရဲကြီး သတ်ဖြတ်ပြီး ရူဗယ်ငွေ တထောင့်ငါးရာ ယူသွားတယ်။ အချင်းဖြစ်ပွားပြီး ငါးနာရီလောက်အကြာမှာပဲ တရားခံကို ဖမ်းလိုက်မိတယ်။ တရားခံအနေနဲ့ သုံးစွဲပြီးဖြစ်တဲ့ ၁၅ ရူဗယ်ကလွဲပြီး ကျန်တဲ့ပိုက်ဆံတွေအားလုံး သူ့ဆီက ပြန်ရတယ်၊ ဒါတင်မကသေးဘူး၊ အချင်းဖြစ်ပွားပြီးနောက် ဆိုင်ကို ပြန်ရောက်လာတဲ့ ဆိုင်လက်ထောက်က အခိုးခံရတဲ့ အရေအတွက်ကိုသာ မကဘူး... တရာတန်က ဘယ်နှစ်ရွက်၊ တဆယ်တန်က ဘယ်နှစ်ရွက်၊ ငါးကျပ်တန်က ဘယ်နှစ်ရွက်၊ ရွှေဒင်္ဂါးက ဘယ်နှစ်ပြားဖြစ်ပြီး ဘယ်လောက်တန်တယ်ဆိုတာတွေကို အသေးစိတ် အတိအကျ ပြောပြနိုင်တယ်။ အဲဒီငွေစက္ကူနဲ့ ရွှေဒင်္ဂါးတွေကို တရားခံရဲ့လက်ထဲမှာ တွေ့ကြရတယ်။ နောက်ပြီးတော့ လူသတ်သမားက လုံးဝ မကွယ်မဝှက်ဘဲ အစကနေ အဆုံးအထိ ဖြောင့်ချက်ပေးတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ အဲဒါမျိုးကိုမှ သက်သေခံ အထောက်အထားလို့ ကျွန်တော် ယူဆပါတယ်၊ အဲဒီပိုက်ဆံတွေ ရှိတာကို ကျွန်တော် သိတယ်၊ မြင်ရတယ်၊ ကိုင်ပြီး ကြည့်ရတယ်။ အဲဒီတော့ အဲဒီပိုက်ဆံတွေ မရှိပါဘူးလို့ ကျွန်တော် ဘယ်နည်းနဲ့မှ မပြောနိုင်ပါဘူး။ အဲဒီတော့ လက်ရှိအမှုမှာ ဒီလိုမျိုး ဟုတ်ပါသလား ခင်ဗျာ၊ ဒါပေမဲ့ ဒီအမှုဟာ လူတယောက်ရဲ့ကံကြမ္မာကို ဖန်တီးပေးမယ့် သေရေးရှင်ရေးကိစ္စ ဖြစ်နေပါတယ်။

“ဒါပေမဲ့ တခုပြောနိုင်ပါသေးတယ်... ‘ခင်ဗျား ပြောတာတော့ ဟုတ်ပါတယ်။ အဲဒီညက သူ ပိုက်ဆံတွေကို ရေလို သုံးပစ်နေတယ်။ အားလုံးပေါင်း ရူဗယ်တထောင့်ငါးရာ ရှိတယ်၊ အဲဒီပိုက်ဆံ တွေကို သူ ဘယ်ကရသလဲ’ .... ဒါပေမဲ့ ခင်ဗျာ၊ ငွေတထောင့်ငါးရာကိုပဲ တွေ့ရပြီး ကျန်တဲ့တဝက်ကို ဘယ်မှာမှ မတွေ့ရတဲ့အချက်က အဲဒီပိုက်ဆံတွေဟာ စာအိတ်ထဲက ပိုက်ဆံတွေ မဟုတ်ဘူး၊ စာအိတ်ထဲမှာ ဘယ်တုန်းကမှ ပိုက်ဆံတွေ မရှိဘူးဆိုတဲ့အချက်ကို ပြနေပါတယ်၊ အချင်းဖြစ်ပွားတဲ့ ညက တရားခံရဲ့ သွားလာလှုပ်ရှားမှု အချိန်ဇယားကို ကြိုတင်စစ်ဆေးမေးမြန်းတုန်းက သေသေချာချာ တွက်ချက်ကြည့်တဲ့အခါမှာ တရားခံဟာ အိမ်ဖော်အမျိုးသမီး နှစ်ယောက်ဆီကနေပြီး အစိုးရအမှုထမ်း ပါကိုတင်ရဲ့အိမ်ကို တန်းပြီး ပြေးသွားတယ်၊ သူ့အိမ်ကိုလည်း မဝင်ဘူး။ တခြား ဘယ်နေရာကိုမှလည်း မဝင်ဘူး၊ အဲဒီနောက်ပိုင်းမှာ သူဟာ တခြားလူတွေနဲ့အတူ အမြဲတမ်း ရှိနေခဲ့ တယ်။ အဲဒီတော့ သူဟာ ပိုက်ဆံတဝက်ကို မြို့ထဲတနေရာရာမှာ ဘယ်နည်းနဲ့မှ ဝှက်မထားနိုင်ဘူး။

"အဲဒါကြောင့်လည်းပဲ အဲဒီငွေတဝက်ကို တရားခံဟာ မိုကရိုယီအိမ်ကြီးက အကြိုအကြားတခုမှာ ဝှက်ထားရမယ်လို့ အစိုးရရှေ့နေကြီးက ယူဆခဲ့တာပဲ။ ဒါဆိုရင် ယူဒိုဗို ရဲတိုက်ကြီးက မြေအောက် တိုက်ခန်းတခုမှာ ဝှက်ထားတာကော မဖြစ်နိုင်ဘူးလား ဗူရော်လူကြီးမင်းများ ခင်ဗျား။ ဒီတွေးဆချက်က အင်မတန် စိတ်ကူးယဉ် မဆန်လွန်းဘူးလား ခင်ဗျာ၊ အဲဒီတော့ ဒီတွေးဆချက် ပျက်သွားတာနဲ့ တပြိုင်နက် လုယက်မှု စွပ်စွဲမှုကြီးတခုလုံးဟာ လေဖမ်း ဝါးတန်းချည်တာ ဖြစ်သွားနိုင်ပါတယ် ခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီငွေတဝက်ဟာ တခြားဘယ်နေရာကို ရောက်သွားနိုင်သေးသလဲ ခင်ဗျာ၊ တရားခံဟာ တခြား ဘယ်နေရာကိုမှ မသွားခဲ့ဘူးဆိုရင် အဲဒီပိုက်ဆံတွေဟာ ဘယ်လို တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဘယ်လိုလုပ်ပြီး ပျောက်သွားနိုင်ပါသလဲ။ ကျွန်တော်တို့ဟာ ဒီလိုစိတ်ကူးယဉ် ပုံပြင်မျိုးတွေနဲ့ လူတယောက်ရဲ့ဘဝကို ပျက်စီးစေရမလား ခင်ဗျာ။

"တရားခံဟာ သူ့မှာရှိတဲ့ ငွေတထောင့်ငါးရာကို ဘယ်ကရတယ်ဆိုတာ မပြောနိုင်ဘူးလို့ ပြောကြပါ လိမ့်မယ်၊ နောက်ပြီးတော့ အဲဒီညမတိုင်မီက သူ့မှာ ပိုက်ဆံတပြားမှ မရှိဘူးဆိုတာကိုလည်း လူတွေအားလုံး သိနေကြတယ်။ ဒါပေမဲ့ ဒါကို ဘယ်သူသိသလဲ၊ အဲဒီပိုက်ဆံကို သူ ဘယ်ကရသလဲ ဆိုတာကို တရားခံက ရှင်းရှင်းလင်းလင်းနဲ့ တိတိကျကျ ပြောထားပါတယ်၊ ဗူရော်လူကြီးမင်းများ ခင်ဗျာ၊ အဲဒီထွက်ဆိုချက်ထက်ပိုပြီး ယုံကြည်စရာကောင်းတဲ့ ထွက်ဆိုချက် ဘယ်မှာမှ မရှိပါဘူး၊ တရားခံရဲ့စရိုက်၊ တရားခံရဲ့ စိတ်ဓာတ်နဲ့လည်း အများကြီး လိုက်လျောပါတယ်။

"အစိုးရရှေ့နေကြီးကတော့ သူရဲ့စိတ်ကူးယဉ်ဇာတ်လမ်းကိုပဲ သဘောကျနေပါတယ်၊ စိတ်ဓာတ် ပျော့ညံ့တဲ့ လူတယောက်ဟာ သူ့ရဲ့ရည်းစားက စော်ကားမော်ကား ပေးတဲ့ ပိုက်ဆံကို လက်ခံပြီးတဲ့ နောက်ပိုင်းမှာ အဲဒီတဝက်ကိုဖယ်ပြီး အိတ်ကလေးထဲမှာ ချုပ်ထားတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ သူက ပြောပါတယ်။ တရားခံဟာ အဲဒီလို သိမ်းထားခဲ့တယ်ဆိုရင်လည်း အဲဒီအိတ်ကလေးကို တရက်ခြားဆိုသလို ဖြေပြီး တခါမှာ ငွေတရာ ထုတ်သုံးနေပြီး တလအတွင်းမှာ အားလုံး သုံးပြီးသား ဖြစ်သွားလိမ့်မယ်လို့ ဆိုပါတယ်၊ ဒီအယူအဆကို လေနံဓားထစ်ကြီးအဖြစ် ထုတ်ပြသွားတာကို လူကြီးမင်းများ မှတ်မိကြပါလိမ့်မယ်။ ကောင်းပါပြီ၊ ဒါပေမဲ့ ဒီကိစ္စကြီးတခုလုံးဟာ ဒီအတိုင်း မဖြစ်ခဲ့ပါဘူးဆိုရင် ဘယ်လိုပါလဲ၊ သူ့အနေနဲ့ တခြားလူတယောက်အကြောင်းကို စိတ်ကူးနဲ့ မှန်းကြည့်ထားတာမျိုးဆိုရင် ဘယ်နှယ့်လုပ်ပါ့မလဲ။ အဲဒါအမှန်ပါပဲ၊ သူဟာ တခြားလူတယောက် အကြောင်း တီထွင်ထားတာပါပဲ။

"နောက်တခါ တရားခံဟာ သူ့ရည်းစားဆီကရတဲ့ ငွေသုံးထောင်ကို လွှင့်ခဲ့တဲ့တလလောက်တုန်းက မိုကရိုယီရွာမှာ တညတည်းနဲ့ အကုန်

သုံးပစ်လိုက်တာကို သက်သေခံနိုင်တဲ့ သက်သေတွေ ရှိကြောင်း၊ အဲဒီအတွက် သူဟာ ငွေတဝက်ကို ခွဲထားတယ်ဆိုတာ မဖြစ်နိုင်ကြောင်း ကျွန်တော့်ကို ပြောနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီသက်သေတွေဟာ ဘယ်သူတွေလဲ။ အဲဒီသက်သေတွေရဲ့ ထွက်ဆိုချက်ဟာ ဘယ်လောက်ယုံကြည်ထိုက်တယ်ဆိုတာကို ဤရုံးတော်မှာ စောစောကပဲ လက်တွေ့ပြသွားကြ ပါပြီ။ နောက်ပြီးတော့ တခြားလူတယောက်ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ ပေါင်မုန့်တချပ်ဟာ ဘယ်တော့မဆို ပိုကြီးတယ်လို့ ထင်ရတတ်ပါတယ်။ အဲဒီတော့ အဲဒီသက်သေတွေထဲမှာ ဘယ်သက်သေ တယောက်ကမှ အဲဒီပိုက်ဆံတွေကို ရေမကြည့်ကြပါဘူး။ မျက်မှန်းနဲ့ ပြောကြတာ ပါပဲ၊ မက်ဇီမော့ဆိုရင် တရားခံလက်ထဲမှာ ငွေနှစ်သောင်း ရှိတယ်လို့ သက်သေခံခဲ့တယ် မဟုတ်ပါလား။ ဇူရော် လူကြီးမင်းများ ခင်ဗျား၊ သိတော်မူတဲ့အတိုင်းပါပဲ၊ စိတ်ပညာဟာ နှစ်ဖက်ချွန် လက်နက်တခုပဲ ဖြစ်ပါတယ်၊ အဲဒီတော့ တဖက်ထိပ်က အချွန်အကြောင်းကို ကျွန်တော် အခုတင် ပြပါရစေ၊ ဘယ်ပုံဘယ်နည်းဆိုတာ နားထောင်ကြည့်ကြပေါ့။

"လူသတ်မှု မဖြစ်ပွားမီ တလလောက်တုန်းက မစ္စဗာကော့ဆက် (ကက်ထရီးနား) စာတိုက်ကနေ ပို့ပေးဖို့ တရားခံကို ငွေသုံးထောင် ပေးခဲ့ပါတယ်၊ ဒီနေရာမှာ မေးစရာတခု ရှိပါတယ်၊ စောစောပိုင်းက ရုံးတော်မှာ ကြေညာသွားတဲ့အတိုင်း ဒီပိုက်ဆံတွေကို စော်ကား နှိမ့်ချတဲ့အနေနဲ့ တရားခံကို ပေးခဲ့တယ်ဆိုတာ တကယ်ပဲ ဟုတ်ပါသလား။ ဒီအကြောင်းကို အမျိုးသမီးကလေး ပထမအကြိမ် ထွက်ဆိုသွားချိန်ကတော့ ဒီသဘောမျိုး မဟုတ်ပါဘူး၊ ဒီသဘောမျိုး လုံးဝမဟုတ်ပါဘူး။ ဒုတိယ အကြိမ် ထွက်ဆိုသွားတဲ့ နေရာမှာတော့ ကမ္ဘောကမ္ဘာကတည်းက မျိုသိပ်ထားတဲ့ မုန်းတီးမှုတွေအရ နာနာကြည်းကြည်းနဲ့ လက်စားချေတဲ့အနေနဲ့ပြောသွားတာတွေကို ကျွန်တော်တို့ ကြားကြရပါတယ်။

"ဒီနေရာမှာလည်း အမျိုးသမီးဟာ ပထမအကြိမ် ထွက်ဆိုရာမှာ မမှန်မကန် ထွက်ဆိုသွားတယ် ဆိုတဲ့အချက်ကပဲ ဒုတိယအကြိမ် ထွက်ဆိုချက်ဟာလည်း မမှန်ကန်နိုင်ဘူးလို့ ကောက်ချက်ချနိုင် ပါတယ်။ အစိုးရရှေ့နေကြီးက အဲဒီ အချစ်ကိစ္စကို မကိုင်ချင်ဘူး၊ မကိုင်ရဲဘူး (သူ ပြောသွားတဲ့ အတိုင်း) လို့ ဆိုပါတယ်။ ထားပါတော့၊ ကျွန်တော်ကလည်း အဲဒီကိစ္စကို မကိုင်ချင်ပါဘူး။ ဒါပေမဲ့ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး သန့်ရှင်းစင်ကြယ်တဲ့၊ ဘယ်လိုမှ အငြင်းမပွားသာအောင် ယုံကြည် လေးစားဖွယ်ရာရှိတဲ့ မစ္စဗာကော့ဆက်လို အမျိုးသမီးကလေးတဦးက ဖြုန်းခနဲ ဆိုသလို သူ့ရဲ့ ပထမထွက်ဆိုချက်ကို ဆန့်ကျင်ပြီး ဒုတိယထွက်ဆိုချက်ကို ထွက်ဆိုသွားတာဟာ အေးအေး ဆေးဆေးနဲ့ မျှမျှတတ မဟုတ်ဘူးဆိုတာတော့ ကျွန်တော် မလွှဲမကင်းသာ ပြောရပါလိမ့်မယ်။ အဲဒီလို အမျိုးသမီးတယောက်က လက်စားချေတဲ့သဘောနဲ့ ပြောသွားတဲ့အခါမှာ ပုံကြီးချဲ့ပြီး ကားပြောသွားတာတွေ မဖြစ်နိုင်ဘူးလား ခင်ဗျာ။

"အမှန်ပါပဲ ခင်ဗျာ၊ အမျိုးသမီးဟာ ပုံကြီးချဲ့ပြီး ပြောသွားတာ အမှန်ပါပဲ ခင်ဗျား၊ အထူးသဖြင့် တရားခံကို ပိုက်ဆံပေးတဲ့နေရာမှာ သိက္ခာချတဲ့သဘော၊ စော်ကားမော်ကား ပြုတဲ့သဘောနဲ့ ပေးခဲ့တယ်ဆိုတာ တကယ်တော့ စကားတွေ ကားထားတာပါပဲ ခင်ဗျာ၊ အမှန်တော့ တရားခံလို ခပ်ပေါ့ပေါ့သမားတယောက်ကို ပေးတဲ့နေရာမှာ တဖက်က လက်ခံနိုင်တဲ့ အနေအထားမျိုးနဲ့ ပေးခဲ့တာပါပဲ။ အဲဒီအချိန်မှာ တရားခံက ဘာစဉ်းစားမလဲဆိုရင် သူ့မှာ သူ့အဖေဆီက ပိုက်ဆံရစရာ ရှိနေတယ်။ အဲဒီပိုက်ဆံကို မကြာခင် သူရမှာ သေချာတယ်။ အဲဒီပိုက်ဆံကို ရတဲ့အခါမှာ သူ့ကို ယုံကြည်လို့ ပို့ခိုင်းထားတဲ့ငွေကို စာတိုက်ကနေ ပို့ပေးနိုင်တယ်လို့ ပေါ့ပေါ့ကလေးပဲ သူ တွက်ထားပါတယ်။

"ဒါပေမဲ့ တရားခံဟာ ပိုက်ဆံတွေကို ရတဲ့နေ့မှာပဲ တဝက်ကို ဖယ်ထားပြီး အိတ်ကလေးထဲမှာ ချုပ်ပြီး သိမ်းထားတယ်ဆိုတဲ့ အချက်ကို အစိုးရရှေ့နေကြီးက လက်မခံပါဘူး။ ဒါဟာ သူ့ရဲ့စရိုက် မဟုတ်ဘူး၊ သူ့မှာ ဒီစိတ်ထားမျိုး မရှိဘူးလို့ အစိုးရရှေ့နေကြီးက ပြောပါတယ်။ ဒါပေမဲ့ ခင်ဗျာ၊ တရားခံမှာ ကာရာမာဇော့တွေရဲ့ အစွန်းနှစ်ဖက်ကို ကျင့်သုံးနိုင်တယ်လို့ ကျွန်တော့်ရဲ့ ပညာရှိ မိတ်ဆွေကြီးကပဲ ပြောခဲ့တယ် မဟုတ်ပါလား။ ဟုတ်ပါတယ် ခင်ဗျာ၊ ကာရာမာဇော့တွေဟာ သဘာဝနှစ်မျိုးဖြစ်ပြီး တချိန်တည်းမှာ အစွန်းနှစ်ဖက်ကို ကျင့်သုံးနိုင်ပါတယ်။ သူဟာ အပျော်အပါး လွန်ကဲပြီး ဟော့ဟော့ရမ်းရမ်းကြီး ဖြစ်နေတဲ့အချိန်မှာကိုပဲ သူ့ကိုယ်သူ ပြန်ထိန်းပြီး တဖက်ကို ကူးပြောင်းသွားနိုင်ပါတယ်။ အဲဒီ တခြားတဖက်က အချစ်ပါပဲ။ အဲဒီအချစ်သစ်ဟာ သူ့ကိုယ်မှာ အရှိန်တညီးညီး တောက်လောင်နေပါတယ်။ အဲဒီအချစ်အတွက် သူ့မှာ ပိုက်ဆံလိုပါတယ်၊ မိန်းမ တယောက်နဲ့ အပျော်ကြူးဖို့အဆင့်ထက် အများကြီး ပိုပါတယ်.... 'ညီမဟာ အစ်ကို့အတွက်ပဲ၊ အစ်ကို့အဖေနဲ့ ညီမ မယူနိုင်ဘူး' လို့ အမျိုးသမီးက ပြောလာတဲ့အခါမှာ သူဟာ အမျိုးသမီးကို ချက်ချင်းပဲ တခြားကို ခေါ်သွားရမယ်။ အဲဒီလို အမျိုးသမီးကို ခေါ်သွားဖို့အတွက်မှာ ပိုက်ဆံလိုတယ်၊ ဒါဟာ အပျော်ကြူးတဲ့သဘောထက် အများကြီး သာလွန်တယ်၊ ကာရာမာဇော့တယောက်ဟာ ဒီလိုမျိုး မဖြစ်ဘဲ နေနိုင်ပါ့မလား။ သူဟာ ဒီအကြောင်းကြောင့်ပဲ ဒါလောက် စိတ်ဆင်းရဲ ပင်ပန်းနေရတာပဲ။ အဲဒီတော့ သူလိုအပ်တဲ့အချိန်မှာ သုံးဖို့ ငွေတဝက်ကို ဖယ်ထားတယ်ဆိုတာ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။

"ဒါပေမဲ့ အချိန်တွေသာ ကုန်လာတယ်။ ဖျို့ဒါကာရာမာဇော့က တရားခံကို ငွေသုံးထောင် မပေးဘူး။ မပေးရုံတင်မကဘူး၊ သူ့အဖေဟာ အဲဒီငွေသုံးထောင်နဲ့ သူချစ်နေတဲ့ အမျိုးသမီးကို ချော့မြှူ သွေးဆောင်ဖို့ ကြိုးစားနေတဲ့အကြောင်း တရားခံရဲ့နားကို သတင်းရောက်လာတယ် ... 'ငါ့အဖေဟာ ငါ့ကို ပိုက်ဆံမပေးခဲ့ရင် ငါဟာ ကက်ထရီးနားရဲ့အမြင်မှာ သူခိုးတယောက် ဖြစ်ရတော့မယ်' ... အဲဒီလို

တရားခံက တွေးမိတယ်။ အဲဒီအခါမှာ သူဟာ မစ္စဗာကော့ဆက် (ကက်ထရီးနား) ဆီကို သွားပြီး သူ့လည်ပင်းမှာ အိတ်ကလေးနဲ့ ထည့်ထားတဲ့ ငွေတထောင့်ငါးရာကို ပေးပြီး ... 'ကိုယ်ဟာ လူယုတ်မာတယောက်ပဲ၊ ဒါပေမဲ့ သူခိုးတယောက်တော့မဟုတ်ဘူး'... လို့ ပြောဖို့ စိတ်ကူးမိလာတယ်၊ အဲဒီတော့ ဒီနေရာမှာ သူဟာ အဲဒီပိုက်ဆံတဝက်ကို ရတနာတခုလို ကာကွယ်ထိန်းသိမ်းဖို့ အိတ်ကလေးကိုဖြေပြီး တကြိမ်မှာ ရှုဗယ်တရာ ထုတ်သုံးဖို့ အကြောင်း ရှိလာပါတော့တယ်။ အဲဒီတော့ သူ့မှာ ဂုဏ်သိက္ခာမရှိဘူးလို့ ဘာဖြစ်လို့ ငြင်းချင်ကြသလဲ၊ သူ့မှာ ဂုဏ်သိက္ခာ ရှိပါတယ်။ ဒါပေမဲ့ လွဲမှားနေတဲ့ ဂုဏ်သိက္ခာမျိုးတော့ ဖြစ်နိုင်ပါတယ်။ တခါတလေမှာ မှားယွင်းတဲ့ ဂုဏ်သိက္ခာ လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ရှိနေတယ်ဆိုတာတော့ အမှန်ပဲ။ သူ့ဂုဏ်သိက္ခာကို သူ ကောင်းကောင်း ယုံကြည်တယ်။ သူ့မှာ ဂုဏ်သိက္ခာရှိကြောင်းကိုလည်း ပြသတယ်။

"ဒါပေမဲ့ ကံမကောင်း အကြောင်းမလှချင်တော့ အခြေအနေက ပိုပြီးရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာ တယ်။ သူ့ကို ညှဉ်းပန်းနှိပ်စက်နေတဲ့ မနာလိုဝန်တိုမှုက အထွတ်အထိပ်ကို ရောက်လာတယ်။ ဒီမေးခွန်းနှစ်ခုကပဲ တရားခံရဲ့ချောက်ချားလှုပ်ရှားနေတဲ့ ခေါင်းထဲမှာ နောက်သည်ထက် နောက်လာ တော့တယ်၊ 'ကက်ထရီးနားကို ပိုက်ဆံတွေ ပြန်ပေးလိုက်ရင် ဂရုရှင်ကာနဲ့ ဘယ်မှာ သွားနိုင်တော့ မလဲ' ... တကယ်လို့ သူဟာ ဒီတလအတွင်းမှာ အရူးတယောက်လို ဖြစ်နေပြီး၊ အရက်တွေ မူးပြီး အရက်ဆိုင်တွေထဲမှာ ပြဿနာ ဖြစ်ခဲ့တယ်ဆိုရင် သူဟာ သူ့ရင်ထဲမှာ ခံစားနေရတဲ့ဒဏ်ကို ဘယ်လိုမှ သည်းမခံနိုင်တော့လို့ပဲ။ ဒီမေးခွန်းနှစ်ခုဟာ အင်မတန် ပြင်းထန်လာပြီး နောက်ဆုံးမှာ သူ့ကို စိတ်ဒုက္ခရောက်စေတော့တာပဲ၊ သူဟာ သူ့ညီကို ငွေသုံးထောင်ကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေဆီကို နောက်ဆုံးအကြိမ်အဖြစ်နဲ့ လွှတ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီကရမယ့် အဖြေကို စောင့်မနေတော့ဘဲ သူဟာ သူ့အဖေရဲ့အိမ်ထဲကို အတင်းဝင်ပြီး အသိသက်သေတွေရှေ့မှာပဲ အဘိုးကြီးကို ထိုးတော့ကြိတ်တော့ တာပဲ။ အဲဒီနောက်မှာတော့ သူဟာ အဲဒီပိုက်ဆံကို ဘယ်သူ့ဆီကမှ ရနိုင်စရာ မရှိတော့ဘူး၊ သူ့အဖေကလည်း သူ အကြမ်းပတမ်း လုပ်ပြီးတဲ့နောက်ပိုင်းမှာ သူ့ကို မပေးတော့ဘူး။

"အဲဒီနေ့ညမှာပဲ သူဟာ သူ့ ရင်ဘတ်ကို သူ ထုပြီး၊ အိတ်ကလေးရှိနေတဲ့ ရင်ဘတ် အထက်ပိုင်းကို ထုပြီး သူ့မှာ လူယုတ်မာ မဖြစ်အောင် တားနိုင်တဲ့နည်းလမ်းတွေ ရှိကြောင်း၊ ဒါပေမဲ့ သူဟာ လူယုတ်မာတယောက်ပဲ ဖြစ်နေမယ့်အကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အဲဒီနည်းလမ်းကို အသုံးပြုမှာ မဟုတ်ကြောင်း၊ အဲဒီလို အသုံးပြုနိုင်ဖို့ သူ့မှာ အင်အားမရှိကြောင်း၊ ဒါမှမဟုတ် သူ့မှာ အဲဒီစရိုက်မျိုး မရှိကြောင်းကို သူ့ညီကို ကျိန်ဆိုပြီး ပြောခဲ့တယ်၊

အလက်ဇီကာရာမာဇော့ (အလျှိုရှာ) က အခုလို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ သူ့အလိုအလျောက် ထွက်ဆိုသွားတာကို၊ ဘဝင်ကျ သဘောပေါက်လောက်အောင် ထွက်ဆိုတာကို အစိုးရရှေ့နေကြီးက ဘာဖြစ်လို့ မယုံကြည်နိုင် ရတာလဲ။ သူက အဲဒီထွက်ဆိုချက်ကို မယုံကြည်ရုံတင်မကဘူး၊ အဲဒီပိုက်ဆံတွေကို အကြိုအကြား တခုမှာ ဝှက်ထားတယ်၊ ယူဒိုဖို ရဲတိုက်ကြီးမှာ ဝှက်ထားတယ်လို့ ကျွန်တော့်ကိုတောင် ယုံကြည် ခိုင်းနေပါသေးတယ်။

"အဲဒီနေ့ညမှာပဲ တရားခံဟာ သူ့ညီနဲ့တွေ့ပြီး နောက်ပိုင်းမှာ ဂြိုဟ်မွှေတဲ့ အဲဒီစာကို ရေးခဲ့ပါတယ်၊ အဲဒီစာဟာ တရားခံအနေနဲ့ လုယက်မှုကို ကျူးလွန်တယ်ဆိုတဲ့အချက်ကို အဆိုးရွားဆုံး အထောက်အထား ဖြစ်စေတော့တယ်... 'ဘယ်သူ့ဆီမှာဖြစ်ဖြစ် ကိုယ်ရအောင် တောင်းမယ်၊ ဘယ်သူ့ဆီကမှ မရရင် ကိုယ့်အဖေကို ကိုယ်သတ်ပြီး ပန်းနုရောင်ဖဲကြိုးကလေး စည်းထားတဲ့ စာအိတ်ကို မွေ့ရာအောက်က ကိုယ်ယူမယ်၊ တကယ်လို့ အိုက်ဗင် တခြားကို ထွက်သွားတယ် ဆိုရင်ပေါ့' ... လူသတ်မှုကြီးရဲ့အစီအစဉ် အပြည့်အစုံပဲလို့ ဆိုပါတယ်။ 'သူ ရေးထားတဲ့အတိုင်း အားလုံး လိုက်ဖြစ်တာပဲ' ... လို့ အစိုးရရှေ့နေကြီးက ပြောပါတယ်။

"ဒါပေမဲ့ ခင်ဗျာ၊ ပထမဆုံး ပြောရမယ့် အချက်ကတော့ ဒီစာဟာ အရက်မူးနေတဲ့ လူတယောက်က ဒေါသအိုးပေါက်ကွဲနေတဲ့အချိန်မှာ ရေးလိုက်တဲ့စာပဲ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ စာအိတ် အကြောင်းကို သူဟာ ဆမာယာကော့ရဲ့ ပြောစကားအရ ရေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ စာအိတ်ကို သူကိုယ်တိုင် မတွေ့မမြင်ဖူးပါဘူး။ နောက်ပြီး တတိယအချက်ကတော့ တရားခံဟာ ဒီစာကို တကယ်ပဲ ရေးတယ်ထားဦး၊ စာထဲမှာ ရေးထားတဲ့အတိုင်း အားလုံးဖြစ်တယ်လို့ ဘယ်လိုလုပ်ပြီး သက်သေပြမလဲ၊ တရားခံဟာ စာအိတ်ကို မွေ့ရာအောက်ကနေ တကယ် ရပါသလား၊ ပိုက်ဆံတွေကို သူ တွေ့ပါသလား၊ ပိုက်ဆံတွေဟာ တကယ်ပဲ ရှိနေပါသလား။ နောက်ပြီးတော့ ထပ်ပြောရလို့ ရှိရင် တရားခံ အဲဒီလို သွားတာဟာ ပိုက်ဆံတွေကို ယူရအောင် သွားတာ ဟုတ်ပါသလား၊ ပြန်ပြီး စဉ်းစားကြည့်ကြစမ်းပါ။

"သူ ဒေါသတကြီးနဲ့ ပြေးသွားတာဟာ ပိုက်ဆံတွေကို လုယက်ဖို့ မဟုတ်ပါဘူး၊ အဲဒီမှာ အမျိုးသမီး ရှိ မရှိကို သွားကြည့်တာပါ။ သူ့ဘဝကို ချေမှုန်းပစ်တဲ့ အမျိုးသမီး ရှိ မရှိကို သွားကြည့်တာပါ။ သူဟာ အစီအစဉ်တခုကို ဆောင်ရွက်ရအောင် ပြေးသွားတာ မဟုတ်ပါဘူး၊ စာထဲမှာ ရေးထားတဲ့ အစီအစဉ် အတိုင်း ဆောင်ရွက်ရအောင် ပြေးသွားတာ မဟုတ်ပါဘူး၊ အဲဒီအဓိပ္ပာယ်ကတော့ သူဟာ ကြိုတင် ကြံစည်ထားတဲ့ လုယက်မှုတခုကို ကျူးလွန်ဖို့ ပြေးသွားတာ မဟုတ်ပါဘူး။ အမှန်ကတော့ ဖြုန်းခနဲ ဖြစ်ပေါ်လာတဲ့ မနာလို ဝန်တိုမှု

မစ္ဆရိယစိတ်ကြောင့် ဖြစ်ရတာပါပဲ။

"ဟုတ်ပါတယ် ခင်ဗျာ၊ သူဟာ အဲဒီကို ရောက်သွားပြီး သူ့အဖေကို သတ်ပြီး ပိုက်ဆံတွေကို ယူသွားတယ်လို့ ပြောကြပါတယ်၊ ဒါပေမဲ့ အဘိုးကြီးကို သူ တကယ်ပဲ သတ်ပါသလား၊ လုယက်မှု စွပ်စွဲချက်များကို ကျွန်တော် ပြင်းပြင်းထန်ထန် ငြင်းပယ်ပါတယ်။ လူတယောက်ဟာ သူ ဘာကို လုယူတယ်ဆိုတာကို တိတိကျကျ မပြောနိုင်ဘဲနဲ့ သူ့ကို လုယက်မှုနဲ့ မစွပ်စွဲနိုင်ပါဘူး၊ ဒါဟာ အမှန်တရားပါပဲ။

"ဒါဖြင့်ရင် သူဟာ လူသတ်မှုကိုရော ကျူးလွန်ပါသလား၊ လုယက်မှုမပါတဲ့ လူသတ်မှုကို ကျူးလွန်ပါ သလား၊ အဲဒီအချက်ကို သက်သေပြနိုင်ပါသလား၊ ဒါမှမဟုတ် ဒီစွပ်စွဲချက်ဟာလည်း စိတ်ကူးယဉ် ဇာတ်လမ်း တပုဒ်ပဲလား ....။

၁၂။ ထို့အတူ လူသတ်မှုလည်း မရှိ

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ လူတယောက်ရဲ့ သေရေးရှင်ရေး ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ အထူးဂရုစိုက်ပြီး ဆောင်ရွက်သင့်ကြပါတယ်။ တရားခံဟာ ဒီအမှုကြီးကို ကြိုတင်ကြံစည်ပြီး ကျူးလွန်တယ်လို့ စွပ်စွဲဖို့ရာကို ကနေ့မနက်ပိုင်းအထိ ဝန်လေးနေခဲ့တယ်လို့ အစိုးရ ရှေ့နေကြီးက ဝန်ခံသွားတာကို ကျွန်တော်တို့ ကြားလိုက်ကြရပါတယ်၊ ကနေ့ ရုံးတော်မှာ တင်ပြသွားတဲ့ သေရေးရှင်ရေး စာကို မြင်ရတဲ့အချိန်အထိ သူဟာ ဝန်လေးနေခဲ့တယ်လို့ ဆိုပါတယ် ... 'စာထဲမှာ ရေးထားတဲ့အတိုင်း အားလုံးဖြစ်တာပဲ' တဲ့။

"ဒါပေမဲ့ ခင်ဗျာ၊ ဒီနေရာမှာ ကျွန်တော် ထပ်ပြီး ပြောပါရစေ၊ တရားခံဟာ အမျိုးသမီးဆီကို တွေ့ရအောင် ပြေးသွားတာ ဖြစ်ပါတယ်၊ အမျိုးသမီး ဘယ်မှာရှိတယ်ဆိုတာကို သိရရုံအတွက်ပဲ ဖြစ်ပါတယ် ခင်ဗျာ။ ဒီအချက်ဟာ ဘယ်လိုမှ မငြင်းနိုင်တဲ့ အချက်ပဲ ဖြစ်ပါတယ်၊ တကယ်လို့သာ အမျိုးသမီးဟာ အိမ်မှာ ရှိနေခဲ့ရင် သူ ဘယ်ကိုမှ ဆက်ပြီး သွားတော့မှာ မဟုတ်ပါဘူး။ အမျိုးသမီးနဲ့အတူ အိမ်မှာပဲ နေမှာဖြစ်ပါတယ်၊ သူ့စာထဲမှာ ရေးထားတဲ့အတိုင်း သူ လုပ်မှာ မဟုတ်ပါဘူး၊ သူဟာ မမျှော်လင့်ဘဲနဲ့ အမှတ်မထင် ပြေးသွားတာပဲ ဖြစ်ပါတယ်၊ အဲဒီအချိန်က သူဟာ အရက်မူးပြီး ရေးထားခဲ့တဲ့စာကို သတိတောင် ရမှာ မဟုတ်ပါဘူး။

"အစိုးရရှေ့နေကြီးက 'ကြေးကျည်ပွေ့ကို သူ ယူသွားတယ်' လို့ ထောက်ပြပါတယ်။ ဒီကြေးကျည်ပွေ့ အပေါ်မှာ စိတ်ပညာနည်းအရ ဘယ်လောက်အကျယ်ချဲ့ပြီး ပြောသွားတယ် ဆိုတာကို လူကြီးမင်း များ မှတ်မိကြပါလိမ့်မယ်။ ကြေးကျည်ပွေ့ကို လက်နက်တခုအဖြစ် တရားခံက ဘယ်လိုယူဆပုံ၊ ဘယ်လိုယူဆောင်သွားပုံ စသည် .. စသည်ပေါ့။ ဒီနေရာမှာ

ကျွန်တော့်အနေနဲ့ အင်မတန် ရိုးစင်းတဲ့ အချက်တခုကို စဉ်းစားမိပါတယ်၊ တကယ်လို့သာ ဒီကျည်ပွေ့ကလေးဟာ လူအများမြင်သာတဲ့ နေရာမှာ ရှိမနေခဲ့ရင်၊ တရားခံ ဆွဲယူသွားတဲ့ စင်ပေါ်မှာ ရှိမနေခဲ့ရင်၊ ကြောင်အိမ်ထဲမှာ ရောက်နေခဲ့ရင် ဘာဖြစ်မလဲ။ တရားခံဟာ ဒီ ကျည်ပွေ့ကလေးကို ဘယ်နည်းနဲ့မှ မတွေ့တော့ဘဲ၊ သူဟာ လက်နက်မပါဘဲ လက်ချည်းသက်သက် ပြေးသွားပါလိမ့်မယ်။ အဲဒါဆိုရင် သူဟာ ဘယ်သူ့ကိုမှ သတ်ဖြစ်တော့မှာ မဟုတ်ပါဘူး၊ အဲဒါဆိုရင် ကျွန်တော်တို့ဟာ ကြိုတင်ကြံစည်မှုလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်တော့မလဲ။ တရားခံဟာ သူ့အဖေကို သတ်ဖို့ ဒီကျည်ပွေ့ကလေးကို ယူသွားတယ်လို့ ဘယ်လိုလုပ်ပြီး စွပ်စွဲနိုင်ပါတော့မလဲ။

"မှန်ပါတယ် ခင်ဗျာ၊ သူဟာ သူ့အဖေကို သတ်မယ်လို့ အရက်ဆိုင်ထဲမှာ အရင်တုန်းက ကြုံးဝါးခဲ့ ပါတယ်၊ ဒါပေမဲ့ အချင်းမဖြစ်ပွားမီ နှစ်ရက်အလို သေမင်းတမန်စာကို ရေးခဲ့တဲ့ ညနေမှာတော့ သူဟာ 'ရန်မဖြစ်ရရင် မနေနိုင်တဲ့ ကာရာမာဇော့တယောက်မို့' အရောင်းစာရေးတယောက်နဲ့ ရန်ဖြစ်ခဲ့တာကလွဲလို့ ငြိမ်ပြီး တိတ်နေခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ သူ အခုလို ငြိမ်ပြီးနေတာဟာ တကယ်သာ သူဟာ လူသတ်မှုတခု ကျူးလွန်ဖို့ ကြံစည်နေတာဆိုရင်၊ သူ့ရဲ့စီမံချက်အတိုင်း သူ့ရဲ့စာထဲမှာ ရေးထားတဲ့အတိုင်း ငြိမ်နေတာဆိုရင် သူဟာ အဲဒီညက အဲဒီအရောင်းစာရေးနဲ့လည်း ရန်မဖြစ်ရပါဘူး။ ဒါတွင် မကသေးဘူး၊ သူဟာ အရက်ဆိုင်ကိုတောင် မသွားရဘူး၊ ဒီလိုအကြံကြီးမျိုးကို ကြံနေတဲ့ လူတယောက်ဟာ ငြိမ်ပြီး လျှိုနေရမယ်။ တနေရာမှာ ခိုနေရမယ်၊ ဘယ်သူနဲ့မှ မတွေ့ရအောင် ဘယ်သူနဲ့မှ ဘာစကားမှ မပြောရအောင် ရှောင်နေရမယ်။ ဒါဟာ သူ့အနေနဲ့ ဘာမှ စဉ်းစားတွက်ချက်နေစရာ မလိုဘူး၊ စိတ်ထဲမှာ အလိုလို သိနေရမယ့် အချက်ပဲ။

"ဒူရော်လူကြီးမင်းများ ခင်ဗျား၊ စိတ်ပညာဆိုတာ နှစ်ဖက်ချွန် လက်နက်တခုပဲ ဖြစ်ပါတယ်၊ နောက်ပြီးတော့ အဲဒီလက်နက်ကို ကျွန်တော်တို့လည်း အသုံးပြုနိုင်ပါတယ်၊ တလလုံးလုံး အရက်ဆိုင်တွေထဲမှာ သူ ကြုံးဝါးခဲ့တဲ့ကိစ္စကို ပြောရရင် အရက်မူးသမားတွေနဲ့ ကလေးတွေ ရန်ဖြစ်ကြတဲ့အခါမှာ 'မင်းကို ငါသတ်မယ်၊ မင်းကို ငါသတ်မယ်' လို့ ပြောကြတာကို ကျွန်တော်တို့ ခဏခဏ ကြားနေကြရတယ် မဟုတ်လား။ ဒါပေမဲ့ သူတို့ တကယ်ပဲ သတ်ကြပါသလား။ နောက်ပြီးတော့ ဂြိုဟ်မွှေတဲ့ စာကိစ္စကတော့ ဒီစာဟာလည်း အရက်မူးမူးနဲ့ ဒေါသဖြစ်ပြီး ရေးလိုက်တဲ့စာမျိုးပဲ မဟုတ်ပါလား။ အရက်ဆိုင်ထဲကနေ အရက်မူးပြီး ထွက်လာတဲ့လူတယောက် ကနေ 'မင်းတို့ကို ငါသတ်မယ်၊ မင်းတို့အားလုံးကို ငါသတ်မယ်' လို့ အော်ဟစ်တာမျိုးပဲ မဟုတ်ပါလား။

"ဒီအမှုမှာလည်း ဒီသဘောမျိုးပဲ မဟုတ်လား၊ ဒီစာကို ဘာဖြစ်လို့

ဒါလောက်တောင် ရေးကြီးခွင်ကျယ် လုပ်နေကြရတာလဲ။ တကယ်တော့ ဒီစာဟာ ရယ်စရာကြီးပဲ မဟုတ်ပါလား၊ ရေးကြီးခွင်ကျယ် လုပ်နေရတဲ့အကြောင်းကတော့ သူ့အဖေဟာ အသတ်ခံရတယ်၊ သူ့ကို ခြံဝင်းထဲမှာ မြင်လိုက်တဲ့ သက်သေတယောက် ရှိတယ်၊ သူ့လက်ထဲမှာ လက်နက်တခုကို ကိုင်ပြီး ပြေးသွားနေတယ်၊ သက်သေဟာ အဲဒီလက်နက်နဲ့ပဲ အရိုက်ခံရတယ်၊ အဲဒီတော့ အားလုံးဟာ စာထဲမှာ ပါတဲ့အတိုင်း ဖြစ်နေတယ်၊ အဲဒီတော့ ဒီစာဟာ ရယ်စရာ မဟုတ်တော့ဘဲ ရေးကြီးခွင်ကျယ် ဖြစ်နေတော့တယ်။

"ဒီမှာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် အရေးကြီးတဲ့ အချက်တချက်ကို ကျွန်တော်တို့ တွေ့ရှိကြရပါတယ်.... 'သူဟာ ခြံထဲမှာ ရောက်နေတယ်ဆိုရင် သူ့အဖေကို သတ်တာ သူပဲဖြစ်ရမယ်' ဒီတော့ သူရောက်နေတယ်ဆိုရင် သူ သတ်တာပဲ ဖြစ်ရမယ်ဆိုတဲ့ စကားနှစ်လုံးအပေါ်မှာ စွပ်စွဲချက်ကြီးတခုလုံး ဖြစ်ပေါ်လာရတော့တာပဲ ... 'သူရောက်နေတယ်။ ဒါကြောင့် သူသတ်တယ်' ဒီနေရာမှာ သူ ရောက်နေတယ်၊ ဒါပေမဲ့ သူ မသတ်ဘူး ဆိုတာရော မဖြစ်နိုင်ဘူးလား၊ အထောက်အထား ကွင်းဆက်တွေနဲ့ တိုက်ဆိုင်မှုတွေအားလုံးက စောစောကသဘောကို တကယ်ပဲ ပြောဆိုနေကြတယ်ဆိုတာကို ကျွန်တော် ဝန်ခံပါတယ်။

"ဒါပေမဲ့ အဲဒီအထောက်အထားတွေကို အကုန်လုံး ပေါင်းပြီး မကြည့်ဘဲနဲ့ တခုချင်း ခွဲပြီး ကြည့်ကြစမ်းပါ။ ဥပမာ... သူ့အဖေရဲ့ပြတင်းပေါက်နားကနေ သူ လှည့်ပြီး ထွက်ပြေးသွားတယ်ဆိုတဲ့ တရားခံရဲ့ ထွက်ဆိုချက်ကို အစိုးရရှေ့နေကြီးက ဘာဖြစ်လို့ လက်မခံရတာလဲ။ တရားခံရဲ့စိတ်ထဲမှာ ဖြုန်းခနဲ ဖြစ်ပေါ်လာတဲ့ ကြည်ညိုလေးစားမှုနဲ့ ရိုသေကိုင်းရှိုင်းမှုကြောင့်လို့ အစိုးရရှေ့နေကြီးက ခပ်ငေါ့ငေါ့ကလေး ပြောသွားတာကို လူကြီးမင်းများ မှတ်မိကြပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျား .... တကယ်ကော အဲဒီသဘောမျိုး မဖြစ်နိုင်ဘူးလား၊ ကြည်ညိုလေးစားမှုကြောင့် မဟုတ်တောင် ဘာသာတရား အစဉ်အလာ ရိုသေကိုင်းရှိုင်းမှုကလေးကြောင့် မဖြစ်နိုင်ဘူးလား 'ကျွန်တော့်အဖေဟာ အဲဒီအချိန်မှာ ကျွန်တော့်အတွက် ဆုတောင်းမေတ္တာ ပို့သနေလိမ့်မယ်' လို့ တရားခံက ပဏာမ စုံစမ်းစစ်ဆေးမေးမြန်းစဉ်က ပြောသွားပါတယ်။

"အဲဒါကြောင့် သူဟာ အိမ်ထဲမှာ မစ္စဆဗက်လော့ (ဂရုရှင်ကာ) မရှိဘူးဆိုတာကို သိတာနဲ့ တပြိုင်နက် အမြန်ဆုံး ထွက်ပြေးသွားတာပဲ... 'ဒါပေမဲ့ သူဟာ မစ္စဆဗက်လော့ ရှိ မရှိကို ပြတင်းပေါက်ကနေ ကြည့်ရုံနဲ့ မသိနိုင်ပါဘူး' လို့ အစိုးရရှေ့နေကြီးက ပြောသွားတယ်။ ဘာဖြစ်လို့ မသိနိုင်ရမှာလဲ ခင်ဗျာ။ ပြတင်းပေါက်ကို ဖွင့်ထားတာကိုက တရားခံက ပေးလိုက်တဲ့ အချက်ပေး စနစ်ကြောင့် ဖွင့်တာပဲ။ ဖျိုဒါကာရာမာဇော့က ပြတင်းပေါက်ကို ဖွင့်ရင်း တခုခုကို

ပြောလိုက်တယ်၊ တခုခုကို ပါးစပ်က ရေရွတ်လိုက်လိမ့်မယ်။ အဲဒီအတွက် မစ္စဆဗက်လေ့ အိမ်ထဲမှာ မရှိဘူးဆိုတာကို တရားခံ တခါတည်း သိသွားလိမ့်မယ်၊ ကျွန်တော်တို့ဟာ ဘာဖြစ်လို့ စိတ်ထဲမှာ ထင်ရာမြင်ရာတွေ စိတ်ကူးနေပြီး အဲဒီစိတ်ကူးတွေကို ယုံကြည်နေကြရတာလဲ၊ တကယ့်လောကကြီးမှာ ထောင်ပေါင်း များစွာသော အခြင်းအရာတွေဟာ အင်မတန် ကောင်းမွန်တဲ့ အထင်အမြင်တွေနဲ့ တခြားစီ ဖြစ်နေကြပါတယ်။

"'တံခါးကြီး ပွင့်နေတာကို ဂရိုဂိုရီတွေ့ရတယ်၊ အဲဒါကြောင့် တရားခံဟာ အိမ်ထဲမှာ ရောက်နေရမယ်၊ အဲဒါကြောင့် သူ့အဖေကို သူသတ်တာ ဖြစ်ရမယ်' ဇူရော်လူကြီးမင်းများ ခင်ဗျား၊ အခုတခါ တံခါးအကြောင်းကို ပြောကြရပါဦးမယ်။ အဲဒီတံခါးကြီး ပွင့်နေတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့မှာ သက်သေတယောက်ပဲ ရှိတယ်ဆိုတာကို လူကြီးမင်းများ သိပြီးဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီအချိန်မှာ အဲဒီသက်သေရဲ့အခြေအနေကလည်း... ဒါပေမဲ့ တံခါးကြီး ပွင့်နေတယ်လို့ပဲ ထားလိုက်ကြပါစို့။ တရားခံဟာ အိမ်ထဲကို ဝင်သွားပြီး အိမ်ထဲမှာ ရောက်နေတယ်ပဲ ထားလိုက်ကြ ပါစို့၊ အဲဒီလို ရောက်နေတော့ကော ဘာဖြစ်သလဲ။

"သူဟာ အိမ်ထဲမှာ ရောက်နေတဲ့အတွက် သူ့အဖေကို သူသတ်တာလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ။ အိမ်ထဲကို သူ ပြေးဝင်သွားတယ်၊ အခန်းတွေထဲကို ဖြတ်သွားမယ်၊ သူ့အဖေကို တွန်းဖယ်ပြီး ပစ်လိုက်မယ်၊ ထိုးလား ကြိတ်လားလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ အိမ်ထဲမှာ မစ္စဆဗက်လေ့ မရှိဘူးဆိုတာ သေချာတာနဲ့ သူ ပြေးထွက်သွားမယ်၊ အမျိုးသမီး ရှိမနေတဲ့အတွက် သူ အများကြီး ဝမ်းသာသွားမယ်။ သူ့အဖေကို ကာယကံမြောက် မသတ်မိတဲ့အတွက် သူ အများကြီး ဝမ်းသာသွား တယ်၊ အဲဒီအတွက်ပဲ သူဟာ ကယောင်ချောက်ချား ဖြစ်နေတုန်း ကျည်ပွေ့နဲ့ ရိုက်ချလိုက်မိတဲ့ ဂရိုဂိုရီကို ကြည့်ရှုပြုစုဖို့ ခြံစည်းရိုးပေါ်ကနေ ပြန်ပြီး ခုန်ဆင်းခဲ့တာပဲ၊ ဘာဖြစ်လို့လဲဆိုရင် သူ့လိပ်ပြာဟာ သန့်နေလို့ပဲ၊ သူ့မှာ သနားကြင်နာစိတ်နဲ့ ကရုဏာတရားတွေ ရှိနေလို့ပဲ။ သူ့အဖေကို သတ်ချင်တဲ့စိတ်တွေက ကင်းလွတ်ခဲ့ရလို့ပဲ၊ သူ့အဖေကို ကာယကံမြောက် မသတ်ဖြစ်မိတဲ့အတွက် သူ့ရဲ့စိတ်တွေ သန့်ပြီး ပျော်ရွှင်ချမ်းသာနေလို့ပဲ။

"တရားခံဟာ သူ့အဖေကို သတ်ပြီးတဲ့အချိန်မှာ၊ အဲဒီပြစ်မှုအတွက် ပြစ်ဒဏ်ကို ခံရတော့မယ့်အချိန် မှာ၊ သူ့အဖို့ ဘယ်နည်းနဲ့မှ အချစ်ကိစ္စဆိုတာတွေ မရှိနိုင်တော့တဲ့ အချိန်မှာ၊ သူ့ဘဝမှာ အချစ်ဆိုတာ အသစ်တဖန် ပြန်လည်မွေးဖွားလာပြီး သူ့ကို ဘဝသစ်တခုက ဖိတ်ခေါ်နေတဲ့အချိန်မှာ တရားခံရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာနေတဲ့ စိတ်အခြေအနေတွေကို အစိုးရရှေ့နေကြီးက ကျွန်တော်တို့ကို အလွန့်အလွန်ကြီးကို အာဝဇ္ဇန်းကောင်းကောင်းနဲ့ ပြောသွားပါတယ်။ ဒါပေမဲ့ အစိုးရရှေ့နေကြီးက တရားခံကို ချစ်နိုင်တဲ့

အနေအထားတွေ ဖန်တီးပေးခဲ့တယ်၊ သူ့ရဲ့စိတ်ပညာနည်းလမ်းတွေအရပဲပေါ့။ တရားခံရဲ့အရက်မူးနေတဲ့ အခြေအနေ၊ ရာဇဝတ်သားတယောက်ကို ကြိုးစင်ပေါ် ခေါ်သွားပုံ၊ အချိန်တွေ အများကြီး ရှိသေးတယ်၊ အများကြီးရှိသေးတယ် စသဖြင့်ပေါ့ …။

“ဒါပေမဲ့ ခင်ဗျာ၊ ဒီနေရာမှာ အစိုးရရှေ့နေကြီးကို ကျွန်တော် တခု မေးပါရစေ၊ လူကြီးမင်းအနေနဲ့ မတူခြားနားတဲ့ လူတယောက်ကို ဖန်တီးလိုက်ပြန်ရာ ကျမနေပေဘူးလား။ တရားခံဟာ ချစ်ခြင်း မေတ္တာတွေ ဝေဆာနေတဲ့ အချိန်မှာ သူ့အပြစ်ဒဏ်က လွတ်ကင်းအောင် (တကယ်ပဲ သူဟာ သူ့အဖေကို သတ်ခဲ့တယ်ဆိုရင်ပေါ့) ဉာဏ်နီဉာဏ်နက်တွေ ထုတ်နိုင်အောင် ဒါလောက်ပဲ ကြမ်းတမ်း ရိုင်းစိုင်းပြီး နှလုံးသား ကင်းမဲ့နေသလား၊ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ သူဟာ တကယ်ပဲ သူ့အဖေကို သတ်ခဲ့ပြီး အဲဒီအမှုကြီးက သူရဲ့စိတ်အာရုံမှာ စွဲကပ်နေခဲ့လို့ရှိရင်၊ အဲဒီအချိန်မှာ အမျိုးသမီးက သူ့ကို အမှန်တကယ်မေတ္တာရှိနေတယ်ဆိုတာကို သိရရင်၊ အမျိုးသမီးက သူနဲ့ တခြားကို သွားဖို့ ခေါ်နေရင်၊ ပျော်ရွှင်ချမ်းမြေ့တဲ့ အနာဂတ်ကာလကို တွေ့နေရလို့ရှိရင် သူ့ကိုယ်သူ သတ်သေချင်တဲ့စိတ်တွေဟာ နှစ်ဆ သုံးဆ တိုးပေးရမှာ အမှန်ပဲ။ သူ့ကိုယ်သူ သတ်သေမှာ အမှန်ပဲ ဖြစ်ပါတယ်ခင်ဗျာ။ သူ့ရဲ့ပစ္စတိုသေနတ်တွေကို သူ ဘယ်နည်းနဲ့မှ မေ့မှာ မဟုတ်ပါဘူး ခင်ဗျာ။ တရားခံရဲ့အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်၊ တရားခံဟာ အင်မတန် ရိုင်းစိုင်းပြီး အသည်းနှလုံး မာကျောတယ်လို့ အစိုးရရှေ့နေကြီးက ပြောသွားတာဟာ တရားခံရဲ့စရိုက်နဲ့ နည်းနည်းမှ မညီညွတ်ပါဘူး ခင်ဗျာ၊ သူ့အဖေရဲ့ သွေးတွေဟာ သူ့မှာ စွန်းနေရင် သူ့ကိုယ်သူ သတ်သေမှာ အမှန်ပါပဲ၊ အဲဒါ ကျိန်းသေပါတယ်။ သူ့ကိုယ်သူ သတ်မသေတဲ့အကြောင်း ကတော့ ‘သူ့အမေက သူ့အတွက် ဆုတောင်းမေတ္တာ ပို့သနေတဲ့အတွက်’ သူ့အဖေကို သတ်မယ့် ဒုစရိုက်မှုကြီးက လွတ်ကင်းခဲ့ပြီး အပြစ်ကင်းစင်နေတဲ့အတွက်ပါပဲ။ အဲဒီညက မိုကရိုယီမှာ သူ့စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်ရတာကတော့၊ စိတ်မကောင်းဖြစ်နေရတာကတော့ ဂရီဂိုရီကို သူ ရိုက်မိခဲ့တဲ့အတွက်ပါပဲ။ တရားခံဟာ ဂရီဂိုရီ သက်သာစေဖို့အတွက် ဘုရားသခင်ဆီမှာ ဆုတောင်းနေပါတယ်။ သူ့ရဲ့ရိုက်နှက်မှုကလည်း သေလောက်အောင် မပြင်းထန်တဲ့အတွက် ဖြစ်တယ်။ ဒါမှ သူဟာ ဒီပြစ်မှုအတွက် ပြစ်ဒဏ် မခံစားရမှာ ဖြစ်တယ်။ အခုလို အကျိုးအကြောင်း ရှင်းပြချက်တွေကို ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ၊ တရားခံ လိမ်လည်ပြောဆိုနေတယ်လို့ သက်သေပြနိုင်တဲ့အချက် တွေ ကျွန်တော်တို့မှာ ဘာများ ခိုင်ခိုင်လုံလုံ ရှိပါသလဲ။

“ဒီနေရာမှာ ကျွန်တော်တို့ ပြောစရာတခု ရှိလာပြန်တယ် … ‘သူ့အဖေရဲ့ အလောင်းကြီး ရှိနေတယ်၊ သူ မသတ်ဘဲ ထွက်ပြေးသွားတယ်ဆိုရင် သူ့အဖေကို

ဘယ်သူ သတ်သလဲ’ ဒီစွပ်စွဲချက်ကြီးရဲ့ အဓိက ကောက်ချက်ပဲ ဖြစ်ပါတယ်၊ သူ့နေရာမှာ တခြား ဘယ်သူ့ကိုမှ အစားထိုးစရာ မရှိဘူး။

“ဗိုလ်ရောင်လူကြီးမင်းများ ခင်ဗျား၊ တကယ်ပဲ အဲဒီအတိုင်း ဖြစ်နေပါသလား၊ သူ့နေရာမှာ တကယ်ပဲ ဘယ်သူ့ကိုမှ အစားထိုးစရာ မရှိတော့ဘူးလား။ အဲဒီညက အဲဒီအိမ်မှာ ရှိနေတဲ့ လူတွေရဲ့စာရင်းကို အစိုးရရှေ့နေကြီးက လက်ချိုးပြီး ရေတွက်ပြသွားပါတယ်၊ အားလုံးပေါင်း ငါးယောက်ရှိပါတယ်။ အဲဒီအထဲက သုံးယောက်ဟာ တရားခံမဖြစ်နိုင်ဘူးဆိုတာကို ကျွန်တော် သဘောတူပါတယ်။ အသတ်ခံရတဲ့သူရယ်၊ အဘိုးကြီး ဂရီဂိုရီရယ်၊ ဂရီဂိုရီရဲ့မိန်းမရယ်ပေါ့။ အဲဒီတော့ တရားခံနဲ့ ဆမာယာကော့ပဲ ကျန်ပါတယ်။ အဲဒီနေရာမှာ တရားခံက ဆမာယာကော့ကို လက်ညှိုးထိုးတဲ့ အကြောင်း အစိုးရရှေ့နေကြီးက စိတ်ဝင်စားဖွယ်ရာ ကောင်းလောက်အောင်ကို ပြောဆိုသွားပါ တယ်။ တရားခံဟာ တခြားဘယ်သူ့ကိုမှ လက်ညှိုးထိုးစရာ မရှိတဲ့အတွက် ဆမာယာကော့ကို လက်ညှိုးထိုးရတယ်လို့ ဆိုပါတယ်။ တကယ်လို့ ဆဋ္ဌမမြောက် လူတယောက်လောက်သာ ရှိခဲ့ရင်၊ နောက်ဆုံးကုန်ကုန်ပြောရရင် ဆဋ္ဌမမြောက် လူတယောက်ရဲ့အရိပ်အယောင်လောက်ပဲ ရှိခဲ့ရင် တရားခံဟာ အဲဒီလူကို လက်ညှိုးထိုးမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆမာယာကော့ကို လက်ညှိုးထိုးရတာ အင်မတန် ရှက်စရာကောင်းတဲ့အတွက်ပဲလို့ ပြောပါတယ်။

“ဒါပေမဲ့ ခင်ဗျာ... ဗိုလ်ရောင်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ အစိုးရရှေ့နေကြီးနဲ့ လုံးဝ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကောက်ချက်တခုကို မထုတ်ယူနိုင်ဘူးလား ခင်ဗျာ။ စဉ်းစားစရာ လူနှစ်ယောက် ရှိနေတယ်၊ တရားခံနဲ့ ဆမာယာကော့။ အစိုးရ ရှေ့နေကြီးအနေနဲ့ တရားခံကို စွပ်စွဲတာဟာ တခြားလူတယောက်ကို စွပ်စွဲစရာ မရှိလို့ပဲလို့ ကျွန်တော် မပြောနိုင်ဘူးလား၊ တခြား ဘယ်သူမှမရှိဘူးဆိုတဲ့ သဘောက အစိုးရရှေ့နေကြီးအနေနဲ့ ဆမာယာကော့ ဘယ်နည်းနဲ့မှ တရားခံ မဖြစ်နိုင်ဘူးလို့ ကြိုတင်ယူဆထားတဲ့အတွက်ပဲ မဟုတ်ပါလား ခင်ဗျာ။

“ဆမာယာကော့မှာ အပြစ်ရှိတယ်လို့ လက်ညှိုးထိုးတဲ့လူတွေဟာ တရားခံရယ်၊ သူ့ညီ နှစ်ယောက် ရယ်၊ နောက်ပြီးတော့ မစ္စဆဗက်လော့ (ဂရုရှင်ကာ) ရယ်ပဲ ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီသဘောမျိုး ယူဆနေတဲ့ တခြားလူတွေလည်း အများကြီးရှိပါတယ်၊ သူတို့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာမျိုးတွေ၊ သူတို့စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာတွေ၊ သံသယ ဖြစ်နေတာမျိုးတွေပေါ့။ လူတွေကြားထဲမှာ တိုးတိုးတိုးတိုး ပြောနေကြတဲ့ အထောက်အထားတွေပဲပေါ့၊ ဒါထက်ပိုပြီး ပြောရရင်တော့ ကျွန်တော်တို့မှာ အချက်အလက် တခုနဲ့ တခု ဆက်စပ်ကြည့်လိုက်တဲ့အခါမှာ ထွက်ပေါ်လာတဲ့ အထောက်အထားတွေ

ရှိနေပါတယ်၊ ဒါပေမဲ့ အခိုင်အလုံ အတိအကျကြီးတော့လည်း မဟုတ်ဘူး ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။

“ပထမဆုံးက ဘာလဲဆိုတော့ လူသတ်မှု ဖြစ်ပွားမယ့်နေ့မှာ ဝက်ရူးပြန်တဲ့ကိစ္စပဲ၊ အဲဒီလို ဝက်ရူးပြန်တဲ့ကိစ္စမှန်ကန်တဲ့အကြောင်း၊ အကျိုးအကြောင်း ညီညွတ်တဲ့အကြောင်း အစိုးရရှေ့နေကြီး ကတော့ ပြောသွားပါတယ်။ နောက်တခုကတော့ အမှုကြီးကို ရုံးတော်က မစစ်ဆေးမီ တရက် အလိုမှာ ဆမာယာကော့ ဖြုန်းဖြုန်းဖြင်းဖြင်းကြီး သူ့ကိုယ်သူ သတ်သေသွားတာပဲ။ နောက်ပြီးတော့ တခါ စောစောက အဖြစ်အပျက်တွေလိုပဲ အံ့သြစရာကောင်းတဲ့ အချက်တခုကတော့ တရားခံရဲ့ညီ အကြီးက ရုံးတော်မှာ ကနေ့ ငွေသုံးထောင်ကို တင်ပြပြီး လူသတ်သမားဟာ ဆမာယာကော့ပဲလို့ ထွက်ဆိုသွားတဲ့ ကိစ္စပါပဲ။

“မှန်ပါတယ် ခင်ဗျာ၊ အိုက်ဗင်ကာရာမာဇော့ဟာ စိတ်ကယောက်ကယက်ဖြစ်နေပြီး သူ့စိတ်တွေ မမှန်မကန်ဖြစ်နေတဲ့အချိန်မှာ သူ့အစ်ကိုကို ကယ်တင်ဖို့ရာအတွက် အကြံကုန် ဂဠုန်ဆားချက်တဲ့ အနေနဲ့ သေသွားတဲ့လူအပေါ်မှာ အပြစ်တွေ ပုံချတာပဲလို့ ရုံးတော်က ယူဆသလို ကျွန်တော်လည်း ယူဆမိပါတယ်။ ဒါပေမဲ့ ခင်ဗျာ... ဒီနေရာမှာလည်း ဆမာယာကော့ရဲ့နာမည်ဟာ ပါလာပြီး မရှင်းမလင်းနဲ့ လျှို့ဝှက်တဲ့သဘောတွေ ရှိနေပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ မဖြေရှင်းနိုင် သေးတဲ့ အချက်တခု၊ မပြည့်စုံသေးတဲ့ အချက်တခု ရှိနေတယ်လို့ ယူဆစရာ ဖြစ်နေပါတယ်။ ဒါပေမဲ့ တနေ့ကျရင်တော့ ဖြေရှင်းနိုင်လိမ့်မယ်လို့၊ ပြီးပြည့်စုံသွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ ဒီအကြောင်းကို ဒါလောက်နဲ့ပဲ ရပ်ထားပါဦးမယ်၊ နောက်မှပဲ ဆက်ပြောပါ့မယ်။

“အမှုကို ရှေ့ဆက်ပြီး ကြားနာစစ်ဆေးသွားဖို့ ရုံးတော်က အဆုံးအဖြတ် ပြုထားပါတယ်။ ဒါပေမဲ့ ခင်ဗျာ၊ အခုလောလောဆယ်မှာတော့ အစိုးရရှေ့နေကြီးက ပညာစွမ်း အပြည့်အစုံနဲ့ ခက်ခဲနက်နဲစွာ ခွဲခြမ်းစိတ်ဖြာသွားတဲ့ ဆမာယာကော့ရဲ့ စရိုက်လက္ခဏာအကြောင်းကို ကျွန်တော် စကား အနည်းငယ် ပြောချင်ပါတယ်။ ဒါပေမဲ့ ခင်ဗျာ ... အစိုးရရှေ့နေကြီးရဲ့ ပညာစွမ်းကို ချီးကျူးရတာနဲ့ တပြိုင်တည်းမှာပဲ သူ ခွဲခြမ်းစိတ်ဖြာသွားတဲ့ ဆမာယာကော့ရဲ့ စရိုက်လက္ခဏာအချို့ကို ကျွန်တော် သဘောမတူဘူးဆိုတာ ပြောပါရစေ။

“ဆမာယာကော့ဆီကို ကျွန်တော်သွားခဲ့ပါတယ်။ ကျွန်တော် သူနဲ့ တွေ့ရပါတယ်၊ သူနဲ့ စကား ပြောချင်ပါတယ်၊ အဲဒီအခါမှာ ကျွန်တော့်အနေနဲ့ သူ့ကို တမျိုးမြင်ရပါတယ်။ သူရဲ့ကျန်းမာရေး အခြေအနေ အားနည်းချို့ယွင်းနေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သူရဲ့စရိုက်လက္ခဏာ၊ သူရဲ့ စိတ်ဓာတ်အင်အား... အဲဒီနေရာမှာတော့ အစိုးရရှေ့နေကြီး ပြောသွားသလို

နည်းနည်းကလေးမှ အားနည်းချို့ယွင်းနေခြင်း မရှိပါဘူး ခင်ဗျာ။ အစိုးရ ရှေ့နေကြီးက အထူးဂရုပြုပြီး ပြောသွားတဲ့ ကြောက်လန့်စိုးရိမ်နေမှုများ သူ့မှာ တစက်ကလေးမှ မတွေ့ရပါဘူး။ နောက်ပြီးတော့ သူ့မှာ ရိုးသား ပွင့်လင်းမှုဆိုတာလည်း အရိပ်အယောင်ကလေးမှ မတွေ့ရပါဘူး။

"အမှန်တကယ် သူ့ကိုယ်မှာ ကျွန်တော် တွေ့ရတာကတော့ မသိ နားမလည်ချင်ယောင် ဆောင်ထားတဲ့ မသင်္ကာတတ်မှုပဲ။ နောက်ပြီးတော့ အကြောင်းကိစ္စတွေ တော်တော်များများကို သိရှိနားလည်နိုင်တဲ့ အသိဉာဏ်ပညာပဲ။ ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေကြီးအနေနဲ့ သူ့ကို စိတ်ခတ် ပျော့ညံ့တဲ့လူတယောက်လို့ တွက်ဆတာကတော့ အင်မတန် ရိုးသားလွန်းရာ ကျပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ သူ့ကို တမျိုးမြင်ပါတယ်။ သူဟာ အင်မတန်ကို ရည်မှန်းချက်ကြီးတဲ့ လူတယောက်၊ အင်မတန်ကို လက်စားချေ လက်တုံ့ပြန်တတ်တဲ့ လူတယောက်၊ အင်မတန်မှ မနာလို ဝန်တို မစ္ဆရိယစိတ် ကြီးမားတဲ့လူတယောက်၊ အင်မတန်ကို မုန်းတီးရွံရှာစရာကောင်းတဲ့ လူတယောက်ပဲ။

"ကျွန်တော့်မှာ သူနဲ့ပတ်သက်ပြီး သိထားရတဲ့အချက်တွေ ရှိပါတယ်၊ သူ့မိဘတွေကို သူမုန်းတယ်။ သူတို့အတွက် သူ ရှက်နေတယ်၊ သူဟာ 'အရှုံးမ လီဇာဗီတာ' ရဲ့သား ဆိုတာကို အမှတ်ရတိုင်းပဲ အံသွားတွေကို သူ နာနာကြိတ်တယ်။ သူ့ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ထိန်းသိမ်း စောင့်ရှောက်လာကြတဲ့ အစေခံကြီး ဂရီဂိုရီနဲ့ သူ့မိန်းမကို သူ နည်းနည်းကလေးမှ မရိုသေ မလေးစားဘူး။ ရုရှားနိုင်ငံတော်ကြီးကိုလည်း သူ လှောင်ပြောင်ကျိန်ဆဲတယ်။ ပြင်သစ်နိုင်ငံကို သွားပြီး ပြင်သစ်လူမျိုးတယောက်ဖြစ်ဖို့ သူ မျှော်လင့်ထားတယ်၊ သူ့မှာ အဲဒီကိုသွားဖို့ မရှိတဲ့ အကြောင်းကိုလည်း သူ မကြာခဏ ပြောလေ့ရှိတယ်။

"ကျွန်တော် သိသမျှတော့ သူဟာ သူ့ကိုယ်သူကလွဲပြီး တခြား ဘယ်သူ့ကိုမှ မချစ်ဘူး။ နောက်ပြီးတော့ သူဟာ သူ့ကိုယ်သူလည်း အတော်ကြီးကိုပဲ အထင်ကြီးထားပုံရတယ်။ သူ့အယူအဆ က အသိဉာဏ်ပညာ ကြွယ်ဝတဲ့ လူတယောက်ဟာ အဝတ်အစား ကောင်းကောင်း ဝတ်ရမယ်၊ ရှပ်အင်္ကျီ သန့်သန့် ဝတ်ရမယ်၊ ဖိနပ်ကို ပြောင်နေအောင် တိုက်ထားရမယ်လို့ ဖြစ်တယ်။ သူ့ကိုယ်သူ ဖျိုဒါကာရာမာဇော့ရဲ့ တရားမဝင် သားတယောက်လို့ ယူဆထားတဲ့အလျောက် (အဲဒီလို ယူဆစရာ လည်း အထောက်အထားတွေ ရှိနေတယ်) သူ့သခင်ရဲ့တရားဝင်သားတွေနဲ့ နှိုင်းစာလိုက်ရင် သူ့ဘဝအခြေအနေ နိမ့်ကျနေတာကိုလည်း သူ အများကြီး မကျေမနပ် ဖြစ်နေတယ်၊ သူတို့မှာ အစစ အရာရာ ပြည့်စုံနေပြီး သူ့မှာတော့ ဘာမှ မပြည့်စုံဘူး။ သူတို့တတွေမှာ ခံစားခွင့်တွေ

ရှိတယ်။ အမွေဆက်ခံကြရမယ်၊ သူကတော့ ထမင်းချက်တယောက်ပဲ ဖြစ်နေတယ်။

"ငွေသုံးထောင်ကို ဖျိုဒါကာရာမာဇော့နဲ့အတူ သူကိုယ်တိုင်ပဲ စာအိတ်ထဲကို ထည့်ကြောင်း ကျွန်တော့်ကို သူ ပြောပြပါတယ်။ အဲဒီပိုက်ဆံကို သုံးဖို့ ရည်ရွယ်ထားတဲ့ကိစ္စကို သူ မုန်းတီးနေတယ်။ အဲဒီပိုက်ဆံဟာ သူ့ဘဝကို ကောင်းကောင်း ဖန်တီးပေးနိုင်တယ်။ နောက်ပြီးတော့ အဲဒီငွေသုံးထောင် ကို သက်တံရောင် ငွေစက္ကူ အသစ်ကြီးတွေအဖြစ်နဲ့ သူ မြင်ရတယ် (အဲဒီအကြောင်းကို ကျွန်တော် သူ့ကို တမင်မေးခဲ့တာပဲ) အို .. အင်မတန် ရည်မှန်းချက်ကြီးပြီး အင်မတန် မနာလိုဝန်တိုတတ်တဲ့ လူတယောက်ကို ဒါလောက်များတဲ့ ပိုက်ဆံတွေကို ဘယ်တော့မှ ဖြုန်းစားကြီး သွားမပြလိုက်ပါနဲ့။ သူဟာ သူ့တသက်မှာ ဒါလောက်များတဲ့ပိုက်ဆံကို တခြားလူတယောက်ရဲ့လက်ထဲမှာ ပထမဆုံး အကြိမ် မြင်ဖူးတာပဲ။ သက်တံရောင် ငွေစက္ကူတထပ်ကြီးကို မြင်လိုက်ရတဲ့အခါမှာ သူ့ရဲ့စိတ်ထဲမှာ အများကြီး တုန်လှုပ်ချောက်ချားသွားရတယ်။ ဒါပေမဲ့ ဖြုန်းခနဲတော့ ပေါ်လွင်ထင်ရှားမလာဘူးပေါ့။

"ကျွန်တော်တို့ရဲ့ ပညာရှိ အစိုးရရှေ့နေကြီးဟာ ဆမာယာကော့အနေနဲ့ ရာဇဝတ်မှု ကျူးလွန်ခြင်း ရှိနိုင် မရှိနိုင်ဆိုတာကို အထူးပဲ နက်နဲခက်ခဲစွာနဲ့ ဝေဖန်သုံးသပ်သွားပါတယ်၊ နောက်ပြီးတော့ ဆမာယာကော့ဟာ ဘာရည်ရွယ်ချက်နဲ့ ဝက်ရူးပြန်ချင်ဟန်ဆောင်ရမှာလဲလို့ မေးသွားပါတယ်၊ သူဟာ ဝက်ရူးပြန်ချင်ယောင်ဆောင်တာ မဟုတ်ဘူး၊ ဝက်ရူးပြန်ရောဂါဟာ တကယ်ပဲ ဖြစ်သွားခဲ့ တယ်။ နောက်ပြီးတော့ တကယ်ပဲ ပြန်ပျောက်သွားတယ်၊ ဒါပေမဲ့ လုံးဝကြီး ပျောက်သွားတာတော့ မဟုတ်ဘူး၊ ဝက်ရူးပြန်ရောဂါတွေ ထုံးစံအတိုင်း ညပိုင်း တချိန်ချိန်မှာ သတိပြန်ပြီး လည်လာတာပဲ ဖြစ်တယ်။

ဆမာယာကော့ဟာ ဘယ်အချိန်သွားပြီး လူသတ်မှု ကျူးလွန်မလဲလို့ အစိုးရရှေ့နေကြီးက မေးသွားပါ တယ်။ အဲဒီအချိန်ကို ပြောဖို့ အင်မတန် လွယ်ပါတယ်။ အဘိုးကြီး ဂရီဂိုရီက 'အဇာတသတ်' လို့ အသံကုန် အော်လိုက်တဲ့အချိန်မှာ သူ အိပ်မောကျနေရာကနေ လန့်နိုးလာတာ ဖြစ်ရမယ်။ (ဘာဖြစ်လို့လဲဆိုတော့ သူဟာ အိပ်ပျော်နေတာပဲ ဖြစ်တယ်၊ ဝက်ရူးပြန်ရောဂါတက်တဲ့လူဟာ အမြဲတမ်းဆိုသလိုပဲ အိပ်မောကျသွားတတ်ပါတယ်) ည လူခြေတိတ်ချိန်မှာ အော်လိုက်တဲ့အသံက ဆမာယာကော့ကို နိုးစေတာပဲ ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ သူဟာ သိပ်ပြီးမှ အိပ်မောကျနေတာ မျိုးလည်း မဟုတ်တော့ဘူး။ သူဟာ အဲဒီအချိန်မတိုင်မီ တနာရီလောက်ကတည်းက နိုးနိုင်တဲ့ အခြေအနေမှာ ရှိနေပြီ။

"ဆမာယာကော့ဟာ အိပ်ရာကထပြီး ဘာမှအထူးအထွေ ရည်ရွယ်ချက်မရှိဘဲ အမှတ်တမဲ့ သဘောမျိုးနဲ့ ဘာတွေများ ဖြစ်နေသလဲဆိုတာကို

သိရအောင် အသံကြားရာဆီကို ထသွားပါတယ်။ သူ့ခေါင်းဟာ ရောဂါရဲ့အရှိန်ကြောင့် အုံနေမယ်၊ သူ့ရဲ့အခြေအနေဟာ အိပ်ချင်မူးတူး ဖြစ်နေမယ်၊ ဒါပေမဲ့ ခြံဝင်းထဲကို ရောက်သွားတာနဲ့ တပြိုင်နက် သူဟာ မီးလင်းနေတဲ့ ပြတင်းပေါက်တွေဆီကို လျှောက်သွားမယ်၊ အဲဒီမှာ သူ့သခင်ဆီက သတင်းဆိုးကြီးကို သူ ကြားရမယ်၊ သူ့သခင်ဟာ သူ့ကို တွေ့ရတဲ့အတွက် ဝမ်းသာနေမယ်၊ အဲဒီ အခါမှာ သူ့စိတ်တွေဟာ ချက်ချင်း အလုပ်လုပ်လာမယ်၊ တုန်လှုပ်ချောက်ချားနေတဲ့ သူ့သခင်ဆီကနေပြီး ဖြစ်ပျက်သမျှ အလုံးစုံကို သူ သိရမယ်၊ အဲဒီအခါမှာ ကစဉ့်ကလျား ဖြစ်နေတဲ့ သူ့ခေါင်းထဲမှာ စိတ်ကူးတခု ပေါ်လာတယ်။

"အဲဒီစိတ်ကူးဟာ အင်မတန် ကြောက်စရာကောင်းပေမဲ့ သူ့အနေနဲ့ မတွန်းလှန်နိုင်ဘူး ဖြစ်နေတယ်။ သူ့စိတ်ကူးက အင်မတန် သဘာဝကျနေတယ်၊ သူ့သခင်ကြီးကို သတ်ပြီး ငွေသုံးထောင်ကို ယူရမယ်၊ နောက်ပြီးတော့ အပြစ်တွေ အားလုံးကို သူ့သခင်ကလေး အပေါ်မှာ ပုံချရမယ်။ လူတိုင်းကပဲ သူ့သခင်လေး လုပ်တာလို့ ယုံကြည်ကြလိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သူ့သခင်ကလေးကို လက်ညှိုးထိုးနေတဲ့ အထောက်အထားတွေ ဒါလောက် များနေတဲ့အချိန်မှာ ဘယ်သူက တခြား ဘယ်သူ့ကို စွပ်စွဲဦးမှာလဲ၊ ငွေတွေကို လိုချင်တဲ့ မတော်လောဘစိတ်နဲ့ သူ့အပေါ်မှာ ဘယ်လိုမှ အပြစ်မရနိုင်ဘူးဆိုတဲ့ အသိစိတ်က သူ့ကို ဖိစီးလာတယ်။

"အို ... ဒီလိုမျိုး စေ့ဆော်တိုက်တွန်းမှုတွေက အခြေအနေ အခွင့်အရေးတွေ ပေးဆပ်လာတဲ့အခါမှာ ပေါ်လာတတ်ပါတယ်။ အထူးသဖြင့် လူသတ်မှုတခုကို ကျူးလွန်ဖို့ ဘယ်လိုမှ ကြိုတင်ကြံစည် မထားတဲ့ လူသတ်သမားတွေမှာ ဒီလိုလှုံ့ဆော်မှုမျိုး ပေါ်လာတတ်ပါတယ်၊ အဲဒီတော့ ဆမာယာကော့ဟာ အိမ်ထဲကို ဝင်သွားပြီး သူ့ရဲ့စိတ်ကူးကို အကောင်အထည် ဖော်ပါတော့တယ်။ ကောင်းပြီ၊ ဘာလက်နက်နဲ့ သတ်သလဲလို့ မေးစရာ ရှိပါတယ်။ ခြံထဲမှာ တွေ့တဲ့ ကျောက်ခဲတခုခုနဲ့ ဖြစ်နိုင်ပါတယ်။ ကောင်းပြီ၊ ဘာကိစ္စနဲ့ သတ်သလဲ၊ ဘာရည်ရွယ်ချက်နဲ့ သတ်သလဲ။ သူ့ဘဝကို ဖန်တီးပေးနိုင်မယ့် ငွေသုံးထောင်အတွက်ပဲ ဖြစ်ပါတယ်။ အို .. ဒီနေရာမှာ ကျွန်တော့်စကားနဲ့ ကျွန်တော် မဆန့်ကျင်ပါဘူး။ ပိုက်ဆံဟာ ရှိနေပါလိမ့်မယ်။ အဲဒီပိုက်ဆံ ဘယ်နေရာမှာ ရှိတယ် ဆိုတာကို၊ သူ့သခင်ကြီးက ဘယ်နေရာမှာ သိမ်းထားတယ်ဆိုတာကို ဆမာယာကော့တယောက်ပဲ သိပါလိမ့်မယ်။ ဒီနေရာမှာ ပိုက်ဆံတွေ ထည့်ထားတဲ့ ကြမ်းပြင်ပေါ်က ဖောက်ထားတဲ့ စာအိတ် ပြဿနာကို ပြောစရာ ရှိလာပြန်တယ်။

"ကာရာမာဇော့လို အတွေ့အကြုံမရှိတဲ့ သူခိုးတယောက်ကသာ စာအိတ်ကို ကြမ်းပြင်ပေါ်မှာ ချထားနိုင်တယ်၊ ဆမာယာကော့လိုလူမျိုး မဖြစ်နိုင်ဘူးလို့

အစိုးရရှေ့နေကြီးက စာစောကလေးကပဲ နက်နဲသိမ်မွေ့လှတဲ့ သူ့ရဲ့အယူအဆကို တင်ပြသွားပါတယ်။ ဆမာယာကော့သာဆိုရင် သူ့ကို လက်ညှိုးထိုးမယ့် သဲလွန်စကို ချန်ထားခဲ့မှာ မဟုတ်ဘူးလို့ ပြောပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်ဟာ ဒီစကားကို နားထောင်ရင်းနဲ့ အရင်က ဒီစကားမျိုးကို ကြားခဲ့ဖူးတယ် ဆိုတာကို အမှတ်ရလာပါတယ်၊ ကာရာမာဇော့အနေနဲ့ အဲဒီစာအိတ်ကို ဘယ်လိုလုပ်မယ်ဆိုတဲ့ အယူအဆကို လွန်ခဲ့တဲ့နှစ်ရက်ကပဲ ဆမာယာကော့ကိုယ်တိုင်က ကျွန်တော့်ကို ပြောခဲ့ပါတယ်။ သူ့စကားကြောင့် ကျွန်တော် အံ့သြသွားရတယ်၊ အမှန်တော့ သူဟာ သူ့ရဲ့အယူအဆကို ကျွန်တော့်ရဲ့ အယူအဆလို့ ကျွန်တော့်ဟာ ကျွန်တော် ထင်သွားအောင် မသိမသာ ရိုက်သွင်းပေးလိုက်တာပဲ။ သူဟာ ပဏာမ စုံစမ်းစစ်ဆေးရေးတုန်းက ကျွန်တော်တို့ရဲ့ ပညာရှိရှေ့နေကြီးရဲ့ ခေါင်းထဲကို ဒီအယူအဆကို မသိမသာ ထည့်သွင်းပေးခဲ့တာရော မဖြစ်နိုင်ဘူးလား။

"ဒီနေရာမှာ ဂရီဂိုရီရဲ့မိန်းမ အဘွားကြီးကို ဘယ်သွားထားမလဲလို့ ကျွန်တော့်ကို မေးကြပါလိမ့်မယ်။ တဖက်ခန်းမှာ လူမမာ ညည်းနေတဲ့အသံကို အဘွားကြီး တညလုံး ကြားနေခဲ့ရတယ် မဟုတ်လား။ အဘွားကြီးဟာ တဖက်ခန်းက လူမမာ ညည်းနေတဲ့ အသံကို တကယ်ပဲ တညလုံးလုံး ကြားနေပါ့ မလား။ အဘွားကြီးကတော့ ကြားတယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ ဒါဟာ အင်မတန် အငြင်းပွားစရာ ကောင်းတဲ့ အချက်တခုပါပဲ၊ ခြံထဲမှာ ခွေးတကောင် ဟောင်နေတဲ့အတွက် တညလုံး မအိပ်ရဘူးလို့ မိန်းမကြီးတယောက်က ကျွန်တော့်ကို တခါက တိုင်တန်းညည်းညူဖူးတာကို ကျွန်တော် အမှတ်ရမိ ပါတယ်။ တကယ်တော့ အဲဒီခွေးဟာ တညလုံးမှာ တခါ နှစ်ခါလောက်ပဲ ဟောင်ခဲ့တာပါ။ လူတယောက်ဟာ အိပ်ပျော်နေတယ်။ ညည်းညူသံတခုကို ကြားရလို့ နိုးလာတယ်၊ အဲဒီလို နိုးလာတဲ့ အတွက် သူ ဒေါသဖြစ်သွားတယ်၊ ဒါပေမဲ့ သူ ချက်ချင်းပဲ ပြန်အိပ်ပျော်သွားတယ်၊ နောက် နှစ်နာရီလောက်အကြာမှာ ညည်းညူသံ ထွက်ပေါ်လာပြန်တယ်၊ သူ နိုးလာတယ်၊ ပြီးတော့ သူပြန်ပြီး အိပ်ပျော်သွားတယ်၊ နောက်နှစ်နာရီလောက်အကြာမှာပဲ ဒီအတိုင်းပဲ တခါဖြစ်ပြန်တယ်၊ တညလုံးမှ သုံးခါပဲ ဖြစ်တယ်၊ ဒါပေမဲ့ နောက်တနေ့မနက် သူ အိပ်ရာက နိုးလာတဲ့အခါမှာ ညက လူတယောက် တညလုံး ညည်းနေတဲ့အတွက် သူ တညလုံး မအိပ်ရဘူးလို့ ပြောပါတယ်။ ဒါဟာ အင်မတန် သဘာဝကျပါတယ်။ သူဟာ တခါအိပ်ရင် နှစ်နာရီလောက် အိပ်ပျော်သွားတယ်၊ ဒါပေမဲ့ ဒါကို သူ မမှတ်မိဘူး၊ သူ့အနေနဲ့ နိုးနေတဲ့အချိန်တွေကိုပဲ မှတ်မိနေတယ်၊ အဲဒီတော့ တညလုံး နိုးနေတယ်လို့ သူ့စိတ်ထဲမှာ ထင်နေတော့တယ်။

"နောက်ပြီးတော့ ဆမာယာကော့ဟာ ဘာဖြစ်လို့ သူ့ရဲ့ နောက်ဆုံးစာထဲမှာ ဝန်ခံမသွားသလဲလို့ အစိုးရရှေ့နေကြီးက မေးပါတယ်။ သူ့ရဲ့အသိစိတ်က

တခုကိုတော့ ဝန်ခံစေပြီး နောက်တခုကိုတော့ ဘာဖြစ်လို့ ဝန်မခံရတာလဲတဲ့၊ ဒါပေမဲ့ ကျွန်တော်တို့ တခု စဉ်းစားရမှာက အသိစိတ်ဆိုတာ နောင်တတရား ဖြစ်ပါတယ်၊ သူ့ကိုယ်သူ သတ်သေတာဟာ နောင်တတရားကြောင့် မဟုတ်ပါဘူး၊ သူ့ဘဝမှာ ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့တဲ့အတွက် စိတ်ပျက်လက်ပျက်လို့ပဲ ဖြစ်ပါတယ်၊ စိတ်ပျက်လက်လျှော့မှုနဲ့ သတိသံဝေဂ နောင်တတရားဟာ အင်မတန် ခြားနားပါတယ်၊ စိတ်ပျက် လက်လျှော့မှုဟာ အငြိုးကြီးပြီး လက်စားချေတတ်ပါတယ်၊ လူတယောက် သူ့ကိုယ်သူ သတ်သေမယ့် အချိန်မှာ လူတွေကို အရင်က မုန်းတာထက် နှစ်ဆလောက် ပိုပြီး မုန်းတတ်ပါတယ်။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ တရားစီရင်ရာမှာ မမှားယွင်းကြစေဖို့ အထူးသတိပြုကြစေချင် ပါတယ်၊ လူကြီးမင်းတို့ရဲ့ရှေ့မှောက်မှာ အခု ကျွန်တော် လျှောက်လဲသွားတဲ့အချက်တွေဟာ ဘာတခုများ မဖြစ်နိုင်စရာ ရှိပါသလဲ၊ ကျွန်တော့်ရဲ့ကျိုးကြောင်းဆက်စပ် ဖော်ပြမှုတွေမှာ ဘာတခုများ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိတာ၊ မှားယွင်းတာ ရှိသလဲလို့ ရှာကြည့်ကြစမ်းပါ။ တကယ်လို့ ကျွန်တော် ရှင်းလင်း လျှောက်လဲသွားတဲ့ အချက်တွေဟာ စိုးစဉ်းလောက်ပဲ ဖြစ်နိုင်တယ် ဆိုရင်၊ စိုးစဉ်းလောက်ပဲ မှန်ကန်နိုင်တယ်ဆိုရင် သူ့ကို ပြစ်ဒဏ် မပေးကြပါနဲ့။ အဲဒီတော့ စိုးစဉ်းလောက်ပဲ ရှိနိုင်သလားလို့ မေးကြပါလိမ့်မယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့်အနေ နဲ့ မီးကျိန်စာ၊ ရေကျိန်စာ၊ ကျမ်းကျိန်စာတွေ အားလုံးကို ကျိန်ဆိုပြီး ပြောပါ့မယ်၊ လူသတ်မှုနဲ့ ပတ်သက်လို့ လူကြီးမင်းများရဲ့ ရှေ့မှောက်မှာ ကျွန်တော် တင်ပြလျှောက်လဲသွားတဲ့ အချက်တွေကို ကျွန်တော် အားလုံး ရာခိုင်နှုန်းပြည့် ယုံကြည်ပါတယ်။

"ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အများကြီး စိုးရိမ်ကြောင့်ကြပြီး အများကြီး ထိတ်လန့် တုန်လှုပ်နေရတဲ့ အကြောင်းကတော့ အစိုးရရှေ့နေကြီး တင်ပြသွားတဲ့ အချက်အလက်တွေ တပုံတပင်ကြီးကြောင့် ပါပဲ၊ အဲဒီအချက်အလက်တွေ တပုံတပင်ကြီးထဲမှာ ဘယ်အချက်အလက် တခုတလေမှ ခိုင်လုံ တိကျပြီး မငြင်းဆန်နိုင်အောင် မှန်ကန်တာ မရှိပါဘူး။ အဲဒီတော့ ကံမကောင်း အကြောင်းမလှ ဖြစ်နေရတဲ့ ကျွန်တော့်ရဲ့အမှုသည်ဟာ အဲဒီအချက်အလက်တွေ တပုံတပင်ကြီး ဖြစ်နေတဲ့အတွက် ဒုက္ခရောက်သွားရမယ့်အဖြစ်ကို ကျွန်တော် အများကြီး စိုးရိမ်နေပါတယ်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီအချက်အလက်တွေဟာ ကြောက်စရာ ကောင်းတာကတော့ အမှန်ပါပဲ။ သွေးတွေ၊ သူ့လက်က တစက်စက်ကျနေတဲ့ သွေးစက်တွေ၊ သူ့အဝတ်အစားတွေမှာ စွန်းနေတဲ့ သွေးကွက်တွေ၊ အကာလ ညအခါ မှောင်ကြီးမည်းကြီးထဲမှာ 'အဖဲ့တသတ်' လို့ အော်လိုက်တဲ့အသံ၊ နောက်ပြီးတော့ ခေါင်းဟက်တက်ကြီး ကွဲပြီး လဲကျသွားတဲ့ အဘိုးကြီးတယောက်၊ နောက်ပြီးတော့

တထမ်းတပိုးကြီး ပြောကြတဲ့စကားတွေ၊ ထွက်ဆိုချက်တွေ၊ အမှုအရာ ဟန်ပန်တွေ၊ အော်ကြဟစ်ကြ တာတွေ ... အို ဒါတွေအားလုံးဟာ လူတယောက်ရဲ့သဘောထားကို အများကြီး လွှမ်းမိုးနိုင်ပါတယ်၊ အများကြီးကို တိမ်းစောင်းသွားစေနိုင်ပါတယ်၊ ဒါပေမဲ့ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ဒီအချက်တွေဟာ လူကြီးမင်းတို့ရဲ့ သဘောထားကိုတော့ ပြောင်းလဲနိုင်ပါ့မလား ခင်ဗျာ။ လူကြီးမင်း တို့မှာ ပြစ်ဒဏ်ချမှတ်ပိုင်ခွင့်ဆိုတာနဲ့ လွှတ်ပိုင်ခွင့်ဆိုတဲ့ တချက်လွှတ်အာဏာတွေ အပြည့်အဝ ရှိနေတယ်ဆိုတာ သတိပြုကြစေချင်ပါတယ်၊ အခွင့်အာဏာ ကြီးမားလေ ဒီအခွင့်အာဏာကို အသုံးပြုဖို့ တာဝန်ကြီးမားလေပဲ ဖြစ်ပါတယ်။

"ကျွန်တော် အခုလျှောက်လဲသွားတဲ့အထဲက ဘယ်စကားကိုမှ ပြန်မနုတ်ပါဘူး၊ ဒါပေမဲ့ ပြောစရာ စကားကလေးတခု ရှိနေတဲ့အတွက် ခေတ္တခဏကလေးပဲ ဆိုပါတော့၊ ကံမကောင်း အကြောင်းမလှ တဲ့ ကျွန်တော့်ရဲ့အမှုသည်ဟာ သူ့အဖေကို သတ်ခဲ့ပါတယ်ဆိုတဲ့အချက်ကို အစိုးရရှေ့နေကြီးနဲ့ သဘောတူပါရစေ၊ အခုလို ပြောရတာဟာ ဥပမာသက်သက်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အမှုသည်မှာ အပြစ်မရှိဘူးဆိုတာကို ကျွန်တော် နည်းနည်းကလေးမှ သံသယမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်မှာ ပြောစရာစကားတခု ရှိနေတဲ့အတွက် တရားခံဟာ သူ့ရဲ့အဖေကို သတ်တဲ့အတွက် အပြစ်ရှိတယ်လို့ ခဏကလေး မှတ်ယူပါရစေ။ အဲဒီလို ဥပမာသဘောထားပြီး ပြောတယ်ဆိုပေမဲ့ ကျွန်တော် ပြောတဲ့စကားကိုတော့ လူကြီးမင်းများ အလေးထားပြီး နားထောင်ကြဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ လူကြီးမင်းတို့ကို ကျွန်တော့်ရင်ထဲမှာ အင်မတန်မှကို ပြောချင်နေတဲ့ အကြောင်းတခု ရှိ နေလို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူကြီးမင်းတို့ရဲ့ အတွင်းစိတ် အဇ္ဈတ္တသဏ္ဌာန်နဲ့ ပြင်ပ ဗဟိဒ္ဓသဘောဟာ ဆန့်ကျင်ခြားနားနေတယ်လို့ ကျွန်တော် ယူဆမိလို့ပါပဲ။ ဇူရော်လူကြီးမင်း များ ခင်ဗျာ၊ လူကြီးမင်းတို့ရဲ့ အဇ္ဈတ္တသဏ္ဌာန်နှင့် ဗဟိဒ္ဓသဘောကိုထည့်ပြီး ပြောမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ အမှန်တရားကို ရိုးရိုးသားသား ပြောချင်လို့ပါပဲ၊ ကျွန်တော်တို့အားလုံး ရိုးသားဖို့ လိုပါတယ်"

ဤနေရာတွင် ဩဘာသံကြီး ထွက်ပေါ်လာသဖြင့် တရားခံအကျိုးဆောင်၏ လျှောက်လဲမှု ခေတ္တမျှ ရပ်တန့်သွားရသည်။ အမှန်ပင်ဖြစ်သည်၊ အကျိုးဆောင်ကြီးသည် သူ၏နောက်ဆုံးစကားကို တကယ်ပင် ရိုးရိုးသားသားကြီး ပြောလိုက်သဖြင့် သူ့အနေနှင့် တကယ်ပင် တစုံတရာ ပြောစရာ ရှိနေကြောင်း၊ ယင်းသို့ ပြောဆိုသည့်အကြောင်းမှာလည်း အထူးတလည် အရေးကြီးသည့် အကြောင်းအရာတခု ဖြစ်နိုင်ကြောင်း အားလုံးကပင် သဘောပေါက် နားလည်မိကြသည်။

ဩဘာသံကြီး ထွက်ပေါ်လာသည်ကို ကြားရသောအခါ တရားသူကြီးဥက္ကဋ္ဌက ‘နောက်တကြိမ် ဤသို့ပြုမူပါက တရားရုံးအတွင်းမှ ထုတ်ပယ်ခြင်း ခံရမည်’ ဟု သတိပေးစကားကို ကျယ်လောင်စွာ ပြောကြားသည်။ ပရိသတ်ကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထိုအခါ ဗီကျူကိုဗစ်သည် စောစောပိုင်းက ပြောခဲ့သော လေသံမျိုးဖြင့် မဟုတ်တော့ဘဲ လွှမ်းမိုးမှု အပြည့်အဝ ပါရှိသော လေသံဖြင့် ဆက်လက်ပြောကြားတော့သည်။

၁၃။ အတွေးအခေါ် မှားယွင်းပျက်စီးနေသူများ

"ကျွန်တော့်အမှုသည်ရဲ့ ကံကြမ္မာကို ဒုက္ခပေးနေတာဟာ အချက်အလက်တွေ တပုံတပင်ကြီး ဖြစ်နေတာကြောင့်ချည်း မဟုတ်ပါဘူး။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့်အမှုသည်ရဲ့ ကံကြမ္မာကို တကယ်တမ်း ဒုက္ခပေးနေတဲ့ အချက်တချက်ပဲ ရှိပါတယ်။ အဲဒါကတော့ သူ့အဖေရဲ့ အသက်ဝိညာဉ် မရှိတော့တဲ့ ရုပ်ကလာပ်ကြီးပါပဲ။ ဒီအမှုဟာ သာမန် လူသတ်မှုတခုဆိုရင်တော့ သက်သေခံ အချက်အလက်တွေကို တခုချင်း ခွဲခြားပြီး စစ်ဆေးကြည့်လိုက်လို့ရှိရင် မရေမရာ မခိုင်မလုံ မပြည့်မဝတဲ့အတွက် လူသတ်မှု စွပ်စွဲချက်ကို လူကြီးမင်းများ ပယ်ဖျက်လိုက်မှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် သူ့အပေါ်မှာ အာဃာတတရားတွေ ရှိနေရုံသက်သက်နဲ့ (သူ့အပေါ်မှာ အာဃာတတရားတွေကလည်း တကယ်ရှိထိုက်ပါတယ်) သူ့ဘဝကို ဖျက်ဆီးပစ်လိုက်ဖို့ လူကြီးမင်း များ တုံ့ဆိုင်းနှေးကွေးနေပါလိမ့်မယ်။ ဒါပေမဲ့ ဒီအမှုက ရိုးရိုးလူသတ်မှုတခု မဟုတ်ပါဘူး။ အဖေကို သတ်တဲ့အမှု ဖြစ်နေပါတယ်၊ အဲဒီအတွက် လူတွေရဲ့ စိတ်ထဲမှာ အင်မတန် လေးနက်နေစေပါတယ်။ ဘယ်လောက်လေးနက်နေသလဲဆိုရင် တရားခံအပေါ်မှာ အာဃာတမရှိတဲ့လူတွေရဲ့ စိတ်ထဲမှာ တောင် စောစောကပြောခဲ့တဲ့ မရေမရာ မခိုင်မလုံ မပြည့်မဝမှုတွေဟာ ဒါလောက် အဓိက မဟုတ်တော့ဘူးလို ဖြစ်နေပါတော့တယ်။ ဒီလိုလူသတ်သမားကို ဘာဖြစ်လို့ လွှတ်ရမှာလဲ၊ သူဟာ ဒီလိုလူသတ်မှုကြီးကို ကျူးလွန်ခဲ့ပြီး ဘာဖြစ်လို့ အပြစ်ဒဏ် မခံရဘဲ လွတ်သွားရမှာလဲ ... လူတိုင်းရဲ့ စိတ်ထဲမှာ အဲဒီလိုမျိုး အလိုလိုနေရင်း၊ အလကားနေရင်း ကိန်းအောင်းနေပါတော့တယ်။

"မှန်ပါတယ် ခင်ဗျာ၊ ကိုယ့်အဖေကို ကိုယ်သတ်တယ်ဆိုတာ အင်မတန် ဆိုးရွားတဲ့ အမှုပါ။ အဖေဆိုတာ ကိုယ့်ဘဝကို မွေးဖွားပေးခဲ့သူ၊ ကိုယ့်ကိုချစ်တဲ့လူ၊ ကိုယ့်အတွက် သူ့အသက်ကို ပမာဏမထားတဲ့လူ၊ ကိုယ့်ကို ကလေးဘဝကတည်းက ကိုယ့်ရဲ့ကျန်းမာရေးကို ကြည့်ရှုစောင့်ရှောက် တဲ့လူ၊ ကိုယ့်ဘဝ သာယာချမ်းမြေ့မှုကို အမြဲတမ်း ဂရုပြုနေတဲ့လူ၊ ကိုယ့်ရဲ့ပျော်ရွှင်မှုနဲ့ အောင်မြင် ချမ်းသာမှုကိုသာ အဓိကထားနေတဲ့လူ ... အို ဒီလိုအဖေမျိုးကို သတ်ဖို့ဆိုတာ စိတ်ထဲကတောင် မပြစ်မှားကောင်းပါဘူး။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ အဖေဆိုတာ ဘာပါလဲ၊ တကယ့် အဖေဆိုတာ ဘာပါလဲ၊ အဖေဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ဟာ ဘာပါလဲ ခင်ဗျာ၊ အဖေဆိုတာ နာမည်ရဲ့နောက်ကွယ်မှာ ဘယ်လို လေးနက်တဲ့ အဓိပ္ပာယ်တွေ ရှိနေပါသလဲ၊ အဖေရဲ့အဓိပ္ပာယ်နဲ့ တကယ့်အဖေဆိုတာ ဘယ်လိုမျိုး ဖြစ်ရမယ်ဆိုတာကို အခုပဲ ကျွန်တော် အရိပ်အမြွက် ပြောပြီးသွားခဲ့ပါပြီ။

ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ဟာ လက်ရှိအမှုကြီးမှာ အတော်ကြီးကို ပါဝင်ပတ်သက်နေကြပါပြီ၊ ကျွန်တော်တို့ လက်ရှိအမှုကြီးအတွက် အတော်ကြီးကို စိတ်နှလုံး မချမ်းမသာ ဖြစ်နေကြရပါပြီ။ ဒါပေမဲ့ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ အခုအမှုမှာ အဖေဖြစ်တဲ့ ကွယ်လွန်သူ ဖျိုဒါကာရာမာဇော့ဟာ စောစောက ကျွန်တော်တို့ပြောသွားတဲ့ အဖေ အရည်အချင်းတွေနဲ့ မညီညွတ်ပါဘူး။ ဒါဟာ ကံကြမ္မာ ဆိုးရွားမှုတခုပဲပေါ့၊ တချို့ အဖေတွေဟာ ဒီလိုပဲ ကံကြမ္မာ ဆိုးရွားတတ်ကြပါတယ်။ အဲဒီတော့ ဒီကံကြမ္မာဆိုးရွားမှုတွေကို ကျွန်တော်တို့ နည်းနည်းကလေး အသေးစိတ် သေသေချာချာ လေ့လာ ကြည့်ကြရအောင်၊ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ လူကြီးမင်းတို့ဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက် တခုကို ချမှတ်ကြရမှာ ဖြစ်တဲ့အတွက် ဘာတခုကိုမှ ကြောက်လန့်နေစရာ မလိုပါဘူး၊ ကျွန်တော်တို့ရဲ့ ပညာရှိရှေ့နေကြီး ပြောသွားသလိုပဲ ကျွန်တော်တို့ဟာ ဘယ်အယူအဆတခုကိုမှ ကလေးတယောက်လို၊ အသည်းငယ်တဲ့ မိန်းမတယောက်လို ကြောက်လန့်နေစရာ မလိုပါဘူး။

"ကျွန်တော့်ရဲ့ ပညာရှိပြိုင်ဘက်ကြီးက (ကျွန်တော် စကားတခွန်းမှ မပြောရသေးခင်မှာဘဲ သူဟာ ကျွန်တော့်ရဲ့ပြိုင်ဘက်ကြီး ဖြစ်နေပါတယ်) သူ့ရဲ့ ပြင်းထန်တက်ကြွတဲ့ လျှောက်လဲချက်ထဲမှာ 'သူ့ဘက်က ခုခံကာကွယ်ဖို့အတွက် ပီတာစဘတ်ကလာတဲ့ ရှေ့နေကြီးလက်ကို ကျွန်တော် အပ်မထားပါဘူး၊ ကျွန်တော်ဟာ သူ့ကို စွဲချက်တင်တဲ့လူ ဖြစ်သလို သူ့ဘက်က ခုခံကာကွယ်တဲ့ လူလည်း ဖြစ်ပါတယ်' လို့ အကြိမ်ပေါင်းများစွာ ပြောသွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီကြောက်စရာ ကောင်းတဲ့ တရားခံဟာ သူငယ်စဉ် သူ့အဖေအိမ်မှာ နေရတုန်းက သူ့အပေါ်မှာ တဦးတည်းသော စေတနာရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက သစ်ကြားသီး တပေါင်ပေးခဲ့တဲ့ ကျေးဇူးကို ၂၃ နှစ်တိုင်တိုင် မမေ့ခဲ့ဘူးဆိုရင် သူဟာ သူ့အဖေရဲ့နောက်ဖေးခြံဝင်းထဲမှာ ဖိနပ်မပါ ခြေဗလာနဲ့ ပြေးလွှားနေခဲ့ရတဲ့ အဖြစ်ကို၊ အင်မတန် သနားကြင်နာတတ်တဲ့ ဆရာဝန်ကြီး ဒေါက်တာဟာဇင်ကျူဗီရဲ့ စကားနဲ့ ပြောရရင် 'ဘောင်းဘီရှည်ကြယ်သီးတလုံးတည်းနဲ့' နေခဲ့ရတဲ့အဖြစ်ကို နှစ်ပေါင်း ၂၃ နှစ် ကြာတဲ့တိုင် သတိရနေလိမ့်မယ်ဆိုတာကို ပြောဖို့ ရှေ့နေကြီး မေ့သွားခဲ့ပါတယ်။

"ဇူရော်လူကြီးမင်းများ ခင်ဗျား ... 'ကံကြမ္မာဆိုးရွားမှု' ကို ကျွန်တော်တို့ ဘာဖြစ်လို့ သေသေချာချာ လေ့လာနေကြရသလဲ။ ကျွန်တော်တို့အားလုံး သိပြီးသားအချက်တွေကို ဘာဖြစ်လို့ အခုလိုပြန်ပြီး ပြောနေကြရသလဲ။ ဘာဖြစ်လို့ ကျွန်တော့်ရဲ့အမှုသည်ကို နှလုံးသားမရှိတဲ့ အတ္တသမားတယောက်၊ လူသားမဆန်တဲ့ သတ္တဝါကြီးတယောက်လို့ ပြောကြရတာလဲ၊ သူဟာ ကြမ်းတမ်းပါတယ်၊ ရိုင်းစိုင်းပါတယ်၊ အင်မတန် ကမူးရှူးထိုးနိုင်ပါတယ်။ အဲဒီအတွက်ပဲ ကျွန်တော်တို့ဟာ သူ့ကို တရားခွင်မှာ တင်ပြီး စစ်ဆေးနေကြရပါတယ်။

“ဒါပေမဲ့ ခင်ဗျာ၊ သူ့ရဲ့ဘဝအခြေအနေ အခုလိုဖြစ်ရတဲ့အတွက် ဘယ်သူ့မှာ တာဝန်ရှိပါသလဲ၊ သူ့အနေနဲ့ အသည်းနှလုံးက ခံစားတတ်ပါလျက်နဲ့ သူတပါးရဲ့ ကျေးဇူးတရားကို သိတတ်ပါလျက်နဲ့ အခုလို ပရမ်းပတာ ကြီးပြင်းလာရတဲ့အဖြစ်က ဘယ်သူ့မှာ တာဝန် ရှိပါသလဲ။ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားတတ်အောင် သူ့ကို ဘယ်သူက လေ့ကျင့် သင်ကြားပေးခဲ့ပါသလဲ၊ သူ့ကို ဘယ်သူက ပညာသင်ကြားပေးခဲ့ပါသလဲ၊ သူ ငယ်ငယ်တုန်းက သူ့ကို ဘယ်သူကများ ဘယ်လောက်ကလေးများ ချစ်ခဲ့ကြပါသလဲ။

“ကျွန်တော့်ရဲ့အမှုသည်ဟာ ဖြစ်ချင်ရာဖြစ် နစ်ချင်ရာနစ် ဆိုပြီး သောင်ပြင်မှာ လွှတ်ထားတဲ့ ခွေးတကောင်လိုပဲ ဖြစ်ခဲ့ရပါတယ်၊ ဒါပေမဲ့ သူဟာ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ သူ့အဖေကို ပြန်တွေ့ချင်တဲ့စိတ်တွေ သူ့ရင်ထဲမှာ တဖွားဖွား ဖြစ်နေနိုင်ပါတယ်။ သူ ငယ်ငယ်တုန်းက ဘဝကို အိပ်မက်တခုလို အကြိမ်ပေါင်း တထောင်မက ပြန်လည်မြင်ယောင်နေပါလိမ့်မယ်။ ဒါပေမဲ့ သူဟာ အဲဒီခြောက်လှန့်နေတဲ့ အိပ်မက်ဆိုးကြီးကို မောင်းထုတ်ပြီး သူ့အဖေကို သူ ခွင့်လွှတ်ပြီး ဖက်လဲတကင်း ပြန်လည်ဆုံတွေ့လိုတဲ့စိတ်တွေ သူ့မှာ ဖြစ်နေနိုင်ပါတယ်။ ဒါပေမဲ့ သူ့အိမ်ကို ပြန်ရောက်တဲ့အခါမှာ သူ ဘာတွေ တွေ့ရပါသလဲ၊ သရော်လှောင်ပြောင်တာတွေ၊ မယုံသင်္ကာတာ တွေ၊ သူ ရသင့်ရထိုက်တဲ့ ပိုက်ဆံတွေကို လိမ်လည်ဖို့ ကြိုးစားတာတွေကိုပဲ တွေ့ရပါတယ်။ တနေ့တနေ့ သူ ကြားနေရတဲ့ စကားတွေကတော့ ‘အရက်ကို အဖော်လုပ်ပြီး’ ပြောနေတဲ့ အော့နှလုံးနာစရာစကားတွေနဲ့ အလဟဿ ဩဝါဒတွေပဲ ဖြစ်ပါတယ်။ နောက်ပိတ်ဆုံး သူ တွေ့ရတဲ့အချက်ကတော့ သူ့အဖေဟာ သူ့ပိုက်ဆံတွေကို သုံးပြီး သူ့ချစ်သူကို သိမ်းပိုက်ဖို့ ကြိုးစားနေတဲ့အချက်ပါပဲ။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ဒီကိစ္စဟာ အင်မတန် အော့နှလုံးနာစရာ ကောင်းပြီး အင်မတန် ဆိုးသွမ်းရက်စက်တာပဲ။ ဒါပေမဲ့ ဒီအဘိုးကြီးကပဲ သူ့သားဟာ ရိုသေ လေးစားတတ်မှု မရှိဘူး၊ ဆိုးသွမ်းရက်စက်တယ်လို့ လူတွေကို လျှောက်ပြီး တိုင်နေတယ်၊ အသိုင်းအဝိုင်းလောကထဲမှာ သားရဲ့နာမည်ကို ဖျက်နေတယ်။ သိက္ခာကို ချနေတယ်၊ နောက်ပြီးတော့ သားကို ထောင်ချနိုင်ဖို့အတွက် ကြွေးပေးစရာရှိကြောင်း ကတိစာရွက်ကို ယူထားတယ်။

“ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့်ရဲ့အမှုသည်လို အပြင်ပန်းအားဖြင့် ရက်စက်တဲ့၊ ကြမ်းတမ်းတဲ့၊ ကမူးရှူးထိုးနိုင်တဲ့ လူတွေဟာ များသောအားဖြင့် သူတို့ရဲ့ အတွင်းစိတ်တွေဟာ သိမ်မွေ့နူးညံ့တတ်ပါတယ်။ အဲဒီသိမ်မွေ့ နူးညံ့မှုတွေကို အပြင်ကို ထုတ်မပြကြတာဘဲ ရှိပါတယ်။ ကျွန်တော်ပြောတဲ့စကားကို မရယ်ကြပါနဲ့ ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ပညာရှိရှေ့နေကြီးက ကျွန်တော့်ရဲ့ အမှုသည်ဟာ ရှီလာကို ချစ်မြတ်နိုးတယ်… ‘ကောင်းကောင်းမွန်မွန်နဲ့ လှလှပပ’ ကိုပဲ ကြိုက်တတ်တယ်ဆိုပြီး မညှာမတာ ဟားတိုက်ရယ်မောသွားပါပြီ။ ကျွန်တော်သာ

သူ့နေရာမှာ ဆိုရင်တော့၊ အစိုးရရှေ့နေ နေရာမှာဆိုရင်တော့ သူ့လို မရယ်မောပါဘူး။ တကယ်ပါပဲ ခင်ဗျာ၊ သူတို့လို နှလုံးသားတွေဟာ ... အို ကျွန်တော့်အနေနဲ့ အဲဒီနှလုံးသားတွေဘက်က ကာကွယ်ပြီး ပြောပါရစေ။ အမြဲတစေ ဆိုသလို မမှန်မကန် အထင်လွဲခံကြရပါတယ်။ အဲဒီနှလုံးသားတွေဟာ သူတို့ရဲ့အပြင်ပန်း ကြမ်းတမ်း ရက်စက်မှုတွေနဲ့ ဆန့်ကျင်ပြီး သိမ်မွေ့နူးညံ့မှုနဲ့ လှပမှုတွေကို မက်မောတတ်ကြပါတယ်။ သူတို့ဟာ သူတို့မသိဘဲနဲ့ အတွင်းစိတ်ကနေ မက်မော တမ်းတနေ တတ်ကြပါတယ်။ ဥပမာပြောရရင် သူတို့ဟာ အပြင်ပန်းအားဖြင့် ရမ္မက်ဆန္ဒပြင်းပြပြီး ရက်စက် ကြမ်းကြုတ်ပေမဲ့ အမျိုးသမီးတယောက်ကို မေတ္တာတရား ကြီးမားစွာနဲ့ တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ စိတ်ဆင်းရဲခံပြီး စိတ်ဒုက္ခခံပြီးမှကို စွဲစွဲလမ်းလမ်း ချစ်တတ်ကြပါတယ်။ ကျွန်တော် ပြောတာ မရယ်ကြပါနဲ့၊ ဒီလိုလူမျိုးတွေဟာ ... ဒီလိုမျိုးတွေ အများကြီး ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ သူတို့မှာ ရှိနေတဲ့ ရမ္မက်ဇောတွေကို သူတို့ ဖုံးကွယ်မထားနိုင်ကြဘူး။ အဲဒီတော့ လူတွေက အပြင်ပန်းမှာ တွေ့မြင်နေရတဲ့ ရမ္မက်ဇော ဆန္ဒကြီးမားမှုတွေကို သိနေကြတယ်။ သတိပြုမိနေ ကြတယ်။ အဲဒီလူတွေရဲ့အတွင်းစိတ်မှာ ရှိနေတဲ့ စိတ်ထားအမှန်ကိုတော့ မတွေ့မြင်ဘူး၊ တကယ်တော့ သူတို့ရဲ့ပြင်းပြတဲ့ ရမ္မက်ဇောတွေဟာ ခဏကလေးအတွင်းမှာပဲ ကုန်ဆုံးသွားကြ ပါတယ်။ အဲဒီအခါမှာ အပြင်ပန်းအားဖြင့် ရက်စက်ကြမ်းကြုတ်ပြီး အနှစ်သာရအားဖြင့် စိတ်သဘောထား ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ဘဝသစ်ကို ရှာဖွေကြတယ်၊ သူတို့ကိုယ်သူတို့ ပြုပြင်ဖို့ ကြိုးစားကြတယ်၊ သူတို့ကိုယ်ကို ကောင်းမွန်အောင် စိတ်သဘောထား ဖြူစင်မြင့်မြတ်တဲ့ လူတယောက် ဖြစ်လာအောင် 'ကောင်းကောင်းမွန်မွန်နဲ့ လှလှပပ' ဖြစ်လာအောင် ကြိုးစားကြတယ်၊ ဒါပေမဲ့ လူတွေက ဒီသဘောထားကို သရော် လှောင်ပြောင်ကြတယ်။

"ကျွန်တော့်ရဲ့အမှုသည်နဲ့ မစ္စဗာကော့ဆက် (ကက်ထရီးနား) တို့ရဲ့ အချစ်ရေးကိစ္စကို ကျွန်တော် မပြောပါဘူးလို့ စောစောတုန်းက ကျွန်တော် ပြောခဲ့ပါတယ်၊ ဒါပေမဲ့ တခုတော့ ပြောရပါလိမ့်မယ်။ စောစောက ကျွန်တော်တို့ ကြားခဲ့ရတာတွေဟာ သက်သေခံ အထောက်အထားတွေ မဟုတ်ပါဘူး။ လက်တုံ့ပြန် လက်စားချေချင်တဲ့ မိန်းမတယောက်ရဲ့ ကယောင်ကတမ်း လျှောက်အော်နေတာတွေ ပါပဲ။ နောက်ပြီးတော့ သူပြောသလို ကျွန်တော့်ရဲ့အမှုသည်က သူ့ကို သစ္စာဖောက်တာ မဟုတ်ပါဘူး။ တကယ်တော့ သူကသာ ကျွန်တော့်ရဲ့အမှုသည်ကို သစ္စာဖောက်နေတာပါ။ တကယ်လို့သာ သူ့အနေနဲ့ နည်းနည်းကလေး ပြန်စဉ်းစားမယ်ဆိုရင် သူ့အနေနဲ့ အခုလို ထွက်ဆိုသွားမှာ မဟုတ်ပါဘူး၊ အို ... သူပြောတဲ့ စကားတွေကို မယုံပါနဲ့၊ ကျွန်တော့်ရဲ့ အမှုသည်ဟာ သူ ပြောသလို အဟိတ်တိရစ္ဆာန် 'သတ္တဝါကြီး' တကောင် မဟုတ်ပါဘူး။

"လူသားအပေါင်းတို့ရဲ့ မေတ္တာတော်အရှင်က ကားစင်တင်ခြင်း မခံရမီ တနေ့မှာ 'ငါကိုယ်တော်သည် ကောင်းမြတ်သော သိုးထိန်းဖြစ်ချေ၏။ ကောင်းမြတ်သော သိုးထိန်းသည် သူ၏ သိုးတော်စုအတွက် အသက်ကို နှင်းအပ်၏။ သို့ဖြစ်ချေ၍ သိုးတကောင်တလေမျှ မဆုံးရှုံးကြစေနှင့်' လို့ မြွက်ကြားတော်မူခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကြောင့် လူတယောက် အသက်မဆုံးရှုံးပါစေနဲ့။

"အဖေဆိုတာ ဘာကို ခေါ်တာလဲလို့ ကျွန်တော် အခုပဲ မေးခဲ့ပါတယ်၊ နောက်ပြီးတော့ အဖေဆိုတဲ့ စကားလုံးဟာ အင်မတန် ကြီးကျယ်တဲ့ စကားလုံးတလုံး ဖြစ်ကြောင်းနဲ့ အဖေဆိုတဲ့ နာမည်ဟာ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ နာမည်တခုဖြစ်ကြောင်းလည်း ကျွန်တော် ပြောခဲ့ပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ စကားလုံးများကို ရိုးသားစွာ သုံးစွဲကြဖို့ လိုပါတယ်၊ နာမည်တွေကို သုံးစွဲတဲ့နေရာမှာ မှန်ကန်တဲ့ နာမည်တွေကို သုံးစွဲဖို့၊ ဆီလျော်တဲ့နာမည်ကို သုံးစွဲဖို့ အင်မတန် အရေးကြီးပါတယ်။ အသတ်ခံရတဲ့ ကာရာမာဇော့လို အဘိုးကြီးတယောက်ဟာ အဖေရယ်လို့ အခေါ်မခံထိုက်ပါဘူး။ အဖေတယောက်အနေနဲ့ အချစ်မခံထိုက်တဲ့လူတယောက်ကို အဖေ တယောက်လို ချစ်တာဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိပါဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ မေတ္တာတရား ဆိုတာကို အကြောင်းမဲ့ ဖန်တီးယူလို့ မရနိုင်ပါဘူး။ ဘုရားသခင် တပါးတည်းသာ မေတ္တာတရားကို အကြောင်းမဲ့ ရယူနိုင်စွမ်း ရှိပါတယ်။

"ဖခင်တို့ ... သင်တို့၏သားသမီးများကို ဒေါသမဖြစ်စေနှင့်" လို့ တမန်တော်က မေတ္တာတရား ပြည့်ဝစွာနဲ့ ရေးသားခဲ့ပါတယ်။ ဒီတရားတော်ကို ကျွန်တော် ကိုးကားပြောဆိုရတာဟာ ကျွန်တော့်ရဲ့ အမှုသည်အတွက် မဟုတ်ပါဘူး။ ဖခင်များအားလုံးကို သတိပေးချင်လို့ပဲ ဖြစ်ပါတယ်။ ဖခင်တွေကို တရားဟောဖို့ ကျွန်တော့်ကို ဘယ်သူက အာဏာပေးထားပါသလဲ၊ ဘယ်သူကမှ ပေးမထားပါဘူး။ လူတယောက်အနေနဲ့၊ နိုင်ငံသားတယောက်အနေနဲ့ မေတ္တာရပ်ခံလိုက်ရခြင်းသာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ လူဖြစ်လာကြတာ မကြာသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ မကောင်းတဲ့အမှု တွေကို အများကြီး ကျူးလွန်ခဲ့ကြပါပြီ။ မကောင်းတဲ့စကားတွေကို အများကြီး ပြောခဲ့ကြပါပြီ၊ အဲဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒီနေရာမှာ အတူတကွ စုဝေးမိကြတဲ့အခိုက်မှာ အခွင့်ကောင်းယူပြီး တယောက်ကိုတယောက် စကားကောင်းတွေ ပြောကြပါဦးစို့ ။

"အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခု စကားကောင်း ဆိုနေရခြင်း ဖြစ်ပါတယ်။ ကျွန်တော် အခု ဒီနေရာမှာ ရောက်နေတဲ့အခိုက်မှာ ရတဲ့အခွင့်အရေးကို ရယူလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော် တို့ကို အထက်အာဏာပိုင်အဖွဲ့က အခုလို စစ်ဆေးစီရင်ဖို့ ခုံအဖွဲ့ကြီး ဖွဲ့ပေးထားတာဟာ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြောနေတာတွေကို ရုရှားတနိုင်ငံလုံးက

နားစွင့်နေကြပါတယ်။ ကျွန်တော် အခုပြောနေတာဟာ ဒီမှာ ရှိနေတဲ့ ဖခင်တွေကိုသာ မဟုတ်ပါဘူး၊ အားလုံးသော ဖခင်များကို ပြောဆိုနေခြင်း ဖြစ်ပါတယ် ... 'ဖခင်တို့၊ သင်တို့၏ သားသမီးများကို ဒေါသမဖြစ်ပါစေနှင့်' အဲဒီတော့ ကျွန်တော်တို့ဟာ အရှင်ယေရှုရဲ့ ဩဝါဒတရားကို ကျွန်တော်တို့ ဘာသာရေးအရ လိုက်နာဆောင်ရွက်ပြီးတော့မှ သားသမီးတွေရဲ့ပြန်လည်တုံ့ပြန်မှုကို မျှော်လင့်နေကြရမှာ ဖြစ်ပါတယ်၊ ဒီလိုမျိုး မဟုတ်ဘူးဆိုရင် ကျွန်တော်တို့ဟာ ဖခင်တွေ မဟုတ်ကြတော့ ပါဘူး၊ ကျွန်တော်တို့သားသမီးတွေရဲ့ရန်သူတွေပဲ ဖြစ်ကြပါလိမ့်မယ်၊ နောက်ပြီးတော့ သူတို့ကလေး တွေဟာလည်း ကျွန်တော်တို့ရဲ့ သားသမီးတွေ မဟုတ်ကြတော့ဘဲ ကျွန်တော်တို့ရဲ့ ရန်သူတွေပဲ ဖြစ်ကြပါလိမ့်မယ်။ သူတို့ကို ကျွန်တော်တို့ရဲ့ ရန်သူတွေဖြစ်အောင် ကျွန်တော်တို့ကိုယ်တိုင် လုပ်လိုက်ကြတာပဲ ဖြစ်ပါတယ် ... 'သင်ပြုမူသည့်အတိုင်း သင့်ကို ပြန်လည်ပြုမူလိမ့်မည်' တဲ့။ ဒါ ကျွန်တော်ပြောတဲ့စကား မဟုတ်ပါဘူး၊ ခရစ်ဝင်ကျမ်းလာ ဩဝါဒကထာပဲ ဖြစ်ပါတယ်၊ သင့်ကို ပြုမူသည့်အတိုင်း သူတပါးကို ပြန်လည်ပြုမူရမည်။ အဲဒီတော့ ကျွန်တော်တို့ လုပ်တဲ့အတိုင်း သူတို့က ပြန်လုပ်တာကို ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ရဲ့ ကလေးတွေကို အပြစ်တင်ရမလဲ။

"မကြာခင် တလောက ဖင်လန်နိုင်ငံမှာ အိမ်ဖော်မကလေးတယောက်ဟာ တိတ်တိတ်ကလေး ကလေးမွေးတယ်လို့ သတင်းရတယ်။ သူ့ကို စောင့်ပြီးကြည့်နေကြတယ်။ မျက်နှာကြက်ခန်းတနေရာ အုတ်ခဲတွေရဲ့နောက်ဘက်မှာ သေတ္တာတလုံး တွေ့ရတယ်၊ အဲဒီသေတ္တာကို ဖွင့်ကြည့်တဲ့အခါမှာ အထဲမှာ အဲဒီမိန်းကလေး သတ်ပြီး ထည့်ထားတဲ့ မွေးကင်းစ ကလေးအလောင်းတခုကို တွေ့ရတယ်၊ အဲဒီသေတ္တာထဲမှာပဲ ကလေးအရိုးခြောက်နှစ်ခုကိုလည်း တွေ့ရတယ်။ အဲဒီကလေးတွေကို သူပဲ သတ်ပြီး ထည့်ထားတာပါလို့ မိန်းကလေးက ဖြောင့်ချက်ပေးတယ်။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ အဲဒီမိန်းကလေးဟာ သူမွေးတဲ့ကလေးတွေရဲ့ အမေတယောက် ဖြစ်ပါသလား ခင်ဗျာ။ အဲဒီကလေးသုံးယောက်ကို သူ မွေးပါတယ်၊ ဒါပေမဲ့ သူဟာ အဲဒီကလေးတွေရဲ့ အမေ ဟုတ်ပါသလား။ လူကြီးမင်းများထဲကနေပြီး ဘယ်သူများ သူ့ကို မြင့်မြတ်တဲ့ ကလေးအမေ ဆိုတဲ့ နာမည်ကို ပေးရဲပါမလဲ။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်တို့အနေနဲ့ သတ္တိရှိဖို့ လိုပါတယ်၊ ရဲရင့်ပြတ်သားဖို့ လိုပါတယ်၊ အခုအချိန်မှာ အဲဒီလို သတ္တိရှိဖို့၊ ရဲရင့်ပြတ်သားဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်၊ ဩော် ထရော်စကီရဲ့ ပြဇာတ်ထဲမှာ မော်စကိုက မိန်းမကြီးတဲ့ ... သူတို့နားမလည်တဲ့ စကားလုံးတွေကို ပြောရမှာ ကြောက်နေသလို ကျွန်တော်တို့ဟာ ဘယ်စကားလုံး၊ ဘယ်အယူအဆကိုမှ ကြောက်နေစရာ မလိုပါဘူး။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်

အတွင်းမှာ ခေတ်ကြီးရဲ့ တိုးတက်လာမှုဟာ ကျွန်တော်တို့အပေါ်မှာလည်း အကျိုးသက်ရောက်တယ် လို့ ယူဆပြီး ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ပါ။ လူတယောက်ဟာ ကလေးတယောက်ကို မွေးဖွားပေးရုံနဲ့ အဖေမဖြစ်နိုင်ဘူး၊ သူဟာ ကလေးကိုလည်း မွေးဖွားပေးရမယ်၊ သူ့ရဲ့မိဘဝတ္တရားကို လည်း ကျေပွန်အောင် ထမ်းဆောင်ရမယ်။ ဒါမှသာ သူဟာ အဖေတယောက် ဖြစ်မယ်။

"အို ... ဒါပေမဲ့ 'အဖေ' ဆိုတဲ့ စကားလုံးရဲ့ တခြား အဓိပ္ပာယ်တခု၊ တခြား အနက် ဖွင့်ဆိုချက် တခုလည်း ရှိပါသေးတယ်။ သူဟာ လူမဆန်တဲ့ သတ္တဝါကြီးတယောက်ပဲ ဖြစ်ပါစေ၊ သူ့ကလေး အပေါ်မှာ မိဘဝတ္တရား မကျေပွန်ပဲ ဖြစ်ပါစေ၊ သူဟာ ဒီကလေးကို မွေးဖွားပေးခဲ့တဲ့အတွက် အဖေတယောက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဓိပ္ပာယ်က ကျိုးကြောင်းဆက်စပ်ပြီး နားလည်နိုင်ဖို့ ခဲယဉ်းပါတယ်၊ ကျွန်တော့်ရဲ့အသိဉာဏ်နဲ့ ဘယ်လိုမှ နားမလည်နိုင်ပါဘူး၊ ယုံကြည်မှုအရသာ လက်ခံထားရတာ ဖြစ်ပါတယ်။ ဘာသာတရားက ယုံကြည်ပါဆိုလို့သာ ကျွန်တော် ဘယ်လိုမှ နားမလည်ဘဲနဲ့ လက်ခံယုံကြည်ထားရတဲ့ တခြားအကြောင်းအရာတွေလိုပဲ အစဉ်အလာ ယုံကြည်မှု အရ ယုံကြည်ထားရခြင်းသာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလိုမျိုး ယုံကြည်ရတာကို ဒိဋ္ဌဓမ္မ လောကကြီး ရဲ့ အပြင်ဘက်မှာ ထားရပါမယ်။ ဒိဋ္ဌဓမ္မ လောကကြီးရဲ့ အတွင်းမှာဆိုရင်တော့ ကျွန်တော်တို့ဟာ လူသားတယောက် ပီသချင်တာဆိုရင်၊ ခရစ်ယာန်ဘာသာဝင်တွေလို့ဆိုရင် ကျွန်တော်တို့ဟာ အကြောင်းအရာတခုကို သေသေချာချာ စစ်ဆေးစိစစ်ပြီးမှ၊ အကျိုးအကြောင်း ဆက်စပ်ပြီးမှ၊ အတွေ့အကြုံ အစမ်းအသပ် ရှိပြီးမှ ယုံကြည်ကြဖို့ အခွင့်အရေး၊ အခွင့်အာဏာနဲ့ တာဝန်ဝတ္တရားတွေ ရှိပါတယ်။ တိုတိုပြောရလို့ရှိရင် ကျွန်တော်တို့ အကျိုးအကြောင်း ဆက်စပ်မှုရှိရှိ လုပ်ကြရပါမယ်။ ကျိုးကြောင်းဆက်စပ်မှု မရှိဘဲနဲ့ အိပ်မက်ထဲမှာ လုပ်တာမျိုး၊ ကယောင်ကတမ်း ငန်းဖမ်းလို့ လုပ်တာမျိုး မလုပ်ရပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုဟာ လူသားတွေကို မထိခိုက်စေရပါဘူး။ လူသားတွေကို ညှဉ်းပန်းနှိပ်စက်တာမျိုး မဖြစ်စေရပါဘူး။ လူသားတွေကို မပျက်စီးစေရပါဘူး။ အဲဒီလိုမျိုးလုပ်နိုင်မှသာ ကျွန်ပော်တို့ဟာ အစဉ်အလာ ယုံကြည်မှုသဘောမဟုတ်ဘဲနဲ့ ကျိုးကြောင်း ဆက်စပ်မှုအရ တကယ့် ခရစ်ယာန်တွေရဲ့လုပ်ငန်း၊ တကယ့်လူသားတွေရဲ့ လူအများ ကောင်းကျိုး လုပ်ငန်း ..."

ဤနေရာတွင် တရားရုံးအတွင်း နေရာပေါင်းများစွာမှပင် လက်ခုပ်သံများ ပေါ်ထွက်လာသည်။ သို့သော် ဖီကျူကိုဗစ်က သူ့စကားကို ဆုံးအောင် ဆက်ပြောပါရစေဟူသော သဘောဖြင့် သူ့လက်များကို ဝှေ့ယမ်းပြသည်။ ချက်ချင်းပင် ပြန်လည်ငြိမ်သက် တိတ်ဆိတ်သွားသည်။ အကျိုးဆောင်ကြီးက ဆက်လက်ပြောကြားသည်။

"ဖူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ရဲ့ကလေးတွေ အရွယ်ရောက်လာပြီး စဉ်းစားတတ်တဲ့ အခါမှာ ဒီပြဿနာတွေကို မစဉ်းစားဘူးလို့ လူကြီးမင်းများ ထင်ပါသလား၊ သူတို့ မစဉ်းစားဘဲ မနေနိုင်ပါဘူး ခင်ဗျာ၊ သူတို့ကို မစဉ်းစားရဘူးလို့လည်း ကျွန်တော်တို့ ဘယ်လိုမှ မချုပ်ချယ်နိုင် ပါဘူး။ မိဘမပီသတဲ့ ဖခင်တယောက်ကို မြင်တဲ့အခါမှာ၊ အထူးသဖြင့် သူငယ်ချင်းအပေါင်းအသင်း တွေရဲ့ မိကောင်းဖခင်တွေကို မြင်တွေ့ရတဲ့အခါမှာ သူတို့စိတ်ထဲမှာ အတွေးစိတ်တွေဟာ အလိုလို ဝင်လာကြပါလိမ့်မယ်။ ဒီအခါမှာ သူတို့အနေနဲ့ ရိုးရိုးကလေးပဲ တွေးမိကြလိမ့်မယ် ... 'ငါ့ကို သူက မွေးတယ်၊ ငါဟာ သူ့ရဲ့သွေးသားဖြစ်တယ်။ ဒါကြောင့် သူ့ကို ငါချစ်ရမယ်' ကလေးဟာ အဲဒီလိုပဲ တွေးမိတယ်။ 'ဒါပေမဲ့ ငါ့ကိုမွေးတဲ့အချိန်တုန်းက သူ ငါ့ကိုချစ်သလား' ကလေးဟာ ဒီလိုမျိုး မေးပြီး ပိုပြီးတော့ စဉ်းစားလာလိမ့်မယ် ... 'ငါ့အတွက် ငါ့ကို သူ မွေးတာလား၊ အဲဒီအချိန်တုန်းက သူ့မှာ ရမ္မက်ဆန္ဒတွေ ပြင်းပြနေတုန်းက၊ သူ့မှာ အရက်သွေးတွေ ကြွနေတုန်းက ငါဆိုတာကို သူ မသိဘူး။ ယောကျ်ားကလေးလား၊ မိန်းကလေးလား ဆိုတာကိုတောင် သူ မသိဘူး၊ သူဟာ အရက်သွေး ကြွနေလို့ ငါ့ကို ဖြစ်လာစေတာပဲ၊ ငါနဲ့ပတ်သက်လို့ သူလုပ်ပေးသမျှဟာ ဒါပဲ၊ သူဟာ ငါ့ကို မွေးရုံကလေး မွေးပေးခဲ့ပြီး ငါ လူဖြစ်လာတဲ့ နောက်ပိုင်းမှာ ငါ့ကို ဘယ်လိုမှ ဂရုမစိုက်တဲ့ သူ့ကို ငါ ဘာဖြစ်လို့ ချစ်ရမှာလဲ"

"ဒီမေးခွန်းတွေဟာ ရိုင်းစိုင်းတယ်၊ ရက်စက်တယ်လို့ လူကြီးမင်းများ ထင်ကြပါလိမ့်မယ်၊ ဒါပေမဲ့ လူကြီးမင်းတို့အနေနဲ့ လူငယ်တွေရဲ့အတွေးကို ဘယ်လိုမှ မထိန်းချုပ်နိုင်ပါဘူး၊ သဘာဝတရားကို တံခါးပေါက်ကနေ မောင်းထုတ်လိုက်ရင်၊ ပြတင်းပေါက်ကနေ မောင်းထုတ်လိုက်ရင် ပြတင်းပေါက် ကနေ ပြန်ဝင်လာပါလိမ့်မယ်။ ဒါထက် အရေးအကြီးဆုံးကတော့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ နားမလည်တဲ့ နှုတ်ကပတ်စကားတွေကို မကြောက်လန့်ကြဖို့ပါပဲ။ ပြဿနာတွေကို လျှို့ဝှက် ဆန်းကြယ်တဲ့ မိုးပေါ်က အယူအဆတွေနဲ့ မဖြေရှင်းဘဲ မြေကြီးပေါ်က ကျိုးကြောင်းဆက်စပ်မှု တွေနဲ့ ဖြေရှင်းကြဖို့ပါပဲ။ ဥပမာ ဆိုကြပါစို့။ သားဖြစ်သူကို သူ့အဖေရှေ့မှာ ရပ်ခိုင်းပြီး အခုလို မေးခိုင်းကြည့်စမ်းပါ 'ဖေဖေ့ကို ကျွန်တော် ဘာဖြစ်လို့ ချစ်ရမှာလဲ။ ဖေဖေ့ကို ကျွန်တော် ဘာဖြစ်လို့ ချစ်ရမယ်ဆိုတာကို သက်သေပြစမ်းပါ ဖေဖေ' အဲဒီအခါမှာ အဖေက အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ နဲ့ ပြောနိုင်ရင်၊ သက်သေသာဓကတွေ ပြနိုင်ရင် သူတို့နှစ်ယောက်ဟာ မိုးပေါ်က အယူအဆ တွေကြောင့် မဟုတ်ဘဲ ကျိုးကြောင်းဆက်စပ်မှုအရ၊ ဝတ္တရားအရ၊ လူမှုရေးရာအရ တကယ့် ဘဝအစစ်အမှန်၊ တကယ့်မိသားစုအနေနဲ့ ဆက်ဆံနေကြတာပဲ။ ဒီလိုမဟုတ်ဘဲ အဖေက သက်သေ မပြနိုင်ဘူးဆိုရင်တော့ သူတို့နှစ်ယောက်ရဲ့ မိသားစုဆက်သွယ်ရေးဟာ တခါတည်း ရပ်တန်းက ရပ်သွားပြီ။ အဲဒီအဖေဟာ ကလေးရဲ့အဖေ မဟုတ်တော့ဘူး၊ သားအနေနဲ့ အားလုံးလွတ်လပ်သွားပြီ၊ အဲဒီအဖေကို သူစိမ်းတယောက်အနေနဲ့

ကြည့်မြင်နိုင်တယ်၊ ဒါတင်မဟုတ်သေးဘူး၊ ရန်သူတယောက် အနေနဲ့လည်း ကြည့်မြင်ချင် ကြည့်မြင်နိုင်ပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ရဲ့ တရားခွင်ဟာ၊ အမှန်တရားနဲ့ ကျိုးကြောင်းဆက်စပ်မှု တရားခွင်ဟာ အမှန်တရားနဲ့ ကျိုးကြောင်း ဆက်စပ်မှု တရားတွေကို ဖော်ဆောင်တဲ့ မီးရှူးတန်ဆောင်ကြီး ဖြစ်ပါစေ”

ဤနေရာတွင် မည်သို့မျှ မတားဆီး မထိန်းချုပ်နိုင်သော ကြောက်ခမန်းလိလိ သြဘာသံကြီးက တရားခံအကျိုးဆောင်ကြီး၏လျှောက်လဲချက်ကို ဖြတ်တောက်သွားစေတော့သည်။ ပရိသတ်ကြီး တခုလုံး သြဘာပေးလိုက်ခြင်း မဟုတ်သော်လည်း အနည်းဆုံး တဝက်လောက်က ကောင်းချီးသြဘာ ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။ အမိအဖများ သြဘာပေးကြသည်။ အမျိုးသမီးများရှိရာ အထက်စင်္ကြံဆီမှ စူးရှသောအသံများနှင့် ဟစ်အော်သံများ ပေါ်ထွက်လာသည်။ လက်ကိုင်ပဝါများကို ဝှေ့ယမ်းနေကြသည်။ တရားသူကြီးဥက္ကဋ္ဌသည် သူ၏ခေါင်းလောင်းကို တအားကုန် လှုပ်ယမ်းလျက် ရှိသည်။ သူသည် ပရိသတ်ကြီး၏ အပြုအမူအတွက် သိသိသာသာကြီးပင် မကျေမနပ် ဖြစ်နေသည်။ သို့သော် သူစောစောက ခြိမ်းခြောက်ထားသည့်အတိုင်း ‘ရုံးမခါ’ ရဲပါချေ။ စင်မြင့်၏ နောက်ဘက်ရှိ အထူးထိုင်ခုံများတွင် ထိုင်နေကြသော ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၊ ရင်ဘတ်တွင် ဘွဲ့တံဆိပ်ကြီးတွေ တပ်ဆင်ထားသော အဘိုးကြီးများကပင် လက်ကိုင်ပဝါများကို ဝှေ့ယမ်းကာ ကောင်းချီးသြဘာပေးလျက် ရှိကြသည်။ သို့ဖြင့် ဆူညံနေသောအသံများ ငြိမ်သက်တိတ်ဆိတ်သွား သောအခါမှပင် တရားသူကြီးဥက္ကဋ္ဌသည် ရုံးခါပစ်မည်ဟူသော သူ၏လက်သုံးစကားကို တင်းမာ ခက်ထန်စွာဖြင့် ထပ်မံပြောကြားရတော့သည်။ ထိုအခါ အောင်ပွဲရပြီး စိတ်အားတက်ကြွနေသော ဖီကျူကိုဗစ်က ဆက်၍ လျှောက်လဲသည်။

“ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်တို့ ကနေ့အများကြီး ပြောကြရတဲ့ အချင်းဖြစ်ပွားတဲ့ညက အဖြစ်အပျက်ကို လူကြီးမင်းများ မှတ်မိကြပါလိမ့်မယ်။ သားဖြစ်သူဟာ ခြံစည်းရိုးကို ကျော်ပြီး ဝင်သွားတယ်၊ အိမ်ထဲကို ရောက်သွားတယ်။ နောက်ဆုံးမှာ သူ့ကို မွေးခဲ့တဲ့အဖေ၊ သူ့ကို ညှဉ်းပန်း နှိပ်စက်နေတဲ့သူနဲ့ သူ့ရဲ့ရန်သူကို မျက်နှာချင်းဆိုင် တွေ့ရတယ်။ ဒါပေမဲ့ အဲဒီတုန်းက သူဟာ ပိုက်ဆံအတွက် လာတာမဟုတ်ဘူးဆိုတာကို ကျွန်တော် ပြင်းပြင်းထန်ထန် ပြောပါ့မယ်။ ကျွန်တော် ရှင်းပြပြီးခဲ့တဲ့အတိုင်းပဲ လုယက်မှုဆိုတာ လုံးဝ မဟုတ်ပါဘူး၊ ထို့အတူပဲ သူ့အဖေကို သတ်ဖို့ အိမ်ထဲကို ဝင်သွားတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး။ သူ့အနေနဲ့ အဲဒီလိုမျိုး သူ့မှာ အကြံအစည်ရှိတယ်ဆိုရင် သူဟာ အနည်းဆုံး လက်နက်တခုခုကိုတော့ သူနဲ့အတူ ယူဆောင်သွားရ ပါမယ်၊ ကြေးကျည်ပွေ့ကို ဆွဲယူသွားတဲ့ကိစ္စကတော့ သူ့ဟာသူ

ဘာလုပ်မိမှန်း မသိဘဲနဲ့ အမှတ်မထင် ဆွဲယူသွားတာပါပဲ။ ဒါပေမဲ့ သူဟာ သူ့အဖေကို အချက်ပေးစနစ်နဲ့ လှည့်ဖြားပြီး အိမ်ထဲကို ဝင်သွားတယ်ပဲ ဆိုကြပါစို့။ ဒါပေမဲ့ အဲဒီဇာတ်လမ်းကို ကျွန်တော် မယုံဘူးဆိုတာကိုတော့ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ သူ အဲဒီလိုပဲ အိမ်ထဲကို ဝင်သွားတယ်လို့ ခဏလောက် ယူဆထားကြတာပေါ့။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ သူ့ကို ဒုက္ခပေးနေတဲ့သူဟာ သူ့အဖေ မဟုတ်ဘဲ သာမန်သူစိမ်း တယောက်သာ ဖြစ်ခဲ့ရင် သူဟာ အခန်းတွေထဲမှာ လှျောက်ရှာမယ်၊ အိမ်ထဲမှာ အမျိုးသမီး ရှိမနေဘူး ဆိုတာကို သေချာတဲ့အထိ ရှာမယ်၊ အဲဒီလို သေချာသွားတဲ့အခါမှာ သူ့ရဲ့ပြိုင်ဘက်ကို ဘာမှအန္တရာယ် မပေးဘဲ ကမန်းကတန်း ပြေးထွက်သွားမယ်၊ အလွန်ဆုံး သူ့ကို တွန်းလားထိုးလား လုပ်ရုံလောက်ပဲ ရှိမယ်၊ ဒါထက် မပိုနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာအချိန်မရှိလို့ဘဲ၊ သူ့အနေနဲ့ အရေးကြီးတာက အမျိုးသမီးကို တွေ့အောင်ရှာဖို့ပဲ။

"ဒါပေမဲ့ သူ တွေ့နေရတဲ့သူက သူစိမ်းတယောက်မဟုတ်ဘဲ သူ့အဖေ ဖြစ်နေတယ်၊ သူ့အဖေမှ သူ့အဖေ ဖြစ်နေတယ်။ အို ... သူ့အဖေကို မြင်လိုက်ရတဲ့အခါမှာ ငယ်စဉ်ဘဝကတည်းက သူ့ကို မုန်းတီးခဲ့သူ၊ သူ့ရဲ့ရန်သူ၊ သူ့ကို ဒုက္ခပေးနေတဲ့သူ၊ ပြီးတော့ ဘယ်လိုမှ သဘာဝမကျတဲ့ ပြိုင်ဘက် ဖြစ်နေရတဲ့ သူ့အဖေကို မြင်လိုက်တဲ့အခါမှာ မဖြစ်သင့်တာရော ဖြစ်သင့်တာရော အကုန်လုံး ဖြစ်ကုန်ရတော့တာပဲ။ သူ့ရင်မှာ ဒေါသတွေ အလိုအလျောက် ပေါက်ကွဲသွားတယ်၊ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘူး၊ ဘယ်လိုမှ စဉ်းစားချိန် မရှိတော့ဘူး၊ သူ့ရင်ထဲမှာ ဝုန်းခနဲ ပေါက်ကွဲသွား တော့တာပဲ၊ တခါတည်း အရူးတယောက် အနှမ်းတယောက်လို ဖြစ်သွားတော့တာပဲ။ ဒါပေမဲ့ ဒီလိုဖြစ်ရတာဟာ အင်မတန် သဘာဝကျပါတယ်၊ လောကကြီးမှာ ဖြစ်လေ့ဖြစ်ထ ရှိတဲ့အတိုင်း ထာဝရသဘောတရားတွေ အားလုံးကို ဘယ်လိုမှ သတိမထားမိဘဲနဲ့၊ ဘယ်လိုမှ မတားဆီးနိုင်ဘဲနဲ့ ရိုက်ချိုးပစ်လိုက်တော့တာပဲ။

"ဒါပေမဲ့ အဲဒီလိုဖြစ်တဲ့တိုင်အောင် တရားခံဟာ သူ့ကို မသတ်ပါဘူး၊ မသတ်ဘူးဆိုတာကို ကျွန်တော် ခိုင်ခိုင်မာမာပဲ ပြောပါတယ်။ သူ မသတ်ပါဘူး၊ တရားခံဟာ ဒေါသအလျောက် ကြေးကျည်ပွေ့နဲ့ သူ့ကို ရိုက်လိုက်တာပဲ ဖြစ်ပါတယ်၊ သေစေလိုတဲ့သဘော မပါဘဲနဲ့ သူ့လက်ချက်ကြောင့် အဘိုးကြီး သေနိုင်တယ် မသေနိုင်ဘူး ဆိုတာကို မသိဘဲနဲ့ သူ ရိုက်လိုက်တာပဲ ဖြစ်ပါတယ်၊ အဲဒီလို လူသတ်မှုမျိုးကို လူသတ်မှုလို့ မခေါ်ပါဘူး။ အဲဒီလိုအဖေမျိုးကို သတ်မိတဲ့အတွက် အဖေကို သတ်တယ်လို့ မပြောနိုင်ပါဘူး။ အဲဒီလို လူသတ်မှုမျိုးကို အဖေသတ်တဲ့လူသတ်မှုလို့ ယူဆတာဟာ အာဃာတတရားတွေကြောင့်ပဲ

ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလိုလူသတ်မှုမျိုးဟာ တကယ်ရော ဖြစ်ခဲ့ပါသလား ဆိုတာကို စဉ်းစားဖို့ လူကြီးမင်းများကို ကျွန်တော် အကြိမ်ပေါင်းများစွာ တကယ့်ကို လှိုက်လှဲစွာနဲ့ မေတ္တာရပ်ခံခဲ့ပြီးပါပြီ။

"ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်တို့က သူ့ကို ပြစ်ဒဏ်စီရင်ခဲ့လို့ရှိရင် တရားခံဟာ သူ့ကိုယ်သူ အခုလို ပြောပါလိမ့်မယ်.... 'ဒီလူတွေက ငါ့အတွက် ဘာမှ လုပ်မပေးကြဘူး၊ ငါ့ဘဝ တည်ဆောက်ရေး၊ ငါ့ရဲ့ပညာရေး၊ ငါ့ရဲ့ကောင်းစားရေး၊ ငါ့ကို လူတယောက် ဖြစ်လာစေရေးအတွက် သူတို့ ဘာမှ လုပ်မပေးကြဘူး၊ ဒီလူတွေဟာ ငါ့ရဲ့စားဝတ်နေရေးအတွက် ဘာမှလုပ်မပေးကြဘူး၊ ငါ့ကို ထောင်ထဲမှာ လာမတွေ့ကြဘူး၊ ဘာဆိုဘာမှ လုပ်မပေးခဲ့ကြဘူး၊ အခု သူတို့ ငါ့ကို တကျွန်းကို ပို့ကြတော့မယ်၊ ငါ့မှာ စာရင်းတွေ ရှင်းသွားပြီ၊ သူတို့အတွက် ဘာမှ လုပ်ပေးစရာ မလိုတော့ဘူး၊ ဘယ်သူ့အတွက်မှ ဘာမှလုပ်ပေးစရာ မလိုတော့ဘူး၊ သူတို့ဟာ ယုတ်မာကြတယ်၊ အဲဒီတော့ ငါလည်း ယုတ်မာမယ်၊ သူတို့ဟာ ရက်စက်ကြတယ်၊ အဲဒီတော့ ငါလည်း ရက်စက်ရမယ်' ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ဒါဟာ သူ့ကိုယ်သူ ပြောနေမယ့်စကားတွေပါပဲ။ လူကြီးမင်းတို့ကသာ သူ့ကို ပြစ်ဒဏ်ချမှတ်လိုက်မယ်ဆိုရင် သူဟာ အများကြီး ပေါ့သွားပါလိမ့်မယ်၊ သူ့ရဲ့ အသိစိတ်ဟာ အများကြီး ပေါ့ဆသွားပါလိမ့်မယ်၊ သူ့ရဲ့ပြစ်မှုအတွက် သူဟာ နောင်တမရဘဲ ဒေါသတွေဟာ ရှင်သန်လာပါလိမ့်မယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး ပြောနိုင်ပါတယ်။ တချိန်တည်းမှာပဲ လူကြီးမင်းတို့ဟာ သူ့အနေနဲ့ လူတယောက် ဖြစ်လာနိုင်မယ့် အခွင့်အလမ်းကို ဖျက်ဆီးပစ်လိုက် ကြတာပဲ ဖြစ်ပါတယ်၊ လူ့ဘဝတလျှောက်လုံးမှာ သူဟာ ယုတ်မာဆိုးသွမ်းစွာနဲ့ အလင်းရောင် ကင်းမဲ့စွာ နေသွားပါလိမ့်မယ်။

"လူကြီးမင်းတို့ဟာ သူ့ဘဝကို ကယ်တင်တဲ့အနေနဲ့၊ သူ့ကို လူသစ်တယောက် ဖြစ်စေချင်တဲ့ဆန္ဒနဲ့ သူ့ကို အင်မတန် ကြောက်စရာကောင်းတဲ့ ထိတ်လန့်ဖွယ်ရာ ကောင်းတဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ပြစ်ဒဏ်ကြီးတခုကို ပေးချင်ပါသလား။ အဲဒီလို ပေးချင်တယ်ဆိုရင်တော့ လူကြီးမင်းတို့ဟာ သူ့ကို ကရုဏာတရားနဲ့ လွှမ်းခြုံပစ်လိုက်ပါ။ အဲဒီအခါမှာ သူဟာ တကိုယ်လုံး ကတုန်ကယင် ဖြစ်သွားပြီး ထိတ်လန့်တကြားနဲ့ သူ့ကိုယ်သူ ပြောပါလိမ့်မယ် ... 'အို ဒီကရုဏာတရားကို ဘယ်လိုလုပ်ပြီး လက်ခံရမလဲ၊ ဒါလောက်ကြီးမားတဲ့ မေတ္တာတရားကို ငါ ဘယ်လိုလုပ်ပြီး လက်ခံရမလဲ၊ ငါဟာ ဒီကရုဏာတရား၊ မေတ္တာတရားတွေနဲ့ ထိုက်တန်ရဲ့လား'။

"အို ဇူရော်လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော် သိပါတယ်၊ အဲဒီနှလုံးသားတွေရဲ့အကြောင်းကို ကျွန်တော် သိပါတယ်။ သူတို့ဟာ ကြမ်းတမ်းရိုင်းစိုင်းပေမဲ့ ကျေးဇူးတရားကို အင်မတန် သိတတ်ပါတယ်၊

သူတို့ရဲ့နှလုံးသားဟာ လူကြီးမင်းတို့ရဲ့ ကရုဏာတရား ရှေ့မှောက်မှာ ဒူးထောက်လာပါလိမ့်မယ်။ ဒီနှလုံးသားတွေဟာ မေတ္တာတရားရဲ့လွှမ်းခြုံမှုကို မျှော်လင့်နေတာပါ၊ သူတို့ရဲ့ နှလုံးသားတွေဟာ မေတ္တာတရားရဲ့လွှမ်းခြုံမှုကို ခံရတဲ့အခါမှာ အားသစ်တွေ ပွားလာပြီး အစဉ် လန်းဆန်းလာပါလိမ့်မယ်။ ဒီလောကကြီးမှာ လူတချို့ဟာ အသိအမြင် ကျဉ်းမြောင်းကြတဲ့အတွက် လောကကြီးတခုလုံး အပြစ်တင်နေကြပါတယ်။ ဒါပေမဲ့ ဒီလူတွေကို ကရုဏာတရား၊ မေတ္တာတရားနဲ့ လွှမ်းခြုံလိုက်ရင် သူတို့ဟာ အတိတ်က မှားယွင်းတဲ့ လုပ်ရပ်တွေကို တခါတည်း စွန့်ပယ်ပစ်လိုက်ကြ ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ရင်ထဲမှာ ကောင်းမြတ်တဲ့ စိတ်ကလေးတွေ ကိန်းအောင်း နေလို့ပါပဲ။ သူတို့ရဲ့နှလုံးသားတွေ ပြည့်ဖြိုးလန်းဆန်းလာပြီး ဘုရားသခင်ရဲ့ မဟာကရုဏာတရားတော်ကို တွေ့မြင်လာကြပါလိမ့်မယ်။ လူတွေဟာ ဖြောင့်မတ်ကောင်းမွန်ကြပါကလားလို့ တွေ့မြင်လာကြပါလိမ့်မယ်။ အဲဒီအခါမှာ သူဟာ တုန်လှုပ်ချောက်ချားလာလိမ့်မယ်၊ နောင်တတရား တွေ ရလာလိမ့်မယ်၊ သူ့မှာ ဆပ်စရာအကြွေးတွေ အများကြီး ရှိနေပါကလားလို့ နားလည်လာ လိမ့်မယ်၊ အဲဒီအခါမှာ သူဟာ 'ငါ့မှာ စာရင်းတွေ ရှင်းသွားပြီ' လို့ ပြောတော့မှာ မဟုတ်ဘူး၊ 'ငါဟာ လူတွေအားလုံးရဲ့အမြင်မှာ အပြစ်ရှိတဲ့လူတယောက် ဖြစ်နေပြီ၊ ငါဟာ အသုံးမကျတဲ့ လူတယောက် ဖြစ်သွားပြီ' လို့ ပြောလိမ့်မယ်။ သူဟာ နောင်တတရားတွေ၊ သံဝေဂတရားတွေ ရလာပြီး၊ မျက်ရည်တွေ ကျလာပြီး 'လူတွေအားလုံးဟာ ငါ့ထက် တော်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ငါ့ဘဝကို ဖျက်ဆီးမပစ်ကြဘဲ ငါ့ဘဝကို ကယ်တင်ခဲ့ကြတယ်' ... အို လူကြီးမင်းတို့အနေနဲ့ ဒီကရုဏာတရားကို အလွယ်တကူပဲ ပြသနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထောက်အထားတွေ မခိုင်လုံတဲ့အတွက် လူကြီးမင်းများအနေနဲ့ 'သင့်မှာ အပြစ်ရှိသည်' လို့ ပြောဖို့ အင်မတန် ခဲယဉ်းတဲ့ အခြေအနေမှာ ရှိပါတယ်။

"အပြစ်မရှိတဲ့ လူတယောက်ကို အပြစ်ပေးမှာထက် အပြစ်ရှိတဲ့ လူဆယ်ယောက်ကို လွှတ်လိုက်ပါတဲ့' ... ကျွန်တော်တို့ရဲ့ ဂုဏ်ရောင်ပြောင်တဲ့ သမိုင်းမှာ လွန်ခဲ့တဲ့ ရာစုနှစ်အတွင်းမှာ ပြောခဲ့တဲ့ ကျက်သရေဖြိုးဝေတဲ့ စကားကို လူကြီးမင်းများ ကြားကြတယ်၊ ကြားဖူးကြတယ် မဟုတ်လား။ ရုရှားနိုင်ငံတော်ရဲ့တရားရုံးတခုဟာ ပြစ်ဒဏ်ပေးဖို့ တခုတည်းအတွက် တည်ရှိနေတာ မဟုတ်ဘူး။ ဘဝပျက်နေတဲ့လူတွေကို ကယ်တင်ဖို့ရာအတွက်လည်း ဖြစ်ပါတယ်ဆိုတာကို ကျွန်တော့်လို အညတရ လူတယောက်က လူကြီးမင်းများကို မိကျောင်းမင်း ရေကင်းပြစရာ လိုမယ်မထင်ပါဘူး။

"တခြားသောနိုင်ငံတွေက ဥပဒေမှာ ရေးထားတဲ့အတိုင်း လိုက်နာပြီး ပြစ်ဒဏ်ချ ပေးချင် ပေးကြပါစေ၊ ကျွန်တော်တို့က ဥပဒေရဲ့အနှစ်သာရရဲ့

ဆိုလိုရင်းအဓိပ္ပာယ်ကို လိုက်နာပြီး၊ ဘဝပျက်သုဉ်းနေတဲ့ လူတွေကို ကယ်တင်ပြီး လူသစ် စိတ်သစ်တွေဖြစ်အောင် ဆောင်ရွက်ပေးကြပါ။ အခုပြောသွားတဲ့အတိုင်း ဖြစ်ခဲ့ရင်၊ ရုရှားနိုင်ငံတော်ကြီးနဲ့ ရုရှားတရားရုံးတွေဟာ ဒီအတိုင်းဖြစ်ခဲ့ရင် ရုရှားနိုင်ငံတော်ကြီးဟာ ကောင်းချီးမင်္ဂလာ ပြည့်ဝစွာနဲ့ ရှေ့သို့ ဆက်လက်ချီတက်သွားပါလိမ့်မယ်။ တခြားနိုင်ငံတွေက ရွံရှာစက်ဆုပ်စွာနဲ့ လမ်းဖယ်ရှောင်တိမ်းပေးကြပေမဲ့ ထင်ရာစိုင်းနေတဲ့ မြင်းသုံးကောင်က ရထားကြီးနဲ့ ကျွန်တော်တို့ကို မခြိမ်းခြောက်ပါနဲ့။ ထင်ရာစိုင်းနေတဲ့ မြင်းရထားကြီး အစား ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝတဲ့ ပန်းရထားကြီးဟာ ရည်မှန်းချက် ပန်းတိုင်ကို ရောက်အောင် ခမ်းနားညင်သာစွာနဲ့ မောင်းနှင်သွားပါလိမ့်မယ်။ လူကြီးမင်းများ လက်ထဲမှာ ကျွန်တော့်အမှုသည်ရဲ့ကံကြမ္မာ တည်ရှိနေပါတယ်၊ လူကြီးမင်းတို့ရဲ့လက်ထဲမှာ ရုရှား နိုင်ငံတော်ကြီးရဲ့ တရားစီရင်မှုဟာ တည်ရှိနေပါတယ်။ လူကြီးမင်းများက နိုင်ငံတော်ရဲ့ တရားစီရင်မှု ကို ကာကွယ်ကြပါ။ စောင့်ရှောက်ကြပါ။ စောင့်ကြပ်ကြည့်ရှုနေတဲ့ လူတွေရှိကြောင်း လူကြီးမင်း တို့က သက်သေပြကြပါ။ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သက်သေပြကြပါ ခင်ဗျား…”

၁၄။ လယ်သမားကြီးများ ပြတ်သားကြသည်

ဤကား သူ၏လျှောက်လဲချက်ကို ဖီကျူကိုဗစ် နိဂုံးချုပ်သွားပုံပင် ဖြစ်တော့သည်။ ယခုတကြိမ်တွင် ပရိသတ်ကြီး၏ စိတ်ဝင်စားလှုပ်ရှားမှုသည် မုန်တိုင်းကြီးတခုကို မတားဆီးနိုင်သကဲ့သို့ပင် ဖြစ်ပါသည်။ မည်သို့မျှ မတားဆီး မနှိမ်နင်းနိုင်ပါချေ။ အမျိုးသမီးတွေ ငိုကြသည်။ အမျိုးသားတွေ လည်း ငိုကြသည်။ အရေးပါသော ပုဂ္ဂိုလ်ကြီးနှစ်ဦးပင် မျက်ရည်ကျသည်။ တရားသူကြီး ဥက္ကဋ္ဌ လက်လျှော့ရသည်။ သတိပေးခေါင်းလောင်းကို တော်တော်နှင့် မထိုးနိုင်ပါ....

“ဒီလိုစိတ်ဝင်စားမှုမျိုးကို နှိမ်နင်းတာဟာ ဘာသာရေးပွဲတခုကို နှိမ်နင်းတာနဲ့ အတူတူပဲ ဖြစ်မယ်” ဟု အမျိုးသမီးများက နောက်ပိုင်းတွင် ပြောဆိုကြပါသည်။ လျှောက်လဲချက်ပေးသူ တရားခံ အကျိုးဆောင်ကြီးကိုယ်တိုင်လည်း အထူးပင် စိတ်လှုပ်ရှားလျက် ရှိတော့သည်။

ဤအချိန်မှာပင် ‘တစုံတရာ ကန့်ကွက်ပြောဆိုရန်အတွက်’ ကျွန်ုပ်တို့၏ အစိုးရ ရှေ့နေကြီး မတ်တတ် ထရပ်သည်။ ထိုအခါ သူသည် မုန်းတီးသော အကြည့်များဖြင့် ရင်ဆိုင်ရသည်။

“ဘာ ... ဘာ ... ဘာလဲ၊ သူက ဘာတွေ လုပ်ဦးမှာလဲ၊ ဘာတွေများ ကန့်ကွက်ဦးမလဲ”

အမျိုးသမီးများက ရေရွတ်ကြသည်။

သို့ရာတွင် သူ၏ဇနီး ခေါင်းဆောင်သော အမျိုးသမီးထုကြီးတရပ်လုံးက ရေရွတ် မြည်တမ်းလျက် ရှိစေကာမူ သူသည် ထိုအချိန်တွင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်ခြင်း မရှိပါ။ သူ၏မျက်နှာ ဖြူရော်နေ သည်။ စိတ်လှုပ်ရှားလွန်းသဖြင့် တကိုယ်လုံး တုန်ယင်နေသည်။ ပထမပိုင်း သူပြောသော စကားလုံး များ၊ စကားပိုဒ်များသည် သဲကွဲခြင်း မရှိကြပါ။ သူ မောနေသည်။ စကားကောင်းကောင်း မပြောနိုင်ဘဲ ရှိနေသည်။ တောင်ရောက် မြောက်ရောက် ဖြစ်နေသည်။ သို့ရာတွင် များမကြာမီမှာပင် သူ့ကိုယ်သူ ပြန်လည်ထိန်းသိမ်းနိုင်သည်။ သို့သော် သူ၏ ဒုတိယအကြိမ် လျှောက်လဲချက်မှ စကားအနည်းငယ်ကိုသာ ကျွန်ုပ် ထုတ်နုတ် ဖော်ပြပါမည်။

“.... စိတ်ကူးယဉ်ဇာတ်လမ်းတွေကို ဖန်တီးတယ်ဆိုပြီး ကျွန်တော့်ကို ပြစ်တင်ဝေဖန်သွားပါတယ်။ ဒါပေမဲ့ တရားခံအကျိုးဆောင် ရှေ့နေကြီးကရော စိတ်ကူးယဉ်ဇာတ်လမ်းတွေကို တခုပြီးတခု ဖန်တီးသွားတာပဲ မဟုတ်လား။ ကဗျာမစပ်ရုံဘဲ ကျန်တော့တယ်၊ ဖျိုဒါကာရာမာဇော့ဟာ သူ့ရဲ့

အပျော်မယားကလေးကို စောင့်မျှော်နေရင်းနဲ့ စာအိတ်ကို ဆုတ်ဖြဲပြီး ကြမ်းပြင်ပေါ်ကို လွှင့်ပစ်လိုက် တယ်တဲ့။ အဲဒီလို လွှင့်ပစ်လိုက်တဲ့အချိန်မှာ သူ ဘာပြောတယ်ဆိုတာကိုတောင်မှ ကျွန်တော်တို့ရဲ့ ပညာရှိမိတ်ဆွေကြီးက ပြောသွားလိုက်သေးတယ်။ ဒါဟာ စိတ်ကူးယဉ်ကဗျာတပုဒ်ပဲ မဟုတ်ပါလား၊ စာအိတ်ထဲက ပိုက်ဆံတွေကို သူ ထုတ်ယူတယ်ဆိုတာ ကျွန်တော်တို့ရဲ့ပညာရှိကြီးက ဘာသက်သေ များ ပြနိုင်ပါသလဲ၊ ဖျို့ဒါ ကာရာမာဇော့ ဘာပြောတယ်ဆိုတာကို ဘယ်သူ ကြားပါသလဲ။

"စိတ်ခါတ်ပျော့ညံ့တဲ့ လူ့အန္တ ဆမာယာကော့ကိုလည်း ဘိုင်ရွန်ရဲ့ ဇာတ်လိုက်ကြီးအဖြစ် ပြောင်းလဲ ထားတယ်။ သူဟာ တိတ်တိတ်ပုန်းရတဲ့ တရားမဝင် သားတယောက် ဖြစ်တဲ့အတွက် လောကကြီးကို လက်စားချေတယ်တဲ့။ ဒါဟာ ဘိုင်ရွန်ရဲ့ကဗျာတပုဒ်လိုမျိုးပဲ မဟုတ်ပါလား။

"နောက်ပြီးတော့ တခါ သားဖြစ်သူဟာ သူ့အဖေရဲ့အိမ်ကို ဝင်သွားတယ်၊ သူ့အဖေကို သတ်တယ်၊ ဒါပေမဲ့ ဒါဟာ သူ့အဖေကို သတ်တာ မဟုတ်ဘူးတဲ့၊ ဒါကျတော့ စိတ်ကူးယဉ်ဇာတ်လမ်းတပုဒ်၊ ကဗျာတပုဒ်တောင် မကတော့ဘူး၊ မနုဿဗီဟရဲ့စကားထာ ဖြစ်သွားပြီ။ သူကိုယ်တိုင် မဖြေနိုင်တဲ့ စကားထာ ဖြစ်သွားပြီ။ သူ့အဖေကို သူသတ်တယ်ဆိုရင် သူသတ်တာပဲပေါ့။ ဒါပေမဲ့ သူ့အဖေကို သတ်ပါလျက်ကနဲ့ မသတ်ဘူးဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ၊ သူ့စကားကို ဘယ်သူက အဓိပ္ပာယ် နားလည်နိုင်ပါ့မလဲ။

"နောက်ပြီးတော့ ကျွန်တော်တို့ရဲ့တရားခွင်ဟာ အမှန်တရားနဲ့ ခိုင်မာတိကျတဲ့ အယူအဆတွေရှိတဲ့ တရားခွင်တခု ဖြစ်ကြောင်းကိုလည်း အကျိုးဆောင်ကြီးက ကျွန်တော်တို့ကို အလေးအနက် ပြောဆိုသွားပါတယ်။ နောက်ပြီးတော့ 'ခိုင်မာတိကျတဲ့ အယူအဆ' တွေရှိတဲ့ ဒီတရားခွင်ကနေပြီး ယူဆချက်တခုကို ကျမ်းသစ္စာတွေ ကျိန်ဆိုပြီး တင်ပြသွားပါတယ်။ အဖေတယောက်ကို သတ်တဲ့ အတွက် 'အဇာတသတ် လူသတ်မှု' လို့ ခေါ်တာဟာ အာဃာတတရားပဲ ဖြစ်တယ်တဲ့။ အဖေကို သတ်တဲ့ လူသတ်မှုဟာ အာဃာတ သဘောပဲလို့ဆိုရင် ကျွန်တော်တို့ ဘာတွေဖြစ်ကုန်ကြမလဲ။ ကလေးတွေအားလုံးက သူ့အဖေကို 'ဖေဖေ၊ ဖေဖေ့ကို ကျွန်တော် ဘာဖြစ်လို့ ချစ်ရမှာလဲ' လို့ မေးလာကြရင် ဘာတွေဖြစ်ကုန်မလဲ။ ကျွန်တော်တို့ရဲ့လူ့လောကအဆောက်အအုံကြီး ဘာဖြစ်သွားမလဲ။ မိသားစုဆိုတာ ဘာဖြစ်ကုန်မလဲ၊ အဖေကို သတ်တဲ့ အဇာတသတ် လူသတ်မှုဆိုတာ မော်စကိုက မိန်းမကြီးတွေ အလကားနေရင်း ကြောက်လန့်နေတဲ့ နှုတ်ကပတ်တော်လာ စကားလုံး တလုံးပဲတဲ့။ မှန်ကန်ကြောင်း သက်သေမပြနိုင်တဲ့ အရာတခုကို မှန်ကန်ကြောင်း သက်သေပြဖို့ရာ အတွက် ရုရှားနိုင်ငံတော် တရားရုံးတွေရဲ့အနာဂတ်နဲ့ ရုရှားနိုင်ငံတော် တရားရုံးတွေရဲ့ ကံကြမ္မာနဲ့ ဆိုင်တဲ့

မြင့်မြတ်ပြီး အဖိုးအနဂ္ဃထိုက်တန်တဲ့ ပညတ်ချက်တခုကို အလွဲသုံးစားနဲ့ ကရော်ကမယ် အသုံးချသွားပါတယ်။

"တရားခံအကျိုးဆောင်ကြီးက ရာဇဝတ်မှု ကျူးလွန်တဲ့လူကို ကရုဏာတရားနဲ့ ချေမှုန်းပစ်လိုက် ပါတဲ့၊ ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေအားလုံးဟာ ဒီလိုကရုဏာတရားနဲ့ ချေမှုန်းတာမျိုးကို အင်မတန် လိုချင်ကြတာပေါ့၊ သူ ဘယ်လိုမျိုး ချေမှုန်းခံရတယ်ဆိုတာကို နောက်တနေ့မှာပဲ လူတိုင်းက တွေ့မြင်နိုင်ပါတယ်။

"တရားခံအကျိုးဆောင်ကြီးဟာ တရားခံကို အပြစ်မှ လွှတ်ပစ်လိုက်ဖို့လောက်ပဲ တောင်းဆိုသတဲ့ လား၊ နောင်လာနောက်သားတွေ ကြားထဲမှာ အဖသတ်သားရဲ့နာမည်နဲ့ စကောလားရှစ် ရန်ပုံငွေတွေ တည်ထောင်ရအောင် ဘာဖြစ်လို့ မတောင်းဆိုရတာလဲ။

"တရားခံအကျိုးဆောင်ကြီးဟာ ဘာသာတရားနဲ့ ခရစ်ဝင် ကျမ်းစာတွေကို ပြင်ဆင်သွားပါတယ်။ အဲဒါတွေ အားလုံးဟာ ပစ္စက္ခဘဝမှာ ထိုးထွင်းသိရှိနိုင်ခြင်း မရှိတဲ့ မိုးပေါ်က အယူအဆ အဘိဉာဉ် ဝါဒတွေပဲတဲ့။ ဒါပေမဲ့ ကျွန်တော်တို့ ဘာသာရေး အယူဝါဒဟာ စစ်မှန်တဲ့ ခရစ်ယာန်အယူဝါဒဖြစ်ပြီး ကျိုးကြောင်းဆက်စပ်မှုတရား တိကျခိုင်မာတဲ့ အယူအဆ သဘောတရားတွေနဲ့ မှတ်ကျောက်တင် စမ်းသပ်စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။

"အဲဒီလိုနဲ့ သူတို့ဟာ ခရစ်တော်ရဲ့နိမိတ်တော်ပုံအမှားကို ပြသခဲ့ကြပါတယ်။ 'သင် ပြုမူသည့်အတိုင်း သင့်ကို ပြန်လည်ပြုမူလိမ့်မယ်' တဲ့။ တရားခံအကျိုးဆောင်ကြီးက အဲဒီလို ပြောသွားပါတယ်၊ နောက်ပြီးတော့ တဆက်တည်းမှာပဲ ကျွန်ုပ်တို့ ပြုမူတဲ့အတိုင်း ပြန်လည် ရမယ်လို့ ဘုရားသခင်က ဟောကြားခဲ့တယ်လို့ ကောက်ချက်ချသွားပါတယ်။ အမှန်တရားနဲ့ ခိုင်လုံတိကျတဲ့ အယူအဆတွေ ရှိတဲ့ ဒီတရားခွင်ကြီးကနေ ပြောသွားပါတယ်။ ကျွန်တော်တို့ဟာ ခရစ်ဝင်ကျမ်းစာကို ကျွန်တော်တို့ရဲ့ လျှောက်လဲချက်တွေကို ပြင်ဆင်ခါနီးအချိန်ကျမှသာ၊ ကျွန်တော်တို့ လိုချင်တဲ့အချိန်မှသာ ကျွန်တော်တို့လိုချင်တဲ့ အကျိုးသက်ရောက်မှုတခုကို ပြနိုင်အောင် ပရိသတ်ကြီးကို ပညာပြနိုင်အောင် ကြည့်ရှုခဲ့ကြခြင်း ဖြစ်ပါတယ်။

"ဒါပေမဲ့ အရှင်ယေရှုခရစ် ဟောကြားခဲ့တာက အဓိပ္ပာယ်တမျိုး ဖြစ်ပါတယ်။ ဆိုးသွမ်းယုတ်မာတဲ့ လူ့ဘောင်ကြီးမှာ ဒီလိုမျိုး ပြုမူနေကြတဲ့အတွက် ဒီလိုမျိုး မပြုမူမိအောင် သတိထားကြဖို့ ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဥပေက္ခာတရားနှင့် သည်းခံ ခွင့်လွှတ်နိုင်ကြဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို နှိပ်စက်ညှဉ်းပန်းသူတွေက ပြုမူတဲ့အတိုင်း ရန်ကိုရန်ချင်း တုံ့နှင်းဖို့

မဟုတ်ပါဘူး။ ဘုရားသခင်က ကျွန်တော်တို့ကို ဟောကြားခဲ့တာဟာ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ သားသမီးတွေက သူတို့ရဲ့မိဘတွေကို မသတ်အောင် တားဆီး ပိတ်ပင်တာဟာ အာဃာတတရား မဟုတ်ပါဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ဟာ အမှန်တရားနဲ့ တိကျခိုင်လုံတဲ့ အယူအဆတွေရှိတဲ့ ဒီတရားခွင်ကြီးကနေပြီး ဘုရားသခင်ရဲ့ ခရစ်ဝင်ကျမ်းစာတွေကို ပြင်ဆင်ကြဖို့ မဟုတ်ပါဘူး။ ဒီနေရာမှာလည်း တရားခံအကျိုးဆောင်ကြီးက အယူမှန် ရုရှားတနိုင်ငံလုံးနဲ့ ဆန့်ကျင်ပြီး ဘုရားသခင်ကို 'လူသားအပေါင်းတို့၏ အနစ်နာခံ မေတ္တာရှင်ကြီး' လို့သာ ခေါ်ဝေါ်သွားပါတယ်။ အယူမှန် ရုရှားတနိုင်ငံလုံးက ဘုရားသခင်ကို "ကိုယ်တော်အရှင်မြတ်သည် တပည့်တော်တို့၏ ဘုရားသခင် ဖြစ်တော်မူချေ၏ ..."

ဤနေရာတွင် တရားသူကြီးဥက္ကဋ္ဌသည် စိတ်အားတက်ကြွလျက်ရှိသော အစိုးရရှေ့နေအား အလွန်အမင်း ချဲ့ထွင်ပြောဆိုခြင်းများ မပြုလုပ်ရန်၊ သတ်မှတ်ထားသော နယ်နိမိတ်မှ မကျော်လွန်ရန် စသည် .. စသည်ဖြင့် ဤလိုနေရာမျိုးတွင် ဥက္ကဋ္ဌများ ပြောဆိုလေ့ရှိသည့်အတိုင်း သတိပေးပြောကြားသည်။ ထို့ပြင် ပရိသတ်ကြီးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ အချို့မှာ ဒေါသဖြစ်ပြီး အော်ဟစ်ဟန့်ကွက်နေကြသည်။

ဖီကျူကိုဗစ်သည် သူ့အနေနှင့် အထူးတလည် ပြန်လည်ပြောကြားရန် မလိုဟု ယူဆသည်။ သူသည် ရင်ဘတ်ပေါ်တွင် လက်ကို ဖိတင်ပြီး စင်မြင့်ပေါ်သို့ တက်ရောက်သည်။ နာကြည်းခံပြင်းသော လေသံမျိုးဖြင့် စကားအနည်းငယ် ပြောကြားသည်။ 'စိတ်ကူးယဉ် ဇာတ်လမ်းကလေး' နှင့် 'စိတ်ပညာအကြောင်း' တို့ကို သူသည် ခပ်ဖွဖွကလေးနှင့် ခပ်ထေ့ထေ့ကလေး ပြောကြားသည်။ အကွက်ဆိုက်သည့် နေရာတခုတွင်... 'ဂျူပီတာနတ်မင်းကြီး ခင်ဗျာ၊ အသင်မင်းကြီး စိတ်ဆိုးနေ ပါတယ်၊ ထို့ကြောင့် အသင်မင်းကြီး မှားနေပါတယ်' ထိုအခါ ပရိသတ်ကြီး ရယ်မောကြသည်။ အကြောင်းမှာ အစိုးရရှေ့နေကြီးသည် ဂျူပီတာနတ်မင်းကြီးနှင့် မည်သို့မျှ မတူသောကြောင့် ဖြစ်သည်။

သူတို့အဖေများကို သတ်ဖြတ်ရန် မျိုးဆက်သစ်လူငယ်များအား သင်ကြားပေးသည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ကား ဖီကျူကိုဗစ်က ဖြေကြားရန် မရည်ရွယ်ကြောင်း တည်ကြည် လေးနက်စွာဖြင့် ပြောကြားသည်။ ဘုရားသခင်၏ အမည်နာမတော်ကို အယူမှန် ဝါဒနှင့် ကိုက်ညီစွာ မခေါ်ဝေါ်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ကား ပုဂ္ဂိုလ်ရေးအရ 'ချောက်' တွန်းခြင်းပင် ဖြစ်ကြောင်း ပြောကြားပြီး 'နိုင်ငံသားတယောက်အဖြစ်နှင့် သစ္စာရှိ ကျွန်တော်မျိုးတယောက်အဖြစ်မှ ထိခိုက်နစ်နာစေမည့်' စွပ်စွဲချက်မျိုး ဤရုံးတော်တွင် လွတ်ကင်းလိမ့်မည်ဟု သူ့အနေနှင့် ယူဆမိပါ ကြောင်း ... စသည်ဖြင့် ပြောကြားသည်။

သို့သော် ဤစကားလုံးများကို ပြောကြားသောအခါ တရားသူကြီးဥက္ကဋ္ဌက သူ့ကိုလည်း သတိပေး တားမြစ်လိုက်သည်။ ထိုအခါ ဖီကျူးကိုဗစ်က သူ၏ ပြန်ကြားချက်ကို ဦးညွတ်အလေးပြုခြင်းဖြင့် နိဂုံးချုပ်လိုက်သည်။ သူ့အား ထောက်ခံပြောဆိုသော အသံများကြားတွင် သူ့နေရာသို့ ပြန်သွားသည်။ အမျိုးသမီးများအနေနှင့်မူ အစိုးရရှေ့နေကြီးကို 'အပြတ်ရှင်း' လိုက်ပြီဟု ယူဆကြသည်။

ထို့နောက် တရားခံအား တစုံတရာ ပြောကြားရန် ရှိပါသလားဟု ရုံးတော်က မေးမြန်းသည်။ မစ်တယာ မတ်တတ်ထရပ်သည်။ သို့သော် စကားအနည်းငယ်မျှသာ ပြောသည်။ သူသည် စိတ်ရော လူရော အတော်ကြီး ပင်ပန်းလျက် ရှိသည်။ မနက်ပိုင်း ရုံးတော်သို့ သူ ဝင်ရောက်လာစဉ်အခါက တွေ့မြင်ရသော ခွန်အားနှင့် ပြတ်သားမှုများ ပျောက်ကွယ်ကုန်ကြပြီ ဖြစ်သည်။ သည်ကနေ့ တွေ့ကြုံခံစားရသော အဖြစ်အပျက်များသည် သူ၏တသက်တွင် မည်သည့်အခါတွင်မျှ မမေ့နိုင်စရာ များပမာ ဖြစ်တော့သည်။ ထိုအဖြစ်နှင့် တွေ့ကြုံခဲ့ရသည်များက သူ့အနေနှင့် ယခင်က မည်သို့မျှ နားမလည်ခဲ့သော အခြင်းအရာ များကို သင်ကြားပြသခဲ့သည်။ သူ့အသံက အများကြီး ပျော့နေသည်။ ယခင်လို ဟစ်အော်ခြင်းမျိုးများ မရှိတော့။ သူ၏စကားများတွင် အလျှော့ပေးခြင်း၊ အရှုံးပေးခြင်း၊ နားလည်မှု ရှိခြင်းများကို တွေ့ရှိနေရသည်။

"ဇူရော်လူကြီးမင်းများ ခင်ဗျား။ ကျွန်တော် ဘာပြောရမလဲ၊ ကျွန်တော့်ဘဝကို စီရင် ဆုံးဖြတ်မယ့် အချိန် ရောက်နေပါပြီ။ ဘုရားသခင်ရဲ့လက်တော်ဟာ ကျွန်တော့်အပေါ်မှာ ကျရောက်နေပါပြီ၊ ကာမဂုဏ်လောကီသား တဦးအတွက် နိဂုံးချုပ်နေပါပြီ၊ ဒါပေမဲ့ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ အမှန်တရားကို ပြောနေရတဲ့အလား ကျွန်တော် ထပ်ပြီး ပြောပါ့မယ်၊ ကျွန်တော့်ရဲ့အဖေကို ကျွန်တော် မသတ်ပါဘူး။ ကျွန်တော့်အနေနဲ့ မကောင်းတာတွေကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကောင်းတာတွေကို ကျွန်တော် မြတ်နိုးပါတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် ပြုပြင်ဖို့ စက္ကန့်မလပ် ကျွန်တော် ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ အဟိတ်တိရစ္ဆာန်တကောင်လိုပဲ နေထိုင်ခဲ့ပါတယ်။ အစိုးရရှေ့နေကြီးကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မသိတဲ့ ကျွန်တော့် အကြောင်းတွေကို အများကြီး သူ ပြောသွားပါတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေကို ကျွန်တော် သတ်တယ်ဆိုတာကတော့ မမှန်ပါဘူး။ အဲဒီနေရာမှာတော့ သူ မှားနေပါတယ်၊ ကျွန်တော့်ဘက်က အကျိုးဆောင်ရှေ့နေကြီးကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်၊ သူရဲ့လျှောက်လဲချက်ကို နားထောင်ရင်း ကျွန်တော် ငိုမိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေကို ကျွန်တော် သတ်တယ်ဆိုတာ ကတော့ မဟုတ်ပါဘူး။ သူ့အနေနဲ့ ခေတ္တခဏတောင် မယူဆထိုက်ပါဘူး။ နောက်ပြီးတော့

ဆရာဝန်ကြီးတွေရဲ့စကားကိုလည်း မယုံကြည်ပါနဲ့။ ကျွန်တော့်အနေနဲ့ စိတ်မချမ်းမသာ ဖြစ်နေတာ ကလွဲလို့ ကျွန်တော်ဟာ လုံးဝရူးသွပ်ခြင်း မရှိပါဘူး။ လူကြီးမင်းတို့ ကျွန်တော်ကို ချမ်းသာပေးကြ မယ်ဆိုရင်၊ အပြစ်ဒဏ်မှ လွတ်မယ်ဆိုရင် လူကြီးမင်းတို့အတွက် ကျွန်တော် ဆုမွန်ကောင်းများ တောင်းပါ့မယ်။ ကျွန်တော့်အနေနဲ့ လူကောင်းတယောက် ဖြစ်ပါစေ့မယ်။ ဘုရားသခင်ကို တိုင်တည်ပြီး ကျွန်တော် ကတိပေးပါတယ်၊ လူကြီးမင်းတို့က ကျွန်တော့်ကို အပြစ်ဒဏ် ပေးကြမယ် ဆိုရင် ကျွန်တော့်ခေါင်းကို ဓားနဲ့ အစိတ်စိတ် ခွဲပစ်ပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်ကို ချမ်းသာပေးကြပါ။ ဘုရားသခင်ထံမှ ကျွန်တော့်ကို မခွဲခွာကြပါနဲ့။ ကျွန်တော့်ဘာ ကျွန်တော် သိပါတယ်။ ကျွန်တော်ဟာ ဘုရားသခင်ကို ဆန့်ကျင်မိခဲ့ပါတယ်။ ဇူရော်လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော် အင်မတန် စိတ်မချမ်းမသာ ဖြစ်နေပါတယ်၊ ကျွန်တော့်ကို ချမ်းသာပေးကြပါ”

သူသည် အရုပ်ကြိုးပြတ် လဲကျသွားတော့မတတ် ဖြစ်သည်။ သူ၏အသံ တိမ်ဝင်သွားသည်။ သူ၏ နောက်ဆုံးစကားကို သူ မပြောနိုင်တော့မလောက်ပင်ဖြစ်သည်။ ထို့နောက် တရားရုံးက မေးခွန်းများ ကို ဆက်လက်မေးမြန်းသည်။ နှစ်ဖက်အကျိုးဆောင်များကို နိဂုံးချုပ်စကားပြောရန် တောင်းဆို သည်။ သို့ရာတွင် အသေးစိတ်များကို ကျွန်ုပ် မဖော်ပြတော့ပါ။

နောက်ဆုံးတွင် ဇူရော်လူကြီးမင်းများ ညှိနှိုင်းတိုင်ပင်ရန် သွားရောက်ကြသည်။ တရားသူကြီးဥက္ကဋ္ဌ လည်း အထူးပင် မောပန်းနွမ်းနယ်နေဟန် ရှိတော့သည်။ သို့ဖြင့် ဇူရော်လူကြီးမင်းများကို မှာကြားသော စကားသည် အသံပျော့နေတော့သည်။

“ဇူရော်လူကြီးမင်းများ ခင်ဗျား။ ဘက်မလိုက်ကြပါနဲ့၊ တရားခံအကျိုးဆောင်ရဲ့ အာဝဇ္ဇန်း ကောင်းမှု နောက်ကို မလိုက်ကြပါနဲ့၊ ဒါပေမဲ့ လျှောက်လဲချက်တွေကို အလေးအနက် စဉ်းစားကြပါ၊ လူကြီးမင်း များမှာ အင်မတန်ကြီးမားတဲ့ တာဝန်ကြီး ရှိနေတယ်ဆိုတာကို သတိရကြပါ” စသည် စသည်ဖြင့် …

ဇူရော်လူကြီးမင်းများ ထွက်ခွာသွားသောအခါ တရားစီရင်စစ်ဆေးမှုကို ခေတ္တမျှ ရပ်နားလိုက်သည်။ သည်အခါတွင် ပရိသတ်ကြီးသည် ခြေညောင်း လက်ဆန့်လုပ်နိုင်ကြပြီး တယောက်နှင့်တယောက် အမြင်ချင်း ဖလှယ်နိုင်ကြတော့သည်။ စားသောက်ဆိုင်တွင် အဆာပြေ စားသောက်နိုင်ကြသည်။

အချိန်မှာ အလွန်ပင် ညဉ့်နက်နေပြီ ဖြစ်သည်။ ည တချက်တီးလောက် ရှိနေပြီ ဖြစ်သည်။ သို့သော် မည်သူမျှ အိမ်ပြန်ရန် စိတ်မကူးကြ။ သူတို့သည် အထူးပင် စိတ်ဝင်စားလွန်းလျက် ရှိကြသဖြင့် မည်သူမျှ အနားယူချင်သည့် စိတ်ဆန္ဒ

မရှိကြပါ။ စီရင်ချက် ချမှတ်မည်ကို စိတ်အားလျော့စွာနှင့် စောင့်မျှော်နေကြသည်။ သို့သော် ထိုအထဲတွင် အမျိုးသမီးများ မပါရှိပါ။ သူတို့အနေနှင့် အထူးပင် စိတ်မရှည်နိုင်ကြဟန် ရှိနေကြသော်လည်း စိတ်ထဲတွင်မူ တစုံတရာ စိုးရိမ်ကြောင့်ကြဟန် မရှိကြပါ။ အပြစ်မရှိကြောင်း စီရင်ချက် ချမှတ်မည်ကို သူတို့အနေနှင့် အသေချာကြီး သေချာလျက် ရှိပါသည်။ သူတို့အနေနှင့် အထူး စိတ်လှုပ်ရှား တက်ကြွရမည့်အချိန်ကိုသာ စောင့်မျှော်နေကြသည်။ အမျိုးသားများအထဲတွင်လည်း အပြစ်မှ လွတ်ရမည်မှာ မည်သို့မျှ မလွဲမရှောင်သာဟု မှတ်ယူနေ သူများ ရှိကြောင်း ကျွန်ုပ် ဝန်ခံရပါမည်။ အချို့က ကျေနပ်နေကြသည်။ အချို့က မျက်မှောင်ကြီးများ ကုတ်ထားကြသည်။ အချို့က သူ လွတ်သွားမည်ကို မလိုလားသဖြင့် စိတ်ပျက်အားလျော့ နေကြသည်။

ဖီကျူကိုဗစ်မှာမူ သူ့အနေနှင့် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း လုံးဝ စိတ်ချယုံကြည်လျက် ရှိသည်။ သူ့ဘေးတွင် လူတွေ ဝိုင်းဝိုင်းလည်နေသည်။ သူတို့က သူ့ကို ချီးကျူးနေကြသည်။ ခယဝယ လုပ်နေကြသည်။

"တရားခံအကျိုးဆောင်နဲ့ ဇူရော်လူကြီးမင်းတွေရဲ့ကြားမှာ ဆက်သွယ်ထားတဲ့ အပ်ချည်မျှင်ကလေး တခု ရှိတယ်။ တရားခံအကျိုးဆောင်ဟာ အဲဒီချည်မျှင်ကလေး ဆက်သွယ် မိ မမိ ဆိုတာကို စကားပြောရင်းနဲ့ သိနိုင်တယ်။ အဲဒီချည်မျှင်ကလေး ရှိလာတယ်ဆိုတာကို ကျွန်တော် သတိပြုမိ တယ်။ အဲဒီချည်မျှင်ကလေး ရှိနေတယ်၊ ကျွန်တော်တို့ အနိုင်ရပြီ၊ ဘာမှ မစိုးရိမ်ပါနဲ့"

လူတစုကို ယင်းကဲ့သို့ သူ ပြောခဲ့ကြောင်း နောက်ပိုင်းတွင် ကျွန်ုပ် သိရှိရသည်။

"ဒါပေမဲ့ ကျုပ်တို့ လယ်သမားကြီးတွေက ဘာပြောကြဦးမလဲ မသိဘူး"

ကျောက်ပေါက်မာတွေရှိပြီး မျက်မှောင်ကုတ်ထားသော ခပ်ဝဝ မြေပိုင်ရှင်ကြီးတဦးက စကားဝိုင်း ဖွဲ့နေသော လူတစုအနီးသို့ ချဉ်းကပ်သွားရင်း မေးလိုက်သည်။

"သူတို့အားလုံး လယ်သမားတွေချည်း မဟုတ်ပါဘူး၊ ဇူရော်လူကြီး လေးယောက်က အစိုးရအမှုထမ်း တွေပါ"

"အင်း ... ဟုတ်တယ်"

ဒီစကြိတ်ကောင်စီဝင် လူကြီးတဦးက စကားဝိုင်းအတွင်းသို့ ဝင်ရောက်လာရင်း ထောက်ခံပြောဆို လိုက်သည်။

"ဟို ဇူရော်လူကြီး ... ရင်ဘတ်မှာ တံဆိပ်ကြီး တပ်ထားတဲ့ ကုန်သည်ကြီး

နာဇာယက်ကို ခင်ဗျားတို့ သိတယ်မဟုတ်လား”

“ဘာဖြစ်လို့လဲ”

“သူ့မှာ ခေါင်းရှိတယ်”

“ဒါပေမဲ့ သူ စကားတခွန်းမှ မပြောဘူး”

“သူက အပြောသမားတယောက် မဟုတ်ဘူး။ ဒါပေမဲ့ လူတော်တယောက်ပဲ။ ပီတာစဘတ်ရှေ့နေရဲ့ စကားတွေ သူ့နားထဲ မဝင်နိုင်ဘူး။ သူက ကလေးဆယ့်နှစ်ယောက်ရဲ့အဖေပဲ၊ အဲဒါကို ထည့်ပြီး တွက်ထားပါ”

“အို … ဘယ်လိုလဲ၊ သူ့ကို လွတ်လိမ့်မယ်လို့ မထင်ကြဘူးလား”

နောက်တနေရာတွင် အစိုးရအမှုထမ်းကလေးတဦးက မေးလိုက်သည်။

“သူ့ကို လွှတ်မှာ ကျိန်းသေပါတယ်”

တယောက်က အသေအချာ ပြောသည်။

“သူ့ကို မလွှတ်ဘူးဆိုရင် တကယ်ရက်စရာ ကောင်းတာပဲ၊ တကယ် သိက္ခာကျတာပဲ၊ တကယ်လို့ သူ သတ်တယ်ဆိုရင်ရော ဘာဖြစ်သလဲ … အဖေတွေ အများကြီးပဲ၊ နောက်ပြီးတော့ သူ့စိတ်တွေက အရမ်းကာရောကို မွှန်ထူနေတာ မဟုတ်လား။ တကယ်က ကြေးကျည်ပွေ့ကို သူ ရမ်းလိုက်တဲ့ နေရာမှာ အဘိုးကြီးကို ထိသွားတာပဲ ဖြစ်မှာပေါ့။ နောက်ပြီးတော့ အစေခံကို ဆွဲထည့်လာတာ ကလည်း သနားစရာပဲ။ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ကျွန်တော်သာ ဖီကျူကိုဗစ်ရဲ့ နေရာမှာဆိုရင် ရှင်းရှင်းပဲ ပြောလိုက်မယ် … ‘သူ သတ်တယ်၊ ဒါပေမဲ့ သူ့မှာ အပြစ်မရှိဘူး’ … အဲဒါ ဘာဖြစ်သလဲ”

အစိုးရအမှုထမ်းက ပြောသည်။

“သူလည်း အဲဒီလိုပဲ ပြောတာပဲ… ‘အဲဒါ ဘာဖြစ်သလဲ’ ဆိုတာပဲ မပါတယ်”

“ဘာဖြစ်လို့ မပြောရမှာလဲ၊ အဲဒီသဘောမျိုး သူ ပြောလိုက်တာပဲ”

တတိယပုဂ္ဂိုလ်တဦးက ဝင်ရောက်ပြောဆိုသည်။

“ဒါနဲ့ နေပါဦး၊ ဝါတွင်းတုန်းက ကျွန်တော်တို့မြို့မှာပဲ ဇာတ်မင်းသမီးတယောက် သူ့အဆက်ရဲ့ မယားကြီးကို လည်ပင်းလှီးပြီး သတ်တာ လွှတ်ပစ်လိုက်တယ် မဟုတ်လား”

"ဒါပေမဲ့ သူက လည်ပင်းကို ပြတ်အောင် ဖြတ်ပစ်တာ မဟုတ်ဘူး"

"ဘာမှမထူးဘူး၊ လည်ပင်းကို သူ ဖြတ်တာပဲ"

"ကလေးတွေအကြောင်း သူ ပြောတာ ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ကောင်းတယ် မဟုတ်လား"

"ကောင်းတယ်"

"နောက်ပြီးတော့ အဘိဉာဉ်ဝါဒ ကိစ္စရော၊ မိုးပေါ်က အယူအဆတွေ"

"အဘိဉာဉ်ဝါဒအကြောင်းက အသာထားစမ်းပါ၊ ကျွန်တော်တို့ရဲ့အစိုးရရှေ့နေကြီးအကြောင်း ပြောကြရအောင်၊ မနက်ဖြန်ကျရင် သူ့ကံကြမ္မာဟာ ဘာဖြစ်မယ် ထင်သလဲ။ သူ့အချစ်တော် မစ်တယာအကြောင်း သူ ပြောသွားတဲ့ စကားတွေအတွက် သူ့မိန်းမက သူ့မျက်လုံးတွေကို ကုတ်ဖြဲပစ်လိမ့်မယ်"

"သူ ဒီကို လာလို့လား"

"မလာဘူး၊ သူ ဒီကိုသာ လာလို့ရှိရင် သူ့မျက်လုံးတွေကို အခုချက်ချင်းပဲ ကုတ်ဖဲ့ပြီးနေပြီ၊ သူ သွားကိုက်နေလို့ အိမ်မှာ နေနေရတယ်၊ ဟား ဟား ဟား"

"ဟား ဟား ဟား"

တတိယအုပ်စုတွင် ...

"မစ်တယာကို လွှတ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

"ဒါဆိုရင် 'ရွှေမြို့တော်' ကို သူ ဇောက်ထိုးမိုးမျှော် လုပ်ပစ်မှာအမှန်ပဲ၊ သူ့အနေနဲ့ နှစ်ပတ်လောက် ဆက်တိုက်ပြီး သောက်နေလိမ့်မယ်"

"မာရ်နတ်ပဲ"

"ဟုတ်တယ်။ မာရ်နတ်ရဲ့လက်ချက်ပဲ၊ သူ မပါရင် ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ သူ့အနေနဲ့ ဒီလိုမလုပ်ရင် တခြားဘယ်မှာ သွားလုပ်မလဲ"

"ဒီမှာ မိတ်ဆွေတို့၊ စကားပြောကောင်းတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ့်အဖေရဲ့ခေါင်းကို ကျည်ပွေ့နဲ့ ရိုက်တာကတော့ မကောင်းဘူး၊ ကျွန်တော်တို့ ဘာတွေ ဖြစ်ကုန်ကြမလဲ"

"ပန်းရထား ... ပန်းရထားအကြောင်း ပြောသွားတာ မှတ်မိသလား"

“ဟုတ်တယ်၊ လှည်းတစီးကို ပန်းရထားဖြစ်အောင် သူ လုပ်သွားတာပဲ”

“မနက်ဖြန်ကျရင် ပန်းရထားကို လှည်းဖြစ်အောင် သူ လုပ်လိမ့်မယ်၊ သူ့အတွက် လိုအပ်သလို သူလုပ်သွားလိမ့်မယ်”

“ဒီခေတ်ကြီးမှာ ဘယ်လို လူပါးလူနပ်တွေများ ကျွန်တော်တို့ တွေ့နေကြရသလဲ၊ ရုရှားနိုင်ငံမှာ တရားမျှတမှုဆိုတာ ရှိမှ ရှိသေးရဲ့လား”

ထိုအချိန်တွင် ခေါင်းလောင်းထိုးသည်။ ဇူရော်လူကြီးများ တနာရီတိတိ စည်းဝေးကြသည်။ တစ်မိနစ် မပို၊ တစ်မိနစ် မလိုပါ။ ပရိသတ်ကြီး ကိုယ့်နေရာတွင် ကိုယ်ထိုင်မိသောအခါ တရုံးလုံး ငြိမ်သက် တိတ်ဆိတ်သွားတော့သည်။ ဇူရော်လူကြီးများ မည်သို့မည်ပုံ ပြန်လည်ဝင်ရောက်လာကြသည်ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါသည်။ ဘိတ်ဆုံးမှ မေးခွန်းများကို အစီအစဉ်လိုက် ကျွန်ုပ် ဖော်ပြမည် မဟုတ်ပါ။ ကျွန်ုပ်အနေနှင့် မှတ်လည်း မမှတ်မိတော့ပါ။ တရားသူကြီးဥက္ကဋ္ဌ၏ ပထမဆုံးနှင့် အရေးအကြီးဆုံးမေးခွန်းကို သူတို့ ဖြေကြားသည်ကိုသာ ကျွန်ုပ် မှတ်မိနေပါသည်။ ယင်းမေးခွန်းမှာ ...

“တရားခံဟာ ပစ္စည်းကို လုယူဖို့အတွက် လူသတ်မှုကို ကြိုတင်ကြံစည်မှုနဲ့ ကျူးလွန်ပါသလား”

(စကားလုံး အတိအကျကို ကျွန်ုပ် မမှတ်မိပါ)

လူအားလုံးပင် အသက်မရှူနိုင်ဘဲ ရှိကြသည်။ ဇူရော်လူကြီးအဖွဲ့တွင် အသက်အငယ်ဆုံးနှင့် အစိုးရ အမှုထမ်းတဦး ဖြစ်သော ဇူရော်လူကြီးဥက္ကဋ္ဌက တိတ်ဆိတ်ငြိမ်သက်နေသော တရားခွင်အတွင်းဝယ် ကျယ်လောင်ပြတ်သားသော အသံဖြင့် ဖြေကြားသည်။

“မှန်ပါတယ်၊ အပြစ်ရှိပါတယ်”

မေးသမျှ မေးခွန်းတိုင်းကို ဤအတိုင်းသာ ဖြေကြားသည်။ အပြစ်ရှိပါသည်။ မှန်ပါသည်။ အပြစ် ရှိပါသည်။ ယင်းအဖြေမှ တပြားသားမှ မလျော့ပါ။ ဤသို့ဖြစ်လိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ပါ။ အနည်းဆုံးတော့ သနားညှာတာရန်အတွက် ထောက်ခံချက် ပေးလိမ့်မည်ဟု အားလုံးကပင် ယူဆထားခဲ့ကြသည်။

တရုံးလုံး တုပ်တုပ်မျှ မလှုပ်အောင် ငြိမ်သက်တိတ်ဆိတ်လျက် ရှိသည်။ အပြစ်ဒဏ် ချမှတ်စေလို သူများရော၊ အပြစ်မှ လွတ်စေချင်သူများပါ မှင်တက်မိနေကြသည်။ သို့သော် ပထမပိုင်း ခေတ္တခဏ မျှသာ ဖြစ်သည်။ သည့်နောက်ပိုင်းတွင်ကား သိသိသာသာကြီးပင် လှုပ်လှုပ်ရှားရှားကြီး ဖြစ်လာတော့

သည်။ အမျိုးသားများအနက် အတော်များများက သဘောကျ ကျေနပ်ကြသည်။ အချို့ဆိုလျှင် သူတို့၏ အားရကျေနပ်မှုများကို မဖုံးကွယ်ဘဲ လက်ဖဝါးများကို ပွတ်သပ်နေကြသည်။ စီရင်ချက်ကို သဘောမကျသူများမှာမူ အကြီးအကျယ် စိတ်ပျက်သွားကြသည်။ ပခုံးတွန့်ကြသည်။ တီးတိုးစကား တွေ ပြောဆိုကြသည်။ အခြေအနေကို သဘောမပေါက်၊ လက်မခံနိုင်အောင် ရှိနေကြသည်။

အမျိုးသမီးတွေ၏ အခြေအနေကိုကား ကျွန်ုပ် မည်သို့ ဖော်ပြရပါမည်နည်း။ အကုန်လုံး ရုန်းရင်း ဆန်ခတ် ဖြစ်သွားကြသည်ဟု ကျွန်ုပ် ထင်မိပါသည်။ ပထမတွင် သူတို့နားကို သူတို့မယုံကြပါ။ သည့်နောက်တွင်ကား ဖြုန်းစားကြီးဆိုသလို ကျယ်ကျယ်ကျယ်ကျယ် အသံတွေ ထွက်ပေါ်လာတော့ သည်။

"ဘယ်လိုသဘောလဲ"

"ဘယ်လိုလုပ်လိုက်တာလဲ"

ထိုင်ခုံများတွင် ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထကြသည်။ ဤစီရင်ချက်ကို ပြန်လည် စီစဉ်ပြီး ပြင်ဆင် ပြောင်းလဲနိုင်သည်ဟု သူတို့စိတ်ထဲတွင် ထင်နေကြသည်။ ထိုအချိန်မှာပင် မစ်တယာ ထိုင်ရာမှ ထလိုက်ပြီး၊ လက်နှစ်ဖက်ကို သူ့ရှေ့တွင် ဆန့်တန်းကာ ရင်ကွဲပက်လက် ဖြစ်သောအသံဖြင့် ဟစ်အော်လိုက်သည်။

"ဘုရားသခင်ကိုယ်တော်တိုင်နဲ့ ဘုရားသခင်ရဲ့ နောက်ဆုံး တရားစီရင်ရာနေ့ကို တိုင်တည်ပြီး ကျွန်တော် ပြောပါ့မယ်၊ ကျွန်တော့်အဖေကို ကျွန်တော် မသတ်ပါဘူး။ ကက်တယာ... မင်းကို ကိုယ်ခွင့်လွှတ်ပါတယ်၊ ညီတော် နောင်တော်များနဲ့ မိတ်ဆွေများ ခင်ဗျား၊ ဟိုတယောက်သော အမျိုးသမီးကိုလည်း သနားကြင်နာပါ"

သူ ဆက်ပြီး မပြောနိုင်တော့ပါ။ ဘယ်လိုအသံကြီးမှန်း မသိသော၊ သူ၏ နဂိုမူလ အသံမဟုတ်သော ထူးဆန်းသောအသံကြီးဖြင့် တရုံးလုံး ကြားနိုင်လောက်အောင် ကျယ်လောင်စွာဖြင့် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

စင်္ကြံအနောက်ဘက် အစွန်ဆုံးတနေရာဆီမှ ကျယ်လောင်စူးရှသော ဟစ်အော်သံတခု ထွက်ပေါ်လာ သည်။ ဂရုရှင်ကာ ဖြစ်သည်။ အကျိုးဆောင်ရှေ့နေကြီးနှစ်ဦး လျှောက်လဲချက်မပေးမီ အချိန်မှာပင် သူမသည် တစုံတယောက်ကို တောင်းပန်ပြောဆိုပြီး တရားရုံး ခန်းမဆောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ခဲ့သည်။

မစ်တယာကို ခေါ်ဆောင်သွားကြသည်။ အပြစ်ဒဏ် ချမှတ်ရန်အချိန်ကို နောက်တနေ့သို့ ရွှေ့ဆိုင်းလိုက်သည်။ တရုံးလုံးပင် အုန်းအုန်းကျွက်ကျွက်

ဖြစ်နေသည်။ သို့သော် ကျွန်ုပ် စောင့်မနေတော့ပါ။ သူတို့ဘာတွေပြောဆိုကြသည်ကို နားထောင်မနေတော့ပါ။ တရားရုံး အပြင်ဘက် လှေကားထစ်များပေါ်သို့ ရောက်ရှိသောအခါတွင်ကား စကားသံအချို့ကို ကြားရသည်။

"သတ္တုတွင်းတွေမှာ အနှစ် နှစ်ဆယ်လောက် နေရမယ်"

"ဒါထက်တော့ မနည်းဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့ရဲ့ လယ်သမားကြီးတွေက အတော်ပြတ်သားကြတာပဲ"

"ကျွန်တော်တို့ရဲ့ မစ်တယာကို ဒုက္ခလှလှကြီး ပေးလိုက်တာပဲ"

နိဂုံး

၁။ မစ်တယာကို ကယ်တင်ရန် ကြံစည်ခြင်း

မစ်တယာ၏အမှုကို စစ်ဆေးစီရင်ပြီးနောက် ငါးရက်မျှအကြာ နံနက်စောစော ကိုးနာရီအချိန် လောက်တွင် အလ္လိုရှာသည် ကက်ထရီးနားထံသို့ သူတို့နှစ်ယောက်စလုံးအတွက် အရေးကြီးလှသော ပြဿနာတခုကို ဆွေးနွေးရန်နှင့် သူမကို သတင်းစကားတခု ပြောကြားရန် သွားရောက်သည်။ တချိန်က ဂရုရှင်ကာကို လက်ခံတွေ့ဆုံခဲ့သော အခန်းမှာပင် သူမက သူ့ကို လက်ခံတွေ့ဆုံသည်။ တဖက်ခန်းတွင်ကား အိုက်ဗင်သည် အဖျားတက်ပြီး သတိမေ့လျော့လျက် ရှိသည်။

တရားရုံးတွင် ဝရုန်းသုန်းကား ဖြစ်ပြီးသည်နှင့် တပြိုင်နက်ပင် အများတကာ မေးငေါ့သည်ကို အမှုမထားဘဲ၊ အများတကာ အတင်းပြောကြသည်ကို အမှုမထားဘဲ သတိမေ့လျော့နေသော အိုက်ဗင်ကို သူမ၏အိမ်သို့ ခေါ်ဆောင်ခဲ့သည်။ တရားရုံးတွင် ဝရုန်းသုန်းကား ဖြစ်ပြီးသည်နှင့် တပြိုင်နက် သူမနှင့်အတူ နေထိုင်လျက်ရှိသော ဆွေမျိုးနှစ်ယောက်အနက် တယောက်သည် မော်စကိုသို့ ချက်ချင်းပင် ပြန်သွားသည်။ တယောက်သာလျှင် သူမနှင့်အတူ ကျန်ရစ်သည်။ အကယ်၍ ၎င်းတို့နှစ်ယောက်စလုံး ပြန်သွားစေကာမူ ကက်ထရီးနားသည် စိတ်ပြောင်းမည် မဟုတ်ဘဲ လူမမာကို နေ့ရောညရော ပြုစုနေမည်သာ ဖြစ်သည်။

အိုက်ဗင်ကို ဒေါက်တာဟာဇင်ကျူဗီနှင့် ဒေါက်တာဗာဗင်စကီတို့က ကြည့်ရှုကုသလျက် ရှိကြသည်။ မော်စကိုမှ ဆရာဝန်မှာမူ ရောဂါ၏အခြေအနေ မည်သို့ဖြစ်နိုင်သည်ကို ထင်မြင်ချက်ပေးရန် ငြင်းဆိုပြီး မော်စကိုသို့ ပြန်သွားပြီဖြစ်သည်။ ဆရာဝန်နှစ်ယောက်သည် ကက်ထရီးနားနှင့် အလ္လိုရှာ တို့ကို အားပေးစကား ပြောဆိုလျက်ရှိကြသော်လည်း ကံသေကံမ ပျောက်ကင်းမည်ဟုကား အာမ မခံရဲဘဲ ရှိနေကြသည်။

အလ္လိုရှာသည် နေမကောင်းနေသော သူ့အစ်ကိုထံသို့ တနေ့လျှင် နှစ်ခေါက် လာရောက်ကြည့်ရှု သည်။ သို့သော် ယခုတခေါက်တွင်ကား အထူးအရေးကြီးပြီး အထူးပြဿနာ တက်နိုင်သော ကိစ္စတခု ပါရှိနေသည်။ ထိုကိစ္စကို ဆောင်ရွက်ရန်မှာလည်း အထူးခက်ခဲကြောင်း သူ ကြိုတင်သိမြင်ထား သည်။ ထို့ပြင် သူ့တွင် အချိန်မရှိသဖြင့် အဆောတလျင်လည်း ဆောင်ရွက်ရမည် ဖြစ်သည်။ သူ့မှာ အခြား အရေးတကြီးကိစ္စတခု သည်မနက်မှာပင် ဆောင်ရွက်ရန် ရှိနေသည်။ အခြားတနေရာတွင် ဖြစ်သည်။ သည်တော့ သူ့အနေနှင့် ခပ်မြန်မြန် လုပ်ဆောင်ရပေမည်။

သူတို့နှစ်ယောက် စကားပြောနေကြသည်မှာ တဆယ့်ငါးမိနစ်လောက် ရှိသွားပြီ ဖြစ်သည်။ ကက်ထရီးနားသည် အထူးပင် မောပန်းနွမ်းလျနေဟန်ရှိပြီး တကိုယ်လုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သို့သော် တချိန်တည်းမှာပင် အထူးပင် စိတ်ဝင်စား စိတ်လှုပ်ရှားနေဟန် ရှိသည်။ သူမအနေနှင့် အလှျိုရှာ လာရောက်သည့်ကိစ္စကို ကြိုတင်သိရှိနေဟန်ဖြစ်သည်။ သူမက အလှျိုရှာကို အလေးအနက်ပင် ပြောဆိုသည်။

"သူ့ဆုံးဖြတ်ချက်အတွက် ဘာမှမစိုးရိမ်ပါနဲ့။ တနည်းမဟုတ် တနည်းဆိုသလို သူ လက်ခံလာရမှာပါ။ သူ့အနေနဲ့ အသေအချာကို ထွက်ပြေးလွတ်မြောက်ရမယ်၊ ကံမကောင်း အကြောင်းမလှရှာတဲ့သူ၊ ဂုဏ်သိက္ခာနဲ့ အသိစိတ်ကို ထိန်းသိမ်းကာကွယ်ခဲ့တဲ့သူ။ တို့များပြောတဲ့ သူဆိုတာက ဒီမီထရီ မဟုတ်ဘူး၊ ဟိုဘက်ခန်းထဲမှာ နေမကောင်းနေတဲ့လူ၊ အစ်ကို့အတွက် အနစ်နာခံခဲ့သူ၊ အဲဒီသူက တို့များကို အဲဒီထွက်ပြေးဖို့ အစီအစဉ်တခုလုံးကို ဟိုအစောကြီးကတည်းက ပြောခဲ့တယ်၊ ဒီမယ် မောင်လေး၊ သူ့အနေနဲ့ အားလုံး လုပ်ထားပြီးပြီ၊ မောင်လေးကို တို့များ ပြောသင့်သလောက် ပြောပြီးပါပြီ၊ ဒီမယ် ဆိုက်ဗေးရီးယားကို သွားတဲ့အကျဉ်းသားအဖွဲ့ တတိယမြောက်စခန်းမှာ ညအိပ်ရအောင် နားကြတဲ့အခါမှာ အလုပ်ဖြစ်မှာ သေချာတယ်။ အင်း... ဟုတ်တယ်၊ အဝေးကြီးတော့ သွားကြရဦးမှာပေါ့၊ အဲဒီ တတိယစခန်းကို ကြီးကြပ်ရမယ့်လူနဲ့ အိုက်ဗင် တွေ့ပြီးပြီ။ တို့များ အခုအထိ မသိသေးတာကတော့ အကျဉ်းသားအဖွဲ့ကို ဘယ်သူ အုပ်ချုပ်ပြီး သွားမလဲဆိုတာပဲ၊ အဲဒီကိစ္စက အစောကြီးကြိုပြီး မသိနိုင်ဘူး၊ အမှုမစစ်ခင် တရက်မှာ အိုက်ဗင် တို့များကို ပေးထားခဲ့တဲ့ အစီအစဉ်တခုလုံးရဲ့ အသေးစိတ်ကို မနက်ဖြန်ကျရင် မောင်လေးကို ပြမယ်၊ တကယ်လို့ တခုခုများ ဖြစ်ခဲ့ရင်ဆိုပြီး သူ ပေးထားတာပဲ၊ အဲဒါဘယ်တုန်းကလဲဆိုတော့ မောင်လေး မှတ်မိသလား၊ တို့နှစ်ယောက် ရန်ဖြစ်နေကြတာကို မောင်လေး တွေ့ရတဲ့ညကပဲပေါ့၊ သူ လှေကားက ဆင်းသွားတယ်၊ မောင်လေးနဲ့ တွေ့တယ်၊ သူ့ကို တို့များ ပြန်ခေါ်တယ်၊ မှတ်မိသေးသလား၊ အဲဒီအချိန်တုန်းက ဘာအတွက် တို့များ ရန်ဖြစ်နေကြတယ်ဆိုတာကို မောင်လေး သိသလား"

"ကျွန်တော် ဘယ်သိမလဲ" အလှျိုရှာ ဖြေသည်။

"အင်း ... ဟုတ်တယ်၊ အဲဒီတုန်းက မောင်လေး မသိအောင် သူ ဖုံးထားတယ်၊ ထွက်ပြေးရေး အစီအစဉ်ပဲပေါ့။ အဲဒီအကြောင်းကို အဲဒီနေ့မတိုင်မီ သုံးရက်လောက်ကတည်းက တို့များကို သူ ပြောခဲ့တယ်။ အဲဒီအခါမှာ တို့များ ရန်ဖြစ်ကြရတာပဲ၊ သုံးရက်လုံးလုံး ရန်ဖြစ်ကြရတာပဲ၊ ဒီမီထရီ ထောင်ကျခဲ့လို့ရှိရင် ဒီမီထရီဟာ အဲဒီသတ္တဝါမနဲ့ နိုင်ငံခြားကို ထွက်ပြေးကြလိမ့်မယ်လို့ သူ ပြောတဲ့အခါမှာ တို့များ ရန်ဖြစ်ကြရတာပဲ။ တို့များ ဖြုန်းခနဲဆို ဒေါသဖြစ်သွားတယ်၊

ဘာဖြစ်လို့လဲ ဆိုတာတော့ တို့များ မသိဘူး။ အို … တို့များ ထင်တာကတော့ အဲဒီသတ္တဝါမကြောင့်ပဲ ဖြစ်မယ်၊ အဲဒီသတ္တဝါမလည်း ဒီမီထရီနဲ့အတူ နိုင်ငံခြားကို ထွက်သွားမယ်ဆိုတာကြောင့်ပဲ ဖြစ်မယ်”

ကက်ထရီးနား၏အသံ ရုတ်တရက် ကျယ်သွားသည်။ ဒေါသကြောင့် သူမ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေကြသည်။

“အဲဒီသတ္တဝါမကြောင့် တို့များ စိတ်ဆိုးသွားတာကိုလည်း အိုက်ဗင်မြင်ရော တခါတည်း သူ ဘယ်လို တွေးလိုက်သလဲဆိုတော့ တို့များဟာ အဲဒီသတ္တဝါမကို မနာလိုလို့ဘဲ ဖြစ်ရမယ်၊ အဲဒီအဓိပ္ပာယ်က ဒီမီထရီကို တို့များ ချစ်နေတုန်းပဲ ဖြစ်ရမယ်ပေါ့။ အဲဒါဟာ ပထမဆုံး တို့များ ရန်ဖြစ်ကြတာရဲ့ အကြောင်းရင်းပဲ။ တို့များကလည်း သူ့ကို ဘာဖြေရှင်းချက်မှ မပေးဘူး၊ ဘာမှလည်း မတောင်းပန် ဘူး။ သူ့လိုလူမျိုးတယောက်က ဒီလိုလူမျိုးတယောက်နဲ့ တို့များ ချစ်နေတုန်းပဲလို့ သံသယဖြစ်တာကို တို့များ သည်းမခံနိုင်လို့ဘဲ။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ ဒီမီထရီကို တို့များ မချစ်ဘူး၊ တို့များ တကယ်ချစ်တာက သူပဲလို့ တို့များ ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်တယ်။ အဲဒီသတ္တဝါမကို ဒေါသဖြစ်တဲ့အတွက် သူ့ကို တို့များ စိတ်ဆိုးရတာပဲ။

“နောက်သုံးရက်အကြာ … မောင်လေးလာတဲ့ ညနေမှာပဲပေါ့၊ တို့များဆီကို ချိပ်ပိတ်ထားတဲ့ စာအိတ် တအိတ် ယူလာတယ်။ တကယ်လို့ သူ တခုခုများ ဖြစ်ခဲ့ရင် စာအိတ်ကို ချက်ချင်းဖောက်ကြည့်ဖို့ သူပြောတယ်။ အို … သူ နေမကောင်းမှာကို သူ ကြိုပြီး သိခဲ့တယ်၊ စာအိတ်ထဲမှာ ထွက်ပြေးရေး အစီအစဉ်တွေ အသေးစိတ်ပါတယ်လို့ ပြောတယ်။ တကယ်လို့ သူ သေသွားခဲ့လို့ရှိရင် ဒါမှမဟုတ် သူ သိပ်ပြီး နေမကောင်းဖြစ်နေခဲ့လို့ရှိရင် မစ်တယာကို တို့များ တယောက်တည်း ကယ်ဆယ်ရမယ်လို့ ပြောတယ်။ တို့များကို သူ ပိုက်ဆံတွေ ပေးထားတယ်။ ရူဗယ် တသောင်းလောက် ရှိတယ်။ အစိုးရရှေ့နေကြီး ပြောသွားတဲ့ ငွေစုစာချုပ်ပဲပေါ့၊ အဲဒီစာချုပ်တွေကို ဘဏ်မှာ အလဲခိုင်းလိုက်တာ တယောက်ယောက်ဆီက သူ သိသွားပါလိမ့်မယ်။ အဲဒီအချိန်မှာ တို့များ သေသေချာချာကြီး သတိ ထားလိုက်မိတာကတော့ အိုက်ဗင်ဟာ ဒီမီထရီကို တို့များ ချစ်နေတယ်ဆိုပြီး မနာလိုဝန်တို ဖြစ်နေပေမဲ့ သူ့အစ်ကိုကို ကယ်တင်ရေး အစီအစဉ်ကို မစွန့်လွှတ်ဘဲ ကယ်တင်ရေး အစီအစဉ်ကို တို့များလက်ကို ယုံယုံကြည်ကြည် လွှဲအပ်တာပဲ။ အို အဲဒါဟာ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံတာပဲပေါ့။ မဟုတ်ဘူး … အလက်ဇီ၊ အဲဒီလိုမျိုး အနစ်နာခံတာကို မောင်လေး ဘယ်တော့မှ နားမလည်နိုင်ဘူး၊ တို့များ သူ့ကို ကြည်ညိုလွန်းလို့ သူ့ခြေရင်းမှာ ဝပ်စင်းပြီး ဦးတိုက်ချင်မိတယ်၊ ဒါပေမဲ့ တို့များ အဲဒီလို လုပ်လိုက်ရင် မစ်တယာ လွတ်မြောက်မယ့်အတွက် တို့များ ဝမ်းသာလွန်းလို့လို့ သူ တွေးလိမ့်မယ် (တကယ်လည်း အဲဒီအတိုင်းပဲ သူ

တွေးခဲ့တယ်) အဲဒီတော့ သူ့အနေနဲ့ အဲဒီလိုမျိုး မဟုတ်တာ တွေးရမလားဆိုပြီး တို့များ ဒေါသဖြစ်ရတယ်။ ဒေါသဖြစ်သည်ထက်ဖြစ်ပြီး သူ့ခြေထောက်ကို နမ်းရမယ့်အစား ဒေါသအိုး ပေါက်ကွဲရပြန်တော့တာပဲ။

"အို ... တို့များ တကယ့်ကို စိတ်ဆင်းရဲရတာပဲ၊ ဒါဟာ တို့များရဲ့လက္ခဏာပဲ၊ အင်မတန် စိုးရိမ် ထိတ်လန့်စရာကောင်းတဲ့ တို့များရဲ့ ကံမကောင်း အကြောင်းမလှတဲ့ လက္ခဏာပဲ၊ အို မောင်လေး တွေ့ပါလိမ့်မယ်။ သူ့ကို ဒီမီထရီလိုပဲ တို့များကိုစွန့်ပစ်ပြီး တခြားတယောက်ဆီကို ရောက်သွားအောင် တို့များက တွန်းပို့ပေးလိုက်မှာပဲ ဖြစ်တယ်။ အို အဲဒီအချိန်တုန်းကတော့ တို့များဟာ ဘယ်လိုမှ သည်းမခံနိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ဖို့ပဲ ကောင်းတယ်။ အဲဒီညက မောင်လေး ရောက်လာတော့ မောင်လေးကိုလည်း တို့များ ခေါ်တယ်၊ သူ့ကိုလည်း ပြန်ခေါ်တယ်။ အဲဒီတုန်းက တို့များကို သူ အထင်သေးနေပုံ၊ မုန်းတီးနေပုံကို တို့များ သိပ်ပြီးမှ ဒေါသဖြစ်တယ်။ မောင်လေး မှတ်မိသလား။ သူ့အစ်ကို ဒီမီထရီ လူသတ်သမားဖြစ်ကြောင်း တို့များကို ယုံကြည်အောင် ပြောနေတဲ့လူဟာ သူပဲ၊ သူတယောက်တည်းပဲလို့ သူ့ကို တို့များ အော်ပြီး ပြောလိုက်တယ်။

"အဲဒီစကားကို တို့များပြောလိုက်တာကတော့ သူ့ရင်ထဲမှာ နာသွားအောင် တမင်တကာ ပြောလိုက်တာပဲ။ တကယ်တော့ သူ့အစ်ကိုဟာ လူသတ်သမားပါလို့ တို့များကို သူ တခါမှ တခါဖူးမှ မပြောခဲ့ဖူးပါဘူး။ အမှန်တကယ်ကတော့ အဲဒီလိုစကားမျိုးကို တို့များကသာ သူ့ကို ပြောခဲ့တာပါ၊ အို တို့များရဲ့ မကောင်းဆိုးရွားတဲ့ ဒေါသကြောင့် နောက်ပိုင်းကိစ္စတွေအားလုံး ဖြစ်ရတာပဲ။ တရားခွင်မှာ အဲဒီဝရုန်းသုန်းကားကိစ္စကြီး ဖြစ်အောင်လည်း တို့များပဲ လမ်းခင်းပေးခဲ့တာပဲ။ သူ့အစ်ကိုကို တို့များက ချစ်နေပေမဲ့ သူဟာ မနာလို ဝန်တိုမှုအရ သူ့အစ်ကိုကို လက်စားမချေဘူး။ သူ့အစ်ကိုရဲ့ ဘဝကို ဖျက်ဆီးမပစ်ဘူး၊ သူဟာ ဂုဏ်သိက္ခာရှိတဲ့လူတယောက် ဖြစ်တယ်ဆိုတာကို တို့များကို ပြသချင်တယ်။ ဒါကြောင့် သူ ရုံးကိုလာပြီး ထွက်ဆိုသွားတာပဲ၊ အဲဒါတွေအားလုံးအတွက် တို့များဟာ တရားခံပဲ၊ တို့များတယောက်တည်းကိုပဲ အပြစ်တင်စရာရှိတယ်"

ကက်ထရီးနားသည် အလျှိုရှာကို မည်သည့်အခါကမှ ယခုကဲ့သို့ ဝန်ခံပြောဆိုခဲ့ဖူးခြင်း မရှိပါ။ သူမအနေနဲ့ ယခုအခါ စိတ်ဒုက္ခဝေဒနာများကို မည်သို့မျှ သည်းခံနိုင်စွမ်း မရှိတော့သဖြင့် အင်မတန် မာနကြီးသော သူ၏နှလုံးသားသည် ကြေကွဲဝမ်းနည်းမှုကြောင့် မာန်မာနများ အရည်ပျော်ချေပြီဟု အလျှိုရှာ မှတ်ယူမိသည်။ ကက်ထရီးနားအနေနှင့် အမှု စစ်ဆေးခြင်း ပြီးကတည်းက သူ့ကို ဖွင့်မပြောဘဲ ဖုံးကွယ်ထားခဲ့သော်လည်း သူမတွင် ယခုကဲ့သို့ စိတ်ဒုက္ခဝေဒနာ ခံစားနေရခြင်း အတွက် အခြားသော ကြောက်မက်ဖွယ်ရာ အကြောင်းရင်းကြီးတခု ရှိသေးကြောင်း အလျှိုရှာ သိရှိပါသည်။ သို့သော် အကယ်၍သာ သူမကိုယ်သူမ

အင်မတိ အင်မတန် နှိမ့်ချပြီး ယင်းအကြောင်းရင်းကို ယခုအချိန်တွင် သူ့အား ထုတ်ဖော်ပြောဆိုခြင်း ပြုခဲ့မည်ဆိုလျှင်လည်း သူ့အနေနှင့် အထူးပင် စိတ်ပင်ပန်း ထိခိုက်ရပါမည်။ သူမအနေနှင့် တရားခွင်တွင် 'သစ္စာဖောက်မိ ခဲ့သည့်အတွက်' အထူးပင် စိတ်ထိခိုက်နေရပြီး သူ့အား (အလျှိုရှာအား) မျက်ရည်စက်လက်ဖြင့် ဝိုကာဟစ်ကာ လူးလိမ့်ကာဖြင့် အမှန်အတိုင်း ထုတ်ဖော်ပြောဆို ဝန်ခံရန် သူမ၏ အသိစိတ်က သူမကို ဖိစီးလျက် ရှိပါသည်။ သို့သော် ယင်းကဲ့သို့မျိုးဖြစ်သည်ကို သူ မလိုလားပါ။ သူမကို ယင်းကဲ့သို့ မဖြစ်စေလိုပါ။ ယင်းကဲ့သို့ဖြစ်ခဲ့လျှင် သူမအား သူပြောကြားရမည့် သတင်းစကားအတွက် အများကြီး အခက်အခဲ အနှောင့်အယှက် ဖြစ်နိုင်ပါသည်။

မစ်တယာအကြောင်း သူ ဆက်ပြီးပြောသည်။

ထိုအခါ အမျိုးသမီးက ခပ်ပြတ်ပြတ် ခပ်ဆတ်ဆတ်ဖြင့် …

"အို … သူ့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ဘာမှ ကိစ္စမရှိပါဘူး၊ ဘာမှ ကိစ္စမရှိပါဘူး။ သူ့အနေနဲ့ ဘာမဆို ခဏပဲ၊ သူ့အကြောင်း တို့များ သိပါတယ်၊ သူ့စိတ်ကို တို့များ ကောင်းကောင်း သိပါတယ်၊ မောင်လေး စိတ်ချပါ၊ ထွက်ပြေးဖို့ကိစ္စကို သူ သဘောတူမှာပါ။ နောက်ပြီးတော့ ဒီကိစ္စက အခုချက်ချင်း လုပ်ရမယ့်ကိစ္စလည်း မဟုတ်သေးပါဘူး။ သူ့မှာ ဆုံးဖြတ်ချိန်တွေ အများကြီး ရှိပါသေးတယ်။ အဲဒီအချိန်ကျရင် အိုက်ဗင်လည်း နေကောင်းနေပြီပဲ၊ အဲဒီကိစ္စကို သူကိုယ်တိုင် လုပ်နိုင်ပါလိမ့်မယ်၊ တို့များအနေနဲ့ ဘာမှ လုပ်စရာ လိုတော့မှာ မဟုတ်ပါဘူး၊ ဘာမှမစိုးရိမ်ပါနဲ့ ၊ ထွက်ပြေးဖို့ကိစ္စကို သူ သဘောတူမှာပါ၊ အမှန်အတိုင်း ပြောရရင်တော့ သူ့အနေနဲ့ အခုကို သဘောတူနေပါပြီ။ အဲဒီသတ္တဝါမကို သူ့အနေနဲ့ စွန့်လွှတ်လိုက်ပြီလို့ မောင်လေး ထင်သလား၊ အဲဒီသတ္တဝါမကို ဆိုက်ဗေးရီးယားကို လိုက်ခွင့်ပြုမှာ မဟုတ်ပါဘူး။ အဲဒီတော့ သူ ဘာလုပ်ရမလဲ၊ ထွက်ပြေးဖို့ပဲ ရှိတာပဲ၊ သူ့အနေနဲ့ ကြောက်နေတာက မောင်လေးပဲ၊ မောင်လေးကို သူ အကြောက်ဆုံးပဲ၊ မောင်လေးက ဘာသာတရား အရ၊ လောကနီတိသဘောအရ သူ ထွက်ပြေးတာကို သဘောတူမှာ မဟုတ်ဘူး၊ မောင်လေးရဲ့ ခွင့်ပြုချက်ဟာ အရေးကြီးဆုံးပဲ"

သူမက ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။ ထို့နောက် စကားကို ရပ်ထားပြီး ပြုံးနေသည်။ ပြီးမှ ဆက်ပြောသည်။

"ဘုရားသခင်ရဲ့ဂုဏ်တော်တွေအကြောင်း၊ သူ လိုက်နာရမယ့် တရားတော်တွေအကြောင်း၊ တာဝန်တွေအကြောင်းကို သူ ဆက်ပြီး ပြောတယ်၊ အဲဒီနေ့ညနေက အဲဒီအကြောင်းတွေကို အိုက်ဗင် ပြောနေတာတွေကို တို့များ ကောင်းကောင်း မှတ်မိနေတယ်၊ အဲဒီအကြောင်းတွေကို သူ ဘယ်လိုမျိုး ပြောသလဲ

မောင်လေး သိသလား”

ကက်ထရီးနားက ရင်ထဲမှ ရုတ်တရက် ပွင့်ထွက်လာသည့်အလား ပြောလိုက်သည်။

“အဲဒီအချိန်တုန်းက၊ အဲဒီ ကံဆိုးသူအကြောင်း သူပြောနေတုန်းက အဲဒီလူကို သူ အတော်ကြီးကို ချစ်နေတယ်၊ နောက်ပြီးတော့ တချိန်တည်းမှာပဲ အဲဒီလူကို သူ သိပ်မုန်းနေတယ်၊ အဲဒီအချိန်မှာ တို့များက သူပြောတာတွေကို နားထောင်ရင်း သူ့မျက်နှာမှာ စီးကျနေတဲ့ မျက်ရည်တွေကို သရော်တဲ့အပြုံးနဲ့ တို့များ ကြည့်နေမိတယ်။ အဟိတ်တိရစ္ဆာန်ပဲ၊ ဟုတ်တယ်၊ တို့များဟာ အဟိတ်တိရစ္ဆာန်တကောင်ပဲ။ သူ နေမကောင်းရတာအတွက် တို့များဟာ တရားခံပဲ။ ဒါပေမဲ့ အဲဒီလူက .. ထောင်ထဲကလူက တကယ်ပဲ သူ့ရဲ့ဒုစရိုက်မှုတွေအတွက် ဒုက္ခတွေ ခံစားမတဲ့လား၊ သူ့လိုလူ တယောက်က ဒုက္ခဝေဒနာကို ခံစားနိုင်မတဲ့လား၊ ဝေးသေးတယ်၊ ဒီလိုလူမျိုးဟာ ဘယ်တော့မှ မခံစားနိုင်ဘူး”

ကက်ထရီးနားက စကားကို ဒေါသဖြင့် အဆုံးသတ်လိုက်သည်။ သူမ စကားများတွင် မုန်းတီးမှုနှင့် စက်ဆုပ်မှုများ သိသိသာသာကြီး ပေါ်လွင်လျက် ရှိသည်။ သို့သော် အမှန်တကယ်တွင်မူ သူမကသာ သစ္စာဖောက်ခဲ့ခြင်း ဖြစ်သည်။

“အင်း … ဒီဥစ္စာဟာ အမျိုးသမီးအနေနဲ့ သူ့ကို မုန်းတဲ့ အခိုက်အတန့်တွေမှာ သူ့အပေါ်မှာ မကောင်းမိတာတွေကို ခံစားမိလို့ပဲ ဖြစ်မှာပဲ”

အလျို့ရှာ တွေးမိသည်။ ‘အခိုက်အတန့်တွေသာ ဖြစ်ပါစေ’ ဟု သူ ဆုတောင်းမိသည်။ ကက်ထရီးနား၏ နောက်ဆုံးစကားများတွင် စိန်ခေါ်သည့်သဘော ပါရှိကြောင်း သဘောပေါက်မိခဲ့ သည်။ သို့သော် ဤအချက်ကို သူ ထည့်မတွက်ပါ။ အမျိုးသမီးက ဆက်ပြန်သည်။

“ကနေ့မနက် မောင်လေးကို လာဖို့ တို့များ ခေါ်ရတာကတော့ သူ့ကို မောင်လေးအနေနဲ့ ဖျောင်းဖျခိုင်းမလို့ပဲ။ ဒါပေမဲ့ မောင်လေးကရော ဒီကိစ္စအတွက် ထွက်ပြေးဖို့ကိစ္စဟာ ဂုဏ်သိက္ခာ မရှိဘူး။ ဒါမှမဟုတ် သူရဲကောင်းမပီသဘူး၊ ဒါမှမဟုတ် အဲ … ဘာသာတရားနဲ့ မညီညွတ်ဘူးလို့ ယူဆထားသလား”

ကက်ထရီးနား၏ စကားတွင် စိန်ခေါ်သည့်သဘော ပိုပြီး ကဲလာသည်။

“ဟင့်အင်း၊ ကျွန်တော် မထင်ပါဘူး။ ကျွန်တော် သူ့ကို အားလုံးပြောပြပါ့မယ်”

အလျို့ရှာ ပြောလိုက်သည်။ ထို့နောက် …

"မမကို သူ ကနေ့ တွေ့ချင်တယ်လို့ ကျွန်တော့်ကို သူ အပြောခိုင်းလိုက်တယ်"

သူမ၏ မျက်လုံးများကို ကြည့်ကာ ဟောဟောဒိုင်းဒိုင်းကြီး သူ ပြောလိုက်သည်။ အမျိုးသမီး သိမ့်ခနဲ တုန်သွားသည်။ သူ့အနီးတွင် ထိုင်နေရာမှ တုံ့ခနဲ ခွာသွားသည်။

"တို့များကို ဟုတ်လား၊ ဟုတ်မှ ဟုတ်ရဲ့လား"

အမျိုးသမီး ရေရွတ်လိုက်သည်။ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ဟုတ်ပါတယ်၊ နောက်ပြီး တွေ့မှလည်း ဖြစ်မယ်"

အလျှိုရှာ အလေးအနက် ပြောလိုက်သည်။ သူ လှုပ်ရှားတက်ကြွလာပြီး ...

"လောလောဆယ်အချိန်မှာ မမဟာ သူ့အဖို့ သိပ်ပြီးမှကို လိုအပ်နေတယ်၊ ဒီအကြောင်းကို တကယ် မလိုအပ်ဘဲနဲ့ မမကို ကျွန်တော် မပြောပါဘူး၊ စိတ်ရှုပ်အောင် မလုပ်ပါဘူး၊ သူ နေမကောင်း ဖြစ်နေတယ်၊ သူ့စိတ်ကို သူ မထိန်းနိုင်ဘူး ဖြစ်နေတယ်၊ မမကို သူ တမေးတည်း မေးနေတယ်၊ မမကို သူ တွေ့ချင်တာ မမနဲ့ ပြန်ပြီး ပြေလည်ရအောင် မဟုတ်ပါဘူး၊ သူ့ဆီကို မမသွားပြီး သူ့အခန်း တံခါးဝမှာ မျက်နှာပြရုံကလေးပါပဲ၊ ဟိုနေ့ရဲ့နောက်ပိုင်းမှာ သူ့မှာ ပြဿနာတွေ အများကြီး ဖြစ်ရပါတယ်။ မမအပေါ်မှာ အများကြီး ထိခိုက်အောင် လုပ်ခဲ့မိတယ်ဆိုတာကို သူ သဘောပေါက်နေ ပါတယ်။ မမကို ခွင့်လွှတ်ပါလို့ သူ မတောင်းပန်ပါဘူး ..." 'တို့ကို ခွင့်လွှတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး' လို့ သူ ပြောပါတယ်။ ဒါပေမဲ့ မမအနေနဲ့ သူ့ဆီကိုသွားပြီး မျက်နှာပြရုံကလေး ပြလိုက်ပါ"

"မောင်လေးဟာ ဒီအကြောင်း ပြောဖို့လာတယ်ဆိုတာကို တို့များရဲ့စိတ်ထဲမှာ ထင်နေပါတယ်၊ တို့များကို လာဖို့ သူ ပြောလိမ့်မယ်ဆိုတာကို တို့သိပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူးပဲထားပါ၊ ဒါပေမဲ့ ဖြစ်အောင်လုပ်ပါ၊ သူ့အနေနဲ့ မမကို နစ်နာအောင် လုပ်မိတယ်လို့ သူ့ဘဝမှာ အခုဟာ ပထမဆုံးအကြိမ် သူ့အနေနဲ့ သဘောပေါက်မိတာပဲ၊ သူဟာ အရင်တုန်းက ဘယ်တုန်းကမှ ဒီလိုသေသေချာချာကြီး သဘောမပေါက်ခဲ့ဘူး၊ တကယ်လို့သာ မမ မလာဘူးဆိုရင် သူ့ဘဝမှာ တသက်လုံး စိတ်ဆင်းရဲနေရတော့မှာပဲလို့ သူ ပြောတယ်။ ကျွန်တော်ပြောတာ ကြားသလား၊ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အနှစ်နှစ်ဆယ် ကျခံရမယ့် အကျဉ်းသမားတယောက်ဟာ သူ့ဘဝမှာ စိတ်ချမ်းသာဖို့အတွက်တော့ မျှော်လင့်နေတုန်းပဲ၊ အဲဒါ သနားစရာမကောင်းဘူးလား၊ စဉ်းစားကြည့်စမ်းပါ၊ သူ့မှာ

အပြစ်မရှိပေမဲ့ သူ့ဘဝ ပျက်စီးသွားရပြီဖြစ်တဲ့ လူတယောက်ဆီကို မမ သွားရမယ် မဟုတ်လား၊ သူ့လက်တွေဟာ အင်မတန် သန့်ရှင်းပါတယ်။ သွေးတစက်မှ စွန်းထင်း မနေပါဘူး၊ အနာဂတ်ကာလမှာ သူ့အနေနဲ့ အတိုင်းအဆမရှိ ဒုက္ခခံစားမနေရအောင် အခုအချိန်မှာ သူ့ဆီကို သွားလိုက်ပါ။ အမှောင်တိုက်ထဲကို သူ ဝင်နေရတဲ့အချိန်မှာ သူ့ကို သွားပြီး နှုတ်ဆက်လိုက် ပါ။ သူ့အခန်းတံခါးဝမှာ သွားပြီး မျက်နှာပြလိုက်ပါ။ ဒါကလေးပါပဲ၊ အဲဒါလောက်ကလေးတော့ မမ လုပ်ထိုက်ပါတယ်၊ မမ လုပ်ရမယ်”

အလျှိုရှာ နိဂုံးချုပ်လိုက်သည်။ ‘လုပ်ရမယ်’ ဟူသော စကားလုံးကို အထူးအလေးပြုပြီး ပြောသွားသည်။

“လုပ်ရမယ် ... ဟုတ်လား၊ လုပ်ရမယ်ဆိုပေမဲ့ တို့များ မလုပ်နိုင်ဘူး၊ သူ တို့ကို ကြည့်လိမ့်မယ်၊ မဖြစ်နိုင်ဘူး”

“မမတို့နှစ်ယောက် မျက်လုံးချင်းဆုံရမယ်၊ မမအနေနဲ့ သူ့ဆီကို သွားဖို့ အခု မဆုံးဖြတ်ဘူးဆိုရင် မမရဲ့ဘဝတသက်လုံးမှာ မမ ဘယ်လိုနေသွားရမလဲ”

“တို့များဘဝတခုလုံး စိတ်ဆင်းရဲသွားမယ်”

“မမ သွားရမယ်၊ မမ သွားရမယ် ...”

အလျှိုရှာ အလေးအနက် ထပ်ပြီးပြောသည်။

“ဒါပေမဲ့ ဘာဖြစ်လို့ ကနေ့သွားရမှာလဲ၊ ဘာဖြစ်လို့ အခုချက်ချင်း သွားရမှာလဲ၊ တို့များရဲ့လူနာကို ပစ်မထားခဲ့နိုင်ဘူး ...”

“ခဏကလေးတော့ ထားခဲ့နိုင်ပါတယ်။ ခဏကလေးပဲ ကြာမှာပဲ။ မမ မလာဘူးဆိုရင် ညကျရင် သူ ကယောင်ကတမ်းတွေ ဖြစ်နေလိမ့်မယ်၊ မမကို ကျွန်တော် မဟုတ်တာ မပြောပါဘူး၊ သူ့ကို သနားပါ”

“တို့များကိုလည်း သနားပါ”

ကက်ထရီးနား နှုတ်တံ့ပြန်လာသည်။ မျက်ရည်တွေ သွန်ကျလာသည်။

“ဒါဆိုရင် မမ လာမယ်ပေါ့”

သူမ၏မျက်နှာတွင် မျက်ရည်တွေကို မြင်တွေ့ရသောအခါ အလျှိုရှာက သေချာပေါက် ပြောလိုက်သည်။

“မမ အခုပဲ လာလိမ့်မယ်လို့ ကျွန်တော် သူ့ကို ပြောလိုက်မယ်”

“အို ... ဘယ်လိုဖြစ်ပြီး ... သူ့ကို သွားမပြောလိုက်ပါနဲ့”

ကက်ထရီးနား အလန့်တကြား ဟစ်အော်လိုက်သည်။

"တို့များ လာခဲ့ပါ့မယ်၊ ဒါပေမဲ့ သူ့ကိုကြို့ပြီး ပြောမထားပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တို့များ သွားတော့ သွားမယ်။ ဒါပေမဲ့ အထဲကို မဝင်ဘူး။ တို့များ မပြောနိုင်သေးဘူး"

သူမ၏အသံ တိမ်ပြီး ဝင်သွားသည်။ သူမ အသက်ရှူတာ မောနေသည်။ အလျှို့ရှာ ပြန်ရန် ထလိုက်သည်။

"နောက်ပြီးတော့ တယောက်ယောက်နဲ့ တွေ့နေရင် ဘယ်နှယ့်လုပ်မလဲ"

အမျိုးသမီးက အသံတိုးတိုးကလေးဖြင့် ဖြုန်းခနဲ မေးလိုက်သည်။ သူမ၏မျက်နှာ ဖြူရော်သွားပြန် သည်။

"အဲဒါကြောင့် မမကို အခုသွားရမယ်လို့ ပြောတာပေါ့။ တယောက်ယောက်နဲ့ မတွေ့ရအောင်ပေါ့၊ အဲဒီမှာ ဘယ်သူမှ မရှိဘူး၊ ကျွန်တော် သေသေချာချာ ပြောနိုင်တယ်၊ မမကို ကျွန်တော်တို့ စောင့်နေမယ်"

စကားကို အလေးအနက်ပင် နိဂုံးချုပ်လိုက်သည်။ ထို့နောက် အခန်းထဲမှ သူ ထွက်သွားသည်။

၂။ တဒင်္ဂတာအတွက် အမှန်တရားဖြစ်နေသော မုသားစကား

ဆေးရုံသို့ သူ သုတ်ခြေတင်သည်။ ယခုအခါ မစ်တယာသည် ဆေးရုံတွင် လူနာတယောက်အဖြစ် တက်ရောက်လျက် ရှိသည်။ စီရင်ချက် ချမှတ်ပြီးနောက် ဒုတိယမြောက်နေ့တွင် သူသည် ကယောင်ချောက်ချား အပြင်းဖျားသဖြင့် ကျွန်ုပ်တို့၏ မြို့နယ်ဆေးရုံ အကျဉ်းသမားအဆောင်သို့ တင်ရသည်။ အလျှိုရှာနှင့် အခြားသူများ (မစ္စက်ကိုကလာကော့၊ လီဆီ စသည်တို့) ၏ တောင်းပန်ချက်အရ ဒေါက်တာဗာဇင်စကီသည် မစ်တယာကို အခြားအကျဉ်းသား လူနာများနှင့် အတူမထားဘဲ သီးခြားအခန်းငယ်ကလေးတခုတွင် ထားရှိသည်။ ဆမာယာကော့ တက်ရောက်ခဲ့ သော အခန်းပင်ဖြစ်သည်။ သို့ရာတွင် စင်္ကြံလမ်းအဆုံးတွင် အစောင့်တယောက် ချထားပြီး ပြတင်းပေါက်တွင် သံတိုင်များ စိုက်ထားသည်ကား အမှန်ပင်။ သို့မှသာလျှင် ဥပဒေနှင့်အညီ မဟုတ်သော သူ၏လုပ်ဆောင်ချက်အတွက် သူ စိတ်အေးရမည် ဖြစ်သည်။ သူသည် စိတ်ကောင်း နှလုံးကောင်းရှိပြီး ကြင်နာသနားတတ်သော လူရွယ်တဦး ဖြစ်ချေသည်။ မစ်တယာလို လူတယောက် အဖို့ သူခိုးတွေ၊ ဓားပြတွေ အကြားသို့ ရုတ်တရက် ရောက်သွားရမည့်အဖြစ်မှာ မလွယ်ကူလှကြောင်း ကို သူ သိရှိသည်။ ဤကိစ္စမှာ တဖြည်းဖြည်းနှင့် နေသားကျသွားရမည့်ကိစ္စမျိုး ဖြစ်သည်။

အကျဉ်းသား လူနာထံသို့ ဆွေမျိုးများ၊ မိတ်ဆွေများ သွားရောက်တွေ့ဆုံသည့်ကိစ္စမှာ တရားဝင် မဟုတ်သော်လည်း ဆေးရုံတာဝန်ခံ ဆရာဝန်၊ အကျဉ်းထောင် အုပ်ချုပ်ရေးမှူးနှင့် ရာဇဝတ်ဝန်တို့၏ ခွင့်ပြုချက်အရ သွားရောက်တွေ့ဆုံနိုင်ကြသည်။ သို့ရာတွင် ဤရက်ပိုင်းအတွင်းတွင် မစ်တယာထံသို့ အလျှိုရှာနှင့် ဂရုရှင်ကာတို့သာ လာရောက်ကြသည်။ ရာကီတင်က မစ်တယာကို တွေ့ဆုံရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားသော်လည်း သူ့ကိုဝင်ခွင့်မပြုရန် ဆရာဝန်ကို မစ်တယာက အလေးအနက် ပြောဆိုသည်။

ဆေးရုံဝတ်စုံကို ဝတ်ပြီး ခုတင်ပေါ်တွင် ထိုင်နေသော မစ်တယာကို အလျှိုရှာ တွေ့ရသည်။ အဖျား အနည်းငယ်တက်နေသည်။ ရေဆွတ်ထားသော တဘက်တထည်ကို ခေါင်းမှာ ပတ်ထားသည်။ အလျှိုရှာ အခန်းတွင်းသို့ ဝင်သွားတော့ ခပ်ကြောင်ကြောင်ပင် သူ ကြည့်နေသည်။ သို့သော် သူ၏ မျက်လုံးများထဲတွင် တစုံတရာ စိုးရွံ့ထိတ်လန့်နေသည့် အသွင် ရှိနေသည်။

အချုပ်ကို ပြောရလျှင် သူသည် အမှုစစ်ဆေး စီရင်ပြီးကတည်းက ငိုင်တိုင်တိုင် ဖြစ်နေသည်။ တခါတရံတွင် သူသည် နာရီဝက်လောက် နှုတ်ဆိတ်နေတတ်သည်။ တစုံတခုကို လေးလေးနက်နက် ထိထိခိုက်ခိုက်

တွေးတောနေဟန် ရှိသည်။ ဘာကိုမှ သတိမရသလို ရှိနေတတ်သည်။ သူသည် ငေးငိုင်နေရာမှ သတိပြန်ဝင်လာသောအခါတွင်လည်း စကားကို အဆက်အစပ်မရှိဘဲ ဖြုန်းခနဲ ဒိုင်းခနဲ ပြောတတ်သည်။ သူ့စိတ်ထဲက တကယ်ပြောချင်သည့်စကားကို ဘယ်တော့မှ ထုတ်မပြောပါ။ သူသည် ရံဖန်ရံခါတွင် သူ့ညီကို စိတ်ထိခိုက် ခံစားနေရသောအသွင်ဖြင့် ကြည့်နေတတ်သည်။ သူသည် အလျှိုရှာနှင့်အတူ နေရသည်ထက် ဂရုရှင်ကာနှင့် နေရသောအခါ များတွင် ပိုပြီး အသက်ရှူချောင်ပုံရသည်။ အမှန်ပင် ဖြစ်သည်။ သူသည် ဂရုရှင်ကာနှင့် သိပ်ပြီး စကားမပြောလှသော်လည်း သူမ ဝင်ရောက်လာသည်ကို တွေ့မြင်ရသောအခါ သူ၏ မျက်နှာတခုလုံး ဝမ်းသာပျော်ရွှင်မှုဖြင့် လင်းထိန်သွားတတ်သည်။

အလျှိုရှာသည် သူ၏နံဘေး ခုတင်ပေါ်တွင် တိတ်ဆိတ်စွာပင် ထိုင်ချလိုက်သည်။ သည်တကြိမ်တွင် ကား မစ်တယာသည် အလျှိုရှာကို စိတ်လှုပ်ရှားစွာဖြင့် စောင့်မျှော်နေခဲ့သည်။ သို့သော် အလျှိုရှာကို စကားတခွန်းမျှပင် မမေးရဲပါ။ ကက်ထရီးနား လာမည်မဟုတ်ကြောင်း သူ့စိတ်ထဲမှာ သေချာနေ သည်။ သို့သော် သူမ လာလိမ့်မည်ဟုလည်း သူ့စိတ်ထဲမှာ မျှော်လင့်နေသည်။ မစ်တယာ၏ စိတ်ထဲတွင် ဖြစ်ပေါ်နေသည်များကို အလျှိုရှာ သိရှိပါသည်။

“ထရီဖွန်”

မစ်တယာ ရုတ်တရက် စကားစလိုက်သည်။

“ထရီဖွန်တယောက် သူ့ဆိုင်ကြီးတခုလုံးကို မြေလှန်ပစ်နေတယ်လို့ ကိုယ်ကြားရတယ်၊ ကြမ်းခင်းတွေကို လှန်ပစ်တယ်၊ ပျဉ်တွေကို ခွာပစ်တယ်၊ စင်္ကြံကြီးတခုလုံးကို တစစီ ဖျက်ပစ်တယ်၊ ဝှက်ထားတဲ့ ရတနာတွေကို လိုက်ရှာနေတာပဲပေါ့၊ အစိုးရရှေ့နေကြီးက ကိုယ်ဝှက်ထားတယ်လို့ ပြောတဲ့ ရူဗယ် တထောင့်ငါးရာကိုပဲပေါ့၊ သူ့အိမ်ကို ပြန်ရောက်ရောက်ချင်း ပြောင်းဆန်အောင် ရှာတော့တာပဲတဲ့။ လူညာကြီး … ခံရတာ ကောင်းတယ်။ ဆေးရုံစောင့်က ကိုယ့်ကို မနေ့က ပြောပြတယ်။ သူက အဲဒီက ပြန်လာတာကိုး”

“ဒီမယ် … သူ လာလိမ့်မယ်၊ ဒါပေမဲ့ ဘယ်တော့ရယ်လို့တော့ ကျွန်တော် မသိဘူး၊ ကနေ့ မနက်ဖြန် ဖြစ်ချင်ဖြစ်မယ်၊ သုံးလေးရက်ကြာမှလည်း ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော် မသိဘူး။ ဒါပေမဲ့ သူလာမှာတော့ သေချာတယ်။ သူ လာလိမ့်မယ်၊ ကျွန်တော် သေသေချာချာ သိတယ်”

အလျှိုရှာ ပြောလိုက်သည်။ မစ်တယာ ထိတ်လန့်သွားသည်။ သူ တခုခုပြောမည် ပြုသည်။ သို့သော် မပြောပါ။ သူ ကြားရသော သတင်းက သူ့ကို အများကြီးပင် တုန်လှုပ် ချောက်ချားသွားစေသည်။ အလျှိုရှာနှင့် ကက်ထရီးနားတို့ ဘာတွေ ပြောဆိုကြသည်ကို သူ သိချင်နေသည်မှာ ထင်ရှားလှသည်။ သို့သော်

သူ့အနေနှင့် မေးရမည်ကို ကြောက်နေသည်။ သည်အချိန်မျိုးတွင် ကက်ထရီးနားထံမှ ရက်စက်သောစကားတလုံး၊ မထီမဲ့မြင်သော မှတ်ချက်တခုသည် သူ၏အရှိုက်ကို အလဲထိုးလိုက်ခြင်း ပင် ဖြစ်ပေမည်။

"ဒါနဲ့ စကားမစပ်၊ ထွက်ပြေးဖို့ ကိစ္စကို အစ်ကိုကြီးအနေနဲ့ စိတ်အေးအေးထားဖို့ ကျွန်တော့်ကို သူ မှာလိုက်ပါတယ်။ အဲဒီအချိန်အထိ အိုက်ဗင် နေမကောင်းသေးဘူးဆိုရင် အားလုံးကို သူ လုပ်ပေးမယ် လို့ ပြောတယ်"

"အဲဒီအကြောင်း ညီလေး ကိုယ့်ကို ပြောပြီးပါပြီ"

မစ်တယာ ဆင်ခြင်စဉ်းစားဟန်ဖြင့် ပြန်ပြောသည်။

"အဲဒီအကြောင်းကို ဂရုရှင်ကာကို အစ်ကိုကြီး ပြန်ပြောပြီးပြီ မဟုတ်လား"

အလျှိုရှာ မေးလိုက်သည်။

"အင်း ..." မစ်တယာ ဝန်ခံသည်။ ပြီးမှ သူ ဆက်ပြောသည်။

"ကနေ့မနက် သူ မလာဘူး၊ ဒီညနေဘက်ကျမှ သူ လာလိမ့်မယ်၊ ထွက်ပြေးဖို့ကိစ္စကို ကက်ထရီးနား စီစဉ်နေတဲ့အကြောင်း သူ့ကို ကိုယ်ပြောလိုက်တဲ့အခါမှာ သူ ဘာမှပြန်မပြောဘူး၊ ဒါပေမဲ့ သူ့မျက်နှာ မဲ့သွားတယ်၊ ပြီးမှ သူ တိုးတိုးကလေး ပြောတယ် ... 'လုပ်ပါစေ' တဲ့။ ဒီကိစ္စ အရေးကြီးတယ်ဆိုတာ သူ သိတယ်။ ကိုယ်လည်း ဘာမှဆက်ပြီး မပြောရဲဘူး။ ကက်ထရီးနားဟာ ကိုယ့်ကို မချစ်တော့ဘူး၊ အိုက်ဗင်ကို ချစ်နေတယ်ဆိုတာ အခုလောက်ဆိုရင် သူ သိဖို့ ကောင်းနေပြီ"

"သူ သိရော သိသလား" အလျှိုရှာ ကြားဖြတ်ပြီး မေးလိုက်သည်။

"မသိဘူးလို့ ယူဆရတယ်။ တခုပဲ ရှိတယ်၊ ကနေ့မနက်တော့ သူ မလာဘူး၊ ကိုယ့်အတွက် ကိစ္စတခု လုပ်ပေးဖို့ သူ့ကို ပြောထားတယ်။ ဒီမယ် အလျှိုရှာ၊ အိုက်ဗင်ဟာ အားလုံးထက်သာတယ်၊ ကိုယ်တို့အစား သူ အသက်ရှင်နေသင့်တယ်။ သူ နေကောင်းလာမှာ သေချာပါတယ်"

"ကက်ထရီးနားဟာ သူ့အတွက် စိုးရိမ်နေပေမဲ့ သူ နေကောင်းလာမယ်ဆိုတာကိုတော့ နည်းနည်း ကလေးမှ သံသယမရှိဘူး"

"ဒီအဓိပ္ပာယ်က သူ သေလိမ့်မယ်လို့ ကက်တယာ ယုံကြည်ထားတာပဲ။ သူ့စိတ်ထဲမှာ သိပ်ပြီး စိုးရိမ်နေတဲ့အတွက် သူ နေကောင်းလာလိမ့်မယ်လို့ တထစ်ချ ပြောနေတာပဲ"

“အိုက်ဗင်ဟာ လူအနေနဲ့ အင်မတန်မာတဲ့ လူတယောက်ပဲ။ သူ နေကောင်းမယ်ဆိုတာကို ကျွန်တော် ယုံပါတယ်” အလျှိုရှာ စိုးရိမ်စွာဖြင့် ပြောသည်။

“အင်း ... သူ နေကောင်းပါလိမ့်မယ်၊ ဒါပေမဲ့ ကက်တယာကတော့ သူ သေလိမ့်မယ်လို့ ထင်နေတယ်။ အမျိုးသမီးအနေနဲ့ အတော်ကြီးကို ပူဆွေးဒုက္ခ ရောက်ရလိမ့်မယ်”

ခေတ္တမျှ တိတ်ဆိတ်သွားသည်။ မစ်တယာသည် အရေးကြီးသော ကိစ္စတခုအတွက် စိုးရိမ်ကြောင့်ကြ ဖြစ်နေဟန် ရှိသည်။ ထို့နောက် ...

“အလျှိုရှာ ... ဂရုရှင်ကာကို ကိုယ်သိပ်ချစ်တယ်”

တုန်ယင်သောအသံဖြင့် ရုတ်တရက်ကြီး သူပြောလိုက်သည်။ မျက်ရည်တွေ တတွေတွေ စီးကျနေသည်။

“သူတို့ သူ့ကို အစ်ကိုကြီးနဲ့အတူ ဟိုကို လိုက်ခွင့်ပြုမှာ မဟုတ်ဘူး”

အလျှိုရှာက ချက်ချင်းပင် ပြန်ပြောလိုက်သည်။

“ညီလေးကို အစ်ကိုကြီးပြောချင်တာ တခုရှိသေးတယ်” မစ်တယာက ရုတ်တရက် တက်ကြွလာသော လေသံဖြင့် ပြောလိုက်သည်။

“သူတို့က ကိုယ့်ကို လမ်းမှာပဲဖြစ်ဖြစ်၊ ဟိုကျမှဖြစ်ဖြစ် ရိုက်ကြနှက်ကြမယ်ဆိုရင် ကိုယ် သည်းမခံဘူး၊ သူတို့အထဲက တယောက်ယောက်ကို သတ်ပြီး ပစ်သတ်ခံလိုက်မှာပဲ၊ အဲဒီလိုမျိုးက အနှစ်နှစ်ဆယ် လုံးလုံးကြီး ဖြစ်နေမှာ၊ အခု ဒီမှာကိုပဲ သူတို့က ကိုယ့်ကို စော်စော်ကားကား ပြောနေကြပြီ။ အစောင့်တွေက ပြောနေကြပြီ၊ ကိုယ့်အနေနဲ့ ဘာလုပ်ရမလဲဆိုတာ ညက တညလုံး ကိုယ်စဉ်းစား နေခဲ့တယ်၊ ကိုယ့်အနေနဲ့ မလုပ်နိုင်သေးဘူး၊ ကိုယ့်အနေနဲ့ လက်မခံနိုင်သေးဘူး၊ ကိုယ့်အနေနဲ့ ‘ဂုဏ်တော်တေး’ ကို မသီကြွေးနိုင်သေးဘူး၊ အစောင့်တွေက ကိုယ့်ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောလာကြမယ်ဆိုရင် ကိုယ့်မှာ သည်းခံနိုင်စွမ်း မရှိသေးဘူး၊ ဂရုရှင်ကာအတွက်ဆိုရင် ကိုယ် ဘာမဆိုရင်ဆိုင်နိုင်တယ်၊ အရိုက်ခံရတဲ့ကိစ္စကလွဲရင်ပေါ့။ အားလုံးကို ရင်ဆိုင်နိုင်တယ်၊ ဒါပေမဲ့ သူ့ကို သူတို့က ကိုယ့်ဆီကို လိုက်ခွင့်ပြုကြမှာ မဟုတ်ဘူး”

အလျှိုရှာ သိမ်မွေ့နူးညံ့စွာ ပြုံးလိုက်သည်။

“ကျွန်တော် ပြောမယ် အစ်ကိုကြီး၊ တခါတည်း အပြတ်ပြောလိုက်မယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် စဉ်းစားမိတဲ့အကြောင်းပဲ။ အစ်ကိုကြီးကို ကျွန်တော် လိမ်မပြောတတ်ဘူးဆိုတာ အစ်ကိုကြီး သိပါတယ်။ ကျွန်တော်ပြောမယ်၊

အစ်ကိုကြီးအနေနဲ့ ဂုဏ်တော်တေးတွေကို သီကြွေးပြီး ဒုက္ခတရားတွေကို ခံစားဖို့ အဆင်သင့်မဖြစ်သေးပါဘူး၊ ဒါထက် ပိုပြီး အရေးကြီးတာကတော့ အစ်ကိုကြီးအနေနဲ့ အဆင်သင့်မဖြစ်သေးဘဲနဲ့ ကိုယ်ကျိုးကို အနစ်နာခံပြီး သူ့ရဲ့ကောင်းလုပ်ဖို့လည်း မလိုသေးပါဘူး။ တကယ်လို့သာ အစ်ကိုကြီးဟာ အဖေ့ကို တကယ် သတ်တယ်ဆိုရင်တော့ ပြစ်ဒဏ်မခံတဲ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရမှာပဲ။ ဒါပေမဲ့ အစ်ကိုကြီးမှာ အပြစ် ကင်းစင်နေတယ်။ အဲဒီတော့ အစ်ကိုကြီးအနေနဲ့ အဲဒီလောက် အနစ်နာခံဖို့ဆိုတာ များလွန်းပါတယ်။ အစ်ကိုကြီးဟာ အပြစ်တွေကို ခံစားပြီးတော့မှ ဘဝသစ်ကို ရောက်ချင်နေတယ်။ ဒါပေမဲ့ ကျွန်တော် မြင်တာကတော့ အစ်ကိုကြီးအနေနဲ့ ဘဝဟောင်းတုန်းက အဖြစ်တွေကို ဘယ်ကိုပဲသွားသွား တသက်လုံး အမှတ်ရနေဖို့ပဲ။ ဒါဆိုရင် အစ်ကိုကြီးအတွက် ပြည့်စုံလုံလောက်နေပါပြီ။ အစ်ကိုကြီး အနေနဲ့ အနစ်နာခံပြီး အပြစ်ဒဏ်ကို မခံစားတဲ့အတွက် အစ်ကိုကြီးမှာ တာဝန်တွေ ရှိနေတယ်ဆိုတဲ့ အသိကို ပိုပြီး အားကောင်းစေလိမ့်မယ်။ အဲဒီအသိစိတ်က အစ်ကိုကြီးရဲ့အနာဂတ်ဘဝကို အထောက်အပံ့ ပြုသွားလိမ့်မယ်၊ အစ်ကိုကြီးရဲ့ ဘဝတလျှောက်လုံးမှာ လူသစ်တယောက်အဖြစ် ကြိုးပမ်းတဲ့နေရာမှာ ဟိုအရပ်ကို သွားတာထက် အများကြီးပိုပြီး တာသွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုရင် အစ်ကိုကြီးဟာ ဟိုကိုရောက်တဲ့အခါမှာ သည်းမခံနိုင်ဘဲ ဆန့်ကျင်မှုတွေ ဖြစ်လာလိမ့်မယ်၊ နောက်ဆုံးကျရင် 'ငါ့မှာ စာရင်းတွေအားလုံး ရှင်းသွားပြီ' ဆိုတဲ့ စကားကိုတောင် ပြောလာနိုင်တယ်။ ဒီနေရာမှာ အကျိုးဆောင်ရှေ့နေကြီး ပြောသွားတဲ့စကားဟာ အင်မတန် မှန်တယ်၊ ဘယ်သူမှ မနိုင်တဲ့ဝန်ကို မထမ်းနိုင်ကြပါဘူး၊ တချို့အတွက်ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီးပဲ။ အဲဒီတော့ အစ်ကိုကြီး တကယ်သိချင်တယ်ဆိုရင် အခုပြောသွားတာတွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် စဉ်းစားထားတာတွေပဲ၊ နောက်ပြီးတော့ အစ်ကိုကြီး ထွက်ပြေးတဲ့အခါ တခြားလူတွေအပေါ်မှာ၊ အစောင့်တပ်သားတွေနဲ့ အရာရှိတွေအပေါ်မှာ တာဝန်ရှိမယ်ဆိုရင်လည်း အစ်ကိုကြီး ထွက်ပြေးမယ်ဆိုတာကို ကျွန်တော် 'ခွင့်မပြု' နိုင်ပါဘူး။

အလျှိုရှာ ပြုံးလိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"ဒါပေမဲ့ သူတို့က ပြောတယ် (တတိယစခန်းကို တာဝန်ကျတဲ့လူက အိုက်ဗင်ကို ပြောတယ်) အခြေအနေတွေအားလုံး ချောချောမောမော ဖြစ်သွားခဲ့ရင် စုံစမ်းစစ်ဆေးမှုတွေ အကြီးအကျယ် လုပ်မနေတော့ဘဲ သူတို့အနေနဲ့ အလွယ်တကူပဲ လွတ်မြောက်သွားနိုင်တယ်လို့ ပြောပါတယ်။ မှန်ပါတယ်၊ အခုလို ကိစ္စမျိုးမှာ တံစိုးလက်ဆောင် ပေးရတယ်ဆိုတာ မရိုးသားပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ဘာမှ စဉ်းစားချင့်ချိန်မနေနိုင်ပါဘူး၊ တကယ်လို့သာ အိုက်ဗင်နဲ့ ကက်တယာတို့က အစ်ကိုကြီးရဲ့လွတ်မြောက်ရေးအတွက် ကျွန်တော့်ကို

တာဝန်ပေးမယ်ဆိုရင် ကျွန်တော်ဟာ ဘယ်သူ့ကိုပဲ လာဘ် ထိုးရ ထိုးရ ထိုးမှာပဲ။ ဒါ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောတာပဲ။ အဲဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အစ်ကိုကြီးရဲ့လုပ်ဆောင်မှုတွေကို အဆုံးအဖြတ် မပေးနိုင်ပါဘူး။ ဒါပေမဲ့ အစ်ကိုကြီးကို ကျွန်တော် ပြောနိုင်တာတခုကတော့ အစ်ကိုကြီးကို ကျွန်တော် ဘယ်တော့မှ အပြစ်မတင်ပါဘူး၊ အဲဒီတော့ ဒီလိုအခြေအနေမျိုးမှာ အစ်ကိုကြီးရဲ့ လုပ်ရပ်ကို ကျွန်တော်က အဆုံးအဖြတ် ပေးရမယ်ဆိုတာ အံ့သြစရာ ကောင်းမနေဘူးလား။ ဒီတော့ ကျွန်တော် ပြောစရာရှိတာတွေကို ကျွန်တော်အားလုံး ပြောပြီးပြီလို့ ကျွန်တော် ထင်ပါတယ်"

"ဒါပေမဲ့ အစ်ကိုကြီးကိုယ် အစ်ကိုကြီး အပြစ်တင်တယ်။ ကိုယ် ထွက်ပြေးမယ်၊ ဒါဟာ ညီလေး မပါဘဲနဲ့ အစ်ကိုကြီး ဆုံးဖြတ်လိုက်တာပဲ။ မစ်တယာ ကာရာမာဇော့ဟာ ထွက်ပြေးရုံကလွဲလို့ တခြား ဘာလုပ်နိုင်မှာလဲ။ ဒါပေမဲ့ ဒီအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သွားမယ်၊ အပြစ်မှ ခွင့်မလွှတ်ပါနဲ့။ ကိုယ် အမြဲတမ်း ဆုတောင်းသွားမယ်။ ဂျက်ဇူးအစ်တွေက ဒီအတိုင်းပဲ ပြောတယ် မဟုတ်လား။ ကိုယ်တို့ အခုပြောသွားတဲ့အတိုင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်" အလျှိုရှာ ညင်သာစွာ ပြုံးလိုက်သည်။

"ညီလေးဟာ ဘယ်တော့မှ၊ ဘာကိုမှ ဖုံးကွယ်မထားဘဲ အမှန်တွေကိုချည်း ပြောတတ်တဲ့အတွက် ညီလေးကို အစ်ကိုကြီး ချစ်ရတာပဲ" မစ်တယာ ပျော်ရွှင်စွာ ရယ်မောကာ ပြောသည်။ "အဲဒါကြောင့် လည်း ကိုယ့်ရဲ့အလျှိုရှာကလေး ဂျက်ဇူးအစ် ဖြစ်နေတာကို ကိုယ်တွေ့ သိရတာပဲ၊ အဲဒီအတွက် ညီလေးကို အစ်ကိုကြီး နမ်းထိုက်တယ်၊ ကဲ ... ကျန်တာတွေကို ဆက်ပြီး နားထောင်ပါဦး။ ကိုယ့်စိတ်ထဲမှာ ရှိနေတဲ့ နောက်တဝက်ကို ပြောပြမယ်၊ အဲဒီလို ပြောပြဖို့ ကိုယ် အစီအစဉ် ဆွဲထားတယ်၊ ဆုံးဖြတ်ထားတယ်၊ တကယ်လို့ ကိုယ် ထွက်ပြေးပြီဆိုပါတော့၊ ကိုယ့်လက်ထဲမှာ ပိုက်ဆံတွေနဲ့ နိုင်ငံကူးလက်မှတ်လည်း ပါပြီ ဆိုပါတော့၊ အမေရိကအထိ သွားပြီဆိုပါတော့၊ အဲဒီလို ကိုယ်သွားတာဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝတခုကို ထွက်ပြေးတာလို့ ကိုယ် ဝမ်းသာနေမှာ မဟုတ်ဘူး၊ တကယ်တော့ ဆိုက်ဗေးရီးယားလိုပဲ ဆိုးရွားတဲ့ တခြား အကျဉ်းစခန်းတခုကို အလုပ်ကြမ်းနဲ့ သွားရတာမျိုးပါပဲ။

"ဘယ်လိုမှ ပိုမကောင်းဘူး အလက်ဇီ၊ ကိုယ်တကယ်ပြောတာပဲ၊ ဘယ်လိုမှ ပိုမကောင်းဘူး။ အမေရိကကို ကိုယ်မုန်းတယ်၊ အလကား အမေရိကပဲ။ ကိုယ်နဲ့အတူ ဂရုရှင်ကာ ပါလာလည်း အလကားပဲ။ ညီလေး စဉ်းစားကြည့်စမ်းပါ။ သူဟာ အမေရိကန်မ တယောက်လား၊ သူဟာ ရုရှားမ တယောက်ပဲ၊ ရိုးတွင်းခြင်ဆီကစပြီး ရုရှားမတယောက်ပဲ။ သူဟာ သူ့ရဲ့ဇာတိနိုင်ငံကို လွမ်းနေလိမ့်မယ်၊ သူဟာ ကိုယ့်အတွက်နဲ့ ပတ်သက်ပြီး နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေတာကို ကိုယ်

တွေ့နေရမယ်။ သူဟာ ကိုယ့်အတွက် ဝေဒနာတွေကို ခံစားနေရမယ်၊ ဒါပေမဲ့ အဲဒီလို ခံစားရအောင် သူ ဘာတွေများ လုပ်ခဲ့လို့လဲ၊ နောက်ပြီးတော့ ကိုယ်ဟာ အဲဒီကလူတွေနဲ့ ဘယ်လိုလုပ်ပြီး သဟာဇာတဖြစ်အောင် နေနိုင်ပါ့မလဲ၊ သူတို့အားလုံးဟာ ကိုယ့်ထက် အောင်မြင်ပေမဲ့ ကိုယ် ဘယ်လိုလုပ်ပြီး သည်းခံနိုင်မလဲ၊ အမေရိကကို ကိုယ် အခုကတည်းက မုန်းနေပြီ၊ သူတို့ဟာ ဘယ်လောက်တော်တဲ့ အင်ဂျင်နီယာကြီးတွေပဲဖြစ်ဖြစ်၊ ဘာကြီးတွေပဲဖြစ်ဖြစ် အလကားဟာတွေပဲ၊ သူတို့ဟာ ကိုယ့်လူမျိုးတွေ မဟုတ်ဘူး၊ ရုရှားကို ကိုယ်ချစ်တယ် အလက်ဇီ၊ ကိုယ်ဟာ လူယုတ်မာ တယောက် ဖြစ်ပေမဲ့ ရုရှားနိုင်ငံက ဘုရားသခင်ကို ချစ်မြတ်နိုးတယ်၊ အဲဒီနိုင်ငံမှာ ကိုယ်ဟာ ဘာဖြစ်လို့ ခွေးတကောင်လို သေရမှာလဲ”

သူ၏အသံသည် ငိုသံပါကြီးနှင့် တုန်ယင်နေသည်။ သို့သော် ခဏအကြာတွင် သူ့ကိုယ်သူ ထိန်းချုပ်ပြီး ဆက်ပြောပြန်သည်။

“ဟောဒါကတော့ ကိုယ့်ဆုံးဖြတ်ချက်ပဲ အလက်ဇီ။ ကိုယ်ပြောမယ် နားထောင်၊ ဂရုရှင်ကာနဲ့အတူ အဲဒီကို ရောက်ရောက်ချင်း ကိုယ်တို့ အလုပ်လုပ်ကြမယ်၊ လယ်ယာလုပ်ငန်းတခုခု လုပ်ကြမယ်၊ တော်တော်ဝေးပြီး တော်တော်ခေါင်တဲ့ နေရာတခုမှာ လုပ်ကြမယ်။ လူမနီးသူမနီး အရပ်တခုမှာ ကိုယ်တို့ချည်း နေကြမယ်။ သားရိုင်းတိရစ္ဆာန်တွေ ကြားထဲမှာပဲ နေကြမယ်။ လူတွေနဲ့ ဝေးတဲ့နေရာ တခု ရှိလိမ့်မယ်လို့ ကိုယ် ယူဆတယ်၊ အဲဒီမှာ အခုထက်ထိ လူနီတွေ ရှိသေးတယ်လို့ ပြောကြတယ်။ အစွန်အဖျား တနေရာမှာပေါ့။ ‘မိုဟီကင်လူမျိုးတွေရဲ့နောက်ဆုံးအနွယ်ဝင်တွေ’ ပဲပေါ့။ အဲဒီနေရာကို ကိုယ်သွားမယ်၊ အဲဒီမှာ ကိုယ်တို့ သူတို့စာကို တတ်အောင် သင်ကြမယ်။ ဂရုရှင်ကာရော ကိုယ်ရောပေါ့၊ အလုပ်လုပ်ရင်း စာသင်ရင်းပေါ့၊ အဲဒီလိုမျိုး သုံးနှစ်လောက် နေကြမယ်။ အဲဒီအတွင်းမှာ ကိုယ်တို့ဟာ အင်္ဂလိပ်စကားကို အင်္ဂလိပ်တယောက်လို ပြောတတ်အောင် သင်ကြမယ်၊ အဲဒီလို တတ်တာနဲ့ တပြိုင်နက် အမေရိကကို နှုတ်ဆက်ပြီး ကိုယ်တို့ ပြန်လာခဲ့ကြမယ်၊ အမေရိကန်နိုင်ငံသားတွေအနေနဲ့ ဒီကိုပြန်လာကြမယ်၊ ရုရှားနိုင်ငံကို ပြန်လာကြမယ်။

“ဘာမှမစိုးရိမ်ပါနဲ့၊ ဒီမြို့ ကွက်ကွက်ကလေးကို ကိုယ်တို့ ပြန်မလာပါဘူး၊ ခပ်ဝေးဝေး တနေရာမှာ ကိုယ်တို့ ပုန်းနေကြမယ်။ တောင်ဘက်ပိုင်းမှာပဲဖြစ်ဖြစ်၊ မြောက်ဘက်ပိုင်းမှာပဲဖြစ်ဖြစ်ပေါ့၊ အဲဒီအချိန်ကျရင် ကိုယ့်ရဲ့ရုပ်လက္ခဏာဟာလည်း အများကြီး ပြောင်းလဲသွားပါပြီ။ ဂရုရှင်ကာလည်း အတူတူပဲပေါ့၊ ဆရာဝန်တွေက ကိုယ့်မျက်နှာမှာ မှဲ့တလုံးလောက် တပ်ပေးထားလိမ့်မယ်။ သူတို့ရဲ့ အတတ်ပညာတွေ ဒါလောက် ထွန်းကားနေတာ တခြား ဘာလုပ်ရအောင်လဲ၊ ဒါမှမဟုတ် ကိုယ့်မျက်နှာက မျက်လုံးတလုံးကို ကိုယ်ထုတ်ပစ်လိုက်မယ်။

ကိုယ့်မုတ်ဆိတ်မွေးကြီးတွေကို တတောင်လောက်ရှည်အောင် ထားမယ်။ နောက်ပြီးတော့ ဖွေးဖွေးဖြူနေမယ်၊

ရုရှားနိုင်ငံကို လွမ်းတဲ့အတွက် ဖွေးဖွေးဖြူနေမယ်။ အဲဒါဆိုရင် ဆယ်ယောက်မှာ တယောက် ကိုယ့်ကို မမှတ်မိတော့ဘူး။ တကယ်လို့ မှတ်မိကြတယ်ဆိုရင်လည်း ဆိုက်ဗေးရီးယားကို ပို့ကြစမ်းပါစေ။ ကိုယ် ဂရုမစိုက်ပါဘူး၊ ကံတရားအတိုင်းပဲပေါ့၊ ဒီကို ပြန်ရောက်တဲ့အခါမှာလည်း ကိုယ်တို့နှစ်ယောက် ဟာ တောထဲတောင်ထဲမှာပဲ နေကြမယ်၊ ကိုယ့်တသက်လုံး အမေရိကန်တယောက်ဟန် ဆောင်သွားမယ်၊ ဒါပေမဲ့ ကိုယ်တို့ဟာ ကိုယ့်မြေပေါ်မှာ ကိုယ် ခေါင်းချကြရမယ်၊ ဒါဟာ ကိုယ့်ရဲ့စီမံကိန်းပဲ၊ ဒီစီမံကိန်းအတိုင်းပဲ လုပ်ရမယ်၊ ညီလေး သဘောတူသလား”

“တူပါတယ်”

အလျှိုရှာက သူ့အစ်ကိုအား မဆန့်ကျင်လိုသဖြင့် သဘောတူကြောင်း ပြောလိုက်သည်။ မစ်တယာ တစ်မိနစ်ခန့် နှုတ်ဆိတ်နေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို ပြောသည်။

“သူတို့ ရုံးမှာ သေသေချာချာကြီး လုပ်လိုက်ကြတာပဲ မဟုတ်လား၊ လုလုပပကြီး လုပ်လိုက်ကြတာ ပဲ”

“ဒီလိုမျိုး မလုပ်လည်း အစ်ကိုကြီးဟာ တခြားနည်းတခုနဲ့ အပြစ်ရမှာပါပဲ”

အလျှိုရှာ ပင့်သက်ဖြာရင်း ပြောလိုက်သည်။

“ဟုတ်တယ်၊ လူတွေက ကိုယ့်ကို အတော်ကြီးကို မလိုလားနေကြတာပဲ၊ ဘယ်လိုမှကို မတတ်နိုင် တော့ဘူး၊ ဒါပေမဲ့ ဒဏ်ပြင်းလွန်းတယ်”

မစ်တယာ ပန်းလျစွာ ညည်းညူသည်။ နောက်တစ်မိနစ်ခန့် တိတ်ဆိတ်နေကြပြန် သည်။

“အလျှိုရှာ၊ ကိုယ်စိတ်ချမ်းသာအောင် ပြောစမ်းပါ။ အမျိုးသမီး လာမလား၊ မလာဘူးလား။ သူ ဘာပြောသလဲ၊ သူ ဘယ်လိုပြောသလဲ”

မစ်တယာ ကောက်ကာငင်ကာ မေးလိုက်သည်။

“သူ လာမယ်လို့ ပြောတယ်၊ ဒါပေမဲ့ ကနေ့ လာ မလာတော့ ကျွန်တော် မသိဘူး၊ သူ့အတွက် အတော်မလွယ်တဲ့ကိစ္စပဲ၊ အစ်ကိုကြီးလည်း သိပါတယ်”

အလျှိုရှာက မစ်တယာကို ထိတ်လန့်စွာ စိုးရွံ့စွာဖြင့် ကြည့်နေသည်။

"ကိုယ်လည်း ဒီလိုပဲ ထင်ပါတယ်။ သူ့အနေနဲ့ အတော်ကြီးကို မလွယ်ဘူးလို့ ကိုယ် ထင်ပါတယ်၊ အလျှိုရှာ ... ကြာရင် ကိုယ်ရူးလိမ့်မယ်။ ဂရုရှင်ကာ ကိုယ့်ကို စောင့်ပြီး ကြည့်နေတယ်။ သူ သိတယ်၊ အို ... ဘုရားသခင် ကယ်တင်ပါ။ ကိုယ် ဘာလိုချင်တာလဲ၊ ကက်တယာကို ကိုယ်လိုချင်တယ်။ ဘာကိစ္စ ကိုယ် လိုချင်တာလဲ။ ကာရာမာဇော့တွေရဲ့ မကောင်းတဲ့စိတ်ပဲ။ ဟုတ်တယ်၊ ကိုယ်ဟာ အကျွတ်တရား မရနိုင်ဘူး၊ ကိုယ်ဟာ လူယုတ်မာတယောက်ပဲ၊ ရှင်းနေတာပဲ"

"ဟော သူ လာပြီ" အလျှိုရှာ ဟစ်အော်လိုက်သည်။

ထိုအချိန်မှာပင် အခန်းတံခါးဝတွင် ကက်ထရီးနား ရုတ်ခြည်း ပေါ်လာသည်။ သူမသည် အတန်ငယ် ကြာအောင် ထိုနေရာတွင် မလှုပ်မယှက်ကြီးရှိနေသည်။ မစ်တယာကို ငေးကြောင်ပြီး ကြည့်နေသည်။

မစ်တယာ ဝုန်းခနဲ ခုန်ထလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ ထိတ်လန့်တုန်လှုပ်သွားပုံ ရသည်။ မျက်နှာကြီး ဖြူရော်သွားသည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် သူ၏နှုတ်ခမ်းခုံပေါ်တွင် တောင်းပန် စိုးရွံ့သောအပြုံး ပေါ်လာသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့လက်များကို အမျိုးသမီးထံ ဆန့်တန်းလိုက်သည်။ ယင်းကို တွေ့မြင်သောအခါ သူ့ထံသို့ သူမ ပြေးဝင်သွားသည်။ သူ၏ လက်များကို ဆုပ်ကိုင်ကာ ခုတင်ပေါ်တွင် ပြန်ထိုင်စေသည်။ သူမကိုယ်တိုင်လည်း သူ၏ဘေးတွင် ထိုင်လိုက်သည်။ သူ၏လက်တွေကို မလွှတ်ဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ တအားကုန် ဆုပ်ကိုင်ထားသည်။ နှစ်ယောက်စလုံး အကြိမ်ပေါင်းများစွာပင် စကားပြောရန် ကြိုးစားကြသည်။ သို့သော် ရုတ်ခြည်းပင် ပြန်လည်ဆုတ်ဆိုင်းသွားကြသည်။ တယောက်ကိုတယောက် စကား မပြောနိုင်ဘဲ ငေးစိုက်ပြီး ကြည့်နေကြသည်။ ထူးဆန်းသော အပြုံးတွေနှင့် ဖြစ်သည်။ ယင်းသို့ဖြင့် နှစ်မိနစ်မျှ ကြာသွားသည်။

"မင်း ... ကိုယ့်ကို ခွင့်လွှတ်တယ်နော်"

နောက်ဆုံးတွင် မစ်တယာက ပြောလိုက်သည်။ ထို့နောက် အလျှိုရှာဘက်သို့ လှည့်ပြီး ပျော်ရွှင်သော မျက်နှာနှင့် မေးသည်။

"ကိုယ် ဘာပြောလိုက်တယ်ဆိုတာ မင်း ကြားတယ် မဟုတ်လား၊ ညီလေး ကြားတယ် မဟုတ်လား"

"အစ်ကို အဲဒီလို သဘောကောင်းတဲ့အတွက် အစ်ကို့ကို ကျွန်မ ချစ်ရတာပဲ" ကက်ထရီးနားထံမှ စကားလုံးများ ဖြန်းစားကြီး ပွင့်ထွက်လာကြသည်။

"ကျွန်မက အစ်ကို့ကို ခွင့်လွှတ်ရမှာ မဟုတ်ပါဘူး၊ အစ်ကိုကသာ ကျွန်မကို

ခွင့်လွှတ်ရမှာပါ။ ဒါပေမဲ့ အစ်ကို ခွင့်လွှတ်တယ်ဖြစ်စေ၊ မလွှတ်ဘူးဖြစ်စေ အစ်ကိုဟာ ကျွန်မရဲ့အသည်းနှလုံးထဲမှာ အမြဲတမ်း ရှိနေပါလိမ့်မယ်။ ကျွန်မကလည်း အစ်ကို့ရဲ့အသည်းနှလုံးထဲမှာ ရှိနေပါလိမ့်မယ်၊ ဒီအတိုင်းပဲ ဖြစ်ကြရမယ်”

သူမက အသက်ရှူ မောသွားဟန်ဖြင့် ခေတ္တရပ်နားလိုက်သည်။ ထို့နောက် ကသောကမျောနှင့် ကမူးကတူး ဆက်ပြောသည်။

“ကျွန်မ ဒီကို ဘာလုပ်ဖို့ လာသလဲ။ ကျွန်မ ဒီကိုလာတာ အစ်ကို့ခြေသလုံးကို ဖက်ရအောင်ပဲ၊ အစ်ကို့ရဲ့လက်တွေကို ဆုပ်ကိုင်ဖို့ပဲ၊ ဟောဒီလို ဆုပ်ကိုင်ရအောင်ပဲ၊ မော်စကိုမှာတုန်းကလို နာသွားအောင်ကို ဆုပ်ကိုင်ပစ်လိုက်ဖို့ပဲ။ အစ်ကို မှတ်မိသလား၊ အစ်ကိုဟာ ကျွန်မရဲ့ဘုရားသခင်၊ အစ်ကိုဟာ ကျွန်မရဲ့သူခဘုံဆိုတာ ထပ်ပြီး ပြောရအောင်ပဲ။ အစ်ကို့ကို ကျွန်မ ရူးမတတ် ချစ်နေပါတယ် ဆိုတာကို ထပ်ပြီး ပြောရအောင်ပဲ”

သူမ၏မျက်လုံးထဲမှ မျက်ရည်တွေ သွန်ကျလာကြသည်။ အလျှိုရှာ စကားမပြောနိုင်ဘဲ မတ်တတ်ကြီး ရှိနေသည်။ ကသိကအောက်ကြီး ဖြစ်နေသည်။ သည်လိုမြင်ကွင်းမျိုးကို မြင်တွေ့ရမည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ ။

“ချစ်ခြင်းမေတ္တာ ဆိုတာဟာ ပြီးသွားပါပြီ မစ်တယာ”

သူမက ဆက်ပြီး ပြောပြန်သည်။

“ဒါပေမဲ့ ကုန်ဆုံးသွားတဲ့အတိတ်တွေဟာ ကျွန်မအဖို့ မြတ်နိုးစရာတွေပါပဲ။ အဲဒါကို အစ်ကို အမြဲတမ်း နားလည်နေစေချင်ပါတယ်။ ဒါပေမဲ့ အခုအချိန်ကလေးမှာ အခုခဏကလေးမှာ အားလုံးဟာ အမှန်အတိုင်းပဲ ရှိပါစေကွယ်” သူမက ပျော်ရွှင်ကြည်လင်သော အပြုံးကလေးဖြင့် သူ့ကို ငေးစိုက်ရင်း ပြောလိုက်သည်။ “အစ်ကိုက အခုအချိန်မှာ တခြားတယောက်ကို ချစ်နေတယ်၊ ကျွန်မကလည်း ဒီပြင်လူတယောက်ကို ချစ်နေတယ်။ ဒါပေမဲ့ အဲဒါတွေက ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဟာ အစ်ကို့ကို အမြဲတမ်း ချစ်နေမှာပါပဲ။ အစ်ကိုကလည်း ကျွန်မကို အဲဒီလိုပဲ ချစ်နေမှာပဲ၊ ဟုတ်တယ် မဟုတ်လား။ အဲဒါကို အစ်ကို သိသလား၊ ကျွန်မ ပြောတာ အစ်ကိုကြားသလား၊ ကျွန်မကို ချစ်နေပါ။ ကျွန်မကို တသက်လုံး ချစ်နေပါ အစ်ကို”

အမျိုးသမီးက တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။

“ညီမကို အစ်ကို ချစ်နေမယ်။ နောက်ပြီးတော့ ညီမ သိသလား၊ လွန်ခဲ့တဲ့ ငါးရက်တုန်းက... အဲဒီနေ့ညနေတုန်းက ညီမကို အစ်ကို ချစ်ခဲ့တယ်။ ညီမ သတိမေ့သွားပြီး အပြင်ကို သူတို့ ခေါ်သွားကြရတုန်းကပေါ့။ အို တသက်လုံးပဲ၊

အဲဒီအတိုင်းပဲ အဲဒီအတိုင်းပဲ ချစ်နေမယ်”

ထို့နောက် သူတို့နှစ်ယောက် တယောက်ကိုတယောက် အဓိပ္ပာယ်မရှိသောစကားများ၊ ကယောင် ချောက်ချားနိုင်သောစကားများကို ဆက်လက်ပြောဆိုနေကြသည်။ သူတို့ပြောနေသောစကားတွေက မမှန်ကန်သော စကားတွေလည်း ဖြစ်နိုင်ပါသည်။ သို့သော် ထိုအခိုက်အတန့်အဖို့မူ အားလုံးပင် မှန်ကန်လျက် ရှိပါသည်။ သူတို့ပြောသည့် စကားတွေကို သူတို့ဘာသာ ယုံကြည်လျက် ရှိကြပါသည်။

“ကက်တယာ … သူ့ကို ကိုယ်သတ်တယ်ဆိုတာ ညီမ ယုံသလား” မစ်တယာ ရုတ်တရက် မေးလိုက်သည်။ “ညီမအနေနဲ့ အခု မယုံတော့ဘူးဆိုတာ အစ်ကိုသိပါတယ်။ ဒါပေမဲ့ ဟိုတုန်းကတော့ ညီမ ယုံခဲ့တယ်။ ရုံးမှာ ညီမ ထွက်ဆိုခဲ့တုန်းကပေါ့၊ ဟုတ်တယ်၊ ဟုတ်တယ် … အခု ညီမ မယုံတော့ဘူး”

“အဲဒီတုန်းကလည်း ကျွန်မ မယုံပါဘူး၊ ကျွန်မ ဘယ်တုန်းကမှ မယုံပါဘူး၊ ကျွန်မ အစ်ကို့ကို မုန်းလို့ အဲဒီတုန်းက ကျွန်မကိုယ်ကျွန်မ သွေးဆောင်လိုက်တာပဲ။ ရုံးမှာ ကျွန်မ သက်သေခံတုန်းက အဲဒီလို ယုံကြည်အောင် ကျွန်မကိုယ်ကျွန်မ သွေးဆောင်လိုက်တာပဲ။ ဒါပေမဲ့ သက်သေခံလို့လည်းပြီးရော ကျွန်မ မယုံတော့ပါဘူး။ အဲဒါကို နည်းနည်းကလေးမှ သံသယ မရှိပါနဲ့။ ကျွန်မ ဒီကိုလာတာ ကျွန်မကိုယ်ကျွန်မ အပြစ်ပေးရအောင်ဆိုတာ ကျွန်မ မေ့နေတယ်”

သူမက ရုတ်တရက် ပြောင်းလဲသွားသောအသံဖြင့် ပြောလိုက်သည်။ စောစောက ပြောခဲ့သော အချစ်ရည်ရွှမ်းသောလေသံနှင့် တခြားစီ ဖြစ်တော့သည်။

“မင်းအတွက် အတော်မလွယ်တဲ့ကိစ္စပဲ အမျိုးသမီး”

မစ်တယာ လွတ်ခနဲ ပြောလိုက်သည်။

“ကျွန်မ သွားပါရစေတော့၊ ကျွန်မ လာခဲ့ပါဦးမယ်။ လောလောဆယ်မှာတော့ ကျွန်မ ဘယ်လိုမှ မတတ်နိုင်တော့ဘူး”

သူမ မတ်တတ်ထလိုက်သည်။ သို့ရာတွင် သူမ လွတ်ခနဲ ဟစ်အော်လိုက်ပြီး နောက်ဘက်သို့ ပြန်တန့်သွားသည်။ ဖြူန်းစားကြီးဆိုသလိုပင် အခန်းတွင်းသို့ ဂရုရှင်ကာ အေးဆေးစွာ ဝင်ရောက်လာ သည်။ သူမ ရောက်လာလိမ့်မည်ဟု မည်သူကမျှ မျှော်လင့်မထားပါ။ ကက်ထရီးနား တံခါးဝဆီသို့ လျင်မြန်စွာ လျှောက်သွားသည်။ သို့သော် ဂရုရှင်ကာအနီးသို့ ရောက်သောအခါ သူမ ဆတ်ခနဲ ရပ်လိုက်သည်။ သူ့တကိုယ်လုံး ထုံးလို ဖြူနေသည်။

“ကျွန်မကို ခွင့်လွှတ်ပါ”

သူမက လေသံသဲ့သဲ့ကလေးဖြင့် တိုးညင်းစွာ ပြောလိုက်သည်။ ဂရုရှင်ကာက သူမကို ငေးစိုက်ပြီး ကြည့်နေသည်။ အတန်ငယ် ကြာသွားသောအခါတွင်မှ မုန်းတီးသော လေသံဖြင့် ပြန်ပြောသည်။

"ကျွန်မတို့နှစ်ယောက်စလုံး ကောက်ကျစ်ကြတယ်။ ရှင်ရော ကျွန်မရောပဲ၊ ကျွန်မတို့နှစ်ယောက်စလုံး ယုတ်မာကြတယ်။ အဲဒီတော့ ကျွန်မတို့ ဘာဖြစ်လို့ တယောက်ကိုတယောက် ခွင့်လွှတ်ကြရမှာလဲ။ ဘာကြောင့် ရှင်က ကျွန်မကို ခွင့်လွှတ်ပြီး ကျွန်မက ရှင့်ကို ခွင့်လွှတ်ရမှာလဲ၊ သူ့ကိုသာ ကယ်တင်ပါ၊ ရှင့်ကို ကျွန်မ တသက်လုံး လေးစားသွားပါ့မယ်"

"မင်း သူ့ကို ခွင့်မလွှတ်ဘူးလား"

ဂရုရှင်ကာကို မစ်တယာ လှမ်းအော်ပြီး ပြောလိုက်သည်။

"ဘာမှမစိုးရိမ်ပါနဲ့၊ ရှင့်အတွက် သူ့ကို ကျွန်မ ကယ်တင်ပါ့မယ်"

ကက်ထရီးနား တိုးတိုးမြန်မြန် ပြောလိုက်ပြီး အခန်းထဲမှ ပြေးထွက်သွားသည်။

"သူက ခွင့်လွှတ်ပါလို့ ပြောတာကို မင်းက ဘာဖြစ်လို့ ခွင့်မလွှတ်ရတာလဲ"

မစ်တယာက အပြစ်တင်သည့်သဘောဖြင့် ထပ်ပြီး ပြောလိုက်သည်။

"မစ်တယာ ... သူ့ကို အပြစ်မပြောပါနဲ့၊ အစ်ကိုကြီးအနေနဲ့ ပြောစရာ မလိုပါဘူး"

အလျှိုရှာက ပြောလိုက်သည်။

"သူ့ပါးစပ်က ပြောသွားတာပဲ၊ သူ့ရင်ထဲက ပြောတာမဟုတ်ဘူး"

ဂရုရှင်ကာက ရွံရှာစက်ဆုပ်ဟန်ဖြင့် ပြောသည်။

"ဒါပေမဲ့ အစ်ကို့ကို သူ ကယ်တင်တယ်ဆိုရင်တော့ ကျွန်မ သူ့ကို လုံးဝခွင့်လွှတ်ပါ့မယ့်"

ထို့နောက် သူမ၏စကား ရပ်သွားသည်။ သူမ၏နှလုံးသားကို တစုံတရာက ဖိနှိပ်ထားလိုက်သည့် အလား ဖြစ်သည်။ သူမအနေနှင့် ကြုံတွေ့ရသည့်အဖြစ်ကို ယခုတိုင် နားမလည်နိုင်သေးဟန် ရှိသည်။ နောက်မှ သိရှိရသည်မှာ သူမသည် ရည်ရွယ်ချက်မရှိဘဲ လမ်းကြုံသဖြင့် ဝင်ရောက်လာခြင်း ဖြစ်သည်။ သူမအနေနှင့် ဘာကိုမျှ သံသယရှိခဲ့၍ မဟုတ်ပါ။ ကက်ထရီးနားကို တွေ့ရလိမ့်မည်ဟု ယူဆ၍

မဟုတ်ပါ။

"အလျှိုရှာ ... သူ့နောက်ကို လိုက်စမ်းပါ။ သူ့ကို ပြောပါ၊ ဘာပြောရမလဲဆိုတာတော့ ကိုယ် မသိဘူး၊ ဒါပေမဲ့ သူ ဒီအတိုင်း ထွက်မသွားပါစေနဲ့" မစ်တယာက သူ့ညီကို ပြောလိုက်သည်။

"ညနေကျမှ ကျွန်တော် လာခဲ့ဦးမယ်"

အလျှိုရှာ အော်ပြောပြီး ကက်ထရီးနားနောက်သို့ ပြေးလိုက်သွားသည်။ ဆေးရုံဝင်း အပြင်ဘက်တွင် သူမကို သူ လိုက်မီသည်။ သူမက ခပ်သုတ်သုတ် သွားနေသည်။ ရေးကြီးသုတ်ပျာ ရှိနေသည်။ သို့သော် သူမအနီးသို့ အလျှိုရှာ ရောက်လာသောအခါ သူမက လျင်မြန်စွာ ပြောလိုက်သည်။

"အဲဒီမိန်းမရှေ့မှာ တို့များ ကိုယ့်ကိုယ်ကိုယ် အပြစ်မပေးနိုင်ဘူး ... 'ကျွန်မကို ခွင့်လွှတ်ပါ' လို့ တို့များ သူ့ကို ပြောလိုက်တာ တို့ကိုယ်တို့ ပြင်းပြင်းထန်ထန် အပြစ်ပေးမလို့ဘဲ။ သူက တို့များကို ခွင့်မလွှတ်ဘူး၊ အဲဒီအတွက်တော့ သူ့ကို တို့သဘောကျတယ်"

သူမ၏အသံက တမျိုးဖြစ်နေသည်။ အင်မတန် နာကြည်းနေဟန်ဖြင့် သူမ၏မျက်တောင်များ တဖျပ်ဖျပ် ခတ်နေသည်။

"သူ ရောက်လာလိမ့်မယ်လို့ မစ်တယာ ဘယ်လိုမှ မျှော်လင့်မထားဘူး။ သူ မလာဘူးလို့ မစ်တယာ သေသေချာချာ ယူဆထားတယ်" အလျှိုရှာ ပြောလိုက်သည်။

"ယုံပါတယ်။ ဒီကိစ္စ တော်ကြပါစို့၊ ဒီမယ် ... ကိုယ် အခု မောင်လေးနဲ့အတူ အသုဘကို မလိုက်နိုင်ဘူး၊ တို့များ ပန်းတွေ ပို့ထားတယ်၊ သူတို့မှာ ပိုက်ဆံရှိလိမ့်မယ်လို့ တို့ထင်တယ်၊ တကယ်လို့ ပိုက်ဆံ လိုတယ်ဆိုရင် တို့များ သူတို့ကို ဘယ်တော့မှ ပစ်မထားပါဘူးလို့ ပြောပြပါ၊ ကဲ ... သွားပေတော့ မောင်လေး။ နောက်ကျနေပြီ၊ ဘုရားဝတ်ပြုဖို့ ခေါင်းလောင်းထိုးနေပြီ၊ ကဲ ... သွားပေတော့၊ ကျေးဇူးပြုပြီး မောင်လေး သွားပါတော့"

၃။ အီလျူရှာကလေး၏ စျာပန၊ ကျောက်တုံးကြီးအနီးမှ မိန့်ခွန်းစကား

အမှန်တကယ်ပင် သူ နောက်ကျနေသည်။ သူတို့ သူ့ကို စောင့်နေကြသည်။ ပန်းတွေ လွှမ်းထားသော လှပသော ခေါင်းကလေးကို ဘုရားရှိခိုးကျောင်းသို့ သူ မပါဘဲ သယ်ဆောင်သွားကြရန်ပင် သူတို့ ဆုံးဖြတ်ပြီးကြပြီ ဖြစ်သည်။ သနားစရာကောင်းသော အီလျူရှာကလေး၏ ခေါင်းပင် ဖြစ်သည်။ မစ်တယာကို စီရင်ချက် ချမှတ်ပြီး နှစ်ရက်အကြာတွင် ကွယ်လွန်သွားခြင်း ဖြစ်သည်။

အလျှိုရှာ ခြံဝင်းဝသို့ ရောက်ရှိသောအခါ အီလျူရှာ၏ ကျောင်းနေဖက်သူငယ်ချင်း လူငယ်ကလေး များ၏ ဟစ်အော်သံကို ကြားရသည်။ သူတို့က သူ့ကို လည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေခဲ့သည်။ နောက်ဆုံးတွင် သူ ရောက်ရှိလာသည်ကို တွေ့မြင်ရသောအခါ ဝမ်းသာသွားကြသည်။ သူတို့ အားလုံးပေါင်း တဆယ့်နှစ်ယောက် ဖြစ်သည်။ သူတို့အားလုံးပင် ပခုံးတွင် ကျောင်းလွယ်အိတ်တွေ နှင့် ဖြစ်သည်။ အီလျူရှာ သေဆုံးခါနီးတွင် ‘ဖေဖေ ငိုနေလိမ့်မယ်၊ ဖေဖေနဲ့အတူ နေကြပါ’ ဟု မှာခဲ့သော စကားကို သူတို့ အမှတ်ရရှိနေကြသည်။ ကိုလျာကရာဆိုကင်က ရှေ့ဆုံးတွင် ရှိနေသည်။

“အစ်ကိုရောက်လာတာ ကျွန်တော် သိပ်ဝမ်းသာတယ် ကာရာမာဇော့” သူက အလျှိုရှာထံသို့ လက်ဆန့်တန်းပေးရင်း ပြောလိုက်သည်။ “ဒီမှာကတော့ တကယ် တုန်လှုပ်ချောက်ချားစရာကြီးပဲ၊ မျက်စိထဲမှာ မြင်နေရတာ တကယ် မသက်သာတာပဲ၊ ဆနီဂါယော့ မသောက်ဘူး။ သူ ကနေ့ တစက်ကလေးမှ မသောက်ဘူး။ ဒါပေမဲ့ သူ့ကို ကြည့်ရတာ သောက်ထားသလိုပဲ၊ ကျွန်တော် အင်မတန် စိတ်ခိုင်ပါတယ်။ ဒါပေမဲ့ အခုဥစ္စာက အတော် မသက်သာတာပဲ၊ အစ်ကို အထဲကို မဝင်ခင် အစ်ကို့ကို ကျွန်တော် တခုမေးပါရစေ ကာရာမာဇော့။ အစ်ကို့ကို အနှောင့်အယှက် မဖြစ်ဘူး ဆိုရင်ပေါ့”

“ဘာကိုများလဲ ကိုလျာ” အလျှိုရှာ မေးလိုက်သည်။

“အစ်ကို့ရဲ့ အစ်ကိုဟာ အပြစ်မဲ့သလား၊ ဒါမှမဟုတ် အပြစ်ရှိသလား။ သူ့အဖေကို သူ သတ်တာလား၊ ဒါမှမဟုတ် အစေခံက သတ်တာလား၊ အစ်ကိုပြောတာ အမှန်ပဲ ဖြစ်ရမယ်။ ဒီအကြောင်းကို ကျွန်တော် စဉ်းစားနေတာ လွန်ခဲ့တဲ့ လေးညလုံးလုံး ကျွန်တော် အိပ်မပျော်ခဲ့ဘူး”

“အစေခံ သတ်တာပါ၊ အစ်ကို့ အစ်ကိုမှာ အပြစ်မရှိပါဘူး” အလျှိုရှာ ဖြေလိုက်သည်။

“ဒါဆိုရင် သူဟာ အပြစ်မရှိဘဲနဲ့ ဒုက္ခရောက်ရတာပဲပေါ့၊ သူဟာ

အမှန်တရားအတွက် အနစ်နာ ခံရတာပဲ။ ဒုက္ခရောက်ရပေမဲ့ သူ ပျော်နေတယ်၊ ကျွန်တော် သူ့ကို မနာလိုဘူး”

“မင်း ဘာပြောတာလဲ၊ ဘာဖြစ်လို့ မနာလိုရတာလဲ”

အလျှိုရှာ အံ့အားသင့်စွာဖြင့် မေးသည်။

“အို ... တနေ့ကျရင် ကျွန်တော်လည်း အမှန်တရားအတွက် အနစ်နာခံရမယ်”

ကိုလျာ စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

“ဒါပေမဲ့ ဒီလိုအမှုမျိုးမှာတော့ မဟုတ်စေနဲ့ပေါ့၊ အခုလိုမျိုး ဂုဏ်သိက္ခာကျပြီး အခုလိုမျိုး တုန်လှုပ် ချောက်ချားစရာမျိုးတော့ မဟုတ်စေနဲ့ပေါ့”

“ဟုတ်ကဲ့... လူတွေအားလုံးအတွက် ကျွန်တော် အသက်စွန့်ချင်ပါတယ်၊ ဂုဏ်သိက္ခာနဲ့ ပတ်သက်လို့ တော့ ကျွန်တော် ဘာမှ ထည့်မတွက်ပါဘူး။ ကျွန်တော်တို့ရဲ့နာမည်တွေ ပျက်ချင်တိုင်း ပျက်စမ်းပါစေ၊ အစ်ကို့ရဲ့အစ်ကိုကို ကျွန်တော် လေးစားတယ်”

“ကျွန်တော်လည်း လေးစားတယ်”

ထရွိုင်မြို့ကို မည်သူတည်ထောင်ကြောင်း သိရှိသည်ဟု တကြိမ်ကပြောဆိုခဲ့သော လူငယ်ကလေးက အမှတ်မထင်ဆိုသလို ဖြုန်းစားကြီး ဝင်ပြောလိုက်သည်။ ထိုသို့ ပြောလိုက်ပြီးမှ သူ ရှက်သွားပြီး သူ့တကိုယ်လုံး နီရဲသွားသည်။

အလျှိုရှာ အခန်းတွင်းသို့ ဝင်သွားသည်။ ဇာနားအဖြူ ပတ်ထားသော ခေါင်းပြာပြာကလေးထဲတွင် အီလျူရှာသည် မျက်လုံးများကို မှိတ်ကာ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ပိုက်လျက်ရှိနေသည်။ သူ၏မျက်နှာ သေးသေးသွယ်သွယ်ကလေးသည် တစုံတရာ မပြောင်းလဲသကဲ့သို့ပင် ရှိနေသည်။ နောက်ပြီး အံ့ဩစရာကောင်းသည်ကတော့ အနံ့အသက် လုံးဝမရှိပါ။ သူ၏မျက်နှာ အနေအထားက တစုံတရာကို စဉ်းစားနေသည့်အလား လေးနက်သော အသွင်ကို ဆောင်နေသည်။ ရင်ဘတ်ပေါ်တွင် တင်ထားသော သူ၏လက်ကလေးများကလည်း ကျောက်ဖြူသားဖြင့် ထွင်းထုထားသည့်အလား အထူးပင် လှပလျက်ရှိသည်။ သူ၏လက်ထဲတွင် ပန်းစည်းတစည်း ရှိနေသည်။ အမှန်အတိုင်း ပြောရလျှင် ခေါင်းတခုလုံး ဆိုသလိုပင် အတွင်းရော အပြင်ရောပင် နံနက်စောစောက လီဆီကိုကလာကော့ ပို့လိုက်သော ပန်းတွေနှင့် ဝေနေသည်။ ကက်ထရီးနား ပို့လိုက်သော ပန်းတွေလည်း ပါရှိသည်။

အလျှိုရှာ အခန်းတံခါးကို ဖွင့်လိုက်သောအချိန်တွင် ဆီနီဂါယော့သည် တုန်ယင်နေသော သူ၏ လက်ထဲတွင် ပန်းတစည်းကိုင်ထားပြီး ချစ်လှစွာသော သားကလေး၏ကိုယ်ခန္ဓာပေါ်တွင် ပန်းတွေကို ဖြန့်ကြဲလျက် ရှိသည်။ အလျှိုရှာ ဝင်လာသည်ကို သူ လှည့်မကြည့်ပါ။ အမှန်တကယ် ပြောရလျှင် မည်သူ့ကိုမျှ သူ မကြည့်ပါ။ ငိုကြွေးနေသော သူ၏ဇနီးသည်၊ စိတ်မနှံ့သော ဇနီးသည်၊ သူ၏ 'မေမေကြီး' ကိုပင် သူ မကြည့်ပါ။ အမျိုးသမီးကြီးသည် အသက်ကင်းမဲ့နေပြီဖြစ်သော သူ၏ သားကလေးကို ပိုပြီး နီးနီးကပ်ကပ် မြင်တွေ့နိုင်ရန်အတွက် မသန်မစွမ်း ဖြစ်နေသော ခြေထောက် နှစ်ဖက်ပေါ်တွင် မတ်တတ်ထရပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

လူငယ်ကလေးတွေက နီနှာ၏ကုလားထိုင်ကို ခေါင်းအနီးသို့ တွန်းရွှေ့ပေးထားသည်။ သူမသည် ခေါင်းပေါ်တွင် ခေါင်းတင်ထားပြီး တိုးညင်းစွာ ငိုကြွေးလျက် ရှိသည်။ ဆနီဂါယော့၏ မျက်နှာမှာ လှုပ်ရှားတက်ကြွလျက် ရှိနေသည်။ သူ၏လှုပ်ရှားပုံများနှင့် သူ့ပါးစပ်မှ မကြာမကြာဆိုသလို ရွတ်ဆိုနေသည်များမှာ ရူးသွပ်နေသည့်သဖွယ်ပင် ဖြစ်သည်။

"သားကြီး၊ ဖေ့သားကြီး"

အီလျူရှာကို ကြည့်ကာ တတွတ်တွတ် ရွတ်ဆိုနေသည်။ အီလျူရှာ အသက်ရှင်စဉ်ကပင် သူ့သားကလေးကို 'သားကြီး၊ ဖေ့သားကြီး' ဟု ချစ်စနိုး ခေါ်ခဲ့သည်။

"ဖေဖေကြီး ... ကျုပ်ကိုလည်း ပန်းတွေ ပေးစမ်းပါ၊ သူ့လက်ထဲက ပန်းတပွင့်ကို ယူလိုက်စမ်းပါ၊ ဟိုအဖြူပွင့်ကလေးကို ယူပြီး ကျုပ်ကို ပေးစမ်းပါ"

စိတ်နောက်နေသော 'မေမေကြီး' က တပူပူ တဆာဆာနှင့် တောင်းလိုက်သည်။ သူမအနေနှင့် အီလျူရှာ၏လက်ထဲမှ နှင်းဆီပန်းဖြူဖြူကလေးကို သဘောကျနေသည်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် သားကလေး၏လက်ထဲမှ ပန်းတပွင့်ကို အမှတ်တရအဖြစ် သိမ်းထားလို၍လည်း ဖြစ်နိုင်သည်။ သူမသည် ဂနာမငြိမ် လူမငြိမ်ဘဲ လက် တကမ်းကမ်းနှင့် ပန်းကို တောင်းနေသည်။

"ဘယ်သူ့ကိုမှ မပေးဘူး။ မေမေကြီးကိုလည်း မပေးဘူး၊ ဒီပန်းတွေဟာ သားရဲ့ပန်းတွေပဲ။ မေမေကြီးရဲ့ ပန်းတွေ မဟုတ်ဘူး၊ အကုန်လုံး သူ့ဟာချည်းပဲ၊ မေမေ့ဟာ တခုမှ မရှိဘူး" ဆနီဂါယော့ ပစ်ပစ်ခါခါ ပြောလိုက်သည်။

"ဖေဖေ ... မေမေ့ကို ပန်းတပွင့် ပေးလိုက်ပါ"

နီနာက သူမ၏မျက်ရည်စက်လက်ဖြစ်နေသော မျက်နှာကလေးကို မေ့ကာ ရုတ်တရက် ပြောလိုက်သည်။

"ဘယ်သူ့ကိုမှ ဘာမှမပေးဘူး၊ သူ့ကိုဆိုရင် သာပြီး မပေးသေးတယ်၊ သူက သားကို ချစ်တာ မဟုတ်ဘူး။ သားရဲ့အမြောက်ကလေးကို သူ ယူသွားတယ်၊ သားကလည်း သူ့ကို ပေးလိုက်တယ်"

အီလျူရှာက သူ၏အမြောက်ကလေးကို သူ့အမေအား ပေးလိုက်သည့်အဖြစ်ကို အမှတ်ရရှိသွားဟန် ဖြင့် ဆနီဂါယေ့ဘက ကျယ်လောင်စွာ ငိုရှိုက်ရင်း ပြောလိုက်သည်။ စိတ်နောက်နေသော အမျိုးသမီးကြီးသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ တရှုံ့ရှုံ့ ငို ကြွေးနေတော့သည်။

ခေါင်းကို သယ်ယူရန် အချိန်ကျနေရောက်နေပြီ ဖြစ်သော်လည်း အဖေကြီးသည် ခေါင်းအနီးမှ ခွာမည့်ဟန် မရှိသဖြင့် လူငယ်ကလေးများသည် ခေါင်းပတ်ပတ်လည်တွင် ကပ်၍ ရပ်လိုက်ပြီးနောက် ခေါင်းကလေးကို စတင် မ ယူကြတော့သည်။

"သူ့ကို ဘုရားရှိခိုးကျောင်းဝင်းထဲမှာ ငါ မမြှုပ်ချင်ဘူး၊ သူ့ကို ကျောက်တုံးကြီးနားမှာ ငါမြှုပ်မယ်။ ငါတို့ရဲ့ကျောက်တုံးကြီးနားမှာ မြှုပ်မယ်၊ ဒါဟာ အီလျူရှာရဲ့ဆန္ဒပဲ၊ သူ့ကို ကျောင်းဝင်းထဲ သယ်မသွားရဘူး"

ဆနီဂါယေ့ဘက ရုတ်တရက် ပြောလိုက်သည်။ သူ၏ သားကလေးကို ကျောက်တုံးကြီးအနီးတွင် မြှုပ်နှံမည်ဖြစ်ကြောင်း လွန်ခဲ့သည့် သုံးရက်လုံးလုံးပင် သူ ပြောခဲ့သည်။ သို့ရာတွင် အလျှိုရှာ၊ ကရာဆိုကင်၊ အိမ်ရှင်မိန်းမကြီး၊ အိမ်ရှင်မိန်းမကြီး၏ ညီမနှင့် လူငယ်ကလေးများက ယင်းသို့ မပြုလုပ်ရန် ဝိုင်းဝန်း ပြောဆိုကြရသည်။

"ဘယ်လိုစိတ်ကူးလဲ၊ သန့်ရှင်းစင်ကြယ်မှု မရှိတဲ့ ကျောက်တုံးကြီးနားမှာ မြှုပ်ရအောင် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေတဲ့မသာမှ မဟုတ်ဘဲ။ ကျောင်းဝင်းထဲမှာက သန့်ရှင်းစင်ကြယ် ထားတယ်၊ လက်ဝါးကပ်တိုင်တွေ ရှိတယ်၊ သူ့အတွက် ဆုမွန်ကောင်းတွေ တောင်းကြမယ်၊ ဘုရားရှိခိုးကျောင်းထဲက ဓမ္မတေးသံတွေကို ကြားရမယ်၊ တရားဟောဆရာရဲ့ အောင်မြင်ကြည်လင် တဲ့ ရွတ်ဖတ်သံကို သူ့ရဲ့အုတ်ဂူပေါ်မှာ ရွတ်နေသလို ပီပီပြင်ပြင်ကြီး ကြားနေရမယ်"

အိမ်ရှင်မိန်းမကြီးက ပြောဆိုသည်။ ဆနီဂါယေ့ နောက်ဆုံးတွင် စိတ်ပျက်အားလျော့စွာနှင့် အလျှော့ပေးရသည်။

"ခင်ဗျားတို့ ကြိုက်တဲ့နေရာကိုသာ သယ်သွားကြပေတော့"

လူငယ်ကလေးများ ခေါင်းကို မ ယူသွားကြသည်။ သို့သော် အမေကြီး၏ရှေ့သို့ ရောက်သောအခါ ခေါင်းကို ခဏချပြီး နောက်ဆုံး နှုတ်ဆက်စေသည်။ လွန်ခဲ့သော သုံးရက်အတွင်းက ခပ်လှမ်းလှမ်း မှသာ တွေ့မြင်ခဲ့ရသော သားကလေး၏ မျက်နှာကို ဖြုန်းစားကြီးဆိုသလို အနီးကပ် တွေ့မြင်လိုက် ရသောအခါ အမေကြီးသည် တကိုယ်လုံး တုန်ယင်သွားပြီး သူ၏ ခေါင်းဖြူဖြူကြီးကို ခေါင်းပေါ်တွင် ငုံ့လိုက်မော့လိုက်နှင့် နတ်ပူးသလို ရှိ နေတော့သည်။

"မေမေ ... သူ့အပေါ်မှာ လက်ဝါးကပ်တိုင် ခတ်ပါ။ သူ့ကို ကောင်းချီးမင်္ဂလာပေးပြီး သူ့ကို နမ်းပါ မေမေ"

နီနာက သူမကို လှမ်းပြောသည်။ သို့သော် အမေကြီးသည် စကားတခွန်းမှ မပြောဘဲ သူမ၏ခေါင်းကို စက်ရုပ်ကြီးတခုလို ငုံ့လိုက်မော့လိုက်သာ လုပ်နေသည်။ သူမ၏ မျက်နှာက ပြင်းပြသော ပရိဒေဝမီး တောက်လောင်ခြင်း ခံနေရသဖြင့် တွန့်လိမ်ရှုံ့မဲ့လျက် ရှိသည်။ ထို့နောက် အမျိုးသမီးကြီးသည် ဖြုန်းခနဲဆိုသလို သူမ၏ ရင်ဘတ်ကို လက်သီးနှင့်ထုကာ ရင်ဘတ်စည်တီး ဖြစ်နေတော့သည်။

ခေါင်းကလေးကို သူတို့ ဆက်လက်သယ်ဆောင်သွားကြသည်။ နီနာ၏ရှေ့သို့ ရောက်ရှိသောအခါ သူမက ကွယ်လွန်သူ မောင်ကလေး၏ နှုတ်ခမ်းစုံကို သူမ၏ နှုတ်ခမ်းစုံဖြင့် နောက်ဆုံးအကြိမ် ဖိကပ်ထိနမ်းသည်။

အလျှိုရှာ အိမ်အပြင်သို့ ရောက်ရှိသောအခါ ဒုက္ခသည် အမျိုးသမီးနှစ်ယောက်ကို စောင့်ရှောက် ကြည့်ရှုထားပါရန် အိမ်ရှင်အဘွားကြီးကို မေတ္တာရပ်ခံ တောင်းပန်သည်။

"အို စိတ်ချပါ၊ ငါ သူတို့နဲ့ အတူ နေပါ့မယ်၊ ငါတို့ ခရစ်ယာန်တွေပဲဥစ္စာ" အဘွားကြီးက ယင်းသို့ ပြောဆိုရင်း မျက်ရည်တွေသွန်ကျလာသည်။ ခေါင်းကလေးကို ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိအောင် သိပ်အဝေးကြီး သယ်မသွားကြရပါ။ ကိုက် ၃၀၀ လောက်ပဲ သွားကြရသည်။ သည့်ထက် မပိုပါ။

ရာသီဥတု ကောင်းမွန်သော နေ့တနေ့ပင် ဖြစ်သည်။ နှင်းအနည်းငယ်သာ ကျနေသည်။ ဘုရားရှိခိုး ကျောင်းမှ ခေါင်းလောင်းသံများ ထွက်ပေါ်နေဆဲပင် ဖြစ်သည်။

ဆနီဂါယော့သည် ကုတ်အင်္ကျီ တိုတိုကလေးကို ဝတ်ထားပြီး ခေါင်းတွင် အဆောင်းမပါဘဲ အလောင်း၏ နောက်ဘက်မှ ကပျာကယာ ကသီကရီဖြင့် အပြေးကလေး လိုက်လာလျက် ရှိသည်။ သူ၏ အနားကျယ် ဦးထုပ်ကို လက်ထဲတွင် ဆုပ်ကိုင်ထားပါသည်။ သူ့မှာ စိုးရိမ်ကြောင့်ကြမှုတွေ အများကြီးကြောင့်

အယောင်ယောင် အမှားမှား၊ ချောက်ချောက်ချားချားတွေ ဖြစ်နေသည်။ တကြိမ်တွင် ခေါင်းကို ရှေ့ဘက်မှနေပြီး လက်နှင့် ဝင် မ ရာ သူများတွေကို အနှောင့်အယှက်ပြုရုံသာ ဖြစ်တော့သည်။ နောက်တကြိမ်တွင်မူ ခေါင်းဘေးမှ အပြေးကလေး လိုက်ပါရင်း သူ့အနေနှင့် ဝင်နိုင်မည့် တနေရာကို ရှာဖွေလျက် ရှိသည်။ နှင်းတွေထဲသို့ ပန်းတပွင့် ကျသွားသောအခါ သူသည် ကပျာကယာ ပြေးသွားပြီး အရေးတကြီး ကောက်ယူသည်။ ဤပန်းပွင့် ဆုံးရှုံးသွားခဲ့လျှင် ကမ္ဘာကြီးပင် ပျက်တော့မည့်အလား ဖြစ်သည်။

"ဟာ ... ပေါင်မုန့်ရော၊ ပေါင်မုန့်ရော၊ ငါတို့ ပေါင်မုန့် မေ့ကျန်ခဲ့ပြီ"

သူ အလန့်တကြား ဟစ်အော်သည်။ သို့သော် ပေါင်မုန့်ခြောက်သည် သူ၏ အင်္ကျီအိတ်ထဲတွင် ရှိနေကြောင်း လူငယ်ကလေးများက ချက်ချင်းပင် သတိပေးကြသည်။ သူက ပေါင်မုန့်ခြောက် သူ၏ အင်္ကျီအိတ်ထဲတွင် တကယ် ရှိ မရှိ ထုတ်ကြည့်သည်။ တကယ်ရှိကြောင်း သိရသောအခါတွင်မှ သူ စိတ်အေးသွားသည်။ ထို့နောက် ပေါင်မုန့်ခြောက်အကြောင်း အလျှိုရှာကို သူ ချက်ချင်းပင် ရှင်းပြသည်။

"အီလျူရှာကလေးက ကျွန်တော့်ကို ပြောတယ်။ အီလျူရှာဟာ တညမှာ သူ အိပ်ရာကနေ နိုးနေတယ်၊ ကျွန်တော်က သူ့ဘေးမှာ ထိုင်နေတယ်၊ အဲဒီမှာ သူက ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်တာပဲ ... 'ဖေဖေ .. ကျွန်တော့်ရဲ့သင်္ချိုင်းကို သူတို့ မြေဖို့ပြီးတဲ့အချိန်မှာ သင်္ချိုင်းပေါ်မှာ ပေါင်မုန့်ခြောက်တခုကို ခြေပြီး ကြဲပေးပါ ဖေဖေ၊ ဒါမှ စာကလေးတွေ ဆင်းလာကြပြီး သူတို့ရဲ့ အသံတွေကို ကျွန်တော် ကြားနေရမယ်၊ ကျွန်တော် တယောက်တည်း မဟုတ်ဘူးဆိုပြီး အားရှိနေမယ်' တဲ့"

"တကယ်ကောင်းတဲ့ အလုပ်ပဲ ဗိုလ်ကြီး၊ မကြာမကြာ သွားပြီး ကြဲပေးရမယ်" အလျှိုရှာ ပြောလိုက်သည်။

"နေ့တိုင်း သွားမယ်၊ နေ့တိုင်း သွားမယ်"

ဆနီဂါယော့ လန်းဆန်းသွားပြီး အားတက်သရော ပြောသည်။ နောက်ဆုံးတွင် သူတို့ ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိသွားကြပြီး ခေါင်းကလေးကို ကျောင်းဆောင်ကြီး၏ အလယ်တွင် ချထားသည်။ လူငယ်ကလေးများသည် ခေါင်းပတ်ပတ်လည်တွင် ရပ်နေကြပြီး အသုဘ အခမ်းအနား တချိန်လုံးပင် ရိုသေ ကိုင်းရှိုင်းစွာ ရှိနေကြသည်။

ဘုရားရှိခိုးကျောင်းကြီးက အတော်ကြီးပင် ဟောင်းမြင်းနေပြီး အတော်ကြီးပင် ပျက်စီး နွမ်းပါးနေပြီ လည်း ဖြစ်သည်။ ပုံတော်ကား အများအပြားသည် ပေါင်များ မရှိကြတော့ပါ။ သို့သော် ဤလို ဘုရားရှိခိုးကျောင်းများသည် ဘုရားဝတ်ပြုရာ၌ကား အကောင်းဆုံးပင် ဖြစ်သည်။

ဆနီဂါယေ့သည် ဘုရားဝတ်ပြုသည့် အချိန်တလျှောက်တွင် အတော်ကလေးပင် တည်ငြိမ်လျက် ရှိသည်။ သို့သော် စိုးရိမ်ကြောင့်ကြစိတ်တွေ များပြီး ကပျာကယာ ကသီကရီ ပြုမူနေသည် များကိုကား မကြာခဏဆိုသလို တွေ့မြင်ရသည်။ ခေါင်းဆီသို့ သွားပြီး အဖုံးကို ပြန်ဖုံးသည်။ ပန်းခွေကို နေရာပြင်ထားသည်။ ဖယောင်းတိုင်တတိုင် လဲကျသွားလျှင် ပြေးသွားပြီး ပြန်စိုက်သည်။ ယင်းသို့ ဖယောင်းတိုင် ပြန်စိုက်သည့်နေရာတွင် အချိန်အကြာကြီး ပြုလုပ်နေတတ်သည်။ ထို့နောက် တဖက်ခေါင်းထိပ်တွင် စိုးရိမ်ကြောင့်ကြသော အသွင်၊ လှုပ်ရှား ချောက်ချားသောအသွင်ဖြင့် မတ်တတ်ရပ်နေပြန်တော့သည်။

ဩဝါဒစာကို ရွတ်ဖတ်ပြီးသွားသောအခါ စည်းကမ်းတကျ ရွတ်ဆိုသွားခြင်း မဟုတ်ဟု သူ့ဘေးတွင် ရပ်နေသော အလျှိုရှာကို ရုတ်တရက် သူ ပြောလိုက်သည်။ သို့သော် သူ၏စကားကို အကျယ်ချဲ့ ရှင်းပြခြင်းကား မပြုချေ။ 'ခေရုဗိန် ကလေးပမာ' ကို သီကြွေးကြသောအခါတွင်ကား သူ လိုက်ဆိုသည်။ သို့သော် အဆုံးအထိကား မဟုတ်ချေ။ သူသည် ဒူးထောက်လိုက်ပြီး ခေါင်းကို ကျောက်သားကြမ်းပြင်တွင် ဖိတင်ထားသည်။ ထိုပုံစံအတိုင်း အကြာကြီးနေလေသည်။

နောက်ဆုံးတွင် ဈာပနအခမ်းအနားသို့ သူတို့ စတင်ကြသည်။ ဖယောင်းတိုင်များကို ပေးဝေကြသည်။ ပရိဒေဝမီး တောက်လောင်နေသော ဖခင်ကြီးသည် အယောင်ယောင် အမှားမှားတွေ ဖြစ်ပြန်ချေ တော့သည်။ သို့သော် ကြေကွဲ လှိုက်လှဲစွာဖြင့် ရွတ်ဆိုနေကြသော တေးသံများက သူ၏ စိတ်အာရုံကို ဖမ်းဆီး ချုပ်ကိုင်လေတော့သည်။ သူသည် ရုတ်ခြည်းဆိုသလို ညှိုးငယ် နွမ်းခွေသွားပြီး ရှိုက်ငင် ငိုကြွေးချေတော့သည်။ ပထမတွင် သူ၏အသံကို ထိန်းထားသော်လည်း တဖြည်းထက်တဖြည်း ကျယ်လောင်လာတော့သည်။ သွားလေသူကို နောက်ဆုံး နှုတ်ဆက်ကြပြီး ခေါင်းကို ပိတ်မည် ပြုသောအခါ သူသည် ခေါင်းကို ပိတ်ခွင့်မပြုသည့်အလား ခေါင်းကို ပိုက်ဖက်ထားပြီး သားဖြစ်သူ၏ နှုတ်ခမ်းကို အတင်းတရကြမ်းပင် နမ်းရှုပ်လျက် ရှိတော့သည်။

နောက်ဆုံးတွင် သူတို့ သူ့ကို ဖျောင်းဖျပြီး ခေါ်ဆောင်သွားကြသည်။ သို့သော် သူသည် ရုတ်ခြည်း ဆိုသလိုပင် သူ့လက်များကို ဆန့်တန်းပြီး ခေါင်းပေါ်မှ ပန်းတပွင့်ကို ဖြုတ်ယူလိုက်သည်။ ထို့နောက် သူတို့ကို သူ ငေးစိုက်ပြီး ကြည့်နေသည်။ သူ့ခေါင်းထဲတွင် အသိတခု ဝင်လာဟန်ရှိသည်။ ထိုအခါ ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်နေသည်ကို ခေတ္တခဏမျှ သူ မေ့လျော့သွားဟန်ရှိသည်။ သူသည် တဖြည်းထက်တဖြည်း အတွေးနယ်တွင် နစ်ဝင်သွားပြီး ခေါင်းကလေးကို မ ယူပြီး သင်္ချိုင်းဆီသို့ သယ်ယူသွားကြသည်ကို မတားဆီး မကန့်ကွက်ပါတော့ချေ။ ခေါင်းမှာ အဖိုးတန် ခေါင်းတခုဖြစ်ပြီး ကက်ထရီးနားက ဝယ်ယူပေးခြင်း ဖြစ်သည်။

ထိုးတမ်းစဉ်လာ အခမ်းအနားများ ပြီးဆုံးသွားသောအခါ သုဘရာဇာများက ခေါင်းကို မြေတွင်းထဲသို့ နှိမ့်ချကြသည်။ ဆနီဂါယော့သည် လက်ထဲတွင် ပန်းစည်းကိုကိုင်ကာ ကျင်းထဲသို့ ဖောက်ထိုးကြီး ဖြစ်သည်အထိ ငုံ့ဆင်းသွားရာ လူငယ်ကလေးများက သူ၏ကုတ်အင်္ကျီကို ဆွဲကိုင်ထားကြပြီး အပေါ်ကို ပြန်လည် မ ယူကြရသည်။ သို့သော် သူ ဘာတွေလုပ်ပြီး ဘာတွေဖြစ်နေသည်ကို သေသေချာချာ သိရှိဟန် မတူပါချေ။ ကျင်းကို မြေဖို့ကြသောအခါ သူသည် ကျင်းထဲသို့ ကျသွားသော မြေကြီးများကို လက်ညှိုးထိုးပြရင်း တစုံတခုကို ပြောကြားသည်။ သို့သော် သူ ဘာပြောသည်ကို မည်သူမျှ မသိကြပါ။ ခဏအကြာတွင်မူ သူ့အလိုလို ပြန်လည် တိတ်ဆိတ်သွားသည်။

ထို့နောက် လူငယ်ကလေးများက ပေါင်မုန့်ခြောက်ကို ခြေပြီး ဖြန့်ကြဲရန် သူ့ကို သတိပေးကြသည်။ ထိုအခါ သူသည် အထူးပင် စိတ်လှုပ်ရှားသွားပြီး ပေါင်မုန့်ခြောက်ကို အိတ်ထဲမှ ဆွဲထုတ်သည်။ တပိုင်းစီ တစစီ ဖဲ့ပြီး မြေပုံပေါ်တွင် ဖြန့်ကြဲသည်။

"လာ လာ ငှက်ကလေးတွ လာကြ၊ စာကလေးတွေ လာကြ"

စိုးရိမ်ကြောင့်ကြစွာ ရွတ်ဆိုနေတော့သည်။ သူ့အနေနှင့် လက်ထဲတွင် ပန်းစည်းကြီးကို ကိုင်ထားပြီး ပေါင်မုန့်ခြောက်ကို ဖဲ့နေရသည်မှာ မလွယ်သဖြင့် ပန်းစည်းကို တယောက်ယောက်ကို ခဏ ပေးထားရန် လူငယ်ကလေးတယောက်က အကြံပေးသည်။ သို့သော် သူက ထိုကဲ့သို့ မလုပ်ရုံမျှမက သူ၏ပန်းစည်းကို သူတို့က လိုချင်နေသည့်အလား စိုးရိမ်ပူပန်သွားသည်။

ထို့နောက် သူသည် လုပ်စရာရှိသည်များအားလုံး လုပ်၍ ပြီး မပြီးနှင့် ပေါင်မုန့်ခြောက်ကို ခြေမွ ဖြန့်ကြဲ၍ ပြီး မပြီးကို တချက်ကြည့်ပြီးနောက် တဖက်သို့လှည့်ပြီး အားလုံးကပင် အံ့အားသင့် ရလောက်အောင်ပင် တည်ငြိမ်အေးဆေးသောအသွင်ဖြင့် သူ့အိမ်ရှိရာ အရပ်ဆီသို့ လျှောက်သွားလေတော့သည်။ သို့ရာတွင် သူ၏ခြေလှမ်းများသည် တစထက်တစ မြန်လာပြီး ခဏအကြာတွင် သူသည် ပြေးစပြုလေတော့သည်။ အလျှိုရှာနှင့် လူငယ်ကလေးများ သူ့ကို မီအောင် လိုက်ကြရသည်။

"မေမေကြီးကို ပန်းတွေ ပေးရမယ်၊ မေမေကြီးကို ပန်းတွေ ပေးရမယ်၊ ငါ့ကြောင့် မေမေကြီး စိတ်မကောင်း ဖြစ်သွားပြီ"

ရုတ်ခြည်းဆိုသလိုပင် သူ ဟစ်အော်လေတော့သည်။ ရာသီဥတုက အေးလွန်းသဖြင့် သူ့ကို ဦးထုပ် ဆောင်းထားရန် တယောက်က လှမ်းအော်ပြီး သတိပေးသည်။ ထိုအခါတွင် သူသည် ဒေါသဖြစ်ဟန် ဖြင့် ဦးထုပ်ကို နှင်းတောထဲသို့ လွှင့်ပစ်လိုက်သည်။

"ငါ မကောင်းဘူး၊ ငါ မကောင်းဘူး"

သူ အော်နေသည်။ ဆမ်မူရော့က ဦးထုပ်ကို ကောက်ယူပြီး သူ့နောက်က လိုက်ပါသွားသည်။ လူငယ်ကလေးများအားလုံး ငိုနေကြသည်။ ထရှိုင်မြို့အကြောင်းကို သိရှိသူ လူငယ်ကလေးနှင့် ကိုလျာတို့က အသည်းထန်ဆုံး ဖြစ်သည်။ ဆနီဂါယော့၏ဦးထုပ်ကို ကိုင်ထားသော ဆမ်မူရော့မှာ လည်း အလားတူပင် သည်းထန်စွာ ငိုကြွေးလျက် ရှိသော်လည်း လမ်းဘေး နှင်းခဲပြင်ပေါ်ရှိ အုတ်ခဲကျိုး နီနီတခုကို ကောက်ယူပြီး သူတို့အပေါ်မှ ပျံသန်းသွားသော စာကလေးတအုပ်ကို ပစ်ထုနိုင်ပါသေးသည်။ သို့သော် တကောင်မှ မထိမှန်ပါ။ ထိုအခါ သူ ပြေးလွှားရင်း ဆက်ပြီး ငိုသွားသည်။

လမ်းတဝက်လောက်သို့ ရောက်သောအခါ ဆနီဂါယော့ ရုတ်တရက် ရပ်လိုက်သည်။ သံမှိုစွဲထားသည့် အလား မိနစ်ဝက်ခန့် မလှုပ်မယှက်ကြီး ရပ်နေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို ဘုရားရှိခိုး ကျောင်းဘက်သို့ လှည့်လိုက်ပြီး သူတို့ ထွက်ခွာလာခဲ့သော သင်္ချိုင်းရှိရာဆီသို့ ပြေးလေတော့သည်။ သို့သော် လူငယ်ကလေးများက ချက်ချင်းပင် သူ့ကို လိုက်၍ မီကြပြီး လေးဖက်လေးတန်မှ ဝိုင်း၍ ချုပ်ထားလိုက်ကြသည်။ ထိုအခါ သူသည် တစုံတရာဖြင့် ရိုက်ချခံလိုက်ရသည့်ပမာ နှင်းခဲပြင်ပေါ်သို့ လဲကျသွားပြီး ရုန်းရင်းကန်ရင်း ငိုရင်းရှိုက်ရင်း ဟစ်အော်လျက်ရှိတော့သည်။

"အီလျူရှာ ... သားကြီး၊ ဖေ့သားကြီး"

အလျှိုရှာနှင့် ကိုလာတို့က သူ့ကို နှစ်သိမ့်ချော့မော့ပြီး လဲနေရာမှ ထစေသည်။ "ဒီမှာ၊ ဗိုလ်ကြီး ... သတ္တိရှိတဲ့ လူတယောက်ဟာ သတ္တိပြနိုင်ရမယ်" ကိုလျာက ပြောလိုက်သည်။ အလျှိုရှာကလည်း ...

"ဗိုလ်ကြီးလုပ်တာ ပန်းတွေ ကြေကုန်တော့မယ်၊ မေမေကြီးက ပန်းတွေကို လိုချင်လို့ အိမ်မှာ စောင့်နေတယ်၊ ဗိုလ်ကြီးက အီလျူရှာရဲ့ပန်းတွေကို မပေးဘူးဆိုလို့ သူ အိမ်မှာ ထိုင်ပြီး ငိုနေတယ်၊ နောက်ပြီးတော့ အီလျူရှာရဲ့အိပ်ရာကလည်း အိမ်မှာပဲ ရှိနေသေးတယ်"

ဆနီဂါယော့ ချက်ချင်းပင် သတိရသွားပြီး ..

"ဟုတ်တယ်၊ ဟုတ်တယ်၊ မေမေကြီးဆီကို ငါတို့ပြန်ကြမယ်၊ သူ့အိပ်ရာကို သူတို့ သိမ်းပစ်ကြ လိမ့်မယ်၊ သူ့အိပ်ရာကို သူတို့ သိမ်းပစ်ကြလိမ့်မယ်"

အိပ်ရာကလေးကို သူတို့ သိမ်းပစ်လိုက်ကြမည်ကို တကယ်ပင် စိုးရိမ်သွားသည့်အလား သူ ပြောလိုက်သည်။ ထို့နောက် သူ ခုန်ထပြီး အိမ်ဆီသို့

နောက်တကြိမ် ပြေးပြန်တော့သည်။ သို့သော် သူတို့သည် အိမ်နှင့် သိပ်မဝေးကြတော့သဖြင့် အားလုံးအတူတူပင် အိမ်သို့ ရောက်ရှိသွားကြသည်။

ဆနီဂါယော့ တံခါးကို ကမန်းကတန်း ဖွင့်ပြီး သူ့ဇနီးကို ခေါ်လိုက်သည်။ မကြာခင်ကလေးကမှ သူနှင့် အကြောက်အကန် ရန်ဖြစ်ခဲ့သော ဇနီးသည်ကို ခေါ်လိုက်သည်။

“မေမေကြီး၊ အို … ဒုက္ခိတကြီး … အီလျူရှာက မေမေကြီးကို ဒီပန်းတွေ အပေးခိုင်းလိုက်တယ်”

နှင်းတွေနှင့် အေးစက်နေပြီး သူ ရုန်းလားကန်လား လုပ်စဉ်က ကြေမွသွားရသော ပန်းစည်းကလေး ကို သူမအား လှမ်းပေးလိုက်သည်။ သို့ရာတွင် ထိုအချိန်မှာပင် အီလျူရှာကလေး၏ အိပ်ရာအနီး တနေရာတွင် အိမ်ရှင်မိန်းမကြီးက သပ်သပ်ရပ်ရပ် ချထားသော အီလျူရှာ၏ ဘွတ်ဖိနပ်ကလေးကို သူ တွေ့မြင်လိုက်သည်။ အချုပ်ရာ အဖာရာတွေနှင့် ပြည့်နေပြီး မာကျောတောင့်တင်းနေသော ဖိနပ်အဟောင်းကလေး ဖြစ်သည်။ ဖိနပ်ကလေးကို တွေ့မြင်လိုက်သည်နှင့် တပြိုင်နက် သူ၏ လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီး ဖိနပ်ကလေးရှိရာဆီသို့ ပြေးသွားသည်။ ဖိနပ်ကလေးရှေ့တွင် ဒူးထောက်ကာ ထိုင်ချလိုက်ပြီး ဖိနပ်ကလေးကို အငမ်းမရ နမ်းရှုပ်ရင်း ငိုကြွေးနေတော့သည်။

“အီလျူရှာ … သားကြီး၊ ဖေ့သားကြီး၊ သားခြေထောက်ကလေး ဘယ်မှာလဲကွယ်”

“မင်းတို့ သူ့ကို ဘယ်ခေါ်သွားကြသလဲ၊ ဘယ်ကို ခေါ်သွားကြသလဲ”

စိတ်နောက်နေသော အမျိုးသမီးကြီးက ရင်ထုမနာ ဟစ်အော်လိုက်သည်။ ဤနေရာတွင် နီနာလည်း တအားကုန် ရှိုက်ငိုလေတော့သည်။ ကိုလျာ အခန်းတွင်းမှ ပြေးထွက်သွားသည်။ အခြား လူငယ်ကလေးများလည်း သူ့နောက်မှ လိုက်ပါသွားကြသည်။ နောက်ဆုံးတွင် အလျှိုရှာလည်း အခန်းထဲမှ ထွက်သွားလေတော့သည်။ “သူတို့ အားရအောင် ငိုကြပါစေ၊ ဒီအချိန်မှာ သူတို့ကို သွားချော့လို့ ဘယ်လိုမှ မရနိုင်ဘူး၊ ကိုယ်တို့ အပြင်မှာ ခဏကလေး စောင့်နေကြပြီးမှ သူတို့ဆီကို ပြန်သွားကြတာပေါ့”

အလျှိုရှာက ကိုလျာကို ပြောလိုက်သည်။

“ဟုတ်တယ်၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ တကယ် စိတ်မကောင်းစရာ ကောင်းတာပဲ၊ ကျွန်တော် ဘယ်လို စိတ်မကောင်းမှန်း မသိဘူး ကာရာမာဇော့၊ သူ အသက်ပြန်ရှင်လာမယ်ဆိုရင် ဒီလောကကြီးမှာ ရှိတာ ဘာမဆို ကျွန်တော်

ရှာပေးပါ့မယ်” ကိုလျာက ပြန်ပြောသည်။

“ကိုယ်လည်း ဒီလိုပါပဲ ညီလေးရယ်” အလျှိုရှာက တုံ့ပြန်သည်။

“အစ်ကို ဘယ်လိုသဘောရသလဲ ကာရာမာဇော့၊ ကျွန်တော်တို့ ကနေ့ည ဒီကို ပြန်လာကြရမလား၊ သူ မူးနေမှာတော့ သေချာတယ်”

“သူ မူးနေနိုင်တယ်၊ ကိုယ်တို့နှစ်ယောက် အတူတူ ပြန်လာကြတာပေါ့၊ ကိုယ်ရယ် မင်းရယ်ပဲပေါ့၊ တခြား ဘယ်သူမှ မပါဘူး၊ သူတို့နဲ့ တနာရီလောက် အတူနေကြမယ်။ အမေကြီးရယ်၊ နီနာရယ်ပေါ့။ ကိုယ်တို့အားလုံး ပြန်လာတယ်ဆိုရင်တော့ သူတို့ကို အားလုံး ပြန်ပြီး အမှတ်ရအောင် သတိပေးရာ ရောက်နေလိမ့်မယ်”

“အိမ်ရှင်မိန်းမကြီး ထမင်းပွဲပြင်နေပြီ၊ အမှတ်တရ ထမင်းစားပွဲ လုပ်ကြလိမ့်မယ်။ ကျွန်တော်တို့ အဲဒီကို ပြန်သွားကြမလား”

“ဒါပေါ့”

“အတော်တော့ ဆန်းတာပဲ ကာရာမာဇော့၊ ယူကျုံးမရ ကြေကွဲဝမ်းနည်းကြတယ်။ ပြီးတော့ ချက်ချင်းကြီးပဲ မုန့်ဆီကြော်တွေ စားကြတယ် ... ကျွန်တော်တို့ ဘာသာတရားက တော်တော် သဘာဝမကျတာတွေပဲ”

“ပင်လယ်ငါးသလောက်တွေလည်း သူတို့ စားကြလိမ့်မယ်”

ထရွိုင်မြို့ကို တွေ့ရှိသော လူငယ်ကလေးက ရုတ်တရက်ဆိုသလို ကျယ်လောင်စွာ ဝင်ပြောလိုက် သည်။

“အဓိပ္ပာယ်မရှိတဲ့ စကားတွေ ဝင်မပြောဖို့ မင်းကို ငါ အလေးအနက် မေတ္တာရပ်ခံတယ် ကာတာရော့။ အထူးသဖြင့် ဘယ်သူကမှ မင်းကို စကားမပြောတဲ့အချိန်မှာ ဒါမှမဟုတ် မင်းရှိနေတယ် မရှိဘူး ဆိုတာကို ဘယ်သူမှ ဂရုမစိုက်တဲ့ အချိန်မျိုးမှာပေါ့”

ကိုလျာ ဒေါသတကြီး ပြောလိုက်သည်။ လူငယ်ကလေး မျက်နှာရဲသွားသည်။ သို့သော် ဘာတခွန်းမျှ ပြန်မပြောရဲရှာပါ။ ထိုအချိန်တွင် သူတို့အားလုံးသည် လူသွားလမ်းကလေးအတိုင်း ဖြည်းလေးစွာ လမ်းလျှောက်လျက် ရှိကြသည်။ ဆမ်မူရော့ ဖြုန်းခနဲ ရပ်လိုက်ပြီး ပြောသည်။

“ဒီကျောက်တုံးကြီးပေါ့၊ အီလျူရှာကို ဗိုလ်ကြီး မြှုပ်ချင်တယ်ဆိုတဲ့ နေရာ”

ကျောက်တုံးကြီးအနီးတွင် သူတို့အားလုံးပင် တိတ်ဆိတ်စွာ

ရပ်လိုက်ကြသည်။ ကျောက်တုံးကြီးကို ကြည့်ရင်း ဤကျောက်တုံးကြီးအနီးတွင် ဆနီဂါယော့က သူ့ကို ပြောခဲ့သည့် စကားများကို အလျှိုရှာ အမှတ်ရမိသည်။ 'ဖေဖေ၊ ဖေဖေ၊ ဖေဖေ့ကို သူ ဘယ်လောက် စော်ကားသလဲ' အီလျူရှာကလေးက သူ့ကို ဖက်ပြီး ငိုခဲ့သည်ဟု ဆနီဂါယော့က ဆိုပါသည်။

အလျှိုရှာသည် သူ့ပတ်ပတ်လည်တွင် ရှိနေသော အီလျူရှာ၏ သူငယ်ချင်း ကျောင်းသား လူငယ် ကလေးများ၏ ကြည်လင်ဝင်းပသော မျက်နှာကလေးများကို အလေးအနက် ကြည့်ရှုပြီးနောက် ပြောလိုက်သည်။

"ကလေးတို့ … မင်းတို့ကို ကိုယ် ဒီမှာ၊ ဒီနေရာမှာ စကားနည်းနည်း ပြောချင်တယ်" လူငယ်ကလေးများ သူ့အနီးသို့ တိုးကပ်လာကြသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့ကို စိတ်ဝင်စား ထက်သန်စွာဖြင့် ကြည့်ရှုနေကြသည်။

"ကလေးတို့ … ကိုယ်တို့ဟာ မကြာခင်မှာ ခွဲခွာကြရတော့မယ်။ လောလောဆယ်အချိန်မှာ ကိုယ်ဟာ ဒီမြို့မှာ အစ်ကိုနှစ်ယောက်နဲ့ အတူတူ နေနေတယ်။ တယောက်က ဆိုက်ဗေးရီးယားကို သွားရမယ်။ တယောက် အတော်ကြီး နေမကောင်း ဖြစ်နေတယ်။

"ဒါပေမဲ့ မကြာခင်မှာပဲ ကိုယ်ဟာ တခြားကို သွားရလိမ့်မယ်။ အကြာကြီး သွားရတာမျိုး ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့လို့ ကိုယ်တို့ဟာ တယောက်နဲ့တယောက် တွေ့ကြရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ ကိုယ်တို့ဟာ တယောက်ကိုတယောက် မမေ့ကြဖို့ ဒီနေရာမှာ အီလျူရှာရဲ့ ကျောက်တုံးကြီးမှာ ပဋိညာဉ် ပြုကြရအောင်။ ပထမ အီလျူရှာကို မမေ့ကြဖို့နဲ့ ဒုတိယ တယောက်ကို တယောက် မမေ့ကြဖို့ပဲ။ ကိုယ်တို့ရဲ့နောက်ပိုင်းဘဝတွေမှာ ဘာတွေပဲ ဖြစ်ကြပါစေ၊ တယောက်နဲ့တယောက် မတွေ့ကြတာ အနှစ်နှစ်ဆယ်ပဲ ကြာပါစေ၊ ပထမပိုင်းမှာ ကိုယ်တို့အနေနဲ့ အင်မတန် ချစ်ခဲ့ကြရတဲ့ သနားစရာကောင်းတဲ့ လူငယ်ကလေးတယောက်ကို ကိုယ်တို့ ဘယ်လို သင်္ဂြိုဟ်မြှုပ်နှံခဲ့ကြရတယ်ဆိုတာကို ကိုယ်တို့ အမြဲတမ်း သတိရနေကြပါလိမ့်မယ်။

"အဲဒီ လူငယ်ကလေးဟာ အင်မတန် ချစ်စရာကောင်းတဲ့ လူငယ်ကလေးတယောက် ဖြစ်တယ်။ အင်မတန် တော်ပြီး အင်မတန် သတ္တိရှိတဲ့ လူငယ်ကလေး တယောက်ပဲ၊ သူဟာ သူ့အဖေ စော်ကားခံရတာနဲ့ သူ့အဖေရဲ့ဂုဏ်သိက္ခာကို ကောင်းကောင်းကြီး သိပြီး အဲဒီအတွက် သူဟာ သတ္တိရှိရှိ ရင်ဆိုင်တိုက်ခိုက်ခဲ့တယ်။ အဲဒီတော့ ကလေးတို့ .. ပထမဆုံး ကိုယ်တို့ တသက်လုံး သူ့ကို သတိရနေကြပါ။ ကိုယ်တို့ဟာ အင်မတန် အရေးကြီးတဲ့ကိစ္စတွေနဲ့လည်း ကြုံကောင်း ကြုံရမယ်၊ အောင်မြင်မှုတွေကို ရချင်ရကြမယ်။ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ချင် ရင်ဆိုင်ကြရမယ်။ ဒါပေမဲ့ ကိုယ်တို့ဟာ တချိန်က ဒီနေရာကလေးမှာ

စိတ်ကောင်း စေတနာကောင်းတွေနဲ့ ပေါင်းဆုံကြရတဲ့ အခါမှာ၊ အဲဒီလူငယ်ကလေးကို ချစ်ခင်ခဲ့ကြရတဲ့အချိန်မှာ အဲဒီအတွက် ကိုယ်တို့ ကောင်းမွန် တိုးတက် လာကြရတာတွေကို သတိရနေကြပါ။

"ကိုယ့်ရဲ့ အချစ်ဆုံး ချိုးကလေးတို့ ... မင်းတို့ကို ကိုယ့်ရဲ့အချစ်ဆုံး ချိုးကလေးတွေလို့ ခေါ်ပါရစေ။ ဘာဖြစ်လို့တုံးဆိုတော့ မင်းတို့ကို ကိုယ် အခု ကြည့်နေတဲ့အချိန်မှာ မင်းတို့ဟာ အင်မတန် ချစ်စရာ ကောင်းတဲ့ အဲဒီ ချိုးငှက်ပြာပြာကလေးတွေနဲ့ တူလို့ပါပဲ။ ကိုယ့်ရဲ့အချစ်ဆုံး သူငယ်ကလေးများတို့ .... ကိုယ် အခု ပြောမယ့်စကားတွေကို မင်းတို့ နားလည်ချင်မှ နားလည်ကြပါလိမ့်မယ်။ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်ဟာ တခါတခါမှာ သူများတွေ နားမလည်နိုင်အောင် ပြောတတ်လို့ပဲ။ ဒါပေမဲ့ မင်းတို့ဟာ မင်းတို့ ငယ်ငယ်တုန်းက၊ မင်းတို့ရဲ့ကလေးဘဝတုန်းက အဖြစ်အပျက်တွေကို မှတ်မိနေတာထက် တခြား ဘာကမှ ပိုပြီး မင်းတို့ရဲ့ဘဝမှာ ကြီးကျယ်မှာ၊ မြင့်မြတ်မှာ၊ အသုံးဝင်မှာ၊ အကျိုးပြုမှာ မဟုတ်ဘူး ဆိုတာကိုတော့ ကိုယ် ကောင်းကောင်း ယုံကြည်တယ်။

"မင်းတို့ရဲ့ပညာရေးနဲ့ ပတ်သက်ပြီး လူကြီးတွေက အများကြီး ပြောခဲ့ပြီးပြီ။ ဒါပေမဲ့ မင်းတို့ ငယ်ငယ်တုန်းက အင်မတန် ချစ်စရာကောင်းတဲ့ အကြောင်းအရာကလေးတခုကို အမှတ်ရနေတာ ဟာ မင်းတို့ရဲ့အကောင်းဆုံး ပညာရေးပဲ။ လူတယောက်မှာ အဲဒီလို အမှတ်ရစရာကလေးတွေ အများကြီး ရှိနေခဲ့လို့ရှိရင် သူ့ဘဝတလျှောက်လုံးမှာ ကောင်းကောင်း ဖူလုံပြီလို့ ပြောရမယ်။ တကယ်လို့ ကိုယ်တို့မှာ၊ ကိုယ်တို့ရဲ့အသည်းနှလုံးထဲမှာ၊ အမှတ်တရ ကောင်းကောင်းလေး တခုပဲ စွဲကျန်ရစ်နေတယ်ဆိုရင်လည်း အဲဒီ အမှတ်တရကလေးဟာ တနေ့မှာ ကိုယ်တို့ရဲ့ တိုးတက် ကောင်းမွန်ရေးအတွက် လက်နက်ကောင်းကလေးတခု ဖြစ်လိမ့်မယ်။

"တနေ့ကျရင် ကိုယ်တို့ဟာ ယုတ်မာ ဆိုးသွမ်းတဲ့လူတွေလည်း ဖြစ်သွားနိုင်တယ်။ မကောင်းမှု တွေကို မတွန်းလှန်နိုင်တော့ဘဲ သူများတွေ မျက်ရည်ကျတာတွေကို ရယ်မောနေမယ်၊ နောက်ပြီးတော့ စောစောက ကိုလျာ ပြောသလို 'လူသားတွေအားလုံးအတွက် ကျွန်တော် အနစ်နာခံချင်တယ်' လို့ ပြောတဲ့လူတွေကိုလည်း မလိုမုန်းတီးတဲ့အနေနဲ့ သရော်လှောင်ပြောင်နေကြ လိမ့်မယ်။ ဒါပေမဲ့ ကိုယ်တို့ဟာ ဘယ်လောက်ပဲ ညစ်ပတ် ယုတ်မာပါစေ (အဲဒီလို ညစ်ပတ် ယုတ်မာတာကို ဘုရားသခင်က ခွင့်မပြုပါဘူး) အီလျူရှာကလေးကို ကိုယ်တို့ ဘယ်လို သင်္ဂြိုဟ် ကြတယ် ဆိုတာကို၊ သူသေခါနီးမှာ သူ့ကို ကိုယ်တို့ ဘယ်လောက် ချစ်ကြတယ် ဆိုတာကို၊ နောက်ပြီးတော့ ဒီကျောက်တုံးကြီးနားမှာ ကိုယ်တို့ ဘယ်လို ချစ်ချစ်ခင်ခင် စကားပြောခဲ့ကြတယ် ဆိုတာကို အမှတ်ရခဲ့လို့ရှိရင် ... ကိုယ်တို့အထဲက အရက်စက်ဆုံးနဲ့ အစော်ကားတတ်ဆုံး လူတယောက်ဟာ

အဲဒီလိုမျိုး ဖြစ်ခဲ့တယ်ဆိုရင်ပေါ့။ အခုအချိန်မှာ စိတ်ကောင်း နှလုံးကောင်း ရှိခဲ့တာ၊ သနားကြင်နာတတ်ခဲ့တာကိုတော့ သူ့စိတ်ထဲက ဘယ်နည်းနဲ့မှ သရော်လှောင်ပြောင် ရဲတော့မှာ မဟုတ်ဘူး။ ထပ်ပြီးတော့ ပြောရလို့ရှိရင် သူ့အဖို့ အဲဒီ သတိရနေမှုကလေး တခုဟာ သူ့ကို အဆိုးရွားဆုံး ဒုစရိုက်ကောင်ကြီးတကောင် မဖြစ်အောင် တားဆီးနိုင်လိမ့်မယ်။ သူဟာ ငယ်ငယ်တုန်းက အဖြစ်တွေကို ပြန်လည်စဉ်းစားမိပြီး ‘အင်း၊ ဟုတ်တယ် .. ငါဟာ အဲဒီတုန်းက လူကောင်းတယောက်၊ လူရိုးတယောက်၊ သတ္တိရှိတဲ့ လူတယောက်’ အဲဒီအချိန်မှာ သူ့ကိုယ်သူ ပြန်ပြီး လှောင်ချင်ရင်လည်း လှောင်ပါစေ၊ အရေးမကြီးပါဘူး။ လူတွေဟာ အမှန်တရားတွေနဲ့ သုစရိုက်မှု တွေကို တခါတခါမှာ လှောင်ပြောင် သရော်ကြတာပဲ၊ ဒီဥစ္စာဟာ စဉ်းစားဆင်ခြင် ကင်းမဲ့မှုကနေ ပေါက်ဖွားလာတာပဲ။ ဒါပေမဲ့ သူဟာ အပြင်ပန်းကနေ လှောင်ပြောင် ရယ်မောနေပေမဲ့ သူ့ရင်ထဲမှာတော့ ဒီလိုမျိုး ပြောနေလိမ့်မယ်ဆိုတာ သေချာတယ်။ ‘ငါ့အနေနဲ့ လှောင်ပြောင်ရယ်မောတာ မှားတယ်၊ ဒီလိုကိစ္စမျိုးတွေကို မလှောင်ပြောင် မရယ်မောရဘူး’ ...

“အဲဒါ အမှန်ပဲ ကာရာမာဇော့၊ အစ်ကို ပြောတာ ကျွန်တော် သဘောပေါက်တယ် ကာရာမာဇော့”

ကိုလျာက အရောင်ပြိုးပြက်နေသော မျက်လုံးများဖြင့် ပြောသည်။ လူငယ်ကလေးများသည် စိတ်လှုပ်ရှား တက်ကြွနေကြပြီး တစုံတရာ ပြောချင်နေကြသည်။ သို့သော် သူတို့ကိုယ်သူတို့ ထိန်းချုပ်ပြီး စကားပြောနေသည်ကို အာရုံစူးစိုက်စွာနှင့် စိတ်ထိခိုက် လှုပ်ရှားစွာ ကြည့်နေကြသည်။ အလျိုရှာ ဆက်ပြီး ပြောသည်။

“တကယ်လို့ ကိုယ်တို့ဟာ လူဆိုးတွေ ဖြစ်ခဲ့ရင်ဆိုပြီး ... စောစောက စကားတွေကို ကိုယ် ပြောခဲ့တာပဲ။ ဒါပေမဲ့ ဘာဖြစ်လို့ ကိုယ်တို့ဟာ လူဆိုးတွေ ဖြစ်ရမှာလဲ၊ ကိုယ်ပြောတာ မဟုတ်ဘူးလား။ ကလေးတို့ ... ကိုယ်တို့ဟာ ပထမဆုံးနဲ့ အရင်ဆုံး အနေနဲ့ သနားကြင်နာ တတ်ရမယ်၊ ပြီးရင် ကောင်းမွန် ရိုးသားရမယ်၊ ပြီးရင် တယောက်ကိုတယောက် ဘယ်တော့မှ မမေ့ကြဖို့ပဲ၊ အဲဒီစကားကို ကိုယ် တခါထပ်ပြီး ပြောတာပဲ၊ ကိုယ့်အနေနဲ့ ပြောရရင်တော့ မင်းတို့အထဲက ဘယ်သူတယောက်ကိုမှ ကိုယ် မမေ့ပါဘူးလို့ ကတိပေးပါတယ်။ ကိုယ့်ကို အခု ဝိုင်းပြီး ကြည့်နေတဲ့ မျက်နှာတွေအားလုံးကို နောက် အနှစ်သုံးဆယ်လောက်အထိ ကိုယ် မှတ်မိနေပါလိမ့်မယ်။ စောစောက ကိုလျာက ကာတာရျော့ကို မင်းရှိနေတယ် မရှိဘူး ဆိုတာကို ငါတို့ ဂရုမစိုက်ဘူးလို့ ပြောသွားတယ်။ ဒါပေမဲ့ ကိုယ်ကတော့ ကာတာရျော့ ရှိနေတယ် ဆိုတာကို ဘယ်တော့မှ မမေ့ပါဘူး။ သူဟာ အခုဆိုရင် ထရွိုင်မြို့ကြီးကို တည်ထောင်တဲ့ လူတွေအကြောင်း ပြောတုန်းကလို ရှက်မနေတော့ဘူး။ သူဟာ ကိုယ့်ကို ချစ်စရာကောင်းတဲ့၊ သနားကြင်နာတတ်တဲ့၊

ပျော်ရွှင်ကြည်နူးနေတဲ့ မျက်လုံးကလေးတွေနဲ့ ကြည့်နေတယ်။

"ကလေးတို့၊ အချစ်ဆုံး ကလေးတို့ ... ကိုယ်တို့ဟာ အီလျူရှာကလေးလို စိတ်သဘောထား မြင့်မြတ်ပြီး သတ္တိရှိရမယ်။ ကိုလျာလို အသိဉာဏ်ပညာ ထက်မြက်ပြီး၊ သတ္တိရှိပြီး စိတ်သဘောထား မြင့်မြတ်ရမယ်။ ကိုလျာဟာ ကြီးပြင်းလာတဲ့အခါမှာ ပိုပြီး တော်လာလိမ့်မယ် ဆိုတာကို ကိုယ် ရဲရဲကြီး ပြောနိုင်တယ်။ နောက်ပြီးတော့ ကိုယ်တို့ဟာ ကာတာရှော့လို ဣန္ဒြေရှိပြီး၊ လိမ္မာရေးခြားရှိပြီး သနားကြင်နာတတ်ရမယ်။ နေဦး၊ ဘာဖြစ်လို့ ဒီနှစ်ယောက်အကြောင်းပဲ ကိုယ် ပြောနေရသလဲ။ တကယ်တော့ မင်းတို့အားလုံးဟာ ကိုယ့်ရဲ့အချစ်ဆုံးတွေ ဖြစ်နေကြပါပြီ ကလေးတို့၊ ဒီက ရှေ့မှာ၊ ကိုယ့်ရဲ့ အသည်းနှလုံးထဲမှာ မင်းတို့ အားလုံးအတွက် ကိုယ် နေရာတခု ပေးထားပါ့မယ်။ မင်းတို့ရဲ့ အသည်းနှလုံးတွေထဲမှာလည်း ကိုယ့်အတွက် နေရာတခု ပေးထားကြပါလို့ ကိုယ် မေတ္တာရပ်ခံ ပါတယ်။ ကောင်းပြီ ... ကိုယ်တို့ကို အမြဲတမ်း အမှတ်တရ ဖြစ်နေစေအောင်၊ အခုလို စည်းလုံး ညီညွတ်အောင်၊ အခုလို စိတ်ကောင်း နှလုံးကောင်းတွေ ရှိနေအောင် ဘယ်သူက လုပ်ပေးခဲ့သလဲ။ ကိုယ်တို့အနေနဲ့ အစဉ်ထာဝရ ချစ်နေရမယ့် လူတော်လူကောင်းကလေး အီလျူရှာကလွဲလို့ ဘယ်သူ ဖြစ်နိုင်မလဲ။ အဲဒီတော့ ကိုယ်တို့ သူ့ကို ဘယ်တော့မှ မမေ့ကြပါနဲ့၊ ကိုယ်တို့ရဲ့ အသည်းနှလုံးတွေ ထဲမှာ သူ့ကို အစဉ်ထာဝရ အမြဲတမ်း ... အမြဲတမ်း သတိရနေကြပါ"

"ဟုတ်တယ်၊ ဟုတ်တယ် ... အမြဲတမ်း၊ အမြဲတမ်း သတိရနေကြမယ်"

လူငယ်ကလေးများ အားလုံးကပင် နူးညံ့ ပျော့ပျောင်းသော မျက်နှာများ၊ သာယာ ချိုလွင်သော အသံများဖြင့် ဟစ်အော်လိုက်ကြသည်။

"သူ့ရဲ့ မျက်နှာကလေး၊ သူ့ရဲ့ အဝတ်အစားတွေ၊ သူ့ရဲ့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ဖိနပ်ကလေး၊ နောက်ပြီးတော့ သူ့ရဲ့ ခေါင်းကလေး၊ နောက်ပြီးတော့ သူ့ရဲ့ ကံမကောင်း အကြောင်းမလှပြီး ဒုစရိုက်မှုတွေ ပွားများနေတဲ့ အဖေကြီး၊ အဲဒီအဖေကြီးအတွက် တတန်းလုံးကို သူတယောက်တည်း နဲ့ ရဲရဲရင့်ရင့် ရင်ဆိုင် တိုက်ခိုက်ခဲ့တာတွေကို ကိုယ်တို့ သတိရနေကြပါ"

"ကျွန်တော်တို့ သတိရနေပါ့မယ် ... ကျွန်တော်တို့ သတိရနေပါ့မယ်။ သူ သတ္တိရှိတယ်၊ သူ သနား ကြင်နာတတ်တယ်"

လူငယ်ကလေးများ ဟစ်အော်လိုက်ကြပြန်သည်။

"အို ... သူ့ကို ကျွန်တော် သိပ်ချစ်တာပဲ" ကိုလျာ ကြွေးကြော်လိုက်သည်။

"ကိုယ့်ရဲ့ အချစ်ဆုံးကလေးတို့ ... ကိုယ့်ရဲ့ အချစ်ဆုံး သူငယ်ချင်းတို့၊ ဘဝဆိုတာကို ဘယ်တော့မှ မကြောက်ပါနဲ့၊ မင်းတို့အနေနဲ့ ကောင်းတာ မှန်တာတွေကို လုပ်နေရင် ဘဝကြီးဟာ ကောင်းနေမှာပဲ၊ မှန်နေမှာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်"

လူငယ်ကလေးများ စိတ်အားထက်သန်စွာဖြင့် ထောက်ခံကြသည်။

"ကာရာမာဇော့၊ အစ်ကို့ကို ကျွန်တော်တို့ ချစ်တယ်"

တယောက်က စိတ်အားတက်ကြွစွာဖြင့် ဟစ်အော်လိုက်သည်။ ကာတာရှော့ ဖြစ်မည်ဟု ထင်ရသည်။

"အစ်ကို့ကို ကျွန်တော်တို့ ချစ်တယ်၊ အစ်ကို့ကို ကျွန်တော်တို့ ချစ်တယ်" အခြား လူငယ်ကလေး များက ပွဲတင်ထပ်ကြသည်။ လူငယ်ကလေး တော်တော်များများ၏ မျက်လုံးများမှ မျက်ရည်များ စီးကျနေကြသည်။

"ကာရာမာဇော့ ကျန်းမာပါစေ ...."

ကိုလျာ စိတ်အားတက်ကြွစွာဖြင့် ကြွေးကြော်လိုက်သည်။

ကွယ်လွန်သူကလေးကို အစဉ်ထာဝရ သတိရနေကြပါစေ အလျှိုရှာ ခံစားမှုအပြည့်ဖြင့် ဖြည့်စွက် ကြွေးကြော်လိုက်သည်။

"အစဉ်ထာဝရ သတိရနေကြပါစေ ..."

လူငယ်ကလေးများ ပွဲတင်ထပ်လိုက်ကြပြန်သည်။

'ကာရာမာဇော့ ... ကျွန်တော်တို့ရဲ့ဘာသာတရားမှာ ပြောထားတဲ့အတိုင်း ကျွန်တော်တို့ဟာ သေရာကနေ ရှင်ပြန်ထမြောက်လာပြီး တယောက်ကို တယောက် ပြန်ပြီး တွေ့ကြရမယ်ဆိုတာ .. ကျွန်တော်တို့အားလုံး တယောက်ကိုတယောက် တွေ့ကြရမယ်ဆိုတာ .... နောက်ပြီးတော့ အီလျူရှာ ကို တွေ့ကြရမယ် ဆိုတာ တကယ်ပဲလား" ကိုလျာက မေးလိုက်သည်။

"ကိုယ်တို့ဟာ တကယ်ပဲ ရှင်ပြန်ထမြောက်ကြရမယ်၊ တကယ်ပဲ တယောက်ကို တယောက် ပြန်တွေ့ကြရမယ်။ ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာကို တယောက်ကို တယောက် ရယ်ရယ်မောမောနဲ့ ပျော်ပျော်ရွှင်ရွှင် ပြန်ပြောကြရမယ်"

အလျှိုရှာက တဖက်က ရယ်မောရင်း တဖက်က စိတ်အားတက်ကြွစွာဖြင့် ပြန်ပြောသည်။

“အို … ဒါဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ”

ကိုလျှာ ဟာစ်အော်လိုက်သည်။

“ကဲ … ကိုယ်တို့ စကားပြောတာ ရပ်ပြီး သူ့ရဲ့ စားသောက်ပွဲကို သွားကြရအောင်၊ မုန့်ဆီကြော်တွေကို စားရမယ်ဆိုတဲ့အတွက် စိတ်မပျက်ကြပါနဲ့။ ဒါဟာ ကိုယ်တို့ရဲ့ အင်မတန် ရှေးကျတဲ့ ဓလေ့ထုံးစံတခု ဖြစ်ပြီး ကောင်းတာကလေးတွေ အများကြီး ရှိပါတယ်”

အလျှိုရှာ ရယ်မောကာ ပြောလိုက်သည်။ ထို့နောက် …

“ကဲ … သွားကြစို့။ ကိုယ်တို့ တယောက်ကိုတယောက် လက်တွဲပြီး သွားကြစို့ အမြဲတမ်း လက်တွဲပြီး သွားကြမယ်၊ ကျွန်တော်တို့ တယောက်ကိုတယောက် လက်တွဲပြီး သွားကြမယ်၊ ကာရာမာဇော့ ကျန်းမာပါစေ …”

ကိုလျှာ စိတ်အားတက်ကြွစွာဖြင့် ကြွေးကြော်လိုက်ပြန်သည်။ ထိုအခါ လူငယ်ကလေးများ အားလုံးကလည်း နောက်တကြိမ် ကောင်းချီးသြဘာပေးကာ ကြွေးကြော်လိုက်ကြပြန်သတည်း။

၂၆ ဒီဇင်ဘာ ၁၉၈၃ တွင် စတင် ပြန်ဆို၍

၉ ဖေဖော်ဝါရီ ၁၉၈၈ တွင် ပြီးစီးသည်။

နတ်နွယ်

Whisper Of Words

www.mm-lib.com